www.burmeseclassic.com

အတွဲ (၁၇) အမှတ် (၁၁)
၂၀၁၇ခုနှစ် နိုဝင်ဘာလ

# သရဖူ


မဂ္ဂဇင်း



www.burmeseclassic.com1

www.burmeseclassic.com







## ဘာသာရေးဆောင်းပါးများ


၅ ဝနပတိဂတိကထာ
တောသွားတစ်ဦး၏
တောလားမှတ်စုများ
**မဟာဗောဓိမြိုင်ဆရာတော်**

၁၅ ဝေပုလ္လဆရာတော်ကြီးမိန့်ဆိုခဲ့သော
မေတ္တာဘာဝနာနှင့်
လောကဓံတရားတော်
**မြဝင်း(ဒဿန)**

၁၇ သမိုင်းထဲကစေတီ စေတီထဲကသမိုင်း
နတ်တွင်းစေတီနှင့်
ဆင်ဖြူကုန်းဘုရား
**မောင်စိမ်းထွေး(ထားဝယ်)**

၂၂ ဝေပုလ္လတောင်ဘုန်းဘုရားကြီး
ဦးကောသလအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၂၇ အရပ်လေးမျက်နှာစည်းချဂါထာ
**နတ်မောက်မင်းသန့်နိုင်**

၂၉ ဗီယက်နမ်နိုင်ငံမှာအကြီးဆုံး
လျောင်းတော်မူ
ကျောက်သားဆင်းတုတော်ကြီး
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု)**

၄၁ နေပြည်တော် လယ်ဝေးမြို့နယ်
အေလာက ဂိုဏ်းထောက်ကျောင်း
ဆရာတော်ကြီး
**နေပြည်တော်ကျော်ကျော်စိုး**

၄၇ ခရီးသွားလျှင်သတိယုဉ်
အမြဲပင်ရွတ်ပွားဂါထာများ
**အံ့ကြွယ်**

၅၀ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သော
မင်းကျင့်တရားဆယ်ပါး
**ဆရာဦးစိန်လှိုင်(ကျိုက်လ...)**

၅၁ ကရင်ပြည်နယ်မှထင်ရှား...
ဘုရားစေတီ၊ မြို့ရွာဒေသများ
**မောင်ပွင့်ဉာဏ်(မောရ)**

၅၇ ကောင်းကင်စက်ကြိုးများနှင့်
ဝိဇ္ဇာပြောသောစကြာရှင်
**ရဲမျိုးသူ(ဗောဓိမြိုင်)**

၆၁ ညောင်ရမ်းခေတ်နှောင်းပိုင်း
ဆေးရေးပန်းချီများရှိသည့်
ညောင်လုရွာမှ ဘုရားနှစ်ဆူ
**ကျော်လင်း(မြစ်ခြေ)**

၆၆ ဝိပဿနာကမ္မဋ္ဌာန်းအလုပ် ဆိုသည်မှာ
**အောင်စကြာ**
**အရှင်သုမင်္ဂလာရ**

၆၈ ခရီးသွားလာ ရွတ်ပါကျဲဂါထာ
**နတ်မောက်မင်းချစ်နော်**

၇၁ ရှင်ပင်ရွှေဆပ်သွားဘုရားကြီး
**ဦးစန္ဒိမာ(စလင်း)**

၇၈ ဘာသာလူမျိုးရှိခိုးခြင်းအမျိုးမျိုး
**ဦးကောဝိဒ(မြိတ်)**

၈၁ ဆေးပေါင်းခတဲ့ည
**တင်တင်ဦး(ပေါင်းတည်)**
**(ရှေးဟောင်းသုတေသန)**

၈၈ ပရိတ်တော်အကြောင်း
သိကောင်းစရာအဖြာဖြာ
**ရဲရဲထွန်း(ဟသ်ာတ)**

၉၁ ကျည်မခဘုရား
**မနှင်းပွင့်(ပြည်)**

၁၁၃ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၂၅)
**ကံဝင်း**

၁၂၂ ဓမ္မာသဓဆေးတော်ကြီးကိုသာ
အားကိုးတော်မူသော
တော်ကူးဆရာတော်ဘုရားကြီး
**အောင်မြင့်ထွန်း(မသုံးလုံး)**

၁၆၄ နဂါးမင်းတည်ထားသော
မဟာမကုဋရုံသီဆံတော်ရှင်
မြတ်မော်တင်စေတီ
ရွှေထီးတော်တင်ဗုဒ္ဓပူဇနီယပွဲတော်
**သစ္စာဝါဒီ-ဦးမြင့်အောင်**


## သုတရသဆောင်းပါး


၅၉ မြတ်ဗုဒ္ဓအလိုတော်ကျ
ကျန်းမာရေးကောင်းအောင်
စောင့်ရှောက်နည်း
**ကိုရွှေမြသန်း**

၇၄ သဘာဝဓမ္မ
**ချောင်းဆုံအုန်းသွင်**

၇၆ ပြုသည့်ကောင်းမှု
တောင်းဆုအထွေထွေ(၇)
**ဦးဉာဏ်ဇော်**
**(သာမဏေကျော်၊မွော်စရိယ၊ M.A)**

၈၅ မြောက်ဦးခေတ်လယ်
ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု(၁၅)
**ပန်းချီထူးလှ**

၉၄ မပြီးသေးသောပန်းချီကားတစ်ချပ်
(သို့) ရွှေကံကူမိသားစုမှ
ဒုတိယမြောက်
တည်ထားကိုးကွယ်မည့်
ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှ...
ပြဒါးရှင်ဆုတောင်းပြည့်စေတီတော်
**ဘိုဘို(ရွှေကံကူ)**

၁၀၈ ဆုံးရှုံးသွားသောစိတ်စွမ်းအား
**ရှစ်ခွင်ကျော်-ဖောင်တော်သီ**

၁၃၄ ဗုဒ္ဓဘာသာဆိုတာ
**ရဲမြတ်တင်(အမျိုးသားစာပေဆု...)**

၁၅၅ နာမ်ကိန်း၊ ဓာတ်ကိန်း သူတို့အ...
**ဘုန်းခေါင်**

၁၆၂ သိထားသင့်သည့်
လေထုညစ်ညမ်းမှုနှင့်
အဆုတ်ကင်ဆာရောဂါ
**စွမ်းထက်နောင်**

၁၈၃ မြန်မာနိုင်ငံတစ်လွှား
ဘိုးဘွားရိပ်သာများကို
စတင်တည်ထောင်ခဲ့သော
အဘွားဒေါ်ဦးဌွန်း
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၁၉၃ မြောက်ဦးမြို့ဟောင်းအတွင်းရှိ
ရှေးခေတ်ဘုရင်များအသုံးပြုခဲ့သည့်
နန်းသားကန်
**နှင်းဦး(ရှေး/သု)**

၁၉၆ မီနယဲ့ဗ်၏ဒိုင်ယာရီထဲက
ပါတော်မူပြီးစ
မြန်မာနိုင်ငံအခြေအနေ(၆)
**ကျော်ဝင်း(ရန်ကုန်တက္က...)**


BURMESE CLASSIC
www.burmeseclassic.com1

www.burmeseclassic.com


ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးမှ
ဆုတံဆိပ်ကို မြန်မာတစ်ဦး
ဆွတ်ခူးရရှိခြင်း
**ကြည်လွင်**

အထက်လမ်းပညာနှင့်
အောက်လမ်းပညာ
မတူကွဲပြားခြားနားပုံ
တစ်စိတ်တစ်ဒေသ
**စိုးမင်း**
**(မြောက်စည်း-ရွာသစ်)**

အန္တဗာလလူမိုက်ကြီးကို
သေမင်း၏စေတမန်နှစ်ဦးက
စောင့်ရှောက်ခြင်း
**သခါရဗန္ဓုသား**

ဗျာဒိတ်၊ လယ်တွင်း၊ ကင်းတပ်နှင့်
ယနေ့လူနေ မကွေးရာ
**တိုက်ကြည်(စဥ့်ကိုင်)**

ရန်ကင်းအောင်မြင်ပန်းတိုင်ဝင်
**နေမဝင်**
**(နတ်မောက်)**

ဒေသန္တရနတ်ပွဲများ
**မောင်သန်းဆွေ(ထားဝယ်)**

အဘအောင်မင်းရှင်၏
နတ်ဆက်ခေါင်းလောင်းသံ(၂)
**အဏ္ဏဝါလှိုင်း**
**(ခေတ္တ-နေပြည်တော်)**

နိုင်ငံမြစ်ကမ်းမှလွမ်းရိပ်သာ
**လှမိုး(ပညာရေး)**

ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
ဘပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ရှုမီရှင်ဆရာကြီးဦးထွန်းမြိုင်(၃၂)
**ပထမံဆရာဦးအေးရွှေ**

နတ်နဂါးကြီးများ
**ရွှေစိုး**

ကိုယ်တွေ့
ဆောင်ပို့ပေါက်ပျားစွဲနိမိတ်
**နေအောင်လင်း(စလေ)**

## သုရဿတိုင်းရင်းဆေး

ဆီးချိုရှိသူများအနာကျက်မြန်စေရန်
**နတ်မောက်မင်းသန့်နိုင်**

ဆောင်းရာသီ
အသားများခြောက်သွေ့ခဲ့သော်
**နေပြည်တော်ကျော်ကျော်စိုး**

အနာစိမ်း၊ အနာလုံးရှိလျှင်
အညှော်မမိစေဖို့
**နတ်မောက်မင်းသန့်နိုင်**

၁၁၁ တည င်းသီးနှင့်
တိုင်းရင်းဆေးပညာအကြောင်း
သိကောင်းစရာ
**ဒေါ်နေနေနိုင်ရည်**
**(တိုင်းရင်းဆေးပညာ)**

၁၃၁ ချောင်းဆိုးရောဂါအဖြာဖြာ
**မကွေးဝင်းမြင့်**

၁၄၅ အစာလည်း[illegible]ည်းအစာ
ရောဂါလည်း[illegible]
လျှာလည်လောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၃၁)
**ရွှေနဝင်း(ပုသိမ်)**

၂၄၁ ဆေးဖက်ဝင်သောဆား
**ဒေါ်နေနေနိုင်ရည်**
**(တိုင်းရင်းဆေးပညာ)**

၂၄၄ သွေးတိုးရောဂါအတွက်
ဆေးနည်းကောင်းတစ်လက်
**စနေသား(မြောင်းမြ)**

၂၅၇ ကျားမနိုင်ဆီကိုအရမ်းမသုံးပါနဲ့
**နေပြည်တော်ကျော်ကျော်စိုး**

၂၉၉ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**

၃၄၉ လေငန်းလေဖြန်းဤဆေးစွမ်း
**နတ်မောက်မင်းသန့်နိုင်**

၃၇၁ အတက်ရောဂါအတွက်ဆေးတစ်ခွက်
**နေပြည်တော်ကျော်ကျော်စိုး**

၃၇၆ ဒူလာသွေးဝမ်း စားပေးစမ်းပါ
**နေမဝင်(နတ်မောက်)**

၃၇၇ မျက်စိရောဂါရှင်များအတွက်
**နေပြည်တော်ကျော်ကျော်စိုး**

## သုရဿဝတ္ထုတို

၁၄၆ ရွှေသားဘုရား
**မဟာသျှံ**

၁၅၈ ရွှေစောင်းသံသာသည့်
ချောသူတို့ရွာ
**ရောမြေကျော်ဝေ**

၁၇၀ အစွဲကျွတ်သည့်နေ့
**မောင်မောင်ညွှန့်(သရက်)**

၁၈၆ မောင်နှမရွာ
**ထွန်းတောက်**

၁၉၈ ကွင်းပိုင်ကြီး
**မောင်မောင်သန်းထွန်း**

၂၀၂ ပြကျောက်(၂၀)
**နေပြည်တော်ကျော်ကျော်စိုး**

၂၂၂ နစ်ကျော့ပြန်သံယောဇဉ်
**အောင်ဆန်းလင်း(ဘီအေ)**

၂၃၄ ငရဲမှအပြန်
ပန်ချင်တယ်စံပယ်ဖူးဆိုလို့
**ဘစောနိုင်သူ**

၂၄၆ အဘဘိုးမင်းခေါင်
**ဟိန်းဝေယျာ(စံမြင့်မြတ်)**

၂၅၀ သံယောဇဉ်တစ်မျှင်ကြိုးရယ်ကြောင့်
**ကိုကိုလတ်(ဆည်မြောင်း)**

၂၅၈ အဘွားမျက်ရည်နှင့်ကျီးသေ
**မျိုးတင့်(ညောင်လေးပင်)**

၂၆၂ ပရလောကသား၏အန္တရာယ်
**အေးမင်း(ကျိုင်းတုံ)**

၂၆၈ နတ်ကြမ်းတဲ့ရှီးမမြေ
**ကျော်ထက်မိုး**

၂၇၄ အုံညွှန့်ရာအနှစ်(၅၃)နှစ်ပြည့်
ဝင့်ကြွေး
**ကိုဇော်ဝင်း(လှတော)**

၂၇၈ အသက်ကယ်လမ်းပြဘိုးဘိုး
**မင်းဟိန်းထိဇ်**

၂၈၄ မဒိုဆေးဆိုပြီး
သေဘေးကိုတော့နီးပါပေါ့လား
**ပန်းမြိုင်လယ်စိန်ဝင်း**

၂၉၀ သေကံမရောက်သက်မပျောက်
**ကျော်တင်ဦး(ဖျာပုံ)**

၂၉၄ စစ်ပြန်ကြီး
**တော်မြင့်(ငှက်ဖျား)**

၃၀၂ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်
အဘဦးထွန်းအောင်နှင့်
သရဲပြေးဂါထာတောင်းခဲ့သူ
**မောင်လင်းခိုင်**

၃၀၆ ဖားတစ်ကောင်၊ ခွေးတစ်ကောင်၊
လူတစ်ယောက်
**ရွှေပြည်စိုး(မိုးကုတ်)**

၃၃၀ ပဌာန်းကြောက်တဲ့ကျတ်
**မင်းသန့်ကျော်(ဇီးကုန်း)**

၃၄၀ မယုံလျှင်နေပါ မစော်ကားပါနှင့်
**မောင်လင်းသော-သံတွဲ**

၃၅၀ မြေကြမ်းကွင်းကြမ်းနှင့်
တစ်ပွဲတစ်လမ်း
**မျိုးသစ်**

၃၆၆ အရက်သမားပြောသောတစ္ဆေပုံပြင်
**ထောင်မှူးကြီးသိန်းဝင်း**

၃၈၂ ဘဝဟောင်းကာရကွှစိုးချစ်သူ
**အောင်မြင့်မြတ်**
**(ပြည်ရွှေဘို)**

၃၉၈ အိပ်မက်ထဲမှတိန်းချောင်း
**မေ(တာချီလိတ်)**

၄၂၀ သံဝေဂ
**ကျော်နိုင်လင်း(ငပုံ)**


www.burmeseclassic.com1

www.burmeseclassic.com





## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်


၁၇၄ ဒုဋ္ဌကုန္တရမြို့တော်
**ဖိုးကျော့**
၃၁၈ ပညာရှင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**




## သုရဋ္ဌ ပညာရပ်


၆၉ ချစ်သူငယ်ချင်းမှ
ဝိဇ္ဇာယနအပိုင်းအစ
**ထင်ကျော်စွာ(ဂန္ဓာရရွာစု)**
၂၂၇ နတ်ဒေဝီမယ်တော်များနှင့်
ဂန္ဓာရီဝိဇ္ဇာမယလောကီပညာ
**တြိရတနာ-ဆရာဒေယျာလင်း**
**(ကဗ္ဗီပါဖိနပ်စီး ရွှေထီးဆောင်း)**
၂၆၃ သွပ်သေတစ်ပဲ ရွှေတစ်လုည်း
ဖမ်းတိုင်းမရလွန်ခက်လှ၏(၇)
**မင်းချမ်းမြေ့(ပုသိမ်)**
၂၆၅ မြန်မာ့ရှေးဟောင်းပညာရပ်များ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၃၂၅ မြန်မာ့ရှေးဟောင်း
လူမှုရေးပညာရပ်များ(၃)
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၃၃၅ ဝိဇ္ဇာဓရမြန်မာ့အဂ္ဂိရတ်ပညာ(၈၀)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၃၆၁ နေ့စဉ်သုံးလက္ခဏာပညာ
**ဦးအောင်မင်း**
၃၇၈ အသံမပြုပါ သို့သော်
**မင်းပြည့်**
၄၀၂ နင်းကြမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**




## သုရဋ္ဌလက်တွေ့အသုံးချ


၁၃၃ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွ
မနုသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂန္ဓာရ)**
၁၅၇ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွ
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**
၂၀၁ ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလအတွ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်
**ဦးအောင်စောလှိုင်(ပုသိမ်)**
၂၃၃ ပြည်မြန်မာ၏
၂၀၁၇ ခုနှစ်၊ ဗြိစ္ဆာရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၃၆၅ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၄၀၉ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ
ကောင်းကျိုးပေးဖြော
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**
၄၁၁ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၄၁၄ အိမ်ရောင်းရင်အန္တရာယ်ကင်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၄၂၂ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအ
ခုနစ်ရက်သားသမီးဟောစာတ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**ရုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွင့်
ဝေလုံလုံထွဋ်း


**ကွန်ပြူတာစာစီ**
ရုရုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမ့်မွန်ထွန်း၊ နှင်းသဉ္ဇာကျော်၊
ဆန်းထွန်းမြင့်၊
**ရုံးအဖွဲ့**
အေးအေးဝန်း၊ စုမွန်၊ ထွေးစန္ဒာ
စိုးစုစံ၊ နနု၊ သဝင်ဦး၊ မြတ်စုမွန်၊ လဲ့စုမွန်
**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁- ၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၈၈၇၃၈

**မျက်နှာဖုံးနှင့် အတွင်းပန်းချီ**
စိုးအောင်
**သုရဋ္ဌစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၈၇၄)
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင်(၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁- ၂၉၈၆၇၄

**မှတ်ချက်**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရုပ်၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကသည်း**-ဂါနန်ဒီ၊ မီလုံ့ရှာ
**ပဲခူး**- သဇင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည့်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး ( ၃၅၀၀ ) ကျပ်


www.burmeseclassic.com1

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မဟာဗောဓိမြိုင်ဆရာတော်

## ဝနပတိဂတိကထာ

## တောသွားတစ်ဦး၏တောလားမှတ်စုများ

### အတားအဆီး

တစ်ပါးတည်းနေ ဧကရီဘာဝသည်
. . .

မိမိပင် ဆရာ၊ မိမိပင်လျှင် တပည့် ဖြစ်နေချေရာ ကိုယ့်ကိုယ်ကိုခိုင်း၍ ကိုယ့်တိုင်း ကိုယ်ထူထောင်ကြရသည်။ မိမိနောက်ကား မိမိအား အလုပ်အကျွေးပြုနေကြသော ဗိုလ်များလောက်သာပါခဲ့၏။ သတိဗိုလ်အရည်ပြည့်မှ အရေးသာ၏။

ထိုစဉ် စိတ်ကို သတိက မျက်ခြည်မပြတ် မစောင့်ကြပ်နိုင်သောအခါ. . . စိတ်သည် မရခင်က ရမည့်အကျိုး မျှော်ကိုး၍နေတတ်၏။

* ကာမစ္ဆန္ဒ. . . ရှေ့မှာနေ အတားအဆီး လုပ်လာခြင်းတည်း။ စိတ်သည် မဖြစ်ခင်က ဖြစ်မည့်ဘေး တွေး ပူပန်နေတတ်၏။
* ဗျာပါဒ. . . အတား ရှေ့မှကြို ဖြိုတားတားနေခြင်းတည်း။

သည့်အတူ ထိုစိတ် ပြင်ပ ခြေဆန့်ခြင်း နောက်ကြောင်းပြန် လှန်ကြည့်ခြင်း၊ ရှေ့ကြိုသွား ဝါးကြည့်ခြင်းများဖြင့် စိတ်နယ်ကျွံနေခြင်းများ ဖြစ်ပွားလာတော့ရာ အတားအဆီး ဟူသည် ရှေ့မှကြို၍ တားခြင်းဆိုသော သာဓက ပြသနေခြင်းများပင်။

* စိတ်ထက်လေ ကိုယ့်စိတ်က ကိုယ့်ဖျက်လေ ဖြစ်တော့သည်။
* စိတ်ထွက်လေ ကိုယ့်အတား ကိုယ့်အကြားက ပေါ်ထွက်လာလေ ဖြစ်တော့သည်။

ပရမတ်သည် ကိုင်ဖူးသောပစ္စည်းများမဟုတ်။ နိဗ္ဗာန်သည် ရောက်ဖူးသောအရာမဟုတ်။ ထို မဟုတ် နှစ်ခုဟုတ်အောင် ပြုစုရာ၌. . .

* သတိသည် စိတ်အလစ်မပေး၊ အရာအတေး အမြဲပေးထားမှ၊
* ဝီရိယသည် သတိအား အလျော့မခံ၊ အမြဲ တော့တော့ သန်ပေးထားမှ၊
* သဒ္ဓါသည် ကိုယ့်သတ္တိနှင့် ကိုယ့်အကျင့်အပေါ် အကြွင်းမဲ့ယုံ ပုံပေးထားမှ၊

ဤပေးထားမှုသုံးမျိုး ဗိုလ်အဖြစ်ကြီးစိုးနေစေရမည်။

* သတိသည် ပညတ်မြုပ်ခတ်၍



www.burmeseclassic.com1

www.burmeseclassic.com



ကိလေသာ ပလပ်နေသည်ကို ယုံ၊
- သတိသည် ပရမတ်ဖော်ထုတ် လမ်း ရှိန် ဖောက်လုပ်နေသည်ကို ယုံ၊
- သတိသည် ကိုယ့်စိတ်ကိုယ် သူ တစ်ပါးလက်မှ ကိုယ့်ဘက်ယက်ယူ ပေးနေသည်ကို ယုံ၊

ဤယုံ သုံးထုပ် ကျစ်ကျစ်ပါ နာနာ ဆုပ်ထားရမည်။

ထို သတိ သုံးချက်၊ ပိုလ် သုံးလက် အပါ ဖက်ထားနိုင်ခဲ့သော် ထက်စိတ်သည် ထက်ညဏ်အဖြစ်ဖြင့် အလုပ်၌ ဝင်ပါလာတော့ရာ အမြင်သန့်ခြင်း၊ ညဏ်ရှင်ခြင်း၊ အမြင်တိုးတက်ခြင်းများဖြင့် တောအကြား၊ တောင်အကြား တစ်ပါးတည်းနေခြင်း၏ အရသာခံယူခွင့် ရတော့သည်သာ။

၁၃၆၄ ခု၊
တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊
စံရိပ်ငြိမ်၊ ကျော်တော။

●

ကျော်လွှား

အတားအဆီးမှန်သမျှ အစွဲလွှဲ၍



www.burmeseclassic.com1

www.burmeseclassic.com



ဆန္ဒပြုသည်ချည်းသာ။ မိမိ၌ရှိသော ပညတ်စွဲနှင့် သူတစ်ဖက်၌ရှိသော မိမိသို့ အစွဲ ဤမျှသာ ကွာ၏။

မည်သည့် အစွဲမဟူ စွဲအားထက် ပိုလွန်သောအား မိမိ၌ ထားရှိနိုင်ခဲ့လျှင် သူ့ကိုကျော် အပေါ်တက်နိုင်၏။ သူ့ထက် ပါး အလွှားလျှင်နိုင်၏။ ထိုစဉ် မိမိ၌ရှိ တတ်သော အစွဲကား ဘုရားဟောတရားတော်အား မှတ်တမ်းပြုထားသော ပညတ်သုံး စကားများအပေါ်ဖြစ်ရာ. . .

* အနိစ္စ မမြဲ ဆိုသည်ကို ဖွေရှာနေတတ်၏။ မမြဲပုံ ဓမ္မက ပြနေသည်ကား မမြင်မိ။
* ဒုက္ခ ဆင်းရဲသည်ကို လေ့လာနေတတ်၏။ ဆင်းရဲပုံ ဓမ္မက ပြနေသည်ကား မရှုမိ။
* အနတ္တ အစိုးမရကို တီးခေါက်ကြည့်နေ၏။ မပိုင်ပုံ ဓမ္မက ပြနေသည်ကား မကြည့်မိ။

ထိုအခါ ထိုအစွဲများကြောင့် စိတ်အထိုင်မကျ ရှုကွက်ပြင် မကြည်မြဖြင့် ရှုသိနေရတော့ရာ သွားရမည့်လမ်းထားအထင်းသား မပေါ်လာပြီ။ သိရမည့် အရာများလည်း အရှင်းသား ဖြစ်မလာပြီ။ အစွဲကြောင့်တောက်သော အရောင်နောက်ကိုကား ယောင်လိုက်မိနေချေပြီ။

မိမိသို့ သူတစ်ဖက်သားများ ရှိတတ်သော အစွဲကား သံသရာထဲက မခွဲစေလိုခြင်းပင်။ သို့ကြောင့် ယနေ့ အတူနေလူသားများ ဖြစ်နေက ဘာသာဝင်အစဉ်တူနေသဖြင်သာ ခွင့်ပြုထထားရ။ မိမိအားခွဲသွားမှာကျစိတ်မချဖြစ်နေတော့ရာ . . . ထိုစိတ်မချတွေများဖြင့်ပင် စိတ်စိတ်ချင်း အနှောင့်အယှက်ပေးနေတတ်ကြ၏။ သူ့မကျော်သူ့အပေါ်မလွှားနိုင်။

တစ်ဖန် အတိတ်က အတူနေခဲ့ဖူးသူများဖြစ်နေက လူသားနှင့်နီး၍ လူသား၏စိတ်ကို လွှမ်းမိုးနိုင်သူများက သံသရာထဲက မခွဲစေလိုခြင်း ဆန္ဒပြုပွဲလည်း နွှဲနေတတ်ကြ၏။ တစ်ကိုယ်ကောင်းဉာဏ်သုံး၍ အလွတ်ရုန်းထွက်သွားခြင်း၌ မလိုလားခြင်း ဆန္ဒပြုပွဲလည်း ဆင်နွှဲနေတတ်ကြ၏။ ယင်းတို့ကပင် ကောလာဟလ သတင်းကောင်းများဖြင့် လူ၊ လာဘ်၊ ကျော်ဇောမှု သုံးချက်လက်နက်အဖြစ်သုံး၊ အကျင့်အား ချေမှုန်းပစ်တတ်ကြ၏။

တစ်ဖန် သတင်းဆိုးများဖြင့်လည်း သိက္ခာကျ၊ လာဘ်မဲ့၊ လူမဲ့သုံးချက်ကို လက်နက်အဖြစ်သုံး ကျင့်လိုစိတ်အား ချေမှုန်းပစ်နေတတ်ကြ၏။ သူ့မကျော်သူ့ပေါ်မလွှားနိုင်။

ထို ဆိုခဲ့ပြီး အခြင်းအရာများ တစ်ပါးတည်းနေ တောဝင်ရဟန်းများ၌ အဖြစ်များ၏။ တောသည် အာရုံကင်းဆိတ်သဖြင့် သီလဖြူစင်နေတတ်ကြရာ အတားပေါ် ကျော်နိုင်အား သူ့၌ အပြည့်ရှိနေခြင်း၊ တောသည် သူတို့၏ စားကျက်ဖြစ်ခြင်းများကြောင့်တည်း။

သို့ကြောင့် တောရဟန်း တောလမ်း သွားလိုကြသော် အတားပေါ် ကျော်နိုင်စွမ်းသောအား အများနှင့်ရှာနေ ပြည်ထိုင်ကတည်းက စုဆောင်းခဲ့ကြရာသည်။

*၁၃၆၄ ခု၊*
*တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

⊛

## လွန်မြောက်

လမ်းထားကို ဖဝါးက လွန်အောင် လျှောက် လိုရာကံ ပြီးမြောက်၏။ တောဝင်ရဟန်းတစ်ပါး၏ သွားလမ်းသည် မဂ္ဂင်လမ်း။ ဘဝ၏ ထားလမ်းကား ဖြစ်ပျက် သို့မဟုတ် ကံက ထားပေးသော ဘဝခေါ် ဖြစ်စဉ်လမ်းမကြီး၏အပေါ် ချာန်ထား ဖဝါးတစ်ဖက်၊ ဉာဏ်သွားဖဝါးတစ်ဖက် နှစ်ဖက်ပေါင်းလျက်က တက်နင်းသွားခြင်းဖြစ်သဖြင့်. . .

ဖြစ်၊ ပျက်ကိုလွန် ချာန် ဉာဏ်ဖဝါးအဆုံးစွန် လွန်တက်သွားခဲ့လျှင် . . . သေမင်းကို အာဏာသိမ်းပြီးသော မသေ



www.burmeseclassic.com1

www.burmeseclassic.com

မင်းခေါ် တော်လှန်ရေးမင်းအရာမြောက် တော့သည်သာ။ အိုမင်း၊ နာမင်းများကို လည်း အရာချ၊ အပါးတော်မြဲ အဖြစ်ပင် ခစားခွင့် မရစေပြီ။

ထိုစဉ်. . .

* ပထမလမ်းထား ဖဝါးလွှန်မြောက်က အပါယပြည် ခြေမနင်း အပါယ်ဘေးမှ လွှန်မြောက်ခြင်း၊
* ဒုတိယ၊ တတိယလမ်းထား ဖဝါးလွှန်မြောက်က ကာမပြည် ခြေမနင်း ကာမဘေးမှ လွှန်မြောက်ခြင်း၊
* စတုတ္ထလမ်းထား ဖဝါးလွှန်မြောက်က ပြဟ္မာ့ပြည် ခြေမနင်း ပြဟ္မာ့ဘေးမှ လွှန်မြောက်ခြင်း။

ထို လွှန်မြောက်ခြင်းသုံးမျိုးထဲသို့ ခြေထိုးဝင်နိုင်မှ တောနေရဟန်းတစ်ပါး၏ တာဝန် ကျေပွန်သည်။

ထိုခရီး ပြီးစီးရန်အတွက် တောကို ဝင်လာခြင်းဖြစ်၏။ တောသည် လူမနီး၊ သူမနီးသဖြင့် မျက်စိဆိတ်ငြိမ်၊ နားဆိတ်ငြိမ်ကာ စိတ်ငြိမ်ငြိမ်နေခိုင်း၍ရ၏။

အကယ်တိတိ စိတ်မငြိမ်၊ ကိုယ်လိမ်ဖဲ့သဖြင့် ကြွေ့မြှေမဲ့၊ အမှုမဲ့အမှတ်မဲ့ တို့ကသာ ကြီးစိုးနေသော် ကမ္ဘာမြေ ခြေမချလိုသဖြင့် ထခုန်လိုက်သော ယုန်သူငယ်သည် အခုန်ချင်းထုံ အဟုန်ချင်းဆက်ဖြင့် အထက်မှအထက်သို့ တက်ခြင်းမျိုး မဟုတ်ရကား တစ်ခါခုန် တစ်ဟုန်ကျ ကျချည်းနေတော့ရာ အရွယ်သာကုန်၊ အသက်သာပျောက် ကမ္ဘာ့မြေမှကား မလွှန်မြောက်ပမာ. . . တောဝင်ရှင်ဘဝ အကာလအဖြစ်ဖြင့်ပင် ကုန်လွန်ရပေတော့မည်။

* မဂ္ဂင်လမ်းသည် ရှစ်စိတ်ပါ ကျောက်တုံးများဖြင့် တန်းစဉ် ကျင်း၍ ခင်းပေးထား၏။
* မဂ္ဂင်သွား ဖဝါးကလည်း ရှစ်စိတ်ပါ ဖိနပ်ဖြင့် တန်းစဉ်သွင်းလျက် နင်းပြေးသွားရသည်။

ကွက်ကျော် နင်း၍လည်း မရ။ နင်းလိုက် နားလိုက်လည်း မရ။ ဝေ့ကြည့်သည်ကြည့်နေလည်း မရ။

ရာဇဝတ်သား ရှုံးထုတ်လာစဉ် သွားလမ်းက ပွဲခင်းဈေးလမ်း၊ နောက်က စောင့်ကြပ် လိုက်ပါနေသည်က ဓား ငါးလက်ကိုင် လူငါးဦးတို့ မျက်ခြည်မပြတ်ပါလာရာ ပွဲခင်းကြား တစ်ချက်ပြေးဝင်သွားသည်နှင့် ကားကနဲ ခုတ်ပိုင်းပြီးသားပမာ. . . မဂ္ဂင်သွားဖဝါးများ တန်းစဉ်သွင်း နင်းမပြေး ဟိုငေး၊ သည်ငေး အငေးဖောက်နေသော် လွှန်မြောက်ခြင်းအစားလိုမြောက်ကြီးသမားအဖြစ်ဖြင့် အလို၏မြောက်စားခြင်းခံရသော အလိုမင်း၏ အရင်းခံဘဝလှုလှုကြီးရောက်ရပေတော့မည်။

* တော၏ဆိတ်ငြိမ်ခြင်းသည် ရန်သူကို အငိုက် အမိဖမ်းနိုင်သည့် အခွင့်အလမ်း ရှိ၏။
* တော၏ ဆိတ်ငြိမ်ခြင်းသည် ရန်သူက မိမိအား အမိဖမ်းနိုင်သည်ကိုလည်း သတိရှိ။

*၁၃၆၄ ခု၊ နတ်တော်လဆန်း၁ရက်နေ့၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## တောထွက်

* ကာမဂုဏ် အာရုံတောမှ ထွက်ခွာလာခဲ့ခြင်း. . .။
* ဝနာစုံ ရဂုံတောဘက် ထွက်ခွာလာခဲ့ခြင်း. . .။

တောထွက်လုပ်ငန်း၌ လမ်းနှစ်မျိုးရှိရာ. . . ကာမတောမှ ထွက်ရန်ကိုကား စိတ်လုပ်ငန်း ငန်းတိုက်လျက် လုပ်မှသာ လမ်းပီပြင်စရာ ရှိသည်။ ဝနာတောသို့ ထွက်ခွာလာခဲ့ခြင်းကိုကား ကိုယ်နှင့် ခြေလှမ်း ငန်းတိုက်လျက် ထွက်ခဲ့မှသာ လမ်းပီပြင်စရာ ရှိသည်။

ထို တော နှစ်တောစလုံး အန္တရာယ်ထူပြောခြင်း၊ အပိတ်အဆီးများခြင်း၊ အခြောက်အလှန့်များခြင်းများဖြင့် ရှုပ်ယှက်ခတ်လျက်ကချည်းသာ။

တောထွက်ခြင်းသည် ရန်သူနှင့် စစ်ကစားခြင်း တစ်မျိုးပင်ဖြစ်ရာ ဘဝဘဝါ ကမ္ဘာ့ကမ္ဘာ မြောက်မြားစွာကပင် မိမိအပေါ် စီးပိုး ဖြားယောင်းအလိုကျသော် ဖားပေါင်း ပေါင်း၊ အလိုမကျ ဓားပြပေါင်းဖြင့် ခြယ်လှယ်ထားသူကို ယနေ့မှ မိတ်ကောင်းကိုမှီ၍ အမြင်ကြည်လာသော မိမိက ထ၍ တော်လှန်ရသည်မှာ အတော်အလျော့ စိတ်ဓာတ်၊ ဖွဲ့ စည်းကမ်းတို့ဖြင့် အောင်ပွဲမရနိုင်။ အောင်ပွဲရဖို့ နေနေသာသာ ထိုသုံးချက် အကွက်မလည်က. . .

* ပရိယာယ်ကြွယ်လှသော ရန်သူ့ထောင်ကွက်ကို ကျော်တက်နိုင်လမ်းပင် မမြင်။
* အင်အားကောင်းလှသော ရန်သူ့တပ်၏ ဝိုက်ပတ်ခြင်းကို ကပ်ဖြတ်ရန် လမ်းလည်းမမြင်။
* နေရာစုံ အကုန် အဆက်သွယ်ရှိသော ရန်သူ့စက်ကွင်းကို ဖယ်ရှားရန် လမ်းလည်းမမြင်။

မင်းကို မကျေနပ်သူသည် တောကို ခြေကုပ်ယူကာ မင်းအား ပုန်ကန်ရန် ထွက်ခွာလာလေ့ရှိ၏။ ရန်သူကို မကျေနပ်သော မင်းကလည်း ရန်သူကို တောသို့ ခြောက်လှန့်ထုတ်ကာ လိုက်လံ သုတ်သင်လေ့ရှိ၏။ တောထွက်ခြင်းသည် သူပုန်နှင့် မင်း တစ်ဦးနှင့်တစ်ဦး စစ်မျှားခြင်းတည်း။

သို့ကြောင့် တောထွက်လုပ်ငန်းသည် အန္တရာယ်ထူပြော၏။ အပိတ်အဆီးများ၏။ အခြောက်အလှန့်လည်းစုံလှ၏။ စိတ်လုပ်ငန်း ငန်းတိုက် မလုပ်နိုင်သမျှ အာရုံတောကလည်း ခြောက်လှန့်မည်။ ရဂုံတောကလည်း ခြောက်လှန့်ဦးမည်။ စည်းမလုံ အစုံ- စွတ်ဝင်မြဲပင်တည်း။

စိတ်လုပ်ငန်း ငန်းတိုက် လုပ်ပြန်ကလည်း လူအတား၊ လာဘ်အတား၊ နတ်အတားတို့က ဖြားယောင်းခြင်း၊ မြှောက်ခြင်း၊ ခလောက်ခြင်းများစွာဖြင့် တားဆီးခြင်းခံရမည်။ စည်းလုံ အစုံ ချောင်းမြဲတည်း။

အတားအဆီးကို အတားအဆီးမှန်းသိ၍ လှည့်မကြည့်ပြန်ကလည်း အတွင်းတိုက်၊ အပြင်းတိုက်များ၏ ရန်စခြင်းကို ခံရပြန်ဦးတော့မည်။ မသိယောင်ဆောင် မယောင်ရာ ဆီလူးပေးမြဲတည်း။

* တောထွက်လိုလျှင် မထွက်မီက လေ့ကျက်၊ တောရောက်မှ မှင်သက်မနေလေနှင့်။
* တောထွက်လိုလျှင် မထွက်မီက တောကျွမ်း၊ လမ်းရောက်မှ စမ်းမနေလေနှင့်။

*၁၃၆၄ ခု၊ နတ်တော်လဆန်း၂ရက်နေ့၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## ထွင်

ခဲသည် သွေး၍ အနာရှိရာ လူးပေးသောအခါ ထိတွေ့မိသမျှ အသားအကုန် စားကာ ချဲ့ထွင်ပါသည်။ တဏှာသည်လည်း ဥပါဒါန်အနာရှိရာ မှန်သမျှလိုက်စား စား၍ ချဲ့ထွင်မည်သာ။

ဝိပဿနာ အားခဲခြင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com

အစွဲရှိရာပေါ် သတိတင်ပေးလိုက်သော အခါ အစွဲဆွဲရာဝင် ကိလေသာ အရှုပ် အထွေး မှုန်းသမျှကို ထိုသတိကထွင် ပေးသည်။ စင်စစ် ထွင်သည် နက်နဲလို လျှင် ထွင်း၊ ပြင်ညီလိုလျှင် ထွင်ဖြင့် ထိုး ဖောက်စရာ မှန်သမျှ အားလုံး တာဝန် ယူပေးနေသော အရာတည်း။

တောထွက်ရဟန်းတစ်ပါးသည် လည်း တောထွင်ရန် ထွက်လာသည်ဖြစ် ရာ ထွင်စရာ လက်နက် ကိရိယာပါဖို့ အလွန်အရေးကြီးသည်။ထွင်ခြင်းအတတ် ပညာ့လည်း ကျွမ်းနိုး လိမ္မာပြီးသား ဖြစ်နေမှ ပို နေရာကျမည်။

သင်တန်းကျောင်းမှ ပို့ချပေးလိုက် သော ပညာသည် ဖြစ်နိုင်ခြေရှိသည်ကို သာ အကြမ်းစားပို့ချပေးလိုက်ခြင်းဖြစ်ရာ လက်တွေ့၌ မလုံလောက်ချေပြီ။ မိမိ ကိုယ်တိုင် အတိတ်က စုမိခဲ့ရာ အထုံ ဝါသနာ သို့မဟုတ် ပါရမီဓာတ်ခံအား များ၏အကူဖြင့် အတွင်းခင်းနေ ထွင် ဉာဏ်ပါမှသာ ထွင်းရာ၌ အောင်မြင် တတ်သည်။ အောင်မြင်သည်ဆိုသော် လည်း ထွင်ရာ၏ လက်နက်ကိရိယာများ ဖြစ်သော. . .

* သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယများကလည်း မြဲမြဲ တက် ထက်နေရဦးမည်။
* သတိ၊ သမာဓိ၊ ပညာများကလည်း လွှားလွှားတိုး ထိုးဝင်တတ်ရဦးမည်။

ဒါတောင်မှ ကျွမ်းကျင်သော ဘောလုံးသမား၊ အရွယ် စိတ်ဓာတ်တက် ကြွနေသော ဘောလုံးသမား၊ လျှပ်တစ် ပြက်ဖြတ်ထိုးဉာဏ်နှင့် ကန်ချက် ပြင်း သော ဘောလုံးသမား ထိုဘောလုံး သမား မိမိအသင်းနှင့် မည်မျှအပေး အယူတည့်နေစေ ပြိုင်ဘက်တစ်ဖက်သင်း နှင့် ထိပ်တိုက်တွေ့ရာ၌ကား ကိုယ်ဆွဲ တိုင်း သူခေါက်၊ ကိုယ်ဖောက်တိုင်း သူ ကာ၊ ဂိုးသွင်းလိုက်သည်နှင့် ဖမ်းမိပြီး သားချည်းခံနေရရာ ထင်တိုင်းလည်း မရောက်၊ ထွင်းတိုင်းလည်း တိုးမပေါက် ဖြင့် တပ်ခေါက်ပြန်ခဲ့ရသည်ပမာ။

နီဝရဏ ကိလေသာ သံယောဇဉ် နှင့် ဥပါဒါန်တို့ ဝင်နှောင့်လာသောအခါ သဒ္ဓါသည် သည်က အဖြစ်မရှိ ဟိုသွား အယုံမိနေတတ်ပြန်၏။ ဆန္ဒ၊ ဝီရိယတို့ ကလည်း သဒ္ဓါ ဆရာတင် လိုက်နေကြ ရရာ သဒ္ဓါပြောင်းသူတို့လည်း ခေါင်းတိမ်း သွားတတ်သေးသည်။ ထိုအခါ လုပ်ငန်း ခွင်သုံး သတိ၊ သမာဓိ၊ ပညာတို့သည် လည်း လက်သမား လက်ကိုင်ကင်းသော ဆောက်၊ လက်သမား လက်ရိုက်တုတ် မပင်းသော ဆောက်များပမာ. . . စူး ၏ မစိုက်တော့ပြီ။ ထက်၏ မရှတော့ပြီ။

* ထွင်လိုလျှင် ထွင်ရမည့်ပစ္စည်း၏ အသား အရင်ကပင် လေ့လာထား၊ တွေ့မှတော့ ကစားကြည့်မနေနှင့်။
* ထွင်လိုလျှင် ထွင်ရမည့် ကိရိယာများ အရင်ကပင် သွေးထား၊ ထွင်မှတော့ ကစားကြည့်မနေနှင့်။

*၁၃၆၄ ခု၊ နတ်တော်လဆန်း၄ရက်နေ့၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## တောနက်

* ရေ၌ ထောက်တည်မိရာကို အခြေ တည်၍ အတိမ်အနက်ကို တိုင်းတာ ၏။
* တော၌ အထူအပါးကို အခြေတည်၍ အတိမ်အနက်ကို တိုင်းတာ၏။

သည့်ပမာလျှင်. . . တောနေ ရဟန်းတစ်ပါး၌လည်း. . .

* ခန္ဓာစဉ်ဘဝကို ရေတွက်ရာ၌ အရွယ် ၏ နုပျိုခြင်း၊ အိုမင်းမစွမ်းခြင်းကို အခြေတည်၍ပင် အတိမ်အနက် တိုင်းတာရပြီး. . . ၊
* ခန္ဓာမှီ ကိလေသာကို ရေတွက်ရာ၌ ကား တောပမာ အထူအပါးအခြေ တည်လျက်ကသာ အတိမ်အနက် တိုင်းတာရပါမည်။

ထိုတွင်. . .

တောနေရဟန်းတစ်ပါး၏ ခန္ဓာ စဉ်သည် တောတွင်းဝယ် ပိုင်ရှင်မဲ့သစ် တစ်ပင်ပမာ. . . ဥတုတို့၏ဒဏ် ခံနေရ ခြင်းကြောင့် ဥတုသပ္ပါယ မမျှတတ်။ လိုအပ်သော အာဟာရ မပြည့်ဝသဖြင့် လည်း ဘောဇနသပ္ပါယလည်း မမျှ တတ်။ လိုအပ်သော အာဟာရ မပြည့်ဝ သဖြင့်လည်း ဘောဇနသပ္ပါယလည်း မမျှတတ်။ တစ်ဖန် အာဟာရများ လို အပ်ချက် ပြည့်ဝသော်မှလည်း ခန္ဓာက တောင်းနေသော ဓာတ်စာများ မရ တတ်။

ထိုအခါ ထိုခန္ဓာ ခိုင်ခံ့သင့်သ လောက် မခိုင်ခံ့တော့သည့်အပြင် ရောဂါ နှင့် ဘယများကပါ ဝင်ဆောင့်လာကြ မည်။ သည့်အထဲ အရွယ်ကလည်း ကျရွယ်ကြား ဆင်းသွားကြတော့ပြန်ရာ ဘဝကြော တောနက်လာချေပြီ။ ဧက စာရီ၏ တစ်ယောက်တည်း တည့်အောင် ပေါင်းရေးကား အခြေမပေးတော့။

* ဓာတ် ထိန်းသိမ်းရေး ကြားဝင်မပေး၊ ဝိနည်းအရေး စိတ်မအေး။
* ခန္ဓာ ထိန်းသိမ်းရေး ကြားဝင်မပေး၊ ဝိနည်းအရေး သိပ်မအေး။

ဧကစာရီ တစ်ပါးတည်းနေသော အကျင့်သည် ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် တစ်ယောက်တည်း တည့်အောင် ပေါင်း ပေးရသောအလုပ်ပင်ဖြစ်၏။တစ်ယောက် တည်းတည့်မှ အများနှင့်လည်း အဟုတ် တည့်မည်။

ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ်သာ ရောက်ရာအရပ် ကပ်ကနဲ၊ ချပ်ကနဲ ထပ် မိနေကြလျှင် တရားကား ရှိပြီးသား။ မွေး ကတည်းက သေအထိ တရားကား ပြ လျက်။ ဘာလုပ်လုပ် အချိန်ပြည့် ဖြစ်၊ ပျက်။

ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ်တို့က ထိုသို့သာ သင့်မြတ်နေပါက ကိုယ်က ကြည့် စိတ်က သိပေး။ တစ်ဖန် စိတ်သိ ရာ ကိုယ်လိုက်ပါ ကျင့်။ တူနှစ်ကိုယ် အလို ဆင့် သဘောထားတရားကား အလိုလို ပွင့်တည်း။

သို့တစေလည်း ထိုအခြေကား- ခန္ဓာကိုယ် နုပျို စိုပြည် နဂိုရည်ရှိနေမှ သာ။ အရွယ်ရင့်ကျက် တောဝင်နက်လာ ပါမှကား . . . ဖောက်မဟဲ့ရွယ် အရွယ် ကပင် ကိုယ့်ပြန်တွယ်နေချေပြီ။ ဖြုံမဟဲ့ ကြံ ကိုယ့်ကိုယ်က ကိုယ့်ပြန်တော်လှန် နေချေပြီ။

* တောထွက်ခရီး ငယ်ငယ်နှင့်ခရီး ပေါက် ပြီးမြောက်နေပါစေ။
* တောထွက်ခရီး လွယ်လွယ်နှင့်ခရီး မပေါက် သေအထိ ထိုးဖောက်ဖို့ စဉ်းစားလေ. . . ။

*၁၃၆၄ ခု*
*နတ်တော်လဆန်း ၆ ရက်နေ့၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## တစ်ကိုယ်တည်း

အဖော်မမှီး ကိုယ့်တစ်ကိုယ်တည်း ထီးတည်းမားမားနေသူသည် ကွင်းလယ် ကောင် တစ်ပင်ထီးထီးသော သစ်ပင်ကြီး ပမာ တွေ့သမျှ ဘယာ၊ လာသမျှ အတိုက် အားလုံးနှင့် ရင်ဆိုင်ခိုက်မိရာ ကိုယ့်ဒုက္ခ ကိုယ့်အကြောင်း တောင်းကောင်းကြီး သိရသည်။

အဖော်တစ်သီး တစ်ပြုံကြီးသမား ကား သစ်ဝါးထူထပ်သော တောအုပ်ကြီး



www.burmeseclassic.com1

www.burmeseclassic.com

ပမာ တွေ့သမျှ ဘယာ၊ လာသမျှ အတိုက် စုပေါင်း ရင်ဆိုင်လိုက်ကြရာ -

* ကိုယ့်အကြောင်း ကောင်း၊ မကောင်းလည်း ကောင်းကောင်း မသိရပြီ။
* သူ့အကြောင်း ကောင်း၊ မကောင်းလည်း ကောင်းကောင်း မသိရပြီ။

ကိုယ့်ဒုက္ခ သူဝင်ခံ၊ သူ့ဒုက္ခ ကိုယ်ဝင်ခံ၊ လူမှန် နေရာမှန် မဟုတ်ကြတော့ရကား. . . ဒုက္ခ ဒုက္ခမှန်းလည်း အလျှင်းမသိကြရပြီ။

တောနေရဟန်းတစ်ပါးအဖို့ကား . . .

တစ်ပါးတည်း နေ ထိုင် စားသောက်ခြင်း၊ တစ်ပါးတည်း ကျိန်းစက်ခြင်း၊ တစ်ပါးတည်း ပြုဖွယ်ကျင့်ဝတ်ဖြည့်ကျင့်ခြင်း၊ တစ်ပါးတည်း ကိုယ့်ကိုယ်ကိုယ်ဆုံးမနေခြင်းဖြင့် ကိုယ်တစ်ပါးတည်း၏ ခန္ဓာဝန်၊ ခန္ဓာဒုက္ခကို ချက်ကောင်းယူ၍ ကိလေသာဝန်၊ ကမ္မဝန်ထုပ်ပိုးကြီးများကိုပါ တစ်ပေါင်းတည်း ထမ်းပိုးပေးနေရသည်ကိုလည်း တွေ့လာရသည်။

တောနေရဟန်းတစ်ပါး၏တာဝန်တား ဒုက္ခ၊ ဒုက္ခမှန်း သိဖို့ပင်။

* သတ္တဝါများ သံသရာလည်နေကြရသည်မှာ ဒုက္ခကို ဒုက္ခမှန်း မသိတတ်ခြင်း၊ ဒုက္ခကို သုခ ထင်မှတ်နေကြခြင်းကြောင့်ပင်။
* သတ္တဝါများ သံသရာရှည်နေကြရသည်မှာ မခံသာကို ခံသာသလိုလုည့်ဖယ်ခံနေကြခြင်း၊ ခံသာသည်ကို အမေ့တောအကျောပေး ခံနေကြခြင်းများကြောင့်ပင်။

ဒုက္ခနှင့် ပက်ပင်းတိုးမိလေတိုင်း ဒုက္ခ ဒုက္ခမှန်းသိနေသော ရဟန်းတစ်ပါးအား မခံသာသည်ကို မခံသာသည်အတိုင်း တုံ့ပြန်ခြင်းဖြင့် သံသရာကို တိုစေရာ. . . ခန္ဓာဝန်ကို မပိအောင် ထိန်း၍ ကိလေသာဝန်၊ ကမ္မဝန်များကို သိမ်းပေးလိုက်နိုင်ပြီ။ ကိုယ့်ကိုယ်ကို ဆုံးမ၍ရပြီ၊ အားကိုးအဖော်မရှိ၍ အားမာန်သည်း မထိပြီ။

* တစ်ကိုယ်ထီးတည်း၏ ခရီးကား ဒုက္ခတို လျော့ ဒုက္ခကျော်ခြင်းတည်း။
* တစ်ကိုယ်ထီးတည်း၏ ခရီးကား ကိုယ့်ကိုယ်ကိုကြည့် ကိုယ့်ကိုယ်ကို သိစေနည်းတည်း။

*၁၃၆၄ ခု၊ နတ်တော်လဆန်း၉ရက်နေ့၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## အဖော်

* အဖော်သည် ပေါ်ရန်အတွက် လှန်ပြပေးနေသော ရန်သူတည်း။
* အဖော်သည် မပေါ်ရန်အတွက် ဖုံးဖိပေးနေသော ရန်သူပင်တည်း။

ထိုတွင် မိမိ၏ အတွင်းနေအတူပါ သတိကား မြုပ်နေသော အနုသယလက်ငုတ်များကို ဖော်ထုတ်ပြကာ အမှားမှ အမှန်သို့ လမ်းတည့်ပေးရကား မိတ်ဖော်ဆိုရ၏။ ထိုမှတစ်ပါး. . .

* အပြင်၌ရှိသော အပြစ်တူကျူးအဖော်ကား ဖော်ကောင်ဖြစ်နေသဖြင့် ရန်သူ။
* အပြင်၌ရှိသော အတူနေအဖော်ကား ဒုက္ခကာမဖြင့် ဖုံးဖိပေးနေသဖြင့် ရန်သူ။

ထိုသို့ အတွင်းနေအတူပါ သတိနှင့် အပြင်နေအတူလိုက်မိတ်ဖက်သို့ လူတိုင်း၌ ရှိနေတတ်ကြရာ. . .

* ကာမချစ်ခင် ပုထုဇဉ်ကား အပြင်နေမိတ် အဖော်အဖြစ် လက်တွဲချိတ်မည်။
* ဓမ္မဖွေရှာ အရိယာကား အတွင်းနေမိတ် အဖော်အဖြစ် လက်တွဲချိတ်မည်သာ။

တောနေရဟန်းတစ်ပါး၏ တောတွင်းဝယ် တစ်ပါးထီးတည်း နေထိုင်ခြင်းသည် အဖော်လိုချင်သဖြင့် အဖော်မထားခြင်းပင်။ အတွင်းသတိ၏အတွင်းရှိကို ဖော်ထုတ်ပြသပေးခြင်းကား ပြင်ပအဖော် မရှိမှသာ။

* ပြင်ပအဖော်မရှိမှ မျက်စိဆိတ်ငြိမ်၊ နားဆိတ်ငြိမ်ကာ ကိုယ်ကြွေ့ရလာပါမည်။
* မျက်စိဆိတ်ငြိမ်၊ နားဆိတ်ငြိမ်သဖြင့် ကိုယ်ကြွေ့ရမှလည်း စိတ်ကြွေ့ရလာမည်။

ကိုယ့်ကိုယ်ကို နိုင်နင်းလာခြင်းသည် ထို ကိုယ်ကြွေ့၊ ကိုယ့်စိတ် ကိုယ်လိုရာထားနိုင်ခြင်းဆိုသော ထို စိတ်ကြွေ့ နှစ်ထွေရှိက. . .

* မိမိအတွင်း မရှိသည်ကိုလည်း မရှိအတိုင်း အတည့်သိရတော့သည်သာ။
* မိမိအတွင်း အရှိကိုလည်း အရှိအတိုင်းလျှင် အတည့်သိရတော့သည်သာ။

သတိက တွင်တွင်ဖော်ထုတ်၊ အသိက တွင်တွင်သရုပ်ခွဲပြနေသောကြောင့်။

ကာမချစ်ခင်ပုထုဇဉ်သည် ပြင်ပအဖော် မရှိသည်ကို ကြောက်လေ့ရှိ၏။ ဆိတ်ငြိမ်ခြင်း၏ ဒဏ် ကိလေသာ မခံနိုင်၍တည်း။ ဓမ္မဖွေရှာအရိယာကား ပြင်ပအဖော်ရှိနေသည်ကို ကြောက်လေ့ရှိ၏။ ဆူညံခြင်း၏ ဒဏ် သတိက မခံနိုင်၍တည်း။

ခရီးသွားလာရာ၌ အဖော်ကို လူတိုင်း တောင့်တ၏။ သို့တစေလည်း ထိုလူအားလုံး အပြင်အဖော်ကိုသာ အားကိုးလေ့ရှိပြီး အတွင်းအဖော်ကိုကား အားကိုးရကောင်းမှန်းပင် မသိတတ်ကြပြီ။ ဘာကြောင့်နည်း။

မိတ်နှင့် ရန် ဉာဏ်ဖြင့် မခွဲခြားတတ်ကြသောကြောင့်တည်း။

*၁၃၆၄ ခု၊ နတ်တော်လဆန်း*
*၁၀ရက်နေ့၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## ဆည်းကပ်

သာသနာသို့ ဝင်ရောက်ခိုလှုံလိုသူသည် မိမိစိတ်၌ ဖြန့်ခင်းထားသော အညစ်စုကို သိမ်းဆည်းခဲ့ပြီးမှသာ ရဟန်းထံ ချဉ်းကပ်သင့်ကြသည်။

ထိုစဉ်. . .

* မိမိရှိ အိမ်သုံးပစ္စည်း (ညစ်စု) များကို အိမ်ကပင် သိမ်းဆည်းခဲ့။
* မိမိရှိ ရွာသုံးပစ္စည်းများကိုလည်း ရွာထဲကပင် သိမ်းဆည်းခဲ့။

မိမိလက်သုံးများမှ အပြင်နေစရိုက်ကိုကား ကျောင်းလေ့ကားမတက်မီ ခြေဆေးခုံကပင် သတိဖြင့်သိမ်းဆည်းခဲ့၍ အတွင်းထား ဉာဉ်ကိုကား ကျောင်းတံခါး ဝင်ဝါးနီး ခြေသုတ်ဖုံကပင် အသိဖြင့် သိမ်းဆည်းခဲ့။

* ရဟန်း၌ သီလ၊ သမာဓိ၊ ပညာ ရှိ၏။
* ဆည်းကပ်သူ၌လည်း သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ ရှိသင့်ကြ၏။

ရဟန်း၌ သီလ၊ သမာဓိ၊ ပညာ သုံးသိက္ခာရှိရာတွင် သီလဖြင့် စရိုက်ကိုမြှုပ်၊ သမာဓိဖြင့် ဉာဉ်ကိုနှိမ်၊ ပညာဖြင့် ဝါသနာကို ကွယ်ခြားထားပြီးဖြစ်ရာ. .

* ကိလေသာ ချိုးဖျက်နေသူဖြစ်၍ ဘိက္ခုအမည်တွင်၏။
* ကိလေသာ ငြိမ်ဝပ်နေသူဖြစ်၍ သာမဏေ အမည်လည်းတွင်၏။
* မကောင်းမှုကို ထွေးအန်သူဖြစ်၍ ဗြာဟ္မဏ အမည်လည်းတွင်၏။
* လူအများ၏ အားထားရာသူဖြစ်၍ မုနိ



www.burmeseclassic.com

www.burmeseclassic.com

အမည်လည်းတွင်၏။

ထိုသို့သော ရဟန်းကောင်းရဟန်းမြတ်ထံ ဆည်းကပ်ကြရာ တိုင်းတို့၌ မိမိမိမိတို့ လူမမှတာအရ ထားလေ့ရှိသော တဏှာ၊ မာန၊ ဒိဋ္ဌိ သုံးခု ကာမနယ်ချဲ့ ထွင်နေသော ပါပညစ်စုများ တန်းလန်းဖြင့် မဆည်းကပ် သင့်ကြပြီ။

* ခင်မင်လိုစိတ် တဏှာသည် ရဟန်း ပယ်လှန်နေသော အရာတည်း။
* ဖက်ပြိုင်လိုစိတ် မာနသည် ရဟန်း နှင်ထုတ်နေသောအရာတည်း။
* ငါပိုင်သိမ်းလိုစိတ် ဒိဋ္ဌိသည် ရဟန်း ဖျက်ဆီးပစ်နေသော အရာတည်း။

ရဟန်းနှင့် ထိုပစ္စည်း တောက်တဲ့နှင့် ဆေးချိုးပမာ မသင့်မတင့်ရှိချေရာ ဆည်းကပ်သူ လူသားသည် ထိုပစ္စည်းများ မသိမ်းဆည်းခဲ့ဘဲ စိတ်ထဲ တန်းလန်းဖြင့် ရဟန်းအခန်း တန်းဝင်လာချေသော် မစင်စားရာမှ လူဘေး ပြေးဝင်လာသော ခွေး . . . မစင်နံ့ တထောင်းထောင်းကြောင့် မောင်းနှင်ခံလိုက်ပြီး တစ်ဖန်အဝေး ပြန်လည်ပြေးရသည့်ပမာ ရဟန်း၏ မောင်းနှင်ခြင်းခံရမည်သာ။

* ရဟန်းသည် သိက္ခာတင် ဖြစ်သဖြင့် သိက္ခာဆင်ယင်သူကိုသာ ကြိုဆို၏။
* လူသည် ရဟန်းထံ ချဉ်းကပ်လိုလျှင် သိက္ခာအပြင်အဆင်ဖြင့်သာ ချဉ်းကပ်သင့်၏။

*၁၃၆၄ ခု၊ နတ်တော်လဆန်း ၁၂ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## ဒုက္ခ


ဒု-မကောင်းသဖြင့်၊ ခ္ခ-တူးဖြိုခံရခြင်း၊

ဒုက္ခ-မကောင်းသော တူးဖြိုဒဏ်ခံရလေသူ။

ထိုစဉ် ဖြင်ပအာရုံတိုက်က မိမိအား မကောင်းရာဖြင့် ထိပါးခြင်းက မိမိသည်ကား မကောင်းသဖြင့် တူးဖြိုခံလိုက်ရသူ၊ အတိုက်ကား တူးဖြိုဖျက်ဆီးနေသူတည်း။

တစ်ဖန် မိမိက မိမိသန္တာန်ကြားဝင်ရောက်ကျက်စားနေကြသော ကိလေညစ်များအား တူးဖြို နုတ်ချတ်ပစ်ရာ၌ မိမိကား မကောင်းသည်ကို တူးဖြိုပစ်နေသူ၊ အတွင်းနေ ကိလေသာကား တူးဖြိုဖျက်ဆီးခံရသူတည်း။

တောနေရဟန်းတစ်ပါး အဖို့ကား



. . .

အစားဒုက္ခ အမြဲတွေ့ရ၏။ လိုရာမရ မမျှတသဖြင့် ကျပ်တည်း၏။ ယင်းကို ခမ္မပီတိဖြင့် သည်းခံရ၏။ အစားချောင်လည်က တဏှာလှည့်ပတ်သာမည် စိုး၍တည်း။

အနေဒုက္ခလည်း အမြဲတွေ့ရ၏။ ဥတုဒဏ်ခံနိုင်ရန် မလုံလောက်။ ယင်းကိုလည်း ခမ္မပီတိဖြင့်ပင် ခုခံရ၏။ အနေချောင်လည်က မာနလွန့်လာမည်စိုး၍တည်း။

ပစ္စည်းမဲ့ဒုက္ခလည်း အမြဲတွေ့နေရ၏။ ပုံမှန်သုံးစွဲနိုင်ရန် မရှိ။ ယင်းကိုလည်း ခမ္မပီတိဖြင့်ပင် နှစ်သိမ့်ရ၏။ ပစ္စည်းချောင်လည်က ဒိဋ္ဌိခေါင်းထူလာမည် စိုး၍တည်း။

ထို တဏှာ၊ မာန၊ ဒိဋ္ဌိတို့သည် မိမိသန္တာန်၌ ဘဝများစွာ သံသရာကပင် အမြစ်တွယ်ခဲ့၏။ မမြင်လိုက်နှင့် ကြိုက်သွားပြိုက် ကြည့်သိနိုင်၏။ အကြိုက်ချင်းပြိုင် ကိုင်ပြီး ဖြစ်နေသည်ကို ကြည့်။ အကြိုက်ကိုင် အပိုင် သိမ်းပြီး ဖြစ်နေသည်ကို ကြည့်။

ယင်းတို့ကို ပစ္စည်းမဲ့ စရဏ (ပညတ်) အနတ္တဖြင့် ဒိဋ္ဌိကို အမြစ်နဲ့၍ ဆိုင်ရာ မဂ်ဖြင့် နုတ်ချတ်လိုက်သောအခါ ဒုက္ခ. . . မကောင်းသည်ကို တူးဖြိုပယ်နုတ်ပစ်လိုက်ခြင်း ဆိုရသည်။ သည့်အတူ. . .

* တဏှာ လက်ငုတ်ကို အစား ဆင်းရဲ အဝတ် ဆင်းရဲဖြင့် လည်းကောင်း၊
* မာန လက်ငုတ်ကို အနေ ဆင်းရဲ အဆောင်အယောင် မဲ့ဖြင့်လည်းကောင်း. . .

အားကြီးကို အားနည်းဖြစ်အောင် စရဏ-ဒုက္ခ၊ စရဏ-အနိစ္စတို့ဖြင့် သင်းသတ်၍ ဝိဇ္ဇာ အနတ္တ၊ ဝိဇ္ဇာ အနိစ္စ အရာဝင် ဟရမတ် မဂ်လှကြီးများဖြင့် လှီးဖြတ်ချလိုက်သောအခါ မိမိက မကောင်းသည်ကို ပြန်လည် တူးဖြိုပစ်လိုက်ခြင်းမည်၏။

* ကံသမားကား မကောင်းသဖြင့် တူးဖြိုနေသည်ကို လည်စင်းခံနေ၏။
* ဉာဏ်သမားကား မကောင်းသည်ကို တူးဖြိုနုတ်ချတ်ပစ်နေ၏။

ကံသမားနှင့် ဉာဏ်သမား ထရံ တစ်ချပ်ခြားမျှ နီးကပ်စွာနေကြသော်လည်း ဒုက္ခကို ဖြေရှင်းရာ၌ကား အသွင် မတူကြတော့ပြီ။

*၁၃၆၄ခု၊ နတ်တော်လဆန်း ၁၃ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## ဘက်

'ဘက်' ဟူသည် မိမိမှတစ်ပါး အခြားနှင့် တွဲသည်၌ အဆိုရှိ၏။ ထိုစဉ်. . .

* အခြားနှင့် တွဲ၏။ တွဲပြီးနောက် ထိုတွဲရာနောက် လိုက်၏။ ထိုအခါ ဘက်လိုက် ဆိုရပြီ။
* အခြားနှင့်ကား တွဲ၏။ တွဲပြီးနောက်ကား မလိုက်။ ထိုအခါ ဘက်မလိုက် ဆိုရပြီ။

ဘုရားနှင့် ရဟန္တာသည် မိမိတို့ ချွတ်ထိုက် ကယ်ထိုက်ရာ ဝေနေယျများနှင့်ကား တွဲကြ၏။ သို့သော် ထိုဝေနေယျအကြိုက် ယင်းတို့ကမလိုက်။ မလိုက်၍ အရေးယူလည်း သွေးမပူတော့သောကြောင့်။

ကာမသတ္တဝါများမှာမူကား မိမိတို့နှင့် မိတ်ကျရာ လင်နှင့်မယား၊ သားနှင့်မိဘ၊ ဆရာနှင့်တပည့်၊ အသိနှင့် မိတ်ဆွေ စသည်များနှင့် တွဲကြ၏။ တွဲပြီးနောက် အတွဲခံသလောက်ပင် မိတ်အကြိုက် အလိုက်ပေး ပေါင်းသင်းလိုက်ကြတော့သည်။ မလိုက်မိ၍ အရေးယူ သွေးဆူမခံနိုင်ကြသောကြောင့်။

တောနေရဟန်းတစ်ပါးသည်လည်း တစ်ဖက်က ဝေနေယျ၊ တစ်ဖက်က ခမ္မ ဟူ၍ ဘက်နှစ်မျိုး ထားရှိနေရရာ. . . ဘုန်းကြီးကျောင်းတာဝန်ခံဆောက်လုပ်ပေးနေရသော လက်သမားသည်. . . တစ်ဖက်က ဇနီးသည်နှင့်သားသမီး၊ ယင်းတို့ကား မိမိလုပ်စာမျှော်၊ မိမိအပေါ်



www.burmeseclassic.com

www.burmeseclassic.com

မှီခိုနေရသူများတည်း။ တစ်ဖက်ကား ကျောင်းထိုင်ဘုန်းကြီးနှင့် ကျောင်းဒကာ ကောင်းအမများ။ ယင်းတို့ကား မိမိအား ချီးမြှောက်ထောက်ပံ့နေကြသူများ။

ထိုစဉ်. . .

* သားမယားဘက်လိုက်က တစ်ဖက်၏ သီလနှင့်သဒ္ဓါ အပူလောင်။
* ဘုန်းကြီးနှင့် ဒကာ ဘက်လိုက်က သည်ဘက်၏ ဝတ္တရားနှင့်တဏှာ ပူလောင်။

ထိုနှစ်ဖက် ဘယ်ဘက်ကိုမျှ မယောင် မျှောင်လိုက်ရနည်းပမာ။

* ဝေနေယျက ဘယ်မျှ ဆွဲဆောင်စေ ယောင်မလိုက်မှ အရှိုက်မထိဖြစ်မည်။
* ဓမ္မက ဘယ်မျှ ဆွဲဆောင်စေ ယောင်မလိုက်မိမှ အငိုက်မထိဖြစ်မည်။

ဓမ္မကား ပြရာနောက် မလိုက်၊ ရှုကွက် စိုက်ချထားနိုင်မှ တိုက်ရိုက်မိမိလေ့ရှိ၏။ အကယ်တိတိ ပြရာဘက် မက်လိုက်နေမိသော်ကား အငိုက်မိသွားတော့သည်သာ။

ဝေနေယျကလည်း လူသည် လူလိုပင်သိ၊ လူလိုပင် ကြည့်တတ်ကြလေရာ ယင်းတို့အကြိုက် လိုက်မိက တဏှာအတိုက် အရှိုက်ထိခံရတော့သည်သာ။

* မယောင်နှင့်။ သတိ အသိဆောင် လမ်းမျှောင်အတိုင်း ကပ်လိုက်။
* မကြောင်နှင့်။ သဒ္ဓါ ဝီရိယဆောင် လမ်းရောင်အတိုင်း မျှောင်လိုက်။

*၁၃၆၄ ခု၊ နတ်တော်လဆန်း ၁၄ရက်၊*
*စံရိပ်ငြိမ်၊ ကျော်တော။*

## ဆူလွယ်နပ်လွယ်

* အိုးပါးနှင့်မီးအားပြင်းတို့ တွေ့လျှင် ဆူလွယ်၏။
* သက်နုနှင့် အပျော့စားများဖြစ်နေလျှင်ကား နပ်လွယ်၏။

ထိုစဉ် -

* ဆူလွယ်ကြောင့်ကား အရည်စား၊ အကျက် သောက်စားရန် ခရီးသက်ခဲ့ပြီ။
* နပ်လွယ်ကြောင့်ကား အဖတ်စား၊ အကျက် နူးစားရန်ဘက် ခရီးသက်တော့သည်။

ယနေ့ လူ့လောက ဓမ္မတာသည် ဘာမဆို မြန်၊ ကောင်း၊ သက်သာဘက် သို့ချည်း လိုက်စားလေ့ရှိကြရာ ယင်း ဆူလွယ်၊ နပ်လွယ် အလုပ်မျိုးကြိုးစားနေကြ၏။

သက်မဲ့အာရုံ ခံစားကြရာတိုင်းတို့၌လည်း ဆူလွယ်၊ နပ်လွယ်မျိုးများကိုသာ အားကိုးနေကြ၏။ ယင်းသည် တစ်ခါသုံး ချက်ချင်းရ တစ်ချက်နှယ် လိုက်ရုံဖြင့် အလွယ်သုံး သုံးခွင့်ရများတည်း။

လူ လူချင်း ပေါင်းသင်းကြရာ တိုင်းတို့၌လည်း ဆူလွယ်၊ နပ်လွယ်မျိုးကား ပွဲတိုးလမ်း ကြမ်းခင်းနေရာမှနေ ထမ်းပေးနေသည်သာ။ ယင်းသည် အညာလွယ်၊ အဆွယ်မခက် အချက်ပြလိုက်ရုံဖြင့် ကျလာခြင်းများတည်း။

ထို ဆူလွယ်၊ နပ်လွယ်များသည် . . .

* ကစိတ်ပါးနှင့် ကိလေသာ မီးပြင်းအားများကြောင့်လည်း ဖြစ်လာရ၏။
* ရုပ်စိတ်၊ စိတ်ဓာတ်နုနုနှင့် ဥတု၊ အာဟာရ အပေါ့စားများကြောင့်လည်း ဖြစ်လာရ၏။

ယင်းတို့သည် သွေးလည်း အဆူလွယ်၊ အကျင့်လည်း နပ်လွယ်စေရာ၌ ပယ်ပယ်နယ်နယ် ကိုင်တွယ် ပြုပြင်ပေးနေကြသော ကိရိယာများတည်း။

အလွယ်သည် မခိုင်ခံ့သော ပစ္စည်းများဖြင့် စုပေါင်းပြုလုပ် ပေးထား၏။ ထိုမခိုင်ခံ့သော ပစ္စည်းများကား သက်တမ်းရှည်ကို တာဝန်မခံနိုင်။

သို့ဖြစ်ရာ ယနေ့၏ နက်ဖြန်ရှိ အလွယ်လိုက်သမားများ. . .

* တောင့်တင်းခိုင်မာသော ဘောဂနှင့် ကာမမျိုး ပွဲတိုးခွင့် ရကြတော့မည် မဟုတ်ချေ။
* သက်ရှည် ကျန်းမာသော ဘဝနှင့် အလှမျိုးကိုလည်း ပိုင်စိုးခွင့်မရတော့ချေ။

ယင်းတို့အစား ကြိုက်တုန်း သုံး၊ မုန်း ကွာရှင်း ထုံးသည်လည်းကောင်း၊ အရွယ်မတက်မီကပင် ပျက်၊ အရွက်တက် ပက်လက်ထုံးသည်လည်းကောင်း၊ သီလ လုံးတီး၊ အရှက်မဲ့ အကြောက်မဲ့ကို ဖြစ်စေသော ကြိုက်လုံးကြီး အဖုံးအဖိနှင့်အတူ တအူအူ အခိုးလွှတ်၍ စွတ်ဝင်လာကြတော့မည် ဧကန်။

*၁၃၆၆ ခု၊*
*တန်ခူးလပြည့်ကျော်၁၂ရက်၊*
*သကြိန်အတက်နေ့၊*
*ခေါင်နန်းပလ္လင်၊ မဟာမြိုင်။*

## သင်္ကြန်

တစ်နှစ်မှသည် တစ်နှစ်ဆီသို့ ကူးပြောင်းခြင်း. . . ။

နိယာမဆိုသော အစဉ်အလာများတွင် ဥတုလည်း တစ်ခု အဝင်အပါဖြစ်ချေရာ. . . ယမန်နှစ် နွေမှ စခဲ့သော ဥတုသည် မိုးကိုလည်း ရွာသွန်းစေခဲ့ပြီ။ ဆောင်းဖြင့်လည်း ပတ်ဖွဲ့ပေးခဲ့ပြီးပြီ။ ယနေ့ ဥတုသုံးခွင် အစဉ်အတိုင်း ဝင်လာခဲ့ကြရာ နွေသို့ ပြန်လည်ရောက်ခဲ့ပြီ။ သို့ကြောင့်. . . နှစ်ဟောင်း တာဝန်ကုန်ဆုံး နှစ်သစ်ဘက် ကူးပြောင်း ထုံး။

ထိုသို့ ဥတုက တစ်နှစ်မှ တစ်နှစ်သို့ တာဝန် ကူးပြောင်းရာတွင်. . .

* ရတုခေါ် ခြောက်မျိုးသော အချိန်များလည်း လိုက်ရပါတော့မည်။
* ရာသီခေါ် တစ်ဆယ့်နှစ်မျိုးသော အစုများလည်း လိုက်ပါရတော့မည်။
* လူတို့၏ အသက်နှင့် အရွယ်များလည်း ပြောင်းလဲလိုက်ပါရတော့မည်။

ထိုစဉ် လူ၌ ဥတုနှင့် မဆက်ဆံသော စိတ်ကား ပြောင်းလဲလိုက်ပါလာသည် မရှိတတ်။ ဘာကြောင့်. . . ။

ထိုလူ၌ ရုပ်စာ၊ စိတ်စာ အစာနှစ်မျိုးရှိချေရာ . . . ဥတုနှင့် အလိုတူအလိုပါဖြစ်ရာ ရုပ်စာများကိုသာ အထည့်များပြီး စိတ်အစာ သတိကိုကား ထည့်ပေးမထားကြသောကြောင့်။

ထိုသို့ ရုပ်ကသာ ဥတုသို့ လိုက်၊ စိတ်က မလိုက်။ တစ်ဖန် ရုပ်စာကိုသာ အတွင်သွင်း။ စိတ်စာကိုကား မသွင်း ဖြစ်နေကြရာ ယနေ့ သင်္ကြန်ပြောင်းကာလ ရုပ်ကသာ လိုက်လံ ပြောင်းရှေ့၏။ စိတ်ကား မပြောင်းရှေ့။ သို့ဖြစ်ရာ ထိုစိတ် . . .

* ငယ်ငယ်ကလည်း ကြိုက်ဇနေ အလိုရှိ၊ မကြိုက် အလိုမရှိ။
* ယခုအချိန်လည်း ကြိုက်နေ လို၍ဆဲ၊ မုန်းသွားနေမှသာ အလိုရှဲ၏။

သင့်အဖို့ စိတ်သင်္ကြန် ပြောင်းလိုလတ်သော် . . .

* စိတ်အစာ သတိ စိတ်နှင့် အတူတူ ရှိနေစေအပ်၏။
* စိတ်ပါးစပ် သတိအစာ ဟပ်သာရန် ဝီရိယလက်ကူအား အကူပါစေအပ်၏။

ထိုသို့သာ ဝီရိယ၊ သတိ (စိတ်စာနှင့်လက်) မပျက်ရှိနေချေသော်ဓနေ့က

www.burmeseclassic.com

ထက် ယနေ့ကောင်း၊ စိတ်သကြန်ကား ပြောင်းပြီးသား။ မနှစ်ကထက် ဤနှစ်ကောင်း စိတ်သကြန်ကား ပြောင်းပြီးသား။

*၁၃၆၆ ခု၊*
*တန်ခူးလပြည့်ကျော်၁၃ရက်၊*
*နှစ်ဆန်းတစ်ရက်နေ့၊*
*ခေါင်နန်းပလ္လင်၊ မဟာမြိုင်။*

## နှစ်ဆန်း

နှစ်သည် လအေးဆီ အရည် စစ်ကျလာရာမှ တည်လာသောအနှစ်။ ယခုနှစ်သည် ယမန်နှစ်ကထက် သချာအားဖြင့် ဆန်းသစ်နေ၏။ အရေအတွက် တစ်ခုတိုးလျက် အသစ်ဘက် တက်လာခြင်းကြောင့်တည်း။

လူတို့သည်ကား အသက်အားဖြင့်သာ ဥတုနှင့်ဖက်၍ တက်လာသော်မှလည်း ဂုဏ်အားဖြင့် အနှစ်အသား တက်မလာပါမူကား အနှစ်လည်းမတည်။ အရည်လည်း မဆန်း။ အကာလမ်းဗန်းပြမျှသာ။

* တကယ့်အနှစ်အသားကား မည်သည့်လောကဓံမျိုးနှင့် တိုးတိုး မတုန်မလှုပ်သော စိတ် ဖြစ်သည်အထိ အနှစ်တည်ဖို့ပင်။
* တကယ့်အဆန်းကား မည်သည့်ဘဝ၊ မည်သည့်ကာလမျိုးမှာမှ မသုံးဘူး၊ မခံစားဘူးသေးသော အတွေ့ကောင်း တွေ့သိသာဖို့ပင်။

သို့ကြောင့်. . . နှစ်ဆန်းဆိုသော ထိုစကားသည်. . .

နိဗ္ဗာန်အထိ မပျက်မစီးဘဲ လိုက်ပါသွားမည့် မဂ်ဓမ္မ ဖိုလ်ဓမ္မများတည်း။ မဂ်ဓမ္မ၊ ဖိုလ်ဓမ္မတို့၏ ရလဒ် ဓမ္မအရသာ၊ ဝိမုတ္တိအရသာဆန်းများတည်း။သို့မဟုတ် ဖလသမာပတ်၊ နိရောဓသမာပတ်အရသာ ဆန်းများပင်တည်း။

* ထိုအဆန်းမျိုးသည်သာ အနှစ်ရှိသော အဆန်းမည်၏။
* ထိုအနှစ်မျိုးသည်သာ မပျက်မစီးသော အနှစ်မည်၏။

ယနေ့ ဗုဒ္ဓဝါဒီတိုင်း (ကမ္ဘာ့လူသားတိုင်း) . . .

မိမိတို့ ဒေသအလိုက် နှစ်ကူးများ ကျင်းပလေ့ရှိကြ၏။ သို့တိုင်လည်း ရက်ကုန်ရာမှ လပြောင်း တစ်ဖန် လတို့ ကုန်သွားရာမှ နှစ်သို့ ပြောင်းလဲလာခြင်းမျှ



သာရှိချေရာ အနှစ်လည်းမရှိ ဆန်းလည်း မဆန်း။

* ယခင်ကလည်း အချိန်၏ဝါးမျိုခြင်း အရ ရက်၊ လ၊ နှစ် ကုန်ခန်းခြင်းမျှသာ။
* ယခုလည်း အချိန်၏ ဝါးမျိုခြင်းအရ ရက်၊ လ၊ နှစ် ကုန်ခန်းကခြင်းမျှသာ။
* နောင်နောင်လည်း အချိန်၏ ဝါးမျိုခြင်းအရ ရက်၊ လ၊ နှစ် ကုန်ခန်းခြင်းမျှသာ။

မဂ်မှဖြစ်သော ဖိုလ်၏ အအေးနှစ်သည်ကား မည်သည့်ကိလေ သာတို့နှင့်မျှ မရောယှက်ခြင်း၊ မည် သည့် သခါရတို့ကမျှ မပြုပြင်ဝံ့ခြင်း၊ တစ်ကြိမ်အတည် ပျက်သွားပြီ မရှိခြင်း တို့ကြောင့် တကယ့်အနှစ် ဆိုရသည်။

ထိုနှင့်အတူ ဖလသမာပတ်၊ နိရောဓသမပတ် အရသာများကလည်း မရိုးသောအဆန်းဖြင့် အမြဲတမ်း ဆန်းသစ်နေတော့သည်သာ။

*၁၃၆၆ ခု၊*
*တန်ကူးလပြည့်ကျော် ၁၃ ရက်၊*
*နှစ်ဆန်းတစ်ရက်နေ့၊*
*ခေါင်နန်းပလ္လင်၊ မဟာမြိုင်။*

## ရိုး

* စည်းရိုးသည် ခွေးမတိုးရန် အတွက်တည်း။
* ကမ်းရိုးသည် ရေမတိုးစေရန် အတွက်တည်း။
* မျိုးရိုးသည် သွေးမတိုးစေရန် အတွက်တည်း။

မြေသည် ရေနှင့် မျိုးချင်းမတူ။

မြေကား ငြိမ်၏။ ရေကား လှုပ်ကစားတတ်၏။ သို့ဖြစ်ရာ . . . အငြိမ်နေမြေများ ရေတိုက်စားမခံရရန် ကမ်းရိုးတန်းခေါ် ရိုးတားထားရသည်။

သည့်အတူ. . . တရားစောင့်သော လူနှင့် တရားမဲ့သော တိရစ္ဆာန်မျိုးများ။ အယူမှန်လူမျိုးနှင့် အယူမှားသောလူမျိုး ချင်း များတို့၌လည်း ရိုးတားခြင်းကားထားရစမြဲသာ။ မထား. . . မတရားမျိုး ခိုးစားခံရမည် ဖြစ်ခြင်းကြောင့်။

ထိုသို့ မျိုးချင်းချိုး ခိုးမစားရန် ရိုးခံထားရာ၌. . .

လူတို့သည် သန္ဓေပေးသွေးရှိ ထုံးစံတတ်ကပင် အရိုးကို ဖြစ်စေကြရာ ရိုးသည် မျိုး၏ သင်္ကေတပင်။ ထိုရိုးသည် မျိုးအတွက် အဓိကကျသော ပုံပြနိမိတ်ပင်။ သို့ကြောင့်. . .

* သွေး သန့် မသန့် ရိုးကိုလျှင် ခန့်ကြည့် သိနိုင်၏။
* ဗီဇဉာဉ် စင် မစင် ရိုးကိုလျှင် ဉဏ်ဝင်ကြည့် သိနိုင်၏။

အကယ်တိတိ. . . ကိုယ့်အမျိုးကိုယ် ချစ်မြတ်နိုးခြင်း ကင်းမဲ့စွာ သူတကာ သန္ဓေပေးသွေး မှေး၍ငြိ အထည့်ခံလိုက်တော့ပါမူ. . .

မျိုး မသန့်စင်ရိုး တစ်မျိုးသော ပုံပြတိုးဖြင့် ထိုးဝင်လာတော့ရာ ထနောင်းကျည်းပေါင်း ရွက်၊ ထနောင်းရွက်နှင့် မည်သို့မျှ မဆက်ပမာ. . .။

ဤမျိုးက မွေးသော်မှ ဤရိုး သွေးကား မဟုတ်သေးပြီ။

ဟိုမျိုးက ပေးသော်မှ ဟိုရိုး သွေးလည်း မဟုတ်သေးပြီ။

ရိုးကိုကျော် ပေါ်ရာရေ ဖော်စားခံလိုက်ရသော မြေကမ်းပါးပမာ. . . ရေနောက်ပါ မြေသား ရေခေါ် ရန်လည်း အခက်သား၊ မြေဆိုရန်လည်း အခက်သား. . .။

*၁၃၆၆ ခု၊ တန်ကူးလစေ့နေ့၊*
*မဟာမြိုင်၊ ခေါင်နန်းပလ္လင်။*

မဟာဗောဓိမြိုင်ဆရာတော်



www.burmeseclassic.com1

www.burmeseclassic.com

၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့။

ထိုနေ့မနက်က ကျွန်တော်သည် အိမ်ရှေ့ဝါးရုံရိပ်၌ခင်းထားသောတန်းလျား၌ထိုင်လျက် ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဝေပုလ္လဆရာတော်ကြီးစီရင်ရေးသားသော 'မေတ္တာသိဒ္ဓိဘာဝနာ'ကျမ်းကို ဖတ်နေပါသည်။

ထိုသို့ဖတ်နေစဉ် လာနေကျ ဓမ္မမိတ်ဆွေရောက်လာပါသည်။ ထိုဓမ္မမိတ်ဆွေသည် ကျွန်တော်ထိုင်နေသောတန်းလျားတွင် ဝင်ထိုင်ပါသည်။ ထို့နောက် ဤသို့စကားစပါသည်။

"ဒီကနေ့ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့နော်၊ ဆရာဘုရားကိုမသွားဘူးလား"

"သွားရမှာပေါ့ဗျာ၊ မေတ္တာအခါတော်နေ့အခမ်းအနားက ညနေ(၅)နာရီမှစမှာပါ။ ဝါခေါင်လပြည့်နေဆိုတော့ မနက်ပိုင်းမှာ သီလပွဲရှိတယ်။ နေ့လယ်မှာ တရားပွဲရှိတယ်။ တရားပွဲပြီးမှ မေတ္တာအခါတော်နေ့အခမ်းအနားစမှာပါ။ ညနေ (၄) နာရီလောက် ဘုရားကိုသွားမှာပါ"

"ဆရာသွားရင် ကျွန်တော်လည်း လိုက်ပါဦးမယ်။ ဒါထက် ဆရာ အခုဖတ်နေတဲ့စာအုပ်က ဘာစာအုပ်လဲ ဆရာ"

"ဝေပုလ္လဆရာတော်ကြီးရေးတဲ့ မေတ္တာသိဒ္ဓိဘာဝနာကျမ်းပါဗျာ။ ဒီကနေ့ဟာ ဝါခေါင်လပြည့်နေ့ဆိုတော့ ဝေပုလ္လဆရာတော်ကြီးရေးတဲ့ မေတ္တာသိဒ္ဓိဘာဝနာကျမ်းကို ဖတ်နေတာပါ"

"ကျွန်တော့်ဆီမှာ ဝေပုလ္လဆရာတော်ကြီးရေးတဲ့ကျမ်းစာအတော်များများရှိပါတယ်။ ဒါပေမယ့် အဲဒီစာအုပ်မရှိဘူး



# မြဝင်း(ဒဿန)

## ဝေပုလ္လဆရာတော်ကြီးမိန့်ဆိုခဲ့သော မေတ္တာဘာဝနာနှင့်လောကခံတရားတော်



www.burmeseclassic.com

www.burmeseclassic.com

ဗျ။ စာအုပ်ထွက်တာအတော်ကြာပြီလား"

"၂၀ဝ၉ခုနှစ် ဒီဇင်ဘာလကထွက်တာ။ (၈) နှစ်လောက်ရှိပြီပေါ့။ အခုကျွန်တော်ဖတ်နေတဲ့စာအုပ်က ဆရာတော်ကြီးကိုယ်တိုင် ၅-၁-၂၀၁၀ရက်စွဲနဲ့ လက်မှတ်ထိုးပြီးချီးမြှင့်ခဲ့တာပါ"

"အဲဒီကျမ်းစာမှာ ဝေပုလ္လဆရာတော်ကြီးက မေတ္တာနဲ့ ပတ်သက်လို့ အတော်ပြည့်စုံအောင်ရေးထားပါတယ်။ မေတ္တာခံယူပုံ၊ မေတ္တာပို့ပုံ၊ မေတ္တာပို့သူမှာရှိရမယ့်စိတ်ထားတွေကို ရေးပြထားပါတယ်။ ဒ့ါအပြင် ဝေပုလ္လဆရာတော်ကြီးက သူ့ဆရာ ရွှေညောင်တောရလေးကျွန်းပိုင်ဆရာတော်ကြီးရဲ့မေတ္တာနဲ့ ပတ်သက်တဲ့အဆိုအမိန့်တွေ၊ ဩဝါဒကထာတွေကိုလည်း ရေးပြထားတယ်။ ရွှေဉမင်တောရလေးကျွန်းပိုင်ဆရာတော်ကြီးဟာ မေတ္တာစွမ်းအားအင်မတန်ကြီးတဲ့ ဆရာတော်ကြီးပါ။ ဆရာတော်ကြီးက -

'ငါ့နောက်ကိုလိုက်ခဲ့ကြရင် လူတစ်ထောင် ဆန်မဆောင်နဲ့။ ငါ ဆရာတော်၏မေတ္တာစွမ်းအား မေတ္တာဘာဝနာရဲ့ တန်ခိုးနဲ့ အပြည့်အစုံကျွေးနိုင်တယ်ဟေ့'

လို့ ကြွေးကြော်ခဲ့တဲ့ ဆရာတော်ကြီးပါ။ ရွှေဉမင်တောရဆရာတော်ကြီးက သူ့တပည့်ဝေပုလ္လဆရာတော်ကို -

'မောင်ဝေပုလ္လ၊ သတ္တဝါတွေကို မေတ္တာပို့ရာမှ အမှန်တကယ်စင်စစ်တကယ့်မေတ္တာစိတ်၊ ကြင်နာတဲ့စိတ်၊ တကယ် သနားကြင်နာတတ်တဲ့စိတ်၊ တကယ် ကိုယ်ချင်းစာနာတတ်တဲ့စိတ်နဲ့ မေတ္တာပို့ရမယ်။ ပျော်ရွှင်မြူးထူးပြီး မေတ္တာမပို့ရဘူး။ ငြူစူတဲ့စိတ်၊ စောင်းမြောင်းတဲ့စိတ်၊ မနာလိုတဲ့စိတ်နဲ့ မေတ္တာမပို့ရဘူး။ မေတ္တာတကယ်ပို့ရင် အမှန်တကယ်ကိုယ်ချင်းစာတဲ့စိတ်၊ တကယ့်ကိုသနားကရုဏာစိတ်၊ တကယ့်ကိုဝမ်းမြောက်ဝမ်းသာတဲ့စိတ်ဖြစ်ပေါ်လာပြီးမှ မေတ္တာကိုပို့ရမယ့်ကွယ့်။ မေတ္တာပို့သတော့လည်း ပို့မယ့်ပုဂ္ဂိုလ်က အပို့ခံရမယ့်ပုဂ္ဂိုလ်၊ သတ္တဝါ၊ နတ် စသည်များကို အာရုံထားပြုထားပြီး မျက်စိထဲမှာ မနေဒွါရမှာမြင်အောင်ကြည့်ထားပြီး စိတ်ကိုစူးစူးစိုက်စိုက်ထားပြီး မေတ္တာဓာတ်ပို့လွှတ်ပေးရမှာကို သတိထားပါ။ ဒါမှ မေတ္တာပို့သရာမှ ထိရောက်ပါလိမ့်မယ်။ မင်းသေသေချာချာ မှတ်သားထားပေတော့' တဲ့"

"မေတ္တာပို့သသူတွေ အမြဲနှလုံးသွင်းရမယ့်ဩဝါဒပါဗျာ"

"မိတ်ဆွေက မေတ္တာနဲ့ပတ်သက်လို့ ထူးထူးခြားခြားမိန့်ဆိုထားတာများပါရင်သိပါရစေဆိုတော့ ပြောရဦးမယ်။ အခု ကျွန်တော်ဖတ်နေတဲ့စာအုပ်ထဲမှာ မေတ္တာဘာဝနာနှင့်လောကဓံဂါထာတော်ဆိုတဲ့ ရေးသားချက်ပါတယ်။ ဝေပုလ္လဆရာတော်ကြီး မိန့်ဆိုထားတာက လောကမှာ အစုန်လမ်းနဲ့အဆန်လမ်းဆိုတာရှိသတဲ့။ မေတ္တာဘာဝနာဆိုတာ အဆန်လမ်းတဲ့။ ဘဝတစ်ခုကို ဆန်တက်ရာမှာဖြစ်ဖြစ်၊ သံသရာနဲ့လောကကို ဆန်တက်ရာမှာဖြစ်ဖြစ် မကျေနပ်မှုတွေ၊ မနာလိုမှုတွေ၊ စိတ်ဆိုးဒေါသထွက်တာတွေ၊ အတွန်းအတိုက်တွေ၊ အဖုအထစ်တွေတွေ့စရာအမြဲတဲ့။ အဲဒါတွေကိုကြံ့ကြံ့ခိုင်ခိုင်စွမ်းရှိအောင် လောကဓံဂါထာကို လက်ကိုင်ထားရမတဲ့။ လောကဓံဂါထာကတော့ -

■ ဖုဋ္ဌဿ လောက ဓမ္မေဟိ
  စိတ္တံ ယဿ န ကမ္ပတိ
  အသောကံ ဝိရဇံ ခေမံ

တဲ့"

"အဲဒီဂါထာက မင်္ဂလသုတ်မှာလာတဲ့ဂါထာ မဟုတ်လား ဆရာ"

"ဟုတ်တာပေါ့ဗျာ။ မင်္ဂလသုတ်မှာလာတဲ့ဂါထာပါ။ **ယဿ** - အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ **စိတ္တံ** - စိတ်သည်၊ **လောကဓမ္မေဟိ** - ကောင်းဆိုးနှစ်တန်လောကဓံရှစ်ပါးနှင့်၊ **ဖုဋ္ဌဿ** - ထိတွေ့ကြုံတွေ့ရသော်လည်း၊ **နကမ္ပတိ** - မတုန်လှုပ်၊ **အသောကံ**- စိုးရိမ်ကြောင့်ကြသောကဗျာပါဒလည်းမရှိ။ **ဝိရဇံ**- ကိလေသာတည်းဟူသော မြူမှုန်မှုလည်းမရှိ။ **ခေမံ**- ဘေးလည်းမရှိဆိုပြီး ကျွန်တော်တို့ကျက်မှတ်ခဲ့ကြရတာ မဟုတ်လား"

"အဲဒီဂါထာကို ကျွန်တော်ရပါတယ်ဆရာ။ အဲဒီဂါထာနဲ့ပတ်သက်လို့ ကျွန်တော် ဖတ်ဖူးတာရှိပါတယ် ဆရာ။ အဲဒီဂါထာကို အမြဲမပြတ် ရွတ်ဆိုသရဇ္ဈာယ်ပါရင် ဘေးရန်အပေါင်းမှ ကင်းဝေးပြီး စိတ်နှလုံးအေးချမ်းသတဲ့။ အဲဒီဖုဋ္ဌဿဂါထာကို ရွှေပြားငွေပြားတို့မှာ မြင်းသွားအင်းချပြီး အမြဲဆောင်ထားလျှင် အကျိုးများပြီး သိဒ္ဓိကြီးပြီးစီးနိုင်တယ်လို့ဖတ်ရဖူးပါတယ်"

"ဝေပုလ္လဆရာတော်ကြီးက သူဟာ လောကီ၊ လောကုတ္တရာဂါထာပေါင်းများစွာကို တွေ့မြင်သိရှိဖူးပါသတဲ့။ တချို့ဂါထာတွေဟာ အန္တရာယ်ကင်းပါရဲ့တဲ့။ ရောဂါကင်းပါရဲ့တဲ့။ ဒါပေမယ့် မကောင်းကျိုးမှန်သမျှကို အကောင်းဘက်သို့ ပြောင်းလဲမပေးနိုင်ဘူးတဲ့။ အခုပြောတဲ့ လောကဓံဂါထာကတော့ မကောင်းကျိုးမှန်သမျှကို အကောင်းဘက်ပြောင်းလဲပေးနိုင်သတဲ့။ အနိဋ္ဌမှန်သမျှကို ဣဋ္ဌသို့ပြောင်းလဲပေးနိုင်သတဲ့။ အမည်းမှ အဖြူ၊ အနိမ့်မှ အမြင့်သို့ ပြောင်းလဲပေးနိုင်သတဲ့။ အဲဒီဂါထာကိုသစ္စာခံပြီး အသုံးပြုလိုပါရင် -

■ ဖုဋ္ဌဿ လောက ဓမ္မေဟိ
  စိတ္တံ ယဿ န ကမ္ပတိ၊
  အသောကံ ဝိရဇံ ခေမံ
  ဧတေန သစ္စဝဇ္ဇေန
  သောတ္ထိ မေ ဟောတု သဗ္ဗဒါ

ကို ရွတ်ဆိုရမတဲ့။

အဲဒီသစ္စာခံလောကဓံဂါထာကို နေ့စဉ် (၁၀၈) ခေါက် ပုတီးတစ်ပတ်ရအောင် ရွတ်ဖတ် သရဇ္ဈာယ်ပေးပါက ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်တဲ့သူဆိုတဲ့ ရန်သူမျိုးငါးပါးဘေးမှ ကင်းငြိမ်းစေပါသတဲ့။ အမှုကြီးအမှုငယ်အမှုကိစ္စအားလုံး ပြေငြိမ်းသတဲ့။ မေတ္တာကမ္မဋ္ဌာန်း၊ မေတ္တာဘာဝနာတို့ကို ကျင့်ဆောင်ပွားများအားထုတ်နေတဲ့ မေတ္တာရှင်ကြီးများဟာ အဲဒီလောကဓံဂါထာတော်ကြီးကို နေ့စဉ် (၁၀၈) ခေါက်စေ့အောင် ရွတ်ပွားသရဇ္ဈာယ်ပေးရင် မေတ္တာဘာဝနာကို ပွားများရာမှာ အပူပင်အကြောင့်ကြမရှိဘဲ အောင်မြင်နိုင်ပါသတဲ့"

"ကျေးဇူးပါ ဆရာ။ မေတ္တာအခါတော်နေ့မှာ မေတ္တာပွားတာနဲ့ပတ်သက်လို့ ထူးခြားတဲ့အဆိုအမိန့်ကိုကြားရတာ ကျေးဇူးကြီးလှပါတယ် ဆရာ"

"ဒီကျမ်းစာထဲမှာ ဝေပုလ္လဆရာတော်ကြီးမိန့်ဆိုထားတဲ့ တခြားထူးခြားတဲ့မိန့်ဆိုချက်တွေလည်း ပါပါသေးတယ်။ နောက်တော့ ဆွေးနွေးကြသေးတာပေါ့။ ဒီကျမ်းစာ ကျွန်တော့်ဆီမှာအပိုတစ်အုပ်ရှိပါသေးတယ်။ ကျွန်တော်ပေးလိုက်ပါမယ်"

"ကျေးဇူးပါ ဆရာ"

ကျွန်တော်သည် ကျွန်တော့်စာဖတ်ခန်းသို့သွား၍ စာအုပ်စင်ကိုဖွင့်ပြီး မေတ္တာသိဒ္ဓိဘာဝနာကျမ်းစာအုပ်ကိုယူပြီး ဓမ္မမိတ်ဆွေသို့ ပေးလိုက်ပါသည်။ ဓမ္မမိတ်ဆွေသည် စာအုပ်ကိုယူလျက် ဝမ်းမြောက်ဝမ်းသာပြန်သွားပါသည်။

မြဝင်း(ဒဂုံသန့်)



www.burmeseclassic.com

www.burmeseclassic.com


မှတ်မှတ်ရရ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့် တနင်္ဂနွေနေ့ ဖြစ်သည်။ တစ်ချိန်က တစ်ဌာနတည်း တစ်ရုံးတည်း လုပ်ဖော်ကိုင်ဖက် အငြိမ်းစားဝန်ထမ်း ကိုဟိုစိန်နှင့် ကျွန်တော်တို့နှစ်ယောက်သည် ဆိုင်ကယ်တစ်ယောက်တစ်စီးဖြင့် ထားဝယ်မြစ်အနောက်ဘက် မြစ်ရိုးတစ်လျှောက်ကိုဆန်၍ ဖြည်းဖြည်းမှန်မှန်မောင်းလာရာ တောင်မင်းပြောင်ရွာအထွက် ရှေးဟောင်းအမှတ်အသား သင်္ကေတမှတ်တိုင်ကလေးများ ညီညီညာညာ ခပ်စိပ်စိပ်စိုက်ထူထားသည်ကို တွေ့ရသည်။

ကုန်းဘောင်ခေတ်ဦး မြန်မာဘုရင်များလက်ထက်မှ ယခုတိုင် ပြန်လည်ထူထောင်ခြင်းမရှိတော့သော မြို့ပျက်တစ်မြို့ဖြစ်သော ရှေးအခေါ် သာဂရ (ယခု မြို့ဟောင်းရွာ) ၏ နယ်နိမိတ်ရပ်ဝန်းဖြစ်ကြောင်းကို သတိပြုမိ၏။ ရုတ်ခြည်းပင် ရေမြေတောတောင် ရှေးအငွေ့အသက်အရိပ်အယောင်တို့ လွှမ်းမောဖွယ်တိုးဝှေ့ဝင်ရောက်လာသည့်ခဏ ကျွန်တော့်ရင်အား နွေးခနဲလှုပ်ခတ်စေပါသည်။ သာဂရကား တစ်ရံရောအခါက သာသနာပြုမင်းကြီး သာဂရဘုရင် သမန္တ၏ ချီးမြှောက်မှုဖြင့် ဗုဒ္ဓသာသနာတော် နေလိုလလို တရှိန်ရှိန်ထွန်းလင်းတောက်ပလျက် မြို့ပြပြည်ရွာစည်ကားသာယာခဲ့ဖူးသည့်ရှေးမြို့တည်း။


ကျွန်တော်တို့သည် သာဂရတွင် မနားတော့။ အတွင်းမြို့ဟောင်း၊အပြင်မြို့ရိုးဟောင်းနှစ်ထပ်ကိုဖြတ်၍ သာဂရမြောက်ဘက်တံခါးထွက်ပေါက်မှ အရှေ့မြောက်ယွန်းယွန်းသို့ အသော့နှင်လာကြသည်။ လမ်းကြောတစ်ခုကို ကွေ့ဝိုက်လိုက်စဉ် လမု၊ လမဲ့၊ မဓမ၊ ပရုံးတောရှုပ်ရှုပ်ထွေးထွေးဒီရောက်ပင်များ၊ တမျှော်တခေါ် အစိမ်းရောင်ရင့်ရင့် ဓနိတောများနှင့် ရွှံ့နွံ့အပြည့်ချောင်းကြီးတစ်ချောင်း

# သမိုင်းထဲကစေတီ၊ စေတီထဲကသမိုင်း
# နတ်တွင်းစေတီနှင့်ဆင်ဖြူကုန်းဘုရား


မောင်ခိမ်းထွေး(ထားဝယ်)



လောကစီပ နတ်တွင်းစေတီတော် (သီဟိုဠ်ဓာတ်တော်တစ်ဆူ ဌာပနာသည်)



လောကစီပ ပုံတူစေတီ



ဆင်ဖြူကုန်းဘုရား



www.burmeseclassic.com1

www.burmeseclassic.com



နတ်တွင်းစေတီ-လျောင်းတော်မူဘုရား



ဆင်မြူကုန်းဘုရားအာရုံခံဝတ်ကျောင်း
ဓိပကိရာ၊ ကကုသန်၊ ဂေါတမ မြတ်စွာဘုရား (၃) ဆူ



ရှေးဟောင်းဆင်းတုတော်နှစ်ဆူ (ဆင်မြူကုန်းဘုရား)

ကိုဖြတ်၍ အခိုင်အခံ့တံတားတစ်စင်း ဘွားခနဲတွေ့လိုက်ရ၏။ ဆင်ပုချောင်းဟုကိုဟိုစိန်ကဆိုသည်။ ထိုမှရိုးပြတ်လယ်ကွင်းတစ်ပြန့်တစ်ပြောကျောလယ်ကို အဖြောင့်ဖြတ်ဖောက်ထားသော (၈)ပေကျော်ကတ္တရာလမ်းဖြူးဖြူးကိုမောင်း၍ အချိန်တိုအတွင်း နတ်တွင်းရွာသို့ရောက်သည်။ ရေဖြူမြို့နယ်၏အနောက်တောင်ဘက်အစွန်းဆုံးနတ်တွင်းရွာသည် အိမ်ခြေ (၄၀၀)နီးနီးရွာကြီးတစ်ရွာဖြစ်သည်။

■ နတ်တွင်းစေတီ

ဘုရားသမိုင်းအရ ဆိုရလေသော်ကောဇာနှစ် ၁၁၃ခုနှစ်တွင် ပထမသာဂရမြို့တည်နန်းတည် သမန္တမင်း လက်ထက်အခါ လင်္ကာဒီပသီဟိုဠ်ကျွန်း (ယခုသီရိလင်္ကာနိုင်ငံ) မှ ရှင်ကပ္ပိနထေရ်နှင့်ရှင်မဟာသာမိထေရ် ရဟန္တာနှစ်ပါးတို့သာဂရမြို့သို့ ကြွရောက်တော်မူလာပြီးကြက်ဦးတောင်၌ သီတင်းသုံး၍ နေ့စဉ်သာဂရမြို့တော်အနှံ့ ဆွမ်းခံကြွရောက်သည်။ ဓမ္မနုဂ္ဂဟဖြင့် ချီးမြှောက်တော်မူကြသည့် ထိုရဟန္တာနှစ်ပါးအား သမန္တမင်းသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတည်းဟူသော ပစ္စည်းလေးပါးဒါယကာအဖြစ် ခံယူ၍ မပြတ်လှူဒါန်းထောက်ပံ့ကိုးကွယ်လေသည်။

လင်္ကာဒီပသီဟိုဠ်ဘုရင်ဝဋ္ဋဂါမဏိမင်းသည် မဟာမိတ်ဖြစ်သော သမန္တမင်းထံသို့ မြတ်စွာဘုရား၏ဓာတ်တော်၊ ဆံတော်၊ သလွန်တော်၊ မြသပိတ်တော်၊ ဘုရားရှင်မြောက်ကျွန်းသို့ဆွမ်းခံကြွဟန်သတ္တဋ္ဌာနဘုရားရုပ်ပွားတော်များကို ဓမ္မလက်ဆောင်အဖြစ် ၎င်း၏ အကောက်ဝန်ရာတွံ့ရှည်ကို သင်္ဘောနှင့် ပို့ဆောင်စေသည်။ သင်္ဘောသည် ထားဝယ်မြစ်အတိုင်းဝင်လာရာ သာဂရမြို့ အရှေ့မြောက်အရပ် ဆင်ပုနစ်ချောင်း (ရှေးအခေါ် ကျိုးချောင်း) အဝတွင် နတ်များတား၍ရပ်တန့်လေသည်။ နတ်တို့ပြရာကို အစွဲပြုလျက် သင်္ဘောရပ်တန့်သောနေရာကို နတ်ရေသောင်ဆိပ်ကမ်းဟုခေါ်တွင်၏။ ဆင်ပုနစ်ချောင်းဝနတ်ရေသောင်ဆိပ်ကမ်းတွင် ဝါတွင်း (၃) လပတ်လုံး ဓမ္မလက်ဆောင်များ သင်္ဘောပေါ်၌ သီတင်းသုံးတော်မူပါသည်။ ထိုသို့နတ်များတား၍ ကိုးကွယ်ပူဇော်သောအရပ်ကို နတ်တွင်းရွာဟုခေါ်လေသည်။ ၎င်းနတ်တွင်းရွာနေရာတွင် နတ်များတောင်းခံ၍ သမန္တမင်းက ဓာတ်တော်တစ်ဆူပေးအပ်သဖြင့် ဘုရားစေတီတစ်



www.burmeseclassic.com1

www.burmeseclassic.com



ပလ္လင်၊ တံကဲနှင့် ကျောင်းကျောက်တိုင်တော်မှ နတ်တွင်းစေတီမျှော်ရုံ



ဆင်ဖြူကုန်းမေ့ရှိဝ်သာကျောင်း ဝတ်ကျောင်းဆောင်



ထိုင်တော်မူရုပ်ပွားတော် (ဆင်ဖြူကုန်းဘုရား)



နတ်တွင်းစေတီ-ရပ်တော်မူဘုရား



ဆင်ဖြူကုန်းဘုရားဆင်ဖြူတော်

ဆူတည်၏။ နတ်တွင်းစေတီဟုခေါ်ရာ သခု နတ်တွင်းရွာလယ်ကုန်းကွင်းပြင်ရှိ စေတီ ဖြစ်သည်။

နတ်တွင်းစေတီသည် နှစ်ပေါင်းများစွာကြာ၍ ပြိုပျက်သွားသဖြင့် စေတီပျက်ကြီးအဖြစ် ကွင်းပြင်ထဲထီးထီးတည်ရှိနေခဲ့သည်။ စေတီထိပ်မှ ရှမ်းဘုရားထီး(ကျောက်ထီး)တစ်စင်းထွက်လာရာ စေတီပျက်မလှမ်းမကမ်းရှိ ရွာတော်ရှင်နတ်စင်၌ ထားခဲ့ဖူးကြောင်း သိရ၏။ ထို့နှင့် ဤစေတီကို ထီးမတင်ရ၊ ထီးတင်လျှင် ခိုက်မည်ပျက်စီးမည်ဟု ဆိုကာ အကြောင်းမည်မည်ရရမရှိဘဲ စွန့်ပစ်ထားသောကြောင့် စေတီပျက်အဖြစ်နှင့် နှစ်ပေါင်းများစွာကြာရှည်ခဲ့ရပေသည်။


ခေတ်ကာလ မတည်မငြိမ် ရပ်ရွာအေးချမ်းလုံခြုံမှုမရှိစဉ်အခါက ဓားပြခေါင်းဆောင်ဘရီဆိုသူသည် စေတီပျက်အတွင်းမှ ဓားလှံလက်နက်သေနတ်မီးကျည် ဂါထာမန္တရားစုတ်သိဒ္ဓိတင်အစွမ်းထက်လက်ဖွဲ့အင်းချပ် (ကိုယ်ချပ်ဝတ်တန်ဆာဟုလည်း ဆိုပါသည်) ကိုယူရန်အကြံဖြင့် တူးယူရှာဖွေဖူးသည်။ တောထဖုံးကွယ်နေသော စေတီပျက်ကြီးမှာ မုန့်ကြီးလိမ်သဏ္ဍာန်ညောင်မြစ်ပတ်၍ ကြည့်ရက်စရာမရှိအောင် ဆိုးဆိုးရွားရွား ကွဲအက်ပျက်စီးနေပြီး အုတ်ပုံကြီးအလား ထင်ရသည်။ စေတီပျက်အောက်မကပ်ဝံ့သဖြင့် ညောင်ကိုင်း၌ ကြိုးချည်ပြီး လူအားဖြင့်ဆွဲလှဲလိုက်သောအခါ အထက်ဌာပနာမှ ရွှေဘုရား၊ ငွေဘုရား၊ ကြေးဘုရား၊ ခဲဘုရား ဆင်းတုတော်စုစုပေါင်း အဆူ (၈၀) ပေါ်ထွက်လာသည်ဟု ဆို၏။ အရွယ်အစားမျိုးစုံဆင်းတုတော်များထဲတွင် ရှမ်း (ထိုင်း) ဆင်းတုအချို့ကိုလည်း တွေ့ရသည်။ စေတီထိပ်မှ ရှမ်းဘုရားကျောက်ထီးရရှိခြင်း၊ ရှမ်းဆင်းတုအချို့ ဌာပနာထားခြင်းတို့ကြောင့် ဤနေရပ်ဒေသ၌ ရှမ်းမင်းတို့ အာဏာစက်ဖြန့်ဝေခဲ့စဉ်ကာလ နတ်တွင်းစေတီအား ပြုပြင်မွမ်းမံသွားခဲ့ပေမည်ဟု မှန်းဆရသည်။

မည်သို့ဆိုစေ ဆရာတော်သံဃာတော်များနားချမှုနှင့် သက်ကြီးရွယ်အိုလူပြောသူပြောများမှုကြောင့် ဦးဘရီသည် စေတီအောက်ဌာပနာတိုက်ကို ဆက်လက်မဖောက်ရဲတော့ချေ။ (တချို့က ဦးဘရီကိုယ်တိုင် သွေးပျက်ချောက်ချားဖွယ်အိပ်မက်ကြောင့်ဟုလည်း ဆိုသည်) အောက်ဌာပနာတိုက်၌ အပေါ်ထက် ဌာပနာပိုမိုများနိုင်သဖြင့်ထိန်းရသိမ်းရခက်ခဲပြီး အပျောက်အရှရှိလာမည်ကို စိုးရိမ်ကြောင့်ကြရသည့်အပြင် ရှေးရှေးလူတို့၏ အစီအရင် (ကျိန်စာ) တိုက်မည်ဆိုပါက ကြောက်ရွံ့ထိတ်လန့်သွားဟန်တူသည်။ လက်ရှိဌာပနာဆင်းတုတော်များကို အနီးအနားရှိကျောင်းမှ ဆရာတော်က ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ရ၏။

သာသနာတည်သမျှကာလပတ်

www.burmeseclassic.com





**အာရုံခံဝတ်ကျောင်းနံရံဆေးရေးပန်းချီများ**

ဖြစ်သည်။

သမန္တမင်းသည် ဆင်ဖြူကုန်းစေတီအနီး သတ္တဌာနဘုရားရုပ်ပွားတော်ခုနစ်ဆူကို ကျောက်ဂူခုနစ်ဆူပြုလုပ်ဌာပနာပြီး ကိုးကွယ်ပူဇော်သည်။ ထိုကျောက်ဂူများမှာ ဆင်ဖြူကုန်းဓမ္မရိပ်သာကျောင်းနှင့်စေတီတည်ထားသောနေရာအကြားဟုဆို၏။ ယင်းကျောက်ဂူများပြိုပျက်သောအခါ သပိတ်ခုနစ်လုံးရရှိကြောင်း၊ ယခင်က ထိုနေရာတွင် ဆင်ဖြူချည်တိုင်ဟုဆိုသော အုတ်လေးထောင့်တိုင်နှစ်တိုင်ရှိခဲ့ဖူးကြောင်း၊ ၎င်းတိုင်နှစ်တိုင်အောက်မှလည်း သပိတ်နှစ်လုံးရရှိကြောင်း၊ ယင်းသပိတ် (၉) လုံးမှ ရွှေဘုရားဆင်းတုငယ်များနှင့် ရှမ်း(ထိုင်း) ဆင်းတုတော်များ ရရှိကြောင်း၊ လွန်ခဲ့သော အနှစ် (၆၀) ခန့်က ဆင်ဖြူတော်ပေါ်တွင် ဌာပနာထားကြောင်းဆိုပါသည်။

ဆင်ဖြူကုန်းဘုရားသည် မင်းဘုရားဆွေတော်မျိုးတော်တို့၏ကောင်းမှုတော်ဖြစ်ပြီး အေးချမ်းဆိတ်ငြိမ်သောနေရာတွင် တည်ရှိ၏။ စေတီတော်တည်ခဲ့စဉ်က ဌာပနာပစ္စည်းများအဖြစ် ဘုရားရှင်၏ သရီရဓာတ်တော်များ၊ ရဟန်းသံဃာတော်အရှင်သူမြတ်တို့သုံးစွဲသော ဦးသင်္ကန်း၊ သပိတ်၊ ဖိနပ် အစရှိသည့် မှုတော်ပစ္စည်းများကို ဌာပနာပြုပြီး တည်ထားခဲ့ခြင်း ဖြစ်သည်။ စေတီအလှူ ဆင်ရှားစေရန် စေတီအနီး ဆင်ဖြူတော် ရုပ်တုအား အုတ်ခုံ၊ ပြာသာဒ်၊ အမိုးတို့ ဖြင့် ခံ့ညားစွာပြုလုပ်ထားပြီး ဆင်ဖြူ ပေါ်တွင် ဘုံခုနစ်ဆင့်ထိပ်၌ စေတီငယ် တစ်ဆူကို အထွတ်တင်ထားသည်။

စေတီတော်ဒုတိယအကြိမ်ပြုပြင်သော ဘုရားဒါယကာများမှာ သာဂရမြို့ ဆင်ပုနစ်ရပ်မှ ဦးကြည်လှိုင်၏မိဘများဟု သိရသည်။ မြန်မာနှစ် ၁၃၅၀ ပြည့်နှစ်တွင် ဆင်ဖြူကုန်းဓမ္မရိပ်သာကျောင်းဆရာတော်က စေတီအသစ်တည်၍ ဇေယျသိဒ္ဓိစေတီတော်ဟု ဘွဲ့တော်ရေးသားဆက်ကပ်၏။ စေတီဖိနပ်တော်အချင်း (၂၃) ပေ၊ (၁၀) လက်မ၊ အမြင့် (၃) ပေရှိ၍ အဝိုင်းပုံပလ္လင်တော်သုံးဆင့်အပေါ် စေတီပေါက်ထားသည်။ စေတီတော်ကို အမြင့် (၄) ပေနှင့် တစ်ဖက်လျှင် (၆၁) ပေအရှည် မဟာရံတံတိုင်း လေးဖက်လေးတန်ကာရံထားသည်ကို တွေ့ရသည်။ စေတီရင်ပြင် အရှေ့ဘက်၌ ဦးရှိုသား - ဒေါ်တင်မြ မိသားစုက ၁၃၆၉ ခုနှစ် လှူဒါန်းသော အာရုံခံဝတ်ကျောင်းတွင် ဓမ္မစက္ကမုဒြာထိုင်တော်မူ ဒီပင်္ကရာ၊ ကကုသန်၊ ဂေါတမမြတ်စွာဘုရားသုံးဆူဖူးမြော်ရသည်။ ဝတ်ကျောင်းအင်္ဂတေနံရံပေါ် သီဟိုဠ်ကျွန်းမှ ဓမ္မလက်ဆောင်များ သင်္ဘောနှင့် ပို့ဆောင်လာပုံမှ ဆင်ဖြူတော်ဖြင့် သာဂရမြို့သို့ပင့်ဆောင်ပူဇော်ပုံအထိ ဘုရားသမိုင်းအကျဉ်းအား ရောင်စုံပန်းချီနှင့် အောက်ခြေစာတန်းများပါ ဖော်ပြထားသောကြောင့် နှောင်းသားနှောင်းမြေးများအတွက် သမိုင်းမပျောက်ဟုဆိုရပါမည်။

ဆင်ဖြူကုန်းဓမ္မရိပ်သာကျောင်းအဝင်ဝတွင် ကမ္ပည်းထိုးစာပျက်၍ ကုသိုလ်ရှင်မသိရသော သိမ်တစ်ခုအတွင်း ရှေးလက်ရာရပ်တော်မူတစ်ဆူ၊ ထိုင်တော်မူတစ်ဆူ ဆင်းတုတော်နှစ်ဆူ သီတင်းသုံးလျက်ရှိသည်။ ရိပ်သာအတွင်း၌ ပဥ္စဝဂ္ဂီငါးပါးတရားဦးနာကြားရုပ်လုံးရုပ်ကြွများကို ကျောင်းဆောင်တစ်ခုနှင့် ဦးသီးဖေ-ဒေါ်နူးကျင်မိသားစု ထာဝရကုသိုလ်ပြုထားပြီး ဦးထွန်းဖေ-ဒေါ်သီးလှိုင်မိသားစုကလည်း ထိုင်တော်မူရုပ်ပွားတော်တစ်ဆူကောင်းမှုပြုလှူဒါန်းပူဇော်ထားသည်ကို တွေ့ရှိရ၏။

စေတီတော်တောင်ဘက်တံတိုင်းအပြင် ပေ (၁၀၀) ခန့်အကွာတွင် အနှစ် (၈၀) ကျော်က အရိုးအိုးကြီးနှစ်လုံး ယခုအထိ အကောင်းတိုင်း တွေ့ရသဖြင့် ထားဝယ်ဓလေ့တစ်ခုကို ပျပျရေးရေး သတိရမိ၏။ အရွယ်အစားကြီးသော အရိုးအိုးရှေ့မျက်နှာစာတွင် 'သက္ကရာဇ် ၁၂၁၅ ခုနှစ် မွေးဖွား၍ ၁၂၉၈ ခုနှစ်၊ နတ်တော်လဆုတ် ၇ ရက်၊ နံနက် (၇) နာရီခွဲအချိန်တွင် အသက် (၈၄)နှစ် ပြည့်၍ အနိစ္စသဘောရွေ့လျားပြောင်းသွားသော ဘုန်းကြီးဘဦးမင်းပျို၏အရိုးအိုးပြာသာဒ်' ဟူ၍ စကျင်ကျောက်ထွင်းစာကို ရှင်းရှင်းဖတ်ရှုရသည်။ ကျွန်တော်တို့ငယ်စဉ် ဘုန်းကြီးပျံ၊ ခမည်းတော်ပျံ၊ မယ်တော်ပျံလျှင် အရိုးကောက်ပြီး အရိုးအိုးတည်အလေ့အထရှိခဲ့ဖူး၏။

အင်္ဂလိပ်ခေတ်က ဆင်ဖြူကုန်းဘုရားပွဲကျင်းပခဲ့သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်း၌ နယ်မြေဒေသအေးချမ်းမှုမရှိသဖြင့် ဘုရားပွဲမကျင်းပနိုင်တော့ချေ။ ထို့နောက်တွင်ကားတစ်စတစ်စဘုရားဖူးများ အသွားအလာခြောက်ကပ်ကာ ဆင်ဖြူကုန်းဘုရားတိမ်ကောသွားသည်။

ထားဝယ်ရာဇဝင်သမိုင်းအလိုအရ သက္ကရာဇ် ၁၁၃ မှ ၁၂၈ ထိနန်းစံသော သာသနာပြုမင်းကြီး သာဂရဘုရင်သမန္တမင်းလက်ထက် လင်္ကာဒီပသီဟိုဠ်ကျွန်းဘုရင်၏ဓမ္မလက်ဆောင်ထည့်သွင်းဌာပနာတည်ခဲ့သောနတ်တွင်းစေတီနှင့် ဓမ္မလက်ဆောင်များကို ဆင်ဖြူတော်ဖြင့်ပင့်ယူခြင်းအထိမ်းအမှတ်တည်ဆင်ဖြူကုန်းဘုရားရှေးဟောင်းစေတီနှစ်ဆူသည် ယခုအခါ သက်တမ်းနှစ်ပေါင်း (၁၂၅၀) ကြာမြင့်ခဲ့ပြီဖြစ်ပေရာ သမိုင်းထဲကစေတီ၊ စေတီထဲကသမိုင်းအဖြစ် အထင်အရှားကျန်ရှိနေပေသတည်း။

မောင်စိမ်းထွေး (ထားဝယ်)

**ကိုးကား -**

ရှင်ကိုးရှင်နှင့် သမိုင်းဝင် ထားဝယ်ဘုရားများ

မောင်သန်းဆွေ (ထားဝယ်)



www.burmeseclassic.com1

www.burmeseclassic.com

# ဟင်းအောင်(စက်မှုတက္ကသိုလ်)
# ဝေပုလ္လတောင်ဘုန်းဘုရားကြီးဦးကောသလ
## ဝိဇ္ဇာဝိစာရ



စာရေးသူသည် လွန်ခဲ့သောနှစ်က ကျိုက်ထိုမြို့နယ် ဇုတ်သုတ်ကျေးရွာအနီး ကေလာသတောင်တော်နှင့် တစ်ဆက်တည်းရှိသော ဝေပုလ္လတောင်တော်ကို ရောက်ရှိခဲ့ရာ ဝေပုလ္လတောင်ဆရာတော်ကြီးကို ကြည်ညိုသဖြင့် ဆောက်လုပ်ထားသော သိမ်၊ ကျောင်း၊ ဇရပ်များကို တွေ့ရှိရလေသည်။ ထို့ပြင် မော်ကွန်းတင်ကမ္ပည်းကျောက်စာကို ပထမကျော် အရှင်ပညာသီဟက စီကုံးရေးသားမှတ်တမ်းတင်ထားသဖြင့် ဝေပုလ္လတောင်ဆရာတော်ကြီးအကြောင်းကို ဖတ်ရှုလေ့လာခဲ့ရလေသည်။

ပထမကျော် အရှင်ပညာသီဟကား ဝေပလ္လတောင်ဆရာတော်ကြီး၏ ငယ်တပည့်ရင်းဖြစ်သည်။ ရဟန်းဘဝနှင့် တစ်ဆယ့်လေးနှစ်စာချခဲ့သည်။ တစ်ဆယ့်ရှစ်ဝါအရောက်၌ လူအဖြစ်သို့ရောက်၍ ရန်ကုန်တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနတွင် နည်းပြဆရာလုပ်နေစဉ် မှေးမှိန်နေသော မြတ်စွာဘုရားသာသနာတော်ကြီးကို စည်ပင်ပွင့်လင်းလာစေရန် ရည်ရွယ်ချက်ဖြင့် -

၁။ ဆဋ္ဌသင်္ဂါယနာစီမံကိန်း၊
၂။ ပိဋကတ်တော်မြန်မာပြန်စီမံကိန်း၊
၃။ ပါဠိမြန်မာအဘိဓာန်စီမံကိန်း၊
၄။ မဟာဗုဒ္ဓဝင်စီမံကိန်း

ဤစီမံကိန်းလေးခုကိုရေးသား၍ ဝန်ကြီးချုပ်ဦးနုထံ တင်သွင်းရာ သဘောတူသဖြင့် ယင်းစီမံကိန်းတို့ကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်လျက် သာသနာကို အထူးချီးမြှောက်ရန် တိုက်တွန်းချက်ဖြင့် ၁၉၅၀ ပြည့်နှစ်တွင် ဖဆပလအစိုးရခန့်ထားခြင်းကိုခံရသော သာသနာရေးဌာနညွှန်ကြားရေးဝန် မဟာပညာဗလဦးကြီးဖေပင် ဖြစ်ပါသည်။ ထိုဦးကြီးဖေဆိုသူနှင့်စပ်လျဉ်း၍ စကားတစ်လုံးတည်းသာပြောပါဆိုလျှင် 'ဆဋ္ဌသင်္ဂါယနာအစ ဦးကြီးဖေက' ဟူသော စကားလုံးနှင့်ပင် ရုပ်လုံးပေါ်လာမည် ဖြစ်လေသည်။

ထိုပထမကျော်အရှင်ပညာသီဟသည်ပင်လျှင် မဟာပညာဗလဦးကြီးဖေဘဝမရောက်မီ (လူမထွက်မီက) ဝေပုလ္လတောင်ဆရာတော်ကြီးအကြောင်း ရေးသားခဲ့ရာ ထိုအားကိုးလောက်သောမှတ်တမ်းကိုကိုးကား၍ ဝေပုလ္လတောင်ဆရာတော်ကြီးအကြောင်း ထပ်ဆင့်ဖောက်သည်ချရပါမည်။

■ ဖွားမြင်တော်မူခြင်း

မယ်တော် ဒေါ်ရွှေပွင့်သည် ဘုန်းသမ္ဘာကြီးမားသော ယောကျ်ားအာဇာနည်အလောင်းအလျာပဋိသန္ဓေကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရာ ဆယ်လပြည့်၍ အေဒီ ၁၈၈၃ ခုနှစ်၊ ဇွန် ၁၁ ရက် (မြန်မာနှစ် ၁၂၄၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်) တနင်္လာနေ့နံနက် စက်နာရီ (၆) နာရီ၌ မီးရှူးသန့်စင် ဖွားမြင်လေသည်။ မယ်တော်ဒေါ်ရွှေပွင့်သည် သမီးသုံးယောက်၊ သားနှစ်ယောက်ဖြင့် ငါးယောက်ဖွားမြင်ခဲ့ရာ ဝေပုလ္လတောင်ဆရာတော်ကြီးလောင်းလျာမှာ အငယ်ဆုံး အတိဇာတသားကောင်းသားမြတ် ဖြစ်လေသည်။

အေဒီ ၁၈၉၀ ပြည့်နှစ် (၁၂၅၂ ခုနှစ်) အသက် (၇) နှစ်သားအရွယ်တွင် သယ်န်းကျွန်းကြီးကျောင်းဆရာတော် ဦးသီလစာရထံ၌ အပ်နှင်း၍ ပညာသင်ယူခဲ့ပါသည်။

■ ရှင်သာမဏေပြုခြင်း

အေဒီ ၁၈၉၇ ခုနှစ် (၁၂၅၈-ခုနှစ်) အသက် (၁၃) နှစ်တွင် ခမည်းတော်၊ မယ်တော်တို့သည် ဆရာတော်ကြီးလောင်းလျာသူငယ်ကို သယ်န်းကျွန်းကြီးကျောင်းဆရာတော်ထံမှာပင် သင်္ကန်း၊ ပရိက္ခရာစုံလင်စွာဖြင့် သာသနာတော်အတွင်းသို့ ရှင်သာမဏေအဖြစ်ဖြင့် သွတ်သွင်းကြသည်။ ဥပဇ္ဈာယ်ဆရာတော်ကား သယ်န်းကျွန်းကြီးကျောင်းဆရာတော်ပင်ဖြစ်သည်။ ဘွဲ့အမည်မှာ ရှင်ကောသလ္လ ဖြစ်ပါသည်။

ကျောင်းမအပ်မီကပင် သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ နမက္ကာရ၊ ပရိတ်ကြီး အစရှိသည့် သင်ခန်းစာအဝဝကို အာဂုံရပြီးဖြစ်လေသည်။

■ ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ထံသို့ ရောက်ရှိခြင်း

အသက် (၁၆) နှစ်အရွယ်ရှိသော အခါတွင် သာမဏေရှင်ကောသလ္လသည် သယ်န်းကျွန်းကြီးကျောင်းဆရာတော်နှင့် ချောင်းဦးမြို့ ဆင်စွယ်ပေါင်းတောရကျောင်းသို့ လိုက်ပါသွားရသည်။

မကြာမီ ဆင်စွယ်ပေါင်းတောရကျောင်းဆရာတော်သည် သာမဏေရှင်ကောသလ္လကို ခင်မွန်ဂိုဏ်းကြီး၏ ရှေ့ဆောင်လမ်းပြဦးစီးနာယကဖြစ်သော ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး အရှင်ဇာဂရထံသို့ ပို့ဆောင်အပ်နှင်းလေသည်။

သာမဏေအရှင်ကောသလ္လသည် ခင်မွန်ဆရာတော်ကြီးထံတော်ပါးတွင် ဆည်းကပ်လျက် ပိဋကတ်တော်သင်ကြားပို့ချနည်း၊ ဝိနည်းသိက္ခာပုဒ်နှင့်အညီ ကျင့်သုံးနေထိုင်နည်း၊ ပိဋကတ်ဆိုင်ရာ ခက်ရာခက်ဆစ်တို့၌ယူဆနည်း စသည်တို့ကို လက်ဆုပ်လက်ကိုင်ရရှိအောင် ကြိုးစားသင်ယူလေသည်။

ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ကြီး အရှင်ဇာဂရကား အေဒီ ၁၈၂၈ခုနှစ် (၁၁၉၀ပြည့်နှစ်) ၌ ဖွားမြင်ခဲ့ပါသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏တပည့်အရင်း ဖြစ်သည်။ ရွှေကျင်ဂိုဏ်းကြီး၌ နေလအသွင်အလွန်ထင်ရှားသောဆရာတော်တစ်ပါးဖြစ်၏။ ခင်မွန်ဆရာတော်ကြီးအကြောင်းကို စစ်ကိုင်းတောင်မြို့ ရွှေဟ်သာတောရဆရာတော် စီရင်ရေးသားအပ်သော ရွှေကျင်နိကာယသမိုင်းစာ (၃၁၀-၃၂၁) တို့တွင် ကြည့်ရှုနိုင်ပါသည်။

■ အလုံဆရာတော်ထံရောက်ရှိခြင်း

ရှင်ကောသလ္လသည် ခင်မွန်ဆရာတော်ကြီးခြေတော်ရင်း၌ တစ်ဝါဆိုပြီးနောက် ဆရာတော်ကြီး၏ ခွင့်ပြုချက်အရ ပိဋကတ္တယကောဝိဒဝိနယဓရဖြစ်သော အရှင်ပဏ္ဍိစ္စနှင့်အတူလိုက်၍



www.burmeseclassic.com1

www.burmeseclassic.com

ခင်မွန်ဆရာတော်ကြီး၏တပည့်ပိဋကတ္တယဆေကဝိနယကုက္ကုစ္စကဖြစ်သော အလုံဆရာ၄တော်တိဿထံသို့ ရောက်လာ၏။

အလုံဆရာတော်အရှင်တိဿကား ဝိနည်းတော်ကို အလွန်အလေးပြုသည်။ ဂုဏ်ပကာသနကိုမကြိုက်။ အလုံဆရာတော်ဟုခေါ်သည်ကိုပင် မနှစ်သက်။ အလုံဘုန်းကြီးဟုခေါ်ခြင်းကိုသာ နှစ်သက်သည်။

အလုံဆရာတော်ကြီးသည် ဝိနည်းသိက္ခာပုဒ်တို့၌အလွန် သံသယကုက္ကုစ္စရှိသည်။ ရေဘုဉ်းပေးသောအခါ ကွယ်ရာရေအိုးမှခပ်ယူလာသောရေကို သံသယရှိ၍ ဘုဉ်းပေးတော်မမူ။ ထို့ကြောင့် ရေကပ်သူသည် (မေကရိုဏ်) ရေစစ်ကို ရေအိုး၌နှစ်ပြီးလျှင် အပေါ်ကို လက်ဖြင့်ပိတ်၍ တစ်ဖက်ကယူလျက် တစ်ဖက်က ရေခွက်အလွတ်ကိုယူပြီးလျှင် ရှေ့တော်သို့ရောက်မှ ရေစစ်၌ရှိသောရေကို ရေခွက်၌ပြောခနဲထည့်၍ကပ်ပါမှ မျက်မြင်ဖြစ်သောကြောင့် ဘုဉ်းပေးတော်မူသည်။ 'အဟောဝိနယဂရုယော၊ ဩော်-ဝိနည်းတော်ကို အလေးပြုပေစွတကား'

အလုံဆရာတော်ကြီးအရှင်တိဿကား ၁၂၇၉ ခုနှစ်၌ 'စတုတ္ထမြောက်ရွှေကျင်ဂိုဏ်းကြီး၏ဥက္ကဋ္ဌ၊ မဟာနာယကရွှေကျင်သာသနာပိုင်' ဖြစ်တော်မူလာသည်။ ဆရာတော်ကြီးသည် အေဒီ ၁၉၂၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ ကြာသပတေးနေ့ (၁၂၉၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော်၃ရက်)၌ ပျံလွန်တော်မူသည်။

ခင်မွန်ဆရာတော်ကြီးအရှင်ဇာဂရ၊ အလုံဆရာတော်ကြီးအရှင်တိဿတို့၏ နည်းနာနိဿယကို ဝေပုလ္လတောင်ဆရာတော်လောင်းလျာ ကောင်းစွာရရှိသဖြင့် ငယ်စဉ်သာမဏေဘဝကပင် ပိဋကတ်တော်တို့၌ ကျွမ်းကျင်လိမ္မာလျက် ကိုယ်တိုင်သွားလာနိုင်သောအဖြစ်သို့ ရောက်ခဲ့သည်။

■ **ရဟန်းအဖြစ်သို့ရောက်ခြင်း**

အေဒီ ၁၉၀၂ ခုနှစ် (၁၂၆၂ခုနှစ်) ခနောင်းဦးမြို့ရှိ ငယ်ဆရာဖြစ်သော ဆင်စွယ်ပေါင်းတောရကျောင်းဆရာတော်ထံသို့ ပြန်ရောက်သည်။ ထိုနှစ် ဝါဆိုလဆန်း ၁၀ ရက်၊ တနင်္လာနေ့တွင် အသက်(၂၀)ပြည့်သဖြင့် ဆင်စွယ်ပေါင်းတောရကျောင်းခဏ္ဍသိမ်၌ ခင်မွန်သုံးတိုက်ချုပ်ဆရာတော်ကြီးအရှင်ဇာဂရကို ဥပဇ္ဈာယ်ပြု၍ သာမဏေရှင်ကောသလ္လသည် မြင့်မြတ်သောရဟန်း(ပဉ္စင်း)အဖြစ်သို့ရောက်၏။ ဘွဲ့အမည်မှာ သာမဏေဘွဲ့အမည်အတိုင်း အရှင်ကောသလ္လပင် ဖြစ်လေသည်။

■ **အောက်အရပ်သို့ပြန်ကြွခြင်း**

ရဟန်းတော် အရှင်ကောသလ္လသည် ပညာပြည့်စုံပြီဖြစ်၍ ကျေးဇူးရှင်ဆရာတော်ကြီးတို့ကို ခွင့်ပန်လျှောက်ထားပြီးလျှင် အေဒီ ၁၉၀၃ခု (၁၂၆၅ခု) တွင် မိမိဖွားမြင်ရာဒေသအောက်အရပ်သို့ပြန်ကြွ၍ ရန်ကုန်မြို့အနီး မင်္ဂလာဒုံစော်ဘွားကြီးကုန်းတောရကျောင်းတွင် တစ်ဝါဆိုသည်။

အေဒီ ၁၉၀၄ - ၁၉၀၅ ခုနှစ် (၁၂၆၆ - ၁၂၆၇ ခုနှစ်) ၌ တောင်ငူခရိုင် ရေတာရှည်မြို့ ကျောင်းသစ်ကျောင်း၌ နှစ်ဝါဆိုသည်။

၁၉၀၆ - ၁၉၀၇ခုနှစ်၌ သုံးခွမြို့ ဥက္ကံရပ် ဘုရားကြီးတိုက်၌ နှစ်ဝါဆိုသည်။ ယင်းကျောင်းတိုက်၌ စာချရန်တိုက်တွန်းတောင်းပန်ကြသဖြင့် လာသမျှသော စာသင်သားတို့အား ဂဏ္ဌဝါစကအဖြစ်ဖြင့် စာချလေသည်။ အေဒီ ၁၉၀၈ ခုနှစ်၌ လှည်းကူးမြို့အပိုင် ဒါးပိန်ရွာတောရကျောင်း၌ တစ်ဝါဆို၍ စာချလေသည်။ အေဒီ ၁၉၀၉ ခုနှစ်၌ တောင်ငူခရိုင် ကျေးတောဘူတာအနီး ငါးဖယ်အင်းကျောင်း၌ တစ်ဝါဆို၍စာချ၏။ ဧအေဒီ ၁၉၁၀ ပြည့်နှစ်၌ ဖျာပုံမြို့ သာစည်ကျောင်းသစ်၌ တစ်ဝါဆို၍စာချသည်။ အေဒီ ၁၉၁၁ - ၁၉၁၂ ခုနှစ်၌ ဖြူးမြို့ရွှေကျင်တောင်ကျောင်းတွင် နှစ်ဝါဆို၍ စာချသည်။ ၁၉၁၃ ခုနှစ်၌ ဖြူးမြို့တွင် ဝါဆိုစဉ် ရဟန်းဝါ(၁၀)ဝါရရှိ၍ ကဆုန်လသို့ရောက်လာသောအခါ ဖြူးမြို့ အရှေ့ဘက် မီးတိုင်တောသို့သွား၍ တစ်ပါးတည်းနေထိုင်ကာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သည်။

■ **ကြို့ကုန်းကျောင်းသို့ရောက်တော်မူခြင်း**

အေဒီ ၁၉၁၃ ခုနှစ်၏ ပျဉ်းမနားနယ် လယ်ဝေးမြို့အနီး ကြို့ကုန်းကျောင်းသို့ရောက်ပြီးလျှင် လေးဝါဆို၍ လာသမျှစာသင်သားတို့အားစာချသည်။ ထိုကျောင်း၌ အကြီးအမှူးပြု၍ နေထိုင်ခဲ့သည်။

■ **ပဌမကျော်အရှင်ပညာသီဟသာမဏေနှင့် တွေ့ဆုံခြင်း**

ကြို့ကုန်းကျောင်းသို့ရောက်သောအခါ ပဌမကျော်အရှင်ပညာသီဟကို သာမဏေအဖြစ်ဖြင့်တွေ့ရသည်။ အရှင်ပညာသီဟသည် ဆရာတော်ထံမှ ပိဋကတ်အခြေခံကျမ်းများကို သင်ယူသည်။

နောက် အရှင်ပညာသီဟသည် ဆရာတော်အရှင်ကောသလ္လနှင့် မန္တလေးသို့လိုက်ပါကာ မန္တလေးမြို့ မဟာအောင်မြေရပ်နေ ဆရာကြီးဦးရဲသူ (နောင်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်) နှင့် ဆရာကတော် ဒေါ်မျှင်တို့က ရဟန်းဒါယကာပြုလုပ်ကာ ဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ ရဟန်းဖြစ်ပြီး ဆရာတော်နှင့်အတူ ကြို့ကုန်းကျောင်းသို့ပြန်လာကာ သုံးဝါတိုင်တိုင်ဆရာတော်ထံတွင်ဆက်လက်ပညာသင်ရာ ပိဋကတ်တော်တို့၌ ကျွမ်းကျင်လိမ္မာ၍ ကိုယ်တိုင်ကြည့်ရှုသုံးသပ်နိုင်လာသည်။

■ **ရတနသုတ်ကိုဟောခြင်း**

ကြို့ကုန်းကျောင်း၌ သီတင်းသုံးစဉ်ပင် အေဒီ ၁၉၁၆ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်၊ သောကြာနေ့ (၁၂၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်) ၌ ရတနသုတ်တရားတော်ကို စ၍ဟောတော်မူသည်။

ဆရာတော်သည် ထိုအခါမှစ၍ စာချခြင်း၊ သာသနာပြုလုပ်ငန်းကိုရပ်နား၍ တရားဟောခြင်းသာသနာပြုလုပ်ငန်းကိုသာ ဆက်လက် ဆောင်ရွက်တော်မူလေသည်။

ထို့ကြောင့် ဆရာတော်ဖြစ်စဉ်ကို အကျဉ်းချုပ်ဖြင့် ရဟန်းတစ်ဝါရတွင် ပိဋကတ်တော်၌ ကျွမ်းကျင်တတ်မြောက်သည်။ ငါးဝါရတွင် စာချသည်။ ဆယ့်ငါးဝါမှစတင်၍ တရားဟောသည်ဟုဆိုလိုသည်။

အေဒီ ၁၉၁၇ ခုနှစ် ကြို့ကုန်းကျောင်းမှဖယ်ခွာကာ ကျိုက်ထိုနယ်သို့ရောက်ပြီးလျှင် တကေးကျောင်းကြီး၌ တစ်ဝါဆို၍ တရားဟောလေသည်။

အေဒီ ၁၉၁၈ ခုနှစ်တွင် ရက်ကန်းသည်မရွာအနောက်ဘက်ရှိတောင်သို့ရောက်၍ မြသိန်းတန်ဘုရားကြီးအနီး ဝေါမြို့ လောကမာတ်ကွင်း၌ သူဌေးဦးမိုး၊ သူဌေးကတော်ဒေါ်မယ်ဆင်တို့ဆောက်လုပ်လှူဒါန်းအပ်သော ဝေဇယန္တာပြာသာဒ်ကျောင်းကြီး၌ နှစ်ဝါဆို၍ တရားဟောလေသည်။

■ **မဓုစကြာကိုဟောခြင်း**

အေဒီ ၁၉၁၈ ခုနှစ် (၁၂၈၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့) မြတ်စွာဘုရားဟရာဏသီပြည် မိဂဒါဝုန်တော၌ တစ်ဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာနှင့်တကွ ပဥ္စဝဂ္ဂီငါးဦးတို့အားဟောတော်



www.burmeseclassic.com

www.burmeseclassic.com

မူသောအထိမ်းအမှတ်ဖြင့် (ဓမ္မစက္က ပဝတ္တနသုတ်) ဓမ္မစကြာကိုစ၍ဟော တော်မူသည်။ ၁၉၁၂ ခုနှစ်တွင် တကေး ရွာ တောင်ကလေးကျောင်း၌ တစ်ဝါဆို ၍ တရားဟောသည်။ ထိုအခါ ဝါတော် နှစ်ဆယ်ပြည့်ပြီ ဖြစ်သည်။

## ■ ဝေပုလ္လတောင်သို့ရောက်တော်မူခြင်း

ရဟန်းနှစ်ဝါရမှ ဝါနှစ်ဆယ်တိုင် အောင် ကျောင်းအမြဲမနေဘဲ သင့်လျော် သောကျောင်း၌ဝါဆို၍စာချခြင်း၊ တရား ဟောခြင်းဟု ဆိုအပ်သော သာသနာပြု လုပ်ငန်းတို့ကို မပျက်မကွက်ဆောင်ရွက် ခဲ့ပါသည်။

အေဒီ ၁၉၂၂ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ စနေနေ့ (၁၂၈၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့) ၌ ဝေပုလ္လတောင်သို့ရောက်လေသည်။ ရောက်စ၌ ကျောင်းအဆောက်အအုံမရှိ ချုံအတွင်း၌ သိတင်းသုံး၍ ကိုယ်တိုင် လည်း တရားအားထုတ်သည်။ ဆည်းကပ် လာသော ဒါယကာ၊ ဒါယိကာမတို့ကို တရားဟောသည်။ ညဥ့်အိပ်ညဥ့်နေ လက်မခံ ဆိတ်ငြိမ်စွာ သီတင်းသုံးသည်။ နောက်ဝါးကျောင်းငယ်တစ်ဆောင်ကို ဆောက်လုပ် လှူဒါန်းသောကြောင့် နေရာထိုင်ခင်းပြည့်စုံသွားသည်။

အရှင်ပညာသီဟလည်း ခြေတော် ရင်းသို့ရောက်သောအခါ ဆရာတော် ဟောသောတရားတော်ကို နေ့စဉ်ကြား နာရာ မကြာမီ ဒူလာရောဂါပျောက်ကင်း သွားသဖြင့် နောက်ပါတပည့်တို့အား စာဝါမှန်မှန်ချ၍ နှစ်စဉ်အစိုးရပထမပြန် စာမေးပွဲ၌ ရှင်သာမဏေအဖြစ်ဖြင့်ပါလာ ခဲ့သည်။

## ■ အဂ္ဂမဟာပဏ္ဍိတဆရာဖြေ

ထိုဝေပုလ္လတောင်၌ နောင်အခါ ဆရာတော်ကြီးသီတင်းသုံးသော တုလွတ် ဝေယန်တိုက်ကျောင်း၊ ဆွမ်းစားကျောင်း၊ စာချဘုန်းကြီးနှင့် ရဟန်းသာမဏေတို့ နေသောကျောင်း၊ မမကြီး၏သာသနာ့ ဝိသုဒ္ဓိမွှာရုံ၊ အဂ္ဂမဟာပဏ္ဍိတဆရာဖြေ ၏သာသနောဒယသိမ်၊ ဇရပ်တန်းကြီး၊ မဟာအတုလမြစေတီ၊ ရေကန်မှစ၍ စေတီနှင့် အဆောက်အအုံများ ပြည့်စုံ လျက်ရှိသည်။ တောင်တစ်ခုလုံး သစ်သီး၊ သစ်ပင်၊ အရိပ်အာဝါသပန်းမာလာတို့ ဖြင့်အေးချမ်းသာယာလျက်ရှိလေသည်။

ဆရာတော်ကြီးသည် ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်လာသောအခါ၌လည်း ပြောင်းရွှေ့တော်မမူချေ။ ဤတောင်၌ပင် သီတင်းသုံး၍ နေ့စဉ်တရားတော်နှင့်သာ ပျော်မွေ့နေတော်မူလေသည်။

## ■ စတုဓာတုသုတ်နှင့် ဆဓာတုဝိဘင်္ဂ သုတ်ကိုဟောခြင်း

ဆရာတော်ကြီးသည် အေဒီ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ သောကြာ နေ့ (၁၃၁၅ ခုနှစ်၊ ဝါဆိုလပြည့်နေ့) ၌ စတုဓာတုသုတ် ဓာတ်လေးပါးကို စ၍ ဟောတော်မူလေသည်။

အေဒီ ၁၉၅၇ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ ကြာသပတေးနေ့ (၁၃၁၉ ခုနှစ်၊ ဝါဆို လပြည့်နေ့) ၌ ဆဓာတုဝိဘင်္ဂသုတ် ဓာတ်ခြောက်ပါးကိုစ၍ဟောတော်မူလေ သည်။

ဤဓာတ်လေးပါးနှင့်ဓာတ်ခြောက် ပါးတို့ကိုဟောခြင်းအကြောင်းကား အေဒီ ၁၉၅၃ ခုနှစ်၊ မေလ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ (၁၃၁၅ ခုနှစ်၊ ကဆုန်လပြည့်နေ့) မှစ၍ သတ္တလောကကြီးဝယ် အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်၌ ဓာတ်ကြီးလေးပါး၊ ဓာတ် ကြီးခြောက်ပါးတို့ဖောက်ပြန်သဖြင့် သတ္တဝါ တို့၌ အနာရောဂါအမျိုးမျိုး၊ ဘေးအန္တ ရာယ်အမျိုးမျိုးကျရောက်ကာ ပျက်စီးကြ မည့်အကြောင်းနိမိတ်တို့ဖြင့် သိသော ဆရာတော်ကြီးသည် ထိုအနာရောဂါ အမျိုးမျိုး၊ ဘေးအန္တရာယ်အမျိုးမျိုးတို့မှ ကာကွယ်နိုင်ရန်၊ ဖြစ်လာပြန်ကလည်း ပျောက်ကင်းစေရန် ရည်ရွယ်ချက်ဖြင့် မေတ္တာကရုဏာရှေ့ထားလျက် ဟော တော်မူခြင်း ဖြစ်သည်။

ဆရာတော်ကြီးသည် တပည့် ဒါယကာ၊ ဒါယိကာမတို့ပင့်လျှောက်ချက် ဖြင့် လည်းကောင်း၊ တစ်ခါတစ်ရံ အထူး ကိစ္စဖြင့် လည်းကောင်း၊ တစ်နှစ်တစ်ခါ၊ နှစ်နှစ်တစ်ခါဆိုသလို ရန်ကုန်မြို့သို့ကြွ လာတတ်သည်။ ကြွလာသောအခါ ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်းရှိ ကျောင်းအမကြီး ဒေါ်လှရွှေတိုက်၌ တည်းခို၍ တရားဟောလေ့ရှိသည်။ ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ရောက် သောအခါ၌ လည်းကောင်း၊ အခြားမြို့ သို့ရောက်သောအခါ၌ လည်းကောင်း၊ သံဃာကိစ္စမှတစ်ပါး မည်သည့်ကျောင်း၊ မည်သည့်အိမ်သို့မျှကြွတော်မမူ။ ပင့်၍ လည်း မလိုက်ဘူး။ မြင်လိုသူ၊ တရားနာ လိုသူတို့သည် တည်းခိုနေထိုင်ရာသို့ လာရောက်၍ ဖူးမြင်ကြရသည်။ တရား နာကြရ ၏သည်။

## ■ နေ့စဉ်ဟောသောတရားတော်များ

ဆရာတော်ကြီးနေ့စဉ်ဟောသော တရားတော်တို့ကား အောက်ပါအတိုင်း ဖြစ်ပါသည်။

ရတနသုတ်၊ ဓမ္မစက္ကပဝတ္တနသုတ် (ဓမ္မစကြာ)၊ အနတ္တလက္ခဏသုတ်၊ စတု ဓာတုသုတ် (ဓာတ်လေးပါး)၊ ဆဓာတု ဝိဘင်္ဂသုတ်(ဓာတ်ခြောက်ပါး) တရား တော်တို့ကား အထူးသတ်မှတ်၍ ဟော သော တရားတော်တို့ ဖြစ်၏။ ထို့ပြင် ဗြဟ္မဇာလသုတ်၊ မဟာသတိပဋ္ဌာနသုတ်၊ မဟာသမယသုတ်၊ အာဋာနာဋိယသုတ်၊ ဓဇဂ္ဂသုတ်၊ မေတ္တသုတ်၊ အဂ္ဂိခန္ဓူပမ သုတ်၊ ဓမ္မပဒ၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၊ ပဋ္ဌာန်းပဉ္စဝါရတရားတော်တို့ကိုကား ခြောက်ရက်တစ်ပတ်ထည့်သွင်း၍ဟော သောတရားတော်တို့ဖြစ်သည်။

(၆) ရက်ကို တရားတစ်ပတ်ထား ၍ ဟောခြင်းကား မြတ်စွာဘုရားသည် ဗောဓိပင်နှင့်ရွှေပလ္လင်၌ ဘုရားဖြစ်တော် မူစအခါ၌ ဘုရားရတနာ၊ တရားရတနာ ဟူ၍ ရတနာနှစ်ပါးသာ ရှိသေးသည်။ နောက် ဗာရာဏသီပြည် မိဂဒါဝုန်တော သို့ကြွ၍ ဓမ္မစက္ကပဝတ္တနသုတ် (ဓမ္မ စကြာ) တရားကို ဟောတော်မူရာ ပဉ္စဝဂ္ဂီ ငါးဦးတို့ ကြားနာရသဖြင့် ရဟန်းပြုကြ သောအခါ၌ကား ဘုရားရတနာ၊ တရား ရတနာ၊ သံဃာရတနာ ဟူ၍ ရတနာ သုံးပါးရှိလေသည်။

ထိုသို့ ရတနာသုံးပါးရှိရာဝယ် သံဃာရတနာအစဦး၌ ပဉ္စဝဂ္ဂီငါးပါးအား ဖြင့် (၆)ပါး စသည်ကို အစွဲပြု၍(၆)ရက် ကို တရားတစ်ပတ်ထား၍ ဟောခြင်းဖြစ် လေသည်။

ဆရာတော်ကြီးသည် တရား ဟောသောအခါ ဂင်္ဂါဝါဠုသဲစုမကပွင့် တော်မူသော ဘုရားရှင်တို့တရားဟော သောအခါ မူလဘာသာမာဂဓဘာသာ၊ အရိယာဘာသာဖြစ်သော 'ပါဠိဘာသာ' ဖြင့်သာ ဟောတော်မူသောထုံးကို နှလုံး မူ၍ ပါဠိဘာသာဖြင့်သာဟောတော်မူ လေသည်။

## ■ သမာဓိဂုဏ်

တရားနာသူဒါယကာ၊ဒါယိကာမ တို့သည် ဆရာတော်ကြီး၏ပရိတ်တော်၊ တရားတော်၊ မေတ္တာတော်တို့ကို ခံယူ၍ စားသောက်သုံးစွဲရလျှင် အနာရောဂါ ပျောက်ကင်းသည်၊ ဘေးဥပဒ်အန္တရာယ် ကင်းသည်၊ စိတ်ချမ်းသာသည်၊ အသက် ရှည်သည်၊ ပစ္စည်းလာဘ်လာဘရသည်၊ ရာထူးဌာနန္တရတိုးတက်သည်ဟုယုံကြည် စိတ်ချလျက် ပရိတ်ရေ၊ ပရိတ်ဆီစသည် တို့ကို ဆရာတော်ကြီးတရားဟောလျှင် ရှေ့တော်၌ချထားလေ့ရှိကြသည်။

## ■ ပညာဂုဏ်

ဆရာတော်ကြီးသည် နိကာယ်



www.burmeseclassic.com1

www.burmeseclassic.com

ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ အနုပစ္စယောဇနာ၊ ဂဏ္ဌိဝိနိစ္ဆယတို့၌ ကျွမ်းကျင်လိမ္မာတော်မူလေသည်။ အခေါက်ခေါက်အခါခါ လေ့လာမှတ်သားသည်။ နှုတ်တက်အာဂုံအရများသည်။ အလွန်အမှတ်အသားကောင်းသည်။ အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံတော်မူလေသည်။

စာရေးသူကိုယ်တိုင် ရဟန်းဘဝဖြင့် ဆရာတော်ကြီးထံတွင် ပိဋကတ်၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပါတိမောက်၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ယူသောအခါ မြန်မာနိဿယအမှီမရှိဘဲ ပါဠိသက်သက်ကိုသာကိုင်၍ အနက်မြန်မာပြန်ဆိုပို့ချပေးလေ့ရှိသည်။ မြန်မာပြန်အနက်အလွန်ဉာဏ်ကြီးတော်မူသည်ဟု မဟာပညာသီဟဗလဦးကြီးဖေက ဖော်ထုတ်တင်ပြခဲ့ပါသည်။

ပါဠိအဋ္ဌကထာဋီကာတို့၌ ခက်ရာခက်ဆစ်တို့ကို မေးမြန်းလျှောက်လေသောအခါ၌လည်း အတုံ့အဆိုင်းမရှိ ခဏအချင်း အနက်အဓိပ္ပာယ်အယူအဆ၊ အဆုံးအဖြတ်တို့ကို ရှင်းလင်းဖြေကြားတော်မူသည်။ သိမ်အတွင်း သံဃာတံဆောင်ရာ၌ ဉတ်ကမ္မဝါစာရွတ်ဖတ်သောအခါ အများအားဖြင့် သုံးပါးတစ်တွဲရွတ်ဖတ်လေ့ရှိရာ ဉာတ်ကမ္မဝါစာသုံးစုံမရှိလျှင် ဆရာတော်ကြီးကတစ်ပါးသော ပုဂ္ဂိုလ်ကိုဉာတ်ကမ္မဝါစာကိုင်စေ၍ မိမိကိုယ်တိုင်မူကား ဉာတ်ကမ္မဝါစာမကိုင်ဘဲ နှုတ်ထွက်ရွတ်တော်မူလေ့ရှိပါသည်။

■ ပညာရှိကဝိတစ်ဆူ

ဆရာတော်ကြီးသည် ပညာသင်ကြားရာ၌လည်းကောင်း၊ ဗဟုသုတရှာမှီးရာ၌လည်းကောင်း၊ ပေပုရပိုက်၊ စာအုပ်သည်တို့၌ ရေးမှတ်ထားလေ့မရှိ။ ပါရမီထူးရှိ၍ သတိသမ္ပဇဉ်နှင့်ပြည့်စုံသူဖြစ်ရကား အလိုရှိရာ ပညာဗဟုသုတတို့ကို နှုတ်တက်ရအောင် ဆောင်ထားလေ့ရှိသည်။ ဤသို့ နှုတ်ဖြင့်ဆောင်ထားခြင်းကား အလွန်ထူးခြားသောဂုဏ်တစ်ရပ်ဖြစ်လေသည်။

■ ပါသာဒိကဂုဏ် (ကြည်ညိုဖွယ်ဂုဏ်)

ဆရာတော်ကြီးရောက်ရာအရပ်ဒေသတို့၌ ကျောင်းသင်္ကန်း၊ ဆွမ်း၊ ဆေးဒွန်းလေးပါးပေါများသည်။ ရဟန်းရှင်လူတို့ကြည်ညိုလေးစားခြင်းကို အထူးခံရသည်။

ဆရာတော်ကြီးကို ထွက်ရပ်ပေါက် ဝိဇ္ဇာဇော်ဂျီများ၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်မန္တရားတို့လိုက်စားတတ်မြောက်သော ဂန္ဓာရီပုဂ္ဂိုလ်ကြီးများကလည်း ကြည်ညိုလေးစားကြ၏။

နတ်မင်းကြီးများ၊ နတ်မင်းကြီးတို့အခြွေအရံဖြစ်သော နတ်ဘီလူးများ၊ ကုမ္ဘဏ်များ၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်များ၊ ဥစ္စာစောင့်ဖြစ်သော ဝေမာနိကနတ်များကလည်း ကြည်ညိုလေးစားကြသည်။ ဘုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲများ၏ကြည်ညိုလေးစားကြသည်။

နတ်မင်းကြီးများ၊ နတ်မင်းကြီးတို့အခြွေအရံဖြစ်သော နတ်ဘီလူးများ၊ ကုမ္ဘဏ်များ၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်များ၊ ဥစ္စာစောင့်ဖြစ်သောဝေမာနိကနတ်များကလည်း ကြည်ညိုလေးစားကြသည်။ ဘုတ်၊ ပြိတ္တာ၊ တစ္ဆေ၊သရဲများ၏ ကြည်ညိုလေးစားခြင်းကိုလည်းခံရသည်ဟုသိရှိရပါသည်။

ဆရာတော်ကြီးသည် ထွက်ရပ်ပေါက်၊ ဝိဇ္ဇာ၊ ဇော်ဂျီတို့၏လေးစားကြည်ညိုခြင်းကိုခံရသော်လည်း ယင်းဝိဇ္ဇာ၊ ဇော်ဂျီတို့၏ ဂန္ဓာရီအတတ်ပညာများကို လိုက်စားတော်မမူချေ။ ရဟန်းတော်တို့ သီလ၊ သိက္ခာကိုသာ စင်ကြယ်စွာဆေးကြောကျင့်ကြံအားထုတ်လျက်ဆည်းကပ်ဖူးမြင်လာသော ပရိသတ်အားကြီးမားသော မေတ္တာဓာတ်၊ ကြီးမားသော ကရုဏာဓာတ်ဖြင့် မြတ်စွာဘုရား၏ တရားတော်သက်သက်ကိုသာဟောကြားချီးမြှောက်လေ့ရှိကြောင်း မဟာပညာဗလဦးဖေက မှတ်တမ်းတင်ခဲ့ပါသည်။

ဆရာတော်ကြီးထံရောက်လာ၍ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို အပ်နှင်းလှူဒါန်းသောပုဂ္ဂိုလ်အဖို့နှင့် မကျန်းမာသူအချို့တို့ကို ပုဂ္ဂိုလ်အားလျော်စွာလည်းကောင်း ကြည့်ရှုဆင်ခြင်တော်မူ၍ ယင်းပုဂ္ဂိုလ်တို့အား မေတ္တာဓာတ်၊ ကရုဏာဓာတ်တို့ကို ခံယူနိုင်အောင် စင်ကြယ်စွာဆေးကြောသောအနေဖြင့် ယင်းပုဂ္ဂိုလ်တို့သန္တာန်၌ရှိသော ဂန္ဓာရီအတတ်ပညာ၊ ဆေးဝါးအဆောင်အယောင်တို့ကို အလှူခံတော်မူ၏။ တစ်သက်လုံးအစွန့်အပယ်ခိုင်းတော်မူလေ့ရှိပါသည်။

ညအခါကာလများတွင် ဝေပုလ္လဆရာတော်ကြီးသည် တရားဟောပလ္လင်ရှိရာခန်းမကြီးအတွင်း၌ လူသူတစ်စုံတစ်ယောက်မျှမရှိသော်လည်း ပလ္လင်ပေါ်တွင်ထိုင်တော်မူလျက် ဓမ္မစကြာဟောကြားတော်မူလေ့ရှိကြောင်း အထူးအဆန်းကြားသိရသဖြင့် များစွာကြည်ညိုမိပါသည်။

ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါး အခြေခံသည့် ဒုစရိုက်(၁၀)ပါးရှောင်ကြဉ်ကြောင်း၊ သုစရိုက်တရား (၁၀) ပါး ပြုကျင့်ကြောင်းတရားတော်ကို ဟောကြားလေ့ရှိပါသည်။

"ဥပုသ်သီလကို တတ်နိုင်သူတွေက တစ်နေ့၊ တစ်ရက်၊ တစ်ပတ်၊ တစ်လ၊ တစ်နှစ်၊ ရာသက်ပန် စသည်ဖြင့် ခံယူဆောက်တည်ထိန်းသိမ်းကြစေချင်တယ်။ အဲဒီတော့မှ လူပီသမယ်။ တိရစ္ဆာန်နဲ့ ခြားနားနေလိမ့်မယ်။ တမလွန်မှာလည်း ကောင်းရာဘုံကိုရောက်ကြလိမ့်မယ်"

ဟူ၍လည်း ဟောလေ့ရှိပါသည်။

ဝေပုလ္လဆရာတော်ကြီးကို ရဟန်းရှင်လူတို့က တစ်ပါးသောဆရာတော်တို့ကဲ့သို့ ဆရာတော် ဟူ၍လည်းကောင်း၊ ဆရာတော်ဘုရား ဟူ၍လည်းကောင်း မခေါ်ဝေါ်ကြဘဲ ဘုန်းဘုရားဟုခေါ်ဝေါ်ကြ၏။

မူလဘွဲ့နာမည်ထက် ဘုန်းဘုရားကြီးဟူ၍ ယခုတိုင် ဒါယကာ၊ဒါယိကာမများ အလေးထားခေါ်ကြသော ဆရာတော်ကြီးများမှာ ဘုန်းဘုရားကြီးဘိုးပေါက်ဆိန် (ဦးဝိဇ္ဇာဓရ)၊ဘုန်းဘုရားကြီးဦးကောသလ္လ (ဝေပုလ္လတောင်ဆရာတော်ကြီး)၊ မဟာမြိုင်စန္ဒာသူရိယဆရာတော်ကြီးနှင့် သာမညဆရာတော်ကြီးတို့ ဖြစ်ပါသည်။

ဝေပုလ္လတောင်ပေါ်၌ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ဇရပ်တန်ဆောင်းဆောက်ခြင်း၊ ဓမ္မာရုံဆောက်ခြင်း၊ ရေကန်တည်ထားခြင်း စသောကုသိုလ်ကောင်းမှုတို့ကိုပြုကြရာ၌ ဆရာတော်ကြီးသည် ဘယ်အခါမှနှုတ်ကပြောဆို၍အလှူခံတော်မမူ၊ လိုချင်ဖြစ်စေချင်သောအရာကို အရိပ်အမြွက်မျှ မိန့်တော်မမူ၊ ပြတော်မမူ၊ ဒါယကာ၊ ဒါယိကာမတို့ စေတနာသဒ္ဓါတရားအလျောက်သာ ပြုလုပ်လှူဒါန်းကြခြင်း ဖြစ်သည်။

ဆရာတော်ကြီးသည် 'ပတ္တစီဝရမာံဒါယ' ဟူသော ဘုရားဟောပါဠိတော်အတိုင်း သွားရာလာရာတို့၌ သပိတ်နှင့် သင်္ကန်းကိုသာ အလေးအမြတ်ပြုလျက် ယူဆောင်သွားတော်မူလေ့ရှိပါသည်။

■ ဝေပုလ္လတောင်အကြောင်း

သီရိခေမာသောတာမင်းမှ စတင်၍ ယုဂန္ဓမင်းလက်ထက်သို့ ရောက်သောအခါ သုဓမ္မဝတီမြို့ရှိ လယ်ယာနှင့်တကွ အနောက်ဘက်ကမြို့ရိုးမှာ ပင်လယ်ကမ်းပြိုရာပါသွားသဖြင့် မင်းနှင့်တကွ မြို့သူမြို့သားအပေါင်းတို့သည် ဒုက္ခကြီး



www.burmeseclassic.com1

www.burmeseclassic.com

ရှာဖွေရောက်ရှိသည့်အတွက် ယုဂန္ဓမင်းသည် စိတ်တော်မကြည်လင်သဖြင့် ရာဇာဘိသေသကိုမခံသေးဘဲ နှစ်ကျိပ်ရှစ်ဆူဘုရားတန်ဆောင်းတွင် ဥပုသ်ဆောက်တည်၍နေရာ ငါတို့ဘုရားအလောင်း မတရစ္ဆဟင်္သာမင်းဖြစ်စဉ်က အခြွေအရံ ဟင်္သာငါးရာနှင့်အတူ သမုဒ္ဒရာကိုဖြတ်သန်း၍ပျံရာတွင် မုန်တိုင်းတိုက်သဖြင့် သမုဒ္ဒရာသို့ကျမည်ရှိရာ ဘုရားလောင်းဟင်္သာမင်း၏တန်ခိုးကြောင့် သိကြားမင်းသည် ဝေဠုလ္လတောင်မှဖြစ်သော ပတ္တမြားရှင်ကိုယူ၍ ပစ်ချသောအခါ သောင်ပေါ်ထွန်းလာသဖြင့် ဘုရားလောင်း ဟင်္သာမင်းနှင့် ဟင်္သာငါးရာတို့သည် ၎င်းသောင်ကျွန်းပေါ်၌နားရသည့်အတွက် ချမ်းသာရာရလေသည်။

၎င်းပတ္တမြားရှင်သည် သဲသောင်၌မြုပ်နေရာမှ ယုဂန္ဓမင်းလက်ထက်ပင်လယ်ကမ်းပြို၍ ပတ္တမြားရှင်ပြန်ပေါ်လာသောအခါ အကောက်ဝန်များတွေ့၍ ဥပုသ်စောင့်နေသော ယုဂန္ဓမင်းအားဆက်သကြလေသည်။

ထိုအခါ ယုဂန္ဓမင်းသည် ငါ၏ပါရမီပုညိဒ္ဓိကြောင့် ဤဝေဠုလ္လပတ္တမြားရှင်ကိုရလေသည်ဟု အားရနှစ်သက်တော်မူလှသဖြင့် ဤတောင်ကိုလည်း ဝေဠုလ္လပတ္တမြားရှင်ကိုရရာဌာနဖြစ်သောကြောင့် ဝေဠုလ္လတောင်ခေါ်တွင်စေဟု အမိန့်တော်သတ်မှတ်သောနေ့ကစ၍ ဝေဠုလ္လတောင်ဟုခေါ်ဝေါ်ကြလေသည်။

ယခုအခါ ကာလရှည်လျားသဖြင့် ၎င်းအမည် ကွယ်ပျောက် နစ်မြုပ်နေရာ သာသနာစောင့်နတ်များပူးဝင်၍ပြောကြားသည့်အလား လူတို့၏နှုတ်ဖျားမှာ ဝေဠုလ္လတောင်ဟုထင်ရှားဖြစ်လာပြန်လေသည်။

## ■ ဝေဠုလ္လတောင်ရှိ နှစ်ကျိပ်ကိုးဆူစေတီ

သုဝဏ္ဏဘူမိ သုဓမ္မဝတီဒုတိယနန်းစံ သောဏုတ္တရမင်းလက်ထက်တော်အခါ မဇ္ဈိမဒေသမှ ရခိုင်တရဟန္တာအရှင်မြတ်သည် သီဟိုဠ်ကျွန်းမှ မြတ်စွာဘုရား၏ သရီရဓာတ်တော်နှစ်ကျိပ်ရှစ်ဆူကိုပင့်ဆောင်၍လာသဖြင့် ဝေဠုလ္လတောင်(ဓမ္မသောကာရာမဓမ္မရသ) ကျောင်းတိုက်ကြီးအတွင်း အရှေ့မျက်နှာတောင်ထိပ်ပေါ်တွင် ဓာတ်တော်နှစ်ကျိပ်ရှစ်ဆူတို့၏ အထိမ်းအမှတ်ဖြင့် ရုပ်ပွားတော်နှစ်ကျိပ်ရှစ်ဆူတို့ကို ဝဝံကျောက်ဖြင့်ထုလုပ်၍ အမြင့်ငါးတောင်ရှိပြီးလျှင် အရပ်လေးမျက်နှာတို့တွင် တစ်မျက်နှာစီ၌ ရုပ်ပွားတော် (၇) ဆူစီထား၍ အလယ်မှာ မြင်းမိုရ်တောင်သဏ္ဌာန် အုတ်ပြာသာဒ်ပြုလုပ်၍ မိုးရေခံတန်ဆောင်းဖြင့် တည်ထားကိုးကွယ်ကြသည်။ ကာလကြာ၍ ဘုရားပျက်သော်လည်း ယခုထက်တိုင် နှစ်ကျိပ်ရှစ်ဆူကုန်းဟု ခေါ်ဝေါ်ကြလေသည်။

ထိုပျက်၍နေသော နှစ်ကျိပ်ရှစ်ဆူစေတီဟောင်းကို ဂဝံအုတ်ဖြင့် မုခ်ပေါက်ရှစ်မုခ်တူးပြီးလျှင် မုခ်အတွင်းရှစ်မျက်နှာ၌ စကျင်ကျောက်ဖြင့် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်နှင့် ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျရုပ်ပွားတော်ကို ထုလုပ်၍ အသစ်ပြုပြင်၍ စေတီတည်ထားကိုးကွယ်ရာ ပြီးစီးအောင်မြင်ခဲ့လေသည်။ ပွင့်တော်မူပြီးကုန်သော မြတ်စွာဘုရားနှစ်ကျိပ်ရှစ်ဆူနှင့် ပွင့်တော်မူလတ္တံ့သောဘုရားပါပေါင်း၍ နှစ်ကျိပ်ကိုးဆူစေတီဟု အမည်တွင်ခဲ့လေသည်။

ဘုရားဒါယကာများမှာ ရန်ကုန်မြို့ ကုန်ဈေးတန်းနေ ငါးထပ်ကြီးဘုရားဒါယကာ၊ သမာဓိမြို့ဝန်၊ ရွှေတိဂုံဘုရားဂေါပကလူကြီးဦးဘိုးအောင်၊ ကုန်ဈေးတန်း ဝေဠုလ္လတောင် (တုလွတ်ဝေယန်) အုတ်ကျောင်းအမကြီး ဒေါ်သိန်းမေ၊ ရန်ကုန်မြို့ ဘုန်းကြီးလမ်း အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ဝေဠုလ္လသာသနောဒယ၊ သိမ်ကြီးဒါယကာဦးဖြေ၊ ရန်ကုန်မြို့ မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) ဓမ္မသုခဆေးတိုက်ပိုင်ရှင် ဆရာခြုံတို့က ဦးစီးပြီး အခြားသောဒါယကာ၊ ဒါယိကာမတို့က တတ်စွမ်းသမျှကုသိုလ်ပါဝင်လျက် စီမံဆောင်ရွက်ခဲ့ကြပါသည်။

ဝေဠုလ္လတောင်ဆရာတော်ကြီးသည် အေဒီ ၁၉၂၂ ခုနှစ် (၁၂၈၄ ခုနှစ်) ဝေဠုလ္လတောင်ရောက်သည့်အခါမှစ၍ အေဒီ ၁၉၆၇ ခုနှစ် (၁၃၂၈ ခုနှစ်) တိုင်အောင် နှစ်ပေါင်း(၄၅)နှစ်အတွင်း အေဒီ ၁၉၅၅ခုနှစ် (၁၃၁၇ခုနှစ်)၌ ကာလဒေသမငြိမ်မသက်ဖြစ်၍ ရန်ကုန်မြို့ စမ်းချောင်းရပ် ဒေါ်ကြီးကြီးခြံအတွင်း ခေတ္တဝါဆိုကျောင်း၌ တစ်ဝါသီတင်းသုံးသည့်မှအပ ကျန်သော (၄၄) ဝါကား ဝေဠုလ္လတောင်၌ အမြဲသီတင်းသုံးတော်မူသည်။

ဝေဠုလ္လတောင် ဆရာတော်ကြီးသည် အေဒီ ၁၉၁၆ ခုနှစ်မှ ၁၉၆၇ခုနှစ် (၁၂၇၈ ခုနှစ်) မှစ၍ ၁၃၂၈ ခုနှစ်တိုင်အောင် တရားဟောလာရာ နှစ်ပေါင်း (၅၀) ရှိပေပြီ။ အသက်တော်လည်း (၈၅) နှစ်ရှိပေပြီ။ အသက်တော်ကြီးရင့်သော်လည်း ကျန်းမာဝဖြိုးလျက် ငယ်စဉ်ကလိုပင် အသွားအလာအနေအထိုင်မပျက် တရားဟောနိုင်လျက်ပင်ရှိသည်။

ဆရာတော်ကြီး သီတင်းသုံးရာ ဝေဠုလ္လတောင်ကား သာသနာသက္ကရာဇ် ၂၃၅ခုနှစ်၌ အရှင်သောမဏမထေရ်၊ အရှင်ဥတ္တရမထေရ်တို့ သာသနာပြုကြွလာရာ ဒုတိယသုဝဏ္ဏဘူမိ သုဓမ္မဝတီ၊ သထုံပြည်အတွင်းဖြစ်၍ ထိုအရှင်နှစ်ပါးတို့သီတင်းသုံးကာသာသနာပြုခဲ့ဖူးသော ဓမ္မသောကရာမဓမ္မရသကျောင်းတိုက်ဟောင်းနေရာဖြစ်၏ဟု ယူဆကြသည်။

## ■ ရုပ်ကလာပ်တော်မှ သွေးစိမ်းရှင်ရှင်ထွက်ခြင်း

ဘုန်းဘုရားကြီးသည် သက်တော် (၈၅) နှစ်၊ အေဒီ ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်၊ တနင်္လာနေ့ (မြန်မာနှစ် ၁၃၃၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁ ရက်) နေ့လယ်အချိန်တွင် ခန္ဓာဝန်ချတော်မူသည်။ တနင်္လာနေ့သားဖြစ်ပြီး တနင်္လာနေ့တွင် ခန္ဓာဝန်ချတော်မူလေသည်။

လွန်တော်မူပြီး (၃) ရက်အကြာ ရုပ်ကလာပ်တော်၏ ဝမ်းဗိုက်ကိုခွဲကြည့်ရာ သွေးစိမ်းရှင်ရှင်ထွက်လာလေသည်။ ရုပ်ကလာပ်တော်ကို (၇)ရက်မျှအပူဇော်ခံထားရှိပြီး မီးသဂြိုဟ်ရာ မိုးတွင်းကာလ သဲသဲမဲမဲမိုးရွာနေခိုက် မီးငြိမ်းသွားခြင်းလုံးဝမရှိချေ။ တောတောင်တစ်ခုလုံး နံ့သာရနံ့များ သင်းပျံ့မွှေးကြိုင်နေသည်။ ပရိသတ်များပြောသည်မှာ ဝေဠုလ္လတောင်တစ်ခုလုံး ခြေချစရာမရှိအောင်ပြည့်နှက်နေလေတော့သည်။

ဤဆောင်းပါးဖြင့် ဝေဠုလ္လတောင်ဘုန်းဘုရားကြီး ဦးကောသလ္လနှင့် အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်။

တင်အောင်(စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

၁။ ဝေဠုလ္လတောင်ဆရာတော်ဘုရားကြီးထေရုပ္ပတ္တိကထာ (ဦးကြီးဖေ၊ မဟာပညာဗလ)
၂။ ဝေဠုလ္လတောင်ဆရာတော်ဘုရားကြီး၏ ဩဝါဒ (ဘုန်းပွင့်ထွန်း၊ ပါရမီမဂ္ဂဇင်း)
၃။ ဝေဠုလ္လတောင် ဘုန်းဘုရားကြီးဦးကောသလ္လ (ဖိုးဒေါင်းသား၊ ဂမ္ဘီရမဂ္ဂဇင်း)
၄။ မြန်မာနိုင်ငံ ရဟန္တာနှင့် ရဟန်းထူးများ (ပထမတွဲ) (မောင်ပန်းမွှေးပြုစုသည်)
၅။ သာသနာ့တန်ဆောင် ဆရာတော်ကြီးများနှင့် အံ့မခန်း ဖြစ်ရပ်ဆန်းများ (တင်အောင်သွင်) (တိုးထက်စီစဉ်၍ ရန်အောင်စာပေမှ ထုတ်ဝေသည်)




www.burmeseclassic.com

www.burmeseclassic.com

# နတ်မောက်မင်းသန့်နိုင်

## အရပ်လေးမျက်နှာစည်းချဂါထာ



ကျွန်ုပ်တို့သည် အကြောင်းကိစ္စအမျိုးမျိုး၊ အလုပ်ကိစ္စအဖုံဖုံဖြင့် အရပ်ဒေသမျိုးစုံသို့သွားလာကြ၊ ရောက်ဖူးကြ၊ လုပ်ကိုင်ဆောင်ရွက်ဖူးကြပြီး အတွေ့အကြုံအမျိုးမျိုးလည်း တွေ့ဖူးကြားဖူးခဲ့ကြမည် ဖြစ်ပါသည်။

အထူးသဖြင့် မိမိမသွားဘူး၊ မလာဘူး၊ မရောက်ဘူးသောဒေသစိမ်းသို့သွားလာသောအခါများတွင် အနည်းနှင့်အများ စိုးရိမ်စိတ်၊ စိုးထိတ်မှု၊ တွေးတောပူပန်မိကြရသည်မှာ လူတိုင်း၏စိတ်တွင် ဖြစ်ပေါ်ခံစားရကြပါသည်။

အချို့ဒေသတွင် လူဆိုးလူမိုက်လူရမ်းကားပေါများသည်။ အချို့နေရာတွင် မြွေပွေးကင်းပါး၊ ကျားဆိုး၊ ဆင်ဆိုးပေါများသည်။ အချို့ဒေသများတွင် နတ်ကြီးသည်။ နတ်ကြမ်းနတ်ရဲသည်။ အချို့သောနေရာဒေသတွင် နာနာဘာဝအမှောင့်ပယောဂ၊ အခြောက်အလှန့်ထူပြောသည် စသည်ဖြင့် ဘေးဆိုးအမျိုးမျိုးရန်ဆိုးအမျိုးမျိုးရှိနေတတ်ပါသည်။ တွေ့ကြုံဖူးသူတွေပိုသိပါမည်။

ကျွန်ုပ် ငယ်စဉ် (၁၄) နှစ်သားအရွယ်က ဖခင်ဖြစ်သူနှင့် နှမ်းထောင်စောင့်၊ မြေပဲတလင်းအစောင့်လိုက်ခဲ့ရဖူးပါသည်။

နှမ်းထောင်များကို ညအခါက ငါးရှဉ့်ကောင်များက တိုးဝှေ့ပစ်လျှင် လဲကျပြိုကျသွားနိုင်သကဲ့သို့ လူဆိုးသူခိုးပေတိုးများက နှမ်းထောင်များကို ခိုးယူသွားနိုင်သဖြင့် ညအခါတွင် ယာစောင့်တဲထဲတွင် ချောင်းမြောင်းအိုးကျိုသောက်၊ ပြောင်းဖူးဖုတ်စားရင်း သတိဖြင့်စောင့်အိပ်ရပါသည်။

ထို့အတူ မြေပဲတလင်းတွင်လည်း ခွေးအများကဝင်ရောက်စားခြင်း၊ ခိုးယူကျုံးယူခြင်းများ ကြုံတတ်သဖြင့် စောင့်အိပ်ပေးရပါသည်။ ၎င်းအပြင် မြွေကင်းများလာမှာကြောက်ရသဖြင့် မီးဖိုကိုလည်း မပြတ်မီးခဏခဏထည့်ပေးရပါသည်။ သစ်ကိုင်းခြောက်၊ ထင်းခြောက်များ နေ့လယ်ကတည်းက ကောက်ယူစုဆောင်းထားပြီး တဲအိမ်လေးထဲထည့်လိုက်ရပါသည်။

ယင်းကဲ့သို့ နှမ်းထောင်၊ ပဲတလင်းများကို ညအခါ စောင့်အိပ်ရသည့်အခါတိုင်း ဖခင်ကြီးသည် အရပ်လေးမျက်နှာဖြစ်သော အရှေ့၊ တောင်၊ အနောက်၊ မြောက်အရပ်များသို့ လက်ညှိုးစေထိုးညွှန်၍ ယခုတင်ပြမည့် စည်းချဂါထာတော်ကိုရွတ်ပါသည်။ အရပ်လေးမျက်နှာပြီးလျှင် စည်းလုံရန်အတွက် ပထမဦးဆုံးစတင်ခဲ့သည့် အရှေ့အရပ်သို့ ထပ်မံ၍ရွတ်ဆိုပြန်ပါသေးသည်။ ဒါမှ စည်းလုံစည်းထပ်မိသည်ဟုဆိုပါသည်။ ထိုအချိန်ခါက ဖခင်ကြီးရွတ်ဆိုသော ဤဂါထာကို ကျွန်ုပ်ဘာမှမသိခဲ့ပါ။ မေးလည်းမမေး၊ စိတ်လည်းမဝင်စားခဲ့ပါ။

ကျွန်ုပ် အသက် (၂၃) နှစ်အရွယ်တွင် တစ်ယောက်တည်း နှမ်းထောင်၊ မြေပဲတလင်းများသို့ ညသွား၍စောင့်အိပ်ရသောအခါ ဖခင်ကြီးမှ ယခုတင်ပြမည့် အရပ်လေးမျက်နှာစည်းချဂါထာတော်ကို ပြောဆိုရှင်းပြသင်ကြားပေးခဲ့သဖြင့် ထိုအခါမှ ဪ-ဒီလိုပါလားဟု သဘောပေါက် နားလည်ခဲ့ရပါသည်။ ယခုအခါ ဖခင်ကြီးကိုလည်း ကျေးဇူးတင်ကန်တော့မဆုံးဖြစ်ရပါသည်။ ယခုအခါ ကျွန်ုပ်ပင် အသက် (၅၄) နှစ်အရွယ်သို့ ရောက်နေပြီဖြစ်ပြီး ဖခင်ကြီးကွယ်လွန်ခဲ့သည်မှာ ဆယ်နှစ်ခန့်ရှိခဲ့လေပြီ။ ဖခင်ကြီးကို တမ်းတလွမ်းစိတ် ဖခင်ကြီး၏သင်ကြားပေးမှုတို့ကို အမှတ်ရမိသဖြင့် ရေးသားတင်ပြလိုက်မိရပေတော့သည်။

■

အရပ်လေးမျက်နှာစည်းချဂါထာဟုဆိုသည့်အတိုင်း အရှေ့အရပ်သို့ရွတ်ဆိုရန်ဂါထာ၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ် လေးမျက်နှာကို လက်ညှိုးထိုးစေ၍ ရွတ်ဆိုရပါသည်။ ရွတ်ဆိုရာတွင် နာရီလက်တံလှည့်သကဲ့သို့ အရှေ့၊ တောင်၊ အနောက်၊ မြောက်အရပ်များသို့ တစ်လှည့်စီလှည့်ညွှန်ရွတ်သွားရပါမည်။ အရပ်လေးမျက်နှာစုံပြီးလျှင် ပထမဆုံး လက်ညှိုးညွှန်ရွတ်ဆိုခဲ့သည့် အရှေ့အရပ်သို့ စည်းထပ်၍ ဆက်

www.burmeseclassic.com

မိ၊ အုပ်မိစေရန် ထပ်မံလက်ညှိုးရွှတ်ပွား ရပါမည်။ ဤမျှဆိုလျှင် ရွတ်ဆိုနည်း သဘောပေါက်မည်ဟု ယူဆရပါမည်။ ရွတ်ဆိုရမည့် ဂါထာလေးဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**အရပ်လေးမျက်နှာစည်းချဂါထာ**

အရှေ့အရပ်သို့ လက်ညှိုးထိုးစေ၍ ရွတ်ရမည့်ဂါထာမှာ -

■ ပုရတ္ထိမသ္မိံ ဒိသာဘာဂေ
သန္တိ ဘူတာ မဟိဒ္ဓိကာ၊
တေပိ အမှေ့ နုရက္ခန္တု၊
အရောဂေန သုခေနစ။

တောင်အရပ်သို့ လက်ညှိုးထိုးစေ ရွတ်ရမည့်ဂါထာမှာ -

■ ဒက္ခိဏသ္မိံ ဒိသာဘာဂေ
သန္တိဒေဝါ မဟိဒ္ဓိကာ
တေပိ အမှေ့ နုရက္ခန္တု၊
အရောဂေန သုခေနစ။

အနောက်အရပ်သို့ လက်ညှိုးထိုးစေရွတ်ရမည့်ဂါထာမှာ -

■ ပစ္ဆိမသ္မိံ ဒိသာဘာဂေ
သန္တိ နာဂါ မဟိဒ္ဓိကာ၊
တေပိ အမှေ့ နုရက္ခန္တု၊
အရောဂေန သုခေနစ။

မြောက်အရပ်သို့ လက်ညှိုးထိုးစေ ရွတ်ရမည့်ဂါထာမှာ -

■ ဥတ္တရသ္မိံ ဒိသာဘာဂေ
သန္တိ ယက္ခာ မဟိဒ္ဓိကာ၊
တေပိ အမှေ့ နုရက္ခန္တု၊
အရောဂေန သုခေနစ။

အထက်ပါအတိုင်း အရှေ့အရပ်၊ တောင်အရပ်၊ အနောက်အရပ်၊ မြောက်အရပ်လေးမျက်နှာသို့ သူ့ဂါထာနှင့်သူ ရွတ်ပြီးပြီဆိုလျှင် အရှေ့အရပ်သို့ ထပ်မံ၍ သူ့ဂါထာနှင့်သူရွတ်ရသည်။ သို့မှသာ စည်းအစနှင့် ထပ်မိအုပ်မိပြီး လုံခြုံပါသည်။ ဤအချက်ကို အထူးသတိပြုမိစေလိုပါသည်။

အနက်မြန်မာပြန်ကို ဖော်ပြလိုက်ပါသည်။ သိထားရန်သာဖြစ်ပြီး ရွတ်ပွားရန်မလိုပါ။

*ရွှေငွေမြဖန် လေးတန်အရောင် ထွန်းလင်းပြောင်သည့်တောင်မေရုမြတ်အရှေ့အရပ်၌ တန်ခိုးအာဏာ ဘုန်းသမ္ဘာနှင့်များစွာအံ့ချီးလောက်အောင် ကြီးမားသော ဘုန်းတန်ခိုး ရှိကြကုန်သော နတ်ဂန္ဓဗ္ဗဟူသမျှတို့၏ စိုးရပိုင်နင်းနတ်မင်းကြီးနှင့်တကွ ဂန္ဓဗ္ဗနွယ်ဖွား နတ်ကောင်းများတို့သည် ထင်ရှားမသွေရှိကြလေကုန်၏။ ထိုဂန္ဓဗ္ဗနွယ်ဖွားနတ်သူတော်များတို့သည်လည်း ကျွန်ုပ်တို့ကို ကိုးဆယ့်ခြောက်ဖြာဘေးရောဂါတို့ ဆန်လွှာမျှခြမ်းမျှ မကပ်ငြိကြပါစေခြင်းငှာ လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ပူစာလွတ်ကင်းချမ်းသာစေခြင်းဖြင့် လည်းကောင်း၊ ရွှေရင်နှစ်သားအလားကဲ့သို့ မခြားထပ်တူ နှလုံးမူလျက် ကြည်ဖြူနေ့ည နိစ္စမကွာ ကောင်းစွာ စောင့်ရှောက်တော်မူကြပါစေသတည်း။*

*ရွှေငွေမြဖန် လေးတန်အရောင် ထွန်းလင်းပြောင်သည့်တောင်မေရုမြတ် တောင်မျက်နှာအရပ်၌ ဒေဝါလက်ရုံး အာဏာဘုန်းသမ္ဘာနှင့်များစွာ အံ့ချီးလောက်အောင် ကြီးမားသောဘုန်းတန်ခိုးရှိကြပေကုန်သော နတ်ကုမ္ဘဏ္ဍဟူသမျှတို့၏ စိုးရပိုင်နင်း ဝိရူဠှကနတ်မင်းကြီးနှင့်တကွ ကုမ္ဘဏ္ဍနွယ်ဖွားနတ်သူတော်များတို့သည် ထင်ရှားမသွေရှိကြလေကုန်၏။ ထိုကုမ္ဘဏ္ဍနွယ်ဖွားနတ်သူတော်များတို့သည်လည်း ကျွန်ုပ်တို့ကို ကိုးဆယ့်ခြောက်ဖြာဘေးဘယာရောဂါတို့ ဆန်လွှာမျှခြမ်းမျှ မကပ်ငြိကြပါစေခြင်းငှာ လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ပူစာလွတ်ကင်း ချမ်းသာစေခြင်းဖြင့် လည်းကောင်း၊ ရွှေရင်နှစ်သားအလားကဲ့သို့ မခြားထပ်တူ နှလုံးမူလျက် ကြည်ဖြူနေ့ည နိစ္စမကွာ ကောင်းစွာစောင့်ရှောက်တော်မူကြပါစေသတည်း။*

*ရွှေငွေမြဖန် လေးတန်အရောင် ထွန်းလင်းပြောင်သည့်တောင်မြေရုမြတ် အနောက်မျက်နှာအရပ်၌ နာဂါနတ်နဂါးဟူသမျှတို့၏စိုးရပိုင်နင်း ဝိရူပက္ခနတ်မင်းကြီးနှင့်တကွ နဂါးနွယ်ဖွား နတ်သူတော်များတို့သည် ထင်ရှားမသွေရှိကြလေကုန်၏။ ထိုနဂါးနွယ်ဖွား နတ်သူတော်များတို့သည်လည်း ကျွန်ုပ်တို့ကို ကိုးဆယ့်ခြောက်ဖြာဘေးရောဂါတို့ ဆန်လွှားမျှခြမ်းမျှမကပ်ငြိကြပါစေခြင်းငှာ လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ပူစာလွတ်ကင်းချမ်းသာစေခြင်းဖြင့် လည်းကောင်း၊ ရွှေရင်နှစ်သားအလားကဲ့သို့ မခြားထပ်တူ နှလုံးမူလျက် ကြည်ဖြူနေ့ည နိစ္စမကွာ ကောင်းစွာ စောင့်ရှောက်တော်မူကြပါစေသတည်း။*

*ရွှေငွေမြဖန် လေးတန်အရောင် ထွန်းလင်းပြောင်သည့်တောင်မေရုမြတ် မြောက်မျက်နှာအရပ်၌ ယက္ခာ၊ နတ်ဘီလူးဟူသမျှတို့၏ စိုးရပိုင်နင်း ကုဝေရနတ်မင်းကြီးနှင့်တကွ ဘီလူးနွယ်ဖွားနတ်သူတော်များတို့သည် ထင်ရှားမသွေ ရှိကြလေကုန်၏။ ထိုဘီလူးနွယ်ဖွားနတ်သူတော်များတို့သည် ကျွန်ုပ်တို့ကို ကိုးဆယ့်ခြောက်ဖြာဘေးရောဂါတို့ ဆန်လွှာမျှခြမ်းမျှ မကပ်ငြိကြပါစေခြင်းငှာ လည်းကောင်း၊ ကိုယ်စိတ်နှစ်ဖြာ ပူစာလွတ်ကင်းချမ်းသာစေခြင်းဖြင့် လည်းကောင်း၊ ရွှေရင်နှစ်သားအလားကဲ့သို့ မခြားထပ်တူ နှလုံးမူလျက် ကြည်ဖြူနေ့ည နိစ္စမကွာ ကောင်းစွာစောင့်ရှောက်တော်မူကြပါစေသတည်း။။*

အနက်မြန်မာပြန်ကိုသိထားသောအခါ ပိုမိုလေးနက်ယုံကြည်စွာရွတ်ပွား၍ကောင်းလှပါသည်။ သာသနာကို မကြည်ညိုသော နတ်မိစ္ဆာတို့ကအမျိုးမျိုးနှောင့်ယှက်ဖျက်ဆီးနှောင့်ယှက်တတ်သဖြင့် ဤသို့အရန်အတားဂါထာကို ရွတ်ပွားသင့်လှပါသည်။ ယုံကြည်စိတ်အပြည့်နှင့်နေ့စဉ်နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ်ရွတ်ဖတ်သွားပါက မည်သူကမျှ မနှောင့်ယှက်မဖျက်ဆီးနိုင်ပါချေ။ သမ္ဗာဒေဝနတ်ကောင်းနတ်များကို တိုင်တည်ထားသောဂါထာဖြစ်၍ လုံခြုံဘေးကင်းစိတ်ချမ်းသာခြင်းကို အပြည့်အဝရရှိစေပါသည်။ စွဲမြဲစွာရွတ်ဖတ်သူတို့မှာ စည်းစိမ်တန်ခိုး နေ့စဉ်တိုးပြီး ဥစ္စာဖွင့်ဖြိုးရာထူးဌာနန္တရ တိုးတက်စေပါသဖြင့် လူတိုင်းအလွယ်အသာရွတ်ပွားစေနိုင်ရန် တင်ပြအပ်ပါသည်။

အနက်မြန်မာပြန်ကို ဆရာတော်ဦးစိန္တာ၊ ဆရာတော်ဦးဇနပတိ၊ ဆရာတော်အရှင်ဥက္ကဿ၊ ဆရာတော်အရှင်ဝိလာသတို့မှ ပြန်ဆိုမိန့်ကြားပေးသည်ကို အဆင်ပြေ ဆီလျော်အောင် ရေးသားအပ်ပါသည်။ မှားယွင်းပါက စာရေးသူ၏အပြစ်ဖြစ်ပါသည်။

*တိုးတက်ကြီးပွားကြပါစေ*

နတ်မောက်မင်းသည်နိုင်



www.burmeseclassic.com1


www.burmeseclassic.com

# ဗီယက်နမ်နိုင်ငံမှာအကြီးဆုံး လျောင်းတော်မူကျောက်သားဆင်းတုတော်ကြီး

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

ဗီယက်နမ်ခရီးစဉ်ရဲ့ စတုတ္ထနေ့ ၁၅-၇-၁၇၊ စနေနေ့ မနက် (၆) နာရီလောက်မှာတော့ တောင်တရုတ်ပင်လယ်ကြီးရဲ့အစပ် မွေနဲကမ်းခြေဟိုတယ်အိပ်ခန်းကနေ အထုပ်အပိုးတွေသယ်ထုတ်၊ ညည့်ကြို့ဌာနရှေ့မှာ စုပုံခဲ့ပြီး စားသောက်ခန်းဆီကို လမ်းလျှောက်ရင်းဆင်းလာခဲ့ပါတယ်။ ဝီရိယကောင်းတဲ့ ကိုယ်တို့မြန်မာခရီးသွားတွေအတွက် အနည်းငယ်အချိန်စောနေသေးလို့ ရေကူးကန်ဘက်ကို ဆက်သွားကြတယ်။ မွေနဲပင်လယ်ကမ်းခြေသောင်ပြင်ကလည်း ရေကူးကန်ဘေးမှာပဲမို့ ပင်လယ်လှိုင်းခတ်ခံတွေတဝုန်းဝုန်းကြားနေရပါတယ်။လှိုင်းတွေရဲ့ညို့ငင်သံကြောင့်မနေနိုင်ကြတော့ဘဲ ဆက်လက်ပြီး ကမ်းခြေဆီကိုဆင်းခဲ့ကြကာ သောင်ပြင်ပေါ်မှာ လမ်းလျှောက်ကြပါတယ်။ကမ်းခြေရဲ့သောင်ပြင်အပြန့်ဟာ ဝါးနှစ်ပြန်စာလောက်သာသာပဲရှိပြီး သိပ်မကျယ်လှပါဘူး။ ကိုယ်တို့ရဲ့ရခိုင်





ကျောက်သားဖြင့်ထုလုပ်ထားတဲ့ ဗီယက်နမ်မှာ အကြီးဆုံးလျောင်းတော်မူဘုရားကြီး



ကျောက်သားဖြင့်ထုလုပ်ထားတဲ့ ဗီယက်နမ်မှာအကြီးဆုံး လျောင်းတော်မူဘုရားကြီး




လျောင်းတော်မူကြီးအတက်လမ်းက
မဟာယာနဗုဒ္ဓဘာသာဆင်းတုတော်




www.burmeseclassic.com1

www.burmeseclassic.com







ကျောင်းတော်မှူကြီးအတက်လမ်းက မဟာယာနဗုဒ္ဓဘာသာဆင်းတုတော်များ




ကျောက်သားဖြင့်ထုလုပ်ထားတဲ့ ဗီယက်နမ်မှာအကြီးဆုံး
လျောင်းတော်မူဘုရားကြီး



ကျောက်သားဖြင့်ထုလုပ်ထားတဲ့ ဗီယက်နမ်မှာအကြီးဆုံး
လျောင်းတော်မူဘုရားကြီး



ကျောင်းတော်မှူကြီးအတက်လမ်းက
မဟာယာနဗုဒ္ဓဘာသာဆင်းတုတော်



လျောင်းတော်မူဘုရားကြီးမရောက်ခင် အရင်တွေ့ရတဲ့
အမ်းကုံးဘိုးဘိုးကြီး

ပြည်နယ်က ငပလီသောင်ယံလို အပြန့်ကျယ်ကျယ်၊ သဲနုနုဖွေးဖွေးလွလွလေးတွေနဲ့များဆိုရင် လမ်းလျှောက်လို့ ဘယ်လောက်များကောင်းလိုက်မလဲ။ အဲဒီအချိန်မှာ ကမ္ဘာပေါ်မှာ အလှဆုံးမြေဟာ ကိုယ့်အမိမြေပဲလို့မာန်တက်မိပါရဲ့။ ဘာပဲဖြစ်ဖြစ် ကိုယ်တို့ ခရီးဖော်တွေကတော့ တောင်တရုတ်ပင်လယ်ရဲ့အနားသတ် မွေ့နဲ့ကမ်းခြေမှာ အုန်းပင်တန်းတွေနဲ့ ဓာတ်ပုံရိုက်ကြ၊ ဝါညိုညိုတောင်တရုတ်ပင်လယ်ကြီးနောက်ခံနဲ့ ဓာတ်ပုံရိုက်ကြပေါ့။

မနက်စာမှာ မှတ်မှတ်ရရ ဗီယက်နမ်ရိုးရာအစားအစာ၊ ဗီယက်နမ်မုန့်ဟင်းခါးဖြစ်တဲ့ဗီယက်နမ်ခေါက်ဆွဲပြုတ်(Pho) ကို စားကြည့်လိုက်ပါတယ်။ (Pho) ရဲ့အသံထွက်က 'ဖာ' ဖြစ်ပါတယ်။ခေါက်ဆွဲဖတ်ဖြူဖြူတွေထည့်၊ ဟင်းသီးဟင်းရွက်၊ ပဲပင်ပေါက်နဲ့ အသားလှီးထားတာထည့်ပြီး ဟင်းရည်ကြည်ကြည်ဆမ်းစားရတဲ့ နေ့စဉ်စားသုံးတဲ့ ခေါက်ဆွဲပြုတ်တစ်မျိုးပါပဲ။ စားကောင်းလှပြီး ရိုးရှင်းလှလို့ ကိုယ်ကတော့ ကြိုက်မိပါတယ်။ အသား၊ အသီးအရွက်၊ ခေါက်ဆွဲအစုံပါတဲ့


www.burmeseclassic.com1

www.burmeseclassic.com

အာဟာရဖြည့်အစားအစာဖြစ်လို့ နေ့စဉ်စားသုံးသင့်တဲ့ ရိုးရာအစားအစာပါ။ အစားအစာကောင်တာစားပွဲရှည်မှာလည်း (Vietnamese Traditional Noodle, Pork or Beef) လို့ စာရေးဖော်ပြထားပါတယ်။ကိုယ်လည်း အဲဒီခေါက်ဆွဲပြုတ်တစ်ခုတည်းကိုပဲ ထည့်စားလိုက်ပြီး ခရီးဖော်တွေကိုလည်း ကိုယ့်တို့မြန်မာတွေရဲ့ မုန့်ဟင်းခါးလိုပဲ ဗီယက်နမ်ရိုးရာအစားအစာမို့ စားကြည့်ကြဖို့ တိုက်တွန်းနေမိ



ကျောင်းတော်မှဘုရား အတက်လမ်းက မဟာယာနဆင်းတုရုပ်တုများ



ကျောင်းတော်မှဘုရားကြီးသို့ခြေကျင်တက်ရတဲ့ ကျောက်လှေကားဘေးကမဟာယာနစေတီငယ်



ကျောင်းတော်မှဘုရား အတက်လမ်းက မဟာယာနဆင်းတုရုပ်တုများ



မဟာယာနဆင်းတုရုပ်တုများကို ရှိခိုးနေတဲ့ ဗီယက်နမ်လမ်းညွှန်


ပါတယ်။

မွေနဲကမ်းခြေဟိုတယ်ကနေ အထုပ်အပိုးတွေ ကားကြီးပေါ်ပြန်တင်ပြီးတော့ ခရီးဆက်လက်ဖို့ စတင်အထွက်မှာပဲ လမ်းညွှန်မစ္စတာထိုင်းက သူပြောနေကျအတိုင်း 'Hello My friend....' လို့အစချီကာ ခွဲခွာခါနီးနှုတ်ဆက်စကားတွေကို အစပျိုးပြောလာရဲ့။ ဒါဟာ ကိုယ်တို့ရဲ့ ဗီယက်နမ်ခရီးနောက်ဆုံးနေ့ဖြစ်ပါတယ်။

လမ်းတစ်လျှောက်မှာတော့ နဂါးမောက်သီး(Dragon Fruit)စိုက်ခင်းတွေ ကော်ဖီခင်းတွေကို တစ်မျှော်တစ်ခေါ် တွေ့လာရပါတယ်။ ကားကြီးကိုခဏရပ်ပြီး မစ္စတာထိုင်းက နဂါးမောက်သီးတွေကို ဖာလိုက်ဝယ်ပြီး သူ့လက်ဆောင်ဆိုကာ ကားပေါ်မှာဝေပေးတယ်။ ဒီဒေသတစ်ခွင်လုံးဟာ နဂါးမောက်သီးတွေကို စီးပွားဖြစ် အများအပြားစိုက်ပြီး ပြည်တွင်းရော ပြည်ပကိုပါ အဓိကပို့ကုန်အဖြစ်ပို့ကာ ရောင်းချနေပါတယ်။ နဂါးမောက်သီးဟာ ဥရောပနိုင်ငံ၊ ဂျပန်



ကျောက်သားခြင်္သေ့ထုလုပ်ထားတဲ့ ဗီယက်နမ်မှာအကြီးဆုံး ကျောင်းတော်မှဘုရားကြီး



ကျောင်းတော်မှကြီးသို့ အတက်လမ်းက မဟာယာနဗုဒ္ဓဘာသာ တန်ဆောင်းစရုပ်များ



www.burmeseclassic.com1

www.burmeseclassic.com



ဗီယက်နမ်-မွေနဲပင်လယ်ကမ်းခြေက သဘာဝဆန်တဲ့ ဟိုတယ်လေး



ဗီယက်နမ်-မွေနဲပင်လယ်ကမ်းခြေက သဘာဝဆန်တဲ့ ဟိုတယ်လေး



ဟိုချီမင်းစီတီးမြို့ကြီး ဆိုင်းဂုံစင်တာက တာကာရှီမားယား ကုန်တိုက်ကြီးအတွင်း



ကျောင်းတော်မှုဘုရားကြီးရဲ့ ခြေတော်ရင်းက သဘာဝကျောက်တုံးများ



ကျောင်းတော်မှုဘုရားအတက်လမ်းမှ တည်ဆောက်နေဆဲ တန်ဆောင်းဇရပ်များ



ဟိုချီမင်းစီတီးမြို့ကြီး ဆိုင်းဂုံစင်တာက တာကာရှီမားယား ကုန်တိုက်ကြီးအတွင်း

နိုင်ငံတွေနဲ့အတူ အမေရိကန်ပြည်ထောင်စုကိုပါပို့နေရတဲ့ ပြည်ပပို့ကုန်တစ်မျိုးဖြစ်နေရဲ့။

မကြာခင်မှာ တာ့ကူ (Ta Cu) တောင်ကြီးကို မားမားကြီးလှမ်းမြင်နေရပါပြီ။ အဝေးပြေးကားလမ်းမကြီးကနေ လမ်းကွေ့လေးတစ်ခုကိုချိုးကွေ့ဝင်လိုက်ရပါတယ်။ ဘုရားနယ်မြေအဝင်လမ်းတစ်လျှောက်မှာ အထူးပြုလုပ်အလှဆင်ထားတဲ့ သစ်ပင်တန်းတွေကို စတင်တွေ့လာရပေါ့။ သာသနာ့နယ်မြေတစ်ခုကိုဝင်ရောက်နေရပြီဆိုတဲ့အသိကို အလိုလိုရလာပါတယ်။ သီးသန့်ကားရပ်နားစခန်းတစ်ခုမှာ ကိုယ်တို့ရဲ့ခရီးသွားကားကြီးကို ရပ်နားလိုက်ရတယ်။ အဲဒီနောက် ကားပေါ်ကဆင်းခဲ့ကြပြီး ဘုရားကြီးအတက်လမ်းသို့ အခမဲ့အကြိုအပို့လုပ်နေတဲ့ကားလေးတွေကိုပြောင်းစီးပြီး ကျောင်းတော်မှုကြီးရှိရာ (Song Lam Thi Thich) ကို သွားကြရမှာဖြစ်ပါတယ်။ ဒီကားလေးတွေဟာ သာသနာ့နယ်မြေအတွင်းမှာပဲ အသွားအပြန်ပတ်ပြီး အခမဲ့ပြေးဆွဲ



www.burmeseclassic.com1

www.burmeseclassic.com



ကျောင်းတော်မှဘုရားကြီးသို့ ခြေကျင်တက်ရတဲ့
တောင်ပေါ်လမ်းကလေး



ဗီယက်နမ် ကွန်မြူနစ်ပါတီအလံအရောင်တွေနဲ့
ထပ်အသားအဆောက်အအုံများ



မွေနဲ့ကမ်းခြေတစ်လျှောက်က နဂါးမောက်သီးစိုက်ခင်းများ



ကျောင်းတော်မှဘုရားကြီးသို့အတက်လမ်းက လှပတဲ့ ဥယျာဉ်တော်



ဗီယက်နမ်နိုင်ငံ၊ တောင်တရုတ်ပင်လယ်ဘေးက မွေနဲ့ကမ်းခြေမှာ



ဗီယက်နမ်နိုင်ငံ၊ တောင်တရုတ်ပင်လယ်ဘေးက မွေနဲ့ကမ်းခြေမှာ

...နေတဲ့ ဘေးနှစ်ဖက်ဟင်းလင်းပွင့် ...တားလေးတွေပါ။ ဦးခေါင်းထက် ... အနီရောင်သန်းနေတဲ့ ကြိုးကြာငှက် ...ကြီးတို့ ကားလမ်းဘေးရေကန်စပ် ... တွေ့လိုက်ရပါတယ်။ ကြိုးကြာအ ...ခေါင်းများစွာ ရေကန်စပ်က ...ခင်းမှာ နားနေကြဟန်ပြုလုပ်ထား ...အရုပ်တွေပေမယ့် အသက်ဝင်ပြီး ...နဲ့။

...နေစ်ပိုင်းလောက်ပဲ ကြိုပို့ကား ...ကို ဆောတာမျှစီးပြီးတဲ့အခါ တောင်ခြေကိုရောက်ပြီး ကားပေါ်ကဆင်းကြရပါတယ်။ ဒီလို တောင်ပေါ်အတက်လမ်းရဲ့အစ တောင်ခြေအရောက် အကြိုအပို့လုပ်ပေးခြင်းအားဖြင့် ဘုရားဖူးလာတဲ့ကားတွေနဲ့ တောင်တက်လမ်းရဲ့အခြေမှာ ရှုပ်ထွေးမနေတော့ပါဘူး။ ကိုယ်တို့မြန်မာပြည်ကဘုရားစေတီတွေမှာ အဲဒီလိုစီစဉ်တာမျိုးကို ပြုလုပ်ပေးနိုင်မယ်ဆိုရင် ဘုရားအတက်မှာ လူသန့်ပြီး အတော်အဆင်ပြေမှာပဲလို့ စဉ်းစားမိပါတယ်။ တောင်ခြေကနေ ကျောက်လှေကားတွေနဲ့ ထပ်တက်သွားရပါသေးတယ်။ ကျောက်လှေကားတွေဟာ အုတ်၊ အင်္ဂတေတွေနဲ့ တည်ဆောက်ထားတာမဟုတ်ဘဲ သဘာဝကျောက်တောင်ကြီးကိုထွင်းထုပြီး လှေကားပုံဖော်ထားတာပါ။ လှေကားထစ်တွေဘေးမှာတော့ အမှတ်တရပစ္စည်းတွေရောင်းတဲ့ ဘုရားဈေးလေးရှိပါတယ်။ ဘုရားဈေးပေမယ့် ဘယ်ဆိုင်ကမှ အလုအယက်အော်ဟစ်ပြီးရောင်းချမနေကြဘဲ အေးအေးဆေးဆေးနဲ့မို့ စိတ်အနှောင့်အယှက်လည်း


www.burmeseclassic.com

မဖြစ်ရပါဘူး။

ကေဘယ်(Cable)ကားက လေးယောက်စီး ခေတ်မီပန်းခရမ်းရောင်မှန်လုံကားသစ်လေးတွေဖြစ်ပါတယ်။ ဗုဒ္ဓဂယာခရီးတုန်းကလို တာလာဟင်းလင်းသံကုလားထိုင်တစ်လုံးကို အထက်မှာချိတ်တပ်ပြီး အပေါ်ကဆွဲသွားတာမျိုးမဟုတ်ပါဘူး။ ဩစတေးလျနိုင်ငံ Dop pelmayr က Ropeway Technology နည်းပညာနဲ့ တပ်ဆင်ပေးထားတာပါ။ ကေဘယ်ပေါ်မတက်ခင် ကိုယ့်အလှည့်ရောက်ဖို့ တန်းစီရပါတယ်။ ခေတ်မီတိုးတက်လာတဲ့နိုင်ငံတိုင်းမှာ တန်းစီတဲ့ (Q) စနစ်ကို အတော်လေး စနစ်တကျယဉ်ယဉ်ကျေးကျေးသုံးတတ်နေကြပါပြီ။ ဘယ်သူမှလုတက်တာမျိုး၊ ကျော်တက်တာမျိုးမရှိကြပါဘူး။ ကေဘယ်ရုံအဝင်မှာ ဆေးကုလားမအခဲလေးတွေကို အသင့်ဖျော်ထားပြီးသား အမြည်းခွက်လေးတွေပေးသောက်ကာ ဘုရားဖူးများကို အလှူလှုပ်ရာလည်းရောက်၊ ဈေးလည်း ရောင်းချနေတာဖြစ်လို့ အဆင်းမှပဲဝယ်တော့မယ်လို့ တေးထားလိုက်ပါတယ်။ မှန်လုံကေဘယ်ကားလေးနဲ့ လုံခြုံစိတ်ချစွာနဲ့ တောင်ပေါ်ကိုတက်ရင်း အောက်က စိမ်းစိုပြီး အကြားအလပ်မရှိတဲ့ သစ်တောနယ်မြေကို အားတချစိတ်နဲ့ ငေးကြည့်ရင်း လိုက်ပါလာခဲ့ပါတယ်။ ကိုယ့်နိုင်ငံကသစ်တောတွေလည်း အစားပြန်ထိုးပြီး ပြန်လည်စိမ်းမြနေစေချင်ပါ



ကျောင်းတော်မှုကြီးသို့ အတက်လမ်းက ဈေးဆိုင်လေးမှ မဟာယာနဆင်းတုရုပ်တုများ



ဟိုချီမင်းစီးတီးမြို့ကြီး၊ ဆိုင်းဂုံစင်တာက တာကာရှီမားယား ကုန်တိုက်ကြီး



ကျောင်းတော်မှုဘုရားအတက်လမ်းမှ တည်ဆောက်နေဆဲ တန်ဆောင်းဇရပ်များ



တောင်ပေါ်က ကျောင်းတော်မှုဘုရားကြီးသို့ ပို့ဆောင်ပေးမယ့် ကေဘယ်ကားလေး



ဗီယက်နမ် ကွန်မြူနစ်ပါတီအရိပ်အငွေ့တွေနဲ့ လမ်းဘေးအဆောက်အအုံများ




www.burmeseclassic.com1

www.burmeseclassic.com



ကျောင်းတော်မှဘုရားကြီးသို့
ခြေကျင်တက်ရတဲ့ တောင်ပေါ်လမ်းကလေး



ကျောင်းတော်မှဘုရားအတက်လမ်းမှ
တည်ဆောက်နေဆဲ တန်ဆောင်းဇရပ်များ



မွှေးနံ့ကစ်ခြေ ဟိုတယ်မှာ စားခဲ့ရတဲ့
ဗီယက်နမ်ရိုးရာခေါက်ဆွဲပြုတ်




ကျောင်းတော်မှဘုရားကြီးအတက်လမ်းက
ဆေးကုသားမ ဖက်ရိုးထွက်ပစ္စည်းများအရောင်းဆိုင်




ကျောင်းတော်မှဘုရားအတက်လမ်းမှ
ခေသတွက် ဆေးပင်များကြော်ငြာ

ပြီ။ သစ်ပင်တွေရဲ့ အထက်တည့်တည့်တနေ တသိမ့်သိမ့်သွားနေရင်း သစ်ပင်ထိပ်ဖျားတွေရောက်တိုင်း ဒီလိုမြင်ကွင်းတို မြင်ခွင့်ရတာကိုလည်း အံ့ဩကျေနပ်နေမိပါတယ်။

ကေဘယ်ကားကထွက်လာပြီးတဲ့နောက်မှာ နွယ်ပင်ကြီးတွေရစ်ခွေနေတဲ့ သဘာဝတောကြီးထဲကိုရောက်သွားပေါ့။ မြားပြထားတဲ့လမ်းညွှန်အတိုင်း သဲမြေဖုံးထားတဲ့ ကျောက်တုံးတွေကိုနင်းရင်း တောလမ်းလေးအတိုင်းနှစ်ကွေ့ သုံးကွေ့လောက် ဆက်လျှောက်ရပြန်ပါတယ်။ သာသနာ့အလံတွေ မဟုတ်ပေမယ့် ရောင်စုံအလံတိုင်လေးတွေ ဘယ်ညာခန်းရံစိုက်ထူထားတဲ့ တောလမ်းလေးအဆုံးမှာတော့ တရုတ်ဘုရားကျောင်းအမုခ်ဦးလို မုခ်ဦးငယ်လေးကိုဖြတ်ပြီးကျောက်လှေကားထစ်ပေါင်း နှစ်ရာကျော်ပါတဲ့လမ်းကိုဆက်တက်ရတယ်။ လှေကားခွင်ကကျယ်ပြီး ဆင်းတက်သွားလာနေသူတွေကလည်း ဘုရားပွဲဈေးကြီးလိုပါပဲ။ လှေကားတွေက ခပ်ကျဲကျဲမို့တက်ရတာ မပင်ပန်းလှပါဘူး။ လှေကားထိပ်ရောက်ခါနီး ညာဘက်တောင်စောင်းမှာတော့ အဝါရောင်ဆေးသုတ်ထားတဲ့ သုံးထပ်ဆင့်ဆောက်ထားတဲ့အုတ်ဂူလိုလိုတစ်ခုကို တွေ့လိုက်ရပါတယ်။ ဂင်းပိတ်တည်ဆောက်ထားပေမယ့် စေတီတစ်ဆူနဲ့မတူဘဲ အထိမ်းအမှတ်ဂူတစ်ခုခုဖြစ်ပါလိမ့်မယ်။

## ■ မဟာယာနလွှမ်းတဲ့ ဗီယက်နမ်ဗုဒ္ဓဘာသာနယ်မြေ

လှေကားထိပ်မှာတော့ တောင်စောင်းပေမယ့် နေရာကျယ်ကျယ်တစ်ခုရှိနေပါတယ်။အဲဒီနေရာမှာ တန်ဆောင်းဇရပ်တွေအများကြီးတည်ဆောက်နေလက်စတို့တွေ့ရတယ်။ ငြမ်းတွေဆင်ပြီး အလုပ်သမားတွေက အလုပ်လုပ်နေကြသလို အဆောင်တွေရဲ့အလယ်မှာတော့ ပြီးစီးတဲ့အခါမှာ ထည့်သွင်းထားရှိမယ့် ကျောက်သားဆင်းတုတော်တွေကို ပလ္လင်တွေနဲ့အတူ အသင့်ရှိနေကြရဲ့။ ဆင်းတုတွေက ဘူမိဖဿမုဒြာဟန်နဲ့ထိုင်ကိုယ်တော်တွေဖြစ်ပြီး အပြာရောင်ပလတ်စတစ်စကြီးတွေနဲ့ ထုပ်ပိုးအုပ်မိုးထားကြတယ်။ တန်ဆောင်ဇရပ်တွေရဲ့ပတ်လည်မှာတော့ ကနုတ်ပန်းတွေနဲ့ ဝန်းရံပြီးအတွင်းမှာ ကြာပွင့်တွေ၊ ပြေးလွှားနေတဲ့သမင်တွေပုံပါတဲ့အင်္ဂတေပန်းလက်ရန်းပြားရှည်ကြီးတွေနဲ့ကာရံထားတာကိုတွေ့ရတယ်။ အရှေ့တိုင်းဟန်အပြည့်ပါတဲ့ဗုဒ္ဓဘာသာအနုလက်ရာအင်္ဂတေပန်းတွေပါ။နောက်တစ်နှစ်ကျော်လောက်အကြာမှာ ဒီ(Ta Cu)တောင်ကြီးကို ပြန်လာတက်ဖြစ်ရင်တော့ တန်ဆောင်း၊ ဇရပ်တွေနဲ့ အတော်ပြောင်းလဲနေမယ်ထင်ရဲ့။

ဆက်လက်ပြီး တောင်ခါးပန်းအတိုင်းလျှောက်လာကြတဲ့အခါ သွပ်ပြားတွေနဲ့ ယာယီကာရံထားတဲ့ ပြင်ဆင်ဆဲတန်ဆောင်းတစ်ခုကို ရောက်ပြန်တယ်။ အဲဒီမှာတော့ မြန်မာ့လက်ရာစော့ရဲ့ အတော်တူပြီး အလွန်အရောင်လှတဲ့


www.burmeseclassic.com



ဆိုင်းဂုံ (ခေါ်) ဟိုချီမင်းစီတီးမြို့ကြီးသို့ပြန်လည်ရောက်ရှိ



ဆိုင်းဂုံ (ခေါ်) ဟိုချီမင်းစီတီးမြို့ကြီးသို့ပြန်လည်ရောက်ရှိ



Thien Tung Hotel

NỘI QUY KHÁCH SẠN

1. Khách vui lòng xuất trình giấy tờ hộ chiếu và lưu trú tại quầy Tiếp tân để làm thủ tục nhận phòng, hãy xem kỹ giá phòng trước khi đặt phòng. Xin đăng ký tất cả tên thành viên trong đoàn để nhận phòng. Ai không đăng ký tên không được phép ở lại đêm.
2. Thanh toán tất cả chi phí tại quầy Tiếp tân, trước khi rời khách sạn. Giờ trả phòng là 12:00 trưa. Nếu trả phòng trễ đến 6:00 chiều thì phải trả thêm 50%. Nếu trả trễ sau 6:00 tối thì phải chịu tiền phòng trọn ngày.
3. Trang thiết bị và bàn ghế trong phòng không được phép dời đi nơi khác hoặc làm thất lạc. Mọi sự hư hỏng và mất mát phải được đền bù thêm vào phí phòng.
4. Những vật có giá trị, tiền mặt và giấy tờ quan trọng được lưu lại két sắt an toàn tại quầy Tiếp tân.
5. Vật dễ cháy, chất nổ, độc dược và các chất phóng xạ là tuyệt đối cấm đem vào khách sạn. Cấm nấu ăn và dùng điện vào mục đích khác.
6. Xin vui lòng luôn luôn giữ im lặng, mọi thái độ khiêu dâm, xì ke ma túy, cờ bạc, trộm cắp, đánh lộn hoặc mọi hoạt động bất hợp pháp khác đều tuyệt đối cấm.
7. Khách không được phép tiếp bạn hoặc người quen trong phòng khách sạn, trong trường hợp đặc biệt phải có sự đồng ý của khách sạn.
8. Khi ra ngoài xin khóa cửa phòng cẩn thận và giao chìa khóa tại quầy Tiếp tân.
9. Khi phát hiện có cháy trong khách sạn, xin thông báo kịp thời đến những người xung quanh trong khách sạn và thực hiện đúng mọi sự hướng dẫn của nhân viên cứu hỏa.
10. Đối với khách ở lâu dài, sau 7 ngày phải thanh toán tiền một lần cho khách sạn.

Thành thật cám ơn quý khách.

HOTEL REGULATIONS

1. Guests are kindly requested to present passport and visa at Reception Desk for Check-in procedure, and the room rate should be checked prior to registration. Please register the name of each room occupant in your party, unregistered guests are not permitted to remain overnight.
2. At departure time, accounts are to be settled in full with the reception Cashier. ...

ဟိုချီမင်းစီတီးမှာ တည်းခိုခဲ့ရတဲ့ မြန်မာတွေအတည်းအခိုများတဲ့ သိန်းတန်ဟော်တယ်




ဈေးလှောင်းတော်မှုဘုရားအထက်ထပ်မှ ဒေသထွက် ဆေးပင်များကြော်ငြာ



ဈေးလှောင်းတော်မှုဘုရားအထက်ထပ်မှ ဘုရားသမိုင်းရှင်းတမ်း

ရွှေသက်န်းတွေကပ်လှူထားတဲ့ဗုဒ္ဓဆင်းတုတော်ကြီးတွေ ဖူးတွေ့လိုက်ရပါတယ်။ အကြီးဆုံးတစ်ဆူက သမာဓိမုဒြာဟန်၊ ဈာနမုဒြာဟန်ဖြစ်ပြီး ခပ်လတ်လတ်တစ်ဆူကတော့ ဘူမိဖဿဟန်နဲ့ပါ။ ဆင်းတုတော်တွေရှေ့က စားပွဲပေါ်မှာတော့ ပန်းမန်တွေ၊ သစ်သီးဆွမ်းတွေ၊ သပိတ်တွေကပ်လှူထားသလို အမ်းကုံးဘိုးတော်ကြီးပုံ၊ ကွမ်ရင်မယ်တော်ပုံနဲ့ လက်ခြောက်ဖက်ပါနတ်ဘုရားပုံတွေကိုလည်းရောနှောထားရှိတာတွေ့ရပါတယ်။ သူ့အရပ်နဲ့သူ့ဇာတ် မဟာယာနလွှမ်းတဲ့ ဗုဒ္ဓဘာသာနယ်မြေပေကိုး။

အဲဒီတန်ဆောင်းထဲမှာပဲ တရုတ်ဇာတ်လမ်းတွဲ မျောက်မင်းဝူခုန်းဇာတ်ကားထဲက ဗောဓိသတ္တဘုရားလောင်းပုံကိုလည်း ကြာပလ္လင်ထက်မှာတွေ့လိုက်ရတယ်။ ဘေးမှာလည်း မျက်နှာနီ၊ မျက်နှာဖြူနတ်ရုပ်တွေက ဝန်းရံလို့ပါ။ အမွှေးတိုင်တွေ၊ ပန်းတွေလည်း ရှေ့မှာကပ်လှူထားပါတယ်။ မြင်းခေါင်းဖြူနဲ့နတ်တွေ၊ ကျွဲခေါင်းမည်းနဲ့နတ်တွေကလည်း အတူရှိနေရဲ့။ ကိုယ်တို့ရဲ့ ဒေသခံ ဗီယက်နမ်လမ်းညွှန် မစ္စတာထိုင်းကိုလည်း အဲဒီရုပ်တုဆင်းတုတွေရှေ့မှာ အမွှေးတိုင်တွေကိုင်မြောက်၊ နဖူးနဲ့တိုက်ထားပြီးတော့



www.burmeseclassic.com1

www.burmeseclassic.com

မတ်တတ်ရပ်လျက်ကြီးရှိခိုးနေတာတွေ့လိုက်ရပါတယ်။ သူက မဟာယာနဗုဒ္ဓဘာသာဝင်လို့ ပြောထားသားပဲလေ။ သီချင်တာလေးတွေ မေးချင်လာမိပေမယ့် မျက်စိမှိတ်ပြီးအာရုံပြုနေတဲ့ သူ့ရဲ့ယုံကြည်မှုကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ ကိုယ့်ဘာသာပဲဆက်လျှောက်လာပြန်တယ်။

ရှေ့မှာ လျောင်းတော်မူဘုရားကြီးသို့ဆိုတဲ့ ဆိုင်းဘုတ်နီနီတွေကဆက်တိုက်ပဲမို့ ဆက်သွားရတာ မခက်လှပါဘူး။ ဆောက်လက်စတန်ဆောင်းတွေ၊ တရုတ်ယဉ်ကျေးမှုလွှမ်းတဲ့ ဒေသဟန်ဘုံအဆင့်ဆင့်အမိုးတွေနဲ့ အဆောက်အအုံတွေလည်းမနည်းပါလား။ ဇရပ်တစ်ဆောင်ရှေ့မှာတော့ ဘုရားဈေးဆိုင်လေးတွေ တွေ့ရတယ်။ ဈာနမုဒြာဟန် ရွှေ ကျောက်ဖြူ ကျောက်စိမ်းဗုဒ္ဓဆင်းတုတော်လေးတွေ၊ စိပ်ပုတီး၊ ပုလဲပုတီး၊ ဗီယက်နမ်အမှတ်တရသော့ချိတ်၊ မီးပုံး၊ အမ်းကုံးနဲ့တွမ်ရင်မယ်တော်ပုံတွေ ရောင်းချနေကြပါတယ်။ တူ-တံစဉ်-ကြယ်ပွင့်တွေနဲ့ ကွန်မြူနစ်အလံနီနီရဲရဲလေးတွေရဲ့ကြားမှာတော့ ရောင်းပန်းဗုဒ္ဓဆင်းတုတော်လေးတွေက ပလတ်စတစ်အိတ်လေးတွေစွပ်လို့ တည်ငြိမ်စွာ စံပယ်နေလျက်ပါ။

မိုးအုံ့နေပေမယ့် မိုးမရွာလို့ တော်သေးရဲ့။ ခရီးဖော်တွေကို ခဏရပ်စောင့်ရင်း တက်လာခဲ့တဲ့တောင်ကြောကို ပြန်လှည့်ကြည့်ကာ ခဏနားနေလိုက်ပါတယ်။ ခဲသားရောင်မိုးတိမ်လိပ်တွေငုံတွယ်နေတဲ့တောင်စောင်းတွေမှာတော့ တရုတ်ဘုံကျောင်းအဆင့်ဆင့်လို အနီရောင်အမိုးကော့တွေနဲ့တည်ဆောက်နေဆဲအဆောက်အအုံသစ်တွေက အပြိုင်းအရိုင်းပေါ် ထွက်လာဖို့ တာစူနေကြပေါ့။ ခေတ်မတ်မတ်အမိုးကော့အဆောက်အအုံတွေရဲ့ဘုံဆင့်တွေကိုရေတွက်ကြည့်လိုက်တော့ ဘုံခုနစ်ဆင့်ရှိတာ တွေ့ရတယ်။ ဒါဟာ ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆောက်အအုံတွေရဲ့ စံအရေအတွက်ပေလား။

■ **သဘာဝကျောက်တောင်ကြီးရဲ့ကျောက်ဆစ်ဘာသာရေးဆင်းတုရုပ်တုများ**

တောင်ကြောလေးအတိုင်းဆက်လျှောက်လာခဲ့ပါတယ်။လမ်းလျှောက်ရင်း ကိုယ်လျှောက်နေတဲ့ လမ်းလေးဟာ ကျောက်တောင်ကြီးပေါ် ကမြေလမ်းဖြစ်ပြီး လမ်းရဲ့အောက်မှာ ဘေးကဆောင်ခါးပန်းနံရံမှာ ကျောက်သားတွေပဲဆိုတာ သတိထားမိနေတယ်။ ကျောက်တွေကိုမှ အလိုက်သင့်ထွင်းထုယူရင်း ဘာသာရေးဆိုင်ရာရုပ်တုဆင်းတုတွေကို ပုံဖော်ယူသွားတာပါ။ မကြာခင်မှာပဲ ဒါကိုသက်သေပြတဲ့အနေနဲ့ရုပ်တုကြီးတွေကို တောင်စောင်းတစ်လျှောက် တွေ့လာနေရပါပြီ။ ပထမဆုံးတွေ့လိုက်ရတာကတော့ အမ်းကုံးဘိုးတော်ကြီးပုံပါ။ ခေါင်းတုံးပြောင်ပြောင်၊ မျက်ခုံးမွေးထူထူ၊ ပါးစုန့်ဖောင်းဖောင်းနဲ့ စိပ်ပုတီးကြီးလည်ပင်းမှာဆွဲ၊ ဘယ်ဘက်လက်မှာ ပုတီးတစ်ကုံးကိုင်၊ ဒူးပေါ် တင်ထားတဲ့ ညာဘက်လက်မှာ အလုံးကြီးတစ်လုံးကိုင်ပြီး ပုံ့ပုံ့ကြီးထိုင်နေတဲ့ အလွန်ဝတဲ့ဘိုးတော်ကြီးပေါ့။ ပါးစပ်ကြီးကိုအသားကုန်ဖြဲပြီးရယ်မောနေပုံကပွင့်ပွင့်လင်းလင်းရှိလှရဲ့။ ဘယ်လိုအတွေးအမြင်ရှိသူ၊ ဘယ်လိုစွမ်းဆောင်နိုင်သူမှန်းမသိပေမယ့် အမ်းကုံးပုံတွေကြည့်မိတိုင်း စိတ်ကြည်နူးပျော်ရွှင်ရပါတယ်။ တစ်နေ့နေ့တော့ ဘိုးတော်ကြီးအကြောင်း ရှာဖွေဖတ်ရှုဦးမှာပါ။ တစ်ခါတစ်ခါ ကလေးရုပ်တွေလည်း သူ့ဘေးမှာ၊ သူ့ကိုယ်ပေါ် မှာတက်နေတာတွေ တွေ့ရဖူးလို့ ကလေးတွေနဲ့လည်း ပတ်သက်နေမယ်ထင်ရဲ့။

အမ်းကုံးကြီးကိုကျော်ပြီး ဆက်လျှောက်လာတဲ့အခါ အနည်းငယ်ပိုကျယ်တဲ့တောင်စောင်းမြေပြန့်မှာ မတ်ရပ်ဆင်းတုရုပ်တုသုံးရုပ်တွေ့လိုက်ရပါတယ်။ သဘာဝကျောက်သားကို ထွင်းထုထားဟန်ရှိပေမယ့် အမ်းကုံးရုပ်ကြီးလိုတော့ သဘာဝအတိုင်းတည်ရှိနေတာကိုထုလုပ်ထားပုံမရဘဲ တစ်နေရာရာကရွှေ့ယူလာတဲ့ ကျောက်တုံးရှည်တွေကို ထုလုပ်ပြီး စိုက်ထူထားပုံရပါတယ်။ ကြာမှောက်၊ ကြာလန်၊ အောက်ခံတင်ခုံပလ္လင်တွေထက်မှာ အသီးသီးတည်ရှိပြီး တရုတ်စာတွေရေးထိုးထားတဲ့ နောက်ခံတံကဲဖြူနဲ့ ဦးခေါင်းနောက်တည့်တည့်မှာ ရောင်ခြည်တော်စက်ဝန်းလည်းရှိနေပါတယ်။ တံကဲနောက်ခံတွေအားလုံးရဲ့အနားတစ်လျှောက်မှာတော့ ပန်းခက်တွေနဲ့တန်ဆာဆင်ထားပါတယ်။ ရုပ်တုတော်တွေရဲ့ရှေ့မှာတော့ ကျောက်ပြားနီတွေခင်းထားတဲ့ ရင်ပြင်ငယ်ပြန့်ပြန့်လေးရှိရဲ့။ အဲဒီမှာထိုင်ပြီး ဖူးမြော်ကန်တော့ရင်း ဆုတောင်းခြွေနေသူတွေလည်း အများအပြားရှိပါတယ်။ အရင်ဆုံးတွေ့လိုက်ရတာကတော့ လက်ယာလက်တော်မှာ ကြာပွင့်ကိုကိုင်မြှောက်ပြီးရပ်နေတဲ့ရုပ်တုပါ။ ဦးခေါင်းထက်ကခပ်မြင့်မြင့်ထိပ်တက်ဆံထုံးကိုလွှမ်းမိုးအုပ်ဆိုင်းပြီး ခြေဖျားသိမ်းချထားတဲ့ ဝတ်ရုံရှည်ကြီးလည်း ဆင်ယင်ထားပါတယ်။ တတိယရုပ်တုကလည်း အဲဒီအဆင်အယင်အတိုင်းရှိနေပေမယ့် လက်နှစ်ဖက်လုံးကိုတော့ ဝမ်းဗိုက်အရှေ့နားဆီမှာရှေ့ကိုဆန့်ထုတ်ကာ တစ်စုံတစ်ရာကိုကမ်းပြီးပေးနေပုံပေါ် ပါတယ်။ ဘာအဓိပ္ပာယ်ဆောင်တဲ့ရုပ်တုတွေလည်းမသိပါဘူး။

အလယ်ကဆင်းတုတော်ကတော့ ထေရဝါဒဗုဒ္ဓဘာသာရဲ့ ရုပ်တုတော်တွေနဲ့ အတော်လေးတူပါတယ်။ ဥဏှိသမပါဝင်တဲ့ ဦးခေါင်းတော်ပြောင်အထက်မှာအနည်းငယ်အရွယ်ကြီးတဲ့ဗိမ္ဗပြောက်အလုံးတွေပေါက်ထားပါတယ်။နဖူးတော်ရဲ့အလယ်မှာတော့ ဥဏ္ဏာလုံမွေးရှင်တော်အလုံးလေးရှိနေပြီး မျက်လွှာချကာရပ်တော်မူနေတာပါ။ နှုတ်ခမ်းဖူးဖူးလေးနဲ့ အချိုးအစား ပြေပြစ်လှပသပ္ပာယ်တဲ့ မျက်နှာတော်မှာ နားရွက်တော်ကတော့ ပခုံးတော်ကိုမထိဘဲ ပါးရိုးလောက်မှာပဲရှိနေပါတယ်။ လည်ပင်းတော်မှာလည် ရေးသုံးရစ်ရှိကာ အတွန့်အထပ်တွေပါတဲ့ သင်္ကန်းတော်ကိုယ်ရုံကြီးရုံကာ လက်ယာဘက်လက်တော်ကို အောက်သို့ချပြီး လက်ဖဝါးတော်ကို ရှေ့ဘက်သို့လှန်ထားရဲ့။ လက်ဝဲဘက်လက်တော်ကိုတော့ တံတောင်ဆစ်ကွေးကာ ရှေ့သို့ဆန့်ထုတ်ဖြန့်ကားထားပြီး လက်မနဲ့လက်သူကြွယ်တွေကို ထိပ်ဖျားချင်းထိတော်မူထားပါတယ်။ သင်္ကန်းတော်လစ်ဟာနေတဲ့ရင်ဘတ်ပေါ် မှာတော့ ပန်းခက်ဒီဇိုင်းများနဲ့အတူ စကြာပုံသင်္ကေတတစ်ခုဖောင်းကြွခတ်နှိပ်ထားရဲ့။ အဲဒီဆင်းတုတော်တည်ထားရာအုတ်ခုံရှေ့ပိုင်းမှာလည်း ရွှေရောင်လုံးတော်ပြည့်သုတ်လိမ်းပူဇော်ထားတဲ့ မဟာပရိနိဗ္ဗာန်ပြုတော်မူနေပုံ-လျောင်းတော်မူဆင်းတုတော်တစ်ဆူရှိပါတယ်။

ရုပ်တုသုံးဆူရဲ့ရှေ့ကို ဆက်လက်သွားတဲ့အခါ မျောက်မင်းဝူခုန်းဇာတ်လမ်းတွဲထဲက ဝူခုန်းတို့ကို ပိဋကတ်တော်ပင့်ဖို့ ဦးဆောင်သွားတဲ့သူတော်စင်ရဲ့ မတ်ရပ်ရုပ်တုတော်ကိုလည်း သီးခြားထပ်မံတွေ့ရပါသေးတယ်။သူ့ရဲ့ညာဘက်လက်ထဲမှာ တောင်ဝှေးရှည်တစ်ချောင်းကိုကိုင်လို့ပေါ့။ တောင်ဝှေးရဲ့ထိပ်မှာလည်း သူ့အဆောင်အယောင်ခက်ရင်းခွကြီးနဲ့ပါ။ ဘယ်ဘက်လက်ကိုတော့ တံတောင်ဆစ်ကွေးကာနေ ရှေ့သို့ဆန့်ထုတ်ကာ လက်ဖဝါးထဲမှာလည်း ပစ္စည်းငယ်တစ်စုံတစ်ရာရှိနေပေမယ့် ဘာမှန်းတော့မသိပါဘူး။

အဲဒီရုပ်တုတော်ကိုကျော်လိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com

အခါ ကျောက်တုံးကျောက်ခဲတွေကိုနင်းတက်ပြီး ချုံတွေကြားတိုးဝင်သွားရတဲ့ မြေလမ်းကွေ့ကွေ့ကောက်ကောက်ဖြတ်လမ်းအတိုလေးနဲ့ အုတ်လှေကားထစ်ကျဉ်းကျဉ်းလေးတွေ၊ လက်ရန်းဝါးလုံးတန်းတွေနဲ့သက်သက်သာသာဆက်လက်တက်နိုင်တဲ့ပုံမှန်တက်နေကျဖြစ်ဟန်ရှိပြီး ဘုရားဖူးတွေလည်းတက်နေကြတဲ့ တောင်ပေါ်တက်လမ်းလေးနှစ်ခုကို တွေ့လိုက်ရပါတယ်။ နှစ်ခုလုံးက တောင်ပေါ်က လျှောင်းတော်မူကြီးကိုရောက်တာလည်း အမြင်ပါပဲ။ ဆင်းတုတော်ကြီးကိုလည်း အထက်မှာစီးမိုးနေတာ လှမ်းမြင်နေရတော့ အမြန်ရောက်ချင်နေပြီမို့ ပိုတိုတဲ့ ချုံတိုးရတဲ့တောလမ်းလေးကိုပဲ ရွေးလိုက်ပါတယ်။ သဘာဝကျောက်တုံးအကြီးအသေးမျိုးစုံကို ခြေချော်မကျအောင်သတိထားတက်ရင်း အပေါ်က လျှောင်းတော်မူကြီးကိုလည်း မော့မော့ကြည့်ရင်း ဆက်လက်ခရီးနှင်ခဲ့ပေါ့။ မတ်စောက်စောက်တောင်စောင်းကတက်ခဲ့ရပေမယ့် သိပ်လည်း အပင်အပန်းမရှိလှပါဘူး။

■ ဗီယက်နမ်နိုင်ငံရဲ့ အကြီးဆုံးစံချိန်ဝင်လျှောင်းတော်မူကြီး

မကြာခင်လေးမှာပဲ လျှောင်းတော်မူကြီးရှေ့က ကျောက်နံရံအဆင့်ကိုရောက်သွားပါတယ်။ သစ်ပင်သစ်တောတွေကြားက ဘွားဘွားကြီးပေါ်လာတဲ့ လျှောင်းတော်မူကြီးဟာ ဖွေးဖွေးဖြူဖြူကြီးပါ။ သဘာဝကျောက်သားအရောင်ကို ထပ်မံအရောင်တင်ထားတဲ့သဘောရှိပါတယ်။ ဆင်းတုတော်ကြီးရှေ့ကမြေပြင်ကို သဘာဝကျောက်တုံးတွေစီထားတဲ့ နံရံတံတိုင်းသုံးဆင့်လုပ်ပြီး မြေညှိထားတယ်။ စတုဂ္ဂမြောက် ကျောက်ပလ္လင်ထက်မှာမှ ဆင်းတုကြီးကို အလျားလိုက်ထွင်းထုထားတာပါ။ ဒီလို သဘာဝကျောက်တောင်စောင်းကို ထွင်းထုပုံဖော်ထားတဲ့ လျှောင်းတော်မူဆင်းတုတော်ကြီးကို တက်ရောက် ဖူးမြော်ခွင့်ရတာဟာ ဒီဗီယက်နမ်ခရီးမှာ အမြတ်ပါပဲ။ မဟာယာနလွှမ်းမိုးတဲ့ ဗုဒ္ဓဘာသာနယ်မြေဖြစ်ပေမယ့် ကျောက်သားလျှောင်းတော်မူကြီးကိုတော့ အဆင်တန်ဆာပွေပွေလီလီမပါဘဲ မြတ်စွာဘုရားမဟာပရိနိဗ္ဗာန်စံဝင်တော်မူပုံကိုသာ အဓိပ္ပာယ်ရှိရှိ အချိုးကျကျနဲ့ စနစ်တကျထွင်းထုထားတဲ့ ထေရဝါဒဆင်းတုတော်လိုမျိုးဖူးတွေ့ရပါတယ်။ ပြောစရာတစ်ခုကတော့ ဆင်းတုကြီးရဲ့ရင်ဘတ်တော်သင်္ကန်းလစ်ဟာနေတဲ့နေရာမှာ စကြာပုံအမှတ်တံဆိပ်ရှိနေတာပါပဲ။ လျှောင်းတော်မူကြီးကို အမိုးအကာ၊ အဟန့်အတား၊ အရံအကာဘာတစ်ခုမှမပြုလုပ်ထားပါဘူး။ ဆင်းတုတော်ကြီးလဲလျောင်းနေတဲ့ အောက်ခံခုံရှည်ကြီးရဲ့ပေါ်နေတဲ့မျက်နှာပြင်မှာလည်း ကြွေပြားကပ်တာတွေဘာတွေ မလုပ်ထားတာကလည်း ထူးဆန်းသလိုရှိရဲ့။ ကိုယ်တို့မြန်မာပြည်မှာဆိုရင်တော့ အမျိုးစုံသော အထွန့်တက်တာတွေကို မြင်တွေ့ရမှာပါ။ ခုလို ဖူးတွေ့ရတော့ တောင်စောင်းတောအုပ်တစ်နေရာမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ငြိမ်းချမ်းစွာနဲ့ ပရိနိဗ္ဗာန်ပြုသွားပုံကို ပိုမိုခံစားရပါတယ်။

ဆင်းတုတော်ကြီးရဲ့ဦးခေါင်းတော်ဘက်မှာ 'ဆင်းတုတော်ကြီးအပေါ်သို့ တက်ရောက်ခြင်း၊ ကိုယ်လုံးတော်ပေါ်မှာ စာများရေးသားခြင်းမပြုပါနှင့်' ဆိုတဲ့ တောင်းပန်ပြီးတားမြစ်ထားတဲ့ဆိုင်းဘုတ်တစ်ခုရှိတာကလွဲလို့ ဘာအဟန့်အတားမှမရှိဘဲ လွတ်လပ်စွာဖူးမြော်နိုင်ပါတယ်။ အလှူခံဌာနတွေ၊ ဘုရားဂေါပကတွေနဲ့ အစောင့်ချထားတာတွေလည်း မရှိနေပါဘူး။ ကိုယ်လုံးတော်ပေါ်မှာ ဘယ်နေ့ကရောက်ခဲ့တယ်၊ ဘယ်သူတွေပါတယ်ဆိုတာမျိုးတွေကတော့ ကိုယ်တို့နိုင်ငံကဘုရားစေတီတွေ၊ တန်ဆောင်းဇရပ်ကတိုင်တွေ၊ နံရံတွေမှာလို စည်းကမ်းမဲ့ရေးထိုးတာမျိုး မတွေ့ခဲ့ရပါဘူး။

လျှောင်းတော်မူဆင်းတုတော်တွေကို လေ့လာဖူးမြော်ရတဲ့အခါတိုင်းမှာ ဦးခေါင်းပြုရာအရပ်၊ မျက်နှာမူရာအရပ်တွေကိုပါ သတိထားပြီး ကြည့်ရှုမှတ်သားတတ်ပေမယ့် မိုးလေးတဖွဲဖွဲရွာရွာချတတ်လို့ ကောင်းကင်ကြီးတစ်ခုလုံးညိုမှိုင်းနေတာမို့ နေထွက်ရာကို မမှန်းတတ်တော့ပါဘူး။ ဒါ့အပြင် တောင်စောင်းတောအုပ်အစပ်မှာ တည်ထားတာမို့ အရပ်လေးမျက်နှာကိုလည်း မမြင်နိုင်ဘူးလေ။

ခရီးဖော်တွေကတော့ ကျောက်ပလ္လင်ကြီးရဲ့ အောက်ဆုံးအဆင့်မှာ မြေပြင်အနည်းငယ်ကျယ်ဝန်းတာမို့ အဲဒီကနေ ဘုရားကြီးကိုအာရုံပြုပြီး ပူဇော်ကန်တော့နေကြရဲ့။ ကိုယ်ကတော့ ထုံးစံအတိုင်းပဲ ခပ်မြန်မြန်လက်အုပ်ချီကန်တော့ပြီး ဆုတောင်းဆုယူတွေမလုပ်အားဘဲ နောက်ထပ်ကျောက်နံရံအဆင့်ထွေကို ဆက်လက်တက်ခဲ့ပါတယ်။ လျှောင်းတော်မူကြီးရဲ့မျက်နှာတော်ရှေ့ကအဆင့်ကိုရောက်ခဲ့ပါပြီ။ လက်ယာဘက်ကို တံတောင်ဆစ်မှကွေးကာ လက်ဖဝါးတော်ကို မို့အုံးကျောက်သားပေါ်မှာတင်ကာ ဦးခေါင်းတော်ကို အဲဒီလက်ဖဝါးထက်မှာအပ်ရင်း စံနေတော်မူပုံဖြစ်ပါတယ်။ မျက်လွှာချရင်း ပရိနိဗ္ဗာန်စံဝင်တော်မူသွားပုံမို့ နှုတ်ခမ်းတော်တွေကလည်း အရယ်အပြုံးမရှိ ခပ်စေ့စေ့ရှိနေရဲ့။ ဒါပေမယ့် ဝေဒနာခံစားနေရဟန်မရှိဘဲ ညင်ညင်သာသာအသက်စွန့်သွားပုံရပြီး မျက်နှာတော်ဟာ အတော်အချိုးကျနတင့်တယ်လှပါတယ်။ ဆင်းတုတော်ပုံစံထုတ်သူ၊ ထုလုပ်ပုံဖော်သူတွေကို မချီးကျူးဘဲမနေနိုင်အောင်ကို အဆင်ပြေပြေနဲ့ ပြေပြစ်လှတဲ့မျက်နှာထားပါပဲ။ ဖူးမြော်သူတွေ ကြည်ညိုမှုဖြစ်ရသလို သဒ္ဓါတရားလည်း ပွားများရပါတယ်။

ခပ်ကွေးကွေးရှိနေတဲ့ မျက်ခုံးတော်နှစ်ခုအကြား နဖူးထက်မှာတော့ ဥဏ္ဏာလုံမွေးရှင်တော်သင်္ကေတအလုံးလေးရှိပါတယ်။ ဦးခေါင်းတော်အထက်မှာတော့ ဗိန္ဒုပြောက်အလုံးလေးတွေကို နဖူးတော်အစပ်ကစကာညီညီညာညာစီထားပေမယ့် အလုံးသက်သက်မဟုတ်ဘဲ ခရုခွေလို အရစ်လေးတွေလည်းပါနေရဲ့။ သင်းကျစ်တော်မပါရှိပေမယ့် ဦးခေါင်းတော်ထိပ်အထက်တည့်တည့်မှာ ဥဏှိသဆံထုံးတော်မို့မို့လေးတော့ ခပ်ရှိုးရှိုး ခပ်ရှင်းရှင်းလေးရှိနေပါတယ်။ သင်္ကန်းတော်ကိုတော့ ပခုံးနှစ်ဖက်မှာတင်ပြီး ရှေ့ဘက်ရင်ဘတ်တော်အပေါ်ကို ခပ်အိုက်အိုက်ချထားလို့ ရင်ဘတ်တော်တစ်ဝက်ပေါ်နေပေါ့။ ရင်ဘတ်တော်ပေါ်မှာတော့ မြန်မာ့ဗုဒ္ဓဘာသာ ဆင်းတုတော်တွေမှာ မပါရှိတတ်တဲ့ စကြာပုံသင်္ကေတလေးက ထင်းထင်းကြီးရှိနေရဲ့။ လက်ဝဲဘက်လက်တော်ကို ကိုယ်လုံးတော်ပေါ်မှာ အလျားလိုက်တင်ထားပါတယ်။ ခြေတော်နှစ်ဖက်ကို ဆန့်ဆန့်မတ်မတ်ထားကာ တစ်ခုပေါ်တစ်ခု ဒေါင်လိုက်တည့်တည့်ထပ်ကာစီထားလို့ ခြေဖဝါးတော်နှစ်ခုဟာ အရွယ်တူပြီး ညီညီညာညာဆင့်လျက်ပါ။ ခြေဖဝါးတော်မှာလည်း ဘာစက်လက္ခဏာမှမထွင်းထုထားပါဘူး။ ချီးကျူးစရာ အကောင်းဆုံးကတော့ ဖွေးဖွေးဖြူနေတဲ့ ဆင်းတုတော်တစ်ခုလုံးမှာ ခရီးသွားနဲ့ ဘုရားဖူးတွေ လက်ဆော့ပြီးရေးခြစ်ထားတာမျိုး ဘာတစ်ခုမှရှိမနေတာပါဘဲ။ သို့သော် တင်းတင်းကြပ်ကြပ်စောင့်ကြည့်ထိန်းကွပ်နေတဲ့ အစောင့်တွေလည်း မထားရှိဘူးလေ။



www.burmeseclassic.com1

www.burmeseclassic.com

ကောဘယ်ကားပေါ်ကအဆင်းတောင်တက်လမ်းအစမှာတော့ လျောင်းတော်မူကြီးရဲ့ မှတ်တမ်းဘုတ်ကြီးကို ဘာသာစကားသုံးမျိုးနဲ့ ရေးသားပြီး ချိတ်ဆွဲပြသ ညွှန်းဆိုထားပါတယ်။ ဗီယက်နမ်အမျိုးသားဘာသာစကား၊ နိုင်ငံတကာသုံးအင်္ဂလိပ်ဘာသာစကားနဲ့ထူးထူးခြားခြား ရုရှားဘာသာစကားအရေးအသားတွေနဲ့ ဖော်ပြထားတာပါ။ ရုတ်တရက်တော့ တရုတ်ဘာသာစကားတော့ မသုံးဘဲ ဘာလို့များ ဆိုဗီယက် ရုရှားဘာသာစကားကိုသုံးရပါလိမ့်လို့ တွေးလိုက်မိပြီးမှ တရုတ်ရဲ့လွှမ်းမိုးမှုခံရပေမယ့် ဗီယက်နမ်နိုင်ငံဟာ ရုရှားနဲ့တော့ ကျေးဇူးခံကျေးဇူးစားဖြစ်ခဲ့တာကိုးလို့ ဆင်ခြင်လိုက်မိပါတယ်။

အဲဒီခဏမှာ ကိုယ်တို့ရဲ့ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ -

"သမိုင်းကိုသင်ရတာက လူတွေကို မအအောင်လို့"

ဆိုတဲ့ နာမည်ကျော် အဆိုအမိန့်ကို ချက်ချင်းပဲသွားသတိရလိုက်မိပါတယ်။

■ **ဗီယက်နမ်လျောင်းတော်မူကြီးရဲ့သမိုင်းကြောင်း**

အဲဒီအညွှန်းဆိုင်းဘုတ်အရ ဒီလျောင်းတော်မူကြီးဖန်တီးတည်ဆောက်ဖို့ကို ၁၉၅၈ခုနှစ်ကတည်းက Thich Vinh Thomonk က အစီအစဉ်ရေးဆွဲ လုပ်ဆောင်ခဲ့ပေမယ့် တရားဝင်တည် ဆောက်မှုတွေကိုတော့ နောက်ထပ် (၄) နှစ်အကြာ ၁၉၆၂ခုနှစ်မှာမှ စတင်လုပ်ဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဆင်းတုတော်ကြီးရဲ့ အသွင်သဏ္ဌာန်ကို ဒီဇိုင်းထုတ်ပေးပြီး ထုလုပ်ရာမှာလည်း ဦးစီးပြီးစီမံလုပ်ကိုင်ကာ အကြံပေးညွှန်ကြားခဲ့သူကတော့ ထူးချွန်တဲ့အရည်အသွေးရှိတဲ့ ဗိသုကာ (Troung Dinh Y) ဖြစ်ပါတယ်။ လျောင်းတော်မူကြီးထုလုပ်တည်ဆောက်ရေးလုပ်ငန်းအရပ်ရပ်အတွက် အများစုကို ပြည်တွင်းက ဗုဒ္ဓဘာသာဝင်အပေါင်းရဲ့ လှူလအားထုတ်မှုနဲ့ ပြည်ပက ဗုဒ္ဓဘာသာဝင်သူတော်စင်အချို့ရဲ့ ပံ့ပိုးကူညီလှူဒါန်းမှုတွေကြောင့် အောင်မြင်ပြီးမြောက်ခဲ့တာပါ။ တည်ဆောက်ရေးလုပ်ငန်းတွေမှာ လိုအပ်တဲ့ ပစ္စည်းပစ္စယတွေကို တောင်အောက်ခြေကနေ တောင်ပေါ်က ဒီနေရာအရောက်ကိုတော့ လူအင်အားကိုပဲသုံးပြီးတင်ခဲ့ကြရပါတယ်။

၁၉၆၆ ခုနှစ်မှာတော့ လျောင်းတော်မူဆင်းတုတော်ကြီးကို ဉာဏ်တော် (၄၉) မီတာ၊ အလျားအရှည် (၁၈) မီတာ အမြင့်နဲ့ အပြီးသတ်သွားနိုင်ခဲ့ပါပြီ။ ပေနဲ့တွက်ရင်တော့ ဉာဏ်တော်ဟာ အလျား (၄၉ × ၃. ၂၈၀၈ = ၁၆၀. ၇၅၉၂) (၁၆၁) ပေနီးပါးနဲ့ အမြင့် (၁၈ × ၃. ၂၈၀၈ = ၅၁. ၀၅၄၄) (၅၁) ပေကျော်ရှိပါတယ်။ ဉာဏ်တော်အလျားကို (၄၉) မီတာထား ရှိထုလုပ်ရတာကတော့ ဘုရားရှင်ဟာ ဗုဒ္ဓဂယာအရပ်က မဟာဗောဓိညောင်ပင်ရင်းမှာ သဗ္ဗညုတဉာဏ်တော်ကို ရရှိကာ ဘုရားအဖြစ်သို့ ပွင့်ထွန်းရောက်ရှိတော်မူခဲ့ပြီးနောက် ဗောဓိပင်ရှိရာအရပ် မဟာဗောဓိပင်ပတ်လည်ရှိ သတ္တသတ္တာဟ ခုနစ်နေရာကို လှည့်လည်ပြီး ခုနစ်ရက်၊ ခုနစ်လီ (၇ × ၇ = ၄၉ ရက်) တိုင်တိုင် ဆက်လက်တရားထိုင်တော်မူကာ အားထုတ်ခဲ့တာကို ကိုယ်စားပြုခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် ဘုရားဖြစ်တော်မူပြီးနောက်မှာလည်း ပရိနိဗ္ဗာန်စံလွန်တော်မူသည်အထိ (၄၉) နှစ်တိုင်တိုင် မဇ္ဈိမဒေသတစ်ခွင်မှာလှည့်လည်ကာ တရားဒေသနာများဟောပြောပြသတော်မူပြီး သတ္တဝါအပေါင်းကို ကျွတ်တမ်းဝင်စေခဲ့တာကိုလည်း ကိုယ်စားပြုနေပါတယ်။

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှာတော့ ဗဟိုဗီယက်နမ်ဂင်းနစ်(the Central Vietnam Guinness)ကနေပြီး ဒီလျောင်းတော်မူဆင်းတုတော်ကြီးကို ဗီယက်နမ်နိုင်ငံမှာ ဉာဏ်တော်အရှည်လျားဆုံးဆင်းတုတော်ကြီးအဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခဲ့ကြတယ်။

၂၀၁၃ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှာလည်း အိန္ဒိယနိုင်ငံရှိ အာရှဂင်းနစ်အဖွဲ့ (the Asia Guinness Organization) ကလည်း လျောင်းတော်မူကြီးဟာ အာရှတိုက်ရဲ့တောင်တွေပေါ်မှာ တည်ထားကိုးကွယ်တဲ့ ဗုဒ္ဓစကြာမုနိဘုရားရှင် မဟာပရိနိဗ္ဗာန်စံဝင်တော်မူပုံ (the Longest Buddha Shakyamuni Statue entering Narvana) လျောင်းတော်မူဆင်းတုတော်ကြီးတွေထဲမှာ အကြီးမားဆုံးလို့ မှတ်တမ်းတင် အသိအမှတ်ပြုခဲ့ပြန်ပါတယ်။ အဲဒီအခါများမှာတော့ ထောင်သောင်းချီတဲ့ ဗီယက်နမ်ပြည်တွင်းနဲ့ ပြည်ပက ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ၊ ဘုန်းတော်ကြီးတွေနဲ့ ကမ္ဘာလှည့်ခရီးသည်တွေဟာ ဒီတောင်ကို ရောက်ရှိလာကြပြီး သက်န်းကပ်ပွဲမှာ ပူးပေါင်းပါဝင်ဆင်နွှဲကြပါတော့တယ်။

လပြက္ခဒိန် (Lunar Calendar) လူနာနှစ်အရ အချိန်ကာလအားဖြင့် သုံးနှစ်ကြာတဲ့ ဖေဖော်ဝါရီလ ၈ ရက်နေ့ရောက်တိုင်းမှာတော့ ဒီလျောင်းတော်မူကြီးမှာ သင်္ကန်းတော်ဆက်ကပ်ခြင်းအခမ်းအနား (the celebration of offering clothes) ကို ဗုဒ္ဓစကြာမုနိဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ခြင်းကို အမှတ်ရစိမ့်သောငှာ ကျင်းပကြပါတယ်။

လျောင်းတော်မူကြီးကို တဝဖူးပြီးတဲ့အခါမှာတော့ ကိုယ့်ကိုစောင့်ရတာကြောင့် ခရီးမဖင့်ရအောင် ခရီးဖော်အချင်းချင်းလက်တို့ပြီး လာလမ်းအတိုင်းပြန်ဆင်းလာခဲ့ကြပါတယ်။ ဒီလိုခြေကျင်တက်ရတဲ့ တောင်တက်တောင်ဆင်း၊ ကျောက်လှေကားနဲ့ တောလမ်းလေးကို မတက်ရောက်နိုင်သူတွေကတော့ ကေဘယ်ကားရဲ့အထက်စခန်းမှာပဲ စောင့်နေရစ်ကြလို့ သူတို့နဲ့ အဲဒီမှာဆုံကြပါတယ်။ ခရီးအတူလာသူတွေမှာ အသက် (၇၀) ကျော်တွေ၊ အသက်(၅၀)ကျော်ပေမယ့် ဒူးမကောင်းသူ၊ အမြင့်မတက်နိုင်သူတွေ ဒီစခန်းအဆင့်မှာပဲကျန်ရစ်ခဲ့ကြရတယ်လေ။ သူတို့ကို လျောင်းတော်မူကြီးဘယ်လောက်ကြီးကြောင်း၊ ဘယ်လိုသပ္ပာယ်ကြောင်းတွေပြန်ပြောပြရင်း ရိုက်ယူလာခဲ့တဲ့ပုံတော်တွေကို ပြန်ပြကြပါတယ်။ သူတို့အတွက် ဖူးခွင့်မရခဲ့တာကို စိတ်မကောင်းလည်းဖြစ်မိရပါတယ်။ ကိုယ်လည်း မကြာခင်နှစ်အနည်းငယ်အတွင်းမှာ အဲဒီဘဝကိုရောက်ရတော့မှာမို့ကြိုတင်ပြင်ဆင်ထားရမယ်လို့ သတိရလိုက်မိရဲ့။ တစ်ချိန်တည်းမှာပဲ ဘုရားရှင်ကိုယ်တော်တိုင်မှမလွန်ဆန်နိုင်တဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေကို ခုလေးတင်ဖူးမြော်ခဲ့တဲ့မဟာပရိနိဗ္ဗာန်စံဝင်တော်မူပုံလျောင်းတော်မူကြီးက တရားပြနေပေါ့။

အဲဒီကေဘယ်ကားအထက်ဂိတ်နားမှာပဲ စားသောက်ခန်းမကျယ်ကြီးရှိလို့ နေ့လယ်စာထမင်းကို စားလိုက်ကြတယ်။ ဗီယက်နမ်ခရီးတစ်လျှောက်မှာ အဆင်အပြေဆုံးထမင်းဝိုင်းပါပဲ။ ဗီယက်နမ်အစားအစာတွေဟာ ကိုယ်တို့မြန်မာတွေအတွက် အတော်အဆင်ပြေပါတယ်။ တရုတ်ဟင်းတွေနဲ့တူပေမယ့် ပိုစားကောင်းပြီး မြန်မာ့လျှာနဲ့လည်း အဆင်ပြေလှတယ်။ သုံးလေးရက်ခရီးအတူနှင်ခဲ့ရပြီမို့ ခရီးသည်အချင်းချင်းလည်း ရင်းနှီးခင်မင်နေကြလို့ မိသားစုထမင်းဝိုင်းလိုပါပဲ။ ဘယ်ဟင်းလေးကကောင်းတယ်ဘာလေး ထည့်စားကြည့်ဦးလို့ အချင်းချင်းခင်မင်



www.burmeseclassic.com

www.burmeseclassic.com

စွာ သတင်းပို့နေကြပါတယ်။

ဒီတောင်စောင်းက စားသောက်ခန်းမရဲ့အောက်ထပ်မှာတော့ အိမ်သာ ရေချိုးခန်းနဲ့ ဈေးဆိုင်လေးတွေရှိပါတယ်။ လမ်းဘေး ကျန်းမာရေးအပေါ့အပါးသွားတဲ့နေရာတွေမှာရေးထားတဲ့ ကျား-မ သတိပေးစာတွေကိုလည်း မျက်စိယဉ်လာလို့ အလွယ်တကူ ကိစ္စကြီးငယ်ဖြေရှင်းနိုင်သွားပါပြီ။ (Nam) က အမျိုးသားများ (Men) အတွက်ဖြစ်ပြီး (Nu) က (Women) အမျိုးသမီးတွေကို ရည်ညွှန်းပါတယ်။ ဈေးဆိုင်လေးတွေမှာ ပုလဲပုတီး၊ ကျောက်ပုတီးလေးတွေ၊ ဗီယက်နမ်ယပ်တောင်လေးတွေနဲ့ အမှတ်တရပစ္စည်းတွေရောင်းလို့ ကိုယ်တို့မြန်မာအဖွဲ့က ဝယ်ယူအားပေးနေကြပြန်ရဲ့။ ထမင်းစားပြီးလို့တောင်အောက်ပြန်အဆင်းမှာတော့ အမျိုးသမီးခရီးသွားအတော်များများဟာ လည်ဆွဲပုတီးရောင်စုံနဲ့ အလှတိုးနေကြပေါ့။

ကေဘယ်ကားနဲ့ပြန်ဆင်းလာပြီး တောင်အောက်ခြေက ဈေးတန်းလေးအရောက်မှာတော့ ဆေးကုလားမအသေးထုပ်ကလေးဝယ်လိုက်ပါတယ်။ ဗီယက်နမ်ငွေ ဒေါင် (၆)သောင်း၊ မြန်မာငွေ (၃)ထောင်ကျော်ပေးရတယ်။ ဒေါင်တစ်သိန်းတန်ဗီယက်နမ်ငွေထုတ်ပေးလိုက်တော့ ပြန်အမ်းဖို့ငွေ သူတို့နိုက်နေတုန်း ဒေါင်(၄)သောင်းခွဲဆိုတဲ့မြွေပခြုပ်လိုအဖုံးပါပြီး ကြိမ်နဲ့ထိုးထားတဲ့တောင်းလေးကိုတွေ့လို့ ဒေါင်ငါးထောင်လျှော့ရင်ဝယ်မယ်လို့ ဈေးဆစ်လိုက်တော့ ပေးတာနဲ့ ပြန်အမ်းငွေမယူတော့ဘဲ ပခြုပ်လေးပိုက်ပြီး ဆိုင်ကထွက်လာခဲ့ပေါ့။ ကိုယ်က လက်မှုပစ္စည်းလေးတွေကြိုက်တယ်လေ။

အိမ်ပြန်ရောက်လို့ ဆေးကုလားမအတုံးလေး (၃)၊ (၄) ခုလောက်ကိုပဲ ရေစိမ်ပြီး တစ်ညအိပ်လောက်ထားလိုက်တော့ လူဆယ်ယောက်လောက်သောက်လို့ရအောင်ကိုပွားများလာလို့ ဝယ်ခဲ့တာတန်တယ်လို့ကျေနပ်သွားပါတယ်။အမှုန်အမွှား၊ အမှိုက်သရိုက်ဘာမှမပါဘဲ သန့်စင်နေအောင်လုပ်ထားလို့ အလုပ်ထပ်မရှုပ်ဘဲ သန့်သန့်ရှင်းရှင်း အေးအေးဆေးဆေးသောက်လို့ရတယ်။ အသိတစ်ယောက်ကတော့ အဲဒီဆေးကုလားမကိုပဲ ငှက်သိုက်နဲ့ ရောရောင်းပြီး ငှက်သိုက်ကိုပွားလာအောင်လုပ်တဲ့ အလိမ်အညာတွေလည်း ရှိသေးတယ်လို့ပြောဖူးတယ်။ ဆေးကုလားမဆိုတာ သစ်ပင်တွေရဲ့ အစေးကနေ ထုတ်လုပ်ထားတဲ့ ကော်တစ်မျိုးဖြစ်ပြီး အအေးနဲ့ဖျော်ရည်တွေမှာ ထည့်သွင်းသုံးတတ်ကြပါတယ်။ မြန်မာတွေက ဆေးကုလားမဆိုရင်ဆီးအတွက် ကောင်းတယ်လို့ ယုံကြည်ပြီး ကျောက်ကျော၊ မန်ကျည်းဖျော်ရည်တွေမှာထည့်သွင်းကာ သောက်သုံးကြတယ်။ (Gum tragacanth) လို့လည်း ခေါ်ကြလေရဲ့။

ကေဘယ်ကားစခန်းက ဆေးကုလားမမှုရင်းဆိုင်မှာတော့ ထုတ်လုပ်ပုံအဆင့်ဆင့်ကိုပါ ဓာတ်ပုံတွေနဲ့ ပြသထားပါတယ်။အလုပ်သမလေးတွေက ရော်ဘာပင်အစေးခြစ်သလိုခြစ်ပြီး ဆေးကုလားမထုတ်ယူနေတဲ့ဓာတ်ပုံတွေ၊ စက်ရုံပုံတွေလည်းတွေ့ရပေမယ့် အညွှန်းစာတွေက အင်္ဂလိပ်စာလုံးတွေကို အသတ်လေးတွေ၊ အတက်လေးတွေဆက်ပြီးရေးထားတဲ့ ဗီယက်နမ်စာမို့ မဖတ်တတ်ခဲ့ပါဘူး။ ဒီဒေသဒီနေရာရဲ့ဂုဏ်ယူဖွယ်ဒေသထွက်ကုန်တစ်မျိုးဖြစ်မယ် ထင်ပါရဲ့။

ညနေစောင်းမှာ ဟိုချီမင်းစီးတီးကိုပြန်လည်ရောက်ရှိလာပါပြီ။ မြို့အဝင်မှာ ကားလမ်းတွေပိတ်နေလို့ အချိန်အတော်ကြာအောင် လမ်းပေါ်မှာစောင့်ခဲ့ရပါတယ်။ ပုံမှန်အားဖြင့်တော့ ဗီယက်နမ်မှာ ကားလမ်းပိတ်တာ သိပ်မတွေ့ခဲ့ရပါဘူး။ ၂၀၀၆ ခုကနေ ၂၀၁၁ ခုအတွင်း ဂျပန်နည်းပညာအကူအညီနဲ့ ဆေးဂုံမြစ်အောက်ကနေဖောက်ဝင်တဲ့လိုဏ်ခေါင်းလမ်းကနေ မြို့ထဲဝင်ခဲ့ပါတယ်။ လိုဏ်ခေါင်းလမ်းဆိုပေမယ့် ဘယ်လိုများမြေအောက်ငုပ်လျှိုးဝင်ခဲ့တယ်ဆိုတာစောင့်ကြည့်ရင်းနဲ့ကိုမသိလိုက်ပါဘူး။ ကောင်းလိုက်တဲ့နည်းပညာတွေ။ ဒီလိုနည်းသစ်နည်းဆန်းတွေသုံးလိုက်တော့ သွားလာရတဲ့ခရီးတွေ ပိုတိုပြီးပိုလွယ်ခဲ့ရတာပေါ့။ ဥရောပခရီးစဉ်တုန်းကလည်း ကျောက်တောင်ကြီးတွေကို ကိုယ်တို့ဆီမှာလိုကွေ့ပတ်ပြီး ခေါက်တုံ့ခေါက်ပြန်တက်မနေရဘဲ လိုဏ်ခေါင်းတွေအသွားအပြန်ဖောက်ပြီး လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေခဲ့တာကို တွေ့ခဲ့ရဖူးပါတယ်။

မြို့ထဲအဝင်မှာ စတော့အိတ်ချိန်းအဆောက်အအုံကြီးကိုလည်းတွေ့လိုက်ရတယ်။

ဆေးဂုံစင်တာ (Sai Gon Center) အဆောက်အအုံကြီးအနားမှာ ကားကြီးကိုရပ်နားကာ ခရီးသွားတွေကိုချပေးလို့ဆင်းပြီး ဈေးဝယ်ရင်း လေ့လာဖို့လုပ်ကြရပါတယ်။ ဆေးဂုံစင်တာက ပုံကျဈေးဖြစ်တဲ့ညဈေးထက် ဆိုင်တွေပိုစုံ၊ ပိုများပြီး ပိုအဆင့်မြင့်သပ်ရပ်ကာ သားနားပေမယ့် ဈေးတော့အနည်းငယ်ပိုကြီးပါသတဲ့။ ယင်းရဲ့လမ်းကူးသွားရင်ရောက်တဲ့ မျက်နှာချင်းဆိုင်မှာတော့ အလွန်ခံ့ညားထည်ဝါလှပတဲ့ တာကာရှီးမားယား (Taka shimaya) ကုန်တိုက်ကြီးရှိပါတယ်။ အဲဒီမှာတော့ အမှတ်တံဆိပ်ကောင်းကောင်း ဈေးကြီးကြီး တမ္ဘာကျော်ကုမ္ပဏီကြီးတွေရဲ့ ပစ္စည်းတွေကိုသာရောင်းတာမို့ ရောက်တုန်းရောက်ခိုက် ဝင်ရောက်လေ့လာ (အဆင့်မြင့်မြင့်ဝင်ပြီး အထူးသန့်ရှင်းကောင်းမွန်တဲ့ အိမ်သာတွေမှာ အပေါ့အပါးကာပြန်ထွက်ခဲ့ပြီး) ဆေးဂုံစင်တာမှာသာ ဈေးတွေမေးမြန်း ဆစ်ဆွဲပြီး မြန်မာပီပီ တဝကြီးဝယ်လိုက်ကြပါတယ်။ တာကာရှီးမားယားကုန်တိုက်ကြီးအဝင်နားမှာတော့ ပင်လယ်ရေအောက်က ရေနဂါးတွေ၊ ပုလဲထွက်တဲ့မုတ်ခွံတွေ၊ ရေမှော်၊ ရေနေငါးရောင်စုံတွေစီးမျောနေသလို တကယ့်ရေအောက်ရောက်နေသည့်အလား လှုပ်ရှားနေအောင် ပြင်ဆင်ထားတဲ့ ဆိုင်ခန်းတစ်ခုရဲ့မျက်နှာစာဟာ အတော့်ကိုလှလို့ ဓာတ်ပုံတွေလည်းရိုက်ခဲ့ကြပါသေးတယ်။

ဗီယက်နမ်နိုင်ငံဟာ ကွန်မြူနစ်စနစ်နဲ့ ဆက်လက်ချီတက်နေတဲ့နိုင်ငံဖြစ်ပေမယ့် ဗုဒ္ဓဘာသာကိုလည်း လွတ်လပ်စွာကိုးကွယ်ခွင့်ပေးထားပါတယ်။ ကိုယ်တို့ရန်ကုန်မြို့ မရမ်းကုန်း ရွှေဂယ်တော်စေတီအနီးက ထေရဝါဒဗုဒ္ဓတက္ကသိုလ်မှာလည်း ဗီယက်နမ်ကကြွရောက်လာပြီး ဗုဒ္ဓစာပေတွေသင်ယူနေတဲ့ ရဟန်းငယ်လေးတွေနဲ့ သီလရှင်လေးတွေရှိပါတယ်။

ဗီယက်နမ်ဦးပဉ္စင်းလေးတွေဟာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်မှာတော့ ဘုရားပန်းတွေအလှဆင်တဲ့အခါမှာ အတော့်ကို ထူးချွန်ကြတာကိုလည်း ထူးထူးခြားခြားသတိပြုမိပါတယ်။ ဗီယက်နမ်ဗုဒ္ဓဘာသာဟာ တရုတ်ပြည်မကြီးကတစ်ဆင့် ပြန့်ပွားရောက်ရှိရတာမို့ မဟာယာန ဗုဒ္ဓဘာသာအယူအဆလွှမ်းမိုးပေမယ့် ထေရဝါဒဗုဒ္ဓဘာသာဝင်တွေလည်း ဗီယက်နမ်မှာရှိနေပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီကနေ့ဖူးမြော်ခဲ့ရတဲ့ တာ့ကူတောင်စောင်းထက်က လျောင်းတော်မူကျောက်သားဆင်းတုတော်ကြီးဟာ ကျောက်တောင်ကြီးကိုထွင်းထုထားတာမို့ ဗုဒ္ဓသာသနာတော်ဟာလည်း ဗီယက်နမ်မှာ ကျောက်စိုင်ကျောက်သားလို ခိုင်မာမြဲမြံစွာတည်ရှိနေမှာပါလို့ယုံကြည်မိပါတယ်။

[illegible]

(မဟာဝိဇ္ဇာ၊ ရှေး-သု)




www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

# နေပြည်တော် လယ်ဝေးမြို့နယ် အေလာက ဂိုဏ်းထောက်ကျောင်းဆရာတော်ကြီး

■ ဓမ္မမိတ်ဆွေများ


သူတော်ချင်းချင်းသတင်းလွှဲ့လွှဲ့ ပေါင်းဖက်တွေ့ ဆိုတဲ့ စကားလိုပါပဲ။ ကျွန်တော် မိုးကုတ်ကနေပြီး နေပြည်တော်ကြီးကိုရောက်တဲ့အခါမှာတော့ ဝါသနာတူရာ ဓမ္မမိတ်ဆွေတွေကို တွေ့လာရပါတယ်။

ဦးစွာတွေ့ရတာက ယခင်ပြန်ကပြေးကနေ ယခု အောင်ဇမ္ဗူရပ်ကွက်အဖြစ် ပြောင်းလဲခဲ့တဲ့ အောင်ဇမ္ဗူအလယ်ပိုင်းရပ်ထဲက မိဘမေတ္တာ ဦးတင်ထွန်းပါ။

ဦးတင်ထွန်းနဲ့ ကျွန်တော်ဟာ လက်တွဲညီညီ ဦးစွာ ကန်းနေတဲ့ မှန်ကျောင်းလမ်းကိုပြုပြင်ဖောက်လုပ်ခဲ့ကြတယ်။ ကျောက်ခင်းလမ်းကနေ ယခု နိုင်ငံတော်ရဲ့ ပံ့ပိုးမှုနဲ့ ကတ္တရာလမ်းတောင်ဖြစ်သွားခဲ့ပါပြီ။ အောင်ဇမ္ဗူလမ်းလို့ ကျွန်တော်ကနာမည်ပေးထားတယ်။ နေ့စဉ် ဘုရားသွားကျောင်းတက်လုပ်ကြတယ်။ ဒါနတွေပြုကြတယ်။ သီလတွေဆောက်တည်ကြတယ်။ ခုထိတိုင်အောင်လည်း မျက်စိနှစ်လုံးပွင့်တာနဲ့ နံနက်စောစောမှာ ဘုရားတကာ ကျောင်းတကာလှည့်လည်ပြီး လှူဒါန်းကာ ကုသိုလ်ယူနေဆဲပါ။

နောက်တစ်ဦးက ဦးအောင်မြင့်ပါ။ အသက် (၈၂) နှစ်ရှိပါပြီ။ ဦးမွတ်တားရဲ့ဦးလေးပါ။ ဦးအောင်မြင့်နဲ့ကျတော့ ဘာသာရေးနဲ့ဆက်နွှယ်တဲ့စကားတွေ၊ ဓမ္မရေးရာအဖြာဖြာတွေ ပြောဆိုဖြစ်တယ်။ ဦးအောင်မြင့်က သူကြိုက်တဲ့စာတွေကို အလွတ်ကျက်မှတ်ထားလေတော့ ဓမ္မပီတိဖြစ်ရပါတယ်။ ပါဠိပါဌ်သားလေးတွေနဲ့ပြောလေ့ရှိတော့ ဓမ္မကထိကလူပုဂ္ဂိုလ်တစ်ဦးလို့ ဆိုနိုင်ပါတယ်။

ဒီလို ဓမ္မနဲ့ဆက်နွှယ်တဲ့စကားဆိုတာကလည်း လူတွေအနေနဲ့ နားမထောင်ကြပါဘူး။ ဓမ္မစကားစလိုက်တာနဲ့ အနားမှာရှိတဲ့လူတွေ ထပြေးကုန်ကြတာထုံးစံ



ကျောင်းဝင်းအတွင်းမှ ပြုပြင်မွမ်းမံထားသော ပျူခေတ်စေတီနှစ်ဆူ



ကျောင်းဝင်းထဲမှ ရပ်ပွားတော်ကြီး



ဂိုဏ်းထောက်ဆရာတော်ကြီး ဦး[illegible]ဝိဒ




www.burmeseclassic.com1

www.burmeseclassic.com



ဂိုဏ်းထောက်ကျောင်းအဝင်မုခ်ဦး



ဆရာတော်ကြီး သီတင်းသုံးသော တိုက်ကျောင်း



ဂိုဏ်းထောက်ကျောင်းအဝင်မုခ်ဦး



ဆရာတော်ကြီးထံမှ ဆွမ်းအနုမောဒနာတရား နာကြားနေကြစဉ်

ပါ။ ဒီတော့ သစ်ဆိမ့်ပင်အဝိုင်းက စကားဝိုင်းမှာ ဓမ္မအကြောင်းပြောပြီဆိုလို့ကတော့ သူနဲ့ ကျွန်တော်သာ ကျန်ရစ်စမြဲပါ။ ဒီတစ်ခါ ဆွေးနွေးလို့ ပိုကောင်းပါတယ်။

နောက်တစ်ဦးက ကျွန်တော်တို့ အောင်ဇမ္ဗူရပ်ကွက်ကြီးရဲ့တောင်ဘက် ပျဉ်းမနားတောင်ညိုလမ်းမကြီးရဲ့တောင်ဘက်မှာတည်ရှိတဲ့ နာမည်ကျော် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးက ရောဂါဗေဒပါရဂူ ဒေါက်တာ ဇော်ရဲအောင်ပါ။ အသက်အားဖြင့် (၃၀)ကျော်ကျော်ရှိပါသေးတယ်။ ဒေါက်တာကတော်က တောင်ငူမြို့ ဝါဝါဝင်းရွှေဆိုင်ရဲ့ တစ်ဦးတည်းသောသမီး မသီရိဇော်ပါ။ သူတို့နှစ်ဦးစလုံး တောင်ငူဇာတိတွေပါ။မိသားစုနှစ်ခုစလုံး ဘာသာရေးအလေးထားတဲ့ မိသားစုတွေဖြစ်တာ တွေ့ရပါတယ်။

နေ့လယ်ပိုင်း၊ ညနေပိုင်းတွေမှာ ဒေါက်တာဇော်ရဲအောင်ဟာ သူ့ကားလေးနဲ့လာခေါ်လေ့ရှိပြီး တစ်ဆိုင်ဆိုင်မှာကျွေးမွေးကာ ဝိပဿနာတရားများ ဆွေးနွေးလေ့ရှိပါတယ်။ ပြီးတော့ ခေတ်အဆက်ဆက် ရဟန္တာပုဂ္ဂိုလ်ထူးအကြောင်းတွေကိုလည်း ဆွေးနွေးပြောဆိုလေ့ရှိပါတယ်။ လောကအကြောင်းထက် ဓမ္မအကြောင်းကိုသာ အမြဲဆွေးနွေးလေ့ရှိတာပါ။ကိုယ်တိုင်လည်း ဝိပဿနာကို ကျင့်ကြံကြိုးကုတ်အားထုတ်နေတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

ဒါကြောင့် ဒေါက်တာဇော်ရဲအောင်ဟာ ဝိပဿနာတရားပွားများအားထုတ်တော်မူကြတဲ့ ဆရာတော်ကြီးများကိုသာ ဆည်းကပ်ကိုးကွယ်တာတွေ့ရပြီး အဲဒီဆရာတော်ကြီးတွေကို ဝိပဿနာဆိုင်ရာကိစ္စများကိုသာ လျှောက်ထားမေးမြန်းတာကိုလည်း အမြဲတွေ့ရပါတယ်။ အဲဒါကြောင့်လည်း ဆရာတော်ကြီးတွေက ဒေါက်တာကို သာဓုခေါ်ကြပါတယ်။

နေပြည်တော်ဟိုတယ်ဇုန်မှာရှိတဲ့ ညီအစ်ကိုတောရဆရာတော်ဆီကိုလည်း ဒေါက်တာနဲ့ မကြာမကြာဆွမ်းစတာတွေ လှူရင်းရောက်ပါတယ်။ ညီအစ်ကိုတောရဆရာတော်အနေနဲ့ မနက်(၈)နာရီကျော်ကျော်မှာ ကျောင်းတံခါးဖွင့်ပေးပြီး ဆွမ်းစသည်အလှူခံပါတယ်။ လူတွေကို အချိန်အနည်းငယ်ဖူးမြော်ခံပြီး ကျောင်းတံခါးပြန်ပိတ်တာပါ။ စကားမပြောဘူး၊ တရားမဟောဘူးလို့ ဆိုရမှာပါ။ သို့သော်လည်း ဆရာတော်ပြုစုတဲ့ ဓမ္မစာစဉ်တွေကို အခမဲ့ဖြန့်ဝေပေးပါတယ်။ မဟာဗောဓိမြိုင်ဆရာတော်ကြီးနဲ့ဆောင်ရွက်ပုံတူပါတယ်။ မဟာဗောဓိမြိုင်ဆရာတော်ကြီးလည်း လူတွေအတွက် ဓမ္မစာစဉ်တွေ ရေးပေးလေ့ရှိတာပါပဲ။ ပါးစပ်နဲ့ မဟောဘဲ စာနဲ့ဟောခြင်းပါ။




www.burmeseclassic.com1

www.burmeseclassic.com



ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးနေစဉ် အမှတ်တရ



ဒေါက်တာဇနီးမောင်နှံနှင့် ကျွန်ုပ် ဆရာတော်ကြီးအား ဆွမ်းဆက်ကပ်နေစဉ်

ရုံဖန်ရံခါ ဒေါက်တာဇနီးမောင်နှံ [illegible] ကျွန်တော်ရယ် အညာဒေသမှာရှိ [illegible] ရဟန္တာလို့ကျော်ကြားတဲ့ဆရာတော် [illegible]တွေဆီ အဖူးမြော်ရောက်ဖြစ်ပါ [illegible] အောက်ဘက်ရန်ကုန်ဝန်းကျင်ရှိ [illegible] သာသနာ့တရားပွားများကျင့်ကြံတော်မူ [illegible]တဲ့ဆရာတော်များထံလည်း အဖူး [illegible]ရောက်ကြပါတယ်။ သူတို့ဇနီးမောင် [illegible] ယောက်စလုံးဟာ တူညီတဲ့စိတ်ရှိ [illegible]လည်း ကုသိုလ်ကောင်းတယ်လို့ [illegible]ပါပဲ။ ဒီလိုအတွဲညီဖို့ဆိုတာက [illegible] အရှားသားကလားဗျ။ သူတို့နှစ် [illegible]လုံးက ကျွန်တော့်ကိုအဘအဘ [illegible]ကြလို့လည်း ကျေးဇူးအထူး [illegible] မေတ္တာပို့ရပါတယ်။

## ■ [illegible]မြို့က ဂိုဏ်းထောက်ကျောင်း

"အဘ၊ အေလာဂိုဏ်းထောက်ကျောင်းကို ရောက်ဖူးလား"

"အေလာတော့ မရောက်ဖူးဘူး။ သာဝတ္ထိက တောင်သုံးလုံးဇေတဝန်ကျောင်းတိုက်တို့၊ ရသေ့တောင်တို့၊ စမဘောင်တို့တော့ ကိုတင်ထွန်းနဲ့ မကြာမကြာရောက်ဖူးတယ်။

"ဒါက အဲဒါတွေနဲ့မတူဘူးဗျ။ အဲဒီ ဂိုဏ်းထောက်ကျောင်းဆရာတော်ကြီးက သက်တော် (၉၈) နှစ်ရှိပြီ။ ရဟန္တာလို့ ကျော်ကြားတယ်။ သွားရောက်ဖူးမြော်သူတွေရှိကြတယ်။ သက်တော် (၉၈)နှစ်ပေမယ့် ဆရာတော်ကြီးက သတိတစ်ချက်မလွတ်ဘူးဗျ။ နားတော့နည်းနည်းလေးတယ်။ အော်ပြောမှကြားရတယ်"

"အသက်ကြီးပြီပဲ ဆရာရယ်။ ဒီလောက်ကတော့ရှိမှာပေါ့"

"ကျွန်တော်ကတော့ (၃) ရက် (၁) ကြိမ်လောက် ဆရာတော်ကြီးကို အားဆေးသွားသွားထိုးပေးပြီး ကုသိုလ်ယူလေ့ရှိတယ်။ အဲဒါ အဘလိုက်မလား လိုက်ချင်လာခေါ်မလို့"

"လိုက်မှာပေါ့ ဆရာရယ်။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဆိုတာ ဖူးရခဲတယ်ဗျ"

"ဒါဆို နက်ဖြန်ညနေ ကျွန်တော်ဖုန်းဆက်လိုက်မယ်။ အဘက အဘတို့ ဓမ္မာရုံကွေ့မှာ ထွက်စောင့်နေပါ။ ကျွန်တော်လာခေါ်ပါ့မယ်"

လို့ ဆိုပါတယ်။

မရောက်ဘူးသေးတဲ့အေလာမြို့က ဂိုဏ်းထောက်ကျောင်းဆရာတော်ကြီးကို ဖူးတွေ့ရဖို့အကြောင်းကဖန်လာပြီဖြစ်ပါတယ်။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်တွေ့ဆိုတာ ဒါပါပဲ။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေ ဖူးတွေ့ဖို့ အခွင့်အရေးဆိုတာ လွယ်မှတ်လို့။ ဘဝရေစက်အကြောင်းတွေ ကြောင်းအကျိုးဖြစ်ပေါ်လာရခြင်းပါ။

## ■ ထေရုပ္ပတ္တိအကျဉ်း

နောက်နေ့မှာတော့ ဒေါက်တာဇော်ရဲအောင်နဲ့ကျွန်တော် ဂိုဏ်းထောက်ကျောင်းတည်ရှိရာ · အေလာမြို့ကို ဒေါက်တာရဲ့ကားနဲ့ လာခဲ့ကြပါတယ်။ လေဆိပ်လမ်းမကြီးအတိုင်း မောင်းလာရင် ပြည်တွင်းလေဆိပ်အဝင်ဝကိုရောက်ပါတယ်။ အဲဒီကနေအပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်ဝကို ဖြတ်ကျော်အပြီးမှာတော့ ဖျဉ်းမနားမြို့ရှောင်လမ်းမကြီးကို ရောက်ပါတယ်။ မြို့ရှောင်လမ်းမကြီးကနေ မြောက်ဘက်ကို နည်းနည်းမောင်းလိုက်ရင် လမ်းမကြီးရဲ့အနောက်ဘက်မှာ အေလာပါ။ ပထမတွေ့တဲ့လမ်းကနေ အနောက်ဘက်လမ်းအတိုင်းလိုက်သွားရင် .ဂိုဏ်းထောက်ကျောင်းအဝင်မုခ်ဦးကို တွေ့ရမှာပါ။ ဆရာတော်ကြီးကတော့ တိုက်ကျောင်းငယ်လေးမှာ သီတင်းသုံးပါတယ်။


ဒေါက်တာဇော်ရဲအောင်က ခုတင်ညောင်စောင်းပေါ်မှာ လဲလျောင်းနေတဲ့ဆရာတော်ကြီးနဲ့ကျွန်တော့်ကို မိတ်ဆက်လျှောက်ထားပေးပါတယ်။ စာရေးဆရာဖြစ်တဲ့အကြောင်း၊ သုရဥ္စမဂ္ဂဇင်းကြီးမှာ အမြဲရေးပါကြောင်း၊ ဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိကို သုရဥ္စအတွက် ရေးလိုပါကြောင်းကို လျှောက်ထားပါတယ်။

အဲဒီမှာ ဆရာတော်ကြီးက ရေးခွင့်ပြုပါကြောင်းပြောကြားပြီး ထေရုပ္ပတ္တိအကျဉ်းကို ပြောပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဓေတီတော်ကျောက်စာ

ဆရာတော်ကြီးကို ပျဉ်းမနားမြို့နယ် ဆီးဖြူပင်ရွာ အဘ ဦးထွန်းမြတ်၊ အမိဒေါ်ရွှေသုံးတို့မှ မြန်မာနှစ် ၁၂၈၁ခု၊ တဆုန်လဆန်း ၇ ရက် တနင်္လာနေ့ နံနက် (၈) နာရီမှာ မွေးဖွားသန့်စင်တော်မူပြီး ငယ်နာမည် မောင်ကျော်ဇောလို့ မှည့်ခေါ်ပါတယ်။ ခရစ်သက္ကရာဇ်အနေနဲ့ ၁၉၁၉ခု၊ မေလ ၅ ရက်၊ တနင်္လာနေ့ဖြစ်ကြောင်း နှစ် (၁၀၀) ပြက္ခဒိန်မှာ တွေ့ရပါတယ်။

ဆီးဖြူပင်ရွာဟာ ပျဉ်းမနားမြို့ရဲ့ အရှေ့တောင်ဘက်ကျပြီး အစွန်ဆုံးကျတဲ့ရွာလေးပါ။ ပေါင်းလောင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းရိုးမတောင်တန်းကြီးရဲ့ အခြေမှာတည်ရှိပါတယ်။ အရှေ့ရိုးမတောင်တန်းကြီးကို အထင်အရှားမြင်တွေ့နေရပါတယ်။

ဦးထွန်းမြတ်နဲ့ ဒေါ်ရွှေသုံးတို့မှာ သားသမီး (၆)ယောက်မွေးဖွားပြီး ဆရာတော်လောင်းလျာက တတိယမြောက်ဖြစ်ပါတယ်။ မောင်ကျော်ဇော (၁၅)နှစ်သားအရွယ်မှာ ဆီးဖြူပင်ကျောင်းဆရာတော်ကိုဥပဇ္ဈာယ်ပြုကာ သာမဏေဘဝကို ရောက်ရှိပါတယ်။ ရှင်သာမဏေဘွဲ့တော်က ရှင်ကောဝိဒပါ။ သက်တော် (၁၆) နှစ်မှာတော့ တပ်ကုန်းမြို့က ညောင်လွန့်တောရကျောင်းဆရာတော်ထံမှာ ဗုဒ္ဓစာပေတွေရဲ့အခြေခံဖြစ်တဲ့ သဒ္ဒါ သဂြိုဟ်ဝိနည်းစာပေတွေကို စတင်သင်ကြားခွင့်ရပါတယ်။ အဲဒီနောက်မှာတော့ ညောင်လွန့်တောရကျောင်းမှာပဲဆက်ပြီး သီတင်းသုံးဖြစ်သလို ဗုဒ္ဓစာပေတွေ ဆက်လက်ပြီး သင်ကြားခွင့်ရတာပါပဲ။

၁၃၀၁ ခုနှစ်မှာ သက်တော်(၂၀) အရောက် ညောင်လွန့်တောရဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းဘဝရောက်ရှိခဲ့ပါတယ်။ ရဟန်းဘဝရောက်ပြီးနောက် ပါဠိတော်အဋ္ဌကထာဋီကာကျမ်းတွေကို (၄)ဝါတိုင်တိုင် ဆက်လက်သင်ကြားခဲ့ပါတယ်။ အဲဒီအချိန်တွေမှာပဲ မြန်မာနိုင်ငံတော်ကို ဒုတိယကမ္ဘာစစ်မီးကြီးကူးစက်လာပါတော့တယ်။ အင်္ဂလိပ်ကို ဂျပန်ကဝင်တိုက်ကာ မြန်မာနိုင်ငံကို ဂျပန်က သိမ်းပိုက်လိုက်ပါတယ်။ အဲဒီအချိန်ကို လူတွေက ခေတ်ပျက်တယ်လို့ ခေါ်ကြပါတယ်။

အဲဒီလိုခေတ်ပျက်တဲ့အချိန်မှာပဲ ရဟန်းတော်ဦးကောဝိဒဟာ အေလာမြို့က ဂိုဏ်းထောက်ကျောင်းကိုရောက်ရှိခဲ့ပါတယ်။ ဂိုဏ်းထောက်ကျောင်းဆိုတာက ဘုန်းကြီးကျောင်းပေမယ့် ဗုဒ္ဓစာပေတွေသင်တဲ့ကျောင်းမဟုတ်ပါဘူး။ အင်္ဂလိပ်ခေတ်မှာ (၉)တန်းစတ္တင်နရီနော်မန်ကျောင်းပါ။ (၉)တန်းအောင်ရင် ဆရာဖြစ်လက်မှတ်ရပါတယ်။ ကျောင်းဆရာလုပ်စားလို့ရပါတယ်။

(အင်္ဂလိပ်ခေတ်မှာ ဦးစော (ဂဠုန်ဦးစော) နန်းရင်းဝန်ဖြစ်လာတော့ ပျဉ်းမနားမြို့နယ် ပြန်ကပြေးရွာ ကြားကျောင်းဆရာတော်ဦးနန္ဒက ဦးစောနဲ့ အကျွမ်းတဝင်ရှိပါတယ်။ အဲဒီမှာ ဦးနန္ဒက အေလာမြို့ ဂိုဏ်းထောက်ကျောင်းက နော်မန်ကျောင်းကို ကြားကျောင်းမှာ ပြောင်းရွှေ့ဖွင့်လှစ်ပေးဖို့ တောင်းတဲ့အခါမှာ နန်းရင်းဝန်ဦးစော ဆောင်ရွက်ပေးတာကြောင့် အေလာမြို့က နော်မန်ကျောင်းဟာ ကြားကျောင်းကို ရောက်ရှိခဲ့ပါတယ်။ စာသင်နှစ်ထပ်ကျောင်းဆောင်ကြီးလည်း ဆောက်လုပ်ပေးခဲ့ပါတယ်။ နော်မန်ကျောင်းဟာ ပြန်ကပြေးမှာ နှစ်အတန်ကြာဖွင့်လှစ်ခဲ့ပြီး ကျောင်းဆရာပေါင်းများစွာကို မွေးထုတ်ပေးခဲ့ပါတယ်။ ပိုက်ဆံရှိသားသမီးတွေနေကြခဲ့တဲ့ကျောင်းပါ။ အဲဒီနော်မန်ကျောင်းဟာ ဂျပန်ဝင်လာတာနဲ့ အပြီးတိုင် ပျက်စီးသွားခဲ့ပါတော့တယ်။ ရှေးက နော်မန်ကျောင်းထွက်တွေ ပြန်ကပြေးမှာ အများအပြားရှိခဲ့ဖူးပါတယ်။

(အေလာမြို့ဆိုတာ မြို့သေးလေးပါ။ မီးရထားလမ်းသာရှိပြီး ကားလမ်းအနေနဲ့ အဲဒီခေတ်က ကျောက်ခင်းလမ်းကြမ်းပဲရှိခဲ့တာပါ။ အခုတော့ သာဝတ္ထိကစပြီး ပျဉ်းမနားအထွက်အထိ မြို့ရှောင်လမ်းမကြီးဖောက်လုပ်လိုက်တာကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်နေပါပြီ။)

ဦးကောဝိဒ အေလာမြို့ ဂိုဏ်းထောက်ကျောင်းရောက်ပြီး မကြာမီအချိန်မှာပဲ ဂိုဏ်းထောက်ကျောင်းဆရာတော်ကြီး ပျံလွန်တော်မူပါတယ်။ အဲဒီမှာ လက်ထောက်ဘုန်းတော်ကြီးက ကျောင်းထိုင်ပါတယ်။ တစ်ခွဲလမှာ



www.burmeseclassic.com1

www.burmeseclassic.com

ဘုန်းကြီးပျံပွဲတော်လုပ်ပါတယ်။ ဘုန်းကြီးပျံပွဲပြီးတာနဲ့ ဦးကောဝိဒဟာ ပခုက္ကူကို စာသင်သွားချင်ကြောင်း ဆရာတော်ဆီ လျှောက်ပါတယ်။

အဲဒီမှာ ဆရာတော်က ခေတ်အခြေအနေက ကောင်းတာမဟုတ်ဘူး။ အန္တရာယ်အလွန်များတယ်။ မောင်ပဉ္စင်း စာတွေဘယ်အထိသင်ခဲ့ဖူးသလဲလို့မေးပါတယ်။ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်းနဲ့ ပါဠိတော်အဋ္ဌကထာဋီကာတွေ (၅)နှစ်သင်ခဲ့ဖူးပါကြောင်းလျှောက်တဲ့အခါ အခြေခံစာပေတွေ သင်အံခဲ့ဖူးတာပဲ မဆိုးပါဘူး။ အခုချိန်မှာတော့ တိုင်းပြည်အခြေအနေမကောင်းတာမို့ မသွားပါနဲ့ဦး။ ဂျပန်တွေကို အင်္ဂလိပ်က ပြန်တိုက်တဲ့အခါ စစ်ဖြစ်ဦးမှာ အသေအချာပဲ။ အဲဒီလိုစစ်ဖြစ်ရင် မောင်ပဉ္စင်း တစ်နယ်တစ်ကျေးမှာ ဒုက္ခရောက်နေပါဦးမယ်။ တိုင်းပြည်ဗရုတ်ဗရက်ဖြစ်နေချိန် အဝေးမှာရောက်နေရင် ကျန်ခဲ့တဲ့ဆွေမျိုးတွေလည်း စိတ်မချဖြစ်ရမှာ အသေအချာပဲ။ အဲဒီတော့ မသွားပါနဲ့။ ကိုယ့်ဒေသမှာပဲ လောကီပညာသင်ပါလို့ ဆရာတော်က အမိန့်ရှိတာကြောင့် သွားမယ့်အစီအစဉ်ကိုဖျက်လိုက်ရပါတယ်။

ဦးပဉ္စင်းဦးကောဝိဒဟာ (၇)တန်းက စသင်ပါတယ်။ အခြေခံ (၄)တန်းက အောင်ခဲ့ပြီးသားပါ။ ၁၉၄၆ ခုနှစ်မှာ (၉) တန်းဖြေပါတယ်။ ၁၉၄၇ ခုနှစ်မှာ (၁၀) တန်းဖြေဖို့ဖောင်တင်ပြီးပေမယ့် ကိစ္စတစ်ခုပေါ်လာလို့ မအားတာနဲ့မဖြေဖြစ်ခဲ့ပါဘူး။ တိုင်းပြည်လွတ်လပ်ရေးရပြီးတဲ့အခါမှာလည်း အကြောင်းမသင့်တာကြောင့် ပခုက္ကူကိုစာသင်မသွားဖြစ်တော့ပါဘူး။

အဲဒီနောက်မှာတော့ ဦးကောဝိဒရဲ့ဆက်စီအောက်မှာပဲ ဒုတိယဆရာတော်၊ တတိယဆရာတော်တွေ ပျံလွန်တော်မူပြီး သက်တော်(၄၀)မှာ ဂိုဏ်းထောက်ကျောင်းရဲ့ ကျောင်းထိုင်ဘုန်းတော်ကြီးဖြစ်လာခဲ့ပါတယ်။

ဆရာတော်ကြီးက -

"ဒီမှာရောက်တာ (၇၃) နှစ်ရှိပါပြီ။ သေမယ့်နေ့ကို စောင့်နေရတာပေါ့ဘုရား"

လို့ အမိန့်ရှိပါတယ်။

ဒါက ဆရာတော်ကြီးရဲ့ထေရုပ္ပတ္တိ အကျဉ်းပါ။

■ ပဋိပတ်ဆိုတဲ့ကျင့်ကြံမှု

သာသနာတော်မှာ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဆိုတဲ့သာသနာတော်သုံးရပ်ရှိပါတယ်။ သာသနာ့တာဝန်ကို ထမ်းတယ်ဆိုရာမှာ ဂန္ထဓုရဖြစ်တဲ့အခြေခံ ပရိယတ္တိသင်လိုကသင် ဒါမှမဟုတ် ဝိပဿနာဓုရလို့ခေါ်တဲ့ သမထ၊ ဝိပဿနာတရားပွားများလိုက ပွားများရပါတယ်။ ဒီတာဝန်နှစ်ရပ်ဟာ ရဟန်းတော်များရဲ့ တာဝန်ပါ။ အဲဒါနဲ့ပတ်သက်လို့ ဒေါက်တာက ဆရာတော်ကိုဆက်လက်လျှောက်ရပါတယ်။

"ဆရာတော်ဘုရား၊ ပဋိပတ္တိအကျင့်ကိုဘယ်အရွယ်ကစကျင့်ပါသလဲဘုရား"

"ဘုန်းကြီး တပ်ကုန်းညောင်လွန့်တောရမှာနေစဉ် (၁၈) နှစ်သားအရွယ် သာမဏေဘဝမှာကတည်းက အာနာပါနလို့ခေါ်တဲ့ ထွက်သက်ဝင်သက်ကိုစတင်ရှုမှတ်ပါတယ်။ အဲဒီလို အာနာပါနကိုရှုတော့ကာ ဉာဏ်ကောင်းတယ်၊ စိတ်ကြည်တယ်၊ စိတ်ငြိမ်တယ်ပေါ့။ အာနာပါနကိုသာ စွဲစွဲမြဲမြဲရှုနေတော့ကာ သူက သမထပေါ့နော်။ ဒီရဲ့အေလာမြို့က ဂိုဏ်းထောက်ကျောင်းကိုရောက်ပြန်တော့လည်း လောကီစာတွေသင်နေရပေမယ့် အားချိန်နားချိန်တွေမှာ အာနာပါနကို ရှုဖြစ်ပါတယ်။ ပြီးတော့ မြတ်စွာဘုရားရဲ့ဂုဏ်တော်တွေလည်းပွားဖြစ်ပါတယ်။

အဲဒီလိုအာနာပါနတွေရှုနေတော့ မကြာမကြာ စေတီတော်တွေ ရုပ်ပွားတော်တွေ၊ နေလကြယ်တာရာတွေ မြင်မက်လေ့ရှိတယ်။ ဒါနဲ့ သတိပဋ္ဌာန်ကိုပြောင်းပြီး ရှုမှတ်ပြန်ပါတယ်။ အဲဒီလိုပြောင်းရှုမှတ်တော့ကာ နှစ်သက်ဖွယ်ဖြစ်တဲ့ စေတီရုပ်ပွားတွေ၊ နေလကြယ်တာရာတွေ မမြင်မက်တော့ပါဘူး။ ဘာတွေမြင်မက်လာသလဲဆိုတော့ လူသေတွေမြင်မက်လာပါတယ်။ မနှစ်မြို့စရာ အနိဋ္ဌာရုံတွေပေါ့။ ဒီလူသေအပုပ်ကောင်တွေကို မမြင်ချင်မတွေ့ချင်ပါဘူး။ အဲဒါကြောင့် အဲဒီအသေကောင်တွေကို မရှုမှတ်မိပါဘူး။

ကျောင်းထိုင်ဘုန်းကြီးဖြစ်ပြီး အသက် (၅၀) အရမှာတော့ အတူနေသူငယ်ချင်း ဘုန်းတော်ကြီးတစ်ပါးဟာ သွေးဒူလာဝမ်းရောဂါနဲ့ပျံတော်မူပါတယ်။ ဒါလည်း ဖြစ်ရိုးဖြစ်စဉ်မို့ အမှတ်တမဲ့ပါပဲ။

တစ်နေ့မှာတော့ မြတ်စွာဘုရားခန်းသန့်ရှင်းရေးလုပ်နေတုန်းမှာ အဲဒီပျံတော်မူသွားတဲ့ရဟန်းကို အာရုံမပြုမိပါဘဲ မျက်စိထဲထင်းထင်းကြီးပေါ်နေပါတယ်။ ငါလည်း သူ့ကို အာရုံမပြုမိပါဘဲ ဘာလို့ ဒီရဟန်းကပေါ်လာတာလဲ။ ဒါဟာ အကြောင်းမဲ့တော့ မဟုတ်တန်ရာပါဘူးဆိုပြီး သတိကပ်မိလိုက်တယ်။

ဒီရဟန်းဘာလို့သေတာလဲ။ ရုပ်နာမ်တွေဖောက်ပြန်ပျက်စီးလို့သေရတာ။ မသေချင်ဘဲသေရတာ။ သွေးဒူလာဖြစ်လို့ သေရတာ။ ငါလည်း တစ်နေ့သေရဦးမှာပဲ။ မိဘဘိုးဘွားတွေလည်း မခိုင်မြဲလို့သေခဲ့ကြပြီ ငါတို့လည်း မခိုင်မြဲကြဘူးဆိုတာ တကယ့်စိတ်ထဲမှာကွင်းကွင်းကွက်ကွက်ကြီးမြင်လာရတယ်။ တစ်နေ့မှာ ငါလည်းမြေကြီးလက်ခတ်မလွဲသေရမှာပါလားဆိုတာ အသိနဲ့သတိဖြစ်မိပါတယ်။ အဲဒီလိုဖြစ်ပေါ်နေတာက သိမ်ပေါ်က ဘုရားခန်းရှေ့မှာပါ။ အဲဒီအသိဝင်တာဟာ ရှုမှတ်ခြင်းနဲ့ တရစပ်ဖြစ်ပေါ်နေခြင်းပါပဲ။ အဲဒီလိုရှုမှတ်နေမိတဲ့အခါမှာတော့ ရချင်စိတ်တွေ၊စားချင်စိတ်တွေ ဘာမှမရှိတော့ဘဲ ဒုက္ခကို ပိုင်းခြားနားလည်ခဲ့ပါတယ်။ အဲဒီရဲ့နောက်မှာတော့ ဖြစ်ခြင်း၊ ပျက်ခြင်းကို ပြောင်းလဲ ရှုမှတ်ခဲ့တာပါပဲ"

စသည်ဖြင့်ပေါ့လေ ရုပ်နာမ်မွေ့ သင်္ခါရတရားတွေကို မိနစ်အတော်ကြာ ဟောပြောပြပါတယ်။

■ သမထအစွမ်းများ

တစ်ခါဆရာတော်ကြီးထံအရောက်မှာ သမထနဲ့ ပတ်သက်လို့ ဆရာဝန်က လျှောက်ကြည့်ပါတယ်။

"အရှင်ဘုရားသမထတွေလုပ်စဉ်အခါက ထူးခြားတဲ့အသိအမြင်တွေရခဲ့ဖူးပါသလား ဘုရား"

"ဒါက ယောဂီတွေပေါ့နော်။သမထအားကောင်းလာရင် မြင်တတ်ရတတ်ကြပါတယ်။ တစ်ခါတစ်ရံ ကျောင်းကိုလာနေတဲ့လူကို ကြိုတင်မြင်နေရတတ်တယ်။ သူ့လက်ထဲမှာ ဘာကိုင်လာတယ်ဆိုတာကအစမြင်နေရတယ်ဗျ။ဘုန်းကြီးငယ်စဉ်တုန်းကဆိုရင် မကျန်းမာတဲ့လူတွေ မေတ္တာလာပြီး ခံယူကြပါတယ်။ အဲဒီမှာ ကုလို့ရနိုင်ပြီး ပြန်လည်ကျန်းမာလာမယ့်လူဆိုရင်တော့ ညောင်ရေအိုးလေးကို ထင်ထင်ရှားရှား မြင်တွေ့ရလေ့ရှိပါတယ်။ ဒါပေမယ့် ဘုန်းကြီးကတော့ သူတို့ကို ဘာမှပြောပြလေ့မရှိပါဘူး။ အတတ်နိုင်ဆုံး မေတ္တာပို့ပေးတာပါပဲ။ သမထအစွမ်းကိုပြောရရင် အများကြီးပါပဲ ဗျာ"

လို့ ပြောပြခဲ့ဖူးပါတယ်။


၂၀၀၃ခုနှစ် နိုဝင်ဘာလ အတွဲ(၁၇)အမှတ်(၁၁)

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကတော့ ရောက်တိုင်း သူသိလိုရာကို မေးမြန်းလျှောက်ထား လေ့ရှိတာ ထုံးစံပါ။ ဆရာတော်ကြီးက လည်း သတိအလွန်ကောင်းတာကြောင့် အချို့အရာတွေကို နေ့စွဲနဲ့ပါ မိန့်တော်မူ လေ့ရှိတာပါပဲ။

■ **လူအိုနံ့နဲ့သတိ**

လူဆိုတာ လူဖြစ်စေ၊ ရဟန်း ဖြစ်စေ အသက်အလွန်ကြီးလာရင် လူအို နံ့နံလေ့ရှိပါတယ်။ ပြီးတော့ သတိကင်း လွတ်ကာ အယ်လ်ဇိုင်းမားလို့ခေါ်တဲ့ သူငယ်ပြန်ရောဂါဖြစ်လေ့ရှိကြပါတယ်။ လူတိုင်းတော့ မဟုတ်ဘူးပေါ့လေ။ အများအားဖြင့် ဆိုလိုတာပါ။

ကျွန်တော့်ကို ကျွန်တော့်ညီမကြီး မခင်ထွေးက -

“အစ်ကိုလေး၊ လူဆိုတာ အိုလာ ရင် လူအိုနံ့နံတတ်တယ်၊ ကိုယ့်ကိုယ် ကိုယ်နံတယ်မထင်ပေမယ့် သူများကနံ တယ်။ အဲဒါကြောင့် အစ်ကိုလေး ရေ တစ်နေ့တစ်ကြိမ် ရေမှန်မှန်ချိုးပေး၊ အဝတ်ကို တစ်နေ့တစ်ကြိမ်လဲပေး”

လို့ ပြောဖူးပါတယ်။

ဟုတ်တယ်၊ ကိုယ့်ကိုယ်ကိုယ် တော့ နံတယ်မထင်ပါဘူး ။ သူများက တော့ နံမှာပေါ့လေ။

(၈၀) ကျော် (၉၀) ကျော် ဘိုးဘွား တွေနားကပ်ရင် သူတို့ကိုယ်ကမကောင်း တဲ့အနံ့တွေရခဲ့ဖူးပါတယ်။ အချို့ဆို ပုပ်အဲ့အဲ့အနံ့တောင်ရတယ်။ လူဆိုတာ အိုလာရင် အနံ့အသက်တောင်မကောင်း တော့ပါလားဆိုတာကို ကိုယ်တွေ့မို့သိခဲ့ ရပါတယ်။ ဦးနှောက်ချို့ယွင်းပြီး သတိ ကင်းလွတ်ကာ အတိတ်မေ့နေတဲ့ သူငယ် ပြန်ရောဂါသည်တွေဆိုတာလည်း မနည်း မနောမြင်ခဲ့တွေ့ခဲ့ရဖူးပါပြီ။ ကလေး ငယ်လေးတွေလို အပေါ့အလေးမထိန်း နိုင်ကြတော့ဘူး။ ပြီးတော့ စားပြီးလည်း စားပြီးမှန်းမသိကြတော့ဘူး။ သားရင်း သမီးရင်းတောင် မမှတ်မိကြတော့တာ အများအပြားပဲ။ မြင်ဖူးတွေ့ဖူးကြပါ လိမ့်မယ်။

ဒါဟာ ဘာလဲဆိုရင် ဦးနှောက်ကို အလုပ်မခိုင်းတော့ဘဲ မေ့မေ့လျော့လျော့ နေကြလို့ပါ။ သတိအမြဲကပ်ပြီး သမထ ဝိပဿနာတရားတွေ ပွားများနေကြတဲ့ ယောဂီရဟန်းရှင်လူတွေရယ် အမြဲတမ်း တွေးခေါ် မြော်မြင်ကာ စာရေးနေကြရ တဲ့ စာရေးဆရာ၊ ဆရာမတွေရယ်။ အဲဒီ နှစ်မျိုးဟာ သတိအမြဲထားပြီး ဦးနှောက် ကို အလုပ်ပေးနေတာကြောင့် ဦးနှောက် ဟာ အမြဲရှင်သန်ပြီး သတိမမေ့ကြပါဘူး။ အသက်ဘယ်လောက်ကြီးကြီး သူငယ် ပြန်ရောဂါမဖြစ်ကြပါဘူး။ သတိကပ် ထားလို့ပါ။

ဒါပေမယ့် လူအိုနံ့ကျတော့ တယ် မလွယ်လှပါဘူး။ တစ်ကိုယ်ရေသန့်ရှင်း မှုပြုပေးနိုင်ပါမှ တော်ရုံကျတာပါ။ သက် တော် (၉၈) နှစ်ရှိပြီဖြစ်တဲ့ ဂိုဏ်းထောက် ဆရာတော်ကြီးဟာ ဆီးမနိုင်တော့တဲ့ အတွက် ဆီးပိုက်နဲ့ဆီးအိတ်ဆက်ထား ကာ ဆီးပြဿနာကို ဖြေရှင်းနေရပါ တယ်။ ဆရာတော်ကြီးဟာ ဆွမ်းစားချိန် နဲ့ ဆွမ်းစားပြီးချိန် ခေတ္တသာထိုင်လျက် သီတင်းသုံးတာပါ။ ခုတင်ညောင်စောင်း ပေါ်မှာ လဲလျောင်းရင်း သီတင်းသုံးနေရ တဲ့အခြေအနေပါ။ မှက်ခြင်ယင်မကိုက်ရ အောင် ခြင်ထောင်ချပေးထားပါတယ်။

ဒီအခါမှာ ကျွန်တော်တို့က ခြင် ထောင်ထဲဝင်ပြီး သိလိုရာကိုမေးလျှောက် ကြရတာပါ။ အဲဒီမှာ ထူးခြားတာက ဆရာတော်ကြီးထံက ဘာအနံ့မှမရခြင်း ပါပဲ။ တကယ်ဆို ဆီးပိုက်နဲ့နေရတာ ကြောင့် အနံ့တစ်စုံတစ်ရာထွက်စရာ အကြောင်းရှိသော်လည်း ဘာအနံ့မှမထွက် ဘဲ ရှိနေတာဟာလည်း ထူးခြားမှုကြည် ညိုဖွယ်ဂုဏ်တစ်ခုလို့ ဆိုနိုင်ပါတယ်။ ဆရာတော်ကြီးဟာ ပိန်ပေမယ့် အသား အရေကြည်လင်နေပါတယ်။ စကားပြော ရင် ခေါင်းကလေးပွတ်ပြီးပြောလေ့ရှိပါ တယ်။

တစ်ခါ ဆရာဝန်က -

“ဆရာတော်ကြီးဘုရား၊ တပည့် တော်ရဲ့ ဇနီးက တောင်ငူမှာပါဘုရား။ အဲဒါ မေတ္တာပို့ပေးပါဦးဘုရား”

လို့ လျှောက်ပါတယ်။

ဆရာတော်ကြီးက ချက်ချင်းပဲ -

“ဒကာလေးရယ်၊ ဘုန်းကြီးမေတ္တာ ပို့ရုံမကဘူး။ အင်္ဂုလိမာလသုတ်ပါရွတ် ပေးနေပါတယ်ဗျာ။ ဘာမှမပူပါနဲ့၊ အန္တ ရာယ်ကင်းပါတယ်”

လို့ အမိန့်ရှိပါတယ်။

အဲဒီအခါ ဆရာဝန်က ပြုံးနေပါ တယ်။ ဘာလို့လဲဆိုတော့ သူ့ဇနီးမှာ ကိုယ်ဝန်ရှိနေကြောင်း မေတ္တာနဲ့စောင့် ရှောက်ပေးပါလို့ တစ်ခါလျှောက်ခဲ့ဖူးပါ တယ်။ ဒါကို ဆရာတော်ကြီးအနေနဲ့ မမေ့မလျော့ရှိနေကြောင်းကို ပြန်လည် မိန့်ကြားတာပါ။ ဘယ်လောက် အံ့သြဖို့ ကောင်းပါသလဲ။ (ဒီဆောင်းပါးရေးနေ ချိန်မှာ မသီရိဇော်မွေးဖွားပြီးစီးကြောင်း၊ မိခင်ရောကလေးပါ ကျန်းမာကြောင်းသိ ရပါတယ်။ သမီးလေးမွေးတာပါ) ဆရာ တော်ကြီးဟာ သတိအလွန်ကောင်းကြောင်း သက်သေအများအပြားရှိနေပါတယ်။

အဲဒါတွေက ရှေတော်လှန်ရေးအစိုးရ လက်ထက် သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကို မော်ဘီမှာစလုပ် စဉ်ကစပြီး သံဃာ့ဝန်ဆောင်မှုတာဝန် များကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအစိုးရ လက်ထက်အထိ တာဝန်အသီးသီးကျရာ နေရာက ထမ်းရွက်ခဲ့ပုံတွေကို ခုနှစ် သက္ကရာဇ်နဲ့ အသေးစိတ်ပြောပြနိုင်ခြင်း ပါပဲ။ အတူပူးတွဲလုပ်ခဲ့တဲ့ဆရာတော်ကြီး များရဲ့ဘွဲ့အမည်တွေပါဖြစ်စဉ်အကြောင်း အရာတွေနဲ့ ပြောပြခဲ့ခြင်းပါ။

ဆရာတော်ကြီးဆီကို နာမည်ကြီး ဆရာတော်ကြီးများ၊ နိုင်ငံတော်ခေါင်း ဆောင်ပုဂ္ဂိုလ်ကြီးများပါ လာရောက် ကန်တော့ကြကြောင်းလည်းသိရပါတယ်။ ဂိုဏ်းထောက်ကျောင်းဝင်းထဲမှာ ပျူခေတ် ကတည်ခဲ့တဲ့ ရှေးဟောင်းစေတီတော် တွေရှိပါတယ်။ နိုင်ငံတော်အကြီးအကဲ များက ပြုပြင်မွမ်းမံလှူဒါန်းထားပါတယ်။ အလျဉ်းသင့်ပါက ပျူခေတ်ကဘုရား များအကြောင်းကို တင်ပြနိုင်အောင် ကြိုးစားပါဦးမယ်။

နေပြည်တော် လယ်ဝေးမြို့နယ် အေလာမြို့က ဂိုဏ်းထောက်ကျောင်း ဆရာတော်ကြီးဟာ ၂၀၁၇ မှာ (၉၈) နှစ် ဝါတော် (၇၈) ဝါရှိပါပြီ။ ပူဇာစပူဇနေ ယျာနံ့ဧတံမင်္ဂလမုတ္တမံလို့ မြတ်စွာဘုရား က မင်္ဂလသုတ်မှာ ပူဇော်ထိုက်သူကို ပူဇော်ရမယ်လို့ ဟောထားတာကြောင့် မင်္ဂလာတရားတော်နဲ့လျော်ညီစွာ အများ ပြည်သူများဖူးမြော်ပူဇော်နိုင်စေဖို့ နေပြည် တော် ဇမ္ဗူသီရိမြို့ ဇမ္ဗူသီရိအထူးကု ဆေးရုံကြီးမှ ရောဂါဗေဒပါရဂူ ဒေါက်တာ ဇော်ရဲအောင်နဲ့ ဇနီး မသီရိဇော်(ဝါဝါဝင်း ရွှေဆိုင် တောင်ငူ) တို့က ရေးပေးပါရန် တိုက်တွန်းတာကြောင့် စေတနာရှေ့ထား ကာ ရေးသား တင်ပြလိုက်ခြင်း ဖြစ်ပါ သည်။

ဒေါက်တာဇော်ရဲအောင်နှင့်ဇနီး မသီရိဇော်တို့အား အကြိမ်ကြိမ်ပို့ပေး ခြင်း၊ အသံဖမ်းပေးခြင်း၊ ဓာတ်ပုံများ ကူညီခြင်းတို့အတွက် အထူးကျေးဇူးရှိ ပါသည်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်ဝင်း



www.burmeseclassic.com1

www.burmeseclassic.com



အုံကြွယ်

# ခရီးသွားလျှင် သတိယှဉ် အမြဲပင်ရွတ်ပွား ဂါထာများ



မောင်အုံ၏ ခြေဖဝါးတွင် ဗွေပါသည်ဟုဆိုနိုင်ပါ၏။ ဝန်ထမ်းဘဝမှ ယခုအငြိမ်းစားယူထားသည့်တိုင် အကြောင်းကြောင်းကြောင့် ခရီးယာယီကများလှပါ၏။ အထက်တန်းကျောင်းသားဘဝမှာပင် အအားမနေ၊ သူငယ်ချင်းများနှင့် ကျောင်းပိတ်ရက်များတွင် လေးခွတစ်လက်စီဖြင့် တောလည်ထွက်တတ်သလို ထိုစဉ်ကာလတွင် ကားလမ်းမရှိသေးသည့် ရှင်မတောင်သို့လည်း ခြေကျင်သွားခဲ့ကြသည်။ ယုတ်စွအဆုံး ရွာနီးချုပ်စပ်များမှ ဆိုင်းသံဗုံသံကြားလျှင်ပင် ခြေထောက်ကအလိုလိုလှုပ်နေမိသည်။ တက္ကသိုလ်သို့ ရောက်ပြန်တော့လည်း ခြေကျင်တောင်တက်အသင်းနှင့်လိုက်ပါတတ်သလို နွေရာသီ အသုံးလုံးလုပ်အားပေးကိုလည်း တစ်နှစ်မပျက် လိုက်ပါလေ့ရှိသည်။ ကျောင်းပြီး၍ အလုပ်ထဲဝင်ပြန်တော့လည်း နယ်တကာလှည့်လည်သွားလာရသည့်စာရင်းစစ်ဘဝဖြင့် မြို့တကာ၊ နယ်တကာရောက်ခဲ့ရပြန်သည်။

တာဝန်ဖြင့် ကယားပြည်နယ်သို့ ပြောင်းရွှေ့ရပြန်တော့လည်း ပြည်နယ်ရုံးအဆင့်ဦးစီးဌာနတစ်ခုတွင် ရောက်ရှိပြန်ရာ ပြည်နယ်အတွင်း မြို့နယ်၊ ကျေးရွာများသို့ ခြေကျင်တစ်လှည့်၊တုန်းကြောင်းတစ်လှည့်ဆိုသလို မရပ်မနားသွားခဲ့ရပြန်ပါသည်။ ဟော - ပင်စင်စားအငြိမ်းစားသတော့ရောက်ပြန်တော့လည်း အလုပ်အကိုင်မရှိ၊ လူပိုကြီးအဖြစ် မနေတတ်၍ သီးနှံ့ဝယ်ယူရေးကုမ္ပဏီတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ သီးနှံ့ဝယ်ယူရေးဆိုမှတော့ နယ်တကာအနှံ့ ဖိနပ်ပါးအောင်သွားရပြီပေါ့။

တော်ပြီကွာ - ငါအသက်လည်းကြီးပြီ တကယ်နားတော့မယ်ဆုံးဖြတ်ပြီးများ၍ အလုပ်ပါးသည့်အချိန် ကုမ္ပဏီထွက်ခဲ့သည်။အိမ်ကိုပြန်ရောက်တော့လည်း မနေတတ်မထိုင်တတ်ဖြစ်ရပြန်သည်။ မထူးပါဘူးဆိုပြီး စာအုပ်ဗီရိုကိုမွှေသည်။ အမယ် - ဒီစာအုပ်လေးကတော့ရဲ့မှတ်စုလေးပဲ။ ဟောင်းနွမ်းနေသော တတ်ထူဖုံးလေးနှင့် ဗလာစာအုပ်လေးပါ။ စာရွက်တွေအဝါရောင်သန်းကာ ကြွပ်ရွနေသဖြင့် သတိထားလှန်လှောရသည်။ ဟိုလွန်ခဲ့သည့်နှစ်ပေါင်း(၅၀)ကျော်ကအဘိုးမှတ်ထားခဲ့သည့် လောကီ၊ လောကုတ်ရေးရာမှတ်စုစာအုပ်လေးဖြစ်သည်။ အဘိုး ကွယ်လွန်ခဲ့သည်ပင် နှစ်ပေါင်း (၂၀)ကျော်ခဲ့ပြီ။

ကတ်ထူစာအုပ်လေးအား တရိုတသေ ဖုန်သုတ်ကာ ထန်းပလပ်ပြားထိုင်ခုံတွင် ဇိမ်ယူကာဖတ်နေမိသည်။ တိုက်တိုက်ဆိုင်ဆိုင် မှတ်စာအုပ်လေး၌ ခရီးသွားလာခြင်းနှင့် ပတ်သက်၍ သွားရန်အကြောင်း သင့်၊ မသင့်ကို မြန်မာရက်စွဲများဖြင့် မှတ်သားထားသည့် ဇယားကွက်လေးကို တွေ့ရသည်။ နှစ်ပေါင်းရှည်ကြာလှပြီဖြစ်သလို ခဲတံနှင့် ရေးမှတ်ထားခဲ့သဖြင့် မနည်းဖတ်ယူရပါသည်။ မောင်အုံမှာ မနေသာတော့ဘဲ ကိုယ်ပိုင်မှတ်စုစာအုပ်ကလေးကိုအပြေးယူကာ အဘိုးစာအုပ်ပါ မြန်မာ့ရိုးရာခရီးသွား မှတ်စရာဆောင်ပုဒ်လေးများကိုကူးယူမိပါတော့သည်။

"ဗျို့ - ဦးအုံ၊ တကုပ်ကုပ်နဲ့ဘာတွေများအလုပ်ရှုပ်နေတာလဲဗျ"

အသံပေးကာ ဝင်လာကြသောလူတစ်စုကို မောင်အုံမော့ကြည့်မိသည်။ မဆုံဖြစ်တာကြာနေကြသော ဆိုင်ကလုံအဖွဲ့သားများပင် ဖြစ်သည်။ မောင်အုံတို့တစ်တွေဆုံကာ လေကန်ကြသော ဤဂေဟာကို ကချင်တိုင်းရင်းသားကြီးဦးမရမ်ဂမ်က ရန်ကုန်မှစာပေသမားများစုဝေးရာ လေထန်ကုန်း၊ လေအန်ကုန်းများကို အားကျ၍ 'ဆိုင်ကလုံးရပ်ဝန်း' ဟု အမည်ပေးထားခဲ့ပါသည်။ ထို့ကြောင့် လေကန်ရာတွင် ပါဝင်သည့်ပုဂ္ဂိုလ်များကို ဆိုင်ကလုံးအဖွဲ့သားများဟုခေါ် ဆိုလိုက်ခြင်း ဖြစ်ပါသည်။ ယခုလည်း ငါးဦးသားဆုံကြပြန်လေပြီ။

"ဘာရယ်မဟုတ်ပါဘူးဗျာ၊ ခရီးမသွားရလို့ ပျင်းနေတာကြောင့် စာအုပ်

www.burmeseclassic.com

ဗီရိုမွှေရင်း အဘိုးမှတ်စုထဲက ခရီးထွက်နည်းလေးတွေ ကူးနေတာပါဗျာ"

"ဘယ်လို ခရီးထွက်နည်းလဲဗျ။ ကျွန်တော်တို့ကိုလည်းပြောပြစမ်းပါဦး"

မောင်အုံ့စကားအပေါ် သာသနာရေးဦးစီးမှူး (ငြိမ်း) ဦးလှသောင်းက ပြန်လည် စောဒကတက်ခဲ့သည်။

"ဒီလိုဗျ၊ မြန်မာရက်တွေကိုအခြေခံပြီး လဆန်း၊ လဆုတ်ရက်တွေမှာ ဘယ်ရက်ကိုခရီးသွားရင်တော့ ဘာတွေဖြစ်နိုင်တယ်ဖြစ်တတ်တယ်။ သွားရင်သင့်မသင့် ဆိုတာရယ်၊ အကောင်းအဆိုးရောနေတဲ့ ရက်တွေမှာဆိုရင် ချင့်ချိန်သွားလာဖို့ရယ် ဆိုတာတွေကို အကျဉ်းချုပ်မှတ်ထားတာဗျ။ ရော့ - ကျွန်တော်ကူးထားတာလေးကို ကြည့်ကြ"

မောင်အုံ့က အဘိုးမှတ်စုမှ ကူးယူထားသည့်ဇယားလေးကိုပြလိုက်သည်။

"အေးဗျ၊ ကျွန်တော်တို့ရှေးမြန်မာကြီးများရဲ့စည်းကမ်းနဲ့အတွေ့အကြုံများအရ မှတ်တမ်းတင်ခဲ့တဲ့ဘေးဘိုးတို့ရဲ့ စေတနာက မဖော်ပြနိုင်အောင် တန်ဖိုးကြီးလှပါတယ်ဗျာ"

အငြိမ်းစား ကျောင်းအုပ်ကြီး ဦးထွန်းရွှေက မှတ်ချက်ပြုသည်။

"ဒါပေမယ့်ဦးအုံ့ရယ်၊ ခရီးမသွားသင့်ဘူးဆိုတဲ့ရက်တွေမှာ မဖြစ်မနေကိစ္စမျိုးတွေကြောင့် သွားရမယ်ဆိုရင် မခက်ပေဘူးလားဗျာ"

နယ်မြေခံတပ်ရင်း (-) မှ ရုံးအုပ်ကြီး ဝင်းလှိုင်မြင့်က လူငယ်ပီပီ သူသိလိုသည်ကို အတွန့်တက်ခဲ့သည်။

"မခက်ပါဘူးလေ၊ အခက်အခဲဟူသမျှ အားလုံးလွယ်ရစေပါမယ်ဆိုသလို တို့များရဲ့ရှေးထုံးစဉ်လာတွေမှာ ဖြေဆေးတွေတစ်ပုံကြီးရှိပါတယ်။လူတစ်ယောက်ကို ချက်ချင်းဖျားနာစေဖို့ ငှက်ပျောသီးအဝစားစေပြီး ဒီအဖျားဝေဒနာပျောက်ကင်းစေဖို့ အိမ်သုံးဆားကွမ်းသီးတစ်လုံးစာလောက်လျက်ရုံနဲ့ လူကောင်းပကတိကျန်းမာစေတာ တို့များရှေးမြန်မာကြီးတွေရဲ့ဖြေဆေးတွေပဲပေါ့။ အခုလည်း ခရီးသွားဖို့ အခက်အခဲမရှိအောင်သတ်မှတ်ချက်တွေလည်းရှိပါတယ်ဗျာ။ မှတ်လို့လွယ်အောင် လင်္ကာလေးနဲ့မှတ်တမ်းတင်ထားသကွယ့်။

- *အပ်တောင်း ကျောင်းအိပ်၊*
  *စက်လက်မီးကင်၊ လင်းလျှင်ရိပ်ကြည့်၊*
  *မှည့်ပြီးဝင်ထွက်၊ သီးလျှင်ဝစား*
  *နေတားငြင်းခုံ၊ ခရီးဖုံဖုံ*
  *လုံးစုံအောင်ကြောင်းမှတ်*

လို့ ဆိုထားခဲ့တယ်။ ဒီအဆိုအမိန့်လေးနဲ့ပတ်သက်ပြီး မေတ္တာဝါဒီဟသ်ာတစာသင်တိုက်ကြီးရဲ့ဆရာတော်ဘုရားကြီး

**နေ့အလိုက်၊ အရပ်ဒေသအလိုက်၊ ဖော်ပြချက်နှင့်ရှောင်ရန်၊ ဆောင်ရန်များ**

| ဆန်း/ဆုတ်ရက် | ဖြစ်ပေါ်လာနိုင်သည့်အကျိုးသွား | ခရီးအတွက်မှတ်ချက် |
|---|---|---|
| လဆန်း ၁ ရက် | ငွေကြေးကိစ္စများအဆင်ပြေနိုင် | ကောင်း |
| လဆန်း ၂ ရက် | စိတ်သောကကြုံတွေ့ရနိုင် | မကောင်း |
| လဆန်း ၃ ရက် | ဥစ္စာပစ္စည်းများရတတ် | ကောင်း |
| လဆန်း ၄ ရက် | စိတ်ပင်ပန်း၊ လူနွမ်းဖြစ်ရတတ် | မကောင်း |
| လဆန်း ၅ ရက် | ကျန်ရစ်သူသောကရောက်တတ်၊ လူပျိုအပျိုဖြစ်ကအိမ်ထောင်ကျနိုင် | ချင့်ချိန် |
| လဆန်း ၆ ရက် | ပစ္စည်းပျောက်တတ်၊ ထိခိုက်ဒဏ်ရာရနိုင် | မကောင်း |
| လဆန်း ၇ ရက် | စိတ်ချမ်းမြေ့ဖွယ်ခရီးဖြစ်အံ့ | ကောင်း |
| လဆန်း ၈ ရက် | အန္တရာယ်ကြုံနိုင်/မမျှော်မှန်းဘဲ ဥစ္စာရွှေငွေရတတ် | ချင့်ချိန် |
| လဆန်း ၉ ရက် | ငွေကြေးများရတတ်၊ သတင်းကောင်းကြားရအံ့ | ကောင်း |
| လဆန်း ၁၀ ရက် | ငွေကြေးများရတတ်၊ သတင်းကောင်းကြားရအံ့ | ကောင်း |
| လဆန်း ၁၁ ရက် | အကြံအစည်ပျက်ပြီးဘေးအန္တရာယ်ကျနိုင် | မကောင်း |
| လဆန်း ၁၂ ရက် | ငွေကြေးကိစ္စအဆင်ပြေနိုင်/မတော်တဆဖြစ်နိုင် | ချင့်ချိန် |
| လဆန်း ၁၃ ရက် | ကိစ္စမှန်သမျှ အောင်မြင်ပြီးစီးတတ် | ကောင်း |
| လဆန်း ၁၄ ရက် | ပျော်ရွှင်ဖွယ်အတိပြီးသည့်ခရီးဖြစ်အံ့ | ကောင်း |
| လဆန်း ၁၅ ရက် | အခြွေအရံပေါ၍ပူဇော်ခံရနိုင် | ကောင်း |
| လဆုတ် ၁ ရက် | ဆန္ဒဟူသမျှပြည့်ဝစေတတ် | ကောင်း |
| လဆုတ် ၂ ရက် | ဘေးအန္တရာယ်ကျရောက်နိုင် | မကောင်း |
| လဆုတ် ၃ ရက် | ရောင်းပန်းဝယ်ပန်းလှ၍အမြတ်ရတတ် | ကောင်း |
| လဆုတ် ၄ ရက် | မိတ်ဆွေကောင်းရတတ်/အန္တရာယ်ကြုံတွေ့ရနိုင် | ချင့်ချိန် |
| လဆုတ် ၅ ရက် | ရောဂါရ၍ ပစ္စည်းဥစ္စာပျောက်တတ် | မကောင်း |
| လဆုတ် ၆ ရက် | ငွေကြေးဥစ္စာရတတ် | ကောင်း |
| လဆုတ် ၇ ရက် | ရတနာပစ္စည်းများမမျှော်လင့်ဘဲရတတ် | ကောင်း |
| လဆုတ် ၈ ရက် | ခိုးသူဘေးကြုံနိုင်ပြီး ထိခိုက်မှုဖြစ်ရတတ် | မကောင်း |
| လဆုတ် ၉ ရက် | မိတ်ဆွေကောင်းရ၍ ငွေကြေးပြည့်စုံရတတ် | ကောင်း |
| လဆုတ် ၁၀ ရက် | အချုပ်အနှောင်ကျတတ်၊ မကောင်းသတင်းကြားရနိုင် | မကောင်း |
| လဆုတ် ၁၁ ရက် | ပျောက်နေသောပစ္စည်းပြန်ရတတ် | ကောင်း |
| လဆုတ် ၁၂ ရက် | ဖျားနာပြီး သောကဖြစ်နိုင် | မကောင်း |
| လဆုတ် ၁၃ ရက် | စက်ပစ္စည်းအတွက်ငွေရကိန်းရှိနိုင် | ကောင်း |
| လဆုတ် ၁၄ ရက် | အဝတ်အထည်ရတတ်/အန္တရာယ်ကြုံတွေ့ရတတ် | ချင့်ချိန် |
| လဆုတ် ၁၅ ရက် | ရာထူးဂုဏ်သိန်မြင့်မား၍အိမ်ထောင်ဖက်တွေ့ရတတ် | ကောင်း |



www.burmeseclassic.com1

www.burmeseclassic.com

မေတ္တာဝါဒီဟသာတစာသင်တိုက်ဆရာတော်ဘုရားကြီးဘဒ္ဒန္တစန္ဒောဘာသ၏ ဗေဒင်ယားပြက္ခဒိန်

| နေ့ | နံသင့်အက္ခရာ | ပြုလုပ်ရန် | အဓိပ္ပာယ် |
|---|---|---|---|
| ၁နွေ | အပ် | တောင်း | တစ်ဦးဦးထံမှတစ်ခုခုတောင်းပါ |
| ၂လာ | ကျောင်း | အိပ် | မျက်စိမှိတ်အနည်းငယ်အိပ်ပြီးမှသွား |
| ၃ဂါ | စက် | လက်မီးကင် | မိမိလက်ကိုအပူပေးကင်ပြီးမှသွား |
| ၄ဟူး | လင်း | လျှင်ရိပ်ကြည့် | မိမိအရိပ်ကိုကြည့်ပြီးမှသွား |
| ၅တေး | မှည့် | ပြီးဝင်ထွက် | အိမ်/ခြံတံခါးဝင်လိုက်ထွက်လိုက်စတိလုပ် |
| ၆ကြာ | သီး | ပြီးလျှင်ဝစား | စားဖွယ်တစ်ခုခုအဝစားပြီးမှသွား |
| ၇နေ | နေ | ကားငြင်းခုံ | တစ်ဦးနှင့်တစ်ဦးငြင်းခုံပြီးမှသွား |

ဘဒ္ဒန္တစန္ဒောဘာသကတော့ ဗေဒင်ယားလေးနဲ့ပြုစုပြီး ပြက္ခဒိန်ထုတ်ခဲ့ဖူးပါတယ်။

ခရီးသွားရမယ့်ရက်မှာ သတ်မှတ်ချက်အရ မကောင်းတဲ့ဖော်ပြချက်ဖြစ်နေရင်တောင် ဒီ အပ်တောင်း ကျောင်းအိပ်လက်ာလေး မှာ ဖော်ပြထားတဲ့အတိုင်း ဆောင်ရွက်သွားရင် အညံ့တွေပျောက်ပြီး ကောင်းကျိုးတွေရောက်စေနိုင်တယ်လို့ဆိုထားတာမို့ အခက်အခဲမရှိ လွယ်ကူစေ၏လို့တောင် ဆိုနိုင်ပါတယ်သဗျာ"

"အေးဗျာ.ဦးအံ့ပြောမှပဲ ခရီးသွားတဲ့အခါ ဘေးရန်ကင်းကွာ ချမ်းသာပြီးမြောက် လိုရာရောက်စေမယ့် ဂါထာတစ်ပုဒ်ကို သတိရသွားတယ်ဗျ"

"ဒါဆိုရင်လည်း ဒီခရီးသွားဂါထာလေး ကျွန်တော်တို့ကိုလည်း ချီးမြှင့်ပေးစမ်းပါဦးဗျ"

ဦးလှသောင်း၏ပြောစကားတွင် ဂါထာဆိုသည့်စကားလုံးကြားလိုက်သည်နှင့် ဂါထာမန္တန်ဆိုလျှင် အလွန်ဝါသနာကြီးသော ဦးမရမ်ဂမ်က အငမ်းမရ တောင်းခံပါတော့သည်။

ဦးလှသောင်းက -

"ဒါဆိုရင်လည်း နားဆင်ကြပေတော့"

ဟု ပြောရင်း အောက်ပါအတိုင်း ဂါထာကို အနက်နှင့်တကွ ရွတ်ပွားပူဇော်ပေးခဲ့ပါသည်။

**ဘေးရန်ကင်းကွာခရီးသွားဂါထာ**

■ ဝါသာဏာ သက္ခရာစေဝ၊
တထလာ ခါဏုကဏ္ဍက။
သဗ္ဗေမဂ္ဂါ ဝိဝဇ္ဇန္တိ၊
ဂစ္ဆန္တေ လောကနာယကော။
ဧတေန သစ္စဝဇ္ဇေန
ဝမန် မေ သမိဇ္ဈတု။

**လောကနာယကော** - လောကသုံးပါး၏ ရှေ့ဆောင်လမ်းပြ အကြီးအမှူးဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ **ဂစ္ဆန္တေ** - ခရီးဒေသစာရီကြွချီလေလျှင်၊ **ပါသာဏာစေဝ** - ကျောက်သားကျောက်ခဲကျောက်လွှာတို့သည်လည်းကောင်း၊ **သက္ခရာစ** - ကျောက်တုံးကျောက်စိုင်ကျောက်စရစ်ခဲတို့သည် လည်းကောင်း၊ **တထလာစ** - အိုးခြမ်းကွဲပဲ့အမှုန်အမွှားအအေနတို့သည် လည်းကောင်း၊ **ခါဏုကဏ္ဍကာစ** - သစ်ငုတ်ခလုတ်ဆူးငြောင့်ခလောင်းတို့သည် လည်းကောင်း၊ **သဗ္ဗေ** - အလုံးစုံသောဘေးရန်အန္တရာယ်ထိခိုက်မှုတို့သည်၊ **မဂ္ဂါ** - မြတ်စွာ၏ကြွချီရာလမ်းတစ်လျှောက်တွင်၊ **ဝိဝဇ္ဇန္တိ** - ဘုန်းတော်တန်ခိုးတော်ကြောင့် ဖယ်ခွာတိမ်းရှောင်ကြရပါကုန်၏။ **ဧတေနသစ္စဝဇ္ဇေန**- ဤမှန်သော သစ္စာစကားကြောင့်၊ **မေ** - ဘုရားတပည့်တော်၏၊ **ဂမန်** - သွားလာရာ ခရီးတစ်လျှောက်တွင်၊ **သမိဇ္ဈတု** - ဘေးရန်မနှောင့်ကြောင့်ကြခြင်းပျောက်၍ လိုရာခရီးသို့ အပြီးတိုင်ရောက်ရပါစေသတည်း။ ။

"ကောင်းလိုက်တဲ့ဂါထာတော်ဗျာ၊ ကျွန်တော်တို့ ဘုရားရှင်ရဲ့ ဘုန်းတော်တန်ခိုးတော်တွေကို တိုင်တည် သစ္စာပြုရွတ်ပွားပူဇော်တဲ့ဂါထာမို့ ဘယ်မှာလာပြီး အစွမ်းမထက်ဘဲနေပါတော့မလဲဗျာ။ ကျွန်တော်ကလည်း အမြဲလက်ကိုင်ထားပြီး ရွတ်ဆိုကန်တော့နေတဲ့ ရှိခိုးဂါထာတစ်ပုဒ်ကိုလည်း ပြောပြချင်သေးတယ်ဗျ"

ဦးလှသောင်း၏ခရီးသွားဂါထာနှင့် အနက်အဓိပ္ပာယ်ကိုကြားနာရပြီးနောက် လက်နှစ်ဖက်ဖြင့် ပေါင်ကိုပုတ်ကာ ရုံးအုပ်ကြီးကိုဝင်းလှိုင်မြင့်မှလည်း အားရဝမ်းသာစွာ စကားဆိုလာခဲ့ပြန်ပါသည်။

"ဒီလိုဆိုလည်းကြားပါရစေဦးဗျာ"

ဦးမရမ်ဂမ်က ထောက်ခံအားပေးခဲ့တော့ ကိုဝင်းလှိုင်မြင့်က ဂါထာရရှိခဲ့ပုံနှင့် အကျိုးကျေးဇူးတို့ကို ပြောပြရွတ်ဆိုပူဇော်ခဲ့ပါသည်။

"ဒီဂါထာက ခုနစ်ဆူသောဘုရားရှင်တို့ကို ရှိခိုကန်တော့တဲ့ ဂါထာဗျ။ ကျွန်တော် တပ်မတော်မှာ တာဝန်ထမ်းပြီး ငယ်ချစ်ဖြစ်တဲ့ စလေမြို့သူ မသန္တာအောင်ကိုသွားပြီးလက်ထပ်တဲ့အချိန်မှာ မင်္ဂလာဦးဆွမ်းကပ်စဉ်က စလေမြို့ ရုပ်စုံကျောင်းဆရာတော်ကြီးက ချီးမြှင့်ခဲ့တာပါ။ ကျွန်တော်က စစ်သားမို့ ဘေးဥပဒ်အန္တရာယ်တွေကင်းစေဖို့ဆိုပြီး ချီးမြှင့်ခဲ့တာလေ။

**ခရီးသွား(၇)ဆူဘုရားရှိခိုးဂါထာ**

■ ကကာမေရကွာ၊ ကတံမေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ၊
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။
နမက္ကာရာ နုဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေကအန္တရာယာပိ၊
ဝိနဿန္တု အသေသတော။

"ဂါထာက ပရိတ်ကြီး (၁၁) သုတ်လာ ခန္ဓသုတ်ပရိတ်တော်ရဲ့နောက်ဆုံးအပိုဒ် ကောက်နုတ် ဖော်ပြထားတာဖြစ်ပြီး ဆုတောင်းဂါထာနဲ့တွဲထားတာလေ။ အဓိပ္ပာယ်ကတော့ ကျွန်ုပ်သည် အစောင့်အရှောက်ကိုပြုအပ်ပြီ။ ကျွန်ုပ်သည် မြတ်စွာဘုရားရှင်အားရှိခိုးပါ၏။ နှိပ်စက်တတ်သော ပုဂ္ဂိုလ်၊ သတ္တဝါတို့သည် ဖယ်ရှားဆုတ်ခွာကြပါကုန်လော့။ ကျွန်ုပ်သည် ပွင့်တော်မူပြီးသော (၇) ဆူသောဘုရားရှင်တို့အား ရှိခိုးကန်တော့ပါ၏။ ဤသို့ရှိခိုးပူဇော်ရသောကောင်းမှုအကျိုးကြောင့် သွားလေရာရာ အန္တရာယ်အပေါင်းမှ ကင်းဝေးရပါ၏အရှင်ဘုရားလို့ ဆိုထားတာပေါ့။ ဒီဂါထာကို အမြဲရွတ်ပွားနေလို့ သွားလေရာ လာလေရာမှာ ဘေးမသီရန်မခလို့ ဆိုချင်ပါတယ် ခင်ဗျာ"

ကိုဝင်းလှိုင်မြင့်က သူ၏ အတွေ့အကြုံအရ ဂါထာတန်ခိုးအကျိုးအနန္တကို အားပါးတရ ရှင်းပြခဲ့လေသည်။

"ခင်ဗျားတို့ကပြောဆိုနေကြပြီဆိုတော့ ကျွန်တော်လည်းမနေသာဘူးပေါ့ဗျာ။ ကျွန်တော်သိမှတ်ထားလေပြောရဦးမယ်လေ။ ဂါထာတော့ မဟုတ်ဘူးဗျ။ ရှေးထုံးစဉ်လာ မှတ်သားထားတဲ့ ခရီးထွက်ခွာဆင်ခြင်ဖွယ်ရာလေးတွေကို နေ့အလိုက်အရပ်ဒေသအလိုက်ဖော်ပြချက်တွေ၊ ရှောင်ရန်၊ ဆောင်ရန်လေးတွေ ဖောက်သည်ချရဦးတော့မှာပေါ့ဗျာ"

ကျောင်းအုပ်ကြီး(ငြိမ်း)ဦးထွန်းရွှေကလည်း တစ်ဘာသာ တစ်မျိုးဆန်းရှိ ဗေဒင်ယားချက်ာ ဖော်ပြခဲ့ပါသည်။

ကျွန်တော်တို့ပုပ္ပား၊ ကျောက်ပန်း



www.burmeseclassic.com1

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ဖြစ်ဟုဒ္ဒဟောကြားတော်မူခဲ့သော မင်းကျင့်တရားဆယ်ပါး

ယနေ့ ပြည်သူပြည်သားအားလုံး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး ဗဟုသုတရရှိစေရန်နှင့် မသိ သေးသောပုဂ္ဂိုလ်များလည်းသိကြစေ၊ သိပြီးသောပုဂ္ဂိုလ်များလည်း ပြန်ပြီး သတိရကြစေရန် မြန်မာပြည်ရှိတိုင်းရင်း သားများအားလုံး ကျန်းမာချမ်းသာကြ စေကြောင်း ဆုမွန်းကောင်းတောင်း၍ စာတစ်ပုဒ်ကို အများအတွက် ရေးထုတ် လိုက်ပါသည်။

■ မင်းကျင့်တရားဆယ်ပါး

၁။ **ဒါန** - ရက်ရောခြင်း၊ သဒ္ဓါ တရားရှိခြင်း၊ လူအများကောင်းကျိုး အတွက် ပေးကမ်းစွန့်ကြဲခြင်း အစရှိ သည်များနှင့် ပြည့်စုံရသည်။ ခနကြေး ငွေ၊ ပစ္စည်းဥစ္စာများအပေါ် စွဲလမ်း တပ်မက်ခြင်း၊ လိုချင်တောင့်တခြင်းများ မရှိရ။

၂။ **သီလ** - မြင့်မြတ်သောအကျင့် သီလနှင့် ပြည့်စုံရသည်။ အနိမ့်ဆုံးအား ဖြင့် လူဝတ်ကြောင်တို့၏အကျင့်သိက္ခာ ဖြစ်သော ငါးပါးသီလကို လုံခြုံစွာစောင့် ထိန်းရမည်။

၃။ **ပရိစ္စာဂ** - လူအများကောင်း ကျိုးအတွက် မိမိ၏နာမည်ကောင်းမှု၊ ကျော်ကြားမှု၊ အသက်စွန့်လွှတ်နိုင်မှု စသည်အားဖြင့် အရာရာကိုစွန့်လွှတ်နိုင် ရမည်။

၄။ **အဇ္ဇဝ** - အများပြည်သူတို့အား လိမ်လည်လှည့်ဖြားခြင်း၊ မျက်နှာလိုက် ခြင်း၊ မမှန်မကန်ဆုံးဖြတ်ခြင်းများ၊ စိုးရိမ် ကြောက်လန့်စေခြင်းများ မရှိစေရဘဲ အများပြည်သူတို့အပေါ် ရိုးသားဖြောင့် မတ်ခြင်း၊ တော်တည့်မှန်ကန်ခြင်း၊ ခေတနာရည်ရွယ်ချက် သန့်ရှင်းကောင်း မွန်အောင်ထားခြင်းများနှင့် ပြည့်စုံရမည်။

၅။ **မဒ္ဒဝ**-ကြင်နာသနားတတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ သင့်မြတ်ကောင်းမွန် သော၊ စိတ်နေသဘောထားများနှင့် ပြည့်စုံစေရမည်။

၆။ **တပ** - ခြိုးခြံစွာနေတတ်ခြင်း၊ ရိုးသားစွာဝတ်စားနေထိုင်ဆင်ယင်ခြင်း။ မိမိကိုယ်ကိုမိမိ နှိမ့်ချခြင်းများဖြင့် ပြည့်စုံ ရသည်။ စည်းစိမ်ယစ်မူးစွာနေထိုင်မှုမျိုး ကို ရှောင်ကြဉ်ရမည်။

၇။ **အက္ကောဓ**-အမျက်ထွက်ခြင်း၊ မလိုမုန်းတီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်းများမှ ကင်း၍ မည်သူ့အပေါ် မျှ ရန်လိုမှု၊ရန်ငြိုး ဖွဲ့မှုများမရှိစေရ။

၈။ **အဝိဟိံသ** - ညှဉ်းဆဲနှိပ်စက်မှု မပြုခြင်း၊ အများပြည်သူကို အန္တရာယ် မဖြစ်စေခြင်းများနှင့် ပြည့်စုံရမည်။ စစ် မက်ဘက်ပြိုင်မှုများ၊ အကြမ်းဖက်မှုများ သတ်ဖြတ်မှုများမဖြစ်ပွားစေရန်အတွက် ကာကွယ်တားမြစ်ရှောင်ရှားလျှင် ငြိမ်းချမ်း ရေးကို ထူထောင်တည်ဆောက်ရမည်။

၉။ **ခန္တီ**- စိတ်ရှည်ခြင်း၊ သည်းညည်း ခံခြင်း၊ နားလည်မှုရှိခြင်းများနှင့် ပြည့်စုံရ သည်။ အခက်အခဲများ၊ ဒုက္ခဆင်းရဲခြင်း များနှင့် မထီမဲ့မြင်ပြုမှု၊ စော်ကားရန်စမှု များကို အမျက်ဒေါသမထွက်ဘဲ ရင်ဆိုင် ရမည်။ သည်းခံနိုင်ရမည်။

၁၀။ **အဝိရောဓ**-လူအများ၏ဆန္ဒ သဘောထားများ၊ လူအများအတွက် အကျိုးရှိစေမည့်လုပ်ငန်းဆောင်တာများ ကို မပိတ်ပင်မတားဆီးရ။ မဆန့်ကျင်ရ။ တိုင်းသူပြည်သားလူအများနှင့်သဘော တူညီစွာ အုပ်ချုပ်ရမည်။

မင်းနှင့်ပြည်သူညီညွတ်မှ
မသူတော်များပျောက်ကွယ်သွား

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

တောင်းအရပ်တွေမှာ အစဉ်အလာသုံးစွဲ လာတဲ့ ရှေးထုံးစဉ်လာမှတ်သားဖွယ်ရာ ဓလေ့လေးတွေပေါ့ဗျာ။ ခေတ်ကာလကို လိုက်ပြီး အခုတော့ အသုံးပြုမှုနည်းလာ ကြပြီလို့ဆိုရမှာပါ။ ဒါပေမယ့် ကျွန်တော် တို့ရှေးမြန်မာကြီးများရဲ့ အတွေ့အကြုံ ဓာတ်တွေ၊ နတ်တွေနဲ့ဆက်စပ်နေတာမို့ မပျောက်မပျက်အောင် ထိန်းသိမ်းဖို့က နှောင်းလူတွေရဲ့တာဝန်လို့ ယူဆတာ ကြောင့် လူစုံတုန်း ဒီဆိုင်ကလုံးရပ်ဝန်းမှာ တင်ပြလိုက်ရတာပါပဲဗျာ"

"ဒါကလည်း တစ်နည်းမှတ်သား ဖွယ်တွေပေါ့။ ကျွန်တော်တို့လို မကြား ဘူး၊ မကြုံဘူးတဲ့သူတွေအဖို့တော့ တန်ဖိုး မဖြတ်နိုင်တဲ့ မြန်မာ့ရိုးရာဓလေ့ချစ်စရာ အမွေအနှစ်တွေလို့ဆိုလိုက်ပါရစေဗျာ"

ဦးမရမ်ကမ်း၏သဘောကျနှစ်ခြိုက် စွာ အဆိုတင်သွင်းလာမှုအပေါ် အားလုံး က ခေါင်းတညိတ်ညိတ်ဖြင့် အသံတိတ် တညီတညွတ် ထောက်ခံခဲ့ကြပါတော့ သည်။

အံ့ကြွယ်

**နေ့အလိုက်၊ အရပ်ဒေသအလိုက် ရှောင်ရန်၊ ဆောင်ရန်များ**

| နေ့ | အရပ်ဒေသအလိုက်တွေ့ကြုံရနိုင်သည့်အကျိုးတရား | | | | ယတြာပြု၍ ဆောင်ရွက်ရန် |
|---|---|---|---|---|---|
| | အရှေ့ | အနောက် | တောင် | မြောက် | |
| ၁ နွေ | လာဘ်ရအံ့ | ဘေးရန်တွေ့အံ့ | ကောင်းစားအံ့ | စားသောက်ရအံ့ | နံ့သာလိမ်း၍သွား |
| ၂လာ | ဘေးသင့်အံ့ | ကြင်သူတွေ့ရအံ့ | လာဘ်ရအံ့ | ပြည့်စုံအံ့ | ဆောင့်ကြောင့်ထိုင်ပြီးမှသွား |
| ၃ဂါ | စကားများရအံ့ | ပညာရအံ့ | ဆန္ဒပြည့်အံ့ | ဘေးတွေ့ရအံ့ | နတ်စင်မှာပန်းလှူ |
| ၄ဟူး | စကားကောင်းကြားရ | အန္တရာယ်ကြုံအံ့ | စားသောက်အံ့ | ဖျားနာအံ့ | လက်ဝါးထုံးပွတ်၍သွား |
| ၅တေး | မိတ်ဆွေကောင်းတွေ့အံ့ | ဆန္ဒပြည့်စုံအံ့ | ဘေးသင့်အံ့ | လာဘ်ရအံ့ | အရှေ့အရပ် ရှိခိုးပြီးသွား |
| ၆ကြာ | လာဘ်ရအံ့ | စားသောက်ရအံ့ | လိုတိုင်းပြည့်အံ့ | ကောင်းစားအံ့ | အနောက်အရပ်ပန်းကြ |
| ၇နေ | ရန်သင့်အံ့ | ဘေးရန်များအံ့ | စားသောက်ရအံ့ | လာဘ်ရအံ့ | အထက်အရပ်ရှိ စူဠာမဏိစေတီရည်[illegible]ရှိခိုး |



www.burmeseclassic.com1

www.burmeseclassic.com

မောင်ပွင့်ဘုကျော်(မောရ)

# ကရင်ပြည်နယ်မှ ထင်ရှားသော ဘုရားစေတီ မြို့ရွာဒေသများ


မြန်မာနိုင်ငံသည် သမိုင်းကြောင်း ရှည်လျားသောနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အမျှ မြို့ရွာများ၏ သမိုင်းကြောင်းသည်လည်း စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ အချို့မြို့ရွာရာဇဝင်များက ဒဏ္ဍာရီဆန်လှသော်လည်း ပေစာ၊ ကျောက်စာ၊ ပိဋကတ်ကျမ်းဂန်စာပေ အထောက်အထားများနှင့် သမိုင်းသုတေသီတို့ တူးဖော်တွေ့ရှိသော မြေပေါ်မြေအောက်အထောက်အထားများအရ တိကျခိုင်မာသည်များလည်း ရှိပါသည်။ မိမိတို့ဇာတိမြို့ရွာနေထိုင်ရာဒေသများ၏ သမိုင်းကြောင်းနှင့် ထူးချွန်ထင်ရှားသော လူပုဂ္ဂိုလ်များကို စိတ်ဝင်စားသူများကြလိမ့်မည်ဟု ယူဆပါသည်။


■ ကရင်ပြည်နယ်

ကရင်ပြည်နယ်တွင် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်ကြီးမြို့နယ် (ဘားအံခရိုင်)၊ ဖာပွန်မြို့နယ် (ဖာပွန်ခရိုင်)၊ ကော့ကရိတ်မြို့နယ် ကြာအင်းဆိပ်ကြီးမြို့နယ် (ကော့ကရိတ်ခရိုင်) နှင့် မြဝတီမြို့နယ် (မြဝတီခရိုင်) ဟူ၍ ခရိုင် (၄) ခရိုင်၊ မြို့နယ် (၇) မြို့နယ်ရှိသည်။

■ ဘားအံမြို့

ဘားအံသည် မွန်ဘာသာအမည် 'ဘာအင်' (အသံထွက်-ဖယ်အန်း) (ဖယ်-ကျောင်း+အန်း-အင်ပင်) မှ ဆင်းသက်လာပြီး အင်ပင်ကျောင်းဟု အဓိပ္ပာယ်ရသည်။ မှတ်တမ်းတစ်စောင်တွင်မူ ရှမ်း (ယိုးဒယား) ဘာသာ 'ဖားအမ်း' (ဖား-ကျောက်၊ အမ်း - အစွန်း) မှ ဆင်းသက်





www.burmeseclassic.com1

www.burmeseclassic.com

လာပြီး ကျောက်ဆောင်အစွန်းဟု အဓိပ္ပာယ်ရကြောင်း တွေ့ရှိရသည်။


ဘားအံသည် ကိုလိုနီခေတ်ဦး ကာလက အိမ်ခြေ (၂၀၀) မျှသာရှိသော ရွာငယ်လေး ဖြစ်သည်။ ထိုရွာကလေးတွင် ရှမ်း၊ ယိုးဒယား(ထိုင်း)၊ ကရင်နှင့် တောင်သူလူမျိုးများ နေထိုင်ခဲ့သည်။ ဗြိတိသျှလက်ထက် ၁၉၀၇ ခုနှစ်တွင် ဘားအံကို မြို့ကွက်ရိုက်ကာ မြို့တည်ခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ်တွင် ဘားအံ၏မြို့သက်သည် နှစ် (၁၁၀) ရှိပြီး ဖြစ်သည်။

ဘားအံဇာတိထင်ရှားသူအချို့မှာ ဦးနာအောက်(ခရဲရွာ)၊ဦးညွန့် (ECAFE)၊ ကရင်ပြည်နယ်ဝန်ကြီး စောလုလု စသူတို့ ဖြစ်သည်။


■ ကော့ဂွန်းဂူ

ဘားအံမြို့မှ (၈) မိုင်ခန့်အကွာ သံလွင်မြစ်၏အနောက်ဘက်ကမ်းတွင် ကော့ဂွန်းဂူရှိသည်။ ထိုဂူအတွင်း၌ ပုဂံခေတ်ထက်ရှေးကျသော ဟိန္ဒူယဉ်ကျေးမှုကလက်ရာများ၊ ရှေးနှစ်ပေါင်း (၁၀၀၀ -၁၅၀၀) ခန့်က မွန်ကျောက်စာနှင့် မြေဖြင့်ပြုလုပ်ထားသည့် ခြောက်လက်မအရွယ် ဗုဒ္ဓရုပ်ပွားတော်အဆူပေါင်း (၂၀၀၀) ကျော်ကိုလည်းတွေ့ကြရသည်။


အနော်ရထာမင်းလက်ထက်တွင် မုတ္တမမိဖုရားသည် စစ်ကိုတိမ်းရှောင်ရင်း ကော့ဂွန်းဂူသို့ လာရောက်ခိုလှုံခဲ့ဖူးသည်ဟုဆိုသည်။ မိဖုရားသည် ယင်းသို့ ပုန်းအောင်းနေစဉ်အတွင်း ဗုဒ္ဓဆင်းတုတော်




ကော့ဂွန်းဂူနံရံရှိ ရွှေပေါင်းအုတ်ခွက်ဘုရားများ



ကော့ဂွန်းဂူနံရံရှိ ရွှေပေါင်းအုတ်ခွက်ဘုရားများ





ဇွဲကပင်တောင်နှင့် ဆံတော်ရှင် ဇွဲကပင်ဘုရား



www.burmeseclassic.com1

www.burmeseclassic.com

မကြာခဏဝင်ရောက်ခိုကပ်ချည်နှောင်ကြသဖြင့် မွန်တိုင်းရင်းသားတို့က တောင်ကို 'ဒိုးဂရွယ်ကပန်' (သဘော်ချည်သောတောင်)အမည်တွင်ရာမှ ဘုရားကိုလည်း 'ကျိုက်ဂရွယ်ကပန်'ဟုခေါ်လာကြသည်။ နောင်သော် ဂရွယ်ကပန်-ဂရွဲကဗန်- ဖွဲကဗန်-ဖွဲကဗင် ဟူ၍ အဆင့်ဆင့်ပြောင်းလဲလာသည်ဟုဆိုသည်။

(ဂရွဂီရိတောင်၌သီတင်းသုံးတော်မူသော သီဟကုမာရရသေ့၏ နောင်တော် တိဿကုမာရရသေ့သည် မိမိရရှိထားသော ဘုရားရှင်၏ ဆံတော်တစ်ဆူကို တောင်ထိပ်အစွန်းမှာ ဌာပနာ၍ စေတီတည်ခဲ့ရာ ယင်းစေတီမှာ ဇင်းကျိုက်ဆံတော်ရှင်စေတီ ဖြစ်ပါသည်။)

■ **ကော့ဘိန်း**


ကော့ဘိန်းသည် ရှေးမွန်ဘုရင်များလက်ထက်က မုတ္တမ (၃၂) မြို့အဝင်မြို့တစ်မြို့ဖြစ်ခဲ့ပါသည်။ ရှေးအခါက ကော့ပိန်းဟုရေးလေ့ရှိသည်။မွန်ဘာသာအမည် 'ကံဘိ' (အသံထွက် - ကော့ဘီ) မှ ဆင်းသက်လာပြီး ဥသျှစ်ပင်ကျွန်းဟု အဓိပ္ပာယ်ရသည်။ ယခုအခါ ကော့ဘိန်းသည် ကော့ကရိတ်မြို့နယ်အတွင်းမှ မွန်ရွာကြီးတစ်ရွာ ဖြစ်သည်။


ကော့ဘိန်း၏သမိုင်းကြောင်းသည် ဓမ္မသဘုရားသမိုင်းနှင့် ဆက်စပ်လျက်ရှိသည်။

ကောဇာသက္ကရာဇ် ၁၁၁ ခုတွင် မြတ်စွာဘုရားရှင်သည် ဂဝံပတိရဟန္တာ၏ ပင့်လျှောက်ချက်အရ သထုံဘုရင် တိဿဓမ္မသီဟရာဇာစံရာ ရာမညဌာနသို့ နောက်ပါသံဃာရဟန္တာ (၅၀၀) နှင့်အတူ ဒေသစာရီကြွချီတော်မူလာ၏။ ရှမ်းယွန်းတို့၏ ယောနကတိုင်း ကြင်းမိုင်းခေါ် မြို့အရပ်သို့ဆိုက်ရောက်စဉ် ဘုရားရှင်က ရှမ်းမင်းသားတစ်ကျိပ်တို့အား ဆံတော်မြတ်ဆယ်ဆူကိုပေးသနားတော်မူသည်။ သက္ကရာဇ် ၁၁၇ ခုနှစ်တွင် ဆံတော်တို့အား ပြည်သူအများ ပူဇော်နိုင်ကြစေခြင်းငှာ မြစ်ဆိပ်ကမ်းနား ထင်ရှားသောတောင်ထိပ်တစ်ခုပေါ်တွင် ဌာပနာစေတီတည်ထား၏။

ဆံတော်ဆယ်ဆူကို ဌာပနာသဖြင့် 'ကျိုက်ဒသ' (မွန်ဘာသာ ကျိုက်-ဘုရား+ပါဠိဘာသာ ဒသ-ဆယ်ခု) ဟူ၍ သမုတ်ခေါ်ဝေါ်ခဲ့ကြသည်။ ကျိုက်ဒသမှ ကျိုက်ဒမသ၊ ကျိုက်ဓမ္မသ၊ ဓမ္မသဘုရားဟူ၍ အဆင့်ဆင့်ပြောင်းလဲလာခဲ့သည်။ (ဓမ္မသဘုရားကိုအစွဲပြု၍ခေါ်သော ဓမ္မ







မြန်မာ-ကရင်နှစ်ဘာသာဖြင့်ရေးထိုးထားသည့်ဘုရင်ညီနောင်ဂုဏ်သတင်းမော်ကွန်းကျောက်စာ

သတ်ရွာသည် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်း တည်ရှိသည်။)

ရှမ်းမင်းသားဆယ်ပါးတို့သည် ဆံတော်ရှင်စေတီအား မပြတ်ဖူးမြော်ပူဇော်နိုင်ရန် ဒမသတောင်၏ မြောက်ဘက်တွင် ကောဇာသက္ကရာဇ် ၁၁၇ ၌ပင် ရာဇဌာနီ မင်းနေပြည်အဖြစ် ရတနာသာဂလမြို့ကို တည်ထောင်၏။ ယင်း ရတနာသာဂလမြို့သည်ကား ယခုအခါ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အတွင်းရှိ ကော့ဘိန်းရွာကြီးပင် ဖြစ်သည်။ ရှမ်းမင်းသားဆယ်ပါးတို့သည်




www.burmeseclassic.com1

အစဉ်အတိုင်း ထိန်းနန်းအုပ်ချုပ်မင်းလုပ်ခဲ့ကြရာ အငယ်ဆုံး ရှမ်းမင်းသား ဝဏ္ဏကုမ္မာ၏လက်ထက်၌ လူဆိုးသူခိုးတို့ ပုန်ကန်ကာသောင်းကျန်းကြသည့်အပြင် ယိုးဒယားတို့ (ကျမ်းကိုးတွင်ပါသည့်အတိုင်း) စစ်သည်အလုံးအရင်းနှင့် လာရောက်တိုက်ခိုက်သည့်အတွက် ရှမ်းမင်းဆယ်ဆက် မြို့သက်(၇၃)နှစ်တွင် ရတနာသာဂလမင်းနေပြည်ပျက်စီးလေ၏။


ရတနာသာဂလပြည်မှ မင်းဆွေစိုးမျိုးနှင့်တကွ ပြည်သူအများမှာ ယိုးဒယားဘုရင်လက်အောက်၌ မနေလိုကြ၍



ဆရာကြီးဒေါက်တာလှထွန်းနှင့် ဒေါ်အောင်ဆန်းစုကြည်



ရေပူကန်တွင် ရေချိုးနေသူများ




သာဂလမြို့ကြီးပျက်စီးသည့် သက္ကရာဇ် ၁၉၀ ပြည့်နှစ်၌ ယခု မော်လမြိုင်မြို့တည်ရာ တောင်စဉ်တောင်တန်းမြစ်ကမ်းတစ်လျှောက် အိမ်ရာဆောက်လုပ်နေထိုင်ကြသော်လည်း မြို့ရွာအမည်တစ်စုံတစ်ရာခေါ်ဆိုခြင်းမပြုဘဲနေခဲ့ကြ၏။ သို့ဖြစ်၍ ကော့ဘိန်းသည် မော်လမြိုင်မြို့ထက် သမိုင်းကြောင်းအရ ပို၍ ရှေးကျသည်ကို သိရှိရသည်။

အလောင်းမင်းတရားလက်ထက်တွင် ကော့ဘိန်း၌ မြို့သူကြီးခန့်ထားစီရင်လျက်ရှိပြီဟုဆိုသည်။ ဆင်ဖြူရှင်လက်ထက် ခန့်အပ်ခြင်းခံရသော ကော့ဘိန်းမြို့သူကြီး ကွယ်လွန်သည့်အခါတွင် သားဖြစ်သူ ဦးတသနော့က မြို့သူကြီးအဖြစ် ဆက်လက်ခန့်အပ်ခြင်းခံရသည်။ ဘိုးတော်ဘုရားလက်ထက် ၁၇၈၄၊ ဇွန် ၂၉ တွင် အသက် (၆၀) အရွယ်ရှိ မြို့သူကြီး ဦးတသနော့က ကော့ဘိန်းစစ်တမ်းကိုဆက်သွင်းခဲ့သည်။ ထိုစဉ်က ကော့ဘိန်းတွင် ကျေးရွာ(၅)ရွာသာရှိပြီး နေထိုင်သူများစွာမရှိကြောင်း သိရ သည်။

ကော့ဘိန်း(အိုးသည်ကုန်း)ဇာတိထင်ရှားသူတစ်ဦးမှာ သမိုင်းပညာရှင် ဒေါက်တာနိုင်ပန်းလှ (တိုကျိုတက္ကသိုလ် ဧည့်ပါမောက္ခ) (B.Sc.,PhD, LLD) ဖြစ်သည်။

■ **လှိုင်းဘွဲ့မြို့**

လှိုင်းဘွဲ့မြို့သည် ရှေးမွန်ဘုရင်များလက်ထက်က မုတ္တမ (၃၂) မြို့အဝင် မြို့တစ်မြို့ဖြစ်ခဲ့သည်။ သထုံ မနုရာဇာမင်းလက်ထက်တွင် လှိုင်းဘွဲ့သည် သထုံနယ်မြေအတွင်းပါဝင်ခဲ့သည်။ မွန်နယ်စား ဒလဘမ်းက အုပ်ချုပ်ခဲ့ကြောင်းဆိုပါသည်။ လှိုင်းဘွဲ့မြို့သည် မွန်ဘုရင်များလက်ထက်က စည်ပင်ထွန်းကားခဲ့ပြီး မြန်မာမင်းများလက်ထက်သို့ ကျရောက်ချိန်တွင် ပျက်စီးယိုယွင်းလျက်ရှိပြီဖြစ်သည်။ လှိုင်းဘွဲ့နှင့် တစ်မိုင်ခန့်အကွာတွင် ပန်ကရန်တုန်မြို့ဟောင်း တည်ရှိသည်။

လှိုင်းဘွဲ့ကို ယိုးဒယားသားတို့က လိုင်းပလွဲဟုခေါ်ဆိုကြသည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးတွင် လှိုင်းဘွဲ့မြို့မှာ အင်္ဂလိပ်လက်အောက်သို့ကျရောက်ခဲ့သည်။ ကိုလိုနီခေတ် ၁၉၄၃-၄၄ ခုနှစ်များတွင် သထုံခရိုင် လက်အောက်ခံဖြစ်ခဲ့သည်။ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလတွင် လှိုင်းဘွဲ့မြို့နယ် ကပ္ပလီကျေးရွာသို့



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း လာရောက် တရားဟောခဲ့ရာ ပရိသတ်အများအပြားတက်ရောက်ခဲ့သည်။

■ **သံတောင်မြို့**

သံတောင်သည် ရှေးအခါက တောင်ငူဘုရင် လက်အောက်ခံနယ်မြေဖြစ်ခဲ့သည်။ အင်္ဂလိပ် - မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့ရသော်လည်း နှစ်အတန်ကြာအောင်သိမ်းပိုက်နိုင်ခဲ့ခြင်းမရှိပေ။ ၁၉၅၉ ခုနှစ်တွင် သံတောင်မြို့နယ်အဖြစ် သပြေညွန့်၊ ဘောဂလိကြီး၊ လိပ်သို၊ ယာဒိုဒေသများနှင့်တကွ သံတောင်မြို့သစ်တို့ ပါဝင်ခဲ့သည်။

သံတောင်ကြီးသည် ထိုင်းနယ်စပ်နှင့် နီးကပ်စွာတည်ရှိသောကြောင့် ရှေးအခါက မြန်မာဘုရင်တို့ ယိုးဒယားသို့ စစ်ချီရာတွင် တပ်ချရာတပ်စခန်းမြို့ဖြစ်ခဲ့သည်။ ကရင်တိုင်းရင်းသားအများစုနေထိုင်ကြသည်။

၁၀-၃-၂၀၀၆ တွင် ပြည်ထဲရေးဝန်ကြီးဌာနက သံတောင်ကြီးမြို့နယ်ဟု သတ်မှတ်ခဲ့သည်။ တောင်ငူမှ တောင်တက်လမ်းအတိုင်း ကားဖြင့်တက်ရာတွင် သံတောင်ကလေးကို ဦးစွာရောက်ပြီးမှ သံတောင်ကြီးသို့ ရောက်သည်။

သံတောင်ဇာတိထင်ရှားသူတစ်ဦးမှာ ဦးစောဘတ္တလာ (အုန်းပင်ချောင်းရွာ) ဖြစ်သည်။

■ **ကော့ကရိတ်မြို့**

ကော့ကရိတ်သည် မွန်ဘာသာအမည် 'ကအ်ကြိတ်' (အသံထွက်-ကော့ကရိတ်) (ကော့-ကုန်း+ကရိတ်-လက်ပံပင်)မှ ဆင်းသက်လာပြီး လက်ပံပင်ကုန်းဟု အဓိပ္ပာယ်ရလေသည်။ ရှေးအခါက ကော့ကရိတ်မြို့တည်ရာဒေသမှာ လက်ပံပင်များပေါက်ရောက်ရာကုန်းမြေ ဖြစ်သည်။

ကော့ကရိတ်သည် ဒေါနတောင်၏ အနောက်ဘက်တွင်တည်ရှိပြီး မြို့ကို ဂျိုင်းမြစ်နှင့် ဟောင်သရောမြစ်တို့ ရစ်ခွေစီးဆင်းနေသည်။ ကော့ကရိတ်သည် ၁၉၁၁ ခုနှစ်တွင် ကျိုက္ခမီခရိုင်အတွင်း တည်ရှိပြီး ၁၉၅၅ ခုနှစ်တွင် ကရင်ပြည်နယ်အတွင်းတည်ရှိခဲ့သည်။

ကော့ကရိတ်ဇာတိ ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးမှာ အောင်ဆန်းသူရိယ စောမြင့် (နောင်တလာရွာ) ဖြစ်သည်။

■ **ဖာပွန်မြို့**

ဖာပွန်သည် မွန်ဘာသာအမည် 'ဘာပန်' (အသံထွက်-ဖယ်ပွန်)မှ ဆင်းသက်လာပြီး (ဖယ်-ကျောင်း+ပွန်-လေး) ကျောင်းလေးကျောင်းဟု အဓိပ္ပာယ်ရသည်။ ဖာပွန်သည် သံလွင်မြစ်၏ လက်တက်တစ်ခုဖြစ်သော ယွန်းဇလင်းချောင်း၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။

ဖာပွန်သည် ကိုလိုနီခေတ်ဦး ကာလအထိ ကျေးရွာငယ်ကလေးတစ်ရွာအဖြစ်သာတည်ရှိခဲ့သည်။တစ်စတစ်စ စည်ကားလာခဲ့ပြီး မြို့ဖြစ်လာခဲ့သည်။ ၂၀၁၁။ နိုဝင်ဘာ ၁၂ တွင် ဖာပွန်ကို ဘားအံခရိုင်အောက်ရှိ မြို့နယ်အဖြစ်မှ ထုတ်နုတ်ကာ ဖာပွန်ခရိုင်အဖြစ် ဖွဲ့စည်းခဲ့သည်။

ဖာပွန်ဇာတိ ထင်ရှားသူတစ်ဦးမှာ နိုင်ငံတော်ကောင်စီဝင် ဦးစောဒီဒူး (ဖေသာရွာ) ဖြစ်သည်။

■ **ရွှေအံတော်စေတီ**

ရွှေအံတော်စေတီသည် ဖာပွန်မြို့မှ ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်သည်။ မြတ်စွာဘုရား၏ အံတော်ဓာတ်ကို ဌာပနာပြုကာ စေတီတော်တည်ခဲ့ခြင်း ဖြစ်သည်။ ကိုလိုနီခေတ်ဦးကပင် နှစ်စဉ် တပေါင်းလပြည့်နေ့၌ ဘုရားပွဲတော်ကျင်းပလေ့ရှိခဲ့၏။

■ **မြဝတီမြို့**

မြဝတီသည် ယိုးဒယား (ထိုင်း)-မြန်မာနယ်စပ်မြို့ဖြစ်၏။ ရှေးမွန်ဘုရင်များလက်ထက်ကပင် မုတ္တမ(၃၂)မြို့အဝင် မြို့တစ်မြို့ဖြစ်ခဲ့သည်။ မူရင်း 'မုတ္တမ' မွန်ဘာသာဖြင့် 'ကွမ်ဘရဲ့ဖတိုင်'၊ 'ပဲခူး' မွန်ဘာသာ'ကွန်ဖရဲ့ဝတီ'ခေါ်၍ သဲအေးမြိုရွာဟု အဓိပ္ပာယ်ရသည်။ ယခုအခါ မွန်တစ်ဝက် မြန်မာတစ်ဝက်ဖြင့် မြပတီမှ မြဝတီဖြစ်လာသည်ဟုဆိုသည်။

ခရစ်နှစ် ၁၅၇၈ ခုနှစ်တွင် မြဝတီကို ကျူး၊ မြို့ရိုးတို့နှင့်တကွ တည်ခဲ့သည်။ မြန်မာဘုရင်များလက်ထက်ကပင် မုတ္တမမှ ယိုးဒယားသို့ ထွက်လမ်း (၅) သွယ်အနက် တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။

■ **ရွှေမြင်းဝန်စေတီ**

မြဝတီမြို့လယ်တွင် ရွှေမြင်းဝန် (ရွှေမင်းဝန်) ဘုရားကြီး တည်ရှိသည်။ ၁၇၈၆ ခုနှစ်တွင် ယိုးဒယားသို့ စစ်ချီတိုက်ခိုက်ခဲ့သူ မြင်းဝန်မင်းကြီး မဟာမင်းလှမင်းခေါင် စခန်းချစဉ် ရှေးစေတီတော်ကို ပြုပြင်ခဲ့ရာ ရွှေမြင်းဝန်စေတီဟု အမည်တွင်ခဲ့သည်။ ဆည်းလည်းစာအရ ၁၈၆၁ ခုနှစ်တွင် ထီးတော်သစ်တင်လှူခဲ့ကြသည်။ ယင်းစေတီတော်သို့ ထိုင်းလူမျိုးများ နေ့စဉ် လာရောက် ဖူးမြော်လေ့ရှိကြသည်။

■ **ကျုံဒိုးမြို့**

ကျုံဒိုးသည် မွန်ဘာသာအမည် 'ကြုင်ဒို'(အသံထွက်-ကျုံဒို) (ကျုံ-ချောင်း+ဒိုး-တောင်) မှ ဆင်းသက်လာပြီး လက်ပံပင်ကုန်းဟု အဓိပ္ပာယ်ရသည်။

ကမ္ဘာသိပညာရှင်ကြီးဖြစ်သူ လန်ဒန်တက္ကသိုလ်အငြိမ်းစားမြန်မာစာပါမောက္ခ ဆရာကြီး ဒေါက်တာလှဘေ (MA, Dip ED, PhD)(၁၉၁၃- ၂၀၀၇)သည် ကျုံဒိုးမြို့အနီး ဂျိုင်းမြစ်ကမ်း ခရဲရွာဇာတိ ဖြစ်သည်။

■ **ကြာအင်းဆိပ်ကြီး**

ကြာအင်းမှာ ရွာ၏အနောက်ဘက်၌ ပဒုမ္မာကြာပင်များပေါက်ရောက်ရာအင်းကြီးရှိသဖြင့် ကြာအင်းဟု ခေါ်ဆိုခြင်းဖြစ်၏။ ကြာအင်းနှင့် မြစ်ကမ်းနံဘေးမှ ဆိပ်ကြီးရွာတို့ ပူးပေါင်းကာ ၁၉၀၈ ခုနှစ်တွင် ကြာအင်းဆိပ်ကြီးမြို့ ဖြစ်လာခဲ့သည်။

မောင်ပွင့်ဉာဏ် (မောရ)

ကျမ်းကိုးစာရင်း


၁။ မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်။ စစ်ကဲတော်မင်းမောင်ရွှေနော်။
ရန်ကုန်မြို့ ဟံသာဝတီသတင်းစာတိုက်၊ ၁၈၉၉ ခုနှစ်။
၂။ မြန်မာပြည်တစ်ခွင်လမ်းညွှန်၊ တင်နိုင်တိုး၊ မဇ္ဈိမစာပေ၊ ၂၀၁၃-ဒီဇင်ဘာ။
၃။ မော်လမြိုင်ရာဇဝင်။ ဆရာလွှမ်း (သခင်ကိုယ်တော်မှိုင်း)၊ဇေယျာစာအုပ်တိုက်၊ ၂၀၁၅ - ဒီဇင်ဘာ ဒုတိယအကြိမ်။




www.burmeseclassic.com1

www.burmeseclassic.com

ဗဟုသုတသဘောသာ ဆိုနိုင်၏။ လူသားဘဝ တစ်ဦးနှင့်တစ်ဦး မတူနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထူးဆန်းသော လောကကြီးဝယ် သဘာဝတရား၏လျှို့ဝှက်ချက်တို့က ဖော်ထုတ်၍မကုန်နိုင်ခြင်းကြောင့်ပင်။ အတိတ်ကံနှင့်ပစ္စုပ္ပန်ကံတို့ချိတ်ဆက်မိခြင်းကား လူသားတို့ရှိကြတုန်၏။ ဆန်းပြားသောစိတ်အာရုံထူးရှိသူတို့ကား မြင်နိုင်၊ သိနိုင်၊ ကြားနိုင်သော်လည်း လက်တွေ့မြင်မှယုံမည်ဟူသောလူသားများအဖို့ ကြားဖူးနားဝဗဟုသုတသာဖြစ်ပေလိမ့်မည်။ လူသားတို့အတွက် အလွန်အရေးကြီးသည်ကဆရာသာဖြစ်၏။ ထို့ကြောင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့၏ဂုဏ်ကျေးဇူးတော်တို့က မြောက်မြားစွာရှိနေကြောင်း လူသားတိုင်းသိနေပြီးဖြစ်ပေလိမ့်မည်။

■ ထူးခြားသောဝိဇ္ဇာ

ဝိဇ္ဇာဆိုရာတွင် လူသားသက်ရှိဝိဇ္ဇာရှင်များနှင့် ရုပ်ခန္ဓာမရှိ အဆင့်မြင့်နာမ်ဓာတ်ဝိဇ္ဇာမြတ်တို့ရှိနေကြပေသည်။ ယခုတိုင် စွဲမြဲယုံကြည်ကြသော ဘားမဲ့ဆရာတော်၊ ယတ္တန်းစင်တောင်ဆရာတော်၊ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်တို့သည် သူ့အခေတ်သူ့အခါ လူသားသက်ရှိဝိဇ္ဇာများဖြစ်ကြပေသည်။

ယခု တင်ပြမည့် ဝိဇ္ဇာရှင်က မဟာမြိုင်တောဝယ် လူသိမခံ ရဟန်းအသွင်နေ ရသေ့အမည်ခံ ရှင်ပညာဒီပဝိဇ္ဇာရှင်ပင်ဖြစ်လေ၏။ ဆရာရှင်ရသေ့၏မိန့်ဆိုချက်တို့ကား -

"ဒကာငယ်၊အကြောင်းနှင့်အကျိုးတို့ရှိ၍ ငါမိန့်၏။ ခေတ်ကာလရဲ့အချိန်တစ်ခုဝယ် မြန်မာပြည်သူသားတို့ အသိနဲ့အတတ် တိုးတက်စေချင်လို့တယ်။ မြတ်သောအယူ၊ ဖြူသောနှလုံးဖြင့် အကျင့်မြတ်ဖြစ်တဲ့ သမထ၊ ဝိပဿနာကို ငါကျင့်တယ်။ ငါ့အသိနဲ့အတတ်ဟာ ငါတစ်ယောက်တည်းအတွက် မဟုတ် မြန်မာပြည်သားတို့ ဝမ်းမြောက်ဖွယ် နိမိတ်ဆောင်တဲ့ စကြာရှင်ပုဂ္ဂိုလ်မြတ်အကြောင်းပဲ ဒကာငယ်"

ရသေ့ရှင်က ထူးမြတ်သောစကားကို အဓိပ္ပာယ်ရှိစွာဆို၏။

ရသေ့ရှင်က မာန်မာနကင်းတာ အေးမြသောအရိပ်ရှိ၏။ နဝင်္ဂသီလ စောင့်၏။ အကျင့်သိက္ခာကြီးကြောင်း သိသာလှ၏။ ခေတ်သဘောကိုလိုက်မီခြင်းရှိ၏။ လူသား၏ စိတ်မနောကို ကြိုသိသည်ဟု ကျွန်တော် ယုံကြည်မိ၏။

ရသေ့ရှင်မှ -

"ဗဟုသုတမှတ်ပါ ဒကာငယ်၊ စကြာရှင်ဆိုတာ စကြာအတတ်ကို တတ်မှ စကြာရှင်လို့ခေါ်လို့ရတယ်။ ဥပမာပြရရင် ဆရာဝန်လုပ်တဲ့သူဟာ ဆရာဝန်တတ်တဲ့ ဆေးအတတ်ကိုသိရသလိုပဲပေါ့။ စကြာရှင်ဟာ ကသိုဏ်းစက်ဝန်း (၂)လုံးရှိတယ်။ ကသိုဏ်းအာရုံပေါင်းစပ်ပြီး စကြာအသွင်လည်ပတ်နှုန်းအားကောင်းတဲ့ စကြာယာဉ်ပျံကိုဖြစ်စေတယ်။ ထိုယာဉ်ပျံကို နာမ်ခန္ဓာလွင့်ခြင်းအတတ်နဲ့စီးနင်းကာ ရောက်လိုရာကိုရောက်တဲ့ဘုန်းကံရှင်ပေါ့။ ထိုပုဂ္ဂိုလ်ဟာ လျှာစက်၊ အာစက်ရှိတာကြောင့် နိမိတ်ဆောင်တဲ့အရိပ်က နောက်မှလိုက်လေ့ရှိတယ်။ လူသားသာမန်ဖြစ်ပြီး အတိတ်ရဲ့ပါရမီကြောင့် လူသားဘဝ စိတ်ခံစားမှုကို အာရုံနဲ့ လိုက်ပါခံစားနိုင်တယ်။ ထိုပုဂ္ဂိုလ်ဟာ ခေတ်ပညာတတ်တယ်။ ဝိဇ္ဇာ့ခရေ အတတ်တွေကိုသိတယ်။ ဘဝအဆက်ဆက်ပါရမီဖြည့်ခဲ့သူမို့ ဝိဇ္ဇာရှင်နဲ့ တန်ခိုးကြီးတဲ့ နတ်တွေ စောင့်ရှောက် ပညာသင်ပေးနေမှုရှိတယ်။ ဘဝတစ်ခုမှဘဝတစ်ခုအသစ်ကူးပြောင်းရာမှာ နာမ်ဖျက်တာလာသူဖြစ်

ရဲမျိုးသို

ကောင်းကင်စက်ကြိုးများနှင့် ဝိဇ္ဇာပြောသောစကြာရှင်





www.burmeseclassic.com1

www.burmeseclassic.com

# နတ်မောက်မင်းသန့်နိုင်
# ဆီးချိုရှိသူများ အနာကျက်မြန်စေရန်

ဆီးချိုရှိသူများသည် ထိမိခိုက်မိမဖြစ်အောင် အလွန်သတိထားနေထိုင်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုထိခိုက်မိသောပွန်းပဲ့ဒဏ်ရာသည် ဆီးချိုရောဂါမှ သကြားဓာတ်အချိုကြောင့် အနာခြောက်သွေ့ပျောက်ကင်းမှုမရှိဘဲ အနာထဲသို့ မလိုလားသော ရောဂါပိုးများ အလွယ်တကူဝင်ရောက်ကာ အသက်အန္တရာယ်ထိခိုက်သည်အထိဖြစ်တတ်သောကြောင့်ပင် ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဦးဝင်းစိုးမှာ ရဲတပ်ကြပ်ကြီးတစ်ဦးဖြစ်ပြီး အသက်ငါးဆယ်ကျော်စတွင် ဆီးချိုရောဂါဖြစ်ခဲ့ပါသည်။ တစ်နေ့ စစ်ဆင်ရေးလမ်းကြောင်းထွက်စဉ် ခြေဖနောင့်တွင် ဆူးငြောင့်ကြီးစူးရာမှ ဖနောင့်တွင် အနာတရဖြစ်ခဲ့ပါသည်။ ဆီးချိုရောဂါအခံရှိသဖြင့် လချီသော်လည်း ထိုအနာမပျောက်ပါ။ ဖဲဖြည်းဖြည်းနှင့် အနာမှာလိုက်စားသွားရာ လက်ညှိုးတစ်ဆစ်နှစ်ဆစ်ခန့်အထိ တွင်းနက်ကြီးဖြစ်သွားခဲ့ပါသည်။ထိုအနာခေါင်းထဲသို့ ယူဇော့ပတ်တီးစထိုးသွင်းထားပြီး လမ်းလျှောက်ရသည်။ သုံးနှစ်ခန့်ရှိသော်လည်း ထိုအနာမပျောက်ဘဲ နောက်ဆုံး၎င်းအနာနှင့်ပင် အသက်ဆုံးရှုံးခဲ့ရသည်။ သို့အတွက် ဆီးချိုရှိသူများ အနာတရရှိလျှင် အမြန်အနာကျက် ခြောက်သွေ့ပျောက်ကင်းစေရန် လိုအပ်ပါသည်။

ဆီးချိုရှိသူ၏ အနာပျောက်ကင်းမြန်စေရန်အတွက် အောက်ပါအတိုင်း ပြုလုပ်ပေးပါ။

ချဉ်ပေါင်ရွက်လက်တစ်ဆုပ်ခန့်ကို ခူးယူ ရေစင်စွာဆေး၍ ထမင်းဖြူခဲနှင့် ပတ်စာသားကျအောင်ညက်စွာကြိတ်၍ အနာပေါ် အုံပေးကပ်ပေးပါ။ တစ်နေ့ နှစ်ကြိမ်လဲကပ်ပေးပါ။ အသားနုတက်အနာကျက်၍ ပျောက်ကင်းလွယ်ပါသည်။

သို့မဟုတ် ဆိတ်ဖလူးပင်မှအရွက် လက်တစ်ဆုပ်ခန့်ခူး၍ ရေစင်စင်ဆေး၍ မီးဖိုချောင်းသုံး ရိုးရိုးဆားအနည်းငယ်ထည့်ကြိတ်၍ သတ္တုရည်ညှစ်ယူပါ။ ထိုသတ္တုရည်နှင့် ဆီးချိုရှိသူ၏အနာမှန်သမျှ တစ်နေ့ သုံးခါလိမ်းပေးပါ။ အနာအမြန်ဆုံးပျောက်ကင်းသွားပါမည်။

ထို့အတွက် ဆီးချိုရှိသူများအား အနာတရထိခိုက်ဒဏ်ရာရလျှင် အမြန်ဆုံး အနာကျက်ပျောက်ကင်းစေရန်အတွက် ရေးသား တင်ပြအပ်သည်။

နတ်မောက်မင်းသန့်နိုင်

၍ အတိတ်ဘဝကို မေ့နေတာကြောင့် အစောင့်အရှောက် ဝိဇ္ဇာရှင်တို့ ပညာသင်ရာမှာ ခက်ခဲလှပေတယ်။ သို့ပေမယ့် စကြာရှင်ပုဂ္ဂိုလ်ပေါ်မည့် နိမိတ်ထူးကရှိခဲ့တာအမှန်ပါပဲ။ ထိုစကြာရှင်ကို ဝိဇ္ဇာရှင်တွေနဲ့ ပြည်သူပြည်သားတွေဟာ မျှော်လင့်ကြတာ ယခင်ကတည်းကပဲ။ ထို လူထူး၊ လူမြတ်ဟာ ဘဝအဆက်ဆက် ပါရမီကြီးရှိခဲ့တာကြောင့် သူ့ကျေးဇူးကိုသိတဲ့တန်ခိုးရှင်တို့ စောင့်ရှောက်ပေးနေရတယ်"

ကျွန်တော့်စိတ်ဝယ် ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူသော "စကြာရှင်" စာအုပ်မှ စက်တပ်ယာဉ်ဝန်တင်အများသုံးခေါင်းစဉ်အောက်ရှိ စက် (စက္က) ၏ သဘာဝသည် လည်ပတ်မှုဖြစ်စေခြင်းပင်ဖြစ်ရာ ဓမ္မစက်ရှိစက်သည် လည်းကောင်း၊ ကာမစက်၌ရှိသော စက်သည် လည်းကောင်း စက်ဟူသော သဘောစုအတူတူပင်။ စက်သဘာဝချင်းတူသော်လည်း စက်ရှေ့ရှိ ဓမ္မ၊ ကာမတို့ကြောင့် ထိုစက်(၂)ခု၏ သဘောသွားကား မိုးနှင့်မြေပမာကွာခြားရ၏။ ဓမ္မစက်က မိုး၊ ကာမစက်က မြေဟု ရှင်းပြထားသဖြင့် ဘုရားရှင်တို့၏ ဓမ္မစက်နှင့် စကြာရှင်၏ ကာမစက်တို့ မည်မျှကွာခြားကြောင်း စဉ်းစားနိုင်ပေသည်။

လူသားတို့ ကြီးပွားချမ်းသာရေး၊ ညီညွတ်မျှတရေး၊ နိုင်ငံခေါင်းဆောင်တို့အပေါ် ဩဇာသက်ရောက်နိုင်ရန်ကား လူ၏စိတ်ကိုကြိုသိသော ထူးခြားသော စိတ်တန်ခိုးရှင်ဖြစ်ရန် လိုအပ်ပေမည်။

**■ စကြာရှင်၏ကောင်းကင်စက်ကြီးများ**

ရသေ့ဆရာမှ -

"ဒကာကြီး၊ ခေတ်မီတဲ့ ကမ္ဘာနိုင်ငံအသီးသီးရဲ့ သိပ္ပံစနစ်တိုးတက်မှုဟာ အံ့ဩဖွယ်အတိဆိုပေမယ့် ဝိဇ္ဇာရေအမြင့်အရ လူအချင်းချင်း စိတ်ကိုကြိုသိခြင်း၊ လူ့မနောကိုချုပ်ကိုင်နိုင်တဲ့စွမ်းအားတွေရှိနေတော့ ခေါင်းဆောင်အသီးသီးကို အာဏာစက်ဖြန့်နိုင်မယ်ဆိုတဲ့ ယုံကြည်ချက်ပေါ့။ ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ဘုရားဖြစ်မယ့်နိမိတ်ရှိသော်လည်း ဒုက္ကရစရိယအကျင့်ကို (၆) နှစ်ကျင့်ရတယ်။ လွယ်လွယ်ကူကူနှင့်ဘုရားဖြစ်တာ။ ပါရမီနောက်ကြီးစားအားထုတ်မှုကလိုက်ရတယ်။ ဒါကြောင့် စကြာရှင်ဖြစ်မယ့် ထိုလူသားကို စိတ်ကျင့်စဉ်တွေပြင်၊ ပြင်းထန်ထန်ကျင့်ကြံမှုတွေပြုဖို့ တိုက်တွန်းကူညီနေကြရတယ်။ ခေတ်နဲ့လျော်ညီတဲ့အသိပညာအတတ်ပညာတွေ ပါတတ်မြောက်စေရပြန်တယ်။ ထိုပုဂ္ဂိုလ်လူသားရဲ့ထူးခြားချက်က ဘယ်၊ ညာမျက်စိနှစ်ဖက်မှာ စကြဝဠာတစ်ခုလုံးကို လွှမ်းမိုးနိုင်တဲ့ကောင်းကင်စက်ကြီးများစွာ ပါနေတယ်။ အဲဒီကြိုးတွေဟာ နေကသိုဏ်းကို ဘယ်၊ ညာနှစ်ဖက်စက်လည်ပတ်တာနဲ့ ကောင်းကင်စက်ကြီးတွေဟာ ကသိုဏ်း(၂)လုံးနှင့်အတူ စကြဝဠာအတွင်း မြူးကြွတာ အရောင်တွေလက်နေတာ မြင်ရပြန်တယ်။ အတိတ်နဲ့ ပစ္စုပ္ပန်အချိတ်အဆက်မိတာကိုက ထိုလူသားရဲ့ဘုန်းကံပါရမီပဲပေါ့"

ရသေ့ဆရာရှင်ပြောလိုသည်တမကြာတော့မီ ကာလတစ်ခုဝယ် စကြာရှင်ပေါ်မည့်သဘောပင်။ ထိုကိစ္စတို့သည်က မိမိကိုယ်တိုင်လိုက်မမီသော အကြောင်းများသာ ဖြစ်ပေသည်။ သို့သော် တိုင်းပြည်အတွက် ထိုပုဂ္ဂိုလ်မြတ်ကို မြင်ဖူးတွေ့ဖူးကြုံခွင့်ရချင်သည်ကား အမှန်ပင်ဖြစ်လေသည်။ မဟာမြိုင်တောမှ ဝိဇ္ဇာရှင်များ ထိုလူသားအတွက် ကြိုတင်ကာ လေ့ကျင့်စောင့်ရှောက်နေကြသည်ဟု ယူဆမိပါတော့သည်။

အသိဉာဏ်ပေးသော
မဟာဗောဓိမြိုင်ဆရာတော်ကြီးအား
အာရုံပြုဖြင့်ဦးခိုက်လျ

ရဲမျိုးသူ(ဗေဒမြိုင်)



www.burmeseclassic.com1

www.burmeseclassic.com

'အနာရောဂါကင်းရှင်းခြင်းသည် အလွန်ကဲဆုံးသောလာဘ်မည်၏။ တင်းတိမ်ရောင့်ရဲမှုသည် အလွန်ကဲဆုံးသော ဥစ္စာမည်၏။ ချစ်ကျွမ်းဝင်သောသူသည် အလွန်ကဲဆုံးသော ဆွေမျိုးမည်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံးသောချမ်းသာမည်၏'

ဟု ပသေနဒီကောသလမင်းကြီးကို အကြောင်းပြု၍ မြတ်စွာဘုရားရှင်မှ ဟောတော်မူခဲ့ပါ၏။

- အာရောဂျံ ပရမံ လာဘံ
  သန္တုဋ္ဌိ ပရမံ ဓနံ
  ဝိဿာသ ပရမာ ဉာတိ
  နိဗ္ဗာန ပရမာ သုခံ။

အာရောဂျံ ပရမံ လာဘံ အစရှိသော ဤမွေဒေသနာဂါထာတော်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဟောတော်မူခဲ့သည့် အကြောင်းအခြင်းအရာ အပြည့်အစုံသည်ကား. . .

အခါတစ်ပါး၌ ပသေနဒီကောသလမင်းကြီးသည် 'ဆန်တစ်စိတ်လေးပြည် ဆိတ်တစ်ကောင်'ဟုဆိုသော စကားနှင့်အညီ ချက်သောထမင်းကို လျော်စွာစားမည့်ဟင်းလျာဖြင့် ပွဲတော်တည်၏။ တစ်နေ့သ၌ နံနက်စားပွဲတည်ပြီးသည်ရှိသော် ထမင်းကြောင့်ဖြစ်သော အဆီရစ်ခြင်းမပျောက်မီ ဘုရားရှင်ထံတော်သို့သွား၍ ဆင်းရဲပင်ပန်းသည့်သဘောရှိသဖြင့် တပြောင်းတပြန် ထိုမှဤမှလူးလဲလေ၏။ ငိုက်မျဉ်းခြင်းဖြင့် နှိပ်စက်အပ်သော်လည်း ဖြောင့်ဖြောင့်အိပ်ခြင်းငှာ မတတ်နိုင်သောကြောင့် သင့်တင့်လျောက်ပတ်သောအရပ်၌နေလေ၏။

ထိုအခါ ဘုရားရှင်မှ အစားကြီးခြင်း၏အပြစ်ကို ဟောတော်မူလေ၏။ ကောသလမင်းကြီးကို ဘုရားရှင်မှ -

"မင်းမြတ်၊ ဘာကိုအလိုရှိသနည်း၊ အပင်ပန်းမပြေမီ အလျင်လာခဲ့လေသလော"

ဟု မိန့်တော်မူရာ -

"မှန်လှပါသည် မြတ်စွာဘုရား။ ပွဲတော်ထမင်းသုံးဆောင်ပြီးသောအချိန်မှစ၍ တပည့်တော်သည် အားကြီးစွာသော ပင်ပန်းဆင်းရဲခြင်းဖြစ်နေပါသည် ဘုရား"

ဟု လျှောက်ထားသောအခါ ကောသလမင်းကြီးကို ဘုရားရှင်မှ -

"မင်းမြတ်၊ အစားအစာကိုအလွန်များပြားစွာ စားသောက်ခြင်းသည် ဤသို့ဆင်းရဲတတ်၏"

ဟု အောက်ပါအတိုင်း မိန့်တော်မူ၏။

# ကိုရွှေမြသန်း

## မြတ်ဗုဒ္ဓအလိုတော်ကျ ကျန်းမာရေးကောင်းအောင် စောင့်ရှောက်နည်း





www.burmeseclassic.com1

www.burmeseclassic.com

"အကြင်အခါ၌ အကြင်ယောကျ်ားသည် မျက်တောင်စဉ်းလျက် ငိုက်မျဉ်းခြင်းရှိသည် လည်းကောင်း၊ ပမာဏမတည် အတိုင်းအရှည်မထား များစွာသော အစားကြူးသည် လည်းကောင်း ဖြစ်၏။ အစာကျွေး၍ မွေးမြူအပ်သော အိမ်ဝက်ကြီးကဲ့သို့ အဖန်ဖန်လူးလဲ၍ အိပ်လေ့ရှိသည်။

ထိုအခါ လက္ခဏာရေးသုံးပါးတို့ကို နှလုံးသွင်းဆင်ခြင်ခြင်းငှာ ကောင်းစွာ ပိုင်ပိုင်မတတ်နိုင်။ အနိစ္စ စသည် ကြံစည် ပိုင်ပိုင်မထင်မမြင်နိုင်သော ထိုယောကျ်ားသည် တပြောင်းတပြန် အဖန်ဖန်အထပ်ထပ် သံသရာစခန်း အမိဝမ်းဗိုက်သို့ ပြန်လှန်တုံ့ခေါက်အဖန်ဖန်ကပ်ရောက်ရလေ၏"

ဟု ဆုံးမပြီးလျှင် -

"မင်းမြတ်၊ အစားအစားခြင်းမည်သည်ကား အတိုင်းအရှည်ဖြင့်စားရန်သင့်၏။ အတိုင်းအရှည်ဖြင့် စားသောက်သောသူသည် ချမ်းသာ၏"

ဟု ဆုံးမတော်မူပြီးလျှင် ကိုယ်အလေးချိန်လျော့ကျစေသော ဂါထာတော်ကို ဟောတော်မူ၏။

■ မနုဿ သဒါ သတိမတော
မိတ္တဇာနကော လဒ္ဓဘောဇနေ
တနုကဿ ဘဝတိ ဝေဒနာ
သဏိကံ ဇီရတိ အာယုပါဘယံ။

**အဓိပ္ပာယ် -**

ခပ်သိမ်းကောင်းစွာ သက်ဝင်ထင်မြင်သောသတိရှိသော မျက်မှောက်လုံ့လ ရှေးကဘုန်းကံ စီမံသတ်မှတ်ရအပ်သော ဘောဇဉ်၌ ချင့်ချင့်နှိုင်းနှိုင်းအတိုင်းအရှည်ကိုသိသော ထိုလူအား အစားအစာကြောင့် အတန်တန်ဖြစ်သော ဝေဒနာတို့သည် မဖြစ်ပေါ်ငြား နည်းပါးကုန်သည်ဖြစ်ကုန်၏။ သုံးဆောင်ပြီးသော အစာအာဟာရလည်း ရုပ်နာမ်နှစ်ချက် အသက်ဇီဝန်ကို စောင့်ရှောက်သည်ဖြစ်၍ နူးညံ့စွာ ဖြည်းဖြည်းနှေးနှေး မြည့်မြည့်ထွေးထွေးအစာကြေကျက်ရတော့သည်သာတည်း။ ရုပ်နာမ်ရုပ်တည် အသက်ရှည်ရတော့သည်သာတည်း။

ကောသလမင်းကြီးသည် ဂါထာကိုသင်ယူခြင်းငှာမစွမ်းနိုင်။ အနီး၌တည်ရှိသော တူတော်ဖြစ်သည့် သုဒဿနမည်သောလုလင်ကို -

"တူမောင် ဤဂါထာကိုသင်ယူပါ"

ဟု ပြောလေ၏

ထိုလုလင်သည် ဂါထာကို သင်ယူပြီးလျှင် အဘယ်သို့ပြုရမည်နည်းဟု ဘုရားရှင်အား မေးလျှောက်သောအခါ

ဘုရားရှင်မှ -

"မင်းကြီး၊ ထမင်းသုံးဆောင်နေစဉ် နောက်ဆုံးထမင်းဆုပ်ဆုပ်စဉ်ကာလမှာ ဤဂါထာကို ရွတ်ဆိုလေလော့။ မင်းကြီးသည် ဂါထာ၏ အနက်အဓိပ္ပာယ်ကို မှတ်မိသဖြင့် အကြင်ထမင်းဆုပ်ကို စွန့်ပယ်လတ္တံ့။ ထိုထမင်းဆုပ်၌ ထမင်းလုံးအရေအတွက်အတိုင်း မင်းကြီးအတွက် ပွဲတော်ထမင်းချက်သောအခါ ထိုမှ အတိုင်းအရှည်ရှိသော ဆန်စေ့တို့ကို ပယ်နုတ်လေလော့"

ဟု မိန့်တော်မူလေ၏။

ထိုလုလင်သည် -

"ကောင်းလှပါပြီ မြတ်စွာဘုရား"

ဟု လျှောက်ထား ဝန်ခံ၍ ညနေချမ်းသောအခါ၌ လည်းကောင်း၊ နံနက်အခါ၌ လည်းကောင်း မင်းကြီးထမင်းပွဲတော်တည်စဉ် နောက်ဆုံးထမင်းဆုပ်ဆုပ်သောအခါ ထိုဂါထာကို ရွတ်ဆိုသဖြင့် မင်းကြီးစွန့်ပယ်သောထမင်းဆုပ်ရှိ ထမင်းလုံးအရေအတွက်များအတိုင်း ဆန်စေ့တို့ကို နုတ်ပယ်လေ၏။

မင်းကြီးသည် တူဖြစ်သူ သုဒဿနလုလင်၏ဂါထာကို ကြားရလေလျှင် တစ်ထောင် တစ်ထောင်သော ဥစ္စာတို့ကိုပေးလေ၏။

ထိုမင်းကြီးသည် နောက်အခါ၌ တစ်စလယ်ချက်ထမင်းအတိုင်းအရှည်ဖြင့် ကောင်းစွာတည်နိုင်သဖြင့် ချမ်းသာခြင်းသို့ရောက်လာသည်။ ခေါင်းပါးပိန်လှီသောကိုယ်ရှိ၍လာလေသည်။

ထိုအခါ တစ်နေ့သ၌ ဘုရားရှင့်ကို ရှိခိုးပြီးလျှင် -

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ယခုအခါ တပည့်တော် ချမ်းသာမှုရရှိပါပြီဘုရား။ သားသမင်ကိုလည်းကောင်း၊ မြင်းကို လည်းကောင်း လိုက်၍ ဖမ်းဆီးခြင်းငှာ စွမ်းနိုင်ပါပြီဘုရား။

ရှေးအခါ၌ တပည့်တော်သည် တူဖြစ်သူ အဇာတသတ်မင်းနှင့် စစ်ခင်းခြင်းပင် ဖြစ်ခဲ့ရပါသည်။ ယခုအခါ ဝဇီရမည်သည့်ချစ်သမီးကို တူအား ဆောင်နှင်းပေးအပ်၍ ထိုကာသိကရွာကို ထိုသမီးအားသာလျှင် အသုံးစရိတ်ပြုကာ ပေးလိုက်ပါသည်။ ထိုတူဖြစ်သူ အဇာတသတ်နှင့် ခိုက်ရန်ဖြစ်ခြင်းလည်းငြိမ်းအေးပါပြီ။ တပည့်တော်အား ဤအကြောင်းကြောင့်လည်း ချမ်းသာခြင်းဖြစ်ရပါသည်ဘုရား။

အမျိုး၏ အမွေဥစ္စာဖြစ်သော မင်းသုံးပတ္တမြားရတနာသည် ယခုအခါ လက်တွင်းသို့ရောက်ရှိလာပါပြီ။ ဤအကြောင်းကြောင့်လည်း တပည့်တော်အား ချမ်းသာခြင်းဖြစ်ရပါသည် ဘုရား"

ဟု လျှောက်ကြားလေ၏။

ဘုရားရှင်သည် -

"မင်းမြတ်၊ အနာရောဂါကင်းခြင်းမည်သည် အလွန်ကဲဆုံးလာဘ်မည်၏၊ ရသမျှပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်းနှင့်တူသောဥစ္စာမည်သည်မရှိ။ ချစ်ကျွမ်းဝင်သောသူနှင့်တူသော ဆွေမျိုးမည်သည်မရှိ။ နိဗ္ဗာန်နှင့်တူသောအလွန်ကဲဆုံးချမ်းသာမည်သည့်လည်း ဧကန်တိတိမရှိသည်သာတည်း"

ဟု မိန့်တော်မူ၏။

အာရောဂျပရမ လာဘာ စသောဂါထာတော်ကို ဟောကြားတော်မူလေ၏။ ဒေသနာ၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့ကို ရောက်ကြကုန်၏။

ထို့ပြင် မြတ်စွာဘုရားရှင်မှ အစားအစာနှင့် အတိုင်းအရှည်ကို သိရန်[illegible] ကြောင်း၊ သင့်လျော်သောအကြောင်းအားဖြင့် ပညာဖြင့်ဆင်ခြင်၍ အဟာရကို သုံးဆောင်ရန်လိုကြောင်းလည်း [illegible] ကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့သည်လည်း မြတ်ဗုဒ္ဓအလိုတော်ကျ အတိုင်းအရှည်ကို သိ၍ ကျန်းမာရေးကောင်းအောင်[illegible] ရှောက်ကြမည်ဆိုပါက အနာရော[illegible] ကင်းခြင်းသည် အလွန်ကဲဆုံးလာဘ်[illegible] ၏ဟူသည့် လာဘ်ရတနာကြီးကို [illegible] တိတိ ပိုင်ဆိုင်ကြမည်ဟူ၍သာ။



ကိုမြ[illegible]



www.burmeseclassic.com1

www.burmeseclassic.com

ကျော်လင်း(မြစ်ခြေ)

## ညောင်ရမ်းခေတ်နှောင်းပိုင်း ဆေးရေးပန်းချီများရှိသည့် ညောင်လှရွာမှ ဘုရားနှစ်ဆူ

မြန်မာနိုင်ငံတွင် 'ညောင်လှ' ဆိုသည့်အမည်နှင့် ရွာပေါင်းများစွာရှိပါသည်။ ယခုတင်ပြသည့် ညောင်လှရွာမှာ ပခုက္ကူမှ ဆိပ်ဖြူမြို့သို့သွားသည့် ကားလမ်းမ မြစ်ခြေမြို့မှ အနောက်တောင်ယွင်းယွင်း (၃¾) မိုင်အကွာ၌ တည်ရှိသည့် ညောင်လှရွာ ဖြစ်ပါသည်။

ထိုရွာတွင် ဘုရားစေတီ(၁၀)ဆူမကရှိသည့်အနက် ဒုတိယအင်းဝညောင်ရမ်းခေတ်နှောင်းပိုင်းမှ ဆေးရေးပန်းချီများရှိသည့် ဘုရားစေတီ (၄) ဆူရှိပါသည်။ ထိုလေးဆူအနက် သက္ကရာဇ်အခိုင်အမာရေးထိုးထားသည့် ရွှေမုဋ္ဌောဘုရားနှင့် သီရိမင်္ဂလာဘုရား (၂) ဆူတို့မှာ ညောင်ရမ်းမင်း (၁၀) ဆက်အနက် ရှစ်ဆက်မြောက်နှင့် ကိုးဆက်မြောက်ဘုရင်နှစ်ပါးဖြစ်ကြသည့် မာန်အောင်ရတနာဒါယကာ စနေမင်း မဟာသီဟသူရမင်း (၁၀၆၀-၁၀၇၆) နှင့် တနင်္ဂနွေမင်း (ခေါ်) မဟာသီရိသီဟသူရဓမ္မရာဇာဓိရာဇာ (၁၀၇၆ - ၁၀၉၅) တို့လက်ထက်တော်အခါက ရေးဆွဲထားသည့် ဆေးပန်းချီများရှိနေပါသည်။


သီရိမင်္ဂလာဘုရား (ညောင်လှရွာ)

■ **ရွှေမုဋ္ဌောဘုရား**

ရွှေမုဋ္ဌောဘုရားမှာ ညောင်လှရွာအလယ်ရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ တည်ရှိပါသည်။ ဉာဏ်တော်အားဖြင့် မမြင့်လှပါ။ စေတီရံ (၄) ဆူပါကုလားကျောင်းခံစေတီငယ်တစ်ဆူမျှသာဖြစ်သည်။ ဝင်ပေါက် (၃) ပေါက်ပါရှိ၍ ပင်မဝင်ပေါက်အနေဖြင့် အရှေ့ဘက်မှဝင်ရပြီး အတွင်းတွင် ပလ္လင်ထက်၌ ဉာဏ်တော် (၃) ပေခန့်မျှရှိ ဘူမိဖဿယမုဒြာဖြင့် ကိန်းဝပ်နေသည့် ရုပ်ပွားတော်မြတ်တစ်ဆူရှိပါသည်။


ထိုရွှေမုဋ္ဌောဘုရားမှာ ပါဠိလိပုတ်ပြည်၌ သာသနာသက္ကရာဇ် ၂၁၈ ခုနှစ်က စိုးစံတော်မူသည့် စေတီပေါင်းရှစ်သောင်းလေးထောင်၊ ရေတွင်းပေါင်းရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်းရှစ်သောင်းလေးထောင်တို့ကို တည်ခဲ့သော သီရိဓမ္မာသောကမင်း၏စေတီတော်ပေါင်းရှစ်သောင်းလေးထောင်အနက်မှတစ်ဆူဖြစ်သည်။ မြန်မာနိုင်ငံတွင် ရွှေမုဋ္ဌောဟူသောဘွဲ့တော်နှင့် ဘုရားစေတီအများအပြားရှိသည့်အနက် အပါအဝင်တစ်ဆူဖြစ်ပါသည်။ ဤလက်ရှိစေတီတော်မှာ မူလသီရိဓမ္မာသောကမင်းကြီးတည်သည့်စေတီတော်တော့ မဟုတ်တော့ပါ။ နှစ်ပရိစ္ဆေဒကြာမြင့်သည်နှင့် ရာသီဥတုဒဏ်၊ ရန်သူမျိုးငါးပါးတို့၏ဖျက်ဆီးမှုတို့ကြောင့် ယိုယွင်းပျက်စီးသွားသော်လည်း သာသနာကိုကြည်ညိုကြကုန်သော မင်းနှင့်ပြည်သူ ရဟန်းရှင်လူတို့က ခေတ်အဆက်ဆက် ပြန်လည်မွမ်းမံပြင်ဆင်တည်ဆောက်ခဲ့၍သာလျှင် ယခုထက်တိုင် မျက်မြင်ဖူးတွေ့နေရခြင်း ဖြစ်ပါသည်။

ဤဘုရား၏ ထူးခြားချက်မှာ ဘုရားတည်နေရာမြေပြင်သည် ဘုရား၏အုတ်တံတိုင်းအပြင်ဝရှိ မြေပြင်ထက် (၂) ပေကျော်ခန့် ပိုမိုမြင့်နေသည်ကို ထောက်ရှုခြင်းအားဖြင့် နောက်ဆုံးပြုပြင်ခဲ့သူ ဘုရားဒါယကာသည် ဘုရားကို




www.burmeseclassic.com1


www.burmeseclassic.com



သီရိမင်္ဂလာဘုရားရှိ ဆင်းတုတော်



ရွှေမုဋ္ဌောစေတီတွင်းရှိ ဆင်းတုတော်



ရွှေမုဋ္ဌောဘုရား (ညောင်လှုရွာ)

ပြန်လည်မတည်ထားမီ အုတ်တံတိုင်းကို အရင်ခတ်၍ အုတ်တံတိုင်းအတွင်းမြေဖို့ပြီးမှ ဘုရားကို ပြန်လည်တည်ထားဟန်တူသည်။ ဘုရားလိုဏ်အတွင်း အရှေ့တောင်ထောင့် လူတစ်ရပ်ကျော်ကျော် လက်ခုပ်တစ်ဖောင်ခန့်မရှိတရှိလောက်တွင် ဇာတာပုံအဝိုင်း (၂) ဝိုင်းအနီး၌ သက္ကရာဇ် ၁၀၇၁ ခုနှစ်၊ ပြာသိုလဆန်း (၅) ရက်၊ သောကြာနေ့ဟု ကမ္ပည်းထိုးထားပြီး ထိုအောက်တွင် 'အမှုတော်အောင်မြင်တော်မူ၍ မင်းပွဲသဘင်၌ အောင်ဆုပေးတော်မူ'ဟူသောစာပိုဒ်နှင့် ပျက်နေသောအချို့စာများ၏နောက်၌ ဘုရား သာသနာတော်တွင် လူ၏အဖြစ်ကို သော ညောင်လှုရွာတွင် ဘုရားဒါယကာ စံတိုး၊ဘုရားဒါယိကာမ မိနှင်းမျိုး၊ ဘုရား ဒါယိကာမ ဘွားရှင်မိချစ်၊ ရှင် ရှင်မိုးကောင်း၊ ရှင်ဇယ်၊ ရှင်ဇ မိရှင်

www.burmeseclassic.com

ငယ်၊ မိရှင်ဇ စသည့် ဘုရားဒါယကာ မိသားစု၏အမည်တို့ကို ကမ္ပည်းထိုးထားပါသည်။ ထိုကမ္ပည်းထိုးထားသော နေ့စွဲအရ ရတနာပူရ ဒုတိယအင်းဝနေပြည်တော်၌ တနင်္ဂနွေမင်းခေါ် မာန်အောင်ရတနာဘုရားဒါယကာ မဟာသီဟသူရမင်း မင်းပြုနေသည့်အချိန် ဖြစ်သည်။ (မာန်အောင်ရတနာဘုရားမှာ တနင်္ဂနွေမင်း၏ ခမည်းတော်ရှိစဉ်က နန်းစိုက်ရာအိမ်တော်ရာ၌တည်ထားသည့် ဖခမည်းတော်၏ အိမ်တော်ရာဘုရားဖြစ်၏။)

(ဤကား စကားချပ်)

ထိုမင်းသည် သက္ကရာဇ် ၁၀၆၀ ပြည့်နှစ် မင်းအဖြစ်ကိုရပြီး တော်သလင်းလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့ တိုက်တော်သို့ထွက်တော်မူရာ မှူးမတ်(၃၀)တို့အား အမည်သနားရာ ညောင်လှုစားကို ဇေယျယောဓာ ဟူသောဘွဲ့ အပ်နှင်းတော်မူခဲ့သည်။ (အလားတူပင် ငတေင်းစားကို ရာဇပတ္တာ၊ ခုံချောင်းစားကို ယောဓသမန်း စသည်ဖြင့် ချီးမြှင့်တော်မူခဲ့သည်။)

သို့ဖြစ်ပါ၍ မင်းပွဲတွင် အောင်ဆုပေးသနားတော်ခံရသော ဘုရားဒါယကာ စိတိုးမှာ ဇေယျယောဓာဘွဲ့ခံ ညောင်လှုစားပင်ဖြစ်ပေလိမ့်မည်။


ရွှေမုဋ္ဌောဘုရား၏လိုဏ်အတွင်းထဲ ထိုခေတ်ကရေးဆွဲခြယ်သထားသည့် ဆေးပန်းချီများ၊ လူတစ်ရပ်ခန့်မျှအမြင့်အနေ အပေါ်လိုဏ်အထက်ထိဆေးရေးပန်းချီများ၊ ဇာတ်နိပါတ်တော်၊ ပန်းကွက်များ လှပစွာရေးခြယ်ထားသည်။

အသုံးပြုထားသည့်ဆေးရောင်တို့မှာ အနက်ရောင်၊ နီညိုရောင်၊ အစိမ်းရောင်တို့က အများစုဖြစ်သည်။ လိုဏ်အတွင်းလည်း နှစ်ကျိပ်ရှစ်ဆူ ဘုရားများတော်တို့၏ ပုံတော်များအထက်အတွင် လိုဏ်အမိုးတိုင်အောင် ပန်းကွက်များဖြင့်လည်းကောင်း ခြယ်သထားသည်။ ဇာတ်နိပါတ်တော်တို့၏ အောက်ခြေတွင်စာများရေးသားထားသော်လည်း အများစုမှာ ဖတ်၍မရတော့ပါ။ အချို့နေရာတွင် ရှေးဟောင်းအမွေအနှစ်ကို ကောင်းစွာ နားမလည်သူအချို့က အကြောင်းများကိုဖာထေးသည့်အနေ ဖြင့် တွက်၍ထုံးသုတ်ထားသည်ကို တွေ့ရသည်။ မြန်မာစာအရေးအသားအချို့တွင် မာရ်နတ်ကို မိနတ်ဟူ၍ရေးဖွဲ့ထားသည်ကို တွေ့ရှိရသည်။

မင်းပွဲ၌ အောင်ဆုပေးသနားတော်ခံ ဘုရားသာသနာ၌ လှူ၏အဖြစ်ကို



သီရိမင်္ဂလာဘုရား၏ထောင့်ချိုးများ



ညောင်လှုရွာ သီရိမင်္ဂလာဘုရားမှ နံရံဆေးရေးပန်းချီများ

ရရှိသော တို့ဘုရားဒါယကာ စသည့် တို့ကိုမူ ဖတ်ရှု၍ရပါသေးသည်။ ရေးထိုးထားသည့် သက္ကရာဇ် ၁၀၇၁ ခု မြာသိုလဆန်း ၅ ရက်ဆိုသည့်ရက်စွဲ စသည်တို့ကိုမူ ဖတ်ရှု၍ရပါသည်။ ထိုရက်စွဲသည် မာန်အောင်ရတနာဒါယကာ တနင်္ဂနွေမင်းသည် သက္ကရာဇ် ၁၀၇၀ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့တွင် ညောင်ဦး ရွှေစည်းခုံဘုရားသို့ဘုရားဖူးထွက်တော်မူပြီးနောက် နတ်တော်လဆန်း ၂ ရက်နေ့တွင် ဘုရားသို့ကပ်တော်မူပြီး ရွှေအပြည့်တည့်လှူတော်မူသည်ဟု မှန်နန်းရာဇဝင်တော် တတိယတွဲ စာမျက်နှာ (၃၄၅) ၌တွေ့ရှိရသည်။

တင်ပြလိုသည်မှာ ဘုရားဒါယကာ စိတိုး (ခေါ်) ညောင်လှုစားဇေယျယောဓာက ပြုပျက်ယိုယွင်းနေသော ရွှေမုဋ္ဌောဘုရားကို မင်းမိန့်ခံပြီးမှ ၁၀၇၁ ခုနှစ်တွင် ပြုပြင်တည်ထားခြင်းဖြစ်ပေမည်။ အဆိုရှိသည်မှာ မင်းမိန့်ခံ၍တည်နေသည့် ဘုရားများသည် ဦးစွာ ပရနက်ကို သတ်မှတ်ပြီးမှတည်ရသည်ဟု သိရှိခဲ့ဖူးသည်။


မြစ်ခြေနယ်တွင် မိုးနတ်ကန်းဆိုသည့်ရွာ၌ အနော်ရထာဘုရင်လက်ထက်တော်အခါက ရွှေစကားအမတ်တည်ခဲ့သည့် ရွှေစည်ကားဘုရားသည်လည်းကောင်း၊ ယခု ညောင်လှုရွာရှိ ရွှေမုဋ္ဌောဘုရားသည် လည်းကောင်း ဘုရား၏အရွယ်အစားနှင့် မျှတသည့် အုတ်တံတိုင်းကို အရင်ပြု၍ မြေဖို့တည်ထားကြခြင်းဖြစ်သည့်အတွက် အုတ်တံတိုင်းအတွင်းမှမြေသည် အုတ်တံတိုင်းပြင်ဘက်မြေထက် (၂)ပေ (၂)ပေခွဲနှင့် မြင့်နေရခြင်းဖြစ်သည်ဟု သိရှိရပါသည်။

www.burmeseclassic.com

မည်သို့ပင်ဖြစ်စေ ညောင်လှရွာလယ်ရှိ မူလဒါယကာ သီရိဓမ္မာသောကမင်း၏ ရွှေမုဋ္ဌောဘုရားကို နောက်ဆုံးပြုပြင်သည့်ဘုရားဒါယကာမှာ ညောင်ရမ်းမင်းဆက်၏ (၈)ဆက်မြောက်ဖြစ်သော မာန်အောင်ရတနာဒါယကာတနင်္ဂနွေမင်း၏လက်ထက်တွင် ရွှေဓားဘုရင် ညောင်လှစားဇေယျယောဓာဘွဲ့ခံ ဘုရားဒါယကာ စံတိုးတို့မိသားစုသာလျှင်ဖြစ်ပြီး ဆေးရေးပန်းချီများမှာလည်း ထိုခေတ်ကပင်ဖြစ်ကြောင်း သက်သေတည်လျက်ရှိနေပါသည်။

■ **သီရိမင်္ဂလာဘုရား**

ညောင်လှရွာအပြင် မြစ်ခြေဆိပ်ကားလမ်း၏ညာဘက်ဘေးရွာ တောင်မကျတကျ၌ သီရိမင်္ဂလာဘုရားတည်ရှိပါသည်။ ထိုဘုရားမှာ ရွှေမုဋ္ဌောဘုရားထက် ဉာဏ်တော်မြင့်ပါသည်။ ကုလားကျောင်းခံစေတီရုံလေးဆူနှင့်ဘုရားဖြစ်သည်။ အရှေ့တောင်နှင့်မြောက်ဘက်တို့ရှိ မုခ်ပေါက်များမှ လိုဏ်အတွင်းရှိဆင်းတုတော်ကို ဝင်ရောက်ဖူးမြော်နိုင်သည်။ ထိုဘုရားကို ရွှေကူကြီးဘုရားသမိုင်းစာအုပ်တွင် အင်းဝဘုရင် ဒုတိယမင်းခေါင်လက်ထက်ကတည်ထားခဲ့သည်ဟုလည်း ယူဆရကြောင်း ရေးသားထားသည်။ သို့ရာတွင် ဘုရားလိုဏ်အတွင်းရှိ ဆေးရေးပန်းချီပန်းကွက်များကို သက္ကရာဇ် ၁၀၇၇ ခု၊ တော်သလင်းလဆန်း ၇ ရက်နေ့တွင်စသည်ဟု အရှေ့ဘက်ဝင်ပေါက်မုခ်ခုံးတွင် ရေးထိုးထားသည်။ ထိုသက္ကရာဇ်သည်ကား အင်းဝတွင် မာန်အောင်ဒါယကာ တနင်္ဂနွေမင်း၏ သားတော် ညောင်ရမ်းမင်းဆက်၏ (၉) ဆက်မြောက် စနေမင်းခေါ် မဟာသီရိသီဟသူရဓမ္မရာဇာဓိရာဇာ မင်းအဖြစ်သို့ရောက်ရှိပြီး တစ်နှစ်မြောက်ကာလဖြစ်သည်။



ညောင်လှရွာ သီရိမင်္ဂလာဘုရားမှ နံရံဆေးရေးပန်းချီများ



ညောင်လှရွာ သီရိမင်္ဂလာဘုရားမှ နံရံဆေးရေးပန်းချီများ

ထိုဆေးပန်းချီအလှူရှင်သည် ထိုဆေးရေးပန်းချီများကို လှူဒါန်းရသည့်အကျိုးကြောင့် သူတောင်းဆုပြုသည့်ဆုတောင်းများမှာ အလွန်ကောင်းမြတ်သည့်ဆုတောင်းများကို တောင်းသွားခဲ့သည်။ ထိုဆုတောင်းစာတွင် 'ဆေးပန်းချီခြယ်၍ တန်ဆာဆင်ရသောကောင်းမှုကြောင့် အရိမေတ္တေယျမြတ်စွာဘုရားပွင့်တော်မူလျှင် -

ဧဟိဘိက္ခုနှင့်ပြည့်စုံရစေ။

သိကြားမင်း အစရှိသော ဘဝတိဟိတ်ဥက္ကဋ္ဌပဋိသန္ဓေနှင့်ပြည့်စုံစေ။

ပဋိသန္ဓေနေရစဉ် မိခင်၊ ဖခင်သည် လမင်းကဲ့သို့ တင့်တယ်စေ။

မိခင်အန္တရာယ်ကင်းစေ။

ယောကျာ်းမြတ်ဖြစ်လျှင် ပိဋကတ်သုံးပုံ၊ ဗေဒင်လေးပုံတို့ကို တတ်ကျွမ်း၍ သာသနာတော်အစီးအပွားကိုဆောင်ရွက်ရစေ' ဟု ပါရှိသည်။

၎င်းအပြင် သီရိသုဓမ္မာမဟာရာဇာဓိပတိ ဘွန်းတော်ရှိသော ရေမြေ့ရှင်မင်းတရားကြီး ရတနာပူရမည်သော အင်းဝနေပြည်တော်ကြီးကို ပြုစုတော်မူသည်ဟုလည်း ရေးသားထားလေသည်။ ဖော်ပြပါ သီရိသုဓမ္မာမဟာရာဇာဓိပတိဘွဲ့ခံမင်းတရားမှာ သက္ကရာဇ် ၈၄၂ ခုနှစ်တွင် ရတနာပူရအင်းဝနေပြည်တော်ကြီးကို နန်းတက်သည့် အင်းဝဘုရင် ဒုတိယမင်းခေါင်ပင်ဖြစ်သည်။ ဤသို့သာဆိုလျှင် ဤသီရိမင်္ဂလာကို ထိုသက္ကရာဇ်ကတည်ခဲ့သည်ဟုဆိုလျှင် ဆေးပန်းချီခြယ်သည်မှာ နှစ်ပေါင်း (၂၃၅) နှစ်ကြာပြီး ညောင်ရမ်းဆက် (၉) ဆက်မြောက် စနေမင်းလက်ထက်တော်၌ခြယ်သသည်ဟု ယူဆဖွယ်ရှိသည်။

သီရိမင်္ဂလာဘုရားနှင့်ပတ်သက်၍ သမိုင်းကြောင်းဆိုင်ရာအချက်အလက် ဆုတောင်းစာ စသည်တို့ကို အရှေ့ဘက်နှင့် တောင်ဘက်ဝင်ပေါက်မုခ်ဦးတို့၌ ရေးထိုးထားသည့်အရေးအသားအချို့ကို တင်ပြရပါလျှင် -

အရိမေတ္တေယျဘုရားရှင် ... တော်ဝယ်ဟုလည်းကောင်း၊

ကြာတိုက်တွင် နေ့ရှိသတဲ့ ... ကျဉ်းမြောင်းပိပြင်ခြင်းမယ်သည်ဖြစ်...






www.burmeseclassic.com1

www.burmeseclassic.com



ထုံးသုတ်ခံထိုက်ရသည့် နံရံဆေးရေးများ



ညောင်လုရွာ သီရိမင်္ဂလာဘုရားမှ နံရံဆေးရေးပန်းချီများ



ညောင်လုရွာ ရွှေမုဋ္ဌောဘုရားမှ နံရံဆေးရေးပန်းချီများ



ထုံးသုတ်ခံထိုက်ရသည့် နံရံဆေးရေးများ

ချမ်းသာစွာနေရည်ဖြစ်စေသော ဟူ၍လည်း အရေးအသားအဖွဲ့အနွဲ့ညက်ညော စွာ ရေးဖွဲ့ထားသည်။

စကားလုံးသတ်ပုံတို့မှာ ဒါနကို ရေးရာတွင် ဒရေးချ ဒါမှာ အ-အက္ခရာကဲ့သို့လည်းကောင်း၊ တရားသုံးပါးဆိုရာ၌ ပကိုရေးချထားသည်မှာ ဟ-အက္ခရာကဲ့သို့လည်းကောင်း၊ သော်ဆိုသည့် အဆုံးသတ်များတွင် ခြောက်ဂဏန်းကိုလည်းကောင်း ရေးထားပါသည်။

ဘုရား၏အတွင်းနံရံများတွင်ရေးခြယ်ထားသည့်အရောင်တို့မှာ အများအားဖြင့် အစိမ်းရောင်၊ အနက်ရောင်၊ အညိုရောင်တို့ကိုအသုံးပြုထားပြီး လှပသော ပန်းပြောက်ပန်းကွက်တို့ကို လိုက်အမိုးမျက်နှာကြက်တိုင်အောင် ရေးဆွဲခြယ်သထားပါသည်။

ဤသို့သော ဆေးရေးပန်းချီများကို ညောင်လုရွာရှိ ဖောင်ကျောင်းနှင့် ဖောင်ချည်တိုင် ဟူသော ဘုရား(၂)ဆူတို့၌လည်း တွေ့မြင်နိုင်ပါသော်လည်း ရွှေမုဋ္ဌောဘုရားနှင့် သီရိမင်္ဂလာဘုရားတို့ကဲ့သို့ ရက်စွဲတစ်စုံတစ်ရာမတွေ့ရသော်လည်း စာရေးသူအနေဖြင့်မူ ညောင်ရမ်းခေတ်နှောင်း ဆေးရေးပန်းချီများဟုပင် ခန့်မှန်းမိပါသည်။

(ဓာတ်ပုံများကို ရိုက်ကူးပေးပို့ပါသော မြစ်ခြေမြို့မှ ကဗျာဆရာ ကိုလင်းသျှိလကို အထူးပင် ကျေးဇူးတင်အပ်ပါသည်။)

ကျော်လင်း(မြစ်ခြေ)

ကျမ်းကိုး -

ဦးကုလား၏
မဟာရာဇဝင်တော်ကြီး



www.burmeseclassic.com1

www.burmeseclassic.com



အောင်စကြာ

# အရှင်သုဓမ္မသာရ
# ဝိပဿနာကမ္မဋ္ဌာန်းအလုပ်
# ဆိုသည်မှာ

(၃)

ဝိပဿနာကမ္မဋ္ဌာန်းဘာဝနာအလုပ်ကို ကြိုးကြိုးစားစား အားထုတ်ပွားများနေသော လူငယ်တစ်ဦး စာရေးသူသီတင်းသုံးသော အောင်စကြာကျောင်းသို့ မကြာမကြာရောက်လာတတ်၏။

လူငယ်က ခေတ်ပညာတတ်ဘွဲ့ရ ပညာရေးတက္ကသိုလ်ဘွဲ့ရကျောင်းဆရာဖြစ်၏။ ဘီအေ ဘီအီးဒီဘွဲ့တဲ့။

နွေရာသီ ကျောင်းပိတ်ရက်တွင် ဝိပဿနာကမ္မဋ္ဌာန်းရိပ်သာများတို့တွင် (၁၅) ရက်စခန်း၊ (၁၀) ရက်စခန်း အကြိမ်ကြိမ်အခါခါ အားထုတ်ဖူးသော လူငယ်ကျောင်းဆရာဖြစ်၏။

တစ်နေ့သ၌ စာရေးသူ၏ကျောင်းသို့ အဆိုပါ ကျောင်းဆရာ ရောက်ရှိလာ၏။ သူ့မျက်နှာက ဖြူဖြူစင်စင်၊ ကြည်ကြည်လင်လင် ကွန္တေကိုစောင့်ထိန်းနိုင်သောမျက်နှာသွင်ပြင်မျိုး။

အနေအထိုင်သေသပ်၏။အပြောအဆိုယဉ်ကျေးသိမ်မွေ့၏။ချိုသာစကားမာနမရှိသောစကားမျိုးကိုလည်းပြောတတ်၏။

"ဆရာတော်ဘုရား၊ တပည့်တော် ဒီတစ်ခါ ဝိပဿနာကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ရတာ အကျိုးကျေးဇူးများပါတယ် ဘုရား"

"အကျိုးများပုံကို ဆရာလေးပြောပြပါဦးကွယ်"

"တပည့်တော် ယခုမှ ပညတ်နဲ့ ပရမတ် ကိုလည်း ခွဲခွဲခြားခြားသိရပါပြီ ဘုရား။ နောက်ပြီးတော့ သက္ကာယဒိဋ္ဌိဆိုတာကို သေသေချာချာ သိပါပြီဘုရား"

"သာဓုကွယ် သာဓု ဒကာဆရာလေး။ သိရတာတွေကို ရှင်းပြပါဦးကွယ်"

"ဝိပဿနာကမ္မဋ္ဌာန်းဘာဝနာက ပရမတ်ပေါ်မှာရှုရမှာမဟုတ်လားဘုရား"

"ဟုတ်ပါတယ်ကွယ်"

"သမထဘာဝနာက သမာဓိအထိကပါဘုရား။ ဝိပဿနာဘာဝနာက သတိအထိကဝါ ဘုရား"

"ဟုတ်ပါတယ် ဆက်ပါဦးကွယ်"

"သမထဘာဝနာက သမာဓိရအောင် စိတ်တည်ငြိမ်အောင်၊ စိတ်တွေမထွက်ရအောင် ပညတ်ပေါ်မှာရှုရပါတယ်ဘုရား။ ဝိပဿနာဘာဝနာက ရုပ်နာမ် (၂) ပါးရဲ့ ဖြစ်မှုပျက်မှုကို သတိနဲ့စောင့်ကြည့်ရတာပါဘုရား။ ဝိပဿနာဘာဝနာက ပရမတ်ပေါ်မှာ ပစ္စုပ္ပန်တည့်တည့်ကို ရှုမှတ်ရတာပါ ဘုရား"

"မှန်ပါတယ်၊ ဆက်ပြောပါဦးကွယ်"

"ဝိပဿနာဘာဝနာအလုပ်တာ ပထမဆုံး သီလကို လုံခြုံအောင် စောင့်ထိန်းရပါတယ်ဘုရား"

"မှန်တာပေါ့ကွယ်"

"သီလကလည်း စာရိတ္တသီလ၊ ဝါရိတ္တသီလရယ်လို့ နှစ်ပါးရှိပါတယ်ဘုရား"

မှန်ပါတယ်ကွယ့်။ စာရိတ္တသီလဆိုတာက ဘိုးဘွား ဗုဒ္ဓဘာသာဝင်တွေ ခံယူထားတဲ့အလေ့ပေါ့ကွယ်။ အမိကို ရိုသေရမယ်။ အဖကိုရိုသေရမယ်။ အသက်သိက္ခာပညာဂုဏ်အားဖြင့်ကြီးသူတွေကို ရိုသေရမယ်။ ဦးနှိမ်ချရမယ်ကွယ့်။ ဝါဝင်ဝါထွက် မိဘ၊ ဆရာသမားတွေကို ကန်တော့ကြတယ် မဟုတ်လားကွယ့်"

"ကန်တော့ပါတယ်ဘုရား"

"အဲဒါက စာရိတ္တသီလပေါ့ကွယ်၊ ဝါရိတ္တသီလကျတော့ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ရှင်သာမဏေလေးတွေကတော့ ဆယ်ပါးသီလ၊ ရဟန်းသံဃာတော်များကျတော့ (၂၂၇) သွယ်သော ဝိနည်းသိက္ခာပုဒ်တွေပေါ့ကွယ်။ တရားအားထုတ်ရင် သီလကို လုံခြုံအောင်စောင့်ထိန်းရတယ်ကွယ့်"

"မှန်လှပါဘုရား"

"ဒကာလေး ဒိဋ္ဌိစင်ပြီထင်တယ်၊ ဆက်ပြောပါဦးကွယ့်"

"သတ္တဝါတွေရဲ့ ခန္ဓာငါးပါး၊ ရုပ်နာမ် (၂) ပါးဟာ အစုအဝေးကြီးပါပဲ ဘုရား။ သက္ကာယဆိုတာက အစုအဝေးပါပဲဘုရား"

"လူသတ္တဝါတွေကို ကလာပ်စည်းမြူမှုန်တွေ ကုဋေပေါင်းများစွာနဲ့ ဖွဲ့စည်းထားပါတယ်ဘုရား၊ မူလဘူတလို့ခေါ်တဲ့ ဓာတ်ကြီးလေးပါးရဲ့ဂုဏ်သတ္တိတွေ (ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော) တို့နဲ့ ကလာပ်စည်းတိုင်းမှာ ဖွဲ့စည်းထားပါတယ်ဘုရား"

"လူသတ္တဝါတွေရဲ့ ကလာပ်စည်းမှာ မာသဘော၊ ပျော့သဘော (ပထဝီဓာတ်)၊ ဖွဲ့စည်းသဘော၊ ယိုစီးသဘော (အာပေါဓာတ်)၊ တွန်းကန်သဘော၊ လှုပ်ရှားသဘော၊ (ဝါယောဓာတ်)၊ ရင့်ကျက်သဘော(တေဇောဓာတ်) ဒီဂုဏ်သတ္တိတွေနဲ့ ဖွဲ့စည်းထားပါတယ်ဘုရား"

"မှန်ပါတယ်ကွယ့်"

"တပည့်တော်တို့မှာ ရုပ်နဲ့နာမ်ပဲရှိပါတယ်ဘုရား"

"မှန်ပါတယ်ကွယ့်"

"ရုပ်တရားက အမြဲတမ်းဖောက်ပြန်နေတဲ့သဘော၊ မသိတဲ့သဘောရှိတယ်ဘုရား"



www.burmeseclassic.com1

www.burmeseclassic.com

"နာမ်တရားကတော့ သိတဲ့ သဘောပဲရှိပါတယ်ဘုရား"

"ရုပ်နာမ်နှစ်ပါးမှာ သိတဲ့သဘောနဲ့ မသိတဲ့သဘောကွဲလို့ ဘာမှမရှိပါဘူးဘုရား"

"မှန်တာပေါ့ကွယ်"

"ဒါကလည်း ရုပ်နာမ်နှစ်ပါးကို ရှုမှတ်ကြည့်မှသာ ထင်ထင်ရှားရှားသိရတာပါဘုရား"

"ဟုတ်တာပေါ့ကွယ့်"

"သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိနဲ့ ဆရာတော်တွေဟောဟောပြနေတာ အရင်ကမရှင်းဘူးဘုရား။ အခုမှရှင်းရှင်းလင်းလင်းသိသွားပါပြီဘုရား"

"ပြောပါဦးကွယ့်"

"ခန္ဓာငါးပါး၊ ရုပ်နာမ် (၂) ပါးဟာ တလာပ်စည်းပေါင်း ကုဋေပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့ အစုအဝေးမျှမှန်တွေပါပဲဘုရား"

"ဟုတ်တာပေါ့ကွယ်"

"ခန္ဓာငါးပါး၊ ရုပ်နာမ် (၂)ပါးပေါ်မှာ သက္ကာယဒိဋ္ဌိအစုအဝေးကြီးကို ငါပဲ သူပဲ လူပဲ အမေပဲ အဖေပဲ သမီးပဲ သားပဲ ဇနီးပဲ လင်သားပဲလို့ စွဲလမ်းနေတာဟာ သက္ကာယဒိဋ္ဌိပါပဲ ဘုရား။တပည့်တော် အမြင်၊ အသိဉာဏ်ရှင်းသွားပါပြီဘုရား"

"ပြောပါဦးကွယ့်"

"ရုပ်တရားကြီးကလည်း တရစပ်ကြီးဖောက်ပြန်နေတယ်။ ဖြစ်ပြီးပျက်ပျက်သွားရတယ်။

နာမ်တရားကြီးကလည်း တရစပ်ကြီးပဲဖောက်ပြန်နေတယ်။ ပေါ်ပြီးသိတယ်။ သိပြီး ပျက်ပျက်သွားပါတယ်ဘုရား"

"မှန်တာပေါ့ကွယ်"

"တစ်လောကလုံးဟာ ဖြစ်ပြီးပျက်နေပါတယ် ဘုရား။ ဖောက်ပြန်ပြောင်းလဲနေပါတယ်ဘုရား။ အနိစ္စဆိုတာ တကယ်မှန်ပါလားလို့ ရှုနေဆဲမှာ သိသိလာပါတယ်ဘုရား"

"မှန်ပါတယ်"

"တကယ့်တော့ လူဆိုတာမရှိ၊ ငါမရှိ၊ သူမရှိ၊ ယောက်ျားမရှိ၊ မိန်းမရှိ၊ အဖေမရှိ၊ အမေမရှိ၊ သားမရှိ၊ သမီးမရှိ၊ ဇနီးသားမရှိ၊ လင်သားဆိုတာမရှိ၊ ဒါတွေဟာ ပညတ်တွေပါဘုရား။

ဒီအသိတွေ ကင်းစင်သွားလို့ တပည့်တော် သက္ကာယဒိဋ္ဌိစင်သွားရပါတယ်ဘုရား"

"ကျောင်းဆရာလေး လောကမှာ သစ္စာ (၂) မျိုးရှိတယ်ကွယ့်"

"မှန်လှပါဘုရား"

"သမုတိသစ္စာ၊ ပရမတ္ထသစ္စာတဲ့"

"မှန်လှပါဘုရား"

"သမုတိသစ္စာဆိုတာက လောကပညတ်နယ်မှာအမှန်ရှိတဲ့တရားတွေကွယ့်၊ သွားမပယ်လိုက်နဲ့ အပါယ်လားသွားမယ်ကွယ့်"

"ဟောတော်မူပါဘုရား"

"လူရှိတယ်၊ အဖေရှိတယ်၊ အမေရှိတယ်၊ သားရှိတယ်၊ သမီးရှိတယ်၊ လင်ရှိတယ်၊ ဇနီးရှိတယ်ကွယ့်။ ဒီပညတ်တရားတွေ ပယ်လို့မရဘူးကွယ့်။တကယ်ရှိနေတာပဲမဟုတ်လားကွယ့်"

"မှန်လှပါဘုရား"

"ပရမတ္ထသစ္စာဆိုတာက လောကီနဲ့ ဆန့်ကျင်ဘက် လောကုတ္တာနယ်က သစ္စာပါကွယ့်။ ဝိပဿနာကမ္မဋ္ဌာန်းတရားအားထုတ်မယ်ဆိုရင်တော့ ဒကာလေးပြောတဲ့သက္ကာယဒိဋ္ဌိကို အသိပညာနဲ့ ပယ်ခွာထားရမှာ မှန်ပါတယ်ကွယ့်"

"ဝိပဿနာရှုနေဆဲ ယောဂီမှာ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမဟုတ်မဟုတ်၊ ရုပ်နာမ် (၂) ပါးအား အစုအဝေးကြီးပါပဲလို့ သိရင်ရပါပြီကွယ့်။

ကျောင်းဆရာ ဒကာလေး"

"ဘုရား"

"ဇေတဝန် မင်းကွန်းဆရာတော်ဘုရားကြီးဆိုတာရှိခဲ့တယ်ကွယ့်။ ပညာတတ်အကျော်အမော်ရဟန္တာကြီးတစ်ပါးလို့ သမုတ်ကြတယ်ကွယ့်"

"မှန်လှပါဘုရား"

"ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးတို့ဟာ ဇေတဝန်မင်းကွန်းဆရာတော်ကြီးရဲ့ တပည့်ရင်းတွေပေါ့ကွယ့်"

"မှန်လှပါဘုရား"

"ကဲ-ကျောင်းဆရာလေး ဘုန်းကြီးလည်း အလုပ်ရှိသေးတယ်ကွယ့်။ ဒီမှာ စာအုပ်ကွယ့်။ ဒီစာအုပ်ကိုဖတ်ကွယ့်"

စာရေးသူက ရန်ကုန်မင်းကွန်းဆရာတော်ဘုရားကြီးရေးသားပြုစုတော်မူသော ဝိသုဒ္ဓိခုနစ်ပါး မင်းကွန်းသွားနှင့် မင်းကွန်းပေါင်းချုပ်စာအုပ်ကလေးကို ကျောင်းဆရာထံ ပေးအပ်လိုက်ပါတော့၏။

ကျောင်းဆရာလေး စိတ်ဝင်စားစွာနှင့် ဖတ်ရှုနေပါတော့၏။ ရှုဖတ်ပြီးတော့ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ (၂) ပါးကို သဘောပေါက်သွားမှာ အမှန်ပါပဲ။

မင်းကွန်းဆရာတော် ပြုစုသော ကျမ်းပါစာများကို စာရှုသူ သိလိုပါသလား။

သိလိုရင် ပြောပြတာပေါ့။ ဖတ်ပြရတာပေါ့ကွယ်။

လောက၌ မိမိဌာန၊ သူတစ်ပါးဌာနအားဖြင့် (၂) ပါး။ ထို(၂)ပါးတို့တွင် မိမိဌာန ဤလောက၌ အကြွင်းသူသည် ရုပ်နာမ်ကိုသိ၏။ ထိုသူကား ရုပ်နာမ်မှတစ်ပါး ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ မရှိဟု ဆုံးဖြတ်သောအယူသည် ပရမတ္ထသစ္စာဖြစ်၏။

သူတစ်ပါးဌာန ဤလောက၌ အကြွင်းသူသည် အမိမရှိ၊ အဘမရှိ၊ သားမရှိ၊ သမီးမရှိ၊ မောင်မရှိ၊ နှမရှိ၊ လင်မရှိဟု ယူမှားသည်ဖြစ်အံ့၊ ထိုသူသည်ကား လောကပညတ်အမှန် သမုတိသစ္စာကို ပယ်ဖျက်ခြင်းကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်၏။

မိစ္ဆာဒိဋ္ဌိဖြစ်ခြင်းကြောင့် ထိုသူသည် အမိ၌ပြုအပ်သောဝတ်ကိုမကျင့်၊ အဘ၌ပြုအပ်သောဝတ်ကိုမကျင့်၊ သား၌ပြုအပ်သောဝတ်ကိုမကျင့်၊ သမီး၌ပြုအပ်သောဝတ်ကိုမကျင့်၊ မောင်၌ပြုအပ်သောဝတ်ကိုမကျင့်၊ နှမ၌ပြုအပ်သောဝတ်ကိုမကျင့်၊ မယား၌ပြုအပ်သောဝတ်ကိုမကျင့်၊ လင်၌ပြုအပ်သောဝတ်ကိုမကျင့်၊ မကျင့်ခြင်းကြောင့် စာရိတ္တသီလနှင့် မပြည့်စုံ။

သူတစ်ပါးဌာန ဤလောက၌ အကြွင်းသူသည်ကား အမိ၊ အဘ၊ သား သမီး၊ မောင်နှမ၊ မယား၊ လင်ရှိ၏ဟု ယူသည်ဖြစ်အံ့။ ထိုသူက လောကပညတ်အမှန် သမုတိသစ္စာ မပယ်ခြင်းကြောင့် သမ္မာဒိဋ္ဌိ ဖြစ်၏။

စာရှုသူပဲဖြစ်ဖြစ်၊ ဝိပဿနာကမ္မဋ္ဌာန်းဘာဝနာအလုပ်ကိုလုပ်နေသူ ယောဂီပဲဖြစ်ဖြစ် -

သစ္စာ (၂) ပါးကို သိထားကြပါ။

သမုတိသစ္စာ

(လောကမှာရှိအမှန်တရား)

ပရမတ္ထသစ္စာ

(လောကုတ္တာနယ်မှာရှိအမှန်တရား)

ဝိပဿနာတရားအားထုတ်သည့် ယောဂီသည် သက္ကာယဒိဋ္ဌိကို အသိဉာဏ်နဲ့ ခွဲထုတ်ပယ်ထားရပါမယ်။

လောကီနယ်ပြန်ရောက်ရင်တော့ အမိ၊ အဘကို မပယ်လိုက်နဲ့နော်။

အပါယ်ကျသွားပါလိမ့်မယ်။

ဒေါ်ခင်စကြာ

အချင်းသုဓမ္မာဘာ၁၉



www.burmeseclassic.com1

www.burmeseclassic.com



## နတ်မောက်မင်းချစ်နှော

# ခရီးသွားလာ ရွတ်ပါ ဂါထာ

လူတိုင်းသည် ခရီးသွားလာခြင်းနှင့်မကင်းနိုင်သူများချည်း ဖြစ်ပါသည်။ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းဆိုသလို ရထား၊ ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ သင်္ဘော၊ မော်တော်၊ လေယာဉ်ပျံ အစရှိသည်ဖြင့် ယာဉ်အမျိုးမျိုးနှင့် သွားလာနေရသလို နွားလှည်း၊ မြင်းလှည်း၊ သုံးဘီး၊ ခြေကျင်ဆိုသလိုလည်း သွားလာလှုပ်ရှားနေကြပါသည်။

မည်သည့်နည်း မည်သည့်ယာဉ်နှင့်သွားလာသည်ဖြစ်စေ လမ်းခရီးသည် အန္တရာယ်ကင်း ချောမောစွာဖြစ်ဖို့ အဓိကဖြစ်သလို မိမိဆောင်ရွက်ရန် ကိစ္စကြီးငယ်လည်း အဆင်ပြေချောမွေ့ဖို့ လိုအပ်ပါသည်။ ထို့အတွက် ကျွန်ုပ်တို့သည် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို မမေ့မလျော့ ဦးထိပ်ပန်ဆင်သွားဖို့လိုပါသည်။

ကျွန်ုပ်သည် ခရီးသွားမည်ဟု နေအိမ်မှမထွက်မီ အမြဲလိုလို နေအိမ်မှ ဘုရားခန်းရှေ့တွင် ရွှေတိဂုံ၊ ကျိုက်ထီးရိုးစသည်ဖြင့် ဘုရားကြီးများနှင့် ဘုရားရှင်တို့ကို သက်ရှိထင်ရှားရှိသည့်အလား စိတ်မျက်စိတွင် မြင်ထင်လာအောင်ရှုပွား၍ ဦးသုံးကြိမ်ချပြီးမှ အိမ်မှထွက်ခရီးသွားလေ့ရှိပါသည်။ သို့အတွက်လည်း အနှစ်သုံးဆယ်အတွင်း ခရီးသွားလာရ အဆင်ပြေသလို လုပ်ကိုင်ဆောင်ရွက်ရသည့် ကိစ္စကြီးငယ်အသွယ်သွယ်သည်လည်းပြေလည်ချောမွေ့အဆင်ပြေသည်သာ ဖြစ်ပါသည်။

လွန်ခဲ့သော အနှစ်(၂၀)ကျော်ခန့်က မဂ္ဂဇင်းတစ်ခုမှ မြစ်ကူးချောင်းခြားခရီးသွားဂါထာတစ်ပုဒ် (၃-ပိုဒ်)ကို ကူးယူမှတ်သားထားရာ ထိုဂါထာကို ရွတ်ဆိုသွားလာလျှင် ပိုမို၍ ခရီးသွားရအဆင်ပြေခဲ့ရပါသည်။ သိသူများရှိပြီးဖြစ်မည်ဖြစ်သလို မသိသေးသူများလည်းသိစေရန် တင်ပြပါသည်။ ၎င်းဂါထာကို ခရီးသွားလာများသူတိုင်း ရွတ်ပွားကြသည်ကိုလည်း လေ့လာသိရှိရသဖြင့် အထူးပင် ဝမ်းမြောက်မိ ကြည်နူးပီတိဖြစ်ရပါသည်။ ယခုအခါ ကားအက်ဆီးဒင့်၊ ဆိုင်ကယ်အက်ဆီးဒင့်များ မကြာခဏသတင်းစာ၊ ဂျာနယ်များတွင် ဖတ်ရှုတွေ့မြင်နေရရာ လူတိုင်းလူတိုင်း အန္တရာယ်ကင်းခရီးသွားခြင်းဖြစ်စေရန် မခတ်မခဲ မပင်မပန်း ရွှင်လန်းစွာ ရွတ်ဖတ်၍ ခရီးသွားလာစေရန် ဤဂါထာလေးကို ထပ်ဆင့်တင်ပြပါသည်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ထုံနေသူတိုင်း အန္တရာယ်ကင်းဘေးရှင်း၍ သာယာချမ်းမြေ့ခြင်းပြည့်စုံစေသည်ကို လေးနက်ယုံကြည်ပါသည်။

ဂါထာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

■ ဘဂဝသောတံ ဟဝေ ဗုဒ္ဓါ၊
တိဏ္ဏော လောကဿ ဝိဒူ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဂမန် (မေ) သမိဇ္ဈတု။

■ ယဒိ သန္တိဂမော မဂ္ဂေါ၊
မောက္ခာ စဇ္ဇန္တိကံ သုခံ။
ဧတေန သစ္စ ဝဇ္ဇေန၊
ဂမန် (မေ) သမိဇ္ဈတု။

■ သံဃော ဝေ တိဏ္ဏ ကန္တာရော၊
ပုညက္ခေတ္တော အနုတ္တရော။
ဧတေန သစ္စ ဝဇ္ဇေန၊
ဂမန် (မေ) သမိဇ္ဈတု။ ။

အကယ်၍ ခရီးသွားနေသော မိမိ၏ဇနီး၊ ခင်ပွန်း၊ သမီး၊ သား၊ မိခင်၊ ဖခင်စသူတို့အတွက် နေအိမ်ဘုရားခန်းရှေ့တွင် ခရီးသွားနေသူ၏မျက်နှာကိုမြင်ယောင်ပြီး (မေ) နေရာတွင် (တေ) ဟုကိုယ်စားရွတ်ပွား မေတ္တာပို့သွားနိုင်ပါသည်။

**အနက်မြန်မာပြန်**

*ဘုရားရှင်သည် ကေနအမှန်၊ သံသရာရေအလျဉ်ကို၊ ကူးမြောက်တော်မူလေပြီ။ နိဗ္ဗာန်သို့လည်း ရောက်တော်မူလေပြီ။ တရားအလုံးစုံကိုလည်း ကုန်စင်သိမြင်တော်မူလေပြီ။ ဤမှန်သောသစ္စာစကားကြောင့် ဘုရားတပည့်တော်၏ ခရီးသွားနေခြင်းသည် ဘေးရန်ကင်းဝေး အေးချမ်းအောင်မြင် ပြီးပြည့်စုံပါစေသတည်း။*

*လောကုတ္တရာမင်းလေးပါးသည် ကေနအမှန်၊ နိဗ္ဗာန်ထုတ်ချောက်၊ ရောက်စေနိုင်၏။ နိဗ္ဗာတရားတော်သည် ချမ်းသာစစ်အမှန် ဖြစ်ပေ၏။ ဤမှန်သောသစ္စာစကားကြောင့် ဘုရားတပည့်တော်၏ ခရီးသွားခြင်းသည် ဘေးရန်ကင်းဝေး၊ အေးချမ်းအောင်မြင် ပြည့်စုံပါစေသတည်း။*

*အရိယာ သံဃာတော်အပေါင်းသည် ကေနအမှန် သံသရာခရီးလမ်းကို တက်လှမ်းတော်မူနိုင်ပါပေ၏။အတုမရှိ မြင့်မြတ်သောကုသိုလ်မျိုးစေ့ ရှင်သန်ဖြစ်ထွန်းအောင်မြင်အောင် ကြဲချစိုက်ပျိုးရာ လယ်မြေကောင်းလည်းဖြစ်တော်မူပါပေ၏။ ဤမှန်သော သစ္စာစကားကြောင့်၊ ဘုရားတပည့်တော်၏ ခရီးသွားခြင်းသည်၊ ဘေးရန်ကင်းဝေး၊ အေးချမ်းအောင်မြင် ပြည့်စုံပါစေသတည်း။ ။*

အနက်မြန်မာပြန်မှာ သိထားရုံသာ ဖြစ်ပါသည်။ ရွတ်ဆိုရန်မလိုပါ။ ပိုမိုလေးနက်ကြည်ညိုစွာ ရွတ်ပွားနိုင်ရန် သံခိပ်မြန်မာပြန်ခြင်းသာ ဖြစ်ပါသည်။ မြန်မာပြန်သိထားပြီး ပါဠိသက်သက် မပျက်ရွတ်ဖတ် ခရီးသွားလာနိုင်ကြပါသည်။

ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်စသည်ဖြင့် ယာဉ်ပေါ်ရောက်လျှင်လည်းကောင်း၊ နေအိမ်မှအထွက်တွင်လည်းကောင်း ရွတ်ပွားသွားပါ။ သင်၏ခရီးလမ်း အေးချမ်းသာယာ အောင်မြင်ခြင်း ပြီးပြည့်စုံခြင်းအကျိုးတရား မုချဆက်ဆက် ရရှိခံစားရစေပါမည်။

*ရွတ်ပွားသွားလာ*
*အကျိုးကျေးဇူးများနိုင်ကြပါစေသော်*

*နတ်မောက်မင်းချစ်နှော*



www.burmeseclassic.com1

www.burmeseclassic.com

၂၀၁၅၊ ဒီဇင်ဘာ နောက်ဆုံးပတ်တွင် ကျွန်ုပ်သည် ပဲခူး-မန္တလေး မော်တော်ကားလမ်းမှ မန္တလေးမဟာမြတ်မုနိဘုရားဖူးခရီးစဉ်ထွက်ခဲ့သည်။ ကျွန်ုပ်၏သားကြီးကိုယ်တိုင်မောင်းနှင်၍ လမ်းတွင် စားစားနားနားဝင်ထွက်လာခဲ့ကြရာ ရမည်းသင်းရောက်စဉ်ကဖြစ်ပါသည်။ 'ချစ်သူငယ်ချင်းကဖေး' တွင် မိတ်ဟောင်းဆွေဟောင်း ကိုမြနှောင်းနှင့် အခန့်သင့်ပင်ဆုံရလေသည်။

ကိုမြနှောင်းက သူလက်သမားမလုပ်တော့ကြောင်း၊ အရောင်းအဝယ်လုပ်နေကြောင်း၊ ဆရာညွှန်ပြသော ဝိဇ္ဇာယနပညာဖြင့် အောင်ပွဲရခဲ့ကြောင်း။ ဆရာ့အား ကျေးဇူးတုံ့ပြန်ပါမည့် အကြောင်းတို့ ပြောလေသည်။ ကျွန်ုပ်က မန္တလေး ပြည်ကြီးတံခွန်မှ လိပ်စာပေးလိုက်ပြီး ရက်ကြာအောင်မနေကြောင်း ပြောရလေသည်။ မီအောင်ကြိုးစားလာပါမည်။ လွဲခဲ့ရင်လည်း ဆရာ့ကို ဆက်ဆက်လာတွေ့ပါမည်ဟု ကတိပြုကာ လူချင်းခွဲခဲ့ကြပါသည်။

ကျွန်ုပ်တို့အပြန်တွင် ပျော်ဘွယ်-တောင်တွင်းလမ်းမှခွဲ၍ အောင်လံလမ်းအတိုင်း ပြန်ခဲ့ကြပါသည်။ အိမ်သို့ရောက်သော် မိသားစုကိုပြန်ပြောပြချိန်လာနေကျ တပည့်ကျော် နိုင်ဝင်းအောင်လည်း ရောက်နေပါသည်။ နားထောင်နေရာမှ ဝင်ပြောပါတော့သည်။

"အဖိုးတန်ပညာရပ်တွေ ဒန်အိုးဒန်ခွက်နဲ့လဲစားမိသလိုဖြစ်နေပါဦးမယ်။ ကဲ - ဆရာ့ဆီ သူမီအောင်လာလို့လား။ ဒီလိုလူမျိုး များများရိုက်ပေးရမှာ"

"ဟကောင်ရ ငါက ရလိုကြောင်းနဲ့ ကူညီခဲ့တာမှမဟုတ်တာ။ ခံစားခွင့်ခံစားသင့်ရင် တောင်းမယူရပါဘူးကွာ။ စေတနာမှန်တဲ့ ကံတရားဆိုတာရှိပါတယ်။ ခုလောလောဆယ်တောင် သူ့လက်က လက်စွပ်တစ်ကွင်းချွတ်ပေးလိုက်ပါတယ်။ ဒါကို ငါကလည်း လှူပစ်

# ထင်ကျော်ကျော်
(ရွှေရှာ)
## ချစ်သူငယ်ချင်းမှ ဝိဇ္ဇာယနအာပိုင်းအာစ



လိုက်မှာပါ"

"နေပါဦး ဆရာရဲ့၊ ဒီလူနဲ့ ဆရာနဲ့ ဘယ်လိုဆက်သွယ်မိတာလဲ"

"အေး - ၂၀၁၀ တုန်းက နေပြည်တော် ပုဗ္ဗသီရိ-ဂျိဝမ်းလိုင်း-တပ်မတော်အရာရှိကြီးများအိမ်ရာမှာ ငါက ဆောက်လုပ်ရေးစတိုကိုင်တယ်။ သူတို့တွေက နယ်စုံက လက်သမားအဖွဲ့တွေထဲကပေါ့"

"သူက ဘယ်လိုအခက်အခဲတွေ ရှိနေလို့လဲဆရာ"

"ကိုမြနှောင်း၊ ဆွာမြို့ ကတို့ဆိပ်ရွာသားတဲ့။ သူ့ညီအစ်ကိုဝမ်းကွဲတော်ရဲ့ အခက်အခဲပေါ့။ သူတို့မှာ ဘယ်မှာမှ လမ်းစမရနိုင်ဘူးဖြစ်နေတာ ကြာပြီတဲ့။ သူ့ညီအစ်ကိုဝမ်းကွဲက ကိုဘကောင်းလို့ ခေါ်တယ်။ ကိုဘကောင်းရဲ့မိဘများက မရှိတော့ဘူး။ကိုဘကောင်းမိဘများမဆုံးခင် သူတို့ညီအစ်ကိုမောင်နှမတွေနဲ့ သက်ဆိုင်တဲ့ ခြံကွက်ဝိုင်းလေးတစ်ခုထဲကိစ္စပဲ။ ဒီခြံကွက်ဝိုင်းထဲမှာ အဖိုးတန်



www.burmeseclassic.com1

www.burmeseclassic.com

လက်တော်ရတနာတွေထည့်တဲ့ အိုးတစ်လုံးမြှုပ်ခဲ့တယ်လို့ဆိုတယ်။ မြှုပ်ခဲ့တာတော့ အသေအချာပြောခဲ့တယ်။ နေရာကို မပြခဲ့ဘူးကွ"

"ဟာ - ခြံကွက်တစ်ခုလုံး ဘယ်လိုလိုက်ပြီး တူးနိုင်မလဲနော်ဆရာ။ အဲဒါမှ ပြဿနာပဲ"

"ဒါပေါ့ကွာ ဒီလိုပဲ ထွလည်လည်နဲ့ ဘာလုပ်ရမှန်းမသိလာတာ တစ်နေ့မှာ ကိုမြနှောင်းက အားကိုးပါတယ်။ ဆရာသိရင် နည်းလမ်းပေးခဲ့ပါလို့တောင်းဆိုလာတယ်"

"ဒါနဲ့ပဲ ဆရာက တစ်ခါတည်း နည်းပေးလိုက်ရောလား"

"ဒီလိုမဟုတ်သေးဘူးလေ။ သူ့ရဲ့ စိတ်ဓာတ်ကိုတော့ စူးစမ်းလေ့လာကြည့်ရတာပေါ့။ ဒီလူက အသက်သာ လေးဆယ်ကျော်ငါးဆယ်နားသာ နီးနေတာ လူပျိုကြီး။ သူနဲ့အတူနေမိသားစုကလည်း အပျိုကြီးတွေတဲ့။ သူ့ဘဝ အမွေးခါး မချွန်ပြောပြပါတယ်။ ဟိုတုန်းက ငါးဖားတောင်ရှာခဲ့ရတယ်လို့ ပြောတယ်။ အလှူအတန်းလည်း မတွန့်ဆုတ်ဘူး။ စိတ်သဘောထားလည်းကောင်းတယ်။ ချမ်းသာရင် ပျော်ပျော်ကြီးနေပြီး သုံးစွဲပစ်လိုက်မယ်ဆိုတဲ့ လူစားထဲမှာ သူမပါဘူးလို့ပြောတယ်။ နောင်သံသရာကောင်းအောင် ဒါန၊ သီလ၊ ဘာဝနာကြိုးစားပြီး မြဲနိုင်သမျှမြဲအောင် လုပ်ယူမယ်လို့ပြောတယ်"

"ဒါနဲ့ပဲ ဆရာကလည်း အဖြေကျတော့ နည်းလမ်းပေးလိုက်တယ်ပေါ့"

"လွယ်လွယ်ကူကူတော့ မပေးသေးပါဘူး။ ဒါပေမယ့် သူတို့လက်သမားအဖွဲ့လည်း နေရာရွှေ့ရတော့မယ်ဆိုတော့ ပြောပြလိုက်တယ်။ ငါလည်း မကြာပါဘူး ရန်ကုန်မှာ အရေးကြီးတဲ့ အလုပ်ပေါ်လာလို့ အလုပ်အပ်ပြီး ပြန်ခဲ့တယ်"

"နေပါဦးဆရာရဲ့၊ ဆရာတို့ကော ဘယ်ဆရာဆီကဒီပညာတွေရခဲ့တာလဲ"

"နိုင်ဝင်းအောင်ရေ ငါ့လက်ရင်းဆရာဖြစ်တဲ့ ဦးမြွှင်းဆရာပါပဲ။ တောင်သုံးလုံးကျောင်းမှာ ပညာလိုချင်လို့ ပဥ္စင်းတက်ပြီး ရဟန်းဝတ်ခဲ့တယ်။ ပဥ္စင်းဝတ်နဲ့ အင်းအခြေခံ၊ ဗေဒင်အခြေခံကနေ ဝိဇ္ဇာယနပညာတွေပါရခဲ့တယ်ကွ"

"ပဥ္စလက်ကောင်းတဲ့ ဦးမြွှင်းဆိုလားဆရာ"

"အေးပေါ့၊ ငါ့ကွာ နရာဝတီတိုင်းဘက်ရောက်သွားတော့ ဦးမြွှင်းတပည့် မှန်းသိသွားလို့ ရေမှော်အောင်တဲ့ဂါထာတောင်းတဲ့လူနဲ့ ပုဏ္ဏကဆေးဖော်နည်းတောင်းတဲ့သူနဲ့။ ကျုပ်မတတ်ပါဘူးဗျာလို့ မနည်းပြောရတယ်"

"ဆရာက ပုဏ္ဏကဆေး ဘာလို့ မပေးချင်တာလဲ"

"ပုဏ္ဏကတိုက်တယ်ဆိုတာ မင်းကြားဖူးမှာပေါ့။ ဟိုအိမ်ကိုခဲနဲ့ပေါက်ဆို အုတ်ခဲကျိုးပိုင်းလောက်ရှိတဲ့ ခဲလုံးတွေတောင်ကျနိုင်သကွ။ ဆေးနည်းနဲ့ စီမံနည်း။ မကောင်းတဲ့သူလက်ထဲ ရောက်သွားရင် ဘယ်ဟန်ပါ့မလဲကွာ။ ယမ်းစိမ်းနဲ့ဖော်တဲ့နည်းနဲ့ ဆင်ချေးမှိုနဲ့ဖော်တဲ့နည်းဆိုပြီး (၂)နည်းရှိတယ်။ ဒီနည်း နှစ်ခုလုံးဘဲအောင်၊မအောင်စမ်းလို့ရတယ်ကွ။ အမှိုက်မှာထည့်ကြည့်ရင် မီးတောက်တယ်။ နောက် ရေနဲ့ထိရင် လောက်ဖြစ်တယ်လေ"

"ဆရာ ရေမှော်အောင်တယ်ဆိုတာကော ဘယ်လိုလဲ ဆရာ"

"အနိမ့်ဆုံး ရေမကူးတတ်တဲ့သူ ရေကြောင်းမှာ ရေနစ်မသေနိုင်ဘူးပေါ့။ အကျင့်မှန်၊ အကျင့်သန့်တဲ့သူဆိုရင် ရေပေါ်မှာ ဖိနပ်တောင်စီးနိုင်သတဲ့ကွ။ ဒါနဲ့ မင်းဗဟုသုတရအောင် ပြောရဦးမယ်။ လွတ်လပ်ရေးမရခင် ၁၉၄၇ ခုနှစ်လောက်တော့ ရန်ကုန်တိရစ္ဆာန်ရုံထဲမှာ အမျိုးသမီးတစ်ယောက် ရေပေါ်မှာ အိပ်ပြတယ်လို့ ကြားဖူးတယ်။ ပါရမီရင့်သန်တဲ့သူဆို (၇) ရက်နဲ့ ဒီဂါထာရွတ်ရင် ရေမှော်အောင်တယ်။ ပါရမီအနုအရင့်လိုက်ပြီး (၇) ရက်၊ (၇) လ၊ (၇) နှစ်မှာ ရေမှော်အောင်နိုင်တယ်လို့ဆိုတယ်"

"ဆရာ ပုဏ္ဏကဆေးမပေးရင်နေပါ။ ရေမှော်အောင်ဂါထာတော့ ကျင့်နည်း ကျွန်တော့်ကိုပေးပါလား ဆရာ"

"အေး - မင်းဇိတ်လေးတည်ငြိမ်အောင် မွေးမြူထား။ တစ်နေ့ငါပေးပါမယ်၊ အခုဝိဇ္ဇာယနပညာနဲ့ နေရာမသိတဲ့ဥစ္စာဖော်နည်းဆက်ပြောကြစို့"

"ဟုတ်သားပဲ ဆရာ၊ ကိုမြနှောင်းတို့က ဆရာနည်းပေးလိုက်ရုံနဲ့ အဆင်ပြေပြေအောင်မြင်သွားကြတာလား"

"ဒီလိုပဲ ဆိုရမယ်ကွ"

"အဲသည်တုန်းက သူတို့က ငါ့ကိုမရအရ ခေါ်တာမောင်။ သူနေတဲ့ရွာ ဈတို့ဆိပ်ကနေ တောဘက်ကို (၃)မိုင်ခွဲလောက်သွားရဦးမယ်လို့ ပြောတယ်။ သူ့အိမ်မှာညအိပ်ပြီး နောက်နေ့သွားမယ်လို့ပြောတယ်။ ငါကလည်း ညအိပ်တာနဲ့ ခရီးကဝေးတာနဲ့ဆို လိုက်လို့မဖြစ်ဘူးလေ။ လက်ရှိစတိုမှာက ညဆိုင်းအလုပ်တွေ အိုတီပေါ်လာရင် ပစ္စည်းထုတ်ပေးရမှာရှိတော့ မလိုက်နိုင်ဘူး။ ဒါ့ကြောင့် ဂဃနဏ သေချာအောင်ပဲ မှာလိုက်ရတယ်"

"ကဲ - ဆရာရေ့ တပည့်ကိုလည်း တစ်ခါတည်း ပို့ချပေးပါဦး"

နိုင်ဝင်းအောင်အား ဝိဇ္ဇာယနပညာဖြင့် မြေတွင်မြှုပ်ထားသော နေရာမသိ ဥစ္စာပစ္စည်းရှာဖွေနည်းကို အောက်ပါအတိုင်း ပြောပြလိုက်ပါသည်။

ရှေးဦးစွာ ဥစ္စာပစ္စည်းမြှုပ်ထားသည့်ခြံဝိုင်း၊ မြေကွက်၏ ပတ်ပတ်လည်ကို ပရိတ်ကြိုး၊ အပ်ချည်မျှင်ကြိုးတို့ဖြင့် ဝိုင်းပတ်၍ထားရပေမည်။ ဤအလုပ်မှာ မမြင်ရသော ပရလောကသားများ မနှောင့်ယှက်နိုင်စေရန်ကာကွယ်တားဆီးမှုဖြစ်ပါသည်။ ထို့နောက် တစ်ကောင်လုံး ဆွတ်ဆွတ်ဖြူနေသော ကြက်ဖတစ်ကောင်ကိုရအောင်ရှာပါ။

မဆာစ်ဆီ (၅) ကျပ်သားကို ဘုရားခန်းရှေ့တွင် ငါးပါးသီလခံယူ၍ (၁၇) အုပ် အောက်ပါဂါထာကို ရွတ်ဆိုပါ။

ဩံ အဂ္ဂသီဘဒ္ဒ၊ နကဋ္ဌေသု
နလာနံ ဗုဒ္ဓလောကာစ အရဟန္တာ
ရာဇကောဝမံ ဝိနဿန္တု အသေ
သတော။ ။

ထိုဂါထာကို (၁၇) ခေါက်ရွတ်၍ မဆာစ်ဆီပန်းကန်ကို မန်းရပေမည်။ ထို့နောက် ကြက်ဖြူကြက်ဖ၏တစ်ကိုယ်လုံးကို ဆီဖြင့်သုတ်လိမ်းပါ။ ထို့နောက် တွင် ဥစ္စာမြှုပ်ထားသော ခြံဝိုင်းမြေကွက်ပေါ်သို့ ကြက်ဖကိုချပေးလိုက်ပါ။

ကြက်ဖသည် ဟိုဟိုသည်သည် လျှောက်သွားနေလိမ့်မည်။ တစ်နေရာအရောက်တွင် ကြက်ဖသည် မြေကိုခြေဖြင့်ယက်၍ အစာရှာဖွေသလိုပြုသော နေရာကို မှတ်သားပါ။ ကြက်ဖကိုပြန်သိမ်းပြီး ထိုနေရာကိုတူးပါလေ။

မြှုပ်ထားသော ဥစ္စာပစ္စည်းပေါ်အံ့။

အထက်ပါနည်းအတိုင်း ဆောင်ရွက်၍အောင်မြင်သွားသော ကိုမြနှောင်းတို့အကြောင်း ကဗျာဆန်သော အညာက ချစ်သူငယ်ချင်းလက်ဖက်ရည်ဆိုင်၊ ဂမ္ဘီရဆန်သော ဝိဇ္ဇာယနအပိုင်းအား ပြန်ပြောပြလိုက်ရပါသတည်း။

ထင်ကျော်စွာ(ဂမ္ဘီရ...)



www.burmeseclassic.com1

www.burmeseclassic.com


ဒီတစ်ခေါက် မန္တလေးခရီးစဉ်ကတော့ 'သွားပါများခရီးရောက်၊ မေးပါများစကားရ စိုက်ထုတ်လှဲ့လ ဆောင်းပါးတွေရ' လို့ ဆိုရလိမ့်မယ်ထင်ပဲ့။ 'ရွှေစာရံဘုရားပွဲ'၊ 'သူ့ဘက်ကိုယ့်ဘက်အခွင့်အရေး'၊ တမုတ်ကြီးရှင်ပင်ရွှေဂူဘုရားကြီး'၊ 'မဟာရွှေသိမ်တော်ကြီး' ယခုရေးသားမယ့် ရှင်ပင်ရွှေဆပ်သွားဘုရားကြီး ဒိနောက်လည်း မကွေးရာမြို့အကြောင်းတွေရေးသားပါဦးမယ်။ (၂) ရက်ခရီးနဲ့ ဒီဆောင်းပါးတွေရေးဖြစ်တယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ်အားတက်ရတယ်လေ။ ဘယ်ရောက်ရောက် ရေးချင်စိတ်ကရှိနေမှကိုး။ စိတ်က ဒီပဲ အာရုံရောက်လားရောက်ရဲ့။ တွေ့မြင်ကြားသိသမျှ ခံစားလားခံစားရဲ့။ မှတ်မှတ်သား မေးလားမြန်းလား မေးရဲ့မြန်းရဲ့။

ခက်တာက ရက်ကြာကြာမနေနိုင်တာပဲ။ အချိန်ပေးရအောင်ကလည်း ရှင်ပြုအလှူတွေက တန်းစီနေမှကိုး။ နွေကျောင်းပိတ်ရက်ဆိုတော့ ရှင်ပြုရာသီပေကိုး။ ဒီလိုနဲ့ပဲ မသေခင် အချိန်လုပြီး အလုပ်လုပ်ရတာကလား။ လူကအချိန်ကိုနိုင်နေမယ်၊ ကောင်းစွာအသုံးချတတ်မယ်ဆိုရင် လူ့တန်ဖိုးမြင့်တင်နိုင်ပေသပေ့ါ။ အချိန်က လူကိုဝါးမျိုထားမယ်ဆိုရင်တော့ လူ့တန်ဖိုးမမြင့်တင်နိုင်ဘူးပေ့ါ။ အချိန်ချမ်းသာသူတွေက ဆင်းရဲပြီး အချိန်ဆင်းရဲသူတွေက ချမ်းသာကြရတယ်လေ။ လူတစ်ယောက်အတွက် တစ်ရက်တာက (၂၄) နာရီသာ တူညီမျှပေးတာပါပဲ။ လက်ခံသူပေါ်မှာသာ မူတည်သွားတာကလား။ အဲဒီနေရာမှာ တန်ဖိုးချင်းကကွာသွားရော။ တကယ်အလုပ်လုပ်ချင်သူတွေအဖို့ အကျိုးမရှိတဲ့ အချိန်တွေလျှော့နိုင်သမျှလျှော့ရတာပေ့ါနော်။

မန္တလေးရောက်ခိုက် အထူးကုဆေးရုံကြီးတစ်ခုသွားပြီး ဆေးစစ်ရတယ်လေ။ သမားတော် (၂)ဦးနဲ့ပြပြီး အချိန်ရတာနဲ့ သွားလိုရာအတွက် ခရီးစဉ်ရပါတယ်။ သို့မှသာ ရက်တိုအတွင်း ကိစ္စဝိစ္စတွေပြီးမယ်မဟုတ်လား။ နေ့ဆွမ်းစားပြီး ကျောဆန့်ရတဲ့နေ့တစ်နေ့မှကိုမရှိပါဘူး။ နေ့ကျောမဆန့်ရသဘောရယ်လို့ ပင်ပန်း

# ဦးစန္ဒိမာ(စလင်း)

# ရှင်ပင်ရွှေဆပ်သွားဘုရားကြီး



လှသကောရယ်လို့ နံနက်မိုးလင်းအောင်လည်းမအိပ်တတ်တော့ ကုန်းရုန်းထားရပြီပေ့ါ။

ဒီကနေ့လည်း အစောကြီးထ၊ ဒရိုင်ဘာနှိုး၊ အနီးအနားကျောင်းကမောရိယဖုန်းဆက်ခေါ်ပြီး ကျောက်ဆည်ခရီးဆက်ခဲ့ရော။ ရှင်ပင်ရွှေဆပ်သွားဘုရားရောက်တော့ (၇)နာရီကျော်ကျော်ပဲရှိသေးရဲ့။ တပေါင်းလဆန်းဆိုတော့ နံနက်စောစော အေးသေးတယ်လေ။ ဘုရားကြီးရောက်တော့ တံခါးတောင်မဖွင့်သေး။ တံမြက်လှည်းသူတွေ့တော့ မေးကြည့်တယ်လေ။ သော့က ဂေါပကလူကြီးဆီမှာသွားယူနေပါပြီတဲ့။ အနီးနားကဆရာတော်တွေ သော့အပ်မထားဘူးလားဆိုတော့ -

"ဘယ်ဆရာတော်မှ သော့မကိုင်ရဲကြဘူးဘုရား၊ သော့ကိုင်တဲ့ဆရာတော်တိုင်း ပျံလွန်တော်မူကုန်ကြတာချည်းဆိုတော့ ကြောက်လို့မကိုင်ရဲကြတာရယ်"

တယ်ဆန်းပါ့လားလို့ တွေးနေမိရဲ့။


ဘုရားဝန်းကျင်က လယ်ကွင်းတွေနဲ့ သိပ်လှတယ်။ လေလေးတဖြူးဖြူးနဲ့ဟာကို။ တမုတ်ရှင်ပင်ရွှေဂူဘုရားကြီးရယ်၊ ရှင်ပင်ရွှေဆပ်သွားဘုရားကြီးရယ်က ဟိုတုန်းက တိမ်မြုပ်နေတယ်။ ခုနောက်ပိုင်းကျမှ လူသိများလာပြီး




www.burmeseclassic.com

www.burmeseclassic.com









ရုပ်ဝေးတွေက လာရောက် ဖူးမြော်ကြတာပါ။ ကျောက်ဆည်မဟာရွှေသိမ်တော်ဘုရားကြီးကတော့ အမြဲလူဝင်လူထွက်များတယ်။ ကန်တော့ပွဲတင်လှူကြတယ်လေ။ နောက်မှတည်ပြီး တစ်ဟုန်ထိုး လူသိများအဖူးအရောက်များတာကတော့ မန္တလေးအထွက် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးဘေးက ကျောက်စိမ်းဘုရားပါပဲ။ မြို့ခံတွေကတော့ ညည သွားရောက်ဖူးမြော်ကြတာများပါတယ်။ လွတ်လပ်မှုကိုရှာကြထင်ပါရဲ့။

ရှင်ပင်ရွှေဆပ်သွားဘုရားကတော့ ကျောက်ဆည်မြို့အနောက်ဘက် (၅)မိုင်အကွာ ညောင်ရွှေရွာနဲ့နီးသတဲ့။ မူလဘုရားဒကာမှာ သီရိဓမ္မာသောကမင်းဖြစ်ပြီး ဘွဲ့မည်က မုဋ္ဌောဘုရားလို့တွင်တယ်။ လမင်းက ရန်သူ ရာဟုအသူရိန်နတ်မင်းဖမ်းယူဖုံးအုပ်ခြင်းမှလွတ်မြောက်စအချိန် လမင်းနဲ့ အသူရိန်နတ်မင်းတို့မဝေးသေးမီအချိန် တစ်ပြိုင်တည်းတည်ခဲ့ပါသတဲ့။ မုဋ္ဌောစေတီပေါင်းရှစ်သောင်းလေးထောင် တစ်ပြိုင်တည်းတည်ခဲ့ပါသတဲ့။ မုဋ္ဌောစေတီများနဲ့အတူ ရေတွင်း၊ ရေကန်၊ သိမ်ကျောင်းအရာမ်များကိုပါ လှူဒါန်းခဲ့တယ်။ သီရိဓမ္မာသောကမင်းကောင်းမှုတွေ၊ ရေတွင်းရေကန်များ စေတီတော်ကြီးအရှေ့ဘက် စောင်းတန်းဝဲယာမှာရှိနေတယ်။



www.burmeseclassic.com1

www.burmeseclassic.com


ပုဂံအနော်ရထာမင်းတရားကြီးက သီရိဓမ္မာသောကမင်းကောင်းမှု မုဋ္ဌော စေတီကိုငုံပြီးတည်ခဲ့တယ်။

■ *တစ်သောင်းရှစ်ပြန်၊ လေးထောင်လွန်သား*
*ယုဂန်လှည့်သွား၊ လရထားနှင့်၊ နတ်သားနီးကြ၊*
*သောကာလဝယ်၊ သောကမင်္ဂလာ၊ ဌာပနာသား၊*
*သစ္စာဉာဏ်ပေါင်း၊ မရှုတောင်းသည်၊ ညီနှောင်းနှောင်စော၊ မြတ်မုဋ္ဌော...*
*တစ်သောင်းရှစ်မည်၊ လေးထောင်တည်ကို*
*ရစ်လည်လှည့်ပတ်၊ လပြာသာဒ်နှင့်၊ ရန်နတ်နီးခိုက်*
*သောစဉ်ကြိုက်ဝယ်၊ ထိန့်ရိုက်သပြေ၊ အာဏာမွေသား*
*သရေမွေ၊ သောတရွှေမှောက်၊ တည်ခဲ့ပြောက်သည်။ ။*
(စာဆိုရှင်-နတ်ရှင်နောင်)

ဆပ်သွားစေတီရယ်လို့ ဘွဲ့တော်တွင်ရခြင်းမှာ -

အနော်ရထာမင်းကြီးစေတီတည်ခါနီး အမည်မသိအဘိုးအဘွားနှစ်ဦးတို့က ဆပ်သွားနှစ်ဖူးလာဆက်လို့တွင်သွားပါသတဲ့။ ပြောစမှတ်တစ်ခုမှာတော့ စေတီတော်ဌာပနာသွင်းဖို့ ဘုရားရှင်ဓာတ်တော်များ ပင့်ဆောင်တဲ့အခါ ဓာတ်တော်များက ဆပ်သွားဖူးသဏ္ဌာန် ပေါ်လာပြီး ဖူးမြင်ရသူအများကို ဆပ်သွားဖူးရန့်များ သင်းပျံ့မွှေးကြိုင်စေလို့ ဆပ်သွားစေတီရယ်လို့ တွင်ပါသတဲ့။ အနော်ရထာမင်းတည်စဉ်က မုခ်(၄)မုခ် ပါဝင်ပြီး အုတ်စေတီ(၂)ထပ်၊ ကျောက်စေတီ(၂)ထပ်၊ အုတ်သားစေတီမှာ ပုဂံ ဓာတ်နှောင်းဘုရင်တစ်ပါးနဲ့အင်းဝဘုရင်ကျော်စွာမင်းတို့ဖြစ်တယ်။ ကျောက်သားစေတီတော့ ၁၂၆၃ ခု ဂိုဏ်းထောက် ဆရာတော်ဦးဇိနဦးဆောင်ကာ အများကောင်းမှုနဲ့ (၁)ထပ်၊ ရသေ့ကြီးဦးခန္တီဦးဆောင်ပြီး အများကောင်းမှုနဲ့ (၁)ထပ် ထည့်သားပူဇော်ခဲ့ပါတယ်။

အုတ်သားစေတီများပစ္စယံအဆင့် ထီးတော်များကို ပုဂံ၊ မြင်စိုင်း၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင် ဆက်ဆက်တို့ပြုပြင်မွမ်းမံကုသိုလ်ယူခဲ့၊ ဒီနောက် အထပ်ထပ်ရုပ်ပွားများကို ရသေ့ကြီးဦးခန္တီသွန်းလုပ်တယ်။ ကြေးသွန်းရုပ်ပွားတော်







အောက်က ပလ္လင်တော်ကိုတော့ လိုဏ်အတွင်း ဝင်လေ့လာရပါတယ်။ ယခုမြင်နေရတဲ့ကျောက်သားစေတီတော်မှာ ၁၂၉၃ ခုနှစ်တုန်းက ရသေ့ကြီး ဦးခန္တီ ဦးဆောင်ကုသိုလ်ပြုခဲ့ခြင်းပေါ့။ ရုပ်ပွားတော် (၂) ဆူပြိုပြီးမှ ထုလုပ်ထားတဲ့ အနုပညာလက်ရာကလည်း စနစ်ကျ သပ္ပာယ်လှပါတယ်။

၁၂၉၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်နေ့က ရသေ့ကြီးဦးခန္တီသွန်းလုပ်ပူဇော်ခဲ့တဲ့ မဟာမုနိရုပ်ပွားတော်ကြီး ပုံတူ၊ ကြေးချိန် (၁၃၅၀) ပိဿာရှိတယ်။ ရုပ်ပွားဆင်းတုတော်ကြီး သီတင်းသုံးတော်မူရာ ပလ္လင်တော်ကြီးခိုင်မာစေဖို့ သံကူကွန်ကရစ်လောင်းထည့်ပါတယ်။ ရုပ်ပွားတော်ကြီးအောက်မှာ ကြေးသား ရုပ်ပွားတော်အချို့လည်းတည်ရှိပါတယ်။ ရှင်ပင်ဆပ်သွားဘုရားပွဲတော်ကို သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့တိုင်း ဆင်လျှုပွဲတော်နဲ့ ဆွမ်း၊ မုန့်ဆီကြော်၊ မုန့်ဖက်ထုပ်များနဲ့ ဆွမ်းကြီးလောင်းတယ်။ တပို့တွဲလပြည့်ကျော် ၅ ရက်နေ့မှာ ပဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဇာတ်၊ ရုပ်ရှင်၊ နွားအလှပြိုင်ပွဲ၊ ဒိုးနွားပြိုင်ပွဲ၊ မြန်မာ့လက်ဝှေ့ပွဲများ ထည့်သွင်းစေတယ်။ ရှင်ပင်ရွှေဆပ်သွားဘုရားကြီးမှာ ရှေးဟောင်းရုပ်ပွားတော်၊ အုတ်ခွက်ဘုရား၊ ပန်းအိုးတွေ၊ သပိတ်ကြီးတွေနဲ့ ရသေ့ကြီးဦးခန္တီရုပ်တု လေ့လာစရာရှိနေပါသေးတယ်။ အဲဒီနေ့ကအပြန် ကျောက်ဆည်မြို့ထဲ ရှမ်းခေါက်ဆွဲဝင်စားတယ်။ တစ်ပွဲ (၈၀၀) တဲ့။ မန္တလေးက နာမည်ကြီးမုန့်တီတစ်ပွဲ (၂၀၀၀)ပေးရသေးတာကလား။ သူ့ခေတ်နဲ့တော့သူ တွင်ကျယ်ပေမပေါ့နော့။ စားသောက်ပြီး မဟာရွှေသိမ်တော်ဘုရားကြီးဘက် ခရီးဆက်ပြန်ပါတော့တယ်။

ဦးစန္ဒိမာ (စလေး)



www.burmeseclassic.com1

www.burmeseclassic.com

# ချောင်းဆိုးအုန်းသွင်

## သဘာဝဝမ္မ

## မာရ်နတ်မင်း ပလ္လင်မလုပါ



ဦးအုန်းစိန် -

"ဒီကနေ့ အလောင်းတော် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူတဲ့အကြောင်း ဆက်ပြောမယ်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ညနေခင်းမှာ အလောင်းတော်ဟာ ဉရုဝေလတောက ဂါရာဘက်ကို ထွက်လာခဲ့တယ်။ လမ်းမှာ သုဒ္ဓိယဆိုတဲ့ မြက်ထမ်းသမားနဲ့ တွေ့တယ်။ သုဒ္ဓိယဟာ အလောင်းတော်ကို မြင်တော့ ကြည်ညိုသဒ္ဓါပွားပြီး ထမ်းလာတဲ့အထဲက သမန်းမြက်သန့်သန့် လက်ရှစ်ဆုပ်စာလောင်းလှူလိုက်တယ်။ အလောင်းတော်က အလှူခံခဲ့ပြီး ဂါရာဘက်ရောက်တော့ထိုင်ပြီး တရားရှုမှတ်ဖို့ နေရာကောင်းကို ရှာလိုက်တယ်။ အဲဒီမှာ အကိုင်းအလက် ဝေဆာကြီးမားတဲ့ ဗောဓိညောင်ပင်ကြီးကိုတွေ့တယ်။

အဲဒီတော့ ညောင်ပင်အရင်းမှာ သမန်းမြက်ကို တစ်ထိုင်စာဖြန့်ခင်းလိုက်တယ်။ အဲဒီမြက်ပေါ်မှာ ထိုင်ပြီး အခုက စပြီး သဗ္ဗညုတဉာဏ်မရမချင်း ဒီနေရာက ငါမထဘူးလို့ အဓိဋ္ဌာန်ပြီး မြက်ပေါ်တင်ပျဉ်ခွေထိုင်ကာ အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းနေလိုက်တယ်။ အဲဒီမှာ အလောင်းတော်ဘဝရော ဘုရားဘဝမှာပါ စဉ်ဆက်မပြတ် လိုက်လံနှောင့်ယှက်နေတဲ့ မာရ်နတ်မင်းဟာ အလောင်းတော် အဓိဋ္ဌာန်ပျက်ပြီး ထထွက်သွားဖို့ ဘုရားမဖြစ်စေဖို့ဆိုပြီး စစ်သည်တော်တွေနဲ့လာရောက်နှောင့်ယှက်တိုက်ခိုက်တယ်"

ဦးအုန်းရွှေ -

"အလောင်းတော်ဟာ ဗောဓိပင်ရင်းမှာ မြက်ရှစ်ဆုပ်ကို အဓိဋ္ဌာန်ပြုပြီး ဖြန့်ကြလိုက်တော့ လူတို့ရဲ့အတောင်နဲ့ တစ်ဆယ့်ရှစ်တောင်မြင့်တဲ့ရတနာပလ္လင်ကြီးပေါ်ထွန်းလာတယ်။ အဲဒီမှာ မာရ်နတ်သားက ရတနာပလ္လင်ကိုလာရောက်လုယက်တိုက်ခိုက်တယ်လို့ကြားဖူးတယ်။ အောင်ခြင်းရှစ်ပါးသီချင်းမှာ ဘုရားကိုယှဉ်တု ပလ္လင်လုပြန်တာလို့ ပါတယ်မဟုတ်လား။ အခု မင်းပြောတဲ့အထဲမှာ အလောင်းတော်ဟာ ပလ္လင်ပေါ်မှာမထိုင်ဘဲ မြက်ပေါ်မှာထိုင်ပြီး တရားရှုမှတ်လို့ ဖြစ်နေတယ်။ အဲဒါသေသေချာချာရှင်းပြပါဦး။

ဦးအုန်းစိန် -

"ဒါဆို အလောင်းတော် ပလ္လင်ပေါ်တက်ဖို့ လှေကားလိုလိမ့်မယ်"

ဦးအုန်းရွှေ -

"ဘုရားရဲ့အရပ်ကလည်းတစ်ဆယ့်ရှစ်တောင်ဆိုတော့ ဘယ်လိုလိမ့်မလဲ"

ဦးအုန်းစိန် -

"တစ်ဆယ့်ရှစ်တောင်ဆိုရင်လည်း ကိုယ့်အရပ်လောက်မြင့်နေတဲ့ပလ္လင်ပေါ်ကို ဘယ်လိုလုပ်တက်ထိုင်မလဲ။ တကယ်တော့ တစ်ဆယ့်ရှစ်တောင်မြင့်တဲ့ရတနာပလ္လင်ကြီးပေါ်ထွန်းလာတယ်ဆိုတာရယ်၊ မြတ်စွာဘုရားရဲ့အရပ်တော်ဟာ တစ်ဆယ့်ရှစ်တောင်ရှိတယ်ဆိုတာဟာ ခိုင်မာတဲ့စကားမဟုတ်ဘူးလို့ ငါ့ဆရာတွေကဆိုကြတယ်။ ဘုရားရှင်ဟာ အဲဒီခေတ်က လူတွေရှိတဲ့အရပ်တော်အတိုင်းပဲရှိမယ်။ တစ်ဆယ့်ရှစ်တောင်ဆိုရင် နှစ်ဆယ့်ခုနစ်ပေရှိတယ်။ အရပ်နှစ်ဆယ့်ခုနစ်ပေရှိတဲ့ လူသားတွေရှိခဲ့ကြောင်း သမိုင်းမှာ မတွေ့ဖူးဘူး။ ရုက္ခမူလဆိုတဲ့စကားကို ဘာသာပြန်ရင် ရုက္ခက သစ်ပင်၊ မူလက အရင်းအမြစ်လို့ အဓိပ္ပာယ်ရတယ်။ ဗောဓိပင်ရင်းမှာ မြတ်စွာဘုရားထိုင်နေတာကို ရုက္ခမူလေလို့ ဆိုတဲ့အတွက် ပန်းချီဆရာက ဘုရားညောင်မြစ်ပေါ်မှာ ထိုင်နေတဲ့ပုံ ဆွဲထားတယ်လို့ထင်တယ်။ တချို့စကားတွေဟာ တွဲမသုံးရင် အဓိပ္ပာယ်နှစ်မျိုးထွက်တယ်။ ဉပမာ တောင်၊ မြောက် ဆိုတဲ့စကားမှာ တောင်အရပ်၊ မြောက်အရပ်၊ တောင်ပေါ်မျောက် သတ္တဝါဆိုပြီး တွဲသုံးမှ အဓိပ္ပာယ်ကွဲတယ်။ ငါ့ဦးလေးကပြောဖူးတယ်။ ကိုယ့်လိုနိ ခေတ်က စာရေးဆရာတစ်ယောက်က ဘုရားရဲ့အရပ်တော်ကို တစ်ဆယ့်ရှစ်မိုက်နဲ့ ဆယ့်ရှစ်တောင်မှားတာဖြစ်မယ်။ ဆယ့်ရှစ်မိုက်ဆိုရင် ကိုးပေရှိတာမို့ ဖြစ်နိုင်ခြေရှိတယ်ဆိုပြီး ရေးထားတာကို ဖတ်ဖူးတယ်လို့ ပြောတယ်"

ဦးအုန်းသွင် -

"ဘုရားအရပ်တော်နဲ့ပတ်သက်ပြီး မင်းဦးလေးပြောတယ်ဆိုတော့ အထောက်အထားရှိတယ်ဆိုပါတော့။ ပလ္လင်တော်နဲ့ ပတ်သက်ပြီး အထောက်အထားပြဖို့လို မယ်"

ဦးအုန်းစိန် -

"အဲဒါက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်ဒေါက်တာနန္ဒမာလာဘိဝံသ ဟောတဲ့တရားထဲကပြောတာပဲ"

ဦးအုန်းသွင် -

"အဲဒါဆိုရင် စိတ်ချရပြီ။ ဒီဆရာတော်က ပိဋကတ် (၃) ပုံ အာဂုံဆောင်နိုင်တဲ့ဆရာတော်ပဲ။ ငါ့မှာအတွေ့အကြုံ တစ်ခုရှိတယ်။ မင်းကွန်းဆရာတော် ဘုရားကြီးရဲ့မေတ္တာပို့မှာ ကြောက်တတ် မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ လို့ ဆိုတာကို ငါကမသိတော့ ဗုဒ္ဓတရားတော်နဲ့ပတ်သက်ပြီး ငါ့ထက်ပိုသိတဲ့ မကြာခဏမေးရဖူးတဲ့ပုဂ္ဂိုလ်ကိုမေး တယ်။ သူက ပုထုဇဉ်နဲ့ အရိယာကို တာ။ ပုထုဇဉ်ဆိုတာ ဂတိမမြဲ သေရမှာ ကြောက်တယ်။ . အရိယာ တာ ဂတိမြဲပြီမို့ သေရမှာမကြောက်



www.burmeseclassic.com1

www.burmeseclassic.com

လို့ ပြန်ဖြေတယ်။ ငါလည်း ဝမ်းသာအားရနဲ့ အလျှဉ်းသင့်လို့ ဆောင်းပါးမှာ ထည့်လိုက်တယ်။ နောက်တော့မှ အမှန်ကို သိရတယ်။ ဒေါသရှိသူနဲ့ ဒေါသမရှိသူကိုပြောတာ။ဒေါသရှိသူဟာ ကြောက်တတ်တယ်။ ဘယ်လောက်အဆင့်အထိ ဒေါသကိလေသာရှိသေးသလဲဆိုရင်တော့ သကဒါဂါမိအဆင့်အထိပဲ။ သောတာပန်နဲ့ သကဒါဂါမ်တို့ဟာ အရိယာပဲ။ ဒါပေမယ့် ဒေါသကိလေသာရှိသေးလို့ကြောက်တတ်သူတွေဖြစ်တယ်။ အနာဂါမ်ကစပြီး ဒေါသကိလေသာကင်းသွားပြီ။ အနာဂါမ်နဲ့ ရဟန္တာပေါ့။ သူတို့ကမကြောက်တတ်သူတွေ။ ဒါက ကြားရတဲ့အပေါ် မှာတည်ပြီး၊ သူတစ်ပါးပြောတဲ့အပေါ် မှာတည်ပြီး မှားသွားတာ။

နောက်တစ်ခုက အမှန်ကြားရပေမယ့် နားလည်မှုလွဲပြီး မှားခဲ့တာရှိသေးတယ်။ ဘာလဲဆိုတော့ ကြားသိစိတ်၊ မြင်သိစိတ် စတဲ့ သိစိတ်ဖြစ်ဖို့ အင်္ဂါရပ် (၈) ခုပေါင်းထားတဲ့ စိတ်အင်အားစုလို့တယ်။ စိတ်ဆိုပေမယ့် စိတ်က တစ်ပါးနဲ့ စေတသိက်(၇)ပါးကို စိတ်လို့ပေါင်းပြီး ခေါ်တာ။ အဲဒီ (၈) ခုက ဖြစ်တာချင်း၊ ချုပ်တာချင်း၊ မှီရာဝတ္ထုချင်း၊ ယူတဲ့အာရုံချင်းတူတယ်ဆိုတဲ့ တူလေးတူနဲ့ တစ်ပြိုင်နက်အလုပ်လုပ်ကြတာ။ အလုပ်လုပ်ရာမှာတော့ အဆင့် (၁၇) ဆင့်နဲ့လုပ်ကြတယ်။ အဲဒါတွေကို မြန်မာလိုပဲပြောမယ်။

လူမှာ ပြင်ပကအာရုံရုပ်နဲ့ ထိတွေ့ဖို့ဝတ္ထုရုပ် (၆) မျိုးရှိတယ်။ အဲဒါတွေက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ခန္ဓာကိုယ်၊ စိတ်တို့ဖြစ်ပြီး အာရုံရုပ်က အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ စိတ်ကူးစရာအာရုံတို့ ဖြစ်တယ်။ မျက်စိနဲ့ အဆင်း၊ နားနဲ့အသံ၊ နှာခေါင်းနဲ့အနံ့၊ လျှာနဲ့ အရသာ၊ ခန္ဓာကိုယ်နဲ့အထိအတွေ့၊ စိတ်နဲ့ စိတ်ကူးစရာ။ အဲဒီလို သက်ဆိုင်ရာအစုံလိုက်ထိတွေ့ရတယ်။ အဲဒီမှာ စိတ်ကလွဲပြီး ကျန်တာတွေက ထိရုံထိပြီး မသိနိုင်ကြဘူး။ စိတ်ပါမှ မြင်သိစိတ်၊ ကြားသိစိတ် စတာတွေ ဖြစ်တယ်။

ဥပမာ မြင်သိစိတ်ဖြစ်ပုံကိုပြောမယ်။ အဆင်းဟာ မျက်စိကို ထိတယ်။ မျက်လုံးကြီးကို ပြောတာမဟုတ်ဘူး။ ...အိမ်ထဲမှာရှိတဲ့အကြည်ဓာတ်ရုပ်ကို ပြောတာ။ အဲဒီလို ထိတာနဲ့ မြင်တာမဟုတ်ဘူး။ အဆင်းဟာ မျက်စိကိုထိတာနဲ့အတူ ဟဒယလို့ခေါ်တဲ့ စိတ်ဖြစ်...နေရာ ဝတ္ထုရုပ်ကိုသွားထိတယ်။ ...မှာ ဘဝင်လို့ခေါ်တဲ့ မူလအခံစိတ် ရှိနေတယ်။ ပဋိသန္ဓေယူချင်းဖြစ်တဲ့စိတ်ကို ပဋိသန္ဓေစိတ်ပြီးတာနဲ့ သူချုပ်ပြီး ဘဝင်စိတ်ဆိုတာတာဖြစ်တယ်။အသက်ရှည်သလောက် ဘဝင်စိတ်နဲ့နေပြီး သေတော့မှ စုတိစိတ်ဆိုပြီး သေတယ်။ ဘဝင်စိတ်ဆိုတာ ပစ္စုပ္ပန်အာရုံနဲ့မဆက်ဆံဘူး။ ဟိုဘက်ဘဝက သေခါနီးမှာမြင်ခဲ့တဲ့ အတိတ်အာရုံနိမိတ်နဲ့နေတယ်။ စိတ်တို့ရဲ့နိယာမသက်တမ်းအတိုင်း မျက်တောင်တစ်ခတ်အချိန်အတွင်းမှာ အကြိမ်ပေါင်း ကုဋေရှစ်သောင်းငါးထောင် ဖြစ်၊ တည်၊ ပျက်(ဖြစ်ပျက်)နဲ့သွားနေတယ်။ အဆင်း၊ အသံစတဲ့ ပစ္စုပ္ပန်အာရုံကဝင်တိုက်တဲ့အခါ ဘဝင်စိတ်ပြတ်ပြီး ပစ္စုပ္ပန်အာရုံနဲ့ ဆက်ဆံစိတ် ဖြစ်ပေါ် လာတယ်။

အဆင်းအာရုံဟာ ဟဒယကို လာထိတဲ့အခါ ဖြစ်ပြီးပျက်သွားခါစ ဘဝင်စိတ်တစ်ချက်လွတ်သွားတယ်။ အဲဒါကို (၁) လို့ ယူလိုက်တယ်။ (၂) ဒုတိယဖြစ်လာတဲ့ဘဝင်စိတ်နဲ့ထိတယ်။ ဒါပေမယ့် မပြတ်သေးဘူး။ လှုပ်ရုံလှုပ်သွားတယ်။ (၃) တတိယဖြစ်လာတဲ့ ဘဝင်စိတ်ကျမှပြတ်သွားတယ်။ (၄) ပစ္စုပ္ပန်အာရုံနဲ့ဆက်သွယ်ဖို့ စိတ်တံခါးပွင့်သွားတယ်။ (၅) ပစ္စုပ္ပန်အာရုံနဲ့ထိတော့ အာရုံကိုမြင်တယ်။ အဲဒါတွေဟာ တစ်ခုပျက်ပြီးမှတစ်ခါဖြစ်တာ။ နောက်စိတ်ဖြစ်ဖို့ ရှေ့စိတ်ပျက်ပေးရတာ။ ပဋ္ဌာန်းပစ္စည်းနဲ့ ပြောရင် နတ္ထိပစ္စယောပဲ။ (၆) အာရုံကို မြင်တော့ ကြိုဆိုလိုက်တယ်။ (၇) အာရုံကို စုံစမ်းတယ်။ (၈) အာရုံကို အတည်ပြုလက်ခံလိုက်တယ်။ (၉)အာရုံရဲ့အရသာကို ခံစားတယ်။ (အာရုံကိုသိအောင်လုပ်တယ်။ နှလုံးသွင်းတယ်) (၉) ကနေ (၁၅) အထိ အာရုံကို သိအောင် နှလုံးသွင်းနေတာ ခုနစ်ဆင့်ပေါ့။ ဒါကို ဇောစိတ်လို့ခေါ်တယ်။ ပြီးရင် သူ့သက်တမ်းကုန်ပြီ။ ဒီတော့ (၁၆) ဒဒါရုံ (၁၇) ဒဒါရုံဆိုပြီးချုပ်သွားတယ်။ ရုပ်တစ်ချက်ပျက်ရင် စိတ်ကတစ်ဆယ့်ခုနစ်ချက်ပျက်တယ်။ ရုပ်သက်တမ်းဟာ မျက်တောင်တစ်ခတ်စာကို ကုဋေငါးထောင်ပုံတစ်ပုံဖြစ်တဲ့အတွက် ရုပ်က ကုဋေငါးထောင်၊ စိတ်က ကုဋေရှစ်သောင်းငါးထောင်၊ ပေါင်းရင် ကုဋေကိုးသောင်း၊ ကိန်းပြည့်လုပ်ရင် ကုဋေတစ်သိန်း၊ ဒါကြောင့် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အချိန်အတွင်း ရုပ်၊ နာမ် နှစ်ဖြာ ဤခန္ဓာသည် ကုဋေတစ်သိန်း ချုပ်ငြိမ်းပျက်စီးတယ်လို့ ဆိုစကားရှိတယ်။ အဲဒီစိတ်ဖြစ်စဉ် တစ်ဆယ့်ခုနစ်ချက် တစ်ချက်ပျက်ပြီးမှ တစ်ချက်ဖြစ်ရတာကို စိတ်နဲ့စေတသိက်ပေါင်း (၈) ခုရှိတဲ့ နာမ်အင်္ဂါ (၈) ပါးတို့ အတူဖြစ်၊အတူပျက်တာနဲ့ရောပြီးတော့ မှားယွင်းဖော်ပြမိခဲ့တယ်။

ဦးအုန်းစိန် -

ဒီနေရာမှာ ငါ့အမြင်ကိုပြောရရင် ထေရဝါဒဗုဒ္ဓဘာသာမှာ မြတ်စွာဘုရားရဲ့တရားတော်တွေကို သင်္ဂါယနာခြောက်တန်တင်ခဲ့တယ်။ အဲဒါတွေကို အကျဉ်းက အကျယ်ကိုသွားမယ်ဆိုရင် ဝိမုတ္တိရသ (နိဗ္ဗာန်) အားဖြင့်တစ်ပါး၊ ဓမ္မဝိနယ (တရား၊ဝိနည်း)အားဖြင့်နှစ်ပါး၊ ပိဋကတ် (သုတ်၊ ဝိနည်း၊ အဘိဓမ္မာ) အားဖြင့် သုံးပါး၊ နိကာယ (ဒီဃ၊ မဇ္ဈိမ၊ ခုဒ္ဒက၊ သံယုတ္တ၊ အင်္ဂုတ္တရ) အားဖြင့် ငါးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ဒီလိုရှိတယ်။ အဲဒါ အားလုံးဟာ အတူတူပဲ။ ဒါကို ပိဋကတ်သုံးပုံလို့ ဗုဒ္ဓဘာသာဝင်တိုင်းသိကြတယ်။ ဒါက ဘုရားဟော၊ ဒါကိုသိလွယ်အောင်ဆိုပြီး အဋ္ဌကထာ၊ ဋီကာ စတာတွေနဲ့ ရှင်းထားတယ်။

အဲဒီ ပိဋကတ်သုံးပုံအာဂုံဆောင်နိုင်သူ အာဇာနည်ပုဂ္ဂိုလ်ကြီးများရှိသလို အဆင့်ဆင့်လျော့ပြီး တတ်သိကြတဲ့ ပုဂ္ဂိုလ်တွေလည်းရှိကြတယ်။ သူတို့အနက်က ဗုဒ္ဓရဲ့တရားတော်များကို ဗုဒ္ဓဘာသာဝင်များ သိရှိလိုက်နာကျင့်သုံးပြီး ကောင်းကျိုးချမ်းသာများရရှိစေဖို့ဆိုတဲ့ စေတနာနဲ့ပြောဟောကြ၊ ရေးသားကြသူတွေရှိတယ်။ အဲဒီအထဲ အုန်းသွင်လည်း ပါတာပေါ့။ အဲဒီမှာ အမှားအယွင်းရှိကောင်းရှိနိုင်တယ်။ (၁) အားလုံးဟာ လေ့လာပြီးမှ သိကြသူတွေဖြစ်ကြတဲ့ အတွက် ကိုယ်ကြားနာဖတ်မှတ်ရတဲ့ ဆီကလွဲမှားမှု၊ (၂) ဟောပြောသူ ရေးသားသူဘက်ကမမှားဘဲ နာကြားသူ ဖတ်ရှုသူဘက်က အမှတ်မှား၊ အယူမှားမှု (စိတ်အင်္ဂါရှစ်ပါးနဲ့ စိတ်တိက္ခဏ (၁၇) ချက်ရောထွေးမှု)၊ (၃) ကိုယ်ပိုင်ဉာဏ်နဲ့ တွေးတောရာမှာ လွဲမှားမှု အဲဒီလိုတွေ ဖြစ်နိုင်တယ်။ ကျမ်းတတ်အကျော်ကြီးတွေတောင်သဘောမတူတာတွေရှိတယ်။ ဥပမာ ဋီကာကျော်ဆရာနဲ့လယ်တီဆရာတော်တို့လိုပေါ့။

မှားတယ်ဆိုရင်တော့ မကောင်းဘူးပေါ့။ ဒါပေမယ့် ဗုဒ္ဓဝါဒရဲ့အခြေခံဖြစ်တဲ့ ကံ၊ကံရဲ့အကျိုးအပေါ် ယုံကြည်မှုကို ထိခိုက်ပျက်ပြားစေမယ့်အမှားမျိုးတော့ မဖြစ်ရဘူးပေါ့။ အဲဒီလိုမဟုတ်တဲ့အမှားတွေမှာလည်း မှားမှန်းသိရင်၊ အချိန်ရရင်၊ အခွင့်သာရင် အမှန်ကို ပြင်ဖို့ပါပဲ။

ကဲ - ဒီနေ့တော့ ဒီလောက်နဲ့ နားကြဦးစို့။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com1

www.burmeseclassic.com

(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)

# ဦးဉာဏ်ဇော်

## ပြုသည့်ကောင်းမှု ကောင်းဆုအထွေထွေ (၇)

■ **ငိုကာဆရာအရှင်သာရိပုတ္တရာမထေရ်၏ဆုတောင်း**


သီဟိုဋ်ကျွန်း,ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူသော သံဃရာဇာ အရှင်သာရိပုတ္တရာမထေရ် (BE ၁၇၀၀-၁၇၅၀) သည် ကျမ်းစာများစွာကို ရေးသားပြုစုခဲ့ရာ ကျောင်းဒါယကာ သာသနာပြုမင်းတရားကြီး ပရက္ကမဗာဟုမင်း လျှောက်ထား တောင်းပန်သဖြင့် ရေးသားသော သာရတ္ထဒီပနီ အမည်ရှိသော ဝိနယဋီကာ၊ သာရတ္ထမဉ္ဇူသာ အမည်ရှိသော အင်္ဂုတ္တရဋီကာ၊ ဝိနယသင်္ဂဟအဋ္ဌကထာဟူသော ကျမ်းကြီးသုံးကျမ်းသည် ထင်ရှားကျော်ကြားဆုံး ဖြစ်သည်။ ဤကျမ်းကြီးသုံးကျမ်းတွင် ဋီကာနှစ်စောင်၌ နိဂုံးဂါထာ(၁၁)ပုဒ်စီ၊ ဆုတောင်းဂါထာ (၆) ပုဒ်စီ ပါဝင်သော်လည်း အဋ္ဌကထာ၌မူ နိဂုံးဂါထာ(၇)ပုဒ်၊ ဆုတောင်းဂါထာ (၄)ပုဒ်သာ ပါဝင်သည်။ဆိုလိုရင်း အဓိပ္ပာယ်မကွဲပြားသောကြောင့် ပြည့်စုံသည့်နိဂုံးကိုသာ တင်ပြလိုပါသည်။ ဋီကာကြီးနှစ်စောင်ပါ နိဂုံးဂါထာ(၁၁)ပုဒ်တွင် ရှေ့ဂါထာ (၅) ပုဒ်ဖြင့် ကျမ်းစာအကြောင်း၊ ကျမ်းစာပမာဏ၊ ကျမ်းစာရေးသားရန်လျှောက်ထားသူ၊ ကျောင်းအလှူရှင်များကို ဖော်ပြထားပြီး နောက်ဂါထာ(၆)ပုဒ်ဖြင့် စနစ်ကျပြီး လေးနက်သောဆုတောင်းများကို ထုတ်ဖော်ပြထားသည်။ ငိုကာဆရာတော်ကြီး၏ ဆုတောင်းများကို ဖော်ပြပေးလိုက်ပါသည်။

'ကျမ်းဂန်များပြုး ရေးသားရသော ဤကောင်းမှုနှင့် အခြားခြားသော ကောင်းမှုအစုစုတို့ကြောင့် ယခုဘဝလွန်မြောက် ဒုတိယဘဝရောက်သော် တာဝတိံသာနတ်ပြည်၌ ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် သီလအကျင့်ဖြည့်ကျင့်နိုင်သူဖြစ်ရပါလို၏။ ကာမဂုဏ်ငါးပါး၌ မငြိကပ်ဘဲ သောတာပတ္တိမဂ်သို့ ရောက်ရပါလို၏။ နောက်ဆုံးဘဝ၌ အရိမေတ္တေယျဘုရားရှင်ကိုဖူးမြင်ရ၍ တရားတော်များကိုနာယူကာ အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရပြီး သာသနာပြုနိုင်ရပါလို၏။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့သည် ပြည်သူများကို နည်းမှန်လမ်းမှန်စောင့်ရှောက်နိုင်ကြပါစေ။ ကုသိုလ်ကောင်းမှု၌ မွေ့လျော်ကြပြီး သာသနာ့အကျိုးသယ်ပိုးနိုင်ကြပါစေ။ သတ္တဝါအားလုံးတို့သည် အခါခပ်သိမ်းဘေးရန်ဝေး၍ အကြံကောင်းဉာဏ်ကောင်းများကိုသာ ရရှိကြပြီး သေခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ရှိနိုင်ကြပါစေ'။

သာသနာပြုလိုသောဆရာတော်ကြီး၏ မြင့်မြတ်သည့်စိတ်ထားကို ကြည်ညိုတတ်ကြရမည်ဖြစ်ပြီး နောက်ဘုရားမျှော်သူအဖြစ် အပြစ်မတင်မိအောင် သတိချပ်ကြရမည် ဖြစ်သည်။

■ **မလိုင်မြို့ မင်းကျောင်းဆရာတော်ကြီး၏ ဆုတောင်း**

သီဟိုဠ်ကျွန်းနေ အရှင်သာရိပုတ္တရာမထေရ် ရေးသားပြုစုသည့် ဝိနယသင်္ဂဟအဋ္ဌကထာကျမ်းကို မြန်မာပညာရှင်များ





www.burmeseclassic.com1

www.burmeseclassic.com

က ဝိနည်းလက်သန်းကျမ်းဟု ခေါ်လေ့ရှိကြသည်။ သင်္ဂဟ-ပုဒ်ကိုကြည့်၍ခေါ်ကြပုံရသည်။ အမှန်အားဖြင့် အရွယ်အစားသေးငယ်သောကျမ်းကိုသာ လက်သန်းကျမ်းဟုခေါ်သင့်တာကြောင့် ဆဋ္ဌမူကျမ်းစာဆိုဒ် စာမျက်နှာပေါင်း (၄၆၈)မျက်နှာရှိသော ဝိနယသင်္ဂဟအဋ္ဌကထာကို ဝိနည်းလက်သန်းကျမ်းဟုမခေါ်ဘဲ ဝိနည်းအနှစ်ချုပ်ကျမ်းဟုသာ ခေါ်သင့်ပါသည်။

သာသနာတော်၏ အသက်သွေးကြောဖြစ်သော ဝိနည်းဆိုင်ရာအဆုံးအဖြတ်များကို အသေးစိတ်ဖော်ပြပေးထားသော ဝိနယသင်္ဂဟအဋ္ဌကထာအမည်ရှိသော ဝိနည်းအနှစ်ချုပ်ကျမ်း၏နိဿယကို မလှိုင်မြို့ မင်းကျောင်းဆရာတော်က ရေးသားဖွင့်ဆိုပေးခဲ့သည်။အတ္တုပရမ္မတစွာမျှော်မှန်းထားသော ဝိနည်းအနှစ်ချုပ်နိဿယကျမ်းပြုစုသူ မင်းကျောင်းဆရာတော်ကြီး၏ ဆုတောင်းများကို ဖော်ပြပေးလိုက်ပါသည်။

'ပြုလုပ်သမျှ ကုသလ၏အရှိန်အစော်အာနုဘော်ကြောင့် အဆုံးစွန်သောဘဝ၌ သတ္တဝါတို့၏ အကျိုးစီးပွားကိုဆောင်ရွက်နိုင်သည့် အားလုံးတို့ထက်မြတ်သော ပညာဓိကဘုရားသည် မုချကေန်ဖြစ်ရပါလို၏။ သာသနာအကျိုးပွားတိုးမှုကို အလိုရှိသောငါ၏ ဘုရားဆုမှတစ်ပါး တောင့်တအပ်ငြား အကျိုးများပြီး ပြည့်စုံသကဲ့သို့ သတ္တဝါများတောင့်တအပ်သော ကောင်းမြတ်သော အကြံအစည်ဟူသမျှ ကြံတိုင်းပြီးမြောက် ခရီးရောက်သဖြင့် ပြည့်မောက်ကြပါစေ'။

■ **ရွှေဥမင်ဆရာတော် အရှင်ဇမ္ဗုဓဇမထေရ်၏ဆုတောင်း**

တတိယမဟာဓမ္မရာဇ် ရွှေနန်းသခင်မင်းတရားကြီးလက်ထက် သာသနာတော်နှစ် ၂၁၂၆ ခုနှစ်တွင် ကူးသန်းကြီးမြောက် မင်းအသခ်ယာပြုသောကျောင်းကြီး ရွှေဥမင်၌ သီတင်းသုံးတော်မူသော အရှင်ဇမ္ဗုဓဇမထေရ်သည် သာသနာတော်၏ စီးပွားကို လိုလားညှော်မှန်း၍ အဆက်ဆက်ဝိနည်းသင်သော သောတုဇနပုဂ္ဂိုလ်တို့၏ ပညာပွားခြင်း ဖြစ်စိမ့်သောငှာ သမန္တပါသာဒိကာအမည်ရှိသော ဝိနည်း(၅)ကျမ်းအဋ္ဌကထာ၏ အနက်အဓိပ္ပာယ်တို့ကို ပြဆိုသော နိဿယကို ရေးသားတော်မူခဲ့သည်။ ထိုဝိနည်းအဋ္ဌကထာနိဿယကို ရတနာပုံညွှန်းသာအမည်ရှိသော ဝိနည်းလက်ပန်းကျမ်းဟု အမည်ပေးတော်မူခဲ့သည်။ ရွှေဥမင်ဆရာတော်ကြီးသည် ကျမ်းဂန်ပြီးဆုံးမှ ဆုတောင်းခြင်းကို မပြုလုပ်ဘဲ ကျမ်းရေးသားရင်းပင် သူ၏မေတ္တာစေတနာကိုဖော်ညွှန်းနေသည့် ဆန္ဒအချို့ကိုဖော်ပြခဲ့သည်။

'သူတော်ကောင်းတရားများ အချိန်ကြာမြင့်စွာတည်ရှိနေပါစေ၊ မိုးသည်လည်း အချိန်မှန်စွာသွန်းလျက် သတ္တဝါများကိုနှစ်သိမ့်ပါစေ၊ မင်းသည်လည်း သတ္တဝါများကို နည်းလမ်းတကျ စောင့်ရှောက်ပါစေ'။

ဆရာတော်ကြီး၏မေတ္တာစေတနာကို ကူးယူပွားများနိုင်အောင် ကြိုးစားကြရမည်ဖြစ်သည်။

■ **ဝိမတိဝိနောဒနီဋီကာဆရာတော်ကြီး၏ ဆုတောင်း**

သီဟိုဠ်ကျွန်းနေ အရှင်မဟာကဿပမထေရ် (BE ၁၇၀၀ - ၁၇၈၀) သည် ဝိနည်း၏အနက်ကိုရှင်းလင်းဖွင့်ပြသော ဝိမတိဝိနောဒနီဋီကာကျမ်းကိုပြုစုတော်မူခဲ့သည်။ ဝိနည်းပိဋကတ်၌ချွတ်ယွင်းသောအနက်၊ ဖောက်ပြန်သောအနက်၊ အဖုအဆစ်ဖြစ်သောအနက်၊ ကျယ်လွန်းသောအနက်တို့ကို မပါဝင်စေဘဲ ယုံမှားခြင်းကိုဖျောက်၍ ဉာဏ်မျက်စိကိုပေးလိုသောကြောင့် ရေးသားခဲ့ခြင်း ဖြစ်သည်။ ထူးခြားသည်မှာ နိဂုံးဂါထာများ၌ သူ၏ဆုတောင်းကို သီးခြားဖော်ပြမထားဘဲ ကျမ်းနှင့်သက်ဆိုင်သောအကြောင်းအရာများနှင့်ရောနှော၍ ပြဆိုထားပါသည်။ ဋီကာဆရာတော်ကြီး၏ ဆုတောင်းများကို ရွေးနုတ်ဖော်ပြပေးလိုက်ပါသည်။

'ပြုစုသော ဤဋီကာကျမ်းသည် အခက်အခဲမရှိဘဲ ပြီးစီးသကဲ့သို့ သတ္တဝါအပေါင်းတို့၏ အလိုဆန္ဒတို့သည်လည်း ပြီးစီးကြပါစေ။ ဤဋီကာကို ရေးသားခြင်းဖြင့် ရရှိသောကုသိုလ်ကြောင့် ငါသည် သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်၍ သတ္တဝါတို့ကို သံသရာဆင်းရဲမှနိဗ္ဗာန်အရပ်သို့ရောက်စေရပါလို၏။ သတ္တဝါအားလုံးတို့သည် လောကီစည်းစိမ်တို့နှင့်လည်းကောင်း၊ လောကုတ္တရာဂုဏ်တို့နှင့်လည်းကောင်း ပြည့်စုံကြပါစေ၊ ဘုရားရှင်၏သာသနာတော်၌ မွေ့လျော်ကြပါစေ'

အနစ်နာခံလိုသော ကရုဏာအခြေခံသည့် ဋီကာဆရာတော်ကြီး၏ စိတ်အစဉ်ကို မှန်းမျှော်ကြည်ညိုပူဇော်မိပါသည်။

■ **အရှင်ဗုဒ္ဓနာဂမထေရ်၏ဆုတောင်း**

သီဟိုဠ်ကျွန်း ပရက္ကမဗာဟု (ပရက္ကမဗာဟု) မင်းလက်ထက် သံဃရာဇာအရှင်သာရိပုတ္တရာ၏ တပည့် အရှင်ဗုဒ္ဓနာဂမထေရ် ( BE ၁၇၀၀ ခန့်) သည် ဆရာတူတပည့်ဖြစ်သူ အရှင်သုမေဓတောင်းပန်သဖြင့် ခွေမာတိကာ၏အဖွင့်ဖြစ်သော ကင်္ခါဝိတရဏီအဋ္ဌကထာကို ထပ်ဆင့်ဖွင့်ဆိုသည့် ဝိနယတ္ထမဉ္ဇူသာအမည်ရှိသော ကင်္ခါဋီကာသစ်ကျမ်းကို ပြုစုတော်ခဲ့သည်။ အရှင်ဗုဒ္ဓနာဂမထေရ်သည် ကင်္ခါဋီကာသစ်ကျမ်းကို ဂါထာပေါင်း(၁၈)ပုဒ်ဖြင့် နိဂုံးအုပ်ထားသောကြောင့် အလွန်ခမ်းနားသောနိဂုံးဟုဆိုနိုင်ပေသည်။ ထိုဂါထာ (၁၈) ပုဒ်တွင် ရှေ့ (၁၅) ပုဒ်ဖြင့် ပရက္ကမဗာဟု (ပရက္ကမဗာဟု) မင်း၏ သာသနာပြုပုံများ၊ ဆရာဖြစ်သူ အရှင်သာရိပုတ္တရာမထေရ်နှင့် ဋီကာသစ်ရေးရန် တွန်းအားပေးသော အရှင်သုမေဓတို့၏အကြောင်း ကျမ်းပြုဆရာနှင့်ရေးသားပြီးသည့်ကျမ်းအကြောင်းတို့ကို ပြည့်ပြည့်စုံစုံ ဖော်ပြထားပြီး နောက်ဆုံးဂါထာ (၃)ပုဒ်ဖြင့် ဆုတောင်းများကို ပြဆိုထားရာ ထိုဆုတောင်းများကို ဖော်ပြပေးလိုက်ပါသည်။

'ဤဋီကာသစ်ကိုရေးသားခြင်းဖြင့် ရရှိသောကောင်းမှုနှင့် ပြုလုပ်ဆည်းပူးအပ်သော များစွာသော ဒါန၊ သီလစသောကောင်းမှုတို့ကြောင့် သတ္တဝါအားလုံးတို့သည် ဆင်းရဲကင်းကွာချမ်းသာပြည့်ခြင်း ရန်လည်းကင်းကြပါစေ၊ သုဂတိမြန်း နိဗ္ဗာန်နန်းသို့လည်း ရောက်နိုင်ကြပါစေ။ ဤဋီကာသည် ဘေးဥပဒ်မရှိဘဲ ပြီးစီးသကဲ့သို့ သတ္တဝါတို့၏ **တရားနှင့်လျော်သော အလိုဆန္ဒတို့သည်လည်း** အမြဲတမ်းပြည့်စုံကြပါစေ။ စိုက်ပျိုးချိန်အမီ မိုးရွာသွန်းပါစေ။ မင်းတို့သည် ပြည်သူများကို တရားနည်းလမ်းကျ စောင့်ရှောက်နိုင်ကြပါစေ။ သတ္တဝါတို့သည် ရတနာသုံးပါး၌ ကြည်ညိုကြကုန်သည်ဖြစ်၍ ဒါနအစရှိသောကုသိုလ်ကောင်းမှုများ၌ မွေ့လျော်နိုင်ကြပါစေ'။

**တရားနှင့်သင့်လျော်သောအလိုဆန္ဒ**ဟူသော မှာထားချက်ကို နှလုံးသွင်းနိုင်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။

ဦးဉာဏ်ဇော်
(သာမဏေကျော်၊ မွေ့ာစရိယ၊ M.A)



www.burmeseclassic.com

www.burmeseclassic.com

(မြတ်)

# ဦးကောဝိဒ

## ဘာသာလူမျိုး ရှိခိုးခြင်းအမျိုးမျိုး



တစ်ဦးနဲ့တစ်ဦး အရိုအသေပေး ကြတယ်ဆိုတာ အကြောင်းအမျိုးမျိုးရှိကြတယ်။ တချို့က ကျေးဇူးရှိတဲ့သူမို့ အရိုအသေပေးကြတယ်။ တချို့က ဘဝမှာ အားကိုးထိုက်တဲ့သူမို့လို့ အရိုအသေပေးကြတယ်။ တချို့ကတော့ ချစ်ခင်ရင်းနှီးတဲ့အတွက် အရိုအသေပေးကြတာဖြစ်ပြီး တချို့က ဘေးရန်တစ်ခုခုကိုကြောက်လို့ အရိုအသေပေးကြပြန်ပါတယ်။ အရိုအသေပေးတယ်ဆိုတာ မာန်မာနကို လျှော့ချပြီး ပြုလုပ်ရသလို ရှိခိုးတယ်ဆိုတာလည်း မာန်မာနခဝါချရတာပါပဲ။ ဒါကြောင့် အရိုအသေပေးတာနဲ့ရှိခိုးတာ ဆက်နွှယ်မှုရှိတယ်လို့ပြောချင်ပါတယ်။

ရှိခိုးတဲ့နေရာမှာ ဘာသာအလိုက် ကွဲပြားကြတာလဲရှိသလို လူမျိုးအလိုက်လည်း ကွဲပြားခြားနားတာတွေကို တွေ့ရပါတယ်။ ဗုဒ္ဓပွင့်ပေါ်ရာ မဇ္ဈိမဒေသက နေကြည့်ရင် ဗုဒ္ဓဘာသာကအရှေ့ဘက်ကို အထွတ်အမြတ်ထားပါတယ်။ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာများကလည်း အရှေ့ဘက်ကိုပဲ အမြတ်တနိုးထားကြတယ်လို့သိရပြီး အစ္စလာမ်ဘာသာကတော့ အနောက်ဘက်ကိုအလေးအမြတ်ထားတယ်လို့သိရပါတယ်။လူမျိုးအလိုက် ကွဲပြားတာနဲ့စပ်လို့ သာကီဝင်မျိုးတွေက အရှေ့ဘက်ကို ရှိခိုးကြတယ်။ အာရိယန် လူမျိုးတွေကတော့ အနောက်ဘက်ကို ရှိခိုးကြတယ်။ ရှိခိုးတဲ့နေရာမှာ အရပ် မျက်နှာအလိုက် ဘာကြောင့်များကွဲပြား ရတာလဲဆိုတာ ပြောချင်ပါသေးတယ်။

ရှေးယခင်က ရေကြည်ရာမြက်နု ရာ ပြောင်းရွှေ့နေထိုင်ကြတဲ့ လူမျိုးနွယ် အုပ်စုကြီးများအနက် တိဗက်-မြန်မာဆို တဲ့မျိုးနွယ်စုကြီးတစ်စုရှိတယ်။ အဲဒီတုန်း တိဗက်-မြန်မာဆိုတဲ့ မျိုးနွယ်စုကြီးဟာ ရေကြည်ရာမြက်နုရာပြောင်းရွှေ့နေထိုင် လာခဲ့ကြရာက ဟိမဝန္တာတောင်တန်း ပေါ်မှာ အခြေချနေထိုင်ခဲ့ကြတယ်။ တချို့ကတော့ ဟိမဝန္တာတောင်ခြေက် ပတ်ကာလာခဲ့ကြရာ တောအထပ်ထပ် မြစ်ကြီးမြစ်ငယ်အသွယ်သွယ်ကို ဖြတ် ကျော်ပြီး မဇ္ဈိမဒေသကို ရောက်ခဲ့ ပါတယ်။ ဒီလိုဖြတ်သန်းလာခဲ့ကြရာ



www.burmeseclassic.com1

www.burmeseclassic.com

အတွက် ဗြာဟ္မဏတွေက သူတို့ကို သတ္တလူစွမ်းကောင်းတွေလို့ ခေါ်ကြတယ်။ အဲဒီကနေ သတ္တဝံသ၊ သကျဝံသ၊ သာကီဝင်ဆိုတာဖြစ်လာရပါတယ်။ မဇ္ဈိမဒေသမှာ သူတို့တွေ့ခဲ့တဲ့ (သာကဝန)ကျွန်းတောကြီးကို အစွဲပြုပြီး သတ္တတိုင်းကို တည်ထောင်ခဲ့ပါတယ်။ အဲဒီကနေ ဒေဝဒသပြည်၊ ကပိလဝတ္ထုပြည်၊ ကောလိယနိုင်ငံစတာတွေကို တည်ထောင်ပြီးနေထိုင်ခဲ့ကြပါတယ်။တကယ်တော့ သာကီဝင်မျိုးတွေဟာ မဇ္ဈိမဒေသကို အရှေ့ဘက်ကနေ ရောက်လာကြတာပါ။

နောက်မျိုးနွယ်စုတစ်ခုက အာရိယန်လူမျိုးတွေပါ။ သူတို့ဟာ အင်ဒီ-ဥရောပအနွယ်များဖြစ်ပြီး လူဖြူသွေးနှောတွေဖြစ်ကြတယ်။ အာရိယန်လူမျိုးတွေက မဇ္ဈိမဒေသရောက်တော့ အင်္ဂတိုင်းစမ္ပာမြို့၊ မဂဓတိုင်း ရာဇဂြိုဟ်မြို့၊ ကောသလတိုင်း သာဝတ္ထိမြို့၊ ကာသတိုင်း ဗာရာဏသီမြို့ စတဲ့ တိုင်းနှင့်ပြည်နယ်မြို့တွေကို အသီးသီးတည်ထောင်ပြီး အခြေချနေထိုင်ခဲ့ကြပါတယ်။

တစ်နေ့ သာကီဝင်နဲ့ အာရိယန်တို့ တွေ့ဆုံမိကြတဲ့အခါ သာကီဝင်များက -

"အမောင်တို့က ဘယ်အရပ်ကနေ ပြောင်းရွှေ့လာကြတာလဲ"

လို့ အာရိယန်များကိုမေးပါတယ်။ အဲဒီအခါမှာ အာရိယန်များက -

"ငါတို့ကတော့ အနောက်ဘက်တောင်တန်းကြီးများကို ဖြတ်ကျော်ခဲ့ပြီး အာဖဂန်နစ္စတန်တောင်ကြားလမ်းကနေဝင်လာတာပါ။ ရှင်းရှင်းပြောရရင် ငါတို့က အနောက်ဘက်ကလာခဲ့ကြတဲ့သူတွေပါ။ ဒါကြောင့် ငါတို့ရှိခိုးတဲ့အခါ ငါတို့ရဲ့ ဇာတိဖြစ်တဲ့ အနောက်ဘက်ကိုမျက်နှာမူပြီး လက်အုပ်ချီရှိခိုးကြတာပါ"

လို့ပြန်ဖြေကြပါတယ်။

အာရိယန်များကလည်း သာကီဝင်တွေကို -

"အမောင်တို့ကကော ဘယ်ကနေလာခဲ့ကြတာလဲ"

လို့ ပြန်လည် မေးခွန်းထုတ်ခဲ့ပါတယ်။

အဲဒီအခါကျ သာကီဝင်များက-

"ငါတို့သကျတွေက အရှေ့အရပ်ကနေလာခဲ့ကြတာပါ။ ငါတို့ရဲ့အဘိုးအဘေးတွေက အရှေ့ဘက်အရပ်မှာနေကြပါတယ်။ ငါတို့ရဲ့ပင်ရင်းဒေသဟာ အရှေ့ဘက်ကပါ"

လို့ ကောင်းမွန်စွာ ပြန်ဖြေကြပါတယ်။

အာရိယန် -

"အမောင်တို့ပြောတဲ့ အရှေ့အရပ်ဆိုတာ ဘယ်နေရာလဲ။ ခိုင်လုံတဲ့ အထောက်အထားမရှိဘူးလား"

သာကီဝင် -

"အရှေ့အရပ်ဆိုတာ နေမင်းကြီးထွက်ပေါ်လာတဲ့အရပ်ပါပဲ။ နေမင်းကြီးဟာ ငါတို့ရဲ့အရှေ့ဘက်နိုင်ငံကြီးဆီကနေ ဖြတ်သန်းခဲ့တာပါ"

အာရိယန် -

"ဒါဆို အမောင်တို့က နေထွက်အမျိုး (အာဒိစ္စဝံသ) တွေပေါ့"

ဆိုတော့ သာကီဝင်တွေက အာဒိစ္စဝံသဆိုတဲ့နာမည်ကို အတော်ကြိုက်ကြတယ်။ ဒါကြောင့် သာကီဝင်တွေဟာ နေထွက်၊ နေဝင်အချိန်ရောက်ပြီဆိုရင် ဗြဟ္မမန္တန်တွေရွတ်ဖတ်ပူဇော်ကြပါတယ်။ လိုရင်းပြောရရင် သာကီဝင်တွေဟာ ဘိုးဘွားများရှိရာရည်မှန်းပြီး အရှေ့ဘက်အရပ်ကို ရှိခိုးပူဇော်ကြပါတယ်။

ရှေးလူမျိုးတွေရဲ့ အရပ်မျက်နှာတွေကို ဘာကြောင့်ရှိခိုးတယ်ဆိုတာ အထောက်အထားလေးတွေကိုယ်စီရှိကြတယ်။ စာရေးသူတို့ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေမှာလည်းရှိတယ်။ ကိုယ်နေထိုင်တဲ့အိမ်ရဲ့အရှေ့ဘက်မှာပဲ ဘုရားကျောင်းဆောင်ကိုထားရှိပြီး ရှိခိုးပူဇော်ကြတာများပါတယ်။ ဘာကြောင့် အရှေ့အရပ်မှာ ဘုရားကျောင်းဆောင်ကို သီတင်းသုံးစေပြီး ရှိခိုးအထွတ်အမြတ်ထားကြတာလဲဆိုရင် မြန်မာလူမျိုးတွေဟာ ဟိုးယခင်လူမျိုးနွယ်စုတစ်ခုဖြစ်တဲ့ တိဗက် - မြန်မာလူမျိုးတွေဖြစ်ကြတဲ့ သာကီဝင်မင်းမျိုးတွေရဲ့ ဓလေ့အထကြောင့် အရှေ့ဘက်ကို ရှိခိုးကြတာဖြစ်နိုင်သလို အရှေ့အရပ်ဆိုတာ အမိအဘကိုပြောတာပဲ။ မိဘဆိုတာ အနန္တောအနန္တငါးပါးထဲမှာ ပါဝင်တယ်။ ဒါကို ရည်ရွယ်ပြီး မြန်မာများ အရှေ့ဘက်ကို အထွတ်အမြတ်ထားကြဟန်တူပါတယ်။

ဒီလိုပါပဲ၊ လူမျိုးဘာသာအလိုက် အရပ်မျက်နှာများကွဲပြားပြီး ရှိခိုးကြတယ်။ သူ့အကြောင်းနဲ့သူတော့ ခိုင်လုံမှုရှိကြတာတော့ အမှန်ပါပဲ။ ဒါပေမယ့် အရပ်မျက်နှာများကို ဘာကြောင့်ရှိခိုးရတယ်ဆိုတာနဲ့စပ်လို့ လူမျိုးဘာသာအစွဲမထားဘဲ တိကျမှန်ကန်တဲ့စကားကို ရဲရင့်ပြတ်သားစွာပြောခဲ့ဟောခဲ့သူတစ်ဦးရှိခဲ့လေရဲ့။

ထိုသူကား သာကီဝင်မင်းမျိုးမှမွေးဖွားလာတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပဲ ဖြစ်ပါတယ်။

အဲဒါနဲ့စပ်လို့ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်တုန်းက ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ရာဇဂြိုဟ်ပြည်ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူပါတယ်။ တစ်နေ့ ရာဇဂြိုဟ်ပြည် သူကြွယ်ရဲ့သား သိင်္ဂါလ ဆိုတဲ့သူဟာ မနက်စောစော ရာဇဂြိုဟ်မြို့ပြင်ကိုထွက်ပြီး အရှေ့အရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်၊ အထက်အရပ်၊ အောက်အရပ်တွေကို ရှိခိုးဦးချနေပါတယ်။ အဲဒီအချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း သင်္ကန်းပြင်ဝတ်ပြီး ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွတော်မူလာခဲ့ပါတယ်။

ဘုရားရှင်ဟာ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက်ဆိုတဲ့ ခြောက်မျက်နှာကို ရှိခိုးနေတဲ့ သိင်္ဂါလသတို့သားကိုမြင်တဲ့အခါ -

"ဒကာ၊ ရာဇဂြိုဟ်မြို့ပြင်ထွက်ပြီး အရပ်မျက်နှာတွေကို ဘာကြောင့်ရှိခိုးနေတာလဲ"

လို့ မေးပါတယ်။

သိင်္ဂါလသတို့သားက -

အရှင်ဘုရား၊ တပည့်တော်ရဲ့ဖခင်သေခါနီးစဉ်ဆဲဆဲ ချစ်သား အရပ်မျက်နှာတွေကိုရှိခိုးရမယ်လို့ တပည့်တော်ကို မှာကြားခဲ့ပါတယ်။ ဖခင်စကားကို ရိုသေမြတ်နိုးလေးစားတန်ဖိုးထားပြီး ပူဇော်လိုတဲ့အတွက် တပည့်တော်မနက်စောစော ရာဇဂြိုဟ်မြို့ပြင်ထွက်ပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက်ဆိုတဲ့ အရပ်မျက်နှာတွေကို ရှိခိုးခြင်းဖြစ်ပါတယ်ဘုရား"

ဟု ပြန်လည် ဖြေဆိုလျှောက်ထားပါတယ်။

ဘုရားရှင်က -

"သူကြွယ်သား သိင်္ဂါလ၊ အရိယာတို့ရဲ့သာသနာမှာ အရပ်ခြောက်ပါးကိုတော့ ဒီလိုမရှိခိုးအပ်ဘူး"

ဆိုပြီး အရပ်မျက်နှာကို ရှိခိုးတာနဲ့စပ်လို့ မိန့်ကြားခဲ့ပါတယ်။ ဒါကို စာချစ်သူများ နားလည်အောင် တင်ပြပေးပါ့မယ်။

အရိယာတို့ရဲ့သာသနာမှာ ရှိခိုးအပ်တဲ့အရပ်ခြောက်ပါးဆိုတာရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

၁။ အမိအဖတို့ကို အရှေ့အရပ်လို့ သိရမယ်။

၂။ ဆရာသမားကို တောင်အရပ်လို့ သိရမယ်။

၃။ သားမယားကိုအနောက်အရပ်လို့သိရမယ်။

၄။ ချစ်သော အဆွေခင်ပွန်းကို မြောက်အရပ်လို့သိရမယ်။

၅။ အစေအပါး အလုပ်သမားတွေကို အောက်အရပ်လို့သိရမယ်။

၆။ သမဏဗြာဟ္မဏတို့ကိုတော့ အထက်အရပ်လို့သိရမယ်။

အရပ်ခြောက်ပါးကို အဲဒီလိုအာရုံပြုပြီး ရှိခိုးကြရပါတယ်။

ရှင်းပြပါဦးမယ်။

၁။ **အရှေ့အရပ်ဆိုတဲ့မိဘများဟာ** သားသမီးများကို မကောင်းမှုတွေမဖြစ်အောင်တားမြစ်တတ်ကြတယ်။ လမ်းမှားလိုက်မှာကို တားမြစ်တတ်ကြတယ်။ ကောင်းမှုတွေပြုလုပ်တတ်အောင်၊ ပြုချင်လာအောင် ပြောဆိုသင်ပြပေးသလို အတတ်ပညာကိုလည်း သင်စေတယ်။ အရွယ်ရောက်တဲ့အခါ သင့်လျော်တဲ့ အမျိုးသမီး/ အမျိုးသားနဲ့ ထိမ်းမြားပေးတဲ့အပြင် သင့်လျော်တဲ့အခါ အရင်းအနှီးအတွက် အမွေဥစ္စာများကိုခွဲဝေပေးသေးတယ်။ မိဘများဟာ သားသမီးများကို ဆိုခဲ့တဲ့အကြောင်းငါးမျိုးနဲ့ စောင့်ရှောက်ကြတယ်။ ဒါကြောင့် သားသမီးများက အရှေ့အရပ်မည်တဲ့ အမိအဘများကို သားသမီးဝတ်ငါးပါးနဲ့အညီ ပြုစုစောင့်ရှောက်ကြရမယ်။

၂။ **တောင်အရပ် ဆိုတဲ့ ဆရာများဟာ** တပည့်များအပေါ် ဆုံးမသင့်တဲ့ အရာမှန်သမျှ ဆုံးမကြတယ်။ သင်ယူသင့်တဲ့အတတ်ပညာမျိုးစုံကို ကိုယ်တိုင်လည်း သင်ပေးသလို သူတစ်ပါးထံမှာလည်း သင်ယူစေတယ်။ ဆရာသမားကောင်း၊ မိတ်ကောင်းဆွေကောင်းတွေထံမှာ ကြီးပွားတိုးတက်အောင် အပ်နှင်းပေးရှာတယ်။ တပည့်ကို ဘယ်နေရာမှာမဆို ဘေးကင်းရန်ကွာအောင်၊ အဆင်ပြေကြီးပွားတိုးတက်အောင် အပ်နှင်းပေးရှာတယ်။ ဆရာဟာ တပည့်များကိုဆိုခဲ့တဲ့ အကြောင်းငါးမျိုးနဲ့ စောင့်ရှောက်ကြတဲ့အတွက်ကြောင့် တပည့်များကလည်း တောင်အရပ်မည်တဲ့ဆရာများကို တပည့်ကျင့်ဝတ်ငါးပါးနဲ့အညီ ပြုစုစောင့်ရှောက်ကြရပါမယ်။

၃။ **အနောက်အရပ်လို့ဆိုတဲ့ မယားဟာ** အိမ်ထောင်အမှုကြီးငယ်ကိစ္စအဝဝ



ကို ကောင်းစွာစီရင်တတ်ရပါမယ်။ နှစ်ဖက်ဆွေမျိုးမိဘများကိုလည်း ကောင်းစွာထောက်ပံ့ချီးမြှင့်ရပါမယ်။ မိမိလင်ကိုထားအခြားယောက်ျားတွေအပေါ် မှာလွန်ကျူးတဲ့အကျင့်က ကင်းရှင်းဖို့လိုသလို လင်ယောက်ျားရှာဖွေလို့ရလာတဲ့ နေဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်တတ်ရပါမယ်။ အိမ်ထောင်မှုကိစ္စ၊ လူမှုရေးကိစ္စစတဲ့ကိစ္စများမှာ လိမ္မာကျွမ်းကျင်ပြီး ပျင်းရိတာတွေကင်းရှင်းရပါမယ်။ မယားက လင့်အပေါ် မှာ ဆိုတဲ့အကြောင်းငါးမျိုးတို့နဲ့ စောင့်ရှောက်ကြတဲ့အတွက်ကြောင့် လင်ယောက်ျားကလည်း အနောက်အရပ်လို့ဆိုတဲ့ ဇနီးမယားအပေါ် မှာ လင့်ဝတ်တရားငါးပါးနဲ့အညီ ပြုစုစောင့်ရှောက်ရပါမယ်။

၄။ **မြောက်အရပ်ဆိုတဲ့ အဆွေခင်ပွန်းဟာ** မူးယစ်နေတဲ့သူငယ်ချင်းရဲ့ ပစ္စည်းတွေကို မပျောက်ပျက်အောင် စောင့်ရှောက်ပေးသလို ဘေးကင်းအောင်လည်း စောင့်ရှောက်ပေးတယ်။ ကြောက်ရွံ့နေတဲ့ သူငယ်ချင်းရဲ့အားကိုးရာဖြစ်အောင်နေတတ်ရတယ်။ တကယ်လို့ ဘေးအန္တရာယ်နဲ့ကြုံနေတဲ့သူငယ်ချင်းကို လှစ်လျူရှုပြီးတော့ထွက်မသွားတတ်ပါ။ သူငယ်ချင်းရဲ့သားမြေးအဆက်ဆက်တို့ကိုလည်း တုံ့ပြန်ချီးမြှောက်ရပါမယ်။ မိတ်ဆွေက သူငယ်ချင်းကို ဆိုခဲ့တဲ့ အကြောင်းငါးမျိုးနဲ့ စောင့်ရှောက်ကြတဲ့ အတွက်ကြောင့် မြောက်အရပ်လို့ဆိုတဲ့ မိတ်ဆွေကို သူငယ်ချင်းများက ဝတ်ငါးမျိုးနဲ့အညီ ပြန်ပြီးပြုစုစောင့်ရှောက်တတ်ရပါ မယ်။

၅။ **အောက်အရပ်လို့ဆိုတဲ့အစေအပါးအလုပ်သမားများဟာ** အရှင်သခင်ထက် ဦးစွာအိပ်ရာကထကြရပြီး အရှင်သခင်အိပ်ပြီးနောက်မှအိပ်ကြရပါတယ်။ ပေးတာကိုသာယူလေ့ရှိပြီး အလုပ်ကို ကောင်းစွာလုပ်ကြရတယ်။ အရှင်သခင်ရဲ့ ကောင်းကြောင်းဂုဏ်သတင်းကိုသာ ပြောဆိုရပါမယ်။ အလုပ်သမားများက အရှင်သခင်အပေါ် မှာ ဆိုခဲ့တဲ့အကြောင်းငါးမျိုးနဲ့ လုပ်ကျွေးပြုစုစောင့်ရှောက်ကြသလို အရှင်သခင်ကလည်း အလုပ်သမားများအပေါ် ဝတ်ငါးမျိုးနဲ့အညီ ပြုစုစောင့်ရှောက်ကြရပါမယ်။

၆။ **အထက်အရပ်လို့ဆိုတဲ့သမဏဗြာဟ္မဏများဟာ** လူတွေကို မကောင်းမှုက တားမြစ်တတ်သလို ကောင်းမှုတွေလုပ်နိုင်အောင်လည်းပြောပေးပါတယ်။ မျှော်လင့်ချက်မထားဘဲ စိတ်နှလုံးကောင်းနဲ့စောင့်ရှောက်တတ်တယ်။ မကြားဘူးသေးတဲ့ တရားစကားများကို ပြောကြားသလို ကြားဖူးတဲ့ စကားများကိုလည်း မှတ်မိအောင် ထပ်ကာထပ်ကာပြောကြားပေးတယ်။ လူ၊ နတ်၊ စတဲ့ သုဂတိသို့ ရောက်အောင်လည်း လမ်းညွှန်ပြောပေးတတ်သလို နိဗ္ဗာန်ရောက်အောင်လည်း လမ်းပြပေးတတ်ကြပါတယ်။ သမဏဗြာဟ္မဏများဟာ ဆိုခဲ့တဲ့ အကြောင်းခြောက်မျိုးနဲ့ အမျိုးကောင်းသားများကို ပြုစုစောင့်ရှောက်ကြတဲ့အတွက်ကြောင့် အမျိုးကောင်းသားများကလည်း အထက်အရပ်လို့ဆိုတဲ့ သမဏဗြာဟ္မဏများကိုကျင့်ဝတ်တရားငါးမျိုးနဲ့အညီ ပြုစုစောင့်ရှောက်တတ်ရပါမယ်။

လိုရင်းချုပ်ပြောရရင် အရပ်ခြောက်မျက်နှာဆိုတဲ့ အမိအဘ၊ ဆရာ၊ သားမယား၊ မိတ်ဆွေသူငယ်ချင်း၊ အစေအပါးအလုပ်သမားများကို ဆိုင်ရာကျင့်ဝတ်တရားများနှင့်အညီ ပြုစုစောင့်ရှောက်ကြရမှာပါ။ ဒါဆိုရင် အချင်းချင်းမြတ်နိုးလေးစားချစ်ခင်မှုကိုခံယူရရှိကြပြီး ကောင်းကျိုးချမ်းသာမှန်သမျှ ရရှိကြမှာပါ။ အဲဒါကြောင့် ဖော်ပြခဲ့တဲ့ အရပ်ခြောက်မျက်နှာကိုရှိခိုးရာမှာ လိမ္မာကျွမ်းကျင်တယ်။ သီလနဲ့ပြည့်စုံတယ်။ ပညာရှိတယ်။ ခက်ထန်တာမရှိ၊ နှိမ့်ချတဲ့သဘောရှိတဲ့သူများဟာ အကျော်အစောကိုရတယ်ဆိုတာပြောကြားရင်း။

သုတ်ပါထိကအဋ္ဌ
နှာ၊ ၁၄၆-၁၅၆
ဗုဒ္ဓနှင့်မြန်မာလူမျိုး
ဦးလှသိန်းထွန်း၊ မဟာစရိယ၊ B.A

ရှိခိုးတတ်ကြပါစေ

ဦးကောဝိဒ(မြင်း)


www.burmeseclassic.com1

www.burmeseclassic.com

# တင်တင်ဦး(ပေါင်းတည်)

# ဆေးပေါင်းခတွဲညှ

လောကကြီးတွင် ထူးခြားဆန်းကြယ်သောဖြစ်ရပ်များစွာရှိပါသည်။ ၁၉၈၈ ခုနှစ်က မွေးဖွားသော ကလေးငယ်များပင်လျှင် အသက် (၂၉) နှစ်ကျော်လွန်နေပြီ ဖြစ်ပါသည်။ သို့သော် အချို့မှာ အသက်ငယ်ရွယ်သော်လည်း စာဖတ်အားနည်းခြင်း (ဖုန်းပွတ်တာအပါအဝင်) ဒေသန္တရဗဟုသုတ၊ ဘာသာရေး၊ ဗဟုသုတလေ့လာမှုအားနည်းလာခြင်း စသည့်လိုအပ်ချက်များကို ဝမ်းနည်းဖွယ်တွေ့နေရပါသည်။

စာဖတ်သူများတိုးပွားစေရန် ဗုဒ္ဓဘာသာဝင်များ ဗဟုသုတနှင့် ရတနာ(၃)ပါး၊ အနန္တငါးပါးဂုဏ်ကျေးဇူးကို ပိုမိုသိရှိလေးစားလိုက်နာကြစေရန် စသည့်ရည်ရွယ်ချက်ကောင်းဖြင့် လစဉ်ထုတ်သူရဇ္ဇမဂ္ဂဇင်းကြီးတွင် အချိန်ရသလိုဖြစ်ရပ်မှန်များအား တင်ပြခြင်း ဖြစ်ပါသည်။

ကျွန်မ၏မိသားစုအိမ်ထောင်ဦးစီးမှာ အသက် (၂၅) နှစ်အရွယ်ကတည်းက မဟာဗောဓိပထမံဆရာတော်ကြီးများ၊ ထွက်ရပ်ပေါက်နှင့် နှစ်ပေါင်းများစွာ အတူနေထိုင်၊ ကျင့်စဉ်စခန်းများ၊ အစဉ်တစိုက် လိုက်နာကျင့်သုံးလျက်ရှိပါသည်။ ၁၉၇၅ ခုနှစ်တွင် ပထမံဆရာကြီးဦးစံထွန်း (ဦးပျော့) (ကွယ်လွန်) နှင့် ရန်ကင်းမြို့နယ် ကံဘဲ့ရပ်ကွက်တွင် ပဋ္ဌာန်းရေစက်အရ ဆုံစည်းကျွမ်းဝင်ခင်မင်ခဲ့ရာ ဆရာကြီး ထွက်ရပ်လမ်းသို့ မြန်းသည့် ၂၀၀၇ ခုနှစ်အထိ အဆက်အသွယ်မပြတ်ခဲ့ပါ။ (သီးခြားထူးခြားကိုယ်တွေ့ဖြစ်စဉ်များ တင်ပြပါမည်။)


၁၉၈၄ ခုနှစ်၌ ဦးဟန်တိုး အေဒီလမ်း၊ မရမ်းကုန်းမြို့နယ် နေအိမ်တွင် မိတ္ထီလာမြို့မှ ကြွရောက် သီတင်းသုံးတော်မူသော တောင်ပုလုတောရဆရာတော်ဘုရားကြီးအား ဖူးမြော်ခွင့်ရခဲ့ပါသည်။ ဆရာတော်ကြီး၏ဝါတွင်းကာလ မိတ္ထီလာ တောင်ပုလုတောရသို့ ပြန်ကြွတိုင်း ဝန်ထမ်းဖြစ်၍ ခွင့်ရက်ရှည်ယူပြီး ဒုလ္လဘရဟန်းအဖြစ် ဆရာတော်ကြီးနှင့် အနီးကပ်ပူဇော်ခွင့် (၄) ကြိမ်ရရှိခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ရန်ကုန်မြို့ ကန်ဖျားကျောင်းတွင် စံမြန်းစဉ် သက်တော်(၉၀)ကျော်တွင် ဘဝနတ်ထံပျံလွန်တော်မူပါသည်။ ခန္ဓာဝန်ချသည့် အချိန်မှသာ ကျောခင်း (လဲလျောင်း) တော်မူပါသည်။ ဘဝတစ်လျှောက်လုံး ထိုင်လျက် နိသဇ္ဇိဓုတင်ဆောင်ပုဂ္ဂိုလ်ထူး တစ်ပါး ဖြစ်ပါသည်။

မိတ္ထီလာတောင်ပုလုတောရတွင် တရားအားထုတ်စဉ် ခင်ပွန်းသည်က တောင်ပုလုတောရစခန်းတွင် ဆရာတော်ဘုရားကြီးက မိမိ အပါအဝင် ရဟန်းအငယ်များအား ‘ငါ့သား’တွေကို အအေးကပ်ကြ၊ မန်ကျည်းဖျော်ရည်ကပ်ကြ စသည်ဖြင့် မိန့်ကြားနေသည်ကို အနီးကပ်နေရ၍ ကြားသိနေရပါသည်။ တစ်နေ့တွင် မိုးကုတ်မြို့မှ သူဌေးဒါယကာကြီးတစ်ဦး လာရောက်၍ဆရာတော်ကြီးအား ရွှေဘိုမြို့တွင် ဘုန်းကြီးတစ်ပါး ဘုရားစေတီတစ်ဆူ၏ အာရုံခံတန်ဆောင်းကြီးဖြိုဖျက်နေကြောင်းတိုင်ကြားလျှောက်ထားခြင်း ဖြစ်ပါ သည်။

ဆရာတော်ဘုရားကြီးက မိုးကုတ်မှ ဒါယကာကြီးအား အောက်ပါအတိုင်း မေးမြန်းပါသည်။

“ဘုရားတန်ဆောင်း ဖြိုချသည့် ဘုန်းတော်ကြီးသည် ဂန္ဓကုဋိတိုက် ‘အသစ်’ တည်ရန်အလို့ငှာ ဖျက်လျှင် အသစ်တည်ဆောက်သည့်အတွက် ပြုပြင်ခွင့်ရှိကြောင်း၊ သို့မဟုတ်က အပြစ်ရှိကြောင်း” ပြတ်ပြတ်သားသား မိန့်ကြားပါသည်။

မိုးကုတ်ဒါယကာကြီးသည် ဒေါင်းနှင့်မောင်းနှင့် မိုးကုတ်မှ မိတ္ထီလာ တောင်ပုလုအထိ ကားဖြင့် ချီတက်လာ



ရွှေစာဂေါစေတီတော် (ပုဂံ) နှင့် ရွှေပါလာစစ်သူကြီးဟဲ့



www.burmeseclassic.com1

www.burmeseclassic.com

ပြီးမှ အလိုမပြည့်သဖြင့် ခေါင်းငိုက်စိုက်ချပြန်သွားပါသည်။

တစ်ဖန် ဆရာတော်ကြီးအား သံဃာတော်အငယ်များအား 'သားတွေ' ဟု ခေါ်ဆိုခြင်းအား မိမိ (ဦးမျိုးဝင်း) စိတ်ထဲတွင် ဝိပဿနာကျောင်းကြီး၌ ခေါ်ဆိုခြင်းအတွက် မရှင်းလင်းသဖြင့် တောင်ပုလုဆရာတော်ဘုရားကြီးဦးနန္ဒိယအား မေးမြန်းလျှောက်ထားရာ အလွန်မွန်မြတ်ထူးခြားသော (မကြားဘူးသော) စကားကို မိန့်ပါသည်။

"သားဦးပဋိသန္ဓေ၊ လူ့ဘဝရောက်ရှိခြင်းဟာ မိခင်မှ လူ့သဘာဝမမွေတာ အတိုင်း အမိဝမ်းမှကျွတ်ပြီး မွေးဖွားခြင်းဖြစ်တယ်။ သံဃာတော်အရှင်မြတ်တွေဟာ အသက် (၂၀) ပြည့်ပြီး သိမ်အတွင်းမှာ ကမ္မဝါစာအထပ်ထပ်ညှပ်ပြီး သံဃာတော်ကြီးများက နှုတ်ခံတွင်းက ရွတ်ဖတ်မွေးဖွားတဲ့အတွက် 'သား' လို့ ခေါ်ထိုက်တယ်။ 'နှုတ်ခံတွင်းကမွေးတဲ့သား' မို့လို့ ဆရာတော်ကြီးက ခေါ်ဆိုခြင်းဖြစ်ကြောင်း ရှင်းပြသဖြင့် ဆရာတော်ကြီးအပေါ် မသိလို့ မေးမြန်းလျှောက်ထားရခြင်းဖြစ်ကြောင်း ဝန်ချတောင်းခံခဲ့ဖူးကြောင်း၊ ဆရာတော်ကြီးများ၏ဗဟုသုတနှင့် စာပေတတ်မြောက်ကျင့်ကြံအားထုတ်မှုမှာလိုက်မမီကြောင်း ပြောပြဖူးပါသည်။

ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏ အနီးကပ် သွန်သင်ဆုံးမချက်များအရ ပညာရပ်တချို့အား မြှုပ်ကွယ်ထားလိုသော်လည်း မိမိတို့မှာ အသက်အရွယ် (၇၀) ကျော်ပြီဖြစ်၍ သတ္တဝါအများ ကယ်တင်လိုပါသဖြင့် ကျန်းမာချမ်းသာစေရန် တချို့အား ခွင့်ပြုချက်လျှောက်ထားပြီး ဖော်ပြပေးပါသည်။

'လပြည့်နေ့ညတိုင်း 'လ' ပြည့်နေ့တိုင်း အိမ်အပြင်ထွက်၍ ပထမပညာအရ 'လမင်းဂါထာ'ကို 'လမင်းကြီး'အား လက်အုပ်ချီလျက် (ဖိနပ်ချွတ်ပြီး) ဂါထာ (၇) အုပ်ဖြင့် 'လမင်း' ဂါထာရွတ်ဆိုဆုတောင်းရပါသည်။ မည်သူမျှ မသိသော 'ဂါထာတော်' ဖြစ်ပါသည်။

မဟာလေးကျွန်း ဒီပ္ပ အတုလ ဆရာတော်ဘုရားကြီး



သက်တော်(၁၀၈)နှစ်ပြည့်

စိုးစံ(လင်း)အိမ်ခြံမြေရောင်းဝယ်ရေး မိသားစုမှ လှူဒါန်းပါသည်။



ဆရာတော်၏နေ့ဝန်ချစဉ် ကောင်းကင်မှ ရောင်စုံတန်းများကျလာပုံ







မင်းအိုချစ်သောဘုရားမှ
ဒေါ်မြနှင့်ယကျွမယ်တော်ပုံ

www.burmeseclassic.com

ရွတ်ဆိုရန်မှာ -

- *လမင်းဖခင်၊ ကျွန်ုပ်ကိုမြင်၊ ရင်ခွင်မှာပိုက် ကျွန်ုပ်ရန်သူတွေ့ပါမူ(ရှိပါမူ) လမင်းဖခင်ဝင်လျှင် ကွယ်ပျောက်ပါစေသောဝ်*

အလွန်ထက်မြက်ထိရောက်သည့် ဂါထာတော် ဖြစ်ပါသည်။ လက်ဆောင်အဖြစ် လှူဒါန်းပါသည်။ သာဓုသုံးကြိမ်ခေါ် စေသော်။

ခင်ပွန်းသည်သည် ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလတွင် သားရေနယ်နည်းပညာသင်တန်းတက်ရောက်ရန် နယ်သာလန်နိုင်ငံသို့ စက်မှု (၁) မှ ပညာသင်ရွေးချယ်စေလွှတ်ခြင်းခံရပါသည်။ ၎င်းနှစ်မတိုင်မီကတည်းက နိုင်ငံခြားသို့သွားချင်သော်လည်း ထွက်ရပ်ပေါက်ဆရာတော်၊ ဘိုးတော်ကြီးများက ခွင့်မပြုပါ။

"မင်းဘာလို့နိုင်ငံခြားသွားချင်တာလဲ။ ကာမဂုဏ်အလွန်ပေါတဲ့အရပ် မင်းမသွားနဲ့"

ဟု အကြိမ်ကြိမ် တားမြစ်ရာ -

"တပည့်တော်ချမ်းသာချင်လို့ပါဘုရား"

ဟု လျှောက်ထားသည်တွင် -

"ဒီမှာလည်း ငါတို့စကားနားထောင်ရင် မင်းချမ်းသာမှာပဲ"

ဟု မိန့်ပါသည်။

နောက်ဆုံး နိုင်ငံခြားသို့သွားခွင့်ပြုပါရန် အကြိမ်ကြိမ်တောင်းပန်တော့မှ သွားခွင့်ပြုပါသည်။ မသွားခင် ထွက်ရပ်ပေါက်ဘိုးတော်ကြီးများအား သိလိုသည်များအား မေးမြန်းလျှောက်ထားမိပါသည်။

"တပည့်တော် နိုင်ငံခြားမှာ နေ့ညအချိန်မတူတော့ ညအိပ်ရာဝင်ရှိခိုးရင် ဆရာတော်ကြီး၊ ဘိုးတော်ကြီးများ သိရှိနိုင်ပါမည်လား ခင်ဗျား"

"အေး - ညမှာ၊ 'လ' ရှိရင် ငါတို့ရှိတယ်၊ သိတယ်။ နေ့ဘက်မှာ 'နေ'ရှိရင် ဘယ်နိုင်ငံရောက်ရောက် ငါတို့ရှိတယ်၊ ငါတို့သိတယ်"

အလွန် မြန်မာဆန်သော၊ တန်ခိုးကြီးသောထွက်ရပ်ပေါက်ဆရာတော်ကြီးများ ထွက်ရပ်ပေါက်ဘိုးတော်ကြီးများဖြစ်ပါသည်။ ယခုအချိန်အခါသည် အနှစ် (၄၀) ကျော်ပြီဖြစ်၍ နှစ်ပေါင်းများစွာ ပုဂ္ဂိုလ်ကြီးများမှာ သတ္တဝါကယ်ဆယ်ရန်စိတ်၍ မိမိအတွက်သာ အလုပ်လုပ်ဆောင်နေကြောင်း သိရလိုက်ပါသည်။ ဘာတော်စင်သက်ကြီးများမှာ မြန်မာနိုင်ငံ




နှင့် သိဒ္ဓိရှိရာစခန်းများတွင်ရှိနေပြီး မသိသူများ၊ မယုံကြည်သူများရှိပါစေတော့။ ကံ(၃)ပါးဖြင့် မပြစ်မှားမိစေရန် စေတနာဖြင့်ဖော်ပြခြင်း ဖြစ်ပါသည်။

ထို့အပြင် ပြည်မြို့ ရွှေပြည်ပက်ကျိုင်ကျောင်း လေးကျွန်းဒိဗ္ဗ သက်တော်ရှည် (၁၀၈) နှစ်ရှိ ဆေးဝိဇ္ဇာဆရာတော်ဘုရားကြီး၏ အသက်ကယ်ဆေးလုံးနှင့် ရောဂါကုဆေးလုံးတို့မှာ အလွန်အစွမ်းထက်ကြောင်း ကိုယ်တွေ့ဖြစ်ပါသည်။

ကင်ဆာဟုသတ်မှတ်သောရောဂါသည်အမျိုးမျိုး၊ လူနာအား လက်လွှတ်ဆုံးရှုံးရအံ့အခြေအနေများမှဆရာတော်ဘုရားနှင့် လူနာများ ပဋ္ဌာန်းဆက်ရှိပါလျှင် ဆေးတော်သောက်သုံးရသည့် အာနိသင်မှာ ဖြေးလျှင်သော်လည်း ကြည်ကြည်လင်လင်ဖြင့် လည်းကောင်း၊ 'ကံ'ရှိသေးလျှင် 'ကံ'အလျောက် အသက်ရှင်နေခွင့် ကာလတစ်ခုအထိ နေထိုင်ရကြောင်း၊ ဆေးတော်အား ယနေ့အထိ 'မေတ္တာသက်သက်ဖြင့်' (အခကြေးငွေမယူ) ကူညီပါရမီဖြည့်ဆဲ ဖြစ်ပါသည်။

ပြည်မြို့ရှိ ရွှေပြည်ပက်ကျိုင်ကျောင်းပရဝဏ်ရှိ သိမ်တော်တွင် တစ်နှစ်လျှင် တစ်ကြိမ်တည်း တန်ဆောင်မုန်းလပြည့်နေ့ည 'ဆေးပွဲတော်' ကို ညချမ်းအချိန်တွင် လေးကျွန်းဒိဗ္ဗသက်တော်ရှည် အဘိုးဆရာတော်ကြီးတစ်ပါးတည်း ဆေးစပ်၊ သိဒ္ဓိတင်ပါသည်။ မည်သူမျှမဝင်ရပါ။ ၎င်းညဥ့်ဦးယံတွင် တိဗက်ပြည်မှ ဆေးဝိဇ္ဇာကြီးများကိုယ်တိုင် တန်ခိုးဖြင့် ကြွရောက်သိဒ္ဓိတင်ကြောင်းမိန့်ဖူးပါသည်။

ဆေးလုံးတော်ပမာဏမှာ ငရုတ်ကောင်းစေ့အရွယ်ရှိပြီး ဝေနေယျများအား (၂) လုံးစီ ဘာနေ့သား/ဘာနေ့သမီးလဲမေး၍ ဝေငှပါသည်။ ထူးခြားသည်မှာ ပေးလိုက်သော ဆေးလုံးတော်ကလေးများမှာ အကြီး/အသေး တွဲပါ



www.burmeseclassic.com1

www.burmeseclassic.com

လာခြင်း၊ ရောဂါသည်းနေသူများအတွက် အသက်ကယ်ဆေးလုံး (၅) လုံးခန့် ချီးမြှင့်သော်လည်း (၁) လုံးတည်သာ သောက်ရခြင်း၊ ဆေးတော်မှာ အရောင်နက်ပြီး အလုံးအနည်းငယ်ကြီးပါသည်။

အဘိုးဆရာတော်ပြောပြသည့် ဆေးတော်သောက်သုံးလျှင် ရရှိသည့် အာနိသင်မှာ -

- တန်ဆောင်မုန်းလပြည့်နေ့၌တိုက်ကျွေးသော ဆေးသိဒ္ဓိရေသည် အန္တရာယ်ကင်းစေရန်။
- တန်ဆောင်မုန်းလပြည့်ကျော်၁ရက်နေ့သောက်လျှင် လာဘ်လာဘ ပေါများစေရန်။
- တန်ဆောင်မုန်းလပြည့်ကျော်၂ရက်နေ့သောက်လျှင် ရောဂါဝေဒနာဆိုးများပျောက်ကင်းစေရန်

အဘိုးဆရာတော်သည် ဤသို့ အမိန့်ရှိပြုပါသည်။

'ငါသည် ခန္ဓာပြတ်ကြောင်းတရားကိုသာ အားထုတ်နေသူဖြစ်ပါသည်' ဟု အမိန့်ရှိပြုကာ 'ဆေးတော်' များကို သစ္စာဆိုသိဒ္ဓိတင်ပါသည်။ ဝေနေယျ အပေါင်းတို့ကိုလည်း ဝိပဿနာတရားကိုသာ အားထုတ်စေပါသည်။

ယခုအချိန်တွင် အဘိုးဆရာတော်ဘုရားကြီး ခန္ဓာဝန်ချတော်မူသော်လည်း ကြိုတင်စီစဉ်ခဲ့သဖြင့် အစွမ်းသတ္တိရှိပြီး သက်ကယ်ဆေးတော်များကို မြေးဖြစ်သူ ဒေါ်စန္ဒာမှ ဆက်လက်လှူဒါန်းပြီး သတ္တဝါဝေနေယျများ၏ အသက်ကို ကယ်ဆယ်လျက်ရှိပါသည်။

**■ ပုဂံမြို့ဟောင်း မင်းအိုချမ်းသာဘုရား အလှူမှ အတွေ့အကြုံ**

အဘိုးဆရာတော်ကြီး၏ မိန့်မှာချက်အရ ပုဂံမင်းဆက်၊ ပင်းယမင်းဆက်၊ အင်းဝမင်းဆက်တို့ရှိနေရာ ဒေသများတွင် မကျွတ်မလွတ်ကြကုန်သေးသော ဆွေတော်မျိုးတော်ပုဂ္ဂိုလ်အပေါင်းတို့အား 'ဒေဝမဟိဒ္ဓိဒါနပွဲကြီး' များ ကျင်းပလာခဲ့သည်မှာ (၃) နှစ်ရှိပြီဖြစ်ကြောင်း ဒေါ်စန္ဒာက ပြောပြပါသည်။

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ ၃ ရက်အထိ ဒေဝဒါနပွဲတော်အား ပဋ္ဌာန်းဆက်ရှိသူများနှင့်အတူ စုပေါင်းအမှျအတန်းပေးဝေတဲ့ ပွဲကြီးလှူဖြစ်ခဲ့ပါသည်။ ဒီနှစ်တော့ ပုဂံမြို့ဟောင်း မင်းအိုချမ်းသာဘုရားမှာ သံဃာတော် (၃၂) ဆွမ်းကပ်၊ ဒေဝဒါနအလှူများအား အမှျအတန်းပေးဝေကြပါသည်။ သီတင်းကျွတ်လပြည့်နေ့ညရင်ပြင်တော်မှာ အေးမြသာယာတဲ့'လ' အရိပ်နှင့် ညကလှလွန်းလို့ ဓာတ်ပုံရိုက်ခဲ့ပါသည်။

ဓာတ်ပုံရိုက်ကူးသူမှာ မလှိုင်မြို့နယ် ရွှေပေါ်ကျွန်းစေတော်ဝင်အဖွဲ့ဝင် ဦးသန္တာကျော် (ရခိုင်) ဖြစ်ပါသည်။ ထူးခြားဖြစ်စဉ်မှာ ဓာတ်ပုံကူးသောအခါ နောက်ခံအမည်းရောင်ကောင်းကင်တွင် မျက်လုံးနီရဲပြီးအစွယ်ကြီးဖြင့် 'နတ်ဘီလူး' တစ်ပါး၏မျက်နှာကြီးပေါ်လာပါသည်။ နံနက်အရုဏ်ဆွမ်းကပ်ပြီး သံဃာတော်များအား ဖြစ်စဉ်လျှောက်ထားခဲ့ပါသည်။

ဆရာတော်များအနက် ပခုက္ကူဆရာတော် ဦးဂန္ဓမာက ယင်းကဲ့သို့ ပုံတော်ပေါ်ခြင်းမှာ ယခု မင်းအိုချမ်းသာဘုရားကြီး၏မူလကုသိုလ်ရှင်မှာ ကျန်စစ်သားမင်းကြီးနှင့် မိဖုရားကြီး မဏိစန္ဒာ (မိဖုရား သီရိမယ်) ဖြစ်နိုင် ကြောင်း၊ မေတ္တာပို့အမျှခံယူလို၍ ကိုယ်ထင်ပြခြင်းဖြစ်နိုင်ကြောင်း မိန့်ကြားပါသည်။

အလားတူပင် ၁၉၉၇ မှ ၁၉၉၉ခု၊ နိုဝင်ဘာလအတွင်း ပြုပြင်ပြီးစီးခဲ့သော ပုဂံမြို့သစ် ဓမ္မရာဇကရွှေဟောင်းစေတီတော်မြတ်ကြီးအား နိုင်ငံတော်အကြီးအကဲများက ထီးတော်အသစ်တင်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်စဉ် ဓမ္မပါလစစ်သူကြီးက ပန်းရန်ဆရာအား (၂)ကြိမ်ဝင်ပူးပြီး စေတီတော်ကို စောင့်ရှောက်လျက်ရှိကြောင်းနှင့် ၎င်းတို့အတွက် စောင့်ရှောက်ရန် နတ်နန်းနေရာတောင်းခံပါသည်။

ဘုရားထီးတော်တင်ပြီးနောက်တွင် စေတီတော်၏ တနင်္ဂနွေထောင့် (အရှေ့မြောက်အရပ်) အုတ်ပုံတစ်ခု တွေ့ရှိ၍ ရှေး/သု ဦးစီးဌာနမှ တာဝန်ရှိသူအား စုံစမ်းခဲ့ပါသည်။ ရှေးအာရုံခံတန်ဆောင်းဖြစ်ကြောင်း ဆက်လက်တူးဖော်ရာတွင် ကျောက်စာတစ်ချပ်ပေါ်လာပြီး ဓမ္မပါလစစ်သူကြီးဇနီးမောင်နှံတို့သည် စေတီတော်အား ကြည်ညိုသဒ္ဓါတရားဖြင့် မိမိနေအိမ်အား ယခုနေရာတွင်ဇရပ်အဖြစ် လှူဒါန်းခဲ့ကြောင်း ပါရှိပါသည်။

၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ (နတ်တော်လပြည့်နေ့) ည(၁၀)နာရီကျော်ခန့် ရေနံချောင်းမြို့မှ ဓာတ်ပုံဆရာသည် ဂေါပကအဖွဲ့၏ ခွင့်ပြုချက်အရ စေတီတော်ကို ဓာတ်ပုံ(၆)ကွက်ရိုက်ရာ ဒုတိယနှင့် တတိယဖလင်ကွက်တွင် စစ်သူကြီး၏ ပုံမှာ အလိုအလျောက် ပေါ်ပေါက်လာပါသည်။

ဓမ္မရာဇကစေတီတော်ကြီးဂေါပကအဖွဲ့၏ ဖြစ်စဉ်အကျဉ်းချုပ်အား အများအကျိုးငှာ ဖော်ပြလိုက်ပါသည်။

သူရဋ္ဌမဂ္ဂဇင်းကြီးသည် မြန်မာပြည်သာမက ကမ္ဘာတစ်ဝန်းလုံးရှိ မြန်မာနိုင်ငံသားများသို့ ဖတ်ရှုကုသိုလ်ယူနိုင်အောင် ဖြန့်ချိနေသော နိုင်ငံကျော်မဂ္ဂဇင်းကြီးတစ်စောင် ဖြစ်ပါသည်။ အဘိုးလေးကျွန်းဒိဗ္ဗဆရာတော်ကြီး (ထွက်ရပ်လမ်းမြန်းပြီး) အသက်ကယ်ဆေးတော်၏ ထူးခြားဖြစ်စဉ်အား ဖတ်ရှုရသူများမှာ ၂၀၁၇၊ ဇူလိုင်လ ဆောင်းပါးတွင် ဖော်ပြထားသည့် ဖုန်းနံပါတ်များအတိုင်းဆက်သွယ်၍ ဒေါ်စန္ဒာထံ ဆေးတော်အကူအညီတောင်းခံကြကြောင်းကို သိရှိရ၍ မုဒိတာပွားမိပါသည်။

ယခုဆောင်းပါးရေးနေစဉ် မိုးရာသီ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပေါ်နေမှုကြောင့် ကျန်းမာရေးအခြေအနေများအား ဂရုစိုက်နေထိုင်ရပါသည်။ ထိုသို့ကြားမှ ခင်ပွန်းဖြစ်သူမှာ (၃) ရက်ခန့် အပူချိန်မကျဘဲ နေမကောင်းဖြစ်နေပါသည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်မှ ၅ ရက်ထိဖြစ်ပြီး ဩဂုတ်လ ၈ ရက်အထိ ဝမ်းဗိုက်အတွင်း အူများနာနေကြောင်း၊ ဒလမြို့နယ်တွင် နေထိုင်ပြီး ရန်ကုန်နှင့်အလှမ်းမဝေးသော်လည်း ရန်ကုန်မြစ်ကူးရသည့် အခြေအနေများကြောင့် များစွာစိတ်ပူမိပါသည်။ ဆရာဝန်ခေါ်ပြသော်လည်း ယခင်အစာအိမ်ဒဏ်ရာကြောင့် ထိုးဆေးများ၊ အကိုက်အခဲပျောက်ဆေးများမစားသုံးဘဲ အစာအိမ်အား ဆေးဖြင့် ထိန်းပေးထားရပါသည်။

နောက်ဆုံး အားကိုးရာအဖြစ် ဩဂုတ်လ ၉ ရက် ၂၀၁၇ ခုနှစ်နံနက် စောစော ဆရာတော်ကြီး၏ အသက်ကယ်ဆေးတော်တစ်လုံးကို ညွှန်ကြားချက်အတိုင်း သောက်သုံးလိုက်ပါသည်။ ထူးခြားမှုမှာ နံနက် (၇) နာရီအချိန် ထပ်မံအိပ်ပျော်သွားပြီး မွန်းလွဲ(၂)နာရီ နိုးသောအခါ ဗိုက်အတွင်းမှ အူနာကိုက်ခဲခြင်းရောဂါမှာယူပစ်သလိုပျောက်ကင်းသွားပါကြောင်း ကိုယ်တွေ့ဖြစ်ရပ်အား ထပ်မံတင်ပြပါသည်။ ဆေးတော်မှာ အမှန်ပင် သတ္တဝါများအတွက် အသက်ကယ်ဆေး ဖြစ်ပါသည်။

ကျေးဇူးတင်လျက်
တင်တင်ဦး (ပြေးတည်)



www.burmeseclassic.com1

www.burmeseclassic.com

# မြောက်ဦးခေတ်လယ် ၁၅ ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု

## ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

ပုံ (၇၁)



ထုက္ကန့်သိမ်ပုထိုးတော်ကြီးအထွက် လိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၄၀)မှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာ ပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ်၏ (၈၀) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့်မှာ (၅၉) စင်တီမီတာခန့်၊ အကျယ် (၃၀) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၃) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဗောင်းတော်ပျက်စီးပြီး ဗောင်းတော်အဆင်တန်ဆာများရေးရေးလေးသာတွေ့ရှိရပါတော့သည်။ တင်ပါးအောက်ကျောက်ဆက်တွင်လည်းအက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၇၁) ဒီဇိုင်းလက်ရာ၏ ဗောင်းတော်မှာ အောက်တွင် အနားဖောင်းရစ်တစ်လုံးခံထားပြီး အထက်သို့ လုံးချွန်တက်သွားသည်ကို တွေ့ရှိရပါသည်။ အထက်ပိုင်းကို ရပ်စောက်အစင်းကြောင်းများဖြင့်အလှဆင်ထားသည်။ ဤဗောင်းတော်ပုံစံမျိုးကို မော်စလိပ်အမတ်ဗောင်းတော်ပုံစံမျိုးဖြစ်သည်ဟု သိရှိရပါသည်။ ဗောင်းတော်အောက် မျက်နှာပေါက် အနေအထားမှာ လုံးသွယ်ပြီးနားနှစ်ဖက်တွင် နားတောင်းဝန်းများပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးနှစ်ဖက်မှာ စင်ရော်တောင်ပံခတ်သည့်အနေအထားမျိုးတွေ့ရှိရပြီး မျက်လုံးမှေးနေသည်ကို တွေ့ရှိရပါသည်။ နှာခေါင်းစင်း၍ ပါးစပ်တည်ငြိမ်လှပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါ၏။ ညာဘက်ပခုံးတွင် တဘက်စတင်၍ တဘက်စကို ညာဘက် ချိုင်းအောက်မှ ရစ်ပတ်ထားသည်ကို တွေ့ရှိရပါသည်။ တဘက်စအစွန်းတစ်စွန်းကို ဘယ်ဘက်ပခုံးဘေးတွင် တစ်စွန်းချထားပြီး နောက်တစ်စွန်းကို ညာဘက် တံတောင်ဆစ်အောက်တွင် ပြန့်ကားစွာချထားသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ဖက်ကို ပူး၍ ညာဘက်သို့လှည့်ကာ ဘုရားကိုကန်တော့ပူဇော်နေသည့်အနေအထားမျိုးတွေ့ရှိရပါသည်။ လက်ဖျားတွင် ကြာဖူးတစ်ဖူးကိုင်ထားပါ၏။ ခါးတွင် ခါးပတ်ပြားကြီးတစ်ပြားပတ်ထားပြီး ဣန္ဒြေကာပြားကြီးတစ်ပြားကို ပေါင်ပေါ်တွင် အပြားလိုက်ချထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကို တင်ပါးဖုံးအောင်ထိ ဝတ်ဆင်ထားပါ၏။ ဒူးကုတ်ထိုင်ထားပြီး ပုဆိုး (ဒယော) ကို ခြေချင်းဝတ်ထိချဝတ်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖနောင့်နှစ်ဖက်ကို တင်ပါးတွင်ကပ်၍ခြေဖျားကော့ထောက်ထားပါသည်။ ဗောင်းတော်ဖွဲ့စည်းပုံအနေအထားအရ ဤပုံ (၇၁) ပုံဆွဲဒီဇိုင်းလက်ရာဝတ်ဆင်ထုံးဖွဲ့မှုကို မော်စလိပ်အမတ်ဝတ်ဆင်ထုံးဖွဲ့မှုဖြစ်သည်ဟုခေါ်ဆိုကြသည်ကို သိရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ပျက်စီးနေ၍ ဝတ်ဆင်ထုံးဖွဲ့မှုအဆင်တန်ဆာများမှာ ပြည့်စုံစွာမတွေ့ရှိရသည်မှာ စိတ်မကောင်းစရာပင်။ တွေ့သလောက်မြင်သလောက်သာ ရေးသား ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဤပုံဆွဲ(၇၂) ဒီဇိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ အထွက်လိုဏ်ပတ်လမ်းလက်ယာဘက် ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၄၁) မှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွဒီဇိုင်းလက်ရာကို ဘုရားမုခ်ငယ် (၈၀) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့်(၇၉)စင်တီမီတာခန့်၊ အကျယ် (၃၅) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၃) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဆံထုံးအရစ်များနှင့် မျက်ခုံးချောနေသည်ကို တွေ့ရှိရပါသည်။ ဆံထုံးအရစ်များကို ပီပြင်စွာ မတွေ့ရှိရဘဲ အရာလောက်သာတွေ့ရှိရပါသည်။ လည်ဆစ်တွင်လည်း ကျောက်ဆစ်အက်ကွဲနေသည်ကိုတွေ့ရှိရပါသည်။

ပုံဆွဲ (၇၂) ဒီဇိုင်းလက်ရာ၏ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်လေးဆင့်ဖြင့်ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ အထက်ဆုံးအဆင့်မှာကျဉ်းပြီး ဒုတိယအဆင့်မှာ ပိုကျယ်သည်ကို တွေ့ရှိရပါသည်။



ပုံ (၇၂)



www.burmeseclassic.com1

www.burmeseclassic.com

အထက်ဆုံးအဆင့်နှင့် ဒုတိယအဆင့်ကြား ညာဘက်တွင် ဆံဖျားကို ဘေးသို့ ထုတ်ချထားပါသည်။ တတိယအဆင့် ဆံရစ်မှာ ဒုတိယအဆင့်ထက်ပိုကျယ်သည်ကို တွေ့ရှိရပါသည်။ တတိယအဆင့်ထက် စတုတ္ထအဆင့် ဆံရစ်မှာ ပိုကျဉ်းသည်ကို တွေ့ရှိရပါသည်။ ဤဆံထုံးဖွဲ့စည်းပုံမျိုးကို ယော့ယဲဆံထုံးဟု ခေါ်ဆိုကြသည်ကို သိရှိရပါသည်။ ဆံထုံးနှင့် မျက်နှာမှာ ညာဘက်သို့ စောင်းနေပြီး မျက်နှာလုံးသွယ်သည်ကို တွေ့ရှိရပါသည်။ မျက်လုံးမှေးပြီး နှာခေါင်းရှည်ကာ ပါးစပ်တည်ငြိမ်စွာ ပြုံးနေသည်ကို တွေ့ရှိရပါသည်။

လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပခုံးနှစ်ဖက်တွင် တဘက်ကို တင်ထားပြီး ရင်ဘတ်လောက်တွင် တဘက်ကို ပတ်၍ချထားပါသည်။ တဘက်စအဖျားနှစ်ဖက်ကို နောက်ကျော၌ လက်ဝဲ၊ လက်ယာတွင် ဖြန့်ကား၍ချထားပါသည်။ ညာဘက်လက်ကိုမြှောက်၍ ဆံဖျားကို ကိုင်ထားပါသည်။ ဘယ်ဘက်လက်ကို ရင်ဘက်အောက်တွင်ကပ်၍ ကြာဖူးတစ်ဖူးကိုင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံး လက်ကောက်ဝတ်တွင် လက်ကောက်တစ်ဖက်ငါးကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ပျက်စီးသွား၍ ရေးရေးလေးသာတွေ့ရှိရပါသည်။

အင်္ကျီကိုတင်ပါးကျော်အောင်ထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီအောက်တွင် ခါးကြိုးစနှစ်စကို ဘယ်ဘက်ပေါင်နားတွင်ချထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုးစအဖျားနှစ်ခုစလုံးကို ပန်းဖူးသဏ္ဍာန်ဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုးစ ညာဘက်တွင် ထဘီအခေါက်ကို အပြားလိုက်ချထားပါ၏။ ထဘီအောက်နားစကို ခြေမျက်စိပုန်းအောင်အထိဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖျားနှစ်ဖက်စလုံးကို ဘယ်ဘက်သို့လှည့်၍ရပ်နေသည်ကို တွေ့ရှိရပါသည်။ ဤအမျိုးသမီးဆံထုံးထုံးပုံမှာ ယော့ယဲဆံထုံးဖြစ်သည်ဟု သိရှိရပါသည်။ ပုံ (၇၂) မှာ ပုံ (၇၁) မော်စလိပ်အမတ်၏ကြင်ရာတော်ဖြစ်ဟန်ရှိသည်ကို တွေ့ရှိရပါသည်။ ဤအမျိုးသမီးဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

ပုံ (၇၃) ပုံဆွဲဒီဇိုင်းလက်ရာမှာ

ပုံ (၇၃)



ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ အထွက်လိုဏ်ပတ်လမ်းလက်ယာဘက်ကျောက်နံရံကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၄၂) မှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ် (၈၁) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၃) စင်တီမီတာခန့်၊ အကျယ် (၃၂) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၃) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဗောင်းတော်ချော၍ အဆင်တန်ဆာများကို ရေးရေးလေးသာတွေ့ရှိရပါတော့သည်။ မျက်နှာလည်း ချောမွတ်နေသည့် အနေအထားတွေ့ရှိရပြီး မျက်ခုံး၊ မျက်လုံး၊ ပါးစပ်များကို အရာလောက်သာတွေ့ရှိရပါသည်။ ကျောက်ဆစ်ရုပ်ကြွ၏ ဒူးခေါင်းလောက်မှ ကျောက်ဆက်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၇၃) ပုံဆွဲဒီဇိုင်းလက်ရာ၏ မကိုဋ်တော်မှာ အောက်နားရစ်တွင် ဖောင်းနှစ်ဆင့်ခံထားပြီး အောက်ဖောင်းလုံးထက် အထက်ဖောင်းလုံးပိုငယ်သည်ကို တွေ့ရှိရပါသည်။ အထက်ဖောင်းလုံးအထက်တွင် ပတ်ပတ်လည်၌ ပွင့်ဖတ်များ အစီအရီတန်ဆာဆင်ထားပြီး ပွင့်ဖတ်ငယ်များအထက်တွင် ပွင့်ဖတ်ကြီးများကို နှစ်ဖတ်နှစ်ဖတ်စီဆင့်၍ အပေါ်သို့ချွန်းတက်သွားပါသည်။ မကိုဋ်တော်မှာ ပွင့်ဖတ်အကြီးအငယ်များဖြင့် အစီအရီတန်ဆာဆင်ထားသည်မှာ အနုစိတ်လှပါသည်။ ဤမကိုဋ်တော်ဖွဲ့စည်းပုံမျိုးကို ပြည်ငယ်စားမင်းမကိုဋ်တော်ဟု ခေါ်ဆိုကြသည်ကို သိရှိရပါသည်။ မျက်နှာမှာလုံးသွယ်ပြီး နားနှစ်ဖက်ကား၍ နားတောင်းဝန်းကြီးပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါသည်။ လက်နှစ်ဖက်ကိုပူး၍ ညာဘက်သို့စောင်းကာ ပန်းဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ကြီးတစ်ပတ်ပတ်ထားပါ၏။ ကန္ဒြေကာပြားကြီးတစ်ခုကိုလည်း ပေါင်ပေါ်တွင် အပြားလိုက်တင်ထားပါသည်။ ပုဆိုး (ဒယော) ကိုလည်း ခြေချင်းဝတ်လောက်ရောက်အောင်အထိဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခြေဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျားကော့၍ထောက်ကာ ဒူးနှစ်ဖက်ကို ညာဘက်သို့လှည့်၍ထိုင်နေသည်ကို တွေ့ရှိရပါသည်။ ဤပုံဆွဲဒီဇိုင်းလက်ရာ၏မူရင်းကျောက်ဆစ်ရုပ်ကြွတွင် အဝတ်အဆင်တန်ဆာများမှာ မိုးရေတိုက်စားမှုကြောင့် ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ ပုံဆွဲ (၇၃) ဒီဇိုင်းလက်ရာ၏ ဝတ်ဆင်ထုံးဖွဲ့မှုကို ပြည်ငယ်စားမင်းဝတ်ဆင်ထုံးဖွဲ့မှုဖြစ်သည်ဟု သိရှိရပါသည်။

ပုံဆွဲ (၇၄) ဒီဇိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ အထွက်လိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံကျောက်ဆစ်လက်ရာနံပါတ် (၁၄၃) မှကူးယူရေးဆွဲထားသော ဒီဇိုင်း

ပုံ (၇၄)





www.burmeseclassic.com1

www.burmeseclassic.com

လက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာကို ဘုရားမုခ်ငယ် (၈၁) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၅၇) စင်တီမီတာခန့်၊ အကျယ် (၃၄) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၅) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဆံထုံးနှင့်မျက်နှာချော၍ အရာပေါက်သာတွေ့ရှိရပါသည်။ ကျောက်ဆစ်အက်ကွဲနေပါ၏။

ဤပုံဆွဲလက်ရာ၏ဆံထုံးဖွဲ့စည်းပုံမှာ အဆင့်ငါးဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ အထက်ဆုံးအဆင့်မှာ အထူဆုံးတွေ့ရှိရသော်လည်း ကျဉ်းသည်ကို တွေ့ရှိရပါသည်။ အထက်ဆုံးအဆင့်ထက် ဒုတိယအဆင့်မှာ ပိုကျယ်သည်ကို တွေ့ရှိရပါသည်။ တတိယအဆင့်မှာ ဒုတိယအဆင့်ထက်ပိုကိုတွေ့ရှိရပါတယ်။ တတိယအဆင့်ထက် စတုတ္ထအဆင့်ပိုကျယ်သည်ကို တွေ့ရှိရပါသည်။ စတုတ္ထအဆင့်ထက် ပဉ္စမအဆင့်ကို ပိုကျဉ်းပါ၏။ ဒုတိယအဆင့်နှင့် တတိယအဆင့် ညာဘက်တွင် ဆံဖျားကိုချထားပါ၏။ ဆံဖျားအရင်းတွင်လည်း တစ်ပတ်ရစ်ထားသည်ကိုလည်း တွေ့ရှိရပါ သည်။ ဤဆံထုံးပုံစံမျိုးကို နဂါးပတ်ကျောက္ကင်းဆံထုံးပုံစံဟုခေါ် ဆိုကြသည်ကို သိရှိရပါသည်။ မျက်နှာလုံးဝန်းပြီး နားနှစ်ဖက်တားကာ နားတောင်းဝန်းကြီးများပန်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။

တဘက် (ပုဆိုးပိုင်း) ကို ပခုံးနှစ်ဖက်ကိုရစ်၍ အစွန်းနှစ်ဖက်ကို လက်ဝဲ၊ လက်ယာတွင်ဖြန့်၍ ချထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ချောင်းကို ပူး၍ ဘက်ဘက်သို့ထုတ်ကာ ဘုရားကန်တော့နေဟန်တွေ့ရှိရပါသည်။ လက်နှစ်ဖက်အဖျားတွင် ပန်းဖူးတစ်ဖူးကိုင်ထားပါ၏။ လက်နှစ်ဖက် လက်ကောက်ဝတ်တွင် လက်ကောက်များ ဝတ်ဆင်ထားပါ၏။ အင်္ကျီကို တင်ပါးဖုံးအောင်ထိဝတ်ဆင်ထားပါသည်။ ပေါင်ပေါ်တွင်တွင် ထဘီအထပ်ကို အစင်းလိုက်ဖော်ထားပါ၏။ ထဘီအောက်နားစကို ခြေမျက်စိအနားအထိချဝတ်ထားပါသည်။ ခြေဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျားကောထောက်ကာ ဘယ်ဘက်သို့လှည့်၍ ဒူးထောက်ထိုင်နေသည်ကို တွေ့ရှိရပါသည်။ ဤအမျိုးသမီးဆံထုံးမှာ နဂါးပတ်ကျောက္ကင်းဆံထုံးဖြင့်ထုံးထားပြီးဝတ်ဆင်မှုမှာလည်း ရိုးစင်းလှသည်ကို တွေ့ရှိရပါသည်။ ဤပုံဆွဲ(၇၄)အမျိုးသမီးမှာ ပုံဆွဲ (၇၃) ပြည်ငယ်စားမင်း၏ကြင်ရာတော်ဖြစ်ဟန်တူပါသည်။ ထို့ကြောင့် ပုံဆွဲ(၇၄) ဒီဇိုင်းလက်ရာသည် ပြည်ငယ်စားမင်း၏ကြင်ရာတော်ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခုပင်ဖြစ်သည်ဟုပြောရမည်ပင်ဖြစ်ပါသည်။



ပုံ (၇၅)

ပုံ (၇၅) ပုံဆွဲဒီဇိုင်းလက်ရာသည် ထုတ္တန့်သိမ်ပုထိုးတော်ကြီး၏ အထွက်လက်ယာဘက် ကျောက်နံရံ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၁၄၄) မှကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတ ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာကို ဘုရားမုခ်ငယ် (၈၂) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာအမြင့် (၅၃) စင်တီမီတာခန့်၊ အကျယ်(၃၀)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၂) စင်တီမီတာခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် ဖောင်းတော်နှင့် မျက်နှာမှာ ချောမွတ်၍ အရာသာတွေ့ရှိရပါသည်။ ခါးဆစ်တွင်လည်း ကျောက်ဆစ်အက်ကွဲနေသည်ကို တွေ့ရှိရပါသည်။

ပုံဆွဲ (၇၅) ဒီဇိုင်းလက်ရာ၏မကိုဋ်တော်ဖွဲ့စည်းပုံမှာ အဆင့်သုံးဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ မကိုဋ်တော်၏အပေါ်ဆုံးတွင် လုံးချောသာတွေ့ရှိရပြီး ဒုတိယအဆင့်မှာ နှစ်ထပ်ပွင့်ဖတ်များဖြင့် မကိုဋ်တော်၏ပတ်ပတ်လည်ကို အလှဆင်ထားပါသည်။ တတိယအဆင့်မှာ နှစ်ဆင့်ဖောင်းလုံးနှစ်လုံးကြားတွင် ရပ်စောက်၊ ဒေါင်လိုက်အစင်းကြောင်းကလေးများဖြင့်ပတ်လည်အလှဆင်ထားသည်ကို တွေ့ရှိရပါသည် ဖောင်းတော်၊ မကိုဋ်တော်ဖွဲ့စည်းပုံအရ ဤပုံဆွဲ (၇၅) မကိုဋ်တော်ပုံစံမျိုးကို မြို့ဝန်မင်းမကိုဋ်တော်ခေါ် ကြောင်း သိရှိရပါသည်။

မျက်ခုံးနှစ်ဖက်မှာစင်ရော်တောင်ပံခတ်ဟန်တွေ့ရှိရပြီး မျက်လုံးနှစ်လုံးမှာ မှေးနေသည်ကို တွေ့ရှိရပါသည်။ နှာခေါင်းမှာတိုပြီး ပါးစပ်တည်ငြိမ်မှုရှိသည်ကို တွေ့ရှိရပါသည်။ မျက်နှာမှာ လုံးသွယ်ပြီး နားနှစ်ဖက်၌နားတောင်းဝန်းကြီးများပန်ဆင်ထားပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါသည်။ တဘက်စတစ်ဖက်ကို ဘက်ဘက်ပခုံးနောက်တွင်တင်ထားပြီး တဘက်စနောက်တစ်စကို ညာဘက်တံတောင်ဆစ်အောက် ပေါင်နှင့်ပြိုင်၍ဖြန့်ကားစွာချထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို တံတောင်ဆစ်မှကွေးကာ လက်ဖျားနှစ်ဖက်ကိုပူး၍ ညာဘက်သို့မြှောက်၍ထုတ်ထားပါသည်။ လက်ဖျားနှစ်ဖက်တွင် ပန်းဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန်တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ကြီးတစ်ပတ်ပတ်ထားပြီး ခါးပတ်ကြီးအောက်တွင် ကုန္ဒြေကာပြားကြီးတစ်ခုကို ပေါင်ပေါ်တွင်အပြားလိုက်တင်ထားပါသည်။ ခါးပတ်အစွန်းတစ်စွန်းကိုလည်း ခြေချင်းဝတ်ဖုံးအောင်ချထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးကိုလည်း ခြေချင်းဝတ်ရောက်အောင်ချထားသည်ကို တွေ့ရှိရပါ၏။ ခြေဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျားကောထောက်ကာ ဒူးကုတ်၍ ညာဘက်သို့ လှည့်ကာထိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။ မကိုဋ်တော်ဖွဲ့စည်းပုံအရ ဤပုံ (၇၅) ဒီဇိုင်းလက်ရာကို မြို့ဝန်မင်းဝတ်ဆင်မှု ဒီဇိုင်းလက်ရာဟုပြောရမည်ပင် ဖြစ်ပါသည်။ အထက်ဖော်ပြပါပုံဆွဲဒီဇိုင်းလက်ရာများမှာ မြောက်ဦးခေတ်လယ်၏ ဝတ်ဆင်ထုံးဖွဲ့မှုကို ထင်ဟပ်စေသော ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှုဒီဇိုင်းလက်ရာများပင် ဖြစ်ပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)



www.burmeseclassic.com1

www.burmeseclassic.com

# ရဲရဲထွန်း
# ပရိတ်တော်အကြောင်း သိကောင်းစရာအဖြာဖြာ



ယနေ့ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ဆိုနိုင်ကြသူများ ဖြစ်ကြသည်။ သို့သော် ထိုပရိတ်တော်ဆိုသည်မှာ မည်သို့သော တန်ခိုးသတ္တိထူးများရှိသည်၊ မည်ကဲ့သို့ ရွတ်ဆိုကြရမည်ကို သိရှိသူ နည်းပါးပါသည်။ ထို့ကြောင့် ပရိတ်တော် အကြောင်း သိကောင်းစရာများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

■ **ပရိတ်တော်ဆိုသည်မှာ**

ဘေးအန္တရာယ်ကင်းကြောင်းဖြစ်ကုန်သော ဗုဒ္ဓဘုရားရှင်ဟောကြားအပ်သည့် တရားစကားများ၊ ရဟန္တာအရှင်မြတ်တို့ သစ္စာဆိုသောစကားများ၊ နတ်မင်းကြီးများ သီကုံးရွတ်ဆိုသောဂါထာစကားများ၊ ပညာရှိကြီးတို့ သီကုံးသော ဂါထာစသည်တို့ကို ပရိတ်ဟုဆိုရပါမည်။ ပရိတ်တော် ဟူသည့်စကားသည် ပရိတ္တ ဟူသော ပါဠိမှဆင်းသက်လာခြင်း ဖြစ်သည်။ အနက်မှာ အရံအတားဟုဆိုလိုကြောင်း ပရိတ်တော်ကျမ်းများ၌ ဖော်ညွှန်းထားသည်။ ပရိတ္တသဒ္ဒါသည် ထက်ဝန်းကျင်အရပ်ဆယ်မျက်နှာမှကျရောက်လာတတ်သော ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်ကို တားဆီးစောင့်ရှောက်တတ်သောကြောင့် ပရိတ်ဟု ခေါ်ရပါသည်။ ပရိတ်တော်တန်ခိုးသည် စကြဝဠာကုဋေ တစ်သိန်းတိုင်အောင် တန်ခိုးအာဏာပျံ့နှံ့နိုင်သည်။ မြတ်စွာဘုရားရှင်၏ ပိဋကတ်ဒေသနာတော်များဖြစ်သဖြင့် မွန်မြတ်တန်ဖိုးရှိလှသည်ဖြစ်ရာ သဒ္ဓါတရားအပြည့်ဖြင့် ရွတ်ဆိုပူဇော်ပါက ကောင်းကျိုးမင်္ဂလာအဖြာဖြာကို ဧကန်မုချရရှိနိုင်ကြပါမည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ ဗုဒ္ဓဘာသိကဒေသနာတော်များကို အကျင့်သီလကောင်းမွန်စွာဖြင့် သဒ္ဓါတရားထက်သန်စွာ ရွတ်ဆိုပူဇော်ပါ။ အကျိုးကြီးမားပြီး လိုအင်ဆန္ဒအဖြာဖြာကို မလွဲဧကန်ရရှိကြမည် ဖြစ်ပါသည်။

■ **ပရိတ်ရွတ်ရာတွင် ပါရမီ(၁၀)ပါးဖြစ်ပုံ**

TV Channel များမှ နံနက်တိုင်း ဆရာတော်ကြီးများ၏ ပရိတ်တော်များကို ထုတ်လွှင့်ပေးနေရာ သတ္တဝါအများ၏ အကျိုးစီးပွားကို များစွာဖြစ်စေခဲ့၏။ ပရိတ်တရားတော်ရွတ်ဆိုသူအဖို့မှာလည်း ပါရမီ (၁၀) ပါးကို ဖြစ်စေသည့်အပြင် ကြားနာရသူများအနေဖြင့်လည်း ကောင်းကျိုးမင်္ဂလာအဖြာဖြာကို ရရှိကြမည်ဖြစ်ပါသည်။

ပါရမီ(၁၀)ပါးဖြစ်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ပရိတ်ရွတ်တိုင်း နတ်ဒေဝါများနှင့် နားကြားသူများကိုပင့်ဖိတ်၍နာကြားစေသဖြင့် ဒါနပါရမီ ဖြစ်သည်။

၂။ ပရိတ်မရွတ်မီ သီလဆောက်တည်ကြရသဖြင့် သီလပါရမီလည်းမည်ပါသည်။

၃။ ပရိတ်ရွတ်ဖတ်နေစဉ် ကာမဂုဏ်စွဲလမ်းမှုတို့ကင်းသဖြင့် နိက္ခမ္မပါရမီ ဖြစ်ပါသည်။

၄။ ပရိတ်တော်လာ အနက်အကျိုး အာနိသင်တို့ကို မေးမြန်းဆွေးနွေးသဖြင့် ပညာပါရမီ ဖြစ်ပါသည်။

၅။ ပရိတ်ရွတ်နေချိန်တွင် လုံ့လပြု၍ ပျင်းရိခြင်းကို ပယ်ပျောက်သဖြင့် ဝီရိယပါရမီလည်း ဖြစ်ပါသည်။

၆။ ပရိတ်ရွတ်ရာတွင် ဖြစ်ပေါ်လာသောဝေဒနာတို့ကိုသည်းခံ၍ ရွတ်ဖတ်ရသဖြင့် ခန္တီပါရမီလည်း ဖြစ်ပါသည်။

၇။ ပရိတ်တရားတော် ရွတ်ဖတ်ခြင်းသည် မှန်ကန်သောဒေသနာ ဖြစ်သဖြင့် သစ္စာပါရမီ ဖြစ်စေပါသည်။


၈။ အဓိဋ္ဌာန်ပါရမီသည် ကောင်းသောအလုပ်ကို မဖြစ်မနေလုပ်ခြင်းဖြစ်



www.burmeseclassic.com1

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး
# ဆောင်းရာသီ
# အသားများခြောက်သွေ့ခဲ့သော်



ဒီဇင်ဘာလဟာ ဆောင်းရာသီမှာ အအေးဆုံးလပါ။ ဒါပေမယ့် ဒီဇင်ဘာမှာ ရန်ကုန်ကိုရောက်တာ (၅)နှစ်ရှိပါပြီ။ ရန်ကုန်ဟာ လူနေအလွန်ထူထပ်တော့ လူငွေ့တွေကြောင့်ထင်ရဲ့၊ လုံးဝမအေးပါဘူး။ အလွန်ပူတဲ့ မန္တလေး၊ မြင်းခြံ၊ ပခုက္ကူ၊ မုံရွာတို့တောင် ဒီဇင်ဘာမှာအေးကြပါတယ်။ တောင်တန်းဒေသတွေဆိုတာတော့ ပြောစရာမလိုအောင်ကို အေးပါတယ်။ မိုးကုတ်ဆိုတာကျတော့ ညအိပ်ရင် ဘယ်လောက်ပဲဂွမ်းပုံတွေ၊စောင်တွေခြုံခြုံ အတော်နဲ့အနွေးဓာတ်မရနိုင်တဲ့မြို့ပါ။

အဲဒီလို အေးပြီဆိုတာနဲ့ နံနက်စောစောမှာ မီးလှုံကြလေ့ရှိတယ်။ မီးဖိုထားတာမြင်ရင် နည်းနည်းဖြစ်ဖြစ် ပြေးလှုံလိုက်ရမှ နေသာထိုင်သာရှိကြတာပါ။ မီးဖိုထားရင် လူမပြောနဲ့ ခွေးတွေပါလာလှုံလေ့ရှိပါတယ်။ အေးရင် အနွေးဓာတ်ရချင်တယ်။ ပူရင် အအေးဓာတ်ရချင်ကြတယ်။ လူတွေ၊ တိရစ္ဆာန်တွေဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့အကြောင်းတရား(၄)ပါးကို မှီတည်နေကြရတာကိုး။ ဒီတော့ အေးလွန်းရင် ဥတုကိုပြုပြင်တဲ့အနေနဲ့ မီးလှုံကြတယ်။ မီးလှုံတာ နွေးတော့နွေးပါရဲ့။ ဒါပေမယ့် သူ့မှာက ကောင်းကျိုးဆိုးပြစ်ဒွန်တွဲနေပါတယ်။ ကောင်းကျိုးက နွေးထွေးတာ၊ ဆိုးကျိုးက မီးကင်ခံထားရတာကြောင့် အသားအရေတွေခြောက်သွေ့ကွဲအက်တတ်တာပါပဲ။ မီးမလှုံဘဲ အနွေးထည်နဲ့ နွေးနွေးထွေးထွေးနေမယ်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားမှုလေးတွေလုပ်မယ်ဆိုရင်တော့ ခန္ဓာကိုယ်ဟာဥတုမျှတပြီး အရေပြားခြောက်သွေ့ခြင်းမှာအတော်အတန်သက်သာစေပါတယ်။

သည်။ ထို့အတူ နေ့စဉ်နေ့တိုင်း ပရိတ်တော် ရွတ်ဖတ်ခြင်းသည်လည်း အဓိဋ္ဌာန်ပါရမီ ဖြစ်စေပါသည်။

၉။ မေတ္တာပါရမီသည် သတ္တဝါတို့ကို သနားချစ်ခင်ခြင်းဖြစ်သည်။ ပရိတ်ရွတ်ရာတွင် မေတ္တာတရားရှေ့ထား၍ ရွတ်ဖတ်ရခြင်းကြောင့် မေတ္တာပါရမီ မည်ပါသည်။

၁၀။ ဥပေက္ခာပါရမီသည် လျစ်လျူရှုခြင်း ဖြစ်သည်။ ပရိတ်ရွတ်ရာတွင် ချီးမွမ်းကဲ့ရဲ့ခြင်းတို့ကို လျစ်လျူရှုနိုင်သဖြင့် ဥပေက္ခာပါရမီမည်ပါသည်။ ဤကဲ့သို့ အာရုံပြု နှလုံးသွင်း၍ ရွတ်ဖတ်ပူဇော်ကြရန်ဖြစ်ပါသည်။

**■ ပရိတ်တော်တန်ခိုးအာထာရှိအောင် ရွတ်ဆိုနည်း**

ပရိတ်တော်ဒေသနာများကို ရွတ်ဖတ်သရဇ္ဈာယ်မည့် ပုဂ္ဂိုလ်များသည် အောက်ပါတို့ကို လိုက်နာသင့်ပေသည်။

၁။ ခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ ရေချိုးခြင်း။

၂။ လျှော်ဖွပ်ပြီး သန့်ပြန့်သောအဝတ်ကို ဝတ်ဆင်ခြင်း။

၃။ ဝမ်းဗိုက်တောင့်တင်းမအောင့်အည်းစေရန် သင့်တင့်ရုံမျှသာ စားသောက်ထားခြင်း။

၄။ ပတ်ဝန်းကျင်ဆူညံမှုမဖြစ်ရန် စီစဉ်ထားခြင်း။

၅။ ရွတ်ဖတ်မည့်နေရာ သန့်ရှင်းစွာ သုတ်သင်ထားရှိခြင်းတို့ဖြစ်စေသင့်ပေသည်။

**■ ပရိတ်ရွတ်သူတို့ ပြည့်စုံရမည့် အင်္ဂါသုံးပါး**

၁။ ပရိတ်တော်၏ ပါဠိအက္ခရာများကို စနစ်တကျ အသံထွက်ပီပြင်အောင် ဌာန်၊ ကရိုဏ်းကျကျရွတ်ဖတ်တတ်ခြင်း။

၂။ မိမိရွတ်ဖတ်သောပရိတ်တော်အပေါ်၌ ယုံကြည်မှုရှိခြင်း၊ ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာသိရှိနားလည်ခြင်း။

၃။ မိမိရွတ်ဖတ်သော ပရိတ်ဒေသနာကြားသူတို့အပေါ်၌ မေတ္တာ၊ ကရုဏာ အပြည့်အဝဖြင့် လာဘ်လာဘကို မငဲ့ကွက်ဘဲ ရွတ်ဖတ်ခြင်း စသည်တို့နှင့် ပြည့်စုံရပေသည်။

အထက်ပါအင်္ဂါရပ်များနှင့်ညီညွတ်စွာ ရွတ်ဖတ်ပါက များစွာသော ကောင်းကျိုးချမ်းသာအမျိုးမျိုးတို့ရရှိစေနိုင်သည်။

**■ ပရိတ်နာသူပြည့်စုံရမည့်အင်္ဂါသုံးပါး**

၁။ လေးစားကြည်ညိုစွာနာကြားခြင်း။

၂။ အယူမှားသော မိစ္ဆာဒိဋ္ဌိဝါဒတို့မှ ကင်းလွတ်ခြင်း။

၃။ စူးစိုက်ယုံကြည်စွဲမြဲစွာမှတ်သားခြင်း စသည့် အခါသုံးပါးနှင့်ပြည့်စုံမှသာ လျှင် ပရိတ်တော်ဒေသနာနာရခြင်း အကျိုးတို့ အပြည့်အဝရရှိနိုင်မည်ဖြစ်လေသည်။

သို့ဖြစ်၍ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ပေးနိုင်စွမ်းသော ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဟောကြားအပ်သော တရားဒေသနာများဖြစ်သော ပရိတ်ကြီး (၁၁) သုတ်ကို အကြင်သူတို့ ရွတ်ဆိုပွားများကြပါကုန်။ ထိုသို့ ရွတ်ဆိုရာတွင်လည်း ဖော်ပြပါအတိုင်း စနစ်တကျ ယုံကြည်စွာ ရွတ်ဆိုကြပါကုန်။ ထိုသို့ ရွတ်ဆိုကြလေတိုင်း တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးဦးဥတ္တမသာရ၏ပရိတ်တရားတော်ကို သတိရပါကုန်။ဆရာတော်ကြီးမှဟောကြားရာတွင် မိမိခြံမြေ၊ ဥယျာဉ်၊ တိုက်တာအဆောက်အအုံတို့ကို လုံခြုံစွာကာရံထားသကဲ့သို့ ပရိတ်တော်၏ အရံအတားသည်လည်း ဘေးဥပဒ်ဟူသမျှကို ကာကွယ်စောင့်ရှောက်နိုင်ပါကြောင်း ထပ်လောင်းရေးသား တင်ပြအပ်ပါသည်။

ရဲရဲထွန်း (ဟသ်ာတ)

**မှီငြမ်း** -

မိဘမေတ္တာ(၁၀)စောင်တွဲ



www.burmeseclassic.com1

www.burmeseclassic.com

လုံးဝတော့ မဟုတ်ပါဘူး။

အပြင်မှာ အလွန်အေးတဲ့ဆောင်းရောက်ပြီဆိုတာနဲ့ အေးတဲ့အရပ်ဒေသတွေမှာ လွဲမရှောင်သာဘဲ အအေးဒဏ်ကို ခံစားရလေ့ရှိပါတယ်။ အဲဒီလိုပဲ အပြင်မှာအေးပြီဆိုတာနဲ့ အရေပြားမှာရှိနေတဲ့ မွေးညင်းပေါက်လေးတွေပိတ်ကုန်တတ်ပါတယ်။ အဲဒါကို အာကာသပိတ်တယ်လို့ခေါ်ကြတယ်။ အာကာသပိတ်တော့ကာ ချွေးထွက်နည်းသွားသလို ကိုယ်တွင်းအပူဓာတ်မြင့်မားလာတာပါပဲ။ ဒီအခါမှာ အစာအိမ်အားကောင်းတယ်။ အစာကြေလွယ်တယ်။ ဒီတော့ ကျန်းမာရေးကောင်းချိန်လို့ ဆိုရပါမယ်။

ဒါပေမယ့် ကိုယ်တွင်းအပူဓာတ်မြင့်မားမှုဟာ ခန္ဓာကိုယ်ရဲ့အပေါ်ယံအရေပြားတွေကိုတင်းပြီး ခြောက်သွေ့စေတယ်။ ကွဲအက်စေတယ်။ အဲဒါကြောင့် ဆောင်းမှာ အသားတွေခြောက်တယ်။ အရေပြားတွေကွဲအက်တယ်။ ခြေတွေ၊ လက်တွေ၊ နှုတ်ခမ်းတွေဆွဲတယ်။ ခြေကွဲ၊ လက်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာဟာ အလွန်နာတာပါ။ နေရထိုင်ရခက်လှပါတယ်။ အမြင်လည်းမတင့်တယ်ပါဘူး။ ခြေတွေလက်တွေကွဲရင် သွေးတောင်ထွက်ပါတယ်။

ဆောင်းရောက်ပြီဆိုတာနဲ့ အေးတဲ့ရာသီဥတုရှိတဲ့နေရာတွေမှာ လူတိုင်းခံစားကြရတာက အရေပြားခြောက်သွေ့ခြင်းဝေဒနာပါပဲ။ အရေပြားခြောက်သွေ့တာနဲ့တစ်ပြိုင်နက် လူဟာ ခြောက်သွေ့သွေ့နဲ့ အလှမပြည့်စုံသလိုဖြစ်သွားရပါပြီ။ လူတိုင်းမလှချင်သူဆိုတာ လုံးဝမရှိပါဘူး။ ကျားကျားမမ ပျိုပျိုအိုအိုလှချင်ကြတာချည်းပဲ။

ဒီတော့ လူမြင်ကွင်းမှာဖော်ရမယ့် အရေပြားကို စိုပြည်ချောမွေ့နေအောင် အသားလှဆီတွေ ဘာတွေလိမ်းကြရပါတယ်။ ဈေးနည်းတာရှိမယ်၊ ဈေးများတာရှိမယ်။ အရေပြားစိုပြည်အောင် မိမိတို့လက်လှမ်းမီရာလိမ်းကြတာပါပဲ။ ကျွန်တော်ငယ်ငယ်ကတော့ ဂလစ်ဆရင်းအလှဆီအမြဲတမ်းပါတယ်။ ဂလစ်ဆရင်းကို ရေနဲ့စပ်ပြီးမှလိမ်းရတာပါ။ သူ့ချည်းဆို ပျစ်ချွဲချွဲနဲ့စေးကပ်ကပ်ပါ။ လိမ်းမရပါဘူး ပြီးတော့ နည်းနည်းပူပါတယ်။ မိုးကုတ်မှာ တွင်းလုပ်သူတိုင်း ကနယ်ခေါ်ရွှံ့ကိုက်ကြတော့ကာ အရေပြားတွေတင်းပြီးခြောက်သွေ့နေတာပါ။ မလိမ်းရင် တင်းပြီးယားပါတယ်။ အဲဒါကြောင့် လိမ်းရခြင်းပါ။

နေပြည်တော်မှာကျတော့ နေပူပြီး ညချမ်းတော့ကာ သိပ်ပြီးလိမ်းစရာမလိုဘူးပေါ့လေ။ ဥတုမျှတပါတယ်။ ဒီဇင်ဘာ ၂ ရက်နေ့မှာတော့ ရန်ကုန်မြောက်ဒဂုံက ဆရာ ဓာတ်ပုံမောင်မောင်အေးနဲ့ဇနီး ဒေါ်တင်တင်နွဲ့တို့ဆီ ဆေးဂျပ်ဖာကို မြို့မဈေးကားဂိတ်ကနေပို့ရင်း မြို့မဈေးကြီးထဲက ရွှေရည်ဝင်းစာပေကိုဝင်ဖြစ်ပါတယ်။ ဦးသောင်းစိန်နဲ့ ဒေါ်ညိုညိုသောင်းတို့ကို အသင့်တွေ့ရပါတယ်။

ဒေါ်ညိုညိုသောင်းနဲ့ တွေ့တော့ကာ သုတစာပေဝါသနာပါသူဆိုတော့ စာကြောင်းပေကြောင်းပြောရင်း ကျန်းမာရေးကိစ္စရောက်သွားကြတယ်။ သူ့စကားတွေထဲက ဆေးနည်းလေးတွေရတာပါပဲ။ စကားက အလကားမဖြစ်ပါဘူး။ အကျိုးရှိတဲ့စကားပါ။

သူ့စကားမှာ -

"ဆရာရေ ဆောင်းရောက်ရင် အသားတွေခြောက်သလားမမေးနဲ့၊ အရမ်းခြောက်တာ ကျွန်မတို့ဆို အသားကညိုပါတယ်ဆိုမှ ခြောက်နေလို့ကတော့ မည်းပြာပြီးကြည့်တောင်ဖြစ်မှာမဟုတ်ဘူး။ ဒီတော့ ကျွန်မကတော့ ဆောင်းရောက်လို့ အသားခြောက်ပြီဆိုတာနဲ့ အမေတို့သုံးနေကျအတိုင်း မန်ကျည်းသီးမှည့်ကို ရေနည်းနည်းထည့်စိမ်လိုက်တာပဲ။ အဲဒီမန်ကျည်းမှည့်အရည်ကြည်လေးသာလိမ်းလိုက်စမ်းပါ။ အသားကိုတစ်နေကုန်စိုပြည်နေတာပါပဲဆရာရယ်။ ပိုက်ဆံလည်း မကုန်ပါဘူး။ မန်ကျည်းမှည့်ကလည်း ပေါမှပေါပါ။ ခေတ်မီဆေးဝါးတွေဆိုတာ ဈေးလည်းကြီးတယ်။မတည့်ရင် ဥပဒ်ဖြစ်မှာလည်းဆိုးရတယ်။ မန်ကျည်းမှည့်ဆိုတာက လူတိုင်းလည်း လက်လှမ်းမီတယ်။ ဘေးထွက်ဆိုးကျိုးလည်းလုံးဝမရှိပါဘူး။ ကျွန်မတို့၊ အမေတို့ဆို ဆောင်းရောက်ပြီဆိုတာနဲ့ အသားပတ်တာကို တစ်သက်လုံးမန်ကျည်းမှည့်နဲ့ဖြေရှင်းသွားတာ ဆရာရဲ့"

ရဲ့ ဆိုပြီးပါပါတယ်။ သူ[illegible]တော့ စပ်မိစပ်ရာပြောပြနေတာပါ။ အဲဒီမှာ ကျွန်တော်တွေးမိပါတယ်။ လူတစ်ကိုယ်လုံးလှပတင့်တယ်စေဖို့ အရေပြားနဲ့ဖုံးအုပ်ပြီး တန်ဆာဆင်ထားတာပါ။ အရေပြားချို့ယွင်းတာနဲ့ အလှအပပျက်စီးတော့တာပါပဲ။ အလှအပပျက်စီးရင် လူရာမဝင်တော့ပါဘူး။ ဒါကြောင့်လည်း လှပခြင်းကို လူတိုင်းမက်မောကြခြင်းပါ။ လူတိုင်းမှာ အလှကိုယ်စီရှိကြပါတယ်။ ကြည့်တတ်တဲ့မျက်လုံးနဲ့ကြည့်ဖို့သာလိုပါတယ်။

အချို့လူတွေမှာပင် ကိုယ်အသား အရေခြောက်တာတွေရှိတယ်။ အချို့ ကျန်းမာရေးမကောင်းလို့ ခြောက်တာတွေရှိတယ်။ အချို့ဆို မှိုပိုးဝင်လို့အရေ ပြားပျက်စီးနေတာတွေရှိတယ်။ အဲဒီလို ဖြစ်နေရင် ဒေါ်ညိုညိုသောင်းပြောပြတဲ့ မန်ကျည်းမှည့်အရည်ကြည်စွဲလိမ်းပေးခြင်း ဖြင့် ထာဝရစိုပြည်တဲ့အသားအရည်ကို ပိုင်ဆိုင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

မန်ကျည်းမှည့်က တစ်ခါသုံးပဲစိမ် သင့်ပါတယ်။ တစ်နေ့တာသုံးပြီးရင် မန်ကျည်းမှည့်ဟောင်းကို သွန်ပစ်ဖို့လိုပါ တယ်။ ဆက်သုံးမယ်ဆိုရင် မှိုပိုးဝင်ပြီး အနံ့အသက်ဆိုးဝါးသွားမှာ ဖြစ်ပါတယ်။

နေပြည်တော် မြို့မဈေး ရွှေရည် ဝင်းစာပေမှ ဒေါ်ညိုညိုသောင်းအား ကျေးဇူးတင်ပါသည်။



ချမ်းမြေ့ပြည့်ဝပါစေ
နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com1

www.burmeseclassic.com

# မနှင်းပွင့်(ပြည်)

# ကျည်မခဘုရား

'သိသူဖော်စား မသိသူကျော်သွား' ဆိုသည့် မြန်မာစကားပုံရှိသည်မဟုတ်ပါလား။ ခုလည်းကြည့်လေ မြန်မာနိုင်ငံအနှံ့အပြားမှာ တန်ခိုးကြီးဘုရားတွေဟာ ရွာငယ်ဇနပုဒ်၊ တောတောင်တွေထဲမှာ ဘုရားစေတီကျောင်းတော်တွေထဲမှာရှိနေတော်မူနေကြပါတယ်။ ဒါကိုသိတဲ့သူတွေကတော့ ဖော်စားနေကြကာ ဒုက္ခအပေါင်းမှ ကင်းလွတ်သွားသော်လည်း မသိသောသူများက မသိလိုက်မဖူးလိုက်၍ မဖြစ်သင့်သောကိစ္စများဖြစ်သွားခဲ့ကြသည်ကို မြင်တွေ့ကြားတွေ့နေရပေသည်။

ထို့ကြောင့် စာရေးသူမိမိသည် ထိုထိုသောတန်ခိုးကြီးမား လူသိနည်းပါးကျည်မခဘုရားအား လူအများဖူးတွေ့ရအောင် ရေးသား ပူဇော်လိုက်ပါသည်။

ပွင့်လှသိမ်ကုန်းကျောင်းတိုက်သည် ရှေးအကျဆုံးကျောင်းတိုက်ကြီးတစ်ခုပင်ဖြစ်ပါသည်။ ပွင့်လှသိမ်ကုန်းဟူ၍အမည်တွင်ရခြင်းမှာ သိမ်သမုတ်စဉ်အတွင်းတွင် လှည်းဘီးပမာဏရှိ မှိုပွင့်ကြီးပွင့်လာခဲ့၍ ရတနာသီရိပွင့်လှသိမ်တော်ဟု ကမ္ပည်းတင်ခဲ့ခြင်းဖြစ်ပေသည်။



အဝေးရိုက်ပုံတော်

ကျောင်းတိုက်အတွင်းရှိ ရှေးနှစ်ပေါင်း ၂၄၆၀ ကျော်၊ သာသနာနှစ် ၁၀၁ ခုနှစ်တွင် သရေခေတ္တရာကြီးကို တည်တော်မူမည့် ဒွတ္တဘောင်၏သားတော်နှစ်ပါး အရှင်စန္ဒာသီရိနှင့် အရှင်စန္ဒာနေရာဇ်ရဟန္တာနှစ်ပါးဦးစီးပြီး မထေရ်မြတ်ပေါင်း (၁၀၀၀) ဖြင့် သမုတ်ခဲ့ပါသော ပွင့်လှသိမ်ကုန်းသိမ်တော်ကြီးပင် ဖြစ်ပါသည်။ ထိုသိမ်တော်ကြီးသည် နှစ်ပေါင်းများစွာကြာလှပြီဖြစ်၍ အိုမင်းပျက်စီးလာခဲ့ပါသည်။ ပွင့်လှသိမ်ကုန်းကို ဦးစီးပြုပြင်သောဆရာတော်များမှာ ခေတ်အဆက်ဆက်ပို၍ကောင်းအောင် ပြုပြင်လာခဲ့ရာ ယနေ့ သက်တော် (၇၀) ရှိ ဆရာတော် ဘဒ္ဒန္တဇောတိက ပြည်တိုင်းနာယကဆရာတော်လက်ထက်ပင် ရောက်ရှိလာပြီဖြစ်ပါသည်။ ဆရာတော်ဘုရားလည်း ရှေးဘုရားကြီးကို ရှေးဆရာတော်ကြီးများအတိုင်း ပြုပြင်ထိန်းသိမ်းလျက် ရှိပါသည်။

ထိုကျောင်းတိုက်ကြီးအတွင်းတွင် ရှေးဘုရားများ အများအပြားရှိသကဲ့သို့ အင်မတန်တန်ခိုးကြီးပြီး ဆုတောင်းတိုင်းပြည့်ဝသည့် မြတ်စွာဘုရားဆင်းတုတော်စေတီများလည်း ကိန်းဝပ် စံပယ်တော်မူလျက်ရှိပါသည်။

ထိုကျောင်းပွင့်လှသိမ်ကုန်အတွင်းတွင် စာရေးသူခေါင်းစဉ်ပေးထားသည့်အတိုင်း ကျည်ဆန်ထိမှန်သော်လည်း ထိုကျည်ဖူးမှာ နောက်မှဖောက်ဝင်ကာ ဘုရားရုပ်တုတော်ကို ထိမှန်ခြင်းမရှိ၊ ဘုရားရုပ်တုခန္ဓာကိုယ်ဖောက်ဝင်ခြင်းမရှိပါဘဲနှင့် ဘုရား၏ရှေ့လက်တော်ပေါ်သို့ ကျရောက်ခဲ့သည်မှာ အင်မတန်မှ ထူးဆန်း၍နေပေသည်။ ထိုအကြောင်းအရာကို သိမြင်ပြီး တစ်ဆင့်စကားတစ်ဆင့်ကြားသိခဲ့ပါသော ပြည်တပ်မ(၆၆)မှလည်းကောင်း၊ တပ်မ (၄၄) ရွှေတောင်တပ်မှလည်းကောင်း တပ်မှူးတချို့သည် လာရောက် ဆုတောင်းခံကြ ဖူးမြော်ကြပါသည်။ ဆုတောင်းတိုင်းလည်းပြည့်ကြပါသည်။ ရှေ့တန်းရောက်သောအခါတွင်လည်း ဘေးမသီရန်မခပါဘဲနှင့်ပြန်လည်၍ မိမိ၏တပ်ရင်းသို့ ချောချောမောမော ပြန်ရောက်ခဲ့ကြသည်။

ဗိုလ်ချုပ်ကြီးတင်ဦးသည်လည်း ထိုကျည်မခဘုရားကြီးတွင် လာရောက်ဆုတောင်းပြုခဲ့ဖူးကြောင်း လက်ရှိ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

တော် ဘဒ္ဒန္တဇောတိက တိုင်းသံဃာနာယက၊ အကျိုးဆောင်ဆရာတော်ဘုရားမှရှင်းပြခဲ့ပါသည်။

ထိုရွှေပေါင်းဘုရားမှာ ရွှေသရေခေတ္တရာ မင်းဆက် (၂၇) ဆက်ထဲမှ ငါတစ်ပါးမင်း ကိုးကွယ်ထုလုပ်ခဲ့ကြောင်း သိရပါသည်။

ပထမတိုက်တည်ဆရာတော်ဘုရားကြီးဘဒ္ဒန္တနာဒရအဘိဓမ္မာဉာတိအကျော်ရွှေစလွယ်ချီးမြှင့်ခြင်းခံရသည့်ဆရာတော်ဘုရားကြီး ဖြစ်ပါသည်။ ထိုကျောင်းတိုက်ကြီးကို စတင်တည်ထောင်ခဲ့သည်။ ဒွတ္တဘောင်လက်ထက်မှ သိမ်တော်ကိုလည်း ပြန်လည်ပြုပြင်မွမ်းမံခြယ်သခဲ့၍ ယခုမြင်တွေ့ရသောအချိန်တွင် သိမ်သစ်တွေ့မြင်ရပေမည်။

ထိုဆရာတော်ဘုရားကြီးလက်ထက်ကတည်းက ထိုကျည်ခမဘုရားသည် ပွင့်လှသိမ်ကုန်းကျောင်းတိုက်ထဲတွင် ကိန်းဝပ်စံပယ်တော်မူခဲ့ပါသည်။သို့သော် ထိုဘုရား၏ထူးခြားမှုဖြစ်စဉ်ကို ကျောင်းထိုင်ဆရာတော်ဘုရားကြီးကိုယ်တိုင်မသိရှိခဲ့ပေ။ ဒုတိယဆရာတော်ဘုရားကြီးလက်ထက်ကျမှ သိရှိတော်မူခဲ့ပါသည်။ ဒုတိယဆရာတော်၏ဘွဲ့မှာ ဘဒ္ဒန္တသီဟ (မဟာသာသနသောဘဏဓမ္မရာဇာဓိဂုရု) ဆရာတော်ဘုရားဖြစ်ပါသည်။ ထိုဆရာတော်လက်ထက်တွင် ကျည်မခဘုရားမှ တန်ခိုးပြတော်မူခဲ့ပါသည်။

ကမ္ဘာစစ်ဖြစ်ပြီး မြန်မာနိုင်ငံကိုလည်း ဒုတိယကမ္ဘာစစ်မီးကြီးတောက်လောင်ခဲ့သောအချိန်တွင် ထိုပွင့်လှသိမ်ကုန်းပေါ်သို့ အမြောက်များ၊ ဗုံးဆန်များကျခဲ့သည်ဟု ဆရာတော်ဘုရားမှ နောင်ခေတ်အဆက်ဆက် ဆရာတော်များအား မိန့်မှာကြားတော်မူခဲ့ပါသည်။

တစ်နေ့ အမေရိကန်ဗုံးကြဲလေယာဉ်ပျံမှ ထိုပွင့်လှသိမ်ကုန်းကျောင်းတော်ပေါ်သို့ ဗုံးကြဲချလိုက်ပါသည်။ ထိုအခါ ကျောင်းတော်ကြီးမှာ အစိတ်စိတ်အမြွှာမြွှာဖြစ်သွားသော်လည်း ထိုကျည်မခဘုရားကြီးသည် လုံးဝပျက်စီးမသွားကြောင်း တွေ့ရပေသည်။

ဗုံးခိုကျင်းထဲတွင် ပုန်းအောင်းနေပါသောဆရာတော်ဘုရားကြီးနှင့်တပည့်သံဃာတော်များမှာ -

"ဩော် - ငါတို့ကိုးကွယ်ထားပါသော ရွှေဘုရားကြီးတော့ သွားပါပြီကွယ်"

ဟု ဝမ်းနည်းပက်လက်ကြေကွဲသံနှင့် စိတ်မသက်သာလှစွာပြောနေခဲ့ကြ




ကျည်ဖူးလက်ပေါ်ရောက်ရှိပုံ

သည်။ သို့သော် ဗုံးကြဲတာရပ်သွားသောအခါတွင် ထိုကျောင်းတော်ပျက်ကြီးအတွင်းသို့ ဝင်ရောက်သွားကြည့်သောအခါ မှန်ပေါင်ထဲမှာ စံမြန်းနေသော ကျည်မခဘုရားမှာ ဘာဆိုဘာမှဖြစ်မသွားသည့်အပြင် ရောင်ခြည်တော်များပင် ကွန့်မြူးနေသည်ကို ဖူးတွေ့လိုက်ရပါတော့သည်။ ထိုအခါမှစပြီး ကျည်မတိုးဘုရား၊ ကျည်ဆန် အမြှောက်မတိုးသောဘုရားဟု သက်ဝင်ယုံကြည်လာပါတော့သည်။

ထိုဆရာတော်ဘုရားကြီးလက်ထက်ပြီး၍ တတိယဆရာတော်ဘုရားကြီး၏ လက်ထက်တော်တွင်လည်း ကျည်ဆန်ဖောက်ပြီး ဘုရား၏ နောက်ကျောမှ ဝင်ရောက်ထိမှန်ခဲ့သည်။ မှန်သာကွဲသွားပြီး (ဘုရားကို အုပ်ဆောင်းထားပါသော) ဘုရား၏လက်တော်ပေါ်သို့ ကျည်ဆန်၏ကျည်ဖူးမှာ ဝင်ရောက်နေရာယူလျက်ရှိကြောင်းတွေ့ရပါသည်။

ထိုကျည်ကို မည်သူကပစ်လိုက်သည်မသိပေ။ နောင်မှသိရပါသည်။ ဆရာတော်ဘုရားမှပြောကြားရာမှာ ထိုကျည်ပစ်ရခြင်းအကြောင်းမှာ ဘုရားကြီးကို ကျည်ဆန်အမြှောက်ပြီး၊မပြီးသိရှိစေချင်သောကြောင့် ပစ်ရခြင်းဖြစ်ကြောင်း သိရပေသည်။

ထို့နောက် ပစ်သောသူမှာ ထိုဘုရားရှင်အား အကြိမ်ကြိမ်ရှိခိုးကာ တောင်းပန်ခဲ့ကြောင်း သိရပါသည်။ ဆရာတော်ဘုရားမှ ကျည်ပစ်သူသည်



ကျည်ဆန်ဖောက်ဝင်သွားသောနေရာ

မည်သူပစ်ကြောင်းကိုတော့ အတိအကျ ပြောမသွားခဲ့ပေ။ ပစ်လိုက်သော အချိန်ကိုလည်း မသိလိုက်ပေ။ နောက်မှသာ ပစ်သောသူ တောင်းပန်မှသာ သိရပေသည်။

အထူးသဖြင့် စစ်တိုက်ရန်ရှေ့တန်းသို့ထွက်ခွာမည့်သူများ၊ ကျည်ဆန်တောများထဲမှ အလုပ်လုပ်နေသောသူများမှာ ထိုကျည်မခဘုရားကို လာရောက်ဖူးမြော်သင့်ပေသည်။ သိသောသူများကတော့ တဖွဲဖွဲလာရောက်ဖူးမြော်ကာ ဓာတ်ပုံရိုက်ယူပြီး ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ပူဇော်ကိုးကွယ်ထား၏။

သို့သော် ကိုယ်တိုင်လာရောက်ဖူးမြော်ဆုတောင်းပါက တစ်သက်လုံး ကျည်ကွင်းသည်ဟု ဆရာတော်ဘုရားမှ မိန့်မှာကြားပါသည်။

ပွင့်လှသိမ်ကုန်းဆရာတော်(ပထမ) ပွင့်လှသိမ်ကုန်းဆရာတော် (ဒုတိယ) နှင့် ယနေ့ ဆရာတော်ဘုရားကြီးမှ ထိုကျည်မခဘုရား၏ သမိုင်းကြောင်းကိုလည်း မည်သူလာလာ ပြောပြတော်မူပါသည်။

ယခု စာရေးသူ ရေးပြပါသော ကျည်မခဘုရားအား သွားရောက်ဖူးမြော်ချင်သူသည်ဆိုပါက ပြည်မြို့မှ တန်ခိုးကြီးဘုရား ရွှေဆံတော်၏အရှေ့ဘက် ဆယ်ထပ်ကြီးဘုရားဘေးလမ်းမှ အရှေ့ထောင်ပြီးတက်သွားပါက ပွင့်လှသိမ်ကုန်းရွာ (ရွာဘဲနယ်မြေ) ရှိ ပွင့်လှသိမ်ကုန်းကျောင်းမဟာဇေ[illegible]ကြီးအား တွေ့ရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မနှင်းပွင့် (ပြည်)



www.burmeseclassic.com1

# နတ်မှောက်မင်းသန့်နိုင်
# အနာစိမ်း၊ အနာလုံးရှိလျှင် အညှော်မမိစေဖို့



အနာစိမ်း၊ အနာလုံး (အကျိတ်အဖု) ဆိုသည်မှာ ထိခိုက်မှုကြောင့် မဟုတ်ဘဲ ခန္ဓာကိုယ်အတွင်းမှ အပူခိုး၊ အပုပ်ခိုးများစုဖွဲ့ကာ ခန္ဓာကိုယ် အပေါ်ယံအရေပြားပေါ်သို့ ထိုးထွက်ပေါက်လာသောအနာဆိုးအနာမျိုး ဖြစ်ပါသည်။

ထိုသို့ပေါက်လာခြင်းက တစ်နည်းအားဖြင့် ကောင်းသည်ဟုဆိုနိုင်ပါသည်။ ရှင်းပါမည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍သာ အပူခိုးအပုပ်ခိုးတို့သည် ခန္ဓာကိုယ်အတွင်း၌ စုဖွဲ့ပြီး အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ ဆီးအိမ်၊ အစာအိမ်၊ အူသိမ်၊ အူမတို့တွင် အနာစိမ်းအနာလုံးအဖြစ် ပေါ်ပေါက်သည်ဆိုလျှင် ကုသရအလွန်ခက်ခဲမည်ဖြစ်ပြီး မတွေးဝံ့စရာပင် ဖြစ်ပါသည်။ ထို့အတွက် ခန္ဓာကိုယ်အပေါ်ယံအရေပြားပေါ်သို့ တိုးထွက်လာပြီး အနာစိမ်း၊ အနာလုံး၊ အကျိတ်အဖုပေါက်ခြင်းသည် ကောင်းသည်ဟုဆိုနိုင်ရခြင်းပါ။ ကုသရလွယ်ကူမည်မဟုတ်ပါလား။

အနာစိမ်း၊ အနာလုံး၊ အကျိတ်၊ အဖုပေါ်ပေါက်နေသူသည် အဓိကသတိထားရှောင်ရမည်မှာ ညှော်နံ့ဆိုးများပင် ဖြစ်ပါသည်။ ဆီညှော်၊ အမှိုက်မီးခိုးညှော်များရှူမိပါက အနာသည် ခန္ဓာကိုယ်အရေပြားပေါ် တိုးထွက်ရာမှ ခန္ဓာကိုယ်အတွင်းသို့ပြန်လည်တိုးဝင်သွားတတ်ပြီး အသက်အန္တရာယ်ထိခိုက်သည်အထိ ဖြစ်ရတတ်ပါသည်။ အနာဝင်သည်ဟုခေါ်ပါသည်။ ထို့အတွက် အနာစိမ်းရှိလျှင် အညှော်မဝင်ဖို့ အဓိကအရေးကြီးပါသည်။

အနာညှော်ဝင်ခြင်းနှင့်ပတ်သက်သော ဇာတ်ဆိုင်သဖြင့် ရှင်းလင်းရေးသားလိုက်ပါသေးသည်။ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတွင် ခြေသလုံး၌ အနာစိမ်းတစ်ခုသည်းစေ့ခန့်ပေါက်လာသည်။ မသွားမလာနိုင်မဟုတ်သဖြင့် သွားသွားလာလာပင်ရှိနေပါသည်။ နံနက်တိုင်း လမ်းလျှောက်လေ့ရှိပြီး လမ်းလျှောက်အပြန်တွင် ကျွန်ုပ်နေအိမ်သို့ အလည်အပတ်ဝင်လာလေ့ရှိသည်။ သုံးလေးရက်ရှိသောအခါ အနာမှာရောင်တင်းလာပြီး ငန်းမန်းလိုက်ကာ ခြေသလုံးနှစ်ဆခန့် တုတ်တိုဖြစ်လာပါသည်။ မနေနိုင်တော့သဖြင့် ကျွန်ုပ်ပြောမိရတော့သည်။

"သူငယ်ချင်း၊ လမ်းလျှောက်ထွက်တာ လေးငါးရက်ထားပြီး အနာကိုဂရုစိုက်ကုလိုက်ဦး။မင်းမနက်စောလမ်းလျှောက်ထွက်တော့ အကြော်နဲ့မျိုးစုံ၊ ဆီညှော်မျိုးစုံ၊ အမှိုက်မီးရှို့ညှော်မျိုးစုံရှူမိမယ်လေကွာ။ အနာအညှော်ဝင်မှာပေါ့"

ဟု ပြောမိသည်။

သူခေါင်းညိတ်ပါသည်။

"အေးကွ ဖြစ်နိုင်တယ်။ ငါ့အနာအညှော်ဝင်လို့ ခြေသလုံးရောင်ကိုင်းလာတာဖြစ်မယ်"

ဟု ဆိုပါသည်။ နောက်တစ်နေ့ သူ ကျွန်တော်ထံ လမ်းလျှောက်အပြန်ရောက်လာပြန်သည်။

"သူငယ်ချင်း ဒီနေ့တော့ မင်းပြောတာနဲ့ ငါ့အနာကို အညှော်မဝင်အောင် လုပ်ခဲ့ပြီ"

ဟုဆိုကာ သူ့ခြေသလုံးမှ ပုဆိုးကိုဆွဲမပြီးအနာကိုပြပါသည်။ ကျွန်ုပ်လွန်စွာလည်း ရယ်ချင်သည်။ ဗဟုသုတခေါင်းပါးနည်းပါးလှသည့် မိတ်ဆွေကိုလည်း သနားမိရသည်မှာ အမှန်ပင်။ စာရေးတတ်ဖတ်တတ်ရှုတ်တတ်စ အသုံးလုံးလိုသဘောထားပြီး သူ့ကိုရှင်းပြရတော့မည်ဟု ဆုံးဖြတ်လိုက်ရသည်။

သူလုပ်လာပုံမှာ သူ့အနာကိုအညှော်မဝင်အောင် ပလာစတာ၊ ပတ်တီးများနှင့်အထပ်ထပ်ပတ်စည်းထားခြင်းပင်ဖြစ်ပါလေသည်။

"သူငယ်ချင်းရယ် အနာအညှော်ဝင်တယ်ဆိုတာ အနာပေါက်ကြီးထဲကို အညှော်ခိုးတွေဝင်တာမျိုးမဟုတ်ဘူးကွ။ အညှော်ဆိုးတွေကို မင်းကရှူမိပြီး သွေးသားမသန့်ညှော်ခိုးတွေကအနာဆိုးကို နှောက်ယှက်ပြီး ခန္ဓာကိုယ်ထဲ အနာပြန်ဝင်ငုပ်သွားတာမျိုးပြောတာကွ။ မင်းညှောင့်နံ့တွေမရှူရဘူးပြောတာ။ မင်းအိမ်ရောက်ရင် ဇက်လေးပြီးခါးတွေကိုက်မယ်။ အကြောအခြင်တွေတောင့်တောင့်တင်းတင်းကြီးဖြစ်လာလိမ့်မယ်။

"ဟာ-ဟုတ်တယ်။ မနေ့ကတည်းက ဇက်လေးပြီး ခါးကိုက်နေတာ။ လမ်းလျှောက်နည်းလို့မှတ်ပြီး ပိုလျှောက်မယ်မှန်းထားတာ"

"မဟုတ်ဘူးကွ။ အနာဝင်ချင်နေတာ ဒီလိုလုပ်"

ဟု ဆိုကာ သူ့ကိုဆေးနည်းပြောပြလိုက်ပါသည်။

အနာစိမ်း၊ အနာလုံး၊ အကျိတ်၊ အဖုပေါက်လျှင် ညှော်ရှောင်ပါ။ ဆီညှော်၊ ငရုတ်သီးညှော်များ ပိုဆိုးပါသည်။

အညှော်အကင်းသေစေရန် ပရဆေးဆိုင်မှ ရှိန်းခိုဝယ်ယူပြီး နေ့စဉ်တစ်မတ်သားခန့် စားမျိုပေးပါ။

ဇက်လေး၊ ခါးကိုက်၊ အကြောအခြင်များ တောင့်တင်းလာလျှင် အနာဝင်ခြင်းလက္ခဏာဖြစ်ပါသဖြင့် အုန်းသီးအရည်အကြမ်းပန်းကန်နှစ်လုံးတွင် ငရုတ်ကောင်းစေ့ (၇)စေ့ထောင်းထည့်ဖျော်ပြီး အမြန်သောက်ပေးပါ။

ရေနံကို ကြေးဇွန်းတွင်ထည့်ပြီး ဇွန်းအောက်မှဖယောင်းတိုင်မီးနှင့်အပူပေးကာ ခပ်နွေးနွေးခံနိုင်လောက်သော အပူချိန်တွင် အနာပေါ် တစ်စက်ချင်းချပေးပါ။

နောက်နေ့တွင်လည်း အထက်ပါအတိုင်း လိုအပ်သလို ဆက်လက်ပြုလုပ်ပေးပါ။ ခန္ဓာကိုယ်အလွန်ပူလာလျှင် ရေအေးဝဝသောက်ပြီးရေချိုးပေးပါ။

အထက်ပါအတိုင်း ဂရုစိုက်ကုသလျှင် လေးငါးရက်အတွင်း သက်သာပျောက်ကင်းပါမည်။

နတ်မှောက်မင်းသန့်နိုင်



www.burmeseclassic.com1

www.burmeseclassic.com






www.burmeseclassic.com1

www.burmeseclassic.com

*(ယခင်လမှအဆက်)*

ထို့နောက်ပိုင်းတွင်တော့ စာရေးသူလည်း အုန်းတကူးသို့ မရောက်ဖြစ်တော့ပါ။မရောက်ဖြစ်ရသောအကြောင်းမှာ ရုပ်ရှင်တော်မြတ်သည် ဒေသစာရီခရီးများ မနားတမ်း ကြွမြန်းတော်မူနေရသောကြောင့်ဖြစ်ပြီး အစ်မကြီး (ဒေါ်နွဲ့ရီ) သည်လည်း ကျန်းမာရေးမကောင်းသောကြောင့် ဖြစ်ပါသည်။ ထိုအခါ အစ်မတော်သည် စိတ်နာသွားလေပြီးလားမသိပါ။ စာရေးသူတွင် မြွေအိပ်မက်များလည်း မမက်တော့ပါ။ စာရေးသူတို့အိမ်သို့လည်း မြွေများရောက်မလာခဲ့တော့ပါ။ စာရေးသူသည် အုန်းတကူးသို့ သွားရောက်နိုင်ခြင်းမရှိသော်လည်း အုန်းတကူးကို မမေ့ပါ။ အမြဲတမ်း သတိရလျက်သာရှိပါ၏။

ထိုအခါ စာရေးသူသည် မြွေအိပ်မက်များမမက်သော်လည်း အိဖြူကို မကြာမကြာ အိပ်မက်ထဲတွင်တွေ့လာရပါသည်။ အစ်မတော်သည် အိဖြူကို ကိုယ်စားလှယ်အရာထား၍ အိပ်မက်ပေးခြင်းလော သို့မဟုတ် အိဖြူနှင့်ပင်တိုက်ရိုက်သက်ဆိုင်ပတ်သက်၍မက်ခြင်းလောဟူ၍တော့ မသိပါ။ အိပ်မက်ထဲတွင် အိဖြူကို မြင်မက်၍သာနေပါ၏။ ပထမပိုင်းအိပ်မက်များတွင် အိဖြူကို သာမန်အနေအထားဖြင့်သာ မြင်တွေ့ရသော်လည်း နောက်ပိုင်းအိပ်မက်များတွင်မူ အိဖြူသည် ပျော်ပျော်ရွှင်ရွှင် လန်းလန်းဆန်းဆန်းမတွေ့ရ။ ညှိုးညှိုးငယ်ငယ် မှိုင်တွေငေးမောလျက်သာတွေ့ရပါ၏။ တစ်ခါတစ်ရံတွင်လည်း အိဖြူသည် ၎င်း၏ဝါသနာအတိုင်း သနပ်ခါးများကို ဘဲကြားရိုက်ကာဖွေးနေအောင် လိမ်းထားတတ်ပါ၏။ သို့သော် နေလောင်ထားသောအသားအရေနှင့်သနပ်ခါးမှာ မလိုက်ဖက်ဘဲရှိပါသည်။ ထိုအိပ်မက်တို့သည် မကြာမကြာမြင်မက်နေခြင်းဖြစ်ပါသည်။ သို့သော်လည်း တစ်ခဏနှင့် မေးမှိန်မေ့ပျောက်သွားသည်သာ ဖြစ်ပါ၏။

ထိုသို့ ဆောင်းတွင်းအိပ်မက်များမှာ မရေမရာမထင်မရှားအိပ်မက်များ (၁) လခန့်ဆက်တိုက်မက်လာခဲ့ပြီးသည့်နောက်တွင်တော့ ထင်ရှားပြတ်သားသောအိပ်မက်တစ်ခု စတင်မြင်မက်ပါသည်။

အိပ်မက်ထဲတွင်စာရေးသူမရောက်ဖူးသော တောတွင်းတစ်နေရာ ဖြစ်ပါသည်။ လူသူအရိပ်အယောင်မျှမတွေ့ရ။ တောင်ကြားလွင်ပြင်ငယ်တစ်ခုအတွင်း ရောက်ရှိနေခြင်း ဖြစ်ပါသည်။ စာရေးသူသည် လွင်ပြင်ကိုဖြတ်သန်း၍တောင်ခြေဘက်သို့သွားခဲ့ရာ တောင်စောင်းတစ်နေရာ၌ သဘာဝကျောက်တုံးကြီးများကို လှေကားထစ်များသဖွယ် (၃)ဆင့်ပြုလုပ်ထားပါသည်။ ကျောက်တုံးကြီးများကို ညီညာသောမျက်နှာပြင်များဖြင့်စီထားပါသည်။ အင်္ဂတေသရွတ်များကို ကျောက်တုံးကြီးများအကြားတွင်သာထည့်သိပ်၍ထားပါသည်။ကျောက်ခဲမျက်နှာပြင်များကို အင်္ဂတေဖြင့် ဖုံးအုပ်ထားခြင်းမရှိပါ။ အောက်ဆုံးအဆင့်တွင် ဘာမှမရှိပါ။ ဒုတိယအဆင့်တွင်တွေ့သော စပါးကြီးမြွေကြီး(၅)ကောင်ခွေနေဟန် အင်္ဂတေဖြင့် ပြုလုပ်ထားပါသည်။

ပန်းရန်သည် တောပန်းရန်ဖြစ်ပါလိမ့်မည်။ လက်ရာညံ့ဖျင်းလှပြီး ဆေးရောင်ခြယ်ထားပုံမှာလည်း ညံ့ဖျင်းသည်။ အောက်ခံပတ်တီးခံဆေးတို့မပါရှိဘဲနှင့် အင်္ဂတေလက်ရာကြမ်းကြမ်းပေါ်တွင် မဲနယ်ပြာကို ရေဖြင့်ဖျော်၍ သုတ်ထားသည်သို့ အောက်ခံအင်္ဂတေသားကို ပကတိအတိုင်းမြင်တွေ့နေရပါသည်။

အပေါ်ဆုံးအဆင့်ကျောက်ခုံပေါ်သို့ မော့ကြည့်လိုက်ပါသည်။ စာရေးသူ အံ့သြမဆုံးဖြစ်သွားရသည်။ ထိုအပေါ်ဆုံးအဆင့်ကျောက်ခုံပေါ်၌အိဖြူကိုတွေ့ရသောကြောင့်ဖြစ်သည်။ အိဖြူသည် အဖော်မပါရှိပါ။ တစ်ယောက်တည်းသာ ဖြစ်ပါသည်။ ခေါင်းတုံးတုံးထားရာမှ ဆံပင်ပြန်ရှည်လာဟန် လက်တစ်ဆစ်ခန့် ခေါင်းတုံးဆံပင်နှင့်ဖြစ်ပြီး ဆံပင်တို့မှာလည်း နီကြင်ကျဲပါးလျက် ရှိလေသည်။ အသားအရေမှာလည်း လူမမာနာလန်ထကဲ့သို့ ဝါဖန့်ဖျော့တော့ မွဲခြောက်လျက် ရှိပါသည်။ အိဖြူသည် တင်ပျဉ်ခွေထိုင်လျက် ကြွေရည်သုတ်သံဇလုံဟောင်းကြီးတွင် ပဲဟင်းနှင့်နယ်ထားသောထမင်းများကို အလွန်ဆာလောင်မွတ်သိပ်လျက်ရှိဟန် ထမင်းလုတ်အကြီးကြီးများ ဆုပ်လျက် ဆုပ်လျက် အငမ်းမရ ပလုတ်ပလောင်းစားလျက်ရှိသည်။ အိဖြူသည် ပတ်ဝန်းကျင်ကို ဂရုမထားပါ။ ထမင်းကိုသာငုံ့စားနေပါသည်။

စာရေးသူက -
"အိဖြူ. . . အိဖြူ"
ဟု လှမ်းခေါ်လိုက်ပါသည်။
သို့သော် အိဖြူသည် စာရေးသူ၏





www.burmeseclassic.com1

www.burmeseclassic.com

ခေါ်သံကို မကြားရ၍လော၊ မကြားချင်ဟန်ဆောင်ခြင်းလောမသိပါ။ စာရေးသူကို လှမ်း၍ပင်မကြည့်ပါ။ ထမင်းကိုသာ ငုံ့စားနေပါသည်။ စာရေးသူလည်း လေး၊ ငါးခေါက်ခေါ်သော်လည်း မကြားဘဲရှိနေသဖြင့် ထပ်မခေါ်တော့ပါ။ အိဖြူသည် ပကတိလူစင်စစ်မှဟုတ်ရဲ့လားဟုလည်းတွေးမိပြီး ကြက်သီးများထသွားမိပါသည်။ လှေကားထစ်သဏ္ဌာန်ဖြစ်နေသော ကျောက်ခုံ၏အလျားမှာ (၁၅)ပေခန့်ရှိပြီး တစ်ဆင့်တစ်ဆင့်၏ပြက်အကျယ်မှာ (၃) ပေခွဲခန့်ရှိပါသည်။ ထိုစဉ် ဘာမှမရှိသော အောက်ဆုံးအဆင့်ကျောက်ခုံထပ်တွင် (၃) ပေခန့်ရှည်သော မြွေစိမ်းလေးတစ်ကောင် ရောက်ရှိလာပါသည်။ မြွေစိမ်းလေးသည် ကျောက်ခုံပေါ်မှ မြေသို့ဆင်းမည်လားမသိပါ။ ခုံစွန်းရှေ့တည့်တည့်သို့လာနေပါသည်။ ထူးဆန်းသည်မှာ မြွေသည် အစွန်းသို့ရောက်လာလျှင် အောက်စိုက်နံရံအတိုင်းဆင်းရတော့မည်ဖြစ်သော်လည်း မြွေသည် လေဟာနယ်အတွင်းသို့ တည့်တည့်ပင် ဦးခေါင်းကို ဆန့်တန်းလာနေပါသည်။

မြွေ၏ခန္ဓာကိုယ်အလျားတစ်ဝက်ကျော်အထိ မြွေတို့၏ သဘာဝအရ ဦးခေါင်းကို လေထဲတွင်ဆန့်တန်းထားနိုင်သည်ဖြစ်သော်လည်း ဤမြွေစိမ်းမှာမူ ကျောက်ခုံပေါ်တွင် သုံးပုံတစ်ပုံခန့်သာကျန်တော့သည့်တိုင် အောက်သို့မကျဘဲရှိနေပြီး ရှေ့သို့သာလေထဲတိုးလာနေပါ၏။ နောက်ဆုံး မြွေသည် ကျောက်ခုံနှင့်လွတ်သွားပြီဖြစ်သော်လည်း လေထဲတွင်သာ ရပ်တည်လျက်ရှိပါ၏။ စာရေးသူသည် ကျောက်ခုံနှင့် (၅) ပေခန့်အကွာတွင် ရပ်နေခြင်းဖြစ်ရာ မြွေသည်လည်း စာရေးသူနှင့်တည့်တည့်လာနေခြင်း ဖြစ်၏။ စာရေးသူသည် မြွေကိုကြောက်၍ နောက်ဆုတ်မည်သို့ပြုရာ မြွေသည် စာရေးသူနှင့် တစ်ပေခန့်အလိုတွင် လေထဲတွင် တလွန့်လွန့်ဖြင့်ရပ်နေပြီး ရှေ့ဆက်တိုးမလာပါ။ နောက်ဆုံးအဆင့် ကျောက်ခုံ၏အမြင့်မှာ စာရေးသူ၏ ခါးလောက်သာရှိရာ ထိုမြွေစိမ်းသည်လည်း လေထဲတွင် ခါးလောက်အမြင့်၌ လူးလွန့်၍ရပ်တည်နေခြင်းဖြစ်ပါသည်။ အိပ်မက်မှာ ထိုမျှသာဖြစ်ပါ၏။

နံနက်လင်းသောအခါ အိပ်မက်ကို ထင်ရှားစွာပြန်လည်မြင်ယောင်မိပြီး စိတ်ထဲတွင် တစ်မျိုးကြီးခံစားနေရသည်။ အိဖြူတွင် အန္တရာယ်တစ်စုံတစ်ရာကျရောက်နေလေပြီလား စိတ်ပူမိပါသည်။ ထိုရက်များက ရုပ်ရှင်တော်မြတ်သည် မန္တလေးမြို့ပေါ်တွင် ကြွရောက်တော်မူနေလျက်ရှိနေ၍ မယ်တော်ကြီးထံ ထိုအိပ်မက်အကြောင်းကိုဖုန်းဆက်လိုက်ပါသည်။

"ဟာ - ဒါဆို အိဖြူ တစ်ခုခုဖြစ်နေလောက်ပြီ။ ကိုကျော်စွာဝင့်ကနေ တစ်ဆင့်ဆက်သွယ်လိုက်။ အိဖြူကိုခေါ်ပြီးအမြန်လာခဲ့လို့ ကိုမြင့်ဦးကိုပြောခိုင်းလိုက်။ အချိန်မီသေးတယ်၊ ငါတို့ကယ်လို့ရသေးတယ်"

ဟု ပြောပါသည်။

ထိုအခါမှ စာရေးသူလည်း ဗိုလ်မှူးကျော်စွာဝင့်ကို သတိရမိတော့သည်။ စာရေးသူနှင့် ကိုကျော်စွာတို့ အဆက်အသွယ်ပြတ်နေသည်မှာအတော်ကြာနေပေပြီ။ ကိုကျော်စွာသည် ခါတိုင်းကဲ့သို့ ကျောက်ဆည်သို့အပတ်စဉ်တိုင်းပြန်လာသေးသလားမသိပါ။ စာရေးသူထံ အဆက်အသွယ်မလုပ်တော့သောကြောင့်ဖြစ်သည်။ စာရေးသူ၏ဖုန်းထဲတွင်လည်း ကိုကျော်စွာ၏ တပ်ဖုန်းနံပါတ်ပျောက်နေပြီ။ ကိုကျော်စွာ၏လက်ကိုင်ဖုန်းကလည်း ခေါ်မရ။ ထို့ကြောင့် စာရေးသူကျောက်ဆည်သို့ သွားရောက်ခဲ့ရာတွင်လည်း အောင်မိုးခိုင်နှင့်မတွေ့၊ အောင်မိုးခိုင်၏တူနှင့်သာတွေ့ပြီး ကိုကျော်စွာ၏ ဖုန်းနံပါတ်တို့ကိုမသိဟုပြောပြီး ကိုကျော်စွာသည် ဇနီးနှင့်သမီးကိုတပ်သို့ခေါ်သွားပြီဖြစ်၍ ကျောက်ဆည်သို့မလာတော့ဟု သိရသည်။

ထို့ကြောင့် ဗိုလ်မှူးကိုကျော်စွာနှင့် အဆက်အသွယ်မရရှိဘဲ တစ်ပတ်ခန့် ကြာသွားချိန်တွင် ထူးဆန်းသော အိပ်မက်မြင်မက်ပြန်ပါသည်။ စာရေးသူသည် တောတွင်းတစ်နေရာရှိ အတန်ငယ်မြင့်သောဆင်ခြေလျှောလှည်းလမ်းအတိုင်း ချောင်းဆီသို့ ဦးတည်သွားနေပါသည်။ ထိုလှည်းလမ်းနံဘေး ကမ်းပါးထက်တွင် ရှေးဟောင်းစေတီငုတ်တိုနှစ်ဆူကိုလည်း တွေ့ရပြီး လှည်းလမ်းချောက်ကမ်းပါးနှင့် စေတီငုတ်တိုများ၊ ကုန်းမြေများတို့သည် ရေလွှမ်းမိုးခံထားရပြီး ယခုလောလောဆယ်မှ ရေကျသွားသည့်အလား အားလုံးမှာ စိုစွတ်လျက် နေရာအနှံ့တွင် ရွံ့နွံအချို့တို့တင်ကျန်လျက်ရှိပါသည်။ ဒီရေတက်ပြီးပြန်ကျထားသည့်ပုံစံမျိုးဖြစ်နေပါသည်။

ချောင်းမှာ ပေ (၅၀) ခန့်ကျယ်ပြီး ရေအတော်နက်မည်ဟု သိရှိရပါသည်။ စာရေးသူ လှည်းလမ်းဆုံး၍ ချောင်းသဲသောင်စပ်သို့ရောက်ရှိချိန်တွင် စာရေးသူနံဘေးမှကပ်၍ တစ်စုံတစ်ဦးဖြတ်ပြေးသွား၍ စာရေးသူလည်း လန့်ဖျပ်သွားပြီး လှမ်းကြည့်လိုက်ရာ အိဖြူဖြစ်နေသည်။ အိဖြူသည် ဆံပင်အရှည်ကြီးနှင့်ဖြစ်၍ ဖားလျားချပြီး ပြေးလွှားခြင်းဖြစ်ရာ ဆံပင်တို့သည် နောက်တွင် လွင့်ပျံလျက်ရှိပါ၏။ ထိုအချိန်တွင် အိဖြူသည် စာရေးသူနှင့် ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်ရှိနေပြီဖြစ်သကဲ့သို့ အိဖြူသည်လည်း ချောင်းရေစပ်နှင့် ဝါးတစ်ရိုက်ခန့်သာကွာဝေးပြီး ချောင်းဆီသို့ဦးတည်ပြေးသွားနေခြင်းဖြစ်၍ စာရေးသူလည်း အိဖြူအတွက် စိတ်ပူသွားမိပြီး -

"အိဖြူ. . . အိဖြူ"

ဟု လှမ်းအော်လိုက်သည်။

ထိုအခါ အိဖြူသည် ရပ်လိုက်ပြီး စာရေးသူကို လှမ်းကြည့်၏။ ဘာမှပြန်မပြောဘဲ မျက်ရည်တို့တလိမ့်လိမ့်ကျဆင်းနေပါ၏။

"အိဖြူ ဘယ်သွားမှာတုံး။ ဘာလုပ်မှာတုံး နေပါဦး"

စာရေးသူက အိဖြူထံခြေလှမ်းတို့ကို ဟန်ပြင်လိုက်စဉ် အိဖြူသည် စာရေးသူကို ကျောခိုင်းလိုက်ပြီး ချောင်းထဲသို့ ပြေးဆင်းသွားရာ မကြာမီ ရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားပါသည်။ စာရေးသူသည် အိဖြူကိုမတားလိုက်နိုင်၊ မကယ်တင်လိုက်နိုင်ဘဲ ရေစပ်မှာပင် ချောင်းရေပြင်ကိုငေးကြည့်လျက် စိတ်မကောင်းဖြစ်နေမိပါသည်။

ထိုအိပ်မက်ကို မယ်တော်ကြီးအား ပြောပြလိုက်သောအခါ -

"ဟာ- ဒါဆို အချိန်သိပ်မရှိတော့ဘူး၊ အုန်းတကူးကို အမြန်ဆက်သွယ်လိုက်"

ဟု ပြောပါသည်။

ထို့ကြောင့် ကျောက်ဆည်မြို့ရှိ ကိုကျော်စွာဝင့်၏ ယောက္ခမများထံသို့ ဖုန်းဆက်လိုက်သည်။ ၎င်းတို့သည် စာရေးသူကို ကောင်းကောင်းမသိပါ။ ထို့အပြင် ကိုကျော်စွာဝင့်နှင့် စာရေးသူ၏ပတ်သက်မှုကိုလည်း မသိရှိထားပါ။ ထို့ကြောင့် ကိုကျော်စွာဝင့်၏ တပ်ဖုန်းနံပါတ်ကို တောင်းသောအခါ ပေးချင်ပုံမရပါ။ ထို့ကြောင့် မသိပါဟု ပြောပါသည်။ စာရေးသူလည်း ကိုကျော်စွာဝင့်ကို ဆက်သွယ်မရသဖြင့် အုန်းတကူးကိုလည်း မဆက်သွယ်နိုင်ဘဲရှိ၍ အိဖြူအတွက် ပို၍စိတ်ပူရပါသည်။ အိဖြူသည် ယခုအချိန်တွင် လောကကြီးအတွင်း၌ ရှိနေ



www.burmeseclassic.com1

www.burmeseclassic.com

ပါသေး၏လော၊ ကွယ်လွန်သွားလေပြီလော ဘာမှမသိရသောအခါ ပို၍စိတ်မောရပါ၏။

(၅) ရက်ခန့်အကြာတွင်တော့ အိပ်မက်တစ်ခါမက်ပြန်ပါသည်။ အိပ်မက်ထဲတွင် ညနေ (၅) နာရီခန့်အချိန်ဖြစ်ပြီး စာရေးသူသည် နေအိမ်မှာပင်ရှိနေခိုက် ဗိုလ်မှူးကိုကျော်စွာဝင့်ထံမှ ဖုန်းဝင်လာပါသည်။ စာရေးသူအတိုင်းမသိဝမ်းသာသွားပါသည်။

ကိုကျော်စွာဝင့်က တိုးဂိတ်ကိုဝင်လာပြီ။ ထိုင်နေကျ ရွှေကြယ်စင်ကဖေးမှစောင့်ပါ။ အရေးကြီးပြောစရာလည်း ပါရှိသည်ဟု ပြောပါသည်။

စာရေးသူလည်း အိမ်တွင် မည်သည့်ဧည့်သည်မျှရှိမနေသဖြင့် ချက်ချင်းပင် ဆိုင်ကယ်နှင့် လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ပြီး ထိုင်စောင့်နေလိုက်ပါသည်။ အကြာကြီးမစောင့်လိုက်ရပါ။ စာရေးသူနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ကိုကျော်စွာလည်း ရောက်ရှိလာပါသည်။

ကိုကျော်စွာလည်း ၎င်း၏မပြောင်းလဲသော ပုံစံအတိုင်း မိုင် (၁၀၀) ကျော်မျှ ဆိုင်ကယ်နှင့်ခရီးပြင်းနှင်လာသော်လည်း လန်းလန်းဆန်းဆန်းပင်ရှိလျက် -

"ဆရာဘိုဘို၊ မတွေ့တာတောင်ကြာပြီနော်။ ကျွန်တော်လည်း ဒီတစ်ခါတော့ကျောက်ဆည်မပြန်ဖြစ်တာ အတော့်ကိုကြာသွားတယ်"

ဆိုင်ကယ်ဦးထုပ်ကိုချွတ်ရင်းက စာရေးသူထံလှမ်းလာရင်း ပြောပါသည်။ စာရေးသူအနားရောက်၍ ထိုင်လိုက်ပြီးသော် -

"ကျွန်တော် ကိုကျော်စွာဝင့်ကို တွေ့ချင်နေတာကြာပြီ။ မတွေ့ရတာလည်းကြာလို့၊ အုန်းတကူးအကြောင်းတွေလည်းမေးချင်လို့"

"ဩော်-ဟုတ်မယ်ဗျ။ ကျွန်တော်လည်း ဆရာဘိုဘိုကို သတိရနေတာ။ အတယ်ဆို ဒီကနေ့က မိုးချုပ်နေလို့ ... ရောကလေးတွေလည်း ပါလာလို့ ကျွန်တော် ကျောက်ဆည်ကိုတန်းပြန်ဖို့ ... ဒါပေမယ့် ဆရာဘိုဘိုကို မတွေ့ရ ... ကြာလို့ တွေ့ချင်တာရယ်၊ အုန်းတ ... အကြောင်းလည်း ပြောစရာရှိတာ ... ကြောင့်ရယ် ဆရာဘိုဘိုကို လှမ်းခေါ် ... တာ"

ဟု ဆိုလျှင် -

"ဒါဆို ကိုကျော်စွာ မပြောခင် ... တော်မေးမယ်ဗျာ။ ကိုမြင့်ဦးရဲ့သမီး ... တ်သက်လို့ဘာသံညာသံမကြား ... ား"

"ဟင် - ဆရာဘိုဘိုကဘာယ်လိုသိနေတာတုံး။ အိဖြူဆုံးသွားပြီဗျ၊တစ်ပတ်လောက်ပဲရှိသေးတယ်"

ကိုကျော်စွာထံမှ မမျှော်လင့်လိုသော်လည်း ကြိုတင်တွေးထင်ထားခဲ့သောစကားကို ကြားလိုက်ရသောအခါ အံ့ဩခြင်းနှင့်အတူ စိတ်မကောင်းဖြစ်ရပါ၏။

"ဟုတ်တယ် ဆရာဘိုဘို၊ အိဖြူမဆုံးခင် (၂) လလောက် အိပ်ရာထဲမှာ လဲနေခဲ့တာတဲ့။ဆံပင်တွေကျွတ်လို့ခေါင်းတုံးတုံးထားရတယ်တဲ့။စိတ်ဝေဒနာသည်တစ်ယောက်လိုပဲ အမြဲတမ်း မြွေတွေ၊ မြွေတွေ၊ ကြောက်တယ် ကြောက်တယ်လို့ပြောပြီးငိုနေတာတဲ့။ သူစိတ်ငြိမ်သွားတဲ့အချိန်တွေမှာ ဆရာဘိုဘိုကိုခေါ် ပေးပါလို့ ပြောတယ်တဲ့။ အဲဒီလိုနှင့် ဆုံးသွားခဲ့တာတဲ့။ သဂြိုဟ်တဲ့နေ့မှာလည်း မြွေ (၅) ကောင်ရောက်လာတယ်တဲ့။ (တင်တင်ဦး သဂြိုဟ်တုန်းကလည်း မြွေတစ်ကောင်ရောက်လာပါသေးသည်။) အိဖြူရဲ့အဖြစ်ဟာ တော်တော်ကိုထူးဆန်းပြီး ဝမ်းနည်းစရာကောင်းလွန်းလို့ တစ်ရွာလုံး ယူကျုံးမရဖြစ်နေကြတယ်။ အဲဒါ ဆရာဘိုဘိုကိုလည်း ကိုမြင့်ဦးတို့မိသားစုက မျှော်နေကြတယ်"

ကိုကျော်စွာမှ ထိုသို့ပြောလိုက်သောအခါ တုန်လှုပ်ချောက်ချားခြင်းနှင့်အတူဝမ်းနည်းကြေကွဲမဆုံးဖြစ်ရပါသည်။ စာရေးသူသည် အိဖြူကို သနားလှ၍ ကိုကျော်စွာဝင့်အား ဘာစကားမှပြန်မပြောနိုင်ထော့ဘဲ ငေးငိုင်တွေဝေ၍နေမိပါတော့သည်။

အိပ်ရာမှ နိုးထလာသောအခါမှသာ အထက်ပါ အကြောင်းအရာတို့သည် အိပ်မက်ဖြစ်နေ၍ တော်ပါသေး၏။ သို့သော်လည်း အိဖြူအတွက် ပို၍စိတ်ပူရပါတော့သည်။ အိဖြူ အမှန်တကယ်ဒုက္ခကြုံတွေ့နေမည်မှာ သေချာပါ၏။ ထို့ကြောင့် အိဖြူ၏မသိစိတ်တွင် စာရေးသူကို အားကိုး၍ တမ်းတနေပေလိမ့်မည်။ ထိုစိတ်အာရုံတိမ်းညွတ်မှုတို့ကြောင့် အိဖြူသည် စာရေးသူ၏အိပ်မက်ထဲသို့ မကြာမကြာရောက်ရှိလာနေခြင်းဖြစ်ပါ၏။

သို့သော်လည်း စာရေးသူသည် အုန်းတကူးသို့လည်း မသွားရောက်နိုင်ခဲ့၊ ဖုန်းအဆက်အသွယ်လည်းမရရှိခဲ့ဘဲရှိနေပါသည်။ ၂၀၁၂ တွင် စာရေးသူတို့ ၁၉၈၇ ခုနှစ်က ဆောက်ထားခဲ့သော နံကပ်တိုက်အိမ်ကိုဖျက်လိုက်ပြီး နောက်ဖေးမြေကွက်လပ်တွင် အာစီနှစ်ထပ်တိုက်ဆောက်ပါသည်။ ထိုနှစ်ထပ်တိုက်ဆောက်နေစဉ်တွင် မယ်တော်ကြီးနှင့် အန်တီဒေးတို့သည် ရန်ကုန်အပါအဝင် မြန်မာနိုင်ငံအောက်ပိုင်း (၆) လကြာ ဒေသစာရီခရီးရှည်ထွက်နေချိန် ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းတော်မမူမီ အပြီးဆောက်လုပ်ထားရှိနှင့်ရန်ဖြစ်သည်။ စာရေးသူနှင့် အစ်မကြီး(ဒေါ်နွဲ့ရီ)တို့က ညအိပ်သောအခါ မယ်တော်ကြီးတို့နေသော (၂) ခန်းထရံကာအိမ်ကလေးတွင်အိပ်ကြပြီး နေ့ခင်းတွင် မူလအိမ်တုန်းက သီးခြားအဆောင်ကပ်၍ဆောက်လုပ်ထားသော ဝရန်တာပါအဖီလေးကိုမဖျက်ဘဲထားရှိပြီး ဘုရားဆောင်ကို ထိုအဖီအတွင်း ရွှေ့ပြောင်းထားရှိကာ ဘုရားဖူးပရိသတ်များအဆင်ပြေစေရန် စီစဉ်ထားရှိပါသည်။

ညအခါများတွင်တော့ စာရေးသူ၏ တပည့်များက တစ်ယောက်မဟုတ်တစ်ယောက်၊ တစ်ခါတလေလည်း အားလုံးရောက်ရှိလာကြပြီး ထွန်းကဖေးသို့ လက်ဖက်ရည်သောက်သွားလေ့ရှိသည်။ စာရေးသူ၏အစ်ကိုကိုဝင်းကိုသည်လည်း ၎င်းနေထိုင်ရာ တစ်မိုင်ခန့်ကွာဝေးသော စံပြရွာမှ ညစဉ်လာရောက်လေ့ရှိပါ၏။

ထိုညကလည်း ကိုဝင်းကိုသည် အချိန်မှန် (၈) နာရီခန့်တွင် ရောက်ရှိလာသည်။ စာရေးသူ၏တပည့်များ တစ်ယောက်မှပေါ်မလာသဖြင့် စာရေးသူတို့ ညီအစ်ကိုနှစ်ယောက်တည်းသာ လက်ဖက်ရည်ဆိုင်သို့ထွက်ခဲ့ကြသည်။ လက်ဖက်ရည်သောက်ရင်းစောင့်နေသော်လည်း မည်သူမျှရောက်မလာတော့၍ စာရေးသူတို့လည်း အိမ်သို့ပြန်ခဲ့ကြပါသည်။ စာရေးသူတို့ ခြံတံခါးအနီးသို့ မရောက်မီ လျှပ်စစ်လမ်းမီးရောင်အောက်တွင် တစ်တောင်ထွာခန့် ရှည်လျားသော မြွေလေးတစ်ကောင် စာရေးသူတို့ခြံဝင်းအတွင်းသို့ဝင်ရန် ဦးတည်သွားနေသည်ကိုတွေ့ရ၍ စာရေးသူတို့ ဆိုင်ကယ်ရပ်လိုက်သည်။

ကိုဝင်းကိုက တုတ်တစ်ချောင်းရှာပြီး အိမ်ဝင်းထဲဝင်ရန်သွားနေသော မြွေကို တုတ်ဖြင့်ကော်ထုတ်ပါသည်။ မြွေကလေးသည် တုတ်ဖြင့်ကော်ထုတ်သော်လည်း ရန်မဆောင်၊ မာန်မဆောင်ပါ။ ခြံဝင်းဆီသို့သာ ပြန်လှည့်လာလေ၏။ စာရေးသူတို့ အိမ်ရှေ့လမ်းအရှေ့ဘက်ခြမ်းတွင် ထုံးပုံ၊ ထုံးတဲထားရှိပါသည်။ ကိုဝင်းကိုသည် တုတ်ဖြင့်ကော်ထုတ်ရာ ထုံးပုံ၏အတွင်းသို့ပင် ကျရောက်သွားသည်။ မြွေကလေးသည် ထုံးပုံပေါ်သို့



www.burmeseclassic.com1

www.burmeseclassic.com

ဘုတ်ခနဲတလိမ့်ကောက်ကွေးကျရောက်သွားပြီး အားယူကာ ခြံဝင်းပေါက်ဆီသို့သာ ဦးတည်လာနေပြန်၏။

ထိုအခါ ကိုဝင်းကိုသည် တုတ်ကို တံမြက်စည်းကဲ့သို့ အသုံးပြု၍ မြေတွင်ခြစ်၍ ဆွဲထုတ်သည်။ မြွေကလေးသည် လိမ့်၍လိမ့်၍ပါသွားသော်လည်း ကြိုးစားပြီး ခြံဝင်းတံခါးဆီသို့သာ သွားရန်ကြိုးစားနေရှာ၏။ နောက်ဆုံးတွင်တော့ စာရေးသူတို့၏ မျက်နှာချင်းဆိုင်ရှိ လူမနေသော ခြံဝင်းထဲသို့တိုင် ဘုတ်ခနဲကျရောက်သွားပြီး ထပ်မံ ထွက်ပေါ်မလာတော့ပါ။

ထို့ကြောင့် စာရေးသူတို့လည်း ခြံတံခါးသော့ဖွင့်ပြီးဝင်ခဲ့ကြသည်။ ကိုဝင်းကိုသည် ဘုရားဆောင်သို့သွားရောက်ပြီး ဘုရားကန်တော့၏။ ထို့နောက် အဓိဋ္ဌာန်ပုတီးစိပ်နေ၏။ စာရေးသူလည်း စာရေးစားပွဲကုလားထိုင်တွင် ထိုင်နေပြီး ပုတီးစိပ်နေလိုက်သည်။ ကိုဝင်းကိုသည် (၁၅) မိနစ်ခန့်ကြာသောအခါ ပုတီးစိပ်ပြီးသွား၍ ဘုရားကန်တော့ပြီး ၎င်းရွာသို့ပြန်ရန် ဘုရားဆောင်ရှေ့မှထလာ၏။ ဝရန်တာပေါက်မှဆင်းမည်ပြုစဉ်-

"ဟာ- ခုနကမြွေလေးပြန်ရောက်နေတယ်"

ဟု အံ့ဩလျက်ပြောပါသည်။

မြွေကလေးသည် သမံတလင်းပေါ်သို့တက်ရန် မေးတင်လျက်ရှိနေပါ၏။ စာရေးသူလည်း တုန်လှုပ်သွားမိသည်။ ကိုဝင်းကိုက အုန်းလက်တံဖြင့်ပြုလုပ်သော အရိုးရှည်တံမြက်စည်းကြမ်းဖြင့် မြွေကလေးကို လှည်းထုတ်ရာ မြွေကလေးမှာ နာကျင်နေမည်ဖြစ်သော်လည်း ဒေါသမဖြစ်ပါ။ ကြောက်လန့်ပြီးမပြေးပါ။ ခြံဝင်းဆီသို့သာ ပြန်ပြန်လှည့်နေ၏။ သို့သော် အင်အားချင်းမမျှ၍ မြွေကလေးမှာ ဝေးရာသို့ တံမြက်စည်းနှင့်လှည်းသည့်နောက်သို့ လိမ့်ကာလိမ့်ကာဖြင့် ပါသွားရရှာ၏။

ထိုအခါ စာရေးသူသည် မြွေလေးကို သနားမိသည်။ စောစောက သမံတလင်းပေါ် မေးတင်နေသည်မှာလည်း စာရေးသူထိုင်နေသောနေရာနှင့် တည့်တည့်ဖြစ်နေရာ စာရေးသူကို လာကြည့်နေသကဲ့သို့ ဖြစ်ပါ၏။ သို့သော် စာရေးသူသည် မြွေကို ရွံလည်းရွံ၏။ ကြောက်လည်းကြောက်၏။ ထို့ကြောင့် မြွေမလာစေချင်ပါ။ မြွေကို မတွေ့မမြင်ချင်ပါ။ မြွေကလေးနာကျင်နေမည်ဟု သိသော်လည်း ကိုဝင်းကိုအားမတားမြစ်ခြင်း ဖြစ်ပါ၏။

ဤမြွေကလေး၏အရောင်အသွေးမှာလည်း ထူးခြားလှသည်။ စာရေးသူ၏ တစ်သက်တွင် တစ်ခါမျှ မမြင်ဘူးခဲ့ပါ။ အနက်ရောင်ဘက်များသော မဟော်ဂနီရောင်ဖြစ်ပြီး ပလတ်စတစ်စ မိုးကာစကဲ့သို့ ပြောင်လက်အိစက်၍နေပါသည်။ ကိုဝင်းကိုလည်း စာရေးသူတို့ခြံဝင်းနှင့် အတော်လှမ်းသောကားလမ်း၏မြောက်ဘက်သို့တိုင် မြွေကလေးကို လှည်းထုတ်ပေးခဲ့ပါသည်။ ထို့နောက် ကိုဝင်းကိုလည်း သူ့ရွာသို့ပြန်သွားပါသည်။

စာရေးသူလည်း ချက်ချင်းပင် ဝင်းတံခါးကို သော့ခတ်လိုက်သည်။ ခါတိုင်းညများကဲ့သို့ စာရေးစားပွဲတွင် ထိုင်ပြီး စာမရေးရဲတော့ပါ။ စာရေးသူတစ်ယောက်တည်းရှိနေစဉ် ထိုမြွေလေးပြန်လာမှာကို စိုးမိသည်။ ဆောင်းရာသီဖြစ်၍ ည၉နာရီပိုင်းသို့ရောက်တော့မည်ဖြစ်ရာ အတော်ကလေး ချမ်းအေး၍လည်းလာနေပြီဖြစ်သောကြောင့် စာရေးသူ နှစ်ခန်းအိမ်ကလေးပေါ်သို့တက်ကာ အိပ်ရာဝင်လိုက်ပါတော့သည်။

စာရေးသူ အိပ်ရာထဲရောက်ပြီး နာရီဝက်ခန့်အကြာ ည(၁၀)နာရီအချိန်တွင်တော့ ခြံဝင်းတံခါးဆီမှ-

"ဆရာ အိပ်ပြီလား၊ ဆရာအိပ်ပြီလား"

ဟု ခေါ်သံကြားရပါသည်။

စာရေးသူတို့ ရန်အောင်မြင်ရပ်ကွက်နှင့် တစ်ဆက်တည်းဖြစ်သော ရန်နိုင်ရပ်ကွက်မှ ကိုဆန်းဝင်း ဖြစ်ပါသည်။ ကိုဆန်းဝင်းသည် စဉ့်ကိုင်ဈေးထဲတွင် အုန်း၊ ငှက်ပျောရောင်းသူ ဖြစ်ပါသည်။ ၎င်းထံတွင် ဈေးဝယ်ပါများရာမှ စာရေးသူနှင့်ခင်မင်ရင်းနှီးလာပြီး နေ့ခင်းအားလပ်လျှင် စာရေးသူတို့နေအိမ်သို့လာရောက်ပြီး အမှိုက်လှည်း၊ မြက်ရှင်းလုပ်အားဒါနပြုလျက် ညအချိန်တို့တွင် စာရေးသူအား လာရောက်နှိပ်နယ်ကုသိုလ်ယူလေ့ရှိသူ ဖြစ်ပါသည်။

စာရေးသူသည် တစ်ယောက်တည်းသာဆိုလျှင်ဖြင့် ယနေ့ညအဖို့ အိမ်အောက်သို့ပင် ဆင်းရဲတော့မည် မဟုတ်သော်လည်း အဖော်ရောက်လာသဖြင့် ကြောက်စိတ်တို့မရှိတော့ပါ။တကူးတက စာရေးသူကို နှိပ်နယ်ရန်လာသော ကိုဆန်းဝင်းကိုလည်း အားနာမိ၍ -

"မအိပ်သေးပါဘူး၊ လာပြီ"

ဟု ဆိုကာ ခြံဝင်းတံခါးသွားဖွင့်ပေးလိုက်သည်။

ကိုဆန်းဝင်းသည် ရောက်ရောက်ချင်း ဘုရားကန်တော့သည်။ ထို့နောက် စာရေးသူထိုင်နေရာ စာရေးစားပွဲအနီးသို့လာပြီး ပလတ်စတစ်ထိုင်ခုံတစ်ခုချ၍ ထိုင်လိုက်သည်။ စာရေးသူက ကုလားထိုင်ပေါ် ထိုင်လျက်နှင့်ပင် ခြေထောက်နှစ်ချောင်းကို ၎င်း၏ပေါင်ပေါ်သို့ လှမ်းတင်ပေးလိုက်သည်။ ကိုဆန်းဝင်း၏ ခြေထောက်များကတော့ သမံတလင်းပေါ် တွဲလောင်းချထား၏။

ကိုဆန်းဝင်းက စာရေးသူ၏ ခြေသလုံးနှင့် ခြေဖဝါးတို့ကို နှိပ်နယ်၏။ စာရေးသူက ကိုဆန်းဝင်း မပျင်းစေရန် မအိပ်ငိုက်စေရန် ဓမ္မအကြောင်းနှင့်ပတ်သက်၍ ဗဟုသုတရဖွယ်၊ မှတ်သားဖွယ်တို့ကိုပြောပေးနေပါသည်။ကိုဆန်းဝင်းသည် မနက်ခင်း (၁၁) နာရီခန့်အထိ ငှက်ပျောသီးရောင်းသည်။ နေ့လယ်ခင်းတွင် ခြံများသို့ငှက်ပျောခုတ်သွားရသည်။ ညနေခင်းတွင် အခင်းပြတ်ဝယ်ယူထားသော မုန်လာဥခင်းများသို့ သွားရောက်ရသည်ဖြစ်၍ ပင်ပန်းလွန်းလှသည်ဖြစ်ရာ စာရေးသူအား ချစ်ခင်လေးစားလွန်းသောကြောင့်သာ လာရောက်နှိပ်နယ်နေသည်ဖြစ်၍ စာရေးသူစကားပြောနေစဉ်မှာပင် တစ်ခါတစ်ခါငိုက်သွားလေ့ရှိပါသည်။ ယနေ့လည်း ည(၁၂)နာရီအထိ ရောက်ရှိနေပြီဖြစ်၍ ကိုဆန်းဝင်းလည်း ခဏခဏငိုက်နေ၍ -

"ကဲ - ကိုဆန်းဝင်း၊ ညဉ့်လည်းနက်လှပြီ၊ ပြန်ချင်ပြန်ပါတော့ဗျာ"

ဟု ပြောလိုက်ပါသည်။

ကိုဆန်းဝင်းလည်း အိပ်ချင်နေပြီဖြစ်ပါသည်။ သို့သော် စာရေးသူက ပြန်ပါဟု မပြောမချင်းပြန်မည့်သူ မဟုတ်ပါ။

"ဟုတ်ကဲ့၊ ဒါဆိုလည်း ကျွန်တော်ပြန်တော့မယ်"

ကိုဆန်းဝင်းက ထိုင်ရာမှထသွားပြီး ဘုရားကန်တော့သည်။ စာရေးသူက ကုလားထိုင်အောက်၌ ကြောင်ကလေးဆောင့်ကြောင့်ထိုက်လျက်ရှိ၏။ စာရေးသူလည်း ကုလားထိုင်ပေါ်မှဆင်းပြီး အပေါ့သွားသည်။ အပေါ့သွားပြီး ပြန်လာသည့်တိုင် ကိုဆန်းဝင်းသည် ဘုရားကန်တော့မပြီးသေးပါ။ စာရေးသူလည်း ခြံတံခါးသော့ခတ်ရဦးမည်ဖြစ်သောကြောင့် အဖီအတွင်းသို့ ပြန်မဝင်သေးဘဲ ဝရန်တာအပြင်မှာပင်ရပ်၍ ကိုဆန်းဝင်းကို စောင့်နေရင်း ဝရန်တာပေါ်လက်ထောက်လျက် စာရေးသူတို့ထိုင်ခဲ့သော နေရာကြွေပြားခင်းကြမ်းပြင်သို့ မျက်စိရောက်သွားလျှင် ဆံပင်များထောင်ထသွားသည်။ အထိကြက်သီးများထကာ တုန်လှုပ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

စောစောက ကိုဝင်းကို တံမြက်စည်းနှင့်လှည်းထုတ်ခဲ့သော မြွေကလေးသည် ဘယ်အချိန်ကရောက်ရှိနေသည် မသိပါ။ စာရေးသူနှင့် ကိုဆန်းဝင်းတို့ ထိုင်ခဲ့သောကုလားထိုင်နှစ်လုံးကြားတွင် ခွေ၍နေပါသည်။ စာရေးသူထိုင်ခဲ့သည်မှာလည်း သမလန်းပက်လက်ကုလားထိုင်သာဖြစ်ပြီး ကိုဆန်းဝင်းထိုင်ခဲ့သော ပလတ်စတစ်ခုံမှာလည်း ပက်လက်ကုလားထိုင်ပုံစံသာဖြစ်ပါ၍ နိမ့်နိမ့်လေးများသာ ဖြစ်ပါ၏။ မြွေသည် သမလန်းပက်လက်ကုလားထိုင်၏ခြေထောက်မှ တစ်ဆင့် လူပေါ် ထိတက်မလာသည်မှာ တော်ပါသေး၏။

စာရေးသူကကြောက်လန့်တကြားဖြင့် -

"မြွေ. . . မြွေ"

ဟု ဆိုကာ လက်ညှိုးထိုးပြသည့်တိုင် မီးရောင်ထိန်ထိန်အောက် အဖြူရောင်ကြွေပြားပေါ်ရှိ အနက်ရောင်ပြောင်လက်နေသောမြွေကို ကိုဆန်းဝင်းသည် ချက်ချင်းမမြင်ပါ။ ခဏအကြာမှသာ မြင်တွေ့သွား၏။ ကိုဆန်းဝင်းသည် အရိုးရှည်အမှိုက်ဂေါ် အတွင်းသို့ မြွေကို မြက်တံမြက်စည်းဖြင့် တွန်းထည့်လိုက်သည်။ မြွေသည် နာကျင်ထားသည်ဖြစ်၍ ရုန်းကန်ခြင်း၊ ဆင်းပြေးရန် ကြိုးစားခြင်းမပြုပါ။ အလိုက်သင့်ပင် ဂေါ် ထဲသို့ ရောက်သွားပါသည်။ ထိုအခါ ကိုဆန်းဝင်းအား ဟိုးအဝေးကြီးအထိ မြွေကိုသွားရောက်လွှတ်ပစ်ရန်ပြောကြားလိုက်ပါသည်။ ကိုဆန်းဝင်း ပြန်ရောက်လာသောအခါ-

"ဒါတောင် မြွေက ဒီပြန်လာချင်နေဦးမဲ့"

ဟု ပြောပါသည်။

စာရေးသူလည်း ကိုဆန်းဝင်း ...အပြင်ရောက်သည်နှင့် အမြန်ဆုံး ...ခတ်ပြီး အိမ်ကလေးဆီသို့ အပြေး ...ရောက်လျက် အိပ်ရာဝင်လိုက်ပါ သည်။

ဤမြွေကလေးသည် သာမန်မြွေ ...နိုင်ပါ။ တွေ့ဖူး၊ မြင်ဖူးသော မြွေ ...တွေ့တတ်သည်မှာလည်း ထူးခြားပြီး ...အပြုအမူတို့မှာလည်း လူနှင့်တူပါ ...ထိုသို့ဆိုလျှင် ဤမြွေသည် ညတွင် ...စာရေးသူ၏အိပ်ရာတွင်းသို့ လာရောက် ...လည်း လာရောက်နိုင်သည်ဖြစ်၍ ...ကြောင့်တန်းတန်းမအိပ်ရဲဘဲရှိပါ ... အစ်မတော်သည်လည်း စာရေး ...ရောက်လာသည်မှာ ကြာပြီဖြစ် ... စာရေးသူလည်း အုန်းတကူးသို့ ...နိုင်တော့သည်မှာလည်း ကြာပြီဖြစ်ပါသည်။ ထိုသို့ဆိုလျှင် ဤမြွေသည် အစ်မတော်ဖြစ်မည်မှာ သေချာပါသည်။ ထိုညက မပျော်တစ်ဝက်ပျော်တစ်ဝက်နှင့် စာရေးသူ ကောင်းကောင်းအိပ်မပျော်လိုက်ပါ။

နောက်နေ့၌ စာရေးသူ၏တပည့်လေး မင်းမင်းထွန်းက ဂျပန်လိုက်ထရပ်ကားဝယ်ယူလိုက်ပြီဖြစ်၍ အောင်မြေသို့ ကားမောင်းလာခဲ့ပြီး ဦးတိုက်ပါသည်။ စာရေးသူက ထိုကားတွင် ပရိတ်ကြိုးများ ချည်နှောင်ပေးပြီး ဆိုင်ရာအစောင့်အရှောက်ပုဂ္ဂိုလ်များထံ အပ်နှံပေးပါသည်။ မင်းမင်းထွန်းသည် ရွှေကံကူရုပ်ရှင်တော်မြတ်ထံတွင် အဓိဋ္ဌာန်ဆုတောင်းပြီး လုပ်ငန်းများအဆင်ပြေအောင်မြင်လာ၍ ဤကားကို ဝယ်ယူနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မင်းမင်းထွန်းသည် ရုပ်ရှင်တော်မြတ်၏ သာဝကအရင်းဖြစ်လာသကဲ့သို့ စာရေးသူ၏ တပည့်ရင်းလည်း ဖြစ်နေပါသည်။

"ဆရာ၊ ကားသုံးချင်ရင် အချိန်မရွေးယူနော်"

ဟု ပြောပါသည်။

ထိုအခါ စာရေးသူသည် အုန်းတကူးသို့သွားရန် သတိရလိုက်သည်။ စာရေးသူသည် ညဥ့်အိပ်ညဥ့်နေသွားရောက်နိုင်ခြင်းမရှိ။ နေ့ချင်းပြန်သွားရန်လည်း ကားမရှိသဖြင့် အုန်းတကူးကို မသွားခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် စာရေးသူသည် (၅) ရက်ခန့်အကြာတွင် မင်းမင်းထွန်း၏ကားကိုယူပြီး စာရေးသူ၏အစ်ကို ကိုဝင်းကိုအား ကားမောင်းစေ၍ အုန်းတကူးသို့ထွက်ခဲ့ကြပါသည်။ ထိုအခေါက်က ရွာထဲသို့မရောက်ခဲ့ပါ။ ဘုန်းတော်ကြီးကျောင်းမှပင်ပြန်ခဲ့ကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အိဖြူ၏ သတင်းကို မစုံစမ်းခဲ့ရပါ။ မကြားလို၊ မသိလို၊ ပြီးခဲ့သောအကြောင်းအရာတို့ကိုလည်း အသစ်ပြန်လည်မဖြစ်လို၍လည်း မစုံစမ်းခြင်း ဖြစ်ပါ၏။

ထို့နောက် မကြာမီ တပည့်လေး အောင်နေလင်းက ဂျစ်ကားလေးဝယ်လိုက်ပြန်၏။ ထိုအခါ ထိုကားနှင့်လည်း အုန်းတကူးသို့ရောက်ဖြစ်ပြန်၏။ ထိုအခါမှ အိဖြူသည် အသက်မသေဘဲရှိသည်ကို ဝမ်းမြောက်စွာသိရှိရ၏။ စာရေးသူ အိပ်မက်ထဲတွင် တွေ့ရှိနေခဲ့သော နှစ်များကတော့ ကျန်းမာရေးအတော်လေး ချို့တဲ့ခဲ့ပုံရပါသည်။ ၂၀၁၄ ခုနှစ်တွင် စာရေးသူတို့ ကားရရှိခဲ့၏။ တစ်ဖန် စာရေးသူတွင် ကားရှိသော လုပ်ငန်းရှင်တပည့်များ များစွာတိုးပွားရောက်ရှိလာသောအခါ စာရေးသူသည် တပည့်ထည်လဲ၊ ကားထည်လဲနှင့် အုန်းတကူးသို့ မကြာမကြာပင်ရောက်ဖြစ်ပါတော့သည်။ သို့သော် စာရေးသူသည် သွားသည့်အခါတိုင်း နေ့ချင်းပြန်သာဖြစ်ပြီး အချိန်လုသွားရသည်ဖြစ်သောကြောင့် ဘယ်သူ့အိမ်မှမဝင်ဖြစ်ပါ။ ရောက်သည့်အခါတိုင်း ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ရန်အောင်မြင်ဘုရားတွင်သာ ကန်တော့ပွဲလှူပြီး ပြန်လေ့ရှိပါ၏။

စာရေးသူသည် အုန်းတကူးသို့ လုံးဝမရောက်ရှိဘဲ အဆက်ပြတ်ခဲ့သည်မှာ (၅)နှစ်မျှဖြစ်ပြီး ပြန်လည်ရောက်ရှိသောအခါတွင်လည်း ဂုဏ်သရေရှိ လူကြီးလူကောင်းများ၊ သူဌေးသူကြွယ်များ၊ အရာရှိကြီးများပါရှိလာပြီး ဘုန်းကြီးကျောင်းသို့သာသွားရောက်သည်ဖြစ်ရာ ရွာသူရွာသားများနှင့် တပည့်များသည် စာရေးသူအနားသို့ မလာရဲမကပ်ရဲဖြစ်ကြကာ စိမ်း၍သွားကြပါသည်။ ၎င်းတို့အမြင်တွင်တော့ စာရေးသူသည် ကြီးပွားချမ်းသာသွား၍ စိတ်ကြီးဝင်သွားပြီဟု ထင်နေကြပြီး စာရေးသူကို လာရောက်တွေ့ဆုံနှုတ်ဆက်ရန် ဝန်လေးနေကြပါ၏။

ထို့ကြောင့် ၂၀၁၆ ခုနှစ်၊ (၃) လပိုင်းတွင် စာရေးသူသည် အုန်းတကူးဘုရားပွဲတွင် ကျောက်ဆည်မြို့မှ ယဉ်ကျေးမှု မိုးဇော်ဆင်အဖွဲ့ကို ထည့်သွင်းပေးခဲ့ပါသည်။ မိုးဇော်ဆင်အဖွဲ့ကို တည်ထောင်သူ ကျော်သူနိုင်နှင့် ဝင်းဝင်းအေးတို့သည်လည်း စာရေးသူ၏တပည့်များသာဖြစ်၍ မေတ္တာဖြင့် လိုက်ပါကပြပေးခဲ့ကြခြင်း ဖြစ်ပါသည်။ စာရေးသူပါ တပည့်များနှင့်လိုက်ပါသွားခဲ့ပြီး အုန်းတကူးတွင် တစ်ညအိပ်ခဲ့ပါသေးသည်။ သို့တိုင် စာရေးသူအား လာရောက်နှုတ်ဆက်ကြသူ တပည့်တို့နှင့် ရွာသူရွာသားတို့မှာ များများစားစားမရှိပါ။ စာရေးသူအား ရှိန်နေကြပါ၏။

သို့သော် အိဖြူတို့မိသားစုကတော့ စာရေးသူကိုမစိမ်းပါ။ အရင်လိုပင် ရင်းနှီးစွာ ပြောဆိုဆက်ဆံကြပါသည်။ ထိုသို့ဖြင့် စာရေးသူသည် တစ်လတစ်ခေါက်မျှ အုန်းတကူးသို့ ရောက်ဖြစ်နေခဲ့ရာမှ စာရေးသူ၏တပည့် မောင်နိုင်က တောင်ပေါ် သို့တက်ရောက်ရန် ပြောပါသည်။ စာရေးသူသည် ဘုရားတည်ရန် အချိန်များစွာလိုနေသေးသည်ဖြစ်သဖြင့် တောင်ပေါ် သို့တက်ရန် မလိုအပ်သေးဟု ယူဆပြီး မိုးရာသီတွင် တောင်ပေါ် တက်ရန်မှာ ခက်ခဲမည်။ ယခုနှစ်သည်



www.burmeseclassic.com

www.burmeseclassic.com

မိုးကောင်းသောနှစ်ဖြစ်၍ နေ့တိုင်းလိုလို မိုးရွာနေတတ်ရာ အကယ်၍ တောင်ပေါ် အတက်တွင် လည်းကောင်း၊ တောင်ပေါ်တွင် လည်းကောင်း မိုးမိလျှင် ဒုက္ခတွေ့မည်။ ထို့ကြောင့် မိုးကုန်သောအခါမှ တက်လိုပါသည်။

ထိုသို့ရှိစဉ် တစ်ညသ၌ ထူးဆန်းသောအိပ်မက်ကို မြင်မက်ပြန်ပါသည်။ အိပ်မက်ထဲတွင် လုံးပတ်ထွာဆိုင်ခန့် အရှည် ပေ (၃၀) ခန့်ရှိသော စပါးကြီးမြွေကြီးတစ်ကောင်ကို တွေ့ရသည်။ အပြင်လောကတွင် လုံးပတ်ထွာဆိုင်ခန့်ရှိလျှင် အလျားမှာ (၈) ပေခန့်သာရှိနိုင်ပေလိမ့်မည်။ လုံးပတ်နှင့် မြွေ၏အလျားမှာ မကိုက်ညီပါ။ မြွေကြီး၏လှုပ်ရှားမှုတို့မှာ သွက်လက်ပေါ့ပါးလှပြီး မြွေပျံကဲ့သို့ဖြစ်နေပါသည်။ မြွေကြီးမှာ အလျားရှည်သဖြင့် အခွေမပျက်ပင် စာရေးသူထံသို့ ခေါင်းက ရှော့ခနဲရောက်ရောက်လာ၏။ စာရေးသူက ၎င်းကို ကြောက်နေမှန်းသိ၍ စာရေးသူနှင့် (၃) ပေခန့်အကွာသို့ ရောက်လာလျှင်တော့ မြွေကြီး၏ဦးခေါင်းသည် ဆက်တိုးမလာတော့ဘဲရပ်သွား၏။

စာရေးသူမှာ မြွေကြီးကို ကြောက်သဖြင့် ထိုနေရာမှ အခြားနေရာသို့ သွားရောက် ပုန်းအောင်းလိုက်လျှင် မြွေကြီးသည် မကြာမီရောက်ရှိလာပြီး စာရေးသူထံသို့ ဦးခေါင်းကြီးရှော့ခနဲ ရောက်လာပြန်၏။ စာရေးသူလည်း ထိုနေရာမှထွက်ပြေးပြန်၏။ တစ်နေရာ ရောက်သွားပြန်လျှင် ခဏအကြာတွင် မြွေကြီးရောက်ရှိလာပြန်၏။ တစ်ခါတွင်လည်း စာရေးသူ၏ နေအိမ်ရှေ့တည့်တည့်ရှိ ထူးဆန်းသော သရက်ပင်ပေါ်တွင် ရောက်ရှိလာပြီး သရက်ကိုင်းကို အမြီးနှင့်ရစ်ပတ်ထားလျက် ခေါင်းကြီးက စာရေးသူရှေ့သို့ ရှော့ခနဲရောက်ရှိလာပြန်၏။

မြွေကြီးတွင် အုပ်ချုပ်သူရှိ၏။ မြွေကြီးက စာရေးသူနောက်သို့ တောက်လျှောက်လိုက်နေသောအခါ မြွေကြီး၏အုပ်ချုပ်သူ ပေါ်ပေါက်လာ၏။ အမျိုးသမီးလော၊ အမျိုးသားလော၊ မည်သည့်အသက်အရွယ်လောလည်း မသိရပါ။ အညိုရောင်ဝတ်စုံဝတ်ထားသည်ကိုသာ သိရပြီး အရိပ်သဏ္ဌာန်မပီပိုးတဝါးသာ ဖြစ်ပါသည်။ စာရေးသူသည် ထိုအညိုဝတ်ပုဂ္ဂိုလ်သည် မြွေကြီးကိုအုပ်ချုပ်သူဟုတော့ သိပါသည်။ သို့သော် မြွေကြီးကိုထိန်းသိမ်းပေးပါဟုတော့ မတိုင်ကြားပါ။ ထိုပုဂ္ဂိုလ်သည် မြွေကြီး၏အပြုအမူမှာလွန်နေပြီဟု သိရှိသွားသဖြင့် မြွေကြီးကို အာရုံနှင့်ပြောကြားလိုက်ဟန်တူပါသည်။ မြွေကြီးသည် လူတစ်ရပ်ခန့်မြင့်သော တောင်ပို့ကြီးအတွင်းသို့ ဝင်သွားပါသည်။ တောင်ပို့ကြီးမှာ အောက်ခြေမှ ထိပ်ဖျားထိတိုင် မြေအသစ်စက်စက်ဖြစ်ပြီး မြေနီရဲရဲဖြစ်ကာ သစ်လွင်လှပလျက် ထုံးသုတ်ထားသော ရာဇမတ်ကွက်များလည်း ကာရံထားပါသည်။

မြွေကြီးသည် သွက်လက်မြန်ဆန်စွာ တောင်ပို့အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီဖြစ်၍ စာရေးသူလည်း စိတ်အေးသွားပါသည်။ ထိုအချိန်မှာပင် မြွေကြီးအပေါ် ဩဇာညောင်းသူပုဂ္ဂိုလ်လည်း ပျောက်ကွယ်သွားပါသည်။ ဘယ်ရောက်သွားပြီမသိပါ။ ထိုစဉ်မှာပင် မြွေကြီးသည် ၎င်း၏အုပ်ချုပ်သူမရှိတော့ပြီကိုသိရှိပုံရပါသည်။ တွင်းထဲမှ ရှော့ခနဲထွက်လာပြန်၏။ မြွေကြီးသည် စာရေးသူကို ရန်မူခြင်းတော့ မဟုတ်ပါ။ စာရေးသူအနား ကပ်လိုဟန်သာ ဖြစ်ပါသည်။ စာရေးသူလည်း မြွေကြီးထွက်ပေါ်လာသောအခါ ထိုနေရာမှတစ်ခါထွက်ပြေးခဲ့ပြန်ပါ၏။

ထိုနေရာမှာပင် အိပ်မက်သည် ပြီးဆုံးသွားပါသည်။ အိပ်မက်မက်နေစဉ်တွင်တော့ တကယ်ထင်မှတ်၍ ကြောက်နေမိပါ၏။ အိပ်မက်ဟု သိရသောအခါမှသာစိတ်သက်သာရာရရှိပါတော့သည်။

ဤအတိုင်းဆိုလျှင် အစ်မတော်သည် စာရေးသူအား တောင်ပေါ်သို့လာရောက်စေလိုသောဆန္ဒတို့ ပြင်းပြနေပြီး စာရေးသူကို စောင့်မျှော်၍နေသည်မှာ သေချာလှပါသည်။ ထို့ကြောင့် စာရေးသူသည် ယခုတစ်ခေါက်တော့ တောင်ပေါ်အထိတက်မည်ဟု ဆုံးဖြတ်ရခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် ရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း တောင်ပေါ်သို့မရောက်ရှိတော့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီးမှ ယခုတစ်ဖန် ပြန်လည်၍ တောင်ပေါ်သို့ ပထမဦးဆုံးအကြိမ် ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

ထိုသို့ရောက်ရှိပြီး မကြာမီ (၈) လပိုင်း၊ ၂၀၁၆ ခုနှစ်ထဲမှာပင် ရွှေဘိုတပ်နယ်မှ တပ်ရင်းမှူးလေးတစ်ယောက်ကို အုန်းတကူးသို့ သွားရောက်ပြီး သာသနာ့အောင်လံတံခွန်လွှင့်ထူပေးခဲ့သည်။ မန္တလေးမြို့ ကျွဲဆည်ကန်ရပ်မှ ကိုသိန်းလင်းနှင့်မခင်စုမာတို့လည်းလိုက်ပါပြီး သာသနာ့အောင်လံတံခွန် လွှင့်ထူကြသည်။ (သာသနာ့အောင်လံတံခွန်လွှင့်ထူခြင်းအကြောင်းကိုသီးသန့်ဆောင်းပါးရေးသားတင်ဆက်ပါဦးမည်။) တိုက်ဆိုင်သည်ဟုဆိုရမည်။ သာသနာ့အောင်လံတံခွန်လွှင့်ထူပြီး(၁၅)ရက်အကြာတွင် တပ်ရင်းမှူးလေးသည် ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည်။ ထို့အတူ အလံလွှင့်ထူပြီးမကြာမီ ကိုသိန်းလင်း၊ မခင်စုမာတို့လည်း (၆) ဘီးကုန်တင်ကားတစ်စီးဝယ်လိုက်ရ၏။

တစ်ဖန် တပ်ရင်းမှူးတပည့်လေး၏ အောင်မြင်တိုးတက်မှုကို သိရှိသွားကြသော တပ်ရေးဗိုလ်ကြီး (တပ်ရင်းမှူးနှင့်တစ်တပ်တည်း) တို့ကလည်း သာသနာ့အောင်လံတံခွန် . လွှင့်ထူပေးပါရန်တောင်းဆိုကြပြန်သဖြင့် ၁၇-၉-၂၀၁၆ ရက်နေ့တွင် မန္တလေးမြို့မှ မောင်နိုင်နိုင်၊ မမျိုးမျိုးတို့က ကားတစ်စီး၊ ဆရာမကြီး (မြန်မာစာပါမောက္ခ) ဒေါ်ခင်စန်းမြင့်သားအမိနှင့် ကိုအိုက်ချန်၊ ဟန်ကွေစီမတီတို့က ကားတစ်စီး၊ တပ်ရင်းမှူးနှင့် တပ်ရေးဗိုလ်ကြီးတို့က ကားတစ်စီး ရွှေဘို - ကျောက်မြောင်းဘက်မှပတ်၍ စဉ့်ကူးတံတားကိုဖြတ်ပြီး စဉ့်ကူး၊ လက်ပန်လှမှတစ်ဆင့် အုန်းတကူးသို့သွားရောက်ကြခြင်း ဖြစ်သည်။ နွယ်ရုံအဝင်တွင် ခြံဝင်းကျယ်ကြီးအတွင်းသို့ တပ်ရင်းမှူး၏ကား ချိုးဝင်သွား၍ စာရေးသူတို့လည်း လိုက်ပါချိုးကွေ့လိုက်၏။ ခေတ်မီသုံးထပ်တိုက်အသစ်ကြီးဖြစ်နေပြီး ခြံဝင်းနောက်ဘက်ပိုင်းတွင် ရွှေဖြူနုံးကျောက်ခွဲစက်၊ ရွှေဆေးသောမျှောများ၊ ရွှေချက်ကန်များကို တွေ့ရသည်။

တိုက်ကြီးထဲတွင်လည်း ခေတ်မီအသုံးအဆောင်များဖြင့် ပြင်ဆင်ထား သည်။ တပ်ရင်းမှူးကပြောပြ၍ သိရှိ သည်မှာ ဤတိုက်ပိုက်ရှင်သည် တပ် တော်အရာရှိဟောင်းတစ်ဦးဖြစ်ပြီး ယ တပ်ရင်းမှူး ရှယ်ယာပါဝင်ထားသော ရွှေတူးဖော်ရေးကုမ္ပဏီ၏ ဦးစီးခေါ် ဆောင်လည်းဖြစ်သည်။ ဤကုမ္ပဏီတွင် တပ်မတော်အရာရှိအငြိမ်းစားများနှ ဖွဲ့စည်းထားရှိခြင်းဖြစ်ပြီး သာမန်အ သား အနည်းငယ်သာ ပါဝင်ကြောင် သိရသည်။ ၎င်းတို့၏ ရွှေလုပ်ကွက် နွယ်ရုံမြောက်ဘက် တစ်ဆက်တည်း နေသော ကျည်တောက်ပေါက်ကျေး ၏အရှေ့ဘက် မဝေးလှသော ကန်တော ကျေးရွာတွင်ရှိသည်ဟု သိရပါသည်။

ထို့နောက် စာရေးသူတို တပ်ရင်းမှူး၏ ကြိုတင်စီစဉ် ဤမိသားစုမှ နေ့လယ်စာထ ဟင်းများအစုံအလင်ဖွယ်ဖွယ် ကျွေးမွေးဧည့်ခံပါသည်။



www.burmeseclassic.com1

www.burmeseclassic.com

နောက်တွင် အချိုပွဲ၊ သစ်သီးပွဲများပါ ဆက်လက်ဧည့်ခံပါသေးသည်။ စာရေးသူတို့လည်း ယဉ်ကျေးမှုအရ ခဏမျှထိုင်နေကြပြီးနောက် ထိုနေရာမှ ဆက်လက်ထွက်ခွာခဲ့ကြ၏။ ထို့နောက် ကန်တောင်ရွှေလှုပ်ကွက်သို့လိုက်ပြီး ပွဲလှူပေးရန်၊ ဆုတောင်းပေးရန် ပြောကြားပြန်၍ စာရေးသူတို့ ကန်တောင်ရွှေလှုပ်ကွက်သို့ လိုက်ပါသွားရပါသေးသည်။ ဆရာမကြီး ဒေါ်ခင်စန်းမြင့်တို့အဖွဲ့သည် မန္တလေးမြို့မှအထွက်မှာပင် တိုက်ရိုက်သွားနှင့်ကြပြီ ဖြစ်သည်။ အုန်းတကူးအလွန် ပေါက်တစ်ပင်ကျေးရွာတွင် ကိုအိုက်ချန်နှင့်ဟန်ကွေစီတို့၏ခြံရှိသောကြောင့် ထိုခြံကိုသွားကြည့်နှင့်ရန်၊ စာရေးသူတို့ အုန်းတကူးသို့ သွားရောက်မည့်အချိန်မှဆုံကြရန်ထွက်သွားနှင့်ကြခြင်း ဖြစ်သည်။

စာရေးသူလည်း ရွှေလှုပ်ကွက်တွင် လည်းကောင်း၊ တူးဖော်နေသော အင်း(ရွှေတွင်း)များကို လည်းကောင်း မေတ္တာပို့သဆုတောင်းပြီးလျှင် အုန်းတကူးသို့ထွက်ခဲ့ကြသည်။ အုန်းတကူးတွင် ဆရာမကြီးတို့အဖွဲ့ကြိုတင်ရောက်နှင့်နေကြပြီး ကန်တော့ပွဲများ၊ ပန်းများပြင်ဆင်လျက်နေကြပြီ ဖြစ်၏။

ဟန်ကွေစီက -

"ပေါက်တစ်ပင်ကလူတွေကို အုန်းတကူးမှာ ဆရာဘုရားတည်မယ့်အကြောင်း ပြောပြတယ်။ ဘယ်သူမှကောင်းကောင်း မသိကြဘူး။ အသက်ကြီးကြီးအဘိုးကြီး တစ်ယောက်ကတော့ အုန်းတကူးရွာလေးဟာ ဟိုရှေးကတည်းကရှိခဲ့တာ။ အရင်တုန်းကဆို ရွာထဲမှာသစ်ပင်အကြီးကြီးတွေအများကြီးပဲ။ ဟိုရှေးခေတ်တုန်းက အုန်းတကူးမှာ ရှမ်းစော်ဘွားတွေနေသွားတယ်လို့ ရှေးလူကြီးတွေ ပြောဖူးတယ်လို့ပြောတယ်ဆရာ"

ဟုမပီကလာပီကလာဖြင့်ပြော၏။ ဆရာမကြီးဒေါ်ခင်စန်းမြင့်သည်လည်း ပြုံးပြုံးပြုံး၊ ခေါင်းတညိတ်ညိတ်နှင့် ဝမ်းသာကျေနပ်အားရစွာနားထောင်နေပြီး-

"အဲဒီလိုသိလိုက်ရတော့ ဝမ်းသာသွားတာဆရာရယ်၊ ဆရာရဲ့ အတိတ်ဘဝဇာတ်ကြောင်းက မှန်လိုက်တာနော်"

ထိုအခါ ကိုအိုက်ချန်ကလည်း အာရှတ်သံဝဲဝဲဖြင့် -

"ဟုတ်တယ်ဆရာ၊ ဒီအုန်းတကူးကလူတွေကို ဒီတောင်အကြောင်းမေးကြည့်တော့ ဘယ်သူမှမသိကြဘူးတဲ့။ နောက်ဆိုရင် သမိုင်းတောင်ပျောက်သွားခဲ့ရတယ်"

ဟု ဆိုပါသည်။

စာရေးသူတို့လည်း ပွဲများ၊ ပန်းများ လှူဒါန်းသည်။ အစ်မတော်တို့အား မေတ္တာပို့သကာအမျှဝေသည်။ ပြီးလျှင် သာသနာ့အောင်လံတံခွန်များလွှင့်ထူပေးလိုက်ပါသည်။

❑

စာရေးသူသည် ရွှေကြက်ယက်တောင်ပေါ်တွင် တည်ထားကိုးကွယ်ခဲ့သော 'ရွှေကံကူဆံတော်ရှင် စွယ်တော်ရှင်ပြဒါးရှင်' ဘွဲ့ဖလစေတီတော်တည်ထားပြီးစီးသည့် အကြောင်းအရာတို့ကို သူရဇ္ဇမဂ္ဂဇင်းကြီးတွင် အခန်းဆက်ဆောင်းပါးအဖြစ် ပူဇော်တင်ဆက်ခဲ့ရာ၌ ၂၀၁၈ ခုနှစ်၊ ၁၂ လပိုင်းတွင် အုန်းတကူးတောင်ပေါ်တွင် 'ရွှေကံကူ ဆံတော်ရှင် စွယ်တော်ရှင် ပြဒါးရှင်' ဒုတိယစေတီ တည်ထားမည်ဟု ဖော်ပြပါရှိခဲ့သည်။

ထိုအခါ မယ်တော်ကြီးက -

"ပထမဘုရားတည်ထားတာလည်း မကြာသေးဘူး။ ၂၀၁၇ ခုနှစ်၊ ၁ လပိုင်းမှာလည်း မြို့သာမှာ စာသင်ကျောင်းဆောက်ပြီးလှူဦးမယ်ဆိုတော့ ငွေကုန်ကြေးကျတွေများနေတယ်။ ၂၀၁၈ မှာ ဘုရားတည်မယ်လို့ ကြေညာလိုက်ပြန်ပြီ။ အဲဒီတော့ ငါတို့ အဲဒီအုန်းတကူးဘုရားကို ငွေမစိုက်နိုင်ဘူး။ မင်းရဲ့အစွမ်းအစနဲ့၊ မင်းရဲ့အတိတ်ဘဝအကြောင်းဆက်နှင့် မင်းရဲ့အစ်မတော်ကိုပဲ တိုင်တည်ပေတော့"

ဟု ပြောလိုက်ရာ စာရေးသူလည်း အားပျက်သွားမိသည်။

ယခုမှ ၂၀၁၆ ခုနှစ် (၁) လပိုင်းသာရှိသေးရာ ၂၀၁၈ ခုနှစ်၊ (၁၂) လပိုင်းဆိုလျှင် အများကြီးလိုသေးသည် ဖြစ်ပါသည်။ သို့သော် မယ်တော်ကြီးတို့က ငွေမထည့်နိုင်တော့ဟု ဆိုလိုက်သောအခါ ၂၀၁၈ ခုနှစ်၊ (၁၂)လပိုင်းဟူသောအချိန်သည် နီးကပ်လွန်းသလိုဖြစ်သွားပါသည်။ စာရေးသူသည် ၂၀၁၇-၂၀၁၈ (၂)နှစ်တာအတွင်း ငွေကျပ်သိန်း(၂၀၀၀) ကျော်မည်သို့ရရှိနိုင်ပါမည်နည်း။ စာရေးသူသည် မည်သူ့ထံမျှ ကျွန်တော်ဘုရားတည်နေပါသည်၊ လှူပါဟု မပြောခဲ့ဘူးပါ။ အလှူခံခြင်းလည်းမရှိပါ။ ထိုသို့ ထုတ်ဖော် အလှူခံမည်ဆိုလျှင်လည်း စာရေးသူသည် လူ (၁၀) ဦးခန့်မျှသာ အလှူခံဝံ့မည်ဖြစ်ရာ ၎င်းတို့သည်လည်း လူမှုရေးအရ ငါးထောင်၊ တစ်သောင်း ထက်ပိုလှူမည် မဟုတ်။ ထို ငါးထောင်၊ တစ်သောင်းမှာလည်း တစ်ကြိမ်သာလှူကြမည် ဖြစ်၏။ ထိုပုံစံဖြင့် စာရေးသူ သိန်း (၂၀၀၀) မည်သို့ရရှိပါမည်နည်း။ စိတ်မောလှပါ၏။

အချိန်တို့သည်လည်းကုန်လွယ်လှသည်ဖြစ်ရာ (၂) နှစ် ဟူသောအချိန်တို့သည်လည်း လျှင်မြန်စွာ ကုန်ဆုံးသွားပြီး ၂၀၁၈ ခုနှစ်၊ (၁၂) လပိုင်းသို့ တစ်ခဏနှင့် ရောက်ရှိသွားမည် ဖြစ်၏။ စာရေးသူ ရွှေကြက်ယက်တောင်ပေါ်တွင် စေတီတော်တည်ထားစဉ်က စကျင်ရွာသို့ သွားရောက်ပြီး စကျင်ကျောက်ထည်များမှ ယူရာ ရာဇာမင်းကုမ္ပဏီ မောင်မင်းမင်းတို့ဇနီးမောင်နှံမှ ရွှေကြက်ယက်တောင်ပေါ်စေတီတွင် ရုပ်ပွားတော်တစ်ဆူလှူလိုကြောင်းပြောသည်။ ရွှေကြက်ယက်တောင်တော်တွင် အရံရုပ်ပွားတော်မှာ (၃) ဆူသာပါဝင်ရာ သာဝကအရှင်းများက တောင်းခံထားပြီးဖြစ်၍ မပေးနိုင်တော့ကြောင်း၊ သို့သော် အုန်းတကူးတွင် စေတီတည်ဦးမည်ဟုပြောရာ အုန်းတကူးတောင်တော်မှ စေတီတွင်တော့ မူလရုပ်ပွားတော် (ဥကင်တော်မည်မျှဖြစ်စေ၊ မည်သည့်ပုံစံဖြစ်စေ) ကို ၎င်းတို့လှူပါမည်။ ယခုကတည်းက ဦးထားလိုက်ပြီဟုပြောကြရာ စာရေးသူလည်း ဒီတစ်ခါတွင်တော့ သေချာပေါက်ရပါစေမည်ဟု ကတိပေးခဲ့ရပါသည်။ အုန်းတကူးတောင်တော်စေတီမှာလည်း ထူးခြားလှသည်သာဖြစ်ပါသည်။ တည်ဖြစ်၊မတည်ဖြစ်လည်း မသေချာ၊ နေ့ရက်သတ်မှတ်ရခြင်းလည်းမရှိသေးသောအချိန်မှာပင် စေတီတော်၏ ပင်မမူလရုပ်ပွားတော် အလှူရှင်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါ၏။

တစ်ဖန် စာရေးသူနှင့် အုန်းတကူးသို့ (၇) ခေါက်ခန့် လိုက်ပါဖူးသော မန္တလေးမြို့ 'အလင်းသစ်' အုတ်၊ ထုံး၊ သဲ၊ ကျောက် (ရောင်းဝယ်ရေး) လုပ်ငန်းရှင် မောင်နိုင်နိုင်-မဝေဝေမျိုးတို့မိသားစုကလည်း အရံရုပ်ပွားတော် (၂) ဆူ ကြိုတင်ရယူထားပြန်သည်။တစ်ဖန် မန္တလေးမြို့မှပင် ဆေးဖျန်းပုံးနှင့် အပိုပစ္စည်းရောင်းဝယ်ရေး ဦးအေးကိုကိုသွန်းသည်လည်း စာရေးသူ၏ ဝေယျာဝစ္စတို့ကို အမြဲတမ်းဆောင်ရွက်လျက် စာရေးသူသွားလိုရာသို့ ၎င်း၏ကားဖြင့် အကုန်အကျခံကာ လိုက်ပါပို့ဆောင်ပေးနေသူဖြစ်ပြီး အုန်းတကူးသို့ သွားရောက်စဉ် တစ်ခေါက်က အပြန်လမ်းတွင် -

"ဆရာ၊ ကျွန်တော်ရွှေကြက်ယက်တောင်ပေါ်ကဘုရားမှာကောင်းကောင်း မလှူလိုက်ရဘူး။ အခု အုန်းတကူးဘုရားမှာတော့ (၅) သိန်းထက်မနည်း လှူမယ်



www.burmeseclassic.com

www.burmeseclassic.com

ဆရာ”

ဟု ပြောပါသည်။

စာရေးသူ၏ ရွှေကံကူဆံတော်ရှင် အခန်းဆက်ဆောင်းပါးရှည်ကြီးမှာ သုရဇ္ဇမဂ္ဂဇင်းကြီးတွင် ဆက်တိုက်ဖော်ပြပါရှိခဲ့ရာ ထိုဆောင်းပါးကို စာဖတ်ပရိသတ်တို့ ကြိုက်နှစ်သက်ကြပြီး အထူးစိတ်ဝင်စားကြပါသည်။ ထိုဆောင်းပါးများတွင် အခန်းတစ်ခန်း၌ ရတနာပစ္စည်းများ၊ ဌာပနာများထည့်သွင်းရန်အတွက် မန္တလေးမြို့မှ ကိုသိန်းလင်း-မခင်စုမာတို့က ငွေအိုးလှူဒါန်းရာ စာရေးသူမှပင် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်မှ ပန်းထိမ်ဆရာကြီး ဦးကျော်ဇောထံ အပ်နှံပေးခဲ့ရသည်။ (၄) သိန်းနှင့် (၇) သောင်းတန်ဖိုးသင့်သည်ဟု ဖော်ပြပါရှိခဲ့ရာ မန္တလေးမြို့ တံခွန်တိုင်ရပ်ကွက် ကမ္ဘဝါတန်းတွင်နေထိုင်သော ဦးတင့်ဆွေ၏ဇနီး ဆရာမကြီး ဒေါ်စန်းလွင်သည် ထိုဆောင်းပါးကိုဖတ်ရပြီး ကိုသိန်းလင်းတို့ကို အားကျစိတ်များဖြစ်ပေါ်ပြီးလျှင် စာရေးသူ အုန်းတကူးဘုရားတည်သောအခါ ၎င်းတို့ဇနီးမောင်နှံက ငွေအိုးအတွက် ငွေ(၅)သိန်းလှူပါမည်ဟု စာရင်းရေးသွင်းသွားပြန်ပါသည်။

တစ်ဖန် ၂၀၁၆ ခုနှစ်၊ (၈) လပိုင်းအတွင်းက တပ်ရင်းမှူးလေးဇနီးမောင်နှံနှင့် ကိုသိန်းလင်း - မခင်စုမာတို့အား အုန်းတကူးသို့ သာသနာ့အောင်လံတံခွန်သွားရောက် လှူထူပေးခဲ့စဉ်က အိုဖြူတို့အိမ်သို့ဝင်ခဲ့ကြပါသေးသည်။ ကိုမြင့်ဦးနှင့် မမာစိန်ကိုမမြင်၍ မေးကြည့်ရာ မမာစိန်ကွယ်လွန်သွားခဲ့သည်မှာ (၃)နှစ်ရှိပြီဟုသိရပြီး ကိုမြင့်ဦးကတော့ ၎င်း၏ဇာတိရွာ ကန့်ဘလူမြို့အနီး လိပ်ထူကျေးရွာရှိဆွေမျိုးများထံ သွားရောက်လည်ပတ်နေကြောင်း သိရပါသည်။ မမာစိန်သည် အိုဖြူနှင့် လူစားလဲ၍ သေမင်းနိုင်ငံသို့ လိုက်ပါသွားခဲ့ရသည် ထင်ပါသည်။ မမာစိန်အတွက် စိတ်မကောင်းဖြစ်ရသည်။

ထို့နောက် အိုဖြူက -

“ဆရာတောင်ပေါ်ကိုဘုရားတည်တဲ့အခါ ကျောက်နဲ့ သဲ လိုသလောက် သမီးလှူပါမယ်”

ဟု ပြောပါသည်။

ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်သည် ရှမ်းပြည်နယ်တောင်ပိုင်းခရီးစဉ်တွင် ကြွရောက်တော်မူလျက်ရှိချိန်ဖြစ်ပါသည်။ မယ်တော်ကြီးကသာ အုန်းတကူးဘုရားတွင်ငွေမထည့်တော့ဟုပြောမထားလျှင် အိုဖြူက သဲများ၊ ကျောက်များလှူမည်ဟုဆိုသည်ကို ဝမ်းသာမိမည်ဖြစ်ပါသည်။ ယခုမူ စေတီတော်အတွက် မူလရုပ်ပွားတော်ကြီးတစ်ဆူ၊ အရံစေတီတော်အတွက် ရုပ်ပွားတော် (၂) ဆူ၊ ဌာပနာ ရတနာပစ္စည်းများထည့်ရန် ငွေအိုးနှင့် သဲ၊ ကျောက်တို့သာလျှင် အလှူရှင်ပေါ်ပေါက်သေးရာ စေတီတော်တည်ရန်အတွက် မဖြစ်စလောက်သာရှိပါသည်။ ထို့ကြောင့် ဦးပဥ္စင်းလေးကလည်း ဘယ်တော့တည်မှာလဲ၊ အိုဖြူကလည်း ဘယ်တော့တည်မှာလဲဟု မေးသောအခါ စာရေးသူသည် လေသံပျော့ပျော့ဖြင့် ၂၀၁၈ နောက်ပိုင်းဟုသာ ပြောလိုက်ရပါသည်။

ဤတောင်ပေါ်တွင် စေတီတော်တည်ရေးမှာ မလွယ်ကူပါ။ စေတီတော်တည်ရန်အတွက် ကုန်ကျစရိတ်လုံလောက်စွာရရှိပြီထားဦး၊ ဘုန်းတော်ကြီးကျောင်းနှင့် တောင်ခြေသည်ပင် အတော်အလှမ်းဝေးပြီး ခြေကျင်လမ်းသာရှိ၏။ တောင်ပေါ် ဆိုလျှင်တော့ လူသွားလမ်းရာပင်မရှိရာ ပထမဆုံး လူသွားလမ်းထွင်ရမည်၊ လမ်းကြမ်းဖောက်လုပ်ရမည်။ ပစ္စည်းများ တောင်ပေါ်ပို့ဆောင်ရေးသည်ပင်မလွယ်ကူပါ။ ထို့ပြင် တောင်ပေါ်သို့ ရေရောက်ရှိရေးကိုလည်း မည်သို့စီစဉ်ရပါမည်နည်း။ စဉ့်ကိုင်နှင့် အုန်းတကူးမှာလည်း မိုင် (၁၀၀) ကျော် ကွာဝေးသည်ဖြစ်ရာ အသွားအပြန်ဆိုလျှင် မိုင် (၂၀၀) ကျော်ရှိမည်ဖြစ်၍ ကားငှားသွားလျှင်ပင် (၅၀၀၀၀) ကုန်ကျမည်။ စားစရိတ်ရှိသေးသည်။ မိမိအိမ်မှကားနှင့်သွားလျှင်ပင် ဆီဖိုး (၂) သောင်းကျော် (၃) သောင်း ကုန်ကျမည်။ ထို့ကြောင့် အုန်းတကူးသို့ သာမန်တစ်ခေါက်သွားရုံမျှပင် ကုန်ကျစရိတ်မနည်းပါ။

ထိုသို့ဆိုလျှင် စာရေးသူ ကိုယ့်အားကိုယ်ကိုးပြီး အုန်းတကူးတောင်ပေါ်တွင် စေတီတစ်ဆူတည်ထားနိုင်ရေးမှာ အတော်ပင်ခက်ခဲမည်ဖြစ်ပါသည်။ တည်မှတည်နိုင်မည်လား မပြောတတ်ပါ။

မယ်တော်ကြီးက အစ်မတော်ကို တိုင်တည်ဆုတောင်းပါဟုပြောခဲ့သည်။ စာရေးသူလည်း အုန်းတကူးသို့ အကြိမ်ကြိမ်ရောက်ခဲ့ပြီ၊ ကန်တော့ပွဲများလည်း လှူခဲ့ပြီဖြစ်သကဲ့သို့ တောင်ပေါ်သို့ပင် တက်ရောက်ပြီ၊ ကန်တော့ပွဲများလှူခဲ့ပြီ၊ မေတ္တာပို့ခဲ့ပြီ၊ ဆုတောင်းခဲ့ပြီ၊ သည်ထက်ပို၍လည်း မလုပ်တတ်တော့ပါ။ ၂၀၁၈ မှာ ဘုရားတည်မည်ဟု ကြေညာပြီးခါမှ မတည်နိုင်လျှင်ဖြင့် စာရေးသူ ရှေ့တွင်တင်ပြရေးသားသောအကြောင်းအရာတို့သည် စိတ်ကူးယဉ်ဖန်တီးသော လုပ်ဇာတ်တစ်ခုသာဟု ထင်မှတ်ကြပေလိမ့်မည်။

စာရေးသူသည် ပထမတစ်ကြိမ်တွင်လည်း ၁၉၉၈ ခုနှစ်မှ အခြေတည်ခဲ့သော ပုဂံခေတ် အတိတ်ဘဝ ဇာတ်ကြောင်းတို့ကို စာရေးသူ အမှန်တကယ်ကိုယ်တွေ့အိပ်မက်များအပြင် လက်တွေ့အဖြစ်များကို ရေးသား တင်ပြခဲ့ပေသည်။ ယုံကြည်သူတို့အဖို့ရာတွင်တော့ အံ့သြမဆုံး၊ စိတ်ဝင်စားမဆုံးဖြစ်ကြရပြီး မယုံကြည်သူများအဖို့ စာရေးသူသည် ရသဂန္ထရစာရေးဆရာတစ်ယောက်ဖြစ်သောကြောင့် စိတ်ကူးယဉ်ရေးဖွဲ့သည်၊ စာဖတ်ပရိသတ်များကို ကလေးလေးများဟု ယူဆပြီး ပုံပြောသည်ဟု ထင်မှတ်ကြပေလိမ့်မည်။

အကယ်၍ ထိုအကြောင်းအရာတို့သည်သာ အဖြစ်မှန်တို့မဟုတ်ခဲ့လျှင်၊ စစ်မှန်သောအကြောင်းအရာတို့မဟုတ်ခဲ့လျှင် အကျိုးတရားဖြစ်သော ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်စေတီတော်ကြီးပေါ် ပေါက်လာမည်၊ တည်ထားကိုးကွယ်နိုင်မည်မဟုတ်ပါ။ စာရေးသူတင်ဆက်ခဲ့သောအတိတ်ဘဝအကြောင်းတို့ မှန်ကန်ခဲ့၍ ထိုအကြောင်းအရာတို့၏ ရလဒ်အဖြစ် အကျိုးတရားဖြစ်သော ရွှေကံကူစေတီတော်မြတ်ကြီးကို ခမ်းနားထည်ဝါစွာတည်ထားနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ယခုလည်း စာရေးသူသည် ပုံပြင်နောက်တစ်ပုဒ်ပြောပြန်ပြီဟု ဆိုနိုင်ပါ၏။ သို့သော် ထိုပုံပြင်သည် စိတ်ကူးယဉ်ပုံပြင်တစ်ပုဒ်တော့ မဟုတ်ပါ။ ၁၉၉၈ တွင် အခြေတည်၍ ၂၀၁၆ ခုနှစ်အတွင်း (၁၈) နှစ်တာကာလတွင် ကြုံတွေ့ခဲ့ရသော အိပ်မက်များနှင့် တကယ့်အဖြစ်များတို့ ပေါင်းစပ်၍ ရုပ်လုံးပေါ်ခဲ့သော ဖြစ်ရပ်မှန်ပုံပြင်တစ်ပုဒ်သာ ဖြစ်ပါ၏။ ထိုအရာတို့သည်ကား မှန်ကန်သောအကြောင်းတို့သာဖြစ်ပါ၏။ မှန်ကန်သောအကြောင်းအရာတို့ရှိလျှင် ထိုအကြောင်းတရားတို့၏ရလဒ်ဖြစ်သော မှန်ကန်သောအကျိုးတရားတို့ ဖြစ်ပေါ်လာမည်မှာ ဧကန်မလွဲဟု ယုံကြည်မိပါ၏။ ထိုသို့ဆိုလျှင်ဖြင့် စာရေးသူသည် မိမိထံတွင် မှန်ကန်သော အကြောင်းတရားတို့ကို ဆုပ်ကိုင်ထားပြီးဖြစ်၍ အုန်းတကူးတောင်ပေါ်တွင် စေတီတော်တည်ရေးအတွက် စိတ်အားငယ်ရန်မလို၊ ပူပန်ကြောင့်ကြရန်မလိုဟု မိမိကိုယ်ကိုအားပေးရသည်။ ပဋ္ဌာန်းဆက်၊ ဓာတ်ဆက်၊ စိုက်ဆက်



www.burmeseclassic.com1

www.burmeseclassic.com

ပုဂ္ဂိုလ်ဆက်၊ နဂါးဆက်၊ နတ်ဆက်၊ အကြောင်းဆက်တို့ ပေါင်းဆုံနေပြီဖြစ်ပြီး ရွှေကူဆံတော်ရှင်စေတီတော်ကိုပင် အောင်မြင်စွာ တည်ထားနိုင်ခဲ့ပြီဖြစ်ရာ အုန်းတကူးတောင်တော်ဘုရားသည်လည်း အောင်မြင်ပြီးမြောက်သွားမည်ဟု ယုံကြည်ထားရှိရမည်သာ ဖြစ်ပါ၏။

ထို့ကြောင့် စာရေးသူသည် မိမိကိုယ်သာမိမိ အားကိုးရတော့မည်။ မိမိတွင် ယခုဘဝ စရဏကတော့ အားရလောက်အောင်မရှိပါ။ အတိတ်ဘဝပြုခဲ့သော ဒါနနှင့် အကြောင်းတရားတို့ကိုသာလျှင် အားထားရမည်သာ ဖြစ်၏။ အစ်မတော်၏ စောင့်ရှောက်မှုကိုယူ၍ အတိတ်ဘဝ ပဋ္ဌာန်းဆက်တို့ကို ခေါ်ယူရမည်သာဖြစ်ပါ၏။

ထို့အပြင် စာရေးသူတို့၏ အမိအဘသဖွယ် အားကိုးရပါသော စာရေးသူတို့အား မြင့်မားသောဘဝအခြေသို့ ပို့ဆောင်ပေးတော်မူသော ရွှေကူရုပ်ရှင်တော်မြတ်ကြီး၏ထံတွင်သာ တောင်းဆုပြုရတော့မည် ဖြစ်ပါ၏။ ရွှေကြက်ယက်တောင်ပေါ်တွင် တည်ထားခဲ့သော ရွှေကူဆံတော်ရှင်စေတီတော်တည်ထားနိုင်ခြင်းမှာလည်း ရွှေကူရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်တို့ကြောင့်ပင်ဖြစ်ရာ ယခုလည်း ရွှေကူရုပ်ရှင်တော်မြတ်၏တန်ခိုးတော်ဖြင့် အောင်မြင်မည်ဟု ယုံကြည်မိကာ အားတက်လာမိပါသည်။

ထိုသို့ဖြင့် ၂၉-၈-၂၀၁၆ ရက်နေ့တွင် ရုပ်ရှင်တော်မြတ်သည် တောင်ကြီးမြို့ တန်ရှေ့ရပ် ဦးစံဝင်း-ဒေါ်စန်းစန်းဌေးတို့၏နေအိမ်သို့ ကြွမြန်းရောက်ရှိတော်မူလျက်ရှိပါသည်။ စာရေးသူသည် ထိုနေ့နံနက်တွင် စဉ့်ကိုင်မြို့ တရုတ်စုရပ်ကွက်မှ တပည့်လေး မောင်နိုင်၏ ကားတစ်စီး၊ စဉ့်ကိုင်မြို့ ရန်နိုင်ရပ်မှ တပည့်ကလေး မောင်ဝင်းမော်၏ကားတစ်စီး၊ စဉ့်ကိုင်မြို့ အသည်းစုရွာမှတပည့်လေးမောင်ဝင်းစိုး၏ကားတစ်စီး၊ မန္တလေးမြို့မှတပည့်လေးများဖြစ်သော မောင်ဇော်နိုင်ဝေ-မဝေဝေတို့က ကားတစ်စီး၊ မောင်နိုင်ထွန်းဝင်း-ခင်စိုးကျော်တို့က ကားတစ်စီး စုစုပေါင်း ကား (၅) စီးဖြင့် ရုပ်ရှင်တော်မြတ်ထံ သွားရောက် ပင့်ဆောင်ကြပါသည်။ ကားများတွင် အပိုလူများလည်းပါရှိရာ စုစုပေါင်း လူ (၁၇) ယောက် ဖြစ်ပါ၏။

ဦးစံဝင်း-ဒေါ်စန်းစန်းဌေးတို့သည် လွန်ခဲ့သော (၅) နှစ်မှစ၍ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့ကြသည်ဖြစ်ရာ ယခုဆိုလျှင် (၆) နှစ်မြောက်ရှိခဲ့ပြီဖြစ်ပြီး မယ်တော်ကြီးတို့နှင့်သာမက စာရေးသူနှင့်ပင် ရင်းနှီးလျက်ရှိကြပြီဖြစ်ပြီး ဒေါ်စန်းစန်းဌေးသည် တောင်ကြီး၊ ဟိုပုံး၊ ရွှေညောင်၊ ညောင်ရွှေခရီးစဉ်များတွင် ၎င်း၏ကားကလေးဖြင့် နေရာအနှံ့တွင်လိုက်ပါ၍ မယ်တော်ကြီးတို့၏ ဝေယျာဝစ္စတို့ကို ဆောင်ရွက် ကုသိုလ်ယူလျက်ရှိကာ တောင်ကြီးမြို့ပေါ် ခရီးစဉ်များဖြစ်လျှင် မယ်တော်ကြီးနှင့် အန်တီအေးတို့သည် ကျယ်ဝန်းသန့်ရှင်းပြီး သက်သောင့်သက်သာရှိလှသော ဒေါ်စန်းစန်းဌေးတို့၏နေအိမ်မှာပင် ညအိပ်နားလေ့ရှိပါသည်။

ဒေါ်စန်းစန်းဌေးတို့၏ နေအိမ်မှာ (၄) ထပ်တိုက်ဖြစ်ပြီး ဗိုလ်ချုပ်လမ်းဈေးမီးပွိုင့်မှ အရှေ့ဘက်သို့တက်လိုက်လျှင် တစ်ပြခန့်တွင်တည်ရှိပါ၏။ စာရေးသူတို့ရောက်ရှိသွားချိန်တွင် ဘုရားခန်း၌ ဘုရားဖူးပရိသတ်တို့က အပြည့်ရှိနေပြီး အများစုမှာ သူရဇ္ဇစာဖတ်ပရိသတ်များဖြစ်ကြရာ စာရေးသူထံ သစ္စာရေတောင်းခံရန်၊ စာရေးသူအားမြင်ဖူးရန်၊ မိတ်ဆက်ရန် စောင့်စားနေကြသူများဖြစ်ကြောင်း သိရပါသည်။

မယ်တော်ကြီးက နောက်လိုက်များစွာနှင့်ရောက်ရှိလာသော စာရေးသူအား -

"မင်းကတော့ လာလိုက်ရင် တပည့်တွေအများကြီးပါလာတာပဲ။ ကောင်းတယ်ကွယ်"

ဟု နှုတ်ဆက်လိုက်ပြီး -

"မင်းကို ဝမ်းသာစရာစကားပြောရဦးမယ်။ မင်းတည်မယ့် အုန်းတကူးဘုရားမှာ ခိုင်ခိုင်ဝင်းတို့က ဥသိုလ်ပါလိမ့်မယ်"

ဟု ပြောပါသည်။

စာရေးသူသည် အနည်းငယ်တော့ ဝမ်းသာသွားပါသည်။ စာရေးသူ၏ဘုရားမှာ ကုသိုလ်ပါဝင်မည်ဆိုရုံမျှနှင့် မပြီးပါ။ ကုန်ကျငွေမှာ များပြားမည်ဖြစ်၍ မ,တည်ငွေ သိန်း (၁၅၀၀) ကျော်မျှရှိမှဖြစ်ပါလိမ့်မည်။

စာရေးသူကိုစောင့်ဆိုင်းနေသော ပရိသတ်အား စာရေးသူက အိမ်ရှင်မှ ချပေးသော ရေသန့်ဘူးများကို ကိုင်ဆောင်ထားရှိစေပြီး သစ္စာပြုပေးလိုက်ပါသည်။ ထိုအခါ ဧည့်သည်များက စာရေးသူအား ဝတ္ထုငွေများ၊ လုံချည်၊ အင်္ကျီများဖြင့် ကန်တော့ကြပါသည်။ အချို့ကလည်း ရှိခိုးကန်တော့ကြ၏။ ထို့နောက် ပစ္စည်းများသိမ်းဆည်းကြ၏။ မယ်တော်ကြီးက အိမ်ရှင်မိသားစုအား ပင့်ဆောင်ပူဇော်မှုနှင့် လှူဒါန်းပူဇော်မှုအစုစုတို့အတွက် ရေစက်သွန်းချအမျှဝေပေးပါသည်။ ထို့နောက် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်သည်။

ထို့နောက် စာရေးသူတို့မော်တော်ယာဉ်များထွက်ခွာခဲ့ကြရာ ဦးစံဝင်း-ဒေါ်သန်းသန်းဌေးတို့မိသားစုနှင့် အခြားမိသားစုတို့က ကားနှစ်စီးနှင့်လိုက်ပါ၍ ရွှေဘုန်းပွင့်ဘုရားသို့ ထွက်ခဲ့ကြသည်။ ရွှေဘုန်းပွင့်ဘုရားသည် တောင်ကြီးမြို့ပေါ်တွင် မှီးနေသော အမြင့်ဆုံးသော တောင်ပေါ်တွင်တည်ရှိပြီး ယက္ကာန်းစင်တောင်ဆရာတော်ဘုရားကြီးအမိဋ္ဌာန်ပြုသီတင်းသုံးတော်မူခဲ့ပြီး တည်ထားကိုးကွယ်ခဲ့သောစေတီတော် ဖြစ်သည်။ စာရေးသူနှင့်မယ်တော်ကြီးတို့မှဦးဆောင်၍ တောင်ကြီးမြို့မှ သာဝကများနှင့် စာရေးသူနှင့်အတူလိုက်ပါလာကြသော သာဝကများအတွက် သာသနာ့အောင်လံတံခွန်များ လွှင့်ထူပေးခဲ့ကြပါသည်။ ရွှေဘုန်းပွင့်တောင်သည် ဤအနီးတစ်ဝိုက်တွင် အမြင့်ဆုံးဖြစ်၍ တောင်ကြီးတစ်မြို့လုံးကို အပေါ်စီးမှမြင်တွေ့ရသည့်အပြင် အင်းလေးကန်ကြီးသာမက အင်းလေးကန်အတွင်း ရေများစီးဆင်းရာ တောင်တန်းကြီးများနှင့် ရေဆင်းဆင်ခြေလျှောများကိုပါ တွေ့မြင်ရပြီး ရှုမောမဆုံးသည့် သဘာဝပန်းချီကားချပ်သဖွယ်ဖြစ်နေပါ၏။

စာရေးသူသည် အတိတ်ဘဝက ရှမ်းမျိုးနွယ်ဖြစ်ခဲ့ခြင်းကြောင့် ရှမ်းမြေ၊ ရှမ်းတောင်တန်း၊ ရှမ်းမြေ၏ရိုးရာဓလေ့၊ ရှမ်းဝတ်စုံတို့ကို ကြိုက်နှစ်သက်၏။ ရှမ်းခွာနှင့် ရှမ်းအစားအစာများကို ကြိုက်နှစ်သက်ခြင်းဖြစ်ပေလိမ့်မည်။ ကြီးကြီးငယ်ငယ် ရှမ်းဝတ်စုံ၊ ပအိုဝ့်ဝတ်စုံတို့နှင့် အမျိုးသား၊ အမျိုးသမီးတို့ကို မြင်တွေ့ရလျှင် ကြည့်၍မဝအောင်ဖြစ်ရပါသည်။

ယခုနှစ် ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်း၊ တောင်ကြီး၊ ဟိုပုံး၊ လွယ်လင်၊ ကျိုင်းတုံ၊ ညောင်ရွှေခရီးစဉ်သည် တစ်လခန့်သာ ကြာမြင့်သော်လည်း စာရေးသူသည် (၅) ခေါက်တိတိ နေ့ချင်းပြန်ရောက်ရှိခဲ့ရပြီး သာစည်၊ ယင်းမာပင်၊ ကလောလမ်းမှ တက်ရသည်ထက် ဟံမြင့်မိုရ်ဖို မြို့ကြီး၊ ရွာငံ၊ အောင်ပန်းလမ်းမှတက်ရသည်ကိုပိုနှစ်သက်ရာ (၄)ခေါက်တိတိထိုလမ်းမှပင်တက်ရောက်ခဲ့ပါသည်။ စာရေးသူတို့ အတိတ်ဘဝ ရှမ်းပြည်နယ်တောင်ပိုင်းမှ ထွက်ပြေးခဲ့စဉ်က ထိုလမ်းမှပင်လာခဲ့ကြပေလိမ့်မည်။အဘယ်ကြောင့်ဆိုသော် ပထမဦးဆုံး ထိုလမ်းမှတက်



www.burmeseclassic.com1

www.burmeseclassic.com

ရောက်ခဲ့စဉ်က ဤနေရာ၊ ဤလမ်းခရီးတို့ကိုရောက်ဖူးသွားဖူးခဲ့သည့်သို့ ခပ်ရေးရေးအမှတ်ရနေသောကြောင့် ဖြစ်ပါ၏။

စာရေးသူသည် တပည့်သာဝကအတော်များများအတွက် ရှမ်းပြည်နယ်တောင်ပိုင်းတွင် သာသနာ့အောင်လံတံခွန်များ အကြိမ်များစွာလွှင့်ထူဖြစ်ခဲ့သည်မှာလည်း ထူးခြားလှပါ၏။ အလံလွှင့်ထူရာတွင်လည်း ရှမ်းပြည်နယ်တောင်ပိုင်းတွင် လွှင့်ထူသည့်အခါတိုင်း လူအရေအတွက်များပြားဂကာ သိုက်သိုက်ဝန်းဝန်းဖြစ်နေသည်မှာလည်း ထူးခြားလှပါသည်။

ထိုသို့ဖြင့် စာရေးသူတို့လည်း ည (၁၂) နာရီတွင် စဥ့်ကိုင်မြို့ အောင်မြေသို့ ပြန်လည်ရောက်ရှိပါသည်။ ရုပ်ရှင်တော်မြတ်အောင်မြေသို့ ပြန်လည်ကြွမြန်းရောက်ရှိတော်မူလာသည်နှင့် နောက်ရက်မှစတင်၍ အောင်မြေ၌ ဘုရားဖူးဧည့်သည်တို့လည်း ရောက်လာကြပြီး အောင်မြေသည် (၉) ရက် (၉)လဗုဒ္ဓပူဇနီယပွဲတော်၏အရိပ်များ ထင်ဟပ်လျက် စည်ကားစပြုလာပြီဖြစ်ပါသည်။ ၉ လပိုင်း ၁၊ ၂၊ ၃ ရက်များတွင်တော့ ရုပ်ရှင်တော်မြတ်သည် မန္တလေးမြို့ မြို့သစ် (၇၁) လမ်း မနော်ဟရီလမ်းနှင့် စိန်ပန်းလမ်းကြားရှိ မောင်ပြည့်ဖြိုးမောင်-မသဇင်ထွန်းတို့၏ နေအိမ်သို့ ကြွမြန်းတော်မူပါသည်။ ဤမိသားစုသည် ရုပ်ရှင်တော်မြတ်အား ပလ္လင်တော်(၃)ကြိမ်လှူခဲ့ဖူးရာ အိမ်ဝိုင်း (၃) ဝိုင်းရရှိပြီး အိမ်ဝင်းတစ်ဝင်းတွင် (၄)ထပ်တိုက်တစ်လုံး ဆောက်လုပ်ခဲ့ကြပြီး ထိုတိုက်ပြီးစီးသောအခါ အမင်္ဂလာ အောင်မြင်ခြင်းအတွက် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြခြင်း ဖြစ်သည်။

၉ လပိုင်း၊ ၃ ရက်နေ့ ညပိုင်းတွင် ရုပ်ရှင်တော်မြတ်သည် အောင်မြေသို့ ပြန်လည်ကြွမြန်းတော်မူခဲ့သည်။(၄)ရက်နေ့မှ စတင်၍ ၉ ရက်၊ ၉ လ ၂၀၁၆ ဗုဒ္ဓပူဇနီယပွဲတော်လည်း စတင်ပြီဖြစ်ရာ အောင်မြေသည် စည်ကားသိုက်မြိုက်၍ နေပြီဖြစ်ပါသည်။ တစ်နေ့ထက်တစ်နေ့ စည်ကား၍လာခဲ့ရာ (၆) ရက်နေ့မှစ၍ ရပ်ဝေးသာဝကရင်းများတဖွဲဖွဲရောက်လာကြသည်။ ထို့နောက် မယ်တော်ကြီးက စာရေးသူနှင့်မိတ်ဆက်ပေးသည်။ စာရေးသူလည်း အမည်နှင့် မတွဲမိသော်လည်း ရွှေကံကူဆံတော်ရှင် ထီးတင်ပွဲတုန်းက ညအိပ်လာရောက်ကြသောသူများ၊ ဝေယျာဝစ္စလာရောက်လုပ်ကိုင်ခဲ့ကြသူများဖြစ်ကြောင်း မှတ်မိပါသည်။ ထီးတင်ပွဲတွင် လာရောက်ကြစဉ်က မယ်တော်ကြီးမှ မိတ်ဆက်ပေးခဲ့သေးသော်လည်း ထိုအချိန်က စာရေးသူသည် ထီးတင်ပွဲအတွက် စိတ်အလုပ်များနေသဖြင့် စာရေးသူ မမှတ်မိလိုက်ခြင်း ဖြစ်ပါသည်။ ယခုမှ ကောင်းစွာမှတ်မိသွားပြီ ဖြစ်ပါသည်။ မောင်မျိုးမင်းနှင့် ခိုင်ခိုင်ဝင်းသည် စာရေးသူအား ကန်တော့ကြပြီး -

"ဆရာ၊ သမီးက ခိုင်ခိုင်ဝင်းပါ"

ဟု မိတ်ဆက်ပြီးနောက် -

"ဆရာ ရွှေကြက်ယက်မှာ ဘုရားတည်တာ အစအဆုံးဘယ်လောက်ကုန်သွားလဲ ဆရာ"

ဟု မေးပါသည်။

သိန်း(၁၀၀၀)ကျော်ကုန်ခဲ့ကြောင်း ပြောလိုက်သောအခါ -

"ဆရာ၊ ဒါဆိုရင် အခုတည်မည့်ဘုရားကိုရော ဘယ်လောက်ကုန်မယ်လို့ မှန်းထားလဲ ဆရာ"

ဟု မေးမြန်း၏။

ထိုအခါ စာရေးသူက နှိုင်းဆဆင်ခြင်၍ မယ်တော်ကြီးကလည်းမ,တည်ပေးမှာမဟုတ်သဖြင့် ခြိုးခြံ၍တည်ရမည် ဖြစ်ကြောင်းပြောလျှင် -

"ဆရာ၊ ဒါဆိုရင် သမီးတို့ အဲဒီဘုရားကို သိန်းတစ်ထောင်လှူမယ်။ အဲဒီထက်မက ကုန်ကျမယ်ဆိုလည်း သမီးတို့ပဲလှူမယ်။ တခြားအလှူရှင်တွေကို လက်မခံနဲ့တော့။ ပန်းအိုးကအစ သမီးလှူမယ်၊ ကုန်ကျသရွေ့ သမီးတို့ပဲ တာဝန်ယူမယ်"

ဟု ပြောလိုက်ပါသည်။

စာရေးသူလည်း အံ့ဩခြင်းနှင့်အတူ ဝမ်းသာမဆုံးဖြစ်ရပါတော့သည်။ အကယ်၍ ခိုင်ခိုင်ဝင်းက စာရေးသူအား ဘုရားတည်ရန် မဟုတ်ဘဲ စာရေးသူကိုယ်ရေးကိုယ်တာလိုရာသုံးရန်ဟု သိန်း (၁၀၀၀) လှူဒါန်းလျှင်သော်မှ ဤကဲ့သို့ ဝမ်းသာမည်မဟုတ်ပါ။ စာရေးသူသည် မယ်တော်ကြီးကိုအားကိုးပြီး ဘုရားတည်မည်ဟု ကြေညာခဲ့ပြီဖြစ်ရာ မယ်တော်ကြီးက ငွေကြေးပါဝင်ပံ့ပိုးမှုမပြုတော့ဟု ဆိုသောအခါ ထိုအုန်းတကူးဘုရားတည်ရေးအတွက် ရက်၊ နေ့စွဲပင် ထည့်သွင်းကြေညာပြီးဖြစ်၍ စာရေးသူတွင် ရတက်မအေးဖြစ်နေချိန်၌ မောင်မျိုးမင်းနှင့် ခိုင်ခိုင်ဝင်းတို့က စာရေးသူအား ပါရမီဖြည့်ကြသည်ဖြစ်ရာ ဝမ်းသာပီတိဖြစ်၍ မဆုံးနိုင်အောင်ရှိရပါတော့သည်။

ထိုအခါ မယ်တော်ကြီးက -

"တကယ်တော့ မင်းဘုရားတည်တဲ့အထဲကို ငွေမထည့်တော့ဘူး ဆိုတာက တကယ်ပြောတာလည်းဖြစ်သလို မင်းရဲ့မသိသေး၊ မရောက်လာသေးတဲ့ ပဋ္ဌာန်းဆက်တွေကိုလည်း အမြန်ဆုံးသိ၊ အမြန်ဆုံးရောက်လာအောင် ပဋ္ဌာန်းကြိုးကိုကိုင်လှုပ်လိုက်တာပဲကွ"

ဟု ပြောပါသည်။

ထို့နောက် ဆက်၍ပြောပြန်သည်မှာ-

"အခု မင်းဘုရားမှာ ဒကာပေါ်သွားပြီဆိုတော့ ငါတို့ ရွှေကြက်ယက်ဘုရားမှာလိုပဲ ရွှေ (၅) ကျပ်သားကို အထိမ်းအမှတ်တံဆိပ်သွန်းပြီး ရွှေဒင်္ဂါးတွေကြမယ်ကွာ"

ဟု ပြောပါသည်။

၉ ရက်၊ ၉ လ ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်နေ့တွင်တော့ ရွှေကံကူတြိဖလထီးတော်တင်ပွဲဆောင်းပါးကိုဖတ်ထားကြသော သူရဋ္ဌပရိသတ်များ ရောက်ရှိလာကြပြီး အုန်းတကူးတောင်တော်တွင် တည်မည့်ဘုရားအတွက် အလှူငွေများကုသိုလ်ပါဝင်ပါရစေဟုဆိုကာ ဦးလေးမောင်-ဒေါ်ခင်ခင်ဌေး သားသမီးမြေးတစ်စု ပုသိမ်မြို့မှ (၁၀၀၀၀) ကျပ်၊ ဒေါ်ခင်ခင်ဆွေ၊ ဒေါ်ဝင်းဝင်းနု ရန်ကုန်မြို့က (၃၀၀၀၀) ကျပ်၊ ဒေါ်ခင်ဆွေမိသားစု တောင်ငူမြို့က (၅၀၀၀၀)ကျပ်၊ ဦးဇော်ဝင်းအောင်-ဒေါ်ခင်လင်း၊ သားကိုသက်နိုင်စိုး စစ်ကိုင်းမြို့က (၉၇၀၀) ကျပ်၊ ဦးထွန်းထွန်းဦး - ဒေါ်မိတင်အောင်မြင့်မိသားစု ရွှေဘိုမြို့က (၂၀၀၀) ကျပ်၊ ဦးသိန်းထွန်း (ရွှေနေကြီး) - ဆရာမကြီး(မြန်မာစာပါမောက္ခ)ဒေါ်ခင်စန်းမြင့် နန်းရွှေ မန္တလေးက (၂၀၀၀) ကျပ်၊ ကိုစိုးမင်းဟန်-မအေးသီတာမိုးနန်းတော်ရှေ့ မန္တလေးက (၃၀၀၀) ကျပ်၊ ဦးသဲမောင် - ဒေါ်ဇာခြည်ပွင့်မိသားစု တောင်ကြီးမြို့က (၅၀၀၀) ကျပ်တို့ လှူဒါန်းသွားကြပါသည်။

ထူးခြားသည်မှာ တစ်ဦးတည်း သိန်း (၁၀၀၀)လှူမည့် မောင်မျိုးမင်းနှင့် မခိုင်ခိုင်ဝင်းတို့သည် လည်းကောင်း အထက်ပါအလှူရှင်များတို့သည် လည်းကောင်း စာရေးသူ နောက်ထပ်ဘုရားတစ်ဆူတည်မည်ဟုသာ သိရှိကြပြီး ထင်ဖော်ပြသောအကြောင်းအရာတို့ကို သိထားကြခြင်းမရှိပါ။ ထိုသို့ ဘာမှသိထားခြင်းမရှိဘဲ ၎င်းတို့၏သဒ္ဓါတရား နှီးနွှောနိုင်ခြင်းမှာပင် ထူးခြားလွန်းလှသောကြောင့် စာရေးသူ အံ့ဩမဆုံးဖြစ်ရ ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်၊ ကျိုက်ထီးရိုးစေတီတော်၊ ပြည်ဆံတော်ရှင် အစ

www.burmeseclassic.com

သော သမိုင်းဝင်တန်ခိုးကြီးဘုရားများကို နိုင်ငံတော်အစိုးရမှ ကြီးမှူးပြီး ပြုပြင်မည်ဟု ရုပ်/သံလိုင်းများနှင့် သတင်းစာတို့မှ ကြေညာလိုက်လျှင် ငွေကြေးတတ်နိုင်သူတို့မှန်သမျှ အလွယ်တကူ ထည့်ဝင်လှူဒါန်းကြမည် ဖြစ်သည်။ ထို့အတူ နိုင်ငံကျော် ဆရာတော်ဘုရားကြီးများ၊ နိုင်ငံကျော်သာသနာပြုပုဂ္ဂိုလ်များမှကြီးမှူး၍ စေတီတော်တည်မည်၊ သာသနိကအဆောက်အအုံတို့ဆောက်လုပ်မည်ဟု ကြေညာလိုက်လျှင်လည်း အလှူရှင်တို့များစွာပေါ်ပေါက်လာမည်သာဖြစ်ပါ၏။ သာမန်လူတစ်ယောက်မျှသာဖြစ်သော စာရေးသူက သမိုင်းဝင်ဘုရားကို ပြုပြင်ခြင်းလည်း မဟုတ်၊ ရှေးဟောင်းဘုရားတစ်ဆူအား ပြုပြင်ခြင်းလည်း မဟုတ်ပါဘဲ သမိုင်းဝင်သာသနာ့နယ်မြေလည်း မဟုတ်သည့် မည်သူမျှလည်းမသိ၊ လူသွားလမ်းပင် မပေါက်သော တောခေါင်ခေါင်ကျလှသည့်နေရာတွင်စေတီတည်သည်ကို ယခုကဲ့သို့အလှူရှင်များပေါ်ပေါက်လာခြင်းမှာ စာရေးသူ၏ အတိတ်ဘဝ၊ ပဋ္ဌာန်းဆက်၊အကြောင်းဆက်တို့ကြောင့်သာဖြစ်ရသည်ဆိုခြင်းမှာ သင့်မြတ်သောယူဆချက်ပင် ဖြစ်ပေ၏။ ထိုသို့မှမယူဆလျှင် မည်သို့သုံးသပ်ပါမည်နည်း။

ထိုအခါမှ စာရေးသူလည်း မောင်မျိုးမင်းနှင့်မခိုင်ခိုင်ဝင်းတို့အား စာရေးသူနှင့် မည်သို့အကြောင်းဆက်နွယ်၍ မယ်တော်ကြီးတို့နှင့်သိရှိပုံ၊ ဤသို့စာရေးသူတည်မည့်ဘုရားကို လှူဒါန်းဖြစ်ပုံတို့ကို မေးမြန်းရပါတော့သည်။ ထိုအခါ ခိုင်ခိုင်ဝင်းက အောက်ပါအတိုင်း စာရေးသူအား ပြန်လည်ပြောပြခဲ့ပါသည်။

ခိုင်ခိုင်ဝင်းသည် ၂၀၁၃ ခုနှစ်၊ သပိုင်းထဲတွင် သူငယ်ချင်းဖြစ်သူမှ [illegible]နေအိမ်သို့ ရွှေကံကူရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်မည်ဖြစ်၍ လာရောက် ဖူးမြော်လှည့်ပါဟု ဖိတ်ကြားသဖြင့် ရွှေကံကူဘုရားသည် ထူးခြားသော [illegible]တော်တို့နှင့် ပြည့်စုံတော်မူသည့် [illegible] သိုက်ဘုရားများကဲ့သို့ ဖူးတွေ့ခွင့်ရရန်လည်းခက်ခဲကြောင်း၊ ဆုတောင်း[illegible]တို့လည်းပြည့်ဝကြောင်းတို့ကို ပြောကြားသည်။ ခိုင်ခိုင်ဝင်းသည် [illegible]ရုပ်ရှင်တော်မြတ်နှင့် ပဋ္ဌာန်းဆက်ရှိမည် ဖြစ်ပါသည်။ ရွှေကံကူ[illegible]ဘွဲ့တော်ကို ကြားလိုက်ရသည်နှင့် ကြက်သီးများထလာပြီး ဖူးတွေ့လိုသော ဆန္ဒတို့ ပြင်းပြစွာဖြစ်ပေါ်လာသည်။ ထို့ကြောင့် ရုပ်ရှင်တော်မြတ် [illegible]အိမ်သို့ ကြွရောက်တော်မူသောအခါ အပြေးအလွှား သွားရောက်ဖူးမြော်ပါသည်။ ခိုင်ခိုင်ဝင်းသည် ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့လိုက်ရသောအခါ ကြည်ညို၍မဝ ဖူး၍မဝအောင်ဖြစ်ရပါတော့သည်။

ရုပ်ရှင်တော်မြတ်အား မိမိနေအိမ်သို့ ပင့်ဆောင် ပူဇော်လိုသောဆန္ဒတို့လည်း ဖြစ်ပေါ်မိပါတော့သည်။ သို့သော် မိမိသည် အိမ်ငှားဘဝနှင့်နေထိုင်ရပြီး မိမိနေအိမ်မှာ ကျဉ်းမြောင်းသည်။ မိမိမှာ ဈေးရောင်းနေရသူဖြစ်သည့်အပြင် ငွေရေးကြေးရေးလည်း ချို့တဲ့လျက် အကြွေးများပင်တင်ရှိနေပါသည်။ ရုပ်ရှင်တော်မြတ်သည် ပင့်ဆောင်ပူဇော်ကြသူတို့အား မည်၍မည်မျှ ဝတ္ထုငွေလှူရမည်ဟုလည်း သတ်မှတ်ထားခြင်းမရှိ သကဲ့သို့ သူဌေးသူကြွယ်များအိမ်မှ ကြွမည်၊ ရာထူးကြီးမားသူများ၏ နေအိမ်တို့တွင်သာကြွမည်ဟုသတ်မှတ်ထားခြင်း မရှိဟု စုံစမ်းသိရှိရသော်လည်း ရုပ်ရှင်တော်မြတ်၏ဂုဏ်နှင့် ထိုက်တန်သော ပူဇော်မှု လှူဒါန်းမှုတို့ကိုပြုလို၏။အသက်အရွယ်ရရှိလျက်နေကြပြီး မနားတမ်းခရီးသွားနေကြရသော မယ်တော်ကြီးနှင့် အန်တီအေးတို့ကိုလည်း သက်သောင့်သက်သာ ကျယ်ကျယ်ဝန်းဝန်း၊ သန့်သန့်ရှင်းရှင်းထားရှိလိုပြီး မယ်တော်ကြီးတို့အား အကျီအဝတ်အစား၊ ဆေးဝါးမှအစ ကုသိုလ်ယူလှူဒါန်းလို၏။ မိမိတွင် ထိုသို့ မဆောင်ရွက်နိုင်သဖြင့် စိတ်အားငယ်မိသည်။ အရာရာပြည့်စုံစွာဖြင့် စိတ်တိုင်းကျ ပင့်ဆောင် ပူဇော်လှူဒါန်းနိုင်သော သူငယ်ချင်းကို အားကျမိ၏။

ထိုအခါ ခိုင်ခိုင်ဝင်းသည် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်နိုင်လောက်သည့်အခြေအနေမရှိသော်လည်း မိမိယူနိုင်သောကုသိုလ်ကိုယူမည်။ ရုပ်ရှင်တော်မြတ်၏ သာသနာတော်လည်း ပြန့်ပွားစေ၊ ဖူးတွေ့ရသူတို့လည်း ကောင်းကျိုးများစွာရရှိစေဟု ရည်ရွယ်ပြီး မိမိ၏ အသိမိတ်ဆွေများကို ရုပ်ရှင်တော်မြတ်အကြောင်း ပြောပြ၏။ ဖူးချင်လိုက်တာဟုဆိုသူတို့ကို စရိတ်ခံ၍ ရုပ်ရှင်တော်မြတ်ထံ ပို့ဆောင်ပေး၏။ အခြားသူတို့ ပို့စရာမရှိလျှင်လည်း ခိုင်ခိုင်ဝင်းတို့ဇနီးမောင်နှံသည် သားလေး မောင်ကောင်းစံသူနှင့်အတူ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူရာ နေအိမ်တိုင်းသို့ သွားရောက်ဖူးမြော်၏။ ထိုအခါ အကြိမ်များစွာရှိသောအခါတွင်တော့ အန်တီအေး၊ မယ်တော်ကြီးတို့သည် ခိုင်ခိုင်ဝင်းတို့ ဇနီးမောင်နှံနှင့် ရင်းနှီးသွားပါတော့သည်။

ခိုင်ခိုင်ဝင်းသည် ရုပ်ရှင်တော်မြတ်ကို လာရောက်ဖူးမြော်သည့်အခါတိုင်း တပည့်တော်သည် ရွှေကံကူရုပ်ရှင်တော်မြတ်ကြီး၏ သာသနာတော်ကြီးကို အကြီးမားဆုံးလှူဒါန်းထောက်ပံ့နိုင်သူဖြစ်ရပါစေ၊ ရွှေကံကူသာသနာပြုမယ်တော်ကြီး အန်တီအေးနှင့် ဆရာဘိုဘိုတို့ကို သာသနာနှင့်ပတ်သက်ပြီး လိုအပ်သမျှ ပါရမီဖြည့်ဆည်းနိုင်ပါရစေဟုဆုတောင်းပါသည်။ မယ်တော်ကြီးနှင့် အန်တီအေးတို့သည် ခိုင်ခိုင်ဝင်း၏ ရုပ်ရှင်တော်မြတ်အပေါ် ကြည်ညိုမှုကို သိရှိရသောအခါ ခိုင်ခိုင်ဝင်းအားချီးမြှောက်လိုသည်ဖြစ်၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ခွင့်ပေးရန် စိတ်ကူးဖြစ်ပေါ်လျက်ရှိကြ၏။ ထိုညမှာပင် အိပ်မက်ထဲတွင် ခိုင်ခိုင်ဝင်းတို့နေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာ၏။ မောင်မျိုးမင်းနှင့် ခိုင်ခိုင်ဝင်းတို့သည် ဝမ်းသာပီတိဖြစ်၍မဆုံးနိုင်အောင်ရှိနေကြပြီး မိမိတို့တတ်အားသမျှဖြင့် အကောင်းဆုံး ပင့်ဆောင်ပူဇော်ကြမည်ဟု ဆုံးဖြတ်ကြပြီးလျှင် မယ်တော်ကြီးတို့ထံသွားရောက်၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်လိုပါကြောင်း ပန်ကြား၏။ ထိုအခါ အန်တီအေးနှင့် မယ်တော်ကြီးတို့က တစ်နေ့တစ်ညတာပင့်ဆောင်ပူဇော်ခွင့်ပေးလိုက်ကြပါသည်။

သို့ဖြင့် မောင်မျိုးမင်းနှင့် ခိုင်ခိုင်ဝင်းတို့သည် ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ခွင့်ရရှိသွားကြပြီး ဆန္ဒပြည့်မြောက်သွားပါတော့သည်။ ဝမ်းမြောက်ပျော်ရွှင်ပီတိဖြစ်၍မဆုံးနိုင်အောင်ဖြစ်ရပါတော့သည်။

ရုပ်ရှင်တော်မြတ်ပင့်ဆောင်ပူဇော်ပြီးသည့်နောက်တွင် အလုပ်အကိုင်၊ ငွေရေးကြေးရေးများ အဆင်ပြေတိုးတက်အောင်မြင်ခဲ့သည်။ အကြွေးများလည်း ကျေသွားခဲ့သည်။ အခြားသောလုပ်ငန်းလမ်းကြောင်းသစ်တို့လည်း ပေါ်ပေါက်လာခဲ့သည်။ ခိုင်ခိုင်ဝင်းတို့သည် ၂၀၁၅ ခုနှစ်တွင်မှ ပင့်ဆောင်ပူဇော်ခွင့်ရရှိကြပြီး စီးပွားရေးများထောင်တက်လာခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ရန်ကုန်ခရီးစဉ်တွင်လည်း ပင့်ဆောင်ပူဇော်ခွင့်ရရှိခဲ့ပြီး ၂၀၁၆ ခုနှစ်ထဲမှာပင် မော်လမြိုင်၊ ဘားအံ၊ ကော့ကရိတ်ခရီးစဉ်မှအပြန် မော်လမြိုင်မြို့သို့သွားရောက်ပင့်ဆောင်၍ ၎င်းတို့လက်ရှိနေထိုင်ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်လမ်းသွယ်(၃)၊



www.burmeseclassic.com1

www.burmeseclassic.com

အမှတ်-၆/၈- (၄) လွှာ နေအိမ်တိုက်ခန်းသို့ ပင့်ဆောင် ပူဇော်ခဲ့ကြပါသေးသည်။

"ဆရာရယ်၊ သမီးဟာ ဘုရားကြီးကို ပင့်ဆောင် ပူဇော်ပြီးတဲ့နောက်မှာ အလုပ်တွေပိုပြီးတော့အောင်မြင်လာတာ။ ဘုရားကြီးကို ပထမဆုံးဖူးပြီးတဲ့အချိန်ကစပြီး အဆင်ပြေလာခဲ့တာ။ ဒါကြောင့် ဘုရားကြီးက သမီးတို့ကိုမ,တယ်၊ စောင့်ရှောက်တယ်၊ ဘုရားကြီးနဲ့ ပဋ္ဌာန်းဆက်၊ အကြောင်းဆက်တို့ပါရှိတယ်ဆိုတာယုံတယ်။ ဘာမဆို ဘုရားကြီးကို တိုင်တည်လိုက်ရင် အဆင်ပြေတာ အောင်မြင်တာချည်းပဲ။ မနှစ်ကစပြီး ဘုရားတည်ချင်တဲ့ဆန္ဒတွေဖြစ်နေမိတယ်။ ဘယ်မှာတည်မယ်၊ ဘယ်လိုဘုရားတည်မယ် ဆိုတာတွေလည်း မသိဘူး။ အခုလောလောဆယ်မှာ သမီးက ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်းဒေသတွေနဲ့ ပတ်သက်ပြီး အလုပ်အကိုင်တွေအဆင်ပြေပြီး ငွေရေးကြေးရေးတွေရရှိခဲ့တာမို့ ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်းတစ်နေရာရာမှာ စီးပွားတွေဖြစ်ထွန်းအကျိုးပြုတဲ့နေရာကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဘုရားတည်ရင်ကောင်းမှာပဲလို့တော့တွေးမိတယ်။ အဲဒီအချိန်မှာ မယ်တော်ကြီးဆီက ဆရာဘိုဘို ဘုရားတည်ဦးမယ်ဆိုတာကို သိလိုက်ရတယ်။ ပြီးတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်းကို အကြောင်းပြုပြီး တည်မယ်လို့လည်း သိလိုက်ရတယ်။ ဒါကြောင့် သမီး ဆရာဘိုဘိုရဲ့ဘုရားကို အစအဆုံးတိုင် တာဝန်ယူမယ်လို့ ပြောလိုက်တာပါပဲ။

"ဆရာ၊ သမီးရဲ့တစ်သက်တာမှာ ဆရာဘိုဘိုနဲ့ မယ်တော်ကြီး အန်တီအေးတို့ရဲ့ ရွှေကံကူသာသနာတော်ကြီးကိုလည်း အင်တိုက်အားတိုက် ပါဝင်ကူညီလှူဒါန်းထောက်ပံ့ချင်တယ်။ ဆရာဘိုဘိုတို့ရဲ့ အခြားသာသနာပြုတဲ့နေရာတွေမှာလည်း အစွမ်းကုန်ပါဝင်ချင်တယ်။ အခုတော့ သမီးရဲ့ဆန္ဒတွေပြည့်ပြီပေါ့ ဆရာ။ လှူဒါန်းနိုင်တဲ့ အခြေအနေကို ရောက်ခဲ့ပါပြီ"

ဟု ပြောပါသည်။

ထိုအချိန်တွင် စာရေးသူ အလံလွှင့်ပေးခဲ့သော တပ်ရင်းမှူးလေးသည်လည်း ရာထူးတိုးမြှင့်သွားပြီဖြစ်၍ စာရေးသူအား ဂါဝရပြုလိုကြောင်းဖိတ်ကြားချက်အရ စာရေးသူ ၎င်းတို့ထံသွားရောက်ခဲ့ရာ ၎င်းတို့သည် စာရေးသူအား အထူးကျေးဇူးတင်ရှိပါကြောင်းပြောကြားရာ -

"အေးကွာ၊ မင်းကို သာသနာ့အောင်လံတံခွန်လွှင့်ထူပေးပြီးတာနဲ့ ငါလည်း အုန်းတကူးတောင်ပေါ်မှာတည်မည့်ဘုရားဒကာပေါ့ ခဲ့တယ်၊ မင်းလည်း မမျှော်လင့်တဲ့ရာထူးရသွားတယ်။ မင်းက လောကီအောင်မြင်မှု၊ ငါကလောကုတ္တရာ ကုသိုလ်ရေးအောင်မြင်မှု ရရှိလိုက်တာပဲကွာ"

ဟု ပြောလိုက်ပါသည်။

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ကျွန်တော်တို့လည်း တတ်နိုင်သမျှကုသိုလ်ပါမှာပေါ့။ ပြီးတော့ အုန်းတကူးနဲ့ အနီးတစ်ဝိုက်ကတပ်တွေကို လုပ်အားပေးလွှတ်ပေးမယ်။ ဆရာစတော့မယ်ဆိုရင်ပြောလေ"

ဟု ပြောပါသည်။

၎င်း၏ဇနီးလေးကလည်း -

"ဆရာ၊ သမီးတို့ကို ပစ်မထားပါနဲ့ဆရာ။ သမီးတို့က တာဝန်ကကြီးသွားတော့ ဆရာတို့ဆီလာချင်ပေမယ့် မလာနိုင်တော့ဘူး။ ရောက်ဒါစဆိုတော့အပြင်ကိုထွက်ချိန်မရဘူးဖြစ်နေလို့ပါ။ ဆရာကပဲ မကြာမကြာကြွလာပေးပါ"

ဟု ပြောပါသည်။

တစ်ဖန် စာရေးသူအလံလွှင့်ပေးခဲ့ရသော ရွှေဘိုမြို့မှတပ်ရင်းမှူးမှာလည်း ကန်တောင်ပေါ်တွင် ရွှေကုမ္ပဏီတည်ထောင်ထားရာ နွယ်ရုံတွင် ၎င်းတို့၏ လုပ်ငန်းခေါင်းဆောင်၏နေအိမ်ရှိသည်။ ၎င်းမှလည်း -

"ဆရာ၊ အုန်းတကူးကိုသွားတဲ့အခါတိုင်း နွယ်ရုံမှာခရီးတစ်ထောက်နားပါ။ -စားရေးသောက်ရေး၊ နေရေးထိုင်ရေးကျွန်တော့်တာဝန်ထားပါ။ ခဏတစ်ဖြုတ်ပဲနားနား၊ မိုးချုပ်လို့ညအိပ်မယ်ဆိုလည်း အိပ်လို့ရတယ်။ ကျွန်တော်တို့ ရွှေတွင်းကိုလည်း မေတ္တာပို့ပေးပါ။ ကျွန်တော်တို့ကလည်း ဆရာဘုရားတည်တာကို တစ်နေရာကနေ ပါရမီဖြည့်တဲ့သဘောပေါ့။ ရွှေတွင်းကြီးအောင်လို့ကတော့ အများကြီးလှူမှာပေါ့ ဆရာ"

ဟု ပြောပါသည်။

အုန်းတကူးရွာတွင် စာရေးသူ ဘုရားတည်မည်၊ တောင်ခြေသို့ ကားလမ်းဖောက်လုပ်ရမည်ဟုသိရှိသွားသော အုန်းတကူးရွာမှ ကိုဝင်းညွန့်ကလည်း-

"ဆရာ၊ လမ်းကိုကြိုက်တဲ့နေရာက ကြိုက်သလောက်ကြိုက်သလိုယူပါ။ ဒီနှစ်ကစပြီး ကျွန်တော် အခင်းတွေကို ရပ်ပေးပါ့မယ်"

ဟု ပြောပါသည်။

တစ်ဖန် ဦးပဥ္စင်းလေးကလည်း-

"ကျုပ်တို့ရွာသားတွေက တောင်ခြေအထိ ကားလမ်းကို တာဝန်ယူပြီး ဖောက်လုပ်ပေးပါ့မယ်"

ဟု ဆိုလာပြန်ပါသည်။

အလွန်တရာခက်ခဲပြီး ပင်ပန်းစွာ တည်ရမည်ဟု ထင်မှတ်ခဲ့သော အုန်းတကူးတောင်ပေါ်တွင် တည်ထားမည့် တောင်ပေါ်စေတီမှာ ယခုမှာမူ အားလုံးရေကန်အသင့်ကြာအသင့် လွယ်ကူပြည့်စုံသွားပြီ ဖြစ်ပါ၏။

စာရေးသူသည် ပထမပုဂံခေတ် နရပတိစည်သူမင်းအကြောင်းကိုလည်း ပုံပြင်တစ်ပုဒ်ပမာ မယုံနိုင်စရာများချည်း ရေးသားဖော်ပြခဲ့ပြီး သို့သော် ထူးခြားသော ဌာပနာပစ္စည်းများစွာ ခမ်းနားထည်ဝါလှသော 'ရွှေကံကူ ဆံတော်ရှင် စွယ်တော်ရှင် ပြဒါးရှင်' စေတီတော်ကို အောင်မြင်စွာ တည်ထားကိုးကွယ်ပူဇော်နိုင်ခဲ့ပြီဖြစ်ပါသည်။ ယခုလည်း ရှမ်းစော်ဘွားများအကြောင်းကို မယုံနိုင်စရာများချည်း ပုံပြင်တစ်ပုဒ်ကဲ့သို့ ရေးသားဖော်ပြခဲ့ပြန်ပါ၏။ သို့သော် ထူးခြားသော ဌာပနာပစ္စည်းများနှင့်အတူ ရွှေကံကူ ဆံတော်ရှင် စွယ်တော်ရှင် ပြဒါးရှင်စေတီတော်တစ်ဆူထပ်မံတည်ထားနိုင်တော့မည် ဖြစ်ပါ၏။

နဂိုက ငွေရေးကြေးရေးအခြေအနေကို ငဲ့ကွက်၍ ၂၀၁၈ ခု၊ ၁၂ လပိုင်း ၃ ရက်နေ့တွင်မှ တည်ထားမည်ဟု ဖော်ပြခဲ့သော်လည်း ယခုမူ အရာရာပြည့်စုံနေပြီဖြစ်သောကြောင့် ၂၀၁၇ ခု၊ (၁၂) ပိုင်း (၃) ရက်နေ့တွင် တည်ထားတော့မည်ဖြစ်ရာ တစ်နှစ်စောပြီးတည်ထားနိုင်တော့မည်ဖြစ်ပါ၏။

လုပ်အားပေးမည့်သူများကလည်း အဆင့်သင့်၊ ထောင့်စုံကဏ္ဍစုံမှ ကူညီဝိုင်းဝန်းပါရမီဖြည့်ကြမည့်သူများကလည်း အဆင်သင့်၊ ငွေလှူမည့်သူအဆင့်သင့်၊ လမ်းအတွက်မြေလှူမည့်သူများကလည်း အဆင်သင့်ရှိနေပြီဖြစ်ပြီး စာရေးသူ ဘုရားတည်မည့်နေ့ရက်ကို အားလုံး စောင့်ကြိုမျှော်လင့်လျက်ရှိပြီ ဖြစ်ပါ၏။ ထိုအထဲတွင် မမြင်အပ်သောပုဂ္ဂိုလ်များလည်း များစွာပါဝင်နေမည်ဖြစ်ပြီး မမြင်အပ်သောပုဂ္ဂိုလ်တို့ကလည်း ပါဝင်ကူညီ ကုသိုလ်ယူပါရမီဖြည့်ကြဦးမည်မှာလည်း သေချာလှပါ၏။

ယခုဆောင်းပါးကို အပြီးသတ် ရေးသားခဲ့သည့် ၂၀၁၆ ခု၊ အောက်တိုဘာလ၏နောက်ပိုင်းတွင်လည်းတော ဘုရားတည်စဉ်၊ ထီးတော်တင်စဉ် လည်းကောင်း ထူးခြားသော အကြောင်း အရာအဖြစ်အပျက်များထပ်မံပေါ်ပေါက်



www.burmeseclassic.com1

www.burmeseclassic.com

တွေ့ကြုံရဦးမည်သာ ဖြစ်ပါ၏။ ထိုသို့ ဖြစ်ပေါ်မှုများရှိလာခဲ့လျှင်လည်း စာရေးသူ၏ ဆောင်းပါးများကို စောင့်မျှော်အားပေးလျက်ရှိသော လေးစားအပ်ပါသော စာဖတ်ပရိသတ်ကြီးအား ထပ်မံဖော်ပြ တင်ဆက်သွားဦးမည် ဖြစ်ပါသည်။

အားလုံးကိုခြုံကြည့်မည်ဆိုလျှင်တော့ ရွှေကျူရုပ်ရှင်တော်မြတ်ကြီး၏ ကျေးဇူးတော်တို့သာဖြစ်ပါ၏။ လောကတွင် သက်တော်ထင်ရှား ဗုဒ္ဓဘုရားတစ်ဆူ ပွင့်ထွန်းတော်မူရန် ခက်ခဲလှသကဲ့သို့ စေတီတော်တစ်ဆူပေါ်ပေါက်လာရေး[illegible]လည်း မလွယ်ကူပါ။ သာမန်စေတီတော်တစ်ဆူတည်ထားနိုင်ရေးမှာပင် မလွယ်ကူဘဲ ထူးခြားသော ဌာပနာပစ္စည်းတို့ဖြင့် ထူးထူးခြားခြား သပ္ပာယ်တော်မူလှသော စေတီတော်တစ်ဆူတည်ထားနိုင်ရေးမှာ ပို၍ပင် မလွယ်ကူနိုင်ပါ။

သို့သော်လည်း စာရေးသူသည် ရွှေကျူရုပ်ရှင်တော်မြတ်ကြီး၏ ကျေးဇူးတော်နှင့် တောင်တော်သခင်မ၏မေတ္တာတော်၊ အတိတ်ဘဝပဋ္ဌာန်းအကြောင်းဆက်တို့ပါရှိခဲ့၍ ကူညီဝိုင်းဝန်းပါရမီဖြည့်ကြသော ဆွေတော်မျိုးတော်တို့၏ကျေးဇူးများကြောင့် တစ်သက်တာတစ်ဘဝတွင် ...တိုင်တစ်ခုအဖြစ် သမိုင်းတွင်ကျန်...ည်ဖြစ်သော အုန်းတကူးတောင်...တွင် ဘုရားတစ်ဆူတည်ထားနိုင်...မည်ဖြစ်ပါ၍ ဝမ်းသာပီတိဖြစ်၍ ...နိုင်အောင်ရှိနေပါတော့၏။

စေတီတော်တစ်ဆူ၊ ရုပ်ပွားတော်...သည် လူနှင့်သတ္တဝါများအတွက် ...သော ကောင်းကျိုးတရားတို့ကို ...ထွန်းစေပါ၏။ အဘယ်ကြောင့်...် သေချာပြန်ပုဂ္ဂိုလ်တို့၏ ပြောပြ...များတွင် ရွှေတိဂုံစေတီတော်၊ မဟာ...ပွားတော်နှင့် အခြားသောစေတီ...တော်တစ်ဆူကို မျက်စိထဲတွင် ...ရသည်နှင့်သေဘောမှကင်းလွတ်...သည်ဟု သိရှိရပါသည်။

...ခုလည်း အုန်းတကူးရွာသူရွာ...နှင့် အခြားသော ခရီးသွားတို့ ...အုန်းတကူးတောင်ပေါ်သို့တက်၍ ...တော်ကို မဖူးမြော်ဖြစ်သည့်တိုင် ...တောရင်းနှင့် တောင်ပေါ်သို့ ...တက် မကန်တော့ဖြစ်သည့်တိုင် ...ရသူတို့၌ စေတီတစ်ဆူပါ...တော့ အသိဖြစ်ပေါ်မိရမည် ... ထိုအသိဖြင့် လှမ်းကြည့်မိ ...မျှော်ကန်တော့သည်နှင့်မခြား ကုသိုလ်ရရှိကြမည်ဖြစ်ပြီး ထိုကျေးဇူးတို့သည် ၎င်းတို့၏ သံသရာဘဝများတွင် များစွာသောကောင်းကျိုးတို့ ရရှိသွားကြမည်ဖြစ်၍ ကောင်းမြတ်လှပါပေ၏။

စာရေးသူတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ပါသောကြောင့် မိမိကိုယ်တိုင်လည်း ဗုဒ္ဓ၏ဩဝါဒ၊ အဆုံးအမတို့ကို အပြည့်အဝလိုက်နာကြရမည်ဖြစ်သည်။ ထိုသို့လိုက်နာကြရခြင်းမှာလည်း မိမိတို့၏လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာများအတွက်သာ ဖြစ်ပါ၏။ မိမိတို့သည် ဗုဒ္ဓ၏ကောင်းမြတ်သောအဆုံးအမ၌တည်၍ ကောင်းကျိုးချမ်းသာများ ရရှိခံစားကြရသောအခါ (၇) ရက်သားသမီးအပေါင်းတို့ကိုလည်း မိမိတို့နည်းတူ ရရှိစေလိုပါ၏။ ထိုသို့ရရှိစေလိုလျှင် ဗုဒ္ဓ၏သာသနာတော်ကြီးတည်တံ့ခိုင်မြဲရန်နှင့် ထွန်းကားပြန့်ပွားရန် လိုအပ်ပါ၏။ ထို့ကြောင့် ဗုဒ္ဓ၏သာသနာရောက်ရှိပြီးသော နေရာဌာနတို့တွင်လည်း ဗုဒ္ဓသာသနာဆက်လက်တည်တံ့ခိုင်မြဲရန်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ဗုဒ္ဓသာသနာမရောက်ရှိသေးသော နေရာဌာနတို့တွင်လည်း ဗုဒ္ဓသာသနာပျံ့နှံ့ရောက်ရှိလာစေရန် ကြိုးပမ်းကြရမည် ဖြစ်ပေ၏။

ထိုလုပ်ငန်းစဉ်များကို ဗုဒ္ဓဘာသာဝင်တိုင်းမှ ကိုယ်စီကိုယ်စီ အုတ်တစ်ချပ်သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်ကြမည်ဆိုလျှင် ဗုဒ္ဓ၏သာသနာတော်ကြီး ကမ္ဘာပေါ်တွင် ထွန်းကားပြန့်ပွား၍ လူအများ၊ သတ္တဝါအများ ကောင်းကျိုးချမ်းသာများ ရရှိကြမည် ဖြစ်ပါသည်။ စာရေးသူသည် ဗုဒ္ဓ၏သာသနာတော်ကြီး ကမ္ဘာတည်သရွေ့တည်တံ့၍ ကမ္ဘာအနှံ့သို့ ပြန့်ပွားစေရေးအတွက် သတ္တဝါများ လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာများ ရရှိစေရေးအတွက် စာရေးသူသည် စွမ်းဆောင်နိုင်သမျှသောတစ်ခန်းတစ်ကဏ္ဍ၊ တစ်နေရာတစ်ဌာနမှ ဗုဒ္ဓ၏သာသနာတော်ကြီးအား အုတ်တစ်ချပ်သဲတစ်ပွင့်မျှ စွမ်းဆောင်နိုင်ခြင်းမျှသာဖြစ်သော်လည်း စာရေးသူ၏ဘဝတွင်တော့ အကြီးမားဆုံးသောစွမ်းဆောင်မှုကြီးဟု ဂုဏ်ယူဝမ်းမြောက်စွာနှင့် ဤဆောင်းပါးရှည်ကြီးဖြင့် မှတ်တမ်းတင် ရေးသားတင်ဆက်လိုက်ပါ၏။

စာရေးသူသည် မသိနားမလည်၍ အတိတ်ဘဝကပြုခဲ့ဖူးသော အကုသိုလ်ဝဋ်ကြွေးတို့ ကုန်ဆုံးပျောက်ပြယ်စေရန် အတွက် ရွှေကြက်ယက်တောင်တော်ပေါ်တွင် ရွှေကူ ဆံတော်ရှင် စွယ်တော်ရှင် ကြိဖလစေတီတော်ကို တည်ထား ကိုးကွယ်ပူဇော်ခဲ့ပြီ ဖြစ်၏။ ယခုလည်း အတိတ်ဘဝက ဤနေရာတွင် ဘုရားတည်မည်ဟု ရည်ရွယ်ခဲ့သည် ဖြစ်သောကြောင့် ထိုဘဝတွင် မတည်လိုက်နိုင်သောအခါ စာရေးသူတွင် သံသရာအကြွေးတင်ခဲ့ရပေ၏။ ထို့ကြောင့် ထိုအကြွေးကိုပေးဆပ်သည့်အနေဖြင့်လည်းကောင်း၊ ထိုအကြွေးတို့ချေသည့်အနေဖြင့် လည်းကောင်း ယခုဘုရားကိုတည်ထား ကိုးကွယ်ပူဇော်မည်ဖြစ်ပါသည်။ ထိုအခါ စာရေးသူတွင် ထိုဘဝက ဘုရားတည်မည်ဟူသောအကြွေးတို့ကျေသွားမည်ဖြစ်ကာ အကြွေးကင်းသောဘဝသို့ ရောက်ရှိမည် ဖြစ်ပါ၏။

ထို့ကြောင့် မယ်တော်ကြီးက -

"ကိုယ့်မှာ သူများကို ပေးစရာအကြွေးတွေ ရှိတယ်၊ ကိုယ်ကိုယ်တိုင်ကလည်း အကြွေးတွေကို ဆပ်ချင်တယ်။ ဒါပေမယ့် များလွန်းတော့ မဆပ်နိုင်ဘူးဖြစ်နေတဲ့သူတွေ၊ ကိုယ့်မှာ သူများဆီက ရစရာရှိတဲ့အကြွေးတွေတောင်းမရဖြစ်နေတဲ့သူတွေ ဘုရားတည်ပြီးသွားရင် အဲဒီဘုရားကိုသွားပြီး ဆုတောင်းကြပါ။ ဆပ်ချင်တဲ့အကြွေးတွေလည်း ဆပ်နိုင်သွားလိမ့်မယ်၊ ရစရာရှိတဲ့ အကြွေးတွေလည်းရလာလိမ့်မယ်။ အကြွေးရှိတာ မကောင်းဘူး။ ပေးထားသူရော ယူထားသူပါ အချိန်ပြည့် ပူပန်နေကြရတော့ တရားအလုပ်ကို ဘယ်မှာဖြောင့်အောင် လုပ်နိုင်တော့မှာလဲ။ တရားအလုပ်မဖြောင့်မှတော့ဘယ်မှာတရားရနိုင်တော့မှာလဲ။ ဒါကြောင့် အကြွေးဟာ သံသရာအရေးတစ်ခုလုံးကိုပါ ဒုက္ခပေးနိုင်တယ်"

ဟု ပြောကြားခဲ့ခြင်းဖြစ်ပါသည်။

- မြတ်ဗုဒ္ဓ၏ သာသနာ ကမ္ဘာအနှံ့သို့ ရောက်ရှိပါစေ၊ ကမ္ဘာတစ်သက် တည်တံ့ခိုင်မြဲပါစေဟု လေးမြတ်စွာ ဆန္ဒပြုအပ်ပါ၏။

(ရွှေကျူရုပ်ရှင်တော်မြတ်ကြီးကိုလည်းကောင်း၊ အုန်းတကူးတောင်ပိုင် အဖေကြီး၊ အမေကြီးနှင့် အစ်မတော်တို့ကို လည်းကောင်း၊ အလှူရှင် မောင်မျိုးမင်းနှင့် မခိုင်ခိုင်ဝင်းကို လည်းကောင်း၊ အခြားသော အလှူရှင်များကို လည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပါရမီဖြည့်ဆည်းကြမည့် ပဋ္ဌာန်းဆက်ညီအစ်ကိုမောင်နှမများကိုလည်းကောင်း စာရေးသူအပေါ်တွင် ကျေးဇူးများစွာကြီးမားလှပါ၏ဟု. . .)

ဘိုဘို(ရွှေကျူ)



www.burmeseclassic.com

www.burmeseclassic.com

မနေ့က ညနေက တပ်ရင်းဌာနချုပ်အရာရှိစားရိပ်သာမှာ ညစာစားပွဲတစ်ခု ကျင်းပဖြစ်ပါတယ်။

ကျွန်တော့်ပါးစပ်ထဲ အာမီရမ်တစ်ခွက်ဝင်သွားပြီဆိုထဲက ကျွန်တော့်ရှိရင်းစွဲစိတ်တန်ခိုးတွေ၊ စိတ်စွမ်းအားတွေ ဆုံးရှုံးသွားပြီဆိုတာ စိတ်ထဲက အလိုလိုသိနေပါတယ်။

၁-၁၀-၁၉၇၀ ရက်စွဲနဲ့ ဖွင့်လှစ်တဲ့ မုဒ္ဒံအခြေစိုက်ကျွန်တော်တို့တပ်ရင်းမှာ ငါးနှစ်တာကာလအတွင်း ဗိုလ်သင်တန်းတက်ခွင့်ရတာ ကျွန်တော်က ပထမဦးဆုံးဖြစ်သလို ရတာခတစ်တိုင်းလုံးမှာလည်း ကျွန်တော်တစ်ယောက်တည်းသာ အရွေးခံရတာဖြစ်လို့ ကျွန်တော့်အတွက် ဂုဏ်ပြုတဲ့ညစာစားပွဲလည်း ဖြစ်ပါတယ်။

အရာရှိ အရာခံ အကြပ်ကြီးအင်အားသုံးဆယ်ဝန်းကျင်သာရှိတဲ့ ညစာစားပွဲမှာ တက်ရောက်သူအားလုံးသောက်သုံးကြပါလျက် ဂုဏ်ပြုခံရသူဖြစ်တဲ့ကျွန်တော်ကိုယ်တိုင်က မသောက်ဖူးလို့ ငြင်းဆန်လို့မသင့်ပါဘူး။ အားနာဖို့လည်းကောင်း၊ ကိုယ့်အထက်အရာရှိတွေကို မလေးစားရာလည်း ရောက်လို့ သောက်ဖြစ်သွားတာပါ။

ကျွန်တော့်အတွက် ဂုဏ်ပြုတဲ့ပွဲဖြစ်လို့ ကျွန်တော်ဝမ်းမသာဘဲရှိပါ့မလား ဗျာ။ ဒါပေမယ့် ကျွန်တော်စိတ်လွတ်လက်လွတ် ရာနှုန်းပြည့်ဝမ်းမသာနိုင်ပါဘူး။ ကျွန်တော်ကြိုးပမ်းအားထုတ်လို့ရရှိတဲ့ စိတ်တန်ခိုး၊ စိတ်စွမ်းအားတွေ ဆုံးရှုံးသွားပြီဆိုတာ စိတ်ထဲကသိနေလို့ပါပဲ။

ကျွန်တော် ထင်တဲ့အတိုင်းပါ။ ကျွန်တော် ဒီနေ့မနက် အိပ်ရာကနိုးလာတဲ့အထိ အိပ်မက်လိုလို တကယ်လိုလို အကြားအမြင်တွေ ကွယ်ပျောက်ပြီး လေးလံထိုင်းမှိုင်းနေပါတယ်။

ကျွန်တော့်ဆရာကို ရာသက်ပန်အရက်မသောက်ပါဘူးလို့ ကတိခံထားပါတယ်။ ကျွန်တော့်ကတိတည်ခဲ့လို့လဲ တန်ဖိုးဖြတ်လို့မရတဲ့ စိတ်စွမ်းအား၊ စိတ်တန်ခိုးကို ပိုင်ဆိုင်ထားခြင်းပဲ ဖြစ်ပါတယ်။

ဆရာ့ကိုပေးထားတဲ့ ကတိပျက်ယွင်းသွားပြီဖြစ်လို့ ဘယ်လိုပဲ ကြိုးစားအားထုတ်ပေမယ့် ပြန်လည်ရရှိတော့မှာ မဟုတ်ပါဘူး။

■

ကျွန်တော်ရဲ့ စိတ်တန်ခိုးဟာ ကျွန်တော် တစ်ဦးတစ်ယောက်တည်းကွက်ပြီး အကျိုးခံစားခွင့်ရှိတာမဟုတ်ဘဲ ကျွန်တော့်တပ်စုတပ်ခွဲတပ်ရင်းရှိ ရဲဘော်အားလုံးအတွက်ပါ အကျိုးဖြစ်ထွန်းစေတဲ့ ပညာရပ်ပါ။

ကျွန်တော် မနက် အိပ်ရာမထခင် (၅) နာရီဝန်းကျင်လောက်မှာ အိပ်မက်လိုလို တကယ်လိုလို အာရုံထဲရောက်လာပါတယ်။ အဲဒီအမြင်အာရုံဟာ မိနစ်ပိုင်းတောင် မရှိတတ်ဘူးထင်ပါတယ်။

# ရှစ်ခွင်ကျော်-ဖောင်တော်သီ
## ဆုံးရှုံးသွားသောစိတ်စွမ်းအား



www.burmeseclassic.com1

www.burmeseclassic.com

ဒါပေမယ့် အဲဒီအချိန်တိုလေးအတွင်းမှ တော၊ တောင်၊ လျှို၊ မြောင်၊ ချောင်းတွေမြင်ရပါတယ်။ အဲဒီအမြင်အာရုံဟာ ကျွန်တော်တို့ တပ်စစ်ကြောင်းတစ်နေ့တာလှုပ်ရှားမှုရဲ့လက်တွေ့ကျတဲ့ မြင်ကွင်းတွေဖြစ်နေတတ်ပါတယ်။

ရထားကားအမြဲစီးနေကျခရီးသည်လို ရန်ကုန်ဘူတာကြီးပြီးရင် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား အစဉ်လိုက်မြင်နေရသလိုမျိုးကြီးပါ။

သွားရင်းလာရင်း စစ်ကြောင်းလှုပ်ရှားရင်း ကျွန်တော့်နားထဲမှာ သေနတ်သံတွေကြားရပြီဆို ငါးမိနစ်၊ ဆယ်မိနစ်အကြာမှာ တိုက်ပွဲဖြစ်တော့တာပါပဲ။

စစ်ကြောင်းလှုပ်ရှားခရီးထွက်ရင်း ကျွန်တော့်ခြေထောက်တွေ ရွှံ့ဗွက်ထဲ ရုန်းရသလို လေးလံသွားပြီဆိုရင်တော့ ကျွန်တော်တို့ရှေ့ပြေးပို့ဂွင့်တပ်စိတ်တပ်စုရန်သူနင်းမိုင်းထိပြီဆိုတာအသိဝင်သလို လက်တွေ့မှာလည်း တကယ်နင်းမိတော့တာပါပဲ။

တိုက်ပွဲဖြစ်မယ့်နေ့မျိုး မိုင်းနင်းမိတော့မယ်ဆိုတဲ့နေ့မျိုးဆို တာဝန်အရှိဆုံးဖြစ်တဲ့ တပ်ရင်းမှူးကို ကျွန်တော်သတင်းပို့တင်ပြပါတယ်။

ကျွန်တော် သတင်းပို့တင်ပြတဲ့နေ့တိုင်း လက်တွေ့ဖြစ်စဉ်နဲ့ တစ်ထပ်တည်းကျတာဆယ်ကြိမ်မကတော့ပါဘူး။ အစကနေ နောက်ဆုံးသတင်းပို့တင်ပြတဲ့နေ့အထိ ကျွန်တော့်ကို တစ်ချက်ငဲ့စောင်းမကြည့်ပဲ ကွမ်းစားမပျက် ဆေးတံဖွာမပျက် ပုံစံမပျက်တာကြောင့် စိတ်မကောင်းဖြစ်ရတာတော့ အမှန်ပါ။

ကျွန်တော်ပြောတာ မယုံတဲ့သဘော၊ ကျွန်တော်စကားကို အရေးမထားအရာမသွင်းတဲ့သဘော ဒီလိုအတွေးဝင်အထင်ရှိပြီး လက်လျှော့ချင်စိတ်ဝင်ပါတယ်။

■

၁၉၇၄ ခုနှစ်၊ မိုးတွင်းကာလ။

ကျွန်တော်တို့တပ်ရင်းစစ်ကြောင်းကရင်ပြည်နယ်ဘက်ကို စစ်ဆင်ရေးဝင်ရပါတယ်။ မိုးတွင်းကာလလည်းဖြစ်၊ ရက်မအား လှုပ်ရှားရတာကြောင့် ရဲဘော်တွေ ဖျားတာနာတာတွေဖြစ်လာပါတယ်။

အဖျားအနာ ရဲဘော်တိုင်းမခံစားရပေမယ့် သဲဝဲစားတဲ့ဒဏ်ခံရတာတော့ ဘယ်ရဲဘော်မှအလွတ်မပေးပါဘူး။ ခြေလှမ်းတိုင်းဟာ အသဲခိုက်အောင်နာကျင်လှပါတယ်။ ခြေဖဝါး၊ ခြေချောင်း၊ ခြေဖမိုး၊ ခြေမျက်စိအထက် ငါးလက်မလောက်အထိ (တောစီးဖိနပ်စွပ်ရာအဆုံး) သဲဝဲစားခံရတာပါ။ စစ်ဖိနပ်ချွတ်ပြီးကြည့်လိုက်ရင် မီးလောင်ဒဏ်ရာက ရေကြည်ဖုခွာထားသလို သွေးစိမ်းတွေ





www.burmeseclassic.com1

www.burmeseclassic.com

ထွက်ပြီး အသားနီလန်နေပါတယ်။

အဖျားရောဂါဝင်၊ ခြေထောက်တွေ သဲဝဲစား၊ စစ်ပန်းလာလို့ ကြာအင်းဆိပ်ကြီး မြို့ကိုဝင်နားခွင့်တစ်ပတ်ပေးပါတယ်။

မြို့ပေါ်တက် အနားယူ၊ ဆေးကောင်းဝါးကောင်းတွေနဲ့လိမ်း၊ သောက်ဆေးတွေနဲ့စားတော့လည်း သုံးရက်အကြာ လန်းလန်းဆန်းဆန်းနဲ့ လမ်းလျှောက်နိုင်ပါတယ်။ ပျောက်ချင်တော့လည်း အမြန်သားပါပဲ။

■

ကျွန်တော့်အကျင့်က ကိုယ်မရောက်ဘူးတဲ့ မြို့ရွာအရပ်ဒေသဆီ လမ်းတကာလှည့်လေ့လာတတ်ပါတယ်။

ကြာအင်းဆိပ်ကြီးအရှေ့ဘက်ရှိ ကြခတ်ငူရွာအထွက် လမ်းမြို့စွန်လောက်က အိမ်တစ်အိမ်မှာ နတ်သျှင်နောင်သီချင်းကို ဝါးပတ္တလားနဲ့ ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်လို့သာယာနာပျော်ဖွယ်ရှိတာနဲ့ အနုပညာအခြေခံရှိတဲ့ ကျွန်တော်ဟာ အသိမိတ်ဆွေဖွဲ့ဖို့ အိမ်ထဲဝင်ပါတယ်။

နာမည်က ဦးလူတော်။ အလုပ်က မြို့နယ်လဝကမှူး၊ ဇာတိက မန္တလေး။ ဗုဒ္ဓဘာသာမြန်မာမိသားစု ဖြစ်ပါတယ်။

(၃)၊ (၄) ရက် ဆက်တိုက်လည်ပတ်ရင်း စကားစပ်မိရာက စိတ်စွမ်းအား၊ စိတ်တန်ခိုးအကြားအမြင်ရစေတဲ့သမထ ထိုင်နည်းကို ဖောက်သည်ချပြောပြပြီး လက်တွေ့ကိုယ်ကျင့်ဖို့ပါ တိုက်တွန်းပါတယ်။

အိမ်လိုချင်တာအိမ်၊ စိန်လိုချင်စိန် ဖြစ်စေတယ်လို့ ညွှန်းပေမယ့် လိုချင်တပ်မက်စိတ်မထားဘဲ လေ့လာတဲ့သဘောနဲ့ ကျင့်ပါတယ်။ ဘာမှမခက်ခဲလို့ပါ။

သက်သာသလိုထိုင် လျှောင်းပြီး ခေါင်းမှခြေဖျားထိ အာရုံပြုပြီး အကြောတွေစိတ်နဲ့ လျှော့ချလိုက်ရပါတယ်။

စိတ်တည်ငြိမ်အောင်ထားပြီးပြီဆိုရင် နှာသီးဖျားအာရုံပြုပြီး ဆယ်စက္ကန့်ကြာ အသက်ကိုလေးလေးမှန်မှန်ရှူသွင်းရပါတယ်။

အာရုံမပျက်ဘဲ အဆုတ်ထဲက လေကို ဆယ်စက္ကန့်အောင့်ထားရပါတယ်။ ပါးစပ်က လေဆယ်စက္ကန့် လေကို ဖြည်းညင်းစွာ မှုတ်ထုတ်ရပါတယ်။ တစ်ကြိမ်စက္ကန့်သုံးဆယ် တစ်မိနစ်နှစ်ကြိမ်နဲ့ ဆယ်ကြိမ်က စကျင့်ရပါတယ်။

မနက်အိပ်ရာမထခင်နဲ့ ညအိပ်ရာဝင် ဆယ်ကြိမ်ကျင့်ပါတယ်။ ပျမ်းမျှတစ်ချိန်ကို (၅၊ ၆၊ ၇) ကြိမ်ထက်ပိုပြီး အာရုံမရပါဘူး။ (၃၊ ၄) ကြိမ်လောက်က စိတ်အာရုံပြောင်းသွားလို့ပါ။

တစ်ပတ် ဆယ်ရက်ထူးခြားမှုမရပေမယ့် အကြိမ်တိုးကျင့်ကြည့်ပါတယ်။ စိတ်ထဲမှာ အလုပ်မရှိအလုပ်ရှာ အချိန်ဖြုန်းခြင်း အစမ်းသဘောလို့ ခံယူခြင်းသဘောထားလို့လားတော့မသိ အောင်မြင်မှုမရပါ။

တစ်လပြည့်အောင်တော့ လေ့ကျင့်ဖို့ရည်မှန်းထားဆဲ နှစ်ဆယ့်တစ်ရက်မြောက်တဲ့နေ့မှာ တောင်ကြားလမ်းတစ်ခု ဖြတ်သန်းစဉ်မှာ သတင်းရလို့ တောင်ပေါ်က အသင့်စောင့်နေတဲ့ သောင်းကျန်းသူရဲ့ ချုံခိုတိုက်ခံရပါတယ်။

ခေါင်းကိုတိုက်ရင်း အမြီးနဲ့ပတ်၊ အမြီးကိုတိုက်ရင်း ခေါင်းကပတ်၊ ခါးကိုတိုက်ရင်း အမြီးနဲ့ခေါင်းအသုံးပြု မြွေနဂါးဗျူဟာနဲ့ပြန်တိုက်နိုင်လို့ အဆုံးအရှုံးမရှိတဲ့ တိုက်ပွဲတစ်ပွဲမြင်မက်ပါတယ်။ အိပ်မက်လိုလိုတကယ်လိုလိုနဲ့ အဲဒီဖြစ်စဉ်ဟာ အဲဒီနေ့ရဲ့ လက်တွေ့ဖြစ်စဉ်ပါပဲ။

စိတ်တန်ခိုးရရှိခြင်းရဲ့ ပိုင်ဆိုင်မှုအစပါ။

■

တစ်ရက်မှာတော့ တပ်ရင်းတပ်ထောက်အရာခံဗိုလ် (ကျွန်တော်တို့ ဆရာကြီး အာရုံကြူလို့ခေါ်ပါတယ်။) ကျွန်တော်တို့တပ်ရင်းစခန်းကြောင်း ကြာအင်းဆိပ်ကြီးဝင်နားခိုက် အထုပ်အပိုးတွေနဲ့ ရောက်လာပါတယ်။

စုတ်ပြတ်နေတဲ့ တောစီးဖိနပ်တွေလဲပေးဖို့ပါ။

တပ်ရင်းမှူးနဲ့ဆရာကြီး အာရုံကြူ စကားပြောနေရာဟာ ကျွန်တော်ဝါယာလက်စက်ထောင်ထားတဲ့နေရာနဲ့အလှမ်းမကွာလို့ ဘာတွေပြောနေတယ်ဆိုတာ အာရုံစိုက်နားထောင်ရင်း ကြားရတဲ့ အနေအထားရှိပါတယ်။

ဆရာကြီးအာရုံကြူသတင်းပို့တင်ပြတာက တပ်မိသားစုဝင် (၉၊ ၁၀) တန်းအရွယ် ကျောင်းသားလေးတွေ တပ်ရင်းမြောက်ဘက်က ရော်ဘာတောထဲမှာ ဆေးခြောက်ရှူလို့ဝိုင်းဖမ်းပြီး တပ်ရင်းရုံးမှာ တစ်ညအကျယ်ချုပ်နဲ့ထားတဲ့အကြောင်း နောက်နေ့မှာမိဘတွေလက်ထဲ ခံဝန်ကတိနဲ့ပြန်လွှတ်ပေးတဲ့အကြောင်း။

တစ်ပတ်အကြာ ဒီကလေးတွေပဲ သတင်းအရ ကျောက်ကမော့လေးတောင်ခြေ ဘုန်းဘွေးပင်ကြောမှာ ဆေးခြောက်ရှူတာကိုသွားဖမ်းတာ အဖမ်းမခံပဲ ကိုယ်လွတ်ရုန်းပြေးတဲ့အကြောင်း စုစုပေါင်းကလေး (၁၄) ယောက်ပေါ့။

ထွက်ပြေးတဲ့ထဲမှာ ဆရာကြီးအာရုံကြူသား လူရည်ချွန်နှစ်ထပ်ကွမ်း ဆယ်တန်းကျောင်းသားပါ ပါသွားတယ်ဆိုတော့ မိဘနှစ်ပါးလုံးခေါင်းမီးတောက်နေမှာပါ။ မိဘချင်းကိုယ်ချင်းစာမိလို့ မျှဝေခံစားရပါတယ်။

၁၉၇၀ပြည့်နှစ် ကျော်ကာလဟာ မှောင်ခိုခေတ်ပါ။ ဘိန်းဖြူဟီးရိုးအင်း နံပါတ်ဖိုးတန်ဖိုးကြီးမူးယစ်ဆေးဝါးတွေ မြန်မာပြည်ထဲ စိမ့်ဝင်တဲ့ကာလလည်း ဖြစ်ပါတယ်။ ကလေးတွေဟာ တန်ဖိုးကြီး မူးယစ်ဆေးဝါးတွေ ဝယ်မသုံးနိုင်တော့ ဂန်ဂျာ၊ ဆရာကြီးလို့ခေါ်တဲ့ ဆေးခြောက်တွေရှူတဲ့အကျင့်တွေ ကူးစက်ခံရပါတယ်။

"မင်း၊ ဘိုကြီးနဲ့ တိုင်ပင်ကြည့်ပါလား"

တပ်ရင်းမှူးကြီးရဲ့ အကြံပေးစကား ကျွန်တော့်နားထောင်ကျွန်တော် မယုံချင်ပါ။

"ဘိုကြီး၊ ဗေဒင်တွက်တတ်လို့လား ဗိုလ်မှူးကြီး။ ဗေဒင်ကိစ္စနဲ့တော့ မမေးချင်တော့ပါဘူး။ မော်လမြိုင်က ဒိတ်ဒိတ်ကြဲဗေဒင်ဆရာတွေ မေးစမ်းကြည့်ပြီးပါပြီ။ သူတို့ပြောတဲ့ ယတြာတွေချေပါတယ်။ သူတို့ပြောတဲ့နေရာတွေရှာပါတယ်။ အစအနသတင်းတောင် မရပါဘူး"

"ဗေဒင်မဟုတ်ဘူးကွ။ ခုတစ်လောဒီကောင် ကြိုသတင်းပို့တာတွေဟာ တိုက်ဆိုင်မှုရယ်လို့ပြောမရဘူး၊ လက်တွေ့နဲ့တထပ်ထဲဖြစ်နေတယ်၊ ဘိုးတော်လိုလို အကြားအမြင်ရသလို သိပ်မှန်လို့ကွ"

ကျွန်တော့်တစ်ကိုယ်လုံး ခြောက်တက်သွားသလို ခံစားရပါတယ်။ တပ်ရင်းတစ်ရင်းရဲ့ အကြီးဆုံးဖြစ်တဲ့ပုဂ္ဂိုလ်က ကျွန်တော့်အပေါ် အလေးထားလာပြီး အသိအမှတ်ပြုလာပြီဆိုတဲ့ သဘောကြောင့်ပါ။

■

"ဆရာဘိုကြီး၊ တပ်ရင်းမှူးကြီးက မင်းဆီလွှတ်လိုက်တယ်ကွာ"

"ကျွန်တော့်နည်းက ဗေဒင်လက္ခဏာယတြာချေတဲ့နည်းတွေမဟုတ်ဘူး





www.burmeseclassic.com1

www.burmeseclassic.com

## ဒေါ်နေနေနိုင်ရည်(တိုင်းရင်းဆေးပညာ)
## တည်ဥင်းသီးနှင့်တိုင်းရင်းဆေးပညာအကြောင်း
## သိကောင်းစရာ

**မေး။** ဒီတစ်ပတ် သုတအဖြာဖြာ တိုင်းရင်းဆေးအစီအစဉ်မှာ ဆွေးနွေး တင်ပြမယ့်သူကတော့ တိုင်းရင်းဆေး ပညာဦးစီးဌာန သုတသနနှင့် ဖွံ့ဖြိုးရေး ဌာနမှ ဦးစီးအရာရှိ ဆရာမဒေါ် နေနေ နိုင်ရည် (ဖွံ့ဖြိုးရေး) ဖြစ်ပါတယ်ရှင်။

**မေး။** ဆရာမ၊ မင်္ဂလာပါရှင့်။

**ဖြေ။** မင်္ဂလာပါ။

**မေး။** ဆရာမ ဒီတစ်ပတ်မှာ တင်ပြဆွေးနွေးမယ့်အကြောင်းအရာကို လည်း ပြောပြပေးပါဦးရှင်။

**ဖြေ။** ဟုတ်ကဲ့ပါ၊ ဆွေးနွေး မယ့်အကြောင်းကတော့ တည်ဥင်းသီးနဲ့ တိုင်းရင်းဆေးပညာအကြောင်းသိကောင်း စရာဖြစ်ပါတယ်။

**မေး။** ဟုတ်ကဲ့ပါ ပြောပြပေးပါဦး ရှင်။

**ဖြေ။** တည်ဥင်းသီးကို စားသုံးသူ တော်တော်များများစားသုံးကြိုက်နှစ်သက် တဲ့ အစားအစာတစ်ခုအဖြစ် တွေ့ရပါ တယ်။ တည်ဥင်းသီးအုန်းနို့ဆမ်း၊ တည်ဥင်း ဝက်၊ တည်ဥင်းသီးနဲ့ ဝက်သားချက်စား တာတို့၊ တည်ဥင်းသီးပြုတ်ဆီဆမ်းဆားဖြူး စားတာတို့၊ တည်ဥင်းသီးမီးဖုတ်ငါးပိရည် အဖျော်နဲ့တို့စာတို့၊ တည်ဥင်းသီးဆားရည် စိမ်နဲ့ ဒီအတိုင်း အစိမ်းစားတာတွေကို တွေ့ရှိရပါတယ်။ ဒါပေမယ့် တည်ဥင်းသီး ကို စားကောင်းလို့ နှုတ်မြိန်လို့သာစားကြ တယ်။ တည်ဥင်းသီးနဲ့ ပတ်သက်တဲ့ အကြောင်းကိုတော့ သိထားသင့်တယ် ထင်လို့ တန်ဆေးလွန်ဘေးဆိုတဲ့အတိုင်း မဖြစ်အောင် တင်ပြရခြင်း ဖြစ်ပါတယ်။

**မေး။** ဟုတ်ကဲ့ပါ ဆရာမ။

**ဖြေ။** တည်ဥင်းသီးအကြောင်းကို တော့ Internet မှာ၊ စာစောင်တွေမှာပါ သတင်းစာတွေမှာပါ တော်တော်များ များ ဖော်ပြနေတာတွေ့ရပါတယ်။ တိုင်း ရင်းဆေးပညာအရ သိရှိအောင် ကြိုတင် ကာကွယ်မှုလေးတွေသိရှိအောင် ဆရာမ ကပြောပြပေးတာ ဖြစ်ပါတယ်။ (ဟုတ် ကဲ့ပါ) တည်ဥင်းသီးကလည်း အပင်မို့ ရုက္ခဗေဒအမည်ကတော့ Pithecolbium

---

နော် ဆရာကြီးအာရ်ကြူ"

"တပ်ရင်းမှူးကြီး ပြောပြပါတယ်"

"ကျွန်တော့်နည်းက သမထအား နဲ့ စိတ်စွမ်းအားရယူတဲ့နည်း။ လူပျောက် ရှာတဲ့နည်းမဟုတ်လို့ ပြီးတော့ အဲလို တိစ္ဆာတွေရည်စူးပြီးတော့ မလုပ်ဘူးလို့ ကျွန်တော် အာမမခံရဲဘူး"

"အားကိုးပါတယ်ကွာ၊ တို့မိဘတွေ အားလုံးရင်တွေပူပြီး ခေါင်းမီးတောက် နေကြလို့ပါ"

ကလေးမိဘတွေရဲ့ ဝေဒနာ ကျွန်တော့်ဆီကူးစက်လာပါပြီ။

"ကျွန်တော် ကြိုးစားကြည့်မယ်။ အခြေအနေထူးရင် တပ်ရင်းဝါယာလက် စက်ကို အကြောင်းကြားလိုက်မယ်"

"ကျေးဇူးပါပဲ ဘိုကြီးရာ"

■

တစ်ဆယ့်လေးယောက်လုံးသော ကလေးတွေကို ကျွန်တော်မျက်မှန်းတမ်း မိပါတယ်။

ပုံမှန်အကြိမ် (၃၀) အရေအတွက် အပြင် ကလေး (၁၄) ယောက်အတွက် (၁၄) ကြိမ်တိုးပြီး ကျင့်တဲ့လေးရက် မြောက်နေ့မနက် ငါးနာရီဝန်းကျင်မှာ ကျွန်တော့်ထုံးစံအတိုင်း အိပ်မက်လိုလို ထင်ယောင်လိုလိုအမြင်ရပါတယ်။

ကျွန်တော် ပဲခူးမြို့ဘုရားစုံလိုက် ဖူးပါတယ်။ ရွှေမော်ဓောစေတီတော် မြတ်ကြီးကို ရောက်တဲ့အခါ ပန်းရေချမ်း ဆီမီးဆွမ်းပူဇော်ပြီး ကလေး (၁၄) ယောက်ကို တစ်ယောက်ချင်း စိတ်နဲ့ပုံ ဖော်ပြီး မေတ္တာပို့ပါတယ်။

ကျွန်တော် ရွှေမော်ဓောစေတီ တော်မြတ်ကြီးကို လက်ယာရစ်သုံးပတ် ပတ်ပြီး အရှေ့ဘက်စောင်းတန်းကနေ ဟင်္သာကုန်းဘုရားဆီ ဦးတည်သွားပါ တယ်။

ကျွန်တော်တို့ငယ်စဉ်က ကြာမျိုး စုံနဲ့ ကြည်လင်အေးမြတဲ့ ကျိုးရေဟာ လက်တွေ့မြင်ကွင်းမှာတော့ ရေခန်းပြီး ညံပင်တွေ၊ ဗေဒါပင်တွေ၊ ဒိုက်အမှိုက် သရိုက်တွေနဲ့ အကျည်းတန်နေပါတယ်။

ရွှေမော်ဓောဟင်္သာကုန်းစင်္ကြံလမ်း ဟာ ပဲခူးကျုံးတောင်းကို စင်္ကြံတံတား ထိုးထားပါတယ်။

"ဟော - တစ်ယောက် ဟိုမှာတစ် ဖွဲ့ ခပ်လှမ်းလှမ်းမှာ တစ်အုပ်စု"

တစ်ယောက်ချင်းရေတွက်ရာမှာ ပျောက်ဆုံးနေတဲ့ အိမ်ပြေးလေးတစ် ဆယ့်လေးယောက်စလုံး တစုတစည်း တည်း တွေ့ရပါတယ်။ ဘယ်နှနေ့ ဘယ် နှရက်ငတ်ပြတ်နေလဲတော့မသိ။ ဗေဒါ ဒိုက်အမှိုက်တွေ ဖယ်ရှင်းပြီး ရေနည်းငါး၊ ပုစွန်၊ ကဏန်းဖမ်းတာက တစ်ဖွဲ့၊ ညံကိုင်း ခြောက်တွေမီးရှို့ပြီးဖမ်းလို့ရတဲ့ငါးပုစွန် မီးဖုတ်တာကတစ်ဖွဲ့၊ စင်္ကြံတံတားပေါ် မှာ ဗိုက်မှောက်အိပ်စက်နေတာကတစ် ဖွဲ့။

ကျွန်တော် မနက်ခြောက်နာရီ ကောမှာ ဆရာကြီးအာရ်ကြူကို မဲ့ကြေး နန်းစာတစ်စောင် တပ်ရင်းဌာနချုပ်စက် ကို နေရာဌာန ရည်ညွှန်းပြီး အကြောင်း ကြားလိုက်ပါတယ်။

■

ကျွန်တော် ဆရာကြီးအာရ်ကြူ ကို မဲ့ကြေးနန်းပို့လိုက်တာ တနင်္ဂနွေနေ့ မနက်ခြောက်နာရီကောမှာပါ။

တစ်ရက်အကြာ အင်္ဂါနေ့ည (၁၀) နာရီနောက်ဆုံးမှာ ကျွန်တော့် အတွက် မဲ့ကြေးနန်းတစ်စောင်ဝယ်လာ ပါတယ်။

ကျွန်တော့်ရဲ့ဝမ်းသာလှိုက်လှဲမှုကို အဖွဲ့မပြတတ်အောင်ပါဘဲ။

'မောင်ထွန်း၊ အာရ်ကြူမှ ဘိုကြီး အတွက်။

ရည်ညွှန်းနေရာမှ ကလေးအား လုံးပြန်ခေါ်လာ။ တပ်ရင်းဌာနချုပ်သို့ ၂၁၄၀ နာရီရောက်ရှိ'

ယမကာတစ်ခွက်နဲ့လဲလိုက်ရတဲ့ ပညာဖြစ်လို့ နှမြောတသယူကျုံးမရဖြစ် နေဆဲပါ။

ချစ်ခွင်ကျော်-ဗောင်းတော်သီ



www.burmeseclassic.com1

www.burmeseclassic.com

Lateeum သို့ခေါ်ပြီး အင်လိုတော့ Djenkol Bean ဖြစ်ပါတယ်။ ပေါက်ရောက်တဲ့ဒေသတွေကတော့ ပြည်တွင်းမှာ ရခိုင်၊ ကရင်၊ ပဲခူး၊ ရွှေကျင်၊ သံတောင်ကြီး၊ မော်လမြိုင်တွေမှာ အများဆုံးပေါက်ရောက်ပါတယ်။ စိုက်ပျိုးပင်အဖြစ် တွေ့ရပါတယ်။ တိုင်းရင်းဆေးပညာအလိုအရတော့ တညင်းသီးမှာ ကြေကျက်ခဲတဲ့ဓာတ်တွေ ပါပါတယ်။ အာယုဗ္ဗေဒအရ လေသလိပ်အားကြီးပါတယ်။ ဒေသနာအရကတော့ အာပေါအာဗန္ဓနစာဖြစ်ပါတယ်။ စေးထန်းဖွဲ့စည်းတဲ့အတွက် အပေါက်အခေါင်းတို့ကိုပိတ်စေပြီး အာကာသဓာတ်ပိတ်စေပါတယ်။ အပွင့်ဓာတ်မရတဲ့အစားအစာ ဖြစ်ပါတယ်။

ဒါကြောင့် တညင်းသီးစားရင် အစာမကြေသလိုဖြစ်ပါတယ်။ လေးတယ်။ သွေးလေစီးဆင်းမှုကို တားမြစ်ပေးတယ်။ ဒါကြောင့် အကျိုးပြုခြင်းထက် အပြစ်မှုခြင်းက ပိုများပါတယ်။ တညင်းသီးဟာ လေးတဲ့ဂုဏ်၊ အစာမကြေတဲ့ဂုဏ်ရှိတဲ့အတွက် အထက်ကိုတက်စေပါတယ်။ ဒါကြောင့် သမ်းဝေခြင်း၊ ခေါင်းဇက်လေးခြင်း၊ ထိုင်းမှိုင်းလေးလံခြင်းကိုဖြစ်စေတဲ့အတွက် ငယ်ရွယ်သူ၊ ဝမ်းမီးဓာတ်ကောင်းသူမှလွဲပြီး အသက်ကြီးသူတွေ မစားသင့်ပါဘူး။ အနောက်တိုင်းဆေး သိပ္ပံအမြင်အရတော့ တညင်းသီးမှာ အဆိပ်ဓာတ်တစ်မျိုးပါတယ်လို့ တွေ့ရှိထားပါတယ်။ ဒီအဆိပ်ဓာတ်ကြောင့် စားသုံးတဲ့သူတွေကို toxic ဖြစ်စေပါတယ်။ အဓိကအားဖြင့် ကျောက်ကပ်ပျက်စီးစေနိုင်တဲ့အဆိပ်မျိုးပါ။ တညင်းသီးကို စားသောက်လိုက်တဲ့အခါ မတည့်သူတွေအနေနဲ့ ရုတ်တရက် ခံစားမှုတွေဖြစ်ပေါ်စေပါတယ်။ ဒါတွေကတော့ ဆီးထဲသွေးပါမယ်။ ဆီးသွားရခက်ခဲမယ်။ ဝမ်းဗိုက်ထိုးအောင့်မယ်။ ခါးကိုက်ခါးနာမယ်။ အန်မယ်။ ဝမ်းသွားမယ်။ နာတာရှည်ရောဂါအနေနဲ့ကတော့ ဆီးသွားရင် ဆီးပျစ်ပြီးအနည်ပါမယ်။ ဆီးထဲမှာ အသားဓာတ်တွေပါလာမယ်။ ကျောက်ကပ်လုပ်ငန်းတွေပျက်စီးလာမယ်။ ဆီးလမ်းကြောင်းမှာ ကျောက်တည်မယ်။ ဆီးလမ်းကြောင်းပိတ်ခြင်း၊ ဆီးလမ်းကြောင်းရောင်ခြင်း၊ သွေးတိုးခြင်း၊ ရောဂါလက္ခဏာတွေဟာ ရှုပ်ထွေးလာပါမယ်။ အဓိကကတော့ သွေးကြော၊ လေကြောတွေပိတ်ပြီးတော့ အကြောတင်း၊ အကြောတက် သွေးပျစ်လာမယ်။ ကျောက်ကပ်လုပ်ငန်းပျက်စီးတဲ့အတွက် အသက်ကိုအန္တရာယ်ပေးနိုင်ပါတယ်။ မစားရင်တော့ အကောင်းဆုံးပါ။

**မေး** ။ ဆရာမရှင့် စောစောက ဆရာမက တန်ဆေး လွန်ဘေးလို့ ပြောသွားပါတယ်။ အဲဒါ တညင်းသီးက တိုင်းရင်းဆေးပညာအရ ဘယ်လိုဆေးဖက်ဝင်တယ်ဆိုတာကိုလည်း ပြောပြပေးပါဦးရှင်။

**ဖြေ** ။ ဟုတ်ကဲ့ပါ။ နွယ်မြက်သစ်ပင်မှန်သမျှ သုံးတတ်ရင် ဆေးဖက်ဝင်ပါတယ်။ တညင်းသီးမှာလည်း သူ့နေရာနဲ့သူ အသုံးဝင်ပါတယ်။ တညင်းသီးကို ဆားရည်စိမ်ပြီးစားရင် ဆီးချိုရောဂါအတွက်ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ တညင်းသီးအဆိပ်ဟာ ဆားရည်မှာ အလွယ်တကူပျော်ဝင်နိုင်တယ်လို့ သိရှိရလို့ပါ။ သို့သော် ဆီးချိုရောဂါတွေဟာ အမျိုးမျိုးများတဲ့အတွက် ဆီးလွန်ပြီး ဆီးနဲ့မရှိတဲ့ ရေငတ်တဲ့ဆီးချိုရောဂါမှသာအသုံးပြုပါတယ်။ ဒါတောင် အသီးထက်အခွံပါးက ပိုပြီးဆေးဖက်ဝင်ပါတယ်။ ဒါ့ပြင် တညင်းသီးမှာ အာဟာရဓာတ်ပါဝင်မှုကတော့ ရေငွေ့ဓာတ်၊ အသားဓာတ်၊ ကစီဓာတ်၊ သတ္တုဓာတ်၊ ထုံးဓာတ်၊ မီးစုန်းဓာတ်၊ သံဓာတ်၊ ဗီတာဗင်ဘီဓာတ်နှင့် ဗီတာမင်ဘီဝမ်း၊ ဘီတူးစတဲ့သဘာဝအာဟာရဓာတ်များစွာပါဝင်နေပါတယ်။ တညင်းသီးဟာ ကြိုက်နှစ်သက်သူများအတွက် ခံတွင်းကို မြိန်စေပါတယ်။ အစာစားလိုစိတ်ဖြစ်စေပါတယ်။ တညင်းသီးဟာ ကုန်ခန်းသွားတဲ့အားတွေပြန်လည်ပြည့်ဝစေတဲ့ ရေငွေ့ဓာတ်နဲ့ ခွန်အားကိုများများတိုးတက်ဖြစ်ထွန်းစေနိုင်တဲ့ ကစီဓာတ်များစွာလည်း ပါဝင်ပါတယ်။ မီးစုန်းဓာတ်လည်းအများဆုံးပါဝင်ပါတယ်။ ဒီဓာတ်တွေဟာ သွားနဲ့အရိုးတွေကို သန်မာတောင့်တင်းစေပါတယ်။ ခန္ဓာကိုယ်ပျက်စီးသွားတဲ့ဓာတ်အမျိုးမျိုး၊ သတ္တုဓာတ်အမျိုးမျိုးကို ပြန်လည်ဖြည့်တင်းရတယ်။ တညင်းသီးမှာ သတ္တုဓာတ်နဲ့ အာဟာရဓာတ်တွေပါဝင်နေပေမယ့် အစားများရင် ရုတ်တရက်ကျောက်ကပ်ရောင်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းကို ဖြစ်ပွားစေနိုင်ပါတယ်။ တချို့ဆိုရင် ရုတ်တရက်ကျောက်ကပ်ရောင်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းကို ဖြစ်ပွားနိုင်ပါတယ်။ တချို့ဆိုရင် တညင်းသီးပြုတ် အလုံး (၂၀၊ ၃၀) လောက်ကို တစ်ထိုင်တည်းစားလိုက်မိသူတွေ ဆီးမသွားနိုင်ဖြစ်ကြတယ်။ ဒီအခါမှာ သွေးပေါင်ချိန်တွေတတ်ပြီး စိတ်ဖိစီးမှုများ၊ ဗိုက်အောင့်၊ ခါးကိုက်ပြီး ဆီးမထွက်တဲ့ဒဏ်ကိုပြင်းထန်စွာခံစားရတတ်ပါတယ်။ သွေးတိုးရောဂါအခံရှိသူဆိုရင်ဦးနှောက်သွေးကြောပြတ်ပြီး လေဖြတ်နိုင်ပါတယ်။ ဒါ့ပြင် တညင်းသီးရဲ့ အနံ့အသက်ဟာ အစားစားထားတဲ့သူရဲ့ခံတွင်းမှာ အနံ့နံစေသလို ဆီးရောဝမ်းမှာပါ အနံ့စွဲစေပါတယ်။ တညင်းသီးကိုအလွန်အကျွံမစားဖို့နဲ့ ဖြစ်နိုင်ရင်မစားတာက ပိုကောင်းပါတယ်။ ဒါကြောင့် တန်ဆေးလွန်ဘေးလို့ပြောတာပါ။

**မေး** ။ အကယ်၍ တညင်းသီးစားပြီးရင် ဘယ်လိုပြန်ပြီး ကာကွယ်နိုင်ပါသလဲဆရာမရှင့်။

**ဖြေ** ။ တညင်းသီးစားပြီးရင် ရေများများသောက်ပါ။ အဆိပ်အက်စစ်ဓာတ်တွေပြယ်သွားပြီး ဆီးများများပေါက်လိုက်ရင်ကောင်းပါတယ်။ နောက်ဆက်တွဲရောဂါတွေလည်း မဖြစ်တော့ပါဘူး။ ဒါ့အပြင် အဆိပ်အတောက်ရှိတဲ့ တညင်းသီးကို ရေဖြင့် (၃)၊ (၄) ကြိမ်ထိပြုတ်ပြီး သွန်ပစ်ကာ နောက်ဆုံးပြုတ်ချိန်တွင် ထန်းလျက်နဲ့ဆား သင့်ရုံထည့်ပြီးပြုတ်ပါက အဆိပ်အတောက်ကင်းရှင်းသွားပါတယ်။ အချို့ ထန်းလျက်မရနိုင်တဲ့နေရာတွေမှာ ဆားဖိုလယ်ပြာတိုထည့်ပြုတ်ပြီး အဆိပ်အတောက်ကို ဖယ်ရှားစေနိုင်ပါတယ်။ အစိမ်းတော့ လုံးဝမစားသင့်ပါဘူး။ ဒါ့အပြင် တညင်းသီးစားရင် တညင်းသီးရဲ့အညှာအညှောတ်ပိုင်းက ကျောက်ကပ်ကို အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ဒါကိုဖယ်ထုတ်ပြီး စားရပါမယ်။ သို့သော်ငြားလည်း တညင်းသီးဟာ အကျိုးထက် အပြစ်ကိုပိုဖြစ်စေတဲ့အတွက်ကြောင့် တညင်းသီးကြိုက်သူတွေရော မကြိုက်သူတွေပါ မစားလို့ရရင် မစားသင့်တဲ့အစာပါလို့ ပြောကြားဆွေးနွေးရင်း ဒီမှာတင်ရပ်နားပါဦးမယ်ကွယ်။

**မေး** ။ ဟုတ်ကဲ့ပါ ခုလို မိုးရာသီမှာလှိုင်လှိုင်ပေါတဲ့တညင်းသီးအကြောင်းနဲ့ အဆိုးအပြစ်တွေကို ခွဲခြားပြီးပြည့်ပြည့်စုံစုံ ဆွေးနွေးတင်ပြသွားတဲ့ ဆရာမကို မြန်မာ့အသံက အထူးပင်ကျေးဇူးတင်ရှိပါတယ်ရှင်။


**ဖြေ** ။ ဆရာမကလည်းကျေးဇူးတင်ပါတယ်။

ဒေါ်နေနေခိုင်ဆွေ
(တိုင်းရင်းဆေးပညာဦးစီးဌာန)



www.burmeseclassic.com1

www.burmeseclassic.com




ကံဝင်း

## ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ

# ရွှေပေါက်ကံ့ပတ္တမြားစေတီ

ရွှေပေါက်ကံ့မြို့ကြီးမပေါ်မီက ငမိုးရိပ်ချောင်း၏လက်တက် မန်းချောင်းကမ်းနဖူးမှာ ပတ္တမြားဟုခေါ်သောစေတီလေးတစ်ဆူကရှိနှင့်နေပြီး ဖြစ်၏။

ဓမ္မကထိကအကျော် ဆရာတော်ကြီးတစ်ပါး ဟောကြားတော်မူခဲ့သော 'ဗုဒ္ဓအနှစ် ပတ္တမြားအစစ်' တရားတော်ထဲက လို မြစ်ကမ်းပါးမှာအဝတ်လျှော်ကြတဲ့လူတွေလိုပါပဲ။ တန်ဖိုးကြီးလှတဲ့ ကျောက်စိမ်းရိုင်းတုံးကြီးပေါ်မှာထိုင်ပြီး အဝတ်လျှော်နေပေမယ့် ကျောက်စိမ်းတုံးကြီးဆိုတာလုံးဝသတိမပြုမိကြဘူးစသည့်တရားတော်အား ပြန်ပြောင်းအမှတ်ရမိနေ၏။ ရှေးယခင်က လှည်းကူးမြို့နယ်ပိုင်



စကြာမုနိဘုရားကြီး


ပေါက်တလောက်ရွာနေခဲ့ကြတဲ့ ရွာသူရွာသားလယ်သမားများက ဗုဒ္ဓအနှစ် ပတ္တမြားအစစ်ကို ရှာဖွေမတွေ့ခဲ့ကြပေ။ ပတ္တမြားအစစ်မှန်းသိခဲ့ကြတဲ့ အထက်လမ်းကိုတက်လှမ်းကြမည့်သူတွေ၊ ပုဂ္ဂိုလ်ထူးတွေ၊ ဝိဇ္ဇာလိုင်းလိုက်နေတဲ့ ကျင့်ကြံပွားများအားထုတ်ကြတဲ့သူများကတော့ အလှည့်ကျလာရောက်ကြလျက် အဓိဋ္ဌာန်ပုတီးတွေစိပ်၊ မေတ္တာကမ္မဋ္ဌာန်းတွေရွတ်ဆို၊ မန္တန်ဝိဇ္ဇာခရီးလမ်းကို ကြိုးစားဖြတ်သန်းရင်း ပေါက်ပေါက်ဖြောက်ဖြောက် ခရီးရောက်နေကြသူများကလည်းရှိနေကြ၏။ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ၊ ဝိဇ္ဇာကြီးများကလည်း ကြွရောက်ကြပြီး 'နောင်ပတ္တမြားတည်ရာဘက်အခြမ်းမှာ ပေါက်ကံ့နွယ်ဖွား ပုဂ်အဆက်များရောက်လာပြီး သကာလ ကြက်ပျံမကျစည်ကား ပေါက်ကံ့ရွှေပြည်ကြီးပေါ်ထွန်းဦးမှာ' ဟု မိန့်မှာကြားမှုများရှိခဲ့ကြောင်း ရှေ့မီနောက်မီလူကြီးများ ပြောကြားစကားအရ သိရပါသည်။

မှန်ပါသည်။ ရှေးယခင်က မန်းချောင်းကမ်းနဖူးမှာတည်ထား ပတ္တမြား



www.burmeseclassic.com1

www.burmeseclassic.com



နှစ်ထပ်ပတ္တမြားစေတီတော်




ပတ္တမြားစေတီတော်မှ ပြည်လုံးချမ်းသာရစ်ပွားတော်မြတ်ကြီး

စေတီသို့သွားရောက်ဖူးမြော်ကုသိုလ်တော်ယူမည်ဆိုပါက ဓနိုးချောင်းကိုဖြတ်ပြီးတည်ဆောက်ထားတဲ့ သစ်သားတံတားလေးပေါ်ကဖြတ်သန်းလျှောက်လှမ်းလာပါမှ ပတ္တမြားစေတီသို့ ရောက်ရဖူးရပါသည်။ ဟော - ၁၉၈၉ ခုနှစ်လည်းရောက်ရော အတွင်းရေးမှူး(၂) ဗိုလ်ချုပ်ကြီးတင်ဦးနှင့်အဖွဲ့ရောက်လာပြီး လူကူးသစ်သားတံတားမှ ကားများဖြတ်သန်းကူးလို့ရတဲ့ကွန်ကရစ်အခိုင်အမာတံတားကို တည်ဆောက်၊ လမ်းတွေဖောက်၊ မြို့ကွက်တွေဖော်ထုတ်ပြီး မြို့ကွက်တွေအဝင် တံတားဦးထိပ်မှာ ဆိုင်းဘုတ်တင်လိုက်တာက ပုဂ္ဂိုလ်ထူးကြီးများ ကြိုတင်နိမိတ်ဖတ်ခဲ့တဲ့ ပေါက်ကုံရွှေမြည်၊ မြို့အမည်က 'ရွှေပေါက်ကံမြို့သစ်' ဟူ၍အထင်ကရ ပေါ်ထွန်းတော်မူခဲ့ပါပြီ။

စနစ်တကျဖော်ထားသောမြို့သစ်ကွက်များတွင် ပေါက်ကုံနွယ်ဖွား ပုဂံဆက်များ အခြေချနေလာကြပြီ ဖြစ်ပါသည်။ ပုဂံဆက်များအခြေချနေလာကြပြီဖြစ်တဲ့ပေါက်ကုံမြို့မှာ ပုဂံလမ်းမကြီးက ဦးစွာပထမပေါ်ထွန်းလို့လာပါသည်။ ပုဂံဆက်များပြောရအောင်ပင် အုပ်ချုပ်သူများမှ အစ မြို့သစ်လူကြီးများ ဦးဆောင်ပြီး



ကပ်ကျော်ဘုရားကြီး





www.burmeseclassic.com1

www.burmeseclassic.com

မကြာခဏ ပုဂံသို့ ဘုရားဖူးကုသိုလ်ယူ၊ တရားအလှူတော်ခရီးအဖြစ် ကားကြီးတွေနှင့် ဘုရားဖူးခရီးထွက်ကြ၏။ ပုဂံဘုရားတွေဖူး၍ ဘုရားပျက်တွေဆိုပြုပြင်လှူဒါန်းကြ၏။ အထူးသဖြင့် 'ပုဂံဘုရားအမှတ်၁၈၉၇'ဘုရားကြီးသည် ရွှေပေါက်ကံမြို့သစ်သူမြို့သစ်သားများ၏ အသစ်တစ်ဖန်ပြန်လည်ပြုပြင်လှူ၍ တည်ထားတော်မူသောစေတီတော်ကြီးဖြစ်တော်မူပါသည်။ နှစ်စဉ်နှစ်တိုင်း (ဒီဇင်ဘာလ)တွင် မြို့မိမြို့ဖနာယကလူကြီးများ၊ ဦးထွန်းဦး၊ ဦးအောင်ကြည် (အောင်ရတနာစတိုး) ဂေါပကဥက္ကဋ္ဌဦးမြင့်လွင်တို့ ဦးဆောင်ပြီး လေအိတ်ကားကြီးများဖြင့် ပုဂံဘုရားဖူးကုသိုလ်ယူအလှူတော်အရပ်ရပ်ကို စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုလှူဒါန်းခြင်း၊ ဆွမ်းသပိတ်ကြီးအပြည့်သွားရောက်လှူဒါန်းခြင်းများ ယနေ့ ယခု (၂၀၁၇) ခုနှစ်တိုင် မပျက်မကွက် သွားရောက်လှူဒါန်းခြင်း၊ ပေါက်ကံသူ/သားတို့၏သဒ္ဓါဖွေဖြူပေးလှူမှုကို ဤစာစုဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

■ **ဦးစွာပထမဝတ္တကမြေအဖြစ်အတည်ပြုကြ**


၁၉၈၉ ခုနှစ်တွင် အမှတ် (၂) စစ်ဒေသမှူး ဗိုလ်မှူးကြီးသိုက်ထွန်းမှ ဘုန်းတော်ကြီးကျောင်းများအား တစုတစေးတည်းရှိစေရန်အတွက် (၂၁)ရပ်ကွက်ဘက်သို့ပြောင်းရွှေ့ခဲ့ရာတွင် စေတီအနီးမှ ဦးအဂ္ဂဓဇကျောင်းပါ ပြောင်းကြရပါသည်။ ပတ္တမြားစေတီနှင့် သာသနိကအဆောက်အအုံတချို့သာကျန်ရှိခဲ့သဖြင့် စေတီတော်၏ ဝတ္တကမြေအဖြစ် ယခုပုဂံလမ်းမကြီးမှဆည်မြောင်းဝင်းနံရံအထိ ဝတ္တကမြေအဖြစ် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်မှူးကြီးတင်ဦးမှ သတ်မှတ်ပေးခဲ့ပါသည်။ ထိုစဉ်က ပတ္တမြားစေတီတော်၏ ဉာဏ်တော်မှာ (၉) တောင်ရှိပါသည်။

■ **ဂေါပကအဖွဲ့ စတင်တာဝန်ယူခြင်း**


ယခုလက်ရှိ ဂေါပကအဖွဲ့သည် ၁၂-၁၁-၂၀၀၆ ခုနှစ်၊ နံနက် (၀၉:၀၀) အချိန်မှစ၍ ဂေါပကအဖွဲ့ဟောင်းထံမှ တာဝန်ဝတ္တရားများစတင်လက်ခံခဲ့သော်လည်း ငွေကြေးများလက်ခံရရှိခြင်းမရှိသဖြင့် ရပ်ကွက်အတွင်းသို့ အလှူခံထွက်ရန် သက်ဆိုင်ရာမြို့သစ်အုပ်ချုပ်ရေးအဖွဲ့ထံတင်ပြပြီး ရွှေပေါက်ကံရပ်ကွက်များအတွင်းအလှူခံပြီး ပြုပြင်မွမ်းမံမှုများဆောင်ရွက်ရန် လျာထားခဲ့သော်လည်း



ရွှေပေါက်ကံ ပတ္တမြားစေတီမှ လျောင်းတော်မူဘုရားကြီး



ဆင်ဖြူတော်စံဘုရား



ဓမ္မစကြာတရားဦးဟောပုံ

၅-၈-၂၀၀၇ ရက်နေ့ ညပိုင်းတွင် ဓနုံးချောင်း၏ရေတိုက်စားမှုကြောင့် မြေများနိမ့်ကျပြီး ရုပ်ပွားတော်များ၊ ရုပ်တုများ ပြောင်းရွှေ့နေရာချထားခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့ရပါသည်။

■ **လျောင်းတော်မူရုပ်ပွားတော်**

(၃၆) ပေ × (၂၄) ပေ) ရှိသော ရုပ်ပွားတော်မြတ်ကြီးကိုလည်း မြို့သစ်ရပ်ကွက်များအတွင်း နေ့၊ ညအလှူခံထွက်၍ ရရှိသည့်ငွေများနှင့် အလှူရှင်



www.burmeseclassic.com

www.burmeseclassic.com

များမှ လှူဒါန်းငွေများဖြင့် -

(က) ၁၆-၁၂-၂၀၀၇ ရက်၊ ၁၃၆၉ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့ နံနက် (၀၉:၀၀) နာရီအချိန်တွင် ပန္နက်တင် မင်္ဂလာပြုလုပ်ခြင်း။

(ခ) ၉-၃-၂၀၀၈ ရက်၊ ၁၃၆၉ ခု၊ တပေါင်းလဆန်း ၃ ရက်နေ့၊ နံနက် (၀၉:၀၀) အချိန်မှ စတင်၍ အုတ်မြစ်စီ မင်္ဂလာပြုလုပ်၍ စတင်တည်ထားပူဇော်ခဲ့ပါသည်။

(ဂ) ၂၉-၁-၂၀၁၀ ရက်၊ ၁၃၇၁ ခု၊ တပို့တွဲလပြည့်နေ့၊ နံနက်(၀၉:၀၀)အချိန်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်းနှင့် အနေကဇာတင်ခြင်း ပြုလုပ်ခဲ့ပါသည်။

■ **ငှက်ပျောပင်၏ပင်စည်မှ အသီးအနိုင်ထွက်ခြင်း**


၁-၉-၂၀၀၉ နေ့တွင် ချမ်းမြေ့သုခတန်ဆောင်းနှင့် သစ္စာမဏ္ဍိုင်ဘုရားရှပ်ပွားတော်မြတ်ကြီးအကြားရှိ ငှက်ပျောပင်သည် ပင်စည်မှ အသီးအခိုင်များ ထူးဆန်းစွာထွက်ပေါ်လာ၍ လာရောက်ကြည့်ရှုသူများ အလွန်များခဲ့ပါ၏။

■ **နှစ်ထပ်စေတီတော်ပူဇော်ခြင်း**

(က) ၁၂-၁၀-၂၀၁၁၊ ၁၃၇၃ ခု၊




ဒီပင်္ကရာဘုရားထံမှ သုမေဓာရှင်ရသေ့ ဗျာဒိတ်ယူပုံ




ခြေတော်ရာ



ခြေတော်ရာ



ပတ္တမြားစေတီမှ အရံစေတီတော်နှင့် စာရေးသူ



သာမညဆရာတော်ကြီးရုပ်တုတော်



www.burmeseclassic.com1

www.burmeseclassic.com



ကမ္ဗည်းမော်ကွန်းလွှာ



ဒုက္ကရစရိယာကျင့်တော်မူပုံ



ဓမ္မပြာစေတီရင်ပြင်မှ မန္တန်ဗိဇ္ဇာဘိုးဘိုးကြီး



ရှင်သီဝလိရဟန္တာမထေရ်




အသီတိုင်သံချည်သံကွေးလုပ်ငန်း

သီတင်းကျွတ်လပြည့်နေ့ နံနက် (၀၉း၀၀) နာရီတွင် ပန္နက်တင်မင်္ဂလာပြုလုပ်ခဲ့ပါသည်။

(ခ) ၁၀-၁၁-၂၀၁၁၊ ၁၃၇၃ ခု၊ တန်ဆောင်မုန်းလပြည့် (၀၉း၀၀) နာရီအချိန်တွင် အုတ်မြစ်စီခြင်း လုပ်ငန်းများ ပြုလုပ်၍ ပူဇော်ခဲ့ပါသည်။

(ဂ) ၃-၂-၂၀၁၅ ခု၊ ၁၃၇၆ ခု၊ တပို့တွဲလပြည့်နေ့ နံနက် (၀၉း၀၀) နာရီအချိန်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်း၊ ရွှေထီးတော်တင်လှူခြင်းနှင့် အနေကဇာတင်လှူပွဲပြုလုပ်ခဲ့ပါသည်။

■ ခပ်တော်မူမြတ်စွာဘုရားတည်တော်မူခြင်း

(က) ၁၄-၁၀-၁၆၊ ၁၃၇၈ ခု၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ နံနက် (၁၉း၁၈) အချိန်တွင် ပန္နက်တင်မင်္ဂလာပြုလုပ်ခဲ့ပါသည်။

(ခ) ၂၁-၁၀-၁၆၊ ၁၃၇၈၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့မှ စတင်၍ မြေတူးခြင်း၊ အုတ်စီခြင်း၊ သံကိုယ်ထည်ပြုလုပ်ခြင်း၊ ဘိလပ်မြေပေါက်ခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ မိုးတွင်းကာလအတွင်း လုပ်ငန်းရပ်ဆိုင်းထားခဲ့ရသဖြင့် အကြမ်းထည်အားဖြင့် (၆၅%) ခန့်ပြီးစီးနေပြီ ဖြစ်ပါသည်။

(ဂ) ကျန်လုပ်ငန်းများအားဆက်




www.burmeseclassic.com1

www.burmeseclassic.com



သာသနာ့ရှေ့ဆောင် ဘမင်းခေါင်



နှစ်ထပ်စေတီတော်သို့အတက်လှေကား

လက်ဆောင်ရွက်မည်ဖြစ်ပြီး ၁၃၇၉ ခု၊ တန်ဆောင်မုန်းလပြည့်နေ့ ဘုရားပွဲတော် အမီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) တည်ဆောက်ဆဲ ရုပ်တော်မူဘုရားကြီးသို့ အလှူတော်ငွေများထည့်ဝင်လှူဒါန်းလိုသော် နာယကကြီး ဦးအောင်ကြည် ၀၉-၇၉၉၄၆၃၄၆၄၊ ဥက္ကဋ္ဌ ဦးမြင့်လွင် ၀၉-၂၅၄၃၈၅၃၁၆။

■ **လျောင်းတော်မူဘုရားကြီးနှင့် ထူးဆန်းသော မြွေကြီးများ**

(၂၄) တောင်၊ (၃၆) ပေပြည့် လျောင်းတော်မူဘုရားတည်ရန် အစပျိုးလိုက်သည်နှင့် ဘုရားရင်ပြင်တော်သို့ စပါးကြီးမြွေကြီးတစ်ကောင်ရောက်ရှိလာပြီး ထိုမြွေကြီးနှင့်အတူ ဘုရားအနီးအပါးသို့ နောက်ထပ်(၂)ကောင်ပါ လိုက်ပါကြလျက် ဘုရားရင်ပြင်တော်သို့ ထူးဆန်းစွာရောက်လာကြပါသည်။

ရောက်ရှိလာသော စပါးကြီးမြွေ(၃)ကောင်ကို သက်သောင့်သက်သာစွာနေနိုင်ရေးအတွက် မြွေအဆောင်ကို ဂေါပကဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် လူကြီးများက စီစဉ်ဆောက်လုပ်ပြီး မြွေစာများပါကျွေးမွေးစောင့်ရှောက်ထားခဲ့ပါသည်။ ထိုစပါးကြီးမြွေများကို အကြောင်းပြု၍ လျောင်းတော်မူရုပ်ပွားတော်ကြီးအတွက် အလှူငွေများ တဖွဲဖွဲလာရောက်လှူဒါန်းကြပါသည်။

ထူးခြားချက်မှာ လျောင်းတော်မူရုပ်ပွားတော်ကြီးတည်ထားရန်အတွက် အလှူငွေများ လိုအပ်နေချိန်မှာ မြွေကြီးများရောက်လာပြီး အလှူငွေထည့်ဝင်သူ



နောင်တော်ရွှေဖထ



ညီတော်ရွှေဖထ



ပဋ္ဌာပြားစေတီတော် ယက္ခမယ်တော်ကြီးရုံ



www.burmeseclassic.com1


www.burmeseclassic.com



အာစီတိုင်ထောင်ခြင်းလုပ်ငန်း



တည်ဆောက်ဆဲ မတ်ရပ်တော်ကြီး



ဆောက်ခြေရာတင်ဘင့်ရာတ်မြစ်တူးဖော်ခြင်းလုပ်ငန်း



အပေါ်ထပ်လှောစေတီတော်ရာတ်စီခြင်းလုပ်ငန်း



အပေါ်ထပ် ဆထက်လောင်းခြင်းလုပ်ငန်း



အပေါ်ထပ်လှော သံရည်သံရေးလုပ်ငန်း

များတဖွဲဖွဲရောက်လာကြခြင်းမှာ အလွန်ရာ ထူးခြားလှပါသည်။ နောက်ပိုင်း မြွေကြီးများထပ်ရောက်လာသည် (၁၉)ကောင်အထိပင် များပြားလှပါသည်။ နာဂစ်မုန်တိုင်းဝင်ပြီးချိန်မှာတော့ တောင်သာကျန်ရှိပြီး ရုပ်ပွားလျောင်းမှုကြီးပြီးချိန်မှာဖြင့် မြွေကြီးများ သေသည်ကလည်းသေ၍ ပျောက်လှ မြွေကြီးများပျောက်သွားကြမှာတော့ လွန်စွာထူးလှတဲ့ ဖြစ်ရပ် ထိုစဉ်က စာရေးသူကိုယ်တိုင် စေတီသို့သွားရောက်ပြီး 'သိဒ္ဓိမိုး' မှာ အမှတ်တရ ဆောင်းပါးရေး ခဲ့ပါသည်။

**အတိတ်ထူး နိမိတ်ထူး ရွှေပေါက်ကံ ပြီး ထီပေါက်ကြသူ**

ရွှေပေါက်ကံ ပတ္တမြားစေတီတော်



www.burmeseclassic.com1


www.burmeseclassic.com

သာသနာနယ်မြေအတွင်း ဘုရားစေတီများတွင်အဓိဋ္ဌာန်များဝင်ခြင်း၊ သက်သတ်လွတ်စားခြင်း၊ ပုတီးစိပ်ခြင်းများနှင့်အတူ အလှူဒါနမကြာခဏပြုကြသော ဦးသန်းဦး (ယခု ဦးပဥ္စင်း ဦးဧသောဘန)၊ ဦးရှင်းသန့်၊ ဦးဇော်ထွန်း၊ ဒေါ်ခင်အုံးမြင့်နှင့် ဒေါ်ခင်မြင့်ရီ စသည့် သာသနာပြုမောင်နှမများ တစ်စုသည် ထိုမကြာခဏပေါက်ကြ၏။

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်ဖွင့်လှစ်သော (၁၇၇)ကြိမ်မြောက် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ သိန်း(၅၀) မင်္ဂလာစုံတွဲထီပေါက်ကြပါသဖြင့် ရွှေပေါက်ကံ့ပတ္တမြားစေတီတော်ကြီးတွင် 'စကြာမုနိ' ဘုရားကြီး တည်ထားပူဇော်ထားသည်ကို ဝမ်းမြောက်စွာ ဖူးတွေ့ရပါသည်။ မြို့ထဲမှ လုပ်ငန်းရှင် တရုတ်လူမျိုးတစ်ဦးသည် ရွှေပေါက်ကံ့ဘုရားသို့ အိပ်မက်အရ လာရောက်၍ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းများ လှူဒါန်းပြီး ဆုတောင်းသွား၍ မကြာမီတွင် လိုရာပြီးမြောက် ခရီးရောက်ခဲ့ကြောင်းနှင့် အလှူဒါနများပြုကြောင်း ထီပေါက်သူ ဒေါ်ခင်အုံးမြင့်မှ စာရေးသူအား ပြောပြခဲ့ပါသည်။

■ **ပတ္တမြားအနှစ်ကို ရေဆေးသန့်စင်ပေးတဲ့သူ**

ရွှေပေါက်ကံ့မြို့သစ်မှ လူငယ်တင်



အပေါ်ထပ်လအတွက်ထည်ဆောက်ရန်အတွက် ငြိမ်းဆင်မြင့်ထုပ်ငန်း




ပတ္တမြားစေတီမှ သိုက်ရှင်ဘိုးဘိုး




အစ်မတော် မြနန်းသီရိ



ရွှေပေါက်ကံ့ ပတ္တမြားစေတီအနီးရှိ ငှက်ပျော



www.burmeseclassic.com



အပေါ်ထပ်လှ္ဂာစေတီတော် ဆုတ်ဖြစ်ချွင်းလုပ်ငန်း



ပတ္တမြားစေတီတော်မှ ဝိဇ္ဇာကြီးများ



နာယကဦးအောင်ကြည်နှင့် ဂေါပကဥက္ကဋ္ဌ ဦးမြင့်ထွင်တို့အား တွေ့ဆုံမေးမြန်းစဉ်



အောင်ဘာလေ သိန်း (၅၀) မင်္ဂလာစုံတွဲထီပေါက်သူ ဒေါ်ခင်အုံးမြင့်မှ ရှင်းလင်းပြောပြပုံ

ယောက်သည် မည်သည့်အလုပ်ကိုလုပ်လုပ်၊ မည်သည့်အင်တာဗျူးကိုဖြေဖြေ အဆင်ပြေသည်မရှိ မပေါက်မရောက်နှင့် ဒုက္ခရောက်နေလေ၏။ တစ်နေ့သ၌ လမ်းတွင် ဆွမ်းခံကြွလာသော ဦးပဉ္စင်းတစ်ပါးမှ အလှူခံသဖြင့် အိတ်ထဲပါတဲ့ ငွေ(၁၀၀)ကျပ်ကို သဒ္ဓါဖွေးဖြူ ပေးလှူသောအခါ ထိုရဟန်းတော်မှ -

"ဒကာလေးရယ်၊မပေါက်မရောက်လို့ စိတ်ဒုက္ခမရောက်ပါနဲ့။ တန်ဖိုးကြီးရတနာအနှစ် ပတ္တမြားအစစ်က ဒကာလေးတို့ မြို့ဦးမှာလေ။ ရေဆေးသန့်စင်ပေးပါ။ ဒကာလေး ထူးခြားလာပါမယ်"

ဟု မိန့်တော်မူသောအခါ လာဘ်မမြင်သောဒကာလေးက ဦးပဉ္စင်းရဟန်းတော် မိန့်ကြားမှာစကားကို နားမလည်ဖြစ်နေ၏။ ကျောက်စိမ်းတုံးကြီးကို ကျောက်တုံးထင်ပြီး အဝတ်လျှော်သည့် လူတွေလိုဖြစ်နေ၏။

နောင်မှ ဦးပဉ္စင်းရဟန်းတော်က တည့်တည့်ပြောမှ သဘောပေါက်လေ၏။ ပတ္တမြားစေတီတော်ကို ရေဆေးသန့်ရှင်းရေးလုပ်ပြီးနောက် ဆွမ်းပန်း၊ ရေချမ်း၊ ဆီမီးများ လှူဒါန်းသောအခါ ဂျပန်နိုင်ငံမှလာရောက်ခေါ် သောအလုပ်ကိုဝင်ပြီး လူတွေ့စစ်ဆေးမှုပေါက်မြောက်ခရီးရောက်သည်ဖြစ်၍ ယခုအခါ ဂျပန်သို့သွားရောက်အလုပ်လုပ်နေပြီဖြစ်ကြောင်း ကြားသိရပါသည်။

အသင်တို့မှာ အခက်အခဲအကျပ်အတည်းဖြစ်ပေါ် နေပါက ဘုရားရေသပ္ပာယ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားအလှူတော်ငွေများလှူခြင်း၊ ဆွမ်းပန်းရေချမ်း၊ ဆီမီးနှံ့သာလှူဒါန်းပြီး ဆုတောင်းကြပါ။ လိုရာပြီးမြောက် ခရီးရောက်ကြပါလိမ့်မည်။

■ **စကားကြွင်း**

မြောက်ဥက္ကလာပမှလာ အစိဋ္ဌာန်ဝင်သူများက ထောပတ်ပေါက်ပေါက်ဆွမ်းကပ်လှူပြီးဆုတောင်းကြ၍ ထူးကဲသောအကျိုးတရားများ ရရှိခံစားကြကြောင်းသိရပါသည်။

အတိတ်ထူး နိမိတ်ထူး ရွှေပေါက်ကံမှာ ဘုရားဖူးပြီး ထူးကြပါစေသောဝ်။

မေတ္တာများစွာဖြင့်

ကာ်ဝင်း

www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင့်ထွန်း(မသုံးလုံး)

## ဗမာ့သမိုင်းဝင်မြေ့သစ်ဆေးတော်ကြီးကိုသာအားကိုးတော်မူသော

# တော်ကူးဆရာတော်ဘုရားကြီး



ဝိပဿနာရှုမှတ်ခြင်းကို အောင်မြင် ပေါက်မြောက်ပြီးဖြစ်ကြကုန်သော ဆရာတော်ကြီးတို့ များစွာရှိကြလေကုန်၏။ တောထွက်ပုဂ္ဂိုလ်ကြီးတို့လည်းရှိကြပါသည်။ ဖူးမြော်ခဲ့ကြရပါသည်။ ထိုဆရာတော်ကြီးများစွာထဲမှ သက်တော် (၅၅) နှစ်အရွယ်တွင် တောထွက်၍ သက်တော် (၉၅) နှစ်ကျော်ကာမှ ဝိပဿနာလောကတွင်ထင်ရှားကျော်စောလာသော တော်ကူးဆရာတော်ဘုရားကြီးသည် မြတ်ဗုဒ္ဓ၏ သာသနာတော် အလင်းရောင် ထွန်းလင်းတောက်ပစေသည့် ဆရာတော်ကြီးလည်း ဖြစ်ပါ၏။

ဝိပဿနာရှုမှတ်ရာ၌ ထုံကျဉ်ကိုက်ခဲပူလောင်သည့် ဝေဒနာဆိုးများသည် နိဝရဏတရားတို့နှင့်ပူးပေါင်း၍ သမုဒ္ဒရာလေးစင်း၊ တောင်စဉ်ခုနစ်ထပ်ကဲ့သို့ ဟန့်တားပိတ်ပင်လျက်ရှိကြကုန်၏။ ဤဝေဒနာဆိုးတို့ကို ယောနိသောမနသိကာရ ဟူသည့် မှန်ကန်သောနှလုံးသွင်းမှု၊ ခန္တီ ဟူသော သည်းခံမှုနှင့် စတုရင်္ဂဝီရိယ ဟူသည့် အရိုးကြေကြေ အရေခန်းခန်း နောက်မဆုတ်တမ်းရင်ဆိုင်ဝံ့သည့် ဇွဲလုံ့လတို့နှင့်ကျော်လွှားနိုင်ပုံ၊ လမ်းဆုံးလျှင် ရွာတွေ့မည်ဆိုသည်နှင့်အညီ ဝေဒနာဆိုးများလွတ်မြောက်သွားသည့်အခါ အလွန်တရာ ချမ်းမြေ့ အေးငြိမ်းသည့် သုခချမ်းသာကို ရရှိသွားလေသည်။

ယင်း သုခချမ်းသာဖြင့် ကြရိယာပုတ်မပြောင်းလဲတော့ဘဲ (၂၄)နာရီကြာအောင် သက်သောင့်သက်သာနေနိုင်ပုံတို့ကို လက်တွေ့ပြသသွားခဲ့သော ဆရာတော်ကြီးဖြစ်ပါ၏။ ဝိပဿနာစားကျက်၌နေထိုင်သောပုဂ္ဂိုလ်သည် ကိလေသာများ တစ်စတစ်စပါးလျား၍ သီလ၊ သမာဓိအထူးစင်ကြယ်လေသည်။

တော်ကူးဆရာဇာတ် ဆိုသည်မှာ မုဒုံမြို့နယ် တော်ကူးကျေးရွာ၌ မဟာသတိပဋ္ဌာန်ကျောင်းရိပ်သာကို တည်ထောင်တော်မူခဲ့သော ဆရာတော် ဦးနန္ဒိယကို ခေါ်ပါသည်။

တော်ကူးဆရာတော်ဘုရားသည် ရှုပ်ရှုပ်ချွံချွံ တရားရှာမှီးခဲ့၏။ ယခုခေတ်တရားရှာမှီးသူတို့ စံနမူနာယူထိုက်ပေသည်။ ဆရာတော်သည် မတ်တတ်ရပ်လျက် (၂၄) နာရီ၊ ထိုင်သည့် ကြရိယာပုတ်ဖြင့် (၂၄) နာရီ၊ လျှောင်းသည့် ကြရိယာပုတ်ဖြင့် (၂၄)နာရီ မလှုပ်မယှက် တရားရှုမှတ်နိုင်၏။ စင်္ကြံလျှောက်လျက် တရားရှုမှတ်ပါက အလိုရှိသလောက် တရားရှုမှတ်နိုင်သောပုဂ္ဂိုလ်ထူး ဖြစ်ပါတော့၏။ (၂၄) နာရီကြာ တစ်ဆက်တစ်စပ်တည်း ရှုမှတ်နေစဉ်အခါ အပေါ့အလေးသွားခြင်းကိစ္စ၊ အစားအသောက်မှီဝဲခြင်းကိစ္စလုံးဝမရှိပါ။

မူလကြရိယာပုတ်ဖြင့် လုံးဝလှုပ်ရှားခြင်းမရှိဘဲ ငြိမ်သက်စွာတရားရှုမှတ်နိုင်၏။ တော်ကူးဆရာတော်၏ ထူးခြားသောဇွဲလုံ့လနှင့် မှန်ကန်သောနှလုံးသွင်းမှုကြောင့်တည်း။ တရားအားထုတ်စဉ်အတွင်း မိမိ၏ခန္ဓာကိုယ်အတွင်း၌ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲသည့် ဆင်းရဲမှုများကို ကြံ့ကြံ့ခိုင်နိုင်သောသူသည် ပြင်ပအခက်အခဲနှင့်အနှောင့်အယှက်များကို စိတ်မကွက်ဘဲ အေးအေးလူလူခံယူနိုင်မည် ဖြစ်ပါသည်။

ဝိပဿနာရှုမှတ်ခြင်းဆိုသည်မှာ မြင်တိုင်းကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ သိတိုင်းကို အမှတ်သတိကပ်ပြီး သိအောင်ရှုမှတ်ရသောအလုပ်ဖြစ်ပါသည်။

စိတ်ကို ညစ်ညူးပူလောင်စေကြသည့် လောဘ၊ ဒေါသ၊ မောဟဟူသော ကိလေသာ အညစ်အကြေးအားလုံးကို ဝိပဿနာရေစင်ဖြင့် ဆေးကြောပစ်နိုင်၏။ တော်ကူးဆရာတော် ဝိပဿနာရှုမှတ်သည့်အခါ ဝေဒနာဆိုးကိုမရှောင်၊ ရန်သူကို ရဲရဲဝံ့ဝံ့ရင်ဆိုင်သည်။ တော်ကူး၌ တရားရှုမှတ်လာသူကို -

"ဝိပဿနာတရားနဲ့ မိဘနှစ်ပါးကျေးဇူးဆပ်ရတာ အမွန်မြတ်ဆုံးပဲ"

ဟု အားပေးလေ့ရှိသည်။

ကာမဂုဏ်တောထဲမှာ နစ်မျောပျော်ပါးကြကုန်သောလူအပေါင်းတို့သည် သေလွန်ကြသည့်အခါ အပါယ်ဘုံသို့ လားရောက်ကြရမည်ဖြစ်သဖြင့် ယခုချမ်းသာနေကြသော်လည်း စင်စစ်တွင် ဆင်းရဲသည့်သတ္တဝါများသာဖြစ်ကြသည်ကို လောဘသားသတ္တဝါတို့ မသိရှိကြလေကုန်၏။

(လူအပေါင်းတို့၏ ဒုက္ခဝဋ်ဆင်းရဲမှ ကျွတ်လွတ်စေနိုင်သည့် တစ်ကြောင်းတည်းသောနည်းလမ်းမှာ ဝိပဿနာတရားရှုမှတ်သည့်နည်းလမ်းသာဖြစ်၏။)

တော်ကူးဆရာတော်က ယောဂီတို့ကိုအားပေးသည့်စကား လေးနက်လှပါ၏။



www.burmeseclassic.com1

www.burmeseclassic.com





တော်ကူးဆရာတော် မပျံလွန်မီ တစ်ရက်၌ ဆရာတော်အား ပြုံးကြည်စွာ ဖူးမြင်ရပုံ

"ယောဂီ၊ နာကျင်ခံခက်သည့် ဝေဒနာပေါ်တာဟာ တရားဖော်ပြတာပဲ နော်။ ပါရမီထူးလို့ တရားတွေ့နေရတာ။ စိတ်မပျက်နဲ့၊ စိတ်မဆိုးနဲ့။ ဘုန်းကြီးတို့ တရားရှုမှတ်စဉ်အခါက အင်မတန်ကြီး ကျယ်တဲ့ဝေဒနာတွေကို ခံစားခဲ့ရတာ ပေါ့ကွယ်။ သည်းခံမှ နိဗ္ဗာန်ရောက်တယ် ဆိုတဲ့အတိုင်း ဘုန်းကြီးတို့သည်းခံပြီး မှတ်လိုက်တော့ ဝေဒနာတွေချုပ်ငြိမ်း ပြီး နာကျင်ကိုက်ခဲတဲ့ဝေဒနာတွေကင်း ပျောက်သွားတဲ့အခါ အနောတတ်ရေအိုင် ထဲမှာ ဆင်းစိမ်နေရသလို တစ်ကိုယ်လုံး အေးချမ်းသွားတာပေါ့"

■

ဝိပဿနာတရားသည် ဘုရားဟော ဆိုသည်။ ဘုရားဟောဖြင့် ဘယ်ရောဂါ ဝေဒနာမဆို ကျေညက်ပျောက်ပျက်သွား အောင် ခုတ်ပိုင်း၍ရကြောင်း၊ လမ်းဆုံး [illegible]ရှာတွေ့ဆိုသလို ဝေဒနာဆုံးလျှင် [illegible]တို တွေ့မြင်ရမည်ဖြစ်ကြောင်း ဆရာတော်က အခိုင်အမာ အတည်ပြု [illegible] ဝိပဿနာရှုမှတ်သည့်အခါတွင် ဝေဒနာကို မကြောက်ရွံ့ဘဲ ဝေဒနာကို [illegible]သွားနိုင်အောင် စူးစူးစိုက်စိုက် [illegible]ခြင်းသည် အဓိကလိုအပ်ချက် [illegible]ကြောင်း ယောဂီတို့ကိုမိန့်ဆို၏။

တော်ကူးဆရာတော်ဘုရားသည် အသက် (၉၅) နှစ်အတွင်းသို့ တစ်လ ကျော် ချင်းနင်းဝင်ရောက်ချိန် ၁၃၄၆ ခု၊ တော်သလင်းလဆုတ် ၁၄ ရက်နေ့နံနက် တွင် နေ့ဆွမ်းဘုဉ်းပေးရန်ထိုင်လိုက်၏။ ထိုစဉ် လက်၊ ခြေလှုပ်မရတော့ဘဲ လေ ဖြတ်သွားလေ၏။ ဆရာတော်ဖွဲ့ကောင်း ပုံမှာ ဤသို့ဖြစ်၏။ ဆရာတော်လေဖြတ် သွား၍ နင်းသူနင်း၊ နှိပ်သူနှိပ်၊ ဆရာဝန် ပြေးခေါ် သူခေါ်ဖြင့် ယောက်ယက်ခတ် ကုန်ကြတော့သည်။ ဆေးထိုးပြီး အနှိပ် သည်တို့ရှင်းသွားလေသော် ဆရာတော် တရားရှုမှတ်ရန် ကြိုးစားလေတော့၏။

ခြေလက်လှုပ်မရ၍ လျောင်း၍ တရားရှုမှတ်ကြည့်ရာ မည်သည့်အာရုံမျှ မပေါ်ချေ။ အာရုံကြောများ ပြန်လည် နှိုးဆွပေးရန် ခက်ခဲနေပါတော့သည်။ ဆရာတော်သည် တပည့်ဒါယကာတို့ကို ထိန်းထားစေ၍ မတ်တတ်ရပ်တရားရှု မှတ်သည်။ ဒကာတို့က ဆရာတော် လဲကျမည်ကို အထူးဂရုစိုက်နေကြရ၏။ ဆရာတော်က သူ၏ဓမ္မောသဓဆေး တော်ကြီး (တရားရှုမှတ်ခြင်း) ကို ကောင်းစွာယုံကြည်ပါ၏။ သမာဓိတည် နေသောစိတ်၏တန်ခိုး၊ ဝိပဿနာတန်ခိုး တို့သည် သေနေပြီဖြစ်သော အာရုံ ကြောတို့ကို ပြန်လည်ရှင်သန်စေသည်။ ဤအကြောင်းကို မျက်မြင်မတွေ့ဘူးလျှင် မည်သူယုံကြည်ဝံ့သနည်း။

ဆရာတော်သည် ညနေတိုင်း (၆) နာရီကြာ တရားရှုမှတ်၏။ ဝေဒနာ ပြင်းထန်လျှင် ဆရာတော်ကြိတ်မှိတ် သည်းခံရှာ၏။ ခန္ဓာကိုယ်မှာ သိမ့်သိမ့် တုန်ခါလျက်တွန့်လိမ်နေ၏။ မည်မျှပင် ပန်းပါစေ သတိမှတ်ချိန်ပြည့်သည်အထိ ရှုမှတ်၏။ လေး၊ ငါးရက်မျှအပြင်းအထန် ရှုမှတ်ပြီး ခြေ၊ လက်အတန်အသင့်လှုပ် ရှားနိုင်လာ၏။ ဆရာဝန်နှင့်ဒကာများ အံ့အားသင့်ကာ ဝမ်းမြောက်ကြသည်။ ထို့နောက် ဆက်လက်၍ ဝါးတန်းနှစ် တန်းကိုင်လျက် စင်္ကြံလျှောက်သော လေ့ကျင့်ခန်းစတင်လိုက်၏။ စင်္ကြံတစ်ခါ လျှောက်လျှင်လည်း (၄)၊(၅)နာရီကြာ၏။ ရှာသားနှစ်ယောက်က ဘေးမှကူညီ ထိန်းပေးကြ၏။ သို့သော် ဆရာတော် ယိုင်လဲကျသွားလျှင်ကား ထိန်းပေးသူ များပါ လဲကျကုန်တော့သည်။

ဆရာတော်က လုံ့လမဆုတ်ဘဲ ကြိုးစား၍ထရပ်၏။ ပြန်လည်လျှောက် လှမ်းပြန်သည်။ မည်မျှပင်ပန်းပါစေ၊ ဆရာတော်၏ စိတ်ညှိုးနွမ်းမှုမရှိချေ။ ဆရာတော်၏ ဇွဲလုံ့လနှင့်ခန္တီတရားတို့ ကား အံ့ချီးမကုန်ရှိလေစွတကား။ ဆရာ တော်သက်သာလာ၍ ဒကာတို့ဝမ်းသာ နေကြ၏။ ရပ်ဝေးမှဒကာတို့ကလည်း ဆေးဝါးများပေးပို့လှူဒါန်းကြပါသည်။ နာလန်ထူရန် အထူးအထောက်အကူ



www.burmeseclassic.com

www.burmeseclassic.com

ပြုသည့် ဂျပန်ပြည်လုပ် Moriamine ထိုးဆေးလည်းပါ၏။ ဆရာတော်အမြန် ပြန်ကောင်းစေရန် ဆရာဝန်နှင့်ဒကာတို့ တိုင်ပင်ကြပြီး ဆေးထိုးပေးလိုက်ပါတော့သည်။

ဤကား အမှားဖြစ်ချေ၏။

ထိုနေ့ည (၁၁)နာရီခန့်တွင် ဆရာတော်၏ တစ်ကိုယ်လုံး အကြောများဆွဲကာ ခြေလက်တို့ကွေးတက်လာကြ၏။ ဒကာခြောက်ယောက်၊ခုနစ်ယောက်ခန့် တစ်ပြိုင်တည်း တက်နင်းနှိပ်ပေးကြ၏။ (၃)နာရီခန့်အကြာ၌ အကြောတက်ပြေလာ၏။ သို့သော် လျှာလိပ်နေသည်။ ဆရာတော် စကားပြောမရချေ။ ဆရာတော်က အသက်ရှင်နေသရွေ့ သူမျှော်လင့်ချက်ကိုတော့ ဖွဲမလျှော့။ အာဇာနည်တို့၏လုံ့လ သေကာမှလျှော့ချမည်။

ဆရာတော်က စားဆေး၊ ထိုးဆေး အားမကိုး။ မူလလေ့ကျင့်နည်းမတ်တတ်ရပ်၍ တရားရှုမှတ်စကြံလျှောက်ပြန်၏။ ပြုစုပေးနေသူများက အလွန်စိတ်ပင်ပန်းနေကြ၏။ ဆရာတော်၏ အမူအရာက လုံးဝစိတ်ဓာတ်မကျချေ။ ဆရာတော် အနည်းငယ် သက်သာလာသည်နှင့် ဆရာဝန်နှင့်ဒကာတို့ ထပ်မံတိုင်ပင်ကာ ဆရာတော်၏ရောဂါအမြန်ပျောက်ကင်းစေလိုသောစေတနာဖြင့် Moriamine ထိုးပေးလိုက်ကြပြန်၏။ တပည့်ဒါယကာတို့၏စေတနာကို ဆရာတော်က မငြင်းပါ။ ဆေးထိုးခံရှာ၏။

ကံကြမ္မာဆိုးတို့သည် တစ်ကြိမ်တည်း လာရိုးမရှိဟု အင်္ဂလိပ်ဆိုရိုးစကားရှိ၏။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဟူသော မြန်မာစကားပုံနှင့်ဆင်တူ၏။ ဆေးထိုးပေးပြီးနောက် ဆရာဝန်ပြန်သွားသည်။

ထိုအခါ ဆရာတော်က ဒကာတို့အား မိမိခြေရင်းနံရံတွင်ချိတ်ဆွဲထားသည့် တိုင်ကပ်နာရီကြီးကို လက်ညှိုးထိုးပြပြီး အသင့်ပြင်ထားကြဟု သတိပေးတော်မူ၏။ မှန်ပါသည်။ ည (၁၁) နာရီထိုးသည်နှင့် အထက်ပါအတိုင်းအကြောဆွဲပြန်လေ၏။ ခြောက်ယောက်၊ ခုနစ်ယောက် တစ်ပြိုင်တည်းတက်နင်းကြရ၏၊ နှိပ်ပေးကြရ၏။ အကြောအနည်းငယ်ပြေသော်လည်း စကားပြောမရပြန်ပေ။ ဝဋ်ရှိ၍သာခံရသည်ဟု မိမိကိုယ်ကိုသာ အပြစ်တင်တော်မူ၏။ သူတစ်ပါး၏ စေတနာကိုတော့ မပစ်ပယ်ရှာပေ။

လနှင့်ချီ၍ ပြန်ပြီးလေ့ကျင့်ရပြန်သည်။

စကားပြောနိုင်လာသော် -

"မောရီယာမင်းဆေးကကောင်းပါတယ်၊ ဘုန်းကြီးရဲ့ခန္ဓာကိုယ်ကမကောင်းတော့ဘူး။ ဒီဆေးဒဏ်ကို ဘုန်းကြီးခန္ဓာက မခံနိုင်တော့ဘူး။ ဆေးကျန်သေးရင် သူတစ်ပါးကိုလှူလိုက်ပါတော့"

ဟု ပြောရှာ၏။

သူတော်ကောင်းတို့မည်သည်မှာ အသက်ပင် ဆုံးရှုံးရစေကာမူ သူတစ်ပါးတို့အား အပြစ်တင်ရိုးမရှိပါ။ မိမိ၏ကံကြမ္မာသည်သာ တရားခံအစစ်ဖြစ်သည်ဟု ခံယူထားကြပါသည်။ သုံးကြိမ်သုံးခါ အကြောများပျက်စီးသွားသည့်အခြေအနေမှ ပြန်လည်နေကောင်းလာသည်အထိ ပြုဖွယ်ကိစ္စတို့သည် ကာလရှည်ကြာလှပါ၏။ ထိုရှည်လျားသောလမ်းခရီးကို ဆရာတော်သည် မိမိဓာတ်စွမ်းသမျှကို တစ်လှမ်းချင်းတစ်လှမ်းချင်း လျှောက်လှမ်းခဲ့သည်သာ။

■

ဆရာတော် ဖိနပ်မစီးနိုင်ပါ။ မြေကြီးပေါ်တွင်စမ်း၍လျှောက်ပြန်သည်။ ခြေထောက်မနိုင်စွမ်းမရှိ၍ ခဲလုံးများနှင့် တိုက်မိကာ ခြေချောင်းလေးများပွန်းပဲ့သွေးယိုစီးကျကုန်၏။ ဆရာတော် လမ်းလျှောက်လေ့ကျင့်နေစဉ် ဒကာတစ်ဦးက ကုလားထိုင်တစ်လုံးယူကာ ဆရာတော်နားလျှင်ထိုင်ရန် အသင့်ချပေးရ၏။ ခြေချောင်းလေးများကို ပတ်တီးစည်းပေးရသည်။ သွေးဘယ်လောက်ထွက်ထွက် ဆရာတော်က ဖွဲမလျှော့ လေ့ကျင့်ခန်းပြုလုပ်မြဲတည်း။

မိမိကိုယ် ပြန်လည် ကျန်းမာ၍ ယောဂီများအား တရားပြနိုင်ရေးကိုသာ ဆရာတော် နှလုံးသွင်းတော်မူသည်။ ၁၉၈၆ခုနှစ်၊ မတ်လတွင် တော်ကူးဆရာတော်ကြီးသည် ကျောင်းဝင်းတစ်ပတ်လျှောက်နိုင်လောက်အောင် နာလန်ထူလာသည်။ စကားကို မပီကလာပီကလာဖြင့် မများယွင်းအောင်သတိရှိစွာပြောနိုင်လာသည်။ ၁၉၈၇ ခုနှစ်တွင် ရိပ်သာနေရာမဆံ့အောင် ယောဂီများအထူးများပြားလာသည်။ ဆရာတော်က ဓမ္မာရုံဟောင်းကိုဖျက်၍ ပိုမိုကျယ်ဝန်းသောဓမ္မာရုံသစ်ကြီး တည်ဆောက်စေလိုက်၏။

ဓမ္မာရုံ၏ နံရံပေါ်တွင် တရားဆောင်ပုဒ်များကို ရေးချိတ်ထား၏။

## ■ အရေးအကြီးဆုံးအလုပ်

အရေးကြီးဆုံးက ရုပ်နာမ်တရားကို အမှန်သိအောင် ရှုမှတ်နေဖို့ပါပဲ။

ဘယ်လောက်ပဲ စားရစားရ တစ်ဝမ်းဝရုံပါပဲ။

ဘယ်လောက်ပဲ ဝတ်ရဝတ်ရ အရေပြားဖုံးရုံပဲ။

ဘယ်လောက်ပဲ အိပ်ရအိပ်ရ တစ်ကိုယ်စာလေးပဲ။

သတိပဋ္ဌာန်အမှတ်နှင့်နေမှ အနေတတ်အနေကောင်းမည်။

အနေတတ်အနေကောင်းမှ အသေတတ် အသေကောင်းမည်။

အသေတတ်အသေကောင်းမှ ဘဝကူးဂတိ အကူးကောင်းမည်။

အမှန်တရား လက်ကိုင်ထားမလားအပါယ်သေချာတယ်။

## ■ တစ်ကြောင်းတည်းသောလမ်း

စိတ်အညစ်အကြေးများကင်းဝေးစင်ကြယ်စေရန်၊

စိုးရိမ်ပူပန်ငိုကြွေးခြင်းတို့ကိုလွှတ်မြောက်စေရန်၊

ကိုယ်ဆင်းရဲ စိတ်ဆင်းရဲချုပ်ငြိမ်းစေရန်၊

မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ဖြင့်နိဗ္ဗာန်ကို မျက်မှောက်ပြုရန်၊

တစ်ကြောင်းတည်းသောလမ်းမှန်သည်ကား -

သတိပဋ္ဌာန် ဝိပဿနာလမ်းပင်တည်း။

## ■ အထက်ဆုံးလက်နက်

အကျုံးမြူထက် အစွမ်းထက်သော စိတ်တန်ခိုး၊

စိတ်တန်ခိုးကို အထိရောက်ဆုံး အသုံးချတာ ဝိပဿနာ၊

ဝိပဿနာရှုပွားပါက. . .

ရောဂါပျောက်ကင်း၊စိတ်ညစ်ကင်း လက်ငင်းချမ်းသာသည်။

ကာယစိတ္တ၊ သုခလွန်ဘိ၊ သ[illegible] ချမ်းသာ မဂ်ဖိုလ်ပါ သေချာရလိမ့်မည်။

## ■ ဓမ္မောသဓဆေး

ရောဂါနှစ်သင်း
ပျောက်ကင်းလိုလျှင်၊
ရှင်တော်ဖော်မေး
တရားဆေးကိုပင်
ရှုမှတ်ပွားများ
သောက်ပြားတွင်တွင်
အမှန်မလွဲ ပျောက်မြဲရောဂါ[illegible]
ဘေးဘယအေးမြစိတ်ကြည်လင်[illegible]

၁၃၄၈ ခု၊ ဝါခေါင်လပြည့်[illegible] ၃ ရက်၊ (၂၃ - ၈ - ၁၉၈၆) [illegible] တော်ကူးဆရာတော်၏ (၉၆)[illegible]



www.burmeseclassic.com1

www.burmeseclassic.com

မွေးနေ့ဖြစ်၏။ ထိုမွေးနေ့ပွဲတွင် ဒကာ၊ ဒကာမတို့က ဆရာတော်၏ဩဝါဒကို နာကြားလိုကြ၏။ ဆရာတော်သည် မပီကလာပီကလာဖြင့်ကြိုးစား၍မိန့်ကြားသည်မှာ -

"ဘုန်းကြီးက မြတ်စွာဘုရားရဲ့ တရားအရသာကို ကိုယ်တိုင်ခံစားထားပြီးဖြစ်လို့ တရားအရသာဟာ အားလုံးထက်သာတာကို သိတယ်။ ဝိပဿနာတရားရှုမှတ်ခြင်းဆိုတာဟာ အရိယာတို့ ပျော်မွေ့ကြတဲ့ အရိယာစားကျက်ပဲ။ အရိယာစားကျက်မှာနေတဲ့သူဟာ ဘေးရန်အားလုံးလုံခြုံတယ်။ ရောဂါတွေ ပျောက်ကင်းပြီး ချမ်းချမ်းသာသာနေရတယ်။ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။

သားတော်ရာဟုလာက ဘုရားထံမှာ အမွေတောင်းတော့ ဘဘုရားက ဘာတွေအမွေပေးလိုက်သလဲ။ သားတော်ရာဟုလာဟာ ဘုရင်ဖြစ်နိုင်တယ်။ စကြဝတေးမင်းလည်းဖြစ်နိုင်တယ်။ ဒါကို သိထားပေမယ့် ဘဘုရားက သားတော်ကို ရှင်သာမဏေပြုပေးပြီး သာသနာ့အမွေချီးမြှင့်ခဲ့တယ်။

ဒါကြောင့် တရားအမွေဟာ အမွေတကာ့အမွေထဲမှာ အမြတ်ဆုံးပဲ။ ဘာဖြစ်လို့လဲ၊ အပါယ်တံခါးကိုပိတ်စေလို့ပေါ့။ စကြဝတေးမင်းဟာ လေးကျွန်းစကြဝဠာကိုပိုင်စိုးပေမယ့် တစ်နေ့ကျရင် အပါယ်ကျရဦးမယ်မဟုတ်လား။ အရေးတကာ့အရေးထဲမှာ အပါယ်မကျရေးသည် အရေးကြီးဆုံးပဲ။

အပါယ်ဆင်းရဲသံသရာဝဋ်ဆင်းရဲမှလွတ်မြောက်နိုင်တဲ့ တစ်ကြောင်းတည်းသောနည်းလမ်းဟာ ဝိပဿနာရှုမှတ်နည်းလမ်းပဲလို့ ဘဘုရားမိန့်တော်မူတယ်"

ကုသိုလ်ရလိုသူ ဒကာ၊ ဒကာမများက ဆရာတော်ကို နင်းနှိပ်ပြုစုကာ ကုသိုလ်ရယူကြကုန်၏။ ဆရာတော်သည် စေတနာအမှန်တကယ်ရှိသူနှင့်မရှိသူတို့ကိုခွဲခြား၍ သိဟန်တူ၏။ တကယ်စေတနာရှိသူတို့ကို ကြာမြင့်စွာ နင်းနှိပ်ခွင့်ပြုသည်။ စေတနာမမှန်သူတို့ကို ခဏ္ဍခဏသာဝတ်ပြုခွင့်ပေး၏။ 'တော်သောက်ပြီဒကာ' ဟု ရပ်တန့်စေလိုက်ပါသည်။

၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ၊ ဆရာတော်မပျံလွန်မီ (၃)လလောက်အလိုတွင် ဆရာတော်သည် အရုဏ်ဆွမ်းစားပြီးနောက် တရားမှတ်ရင်း လဲလျောင်းနေစဉ် ထူးဆန်းသောအာရုံတစ်ခုမြင်သိရ၏။

ဆရာတော်သည် ပင်လယ်ကမ်းခြေတစ်ခုတွင် မတ်တတ်ရပ်နေ၏။ ဆရာတော်နှင့်အတူ လူ (၃၀၀)ခန့်စောင့်ဆိုင်းနေကြသည်။ မြန်မာ၊ ကုလား၊ တရုတ်လူမျိုးစုံ ပါဝင်ကြလေသည်။ သစ်လွင်လှပစွာ ဝတ်ဆင်ထားကြ၏။ သူတို့ကား ပင်လယ်ကိုဖြတ်၍ ဟိုမှာဘက်ကမ်းဆီသို့ ခရီးသွားနိုင်ရန် ဆရာတော်က သင်္ဘောလက်မှတ်များဝေငှပေးထား၏။ မကြာမီ မြင်ကွင်းထဲသို့ အလွန်ကြီးကျယ် ခမ်းနားခေတ်မီသော သင်္ဘောတစ်စင်း ထင်ဖေါ်လာပြီးလျှင် ဆရာတော်ရှိရာကမ်းခြေသို့ တရွေ့ရွေ့ချဉ်းကပ်လာ၏။ မီးတထိန်ထိန်လင်းနေသောသင်္ဘောကြီးသည် ကမ်းခြေ၌ဆိုက်ကပ်လေပြီ။ သင်္ဘောပေါ် သို့အတက်တွင် အာရုံပြတ်သွား၏။

နောက်ထပ်တစ်လခန့်အကြာတွင် အထက်ပါ အာရုံရပြန်သည်။

ဤအာရုံကို အကြောင်းပြု၍ ဆရာတော်က -

"ဘုန်းကြီးက ပရိသတ်အပေါင်းတို့ကို မဂ္ဂင်သင်္ဘောကြီးစီးဖို့ လက်မှတ်တွေဝေပေးနေတာလေ။ ဒီမှာ တရားအားထုတ်ပြီးတဲ့ ယောဂီအားလုံး လက်မှတ်ရပြီးထားကြပြီ။ လက်မှတ်မပျောက်ကြစေနဲ့နော်။ မကြာခင် သင်္ဘောထွက်တော့မယ်"

ဟု ဒကာ၊ ဒကာမတို့ကို မှာကြားနေသည်။

"သင်္ဘောကြီးထွက်ပြီးရင် နောက်သင်္ဘောငယ်လည်းထွက်ဦးမှာ"

မည်သည့်ရည်ရွယ်ချက်ဖြင့် ဆရာတော်မိန့်ကြားနေသည်ကို ဒကာ၊ဒကာမတို့ မသိကြပေ။

ဆရာတော်သည် နောင်ရေးကိစ္စများအတွက်ကို စိုးရိမ်ပူပန်ခြင်းမရှိပေ။ သာသနာတော်ဆက်လက်ဖွံ့ဖြိုး၍ ကမ္ဘာအနှံ့ ပျံ့နှံ့သွားမည်ကို အလေးအနက်ယုံကြည်တော်မူသည်။

■

၁၃၄၈ ခု၊ တပေါင်းလကွယ်နေ့ (၂၉-၃-၁၉၈၇) တွင် သံဃာများနှင့်အတူ ဆရာတော် သိမ်တက်၍ ဥပုသ်ကံပြုတော်မူ၏။ သံဃာ့ဥပုသ်ပါတိမောက်ကို နာကြားပြီးနောက် ဆရာတော်မိန့်ကြားသည့် ဩဝါဒတရားမှာ ထူးခြားနေပါသည်။

"ဒေး - မိနစ်ကို စက္ကန့်စား၊ နာရီကို မိနစ်စား၊ ရက်ကို နာရီစား၊ လကို ရက်စား၊ နှစ်ကို လစားနဲ့ ဘုန်းကြီးတို့လည်း သေဖို့နီးလာပြီ။ ပြောဖို့အချိန်သိပ်မရတော့ဘူး။ ကိုယ်တော်တို့ ဘုန်းကြီးပေးထားတဲ့အမွေတွေကို မပျောက်ပျက်အောင် တစ်သက်လုံးထိန်းသိမ်းကြနော်။ ဒီအမွေတွေက ဘဘုရားရဲ့အမွေတွေပဲ။ ဆိုလိုတာက ဝိပဿနာတရားအမြဲမပြတ်ရှုမှတ်နေကြဖို့ပြောတာ။ ပေ့ါပေ့ါဆဆ မနေကြရဘူး"

သံဃာတော်များအား ဆရာတော်မှာကြားသွားသည့် နောက်ဆုံးဩဝါဒစကားသည် ဗုဒ္ဓမြတ်စွာနောက်ဆုံးမိန့်မှာသွားခဲ့သည့် 'အပ္ပမာဒေန သမ္ပာဒေထ' နှင့် တစ်ထပ်တည်းကျလေ၏။

တော်ကူးဆရာတော်သည် လူဝတ်ကြောင်ဘဝက သေလောက်သည့်ဒဏ်ရာအကြိမ်ကြိမ်ရခဲ့ဖူး၏။ သို့သော် မသေခဲ့ပါ။ရဟန်းဘဝ၌ ငှက်ဖျားရောဂါ၊ အမူးရောဂါ စသည်စွဲကပ်၍ ဆေးသုဥ်းနဝင်းသုဥ်းပြီးဟု ဗိန္ဒောဆရာတို့ကဆိုကြကုန်၏။ သို့သော်လည်း ဆရာတော်ပျံလွန်တော်မမူခဲ့ချေ။ သက်တော် (၈၈) ၌ ဆင်ရေယုန်ကြာပေါက်၍ မော်လမြိုင်ဆေးရုံကြီးတွင် တက်ရောက်ကုသရာ ဆရာဝန်ကြီးများက လက်လျှော့လိုက်ကြ၏။

သို့သော် ဆရာတော် ပြန်လည်ကျန်းမာလာ၏။

တစ်ဖန် သက်တော် (၉၅)နှစ်၌ လေဖြတ်၍တစ်ကြိမ်၊ **Moriamine** ဆေးထိုးမှား၍နှစ်ကြိမ်၊ တစ်ကြိမ်လျှင် (၃) နာရီခန့် မေ့မြောသွားသည်အထိ ခန္ဓာကိုယ်စနစ် အကြီးအကျယ်ချို့ယွင်းသွားသော်ငြား ဆရာတော်ပြန်လည်နာလန်ထူခဲ့သည်သာ ဖြစ်၏။ နောက်ဆုံးသက်တော် (၉၇)နှစ်၌ အသက်ဇီဝိန်ကို ချုပ်ငြိမ်းသွားစေသည့် ရောဂါဝေဒနာသည်ကား အထက်ပါရောဂါကြီးတို့နှင့် နှိုင်းစာလျှင် မဆိုလောက်သည့် ဆီးချုပ်၊ ဝမ်းချုပ်၍ လေထိုးရောဂါလေးပင် ဖြစ်၏။ ဤရောဂါသည် အလွန်တိုတောင်းသော (၄) ရက်တာကာလအတွင်း၌ပင် ဆရာတော်၏အသက်နှင့်ခန္ဓာကိုချုပ်ငြိမ်းစေခဲ့ပါသည်။

၁၃၄၉ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်နေ့ နံနက် (၅) နာရီ (၅၁)မိနစ်တွင် အရုဏ်ဆွမ်းအာဟာရဘုဉ်းပေး၏။ နောက် ခုတင်ခြေရင်းတွင် မတ်တတ်ရပ်ကာ တရားရှုမှတ်နေ၏။ ထိုတိုင်းနေ့တွင်



www.burmeseclassic.com

www.burmeseclassic.com

အရုဏ်ဆွမ်းဘုဉ်းပေးပြီးနောက် အိပ်ရာထက်၌သာ လဲလျောင်းတရားရှုမှတ်နေလေ့ရှိ၏။ လက်ထောက်ကမ္မဋ္ဌာနာစရိယဖြစ်တော်မူသော ဦးနာဝိကသည် ဆရာတော် ထူးခြားစွာ မတ်တတ်ရပ် တရားရှုမှတ်နေသည်ကိုတွေ့၍ ဆရာတော်နေမကောင်းဖြစ်ပြီကိုသိလိုက်၏။

ဆရာတော်က ယောဂီတို့အား မိမိကိုယ်စား တရားပြပေးရန် ဦးနာဝိကကို မိန့်ကြား၏။ ဆရာတော်က မိမိနေမကောင်းကြောင်း အခြားသူတို့ကိုမသိစေလို။ ရဟန်းမြတ်တို့မည်သည် မိမိကြောင့် သူတစ်ပါးပင်ပန်းမည်ကို အလိုမရှိချေ။ သို့သော် ရဟန်းနှင့် လူပုဂ္ဂိုလ် ယောဂီတို့ တဖွဲဖွဲရောက်လာရာ ဆရာတော်က -

"ဒကာတို့ရောက်လာတာ အတော်ပဲ။ သင်္ဘောမီးရုံလေးရှိတယ်။ သင်္ဘောကထွက်တော့မယ်။ နိဗ္ဗာန်ထိပို့ဆောင်မယ့် မဂ္ဂင်သင်္ဘောကြီးလေ။ သင်္ဘောစီးဖို့လက်မှတ်ရထားပြီးရင် လက်မှတ်မပျောက်ကြစေနဲ့။ဘုန်းကြီးအမွေပေးခဲ့တဲ့ ဝိပဿနာတရားအားထုတ်တဲ့နည်းနဲ့ မပြတ်ကြိုးစားအားထုတ်ကြနော်။

ဝိပဿနာတရားက သတိကို ခိုင်မြဲစေတဲ့အတွက်မလဲကျအောင်ကာကွယ်ပေးတယ်။ လဲကျရင်လည်း မနာအောင်ကာကွယ်တယ်။ အနာရောဂါရ သေဆုံးရင်တောင်မှ အပါယ်မကျအောင်ကာကွယ်ပေးတယ်။ အမြဲရှုမှတ်နေရင် ဆင်းဆင်းရဲရဲဘယ်တော့မှမသေရဘူး။ သေရင်လည်း သုဂတိဘုံသို့သာလားရောက်ရတယ်"

ဆရာတော် နေမကောင်းဖြစ်လေရာ မိမိကိုယ်ပိုင်လက်နက် ဓမ္မောသဓဆေးတော်ကြီးကိုသာမှီဝဲလေသည်။မတ်တတ်ရပ်တရားရှုမှတ်ခြင်းဖြစ်ပါသည်။ ထိုညက ဝမ်းချုပ်ကာ ဝမ်းမပေါက်သဖြင့် ဝမ်းချုပေးကြရ၏။ အနည်းငယ်သက်သာ၏။

တန်ခူးလဆန်း ၁၃ ရက်၊ (၁၁-၄-၁၆၈၇) နေ့၌ နေမကောင်းသေး၍ ဆရာဝန်နှင့် စမ်းသပ်ကာ ဆေးထိုး၏၊ ဆေးပေး၏။ ဆရာတော်သည် ဒကာ၊ ဒကာမတို့ပြုစုပေးသည်ကို အသာတကြည်လက်ခံတော်မူ၏။ သို့သော် သိပ္ပံနည်းဖြင့် ဆေးကုသခြင်းအပေါ် အားကိုးခြင်းမပြုသော ဆရာတော်သည် နေမကောင်းဖြစ်နေသော်လည်း အာဂန္တုများရောက်လာသည့်အခါ အံ့သြဖွယ်ရာ ရွှင်ရွှင်လန်းလန်း ပြုံးပြုံးကြည်ကြည်နှင့် ဧည့်ခံကာ ရယ်စရာပြော၏။ တရားချီးမြှင့်၏။

■

ယောဂီတို့အား ဆရာတော်ချီးမြှင့်ပေးခဲ့သော နောက်ဆုံးလင်္ကာမှာ -

■ ညည်းညူမရှိ၊ သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လန်ကြောဆွဲ၊ မရှိဘဲနှင့် သေလည်းမတောင့်တင်း၊ ဖုပ်နံ့ကင်းသည်၊ ကျိုးရင်း ဝိပဿနာတန်ခိုးတည်း။ ။

၎င်း နောက်ဆုံးလင်္ကာကို ဆရာတော်သည် မိမိသီတင်းသုံးသည့် စကြံကျောင်းနံရံ၌ပင် မြေဖြူဖြင့်ရေးသားထားစေ၏။ ထို့ပြင် လူရှင်း၍ ဆရာတော် တရားရှုမှတ်နေဆဲအချိန်တွင် -

"နေဦးလေ၊ နှစ်ရက်လောက်ဆိုင်းပါဦး။ ဆွေမျိုးတွေမစုံသေးဘူး"

ဟု ဆရာတော်က တစ်စုံတစ်ယောက်အားမိန့်တော်မူနေ၏။ ထိုတစ်စုံတစ်ယောက်သည် မည်သူနည်း။

"မနက်ဖြန်နိုင်ငံခြားဧည့်သည်တွေလာကြလိမ့်မယ်ကွယ့်"

တစ်ရက်ကြိုတင်၍ ဆရာတော်မိန့်ကြားသောစကားဖြစ်၏။ ဘာကိုဆိုလိုသနည်း။ ထိုတန်ခူးလဆန်း ၁၃ ရက်နေ့တွင် ယောဂီများတိုးလာ၏။ ရန်ကုန်စိတ်ရောဂါအထူးကုဆရာဝန်ကြီး၊ ဆရာဝန်များ၊ ဓာတ်ခွဲခန်းမှူးနှင့် ဝန်ထမ်းများလည်းပါ၏။ ခေတ်ပညာတတ်များက ဘုန်းကြီးထံမှာ လာရောက် အမွေယူသည်ကို ဆရာတော် ဝမ်းသာနေ၏။ ယောဂီသစ်များကို အထူးပြုံးရွှင်စွာဧည့်ခံနေပုံက ဆရာတော်ရောဂါပြင်းထန်နေလေပြီ။

ညဉ့် (၇) နာရီတွင် ဆရာတော်ကျောင်းသင်္ခမ်းပေါ်၌ သံဃာတော်များစုဝေးပြီး ဘုရားဝတ်ပြု၊ ပရိတ်တော်များရွတ်ဖတ်သရဇ္ဈာယ်ကြကုန်၏။ ဗောဇ္ဈင်သုတ်ကိုလည်း ဆရာတော်၏ဘွဲ့အမည်နာမထည့်သွင်းကာ နိဿယအဓိပ္ပာယ်နှင့်ထက္ခ ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်၏။ ဆရာတော်သည် ခါတိုင်းလိုလိုက်မရွတ်နိုင်တော့ချေ။ ဆရာတော်အား ညဉ့်အိပ်စောင့်ရှောက်ရန် ရဟန်းလူပုဂ္ဂိုလ်အနည်းငယ်သာရှိသောအချိန် -

"အောင်မယ်- သိကြားနဲ့နတ်တွေလာပြီးရွတ်ဖတ်သရဇ္ဈာယ်တယ်ကွယ့်။ သူတို့ပြန်တော့ ဝိဇ္ဇာရဟန်းတွေလာပြီး အသံကျယ်လောင်ကျယ်လောင်နဲ့ ပရိတ်ရွတ်ကြတယ်။ ဦးပဥ္စင်းနဲ့ ဒကာတို့ကြားကြရဲ့လား။နားထောင်နေကြတဲ့ပရိသတ်ကလည်း ကျောင်းအပြည့်ပဲ။ ဝတ်စားထားတာတွေကလည်း လှလှပပသစ်သစ်လွင်လွင်နဲ့ ရုပ်ရည်တွေကလည်းတယ်လှတာပဲ"

"တပည့်တော်တို့ကိုလည်း မြင်အောင်ပြပေးပါ ဘုရား"

"ပြလို့မရဘူးကွယ့်၊ ကဲကဲ - အိပ်ကြတော့"

အားလုံးအိပ်ကြပြီးနောက် ဆရာတော်အသံပေါ်လာ၏။

"အေး - ကောင်းတယ်၊ များများနှိပ်ပေးဝတ်ဖြည့်တာကုသိုလ်ရတယ်"

တစ်ယောက်ယောက်က ဆရာတော်ကို နှိပ်နယ်ဝတ်ဖြည့်ဟန်တူ၏။

"ကဲ - တော်တော့၊ ခြေချီးပေးစမ်း။ ဩော် - ဒီပုဂ္ဂိုလ်က ခြေချီးလို့မတတ်ပါလား။ ကဲ - တော်ပါတော့"

ဦးနာဂိန္ဒနှင့် ကိုရင်သီဟတို့သည် လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်ရာ မည်သူကိုမျှမတွေ့ရချေ။ ခြင်ထောင်ချပေးထားသည့်လက်ရာလည်းမပျက်ချေ။ ညဉ့်နက်သည့်အခါတွင် ဆရာတော်ပါဠိဘာသာဖြင့် စကားပြောနေသည်ကိုကြားကြရပြန်၏။

၎င်းထူးဆန်းသောဖြစ်ရပ်များသည် အဖြေမပေါ်ဘဲ ကျော်လွန်သွားကြပါသည်။

တန်ခူးလဆန်း ၁၄ ရက် (၁၂-၄-၁၉၈၇) ၎င်းနေ့တွင်လည်း ယာဂုနှင့် နွားနို့တစ်ခွက်သာဘုဉ်းပေး၏။ ဆရာတော် မအီမသာဖြစ်နေ၏။ ဆီးချုပ်ဝမ်းချုပ်ဖြစ်နေသည်။ ဝမ်းထဲ၌ လေများထိုးဝှေ့မွှေယမ်းနေသလို ဓားဖြင့်ထိုးဆွမွှေလှီးခံနေရသလို ခံစားနေရရှာ၏။ ဆရာတော်၏သမီး ဒေါ်တင်ရွှေသည်လည်း ယောဂီများအတွက် ပြည့်စုံလုံလောက်အောင်ပြုစုလုပ်ကျွေးနေရ၊ ဖခင်ကြီးနေမကောင်း၍ ဗျာများနေရရှာသည်။

ဖခင်ကြီးက -

"ဘဘုရား တရားနှလုံးသွင်းနေပါမယ်။ ဘဘုရားအတွက် ပူပင်သောကဖြစ်မနေနဲ့။ ဘဘုရားရဲ့သာသနာကို ကူညီဖြည့်ဆည်းပေးတဲ့အနေနဲ့ သမီးရဲ့ ကြီးလေးတဲ့တာဝန်ကိုသာ ကျေပွန်အောင်ထမ်းရွက်ပါနော်"

ဟု မှာကြားရှာလေသည်။

သမီး ဒေါ်တင်ရွှေက ဘဘုရားအတွက် ဆွမ်း၊ ရေချမ်း၊ ပန်းတို့ကို ပြင်ဆင်ဘုရားအားကပ်လှူပြီး ဖခင်ကြီးကျန်းမာကောင်းကျန်းမာစေရန် ဆုတောင်း



www.burmeseclassic.com1

www.burmeseclassic.com

ကြောင်းပြောပြရာ ဆရာတော်က -

"သမီး ပြုတဲ့ ဒါနကုသိုလ်တွေကို သမီးလည်းရတယ်။ ဘဘုရားလည်း ရတယ်။ ဒါနကုသိုလ်ကိုမျှဝေလို့ရတယ်။ ဝိပဿနာကုသိုလ်ကို မျှဝေပေးလို့မရဘူး။ ကိုယ်စားမှကိုယ်ဝကိုယ်ရတယ်"

ဟု ဆုံးမတော်မူလေ၏။

နံနက်(၈)နာရီကျော်ကျော်၌ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးရေးစီမံကိန်း (UNDP) အဖွဲ့ဝင်များသည် ကား (၇) စီးဖြင့် တော်ကူးရိပ်သာသို့ ရောက်လာကြသည်။ လူကြီး၊ ကလေး (၈၆) ဦး ပါဝင်၏။ အဖွဲ့ခေါင်းဆောင်မှာ ဂျပန်လူမျိုး မစ္စတာ ကစ်တာတာနီ ဖြစ်သည်။ သူသည် အမေရိကန်ပြည်ထောင်စု နယူးယောက်ရှိ UNDP ရုံးချုပ်တွင် (၁၉) နှစ် အလုပ်လုပ်ကိုင်ခဲ့သူဖြစ်၏။ အစာအိမ်တင်ဆာရောဂါကြောင့် နယူးယောက်ဆေးရုံတွင် ခွဲစိတ်ကုသခံယူခဲ့သည်။ ဆရာဝန်များက သူ့ကို (၃)လသာခံတော့မည်ဟု မှတ်ချက်ပေးခံထားရသည်။

ကစ်တာတာနီသည် မိမိစားသောက်သည့်စနစ်ကို လုံးဝပြောင်းလဲပစ်လိုက်သည်။ ဆန်လုံးညို၊ ဟင်းသီးဟင်းရွက်၊ ပဲတို့ကို စားသုံးတော့၏။ အသားလုံးဝမစားချေ။ စိတ်တင်းကျပ်မှုပျောက်အောင် ဘာဝနာပွားများခြင်းကို ပြုလုပ်၏။ ယခုအခါ ခွဲစိတ်ပြီး (၇) နှစ်ကျော်ခဲ့လေပြီ။ ကျန်းမာ၏။ မိမိ၏ ဉာဏ်ကျေးမှုနှင့် ဗုဒ္ဓဘာသာကို စိတ်ဝင်စားသဖြင့် ကျိုကွိုမိတ်ဆွေ့သို့ အလည်သွားရင်း တော်ကူးရိပ်သာသို့ ဝင်ရောက်လာခြင်း ဖြစ်၏။

ဂျပန်၊ ချက်ကိုဆလိုဆားဗီးယန်း၊ ဆွစ်၊ မြန်မာတို့ပါဝင်သော (UNDP) အဖွဲ့ဝင်များသည် ဆရာတော်ကိုဝင်ရောက်ဖူးတွေ့ကြ၏။ ညွှန့်သည်အပေါင်းတို့က တော်ကူးဆရာတော်ကို ဦးသုံးကြိမ်ချ ဂါရဝပြုကြ၏။ ဆရာတော်က ချီးမြှင့်သည်။ ထို့နောက် မစ္စတာကစ်တာတာနီက တရားအကြောင်းမေးမြန်းချက်များကို ဆရာတော်က မေးသူနားလည်အောင် ဖြေကြားပေးတော်မူ၏။

ဆရာတော်က -

"ဒကာက ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးရဲ့ ကိုယ်စားလှယ်ကြီးဆိုတော့ ကမ္ဘာမှာ ဂုဏ်သိမတန် ဂုဏ်မြင့်တာပေါ့နော်"

"မမြင့်ပါဘူး ဘုရား။ ကမ္ဘာမှာ ဘုန်းကြီးတို့ကသာလျှင် အမြင့်မြတ်ဆုံးသူများဖြစ်ကြပါတယ်။ ဒါကြောင့် တပည့်တော်တို့က ရှိခိုးနေကြရပါတယ်"

"အေးအေး - ဒကာ တရားထိုင်ဖူးလား"

တစ်ခါထိုင်လျှင် (၁)နာရီခန့်ထိုင်ဖူးကြောင်း၊ (၆)နာရီကြာအောင်ထိုင်လို့ရမည့်နည်းလမ်းသိလိုပါသည်ဟုဆို၍ ဆရာတော်က ယခုနည်းပြပေးလိုပါသော်လည်း ထိုင်မည့်သူက မအားသေးပါ။

"အေး - ကိုယ့်ကိုယ်ကိုယ်ချစ်ရင် သံသရာမှာမနစ်အောင် ကြိုးစားကြရမယ်။ ကာမဂုဏ်ချမ်းသာနဲ့ ဘဝကို နှစ်သက်တွယ်တာတဲ့တဏှာရယ်၊ ဘဝရဲ့ အမှန်သဘောကိုမသိတဲ့ အဝိဇ္ဇာရယ်ကြောင့် သံသရာမှာလည်နေကြရဦးမယ်။ ဒီဘဝမှာ ဝိပဿနာကုသိုလ်လုပ်မထားရင် နောင်ဘဝအပါယ်မရောက်ဘူးလို့မပြောနိုင်ဘူး။ အပါယ်ဘဝက လွတ်မြောက်ဖို့ ခဲယဉ်းတယ်။ အမြန်ဆုံးတရားအားထုတ်ဖြစ်အောင် ကြိုးစားကြ"

ဆရာတော်ကို ဓာတ်ပုံရိုက်ကြ၏။ ဤပြုံးကြည်နေသောပုံတော်ကိုကြည့်လျှင် နောက်တစ်နေ့ ညဉ့်ဦးယံ၌ ဆရာတော်ပျံလွန်တော်မူမည်ကို မည်သူထင်အံ့နည်း။

(နောင်တစ်ချိန် မစ္စတာကစ်တာတာနီသည် ဆရာတော်ပျံလွန်တော်မူကြောင်းကြားသိရချိန်တွင် အလွန်ဝမ်းနည်းမိ၏။ နောက်လတွင် တော်ကူးရိပ်သာသို့ မိမိလာမည်ဟု ဆရာတော်အား ကတိပေးထားသည့်အတိုင်း သူအရောက်လာခဲ့ပါ၏။ ဆရာတော်၏ နောက်ဆုံး ဆန္ဒကိုဖြည့်ဆည်းပေးသောအားဖြင့် ဆရာတော်၏နောက်ဆုံးဓာတ်ပုံနှစ်ပုံကို ပုံကြီးချဲ့ကာ မှန်ပေါင်တပ်ပြီး ဆရာတော်၏ကျောင်း၌ ပူဇော်ထားလေ၏။)

(UNDP) အဖွဲ့ဝင်များ ပြန်သွားသည့် အခါ မော်လမြိုင်မြို့ဝသတိပဋ္ဌာန်ကျောင်းတိုက်မှ ဆရာတော်ဦးစာရိတ္တဦးဆောင်၍ ဒကာ၊ ဒကာမ (၄၀)ခန့် ရောက်လာကြ၏။ ဦးစာရိတ္တသည် တော်ကူးဆရာတော် ပျံလွန်တော်မူပါက တော်ကူးရိပ်သာကို ဆက်လက်အုပ်ချုပ်ပေးရမည့်ဆရာတော်ဖြစ်၏။ မော်လမြိုင်အဖွဲ့ပြန်သောအခါ "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ တွေ့ဆုံကြုံကွဲ မမြဲတဲ့ လောကသခ်ီရတရားပဲနော်" ဟု နောက်ဆုံးစကားကို နှစ်ကြိမ်တိတိအမိန့်ရှိလိုက်ပေ၏။

ဆရာတော် မနက်ဖြန်ပျံလွန်တော်မူမည်ကို မည်သူရိပ်စားမိအံ့နည်း။

ဆရာတော်သည် ဝေဒနာနှင့်မည်မျှနပန်းလုံးနေရစေကာမူ ယောဂီအသစ်အဖူးအမြော်ဝင်လာလျှင် မျက်နှာထားရွှင်ပျစွာဖြင့် အိပ်ရာထက်၌ထိုင်ချကာ အကန်တော့ခံလေသည်။ ပြုံးရွှင်စွာ အာလာပသလ္လာပစကားနှင့်တရားစကား ပြောကြားတော်မူ၏။ ဆရာတော်သည် တရားရှုမှတ်လိုက်၊ အဖူးမြော်ခံလိုက်ဖြင့် မနားရရှာချေ။

ဆရာတော် အလုအယက်တရားရှုမှတ်နေစဉ် -

"ယောဟေး-နေဦး၊ ငါ့အမျိုးတွေ လာကြဦးမယ်။ လူစုံတဲ့အထိစောင့်ပါဦး"

ဟု ဆရာတော်နှစ်ကြိမ်သုံးကြိမ် မြွက်ဆို၏။ ဆရာတော်သည် မည်သူနှင့် ပြောဆိုနေသနည်း။

ထိုနေ့ညတွင် ဆရာတော်အနားလည်းမရ၊ တရားအားထုတ်ခွင့်လည်းကောင်းစွာမရ။ ဝေဒနာတွေကလည်း အထူးဖိစီးလေရကား အမောင်ပျိုးလာသော် ဆရာတော်မောဟိုက်လာလေသည်။ သံဃာတော်များ ဆရာတော်ကျောင်းပေါ်၌ ဘုရားဝတ်တက်၊ ပရိတ်ရွတ်ကြ၏။ ဆရာတော်သည် သံဃာတော်များကို တွေတွေစိုက်ကြည့်နေသည်မှာ နောက်ဆုံးကြည့်ခြင်းမျိုးဖြင့် ကြည့်ရှုနေသလော။

■

ဆရာတော်သည် မျက်စိစုံမှိတ်၍ တရားနှလုံးသွင်းလေရာ ည (၉) နာရီကျော်ကျော်လောက်တွင် အိပ်မောကျ၏။

ထိုအချိန်တွင် အလင်းရောင်အလုံးကြီးတစ်စုသည် ပြတင်းပေါက်ဝမှ ဝင်လာ၏။ ဆရာတော်၏ ခန္ဓာကိုယ်ထက်၌ ထွန်းလင်းနေသည်ကို ဦးဓမ္မစာရ ဖူးတွေ့ရ၏။ ယခင်တစ်ကြိမ်လည်း ဖူးတွေ့ဖူး၏။ မိနစ်အနည်းငယ်ကြာသောအခါ အလင်းလုံးပြန်လည်ထွက်ခွာသွားသည်။ သန်းခေါင်ယံကျော်လွန်သောအခါ ဆရာတော်နိုးလာ၏။ ဆီးချုပ်ဝမ်းချုပ်ဖြင့် ဝေဒနာဆိုးကိုလှိမ့်ခံစားနေရ၏။ ကြိတ်မှိတ်သည်းခံကာ တရားရှုမှတ်ရင်း အရုဏ်ကျင်းလာသည်။

၁၃၄၆ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့ (၁၃-၄-၁၉၈၇) ဤနေ့သည် လပြည့်နေ့ဖြစ်သလို သင်္ကြန်အကြိုနေ့လည်းဖြစ်လေ၏။ မြန်မာတစ်ပြည်လုံး သင်္ကြန်ပွဲတော်ကြီးကို ပျော်ပျော်ပါးပါး



www.burmeseclassic.com

www.burmeseclassic.com

ကျင်းပရန်တာစူနေချိန် တော်ကူးဆရာတော်အတွက်ကား (၉၇) နှစ်တာကြာညောင်းခဲ့ပြီဖြစ်သော မိမိဘဝနိဂုံးကမ္ပတ်အဆုံးသတ်ပေတော့မည်။

အရုဏ်တက်ချိန် ဆွမ်းကပ်ကြရာ ဆရာတော် ဘုဥ်းမပေးနိုင်တော့ပြီ။ ဒေါ်တင်ရွှေက ဘုဥ်းပေးစေလိုသော်လည်း -

"ဘုန်းကြီးခန္ဓာကိုယ်က လက်မခံတော့ဘူးသမီး။ ယောဂီတွေသိပ်များလာပြီ။ သမီးတို့ပင်ပင်ပန်းပန်းချက်ပြုတ်ကြရလိမ့်မယ်။ လုပ်စရာရှိတာသွားလုပ်ချေ"

ဆရာတော်က မိမိကိုယ်ကိုမငဲ့၊ ယောဂီများအဆင်ပြေရေးကိုသာ ဦးစားပေး၏။

ထိုလပြည့်နေ့တွင် ဆရာတော်အား ဖူးမြော်သူအလွန်များပြားလွန်း၍ ရိပ်သာတွင် ယောဂီများပြည့်ကျပ်နေသဖြင့် သဘော်လူပြည့်ပြီဟု ယူဆနိုင်ပါ၏။ ဆရာတော်သည် ဝေဒနာပြင်းထန်နေသော်လည်း တရားရှုမှတ်ရန်ကိုသာ အမြဲကြိုးစားနေပါသည်။ လူရှင်းသည်နှင့် မိမိအိပ်ရာထက်ဝယ် ပက်လက်ကလေးလဲလျောင်းရင်း ဝိပဿနာတရားရှုမှတ်နေ၏။ ဆရာတော်၏ရင်ဘတ်သည် နိမ့်ချည်မြင့်ချည်လှုပ်ရှားနေရာမှ မသိမသာညင်သာစွာဖြင့်လုံးဝရပ်ဆိုင်းသွား၏။

အသက်မရှိသေးရဲ့လားဟု ဒကာများစိုးရိမ်နေကြ၏။ တစ်နာရီခန့်အကြာတွင် ဒေါ်တင်ရွှေရောက်လာပြီး ခေါ်ကြည့်၏။ လှုပ်နိုး၏။ ဆရာတော်နှုတ်မှ ဟင်းဟု အသံကြားရ၍ ဒကာ၊ ဒကာမတို့အားတက်ကြရသည်။ ထို့နောက် ဆီးသွားချင်သည်ဆို၍တည်ပေးရာ ဆီးတစ်စက်နှစ်စက်မျှသာသွားတော့သည်။ ညနေပိုင်း သံဃာတော်များ ပရိတ်ရွတ်ချိန် ပရိတ်ရွတ်စေ၏။ ဆရာတော်တရားရှုမှတ်နေ၏။ ဗောဇ္ဈင်သုတ်တရားတော်အဆုံး ဆရာတော်ထံမှ သာဓုခေါ်သံသုံးကြိမ်ထွက်ပေါ်လာပြီး ငြိမ်သက်နေပါသည်။

ဒေါက်တာခင်မောင်ညိုနှင့် စိတ်ရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာသိန်းငွေးဖေတို့ ဆရာတော်၏ နှလုံးခုန်သံ၊ မျက်လုံးတို့ကို စမ်းသပ်ကြည့်ရာ မျှော်လင့်ဖွယ်မရှိတော့ကြောင်းသိရ၏။ ဒေါက်တာခင်မောင်ညိုက ဆေးထိုးပေးရန်ပြင်ဆင်၏။ ဆရာတော်၏မျက်နှာတော်မှ ချွေးသီးချွေးပေါက်များတသွင်သွင်ယိုစီးနေသော်ငြား မျက်နှာတော်မှာကြည်လင်နေ၏။

ဆရာတော်သည် ပါးစပ်နှစ်ချက်ဟ လေဟပ်ထုတ်ပြီး မျက်နှာတော်မှာ လက်ယာဘက်သို့တိမ်းကာ ဦးခေါင်းငိုက်ကျသွားလေ၏။ ဆရာတော်ပျံလွန်တော်မူလေပြီ။ ရှေးဟောင်းတိုင်ကပ်နာရီကြီးကိုလှမ်းကြည့်လိုက်ရာ ဆရာတော်ပျံလွန်တော်မူသည့် ည၌ (၇)နာရီ (၄၈) မိနစ်တွင် နာရီကြီးလည်း လုံးဝရပ်တန့်နေပါတော့သည်။

■

တော်ကူးဆရာတော် ဦးနန္ဒိယသည် ကောဇာနှစ် ၁၂၅၂ ခု၊ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့တွင် ဖွားမြင်၏။ ၁၃၄၈ ခုနှစ်၊ တန်ခူးလပြည့်နေ့ (၁၃-၄-၁၉၈၇) သင်္ကြန်အကြိုနေ့ ည၌ (၇)နာရီ (၄၈) မိနစ်တွင် ပျံလွန်တော်မူသည်။ ပျံလွန်သည့်အချိန်၌ သက်တော် (၉၇) နှစ်၊ ဝါတော် (၄၂) ဝါရှိပါသည်။

ဆရာတော် ပျံလွန်ချိန်တွင် ကျောင်းသခ်မ်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေပါ၏။ ခါတိုင်း ည၌များတွင်၊ ခွေးဟောင်သံ၊ ည၌ငှက်သံများ၊ လူသံများကြားနေရပါသည်။

ပျံလွန်သည့်အချိန်လောက်တွင် တစ်ကြိမ်၊ ည၌ (၁၀) နာရီလောက်တွင် တစ်ကြိမ်၊ နံနက် (၁) နာရီခန့်တွင် တစ်ကြိမ်၊ နံနက် (၄) နာရီခန့်တွင် တစ်ကြိမ်၊ ကျောင်းဝင်းတစ်ခုလုံး အလွန်သင်းပျံ့မွှေးကြိုင်နေ၏။ ယောဂီအပေါင်းတို့သည် ထိုမွှေးရနံ့ကို ရှူရှိုက်ကြရကာ မည်သည့်ပန်းရနံ့နှင့်မျှလည်းမတူသော မွှေးရနံ့ကား မည်သည့်အကြောင်းကြောင့် သင်းပျံ့လေသနည်း။ နတ်များလာရောက် ပူဇော်ခြင်းပေလော။

ဆရာတော် ပျံလွန်တော်မူချိန်၌ ညည်းညူခြင်း၊ သတိမေ့ခြင်း၊ မျက်စိလန်ခြင်း၊ အကြောဆွဲခြင်း စသည်တို့မဖြစ်ပေါ်ချေ။ အမှတ်သတိမြဲလျက် ညင်ညင်သာသာ ပျံလွန်တော်မူ၏။ ရုပ်ကလာပ်တော်ကို သယ်မကြသည့်အခါ ပေါ့ပါးနေသည်ကိုတွေ့ကြရသည်။ ခြေလက်များတောင့်တင်းခြင်း၊ မာကျောခြင်းများ မရှိပါ။ နူးညံ့ပျောင်းအိနေပါသည်။

ဒကာရင်းဖြစ်သူ ဦးသိန်းတင်ရောက်လာသည့်အခါ ဆရာတော်၏လက်ကိုဆုပ်ကိုင်ကြည့်ရာ ရေခဲတုံးကိုင်ရသလို အေးစက်သွား၏။ လက်မှာပတ်ထားသောနာရီပင် ရပ်တန့်သွားသည်။ ဆရာတော်၏လက်ကိုလွှတ်လိုက်မှ နာရီလက်တံတို့သည် ပြန်လည်၍ လှုပ်ရှားသွားကြပါသည်။

ဆရာတော် သက်ရှိထင်ရှားရှိစဉ် ကရိတ်သိမ်းထားသော ဆံစကလေးများ ပုလင်းအတွင်း၌ တစ်ပင်နှင့်တစ်ပင်လိမ်ယှက်ပြီး ခြင်းလုံးအသွင်၊ စေတီအသွင် ပုံဆောင်လာကြသည်။ အထူးဆန်းဆုံးအချက်မှာ ဆရာတော်၏ရုပ်ကလာပ်သည် သဘာဝကိုဆန့်ကျင်လျက် ဖူးရောင်ခြင်း၊ ပုပ်ပွခြင်းအလျှင်း မရှိခြင်းပင်တည်း။

ဆရာတော် ပျံလွန်တော်မူသည်မှာ (၂၅) ရက်ရှိပြီဖြစ်၏။ သိပ္ပံပညာက မဖြေရှင်းနိုင်သောအချက်ပါတကား။

ဆရာတော်၏ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ရာတွင် အလောင်းတော်အစိတ်အပိုင်းတစ်ခုပြီးတစ်ခုမီးစွဲလောင်ကျွမ်းနေသည်ကို မြင်တွေ့ကြရ၏။ မီးစွဲလောင်နေစဉ် အလောင်းတော်သည် ကန်းကွခြင်း၊ တွန့်လိမ်ခြင်း စသည်တို့ မဖြစ်ချေ။

■

တော်ကူးဆရာတော်သည် တောထွက်ကြီးဖြစ်၏။ လူအမည် ဦးထွန်းရီဖြစ်သည်။ အသက် (၅၅) နှစ်အရွယ်ကျ ရဟန်းဝတ်ဖြစ်သည်။ ဝိပဿနာရှုမှတ်ခြင်းကိုအထူးအားပေး၏။သမထအလုပ်က ဝေဒနာကို မကျော်လွန်နိုင်ကြောင်း၊ ဝိပဿနာအလုပ်ကသာ ဝေဒနာကို ကျော်လွန်နိုင်ကြောင်း၊ ဝေဒနာကိုကျော်လွန်နိုင်မှသာလျှင် အသေတတ်မည်၊ အသေတတ်မှသာ ဘဝကူးကောင်းမည် ဖြစ်ကြောင်း မိန့်ဆိုသည်။

ဦးထွန်းရီဘဝတွင် ပင်ပန်းဆင်းရဲလေ ခန္ဓာတရားကြီးမားသူဖြစ်လာခဲ့သည်။ လယ်သမားဘဝ ဦးထွန်းရီသည် လယ် (၂၆)ဧကကို ပင်ပန်းဆင်းရဲကြီးစွာ လုပ်ကိုင်ခဲ့ရ၏။ တောထဲဝင် သစ်ဝါးခုတ်ကာ လှည်းပေါ်တင်၏။ တောင်စောင်းလမ်းကြမ်းအတိုင်း လှည်းကိုမောင်းနှင်လာသည်။ နွားတို့ဒုန်းစိုင်းပြေးဆင်းကြလေရာ လှည်းပေါ်မှ သစ်လုံးများ ဦးထွန်းရီကိုယ်ပေါ်သို့ ပိကျကျိုးကြေ၍ ကြက်သီးကြီးမားသောဒဏ်ရာမျိုးစုံ မဆံ့ ခံစားခဲ့ရ၏။

တစ်ခါက ဦးထွန်းရီသည် လှည်းဘီးတုံးပေါ် ထိုင်၍ ခြေတွဲလဲချကာ တောထဲသို့ဝင်၏။ လမ်းအူကြောင်းတည်တည့်၌ ငေါငေါပေါ်နေသော သစ်ငုတ်တိုကို သူသတိမထားမိ။ နွားနှစ်ကောင်



www.burmeseclassic.com1

www.burmeseclassic.com

တို့သည် အားကောင်းကောင်းဖြင့် လှည်းကိုဆွဲကြရာ ဦးထွန်းရီတွဲလောင်းချထားသောခြေထောက်တစ်ဖက်ကို သစ်ငုတ်တိုနှင့် ပြင်းစွာရိုက်မိ၏။ ဦးထွန်းရီ ခြေထောက်ပြတ်လုမတတ် ဟက်တက်ကွဲလေ၏။ နှစ်လကြာအထိ ဆေးကုသသည်။ မပျောက်သည့်အပြင် ငန်းလိုက်ကာ ရောင်ရမ်းလာတော့သည်။ ပြင်းထန်သောဝေဒနာကိုသည်းခံလျက် မိမိဘာသာ ရေအေးအေး၌ ခြေထောက်ကိုစိမ်၍ ရတနာသုံးပါးဂုဏ်တော်ကို အထပ်ထပ်ပွားများခြင်းဖြင့် ရောဂါပျောက်ကင်းစေခဲ့၏။

ဦးထွန်းရီ အသက် (၄၀) ကျော်အရွယ်တုန်းက နွားသိုးကြီးအဝှေ့ခံရဖူး၏။လည်ပင်းထုတ်ခြင်းပေါက်လေသည်။ ဒဏ်ရာကို တင်ချာဆေးရည်လောင်းထည့်ရာ ဦးထွန်းရီတစ်ကိုယ်လုံးတုန်ခါသွားအောင် နာကျင်ပူစပ်ရလေသည်။ သို့သော် သည်းခံရှာ၏။ အနာမန်းလိုက်ကာ ရောင်ရမ်းလာသဖြင့် ပါးစပ်ဟ၍မရတော့ချေ။ ထမင်းရည်ကိုစုပ်ယူကာ အာဟာရဖြည့်တင်းရသည်။ ရက် (၂၀) လုံးလုံးမအိပ်ရ ငုတ်တုတ်ထိုင် မိုးလင်းခဲ့ရ၏။

ဦးထွန်းရီကား တုန်လှုပ်ချောက်ချားမှုမရှိဘဲ ဘုရားအာရုံပြုထား၏။ မေတ္တာဘာဝနာတွင်တွင်ပွား၏။ (၂၁) ရက်အကြာ၌ မန်းရည်ပေါက်သွားသည်။ အနာအနည်းငယ်သက်သာရာရလေ၏။ တစ်ဖန် လမှောင်မိုက်သောတစ်ညဉ့်သ၌ ကင်းခြေများကြီးတစ်ကောင်က ဦးထွန်းရီ ခြေထောက်ကိုကိုက်ပြန်သည်။ အဆိပ်တက်ပါတော့သည်။ အကိုက်ခံရသည့်နေရာမှ ရောင်ရမ်းပူလောင်လာတော့သည်။ မီးနှင့်မြိုက်ခံရသကဲ့သို့ အလွန်ပူပြင်းနာကျင်သည့်ဝေဒနာလှိုင်းတို့သည် ကင်းကိုက်သည့်ဒဏ်ရာဆီမှ ဝမ်းဗိုက်သို့လှိမ့်တက်လာ၏။ သတင်းလာမေးသူများသော်လည်း အနာသက်သာအောင် မည်သူမျှလုပ်မပေးနိုင်ကြပေ။

မိမိကိုယ်တိုင် အောက်လင်းမီးအိမ်ဖြင့်ကင်ပေးရာ အနည်းငယ်သက်သာ၏။ သို့သော်လည်း မီးကင်များသွားသဖြင့် အသားကျက်မတတ် ဖူးရောင်အက်ကွဲလေ၏။

တော်ကူးဆရာတော်သည် ဤသို့သော လူဝတ်ကြောင်ဘဝက သေလုနီးသည့်ဒဏ်ရာကြီးများကို အကြိမ်ကြိမ်ခံစားခဲ့ရဖူးသည်။ အသက် (၇၀)အရွယ် ဘုန်းကြီးဝတ်ဖြင့် 'ဆေးသုဉ်းနဝင်းသုဉ်းပြီ၊ မျှော်လင့်ချက်ကုန်ပြီ' ဟု ဆေးဆရာများ သတ်မှတ်ကြရလောက်အောင်ပင် ရောဂါဝေဒနာမျိုးစုံတို့ ဖိစီးလာကြကုန်၏။

တောထဲ၌ တရားအားထုတ်စဉ်က ငှက်ဖျားရောဂါရခဲ့ဖူးသည်။ သွေးတိုးရောဂါနှင့် မူးဝေသောဝေဒနာများက နှိပ်စက်ကြလေကုန်၏။ ခြေထောက်တွင် နှင်းခူပေါက်နေစဉ် အသားပိုလုံးများသည် သဖန်းသီးသဖွယ်ပွတ်သီးနေကြသည်။ လက်ဝဲဘက်ပေါင်တွင်းကြောတုပ်ဆွဲသည့်ရောဂါက တော်ကူး၊ တန့်စွန်တိုင်ရွာများထဲသို့ ဆွမ်းခံမကြွနိုင်အောင် တုပ်ဆွဲထားကြကုန်၏။ ရုန်းကန်၍ ဆွမ်းခံကြွနေရရှာသည်။

အတိတ်ဘဝပေါင်းများစွာကပြုခဲ့မိသော အပရာပရိယဝေဒနီယကံဝဋ်ကြွေးတို့ကို အခုဘဝ ခန္ဓာဖြင့်ပေးဆပ်နေရခြင်းဖြစ်သည်ဟု နှလုံးသွင်းလျက် ဝေဒနာကို သည်းခံတော်မူ၏။

“ဝိပဿနာရှုမှတ်လို့ တရားသဘောအရပေါ် လာကြတဲ့ ထုံကျဉ်ကိုက်ခဲပူလောင်တင်းကျပ်တဲ့ ဝေဒနာဆိုးတွေဟာ စင်စစ်မတော့ ဘုန်းကြီးခံစားခဲ့ရတဲ့ဝေဒနာတွေလောက် မဆိုးပါဘူး။ ဇွဲရှိရှိ ဝီရိယကောင်းကောင်းနဲ့ ခန္တီတရား၊ သတိတရားတို့ကို လက်ကိုင်ထားပြီး နောက်မဆုတ်တမ်း တစ်မှတ်ချင်းတစ်မှတ်ချင်း ရှေ့တိုးမှတ်သွားတော့ လမ်းဆုံးရင် ရွာတွေ့တော့တာပဲ”

ဟု မိန့်၏။

တော်ကူးဆရာတော်သည် အိမ်ရာထူထောင်သည့် လူဝတ်ကြောင်ဘဝကပင် သမထဘာဝနာအလုပ်ကို အားထုတ်လာခဲ့သည်။ အသက် (၅၅) နှစ်အရွယ် ရဟန်းဘောင်သို့ဝင်လာသောအခါ၌လည်း ထိုသမထဘာဝနာအလုပ်နှင့်ပင် (၁၅)နှစ်တိုင်တိုင် ကျင်လည်ခဲ့ပြန်သည်။ တော်ကူးဆရာတော်၏ တူမတော်စပ်သူ သီလရှင်ဒေါ်ပညာသီက-

“ဝိပဿနာ တရားတော်ဟာ သာသနာတော်၏အသက်ဖြစ်ပါတယ်”

ဟု ဆိုကာ မော်လမြိုင်မြို့ဝသတိပဋ္ဌာန်ကျောင်းတော်သို့သွားပြီး ဝိပဿနာတရားတော်အားထုတ်ရန် ပင့်ဆောင်လေ၏။ သတိပဋ္ဌာန်ကျောင်းတွင် ကြိုးစား အားထုတ်ရာ ဆရာတော် ဦးပဏ္ဍဝက -

“ဦးနန္ဒိယတစ်ယောက် တရားထူးမြင်သိသွားပြီ” -

ဦးပဏ္ဍဝက ဦးနန္ဒိယကို ဤကျောင်း၌ တရားပြပေးရန် အကူအညီတောင်း၏။ ဦးနန္ဒိယက ကောင်းစွာတရားပြသပေးနိုင်ခဲ့ပါ၏။

■

၁၃၂၆ ခုနှစ် ဇာတိချက်ကြွေ တော်ကူးရွာမှ ဒကာများက တော်ကူးသတိပဋ္ဌာန်ကျောင်းတော်ဆောက်လုပ်ကာ ဦးနန္ဒိယကိုလှူကြသည်။ ဆရာတော်ဦးပဏ္ဍဝခွင့်ပြုချက်ရသည်နှင့် ဦးနန္ဒိယသည် တော်ကူးရွာတွင် ပြန်လည်ကျောင်းထိုင်တော်မူသည်။ အထူးသဖြင့် ဣရိယာပုတ်ရှည်ရှည်ဖြင့် တရားအားထုတ်နိုင်ရန် မေတ္တာကရုဏာရှေ့ထားကာ ညွှန်ကြားပြသပေးသည့်အတွက် ရောဂါဝေဒနာရှင်တို့ ထူးထူးခြားခြား ရောဂါပျောက်ကင်းကြကုန်၏။

ဆေးရုံ၌ကုသ၍ရောဂါမပျောက်ကင်းသူ ဝေဒနာရှင်အချို့၊ တော်ကူးရိပ်သာ၌ ဝိပဿနာတရားရှုမှတ်ခြင်းဖြင့် ရောဂါပျောက်ကင်းကြကုန်၏။ သို့အတွက် တော်ကူးသတိပဋ္ဌာန်ရိပ်သာကို 'တော်ကူးသတိပဋ္ဌာန်ဆေးရုံတော်' ဟူ၍ ရွာသားများက တင်စားခေါ် ဆိုကြတော့၏။ တော်ကူးဆရာတော်တွင်ဖြစ်ပွားနေသော နှင်းခူရောဂါသည်လည်း ကောင်း၊ သဖန်းသီးပမာစုတွဲနေကြသည့် အသားပိုလုံးများသည် လည်းကောင်း တစ်လုံးပြီးတစ်လုံး ကြွေကျပျောက်ကင်းကြကုန်သည်။

နောက် ထူးခြားသည့်အကြောင်းတစ်ရပ်မှာ မော်လမြိုင်မြို့ဝသတိပဋ္ဌာန်ကျောင်းမှ ဦးနန္ဒိယခွဲခွာသွားသည့်အချိန်၌ ဆရာဖြစ်သူ ဦးပဏ္ဍဝက -

“ဦးနန္ဒိယရေ၊ နောက်ထပ်တရားထူးတွေ့ရင် ငါတို့ကို အကြောင်းကြားသတိပေးပါနော်”

ဟု မှာကြားချက်ရှိခဲ့သည်။

ထိုသည့်နေ့မှ (၁၅)နှစ်ကြာသော အခါ တော်ကူးဆရာတော်သည် လှူဖွယ်ဝတ္ထုပစ္စည်းတို့ဖြင့် မော်လမြိုင်မြို့ဝ သတိပဋ္ဌာန်ကျောင်းသို့ကြွ၏။ ဆရာသမားအား ပူဇော်ကန်တော့၏။

ဆရာဖြစ်သူ ဦးပဏ္ဍဝက -

“ဆရာတော်ဘာအကြောင်းထူးလို့တုံး”

ဟု မေးတော်မူ၏။

“ဆရာတော်မိန့်မှာထားတဲ့အတိုင်း လာရောက်ခြင်းပါ ဘုရား”

ဟု ပြန်လည်လျှောက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာနှင့် တပည့် ပြုံးရွှင်စွာကြည့်လိုက်ကြ၏။ ဆရာကလည်း ထပ်မမေး၊ ဆရာထပ်မမေးသည့်အတွက် တပည့်ကလည်း ထပ်မဖြေ။ ဆရာအားဝတ်ဖြည့်ပြီးနောက် ဦးနန္ဒိယသည် တော်ကူးရွာသို့ ပြန်ကြွလေ၏။ ထို့နောက် ဆရာတော် ဦးပဏ္ဍဝသည် မိမိကျောင်းတိုက်အတွင်းရှိ သံဃာတော်များအား -

"ဦးနန္ဒိယ၊ တရားထူးရသွားပြီဟေ့"

ဟု ဝမ်းမြောက်ဝမ်းသာ မိန့်ကြားတော်မူသည်။

တော်ကူးဆရာတော် အကြားအမြင်ရသည်ဆိုသော အထောက်အထားရှိ၏။ ဆရာတော်ကိုယ်စား စာပြန်ပေးလေ့ရှိသော ဦးနန္ဒိယသည် မိမိတစ်ပါးစံကျောင်းငယ်လေးတွင် ဆေးလိပ်သောက်ပြီးနောက် ဆရာတော်၏ကျောင်းပေါ်သို့တက်လာသည်။ တော်ကူးရိပ်သာကျောင်းသည် ရွှေကျင်ဂိုဏ်းဝင်ဖြစ်သည်။ သံဃာများကို ဆေးလိပ်သောက်ခွင့်မပြုချေ။

ဦးနာဂိန္ဒသည် ဆရာတော်ထံမှ ဦးအောင်သိန်းစာကိုယူဖတ်ပြီး -

"တပည့်တော်၊ စာပြန်လိုက်ရမလားဘုရား"

"အေးအေး - ပြန်လိုက်ပေါ့။ တော်ကူးရိပ်သာမှာ ဆေးလိပ်ခိုးမသောက်ရဘူးဆိုတာပါထည့်ရေးလိုက်နော်"

ဟု ဆိုလိုက်ရာ ဦးနာဂိန္ဒ ခေါင်းနားပန်းကြီးသွားလေ၏။

တစ်နေ့တွင် ရိပ်သာနေ ရဟန်းတစ်ပါး ကုဋီတက်၏။ အနည်းငယ်သာရှိသောရေကို ကုတ်ကတ်သုံး၏။ ပြီးနောက် ဆရာတော်ကျောင်းပေါ်သို့ တက်လာခဲ့သည်။ ဆရာတော်ကလည်း လျှောင်းနေရာမှ ရဟန်းများအား ဩဝါဒပေးသည့်အသွင်ဖြင့် မိန့်ဆိုလိုက်သည်မှာ-

"ဦးပဥ္စင်းတို့ ကုဋီရေ၊ သုံးရေ၊ သောက်ရေ၊ ခြေဆေးရေတွေကုန်နေတာတွေ့ရင် ခပ်ထည့်ကြနော်။ ဒါဟာ ရဟန်းတိုင်းရဲ့ တာဝန်တစ်ရပ်ကွယ့်။ မပျက်ကွက်ကြနဲ့"

ဟု မိန့်တော်မူ၏။

တစ်နေ့တွင် ဦးလှို၊ ဦးတရုပ်၊ ဦးဘခွေး၊ ဦးအောင်ရှိန် စသည့် ဒကာတစ်စု အငြင်းအခုံဖြစ်၏။ ထိုကိစ္စကို ဆရာတော်ထံ တင်ပြလျှောက်ထားရန်ဖြစ်၏။ သို့သော် ဆရာတော်ကို သူတို့အုပ်စုကန်တော့ကြပြီးသည်နှင့် -

"ဒကာတို့ရဲ့ အငြင်းအခုံကိစ္စ ဘုန်းကြီးကို လျှောက်စရာမလိုဘူး။ သာသနာတော်ရဲ့အကျိုးကိုသာ ရှေးရှုလုပ်ကြ၊ ကူညီဆောင်ရွက်ပေးကြပါ။ ညီညီညွတ်ညွတ်နဲ့ မေတ္တာရှေ့ထားကြပါ။ ဘုန်းကြီး ဒါပဲမေတ္တာရပ်ခံချင်တယ်။ ကဲ - သွားကြ၊ လုပ်စရာရှိတာတွေလုပ်ကြ"

ဒကာများ နှုတ်ပိတ်လျက် ဖယ်ခွာသွားကြပြီး အချင်းချင်း မေတ္တာရှေ့ရှုကာ ညှိနှိုင်းတိုင်ပင်ညီညွတ်သွားကြလေကုန်၏။

■

ဆရာတော်မပျံလွန်မီ (၄) လအလို (၁၁-၁၂-၁၉၈၆)နေ့တွင် ထူးခြားသောအလှူရှင်တစ်စု ရောက်လာကြ၏။ ထူးဆန်းသည့်အလှူများကို ပေးလှူကြကုန်၏။ ရုပ်ရည်ချောမောလှပသည့် အမျိုးသမီး (၃) ဦးနှင့် အမျိုးသား (၂)ဦးတို့ ပါဝင်၏။ နေ့လယ်အချိန် ကားဖြင့်ရောက်လာကြသည်။ ဆရာတော်အား ဖူးမြော်ကြသည်။ ဆရာတော်ကို ခွင့်ပန်၍ လက္ခဏာ၊ ခြေဏာများကို မှန်ဘီလူးဖြင့် သေချာစစ်ဆေးကြည့်ရှုကြ၏။

"ဟုတ်ပြီ"

ဟု မှတ်ချက်ချကာ သူတို့ကားဆီသို့ ပြန်သွားကြသည်။ ကားထဲမှ ကနက္ကဒဏ်ထီးဖြူတစ်လက်နှင့် ကြာသင်္ကန်းတစ်စုံတို့ကို ယူဆောင်လာကြသည်။ သူတို့သည် ဆရာတော်အား ကြည်ညိုလေးမြတ်စွာ ဆက်ကပ်လှူဒါန်းကြကုန်၏။ ကြာသင်္ကန်းဆိုသည်မှာ (၃)နှစ်ကြာရက်လုပ်ရသော အလွန်တန်ဖိုးကြီးမားသည့်သင်္ကန်းဖြစ်ပါ၏။

"ဆရာတော်၊ အရှင်မြတ်ဘုရား ခန္ဓာဝန်ချတော်မူလျှင် ဤကြာသင်္ကန်းကိုဝတ်ရုံပြီး ကနက္ကဒဏ်ထီးဖြူအောက်တွင် ခန္ဓာဝန်ချတော်မူပါ အရှင်ဘုရား"

ဟု လျှောက်ထားကြ၏။

"ကောင်းပြီ၊ သာဓု သာဓု သာဓု"

ဆရာတော်သည် ဆုပေးပြီးတဲ့နောက် ကြာသင်္ကန်းကို ခေတ္တဝတ်ရုံ၏။ မိမိသင်္ကန်းအဟောင်းကို စွန့်ကြတော်မူလိုက်သည်။

ထိုအလှူရှင်တို့သည် ဆရာတော်အား နဝကမ္မအလှူငွေ (၂၀၀) ကျပ်နှင့် သံဃာအတွက် ဆွမ်းအလှူငွေ (၂၀၀) ကျပ်တို့ကို ထပ်မံပေးလှူကြသည်။ ထိုနောက် ကျောင်းပေါ်မှဆင်းသွားကြသည်။ ထူးခြားစွာပြောဆိုဆင်းသွားကြသောအလှူရှင်တို့ကို ဆရာတော်၏တူ ဦးအုန်းဖေမှလိုက်ကြည့်ရာ သူတို့သည် သရက်ပင်အနီးသို့ရောက်ကြသောအခါ အောင်ပြီ အောင်ပြီ အောင်ပြီဟု လက်များမြှောက်ကာ ကြွေးကြော်ကြသည်ကို တွေ့ရ၏။

သူတို့သည် စေတီအနီးရှိ ဗောဓိပင်ဆီသို့ ဆက်လက်ထွက်ခွာသွားကြပါသည်။

ဆရာတော်ပျံလွန်သည့်အခါတွင် ရုပ်ကလာပ်တော်ကို ကြာသင်္ကန်းဖြင့် လွှမ်းခြုံလိုက်သည်။ ကနက္ကဒဏ်ထီးဖြူကြီးကိုလည်း ရုပ်ကလာပ်အနီးတွင်ထူထားပေးကြသည်။ ကနက္ကဒဏ်ထီးဖြူပေါ်တွင် အလှူရှင်အမည်လား၊ ဆိုင်ရှင်အမည် လားမသိ။

ဦးမြတ်အောင်- ဒေါ်ခင်ရီမိသားစု၊ ကြာသင်္ကန်းနှင့်ထီးဖြူပြင်ရင်း၊ ရုံ/ခ (၁၀)၊ ဆိုင် (၂၁-၂၂) ဈေးအတွင်း၊ တောင်ကြီးမြို့ဟု ကမ္ပည်းရေးထိုးထားသည်။

တော်ကူးဆရာတော်ကြီးသည် သူတစ်ပါးတို့၏စိတ်အကြံကိုသိကြောင်း ဤသို့တွေ့ရှိရလေ၏။

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒကထိက၏ဇနီး ဒေါ်သက်သက်ခင်သည် တော်ကူးကျေးရွာသို့ ရောက်ရှိလာသည်။ တော်ကူးဆရာတော်ကို ဖူးမြော်ရန်ဖြစ်၏။ ဆရာတော်ကိုဖူးပြီး ဆရာတော်၏ ခြေဖဝါးတွင် ကြာဖူးငုံရှိမရှိလည်း စုံစမ်းလိုသည်။ ဆရာတော်တစ်ပါးတည်းရှိနေခိုက်ဖြစ်ပါ၏။ ဆရာတော်ကပြုံး၍ -

"ဒကာမဘာကိစ္စရှိလို့လဲ"

ဟု မေးရာ မိမိ၏ဆန္ဒအမှန်ကို မလျှောက်ထားဝံ့ချေ။

"ဆရာတော်ကိုဖူးမြော်ချင်လို့ပါ"

ဟု လျှောက်ထားရင်း စိတ်မနော မှ -

"ဆရာတော်ရဲ့လက်ယာခြေဖဝါးကိုဖူးမြင်ရပါစေသား"

ဟု အဓိဋ္ဌာန်၏။

ဆရာတော်သည် ခြေနှစ်ဖက်ကွေးထားလျက် ထိုင်နေရာမှ လက်ယာခြေထောက်ကို ဆန့်တန်းထုတ်လိုက်၏။

"သမီးဆန္ဒရှိတိုင်း ဖူးမြော်နိုင်ပါတယ်"

ဟု ခွင့်ပြုလိုက်၏။

ဒေါ်သက်သက်ခင် ဝမ်းသာစွာ ခြေဖဝါးကိုဖူးမြော်ရာ ခြေဖဝါး၌ ကြာဖူးငုံသဏ္ဌာန်အရေးအကြောင်းများ



www.burmeseclassic.com1

www.burmeseclassic.com

## မကွေးဝင်းမြင့်
# ချောင်းဆိုးရောဂါအမြာမြာ



"ဗြောဲ - ဦးလေးပါကောါ ကြွပါ ခင်ဗျာ ကြွပါ"

"ကျုပ် မနေ့က မောင့်ဆီက အပြန် အိမ်ရှင်မကိုပြောပြရသေးတယ်။ ရေနွေးကြမ်းရဲ့အကျိုးအာနိသင်လေ။ မင်းကခဏခဏသွားကိုက်တတ်တာ၊ အဲဒီတော့ ရေနွေးကြမ်းကို တစ်နေ့တစ်ခွက်၊ နှစ်ခွက်လောက်တော့သောက်ပေးကွ။ ပြီးတော့ ဆရာဦးဝင်းမြင့်က မှာလိုက်တယ်။ ထမင်းစားပြီးတိုင်းလည်း ရေနွေးကြမ်းနဲ့ပလုတ်ကျင်းဆိုတော့ အဲဒါ တရုတ်နည်းပါတော်တဲ့။ မင်းကဘယ်လိုလုပ်သိလဲမေးတော့ ဆရာမြသန်းတင့်သာဘာပြန်တဲ့ တရုတ်ဂန္ထဝင်ဝတ္ထုကြီး 'ခန်းဆောင်နီအိပ်မက်' ဆိုတဲ့စာအုပ်ကြီးထဲမှာပါတယ်တဲ့။ အဲဒီစာအုပ်ထဲက ဇာတ်ကောင်ကြာမိသားစုတွေဟာ ထမင်းစားပြီးတိုင်း ရေနွေးကြမ်းနဲ့ ပလုတ်ကျင်းကြောင်း သူဖတ်လိုက်ရသတဲ့။ ကျုပ်အဘွားကြီးက စာတော့ တကယ်ဖတ်တာ"

"ဖတ်ပြီး မလိုက်နာတာ ခက်တာပေါ့"

"ဟုတ်တယ်မောင်။ အလိမ္မာ စာမှာရှိ မဟုတ်လား။ စာအုပ်ထဲမှာတင်ရှိနေလို့ မဖြစ်ဘူးလေမောင်။ ဖတ်သူက လိုက်နာမှကိုး။ အဲဒါနဲ့ ကျုပ်အိမ်က ခြောက်နှစ်ကျော် မြေးမကလေး ခုရက်ပိုင်းအတွင်း ချောင်းတဟွတ်ဟွတ်ဆိုးနေလို့ ချောင်းဆိုးပျောက်ဆေးလေးတောင်းခဲ့စမ်းပါဦးလို့ မှာလိုက်သေးဗျ။ ကလေးတွေက အစားကစုံတာကို"

"အခုလို ဆောင်းဦးပေါက်ချောင်းဆိုးတတ်ပါတယ်ခင်ဗျာ၊ ဥတုအကူးအပြောင်းဆိုးတဲ့ချောင်းပါ။ ဆောင်းဦးပေါက်၊ နွေဦးပေါက်၊ မိုးဦးကျ ချောင်းဆိုးကြပါတယ်။ ကျွန်တော့်မိတ်ဆွေ တိုင်းရင်းဆေးခန်းမှူးကြီးတွေက ဘာပြောလဲဆိုတော့ သူတို့ဆေးခန်းကို ဆောင်းဦးပေါက်လာပြီဆိုရင် အများဆုံး

---

ထင်ရှားစွာဖူးတွေ့ရသလို ခြေဖဝါးရန့်မှာ ကြာညိုနှံ့သင်းပျံ့လျက်ရှိနေပါတော့၏။

မိမိဆန္ဒဖြစ်ခိုက်နှင့် ဆရာတော် ခြေဆန့်ခိုက်တိုက်ဆိုင်သွားခဲ့လေလော။

"ဆရာတော်၏ လက်ဝဲခြေကိုပါ ဖူးရရင်ကောင်းမှာပဲ"

ဟု စိတ်အကြံဖြစ်ပေါ်လာပြန်၏။

ထိုသို့ စိတ်အကြံဖြစ်သည်နှင့် ဆရာတော်၏ လက်ဝဲခြေတစ်ဖက်ပါ ဆန့်ထုတ်လာပြန်သည်။

ဒေါ်သက်သက်ခင်၏ဆန္ဒအတိုင်း ပြည့်ဝသွားတော့သည်။ လက်ဝဲခြေဖဝါးတွင်လည်း ထင်ရှားသော ကြာဖူးငုံ သဏ္ဌာန်ဖူးတွေ့ရပြန်၏။

ဒေါ်သက်သက်ခင် အလွန်တရာ ကြည်နူးဝမ်းမြောက်ရ၏။ ဤအကြောင်းကိုပြောသူမျှမသိကြ။ ဒေါ်သက်သက်ခင်တွေ့ဖူးကြောင့် ဘုန်းကြီး၏သမီးဒေါ်တင်ရွှေမှ အစပြု၍ ရဟန်းရှင်လူတို့အားရဝမ်းသာ လာရောက် ဖူးမြော်ကြရုံသတည်း။

ဒေါ်သက်သက်ခင် ရန်ကုန်ပြန်သည့်အခါ ဆရာတော်၏ပရိတ်ရေတစ်ပုလင်းယူဆောင်သွားသည်။ ဒေါ်သက်သက်ခင် ဈေးဝယ်နေကျ ဈေးသည်၏သမီးလေး (၁၀)နှစ်အရွယ်သည် သွားဖုံးနင်းကမ်းပြီဖြစ်နေသည်ကို ပရိတ်ရေတိုက်ကြည့်ရာ တစ်ရက်အတွင်း သက်သာပျောက်ကင်းလေ၏။

ဆရာတော် မပျံလွန်မီ တစ်နှစ်လောက်မှအစပြု၍ ဆရာတော်က သူ၏ဆံပင်စလေးများကိုသိမ်းဆည်းထားစေ၏။ ကော့ကရိတ်မှ ရဟန်းတစ်ပါးသည် ရန်ကုန်မြို့၌ သီတင်းသုံးစဉ် 'မော်လမြိုင်မြို့နှင့် ကျိုက္ခမိကြားရှိ တော်ကူးကျေးရွာမှာ ရဟန္တာတစ်ပါးပေါ်ထွန်းနေသည်'ဟု အိပ်မက်၏။ ထိုအိပ်မက်အရ တော်ကူးသို့သွားသည်။ ထိုရဟန်းသည် ဘုရားဓာတ်တော်၊ ရဟန္တာဓာတ်တော်စုဆောင်းသည့်ကိုယ်တော်ဖြစ်သည်။

ထိုရဟန်းသည် တော်ကူးဆရာတော်ကိုဖူးမြော်ကာ ရဟန္တာဓာတ်တော်အဆူ (၂၀)ကို ဆရာတော် အားပေးလှူသည်။ ထို့နောက် ဆရာတော်၏ အသုံးအဆောင်အချို့အလှူခံပြီး ဆရာတော်၏ ဆံပင်စလေးများကို ထပ်မံအလှူခံလေ၏။ ဆံပင်စလေးများ သိမ်းဆည်းထားသောပုလင်းကိုယူကြည့်ရာ ဆံစလေးများ အချင်းချင်းလိမ်ယှက်လျက် ခြင်းလုံးပုံပေါ်နေကာ ထိပ်ပိုင်းတွင် စေတီပုံသဏ္ဌာန်ချွန်တက်နေသည်ကို တွေ့ရသည်။ ထိုဆံပင်ဓာတ်တော်ကို ကော့ကရိတ်ရဟန်းအားပေးလှူလိုက်ပါသည်။

တော်ကူးရိပ်သာသည် (၂) ဧကခန့် ကျယ်ဝန်း၏။ ထိုမျှကျယ်ဝန်းသောဝင်းအတွင်း၌ ဆရာတော်ကျောင်းပေါ်မှ ပြောဆိုသောစကားသံကို ကျောင်းဝင်းနေရာအနှံ့မှ မကြားရသူမရှိချေ။ နေရာအနှံ့မှ ပီပြင်စွာကြားရသည်မှာ အံ့ဖွယ်တစ်ရပ်ဖြစ်နေသည်။

တော်ကူးဆရာတော်၏ နေဝင်ဖျိုးဖျဘဝဆည်းဆာသည် အမှန်တကယ်ပင် ကြည်ညိုလေးမြတ်ဖွယ်ရာ လှပဝေဆာခဲ့သည်ကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ တော်ကူးဆရာတော် မရှိလင့်ကစကား အောင်ပွဲရတပည့်များ၏ ကြိုးပမ်းမှုကြောင့် ဆရာတော်၏ ထူးခြားသော အောင်ပွဲခံတရားရှုမှတ်နည်းသည် အဓွန့်ရှည်စွာဆက်လက်တည်တံ့ပွားများနေဦးမည်ဖြစ်ပါတော့သတည်း။

*သုခီအတ္တာနံပရိဟရန္တု*

အောင်မြင့်ထွန်း (မသုံးလုံး)

**ကျမ်းကိုး -**

၁၉၉၃ ခု၊ ဇွန်လ (စတုတ္ထအကြိမ်) ထုတ်ဒေါက်တာမင်းတင်မွန်၏ 'တော်ကူးဆရာတော်၏ဘဝဆည်းဆာနှင့်ကျင့်စဉ်တရား'

www.burmeseclassic.com

ရောက်လာလေ့ရှိတဲ့ ဝေဒနာရှင်တွေကတော့ ချောင်းဆိုးဝေဒနာရှင်ပဲတဲ့။ ချောင်းဆိုးပျောက် လျက်ဆားကလေး ကျွန်တော် ပေးလိုက်ပါမယ်"

ကျွန်တော်သည် စားပွဲပေါ်၌ အဆင်သင့်ရှိနေသော တိုင်းရင်းဆေး အမှတ် (၁) နှင့် အမှတ် (၇) တို့ကို လေလုံဖန်ပုလင်းကြီးထဲမှ (၅)ပဲသားခန့် ဇွန်းလေးနှင့်ခပ်ယူ၍ ပလပ်စတစ်အိတ်ကလေးနှင့် ရောစပ်ထည့်ပေးလိုက်ပါသည်။

"အဲဒါကို ဦးလေးမြေး လျက်ခိုင်းပါ။ ချောင်းဆိုးပျောက်ဖို့အကောင်းဆုံး လျက်ဆားပါပဲ"

"တိုင်းရင်းဆေးနံပါတ်(၁)နဲ့ နံပါတ် (၇) ဘာဖြစ်လို့ရောပေးတာလဲမောင်"

"ဩော်-တိုင်းရင်းဆေးအမှတ် (၁)က သလိပ်ကိုကြေစေပြီး အမှတ်(၇)က အပူငြိမ်းတာကြောင့် နှစ်ခုရောလိုက်တော့ ပိုပြီးအစွမ်းထက်သွားတာပေါ့ ခင်ဗျာ။ လူကြီးရော သူငယ်တွေပါ နွေဦးပေါက်၊ မိုးဦးကျ၊ ဆောင်းဦးပေါက်တယ်ဆိုရင် ချောင်းဆိုးတတ်ကြပါတယ်။ချောင်းမဆိုးရအောင် ရာသီအကူးအပြောင်းမှာ ရေချိုးမိုးချိုး၊ အစားအသောက်ဆင်ခြင်ရင် မဖြစ်ပါဘူး ခင်ဗျ။ အထူးသဖြင့် ဆီနဲ့ကြော်လှော်ထားတဲ့ ပူပူနွေးနွေးအစားအစာတွေ မစားမိဖို့ အရေးကြီးပါတယ်။ ချဉ်ပေါင်ကြော်၊ မှျစ်ကြော်၊ ငါးသေတ္တာဆိုတဲ့ အစားအစာတွေဟာ ကြေခဲကျက်ခဲပါတယ်။ များသောအားဖြင့် ရောဂါဝေဒနာဆိုတာ အစာအိမ်ထဲကတစ်ဆင့် ရောက်လာတတ်ကြတာပါ။အစာမကြေတာတွေစားမိရင် ရင်ပြည့်မယ်၊ ချောင်းဆိုးမယ်၊ ဖျားမယ်။ အဲဒါကို အလွယ်တကူပျောက်ကင်းဖို့ ရှေ့က သမားတော်ကြီးများက လျက်ဆားကို စီမံပေးခဲ့တာပါ ခင်ဗျ။ လျက်ဆားဆိုရင် ကလေး၊ လူကြီးအကုန်သိပါတယ်လေ။ ကျွန်တော်တို့ငယ်ငယ်တုန်းက လက်ဝါးဖြန့်ရင် လျက်ဆားရသဗျဆိုပြီး လျက်ဆားရောင်းတဲ့လူတွေ အာဝဇ္ဇန်းရွှင်ရွှင်နဲ့ပြောတာ သတိရမိသေးတယ်။ ကျေးလက်တောရွာတွေမှာဆိုရင် အိမ်တိုင်းအိမ်တိုင်းမှာ တခြားဆေးတွေသာ မရှိချင်နေမယ်၊ လျက်ဆားကတော့ ရှိကိုရှိပါတယ် ခင်ဗျား။ ဝမ်းဖောဝမ်းရောင်ဖြစ်တဲ့အခါ၊ ရင်ပြည့်တဲ့အခါ၊ ချောင်းဆိုးတဲ့အခါ၊ ဝမ်းဗိုက်နာ၊ လေအောင့်တဲ့အခါ လျက်ဆားလေးလျက်လိုက်ကြတာပါပဲ။ အဲ - ခေါင်းမူးရင် လျက်ဆားနဲ့ထုံးပွတ်ရျုကြပါသေးတယ်"

"မောင်တို့ တိုင်းရင်းဆေးခန်းတွေမှာအသုံးပြုနေတဲ့လျက်ဆား ဘယ်နှမျိုးရှိလဲမောင်"

"မက်လင်ချဉ်လျက်ဆား၊ လေမျိုးရှစ်ဆယ်လျက်ဆား၊ ဆားတစ်ဆယ့်တစ်ပါးဆေး၊ ဆားငါးပါးဆေးနဲ့ နွယ်ချိုကဲလျက်ဆားဆိုပြီး ငါးမျိုးတောင်ရှိပါတယ်ခင်ဗျ။ အခု ဦးလေးကို ကျွန်တော် ပေးလိုက်တာက မက်လင်ချဉ်လျက်ဆားနဲ့ နွယ်ချိုကဲလျက်ဆား နှစ်မျိုးဆတူရောပေးလိုက်တာပါ"

"မောင့်ဆီက ဆေးဗဟုသုတတွေ နားထောင်ပြီး ကျုပ်က လက်တွေ့မပါဘဲ ဖြစ်နေတယ်။ အိမ်မှာ လျက်ဆားလေး တစ်ဖုံလောက်တော့ဖော်ရကောင်းမလားလို့။ အဲဒီလျက်ဆားငါးမျိုးထဲက ကျုပ်တို့ အိမ်သုံးလျက်ဆားအနေနဲ့ ဘယ်လျက်ဆားဖော်ရင်ကောင်းမလဲမောင်"

"အမှတ် (၇) နွယ်ချိုကဲလျက်ဆား ကောင်းပါတယ်ခင်ဗျ"

"အဲဒီ အမှတ်(၇)နွယ်ချိုကဲလျက်ဆားကလေး ကျုပ်ဖော်ထားချင်လို့ ဆေးနည်းရေးပေးပါလားမောင်"

"ဟုတ်ကဲ့ခင်ဗျ"

ကျွန်တော်သည် စားပွဲပေါ်၌ အဆင်သင့်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဌာနသုံးဆေးနည်းများအမည်ရှိ စာအုပ်ထဲမှ ဆေးနည်းအမှတ် (၇) ကို အောက်ပါအတိုင်း ရေးကူးပေးလိုက်ပါသည်။

### ဆေးနည်းအမှတ် (၇)
### နွယ်ချိုကဲချောင်းဆိုးပျောက်လျက်ဆား

| | |
|---|---|
| ၁။ စမုန်မျိုးငါးပါး (စပဲသားစီ) | ၂ကျပ်စပဲသား |
| ၂။ နံ့သာဖြူ | ၈ ပဲသား |
| ၃။ ကွမ်းစားဂမုန်း | ၈ ပဲသား |
| ၄။ လက်ချား | ၁၀ ကျပ်သား |
| ၅။ နွယ်ချို | ၁၀ ကျပ်သား |
| ၆။ ဇဝက်သာ | ၁၀ ကျပ်သား |
| ၇။ သိန္ဓော | ၁၀ ကျပ်သား |
| စုစုပေါင်း | ၄၀ကျပ် စပဲသား |

အားလုံး အမှုန့်ပြု၊ လေလုံဖန်ပုလင်းထဲ၌ထည့်၍ထားပါ။

၁။ ရသ - အေးချိုငန် (အနည်းငယ်စပ်)။

၂။ အဓိကနိုင်သောရောဂါ - ချောင်းဆိုးရောဂါ။



၃။ အကျိုးကား - အပူကြောင့် ချောင်းဆိုးလျှင် ရေအေးနှင့်လည်းကောင်း၊ အစာမကြေလေပူချောင်းဆိုးလျှင် ရေနွေးနှင့်လည်းကောင်း၊ သလိပ်ကပ်ချောင်းဆိုးလျှင် ရှောက်ရည်၊ သံပရာရည် ဆတူရောစပ်၍ လည်းကောင်း ဆီးဝမ်းချုပ်၍ ချောင်းဆိုးရပ်ကျပ်လျှင် ကွမ်းရွက်စိမ်းရည်နှင့် လည်းကောင်း ရောစပ်၍တိုက်ရပါသည်။ ဤဆေးကို အစာစားပြီးစားလျှင် အစာကြေ၍ ခွန်အားဖြစ်စေပါသည်။

ဆေးတစ်ခွက်ပမာဏမှာ -
လူကြီးတစ်ခွက်စာ - ၂ ကျပ်သား
ကလေးတစ်ခွက်စာ - ၁ ပဲသား
ဖြစ်ပါသည်။

ပင်စင်စား ဦးလေးကြီးသည် ကျွန်တော်ရေးပေးသော ချောင်းဆိုး ပျောက် နွယ်ချိုကဲလျက်ဆားဆေးနည်း စာရွက်ကလေးကို အသံထွက်၍ ဖတ်ပြီး -

"ချောင်းဆိုးပျောက်ဆေးနည်းလေးရေးပေးတာ ကျေးဇူးတင်ပါတယ်မောင်ရယ်"

"ချောင်းဆိုးတယ်ဆိုတာ အလွယ်ဆုံး တစ်ပတ်၊ ဆယ်ရက်လောက်ပဲ ဆိုးသင့်ပါတယ်။ သိပ်ကြာသွားရင်မကောင်းဘူးဗျာ။ ဒါကြောင့် ချောင်းဆိုးတယ်ဆိုရင် အိမ်တိုင်းအိမ်တိုင်းမှာ အခုလို လျက်ဆားလေးအဆင်သင့်ရှိထားသင့်တာပေါ့"

"အင်း . . . မောင်ပြောပြမှ လျက်ဆားကို တန်ဖိုးထားရမှန်းသိတော့ တယ်"

"တန်ဖိုးသိမှ တန်ဖိုးရှိမှန်းသိတာကိုခင်ဗျာ"

"ဟုတ်ပေ့ဗျာ ဟုတ်ပေ့"

မကွေးဝင်း


www.burmeseclassic.com1

www.burmeseclassic.com

## ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လဂ်ဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်၊ ၎င်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာရွတ်ဖတ်ပူဇော်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်ကြီး အပါအဝင် ဓနလာဘ်ဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများပါလျှင် ကောင်းကျိုးချမ်းသာရရှိ ခံစားရမည်မှာ ဧကန်ဖြစ်ပါသည်။

၂၅ - ၁၁ - ၂၀၁၇ နေ့ ညသန်းခေါင် (၀း၀၅) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်ပြီး ၎င်းနေ့နေ့လယ် (၁၂း၀၅း၀၁) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်နှင့်ယှဉ်မည်ဖြစ်ကာ ၂၆- ၁၁- ၂၀၁၇ နေ့ ညသန်းခေါင် (၀း၀၅) နာရီ၌ ဓနသိဒ္ဓိနက္ခတ်မှ စန်းသည် ထွက်ခွာမည်ဖြစ်သည်။ ၂၅-၁၁-၂၀၁၇ နေ့ (၁၁း၃၇း၅၃) နာရီမှ (၁၃း၃၈း၅၃) နာရီတွင် လဂ်သည် ဓနသိဒ္ဓိနက္ခတ်ကိုဖြတ်ကျော်မည်ဖြစ်ပြီး ၎င်းနေ့ (၁၁း၄၉း၁၅) နာရီမှ (၁၈း၀၈း၄၃) နာရီထိ မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်ကိုဖြတ်ကျော်မည် ဖြစ်သည်။

| လဂ်ဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ချိန် | ရက် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁၃း ၁၃း ၁၇ | ၁၅း ၁၃း ၁၇ | ၁ | ၁၉း ၂၃း ၅၁ | ၁၉း ၄၃း ၀၇ |
| ၂ | ၁၃း ၀၉း ၂၁ | ၁၅း ၀၉း ၂၁ | ၂ | ၁၉း ၁၉း ၅၅ | ၁၉း ၃၉း ၁၁ |
| ၃ | ၁၃း ၀၅း ၂၅ | ၁၅း ၀၅း ၂၅ | ၃ | ၁၉း ၁၅း ၅၉ | ၁၉း ၃၅း ၁၅ |
| ၄ | ၁၃း ၀၀း ၂၉ | ၁၅း ၀၁း ၂၉ | ၄ | ၁၉း ၁၂း ၀၃ | ၁၉း ၃၁း ၁၉ |
| ၅ | ၁၂း ၅၆း ၃၃ | ၁၄း ၅၇း ၃၃ | ၅ | ၁၉း ၀၈း ၀၇ | ၁၉း ၂၇း ၂၃ |
| ၆ | ၁၂း ၅၂း ၃၇ | ၁၄း ၅၃း ၃၇ | ၆ | ၁၉း ၀၄း ၁၁ | ၁၉း ၂၃း ၂၇ |
| ၇ | ၁၂း ၄၈း ၄၁ | ၁၄း ၄၉း ၄၁ | ၇ | ၁၉း ၀၀း ၁၅ | ၁၉း ၁၉း ၃၁ |
| ၈ | ၁၂း ၄၄း ၄၅ | ၁၄း ၄၅း ၄၅ | ၈ | ၁၈း ၅၆း ၁၉ | ၁၉း ၁၅း ၃၅ |
| ၉ | ၁၂း ၄၀း ၄၉ | ၁၄း ၄၁း ၄၉ | ၉ | ၁၈း ၅၂း ၂၃ | ၁၉း ၁၁း ၃၉ |
| ၁၀ | ၁၂း ၃၆း ၅၃ | ၁၄း ၃၇း ၅၃ | ၁၀ | ၁၈း ၄၈း ၂၇ | ၁၉း ၀၇း ၄၃ |
| ၁၁ | ၁၂း ၃၂း ၅၇ | ၁၄း ၃၃း ၅၇ | ၁၁ | ၁၈း ၄၄း ၃၁ | ၁၉း ၀၃း ၄၇ |
| ၁၂ | ၁၂း ၂၉း ၀၁ | ၁၄း ၃၀း ၀၁ | ၁၂ | ၁၈း ၄၀း ၃၅ | ၁၈း ၅၉း ၅၁ |
| ၁၃ | ၁၂း ၂၅း ၀၅ | ၁၄း ၂၆း ၀၅ | ၁၃ | ၁၈း ၃၆း ၃၉ | ၁၈း ၅၅း ၅၅ |
| ၁၄ | ၁၂း ၂၁း ၀၉ | ၁၄း ၂၂း ၀၉ | ၁၄ | ၁၈း ၃၂း ၄၃ | ၁၈း ၅၁း ၅၉ |
| ၁၅ | ၁၂း ၁၇း ၁၃ | ၁၄း ၁၈း ၁၃ | ၁၅ | ၁၈း ၂၈း ၄၇ | ၁၈း ၄၈း ၀၃ |
| ၁၆ | ၁၂း ၁၃း ၁၇ | ၁၄း ၁၄း ၁၇ | ၁၆ | ၁၈း ၂၄း ၅၁ | ၁၈း ၄၄း ၀၇ |
| ၁၇ | ၁၂း ၀၉း ၂၁ | ၁၄း ၁၀း ၂၁ | ၁၇ | ၁၈း ၂၀း ၅၅ | ၁၈း ၄၀း ၁၁ |
| ၁၈ | ၁၂း ၀၅း ၂၅ | ၁၄း ၀၆း ၂၅ | ၁၈ | ၁၈း ၁၆း ၅၉ | ၁၈း ၃၆း ၁၅ |
| ၁၉ | ၁၂း ၀၁း ၂၉ | ၁၄း ၀၂း ၂၉ | ၁၉ | ၁၈း ၁၃း ၀၃ | ၁၈း ၃၂း ၁၉ |
| ၂၀ | ၁၁း ၅၇း ၃၃ | ၁၃း ၅၈း ၃၃ | ၂၀ | ၁၈း ၀၉း ၀၇ | ၁၈း ၂၈း ၂၃ |
| ၂၁ | ၁၁း ၅၃း ၃၇ | ၁၃း ၅၄း ၃၇ | ၂၁ | ၁၈း ၀၅း ၁၁ | ၁၈း ၂၄း ၂၇ |
| ၂၂ | ၁၁း ၄၉း ၄၁ | ၁၃း ၅၀း ၄၁ | ၂၂ | ၁၈း ၀၁း ၁၅ | ၁၈း ၂၀း ၃၁ |
| ၂၃ | ၁၁း ၄၅း ၄၅ | ၁၃း ၄၆း ၄၅ | ၂၃ | ၁၇း ၅၇း ၁၉ | ၁၈း ၁၆း ၃၅ |
| ၂၄ | ၁၁း ၄၁း ၄၉ | ၁၃း ၄၂း ၄၉ | ၂၄ | ၁၇း ၅၃း ၂၃ | ၁၈း ၁၂း ၃၉ |
| ၂၅ | ၁၁း ၃၇း ၅၃ | ၁၃း ၃၈း ၅၃ | ၂၅ | ၁၇း ၄၉း ၂၇ | ၁၈း ၀၈း ၄၃ |
| ၂၆ | ၁၁း ၃၃း ၅၇ | ၁၃း ၃၄း ၅၇ | ၂၆ | ၁၇း ၄၅း ၃၁ | ၁၈း ၀၄း ၄၇ |
| ၂၇ | ၁၁း ၃၀း ၀၁ | ၁၃း ၃၁း ၀၁ | ၂၇ | ၁၇း ၄၁း ၃၅ | ၁၈း ၀၀း ၅၁ |
| ၂၈ | ၁၁း ၂၆း ၀၅ | ၁၃း ၂၈း ၀၅ | ၂၈ | ၁၇း ၃၇း ၃၉ | ၁၇း ၅၆း ၅၅ |
| ၂၉ | ၁၁း ၂၂း ၀၉ | ၁၃း ၂၄း ၀၉ | ၂၉ | ၁၇း ၃၃း ၄၃ | ၁၇း ၅၂း ၅၉ |
| ၃၀ | ၁၁း ၁၈း ၁၃ | ၁၃း ၂၀း ၁၃ | ၃၀ | ၁၇း ၂၉း ၄၇ | ၁၇း ၁၉း ၀၃ |



www.burmeseclassic.com1

www.burmeseclassic.com



# ရဲမြတ်တင် (အမျိုးသားစာပေဆုရ)

# ဗုဒ္ဓဘာသာဆိုတာ

ကျွန်တော် ခြံပေါက်ဝကိုရောက်တော့ ကြိုးတန်းတစ်ခုပေါ်သို့ အဝတ်များကိုဖြန့်တင်လျက်ရှိသော အန်တီကြီးဒေါ်သန်းသန်းနုကို တွေ့လိုက်ရသည်။ သူက ကျွန်တော့်လှုပ်ရှားမှုကိုမြင်လိုက်သဖြင့် လှမ်းအကြည့် ကျွန်တော်နှင့်အကြည့်ချင်းဆုံမိသွားသည်။ ပြီးတော့ သူကပင်လှမ်းစကားဟလိုက်သည်။

"မောင်ကိုကိုပါလားဟေ့။ မင်းဆရာဆီလာသလား"

"ဟုတ်ကဲ့ အန်တီ၊ ဆရာ့ဆီအလည်လာတာ။ ဆရာရှိတယ်မို့လား"

"ရှိတယ်ကွယ့် ရှိတယ်။ ခုနလေးတင် ကော်ဖီသောက်ပြီးအပေါ်ပြန်တက်သွားတာ သွားလေကွယ်"

အန်တီ့ဘေးမှပင် ဦးညွှတ်၍လျှောက်ကာ အိမ်ထဲသို့ လှမ်းဝင်လာခဲ့သည်။ အပေါ်ထပ်သို့တက်လာခဲ့ပြီး လှေကားထိပ်အရောက်မှာပင် ဆရာနှင့်ပက်ပင်းဆုံမိသွားသည်။ ဆရာက စကြံလျှောက်နေခြင်း ဖြစ်သည်။ လက်ထဲမှာတော့ စာအုပ်တစ်အုပ်ကိုကိုင်လျက်။

"ဟော - မောင်ကိုကိုပါလားဟေ့။ ဘယ်ကလှည့်ဝင်လာခဲ့တာလဲ"

"ဆရာ့ဆီကိုပဲသက်သက်လာခဲ့တာဆရာ။ ကိစ္စလေးတစ်ခုရှိလို့ပါ"

ဆရာက ကုလားထိုင်တစ်လုံးကိုညွှန်ပြသည်။ ကျွန်တော်က ခပ်ယို့ယို့ပင်ဝင်ထိုင်လိုက်သည်။ ခေါင်းရင်းဘက်ကုလားထိုင်တွင် ဆရာကဝင်ထိုင်သည်။

"ကဲ - မင်းကိစ္စကိုပြော၊ ဆရာဘာကူညီပေးရမလဲ"

ဆရာက ပွင့်လင်းရည်မွန်စွာပင်ဖွင့်လှစ်ပေးသည်။ဆရာ့မျက်နှာကလည်း မြင်နေကျအတိုင်းပင် အပြုံးဖြင့် နူးညံ့လျက်ရှိသည်။ ကျွန်တော်က ဆရာ့ကိုပြောဖို့ အားယူလိုက်ရသေးသည်။ ပြီးတော့မှ-

"ဒီလိုပါဆရာ၊ လာမယ့်တနင်္ဂနွေနေ့ကျရင် ကျွန်တော့်အိမ်မှာ ဆွမ်းကျွေးရှိတယ်ခင်ဗျ။ အဲဒါ ဆရာ့ကို ကျွန်တော်လာဖိတ်တာပါ"

"ဩော်-ဒါလား၊ အေးပါ။ ဖိတ်ရင်ဆရာလာမှာပေါ့။ ဆွမ်းကပ်မှာက သံဃာဘယ်နှပါးလဲ"

"သံဃာက တစ်ပါးတည်းပါခင်ဗျ"

"ဟင် - တစ်ပါးတည်းလား၊ ဘယ်လိုကြောင့်လဲ။ ထုံးစံအရတော့

အနည်းဆုံး ဆွမ်းတစ်ဝိုင်းနှစ်ဝိုင်း... လောက်ပင့်ဖိတ်ပြီး ကပ်ကြတာမ... လား။ အခုမင်းတို့ကကောဘာအတွ... ဆွမ်းကျွေးတာလဲ"

ဆရာ့မေးခွန်းတွင် စူးစမ်းမှုတ... ရှိလာသည်။ ဒီအချက်ကပင် ကျွန်တော်... ဝိုက်ထဲကကြိုတင်စီစဉ်ထားသည့် စကား... လုံးများကိုအပြင်သို့ထွက်လာချင်အော... ပို၍နှိုးဆော်လိုက်သလို ဖြစ်သွားသည်...

"ဒီအကြောင်းကိုပဲ အမိကပြော... ချင်လို့လာခဲ့တာပါ ဆရာ။ တစ်နည်း... အားဖြင့် ကျွန်တော် ဆရာ့ဆီက... ထင်မြင်ချက်တွေ၊ ဆုံးဖြတ်ချက်တွေ... ချင်လို့ပါ။ ဒီအကြောင်း ဆရာ့ကိုပြော... မယ်ဆိုပြီး ရည်ရွယ်ထားတာက... ဆရာပြန်ရောက်ခါစကတည်းက... ဒါပေမယ့် ဆရာနဲ့က အခုလို...



www.burmeseclassic.com1

www.burmeseclassic.com



…သောက်တည်းအေးအေးဆေးဆေး …ခွင့်မရခဲ့တော့ ကျွန်တော်လည်း …ခွင့်မကြုံခဲ့ဖူးပေါ့"

"အေး - မင်းစကား စိတ်ဝင်စား …ပြောတပည့်၊ မင်းပြောချင်တာ အကုန်လုံး ဆရာ့ကို ပွင့်ပွင့်လင်းလင်း ပြော"

ဆရာ့အသွင်က ပို၍လေးနက်လာသည်။ ဤသည်ကပင် ကျွန်တော့်ကို ရေလာရန် မြောင်းပေးလိုက်သကဲ့သို့ရှိ



www.burmeseclassic.com1

www.burmeseclassic.com

တော့သည်။

"ဒီလိုခင်ဗျ၊ အခု ကျွန်တော့်အိမ်မှာဆွမ်းကျွေးဖို့ သံဃာတစ်ပါးပဲပင့်ထားတယ်ဆိုတာ အမှန်ပါပဲ။ ပြီးတော့ ခုဆွမ်းကျွေးက ဘာအထိမ်းအမှတ်အတွက်မှမဟုတ်ဘူးဆရာ။ ဒီကိုယ်တော်တစ်ပါးတည်းကိုပဲ သက်သက်ဆွမ်းကပ်ချင်လို့ ပင့်ထားတာခင်ဗျ။ ဒီကိုယ်တော်က ရွှေမြင်တင်ဘုရားနဲ့ သုသာန်ကြားက တောကျောင်းတစ်ကျောင်းမှာ သီတင်းသုံးနေပါတယ်။ သူ့ကို ဝိုင်းဝန်းကိုးကွယ်နေသူတွေကတော့ ကျွန်တော့်အမေအပါအဝင် မြို့ပေါ်က ဒကာ၊ ဒကာမတွေပဲဆိုပါတော့။ ပြောမယ်ဆို ဒကာပိုင်းကနည်းပြီး ဒကာမတွေကပိုများပါတယ်။ အဲဒီကိုယ်တော်သီတင်းသုံးနေတဲ့ကျောင်းက အရင်ကတော့ အတော်လေးကို ပျက်စီးပြီး ယိုယွင်းနေတာပါ။ ကျောင်းဘေးမှာ ဘုရားပျက်ကလေးတစ်ဆူလည်းရှိတယ်။ ခုတော့ ကျွန်တော့်အမေအပါအဝင် သဒ္ဓါပေါက်သူတွေ ဝိုင်းဝန်းပြီးမတည်လိုက်ကြတာမို့ကျောင်းက အုတ်ကျောင်းတွေဘာတွေတောင်ဖြစ်ကုန်ပြီး ဘုရားပျက်လေးကလည်း ထုံးသင်္ကန်းတွေဘာတွေနဲ့ဖြစ်ကုန်တယ်ဆိုပါတော့ ဆရာရယ်"

"ဒီကိုယ်တော်အပေါ် တော်တော်ကြည်ညိုကြဟန်တူတယ်။ ကြည်ညိုရအောင်လည်း အကြောင်းရှိဟန်တူပါတယ်"

"ရှိတယ်ဆရာရှိတယ်။ ကျွန်တော်အဓိကပြောချင်တာ အဲဒီအကြောင်းပဲ။ အဲဒီကိုယ်တော်က အဲဒီတောကျောင်းကိုစရောက်ကတည်းက မြို့ပေါ်ကို တစ်ခါမှကြွမလာဖူးဘူး။ ပင့်လို့လည်းမရဘူး။ သူ့ဒကာ၊ဒကာမတွေကဘယ်လောက်ပင့်ပင့် လူတောတိုးရမှာ ငြီးငွေ့တယ်ဆိုပြီး လက်မခံဘူးတဲ့။ ခုတော့ ကျွန်တော့်အမေက ဦးဆောင်ပြီး အားလုံးက တစ်ကြိမ်တစ်ခါလေးတော့ အမှတ်တရလေးဖြစ်သွားအောင် ချီးမြှင့်ပေးပါဘုရားဆိုပြီးလျှောက်ထားကြတဲ့အတွက် မနေသာလို့ ကြွလာပေးမှာဖြစ်ပါတယ်ပေါ့။ အစီအစဉ်အရ ကျွန်တော့်အိမ်မှာဆွမ်းကပ်ပြီး ဒကာ၊ ဒကာမတွေ၊ သူတို့ရဲ့ ဆွေမျိုးသားချင်းတွေက စုပေါင်းကြည်ညိုကြမယ်ဆိုတဲ့သဘောပေါ့ဆရာ"

"အေး-ဆရာရိပ်မိပြီ။ ဒီထူးခြားတဲ့ပုဂ္ဂိုလ်အကြောင်းကိုပဲ မင်းပြောပြချင်လို့ ဆရာ့ဆီလာခဲ့တာ ဟုတ်တယ်မို့လား"

"ဟုတ်ကဲ့ဆရာ၊ အမှန်ပါပဲ။ ဒီကိစ္စပြောချင်တာပါပဲ။ ပြောဆို ခုဦးပဉ္စင်းအကြောင်းကို ကျွန်တော်စပြောတော့မယ် ဆရာ။ ဖြစ်ပုံက ဒီကိုယ်တော်ကို စပြီးတွေ့ရပုံကကို တော်တော်ထူးနေတာ။ အဲဒီတုန်းက တောရွာတစ်ရွာက အလှူပွဲတစ်ခုကို ကျွန်တော့်အမေနဲ့ အဖော်တစ်စုက ကားငှားပြီးသွားကြတာဆရာ။ သွားတော့ အလှူကအပြန် တောလမ်းတစ်နေရာကိုအရောက် ကားကိုခဏရပ်ခိုင်းပြီး အားလုံးကားပေါ်က ဆင်းလိုက်ကြတယ်။ ဆင်းပြီးတောထဲကို ဝင်လာခဲ့ကြတယ်။ အကြောင်းကတော့ ဆေးဖက်ဝင်တဲ့ဖန်ခါးသီးတို့၊ ဆီးဖြူသီးတို့လို တောသီးတောနှံတွေကိုခူးကြဆွတ်ကြဖို့ဆိုပါတော့ ဆရာ။ ဒီလိုနဲ့ သူတို့တောထဲလျှောက်လည်နေကြရင်းပဲ အလွန်အံ့သြစရာကောင်းလှတဲ့မြင်ကွင်းတစ်ခုကို သူတို့တွေ့လိုက်ကြရတယ်။

အဲဒါကတော့ ဘုန်းကြီးတစ်ပါးက နေပူပူကြီးမှာ ချုံတစ်ခုထဲဝင်ပြီး တရားထိုင်နေတယ်တဲ့ခင်ဗျ။ ချုံကအရိပ်မရှိတဲ့ ဆူးချုံကြီးဖြစ်ပြီး ချုံထဲမှာ ခွေးလှေးယားသီးတွေကလည်း တင်းကျမ်းပဲတဲ့။ ဒါပေမယ့် ကိုယ်တော်က ချွေးတွေတဒီးဒီးကျနေရက်နဲ့ပဲ မျက်လွှာချပြီးမလှုပ်မယှက်ထိုင်နေတယ်တဲ့။ ဒါကိုတွေ့ရတော့ အားလုံးက ထိတ်လန့်အံ့သြသွားကြတယ်။ ပျာပျာသလဲ ဝိုင်းအုံပြီး ဝတ်ပြုကြတယ်။ မကြာမီမှာ ဘုန်းကြီးက မျက်နှာမော့လာပြီး မျက်လုံးပါပွင့်လာတယ်။ သူ့ဘေးမှာ ဝိုင်းအုံနေတဲ့ ပရိသတ်ကိုလည်း တွေ့မြင်သွားတယ်။ ဒီတော့မှ ဒကာတစ်ယောက်က နေပူလှပါတယ်ဘုရား၊ သစ်ပင်အောက်ကိုကြွပါဘုရားဆိုပြီးပင့်လိုက်တယ်။ ပင့်တော့ ဘုန်းကြီးကလည်း အသာတကြည်ပဲ ချုံထဲကထွက်ပြီးလိုက်လာပါတယ်။ အရိပ်ထဲရောက်တော့မှ ဒကာတွေက အချိုရည်တွေဘာတွေကပ်သူကပ်၊ သူ့ကိုယ်ပေါ်က ခွေးလှေးယားသီးတွေ၊ အမှိုက်တွေကို သန့်ရှင်းပေးသူကပေးနဲ့ အားတက်သရောပြုစုကြတယ်ပေါ့။ အဲဒီနောက် အေးအေးဆေးဆေးဖြစ်ပြီဆိုတော့မှ ဘုန်းကြီးနဲ့ ဒကာတွေ အပြန်အလှန်မေးခွန်းမြန်းခွန်းကိုရောက်လာတယ်ပဲဆိုပါတော့ဆရာ"

ကျွန်တော်က စကားကိုခေတ္တဖြတ်လိုက်သည်။ ဆရာ့ကိုလှမ်းကြည့်လိုက်တော့ မျက်လုံးမှိတ်၍ စိတ်ဝင်တစားနားထောင်နေသည်ကိုတွေ့ရသည်။ ကျွန်တော်စကားစောင့်နေမှန်းသိသောကြောင့်လည်း -

"အေးအေး၊ ဆက်ပြောပါကွ။ ဆရာနားထောင်နေပါတယ်"

ဟု၍ စကားထောက်ပေးသည်။

"ဒီလိုနဲ့ ဒကာတွေက အဲဒီဘုန်းကြီးအကြောင်းကို အားလုံးသိခွင့်ရလိုက်ကြတယ်ခင်ဗျ။ တိုတိုနဲ့ချုပ်ပြီးပြောရရင် အဲဒီဘုန်းကြီးက ဘာသာခြား၊ လူမျိုးခြားဘဝကနေ ဗုဒ္ဓဘာသာကို ကူးပြောင်းလာခဲ့တာတဲ့။ လူလောကရဲ့ဒုက္ခအဖုံဖုံကိုတွေ့ကြုံခံစားနေရခိုက် ဗုဒ္ဓဘာသာရဲ့ ကြည်ညိုသက်ဝင်စရာကောင်းပုံကို သိမြင်လာတဲ့အကြောင်း၊ အဲဒီနောက် သဒ္ဓါပေါက်လွန်းမက ပေါက်လာရာက ဗုဒ္ဓဘာသာထဲဝင်လိုက်တဲ့အပြင် ဘုန်းကြီးပါတစ်ခါတည်းဝတ်ဖြစ်သွားတဲ့အကြောင်း၊ ဘုန်းကြီးဝတ်ပြီးတဲ့နောက်မှာလည်း ခုလိုပဲ ကြုံသလိုသွားလာနေထိုင်ပြီး တရားကိုသာ ပြင်းပြင်းထန်ထန်အားထုတ်နေတဲ့အကြောင်းတွေသိခွင့်ရလိုက်ကြတယ်။ ဒီတော့ ပရိသတ်အားလုံးက စုပ်တသပ်သပ်နဲ့ဖြစ်သူဖြစ်၊ တအံ့တသြချီးမွမ်းတဲ့သူကချီးမွမ်း၊ ဝမ်းသာအားရ မျက်ရည်လည်တဲ့သူကလည်းနဲ့ဖြစ်ကုန်ကြတယ်ဆိုပါတော့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီလိုပဲ ဖြစ်ရမယ်"

"အဲဒီနောက် ကျွန်တော့်အမေက ပဲ ဦးဆောင်ပြီးတော့ ဘုန်းကြီးကို ဝိုင်းပင့်ကြတယ်။ လက်ရှိတောကျောင်း မှာ လိုက်ပါ သီတင်းသုံးဖို့ ပင့်ကြတယ်။ ဘုန်းကြီးကအတန်တန်ငြင်းဆန်နေသေး တယ်။ ပြင်းထန်လှတဲ့ ပရိသတ်ဆန္ဒကို ဘယ်လိုမှမလွန်ဆန်နိုင်တော့ဘူးဆိုတော့ မှလိုက်လျောပေးလိုက်တယ်။အဲဒီနောက် တော့ တောကျောင်းကိုရောက်ပြီးမကြာ ခင်မှာပဲ ဘုန်းကြီးရဲ့သတင်းကလည်း ကျော်ကြားသွားတာမို့ ပရိသတ်တွေ များသထက်များလာပါတယ်။ အဲဒီ ဝေနေယျတွေ အားထုတ်မှုကြောင့် ကျောင်းဆွေးလေးအဖြစ်ကနေ သား တဲ့ အုတ်ကျောင်းတစ်ကျောင်းအဖြစ် နေ့ချင်းညချင်း ပြောင်းလဲသွားတယ် ကျောင်းမှာလည်း ဘုန်းကြီးကိုလာ သူတွေ၊ အပတ်စဉ်ဥပုသ်လာယူ တွေ၊ ကျောင်းမှာပဲ ရက်ရှည်စခန်းဝင် တဲ့သူတွေနဲ့စည်ကားနေတယ်။ ကျွန် အမေကတော့ တခြားအမျိုးသမီး အတူ ကျောင်းမှာပဲ အမြဲတမ်း



www.burmeseclassic.com1

www.burmeseclassic.com

တော့တယ်။ တစ်ပတ်တစ်ခါလောက်ပဲ အိမ်ပြန်လာတော့တယ်ဆရာ"

"အေး-ခဏလေး၊ ဆရာမေးမယ်။ မောင်ကိုအမေက ကျောင်းမှာပဲရက်ရှည်နေတယ်ဆိုတော့ အဲဒီဦးပဉ္ဇင်းနဲ့အနီးကပ်နေရခိုက်မှာ ဒီပြင်ဘာထူးခြားချက်တွေ တွေ့ရသေးသတဲ့လဲ။ အဲဒါဆရာ့ကိုပြောပြစမ်း"

"ဟုတ်ကဲ့ဆရာ ဟုတ်ကဲ့ ပြောပြပါမယ်။ အမေကတော့ အိမ်ပြန်လာတာနဲ့ သူဦးပဉ္ဇင်းရဲ့အကြောင်းကို မမောနိုင်မပန်းနိုင်ပြောပြနေတော့တာပဲခင်ဗျ။ ဒီဦးပဉ္ဇင်းဟာ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း၊ ဦးပဉ္ဇင်းမျိုးကို ဆည်းကပ်ကိုးကွယ်ရတဲ့အတွက် အလွန်ကုသိုလ်ထူးကြောင်းတွေပေါ့ဆရာ။ အမေပြောပြပုံအရဆိုရင် ဦးပဉ္ဇင်းက စရဏအားတော်တော်ကောင်းပုံရပါတယ်။ အစားအသောက်၊ အအိပ်အနေနည်းတယ်။ သည်းခံမှု၊ ခြိုးခြံမှုတွေနဲ့ပြည့်စုံတယ် ဆိုသည်ဖြင့်ပေါ့ခင်ဗျာ။ အထူးသဖြင့် ဒီဦးပဉ္ဇင်းရဲ့တရားအားထုတ်ပုံက ကြောက်ခမန်းလိလိဖြစ်ကြောင်း အမေကပြောပြပါတယ်။ ဦးပဉ္ဇင်းက ပရိသတ်နဲ့တွေ့ဆုံဖို့ တစ်နေ့ကို မနက်တစ်ကြိမ်၊ ညတစ်ကြိမ်သာသတ်မှတ်ထားပြီး ကျန်တဲ့အချိန်က ဘုရားလိုဏ်ဂူထဲမှာသာ ဝင်နေတဲ့အကြောင်း၊ ဂူထဲမှာလည်း ဘယ်တော့ကြည့်လိုက်ကြည့်လိုက် ဘုရားရှေ့မှာ ထိုင်နေတာကိုသာ တွေ့ကြရတဲ့အကြောင်း၊ တစ်ခါတလေ ဆွမ်းတောင်မဘုဉ်းတော့ဘဲ ဂူထဲမှာပဲ တစ်နေကုန်နေသွားတာမျိုးရှိတတ်ကြောင်း၊ တချို့ကမတွေ့ကဆို ညသန်းခေါင်လောက်အပေါ်အပါးထသွားကြတဲ့အခါ ဒီဦးပဉ္ဇင်းကို ကျောင်းဘေးက သစ်ငုတ်တိုပေါ်မှာ တင်ပျဉ်ခွေထိုင်ကြီးရပ်ပြီးအားထုတ်နေတာမျိုး၊ ဆစ်နီးပါးလောက် ရေထည့်ထားတဲ့ ကျတ်ရေစည်ထဲမှာ ဝင်ရပ်ပြီးတော့ အားထုတ်နေတာမျိုးတွေတောင် တွေ့ကြတယ်ဆိုတဲ့အကြောင်း ပြောပြပါတယ်။

အမေကတော့ ဦးပဉ္ဇင်းအကြောင်း ပြောရမယ်ဆိုရင် မစားမသောက်ဘဲ ပြောနိုင်ပါတယ်။ ဒါက ကျွန်တော် ကြားသလောက်ပဲ ဆရာ့ကိုပြောပြတာ ပါ။ ကျွန်တော်ကတော့ ဉာဏ်မီသလောက် စဉ်းစားကြည့်ပါတယ်။ အဲဒီ ဒီဦးပဉ္ဇင်းအပေါ် ဒီလောက် အယုံအကြည်လှုပ်ဖြစ်နေကြတာဟာ တစ်

အချက် ဒီဦးပဉ္ဇင်းက လူမျိုးခြားဘာသာခြားကနေ ဗုဒ္ဓဘာသာထဲကူးဝင်လာတာဖြစ်တယ်။ နှစ်အချက် သူမတူအောင် တရားကို ချစ်မြတ်နိုးပြီး ထူးထူးကဲကဲ အားထုတ်သမှုပြုတယ်။ ဒီအချက်နှစ်ချက်ကြောင့်လို့ပဲ ကျွန်တော်ယူဆပါတယ် ဆရာ။ ဒါက ကျွန်တော်မြင်မိသလောက်ပေါ့။

အခု ဆရာ့ကို ကျွန်တော်ဖိတ်တာက ဆရာလည်း ဦးပဉ္ဇင်းကိုတွေ့သွားစေချင်တယ်။ အကဲခတ်သွားစေချင်တယ်။ ဘာပဲဖြစ်ဖြစ် ဆရာ့အမြင်ဟာ ကျွန်တော့်အမြင်ထက်တော့ ပိုပြီးကျယ်ဝန်းမှာ သေချာပါတယ်။ ဒါကြောင့် ဆရာ့အနေနဲ့ ဦးပဉ္ဇင်းအပေါ် တွေ့မြင်ဆင်ခြင်သုံးသပ်မိသမျှ တစ်ဆင့်အားဖြင့် ကျွန်တော်ကသိခွင့်ရချင်ပါတယ် ဆရာ။ ဒီဗဟုသုတတွေအတွေ့အကြုံတွေကြောင့် နောင်ကိုလည်း ကျွန်တော့်တို့အတွက် အကျိုးရှိစေတာပေါ့။ ဘယ့်နှယ်လဲဆရာ အဲဒီနေ့ကို ဆရာလာခဲ့မယ်မဟုတ်လား"

ကျွန်တော်၏အပြီးသတ်စကားပင် ဖြစ်သည်။

ဆရာက အနည်းငယ်အထိုင်ပြင်သည်။ ကျောဆန့်သည်။ ထို့နောက် -

"အေးပါကွာ၊ ဆရာလာဖြစ်အောင်လာခဲ့ပါမယ်"

ဟု ဝန်ခံစကားဆိုလိုက်တော့ရာ ကျွန်တော်က အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားရသည်။ သည့်နောက်တွင် အခြားထွေရာလေးပါးတို့ကို ခေတ္တမျှ ဆက်လက်ပြောဆိုပြီးနောက် ဆရာ့ကိုနှုတ်ဆက်ကာပြန်လာခဲ့ပါတော့သည်။

■

တနင်္ဂနွေနေ့ကို ရောက်တော့ ဆရာက ကတိအတိုင်း အိမ်သို့ရောက်လာပါသည်။ကျွန်တော့်အိမ်မှာက မနက်မိုးလင်းကတည်းကပင် လူစည်လျက်ရှိသည်။ ကြွရောက်လာမည့် ဦးပဉ္ဇင်းအတွက် ပြုဖွယ်ကိစ္စများဆောင်ရွက်ရင်း အလုပ်ရှုပ်သူကရှုပ်နေကြသည်။ ၎င်းတို့အနက် ကျွန်တော့်မိခင်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ ကျွန်တော့်အမေက အိုကြီးအိုမနှင့်ပင် အငြိမ်မနေနိုင်ဘဲ ခါးတကုန်းကုန်းဖြင့်ကိုယ်တိုင်ပါဝင်စီမံလျက်ရှိသည်။ ကျွန်တော့်ဇနီးနှင့် သားသမီးများကပါ အမေ့ကိုကူညီဆောင်ရွက်ပေးနေသည်။ ကျွန်တော်က အတူနေမိခင်ဖြစ်သူအပေါ် မည်သည့်အခါမျှ စိတ်မဆင်းရဲစေရန် ထာဝစဉ်ဆောင်ကြဉ်းလာ

ခဲ့သူ ဖြစ်သည်။ ယခုလည်း အမေစိတ်ချမ်းသာ ရာလုပ်နိုင်စေရန် အသာတကြည်ပံ့ပိုးပေးနေခြင်း ဖြစ်သည်။

ခေါင်းရင်းဘက်တစ်နေရာတွင် ဆရာ့ကိုနေရာပေးပြီးနောက် ကျွန်တော်က ဆရာနှင့်အတူထိုင်ကာ စကားစမြည်ပြောဆိုနေလိုက်သည်။ မကြာမီပင် ပရိသတ်ထဲမှ ဦးပဉ္ဇင်းကြွလာပြီဟု အော်ပြောလိုက်သံနှင့်အတူ အားလုံးလှုပ်လှုပ်ရှရှဖြစ်သွားကြသည်။ ထိုအချိန်မှာပင် မမျှော်လင့်သော မြင်ကွင်းတစ်ခုကို ကျွန်တော် မြင်တွေ့လိုက်ရသည်။ ၎င်းမှာ ဦးပဉ္ဇင်းကြွလာမည့် လမ်းတစ်ဖက်တစ်ချက်စီတွင် အမျိုးသမီးက စီတန်းပြီး နေရာယူထားကြရာ သူတို့ပုံစံက ရိုးရိုးထိုင်နေခြင်းမျိုးမဟုတ်မူဘဲ နဖူးကို ကြမ်းပြင်ထိအောင်ချကာ သူတို့၏ဆံဦးဆံဖျားများအား ရှေ့ဘက်သို့ အသီးသီးဖြန့်ခင်းလျက် အလွန်ပူဇော်သက္ကာရပြုလိုသောဟန်မျိုးဖြင့် နေရာယူထားကြခြင်း ဖြစ်လေသည်။ ကျွန်တော်က ဆရာ့ကို တစ်ချက်လှမ်းကြည့်လိုက်ရာ ဆရာသည်လည်း ထိုမြင်ကွင်းအား မျက်မှောင်ကြုတ်လျက် စိုက်ကြည့်နေသည်ကို တွေ့ရသည်။

ထိုအခိုက် ဦးပဉ္ဇင်းကကြွလာတော်မူသည်။ ကြွလာရာတွင် မျက်လွှာကိုချထားသည်။ မျက်နှာကိုငုံ့ထားသည်။ ရှေ့မှ ယပ်ဖြင့်ကွယ်ထားသေးသည်။ ပြီးအောက်တွင် ဖြန့်ခင်းထားသော ဆံပင်များကိုလည်း အတတ်နိုင်ဆုံး ရှောင်ရှားကာ ကြွလာခြင်း ဖြစ်သည်။ ဘုရားကျောင်းဆောင်ရှေ့သို့ရောက်လေလျှင် ဘုရားကိုဝတ်ပြုပြီးနောက် အသင့်ပြင်ဆင်ထားသောနေရာ၌ဝင်ထိုင်လိုက်သည်။ သည့်နောက်မှာတော့ ထုံးစံအတိုင်း ငါးပါးသီလခံယူဆောက်တည်ခြင်း၊ တရားချီးမြှင့်ခြင်း၊ ရေစက်ချ၍ မေတ္တာပို့ အမျှဝေခြင်းများကို အစီအစဉ်အတိုင်းပြုလုပ်သွားကြသည်။ ထို့နောက် ဦးပဉ္ဇင်းက အသင့်ပြင်ဆင်ထားသည့်ဆွမ်းဝိုင်းသို့ကြွကာ ဆွမ်းဘုဉ်းပေးသည်။ ဦးပဉ္ဇင်းငြိမ်သက်စွာ ဆွမ်းဘုဉ်းပေးနေစဉ်မှာပင် ဆရာက ကျွန်တော့်ကို ခပ်တိုးတိုးမေးသည်။

"မောင်ကို၊ ဟိုရှေ့က ငွေဖလားထဲမှာတွေ့ရတဲ့ ပိုက်ဆံတွေက အလှူငွေပိုက်ဆံတွေပေါ့ ဟုတ်လား"

"ဟုတ်တယ် ဆရာ။ ဦးပဉ္ဇင်း မရောက်မီကတည်းက ပရိသတ်က



www.burmeseclassic.com

www.burmeseclassic.com

အလှူငွေဝိုင်းထည့်ထားကြတာ ခင်ဗျ"

"မင်းကြည့်စမ်း၊ အလှူငွေက အတော်များတယ်နော်။ ဖလားနဲ့အပြည့်ပဲ"

ကျွန်တော် လှမ်းကြည့်လိုက်မိသည်။ ဟုတ်ပါသည်။ ဖြူဝင်းသောငွေဖလားကြီးထဲ၌ ထောင်တန်ရာတန်ငွေစက္ကူများက ပြည့်မောက်လျက်ရှိသည်။

"ဒီအလှူငွေက ဦးပဥ္စင်းပြန်တာနဲ့ တစ်ခါတည်းကပ်လှူပေးလိုက်မယ်ဆိုတဲ့သဘောလား"

"မဟုတ်ဘူး ဆရာ၊ ဒကာတစ်ယောက်က ဖလားကိုသိမ်းပြီး ဦးပဥ္စင်းနောက်ကလိုက်သွားပါလိမ့်မယ်။ ဒကာက ကျောင်းရောက်တော့မှ အလှူငွေတွေကို ရေတွက်ပြီး အပ်နှံမယ့်သဘောပါဆရာ"

"ဩော် - ဟုတ်လား၊ အရင်ကလည်း ဒီလိုပဲလုပ်သလား"

"ဟုတ်တယ်ဆရာ၊ နေ့စဉ်လိုလိုပဲ ဝေယျာဝစ္စအလှည့်ကျတဲ့ဒကာက ရလာသမျှအလှူငွေကိုသိမ်းပြီး ဦးပဥ္စင်းကိုအပ်ရပါတယ်"

ဆရာက နှုတ်ဆိတ်သွားသည်။ မေးစေ့ကို လက်ဖြင့်ထောက်၍လည်း စဉ်းစားဟန်ပြုနေသည်။ ထိုအချိန်မှာပင် ဦးပဥ္စင်းက ဆွမ်းဘုဉ်းပြီးသွားပြီး မူလနေရာ၌ပြန်ထိုင်လိုက်သည်။ စကားသံများလည်း ကျွက်စီကျွက်စီနှင့်စတင်ပြီးဆူညံလာသည်။ ကျွန်တော့်အမေဦးဆောင်သော ဒကာ၊ ဒကာမများက ဦးပဥ္စင်းနှင့် ပဋိသန္ထာရစကားများ အပြန်အလှန်ပြောဆိုကြပါသည်။ ဦးပဥ္စင်းနှင့်မသိကျွမ်းသေးသောပုဂ္ဂိုလ်များကိုလည်းမိတ်ဆက်ပေးသူကပေးကြသည်။ ကျွန်တော်ကပါ ကျွန်တော့်ဆရာနှင့်မိတ်ဆက်ပေးလိုက်မိသည်။ ထို့နောက်တွင် ဦးပဥ္စင်းက ပရိသတ်ကို ရည်ရည်မွန်မွန်ပင် မေတ္တာရပ်ခံစကားပြောကြားကာ တောကျောင်းသို့ပြန်ကြွရန်ပြင်သည်။ ဒကာအချို့က ဦးပဥ္စင်းနှင့်အတူလိုက်ပါသွားမည်ဖြစ်ရာ ထိုဒကာများကပင် အလှူခံငွေဖလားနှင့် အခြားလှူဖွယ်ပစ္စည်းများကို သိမ်းဆည်းသွားလိုက်ကြသည်။

ဦးပဥ္စင်း ကြွသွားပြီးနောက် ဆရာကပြန်ရန်ပြင်သည်။ ကျွန်တော်က ဆရာ့ကို ဝင်းတံခါးအထိလိုက်ပို့လိုက်သည်။ ဝင်းတံခါးအပြင်ဘက်အရောက်တွင် ကျွန်တော်ကပင် ဆရာ့ကို စကားစလိုက်မိသည်။

"ဘယ်လိုလဲ ဆရာ။ ကျွန်တော် ဆရာ့ကိုတင်ပြထားတဲ့အတိုင်း ဦးပဥ္စင်းနဲ့ပတ်သက်တဲ့ ဆရာ့ကိုယ်ပိုင်အမြင်လေးတွေကို ကျွန်တော်သိခွင့်ရမလား ဆရာ"

ကျွန်တော်က မေးမိသော်လည်း ဆရာက ခွန်းတုံ့မပြန်ပါ။ တစ်နေရာကို လှမ်းကြည့်ရင်း ခပ်ဆိုင်းဆိုင်းခပ်လေးလေးဖြစ်နေသည်။ ခဏကြာတော့မှ ကျွန်တော့် ပခုံးကို တစ်ချက်ပုတ်လိုက်ပြီး-

"အေးကွ မောင်ကိုရ၊ ခုကိစ္စမျိုးဆိုတာ အလောတကြီးမှတ်ချက်ချလို့မရဘူး မှားသွားတတ်တယ်။ ဘာကြောင့်ဆို ဆရာကလည်း သူ့ကို ဒီတစ်ခါပဲ မြင်ဖူးတွေ့ဖူးသေးတာလေ။ သို့သော် မင်းကို ထုတ်မပြောသေးပေမယ့် ဆရာ့စိတ်ထဲမှာ ဒါကို အတန်အသင့်တော့ ခန့်မှန်းပြီးသားဖြစ်နေပါပြီ။တစ်နေ့ကျတော့ ဆရာ မင်းကိုခေါ်ပြောနိုင်မှာပါ။ အချိန်လေးနည်းနည်းစောင့်ပေါ့ ဟုတ်ပြီလား"

ဟု ပြောလာလေရာ ကျွန်တော့်မှာ ဆရာကဲ့သို့ ပညာရှိတစ်ယောက်၏ စကားကို လေးလေးစားစားနာယူလိုက်ရုံမှတစ်ပါး အခြားမရှိပါချေ။ ဆရာ့ဆိုလိုချက်ကိုသဘောပေါက်ပါကြောင်း၊ ကျေနပ်ပါကြောင်း ကျွန်တော်က ပြန်ပြောလိုက်ရသည်။ ထို့နောက် ဆရာက ကျွန်တော့်ကို နှုတ်ဆက်ကာ ထွက်ခွာသွားပါလေသည်။

အမှန်တော့ ထိုနေ့က ဆရာနှင့်တွေ့ဆုံရခြင်းမှာ နောက်ဆုံးတွေ့ရခြင်းသာဖြစ်ကြောင်း ကျွန်တော်မသိမိခဲ့ပါ။ အကြောင်းမှာ ထိုနေ့မှစ၍ နောက်သုံးရက်ခန့်ကြာလျှင်ပင် ဆရာက ရန်ကုန်သို့ ရုတ်တရက်ထပြန်သွားတော့ရာ ထိုစဉ်က တာဝန်ဖြင့် နယ်လှည့်နေရသော ကျွန်တော့်မှာ ဆရာ့ကိုပင် နှုတ်ဆက်ခွင့်မရလိုက်တော့ပါ။

တကယ်တော့ ဆရာဦးကျော်လွင်မှာ ကျွန်တော် အထက်တန်းကျောင်းသားဘဝလောက်က ကျွန်တော့်ကိုသင်ကြားပြသပေးခဲ့သည့် ငယ်ဆရာတစ်ဦးပင် ဖြစ်သည်။ နောက်ပိုင်းတွင် ဆရာက ပညာရေးဘက်မှ သာသနာရေးဘက်သို့ လိုင်းပြောင်းသွားခဲ့သည်။ သာသနာရေးဦးစီးဌာနမှာပင် မြင့်မားသောရာထူးများကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ရရှိခဲ့သည်။ သာသနာရေးဆိုင်ရာဘွဲ့ထူးဂုဏ်ထူးများကိုလည်း များစွာပင် ဆရာရရှိခဲ့သည်။ ယခုအငြိမ်းစားယူသွားပြီးနောက် ထိုဌာနမှာပင် အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ရင်း တစ်ဖက်ကလည်း ကျမ်းပြုဆရာအဖြစ် ရပ်တည်လျက်ရှိသည်။ ဆရာရေးသားခဲ့သည့်အချို့သော ဘာသာရေးဆိုင်ရာကျမ်းများမှာ နိုင်ငံအနှံ့သို့ ကျော်ကြားထင်ရှားခဲ့သည်။

ယခု ဆရာက ဇာတိမြေသို့ခေတ္တအလည်ပြန်လာခဲ့ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် မွေးချင်းမောင်နှမများအနက် နောက်ဆုံးကျန်ရှိနေသည့် အစ်မကြီးဖြစ်သူ ဒေါ်သန်းသန်းနုအပေါ် မောင်တစ်ယောက်အနေနှင့် အမှတ်တရလာရောက်၍ အားပေးနှစ်သိမ့်ခြင်းဟုလည်း ဆိုနိုင်သည်။ ဖြစ်ချင်တော့ ဆရာ့ခမျာ အစ်မကြီး၏အိမ်မှာလည်း ကြာကြာမနေလိုက်။ ကျွန်တော်ကဲ့သို့ တပည့်တပန်းများနှင့်လည်း ကြာကြာမဆုံစည်းလိုက်ရ။ အခြားမိတ်ဆွေအပေါင်းအသင်းများနှင့်ပါ အားရအောင် မတွေ့ဆုံလိုက်ရဘဲ အရေးပေါ်ရောက်ရှိလာသော အကြောင်းကြားချက်အရ ရန်ကုန်သို့ ပြန်သွားလိုက်ရပါပြီတည်း။

■

ဆရာက ဘာသာရေး၊ သာသနာရေးတို့၌ အထူးတတ်သိနားလည်သော ပညာရှင်တစ်ဦး ဖြစ်သည်။ သို့အတွက်ပင် ထူးခြားသော တောကျောင်းဦးပဥ္စင်းနှင့်ပတ်သက်၍ အကဲခတ်ဝေဖန်နိုင်[illegible] ရန် ကျွန်တော်က ဆရာ့ကိုအိမ်သို့[illegible] ဖိတ်ခဲ့ခြင်းလည်း ဖြစ်သည်။ ဆရာ[illegible] ဦးပဥ္စင်းကို တစ်ကြိမ်တစ်ခါမျှသာ[illegible] ခွင့်ရသွားပြီး ကျွန်တော့်အား[illegible] ကျွန်တော်မျှော်လင့်မိသည့်အဖြေ[illegible] တစ်စုံတစ်ရာကိုမျှ ပြောကြားသွား[illegible] ခြင်းမရှိခဲ့ပါ။ သို့အတွက် ကျွန်တော်[illegible] အနည်းနှင့်အများဆိုသလို တွေတွေ[illegible] မအီမလည်နှင့်ဖြစ်ကျန်ရစ်ခဲ့ရသည်[illegible]

သို့သော် -

များမကြာမီပင် ထိုဦးပဥ္စင်း[illegible] ပတ်သက်သည့် ကြီးမားသော [illegible] အပျက်ကြီးတစ်ခုက အတိအ[illegible] ဆိုက်ရောက်ဖြစ်ပေါ်လာတော့[illegible] ထိုအဖြစ်အပျက်ကို ကိုယ်တိုင်[illegible] တွေ့မြင်သိရှိလိုက်ရသည့် ကျွ[illegible] မှာ လွန်စွာမှအံ့ဩခြင်းဖြစ်မိခဲ့[illegible] တစ်ဆက်တည်းဆိုသလိုပင် [illegible] အတွက် ပုစ္ဆာတစ်ပုဒ်ကို ရှင်း[illegible] လင်းသိနားလည်လိုက်ရသလို[illegible] သည်။ ၎င်းကပင် ဆရာ့ထံမှာ[illegible]



www.burmeseclassic.com1

www.burmeseclassic.com

တောင်းခံခဲ့ဖူးသော အဖြေတစ်ရပ်အား ကျွန်တော့်ဘာသာ အလိုအလျောက်ရရှိလိုက်သလိုလည်း ဖြစ်သွားသည်။

ထိုဖြစ်ရပ်ကို ကျွန်တော် ဖော်ပြရမည်ဆိုပါက ဆရာပြန်သွားပြီး သုံးလခန့်အကြာ ခရိုင်အဆင့်အုပ်ချုပ်ရေး ဝန်ထမ်းများအတွက် ဖွင့်လှစ်ပေးသည့် သင်တန်းတစ်ခုသို့ တစ်လကြာမျှ တက်ရောက်ပြီးနောက် ကျွန်တော်ပြန်လည်ရောက်ရှိလာသောအချိန်။ ထိုကာလကိုပင် အခြေတည်၍ ဖော်ပြရပါလိမ့်မည်။

ထိုနေ့ကို ကျွန်တော်မမေ့ပါ။ ထိုနေ့က ကျွန်တော်စီးလာသော သင်္ဘောဆိပ်ကမ်းသို့ ဆိုက်ကပ်ချိန်တွင် ဇနီးဖြစ်သူနှင့် သားသမီးများက ကျွန်တော့်အားလာရောက် ကြိုဆိုနေသည်ကို တွေ့ရသည်။ သင်္ဘောဆိပ်မှ မိသားတစ်စုအတူတကွပင် ပြန်လာခဲ့ကြသည်။

ထိုသို့ပြန်လာကြရင်း ဈေးထိပ်လမ်းခွဲနားကိုရောက်တော့ လူတစ်ယောက်က ကျွန်တော့်နောက်ကို ခပ်သုတ်သုတ်လိုက်လာသည်။ ထိုသူက အနီးရောက်လျှင် ကျွန်တော့်ပခုံးကို လှမ်းပုတ်လိုက်သည်။ ကျွန်တော်လှည့်ကြည့်လိုက်တော့ ထိုသူမှာ သူငယ်ချင်းတစ်ဦးဖြစ်သော အောင်သင်းဖြစ်နေသည်ကို တွေ့လိုက်ရသည်။ အောင်သင်းက ချက်ချင်းပင် ပြောလာသည်။

"ဟေ့ကောင်ကိုကို၊ မင်းသင်တန်းသွားတက်တယ်ဆို ဟုတ်လား"

"ဟုတ်တယ်။ အခု အဲဒီကပြန်လာတာပဲ။ လာလေကွာ၊ အိမ်လိုက်ခဲ့ပါဦးလား။ စားစရာလက်ဆောင်လေးဘာလေးပါပါတယ်"

"မင်းသာငါနဲ့လိုက်ခဲ့ဦး။ ငါ မင်းကိုပြောစရာရှိတယ်။ ဟိုလက်ဖက်ရည်ဆိုင်ထဲမှာ ငါထိုင်နေတာ။ မင်းတို့ဆိုင်ရှေ့က ဖြတ်သွားတာတွေ့လို့ ထလိုက်လာတာကွ"

ကျွန်တော်က အောင်သင်းကိုထိတ်လျှော့လိုက်ရသည်။ မိန်းမနှင့်ကလေးများကိုသွားနှင့်ကြရန်ပြောလိုက်ပြီး လက်ဖက်ရည်ဆိုင်သို့ အောင်သင်းနှင့်အတူလိုက်ပါလာခဲ့သည်။ ဆိုင်တွင်းရှိအခွဲတွင်ထိုင်မိကြသည်နှင့် အောင်သင်းက လက်ဖက်ရည်တစ်ခွက်လှမ်းမှာ၏။ ပြီး လိုရင်းစကားကိုလည်း ချက်ချင်းပင်ပြောခဲ့လာသည်။

"ခုတော့ အားလုံးရှင်းသွားပြီကွ ကိုကိုရေ၊ အချိန်တန်တော့ မိကျောင်းလား၊ သစ်တုံးလားဆိုတာ အားလုံးအဖြေပေါ်သွားပြီ"

"ဘာလဲကွ မင်းစကားက။ ဘာတွေအဖြေပေါ်နေတာလဲ"

"ဟိုဦးပဥ္စင်းလေကွာ မင်းတို့အမေကိုးကွယ်နေတဲ့ ဦးပဥ္စင်း။ မင်းကပုံမှန်တော့မဟုတ်ဘူး၊ တစ်ခုခုတော့တစ်ခုခုပဲဆိုပြီးတော့ သံသယဖြစ်နေတဲ့ ဦးပဥ္စင်းလေ"

"အေး - ဟုတ်ပြီ၊ ငါသင်တန်းမသွားခင်တောင် အဲဒီအကြောင်း မင်းကို တစ်ခါထပ်ပြီးပြောမိခဲ့သေးတယ်။ အဲဒီ ဦးပဥ္စင်းကဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ အခု အဲဒီပေါ်တော်မူဦးပဥ္စင်းက ပြေးသွားပြီကွ။ ပြေးသွားတာမှ ဘယ်သူမှမသိအောင်ကိုပြေးသွားတာ။ အခု သူ့ကျောင်းကိုလည်းပိတ်ထားလိုက်ပြီ။ မင်းတို့အမေတောင် အိမ်ပြန်ရောက်နေပြီ"

"ဟုတ်လား၊ အေး-ပြောပြပါဦး။ ဘယ်လိုတွေဖြစ်သွားတယ်ဆိုတာ"

"ဖြစ်ပုံက တစ်နေ့မှာ အဲဒီဦးပဥ္စင်းဆီကို ဧည့်သည်တချို့ရောက်လာတယ်တဲ့။ ဒါပေမယ့် အဲဒီဧည့်သည်တွေက ကျောင်းထဲအထိဝင်မလာဘူး။ ကျောင်းအပြင်ဘက် လမ်းဆုံနားက ရေချမ်းစင်ဘေးမှာပဲစောင့်နေတယ်တဲ့။ အဲဒီနေ့မှာ ကပ္ပိယတာဝန်ကျတဲ့ ဧည့်သည်တွေကိုသွားတွေ့တယ်။ ဦးစိုးမြင့်ကပါ ဦးပဥ္စင်းနဲ့အတူလိုက်သွားတယ်။ ဟိုရောက်တော့ စောင့်နေတဲ့ဧည့်သည်တွေက ကုလားမနှစ်[illegible]လို့ပြောတာပဲ။ တစ်ယောက်က အသက်ခပ်ကြီးကြီး၊ တစ်ယောက်က အသက်ခပ်ငယ်ငယ်။ အဲဒီခပ်ငယ်ငယ်ကုလားမရဲ့လက်ထဲမှာ ကလေးတစ်ယောက်ကိုချီထားတယ်။ ဒီကုလားမတွေရဲ့ပုံက မည်းတူးစုတ်ချာနေပြီး [illegible]ကလည်း အတော်နံသတဲ့။ ဦးစိုးမြင့်က ပြောပြတာပေါ့။

ဒါနဲ့ သူတို့ချင်း မျက်နှာချင်းဆိုင်မိတယ်ဆိုရင်ပဲ အပြန်အလှန်ကုလားလိုပြောလိုက်ကြတာ ပေါက်ပေါက်ဖောက်နေသလိုပဲတဲ့။ ကလေးပွေ့ထားတဲ့ကုလားမကဆို ငိုတစ်လုံးရယ်တစ်လုံးနဲ့ ပြောဆိုနေလိုက်တာများ ကျွက်ကျွက်ကိုညံနေတာပဲတဲ့။ အဲဒီနောက် သူတို့ချင်းပြောလို့ဆိုလို့ပြီးပြီဆိုတော့မှ ဦးပဥ္စင်းက ကျောင်းပြန်လာတယ်။ ဟိုကုလားမတွေကလည်း ပြန်သွားကြတယ်။ ဦးစိုးမြင့်က တစ်ဆင့် ဒကာ၊ ဒကာမတွေအားလုံးကလည်း ဒီကိစ္စကိုသိသွားကြတယ်။ ဒါပေမယ့် အားလုံးက အားနာပြီး ဘယ်သူမှမမေးကြမမြန်းကြဘူး။ ဒါပေမယ့် ဘုန်းကြီးက အရင်ကလိုမဟုတ်တော့ဘဲ နည်းနည်းအခြေပျက်သွားတာကိုတော့ အားလုံးက သတိထားမိကြတယ်။ အဲဒီနောက် သုံးရက်လောက်ပဲကြာတယ်။ အဲဒီဦးပဥ္စင်းပြေးတော့တာပဲ။ မနက်မိုးလင်းတော့ သူနေရာမှာမရှိတော့ဘူး။ ဘယ်မှလည်းလိုက်ရှာလို့မရဘူး။ တစ်ခါတည်းပျောက်သွားတယ်။ သူစုထားဆောင်းထားတဲ့ငွေတွေပါ တစ်ပါတည်းမ,သွားတယ်။ တကယ်တော့ သူဆီလာတဲ့ ဧည့်သည်ဆိုတာတွေက သူ့အမျိုးတွေပဲဖြစ်မယ်။ ကလေးနဲ့ ကုလားမက သူ့မိန်းမပဲဖြစ်မယ် ဆိုပြီးတော့လည်း သုံးသပ်နေကြတယ်"

"အေး - ကောင်းတယ်။ အဲဒါအဖြေပဲ။ ငါ့အမေလည်း ခုလောက်ဆိုအတော်မှတ်လောက်သားလောက်ဖြစ်နေရောမယ်။ ဘုရားမှတ်လို့ကိုးကွယ်ဖွတ်ထွက်မှ တောင်ပို့မှန်းသိဆိုတာ ဒါကိုပြောတာ"

"အေး-ခဏနေဦး၊ ပြောစရာကျန်သေးတယ်။တိုက်တိုက်ဆိုင်ဆိုင် နောက် (၁၅) ရက်လောက်ကြာတော့ အရှေ့ပိုင်းက ဖိုးထွန်းဆိုတဲ့ကောင်က အခိုးခံလိုက်ရတဲ့ သူ့မြင်းတစ်ကောင်ကိုလိုက်ရှာရင်း ရှမ်းပြည်အစပ်နားကို ရောက်သွားသတဲ့။ သူ့မြင်းက သားဖောက်လုပ်ငန်းအတွက် စပါယ်ရှယ်မွေးထားတဲ့မြင်းကြီးဆိုတော့ တော်တော်အဖိုးတန်တယ်။ သူကနှမြောတယ်၊ ဒါနဲ့ သူခိုးလက်ထဲကပြန်ဝယ်ရဝယ်ရဆိုတဲ့သဘောမျိုးနဲ့ သတင်းကြားတဲ့နေရာတိုင်းကို ဒီကောင်က လိုက်တာပဲ။ လိုက်ရင်း ရှမ်းပြည်နားအထိရောက်သွားတာပဲ။

အဲဒီလို ဖိုးထွန်းက သတင်းကြားရာလျှောက်လိုက်နေရင်း တစ်နေ့ကျတော့ ကုလားတွေနေတဲ့ရွာတစ်ရွာကိုရောက်သွားတယ်တဲ့။ အဲဒီရွာထဲမှာပဲ ဖိုးထွန်းက ဈေးဆိုင်တစ်ဆိုင်မှာ မုန့်ပဲသရေစာလေးဘာလေးဝင်ဝယ်တယ်။ ဝယ်တော့ ဆိုင်ရှင်က အထဲမှာထိုင်နေတယ်။ အသက်က ခပ်ငယ်ငယ်ပဲ။ ပုခက်ထဲက ကလေးကိုလည်း ကြိုးဆွဲပြီး လွှဲပေးနေတယ်။ ဒီဆိုင်ရှင်ကုလားကိုကြည့်ပြီး သူ့စိတ်ထဲမှာဇဝေဇဝါဖြစ်သွားတယ်။ ဘယ်မှာမြင်ဖူးပါလိမ့်ဆိုပြီးတော့လည်း တွေးနေမိတယ်။ ဒါပေမယ့် အဖြေ



www.burmeseclassic.com1

www.burmeseclassic.com

မပေါ်ဘူး။ အဲဒီနောက် သူက ဆိုင်ရှင်ကို ပိုက်ဆံအပေး၊ ဆိုင်ရှင်ကလည်း သူ့ကို မုန့်ထုပ်အပေး တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်းဆုံသွားမိကြတယ်။ အဲဒီမှာတင် ဆိုင်ရှင်က ရုတ်တရက် မျက်နှာတွေ အကြီးအကျယ်ပျက်သွားတယ်။ ဖိုးထွန်းကိုလည်း ချက်ချင်းပဲ ကျောပေးပြီး ဟိုဘက်လှည့်ထိုင်နေလိုက်တယ်။ ဒါကိုလည်း ဒီကောင်က ကောင်းကောင်းကြီး သတိပြုမိလိုက်တယ်။ ဒါပေမယ့် ဒီအထိကို သူမှာဘာမှမသဲကွဲသေးဘူး။

အဲဒီနောက် သူမြင်းလှည်း ဘယ်လိုမှ ပြန်မရနိုင်တော့ပါဘူးဆိုပြီး စိတ်လျှော့ပြီး အိမ်ကိုပြန်လာတဲ့အချိန် မှန်လုံကားပေါ်ကိုရောက်တော့မှ ဒီအချက်ကို ပြန်စဉ်းစားမိရာက ကောင်းကောင်းအဖြေပေါ်သွားသတဲ့။ လက်စသတ်တော့ ဒီဆိုင်ရှင်က တခြားသူမှမဟုတ်ဘဲ။ စိတ်ကူးထဲမှာ ဆံပင်တွေ၊ မျက်နှာပေါ်က အမွေးအမှင်တွေဖယ်ပြီး ဦးပြည်းနဲ့သင်္ကန်းနဲ့ပြင်ဆင်ပေးကြည့်လိုက်တော့မှ ငါတို့ဆီက ကျောင်းပြေးဘုန်းကြီးဖြစ်နေမှန်း သိလိုက်ရတော့တယ်ဆိုပဲကွ။ ဖိုးထွန်းက အဲဒီတောကျောင်းမှာ အလှည့်ကျကပ္ပိယအဖြစ်နဲ့လုပ်ခဲ့ဖူးသေးတယ်လေ။ အဲဒီအကြောင်းတွေကို ဖိုးထွန်းဒီပြန်ရောက်ပြီးပြန်ပြောပြတော့မှ အားလုံးကအော့ချယူကြရတယ်။ အဲဒီ ဦးပဥ္စင်းရဲ့လက်ရင်းဒကာမတွေဖြစ်ခဲ့ကြတဲ့ အမျိုးသမီးတွေလည်း ရှက်လွန်းလို့ ခေါင်းမဖော်နိုင်အောင်ဖြစ်ကြရတော့တာပေါ့ကွာ"

"အေး - ခုလိုကြားရတဲ့အတွက် ဝမ်းသာတယ်ကွာ။ မင်းကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါကဘာကိုပြလိုက်သလဲဆိုတော့ ဘယ်အရာမဆို အစစ်အမှန်မှမဟုတ်ရင် ကြာကြာခေါင်းမြီးခြုံပြီးမနေနိုင်ဘူး။ အချိန်ဆိုတဲ့ တရားသူကြီးက အဖြေထုတ်ပေးတာကို ခံရစမြဲဆိုတာ ကမ္ဘာ့သည်းတင်ပေးလိုက်တာပဲ။ ကိုင်း - ငါလည်းပြန်လိုက်ဦးမကွာ။ အခုမှ ခရီးကပြန်ရောက်တာဆိုတော့"

"အေး အေး ပြန်ဦး ပြန်ဦး။ ငါလည်း မင်းကိုသိစေချင်လွန်းလို့ ခေါ်ပြောလိုက်တာပါ"

ကျွန်တော်ဝံအောင်သင်းနှင့်လမ်းခွဲပြီးပြန်လာခဲ့သည်။ အိမ်ရောက်တော့ အမေကလည်း ကျွန်တော့်ကို ဝမ်းသာအယ်လည်းနှင့် ကြိုဆိုနေရှာပါသည်။ ကျွန်တော်က အမေ့ကို ပြန်နှုတ်ဆက်ရင်း နှစ်သိမ့်ပေးလိုက်ပါသည်။ သို့သော် လမ်း၌ သိရှိခဲ့ရသည့် ဟိုကိစ္စကိုတော့ ကျွန်တော်က တစ်ခွန်းမျှမဟပါ။ အမေ့ကိုလည်း လုံးဝမမေးကြည့်ပါ။ ဆိုခဲ့သည့်အတိုင်း ကျွန်တော်က အမေစိတ်မကောင်းဖြစ်ရမည့်၊ စိတ်ညစ်ရမည့် အပြောအဆိုအပြုအမူတို့ကို ထာဝစဉ်ရှောင်ရှားလာခဲ့သူပါ။

အမေကလည်း သည့်နောက်မှာတော့ ယခင်ပုံစံအတိုင်း ပြန်၍လည်ပတ်နေပါလေသည်။ ဆွမ်းလောင်းခြင်း၊ ဘုရားပန်းကပ်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းတို့ဖြင့်သာလျှင် အငြိမ်အေးကြီး ငြိမ်းအေးနေတော့သည်။အပြင်ကိုလည်း အထွက်နည်းသွားသလို အိမ်ကိုလည်း လူတရှုန်းရှုန်းနှင့် အဖြစ်မခံတော့ပါ။ အမေ့အရိပ်အကဲကိုကြည့်ပြီး ကျွန်တော်လည်း စိတ်ချမ်းသာရပါသည်။ ဘဝ၏ နိဂုံးပိုင်းအချိန်မျိုးတွင် အခန့်မသင့်၍ လမ်းချော်သွားခဲ့မိသော်ငြား မကြာမမြင့်မီပြန်လည်တည့်မတ်လာနိုင်ခဲ့သည့်အဖြစ်ကိုလည်း ကျေးဇူးတင်စရာတစ်ခုအဖြစ် ကျွန်တော်ကမှတ်ယူလိုက်မိပါသေးသည်။

■

ကျွန်တော် ရန်ကုန်သို့ မရောက်ဖြစ်ခဲ့သည်မှာ အတော်ကြာခဲ့ပါပြီ။ အတိအကျပြောရပါက (၈) နှစ်ခန့်ပင်ရှိခဲ့ပြီ။ ယခုတစ်ကြိမ် ရန်ကုန်ကိုပြန်ရောက်တော့ မြင်ရတွေ့ရသမျှ အရာအားလုံးက ယခင်ကနှင့် များစွာခြားနားလျက်ရှိသည်ကို တွေ့ရသည်။ အဆောက်အအုံတွေ၊ လမ်းတွေ၊ ပို့ဆောင်ရေးစနစ်တွေကအစ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ပြီ။ ကျွန်တော်သွားခဲ့လာခဲ့ဖူးသောလမ်းများ၊ နေရာများကိုပင် မှတ်မိအောင်မနည်းကြီးစဉ်းစားယူခဲ့ရသည်။

သည်နှစ်ထဲတွင် ကျွန်တော့်ဇနီးက ကျန်းမာရေးဖောက်လာသည်။ ထုံးစံအတိုင်း အမျိုးသမီးရောဂါပင် ဖြစ်သည်။ တိုင်းအထူးကုဆရာဝန်ကြီးနှင့်ပြသကြည့်တော့ သားအိမ်ခေါင်းကင်ဆာကအစပျိုးနေပြီဖြစ်ကြောင်းနှင့် ဆေးဝါးနှင့် နည်းပညာမှအစ ပိုမိုပြည့်စုံကောင်းမွန်သည့် ရန်ကုန်သို့ အမြန်ဆုံး သွားရောက်ပြသသင့်ကြောင်း ညွှန်ကြားသည်။ သို့နှင့်ပင် ရန်ကုန်သို့ အားချင်းဆိုသလိုဆင်းလာခဲ့ကြရခြင်း ဖြစ်သည်။

ရန်ကုန်တွင် အစစအရာရာ အဆင်ပြေပါသည်။ အထူးကုဆေးခန်းတွင်ပြသရာ လိုအပ်သလို စစ်ဆေးကုသပေးသည်။ ထို့နောက် ဒုတိယအကြိမ် ထပ်မံပြသရန် နှစ်ပတ်ခန့်ရက်ချိန်းပေးလိုက်ပါသည်။ ရက်ချိန်းကိုစောင့်ရင်း ကျွန်တော်တို့တည်းခိုနေသော ဆွေမျိုးသားချင်းတစ်ဦး၏အိမ်မှာပင် ပြန်အနားယူနေလိုက်ကြသည်။

ထိုရက်များအတွင်း တစ်နေ့မှာတော့ ကျွန်တော်က ဆရာဦးကျော်လွင်အား သွားရောက်နှုတ်ဆက်ဖို့ သတိရလိုက်မိသည်။ သို့နှင့်ပင် ဆရာ့လိပ်စာအတိုင်း တက္ကစီဖြင့် ကျွန်တော်ထွက်လာခဲ့မိသည်။ ဆရာ့အိမ်ရောက်တော့ ဆရာ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ပင် တွေ့ရပါသည်။ ဆရာက ဝမ်းသာအားရကြိုဆိုသည်။ နှစ်ယောက်သား ဧည့်ခန်းတွင်ထိုင်ရင်းစကားဖောင်ဖွဲ့မိကြသည်။ ဆရာက သူ့အစ်မကြီးဖြစ်သူဒေါ်သန်းသန်းနု အကြောင်းအပါအဝင် ဇာတိရပ်ရွာ အကြောင်းကို စုံနေအောင်မေးမြန်းသည်။ ကျွန်တော်ကလည်း ဆရာ့ကို ပြည့်စုံအောင်ပြန်ဖြေသည်။

သို့နှင့် ထွေရာလေးပါးစကားများ ပြောစရာကုန်သွားပြီဆိုတော့မှ ကျွန်တော်က အဓိကအကြောင်းအရာတစ်ခုဆီသို့ စပြီးစကားဦးတည်လိုက်မိသည်။ ထိုကိစ္စက အခြားတော့ မဟုတ်ပါ။ တစ်ချိန်သောအခါက ကျွန်တော်တို့ဆရာတပည့်နှစ်ဦးအကြား ကြွေးကျန်အဖြစ် တင်ရှိနေသည့် ဟိုဦးပဥ္စင်းကိစ္စပင် ဖြစ်ပါသည်။ ကျွန်တော်က အောင်သင်းပြောပြသည့်အတိုင်းပင် ဆရာ့ကိုအလုံးစုံပြန်ပြောပြလိုက်သည်။ ဆရာက ကျွန်တော်ပြောသမျှကို စူးစူးစိုက်စိုက်နားထောင်သည်။ တစ်စုံတစ်ရာစကားဝင်ထောက်တာမျိုး၊ မေးခွန်းထုတ်တာမျိုးလည်းလုံးဝ မပြုလုပ်ပါ။ ကျွန်တော့်စကားဆုံးသွားပြီ ဆိုတော့မှ ဆရာက ခေါင်းတဆတ်ဆတ် ညိတ်ရင်း သက်ပြင်းတစ်ချက်ချသည်။ နှုတ်မှလည်းစကားစလိုက်သည်။

"အေးကွာ၊ တစ်နေ့ ဒီလိုဖြစ်လာလိမ့်မယ်လို့ ဆရာလည်း ထင်တော့ထင်ခဲ့ပြီးသားပါ။ ရာခိုင်နှုန်းတစ်ဝက်ကျော်ကျော်လောက် ခန့်မှန်းမိပြီးသားပါ။ နောက်ထပ် နည်းနည်းလောက်စောင့်ကြည့်လိုက်ရင် အဖြေကပေါ်သွားနိုင်တယ်။ ဒါပေမယ့် ဆရာကလည်း အဲဒီတုန်းက ပိဋကဘာသာပြန်ကိစ္စနဲ့အဓေပေါ်ပြန်လာခဲ့ရတယ်။ ဘယ်သူ့တောင် ဆရာနှုတ်မဆက်ခဲ့ရဘူး"

"ဪ- ဒါဖြင့်အဲဒီတုန်းကတည်း

www.burmeseclassic.com

ခန့်မှန်းချက်တချို့ကို ဆရာထုတ်နိုင်ခဲ့ပြီး သားပေါ့။ ဘယ်အချက်တွေနဲ့ ခန့်မှန်းချက်ထုတ်ခဲ့တယ်ဆိုတာ ပြောပြပါလား ဆရာ"

"အေး - ဆရာပြောပြမယ်။ တစ်ချက်က ဆရာဘာသွားတွေ့သလဲဆိုတော့ သူကငွေတွေကိုသောက်သောက်လဲအလှူခံနေတဲ့ကိစ္စပဲကွ။ ဒကာ၊ဒကာမတွေဆီက ဝတ္ထုငွေတွေကို ဒီလောက်တောင် သိမ်းကျုံးပြီးအကပ်ခံနေမှတော့ အများထင်နေကြသလို တရားရှင်၊ပုဂ္ဂိုလ်ထူးမျိုးမဟုတ်နိုင်ဘူးလို့ ဆရာအကြမ်းဖျင်းဆုံးဖြတ်နိုင်ခဲ့တယ်။

နောက်တစ်ချက်က သူ့ရဲ့ကျင့်ကြံအားထုတ်ပုံတွေမှာ လွဲချော်မှုတွေအတော်များများရှိနေတာ ဆရာတွေ့ရတယ်။ ပုံမှန်အနေအထားနဲ့ ကင်းကွာနေတာမျိုး၊ စတန့်ဆန့်ဆန်ဖြစ်နေတာမျိုးတွေ ဆရာသတိပြုမိတယ်။ နောက်ဆုံးတစ်ချက်ကတော့ သူဟာ ဘာသာခြား၊ လူမျိုးခြားကနေ ကူးပြောင်းလာခဲ့သူဖြစ်တယ်။ အဲဒီအချက်ကပဲ သူ့ကိုအများတကာထက် စောင့်ကြည့်ချင်စရာဖြစ်လာစေတယ်။ ဆရာပြောတာတွေကို သဘောပေါက်ရဲ့လား"

"အကြမ်းဖျင်းတော့သဘောပေါက်ဆရာ။ လုံးလုံးတော့ဘဝင်မကျမိသေးဘူး။ ဥပမာ ဝတ္ထုငွေတွေကို လက်ခံနေတဲ့အတွက် တရားရှင်၊ ပုဂ္ဂိုလ်ထူးမဟုတ်နိုင်ဘူးလို့ ဆရာပြောခဲ့ပါတယ်။ ဒါဆိုရင် အခုခေတ် သံဃာတော်အများစုကြီးကလည်း ဝတ္ထုတွေကိုင်နေကြတာပဲ။ ဝတ္ထုကိုင်တဲ့သံဃာတိုင်း အမြင့်စား၊ အမြတ်စား စာရင်းထဲမပါဝင်နိုင်ဘူးလို့ ဆရာဆိုလိုပါသလားခင်ဗျာ"

"ဒီလိုမဆိုလိုဘူး။ ဆရာ့စကားမှာ ဒရိယာယ်တွေအများကြီးပါဝင်ပါတယ်။ ငွေကိုကိုင်နေရသော်လည်းပဲ၊ ငွေနဲ့ပတ်သက်နေရသော်လည်းပဲ စင်ကြယ်မြင့်မြတ်စွာ ဝန်ဆောင်ရပ်တည်နေနိုင်ကြတဲ့ သံဃာတော်တွေ အများကြီးရှိတယ်ဆိုတာ ဆရာလက်ခံပါတယ်။ သို့သော် ငွေကြေးရဲ့ သဘောသဘာဝကိုက သံဃာတော်တွေအတွက် အကုသိုလ်အန္တရာယ်တွေနဲ့ အနီးစပ်ဆုံး ဆက်စပ်နေတာတွေမို့ ဒီစက်ကွင်းကနေ ဆက်ကြီးစွာနဲ့ ရှောင်ရှားနိုင်စွမ်းမရှိဘဲ ... တောင်ဖြစ်သွားကြရတဲ့သူတွေကို ... ဆရာဆိုလိုခြင်း ဖြစ်ပါတယ်။

ဘုရားရှင်က ရွှေငွေရဲ့ဆိုးကျိုးတွေကို မြင်တော်မူလို့ အမိန့်တော်တွေတင်းတင်းကျပ်ကျပ်ထုတ်ပြန်တော်မူခဲ့တယ်။ ရွှေငွေဟာ သံဃာနဲ့လုံးဝမအပ်စပ်ဘူးဆိုတာကို ဝိနည်းတွေအထပ်ထပ်ပညတ်တော်မူခဲ့တယ်။ သမိုင်းမှာဒုတိယအကြိမ်သံဃာယနာတင်ခဲ့ရတာကိုက ဒီရွှေငွေကိစ္စနဲ့အဓိကပတ်သက်နေတယ်။ ဒီတော့ လဇ္ဇီပေသလ၊သိက္ခာကာမ၊သီလဝန္တဖြစ်တော်မူကြတဲ့ သံဃာတော်မြတ်တွေကလည်း ဒီဘုရားအမိန့်တော်အတိုင်း ရွှေငွေနဲ့ လုံးဝမပတ်သက်ဘဲ ကြံ့ကြံ့ခိုင်ခိုင်ကျင့်ကြံနေထိုင်သွားကြတာတွေဟာ သမိုင်းတစ်လျှောက်လုံးမှာ အထင်အရှား ရှိခဲ့တယ်။

ဒါပေမယ့် နောက်ပိုင်းရောက်တော့ ခေတ်တွေကပြောင်းလာတယ်။ သံဃာတော်တွေအတွက် အထွေထွေသပ္ပာယနဲ့ပြည့်စုံဖို့ အခက်အခဲတွေရှိလာတယ်။ အဲဒီမှာတင် ဒီငွေကိုခုံမင်နှစ်သက်ခြင်းအလျှင်းမရှိသော်ငြား မတတ်သာဘဲ ဆက်သွယ်ပတ်သက်ဖို့က ဖြစ်ပေါ်လာတယ်။ မရှိမဖြစ်တဲ့အရာမို့ သူ့ကို သုံးစွဲစေခိုင်းနေရပေမယ့် ဘုရားအမိန့်တော်ကို အလေးအမြတ်ပြုသောအားဖြင့် ဒေသနာကြားကြ၊ အာပတ်ဖြေကြဆိုပြီး သတိနဲ့ယှဉ်တဲ့အဆုံးအမတွေ အာစရိယဝါဒတွေဖြစ်ပေါ်လာတယ်။

ဒီတော့ မောင်ကို စဉ်းစားကြည့်စမ်း။ ငွေဟာ သိပ်ပြီးစွမ်းအားရှိတယ်။ တန်ခိုးရှိတယ်။ သူ့ကိုထိန်းချုပ်ဖို့ဆိုတာ လွယ်သလား၊ ဘယ်လွယ်မလဲ။ မလွယ်လို့လည်း သူ့ရဲ့သံသရာချဲ့မှုကို အများစုက ခံယူနေကြရတာပေါ့။ ငွေရှိရင်လိုချင်တာဝယ်နိုင်တယ်။ ရနိုင်တယ်။ ဒီငွေကပဲ ဝယ်ချင်စိတ်တွေ၊ ရချင်စိတ်တွေဖြစ်ပေါ်လာအောင် စေ့ဆော်ပေးတယ်။ အာရုံခံစားမှုတွေ၊ သာယာမိန်းမောမှုတွေနဲ့ ပတ်သက်လာအောင် ဖန်တီးပေးတယ်။ ဒီလိုနဲ့ပဲ ငွေကတဖြည်းဖြည်းဘုရားလမ်းစဉ်အပြင်ဘက်ရောက်အောင်ဆွဲဆောင်ခေါ်ယူသွားတယ်။

ဘုရားလမ်းစဉ်က တပ်မက်မှုတွေ၊ မာန်မာနတွေကင်းစင်တဲ့ လမ်းစဉ်ဖြစ်တယ်။ ခြိုးခြံခြင်း၊ နှိမ့်ချခြင်းတွေနဲ့ တန်ဆာဆင်ထားတဲ့လမ်းစဉ် ဖြစ်တယ်။ အနည်းဆုံးဥပမာကိုပဲ ဆရာပြောမယ်။ ငွေကြေးရယ်လို့ ဘာမှမစုဆောင်းတဲ့ သံဃာဟာ ဆွမ်းကျောင်းအစရှိတဲ့ပစ္စည်းလေးပါးအတွက် အမြဲတစေ ပြည်သူကိုအားကိုးနေရတယ်။ နှိမ့်ချတဲ့အသွင်၊ နှိမ့်ချတဲ့စိတ်ထားနဲ့ ပြည်သူတွေဆီမှာ လှည့်လည်တောင်းခံနေရတယ်။ ငွေရှိတဲ့သူကျတော့ ဒီလိုမဟုတ်ဘူး။ ဆွမ်းအတွက်လည်း ပူစရာမလိုဘူး။ ကျောင်းအတွက်လည်း ပူစရာမလိုဘူး။ ဘယ်သူ့မှ အားကိုးစရာမလိုဘူး။ ကိုယ့်ဘာသာ ဖန်တီးလို့ရတယ်ဆိုတဲ့ မာန်မာနမျိုးက သူ့မှာဝင်ပြီးခိုလာတယ်။ မာန်ရှိတဲ့ပုဂ္ဂိုလ်နဲ့ မာန်မရှိတဲ့ပုဂ္ဂိုလ်က အဲဒီမှာတင် လမ်းခွဲသွားတယ်။ ဘုရားလမ်းစဉ်ရဲ့ အန္တိမရည်ရွယ်ချက်ကတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုရေးဖြစ်တာမို့ အဲဒီနိဗ္ဗာန်ဆိုတဲ့ပန်းတိုင်ကို ရောက်ဖို့ဆိုတာဟာ မာန်မာနတွေကို ခဝါချနိုင်မှသာ ရောက်နိုင်ရနိုင်တဲ့အရာဖြစ်တယ်။ မာန်မာနအချောင်းချောင်းနဲ့ပုဂ္ဂိုလ်ဟာ ပန်းတိုင်ကိုမဆိုထားနဲ့ အနားကိုတောင်သီနိုင်ခွင့်မရှိဘူး။ ငွေဟာ ဒီအထိဆိုးကျိုးကိုဖြစ်စေတယ်ဆိုတာ ဆရာရှင်းပြခြင်းဖြစ်တယ်။ သဘောပေါက်လား တပည့်"

"သဘောပေါက်ပါတယ် ဆရာ။ ငွေကို သတိနဲ့ကိုင်နိုင်ရင် ပြဿနာမရှိဘူး။ ဒီလိုမှမဟုတ်ရင် ငွေကခြယ်လှယ်တာကိုခံရပြီး ကံဆိုးမိုးမှောင်ကျသွားနိုင်တယ်။ ဖြစ်နိုင်ရင် ငွေကိုမကိုင်တာ၊ ငွေနဲ့မပတ်သက်တာ အကောင်းဆုံးပဲလို့ ဆရာဆိုလိုမှန်း ကျွန်တော်သဘောပေါက်ပါတယ်။ ဒီတော့ ဟိုတောကျောင်းဦးပဉ္ဇင်းကိုလည်း ငွေတွေဖောဖောသီသီရနေတာကိုကြည့်ပြီး အဲဒီအချက်နဲ့ပဲ ဆရာဆုံးဖြတ်လိုက်သလား"

"သူကတော့ တော်တော်လွယ်ပါတယ်ကွ။ သူ့အကြောင်းအချက်အလက်တွေကို ရှေ့နောက်ဆက်စပ်ပြီး စဉ်းစားလိုက်တာနဲ့ အဖြေက အလွယ်တကူပေါ်လာပါတယ်။ သူဟာ ဘယ်သိမ်မှာ ဘယ်ဆရာနဲ့ ရဟန်းဘောင်တက်ခဲ့တယ်ဆိုတာတော့ ဆရာမသိဘူးပေါ့ကွာ။ ဒါပေမယ့် အမှန်တကယ်သာ တရားကိုစွမ်းစွမ်းတမံအားထုတ်နေတာမျိုး၊ ကျင့်ကြံနေတာမျိုးဆိုရင် သူ့အနေနဲ့ ဒီငွေတွေနဲ့ ဘာပတ်သက်နေစရာလိုသလဲ။ ဦးပဉ္ဇင်းက ဝတ္ထုအလိုမရှိပါဘူး။ မလှူမကပ်ကြပါနဲ့လို့ တစ်ခါတည်းအပြတ်ဖြတ်ထားလိုက်ရုံပေါ့။ မနက်ဖြန်၊ သန်ဘက်ခါ သေတာပန်ဖြစ်ကိုဖြစ်ရမယ်ဆိုပြီး အားထုတ်နေတဲ့ပုဂ္ဂိုလ်က ဒီငွေလောက်ကို ဘာငဲ့ကြည့်နေစရာလိုသလဲ။

ပြီးတော့ သူ့မှာ တခြားသံသယဖြစ်စရာအချက်တွေလည်းရှိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုစတွေ့ကြတုန်းက နေပူပူကြီး ဆူးချုံထဲမှာဝင်ထိုင်ပြီး တရားအားထုတ်နေတယ်လို့ဆိုသမို့လား။ ခွေးလှေးယားသီးတွေကြားမှာ မလှုပ်မယှက်ထိုင်နေတယ်လို့ဆိုတယ်မဟုတ်လား။ အဲဒါတွေက သဘာဝမကျဘူး။ တကယ်သာ တရားကိုလိုချင်တယ်ဆိုရင် ဒီလိုချုံထဲဝင်ထိုင်နေစရာမလိုပါဘူး။ အသင့်အတင့် သပ္ပာယမျှတမှုရှိတဲ့နေရာတွေက အများကြီးပါ။ တစ်နေရာရာကိုချဉ်းကပ်ပြီး အပြင်းအထန်အားထုတ်မယ်ဆို အားထုတ်နိုင်ပါတယ်။ နောက်တစ်ခုက ဆွမ်းတောင်ထွက်မစားတော့ဘဲ တစ်နေကုန် ဂူအောင်းနေတာတို့၊ ညဉ့်နက်သန်းခေါင်ကြီး သစ်ငုတ်တိုပေါ် တက်ရပ်နေတာတို့ ကျောက်ရေစည်ထဲဝင်ရပ်ပြီး အားထုတ်နေတာတို့ ဆိုတာတွေက တကယ်တမ်းကျတော့ ချီးမွမ်းစရာတွေမဟုတ်ဘူးကွ ကိုမောင်ရဲ့။ ဟိုတုန်းက ရဟန်းတစ်ပါးဟာ အိပ်ငိုက်မှာစိုးလို့ ရေတွင်းထဲဆင်းရပ်ပြီး တရားအားထုတ်ခဲ့တဲ့သာဓကရှိခဲ့ဖူးပါတယ်။ ခုခေတ်မှာတော့ ဒါမျိုးလာလုပ်ပြနေမယ်ဆိုရင် တကယ့်ပညာရှိတွေက နှာခေါင်းရှုံ့ကြမှာပေါ့ကွ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်ပိုပြီးရိပ်မိလာပါပြီ။ သူက ထူးထူးကဲကဲဆန်းဆန်းပြားပြားကျင့်ကြံအားထုတ်ပုံတွေလုပ်ပြပြီး ဒကာတွေရဲ့ အံ့သြကြည်ညိုမှုကိုအရယူမယ်။ ဒီကနေအုတ်အော်သောင်းတင်း ယိုဖိတ်ကျလာတဲ့ သဒ္ဓါနဲ့အတူဒကာတွေ ရက်ရက်ရောရောလှူလာတန်းလာကြအောင်ဖန်တီးယူမယ်။ဒီယုန်မြင်လို့ဒီချုံထွင်ဆိုတဲ့သဘောမျိုးပဲမဟုတ်လား ဆရာ"

"ဒီလိုပဲလို့ပြောရမလိုဖြစ်သွားတာပဲ။ တကယ်တော့ တရားရှင်စစ်စစ်ရဲ့ သွင်ပြင်လက္ခဏာက ဒီလိုပုံစံမျိုးမှမဟုတ်ဘဲ။ သူတော်ကောင်း သူတော်မြတ်တွေရဲ့သဘောသဘာဝကို နဂိုကတည်းက ဘောင်ခတ်သတ်မှတ်ပေးထားပြီးသားပဲ။ အစစ်အမှန်ပုဂ္ဂိုလ်မှန်ရင် ဘယ်တော့မှ ကိစ္စများတာကိုမကြိုက်ဘူး။ သူ့ဘာသာ တရားနှလုံးသွင်းပြီး တရားနဲ့ပဲ ပျော်မွေ့နေချင်တယ်။ အသံနဲ့ အလင်းရောင်တွေကို မနှစ်သက်ဘူး။ ဆိတ်ငြိမ်မှုနဲ့ အမှောင်ကိုသာ နှစ်သက်တယ်။ လာဘ်လာဘတွေ၊ ပရိသတ်တွေ ကျော်ကြားလိုမှုတွေနဲ့ ကင်းရှင်းတယ်။ တရားရှင်ဖြစ်ကြောင်း၊ သူတော်ကောင်းဖြစ်ကြောင်း ကြေညာဖို့ဝေးစွ သူ့မှာကိန်းနေတဲ့တရားထူးကိုတောင် အများသိသွားမှာ အလွန်စိုးရိမ်တယ်။ သိုသိပ်တဲ့သဘောရှိတယ်"

"ဒါဆိုရင် ပရိသတ်အထောင်အသောင်းနဲ့ ပတ်သက်နေရတဲ့ သံဃာတွေပေါ့။ ဒါကို ဆရာဘယ်လိုသုံးသပ်မလဲ"

"ဒီနေရာမှာ ခြွင်းချက်ရှိပါတယ်။ ပရိသတ်နဲ့ နေသင့်လို့နေရတဲ့ သံဃာတွေ၊ တရားဟောသင့်လို့ ဟောရတဲ့ သံဃာတွေရှိတယ်။ ဥပမာ မိမိကိုယ်တိုင်ကလည်း တရားထူးရထားတယ်။ မိမိဝေနေယျတွေကိုမိမိကိုယ်တိုင်ကယ်ချွတ်ပေးရမယ့် ပါရမီကလည်းပါလာတယ်။ ဒါဆိုရင် ပရိသတ်နဲ့ ဆက်ဆံရမှာပဲ။ တရားဟောရမှာပဲ။ သူဟောတဲ့တရားက နိဗ္ဗာန်ရောက်ကြောင်းတရား၊သူ့စေတနာက ဒုက္ခသည်တွေကို သံသရာကကျွတ်လွတ်စေလိုတဲ့ စေတနာဖြစ်နေတော့ ဘာမှကိုပြောစရာမရှိဘူး။ ချီးမွမ်းစရာတွေချည်းပဲ။ ဒီတော့ ဒီလိုပုဂ္ဂိုလ်မျိုးကို လာဘ်လာဘလိုချင်သူ၊ ကျော်ကြားမှုလိုချင်သူအဖြစ် ဘယ်လိုမှသတ်မှတ်လို့မရဘူး။

တရားပွဲတစ်ပွဲကို ရောက်သွားတယ်ဆိုပါစို့။ သေသေချာချာ တရားနာကြည့်ပါ။ ကိုယ်နာရတဲ့တရားက နိဗ္ဗာန်ရောက်ကြောင်းအထောက်အပံ့ဖြစ်စေတဲ့ ခန္ဓာဉာဏ်ရောက်တရားမျိုးလား။ သို့မဟုတ် လူမှုရေးတရား၊ ခေတ်ပြင်လူပြင်တရား၊ နိုင်ငံရေးတရားမျိုးလားဆိုတာ ခွဲခြားပြီး သိမြင်လာလိမ့်မယ်။ ဒီလိုအရည်အသွေးပိုင်းနဲ့ပတ်သက်ပြီး အကဲဖြတ်နိုင်လာပြီဆိုတာနဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်အလိုက် ဘယ်သူကလာဘ်လာဘနဲ့ ဆက်သွယ်တယ်။ ဘယ်သူက လာဘ်လာဘနဲ့ မဆက်သွယ်ဘူး စသဖြင့် ဆက်လက်ပြီး ကွဲကွဲပြားပြားပိုင်းခြားသိမြင်သွားနိုင်တာပေါ့ကွာ"

"သဘောကျပါပြီ ဆရာ။ ဆရာရှင်းပြတာတွေက တော်တော်စမ္မမိဋ္ဌာန်ကျပါတယ်။အကြောင်းတစ်ရပ်ရပ်အပေါ် စနစ်တကျ ဆင်ခြင်သုံးသပ်တတ်စေဖို့အတွက်လည်း အများကြီးအထောက်အပံ့ဖြစ်စေပါတယ်။ ဒါနဲ့ဆရာ တခြားဘာသာခြား၊ လူမျိုးခြားကနေ ဗုဒ္ဓဘာသာကို ကူးပြောင်းလာတဲ့ကိစ္စတွေကိုရော ဆရာဘယ်လိုသုံးသပ်သလဲ။ အဲဒါက ဟိုဦးပဥ္စင်းနဲ့ပတ်သက်တဲ့ ဆရာ့ရဲ့နောက်ဆုံးသုံးသပ်ချက်လို့ထင်ပါတယ်"

"အေးကွ၊ တို့ဗုဒ္ဓဘာသာမှာ ဒါလည်း အရေးကြီးတဲ့အချက်တစ်ခုပဲ။ တခြားဘာသာကနေ ဗုဒ္ဓဘာသာကို ကူးပြောင်းလာတဲ့သူတွေအတွက်ရော တို့ဘာသာကနေ တခြားဘာသာကိုကူးပြောင်းသွားတဲ့သူတွေအတွက်ပါ ဆရာ့မှာ ပြောစရာစကားတွေ တော်တော်များများရှိတယ်။

တကယ်တော့ အယူဝါဒကူးပြောင်းမှုဆိုတာ ဘာသာတိုင်းမှာလိုလိုရှိတယ်။ လူမျိုးတိုင်း၊ နိုင်ငံတိုင်းလိုလိုမှာလည်းရှိတယ်။ ဒီနေရာမှာ လူမျိုး၊ ဘာသာနဲ့ တိုင်းနိုင်ငံတွေ ဘယ်လိုပဲကွဲပြားနေပါစေ အချက်တစ်ချက်မှာတော့ အားလုံးသွားပြီး တူညီနေတာကိုတွေ့ရတယ်။ အဲဒါကတော့ မိမိဘာသာထဲကူးပြောင်းဝင်ရောက်လာတဲ့ဧည့်သည်ဘာသာဝင်တွေကို မူရင်းအိမ်ရှင်ဘာသာဝင်တွေက လှိုက်လှဲဝမ်းသာကြိုဆိုကြတယ်။ အထင်တကြီးနဲ့ဆီးကြိုအသိအမှတ်ပြုကြတယ်ဆိုတဲ့ အချက်ပဲဖြစ်တယ်။ အဲဒီအချက်မှာ သွားပြီးတူနေကြတယ်။ ဒီတော့ ဘာကြောင့် ဒီလိုတူညီရတာလည်း မေးစရာရှိတယ်။ ဘာသာကူးပြောင်းတယ်ဆိုတာလွယ်တဲ့အလုပ်မဟုတ်ဘူး။ တော်ရုံလူလုပ်ဝံ့တဲ့အလုပ်မျိုးမဟုတ်ဘူး။ အခုလို သူတို့ဘာသာကိုစွန့်လွှတ်ပြီး ငါတို့ဘာသာထဲဝင်လာတယ်ဆိုတာဟာ သူတို့ဘာသာရဲ့အပြစ်တွေကို မြင်တွေ့ခဲ့ရလို့ပဲဖြစ်မယ်၊ ငါတို့ဘာသာရဲ့အနှစ်သာရကို နှစ်သက်သဘောကျလို့ပဲဖြစ်မယ် အစရှိတဲ့ အတ္တဇဟိုပြုတွေးခေါ်မှုတွေကြောင့်သာလျှင် စောစောက ဆရာပြောခဲ့တဲ့အတိုင်း ဘာသာပြောင်းလာတဲ့သူတွေကို ဝိုင်းဝန်းပြီး မြှောက်ပင့်ပေးကြ၊ နေရာပေးကြနဲ့ဖြစ်ကုန်တာပဲ။

မောင်ကိုလည်း ကြားဖူးမှာပေါ့။ ဗုဒ္ဓဘာသာကနေ တခြားဘာသာကူးပြောင်းသွားတဲ့သူတွေကို ဟိုဘက်က လူတွေ ရောက်ရောက်ချင်း အဆင့်မြင့်မြင့်နေရာပေးလိုက်တာတို့ငွေကြေးထောက်ပံ့တာတို့၊ တခြားအခက်အခဲတွေကူညီပေးတာတို့ စသဖြင့်ပေါ့။ ကြားဖူးတယ်မဟုတ်လား။

ဒီနေရာမှာ တို့က သူများထက်ပိုတောင်ဆိုးသေးတယ်လို့ ဆရာဆိုချင်တယ်။ လက်တွေ့အားဖြင့် အဲဒီဦးပဥ္စင်းရဲ့ဖြစ်စဉ်ကိုပဲကြည့်လေ။ သာမန်ကုလားတိန်လေးတစ်ယောက် ကိုယ့်ဘာသာထဲဝင်လာတာကိုပဲ တို့လူတွေက တစ်ခါ[illegible] အုတ်အော်သောင်းတင်းတွေကိုဖြစ်လို့ ဘာသာထဲဝင်ပြီး ဘုန်းကြီးပါဝတ်[illegible] လိုက်တော့ အံ့သြဘနန်းတွေကိုဖြစ်[illegible] သဒ္ဓါတရားတွေကလည်း လှိုင်[illegible]



www.burmeseclassic.com1

www.burmeseclassic.com

ရေစီးကမ်းပြိုတွေကိုလိုက်လို့။

သိပ်သတိထားဖို့ လိုတယ်ကွ မောင်ကိုရ။ သူက တို့ဘာသာထဲကိုဘယ်လိုစိတ်ထားဘယ်လိုအမြင်မျိုးနဲ့ ဝင်လာတယ်ဆိုတာ ဆရာမသိဘူး။ မင်းလည်း မသိဘူး။ နောက်ဆုံးမှာတော့ သူ့ကိုယ်ကိုယ်ကျိုးသူလုပ်ပြီး ပြန်ထွက်ပြေးသွားတာ မင်းအမြင်ပဲ။ ဒါဟာ တို့ဘာသာဝင်တွေထဲမှာ မျက်ကန်းတွေ၊ လူပိန်းတွေ အများကြီးရှိတယ်ဆိုတာ လက်တွေ့ပြသလိုက်တာဖြစ်သလို တို့ဘာသာဝင်တွေမှာ ဒီလိုဟာကွက်၊ ပျော့ကွက်တွေ ရှိတယ်ဆိုတာ ပေါ်ပေါ်ထင်ထင်သိစေလိုက်တာလည်းဖြစ်တယ်။ ဆရာကတော့ ဒီလိုပဲ ခပ်ရှင်းရှင်းပြောချင်တယ်။

ဘာသာပြောင်းတယ်ဆိုတာမလွယ်ဘူးလို့ ဆရာပြောခဲ့ပြီ။ ဒါပေမယ့် အဲဒီမလွယ်တဲ့အလုပ်ကိုလုပ်ရုံမျှနဲ့ အဲဒီလူကို လူစွမ်းကောင်း၊သတ္တိခဲအဖြစ်ဘယ်သတ်မှတ်လို့ရမလဲ။ ဘာသာပြောင်းလာတိုင်း ဘယ်အရမ်းအထင်ကြီးလို့ရမလဲ။ ပြောကြကြေးဆိုရင် သူ့ဘက်ကိုယ့်ဘက် ဘာသာပြောင်းလာကြတဲ့သူတွေထဲမှာ ခြေခြေမြစ်မြစ်မရှိတဲ့သူက အများစုဖြစ်နေတယ်လို့တောင် ဆရာဆိုချင်မိတယ်။ ဥပမာအားဖြင့် ဆရာတို့ဘာသာထဲကို ဆရာတော် ဦးလောကနာထတို့၊ ဆရာဦးဆန်းလွင်တို့လို အကျော်ဇေယျတွေ ဝင်လာတာမျိုးရှိတယ်။ သူတို့က မဝင်ခင်ကတည်းကကို ဗုဒ္ဓဘာသာကို သေသေချာချာလေ့လာတယ်။ စူးစမ်းတယ်။ နှစ်ခြိုက်ပြီ၊ ဘဝင်ကျပြီဆိုတော့မှ ခြေစုံပစ်ပြီးဝင်တယ်။ တကယ်တမ်းလည်း ဗုဒ္ဓဘာသာကို သေသည်အထိ ဖက်တွယ်သွားတယ်။ မြတ်နိုးသွားတယ်။ ဒါမျိုးကျတော့ အခြေအမြစ်ရှိတဲ့သူလို့ ခေါ်ရမယ်။ တို့ဘုရားကလည်း ဒီလိုပုဂ္ဂိုလ်မျိုးကိုတော့ ချီးမွမ်းတယ်။ သဘောကျတယ်။ ဘုရားရှင်ကိုယ်တော်တိုင်က ငါ့သာသနာ၊ ငါ့တရားကို ဘယ်သူက ကောင်းတယ်ပြောပြော မယုံပါနဲ့။ ကိုယ်တိုင်လေ့လာ၊ ကိုယ်တိုင်ကျင့်ကြံပြီး သဘောကျပြီဆိုတော့မှ ယုံကြည်ပါလို့ ဟောတော်မူထားတယ်။ အခြေအမြစ်ရှိတဲ့သူတွေက ဒီအချက်နဲ့လည်း ကိုက်ညီသွားတယ်။

ဆရာ ဒီလိုဆိုလိုက်တဲ့အတွက် တခြားသာမန်ဘာသာကူးပြောင်းလာတဲ့သူတွေအပေါ် ရှုတ်ချလိုက်တာမျိုး၊ အထင်သေးလိုက်တာမျိုး လုံးဝမဟုတ်ပါဘူး။ ဗုဒ္ဓဘာသာကို စိတ်ဝင်စားမိလို့ ပိုပြီးအားကိုးအားထားပြုချင်လို့ ဘာသာကူးပြောင်းလာချင်တယ်ဆိုရင်ကူးပြောင်းလာလို့ရပါတယ်။ ဒါကို ဆရာလည်း အားပေးပါတယ်။ ကြိုလည်းကြိုဆိုပါတယ်။ သို့သော် မကူးခင်မှာဖြစ်ဖြစ်၊ ကူးလာပြီးတဲ့နောက်မှာဖြစ်ဖြစ် စူးစမ်းမှု၊ လေ့လာမှုတွေနဲ့ အမြဲမပြတ်ထုံမွမ်းနေဖို့လိုတဲ့အကြောင်းကို ထောက်ပြချင်တာပါ။ ဒါမှလည်း သူတို့အနေနဲ့ ခြေမြစ်တဲ့ဘာသာကူးပြောင်းသူတွေဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။ မောင်ကိုတို့မြို့က ပေါ်တော်မူဦးပဥ္စင်းကတော့ အချိန်ယူလေ့လာဆည်းပူးပြီးမှ ဆရာနဲ့ဘာနဲ့ စနစ်တကျကူးပြောင်းလာတာမျိုးဟုတ်ဟန်မတူဘူး။ ဒါကြောင့်လည်း အခြေမခိုင်ဘဲ အလွဲလွဲအချော်ချော်တွေဖြစ်ပြီးလွင့်ထွက်သွားရခြင်းဖြစ်တယ်"

"ဟုတ်ကဲ့ ဆရာ။ အဲဒီအပိုင်းကို ရှင်းပါပြီ။ ကျွန်တော်တို့ဗုဒ္ဓဘာသာကနေ တခြားဘာသာထဲကူးသွားတဲ့သူတွေအပေါ်ကိုရော ဆရာဘယ်လိုမြင်သလဲ။ သူတို့လည်း ခြေခြေမြစ်မြစ်မရှိဘဲ ကူးသွားကြတာပဲလား"

"သူတို့က အများကြီးပိုဆိုးတာပေါ့။ ဘာသာကူးတယ်ဆိုကတည်းက ဒီဘက်ဘာသာကို အထင်သေးပြီး ဟိုဘက်ဘာသာကို အထင်ကြီးလို့ကူးသွားကြတာပဲ။ တို့ဆီကနေ တခြားဘာသာထဲ ကူးသွားသူတွေက ခြေခြေမြစ်မြစ်မရှိတဲ့နေရာမှာဘာကြောင့်ပိုဆိုးနေသလဲဆိုတော့ သူတို့ရဲ့တခြားဘာသာအပေါ် အထင်ကြီးမှုက ခိုင်လုံတဲ့အကြောင်းရယ်လို့ ဘာမှရေရေရာရာမရှိဘူးကွ။ ဒီအတိုင်းပဲ မူရင်းဘာသာအပေါ် အထင်သေးရခြင်းကို စိစစ်ကြည့်လိုက်ပြန်တော့လည်း တိကျခိုင်မာတဲ့အကြောင်းပြချက်လို့ ဘာမှဟုတ်တိပတ်တိမတွေ့ရပြန်ဘူး။

ဆရာမြင်မိသလောက်တော့ ဘာသာပြောင်းသွားတဲ့သူတွေက အခိုက်အတန့်တစ်ခုအတွင်းမှာ ကြုံကြိုက်မှု၊ တိုက်ဆိုင်မှုလေးတွေအပေါ် အဟုတ်ထင်ပြီး ကူးသွားတဲ့သူတွေကသာ အများစုဖြစ်နေတာတွေ့ရတယ်။ ဥပမာ လူတစ်ယောက်ဆိုပါစို့ကွာ။ ဒီလူက အသက်အန္တရာယ်တစ်ခုနဲ့ကြုံဆုံနေရတယ်။ အဲဒီအချိန်မှာ တခြားဘာသာဝင်လူတစ်ယောက်ကရောက်လာပြီး ခင်ဗျား ကျွန်တော်တို့ဘုရားကို အာရုံပြုပါ၊ တိုင်တည်ပါ၊ အန္တရာယ်ကနေ လွတ်ပါလိမ့်မယ်လို့လာပြောသွားတယ်။ ဒီလူကကြောက်စိတ်မွှန်နေတဲ့အချိန်ဆိုတော့ ဟိုလူပြောတဲ့အတိုင်းလုပ်လိုက်ကြည့်လိုက်မိတယ်။ အဲဒီမှာပဲ တိုက်တိုက်ဆိုင်ဆိုင် အန္တရာယ်ကနေ သူလွတ်မြောက်သွားတယ်။ လွတ်မြောက်သွားတော့ ဟိုလူပြောတာတယ်ဟုတ်ပါလားဆိုပြီး ယုံသွားတယ်။ ယုံသွားလို့လည်း ဟိုလူက ကျွန်တော်တို့ဘာသာထဲဝင်ပါလို့ ဆွဲဆောင်တာနဲ့ ဒီလူက လိုက်ဝင်သွားတယ်။ ဒီသဘောမျိုးကိုဆရာဆိုလိုတာ။ နောက်ထပ်သာဓကတွေအများကြီးရှိသေးတယ်။ တခြားဘာသာဝင်တွေရဲ့တိုက်တွန်းချက်အတိုင်းပြုမူလုပ်ကိုင်ကြည့်ရာက ကျန်းမာရေးကောင်းသွားတာတို့၊ စီးပွားရေးပြေလည်သွားတာတို့၊ အရက်ပြတ်ပြီး လိမ္မာရေးခြားရှိသွားတာတို့ စတဲ့အကြောင်းတွေကြောင့် ဟိုဘက်ကို အထင်ကြီးပြီး ကူးသွားတာတွေမျိုးတွေပေါ့။ ဆရာပြောတာသဘောပေါက်ရဲ့လား"

"ဟုတ်ကဲ့ - ဟိုဘက်ဘာသာအပေါ် အထင်ကြီးပုံကြီးနည်းက သိပ်မနိုပ်လှတာကို သိရပါပြီ ဆရာ။ ကိုယ့်ရဲ့မိရိုးဖလာဘာသာအပေါ် အထင်သေးပုံသေးနည်းကလည်း ဘာကြောင့်ရေရေရာရာမဟုတ်တာလဲဆရာ။ အဲဒါကိုလည်းရှင်းပြပါဦး"

"ကိုယ့်ဘာသာအပေါ် အထင်သေးပုံက လူပိန်းဆန်လွန်းတယ်ကွ။ ဘာမဟုတ်တဲ့အသေးအဖွဲလေးတွေကို ကြည့်ပြီး သူတို့မနှစ်မြို့တဲ့စိတ်တွေ ဘဝင်မကျတဲ့စိတ်တွေဝင်သွားကြတာ။ ဥပမာ သံဃာတချို့ရဲ့ ညံ့ဖျင်းတဲ့အပြုအမူ အနေအထိုင်တွေကိုမြင်ရလို့အထင်သေးသွားတာမျိုး၊ ဗုဒ္ဓဘာသာဝင်အညံ့စားတွေရဲ့ ဒါနမှု၊ သီလမှုကိစ္စတွေမှာ ကိုးရိုးကားရားပုံပျက်ပန်းပျက်ဖြစ်နေတာကို မြင်ရလို့ စိတ်ပျက်သွားတာမျိုး၊ တချို့ ဘုရားဟောအချက်အလက်တွေအပေါ် ယုတ္တိယုတ္တာရှိမရှိ လျှောက်စဉ်းစားရင်းတွေဝေပြီး သံသယဝင်တာမျိုး စသဖြင့် အဲဒါမျိုးတွေပေါ့ကွာ။

သူတို့က ဘာနဲ့အလားသဏ္ဍာန်တူသလဲဆိုတော့ အထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် ပညာရပ်တွေကို မသင်ကြားလိုက်ရဘဲ မူကြိုအဆင့်လောက်နဲ့ကျောင်းထွက်သွားတဲ့သူတွေလိုဖြစ်နေတယ်ကွ။ အတအယောင်ဗုဒ္ဓဘာသာဝင်တွေရဲ့ အသိမ်အဖျင်းတွေ အသေးအဖွဲတွေကို စက်ဆုပ်ပြီး ဗုဒ္ဓဘာသာဆိုတာ အလကားပါရလို့ နှလုံးပိုက်သွားကြတာ။အထက်တန်း ဗုဒ္ဓဘာသာပညာရပ်တွေဖြစ်တဲ့ကိုယ်ကျင့်



www.burmeseclassic.com

www.burmeseclassic.com

တရားတို့၊ စျာန်တို့၊ မဂ်တို့၊ ဖိုလ်တို့၊ မဂ္ဂင်ရှစ်ပါးတို့၊ သစ္စာလေးပါးတို့ အစရှိတဲ့ နက်နဲတဲ့အပိုင်းကိုကျတော့ သူတို့က နည်းနည်းမှ မြည်းမသွားကြဘူးဘဲကိုး။ အဲဒါကြောင့် ဒီလူတွေကမှ တကယ့်ကို ငါးပါးမှောက်တာကွ မောင်ကိုရ။ ကိုယ့်လမ်းကိုဖြင့် ကိုယ်ဆုံးအောင်လျှောက်မကြည့်ဘဲ တစ်ဝက်တစ်ပျက်နဲ့တင် ဘာသာကိုစွန့်သွားကြတာ။ သိပ်နစ်နာ သိပ်မိုက်မဲတာပဲ။ အေးလေ၊ သူတို့ထက် ဆိုးတဲ့သူတွေတောင်ရှိကြပါသေးတယ်။ ဘေးအမျိုးမျိုးကြောင့် ဘာသာကူးသွားရတဲ့သူတွေ၊ ချစ်သူကဆွဲခေါ်လို့ဘာမှန်းညာမှန်းမသိဘဲ ဘာသာကူးသွားကြတဲ့သူတွေ၊ ဒါမျိုးတွေလည်းအများကြီးရှိပါသေးတယ်"

"ဒီနေရာမှာ ကျွန်တော်နည်းနည်း ဝင်ထောက်ပါရစေဆရာ။ ဗုဒ္ဓဘာသာကနေ တခြားဘာသာကိုကူးသွားတဲ့သူတွေထဲမှာ ဓမ္မာစရိယလိုမျိုးအဆင့်မြင့်ပုဂ္ဂိုလ်မျိုးတွေတောင်ရှိခဲ့ဖူးတယ်လို့ ကျွန်တော်မှတ်သားခဲ့ရဖူးပါတယ်။ သူတို့ဟာ ဗုဒ္ဓစာပေကို နှံ့စပ်အောင် မွှေနှောက်ချောက်ချားထားတဲ့သူတွေမဟုတ်လားဆရာ။ သူတို့ကိုကျတော့ ဆရာဘယ်လိုပြောမလဲ"

"အေး-ဒါလည်းမသိရင်အထင်လွဲစရာပဲ။ တို့ဗုဒ္ဓဘာသာမှာ စာတတ်ရုံနဲ့ အလုပ်မဖြစ်သေးဘူးကွ။ ဗုဒ္ဓပညာရပ်ဆိုတာ တတ်နေ၊ သိနေရုံနဲ့ ဘာလုပ်ဖို့လဲ။ ကိုယ်သိထား၊ တတ်ထားတာကို ဆက်ပြီး စူးစမ်းကြည့်ရသေးတယ်။ ကျင့်ကြံကြည့်ရသေးတယ်။ အားထုတ်ကြည့်ရသေးတယ်ကွ။ ဒီလို ဝိဇ္ဇာစရဏနှစ်ပါးစလုံး ပြည့်စုံသွားပြီဆိုတော့မှ ဒီပုဂ္ဂိုလ်မျိုးကို တင်းပြည့်ပုဂ္ဂိုလ်လို့ခေါ်နိုင်တာ။ အဲဒီလိုမှ အင်္ဂါမစုံရင် စာတွေမိုးပျံအောင်တတ်နေပါစေ ဘာမှအထင်မကြီးလောက် မချီးမွမ်းလောက်ပါဘူး။ သူဟာက အခြေခိုင်သေးတာမှမဟုတ်ဘဲ"

"ဟုတ်ကဲ့ ဆရာ၊ ကျေနပ်ပါပြီ။ ကျွန်တော်မေးသမျှ စိတ်ရှည်ရှည်နဲ့ ခုလိုပြန်ဖြေပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ဆရာ။ နောက်ဆုံးအနေနဲ့ အခုဆရာပြောသွားပြီးသမျှတွေကို ကျွန်တော်မှတ်မိအောင် ဝိုင်းကြီးချုပ်သဘောမျိုး တစ်ခါထပ်ပြောပြပါလား ဆရာ"

"အေး - ပြောပြပါမယ်။ အဓိကဆရာရည်ညွှန်းတာက လူတိုင်းမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိတယ်။ မိမိနှစ်သက်တဲ့ဘာသာတရားကိုလည်းကိုးကွယ်ခွင့်ရှိတယ်။ ဒါဟာ လူတိုင်းရဲ့ အခွင့်အရေးပဲ။ ဒါပေမယ့် ဒီအခွင့်အရေးကို အကျိုးရှိရှိနဲ့ ထိထိရောက်ရောက်အသုံးချသင့်တယ်။ ဘာသာကူးပြောင်းခြင်းဆိုတဲ့ မဟာကိစ္စကြီးမျိုးကို လေးလေးနက်နက် လေးလေးစားစားပြုလုပ်ကြစေချင်တယ်။ ဒီနေရာမှာ မင်းတို့ငါတို့က ဗုဒ္ဓဘာသာတွေဖြစ်တဲ့အတွက် ဗုဒ္ဓဘာသာဝင်တွေအတွက်ပဲ အထူးပြုပြီးပြောချင်တယ်။ ဘာသာဆုံးရှုံးသွားခြင်းဟာ သိပ်နစ်နာတယ်။ အခုဘဝမှာရော နောင်သံသရာမှာပါ တစ်လျှောက်လုံး စုံလုံးကန်းသလိုမျိုးဖြစ်သွားနိုင်တယ်။ အဲဒါကြောင့် ဒီကိစ္စကို သတိကြီးစွာထားဖို့လိုအပ်တယ်။

ဒီလိုပြောတဲ့အတွက် ကိုယ့်ဘက်ကလူကို တခြားဘာသာထဲမရောက်စေချင်လို့ဆွဲပြောနေသယောင်ထင်ကောင်းထင်လိမ့်မယ်။ ဒီလိုမဟုတ်ပါဘူး။ ဗုဒ္ဓဘာသာမှာ အရေအတွက်လျော့သွားတဲ့အတွက် ထူးပြီးထိခိုက်သွားတာမျိုးမရှိသလို၊ အရေအတွက်တိုးလာတဲ့အတွက်လည်း အထူးတလည် ချီးမွမ်းစရာရှိပါဘူး။ ဗုဒ္ဓဘာသာဆိုတာ လူတွေအများကြီးကို လိုက်စုဆောင်းပြီး နယ်ချဲ့နေတဲ့သာသနာမျိုးမဟုတ်ဘူး။ ယုံကြည်သက်ဝင်မှုကို အဓိကထားပြီး ဖွဲ့စည်းတည်ဆောက်ထားတဲ့ ဘာသာတရားသာဖြစ်တယ်။ ဘုရားရှင်ကိုယ်တိုင်က ငါ့တရားကို လက်တွေ့ကျင့်ကြံအားထုတ်ကြည့်ပြီးမှ ငါ့စကားကိုယုံပါလို့ ဟောတော်မူထားတာဆိုတော့ အစစအရာရာကမ်းကုန်နေပြီ။ ဗုဒ္ဓဘာသာဆိုတာ ဗုဒ္ဓတရားကို ကမ္ဘာလောကကြီးငြိမ်းချမ်းရေးအလို့ငှာ အရပ်ရှစ်မျက်နှာဖြန့်ပြီး လှည့်လည်ဖြန့်ဖြူးတာမျိုးဟောကြာတာမျိုးပြုလုပ်ကောင်းပြုလုပ်မှာဖြစ်ပေမယ့် ဒါဟာ စည်းရုံးရေးသဘောမျိုး၊ ဘာသာချဲ့ထွင်တဲ့သဘောမျိုးနဲ့ လုံးဝမသက်ဆိုင်ဘူး။ နည်းအမျိုးမျိုးနဲ့ ဖိအားပေးပြီး ဘာသာထဲဝင်ခိုင်းတာတို့၊ လူအင်အား၊ လက်နက်အားနဲ့ ဘာသာထဲဝင်ခိုင်းတာတို့ ဆိုတာမျိုးကတော့ ဝေလာဝေးပဲ။

ဒီတော့ အချုပ်အားဖြင့်ပြောရရင် ဗုဒ္ဓ[illegible]သာမှာ လက်ရှိဖြစ်ပေါ်နေတာက တကယ့်အနှစ်သာရတွေ အစစ်အမှန်တွေက ပေါ်လွင်ခြင်းမရှိဘဲ အတုအယောင်တွေ အသိမ်အဖျင်းတွေကသာ အများစု နေရာယူထားကြတာတွေ့ရတယ်။ ဒါတွေဟာ ဘာသာရဲ့အားနည်းချက်တွေ၊ ပျော့ကွက်တွေလိုဖြစ်သွားတယ်။ ဒါကြောင့်လည်း မောင်ကိုတို့အမေအပါအဝင် မောင်ကိုမြို့ကလူတချို့ဟာ အသုံးချခံတွေဖြစ်သွားရတာဖြစ်တယ်။ သေသေချာချာစစ်ကြည့်လိုက်တော့ ဒီကိစ္စမှာ သူ့အပြစ်လည်းပါသလို ကိုယ့်အပြစ်လည်းပါတယ်။ ကိုယ့်အပြစ်ကတော့ ဆင်ခြင်တုံတရားနည်းပါးမှုနဲ့တလွဲသဒ္ဓါတွေကြောင့်ပဲဖြစ်တယ်။ ဒါကြောင့် ဒါကိုတော့ လူတိုင်း အလေးအနက်ထားပြီး ပြုပြင်သွားကြဖို့လိုတယ်လို့ ဆရာပြောချင်ပါတယ်"

"ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တော့ ဒီနေ့ ဆရာ့ဆီကနေ သိမှတ်စရာဗဟုသုတတွေအပြင် ဆင်ခြင်တွေးခေါ်မြင်မြော်နည်းတွေကိုပါ ရလိုက်တဲ့အတွက် တော်တော့်ကို တန်ဖိုးရှိသွားပြီ။ နောက်ကိုလည်း အခါအားလျော်စွာ မေးပါရမြန်းပါရစေဦး ဆရာ"

"အေးပါကွာ၊ အချိန်မရွေးလာခဲ့ပါ။ ခုလိုဘာသာသာသနာအကြောင်းနဲ့ပတ်သက်ပြီး ပြောရဆိုရမယ်ဆိုရင် ဆရာအလွန်စိတ်အားထက်သန်ပါတယ်။ ပြောရတဲ့အတွက်လည်း ကုသိုလ်ရပါတယ်"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦး၊ ကိစ္စဝိစ္စမပြီးခင် ဒီမှာပဲဆက်နေရဦးမှာဆိုတော့ မပြန်ခင် ထပ်ပြီးအလည်လာခဲ့ဦးမယ် ဆရာ"

ဆရာ့ကို နှုတ်ဆက်ပြီးနောက် ကျွန်တော်ပြန်လည်ထွက်ခွာလခဲ့သည်။ လမ်းတစ်လျှောက်လုံးမှာပင် ဆရာနှင့်ပြောဆိုဆွေးနွေးခဲ့ရသည့် အကြောင်းအရာတို့ကို ပြန်လည် စားမြုံ့ပြန်နေသည်။ ထိုအခါ ဆရာ့ရှင်းပြချက်ဖွင့်ဆိုချက်များက ကျွန်တော့်အား အထူးပင် ဘဝင်ကျခြင်း၊ ကျေနပ်အားရခြင်းများ ဖြစ်ပေါ်လာစေသည့်အလျောက် ထိုအား သာကို ကျွန်တော်က တစိမ့်စိမ့်ပင်ခံစား နေမိရသည်။

ထို့ပြင် ယနေ့သည်ကား ဘာသာသာသနာကို ပိုမိုသိနားလည်ခွင့်ရခဲ့သောနေ့၊ တစ်နည်းအားဖြင့် ဗုဒ္ဓဘာသာဟူသည် ဤသို့ဖြစ်သည်ဟူ၍ ပိုမိုသိမြင်သဘောပေါက်စေခဲ့သောနေ့၊ ကျွန်တော့်အတွက် တန်ဖိုးရှိသောနေ့တစ်နေ့အဖြစ် ကျွန်တော်က အမှတ်တရပင် နှလုံးသား၌ ကမ္ပည်းတင်လိုက်ပါတော့သည်။

ခြေ[illegible]

(အမျိုးသားစာ[illegible])



www.burmeseclassic.com1

www.burmeseclassic.com

(အစာလည်းဆေး၊ ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ (၃၃)

ရွှေနုဝင်း(မုသိမ်)

အသက် (၄၀)ကျော်(၅၀)အတွင်းသို့ဝင်ရောက်လာကြတဲ့အခါမှာ အမျိုးသမီးများ မီးယပ်သွေးဆုံးတတ်တာလူအများသိကြသော်လည်း အမျိုးသားများမှာလည်း ထိုအချိန်တွင် အမျိုးသားသွေးဆုံးဖြစ်တတ်ကြပါတယ်။

အမျိုးသမီးတွေ မီးယပ်သွေးဆုံးတယ်ဆိုတာက သားဥအိမ်နှစ်ဖက်စလုံးတနေ အီထရိုဂျင်ဟော်မုန်းဓာတ်ထုတ်လုပ်မှုကျဆင်းရပ်ဆိုင်းသွားလို့ မီးယပ်သွေးမပေါ်တော့ဘဲ မဟော်မုန်းကျဆင်းရပ်ဆိုင်းသွားတာနဲ့အညီ ရင်တုန်မောပန်းအားအင်ကုန်ခန်းသလို ခံစားရတတ်ပြီး မီးယပ်သွေးခိုးပြန်ကာ အသားအရေခြောက်ခြင်း၊ စိတ်ကျခြင်းတွေနဲ့အတူ တဖြည်းဖြည်း အရိုးပွ၊ အရိုးပါးခြင်းတို့ဖြစ်ပေါ်လာတတ်ကြပါသည်။

အမျိုးသားများမှာတော့ တက်စတိုစတီရုန် (ကျား) ဟော်မုန်းဓာတ်ထုတ်လုပ်မှုကျဆင်းလာပြီး တဖြည်းဖြည်းအားလျော့လာကာ ကျားဟော်မုန်းတက်စတိုစတီရုန်းပမာဏလျော့နည်းလာသည်နှင့်အမျှ အဓိကသိသာထင်ရှားစွာတွေ့ရတာ အမျိုးသားအင်္ဂါထောင်မတ်နိုင်မှုစွမ်းရည်များကျဆင်းလျော့နည်းလာပြီး အိမ်ထောင်မှုသုခရရှိရန်အတွက် အမျိုးသားအင်္ဂါဟာ လုံလောက်တဲ့မာကျောထောင့်တင်းထောင်မတ်နိုင်မှုမရှိတော့တာကို Erectile dysfunction (ED) ရတယ်လို့ သတ်မှတ်ကြပါတယ်။

ဤသို့ ကျား၊ မ အသက် (၄၀) ကျော် (၅၀) တွင်းသို့ရောက်လာချိန်တွင် အနည်းနဲ့အများခံစားရရှိနိုင်သောရောဂါလက္ခဏာရပ်များကို ကြိုတင်ကာကွယ်ပေးနိုင်ပြီး ဖြစ်လာခဲ့ရင်လည်း ပြင်းထန်မှုလျော့နည်းအောင် သဘာဝထွက်ဆေးဖက်ဝင်အစာအာဟာရတို့ဖြင့်ပြုပြင်ထိန်းသိမ်းပေးကြမည်ဆိုရင် အလွန်ပင်အကျိုးရှိပါတယ်။

အမျိုးသား၊ အမျိုးသမီးများသွေးဆုံးဆိုင်ရာရောဂါရပ်များကိုအထောက်အကူပြုကာကွယ်မှုပေးစေနိုင်တဲ့ဆေးဖက်ဝင်အစာအာဟာရဟင်းလျာတစ်မျိုးဖြစ်တဲ့ 'ဆေးဘဲဥနှင့်ငါးရှဉ့်ကျပ်တိုက်ကင်သုပ်ဟင်းလျာ' ကို တင်ပြပေးပါမယ်။

ဘဲဥရဲ့ပင်ကိုသဘာဝမှာ သံဓာတ်၊ သွပ်ဓာတ်နဲ့ ပရိုတင်းဓာတ်ပါဝင်မှုများကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်အရေးပါတဲ့ သွေးအားနဲ့ ဟော်မုန်းဓာတ်များ တည်ဆောက်မှုကို ပံ့ပိုးကူညီဖြည့်စွမ်းပေးနိုင်ကြပါတယ်။

ဗီတာမင် Vit D နဲ့ ကယ်လစီယမ်ဓာတ်တွေက အရိုးတည်ဆောက်မှုအတွက် အရေးပါပြီး ဆုံးရှုံးသွားတဲ့ အရိုးဓာတ်ကို ပြန်အားဖြည့်ပေးနိုင်ကြပါတယ်။

တစ်ဖန် ဘဲဥကို ပြုပြင်စီမံထားတဲ့ ဆေးဘဲဥမှာလည်း ဆီလီနီယမ်ဓာတ်ကြွယ်ဝနေတာကြောင့် ဆီလီနီယမ်က အင်တီအောက်ဆီးဒင့်စွမ်းရည်ရှိပြီးတော့ ဓာတ်တိုးပစ္စည်းသတ္တိတွေကြောင့် ဆဲလ်တွေဖျက်ဆီးမှုကို ကာကွယ်မှုပေးစေပါတယ်။

၎င်းက သိုင်းရွိုက်ဂလင်းရဲ့ဟော်မုန်းထုတ်လုပ်မှုကို ပုံမှန်ဖြစ်စေပြီး သွေးဖိအားကို ညီမျှအောင် ထိန်းညှိပေးခြင်းကြောင့် ခန္ဓာကိုယ်တစ်ခုလုံးသွေးသွားသွေးလာကောင်းမွန်ပြီး လိင်အင်္ဂါပိုင်းဆိုင်ရာသွေးကြောများအတွင်းသို့ပါ သွေးဝင်ရောက်မှု အားကောင်းစေလို့ ED ကို သက်သာစေပါတယ်။

ဆေးဘဲဥမှာ Vit D ဓာတ်များစွာပါဝင်ဖွဲ့စည်းနေတာကြောင့် Vit D က ကယ်လစီယမ်ဓာတ် ခန္ဓာကိုယ်မှစုတ်ယူရာတွင် အလွန်အသုံးဝင်ပြီး စိတ်အာရုံခံစားမှုကောင်းမွန်စေခြင်းအကျိုးကိုလည်း ရရှိစေပါတယ်။

တရုတ်တိုင်းရင်းဆေးပညာအယူအဆအရ ဆေးဘဲဥဟာ မီးယပ်သွေးဆုံးရောဂါ၊ ခန္ဓာကိုယ်တွင်းကလီစာများတွင် အားနည်းခြင်း၊ ဒဏ်ဖြစ်ခြင်းရောဂါတို့ကို ထိရောက်စွာကာကွယ်မှုပေးစေတယ်လို့ ညွှန်းဆိုထားပါတယ်။

တွဲဖက်ဟင်းအမယ်ဖြစ်သော ငါးရှဉ့်သည်လည်း သွေးအားကို အလွန်ကောင်းမွန်စေပြီး အမျိုးသားများပန်းသေပန်းညှိုးခြင်းရောဂါတို့အတွက် အထူးအားအင်ကိုပေးစွမ်းနိုင်တဲ့သတ္တိထူးရှိပြီး ငါးရှဉ့်မှာ ဆေးသိပ္ပံအာဟာရသုတေသနတွေ့ရှိချက်များအရ ငါးရှဉ့် (၁၀၀) ဂရမ် (၆ ကျပ်သား) တွင် Vit D ဓာတ်(၄၉၀၀) IU ပါဝင်နေခြင်းသည် မည်သည့်သား၊ ငါးတွင်မျှမတွေ့ရဘဲ ငါးရှဉ့်တစ်မျိုးတည်းမှာသာ Vit D ဓာတ်ပေါများစွာပါဝင်နေတဲ့ ထူးခြားစွမ်းရည်ဖြစ်ပါတယ်။

ဒါကြောင့် သွေးအားနည်းရောဂါ၊ ပန်းသေပန်းညှိုးရောဂါနဲ့အရိုးဓာတ်အားနည်းတဲ့ရောဂါတွေမှာ အထူးဆေးဖက်ဝင်စေတဲ့ဟင်းလျာဖြစ်ပါတယ်။

■ **စီမံချက်ပြုတ်နည်း**

ရှေးဦးစွာ ငါးရှဉ့်ရွှေဝါရောင် (ငါးရှဉ့်ပါးနီ)မျိုးကို သေချာစွာဆေးကြောသန့်စင်၍ ဝမ်းခွဲပြီး ဆား၊ နနွင်း၊ ဟင်းခတ်မှုန့်တို့ဖြင့်နယ်ပြီး ငါးရှဉ့်ကိုအခွေလိုက်ပြုလုပ်၊ ညှပ်နဲ့သီပြီးမီးအေးအေးမှာအနံ့မွှေးကာ ငါးရှဉ့်အသားများနူးညံ့ကျက်လာတဲ့အထိကင်ထားပါ။

ဆေးဘဲဥ (၅) လုံးကို ရေနွေးဆူဆူမှာ (၁၅) မိနစ်ခန့်ပြုတ်ပြီး အခွံခွာသန့်စင်ထားပြီး ဘဲဥ (၁) လုံးကို (၈) လုံး စိပ်စိပ်၍ထားပါ။

ပြီးလျှင် ငါးရှဉ့်အသားနှင့်ရောပြီး ကြက်သွန်နီပါးပါးလှီး၊ ခရမ်းချဉ်သီးအကွင်းကွင်းလှီးထည့်ပါ။ မြေပဲလှော်စားပွဲဇွန်း (၂) ဇွန်းခန့် အမှုန့်ထောင်းပြီးထည့်၍ ပဲဆီသန့်သန့်သင့်ရုံထည့်ပြီး အပေါ့၊ အငန်၊ အစပ်တည့်အောင်ထည့်ကာရောသုပ်ပါ။

သံပရာသီးအချဉ်ကို စိတ်ကြိုက်ညှစ်ထည့်ပြီး သုံးဆောင်နိုင်ကြပါပြီ။

အလွန် ဆေးဖက်ဝင်၍ အရသာကောင်းမွန်လှသောဟင်းလျာဖြစ်ပါတယ်။

*သတ္တဝါများစားသမျှဆေးဖြစ်၍*
*ကျန်းမာကြပါစေ*

ရွှေနုဝင်း (မုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

ယခုတစ်လော သတင်းစာများတွင် ရခိုင်ပြည်နယ် မောင်တောဒေသတွင် ကုလားဆိုးများသောင်းကျန်းနေသောသတင်းများကို ဖတ်ရှုရသည်။ ရွာကိုမီးရှို့သည်။ ရွာသားများကို ရွာမှာမနေနိုင်အောင် မောင်းထုတ်သည်။ အိမ်များကို မီးရှို့သည်။ ရွာသားများစိုက်ပျိုးထားသောစပါးခင်းများကိုဖျက်ဆီးသည်။ ရွာသားများကို သူတို့တပ်ဖွဲ့တွင် ဝင်ခိုင်းသည်။ မဝင်လျှင် ကြိုးတုပ်ရိုက်သည်။ သတ်သည်။ အုပ်စုဖွဲ့ပြီး အစိုးရစခန်းများကို ဝင်ရောက်တိုက်ခိုက်သည်။ သတင်းများမှာ ဖတ်ရှုရသည်ပင် ထိတ်လန့်စရာဖြစ်နေပေသည်။ ရွာသားများမှာ ရွာမှာနေရသည်ကိုပင် နေ့တထိတ်ထိတ်ညတထိတ်ထိတ်ဖြစ်နေသည်ဟုကြားရ၏။

စင်စစ်တွင် ထိုဒေသသည် အလွန်သာယာပြီး နေချင့်စဖွယ်ကောင်းသောဒေသတစ်ခုဖြစ်သည်။ တစ်ဖက်က ရခိုင်ရိုးမတောင်တန်း၊ တစ်ဖက်က ဘင်္ဂလားပင်လယ်၊ အဝေးဆီမှ လှိုင်းလုံးကြီးများတလိပ်လိပ်တက်လာသည်မှာ ကြည့်၍အလွန်ကောင်းသည်။ အလည်သံကျော်ရွာအနီးမှ ပင်လယ်ကမ်းခြေဆိုလျှင် အားလပ်ရက်များတွင် မောင်တောမြို့မှ လာလည်ကြသည်။ အင်းဒင်ကမ်းခြေဆိုလျှင်လည်း သည်အတိုင်းပင် သာယာသည်။ အခြေအနေအေးချမ်းသွားလျှင် အပန်းဖြေစခန်းဖွင့်ပြီး စည်စည်ကားကားပင် ဖြစ်သွားနိုင်ပေသည်။

ရွာနာမည်များကိုလည်းကြည့်ပါဦး။ ကြိမ်ချောင်းတဲ့၊ တောင်ပျို့တဲ့၊ ငါးခူရတဲ့၊ ကညင်ချောင်းတဲ့၊ မန်ကျီးချောင်းတဲ့၊ တုံးချောင်းတဲ့၊ အလည်သန်ကျော်တဲ့၊ အင်းဒင်တဲ့၊ ဦးရှည်ကျရွာတဲ့၊ ဘုရှည်မရွာတဲ့။ ရွာ၏နာမည်များကိုကြည့်ရုံနှင့်ပင် ဒေသဆိုင်ရာ ချစ်စရာရွာနာမည်များဖြစ်နေသည်ကို တွေ့ရမည်။ ရွာများသည် ပင်လယ်နှင့်မြစ်ပြင်ကိုမျက်နှာပြုထားသောရွာများဖြစ်ရာအလွန်သာယာ၏။ သို့သော် နေထိုင်သောရွာသားများမှာ ကုလားများဖြစ်နေသည်။ ရခိုင်က လူနည်းစုဖြစ်သည်။ သို့သော် ထိုကုလားများသည် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် ရခိုင်များနှင့် အတူတကွပူးပေါင်းနေထိုင်ခဲ့ကြသောကြောင့် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးစွာနေထိုင်လာခဲ့ကြသည်။ ရိုင်းပင်းကူညီမှုများရှိခဲ့သည်။

ထိုဒေသမှာ မြန်မာနိုင်ငံ၏အနောက်ဘက်ဆုံးဒေသဖြစ်သည်။ အဝကျယ် (၃) မိုင်ခန့်ရှိသော နတ်မြစ်ဟူသော မြစ်တစ်စင်းသည် မြစ်ဝတွင် တုံးချောင်းဟူသောရွာကိုထားပြီး မြောက်ဘက်သို့ မိုင်(၈၀)ခန့်ဆန်တက်၍ တောင်ပျို့ဟူသောရွာအနီးတွင် မြောင်းသာသာဖြစ်ပြီးဆုံးသွားသည်။ မြစ်၏အရှေ့ဘက်ခြမ်းမှာ မြန်မာနိုင်ငံဖြစ်ပြီး အနောက်ဘက်ခြမ်းမှာ မြန်မာများက ရှင်မဖြူကျွန်းခေါ်ပြီး ယခုအခါ ဘင်္ဂလားပိုင်နယ်မြေရှိသည်။ ထိုနတ်မြစ်တစ်ဖက်ကမ်းတွင် မြန်မာကြီး(ခေါ်)ရခိုင်လူမျိုးစုများ ရွာတည်ထောင်ပြီး နေထိုင်လျက်ရှိပါသည်။ ယခုအခါ ထိုရခိုင်တိုင်းရင်းသားများကိုလည်း ထိုဒေသမှဘင်္ဂလားကုလားများက လုယက်

# မဟာသျံ

## ရွှေသားဘုရား





www.burmeseclassic.com1

www.burmeseclassic.com



တိုက်ခိုက်နေသည်ဟုကြားသိရသည်။ စိတ်ပျက်စရာကောင်းလှပေသည်။

■

ကျွန်တော်သည် လွန်ခဲ့သော နှစ်အနည်းငယ်ခန့်တုန်းက ထိုဒေသတွင် တာဝန်ထမ်းဆောင်ဖူးသည်။နေပျော်ဖွယ်ဖြစ်သည်။ အရှေ့ဘက် (၄) မိုင်ခန့်အကွာတွင် ရခိုင်ရိုးမတောင်တန်းကြီးရှိသည်။ အစွန်တွင် ဘူးသီးတောင်မြို့ရှိသည်။ ကြားတွင် တောင်ကြားလွင်ပြင်ကြီးဖြစ်နေပြီး တစ်မျှော်တစ်ခေါ်ကြီး ဖြစ်၏။ အနောက်ဘက်တွင် နတ်မြစ်ရှိသည်။ အဆိုပါ နတ်မြစ်နှင့်ကပ်လျက် ဘင်္ဂလားနယ်မြေဘက်တွင် နတ်တောင်တန်းကြီးရှိသည်။ တောင်သည် မြစ်နှင့်



www.burmeseclassic.com1

www.burmeseclassic.com

ကပ်လျက်တည်ရှိနေပြီး တောင်ခြေတွင် ရခိုင်ဗုဒ္ဓဘာသာဝင်ကျေးရွာများရှိသည်။ နတ်တောင်တန်းကြီးကို မျှော်ကြည့်လိုက်လျှင် တောင်ထိပ်များပေါ်တွင် ထီးဖြူဖြူနှင့် ဘုရားစေတီများကို အထင်းသားတွေ့နိုင်ပါသည်။ နေထိုင်လာခဲ့သည်မှာလည်း နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်၍ သူတို့သည် ဘင်္ဂလားတွင်ရောက်နေသော်လည်း ဘာသာနှင့်မျိုးရိုးကို မစွန့်လွှတ်ကြပေ။ ဗုဒ္ဓဘာသာကို ကိုးကွယ်မြဲကိုးကွယ်လျက်ရှိပြီး ရှေးဆန်သောရခိုင်စကားကို ပြောတုန်းပင်ရှိသေး၏။ ထိုသို့ တစ်ဖက်နိုင်ငံတွင်နေထိုင်သော်လည်း ဘင်္ဂလားအစိုးရ၏အုပ်ချုပ်မှုအောက်တွင် အေးချမ်းစွာ နေထိုင်လာခဲ့ကြသည်။

အင်္ဂလိပ်ခေတ်တုန်းက နတ်မြစ်လွင်ပြင်ကြီးကိုဖြတ်ပြီး တက်ကနပ်မြို့ဟုခေါ်သော ထိုစဉ်တုန်းက အိန္ဒိယနိုင်ငံအဖြစ်သာရှိသေးသည့် ဘင်္ဂလားသို့ ဆန်တင်ပို့ရာ ရထားလမ်းရှိသည်။ လမ်းတွင် တောင်တန်းတစ်ခုရှိရာ ရထားက တောင်ပေါ်မတက်နိုင်သဖြင့် မောင်း၍ရနိုင်စေရန် တောင်ကို အောက်မှလိုဏ်ဖောက်ခဲ့သည်။တန်နယ်ခေါ်သောလိုဏ်ခေါင်းရှည်ဖြစ်သည်။ အရှည်အားဖြင့် (၁)ဖာလုံခန့်ရှိမည်ထင်ရသည်။ ရထားလမ်းသည် ဘူးသီးတောင်မြို့မှ စတင်ပြီး လာလိုက်သည်မှာ (၃)မိုင်စခန်းဟုခေါ်သောနေရာသို့ရောက်သော် မြို့ကိုကွင်းရှောင်ပြီး နတ်မြစ်ကမ်းပါးမှ ကညင်ချောင်းစခန်းသို့ ရောက်သွားသည်။ ထိုကမ်းနားသည် သင်္ဘောဆိပ်ဖြစ်သည်။ သင်္ဘောနှင့် ဆန်များကိုတင်ကာ ထိုစဉ်က အိန္ဒိယနိုင်ငံအဖြစ်သာရှိနေသေးသော နတ်မြစ်ကမ်းပါးတစ်ဖက်ရှိ တက်ကနပ်ဆိပ်ကမ်းသို့ပို့ကြသည်။ ယခုတော့ မီးရထားလည်းမရှိတော့။ ရထားလမ်းပင်မရှိတော့ပေ။ သို့သော်လည်း ကညင်ချောင်းရွာမှာ နတ်မြစ်ကမ်းပါးတွင် တည်ရှိနေဆဲဖြစ်ပြီး နယ်ခြားကင်းစခန်းဖြစ်နေသောကြောင့် ကျွန်တော်တို့က တာဝန်အရ ထိုစခန်းသို့ မကြာခဏရောက်နေသည်ဖြစ်ရာ ဒီဇာတ်လမ်းနှင့်တိုးနေခြင်း ဖြစ်သည်။

ထိုကင်းစခန်းသည် နတ်မြစ်နှင့် ကညင်ချောင်းဟုပင်ခေါ်သော ချောင်းကလေးတစ်ခုဆုံရာအရပ်တွင် တည်ရှိသည်။ မြစ်ကမ်းပါးတွင် ကညင်ချောင်းရွာတည်ရှိသည်။ အိမ်ခြေတော့ သိပ်ပြီးမများပါ။ (၈၀) ခန့်သာရှိမည်။ ရခိုင်နှင့် ကုလားများ ရောနှောနေထိုင်ကြသည်။ လယ်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ပုစွန်ကန်လုပ်ငန်းလုပ်ကိုင်ကြသည်။ လက်ဝဲဘက်တွင် လယ်ကွင်းများရှိကာ လယ်ကွင်းအလွန်တွင် နတ်မြစ်သည် အေးချမ်းငြိမ်သက်စွာ စီးဆင်းနေပါသည်။

ကျွန်တော်တို့စခန်းရှိရာနေရာသည် ရွာနှင့် မနီးမဝေး မြစ်ဆုံနေရာတွင်ရှိပြီး မိုးလုံလေလုံတစ်ထပ်တိုက်ကလေးဖြစ်သည်။ ယခင်က သင်္ဘောဆိပ်ဟောင်းနေရာဖြစ်သည်။ ကျွန်တော်တို့အလုပ်က စခန်းမှစောင့်ပြီး တစ်ဖက် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ လှေနှင့်ကူးလာသူများ၊ မြန်မာနိုင်ငံဘက်မှ ဆန်စပါး၊ ပဲ၊ ပုစွန်များ၊ ငါးခြောက်များကို လှေနှင့်တင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ကူးကာ သွားရောက် ရောင်းချသူများကိုစောင့်ရန်ဖြစ်သည်။ လှေနှင့် ကူးသန်းရောင်းဝယ်နေသည်ဆိုသည်မှာ တော်ရုံလှေနှင့် မဟုတ်ပေ။ စပါး (၅၀၀)၊ (၁၀၀၀) တင်းခန့်ဆံ့သောလှေကြီးကို တက်စုံရွက်စုံဖွင့်ကာ အလစ်ထွက်သွားခြင်းဖြစ်သည်။ သူတို့သည် အထူးအားဖြင့် လမိုက်သောရေကျရက်များတွင်ထွက်တတ်ပါသည်။ သူတို့အတွက် တစ်ခုကံမကောင်းသည်မှာ ရွာမှထွက်လျှင် သည်ချောင်းရိုးလေးအတိုင်းသာ ထွက်နိုင်ခြင်း ဖြစ်သည်။ အခြားလမ်းမရှိပေ။ ရေလမ်းဆိုလျှင် သည်တစ်လမ်းသာရှိသည်။

နွေလယ်နွေခင်းများတွင် တစ်ဖက်နိုင်ငံမှခိုးဝင်လာသူများကို စောင့်ရသည်။ နယ်ခြားကိုတရားဝင်ဖြတ်သန်းသွားလာခွင့် ကတ်ပြားကလေးနှင့်ကူးလာလျှင် ရသော်လည်း မြန်မာနိုင်ငံတွင်နေထိုင်လိုသူများမှာ ထိုပတ်စပို့နှင့်မလာဘဲ ကူးတို့တာအင်ဂျင်စက်တပ်ထားသောလှေဖြင့် အလစ်တွင်ကူးလာတတ်ကြသည်။ ထိုသို့ကူးမလာနိုင်စေရန် စောင့်ကြည့်ရခြင်းဖြစ်သည်။ ထိုနိုင်ငံသည် အကျယ်အဝန်းအားဖြင့် မြန်မာနိုင်ငံ၏ သုံးပုံတစ်ပုံမျှသာ ကျယ်ဝန်းသော်လည်း လူဦးရေက သန်း (၁၆၀) ကျော်ရှိရာ လူဦးရေ သန်း (၅၀)ခန့်သာရှိသောမြန်မာနိုင်ငံမှာ သူတို့အတွက်နေထိုင်စရာနေရာလွတ်များစွာကျန်နေပေသေး၏။ ထို့ကြောင့် ပင်လယ်ပြင်ကိုဖြတ်ပြီး မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများသို့ ကူးမသွားနိုင်သူများသည် သည်မောင်တောဒေသသို့ ဦးစွာလာကြသည်။ ဒါကိုကျွန်တော်တို့ကစောင့်ကြည့်ရခြင်း ဖြစ်လေသည်။

■

ကညင်ချောင်းစခန်းတွင်ရှိနေစဉ် ကျွန်တော် သွားရောက် လည်ပတ်တတ်သည်မှာ ကညင်ချောင်းသူကြီးဖြစ်သော ဦးအဘုရှည်နေအိမ်ဖြစ်သည်။ ရွာစွန်ရှိချောင်းကို မျက်နှာပြုထားသော သူ့အိမ်သည် ခြေတံရှည်မြေစိုက်အိမ်ဖြစ်သည်။ အိမ်အောက်ထပ်တွင် သစ်သားစားပွဲတစ်လုံးရှိပြီးခုံတန်းရှည်နှစ်ခုချထားသည်။ သူ့အိမ်မှထိုင်ကြည့်နေလျှင် ချောင်းအတွင်း ဖြတ်သန်းသွားလာနေသော လှေသမ္ဗန်များကို တွေ့နေရသည်။ ရွာအတွင်းမှ လှုပ်ရှားမှုများကိုလည်း မြင်ရသည်။ ထို့ကြောင့် ကျွန်တော်က သူ့အိမ်ကိုသွားပြီး စကားစမြည်ပြောရင်း အခြေအနေကို လေ့လာနေခြင်း ဖြစ်သည်။ သူကလည်း ယခုအခါ ရွာတွင် ရခိုင်များက လူနည်းစုဖြစ်နေပြီး ကုလားက လူများစုဖြစ်နေသောကြောင့် ကုလားကိုမုန်းတီးပြီး ဘယ်နေရာမှာဘာဖြစ်နေသည်၊ ဘယ်သူဘာလုပ်နေသည်ဆိုသည်ကို အမြဲသတင်းပေးသည်။

"ဆရာ၊ မနေ့တုန်းက ဘာဆာမြ[illegible] ဆိုတဲ့ကောင် လှေဆိပ်မှာ လှေတစ်စီးနဲ့ကပ်ပြီး ငါးခြောက်အိတ်တွေတင်နေတယ်။ ဒီည လမိုက်ရက်ပဲ။ ဒီကောင် တွေထွက်မယ်ထင်တယ်။ လှေကတော့ လှေကြီးပဲ"

ငါးခြောက်မှာ ကောင်းကောင်း[illegible] ကန်းကန်းမဟုတ်။ ဆင်းရဲသားများစား[illegible]သော လက်နှစ်လုံးခန့်သာရှိသည့် ပင်လယ်ပြင်မှဖမ်းသည့် ငါးဝိုင်းခြောက်ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်တွင်ဆင်းရဲသား[illegible]များသည်ဖြစ်ရာ သည်ငါးခြောက်[illegible] အများကြီးတင်ပို့ရသည်။ ဆီပူထိုး[illegible] ပဲဟင်းနှင့်စားလျှင် စားကောင်းသည်[illegible] ဆင်းရဲသားကြိုက်သည့်ငါးခြောက်[illegible]ရာ တစ်ကြိမ်ပို့လျှင် ပိဿာချိန် ရာနှင့်[illegible] ပြီးပို့သည်။ တရားဝင်လည်းပို့သည်[illegible] တရားမဝင်လည်းပို့သည်။ တရားဝင်[illegible] လျှင် မောင်းတောဆိပ်ကမ်းမှာ အခွ[illegible] ဆောင်ပြီးထွက်ရသည်။ တရားမဝင်[illegible] သည်ဆိုပါက သည်အတိုင်း ည[illegible] မှောင်ရိပ်ခိုပြီးအလစ်ထွက်တတ်သည်[illegible]

သူသတင်းပေးသည့်အတိုင်း [illegible] ဘက်စောင့်ကြည့်ရာ ည (၁၁) [illegible] ကျော်ကျော်လောက်တွင် ရွာထဲမှ [illegible] ကြီးထွက်လာသည်။ လက်နှိပ်ဓာတ်[illegible] နှင့်လှမ်းခေါ်ရာ အပြင်းလှော်သွား[illegible] ထို့ကြောင့် နောက်မှ ပဲ့ထောင်[illegible] လိုက်ဖမ်းရာ မိသည်။

"ဆရာ၊ မော်လွီဘဇား[illegible]



www.burmeseclassic.com1

www.burmeseclassic.com

ကိုသွားကြတယ်။ ဒီကောင်တွေ ပုစွန် သွားရောင်းမယ်လို့ထင်တယ်"

ကျွန်တော်သည် တပည့်နှစ်ယောက်ကို သေနတ်ထမ်းစေပြီး မြစ်ဆိပ်ကမ်းသို့ သွားကြည့်ရာ ပိုင်ရှင်မဲ့ဖြစ်နေသောပုစွန်တောင်း (၁၀) လုံးတွေ့ရသည်နှင့် ဖမ်းခဲ့ရပြန်သည်။နေရာမှာ လယ်ကွင်းပြင်ဖြစ်ရာ ကျွန်တော်တို့လာနေသည်ကို အဝေးမှပင် လှမ်းမြင်နေရသဖြင့် တောင်းများကိုချထားခဲ့ပြီး လူကထွက်ပြေးကြသဖြင့် ပိုင်ရှင်မဲ့ဖမ်းမိခြင်း ဖြစ်သည်။

ရွာထဲတွင် မြစ်လက်တက်လေးရှိရာ ကုလားများသည် လှေကိုထိုးပြီး ဝဲတင်သည်၊ ဆန်တင်သည်၊ ငါးခြောက်တင်သည်။ ပုစွန်ကိုတော့ လတ်လတ်ဆတ်ဆတ် တောင်းနှင့်ထည့်ပြီးသွားရောင်းခြင်း ဖြစ်သည်။ ပုစွန်ကန်များရှိသက်မခန့်အကောင်လုံးရှိသောပုစွန်များကို ယက်သဲ့နှင့်ခပ်ပြီး သွားရောင်းခြင်းဖြစ်သည်။ အစိုးရပုစွန်ဒိုင်များရှိရာတွင် မရောင်းဘဲ နတ်မြစ်တစ်ဖက်ကမ်းဘက်တနပ်ခေါ် ဘင်္ဂလားမြို့သို့သွားရောင်းသဖြင့် ဖမ်းရခြင်း ဖြစ်သည်။ မြန်မာငွေနှင့်ရောင်းလျှင် နည်းသဖြင့် ခေါ်လာရသောဘင်္ဂလားတွင်သွားရောင်းခြင်း ဖြစ်သည်။

ကုလားများသည် ကျွဲနွားများကိုလည်း တစ်ဖက်ကမ်းသို့ကူးပြီးသွားရောင်းတတ်သေးသည်။ ဒါကတော့ လူသွားနည်းသည့်ကမ်းခြေမှကူးခြင်းဖြစ်သည်။ ကျွဲနွားများသည် ရေကူးတတ်သည်ဖြစ်ရာ လူက လှေပေါ်မှာထိုင်ပြီး ကျွဲနွားများကို ရေထဲဆင်းစေကာ နဖားကြိုးကိုဆွဲခေါ် သွားခြင်းဖြစ်သည်။ အဝေးမှကြည့်လျှင် ရေထဲမှကူးလိုက်လာသောကျွဲနွားများကိုမမြင်ရဘဲ လှေတစ်စီးလှော်နေသည်ကိုသာ တွေ့ရသည်။ ဒါကြောင့် သတင်းစုဆောင်းပြီး သွားဖမ်းရသည်။ ဘင်္ဂလားနိုင်ငံမှာ ဆင်းရဲသောနိုင်ငံဖြစ်သော်လည်း ဆော်ဒီမှပြန်ပြီး ချမ်းသာနေသူများရှိသည်။ ချမ်းသာသူများက ငွေလုံးငွေရင်းထုတ်ပေးသည်ကို စီးပွားရှာစားနေခြင်းဖြစ်သည်။ ဒါမျိုးတွေ ... နေ့တိုင်းတွေ့ပြီး နေ့တိုင်းဖမ်းနေရသည်။

ကညင်ချောင်းသူကြီးသည် အဝ... ခေါ်သော တစ်ဖက်ဘင်္ဂလားဒေ့ရှ်... တွင် မူလတုန်းကနေထိုင်ခဲ့သည်။ ...မှာ မြန်မာပြည်က စစ်သူကြီး ...ဗန္ဓုလ ရာမူး၊ ပန်းဝါသို့ စစ်သွား...တွင် လိုက်ပါသွားခဲ့ရသော ရခိုင်သားများနေထိုင်ရာဒေသဖြစ်သည်။ ပန်းဝါကိုအောင်မြင်သဖြင့် နောက်လိုက်နောက်ပါများကို အစောင့်အရှောက်အဖြစ်ထားခဲ့ရာ မြန်မာပြည်မှ ရခိုင်စစ်သားများသည် အဝကျွန်းတွင် ရွာတည်ပြီးနေထိုင်လာခဲ့ကြရာမှ ပေါက်ပွားလာသောမျိုးဆက်ဖြစ်သည်။

ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံဟူ၍ ဖြစ်လာပြီး နိုင်ငံရပ်ခြားဖြစ်နေသော်လည်း အစောင့်အရှောက်အဖြစ်ထားခဲ့သော မြန်မာပြည်သား ရခိုင်စစ်သားများသည် အပကျွန်းတွင် ရွာတည်ပြီးနေထိုင်လာခဲ့ရာ ကုလားများကြားတွင် ထီးထီးကြီးကျန်နေသည့်ရွာ ဖြစ်သည်။ သူတို့သည် ကုလားတောတွင်နေသော်လည်း မျိုးရိုးကိုစောင့်ပြီး ရခိုင်စကားကို ပင်ပြောကြသည်။ ရခိုင်လိုပင် ဝတ်စားနေထိုင်ကြသည်။ သို့သော် ထိုအရပ်မှာနေထိုင်စရာကွင်းပြင်မရှိ၊ စိုက်ပျိုးစားသောက်ရန်မြေမရှိသောအရပ်ဖြစ်ရာ နိုင်ငံခြားသားဖြစ်နေသောရခိုင်များမှာ နေရေထိုင်ရေးတဖြည်းဖြည်းကျဉ်းကျပ်လာသည်။ ထို့ကြောင့် ရွာလုံးကျွတ်မှူရင်းဒေသ ရခိုင်ပြည်နယ်သို့ ပြန်လည်ပြောင်းရွှေ့လာကြခြင်း ဖြစ်သည်။

ကညင်ချောင်းသူကြီးဦးအဘုရှည်သည် ဘင်္ဂလားတွင်ကျန်ရစ်သော ရခိုင်သားတစ်ဦးဖြစ်သည်။ တင်းကျပ်လာသောဘင်္ဂလားဥပဒေများကို မနှစ်သက်သဖြင့် မြန်မာနိုင်ငံသို့ပြန်လာပြီး ကညင်ချောင်းရွာတွင်နေထိုင်သည်။ ကုလားကိုမုန်းတီးနေသူဖြစ်ရာ သူ့ထံမှ သတင်းရခြင်းဖြစ်သည်။

သူ့တွင် ဒေါ်ဖြူလေးရွှေဟု ခေါ်သော မိန်းမရှိ၍ မဦးခင်လှဟုခေါ်သော သမီးတစ်ယောက်ရှိသည်။ သူ့အလုပ်က ပန်းထိမ်သည်ဖြစ်သည်။ တပည့်တစ်ယောက်ရှိပြီး ဆရာတပည့်နှစ်ယောက်အေးချမ်းစွာ ပန်းထိမ်လုပ်နေသည်။ ပန်းထိမ်အလုပ်ဆိုသည်မှာ ငွေရှိမှဖြစ်ရာ စပါးပေါ်ချိန်၊ ပုစွန်ကန်ဖော်ချိန် နွေလယ်နေ့ခင်းပိုင်းတွင် အလုပ်ရှိသော်လည်း ကျန်အချိန်များတွင် အားနေတတ်သည်။ ရပ်ရေးရွာရေးလုပ်သည်။ ကျွန်တော်လာလျှင် စကားစမြည်ပြောသည်။ ဒါက သူ့အလုပ်ဖြစ်သည်။ သူတို့အရပ်မှာ ခေါင်းလှသဖြင့် အစိုးရအရာရှိတစ်ယောက်နှင့် အကျွမ်းတဝင်ရှိသည်။ အိမ်သို့လာလည်သည်ဆိုလျှင် ကျေနပ်နေလေသည်။ ကျွန်တော်ကလည်း သူ့ထံမှ သတင်းရတတ်သဖြင့် အချို့သောရက်များတွင် သူ့အိမ်သို့သွားတတ်သည်ဖြစ်ရာ နှစ်ဦးနှစ်ဖက် အဆင်ပြေနေလေသည်။

■

တစ်ရက်တွင် ဦးအဘုရှည်က ကျွန်တော့်ကိုထူးဆန်းသောစကားကိုပြောဧ။ သူ့အသံမှာတိုးညင်းပြီး သူတစ်ပါးကြားမည်ကို စိုးရိမ်သောသဘောဖြင့် ကျွန်တော့်အနားသို့ကပ်လာပြီးပြောခြင်းဖြစ်သည်။

"ဆရာ့ကိုပြောရဦးမယ်။ ကျွန်တော့်အိမ်မှာထူးဆန်းတာတစ်ခုဖြစ်နေတယ်"

"ဟင် - ဘယ်လိုထူးဆန်းတာဖြစ်နေလဲ"

"ကျွန်တော့်သမီးဟာ ခုတစ်လောအိပ်မက်တစ်ခုမက်နေတယ်။မကြာခဏမက်တယ်"

"ဟုတ်လား၊ ဘာကိုမက်နေတာလဲ"

"သူ့အိပ်မက်ထဲမှာ အဘိုးကြီးတစ်ယောက်က သူ့ကိုလာလိုက်ခဲ့လို့ခေါ်နေတာပဲ"

"ခင်ဗျားသမီးက စိတ်စွဲလို့နေမှာပါ"

"အင်း - ကျွန်တော်လည်း ဒါကိုစဉ်းစားမိပါတယ်။ ကျွန်တော့်အဖေလေ သူ့အဘိုးပေါ့။ ဘင်္ဂလားမှာဆုံးသွားပါပြီ။ အဲဒါကို စိတ်စွဲတာလားဘာလားလဲမသိပါဘူး"

"ခင်ဗျားအဖေကို သူမှတ်မိလား"

"အဝကျွန်းမှာ နေတုန်းကတော့ သူကငယ်ပါသေးတယ်။ သေသေချာချာတော့ မမှတ်မိဘူးထင်တာဘဲ။ အိပ်မက်ကလည်း ဒါပဲခဏခဏမက်နေတာဆိုတော့ ထည့်ပြီးစဉ်းစားတာပါ"

"အိပ်မက်ထဲမှာ ဘယ်လိုတဲ့လဲ ပြောပြပါဦး"

"အိပ်မက်ထဲမှာ အဘိုးကြီးတစ်ယောက်ရောက်လာပြီး သမီးကိုခေါ်နေတာပဲ"

"အဲဒီအဘိုးကြီးက ဘယ်လိုဝတ်စားထားတာလဲ"

"အဲဒါတော့ဆန်းတယ်။ရှေးဟောင်းပုံစံနဲ့ဝတ်စားထားတာ။ ရင်ဖုံးအကျီနဲ့ တောင်ရှည်ပုဆိုးနဲ့ဆိုတော့ အဝကျွန်းမှာတုန်းကရှိခဲ့ဖူးတဲ့ ကျွန်တော့်အဖေကိုများ စိတ်စွဲပြီး အိပ်မက်မက်သလားလို့"

"အင်း - အတော်တော့ထူးဆန်းတာပဲ။ အဲဒီအဘိုးကဘာတွေပြောသတဲ့လဲ"

"အဲဒီအဘိုးက သူ့ကိုခြောက်



www.burmeseclassic.com1

www.burmeseclassic.com

လက်ဟန်နဲ့ခေါ်တာ လိုက်ခဲ့ဖို့ပေါ့"

"ဘယ်ကိုလိုက်ရမှာတဲ့လဲ"

"ဘယ်လဲမသိပါဘူး၊ လိုက်ဖို့သာ လက်ပြနေတာ။ ပြီးရင် ပျောက်သွားပြန်ရော။ ဒီလိုခဏခဏမက်နေတာပဲဆရာ"

"အေးဗျ၊ အတော်တော့ဆန်းနေတာပဲ။ မက်တာ ဘယ်လောက်ကြာနေပြီလဲ"

"မနှစ်ကပဲမက်သေးတယ်ဆရာ၊ တစ်ခါတလေမက်တယ်ဆို တော်သေးတယ်။ အခုဟာက မကြာမကြာမက်နေတော့ ခက်တာပေါ့"

ကျွန်တော်တို့သည် အချိန်အတန်ကြာ ဆက်လက်ဆွေးနွေးပြောဆိုနေကြသော်လည်း တိကျသောအဖြေမထွက်ပေ။ သို့နှင့် အတန်ကြာသော် ကျွန်တော်စခန်းသို့ပြန်သည်။ မပြန်မီ သူ့ကိုမှာထားလိုက်သည်။

"အကြောင်းထူးရင်ပြောပြပါဦး၊ ကျွန်တော်လည်း ခင်ဗျားသမီးအကြောင်းကို စိတ်ဝင်စားတယ်ဗျ"

ထိုသို့ ချိန်းဆိုထားသော်လည်း ကျွန်တော့်မှာအလုပ်အနည်းငယ်ရှိသဖြင့် ဦးအဘုရှည်၏အိမ်သို့ ရက်အတန်ကြာ မရောက်ဖြစ်ပါ။ အလုပ်ပါးသွားသဖြင့် သူ့အိမ်သို့ရောက်သောအခါ ထူးဆန်းသောစကားကို ကြားရပြန်သည်။

"ဆရာရေ့ အတော်ကလေးတော့ ထူးဆန်းတယ်ဗျ"

"ဟုတ်လား ပြောပါဦး၊ ဘယ်လို ထူးဆန်းနေတာလဲ"

■

ကျွန်တော် မရောက်ဖြစ်ခဲ့သည့် တစ်ရက်တွင် အဘုရှည်၏သမီးနှင့်မိန်းမတို့သည် ရွာထိပ်တွင်ရှိနေသော ညောင်ပင်ကြီးဘေးမှဖြတ်ပြီး ရွာပြင်သို့သွားရာ ညောင်ပင်ကြီးအောက်သို့အရောက်တွင် ဝတ်ဖြူစင်ကြယ်ဝတ်ထားသော အဘိုးအိုတစ်ယောက်ထိုင်ပြီး ပုတီးစိပ်နေသည်ကို တွေ့မြင်ရသဖြင့် ကိုယ်ရှိန်သတ်ပြီး ဘေးမှကွေ့ဝိုက်သွားမည်အပြု အဘိုးက ပုတီးစိပ်နေရာမှ နောက်လှည့်ကြည့်သည်။ ပြီးနောက် လက်ပြပြီး သူတို့နှစ်ယောက်ကို ရပ်တန့်စေသည်။ သူတို့နှစ်ယောက်လည်းအသာရပ်နေလိုက်သည်။ ထိုစဉ် အဘိုးက လက်ပြသဖြင့် သူ့ဘေးတွင် ဝင်ထိုင်လိုက်ကြရသည်။

"လာ-ထိုင်ကြ၊ သမီးတို့ကို အဘိုးက စောင့်နေတာကွယ့်"

"ရှင်"

တစ်စိမ်းအဘိုးအိုတစ်ဦးက သူတို့ လာမည်ကိုသိပြီး စောင့်နေသည်ဆိုသောကြောင့် အံ့ဩသွားခြင်း ဖြစ်သည်။ အဘိုးဘေးနေရာလွတ်တွင်ဝင်ထိုင်လိုက်ပြီးသော် -

"ဟုတ်ကဲ့-ဘာကိစ္စရှိလို့ပါလဲရှင်"

"ကိစ္စကတော့နည်းနည်းရှုပ်တယ်၊ သမီးတို့သေချာနားထောင်ကြ။ ရွာမှာက ရခိုင်ဆိုလို့ သမီးတို့မိသားစုလောက်ပဲ ကျန်တော့တာကြောင့် အဘိုးကစောင့်ပြီးပြောရတာ"

"ဟုတ်ကဲ့ - ပြောပါ အဘိုး"

"ပြောရမှာကရှည်တယ်၊ သမိုင်းနဲ့ချီပြီးပြောရမှာကွယ့်"

အဘိုး၏စကားများမှာ ထူးဆန်းနေသောကြောင့် ငြိမ်သက်ပြီးနားထောင်နေကြသည်။

"ဒီဒေသက ရှေးအခါတုန်းက မင်းနေပြည်တော်ဖြစ်ခဲ့ဖူးတယ် သမီးတို့ရဲ့။ မင်းနေပြည်တော်ဆိုပေမယ့်လည်း တစ်မြို့တစ်နိုင်ငံဆိုသလို နယ်စားလို မင်းငယ်တွေအုပ်ချုပ်တဲ့ နိုင်ငံအငယ်စားလေးပေါ့ကွယ်။ ဒေသတစ်ခုကိုအုပ်ချုပ်တဲ့နိုင်ငံပေါ့။ နိုင်ငံကငယ်တော့ အရှေ့အနောက်နိုင်ငံကြီးတွေကို ကြောက်ရတာပေါ့။ အရှေ့ဘက်မြောက်ဦးမြို့တစ်လွှားမှာတော့ ရခိုင်ဘုရင်မင်းဖလောင်းဆိုတာ အုပ်ချုပ်နေတယ်။ အနောက်ဘက်မှာတော့ ကုလားပြည်ဖြစ်ပြီး အဒူနရစ်ဆိုတဲ့ ကုလားမင်းက အုပ်ချုပ်နေတယ်။ သူတို့က နိုင်ငံကြီးတွေ။ တောင်ဘက်နဲ့ မြောက်ဘက်ကတော့ ရမ်းဗြဲကျွန်းတို့၊ မာန်အောင်ကျွန်းတို့၊ လေးမြို့ဆိုတာတွေကတော့ သူလိုကိုယ်လို လက်အောက်ခံမင်းနယ်မြေတွေပါပဲ။

တစ်နေ့တော့ အနောက်ဘက်မင်းက နယ်ချဲ့တဲ့အနေနဲ့ အရှေ့ဘက်တစ်လွှားနိုင်ငံတွေကို စစ်ပြုဖို့ချီတက်လာတဲ့အခါ ကြားခံနိုင်ငံငယ်တွေကိုဖြတ်တော့ ဒီနယ်လည်းပါတာပေါ့။ နိုင်ငံကငယ်တော့ တိုင်းသူပြည်သားတွေဟာ ကိုယ်လွတ်ရုန်းပြီးပြေးကြရတယ်။ နောက်က လိုက်လာတဲ့စစ်သားတွေက ကုလားမင်းစစ်သားတွေဖြစ်တော့ ရှိသမျှအကုန်ဖျက်တယ်။ ဘုရားပုထိုးစေတီတွေဆိုရင်လည်းဖျက်တယ်။ ဘုရားဆင်းတုတော်တွေဆိုရင်လည်း ဖျက်ဆီးပစ်တယ်။ သူတို့နဲ့က ဘာသာမတူဘဲကိုး။

ဒီတော့ ဒီမှာနေတဲ့ဒေသခံတွေဟာ ဘုရားကိုသယ်နိုင်သမျှသယ်၊ မြေကြီးထဲကိုမြှုပ်တန်တာမြှုပ်၊ သရိုးကိုင်ပြီး မထင်မရှားပစ်တဲ့ဟာပစ်ထား၊ ချောင်းထဲကိုပစ်ချတန်တာပစ်ချပေါ့။ ဒီလိုပဲလုပ်ကြရတာပဲ။ စစ်ကတော့နိုင်တယ်ဆိုတာ မရှိပါဘူး။ ဘတစ်ပြန်ကျားတစ်ပြန်ပါပဲ။ စစ်ပြီးတော့ ဒေသခံတွေဟာ ကိုယ့်အရပ်ဒေသကိုပြန်လာကြတယ်။ မြှုပ်ထားတဲ့ဘုရားတွေ၊ ရေထဲပစ်ချထားခဲ့တဲ့ဘုရားတွေ ပြန်ဆယ်ကြပေါ့။

ဒီလိုပြန်ဆယ်တဲ့နေရာမှာ အကုန်လုံးတော့ ပြန်မရတော့ဘူး။ အထူးသဖြင့် ချောင်းထဲပစ်ချတဲ့ဘုရားတချို့ ပြန်မရဘူး။ ရေတက်ရေကျနဲ့ အထက်အောက် ရွေ့သွားတာတွေရှိတယ်။ အဲဒါတွေကျန်နေတယ်။ လူအားလုံးလည်း ရွာကိုပြန်မရောက်တော့ ချောင်းထဲကိုပစ်ချခဲ့တဲ့ ဘုရားတွေကို အကုန်ပြန်မဆယ်နိုင်ဘူး။ ရေထဲရွှံ့ညွန်ထဲတွေမှာ ဒီအတိုင်းကျန်ခဲ့ကြတယ်"

အဘသည် ပြောဆိုရင်း သူတို့ကို အကဲခတ်သည်။ အမျိုးသမီးနှစ်ဦးသည် အဘပြောပြနေသောဇာတ်လမ်းကို စိတ်ဝင်စားစွာနားထောင်နေသဖြင့်ဆက်ပြောပြပြန်သည်။

"အဘကသမီးကိုဆက်သွယ်တယ် ဆိုတာက သမီးဟာ လွန်ခဲ့တဲ့အခါတုန်းက ကုလားမင်းစစ်ခင်းစဉ်အခါက ဒီမင်း ဘုရင်ရဲ့သမီးတော်ဖြစ်ခဲ့ဖူးတယ်။ ဒီဖြစ်စဉ်မှာ သမီးကပါဝင်ခဲ့တော့ အခု ဘုရားတွေပြန်ဆယ်ဖို့ရာ သမီးက ဦးဆောင်ရမယ်။ ဘုရားဆင်းတုတော်တွေထဲမှာ ရွှေသားအစစ်နဲ့ပြုလုပ်ထားတဲ့ ဆင်းတုတွေ ပါတယ်။ ဒါကြောင့် အဘက သမီးကို ဆက်သွယ်တာပဲ။ သမီးက ဦးဆောင်ပြီး ချောင်းထဲကဘုရားတွေကို ပြန်ဆယ်ရ မှာ"

ဦးအဘုရှည်၏သမီး မဦးခင် သည် မိမိအား ယခင်ဘဝဟောင်းတုန်းက ဘုရင့်သမီးတော်ဖြစ်ခြင်းကြောင့် ရှေးဟောင်းဘုရားများကို ပြန်လည်ဆယ် ရာတွင် ဦးဆောင်ရမည်ဆိုသည်ကိုစဉ်း စားနေသည်။ သည်အဘိုးသည် မိမိ လိမ်ညာပြီး ဘုရင့်သမီးတော်ဟုဆို ဆက်သွယ်သည်လား သို့မဟုတ် ချောင်း ထဲက ပစ္စည်းတစ်စုံတစ်ရာရလို၍ လိမ် ညာပြီး ဆက်သွယ်သည်လား။ အဘိုး သည် ဘယ်ကရောက်လာသည်လဲစသည် ဖြင့်အမျှင်တန်းအောင်စဉ်းစားနေသည် နောက်မှ မယုတ်မလွန်ပြောလိုက်သည်

"အဘိုးပြောတာ သမီး စဉ်းစား မယ်၊ အဖေနဲ့ပြန်တိုင်ပင်ဦးမယ်"

"အေး - ကောင်းတယ်၊ ပြန်တိုင်




www.burmeseclassic.com1

www.burmeseclassic.com

ပင်ဦး။ ရေထဲကပစ္စည်းတွေကိုဆယ်ရမှာဆိုတော့ သမီးရဲ့အဖေကပါရမှာ။ ကဲကဲ- ပြန်ကြဦး။ အဘိုးကတော့ ဒီနေရာမှာရှိနေမယ်”

သူတို့လည်း စကားပြတ်သည်နှင့် ပြန်လာခဲ့ကြသည်။

သူတို့သားအမိသည် အိမ်အပြန်လမ်းတွင် စဉ်းစားလာကြသည်။ ဝတ်မြုံစင်ကြယ်နှင့်အဘိုးကို ယခင်က ရွာတွင် မမြင်ဘူးပေ။ လူစိမ်းတစ်ယောက်ဖြစ်နေသည်။ တစ်ရပ်တစ်ကျေးကလာပြီး ရွှေဟောင်းပစ္စည်းရှာဖွေသူလား။ ရွာဘေးကချောင်းဖြစ်နေသောကြောင့် သူမလုပ်သာသဖြင့် သူတို့ကိုခိုင်းခြင်းလား စသည်ဖြင့် သံသယရှိနေသည်။သို့ရာတွင် အိပ်မက်ပေးခြင်းမှာ စဉ်းစားစရာကောင်းသည်။ အိပ်မက်ထဲကအဘိုးမှာ သည်အဘိုးနှင့်တူနေသည်။ လူသာမန်ဆိုလျှင် အိပ်မက်ပေးနိုင်မည်မဟုတ်ပေ။ ဆက်စဉ်းစား၍မရသဖြင့် အိမ်ရောက်သော် ခင်ဖြစ်သူ ဦးအဘုရှည်နှင့် တိုင်ပင်ကြည့်ကြသည်။

“အေး - နင်တို့ဥစ္စာက အထူးအဆန်းကြီးပဲ။ အိပ်မက်ထဲကခေါ်တဲ့အဘိုး ... အပြင်မှာ တကယ်တွေ့တယ်ဆိုတာ ... ချောင်းထဲမှာ ပစ္စည်းတွေရှိတယ်ဆို ...ရယ်က အတော်ဆန်းတယ်။ ဘာ...လို့လဲဆိုတော့ ဒီချောင်းထဲမှာ ငါငါး ...ကွန်ပစ်နေတာကြာပြီပဲ၊ ဘာမှမတွေ့ ... အခု ဒီချောင်းထဲမှာ ရွှေဟောင်း ...ရားတွေရှိတယ်ဆိုတော့ အံ့သြစရာ ...”

“ဟုတ်တယ်၊ သမီးတို့လည်း ဒါကို ...စားနေတာ။ နောက်ပြီး သမီးကို ... ရွှေရခိုင်ဘုရင်ရဲ့သမီးတော်လို့ ...လိုက်သေးတယ်”

“အေး - ဒီလူဘယ်သူလဲဆိုတာငါ ...ကြည့်ဦးမယ်။ ပြီးမှ လုပ်သင့်မလုပ်...ဖြတ်ကြတာပေါ့”

သို့နှင့် ဦးအဘုရှည်သည် စနည်း...သဘောဖြင့် မယောင်မလည် ...ပင်ကြီးရှိရာသို့ ထွက်လာခဲ့သည်။ ...တွင် မဦးခင်လှတို့ပြောသော ဝတ်...ကြယ်ဝတ်ဆိုသူကို မတွေ့ခဲ့ရပေ။ ...ပင်ပတ်လည်မှာလည်း ရှင်းလင်း... လှသူရှိလျှင် တွေ့ရမည်ဖြစ်...ည်း မည်သူကိုမျှ တွေ့မြင်ခဲ့ခြင်း... ပြန်လာခဲ့ရသည်။

■

...တ်လမ်းက သည်မျှသာဖြစ်သည်။ မဦးခင်လှလည်း နောက်ထပ်မသွားတော့။ ဝတ်မြုံစင်ကြယ်ဝတ်အဘိုးနှင့်လည်း မတွေ့ဖြစ်တော့ပေ။ ဦးအဘုရှည် နောက်တစ်ခေါက် ထပ်သွားကြည့်တော့လည်း မည်သူကိုမျှမတွေ့သဖြင့် ဇာတ်လမ်းကရပ်နေလေ၏။ ကျွန်တော်က အလုပ်အားသဖြင့် ဦးအဘုရှည် အိမ်သို့လာရာတွင် သူတို့က ပြန်ပြောပြနေခြင်းဖြစ်သည်။

“ဒီအဘိုးက ချောင်းထဲမှာ ရွှေဟောင်းဘုရားတွေရှိတယ်ပြောတာတော့ စိတ်ဝင်စားဖို့ကောင်းတယ်ဗျ။ ရှာကြည့်ဖို့တော့ကောင်းတယ်”

“ကျွန်တော်သွားကြည့်သေးတယ်။ သူနဲ့မတွေ့ဘူးဆိုတော့ ဘာဆက်လုပ်ရမလဲဖြစ်နေတယ်”

“ခင်ဗျားနဲ့မတွေ့ချင်လို့နေမှာပေါ့။ ခင်ဗျားသမီးကိုအဖော်တစ်ယောက်ထည့်ပြီး အဲဒီညောင်ပင်ကြီးဆီကို ပြန်လွှတ်ပါလား။ သူနဲ့တွေ့ရင် တွေ့ဦးမှာပေါ့”

သူတို့ရခိုင်တိုင်းရင်းသားများမလေ့တစ်ခုမှာ ဇနီး၊ သမီးများဆိုလျှင် လူစိမ်းများနှင့် ရင်းနှီးမည်ကို မကြိုက်လှပေ။ ယခုလည်း ဝတ်မြုံစင်ကြယ်ဝတ်ထားသူအဘိုးမှာ လူစိမ်းဖြစ်နေသောကြောင့် ဇနီး၊ သမီးတို့နှင့်တွေ့ဆုံမည်ကိုမနှစ်သက်ခြင်းဖြစ်သည်။ ထို့ကြောင့် အင်တင်တင်ဖြစ်နေသည်။ ကျွန်တော်က တိုက်တွန်းရသည်။

“ပြန်လွှတ်ဗျ၊ ဒီအဘိုးနဲ့တွေ့မှ အကျိုးအကြောင်းပြည့်ပြည့်စုံစုံသိရမှာ။ သိမှ ရှေ့ဆက်ဘာလုပ်ရမလဲဆိုတာ ဆုံးဖြတ်နိုင်မှာ”

ထိုအခါကျမှ သူလည်း ဆုံးဖြတ်နိုင်သည်။

“ဟုတ်ကဲ့ ဆရာ၊ ဒီလိုဆိုရင်လည်း ကျွန်တော် သူတို့ကိုထပ်လွှတ်ဦးမယ်”

နောက်ပိုင်းတွင် ဦးအဘုရှည်သည် သမီးဖြစ်သူကို ညောင်ပင်ရှိရာသို့ လွှတ်သည်။ သမီးကသွားရာ ဝတ်မြုံစင်ကြယ်ဝတ်အဘိုးနှင့်တွေ့သည်။ အဘိုးက ချောင်းထဲမှာရှာကြည့်ရန်ပြောသည်။ ခန့်မှန်းခြေနေရာကိုပြောသည်။ မဦးခင်လှကလည်း အဘိုးပြောသောစကားကို သူမ၏ဖခင်ကိုပြောသည်။ ဖခင်ဖြစ်သူကလည်း သမီးပြောသည့်အတိုင်း လှေတစ်စီးဖြင့် ကွန်သွားပစ်သည်။ ငါးများချိတ်ကြီးကြီးဖြင့် လက်ထွန်သွားပစ်သည်။ လက်ထွန်ပစ်သည်ဆိုခြင်းမှာ ငါးများချိတ်ကြီးကြီးသုံး၊ လေးချောင်းတွင် အစာကိုတပ်ပြီး ငါးများကြီးရှည်ရှည်တွင်ချိတ်ကာ ရေအောက်သို့ချပြီး လှေနှင့်ဆွဲရခြင်းဖြစ်သည်။ ငါးများချိတ်များက ရေအောက်မြေပြင်တွင်တရွတ်တိုက်လာပြီး ငါးကအစာလာဟပ်သည်နှင့် ဆွဲတင်ရခြင်းဖြစ်သည်။ ထိုသို့ မြစ်အခြေတစ်လျှောက် ငါးများချိတ်ဖြင့် တရွတ်ဆွဲလာခြင်းကြောင့် မြစ်အောက်ခြေတွင်ငြိစရာရှိပါကလည်း ငြိသွားနိုင်ပေသည်။ ကညင်ချောင်းမှာ သိပ်ကျယ်ဝန်းလှသည်မဟုတ်ပေ။ နတ်မြစ်တွင်ပေါင်းဆုံသော ထိုချောင်းကို မြစ်ဆုံနေရာမှပြန်စပြီး ချောင်း၏ အလယ်ရိုးအတိုင်း ကွန်ပစ်လိုက်၊ လက်ထွန်ပစ်လိုက်ဖြင့်လုပ်နေရာ မတွေ့ရသဖြင့် စိတ်ပျက်နေသည်။ ငါးကတော့ ပေါသဖြင့် ပစ်တိုင်းဆွဲတိုင်းရနေသည်။

အဘုရှည်က ကွန်ပစ်၍မရ၊ လက်ထွန်ပစ်၍မရဖြစ်နေသည်ကို သမီးမှတစ်ဆင့် အဘကိုပြောသည်။ အဘကတော့ ဆက်ရှာရန်သာပြောသည်။ သည်ကိစ္စများ လွန်ခဲ့သောနှစ်ပေါင်းများစွာတုန်းက အဲဖြစ်အပျက်များဖြစ်သောကြောင့် စိတ်ရှည်ရန်လိုသည်။ ဇွဲကောင်းကောင်းနှင့် ဆက်ရှာရန်သာပြောနေသည်နှင့် အဘုရှည်သည် လှေငယ်တစ်စင်းနှင့် ကညင်ချောင်းအတွင်းတွင် ခေါက်တုံ့ခေါက်ပြန်ရှာနေရပြန်သည်။

ကျွန်တော် စခန်းကပြန်လာတော့ အဘုရှည်သည် ချောင်းထဲမှဘာမှမတွေ့သေး။ လှေငယ်တစ်စီးဖြင့် လူးလားခေါက်ပြန်သွားလာပြီး ရှာဖွေနေဆဲဖြစ်သည်။ သူတို့က အိပ်မက်အရ အဘိုးနှင့်တွေ့ပြီး ရှာဖွေနေခြင်းဖြစ်ရာ အပြင်လူများကိုလည်း မပြောသာသဖြင့် မပြောဘဲနေသည်။ ရွာထဲကလူများကတော့ အဘုရှည်တစ်ယောက် သည်တစ်နွေ ချောင်းထဲမှာ ငါးရှာလှချေလား၊ အိမ်မှာ အလုပ်တောင်မလုပ်တော့ဘူးဟုပင်ပြောယူရသည်။ အဘုရှည်ကတော့ ဘာမှပြန်မပြော။ လှေငယ်တစ်စင်းဖြင့် တစ်ကိုယ်တော်ကွန်ပစ်လို့သာနေသည်။ ကျွန်တော် စခန်းကပြန်လာသည်အထိ အကြောင်းမထူးပေ။

■

ကျွန်တော် မောင်တောရုံးပြန်ရောက်ပြီးသော် ရုံးအလုပ်များနှင့်ရှုပ်ထွေးနေသဖြင့် အပြင်မရောက်ဘဲ ရုံးထိုင်နေရသည်။ တစ်နေ့တွင် မဝတရုံးတွင်အလုပ်ရှိသဖြင့် ရုံးကားဖြင့်ထွက်လာခဲ့သည်။ မဝတရုံးကအပြန်တွင် ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းရှေ့မှဖြတ်ပြန်လာရာ လမ်းပေါ်၌ လူသုံးလေးယောက် သုတ်သီးသုတ်ပြာဖြင့်သွားနေသည်ကိုတွေ့ရပြီး ထိုလူအုပ်ထဲတွင် မောင်တောသူကြီး ဦးအဘုရှည်ကိုတွေ့ရသောကြောင့် ကားကိုရပ်ပြီး -

"ဦးအဘုရှည်ကြီးတို့ပါလား၊ ဘယ်သွားမလို့လဲ"

"ဟာ - ဆရာပါလား။ အတော်ပဲ ကျွန်တော်လည်း ဘုတ်ဆိပ်မှာ ရွာကိုစာပို့ပြီးရင် ဆရာ့ဆီကိုလာမလို့ဗျ"

"ဟုတ်လား၊ ခင်ဗျားတို့ကို ကျွန်တော်လိုက်ပို့ပါ့မယ်။ ခင်ဗျားတို့ရွာကိုသွားမယ့်ဘုတ်မှာ စာပို့လိုက်ပြီးရင် အေးအေးဆေးဆေးထိုင်ပြီး ပြောစရာရှိတာပြောတာပေါ့။ တက်-ကားပေါ်ကို"

သို့နှင့် သူတို့သုံးယောက်ကို ရုံးကားနှင့်တင်ပြီး သင်္ဘောဆိပ်သို့လာခဲ့သည်။ သင်္ဘောဆိပ်ရောက်သော် ပို့စရာရှိတာကိုပို့လိုက်ပြီး လက်ဖက်ရည်ဆိုင်တွင် ထိုင်လိုက်ကြသည်။ ဦးအဘုရှည် ပြောမည်ဆိုသောစကားကို ကျွန်တော်က ကြားချင်နေပါသည်။

"ဆရာရေ အဖြစ်အပျက်ကတော့ အတော့်ကိုထူးဆန်းနေတာပဲဗျာ"

"ဟုတ်လား ပြောပါဦး။ ကျွန်တော် ပြန်လာမှဖြစ်နေတာလား"

"ဟုတ်တယ်၊ ဆရာပြန်သွားတဲ့နောက်မှာ ကျွန်တော်လည်း ကွန်ပစ်၊ လက်ထွန်ပစ်နဲ့သာလုပ်နေရတာ စိတ်ကတော့ အတော်ပျက်နေပြီ။ ဘာမှမတွေ့ဘဲကိုး။ တစ်နေ့တော့ ဒီမြစ်ဝနားမှာ ဘာမှမတွေ့ဘူး။ သမီးကို ညည်းဆုလေးဘာလေးတောင်းကြည့်ပါလားဆိုတော့ သမီးက လှေမထွက်ခင်မှာ လှေဦးမှာရပ်ပြီး မြစ်ထဲမှာရှိနေရင်လည်းတွေ့ပါတော့၊ သမီးအဖေမှာ ပင်ပန်းလှပါပြီဆိုပြီးတိုင်တည်တယ်။ အဲဒါနဲ့ ကျွန်တော်လည်း လှေကိုလှော်ပြီး မြစ်အထက်ဘက်ကချောင်းရိုးဘက်ကိုသွားကြည့်ဦးမယ်ဆိုပြီး ထွက်လာခဲ့တယ်။

■

အဘုရှည်သည် ချောင်းအောက်ပိုင်းတွင်မရှာတော့ဘဲ ချောင်းညာဘက်သို့လှော်လာခဲ့သည်။ ရောက်လျှင် ချောင်းလယ်တွင် ပိုက်ချသည်။ လက်ထွန်ပစ်သည်။ ငါးအနည်းငယ်ရသည်မှအပ အကြောင်းမထူးသဖြင့် ကမ်းနားဘက်သို့လှော်လာလိုက်သည်။ ထိုသည်တွင် ကမ်းနှင့်နီးသော နေရာတစ်ခုတွင် ချောင်းကြမ်းပြင်မှ အနည်းငယ်မို့မောက်ထွက်နေသော ကမူကလေးတစ်ခုကို တွေ့လိုက်သည်တွင် အံ့ဩသွားသည်။ အမှန်တွင် ချောင်းကမ်းပါးဖြစ်ရာ ရေကျသွားလျှင် ကမ်းပါးမှာ ရွံ့နွံတို့ဖြင့်ပြောင်ချောနေရမည်ဖြစ်သော်လည်း ဒီနေရာတွင် တစ်တောင်ခန့် မို့မောက်နေသော ရွံ့ပုံကလေးကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်သည်။ ဘေးဘီကိုလှည့်ပတ်ကြည့်ရာတွင်လည်း ရွာနှင့်အတော်ကလေးလှမ်းနေသောကြောင့် လူသူအရိပ်အယောင်လည်းမမြင်ရပေ။ ထို့ကြောင့် ခေတ္တနားဦးမည်ဆိုသည်ကိုမေ့လိုက်ပြီး လှေဦးကိုထိုမြေပုံမို့မို့သို့ဦးတိုက်လိုက်ပြီး အနားသို့ကပ်သွားသည်။

အနားရောက်သော် လှေပေါ်တွင်ပါလာသောမိုန်းဖြင့်အပုံကိုထိုးကြည့်လိုက်သည်။ ထိုသို့ထိုးသော်လည်း ပထမတွင် အကြောင်းမထူးပေ။ လှံသွားက ရွံ့ပုံထဲသို့အိပြီးဝင်သွားသည်။သို့နှင့် နေရာအနှံ့ထိုးကြည့်ရာ နောက်ဆုံးတစ်ချက်တွင် အမာခံပစ္စည်းတစ်ခုကို ဒုတ်ခနဲထိုးမိသွားတော့သည်။ ထိုနေရာမှာ ရွံ့မျက်နှာပြင်အောက် လက်တစ်ဆုပ်ခန့်အနက်တွင်ရှိရာ လှေကိုဘေးတိုက်ကပ်ပြီး လက်နှင့် ကုန်းနှိုက်ကြည့်လိုက်လျှင် မာမာအလုံးတစ်ခုကိုတွေ့ရသည်။ဆွဲဖော်ကြည့်လိုက်ရာ အတွင်းတွင် တစ်မိုက်သာသာရှိသော သတ္တုရုပ်ကလေးဖြစ်နေသည်။ သို့နှင့် လှေပေါ်သို့ပြန်တက်ပြီး ရေနှင့်သေချာစွာဆေးကြည့်လိုက်ရာ ထိုင်နေသော ဘုန်းကြီးရုပ်ကလေးဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဟုတ်ပြီဆိုပြီး ရွံ့ထဲသို့ဆက်နှိုက်လိုက်ပြန်သည်။ နောက်ထပ် ဘုန်းကြီးရုပ်နှစ်ရုပ်ရသည်။ ထပ်နှိုက်ရာ တစ်တောင်ခန့်အမြင့်ရှိသော အလွန်လေးလံသည့် ရွံ့တုံးတစ်တုံးကိုရပြန်သည်။ လူကလည်း တစ်ယောက်တည်းဖြစ်ပြီး နေကလည်း အလွန်ပူပြင်းလာသဖြင့် ဆက်မနှိုက်နိုင်တော့ဘဲ နေရာကိုမှတ်ကာ လှေကိုအိမ်သို့ပြန်လှော်လာလိုက်သည်။

အိမ်ရောက်သော် ရေမျှပင်မချိုးနိုင်ဘဲ အလုပ်စားပွဲသို့ ထိုရွံ့လုံးကြီးများကိုယူချလာသည်။ ဇနီးနှင့်သမီးတို့ကတော့ အံ့ဩတကြီးဖြစ်နေ၏။ ပန်းထိမ်လုပ်သောစားပွဲပေါ် သို့တင်လိုက်ပြီး အိမ်တွင် အလုပ်လုပ်နေသောတပည့်၏အကူအညီဖြင့် ရေဆေးကြည့်လိုက်သည်။ တစ်တောင်ခန့်ရှိသောရွံ့လုံးကြီးမှာ ဘုရားဆင်းတုတော်တစ်ဆူဖြစ်နေသည်။အခြား ရွံ့လုံးကြီးတစ်ခုမှာ ခွက်တစ်ခုဖြစ်သည် [illegible] ကျန်အရုပ်နှစ်ခုမှာ ဘုန်းကြီးရုပ်တုများ [illegible] နေသည်ကို တွေ့ရတော့သည်။ ထိုအ [illegible] ကျမှ အဘကို သတိရပြီး ဦးသုံးကြိမ် [illegible] ချလိုက်ပြီး အဘပြောသလိုဖြစ်နေ [illegible] ဟု ပြောလိုက်သည်။ ထိုအခါကျမှ [illegible] လည်း ဝမ်းသာသွားတော့၏။နို့မဟုတ် [illegible] ဆိုလျှင် သူမပြောသမျှလိုက်လုပ်နေရသော [illegible] အဖေဖြစ်သူလည်း ပင်ပန်းလှပြီဖြစ်သည် [illegible]

ဘုရားဆင်းတုတော်များကို [illegible] ဆေးခြင်းအားရပ်လိုက်ပြီး တပည့် [illegible] ခေါ်ကာ လှေနှင့်ထွက်လာခဲ့ပြန်သည် [illegible] အိမ်မှာရှိသော ဆင်းတုတော်မျာ [illegible] တော့ ဇနီးနှင့် သမီးကို သန့်ရှင်းရေး [illegible] ခိုင်းထားလိုက်သည်။ ထမင်းစားရေ [illegible] လည်း သတိမရတော့ပေ။ နောက် [illegible] အရုပ်များကျန်နေနိုင်သေးသည်ဟု [illegible] တွေးပြီး ထိုနေရာသို့သွားရန်သာ [illegible] စောနေသည်။

ထိုနေရာပြန်ရောက်သော် [illegible] အနည်းငယ်တက်စပြုနေလေပြီ။ [illegible] ရွံ့ထဲသို့ ကိုယ်တိုင်ခုန်ချပြီး ရေစပ် [illegible] တွင် ရွံ့ပုံကိုနှိုက်လိုက်သည်။ ရွံ့ [illegible] တုံးရအပြီးတွင် နှိုက်၍မရတော့ပေ [illegible] က တဖြည်းဖြည်းတက်လာရာ [illegible] သို့ရောက်လာပြီဖြစ်သဖြင့် မချင့် [illegible] ပြန်လာခဲ့ကြသည်။ အိမ်ရောက်၍ [illegible] ဆေးကြည့်သောအခါ ထိုင်လျက် [illegible] အထားဖြင့် ရဟန်းတော်သုံးပါး [illegible] များဖြစ်နေသည်။ သူသည် ဝမ်းသာ [illegible] သဖြင့် ကတုန်ကယင်ပင်ဖြစ်နေ [illegible]

နောက်နေ့ ရေကျချိန်၌ [illegible] ရွံ့ပုံကိုသွားနှိုက်ပြန်သည်။ အရုပ် [illegible] လူရုပ်ကလေး(၄)ရုပ်ရသည်။ နော [illegible] သွားနှိုက်ပြန်ရာ သည်တစ်နေ့ [illegible] ရုပ်ကလေးတစ်ရုပ်သာရပြီးပြန်လာ [illegible] နောက်နှစ်ရက်သုံးရက်ဆက်တိုက် [illegible] နှိုက်ပြန်ပါသော်လည်း ဘာအ [illegible] တော့သဖြင့် ရသလောက်နှင့် [illegible] ပါတော့သည်။သို့သော် ကျန်လို [illegible] ဖြင့် တပည့်ကိုလွှတ်ပြီးရှာဖွေပြ [illegible] လည်း မတွေ့ရပေ။ နောက်ထပ် [illegible] ရက်မျှ ဘေးနားဝန်းကျင်ကိုရှာ [illegible] ပါသော်လည်း မည်သည့်ပစ္စည်း [illegible] တော့သဖြင့် ရှာဖွေခြင်းကိုရပ် [illegible] ပြီး အရုပ်များသန့်စင်ခြင်းကို [illegible] ဆောင်ရွက်ပါသည်။

စူးနှင့်ထိုးတန်သည်ကိုထိုး [illegible] တန်သည်ကိုကလော်၊ တံစဉ်းနှင့် [illegible] သည်ကိုစား၊ ဆောက်နှင့်ထွင်း [illegible] ကိုထွင်း စသည်ဖြင့် အမျိုးမျိုး [illegible]



www.burmeseclassic.com1

www.burmeseclassic.com

ငရဲမီးနှင့်ဆေးပြီး ကြေးအရောင်တင်မှုနှင့်ပွတ်တိုက်လိုက်သောအခါနောက်ဆုံးတွင် ဝီပြင်သောပုံသဏ္ဌာန်များ တွေ့မြင်လာရတော့သည်။

တစ်မိုက်ခန့်အရုပ်ကလေးငါးရုပ်မှာ ကတုံးနှင့်ဖြစ်ပြီး ရဟန်းတော်ပုံသဏ္ဌာန်များဖြစ်နေသည်။ ထိုအရုပ်များထဲမှတစ်ရုပ်မှာ ဒူးထောက်လက်နှစ်ဖက်ရှေ့သို့ပြောက်နေဟန်ဖြစ်ပြီး ကျန်အရုပ်များမှာ ဒူးထောက်ပြီး လက်အုပ်ချီထိုင်နေဟန်ဖြစ်သည်။တစ်ထွာသာသာအရုပ်ကလေးများမှာမူကား ရှေးဝတ်စုံများဖြစ်သော ထိုင်မသိမ်းဝတ်စုံများကိုဝတ်ပြီး ကြာပန်းများကိုကိုင်လျက် ကန်တော့နေဟန် ဖြစ်သည်။ နောက်ဆုံး အရုပ်ကြီးမှာ တစ်ပေခန့်ရှိသော ထိုင်တော်မူမြတ်စွာဘုရား ရုပ်ပွားတော်ဖြစ်သည်။ အောက်ခြေတွင် မြက်ခြောက်သို့မဟုတ်မြက်အစိုကိုခင်းပြီးထိုင်နေဟန် ထုလုပ်ထားသည်။ အောက်တွင် ပလ္လင်တော့မပါပေ။ မကိုဋ် မပါ၊ ဒွါဒရာမပါသော ရိုးရိုးသင်္ကန်းဝတ် ပုံဖြစ်သော်လည်း ဘယ်ဘက်လက်ကို ပက်လက်လှန်ပြီး လက်ကိုရှေ့သို့လှမ်းနေ ဟန်ထုထားရာ ထူးဆန်းသောမုဒြာဖြစ် နေသည်။ လက်ဝါးထဲတင်ကြည့်မှ ခပ်ဖုဖု တလေးတွေ့တော့ လက်နှစ်ဖက်ကိုမြောက်ပြီး ရှေ့သို့မျှော်နေဟန်ထုထားသောရဟန်းပုံနှင့်တွဲပြီး ဘုရားကထိုင်နေရာမှ ရှေ့က ရဟန်းကို လက်ထဲမှတစ်စုံတစ်ခုကိုလှမ်းပေးနေဟန်ထုထားကြောင်းခန့်မှန်းမိတော့သည်။ ခွက်ကလေးကတော့ သပိတ်ဖြစ်သည်။

အရုပ်များကို အရောင်တင်မှုနှင့်ပွတ်တိုက်ကြည့်ရာ ကျန်အရုပ်များက ဝင်းပြောင်လာသော်လည်း ဘုရားရုပ်က အရောင်မထွက်ဘဲ ခပ်မှိန်မှိန်ကလေးဖြစ်နေသဖြင့် စဉ်းစားရသည်။ တစ်ခုတော့တွေးမိသည်။ သို့သော် မယုံရဲပေ။ သို့နှင့် အောက်ခြေက မြက်ပင်ကလေးတစ်ပင်ကိုတံစဉ်းနှင့်စားကြည့်ရာ အတွင်းဘက်တွင် ဝင်းပြောင်နေသည်ကို တွေ့ရပြီး မှတ်ကျောက်တင်ကြည့်သောအခါကျမှ ထပြီးလက်ခမောင်းခတ်တော့သည်။ အောက်ခံမြက်ဖျာများမှာ ရွှေဖြစ်နေသည်ကို တွေ့ရ၍ဖြစ်သည်။

သို့နှင့် ဦးခေါင်းတော်မှ ခြေဖဝါးတော်အထိ ကိုယ်လုံးတော်တစ်ခုလုံးကို ပန်းထိမ်နည်းအမျိုးမျိုးဖြင့်စမ်းသပ်ကြည့်ပြန်ရာ ထိုအရာအားလုံးသည် ရွှေနှင့်ပြုလုပ်ထားကြောင်း တွေ့ရှိရတော့သည်။



ထိုအခါကျမှ နန်းဦးဘုရားဆင်းတုတော်ဖြစ်၍ စစ်ဘေးစစ်ဒဏ်သင့်သဖြင့်ခေတ္တပစ်ထားခဲ့ရခြင်းဖြစ်ကြောင်း၊ ဘုရားဆင်းတုတော်သည် ရွှေသားအစစ်ဖြင့်သွန်းလောင်းထားပြီး ကျန်အရုပ်များမှာ ကြေးဖြင့်ပြုလုပ်ထားကြောင်းသိရှိရတော့သည်။

ထိုညတွင် အဘိုးကို သမီးက အိပ်မက်မက်ပြန်သည်။ ဆယ်ယူရသော ဘုရားနှင့်ဆင်းတုများမှာ ရွှေဘုရားအစစ်ဖြစ်ကြောင်း၊ လက်ရှိအုပ်ချုပ်နေသော မင်းများနှင့်တိုင်ပင်ပြီး သာသနာပြုလုပ်ငန်းများဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သမီးလက်သို့အပ်နှံပြီးဖြစ်၍ အဘတာဝန်ကြေပြီဖြစ်ကြောင်း၊ သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် ထွက်ခွာသွားပြီဖြစ်ကြောင်း ပြောဆိုကာ ပျောက်ကွယ်သွားပါတော့သည်။

အဘုရှည်သည် ဘုရားဆင်းတုတော်နှင့်အရုပ်များကိုနေရာချကြည့်သည်။ ဘုရားဆင်းတုတော်ကိုအလယ်မှာထားပြီး ရဟန်းငါးပါးကို ရှေ့မှာထားကြည့်သည်။ ဘုရား၏လက်တော်ဆန့်တန်းနေဟန်၏ ရှေ့တည့်တည့်မှာ ဒူးထောက်လက်ဆန့်နေသော ရဟန်းပုံတော်ကိုနေရာချကြည့်လိုက်သောအခါ ဘုရားက လက်ထဲမှအရာကိုပေးနေဟန် ဖြစ်သွားပါသည်။ ကျန်ရဟန်းများမှာ ထိုင်ကြည့်နေဟန်ဖြစ်သည်။ ကျန်အရုပ်ကလေးများကိုတော့ ရဟန်းများ၏လက်ဝဲဘက်တွင်သုံးရုပ်၊ လက်ယာဘက်တွင် နှစ်ရုပ်ချထားကြည့်ပါသည်။ အရုပ်ကလေးများမှာ ရှေးဟောင်းရခိုင်အမျိုးသားဝတ်စုံဖြင့် လွန်စွာသေသပ်လှပလျက်ရှိရာ ဘုရားက ရဟန်းတော်များအား တစ်စုံတစ်ခုကို စွန့်ကြဲနေသည်ကို ဝမ်းမြောက်ဝမ်းသာကြည့်ပြီး ရှိခိုးကန်တော့နေဟန် ဖြစ်လာပါသည်။ သပိတ်ကိုတော့ ဘုရားဆင်းတုတော်၏ပေါင်ပေါ်တွင်ချထားလိုက်ရာ လက်ယာဘက်လက်နှင့်အံကျဖြစ်သွားပြီး သပိတ်ပိုက်လျက် ရှေ့မှရဟန်းကို စွန့်ကြဲနေဟန်ဖြစ်သွားပါသည်။ ဦးအဘုရှည်သည် အရုပ်များကို နေရာချထားပြီးသော် သူ့ဟာသူ ကျေနပ်သွားပါသည်။

မကြာမီတွင် ဦးအဘုရှည်၏အိမ်တွင် ရေထဲမှငုပ်၍ရသောဘုရားဆင်းတုတော်ရုပ်ရှိကြောင်းသတင်းကြားသဖြင့် ရွာထဲမှလူများလာရောက်ပူဇော်ကြသည်မှာ အိမ်တွင်တရုန်းရုန်းဖြစ်နေသည်။ သူ့အိမ်က ခပ်ကျဉ်းကျဉ်းအနီးအနားရွာများဖြစ်သော ငခူရ၊ တောင်ပြို၊ ကြိမ်ချောင်း၊ အောင်ဗလရွာများမှလည်း ရောက်လာပြီး ပူဇော်ကြပြန်ရာ မနိုင်မနင်းဖြစ်နေသည်။ ထို့ကြောင့် ရွာထဲရှိလူကြီးများနှင့်တိုင်ပင်ကြည့်ရာ သည်ကိစ္စမှာ ရေထဲမှ ဦးအဘုရှည်ကဆယ်ယူရရှိသည်ဆိုသော်လည်း ရှေးဟောင်းသမိုင်းဝင်ပစ္စည်းများဖြစ်ပြီး အများနှင့်သက်ဆိုင်သောပစ္စည်းများဖြစ်နေရာ အုပ်ချုပ်သူလူကြီးများကို တင်ပြပြီး လောလောဆယ် မောင်တောမြို့သို့ရွှေ့ပြီး ဆရာတော်၏ကျောင်းတွင် ခေတ္တသိတင်းသုံးနေထိုင်သင့်ကြောင်း အကြံပေးကြသဖြင့် မောင်တောမြို့ပေါ် တက်ပြီး ဆရာတော်နှင့်တိုင်ပင်ရာ ဆရာတော်က လူတစ်ရာခန့်ဆံ့သည့်မဏ္ဍပ်ကို ပေးပြီး ပူဇော်ခြင်းကို ခွင့်ပြုခဲ့ပါသည်။

ဤသို့ဖြင့် အနီးအနားမှရွာသားများ မောင်တောနှင့်နီးသည့် ဘူးသီးတောင်၊ ရသေ့တောင်၊ အင်းဒင်၊ အလည်သန်ကျော် စသည့် မြို့ရွာများမှ လာရောက်ဖူးမြော်ကြသည်။ နောက်ပိုင်းတွင် စစ်တွေမြို့အထိသတင်းရောက်သွားပြီး ပရိသတ်များစွာလာရောက်ဖူးမြော်ကြပြန်ရာ ဆင်းတုတော်မှာ ရွှေအစစ်ဖြစ်နေသောကြောင့် လုံခြုံရေးအတွက် သံစကာနှစ်ထပ်ကာပြီး တစ်နေ့ကို မနက်တစ်ကြိမ်၊ ညနေပိုင်းတွင် တစ်ကြိမ်သာ ပူဇော်ခွင့်ပြုပါတော့သည်။ ဦးအဘုရှည်လည်း လုပ်ကိုင်မြဲဖြစ်သော ပန်းထိမ်အလုပ်ကို တပည့်ဖြစ်သူနှင့်လွှဲခဲ့ပြီး မိသားစုပါဘုန်းကြီးကျောင်းသို့ရွှေ့နေကာ ဘုန်းကြီးဖွဲ့ပေးသောဘုရားဂေါပကအဖွဲ့နှင့်အတူ ဘုရားဝေယျာဝစ္စများကို လုပ်နေပါတော့သည်။

ထိုအတောအတွင်း ရှေးဟောင်းဘုရားတစ်ဆူပေါ်တော်မူကြောင်းကို သတင်းရသဖြင့် စစ်တွေမှ ရှေးဟောင်းသုတေသနအရာရှိများ ရောက်လာပြီး



www.burmeseclassic.com1

www.burmeseclassic.com

စစ်ဆေးပြီး ရှေးဟောင်းဆင်းတုတော်နှင့် အရုပ်များဖြစ်ကြောင်း အတည်ပြုပါသည်။ မြောက်ဦးအလယ်ခေတ် ဘုရင်မင်းဖလောင်းမင်းလက်ထက်တွင်သွန်းလောင်းသောအရုပ်များဖြစ်ကြောင်းလည်း ခန့်မှန်းကြသည်။ အရုပ်များကို သူတို့ ဌာနသို့ အပ်လိုလျှင်လည်းအပ်၊ ဒီမှာပင် ပူဇော်လိုပါကလည်း လုံခြုံစွာထိန်းသိမ်းစောင့်ရှောက်ပူဇော်ရန် မှာကြားသွားပါသည်။ ဘုရားမှာ ရွှေဘုရားဖြစ်နေသောကြောင့် မြို့နယ်မှ ရဲသားနှစ်ယောက် လုံခြုံရေးအတွက် လာရောက် စောင့်ရှောက်ပေးပါသည်။

■

"ဇာတ်လမ်းကတော့ အဲသည်လိုပါပဲဗျာ။ကျွန်တော်လည်း ဘုရားရောက်ကတည်းက အလုပ်ရှုပ်လိုက်တာဆိုတာ နေ့မအားညမအားပါဘဲ။ အခုတောင် ဘုတ်ဆိပ်ကိုဆင်းပြီး ကညင်ချောင်းကို စာပို့မယ်လို့လုပ်ရင်း ဆရာနဲ့တွေ့တာ"

"နေပါဦး၊ ဘုရားဖူးတွေလာတယ်ဆိုတော့ အလှူငွေလေးဘာလေးကော မရဘူးလား"

"ရပါတယ် ဆရာ၊ ကျွန်တော်စုထားတယ်။ ဘုန်းကြီးကျောင်းဝင်းထဲမှာ ဘုရားတည်မယ်၊ ပြီးတော့ ဓမ္မာရုံကြီးကြီးဆောက်ပြီး ဘုရားကိုရွှေ့ပြီး အပူဇော်ခံမယ်လေ"

"အင်း - ကောင်းတော့ကောင်းပါတယ်။ ဒါနဲ့ ဘုရားက အလေးချိန်ဘယ်လောက်ရှိလဲ"

"ဘုရားက သွန်းဘုရား ဆရာ၊ အလေးချိန် တစ်ပိဿာနဲ့ ငါးဆယ်သားရှိတယ်။ ရွှေဘုရားဆိုပေမယ့် အမာခံအနေနဲ့ ကြေးတော့နည်းနည်းပါရတာပေါ့။ ဒါမှသွန်းလို့ကောင်းတာကိုး"

"တစ်ခုတော့ရှိတယ်၊ ခင်ဗျားတို့ဘယ်လိုပဲစောင့်ရှောက်ပါစေ ရွှေဘုရားဆိုတော့ မသူတော်တွေကသိပြီး အကြမ်းပတမ်းဝင်လုသွားရင်ပါသွားမယ်။ အစိုးရနဲ့ညှိနိုင်းပြီး ရှေးဟောင်းသုတေသနအဖွဲ့နဲ့လည်းညှိပြီး စစ်တွေအမျိုးသားပြတိုက်မှာ အပူဇော်ခံရင်ကောင်းမယ်။ ဟိုမှာကျတော့ အစိုးရလက်ထဲရောက်သွားပြီလေ။ လုံခြုံရေးစိတ်အေးရတယ်။ ဒီမှာတော့ ခင်ဗျားတို့မှာ တာဝန်ကြီးတယ်"

"ကျွန်တော်လည်း စဉ်းစားမိပါတယ်။ ဒါပေမယ့် ဆရာရယ်၊ ဘုရားက ကျွန်တော့်သမီးအိပ်မက်မက်လို့ရတဲ့ဘုရားဆိုတော့ ပြတိုက်မှာသွားထားဖို့ကျတော့လည်း မျက်နှာလွှဲခဲပစ်ဆိုသလိုဖြစ်နေမလားလို့ စဉ်းစားမိပြန်တယ်"

"အင်း - ဒါလည်းဟုတ်တာပဲ။ ဒါပေမယ့် ခင်ဗျားအပြောနဲ့ကို ပေါက်ဈေးနဲ့တွက်ရင်ပဲတန်ဖိုးကမနည်းဘူး။ မသမာသူဆိုတာ မပြောနိုင်ဘူးလေ။ သေသေချာချာ လုံခြုံရေးတွေဘာတွေချထားမှ"

"ဟုတ်ကဲ့ - ဆရာ၊ သံပန်းတံခါးအဆင့်ဆင့်တပ်ထားပြီး နေ့ရောညရော အစောင့်တော့ရှိနေတာပဲ"

"ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် မောင်းတောက မြို့ငယ်တယ်။ အရေးရယ်အကြောင်းရယ်ဆိုရင် ခက်မယ်။ အင်းလေ-စဉ်းစားဦးပေါ့။ ဘုရားက ကြေးဘုရားဆိုရင် အကောင်းသား။ အခုဟာက ရွှေဘုရားကြီးဖြစ်နေတော့ အများကြီးစဉ်းစားရမယ်"

စကားကို ထိုမျှနှင့်ဖြတ်လိုက်ကြပြီး ဦးအဘုရှည်တို့လူသိုက်ကို ကျွန်တော် မောင်တောဘုန်းကြီးကျောင်းသို့ လိုက်ပို့ရင်း ရွှေဘုရားကို ဖူးမြော်ခဲ့ပါသည်။ ဓမ္မာရုံအတွင်းတွင် လူလေးငါးဆယ်ခန့် စုရုံးရောက်ရှိနေပြီး ဘုရားဖူးရန် စောင့်ဆိုင်းနေကြသည်ကို တွေ့ရပါသည်။ ဇာဘုရားဖူးများဖြစ်ပုံရပါသည်။

ဘုရားမှာ ဓမ္မာရုံ၏ထိပ် ဘုရားကျောင်းဆောင်တွင် ကတ္တီပါအုပ်ထားသော စားပွဲကြီးတစ်လုံးပေါ်၌ စံမြန်းနေပါသည်။ ကျွန်တော်မှာ အထူးဧည့်သည်ဖြစ်သဖြင့် ဘုရားခန်းထဲအထိ လိုက်ပြီးကြည့်ခွင့်ရပါသည်။ ဘုရားနှင့်အရုပ်များကို မှန်အုပ်ဆောင်းနှင့်အုပ်ထားရာမှ ဖွင့်ပြသည်။

ဘုရား၏မျက်နှာတော်မှာ ကုလားဆင်ဖြစ်ပါသည်။ သင်္ကန်းကို သေသပ်စွာရုံထားပြီး လက်ဝဲဘက်လက်တော်ဆန့်တန်းနေပါသည်။ လက်ထဲတွင် ဦးအဘုရှည်ပြောသကဲ့သို့ အလုံးကလေးတစ်လုံးရှိနေပြီး ရှေ့နားတွင်ထိုင်နေသော ရဟန်းတော်တစ်ပါးအား စွန့်ကြနေပုံ လက်တော်က ဆန့်တန်းနေသည်။ အလွန်လက်ရာမြောက်သော ရုပ်တုများဖြစ်ပါသည်။ ထိုရှေ့ကရဟန်း၏ဘေးတွင် အခြားရဟန်းနှစ်ပါးစီ ဝန်းရံထိုင်နေပြီး လက်အုပ်ချီထားပါသည်။ ရဟန်းများ၏ဘေးနှစ်ဖက်တွင် ရှေးဟောင်းရခိုင်အမျိုးသားဝတ်စုံဖြင့် ဒူးတုပ်ထိုင်ကာ ပူဇော်နေသော အရုပ်ကလေးများလည်း ရှိနေပါသည်။ သူတို့၏ဝတ်စားပုံမှာ တမူထူးခြားနေပြီး မြောက်ဦးခေတ်ဝတ်စုံပင်ထင်ရသည်။ ဦးခေါင်းတွင် ဆံထုံးထုံးထားပြီး ထိုင်မသိမ်းအင်္ကျီဝတ်ကာ ရင်စည်းများစည်းထားသည်။ လက်ထဲတွင်လည်း ကြာပန်းများကိုင်ထားသည်မှာ အနုစိတ်ပြီး သဘာဝကျကာ လှပနေပါသည်။

ဘုရားဆင်းတုတော်နှင့် ရဟန်းတော်များကိုဖိတ်ဖိတ်တောက်နေအောင် ပွတ်တိုက်ထားသည်၊ အထူးသဖြင့် ဘုရားကို ရွှေရောင်တင်ထားရာ နဂိုရွှေက ကောင်းလွန်းသောကြောင့် အိနေသည်ဟုပင်ထင်ရပါသည်။ ဆလိုက်မီးများပါဆင်လိုက်ရလျှင် အလွန်ကြည့်ကောင်းမည်ဟု တွေးမိသည်။ မောင်တောဘုန်းကြီးကျောင်းဝင်းမှာ ကျဉ်းနေသောကြောင့် ရွှေဘုရားကြီးမှာ မင်းပူဇော်သောဘုရားဖြစ်သည်ဆိုပါလျှင် သည်နေရာနှင့် မလျော်ကန်ပေ။သို့သော် ဦး အဘုရှည်ကိုယ်တိုင် ရေထဲရှံ့ထဲနေပူစပ်ခါးဆင်းကာဆယ်ယူမှရခြင်းဖြစ်သောကြောင့် သူ့ကိုလျစ်လျူရှုပြီးနေရာရွှေ့မည်ဆိုလျှင်လည်း တရားနည်းလမ်းကျမည်မဟုတ်ဟု တွေးမိပြန်သည်။

"အင်းလေ - ခေတ်တန်ဖိုးနဲ့တွက်မယ်ဆိုရင် မနည်းဘူးတန်ဖိုးရှိတယ်။ ခင်ဗျားတို့လူအင်အားနဲ့ လုံခြုံရေးပေးထားတာနဲ့တော့ မလုံလောက်ဘူးထင်တယ်။ စဉ်းစားကြပေါ့"

ဟူ၍သာပြောပြီး ပြန်ခဲ့ပါတော့သည်။

သို့သော် ကျွန်တော်ရန်ကုန်ပြန်လည်ပြောင်းရွှေ့ပြီးမကြာမီတွင် ရွှေသားဘုရားဆင်းတုတော်ကြီးမှာ စစ်တွေမြို့ရှိ အတုလမာန်အောင်ဘုရားကြီးသို့ပြောင်းရွှေ့စံမြန်းတော်မူနေကြောင်း ကြားသိရပါသည်။ အတုလမာန်အောင်ဘုရားမှာ စစ်တွေမြို့တွင် အကြီးကျယ်ဆုံးဘုရားကြီးဖြစ်ပြီး လုံခြုံရေးလည်း အပြည့်ရှိကာ ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားကဲ့သို့ သမိုင်းစဉ်လာ ကြီးမားလေသောဘုရားဖြစ်ရာ ဦးအဘုရှည်၏ရွှေသားဘုရားဂုဏ်အင်နှင့်လိုက်လျောညီထွေရှိပေသည်။ ဘုရား၏တန်ဖိုးနှင့် ရှေးဟောင်းသမိုင်းဝင်နန်းဘုရားဟူသောဂုဏ်သိက္ခာတို့ကြောင့် ထိုက်တန်ဖိသာနေရာတွင် စံမြန်းခွင့်ရသွားသည်မှာ သင့်မြတ်ပါပေသည်ဟု စဉ်းစားမိပြီး စီစဉ်သူများနှင့် ဦးအဘုရှည်တို့ကို ရည်မှန်း၍ သာဓုအကြိမ်ကြိမ်ခေါ်မိပါတော့သည်။

မဟေသွှို

www.burmeseclassic.com

ဘုန်းခေါင်

# နာမ်ကိန်း၊ ဓာတ်ကိန်း၊ သူတို့အတွေး

■ **နိဒါန်းစကား**

လောကီနယ်ပယ်တွင် လူသားများတို့သည် ဩဇာအာဏာကြီးထွားရေး၊ တန်ခိုးသိဒ္ဓိပြည့်စုံရေး စသည် အဓိက အကြောင်းများစွာတို့ကို ရှာဖွေကြလေသည်။

ကျွန်ုပ်သည် လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကျော်လောက်က ဝိဇ္ဇာရေဂမ္ဘီရပညာကို အထူးတလည်ရှာဖွေကျိုးကုတ်နေစဉ်က ဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေတစ်ဦး၏ အကူအညီပေးမှုဖြင့် လွန်စွာ ရှားပါးလှသော ပေတစ်ဆူကို ရက်ကန့်သန့်ချက်ဖြင့် လေ့လာခွင့်ရခဲ့ပါသည်။

ထိုပေထုပ်တွင် (၃၂) အင်္ဂါပါဝင်လေသည်။ နှစ်ကာလအားဖြင့် ယနေ့အခါနှင့်ဆိုလျှင် နှစ်ပေါင်း (၁၀၀၀) ကျော်မည် ဖြစ်ပါသည်။ လွန်စွာ သိသင့်သော အကြောင်းများစွာတို့ ပါဝင်ပါသည်။

ဝိဇ္ဇာရေဂမ္ဘီရပညာနယ်ပယ်အနေဖြင့် ဂိုဏ်းစင်အဖွဲ့ပေါင်း (၄၈) ဂိုဏ်းတို့ ရှိကြောင်း ထိုပေမူတွင်ပါရှိနေပါသည်။ ထိုပေကိုပြုစုသူ ပုဂ္ဂိုလ်ဆရာသခင်သည် သူတော်စင်လား၊ သူတော်လား၊ လူပညာရှိလားဆိုသည်ကို မသိခဲ့ရပါ။ အဘယ်ကြောင့်ဆိုသော် ပညာရှင်၏ အမည်နာမနှင့် ခုနှစ်၊ လ၊ ရက်တို့ကို မတွေ့ရတော့ပါ။

(စာရေးသူ)

ဝိဇ္ဇာရေဂမ္ဘီရပညာနယ်တွင် အထင်အရှားရှိခဲ့သော ဂိုဏ်းစင်ကြီး (၄၈)ဂိုဏ်းတို့ အောက်ပါအတိုင်း ဖော်ပြထားခဲ့ပါသည်။

■ **ဂိုဏ်းစင်များ**

ဂိုဏ်းစင်ပေါင်း (၄၀)ကျော်အပြင် အသီးအခြားသတ်သတ်အနေဖြင့် ဘုရားဂိုဏ်း၊ ကုက္ကုသျှဂိုဏ်းနောက်ဂိုဏ်းစုများ နှစ်ကျိပ်ဟု ဆိုထားလေသည်။

**က။ အထက်ဂိုဏ်း**

၁။ ရှစ်ဆူပဋ္ဌာန်းဂိုဏ်း
၂။ ပဋ္ဌာန်းဂိုဏ်း
၃။ စတုတ္ထဂိုဏ်းရင်း
၄။ ပဋ္ဌာန်းဂိုဏ်း
၅။ အဌမဂိုဏ်း
၆။ စန္ဒာမဏိကဂိုဏ်း
၇။ စတုတ္ထဂိုဏ်းသစ်
၈။ ပရဟိတဂိုဏ်း
၉။ အတ္တဟိတဂိုဏ်း
၁၀။ ဗျည်းစမဂိုဏ်း
၁၁။ မူလဝံသပဋ္ဌာန်းဂိုဏ်း
၁၂။ အဂ္ဂဝံသပဋ္ဌာန်းဂိုဏ်း
၁၃။ မဇ္ဈိမဝံသပဋ္ဌာန်းဂိုဏ်း
၁၄။ မဟာဝံသပဋ္ဌာန်းဂိုဏ်း

၎င်း (၁၄)ပါးသော ဂိုဏ်းပညာစုတို့သည် အထက်ဆရာကြီးများ၊ နှစ်ကျိပ်ရှစ်ဆူဂိုဏ်းဟု ဆရာမြတ်တို့ခေါ်ဝေါ်ကြကုန်၏။ ထိုဂိုဏ်းတို့ကို အထက်နတ်မင်းကြီးများပေးသောဂိုဏ်းဖြစ်၍ အဋ္ဌာရသ (၁၈) ရပ်မှ လွတ်သောကြောင့် အထက်ဂိုဏ်းကြီးတွေဟု ခေါ်ကြကုန်၏။

**ခ။ အလယ်အလတ်ဂိုဏ်း**

၁။ ဘုရား(၅)ဆူဂိုဏ်း
၂။ ဂုဏ်ထူးဂိုဏ်း
၃။ နဝမံဂိုဏ်း
၄။ ဗုဒ္ဓဂိုရဂိုဏ်း
၅။ အထင်္ဂိုရဂိုဏ်း
၆။ အာဒိကပ္ပစမဂိုဏ်း
၇။ ဝိဇ္ဇာမယိန္ဒိဂိုဏ်း
၈။ မဟောသဓိဂိုဏ်း
၉။ ပထမံလက္ခဏာမေတ္တာဂိုဏ်း
၁၀။ ပဋ္ဌာန်းဂိုဏ်း

၎င်း (၁၀) ပါးသော ဂိုဏ်းသည် မင်္ဂလာဖြစ်သော ကုသိုလ်၊ အကုသိုလ်၊ မိဿကအကျိုးကို ပေးစေတတ်သောပညာစုတည်း။ ထိုဂိုဏ်းပညာစုတို့သည် အထက်မကျ၊ အောက်မကျ အလယ်အလတ်ဂိုဏ်းဟု ခေါ်ကြကုန်၏။

**ဂ။ အခြားသောဂိုဏ်းများ**

၁။ အင်္ဂုတ္တိုရ်ဂိုဏ်း
၂။ အဝင်းသရဖူဂိုဏ်း
၃။ ဆေးသရဖူဂိုဏ်း
၄။ ဂါထာသရဖူဂိုဏ်း
၅။ မန္တသရဖူဂိုဏ်း
၆။ ဘိုးသူတော်ဂိုဏ်း
၇။ သပွတ်ကြီးဂိုဏ်း
၈။ ဝင်းဂိုဏ်း
၉။ ဖခင်ကြီးဂိုဏ်း
၁၀။ ဗောဓိမဏ္ဍိုင်ဂိုဏ်း
၁၁။ ယက္ခန်းတောင်ဂိုဏ်း
၁၂။ (၃၇)မင်းဂိုဏ်း
၁၃။ ဝိဇ္ဇာလေးပါးဂိုဏ်း
၁၄။ ပုဏ္ဏကဂိုဏ်း
၁၅။ အာဋာဝကဂိုဏ်း
၁၆။ နတ်ကြီးငါးပါးဂိုဏ်း
၁၇။ ဒေဝီဂိုဏ်း
၁၈။ သူရဿတီဂိုဏ်း
၁၉။ တကျိပ်နှစ်ပါးဂိုဏ်း
၂၀။ အာဘူသရဂိုဏ်း
၂၁။ မနောစိတ္တဂိုဏ်း
၂၂။ ကဝေသာရဂိုဏ်း
၂၃။ ကတော် (၄) ပါးဂိုဏ်း
၂၄။ တစ္ဆေစုဂိုဏ်း

၎င်း (၂၄)ပါးသောဂိုဏ်းစုတို့သည် နိရိယဂတိစိတ်ကို ပေးစေတတ်သော ဂိုဏ်းစုတည်း။ ရှောင်ကြလေ ငရဲကျတတ်သည်။ ဂိုဏ်းသွင်းမည်ကြံလျှင် (၎င်းဂိုဏ်း) ဘယ်ဂိုဏ်း ဘယ်နေရာနေသည် သေချာစွာ ဆရာကြီးတို့ထံ နည်းစုံမေးမြန်း၍ အခမ်းခမ်းထောက်ရှုသေချာ၊ တဖြာထိုနောက် ဂိုဏ်းအောက်၊ ဂိုဏ်းထက်၊ မပျက်စဉ်လာသိကာ . . . ဟု ဖော်ပြ ရေးသားထားခဲ့သည်ကို တွေ့ရှိမှတ်သားခဲ့ရခြင်း ဖြစ်ပါသည်။

(ကျွန်ုပ်သည် အထက်တွင်ဖော်ပြထားခဲ့သော ဂိုဏ်းစင်များပါဝင်သည့် ဂိုဏ်းစင်များ၏အမည်နာမများ စာလုံးပေါင်းတို့ကို မူလပေမူတွင်ပါရှိသည့်အတိုင်း မှတ်တမ်းတင်ထားရှိသည့်အတိုင်း (မူလအတိုင်း) ရေးသားဖော်ပြထားခြင်း ဖြစ်ပါသည်။)

စာချစ်သူမိတ်ဆွေများအနေဖြင့် သုတအလို့ငှာ ကျွန်ုပ်ကို လွန်ခဲ့သောနှစ်ပေါင်း (၄၀) ကျော်ကာလက မိတ်ဆွေတစ်ယောက်မှပေးခဲ့သည့် (၁၂)ဖွဲ့သော ဆရာကြီးများစာရင်းကိုလည်း အောက်ပါဇယားတွင် ရေးသား ဖော်ပြပေးလိုက်ပါသည်။

■ **(၁၂)ဖွဲ့သောဆရာကြီးများ**

ထို (၁၂)ရပ်သော ဆရာကြီးများစာရင်းတွင် အပိုင်းအားဖြင့် (၄)ပိုင်းခွဲခြားထားရှိပါသည်။ ၎င်းစာရင်းအပြည့်အစုံကို အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

ဂိုဏ်းစုများ၊ လိုင်းအလိုက်အဖွဲ့အစည်းများတို့ကို ကျွန်ုပ်လေ့လာမှတ်သားခဲ့သည်များကို စာချစ်သူများ သုတရစေရန်အတွက် နိဒါန်းစကားအနေဖြင့် ဖော်ပြပြီး စကားနိဂုံးချုပ်လိုက်ပါသည်။

ပြီးခဲ့သော ၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်းရက်ထဲကဖြစ်ပါသည်။ ကျွန်ုပ်နှင့် တပည့်လိုတူသားလိုခင်မင်ရသော လူရွယ်တစ်ယောက် ကျွန်ုပ်ထံသို့ရောက်လာ



www.burmeseclassic.com1

www.burmeseclassic.com

| | | | |
|---|---|---|---|
| (က) | ၁။ | အခ်ိပဥ္ | ဆရာကြီး |
| | ၂။ | ပါမောက္ခ | ၇၀ |
| | ၃။ | ဝိဇ္ဇာချုပ် | ၉၀ |
| | ၄။ | ပထမံ | ၁၆၅ |
| | ၅။ | အဘပြုံး စသော ဆေးဝိဇ္ဇာ | ၁၆၀ |
| | ၆။ | အဘ‌ေ စသော မှော်ဝိဇ္ဇာ | ၈၂ |
| | ၇။ | ဘမင်းခေါင် စသော သိပ္ပဝိဇ္ဇာ | ၂၉၁ |
| | ၈။ | ဆံရှည်ဆရာတော် | ၉ |
| | ၉။ | ဝိဇ္ဇာမကြီး (ဝိဇ္ဇာမယ်) | ၈၀ |
| | ၁၀။ | ဒေဝကိန္နရာ (နတ်ဝိဇ္ဇာ) | ၁၃၁ |
| | ၁၁။ | ဘိုးသောကြာဝိဇ္ဇာများ | ၁၅၇ |
| | ၁၂။ | ဦးသူတော် စသော (သူတော်ဝိဇ္ဇာများ) | ၁၇၈ |
| (ခ) | | ဇော်ဂျီတပသီ | ကျား ၃၃ |
| | | ဇော်မေတပသီ | မ ၃၁၃ |
| (ဂ) | | *ဒေဝီ(ပိဋ္ဋကဒေဝီ ကြီးမှူးသော ဒေဝီများ) | ၄၀၀ ကျော် |
| (ဃ) | | *ပုဏ္ဏက၊ အာဠဝက၊ ဗိုလ်အောင်ခင်၊ ဗိုလ်ရန်‌ေ (ဂန္ဓဗ္ဗ-ဂုမ္ဘာ-နဂါး-နတ်ဘီလူး) | |
| | | *မယ်သီဝံ၊ ယင်းယင်လှ၊ မလှလေး၊ မနဲ့ကြီး၊ ဗရာဇီယာရွှေနဲ့၊ မရွှေနှဲ့လေး (ကတော်မေ ၅၀ ကျော်) | |

ခဲ့ပါသည်။

ထိုလူရွယ်မှာ ဘွဲ့ရတစ်ယောက်ဖြစ်ပါသည်။ ဝိဇ္ဇာဓရဂိုဏ်းပညာရပ်အပေါ် ခြေစုံပစ်ပြီး လုပ်ဆောင်နေသူလည်းဖြစ်ပါသည်။ ထိုလူငယ်သည် ဂန့်ဂေါမြို့နယ်အတွင်းမှာရှိသော မြင်းသားရွာတွင် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှစတင်ပြီး မိဖုရားစောမွန်လှနှင့်မောင်နှမများ တစ်နှစ်တာပြောင်းရွှေ့ပြီး ယောနယ်တွင် သီတင်းသုံးကြမည်ဖြစ်ကြောင်း အောင် (၄) အောင်၊ ခေါင်း (၄)ခေါင်းအပါအဝင် အကြီးအချုပ်အဖြစ် အင်းဝမင်းခေါင်မှ ကြီးကြပ်မှာဖြစ်ကြောင်းပြောပြပြီး လက်ကမ်းစာတစ်စောင်ကို ပေးပါသည်။

လက်ကမ်းစာစောင်ပါအကြောင်းအချက်မှာကို သီးခြားဖော်ပြပေးပါမည်။

ထိုမြင်းသားရွာတွင် စောမွန်လှ စာကြည့်တိုက်ဖွင့်လှစ်နိုင်ရန် အောက်ပါစာအုပ်များကို လှူဒါန်းလိုက်ကြောင်းကိုလည်း ပြောပြပါသည်။

စာကြည့်တိုက်အတွင်း လှူဒါန်းသည့် စာအုပ်စာရင်းမှ ရှားပါးသည့် စာအုပ်တချို့ကို ဖော်ပြလိုက်ပါသည်။

- ကုန်းဘောင်ရာဇဝင်ကြီး (ပ-ဒု-တ)
- ရာဇမိရာဇ်အရေးတော်ပုံကျမ်း
- ဒေါက်တာသန်းထွန်း၏ သုတေသနလက်စွဲကျမ်း၊ သေနင်္ဂဗျူဟာကျမ်း၊ ပုဂံသမိုင်း၊ ပျူတွေဘယ်ရောက်၊ ပလ္လင်တော် (၈) ခန်း
- ကျော်စွာ (၁၀၀)
- မိုးကျရွှေကို
- သမိုင်းထဲကဒီဇိုင်း
- ရခိုင်ရာဇဝင်
- နာဂရိုးရာမလေ့စာပေ
- သုခမှတ်စု
- ရွှေကိုမိမိကြီး
- ပါဒနိုင်ငံတော်
- မြန်မာ့စွယ်စုံကျမ်း
- မြန်မာစာသတ်ပုံ
- မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း
- (အရှင်ဇနကာဘိဝံသ(ဂန္ဓာရုံ) ကိုယ်ကျင့်အဘိဓမ္မာဒီပနီကျမ်းနိကာကျမ်း)
- စိန္တကျော်သူဦးဩ၏ ရွှေဘုံနိဒါန်း
- ပုဂံအဘိဓာန်
- နောင်ဘုရင်များ

စသည်တို့ ဖြစ်ပါသည်။

လက်ကမ်းစာစောင်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ (ဝါသနာများအတွက် ရေးသားဖော်ပြပေးလိုက်ပါသည်)

■ **အောင် (၄) အောင်**

၁။ ပထမံဘိုးဘိုးအောင်
၂။ ရသေ့ဦးအောင် (တောမှီရသေ့)
၃။ ဦးအောင်(စစ်ကိုင်းမင်းဆက်)
၄။ ပြည်ဦးအောင်

■ **ခေါင် (၄) ခေါင်**

၁။ အင်းဝမင်းခေါင်(ဘိုးမင်းခေါင်)
၂။ ဓမ္မစေတီမင်းခေါင်
၃။ တိမ်ကြားမင်းခေါင် (ရဟန်းဝတ်)
၄။ အောင်မင်းခေါင်

■ **လှူဒါန်းရန်**

ရေချမ်း၊ အမွှေးတိုင်၊ သစ်သီး (ဩဇာသီး၊ မာလကာသီး၊ သရက်သီး) ပန်း-(၃) မျိုးတို့ ဖြစ်ပါသည်။

■ **မိဖုရားစောမွန်လှနှင့်မောင်ညီမများ**

စောအောင်၊ အစ်မတော်စောမွန်လှ (မိဖုရားစောမွန်လှ)၊ စောကေသီ၊ စောနန်းဒေဝီ၊ ပါရမီရှင်ရှမ်းမောင်နှမ (၄) ဦး (သိုက်၊ ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်၊ နိပါတ်ပါရမီရှင်)

■ **လှူဒါန်းရန်**

စောအောင်(ရေနွေးကြမ်း)၊ အစ်မတော်များ (ဇွန်ပွင့်၊ စံပယ်ပွင့်၊ နှင်းဆီ (ဖြူ+ဝါ) တို့ ဖြစ်ပါသည်။

လက်ကမ်းစာစောင်ကိုပေးပြီးသည်နှင့် ဓာတ်လိုင်းမှပုဂ္ဂိုလ်များ၊ ပါရမီဖြည့်ဖက်များ နေရာဌာနခေတ္တပြောင်းရွှေ့နေစဉ် သွားရောက်၍ပြုဖွယ်များကို ဆောင်ရွက်နိုင်ရန်အတွက် မေတ္တာရည်ရွယ်ကူညီပေးခြင်းဖြစ်ကြောင်းနှင့် အဘမှ စာရေးသားပေးရန် မေတ္တာရပ်ခံပါတော့သည်။

ဤစာစု၏ ပထမဆုံးအနေဖြင့် စကားနိဒါန်း၊ စာနိဒါန်းအနေဖြင့် စာချစ်သူမိတ်ဆွေများအတွက် သုတရစေရန် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

လူလောကနယ်ပယ်တွင် ယုံကြည်မှုအနေဖြင့် ကွဲပြားခြားနားမှုများရှိနေပါသည်။ ထေရဝါဒဗုဒ္ဓဘာသာတွင် ကမ္မဋ္ဌာန်း (၄၀)၊ တော (၄၀)ရှိသည်ကို မိမိတို့၏ စရိုက် (၆) ပါးမှ ကိုက်ညီသော အကျင့်စရဏကိုကျင့်ကြခြင်း။

လောကီရေးသက်သက်ဖြစ်သော အထက်ဂိုဏ်းများကိုယုံကြည်ပြီး ဆောင်ရွက်ကြခြင်း။ တချို့ကဆိုလျှင် နတ်ဒေဝတာများကိုပင်ကိုးကွယ်ခြင်းဖြစ်ပါသည်။

ကျွန်ုပ်အနေဖြင့် စာချစ်သူမိတ်ဆွေများသုတရစေရန်နှင့် မိမိဆောင်ရွက်လိုသောကိစ္စများအတွက် အမှား၊ အမှန် ချင့်ချိန်ခြင်းဖြင့် ဘဝအတွက်အမှားမရှိဘဲ လမ်းမှန်နည်းမှန်ကို ဆောင်ရွက်နိုင်ကြစေရန် ဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

အခန့်သင့်၍ သိဒ္ဓိရာဇာဆရာအောင်၏ အဆိုအမိန့်တစ်ခုကို သတိတရဖြစ်ခဲ့သည်။

'လူတစ်ယောက်၊ ကိစ္စတစ်ခု အကြောင်းကို၊ စေ့စေ့ငုငု၊ ထဲထဲဝင်ဝင် မသိဘဲနှင့်၊ ဝေဖန်ခြင်းပြုလုပ်သူသည် လူသတ်သမားထက် ရိုင်း၏ မိုက်၏'

စာချစ်သူ မိတ်ဆွေတို့အနေဖြင့် သေချာဂနစွာဖြင့် လေ့လာပြီး အမှန်ကို ကျင့်ကြံဆောင်ရွက်နိုင်ကြပါစေ။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*

ဘုန်းခေါင်

**ကိုးကား** -

- ရှေးဟောင်းပေမူ
- သိဒ္ဓိရာဇာဆရာအောင်၏ အဆိုအမိန့်များမှတ်ရေးမှု




www.burmeseclassic.com1

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွက်
# စီးပွားရေးဗေဒင်ဟောကိန်း

မင်းရှိန်အောင်




၁-၁၁-၂၀၁၇ နေ့ဇာတာခွင်

၁၁-၁၁-၂၀၁၇ နေ့ဇာတာခွင်

၂၁-၁၁-၂၀၁၇ နေ့ဇာတာခွင်

ပထမဆယ်ရက်တာကာလတွင် ရွှေဈေးကွက်ထိုင်းမှိုင်းလာမည်။ငွေကြေးဈေးကွက် နွေးကွေးလာမည်။ ကျောက်မျက်ဈေးကွက် လှုပ်ခတ်မှုများပြီး အမြင့်ဈေးနှင့်ငြိတတ်မည်။ စတော့ရှယ်ယာဈေးကွက်ပုံမှန်ဖြစ်နေမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဆေးကွက်ငြိမ်သက်လာမည်။ ဖက်ရှင်နှင့်အလှအပဆိုင်ရာ၊ အနုပညာ၊ဟိုတယ်နှင့်ခရီး၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ရောင်းဝယ်ရေး၊ ဈေးကွက်ဈေးကောင်းမီလာမည်။ ဖုန်းနှင့်ဆက်သွယ်ရေး၊ မီဒီယာနှင့်စာနယ်ဇင်း၊ ဈေးကွက်လေးလံလာမည်။ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက်မြောက်တက်တတ်သော်လည်း အိမ်ခြံမြေဈေးကွက်ပုံမှန်ပဲရှိနေပါမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ရေဒီယိုဆိုင်ရာ၊ ကုန်မာနှင့်စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ ကျရိပ်ထက်တက်ရိပ်အားကောင်းနေမည်။ ရေလုပ်ငန်း၊ စိုက်ပျိုးမွေးမြူလုပ်ငန်းဈေးကွက်မကောင်းနိုင်။

ဒုတိယဆယ်ရက်ခန့်လောက်တွင် ရွှေဈေးကွက်တက်ရိပ်ကျရိပ်တို့နွေးကွေးနေဦးမည်။ ငွေကြေးဈေးကွက်မတည်ငြိမ်။ ကျဈေးမိတတ်မည်။ ကျောက်မျက်ဈေးကွက်မြောက်တက်မည်။ စတော့ရှယ်ယာဈေးကွက်နွေးကွေးနေမည်။သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဈေးကွက်ငြိမ်သက်နေမည်။ ဖုန်းနှင့်ဆက်သွယ်ရေး၊ စာနယ်ဇင်းနှင့် မီဒီယာဈေးကွက်ငြိမ်သက်သော်လည်း မြင့်တက်တတ်မည်။ အလှအပနှင့် ဖက်ရှင်ဆိုင်ရာ၊ အနုပညာ၊ ဟိုတယ်ခရီး၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ရောင်းဝယ်ရေး အမြင့်ဈေးမျှော်၍ရသည်။ လျှပ်စစ် အီလက်ထရွန်နစ် ရေဒီယိုပစ္စည်း၊ စက်နှင့်ကုန်မာဆောက်လုပ်ရေးပစ္စည်းများ ဈေးကွက်တို့လှုပ်ခတ်မှုများသော်လည်း တက်ဈေးကြီးမည်။ စိုက်ပျိုးမွေးမြူဈေးကွက်သိပ်မကောင်းသော်လည်း ရေလုပ်ငန်းဈေးကွက် ဈေးမျှော်၍ရမည်။ ဆောက်လုပ်ရေးလုပ်ငန်းများဈေးကွက်မြင့်တက်လာပါသော်လည်း အိမ်ခြံမြေဈေးကွက် မျှော်လင့်သလိုဖြစ်မလာနိုင်သေး။

တတိယဆယ်ရက်တာကာလတွင် ရွှေဈေးကွက်ထုံထိုင်းနေဦးမည်။ငွေကြေးဈေးကွက်အေးစက်နေမည်။ကျောက်မျက်ဈေးကွက်နွေးကွေးနေမည်။ စတော့ရှယ်ယာဈေးကွက် မျှော်လင့်ချက်မကောင်းပေ။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်း ငြိမ်သက်နေမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ ရေဒီယိုဆိုင်ရာဈေးကွက်လှုပ်ခတ်သလို စက်နှင့်ကုန်မာ၊ ဆောက်လုပ်ရေးပစ္စည်းများ တက်ဈေးမိတတ်မည်။ ဆောက်လုပ်ရေးလုပ်ငန်းကောင်းသော်လည်း အိမ်ခြံမြေဈေးကွက် ပုံမှန်ရှိနေမည်။ ဖုန်းနှင့်ဆက်သွယ်ရေး၊ မီဒီယာနှင့် စာနယ်ဇင်းဈေးကွက်တက်ဈေးမျှော်နိုင်မည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာ၊ ဟိုတယ်ခရီး၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်စက်ရောင်းဝယ်ရေးဈေးကွက်ထိုင်းမှိုင်းနေမည်။ ရေလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဈေးကွက် မကောင်းပါ။

မင်းရှိန်အောင်



www.burmeseclassic.com1

www.burmeseclassic.com



# ရောမြေကျော်ဝေ ရွှေတောင်းသံသာသည့် ချောသူတို့ရွာ

ကျွန်တော့်နာမည်မှာ တင်မြင့်မောင် ဖြစ်ပါသည်။ ကျွန်တော်သည် ယခု နေထိုင်သောမြို့ကလေးတွင် အစိုးရဝန်ထမ်းဘဝဖြင့် အသက်မွေးဝမ်းသမှုပြုသူ လူပျိုလူလွတ်တစ်ယောက်ဖြစ်ပါသည်။

ဤသူရဋ္ဌမဂ္ဂဇင်းစာဖတ်ပရိသတ်ကြီးက -

"ကိုတင်မြင့်မောင်၊ ခင်ဗျား လူပျိုကြီးဘဝနဲ့အရိုးထုတ်မှာမို့လို့ ကြေညာနေတာလား။ ခင်ဗျား ဘာကြောင့် မိန်းမမယူတာလဲ"

ဟု အကယ်၍များမေးမြန်းခဲ့သည်ရှိသော် ကျွန်တော်၏ငယ်ဘဝကဇာတ်လမ်းလေးကို မှတ်တမ်းတင်ပြီးပြောပြပါမည်။ တစ်ချိန်က ကျွန်တော်နေခဲ့သော တောရွာလေးကအစပြု၍ပြောရပါမည်။ ကျွန်တော်တို့နေသော တောရွာလေး၏ အမည်မှာ သရက်ချောင်းရွာလေးပါ။ သရက်ချောင်းရွာဟု ခေါ်ဆိုရခြင်းမှာ ရွာ၏အရှေ့ဘက်တွင် ပေ(၆၀)လောက်ကျယ်ဝန်းသော ချောင်းကလေးရှိသဖြင့် ရွာတွင် ကမ်းပါးအနီးတွင် သရက်ပင်များတန်းစီပြီးစိုက်ထားခြင်းဖြင့် ၎င်းသရက်ပင်နှင့် ချောင်းကိုအစွဲပြု၍ သရက်ပင်ချောင်းရွာဟုခေါ်ဆိုပါသည်။ ချောင်း၏တစ်ဖက်ကမ်းတွင် မြင်သာရွာကလေးရှိပါသည်။ မြင်သာရွာသည် ရက်ကန်းသံတညံညံဖြင့် အလွန်သာယာပါသည်။ ကျွန်တော်တို့သည် တောင်သူလယ်သမားမျိုးရိုးများဖြစ်ကြသဖြင့် စပါးစိုက်သည့်လယ်အလုပ်ကို မိုးနှင့်နွေပါ တစ်နှစ်လျှင် နှစ်သီးစားလုပ်ကြရပါသည်။ မိခင်နှင့် ဖခင်တို့က ငယ်စဉ်ကတည်းကဆုံးသွားကြသဖြင့် ကျွန်တော့်ကို ဦးကြီး၊ ဒေါ်လေးတို့ကမွေးရပါသည်။ တစ်ကောင်ကြွက်တစ်မျက်နှာဆိုသော်လည်း ဦးကြီးနှင့်ဒေါ်လေးက သားအရင်းနှင့်မခြားချစ်ကြပါသည်။ ကျွန်တော်အရွယ်ရောက်သော်လည်း လယ်အလုပ်ကိုမလုပ်ရပါ။ မြို့တွင် အထက်တန်းပညာအောင်သည်အထိ ကျောင်းထားပေးပါသည်။ ဆယ်တန်းအောင်သည့်နှစ်တွင် မြင်သာရွာမှာ ဘုရားပွဲကျင်းပပါသည်။ ကျွန်တော်တို့တွင် လောင်းလှေတစ်စီးရှိပါသည်။ မြင်သာရွာနှင့် သရက်ချောင်းကိုကူးသည့် ကူးတို့လှေလေးပါ။ သရက်ချောင်းရွာတွင် တစ်အိမ်လျှင် လောင်းလှေတစ်စီးစီတော့ရှိကြပါသည်။အကြီးအသေးသာ ကွာပါသည်။ မြင်သာရွာဘုရားပွဲတွင် ပထမည ရုပ်သေး၊ ဒုတိယညတွင် ပိတ်ကားထောင်ရုပ်ရှင်၊ တတိယညတွင် ရန်ကုန်အငြိမ့်တို့ဖြင့် သုံးရက်ကျင်းပမည်ဟုသိရပါသည်။ ပျော်ပွဲရွှင်ပွဲအတွက် ဦးကြီးနှင့် ဒေါ်လေးတို့က သွားခွင့်ပြုပြီး မုန့်ဖိုးများလည်းပေးပါသည်။ ဦးလေးမျိုးသစ်သိန်းနှင့် ဒေါ်လေးတင်နွဲ့မာတို့က မောင်နှမအရင်းအပျိုကြီးလူပျိုကြီးတွေပါ။ အမေ့မောင်နှင့်ညီမတွေပါ။ ကျွန်တော့်ကို သူတို့က နာမည်တောင်မခေါ်ကြဘဲ သားဟုခေါ်ကြပါသည်။

ဒေါ်လေးက -

"သား၊ မင်းဟိုဘက်ကမ်းကိုသွားရင် မင်းသူငယ်ချင်းသက်ညွန့်စိုးတို့အိမ်မှာတည်းမှာမဟုတ်လား။ မင်းနဲ့သိအစ်ကိုတော်တဲ့ မျိုးမြတ်ဟိန်းတို့အိမ်မှာလည်းတည်းလို့ရပါတယ်။ ဘုရားပွဲပြီးတော့ပြန်လာပေါ့"

"ကျွန်တော် သက်ညွန့်စိုးကိုပြောပြီးပြီ။ ဒေါ်လေး သားအတွက် စိတ်ပူ



www.burmeseclassic.com

www.burmeseclassic.com



သားဘယ်သူနဲ့မှရန်ငြိုးရန်စမရှိပါဘူး။ ငြင်းစားလည်းမရှိပါဘူး”

ဦးလေးဖြစ်သူက -

“သား၊ ဦးလေးတစ်ခုမှာချင်တယ်။ ဆိုဘက်ရွာက အရက်သမားကျော်စိန်နဲ့ မြင့်အောင်ကိုတော့ ရှောင်နော်။ ငါ့သား လူပေါင်းမမှားစေနဲ့။ သူငယ်ချင်းတွေနဲ့ အပျော်အပါး၊ လောင်းကစား၊ အရက် သေစာကိုတော့ ရှောင်ပါကွာ”

တင်မြင့်မောင်သည် ဦးလေးဖြစ်သူ ဦးမျိုးသစ်သိန်းက လူပေါင်းမမှားဖို့ မှာသည်ကိုနာခံပြီး -

“ဟုတ်ကဲ့ ဦးလေး။ သားကို စိတ်ချပါ ဦးလေးနဲ့ဒေါ်လေး သားအတွက် စိတ်ဆင်းရဲစေရပါဘူး။ သားကတိပေး



၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ အတွဲ(၁၇)

www.burmeseclassic.com1

www.burmeseclassic.com

ပါတယ်"

ဟု ပြောပြီး ဦးလေးနှင့်ဒေါ်လေးကို ကန်တော့ကာ နွားတင်းကုပ်အတွင်းတွင်ထောင်ထားသော လှော်တက်ကိုယူပြီး အဝတ်အထည်နှစ်စုံစာကို လွယ်အိတ်ထဲသို့ထည့်ပြီးလွယ်လျက် လှော်တက်ကိုထမ်းပြီး လှေဆိပ်သို့ ထွက်ခွာသွားလေတော့သည်။ လှေဆိပ်တွင် ဘုရားပွဲသို့သွားမည့်လှေများက အစီအရီပျော်စရာပင်။ ရွာဘုရားပွဲဆိုတော့လည်း သရက်ပင်ချောင်းမှရွာသားများက ကိုယ့်လှေနှင့်ကိုယ်သွားကြသလို မြင်သာရွာမှ ကူးတို့လှေများကလည်း အခြားရွာမှဘုရားပွဲလာသူများအတွက် အခကြေးငွေဖြင့် ကူးတို့ပို့ပေးကြ၏။ တင်မြင့်မောင်သည် လှေပေါ်တွင် လှော်တက်ကိုတင်ပြီး လှေကိုချည်ထားသော ကြိုးကိုဖြုတ်ကာ လှေပေါ်သို့တက်မည်အပြုတွင် အမျိုးသမီးပျို(၃)ယောက်ထဲမှ အငယ်မဟုတ်ထင်ရသောမိန်းကလေးက လက်ခုပ်တီးပြီး-

"လှေဆရာမောင်ကြီး နေပါဦးရှင်၊ ကျွန်မတို့(၃)ယောက် ဟိုဘက်ကမ်းကိုလိုက်ချင်လို့ပါ။ကူးတို့ကူးခကျသလောက်ပေးပါ့မယ်ရှင်။ မထွက်ပါနှင့်ဦး"

ဟု ဆိုတော့ တင်မြင့်မောင်က အခကြေးငွေနှင့်ပို့ပေးသော ကူးတို့လှေများကိုကြည့်လိုက်တော့ လှေများအားလုံးပြည့်ပြီး လှေအလွတ်က သူ၏လှေတစ်စီးတည်းသာရှိသဖြင့် ထိုမိန်းမပျိုသုံးဦးကိုတင်ခဲ့ရလေတော့သည်။ ထိုမိန်းမလှလေးသုံးဦးထဲမှ အငယ်ဆုံးဖြစ်သူ ချောနုထွေးက သူမ၏အစ်မနှစ်ယောက်နှင့် လှေသမားကို မိတ်ဆက်ပေးသည်။

"လှေသမားမောင်ကြီး၊ ဟောဒီက အစိမ်းရောင်ဝမ်းဆက်နဲ့က မမကြီး နန်းထက်နွယ်၊ ဒီဘက်က အပြာနုရောင်ဝမ်းဆက်ပိုင်ရှင်က အစ်မလတ် နန်းယုသွယ် မှတ်ထားနော်"

လှေကိုလှော်နေသော တင်မြင့်မောင်က အငယ်မဖြစ်သူ ပန်းနုရောင်ဝမ်းဆက်နှင့်သူကို -

"ဟုတ်ပါပြီ - မကြီး၊ မလတ်တို့နာမည်တွေကိုတော့မှတ်မိပါပြီ။ ဒီက ပန်းနုရောင်ဝမ်းဆက်ပိုင်ရှင်ရဲ့အမည်ကိုလည်း ပြောဦးမှပေါ့"

ဟု ဆိုတော့ ချောနုထွေးက တင်မြင့်မောင်ကိုမျက်စောင်းခဲပြီး -

"ကျွန်မနာမည်ကို ဒီကမောင်ကြီးကသိပြီးနေပြီလို့ထင်ပါတယ်"

ဟု ဆိုသောအခါ တင်မြင့်မောင်က -

"ဘုရားပေးပေးကျမ်းပေးပေးပါဗျာ၊ တကယ်မသိလို့ မေးမိတာပါ"

ထိုမိန်းမလှလေးက -

"ကျွန်မဟိုရောက်တော့ပြောပြပါ့မယ်ရှင်၊ ဘုရားပွဲကစတော့မယ်။ လှေကိုမြန်မြန်လှော်ပါ"

ဟု ဆိုတော့ ထိုမိန်းကလေးစကားဆုံးသည်နှင့် လှေဆိပ်သို့ရောက်လေတော့သည်။ လှေဆိပ်တွင် လှေကိုသာကြိုးချည်ထားပြီး လာကြိုမည့်သူငယ်ချင်းကို ရှာကြည့်ပါသော်လည်း မတွေ့ရပါ။ မြိုင်သာရွာလှေဆိပ်ဟုတ်ပါသော်လည်း ဘုရားပွဲလာသူတို့ကိုမတွေ့ရပါ။ ထိုအချောအလှပိုင်ရှင် အမျိုးသမီးသုံးယောက်က တင်မြင့်မောင်၏ စိတ်ဂနာမငြိမ်ဖြစ်နေသည်ကိုသိကြပြီး အစ်မကြီးဖြစ်သူ နန်းထွက်နွယ်က -

"ဟဲ့ - ညီမငယ်၊ နင့်လူကြီးကို နင့်နာမည်ပြောပြလိုက်လေ။ တော်ကြာငါတို့ကိုအကြိုလာတဲ့လှည်းမလာခင်လေး မြန်မြန်ပြောပြလိုက်"

ဟု ဆိုတော့ -

"မောင်ကြီး၊ ကျွန်မကတိရှိတဲ့အတိုင်း ဒီကမောင်ကြီးကို ကျွန်မနာမည်ပြောပြပါ့မယ်။ ချောနုထွေးလို့မှတ်ထားပါ"

ဟု ဆိုတော့ တင်မြင့်မောင်က ဦးခေါင်းကိုကုတ်ပြီး -

"မဟုတ်ဘူးဗျ အဲဒီလို"

ဟုဆိုတော့ ချောနုထွေးက-

"ဟုတ်ပါတယ်ရှင်၊ ကျွန်မမောင်ကြီးကိုမညာပါဘူး။ မယုံရင် မမကြီးနဲ့ မမလတ်ကို မေးကြည့်ပါ"

ဟု ဆိုတော့ နန်းထက်နွယ်နှင့် နန်းယုသွယ်ကလည်း ဟုတ်မှန်ကြောင်း ပြောပြလေသောအခါ တင်မြင့်မောင်က -

"ကျွန်တော်လာတာ ဘုရားပွဲဗျ၊ ဒီမြင်သာရွာမှာ ကျွန်တော့်သူငယ်ချင်းတွေနဲ့ ညီအစ်ကိုဝမ်းကွဲတွေရှိတယ်ဗျ။ ဘုရားပွဲဆိုတာ ဆိုင်းသံဗုံသံတွေကြားရမယ်။ ယခုတော့ ဘာမှမကြားရတဲ့အပြင် လူဆိုလို့ ခင်ဗျားတို့ညီအစ်မသုံးယောက်ပဲတွေ့တယ်"

ဟု ဆိုသောအခါ အကြီးမ နန်းထက်နွယ်က -

"ကိုတင်မြင့်မောင်၊ ကျွန်မတို့ကိုလာကြိုမယ့်လှည်း မကြာခင်ရောက်လာတော့မှာပါ။ ကျွန်မတို့ရွာကို အလည်လိုက်ခဲ့ပါလား။ကျွန်မတို့ရွာက ပျော်စရာအလွန်ကောင်းတယ်ရှင့်။ ကျွန်မတို့ညီအစ်မတွေက ရက်ကန်းခတ်တတ်တယ်၊ မြင်သာရွာက တင်ပျဉ်ခွေဗုဒ္ဓရုပ်ပွားတော်ကြီးအတွက် မသိုးသင်္ကန်းရက်ပြီး လှူရဦးမယ်လေ။ ဘုရားပွဲကို ရှင်နောက်ဆုံးညမှာ ရန်ကုန်အငြိမ့်ကြည့်ပြီး ရှင့်ဦးလေးတွေအဒေါ်တွေစိတ်မပူရအောင် ကျွန်မတို့ ရှင့်ရွာကိုအရောက်ပို့ပေးမှာပါ။ ဒီမှာယောင်လည်လည်နဲ့ရှင်တစ်ယောက်တည်းဖြစ်နေမယ့်အစား ကျွန်မတို့နဲ့အတူလိုက်ခဲ့ပါ။ ကျွန်မတို့နေတဲ့ရွာရောက်ရင်ရှင်ပျော်သွားမှာပါ"

တင်မြင့်မောင် စဉ်းစားရချေပြီ၊ ဘယ်လိုကနေဘယ်လို မျက်စိလည်နေပါလိမ့်။ ဖြစ်ချင်ရာဖြစ် ထိုညီအစ်မတွေနှင့်အတူလိုက်သွားမည်ဟု စိတ်ဆုံးဖြတ်လိုက်လေတော့သည်။ ချူသံပေး၍ နွားလှည်းလေးက မိန်းမလှလေးသုံးဦးအေး... တွင် ရပ်ပေးသည်။ လှည်းမောင်းသူက အမျိုးသားမဟုတ်။ အမျိုးသမီးတစ်ယောက်။ စလွယ်သိုင်း၍ကျောက်စီထား... သောဓားကိုလွယ်ထားသည်။ ချောမော လှပပြီး သူမသည် သတ္တိခေသူမဟုတ်... ထိုညီအစ်မသုံးယောက်ထက် အသက်ကြီးပုံရသည်။ တင်မြင့်မောင်သည် လှည်းပေါ်သို့တက်ရမှာ ဝန်လေးနေ... သည်။ အမျိုးသမီးလေးယောက်နှင့်အတူ တွဲပြီးလှည်းစီးရမှာကိုတွေး၍ရှက်သလို...လို။

ချောနုထွေးက -

"ဧည့်သည်မောင်ကြီး၊ ဘာတွေ... ဝေနေတာလဲ၊ လှည်းထွက်တော့မယ်... တက်လေ"

ဟု ဆိုမှ လှည်းပေါ်သို့တက်ပြီး... လှည်းနောက်မြီးမှာ ခြေထောက်တွဲလွဲ... လျက်စီး၍လိုက်သည်။ မြေနီလမ်းသော... ကဖုန်မထ၊ နွားလှည်းလေးကလည်း... မြန်မှမြန်။ အမြန်ရထားစီးနေရသည်... အလားပမာ။ ရောက်ပါပြီ၊ ရွာနာမည်... က 'ချောသူတို့ရွာ' ဆိုပါလား။ မုခ်ဦး... ထိပ်ဝရွှေစာလုံးက အလွန်လှပ... ရွှေပေါင်းကွန်ကရစ်နှင့်ထုထည်ကြီး... သည့်လက်ရာတွေကလည်း နတ်ပြည်... အလား ဆင်တူရိုးမှား။ ထိုရွာမှာ အမျိုး... သားတွေကလည်းချောမှချော၊ အမျိုး... သမီးတွေကလည်း ချောမှချော။ တင်မြင့်... မောင်က သူ့ကိုယ်သူ မြောက်ကြွ... ရောက်နေသည့်အလား၊ ရက်ကန်းခတ်... သံတွေက စောင်းကြိုးတီးခတ်သံ... အလား နားဝင်ချိုလှသည်။ ကြား... သောရက်ကန်းခတ်သံတို့သည် သာ... နာပျော်ဖွယ်ရှိလှပေစွ။ နန်းထက်နွယ်...



www.burmeseclassic.com1

www.burmeseclassic.com

နန်းယုသွယ်နှင့် ချောနုထွေးတို့က ရက်တန်းတစ်စင်တည်းကို ညီအစ်မသုံးယောက် တစ်ယောက်တစ်လှည့်စီ မသိုးသင်္ကန်းရက်ကြ၏။ တင်မြင့်မောင်ကို ကောက်ညှင်းပေါင်း၊ နှမ်းထောင်းနှင့် ကျွေးမွေးပြုစုသလို အသီးအနှံ ငှက်ပျောသြဇာတို့မှာလည်း စားရသည်မှာ အရသာရှိလှသည်။ ဆာလောင်မွတ်သိပ်မှုမရှိ။

လူပျိုကြီးတင်မြင့်မောင်က ကြွေရှိသော အစ်မဖြစ်သူ နန်းထက်နွယ်ကို သဘောကျသည်။ ညီမငယ်ဖြစ်သူ ချောနုထွေးက တင်မြင့်မောင်ကို သဘောကျသည်။ ထိုညီအစ်မနှစ်ယောက်ကြားထဲ ဗျာများရသည်က တင်မြင့်မောင်။ နန်းယုသွယ်ကတော့ အစ်မနှင့်ညီမဖြစ်သူကို မပြောလိုတော့ပေ။ မသိုးသင်္ကန်းရက်ပြီးသဖြင့် မြင်သာရွာကဘုရားသို့ လူခြေတိတ် ည(၁၂)နာရီမှာရောက်သွားပြီး သင်္ကန်းကပ်ရမည်။ တင်မြင့်မောင်တစ်ယောက် ချောသူတို့ရွာကမပြန်ချင်တော့။ နတ်ပြည်အလား အောက်မေ့ရလောက်အောင် ဥယျာဉ်ခြံကြီးတွေနှင့် အိမ်ကြီးတွေကလည်း နေချင့်စဖွယ်။ ချောမောလှပသော ယောကျ်ား၊ မိန်းမတို့တွေကလည်း ခင်မင်စရာ။ လင်နှင့်မယားသစ္စာရှိကြသည်။ သို့သော် သူတို့အစ်တွေက ဝေမာနိကနတ်အမျိုးအနွယ်တော်တွေ၊ နတ်သူတော်ကောင်းတွေဟုဆိုရပေမည်။ အကုသိုလ်အလုပ်ကိုတော်ဆုပ်ရှုံ့ရှာကြသည်။ သူတော်ကောင်းအလုပ်နှင့် အသက်မွေးဝမ်းမှုပြုကြသည်။ အိမ်ထောင်သားမွေးခြင်းတို့ရှိကြသည်။ လူသားများကဲ့သို့ပင်။ တောင်လေးလုံးကာရံထားသောအလယ်ဗဟိုတွင်နေထိုင်ကြသည်။ တင်မြင့်မောင်တစ်ယောက် ဧည့်သားရပေတော့မည်။ စိတ်ပိုင်းဖြတ်ရပေတော့မည်။ အမြင်မှန်ကိုသူသတိရခဲ့ပြီ။ ထိုညီအစ်မသုံးဦးနှင့်သူ မြင်သာရွာတဘုရားမှာ မသိုးသင်္ကန်းကပ်ရဦးမှာပါလား။ မမေ့ကောင်းတာကိုမေ့လို့ဖြစ်။

လပြည့်နေ့ ည (၁၂) နာရီတိတိအချိန်တွင် သူတို့ညီအစ်မသုံးယောက်နှင့်အတူ မသိုးသင်္ကန်းကပ်ခဲ့ရသည်ကိုမေ့။ သူမတို့တစ်တွေပြန်သွားကြလေပြီ။ တင်မြင့်မောင်နားထဲမှာ လှည်းယဉ်သံမှခြူသံလေးတွေကမထွက်။ စောင်းကြိုးခတ်သံအလား ရက်ကန်းသံလေးတွေကလည်း တင်မြင့်မောင်နားမှာကြားလိုက်ပျောက်သွားလိုက်။ ဒီဘုရားကြီးမှာဆုတော့ တင်မြင့်မောင်တစ်ယောက်တည်း။ ထုံးဖြူဖွေးဖွေးစေတီလေးအနီးဝန်းကျင်ကွင်းထဲမှာကလည်း လူလှနှင့်ရုပ်ရာဇဝင်ရုပ်ရှင်ကား။ အိပ်မက်လို့ပြောရအောင်လည်း သူမှာလုံးဝအိပ်ချိန်မရသေး။ သူ့ရဲ့အဖြစ်အပျက်ကို လူတိုင်းကိုမပြောရဲ။ သူငယ်ချင်းသက်ညွှန့်စိုးကိုပြောပြပေမယ့် သူငယ်ချင်းက ပထမတော့မယုံ။ မိဘတွေကပြောတော့မှ မြင်သာရွာကဘုရားမှာ သိုက်ရှိတဲ့အကြောင်းကိုယုံခဲ့ကြသည်။

တင်မြင့်မောင်ဂမ္ဘီရဆန်တဲ့ဖြစ်ရပ်ဆန်းတွေကိုစာတွေထဲမှာဖတ်ခဲ့ရပေမယ့် အယုံအကြည်မရှိခဲ့။ စာရေးဆရာတွေစိတ်ကူးယဉ်ပြီးရေးတာတွေလို့ ထင်ခဲ့မိပါသည်။ ယခု သူကိုယ်တိုင်တွေ့ကြုံရတော့မှ ပရလောကဆိုတဲ့ဥစ္စာစောင့်ဆိုတာ နတ်မိမယ်နှင့်မခြားလှပပါလားလို့ မျက်စိထဲကဖျောက်မရအောင် စွဲလမ်းနေမိပါတော့၏။ သူတကယ်နှစ်သက်မြတ်နိုးတာက နန်းထက်နွယ်ကိုပါ။ နန်းထက်နွယ်ကလည်း သူ့ကို သံယောဇဉ်ရှိပေမယ့် ညီမဖြစ်သူ ချောနုထွေးက တင်မြင့်မောင်အပေါ်မှာ တစ်ဖက်သတ်ဖြစ်နေလေတော့ အစ်မအကြီးဖြစ်သူ နန်းထက်နွယ်က နောက်ဆုတ်ခဲ့ရတာပေါ့။ ဒါတွေကို တင်မြင့်မောင်သိခဲ့ပေမယ့် စွဲလမ်းတဲ့စိတ်က နန်းထက်နွယ်အပေါ်မှာသာရှိသည်။လူနှင့်ဥစ္စာစောင့်တို့ချစ်ခရီးဟာ မတင့်တယ်ပေ။ ချောနုထွေးရဲ့အလှကလည်း စွဲလောက်စရာပါပဲ။ သို့ပေမယ့် သူချစ်တာက နန်းထက်နွယ်မှ နန်းထက်နွယ်။ ညီမနှစ်ယောက်ကြားမှာမဖြစ်နိုင်တဲ့ဘဝမို့ သူ့ကို မြင်သာရွာကို ပြန်ပို့လေသည်လားမသိ။

သူ့ဘဝကတော့ ထင်သာမြင်သာပါ၏။ ချိုးကူသံလေးတွေ၊ ဥဩငှက်တွန်ကျူးသံလေးတွေ ဒီသရက်ချောင်းရွာမှာကြားရလေတိုင်း တင်မြင့်မောင် ချောသူတို့ရွာကို သတိရမိပါ၏။ တင်မြင့်မောင်တစ်ယောက် ရွာဦးကျောင်းဆရာတော်ထံမှ သိမ်ဝင်အပ်ကိုတောင်းပြီး ကိုယ်နှင့်မကွာ အမြဲဆောင်ထားခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပေပြီ။ ရှေးလူကြီးသူမတို့၏ဆိုစကား ကြားဖူးနားဝရှိခဲ့ဖူးသလို ဆရာတော်ကလည်း တင်မြင့်မောင်ရဲ့စွဲလမ်းသည့် အချစ်စိတ်ကိုသိသဖြင့် -

"ဒကာတင်မြင့်မောင်၊ ဒီသိမ်ဝင်အပ်ကိုဆောင်ထား။ ဒီသိမ်ဝင်အပ်က ရှေးဆရာတော်ကြီးတွေရဲ့အစီအမံတွေနဲ့ ပြုလုပ်ထားတာ။ နောက်တစ်ကြိမ် ဒကာနှစ်သက်တဲ့ ဒကာမနန်းထက်နွယ်နှင့်တွေ့ခဲ့ရင် ဒကာက လက်ဦးအောင် သိမ်ဝင်အပ်ကိုဖွက်ပြီး ဒကာမရဲ့ငယ်ထိပ်တည့်တည့်ကိုထိုးလိုက်ပါ။ ဒါမှ ဒကာမက ဥစ္စာစောင့်ဘဝကနေပြီး လူသားစစ်စစ်ကေန်ဖြစ်ပြီး ဒကာနဲ့ပေါင်းရမှာပါ"

ဆရာတော်မိန့်မှာသည့်အတိုင်း တင်မြင့်မောင်က သိမ်ဝင်အပ်ကို သူသွားလိုရာခရီးတွင် ကိုယ်နှင့်မကွာဆောင်ထားပြီးသွားလေသည်။ တင်မြင့်မောင်တစ်ယောက် နန်းထက်နွယ်ကိုချစ်သည့်စိတ်သည် သူ့ဘဝအတွက်ရှုမတတ်ပင်။

တစ်နေ့ တင်မြင့်မောင်ကို နန်းထက်နွယ်က အိပ်မက်ပေးသည်။ သူတို့ မြင်သာရွာဘုရားသိုက်မှ အခြားသောသိုက်သို့ ပြောင်းရပေတော့မည်။ သူမကိုစွဲလမ်းသောစိတ်ကို မေ့လိုက်ပါတော့ဟု သူမကငိုပြီးပြောသည်။ သူမတို့ညီအစ်မသုံးယောက် လှေစီးခဲ့တုန်းက ကူးတို့ခပေးရန် အကြွေးတင်နေသည့်အတွက် သူမပိုင် ရွှေမန်ကျည်းတောင့်တစ်တောင့်ကိုပေးခဲ့ပါမည်။ လိုရာသုံးပါဟုပြောပြီး ပျောက်ကွယ်သွားပါတော့သည်။ အိပ်မက်ထဲတွင်ဆိုတော့ သိမ်ဝင်အပ်ကို သတိမရ။ သိမ်ဝင်အပ်ထားရာ ခေါင်းအုံးအောက်ကိုလှန်ကြည့်လိုက်တော့ သိမ်ဝင်အပ်ကိုမတွေ့ရတော့ဘဲ ထူးဆန်းစွာ ငါးကျပ်သားခန့်ရှိသော ရွှေမန်ကျည်းတောင့်ကို တွေ့ရလေတော့သည်။ တင်မြင့်မောင်တစ်ယောက် ဆရာတော်ပေးသော သိမ်ဝင်အပ်က ရွှေမန်ကျည်းတောင့်ဖြစ်သွားသည်ကို ဆရာတော်ကို ပြောပြသောအခါ ဆရာတော်က -

"ဒကာနဲ့ထိုက်လို့ ဒကာရတာ၊ ဒီရွှေထည်ပစ္စည်းကိုထုခွဲပြီး ဒကာ သူတို့နာမည်တွေနဲ့ လှူဒါန်းပါ။ ကျန်တာကိုလည်း ဒကာလိုအပ်တဲ့နေရာမှာသုံးပေါ့"

"မှန်ပါ့ဘုရား၊ တပည့်တော် သူတို့အတွက်ရည်မှန်းပြီး မြင်သာရွာကဘုရားမှာ ဇရပ်တစ်ဆောင်ဆောက်လုပ်လှူဒါန်းပါ့မယ်ဘုရား။ ဇရပ်ပြီးတာနဲ့ ရေစက်ချအမျှဝေပြီး တပည့်တော်မြို့တက် အလုပ်ရှာပါတော့မယ်ဘုရား"

"ဒကာ မြို့တက်အလုပ်ရှာမယ်ဆိုတော့ ဒကာကြီး ဦးမျိုးသစ်သိန်းနဲ့ ဒကာမကြီးဒေါ်တင်နွဲ့မာတို့ကကော ခွင့်ပြုရဲ့လား"

"မှန်လှပါ ဘုရား၊ တပည့်တော်ရဲ့စိတ်ချမ်းသာမှုကို အဓိကထားပါတယ် ဘုရား။ ဦးလေးနဲ့ အဒေါ်ကလည်း တပည့်တော်ကိုမခွဲချင်ပေမယ့် ဘဝ



www.burmeseclassic.com1

www.burmeseclassic.com

စွမ်းထက်နောင်

## သိထားသင့်သည့်လေထုညစ်ညမ်းမှုနှင့် အဆုတ်ကင်ဆာရောဂါ

ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုသည် အဆုတ်ကင်ဆာရောဂါကိုဖြစ်စေပါသည်။ ကမ္ဘာတစ်ဝန်း နှစ်စဉ် လူပေါင်း (၁.၂) သန်းသည် အဆုတ်ကင်ဆာဖြစ်ပွားမှုကြောင့် သေဆုံးနေရပါသည်။ ဖွံ့ဖြိုးတိုးတက်ဆဲ နိုင်ငံများတွင်လည်း အခြားကင်ဆာရောဂါများဖြင့် သေဆုံးရသည့်အရေအတွက်သည် တစ်နေ့တခြား တိုးပွားလျက်ရှိနေပါသည်။

အရေအတွက်ပမာဏ များပြားသောလူများစွာ အဆုတ်ကင်ဆာရောဂါဖြစ်ပွားရခြင်းမှာ ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ကင်ဆာရောဂါများဖြစ်ပွားမှုများအနက် လေထုညစ်ညမ်းမှုကြောင့်လည်း ကင်ဆာရောဂါဖြစ်ပွားရမှုနှင့် ပတ်သက်ဆက်နွှယ်နေကြောင်း ပတ်ဝန်းကျင်ဗေဒဆိုင်ရာပညာရှင်များမှ လေ့လာတွေ့ရှိထားပါသည်။ လေထုညစ်ညမ်းမှုများကို ဖြစ်စေအသည့်အရာများမှာ လေထုထဲတွင်ပါဝင်သောအမှုန်အမွှားများဖြစ်ပြီး အစိုင်အခဲ၊ အရည်၊ အငွေ့ပုံသဏ္ဌာန် (၃) မျိုးဖြင့် လေထုထဲတွင် ပါဝင်နေကြပါသည်။ သွေးကြောဆိုင်ရာရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊အဆုတ်ကင်ဆာရောဂါများ စသည့် ကျန်းမာရေးချို့ယွင်းမှုများသည် လေထုထဲတွင်ပါဝင်သည့် အထက်ဖော်ပြပါ အမှုန်အမွှားများကြောင့်ဖြစ်ကြောင်း သုတေသနပညာရှင်များမှ တွေ့ရှိခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (W.H.O) နှင့် ဥရောပနိုင်ငံများ၊ အမေရိကာ၊ ကနေဒါနိုင်ငံများ၏ အစိုးရများက လေထုထဲတွင်ပါဝင်သည့်ညစ်ညမ်းစေသောပစ္စည်းများပါဝင်မှု၊ လေထု၏ အရည်အသွေးများကိုတိုင်းတာပြီး ထိုညစ်ညမ်းပစ္စည်းများကို မည်သို့ဖယ်ရှားရမည်၊ လေထု၏ အရည်အသွေး မည်သို့ရှိရမည်တို့ ဥပဒေများ ပြဋ္ဌာန်းသတ်မှတ်ထားခဲ့ပါသည်။

လေထုညစ်ညမ်းစေသည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ၏ အန္တရာယ်ရှိမှုများကို တိုင်းတာပြုပြင်ဓာတ်ပြယ်စေပြီးမှ စွန့်ပစ်စေပါသည်။ သို့သော်လည်း ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ၏ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများ လေထုထဲရောက်ရှိမှုသည် တစ်နေ့တခြား တိုးပွားလျက်ရှိပါသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ထိန်းသိမ်းနိုင်သည့် အတတ်ပညာများမသိမရှိ၍သော်လည်းကောင်း၊ သို့မဟုတ် သိရှိသော်လည်း ညစ်ညမ်းစေသည့်ပစ္စည်းများ ထွက်ပေါ်မှုများကို ဓာတ်ပြယ်စေရန် ပြုလုပ်ရသည့်စရိတ်စကများ သက်သာစေရန် ဖြစ်သလို စွန့်ပစ်နေကြပါသည်။ လူအများကလည်း

---

တိုးတက်ရာတိုးတက်ကြောင်း စီးပွားရှာခွင့်ပြုပါတယ်ဘုရား"

တင်မြင့်မောင်သည် မြင်သာရွာဘုရားတန်ဆောင်းကို ဆောက်လုပ်လှူဒါန်းပြီး ရေစက်ချအမျှပေးဝေခဲ့သလို သရက်ချောင်းဆရာတော်ကိုလည်း ငွေတစ်သိန်းလှူဒါန်းခဲ့ပါသည်။ မွေးစားမိဘများဖြစ်ကြသော အဒေါ်အရင်းနှင့် ဦးလေးအရင်းတို့ကိုလည်း ငွေတစ်သိန်းစီပေးခဲ့ပြီး ကျန်သောငွေများနှင့် မြို့သို့တက်ပြီး အစိုးရအလုပ်ကို ဝင်ရောက်လုပ်ကိုင်လေတော့သည်။ ဝန်ထမ်းဘဝတွင် စာရေးသူနှင့် ခင်မင်ရင်းနှီးခဲ့ရာမှ ကိုတင်မြင့်မောင်၏ ဖြစ်ရပ်မှန်ကို တစေ့တစောင်းသိခဲ့ရလေတော့သည်။ ကိုတင်မြင့်မောင်တစ်ယောက် သရက်ချောင်းရွာသို့ ဦးလေး၊ ဒေါ်လေးတို့ထံ တစ်နှစ်မှတစ်ခေါက်ဆိုသလိုသွားဖြစ်သည်။ အသက် (၆၀) အရွယ် ဦးလေးက လူ့ဝတ်ကြောင်ကိုစွန့်ပြီး ရဟန်းပြုခဲ့သလို နှမဖြစ်သူ အသက် (၅၅) နှစ်အရွယ် ဒေါ်တင်နွဲ့မာကလည်း တောရကျောင်းတွင် သီလရှင်ဝတ်ခဲ့သည်။ နေအိမ်နှင့်လယ်ယာမြေများကိုရောင်းချပြီး သူတို့အတွက်က တစ်ပုံစီယူသလို တူဖြစ်သူ တင်မြင့်မောင်အတွက် တစ်ပုံခွဲပေးသော်လည်း တင်မြင့်မောင်ကမယူ။ ဦးလေးနှင့် အဒေါ် ကျန်းမာရေးအတွက် မြို့ကဘဏ်တွင် စုဆောင်းပေးသည်။ စာရေးသူက ကိုတင်မြင့်မောင်ပြောပြသည့် ဖြစ်ရပ်မှန်များကို စာရေးပြီး မဂ္ဂဇင်းတိုက်သို့ပို့လိုက်ပြီးမှ ကိုတင်မြင့်မောင်က -

"ကိုကျော်ဝေ၊ ခင်ဗျား ကျွန်တော့်အကြောင်း ဇာတ်လမ်းလေးရေးတာပြီးသွားပြီလား။ နာမည်နဲ့ နေရပ်တွေကို တော့ပြောင်းပြီးတော့ရေးစေချင်တယ်။ ကျွန်တော်က လူသိရှင်ကြားဖြစ်မှာကို ကြောက်တယ်ဗျ"

ဟု ဆိုတော့ စာရေးသူက-

"ဖြစ်ရပ်မှန်ရေးတာပဲဗျာ၊ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ ကြောက်စရာမလိုပါဘူး။ စိတ်ချပါဗျာ၊ ခင်ဗျားတို့နာမည်တွေနဲ့ ကျေးရွာတွေရဲ့ နာမည်တွေပါ ကျွန်တော်အမည်ပြောင်းပြီးရေးထားပါတယ်။ ဒါထက် ခင်ဗျားအသက် အခုဘယ်လောက်ရှိပြီလဲ"

"ကျွန်တော့်အသက် ယခု(၅၀)ထဲမှာလေ။ ကျွန်တော် လူပျိုကြီးဘဝနဲ့ပဲ တစ်ကိုယ်တည်းနေပါတော့မယ်ဗျာ၊ ပင်စင်ယူဖို့က (၁၀)နှစ်တောင် စောင့်ရဦးမယ်လေ"

စာရေးသူက -

"ခင်ဗျား နန်းထက်နွယ်နဲ့နောင်ဘဝမှာပေါင်းရပါစေဗျာ။ ကျွန်တော် ဆုတောင်းပေးပါ့မယ်"

"ဒီဘဝမှာ နန်းထက်နွယ်နဲ့တွေ့သည်း ကျွန်တော် နန်းထက်နွယ်ကိုယူလို့မရတော့ပါဘူး။ အဲ့တာဘာကြောင့်လဲ ခင်ဗျားသိလား"

"သိတာပေါ့ဗျာ၊ ကျုပ်က စာရေးနေတဲ့သူပဲ။ ခင်ဗျားမှာ သိမ်ဝင်အိပ်မရှိတော့လို့ဆိုတာ အတပ်သိပြီးသားပဲ"

ကိုတင်မြင့်မောင်သည် စာရေးသူပြောသည်ကို သဘောကျစွာဖြင့် နှုတ်ခမ်းမွေးကို လက်နှင့်သပ်ပြီး တဟဲဟဲနှင့် သဘောကျ၍နေလေတော့သည်။

ရွှေမြေကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်ညစ်ညမ်းနေကြောင်း သိရှိနားလည်မှုမရှိကြသဖြင့် - အရေးယူဆောင်ရွက်မှုများ မပြုလုပ်နိုင်ကြပါ။

တိုးတက်သောနိုင်ငံများမှ သုတေသနပြုမှုများအရ လေထုညစ်ညမ်းမှုများကိုထိန်းချုပ်ရန်၊ ရောဂါများမဖြစ်ပွားရန် ကြိုးစားလုပ်ဆောင်နိုင်သော်လည်း မဖွံ့ဖြိုးသည့် အသိပညာအတတ်ပညာမရှိသောနိုင်ငံများမှ ပြည်သူလူအများမှာ ရောဂါများဖြစ်ပွားခံစားရပြီး သေနေစေ့လို့သေရတာဟု ခံယူနေကြရပါသည်။ တိုးတက်သည့်နိုင်ငံများမှအစိုးရများက သိပ္ပံနည်းကျ သုတေသနပြုပြီး ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ရန် နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်၍ လေထုညစ်ညမ်းမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်ပေါ်စေရန် ဆောင်ရွက်နေသည့် စက်ရုံ အလုပ်ရုံများကို အရေးယူလျက်ရှိပါသည်။ စက်ရုံ အလုပ်ရုံလုပ်ငန်းများ၏ လေထုညစ်ညမ်းမှုနှင့် လူအများ အဆုတ်ကင်ဆာဖြစ်ပွားမှုများကို အမြဲတမ်း တိုင်းတာစစ်ဆေးနေပြီး လူအများ သတိပြုကာ ဆောင်ရွက်စေရန် သတင်းထုတ်ပြန်လေ့ရှိပါသည်။

သဘာဝပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကြောင့် အဆုတ်ကင်ဆာရောဂါဖြစ်ပွားမှုများကို သုတေသနပြုလုပ်ခဲ့ရာတွင် ဆေးလိပ်သောက်သုံးမှု၊ ဆေးလိပ်အဆိပ်ငွေ့ကြောင့် သောက်သုံးသူနှင့် ပတ်ဝန်းကျင်ရှိလူအများမှ တစ်ဆင့်ခံရောဂါဖြစ်ပွားမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ကိုယ်တိုင်မသောက်သုံးသော်လည်း ဆေးလိပ်ငွေ့များကိုရှူရှိုက်နေသည့် ပတ်ဝန်းကျင်ရှိလူအများလည်း အဆုတ်ကင်ဆာရောဂါဖြစ်ပွားနေမှုသည် တစ်နေ့တခြား တိုးတက်များပြားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

အမေရိကန်ကင်ဆာသုတေသနအဖွဲ့အစည်းမှ လေ့လာသုတေသနပြုမှုအရ လူအများ (၁၀၇၄၉) ဦး၊ အဆုတ်ကင်ဆာရောဂါကြောင့် သေဆုံးရမှုများမှာ လေထုထဲတွင်ပါဝင်သည့် အမှုန်အမွှားများသည် (၈%)မှ (၁၂%)တိုးတက်လာမှုကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ လေထုထဲတွင် ဘင်ဇိုင်း (Benzene) နှင့် ကာဘွန်ကို အခြေခံသည့် အမှုန်အမွှားများ ဖြစ်ပေါ်လာမှုသည် လူအများကို ကင်ဆာရောဂါရစေသည်။ ထိုအမှုန်အမွှားများသည် လေထုထဲရှိ အောက်စီဂျင်ကို စုပ်ယူဖယ်ရှားနိုင်ပါသည်။ ထို့အပြင် အိုဇုန်းနှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့များသည် အမှုန်အမွှားများအဖြစ် လေထုထဲတွင် ဖြစ်ပေါ်နေကြပါ သည်။

လေထုညစ်ညမ်းမှုကြောင့် လူများ အဆုတ်ကင်ဆာရောဂါဖြစ်ပွားတိုးတက်မှုများသည် ဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့နှင့် ဒီဇယ်ဆီများလောင်ကျွမ်းမှု၊ Polycyclic Anomatic အငွေ့ပျံဓာတ်ငွေ့များကြောင့်ဖြစ်ကြောင်း သုတေသနပြုမှုများအရ သိရှိရပါသည်။ သက်သေအထောက်အထားများအရ လေထုညစ်ညမ်းမှုသည် အဆုတ်ကင်ဆာရောဂါများဖြစ်ပွားနိုင်သည်များကို ခွဲခြမ်းစိတ်ဖြာရပါက ရှူရှိုက်ရသည့် လေထု၏ အရည်အသွေး၊ ညစ်ညမ်းစေသည့် ဓာတ်ငွေ့အမျိုးအစား၊ ပါဝင်မှုပမာဏ ပြင်းအား၊ ရှူရှိုက်နေရသည့်အချိန်ကာလ တာရှည်မှုတို့တွင်မူတည်ပြီး ဖြစ်ပေါ်တတ်ပါသည်။ လေထုညစ်ညမ်းသည့် ပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်သုံးသူများ အဆုတ်ရောဂါပိုမိုဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။

လေထုညစ်ညမ်းမှုကြောင့်အဆုတ်ကင်ဆာရောဂါဖြစ်ပွားမှုများကို လျှော့ချရန်မှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှထွက်ပေါ်စွန့်ပစ်သည့် မီးခိုး၊ ပြာ၊ အမှုန်အမွှားများထုတ်လွှင့်မှုကို လျှော့နည်းနည်းပါးရန် နည်းဥပဒေပြဋ္ဌာန်းခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို အစိုးရမှ ပြုလုပ်ရမည်ဖြစ်ပါသည်။ ပြုလုပ်ခဲ့ပြီးသည့်သုတေသနလုပ်ငန်းများအရ အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားမှုများသည် လေထဲတွင်ပါဝင်သော သေးငယ်သည့် အမှုန်အမွှားများ၊ ဓာတ်ငွေ့များ၊ အဆိပ်အတောက်များပါဝင်မှုများသည် ကင်ဆာရောဂါကိုဖြစ်ပွားစေကြောင်း သိရှိရပြီးဖြစ်သော်လည်း လေထုထဲတွင် အိုဇုန်းဓာတ်ငွေ့၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်များ ပါဝင်မှုသည်လည်း ကင်ဆာရောဂါဖြစ်ပွားစေကြောင်း မသိရှိကြသေးပါ။ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်များ လေထဲတွင်ပါဝင်နေခြင်း၊ ယာဉ်များနှင့် အပူပေးလုပ်ဆောင်မှုများကြောင့် ဖြစ်ပါသည်။



ကမ္ဘာတစ်ဝန်း လေထုညစ်ညမ်းမှုကြောင့် တစ်နှစ်အတွင်း ခြောက်သိန်းနှစ်သောင်းကျော် အဆုတ်ကင်ဆာရောဂါဖြင့် သေဆုံးနေရပါသည်။ အလွန်ကြီးမားသည့် သေဆုံးမှုများဖြစ်ပြီး လေထုညစ်ညမ်းမှုများကြောင့် အသက်ရှူလမ်းကြောင်းရောဂါများဖြင့် သေဆုံးရသူများက ပိုမိုများပြီး (၇)သန်းကျော်ရှိကြောင်းသိရှိရပါသည်။

လေထုညစ်ညမ်းမှုများကြောင့် သေဆုံးသူများ၏(၆၀%)သည် အဆုတ်ကင်ဆာရောဂါကြောင့် ဖြစ်ပါသည်။ တချို့တိုင်းပြည်များတွင် သုတေသနလုပ်ဆောင်ရန် အသိပညာနည်းပါးမှု၊ နည်းပညာများတတ်ကျွမ်းသည့်ဝန်ထမ်းရှားပါးမှု၊ ကာကွယ်ရန်မတတ်စွမ်းနိုင်မှုများ၊ လေထုညစ်ညမ်းမှုကြောင့် ကင်ဆာဖြစ်ပွားပြီး သေဆုံးသူများမြင့်တက်လျက်ရှိနေပါသည်။

သိပ္ပံနည်းကျလေ့လာမှုများ၏ သက်သေအထောက်အထားများအရ လေထုညစ်ညမ်းမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဆုတ်ကင်ဆာရောဂါ ပိုမိုဖြစ်ပွားနေကြောင်းသိရှိရပါသည်။ ပြင်ပလေထုညစ်ညမ်းမှုများကြောင့် အဆုတ်ကင်ဆာများဖြစ်ပွားပြီး နာတာရှည်နှလုံးဆိုင်ရာ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားနေသကဲ့သို့ အိမ်တွင်းလေထုညစ်ညမ်းမှုများကြောင့်လည်း ရောဂါများဖြစ်ပွားနေကြပါသည်။

အိမ်အတွင်း ထင်း၊ မီးသွေး၊ ကျောက်မီးသွေးထင်းများ၊ နွားချေးများဖြင့် ချက်ပြုတ်နေခြင်း၊ အပူပေးခြင်းများသည်လည်း အိမ်အတွင်း ဆေးလိပ်သောက်သုံးမှုများနည်းတူ အဆုတ်ကင်ဆာများကို ဖြစ်ပွားစေကြောင်း လေ့လာ တွေ့ရှိရပါသည်။ ပြင်ပလေထုညစ်ညမ်းမှုများကြောင့် ရောဂါများဖြစ်ပွားနေသကဲ့သို့ အိမ်တွင်းလေထုညစ်ညမ်းမှုကို ဖြစ်စေသည့် အိမ်အတွင်းမီးခိုးများထွက်ပေါ်စေခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ခြင်ဆေးခွေထွန်းခြင်း စသည့် ပြုမူဆောင်ရွက်ခြင်းတို့ကြောင့် အဆုတ်ကင်ဆာများ ဖြစ်ပွားစေနိုင်ကြောင်း ရေးသား တင်ပြအပ်ပါသည်။

စွမ်းထက်နောင်



www.burmeseclassic.com1


www.burmeseclassic.com

သတ္တုဗေဒ-ဦးမြင့်အောင်

# နဂါးမင်းတည်ထားသော မဟာမကုဋရုံသီဆံတော်ရှင် မြတ်မော်တင်စေတီရွှေထီးတော်တင်ဗုဒ္ဓပူဇနီယပွဲတော်

မြန်မာနိုင်ငံတော်သည် ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားလှရာ ဗုဒ္ဓဘာသာ နိုင်ငံတော်ကြီး ဖြစ်သည်။ နိုင်ငံတော် တစ်ဝန်း ရွှေရောင်လွှမ်းသည့် စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း၊ ဇရပ်၊ သာသနာ့ အထိမ်းအမှတ်တို့ဖြင့် ရှုမငြီးစဖွယ် တင့်တယ်လှသောကြောင့် မြန်မာနိုင်ငံ ကို ရွှေရောင်လွှမ်းသောနိုင်ငံဟူ၍ ကမ္ဘာ က သိမှတ်တင်စားခေါ်ဝေါ်ခဲ့ကြသည်။

မြန်မာနိုင်ငံတော်တစ်ဝန်း ဗုဒ္ဓ ဘာသာဝင်တို့ အလေးအမြတ်အားဖြင့် တည်ထား ကိုးကွယ်ခဲ့ကြသော စေတီ တော်တို့တွင် ရှေးအကျဆုံး၊ အဦးဆုံး စေတီတော်ကား မဟာမကုဋရုံသီ မြတ်မော်တင်စေတီတော် ဖြစ်သည်။ မဟာမကုဋရုံသီစေတီတော်ဟူသည်မှာ **မဟာ-** ကြီးမြတ်သော၊ **ကုဋ-** ထိပ်ငူစွန်း၊ **ရုံသီ-** ရောင်ခြည်ဖြစ်ရာ ကြီးမြတ်သော မော်တင်တောင်ထိပ်ငူစွန်းရှိ ရောင်ခြည် တော်ကွန့်မြူးသောစေတီ ဟူ၍ဖြစ်ပါ သည်။



ကျွန်တော်အမြတ်နိုးဆုံးပုံ

(ဝန်ကြီးချုပ် ဦးသိန်းအောင် ရတနာ့ရွှေမိုး ငွေမိုး ရွာသွန်းပြီးရာ၌ ဆုံမခန်းငည်ကာမှုရှိပုံ)

**■ မြတ်မော်တင်စေတီတော်သမိုင်းအကျဉ်း**

လောကသုံးပါး၏အတုမဲ့ထွတ်ထား အန္ဒိုင်းမဲ့ကျေးဇူးတော်ရှင်မဟာကရုဏာ တော်သခင် မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန် လပြည့်နေ့တွင် မဇ္ဈိမဒေသ၌ ဘုရား အဖြစ်သို့ ရောက်ရှိပွင့်ထွန်းတော်မူခဲ့ သည်။

ဘုရားအဖြစ်ရောက်ရှိတော်မူပြီး နောက် ဘုရားရှင်တို့၏ ဓမ္မတာတော် အတိုင်း သတ္တသတ္တာဟ (ခေါ်) ပလ္လင် တော်၊ အနိမိသ၊ စင်္ကမ၊ ရတနာဃရ အဇပါလ၊ မုစ္စလိန္ဒာ၊ ရာဇာယတန ဟူသော ခုနစ်ဌာနတို့တွင် တစ်ဌာနလျှင် ခုနစ်ရက်စီအားဖြင့် (၄၉) ရက် သတ္တာ ဌာနစံနေတော်မူသည်။

**■ တပုဿနှင့် ဘလ္လိကညီနောင်**

ထိုအချိန်တွင် ရာမညတိုင်း ပေါက္ခရဝတီ အသိတဥ္စနနဂိုရ်မြို့နေ သုဝဏ္ဏသူဌေးကြီး၏ သားများဖြစ်ကြ သော တပုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့သည် မဇ္ဈိမဒေသသို့ ကုန်ကူး သန်းရောင်းဝယ်ရန် ကုန်ပစ္စည်းတို့ကို သင်္ဘောဖြင့်တင်ဆောင်လျက် ပင်လယ် ကို ဖြတ်ကျော်ကာ မဇ္ဈိမဒေသအရပ်သို့ ရှေးရှုထွက်ခွာလာခဲ့ကြ၏။ မဇ္ဈိမဒေသ ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်ပြီး နောက် ကုန်တို့ကို လှည်းငါးရာတွင်တင် ဆောင်လျက် မဇ္ဈိမနယ်အသွယ်သွယ် သောအရပ်တို့သို့ လှည့်လည်ရောင်းချခဲ့ ကြသည်။

ထိုကုန်သည်ညီနောင်တို့၏လှည်း ငါးရာသည် ခရီးစဉ်အတိုင်းသွားခဲ့ကြရာ တွင် ဘုရားပွင့်တော်မူရာ ဗောဓိပင်အနီး တောအုပ်နားအရောက် ထိုညီနောင်တို့ နှင့် ရှေးဘဝက အဆွေအမျိုးတော်စပ်ခဲ့ ဖူးသော တောစောင့်နတ်သည် လှည်း များရွှေ့မှနေ၍ လှည်းများမသွားနိုင်ရန်၊ လှည်းဘီးများမရွေ့လျားစေရန် နတ်၏ တန်ခိုးဖြင့်တားမြစ်လေရာ ကုန်သည် ညီနောင်တို့က အကျိုးအကြောင်းသိရ စေရန် ဗလိနတ်စာပေးခြင်း၊ ပသခြင်းတို့



www.burmeseclassic.com1

www.burmeseclassic.com





တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်၊
ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးတို့က စိန်ဖူးတော်အား
နိုင်ငံတော်ဩဝါဒါစရိယ တိုင်းဒေသကြီး နာယကအဖွဲ့ဆရာတော်ကြီးများထံ ကပ်လှူစဉ်



ဝန်ကြီးဦးစိုးမြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး
မြတ်မော်တင်စေတီတော်၌ ဆွမ်းကပ်ပြီး ပန်းမန်များ ကပ်လှူစဉ်

ကိုပြုကြလေသည်။

ထိုအခါ တောစောင့်နတ်က -

"အို- အချင်းကုန်သည်ညီနောင်တို့၊ ဤလောက၌ ဘုရားသခင်ပွင့်ထွန်းတော်မူလေပြီ။ ယခုအခါ ဘုရားသခင်သည် လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူ၏။ သင်တို့တွင်ပါလာသော ကြွက်ကျစ်မုန့်၊ ပျားဆုပ်မုန့်များကိုယူဆောင်သွားရောက်ကပ်လှူကြလေ"

ဟုဆိုလေသည်။

တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့လည်း ထိုနတ်ပြောဆိုညွှန်ပြသည့်အတိုင်း သွားရောက်ကြလေလရာ ရောင်ခြည်တော်ခြောက်သွယ်တို့ကွန့်မြူးလျက် သပ္ပာယ်စွာစံပယ်နေတော်မူသော မြတ်စွာဘုရားသခင်ကို ဖူးမြင်ကြရလေရာ ကြည်ညိုလှစွာဖြင့် ပျပ်ဝပ်ရိုကျိုး ရှိခိုးပူဇော်၍ ကြွက်ကျစ်မုန့်၊ ပျားဆုပ်မုန့်တို့ကို ကပ်လှူကြလေသည်။ မြတ်စွာဘုရားသခင်သည် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးလှူဒါန်းသော သပိတ်လေးလုံးကို လက်ပေါ်သို့ဆင့်တင်ကာ အဓိဋ္ဌာန်ပြု၍ဖိနှိပ်တော်မူရာ အနားရစ်လေးဆင့်ရှိသော သပိတ်တစ်လုံးဖြစ်လာပြီး ထိုသပိတ်ဖြင့် ကုန်သည်ညီနောင်တို့လှူဒါန်းသောမုန့်များကို အလှူခံ၍ ဘုဉ်းပေးသုံးဆောင်တော်မူလေသည်။ ထို့နောက် မြတ်စွာဘုရားသခင်သည် ထိုညီနောင်တို့အား အနုမောဒနာတရားဟောကြားတော်မူရာ ကုန်သည်ညီနောင်နှစ်ဦးတို့သည် မြတ်စွာဘုရားကို လည်းကောင်း၊ တရားတော်မြတ်ကို လည်းကောင်း



www.burmeseclassic.com1

www.burmeseclassic.com

အားထား ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကာ မြတ်စွာဘုရားသခင်၏သာသနာတော်တွင် ဒွေဝါစိကသရဏဂုံဟူသော သရဏဂုံနှစ်ပါးတည်သော ဥပါသကာများဖြစ်ခဲ့ကြလေသည်။

**■ ကုန်သည်ညီနောင်တို့ ဘုရားရှင်၏ ဆံတော်များပင့်ဆောင်လာပုံ**

ထို့နောက်တွင် ကုန်သည်ညီနောင်တို့က ဘုရားတပည့်တော်တို့အား မြတ်စွာဘုရားရှင်ကိုယ်စား အားထားပူဇော်ကိုးကွယ်ရာကို ပေးသနားတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်ကြလေသည်။ ထိုအခါ မြတ်စွာဘုရားသခင်သည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကိုသုံးသပ်တော်မူ၍ လက်တော်၌ကပ်ငြိပါလာသော ဆံတော်မြတ်ရှစ်ဆူကို ကုန်သည်ညီနောင်တို့အား ပေးအပ်တော်မူပြီးလျှင် ဤဆံတော်များကို ငါဘုရားကိုယ်စား အားထားကြည်ညိုစွာကိုးကွယ်ဆည်းကပ်ကြလေဟု မိန့်တော်မူလေသည်။ မြတ်စွာဘုရားသခင်ပေးသနားတော်မူလိုက်သောဆံတော်တို့ကို ကုန်သည်ညီနောင်တို့ ရိုသေလေးမြတ်စွာ ဦးထိပ်တင် ပင့်ဆောင်လိုက်သည် တစ်ပြိုင်နက် ထိုတောတောင်တစ်ခုလုံး ပြိုးပြိုးပြက်ပြက်ရောင်ခြည်ထွက်လျက်ကွန့်မြူးခဲ့လေသည်။ မဟာပထဝီမြေကြီးသည်လည်း ကောင်းချီးပေးသကဲ့သို့ ပဲ့တင်မြည်ဟည်းလျက်ပြင်းစွာလှုပ်ခဲ့လေသည်။ ထို့အတူ မဟာသမုဒ္ဒရာသည်လည်း လှိုင်းတံပိုးများထကာ နတ်နဂါးတို့ ရွှင်မြူးခဲ့ကြသည်။ မြင်းမိုရ်တောင်မင်းသည် ဘုရားရှင်ရှိတော်မူရာဘက်သို့ ညွတ်ခဲ့သည်။ နတ်ပြဟ္မာအပေါင်းတို့သည် ရွှင်မြူးကြည်နူးစွာဖြင့် ဝမ်းမြောက်ဝမ်းသာကြကာ ကောင်းလေစွတကားဟူ၍ သာဓုသုံးကြိမ်ခေါ်ဆိုကောင်းချီးပေးခဲ့ကြလေသည်။

ကုန်သည်ညီနောင်တို့သည်လည်း လွန်စွာ ကြည်နူးရွှင်လန်းဖြစ်ကြပြီးလျှင် မြတ်စွာဘုရားသခင်ကို ရိုသေလေးမြတ်စွာဦးခိုက်လျက် မိမိတို့နေရပ်ဌာနေရာမညတိုင်းသို့ပြန်ရန် ခွင့်ပန်ကြသည်။ မြတ်စွာဘုရားရှင် ချီးမြှင့်တော်မူလိုက်သော ဆံတော်တို့ကို ရိုသေလေးမြတ်စွာ ရရှိခဲ့သော ကုန်သည်ညီနောင်တို့သည် ဝမ်းမြောက်လွန်းလှသဖြင့် မိမိတို့ပါလာခဲ့သော ကုန်လှည်းငါးရာတို့ကို သဒ္ဓါရွှင်လန်း စွန့်ကြဲပေးကမ်းကာ လမ်းခရီးတစ်လျှောက် လူအများကို ရွှင်လန်းစေလျက် ပြန်ခဲ့ကြလေသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့တွင် တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ပင့်ဆောင်အပ်သော ဘုရားရှင်၏ ဆံတော်မြတ်တို့ကိန်းဝပ်ရန်အတွက် နတ်တို့သနင်း သိကြားမင်းသည် ပတ္တမြားကြုတ်ကို ပြုလုပ်ဖန်ဆင်းပေးခဲ့၏။ ယင်းပတ္တမြားကြုတ်ကိုထည့်ရန် နဝရတ်ကိုးပါးဖြင့် ပြာသာဒ်ကိုလည်း ဖန်ဆင်းပေးခဲ့သည်။

နတ်တို့သနင်း သိကြားမင်းသည် မြတ်စွာဘုရားသခင်၏ ဆံတော်မြတ်တို့ကို ပင့်ဆောင်သွားကြသော ကုန်သည်ညီနောင်တို့ပြန်ရာ လမ်းခရီးကိုလည်း ဝိသကြုံနတ်သားကိုစေလွှတ်၍ ပြင်ဆင်မွမ်းမံစေခဲ့သည်။ ကုန်သည်ညီနောင်တို့လည်း နတ်တို့ဖန်ဆင်းသောလမ်းခရီးအတိုင်း ဆံတော်ထည့်သွင်းပူဇော်အပ်သော ပတ္တမြားကြုတ်နှင့် ပြာသာဒ်ကိုဆောင်ယူ၍ ပြန်ခဲ့ကြသည်။ ထိုလမ်းခရီးတွင် သိကြားမင်းသည် နတ်တို့ဣဒ္ဓိပါဒ်ဖြင့် ခုနစ်ရက်ခရီးတိုင်လိုက်လံစောင့်ရှောက်ပို့ဆောင်ပေးခဲ့ကြသည်။ ထိုခရီးလမ်းဆုံး၍ ပင်လယ်ဆိပ်ကမ်းသို့ရောက်သောအခါ ကုန်သည်ညီနောင်တို့သည် ဆံတော်ကြုတ်နှင့် ပြာသာဒ်တို့ကို သင်္ဘောပေါ်တွင်တင်ကာ လျင်မြန်စွာ ပင်လယ်ခရီးထွက်ခွာသင်္ဘောလွှင့်ခဲ့ကြသည်။

မြတ်စွာဘုရားရှင်၏ ဆံတော်တို့ကို ပင့်ဆောင်၍ သင်္ဘောလွှင့်ခဲ့ကြရာ အဇ္ဈိတ္တနဂရမည်သောမြို့သို့ လမ်းခရီး၌ ဆိုက်ရောက်လေရာ အဇ္ဈိတ္တနဂရမင်းက ကုန်သည်ညီနောင်တို့အားတောင်းပန်၍ ဆံတော်တို့ကိုပူဇော်ကြပြီး သဒ္ဓါကြီးမားလှစွာဖြင့် ဆံတော်နှစ်ဆူကို ကိုးကွယ်ရာ ပေးခဲ့ရန် တောင်းခံလေသည်။ကုန်သည်ညီနောင်ကမပေးလိုသော်လည်း မင်းကြီးက ဆံတော်မြတ်နှစ်ဆူကို ကိုးကွယ်ပူဇော်ရန် အနိုင့်အထက် ပင့်ဆောင်ယူထားခဲ့လေသည်။

ကုန်သည်ညီနောင်တို့လည်း မိမိတို့ လွန်စွာကိုးစားအားထားပူဇော်ရာ ဆံတော်မြတ်နှစ်ဆူလျော့နည်းသွားသဖြင့် စိတ်မချမ်းမြေ့ဖြစ်လျက် ငိုကြွေးပြီးလျှင် သင်္ဘောခရီးဆက်ခဲ့ရာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်နေ့တွင် မရမ္မဌာနေ မြန်မာပြည် ရာမညတိုင်း ကုသိမနဂရ (ပုသိမ်မြို့) ၏ တောင်ပိုင်း နဂရာဇ်မော်ခေါ် မော်တင်စွန်း (ဝါ) သရနုတောင်မူစွန်းသို့အရောက် လေမိုးအခန့်မသင့်ဖြစ်၍ တစ်ညဥ့်မျှ သင်္ဘောကို ကျောက်ချရပ်နားခဲ့ကြရလေသည်။ ထိုအခါတွင် ပင့်ဆောင်ခဲ့ကြသော မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ်တို့မှ တလျှပ်လျှပ်တဖိတ်ဖိတ်တရိပ်ရိပ်တပြိုးပြိုး အံ့ချီးမကုန်နိုင်ဖွယ် ခြောက်သွယ်သောရောင်ခြည်တော်တို့ ထွက်ပေါ်ကွန့်မြူးလျက် တန်ခိုးပြာဋိဟာများပြတော်မူလေသည်။

ဤသို့ ဘုရားရှင်၏ဆံတော်ဓာတ်မြတ်မှ ကွန့်မြူးထွက်ပေါ်သောအံ့ချီးဖွယ်ရာ တန်ခိုးပြာဋိဟာကို တောတောင်သမုဒ္ဒရာကိုစောင့်ကြပ်ကြသောနတ်များ ရေသတ္တဝါများနှင့် တောင်ခြေနေနဂါးတို့ ဖူးမြင်ကြရလေသည်။ ထိုအခါ နဂါးတို့၏ဘုရင် ဇေယျသေနနဂါးမင်းသည် ထန်ပြင်းလှသောစေတနာသဒ္ဓါစိတ်ဖြင့် ယိုဖိတ်ကာ လူယောင်ဖန်ဆင်းလျက် ညဥ့်အခါ တိတ်တဆိတ်တွင် ဘုရားရှင်၏ ဆံတော်မြတ်နှစ်ဆူကို အလစ်တွင် ပင့်ဆောင်ကာ ဇေယျသေနနဂါးမင်းစံရာ ဘူမိန္ဓရနဂါးပြည်သို့ဆောင်ယူသွားခဲ့လေသည်။

**■ မြတ်ဓမ်တင်စေတီတည်ခဲ့ပုံ**

*တိုင်းဇေရှုထက် သမုဒ္ဒိမ် ကေသာနှံ့*
*သည် ရောင်လျှံသဇင် ဂမုန်းအင်တည်း*
*မဟာသကျမုနိတု အနန္တဂုဏ် သဗ္ဗညုံ*
*လျှင်*
*ရေစုံမီးပွင့် ရွှေဘုံလွှင့်၍ ကဲမြင့်ရောင်*
*ခြည်ဘဝင်လည်မျှ*
*သုံးလည်လူနတ် ပူဇော်အပ်သည်*
*လူတွင်ရှ ပရမေ*
*ဂုဏ်မြူတေကို ရှုလေတိုင်းတုန်*
*ချီးမကုန်ခဲ့ ရောင်စုံကေသာ*
*ဓာတ်စေတီမြတ်လည်း နတ်နဂါးနွယ်*
*တည်မှန်ချယ်၍*

(ပုရပိုက်ပေစာ)

နတ်နဂါးတို့၏ အရှင်သခင် ဇေယျသေနနဂါးမင်းသည် ထန်ပြင်းသောသဒ္ဓါဓာတ်ဖြင့် ဆံတော်မြတ်နှစ်ဆူကို တိတ်တဆိတ်ယူဆောင်ပြီးလျှင် နဂါးမင်းနှင့်တကွ ဘောဂဝတီနဂါးပြည်မှ နဂါးအပေါင်းတို့အားပါးတရ ရွှင်လန်းကြည်နူးစွာ ဖူးမြော်ခဲ့ကြသည်။ ဘုရားရှင်၏ဆံတော်နှစ်ဆူကို နဂါးပြည်၌ သင့်လျော်ရာဌာနရှာဖွေ၍မရဖြစ်လျက် နဂါးတို့ပြည်မှာတည်ထား၍ ကိုးကွယ်ရခြားသော် ရေသတ္တဝါနှင့် သတ္တဝါတို့အတွက်သာ ဖူးမြော်စရာဖြစ်တော့မည်။ လူသတ္တဝါအပေါင်းတို့





www.burmeseclassic.com1

www.burmeseclassic.com

အတွက် လာရောက် ဖူးမြော်နိုင်စရာ အကြောင်းမရှိတော့ပြီ။

အစိန္တေယျ အပ္ပမေယျ ဂုဏ်တော်ရှင်မြတ်စွာဘုရားသခင်၏ ဆံတော်မြတ်တို့သည် အများသတ္တဝါတို့ အကျိုးများဖွယ် ကိုးကွယ်ရာအမှန်သာ ဖြစ်သင့်လေသည်။ အကယ်၍ ဤဆံတော်နှစ်ဆူကို လူတို့ပြည်၌ တည်ထား ကိုးကွယ်ရသော် ရေသတ္တဝါ၊ နဂါးသတ္တဝါ၊ ကုန်းသတ္တဝါ၊ ဗြဟ္မာလူနတ်အပေါင်းတို့ ဖူးမြော်ခွင့်ရကြပေမည်ဟူ၍ ကြံစည်ပြီးလျှင် လူ့ပြည်တွင်တည်ထားကိုးကွယ်ရန် အလျော်ကန်ဆုံးသောနေရာကိုရွေးချယ်ရာ သရက္ခတောင်ခေါ် မော်တင်တောင်စွန်းကိုတွေ့မြင်လေသည်။ ထိုအခါ နဂါးမင်းသည် ဝမ်းသာရွှင်မြူးလျက် ထိုမော်တင်တောင်တော်ဦး၌ သမုဒ္ဒရာအတွင်းမှ ထုတ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့အရွယ်ရှိသောစေတီတော်ကို နတ်နဂါးဆင်ဖြူတော်အပေါင်းခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ဘုရားရှင်၏ အသမ္ဘိန္နဆံတော်မြတ်နှစ်ဆူကို ဌာပနာ၍ မဟာမကုဋရံသီမြတ်မော်တင်စေတီ၌ ဌာပနာ၍တည်ထားကိုးကွယ်ခဲ့ပါသည်။

**■ မဟာမကုဋရံသီစေတီတော်သမိုင်းသိမှတ်ဖွယ်**

မဟာမကုဋရံသီစေတီတော်မြတ်တွင် ရှေးအစဉ်အလာအားဖြင့်ပူဇော်ရာ လမ်းသုံးသွယ်ရှိခဲ့ပါသည်။ ထိုလမ်းတို့မှာ နဂါးလမ်း၊ ဆင်ဖြူလမ်းနှင့် ဝိဇ္ဇာလမ်းတို့ ဖြစ်ပါသည်။

(၁) ဧယျသေနနဂါးမင်း အမှူးရှိသော ရေနတ်နဂါးတို့ ညချမ်းအခါ စေတီတော်အနောက်တောင်မှလာ၍ လမ်းကို နဂါးလမ်းဟု ယခုတိုင်ခေါ် ဝေါ်နေကြပါသည်။

(၂) စေတီတော်ကို ဆင်ဖြူတော်တို့ စေတီတောင်ဘက်အရပ်မှတက်၍ ဖူးမြော်ရာလမ်းကို ဆင်ဖြူလမ်းဟု ယခုတိုင်ခေါ်တွင်ခဲ့ပါသည်။

(၃) ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်တို့ စေတီတော်ကို အရှေ့တောင်အရပ်မှ တက်ရောက်ဖူးမြော်ကြရာလမ်းကို ဝိဇ္ဇာမိုရ်လမ်းဟု ခေါ်တွင်ကြပါသည်။ နတ်အပေါင်းတို့ကား အရပ်လေးမျက်နှာမှ စေတီတော်ကို ဖူးမြော်ကြပါသည်။

မြတ်မော်တင်စေတီတော်သည် ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်မြတ်ကို ဌာပနာတည်ထားရာစေတီ ဖြစ်ပြီး ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က နှစ်ကြိမ်တိုင် ဘုရားရှင်ကြွရောက်ခဲ့ဖူးရာ မြန်မာနိုင်ငံ၏ သာသနာ့အောင်မြေ အခြေခံဖြစ်ခဲ့ကြောင်း စေတီတော်သမိုင်းတို့၌ဆိုသည်။

ထို့ပြင် သာသနာတော်သက္ကရာဇ် ၂၁၈ ခုနှစ်တွင် မင်းဖြစ်တော်မူသော တတိယသင်္ဂါယနာတင် သီရိဓမ္မာသောကမင်းကြီးသည် သက္ကရာဇ် ၂၃၆ ခုနှစ်တွင် အရှင်မဟာမောဂ္ဂလိတိဿမထေရ်နှင့် အရှင်ဥတ္တရမထေရ်မြတ်တို့၏ တန်ခိုးတော်ဖြင့် မင်းကြီးနှင့်တကွ မိဖုရားမောင်းမခြွေရံစစ်သည်ဗိုလ်ပါတို့နှင့် ရောက်ရှိလာခဲ့ကာ မြတ်မော်တင်စေတီတော်ကို ထပ်မံ၍ လူတစ်ရစ်နတ်တစ်ရစ်တည်ထားခဲ့ကြောင်းဆိုသည်။

သက္ကရာဇ် ၄၀၆ - ၄၃၉ (အေဒီ ၁၀၄၄-၁၀၇၇) တွင် နန်းတက်တော်မူသော ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် လည်းကောင်း၊ သက္ကရာဇ် ၄၄၆-၄၇၄ (အေဒီ ၁၀၈၄-၁၁၁၂) တွင် နန်းတက်တော်မူသော ပုဂံပြည် ထီးလှိုင်ရှင် ကျန်စစ်သားမင်းကြီးသည်လည်းကောင်း ဗုဒ္ဓဂယာသို့ ဘုရားဖူးအပြန် နတ်နဂါးတို့ လှည့်ဖြား၍ မော်တင်တောင်အငူသို့ ရောက်ခဲ့ကာ မြတ်မော်တင်စေတီကို ပူဇော်ခဲ့ကြကြောင်းဆိုပါသည်။

ထို့နောက် ပုဂံပြည် ကျန်စစ်မင်းကြီး၏မြေးတော် အလောင်းစည်သူမင်းကြီးလည်း ပင်လယ်ခရီးဖြင့် ဖောင်စကြာလှည့်လည်ရာတွင် နဂရစ်အငူမော်တင်စွန်းထိပ်အရောက်တွင် ဖောင်စကြာ အလိုအလျောက်ရပ်တန့်သွား၍ စုံစမ်းရာ မော်တင်တောင်စောင့်နတ်ကပြောကြား၍ ဧယျသေနနဂါးမင်းနှင့်တွေ့ဆုံပြီးလျှင် ရတနာများနှင့် မင်းမြောက်တန်ဆာငါးပါးတို့အပြင် ဘီလူးမကဆက်သသော သစ်ကနက်(သင်္ဂန်းနက်) သားကို မာတလိနတ်သားနှင့် ဝိသကြုံနတ်သားတို့ထုလုပ်အပ်သော ဗုဒ္ဓရုပ်ပွားသစ်ကနက်သားဆင်းတုတော်နှင့်သကြားမင်းဆက်သအပ်သောဘုရားရှင်၏သရီရဓာတ်တော်များကို ဌာပနာပြု၍ သက္ကရာဇ် ၄၅၇ ခုနှစ် တပေါင်းလဆန်း ၁၄ ရက်တွင် အဝန်း သံတောင် (၄၀)၊ အမြင့် သံတောင် (၂၅) တောင်ရှိသော ဖောင်တော်ဦးစေတီကို တည်ထားခဲ့ကြောင်းဆိုသည်။ ထိုစေတီတော်သည် သိမ်တော်ကြီးအနီး၌ရှိလေသည်။

**■ ဧယျသေနနဂါးမင်း၏ သစ္စာအဓိဋ္ဌာန်နှင့်ကျိန်စာ**

ထိုစေတီတော်၌ အလောင်းစည်သူမင်းကြီးသည် ရတနာဆယ်ပါးနှင့် မင်းမြောက်တန်ဆာငါးပါးတို့ကို ထည့်သွင်းတည်ထားခဲ့သည်မှာ နောင်အခါ၌ သဒ္ဓါကြီးမား ပစ္စည်းရှား၍ နွမ်းပါးကြသောမင်းများလက်ထက် စေတီတော်ပျက်ယွင်းမှုဖြစ်က ပြင်ဆင်တည်ထားနိုင်ရန် ရည်သန်ခဲ့ခြင်း ဖြစ်ပါသည်။

ရတနာသုံးပါး၌ လေးစားရိုကျိုးအားကိုးယုံကြည်လျှံမှုမရှိ ဒါနစသည် ရာဇဓမ်ဆယ်ချက် ပျက်ကွက်ချို့ယွင်းသော မင်းဖျင်းမင်းညံ့တို့သည် တူးဖော်ယူငင်ခြင်းငှာမစွမ်းရာသည်သာတည်း။

အကယ်၍ လောဘအလိုလိုက်ကာ မိုက်မိုက်ရူးရူး ဤဘဏ္ဍာများကိုတူးက ပစ္စက္ခချက်ချင်း သွေးစိမ်းသွေးခဲပွက်ပွက်အန်၍လည်းကောင်း၊ ဘေးဆိုးအန္တရာယ်အမျိုးမျိုးပေါ်၍ လည်းကောင်း မဟာပထဝီမြေကြီးသည် သည်းထန်စွာ ထွက်ပေါ်လာ၍ ထိုသူမိုက်အား အရှင်လတ်လတ် ငရဲသို့ယူဆောင်စေသတည်းဟူ၍ ဧယျသေနနဂါးမင်းသည် သစ္စာအဓိဋ္ဌာန်ပြုကာ ကျိန်စာဆိုခဲ့လေသည်။

(မှတ်ချက် - မော်တင်တောင်၌ မွေ့လျော် သီတင်းသုံးတော်မူသော ဆရာတော်ဦးသုတလက်ထက်တော်တွင် မော်တင်တောင်သို့ သိုက်ဆရာအချို့ရောက်လာပြီး စေတီတော်ကို ဖောက်ထွင်း၍ ဌာပနာတို့ကိုရယူရန်ကြိုးစားကြရာ ညတွင်းချင်းပင် အစောင့်အရှောက်နတ်နဂါးတို့၏ ခြောက်လှန့်မှုခံကြရကာ ကြောက်လန့်တကြား တောင်တော်မှထွက်ပြေးခဲ့ကြရသည်။ ခေါင်းဆောင်သိုက်ဆရာလည်းထိတ်လန့်လျက် အစဉ်ခြေတုန်လက်တုန် ဘေးတွေ့ကာကျိန်စာသင့်ခဲ့ရသည်။

ထို့နောက် ဆရာတော်ကြီးဦးဥတ္တမလက်ထက်တွင်လည်း စေတီစိန်ဖူးတော်အစစ်ကို အတုနှင့်လဲ၍ယူခဲ့ကြသော ပန်းရန်ဆရာများ၊ သံကောက်ချိတ်ဖြင့် စိန်ဖူးတော်ကိုဖြုတ်ယူရန်ပြုခဲ့ကြသူများ၊ သိမ်တော်ကြီးထဲရှိ ဗုဒ္ဓရုပ်ပွားတော်သုံးဆူအနက် အလယ်ရုပ်ပွားတော်ကြီး၏ နဖူးတော်မှ ကျောက်မျက်ရတနာတိုခိုးသူများ သဲလုံးအမျှခံပါမည်ဟု ကျိန်ဆိုဘုရားကွယ်သော်လည်း ခြေလက်တုန်ကာ ဆွံ့အလျက် လူဖြစ်ရှုံးသည့်အဖြစ်ရောက်ခဲ့ကြရလေသည်။



www.burmeseclassic.com1

www.burmeseclassic.com

■ ဖောင်တော်ဆိပ်စေတီ

အလောင်းစည်သူမင်းကြီးသည် ငါမင်းတရား၏ လာရောက်ခြင်းကို နောင်လာနောက်သားတို့သိစေရန်အမှတ်အသားဖြစ်စေဖို့ရည်ရွယ်လျက် ရေပတ်လည်ဝိုင်းရံလျက်ရှိသော ပင်လယ်ကမ်းခြေရှိ ကျောက်ဆောင်တစ်ခုထက်တွင် မြတ်စွာဘုရားသခင်၏ သရီရဓာတ်တော်အချို့နှင့် မဟာသစ်ကနက်သားကို ဌာပနာ၍ သက္ကရာဇ် ၄၅၇ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက်နေ့တွင် ဖောင်တော်ဦးစေတီတော်နှင့်တူညီစွာ ဉာဏ်တော်အမြင့် သံတောင် (၂၅) တောင်၊ လုံးပတ်တော် သံတောင် (၄၀) ရှိသော ဖောင်တော်ဆိပ်စေတီတော်ကိုလည်း တည်ထားခဲ့ပါသည်။

■ မဟာမကုဋရံသီမြတ်မော်တင်စေတီတော်ကြီး၏ အံ့ဖွယ် (၁၈) ပါး

၁။ ညအခါတွင် စေတီတော်အား တစ်ယောက်တည်းအဓိဋ္ဌာန်၍ (၇) ပတ်ရစ်ပတ်ပါက ရွှေသံငွေသံကြားရခြင်း။

၂။ ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်များ အမြောက်မိုး၊ စက်သေနတ်မိုး၊ ဗုံးမိုးရွာသော်လည်း ကျည်တစ်ခုမျှမခခြင်း။

၃။ စေတီတော်မှ လပြည့်၊ လကွယ်တို့တွင် ရောင်ခြည်တော်လွှတ်လေ့ရှိခြင်း။

၄။ စေတီတော်ကုန်းနှင့်ပရိဝုဏ်တွင် ရာသီပန်းတို့မပြတ်ပွင့်ခြင်း။

၅။ ညချမ်းအခါတွင် စေတီကုန်းတော်၌ အမွှေးရနံ့လှိုင်တတ်ခြင်း။

၆။ ခေါင်းလောင်းများ လူမတီးဘဲမြည်တတ်ခြင်း။

၇။ ယခုထက်တိုင်ပင် ရံခါရံခါ ဆွမ်းဦးအောင်မတင်နိုင်ခြင်း။

၈။ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော်ကျင်းပရာ၌ ခိုက်ရန်ဖြစ်ပွားသောဘေးအန္တရာယ်မရှိခြင်း။

၉။ နတ်ကျား၊ နဂါးတို့ ဘုရားဖူးလာသော်လည်း လူတို့အား အန္တရာယ်မပြုခြင်း။

၁၀။ လပြည့်၊ လကွယ်တွင် စေတီတော်မှ မောင်းသံ၊ ဗုံသံ စသော တူရိယာအမျိုးမျိုးတို့၏အသံကို အရှေ့ဦးယံတွင် ကြားရတတ်ခြင်း။

၁၁။ဘေးအန္တရာယ်များကျရောက်ခဲ့လျှင် စေတီတော်မြတ်အား အာရုံပြုဆုတောင်းပါက အန္တရာယ်ကင်းပခြင်း။

၁၂။ တပေါင်းလဘုရားပွဲတော်ကြီးနီးတိုင်း ကျီးအုပ်ကြီးများ၊ အမျိုးအမည်မသိ ငှက်အုပ်ကြီးများ တောင်တော်နှင့် စေတီတော်အား ရစ်ဝဲ၍ပျံကြခြင်း၊

၁၃။ ဘုရားပွဲတော်သို့ လူသိန်းသန်းချီ၍လာရောက်ကြသော်လည်း သောက်ရေကန်မှ ရေမလျော့ခြင်း။

၁၄။ ဘုရားပွဲတော်တွင် ဆွမ်းတော်တင်တောင်ပုံရာပုံစွန့်ထားသော်လည်း ကျီးငှက်တစ်ကောင်မျှလာရောက်မစားခြင်း။

၁၅။ ဘုရားပွဲတော်တွင် လူပေါင်းသိန်းသန်းချီရောက်ရှိကြသော်လည်း တောင်တော်တွင် လူပြည့်သွားသည်မရှိခြင်း၊

၁၆။ ယုံကြည်လေးမြတ်စွာ စေတီတော်ရင်ပြင်တော်တွင် သစ္စာအဓိဋ္ဌာန်၍ ပုတီးစိပ်ပါက ရင်ပြင်တော်မှ မြည်ဟည်းသံကြားရခြင်း။

၁၇။ နှစ်စဉ် တပေါင်းလတိုင်း အကြောင်းတစ်စုံတစ်ခုကြောင့် ဘုရားပွဲတော်မကျင်းပနိုင်က တောင်တော်မြည်ဟည်းခြင်း။

၁၈။ စေတီတော်ကို အဝေးမှမြင်ရလျှင်လည်းကောင်း၊ စေတီတော်ပရိဝုဏ်သို့ ကြည်ညိုစိတ်နှင့်ရောက်မိသည်နှင့်လည်းကောင်း၊ ဦးခိုက်ပူဇော်ရလျှင်လည်းကောင်း ကာယသုခ၊ စိတ္တသုခနှစ်ပါးချမ်းမြေ့ရခြင်း စသော အံ့ဖွယ်အကျိုးများ ရရှိစေနိုင်ပါသည်။

■ မော်တင်တောင်၏အမည်များ

မော်တင်တောင်တော်ကို -

သရန(ဏ)တောင် (ဝါ) ကိုးကွယ်မှီခိုရာတောင် (ဝါ) နိဗ္ဗာန်တောင်။

နာဂသေလာ(ဝါ)နဂါးများမှီခိုရာကျောက်တောင်။

နဂါးရစ်တောင် (ဝါ) နဂါးများနေရာ ဝဲအငူတောင်။

မော်တင် (ဝါ) မှော်တင် (ဝါ)အငူဟုခေါ်သည်။

မြှော်စင်၊ မြှော်ဆိုသည်ကား ဝိဇ္ဇာမိုရ်၏ တပည့်မောင်ကံသည် တရုတ်ပြည်သို့သွားရန် မျှော် (မြှော်) ကြည့်သောကြောင့် မြှော်စင် (ဝါ) ရှုဖွယ်ကောင်းသောရှုကွင်းတို့သည် အရပ်လေးမျက်နှာ၌တည်သောကြောင့် မျှော်၍လည်းတံမော့ကာကြည့်ရာ မြှော်စင်။

တန့်ကြည်တောင်(ဝါ)တန့်ကြည့်တောင်(ဝါ)တန့်ကြည့်တောင်တော်ကား အလောင်းစည်သူမင်း ဖောင်တော်လှည့်ရာတွင် ဖန်ရောင်ဖြင့်တောက်ပသော နဂါးရုပ်ကို မြရှင်လက်စွပ်ဖြင့်ကာ၍ ဖောင်တော်ကိုရပ်တန့်ကြည်ရာဖြစ်သောကြောင့် တန့်ကြည့်တောင်(မွန်နန်းရာဇဝင်အလို) (ဝါ) အငူစွန်းဖြစ်သောကြောင့် အငူကွေ့တွင် လှေသဘော်များ ရေလေအရိပ်အခြေအနေသိရန် ခေတ္တခဏလှေသဘော်ကို ရပ်တန့်ကြည့်ရာ တန့်ကြည့်တောင်။

ကျိုက်သူရဲမြို့ မြန်မာသက္ကရာဇ် ၅၃၆ ခုနှစ်တွင် နန်းတက်သော နရပတိစည်သူမင်းလက်ထက် ရွှေတိုက်တော်စာရင်းပါ ပုသိမ် (၃၂) မြို့တွင် မော်တင်ဒေသကို ကျိုက်သူရဲမြို့ ခေါ်သည်။

နေဂရေအငူ (ဝါ) နေဂရေစွန်းဟု ခေါ်ဆိုသည်။

ဆွမ်းမဦးပုညတောင် (ဝါ) လူအပေါင်းတို့ နံနက်အရုဏ်ဆွမ်းကပ်ရန်စေတီသို့သွားလျှင် စေတီကုန်းသို့ရောက်က အငွေ့တထောင်းထောင်းနှင့် ဆွမ်းဘောဇဉ်သစ်သီးများကပ်လှူထားသည်ကို နေ့စဉ်တွေ့ရသဖြင့် ဆွမ်းမဦးပုညတောင်ဟု ခေါ်သည်။

■ မော်တင်တောင်မှရေကန်များ

သောက်ရေကန်

အလောင်းစည်သူမင်း အဓိဋ္ဌာန်တော်မူ၍ ပေါ်လာသောကန် ဖြစ်သည်။ အကျယ်အဝန်းမှာ စတုရန်း(၁၀၀×၁၀၀) ကျော်ခန့်ကျယ်သည်။ မိန်းမများရေချိုးသော် လည်းကောင်း၊ ရေထဲဆင်းသော်လည်းကောင်း၊ ခြေဆေးလျှင်သော်လည်းကောင်း ထမင်းရည်ပမာ တစ်ခဏချင်းအသွင်ပြောင်း၍ ပျစ်ချွဲလေတော့သည်။ ပေ (၁၅၀) ခန့်မြင့်သော တောင်ထိပ်ပေါ်တွင် ကြာမျိုးငါးပါးဖြင့် အလွန်တင့်တယ်၍ မြသားအသွင် စိမ်းလဲ့နေသော ရေကြည်ရေအေးကိုသောက်သုံးပါက (၉၆) ပါးသော ရောဂါဝေဒနာများပျောက်ကင်းသည်ဟူ၍ ဘုရားဖူးတို့ယုံကြည်စွာ ပုလင်းဖြင့်ထည့်၍ယူတတ်ကြသည်။

နှစ်စဉ် ဘုရားဖူးများသိန်းသန်းချီ၍လာကြသောက်ကြသော်လည်း ပွဲတော်အချိန်တွင် ရေမလျော့ တိုး၍တိုး၍သာလာသည်။

တုတ်ကန်

တုတ်ကန်တွင် ပဒုမ္မာကြာနီတို့ဖြင့် လွှမ်းကာ ရေဘဲ၊ ရေကြက်၊ ဖျိုင်း၊ ဒင်ကြီး (ထင်ကျီး)ငှက်တို့ ခိုမှီးပျော်မွေ့ရာစမ်းရေအိုင်အဖြစ်တည်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

**နတ်ကန်**

ရှေးအခါက နတ်နဂါး၊ ကိန္နရာ၊ ကိန္နရီတို့ ရေချိုးပျော်ပါးခဲ့ရာကန်ဟု သူဟောင်းတို့ဆိုခဲ့ကြသည်။ ယင်းကန်၌ ကြာဖြူများသာပေါက်ရောက်သည်။ ငါးတို့မြူးပျော်ကြသည်။ ဘေးအန္တရာယ် ရောဂါဝေဒနာပျောက်သည်ဟု ဘုရားဖူးများ ရေခပ်ယူကြသည်။ ယင်းရေကန်မှ ရေကိုခပ်ယူချိုးပါက ကုဋ္ဌနူနာရောဂါ ရက်မကြာမီ ပျောက်ကင်းသည်ဟု ရှေးဆရာတော်ကြီးများမိန့်ဆိုခဲ့သည်။

**မိန်းမကန်**

အမျိုးသမီးများ ရေချိုးရန်၊ ဆေးကြောဖွပ်လျှော်ရန် ဖြစ်သည်။

**သိုက်ကန်**

ယခင်က စမ်းချောင်းကဲ့သို့ဖြစ်နေသည်။ မူလကမရှိပေ။ သို့သော် တောင်အဆင်း မန်ကျည်းပင်ရင်း ငွေကိုးတင်းဟူသော ရှေးသိုက်စာအရ ၁၂၈၂ ခုနှစ်ခန့်တွင် တူးဖော်ခဲ့ကြရာ ဆယ်ပြီးသားရေကန်အဖြစ်ကျန်ခဲ့ပါသည်။

■ **မဟာမကုဋရုံသီ မြတ်မော်တင်စေတီတော်ဘုရားရှိခိုး**

မာနိတံ နာဂဒေဝေဟိ၊
ရာဇရာဇေဟိ ပူဇိတံ။
သဇိဝ ဓာတုယာဌာနံ၊
ဝန္ဒေ မကုဋ စေတိယံ။

**နာဂဒေဝေဟိ ဇေယျသေန** - တေဇထန်ပြင်း၊ နဂါးမင်းနှင့်၊ နတ်မင်းများစွာ၊ သိကြားဗြဟ္မာတို့သည်၊ **မာနိတံ** - သဒ္ဒါဖွင့်ဖြိုး၊ ဆင့်ဆင့်တိုးလျက်၊ မြတ်နိုးအပ်ပေထသော၊ **ရာဇရာဇေဟိ** - သီရိဓမ္မာ နော်ရထာနှင့်၊ ကျော်ညာဝန့်ဆူ၊ လောင်းစည်သူဟု၊ ဇမ္ဗူထင်လင်း၊ အမင်းမင်းတို့သည်၊ **ပူဇိတံ** - ဆင့်ကာဆင့်ကာ၊ ရှည်မြင့်ကြာအောင်၊ ရတနာအသွယ်သွယ် မွမ်းမံခြယ်၍၊ သပ္ပာယ်စေရန် အဖန်ဖန်ဖြင့်၊ ထက်သန်လှစွာ၊ ပြုပြင်ကာဖြင့်၊ ကောင်းစွာ ပူဇော်အပ်ပေသော၊ **သဇိဝ ဓာတုယာ** - လေးလွန်းပင်သာ၊ သတ္တဌာဝယ်၊ မြတ်စွာစံပျော်၊ အခါတော်၌၊ နှစ်ဖော်ညီနောင်၊ ကုန်သည်မောင်တို့၊ ပင့်ဆောင်လာလတ်၊ ဆံတော်ဓာတ်၏၊ **ဌာနံ** - ရေပြင်မြေပြင်၊ ဝေဟင်မလပ်၊ အရပ်ရပ်မှ၊ ဆည်းကပ်နိုင်ရန်၊ အဓိဌာန်ဖြင့်၊ ကိန်းစံတည်ရာဖြစ်တော်မူသော၊ **မကုဋစေတိယံ** - သုံးလူ့မကိုဋ်၊ သုံးတိုက်သျှောင်ထေ၊ ခေါင်ပရမေဟု၊ အောင်ဇေယျာဘိ၊ အောင်သိဒ္ဓိနှင့်၊ ဣဒ္ဓိဝေဖြာ၊ ဂုဏ်ကျေးညာသား၊ မြတ်စွာမော်တင်၊ စေတီနှင့်ကို၊ **အဟံ** - တပည့်တော်သည်၊ **ဝန္ဒေဝန္ဒာမိ**- အနန္တဂုဏ်ကျေးဇူးဟုန်ကို၊ ကြည်ယုံမယွင်း၊ နှလုံးသွင်း၍၊ ဝပ်စင်းရိုကျိုး ရှိခိုးပါ၏ ဘုရား။

■ **မြတ်မော်တင်ဗုဒ္ဓပူဇနိယပွဲတော်**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ကကြီးမှူး၍ ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ မော်တင်စွန်း တောင်ထွတ်ပေါ်ရှိ မဟာမကုဋရုံသီ ဆံတော်ရှင်စေတီတော်မြတ် ဗုဒ္ဓပူဇနိယ ပွဲတော်ကို ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက်မှ တပေါင်းလဆန်း ၁၅ ရက်နေ့အထိ အထူးစည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။

ယခုနှစ် မြတ်မော်တင်ဗုဒ္ဓပူဇနိယ ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၈ ရက်၊ တပို့တွဲလကွယ်နေ့ နံနက် (၉)နာရီအချိန်တွင်ကျင်းပရာ နိုင်ငံတော်သြဝါဒစရိယဆရာတော်ကြီးများ၏သြဝါဒကိုခံယူ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဇနီး ဒေါ်ခင်ဌေးမြင့်မိသားစုအမှူးပြု၍ အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အလှူရှင်အသီးသီးတို့၏ကောင်းမှုဖြင့် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပွဲနှင့်အရံစေတီတော် (၂၆) ဆူတို့အား ရွှေထီးတော်တင်လှူ၍ ရတနာရွှေမိုးငွေမိုးများရွာသွန်းပြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ဖွင့်လှစ်ပေးခဲ့ပါသည်။

ဗုဒ္ဓပူဇနိယပွဲတော်ရက်တွင် ထူးခြားသည်ကား ဘုရားဖူးအချို့က ပင်လယ်တွင်ရှိသောနတ်နဂါးတို့အား အစာကျွေးကြပြီး မိမိတို့လိုရာဆုတောင်းကြသည်။ အချို့က ကျောက်တန်းကျောက်ဆောင်များတွင် အပန်းဖြေကြသည်။ကမ်းစပ်ဆီ ပြေးလွှားရိုက်ခတ်လာသောပင်လယ်လှိုင်းလုံးကြီးများကိုကူးခပ်စီးခိုကစားကြ၏။ ဘေးဥပဒ်အန္တရာယ်တစ်စုံတစ်ရာမရှိလေအောင် နတ်နဂါးတို့က စောင့်ရှောက်ကြသည်ဟု အဆိုရှိကြသည် ။ မြန်မာနိုင်ငံအရပ်ရပ်မှဘုရားဖူးများ ချမ်းမြေ့ကြည်နူးစွာ ကုသိုလ်ကောင်းမှုပြုနိုင်ကြစေရန် ပုသိမ်မြို့မှ ရေမိုင် (၈၅) မိုင်ကွာဝေးသော ခမောက်မော်သို့အရောက် ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းညွှန်ကြားရေးဦးစီးဌာနက စီစဉ်ထားရှိသော စိုးလင်းကျော် (၅) တစ်ထပ်ရေယာဉ်၊ ရွှေကြယ်စင်(၁)(၂)အမြန်ရေယာဉ်များ၊ ကမ်းရိုးတန်းအမြန်ရေယာဉ်များဖြင့်သွားရောက်နိုင်ပါသည်။ ထို့ပြင် ပုသိမ်မြို့ ဆိပ်ကမ်း ရွှေခင်းသာစခန်းမှ (၉၆) မိုင်ကွာဝေးသော ကတ္တရာခင်းလမ်းမကြီးအတိုင်း ခရီးသည်တင်မှန်လုံကားကြီးကားငယ်များဖြင့်လည်း ဆံတော်ရှင်မြတ်မော်တင်စေတီတောင်ခြေအရောက် လွယ်ကူစွာ သွားရောက်နိုင်ပါသည်။ ဘုရားပွဲတော်အတွင်း ပျော်ပွဲရွှင်ပွဲများ၊ ပင်လယ်ထွက်ကုန်ဈေးတန်းများ၊ ပစ္စည်းစုံအရောင်းဆိုင်များဖြင့် စည်ပင်လျက်ရှိပါသည်။ ဘုရားဖူးများ စိတ်ချမ်းမြေ့စေရေးအတွက် ကျန်းမာရေး၊ လုံခြုံရေး၊ လူမှုကူညီရေးဌာနများစီမံထားရှိပြီး တောင်ပေါ်နှင့် မြေပြန့်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားလူမျိုးများဖြစ်ကြသော ရှမ်း၊ ပအို့ဝ်၊ လီရှော စသည်တို့အပြင် နိုင်ငံခြားသားခရီးသွားများပါ မြတ်မော်တင်စေတီဘုရားပွဲတော်သို့ လာရောက်ကြရာ အထူးပင်စည်ကားလှပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံတော် သာသနာ့သမိုင်းတွင် ဦးစွာပထမ နတ်နဂါးတို့ တည်ထားကိုးကွယ်ခဲ့ရာ မဟာမကုဋရုံသီဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ဆီသို့ တစ်ခါတစ်ခေါက် သွားရောက် ဖူးမြော်ကြစေလိုကြောင်း မေတ္တာစကား နတ်လမ်းညွှန် တင်ပြအပ်ပါသည်။

*သဒ္ဒိသံပါဂံဇနေတိ*
*သစ္စာဝါဒီ-ဦးမြင့်အောင်*

**ကိုးကား -**

၁။ မဟာမကုဋရုံသီ မြတ်မော်တင်ဆံတော်ရှင်စေတီမြတ်ကြီးသမိုင်းအကျဉ်းချုပ်
စာအုပ်စီစဉ်သူ အရှင်ဇောတိဿရ မဲဇလီကုန်းမြို့
ခေမာသီဝံဆရာတော်
အရှင်ဉာဏောဘာသ - မော်တင်ဆရာတော်

၂။ မြတ်မော်တင်စွန်းတောင်ထိပ် နဂါးမင်းတည်ထားသည့် မဟာမကုဋရုံသီဆံတော်ရှင် ရွှေထီးတော်တင်လှူသည့်ဗုဒ္ဓပူဇနိယပွဲတော်ဘုရားဖူးများ အံ့မခန်းစည်ကား၊ မတ်လ ၄၊ ပုသိမ်နန္ဒဝင်းဌေး (မြို့နယ်သတင်းစာဆရာအသင်း)

၃။ သတင်းဓာတ်ပုံ ဧရာဝတီတိုင်းဒေသကြီးသတင်းစာဆရာအသင်းဥက္ကဋ္ဌ ပုသိမ်ဦးလှကြည်



www.burmeseclassic.com

www.burmeseclassic.com



(သရက်) မောင်မောင်ညွန့်

# အစွဲကျွတ်သည့်နေ့

အခန်း(၁)

သမီးလေး မြဖူးငုံကို မွေးပြီးကတည်းက ဦးကျော်မြ၊ ဒေါ်တင်လေးတို့၏စီးပွားရေးက ဒီရေအလားတိုးတက်လာသည်။ ဦးကျော်မြ ထွန်ယက်စိုက်ပျိုးသော တစ်ဧကသာသာယာကွက်မှ နှမ်းတင်းနှစ်ဆယ်ကျော်ထွက်၍ တစ်ရွာလုံး အံ့ဩကြရသည်။ လယ်ပိုင်မရှိသဖြင့် ဦးသာအေးလယ်ကို လုပ်ဖက်လုပ်ရသည်။ စပါးတင်းငါးဆယ်ထွက်လယ်ပွဲက တင်းရှစ်ဆယ်ကျော်ရသည့်အတွက် လယ်နားနီးချင်းများက ဦးကျော်မြအား-

"ဒီနှစ်ကတော့ ကိုကျော်မြတို့ ကံထတာပဲကွ"

"ဟုတ်ပါ့ ကိုထွန်းရွှေရာ၊ အကွက်နဲ့မမျှတောင်ရတာ စားကောင်းရဲ့လားလို့တောင် မေးယူရမယ်"

"ဟုတ်တယ်နော်၊ ဒေါ်တင်လေး အကြော်ဆိုင်ကလည်း ကြော်တိုင်းကုန်ဆိုသလို လက်မလည်အောင်ရောင်းရတာဟ"

"ဟုတ်ပါ့ မိကျေးရာ၊ အကျိုးပေးကလည်းသန်လိုက်တာ"

အများတကာပြောလျှင်လည်းပြောလောက်ပါပေသည်။ လင်ကိုယ်မယား နှစ်ယောက်တည်းဘဝတုန်းက မနက်စာ၊ ညစာအလျှင်မီအောင်ရှာစားရသည့်ဘဝမှ ယခုတော့ ချောင်ချောင်လည်လည် စားနိုင်သောက်နိုင်လာကြသည်။

ဒေါ်တင်လေးက သူမယောကျ်ား ဦးကျော်မြအား -

"ကျုပ်တော့အိပ်မက်များမက်နေတာလားလို့တောင် ထင်မိတယ်"

"ဒါကတော့ မိတင်လေးရယ်၊ အကျိုးပေးချိန်တန်လို့အကျိုးပေးတာပဲ"

"ဟုတ်တော့ဟုတ်ပါတယ်တော်၊ ဒါပေမယ့် ရွာတောင်ပိုင်းက အရီးလေး ဒေါ်လှရီတို့ကပြောတယ်။ နင်တို့သမီးလေးက သိုက်ကလာလို့ နင်တို့စီးပွားရေး တက်လာတာလို့ပြောနေကြတယ်တဲ့"

"သိုက်ကလာတယ်ဆိုတာ ဘာအထောက်အထားနဲ့ပြောတာလဲ၊ အလကားဟာတွေ၊ ထင်ရာလျှောက်ပြောနေကြတာ နင်ကများ သူများပြောတာယုံတယ်လား"

"မယုံတော့မယုံပါဘူး။ ဒါပေမယ့်"

အခန်း(၂)

"တကယ်တော့ ဖိုးကျော့ရာ လူတွေက ပုထုဇဉ်တွေပီပီ ကိုယ်ထင်ရာကိုယ်ပြောနေကြတာပါ။ မြဖူးငုံ သိုက်ကလာတယ်ဆိုတာလည်း အခြေအမြစ်မရှိ ဂယနဏမသိဘဲ တဖြည်းဖြည်းစကားတွေကကားလာကြတာ"

"ဟုတ်တယ်နော် ကိုသာလှ၊ မြတ်စွာဘုရားလက်ထက်တော်အခါက ရက်ကန်းသည်မလေးကို မြတ်စွာဘုရားက 'ချစ်သမီး၊ ဘယ်ကလာတာလဲ'လို့ မေးတော့ ရက်ကန်းသည်မလေးက မသိပါဘုရားလို့ဖြေတာကို တရားနာပရိသတ်တွေက ဒီသူငယ်မလေး မြတ်စွာဘုရားမေးတာကို ကောင်းကောင်းမဖြေဘူးလို့ ပြစ်တင်ကဲ့ရဲ့ကြတယ်။ မြတ်စွာဘုရားက 'ချစ်သမီး၊ ဘယ်ကိုသွားမည်လဲ' လို့ မေးတော့လည်း ရက်ကန်းသည်မလေးက ဘုရားတပည့်တော်မသိပါဘုရားလို့ လျှောက်တယ်။ တရားနာပရိသတ်တွေက ဒီသူငယ်မလေး မြတ်စွာဘုရားကို မလေးမစားဖြေတယ်ဆိုပြီး ဒုတိယအကြိမ် ကဲ့ရဲ့ပြစ်တင်ကြတယ်။ တကယ်တော့ ရက်ကန်းသည်မလေးလျှောက်ထားတဲ့အဓိပ္ပာယ်က တပည့်တော်မ ဘယ်ဘဝကလာခဲ့တာမသိသလို ဘယ်ဘဝကိုသွားရမှာလဲမသိပါဘုရားလို့ ဖြေထားတာ"

ဖိုးကျော့က သူသိသလောက် ပြောပြရင်း ရေနွေးကြမ်းတစ်ခွက်ငှဲ့သောက်လိုက်၏။ ကိုသာလှက ဖတ်



www.burmeseclassic.com

www.burmeseclassic.com



လက်စ သူရှုမဂ္ဂဇင်းကို ဘေးနားချထား လိုက်ရင်း -

"ဒါကြောင့် မြတ်စွာဘုရားက လူသတ္တဝါတွေကို မသိခြင်း(၅)မျိုးနဲ့ ပေါင်းဖော်နေရတာတဲ့။

ဘယ်ဘဝကလာခဲ့တယ်ဆိုတာကို မသိခြင်း၊ ဘယ်အချိန်မှာသေရမည်ဆိုတာမသိခြင်း၊ ဘယ်သင်္ချိုင်းမှာမြှုပ်နှံခံရမည်ကိုမသိခြင်း၊ သေပြီး အခြားမဲ့၌



www.burmeseclassic.com1

www.burmeseclassic.com

ဘယ်ဘဝကိုရောက်မည်ဆိုတာလည်း *မသိခြင်း ဆိုတဲ့ မသိခြင်း (၅) မျိုးနဲ့အတူ* ယှဉ်တွဲနေရတယ်ပြောတာပေါ့"

သာလှက ဖိုးကျော့ကို စိတ်ရှည်လက်ရှည်ရှင်းပြသည်။

ဖိုးကျော့က -

"တစ်ခုတော့ရှိတယ်၊ လောကမှာ တစ်ခါတစ်ရံ တိုက်ဆိုင်မှုလို့ပဲပြောရမလား၊ ဘယ်လိုပြောရမလဲ။ မယုံကြည်နိုင်စရာတွေတွေ့ကြုံခဲ့ရတယ်။ စာအုပ်စာစောင်တွေမှာလည်းတွေ့ရဖတ်ရတယ်။ အခု မြဖူးငုံဟာလည်း ဘဝဟောင်းက ပဋ္ဌာန်းဆက်ကြောင့် ဦးကျော်မြ၊ ဒေါ်တင်လေးတို့နဲ့ ဆက်နွှယ်နေရင်တော့ . ."

**အခန်း(၃)**

ရာသီစက်ဝန်းအလီလီယွန်းခဲ့သလို ဆယ်စုနှစ်တစ်ခုကို ဖြတ်ကျော်ခဲ့သည်မှာ ဘာမှမကြာလိုက်ဟု ထင်ရသည်။ မြဖူးငုံ ကျေးရွာအလယ်တန်းကျောင်းခွဲက (၈) တန်းအောင်တော့ မိဘနှစ်ပါးက သမီးလေးကိုမခွဲနိုင်၍ မြို့ကျောင်းသို့ ဆက်မထားတော့ပေ။ သူတို့မျက်စိအောက်မှာပဲနေစေချင်ကြသည်။ မြဖူးငုံက သူ့သူငယ်ချင်းတွေ မြို့ကျောင်းဆက်တက်တော့ သူမ၏မိဘနှစ်ပါးကိုခွင့်တောင်းသည်။ မိဘနှစ်ပါးက လုံးဝခွင့်မပြု။ သမီးလေးကို ချော့ပြောကြသည်။

"သမီးက တစ်ဦးတည်းသောသမီးဆိုတော့ အမေတို့ သမီးကိုမခွဲနိုင်လို့ပါကွယ်"

"ဟုတ်တယ် သမီး၊ အဖေတို့မှာ ရှားရှားပါးပါး ဒီသမီးလေးတစ်ယောက်ပဲရှိတာ အဖေတို့ သမီးကို ဘယ်လိုမှမခွဲနိုင်ဘူး"

"အို - အဖေကလည်း သမီးက တစ်ပတ်တစ်ခါ ရွာပြန်လာမှာပေါ့။ မြို့မှာ အဖေ့အစ်ကိုကြီး ဘကြီးအောင်လည်းရှိသားပဲ"

မြဖူးငုံက သူမဆန္ဒကို အကျိုးအကြောင်းရှင်းပြသော်လည်း မိဘနှစ်ပါးက လက်မခံသည့်အတွက် သူမဆန္ဒက အချည်းနှီးဖြစ်ခဲ့ရသည်။ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက မိဘစကားကို တစ်သဝေမတိမ်းနားထောင်သည့်သမီးဖြစ်သည့်အတွက် ဆက်လက်ပူဆာပါက မိဘနှစ်ပါး စိတ်ဆင်းရဲမည်ကို မလိုလားသောကြောင့် အလိုက်သင့်နေခဲ့တော့သည်။ မြဖူးငုံက ရုပ်ရည်ချောမောလှပသည်သာမက သဘောမနော ကောင်းသည့်အတွက် တစ်ရွာလုံးက *ချစ်ခင်ကြသည်။*

ဖခင်ဦးကျော်မြက တစ်ဦးတည်းသောသမီးလေးအား အစစအရာရာ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးထားသည်။ အိမ်ရှေ့ တမာပင်အောက်တွင် သမီးအတွက် ဒန်းတစ်ခုဆင်ပေးထားသကဲ့သို့ အိမ်နောက်ဘက် ခရေပင်အောက်တွင်လည်းဒန်းတစ်ခု။ ကြိုက်သည့်အချိန်မှာ ကြိုက်သည့်ဒန်းကိုစီးနိုင်သည်။

တစ်နေ့ညနေစောင်း ဦးကျော်မြ တောထဲမှ နွားကျောင်းပြန်လာစဉ် အိမ်နောက်ဘက် ခရေပင်အောက် ဒန်းပေါ်တွင် အင်္ကျီလုံချည်ကြည်ပြာရောင်ဝတ်ဆင်ထားသောမိန်းကလေးကို သူ့သမီးမြဖူးငုံနှင့် ဘေးချင်းယှဉ်၍ ဒန်းစီးနေသည်ကိုတွေ့လိုက်ရ၍ အံ့သြသွားသည်။ ပြီးတော့ ထိုအမျိုးသမီးလေးရုပ်ရည်ကလည်း မြဖူးငုံရုပ်ရည်နှင့်ခပ်ဆင်ဆင်တူနေသောကြောင့် ဦးကျော်မြ ပိုလို့အံ့သြမိသည်။ ဦးကျော်မြ နွားနှစ်ကောင်ကို နွားတင်းကုပ်ထဲအမြန်ချည်၍ ခရေပင်အောက်ကိုကြည့်လိုက်တော့ ထိုအမျိုးသမီးလေးကို မတွေ့ရတော့ချေ။

**အခန်း(၄)**

"အဖေမျက်စိမှားပြီး ထင်ယောင်ထင်မှားဖြစ်နေတာပါ။ သမီးဘေးမှာ ဘယ်သူမှမရှိပါဘူး။ သမီးတစ်ယောက်တည်းဒန်းစီးနေတာ"

မြဖူးငုံစကားကြောင့် ဦးကျော်မြ ကြောင်အမ်းအမ်းဖြစ်သွားသလို စဉ်းစားရလည်းခက်သွားသည်။ ပြီးတော့ သမီးလေးက ဘယ်သောအခါမှ လိမ်ညာမပြောတတ်ပေ။

"အဖေမြင်တာကတော့ အမှန်ပဲ သမီး။ ထူးဆန်းတာက အဲဒီမိန်းကလေးနဲ့ သမီးနဲ့ ရုပ်ရည်ချင်းခပ်ဆင်ဆင်တူနေတာရယ်။ ဒီထက်သေချာအောင်ပြောရရင် အမျိုးသမီးရဲ့ ဘယ်ဘက်လက်မှာ နှင်းဆီပန်းတစ်ပွင့်ကိုင်ထားတာလည်းတွေ့ရတယ်"

ဦးကျော်မြက သူမြင်တွေ့သမျှကို သမီးဖြစ်သူအား သေချာအောင်ရှင်းပြလိုက်သည်။ မြဖူးငုံက မျက်လုံးလေးကလယ်ကလယ်ဖြင့် တစ်ခုခုကိုစဉ်းစားရင်းမှ -

"အဖေပြောမှသိရတယ်၊ သမီးနှာခေါင်းထဲမှာလည်း နှင်းဆီပန်းနံ့ရလို့ ပတ်ဝန်းကျင်ကိုကြည့်တော့လည်း ဘာမှမတွေ့ရဘူး။ သမီးတစ်ခုသတိထားမိတာက. . ."

"ဘာများလဲဟင် သမီးလေး"

ဦးကျော်မြ သမီးကို ဖျာဖျာသ[illegible] မေးလိုက်ခြင်းဖြစ်သည်။

"သမီးဒန်းစီးရတာ ဒန်းက ခါတိုင်းနေ့တွေလို ပေါ့ပေါ့ပါးပါးလွဲလို့မကောင်းဘူး။ နှစ်ယောက်၊ သုံးယောက်စာလွှဲနေရသလိုပဲ။ ပြီးတော့ ဒန်းကလေးကန်[illegible]နဲ့ မနည်းအားယူပြီးလွှဲရတယ်"

မြဖူးငုံစကားကြောင့် ဦးကျော်မြ ကောင်းကောင်းနားလည်သဘောပေါက်သွားသည်။ မြဖူးငုံက လိမ္မာယဉ်ကျေးသောသမီးလေးဖြစ်သလို ကလေးဘဝကတည်းက လိမ်ညာပြောသည့်စိတ်မရှိသည့်အတွက် မြဖူးငုံအတွက် မည်သို့မည်ပုံဆောင်ရွက်ရမည်ကို ဆုံးဖြတ်ချက်ချလိုက်သည်။ ထို့ကြောင့် ဇနီးဖြစ်သူကို အကြောင်းစုံရှင်းပြလိုက်သည်။

"ကျုပ်ကလည်း သမီးလေးကို အရိပ်တကြည့်ကြည့်နဲ့ စောင့်ကြည့်နေတာကြာပြီ။ ဒီနေ့ကျမှ တော်နဲ့တိုက်တိုက်ဆိုင်ဆိုင်တွေ့လို့ တော်သေးတာပေါ့။ နောက်နေ့ကစပြီးခရေပင်အောက်က ဒန်းကိုမစီးခိုင်းနဲ့တော့"

"သမီးလေးက မိဘစကားကို အမြဲတမ်းနားထောင်တာပဲ ရပါတယ်။ နောက်နေ့ကစပြီး သမီးလေးအနားကမင်းက အမြဲနေပေးကွာ။ ယာထဲကိုင်းထဲမှာ စာရင်းငှားတွေနဲ့ ငါဦးစီးလုပ်မယ်"

"စိတ်ချပါတော်"

**အခန်း(၅)**

"မိဖြူနဲ့ မြမေ၊ စောစောစီးစီးဘယ်ကပြန်လာကြတာလဲ"

ရွာဦးကျောင်းသို့ အရုဏ်ဆွမ်းပို့ပြီးပြန်လာသော ဒေါ်မယ်ခင်က မေးလိုက်ခြင်း ဖြစ်သည်။

"မြဖူးငုံ ဆုံးပြီ ဒေါ်လေးခင်"

"ဟင် - ဘယ်လိုမြဖူးငုံဆုံးပြီဟုတ်လား။ မနေ့ကပဲ သူတို့မိသားစု ညောင်ပင်သာရွာအလှူက လှည်းနဲ့ပြန်လာကြတာ တွေ့လိုက်သေးတယ်"

"ဟုတ်တယ် ဒေါ်လေးခင်၊ အလှူကပြန်လာပြီး အိုက်လို့ရေချိုးတာ ရေချိုးမှားပြီး အပူရှပ်သွားတာတဲ့။ ညကဖြစ်ဖြစ်ခြင်း ဆေးခန်းကဆေးမှူးသွားခေါ်တာ။ ဒါပေမယ့် ဆေးမှူးမရောက်ခင် မြဖူးငုံဆုံးသွားပြီ"





www.burmeseclassic.com1

www.burmeseclassic.com

"ဖြစ်မှဖြစ်ရလေဟယ် မြန်ဆန်လိုက်တာ"

မြဖူးငုံက လိမ္မာရေးခြားရှိသလို သဘောမနောကောင်းသူဖြစ်သည့်အတွက် တစ်ရွာလုံးမှ နှမြောတသကြသည်။ မြဖူးငုံကို သဂြိုဟ်သည့်နေ့တွင် မိခင် ဒေါ်တင်လေး ပူဆွေးသောကရောက်လွန်းပြီး သတိလစ်သွားသောကြောင့် ဝိုင်းဝန်းပြုစုကြရသည်။ ဦးကျော်မြမှာ သမီးအတွက် ပူဆွေးသောကရောက်ရသည့်အထဲ ဇနီးသည်က သတိလစ်သွားသည့်ကတစ်မျောင့်ဆိုသလို ရင်ထဲလှိုက်ဆူတက်လာသော သောကဗျာပါဒတွေတို့ ကြိတ်မှိတ်မျိုချနိုင်သော်လည်း အပူမျက်ဝန်းတစ်စုံမှ မျက်ရည်ပေါက်တို့မှာ ယောကျ်ားကြီးတန်မဲ့ မျက်ရည်တောက်တောက်ကျခဲ့ရသည်။

မြဖူးငုံအတွက် ရက်လည်ဆွမ်းသွတ်သည့်နေ့က ရွာဦးကျောင်းဆရာတော် ဦးကုမာရက -

"ဒကာမကြီး သေတဲ့သူဟာ ကွဲသွားတဲ့အိုးတစ်လုံးလိုပါပဲ။ ပြန်ဆက်လို့မရတော့သလို ရှင်တဲ့သူနဲ့သေသူဟာ ဘဝခြားသွားပြီကွယ့်။ ပူဆွေးသောကရောက်လွန်းရင်လည်း စိတ်ပင်ပန်းပြီး ကျန်းမာရေးထိခိုက်နိုင်တယ်။ အစွဲအလမ်းထားလွန်းရင်လည်း တမလွန်မှာ အပါယ်ဘုံကျတတ်တယ်ကွယ့်"

"တင်ပါ့ဘုရား"

ဒေါ်တင်လေးက ဘုန်းတော်ကြီးပြောတုန်း ဟောတုန်းသာ တင်ပါ့ဘုရားဟုဆိုပေမယ့် ညနေစောင်းလျှင် သချိုင်းကုန်းက သမီးမြဖူးငုံ၏အုတ်ဂူဆီ သွားစမြဲတည်း။ ခင်ပွန်းဦးကျော်မြကတားလျှင်လည်း 'ကျုပ်က ဝမ်းနဲ့လွယ်မွေးရတာ' ဟူသောစကားဖြင့် တုံ့ပြန်တတ်သည်။

## အခန်း(၆)

ဒေါ်တင်လေးကတော့ ဘယ်သူပဲ တရားချချ လုံးဝနားမဝင်။ သမီးဆုံးပြီးတတည်းက ညနေတိုင်းပြုနေကျအလုပ်တို ရက်မပျက်ရောက်လာတတ်သည်။ ယနေ့လည်း ညနေ (၅) နာရီထိုးတော့ ပုံမှန်ရောက်လာသည်။

"ဒီနေ့ အမေ နည်းနည်းနောက်ကျသွားတာ ခွင့်လွှတ်ပါ သမီးရယ်။ အမေ့မှာက ချက်ရေးပြုတ်ရေးကတစ်ဖက်၊ သမီးအဖေက ဒီကိုလာခါနီးကျရင် တဖျစ်တောက်တောက်နဲ့ ပို့ရကောင်းလား၊ နင်အစွဲအလမ်းကြီးကိုကြီးတယ် ဘာညာနဲ့ပြောလိုက်ဆိုလိုက်တာ ရစရာကိုမရှိတော့ဘူး။ အခုလည်း သမီးကြိုက်တတ်တဲ့ ငါးခြောက်ဖုတ်ဆီဆမ်းကို အားရပါးရစားနော် သမီးလေး"

ဒေါ်တင်လေးက မြဖူးငုံအုတ်ဂူပေါ်တွင် ယမန်နေ့တွေကတည်းက အဆင်သင့်တင်ထားသော ပန်းကန်ပြားထဲသို့ ငှက်ပျောဖက်ဖြင့်ထုပ်လာသော ငါးခြောက်ဖုတ်များကိုထည့်လိုက်သည်။

"စားနော် သမီးလေး၊ အမေ့ကို ဘာမှအားနာစရာမလိုဘူး။ နောက်နေ့ကျရင် အမေ ဒီထက်စောစောလာပို့မယ်နော်"

ဒေါ်တင်လေး သူရူးတစ်ယောက်ပမာ တစ်ယောက်တည်းစကားပြောရင်း သုသာန်မှပြန်သွားသည်။ ရွာထဲမှလူတချို့က -

"ဒေါ်တင်လေး၊ ညနေတိုင်း သုသာန်ကိုသွားတာမကြောက်ဘူးလား"

ဟု မေးလျှင် ဒေါ်တင်လေးဖြေလိုက်ပုံက -

"ဘာကြောက်စရာရှိလဲ၊ သုသာန်မှာ ငါ့သမီးမြဖူးငုံရှိတာပဲ"

အချို့က လူတွေရဲ့သဘာဝအတိုင်း ဒေါ်တင်လေးကို အတင်းပြောကြသည်လည်းရှိသည်။

"ဒေါ်တင်လေးကတော့ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တော့မယ်"

"အေးကွာ ချစ်စရာ၊ လောကကြီးမှာ သူ့သမီးတစ်ယောက်တည်းသေတာကျနေတာပဲ"

"ဟုတ်ပါ့တော်၊ ဒီလောက်အဖြစ်သည်းနေတော့ လွန်တာပေါ့ဟယ်"

ဒေါ်တင်လေးကတော့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ပြောချင်တာတွေလည်းပြောကြပါစေ ဘယ်သူတွေဘာပြောပြော သူကတော့ သုသာန်သို့ညနေတိုင်းပုံမှန်သွားနေကျ။

ဦးကျော်မြက -

"အင်း - တော်တော်အစွဲအလမ်းကြီးတဲ့မိန်းမပဲ"

## အခန်း(၇)

ဒေါ်တင်လေးက သုသာန်သို့ နေ့တိုင်းသွားပို့သော ငါးခြောက်ဖုတ်ကို တမလွန်မှ သူ့သမီးလေး မြဖူးငုံကလည်း နေ့တိုင်းစားကြောင်း လူတွေ့တိုင်းကြွားရသည်ကလည်း မမောနိုင်မပန်းနိုင်။ ယနေ့လည်း ဒေါ်အေးတင့်အား ထိုအကြောင်းတွေကို ခရားရေလွှတ် တတွတ်တွတ်ပြောဆိုနေသည်။

အိမ်ရှေ့ကြမ်းပြင်တွင် ထန်းလျှိုးဓားသွေးနေသော ဦးကိုရှုသိန်းက နားထောင်ရင်း ရယ်ချင်နေသည်။

'ဒေါ်တင်လေးရေ ခင်ဗျား ညနေတိုင်းလာပို့တဲ့ ငါးခြောက်ဖုတ်တွေကို ခင်ဗျားသမီးစားတာ မဟုတ်ဘူးဗျို့။ သချိုင်းကုန်းနားက ထန်းပင်တက်တဲ့ ကျုပ်က ထန်းရည်နဲ့နေ့တိုင်းယူမြည်းနေတာဗျ'

ဟု ပြောလိုက်ချင်သည်မှာ ပါးစပ်ကိုယားနေသည်။ သို့သော် ထိုသို့ပြောလိုက်ပါက သူ့အတွက် စားပေါက်ပိတ်သွားမည်ကိုစိုးရိမ်၍ စိတ်ကိုချုပ်တည်းထားလိုက်သည်။

ဦးကိုရှုသိန်းမိန်းမ ဒေါ်အေးတင်က -

"ဒေါ်တင်လေးက သမီးတကယ်လာစားတယ်ထင်နေတာ၊ သချိုင်းကုန်းထဲက တောခွေးအတွေစားချင်စားမှာပေါ့"

မအေးတင့်စကားကြောင့် ဦးကိုရှုသိန်း မျက်လုံးပြူးဇက်ပုသွားသည်။

'တယ်- ဒီမိန်းမ၊ ကိုယ့်ယောကျ်ားကို တောခွေးအလို့ပြောရသလားဟင်'

ဦးကိုရှုသိန်းရင်ထဲတွင်သာပြောသောစကားဖြစ်သည်။

တစ်နေ့ ဒေါ်တင်လေး သုသာန်သို့ရောက်သည်နှင့် အသင့်ပါလာသော ငါးခြောက်ဖုတ်ကို မြဖူးငုံအုတ်ဂူပေါ်မှ ပန်းကန်ပြားထဲထည့်လိုက်သည်။ ပြီးတော့ ပတ်ဝန်းကျင်သို့ ဟိုဒီကြည့်လိုက်ရင်း -

"သမီးလေးရယ် ဖြစ်နိုင်ရင် အမေ့ကို ကိုယ်ထင်ပြပါလားကွယ်။ သမီးကို အမေလွမ်းလှပါပြီကွယ်။ သမီးနဲ့အတူတူနေရအောင် အမေ့ကို တစ်ခါတည်းခေါ်ထားလိုက်ပါလားကွယ်နော် သမီးလေး"

"တကယ်လား၊ လာ. . . လိုက်ခဲ့"

ဝမ်းခေါင်းသံကြီးဖြင့်ပြောလိုက်သောအသံကိုကြားလိုက်သည်နှင့်တစ်ပြိုင်နက် ဒေါ်တင်လေးတစ်ယောက် နောက်သို့ပင်ပြန်လှည့်မကြည့်တော့ဘဲ ရွာဆီသို့ တစ်ချိုးတည်းပြေးလေတော့သည်။ နောက်ရက်များမှစ၍ သုသာန်သို့ လုံးဝမသွားတော့ပေ။

တကယ်တော့ ထိုအသံရှင်သည် သူမယောကျ်ား ဦးကျော်မြ ဆိုသည်ကို သိခဲ့ပါလျှင်. . .။

မောင်မောင်ညွှန့် (သရက်)



www.burmeseclassic.com1

www.burmeseclassic.com



# ဖိုးကျော့

## ဒဏ္ဍာရီမြို့တော်

*(ယခင်လမှအဆက်)*

အနောက်ဘက်တောင်ပင်လယ်ကို သူ့အဖေနှင့်အတူရောက်သွားသည်။ အဖေက ကျောက်တောင်တွေပေါ် တက်ပြီး ငှက်သိုက်ရှာနေ၏။ သူက တောင်ခြေရင်းတွင်ထိုင်ပြီး ကပ္ပလီပင်လယ်ပြင်ကြီးကို ငေးကြည့်နေသည်။ မိုးနှင့်ထိနေသော ပင်လယ်နက်ဆီမှ လှိုင်းလုံးကြီးတွေလာနေသည်။ အိမ်လုံးထက်ပင်ကြီးသည်။ ဦးကြီးရှိန်တို့ အိမ်ဘေးက လေကာကျောက်ဆောင်ကြီး ထက်ပင်မြင့်သည်။

လှိုင်းအသံနှင့် တရှဲရှဲမြည်သံတို့ နားထဲဆူညံလာသည်။ လေနှင့်လွင့်လာသော သဲပွင့်သဲမှုန်များကိုယ်ပေါ် လာထိသည်။ တစ်ကိုယ်လုံးကျိန်းစပ်သွားသည်။ လွင့်ပါနေသောသဲမှုန်သဲပွင့်များထဲတွင် ဝင်ကစွပ်ကောင်များပြေးတွားလာနေကြသည်။ တစ်ဆယ့်ရှစ်ခါဘက်ဘော ဒီဝီဇံတပ်မကြီးမှ အကောင်ကြီးများသည် သူ့လက်သီးဆုပ်လောက်ရှိ၏။ တချို့ အပြင်ဝတ်အခွံပင်ပါမလာကြ။ ခရုခွံကြီးတစ်ခွံကို မနိုင်မနင်းချီမသယ်ဆောင်လာသောဝင်ကစွပ်ကောင်ကြီးတစ်ကောင်ကို သူလှမ်းကောက်လိုက်သည်။ အဖေ့ကိုပြရန်ပြေးလာ၏။ အဖေတက်သွားသော ကျောက်တောင်ကြီးကို သူတွားတက်နေရသည်။ ရေငတ်လာ၏။ နှုတ်ခမ်းကို လျှာနှင့်ယက်မိ၏။ ဝင်ကစွပ်ကြီးက သူ့နှုတ်ခမ်းကိုထွက်ညှပ်သည်။ လန့်ပြီးသူလွှတ်ချလိုက်သည်။ ကျောက်တောင်ပေါ်က ဝင်ကစွပ်ကောင်နှင့်အတူ သူကျသွား၏။ ရင်ထဲ အေးခနဲဖြစ်သွားသည်။ လန့်ပြီးအော်လိုက်မိ၏။

"ဟင် - ဘာလဲဟင် ဘာလဲ ဘာလဲ"

ကောင်မလေးကပါ လန့်အော်ပြီး သူ့ပခုံးကိုဖက်ထားသောလက်ကို ရုတ်သွားသည်။

"ဘာကောင်တွေလဲမသိဘူး"

အောင်တိုင် ရုတ်တရက် ကျောက်နံရံနှင့်ကျောခွာလိုက်သောအခါ ကောင်မလေးကလည်း ကျောမတ်ထိုင်မိပြီးသား ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ"

"အိပ်မက်မြင်တာ"

"လန့်လိုက်တာဟာ"

"ငါရေငတ်လိုက်တာ"

"မိုးစဲသွားပြီ၊ မုန်တိုင်းလည်းစဲသွားပြီ ဟေး. . ."

ကောင်မလေးက ဝမ်းသာအားရ အော်လိုက်သည်။

အောင်တိုင် ရှေ့ကိုတွားသွားလိုက်၏။ ကောင်မလေးကလည်း သူ့ပခုံးပေါ် လက်တင်ပြီးတွားလိုက်လာသည်။

"ဟင် - ဘာကောင်တွေလဲဟ"

"ငါလည်းနှင်းမိတယ်။ ဘာကောင်တွေလဲ"

အမှောင်ထဲတွင် အောင်တိုင်စမ်းကောက်လိုက်၏။ ပေါင်းခွံတွေ။ ပေါင်းခွံထဲဝင်နေသော ဝင်ကစွပ်ကောင်တွေ။

"ဝင်ကစွပ်ကောင်တွေဟ၊ သူတို့လည်း တို့လို မုန်တိုင်းလာခိုနေကြတာဖြစ်မယ်"

လက်ထဲကအကောင်ကို အောင်တိုင် လွှင့်ပေါက်ပစ်လိုက်၏။

"ဟုတ်မယ်၊ ကျောက်ကြားတွေက ထွက်လာကြတာဖြစ်မယ်"

ကောင်မလေးကပြော၏။



www.burmeseclassic.com

www.burmeseclassic.com



အောင်တိုင် တကယ်ရေငတ်နေသည်။ ကျောက်တုံးနံရံနှင့် အကြာကြီး ကပ်ထားခဲ့၍လားမသိ။ တစ်ကိုယ်လုံး ချွေးစီးတွေပြန်နေ၏။ လုံးဝမချမ်းတော့။

ကောင်းကင်ကိုမော့ကြည့်လိုက်၏။ မိုးပေါ်မှာ ကြယ်တွေကွက်တိကွက်ကျား ဖိတ်ဖိတ်လက်၍မြင်ရ၏။ ရေသောက်ချင်တာမှ မိုးပေါက်တွေကျမလာတော့။ ချုံတွေ၊ ကျောက်တောင်တွေကို ကြယ်ရောင်နှင့် ကွဲကွဲပြားပြားမြင်လာရ၏။ လေကလည်းငြိမ်သွားပြီ။ ချုံတွေပင် လုံးဝမလှုပ်တော့။

"လူခေါ်သံကြားတယ်"

ကောင်မလေးပြော၏။

"ငါတော့မကြားမိဘူး"

ပြောပြီး အောင်တိုင် နားစွင့်၏။

ဝင်ကစွပ်ကောင်တွေ ကျောက်ကြိုကျောက်ကြားကတွားထွက်လာနေကြသံကိုသာ သူနားထဲကြားနေမိ၏။

"ဟုတ်လားဟ၊ ငါတို့ ဘယ်နေရာရောက်နေကြလဲမသိဘူးနော်"

"ဟုတ်ပါတယ်ဆို၊ နင်သေချာနားထောင်ကြည့်"

ကောင်မလေးစကားကြောင့် သူမတ်တတ်ရပ်လိုက်၏။ ကောင်မလေးကလည်းလိုက်ရပ်၏။ ထိုအခါမှ ကောင်မလေး၏ဖြူတူတူကိုယ်လုံးကို ကြယ်ရောင်တွေလာဟပ်နေသည်။

ကောင်မလေးပြောသည်မှာအမှန်ပင်။ လူတွေအများကြီးအော်ခေါ်နေကြသံကို အဝေးကြီးကကြားနေရသည်။ သဲသဲကွဲကွဲမဟုတ်သော်လည်းလူသံတွေမှန်းသိသာသည်။

"ဟုတ်. . . ဟုတ်တယ်ဟ။ တို့အဲဒီဘက်ပြေးသွားကြရအောင်။ လာလာ"

အောင်တိုင်က ဝမ်းသာအားရနှင့် ကောင်မလေးလက်ကိုဆွဲ၏။

"နေဦးလေဟာ၊ ငါ့အကျႌသွားယူလိုက်ဦးမယ်"

"အေး - ငါ့အကျႌဘောင်းဘီလည်း"

ကောင်မလေးပြောလိုက်မှ သူကလည်း သူ့အကျႌဘောင်းဘီကို သတိရမိသည်။

ကျောက်လုံးကြီးအနားရောက်မှ ကောင်မလေးကို သူကြည့်မိသည်။ ကောင်မလေးကိုယ်က စောစောကလို မည်းတုံးကြီးမဟုတ်တော့။ ဝင်းဝင်းဖြူဖြူ အရိပ်ထင်နေသည်။ ကျောက်တုံးဘေးက သူ့အကျႌကိုလှမ်းယူလိုက်သော ကောင်မလေးက သူ့ကိုတစ်ချက်လှည့်ကြည့်သည်။ အမှောင်ထဲမှာ သူ့မျက်လုံးကတောက်နေသည်။

"အကျႌ ငါ့အကျႌခြောက်သွားပြီ"

"ငါ့အကျႌဘောင်းဘီလည်းခြောက်သွားပြီ"



www.burmeseclassic.com1

www.burmeseclassic.com

"ဟင် - ငါ့အင်္ကျီမှာ ဝင်ကစွပ် ကောင်တွေကပ်နေတယ်"

ကောင်မလေးက သူ့အင်္ကျီကို တဖြန်းဖြန်းခါလိုက်သည်။

"စင်အောက်ခါလိုက်။ ယားတတ်တယ်"

"အကောင်သေးသေးလေးတွေ"

လူသံများအော်ခေါ်နေကြသံကြားရာဘက်သို့ လက်တွဲ၍လျှောက်လာကြ၏။ လူသံကြား၍ ဝမ်းသာအယ်လည်းဖြစ်သွားကြသော်လည်း ပြေးမသွားနိုင်ကြတော့။ နှစ်ယောက်စလုံး နွမ်းဖျော့နေကြသည်။ အောင်တိုင်က ဆွဲပြေးမလို လုပ်သောအခါ ကောင်မလေးက ငိုသည်။

"ငါ့ကိုမထားခဲ့ပါနဲ့ ငါကြောက်တယ်"

"မထားခဲ့ပါဘူး၊ တို့လူကြီးတွေနဲ့ တွေ့ရတော့မယ်"

"ငါထမင်းသိပ်ဆာတယ်"

အောင်တိုင် ဘာပြန်ပြောရမှန်းမသိ၊ ကောင်မလေးက သူ့လက်ကိုတင်းတင်းဆွဲပြီး တအင့်အင့်ရှိုက်၍ပါလာသည်။

"လူကြီးတွေနဲ့တွေ့ရင် နင်စားရမှာပေါ့။ ငါလည်းဆာတာပဲ။ ဒါပေမယ့် ငါမငိုဘူး၊ အားတင်းထားစမ်းပါ"

"နင်က ယောက်ျားပဲ"

"ဩော်. . . အေး"

အောင်တိုင် ပါးစပ်ပိတ်သွား၏။ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။

"လူကြီးတွေနဲ့တွေ့ရတော့မယ်။ အမေအမေတို့ကိုတွေ့ရတော့မယ်။ နင်ဘယ်လိုဖြစ်နေတာလဲ၊ လာစမ်းပါ။ ကြားတယ်မှတ်လား လူသံတွေနီးလာပြီ"

"ငါသိတယ်၊ ငါ့အဖေနဲ့မတွေ့ရတော့ဘူး။ ငါမြင်လိုက်တယ်။ ငါ့အဖေ လှိုင်းလုံးကြီးနဲ့ပါသွားတယ်"

"ငါတို့လည်းလှိုင်းလုံးကြီးနဲ့ပါလာတာပဲဟာ။ ခု သေလို့လား"

"ပင်လယ်ထဲပါသွားတာ ငါမြင် . . . မြင်လိုက်တယ် ဟင့် . . . အင့်"

အောင်တိုင် နှုတ်ဆိတ်သွားရပြန်၏။

ကောင်မလေးကပြောလိုက်မှ ငါ့အမေ၊ အဖေတို့လည်း ပင်လယ်ကြီးထဲ လှိုင်းလုံးတွေနှင့်ပါသွားလေပြီလားဟု ဝမ်းနည်းသွား၏။ သို့သော် အောင်တိုင်၏ပါးစပ်က ချက်ချင်း ဘယ်လိုကဘယ်လိုထွက်သွားသည်မသိ။ အမေ၊ အဖေတို့ကိုအော်ခေါ်မိပြီးသားဖြစ်သွားသည်။ ကိုယ်နှင့်စိတ်မကပ်ဘဲ အရှူးလိုအော်လိုက်သည်။

"အမေ. . . အမေရေ အို အမေ အနိုင်း. ."

"အဖေ. . . အဖေ အို အဖေရေ အောင်သိုက်"

ကျောက်ဆောင်ကြီးတွေကွယ်သွား၍လားမသိ။ လူသံတွေကပျောက်သွားပြန်သည်။ ကျောက်ဆောင်ကျောက်လုံးကြီးတွေကို လှည့်ပတ်လျှောက်လာကြ၏။ ချုံတောတွေကိုလည်း ရှောင်ကွင်းလာကြသည်။

လူတွေအော်ခေါ်နေကြသံကိုကြားလာရပြန်သည်။ လူသံတွေနှင့်နီးလာလေ အောင်တိုင်က သူ့မိသူ့ဖတွေကိုပို၍ အော်ခေါ်လာ၏။ သို့သော် သူ့အသံက ကျယ်ကျယ်မထွက်နိုင်တော့။

"နင်လည်းတစ်လှည့်အော်ခေါ်ဟာ ဒါမှ တို့လာနေကြတယ်ဆိုတာ လူကြီးတွေသိမှာပေါ့။ အော်ခေါ်ပါဆို"

"ငါ. . . ငါ မအော်နိုင်တော့ဘူး။ လည်ချောင်းကအသံမထွက်တော့ဘူး။ ထမင်းဆာတယ်၊ ရေတစ်ပေါက်လောက်လည်းသောက်ချင်တယ်"

အရေးထဲ ခွေးကောင်မဟု အောင်တိုင် စိတ်တိုသွားသည်။ သည်အတိုင်း သူ့ကိုဆွဲခေါ်သွားနေရရင် လူကြီးတွေနှင့် အတွေ့နောက်ကျသွားမှာ တွေးကြောက်လာ၏။ သူလည်း ရေသောက်ချင်နေသည်မှာကြာပြီ။ ထမင်းလည်းဆာလာပြီ။ ကောင်မလေးကိုပစ်ထားခဲ့မှဖြစ်မည်ဟု အောင်တိုင် အတွေးဝင်သည်။ ရုတ်တရက် ကောင်မလေးဆွဲထားသောလက်ကို ရုန်းဖယ်ပစ်လိုက်သည်။

"အအို"

ကောင်မလေး လဲကျသွားသည်။

"ငါ့ကိုမထားခဲ့ပါနဲ့ ငါကြောက်တယ်၊ နင့်ကို ငါ. . . ငါ မီအောင်လိုက်ပါ့မယ်။ ငါ့ကိုမထားခဲ့ပါနဲ့ ငါကြောက်တယ်"

အောင်တိုင် ခြေလှမ်းတုံ့၍ နောက်ပြန်လှည့်ကြည့်၏။

သောက်ကောင်မလေး ဒါကျတော့ အသံကျယ်လိုက်တာဟု စိတ်ထဲ ဒေါသဖြစ်မိသွားသည်။ သို့သော် လူကြီးတွေအော်ခေါ်နေကြသံဆီ တစ်ယောက်တည်းပြေးသွားရမှာလည်း ကြောက်စိတ်ဝင်လာပြန်သည်။ စိတ်ကချောက်ချားနေသည်။ အမှောင်ထဲတွင် သရဲတစ္ဆေတွေက လိမ်အော်ခေါ်နေကြတာလား၊ ခေါ်သံတွေကလည်း ယခုအခါ အရပ်ရှစ်မျက်နှာကကြားလာရသလို နီးလည်းနီးလာ၏။

ခြေလှမ်းရပ်ပြီး ကောင်မလေးကို ငေးကြည့်နေမိ၏။

သူ့ခြေလှမ်းမည်မျှသွက်မိလိုက်သည် သတိမထားမိ။ ကောင်မလေးနှင့် သူက လက်တွဲဖြုတ်ထားခဲ့သည်မှာ ခဏဟုထင်သော်လည်း သူနှင့်ကောင်မလေးက ခြေလှမ်းလေးငါးလှမ်းခန့်ဝေးသွားသည်ကို ခုမှ သတိရမိလိုက်သည်။

ကောင်မလေးအား ကျောက်တုံးတစ်တုံးကိုမှီပြီး ရပ်ကြည့်နေမိ၏။ အမှောင်ထဲ ဝိုးတိုးဝါးတားမြင်ရ၏။ အော်ငိုပြေးလာပြီး ကောင်မလေးက သူ့ကိုပြေးခုန်အုပ်၏။ နှစ်ယောက်စလုံး လဲကျသွားကြ၏။ ကောင်မလေးက သူ့ကို ကျားကုတ်ကျားခဲဖက်ထား၏။

"ငါ. . . ငါ့မထားခဲ့ပါနဲ့"

ဟုလည်း ငိုရင်းပြောသည်။

တစ်ညတာအတူတကွတစ်ယောက်ကိုတစ်ယောက် အားကိုးနေခဲ့ကြသူကို ပစ်ပြေးသွားရမှာ ရင်ထဲက တစ်မျိုးကြီးဖြစ်သွားသည်။ လူကြီးတွေအော်ခေါ်နေကြသံတွေကိုပင် ခဏမေ့သွားသည်။ ကောင်မလေးက သူ့ကို ပြုတ်တူနှင့်စည်းကုပ်ထားသလို ဖက်၍ငိုနေ၏။ ငါ့ကိုပစ်မထားခဲ့ပါနဲ့ဟုလည်း ငိုယို၍တောင်းပန်နေသည်။ နှစ်ယောက်သား မထနိုင်ကြသေး။ မြေပြင်တွင် လဲလျက်ဖက်လျက်သားရှိနေကြသည်။

လဲ့နေမိကြသည်မှာ မည်မျှကြာသွားသည်မသိ။ လူကြီးတွေအော်ခေါ်နေကြသံကို ပြန်ကြားလာရသည်။ နှစ်ယောက်သား ပြိုင်တူထရပ်မိလိုက်ကြသည်။ ကောင်မလေးက သူ့လက်တွေကို အောင်တိုင်ကိုယ်ပေါ်ကမရုပ်နိုင်သေး။

"မိုးလင်းတော့မယ် ဟို. . . ဟိုမှာတွေ့လား"

ကောင်မလေးက သူ့ကိုယ်ကို ချည့်နဲ့စွာမီထားရင်းကပြော၏။ အသံက မပီသ။ ကောင်မလေး၏ ဟောဟဲဟောဟဲလေမောသံသည် သူ့လည်ပင်းကို တစ်ချက်တစ်ချက်လာထိသည်။ တော်တော်မောနေပုံရ၏။ သူလည်း နွမ်းချည့်နေပြီ။

ပတ်ဝန်းကျင်ကိုသတိထားကြည့်မိ၏။နေရောင်ခြည်ကိုမမြင်ရသော်လည်း လင်းလင်းထင်းထင်းရှိနေပြီ။ မကြာမီ နေရောင်ခြည်ကိုမြင်ရတော့မည်။ လူကြီးတွေနှင့်တွေ့ရတော့မည်ဟူသောအတွေးကြောင့် တအားတက်သွားသည်။

အောင်တိုင် ပတ်ဝန်းကျင်ဘယ်ညာကို သတိထား၍ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်တွင် ကြယ်တွေမပျောက်တွယ်သေးသော်လည်း အလင်းရောင်တွေပြန့်လာသည်။ ပုစွန်ဆီရောင်သန်းနေသောကောင်းကင်၏ မိုးကုပ်စက်ဝိုင်းဘက်ကိုလည်းမြင်ရပြီ။ အရှေ့ဘက်ပါလားဟု သိလိုက်သည်။ လူတွေအော်ခေါ်နေကြသည်မှာလည်း ထိုအရှေ့ဘက်တပင်။ ကျောက်ဆောင်တွေ၊ ပင်လယ်ကဗွီးပင်တွေနှင့် ချုံပုတ်တွေကိုလည်း ကွဲကွဲပြားပြားမြင်လာရသည်။

"နေထွက်လာတော့မယ် တွေ့တယ်မှတ်လား"

ကောင်မလေးက သူ့လက်ကိုလှုပ်၍ပြော၏။

အောင်တိုင်က အင်းတစ်လုံးသာပြောပြီး ကောင်မလေးကို လှသံကြားရာဆီဆွဲခေါ်လာ၏။ အမေ၊ အဖေတို့ကိုလည်း ဆက်တိုက်အော်ခေါ်လာသည်။ ကောင်မလေးကတော့ သူ့အဖေသေသွားပြီဟု စိတ်တုံးတုံးချလိုက်ပြီထင်၏။ သူ့အဖေနာမည်ကို လုံးဝအော်မခေါ်တော့။ အောင်တိုင်ကတော့ ချည့်ချည့်နွဲ့နွဲ့လာနေကြရင်းကလည်း အော်ခေါ်လာသည်။

"အဖေ အမေရေ ငါတို့ ဒီမှာ"

"အမေ အမေ အနိုင်း. . ."

သူ့အသံကလည်း မကျယ်နိုင်တော့။ အာခေါင်ထဲမှာ တွဲရှနေသလိုခံစားနေရ၏။ လည်ချောင်းတစ်လျှောက်လုံးလည်း နာကျင်လာသည်။ ကောင်မလေးက သူ့လက်ကို အတင်းဆွဲထားသဖြင့် တစ်ချက်တချက် အမေအဖေတို့ကိုအော်ခေါ်နေသံက ထစ်အနေသည်။ မည်သူ့ကိုစိတ်ဆိုးရမှန်းမသိသော်လည်း အနီးကပ်ဆုံးရှိနေသောကောင်မလေးကို သူ့စိတ်ဆိုးချင်လာသည်။ ထို့ကြောင့်-

"လူကြီးတွေနဲ့မြန်မြန်တွေ့ရအောင်နင်လည်းအော်ခေါ်လေဟာ"

ဟု အော်ငေါက်ပိတ်ပြောလိုက်သည်။

ထိုအခါမှ ကောင်မလေးက သူ့ကိုပစ်ထားခဲ့မှာစိုး၍ ကြောက်ကြောက်နှင့် သူ့အဖေကို အမ်းကူ၊ အမ်းကူဟု အော်ခေါ်လာသည်။ သို့သော် ကောင်မလေးအသံက ပီပီသသမထွက်နိုင်တော့။ လည်ချောင်းကွဲရှသံနှင့် အကူ၊ အကူဟုသာထွက်နိုင်တော့၏။ အောင်တိုင်ကောင်မလေးကို သနားသွားပြန်၏။ လူကြီးတွေအော်ခေါ်နေကြသံတွေနှင့် ပိုနီးလာသောအခါ အောင်တိုင်က မရပ်မနားအော်ခေါ်လာသည်။

"အဖေ၊ အဖေရေ အဖေ အဖေ အောင်သိုက်. . ."

"အမေ အမေရေ အမေ အနိုင်း"

"အဖေ အဖေရေ အမ်းကူ အမ်းကူရေ"

အောင်တိုင်ဆီမှာ အအော်ခံရမှာစိုး၍လားမသိ။ ဤတစ်ခါတော့ အောင်တိုင်အော်ခေါ်နေသလို ကောင်မလေးကလည်း အသံပီသက်နှင့် သူ့အဖေ အမ်းကူကို အော်ခေါ်နေ၏။

ရှေ့က အောင်တိုင်လဲလျှင် ကောင်မလေးကပါ အောင်တိုင်ကိုယ်ပေါ်ပစ်လဲကျ၏။ နှစ်ယောက်သားဖေးမ၍ ပြန်ထကြသည်။ လူကြီးတွေအော်ခေါ်လာကြသောအသံနှင့်နီးလာ၏။ လူကြီးတွေအော်ခေါ်လာကြသံကိုကြားရမှဘာကြောင့်ရယ်မသိ အောင်တိုင်ဝမ်းနည်း၍ငိုတော့ ကောင်မလေးကလည်း သူ့ကိုဖက်၍ငိုသည်။

ငိုသံပင်မထွက်နိုင်တော့။ ခြေလက်တွေကိုပင် ထင်သလိုသယ်၍မရကြတော့။ လူးလဲထပြီး အော်ခေါ်ငိုယိုနေကြ၏။ 'သားရေ သမီးရေ အဖေရေ အမေရေ အစ်ကိုရေ အစ်မရေ ဦးလေးရေ ဘကြီးရေ အဘိုးရေ အဘွားရေ'နှင့် အမည်မျိုးစုံ အသံမျိုးစုံအော်ခေါ်နေကြသောလူသံများကို ပီပီသသကြားလာရလေ သူတို့နှစ်ယောက်က လူကြီးတွေနှင့်ပိုတွေ့ချင်နေလေပင်။

အမည်မျိုးစုံ၊ အသံမျိုးစုံနှင့်အော်ခေါ်နေကြသောလူများ၏အသံမှာလည်း မကျယ်လောင်နိုင်ကြတော့။ ငိုကြွေးမြည်တမ်းရုံသာသာလောက်သာထွက်နိုင်ကြတော့၏။

'သူတို့နှစ်ယောက်ကို အသံမျိုးစုံ၊ ခေါ်သံမျိုးစုံတို့က ဝိုင်းထားကြသလိုပင်။ ကျောက်ဆောင်ကျောက်လုံးကြီးများကြားကလည်း ကြားရ၏။ ချုံပုတ်စပန်းတောထဲကလည်းကြားနေရ၏။ပင်လယ်ကဗွီးပင်အကြိုအကြားမှလည်းကြားလာရ၏။ မိုးလင်းလာသည်နှင့် အသံတွေကလည်း ပိုကျယ်လာ၏။

သူတို့မှာ တစ်ညမျှသာကွဲကွာသွားခဲ့ရသည်နှင့်မတူဘဲ နှစ်ပေါင်းများစွာကွဲကွာနေကြသော အချင်းချင်းခေါ်နေကြသံကဲ့သို့ ကြေကွဲဆို့နင့်စွာထွက်ပေါ်နေသည်။

လူပေါင်းမြောက်မြားစွာအော်ခေါ်နေကြသောအသံမျိုးစုံထဲတွင် သူ့နာမည်ခေါ်သံသဲ့သဲ့မျှကို အောင်တိုင်ကြားလိုက်ရ၏။ ရုတ်ခနဲ ခြေလှမ်းတုံ့၍ နားစွင့်လိုက်သည်။

"သားရေ လူလေး အောင်တိုင်၊ အောင်တိုင်ရေ အောင်တိုင် အောင်တိုင်"

ပီပီသသကြားလိုက်ရ၏။ နောက်ကိုပြန်လှည့်ကြည့်၏။ ကျောက်တုံးကြီးနောက်ကဟုထင်လိုက်၏။ကျောက်တုံးကြီးဘက်ဆီလှမ်းကြည့်မိ၏။ ကျောက်တုံးကြီးနောက်ရှိ စံပန်းချုံအစတွင် လူရိပ်တွေကိုမြင်လိုက်ရ၏။

"အဖေ. . . အဖေရေ အောင်အောင်သိုက် အိုဟိုး . . . အဖေ"

"လူလေးရေ သား အောင်တိုင်အောင်တိုင်ရေ"

သူစောစောကထင်မိလိုက်သော ကျောက်လုံးကြီးဘက်ကမဟုတ်။ သူ့နောက်ဘက်ရှိ ပင်လယ်ကဗွီးပင်တောကကြားရသည်။ အမေ့အသံကိုသာမဟုတ်၊ အဖေ့အသံကိုပါ ပီပီသသကြားလိုက်ရသည်။ ထိုအချိန်၌ပင် မိသားစုတစ်စုတွေ့ဆုံမိကြ၍ ငိုကြွေးကြသံတွေကိုလည်း ကြားလိုက်ရပြန်သည်။

"အမေ အမေ အဖေ ငါ ဒီမှာ ဒီမှာ အဖေ အောင်သိုက်၊ အမေ အနိုင်းရေ"

အောင်တိုင် မတ်တတ်ရပ်ကာ အသံကိုညှစ်၍ ပါးစပ်ကို လက်တစ်ဖက်နှင့်အုပ်ကာ အော်ခေါ်လိုက်သည်။ ကောင်မလေးက လက်တစ်ဖက်ကိုဆွဲထားသဖြင့် စိတ်တိုသွား၏။ လက်နှစ်ဖက်နှင့်အုပ်ခေါ်လျှင် အသံပိုကျယ်မည်ထင်၏။ လေတိုက်နေသော ပင်လယ်ကမ်းစပ်တွင် လူကြီးများဤသို့တစ်ယောက်နှင့်တစ်ယောက်အော်ခေါ်ကြသည်ကို သတိရလိုက်၏။ ထို့ကြောင့် ကောင်မလေးကိုင်ထားသောလက်ကို ရုန်းဖယ်ပစ်လိုက်သည်။

ကောင်မလေးကလည်း သဘောပေါက်သွားပုံရသည်။ သူ့မျက်နှာကိုမော့ကြည့်ကာ သူကလည်း အားကျမခံ သူ့အဖေကို အော်ခေါ်လိုက်သည်။

"အိုး ဟိုး ဟိုး အဖေ အမ်းကူ အမ်းကူ"

သို့သော် ကောင်မလေးအဖေပြန်ထူးသံမကြားရ။ အောင်တိုင်၏မျက်စိထဲတွင် သူ့အမေနှင့် သူ့အဖေတို့ တစ်ဟုန်ထိုးပြေးလာနေကြသည်ကိုသာမြင်လိုက်ရသည်။

ဤတစ်ခါတော့ သူ့စိတ်ကိုသူထိန်းမရတော့။ ကောင်မလေးဆွဲထားသောလက်ကို ဆောင့်ရုန်းတွန်းပစ်ခဲ့ကာ ရှေ့ကပြေးလာသော အဖေ၏ရင်ခွင်ထဲအော်ပြီးခုန်ရောက်သွား၏။

"သား သား မငိုနဲ့ တိတ် တိတ်


www.burmeseclassic.com

www.burmeseclassic.com

တော့၊ အမေအဖေတို့နဲ့တွေ့ရပြီလေ။ တိတ်တိတ် မငိုနဲ့"

မငိုနဲ့ဟုပြောသော အမေ၊ အဖေတို့၏မျက်နှာပေါ်မှာလည်း မျက်ရည်တွေ ချောင်းပေါက်လာကြ၏။ အမေက သူ့ကိုဖက်၍ငိုနေတုန်း။ အောင်တိုင်လည်းငို၏။

"ဟို. . . ဟို ကလေးမကော"

အဖေ့စကားကြောင့် အောင်တိုင်ကောင်မလေးကို သတိရလိုက်သည်။ အဖေ့ရင်ခွင်ထဲက လှည့်ကြည့်သည်။ ကောင်မလေးသည် ငူငူကြီးရပ်၍ သူတို့သားမိသားဖတွေကို စိုက်ကြည့်နေ၏။ မျက်နှာပေါ်တွင် မျက်ရည်စီးကြောင်းတွေယှက်ဖြာနေသည်။

"သူ. . . သူ. . ."

အောင်တိုင်က ဘာပြောရမှန်းမသိ၊ ညက သူ့နာမည်ကိုပြောဖူးသော်လည်း သတိမရတော့။ သူ့အဖေအမည်ကိုလည်းဖော်မရ မေ့နေ၏။ ကောင်မလေးကလည်း ဘာမှမပြော။ မှင်တက်မိနေ၏။ သူများသားမိသားဖတွေပြန်တွေ့နေကြသည်ကိုစိုက်ကြည့်၍ ရင်ဆို့သွားသလားထင်ရ၏။ မလှုပ်မချောက်ရပ်နေ၏။ အသေမျက်လုံးလိုငြိမ်ကာ မျက်တောင်ပင်မခတ်ဘဲ စိုက်ကြည့်နေ၏။ အောင်တိုင်လန့်သွားသည်။ ကောင်မလေး အသက်မှရှိသေးရဲ့လားဟု ပိုလန့်သွားသည်။

"သူ. . . သူလေ ညက သားနဲ့အတူ ကျောက်ကြီးနားနေခဲ့ကြတာ သူ့သူ့အဖေ. . ."

အောင်တိုင်ကို အဖေက သူ့အမေရင်ခွင်ထဲပွေ့ထည့်လိုက်၏။ ပင်လယ်ဓာပွီးပင်အောက်တွင် ကျောက်ရုပ်လိုရပ်နေသောကောင်မလေးကို အဖေလှမ်းပွေ့ဖက်ထားလိုက်၏။

"ဟင် သမီး သမီး ဘယ်သူ့သမီးလဲ၊ ကလေး အမေ အဖေ. . ."

အဖေမေးတော့မှ ကောင်မလေးက တဝေါဝေါငိုတော့၏။

"သမီးမငိုနဲ့လေ၊ သမီးအမေအမေ ဘယ်လူတွေလဲ၊ နာမည်ပြောလေ"

"အဖေ အမ်းကူ သေပြီ"

"ဟင်. . ."

ဦးအောင်သိုက် သက်ပြင်းချလိုက်၏။

"သမီး အဖေအမေနာမည်"

ကောင်မလေးက အမေ၊ အဖေနာမည်မေးတော့မှ ပိုငိုလာ၏။ သက်မတတ်ရှိုက်မတတ်ပင်။

ကောင်မလေးညကပြောခဲ့သည်ကိုသတိရ၍ အောင်တိုင်က -

"ဘိန်းစားလေ အဖေ တရုတ်"

အမေက သူ့ပါးစပ်ကိုလှမ်းပိတ်၏။

ရုတ်တရက် သူ့အဖေနာမည်ကိုဖော်မရ။ ရွာမှာ တရုတ်နှစ်ယောက်ရှိရာ ဘိန်းစားတရုတ်ဟုသာ သူကြားဖူးသည်။ ကြားဖူးသည့်အတိုင်းပြောလိုက်၏။

"သမီးအဖေက ဦးအလျှောင်လား သမီး"

အဖေ့မျက်နှာကို မော့ကြည့်၍ ကောင်မလေးက ခေါင်းညိတ်ပြ၏။ အငိုအရှိုက်ကမူမရပ်သေး။ တရှုပ်ရှုပ်ရှိုက်နေ၏။

"ကဲ - လာလာ သမီး၊ သမီးအဖေဆီ ဦးပို့ပေးမယ်"

"အဖေမရှိတော့ဘူး အမ်းကူကြီးသေပြီ"

အဖေ့ရင်ခွင်ထဲက အောင်တိုင်ဆီ တစ်ချက်လှမ်းကြည့်ပြီး တအီအီငိုနေပြန်၏။

"မသေပါဘူးသမီးရေ၊ သမီးအဖေ အမ်းကူကြီးမသေပါဘူး။ တိတ်တိတ် ရွာရောက်ရင် သမီးအဖေနဲ့ တွေ့ရမှာပေါ့"

"မရှိတော့ဘူး အမ်းကူကြီးမရှိတော့ဘူး။ လှိုင်းလုံးကြီးတွေနဲ့ ပင်လယ်ထဲပါသွားပြီ ဟီးဟီး"

"လှိုင်းလုံးနဲ့ပါသွားတိုင်း မသေပါဘူးသမီးရယ်၊ ဦးတို့ အောင်တိုင်တို့လည်း လှိုင်းလုံးနဲ့ပါခဲ့ကြတာပဲ။ သမီးလည်း လှိုင်းလုံးနဲ့ပါလာတာပဲ မဟုတ်လား။ ဘယ်မှာသေလို့လဲ"

"အမ်းကူကြီးကို သမီးမြင်လိုက်တယ်။ ပင်လယ်ဘက်ကိုပါသွားတာ ပက်လက်မှောက်ခုံလိမ့်ပါသွားတာ"

အဖေက ဤတစ်ခါ ဘာမှမပြောတော့ဘဲ ကောင်မလေးကိုကောက်ချီလိုက်သည်။ အမေကလည်း အောင်တိုင်ကို ကောက်ထမ်းလိုက်၏။

ပတ်ဝန်းကျင်မှ လူသံသူသံ ငိုသံအော်ခေါ်သံတွေနှင့် ဆူညံနေတုန်း။

■

ကောင်းကင်ပြင်တွင် မိုးသားတိမ်လိပ်တို့က ဟိုတစ်ကွက်သည်တစ်ကွက် မကန်းကွက်တွေရောယှက်နေသည်။ မကန်းကွက်မရှိသော ကွက်လပ်များတွင် မိုးကောင်းကင်သည် ပို၍ပင် ကြည်လင်နေသည်။ မျှော်ဦးတောင်ခြေဘက်တွင် မြူခိုးနှင့် မင်းလွင်ပျပျကိုပင်မမြင်ရ။ မိုးကောင်းကင်အောက်သည် ကြည်လင်နေ၏။ တောတောင်သမုဒ္ဒရာတို့သည် ယခင်ပကတိအတိုင်း ကြည်လင်နေပြန်သည်။ ညက မုန်တိုင်းကြီးနှင့်လှိုင်းလုံးကြီးများသည်ပင် ဘယ်ရောက်ကုန်ကြသည်မသိတော့။

မျှော်ဦးတောင်ခြေဘက်မှ သူတို့မိသားစုသည် ချုံတောတန်းကိုဖြတ်ကာ သဲချောင်းကုန်းတန်းသို့ ဆင်းလာကြသည်။ အမေအဖေညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းတွေကိုရှာရသူတွေက အသီးသီး ရွာဘက်ကိုဆင်းလာနေကြသလို ရှာမရသေးသူများကမူ အော်ဟစ်ခေါ်ငို၍ကျန်နေခဲ့ကြသေး၏။ မိသားစုတွေပြန်တွေ့ကြရသောသူတို့ထက်ပင် ရွာဘက် အလျင်သွားနေကြသူတွေကို သူတို့ရှေ့၌မြင်နေရသည်။

လှိုင်းလေနှင့်တင်ကျန်နေခဲ့သော သဲမွမွပေါ်တွင် အမေ၊ အဖေတို့က တစ်လှမ်းချင်း တံရွှေ့ရွှေ့လျှောက်လာကြ၏။ သဲကျဲသည့်အပြင် အားအင်ကလည်း ကုန်ခန်းနွမ်းနေကြသဖြင့် ခရီးကမတွင်လှ။ ခြေတစ်လှမ်းတစ်လှမ်းကို မနည်းအားခဲ၍ လျှောက်နေကြရ၏။ အောင်တိုင်ကို အမေက ကုန်းပိုးထား၏။ မေသူ့ကို အဖေက ကုန်းပိုးခေါ်လာသည်။

မနေ့ညက လှိုင်းလုံးကြီးတွေနှင့် တဝေါဝေါအော်မြည်နေခဲ့သောသဲချောင်းထဲတွင် ယခုအခါ ရေဆို၍ ခြေမျက်စိပင်မမြုပ်တော့။ မုန်တိုင်းမတိုက်မီရက်တွေကအတိုင်းပင် ရေစပ်စပ်သာရှိတော့၏။ သဲဖို့သွား၍ အချို့နေရာတွင် ကုန်းတန်းလေးတွေပင်ပေါ်နေသည်။

သဲချောင်းအဆင်းတွင် ဆလုံကြီး ဦးဂျလားတို့မိသားစုများနှင့် ဆုံမိကြ၏။ ဦးဂျလားသည် သဲခုံပေါ်က ဝင်ကစွပ်ခြေရာတွေကို ခြေလှမ်းရပ်၍ ငုံ့ကြည့်နေ၏။ အောင်တိုင်တို့မိသားစုအနားရောက်လာသောအခါလှည့်ကြည့်သည်။

"ဘာထူးခြားလို့လဲ အစ်ကိုကြီးဂျလား"

"ထူးခြားဆို အောင်သိုက်ရာ ငါတို့ညံ့လို့ ခုလို ရွာကခွေးပြေးဝက်ပြေး ထွက်ပြေးခဲ့ကြရတာကွ"

"ဟာ - အစ်ကိုကြီးကလည်း ထွက်မပြေးကြရင် အကုန်သေကုန်ကြမှာပေါ့ဗျ။ တစ်ရွာလုံးရေမြုပ်သွားတဲ့ဥစ္စာ။ ခုတောင် ဘယ်နှယောက် အဖိတ်အစင် ဖြစ်သွားလဲ မသိရသေးဘူး။ ကျွန်တော်တို့တောင် ကံကောင်းလို့"

"အဲဒါ ငါပြောတာပေါ့ကွ။ တို့ဘိုးဘွားတွေက မှာထားခဲ့ကြတယ်။

www.burmeseclassic.com

ပင်လယ်နက်ထဲ ကျောက်တောင်တွေပေါ်နေကြတဲ့ ဇီဝဝိုင့ကိုတွေ ကုန်းပေါ်ဖို့တက်လာကြရင် မုန်တိုင်းကြီးထမယ်။ ပင်လယ်ကမ်းခြေက တောထဲမှာနေကြတဲ့ ဝင်ကစွပ်ကောင်တွေ ရွာတွေအိမ်တွေကုန်းတွေပေါ် တက်လာကြရင် ရွာရေမြုပ်မယ်ဆိုတာ ကြိုတင်သိကြရမှာတဲ့ကွ။ ဟိုတစ်နေ့က ဝင်ကစွပ်ကောင်တွေ ရွာကိုတက်လာကြတယ်။ ဒါပေမယ့် ရွာလည်း ရေမြုပ်မယ်ဆိုတာသိတော့ ရွာမှာ သူတို့ တစ်ညပဲနားပြီး တောင်ခြေကသစ်တောထဲတက်သွားကြတာမဟုတ်လား။ အမှန်က အဲဒီနေ့ကပင် သူတို့နောက်လိုက်သွားကြပြီး မင်းတို့ ငါတို့ မျှော်ဦးတော်တောင်ခြေဘက်ရွှေ့နေခဲ့ကြဖို့ကောင်းတာ။ ဝင်ကစွပ်တွေက ဘယ်နေရာလှိုင်းလေလွတ်မယ်ဆိုတာ အတပ်သိကြတယ်ကွ။ ခုပဲကြည့်လေ၊ မုန်တိုင်းစဲပြီး လှိုင်းမလာတော့ဘူးသိတာနဲ့ အန္တရာယ်ကင်းပြီ ပင်လယ်ဘက် ပြန်ဆင်းသွားကြတယ်။ ခြေရာတွေပဲ ကျန်တော့တယ် တွေ့တယ်မှတ်လား"

ဆလုံကြီးစကားကြောင့် အောင်တိုင်တို့မိသားစုက သူကြည့်နေသော သဲပြင်ကို ခဏရပ်ကြည့်ကြသည်။ မှန်၏။ သဲပြင်ပေါ်တွင် ဝင်ကစွပ်ကောင်တို့၏ အဆင်းခြေရာတွေ ရှုပ်ယှက်ခတ်နေကြသည်။

"ဟုတ်တယ် အစ်ကိုကြီး၊ ဒါ ဝင်ကစွပ်ခြေရာတွေပဲ"

"မင်းအဘ၊ ငါကမဟုတ်ဘဲပြောမလားကွ။ သူတို့က မင်းတို့ငါတို့ထက် ကြိုသိတယ်။ နောက်ကိုမှတ်ထား။ မင်းနဆေးပါသေးလား။ ငါ့ကိုတစ်ငုံလောက်။ ခံတွင်းချဉ်လိုက်တာကွာ။ တစ်ညလုံး တံတွေးမဲတွေးနေရတယ်။ ကိုယ့်ကိုယ်ကိုယ်လည်းကျိန်ဆဲမိတယ်"

အောင်သိုက်က သူ့ကိုဆေးလှမ်းပေးရင်း -

"ဘာလို့လဲ အစ်ကိုကြီး"

"ငါတို့ဟာ တိရစ္ဆာန်ဝင်ကစွပ်အကောင်တွေလောက်တောင်မသိတတ်ကောင်းရလားလို့ပေါ့ကွ"

တံတွေးတစ်ဖျစ်ကို စွေ့ခနဲထွေးလိုက်ပြီး ဦးဂျလားကြီးကဆို၏။

"ငါတို့က ပင်လယ်နဲ့နီးတော့ ဘာမှမယူနိုင်ခဲ့ဘူး။ ကလေးတွေတောင်ပါအောင် မနည်းဆွဲပြေးလာကြတာ၊ နို့ နင်က ကလေးနှစ်ယောက်တောင်လား"

အောင်သိုက်တို့ဇနီးမောင်နှံပေါ် ငဲ့ကြည့်၍ မေး၏။

"ဒီကလေးမတ အလျောင့်ရဲ့ကလေး အစ်ကိုကြီး။ အလျောင်များ မတွေ့မိဘူးလား"

"အလျောင်တော့ မတွေ့ဘူးကွ။ အဝိန်တို့မိသားစုတော့ အဖိတ်အစဉ်တောင်မမေးမိလိုက်ရဘူး။ ရွာဘက်ဆင်းသွားကြတာ မြင်လိုက်တယ်"

အဝိန်မှာလည်း တရုတ်ပင်ဖြစ်သည်။

"ရေနီက အဖိတ်တို့မိသားစုလည်း တွေ့လိုက်တယ်"

"အဖိတ်အစဉ်ကော အစ်ကိုကြီး"

"သူတို့မိသားစုက အဖိမှာ တစ်နှစ်တစ်ယောက်ပေါက်ထားတာ။ ငါဘယ်နှယောက်မှန်းမှမသိတာ"

စကားတပြောပြောဖြင့် ရွာဘက်ဆင်းလာကြသည်။

လဲကျနေသောပင်လယ်ကဗွီးပင် တစ်ပင်နားက ဖြတ်လျှောက်လာကြရာ သဲချောင်းထဲက ရွာတက်လမ်းတွင် ဘကြီးအကိုင်းတို့မိသားစုနှင့်ဆုံမိကြ၏။ အမေ့ကိုမြင်သည်နှင့် ဒေါ်ဟီရန်က ငိုတော့၏။ ဘကြီးအကိုင်းကို မမြင်မိသော အမေက မျက်နှာပျက်သွားသည်။

"အစ်ကာ အကိုင်းကော၊ အစ်ကာ အကိုင်းတောဟင်"

ဒေါ်ဟီရန်က ခေါင်းခါပြသည်။ ဦးဂျလားက ဒေါ်ဟီရန်ကို ဆလုံစကားနှင့် နှစ်သိမ့်စကားဆို၏။

"ပြန်ရောက်ရင်လည်း ရောက်လာဦးမှာပေါ့ ဟီရန်ရယ်၊ ကောန်ကေ နင်တို့သိလို့လား"

ဒေါ်ဟီရန်က ခေါင်းခါပြန်သည်။ အမေက ရှုတ်တရက် ငိုင်ကျသွား၏။ အားကိုးစရာဆို၍ အမေတို့အမျိုးတွင် ဤဦးကြီးအကိုင်းတစ်ယောက်သာရှိတော့၏။ ပင်လယ်ပြင်ထွက်သောယောကျ်ားသားအားလုံးကို ပင်လယ်နတ်က သတ်ပစ်လိုက်သည်ဆို၏။ယခု ဘကြီးအကိုင်းကို ရှာမတွေ့သေးဟုဆိုလေသောအခါ အောင်တိုင်ပင် မျက်ရည်ဝဲသွား၏။ အဖေက လုံးဝကိုစကားမဟတော့။ ရွာဘက်ကိုသာငေး၍ ရှေ့ကလျှောက်သွား၏။

သဲချောင်း၏ ရွာဘက်အတက် သောင်ခုံတွင် ရွာသားကြီးသုံးလေးယောက်စုနေကြသည်ကို လှမ်းမြင်ရ၏။ သူတို့အမူအရာကိုမြင်ရသည်မှာ ထူးခြားနေသည်။

"ဘာထူးလဲဟေ့ ဘာတွေလဲ"

အဖေက လှမ်းမေး၏။

"အလောင်းတစ်လောင်းမြုပ်နေတာတွေ့လို့ ဖော်ကြည့်နေကြတာ"

ဒေါ်ကြီးဟီရန်က အော်ငို၍ ရှေ့ကပြေးသွား၏။ နောက်ကအားလုံးပြေးလိုက်လာကြသည်။

အလောင်းကောင်ကိုဖော်ထားကြပြီး ကိုယ်ပေါ်ကသဲတွေကိုပွတ်၍ မည်သူမည်ဝါမှန်းသိရန် မျက်နှာကို ဝတ်လက်လှန်ကြည့်နေကြ၏။ ဒေါ်ကြီးဟီရန်က လူအုပ်ကိုဖောက်ဝင်သွားသည်။ ကိုယ်တုံးလုံးဖြစ်နေသော အလောင်းကောင်ကို မှောက်လှန်ပွတ်သပ်၍ကြည့်၏။ မည်သူမှုလည်း အမည်မဖော်တတ်ကြ။ နောက်မှရောက်လာပြီး လူအုပ်နောက်မှရပ်နေသော ဦးဂျလားကို သတိမထားမိသောလူလတ်ပိုင်းတစ်ယောက်က -

"ဟိုဆလုံကြီးဗျာ၊ ပင်လယ်နားက ကမ်းကြီးသတ်ဘက် ဦးဂျလား"

ဟု အတိအကျသိဟန်နှင့်ဆို၏။

"နင့်အမေ့ကလွှား ဟုတ်မယ်၊ ငါက သေပြီးမှဖုတ်ဝင်လာရဦးမှာလားဟဲ့"

ဦးဂျလားက ပါးစပ်ထဲ ဆေးငုံဖတ်ပလုတ်ပလောင်းနှင့်အော်လိုက်၏။

ရယ်စရာကောင်းသော်လည်း မည်သူမျှမရယ်မိကြ။ ပြောလိုက်မိသူ လူရွယ်ကလည်း ဩော်ဟုသော အားနာပါးနာ ဆိုသည်။

"ပြန်မြှုပ်ထားကြဦး၊ လင်းတတွေက စိတ်ချရတာမဟုတ်ဘူး"

ဦးဂျလားက ကောင်းကင်ကိုမော့ကြည့်၍ပြော၏။

အဝတ်မပါသောအလောင်းကောင်ကို မည်သူမျှမရှုတ်နိုင်ကြ။ အမျိုးသားကြီးတွေက သဲထဲပြန်မြှုပ်ကြ၏။ လင်းတရန်ကိုကြောက်ရသဖြင့် ယာယီမြှုပ်ထားလိုက်ကြ၏။

လင်းတမောက်နီကြီးများသည် ကောင်းကင်တွင် စက်ဝိုင်းလို ဝဲလှည့်နေကြ၏။

နောက်ရှာဖွေ၍မရသေးသော လူပျောက်အလောင်းများကို သဲချောင်းနားတစ်ဝိုက် မျှော်တော်ဦးတောင်ခြေနားရှိ သစ်တောချုံတောများထဲတွင် ရှာဖွေကြရဦးမည်။ တစ်ရက်နှစ်ရက်နှင့်ရှာမတွေ့လျှင် ငှက်လင်းတတို့၏နားရာကျရာကို ရှာကြရဦးမည်။

ယခုတော့ ကာလမကြာသေးသည့်အပြင် သွားရင်းလာရင်း ကြုံ၍ တိုက်ဆိုင်ကြခြင်းသာ လူစုစုစစ်၍ရှာကြရန် မည်သူမျှပင် ရွာထဲကို ပြန်မရောက်ကြသေး။ တွေ့သောအလောင်းကို သင်္ချိုင်းမပို့နိုင်ကြသေး၊ ယာယီမြေမြှုပ်ထားခဲ့ကြရ၏။ မြေမြှုပ်ထားခဲ့သောအလောင်း



www.burmeseclassic.com1

www.burmeseclassic.com

ကို လောလောဆယ်တော့ လင်းတများလည်း မသိနိုင်ကြသေး။

ရွာဘက်ကို ဆက်လျှောက်လာကြ၏။

ရှေ့ပြေးသွားနေသော ဦးထော်လသမီး နော်ရာက လန့်အော်၍ ရွာဘက်ကိုပြေးသွားသည်။

"ဘာလဲဟ ဘာလဲ"

"လူ. . . လူ. . . လူသေ"

တစ်ယောက်နှင့်တစ်ယောက်မှာ နီးနီးကလေးလျှောက်လာနေကြသဖြင့် ချက်ချင်းစုရောက်သွားကြ၏။

အလောင်းမှာ ဒူးခေါင်းတစ်ဖက်ညှာပေါ်နေသည်။ လိုင်းလုံးကြီးတွေ ဖိရိုက်ထားခဲ့သဖြင့် သဲထဲကိုယ်လုံးကမြုပ်နေ၏။ အမျိုးသားကြီးတွေက တူးယက်ကြပြန်၏။ အောင်တိုင်ကို အမေပခုံးပေါ်က မည်သို့ချလိုက်သည်မသိ၊ အမေကပါ ဝိုင်းပြီးဝင်ယက်၏။ ဦးကြီးအကိုင်းများလားဟု ထင်ပုံရ၏။

ရွာမှာလူသေသည်ဟုပြောသံကြားလျှင် ထိုအိမ်နားသို့ တစ်လကိုးသီတင်းမသွားရဲသော အောင်တိုင်မှာ ယခုအခါ လူသေအလောင်းကို မျက်စိအောက်တွင် မြင်နေရသော်လည်း ကြောက်ရမှန်းလန့်ရမှန်း သတိမရမိ။ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသည်။ တစ်ကိုယ်လုံးထည်းနွမ်းခွေနေသဖြင့် ကိုယ့်ဒူးကွေးနှင့်ကိုယ် မတ်တတ်ရပ်ပြီး လူကြီးတွေကြားထဲကို ကြည့်နေမိ၏။

အလောင်းပေါ်လာသော်လည်း မည်သူမှန်းမသိကြ။ ရေစို၍ အလောင်းမှာ ဖူးဖူးရောင်နေသည်။ အရေခွံတွေကလည်း ညိုမည်းနေ၏။ သဲတွေထစ်ကိုယ်လုံး ကျီးပေါင်းကပ်နေသည်။ ပုံပျက်ပန်းပျက်ဖြစ်နေ၏။ ညီအစ်ကိုမောင်နှမအမိအဖသူ့မိန်းမတို့သာ အမှတ်အသားကို ရှာကြည့်၍ သိနိုင်ကြပေလိမ့်မည်။

ပထမတွေ့ကြသောအလောင်းလိုပင် သဲထဲယာယီပြန်ယက်မြှုပ်ကြသည်။

"ဖတ်. . . ဖတ်. . . အမေ့သားအောင်တိုင်"

သူမှင်တက်ကြောင်ကြည့်နေသည်ကို အမေက မျက်နှာကို လက်ဝါးနှင့် မျက်နှာသစ်သလိုလုပ်ပြီး ပါးစပ်ကလည်း အမှောင့်ပယောဂမကပ်အောင်ဖတ်ဖတ်ဖတ်ဖတ်ဆို၍ လက်ဆွဲခေါ်လာသည်။

သဲချောင်းဘက်မှ ရွာရှိရာဘက်ကို လှမ်းတက်လာကြ၏။

ရွာကိုလှမ်းမြင်ရသည်နှင့် အားလုံးရင်ဆို့သွားကြ၏။ သက်ပြင်းရှိုက်လိုက်ကြသံများ ပွဲတင်ဟည်းသွားသလားထင်လိုက်ရသည်။

■

ရွာကို မြင်လိုက်ကြရသည်မှာ ကြေကွဲစရာကောင်းလှသည်။

ယခင်က တစ်အိမ်နှင့်တစ်အိမ် လှမ်းကြည့်၍မမြင်ရ။ အိမ်တိုင်းအိမ်တိုင်းကြားတွင် ပင်လယ်ကဗွီးပင်၊ အုန်းပင်၊ ကွမ်းသီးပင်၊ ခွေးချေး၊ စံပန်းတော၊ လေကာကျောက်တုံးတွေခံနေသဖြင့် ကိစ္စရှိလျှင် အော်ခေါ်ပြောကြရသည်။ သာရေးနာရေးကအစ။ ယခုတော့ ဟင်းလင်းပြင်ကြီးဖြစ်သွား၏။ ရွာအရှေ့မှအနောက် တောင်နှင့်မြောက်ကို လှမ်းမြင်နိုင်၏။

သစ်ပင်၊ အုန်းပင်၊ သီးပင်စားပင်တွေဆို၍လည်း များများမမြင်ရတော့။ မလဲသွားနိုင်သော လေကာကျောက်တုံးကြီးတွေနှင့် ပင်လယ်ကဗွီးပင်အချို့ကို ခါးတစ်ဝက်မြုပ်၍မြင်ရ၏။ ဘယ်အပင်မှာမှ အရွက်ဆို၍ တစ်ရွက်တလေပင် မရှိတော့။ ပြိုပျက်နေသောအိမ်တွေမှာလည်း ထိုးထိုးထောင်ထောင်နှင့်သဲထဲနစ်နေကြသည်။ အိမ်များ၏ပုံသဏ္ဌာန်ကို သူ့အိမ်ကိုယ့်အိမ် မမှတ်မိကြတော့။ လေကာလေခံကျောက်လုံးကြီးတွေကို အလျှင်ရှာကြည့်ကြရ၏။ မိမိအိမ်နားက လေကာကျောက်တုံးကြီးတွေကိုတော့ လူတိုင်းမှတ်မိကြသည်။ ဘယ်သူ့အိမ်နားက ဘယ်လေကာကျောက်လုံးကြီးနှင့် မိမိအိမ်နားက ကျောက်လုံးကြီးတို့ ခြေလှမ်းမည်မျှရှိသည်၊ မည်မျှကွာသည် ဤသည်ကိုတော့ သူတို့အိမ်ဆောက်ကတည်းက အပိုင်းအခြားနှင့် မှတ်သားထားကြသည်။

အရေးအကြီးဆုံးအမိကပြဿနာမှာ သောက်ရေပင်ဖြစ်သည်။ နေကလည်း ပူလာပြီ။ လောလောဆယ် သောက်ရေမရှိ။ ရေချိုတွင်းတွေထဲလည်း သဲပြည့်နေ၏။ ခြံအစကရေတွင်းတွေကို ဦးစွာရှာကြရမည်ဟု လူကြီးတွေက စီမံကြသည်။ ဘယ်သူ့ခြံ၊ ဘယ်သူ့အိမ်တွင် သောက်ရေတွင်းရှိသည်ကို ကလေးသူငယ်ကအစ အကုန်သိကြသည်။ ရွာမှာလည်း လူမစုံသေး။ မိသားစုမစုံသေး၊ သောကပရိဒေဝမီးတောက်လောင်နေကြသောမိသားစုအချို့၏ အိမ်သားအိမ်သူ ရှာနေကြသံတွေကိုလည်း ရွာနားစန်းကျင်ကြားနေရဆဲ။

"အောင်သိုက်၊ လောလောဆယ် မြံထဲကအုန်းပင်တွေကိုဖော်ထားကြကွ။ ကလေးတွေကို အုန်းရည်တိုက်၊ အုန်းဆံကျွေးထား၊ လူကြီးတွေလည်း အုန်းသီးစား၊ အုန်းရည်သောက်နေကြရမှာပဲ။ ငါလည်း ငါ့အိမ်ဘက်သွားလိုက်ဦးမယ်"

ဆလုံကြီးက ဤမျှသာပြောပြီး သူတို့အိမ်ရှိရာ ရွာနောက်ပိုင်းဘက်ထွက်သွားသည်။ ဆေးတစ်ငုံပေးဟုလည်း တောင်းသွား၏။

ဦးဂျလားသတိပေးသွားမှ အောင်တိုင်က ပို၍ ရေသောက်ချင်လာသည်။ မေသူကမူ သူ့အဖေကိုလည်းမတွေ့ရသေးသဖြင့် အမေချပေးထားသော အိမ်ပျက်ရှေ့မှာပင်လှဲနေ၏။ ယခင်က လူကြီးခါးစောင်လောက်မြင့်သောအိမ်မှာ ယခုအခါ သဲဖုံးထားသဖြင့် ကြမ်းခင်းအပြိုအပျက်တစ်ဝက်သာပေါ်နေသည်။ အမိုးအကာအားလုံး ပြိုပျက်နေသည်။

အောင်တိုင် ကြမ်းခင်းပျက်ပေါ် တက်ကြည့်မည်လုပ်သောအခါ အမေက-

"သား မေသူ့အနားမှာပဲနေ၊ အားငယ်နေလိမ့်မယ်"

ဟု ပြော၏။

"အမေတို့ဘယ်သွားမလဲ"

"သားတို့စားဖို့ ခြံအစမှာ အုန်းသီးသွားဖော်မယ်လေ"

"မြန်မြန်လုပ်ပါ အမေရာ၊ ရေသိပ်ဆာတယ်ဗျာ။ ပင်လယ်ရေပဲဖြစ်ဖြစ် သောက်ချင်တယ်"

"ဦးဂျလားကြီးပြောသွားတာကြားတယ်မဟုတ်လား၊ အုန်းသီးရည်ပဲသောက်ရမယ်။ ပင်လယ်ရေသောက်ရင် သေလိမ့်မယ်"

ရေ ဟူသောအသံကိုကြားသဖြင့် မေသူကလည်း လှည့်ကြည့်၏။ သို့သော် မိဘမဟုတ်သဖြင့် အောင်တိုင့်လို မပူဆာရဲ။ မျက်လုံးနှစ်လုံးကသာ အရောင်လဲ့လဲ့တောက်နေ၏။ တစ်ဖက်ကိုလှည့်၍ရှိုက်နေပြန်သည်။

"မငိုနဲ့ဟာ၊ အတော်ကြာ အုန်းရည်သောက်ရမယ်။ အမေတို့သွားယူနေပြီ"

အောင်တိုင် မေသူ့အနား သဲပေါ်တွင်မှောက်နေလိုက်၏။ မေသူက သူ့ဘက်လှည့်လာ၏။ နှုတ်ခမ်းကို လျှာနှင့်ယက်နေ၏။ စကားမဆိုဘဲ အောင်တိုင်ကို စိုက်ကြည့်နေသည်။ အောင်တိုင်ကလည်း မေသူ့ကို ဘာမှမပြောဘဲ ကြောင်ကြည့်နေ၏။ သူ့ကိုယ်ပေါ် နေပူတစ်ခြမ်းကျလာသဖြင့် မေသူ့အနားတွားသွားလိုက်သည်။ မေသူက သူ့ကိုကူဆွဲသလို ကော်ကိုလှမ်းဆွဲ၏။ မေသူ၏လက်ချောင်းလေးတွေ အေးစက်နေသည်။ ညကလို နွေးမနေတော့။ ဒီကောင်မလေးသေ

www.burmeseclassic.com

တော့မလားဟူသောအတွေးနှင့်လန့်သွား၏။ မေသူ မျက်စိမှိတ်သွားသည်။

ကောင်မလေးသေပြီအထင်နှင့်ပို ကြောက်သွားသည်။ စောစောကပဲ သဲချောင်းထဲတွင်တွေ့ခဲ့ရသော လူသေကောင်ကို မျက်စိထဲသွားမြင်မိသည်။

"အမေ၊ အဖေရေ"

အောင်တိုင် ကုန်းထ၍လှမ်းအော်၏။

"ဘာလဲသား၊ ဘာလဲ ဘာလဲ"

"တရုတ်သမီးသေသွားပြီဗျ"

အုန်းသီးသွားဖော်နေရာက အမေရော အဖေပါ ပြေးလာကြသည်။

"ငါ မသေပါဘူး"

မေသူက သူ့မျက်လုံးကို မဖွင့်ချင်ဖွင့်ချင်ဖွင့်၍ အောင်တိုင်ကိုကြည့်ပြီး အားပြုထထိုင်၏။ ပြီး ပြေးရောက်လာကြသော အမေ၊ အဖေတို့ကို ကြောင်ကြည့်နေသည်။ သူ့စိတ်မှာ အမေ၊ အဖေတို့နှင့်တွေ့နေရပြီ။ ရွာကိုရောက်နေပြီဟု ပင်ထင်ပုံမရ။ ဆောင့်ကြောင့်ထိုင်ပြီး ဒူးနှစ်လုံးကြားမေးတင်ကာ တဟင့်ဟင့်ရှိုက်နေပြန်သည်။

အဖေက မေသူ့ကိုငုံ့ကြည့်၏။

"သမီး မသေဘူးနော် ဦး"

မျက်လုံးပင့်ကြည့်၍ပြော၏။

"မသေပါဘူး သမီးရယ်"

အဖေ၏ အသံကလည်း ဆို့နင့်သွား၏။ ပြီး -

"မင်းကတော့"

ဟု အောင်တိုင်ကိုကြည့်ပြီး မာန်သလို ပြောလိုက်သည်။

အမေက အောင်တိုင်နားနားကပ်၍ -

"တရုတ်သမီးလို့မပြောရဘူး၊ သူ့နာမည် မေသူဆို"

ဟု ဘာကြောင့်ရယ်မသိ အမေပြော၏။

အောင်တိုင်၏ စိတ်အမှတ်ထဲမှာ မေသူအမည်ကို သတိမရ။ တရုတ်သမီးဟုသာ စိတ်ထဲပေါ်လာပြီး လန့်အော်ပစ်လိုက်ခြင်းဖြစ်သည်။

"သမီး လှဲနေ၊ လှဲနေ အုန်းရည်သောက်ရတော့မယ်။ ရေလည်းသောက်ရမယ်"

အမေက မေသူကိုဖေးမ၍လှဲခိုင်းထားသည်။

ယခုမှ မေသူက သူ့ကိုသေတယ် ပြော၍လားမသိ၊ အောင်တိုင်ကို မျက်စောင်းတစ်ချက်လှမ်းထိုး၏။ သူ့စကားလွန်သွားသဖြင့် အောင်တိုင်က မေသူ့အနား မကပ်ဝံ့ဖြစ်သွားသည်။

အမေ၊ အဖေတို့က အုန်းသီးဖော်ရန် ခြံအစသို့ပြန်ထွက်သွားကြသည်။

"သားက မေသူ့အနားမှာနေ"

ဟု မှာထားခဲ့သော်လည်း မေသူ့အနားကိုမကပ်ရဲ၊ မကပ်ဝံ့သေး။ သူ့အနားသွားလျှင် သူ့လက်ကိုဖမ်းဆွဲခံရမှာ ကြောက်နေသလိုပင်။ သူ့လက်က ညကလို နွေးမနေ အေးစက်နေ၏။ မေသူ့ကို ကြည့်ပြီး သူ့ကြက်သီးထချင်နေသည်။ ထို့ကြောင့် မေသူ့ လက်လှမ်းမမီရာမှာ သွားလှဲနေလိုက်၏။ အောင်တိုင် မှေးခနဲ ငိုက်မျဉ်းသွားသည်။

■

မေသူ့ကို အမေက ရင်ခွင်ထဲပွေ့ထား၏။ အောင်တိုင်ကို အဖေက ပွေ့ထားသည်။ အုန်းသီးရည်ကို နည်းနည်းနည်းနည်းစီတိုက်သည်။

"အဖေသောက်ချင်သေးတယ်ဗျာ၊ ပေးဦး"

မေသူကဘာမှမပြောသော်လည်း အောင်တိုင်က အငမ်းမရဖြစ်နေ၏။

"တစ်ခါတည်းအများကြီးမသောက်ရဘူး၊ အူပေါက်သေတတ်တယ်။ နည်းနည်းနည်းနည်းစီပဲသောက်ရတယ်"

အောင်တိုင်က မကျေမနပ်နှင့် သူ့အဖေမျက်နှာကို ,မော့ကြည့်၏။

မေသူက ဘာမှမပူဆာ။ အမေတိုက်သလောက်သာမျှဉ်းသောက်၏။

"သမီးဖြည်းဖြည်းမျို့ချ"

မေသူက ခေါင်းညိတ်ပြပြီး အမေ့လက်ကိုကိုင်ထားတာမြင်တော့ စိတ်ထဲက မနာလိုသလိုနှင့် သူ့အမေကျနေတာပဲဟု အတွေးဝင်မိ၏။

"ဝါးထား ကြာကြာဝါး ချက်ချင်းမျိုမချနဲ့"

မေသူရောသူပါ အမေအဖေတို့ရင်ခွင်ထဲ အုန်းဖူးအသားနုကိုဝါးပြီး မျိုချရ၏။ အုန်းဖူးအဖတ်နုနုလေးက ချိုဆိမ့်နေသဖြင့် ဝါး၍လည်းအရသာရှိသည်။

"အဖေ၊ ပေးဦးလေဗျာ"

ဟု အောင်တိုင် တောင်းသောအခါ အမေက -

"ဟဲ့ - နင်မဝါးဘဲမျိုချနေလား"

ဟု ဆိုသည်။

"ဝါးပြီးမှမျိုချတာပါဗျ"

အဖေက အောင်တိုင် ခေါင်းကို ပွတ်၍ပြုံးနေ၏။

လက်ညှိုးချောင်းလောက်ရှိသော အုန်းသီးဆန်ခြမ်းတစ်ယောက်တစ်ခြမ်းစီ ပေးပြန်၏။

"ကလေးတွေကို ကြည့်ထားနှင့်။ ကျွန်မအိမ်ပေါ် တက်ကြည့်လိုက်ဦးမယ်"

အမေ အိမ်ပြိုထဲဝင်သွားသည်။ အိမ်ပေါ်က အမေအော်ပြောသံကြားရ၏။

"ကျုပ်ခုတ်ထားတဲ့အုန်းသီးခိုင်ရှိသေးတယ်တော့်။ အမလေး-စောစောကဝင်မကြည့်မိဘူး။ အုန်းသီးတစ်လုံးရဖို့ ယက်လိုက်ရတဲ့သဲ၊ လက်သည်းခွံတောင်ကွာတယ်"

စောစောကအုန်းသီးရရေးအတွက် သဲထဲမြုပ်နေသော အုန်းသီးတွေကို ယက်ဖော်ခဲ့ရသော နောင်တစကားဆိုသည်။

"ဆန်ပုတ်ထဲလည်းသဲတွေအပြည့်ပဲ။ စောစောထုတ်ဆေးလှန်းကြမှဖြစ်မယ် တော်ရေ၊ သဲထဲမှာ အိုးခွက်ပန်းကန်တွေလည်းတူးရှာရဦးမယ်"

"ဖြည်းဖြည်းလုပ်ကြတာပေါ့ကွာ"

အဖေကလှမ်းပြော၏။အမေရော အဖေပါ ပြောရင်းဆိုရင်း အုန်းသီးခြမ်းတွေဝါးနေကြသည်။

အမေအိမ်ဖျက်ထဲကပြန်ဆင်းလာသည်။ လက်ထဲမှာ မြေစလောင်းဖုံးအပုံ့တစ်ခုကိုင်လာ၏။ အောင်တိုင်တို့ရှေ့မှာချသည်။ ဝါထိန်နေသောဆန်စေ့တွေကို ခုနစ်စေ့ရေပြီး ဖုတ်ဖက်ခါ၍ 'ပါးစပ်ဟ သမီး' ဟု ဆိုကာ မေသူပါးစပ်ထဲထည့်လိုက်၏။မေသူမျက်နှာကရှုံ့မဲ့သွားသည်။

"ဝါးပြီးမျိုချလိုက်နော် သမီး"

"ဟုတ်ကဲ့"

အမေ့လက်က အောင်တိုင့်ဆီ လှမ်းလာပြန်၏။ ပါးစပ်နား အမေ့လက် ရောက်လာသည်နှင့် နံ့နွင်းနံ့က နှာခေါင်းထဲထောင်းခနဲဝင်လာ၏။

"ပါးစပ်ဟစမ်း"

"နနွင်းစော်နံ့တယ်ဗျ"

"နံ့နံ့၊ ဟဆို"

"ဟလိုက်လေ သား၊ ဒါက ဆေးသားရယ်"

အဖေကပါဝင်ပြောသဖြင့် ပါးစပ်ဟပေးလိုက်ရ၏။ အမေက နနွင်းဆိုးထားသောဆန်စေ့တွေ ပါးစပ်ထဲထည့်လိုက်၏။

"ဝါးပြီးမျိုချလိုက်"

"ဖွီ. . . အဲ့"

အောင်တိုင် ချက်ချင်းထွေးထုတ်ပစ်လိုက်၏။

မေသူက လန့်သွားသလိုနှင့် အောင်တိုင်ကို မျက်လုံးပြူးကြည့်နေ၏။

"အဝဇာတသား တွေ့လား၊ ရှင်သားလုပ်တာ ငါတယ်. . ."

အမေက ခေါင်းတစ်ချက်ခေါက်



www.burmeseclassic.com1

www.burmeseclassic.com

၏။ အဖေကလည်း စိတ်တိုသွားပုံရ၏။ အောင်တိုင့်ကို စိန်းစိန်းကြီးကြည့်နေသည်။

"အလိုလိုက်စော်ကား၊ ထစမ်းဆို နှင့်ပါးစပ်ငါးဖြုပ်ရမလား"

နောက်ထပ် နနွင်းဆိုးဆန်ကျွေးရန် လက်ရှယ်လာပြန်၏။

"နနွင်းစော်နံတယ်၊ သလဲတွေလည်းပါတယ်"

စကားမဆုံးလိုက် တုတ်ကိုင်၍ ပါးစပ်ဟနိုင်းကာ ခွံတော့၏။

"ထွေးဝံ့ထွေးပစ်ကြည့်လိုက်စမ်း။ အကောင်းလုပ်လာ ငါတယ်နော်၊ လူတွေဒုက္ခရောက်နေကြတဲ့ထဲ"

"အိမ်ထဲမှာ အုန်းသီးခိုင်တွေ့တယ်ဆို အနိုင်း၊ အုန်းသီးရည်နဲ့ ဆန်ကို စင်အောင်မဆေးခဲ့ဘူးလား"

အောင်တိုင် သဲပါသည်ဆိုသဖြင့် အဖေက ပြော၏။ အမေက မျက်စောင်းထိုးပြီး -

"ဘာအရေးဖြစ်မယ်မှန်းမသိသေး။ ချက်ချင်းသုံးပစ်ရမလားတော်။ ဒီကောင်လေးဟာလေ ခေါင်းကိုမာတယ်။ ရှင်ကြပ်ကြပ်အလိုလိုက်။ မေသူဝါးမျိုချလိုက်တာတွေ့တယ်မှတ်လား။ မိဘကကောင်းအောင်လုပ်တာမျိုချလိုက်၊ ပါးစပ်ဖြုပ်လိုက်မယ် ဘာမှတ်လဲ"

အဖေကပါ စိတ်ဆိုးသွားသလားထင်၍ အောင်တိုင်ဝါးပြီးအတင်းမျိုချရ၏။ ဆန်စေ့တွေမှာ နနွင်းစော်နံသည့်အပြင် သလဲတွေလည်း တကျိုကျိုကိုက်မိနေသည်။ သို့သော် ဤတစ်ခါတော့ ထွေးမထုတ်ရဲတော့၊ သွားနှင့်ဖွဖွဝါး၍မျိုချလိုက်ရ၏။

မေသူကို တစ်ချက်လှမ်းကြည့်သောအခါ မေသူက သူ့ကိုပြန်ကြည့်ပြီး ဆန်စေ့မြုံ့နေ၏။ အမှန်က သူလည်း ခါးသောအရသာနှင့် နံသောအနံ့အသက်ကို ကြိုက်မည်မဟုတ်။ သို့သော် မိရင်းဖရင်းမဟုတ်တော့ အတွန့်မတက်ဝံ့။ အမေပြောတိုင်းလိုက်လုပ်ရှာလေသည်။ အောင်တိုင်စိတ်ထဲ သနားသလိုဖြစ်သွားမိသည်။

"တော်ပြီ သမီး မျိုချလိုက်တော့၊ အုန်းသီးရည်နည်းနည်းသောက်လိုက်ဦး"

အမေက မေသူကို အုန်းသီးရည်ထပ်တိုက်သည်။ အုန်းသီးခြမ်းလည်း တစ်ခြမ်းထပ်ပေးသည်။

"ကျွန်တော်လည်း မျိုချလိုက်ပြီလေ အမေ"

အမေက တစ်ဖက်လှည့်ပြီး မကြားယောင်ဆောင်ထားသည်။

အဖေကရယ်ပြီး အောင်တိုင်ကို အုန်းသီးရည်တိုက်သည်။ အုန်းသီးခြမ်းလည်း တစ်ဖဲ့ထပ်ပေး၏။

"ဟာ - အစ်ကိုကြီး"

အဖေ ဝမ်းသာအားရ မတ်တတ်ထရပ်လိုက်သည်။

ဦးကြီးရှိန်ရောက်လာ၏။

"ပြည့်ပြည့်စုံစုံပဲနော် အစ်ကိုကြီး"

ဦးကြီးရှိန်က ခေါင်းယမ်း၏။ မျက်နှာလည်းပို၍ညှိုးသွားသည်။ အနားတွင် တုဏှိဘောလာရပ်နေသည်။

အမေ၊အဖေတို့က ဆက်မေးရန် ဝန်လေးသွားကြပုံရ၏။ အဖေက ကိုင်ထားသောအုန်းသီးတစ်ခြမ်းကို အသံတိတ်လှမ်းပေးသည်။

"အနိုင်း၊ နင့်အုန်းခိုင်ရှိတယ်ဆို၊ အစ်ကိုကြီးအတွက် တစ်လုံးဖောက်လိုက်"

"မရွှေအုပ်တော့ အလောင်းပဲတွေ့တယ် အောင်သိုက်ရယ်။ ကံပေါ့ကွာ ဘယ်တတ်နိုင်မလဲ"

သူ့ဇနီးကို အလောင်းပဲတွေ့ကြောင်း ဦးကြီးရှိန်က ဝမ်းနည်းပက်လက်ပြော၏။

အဖေလှမ်းပေးသောအုန်းသီးစိတ်ကို လောကဝတ်သဘောသာဝါးနေ၏။ အမေ၊ အဖေတို့မှာ ဒေါ်ရွှေအုပ် မည်သို့မည်ပုံဆုံးသွားရှာသည်ကိုပင် မေးရမှာဝန်လေးနေကြသည်။

"လောလောဆယ် ရပ်သူရွာသားတွေအတွက် ရေကအရေးကြီးတယ် အောင်သိုက်ရေ။ အဲဒါ ခြံအစက ရေတွင်းကို ယက်ဖော်ကြမလို့လာခေါ်တာ။ ဦးကံထော်တို့ရဲ့ ကလေးတစ်ယောက်ကလည်း အခုထိရှာမတွေ့သေးဘူးလို့ပြောတယ်"

ဦးကြီးရှိန်ကား ရပ်ရွာလူကြီးပီသသည်။ မိန်းမဆုံးပါးသွားသော်လည်း သူ့ခမျာ မိန်းမအတွက် ပူဆွေးသောကဖြစ်မနေနိုင်ရှာ။ ရပ်သူရွာသားတွေအတွက် သောက်ရေ၊ သုံးရေအမြန်ရရေးကိုသာ သူကလုံးပန်းနေ၏။

"နို - ဟိုကလေးမလေးကကော"

မေသူကို လှမ်းကြည့်၍ မေး၏။

"ဦးအလျှောင်သမီးလို့ပြောတယ်။ သားနဲ့အတူတွေ့လို့ခေါ်လာတာ။ သမီး အဖေ ဦးအလျှောင်နော် သမီး၊ ဟုတ်လား"

မေသူက ဦးကြီးရှိန်ကိုကြည့်၍ ခေါင်းညိတ်ပြ၏။

"မင်းတို့ပြည့်ပြည့်စုံစုံရှိကြတာ ကံကောင်းတယ်။ ဒီလောက်ဆိုးတဲ့အဖြစ် ငါ့အစ်သက် တစ်ခါမှမကြုံဖူးပါဘူး အောင်သိုက်ရေ၊ ကပ်ကြီးဆိုက်တာပဲကွ"

မြိတ်သားကြီးက ခုမှ မျက်ရည်ကျ၏။

ငိုယိုပြီး အမျိုးသမီးတစ်ယောက် ဝင်လာပြန်သည်။ အောင်သိုက်တို့အိမ်နှင့် သုံးအိမ်ကျော်က အပျိုကြီး အဲဖွား ဖြစ်၏။ မိဘညီအစ်ကိုမောင်နှမလည်း မရှိ။ တစ်ယောက်တည်းနေသူ။ ရုတ်တရက် ဘယ်သူမှမမေးရဲ၊ကြောင်ကြည့်နေကြ၏။

"ကျုပ်ဘယ်သူ့အားကိုးရတော့မှာလဲ အစ်ကိုကြီးရယ်"

ဦးကြီးရှိန်ကိုပြေးဖက်၍ငို၏။

သူ့ကိုမြင်ရသည်မှာ လူဆို၍ တစ်ဦးတစ်ယောက်ကိုမှ ကာလများစွာမမြင်ဘူး၊ မတွေ့ဘူး၍ ယခုမှ လူကိုတွေ့ရသည့်ပုံ။

မြိတ်သားကြီး ဦးကြီးရှိန်က အပျိုကြီးကို ပြန်မဖက်ရဲ ကျောက်ရုပ်လိုရပ်နေ၏။

"အဲဖွားက တစ်ယောက်တည်းနေခဲ့တာပဲ။ ဘယ်လူ့ကိုအားကိုးခဲ့လို့လဲ ခုဘာ. . ."

"ကျုပ်ခွေးတွေ တစ်ကောင်မှရှာမရတော့ဘူး"

အဖေ့စကားမဆုံးမီပင် အောင်ငိုပြော၏။

"နင့်ခွေးတွေ မသေနိုင်ပါဘူး အဲဖွားရယ် ပြန်လာကြပါလိမ့်မယ်"

ဦးကြီးရှိန်က နှစ်သိမ့်စကားဆိုသည်။

"ကျွန်အိမ်လည်း သဲတွေဖုံးလို့ ပျက်စီးငါးပါးတိုင်သွားပြီတော့"

အရှက်ပြေပြောကာ ဘာကိုသတိရသည်မသိ ငိုပြီး ချက်ချင်းထွက်ပြေးသွားပြန်၏။ ကယောင်ကတမ်းဖြစ်နေပုံရသည်။

ဦးကြီးရှိန်က ပါးစပ်ထဲတိုက်ထားသောအုန်းသီးခြမ်းကို ခုမှဝါး၍ အမေပေးသောအုန်းရည်နှင့်မျှောချလိုက်သည်။

"ငါ လူအောင်ထို့မောင်ဒေါင်းတို့ကိုလည်းပြောထားခဲ့တယ်။ လာကွာ - လောလောဆယ် ရေချိုရဖို့က အရေးကြီးတယ်"

အဖေက ရေတွင်းဖော်ရန် ဦးကြီးရှိန်နောက်လိုက်သွားသည်။

(ဆက်ရန်)

ညိုကျော့

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတစ်လွှား ဘိုးဘွား ရိပ်သာများကို ပရဟိတစိတ်အခြေခံ လျက် အခက်အခဲအမျိုးမျိုးကို ရင်ဆိုင် ကျော်လွှားကာ အောင်မြင်စွာတည် ထောင်ခဲ့သော ပရဟိတအကျိုးတော် ဆောင်ကြီး အဘွားဒေါ်ဦးဇွန်း (ခရစ်နှစ် ၁၈၆၈-၁၉၄၄) ကို မန္တလေး (ရတနာပုံ) နေပြည်တော် မင်းတုန်းမင်းတရားကြီး လက်ထက် ခရစ်နှစ် ၁၈၆၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် (မြန်မာနှစ် ၁၂၃၀ပြည့်နှစ်၊ ဝါခေါင်လဆန်း ၅ ရက်) နေ့တွင် မန္တလေး(ရတနာပုံ)နေပြည်တော် ကျောက် သွေးတန်းရပ် ပိုးကုန်သည်ကြီး ဦးအိနှင့် ဒေါ်မျှင်တို့မှ ဖွားမြင်ခဲ့သည့် တစ်ဦးတည်း သောသမီး ဖြစ်သည်။

ခရစ်နှစ် ၁၈၈၁ ခုနှစ် အသက် (၁၃) နှစ်အရွယ်ကပင် မိဘများ၏ ကိုယ်ပိုင်လုပ်ငန်းဖြစ်သော ပိုးကုန်သည် အရောင်းအဝယ်လုပ်ငန်းတွင် အစစ အရာရာ ကူညီလုပ်ကိုင်ဆောင်ရွက်ခဲ့ သဖြင့် လူချစ်လူခင်ပေါများခဲ့သည်။ အရောင်းအဝယ်နှင့် လူမှုရေးရာဆက်ဆံ



## လှမြင့်

## မြန်မာနိုင်ငံတစ်လွှား ဘိုးဘွားရိပ်သာများကို စတင်တည်ထောင်ခဲ့သော အဘွားဒေါ်ဦးဇွန်း



www.burmeseclassic.com1

www.burmeseclassic.com

ရေးနယ်ပယ်တွင် တဖြည်းဖြည်းကျော်ကြား လူသိများလာခဲ့သည်။ ခရစ်နှစ် ၁၈၉၀ ပြည့်နှစ် ကိုလိုနီခေတ်တွင် မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့်ကွယ်လွန်သွားခဲ့ရာ ထိုအချိန်တွင် ဘွားဒေါ်ဦးဖွန်းသည် အသက် (၂၂) နှစ်အရွယ်သာရှိသေးသော်လည်း မိဘနှစ်ပါး၏လက်ငုတ်လက်ရင်းဖြစ်သော ပိုးထည်လုပ်ငန်းကြီးကို တစ်ဦးတည်းနိုင်နင်းစွာစီမံခန့်ခွဲ၍ အောင်မြင်စွာ ဆက်လက်ထိန်းသိမ်းလုပ်ကိုင်ခဲ့သည်။

ဘွားဒေါ်ဦးဖွန်းသည် မိဘ၏လက်ငုတ်ပိုးကုန်သည်လုပ်ငန်းကိုသာမက မိမိ၏ဘဝကိုပါ ဘဝခရီးဖော်မရှာဘဲ ဒီးပွားရေးနယ်ပယ်နှင့် လူမှုရေးနယ်ပယ်ကို ရိုးရိုးသားသား ကြိုးကြိုးစားစား ကျွမ်းကျင်ဖြင့် ဖြတ်သန်းခဲ့သည်။ အောင်မြင်မှုများရရှိခဲ့သည်။ စီးပွားရေးနယ်ပယ်တွင် ကျင်လည်ရင်း စီးပွားရေးနှင့်ဆက်သွယ်နေသည့် လူမှုရေးအသိ၊ နိုင်ငံရေးအသိ၊ ဘာသာရေးခံယူချက်များ ရင့်ကျက်လာခဲ့သည်။ အမျိုးဘာသာသာသနာအမျိုးသားရေးစိတ်ထား၊ ဝံသာနုရက္ခိတတရားစသည်တို့ကိုလည်း နားလည်သဘောပေါက်လာခဲ့သည်။ ခရစ်နှစ် ၁၈၆၈ ခုနှစ် အသက် (၃၀) အရွယ်တွင် မန္တလေးမြို့ ပတ္တမြားဆရာတော်ကြီးအား အုတ်ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သောကြောင့် 'ပတ္တမအုတ်ကျောင်းအမ' ဟူသော ဝိသေသဖြင့် ထင်ရှားခဲ့သည်။

ခရစ်နှစ် ၁၉၁၄ခု ဘွားဒေါ်ဦးဖွန်းသည် ရန်ကုန်မြို့သို့ ဘုရားဖူးသွားရောက်ခဲ့ရာ၌ ရန်ကုန်မြို့ စတော့ဂိတ်လမ်း (ယခု သိမ်ဖြူလမ်း)ရှိ ပြင်သစ်ဘရင်ဂျီသာသနာပြုသီလရှင်များ၏လူအိုရုံသို့ ရောက်ရှိခဲ့သည်။ ယင်းလူအိုရုံကို ပြင်သစ်ဘရင်ဂျီဂိုဏ်းထောက်ဘုန်းတော်ကြီး ဘီဂင်ဒတ်၏ ခရစ်နှစ် ၁၈၈၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ပြင်သစ်သီလရှင်(ခရစ်ယာန်)ဂိုဏ်းသို့လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းလူအိုရုံတွင် အသက်အရွယ်ကြီးရင့်ပြီး ဆွေမဲ့မျိုးမဲ့နေသော မြန်မာလူမျိုးအဘိုးအဘွားများကို လက်ခံစောင့်ရှောက် ကျွေးမွေးပြုစုထားသည်။ ဘွားဒေါ်ဦးဖွန်းသည် ယင်းလူအိုရုံသို့ရောက်ရှိပြီး မြန်မာအဘိုးနှင့် အဘွားအိုများအား ပြင်သစ်သီလရှင် (ခရစ်ယာန်ဂိုဏ်း)များက ပြုစုကျွေးမွေးစောင့်ရှောက်နေမှုနှင့်အတူ မြန်မာဗုဒ္ဓဘာသာဝင် အဘိုးအို၊ အဘွားအိုတို့သည် ဘုရားသခင်၏ အလိုတော်အရ ကျေးဇူးတော်အရ ချမ်းချမ်းသာသာနေရအောင် ဖန်ဆင်းစောင့်ရှောက်သဖြင့် ဘုရားသခင်အား ကျေးဇူးတင်ရမည်ဟူသော စကားသံများ ပြောဆိုသံများကို ကြားသိရသောအခါတွင် ဖွားဦးဖွန်းသည် မြန်မာဗုဒ္ဓဘာသာဝင် အားကိုးရာမဲ့ အဘိုးနှင့် အဘွားများအတွက် ဗုဒ္ဓဘာသာဝင်များ ဦးဆောင်ဖွင့်လှစ်သော ဘိုးဘွားစောင့်ရှောက်ရေးရိပ်သာ (လူအိုရုံ) များသည် အမှန်တကယ်လိုအပ်နေပြီဖြစ်ကြောင်း သိမြင်ခဲ့သည်။

ထို့ကြောင့်ပင် ဘွားဦးဖွန်းသည် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိသည့်အခါ ခရစ်နှစ် ၁၉၁၅ ခုနှစ်တွင် ဝံသာနုရက္ခိတတရားပွားများစေသည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်သော ဘိုးဘွားစောင့်ရှောက်ရေးရိပ်သာ(လူအိုရုံ)တည်ဆောက်နိုင်ရေးအတွက် အထူးဇောက်ချကြိုးပမ်းအားထုတ်လုပ်ဆောင်ခဲ့၏။ ဖွားဒေါ်ဦးဖွန်းသည် မန္တလေးမြို့ရှိ ဆရာတော်ကြီးများ၊ သံဃာတော်ကြီးများ၊ ရပ်မိရပ်ဖနှင့် မြို့ပေါ်ရှိ လူပုဂ္ဂိုလ်ကြီးများနှင့် တိုင်ပင်ဆွေးနွေး၍ မိမိ၏ပိုင်ဆိုင်သော ပစ္စည်းများအားလုံးကို ထုခွဲရောင်းချခဲ့ပြီးနောက် စစ်ကိုင်းတောင်ရိုး မင်းကွန်းဘက် အရိယမဂ္ဂင်ချောင်ဆရာတော်ဘုရားကြီးအား လျှောက်ထားကာ ခရစ်နှစ် ၁၉၁၅ ခုနှစ်တွင် ဘွားဒေါ်ဦးဖွန်း၏ ပထမဦးဆုံးသော ဘိုးဘွားရိပ်သာ(လူအိုရုံ)ကို စတင်တည်ဆောက်ခဲ့သည်။

အဘွားဒေါ်ဦးဖွန်းသည် ခရစ်နှစ် ၁၉၁၅ ခုနှစ်၊ စက်တင်ဘာလ (မြန်မာနှစ် ၁၂၇၇ ခုနှစ်၊ တော်သလင်းလ) တွင် မင်းကွန်းခေါင်းလောင်းကြီးနှင့် မင်းကွန်းစေတီတော်ကြီး၏အကြားရှိ မြေနေရာ၌ ချုံများ၊သစ်ပင်များကို ရှင်းလင်းခုတ်ထွင်ပြီး ကမ္မဋ္ဌာန်းကျောင်းငယ် (၃) ကျောင်း ဆောက်လုပ်သည်။ ကစ်ကျောင်းတွင် ဘွားဒေါ်ဦးဖွန်းနှင့်အဖော်မိန်းမငယ်တစ်ဦး၊ ကျန် (၂) ကျောင်းတွင် ဘိုးဘွားများ နေထိုင်ရန်စီစဉ်သည်။ ခရစ်နှစ် ၁၉၁၆ ခုနှစ်၊ (မြန်မာနှစ် ၁၂၇၈ ခုနှစ်)တွင် ဘွားဒေါ်ဦးဖွန်း၏ မင်းကွန်းလူအိုရုံ (ဘိုးဘွားရိပ်သာ (၁) သို့ အသက် (၉၈)နှစ်အရွယ် အဘွားအိုတစ်ဦး၊ အသက် (၈၅) နှစ်အရွယ် အဘွားအိုတစ်ဦး၊ အသက်(၉၅) နှစ်အရွယ် အဘိုးအိုတစ်ဦးစတင်ရောက်ရှိလာခဲ့သည်။ ထိုအဘိုးနှင့် အဘွား(၃)ဦးတို့အား ဘွားဒေါ်ဦးဖွန်းကိုယ်တိုင်ချစ်မြတ်ကျွေးမွေးပြုစုစောင့်ရှောက်သည်။ ဥပုသ်နေ့များတွင် သီတင်းသီလဆောက်တည်မှုပြုစေခဲ့သည်။ သီလရှင်ဒေါ်ဥတ္တမစာရီကလည်း ကူညီရွက်ဆောင်ပေးခဲ့သည်။

ဘွားဒေါ်ဦးဖွန်း၏ ကြီးမားသောစေတနာ၊ မေတ္တာနှင့်ကရုဏာ၊ မလျှော့သောဇွဲလုံ့လဝီရိယတို့ကြောင့် မင်းကွန်းလူအိုရုံ(ဘိုးဘွားရိပ်သာ)သည် တဖြည်းဖြည်း လူသိများလာခဲ့သည်။ (၂) နှစ်ခန့်အကြာ ခရစ်နှစ် ၁၉၁၇ ခုနှစ် ဝန်းကျင်တွင် အဘိုးအဘွား (၂၀) ခန့်ကို ပြုစုစောင့်ရှောက်ခဲ့သည်။ ရန်ကုန်မြို့ရှိ အိမ်အန်တောင်၊ ကျားတံဆိပ်ဆေးတိုက်ပိုင်ရှင်တို့ကလည်း မန္တလေးမြို့တွင်နေထိုင်သော သူတို့၏ဦးလေးဖြစ်သူ ဦးဘိုးလွင်မှတစ်ဆင့် မင်းကွန်းလူအိုရုံ (ဘိုးဘွားရိပ်သာ) သို့ ဆေးဝါးများလှူဒါန်းခဲ့သည်။ အနယ်နယ်အရပ်ရပ်မှ အားကိုးရာမဲ့ အဘိုးအဘွားများကို လာရောက်အပ်နှံလိုသော ဆက်သွယ်မှုများ အမြောက်အမြား ရရှိခဲ့သောကြောင့် အဘွားဒေါ်ဦးဖွန်းသည် မန္တလေးမြို့ ကျောက်သွေးတန်းရှိနေအိမ်တွင် အဖွဲ့ဝင် (၅) ဦးပါဝင်သော ဗုဒ္ဓဘာသာ လူအိုရုံအသင်းကို ခရစ်နှစ် ၁၉၁၈ ခုနှစ် (မြန်မာနှစ် ၁၂၈၀) တွင် ထူထောင်ဖွဲ့စည်း တရားဝင်မှတ်ပုံတင်ခဲ့သည်။ ယင်းအဖွဲ့ဝင် (၅)ဦးမှာ (၁) အဘွားဒေါ်ဦးဖွန်း (နာယက)၊ (၂) ကျားဆေးတိုက်ကိုယ်စားလှယ် ဦးဘိုးလွင်၊ (၃) ဘီအိုင်အေ ဦးမောင်ကြီး (စာရင်းစစ်)၊ (၄) ဦးလှထွန်း (ငွေထိန်း)၊ (၅) ဦးလှကျော် (အတွင်းရေးမှူး) တို့ ဖြစ်ကြပါသည်။ ထို့နောက် မင်းကွန်းလူအိုရုံ (သို့)ဘိုးဘွားရိပ်သာကို လျှပ်စစ်မီးများတပ်ဆင်သည်။ ရေပိုက်များသွယ်တန်းသည်။ လူအိုရုံသို့သွားရောက် ဂုဒ်သိုလ်ပြုလိုသူတို့အား မော်တော်ရေယာဉ်ဖြင့် အခမဲ့ပို့ဆောင်ပေးသည်။ ရန်ပုံငွေများတိုးပွားလာသဖြင့် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ခဲ့သည်။

အဘွားဒေါ်ဦးဖွန်း၏ မင်းကွန်းလူအိုရုံ (ဘိုးဘွားရိပ်သာ) ၏အောင်မြင်မှုကြောင့် သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်လိုသော ဝံသာနုရက္ခိတတရား ထက်သန်နိုးကြားသော မြို့နယ်များ၏ကမ်းလှမ်းလာခဲ့မှုများအရ အဘွားဒေါ်ဦးဖွန်း၊ ဦးမောင်ကြီး၊ ဦးလှထွန်းတို့သည် ခရစ်နှစ် ၁၉၂၃ ခုနှစ် (မြန်မာနှစ် ၁၂၈၆) တွင် သထုံမြို့နယ် မြသိမ်တောင်ခြေရင်း၌လည်းကောင်း၊ ခရစ်နှစ် ၁၉၂၉ ခုနှစ် (မြန်မာနှစ် ၁၂၉၁) တွင်



www.burmeseclassic.com

ပေါင်းတည်မြို့၌ လည်းကောင်း လူအိုရုံ (ဘိုးဘွားရိပ်သာ) များကို ထပ်မံတည်ထောင်ဖွင့်လှစ်ပေးခဲ့သည်။

အဘွားဒေါ်ဦးဇွန်းသည် ခရစ်နှစ် ၁၉၂၈ ခုနှစ် (မြန်မာနှစ် ၁၂၉၀)အသက် (၆၀)ပြည့်ချိန်တွင် ပေါင်းတည်လူအိုရုံ (ဘိုးဘွားရိပ်သာ) တည်ဆောက်နေချိန်၌ သီလရှင်ဘဝသို့ ကူးပြောင်း၍ ဒေါ်သုမာလဘွဲ့ကို ခံယူခဲ့သည်။

အဘွားဒေါ်ဦးဇွန်းသည် ခရစ်နှစ် ၁၉၃၃ ခုနှစ် (မြန်မာနှစ် ၁၂၉၅) တွင် ရန်ကုန်မြို့ သင်္ဘောကျွန်း နှင်းဆီကုန်း၌ လူအိုရုံ (ဘိုးဘွားရိပ်သာ) တစ်ရုံနှင့် ၁၉၃၇ ခုနှစ် (မြန်မာနှစ် ၁၂၉၉) တွင် ပခုက္ကူမြို့၌ လူအိုရုံ (ဘိုးဘွားရိပ်သာ) တစ်ရုံတည်ဆောက်ခဲ့သဖြင့် မြန်မာနိုင်ငံအနှံ့တွင် လူအိုရုံ (ဘိုးဘွားရိပ်သာ) ငါးရုံတို ကိုယ်တိုင်ကမှကထပြုလျက် ပရဟိတစိတ်ထားစေတနာလုပ်ရပ်နှင့် စေတနာသဒ္ဓါတရားအရင်းခံကာ တည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့သူ ဖြစ်သည်။

အဘွားဒေါ်ဦးဇွန်း၏ ခရစ်နှစ် ၁၉၃၃ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့သော သင်္ဘောကျွန်း နှင်းဆီကုန်း လူအိုရုံ (ဘိုးဘွားရိပ်သာ) သည် ဖွင့်လှစ်တည်ထောင်ပြီး (၈) နှစ်အကြာ ခရစ်နှစ် ၁၉၄၁ ခုနှစ်တွင် ဂျပန်တို့၏စစ်ဘေးစစ်ဒဏ်ကို စတင်ကြုံတွေ့ခံစားခဲ့ရသဖြင့် အဘွားဒေါ်ဦးဇွန်း (သီလရှင် ဒေါ်သုမာလာ) သည် ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့၌ သင်္ဘောကျွန်း နှင်းဆီကုန်းလူအိုရုံ (ဘိုးဘွားရိပ်သာ) အဘိုးအဘွားများကို ကိုယ်တိုင်ကြီးကြပ်၍ မန္တလေးသို့ မီးရထားဖြင့် ခေါ်ဆောင်ကာ မင်းကွန်းလူအိုရုံ (ဘိုးဘွားရိပ်သာ) သို့ ပို့ဆောင်ပေးခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်တွင် ရန်ကုန် သင်္ဘောကျွန်း နှင်းဆီကုန်းလူအိုရုံ (ဘိုးဘွားရိပ်သာ) ကို မြန်မာ့အလင်းဦးတင် ဦးဆောင်သော အမှုဆောင်အဖွဲ့အား တရားဝင်လွှဲပြောင်းတာဝန်ပေးအပ်ခဲ့ခြင်းကြောင့် ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၅၆ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် သင်္ဘောကျွန်းနှင်းဆီကုန်းလူအိုရုံ (ဘိုးဘွားရိပ်သာ) ကို ယခုလက်ရှိ ဗဟန်းမြို့နယ်၊ အမှတ် (၂၁) ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားစောင့်ရှောက်ရေးအဖွဲ့သို့ သင်္ဘောကျွန်း နှင်းဆီကုန်းလူအိုရုံမှ အဘိုးအဘွား (၄၅) ဦးတို့ဖြင့် ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ ထို့ကြောင့် အဘွားဒေါ်ဦးဇွန်း၏ ၁၉၃၃ ခုနှစ်တွင် စတင်ပြုစုပျိုးထောင် မျိုးစေ့ချပေးခဲ့သော သင်္ဘောကျွန်း နှင်းဆီကုန်း လူအိုရုံ (ဘိုးဘွားရိပ်သာ) သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်တွင် ယခုအချိန်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဟူသော ဝိသေသဖြင့် သမိုင်းဝင် ထင်ထင်ရှားရှား ရပ်တည်လျက် ပရဟိတလုပ်ငန်းနှင့် အားကိုးရာမဲ့ အဘိုးအဘွားတို့အတွက် အေးချမ်းစွာနားခိုတရားဘာဝနာပွားများ တည်ဆောက်ရာ ကုသိုလ်တော်အဖြစ် သမိုင်းမော်ကွန်းတင်လျက်ရှိနေပြီ ဖြစ်သည်။



မြန်မာနိုင်ငံတစ်လွှားတွင် အားကိုးရာမဲ့ခိုကိုးရာမဲ့အဘိုးအဘွားများအတွက် ဘိုးဘွားရိပ်သာ(၅)ဆောင်ကိုတည်ထောင်ဖွင့်လှစ်ခဲ့သော အဘွား ဒေါ်ဦးဇွန်းသည် ခရစ်နှစ် ၁၉၄၄ ခုနှစ်၊ မေလ ၁၁ ရက် (မြန်မာနှစ် ၁၃၀၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်) (၇၆) နှစ်အရွယ်တွင် သီလရှင်ဝတ်ဖြင့် မင်းကွန်းလူအိုရုံ (ဘိုးဘွားရိပ်သာ) ၌ ကွယ်လွန်ခဲ့သည်။ အဘွားဒေါ်ဦးဇွန်း၏ လူမှုဝန်ထမ်းလုပ်ငန်းများကို ချီးကျူးဂုဏ်ပြုမှုအဖြစ် အင်္ဂလိပ်အစိုးရက တီပီအက်(စ်) ခေါ်တိုင်းကျိုးပြည်ဆောင်ဘွဲ့ကို အပ်နှင်းဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အဘွားဒေါ်ဦးဇွန်း၏ဂုဏ်ဒြပ်နှင့် ဝိသေသများကို ဘွားဦးဇွန်းအတ္ထုပ္ပတ္တိ (စာပေဗိမာန်) တွင် ဤသို့ ဂုဏ်ပြုမှတ်တမ်းတင် ဖော်ပြခဲ့သည်။

*ဒေါ်ဦးဇွန်းသည် အာဇာနည်အမျိုးသမီး ဖြစ်သည်။ သူမတွင် နူးညံ့သိမ်မွေ့သော စိတ်ဓာတ်ရှိသည်။ သို့သော် တစ်စုံတစ်ရာကို ပြုမည်ဟု ပြဋ္ဌာန်းဆုံးဖြတ်လျှင် ထိုအရာကို မဖြစ်မနေ ပြုလုပ်ဆောင်ရွက်တတ်သော သံမဏိစိတ်ဓာတ်ရှိသည်။ ငယ်ရွယ်စဉ်က ပွဲလမ်းသဘင်နှင့်အပျော်အပါးတို့ကို မနှစ်သက်ခဲ့ပေ။ အဝတ်အစားတွင်လည်း ဂုဏ်တုဂုဏ်ပြိုင်ဝတ်စားဆင်ယင်ခြင်းမရှိဘဲ ပင်နီမှလောက်နှင့်ပင် ဝတ်ဆင်ရောင့်ရဲတင်းတိမ်ခဲ့သည်။ သာမှု၊ နာမှုများကို သွားရောက်သောအခါ၌ပင် ပင်နီချောနှင့် အမရပူရလုံချည်ကို သာဝတ်ဆင်၍ စိန်ရွှေရတနာစသည်တို့ကို အလျှင်းမဝတ်ဆင်ဘဲ သွားရောက်သည်။*

*ကုသိုလ်ကောင်းမှုပြုမည်ဟု မိမိစိတ်ကပြဋ္ဌာန်းလိုက်လျှင် ယင်းပြဋ္ဌာန်းချက်အတိုင်း ထမြောက်အောင်မြင်အောင်ဆောင်ရွက်မှုပြုလျက် စိတ်ပျော်ရွှင်မှုအဖြစ် ဂုဏ်ပြုခံစားတတ်သူ ဖြစ်သည်။ဗဟုသုတကြွယ်ဝသည်။ မိဘများထံမှ ငယ်ငယ်ရွယ်ရွယ်နှင့် အမွေအနှစ်များအားလုံးကိုရရှိခဲ့သော တစ်ဦးတည်းသောသမီးဖြစ်သည်။ရုပ်ရည်ချောမောပြေပြစ်သည်။ အပေါင်းအသင်းဆံ့သည်။ ပိုးထည်လုပ်ငန်းကို ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သည်။ လူချစ်လူခင်ပေါများသည်။ မင်္ဂလာတရားတော်နှင့်အညီ ခြိုးခြံချွေတာသင့်သောအရာတွင် ခြိုးခြံချွေတာကျင့်သုံး၍ ပေးကမ်းလှူဒါန်းထိုက်သောအရာများတွင် ရက်ရက်ရောရော ပေးကမ်းလှူဒါန်းသည်။ ခြိုးခြံချွေတာရမည့်နေရာတွင် မိမိအဖို့ ထမင်းတစ်နပ်မျှနှင့်ပင် ရောင့်ရဲတင်းတိမ်နိုင်သူ ဖြစ်သည်။ တစ်သက်တာဘဝတွင် အပျိုကြီးဘဝနှင့်အရိုးထုတ်ခဲ့သည်။အသက် (၆၀)ပြည့်ချိန်တွင် သီလရှင်ဘဝသို့ ကူးပြောင်း၍ ဒေါ်သုမာလာဘွဲ့ဖြင့် အသက် (၇၆) နှစ်အရွယ်ထိ တရားဘာဝနာများ ပွားများကာ မင်းကွန်းလူအိုရုံ၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။*

လှမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

၁။ နှင်းဆီကုန်းဘိုးဘွားရိပ်သာသမိုင်းဖြစ်စဉ်

၂။ ဘွားဦးဇွန်းအတ္ထုပ္ပတ္တိ (စာပေဗိမာန်)

www.burmeseclassic.com

အတော်အတန်နက်သောတောထဲသို့ရောက်လာခဲ့ပြီး စမ်းရေကျသံများကိုလည်းကြားလာရပြီ။ ထို့နောက် ငှက်ကျေးများ၏အသံ၊ ချေဟောက်၊ တောကြက်ဖတွန်သံ၊ ရှဉ့်၊ မျောက်များ၏ အော်သံစသည်ဖြင့် တစ်ခုပြီးတစ်ခုကြားလာရသည်။ တောထဲဖြစ်သည့်အလျောက် သစ်ပင်ကြီးများ၊ ချောက်နက်ကြီးများ၊ တောင်ကျချောင်းကြီးများ၊ ကြည့်လေရာရာ သစ်တောဝါးတောကြီးများဖြင့်အုပ်ဆိုင်း၍နေသည်။

ကိုဖိုးပျော့သည် (၉) နှစ်အရွယ် သားကြီးမောင်သီလနှင့် (၅) နှစ်အရွယ် သမီးငယ်မစန္ဒာတို့အားကြည့်၍ မျက်ရည်ကျသည်။

ယခုပင်လျှင် သားနှင့် သမီး ဤလူမမည်ကလေးနှစ်ယောက်တို့အား ဤတောထဲတွင်ပစ်ထားခဲ့ရပေတော့မည်။ ကယ်သူမဲ့ ဤတောထဲ၌ အစာရေစာငတ်ပြတ်၍သော် လည်းကောင်း၊ သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်ကြောင့်သော်လည်းကောင်း သေကျေပျက်စီးကြရပေတော့မည်။

ကိုဖိုးပျော့မှာ ဇနီးသည် (နောက်ပိုင်းဆက်) မဘူးမအား အလွန်အမင်းကြောက်ရသည်။ အရာရာ၌ မဘူးမပြောသမျှကိုလိုက်လုပ်ရသည်။

မဘူးမက ကိုဖိုးပျော့ဘက်မှပါလာသော ဤကလေးငယ် (လင်ပါသားသမီး) လေးနှစ်ယောက်တို့အား လုံးဝကြည့်၍မရပေ။ ကျိန်ဆဲသည်၊ နှိပ်စက်သည်၊ သတ်ပုတ်သည်၊ ထမင်းမကျွေးဘဲထားသည်။

ကလေးနှစ်ယောက်တို့မှာ ဖခင်ကိုဖိုးပျော့ရှိလျှင် ထမင်းစားရသည်။ ဖခင်မရှိသောရက်များတွင် ထမင်းမစားကြပေ။

ဖခင်ဖြစ်သူမှာလည်း ဆင်းရဲသားလူတန်းစားဖြစ်သည့်အလျောက် ကြုံရာကျပန်း သစ်ခုတ်ဝါးခုတ် စသော အလုပ်များမှာသာ ကျင်လည်နေရသည်ကများသည်။ ထို့ကြောင့် ကလေးနှစ်ယောက်တို့မှာလည်း ဖခင်ဖြစ်သူ အိမ်မှာမရှိသောရက်တိုင်းပင် ထမင်းငတ်ကြရလေသည်။

မဘူးမသည် သူ့ဘက်ကသားသမီးမပါသောကြောင့် သားသမီးဟူသောသံယောဇဉ်ကို နားမလည်နိုင်ဘဲ ဤကလေးနှစ်ယောက်တို့အား အမြဲတမ်းရန်သူသဖွယ်ရှုမြင်ပြီး ရိုက်သတ်နှိပ်စက်နေလေသည်။ ယခုအခါ အပြီးတိုင်အဆုံးစီရင်ရန်ကိုပင် ဖခင်ဖြစ်သူကိုဖိုးပျော့အားခိုင်းစေလိုက်လေသည်။

ကိုဖိုးပျော့သည် အလွန်အမင်း မယားကိုကြောက်နေရသည့်တိုင်အောင် ရင်နှစ်သည်းချာ ဤကလေးနှစ်ယောက်တို့အား ကိုယ်တိုင် ရက်ရက်စက်စက်သတ်ဖြတ်ရန်ကိုမဝံ့ပေ။ ထို့ကြောင့်ပင် ဤတော၌ပစ်ထားခဲ့ရန် လိမ်လှည့်လှည့်ဖြားပြီးခေါ်လာခဲ့သည်။

"သားနဲ့သမီးတို့ တောထဲကိုသွားရအောင်။ တောထဲမှာ ငှက်ကလေးတွေရှိတယ်။ ပန်းလှလှလေးတွေရှိတယ်။ သစ်သီးမှည့်တွေလည်းရှိတယ်။ အဖေ



www.burmeseclassic.com1

www.burmeseclassic.com

သစ်သီးခူးကျွေးမယ်၊ ပန်းခူးပေးမယ်၊ ငှက်ကလေးတွေကိုဖမ်းပေးမယ်"

ဟု ပြောဆိုကာ ခေါ်လာခဲ့သည်။

ကလေးနှစ်ယောက်ကား ဘာမှ မသိရှာ။ တဒင်္ဂ မိထွေး၏နှိပ်စက်ခြင်းမှ သက်သာရာရသည်။ သစ်သီးစားရမည်၊ ပန်းခူးရမည်၊ ငှက်ကလေးတွေကိုမြင်ရမည်၊ ဖမ်းရမည်ဟူသောအသိအမှတ်ဖြင့် မြူးထူးခုန်ပေါက်ပြီးပင်လိုက်လာကြလေသည်။

ကိုဖိုးပျော့သည် သားကြီးကိုဖက်၏။ ကောက်ပွေ့ပြီးလည်းနမ်း၏။ သမီးငယ်ကိုလည်း ကောက်ပွေ့ပြီးနမ်း၏။ ငယ်ထိပ်ကို လက်နှင့်အုပ်ထား၏။ ကျောကုန်းကို ဖွဖွပွတ်၏။ ထို့နောက် နှစ်ယောက်လုံးကို ကျစ်ကျစ်ဖက်ကာငို၏။

ကလေးနှစ်ယောက်တို့မှာ တောထဲသို့ရောက်လာစဉ် ကြည်လင်သော မျက်နှာလေးများဖြင့် ပျော်ရွှင်နေခဲ့ကြသော်လည်း ယခု ဖခင်ဖြစ်သူ၏ မကြည်လင်သောအမူအရာနှင့် ငိုယိုနေသော မျက်နှာကိုမြင်ရသောအခါ ရှိုက်၍ငိုကြလေသည်။

"မငိုကြနဲ့၊ အဖေသစ်သီးသွားရှာလိုက်မယ်။ ဒီကျောက်ဆောင်ပေါ်မှာ ကျန်နေခဲ့ကြ။ အိပ်ချင်ရင် ဒီသစ်ပင်ကြီးက ဖျဉ်းကြီးထဲမှာဝင်အိပ်ကြ"

ဟု ပြောဆိုထားခဲ့ပြီး ကိုဖိုးပျော့ အနားမှခွာလာခဲ့လေသည်။

ရွာအထွက်မှပင် ပါလာသောခွေးလေးတစ်ကောင်သည်လည်း ကလေးများဘက်ကိုပြေးသွားလိုက်၊ ကိုဖိုးပျော့ထံပြေးလာလိုက်နှင့် နောက်ဆုံးတွင်

# ထွန်းတောက်

မောင်နှမရှာ



www.burmeseclassic.com

ကိုဖိုးပျော့၏နောက်မှပင် လိုက်ပါလာလေသည်။

ကိုဖိုးပျော့လည်း တစ်အောင့်ကြာအောင် တောထဲသို့လျှောက်သွားပြီးနောက် တငိုငိုတရှိုက်ရှိုက်ဖြင့် တစ်ဖက်လှည့်ကာ ရွာသို့ပြန်လာခဲ့သည်။ မဘူးမယုံကြည်အောင် ရွာဦးသို့ရောက်လျှင် ခွေးလေးကိုသတ်ပြီး ဓားမှာရော ကိုယ်လက်များမှာပါ သွေးလူးပြီး မဘူးမအား ပြလေသည်။

မဘူးမလည်း လင်ပါကလေးနှစ်ယောက်တို့သေလေပြီဟူသောအမှတ်ဖြင့် အလွန်အမင်းပျော်လေသည်။လင်မယားနှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေရပြီဟုတွေးပြီးလည်း ပီတိဖြစ်လေသည်။

■

မိုးသာချုပ်၏။ အဖေကား ပေါ်မလာပေ။ ထိုအခါ ညီမလေးကဗိုက်ဆာ၍ငိုသည်။ ထမင်းပေးပါ၊ ရေပေးပါဟု သူ့အစ်ကိုအား ပူဆာသည်။

"မငိုပါနဲ့ ညီမလေးရယ်၊ အဖေလာရင်သစ်သီးစားရမှာပါ။ ငိုရင် မိထွေးရိုက်လိမ့်မယ်"

ဟု ချော့တစ်ခါခြောက်တစ်လှည့်ဖြင့်ပင် မိုးချုပ်သွားလေသည်။

ထိုအချိန်၌ ညဉ့်၏အသက်ဝင်လှုပ်ရှားခြင်းသည် တစ်မျိုးတစ်ဖုံပြောင်းလဲလာလေသည်။ တောစတောင်စများ တိတ်ဆိတ်လာသည်။ တဖြည်းဖြည်းအမှောင်ကျလာသည်။ အမှောင်မှာ ကျက်စားတတ်သော ညငှက်များ သစ်တောထဲမှ ပျံထွက်လာကြ၏။ ထို့နောက် ကျားဟိန်းသံများ၊ ဝက်ဝံနှင့် ကျားသစ်တို့၏ မာန်ဖီသံများကိုလည်း တစ်မျိုးပြီးတစ်မျိုးကြားလာရသည်။

ထို့ကြောင့် လူမမယ်ကလေးငယ်မောင်နှမနှစ်ယောက်တို့မှာ ကြောက်လန့်ပြီး တစ်ယောက်ကိုတစ်ယောက် ကျစ်ကျစ်ဖက်ကာ အသံမျှပင်မထွက်ရဲကြတော့ပေ။

အဖေလည်း ရောက်မလာသေး။ ညလည်း တဖြည်းဖြည်းနက်ရှိုင်းလာလေသည်။ ထို့ကြောင့် သည်နေရာ၌ ဆက်လက်နေ၍မဖြစ်တော့ပေ။ ကျား၊ ကျားသစ်၊ ဝက်ဝံ စသော သားရဲတို့အား ကြောက်လန့်နေ၍မဖြစ်တော့။

ကျောက်ဆောင်ပေါ်မှကုတ်ကတ်ဆင်းကာ မှောင်နှင့်မည်းမည်း လာလမ်းအတိုင်း မှန်းရမ်းပြီး ရွာဘက်သို့ပြန်လာကြလေသည်။ ကျားဆင်သားရဲတို့၏ရန်မှ ကင်းလွတ်လျက် သန်းခေါင်ကျော်အချိန်တွင် ရွာထိပ်ကိုရောက်လာကြသည်။

မိထွေးကိုကြောက်သဖြင့် အိမ်ကိုတန်းမသွားရဲကြပေ။ရွာထိပ်တွင် ညောင်ပင်ကြီးအောက် ချုံဖုတ်ထဲမှာပင် မိုးစင်စင်လင်းသည်အထိ ဝင်ပုန်းနေခဲ့ကြ၏။

■

သည်နေ့ကား မဘူးမအဖို့ အပျော်ဆုံးနေ့ဖြစ်သည်။ လင်ပါကလေးနှစ်ယောက်တို့အား ကြည့်၍မရဖြစ်လာခဲ့ရာ ကိုဖိုးပျော့က သူ့ကလေးနှစ်ယောက်တို့ကို တောနက်ထဲသို့ခေါ်သွားပြီးသတ်ခဲ့ပြီဟုဆိုကာ သွေးများကိုပြသဖြင့် မဘူးမမှာ ဖော်မပြတတ်အောင် တစ်ညလုံးအိပ်၍မပျော်အထိဖြစ်ခဲ့ရသည်။

ထို့ကြောင့် သည်မနက်တွင် အောင်ပွဲခံသည့်အနေဖြင့် လင်မယားနှစ်ယောက် အောင်သေအောင်သားစားသကဲ့သို့ ဟင်းကောင်းကျွေးကောင်းများကိုချက်ပြုတ်ကာ တပျော်တပါးကြီးစားသောက်ကြလေသည်။

ထိုအခိုက်၌ ကလေးနှစ်ယောက်တို့သည် အိမ်အောက်သို့ရောက်လာကြပြီး အကြီးကောင်လေးက ကြမ်းပေါက်မှထွက်ကျလာသောထမင်းလုံးများကိုကောက်ပြီး အငယ်မလေးအား ကျွေးနေလေသည်။

ကိုဖိုးပျော့လည်း သူ့သားနှင့်သမီးလေးတို့ ထမင်းလုံးများကောက်စားနေကြသည်ကို ကြမ်းပေါက်ကြားမှမြင်တွေ့သွားသည်။ ထို့ကြောင့် မျိုမကျလောက်အောင်ပင် ခံစားလိုက်ရသည်။

မယားကိုကြောက်၍သာ ကလေးနှစ်ယောက်တို့အား တောထဲသို့ သွားပစ်လိုက်ရသည်။ ဖခင်တစ်ယောက်၏ ချစ်စိတ်၊ သနားကြင်နာတတ်သောကရုဏာစေတသိတ်တို့ကား လျော့ပါး၍မသွားပေ။

ထို့ကြောင့် ဟင်းများဖြင့်နယ်ဖတ်ထားသောထမင်းများကို သဲကိုက်သည်ဟုဆိုကာ တစ်ပန်းကန်ပြီးတစ်ပန်းကန် သွန်ချ၍ကျွေးလေသည်။ ဤသည်ကို မသင်္ကာ၍ မဘူးမကြည့်လိုက်ရာ ကလေးနှစ်ယောက်တို့အား မြင်တွေ့သွားလေသည်။

"ဟင်- ကိုဖိုးပျော့၊ ဟိုအောက်မှာ စုတ်ပြတ်ပေရေနေတဲ့ နှစ်ယောက်ဟာရှင့်ကလေးတွေပဲမဟုတ်လား။ တောထဲကိုခေါ်သွားပြီးသတ်ခဲ့ပြီဆို။ အခု အိမ်အောက်ကိုပြန်ရောက်နေကြပါလား"

ကိုဖိုးပျော့ မျက်လုံးပြူးသွားပြီး ချက်ချင်းပင် ဖာထေးပြောလိုက်လေသည်။

"မဟုတ်ရပါဘူး မဘူးမရယ်၊ ငါ့ကလေးတွေကို ငါကိုယ်တိုင် တောထဲကိုခေါ်သွားပြီး ဓားနဲ့ခုတ်သတ်ခဲ့ပြီးပြီပဲ။ မင်းကိုတောင် သွေးစွန်းဓားကိုပြပြီးပြီ မဟုတ်လား။ အခြားကလေးတွေပဲဖြစ်မှာပါ။ အခုပဲ ငါမောင်းထုတ်လိုက်ပါ့မယ်"

ကိုဖိုးပျော့အိမ်အောက်သို့ ကမူးကယာဆင်းကာ ကလေးနှစ်ယောက်တို့အားဆွဲခေါ်ပြီး လက်တစ်ဖက်စီကိုကိုင်ကာ အဝေးသို့ဆွဲထုတ်သွားလေသည်။

ကိုဖိုးပျော့မှာ မယားကိုကြောက်နေရသည့်အလျောက် မဘူးမက ကလေးနှစ်ယောက်တို့အား သူ၏ သားသမီးများဟုမထင်စေလို၍ ခပ်ကြမ်းကြမ်းပင်ပြောဆိုပြုမူရလေသည်။ ထို့ကြောင့် ကလေးနှစ်ယောက်တို့မှာ သူတို့ဖခင်ဆွဲခေါ်ရာနောက်သို့ ဒရွတ်တိုက်၍ပါကြရလေသည်။ တောစပ်ကိုရောက်မှ ကလေးနှစ်ယောက်တို့အား ပြောပြလိုက်သည်။

"သားနဲ့သမီးတို့ ဘယ်သောအခါမှ အိမ်ကိုပြန်မလာကြနဲ့တော့။ ဒီအိမ်နဲ့ဝေးသည်ထက်ဝေးတဲ့ တောနက်ထဲမှာ သားနဲ့သမီးတို့စားသောက်ဖို့နဲ့ နေထိုင်ဖို့ တဲအိမ်လေးတစ်လုံးကိုလည်း အဖေဆောက်လုပ်ပေးထားခဲ့မယ်။ ပြီးတော့ တောထဲမှာ ရှာဖွေစားသောက်တတ်အောင်လည်း အဖေသင်ကြားပေးမယ်"

ဟု မျက်ရည်ဖြိုင်ဖြိုင်ကျကာပြောရလေသည်။ကလေးများကလည်း ခေါင်းညိတ်ပြီး ဖခင်ဖြစ်သူကို ဖက်၍ငိုကြလေသည်။

ထို့နောက် ကိုဖိုးပျော့သည် ယခင်ပို့ခဲ့သောတောမဟုတ်သည့် ထိုထက်နက်သောရွာမှ တစ်ရက်ခရီးသာသာရှိသည့် တောနက်ထဲသို့ ကလေးနှစ်ယောက်တို့အား ခေါ်သွားလေသည်။

သူတို့၏ရွာလေးသည် ရိုးမတောင်ဆွယ်ကိုအမှီပြုကာ နေထိုင်ကြသော ရွာလေးဖြစ်သည်။ ထို့ကြောင့် ဤတောထဲသို့ လူသူအရောက်အပေါက်မရှိလောက်ထိပင် တောနက်လေသည်။ ထိုတောနက်ထဲ၌ပင် တဲအိမ်လေးတစ်လုံးကိုဆောက်လုပ်ပေးထားခဲ့ပြီး ကိုဖိုးပျော့ ပြန်လာခဲ့သည်။



www.burmeseclassic.com1

www.burmeseclassic.com

နောက်နေ့များတွင် မဘူးမ မသိအောင် စားနပ်ရိက္ခာများကို သယ်ယူပြီး ထားသည်။ အိမ်သုံးပစ္စည်းများကိုလည်း သုံးစွဲလောက်သည်အထိ သယ်ပို့ပေးသည်။ ထို့နောက် တောထဲ၌ သဘာဝအလေ့ကျပေါက်၍ရှိကြသည့် အဆိပ်အတောက်ကင်းသော အပင်၊ အခက်၊ အရွက်၊ အပွင့်၊ အသီးမှသည် သစ်ဥသစ်ဖုများအထိရှာဖွေစားသောက်တတ်အောင် ပြသပေးလေသည်။

ကိုဖိုးပျော့သည် မဘူးမ ယုံကြည်အောင် တောထဲသို့ သစ်ခုတ်ဝါးခုတ်သွားပါသည်ဟုဆိုကာ တစ်ပတ်တစ်ကြိမ်၊ တစ်ကြိမ်လျှင် အနည်းဆုံး သုံးရက်မျှ သားသမီးများနှင့်လာနေသည်။ ထိုရက်များအတောအတွင်း၌ တောသစ်သီးများကို ခူးယူပြီး သားသမီးများအားကျွေးသည်။ သူတို့ရှာဖွေခူးစားတတ်ကြအောင်လည်း တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး သင်ကြားပြသပေးသည်။

သားသမီးနှစ်ယောက်တို့မှာ သူတို့ဖခင် မရောက်သောရက်များ၌ ဆန်၊ ဟင်းကိုမစားရဘဲ တောထဲက အသီးအရွက်သစ်ဥသစ်ဖုများကိုသာ ရှာဖွေစားသောက်ကြရသည်။ တောထဲမှာသည်း (အထိုက်အလျောက်) ရှာဖွေပြီး စားသောက်တတ်လာကြသည်။

ကာလကြာလာသောအခါ တောထဲတောင်ထဲမှာလည်း သွားရဲလာရဲရှိလာကြသည်။ သားရဲသားကောင်များကသည်း ကလေးနှစ်ယောက်တို့အား ရန်သတ္တရုမပြုကြပေ။ တွေ့ဖန်မြင်ဖန်များလာ၍ ယဉ်ပါးလာကာ ချစ်ကျွမ်းဝင်လာကြသည်။

ထို့ကြောင့် ဖခင်ဖြစ်သူ မလာသောရက်များ၌ တောထဲသို့ သစ်သီးခူးရန်သွားကြရလျှင် ချေ၊ ဆတ်၊ သမင်၊ ဒရယ် စသော သားကောင်လေးများက နောက်ဝဲယာတို့မှဝန်းရံပြီး ခုန်ပေါက်ပျော်ရွှင်လျက် လိုက်ပါကြသည်။

သဲချောင်းထဲသို့ ရေခပ်ဆင်းလျှင်လည်း သူတို့လိုက်ပါကြသည်။ သစ်သီးခူး ပန်းကောက်ဆော့ကစားခြင်းမှစ၍ တောကောင်လေးများသည် ကလေးနှစ်ယောက်တို့၏ အဖော်မိတ်ဆွေများဖြစ်လာကြလေသည်။ ညအိပ်ချိန်မှတစ်ပါး ကျန်သောအချိန်များ၌ တောကောင်လေးများသည် ကလေးနှစ်ယောက်တို့၏ အနီးအနားမှာပင်ရှိနေကြလေသည်။

သို့သော်လည်း ဖခင် ကိုဖိုးပျော့ ရောက်လာသောနေ့ရက်များတွင် တောကောင်လေးများ မလာကြပေ။ အဘယ်ကြောင့်မသိ ကြက်ပျောက်ငှက်ပျောက် လျက်သာ ပျောက်နေကြလေသည်။

ကာလအားဖြင့် ကြာလာခဲ့ပြီ။ တောထဲ၌ သုံးနှစ်ရှိလာခဲ့၍ မောင်သီလ (၁၂)နှစ်၊ မစန္ဒာ (၈)နှစ်တိုင်ရှိလာခဲ့ပြီ။ ထိုထိုကာလတစ်လျှောက်တွင်လည်း ဖခင်ဦးဖိုးပျော့သည် တစ်ပတ်တစ်ကြိမ်၊ တစ်ကြိမ် သုံးရက်ခန့်လာနေလေ့ရှိသည်။

ထို့နောက် သူတို့၏ဇာတိရွာလေးကို မိုးကြီးသည်းထန်ရွာပြီး လေမုန်တိုင်းကြီး တိုက်ခတ်လေသည်။ ထို့ကြောင့် လူများ၊ ကျွဲနွားများသေဆုံးကာ အိုးအိမ်အဆောက်အအုံများ အားလုံးပျက်စီးပြီး တစ်ရွာလုံး ပျက်သုဉ်းသွားလေသည်။

ထိုနေ့ထိုအချိန်မှစတင်၍ ဖခင်ဦးဖိုးပျော့လည်း သားသမီးများ၏အထံသို့ ရောက်မလာတော့ပေ။ ထိုထိုအဖြစ်သတ္တန္တရကပ်ဆိုးကြီး ဆိုက်ရောက်၍ တစ်ရွာလုံးပျက်သုဉ်းသွားရသည့်အဖြစ်ကိုလည်း မောင်သီလနှင့် မစန္ဒာတို့ မသိကြဘဲ သူတို့အဖေအလာကိုသာ တမျှော်မျှော်ဖြင့်ရှိနေကြလေသည်။

ရံခါ သူတို့အဖေကိုဆီးကြိုနေကျ ကုန်းကမူလေးဆီကိုသွားပြီး စောင့်မျှော်ကြသည်။ ရောက်ချိန်သင့်၍ သူတို့အဖေ ရောက်မလာလျှင် တောတန်းလေးကို လျှောက်ပြီး ပန်း၊ သစ်သီးများကိုခူးကြသည်။ စမ်းချောင်းထဲသို့ဆင်းပြီးလည်း ရေဆော့ကြသည်။ သားသမင်လေးများနှင့် တောထဲကို လျှောက်သွားကြသည်။

ထိုအချိန်မှစ၍ မောင်သီလနှင့် မစန္ဒာတို့မှာ ထမင်းအာဟာရလုံးဝကင်းပြတ်လျက် သူတို့ဖခင်ပြသထားခဲ့သော တောသစ်သီး၊ သစ်ဥသစ်ဖုများကိုစားသောက်ပြီးသာ လူစင်စစ်က တိရစ္ဆာန်နှင့်မခြား နေထိုင်ကြရလေသည်။

သို့သော်လည်း မောင်သီလနှင့် မစန္ဒာလေးတို့မှာ လူသားမျိုးနွယ်များဖြစ်ကြသည့်အလျောက် လူသားတို့၏ အဓိကအစားအစာဖြစ်သော ထမင်းအာဟာရကို စားသောက်ချင်ကြသည်။ တောသစ်သီးများကိုစားသောက်ရ၍ဖြင့် ရောင့်ရဲတင်းတိမ်ခြင်းလည်း မရှိကြသည်။

တောသစ်သီးသစ်ဥသစ်ဖုများမှာ လူသားတို့၏ အဆာပြေ သွားရေစာ အာဟာရမျှသာဖြစ်၏။ ထမင်းအာဟာရသည်သာ လူသားတို့အတွက် ကြီးမားသော အထောက်အပံ့ကြီးဖြစ်သည်။ ကာယဗလ၊ ဉာဏဗလများကိုလည်း ထမင်းအာဟာရကသာ များစွာပေးစွမ်းနိုင်လေသည်။

ဦးဖိုးပျော့သည် သူ၏ကလေးနှစ်ယောက်တို့အား တောထဲက သစ်သီး၊ သစ်ဥသစ်ဖုများကို ရှာဖွေစားသောက်တတ်အောင် သင်ကြားပေးပြီးနောက် တောင်ယာခုတ်လုပ်ပြီး အပင်၊ အခက်၊ အသီးအနှံများကို စိုက်ပျိုးစားသောက်တတ်အောင်သင်ကြားပေးပြီး ကောက်မျိုးရိက္ခာအချို့ကိုလည်း ရှာဖွေစုဆောင်းပြီး စိုက်ပျိုးတတ်အောင် သင်ကြားပေးထားခဲ့သည်။ တောထဲတောင်ထဲချောင်းမြောင်းထဲက သား၊ ငါးပုစွန်၊ ခရု၊ ကဏန်း၊ ကျေးငှက်၊ ရှဉ့်၊ မျောက် စသည်များကို ဖမ်းစားတတ်အောင်လည်း သင်ပြပေးထားခဲ့ဖူးသည်။

ထို့ကြောင့် မောင်သီလနှင့်မစန္ဒာတို့မှာ သူတို့ဖခင် ရှာဖွေစုဆောင်းပေးထားခဲ့သော ဓား၊ လှံ၊ ပုဆိန်၊ ရဲတင်း၊ ပေါက်တူး၊ ပေါက်ပြား၊ မီးခတ်ကျောက်များကို အသုံးပြုကာ တောင်ယာခုတ်ထွင်ပြီး မီးရှို့ကြသည်။

မီးလောင်မြေ၌ ပဲ၊ ပြောင်း၊ လူး၊ ဆတ်၊ ဂြိတ်စသော သီးပင်စားပင်များ၊ တောမြောက်ဥ၊ သင်းနပ်ဥ၊ ကဒတ်ဥ၊ ဝဥ၊ ဝါးမြောက်ဥ၊ ငှက်ပျောဥ စသော ဥစားရသည့်အပင်များ၊ ထိုထိုအပင်များကို တောင်ယာခင်း၌စိုက်ပျိုးပြီး အဆင်ပြေသလို ပြုပြင်ဖန်တီးကာ စားသောက်ကြသည်။

စိုက်ခင်းထဲသို့ဝင်သော ယာဖျက်ကောင်များကိုလည်း သူတို့တတ်ထားသောနည်းလမ်းများဖြင့်ဖမ်းယူစားသောက်ကြသည်။ ငှက်ကျေးများကိုမူ ညီမငယ် မစန္ဒာ၏ခေါင်းမှဆံပင်များကို ညှပ်တွင်း ပြုလုပ်ပြီးသော ထောင်ဖမ်းကြသည်။

သူတို့ထောင်ဖမ်း၍ ရမိကြသည့်အထဲမှ တစ်နေ့သောအခါတွင် ချိုးငှက်တစ်ကောင်ပါလာသည်။ ထိုချိုးငှက်ကို မီးကင်စားရန် ဗိုက်ခွဲလိုက်သောအခါ စလုတ်ထဲမှ စပါးစေ့ဆယ်စေ့ခန့်ထွက်ကျလာလေသည်။ ထို့ကြောင့် မောင်နှမနှစ်ယောက် စပါးစေ့များကို တစ်အောင့်ကြာအောင် ငေးကြည့်နေကြသည်။

သူတို့ စပါးစေ့များကိုမြင်ဖူးကြသည်။ သို့သော်လည်း စပါးစေ့မှန်း ချက်ချင်း မသိကြပေ။ ထို့ကြောင့် တစ်အောင့်ကြာအောင် စဉ်းစားကြည့်မှရင်း အစ်ကိုဖြစ်သူ မောင်သီလက စ၍သိလေသည်။

"ညီမလေး၊ ဒါက စပါးစေ့ပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒီစပါးတွေကိုကြိတ်ခွဲရင် ဆန်ရတယ်။ ဆန်ရရင် ထမင်းချက်စားလို့ရတယ်ပေါ့။ ဒီတော့ တို့ဒီစပါးတွေကိုစိုက်ပျိုးလိုက်ရင် နောက်စပါးတွေအများကြီးရလာပြီး ထမင်းစားရမှာတွ”

အစ်ကိုဖြစ်သူက ပြောလိုက်၍ မစန္ဒာလည်း သူတို့ငယ်စဉ်ကမြင်ခဲ့ဖူးသော စပါးအကြောင်းကို ပြန်လည်စဉ်းစားရင်း စပါးမှ ဆန်၊ ဆန်မှထမင်းဟု တစ်ခုပြီးတစ်ခုဆက်စပ်မိလာသည်။

ထို့နောက် စပါးစေ့များကိုကောက်မျိုးပြုကာ စိုက်ပျိုးကြလေသည်။ စပါးဆယ်စေ့မှ ဆယ်ပင်ပေါက်သည်။ မြေဆီဩဇာကောင်းသောကြောင့် စပါးတစ်ပင်မှ တစ်ရာမကသားခွဲထွက်လာသည်။

(တချို့ မြေဆီဩဇာကောင်းသော မြေလွတ်မြေရိုင်းများတွင် စပါးတစ်ပင်မှ (၂၇၀) ကျော်အထိ သားခွဲလေ့ရှိသည်။ ထိုသားခွဲစပါးပင်များကို တစ်ဖန်ခွဲခြမ်းပြီးပြန်စိုက်ပျိုးနိုင်လေသည်။ မြေလွတ်မြေရိုင်းမှစပါးနှံများသည် တစ်တောင်ကျော်ပြီး လက်တစ်ဆုပ်မကလည်း ကြီးထွားလေ့ရှိသည်။စပါးမျိုးပြောက်မြားစွာတို့ကို အကျဉ်းချုံးကြည့်လျှင် ကောက်ရင်၊ ကောက်လတ်၊ ကောက်ကြီးဟု သုံးမျိုးခွဲပြားသည်။ ကောက်ရင်စပါးများကို သုံးလမှ လေးလအတွင်း ရိတ်သိမ်းရသည်။ ကောက်လတ်စပါးများကို ငါးလမှ ခြောက်လအတွင်း ရိတ်သိမ်းရသည်။ ကောက်ကြီးစပါးများကို ခုနစ်လမှရှစ်လအတွင်း ရိတ်သိမ်းရသည်။

စပါးများသန်မသန်၊ ကောင်းမကောင်း၊ ထွားမထွား အဓိကကျသည်မှာ ရေမြေဩဇာဖြစ်သည်။ လူအား၊ စက်အား စသည်ဖြင့်တင်သောရေ၊ မိုးပေါ်ကျရေ၊ စမ်းရေဟုသုံးမျိုးတွင် စမ်းရေသာ အဓိကပိုကျသည်။

စမ်းရေရသောစပါးသည် ရောဂါနည်းပြီး အဝင်အသီးသန်သည်။ အမှော်အဖျင်းနည်းသည်။ ထို့ကြောင့် အထွက်နှုန်းပိုကောင်းသည်။ စမ်းရေရသောလယ်ယာမြေ၌ သုံးသီးစားစိုက်ပျိုးနိုင်သည်။)

မောင်သီလတို့မောင်နှမ အခြေချနေကြသောအရပ်သည် တောနက်သောမိုးမတောင်ရင်ခွင်ဒေသဖြစ်သည်။ ရာသီဥတုကောင်းသည်၊ စိမ့်စမ်းလျှိုမြောင်ပေါသည်။ နုန်းမြေနှင့် စမ်းရေကို လိုသလောက်ရ၍ မြေဆီဩဇာမှာ ပို၍သာ၍ပင်ကောင်းလေသည်။

ထို့ကြောင့် မောင်သီလနှင့် မစန္ဒာတို့ မောင်နှမမှာ ချိုးစလုပ်မှုရှသောစပါးဆယ်စေ့ကို ခေါက်ချိုးတက်၍တိုး၍စိုက်ပျိုးလိုက်ကြရာ တစ်နှစ်ကျော်ကျော်နှစ်နှစ်အတွင်းမှာပင် ထမင်းဝမ်းစာစားသောက်လောက်သော စပါးတင်းအရေတွက်ကို ရရှိကြလေသည်။

သို့မှ လူစင်စစ်က တိရစ္ဆာန် ရှဉ့်မျောက်များသဖွယ် တောသစ်သီး၊ သစ်ဥသစ်ဖုများကို စားသောက်နေကြရသည့်အဖြစ်မှ ကျွတ်လွတ်ကြလေသည်။ စပါးများကို နေခြောက်လှန်း၍ ထုထောင်းချက်ပြုတ်ပြီး နှစ်ပေါင်းအတော်ကြာအောင် ပြတ်လပ်နေခဲ့ကြသော ဆန်ရင်းဆန်သားမှရသည့် သလေးထမင်းကိုစားသောက်ခွင့်ရကြလေသည်။

ထိုအချိန်၌ မောင်သီလနှင့်မစန္ဒာတို့လည်း အသက်ကလေးများ (၁၆)၊ (၁၄) စသည်ဖြင့်ရှိလာနေကြ၍ အရွယ်ရောက်စ လူပျိုဖြန်း၊ အပျိုဖြန်းလေးများဖြစ်လာကြလေသည်။ ထို့ကြောင့် သူတို့နေထိုင်ရာတဲအိမ်လေးကိုလည်း ခိုင်ခံ့အောင် ဆောက်လုပ်ခြင်း၊ တောရဲသားတောင်များ အမှတ်တမဲ့ မနှောင့်ယှက်မတိုက်ခိုက်နိုင်အောင်ကာရံခြင်း စသည်ဖြင့်လည်း လုံခြုံစွာနေထိုင်တတ်နေကြလေပြီ။

ယခင်နှင့်စာလျှင် နေထိုင်ရေး၊ စားသောက်ရေးမှစ၍ ပူပန်စရာမရှိတော့ပေ။ တောထဲအလျောက် အစစအရာရာ ပြည့်စုံဖူလုံနေပြီဟုဆိုနိုင်သည်။ သလေးဆန်ထမင်းကိုစားသောက်ခွင့်ရနေကြသလို တောင်ယာထွက် ပဲ၊ ပြောင်း၊ ချဉ်ပေါင်၊ ငရုတ်၊ ကြက်သွန်မှစ၍လည်း ပြည့်စုံနေပြီ။

တောင်ကျချောင်းထဲမှ ငါး၊ ပုစွန်များကို ရှာဖွေဖမ်းယူချက်ပြုတ်ပြီးလည်း စားသောက်တတ်နေကြပြီ။ တောကြက်၊ တောငှက်ကလေးများကိုလည်း သူတို့နည်းသူတို့ဟန်ဖြင့် ထောင်ဖမ်းကာစားသောက်တတ်နေကြပြီ။

သို့သော်လည်း စဉ်းစားတွေးခေါ်တတ်သောဉာဏ်ရည်ရှိလာကြသည့်အလျောက် တောနက်ထဲ၌ တောရိုင်းသတ္တဝါများနှင့်မခြားနေထိုင်ကြရသည်ကို သူတို့မနှစ်မြို့ကြပေ။ စိတ်ပျက်ပြီးလည်းငြီးငွေ့လာကြသည်။

သူတို့သည်လည်း လူသားထဲက လူများဖြစ်ကြသည့်အလျောက် လူလူသူသူနေထိုင်ချင်လာကြသည်။ အပေါင်းအသင်း သူငယ်ချင်းလိုချင်လာကြသည်။ ချစ်ခင်ရင်းနှီးစွာဖြင့် အတူတကွ နေထိုင်ချင်လာကြသည်။

သို့သော်လည်း လူနေအရပ်ကျေးရွာများအဘယ်မှာရှိသည်ကို သူတို့မသိကြပေ။ ဤနေရာသည် ကျေးရွာများနှင့်ဝေးကွာလွန်းသောကြောင့် ဤတောထဲသို့ရောက်သည့်အချိန်မှစ၍ (သူတို့ဖခင် ဦးဖိုးပျော့မှလွဲ၍) လူတစ်ဦးတစ်ယောက်ကိုမျှ မမြင်ဘူးကြတော့ပေ။

သူတို့ဖခင်သည်လည်း သူတို့ကိုသည် တောထဲသို့ပို့ထားခဲ့သည့်အချိန်မှစ၍ သုံးနှစ်မျှသာ (ပြတ်တောင်းပြတ်တောင်း) လာလေ့ရှိပြီး ယခု သူတို့ဖခင်ရောက်မလာသည်မှာ လေးနှစ်ကျော်ခဲ့ပြီ။ ထိုအချိန်မှစ၍ မည်သည့်လူသားတစ်ဦးတစ်ယောက်ကိုမျှ မြင်ခွင့်မရကြတော့။

ယခု သူတို့မောင်နှမ လူနေအရပ်လူနေရွာများကိုရှာဖွေရန် စိတ်ကူးမိကြသော်လည်း သူတို့ဖခင်က သူတို့မောင်နှမတို့အား နောင်တစ်ဖန်ပြန်မလာတတ်လောက်အောင် လမ်းဝှက်လမ်းကောက်ချပြီးသာ သည်တောထဲသို့ပို့ထားခဲ့၍ သူတို့မောင်နှမမှာ များစွာအခက်တွေ့ကြရသည်။ မည်သည့်အရပ်မျက်နှာတွင် လူနေရွာရှိနိုင်သည်ဟူ၍ပင် မခန့်မှန်းတတ်ကြပေ။

သို့သော်လည်း တစ်နေ့တွင် မျိုင်းဖြူနှင့် ကျီးကန်းများ၊ ဆက်ရက်များ သူတို့နေကြသော တောတန်းဖြတ်ပြန်သွားကြသည်ကိုကြည့်ရင်း တစ်စုံတစ်ခုတွေးစဉ်းစားမိကြသည်။

မျိုင်းဖြူ ကျီးကန်း ဆက်ရက်တို့သည် မိုးချုပ်ခါနီးတိုင်း သူတို့အိပ်တန်းရှိရာအရပ်သို့ ပြန်သွားလေ့ရှိကြသည်။ တစ်ဖန် မိုးသောက်သောအခါတွင်လည်း အိပ်တန်းမှနိုးထ၍ သူတို့စားကျက်ရှိရာအရပ်ဒေသကို ပြန်သွားကြပြန်သည်။

ထို့ကြောင့် မျိုင်းဖြူ ကျီးကန်းနှင့် ဆက်ရက်တို့၏စားကျက်ရှိရာအရပ်သည် လူနေကျေးရွာနှင့် မတော်ဝန်းကျင်များဖြစ်နိုင်သည်ဟု စဉ်းစားမိကြ၍ နောက်နေ့မနက်တွင် မျိုင်းဖြူ ကျီးကန်းနှင့် ဆက်ရက်များ အိပ်တန်းထ၊ စားကျက်ရှိရာအရပ်သို့ပြန်အသွားတွင် သူတို့မောင်နှမလိုက်ကြည့်ရန် ဆုံးဖြတ်လိုက်ကြသည်။ ဆုံးဖြတ်ထားကြသည့်အတိုင်းလည်း မိုးမလင်းမီ ကြိုတင်ပြီး ထမင်းဟင်းများကိုချက်ပြုတ်ထုပ်ပိုးကာ စောင့်ကြည့်ကြသည်။

မိုးစင်စင်လင်း၍ သူငှက်များ၏ ထိပ်ဖျားကို နေရောင်ခြည်နှင့် မျိုင်း

www.burmeseclassic.com

ရွာ ကျိုးကန်းနှင့် ဆက်ရက်များ သူတို့မောင်နှမနေထိုင်ရာ တောစပ်တန်းကိုဖြတ်ပြန်သွားကြသည်နှင့် သူတို့မောင်နှမသည်း ထမင်းထုပ်ကိုယ်စီဖြင့် လိုက်ကြလေသည်။

တောင်ကြောတန်းများကိုလျှောက်သောအခါ လျှောက်ပြီးတောင်ထိပ်များကိုလည်းကျော်သောအခါ ကျော်ဖြတ်ကြရသည်။ တစ်တောဝင် တစ်တောင်ဆက်၍ မည်သည့်ခရီးကိုဖြတ်သန်းပြီးသွားရသည်ဖြစ်စေ ခရီးတစ်လျှောက်ကိုမှတ်သားထားကြသည်။

သို့သော်လည်း တစ်ရက်မျှလိုက်ကြည့်ရုံနှင့် လိုရာခရီးကိုမရောက်နိုင်ကြ။ ဖျိုင်းဖြူ ကျိုးကန်းနှင့် ဆက်ရက်များမှာလည်း နှစ်သုတ်၊ သုံးသုတ်မျှပြန်သန်းသွားကြပြီးလျှင် နောက်မတွေ့ရတော့ပေ။

ထို့ကြောင့် သူတို့မောင်နှမလည်း ရှေ့ကိုဆက်ပြီး မသွားရဲကြကော။ ဆက်သွားလျှင်လည်း ရှေ့ခရီးကို နားမလည်နိုင်၍ လိုရာခရီးကိုမရောက်တော့ဘဲ တောနက်ထဲ၌ မျက်စိလည်တာ ဒုက္ခရောက်ဖွယ်သာရှိလေသည်။ထို့ကြောင့် ထိုနေရာမှာပင် ခရီးသတ်ကာ ပြန်လာခဲ့ကြသည်။

နောက်နေ့မနက်တွင်လည်း ထမင်းထုပ်ဖြင့် မိုးသောက်အရုဏ်ကပင်ထွက်လာကြသည်။ ယခင်နေ့က ခရီးသတ်ထားခဲ့ကြသည့် တောင်ကြောထိပ်ကိုမိုးမလင်းမီရောက်သွားကြသည်။

တစ်အောင့်အကြာတွင် သစ်အုပ်အကြားမှ နေရောင်ကိုမြင်လာရသည်။ ထိုနောက် ဖျိုင်းဖြူ ဆက်ရက်နှင့် ကျိုးတန်းများ ပြန်လာကြလေသည်။ သူတို့မောင်နှမ တောင်ကြောထိပ်များကို အပြေးအလွှားလိုက်မှတ်ကြရင်း သုံးသုတ်မျှ ပြန်ပြီးနောက် ဖျိုင်းဖြူ ကျိုးကန်းနှင့် ဆက်ရက်များအား နောက်ဆုံးမြင်လိုက်ရသည့် တောင်ကြောထိပ်နေရာကိုလိုက်သွားပြီး ပတ်ဝန်းကျင်များကို ကြည့်ရှုကြသည်။

ထိုနေရာကို အမြင့်ဆုံးထားကာ တောင်ဆွယ်တောင်တန်းများသည် ထိုအက်သို့ အဆင့်ဆင့်နိမ့်ဆင်းသွားသည်ကို တွေ့ကြရသည်။ အနိမ့်ဆုံးဖြစ်သော ဖူးဖူးမျှသာမြင်နေရသည့် လွင်ပြင်၊ အင်ဖိုင်းများမှာ ငါးအိမ်စု၊ ဆယ်အိမ်စုစသော ရွာငယ်လေးများကို တွေ့ကြရလေသည်။

"ညီမလေး အဲတာ ရွာတွေပဲတွ။ တို့တွေ့ချင်နေကြတဲ့ လူနေရွာများကို တွေ့ပြီကွ"

ဟု ဆိုကာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက် မောင်နှမနှစ်ယောက် ကခုန်ကြလေသည်။

"ကိုကို အဲတာ ညီမလေးတို့ရဲ့ ဇာတိရွာများဖြစ်လေမလားပဲနော်"

"အယ်သိမလဲကွ၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ ဒါပေမယ့် တို့ရွာက အိမ်ခြေနှစ်ဆယ်ကျော်တယ်။ အခုမြင်နေရတဲ့ရွာလေးတွေက ငါးအိမ်၊ ဆယ်အိမ်လောက်သာရှိလိမ့်မယ်လို့ထင်တယ်။ ဒါကြောင့် တို့ရွာဟုတ်ချင်လည်းဟုတ်မယ်၊ မဟုတ်ချင်လည်း မဟုတ်ဘူး။သွားကြည့်မှ အတိအကျသိရမှာ။ ဒါပေမယ့် ဒီနေ့အချိန်မရှိတော့ဘူး။ နောက်နေ့မှ အခြေအနေကိုကြည့်ပြီးဆက်သွားကြတာပေါ့"

သူတို့မောင်နှမ တောင်ကြော၊ တောင်ဆက်၊ တောင်စဉ်အနိမ့်အမြင့်ဖြတ်လမ်းစသော တောတောင်အခြေအနေများကို ကြည့်ရှုမှတ်သားပြီးပြန်လာခဲ့ကြသည်။ သူတို့လက်ရှိနေရာနှင့် လူနေအရပ်ကျေးရွာများသည် သိပ်ပြီးဝေးသည်ဟူ၍ပင် မပြောလောက်ပေ။

သူတို့အဖေက သူတို့မောင်နှမအား ရွာသို့ တစ်ဖန်ပြန်မလာနိုင်ကြအောင် လမ်းတောက်လမ်းဖောက်ဖြင့် သည်တောထဲသို့ပို့ထားခဲ့၍သာ ဝေးသည်ဟု ထင်နေရသည်။ အလွန်ဆုံး လူနေရွာများနှင့် တစ်ရက်ခရီးမျှသာရှိလေသည်။

■

မိုးသောက်အရုဏ်ကပင် ထမင်းထုပ်ကိုယ်စီဖြင့်ထွက်လာကြသည်။တောထဲတွင် နေထိုင်ကြီးပြင်းလာကြသော တောကျွမ်းကလေးများဖြစ်ကြသည့်အလျောက် ယခင်နေ့များကသွားလာထားကြသည့်လမ်းအတိုင်း မလိုက်ကြတော့ပေ။ တောင်ကြောတောင်ဆက်များကိုကြည့်ရှုပြီး လူနေရွာများနှင့်အနီးဆုံးဟုထင်ရသော တောင်ဖြတ်ကြောလမ်းများကိုသာခန့်မှန်းပြီး မြန်မြန်လျှောက်သွားကြသည်။

ထို့ကြောင့် နေမွန်းစောင်းစအချိန်မှာပင် လူတို့၏လက်ရာခြေများဖြစ်သည့် ခုတ်စထစ်စ မီးလောင်စများကို စတင်၍တွေ့ကြရလေသည်။ ထိုမှဆက်လျှောက်လျှင် ဥယျာဉ်နှင့် လယ်ယာမြေများကို တွေ့ကြရသည်။ ထို့နောက် တဲစုသာသာမျှရှိသောအိမ်စုရွာစုတလေးများကို တွေ့ကြရလေသည်။

သို့သော်လည်း သူတို့သည် ထိုတဲစု၊ အိမ်စုရွာလေးများမှ လူများကိုတစ်ယောက်မျှမသိကြပေ။ ထိုလူစုများကလည်း သူတို့မောင်နှမကို မသိကြပေ။ ထို့ကြောင့် သူတို့၏နှစ်ဆယ်စုဇာတိရွာလေးနှင့် ဖခင်ဦးဖိုးဖျော၊ မိထွေးဒေါ်ဘူးမတို့အား မေးကြည့်ကြရာ လွန်ခဲ့သောလေးနှစ်ကာလက လေကြီးမိုးကြီးကျ၍ နှစ်ဆယ်စုရွာလေးနှင့် လူများအားလုံး၊ ကျွဲနွားတိရစ္ဆာန်များအားလုံး ပျက်စီးပြီးသေဆုံးသွားကြပြီဟုသာ ပြောပြကြလေသည်။ ထို့ကြောင့် သူတို့မောင်နှမမှာ မိထွေးကိုမချစ်သော်လည်း ကျေးဇူးရှင်ဖခင်ကြီးမရှိတော့ဘူး ဟူသောအသိနှင့်သောကကြောင့် ချုံးပွဲချကာ ငိုကြလေသည်။

ထို့ကြောင့် ရွာသူရွာသားများက မေးမြန်းကြ၍ သူတို့သည် ဦးဖိုးဖျော၏သားနှင့်သမီးဖြစ်ကြောင်းကိုပြောပြလိုက်ကြသည်။ သို့မှ ရွာသူရွာသားများမှာ မောင်သီလနှင့်မစန္ဒာတို့၏အဖြစ်အပျက်ကိုကြားဖူး၍ ဖြစ်ကြောင်းကုန်စင်ကိုလည်း နားလည်နေကြသဖြင့် သနားခြင်း၊ ကရုဏာဖြစ်ကာ ဝမ်းနည်း၊ ဝမ်းသာစကားဆိုပြီး ကျွေးမွေးဧည့်ခံကြလေသည်။

ထိုအချိန်မှစ၍ မောင်သီလနှင့် မစန္ဒာတို့မှာ ဖခင်ဖြစ်သူနှင့် တွေ့ခွင့်မရလိုက်ကြသည့်တိုင်အောင် လူနေရွာများနှင့်တွေ့ခွင့်ဆက်သွယ်ခွင့်ရသွားကြလေသည်။ ဤသည်ပင်လျှင် သူတို့မောင်နှမအဖို့ တန်ဖိုးမဖြတ်နိုင်သော မှတ်တမ်းတင်လောက်ကြီးသဖွယ်ဖြစ်လေသည်။

သူတို့မောင်နှမသည် ရွာများနှင့် အဆက်အသွယ်ရရှိသွားပြီးနောက်တွင် လယ်ထွက်သီးနှံ၊ တောင်ယာထွက်သီးနှံ၊ တောထဲမှ သစ်ဖုသစ်ဥ၊ ဆေးဖက်ဝင်သော သီးပွင့်အပင်အခေါက် စသည်များကို သယ်ယူပြီး ရောင်းချကြသည်။

လူနေရွာများသို့ပြန်ပြောင်းကာ အခြေချရန်လည်း စိတ်မထူးကြပေ။ ငြိမ်းချမ်းသာယာသော တောအရပ်ကို သူတို့နှစ်သက်ကြသည်။ တောထဲ၌ ရှာဖွေစားသောက်တတ်သည်။ တောထွက်သီးနှံ စသော သယံဇာတများကို အရင်းပြုပြီးလည်း ရွာပြည်များသို့ ဖြန့်ဖြူးရောင်းချခြင်းဖြင့် စီးပွားရှာတတ်လာကြသည်။

ထို့ကြောင့် နှစ်တိုအတွင်းမှာပင် သူတို့မောင်နှမ စီးပွားဖြစ်ထွန်းလာကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ အရွယ်ရောက်နေကြပြီဖြစ်၍ အသွားအလာ အရောင်းအဝယ်ကိစ္စများနှင့် ဆက်နွယ်ပြီးလည်း ချစ်သူကြင်သူများရရှိလာကြသည်။

ထို့နောက် ညီမဖြစ်သူ မစန္ဒာက စ၍ ကောင်လေးတစ်ယောက်နှင့် အိမ်ထောင်ကျသည်။ များမကြာမီပင် အစ်ကိုဖြစ်သူ ကိုသီလလည်း ကောင်မလေးတစ်ယောက်နှင့် အိမ်ထောင်ကျ၍ နှစ်အိမ်စုရွာလေး စတင်ဖြစ်ပေါ်လာလေသည်။

သူတို့၏ဧောအရပ်သည် ရာသီဥတုကောင်းသည်။ လုပ်စားကွင်းပေါသည်။ အသီးအနှံဖြစ်ထွန်းသည်ဟူသောဂုဏ်သတင်းနှင့် ကောင်းလက္ခဏာကြောင့် မောင်နှမနှစ်ယောက်တို့၏ လင်ဖက်တဆွေမျိုး၊ မယားဘက်တဆွေမျိုးဟု ပြောင်းရွှေ့လာကြ၍ တစ်အိမ်ပြီးတစ်အိမ်တိုးကာ ဆယ်စုနှစ်အတွင်းမှာပင် အိမ်ခြေလေးငါးဆယ်ဖြစ်လာလေသည်။

ရွာ၏အမည်ကိုလည်း ရွာမိရွာဖများဖြစ်ကြသော မောင်နှမနှစ်ယောက်တို့ကိုအကြောင်းပြုကာ မောင်နှမရွာဟူ၍ ခေါ်တွင်ကြစေသည်။ အိမ်ခြေသည်လည်း တိုးသည်ထက်တိုး၍လာလေ၏။ ပတ်ဝန်းကျင် မြို့ရွာအားလုံးနှင့်လည်း အဆက်အသွယ်ဖြစ်လာသည်။

သယံဇာတပေါများသောရိုးမတောင်ကြား ရွာဖြစ်သည့်အလျောက် ပရဆေး၌ အသုံးတွင်သော သစ်ဥသစ်ဖုများ၊ လယ်ထွက်ယာထွက်၊ ဥယျာဉ်ထွက်သီးနှံများ အရောင်းအဝယ်လိုက်သောကြောင့် မောင်နှမရွာသူရွာသားများမှာ စီးပွားရေးလည်း ဖြစ်ထွန်းကြသည်။

စီးပွားရေးဖြစ်ထွန်းသောကြောင့် စားရေးသောက်ရေး အစစအရာရာပြည့်စုံလုံသဖြင့် ပွဝင်သောကတင်းကြသည်။ လောဘ၊ ဒေါသနည်းကြသည်။ မေတ္တာ၊ ကရုဏာ စသောသူတော်ကောင်းတို့၏ တရားမြတ်ကိုလည်း မပြတ်ပွားများနိုင်ကြသည်။ ကုသိုလ်ရေစက်လက်နှင့်မကျွာ ဒါန၊ သီလ၊ ဘာဝနာတရားတော်များကိုလည်း ပြုလုပ်နိုင်ကြသည်။

ထို့ကြောင့် မောင်နှမနှစ်ယောက်တို့ကို အကြောင်းပြုပြီး တောနက်ထဲ၌ ဖြစ်တည်လာသော မောင်နှမရွာကြီးသည် စီးပွားရေး၊ လူမှုရေး၊ သာသနာရေး၊ ဘာသာရေး စသောတရားများဖြင့် အထူးထင်ရှားသော ရွာကြီးတစ်ရွာဖြစ်တည်လာလေသည်။

စာကြွင်း

ဤဝတ္ထုငယ်သည် ရှေးလွန်လေပြီးသောအခါကပင် ဖြစ်တည်လာခဲ့သည်၊ မည်သည့်ခုနှစ်သက္ကရာဇ်မှစတင်၍ ဤအကြောင်းအရာဖြစ်တည်လာသည်ကိုပင် မသိနိုင်ပေ။ လေ့လာမှတ်သားမိသမျှကိုဆိုရလျှင် မြန်မာနိုင်ငံအနှံ့အပြား တိုင်းနှင့်ပြည်နယ်နေရာဒေသအားလုံးမှာပင် ဤအကြောင်းအရာရှိနေလေသည်။

ထို့ကြောင့် ဤစာရေးသူ အရေးအသားညံ့ဖျင်း၍ စာဂုဏ်မမြောက်လျှင်ပင် ဤအကြောင်းအရာသည် တစ်နိုင်ငံလုံးတွင် ပျံ့နှံ့တည်နေသဖြင့် အကြောင်းအရာ ဂုဏ်မြောက်သည်ဟု ဆိုရမည်။

မိအိုဖအိုတို့သည် ဤအကြောင်းအရာကို သားငယ်၊ သမီးငယ်၊ မြေးငယ်တို့အား အိပ်ရာဝင်ပုံပြင်အဖြစ် ပြောပြလေ့ရှိကြသည်။ ဤနည်းဖြင့်ပင် ဤအကြောင်းအရာကို လက်ဆင့်ကမ်းပြီး သယ်လာကြ၍ ကျေးလက်တောရွာများ၌ ယနေ့တိုင်အောင် ထင်ရှားနေခြင်းဖြစ်သည်။

ယခုကဲ့သို့ ဤစာရေးသူ ရေးသားတင်ပြနိုင်သည်မှာလည်း ငယ်စဉ်က ကျေးရူးရှင်မိခင်ကြီး ဒေါ်မယ်ခွေးမှ အိပ်ရာဝင်ပုံပြင်အဖြစ် ကြိမ်ဖန်များစွာ ''နှိတစ်ရာထောအောင် ပြောပြခဲ့ဖူး၍ဖြစ်သည်။

ငယ်စဉ်တွင် ကျွန်တော်၏ကျေးဇူးရှင် မိခင်ကြီး ဒေါ်မယ်ခွေးသည်စာအားစာပေမတတ်သောသူတစ်ယောက်သာ ဖြစ်သည်။ အကြောင်းရှိပါက လက်မှတ်ကို ကြက်ခြေခတ်ရသော တောသူမကြီးတစ်ယောက်သာ ဖြစ်သည်။

နောက်ပိုင်းတွင် ကျွန်တော်တို့ကို ခေတ်ပညာတတ်များဖြစ်လာသည်အထိ မိသားစု ဆင်ပိုင်ရှင်၊ သစ်ကုန်သည်ဖြစ်သည်အထိရှိလာကြသော်လည်း ရှေးပိုင်းတွင်မူ ကျွန်တော်တို့မျိုးရိုးလိုက် မိသားစုသည် အလွန်အမင်း ဆင်းရဲနွမ်းပါးကြသည်။

ကျွန်တော့်အမေဆိုလျှင် ဆိုခဲ့သည့်အတိုင်း ဒေသစာရှင်စာဖျပင်မတတ်ရှာခဲ့ပေ။ အရွယ်ရောက်၍ အိမ်ထောင်ကျလျှင်လည်း သားနှစ်ယောက်မိခင်ဖြစ်ပြီးချိန်မှာပင် မုဆိုးမဘဝသို့ရောက်ခဲ့ရပြန်သည်။

မောင်ထွန်းကြည်နှင့်မောင်ထွန်းရီဟု သားနှစ်ယောက်ကို ဈေးရောင်းကျွေးရင်း ညနေ အိပ်ရာဝင်တိုင်း ပုံပြင်ပြောပြလေ့ရှိ၏။ ထိုခေတ်ထိုအခါက ရေဒီယို၊ တီဗွီဟုလည်း မပေါ်သေးပေ။ ထို့ကြောင့် ကျေးလက်တောရွာများက မိဘဘိုးဘွားတို့သည် သားငယ်၊ မြေးငယ်များအား အိပ်ရာဝင်ပုံပြင်ပြောပြခြင်းဖြင့်ပင် ချော့သိပ်လေ့ရှိကြသည်။

မိခင်ကြီး ဒေါ်မယ်ခွေးသည် စာပေမတတ်သော်လည်း ပုံပြောကောင်းသည်။ နားထောင်သူ လူကြီး၊ လူငယ်အားလုံးတို့ စိတ်ပါဝင်စားကြသည်အထိ ပြောပြနိုင်သည်။ မှတ်ဉာဏ်ကောင်းသောကြောင့် ရှေးပုံပြင်အတော်များများကိုလည်း ရထားသည်။ ထို့ကြောင့် ညနေ အိပ်ရာဝင်ချိန်ကိုရောက်တိုင်း သားငယ်နှစ်ယောက်တို့အား တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် ပုံပြင်များကိုပြောပြပြီး ချော့သိပ်လေ့ရှိသည်။

မြန်မာတို့၏အိပ်ရာဝင်ပုံပြင်သည် အာရှတိုက်မှ အနောက်ဘက်ဖြစ်သော အနောက်ရိုးမတိုင်အောင်ပင် ပျံ့နှံ့၍ တည်ရှိသည်ဟုလည်းသိရသည်။ ထိုင်း၊ မလေး စသောနိုင်ငံများမှာ ရုပ်ရှင်ရိုက်ပြီးပင်ပြသလေ့ရှိကြသည်။

ထိုထိုညနေအိပ်ရာဝင်ပုံပြင်များစွာတို့အထဲမှ မယ်တွေးလေးပုံပြင်ကို အထင်ရှားဆုံးဟု ဆိုရမည်။ ထိုမယ်တွေးလေးပုံပြင်ကိုပင် ဤစာရေးသူ အချိန်ယူပြီး စာဖတ်သူများ စိတ်ပါဝင်စားသည်အထိ လုံးချင်းဝတ္ထုတစ်ပုဒ်ဖြစ်မြောက်မြောက်အောင်ရေးသားလာခဲ့ရာ ယခုအခါ ပြီးလုံသောအချိန်သို့ ရောက်နေပေပြီ။ အချိန်အားဖြင့်လည်း နှစ်နှစ်နီးပါး ရှိလာခဲ့ပြီ။

ယခုအခါ တီဗွီနှင့် ဗွီဒီယိုသည် အိပ်ရာဝင်ပုံပြင်၏နေရာကိုဝင်ယူလျက် တောရောမြို့ပါ တွင်တွင်ကြီးထင်ရှားနေလေပြီ။ တီဗွီနှင့် ဗွီဒီယိုနေရာကျယ်လာနေသောကြောင့် ရှေးအခါကပင် တည်ရှိလာခဲ့သော အိပ်ရာဝင်ပုံပြင်သည်လည်း ပျောက်သုဉ်းလုလုအခါသို့ပင် ရောက်နေပြီ။

ထို့ကြောင့် အခြားအခြားသော အကြောင်းအရာများနှင့် ကျေးဇူးရှင် မိခင်ကြီးပြောပြခဲ့ဖူးသည့် အိပ်ရာဝင်ပုံပြင်များတိုပါ ယဉ်ကျေးမှုအရ ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် မှတ်မိသမျှ ပြန်လည်စဉ်းစားကာ ရေးသားတင်ပြရင်း စိတ်ကူးလျက်ရှိပေသည်။

တိုးတောက်

www.burmeseclassic.com

# မြောက်ဦးမြို့ဟောင်းအတွင်းရှိ ရှေးခေတ်ဘုရင်များအသုံးပြုခဲ့သည့် နန်းသားကန်

နိုင်ဦး(ရှေး/ဘု)



ပုံ (၁-က) အရှေ့မြောက်နံရံချပ်



ပုံ (၂-က) အရှေ့တောင်ထောင့်နံရံချပ်



ပုံ (၃-က) အနောက်မြောက်ထောင့်နံရံချပ်



ပုံ (၁-ခ) အရှေ့မြောက်သိရုပ်ချပ်



ပုံ (၂-ခ) အရှေ့တောင်ထောင့်သိရုပ်ချပ်



ပုံ (၃-ခ) အနောက်မြောက်သိရုပ်ချပ်

ရှေးခေတ်ဘုရင်များသည် ၎င်းတို့နေထိုင်သည့်မြို့တော်များကို ကြာရှည်ခံ အောင်၊ ရေရှည်တည်တံ့အောင်ဆောက်လုပ်ခဲ့ကြသည်။ရခိုင်ပြည်နယ်တွင်လည်း တစ်ချိန်က ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်ဟူ၍ ခေတ်ကြီး(၄)ခေတ်ထွန်းကားခဲ့ပါသည်။ ထိုအထဲမှ မြောက်ဦးခေတ်သည် နောက်ဆုံးခေတ်ဖြစ်ပြီး ယဉ်ကျေးမှုအနုပညာ ဗိသုကာလက်ရာများသည်လည်း အတိုးတက်ဆုံးနှင့် အထွန်းကားဆုံး ခေတ်တစ်ခေတ်ဖြစ်ခဲ့ပါသည်။

မြောက်ဦးမြို့တော်ကို ဘုရင်မင်းစောမွန်က တည်ထောင်ခဲ့ပါသည်။ နန်းတော်ကိုလည်း တံတိုင်း (၃) ထပ်ဖြင့် တည်ဆောက်ပြီး ကျောက်နှင့်အုတ်များ ဆင်ယင်၍ အမာခံတည်ဆောက်ထားပါသည်။ ယခုတိုင် တံတိုင်း (၃) ထပ်မှ ပထမဆုံးအထပ်ကိုမြင်တွေ့နိုင်ပါသည်။

နန်းတော်ကုန်း ပထမအတွင်းတံတိုင်းအရှေ့မြောက်ဘက်ယွန်းယွန်း ပေ (၂၀၀) ခန့်အကွာ ဒုတိယတံတိုင်းနားတွင် နန်းသားကန်ကို တွေ့ရှိနိုင်ပါသည်။ နန်းသားကန်ကို ဘုရင်မင်းစောမွန်က နန်းတော်တည်ဆောက်တတည်းကပင် တူးဖော်ခဲ့ကြောင်း သိရှိရပါသည်။ ကန်မှာ လေးထောင့်စပ်ပုံသဏ္ဌာန်ရှိပြီး အလျားအနံ ပေ (၁၇၀) ခန့်ရှိပါသည်။ လက်ရှိတန်အနက်မှာ (၁၈) ပေခန့်ရှိပါသည်။ ကန်တူးစက လက်ရှိအခြေအနေ


www.burmeseclassic.com



ပုံ (၄-က) အနောက်တောင်ထောင့်ဘီလူးရုပ်



နန်းသာကန်ထဲမှကျောက်စာ



နန်းသာကန်အား တွေ့မြင်ရပုံ

ထက်နက်လိမ့်မည်ထင်ပါသည်။ ကန်ပေါင်ရိုး၏ ဒုအကျယ်မှာ (၁၃) ပေခန့်ရှိပါသည်။

ကန်ပေါင်ရိုး၏ အပေါ်ပိုင်းနံရံကို အုတ်များဖြင့်စီပြီး အောက်ပိုင်းနံရံများကို အုတ်ကျောက်ဖြင့် ရောစီကာ မြေထိန်းနံရံပြုလုပ်ထားခဲ့သည်ကို တွေ့မြင်ရပါသည်။ အုတ်တစ်ချပ်စီ၏ အရွယ်အစားမှာ အလျား (၁၄½) လက်မခန့်၊ အနံ (၇½)လက်မခန့်၊ အထု (၁½) လက်မခန့် ရှိနေသည်ကို တွေ့ရှိရပါသည်။

နန်းတွင်းသူနန်းတွင်းသားများသုံးစွဲသည့်ရေကန်ဖြစ်၍ နန်းသားကန်ဟု ခေါ်တွင်ခဲ့ကြပါသည်။ ကန်၏ရေမှာ လက်ရှိအခြေအနေ၌ နွေရာသီအထိခံသော်လည်း သန့်ရှင်းမှုမရှိသောကြောင့် လူသောက်သုံးရန် ယခုအခါ၌ မသင့်တော်တော့ပါ။

ယခင်က နန်းသားကန်ရေကန်သို့ ဆင်းသည့်လှေကားရှိပြီး လှေကားအဝတွင် အနောက်ဘက်သို့ မျက်နှာမူလျက်ရှိသော ခြင်္သေ့တစ်ဖက်တစ်ကောင်စီရှိခဲ့ကြောင်း ကြားသိရပါသည်။ သို့သော်လည်း ယခုအခါတွင် လှေကားနှင့်ခြင်္သေ့၏အပိုင်းအစများကိုပင် မတွေ့ရှိရပါ။

ရေကန်၏အတွင်းပိုင်းထောင့်လေးထောင့်တွင် လေးပြားကျ ရုပ်ကြွများပါသောကျောက်တိုင်တစ်တိုင်နှင့်လေးပြားမကျတကျကျောက်တိုင်ငယ်တစ်ခုစီတို တွေ့ရှိရပါသည်။ ကန်ထောင့် ကျောက်တိုင်ကြီးမှာ (၉) ပေခန့် တွာဝေးပြီး ကျောက်တိုင်ကြီးမှ ကျောက်တိုင်ငယ်မှာ (၅) ပေခန့် တွာဝေးသည်။ ကျောက်တိုင်အကြီးအငယ်နှစ်ခုစလုံးကို သဲကျောက်များဖြင့် စိုက်ထူထားပါသည်။ ကျောက်တိုင်ကြီးကို ရုပ်လုံးရုပ်ကြွများဖြင့် ထုဆစ်စိုက်ထူထားသည်ကို တွေ့ရှိရပါသည်။

ရေကန်ဘက်သို့ မျက်နှာမူသောဘက်တွင် နတ်ရုပ်တု၊ အုတ်တံတိုင်းဘက်သို့ မျက်နှာမူသောဘက်တွင် ဘီးလူးရုပ်တုများကို တွေ့ရှိရပါသည်။

ပုံ (က) အရှေ့မြောက်ထောင့် (တနင်္ဂနွေထောင့်) တွင်တည်ရှိပါသည်။ ရေကန်ဘက်သို့မျက်နှာမူ၍ ထုလုပ်ထားသောနတ်ရုပ်ကြွဖြစ်ပါသည်။ နတ်ရုပ်တုတွင် ဦးခေါင်းပေါ်၌ နှစ်ထပ်ကြာဖတ် (၃) ခုဖြင့် ပုံဖော်ထားသောဖောင်းတော်ကိုဆောင်းထားပါသည်။ မျက်နှာမှာ လေးထောင့်ဆန်ဆန် မျက်နှာဖြစ်ပြီး နားတွင် နားတောင်းအဝန်းကို ဝတ်ဆင်ထား ပါသည်။ ပါးစပ်အနေအထားမှာ ပြုံးယောင်သန်းလျက်ရှိပါသည်။ ဘယ်ဘက်ခြမ်းမျက်လုံးမှစ၍ ပါးတစ်ခြမ်းအထိကွဲအပ်သွယောင်ဖြစ်ပေါ်နေပါသည်။

လည်ပင်းမှာ လည်ရစ်(၂) ရစ်ပါရှိပါသည်။ လက်နှစ်ဖက်ကို ရင်တွင်းသို့ ကုတ်ဆွဲထားပြီး တစ်ဖက်စီတွင် ကြာဖူးကိုင်ဆိုင်ထားလိမ့်မည်ဟု ခန့်မှန်းရပါသည်။ ညာဘက်ဒူးဆစ်နားတွင် အကျီအပွဲအနည်းငယ်ကို တွေ့ရှိရပါသည်။ ခါးတွင် ဂငယ်တွေးသဏ္ဌာန်နှင့် ခါးကြိုး ခါးကြိုးစွန်းနှစ်ဖက်ကို တွေ့ရှိရပါသည်။ ခြေထောက်နှစ်ဖက်ကို ဘေးသို့ကားထုတ်ထားပြီး ဒူးများကိုကွေးကာ ကြာခြေတာအပြားကြီးရှေ့၌ တံနဲသာဆင်ထားပါသည်။

ပုံ-၁(ခ)မှာ အရှေ့မြောက်ထောင့် (တနင်္ဂနွေထောင့်) ရှိ အုတ်တံတိုင်းဘက်သို့မျက်နှာမူ၍ ထုလုပ်ထားသော နတ်ဘီလူးရုပ်ကြွဖြစ်ပါသည်။ ဘီလူးရုပ်တု၏ ခေါင်းပေါ်တွင် နှစ်ထပ်ကြာဖတ်သဏ္ဌာန် (၃) ခုနှင့် ဦးချို (၁) ချောင်းကို တွေ့ရှိရပါသည်။ ညာဘက်ခြမ်းတွင် မျက်နှာပေါ်တွင် အနည်းငယ်ပျက်စီးနေပြီဖြစ်သဖြင့် ဦးချို (၁) ချောင်းကို မတွေ့ရတော့ဘဲ မျက်နှာမှာ ဝိုင်းဝန်းသောပုံသဏ္ဌာန်ဖြစ်ပြီး မျက်လုံးများမှာ ဝိုင်းစက်နေပါသည်။ နှာခေါင်းမှာ ပုတိုတိုဖြစ်ပါသည်။ ပါးစပ်တွင် အထက်သွားဖုံးနှင့် အထက်သွားများကို တွေ့ရှိရပါသည်။ လည်ပင်းမှာ လည်ရစ် (၂) ရစ်ပါရှိပါသည်။ ရင်ဘတ်တွင် နို့ဟုခေါ်စဲမှတ်ပြုရသည့်အဝိုင်းငယ် (၂) ဝိုင်းပါရှိပါသည်။ လက်နှစ်ဖက်စလုံးကို ရင်တွင်းဘက်သို့ ကုတ်ကွေးထားပြီး ကုတ်တစ်ဖက် စေ တစ်ဖက်ကိုင်ဆောင်ထားပါသည်။ ဒုတိ မှာ တစ်ဝက်ပျက်စီးနေသည်ကို တွေ့ရှိ ရပါသည်။ ခါးတွင်လည်း ခါးပတ်ကြိုး



www.burmeseclassic.com1

www.burmeseclassic.com

နှင့် ဘေးတစ်ဖက်တစ်ချက်သို့ထွက်နေသော ခါးပတ်ကြိုးစွန်းများနှင့်အောက်သို့ကျနေသော ပုဆိုး(ဒယော) အခေါက်သဏ္ဍာန်အရေးအကြောင်းများကို တွေ့ရှိရပါသည်။

ပုံ-(က) မှာ အရှေ့တောင်ထောင့် (အဂ္ဂိ) ထောင့်တွင် ရေကန်ဘက်သို့ မျက်နှာမူပြီးထုလုပ်ထားသည့်နတ်ရုပ်တုဖြစ်ပါသည်။ ခေါင်းပေါ်တွင် ဗောင်းတော်မှာ နှစ်ထပ်ကြာဖတ်နှစ်ခုနှင့် ရိုးရိုးကြာဖတ်တစ်ခုဖြင့် တန်ဆာဆင်ထားပါသည်။ မျက်နှာသွယ်ပြီး မျက်လုံး၊ မျက်ခုံး၊ နှာခေါင်းတို့မှာ ပြေပြစ်အချိုးကျလှပါသည်။ နားတွင် နားတောင်းဝန်းကြီးကို ဝတ်ဆင်ထားပါသည်။ ပါးစပ်မှာ ပြုံးယောင်သန်းနေပါသည်။

လက်နှစ်ချောင်းမှာ ရင်ဘတ်သို့ တုတ်ကွေးလျက် တုတ်တစ်ဖက်တစ်ချောင်းစီကိုင်ထားပါသည်။ လက်တွင် လက်ကြပ်နှင့် လက်ကောက်များကို ဝတ်ဆင်ထားပါသည်။ ခါးတွင်လည်း ခါးပတ်ကြိုးနှင့် ဘေးတစ်ဖက်တစ်ချက်သို့ ထွက်နေသော ခါးပတ်ကြိုးစွန်းများနှင့် အောက်သို့ကျနေသော ပုဆိုး(ဒယော) အခေါက်သဏ္ဍာန်အရေးအကြောင်းများကို အနုပညာဆန်ဆန်ထွင်းထုထားသည်ကို တွေ့ရှိရပါသည်။

ပုံ-၂ (ခ) သည် အရှေ့တောင်ထောင့် (အဂ္ဂိ) ထောင့်တွင် အုတ်တံတိုင်းဘက်သို့ မျက်နှာမူပြီး ထုလုပ်ထားသည့် ဘီလူးရုပ်တုဖြစ်ပါသည်။ ၎င်းရုပ်တု၏ ဗောင်းတော်မှာ အပေါ်ပိုင်းသို့ ချွန်းတက်သွားပြီး အောက်ပိုင်းကားကာ မျက်နှာအနေအထားဝိုင်းဝန်းပြီး မျက်လုံးနှစ်လုံးမှာ ဝိုင်းစက်နေပါသည်။ မျက်ခုံးမှာ နားရင်းပေါ်သို့ဆက်တက်သွားပါသည်။ နှာခေါင်းအောက်ပိုင်းမှာကားနေပါသည်။ ပါးစပ်၌ သွားဖုံးများပေါ်လွင်၍ သွားစွယ်နှစ်ချောင်းမှာ ချွန်တက်ပြီး အောက်သို့ စိုက်ကျနေသော သွားများတို့တွေ့ရှိရပါသည်။ လက်နှစ်ချောင်းကို ရင်ဘတ်သို့ ကုတ်ကွေးလျက် တစ်ဖက်စီတွင် တုတ်တစ်ချောင်းစီ ကိုင်ဆောင်ထားပါသည်။ လက်များတွင်လည်း လက်ကြပ်နှင့် လက်ပတ်များကို နှစ်ဆင့်စီဝတ်ဆင်ထားပါသည်။ ခါးပေါ်တွင် ဝတ်ဆင်ထားမှုမှာ ရှေ့ကအရုပ်များကဲ့သို့ပင် ဆင်မြန်းထားသည်ကိုတွေ့ရှိရပါသည်။

ပုံ-၃(က)သည် အနောက်မြောက်ထောင့် (ရာဟု) ထောင့်ရှိ ရေကန်ဘက်သို့ မျက်နှာမူနေသည့်နတ်ရုပ်တုဖြစ်ပါသည်။ ဦးခေါင်းအပေါ်ပိုင်းမှာ ပျက်စီးနေပြီး နှာခေါင်းကို ရေးရေးမျှသာတွေ့ရှိရပါသည်။ မျက်နှာမှာ လေးထောင့်မကျတကျမျက်နှာမျိုးဖြစ်မည်ဟု ခန့်မှန်းရပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ပန်ဆင်ထားပါသည်။ လည်ရစ် (၀) ရစ်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို ရင်ဘတ်သို့ ကွေး၍ တစ်စီတွင် တုတ်ချောင်းတစ်ချောင်းစီကိုင်ဆောင်ထားပါသည်။ အောက်ပိုင်းတွင် ဆင်ယင်ထုံးဖွဲ့မှုမှာ ပုံ (၁)၊ ပုံ (၂) များ၏ ဆင်ယင်မှုများနှင့် အတူတူပင် ဖြစ်ပါသည်။

ပုံ-၃(ခ)သည်အနောက်မြောက်ထောင့် (ရာဟု) ထောင့်ရှိ အုတ်တံတိုင်းဘက်သို့ မျက်နှာမူသော ဘီလူးရုပ်တုဖြစ်ပါသည်။ ဗောင်းတော်ကို ဦးခေါင်းပေါ်တွင်ဝတ်ဆင်ထားပါသည်။ မျက်လုံးများမှာ ဝိုင်းစက်နေပါသည်။ နှာခေါင်းမှာပွနေပါသည်။ အထက်နှုတ်ခမ်းသွားဖုံးနှင့် အပေါ်သွားအချို့ကို တွေ့ရှိရပါသည်။ နားတစ်ဖက်မှာမရှိတော့ပါ။ ကျန်ရှိသည့်အခြားတစ်ဖက်မှာ နားတောင်းကို ဝတ်ဆင်ထားပါသည်။ လက်နှစ်ဖက်ကို ရင်ဘက်သို့ကွေးထားသော်လည်း တုတ်ချောင်းများကိုမတွေ့ရှိရတော့ပါ။ အောက်ပိုင်းတွင် ဆင်ယင်မှုမှာ ရှေ့နတ်ရုပ်၊ ဘီလူးရုပ်များ၏ဆင်ယင်မှုနှင့်အတူတူပင် ဖြစ်ပါသည်။

ပုံ-၄(က)သည် အနောက်တောင်ထောင့်(စနေထောင့်)ရှိ အုတ်တံတိုင်းဘက်သို့ မျက်နှာမူနေသော ဘီလူးရုပ်တုဖြစ်ပါသည်။ ဗောင်းတော်မှာ အပေါ်ပိုင်းသို့ ချွန်တက်နေပြီး အောက်ပိုင်းကားကာ ကြာဖတ်အသေးနှစ်ခုပေါ်တွင် အကြီးတစ်ခုခွတင်ထားသည်ကို တွေ့ရပါသည်။ မျက်နှာအနေအထားမှာ ဝိုင်းဝန်းပြီး မျက်လုံးနှစ်လုံးမှာ ဝိုင်းစက်နေပါသည်။ မျက်ခုံးမှာ နားရင်းပေါ်သို့ဆက်တက်သွားပါသည်။ နှာခေါင်းမှာအောက်ပိုင်းပွကားနေပါသည်။ နားနှစ်ဖက်ကို မတွေ့ရှိရတော့ပါ။ ပါးစပ်၌ သွားစွယ်နှစ်ချောင်းမှာ ချွန်တက်ပြီး အောက်သို့ စိုက်ကျနေပြီး သွားများကိုလည်း တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို ရင်ဘတ်သို့ကွေးပြီး အုတ်တစ်ဖက်တစ်ချက်စီကိုင်ထားသည်ဟု ခန့်မှန်းရပါသည်။ ဘယ်ဖက်လက်မောင်းတွင် လက်ကြပ်ဝတ်ဆင်ထားပါသည်။ အောက်ပိုင်းက မြေထဲ၌မြှုပ်နေပါသည်။

ရေကန်ဘက်သို့မျက်နှာမူနေသည့် အနောက်တောင်ထောင့် (စနေထောင့်) ရုပ်တုကိုမူ မတွေ့ရှိရတော့ပါ။

နန်းသားတန်သည် ကန်ထောင့်များ၌ နတ်ရုပ်တု၊ ဘီလူးရုပ်တုများ စိုက်ထူထားခြင်းကပင် အခြားကန်များထက် ထူးခြားအံ့ဖွယ်ရာ လူအများစိတ်ဝင်စားစရာဖြစ်နေပါသည်။

ထို့အပြင် ရေကန်၏အရှေ့တောင်ဘက်အရပ် ဘီလူးရုပ်နှင့် နတ်ရုပ်၊ ကျောက်တိုင်၏မြောက်ဘက်အနီး၌ မြေထဲသို့ထက်ဝက်မြုပ်ဝင်နေသောကျောက်တိုင်၏မြောက်ဘက်အနီးတွင် ကျောက်စာတစ်ချပ်ကိုလည်း တွေ့ရှိရပါသည်။ ကျောက်စာပါစာလုံးများမှာ မြောက်ဦးခေတ်သုံးအက္ခရာများဖြစ်ပြီး ကျောက်စာ၏စာကြောင်းတချို့မှာ ပျက်ပြယ်နေပြီးဖြစ်ပါသည်။ သို့သော်လည်း ဤကျောက်စာပါအကြောင်းအရာများသည် နန်းသားတန်၏ သမိုင်းအထောက်အထားကိုဖော်ပြလျက်ရှိနေသည့်ကျောက်စာတစ်ချပ်ပင်ဖြစ်ပေသည်။ ဤရေကန်သည် မြောက်ဦးခေတ် ဘုရင်များနှင့် သက်ဆိုင်နေသည့်ရေကန်တစ်ကန်ဖြစ်ပါသည်။

ထို့အပြင် နန်းသားတန်တွင် ထူးဆန်းသည့်ဖြစ်ရပ်တစ်ခုလည်း ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လထဲတွင် မြောက်ဦးမြို့ အလယ်ဈေးရပ်ကွက်မှ တလေး (၃) ယောက်သည် နန်းသားတန်ထဲတွင် ရေဆင်းကစားကြရာ တစ်ယောက်မှာ ရေနစ်ခဲ့ပါသည်။ ရေနစ်နေစဉ်အတွင်း ဖော်ပြပါ ကျောက်ရုပ်တုများမှာထူးခြားစွာမြည်ဟည်းသံများကြားခဲ့ကြရကြောင်း၊ ရေနစ်ချိန်တွင် တစ်ကြိမ်၊ ဆယ်ယူရရှိချိန်တွင် တစ်ကြိမ်ထူးထူးခြားခြားအော်သံများကို ၎င်းတို့သုံးယောက်အပြင် အနီးအနားတွင် ငုတ်ဝစ်နေသော ကောင်လေးတစ်ယောက်မှာလည်း ကြားရကြောင်းသိရှိရပါသည်။ တလေးသုံးယောက်မှာကြောက်လာ၍ပြေးလာပြီးပြောပြ၍ လက်တွေ့သိရှိခဲ့ရပါသည်။ ရေနစ်သောတလေးမိဘများက ဖော်ပြပါ ရုပ်တုများက ကယ်တင်ခဲ့၍ အသက်မသေခဲ့ကြောင်းပြောပြပါသည်။

ထို့ကြောင့် နန်းသားတန်ကို ရှေးဘုရင်များက အစီအရင်များဖြင့်ပြုလုပ်ခဲ့ကြသည်ကို ထင်မြင်မိပါသည်။

နိုင်ဦး(ရှေးသု)



www.burmeseclassic.com

www.burmeseclassic.com

မီနယ့်ဗ်သည် ၂၁၊ ဇန်နဝါရီလတွင် မန္တလေးနေပြည်တော်သို့ ရောက်ရှိခဲ့သည်။ သူ၏မှတ်တမ်းတွင် မန္တလေးမြို့တော်၏ အခြေအနေကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

၂၁၊ ဇန်နဝါရီ၊ မန္တလေး။

ယနေ့ မန္တလေးရွှေမြို့တော်သို့ (၉) နာရီမထိုးမီ ဆိုက်ရောက်ပြီး ကျောက်ချရပ်နားသည်။ မြို့ကို မမြင်ရသေး။ ပလက်ဖောင်းမရှိသောလမ်းများသည် စိတ်မသက်မသာဖြစ်စေသည့်ယူဆချက်ကိုဖြစ်ပေါ်စေသည်။ အပူချိန်၏ဒဏ်သည် ပြင်းထန်လွန်းလှပြီး လေတိုက်သောအခါတွင် ဖုန်တထောင်းထောင်းထနေသည်။

မြို့သည် သင်္ဘောဆိပ်မှ (၂) မိုင်၊ (၃)မိုင်ခန့်ဝေးသည်။ မြို့တွင်းသို့ရောက်ဖို့ မဖြစ်နိုင်သေးပေ။ ကျွန်ုပ်၏ကျေးကျွန်များအား နွားလှည်းတစ်စီးရှာခိုင်းထားသည်။ ချစ်ချစ်တောက်ပူပြင်းလှသောအခြေအနေတွင် ခြေလျင်လျှောက်ဖို့လုံးဝမဖြစ်နိုင်ချေ။

မန္တလေးမြို့တစ်ဖက်တမ်း လက်ဝဲဘက်တမ်း၏ မြင်ကွင်းသည် လှပလွန်းသည်။ လုံးဝစိမ်းလန်းစိုပြည်ပြီး အစိမ်းရောင်သစ်ပင်များနောက်ခံဖြင့် တောင်ထိပ်တွင် အဖြူရောင်စေတီများကိုတွေ့ရှိရသည်။

မီနယ့်ဗ်၏ နောက်လိုက်ဖြစ်သူ ဆူဗရာမန်ရောက်ရှိလာပြီး မည်သည့်လှည်းမှငှား၍မရကြောင်း လာရောက်ပြောဆိုသည်။ သို့ရာတွင် အချိန်အနည်းငယ်အကြာ၌ လှည်းတစ်စီးရရှိပြီး နန်းကျွဲဘုရင် နန်းစိုက်ခဲ့သည့် နေပြည်တော်သို့ စတင်ထွက်ခွာခဲ့သည်။

နန်းတော်သို့သွားရောက်ရာလမ်းသည် အလွန်သည်းခံနိုင်သော ပုဂ္ဂိုလ်တစ်ဦးသော်မှ လက်မခံနိုင်သည့်အခြေအနေမျိုးတွင်ရှိသည်။ ဆိုးရွားလှသည်။ လမ်းတစ်လျှောက်လုံးသည် ချောမွေ့ခြင်းမရှိပေ။ လှည်းသည် ဆောင့်ကာဆောင့်ကာသွားသည်။ တစ်နေရာတွင်မူ စာတ်ရုထားသံလမ်းစတင်ဖောက်လုပ်နေသည်ကို သတိပြုမိသည်။ သူပုန်များ (တော်လှန်ရေးသမားများ) ရှိနေသော်လည်း အနောက်တိုင်းယဉ်ကျေးမှုရောက်ရှိနေပြီဟု ဆိုနိုင်သည်။

စလေဒင်က ကျွန်ုပ်အား ဟိုတယ်တစ်ခုတွင် နေရာချထားပေးသည်။ တည်းခိုခသည် တစ်နေ့တာအတွက် (၄)ရှီးလင်းကျသည်။ ဟိုတယ်၏အခြေအနေသည် စိတ်ပျက်ဖွယ်ကောင်းလှသည်။ ဖုန်အလိမ့်လိမ့်ဖြင့် မသတီစရာကောင်းလှသည်။ သို့ရာတွင် တည်းခိုစရာနေရာတစ်ခုတော့ ရလိုက်သည်။ ဟိုတယ်တွင် တော်လှန်ရေးသမားတို့၏ သတင်းစကားအတော်များများကို ကြားသိခဲ့ရသည်။ ညအခါတွင် ဟိုတယ်အပြင်သို့ထွက်ဖို့ မလုံခြုံဟုဆိုကြသည်။ ဗြိတိသျှတို့က ဓားပြဟု သတ်မှတ်ပြီး မြန်မာတို့က နယ်ချဲ့ဆန့်ကျင်ရေးသမားဟု သတ်မှတ်ခြင်းခံရသောသူတို့သည် မည်သည့်ပုဂ္ဂိုလ်များဖြစ်သနည်းဟု မေး

# ကျော်ဝင်း

## မီနယ့်ဗ်၏နိုင်ငံပယာရီထဲက (၆)

## ပါတော်မူပြီးခါ မြန်မာနိုင်ငံအခြေအနေ



www.burmeseclassic.com

ခွန်းထုတ်စရာဖြစ်နေသည်။

တစ်ခုတည်းသောအဖြေမှာ ၎င်းတို့သည် နန်းကျဘုရင်၏ စစ်သည်တော်များဖြစ်သည်။ နန်းကျဘုရင်က လစာလည်းမပေး၊ ကျွေးလည်းမကျွေးနိုင်တော့သဖြင့် တော်လှန်ရေးသမားများဖြစ်လာရသည်။ သူတို့သည် ဥရောပတိုက်သားများကို စနစ်တကျသတ်ဖြတ်နေကြသည်။ ငွေရှင်ကြေးရှင်လူတန်းစားကသာ မြန်မာနိုင်ငံအား ဗြိတိသျှတို့ သိမ်းပိုက်ခြင်းကို လိုလားကြသည်ဟု ပြောဆိုနေကြသည်။ အများပြည်သူတို့ကမူ မြန်မာနိုင်ငံကျွန်ဖြစ်ရခြင်းကို မလိုလားကြပါ။ နားလည်စွမ်းလည်းမရှိကြပါ။ ကျေးလက်ဒေသနေ ပြည်သူတို့အနေဖြင့် ၎င်းတို့ကျွန်ဘဝသို့ ရောက်ရှိသွားကြပြီဟု ယူဆကြသည်။ ကျေးလက်နေသူများရော မန္တလေးနေပြည်တော်ရှိလူအများစုရော သီပေါမင်းအား မဒရပ်သို့ ပို့ဆောင်လိုက်ပြီဟူသော သတင်းကိုမယုံကြည်ကြပေ။

သီပေါမင်းသည် မန္တလေးနန်းတော်၌ပင် နေထိုင်လျက်ရှိသည်ဟု ယုံကြည်ကြသည်။ ကျေးလက်နေပြည်သူတို့သည် မန္တလေးနေပြည်တော်သို့သွားရောက်ရမည်ကို စိုးရိမ်ကြသည်။ သူတို့သည် ဗြိတိသျှစစ်သည်များကို ကြောက်ရွံ့နေကြသည်။ အစောပိုင်းတွင် ဗြိတိသျှစစ်သည်များသည် ဆိုးဆိုးရွားရွားပြုမူဆက်ဆံကြသည်။ ၎င်းတို့သည် အရက်သေစာသောက်စားခြင်း၊ ဈေးများတွင် မိန်းကလေးများအား လိုက်လံဖမ်းဆီးခြင်းတို့ကို ပြုလုပ်ကြသည်။ စစ်သည်တချို့ကလည်း လမ်းများပေါ်တွင် လတ်လျားလတ်လျားဖြင့်ရှိနေကြသည်။ ယင်းကဲ့သို့သော ဗြိတိသျှစစ်သည်တို့၏ အပြုအမူကြောင့် ဒေသခံပြည်သူတို့အနေဖြင့် ၎င်းတို့အပေါ် အထင်အမြင်သေးစေသည်။

ဗြိတိသျှအာဏာပိုင်တို့သည် နေ့တိုင်းလိုလိုပင် မြန်မာမျိုးချစ်တို့အား ဖမ်းဆီးသည်၊ ပစ်သတ်သည်။ ၎င်းတို့၏ အလောင်းကောင်များကို လမ်းများပေါ်တွင် ပြထားသည်။ သူတို့၏ရည်ရွယ်ချက်မှာ မြို့နေပြည်သူများ ကြောက်ရွံ့စေလိုသည်။ သို့ရာတွင် မြန်မာပြည်သူတို့အနေဖြင့် ထိုကဲ့သို့သော ဗြိတိသျှတို့ လုပ်ဆောင်ချက်ကိုဂရုမစိုက်ပေ။ မြန်မာမျိုးချစ်တို့သည် ဆေးလိပ်သောက်မပျက်၊ အပြုံးမပျက်ဘဲ ကြိုးစင်ပေါ်သို့တက်သွားကြသည်။

မျိုးချစ်တို့တွင် ရှမ်းတိုင်းရမ်းသားများလည်း ပါဝင်ကြသည်။ သို့ရာတွင် အရေအတွက်မများလှပါ။ နိုင်ငံ၏အခြေအနေဖရိုဖရဲဖြစ်နေသောကြောင့် ရှမ်းတိုင်းရင်းသားတို့ကုန်တင်လှည်းသွားလာ၍မရဘဲ ကုန်သွယ်ရေးကိုထိခိုက်စေခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံသည် ချမ်းသာကြွယ်ဝပြီး အစာရေစာလည်းပေါများသည်။ အမဲသားတစ်ပေါင်ကို တစ်ပဲနီ (penny)၊ မြင်းတစ်ကောင်ကို (၁၀) ရှီးငွေသာပေးရသည်။

မြန်မာ့ဂျုံသည် အိန္ဒိယဂျုံထက် အမျိုးအစားပိုမိုကောင်းမွန်သည်။ ဤဒေသတွင် ကျောက်မီးသွေးထွက်သည့် အပြင် သစ်တောများလည်းရှိသည်။ အထူးသဖြင့် ဧရာဝတီမြစ်၏အရှေ့ဘက်နှင့် အနောက်ဘက်ဒေသများတွင် ကျောက်မီးသွေးနှင့် သစ်တောများရှိကြသည်။ ၎င်းသယံဇာတပစ္စည်းများက ဗြိတိသျှတို့အား မြန်မာနိုင်ငံကို မျက်စိကျစရာဖြစ်သည်။ သို့ရာတွင် ဗြိတိသျှတို့သည် စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်တတ်ဘဲ တစ်နိုင်ငံလုံး ပျက်စီးလုနီးအခြေအနေသို့ ရောက်ရှိစေခဲ့သည်။

လွန်ခဲ့သော (၆)လခန့်က မန္တလေးတွင် နေထိုင်လျက်ရှိကြသော ဥရောပတိုက်သားတို့၏ဘဝသည် လုံခြုံမှုအတော်အသင့်ရှိသည်။ ဗြိတိသျှတို့ရောက်ရှိလာသောအခါ အမှိုက်သရိုက်များကို ရှာဖွေစားသောက်သည့်ဝက်အများအပြား အသတ်ခံရသည်။ မိနယဲဗ်က မြန်မာမင်းများလက်ထက်က မန္တလေးတွင် လမ်းများပေါ်ရှိ အမှိုက်သရိုက်များကို ရှင်းလင်းခြင်းမရှိပေ။ ၎င်းစွန့်ပစ်ပစ္စည်းများကို ဝက်များက လာရောက်စားသောက်ကြသည်။ ဝက်အကောင်ရေအများအပြား မန္တလေးတွင် ကျက်စားကြသည်ဟု ဖော်ပြထားသည်။

စက်တင်ဘာလတွင် မန္တလေးအနီးရှိ ဧရာဝတီမြစ်ရေပြင်သည် (၄) မိုင်ခန့်ကျယ်ပြန့်လာပြီး ရေအမြင့်သည် (၂၈) ပေအထိတက်လာသည်။ မန္တလေးမြို့ပတ်ဝန်းကျင် အထူးသဖြင့် စစ်ကိုင်းမြို့အနီးဒေသသည် လွန်စွာလှပသည်။ ထိုဒေသသို့ ယနေ့နံနက်တွင် ကျွန်ုပ်တို့ရောက်ရှိနေကြသည်။ ယင်းဒေသသည် အင်းဝမြို့တစ်ဖက်ကမ်းတွင်တည်ရှိသည်။ ဗိုလ်မှူးကြီးဆင်မဆင်သည် ၎င်းဒေသရှိ တော်လှန်ရေးသမားတို့၏သတ်ဖြတ်ခြင်းကိုခံရသည်။ ဗိုလ်မှူးကြီးဆင်မဆင်သည် မဒရပ်စ်တပ်မတော်ခြေလျင်တပ်ရင်း(၁၂)မှ အရာရှိတစ်ဦးဖြစ်ပြီး အထက်မြန်မာနိုင်ငံသိမ်းပိုက်ရာတွင်ပါဝင်ခဲ့သည်။ ၁၈၈၆ ခုနှစ်တွင် မြန်မာနိုင်ငံနယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုကို နှိမ်နင်းရန်အတွက် တပ်ခွဲတစ်ခုကို ဦးဆောင်ရသည်။ ဆင်မဆင်သည် လွန်ခဲ့သော (၁၀)ရက်ခန့်က သတ်ဖြတ်ခြင်းခံရသည်။

၂၁။ ဇန်နဝါရီ။

ကျွန်ုပ်တို့သည် လမ်းခရီးတွင် နေရာဒေသအများအပြား၌ရပ်တန့်နေရသည်။ စစ်ကိုင်းကို မရောက်နိုင်သေးပေ။ ဗြိတိသျှတပ်သားတို့ စခန်းချထားသောနေရာများတွင်ရပ်တန့်နေရခြင်းဖြစ်သည်။

စေတီများအစုအပြုံလိုက်ရှိသော မြင်းခြံတွင် မိနစ်အနည်းငယ်ခန့် ရပ်တန့်သည်။ သင်္ဘောဆိပ်တွင် လူအတော်များများတွေ့ရသည်။ ဤနေရာတွင် မိနစ်အနည်းငယ်ခန့်ရပ်နားသည်။ ရှေ့ဆက်သွားသည့်အခါ မြစ်ကမ်းသည် ညီညာပြန့်ပြူးပြီးနိမ့်သည်။ ရွှံ့ခင်းသည် ငြီးငွေ့ဖွယ်ကောင်းလှသည်။ (၅)နာရီခန့်တွင် ရွာတစ်ရွာ၏အနီး၌ မြန်မာလူမျိုးခရီးသည်အသစ်တစ်ဦးထံမှ မျိုးချစ် (၁၀၀) ခန့် ရွာကို စီးနင်းတိုက်ခိုက်ခံရကြောင်း သတင်းကြားသိရသည်။ ရွာခံလူအားလုံးထွက်ပြေးကြသည်။ ကျွန်ုပ်တို့သည် စစ်ကိုင်းတွင် ညဉ့်အိပ်ရပ်နားသည်။ သင်္ဘောဆိပ်အနီးသို့ပင် မသွားရောက်ခဲ့ပေ။

နံနက်တွင် နစ်မြုပ်နေသော မီးသင်္ဘောတချို့နှင့် ရေယာဉ်တချို့ကို တွေ့မြင်ရသည်။ မြန်မာမင်းသည် သူ၏နေပြည်တော်သို့ လာရောက်ရာလမ်းခရီးပိတ်ဆို့ဟန့်တားလိုဟန်ရှိသည်။ စစ်ကိုင်းမြို့တည်ရှိရာ အနောက်ဘက်ကမ်းတစ်ခုလုံးသည် ပသာဒရှိလှသည်။ လူနေထူထပ်ဟန်ရှိသည်။ ဤနေရာရှိ တောင်တန်းများပေါ်တွင် စေတီပုထိုးများအများအပြားကို တွေ့ရှိနိုင်သည်။

(၉) နာရီမထိုးခင် ကျွန်ုပ်တို့သည် မန္တလေးရွှေမြို့တော်အနီးသို့ ချဉ်းကပ်လာသည်။

(ဆက်လက်ဖော်ပြမည်)

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

1.P.Minayeff, Travels in and Diaries of India and Burma, Calcutta.

www.burmeseclassic.com1

www.burmeseclassic.com

# မောင်မောင်သန်းထွန်း

## ကွင်းပိုင်ကြီး



တောင်ပိုင်၊ တောပိုင်၊ ကွင်းပိုင်၊ လယ်ပိုင်ဆိုတဲ့ ဝေါဟာရတွေဟာ မြန်မာတွေနဲ့ နားမစိမ်းပါဘူး။ ကွင်းပိုင်လယ်ပိုင်ဆိုတဲ့ရာထူးတွေ ဘယ်အချိန်ကစပြီးပေါ်သလဲဆိုရင် ၁၈၈၅ ခုနှစ် သီပေါမင်းပါတော်မူပြီး နောက်ပိုင်းနှစ်တွေမှာ ပေါ်လာတယ်လို့ပြောရမှာပါ။ ၁၈၈၅ ခု အင်္ဂလိပ် - မြန်မာစစ်ပွဲကြီးပြီးဆုံးတော့ မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်ရောက်သွားတယ်။ ဒီအချိန်က အိန္ဒိယနိုင်ငံလည်း အင်္ဂလိပ်လက်အောက်မှာပါပဲ။ ဒါကြောင့် အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ကိုလိုနီနိုင်ငံချင်းတူသွားလို့ တံခါးမရှိဓားမရှိ သွားလာခွင့်ရတဲ့အချိန်ပေါ့။ ဒီလိုသွားလာခွင့်ရနေတော့ အိန္ဒိယနိုင်ငံက စိန်ဘာဘူတွေ၊ ဘာဘူသူဌေးတွေဟာ စီးပွားရေးနယ်ချဲ့ဖို့ မြန်မာပြည်ကိုရောက်လာကြတော့တယ်။ သူတို့တွေ အဓိက အားထားတဲ့နေရာကတော့ မြစ်ဝကျွန်းပေါ်ဒေသပါပဲ။ ဧရာဝတီတိုင်းလို့ဆိုရင် ပိုပြီးမှန်ပါလိမ့်မယ်။

ဒီချစ်တီးတွေက မြန်မာပြည်ရောက်တာနဲ့ ငွေချေးတဲ့လုပ်ငန်းစတော့တာပေါ့။ မြန်မာလူမျိုးဆိုတာ ကြွေးပေးရင် ဆင်တောင်သက်စေ့ယူမယ်လို့ ရှေးလူကြီးတွေ ပြောလေ့ရှိပါတယ်။ သတ်မှတ်တဲ့အချိန်မှာမပေးနိုင်တော့ နွားကိုသိမ်းမယ်၊ လယ်ကိုသိမ်းမယ်၊ သိမ်းစရာမရှိရင် လယ်ရှင်သမီးကိုသိမ်းတဲ့ခေတ်ကြီးပေါ့။ သူတို့တစ်တွေသိမ်းလို့ရအောင် ကိုလိုနီပုလိပ်တွေကလည်း သေနတ်တကားကားနဲ့လိုက်ပေးကြတယ်လေ။ ဒီလိုနဲ့ ဧရာဝတီတစ်တိုင်းလုံးလိုလို ချစ်တီးလယ်တွေဖြစ်ကုန်ကြပါပြီ။

ချစ်တီးတွေ လယ်ယာမြေပိုင်ဆိုင်မှုဟာ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ်အထိ ချစ်တီးလယ်တွေရှိနေတုန်းပါပဲ။ ဒီလို လက်ဝါးကြီးအုပ်ပြီး ချစ်တီးတွေချုပ်ကိုင်ထားတဲ့ လယ်ယာမြေတွေဟာ ၁၉၆၂ ခုနှစ်၊ တောင်သူလယ်သမားနေ့ရောက်တော့မှ ချုပ်ငြိမ်းသွားပါတယ်။ နှစ်(၁၀၀)နီးပါးလောက် လယ်ပိုင်ရှင်ဖြစ်ခဲ့တဲ့ချစ်တီးတွေဟာ လယ်ယာစွဲ၊ ကွင်းအစွဲတွေကြောင့် သူတို့သေတော့ ကွင်းပိုင်ကြီး၊ လယ်ပိုင်ကြီးတွေဖြစ်တော့တာပါပဲ။

ဒီလိုကွင်းပိုင်၊ လယ်ပိုင်တွေဖြစ်တယ်ဆိုတာ ဟိန္ဒူလူမျိုး၊ ဟိန္ဒူဘာသာဝင်၊ ဘာဘူကြီးတွေထဲကဖြစ်တာပါ။ မြန်မာတွေသေလို့ ကွင်းပိုင်၊ လယ်ပိုင်ဖြစ်တာ မရှိသလောက်ရှားပါတယ်။ ပိုပြီးဆိုးတာက ဒီဘာဘူကြီးတွေကို သူတို့ပိုင်တဲ့လယ်မှာပဲမြှုပ်ကြတော့ ဥပါဒါန်အစွဲနဲ့ ပိုပြီးခိုင်မြဲသွားတာပေါ့။ ဒီကြားထဲ ဘာဘူကြီးတွေရဲ့သားသမီးတွေက နှစ်စဉ်တင်မြှောက်နေကြတော့ ဓလေ့ကနေ ရိုးရာဖြစ်တော့တာပါပဲ။

ကျွန်တော်တို့ပုသိမ်မြို့ရဲ့ အရှေ့အနောက် တောင် မြောက် ဘယ်လယ်ဖြစ်ဖြစ် လယ်ပိုင်ကြီးတွေက ဘာဘူကြီးတွေပါပဲ။ ဘာဘူကြီးတွေက ဟိန္ဒူလူမျိုးတွေဖြစ်လို့ လယ်တဲမှာ အမဲသားစားတဲ့နေ့ဆိုရင်တော့ ပြဿနာတက်တော့တာပါပဲ။ ကျွန်တော်တွေ့ဖူးတဲ့ ရေမနေပင်ကိုင်းရွာက လယ်တိုင်တာကို အရင်တင်ပြချင်ပါတယ်။ နှစ်စဉ်နှစ်တိုင်း လယ်မစခင်မှာ အရင်လုပ်ရတဲ့ပွဲပဲ ဖြစ်ပါတယ်။

အရင်ဆုံး ကြက်တစ်ကောင်ကို ရင်ပုံ(၂)ခု၊ ပေါင်(၂)ခု စတဲ့ လေးတုံးတုံးပြီး ကြက်သွန်ဖြူ၊ ကြက်သွန်နီနဲ့ပြုတ်ရပါမယ်။ ပြီးရင် မိမိလယ်ရဲ့တလင်းကုန်းမှာ တစ်ထွာလောက်မြင့်တဲ့ ဝါးတိုင်(၄)တိုင်ကို (၁) ပေပတ်လည်လောက် အကွာ



www.burmeseclassic.com1

www.burmeseclassic.com

အဝေးမှာစိုက်ကြတယ်။ စိုက်ပြီးတာနဲ့ (၁)ပေပတ်လည်ထရံသေးသေးလေးရက်ပြီး အဲဒီလေးစင်တိုင်မှာ တင်လိုက်ရပါမယ်။ ပြီးတာနဲ့ ကြက်ပြုတ် (၄) တုံးနဲ့ ခေါင်း၊ ခြေထောက်၊ တောင်ပံတွေပါ အပေါ်ကပုံလိုက်ရမယ်။ စင်ဘေးမှာတော့ တောအရက်တစ်လုံးထောင်ထားရပါမယ်။

ပြီးတာနဲ့ -

"လယ်ပိုင်ကြီးကိုပူဇော်ပါတယ်။ ဒီနှစ် လယ်အထွက်ကောင်းအောင်မစပါ။ ကျွဲ၊ နွားတွေကိုလည်း ဒုက္ခမရောက်အောင် စောင့်ရှောက်ပါ။ လယ်ယာတွေအထွက်ကောင်းရင် လယ်ယာသိမ်းပြီးတာနဲ့ နောက်တစ်ကြိမ်ပူဇော်ပါဦးမယ်။ စားပါသောက်ပါ"

လို့ ဆိုပြီး ကြက်ခြေထောက်နှစ်ချောင်းကို အရင်စွန့်တယ်။ ပြီးတော့ တောင်ပံအဖျားပိုင်းတွေ ဟိုပစ်ဒီပစ်။ ဒီလိုအချိန်မှာ ကြက်ခြေထောက်၊ ကြက်တောင်ပံစားရမယ်ဆိုတာ လယ်ထဲက ခွေးတွေက သဘာဝကပေးတဲ့အသိနဲ့ ဘေးမှာရောက်နေကြပါပြီ။ စွန့်ပစ်တာနဲ့ ခွေးတွေက လုတောင်စားရပါတယ်။

ဒီလိုခွေးကိုကျွေးပြီးရင် လယ်တိုင်တာကို လာစောင့်နေတဲ့ကာလသားတွေကို ကြက်ပြုတ်နဲ့အရက်ကို ဝိုင်းဖွဲ့ပြီး စားကြသောက်ကြတော့တာပါပဲ။ ဒီလို စားကြသောက်ကြတယ်ဆိုတာ လယ်ပိုင်ကြီးစွန့်လို့စားကြတာလို့ လယ်ပိုင်ရှင်





www.burmeseclassic.com1

www.burmeseclassic.com

တိုင်းက ခံယူထားပါတယ်။ ဘယ်နှစ်ထဲမှာလဲတော့ မမှတ်မိပါဘူး။ လယ်တိုင်ချိန်မှာ လူရွှတ်နှစ်ယောက်ရောက်လာပြီး လယ်ပိုင်ကြီးနဲ့ကျွန်တော်တို့ အတူတူစားကြသောက်ကြမယ်ဆိုပြီး ဝိုင်းထဲကိုရောက်လာပါတယ်။

လယ်ရှင်ဆိုတာ မျက်လုံးတွေဘာတွေပြူးတော့တာပေါ့။ ဒီကောင်တွေက ဒီမှာ လယ်ပိုင်ကြီး သောက်ပါဦးဆိုပြီး အရက်ခွက်ကိုမြှောက်လိုက်၊ ပြီးတာနဲ့ လယ်ပိုင်ကြီးသောက်လို့ပြီးရင် ကျွန်တော့်အလှည့်ဆိုပြီး ဂွတ်ခနဲသောက်ချလိုက်လုပ်နေတာ။ ကြက်ပြုတ်ကိုလည်း ဒီအတိုင်းပါပဲ။ မြှောက်လိုက် လယ်ပိုင်ကြီးကျန်တာ ကျွန်တော့်အလှည့်ဆိုပြီး စားလိုက်တာ အရက်လည်းကုန်၊ ကြက်ပြုတ်လည်းကုန်တော့တာပေါ့။

လယ်ပိုင်ရှင် လယ်သမားက စိတ်ဆိုးရအခက် နှင်လွှတ်ရအခက်နဲ့ လယ်ပိုင်ကြီးကိုလယ်တိုင်တာ အထမြောက်မှမြောက်ရဲ့လားလို့ စိုးရိမ်နေတယ်လေ။ ဒါပေမယ့် လယ်ပိုင်ရှင်ထင်သလိုမဟုတ်ပါဘူး။နောက်နှစ် လယ်တိုင်ချိန်မရောက်ခင်မှာ လယ်ပိုင်ရှင်ဇနီးကို ဝင်ပူးပြီးပြောတဲ့စကားက 'မနှစ်က ငါနဲ့အတူသောက်တဲ့ကလေးနှစ်ယောက်ကို လယ်တိုင်ချိန်မှာခေါ်ထား' ဆိုတဲ့စကားကြားတော့မှ လယ်ပိုင်ရှင်လည်း လူရွှတ်နှစ်ယောက်ကို တောင်းပန်ခယပြီးခေါ် ရတဲ့ဇာတ်လမ်းရေးခဲ့တာပါ။

အခုဖော်ပြမယ့် ပုဂ္ဂိုလ်ကတော့ လယ်ပိုင်မဟုတ်ပါဘူး။ကွင်းပိုင်ကြီးပါပဲ။ လယ်ပိုင်နဲ့ ကွင်းပိုင်က သဘောတရားချင်းတော့ အတူတူပါပဲ။ ဒီကွင်းပိုင်ကြီးကလည်း ဟိန္ဒူလူမျိုးပါ။ သူပိုင်တဲ့ကွင်းက လယ်ကွက်နည်းပြီး စက်ရုံမြေကွက်ကပိုပြီးများပါတယ်။ ဖွဲနုဆီစက်ကိုစောင့်တဲ့ကွင်းပိုင်ကြီးလို့ပြောမှ ပိုပြည့်စုံပါလိမ့်မယ်။ အစက ဒီကွင်းပိုင်ကြီးရှိမှန်းတောင် ကျွန်တော်က မသိပါဘူး။ ကျွန်တော် တန်တရာဆန်စက်ကိုအသွားမှာ ဖွဲ့နုဆီစက်ဝင်းကနေဖြတ်သွားခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော့်သူငယ်ချင်းက ကြေးလင်ပန်းနဲ့ နို့တစ်ပုလင်း၊ မုန့်နီ၊ မုန့်ဖြူ၊ မုန့်ဝါတွေနဲ့ ထူးထူးခြားခြားတွေ့လိုက်ရလို့ ဒီကောင့်ဆီကိုဝင်ခဲ့တာပါ။

ဒီကောင်က လယ်တိုင်သလို တိုင်လေး(၄)တိုင်စိုက်တာတော့တူပါတယ်။ အပေါ်မှာ ထရံရက်ပြီးတင်တာမရှိဘူး။ ကြေးလင်ပန်းကိုတင်တယ်။ အထဲမှာ ထမင်းပါတယ်။ ကုလားတွေစားတဲ့ မုန့်နီ၊ မုန့်ဖြူ၊ မုန့်ဝါတွေကိုထည့်ထားတယ်၊ ထမင်းလွတ်တဲ့နေရာမှာ နွားနို့တစ်ခွက်ကို ကြေးခွက်နဲ့ထည့်ထားတယ်။ ကျွန်တော်က သူ့ကို ဒီလိုပစ္စည်းတွေနဲ့တစ်ခါမှမမြင်ဘူးတာကြောင့်-

"ဟေ့ကောင်၊ မင်းက ဒီမှာလာပြီး ဘာလာလုပ်တာလဲ"

လို့ မေးတော့ ဒီကောင်က -

"ကွင်းပိုင်ကြီးကို 'အိုဘာဟော'လို့လို့ အခုလိုပူဇော်တာလို့"

ပြောပါတယ်။

ကျွန်တော်က -

"အိုဘာဟောကို နားမလည်ဘူးကွာ၊ ရှင်းအောင်ပြော။ ကွင်းပိုင်ကြီးအကြောင်းပါ ငါ့ကိုရှင်းပြ။ စိတ်ဝင်စားသွားပြီကွ"

လို့ ဆိုတော့ ကျွန်တော့်သူငယ်ချင်းက ဒီလိုရှင်းပြပါတယ်။

"ဒီလိုကွ၊ အိုဘာဟောဆိုတာ တစ်နှစ်မှာတစ်ကြိမ် စက်ကြီးကိုရပ်ပြီး ဆေးကြောသုတ်သင်တာ၊ သန့်ရှင်းရေးလုပ်တာ။ ပျက်စီးတဲ့အပိုင်းကိုလဲတာ ပြင်ဆင်တာကို အိုဘာဟောလုပ်တယ်လို့ခေါ်တယ်။ ဒီလိုလုပ်ပြီးရင် တို့အဖွဲ့က ကွင်းပိုင်ကြီးကို ပူဇော်ပွဲလုပ်တယ်။ ငါ့အသက်ကိုကယ်တာလည်း ဒီကွင်းပိုင်ကြီးပဲ။ တို့ဖွဲနုဆီစက်ကြီးမပျက်စီးအောင် စောင့်ရှောက်တာလည်း ဒီကွင်းပိုင်ကြီးဆိုတော့ ငါက ဒီပူဇော်ပွဲကိုတမင်တာဝန်ယူပြီးလုပ်တာကွ။

ကဲ - မင်းသိချင်တဲ့အိုဘာဟောကိစ္စပြီးရင် ဒီကွင်းပိုင်ကြီးက ငါ့အသက်ကိုကယ်တဲ့ကိစ္စပြောပါမယ်။ တစ်နေ့မှာ ငါ ညဂျူတီကျတော့ စက်ရုံမှာအိပ်ရတယ်။ စက်တွေက ပုံမှန်အတိုင်းလည်နေတော့ ညဂျူတီဆိုတာ နာမည်ပဲရှိပါတယ်။ ခပ်ရှင်းရှင်းပြောရရင် စက်ရုံမှာသွားပြီးအိပ်တာပါပဲ။ ဖွဲနုဆီစက်ကြီးဟာ ရေသံသရာလည်တဲ့စနစ်နဲ့အမြဲလည်ပတ်နေတာကွ။ ရေမရှိလို့မဖြစ်ဘူး။ တို့ပုသိမ်က မှန်စက်ရုံကြီးလိုပေါ့။ ပိုင်းလိုင်းတွေထဲမှာ မှန်အရည်တွေ အမြဲလည်ပတ်နေတယ်။ ဒီလိုပဲ တို့ဖွဲနုဆီစက်က ရေနဲ့အမြဲလည်ပတ်နေရတယ်။ ရေမရှိရန် မာတ်ပုံ့ဆိကဒုက္ခပေးတတ်တယ်။ အဲဒါကြောင့် ဟိုအမြင့်ကြီးကရေတွေက စက်ရုံပိုက်လိုင်းကတစ်ဆင့် စက်ထဲဝင်၊ စက်ထဲကရေက အပြင်ပြန်ရောက်၊ အအေးခံ၊ ရေတိုင်ကီထဲပြန်ပို့ ဒီလိုရေသံသရာလည်တဲ့စနစ်ကွ။

အဲဒီညက ငါအိပ်နေတုန်း ခြေထောက်ကိုလှုပ်နိုးတယ်။ ငါက သူငယ်ချင်းတစ်ဦးဦးနောက်တာလို့ထင်တာပေါ့။ ငါက မထဘဲ ပေပြီးအိပ်နေတော့ ငါ့နားကိုကပ်လာပြီး -

'ဟေ့ကောင်လေး မင်းရေစည်ကရေတွေမကျတော့ဘူး။ မင်းဘွိုင်လာတွေ ထကြည့်စမ်း၊ ထပေါက်တော့မယ်'

လို့ပြောတာကွ။ ဒါကြောင့် ငါလည်း လန့်ဖျပ်ပြီး ထလည်းကြည့်လိုက်ရော ဟုတ်တယ် ဟေ့ကောင်ရေ ဘွိုင်လာကြီးတွေ နီရောင်ပြေးနေပြီ။ နောက်တစ်နာရီလောက်ဆိုရင် ပေါက်ကွဲတော့မယ်။ ငါဆိုတာ အရေးပေါ်သံချောင်းခေါက်ပြီး ကျန်တဲ့ကောင်တွေနိုး၊ အရေးပေါ်ရေစက်ကိုမောင်းပြီး မီးသတ်ပိုက်နဲ့ ဘွိုင်လာတွေပက်ရတာပေါ့။ ငါက ဘွိုင်လာတွေရေပက်နေချိန်မှာ တစ်ဖွဲ့က ရေစည်ကြီးပေါ်တက်ပြီး ရေလမ်းကြောင်းပိတ်ဆို့တဲ့နေရာတွေရှာပေါ့ကွာ။

လိုက်လည်းစစ်လိုက်ရော မြေကြီးကနေ စက်ရုံထဲဝင်တဲ့ပိုက်လိုင်းမှာ အမှိုက်တွေဆို့နေတာကို တွေ့ခဲ့တယ်။ တို့တစ်ဖွဲ့လုံး ည (၁၂)နာရီလောက်က ရေမဆင်းတဲ့ပြဿနာကိုလုပ်လိုက်တာ ည (၂)နာရီတီးတော့မှ ရေလမ်းကြောင်းတွေမှန်သွားတယ်။ ဒါကြောင့် ကွင်းပိုင်ကြီးဟာ တို့စက်ရုံရဲ့ကျေးဇူးရှင်ကြီးပဲ။ ဒါကြောင့် ငါတို့အဖွဲ့မှာ ငါက ကွင်းပိုင်ကြီးသတိပေးတာကို သိတဲ့လူဆိုတော့ ငါကိုယ်တိုင် ကျေးဇူးတင်လို့ အခုလိုပူဇော်ဖို့လုပ်နေတာကွ"

သူငယ်ချင်းက အကျယ်တဝင့်ရှင်းပြပြီး သူ့မှာပါလာတဲ့ထမင်းဖြူ မုန့်နီ၊ မုန့်ဖြူ၊ မုန့်ဝါတွေနဲ့ နွားနို့တစ်ခွက်ကို ကြေးလင်ပန်းမှာ သူ့နေရာနဲ့သူထည့်လိုက်ပါတယ်။ ကွင်းပိုင်ကြီးဟာ ဟိန္ဒူလူမျိုး ပုဏ္ဏားမျိုးလို့ပြောပါတယ်။ သူ့ကိုပူဇော်ရင် အခုလို သက်သတ်လွတ်ပဲပြင်ရတယ်လို့ ရှင်းပြပါတယ်။ ခုအချိန်အထိလည်း ဥပါဒါန်အစွဲကြီးလွန်းတာကြောင့် နှစ် (၁၀၀)ကျော်ပေမယ့် မကျွတ်မလွတ်သေးပါဘူး။ စက်ကြီးလည်ပတ်နေချိန်မှာ ဖွဲနုဆီစက်ကြီးမပျက်စီးရလေအောင် စောင့်ရှောက်ပေးနေလို့ စက်ရုံမှူးကြီးကအစ ကွင်းပိုင်ကြီးကို လေးစားနေပါတယ်။

(မှတ်ချက် - ဒီဘက်ခေတ်မှာတော့ ဖွဲနုဆီစက်မရှိတော့ပါဘူး။ ဒါပေမယ့် ကွင်းပိုင်ကြီးကတော့ရှိနေဆဲပါပဲ။)

မောင်မောင်အေးနိုးထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသောအခန်း တဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သော နက္ခတ်များအား အစင်အကြယ် ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏အလိုရှိရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤ အထွက်၊ အဝင် ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

| ရက် | စန်းယှဉ် နက္ခတ် | အမြင် အကန်း | နက္ခတ် ပြောင်းချိန် | ရုတ် ဥပါဒ် | ဝင် ထွက်ခပါဒ် |
|---|---|---|---|---|---|
| ၁ | ပြုဗ္ဗာဘဒြပိုဒ် | ၂ ကန်း | ၀၆း၄၈း၀၀ | သိဒ္ဓိ | ဝင် |
| | ဥတ္တရာဘဒြပိုဒ် | ၂ ကန်း | | ဝရ | ခပါဒ် |
| ၂ | ဥတ္တရာဘဒြပိုဒ် | ၂ ကန်း | ၀၆း၄၁း၁၉ | ကာဏ | ထွက် |
| | ရေဝတီ | ၁ကန်း | | အမြိတ္တ | ဝင် |
| ၃ | ရေဝတီ | ၁ ကန်း | ၀၆း၁၁း၃၇ | ဝရ | ခပါဒ် |
| | အသဝနီ | ၁ ကန်း | | ဥပါဒ် | ထွက် |
| ၄ | အသဝနီ | ၁ ကန်း | ၀၅း၂၅း၁၀ | အမြိတ္တ | ဝင် |
| | ဘရဏီ | ၂ မြင် | | လာဘ | ဝင် |
| ၅ | ဘရဏီ | ၂ မြင် | ၀၄း၃၀း၀၀ | ဥပါဒ် | ထွက် |
| | ကြတ္တိကာ | ၂ ကန်း | | မိတ္တု | ထွက် |
| ၆ | ကြတ္တိကာ | ၂ ကန်း | ၀၃း၀၀း၀၀ | လာဘ | ဝင် |
| | ရောဟဏီ | ၂ မြင် | | သိဒ္ဓိ | ဝင် |
| ၇ | ရောဟဏီ | ၂ မြင် | ၀၁း၂၈း၃၇ | မိတ္တု | ထွက် |
| | မိဂသီ | ၁ ကန်း | ၂၂း၀၉း၁၄ | ကာဏ | ထွက် |
| | အဒြ | ၂ မြင် | | အမြိတ္တ | ဝင် |
| ၈ | အဒြ | ၂ မြင် | ၂၂း၀၇း၃၀ | ဝရ | ခပါဒ် |
| | ပုန္နဖုသျှ | ၂ ကန်း | | ဥပါဒ် | ထွက် |
| ၉ | ပုန္နဖုသျှ | ၂ ကန်း | ၂၀း၃၇း၃၀ | အမြိတ္တ | ဝင် |
| | ဖုသျှ | ၂ ကန်း | | လာဘ | ဝင် |
| ၁၀ | ဖုသျှ | ၂ ကန်း | ၁၉း၀၇း၃၀ | ဥပါဒ် | ထွက် |
| | အသလိဿ | ၁ ကန်း | | မိတ္တု | ထွက် |
| ၁၁ | အသလိဿ | ၁ ကန်း | ၁၇း၅၄း၁၇ | လာဘ | ဝင် |
| | မာဃ | ၁ ကန်း | | သိဒ္ဓိ | ဝင် |
| ၁၂ | မာဃ | ၁ ကန်း | ၁၇း၀၁း၅၆ | မိတ္တု | ထွက် |
| | ပြုဗ္ဗဖလဂုနီ | ၂ မြင် | | ကာဏ | ထွက် |
| ၁၃ | ပြုဗ္ဗဖလဂုနီ | ၂ မြင် | ၁၆း၃၁း၂၉ | သိဒ္ဓိ | ဝင် |
| | ဥတ္တရဖလဂုနီ | ၂ ကန်း | | ဝရ | ခပါဒ် |
| ၁၄ | ဥတ္တရဖလဂုနီ | ၂ ကန်း | ၁၆း၄၀း၄၁ | ကာဏ | ထွက် |
| | ဟဿတ | ၂ မြင် | | အမြိတ္တ | ဝင် |
| ၁၅ | ဟဿတ | ၂ မြင် | ၁၇း၀၅း၀၅ | ဝရ | ခပါဒ် |
| | စိတြ | ၁ ကန်း | | ဥပါဒ် | ထွက် |

| ရက် | စန်းယှဉ် နက္ခတ် | အမြင် အကန်း | နက္ခတ် ပြောင်းချိန် | ရုတ် ဥပါဒ် | ဝင် ထွက်ခပါဒ် |
|---|---|---|---|---|---|
| ၁၆ | စိတြ | ၁ ကန်း | ၁၇း၄၇း၃၅ | အမြိတ္တ | ဝင် |
| | သွာတိ | ၂ မြင် | | လာဘ | ဝင် |
| ၁၇ | သွာတိ | ၂ မြင် | ၁၉း၁၇း၀၉ | ဥပါဒ် | ထွက် |
| | ဝိသာခါ | ၂ ကန်း | | မိတ္တု | ထွက် |
| ၁၈ | ဝိသာခါ | ၂ ကန်း | ၂၁း၂၂း၅၅ | လာဘ | ဝင် |
| | အနုရာဓ | ၂ ကန်း | | သိဒ္ဓိ | ဝင် |
| ၁၉ | အနုရာဓ | ၂ ကန်း | ၂၃း၃၃း၄၉ | မိတ္တု | ထွက် |
| | ဇေဋ္ဌ | ၁ ကန်း | | ကာဏ | ထွက် |
| ၂၀ | ဇေဋ္ဌ | ၁ ကန်း | မပြောင်း | သိဒ္ဓိ | ဝင် |
| ၂၁ | ဇေဋ္ဌ | ၁ ကန်း | ၀၂း၁၀း၅၅ | မိတ္တု | ထွက် |
| | မူလ | ၁ ကန်း | | ကာဏ | ထွက် |
| ၂၂ | မူလ | ၁ ကန်း | ၀၄း၂၆း၄၀ | သိဒ္ဓိ | ဝင် |
| | ပြုဗ္ဗသာဠ် | ၂ မြင် | | ဝရ | ခပါဒ် |
| ၂၃ | ပြုဗ္ဗသာဠ် | ၂ မြင် | ၀၀း၂၆း၁၁ | ကာဏ | ထွက် |
| | အဘိဇိ | × | ၁၃း၃၀း၃၈ | အမြိတ္တ | ဝင် |
| | ဥတ္တရာသာဠ် | ၂ ကန်း | | လာဘ | ဝင် |
| ၂၄ | ဥတ္တရာသာဠ် | ၂ ကန်း | ၀၉း၀၉း၄၉ | ဥပါဒ် | ထွက် |
| | သရဝဏ် | ၂ မြင် | | မိတ္တု | ထွက် |
| ၂၅ | သရဝဏ် | ၂ မြင် | ၁၁း၂၀း၄၄ | လာဘ | ဝင် |
| | ဓနသိဒ္ဓ | ၁ ကန်း | | သိဒ္ဓိ | ဝင် |
| ၂၆ | ဓနသိဒ္ဓ | ၁ ကန်း | ၁၃း၀၃း၀၉ | မိတ္တု | ထွက် |
| | သတဘိသျှ | ၂ မြင် | | ကာဏ | ထွက် |
| ၂၇ | သတဘိသျှ | ၂ မြင် | ၁၃း၄၉း၅၀ | သိဒ္ဓိ | ဝင် |
| | ပြုဗ္ဗာဘဒြပိုဒ် | ၂ ကန်း | | ဝရ | ခပါဒ် |
| ၂၈ | ပြုဗ္ဗာဘဒြပိုဒ် | ၂ ကန်း | ၁၄း၃၈း၁၉ | ကာဏ | ထွက် |
| | ဥတ္တရာဘဒြပိုဒ် | ၂ ကန်း | | အမြိတ္တ | ဝင် |
| ၂၉ | ဥတ္တရာဘဒြပိုဒ် | ၂ ကန်း | ၁၄း၃၃း၂၇ | ဝရ | ခပါဒ် |
| | ရေဝတီ | ၁ ကန်း | | ဥပါဒ် | ထွက် |
| ၃၀ | ရေဝတီ | ၁ကန်း | ၁၄း၀၉း၅၀ | အမြိတ္တ | ဝင် |
| | အသဝနီ | ၁ ကန်း | | လာဘ | ဝင် |

ဤဇယားတွင်-
ပြုဗ္ဗသာဠ်နက္ခတ် နောက်ဆုံး (၁)ပါဒ်နှင့် ဥတ္တရာသာဠ်နက္ခတ် အစဆုံး (၁) ပါဒ်တို့ကို အဘိဇိနက္ခတ်ဟု ယူကာ တွက်ထားပါသည်။

၄-၁၁-၂၀၁၇၊ စနေနေ့ နံနက် ၁၀း၅၂း၄၈ နာရီတွင် လပြည့်ပြီး
၁၈-၁၁-၂၀၁၇၊ စနေနေ့ ညနေ ၁၈း၀၆း၁၉ နာရီတွင် လကွယ်သည်။

အသုံးတည့်နိုင်ကြပါစေ

ဦးအောင်စောသိုင်း (ပုသိမ်)



www.burmeseclassic.com1

www.burmeseclassic.com



■ ပြကျောက်ဝတ္ထုတွဲ

ကျွန်ုပ်သည် မိုးကုတ်၌နေစဉ် ဘဝတစ်လျှောက်လုံး ကျောက်တွင်းတူး သမားဘဝဖြင့် ရပ်တည်ခဲ့ရရာ ကျောက်တွင်းလုပ်ငန်းများ၊ ကျောက်မျက်ရတနာများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရသူ ဖြစ်သည်။

ထို့ကြောင့် ဘဝအတွေ့အကြုံများ၊ ဗဟုသုတများပေါင်းစပ်ကာ ပတ္တမြားနှင့် ပတ်သက်သောဝတ္ထုများ၊ ဆောင်းပါးများကို ပြည်သူသို့ များစွာတင်ပြခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင် မိုင်းရှူးပတ္တမြားမြေ၌လည်း (၁၀)နှစ်တိတိ နေထိုင်လုပ်ကိုင်ခဲ့သဖြင့် မိုင်းရှူးပတ္တမြားမြေနှင့် ဆက်နွယ်သော ဝတ္ထုဆောင်းပါးများလည်း များစွာတင်ပြခဲ့ပြီး ဖြစ်သည်။ မိုးကုတ်ပတ္တမြားမြေ၊ မိုင်းရှူးပတ္တမြားမြေနှင့်ဆက်နွယ်သော ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်တို့သည် ပညာရွှေတောင်စာအုပ်တိုက်ထုတ် မဟေ်ဒ္ဒီမဂ္ဂဇင်း၊ သိဒ္ဓိမိုးမဂ္ဂဇင်း၊ သူရဇ္ဇမဂ္ဂဇင်းတို့တွင် ၂၀၀၇ ဒီဇင်ဘာမှစ၍ ယခုထိတိုင် အများအပြားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ မဟေ်ဒ္ဒီနှင့် သိဒ္ဓိမိုးမှာ နားထားခြင်း ဖြစ်သည်။ သို့အတွက် ကျွန်ုပ်အား စာဖတ်သူအများအပြားကသိကြပါသည်။ဖတ်ရှုအားပေးကြသော ချစ်ပရိသတ်အပေါင်းအားလည်း ကျေးဇူးတင် မေတ္တာပို့လျက်ရှိပါသည်။

ဆိုလိုသည်မှာ ပြကျောက်ဝတ္ထုတွဲဖြစ်သည်။ ဝတ္ထုရှည်အား သူရဇ္ဇက အခန်းဆက်ဝတ္ထုရှည် ဟူသောကဏ္ဍဖြင့် မာတိကာတွင် ကဏ္ဍခွဲပေးထားပါသည်။ ပြကျောက်ကား ဝတ္ထုရှည်မဟုတ်ပါ။ ဝတ္ထုတိုများသာဖြစ်ပါသည်။ တစ်ပုဒ်ကို ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပြီး အစမှအဆုံးတိုင်ပါပါသည်။ ပြကျောက်ကား ဝတ္ထုတွဲသာဖြစ်ပါသည်။ ဝတ္ထုများကို ခေါင်းစဉ်တစ်ခုတည်းဖြင့် သီကုံးထားခြင်းသာ ဖြစ်သည်။

ကျွန်ုပ်တို့ငယ်စဉ်က ဆရာမဒေါ်ခင်နှင်းယုက ယောက်ျားတို့အကြောင်း ကို တစ်လတစ်ပုဒ်ရေးသလို ဆရာရောင်နီကလည်း မိန်းမတို့အကြောင်းကို တစ်လတစ်ပုဒ်ရေးပါသည်။ ခေါင်းစဉ်အသံသာတူသော်လည်း တစ်ပုဒ်နှင့်တစ်ပုဒ် အကြောင်းအရာမတူပါ။ အသံတူအကြောင်းကွဲဖြစ်သည်။ ထို့ပြင် ဆရာမြသန်းတင့်ကလည်း အညတြရုပ်ပုံလွှာများ ဟူသောအမည်ဖြင့် တစ်လတစ်ပုဒ် ဝတ္ထုတွဲရေးပါသည်။ မဂ္ဂဇင်းအမည်များပင် မမှတ်မိတော့ပါ။ ထို့ပြင် ကိုယ်တွေ့တစ္ဆေပုံပြင်များကိုလည်း (၁၊ ၂၊ ၃၊ ၄) စသည်ဖြင့် အတွဲလိုက် ရေးသားထုတ်ဝေကြဖူးပါသည်။ ထိုသို့ ဝတ္ထုတွဲရေးခြင်းသည် စာပေလောက၌ များစွာရှိပါသည်။ အချို့က ထိုသဘောကို နားလည်ဟန်မတူပါ။

"ဆရာ့ရဲ့ပြကျောက်က ရှည်လျားလွန်းတော့ မဖတ်ဖြစ်တော့ဘူးဆရာရေ"

ဟု ပြောလာသူတွေရှိလာခဲ့ပါသည်။

သို့ကြောင့် ပြကျောက်သည် အခန်းဆက်ဝတ္ထုရှည်မဟုတ်ကြောင်း၊ တစ်ပုဒ်နှင့်တစ်ပုဒ် အကြောင်းအရာမတူဘဲ သီးခြားဝတ္ထုတိုများဖြစ်ပါကြောင်း၊ ခေါင်းစဉ်ကိုသာ 'ပြကျောက်'ဟူ၍ နာမည်တစ်ခုတည်း ပေးထားပါကြောင်း ရှင်းပြရပါသည်။

ဝတ္ထုတွဲများအနေနှင့် -

- ■ ရတနာမြေတို့၏အရှင်သခင်များ၊
- ■ မသေခင်ကြိုတင်ခြောက်သူများ၊
- ■ ပြကျောက်

ဟူ၍ သုံးခုရေးခဲ့ပြီး ဖြစ်ပါသည်။

ခေါင်းစဉ် ပြကျောက် ဟူ၍ အသံသာတူသော်လည်း အကြောင်းအရာစာကိုယ်မှာ သီးခြားစီဖြစ်ကြောင်း အသိပေးအပ်ပါသည်။

■ မိုင်းရှူးပတ္တမြားမြေ

မိုးကုတ်ပတ္တမြားမြေအား လူတိုင်းမရောက်ဘူးကြသော်လည်း မိုင်းရှူးပတ္တမြားမြေသို့မူ လူအတော်များများရောက်ဖူးကြပါသည်။ ၁၉၉၀ ပြည့်နှစ်လောက်မှစ၍ တစ်ဟုန်ထိုးနာမည်ကြီးလာသော မိုင်းရှူးရတနာမြေသည် လူတို့ စုအုံတိုးဝေ့ကာ စီးပွားရှာသူတို့နှင့် ပြည့်ညပ်၍နေခဲ့လေသည်။

တောင်ပေါ်ဟုခေါ်သော မိုင်းရှူးရတနာမြေသည် မိုင်းရှူးမြို့နှင့် (၁၇)မိုင်ဝေးကွာပါသည်။ အဖြောင့်မိုင်အားဖြင့် မဝေးလှပါ။ ကွေ့ကွေ့ကောက်ကောက်ဖောက်ရသောတောင်တက်လမ်းကြောင့်သာဖြစ်ပါသည်။

မြင့်မားသော မိုင်းရှူးရတနာမြေ တောင်ပေါ်မှ အနောက်ဘက်သို့ကြည့်သော် အောက်မြန့်၌ မိုင်းရှူးမြို့လေးကို လှပစွာမြင်နေရပါသည်။ ခြေကျင်လမ်းဖြင့်သွားသော် တစ်မနက်ခရီးဖြင့်ရောက်နိုင်လေ၏။

ကျဉ်းမြောင်းသောကျောက်တောင်ပေါ်ဝယ် လူဦးရေခြောက်သိန်းမျှ ဖက်စပ်များ၊ ရပ်ကွက်များဖြင့် မှီတင်းနေထိုင်ကြရပါသည်။ ထို့ကြောင့် လမ်းတို့တွင် လူတို့ပြည့်ညပ်လျက်ရှိသည်။

ထိုတောင်ပေါ်ဝယ် ရတနာမြေဖြစ်သည့်အားလျော်စွာ ပိုက်ဆံလည်း ပေါများကြသဖြင့် နေရာတိုင်းတွင် အပျော်အပါးများ၊ လောင်းကစားများ၊ စားသောက်ဆိုင်များလည်း ပေါများလှပေ၏။

ကိုယ့်ကိုယ်ကိုယ်မထိန်းကျောင်းနိုင်သူတို့မှာ အပျော်အပါးရောဂါရခြင်း၊

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com1

www.burmeseclassic.com

မှုယစ်နွံ၌နစ်ခြင်းတို့ဖြင့် ထိုတောင်ပေါ်၌ ပင်လျှင် ဘဝတစ်ခုအဆုံးသတ်သွားရသူ တို့လည်း များစွာရှိခဲ့ကြပါသည်။ ထို့ပြင် မတော်တဆတွင်းပိခြင်းဖြင့်လည်း ဘဝ စတေးသွားရသူတို့များစွာရှိခဲ့ကြပါသည်။

စာရေးသူ ကျွန်ုပ်သည် မိုင်းရှူး ရတနာမြေ၏ ဖြစ်ပုံအစုံစုံကို မျက်ဝါး ထင်ထင် မြင်တွေ့နေရရာ ကြာသော် အဆန်းမဟုတ်တော့ပေ။ ဖြစ်ရိုးဖြစ်စဉ် ဟုသာ သဘောထားရလေတော့၏။

ကျွန်ုပ်သည် ၂၀၀၀ ပြည့်နှစ်၊ ဧပြီ လ သင်္ကြန်အပြီး၌ မိုင်းရှူးသို့ရောက်၏။ ၂၀၀၁ ကုန်လုန်းတွင် မင်းသီဟသိန်း ကျောက်မျက်ဖက်စပ်ကုမ္ပဏီ၌ မန်နေဂျာ ရာထူးရကာ ကျောက်မျက်လုပ်ငန်းကို အုပ်ချုပ်ရသည်။ ထို့နောက် ဝရိုးမကုမ္ပဏီ ၌ မန်နေဂျာရာထူးဖြင့် ဆက်လက် လုပ်ကိုင်ပါသည်။ မင်းသီဟသန်းကုမ္ပဏီ ကား လူးတွင်းဖြစ်ပြီး ဝရိုးမကုမ္ပဏီကား ခဲတွင်းဖြစ်ရာ ခဲတွင်းသည် လုပ်ငန်းပိုမို ကျယ်ပြန့်ပါသည်။ သို့ကြောင့် ပိုမိုပင်ပန်း လှပေ၏။ အနေကြာသောအခါ ကျွန်ုပ် နှင့် မိုင်းရှူးပတ္တမြားမြေသည် နေသား တကျရှိလာခဲ့ပါသည်။

မိုင်းရှူးသည်ကား နီလာခေါ် ကျောက်ပြာများလုံးဝမထွက်ဘဲ ကျောက် နီပတ္တမြားတို့သာထွက်ပါသည်။အညွှံမျိုး တည်းဟူသော အညွှံရောင်စုံတို့လည်း လုံးဝမထွက်ပါ။ မြေမှထွက်သော မြေ ကျောက်နှင့် ခဲမှထွက်သော ခဲကျောက် ဟူ၍သာ နှစ်မျိုးနှစ်စားထွက်ပါသည်။ မြေကျောက်ထက် စကျင်ကျောက်မှ ထွက်သော ခဲကျောက်က ပို၍အဆင့် မြင့်ပါသည်။ ကျောက်ဈေးတွင်လည်း ကွာခြားလှပါသည်။

■ တွင်းအခြေအနေ

ကျွန်ုပ်တို့၏ လုပ်ငန်းအတွက် လုပ်ငန်းတာဝန်ကြီးသူတို့အား စကား ပြောစက်များ ကိုယ်စီတပ်ဆင်ပေးထား ပါသည်။ (၄. ၈၆၆) သည် ကျွန်ုပ်တို့အား လုံး၏ဂဏန်းဖြစ်သည်။ တစ်တောင်လုံး ရှိ ဖက်စပ်များ၊ လုပ်ငန်းရှင်များ၊ ဈေး ဆိုင်များအားလုံး စကားပြောစက်များ ကိုယ်စီကိုင်ခြင်းဖြင့် လုပ်ငန်းတွင်ကျယ် စေပါသည်။ ကျွန်ုပ်တို့သည် အဆင့်မြင့် ဂျပန်လုပ် အိုင်ကွန်စက်များကိုင်ကြပါ သည်။

"ဦးကျော်စိုး၊ဦးကျော်စိုးကြားလား"

"ကြားတယ် လောပန်၊ ပြောပါ"

"ဦးကျော်စိုး၊ ခဲတောင်ရဲ့မြောက် ဘက်စောင်းက (-) လုပ်ကွက်ကိုသိ လား"

"ဟုတ်ကဲ့-သိပါတယ်၊ အထဲတော့ မရောက်ဖူးဘူး"

"အေးကွာ၊ အဲဒီဖက်စပ်လောပန် က သူ့လုပ်ကွက်ထဲက တွင်းထဲမှာ ခေါင်း စားတစ်ခုလာဖွင့်ပါလို့ပြောနေတယ်ကွ။ အဲဒါ ကျောက်ထွက်အခြေအနေနဲ့ လုပ် ရပ်ကိုက်နိုင်၊မကိုက်နိုင် ထွန်းနိုင်ကိုခေါ် သွားပြီး လေ့လာကြည့်ပါ"

"ဟုတ်ကဲ့ - လောပန်၊ ထွန်းနိုင်ကို ခေါ်ပြီးသွားကြည့်လိုက်ပါ့မယ်"

"အိုကေ အိုကေ ဒါပဲ"

ဟုပြောပြီး စက်ချသွား၏။ စကား ပြောစက်သည် ဖုန်းကဲ့သို့မဟုတ်ပါ။ (၄. ၈၆၆)ဖွင့်ထားပါက ဖွင့်ထားသူတိုင်း ဘယ်သူဘာပြောပြောကြားနေရပါသည်။ ကြားဝင်ပြော၍လည်းရ၏။ သို့သော် ကိုယ်နှင့်မဆိုင်က ဝင်ပြောလေ့မရှိကြ ပါ။

ထွန်းနိုင်ဆိုသော လက်ထောက် ကျင်းဆင်းမန်နေဂျာသည် တရုတ်လူမျိုး ဖြစ်ကာ လောပန်လူယုံဖြစ်ပြီး လောပန် နှင့်အတူနေသူဖြစ်သည်။လောပန်လည်း တန့်ယန်းသားဖြစ်သလို ထွန်းနိုင်လည်း တန့်ယန်းသားဖြစ်သဖြင့် လူယုံမွေးထား ခြင်း ဖြစ်ပေ၏။

တွင်းသည် နေ့ရောညပါဆင်းရ ရာ ကျင်းဆင်းမန်နေဂျာနှစ်ဦးရှိ၏။ နောက်တစ်ဦးမှာ တရုတ်အားထောင်ဖြစ် သည်။ အားထောင်သည် တရုတ်ပြည် ယူနန်နယ်သားဖြစ်ပြီး မြန်မာစကား၊ ရှမ်း စကားတို့ပင်လျှင် အထိုက်အလျောက် ပြောတတ်နေပြီ ဖြစ်သည်။ လက်ရှိလုပ် ကိုင်နေသောနေရာသည် လုပေါ့ရပ်ကွက် ထိပ်၌တည်ရှိသည့် နာမည်ကြီး (လ/ ၂၅) လုပ်ကွက်ဖြစ်သည်။ တွင်တွင် ကျယ်ကျယ်လုပ်ကိုင်ရသဖြင့် အကျိုးအ မြတ်အတော်ရှိသောလုပ်ငန်းဖြစ်ပေ၏။

မကြာမီပင် ကျွန်ုပ်နှင့်ထွန်းနိုင်တို့ သည် ဆိုင်ကယ်တက္ကစီဖြင့် ခဲတောင်ကြီး မြောက်ဖျားတောင်စောင်းရှိ(-)လုပ်ကွက် သို့ရောက်ခဲ့ပါသည်။ လုပ်ကွက်တစ်ကွက် ၏ဧရိယာသည် ပေတစ်ရာပတ်လည်ဖြစ် သည်။ သို့သော် ထိုလုပ်ကွက်ကား မြေ အနေအထားပေါ် မူတည်၍ အနံကျဉ်း ကာ အလျားရှည်သော ရှည်မျောမျော လုပ်ကွက်ဖြစ်သည်။ ထိုကုမ္ပဏီသည် လည်း ဝလူမျိုးပိုင်ဆိုင်သောကုမ္ပဏီ ဖြစ် သည်။

လုပ်ကွက်၏ အခြေအနေသည် မိမိ၏လုပ်ကွက်၌ ခဲပစ်စာများပစ်စရာ နေရာမရှိပါ။ ပစ်စာများအား ကားကြီး ဖြင့်တင်၍ ခဲတောင်ကြီး၏တောင်ဘက် ဖျား၌ သွားရောက်စွန့်ပစ်ရရာ ကုန်ကျ စရိတ်မသေးလှပါ။ထို့ပြင် ကျောက်ထွက် နှုန်းမှာလည်း အလွန်နည်းကြောင်း လေ့လာသိရှိရလေ၏။

အဓိကစကားပြောသည်မှာ ထွန်းနိုင် သာဖြစ်ပါသည်။ တာဝန်ရှိသူတို့မှာ တရုတ်များသာဖြစ်သဖြင့် တရုတ်လို ပြောကြရာ ကျွန်ုပ်အနေနှင့် နားမလည် ပါ။ ကျွန်ုပ်တို့သည် ခဲသားအနေအထား များလေ့လာရန် တွင်းထဲသို့ လှည့်လည် ကြည့်ရှုပါသည်။

"ဦးကျော်စိုး၊ တွင်းကအခြေအနေ သိပ်မကောင်းဘူးဗျ။ သူတို့ဟာသူတို့ ရှုပ်ထွေးနေတယ်"

"ဘာတွေရှုပ်ထွေးနေတာလဲ"

"နေဦးဗျ၊ ဟိုရောက်မှပြောပြမယ်"

"တွင်းထဲဆင်းကြည့်ဦးမလား"

"ဆင်းမနေနဲ့၊ သူတို့ အမှုတစ်ခု ဖြစ်နေတယ်။ ကျောက်ထွက်လည်းပါး တယ်၊ လုံးဝမကိုက်နိုင်ဘူး။ ခဏနေပြန် ကြရအောင်ဗျာ"

ဟု ထွန်းနိုင်ကဆို၏။ အတန်ငယ် လှည့်ပတ်ကြည့်ရှုပြီးသော် ကျွန်ုပ်တို့ပြန် ခဲ့ကြလေ၏။ ဖက်စပ်ပြန်ရောက်သော် ထိုဖက်စပ်၏အမှုကို ထွန်းနိုင်ကပြောပြ လေ၏။

■ ကျောက်ကြီးတစ်ပွင့်

ထိုဖက်စပ်၌ ပင်မလေးပင်ကျင်း တစ်ကျင်းမှ အောက်ထဲတွင် ခေါင်းစား သုံးခုဖွင့်၍ စကျင်ကျောက်များထုတ်လုပ် ပါသည်။ ခေါင်းစားအမှတ်(၂)၏ နေ့ဆိုင်း ကျင်းဆရာမှာ ကိုအောင်ကိုး ဖြစ်သည်။ လက်ထောက်ကျင်းဆရာတစ်ယောက်၊ နောက်လိုက်ငါးယောက်၊ အုပ်ချုပ်သူ အင်ချတ်အားဝူမှာမူ ဝလူမျိုး ဖြစ်သည်။

ဝအမျိုးသားပိုင်ဆိုင်သောဖက်စပ် ၌ တရုတ်လောပန်မှ ငွေကြေးအကုန်ကျ ခံကာလုပ်ကိုင်သဖြင့် အုပ်ချုပ်သူတို့မှာ တရုတ်နှင့် ဝလူမျိုးများ ဖြစ်ကြသည်။ လုပ်သားတို့မှာမူ အများအားဖြင့် ဗမာ တိုင်းရင်းသားများဖြစ်ကြပါသည်။

ခေါင်းစား၏ရှေ့မျက်နှာစာစကျင် ကျောက်နံရံသည် ဖြူဖွေးလျက်ရှိ၏။ လက်ထောက်ကျင်းဆရာနှင့် နောက် လိုက်နှစ်ယောက်တို့သည် ဂန်းခေါ် ကျောက်ဖောက်စက်ကိုယ်စီဖြင့် ယမ်းခွဲ ရန် အပေါက်များဖောက်လျက်ရှိကြ

www.burmeseclassic.com

www.burmeseclassic.com

သည်။ စိန်လွှန်မှုခေါ် စိန်သွားဖြင့်ဖောက်ရာ နှစ်မိနစ်၊ သုံးမိနစ်လျှင် တစ်ပေါက်ရပါသည်။ ဖြန့်ကြက်၍ထိုးထားသော အပေါက်တို့သည် အပေါက်(၅၀)ရှိသည်နှင့် ယမ်းတစ်သုတ်ခွဲရန် ကိုအောင်ကိုးက ညွှန်ကြားပါသည်။

ဒီတိုနေတာထည့်ထားသောယမ်းသိပ်များအား နောက်လိုက်တို့က ကျွမ်းကျင်စွာလိပ်၍သိပ်ပါသည်။ သိပ်ပြီးသည်နှင့် ဝိုင်ယာစများအား ဘယ်၊ညာမှားရအောင်လိုက်၍ဂွိုင်းပြီး ဝိုင်ယာကြိုးခွေအား လုံခြုံစိတ်ချရသောအကွယ်သို့ယူခဲ့ပါသည်။ တပ်ဆင်ထားသော မီးဝလပ်ပါဖြုတ်၍ယူခဲ့ရပါသည်။

အားလုံး အကွယ်သို့ရောက်သည်နှင့် မိမိတို့ လူစေ့၊ မစေ့ကြည့်ရသည်။ လူစုံသည်နှင့် တစ်ယောက်က မီးပလပ်ခုံငယ်လေးယူပေး၏။ တစ်ယောက်က ကြိုး၏ ဘယ်ကြိုး၊ ညာကြိုးကို ဝလပ်ပေါက်ထဲ ဆက်ခနဲထိုးထည့်လိုက်၏။

"ဂျိန်း. . . ဝေါ"

ဟူသော ဒီတိုနေတာ(၅၀)၏ပေါက်ကွဲသံကြီးသည် နားပင်းလုမတတ်မြင်းထန်လှပါသည်။ ကွဲကြေလွင့်စဉ်လာသော စကျင်ကျောက်အစအနတို့သည်တျည်ဆန်အလား ကြောက်စရာအလွန်ကောင်းလှတာ နံရံတို့ကို လာမှန်လေ့ရှိသည်။ သို့ကြောင့် လုံခြုံစိတ်ချရသောနေရာတွင် ပုန်းခိုနေကြရပါသည်။ ခွဲပြီးသည်နှင့် ယမ်းငွေ့များမှောင်ပိန်း၍နေ၏။ သို့သော် ယမ်းငွေ့တုန်စင်အောင်စောင့်နေလေ့မရှိပါ။ ခဏကြာလျှင်ပင် မီးလုံးကိုဆွဲယူတာ ဘေးငုတ်တွင်ချိတ်၍ လုပ်ငန်းစကြလေ့ရှိသည်။

ဦးစွာကြည့်ရသည်မှာ အန္တရာယ်ပေးနိုင်သော ကျောက်လွှာများဖြစ်ရာ ကိုအောင်ကိုးသည် ပြုတ်ကျနိုင်သော ကွဲအက်နေသည့် ကျောက်လွှာတို့ကို သံချောင်းရှည်ဖြင့်ထိုး၍လိုက်၍ဖြုတ်ချရ၏။ ပြီးသည်နှင့် ခဲများရိုက်ခွဲခြင်း၊ ကျောက်ပါမပါကြည့်ခြင်း၊ ဆာလာအိတ်ထဲသို့ထည့်ခြင်း၊ အပေါ်သို့တင်ခြင်းတည်းဟူသော လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ကြရပါသည်။

ထိုသို့ စကျင်ကျောက်များရိုက်ခွဲနေစဉ်ဝယ် အင်ချုတ်သည် ကျောက်ဘူးကိုင်လျက် ဘေးမှစောင့်ကြည့်နေရလေ၏။ အင်ချုတ်တာဝန်တား ကျောက်မခိုးစေရန် စောင့်ရှောက်ရသောတာဝန်ဖြစ်သည်။ ယမ်းခွဲလွင့်စဉ်ရာမှ၊ ခဲရိုက်နေရာမှ ကျောက်တွေ့ခဲ့သော် အင်ချုတ်ထိန်းချုပ်ထားသော ကျောက်ဘူး သို့မဟုတ် ကျောက်သေတ္တာထဲသို့ ထည့်ရပါသည်။

"ဖြောင်း. . . ဖြောင်း"

အားကောင်းမောင်းသန်ဖြစ်သော ကျင်းဆရာကိုအောင်ကိုးသည် (၁၈)ပေါင်တူကြီးဖြင့် ကြီးမားသောစကျင်ကျောက်တုံးကြီးကို ကျွမ်းကျင်စွာရိုက်ခွဲလျက်ရှိသည်။ ကျောက်တုံးကြီးအက်ရာပေါ်သည်နှင့် သံချောင်းဖြင့် ကန့်လန့်ကာခွဲချလိုက်သည်။ ကြီးမားသောစကျင်ကျောက်တုံးကြီးသည် နှစ်ခြမ်းကွဲကျသွားလေ၏။

"ဟာ"

ကိုအောင်ကိုး အံ့ဩသွားသည်။ သူရိုက်ချက်ကွဲရာအလယ်၌ မည်းနက်သောကျောက်ကြီးတစ်ပွင့်က ညာဘက်ကျောက်သားနံရံတွင်ကပ်လျက် တည်ရှိနေလေ၏။

"အားဝူရေ ကျောက်ကြီးဟ"

"မြင်ပါတယ် ကျင်းဆရာရဲ့"

"ကျောက်က အတော်လှမှာကွ"

ဟု ပြောပြီး ကိုအောင်ကိုးက လက်ဖြင့် လှမ်းယူလိုက်သည်။

ကျောက်သည် အခွံကျွတ်ကျောက်ဖြစ်တာ ထုစရာခြေစရာမလိုဘဲ မိခင်စကျင်ကျောက်၌ မြေပဲဆန်ပမာချောင်ချောင်ချိချိ သန္ဓေတည်နေခြင်းဖြစ်ပေတော့၏။ ကျောက်၏အခွံ၌ ထုံးမှုန့်ပါးပါးလေး အမြှေးသဖွယ်သာကပ်၍နေပါသည်။ ထိုကျောက်မျိုးအား အခွံကျွတ်ကျောက်ဟုခေါ်ပြီး အရည်အသားလုံးဝ ပြောစရာမလိုသောကျောက်စစ်ကျောက်ကောင်းဖြစ်ကြောင်း ကျောက်လောကသားအားလုံးသိပြီး ဖြစ်သည်။ စကျင်ကျောက်သားနှင့်ကပ်နေ၍ ထုရ ညှပ်ရသောကျောက်တို့သည် စင်းလုံးကျောက်တို့မဟုတ်ကြပါ။ အချို့အခွံကျွတ်ကျောက်တို့မှာ ကွဲကြောင်းမိပါက အမြင်သို့ကျွတ်ကျကြပါသည်။ ထို့ကြောင့် ယမ်းခွဲပြီးသည်နှင့် အသေအချာကြည့်ကြရပါသည်။ အခွံကျွတ်ကျောက်ကား ရတောင့်ရခဲဘိခြင်းဖြစ်ပေ၏။

ကျင်းဆရာက ကျောက်ကို တဲတွေးဆွတ်ကာ ဓာတ်မီးဖြင့်ထိုးကြည့်လိုက်သည်။ ကျောက်ရည်ကာ မဉ္ဇူရည် (ခေါ်) လယ်သီးရည်ဖြစ်ပါသည်။ အရွယ်ပမာဏမှာ အခွံကျွတ်ပြီးသား ကွမ်းသီးပြောင်လောက်ရှိပေ၏။

"အားဝူရေ အိုကေပြီဟ။ ဒီတစ်ခါ အစုဖြုတ်ရင် ငါတို့တော့သောပြီကွ။ တဲ-ဟောဒီမှာနော် အားလုံးရှေ့မှာထည့်လိုက်ပြီ"

ဟု ပြောပြီး ကျောက်ဘူးထဲသို့ ထည့်လိုက်လေ၏။ ကျသွားသံသည် ဂလောက်ခနဲနေ၏။ အားလုံးမှာပျော်မြူးနေကြပါသည်။ တွင်းသမားတို့၏အဓိက မျှော်လင့်ချက်သည်ကား ကျောက်ကြီးကျောက်ကောင်းရရေးသာဖြစ်သည်။

အားအလွန်ရှိသွားသောကျင်းဆရာနှင့်ကျင်းသားတို့မှာ အားတက်သရေရှိကြသဖြင့် မော၍မောရမှန်းမသိကြတော့ပေ။ အားဝူမှာမူ ခေါင်းစားနံရံကိုမှီကာ ကျောက်ဘူးကိုဘေးမှာထားလျက် တွင်းသမားအုပ်စုကို စိမ်ပြေနပြေထိုင်ကြည့်နေလေ၏။ သူ့အလုပ်မှာမျက်ခြည်မပြတ်ကြည့်ရမည့်တာဝန်ပင် ဖြစ်သည်။ အင်ချုတ်မဟုတ်ပါလား။

## ■ ပျောက်သွားသောကျောက်ကြီး

အပေါ်သို့ ဝင့်စပယ်ဖြင့်တစ်ခါတက်လျှင် သုံးယောက်နှုန်းဖြင့်တက်ကြရသည်။ ကျင်းဆရာက အောက်တွင် ခဲများရိုက်ခွဲရာမှရသော ကျောက်ဝါသည့်ခဲကပ်အိတ်ကိုကိုင်ရ၏။ အင်ချုတ်က အခွံကျွတ်ထည့်သော ကျောက်ဘူးကိုကိုင်ရ၏။ အပေါ်သို့ရောက်သည်နှင့် တစ်ခါတက်လာသော(၃)ဦးကို အပေါ်လုံခြုံရေးက စစ်ဆေးသမှုပြုသည်။

စစ်ဆေးခြင်းကား ရိုးရိုးမဟုတ်ပေ။ တွင်းထဲကတက်လာကြသူမှန်သမျှအား တုံးလုံးချွတ်ကာ ဖင်ကုန်းချောင်းဆိုးခေါ် စစ်ဆေးနည်းဖြင့် စစ်ဆေးခြင်းဖြစ်သည်။ ဦးစွာ ပါးစပ်ဟပြီး လျှာကိုတစ်ပြရ၏။ ပါးစပ်ထဲ ကျောက်ငုံမငုံစစ်ဆေးပြီး ချိုင်းကြားမြှောက်ပြရ၏။ ပြီးလျှင် ကပ်ပယ်အိတ်၌ ဝှက်ထားခြင်းရှိမရှိလှန်လှော်ပြရ၏။ ပြီးသော် ဖင်ကုန်းကာဖြဲပြပြီး ချောင်းဆိုးပြရ၏။ ချောင်းဆိုးသံကို ခပ်ပြင်းပြင်းဆိုးပြရသည်။ ကျောက်ကို စအိုထဲထိုးထည့်ခဲ့သော် ထိုသို့ချောင်းဆိုးပြပါက စထွက်လာတတ်ပေ၏။ ဖင်ကုန်းချောင်းဆိုးပြီးသော် စစ်ဆေးမှုပြီး၍ အဝတ်ကောက်ဝတ်ကာ သွားနိုင်ကြပြီဖြစ်သည်။ ဤသည်မှာ ခဲတောင်ကြီးရှိ ဖက်စပ်တိုင်းသုံးကြသော စစ်ဆေးနည်းဖြစ်သည်။

အင်ချုတ်အားဝူနှင့် ကျင်းဆရာကိုအောင်ကိုးတို့သည် ကျောက်အပ်ရာဌာန၌ ကျောက်အပ်ကြမည်ဖြစ်သည်။ ခဲကပ်အိတ်အား တံဆိပ်စည်းကာ အပ်ပြီးနောက် ကျောက်ဘူးကိုသွန်၍ ကျောက်တို့အား နေ့စွဲတံဆိပ်စည်း၍ လက်မှတ်ထိုးကာ အပ်ရမည်ဖြစ်ရာ

www.burmeseclassic.com

www.burmeseclassic.com

အားဝှသည် ကျောက်ဘူးကို ထာထဲသွန်ထည့်လိုက်၏။ ဂလောက်လောက် ... ဟူသောမြည်သံနှင့်အတူ အခွံကျွတ်ကျောက်တို့ထွက်လာ၏။ ပြင်ပဒ္ဒလှပစွာမြင်ရမည်ဟု ခန့်မှန်းထားသော ကျောက်ကြီးကား ပါမလာပေ။ အခြားအခွံကျွတ်ကျောက်ငယ်တို့သာ ထွက်ကျလာပါသည်။

"ဟင်"

ကိုအောင်ကိုး အရမ်းအံ့ဩသွားသည်။ ကျောက်ကြီးကျောက်ကောင်းကား ပါမလာတော့ပါ။

"ဟေ့ကောင်အားဝှ၊ ကျောက်ကြီးရော"

ကိုအောင်ကိုးက ဒေါသတကြီးမေးသည်။

"ဟာ - ဘယ်သိမလဲ၊ ငါလည်း ဒီအတိုင်းကိုင်ထားတာပဲ"

"ဟေ့ကောင် အားဝှ၊ မင်းကြောင်တောင်တောင်မလုပ်နဲ့နော်။ ဒီကျောက်ဘူးထဲ ကျောက်ကြီးထည့်လိုက်တာအားလုံးရဲ့ရှေ့မှာပဲ"

"အဲဒါ ငါသိတယ်၊ ငါမယူတာအမှန်ပဲ။ ငါ့ကိုယ်ပေါ်မှာ ကြိုက်သလိုရှာလို့ရတယ်"

ဟု အငြင်းပွားလျက်ရှိရာ အပေါ်လုံခြုံရေးများနှင့် မန်နေဂျာကြီးရောက်လာခဲ့လေ၏။ ဖြစ်ကြောင်းကုန်စင် သိသွားကြ၏။

"ကဲ - ကိုအောင်ကိုး၊ ခင်ဗျားလူတွေ အကုန်ခေါ်မယ်။ ဟေ့ လုံခြုံရေးခေါင်းစားအမှတ် (၂)ကလူတွေအကုန်ခေါ်ခဲ့"

ဟု မန်နေဂျာမှခိုင်းရာ ခဏအတွင်း ရောက်လာကြတော့၏။

"ကဲ - မင်းတို့တစ်တွေ ဟောဒီကျောက်ဘူးထဲ ကျောက်ကြီးတစ်ပွင့်ထည့်တာ အားလုံးမြင်လိုက်ကြလား"

"မြင်ပါတယ် မန်နေဂျာကြီး၊ အရှယ်က ကွမ်းသီးပြောင်လောက်ရှိပါတယ်"

ဟု တညီတညွတ်တည်းဖြေကြပါသည်။

"ကဲ - အားဝှ မင်းဘာပြောမလဲ"

"ဟုတ်ပါတယ်၊ အားလုံးရှေ့မှာထည့်တာပါ။ ဒါပေမယ့် အခု ဘာလို့အဲဒီကျောက်ပါမလာလဲဆိုတာတော့ ကျွန်တော်မသိပါဘူး"

"ကျင်းဆရာ၊ ကျောက်ရဲ့အရည်အသွေးကရော"

"ဘာမှကိုပြောစရာမလို့တဲ့ကျောက်ပါ မန်နေဂျာကြီး"

"အေး - ဟုတ်ပြီ။ ကဲ- လုံခြုံရေးတွေ ဒီကောင့်ကို ထုံးစံအတိုင်း စစ်ဆေးကြပါ။ ဒီကျောက်က ပျောက်လို့မရဘူး။ ရတောင့်ရခဲ ကျောက်မျိုးပဲ။ လက်တော့မလွှန်ကြစေနဲ့"

ဟု လုံခြုံရေးတို့ကို မှာကြားပါသည်။ လုံခြုံရေးတို့သည် ချက်ချင်းပင် လက်ပြန်ကြိုးတုပ်ကာ ခြေထောက်တွင် ကြိုးချည်၍ ထုပ်တန်းတွင် စောက်ထိုးဆွဲကာ ရိုက်နှက်မေးမြန်း စစ်ဆေးကြလေတော့၏။ ဤသည်မှာ ထုံးစံဖြစ်ပါသည်။ (ထိုအဖြစ်မှာ ကျွန်ုပ်တို့မရောက်မီ အရင်နေ့ကအဖြစ်အပျက်ဖြစ်၏။)

ကျောက်မျက်တာဝန်ရှိသူတို့ကမူ အမှုအခင်းဖြစ်ပါက သူတို့လက်ထဲအပ်ရန် မည်မျှညွှန်ကြားစေကာမူ လူတိုင်းသည် အချုပ်တို့ထောင်တို့ကို ကြောက်လေ့မရှိပါ။ တစ်သက်စာစားလောက်သော ကျောက်ကြီးကျောက်ကောင်းများ ရရန်သာ အဓိကကျပါသည်။ ကျောက်ခိုးသည်မှာ အဆန်းမဟုတ်ချေ။

ကျောက်ခိုးသော် ရိုက်နှက်၍ စစ်ဆေးမေးမြန်းမည်ကို လူတိုင်းကသိ၏။ ကျောက်ကြီးကျောက်ကောင်းအတွက် အသက်စွန့်၍ခိုးကြသည်မှာ အများအပြားဖြစ်သည်။ သေလျှင်မြေကြီးရှင်လျှင် ရွှေထီးဟူသောစိတ်ကိုမွေးကြခြင်း ဖြစ်ပေ၏။ အချို့မှာမူ ဖွတ်မရအားမဆုံးဟူဘိသို့ ကျောက်လည်းမရဘဲ နှိပ်စက်ညှဉ်းပန်းခံရခြင်းသာ အဖတ်တင်သည်တို့လည်း ရှိကြလေ၏။

အရွယ်ကောင်း၊ အရည်ကောင်း၊ အသားကောင်း ကျောက်ကြီးအား မြင်ရခဲ ကြုံရခဲ ရတောင့်ရခဲဖြစ်ရာ အားဝှသည် ထိုတစ်သက်စာစားလောက်အောင် တန်ဖိုးကြီးသောကျောက်ကြီးအားယူထားခြင်းဖြစ်နိုင်လောက်ပေ၏။ လုံခြုံရေးတာဝန်ယူထားသူများမှာ ဝလူမျိုးများဖြစ်သလို အင်ချတ်များမှာလည်း ဝလူမျိုးတို့သာဖြစ်သည်။ သို့သော် သူတို့သည် လူချင်းမည်မျှခင်ပါစေ၊ အထက်ကပေးသောတာဝန်ကိုသာ ဦးထိပ်ထားသူများဖြစ်ကြလေ၏။ တာဝန်၌ ရင်းနှီးမှုမရှိ၊ ဆွေမျိုးမရှိ၊ လူမျိုးမရှိ၊ ခွဲခြားမှုမရှိ၊ ငဲ့ညှာမှုမရှိ တာဝန်သည် တာဝန်သာဖြစ်ရာ အားဝှအား စစ်ဆေးကြ၏။ ဘူးတစ်လုံးဆောင်နေသော အားဝှအား ခြောက်ပေါက်ထဲတွင်ထည့်ကာ ချုပ်နှောင်ထားကြပြန်လေ၏။

■ ပြကျောက်များပေသော

တွင်းဆရာ ကိုအောင်ကိုးသည် မိုးကုတ်မှကျွမ်းကျင်တွင်းဆရာဖြစ်သည်။ မြန်မာလူမျိုးဖြစ်သည်။အသက်မှာ (...) ခန့်ရှိပြီးဖြစ်ပြီး ရွှေဘိုနွယ်ဖွားဖြစ်သ... ခပ်ညိုညိုခပ်တောင့်တောင့်ဖြစ်ပေ...

အင်ချတ် အားဝှအား မည်... စစ်ဆေးစေကာမူ သူမယူပါကြောင်း ဘူးတစ်လုံးသာဆောင်လျက်ရှိပေသည်... ဒီပုံအတိုင်းဆိုပါက အားဝှသာသေ... သွားနိုင်သည်၊ ကျောက်ကြီးကား မြင်... ရန်လမ်းမမြင်ပါ။ ဝမ်းထဲမျိုချထားသ... အထင်နှင့် ဝမ်းလည်းချပြီးပြီဖြစ်သည်... ဝမ်းထဲ၌လည်း မတွေ့ပါ။ အဖြစ်မှာ ဆန်းကြယ်သလိုဖြစ်နေလေ၏။ အ... တကယ်ပင် အားဝှမယူရပါဘဲ ကျော... ကြီးပျောက်သွားခဲ့လေသလားဟူသော အတွေးက ကိုအောင်ကိုးကို စိုးမိုးလျက် ရှိ၏။

မိုးကုတ်၌ တွင်းမျိုးစုံတို့ကို ဦးစီး လုပ်ကိုင်ခဲ့ဖူးသော ကိုအောင်ကိုးသည် အတွေ့တစ်ခုဝင်လာခဲ့လေ၏။ ထိုသည်မှာ ပတ္တမြားတို့၏ ဂမ္ဘီရဆန်စွာ ဆန်းကြယ်လှန်းလှသော ပြကျောက်ဖြစ်ချေ၏။ ထိုပြကျောက်တို့၏သဘောသဘာဝကိုလည်း သိထားပြီးဖြစ်သည်။ သူကိုယ်တိုင်ရလိုက်သော ပတ္တမြားကြီးသည် အားဝှသာ အမှန်တကယ်မယူခဲ့ပါက ထိုကျောက်သည် ဆန်းကြယ်စွာ ပျံသန်းထွက်ခွာသွားသော ပြကျောက်ကြီး ဖြစ်နိုင်ပါသည်။

အားဝှသည် ရိုးသားဖြောင့်မတ်၏။ အပျော်အပါးလိုက်စားခြင်းမရှိ၊ နာမည်ပျက်လည်းမရှိခဲ့ဘူးပေ။ သဘောမနောပြည့်ဝသောအင်ချတ်တစ်ယောက်သာ ဖြစ်သည်။ ပေါင်းသင်းခဲ့သည်မှာလည်း ကာလအတန်ကြာခဲ့ပြီဖြစ်၍ ရင်းနှီးကျွမ်းဝင်နေ၏။ သူတို့သည် အထက်မှပေးသောတာဝန်ကို ကျေပွန်စွာထမ်းရွက်လေ့ရှိကြ၏။သစ္စာတရားဦးထိပ်ထားသူများဖြစ်သည်။ ယခုသော် ကျောက်ထိန်းသိမ်းသော အားဝှ၏ ခေါင်းပေါ်တွင် ကျောက်ပျောက်မှုကြီးကတင်လျက် ရှိနေလေ၏။ သို့ကြောင့် မသက်သာလှပေ။

ထိုပြကျောက်၏ အကြောင်းကို မန်နေဂျာအား တင်ပြပါတလည်း မယုံချင်စရာပုံပြင်ပမာဖြစ်သဖြင့် လက်ခံမည် မဟုတ်ပါ။ လက်ထဲရောက်ပြီးသော ပတ္တမြားကြီးပျောက်ဆုံးသွားသဖြင့် ကျောက်အရှုပ်တော်ပုံကြောင့် တွင်းနား



www.burmeseclassic.com

www.burmeseclassic.com

ထား၏။ အခြားသောခေါင်းစားများ ဆသာဆင်းခွင့်ရကြပါသည်။ ကိုအောင်ကိုးတို့၏ခေါင်းစားနားထားခြင်းမှအမ ဖက်စပ်ကား ပုံမှန်လည်ပတ်လှုပ်ရှား လျက်ရှိချေ၏။

■ လောပန်တို့ရောက်လာပြီ

သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ ဟူသည် လွန်စွာရခဲလှပေ၏။ ကျောက်ကောင်းတစ်စေ့ရပါလျှက် ပြန်လည်လက်လွတ်ဆုံးရှုံးသွားရသောကိစ္စအား လောပန်ကြီးထံတင်ပြသောအခါ လောပန်ကြီးနှင့် လောပန်ကြီး၏ညီတို့ တန့်ယန်းမြို့မှ မိုင်းရှူးရတနာမြေသို့ ရောက်ရှိခဲ့ပါသည်။ လောပန်ကြီး၏ညီမှာ ယခုမှ ဗဟုသုတအဖြစ် လိုက်လာခဲ့ခြင်း ဖြစ်သည်။ သူသည် မြန်မာပြည်အောက်ပိုင်း မြို့ကြီးတစ်မြို့၌ စားသောက်ဆိုင်လုပ်ငန်း ထူထောင်ထားခြင်းဖြစ်ရာ တန့်ယန်းသို့ ရောက်ခိုက် လမ်းကြုံသဖြင့် လိုက်လာခြင်း ဖြစ်သည်။ ကျောက်မျက်အလုပ်ကို စိတ်ဝင်စားသူမဟုတ်သလို မြင်လည်း လုံးဝမမြင်ဘူးပေ။

လောပန်ကြီးသည် အခြားအလုပ်တို့ဖြင့် လည်ပတ်လုပ်ကိုင်လျက်ရှိသဖြင့် သုံးလတစ်ကြိမ် အစုဖြတ်ပါမှ အစုဖြတ်ရန် လာရောက်လေ့ရှိသည်။ လုပ်ငန်းကိစ္စအား မန်နေဂျာကိုလွှဲထားပြီး ငွေကြေးကိစ္စကိုသာဘဏ်မှတစ်ဆင့်လွှဲပေးလျက်ရှိ၏။ လောပန်အများစုသည် ထိုနည်းနှင်နှင်သာ ဖြစ်ကြလေသည်။ အနည်းစုသာ လောပန်ကိုယ်တိုင် လာရောက်နေထိုင်တတ်ကြ၏။

အားဝူအား လောပန်ကြီး ကိုယ်တိုင်ခေါ်ယူမေးမြန်းခြင်းပြုသည်။ အားဝူမှာ ကျောက်ကြီးအား ကျောက်ဘူးထဲထည့်ပြီးနောက် ကျောက်ဘူးကို ဘေးတွင်ချကာ အလုပ်လုပ်ရာဆီသို့သာ အာရုံစိုက်၍ တစ်ချိန်လုံးကြည့်ရှုနေခဲ့ပါကြောင်း၊ အကယ်၍သာ ကျောက်ဘူးထဲမှကျောက်ကို ကျောက်ဘူးဖွင့်ကာ နှိုက်ယူနေပါက အနီးရှိ အလုပ်သမားအားလုံးမြင်နိုင်ပါကြောင်း၊ ယူလည်းမယူရဲပါကြောင်း၊ ယူရန်လည်း စိတ်ကူးမရှိပါကြောင်း၊ အပေါ်ရောက်၍ ကျောက်ဘူးသွန်ပါမှ ကျောက်ကြီးမပါတော့မှန်း သိရပါကြောင်း တရုတ်ဘာသာစကားဖြင့် ရှင်းပြပါသည်။

ဝလူမျိုးအများစုတို့သည် မိခင်ဝစကား၊ တရုတ်စကား၊ ရှမ်းစကား၊ မြန်မာစကား ဟူ၍ လေးဘာသာ တတ်ကျွမ်းကြပါသည်။ ထို့ကြောင့် လောပန်ကြီးနှင့် တရုတ်လိုပြောဆိုနိုင်ခြင်း ဖြစ်သည်။ ထိုသို့ကြားရသောအခါ အားဝူ၏မျက်ဝန်းတို့သည် လိမ်ညာခြင်းမရှိဘဲ ပကတိပင် ရိုးသားတည်ငြိမ်သည်ကို တွေ့ရသဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်း ထပ်မပြုရန် မှာကြားပါသည်။

ထိုသို့ကြည့်ရသောအခါ ကျောက်ပျောက်သွားသည်မှာ လွန်စွာဆန်းကြယ်နေသည်ကိုတွေ့ရလေ၏။ ကျောက်မျက်လုပ်ငန်းလုပ်သည်ဟူရာဝယ် ငွေပိုငွေလျှံရှိသူတို့သာ စွန့်လွှတ်စွန့်စား၍လုပ်ကိုင်ကြရကြောင်း အားလုံးသိထားပြီးဖြစ်၏။ မမြင်ရသောမြေကြီးအောက်ထဲမှရတနာကို အရဲကိုးရှာရခြင်းဖြစ်ရာ ကံမကောင်းအကြောင်းမလှသော လောပန်တို့မှာ ပြုတ်ပြုတ်ပြုန်းသွားကြရသည်တို့ ရှိခဲ့ကြပါသည်။

ဖက်စပ်တစ်ခုတည်ထောင်ရာဝယ် ငွေအားကိုသွန်၍ လူအား၊ စက်အားဖြင့် အကြီးအကျယ်လုပ်ကိုင်ကြရရာ ကျောက်မထွက်ပါက၊ ကျောက်ထွက်သော်လည်း ကျောက်ကြီးကျောက်ကောင်းမပါပါက ရေရှည်ရပ်တည်ရန် ခက်ခဲလှပေ၏။ မိုင်းရှူးရတနာမြေ၌ အတော်အတန်ချမ်းသာ ရှိမှဖြင့် ဖက်စပ်မထောင်နိုင်ကြပါ။ ငွေပိုငွေလျှံရှိစေဦးတော့၊ ကျောက်မထွက်ခဲ့သော် ရေရှည်ရပ်တည်နိုင်စွမ်းမရှိကြပါ။ အဘယ်ကြောင့်ဆိုသော် ရင်းနှီးရသော ငွေကြေးထုထည် ကြီးမားလွန်း၍ ဖြစ်သည်။

■ ယာယီအင်ချာ

"ကဲ - ကိုအောင်ကိုး၊ ခင်ဗျားတို့ ခေါင်းစားပြန်ဆင်းလို့ရပြီ။ အင်ချာ အနေနဲ့ ယာယီအင်ချာအဖြစ် လောပန်ကြီးရဲ့ညီ အားကျူးက တာဝန်ယူလိမ့်မယ်။ သူက မိုင်းရှူးကို ခုမှရောက်ဖူးတာ။ ဆင်းတဲ့အခါ ခင်ဗျားတို့ တွင်းဆရာနှစ်ယောက်က ဘယ်ညာရံပြီးဆင်းပါ"

"ဟုတ်ကဲ့ပါ မန်နေဂျာ"

"အားကျူးကို ဘာလုပ်ရမယ်ဆိုတာ ပြောပြထားပြီးပြီ။ အောက်မှာ သူ့ကို နေရာချပေးပါ။ သူက လောပန်ကြီး ပြန်ရင် ပြန်မှာပါ။ အင်ချာနောက်တစ်ယောက် အစားထိုးပေးပါ့မယ်"

"ဟုတ်ကဲ့ မန်နေဂျာ"

"ကဲကဲ - ပြင်ဆင်တော့"

ဟု မန်နေဂျာထံမှ ခွင့်ရသည်နှင့် ကိုအောင်ကိုးအဆိုင်းတွင်းဆင်းခွင့်ရကာ တွင်းဆင်းကြပါသည်။ ပေ(၈၀၀)ခန့်နက်သောတွင်းဖြစ်သဖြင့် နက်ရှိုင်းလှရာ ဝင့်ခြင်းနှုတ်ခမ်း၌ အားကျူးအား ဘယ်ညာရံကာ စက်သီးဖြင့်တငြိမ့်ငြိမ့်ဆင်းကြရပါသည်။ အားကျူးမှာ အတွေ့အကြုံအသစ်မို့ ကျေနပ်၍နေလေ၏။

"ကျင်းဆရာ၊ စက်လှေကားစီးရသလိုပဲနော်။ ဓာတ်လှေကားနဲ့ သဘောတရားအတူတူပဲဗျ။ ဓာတ်လှေကားက အလုံပိတ်လှောင်အိမ်၊ ဒါက လွတ်လပ်စွာစီးခွင့်ရတာ ဒါပဲကွာတယ်"

ဟု ရှင်းပြလေ၏။

အတန်ငယ်စီးသော အောက်သို့ ရောက်ကာ ခေါင်းစားထဲဝင်ခဲ့ကြလေ၏။ ခေါင်းစားမီးခလုတ်တို့ကို ဖွင့်လိုက်ရာ ခေါင်းစားထဲ၌ (၆၀) ဝ ့ မီးသီးရောင်တို့ဖြင့် ထိန်သွားလေ၏။ ခေါင်းစားသည် ပေ (၃၀) ခန့်ရှိပြီ ဖြစ်သည်။

"ကဲ - ကိုအားကျူး၊ ခင်ဗျားက ဒီနေရာမှာထိုင်ပါ။ ကျွန်တော်တို့လုပ်သမျှကို စောင့်ကြည့်ပါ။ ကျောက်ရရင် ကျွန်တော်တို့က အဲဒီကျောက်ဘူးထဲမှာ ထည့်ပေးမယ်။ ကိုအားကျူးက ကျွန်တော်တို့ကို ကျောက်ခိုး၊ မခိုး စောင့်ကြည့်ဖို့ရယ်၊ ကျောက်ဘူးထိန်းသိမ်းဖို့ရယ် တာဝန်ပါ"

ဟု မှာကာ ကျောက်ဖောက်စက်များယူ၍ ကျောက်နံရံများအား စတင်ဖောက်နေကြလေ၏။ တစ်နေ့တာလုပ်ငန်းများ စတင်လှုပ်ရှားကြပေပြီ။

■ ဒါကျောက်သား

ကိုအားကျူးသည် မသေချာမရေရာသော ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းကို လုံးဝစိတ်ဝင်စားသူမဟုတ်သော်လည်း လမ်းကြုံသဖြင့် မိုင်းရှူးရတနာမြေသို့ ရောက်ခဲ့ရာမှ ဗဟုသုတအဖြစ် တွင်းထဲသို့ဆင်း၍လေ့လာခြင်းဖြစ်ရာ မြင်တွေ့ရသမျှ အထူးအဆန်းတွေဖြစ်၍နေလေ၏။

ဝန်းခေါ် ကျောက်ဖောက်စက် (၃) ခုဖြင့် ကျောက်နံရံအားဖောက်ထွင်းနေကြသည်မှာ ကြည့်၍ကောင်းလှပေ၏။ သို့သော် အတန်ကြာသောအခါ သဘောပေါက်တာ ကြည့်၍ဝသွားလေ၏။ ထို့ကြောင့် အိတ်ထဲမှ စီးကရက်ဘူး ထုတ်ကာ စီးကရက်သောက်ရင်း သူ့ကျောမှီထားသောကျောက်နံရံကို ကိုင်တွယ်ကြည့်ရှုနေပြန်လေ၏။

ထုံးအသွင်ပြောင်းစကျင်ကျောက်

www.burmeseclassic.com

နံရံကား ဖွေး၍နေကာ နှစ်လိုဖွယ်သော အရောင်အသွေးတို့ကို လှစ်ဟ၍ပြသနေလေ၏။ ကိုအားကျူးသည် စိတ်ဝင်တစားကိုင်၍ကြည့်နေမိ၏။ ဤစကျင်ကျောက်တွေထဲ၌ ပတ္တမြားများဥ၍နေသည်ဆိုခြင်းမှာလည်း ဆန်းကြယ်လှပေ၏ဟု တွေးတောနေမိလေ၏။

သူ၏အကြည့်က ခပ်လှမ်းလှမ်းမှ ဝါးခြမ်းတုတ်ငယ်တစ်ချောင်းဆီရောက်ကာ ထိုတုတ်ငယ်ကိုအမှတ်တမဲ့ကောက်ယူပြီး လက်ကဆော့နေမိလေ၏။ ခေါင်းစားထဲတွင်မူ ဂန်းစက်သံများနှင့်ဆူညံ၍နေပါသည်။ ကျောင်းဆရာနှစ်ဦးနှင့် တွင်းသားတစ်ဦးတို့ ဂန်းထိုးနေကြချိန်ဝယ် ကျန်ဖွင်းသားတို့သည် ဂန်းထိုးရာသို့ ငေးမောကြည့်ရှုနေကြပါသည်။

လုပ်စရာဘာမှမရှိဘဲ ထိုင်ကြည့်နေရသော ကိုအားကျူးသည် ကျောက်သို့လှည့်ကာ လက်နှစ်လုံးခန့်ရှိသော ကျောက်နံရံကွဲအက်ကြောင်းထဲသို့ တုတ်ဖြင့်ထိုးကာ ကလော်၍ဆော့နေမိလေ၏။ ဘာရယ်မဟုတ် ပျင်းလွန်း၍ အမှတ်တမဲ့ လက်ဆော့နေခြင်းသာဖြစ်သည်။

မကြာလိုက်ပါ။ထိုကွဲအက်ကြောင်းထဲမှ လုံးဝန်းသော မည်းမည်းအလုံးလေးတစ်လုံးထွက်ကျလာလေ၏။ ထို့ကြောင့် စိတ်ဝင်ထစား ထိုအလုံးလေးကိုကြည့်နေမိပါသည်။ ကျောက်ဆိုတာများလားဟု တွေးမိသဖြင့် မီးရောင်တွင် ထောင်ကြည့်လိုက်ပါသည်။

"ဟာ - နီရဲနေပါလား။ ကျောက်များလားမသိဘူး"

ဟု တွေးမိသဖြင့် ချက်ချင်းပင် -

"ကျောင်းဆရာ၊ ကျောင်းဆရာ"

ဟု အော်ခေါ်လိုက်လေ၏။

ခေါ်သံကြားသဖြင့် ကိုအောင်ကိုးသည် ဂန်းထိုးရပ်လိုက်သည်။ ထိုအခါ အားလုံး ဂန်းထိုးရပ်တန့်သဖြင့် ခေါင်းစားထဲတွင် တိတ်ဆိတ်သွားလေ၏။

"ဘာလဲ ကိုအားကျူး"

"ဟောဒီမှာ နီရဲရဲအလုံးလေးတစ်လုံးဗျ။ ဒါ ကျောက်လားမသိဘူး"

ဟု ဆိုသဖြင့် ဂန်းသွားဆွဲနုတ်ကာ ဂန်းတို့ကို အောက်တွင်ချ၍ ကိုအားကျူးဆီ ရောက်လာကြလေ၏။

"ကဲ - ရော့"

ဟု ကိုအားကျူးက ကိုအောင်ကိုး လက်ထဲအပ်လိုက်လေ၏။

"ဟင်"

ကိုအောင်ကိုး အရမ်းအံ့ဩသွားလေ၏။

"ကျွန်တော်တို့ပျောက်သွားတာ ဒီကျောက်ကြီးပဲဗျ။ ဘယ်ကနေ ဘယ်လိုရတာလဲဗျာ။ အို့ဗျာ ဝမ်းသာလိုက်တာ"

"ဟုတ်လား - အံ့ဩစရာပဲ။ ပျင်းလို့ ဟောဒီအက်ကွဲကြောင်းထဲ တုတ်နဲ့ ထိုးဆော့နေရင်း ထွက်ကျလာခဲ့တာဗျ။ အဲဒါ ကျောက်ပေါ့နော်"

"ဟုတ်တယ် ကိုအားကျူး။ ဒီတွင်းရဲ့သက်တမ်းတစ်လျှောက်မှာ ဒီလောက်လှတဲ့ကျောက် ဒီတစ်ခါပဲရဖူးသေးတာ။ ကျောက်ကြီးပြန်ရလို့ ဝမ်းသာလိုက်တာဗျာ"

"အေးဗျာ ကျုပ်လည်း ဝမ်းသာပါတယ်။ ဒီလိုလုပ်၊ ဒီကျောက်ကိုအပေါ်တက်အပ်လိုက်ကြရအောင်"

"ကောင်းတယ် ကိုအားကျူး၊ ကဲ-မင်းတို့တွေ ယမ်းပေါက်တွေပြီးအောင်ဖောက်ပြီးရင် ခဏနားနေကြ။ ငါတို့ ကိုအားကျူးနဲ့ ကျောက်တက်အပ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ကျောင်းဆရာ၊ ကျွန်တော်တို့ပျော်သွားပြီဗျာ။ ဒါဆို အိုကေမှာ စိုပြည်သွားပြီဗျ"

"ဝေး ဟေး ဟေး ဟေး"

ဟု ကျောင်းသားတို့ကဝိုင်း၍ကောင်းချီးပြုကြလေ၏။ တွင်းစအိုအနီးရောက်သော် အင်တာကွန်းမှတစ်ဆင့် အပေါ်သို့ အကြောင်းကြားပါသည်။

"အပေါ် . . . အပေါ် . . . အပေါ်"

"ကြားတယ် ကြားတယ်၊ ပြောပါ"

"ခေါင်းစားနှစ်ဗျာပါ။ ကျောက်ကြီးတက်အပ်မလို့ ခြင်းချပေးပါ"

"အိုကေ - လာမယ်"

ဟူသော အသံဆုံးသည်နှင့် ဝင့်စက်နိုးသံဟာဒုန်းဒုန်းကို အင်တာကွန်းမှ ကြားရပြီး ခဏအကြာတွင် ဝင့်ခြင်းချသံကြားရလေ၏။

■ ပြကျောက်တို့၏ဆန်းကြယ်ခြင်း

ဖက်စပ်ကုမ္ပဏီ၏ရုံးခန်းအတွင်းဝယ် မန်နေဂျာနှင့် လောပန်ကြီးတို့ထိုင်နေသည်ကို အသင့်တွေ့ရပါသည်။ အပြုံးမန်းကိုယ်စီနှင့် ဝင်လာကြသဖြင့် မင်္ဂလာဆိုသည်ကို သူတို့အလိုလိုသိကြပါသည်။ မန်နေဂျာက ဆီးကြိုမေးပါသည်။

"ပြုံးပြုံးပြုံးပြုံးနဲ့ ဘာကိစ္စလဲ ကိုအောင်ကိုးရဲ့"

"ကျွန်တော်တို့ကျောက်ကြီး ဟောဒီ ကိုအားကျူးကြောင့် ပြန်တွေ့ခဲ့ပြီ မန်နေဂျာ၊ ဟောဒီမှာ"

ဟုပြောကာ ကျောက်ကြီးအားပါးစပ်ထဲမှထုတ်၍ မန်နေဂျာဆီအပ်လိုက်ပါသည်။ လုံးဝန်းသောပုံဆောင်ခဲမိုင်းရှူးပတ္တမြားအစစ်ကြီးတစ်ပွင့်ဖြစ်နေသည်ကို အံ့ဩတကြီး တွေ့မြင်ရသောလောပန်ကြီး၏လက်ထဲသို့ အပ်လိုက်ပါသည်။

"ကိုအားဖောင်၊ ဓာတ်မီးယူခဲ့ဗျာ"

ဟု ဆိုရာ မန်နေဂျာက အခန်းထဲဝင်ပြီး ဓာတ်မီးယူလာပါသည်။ ဓာတ်မီးဖြင့်လှည့်ပတ်ထိုးကာ အပြစ်အနာအဆာရှိ မရှိ စစ်ဆေးကြည့်ပြီး -

"ကျောက်ကကျောက်စစ်ကျောက်ကောင်းပဲ ကိုအားဖောင်။ ဒါမျိုးကျောက်တွေဟာ တန်ဖိုးရှိတယ်လို့ကြားဖူးတယ်။ ဘယ်ကနေဘယ်လိုရတယ်ဆိုတာ ပြောပြပါဦး"

ဟု လောပန်ကြီး တောင်းဆိုရာ ကိုအားကျူးက တရုတ်ဘာသာဖြင့် အားပါးတရပြောပြနေလေ၏။ သူတို့လေးဦး၏မျက်နှာဝယ် အပြုံးပီတိတို့ဖြင့် ပြည့်ဝနေပါသည်။ ထိုကျောက်ကြီးအတွက် ကျောက်ထိန်းအင်ချုတ် အားဝူလည်း ဒုက္ခရောက်ခဲ့ပြီ။ အစုစားကျောင်းဆရာ၊ အင်ချုတ်၊ ကျောင်းသားတို့လည်း သောကရောက်ခဲ့ကြပြီ။ အစုဖြုတ်သော် ကျောက်ကြီးကျောက်ကောင်းပါမှ စိစ္စိပိုပိုလေးရကြသည်မဟုတ်ပါလား။ စက်မောင်းသူများ၊ အင်ချုတ်မများ၊ စားဖိုမများမှာမူ အစုစားမရကြပါ။ လခစားသာရကြပါသည်။

လောပန်ကြီးမှတစ်ဆင့် မန်နေဂျာနှင့် ကိုအောင်ကိုးတို့ ဓာတ်မီးဖြင့် စိတ်ကြိုက်ကြည့်ကြပြန်ပါသည်။ ကျောက်အရွယ်မှာ တစ်ဗဟီခန့်ရှိပြီး လုံးဝန်းသောပုံဆောင်ခဲဖြစ်ပေ၏။ ဖန်သားမှန်သားလယ်သီးရည်ဖြစ်ကာ ရတောင့်ရခဲသော ကျောက်ကြီးကျောက်ကောင်းဖြစ်သည်။ အားလုံးကြည့်ပြီးသော် ကီလိုချိန်လျက်တံဆိပ်စည်းလက်မှတ်ထိုးကာ ကျောက်သေတ္တာထဲထည့်လိုက်ပါသည်။ကျောက်သေတ္တာသော့အား မန်နေဂျာသာကိုင်ရပါသည်။ ထိုအခါ လောပန်ကြီးကပြောပြ၏။

"ဒီလိုကျောက်စစ်ကျောက်ကောင်းဟာ တန်ဖိုးရှိတယ်။ အမှန်တကယ် ငါတို့နဲ့ထိုက်လို့လည်းခုလိုပြန်ရတာ။ အားဝူဟာ ဒီကျောက်ကိုမြင်တော့ လောဘဇောကြီးခိုးတာလည်းဖြစ်နိုင်တယ်။ ဒါပေမယ့် ခိုးပြီးဖွက်ထားရင် သူကိုယ်တိုင်ဖွက်မယ်။



www.burmeseclassic.com

www.burmeseclassic.com

# ကြည့်လျှင်

# ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးမှ ဆုတံဆိပ်ကို မြန်မာတစ်ဦး ဆွတ်ခူးရရှိခြင်း

ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး (World Stamp Exhibition) ဟူသည်မှာ နိုင်ငံတကာမှ တံဆိပ်ခေါင်းဝါသနာရှင်များ၊ တံဆိပ်ခေါင်းဆိုင်ရာ စာရေးဆရာများ၊ တံဆိပ်ခေါင်းကုမ္ပဏီကြီးများ၊ စာပို့ဌာနကြီးများမှ တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကို ပြသယှဉ်ပြိုင်ကြပြီး ဆုတံဆိပ်အမျိုးမျိုး ချီးမြှင့်ပေးအပ်သည့် နိုင်ငံတကာပြပွဲကြီး ဖြစ်သည်။ ဤတံဆိပ်ခေါင်းပြပွဲကြီးကို တံဆိပ်ခေါင်းဆိုင်ရာ နိုင်ငံတကာယှဉ်ပြိုင်ကျင်းပမှုပွဲတော်ကြီးဟုခေါ်ဆိုနိုင်သလို တံဆိပ်ခေါင်းဆိုင်ရာအိုလံပစ်ပွဲတော်ကြီးဟုလည်း ခေါ်နိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကို သာမန်ပြသထားသည်ထက် သူ့နိုင်ငံကိုယ်နိုင်ငံယှဉ်ပြိုင်ဆင်နွှဲကြရသောတံဆိပ်ခေါင်းပွဲတော်ကြီးလည်းဖြစ်သောကြောင့် ဖြစ်သည်။

ဤသို့ နိုင်ငံတကာမှတံဆိပ်ခေါင်းဝါသနာရှင်များက ယှဉ်ပြိုင်ပြသထားသည့် တံဆိပ်ခေါင်းများကို ပျော်မဆုံး မော်မဆုံး ရင်သပ်ရှုမောစွာဖြင့် ကြည့်ရှုပီတိဖြစ်ကြရသည့်ခံစားမှုမျိုးကို မြန်မာတံဆိပ်ခေါင်းဝါသနာရှင်တို့အဖို့ ကြုံဖူးကြခြင်းမရှိပေ။ ထိုကဲ့သို့သော ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးမျိုးသို့ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်ပြသနိုင်ရန်မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံသည် အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ် (FIAP) တွင် အသင်းဝင်အဖြစ် ပါဝင်ခြင်းမရှိသလို ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ် (FIP) ၌ လည်း မပါဝင်ပေ။ ထိုအဖွဲ့ချုပ်ကြီးများတွင် ပါဝင်ခြင်းမရှိသောနိုင်ငံများက ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၌လည်း ပါဝင်ဆင်နွှဲနိုင်ခွင့်မရှိပေ။

သို့ရာတွင် ၂၀၁၄ ခုနှစ်၊ ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့၌ ကျင်းပခဲ့သော Philakorea 2014 ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၌ မြန်မာနိုင်ငံမှ တံဆိပ်ခေါင်းဝါသနာရှင်တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းမှာ ထူးခြားလှသည်။ ယခု ဤဆောင်းပါးမှာ အပြည်ပြည်ဆိုင်ရာ တံဆိပ်ခေါင်းပြပွဲကြီးများအကြောင်းနှင့် မြန်မာနိုင်ငံသားတစ်ဦးမှ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၌ မည်သို့မည်ပုံ ဝင်ရောက် ယှဉ်ပြိုင်နိုင်ခဲ့သည်ကို ရှင်းလင်းတင်ပြထားသော ဆောင်းပါး ဖြစ်ပါသည်။

■ **အပြည်ပြည်ဆိုင်ရာ တံဆိပ်ခေါင်းပြပွဲကြီးများဆီသို့ ဦးတည်လျက်ရှိသည့် တံဆိပ်ခေါင်းအသင်းများ**

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကြီး၏ အပိုဒ်တစ်ပိုဒ်တွင် -

'လူတိုင်းမှာ အသင်းအဖွဲ့တစ်ခုကို လွတ်လပ်စွာ တည်ထောင်ပါဝင်ခွင့်ရှိရမည်'

ဟု ဆိုထားသည်။

ထိုအချက်မှာ အထူးသဖြင့် မြန်မာနိုင်ငံမှ တံဆိပ်ခေါင်းဝါသနာရှင်များအတွက် အပြည်ပြည်ဆိုင်ရာ တံဆိပ်ခေါင်းပြပွဲကြီးများတွင် ပါဝင်ယှဉ်ပြိုင်ဆင်နွှဲခွင့်ရရှိရေးနှင့် ပတ်သက်၍ သွယ်ဝိုက်သောနည်းဖြင့် ဆက်စပ်လျက်ရှိ၏။ မြန်မာနိုင်ငံ၌ လက်ရှိအခြေအနေတွင် ရန်ကုန်မြို့၌ တည်ထောင်ဖွဲ့စည်းထားသော တံဆိပ်ခေါင်းဝါသနာဆိုင်ရာအသင်းတစ်သင်းသာရှိပြီး ထိုအသင်းမှာလည်း တရားဝင်အသင်းအဖြစ်ဖွဲ့စည်းတည်ထောင်ခွင့်မရရှိသေးဟု သိရသည်။ အကယ်၍ တရားဝင်အသင်းအဖြစ် ခွင့်ပြုချက်ရရှိသည့်တိုင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတွက် ထိုအသင်းတစ်ခုတည်းကိုသာတံဆိပ်ခေါင်းဝါသနာဆိုင်ရာ

---

ကျောက်ပျောက်ရင် သူ့တစ်သက်ဘယ်တော့မှ ကျင်းထဲဆင်းရမှာမဟုတ်တော့ဘူး။ ဒီတော့ အောက်မှာ မဖွက်သောက်ဘူး။ ခုဟာက သူထိုင်တဲ့ နောက်ဘက်ကျောက်အကွဲကြားကပြန်တွေ့တာ။ ဒါဟာ စဉ်းစားစရာအချက်ပဲ။ အားဝူကို ငါကိုယ်တိုင် အင်ချတ်ခန့်ထားတာ။ သူဟာ ရိုးသားဖြောင့်မတ်တယ်။ နာမည်ပျက်မရှိဘူး။ ဆေးလိပ်တောင်မသောက်တဲ့အကောင်။ သစ္စာမဖောက်ရဲလောက်ဘူး။ သူ့ကံမကောင်းတော့ ကျောက်ကတန်ခိုးနဲ့ထွက်သွားတာဖြစ်နိုင်တယ်။ အဲဒါကြောင့် ဘယ်လိုပဲရိုက်စစ်စစ် သူမခိုးကြောင်းပဲပြောနေတာ။ ဒါဟာ ကံတရားရဲ့ဆန်းကြယ်မှုပဲ။ အဲဒါကြောင့် သူ့ကို ဘာမှမလုပ်နဲ့တော့။ လွှတ်ပေးပြီးအလုပ်ထုတ်ပစ်လိုက်ပါ။ သူ့ကိုအထိုက်အလျောက်ပေးလိုက်ပါ။ ခုတော့ အားလုံးစိတ်အေးရပါပြီ။ နက်ဖြန်မှာ ငါတို့ တန့်ယန်းပြန်ကြမယ်"

ဟု ဆိုရာ ကျင်းဆရာ ကိုအောင်ကိုးမှ မိုးကုတ်ပတ္တမြားမြေမှ ပြကျောက်တို့အကြောင်းကို ပြောပြလေသည်။ ပြကျောက်တို့တား အကြောင်းအမျိုးမျိုးတို့ဖြင့်ဆန်းကြယ်ကြရာ ပြောမဆုံးပေါင်တောသုံးထောင်ဟူဘိသို့ ဖြစ်ရလေ၏။

■ **ပြကျောက်**

ရတနာအစစ်အမှန်ကျောက်စစ်ကျောက်ကောင်းတို့သည် နတ်ပစ္စည်းဖြစ်ရာ အမှန်တကယ် ထိုက်တန်သောဘုန်းရှိသူတို့သာ ပိုင်ဆိုင်ခွင့်ရတတ်ကြပါသည်။ ဘုန်းမရှိသူတို့မှာမူ အားဝူကဲ့သို့ ခိုက်တတ်ဒုက္ခကြုံတတ်ပါသည်။

ထိုပြကျောက်ထွက်သောဖတ်စပ်သို့ ကျွန်ုပ်နှင့် တရုတ်ထွန်းနိုင်တို့ရောက်သွားပြီး ကြည့်ရှုလေ့လာရာမှ ကြုံခဲ့ကြားခဲ့သော ဖြစ်ရပ်မှန်တစ်ခုဖြစ်ပေသည်။ ကျွန်ုပ်တို့ရောက်ပြီး နောက်ရက်ပိုင်းအတွင်းဝယ် ထိုကျောက်ကြီးသည် လောပန်ကြီး၏ညီကိုအားကျွေးတိုမြှတာ ပြန်လည်ရရှိပြီး လောပန်ကြီးလက်ထဲသို့အပ်နိုင်ခဲ့သည်မှာလည်း ဆန်းကြယ်လှပေ၏။

ချမ်းသာသူသည် ရှေးဘုန်းရှေ့ကံရှိ၍သာ ချမ်းသာခြင်းဖြစ်ရာ လောပန်ကြီးတား ပြကျောက်နှင့်ထိုက်တန်သော လောပန်ကြီး ဖြစ်ပေ၏။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်မိုး



www.burmeseclassic.com1

www.burmeseclassic.com

အသင်းအဖြစ် သက်ဆိုင်ရာမှခွင့်ပြုလိမ့်မည်ဟုထင်သည်။ အမှန်မှာ တံဆိပ်ခေါင်းဝါသနာဆိုင်ရာအသင်းများကို လွတ်လပ်စွာဖြင့် အသင်းအရေအတွက် အကန့်အသတ်မရှိ ဖွဲ့စည်းတည်ထောင်ခွင့်ပေးသင့်သည်။ အကန့်အသတ်မရှိဟုဆိုငြားသော်လည်း ဤနိုင်ငံ၌ အမှန်တကယ်လက်တွေ့တွင် တံဆိပ်ခေါင်းအသင်း (၃-၄)သင်းထက် ပို၍ရှိလာရန်အကြောင်းမရှိဟုထင်သည်။ ထိုကဲ့သို့သောအသင်းများ ပေါ်ထွန်းလာသောအခါတွင်မှ ထိုအသင်းများအားလုံးကို စုစည်း၊ ကိုင်တွယ်၊ ထိန်းချုပ်သော တံဆိပ်ခေါင်းအသင်းများအဖွဲ့ချုပ် (Federation) ဟူ၍ ဖွဲ့စည်းနိုင်မည် ဖြစ်သည်။ ထိုအဖွဲ့အချုပ်ကသည်သာ အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ် (FIAP) သို့ မြန်မာနိုင်ငံကိုယ်စားပြု၍ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များအဖို့ လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းနိုင်ရေးက အရေးကြီးကြောင်း တင်ပြရခြင်း ဖြစ်သည်။

မကြာသေးမီက မြန်မာနိုင်ငံ၏ တစ်ခုတည်းသော လက်ရှိတံဆိပ်ခေါင်းအသင်းကို အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ်သို့ ဝင်ခွင့်ရရှိရန် ပြည်ပနေ ဝါသနာရှင်အချို့ ကကြိုးပမ်းကြရာ အင်္ဂလန်နိုင်ငံမှ ဝါရင့်မြန်မာတံဆိပ်ခေါင်းဝါသနာရှင်ကြီးတစ်ဦးက ထိုအသင်းမှာ 'အသင်းချုပ်' မဟုတ်သဖြင့် အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ်သို့ အဆင့်ကျော်၍ မကြိုးပမ်းသင့်ကြောင်း ထောက်ပြခဲ့သည်။ မြန်မာနိုင်ငံမှဝါသနာရှင်များအားလုံးကို ထိုအသင်းက ကိုယ်စားမပြုသောကြောင့်ဖြစ်သည်ဟုဆိုသည်။ မှန်ပါသည်။ ရွေးချယ်စရာ တံဆိပ်ခေါင်းအသင်းများ (၃-၄) သင်းရှိပါမှ တံဆိပ်ခေါင်းဝါသနာရှင်အများစုကို ကိုယ်စားပြုနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ လက်ရှိအခြေအနေ၌ 'မြန်မာနိုင်ငံ' ၏ အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ်သို့ ဝင်ခွင့်ရရှိရေးကိစ္စမှာလည်း မရေမရာဖြင့် ဝေဝါးလျက်သာရှိနေပေသေးသည်။

အခြားသော အရှေ့တောင်အာရှနိုင်ငံများ၌မူ တံဆိပ်ခေါင်းဝါသနာဆိုင်ရာအသင်းများကို လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်ခွင့်ရှိကြပြီး အာရှနှင့် ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ်ကြီးများသို့ ဝင်ရောက်နိုင်ကြကာ အပြည်ပြည်ဆိုင်ရာ တံဆိပ်ခေါင်းပြပွဲကြီးများမှ တံဆိပ်ခေါင်းဝါသနာဆိုင်ရာအခွင့်အလမ်းများကို ပြည့်ပြည့်စုံစုံ ခံစားသုံးစွဲလျက်ရှိကြသည့်အချိန်



ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ် ဥက္ကဋ္ဌကြီးထံမှ ဂုဏ်ပြုလွှာလက်ခံရယူနေပုံ



ဝဲမှယာ- ဒေါက်တာအောင်မြင့်မိုး ဥက္ကဋ္ဌကြီးနှင့်ဇနီး၊ မွေးထားသောအသင်းဝင်များနှင့်အတူ

တွင် မြန်မာနိုင်ငံ၌ တရားဝင်တံဆိပ်ခေါင်းအသင်းတစ်သင်းပေါ်ထွက်ရေးအတွက် ကြိုးစားလုံးပမ်းနေရသည့် အခြေအနေတွင်သာ ရှိနေပေသည်။ စင်ကာပူနိုင်ငံ၌ နှစ်အတန်ကြာ နေထိုင်လျက်ရှိပြီး ထိုနိုင်ငံ၏ တံဆိပ်ခေါင်းကဏ္ဍတွင် အသင်းဝင်တစ်ဦးဖြစ်ကာ စင်ကာပူတံဆိပ်ခေါင်းလောက၌တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် ဦးတိုးကျော်ကြား၏ပြောကြားချက်များမှာ ဤသို့ဖြစ်သည်။


"စင်ကာပူနိုင်ငံမှာ လူဦးရေ (၃) သန်းလောက်သာရှိပေမယ့် တံဆိပ်ခေါင်းအသင်းက (၅)သင်းလောက်ရှိပါတယ်။ အဲဒီ (၅)သင်းစလုံးဟာ 'စင်ကာပူတံဆိပ်ခေါင်းပညာရှင်များအဖွဲ့' (Association of Singapore Philatelists-ASP) ရဲ့ လက်အောက်ခံအသင်းများ ဖြစ်ကြပါတယ်။ တကယ်တော့ ASP က စင်ကာပူတံဆိပ်ခေါင်းအဖွဲ့ချုပ်ပေါ့။ ASP က ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာတံဆိပ်ခေါင်းပြိုင်ပွဲကြီးများဆိုင်ရာသတင်းများ၊ ပြိုင်ပွဲဝင်ရေးကိစ္စများအားလုံးကို ASP က လက်အောက်ခံအသင်းတွေကိုပို့ပေးပါတယ်။ ဝါသနာရှင်တစ်ဦးအနေနဲ့လည်း တံဆိပ်ခေါင်းအသင်းတစ်ခုထက်ပိုပြီး အသင်းဝင်ဖြစ်နိုင်ပါတယ်။ အမှုဆောင်အလုပ်ကိုတော့ အသင်းတစ်ခုထက်ပိုပြီးလုပ်လို့မရပါဘူး။ စင်ကာပူမှာ တံဆိပ်ခေါင်းအသင်းတွေကများပေမယ့် အုပ်စုဖွဲ့၊ ဂိုဏ်းဖွဲ့ပြီး ရန်စောင်ကြ၊ ခြေထိုးကြတာတွေ့တော့မရှိပါဘူး။ ကလပ်အသင်း (၅)သင်းကလည်း သက်ဆိုင်ရာဂျာနယ်၊ သတင်းလွှာတွေထုတ်ဝေတဲ့အလုပ်၊ တွေ့ဆုံပွဲ၊ လေလံပွဲငယ်တွေကျင်းပတဲ့အလုပ်တွေကိုလုပ်ကြပါတယ်။ ASP လက်အောက်မှာ အသင်းတွေအားလုံးက တူညီတဲ့ အခွင့်အရေးတွေရကြပါတယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်မြင့်မောင်၏ ကြေးတံဆိပ်ရှေ့မျက်နှာစာပုံ



ဦးကျော်မြင့်မောင်၏ ကြေးတံဆိပ်နောက်ကျောပုံ




ဖီလာကိုရီးယား ၂၀၁၄ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲ၏ လိုဂိုတံဆိပ်




ဖီလာကိုရီးယား ၂၀၁၄ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲ၏ ကာတွန်းကောင် ဖီလိုနှင့် ဟာရို

■ **အပြည်ပြည်ဆိုင်ရာ တံဆိပ်ခေါင်း ပြပွဲကြီးများ**

အပြည်ပြည်ဆိုင်ရာတံဆိပ်ခေါင်း ပြပွဲကြီးများကို ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ်ကြီး၏ ကူညီပံ့ပိုးမှု (Patronage) နှင့် ဒေသဆိုင်ရာ တံဆိပ်ခေါင်းအဖွဲ့ချုပ်၏ ဦးဆောင်ကမကထပြုမှု (Auspices) များဖြင့် ကမ္ဘာ့မြို့ကြီးတစ်မြို့၌ အခါအားလျော်စွာ ကျင်းပပြုလုပ်လေ့ရှိသည်။ အကြမ်းအားဖြင့် (၇-၁၀) နှစ်ခန့်အကြာတွင်တစ်ကြိမ် ကမ္ဘာ့မြို့ကြီးတစ်မြို့၌ အလှည့်ကျကျင်းပခွင့်ရရှိကြသည်။ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ကမ္ဘာပေါ်၌ အပြည်ပြည်ဆိုင်ရာတံဆိပ်ခေါင်း ပြပွဲကြီး (၃-၄) ပွဲခန့် ကျင်းပနိုင်လေ့ရှိကြသည်။ ထိုကဲ့သို့ကျင်းပရာ၌ အပြည်ပြည်ဆိုင်ရာ တံဆိပ်ခေါင်းပြပွဲကြီးများ၏ အမည်များကို ပုံစံအမျိုးမျိုးဖြင့် မှည့်ခေါ်လေ့ရှိကြသည်။ ရတောင့်ရခဲ ကျင်းပခွင့်ရကြခြင်းကြောင့် ခုနှစ်နှင့် မြို့အမည်ကို အသားပေး ယှဉ်တွဲမှည့်ခေါ်လေ့ရှိကြသည်။ London 2000 မှာ ၂၀၀၀ ခုနှစ်က လန်ဒန်မြို့၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ တံဆိပ်ခေါင်းပြပွဲကြီး၏ အမည် ဖြစ်သည်။ Singapore 2005 မှာ စင်ကာပူ၌ကျင်းပခွင့်ရခဲ့သော တံဆိပ်ခေါင်းပြပွဲကြီး၏အမည်ကို ညွှန်းထားခြင်း ဖြစ်သည်။ ဒေသဝန်းကျင်ဆိုင်ရာ အမည်ဖြင့်လည်း ခေါ်ဝေါ်လေ့ရှိရာ ၁၉၉၇ ခုနှစ်ကကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ တံဆိပ်ခေါင်းပြပွဲကြီးကို PACIFIC '97 ဟု ခေါ်ဝေါ်ပြန်သည်။ ထူးခြားသည်မှာ ကိုရီးယားနှင့် ဂျပန်နှစ်နိုင်ငံတို့ကမူ ထိုနိုင်ငံများ၌ကျင်းပသော အပြည်ပြည်ဆိုင်ရာ တံဆိပ်ခေါင်းပြပွဲကြီးများကို တံဆိပ်ခေါင်းဝါသနာရှင်နှင့် ဆက်စပ်၍ Philakorea; Philanippon စသည်ဖြင့် ခေါ်ဝေါ်ကြသည်။

အပြည်ပြည်ဆိုင်ရာတံဆိပ်ခေါင်း ပြပွဲကြီးများကို အဆင့် (Level) အမျိုးမျိုး ခွဲခြားထားသည်။ အမျိုးသားအဆင့် (National Level)၊ အာရှတိုက်၌ဆိုပါက အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ်အဆင့်(FIAP Level) နှင့် ကမ္ဘာ့တံဆိပ်ခေါင်း အဖွဲ့ချုပ်အဆင့် (FIP Level) ဟူ၍ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားအဆင့် တံဆိပ်ခေါင်းပြပွဲကို ထိုနိုင်ငံ၏ တံဆိပ်ခေါင်းအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည်။ ထိုပြပွဲမျိုး၌ တံဆိပ်ခေါင်းပြကွက်များအတွက် အမှတ်ပေးစနစ်မှာ ကမ္ဘာ့တံဆိပ် ခေါင်းအဖွဲ့ချုပ်အဆင့်ပုံစံအတိုင်းသာ ဖြစ်သည်။ အမျိုးသားအဆင့်တွင် အနည်းဆုံး Vermeil (ရွှေငွေရောသတ္တု) ဆုတံဆိပ်ရရှိမှသာ နိုင်ငံတကာအဆင့်သို့ ထိုပြကွက်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည်။ မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သော စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် အင်ဒိုနီးရှားတို့ပါဝင်သည့် လေးနိုင်ငံတံဆိပ်ခေါင်းပြပွဲ (4 Nations Stamp Exhibition) ကို အမျိုးသားအဆင့်ပြိုင်ပွဲဟုသာ သတ်မှတ်သည်။ ကမ္ဘာနှင့် အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ်များက ဦးဆောင်၍ ကမကထပြုကျင်းပသောတံဆိပ်ခေါင်း ပြပွဲကြီးများကိုသာ အပြည်ပြည်ဆိုင်ရာအဆင့်ဟု သတ်မှတ်သည်။ FIP မှကြီးမှူးကျင်းပပြီး ပြိုင်ပွဲဝင်အတန်းအစား(Class) အားလုံးပါဝင်ပါက အထွေထွေကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး (General World Exhibition) ဟု ခေါ်ဝေါ်ပြီး အတန်းအစားအချို့ကိုသာ ရွေးချယ်၍ကျင်းပပါက အထူးပြု ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး (Specialized World Exhibition) ဟု သတ်မှတ်သည်။ FIP မှ အသိအမှတ်ပြုသော အခြားသောတံဆိပ်ခေါင်းပြပွဲကြီးများကိုမူ အပြည်ပြည်ဆိုင်ရာတံဆိပ်ခေါင်းပြပွဲကြီး (International Exhibition) ဟု ခေါ်ဝေါ်ပြန်သည်။ ဤဆောင်းပါး၏ နောက်လာမည့်အပိုဒ်များတွင် 'ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး' (World Stamp Exhibition) ဟူ၍သာ သုံးနှုန်းရေးသားပါမည်။

ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးများ၌ ပါဝင်ယှဉ်ပြိုင်ပြသလေ့ရှိသော အတန်းအစားအမျိုးမျိုးရှိသည်။ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၏ ဂုဏ်ထူးဆောင်ပြကွက် (Court of Honour) အဖြစ် ရှားပါးတံဆိပ်ခေါင်းအချို့ကို မေတ္တာရပ်ခံချက်ဖြင့် ဖိတ်ခေါ်ပြသည့် အတန်းအစားမျိုးဖြစ်သည်။ New York 2016 ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၌ ဂုဏ်ထူးဆောင်ပြကွက်အဖြစ် ဗြိတိန်ဘုရင်မကြီး၏ စုဆောင်းမှုမှ ပဲနီအနက် (Black Penny) တံဆိပ်ခေါင်းအချပ်ကြီးကို ပြသခဲ့သည်။ ထိုအချပ်ကြီးမှာ ကမ္ဘာပေါ်တွင် ပဲနီအနက်တံဆိပ်ခေါင်းအလုံးရေ အများဆုံးပါရှိသောအချပ်ကြီးဖြစ်၍ စိတ်ဝင်စားစရာကောင်းလှသည်။ ထို့အတူ နိုင်ငံတကာမှ စာတိုက်ဌာနများ၊ စာပို့သမိုင်းပြတိုက်များ၊ တံဆိပ်ခေါင်း ပုံနှိပ်လုပ်ငန်းကြီးများ၊ တံဆိပ်ခေါင်းဒီဇိုင်နာနှင့် ပုံထွင်းဆရာများ (engravers) ၏ အထူးပြကွက်များလည်းပါရှိသည်။ အကဲဖြတ်ဒိုင်လူကြီးများက သီးသန့်ပြသသော ဒိုင်လူကြီးပြကွက်အတန်းအစား (Jury class) ဟူ၍လည်း ရှိသေးသည်။

သို့ရာတွင် အမှန်တကယ်ပြိုင်ပွဲဝင်ပြသကြသော တံဆိပ်ခေါင်းအတန်းအစားများမှာ အောက်ပါအတိုင်း ဖြစ်သည်။

**(၁) တံဆိပ်ခေါင်းအဖွဲ့ချုပ်၏ ချန်ပီယံပြကွက်(FIP Championship Class)**



www.burmeseclassic.com

www.burmeseclassic.com

ဤပြကွက်မျိုးကို အထွေထွေကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးများတွင်သာ ပြသလေ့ရှိသည်။

**(၂) သမားရိုးကျတံဆိပ်ခေါင်းဝါသနာ** (Traditional Philately) အတန်းအစားတွင် တံဆိပ်ခေါင်းကို အဓိကထားပြုလုပ်သောလေ့လာမှုများ၊ ဒီဇိုင်းထုတ်လုပ်မှု၊ အသုံးပြုပုံ စသည်တို့ကို ရွေးချယ်ပြသကြသည်။

**(၃) စာပို့သမိုင်း** (Postal History) အတန်းအစားတွင် ချောလမ်းကြောင်းအတိုင်းဖြတ်သန်းခဲ့သော စာတိုက်မှထုတ်ဝေခဲ့သည့် ပို့စကတ်၊ စာအိတ်စသည်တို့ကို သမိုင်းနှင့်ယှဉ်၍ အဓိကပြသယှဉ်ပြိုင်ကြသည်။

**(၄) စာပို့စာရေးကိရိယာ** (Postal Stationery) အတန်းအစားတွင်စာတိုက်မှထုတ်ဝေသော ပို့စကတ်၊ လေကြောင်းစာလွှာ စသည့် ပစ္စည်းများကို အဓိကထား ပြသယှဉ်ပြိုင်ကြသည်။

**(၅) လေကြောင်းစာပို့ဆိုင်ရာဝါသနာ** (Aerophilately) လေကြောင်းစာပို့သမိုင်းဆိုင်ရာ တံဆိပ်ခေါင်းပစ္စည်းများဖြင့်ယှဉ်ပြိုင်သော အတန်းအစားဖြစ်သည်။

**(၆) သီမက်တစ်တံဆိပ်ခေါင်းများ** (Thematic Philately) တံဆိပ်ခေါင်းများပေါ်မှအကြောင်းအရာကို အဓိကထား၍ တံဆိပ်ခေါင်းနှင့် ပစ္စည်းများ ပြသယှဉ်ပြိုင်ခြင်း ဖြစ်သည်။

**(၇) မက်ဆီမန်ကတ်များ** (Maximaphily) တံဆိပ်ခေါင်းဆိုင်ရာ မက်ဆီမန်ကတ်များကို အဓိကထား ယှဉ်ပြိုင်ကြသောအတန်းအစား ဖြစ်သည်။

**(၈) တံဆိပ်ခေါင်းစာပေ** (Philatelic Literature) တံဆိပ်ခေါင်းဆိုင်ရာစာအုပ်စာတမ်း၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ကက်တလောက်များကို ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**(၉) လူငယ်တံဆိပ်ခေါင်းဝါသနာ** (Youth Philately) လူငယ်များ ယှဉ်ပြိုင်ပြသသော တံဆိပ်ခေါင်းပြကွက်များကို အသက်အပိုင်းအခြားဖြင့် အတန်းအစားများ ခွဲခြားထားသည်။ (က) (၁၀-၁၅) နှစ် အတန်းအစား၊ (ခ) (၁၆-၁၈) နှစ် အတန်းအစားနှင့် (ဂ) (၁၉-၂၁) နှစ် အတန်းအစား ဟူ၍ ဖြစ်သည်။

**(၁၀) အခွန်တံဆိပ်ခေါင်းများ** (Revenue) အခွန်တံဆိပ်ခေါင်းအမျိုးမျိုးကို အထူးပြု၍ယှဉ်ပြိုင်ပြသသော အတန်းအစား ဖြစ်သည်။

**(၁၁) အာကာသဆိုင်ရာတံဆိပ်ခေါင်းဝါသနာ** (Astrophilately) အာကာသဆိုင်ရာတံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းပစ္စည်းများ၊ ဒုံးပျံနှင့်သယ်ဆောင်ခဲ့သော စာအိတ်များ၊ အာကာသအတွင်းသို့ လွှတ်တင်ခဲ့ဖူးသော စာအိတ်များကို ပြသယှဉ်ပြိုင်ခြင်း ဖြစ်သည်။

**(၁၂) ဝါသနာရပ်အထောက်အကူပြုပစ္စည်းများ** (Open Philately) တံဆိပ်ခေါင်းဝါသနာကို အထောက်အကူပြုသည့်စာရွက်စာတမ်း၊ ကြော်ငြာ စသည်တို့ဖြင့် ယှဉ်ပြိုင်ပြသခြင်းဖြစ်သည်။ ပြသသောပစ္စည်းများ၏ (၅၀%)မှာ တံဆိပ်ခေါင်းနှင့် အတိအကျဆက်စပ်မှုရှိရမည်။

**(၁၃) ခေတ်သစ်တံဆိပ်ခေါင်းဝါသနာ** (Modern Philately) လွန်ခဲ့သည့်နှစ် (၂၀) အတွင်းက ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကို ယှဉ်ပြိုင်ပြသခြင်း ဖြစ်သည်။

■ **အကဲဖြတ်ဒိုင်လူကြီးများနှင့်ဆုတံဆိပ်များ**

ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးဟုဆိုထားသော်ငြားလည်း အမှန်တကယ်မှာ နိုင်ငံတကာမှ တံဆိပ်ခေါင်း ဝါသနာရှင်များ၊ တံဆိပ်ခေါင်းကုမ္ပဏီကြီးများ၊ တံဆိပ်ခေါင်းဆိုင်ရာ စာရေးဆရာများ၊ တံဆိပ်ခေါင်းမဂ္ဂဇင်း၊ ဂျာနယ်တိုက်များတို့မှ တံဆိပ်ခေါင်းနှင့်ဆက်နွယ်သောပစ္စည်းမျိုးစုံကို သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်ကြရသည့် 'ပြိုင်ပွဲကြီး' ဖြစ်လေသည်။ ထိုပြိုင်ပွဲကြီး တစ်နည်းဆိုသော် ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၌ အဓိကအားဖြင့် တံဆိပ်ခေါင်းများကို ယှဉ်ပြိုင်ကြရာ ယှဉ်ပြိုင်သူဝါသနာရှင်တစ်ဦးအနေဖြင့် တံဆိပ်ခေါင်းများကို (A4 အရွယ်ခန့်) စာရွက်များပေါ်တွင် ခင်းကျင်း(ကပ်)ပြီး ပြကြရသည်။ ထိုကဲ့သို့သော စာရွက်အရေအတွက်ကို ဘောင် (Frame) ဖြင့် သတ်မှတ်လေ့ရှိသည်။ (၁) ဘောင်တွင် စာမျက်နှာ (၁၆) မျက်နှာပါရှိရမည် ဖြစ်သည်။ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး အဆင့်မျိုး၌ ယှဉ်ပြိုင်မည်ဆိုပါက အတန်းအစားတစ်ခုတွင် (၃)ဘောင်မှ (၈)ဘောင်အထိ ပါဝင်ရမည်ဖြစ်သည်။ ထိုဘောင်များတွင်ပါဝင်သော တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကို FIP မှ အသိအမှတ်ပြု အကဲဖြတ်လူကြီးများကသာ အမှတ်ပေးအကဲဖြတ်ခွင့်ရှိသည်။ အတန်းအစားအမျိုးမျိုးအတွက် အမှတ်ပေးပုံမှာ အတန်းအစားအလိုက်အမျိုးမျိုးရှိသော်လည်း ယေဘုယျအားဖြင့် အမှတ်ပေးသည့် ခေါင်းစဉ်များမှာ (က) **ပြည့်စုံစွာပြသနိုင်မှု** (Treatment) မှာ ရွေးချယ်ယှဉ်ပြိုင်ပြသသော ခေါင်းစဉ်အပေါ် ပြည့်စုံမှန်ကန်စွာပြသနိုင်မှု၊ ခေါင်းစဉ်နှင့်ပြသသောပစ္စည်းလိုက်လျောညီထွေမှု (အမှတ် ၂၀) တို့ ဖြစ်သည်။ (ခ) **တံဆိပ်ခေါင်းဆိုင်ရာအရေးပါမှု** (Philatelicim-portance) မှာ ယှဉ်ပြိုင်ပြသသောပစ္စည်းများ၏တံဆိပ်ခေါင်းနှင့် စာပို့သမိုင်းဆိုင်ရာအရေးပါမှု၊ ပစ္စည်းရရှိရန်ခက်ခဲမှု(၁၀) မှတ်တို့ ဖြစ်သည်။ (ဂ) **တံဆိပ်ခေါင်းဆိုင်ရာဗဟုသုတ** (Philatelic knowledge) ဟူသည်မှာ တံဆိပ်ခေါင်းဆိုင်ရာဗဟုသုတမည်မျှရှိသည်၊ ကိုယ်ပိုင်သုတေသနမည်မျှပါဝင်သည်၊ အသစ်တွေ့ရှိချက်မည်မျှပါဝင်သည် (၃၅)မှတ် စသည်တို့ကို အကဲဖြတ် ခြင်းဖြစ်သည်။ (ဃ) **တံဆိပ်ခေါင်းများ၏ အခြေအနေ** (Condition) တံဆိပ်ခေါင်းများ၏အခြေအနေကောင်းမွန်ခြင်း (၁၀ မှတ်)နှင့် ပြသထားသော တံဆိပ်ခေါင်းများ၏ ရှားပါးမှု (၂၀ မှတ်) ဖြင့် စုစုပေါင်း (အမှတ်၃၀)ကို အကဲဖြတ်ခြင်းဖြစ် သည်။ (င) **ခင်းကျင်းပြသပုံ** (Presentation) တံဆိပ်ခေါင်းပြကွက်ကိုတင်ဆက်ပြသပုံ၊ သပ်ရပ်သန့်ရှင်းမှု၊ ရှင်းလင်းပြတ်သားမှု (၅)မှတ်တို့ကို ဤစနစ်ဖြင့် အကဲဖြတ်ခြင်းဖြစ်သည်။ ပြကွက်တစ်ခုအတွက် စုစုပေါင်းအမှတ် (၁၀၀) အများဆုံးရရှိနိုင်သည်။

ပြိုင်ပွဲဝင်သူတစ်ဦးအနေဖြင့် ရရှိသောအမှတ်အပေါ် တွင်မူတည်၍ ဆုတံဆိပ်အမျိုးမျိုး ခွဲခြားပြီးရရှိကြသည်။ ထူးချွန်ဆုများကို သီးသန့်ရွေးချယ်ပေးရာ FIP ချန်ပီယံဆုရွေးချယ်ပုံမှာ ရွှေတံဆိပ်ဆုအကြီး (Large Gold)ရရှိသောပြကွက်များမှ စိစစ်ရွေးချယ်ပေးပါသည်။ ဤသို့ရွေးချယ်ရာ၌ အကဲဖြတ်လူကြီးများက လျှို့ဝှက်စနစ်ဖြင့် အမှတ်ပေးကြရသည်။ အမှတ်တူနေပါက အကဲဖြတ်ဒိုင်ချုပ် (Jury President) ၏ဆုံးဖြတ်ချက်ကိုအတည်ယူပြီး ရွေးချယ်ပေးရသည်။ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၏အခြားသော ထူးချွန်ဆုများဖြစ်သည့် တံဆိပ်ခေါင်းမဟာဆုကြီး (Grand Prix) ကိုမူ အမျိုးသားဆု(သက်ဆိုင်ရာနိုင်ငံမှ ယှဉ်ပြိုင်သူ) နှင့် နိုင်ငံတကာဆုဟူ၍ နှစ်မျိုးခွဲခြားရွေးချယ်သည်။ ထို့အပြင် အထူးဆု (Special Prize) ကိုမူ ရွှေငွေရောဆုကြီး (Large Vermeil) ရရှိသော ပြကွက်များမှ ထပ်မံ



www.burmeseclassic.com1

www.burmeseclassic.com

ရွေးချယ်ပေးလေ့ရှိသည်။ သို့ရာတွင် ပုံမှန်အားဖြင့် အောက်ဖော်ပြပါ ဆုတံဆိပ်များကို ဂုဏ်ပြုလွှာ (Certificate) များနှင့် ပူးတွဲပေးအပ်လေ့ရှိသည်။ ကြေးတံဆိပ်ဆု (Bronze)၊ ငွေကြေးရောဆု(Silver-Bronze)၊ ငွေတံဆိပ်ဆု (Silver)၊ ငွေတံဆိပ်ဆုကြီး (Large Silver)၊ ရွှေငွေရောဆု (Vermeil)၊ ရွှေငွေရောဆုကြီး (Large Vermeil)၊ ရွှေတံဆိပ်ဆု (Gold) နှင့် ရွှေတံဆိပ်ဆုကြီး (Large Gold)တို့ ဖြစ်သည်။

အကဲဖြတ်လူကြီးများအဖွဲ့ (သို့) ဂျူရီအဖွဲ့ (Jury)၏ အဓိကတာဝန်မှာ ပြကွက် (exhibit) များကို အမှတ်ပေးဆုံးဖြတ်ရခြင်း ဖြစ်သည်။ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၏ ဂျူရီအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလေ့ရှိသည်။ FIP မှ ခန့်အပ်သည့် ဂျူရီလူကြီး (၂၅%)၊ သက်ဆိုင်ရာနိုင်ငံ၏ တံဆိပ်ခေါင်းအဖွဲ့ချုပ်မှတာဝန်ပေးအပ်သော ဂျူရီလူကြီး (၂၅%)နှင့် ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၏ စီစဉ်ဖြောင်ရေးအုပ်ချုပ်မှုကော်မတီမှ ဂျူရီလူကြီး (၅၀%) ခန့်အပ်ပြီး တာဝန်ပေးခြင်း ဖြစ်သည်။ ထို့အပြင် ဂျူရီအဖွဲ့တွင် အကဲဖြတ်အလုပ်သင်များ (Apprentice Jury) နှင့် ကျွမ်းကျင်မှုအဖွဲ့ (Expert Group) ဟူ၍ပါဝင်သေးသည်။ သို့ရာတွင် အလုပ်သင်နှင့် ကျွမ်းကျင်မှုအဖွဲ့ဝင်များမှာ "မဲ" ပေးပိုင်ခွင့်မရှိပေ။ အလုပ်သင်များက အကဲဖြတ်အမှတ်ပေးပုံပေးနည်းကိုလေ့လာကြရပြီး ကျွမ်းကျင်မှုအဖွဲ့ဝင်များက တံဆိပ်ခေါင်းပစ္စည်းအတု-အစစ်ခွဲခြားပေးကြရသည်။ ထိုကဲ့သို့သော ဂျူရီအဖွဲ့မှ အကဲဖြတ်ဒိုင်ချုပ် (Jury President) တစ်ဦး၊ ဒုတိယအကဲဖြတ်ဒိုင်ချုပ် (Vice Jury President) (၃)ဦးနှင့် အတွင်းရေးမှူးတစ်ဦး ထပ်မံရွေးကောက်ရသည်။ ထိုအဖွဲ့ငယ်ကို ဂျူရီဒိုင်ချုပ်အဖွဲ့(Jury Presidium)ဟုခေါ်သည်။ ဂျူရီအကဲဖြတ်လူကြီးများကို မိမိတို့ကျွမ်းကျင်ရာ ဘာသာရပ်အလိုက် အဖွဲ့ငယ်များဖွဲ့ထားသည်။ ထိုအဖွဲ့ငယ်တစ်ခုချင်းမှာ 'ရွှေငွေရောဆုကြီး' အထိလွတ်လပ်စွာအမှတ်ပေးပိုင်ခွင့်ရှိသည်။ အမှတ် (၉၀) နှင့်အထက်ရရှိသောပြကွက်များကိုမူ ဂျူရီအကဲဖြတ်လူကြီးများက မဲစနစ်ဖြင့် ထပ်မံရွေးချယ်ရသည်။ ဂျူရီလူကြီးများ၏ မဲပေးခြင်း၊ အမှတ်ပေးခြင်းကိစ္စများအားလုံးကို လျှို့ဝှက်စွာပြုလုပ်ကြရသည်။ လျှို့ဝှက်ချက်နှင့် အခြားတားမြစ်ချက်များမလိုက်နာပါက ဂျူရီအကဲဖြတ်လူကြီးအဖြစ်မှ ရပ်စဲလေ့ရှိသည်။

■ **မြန်မာနှင့် ဖီလာကိုရီးယား ၂၀၁၄ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး**

ဖီလာကိုရီးယား ၂၀၁၄ (Philakorea 2014) ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးကို ကိုရီးယားစာပို့ဌာန (Korea Post) နှင့် ကိုရီးယားတံဆိပ်ခေါင်းအဖွဲ့ချုပ် (The Philatelic Federation of Korea) တို့ ပူးပေါင်း၍ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၇ ရက်မှ ၁၂ ရက်နေ့အထိ ကိုရီးယားနိုင်ငံ၏မြို့တော် ဆိုးလ်မြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဤပြပွဲကြီးကို ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ် (FIP) နှင့် အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ် (FIAP) တို့မှ ကူညီပံ့ပိုးဦးဆောင်ရာ၌ ပါဝင်ခဲ့သည်။ ဤကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၏ ဆောင်ပုဒ်မှာ 'မေတ္တာတရား၊ ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်ရေး' ဟူ၍ ဖြစ်ပြီး ပြပွဲကြီး၏ လိုဂိုတံဆိပ်ပုံမှာ ငြိမ်းချမ်းရေးချိုးငှက် (အပြာရောင်)၊ စာအိတ် (အဝါရောင်)၊ တံဆိပ်ခေါင်း (အစိမ်းရောင်) နှင့် နှလုံးပုံ (အနီရောင်) တို့ဖြင့်ဖွဲ့စည်းထားပြီး လူသားအားလုံး၏ ငြိမ်းချမ်းရေးကို လှုံ့ဆော်၍ တံဆိပ်ခေါင်းဝါသနာရှင်တို့၏မြတ်နိုးမှုများကို ဖော်ကျူးထားသည့်တံဆိပ် ဖြစ်သည်။ လိုဂိုတွင် စာသားကို အင်္ဂလိပ်နှင့် ကိုရီးယားဘာသာတို့ဖြင့် ရေးသားထားပြီး ဖီလာကိုရီးယား ၂၀၁၄ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးဟူ၍ အဓိပ္ပာယ်ရရှိသည်။ ဤတံဆိပ်ခေါင်းပြပွဲကြီး၏လာဘ်ကောင်များ (mascots) အဖြစ် ဖီကို (Phiko)နှင့် ဟာမို (Harmo)အရုပ်နှစ်ရုပ်ကိုသတ်မှတ်ထားသည်။ ဖီကိုဟူသည်မှာ 'တံဆိပ်ခေါင်းဝါသနာ' (Phi) နှင့် 'ကိုရီးယား' (Ko) နှစ်မျိုးပေါင်းစပ်မှည့်ခေါ်ထားခြင်းဖြစ်ပြီး ဟာမိုမှာ လိုက်လျောညီထွေဖြစ်မှု၊ သဟဇာတဖြစ်မှု (Harmony) မှ ရယူထားခြင်းဖြစ်သည်။

ဖီလာကိုရီးယားကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးသို့ FIP နှင့် FIAP ဥက္ကဋ္ဌကြီးများတက်ရောက်ချီးမြှင့်ကြသည်။ ကမ္ဘာ့နိုင်ငံပေါင်း (၄၉) နိုင်ငံမှ နိုင်ငံကိုယ်စားပြုကော်မရှင်နာများ (National commissioners) က ပြိုင်ပွဲဝင်သူများ၏ တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းပစ္စည်းများကို တာဝန်ယူပြသကြသည်။ ဤပြပွဲကြီးနှင့်အတူတွဲဖက်၍ ကွန်ဂရက်ကြီး (Congress) ကျင်းပခြင်း၊ အချို့နိုင်ငံများ၏ အထူးနေ့များကျင်းပခြင်း၊ ညစာစားပွဲကြီးကျင်းပခြင်း၊ သံစုံတီးဝိုင်းကြီးနှင့် ကဇာတ်များ ပြသဖျော်ဖြေခြင်းများလည်း မြိုင်ဆိုင်စွာ ပြုလုပ်ခဲ့ကြသည်။ တံဆိပ်ခေါင်းနှင့် တံဆိပ်ခေါင်းဆိုင်ရာ ပြကွက်ပေါင်း (၅၁၉)ကွက် ယှဉ်ပြိုင်ပြသခဲ့သည်။ ဤသို့ ခြိမ့်ခြိမ့်သဲသဲဖြင့် ကျင်းပသောကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးမျိုးတွင် မြန်မာနိုင်ငံမှမြန်မာနိုင်ငံသားတံဆိပ်ခေါင်းဝါသနာရှင်တို့အဖို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်မှာ စိတ်ကူးထဲတွင်ပင်ထည့်ရန်မဖြစ်နိုင်ချေ။ မြန်မာနိုင်ငံမှာ ကမ္ဘာနှင့် အာရှတံဆိပ်ခေါင်းအဖွဲ့ဝင်နိုင်ငံမဟုတ်ခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် ဖီလာကိုရီးယား ၂၀၁၄ ပြပွဲကြီးမကျင်းပမီ တစ်နှစ်အလို၌ မြန်မာ့တံဆိပ်ခေါင်းလောက၏လမ်းကြောင်းမှာ တစ်ဆစ်ချိုးပြောင်းလဲခဲ့သည်။ မြန်မာနိုင်ငံသားတစ်ဦးမှ ထိုကမ္ဘာ့ပြပွဲကြီး၌ဝင်ရောက်ယှဉ်ပြိုင်ရန် နည်းလမ်းရှာဖွေတွေ့ရှိခဲ့သောကြောင့် ဖြစ်သည်။

နည်းလမ်းရှာဖွေတွေ့ရှိပုံမှာ ဤသို့ဖြစ်သည်။ ၂၀၁၃ ခုနှစ်၊ ဇွန်လ၏ နေ့တစ်နေ့တွင် ရန်ကုန်မြို့၌ စင်ကာပူနိုင်ငံမှ ခေတ္တလာရောက်လည်ပတ်သောမြန်မာ့စာပို့သမိုင်းပညာရှင်ဂျိမ်းဆောင်း (James Song)နှင့် မြန်မာတံဆိပ်ခေါင်းစာအုပ်များ ရေးသားပြုစုသူ ဦးကျော်မြင့်မောင်တို့မှာ တံဆိပ်ခေါင်းဆိုင်ရာကိစ္စများဖြင့် စကားလက်ဆုံကျမိကြရှိသည်။ တံဆိပ်ခေါင်းဝါသနာရှင်တို့မည်သည်မှာ လူမျိုး၊ ဘာသာ၊ အသားရောင်၊ နိုင်ငံသားဟူ၍ မခွဲခြားကြဘဲ တံဆိပ်ခေါင်းအကြောင်းပြောနေရလျှင် မြိန်ရှက်နေကြသည်။ ထိုသို့ပြောဆိုနေကြရင်း ဖီလာကိုရီးယား ၂၀၁၄ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးအကြောင်းသို့ရောက်ရှိသွားပြီး ဦးကျော်မြင့်မောင်၏ 'မြန်မာတံဆိပ်ခေါင်းဝါသနာရှင်လက်စွဲ' စာအုပ်ကို ထိုပြပွဲကြီး၌ ယှဉ်ပြိုင်ရန် စကားဆိုလာသည်။ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်နိုင်ရန် မဖြစ်နိုင်သည့် အခြေအနေများကို ရှင်းလင်းပြရာ မြန်မာနိုင်ငံအနေဖြင့်မဟုတ်ဘဲ စင်ကာပူနိုင်ငံအနေဖြင့်ယှဉ်ပြိုင်ပါက ဖြစ်နိုင်ကြောင်းလမ်းစဖော်ပေးခဲ့သည်။ ဂျိမ်းဆောင်းက ထိုစာအုပ်ကို ဖီလာကိုရီးယား ၂၀၁၄ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၏ တံဆိပ်ခေါင်းစာပေအတန်းအစားတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အကြံပြုသည်။ ထိုစာအုပ်ကို ထိုပြပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကူညီမည်ဟုလည်း ပြောပါသည်။ ဤသို့ဖြင့် 'မြန်မာတံဆိပ်ခေါင်းဝါသနာရှင်လက်စွဲ' စာအုပ်



www.burmeseclassic.com

www.burmeseclassic.com

(၂)အုပ်ကို (ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးသို့ (၂) စုံပေးပို့ရသည်) ဂျိမ်းဆောင်းမှ တစ်ဆင့် စင်ကာပူနိုင်ငံ၏ ဖီလာကိုရီးယား ၂၀၁၄ ပြပွဲကြီး၏ နိုင်ငံကိုယ်စားပြု ကော်မရှင် နာရစ်ချတ်တန် (Richard Tan) ထံသို့ အချိန်မီပေးပို့ခဲ့ရသည်။ ဤကဲ့သို့ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဦးကျော်မြင့်မောင်ကိုလည်း စင်ကာပူတံဆိပ်ခေါင်းကလပ်သို့ အသင်းဝင်စေပြီး ထိုကလပ်အသင်းဝင်အဖြစ် မြန်မာနိုင်ငံသားတစ်ဦးက မြန်မာဘာသာဖြင့် မြန်မာနိုင်ငံတွင် ပုံနှိပ်ထုတ်ဝေသော တံဆိပ်ခေါင်းဆိုင်ရာ စာအုပ်ကို စင်ကာပူနိုင်ငံကိုယ်စားပြု၍ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။ ဂျပန်၊ ကိုရီးယား၊ စပိန်၊ အီတာလျံ စသည်ဖြင့် ဘာသာမျိုးစုံဖြင့် တံဆိပ်ခေါင်းစာအုပ်များကို ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးများ၌ ယှဉ်ပြိုင်လေ့ရှိကြရာ ဤပြပွဲကြီး၏ထူးခြားချက်မှာ မြန်မာဘာသာ စာအုပ်ဖြင့် ပထမဆုံးအကြိမ် ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီး၌ ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။ ပြိုင်ပွဲဝင်ပစ္စည်းများကို ၂၀၁၄ ခုနှစ် ပြပွဲကြီးမကျင်းပမီ တစ်နှစ်အလိုကပင် ကြိုတင်ပေးပို့ကြရရာ စင်ကာပူနိုင်ငံ ကိုယ်စားပြုကော်မရှင်နာကလည်း ထိုမြန်မာစာအုပ်(၂)စုံအပါအဝင် စင်ကာပူမှ ပြိုင်ပွဲဝင်တံဆိပ်ခေါင်းဆိုင်ရာပစ္စည်းများကို ၂၀၁၃ ခုနှစ်က သွားရောက်ပေးပို့ခဲ့ရသည်။ တံဆိပ်ခေါင်းပြပွဲကြီးများ၌ ယှဉ်ပြိုင်သူတို့၏အမည်များကို မိသားစုအမည်ဖြင့် စတင်ဖော်ပြလေ့ရှိရာ မိသားစုအမည်မရှိသောမြန်မာအမည်အတွက် ဖတ်ရှုရအဆင်ပြေနိုင်ရန် Kyaw, Myint Maung ဟု အမည်ပေးယှဉ်ပြိုင်ခဲ့ရသည်။

■ **တံဆိပ်ခေါင်းစာပေဆိုင်ရာ ဆုတံဆိပ်ဆွတ်ခူးရရှိခြင်း**

ဤသို့ဖြင့် ၂၀၁၃ ခုနှစ်မှာ အမှုမဲ့အမှတ်မဲ့ဖြင့်ကုန်ဆုံးခဲ့ပြီး ၂၀၁၄ ခုနှစ်သို့ ရောက်ခဲ့သည်။ ထိုနှစ်၏ဇူလိုင်လရောက်မှသာ ဦးကျော်မြင့်မောင်သည်လည်း လွန်ခဲ့သည့် ၂၀၁၃ ခုနှစ်ကပြိုင်ပွဲဝင်ရန် ဖေးပို့ခဲ့သော တံဆိပ်ခေါင်းဆိုင်ရာ စာအုပ်နှင့်ပတ်သက်ပြီး သတိပြန်လည်ဝင်လာတော့သည်။ ဖီလာကိုရီးယား ၂၀၁၄ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးကျင်းပရန်လည်း ရက်အနည်းငယ်သာလိုတော့သည်။ ပြိုင်ပွဲဝင်သူအနေဖြင့် မြန်မာတစ်ဦးက မြန်မာစာအုပ်ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်ဟူသည့် မှတ်တမ်းကျန်ခဲ့လျှင်ကျေနပ်လှပြီဟု သဘောပိုက်ထားသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးများ၌ ယှဉ်ပြိုင်သောစာအုပ်၊ စာပေတို့မှာ အကောင်းဆုံးသောစက္ကူများပေါ်တွင် ရောင်စုံဖြင့် သပ်ရပ်စွာပုံနှိပ်ထားသော စာအုပ်များဖြစ်ကြရာ သာမန်စက္ကူ (wove paper) ဖြင့် ပုံနှိပ်ထားသော အဖြူ-အမည်း စာအုပ်အနေဖြင့် ဆုရရှိနိုင်မည်ဟု လုံးဝမထင်သောကြောင့်ဖြစ်သည်။ သို့ရာတွင် စာအုပ်ပါအကြောင်းအရာများမှာ မြန်မာ၊ မြန်မာနိုင်ငံ၊ မြန်မာတံဆိပ်ခေါင်း၊ မြန်မာစာပို့သမိုင်း စသည်ဖြင့် စုံလင်စွာပါဝင်သောစွယ်စုံကျမ်းသဖွယ်ဖြစ်၍ အကြောင်းအရာ ဘက်ပိုင်းတွင် ယုံကြည်မှုအပြည့်ရှိခဲ့သည်။ ဖီလာကိုရီးယားတံဆိပ်ခေါင်းပြပွဲကြီး၏ နောက်ဆုံးနေ့တွင်မှဆုတံဆိပ်ရရှိသူများကိုကြေညာခဲ့ရာ ဦးကျော်မြင့်မောင်၏ 'မြန်မာတံဆိပ်ခေါင်းဝါသနာရှင်လက်စွဲ' စာအုပ်မှာ ကြေးတံဆိပ်ဆုရရှိကြောင်း စင်ကာပူမှတစ်ဆင့်သိခဲ့ရသည်။ ထိုစာအုပ်ယှဉ်ပြိုင်ပြသခဲ့သော တံဆိပ်ခေါင်းစာပေအတန်းအစားတွင် အပိုင်း(၃)ပိုင်းခွဲခြားထားရာ (က) တံဆိပ်ခေါင်းဆိုင်ရာစာအုပ်များနှင့်စာတမ်းများ၊ (ခ)တံဆိပ်ခေါင်းဆိုင်ရာဂျာနယ်နှင့်မဂ္ဂဇင်းများနှင့် (ဂ)တံဆိပ်ခေါင်းကက်တလောက်အမျိုးမျိုးတို့ဖြစ်သည်။ ဦးကျော်မြင့်မောင်၏စာအုပ်မှာ တံဆိပ်ခေါင်းဆိုင်ရာစာအုပ်နှင့်စာတမ်းများအပိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ်ဥက္ကဋ္ဌကြီး မစ္စတာတေးပင်ဟင်း (Tay Peng Hian) မှာ စင်ကာပူနိုင်ငံသားဖြစ်ဖြီး မြန်မာတစ်ဦးအနေဖြင့် ဆုတံဆိပ်ရရှိခြင်းကို ကိုယ်တိုင်ကိုယ်ကျ ဂုဏ်ပြုလို၍ ဦးကျော်မြင့်မောင်အား စင်ကာပူ၌ ဆုတံဆိပ်လက်ခံရယူရန် စီစဉ်ကြသည်။ ဥက္ကဋ္ဌကြီးမှာ မြန်မာ့စာပို့သမိုင်းစိတ်ဝင်စားသူဖြစ်သည်။ ဤသို့ဖြင့် ဦးကျော်မြင့်မောင်မှာ ဆုယူရန် စင်ကာပူနိုင်ငံသို့ ရောက်ရှိခဲ့ရာ နောက်တစ်နေ့တွင် စင်ကာပူတံဆိပ်ခေါင်းပြတိုက်(Singapore Philatelic Museum) ၏ မန်နေဂျင်းဒါရိုက်တာ Ms. Tresnawati Prebadi က ဂုဏ်ပြုနေ့လယ်စာဖြင့်ဧည့်ခံသည်။ စင်ကာပူ၌ရှိနေစဉ်အတွင်း ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ် ဥက္ကဋ္ဌကြီးနှင့်အတူ Thomson Plaza ရှိ Peach Garden Restaurant ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲ တက်ရောက်ရပြီး ဆုတံဆိပ်လက်ခံရယူခဲ့သည်။ ထိုနေ့လယ်စာစားပွဲသို့ ဖီလာကိုရီးယား ၂၀၁၄ ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးတွင် စင်ကာပူနိုင်ငံမှ ပါဝင်သော ဂျူရီလူကြီးများဖြစ်သည့် လင်းဆာဘီး (Lim Sa Bee) နှင့် ဒေါက်တာယောင်ခိုင်းဝိုင် (Dr. Yau Khai Weng) တို့လည်း တက်ရောက်ကြသည်။ ထိုနေ့ အတွေ့အကြုံကို ဦးကျော်မြင့်မောင်က ပြောပြသည်မှာ -

"စားသောက်ခန်းမကိုရောက်လျှင်ရောက်ချင်း လင်းဆာဘီးက စာအုပ် (၁၀၀) ကျော်ထဲကနေပြီးတော့ ဆုရခဲ့တာဆိုတော့ ဂုဏ်ယူရမှာပါလို့ လာရောက် နှုတ်ဆက်စကားပြောပါတယ်။ ဒေါက်တာယောင်ခိုင်းဝိုင်ကတော့ ကျွန်တော့်စာအုပ်မှာ စက္ကူသားကညံ့ပြီး ရုပ်ပုံများကရောင်စုံမဟုတ်လို့ အမှတ်နည်းတာပါ။ ဒီလိုမှ မဟုတ်ရင် Silver (ငွေဆု) တော့ရနိုင်မှာပါ။ အကြောင်းအရာကတော့ အလွန်ကောင်းပါတယ်လို့ပြောပါတယ်။ ဥက္ကဋ္ဌကြီးကတော့ မြန်မာနိုင်ငံအတွက်ဂုဏ်ယူပါကြောင်းနှင့် အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ်မှာ မြန်မာပါဝင်လာတာကိုမြင်လိုကြောင်းပြောပါတယ်။ နောက်ပြီး ကျွန်တော့်ကိုလည်း အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ်၏နောက်လာမည့် အစည်းအဝေးများအားလုံးကိုလေ့လာသူအဖြစ်တက်ရောက်ခွင့်ပြုလိုက်ပါတယ်"

ယခုအခါ၌ ပြိုင်ပွဲဝင်ခဲ့သည့် ဦးကျော်မြင့်မောင်၏'မြန်မာတံဆိပ်ခေါင်းဝါသနာရှင်လက်စွဲ'စာအုပ်(၂)အုပ်အနက် တစ်အုပ်မှာ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌လည်းကောင်း၊ နောက်တစ်အုပ်မှာ FIP ဌာနချုပ်တွင်လည်းကောင်း သိမ်းဆည်းပြသထားလျက်ရှိသည်။ မြန်မာတံဆိပ်ခေါင်းဝါသနာရှင်များအဖို့ ကမ္ဘာ့တံဆိပ်ခေါင်းအဖွဲ့ချုပ်ကြီးအကြောင်းနှင့် ကမ္ဘာ့တံဆိပ်ခေါင်းပြပွဲကြီးများ၏ စည်းမျဉ်းများ၊ အမှတ်ပေးစနစ်များ စသည်တို့ကို စိတ်ဝင်တစား လေ့လာ၍ အာရှတံဆိပ်ခေါင်းအဖွဲ့ချုပ်သို့ မြန်မာပါဝင်နိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းသင့်ပြီ ဖြစ်သည်။

ကြည်ညိုမွှေး

ကိုးကားမှုများ


၁။ Managing Committee (2014) Philakorea 2014 World Stamp Exhibition Catalog, Seoul.

၂။ Toe Kyaw Kyar (2014) Personal Communication.




www.burmeseclassic.com1

www.burmeseclassic.com



# စိုးမြင့်

## အထက်လမ်းပညာနှင့်အောက်လမ်းပညာ မတူကွဲပြား ခြားနားပုံ တစ်စိတ်တစ်ဒေသ

ဤပညာရပ်အကြောင်းပြောရမှာ ထူးဆန်းစိမ့်စိမ့်ဖြစ်မိပါ၏။ အရဲစွန့်နေရသည်ဟု မှတ်ယူစေလို၏။ မိမိသည် ဉာဏ်နည်းလှသလို ဤပညာရပ်ကြီးများအကြောင်း တစိုးတစိသာသိပါ၏။ မိမိသိသော ဉာဏ်တစိအား ရိုးသားလှသော စာဖတ်သူအတွက် လည်းကောင်း၊ အထက်လမ်းဆိုတာ ဘာလဲ၊ အောက်လမ်းဆိုတာ ဘာလဲ ဆိုတဲ့ ဇဝေဇဝါဖြစ်နေသူကို လည်းကောင်း ဘယ်ပညာဆက် ဘယ်ပညာက ပိုမြတ်သလဲစတဲ့ အငြင်းအခုံကွဲစေလို၍ မီးမောင်းထိုးပြပေးခြင်းသာဖြစ်ပါ၏။

ယနေ့ခေတ် ဆေးဂိုဏ်းပေါင်းစုံရှိသည့်အတွက် ဂိုဏ်းချုပ်ဆရာကြီးတွေ သည့်တပန်းတွေ ဒုနှင့်ဒေးရှိကြ၏။ ထုတ်ပြမော်ထုတ်ခြင်းအပေါ် အတိမ်းအစောင်းမခံမှန်း သိပါ၏။ ဆေးဂိုဏ်းဆရာတို့အား သိစေလို၍ ဖော်ပြခြင်း မဟုတ်ဘဲ စာဖတ်သူပရိသတ်များ အတွက် ရည်ရွယ်ဖော်ပေးခြင်းဖြစ်၏။ အကယ်၍ အနာပေါ်တုတ်ကျသည့်အဖြစ် ကြုံခဲ့ပါလျှင် နားနဲ့မနာ ဖဝါးနဲ့ သာနာယူပေးဖို့ ဦးစွာ မေတ္တာရပ်ခံပါရစေ။

မဟာဂန္ဓာရီပညာနှင့် စူဠဂန္ဓာရီပညာ ပညာရပ်ကြီးနှစ်မျိုးရှိပါသည်။ မဟာဂန္ဓာရီပညာအား အထက်လမ်းပညာအဖြစ်ခေါ်ပြီး စူဠဂန္ဓာရီပညာအား အောက်လမ်းပညာအဖြစ် ခေါ်ကြလေ၏။

အထက်လမ်းဟူသည် အထက်တက်ရာလမ်း၊ အောက်လမ်းဟူသည် အောက်သို့ဆင်းရာလမ်းအဖြစ် ပါးစပ်စကား ယေဘုယျမှတ်ယူစေချင်၏။ ဤပညာနှစ်ရပ်သည် လျှို့ဝှက်အပ်သော ပညာများဖြစ်၍ လွန်စွာကျယ်ပြန့်လေ၏။ လိုက်စား၍မကုန်နိုင်သော ပဒေသာပင်ကဲ့သို့ များပြားလှသည့်အတွက် ပညာကုန်သင်ယူဖို့ တစ်ဦးတစ်လေမျှဆုံးနိုင်မည်မထင်မိပေ။

စူဠဂန္ဓာရီပညာသည် မဟာဂန္ဓာရီပညာထက် ပညာခန်းပိုမိုများပြားကြောင်း တွေ့ရလေ၏။ စူဠဂန္ဓာရီပညာထံမှ မိမိဉာဏ်မီသလောက် ဖော်ပြပါမည်။

အထက်လမ်း၊ အလယ်လမ်း၊ မော်လမ်းဆိုသော ပင်မအတတ်ကြီး (၃)ရပ်မှ အမျိုးမျိုးခွဲထွက်သွားခြင်းဖြစ်၏။ အထက်လမ်းနှင့်ဆက်နွယ်သော အင်း၊ ဆေး၊ ဂထမံ၊ မှော်ဓာတ် စသည့် သန့်ရှင်းသော၊ ကြီးမြတ်သော၊ အပြစ်မရှိသော ပညာခန်းများလည်း အသုံးပြုသင်ကြရ၏။ အလယ်လမ်းနှင့်နွယ်သော ပညာရပ်များအကြောင်း ရှေးဆရာတို့ တိတိကျကျမဖော်ထုတ်ခဲ့ပေ။ အထက်မရောက်အောက်မကျပညာခန်းလည်း ပါဝင်၏။

မှော်အတတ်တွင် အထက်မှော်၊ အလယ်မှော်၊ အောက်မှော်ပညာခန်းများဖြစ်လေ၏။ စူဠပညာမှ ဆေးများအကြောင်း အကျဉ်းပြောပါမည်။ ထိုဆေး



www.burmeseclassic.com

www.burmeseclassic.com

စားဆေး၊ တို့ဆေး၊ ရှူဆေး၊ လိမ်းဆေး အပြင် တခြားဆေးအမည်များစွာရှိလေ၏။ ထိုဆေးများအတွင်းထည့်သော ပစ္စည်းများအား အရိပ်အမြွက်ပြောပါမည်။ မိမိသည် ဆေးပစ္စည်းအားခြုံ၍ ပြောခြင်းသာ ဖြစ်ပါသည်။

နွားအမြှီတော၊ မြင်းအမြှီတော၊ ကျွဲအမြှီတော၊ ကြောင်အမြှီတော၊ ချိုးအမြှီတော၊ ကြက်အမြှီတော၊ ကျားမျက်လုံး၊ ကျားရိုး၊ လင်းတမျက်လုံး၊ တောက်တဲ့မျက်လုံး၊ ပိုးစုန်းကြူး၊ ဘီလူးမတွဲတွေး၊ ကြောင်မျက်လုံး၊ သိမ်ဝင်သပိတ်ကွဲ၊ ကျိုးမနားထန်းရွက်၊ နွားနက်သည်းခြေ၊ တောက်တဲ့သည်းခြေ၊ အိမ်မြှောင်တစ်ကောင်လုံး၊ အမြီးနှစ်ခွအိမ်မြှောင်၊ ဖားပြုပ်ကောင်လုံး၊ ခြေဖြတ်လက်ဖြတ် ဖားပြုပ်ကိုယ်လုံး၊ လင်းတသည်းခြေ၊ ကြမ်းမိုး၊ တောင်ပို့ပေါ်ပေါက်သော ကြွက်လမောင်းပင်၊ တစက်ဆံသတ်ကာယ်၊ ယင်ကောင်၊ ပုစွန်ဆိတ်ခေါင်း၊ ဖျင်းသည်းခြေ၊ ကုန်းလိပ်သဲခြေ၊ တံစူးဝါး၊ တံစူးဝါးနှီး၊ တံစူးဝါးမီးသွေး (တံစူးဝါးဟူသည် မီးသဂြိုဟ်တဲ့အခါ မသာထိုးသောဝါး) မျောက်သွေး၊ ကျီးကန်းသည်းခြေ၊ ကင်ခြေများ၊ တြွက်ဝမ်းပူ့ ဝှေးစုံခြေရာမြေ၊ ကျင်ကောင်တွင်း၊ နွားသိုးကျားကိုက်သားရေ၊ တောကြက်ဘယ်တက်စူး၊ ပဒိုင်းသီး၊ ပဒိုင်းစေ့၊ ပဒိုင်းခတ္တာ၊ ပဒိုင်းနက်၊ မန်ကျည်းမှို့၊ ဆံချည်တွေး၊ ငါးရံ့၊ လကွယ်နေ့သေသော သူ့မီးသွေး၊ လုပ်တိုင်းမြေ၊ ပုလုပ်တွေး ထမင်းလုံး၊ မသာပို့သောပတ်မပတ်စာ၊ တံစူးဝါးကျည်ထောက်၊ မိန်းမဥတုသွေး၊ ကျားကြီးသည်းခြေ၊ တံစူးဝါးနတ်တံ၊ တံစူးဝါးစုတ်ခွက်၊ ရွာထိပ်နတ်ကြီးစင်၊ နတ်အိုးကွဲ၊ နတ်ကြီးစင်ပန်း၊ မြည်ထန်ဆာပန်း၊ နတ်အိုးကွဲ၊ ခါချဉ်အုံ၊ လူသွေး၊ ကင်းပုစွန်ပြာလူး၊ ကျင်ငယ်မြေ၊ ကျင်ငယ်ရေ၊ စနေဥသောကြက်ဥ၊ မြေဖယောင်း၊ ညောင်ရွက်၊ မြင်းမိတ်လိုက် အမြီးနှစ်ခု၊ ဝါးပျံ (သက်ပင်ထက်ပေါက်သောဝါး)၊ လင်းတပနီအူ၊ မသာခြေကြိုး၊ လက်မကြိုး၊ တွံတွေး၊ တန်ခိုးကြီးဘုရားအင်းဂတော၊ မျက်လုံးတော်နှစ်ဖက်၊ လက်ကြားနှစ်ဖက်၊ နို့တော်ကွာသော အင်္ဂတေရွှေ ဆင်ချေး၊ ခွေးစားကြွင်းထမင်း၊ ခွေးစွယ်၊ ခွေးသွား၊ လူသေတွင် စုန်ရေဆန်ရေလုပ်သော စလောင်းဖုံး၊ သူငယ်ချက်ကြိုး၊ ဝတ်မှီးကပ်သောမြေခဲ၊ သုသာန်မြေ၊ သုသာန်လေတောက်မြေ၊ လူ့ရိုး၊ သုသာန်ညောင်ရေအိုးကွဲ၊ အုတ်ဂူအင်္ဂတေပြာသာဒ်ဝါး၊ ပြာသာဒ်နှီး၊ ပြာသာဒ်စက္ကူ၊ ပြာသာဒ်သံ၊ သစ်သား၊ လမ်းဆုံလမ်းခွမြေ၊ ရေဆိပ်မြေ၊ စနေသေသောသူ့မီးသွေး၊ ရေတွင်းမြေ၊ သိမ်မြေ၊ နတ်ကြီးစင်မြေ၊ လှေကားရင်းမြေ၊ သောက်ရေအိုးစင်မြေ၊ ခြံဝေမြေ၊ မင်းစိုးမြေကြီး၊ မဆစ်ဆီ၊ ကိုယ်ဝန်ဆောင်မိခင်ပေါင်ရိုး စသည်စသည်ဖြင့် အများအပြားကျန်ပါသေး၏။ ဤမျှလောက်ပြောလျှင် သဘောပေါက်မည်ဟုထင်ပါ၏။

ယခု အထက်က ဆေးများအား တစ်မျိုးတည်းတစုတပေါင်းတည်းဖော်ထားခြင်းမဟုတ်။ တစ်မျိုးစီသီးခြား ဖော်ပြခြင်းဖြစ်၏။ ဥပမာ အာဏာတည်ဆေး (ထိုးဆေး)၊ မျက်စောင်းထိုးဆေး၊ ဒဏ်ပြန်ဆေး၊ လက်ညှိုးထိုးဆေး၊ နာနာရုပ်ဆေး၊ ဥစ္စာပြန်ဆေး၊ အချစ်ဆေး စသည်တို့အား အကန့်လိုက်ဖော်ထားခြင်းဖြစ်၏။

ထို့ပြင် အင်းခန်း၌ ဗျည်း (၃၃) လုံး၊ သရ (၈) လုံး၊ သရ (၁၂) လုံး၊ မြေ ဓာတ်၊ လေဓာတ်၊ ရေဓာတ်၊ မီးဓာတ်စသည်ထုတ်ယူ၍ စာမဟုသော အမည်ဖြင့် အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့ စီရင်ခြင်း၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် ပါဠိများကို အင်းဆန်အဖြစ်သုံးစွဲခြင်း၊ မိတ်ဓာတ်၊ နာမ်ဓာတ်လျော်အောင် စီမံခြင်း၊ ပါဠိအဋ္ဌကထာဋီကာတို့မှ လာသမျှတို့ကို ဂါထာခေါ်၍သုံးခြင်း (ဥ) တပ်၍ မန္တန်ဟုခေါ်ခြင်း၊ (ဗြောင်း) တပ်၍ မန္တရားဟု ခေါ်ဝေါ်ခြင်းများအား အသုံးပြုကြ၏။

အထက်က ဆေးအမည်များအပြင် ဘယဆေးဆိုင်မှ ဆေးပေါင်းစုံအား အသုံးပြုသေး၏။ ဥပမာအနေဖြင့် ကြိကမျှတ် (၃) ပါး၊ တြိဖလ (၃) ပါး၊ ကြံ့သွေး၊ ကျောက်သွေး၊ ကြွေပုပ်၊ လိပ်ကျောက်ဆူး၊ ပွေးကိုင်း၊ ကျောက်ချဉ်၊ သိန္ဓော၊ ဆားပုပ်၊ နနွင်း၊ ကွမ်း၊ ထုံး၊ ပ်တဲကော စတဲ့စတဲ့ ဆေးပေါင်းစုံပါသေးကြောင်း ဗဟုသုတမှတ်ပါ။

အထက်ကဆေးများ ဘယဆေးများ စုပေါင်းလျက် လူရုပ်၊ ဘီလူးရုပ်၊ ကဝေရုပ်၊ ဇော်ဂျီ၊ ဇော်ဂနက်ရုပ်၊ အာဋ္ဌာဝက၊ ပုဏ္ဏက၊ ဆင်ရုပ်၊ မြင်းရုပ်၊ ကြက်ရုပ်၊ နွားရုပ်၊ ခွေးရုပ်၊ ကျားရုပ်၊ ဝက်ရုပ်နှင့် မောက်လုံး၊ မောတ်ပြားအရုပ်နှင့် (၃၇) မင်းနတ်ရုပ်များလည်း ပါဝင်၏။

ထို့ပြင် ၎င်းဆေးပေါင်းဖြင့် ဘုရားရုပ်ပွားအမျိုးမျိုး၊ ရဟန္တာပုံအမျိုးမျိုး အထက်နတ်ရုပ်အမျိုးမျိုး သိဒ္ဓိရှင်များ၏ ပုံအမျိုးမျိုးသည် ထုလုပ်သုံးစွဲသေး၏။ ရှေးအခါက အထက်ပြဟ္မာဂိုဏ်းပေါင်း (၂၀) ရှိသည်ဟု ဆိုလေ၏။

အင်းခန်းအား အရိပ်အမြွက်ပြောချင်သေး၏။ နတ်ချစ်အင်း၊ ပယောဂအင်းအမျိုးမျိုး၊ အများချစ်သောအင်း၊ သားဖွားအင်း၊ အပျိုချစ်အင်း၊ အမြဲချစ်သောအင်း၊ ပူဇော်အထူးခံရသောအင်း၊ ရှုံးစေသောအင်း၊ အရှုံးနိုင်သောအင်း၊ အပင်းနိုင်သောအင်း၊ နတ်ကြီးနိုင်သောအင်း၊ ကိုယ်လုံအင်း၊ တစ္ဆေမြေဖုတ်နိုင်သောအင်း၊ မီးထွန်းအင်း၊ အလောင်းအစားအင်း၊ ပုဏ္ဏကတိုက်အင်း၊ အာဋ္ဌာဝကတိုက်အင်း၊ ဇော်ဂျီဇော်ဂနက်တိုက်အင်း၊ (စထတဟ) ပထဝီသိဒ္ဓိပေါက်သောစမကဲ့သို့ စာမ (၄) လုံးအင်းပေါင်း (၄၅) အင်းအား အသုံးပြုခြင်းအပြင် အခြားအင်းပေါင်းများစွာရှိသေး၏။

ပထမံရုပ်လမ်းအင်းများစွာ အသုံးပြုသေး၏။ ဤရုပ်လမ်းများ အသုံးပြုသည့်အခါ ယုတ်ညံ့စွာအသုံးပြုသည်တများ၏။ ပထမံပညာကြီး (၃) ရပ်ရှိကြောင်း မှတ်သားရ၏။ အလယ်ဂိုဏ်းပညာအကြောင်း မိမိအတိအကျမသိပေ။ တစ်ဖန် အင်းအိုင်ခါးလှည့်လက်ဖွဲ့ ဆေးမှအစ အလယ်ပညာရပ်အဖြစ် သီးသန့်မတွေ့ဘူးသေးချေ။ မိမိဉာဏ်မီသမျှ တွေးရသော် သီလရက္ခစိုးမော် မယ်တော်ကြီး (၄) ပါးမော်များသည် အလယ်အလတ်လမ်းလား၊ ထိုမော်ပညာမှ အကြားအမြင်ကဲ့သို့ဗေဒင်ဟောပြော ရပ်တည်နိုင်၏။ အထက်သို့ မရောက်၊ အောက်လည်းမရောက် အလယ်အလတ်ဟုသာ ထင်မိပါ၏။

အထက်က အရိပ်အမြွက်ပြောခဲ့သော ဆေးအမည်များအား အမည်အမျိုးမျိုးပေးထား၏။ ထိုဆေးများနှင့် (၇) ရက်သားသမီးတို့အား နည်းမျိုးစုံပြုစားလေ၏။ နည်းမျိုးစုံဖျက်ဆီးလေ၏။ ခေါင်းမူးခေါင်းကိုက်မှအစ ဦးခေါင်းဝေဒနာအမျိုးမျိုး၊ မိသားစုအိမ်ထောင်ရေး ဖြိုခွဲခြင်းများ သူတစ်ပါးအချစ်မတရားရယူခြင်းများ၊ သွက်သွက်ခါရူးသွားစေခြင်းများ၊ စီးပွားပျက်ခြင်းများ၊ မိသားစုများ အိမ်မကပ်နိုင်အောင် လေလွင့်ခြင်းများ ကျန်းမာရေးဖောက်ပြန်မှုများ စသည်ဖြင့် ကြံစည်ပြုစားကြလေသည်။

ဤပညာရပ်များမှ ဘုရှေပင့်ခန်း၊ သမ္မာဒေဝနတ်ပင့်ခန်း၊ မနုဿဗ္ဗာပင့်ခန်း



www.burmeseclassic.com1

www.burmeseclassic.com

စကြဝဠာအနန္တပင့်ခန်း၊ သတ္တကူရာမော်ပင့်ခန်း၊ တစ်ကျိပ်နှစ်ပါးနတ်ပင့်ခန်း၊ ဘုရားငါးဆူမော်နတ်ပင့်ခန်း၊ ဇမ္ဗူဒီပါကျွန်းစောင့်နတ်ကြီးငါးပါးပင့်ခန်း၊ သိဒ္ဓိတင်ခန်းများစွာပါဝင်၏။

ဤပညာရပ်များသည် ပထမ ဂိုဏ်းဂဏထိထွင်သူဆရာကြီး၏ ဩဝါဒအတိုင်း တပည့်အပေါင်းမှ တစ်သဝေတိမ်းလိုက်နာကျင့်ကြံရ၏။ ဂိုဏ်းဂဏတီထွင်သူဆရာကြီးပေါင်းမြောက်မြားစွာရှိခဲ့ကြသဖြင့် တပည့်အပေါင်းအများအပြားရှိကြ၏။ ပညာရပ်ကွဲပြား၏။ ဆရာကွဲလေ ဆေး၊ အင်း၊ မှော်မှအစ ကွဲလွဲကြ၏။

ဂိုဏ်းအမည်နာမအမျိုးမျိုးပေးကြ၏။ ထိုဂိုဏ်းတို့စည်းကမ်းချက်များသည် ကောင်းမွန်ကြောင်းတွေ့ရ၏။ ရတနာ (သုံးပါး) ငါးပါးသီလအား မြဲမြံရ၏။ ဂိုဏ်းစည်းမကျိုးအောင် ကျိန်စာတိုက်ကတိသစ္စာပြုရ၏။

စကားညှပ်ပါမည်။ စူဠဆရာသည် သူတစ်ပါးသားပျိုသမီးပျို၊ သူများသားမယားမတရားသိမ်းပိုက်စော်ကားသော ဆေးဆရာတို့အား စာဖတ်သူတို့တွေ့ဖူးကြားဖူးပေမည်။ ထိုသို့ ကျူးလွန်စော်ကားသော်လည်း သူ၏ဆေးပညာမပျက်ပေ။

အကြောင်းမှာ ယုတ်ညံ့သောဆေးအား မူရင်း လက်ကိုင်ထား ပညာသင်ခဲ့သည့်အတွက် ထိုဆရာတွင် အထက်နတ်များ၊ သိဒ္ဓိရှင်များ၊ သာသနာစောင့်နတ်အပေါင်းမှ မစောင့်ရှောက်ကြပေ။ တာမေသအဖြစ် ကျူးလွန်သော်လည်း အပြစ်ကြီး၏ဆေးပညာမပျက်ပြယ်ပေ။ (ဒါလေး စာရှုသူ သတိချပ်ပါဗျာ။)

ရှေးအခါ စူဠပညာမူလဂိုဏ်းဂဏစတင်တည်ထောင်သော ဂိုဏ်းချုပ်ဆရာကြီးများ၏အမည်နာမများ သိမှုအစဉ်ဆက် ဆရာအစဉ်ဆက်သိရှိကြ၏။ ထိုထို ဆရာကြီးများသည် စူဠပညာထဲမှ သိဒ္ဓိမဟိဒ္ဓိပေါက်ပညာများလေ့လာကိုက်စားကြမည်မှာသေချာ၏။ ထိုဆရာကြီးများ ယနေ့ ဝိဇ္ဇာလောကထွက်ရပ်ပေါက်အမည်စာရင်းတွင် တစ်ဦးတလေမှမပါမတွေ့ရခြင်းသည် အဖြေရှိ၏။

ကိုင်သောပစ္စည်းသည် မစစ်၍၊ တစ်နည်းအတုသုံးစွဲ၍၊ တစ်နည်းမသန့်ရှင်း၍၊ တစ်နည်းညစ်ဝတ်၍၊ တစ်နည်း လူအများဒုက္ခပေးသောပစ္စည်းတွေကိုင်လို့ မပေါက်ကြောင်း ထင်ထင်ရှားရှားတွေ့မြင်ရ၏။ ဤမျှဆိုလျှင် အောက်လမ်းပညာအကြောင်း တစ်စိတ်တစ်ဒေသပေါ်မည်ထင်ပါ၏။

မဟာဂန္ဓာရီပညာအကြောင်းစိုးစဉ်းငယ်မျှပြောပါမည်။ အမှန်အတိုင်းဝန်ခံရသော် မိမိကိုယ်တိုင် မဟာဂန္ဓာရီပညာအကြောင်း ကောင်းကောင်းမသိပါ။ မွှားမွှားသေးသေးသာသိသူမို့ ဤမွှားမွှားသေးသေးသာပြောနိုင်ပါမည်။

မဟာဂန္ဓာရီပညာတွင် အကြမ်းစားနှစ်မျိုးတွေ့ပါသည်။ ထွက်ရပ်ပေါက်သိဒ္ဓိမဟိဒ္ဓိလမ်းစဉ်အား တစိုက်မတ်မတ်ကျင့်ကြံကြိုးစားအားထုတ်ကြသူများနှင့် ဆေးဆရာအဖြစ်နှင့်သာ သင်ယူသောသူဟူ၍ဖြစ်လေ၏။

ဆေးပညာတွင် မဟာဂန္ဓာရီပညာသည် အသန့်ရှင်းဆုံး၊ အရှားပါးဆုံး၊ အထက်ဆုံးဟူသော ဓာတ်သတ္တုပစ္စည်းများနှင့် ပန်းပေါင်း၊ ဂမုန်းပေါင်းများပင်ဖြစ်၏။ အထက်ဂိုဏ်းဆေးအများအပြားရှိကြောင်းတွေ့ရ၏။ ဂိုဏ်းဂဏမတူသည့်အတွက် ဆေးအမည်ကွဲပြားလေ၏။ ဆေးသုံးလည်းကွဲ၏။ ကုထုံးလည်းကွဲပြား၏။

မဟာပညာတွင် ဆေး၊ အင်း၊ ပထမံ၊ ဓာတ်တို့အား အဓိကစီရင်၏။ မိမိသွားသောလမ်းအတွက် တစ်မျိုးတည်းနှင့်လည်းကောင်း၊ နှစ်မျိုးနှင့်လည်းကောင်း ပြင်းထန်စွာအားထုတ်လျှင်ပေါက်နေကျဖြစ်၏။

မဟာပညာရပ်မှ ဆေး (ပေါက်ဆေး) အဖြစ် အသုံးပြုသည့်အခါ ပါဝင်သော ဆေးပစ္စည်း (မိမိဉာဏ်မီသမျှ) များမှာ အထက်နတ်ပြည်တွင်ရှိသော ရေစင်ရေသန့်များ၊ ဂမုန်းပေါင်းများစွာ၊ ပန်းပေါင်းများစွာပါဝင်၏။

တချို့ဆေးတွင် နတ်ပြည်မှ ဂမုန်းပေါင်းပန်းပေါင်း၊ ကနက္တဒဏ်ထီးရိုး၊ သိကြားမင်း၏ သန်လျက်ရိုး၊ အသား၊ ရွှေ ဟသ်ပဒါးများပါဝင်၏။

တချို့ဆေးများတွင် ပထမဆေး၊ ဒုတိယဆေး၊ တတိယဆေး၊ စတုတ္ထဆေး၊ ပဉ္စမဆေးအဖြစ် လည်းကောင်း၊ တောင်ထိပ်ဆေး၊ တောင်လတ်ဆေး၊ တောင်အောက်ဆေး၊ သူရဿတီဆေးစသည့် အမည်နာမပေးသောဆေးများရှိ၏။ ထိုဆေးများမှာ အထက်က ဆေးများနှင့်မတူ ကွဲပြား၏။ သန့်ရှင်းသော၊ လတ်ဆတ်သော၊ အပြစ်မရှိသော ပန်းပေါင်း၊ ဂမုန်းပေါင်းအား ကိုယ်ပိုင်ဆေးအဖြစ်ကြိတ်၍ အထက်ဝိဇ္ဇာကြီးများထံမှ သိဒ္ဓိတင်လျက် အသုံးပြုသည့်ဆေးလည်း ပါဝင်၏။

တချို့ ပန်းပေါင်း၊ ဂမုန်းပေါင်းနှင့် ပထမံအင်းများရောလျက် စီရင်သည့်ဆေးများလည်းရှိပါ၏။

ဓာတ်ပညာဖြင့် အထက်လမ်းဆေးဆရာများလည်း တွေ့ဖူး၏။ အင်းပညာဖြင့် အထက်လမ်း ဆေးဆရာပထမံပညာဖြင့် အထက်လမ်းဆေးဆရာများလည်းရှိပါသည်။ ဓာတ်၊ အင်း၊ ပထမံဆရာများသည် ပေါက်ဆေးတစ်စက်မျှမပါဘဲ မိမိ၏ သီလသမာဓိဖြင့် အထက်လမ်းဆရာအဖြစ် ဆေးကုသနိုင်၏။

အခြားအထက်ဆေးအများအပြားရှိသော်လည်း မိမိဉာဏ်မမီ၍ ဤမျှနှင့်သဘောပေါက်စေချင်ပါသည်။

ဖော်ပြပါ တစ်စိတ်တစ်ဒေသဆေးကောင်းဆေးမှန်တို့သည် အပြစ်ကင်းစင်ကြောင်း တွေ့ရလေ၏။ ထိုဆေးတို့သည် ထက်မြက်ခြင်း၊ စူးရှခြင်း၊ သန့်ရှင်းခြင်းစတဲ့အချက်များနှင့်ပြည့်စုံနေသဖြင့် ထိုဆေးတို့အား သူတော်ကောင်းအပေါင်းစောင့်ရှောက်၏။

သိဒ္ဓိရှင်မဟိဒ္ဓိရှင်ဆရာတော်များ၊ ဘိုးတော်များ၊ ရသေ့များအပြင် သာသနာစောင့်ဘိုးသိကြား၊ စတုမဟာရာဇာနတ်မင်းကြီးများ၊ သူရဿတီမှအစ ဒေဝီ(၇) ပါး၊ (၁၂) ပါးမှအစ အောက်ခြေနတ်များအထိအဆင့်ဆင့်စောင့်ရှောက်ရလေ၏။

နတ်ကောင်းနတ်မြတ်များစောင့်ရှောက်သောကြောင့် တချို့ဆရာများက နတ်ဆေးဟုပြောကြ၏။ ဒီလိုပြောသော်လည်း မိမိမငြင်းပါ။ အစောင့်အရှောက်နတ်များစွာရှိပါ၏။ အထက်နတ်များ အထက်နတ်သမီးများထက် ထကြွစွမ်းသောနတ်များမရှိနိုင်ပေ။ တစ်ဖန် သိဒ္ဓိရှင်မဟိဒ္ဓိရှင်ပုဂ္ဂိုလ်များလည်း ကူညီစောင်မ၏။ သူတို့ထက် ကြီးမြတ်သော အစောင့် ရှိပါသေးသလား မရှိပါ။

ထို့ကြောင့် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်များအထက် သာသနာစောင့်နတ်များသည် သူတော်ကောင်းပုဂ္ဂိုလ်များဟုဆိုလျှင် စာရှုသူလက်ခံမည်ထင်ပါသည်။ တဲ - စာရှုသူ ယခုလောက်ပြောလျှင် အထက်လမ်းပညာက အောက်လမ်းပညာထက် မည်မျှသာလွန်ကြောင်း ကိုယ်တိုင်ဆုံးဖြတ်လိုက်ပါတော့နော်။

(မိမိဘဝအတွေ့များထဲမှထုတ်နုတ်ရေးသားပါသည်။)

စိုးမင်း(မြောက်စည်းရွာသစ်)

www.burmeseclassic.com

ကျွန်ုပ်သည် လွန်စွာမှ ထူးဆန်းသော လူတစ်ယောက်ဖြစ်သည်ဟု မိမိကိုယ်ကိုထင်မြင်မိ၏။ အကြောင်းမှာ ကျွန်ုပ်သောက်သောက်စားစား လူရွှင်ကဲ့သို့နေစဉ်က ကျန်းမာရေးကောင်းနေပြီး ဘာမှမဖြစ်ဘဲ မသောက်မစား လူမင်းသားကဲ့သို့ကျင့်ပါမှ ၂၀၀၆ ခုနှစ်က ဝဲဘက်ကိုယ်ခန္ဓာတစ်ခြမ်းလေဖြတ်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် သမီးကြီးအိမ်တွင် သမီးကြီးနှင့် မြေးနှစ်ယောက်ကိုစောင့်ရှောက်ရင်း ဘုရားနှင့်တရားနှင့်နေစဉ် ချော်လဲပြီး လေဖြတ်သည့်ခြေထောက် ဝဲဘက်တင်ပဆုံရိုးကျိုးကာ ခြေထောက်သည် နှစ်လက်မနိမ့်သွား၏။ ထို့ကြောင့် လမ်းလေးလေးမလျှောက်နိုင်သည့်သူတစ်ဦး ဖြစ်သည်။

၂၀၀၆ ခုနှစ် ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်စီမံကိန်းဦးစီးဌာနတွင် (ဦးစီးအရာရှိ)အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ကမ္ဘာ့ဖလားတတိယလုပွဲကြည့် အကောင်းကော ဘောလုံးပွဲကြည့်ပြီး အမြန် နံနက် (၄) နာရီဝန်းကျင်ခန့်တွင် မိုးအနည်းငယ်မိသွားပြီး ခန္ဓာကိုယ် ဝဲဘက်တစ်ခြမ်းလေဖြတ်သွားခဲ့သည်။

ရန်ကုန်မြို့မှ သမီးကြီးနှင့် ဘားသတို့၏ သငယ်ချင်းတစ်ယောက်လာပြီး နှစ်ယောက်မချိုး ဘားအံမှ ရန်ကုန်ခရီး တွဲ၍ အထင်အချုပ်ပါမှ ရန်ကုန်ရှိအိမ်သို့ ပြန်ရောက်ခဲ့သည်။ ဘားအံမြို့ ပြည်နယ်စီမံကိန်းရုံးတွင် တာဝန်ထမ်းဆောင်နေစဉ်အ ကရင်ပြည်နယ်သို့ မိသားစု လိုက်ပါနိုင်ခြင်းမရှိသဖြင့် ပြည်နယ်မှူးမှ နေရာချထားပေးသည့် ရုံးကြီးပေါ်ရှိ အစည်းအဝေးခန်းတွင် အခန်းကန့်၍နေသည်။ မိသားစုနှင့် ရန်ကုန်ရှိ ဝန်ကြီးများ ရုံးတွင် တာဝန်ထမ်းဆောင်စဉ်က ရုံးမှ အပေါင်းအသင်းများ၊ ဆရာသမားနှင့် လည်းကောင်း၊ သောက်စားသည့်အဖြစ် ရုံးပိတ်ရက်များတွင် ရပ်ကွက်မှ လူယုံ မွေးထားသည့်သူနှင့်လည်း သောက်စားပြီးနေပုံမျိုးရှာမရောင်သွားလာခဲ့သော ကျွန်ုပ်သည် ထိုစဉ်က မပေါခဲ့သော်လည်း ဘာမှမဖြစ်ဘဲ ယခု ကရင်ပြည်နယ်သည် ကျွန်ုပ်အတွက် ရောက်ခါစမို့ အထက်ဝန်ထမ်းကား လက်ထောက်ညွှန်ကြားရေးမှူးနှင့် ပြည်နယ်မှူး (ဒုတိယညွှန်ကြားရေးမှူး) နှစ်ယောက်သာရှိပြီး လက်အောက်ဝန်ထမ်းများကား ဒုတိယ စီမံကိန်းမှူးများနှင့် စာရေးကြီးနှင့် စာရေးမကြီး၊ အောက်တန်းစာရေးတို့ များစွာရှိသဖြင့် လူကြီးကဲ့သို့ သိမ်သိမ်မာမာ လူကြီးလူကောင်းဆန်ဆန်နေပါမှ ယခုလိုဖြစ်ရခြင်းမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဟု ဓမ္မအလိုအရ သတ်မှတ်ရပေတော့မည်။

ရန်ကုန်မြို့သို့ ပြန်ရောက်ပြီး လှိုင်မြို့နယ် ဘုတာရုံမှတ်တိုင်အနီးရှိ မြအထူးကုဆေးခန်းတွင် အချိန်ပိုင်းထိုင်သော ရန်ကုန်ဆေးရုံကြီးမှ အထွေထွေရောဂါကုသမားတော်ကြီး ဦးမြင့်ဟန်နှင့် လှိုင်မြို့နယ်အမှတ် (၁၃) ရပ်ကွက် ဘုတ္တာဈေးမှတ်တိုင်ရှေ့ အင်းစိန်လမ်းမအနောက်ဘက်ခြမ်းရှိ သိရိမြိုင် (၃) လမ်းတွင် ဆေးခန်းဖွင့်လှစ်ထားသော မြန်မာ့တိုင်းရင်းအကြောပြင်ဆရာကြီး ဦးသန်း (ခ) ဦးသန်းဆွေ၏အကြောပြင်ကုသပေးမှုကျေးဇူးကြောင့် ၂၀၀၇ ခုနှစ် သင်္ကြန်မတိုင်မီ ကုသချိန် (၆) လအကြာ၌ လမ်းစမ်းလျှောက်နိုင်ခဲ့၏။ မြအထူးကုဆေးခန်းမှ အထွေထွေရောဂါကုသမားတော်ကြီးက ဆေးမထိုး၊ သွေးပေါင်ချိန်၍ ကျွန်ုပ် ယခုရေးသားမည့်ဆေးများကို သောက်ခိုင်းသည်။ Aspilet (သွေးကျဲဆေး)၊ Anlong-5 (သွေးကျဆေး) U-Cton သို့မဟုတ် Paracton (အာရုံကြော)အားဆေးကို အောက်ပါ ဆေးညွှန်းအတိုင်းသောက်စေသည်။

ငွေကြေးတတ်နိုင်သော အထူးကုဆေးခန်းများတွင် မပြနိုင်သော ဆေးမြီးသူ၊ လေဖြတ်သူများအတွက် မဂ္ဂဇင်းမှ ကျန်းမာရေးဒါနပြုခြင်း ဖြစ်သည်။ Aspilet (သွေးကျဲဆေး)နှင့် Anlong-5 (သွေးကျဆေး) ကို နံနက်အစားစားပြီး (၁) နာရီဝန်းကျင်ခန့်တွင် သောက်ရန် ညွှန်ကြားသည်။ U-Cton (အာရုံ[illegible]ဆေး) ကို နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် (၂) ကြိမ်သောက်ရန် ညွှန်ကြား၏။ ဆရာဝန်ကြီးချိန်းသည့်ရက် သွားပြသောအခါတိုင်း ထိုဆေးများကိုသာ နေ့စဉ် အညွှန်းအတိုင်းသောက်ရန်နှင့် Aspilet (သွေးကျဲဆေး)ကို တစ်သက်လုံး သောက်ရမည်ဟုညွှန်ကြားသဖြင့် ယနေ့ထိတိုင် ကျွန်ုပ် Aspilet ကို တစ်လုံး နံနက်စာစားပြီးနောက် ဆက်သောက်နေရသည်။ မြန်မာ့တိုင်းရင်း အကြောပြင်ဆရာကြီးကား လေဖြတ်ခါစက ရက်ခြားချိန်း၍ အကြောပြင်ပေးသည်။ ၂၀၀၇ ခုနှစ် လမ်းကောင်းကောင်း လျှောက်လာနိုင်သောအခါ ဘားအံမြို့မှ တတ်နိုင်လျှင်တစ်လခြားတစ်ခါ လာပြင်ရန်မှာသဖြင့် ပြည်နယ်မှူး (ဆရာဦးခင်ဆွေ) ၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်သို့ အကြောပြန်ပြင်ရာ ဆရာက ခွင့်အဖြစ် မသတ်မှတ်ဘဲ ၂၀၀၇ ခုနှစ် နှစ်ကုန် လေဖြတ်ပြီး တစ်နှစ်အကြာတွင် အကြောပြင်သည့် ဆရာကြီးဆေးခန်းသို့ ကျွန်ုပ်ကိုယ်တိုင် စက်ဘီးစီး၍သွားလာနိုင်သည်အထိ ပြန်ကောင်းခဲ့သည်။ ကျွန်ုပ်ကဲ့သို့သော လေဖြန်းလေဖြတ်ဝေဒနာရှင်များ မဂ္ဂဇင်းမှ ကျွန်ုပ်၏စာမူတို့ ဖတ်မိ၍ ဝေဒနာရှင်များကို လမ်းညွှန်နိုင်ရန် တိုင်းရင်းအကြောပြင်ဆရာကြီး ဦးသန်း (ခ) ဦးသန်းဆွေ၏လိပ်စာ လမ်းညွှန်ကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

လေဖြတ်ပြီး (၆) လခန့်အကြာ ၂၀၀၇ ခုနှစ် သင်္ကြန်မတိုင်မီ ရုံးပြန်တက်ရန် စဉ်းစားသောအခါက လမ်းကောင်းကောင်းလျှောက်နိုင်သော်လည်း လေဖြတ်သော ဝဲဘက်ခြေထောက်မှာအား မပြည့်သေး၊ လူကောင်းအတိုင်းမဖြစ်သေး၊ အနည်းငယ် တစ်ဖက်စောင်းသလိုဖြစ်ကျန်ခဲ့သည်။ ထို့ကြောင့် [illegible]

[illegible]

တုသခွင့်ပြုခဲ့သော [illegible] နယ်မှူးနှင့်လည်းကောင်း [illegible] ဘက်မှ [illegible] တို့ ကျေး[illegible] တုန်ပြန် [illegible] ခြောက်ပေးရန် ကျွန်ုပ်၏ညီ[illegible]





www.burmeseclassic.com1

www.burmeseclassic.com

# သခါရာဇ်နိုင်သား

## အနုပညာလုလင်ကြီးကို ဧသမင်းဇော်စေတာမန်နှစ်ဦးက စောင့်ရှောက်ခြင်း



တွင်း တည်းခို ခန်းခနှင့် စား သောက်စရိတ် နှစ် ဦးစာကိုပင် သူက ပင် အကုန်အကျခံခဲ့ ၏။ ကျွန်ုပ်လေဖြတ် နေ၍ ကုသနေစဉ် အခိုက်၌ ရှီညာဆောင် သားတော်မောင်သည် ဗိုလ်လောင်းသင်တန်း လျှောက်ထားသဖြင့် ဗိုလ် ရွေးအဖွဲ့မှ အရွေးချယ်ခံရ စေရန်အတွက် ပြင်ပ၌ ဖွင့်လှစ်ထား ဗိုလ်လောင်းရွေး ချယ်ရေးအဖွဲ့မှ မေး တတ်သည့် လူတွေ၊ လက်တွေ့ လှုပ်ရှား ဆောင်ရွက်ရပုံ၊ သင်ကြားပေးသည့် သင်တန်းစရိတ်ကိုလည်း ထိုညီမှပင် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သဖြင့် မယ်ခုအခါ သားသည် ပခုံးပေါ် သုံးပွင့် တင်ရသည့်ဗိုလ်ကြီးပင် ဖြစ်နေပေပြီ။

ထိုစဉ်က ကျွန်ုပ်သည် လေဖြတ် ရောဂါကုထားရသဖြင့် ဝန်ထမ်းလုပ် သက်တစ်လျှောက် ရန်ကုန်မြို့ဝန်ကြီး များရုံးတွင် ရုံးအလုပ်တစ်ဖက်ဖြင့် နိုင်ငံ ခြားသို့ တရားဝင်လူစီးပေးသည့်တာဝန် များ၊ အတိုးဆောင်တိုယ်စားလှယ်များ နှင့်ဆက်သွယ်၍ နိုင်ငံခြားထွက်ခွာမည့် မြန်မာနိုင်ငံသားများဖြည့်စွက်ထားသည့် အချက်အလက်များကို မှန်ကန်မှုရှိ မရှိ ထောက်ခံပေးရသည့်ပုံစံ (ပုံစံ-က) ပြန် တန်းဝင်အရာရှိထောက်ခံချက်လက်မှတ် ထဲမှ ငွေအကုန်အကျခံ၍ ဆရာနှင့် စာရေးမကြီးကို အားပေးခဲ့သည်။ ကျွန်ုပ် တို့နှစ်ယောက် ခရီးစရိတ်ကိုလည်း ဘားအံသို့လာစဉ်က သူကပင် ကားလက်မှတ် နှစ်စောင်ဖိုး ပေး ခဲ့သည့်အပြင် ဘားအံသို့ သူ နေစဉ် နှစ်ရက်အ



www.burmeseclassic.com1

www.burmeseclassic.com

ထိုးပေး၍ ရှာဖွေခဲ့သည့်ငွေ (၂၀၀၀ပြည့်နှစ်ဝန်းကျင်စီက ကျွန်ုပ်ရရှိသည့်ဝန်ထမ်းတစ်လစာသည် ထိုစဉ်က ပြင်ပအလုပ်များမှရရှိသည့် ဝန်ထမ်းတစ်ရက်စာသာရှိသည်) နိုင်ငံခြားထွက်ခွာမည့်သူနှင့် တိုက်ရိုက်တွေ့လျှင်ကား ငွေသည် ဖျံနေအောင်ဝင်သည်။ သွားမည့်လူငယ်များမှာ မသွားတတ်မလာတတ်၊ ပုံစံများကိုမဖြည့်တတ်သည့်အတွက် ညွှန်ကြားကာဖြည့်စေရသည်။ ပွဲစားများနှင့်လည်းဆက်ဆံရပေသည်။ လေဖြတ်၍ တရွတ်အပ်စိုက်ဖြင့်ကုလိုက်၊ အကြောပြင်ပေးသည့်လက်နှင့် ခြေထောက်သွေးကြောများအတွင်းအကြောဆေးသွင်းပေးသည့် ဆရာများအပြင် လေဖြတ်သူများမြန်ပျောက်အောင်ကုသပေးနိုင်သည့်အသံကြားတိုင်း သွား၍ကုခဲ့သဖြင့် နိုင်ငံခြားသွားသည့်လူငယ်များ၊ ပို့ပေးသည့်ကုမ္ပဏီများ၊ အကျိုးဆောင်ကိုယ်စားလှယ်များဆီမှရရှိသည့် ပြင်ပဝင်ငွေနှင့် ကိုယ်တိုင်ဖြည့်စွက်ကာ လက်မှတ်ထိုးပြီး စားပွဲတစ်ခုမှ အခြားစားပွဲတစ်ခုသို့ အဆင့်ဆင့်သွားရသည်။ ကိုယ်တိုင်လိုက်ပို့၍ရရှိသည့် ငွေပွဲစားများနှင့်ဆက်ဆံ၍ ထောက်ခံချက်၊ မြန်တမ်းဝင်အရာရှိ ထောက်ခံချက်မှရရှိသည့်ငွေဖြင့် ဇနီးနှင့်သားသမီးများကို လက်ဝတ်လက်စားလုပ်ပေးခဲ့ဖူးသည်။

အခြားလူများသည် ရှိတန်ဆာ၊ မရှိဝမ်းစာကား ကျွန်ုပ်တို့မိသားစုအတွက် စကားပုံလွဲသလိုပင်ဖြစ်နေတော့၏။ ဝမ်းစာအတွက်ကား မိသားစုအားလုံး အလုပ်ကိုယ်စီလုပ်ကြသဖြင့် ဝမ်းစာအတွက်မပူပန်ရဘဲ မိသားစု၏ရောဂါပျောက်စေချင်သော စေတနာကြောင့် (ပျောက်မှ ဘားအံသို့အလုပ်ပြန်လည်ဝင်ရောက်နိုင်မည်ဟူသောအသိဖြင့်) တိုနေရာမှာပျောက်သည်ဟူသောအသံကြားကပြလိုက်၊ ဒီနေရာမှာပျောက်သည်ဟူသော အသံကြားလိုက်ကပြလိုက်နှင့် ပို့ဆောင်ကုသခဲ့ကြသဖြင့် ရှာထားဖွေထားသောလက်ဝတ်လက်စားတန်ဆာများရောင်းချပေါင်နှံကာ ကုသရသဖြင့် ကုန်ခဲ့ပေ၏။ နောက်ဆုံး မြအထူးကုဆေးခန်းမှ ရန်ကုန်ဆေးရုံကြီးအထွေထွေအထူးကုသမားတော်ကြီး၏သောက်ဆေးအညွှန်းအတိုင်း ဆေးသောက်ခြင်းနှင့် လှိုင်မြို့နယ် ဘုတ္တာမတ်တိုင်ဈေးရှိ (၁၃) ရပ်ကွက် သီရိမြိုင် (၃) လမ်းမှ တိုင်းရင်းအကြောပြင်ဆရာကြီးကြောင့် တစ်နှစ်အကြာ ၂၀၀၇ ခုနှစ်တွင် စက်ဘီးပင်စီးနိုင်ခဲ့၏။

အကြောပြင်ဆရာကြီး၏အကြောပြင်ခမှာ ၂၀၀၆ ခုနှစ်က (၁၀၀၀) ကျပ်သာပေးရ၏။ လေဖြတ်ခါစက တက္ကစီကားဖြင့်သော်လည်းကောင်း၊ ဆိုက်ကားဖြင့်သော်လည်းကောင်း သွားလာစကသာကျခံရသည်။ ဆရာကြီးနှစ်ဦးစလုံး ယခုအခါ ထိုနေရာများတွင် ရှိ မရှိ ကျွန်ုပ်မသိတော့ပေ။

ကျွန်ုပ်၏ချို့ယွင်းခဲ့သည့်အချက်ကို ဖော်ပြဦးမည်။ ၁၉၉၇ ခုနှစ်က ကျွန်ုပ်၏ဇာတိမြို့မှ မောင်စိုးနိုင် ဆိုသည့် လူငယ်သည် မလေးရှားနိုင်ငံသို့ထွက်ရန် ကျွန်ုပ်ထံ အကူအညီတောင်းသဖြင့် ထိုစဉ်က ကျွန်ုပ်နှင့် လုပ်ငန်းအတူတွဲလုပ်ကိုင်နေသော သမီးကြီးဖြစ်သူနှင့် မောင်စိုးနိုင်ကို နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး (PassPort) ရုံးတွင်ထားခဲ့ပြီး ကျွန်ုပ်ကား ကျွန်ုပ်၏ ဝန်ကြီးများရုံးနှင့် PassPort ရုံးကို နေပူထဲသွားလိုက်၊ ပြန်လိုက်ကူးသန်းကာ မောင်စိုးနိုင် နိုင်ငံခြားသွားရေးကိစ္စအတွက် Agent များနှင့် တွေ့ပေးခြင်း၊ Passport စာအုပ်ရရှိရေးအတွက် သမီးကြီးကအစစအရာရာလုပ်ပေးသဖြင့် အဆင်ပြေသွားပေပြီ။

အဆင်မပြေသည်ကား ကျွန်ုပ်ဖြစ်နေ၏။ နေပူထဲကူးသန်းနေသဖြင့် Passport ရုံးနှင့် ပန်းဆိုးတန်းလမ်းခြားသည့် မျက်စောင်းထိုး ဆက်သွယ်ရေးရုံးအုတ်ခုံ၌ထိုင်နေသော ပွဲစားလေးမောင်အောင်ခိုင်ဆိုသူနှင့် ကျွန်ုပ်က မတ်တတ်ရပ်လျက်စကားပြောနေစဉ် ကျွန်ုပ်၏ဝဲဘက်လက်သည် အုတ်ခုံပေါ်တွင် ထိုင်နေသော ပွဲစားလေးမောင်အောင်ခိုင်ပခုံးပေါ်ပြုတ်ကျသွားသည်။ မောင်အောင်ခိုင်ကား သူ၏ ယောက်ဖဖြစ်သူ ထိုကဲ့သို့ဖြစ်၍ လေဖြန်းသည့်အတွေ့အကြုံရှိထားသူဖြစ်သဖြင့် ကျွန်ုပ်၏လက်ကိုစမ်းကြည့်ရာ ခွေးစေးများထွက်ကာ လက်သည် အေးစက်စက်ဖြစ်သည်ကို စမ်းမိသဖြင့် -

"ဆရာ လေဖြန်းသွားပြီ၊ ဆရာ့သမီးကို ကျွန်တော်သွားခေါ်ပေးမယ်"

ပြောကာ Passport ရုံးရှေ့ရှိ သမီးနှင့်Passport စာအုပ်ရရှိရေးကို သမီးနှင့်အတူလိုက်လုပ်နေသည့် မလေးရှားနိုင်ငံထွက်ခွာမည့် မောင်စိုးနိုင်တို့ကိုသွားခေါ်ပေးပြီး သမီးတို့ ရောက်လာသောအခါ ကားတစ်စီးငှား၍ အိမ်သို့ပြန်ခဲ့ကြသည်။ သံလမ်းအတွင်းရှိ ရိုးရိုးဆေးခန်းသို့သွားပြသောအခါ ဆရာဝန်က သွေးပေါင်ချိန်တိုင်းသောအခါ အပေါ်သွေး (၁၆၀)ဖြစ်နေသဖြင့် ရိုအုပ်သည့်ဆေးသောက်ခိုင်းပြီး ဆရာဝန်က မြအထူးကုဆေးခန်းတွင် အချိန်ပိုင်းထိုင်သည့် သမားတော်ကြီး ဦးမြင့်ဟန်ထံပြရန် လွှဲအပ်သည့်စာရေးပေးသည်။

မြအထူးကုဆေးခန်းမှ သမားတော်ကြီး ဦးမြင့်ဟန်နှင့် စတင်ပြသခြင်းမှာ ၁၉၉၇ ခုနှစ် ဝဲဘက်လက်လေဖြန်းစဉ်ကတည်းက ဖြစ်သည်။ ထိုစဉ်ကတည်းက အထက်တွင် လေဖြတ်စဉ်ကသောက်ရန် ညွှန်ကြားသည့်ဆေးများအညွှန်းအတိုင်း Course ကုန်အောင်သောက်ခိုင်းခဲ့၏။ Aspilet (သွေးကျဲဆေး) ကို တစ်သက်လုံးသောက်ရန်ညွှန်ကြားသည်ကို ကျွန်ုပ်သည် ဘားအံရောက်စမှ သတိတစ်ချက်လွတ်ယွင်းမှုကား ၁၉၉၇ ခုနှစ်က လက်လေးတစ်ဖက်သာ လေဖြန်းခဲ့သော ကျွန်ုပ်သည် Aspilet (သွေးကျဲဆေး) မသောက်မိသည့်အဖြစ်ကား ခန္ဓာကိုယ်ဝဲဘက်တစ်ခြမ်းလေဖြန်းသည့်အဆင့်က ရှာထားသည့်ငွေနှင့် လက်ဝတ်လက်စားများသည် အိတ်ပေါက်နှင့် ဖားကောက်သလိုပြန်ကုန်သွားခဲ့၏။ ထို့ကြောင့်လည်း ကျွန်ုပ်တို့၏ ရှင်တော်မြတ်စွာဘုရားက အပ္ပမာဒေန သမ္ပာဒေထ (မမေ့မလျော့ မပေါ့မဆ) သတိတရားဖြင့် သီလ သမာဓိ၊ ပညာတည်းဟူသော အကျင့်သုံးပါးဖြင့်နေကြရန် သတိကိုအထွတ်အထိပ်ထားဟောကြားခဲ့သလို ဗိုလ်ငါးပါးဖြစ်သည့် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဗိုလ် ငါးပါးတွင်လည်း သတိသည် ပိုသည်မရှိ လိုသည်သာရှိသည်ဟု ဟောကြားခဲ့၏။

ကျွန်ုပ်သည် မြတ်ဘုရား၏တရားတော်နှင့်အညီမနေထိုင်ခဲ့သည့်အတွက် လေဖြန်းရာမှ ၂၀၀၆ ခုနှစ်တွင် လေဖြတ်ခဲ့ခြင်းဖြစ်သည်ဟု မိမိကိုယ်ကို သုံးသပ်မိခဲ့ပေသည်။ စာဖတ်ပရိသတ် ကျွန်ုပ်ကဲ့သို့မဖြစ်ကြစေရန် သတိကို အစဉ်ပတိတာပ်ကြပါဟု ရေးသားတင်ပြအပ်ပါသည်။

ကျွန်ုပ်သည် လုပ်သက်ပြည့်အောင်မှေ့၍ဘားအံ၌လုပ်ခဲ့ရာ ၂၀၀၉ ခုနှစ်တွင် လုပ်သက် (၃၀) ပြည့်ပြီးဖြစ်သဖြင့် ၂၀၁၀ တွင်လုပ်သက်ပြည့်ပင်စင်ယူခဲ့ရာ အလုပ်မဲ့အကိုင်မဲ့ဖြစ်သွားပြီး ယောင်ချာချာဖြစ်ကာ ရပ်ကွက်ထဲမှ အပေါင်းအသင်းများနှင့်တွဲမိကာ အရက်ဆိုင်ဘက်ခြေဦးလှည့်မိသွား၏။ နံနက်ပိုင်းတွင်ကား (၄) နာရီအိပ်ရာမှထ၍ သောက်တော်ရေချမ်းကပ်လှူကာ ဘုရားရှိခိုးခြင်း၊ လှိုင်မဟာစည်သံဃာတော်များစီတန်း၍ ဆွမ်းခံကြသောအခါ ဆွမ်းလောင်းခြင်းအလုပ်လုပ်ပြီး ပုတီးစိပ်ခြင်း (သမထ) ကို ထိုအချိန်ကပုံမှန်လုပ်သော်လည်း ညနေတွင်ကား အရက်ကို ကမ်း



www.burmeseclassic.com

www.burmeseclassic.com

တုန်အောင်သောက်နေသဖြင့် တစ်နေ့သ၌ ဘုရားခန်းသို့ ဘုရားရှိခိုးရန် သွားစဉ် ဘုရားခန်းရှေ့တွင် ခင်ထားသော တွပ်ပျစ်ပေါ်ပစ်လဲကျသွားရာ အသံကြား၍ မိသားစုများနိုးသွားကြပြီး ထိုအချိန်က သူနာပြုဆရာမလုပ်နေသည့် သမီးကြီးက ဆေးတစ်လုံးထိုးပေးမှသက်သာသွား၏။ နံနက်ပိုင်း ဘုရားရှိခိုးဝတ်ပြုခြင်း၊ ပုတီးစိပ်ခြင်းနှင့် မေတ္တာပို့အမျှအတမ်းဝေခြင်းအလုပ်ကို မပျက်ကွက်သလို ညနေခင်းအရက်ဆိုင်သွားသည့် အလုပ်လည်း မပျက်ခဲ့ပေ။ ရေမှုတ်တစ်ဖက် မီးစတစ်ဖက်လူသား ဖြစ်သည်။ မသောက်လျှင် တစ်စက်မှမတို့သော ကျွန်ုပ်သည် သောက်လျှင်လည်း လွန်လွန်ကျူးကျူးသောက်သည့် အန္တဗာလလူမိုက်ကြီး ဖြစ်သည်။

တစ်ရက်တွင် သောက်ဖော်သောက်ဖက် ရပ်ကွက်ထဲမှ လူယုံတပည့်တစ်ဦး အရက်ကြောင့် သေဆုံးသွားသဖြင့် အရက်ကိုဖြတ်ပစ်မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ သူ့အသုဘပို့ပြီးပြန်အလာ ကျွန်ုပ်တို့မိသားစု နေထိုင်သည့် အစိုးရဝန်ထမ်းလိုင်းခန်းအရောက်၌ အရက်မသောက်ရ၍ လေဖြတ်သည့်ဝဲဘက်လက်နှင့်မျက်နှာဆန့်ငင်ဆန့်ငင်နှင့်တဆတ်ဆတ်တုန်ကာ အကြောဆွဲသလိုဖြစ်ပြီး ပစ်လဲကျသွားရာ မြောင်းမရှိဘဲ မြောင်းထဲကျသွားသည်ဟု မြေကြီးနိမ့်ဝင်သွားသလို ထင်မိစဉ် ဝန်ထမ်းလိုင်းခန်းမှ ဝန်ထမ်းတစ်ဦးကထမ်းပြီး ကျွန်ုပ်၏အခန်းသို့ပို့ပေးရာ ဇနီးနှင့် သမီးများက အိပ်ရာ၌ အိပ်စေသည်။ အရက်ကိုအစိမ်းဖြတ်ဖြတ်ရာ ညတစ်ညလုံးအိပ်မပျော်ခဲ့ပေ။

နံနက်လင်းသောအခါ ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၊ မေတ္တာပို့၊ အမျှအတန်းဝေခြင်းတို့ပြုလုပ်ကာ ဘုရားခန်းကုလားထိုင်တွင်ထိုင်နေစဉ် ဇနီးနှင့်သမီးကြီးက စကားပြောနေကြစဉ် ကျွန်ုပ်၏နောက်ဘက်စီသို့ စောင်းငဲ့ကြည့်လိုက်ရာ သမီးကြီး၏ခုတင်ပေါ်တွင်ထိုင်၍ ကျွန်ုပ်ကိုစိုက်ကြည့်နေသည့် ရုပ်အကျီအဖြူခပ်ညစ်ညစ်နှင့် သူ၏ဘေး၌ မတ်တတ်ရပ်နေသည့် အပေါ်အဝတ်အစားမပါသည့် ခပ်တောင့်တောင့် ခပ်ဝဝ ဗိုက်ပူပူလူကြီးတစ်ယောက် သူ့လက်ထဲတွင် လှံသွားသကဲ့သို ထိပ်ဖျားလှံသုံးချောင်းခရင်းခွကဲ့သို့ တပ်ထားသည့်အရာကို လက်ဖြင့်ကိုင်ထားကာထောက်၍ရပ်နေပေ၏။ ပုဆိုးကို ခါးတောင်းကျိုက်ထားသည်။ ပန်းချီကားများထဲက သေမင်း၏စေတမန်ကဲ့သို့သဏ္ဌာန် ဖြစ်ပေသည်။ ကျွန်ုပ်သည် သူ့ကိုမကြောက်ပေ။ ရုပ်အကျီခပ်ညစ်ညစ်ဝတ်ထားသည့် ကျွန်ုပ်ကိုစိုက်ကြည့်နေသည့် အသားဖြူစပ်စပ်နှင့်လူကိုသာ ကျွန်ုပ်လန့်နေသည်။

ကျွန်ုပ်က -

"ဟိုလူ ငါ့ကိုစူးစူးစိုက်ကြည့်နေတယ်"

ဟု ဇနီးနှင့် သမီးကိုပြောရာ -

"ဘယ်သူမှမရှိပါဘူး။ ရှင်ဘယ်လိုဖြစ်နေတာလဲ"

ဟု ဇနီးက ပြန်ပြောသလို သမီးကလည်း ကျွန်ုပ်ကို -

"အဖေဘာမှမမရှိဘူး၊ စိတ်မပူနဲ့"

ဟု ပြောကာ ကျွန်ုပ်အိပ်သော အခန်းထဲဝင်သွားစဉ် ဇနီးဖြစ်သူက -

"ဘုရားအာရုံပြုနေ၊ တော်ဘာမှမဖြစ်ဘူး"

ပြောသဖြင့် ဘုရားကျောင်းဆောင်ဘက်သို့ လက်အုပ်ချီ၍ အာရုံပြုနေစဉ် သမီးကြီးက ကျွန်ုပ်လက်ထဲသို့ ဖန်ခွက်တစ်လုံးလာပေးပြီး -

"အဲဒါသောက်လိုက် အဖေ"

ဟု ပြောသဖြင့် သောက်လိုက်ရာ မန္တလေးရမ်ဖြစ်နေပေသည်။ နှစ်ပက်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ကျွန်ုပ်ကိုစိုက်ကြည့်နေသော အကျီအဖြူညစ်ညစ်နှင့် အသားဖြူစပ်စပ်လူလည်း ကျွန်ုပ်ကိုစိုက်မကြည့်တော့။ တဖြည်းဖြည်းပျောက်ကွယ်သွားသည်။ သူ့ဘေးမှ အကျီချွတ်၊ ပုဆိုးခါးတောင်းကျိုက်ထားသည့် သုံးချောင်းထောက်ခရင်းခွကိုင်ထားသူလည်း ဘယ်အချိန်က ပျောက်သွားမှန်းမသိ။ နှစ်ဦးစလုံးမရှိတော့ပေ။

ထိုဖြစ်ရပ်မှန်အဖြစ်ကို ကျွန်ုပ်ပြန်စဉ်းစားကြည့်ရာ ပထမရက်စီက (အသုဘချအပြန်က)အကြောဆွဲသလိုပစ်လဲကျကာ မြောင်းမရှိဘဲ မြေကြီးထဲထိုးကျသွားသလိုထင်မိခြင်းမှာ ငရဲနိမိတ်ထင်ခြင်းဖြစ်ပေမည်။ အရက်ကိုအလွန်အကျူးသောက်သည့် အန္တဗာလလူမိုက်ကြီးကို ယခုသေမင်း၏စေတမန်နှစ်ဦးက စောင့်ခေါ်ခြင်း ဖြစ်သည်။

ရုပ်အကျီဖြူညစ်ညစ်၊ အသားဖြူစပ်စပ်နှင့်လူကား ဆရာဖြစ်၍ထိုင်နေခြင်း ဖြစ်ပေမည်။ အကျီမဝတ်ပုဆိုးခါးတောင်းကျိုက်ထား၍ သုံးသွားတပ်လှံချောင်းကိုင်ကာ မတ်တတ်ရပ်နေသူက တပည့်ဖြစ်ပေမည်။

ထို့ကြောင့် ဆရာဖြစ်သူကို ကျွန်ုပ်၏စိတ်က ကြောက်လန့်နေခြင်း ဖြစ်ပေမည်။ ဇနီးက ဘုရားအာရုံပြုခိုင်း၍ သူတို့သည် ကျွန်ုပ် အန္တဗာလလူမိုက်ကြီးကို စောင့်မခေါ်တော့ဘဲထွက်သွားသည်လား၊ သမီးကြီးက မန္တလေးရမ်နှစ်ပက်တိုက်၍ အရက်ကြောင်ခြင်းပျောက်သွားသလား ယနေ့အချိန်ထိ ကျွန်ုပ်မစဉ်းစားတတ်ပေ။

ကျွန်ုပ်ကို နောက်ရက်တွင် စိတ်ကျန်းမာရေးဆေးရုံသို့ပို့ပေးကြပေသည်။ (၇) ရက်ခန့် ဆေးရုံတက်ရပြီး ကျွန်ုပ်ကျန်းမာရေးကောင်းသွားပါပြီ။

၂၀၁၃ ခုနှစ်ကတည်းက အရက်ကိုလုံးဝဖြတ်ခဲ့သော ကျွန်ုပ်ကား ငါးပါးသီလကိုလည်း ယနေ့ ဒီစာရေးသည့်တိုင် မကျိုးမပေါက် မပြောက်မကျားခဲ့သည့်အပြင် အသက်လည်း (၆၀) ကျော်နေပြီဖြစ်သဖြင့် အသက် (၆၀)မပြည့်မီ ၂၀၁၅ ခုနှစ်က (၈) ပါးသီလကို တစ်နှစ်လုံး မကျိုးမပေါက် မပြောက်မကျားအောင် စောင့်ခဲ့၍ မုသာဝါဒဖြင့် စာဖတ်သူများအား လိမ်ညာ၍မရေးပါ။ သီလကို ဒီအရွယ်ကြီးကျမှ မချိုးဖောက်တော့ပါ။

ထို့ကြောင့် ကျွန်ုပ်ထပ်မံရေးသားပြောကြားပါမည်။ ကျွန်ုပ်အန္တဗာလလူမိုက်ကြီးကို သေမင်းတမန်နှစ်ဦးကစောင့်၍ခေါ်ခြင်းမှာ အရက်ကြောင်ကြောင်၍ မြင်မိမြင်ရာမြင်ခြင်းမဟုတ်ပါ။ ကျွန်ုပ်သည် နံနက်ခင်းဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်းကုသိုလ်များပင်မက မေတ္တာပို့၊ အမျှအတန်းဝေရာ၌ ကျွန်ုပ်သည် အောက်ပါအတိုင်း ငရဲမင်းကြီးအား သီးသန့်မေတ္တာပို့အမျှအတန်းဝေပုံကိုရေးသားပြပါမည်။

သုံးဆယ့်တစ်ဘုံ၌ရှိကြကုန်သော လူ၊ နတ်၊ ဗြဟ္မာသတ္တဝါအားလုံးနှင့်တကွ အထူးသဖြင့် မကျွတ်မလွတ်ကြသေးကုန်သော ကျွန်ုပ်၏အမိ၊ အဖ၊ ဆွေမျိုး(ဉာတကာ) အားလုံးနှင့် တကွ အောက်ငရဲပြည်၌ရှိကြကုန်သော ငရဲသနင်း ငရဲမင်းကြီးအား ကျွန်ုပ်၏ဘာဝနာကုသိုလ်အဝဝနှင့် မေတ္တာပို့အမျှအတန်းပေးဝေပါကုန်၏။ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။ သာဓု သာဓု သာဓုဟု သုံးကြိမ်မျှအမြဲတမ်း နေ့စဉ် အမျှအတန်းဝေခြင်းအကျိုးနှင့် ဇနီးက ဘုရားအာရုံပြုလိုက်ဟု ပြောလိုက်ခြင်းကြောင့်သာ ထိုအချိန်က သေမင်း၏ စေတမန်နှစ်ဦးခေါ်ရာ မလိုက်ခဲ့ရဘဲ ယခုအသက်(၆၀)ကျော်ထိ ဘာသာရေးကို ဒါန၊ သီလ၊ သမထ၊ ဝိပဿနာဘာဝနာစုံအောင်လုပ်နိုင်သည်ဟု ယုံကြည်ကြောင်း ဒီဝတ္ထုလေးကို အဆုံးသတ်ရင်းဖြင့် သေမင်းတမန်များ စောင့်ခေါ်ချိန်လွတ်ရန်နည်းလမ်းကောင်း ပေးအပ်ပါသည်။

*ကုသိုလ်ကိုသာရအောင်ယူကြပါစို့*

သခင်ရေဝဒ္ဓနံဘား



www.burmeseclassic.com1

www.burmeseclassic.com

အိမ်တွင်မွေးမြူထားသောကြောင်များထဲမှ ငပိန်ဟု နာမည်ရထားသော ကြောင်ထီးကလေးတစ်ကောင်သည် နေ့ခင်းပိုင်း ဆာလောင်ချိန်တွင် စာဖတ်နေသောဖိုးအောင်အနီးသို့ရောက်ရှိလာပြီး အစာတောင်းသည့်အနေဖြင့် ညောင်ဟုအသံပြုပြီး လူကို ဦးခေါင်းနှင့်တိုး၍လှည့်ပတ်နေသည်။ သူ၏ ထောင်နေသောအမြီးကလည်း လူကိုတိုက်သည်၊ ငပိန်၏အော်သံဖြစ်သော ညောင်ကို သံရှည်ဆွဲပြီးအော်နေခြင်းဖြစ်ရာ ကြားရသူအတွက်ကရုဏာသက်ကာ သနားစဖွယ်ကောင်းနေလေသည်။

ကြောင်တွေထဲတွင် ထူးခြားဆန်းကြယ်သောဘဝကို ဖန်တီးရယူထားသူ ငပိန်ကို ဖိုးအောင်ကိုယ်တိုင်က စေတနာမေတ္တာပို့နေမိသလော မဝေခွဲတတ်တော့ပေ။ သိမ်းဆည်းထားသောအစာခြောက်ထုပ် (ဈေးဆိုင်များမှရောင်းချလေ့ရှိသောကြောင်စာ) ကိုယူပြီး ငပိန်ကို အနည်းငယ်ကျွေးမွေးရန်ပြင်လိုက်သည်။ ဤအစာခြောက်ကို ကြောင်များအလွန် နှစ်သက်တတ်ကြသော်လည်း ဆိုးဆေးများသုံးစွဲထားသောအစာဖြစ်၍ ကြောင်များ၏ကျောက်ကပ်ကို ထိခိုက်တတ်ကြောင်း ကြားဖူးထားသဖြင့် သိပ်အလျှံပယ်မကျွေးဝံ့ဘဲ တစ်နေ့တစ်ကြိမ်လောက်သာ ကျွေးမြဲဖြစ်သည်။

ငပိန်ကို ကျွေးနေစဉ် မည်သို့သတင်းရလိုက်သည်မသိ ငအော်နှင့် မဲလုံးဟူသော ကြောင်မောင်နှမ အမြန်ပင်ရောက်ရှိလာသဖြင့် သူတို့ကိုလည်း အစာအနည်းငယ်စီကို ကြမ်းပြင်ပေါ်မှာ ပုံပေးလိုက်ရသည်။ သို့သော် သူတို့မောင်နှမသည် အစာကို နမ်းကြည့်ရုံသာပြုပြီး မစားသောက်ဘဲ ဖိုးအောင်ကိုမော့ကြည့်သည်။ ထို့နောက် နေရာမှလှည့်ထွက်သွားလေသည်။ ဖိုးအောင်တခေါ်သော်လည်း လှည့်ပင်မကြည့်တော့ပေ။

စင်စစ် ငပိန်သည် သူတို့နှင့်မွေးချင်းပေါက်ဖော်မဟုတ်ကြောင်း တောင်းကောင်းသိရှိထား၏။ နောက်မှပေါ်ထွဲ့ရွှေကြာပင် ငပိန်ကို ဦးစားပေးရပါမည်လောဟု မကျေနပ်၍ အရွဲ့တိုက်သည့်အနေဖြင့် သူတို့ခုံမင်နှစ်သက်သည့်အစားအစာကိုပင်မစားတော့ဘဲ ရှောင်ထွက်သွားကြပုံကား ကြောင်များလည်း လူများကဲ့သို့ပင် မနာလိုဝန်တိုတတ်ကြောင်း အံ့ဩဖွယ်ရာတွေ့မြင်ရလေသည်။

■

ဖိုးအောင်တို့အိမ်က ကြောင်မကြီးသည် ကြောင်ကလေးများမွေးသည်။ ကြောင်ကလေးတွေက လေးကောင်ဖြစ်

# အောင်သန်းလှိုင်း

## နှစ်ကော့ပြန်သံယောင်ရှော်





www.burmeseclassic.com

www.burmeseclassic.com



နေ၍ ကြောင်ခုတင်ဖြစ်သဖြင့် လာဘ်ကောင်းသည်ဟု လူတို့အပြောများ၍ သူတို့လေးများလည်း အိမ်မှာ မျက်နှာကောင်းရကြသည်။ ကံကောင်းစွာ ဘဝရှင်သန်ခွင့်ရလေသည်။

ကြောင်ပေါက်လေးများအနက်မှ ငပိန်ဟုနာမည်ပေးထားသော ကြောင်ထီးလေးတစ်ကောင်သည် ပညတ်သွားရာ မာတ်သက်ပါဟူသကဲ့သို့ အတော်ပိန်သလို အားလည်းပျော့လေသည်။ အမေကြောင်မကြီး၏နို့ကို အပြိုင်လုယက်၍စို့ကြရာတွင် ခွန်အားနည်းသော ငပိန်က သိပ်မစို့ရပေ။ ဤသို့ဖြင့် အချိန်ကြာလာသောအခါ နို့မဝသောငပိန်သည် အားပြတ်ပြီးလဲနေလေသည်။

အိမ်ရှေ့ကြမ်းပြင်တွင်မထနိုင်တော့အောင်ဖြစ်နေသော ငပိန်ကို ဈေးဝယ်ပြီး အိမ်ထဲပြန်ရောက်လာသော ဖိုးအောင်၏ဇနီးဒေါ်အေးအေးကတွေ့မြင်သွားရာ-

"ဟယ် - အပိန်လေး သူ့အမေရဲ့နို့ကိုလုမစို့နိုင်တော့လို့ အားပြတ်ပြီးလဲနေပြီ။ ငါ နို့မှုန့်ဝယ်ပြီးဖျော်တိုက်မှဖြစ်မယ်"

(သူမသည် ငပိန်ကို အပိန်လေးဟုသာ ခေါ်ဆိုလေ့ရှိသည်။)

ဤသို့ဖြင့် မိခင်နို့ကို မှန်မှန်မစို့ရသော်လည်း ဒေါ်အေးအေးဖျော်တိုက်သောနို့ကိုသောက်ရ၍ ငပိန်ခွန်အားရှိလာခဲ့သည်။ ထို့ကြောင့်လည်း နို့မှုန့်ဖျော်တိုက်နေသော ဒေါ်အေးအေးကို အခြားကြောင်ကလေးများထက် သူက ပိုမိုခင်တွယ်လာသည်ဟု ထင်မှတ်ရ၏။

ဖိုးအောင်တို့နေအိမ်ရှေ့တွင် လမ်းနံဘေး ကျူးကျော်ဈေးလေးတစ်ခုရှိနေ၏။ အိမ်နှင့်နီးကပ်စွာတည်ရှိနေသော ဤဈေးကို ဒေါ်အေးအေးသည် တစ်ရက်လျှင် (၁၀)ကြိမ်လောက်ထွက်ပြီး ဈေးဝယ်လေ့ရှိတတ်သည်။ သူမ တစ်ကြိမ်ဈေးဝယ်ထွက်တိုင်း နောက်မှကြောင်လေးများ အပြေးလိုက်ပါလာတတ်မြဲ ဖြစ်သည်။ အိမ်ဝင်းတံခါးပေါက်ဝသို့ရောက်ရှိလာလျှင် သူတို့အားလုံးကျန်နေရစ်ခဲ့ကြသည်။ရှေ့ဆက်လိုက်ခဲ့မည်ဆိုက လမ်းမပေါ်ဝယ် ကြောင်တွေကြောက်ကြရသည့် ခွေးသတ္တဝါများရှိနေကြောင်း သဘာဝအလျောက် သူတို့လည်းသိနေကြသည်။ အချိန်အတန်ကြာသည်အထိ ဒေါ်အေးအေး ဈေးဝယ်ထွက်သွားရာမှပြန်ရောက်မလာလျှင် တခြားကြောင်များက မထူးခြားသော်လည်း ငပိန်ကမူ တညောင်ညောင်နှင့် အော်ဟစ်နေတတ်လေ့ရှိရာ ဒေါ်အေးအေး ပြန်ရောက်လာမှ အအော်ရပ်သွားလေ့ရှိ၏။

ငပိန်တို့မောင်နှမသည် အမေကြောင်မကြီးမှမွေးပြီး ရက်အနည်းငယ်ကတည်းက နို့လည်းစို့သည်။ ငါးဟင်းနှင့်ကျွေးသောထမင်းကိုလည်းစားလေသည်။ သူတို့ကိုအစာကျွေးရန် ဒေါ်အေးအေးကပြင်ဆင်နေစဉ် နံဘေးမှဝိုင်းအုံလျက်ကြွေမရရှိနေတတ်သည်။ ငုတ်တုတ်ထိုင်လျက်အလုပ်များနေသော ဒေါ်အေးအေးကို နောက်ဘက်မှငပိန်က ပခုံးပေါ်တက်လေ့ရှိသည်။ သူလုပ်သကဲ့သို့ တခြားကြောင်များလုပ်လေ့မရှိပေ။ ပခုံးပေါ်မှ ဒေါ်အေးအေးမျက်နှာကြည့်ပြီး ညောင်ဟုအော်တတ်လေသည်။ ဤသို့ဖြင့် တဖြည်းဖြည်းကြီးပြင်းလာခဲ့ကြရာ အသက် (၉)လအရွယ်ရောက်ရှိလာခဲ့ကြသည်။ ထိုအချိန်တွင် သူတို့ထဲမှ မဲလုံးဟူသော ကြောင်မလေးမှစတင်ပြီး ရောဂါရလာသည်။ ရောဂါကကူးစက်ရောဂါဖြစ်နေသဖြင့် လေးကောင်လုံး ရောဂါဒဏ်ခံစားပြီး အစာမစားနိုင်ကြတော့ပေ။

ဖိုးအောင်၏သားတစ်ယောက်က ဆရာဝန်ဖြစ်ရာ ကြောင်များနေမကောင်းဖြစ်လျှင် ဆေးကုပေးလေ့ရှိ၏။ ယခုလည်း ကြောင်များကို သူကပင်ဆေးထိုးပေးနေခဲ့သည်။ အခြားကြောင်များ နေကောင်းလာကြသော်လည်း ငပိန်က မသက်သာဘဲဖြစ်နေ၍ တိရစ္ဆာန်ဆရာဝန်၏ဆေးခန်းသွားရောက်ပြသပြီး ဆေးကုရန် သူကပြောကြားနေစဉ် ရုတ်တရက် ငပိန်သေဆုံးသွားခဲ့လေသည်။



www.burmeseclassic.com1

www.burmeseclassic.com

သူက တိရစ္ဆာန်ကုတဲ့ဆရာဝန်မဟုတ်ဘဲ ရောဂါရနေတဲ့ကြောင်တွေကို ဝင်ဆေးကုနေလို့ ငပိန်မသေသင့်ဘဲ သေသွားခဲ့ရသဖြင့် နောက်နောင် သူဘယ်တော့မှသူတို့ကိုဆေးကုမပေးတော့ဘူးဟု ဖိုးအောင်၏သားကပြောလေသည်။

သူမအချစ်ဆုံးဖြစ်သော ကြောင်ကလေးငပိန် မမျှော်လင့်ဘဲသေဆုံးခဲ့၍ ဒေါ်အေးအေးလည်း ဖြေမဆည်နိုင်အောင် စိတ်ထိခိုက်သွားသည်။ အဝတ်ဖြူတစ်စဖြင့်ထုပ်ပိုးထားသော ငပိန်၏သက်မဲ့ခန္ဓာကိုယ်ကို ရင်မှာထွေးပွေ့ထားရင်းမှ -

"မေမေကြီးချစ်တဲ့သားအပိန်လေးရယ်၊ မေမေကြီးချစ်လို့မဝသေးခင်ဘာဖြစ်လို့ မေမေကြီးကိုခွဲခွာသွားရတာလဲကွယ်။ သားနေမကောင်းဖြစ်နေတာကို ဆေးခန်းသွားမပြမိလိုက်တာ မေမေကြီးက သားကိုသတ်လိုက်သလိုဖြစ်သွားတယ်။ မေမေကြီး တမင်လုပ်လိုက်တာမဟုတ်ဘူးဆိုတာ သစ္စာဆိုနိုင်တယ်။ မေမေကြီးကို သားကခွင့်လွှတ်နော်။ သားကို မေမေကြီးချစ်လို့မဝသေးတာမို့ နောက်တစ်ကြိမ်ပြန်လာခဲ့ဦး။ အဲဒီအခါမှာ မေမေကြီးနဲ့ နှစ်ကြာကြာနေပေးနော်သား"

ဟု ဆိုရင်း ငိုကြွေးလေသည်။

မတ်လ၏ အလွန်ပြင်းထန်သော နေပူရှိန်အောက်တွင် အိမ်နောက်ဘက်ရှိ ပေါက်ပန်းဖြူပင်အောက်၌ မြေကျင်းတူးပြီးနောက် ငပိန်ကို မြေမြှုပ်သင်္ဂြိုဟ်လိုက်လေသည်။ ငပိန်၏အထက်နေရာကို စိမ်းစိုနေသောသစ်ရွက်များဖြင့် နေပူသက်သာအောင် ဒေါ်အေးအေးက အုပ်မိုးပေးလေသည်။

ပြန်တွေးကြည့်လိုက်လျှင် မကြာသေးဟုထင်မှတ်ရသော်လည်း အချိန်ကာလ တစ်နှစ်နီးနီးခန့်ကြာခဲ့လေပြီ။

'သေသောသူ ကြာလျှင်မေ့' ဟုဆိုရိုးရှိခဲ့သည်။ ချစ်စရာအလွန်ကောင်းသောကြောင်ကလေးငပိန်သေဆုံးသွားခဲ့တာကိုလည်း အချိန်ကာလကြာသည်နှင့်အမျှ မေ့သွားသလောက်ရှိခဲ့၏။

တစ်နေ့ နံနက် အိပ်ရာမှထစဉ် ဖိုးအောင်ကို ဇနီးဒေါ်အေးအေးမှ ထူးဆန်းသော စကားပြောဆိုလေသည်။

"ကျုပ်အိပ်ပျော်နေတုန်း အိမ်ရှေ့ကနေ မေမေကြီး မနိုးသေးဘူးလား၊ တံခါးလာဖွင့်ပေးပါဦးလို့ အော်သံကြားလို့ တံခါးဖွင့်ကြည့်လိုက်တော့ သေသွားတဲ့ကြောင်အပိန်လေးဖြစ်နေတယ်။ သားပြန်လာခဲ့ချင်တယ်။ မေမေကြီးလက်ခံဦးမှာလားလို့မေးတယ်။ သားကို မေမေကြီး နေ့တိုင်းပဲသတိရနေတယ်။ သားနဲ့ မေမေကြီး ပြန်လည်ဆုံတွေ့ရပါလို၏လို့ ဘုရားမှာ အမြဲဆုတောင်းနေခဲ့တာ သားခွဲခွာသွားကတည်းကပဲ။ပြန်လာခဲ့ဖို့အရေးများမေမေကြီးကိုမေးနေစရာလားကွယ်။ မြန်မြန်သာပြန်လာခဲ့ပါဆိုပြီး -

အိပ်မက်ထဲမှာ အဲဒီလိုပြောခဲ့ကြရတယ်။ ထူးခြားတာက ကြောင်ဆိုပေမယ့် လူတွေလို အပိန်လေးကစကားပြောနိုင်တယ်။ အိပ်မက်ပြီး ကျုပ်အိပ်ပျော်နေရာကနိုးသွားတော့ ကျောက်ရေတွင်းရပ်ကွက် ဘုန်းကြီးကျောင်းတွေဘက်က အုန်းမောင်းခေါက်သံကြားရတာ မိုးလင်းခါနီးနေပြီ။ မိုးလင်းချိန်နီးမက်တဲ့အိပ်မက်ဆိုတာ အချိန်ကာလမကြာခင် မြန်မြန်အကျိုးပေးတတ်တယ်လို့ ကျုပ်ကြားဖူးထားတယ်။ သားအပိန်လေး အမြန်ဆုံးပြန်ရောက်နိုင်ပါစေတော်"

ဒေါ်အေးအေး၏ ပြောစကားကိုကြားရသည်မှာ များစွာစဉ်းစားရကျပ်လှပေသည်။

သေဆုံးသွားခဲ့သည်ပင်ကြာပြီဖြစ်သောကြောင်ကလေးငပိန်က မည်သို့ပြန်လာနိုင်မည်နည်း။ လူသားဘဝဖြင့်ဝင်စားပြီး ဤနေအိမ်သို့ဝင်ရောက်လာနိုင်ရန်မဖြစ်နိုင်ပေ။ ဒေါ်အေးအေးကိုယ်တိုင်က သွေးဆုံးတာပင်ကြာပြီ။ အသက်ကပင်လျှင် (၆၀) နှစ်ကျော်နေပြီ။ ဖိုးအောင်တို့နေအိမ်တွင် အတူနေသားနှစ်ယောက်ရှိရာ လူပျိုကြီးများဖြစ်သည်။ ဇနီးမယားနေနေသာသာ သမီးရည်းစားပင်မရှိပေ။ နောက်ထပ် ဤအိမ်မှလူဟူ၍ ဒေါ်အေးအေးမိခင် အသက် (၉၀) နှစ်ကျော် အဘွားကြီးသာရှိပေတော့သည်။

ထို့ကြောင့် ဖိုးအောင်က -

"သေသွားတဲ့ငပိန်ကို ညည်းစိတ်မှာစွဲလမ်းနေသေးလို့ အိပ်မက်မက်တာနေမှာပါ။ တို့အိမ်ကို ငပိန်ရောက်လာဖို့ဆိုတာ လူဝင်စားအနေနဲ့လာဖို့မဖြစ်နိုင်ဘူး။ အိပ်မက်ဟာ တကယ်ဖြစ်မလာနိုင်ပါဘူး မအေးရဲ့"

ဟု ပြောလိုက်လေသည်။

ထို့နောက် တစ်ပတ်ခန့်အကြာတွင်-

ဒေါ်အေးအေးသည် ကျောင်းဆရာမလုပ်ခဲ့ဖူး၍လောမသိ၊ စည်းကမ်းအလွန်ကြီးသည်။ ဖိုးအောင်နှင့်အတူသားနှစ်ယောက်ကား သူမ၏စည်းကမ်းနှင့် အသားကျထားပြီးဖြစ်၏။ လူသားမက အိမ်မှာမွေးမြူထားသောကြောင်များလည်း သူမ၏စည်းကမ်းအောက်မှာရှင်သန်ကြရသည်၊ ကြောင်များကို ပုံမှန်အစာကျွေးပြီး ညဦးယံ (၈) နာရီလောက်တွင် ဈေးဆိုင်မှဝယ်သောကြောင်စာ (အစာခြောက်) ကိုတစ်ကြိမ်ကျွေးသည်။ဤအစာခြောက်ကို ကြောင်များအလွန်ကြိုက်၍ ဒေါ်အေးအေးဘုရားရှိခိုးပြီးချိန်ထိ အိပ်ပြီးစောင့်ကြရလေသည်။

တစ်နေ့ ညဦးပိုင်းတွင် ကြောင်များ အစာခြောက်ကိုစားသောက်နေကြစဉ် အိမ်အပြင်ဘက်မှ ကြောင်အော်သံကိုကြားနေရလေသည်။ ကိုယ့်အိမ်မှကြောင်များ အိမ်ထဲမှာတစုတဝေးတည်းအစာစားနေကြစဉ် အိမ်အပြင်ဘက်မှထူးခြားစွာကြားနေရသောကြောင်အော်သံက ကိုယ့်အိမ်ကကြောင်မဖြစ်နိုင်ပေ။ ဘယ်အိမ်ကကြောင်ကများကျော်ဝင်ရောက်လာသနည်း။

ညဉ့်နက်ကာလတွင် တခြားအိမ်မှကြောင်ထီးကြီးများသည် ဖိုးအောင်တို့အိမ်မှ ဖြူလုံးနှင့်မဲလုံးဟူသော မြီးကောင်ပေါက်မလေးနှစ်ကောင်ကိုလာပြီးရိသဲ့သဲ့လုပ်ရင်း ငအော်ကို ထိုးကိုက်သွားတတ်လေ့ရှိသည်၊ နံနက်လင်းမှ ငအော်၏ဒဏ်ရာများပြင်းထန်လျှင် တိရစ္ဆာန်ဆေးခန်းပြရတာလည်း မကြာမကြာကြုံရသည်၊ ထို့ကြောင့် ဖိုးအောင်က ဓာတ်မီးထိုး၍ သားကြီးက လေးခွကိုင်ခဲ့ပြီးနောက် စောစီးစွာရောက်နေသော တခြားအိမ်ကကြောင်ကို ကောင်းစွာ ဆုံးမရန် အိမ်ပြင်ကိုထွက်ခဲ့လိုက်ကြသည်။

ကြောင်အော်သံက အိမ်ရှေ့ရှိရေတိုင်ကီအကွယ် ယုဇနပင်နောက်နားမှဖြစ်သည်။ ဖိုးအောင်က အမှောင်ထဲသို့မီးထိုးပြရင်း -

"သား၊ လေးခွနဲ့ကြောင်ကိုထိအောင်ပစ်နော်။ လေးခွစာမိထားဖူးမှ နောက်နောင် မလာဝံ့ဘဲမှတ်သွားမှာကွ"

အသက် (၆၀)ကျော်ခဲ့ပြီဖြစ်သော ဖိုးအောင်၏မျက်လုံးများက ညအမှောင်အောက်တွင် မြင်အားမကောင်းတော့ပေ။ မမြင်မကန်းဟူသောစကားအသုံးအနှုန်းအတိုင်းပင်ဖြစ်နေ၏။

"အရမ်းလေးခွနဲ့ပစ်လို့မဖြစ်သေးဘူးအဖေ၊ ကြောင်က ထွက်မပြေးဘူး။ ငယ်လည်းငယ်သေးတယ်။ သား ဖမ်း

www.burmeseclassic.com





ကြည့်ဦးမယ်"

"ဖမ်းလို့ရတယ်၊ ခေအာ်တို့ထက် ငယ်သေးတာပဲ"

ဤသို့ဖြင့် ကြောင်ထီးလေးတစ်ကောင်ရလာခဲ့သည်။ သူ့အသက်က (၃) လသားခန့်ရှိမည်ဟု ခန့်မှန်းရလေသည်။ အိမ်မှာရှိထားသော ခေအာ်တို့မောင်နှမထက် အသက်တစ်နှစ်ကျော်ခန့်ငယ်နိုင်လေသည်။ အထူးခြားစွာတိုက်ဆိုင်နေမှုတား ဤအိမ်မှသေဆုံးသွားခဲ့ဖူးသော ကြောင်ကလေးငပိန်နှင့် အမွှေးအရောင်အသွေး တစ်ထေရာတည်းတူညီနေခြင်းတည်း။

ယခင် ငပိန်ကဲ့သို့ပင် ကိုယ်ခန္ဓာအပေါ်ပိုင်း အုန်းခွံရောင်နှင့် အောက်ပိုင်းအဖြူရောင်ဖြစ်သည်။ ယခုဘဝတွင် ချည်သူ့နေအိမ်မှာ သွားမွေးဖွားခဲ့သည်ခသိပေ။ မျက်တွင်းခွက်ပြီး အစားအစာအာဟာရအလွန်ချို့တဲ့နေတာသေချာ၏။ သူတို့ ကောင်းစွာ မကျွေးမွေးနိုင်တော့သဖြင့် ကြောင်ချစ်သောဖိုးအောင်တို့နေအိမ်ထဲသို့ပစ်ထည့်သွားခြင်းဖြစ်ဟန်တူပေသည်။

အသစ်ရောက်လာသော ဤကြောင်ကလေး၏အမည်ကို အိမ်သားအားလုံးက ငပိန်ဟုသာ ဆုညီတညွတ်တည်း ခေါ်ဝေါ်လိုက်ကြလေသည်။ တစ်ပန်းကန်စီကျွေးသောအစာကို ကုန်အောင်စားရုံသာမက တခြားကြောင်များစားပြီးသွားလျှင် သူတို့အကျန်ကို အငမ်းမရစားသည်။ သို့သော် မည်မျှစားသည်ဖြစ်စေ ငပိန်ဟူသောနာမည်စီးနေမှာထင်၏။ ခေအာ်တို့ကဲ့သို့လုံးနေအောင်တော့ မဝလာခဲ့ပေ။

အသက်(၃)လအရွယ်တွင်ရောဂါဖြင့်သေဆုံးခဲ့သောငပိန်သည် သေဆုံးပြီး တစ်နှစ်ခန့်အကြာတွင် အသက်(၃)လသားအရွယ်ဖြင့်ပင် ဒုတိယငပိန်အဖြစ် ပြန်လည်ရောက်ရှိလာပုံက ဆန်းကြယ်လှပေစွ။ ငပိန်ပြန်လည်ရောက်ရှိ၍ အလွန် ကျေနပ်ဝမ်းသာဖြစ်နေသူကား ဒေါ်အေးအေးတည်း။ သူမ၏အိပ်မက်အတိုင်း အမှန်တကယ်ဖြစ်လာကြောင်း လက်မထောင်ပြီးပြောမဆုံးဖြစ်နေလေသည်။

ယခု ငပိန်သည်လည်း ဤအိမ်ကို ရောက်သည့်ညကသာ အော်နေပြီး နံနက်လင်းသည်နှင့် ကိုယ်နေထိုင်ရာအိမ်ကဲ့သို့ အသားကျသွားသည်။ အခြားတစ်ပါးကို ထွက်ပြေးလိုက အခွင့်သာသော်လည်း မပြေးဘဲ ဒေါ်အေးအေးသွားရာကို နောက်ကလိုက်ပြန်သည်။ အိမ်ရှေ့ကကျောက်ပြားတွင်လှဲအိပ်ပြီး လူးလိမ့်နေပုံက သူတစ်ကိုယ်တည်းပျော်နေကြောင်း သိသာနေလေသည်။

ခေအာ်၏အကျင့်မှာ အိမ်ရှိလူအားလုံးကိုခင်မင်သည်။ မွေးချင်းပေါက်ဖော်ဖြစ်သော ဖြူလုံးနှင့်မဲလုံးတို့ကိုလည်း ချစ်သဖြင့် အားလုံးနှင့်အဆင်ပြေသည်။ ယခု ငပိန်ရောက်လာရာ ခင်မင်စွာနေထိုင်၏။ သို့သော် ဖြူလုံးနှင့်မဲလုံးကြောင်မနှစ်ကောင်က ယခု ငပိန်ကို လုံးဝမလိုလားသဖြင့် ငပိန်ခမျာ အရှောင်အတိမ်းအပြေးအလွှားအားမြူပြီး သတိနှင့်နေထိုင်ရသည်ဖြစ်သော်လည်း ဘဝနာထားသူမို့ သူ့အတွက် အခက်အခဲဒုက္ခဟုပင် မမှတ်ယူပေ။

ငပိန်နှင့်ပတ်သက်သောဇာတ်လမ်းသည် ပြီးဆုံးသင့်ပြီဖြစ်သော်လည်း နိဂုံးချုပ်၍မရသေးပေ။

■ ပထမအကြိမ်ဆေးခန်းရောက်ခြင်း

ဖိုးအောင်တို့နေအိမ်သို့ ငပိန်သည် ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာခဲ့သည်မှာ (၆)လခန့်ရှိပြီ။ ငပိန်၏အသက်လည်း တစ်နှစ်သုံးလခန့်ရှိလာပြီ။ ကြောင်သဘ္ဘာဝါတို့အတွက် လူလားမြောက်အရွယ်ရောက်ချိန်မို့ ငပိန်သည် ကြောင်မလေးများကို စိတ်ဝင်စားတတ်လာသလို မိဇာခေါ်သံဖြင့် အော်တတ်လာသည်။

သို့သော် တစ်အိမ်တည်းနေထိုင်သော သူ့ထက် အသက်တစ်နှစ်ကြီးနေသည့် ဖြူလုံးနှင့်မဲလုံးဟူသော ကြောင်မနှစ်ကောင်ကိုတော့ ကြောက်ရွံ့သဖြင့် အနီးအနားကိုပင်မကပ်ဝံ့ပေ။ ထို့ကြောင့် တခြားအိမ်များသို့ ကြောင်မလေးများရှာဖွေရင်း လှည့်လည်လေသည်။ တစ်ခါတစ်ရံ အလည်လွန်၍ ထမင်းပြန်မစားနိုင်သည့်နေ့ရက်များရှိသည်။ ပြန်ရောက်လာလျှင် အစာကိုအငမ်းမရထိုးစားသဖြင့် တခြားသို့ရောက်နေစဉ် အစာငတ်နေမှာ သေချာသည်။

ဤသို့ဖြင့် အိမ်လည်ရာမှ တစ်နေ့ညဦးပိုင်းတွင် ငပိန်ပြန်လာပြီး ဖိုးအောင်၏စားပွဲပေါ်ရှိစာအုပ်များကြားတွင်အိပ်နေသည်။ အိပ်ရာမှထလျှင် ဖြည်းဖြည်းသာ လမ်းလျှောက်နိုင်သည်ကို တွေ့ရသည်။ သုံးရက်ရှိလာသောအခါ အစာမစားတော့သဖြင့် ငပိန်ကိုစမ်းသပ်ကြည့်ရာ ညာခြေထောက်ကို အကိုင်မခံနိုင်အောင်နာနေသည်ကိုတွေ့ရပြီး ကိုယ်ခန္ဓာပူ၍ ဖျားနေကြောင်းသိရသည်။

ထို့ကြောင့် တိရစ္ဆာန်ဆေးခန်းကို နှစ်ရက်ဆက်သွား၍ ဆေးထိုးရလေသည်။ အိမ်လည်လွန်ရာမှ ရိုက်လွှတ်တာခံရပြီး ညာဘက်တင်ပါးမှာရောင်နေကြောင်း၊ အချိန်လွန်သွားခဲ့လျှင်အနာဖြစ်ပြီး ပုပ်သွားက အန္တရာယ်ရှိကြောင်း ဆရာဝန်ကပြောသည်။

■ ဒုတိယအကြိမ်ဆေးခန်းရောက်ပြန်ခြင်း

တစ်နေ့ နံနက်ခင်းတွင် အိမ်ရှေ့သစ်ပင်များကြား၌ ငပိန်သည် အရွက်လေးများကိုစားနေတာ တွေ့မြင်ရ၏။ သဘာဝအားဖြင့် သူတို့အစာမဟုတ်တာကိုစားနေခြင်းသည်ထူးဆန်းနေပါသည်။ နေမကောင်း မကျန်းမာသဖြင့် သစ်ရွက်ကို ဆေးဝါးအဖြစ် စားသုံးခြင်းဖြစ်နိုင်လေသည်။ သို့သော် အစားအသောက်မပျက်သဖြင့် ဖိုးအောင်က သိပ်မစိုးရိမ်မိသေးပေ။

ထို့နောက် အိမ်ကြမ်းပြင်ပေါ်၌ သစ်ရွက်များပါဝင်သော ကြောင်အန်စာတစ်ပုံကို တွေ့မြင်လိုက်ရသလို အိမ်ရှေ့ကို ငပိန်ဆင်းသွားတာလည်းမြင်လိုက်သည်။ မကြာမီ ဒေါ်အေးအေး အိမ်ရှေ့သို့အထွက်တွင် -

"ဟဲ့ - ကိုဖိုးအောင် အိမ်ပေါ်က မြန်မြန်ဆင်းလာခဲ့ပြီးကြည့်လှည့်စမ်း။ လှေကားထစ်အောက်မှာ ပိန်ပိန် ဘယ်လိုဖြစ်နေသလဲမသိဘူး။ လှုပ်တောင်မလှုပ်တော့ဘူး"

(ဒုတိယငပိန်ကို သူမသည် ပိန်ပိန်ဟုခေါ်သည်) ဖိုးအောင် စာဖတ်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com

အပြေးတစ်ပိုင်းနှင့် ထွက်လာခဲ့လိုက်သည်။

ငပိန်ကား အောက်ဆုံးလှေကားထစ်မှာ ဇောက်ထိုးအနေအထားဖြင့် မလှုပ်မယှက်ရှိ၏။ ဖင်ဘူးတောင်းထောင်ဖြစ်နေပြီး ဖင်မှကြီးမားသောချေးတုံးက ထွက်နေဆဲတန်းလန်းဖြစ်၏။ ဒေါ်အေးအေးက ငပိန်ကို ဆွဲမလိုက်သောအခါ လက်ထဲပါလာသည်။ ငပိန်က ပါးစပ်ဟလိုက်သော်လည်း သူ့အသံကထွက်မလာပေ။ တစ်ကိုယ်လုံး ပျော့ခွေနေတာကို တွေ့ရှိရသည်။ အခြေအနေမကောင်းပေ။

ထို့ကြောင့် အချိန်ဆွဲမနေတော့ဘဲ ဖိုးအောင်ကိုယ်တိုင် ငပိန်ကို လက်လွှဲယူလိုက်ပြီး ခြင်းတောင်းထဲထည့်၍ ဆိုက်ကားဖြင့် တိရစ္ဆာန်ဆရာဝန်ရှိရာဆေးခန်းသို့ အမြန်သွားခဲ့ရလေသည်။ ဆေးခန်းတွင် ဆရာဝန်၏လက်ထဲသို့ရောက်မှ ငပိန်၏အော်သံထွက်လာသည်။ အိမ်မှထွက်လာစဉ် လမ်းတစ်လျှောက်တွင် အသံထွက်အောင် မအော်နိုင်သော အခြေအနေဆိုက်ခဲ့ရသည်။

ဆရာဝန်က ငပိန်ကို ဆေးနှစ်ချောင်းထိုးပေးလိုက်သည်။ ယခင်အခါများက ဆေးခန်းမှပြန်လာခဲ့လျှင် ကြောင်များနေကောင်းသွားပြီး အစားအစာပြန်စားလာတတ်သော်လည်း ယခုတော့ ငပိန်မှာ ဆေးခန်းမှပြန်ရောက်လာမှ တစ်ကိုယ်လုံးပူနွေးသလိုဖြစ်၍ အဖျားတက်နေပြီး အစာမစားနိုင်ပေ။ တစ်နေရာမှာသာ အိပ်နေတတ်သည်။ ငပိန်၏ အခြေအနေက ထူးဆန်းနေပြီး စိတ်မချနိုင်သေးပေ။

နောက်တစ်နေ့ နံနက်စောစောတွင် နေရောင်ခြည်ကျရောက်လာမည့် အိမ်ရှေ့တစ်နေရာမှ ငပိန်ကြိုတင်စောင့်ဆိုင်းနေသည်ကို အိမ်ပေါ်မှဖိုးအောင်က နောက်ဆုံးတွေ့မြင်လိုက်ရသည်။

■ ငပိန်ပျောက်ဆုံးနေခြင်း

ထိုနေ့ နံနက်ခင်းတွင် တစ်ကြိမ်တွေ့လိုက်ရပြီးနောက် ငပိန်ကို လူမြင်ကွင်းမှာ လုံးဝမမြင်တွေ့ရတော့ပေ။

"ပိန်ပိန်က ကြောင်လူပျိုဖြစ်လာလို့ ကြောင်မလေးတွေရှိတဲ့ တခြားအိမ်တွေကိုလည်းတတ်တာမှန်တယ်။ ဒါပေမယ့် နေမကောင်းရင် ဘယ်မှမသွားတတ်ဘူး။ အိမ်တွင်းတစ်နေရာမှာသာ ရှိနေမှာသေချာတယ်။ သေစေချာချာ ရှာကြည့်စမ်းပါ"

ဟု ဒေါ်အေးအေးကပြောသည်။

ကြောင်များသည် နေမကောင်းမကျန်းမာလျှင် အစာမစားရေမသောက်တော့ဘဲ ချောင်ကောင်းကောင်းတစ်နေရာတွင် အိပ်နေတတ်လေ့ရှိသည်။ အချိန်ကြာလာလျှင် ထိုသို့အိပ်နေရင်းပင် သေဆုံးသွားတတ်ကြသည်။ ခွေးလောက်ပင်ကြာကြာခံနိုင်ရည်မရှိဘဲ သေဆုံးတတ်သည်ဟု ကြားဖူး၏။

ငပိန်ကား တစ်ကြိမ်ဆေးခန်းပြထားပြီးဖြစ်သော်လည်း အဖျားမကျခြင်း၊ အစာမစားနိုင်သေးခြင်းကြောင့် စိတ်မချရသေးပေ။ စိုးရိမ်ဖွယ်အခြေအနေမှာသာဖြစ်နေ၏။ ထို့ကြောင့် အိမ်တွင်းအိမ်ပြင်အနှံ့အပြားကိုလိုက်ရှာရသည်။ ခုတင်အောက်မှောင်သောနေရာတွင် ဓာတ်မီးနှင့်ထိုးကြည့်ပြီးရှာသည်။ ငပိန်က အိမ်၏ခေါင်မိုးပိုင်းကိုလည်းတက်တက်၍ ဖိုးအောင် ခါးတောင်းကျိုက်ပြီး မျက်နှာကျက်ပေါ် ထိတက်ရှာလည်း ငပိန်ကို အစအနပင်မတွေ့ရပေ။

သင်္ဘောသဏ္ဌာန်ကမ္ဘာကြီးပေါ်တွင် သတ်မှတ်ထားတာ လက်လျှော့ရတော့မလိုဖြစ်နေသည်။ ပုန်းအောင်းနေရာမှာ သေဆုံးသွားပြီးနောက် ရက်ကြာလာလျှင် အပုပ်နံ့ရမှသာ တွေ့ရနိုင်တော့မည်။

"ဖေဖေကြီးက မနက်စောစောမှာ ငပိန်ကိုတွေ့တွန်း သေချာစောင့်ကြည့်တာမဟုတ်ဘူး။ ဖေဖေကြီးပေါ့ဆလို့ အရင်ငပိန်လိုပဲ အခုငပိန်လည်း ရောဂါခံစားပြီး သေရပြန်ဦးတော့မယ်"

ဖိုးအောင်က ငပိန်ကို နောက်ဆုံးမြင်တွေ့လိုက်ရချိန်တွင် အိပ်ပျော်နေဆဲဖြစ်သော သားကြီးဖြစ်သူက မကျေမနပ်နှင့် အပြစ်ဖို့သည်။ ဒီလိုမမျှတသော အပြစ်တင်ပုံကို ဖိုးအောင်က မကြိုက်ပေ။

"အေးကွ- ငပိန်ဆိုတဲ့ကြောင်စုတ်ကြောင်နာကလည်း ကျုပ်တော့သွားပြီဗျို့၊ ပြန်မလာတော့ဘူးလို့ ပြောမသွားဘူးလေ။ တကယ်လို့ပြောသွားခဲ့ရင် ကြိုးနဲ့ ခြေတွေလက်တွေတုပ်ထားမှာပေါ့။ အဲဒါကြောင့် ခက်သွားတာပဲ"

ဖိုးအောင်၏ အငေါ်တူးစကားကြောင့် အိမ်လည်ရောက်ရှိနေသူ အိမ်နီးချင်းဒေါ်နွဲ့ဆိုသူက အော်ရယ်လိုက်သည်။

"ပိန်ပိန်အသက်က အခုလဆန်းဆိုရင် တစ်နှစ်ခွဲ (၁၈ လ) လောက်ရှိသွားခဲ့ပြီ။ ပထမတစ်ကြိမ် မေမေကြီးဆီရောက်လာခဲ့တုန်းက အသက် (၉) လနဲ့ ခွဲခွာသွားတယ်။ အခုတော့ အသက်(၁၈) လမှာ တစ်ခါခွဲခွာသွားပြန်ပြီလား... ဘူး။ ဂရုစိုက်နေတဲ့ကြားက မင်းတ... မှာ ဘယ်ဝဋ်ကြွေးတွေကြောင့် ... ကြီးအိမ်မှာလာပြီး ရောဂါရနေတာ... ခုလိုကြာကြာမနေဘဲ ခဏတာအ... လာသလိုမျိုးသာဆိုရင် မေမေကြီး ... ထိခိုက်ကြေကွဲရအောင်လုပ်နေသ... နောက်နောင် ပိန်ပိန်ပြန်လာခဲ့ချင်... ဆို ငြင်းပယ်ရတော့မယ် သားရယ်"

ဟု ဒေါ်အေးအေးက မျက်ရည်... စမ်းစမ်းနှင့် ပြောဆိုနေလေသည်။

ဒေါ်အေးအေးသည် မနက်... ကြိမ်၊ ညတစ်ကြိမ် နေ့စဉ်နှစ်ကြိမ်သွား... တိုက်လေ့ရှိတာ သူမ၏ထုံးစံပင်ဖြစ်... ယခုလည်း ညစာစားပြီးနောက် သွား... တိုက်ရန် သွားပွတ်တံနှင့်သွားတိုက်ဆေး... ကိုယူဆောင်ပြီး အိမ်ရှေ့ရေချိုးတန်... ရာကို ထွက်ခွာသွားသည်။ ဒေါ်အေး... အေးနောက်ကို ငအော်သည် ခုန်ပေါက်... ပြီး အပြေးလိုက်သွားသည်ကို တွေ့ရ... လေသည်။

ရေစုပ်စက်မော်တာထားရှိသော အခန်းနားသို့ ရောက်ရှိသောအခါ ငအော် ချောင်းမြောင်းကြည့်ရှုနေပုံက ထူးခြားဆန်းကြယ်နေ၏။ ထို့ကြောင့် ဒေါ်အေးအေးသည် နောက်ပြန်လှည့်၍ ဓာတ်မီးယူသည်။ မော်တာခန်းထဲသို့ ဓာတ်မီးနှင့်ထိုးထားရင်းမှ ပိန်ပိန်ဟုအော်ခေါ်လိုက်ရာ မော်တာအကွယ်မှ ကြောင်နားရွက်တစ်စုံကို ဦးစွာတွေ့မြင်ရသည်တွင်

"ဟဲ့ - ကိုဖိုးအောင် အိမ်ပေါ်က အမြန်ဆင်းလာခဲ့ပါ။ မော်တာခန်းထဲမှာ ဝင်ပုန်းနေတဲ့ပိန်ပိန်ကိုတွေ့ထားပြီ။ လူတွေက ဘယ်လိုရှာရှာမတွေ့တဲ့ကြောင်ကို တခြားကြောင်တပဲရှာပေးလိုက်တာပဲ"

ကြောင်ငအော်ကား မျက်နှာကောင်းရသွားလေသည်။ ပျောက်နေသူကိုတွေ့အောင်ရှာပေး၏။

ငပိန်ကိုဆွဲထုတ်ယူဆောင်လာခဲ့ပြီး နောက်တစ်နေ့မနက် ဆေးခန်းဖွင့်ချိန်တွင် သွားပြရဦးမည်။ အားနည်းနေသောငပိန်ခံနိုင်ရည်ရှိသွားအောင် ဓာတ်ဆားရည်တိုက်ထားရလေသည်။

ကမ္ဘာ့ သတ္တဝါ ... (သတ္တဝါတို့ကိုက်ကာသာစိမ်း...၏။)

အောင်ဆန်း...(ဘီအေ)

www.burmeseclassic.com1

www.burmeseclassic.com

ဗြိုဟ်ရတနာ-ဆရာဖေဖျောလင်း

# နက္ခတ်ဒေဝီမယ်တော်များနှင့် ဂန္ဓာရိဝိဇ္ဇာမယ်လောကီပညာ

## (ဒေဝီ ၇ ပါး၊ ဒေဝီ ၉ ပါး၊ ဒေဝီ ၁၂ ပါး)

(ယခင်လမှအဆက်)

**၂။ သူရဿတီဒေဝီ (၉)ဖော်မျှော်ဆေးအစီအရင်**

ဤအစီအစဉ်မှာ သူရဿတီ အမှူးပြုသော ဒေဝီ (၉)ဖော်မျှော်ဆေး အစီအရင်ဖြစ်ပါသည်။ ဆေးဖော်နည်းအား ပုဏ္ဏရိက်၊ ဏ္ဏသာရမူလီ၊ ကတိုး၊ နံ့သိန်၊ ဇလပ်နီ၊ ဇလပ်ဖြူ၊ နံ့သာငါးပါး၊ ခရေဥ၊ တန့်ဘလူ၊ စံကားပွင့်၊ ပဲကတိုး၊ ရုံ့သာစေ့ ၎င်းဆေးအမယ်များကို အလေးချိန် အမျှစီစုပြီးနောက် စံပယ် (၇) ပွင့်၊ မြတ်လေး (၇) ပွင့်၊ နှင်းပန်း (၇) ပွင့်၊ ဂမုန်းကြက်သွေး (၇) ဖြာတို့နှင့် ရောလျက်ဆေးကြိတ်ရပါမည်။ ဆေးကြိတ်သောအခါ ဒေဝီ(၉)ပါးအတွက် ကန်တော့ ပွဲ(၉)ပွဲ၊ ပိတ်ဖြူ ပိတ်နီခင်း၊ နားတောင်းဆီမီး၊ အမျိုးသမီးအဝတ်အစားတစ်စုံစီ ထပ်နိုင်သမျှ စုံအောင်ထည့်ရပါမည်။ ဆေးကြိတ်ရာတွင် နံ့သာငါးပါးရေ နံ့သာဆီ၊ ရေမွှေးတို့နှင့်ကြိတ်ပြီး ဆေးတောင့်ပြုလုပ်၍ထားရပါမည်။ ထိုဆေးတောင့်ကို အပျိုကညာလက်ပေါ် တင်ပြီး အောက်ပါမန္တန်နှင့် ဒေဝီကိုခေါ်ပါ၏။

"ဦး သူရဿတီ နတ်ပြည်ရောင်ဆင်း၊ ကျော်စောခြင်းနှင့်၊ သတင်းထိန်ဆူ ကျွန်းဇမ္ဗူတွင်၊ ဖြိုင်သူဘတ်ရွာ၊ ဘုရားသာသနာတော်အတွင်းမှာလျှင်၊ ကြွလာခဲ့ပြီး မယ်ဒေဝီတို့သွားလေရာရာ ငါကိုသာလျှင်၊ မာတာမိခင်၊ ချစ်ကျွမ်းဝင်၍၊ ကိုယ်တွင်မပြတ်၊ စောင့်ပေတတ်သည်၊ ဩြောင်း - သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ဩြောင်း သဗ္ဗဓမ္မာနုဘာဝေန၊ ဩြောင်း သဗ္ဗသံဃာနုဘာဝေန၊ ဩြောင်း ဇေယျ တုသဗ္ဗမင်္ဂလံ၊ သိရီ-သိရီ တိဠတု၊ တိဠတု၊ ကျွန်ုပ်ကို ရင်အုပ်မကွာစောင့်စေသော်"

ဤမန္တန်နှင့် (၇) အုပ်ရွတ်၍ခေါ်လေ။

ပြီးလျှင် ဆေးတောင့်ကို ရွှေပုခက်ပေါ် တင်လျက် ကျူးရမည့်မန္တန်ကား -

"ဦး ဇမ္ဗူ ကျက်သရေ ရွှန်းရွှန်းဝေသည့်၊ တောင်မြဒီပါကျွန်းလက်ယာရှိ၊ မဟာကုသလ သော်ဘဏယ၊ ဒါန သီလဘာဝနာလည်း ရွှတ်ခါစီးဖြန်းကာမှ ဌာန်းတို့၊ ရှင်လန်းသဒ္ဓါ၊ စေတနာနှင့်၊ မေတ္တာဝေငှ၊ မိမယ်လှတို့၊ ကြွရောက်စေချင်၊ ပွဲစုံပြင်၍၊ ကြည်လင်စိတ်က၊ ဓိဝသမျှဖြင့်၊ ရစေခုသော်၊ အဟောဝတ၊ ကောင်းကြီးမျှော်မျှော်သာမုခေါ် လျက်၊ ပျော်ပျော်ပါးပါး ကျွန်ုပ်အားကို၊ နတ်ဖျားလျှာက၊ မြစောင်မသည်၊ ဒေဝစက္ခုထောက်မျှော်ရှု၍၊ အောင်ဆုဘိသိက်၊ နတ်တံဆိပ်ဖြင့်၊ ခတ်နှိပ်စွဲမှတ်၊ ပွဲတင်အပ်၍၊ ကပ်လျှင်ထင်ရှား၊ ရောက်စေသားဟု၊ ခုနစ်ပါးနှင့်ကိုးပါးဒေဝီ၊ ဆယ့်နှစ်လီကို၊ ညီညီညာညာ၊ ရှည်ကြာရာသက်၊ ထက်ချပ်ပညာ၊ ဘောဂ-ဓန-ဝီယသိန္ဓေဖြစ်ပါစေဟု၊ မေ့ရေမကြံ၊ တောင်းဆုပန်လျက်၊ သွင်းနံ့ပွဲအပ်၊ မြဲစေကြပ်သည်၊ စွဲကာပ်ရောက်လာကြကုန်လော့။ မေရုရာဇိန်တောင်နာဂိန်တက်၊ ရှိန်သမ္ဘာလျှမ်း၊ နန်းကြငှန်းက၊ မြမြုံမြန်းစကြာ၊ လှည့်ခဲ့လာ၍၊ တေဇောမောက်ပြူး၊ တန်ခိုးကြီးဘိ၊ သုဂတိဟု၊ ပြာသာဒ်ဘုံဝယ်၊ လွှန့်တင့်တယ်သည်၊ မွှေးမယ်မိနတ်၊ ခေါ်ပသတ်သည်၊ ကိန္နရာဟု၊ ကိုးဖြာရွှေသိဒေဝီနတ်ရှင်၊ သခင်ခရာ၊ စံကားဝါစမယ်၊ စွယ်တော်ရင်တပ်၊ ဇလပ်အင်ကြင်း၊ ရင်းမာ၊ ရွှေထီး၊ နှင်းဆီဒေါနု၊ သော်ကစကော၊ မာလာ ပိတောက်၊ ကြက်မောက်ကြက်ရှုန်း၊ ပန်းညက်မိုးရွှေ၊ သင်းခွေခွာညို၊ လေချိုဆောင်သွင်း၊ သင်းသင်းကြိုင်လောင်း၊ ပန်းပေါင်းစုံစွာ မွှေးနံ့သာကို၊ ခေါင်းမှာပန်ဆင်၊ လှပယဉ်သည်၊ မိခင်မယ်ဖွား၊ နှမများတို့၊ သနားချစ်ခင်၊ ကြင်နာစိတ်လော၊ မနေပြတ်ထမ်း၊ ရှင်လန်းဝမ်းမြောက်၊ ယခုရောက်၍ မျက်မှောက်ထင်ထင်ပြုလျက်၊ သိမ္မထင်စွာ၊ ဏ္ဏဏ္ဍာသယ၊ ဆေးဩသဓကို၊ ခဏာခုပင်၊ လက်ဝယ်တင်သည်၊ မိခင်ကြည့်ရှုမပါလော့။ ဤမန္တန်ဖြင့် ဆေးကို (၃၇)အုပ်ကျူးရမည်။

ထို့နောက် မျှော်သွင်းလိုသော အခါ ၎င်းဆေးကို အောက်ပါဒေဝီမန္တန်များဖြင့် (၃၇) အုပ်စုပ်ရမည်။

ဒေဝီမန္တန်များကား -

၁။ ဦး ဂဟာပတီဒေဝီ မေ မာတာ၊ မာတာစ ဂဟာပတီဒေဝီ၊ အနုကမ္ပံ ဥပဋ္ဌန် လာဘန္တိ ဂဟာပတီဒေဝီ။

၂။ ဦး သူရဿတီဒေဝီ မေ မာတာစ၊ မာတာစ သူရဿတီဒေဝီ၊ အနုကမ္ပံ ဥပဋ္ဌန် လာဘန္တိ သူရဿတီဒေဝီ။

၃။ ဦး စန္ဒီဒေဝီ မေ မာတာ၊ မာတာစ စန္ဒီဒေဝီ၊ အနုကမ္ပံဥပဋ္ဌံ လာဘန္တိ စန္ဒီဒေဝီ။

၄။ ဦး စန္ဒာဒေဝီ မေ မာတာ၊ မာတာစ စန္ဒာဒေဝီ၊ အနုကမ္ပံဥပဋ္ဌံ လာဘန္တိ စန္ဒာဒေဝီ။

၅။ ဦး ဏ္ဏန္ဒာဒေဝီ မေမာတာစ၊ မာတာစ ဏ္ဏန္ဒာဒေဝီ၊ အနုကမ္ပံ ဥပဋ္ဌန် လာဘန္တိ ဏ္ဏန္ဒာဒေဝီ။

၆။ ဦး မိန္ဒရာဒေဝီ မေ မာတာ၊ မာတာစ မိန္ဒရာဒေဝီ၊ အနုကမ္ပံ ဥပဋ္ဌန် လာဘန္တိ မိန္ဒရာဒေဝီ။

၇။ ဦး ကိန္ဒရာဒေဝီ မေ မာတာ၊ မာတာစ ကိန္ဒရာဒေဝီ၊ အနုကမ္ပံ ဥပဋ္ဌန် လာဘန္တိ ကိန္ဒရာဒေဝီ။

၈။ ဦး ဏ္ဏရုံနသီဒေဝီ မေ မာတာ မာတာစ ဏ္ဏရုံနသီဒေဝီ၊ အနုကမ္ပံ ဥပဋ္ဌန် လာဘန္တိ ဏ္ဏရုံနသီဒေဝီ။

၉။ ဦး မဏိမေခလာဒေဝီ မေ မာတာ၊ မာတာစ မဏိမေခလာဒေဝီ၊ အနုကမ္ပံ ဥပဋ္ဌန် လာဘန္တိ မဏိမေခလာဒေဝီ။-

ဤမန္တန်များနှင့် (၃၇) အုပ်စုတ်ပြီး ဒေဝီမျှော်သွင်းပါလေ။ ဝီယ၊ ဓန၊ လာဘ၊ သိဒ္ဓိတို့နှင့်ပြည့်စုံစေပါသည်။ အကျိုးကြီးမှပါသည်။

**၃။ ဒေဝီကိုးပါးအစီအရင်တော်ကြီး**

ဤအစီအရင်တော်ကြီးမှာလည်း ဒေဝီကိုးပါးဆေးတော်ကြီးနည်းတစ်နည်းဖြစ်ပါသည်။ ဒေဝီကိုးပါးဆိုင်ရာအစီအရင်များအနက် အလွန်စနစ်ကျစွာ ပြဆိုထားသောနည်းဖြစ်ပေသည်။ ဒေဝီကိုးပါး အစီအရင်များ စီရင်ရာ၌ လိုအပ်သော အခင်းအကျင်း ပွဲပြင်ပုံ၊ ဒေဝီတစ်ပါးချင်း အတွက် လိုအပ်သောပစ္စည်းများကိုပါ အသေးစိတ်ပြည့်နှင့်ထားကြောင်း တွေ့ရပါသည်။

**၁။ အခင်းအကျင်း**

ဒေဝီကိုးပါး အစီအရင်ကို စီရင်မည်ဆိုပါက ဥယျာဉ်ခြံမြေလှစ်လပ်နေမြေနေရာများ၌ဆိုလျှင် ရာဇမတ်ကာရံရပါမည်။ အိမ်၊ ကျောင်း၊ အဆောက်အအုံများအတွင်းဆိုပါက ပိတ်ဖြူအနံ့သုံးတောင်နှင့် အလျားကိုမူ မိမိအိမ်ကျောင်း အဆောက်အအုံနေရာကိုလိုက်၍ ရိုက်ယ

အစီအရင်ပြုမည့်နေရာ၏အရှေ့၊ အနောက်၊ တောင်၊ မြောက် လေးမျက်နှာတွင် တိုင်လေးတိုင် စက္ကူဖြူပတ်၍စိုက်ထူပြီး တိုင်အသီးသီးထိပ်တွင် သပြေညွန့်၊ အုန်းညွန့်၊ ကံ့ကော်ညွန့်၊ စံပယ်ညွန့်၊ ယင်းမာညွန့်၊ သနပ်ခါးခက်၊ ပန်းညွန့်၊ နတ်ပန်းညိုညွန့်၊ ငှက်ပျောညွန့်၊ ကြားငါးခိုင်စီ ပိတ်ဖြူစနှင့်ချည်နှောင်ထားရမည်။ တိုင်အမြင့်ကိုးတောင်ရှိရမည်။

ရာဇမတ် သို့မဟုတ် ပိတ်ဖြူကာရံထားသည့်အတွင်းဝယ် နီးဖျာခင်း၊ ၎င်းအပေါ်က သင်ဖြူးဖျာခင်း၊ သင်ဖြူးဖျာပေါ်မှ တစ်ဖန် ပိတ်ဖြူကို ဝင်းနေရာအပြည့်ခင်း။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဟူ၍ အရပ်လေးမျက်နှာရှိရာတွင် အရှေ့အရပ်သို့ မျက်နှာမူစီရင်ရမည်ဖြစ်၍ ပွဲများကို အရှေ့အရပ်၌ထား၍ ပြင်ဆင်ထားရမည်။ ပွဲခံများထားမည့် ခုံအလျားရှည်၏ အမြင့် (၃) ထွာမြင့်ရမည်။ ခုံပေါ်၌ ပိတ်ဖြူခင်းပြီး ယင်းပေါ်၌ ပန်းမွှေးရာခင်းပြီးမှ ကန်တော့ပွဲများကို တင်ရမည်။

ကန်တော့ပွဲတစ်ပွဲစီတွင် ငှက်ပျောဖီးကြမ်း(၂)ဖီး၊ အုန်းစိမ်းတစ်လုံး၊ ဖယောင်း (၉) တိုင်၊ အမွှေးတိုင်(၉)တိုင်၊ သပြေ(၉)ညွန့်၊ ပန်းမျိုးစုံတစ်ပွဲ၊ နံ့သာငါးပါး၊ ရေတစ်ဖန်ခွက်အသီးသီးပါရှိရမည်။ ဤအတိုင်း ဒေဝီကိုးပါးကို ကိုးပွဲပြင်ပေးထားရမည်။

၂။ ဒေဝီများအတွက် အဆင်တန်ဆာများလှူဒါန်းခြင်း

၂-၁။ သူရဿတီဒေဝီအတွက် - အဝတ်ဖြူချောချောအကောင်းစားဝတ်စုံတစ်စုံ၊ ဟသ်ာရုပ်တစ်ရုပ်၊ မြရောင်နားတောင်း၊ ပဝါဖြူ (၁)၊ ရွှေနီရောင်ခါးစည်းပဝါ (၁)၊ မကိုဋ်(၁)၊ ကတ္တီပါဖိနပ်တစ်ရန်၊ လက်ကောက်၊ လက်ကြုပ်၊ လက်စွပ် တစ်ခုစီထည့်ရမည်။

၂-၂။ သိရိဒေဝီအတွက် - ရွှေဝါရောင်အဝတ်ချောတစ်စုံစာ၊ ပဒုမ္မာကြာ (၅)ပွင့်၊ ခြုံပဝါဖြူ (၁)၊ မကိုဋ် (၁)၊ ကတ္တီပါဖိနပ်(၁)ရန်၊ နားတောင်းဖြူ၊ လက်ကောက်၊ လက်ကြုပ်၊ လက်စွပ်တစ်ခုစီ တစ်စုံစီ ထည့်ရမည်။

၂-၃။ မဏိမေခလာဒေဝီအတွက်- ရွှေရောင်အရိုး၊ ရွှေရောင်အရွက်နှင့် ထီးငယ်ရှစ်လက်၊ ပန်းရောင်အဝတ်တစ်စုံစာ၊ ငွေရောင်ခြုံပဝါ (၁)၊ မကိုဋ် (၁)၊ ကတ္တီပါဖိနပ် (၁) ရန်၊ ရွှေနားတောင်း၊ လက်ကောက်၊ လက်စွပ်၊ လက်ကြုပ် တစ်စုံစီထည့်ရမည်။

၂-၄။ ဗုဒ္ဓဟူးဒေဝီအတွက် - ရွှေဝါရောင်အဝတ်တစ်စုံစာ၊ ခါးစည်းပဝါဖြူ
ငွေရောင်ခြုံပဝါ (၁)၊ မကိုဋ်၊ ကတ္တီပါဖိနပ် (၁) ရန်၊ ရွှေနားတောင်း၊ လက်ကောက်၊ လက်စွပ်၊ လက်ကြုပ်တစ်စုံစီ တစ်ခုစီထည့်ရမည်။

၂-၅။ ဂင်္ဂါပတာနီဒေဝီအတွက်- ဝတ်ဖြူစင်ကြယ်ချောတစ်စုံစာ၊ ခြုံပဝါဖြူ၊ ခါးစည်းပဝါဖြူ၊ မကိုဋ်၊ ကတ္တီပါဖိနပ်၊ နားတောင်းဖြူ၊ လက်ကောက်၊ လက်စွပ်၊ လက်ကြုပ်တစ်စုံစီတစ်ခုစီထည့်ရမည်။

၂-၆။ စန္ဒီဒေဝီအတွက်-အဝတ်ဖြူတစ်စုံစာ၊ ပန်းရောင်ခြုံပဝါ (၁)၊ ဝါနုရောင်ခါးစည်း၊ မကိုဋ်၊ ကတ္တီပါဖိနပ်၊ နားတောင်းဖြူ၊ လက်ကောက်၊ လက်စွပ်၊ လက်ကြုပ်တစ်ခုစီတစ်စုံစီဆည့်ရမည်။

၂-၇။ စန္ဒာဒေဝီအတွက် - အဝတ်ဖြူတစ်စုံစာ၊ ပန်းရောင်ခြုံပဝါ(၁)၊ ခါးစည်းပဝါဖြူ၊ မကိုဋ်၊ ကတ္တီပါဖိနပ်၊ နားတောင်းဖြူ၊ လက်ကောက်၊ လက်စွပ်၊ လက်ကြုပ်တစ်ခုစီ၊ တစ်စုံစီထည့်ရမည်။

၂-၈။ ရက္ခာဒေဝီအတွက် - အနီရောင်အဝတ်တစ်စုံစာ၊ ခြုံပဝါဖြူ (၁)၊ ခါးစည်းပဝါဖြူ၊ ပဒုမ္မာကြာရွက်ခင်း၍ မကိုဋ် (၁) တင်ထား။ ထီးဖြူ (၁)၊ ကတ္တီပါဖိနပ်၊ နားတောင်းနီ၊ လက်ကောက်၊ လက်စွပ်၊လက်ကြုပ်တစ်ခုစီတစ်စုံစီထည့်ရမည်။

၂-၉။ မိန္ဓရာဒေဝီအတွက် - အနီရောင်လွင်အဝတ်တစ်စုံစာ၊ ခြုံပဝါဖြူ၊ ခါးစည်းဖြူ၊ မကိုဋ်၊ ကတ္တီပါဖိနပ်၊ နားတောင်း၊ လက်ကောက်၊ လက်စွပ်၊ လက်ကြုပ်တစ်ခုစီ တစ်စုံစီထည့်။

၃။ စီရင်ဆောင်ရွက်ပုံ

နေ့ကောင်းရက်သာရွေးပြီး နှစ်မှက်မြင် အဝင်နက္ခတ်ကြုံသောရက်တွင် အထက်ပါအတိုင်း အခင်းအကျင်း၊ ပွဲ၊ ဝတ်စားတန်ဆာ အစုံအလင်တို့ကို ဒေဝီကိုးပါးအတွက် တစ်ပွဲတစ်စုံစီ (၉) ပွဲ (၉) စုံပြင်ဆင်ပြီးနောက် စီရင်မည့်သူသည် ဝတ်စုံဖြူဝတ်ကာ ငါးပါးသီလခံယူပြီး နံနက်နေထွက်မှစ၍စီရင်ရမည်။ အစီအစဉ်မပြီးမချင်း အခမ်းအနားအခင်းအကျင်းတို့ကို မရုတ်သိမ်းရ။ နတ်သီချင်း ငြိမ့်ညောင်းညင်သာစွာတီးတတ်သူများကို ပိတ်ဖြူဝတ်ပြီး ဝင်းတောင်ဘက်အပြင်မှ ဒေဝီတစ်ပါးအတွက် စီရင်ပြီးတိုင်း နတ်ဆိုင်းနတ်ကြိုးသီချင်းမှာ သာယာငြိမ့်ညောင်းစွာတီးပေးရမည်။

၄။ ဒေဝီကိုးပါးဆေးတော်ကြီး

နံ့သာမျိုးငါးပါး၊ တွင်းနက်ကတိုး၊ ပုန်းညို ပန်းမ၊ ပန်းရိုင်း တောင်တန်ကတိုး အားလုံးအမှုန့်။ ယင်းတို့နှင့်အတူ ကံ့ကော်ပန်း၊ စံကားပန်း၊ စံပယ်ပန်း၊ ပုန်းညက်၊ ခတ္တာ၊ ရင်းမာ၊ ကြာ (၅) မျိုး ခဲ၊ သဇင်၊ ခွာညို၊ ပေါက်လဲ၊ သရိုင် အားလုံး (၉) ပွင့်စီ အားလုံးရောရှ၍ကြိတ်ရမည်။ ပြီးလျှင် နေမင်းဂမုန်း၊ လမင်းဂမုန်း၊ မိုးမင်းဂမုန်း၊ တိမ်မင်းဂမုန်း၊ နဂါးမင်း၊ ဧည့်လာကြိုးဂမုန်း၊ ကိုယ်ရံတြိုးဂမုန်း၊ စီးပွားဂမုန်းဖိုမ၊ ဂမုန်းတကိုး၊ ကတ္တူဂမုန်း၊ ဤအားလုံးကို (၉) ရွေးစီစုပြီး အထက်ကဆေးအမယ်များနှင့် ကြိတ်ရမည်။ ဆေးကြိတ်သောအခါ သစ်ခွရေနှင့်ကြိတ်။ (သစ်ခွရေဆိုသည်မှာ သစ်ခွဆုံရှိ သစ်ခေါင်းတွင်းမှရသောရေကိုဆိုလိုသည်။)

ကြိတ်၍ရသောဆေးများကို ကိုးစုစုပြီး ဆေးတောင့်(၉)တောင့်ဖြစ်အောင် လုပ်ပါ။

ပထမဆေးတောင့်ကို (၈-၀-၀-၈) လေးတွက်အင်းချပြီး သူရဿတီဒေဝီတုအွဲ့ချိ။

ဒုတိယဆေးတောင့်ကို (၀-၈-၈-၀) လေးကွက်အင်းချပြီး သီရိဒေဝီဘွဲ့ချိ။

တတိယဆေးတောင့်ကို (၈-၈-၀-၀) လေးကွက်အင်းချပြီး မဏိမေခလာဒေဝီဘွဲ့ချိ။

စတုတ္ထဆေးတောင့်ကို (၀-၈-၀-၈) လေးကွက်အင်းချပြီး သုန္ဒရီဒေဝီတုဘွဲ့ချိ။

ပဥ္စမဆေးတောင့်ကို (၀-၈-၈-၀) လေးကွက်အင်းချပြီး ဝဟာပတာနီဘွဲ့ချိ။

ဆဋ္ဌမဆေးတောင့်ကို (၀-၈-၀-၈) လေးကွက်အင်းချပြီး စန္ဒီဒေဝီဟုဘွဲ့ချီ အမည်ပေး။

သတ္တမဆေးတောင့်ကို (၈-၀-၈-၀) လေးကွက်အင်းချပြီး စန္ဒာဒေဝီတုဘွဲ့ချိ။

အဋ္ဌမဆေးတောင့်ကို (၈-၈-၀-၀) လေးကွက်အင်းချပြီး ရက္ခာဒေဝီဟုဘွဲ့ချိ။

နဝမဆေးတောင့်ကို (၈-၈-၀-၀) လေးကွက်အင်းချပြီး မိန္ဓရာဒေဝီဟုဘွဲ့ချိ။

ဆေးမကြိတ်မီ ဒေဝီကိုးပါးပင့်ရန် မန္တန်ကား -

'ဥုံ-ဝရကာနမယေ၊ ရွှေရောင်ဝေရှိ၊ ငွေနဘံစွန်း၊ မိုးထိတွန်းသာ၊ ရောင်ရွှန်းလျှံဖြာ၊ ရာဇာမေရု၊ တည်ရာပြုလျက်၊ စတုမဟာ၊ ဝတီသာဟု၊ နတ်ရွာနှစ်တန်၊ ဂူမှက်ယက္ခ၊ သုပဏ္ဏာနှင့်၊ နာဂစောင့်ခဲ့၊ သေလာမဟိန်၊ အာလိန်ငါးဆင့်ရံကာ တင့်လျက်၊ နိုးမြိုဝ်တည်ဟန်၊ ဆေးနံ့-ဤသား

www.burmeseclassic.com

တာရဝိကနှင့်၊ တောင်လှသူဒသီ၊ တောင်မြတ်နေမိန့်၊ ရောင်ထိန်ဝိနတာ၊ သေလအသသကာ၏၊ အရံတောင်မွန်၊ ထက်ဖျားစွန်ရှိ၊ တုလှန်ဆင့်ကြွား စံပျော်ငြားသည်၊ မယ်ဘွားသူရသီ၊ ဒေဝီနတ်နှင့် ခေါ်မှတ်သီရိ၊ မဏိမေခလာ၊ တစ်ဖြာသုန္ဒရိ၊ တစ်လီဒေဝယာ၊ ဂဟာပတာ၊ စန္ဒီ၊ ကြွန်ညီတင့်စွာ၊ စန္ဒာရုက္ခာ၊ မိန္ဒရပဲ၊ ကိုဝဒေဝီ မဟေသီတို့ ဤလျှင်ကာလ၊ သမယဝယ်၊ နဝဒေဝီ သည်တင့်ထူး၊ လှခေါင်ကြူးတို့၊ တောင်မှူးဂန္ဓမာ၊ ဝေဆာညီမှိုင်း ရှုတိုင်းတင့်စွ၊ ဝေပုလ္လနှင့်၊ ထိုမှတစ်ဖြာ၊ နာလိကာဟု၊ ကိန္နရာတောင်၊ သူယောင်သီးရာ၊ တကျာဝမ္ဗကာ၊ စသည်တွေပြား၊ တောင်ထွတ်ဖျားနှင့်၊ မြသားတစ်တွေ၊ ရောင်လျှံဝေသား၊ ရွှေငွေဖန်ဟူ၊ နန္ဒမူတည့်၊ လိုက်ဂူဖြာဖြာ၊ ဝရာသနု၊ ထိုမှတစ်တန်၊ မဏ္ဍာကိနီ၊ တလီမုစ္စလိန္ဒာ၊ အိုင်သာယာဟု ဒေဝါပျော်လတ်၊ အနောတတ်လျှင်၊ အိုင်မြတ်တွေတွေ၊ လှည့်လည်ပေ၍ စံနေပျော်ငြား၊ ဒေသများမှ ဆပွားမေတ္တာ၊ စေတနာဖြင့်၊ ကြွလာတုန်လော့၊ မြန်အသော့လျှင်၊ လျှောက်ပေ့ခွန်းကျူ သားသည်းအူနှင့်၊ အထူးအထွေ၊ နာဂဝေါဝယ်၊ ရွှေပလ္လင်မင်း၊ ကွဲ့ကော်ရင်း၍၊ ပွင့်ခြင်းကြီးစွာ၊ လေးသစ္စာတည့်၊ သမ္မာသမ္ဗုဒ္ဓ၊ လောကထွဋ်တင်၊ မေတ္တေးရှင်ကို၊ ဖူးမြင်ရကြောင်း၊ ရည်ရွယ်လောင်း၍၊ အပေါင်းဒေဝီ၊ မဟေသီတို့ စုံညီလျှင်စွ၊ မုဟုတ္တဖြင့် မြန်းကြွသက်တုံ၊ ရောက်လှည့်တုန်။

ဦး ဒေဝီဒေဝါ သိင်္ဂါရွှေသား လှလှာတင့်တင့်၊ ရှုလင့်မရဲ လှခေါင်ကဲ့သို့ မိုးထဲနဘာ၊ ဝေဟင်ယံ၌၊ လွှန့်ပျံ့မြူးတာ၊ ပျော်နေရာမှ၊ ဝိဇ္ဇာမယ၊ တန္တရနှင့်၊ မန္တရယာန် အင်းပုံအစ၊ စမတန်ခိုး၊ သိဒ္ဓိဖိုးဖြင့် နတ်မျိုးမိချွေ၊ ဂန္ဓဗ္ဗတို့၊ မသွေထူကျွ ဘူမဒ္ဒာနှင့်၊ ရက္ခပဗ္ဗတာ၊ ဒေဝါအများ၊ နတ်နဂါးတည့် ထပ်ပွားသုဝဏ္ဏ၊ တမ္မကာယကျွ၊ ဒေဝဝိဇ္ဇာ၊ ဂန္ဓာရိမှန်၊ ရသေ့ပုံနှင့် တော်ပုံတာထီ၊ တပသီတဖြာ၊ ပညာပိုင်နှင့်၊ မင်းမင်းဆရာ၊ ပေါင်းများစွာနှင့် မြန်းလှတူပျော်၊ ကောင်းချီးကြော်၍၊ ကြွတော်မူလင့်၊ ကျွန်လျှင်ပင့်ခဲ့၊ မိပင့်တုံးဘော်၊ နတ်မယ်တော်တို့၊ အပျော်တာရွှေ၊ ကိုယ်ယုံဝေလျက်၊ ရွှေရင်တော်ငွေ့၊ သွင်းနှံ့ရွှေလျှင်၊ ထက်စေ့ပညာ၊ သိဒ္ဓိငြာ၍ လျှင်စွာသက်တုံ၊ ကြွလှည့်တုန်။

ဦး မနောဟာရီ လှသိင်္ဂီတို့၊ ဒေဝီမိုးနွယ်၊ တန်ခိုးကြွယ်လျက်၊ အံ့ဖွယ်တင့်ဆန်း၊ နတ်နန်းဝိတာ၊ စံပျော်ရာမှ၊ မကြာလျှင်ဆော၊ ကြွစေသောဟု၊ မနောဝိညာဉ်၊ ပညာယှဉ်လျက်၊ အစဉ်မသွေ၊ ခွန်းလျှောက်ချွေအံ့၊ ဝေဠုရာမေမာတာတို့၊ လျှင်စွာသက်တုံရောက်လှည့်တုန်"

ဤမန္တန်ဖြင့် ဒေဝီကိုးပါးတို့အား ပင့်ခေါ်ရန်ဖြစ်သည်။

ဤသို့အခင်းအကျင်းပွဲစုံစွာပြုပြီး ဒေဝီကိုးပါးတို့အား အထက်ပါအတိုင်း ပင့်ခေါ်ပြီးနောက် ဆေးကြိတ်ရန်ဖြစ်သည်။ ထိုသို့ဆေးကြိတ်ပြီးရသော ဆေးတောင့် (၉) တောင့်တို့ကို အောက်ပါ ဒေဝီ (၉) ပါးအကျူးနှင့် (၇) ကြိမ်ကျူးရပါမည်။

■ **ဒေဝီကိုးပါးအကျူး**

ဩဟာရေ ညီ ညီ၊ သဗ္ဗဂ်ကလျာဏီ၊ ဟာန်နွဲ့ချိုသား၊ ဒေဝီကိုးတွင်၊ အကြီးအငယ်ထင်၊ ဖြူစင်ဇက်စုံ၊ လွှမ်းကာခြုံလျက်၊ လုံးစုံကျက်သရေ တင့်မောတွေသား၊ မမောဒေဝီ သူရသတီ။

သိင်္ဂီဝတ်လွှာ ဆင်မြန်းလွှာသည့် ဖြူစွာစိတ်ထား၊ တရားစောင့်ဘိ၊ သိရိကျက်သရေ၊ မေးတတ်ပေသား၊ မဟေဒေဝယာ၊ မာတာသိရို မေလက္ခီ (သိရိဒေဝီကို လက္ခီဒေဝီဟုလည်း ခေါ်ပါသည်။)

ရှစ်လီထီးဖြူ ဆောင်တော်မူသား၊ ရွှေထူရေသာ၊ ကိုယ်ရောင်ကြွားသည်၊ မြခါးစည်းရှုံ၊ မည်တွင်သာယာ၊ မေခလာ။

ရွှေဝါနတ်ဝတ်၊ လှထွဋ်ကြန်ညီ၊ နဂိုက်းမိုလျက်၊ ဒိယာယုကာ၊ သဗ္ဗအဓ္ဓရာယ်၊ ကာကွယ်စောင့်ခတ်၊ ခေါ်မှတ်ဒေဝီ၊ သုန္ဒရီမေ။

ကုက္ကြ္ချေရှင်၊ အိမ့်သခင်တည့်၊ ဖြူစင်ဝတ်လွှာ၊ ဖြူစွာမနော၊ ဖြူသောစီးပွား ပေးတတ်ငြားသည်၊ မယ်ဘွားဒေဝီ ဂဟာပတာနီ။

ဟာန်ချိုလှထွား၊ ငွေသားဝတ်လွှာ၊ ကိုယ်ဝါလရောင် ဝင်းဝင်းပြောင်သည်၊ လှခေါင်ရွှန်းတင့်၊ မိပင့်နတ်နွယ်၊ စန္ဒီမယ်။

ရှုဖွယ်အံ့ရာ၊ သခါရောင်မြူး၊ လွှာရုံထူးနှင့်၊ တင့်ကျူးကိုယ်ဝါ၊ မေစန္ဒာ။

နီစွာမြန်းမြန်း၊ လှဆန်းရောင်လွှင်၊ နတ်ဝတ်ဆင်သား၊ နေသွင်အလား၊ မယ်ဘွားဒေဝတာယာမယ်ရုက္ခာ။

နီစွာပတ္တမြား၊ ခြုံလွှားပါးနှင့် ကိုယ်သားရွှေစင်၊ စိမ်းလွှင်လွှင်တည်၊ မြလျှင်ဝိမာ၊ နေစံကာဖြင့်၊ ဝိဇ္ဇာဒေဝီ၊ ဆွဲပုံချိုသား၊ ဒေဝီမယ်များ၊ ဟာန်မူကြွားသည်၊ ရှုငြားမဝ၊ အလှထွတ်ချာ၊ မိန္ဒရာမေ။

ရွှေငွေမြပုံ၊ ထိုဆူဆူတည်၊ ရှုဟာစံနန်း၊ နတ်ပန်းပွင့်ရာ၊ ဂန္ဓမာနှင့် မြောက်ညာရပ်တွေ၊ ရှုမျှော်လေသော်၊ မှိုင်းဝေရီမှောင်၊ လျှိုရိုးမြောင်နှင့်၊ မြင့်ခေါင်စွင့်စွင့်၊ ရှုမောတင့်သား၊ တောင်မင်းပဗ္ဗတ၊ ဝေပုလ္လတည့်၊ ထိုမှတဖြာ၊ ဥတ္တရာဟု၊ ဒီသသာဝေ၊ မှန်းမျှော်ပေသော်၊ တောင်ခြေဝယ်စီး၊ ရှုမငြီးသည်၊ မြစ်ကြီးနဒီ၊ မတီကေတုံ၊ တူးကာရှုသော်၊ သာနထိတောင်၊ ပဒေသာင့်ရော၊ ရိပ်သာယာတည့်၊ တဖြာစခန်း၊ မြောက်သို့မှန်းသော်၊ လှဆန်းယဉ်စွာ၊ ကိန္နရာတို့ ပျော်ကာမြူးကြ၊ နာလိကတည့်၊ သေလအခေါ်၊ ကျောက်သားတောင်နှင့်၊ ထိုနောက် ဆေန်၊ ရွှေမြောက်ပြန်၍၊ တစ်ဖန်မျှော်တုံ၊ ကြာမိုးစုံသား၊ မုစလိန္ဒာ၊ အိုင်သာယာတည့်၊ ဝင်္ဂဘာလမ်း၊ ထိုမှလှမ်းသော်၊ ချမ်းခိုက်ခိုက်တုန်၊ လေမြူးသုန်သား၊ မြူနှစ်မှိုင်းညို၊ နှင်းစိုစိုသည်၊ ထိုထိုမြောင်များ၊ ချောက်အကြားမှ၊ စီးငြားမြစ်ဝယ်၊ အသွယ်သွယ်နှင့် ထက်ဝယ်တစ်ဖန်၊ အညာဆန်သော်၊ ရေကန်တော်ကြီး၊ ကြာမျိုးငြိုးသား၊ ပွင့်သီးဝေဝေ၊ ရှုမောတွေသည်၊ ရှုကွေ့ပင်မြင့်၊ အဆင့်ဆင့်တည်၊ လူနှင့်မဆံ၊ အရှည်၌၊ ရှင်ပုံရသေ့၊ ဘုန်းဟေ့များစွာ၊ နေပျော်ကာဖြင့်၊ အာနာပါန၊ သမထနှင့်၊ ရှုကြကသိုဏ်း၊ ဖြဟ္မာနိုင်းခဲ့၊ နတ်မှိုင်းကျယ်ပြော၊ ရဂုံတောဟု၊ အံ့ဩမပြီး၊ မြိုင်တန်းကြီးနှင့် သီးသီးငှာနေ၊ လှည့်လည်ပေသား၊ မတောဒေဝီ၊ လှကြန်ညီဝန်း၊ အတီရွှေဘာ၊ ရေစက်မှု၍၊ ပုတ္တသည်းချာ၊ အကျွန်ုပ်သာတည့်၊ ဖြစ်လာခဲ့ဟူ၊ သိတော်မူလော့၊ ဇမ္ဗူဝေဒေ၊ ထုရွှေမှင်၊ ပရေဝေါ်ယာန်၊ ကျွန်းလေးတန်ဝယ်၊ ကိုယ်ဟန်တင့်ထွား၊ နတ်မယ်ဘွားတို့၊ လှည့်ငြားပျော်စံ၊ သဘင်ခံလျက်၊ ယာဉ်ပျံကိုစီး၊ ရှုမငြီးတည့်၊ ခရီးသွယ်သွယ်၊ လွှန်းစံပယ်၍ လှဝယ်ကောင်းကျိုး၊ ပင့်ဆောင်နိုးခဲ့၊ နတ်မျိုးဒေဝီ၊ မတေသီတို့၊ ထိုဤရပ်ချာ၊ စံပျော်ရာမှ ဤမှာဒေ့သာ၊ ဤငှာနသို့ ဖေယသဒ္ဒ၊ ကြွေးကြော်ညံလျက်၊ နေစံအံ့ငှာ၊ မြန်းကြွလာ၍၊ ပညာတတ်ရေး ရင်ငွေ့ပေးကျက်၊ ငြိမ်းအေးကြည်ရွှင်၊ သဘာယဉ်သည်၊ လျှင်လျှင်တည့်မနှေး စံလေသော။

ဩဟာရေ နေဝန်းရောင်ဝါ၊ သာသနာတည့်၊ မြတ်စွာလှဘ၊ မုနိန္ဒနှင့်၊ ဓမ္မသံဃံ ရတနံလည်း၊ အလျှံတင်ရွှန်း၊ အစဉ်ထွန်းသား ကျွန်းဇမ္ဗူ ရန်အောင်မြေဝယ်၊ မဟေဒေဝီ မယ်ကိုးလီတို့ ထိုဤဌာန၊ နာဂရနှင့် ဝါမမကျွန်၊ အန္တရာယ်ဘေး၊ ကင်းဝေးစေမူ၊ မယ်တို့ပြုလျက် ကြည့်ရှုနိစ္စ၊ မြဲစောင်မခဲ့ နေ့ညစွာရတနာနှင့်၊ အာသာယာတ္တိ၊ စရှိရိပ်ငြိမ်၊ စည်းစိမ်ခြွေရုံ သဗ္ဗဥသုံ၊ အလုံးစုံလည်း။ ဘုံမှာ



www.burmeseclassic.com1

ငွေ၊ စံပျော်နေလျက်၊ ပေးလေတတ်စွာ၊ ဤခြင်းရာကြောင့်၊ မာတာမယ်ဘွား၊ ဒေဝီများအား၊ ကိုးစားသမျှ၊ မှတော်မြဲတည့်၊ ရွှေလှော်သံလွင့်၊ ကျွန်ုပ်လျှင်ဝင့်ပေ့ါ၊ မိမင့်ကိုးဖြာ၊ ဒေဝယာတို့ မကြာခဏ၊ မြန်းချိကြလျက်၊ ဝိဇ္ဇာဓာယာ၊ ရှုသာထူးချွန်၊ သိဒ္ဓိညွန်၍၊ မိုးစွန်ဝေဟင်၊ ထက်ဗွေခွင်မှာ သံရှင်တည်ငြိမ်အေး၊ ကျေးဇူးတော်လေး

ဤသို့ ဒေဝီကိုးပါးအကျုးမန္တန်ကြီးနှင့် (၇) ကြိမ်တူပြီးနောက် ထိုဆေးတောင့်များကို ဒေဝီကိုးပါးဆေးစုတ်မန္တန်တော်ကြီးနှင့် (၈၁) ကြိမ်စုတ်ရပါမည်။ ဒေဝီကိုးပါး ဆေးစုတ်မန္တန်တော်ကြီးကား -

■ **ဒေဝီကိုးပါးဆေးစုတ်မန္တန်တော်ကြီး**

ဩဒေဝယာ၊ သရဏ္ဍာတိ သဗ္ဗသိဒ္ဓိ၊ လက္ခီဓေဝသဗ္ဗသိဒ္ဓိ၊ မဏိမေခလာစသဗ္ဗသိဒ္ဓိ၊ သုန္ဒရီစသဗ္ဗသိဒ္ဓိ၊ ဂဟာပတာနီသဗ္ဗသိဒ္ဓိ၊ စန္ဒီဓေဝသဗ္ဗသိဒ္ဓိ၊ စန္ဒာအဝီသဗ္ဗသိဒ္ဓိ၊ ရုက္ခာစသဗ္ဗသိဒ္ဓိ၊ မိန္ဒရာဝီသဗ္ဗသိဒ္ဓိ၊ မဟာကုသာ်ယာစရိယေန၊ ပထမံ ဝိဇ္ဇာစရာစရိယေန၊ ပထမံဒေဝီနံ မဟိဒ္ဓိ သဗ္ဗကိစ္စသွဟုသွာဟာယ။

ဆေးစုတ်မန္တန်တော်ကြီးနှင့် ဒေဝီကိုးပါးဆေးတောင့်တိုင်းကို တစ်တောင့်လျှင် (၁၀၈)ကြိမ်စုတ်ရပါမည်။ ထို့နောက် အောက်ပါ သိဒ္ဓိတင်မန္တန်တော်နှင့် (၃၇) အုပ်သိဒ္ဓိတင်ပါ။

■ **ဒေဝီကိုးပါးသိဒ္ဓိတင်မန္တန်တော်**

ဩ . . . ကုတိပိသောနမော၊ အဌေါဗုဒ္ဓေါ၊ သိဒ္ဓိနမောဗုဒ္ဓါယ၊ မဟာဒေဝီ သရဏ္ဍာတိ၊ သိရီ မဏိမေခလာ၊ သုန္ဒရီ ဂဟာပတာနီ၊ စန္ဒီ၊ စန္ဒာဝ၊ ရုက္ခဝ၊ မိန္ဒရာ ဧဟိအယျာ၊ ဧဟိအမ္မော၊ သိဒ္ဓါဘဝန္တု၊ နဝရံ ဒေဝီနံ၊ သိဒ္ဓိပဌမံ၊ ကုသိနံ-ဝိဇ္ဇာ ဓရာနံပဌမံ၊ စတုဓာတုပသိဒ္ဓိ၊ သိဒ္ဓိတိစ္စ၊ သိဒ္ဓိကမ္မံ၊ ကတံ ကတံ သဗ္ဗသိဒ္ဓိ၊ ဘဝတု၊ ဟုလု ဟုလု သွာဟာယျသွံဟုံ။

ဤသိဒ္ဓိတင်မန္တန်တော်ကြီးသည် ဒေဝီကိုးပါးတို့နှင့် ပတ်သက်သမျှ မှော်အစီအရင်၊ ဆေးအစီအရင် ရုပ်စမအစီအရင်ကအစ အစီရင်တိုင်း၌ သိဒ္ဓိတင်နိုင်ပါသည်။

■ **ဆေးကြိတ်ကျောက်ပျဉ်နှင့် ပတ်သက်၍ မှတ်သားရန်**

ဒေဝီ (၉) ပါးမှော်ဆေးများအား ကြိတ်ရာတွင် ဆေးကြိတ်ကျောက်ပျဉ်၌ အောက်ဖော်ပြပါအင်းများကိုချ၍ ခံထားရန်လိုပါသည်။

| | |
|---|---|
| မ | ခ |
| ယ | သ |

(၁)

| | |
|---|---|
| ခ | ဆ |
| ဖ | သ |

(၂)

| | |
|---|---|
| သ | န |
| ပ | ဂ |

(၃)

| | |
|---|---|
| ဘ | လ |
| ဝ | ယ |

(၄)

| | |
|---|---|
| ဂ | ဇ |
| ဒ | ယ |

(၅)

| | |
|---|---|
| ရ | ဠ |
| ဆ | ဝ |

(၆)

| | |
|---|---|
| ဈ | ယ |
| ရ | ဇ |

(၇)

| | |
|---|---|
| ဠ | ဏ |
| ည | ယ |

(၈)

| | |
|---|---|
| ဍ | လ |
| ဂ | ဒ |

(၉)

ဤအင်း(၉)အင်းတို့ကိုချရာတွင် (၁)အင်းကို ဆေးကျောက်ပျဉ်၏အလယ်ဗဟိုတွင်ချ။ (၂) အင်းကို တနင်္ဂနွေထောင့်မှစ၍ချပြီးလျှင် ကျန် (၃) မှ (၉) အထိ အင်းများကို တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ကြာသပတေး၊ ရာဟု၊ သောကြာထောင့် စသဖြင့် အဌလက်ယာရစ်သွားအတိုင်း အစီအစဉ်လိုက်ချရမည် ဖြစ်ပါသည်။

ဤဆေးတော်ကြီး၏အညွှန်းကား သာမန်လူများပင် ခန့်မှန်းသိနိုင်လောက်အောင် အထူးညွှန်းရန်မလိုတော့ပြီ။ သုံးပါးပြီး၊ ဝိယ၊ ခန၊ လာဘ၊ ဘေးရန်အန္တရာယ်တို့ကို ဒေဝီကိုးပါးတို့ စောင့်ရှောက်စောင်မသဖြင့် ရရှိမည်ဖြစ်ပါသည်။ ဉာဏ်ရှိသလိုသုံး၍ရပါသည်။ ဤဒေဝီကိုးပါးဆေးတော်ကြီးအစီအရင်အပြင် ဒေဝီ(၉)ပါးတို့၏ တစ်ပါးချင်းမှော်အစီအရင်များလည်းရှိ၏။ သို့သော် ဤနေရာ၌ ဥပမာမျှလောက်သာပြလိုက်ပါသည်။

ဒေဝီကိုးပါးတွင် ဒေဝီတစ်ပါးချင်းအတွက် မှော်ဝင်အစီအရင်များရှိကြပါသည်။ သို့သော် အားလုံးဖော်ပြတဆောင်းပါးလေးမည်စိုး၍တစ်ကြောင်း၊ ဒေဝီကိုးပါးအစုလိုက်အစီအရင်များကိုသာဖော်ပြလိုခြင်းဖြစ်၍တစ်ကြောင်းတို့ကြောင့် ဒေဝီကိုးပါးအနက် သိရီဒေဝီမှော်အစီအရင်ကိုသာ နမူနာအဖြစ်ဖော်ပြလိုက်ပါသည်။ သိရီဒေဝီမှော်အစီအရင်မှာလည်း အခြင်းအကျင်းမှုတို့သည် ယခင်ဖော်ပြထားသည့်အတိုင်းဖြစ်ပြီး ဒေဝီပင့်၊ မှော်အင်းပုံဆွဲ၊ သိရီဒေဝီအကျုးနှင့်ကျုး၊ မှော်ထွက်ဂါထာဖြင့်စုတ်၊ ဒေဝီကိုးပါးသိဒ္ဓိတင်ဂါထာနှင့် သိဒ္ဓိတင်ခြင်းများပြုရပေသည်။

**၄။ ဒေဝီကိုးပါးရုပ်စမအစီအရင်များ**

ဒေဝီခုနစ်ပါးနည်းတူ ဒေဝီကိုးပါးရုပ်စမများလည်းရှိကြလေသည်။ ဤနေရာ၌ စီရင်နည်းထက် ဤဒေဝီကိုးပါးတို့၏ရုပ်စမများကို ရှိကြောင်းသိသာရန်မျှသာတင်ပြလိုခြင်းပင် ဖြစ်ပါကြောင်း။

ဤကား ဒေဝီကိုးပါးဟု မြန်မာ့ရှေးရိုးဗုဒ္ဓမယလောကီပညာနယ်တွင် ကြားစီရင်ဆောင်ယူနေသော ဒေဝီကိုးပါးအမည်နာမအမျိုးအစားများနှင့် ဒေဝီကိုးပါးဆိုင်ရာနေး မှော်၊ အင်း၊ ရုပ်စမများကိုလေ့လာတွေ့ရှိရသည်များထဲမှသိသင့်သိအပ်ရာများကို ကောက်နုတ် ဖော်ပြထားခြင်း ဖြစ်ပါသည်။ ဤရုပ်စမများမှာလည်းမိုင်းကိုင်စက္ကူတွင်ပြာချ၍သောက်



www.burmeseclassic.com

ခြင်းဖြင့် ဒေဝီကိုးပါးမှော်ဝင်အောင်မြင်နိုင်ပါသည်။

**ဒေဝီဆယ့်နှစ်ပါး(၁၂)နှင့်ဒေဝီမယ်တော်များ**

ကျွန်ုပ်တို့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်တွင် ပီယ၊ လာဘ၊ ဓန၊ သိဒ္ဓိများအတွက် စီရင်ဆောင်ယူရာတွင် ဤဒေဝီ (၇) ပါး၊ ဒေဝီ (၉) ပါး၊ ဒေဝီ (၁၂) ပါး ဟူ၍ ဆိုနေကြသော်လည်း ယခု ကျွန်ုပ်တင်ပြခဲ့သည့်အတိုင်း ဒေဝီ (၇) ပါး၊ ဒေဝီ (၉) ပါးတို့၏ အမည်နာမ အမျိုးအစား၊ ဆေး၊ အင်း၊ မှော်အစီအရင် စသည်များကို တွေ့ရသော်လည်း ဒေဝီ (၁၂) ပါး ဟူ၍ သီးခြားဖော်ပြသတ်မှတ်ထားခြင်း၊ ထိုဒေဝီ (၁၂) ပါးဆိုင်ရာအင်း၊ မှော်၊ ဆေး ရုပ်စေများ ဟူ၍ မတွေ့ရှိရသေးပါ။ သို့သော် ယခုကျွန်ုပ် ဖော်ထုတ် ကောက်နုတ်တင်ပြခဲ့သော ဒေဝီခုနစ်ပါး ဒေဝီကိုးပါးတို့မှ တူညီမှုများကိုထား၍ မတူကွဲပြားခြားနားသည်များကို စုပေါင်းဖော်ပြရသော် အောက်ပါအတိုင်းတွေ့ရပါမည်။

**။ ဒေဝီမယ်တော်များစာရင်း**

၁။ သူရဿတီဒေဝီ

**(၁) သူရဿတီဒေဝီရုပ်စေ**



**(၂) သိဒ္ဓိရုပ်စေ**




**(၃) ဒေဝီဝေဿဝဏ်ရုပ်စေ**




**(၄) သုမ္ဘနီဓမရုပ်**



**(၅) ဂဏပတာနိစရုပ်**



**(၆) ဓနီဒေဝီရုပ်စေ**



**(၇) ရွှေဒေဝီရုပ်စေ**



**(၈) ရုက္ခဒေဝီရုပ်စေ**



**(၉) မိန္နရာဒေဝီရုပ် မိန္နရာဒေဝီ**



www.burmeseclassic.com1

www.burmeseclassic.com

၂။ ဂဟာပတိဒေဝီ
၃။ မဏိမေခလာဒေဝီ
၄။ စန္ဒီဒေဝီ
၅။ စန္ဒာဒေဝီ
၆။ တိန္ဒုရာဒေဝီ
၇။ ရက္ခဒေဝီ
၈။ မိန္ဒုရာဒေဝီ
၉။ မိန္ဒုဒေဝီ
၁၀။ သင်္ကောဒေဝီ
၁၁။ ဇဂရီဒေဝီ
၁၂။ ဗျာဂရီဒေဝီ
၁၃။ ဟိဝိဒေဝီ
၁၄။ ပဏ္ဍာဒေဝီ
၁၅။ ကုရုံနသီဒေဝီ
၁၆။ သိရီဒေဝီ
၁၇။ သုန္ဒရီဒေဝီ
၁၈။ ကုန္ဒာဒေဝီ
၁၉။ စိတြဒေဝီ

ယခုကျွန်ုပ်ဖော်ပြခဲ့ပြီးသော ဒေဝီ (၇) ပါး၊ ဒေဝီ (၉) ပါးဝင် နတ်ဒေဝီမယ်တော်များမှ အစည်နာမကွဲပြားနေသော ဒေဝီမယ်တော်များကိုစုစည်းကြည့်သော အခါ အထက်ပါအတိုင်း နတ်ဒေဝီ(၁၉)ပါး ရှိကြောင်း တွေ့ရပေသည်၊ ထို့အပြင် တောင်စဉ်မှော်ဂိုဏ်းတော်ကြီး၏ တက်စဉ်တွင် ဒေဝီ (၁၂) ပါး၏ တက်သော စမများ ဟူ၏၊ ထိုဒေဝီ (၁၂) ပါးနှင့် တက်စမများမှာ -

၁။ သူရစန္ဒီဒေဝီ - မ-ယ-သ-ခ
၂။ ပမြမယ်ဒေဝီ - ခ-ဆ-ဝ-ဋ
၃။ ဇာတိမယ်ဒေဝီ - ဈ-ည-မ-ဃ
၄။ ကုရုန္ဒသီဒေဝီ - ဂ-သ-က-ခ
၅။ သူဇာမယ်ဒေဝီ - တ-အ-လ-န
၆။ တဇင်မယ်ဒေဝီ - ခ-ဋ-ခ-ည
၇။ သူဇာမယ်ဒေဝီ - သ-ဇ-ဖ-က
၈။ ပမြမယ်ဒေဝီ - ပ-မ-ဃ-ဝ
၉။ သူရဿတီဒေဝီ - လ-သ-ည-က
၁၀။ မဏိမေခလာဒေဝီ- တ-ဆ-တ-ဘ
၁၁။ တဇင်မယ်ဒေဝီ-- တ-ဇ-မ-ယ
၁၂။ ဇာတိမယ်ဒေဝီ - ဇ-တ-မ-အ

ဖော်ပြပါ တောင်စဉ်မှော်ဂိုဏ်းတော်ကြီး ဒေဝီ (၁၂) ပါးထက်စဉ်တွင် ဒေဝီ (၁၂)ပါးဟုဆိုသော်လည်း ပမြမယ်ဒေဝီ၊ ဇာတိမယ်ဒေဝီ၊ သူဇာမယ်ဒေဝီ၊ တဇင်မယ်ဒေဝီတို့မှာ တက်စဉ်စမအက္ခရာများသာကွဲလွဲပြီး ဒေဝီအမည်များ ထပ်နေသဖြင့် စင်စစ် ဒေဝီ (၈) ပါးသာ ရှိပါသည်။ ကျန်ဒေဝီများဖြစ်ကြသော ကုန္ဒသီဒေဝီ၊ သူရဿတီဒေဝီ၊ မဏိမေခလာဒေဝီတို့မှာ အထက်တွင် ဒေဝီခုနစ်ပါး၊ ဒေဝီကိုးပါးတို့၌ ပါဝင်ကြပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ ဤတောင်စဉ်မှော်ဂိုဏ်းတော်ကြီး၏ ဒေဝီ (၁၂) ပါး တက်စဉ်ပါဒေဝီများအနက် -

၁။ သူရစန္ဒီဒေဝီ
၂။ ပမြမယ်ဒေဝီ
၃။ ဇာတိမယ်ဒေဝီ
၄။ သူဇာမယ်ဒေဝီ
၅။ တဇင်မယ်ဒေဝီ

စသည့် ဒေဝီ(၅) ပါးမှာမူ အထက် ဒေဝီ (၇) ပါး၊ ဒေဝီ (၉) ပါးတွင် အဝင်အပါများမဟုတ်ကြ၍ အထက်ကစုစည်းတင်ပြထားသော ဒေဝီစုစုပေါင်း (၁၉) ပါးတွင် ပါဝင်ထည့်လိုက်ပါက မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်တွင် ယခု ရှာဖွေတွေ့ရှိရသမျှ နတ်ဒေဝီမယ်တော်ပေါင်း (၂၅) ပါးရှိသည်ဟု ယေဘုယျအားဖြင့်ဆိုရပါမည်။ ဤစာရင်း၌မပါဝင်သော ဒေဝီမယ်တော်များကို သိရှိသော ပညာရှင်များကလည်း ဖော်ထုတ်ပေးစေလိုပါသည်။

သို့ဖြစ်ရာ ဒေဝီ (၁၂) ပါးနှင့်ပတ်သက်၍ ကျွန်ုပ်အမြင်ပြောရပါလျှင် ဒေဝီ (၇) ပါး၊ ဒေဝီ (၉) ပါးတို့၌ အထပ်ထပ်ပါဝင်သောဒေဝီမယ်တော်များသည် ဒေဝီ(၁၂)ပါးရှိပါက ထိုဒေဝီ မယ်တော်များသာ ဒေဝီ (၁၂) ၌ ပါဝင်ကြဖွယ်ရှိသည်ဟု ကျွန်ုပ်ထင်မြင်ယူဆမိပါသည်။ ထိုမြင်ချက်အရ ဒေဝီ (၇) ပါး၊ ဒေဝီ(၉) ပါးတို့နှင့် အများဆုံးအကျုံးဝင်ပါဝင်နေကြသော ဒေဝီမယ်တော် (၁၂) ပါးကို ရေးစဉ်ကြည့်လိုက်သောအခါ အောက်ဖော်ပြပါအတိုင်း ဖြစ်ဖွယ်ရာရှိကြောင်း ကျွန်ုပ်ခန့်မှန်းထင်မြင်မိပါသည်။

**■ ဒေဝီထပ်နှစ်ပါးဝင် နတ်ဒေဝီမယ်တော်များ (ခန့်မှန်း)**

၁။ သူရဿတီဒေဝီ
၂။ သိရီဒေဝီ
၃။ ဂဟာပတိဒေဝီ
၄။ မဏိမေခလာဒေဝီ
၅။ စန္ဒီဒေဝီ
၆။ စန္ဒာဒေဝီ
၇။ တိန္ဒုရာဒေဝီ
၈။ ရက္ခဒေဝီ
၉။ မိန္ဒုရာဒေဝီ
၁၀။ သင်္ကောဒေဝီ
၁၁။ ကုရုံနသီဒေဝီ
၁၂။ သုန္ဒရီဒေဝီ

ဤကား ကျမ်းဂန်များနှင့် ဒေဝီ (၁၂) ပါး ဟူ၍ မတွေ့ရသေးပါသော ကြောင့် ဖြစ်ဖွယ်ရာရှိသည်ဟု အနုမာနမျက်ရမ်းဆလျက် ကျွန်ုပ်တွေးမြင်ရရှိသည့်အတိုင်း တင်ပြခြင်းသာဖြစ်ပေရာ အမှန်ကို သိရှိကြသော ပညာရှိများက ပြန်လည် တည့်မတ် လမ်းညွှန်ပေးကြပါ ဟု မေတ္တာရပ်ခံ တောင်းဆိုပါရစေ။

ဤဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်မှ ဒေဝီ (၁၂) ပါးစလုံးကို မသိရှိကြသေ သော်လည်း လူအများစုကား သူရဿတီဒေဝီ၊ မဏိမေခလာဒေဝီ၊ ကုရုံနသီဒေဝီ၊ စန္ဒီဒေဝီတို့လောက်ကိုမူ . သိကြတန်ရာ ပါသည်။ အချို့ကမူ ဤဒေဝီများကို သာမသိလျှင်နေရမည်၊ နိုင်ငံခြားဖြစ် ဒေဝီမယ်တော်များဖြစ်ကြသော တရုတ်ပြည်မှထင်ရှားသော ကွမ်ရင်မယ်တော်၊ အိန္ဒိယဟိန္ဒူဘာသာလာ ကာလီမယ်တော်၊ လက္ခမီးမယ်တော်တို့ကိုကား ကောင်းစွာသိကြပြီး အချို့ ကွမ်ရင်ကျောင်းများ၌ စာသွားချခြင်း၊ ဗေဒင်မေးခြင်း၊ အတိတ်ကောက်ခြင်းတစ်မျိုး အချို့က ကာလီမယ်တော်ကျောင်းသွား၍ ဆုန်းသီးခွဲခြင်းများကိုပင်ပြုကြသည် ကို ရံခါတွေ့ရလေသည်။ စင်စစ် မိရိုးဖလာ ကတ်သုံးပုံကို စောင့်ရှောက်သည်ဟု ကျွန်ုပ်တို့ မြန်မာများအသိအများဆုံး အကျွမ်းဝင်ဆုံးဖြစ်သည့် သူရဿတီမယ်တော်ပင်လျှင် ဟိန္ဒူဘာသာလာ ဒေဝီမယ်တော်တစ်ပါးသာ ဖြစ်ပါသည်။

ကျွန်ုပ်သည် ဤဒေဝီနတ်မယ်တော်များအကြောင်းဆောင်းပါးကိုရေးရန် လွန်ခဲ့သည့် (၂) နှစ်ခန့်ကပင်စိတ်ကူးခဲ့သော်လည်း အလုပ်များမအားလပ်ခြင်း၊ လုံလောက်သောလေ့လာမှုမရှိသေးခြင်းကြောင့် ဖင့်လေးနေရာမှ ယခုချိန်အထိအားမရသေးသော်လည်း လေ့လာသိရှိသလောက်များမှ ကောင်းနိုးရာတို့ကို ရွေးချယ်ကောက်နုတ်တင်ပြလိုက်ပါသည်။ ဂန္ဓာရီဝိဇ္ဇာမယပညာရပ်များကို စိတ်ဝင်စားသူများ၊ ဝါသနာရှင်များ သုတေသီများအတွက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အထောက်အကူပြုသည်ဆိုလျှင် ကျွန်ုပ်ရေးသားရကျိုးနပ်ပါပြီ။ ဤဆောင်းပါး၌ အချို့အစီအရင်များကို အသေးစိတ်ရေးထားပြီး ဆောင်းပါးလေးမည်ဖိုး၍ အချို့အကြောင်းအရာများကို ဗဟုသုတအဖြစ်သိစေရန်သာ ရေးသားခြင်းဖြစ်သဖြင့် ခွင့်လွှတ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သိသူဖော်စားမသိသူကျော်သွား

အနန္တစကြဝဠာအနန္တသတ္တဝါတို့
ချမ်းသာကြပါစေ

မေတ္တာဖြင့်

ဗြိုဟ်ဝေနာ-ဆရာလေးဗျာလင်း
(ကမ္ဘာ့ပါဠိနှင့်ပါဠိ၊ ရွှေဥဒေါင်း)



www.burmeseclassic.com1


www.burmeseclassic.com

၂၀၁၇ ခုနှစ် ဗြိစ္ဆာရာသီပြောင်း

# မုန္ဒိုင်းဇာတာဟောကိန်း

(၁၆-၁၁-၂၀၁၇) နေ့မှ (၁၅-၁၂-၂၀၁၇) နေ့အထိကာလ

မင်းရှိန်အောင်




၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ နေ့ နေ့လယ် ၁း၁၅း၁၂ နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် တူရာသီမှ ဗြိစ္ဆာရာသီသို့ ကူးပြောင်းဝင်ရောက်ချိန်တွင် ဥဒယလဂ်သည် မကာရရာသီ (၂၇) ဒီဂရီ (၅၄) မိနစ်တွင် ထွက်ပေါ်သည်။ တစ်နည်းပြောရလျှင် ဤဇာတာခွင်ကို ဗြိစ္ဆာရာသီစူဠသင်္ကြန်ဇာတာခွင်ဟူ၍ဆိုရပေသည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ ယူရေးနပ်ဂြိုဟ်မှ ရာဟုဂြိုဟ်ကို၊ ရာဟုဂြိုဟ်မှ စနေဂြိုဟ်ကို၊ စနေဂြိုဟ်မှ ယူရေးနပ်ဂြိုဟ်ကို (၁၂၀)ဒီဂရီဖြင့်၊ ပလူတိုဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၉၀) ဒီဂရီဖြင့်မြင်တာ ယူရေးနပ်ဂြိုဟ်နှင့် တနင်္လာဂြိုဟ်ကို (၁၈၀) ဒီဂရီဖြင့် မြင်ထားကြသည်။ ကြာသပတေးဂြိုဟ်နှင့်သောကြာဂြိုဟ်ကို (၄) ဒီဂရီအတွင်း ပူးယှဉ်နေကြသည်။ အင်္ဂါဂြိုဟ်က ကိတ်ဂြိုဟ်ကို (၁၂၀)ဒီဂရီအမြင်ရှိကာ ယူရေးနပ်ဂြိုဟ်နှင့် ဝိသမမြင်ထားသော တနင်္လာဂြိုဟ်က ဥဒယလဂ်ကို (၉၀) ဒီဂရီဖြင့် မြင်ထားသည်။ နောက် ရာဟုဂြိုဟ်က ဗုဒ္ဓဟူးဂြိုဟ်ကို (၁၂၀) ဒီဂရီဖြင့်မြင်ထားသည်။

အားလုံးကိုခြုံ၍ ကောက်ချက်ချရလျှင် အစိုးရအဖွဲ့အဖို့ ဆူကြားကဘူးခါးလို ဘေးကျပ်နံကျပ်ဖြစ်ပြီး ဆုံးဖြတ်ရလုပ်ဆောင်ရခက်ခဲသောကာလဖြစ်သလို လွှတ်တော်၌ စိန်ခေါ်မှုများ၊ ထိပ်တိုက်တွေ့မှုများနှင့် ပွဲဆူနေလိမ့်မည်။ စစ်ဖက်ရေးရာဆိုင်ရာ၌ မာကျောခက်ထန်လာလိမ့်မည်။ နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ဆက်ဆံရေး၌ ဖိအားပေးခံရမှု၊ ရေလာမြောင်းပေးခံရမှုများရှိလိမ့်မည်။ ဝန်ကြီးဌာနတချို့ပြုပြင်ပြောင်းလဲရမည်။ တရားဥပဒေဆိုင်ရာ၌ အငြင်းပွားရမည်။ နယ်စပ်ရေးရာ၊ တိုင်းရင်းသားရေးရာတို့နှင့်နီးနွယ်နေသော ရွှေ့ပြောင်းနေထိုင်သူများ၊ ဥပဒေမဲ့ဝင်ထွက်သွားလာသူနှင့် နီးနွယ်နေသော အမျိုးသားရေး ဘာသာရေးတို့နှင့်နီးနွယ်နေသော လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်ထိပ်တိုက်တွေ့မှုများ ခက်ထန်သောတက်ကြွလှုပ်ရှားမှုများတို့နှင့် ရင်ဆိုင်ဖြေရှင်းရလိမ့်မည်။ နိုင်ငံတကာတို့နှင့် ပတ်သက်နေသော NGOအဖွဲ့၊ အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ပယောဂမကင်းသောစိန်ခေါ်မှုများကို ခက်ခက်ခဲခဲ ရင်ဆိုင်ဖြေရှင်းရမည်။ ပြည်သူများ၊ အတိုက်အခံများ၊ တက်ကြွလှုပ်ရှားမှုများ မနှစ်မြို့ခြင်း၊ မကျေနပ်ခြင်းများစွာဖြင့် ထိပါးပွတ်တိုက်မှုများကို ကြုံဆုံရလိမ့်မည်။

စာနယ်ဇင်းသတင်းမီဒီယာတို့နှင့် ကဏ္ဍကောစဆက်ဖြစ်နေဦးမည်။ ထိပ်တိုက်ထိတွေ့မှုများရှိနေဦးမည်။ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးဆိုင်ရာတို့၌ သာမန်မဟုတ်သော ပြဿနာတချို့ကို ကြုံရမည်။ ရေကြောင်းဆိုင်ရာယာဉ်တချို့မတော်တဆကြုံတွေ့တတ်မည်။ စီးပွားရေးဆိုင်ရာ၊ ကုန်သန်းရောင်းဝယ်ရေးဆိုင်ရာ၌ မရိုးဖြောင့်မှုများ ဥပဒေရှောင်ကွင်းမှုကို ကြုံဆုံရလိမ့်မည်။

စိုက်ပျိုးရေးဆိုင်ရာအောင်မြင်သင့်သလောက် အောင်မြင်မည်မဟုတ်။ မြေယာဆိုင်ရာအမှုအခင်းများ ဖြေရှင်းမကုန်ဖြစ်လိမ့်မည်။ အထူးသဖြင့် အိမ်ခြံမြေ၊ စိုက်ပျိုးမြေနှင့်ပတ်သက်၍ပြဿနာများကြာလေကြီးလေရှိလာမည်။ တောင်ပြို၊ မြေပြို၊ တွင်းပြိုမှု၊ မြေငလျင်လှုပ်ရှားမှုရှိမည်။ ရာသီဥတုအပူဓာတ်ကဲနေမည်သို့မဟုတ် အအေးပေါ့မည်။

အလုပ်သမားရေးရာကိစ္စ၊ လယ်သမားရေးရာကိစ္စ၊ အခြေခံလူတန်းစားကိစ္စနှင့်ပတ်သက်၍ စားဝတ်နေရေး လူမှုရေးကိစ္စ၊ ကျန်းမာရေးကိစ္စ၊ ဥပဒေရေးရာကိစ္စနှင့်ပတ်သက်၍ စိန်ခေါ်မှု၊ မမျှတမှုများကို ခက်ခက်ခဲခဲရင်ဆိုင်ရလိမ့်မည်။ ၎င်းကို နိုင်ငံတကာနှင့် ဆက်နွယ်လျှင် ပိုမိုဆိုးဝါးတတ်မည်။ ပညာရေး၊ စီးပွားရေးဆိုင်ရာဥပဒေသစ်များလည်း ပေါ်ပေါက်တတ်မည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com



# ဘဝကောနိုင်သူ
## ဇရဲမှအမြန်
## ပန်ချင်တယ် စံပယ်ဖူးဆိုလို့

ဤဖြစ်ရပ်မှန်ဇာတ်လမ်းကို ရေးသားဖော်ပြရခြင်းမှာ ရှေးယခင်မှစ၍ ဗုဒ္ဓဘာသာဝင်တို့၏ ပုံပြင်ဆန်ဆန် ဒဏ္ဍာရီအလား ယုံမှားသံသယရှိဖွယ်ရာဖြစ်ရပ်ဆန်းများကို တစ်ခါမှမကြုံဖူးသော၊ လုံးဝကြားဖူးနားဝမရှိခဲ့ဘူးသော အခြားဘာသာဝင်တစ်ဦး၏ အမှန်တကယ်ကိုယ်တွေ့ဖြစ်ရပ်နှင့် နှိုင်းယှဉ်လေ့လာကြရန် ရည်ရွယ်ချက်ဖြင့် ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။

ဆတ်လူးရွာ။

၁၉၇၀ ပြည့်နှစ်ဝန်းကျင်လောက်က ဖြစ်ပါသည်။

ဆန်လူးရွာ အမည်မှာ ရှေးဆန်သည်ဟု ယူဆနိုင်ပါသည်။ အကြောင်းမူကား ရှေးအခါက မြစ်ဝကျွန်းပေါ် ဒီရေရောက်တောထဲတွင်ရှိသောချောင်းလေးမှာ ဆတ်များရွှံ့နှံ့လူး၍ ပျော်မြူးခဲ့ကြသောကြောင့် အမည်တွင်ခြင်းဖြစ်နိုင်ပါသည်။ ယခုအထိ အိမ်ခြေအစိတ်၊ သုံးဆယ်မျှသာရှိသော ရွာသိမ်ရွာငယ်လေးတစ်ခုရယ်ပါ။ ရှေးက တောကွက်ကို လယ်တည်၍ ရွာကလေးဖြစ်လာရပုံ ပေါ်ပါသည်။

ရွာ၏ ချောင်းရိုးကလေးသည် ကျွဲခြံချောင်းဖျားချောင်းနှင့် ကျွဲခြံတူးမြောင်းမြစ်တို့ကိုဆက်သွယ်ထားသောရေကျော်ချောင်းလေးဖြစ်ပါသည်။ အနောက်မှ အရှေ့သို့ စီးဆင်းနေပြီး ချောင်းကလေး၏မြောက်ဘက်ခြမ်းသည် ကျွဲခြံချောင်းဖျားအုပ်စုတွင်ပါဝင်၍ တောင်ဘက်ခြမ်းသည် ထိယာလိကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ ထိုဒေသသည် ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် တည်ရှိပါသည်။

ဆတ်လူးရွာကလေးတွင် ရိုးသားအေးဆေးသောလယ်သမားများနေထိုင်ကြသည်။ ဗမာများနှင့်ကုလားအချို့ရှိကြသည်။ ၎င်းတို့အထဲတွင် လယ်သမားကြီးတစ်ဦးဖြစ်သော ကုလားကြီးဦးဓာတ်ခေါ်မိသားစုလည်း ပါဝင်လေသည်။

အလယ်စုရွာမှ အရှေ့စူးစူးသို့ ကြည့်လိုက်လျှင် အလွန်ကြီးမားသောနွားတင်းကုပ်ကြီးကို မြင်နေရသည်။ ၎င်းသည်ပင် ဆတ်လူးရွာထိပ်အဖျားပိုင်းရှိ ရွာအဝင်ဝ ဖြစ်ပေသည်။

ဦးဓာတ်ခေါ်တို့မိသားစုသည် မွတ်စလင်ဘာသာဝင် ကုလားလူမျိုးများဖြစ်ကြ၏။ နွားလည်လိုးသောကုလားဟူ၍ ဗမာများကပြောကြ၏။ သို့သော် ဦးဓာတ်ခေါ်သည် အရိုးအစိုးမဟုတ်။ ယဉ်ကျေးမှုရှိကြောင်း တဖြည်းဖြည်းသိလာကြ၏။ သူတို့၏ဘုရားရှင်အလ္လာအရှင်မြတ်အား ကြည်ညိုရိုသေစွာ အလေးအမြတ်ပြု၍ ဟာလာလုပ်မှီးပူဇော်ခြင်းမှတစ်ပါး အခြားသောအချိန်များတွင် သတ္တဝါများအပေါ် ညှဉ်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကြသည်။

ယခု ဤဇာတ်လမ်းကို ပြောပြခဲ့သော အလယ်စုရွာမှ ဦးညွန့်သောင်းကား မရှိတော့။ သူကိုယ်စားပြောပြနိုင်သူမှာ အလယ်စုမှ မြန်မာကုလားကိုအုန်းမြတစ်ယောက်ရှိပါသေးသည်။ ကျွန်တော်သည် သူတို့ထံမှ သူတို့၏ကိုယ်တွေ့သိရှိချက်များကို မှတ်တမ်းယူ၍ရေးရခြင်း ဖြစ်ပါသည်။


ဦးဓာတ်ခေါ်သည် ကိုယ်တိုင်လယ်လုပ်၍ အေးချမ်းစွာအသက်မွေးသည်။ နွားများမွေး၍ နွားနို့ညှစ်ရောင်းသည်။ မိသားစုကိုလုပ်ကိုင်ကျွေးသည်။ သူ၏လယ်၊ သူ၏နွားများနှင့် ငြိမ်းအေးသာယာစွာ ဘဝကိုဖြတ်သန်းလာခဲ့သည်မှာ နှစ်ကာလအတော်ကြာခဲ့ချေပြီ။

၁၉၇၀ ပြည့်နှစ်ဝန်းကျင်လောက်က ဦးဓာတ်ခေါ် အသက် (၆၀) ကျော်ခါစအရွယ်တွင် ကျန်းမာရေးချို့ယွင်းပြီး အပြင်းအထန်ဖျားခဲ့သည်။ ဆေးထိုးဆရာ၊ ဆေးဆရာများနှင့် ကုသသော်လည်း အခြေအနေက သိပ်မကောင်းခဲ့ပေ။ ထို့ကြောင့် ဦးဓာတ်ခေါ်မှာအိပ်ရာထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင်လဲနေလေ၏။ ရက်အတန်ကြာသော အခါ သတိလစ်မေ့မြောသွားလေတော့သည်။

နွေဦးအစတွင် ညင်းလေပြည် မွှေနှောက်၍ ရော်ရွက်ခြောက်တို့လွင့်ပျံ့သွားကြသည်။ မြေညီညီရွာလမ်းကလေးက သာယာလှပါ၏။ လမ်းဘေးဝဲယာတွင် ငှက်ပျောခြုံများ၊ ဝါးရုံများနှင့် အုပ်အုပ်ဆိုင်းဆိုင်းစိုပြည်နေပါသည်။ အုန်း၊ သရက်၊ ပုန်းညက်၊ ပိန္နဲ၊ ကုက္ကိုစသောအပင်ကြီးများ၏အရိပ်တလည်းနေပူရှိန်ကို သက်သာအေးမြစေပါသည်။

ရွာလယ်လမ်းလေးတစ်လျှောက် မိန်းကလေးတစ်ယောက် လမ်းလျှောက်လာနေသည်ကို သူမြင်နေရသည်။ ဦးခေါင်းမှ ဦးဓာတ်ခေါသည် အိမ်မှထွက်လာပြီး ရွာအဖျားရှိ မြက်ခင်းထဲ၌ ကြိုးရှည်ရှည်နှင့်လံထားသော သူ၏နွားများရှိရာသို့ ရွာလမ်းအတိုင်းလျှောက်လာနေပါသည်။

လမ်းတွင် သူနှင့်မျက်နှာချင်းဆိုင်မှလာနေသော မိန်းကလေးမှာ သူ၏သမီးဖြစ်နေသည်ကို တွေ့ရ၏။ သူမ၏လက်ထဲတွင် ဆီပုလင်းလေးတစ်လုံးနှင့်ငရုတ်သီး၊ ကြက်သွန်ထုပ်များကို တွေ့ရသည်။ ရွာထဲရှိဈေးဆိုင်လေးမှပြန်လာပုံရသည်။

သူ့သမီးက သူ့အား မြင်ပုံမပေါ်။ သူနှင့်အနီးကပ်ရောက်သည်ကိုပင်မသိချေ။ ထို့ကြောင့် သူက လှမ်းခေါ်လိုက်သည်။

"ဟဲ့-သမီး၊ ဟေ့-သမီး၊ ဟ ဘယ်လိုလဲဟ ငါ့အနီးအနားကကပ်နေတာတောင် ငါ့ကိုမမြင်၊ ငါခေါ်နေတာကိုလည်း အနားကပ်နေပြီးမကြားရအောင် ဘာဖြစ်နေတာလဲ"

"သမီး၊ ဟေ့ - သမီး"

သူက ထပ်မံခေါ်ပြန်၏။

သို့သော် သမီးက လုံးဝမကြား၊ ကြားပုံမရ။ လှည့်၍ပင်မကြည့်ချေ။ ဟာ-ဒုက္ခပါပဲ။ဘယ်လိုတွေဖြစ်ကုန်ပြီလဲ။ သူ ညည်းညူလိုက်လေသည်။

ထိုအခိုက် အိမ်တစ်အိမ်၏ ခြံဝင်းထဲမှ ခွေးတစ်ကောင်ပြေးထွက်လာ၏။ လမ်းပေါ်တွင်ရပ်နေသောသူအား ရှူး ဝါးဝါးထိုး၍ဟောင်၏။ ခွေး၏ဖွာလုံး



www.burmeseclassic.com1

www.burmeseclassic.com

များသည် ပြူးကျယ်စူးရှနေပြီး သူ့အား စားတော့ဝါးတော့မလို ဟောင်နေလေသည်။

ခွေးဟောင်သံကြောင့်အိမ်ရှင်ထွက်လာ၏။

သူကကြည့်လိုက်ပြီး -

ဟာ - ပေတိုးပါလား၊ တစ်ရွာတည်းသားချင်းသိတာပ။ သို့သော် ပေတိုးက ခွေးဟောင်သည့်ဘက်ကို လိုက်ကြည့်လည်း သူ့အားမြင်ပုံမရ။ ခွေးသည် သခင်မာန်တက်ပြီး သူ့ရှေ့သို့ တိုး၍တိုး၍ဟောင်လာသည်။

သူစဉ်းစားလိုက်သည်။ ရွာထဲက ခွေးတွေဟာ နေ့ခင်းကြောင်တောင် ငါ့ကို အရင်ကမဟောင်ဖူးပါဘူး။ ငါလည်း ဒီရွာလမ်းကိုအမြဲတမ်းလျှောက်နေကျပါပဲ။ ဘာကြောင့် ဒီခွေးကငါ့ကိုတစ်ဇွတ်ထိုးဟောင်နေပါလိမ့်။ သူသည် ဒေါသထွက်လာပြီး ခွေးရှေ့သို့တိုးသွားကာ လက်ကို မြှောက်၍ရွယ်ပြီးဟန့်လိုက်သည်။ ခွေးသည် အမြီးကုပ်သွားပြီး ဖင်ဒရွတ်ဆွဲ၍ အူလေတော့၏။ ထို့နောက် ဆွဲဆွဲငင်ငင်အူလျက် ခြံထဲသို့ကြောက်လန့်တကြားအတင်းဝင်ပြေးလေတော့သည်။

သို့နှင့် သူသည် သူ့ကိုယ်သူဘာဖြစ်၍ဖြစ်နေမှန်းမသိ အူကြောင်ကြောင်နှင့်ခေါင်းငိုက်စိုက်ချကာ ရွာအဖျားပိုင်းသို့ဆက်၍လျှောက်လာသည်။ ပြီးတော့ တစ်ခုခုကို သတိရလိုက်ပြီး ခြေလှမ်းတုံ့ရပ်သွား၏။

'ဟာ-ငါမေ့နေလိုက်တာ၊ နွားလံကြိုးတစ်ချောင်းယူလာဖို့ အိမ်မှာမေ့ကျန်ခဲ့ပြီ။ ပြန်ယူဦးမှာပဲ'

ဟု တွေးမိပြီး သူ့အိမ်သို့ပြန်လျှောက်လာခဲ့သည်။

အိမ်သို့ရောက်သော် အိမ်ထဲသို့ ဝင်ပြီးနောက် ကြိုးခွေကိုယူမည်အပြုတွင် အိမ်ရှေ့တံစက်မြိတ်အစပ်မှ သူ့နာမည်ခေါ်သံလိုလိုကြားသဖြင့် လှည့်ကြည့်လိုက်သည်။ လူသုံးယောက်က အိမ်ဝင်ပေါက်၏အပြင်ဘက်တွင်ရပ်နေကြသည်ကိုတွေ့ရသည်။

"ခင်ဗျားနာမည်ဘယ်သူလဲ"

သူတို့ကမေးသည်။

"ဂျဲနေ့နားမီအူးမာတ်ခေါပါ"

"ဩော် - ဟုတ်ပြီ ဦးမာတ်ခေါနဲ့ တွေ့ချင်လို့လာခဲ့တာပါဗျာ။ခဏလောက် တွေ့ရအောင်ဗျာ။ အရေးကြီးကိစ္စရှိလို့"

ဟု သူတို့ကပြောလိုက်သည်။

ဦးမာတ်ခေါသည် ကြိုးခွေကိုမယူမိတော့ဘဲ အိမ်အပြင်သို့ထွက်ခဲ့ပြီး သူတို့နှင့်တွေ့လိုက်သည်။ တကယ်တော့ ဒီလူတွေကို သူတစ်ခါမှမတွေ့မြင်ဘူးခဲ့ချေ။

"ခင်ဗျားကို ကျွန်တော်တို့အကြီးအမှူးကခေါ်ခိုင်းလို့ လာခေါ်တာပါ။ ခဏလောက်လိုက်ခဲ့ပါ"

ဆိုပြီး ဘယ်ဘက်က တစ်ယောက်၊ ညာဘက်ကတစ်ယောက် သူ့လက်မောင်းကိုဆုပ်ကိုင်လိုက်ကြ၏။ကျန်တစ်ယောက် သူ့နောက်နားမှာရပ်နေသည်။

ဦးမာတ်ခေါရင်ထဲ ဒိန်းခနဲဖြစ်သွားသည်။ ငါ့အားဘာအပြစ်ရှိလို့များ လာဖမ်းတာပါလိမ့်။ ရဲတွေများလားပေါ့လေ။ သူသည် ဘုမသိဘမသိဖြစ်နေ၍ ခေါင်းကိုတွင်တွင်ခါလိုက်ပြီး -

"မဖြစ်ဘူးဗျ၊ ခင်ဗျားတို့ကို မသိဘူး"

သို့သော် သူတို့ကဆွဲခေါ်နေလေပြီ။

ထို့ကြောင့် သူသည် အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်။ အိမ်ထဲတွင် သူ၏ဇနီး၊ သမီးနှင့် သား၊ ပြီးတော့ (၁၀) နှစ်သား မြေးလေးတို့ရှိကြသည်။ မိသားစုထဲမှအချို့က အလုပ်သွားလုပ်နေကြသည်။ အိမ်ထဲရှိသူအားလုံးသည် ဦးမာတ်ခေါနှင့်အခြားလူသုံးဦးကိုလုံးဝမြင်ပုံမရ။ သူတို့ပြောဆိုနေကြသည်ကို ကြားပုံမပေါ်ချေ။

"လာပါဗျာ၊ လိုက်သာလိုက်ခဲ့ပါ။ ဟိုရောက်တော့သိမှာပေါ့"

ဟု လူသုံးယောက်က ပြောပြောဆိုဆို သူ့အားဆွဲခေါ်သွားကြသည်။

"ငါသွားလိုက်ဦးမယ်"

ဟု သူ့မိသားစုကို အော်ပြောခဲ့သော်လည်း သူတို့ကမကြားကြ မသိကြပေ။ သူ့ရင်ထဲတွင် မတင်မကျ ဒွိဟဖြစ်လျက် မကျေမနပ်နှင့်လိုက်ပါသွားရလေတော့၏။

သူတို့သည် ရွာလမ်းအတိုင်းပြိုင်တူခြေလှမ်းဖြင့် မှန်မှန်လျှောက်လာခဲ့ကြ၏။ ရွာလမ်းအဝင်ဝရွာအဖျားသို့ရောက်သောအခါ ရိုးပြတ်လယ်ကွင်းများကို အတော်ကြာအောင် ဖြတ်သန်းလျှောက်လှမ်းကြရသည်။ ထူးခြားသည်မှာ ဦးမာတ်ခေါသည် မောပမ်းနွမ်းနယ်မှုသိပ်မရှိလှချေ။ သို့သော် သူ၏စိတ်က အလိုမကျ မွန်းကျပ်၍ အသက်ရှူမဝသလိုဖြစ်နေရသည်။ သို့နှင့် သူတို့သည် အဝေးပြေးလမ်းကဲ့သို့သော မြင့်မောက်သည့်လမ်းမကြီးတစ်ခုပေါ်သို့ ရောက်ရှိသွားကြသည်။

ဦးမာတ်ခေါ၏ လက်ဝဲ၊ လက်ယာနှစ်ဖက်တွင် လူနှစ်ယောက်မှာ အရပ်အမောင်းပို၍မြင့်မားလာပြီး မည်းမည်းကျုတ်ကျုတ်အဝတ်များနှင့် လူကောင်ကြီးများဖြစ်လာကြပြီး သူ့အား လက်မောင်းမှမကိုင်တော့ဘဲ လက်ကောက်ဝတ်မှကိုင်ထားကြသည်။ယခုသော် အကောင်ကြီးနှစ်ကောင်ကြားမှ လူကောင်သေးသေးလေးဖြစ်နေပေပြီ။

သူအနောက်သို့လှည့်ကြည့်သောအခါ နောက်ကလူသည်လည်း မြင့်မားသောအကောင်ကြီးဖြစ်နေပြီး ဝတ်ရုံနက်ကိုတွေ့ရသည်။ မျက်နှာမှာ ရှည်သွယ်ပြူးဖွေး၍ မျက်ခုံးထူထူနှင့် မျက်လုံးများပြူးကျယ်ပြီး ကြီးမားသောပါးစပ်ကြီးထဲတွင် ချွန်ထက်သောသွားများကဖွေးဖွေးပြူးနေ၏။ သူ၏ဦးခေါင်းရှိ ချိုစောင်းနှစ်ဖက်တွင် အချွန်အတက်နှစ်ခုကို တွေ့လိုက်ရသည်။ ဖြုန်းခနဲမြင်ရသူအဖို့ ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့ဖွယ်ရာကြီးပါတကား။

ဦးမာတ်ခေါ၏စိတ်ထဲတွင် အလွန်ကြောက်ရွံ့ထူးဆန်းနေလေ၏။ ဘာတွေဖြစ်နေမှန်းမသိ၊ ဘယ်လိုပြောရမှန်းပင်မသိတော့ပေ။ အကောင်ကြီးနှစ်ကောင်တို့၏ ခြေလှမ်းကျဲကြီးများက သူ့လိုလူသာမန်အရွယ်အစားအတွက် အလွန်လျင်မြန်နေ၏။ ပြေး၍လိုက်လျှင်တောင် မီဖို့မလွယ်လှပေ။ လူကြီးနှစ်ယောက်တကလေးငယ်အား လက်တစ်ဖက်စီကိုဆွဲ၍ လမ်းလျှောက်ခေါ်သွားသလိုဖြစ်နေတော့၏။

ဦးမာတ်ခေါ၏ခြေထောက်နှစ်ဖက်သည် မြေကြီးနှင့်မထိတစ်ချက်ထိတစ်ချက်ဖြင့် လေထဲတွင် မြောက်ကာမြောက်ကာပါသွားနေလေသည်။ လမ်းကလည်း ပြန့်ပြူးညီညာမှန့်ညက်နေ၏။ အသွားနှုန်းကလည်းမြန်နေသည်။ တာလမ်းမကြီးတစ်လျှောက်တွင် မည်သည့်အိမ်၊ မည်သည့်တဲ အဆောက်အအုံတစ်ခုမှမရှိ။ ဘာအပင်မှမရှိ။ ပြောင်ရှင်းနေ၏။ လူ၊တိရစ္ဆာန်ဘာကောင်မှမရှိ။ လမ်းဘေးဝဲယာအဝေးမြင်ကွင်းမှာပင် လူနေအိမ်ခြေမြို့ရွာဟူ၍လုံးဝမရှိ။လယ်ကွင်းလည်းမရှိ၊ မျက်စိတစ်ဆုံးဟင်းလင်းပြင်ကြီးကိုသာ မြင်တွေ့နေရလေသည်။

မိမိတို့ လျှောက်လှမ်းနေသော တာလမ်းမကြီးသည် မျက်စိတစ်ဆုံး ပျောက်ကွယ်မှတ်ထိအောင် အကွေ့အကောက်လုံးဝမရှိဘဲ ဖြောင့်တန်းနေ၏။ အဆုံးမရှိသောလမ်းအဖြစ်ထင်မှတ်နေရပေသည်။

လူတို့ရပ်ရွာနှင့် ဝေးကွာလာခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com

သည်မှာ အချိန်အတော်ကြာညောင်းပေပြီ၊ နေမရှိ၊ လမရှိ၊ မိုးမရှိ၊ ဆီးနှင်းမရှိ၊ ကြယ်တာရာမရှိ။ သို့သော် အလင်းရောင်ကတော့ရှိနေသည်မှာ ထူးဆန်းနေပေသည်။

အချိန်အတော်ကြီးကြာညောင်းအောင်သွားခဲ့ကြပြီးနောက် ဦးခေတ်ခေါ်နှင့်အကောင်ကြီးတို့သည် တောအုပ်ကြီးတစ်ခုသို့ရောက်ရှိခဲ့ကြသည်။ ပတ်ဝန်းကျင်သည်ကား ဘာမှမရှိသောဟင်းလင်းပြင်ကြီးသာဖြစ်၏။ စိမ်းစိုအုပ်မှိုင်း၍အလွန်သိပ်သည်းသောထူးဆန်းသည့်တောအုပ်ကြီးဖြစ်သည်ဟု ဦးခေတ်ခေါ်မှတ်ချက်ချမိသည်။ ငါ့အဖြစ်ကား မကြုံဘူးလောက်အောင် ထူးခြားဆန်းကြယ်လှသည်တကားဟု သူ့စိတ်ထဲမှာထင်မြင်မိသည်။

မကြာမတင်မှာပင် တောအုပ်ကြီး၏အဝသို့ဝင်ရောက်ခဲ့ကြ၏။ အကောင်ကြီးနှစ်ယောက်က သူ၏လက်တစ်ဖက်စီကို ကိုင်မြဲတိုင်းကိုင်ထားကြ၏။ နောက်ဘက်ကတစ်ယောက်ကလည်း အမြဲကြီးကြပ်နေ၏။ ဦးခေတ်ခေါ် တောအုပ်ကြီးထဲသို့ရောက်သောအခါ မှောင်နှင့်မည်းမည်းဖြစ်နေသည်ကို တွေ့ရသည်။ သူဘာကိုမှမမြင်ရပေ။ စိတ်ချောက်ချားဖွယ်ကောင်းပြီး ရင်တဒိတ်ဒိတ်ခုန်နေလေသည်။ သူတို့ခေါ်ဆောင်သွားသည့်အတိုင်း ခွေ့ခနဲ မြောက်ခနဲ လိုက်ပါနေရသည်။ တောအုပ်ကြီးမှာ အလွန်ကြီးမားကျယ်ပြန့်လှသည်ဟု မှန်းဆမိပါသည်။ ထူးခြားသည်မှာ သာမန်တောထဲမှာကဲ့သို့ သူကြုံဖူးခဲ့သလိုမျိုး ခလုတ်တံသင်းဆူးငြောင့်ခလုတ်မရှိ၊ အောက်ခြေသည် ပြန့်ပြူးညီညာနေသည်။

အတန်ကြာသော် လှေကားထစ်များအတိုင်း အောက်သို့ဆင်းသွားနေသည်ကို သတိထားမိ၏။ ဦးခေတ်ခေါ်၏ စိတ်အထင်မှာ လှေကားထစ်ပေါင်းငါးရာခန့်ရှိမည်ဟု မှန်းဆမိ၏။ လှေကားသည် ကျောက်လှေကားဖြစ်မည်ထင်ရ၏။ မတ်စောက်လွန်းခြင်းမရှိဘဲ အတော်အတန်ပြေပြစ်သည်ဟု ယူဆရသည်။ သူတို့သွားသလောက်ကို ခုန်ဆွခုန်ဆွလိုက်နေရသဖြင့် လှေကားထစ်အရေအတွက်ကို မှန်းဆရခက်သည်ဟုဆိုပါသည်။

သို့ဖြင့် ဆင်းလာရာ မှောင်မည်းနေရာမှ တဖြည်းဖြည်းအလင်းရောင်သန်းလာသည်ကို တွေ့ရသည်။ လှေကား၏အဆုံးတွင် ဂူပေါက်ဝတစ်ခုကို တွေ့ရလေသည်။ ဂူဝင်ပေါက်မှာ အနံ ရှစ်ပေ၊ အလျား ဆယ်ပေခန့်ရှိမည်ထင်ရ၏။

ဂူပေါက်ဝတွင် သံချွန်ရှည်ကြီးကိုအပေါ် ထောင်၍ကိုင်ထားသောအစောင့်နှစ်ယောက်ရှိ၏။ ၎င်းတို့ကခွင့်ပြုသဖြင့် ဂူပေါက်ထဲသို့ဝင်ခွင့်ရကြ၏။

သူ့အားဖမ်းခေါ်လာသူသုံးဦးသည် သူနှင့်စတင်တွေ့ခဲ့စဉ်က လူ့အရွယ်အစားအတိုင်းပြန်ဖြစ်သွားသည်ကို ဦးခေတ်ခေါ်တွေ့ရပြန်ပါသည်။ သူ့ဘယ်ဘက်က တစ်ယောက်နှင့်ညာဘက်ကတစ်ယောက်တို့သည် အကောင်ပြန်ငယ်သွားသဖြင့် သူ့ကိုခေါ် လာစကအတိုင်း လက်မောင်းရင်းကိုပြောင်း၍ကိုင်ပြီး ဂူပေါက်ထဲသို့ဝင်ကြသည်။

ဂူထဲသို့ ရောက်သွားသောအခါ လိုဏ်ဂူကြီးတစ်ခုဖြစ်နေသည်ကိုတွေ့ရလေ၏။ အလင်းရောင်ကောင်းစွာရရှိသဖြင့် အားလုံးကို သဲသဲကွဲကွဲမြင်တွေ့နိုင်လေသည်။ ဦးခေတ်ခေါ်မှာ တအံ့တသြငေးမောနေရ၏။

ဂူပေါက်မှ ဝင်လာလျှင် လက်ဝဲဘက်တွင်နံရံနှင့်ကပ်လျက်တည်ရှိသော ကျောက်ပလ္လင်တစ်ခုကိုတွေ့ရ၏။ ပလ္လင်ထက်တွင် ဝတ်ဖြူစင်ကြယ်နှင့်တင်ပျဉ်ခွေထိုင်နေသော ခံ့ညားလှသည့် ပုဂ္ဂိုလ်ကြီးကို တွေ့မြင်ရလေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် မုတ်ဆိတ်ဖြူနှင့် ခေါင်းပေါင်းဖြူနှင့်ဖြစ်၏။ ယာဘက်လက်မှာ အနက်ရောင်ပုတီးလုံးကြီးတစ်ကုံးရှိနေသည်။ ပုဂ္ဂိုလ်ကြီး၏မျက်နှာသည် အလွန်တည်ငြိမ်အေးချမ်းလှပေသည်။

ဦးခေတ်ခေါ်အနေဖြင့် ထိုပုဂ္ဂိုလ်အား အလွန်ထူးခြားသည့်ပုဂ္ဂိုလ်ကြီးဟုသာသိနိုင်သည်။ မည်သူမည်ဝါဖြစ်ကြောင်းသိနိုင်သည့် ဗဟုသုတမရှိပေ။ သူ့အား ခေါ်ခိုင်းသည့်အကြီးအမှူးကား ဤပုဂ္ဂိုလ်ကြီးဖြစ်ရမည်ဟူ၍ သူ့စိတ်က မှန်းဆမိသည်။

ထိုပုဂ္ဂိုလ်ကြီး၏လက်ဝဲလက်ယာတစ်ဖက်စီတွင် ခက်ရင်းခွလှံချွန်ကိုကိုင်ထားသော အစောင့်တစ်ဦးစီကို တွေ့ရသည်။ သူတို့ပုံသဏ္ဌာန်မှာ ရှေးဟောင်းစစ်သည်တော်ဆန်ဆန်ပုံစံမျိုး ဖြစ်၏။ ခေါင်းအုပ်ဆောင်းကိုဆောင်းထား၏။ အင်္ကျီအနက်ရောင်လက်ရှည်နှင့်ရှေးခေတ်ဆောင်းဘီအနက်ရောင် ဒူးဆစ်ဖုံးဝတ်စုံနှင့်ဖြစ်သည်ကိုတွေ့ရသည်။ သူတို့သည် တည်ကြည်ခံ့ညားသောမျက်နှာထားများရှိကြလေသည်။

အထက်ပါမြင်ကွင်းများကို တွေ့မြင်ရသော ဦးခေတ်ခေါ်မှာ ပထမတွင် ကြီးကြည့်ကြောင်ကြည့်ဖြစ်နေခဲ့ပြီးနောက် သူ၏စိတ်မှာ တဖြည်းဖြည်းနှင့်အလိုလိုတည်ငြိမ်အေးဆေးသွားရပေသည်။ သူ၏ လက်ဝဲလက်ယာမှ သူ့လက်မောင်းများကိုကိုင်ထားကြသူနှစ်ဦးသည် ပလ္လင်ပေါ်ကဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်ကြီး၏ရှေ့မှောက်ရှိ ကျောက်သားရင်ပြင်ပေါ်တွင် ဒူးထောက်ထိုင်လိုက်ကြသဖြင့် ဦးခေတ်ခေါ်မှာ သူတို့နှင့်တစ်ပြိုင်တည်း ဒူးထောက်ထိုင်လိုက်ရသည်။ နောက်နားမှ အစဉ်တစိုက်ပါလာသော ကြီးကြပ်သူကလည်း ကျွန်ုပ်တို့ပြုမူသလို လိုက်၍ပြုလုပ်နေသည်ဟု ထင်ရပေသည်။

သူတို့သည် ထိုပုဂ္ဂိုလ်ကြီးအား ဦးညွှတ်၍အရိုအသေပေးသလို ဦးခေတ်ခေါ်သည်လည်းလိုက်၍ အရိုအသေပေးရသည်။ သူတို့က သူ၏လက်မောင်းများကိုလွှတ်၍ လက်ပိုက်လိုက်ကြသဖြင့် သူလည်း လက်ပိုက်လိုက်သည်။

"အရှင်၊ ကျွန်တော်မျိုးတို့က သူ့ကိုခေါ် လာပါပြီ"

"ယခု ရောက်ပါပြီ အရှင်"

ဟူ၍ သူတို့က လက်အုပ်ချီပြီး လျှောက်ထားကြသည်။

ထို့ကြောင့် သူလည်းလက်အုပ်ချီလိုက်သည်။

ထိုအခါ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်ကြီးကပြောသည်မှာ-

"အိမ်း - ဟုတ်ပြီ ကောင်းလေစွ၊ ကောင်းလေစွ။ မောင်မင်းတို့ တာဝန်ကျေပြီ"

ဟု ပြောပြီး ဦးခေတ်ခေါ်အား တည်ငြိမ်စွာကြည့်လိုက်ပြီးနောက် -

"အသင်မောင်မင်းနားထောင်ပါ။ လောကမှာ လူ၊ နတ်၊ ဗြဟ္မာနှင့် သတ္တဝါအပေါင်းတို့ဟာ မိမိတို့ကိုယ်တိုင်ပြုလုပ်တဲ့ကံကြောင့် ကောင်းမှုကုသိုလ်ကံ၊ မကောင်းမှုအကုသိုလ်ကံတွေဖြစ်ကြရတယ်။ မိမိက ကောင်းတာ ကြံစည်၊ ကောင်းတာပြော၊ ကောင်းတာလုပ်ရင် ကံကောင်းပြီး ချမ်းသာကောင်းကျိုးကို စံစားစံမြန်းရတယ်။

မိမိကိုယ်ကိုအပြစ်ကင်းပြီးကောင်းကျိုးရှိအောင် သူတစ်ပါးကိုကောင်းကျိုးရှိအောင် လူ၊ နတ်၊ သတ္တဝါအများကိုကောင်းကျိုးရှိအောင်ကြံစည်ပြောဆိုပြုမူလုပ်ကိုင်ဆောင်ရွက်သူတွေမှာ ချမ်းသာသုခကို စံစားစံမြန်းရတယ်။

အဲဒီလိုစံစားစံမြန်းရလေအောင် ဘယ်သူကမှ မိမိကို ဖန်တီးလုပ်ကိုင်ပေး



www.burmeseclassic.com1

www.burmeseclassic.com

တာမဟုတ်ဘူး။ လုပ်ကိုင်ပေးလို့လည်း မရဘူး။ ကိုယ်တိုင်လုပ်မှဖြစ်တာ။

ပြီးတော့ မိမိက မကောင်းတာ ကြံစည်၊ မကောင်းတာပြော၊ မကောင်းတာလုပ်ရင် ကံမကောင်း ကံဆိုးပြီး ဆင်းရဲဒုက္ခဆိုးကျိုးကို ခံရမယ်။ ငရဲကျခံစားရမယ်။

မိမိကိုယ်ကို ဆိုးကျိုးဖြစ်အောင်၊ သူတစ်ပါးကိုဆိုးကျိုးဖြစ်အောင်၊ လူ၊ နတ်၊ သတ္တဝါအများကို ဆိုးကျိုးဖြစ်အောင် ကြံစည်၊ ပြောဆို၊ ပြုမူလုပ်ကိုင်ဆောင်ရွက်သူတွေမှာ၊ သတ်ဖြတ်ညှဉ်းပန်းဆင်းရဲဒုက္ခရောက်အောင်လုပ်ကိုင်သူတွေမှာ ဒုက္ခမျိုးစုံအပါယ်ဘုံကိုရောက်မယ်။ ငရဲကျမယ်။ အကြိမ်ကြိမ်အသတ်ခံရမယ်။ ငရဲမှာ နှစ်သန်းပေါင်းများစွာခံနေရမယ်။ အဲဒီလိုဆင်းရဲဒုက္ခခံရအောင် ဘယ်သူကမှ ဖန်တီးလုပ်ကိုင်ပေးတာမဟုတ်ဘူး။ လုပ်ကိုင်ပေးလို့လည်း မရဘူး။ ကိုယ်တိုင်လုပ်ခဲ့လို့ခံရတာ။ အဲဒါကြောင့်၊ မိမိပြုလုပ်ခဲ့တဲ့ ကောင်းမှုကံကြောင့် ကောင်းကျိုးချမ်းသာကို စံစားရစံမြန်းရတယ်၊ အကြိမ်ကြိမ်စံစားရတယ်။ မိမိပြုလုပ်ခဲ့တဲ့ မကောင်းမှုကံကြောင့် ဆင်းရဲဒုက္ခခံရတယ်။ ငရဲခံရတယ်။ အကြိမ်ကြိမ်ခံရတယ်။ အဲဒီလို တရားစီရင်တဲ့အကြောင်း တွေရှိတယ်ဆိုတာကို အသင်နားလည်သလား။ ယခင်ကရော နားလည်ခဲ့ရသလား၊ သိခဲ့သလား"

ဟု ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကြီးက မေးမြန်းသောအခါ ဦးဓာတ်ခေါက -

"မားသိဂဲရပါဘူး၊ ဘာမှ်နားမားလဲဂဲပါဘူး"

ဟု ပြန်ပြောလိုက်သည်။

ထိုအခါ ပုဂ္ဂိုလ်ကြီးက -

"ယခုရောနားလည်ပြီလား"

ဟု ထပ်မေးပြန်သည်။ ဦးဓာတ်ခေါက-

"အားခုတော့နားလဲပါဘီ"

ဟု ပြန်ပြောသည်။

ထိုအခါ ဘေးနားမှတစ်ယောက်က -

"နားလည်ပါပြီဘုရားလို့ ပြန်ပြောစမ်း"

ဟု သင်ပေးသည်။

"နားလဲပါဘီဗရား၊ နားလဲပါဘီဗရား"

ဟု သူက ပြန်လည်လျှောက်လိုက်၏။

"ကဲ- မောင်မင်းရဲ့နာမည်ဘယ်လိုခေါ်သလဲ"

ဟု ပုဂ္ဂိုလ်ကြီးကမေးသည်။

"ဂျဲနော့နားမယ်ဂ ဓာတ်ခေါပါ၊ အူးဓာတ်ခေါဘာဗရား"

ဟု ပြန်ပြောသည်။

ထိုအခါ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကြီးသည် စဉ်းစားလိုက်ပြီး -

"ဟ-ဒီလိုဆိုရင်အလှည့်ကျစာရင်းများလွဲနေပြီလား"

"မောင်မင်းနာမည်ပြန်ပြောစမ်း"

ဟု ထပ်မေးသည်။

"ဉူးဓာတ်ခေါဘာဗရား"

ဟု ပြန်ပြောသောအခါ ပုဂ္ဂိုလ်ကြီးသည် ဤသို့ဆို၏။

"ဟာ - လွဲနေပြီ၊ ဒီလူမဟုတ်ဘူး။ မောင်မင်းတို့ခေါ်လာရမယ့်အလှည့်ကျသူက ဦးလှထွန်းဟ"

ဦးလှထွန်းကို ခေါ်လာရမှာဖြစ်တယ်ဟုမိန့်ဆိုလေရာ တမန်တော်အစေအပါးသုံးဦးတို့သည် တုန်လှုပ်သွားပြီး ဦးညွှန့်လျက် -

"မှန်လှပါ အရှင်၊ မှန်လှပါ။ ကျွန်တော်မျိုးတို့ လွဲမှားသွားပါတယ်အရှင်။ ကျွန်တော်မျိုးတို့ အဲဒီဒေသအတွင်းက ရပ်ရွာတွေကိုလှည့်လည်ရှာဖွေရာမှာ သတိလစ်မေ့မြောနေပြီး ဝိညာဉ်ခွာနေတဲ့ဒီလူကိုတွေ့လို့ခေါ်လာမိပါတယ်အရှင်။ ဒီလူဖြစ်မှာပဲလို့ထင်မိလို့ပါအရှင်။ ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်တော်မူပါအရှင်"

"အိမ်း - နောက်နောင်ကို နာမည်သေချာအောင်မေးမြန်းစိစစ်ရမယ်။ ပြီးတော့ ခေါ်လာရမယ့်သူရဲ့အချိန်မကျရောက်သေးလို့ အချိန်လိုသေးရင်လည်း ကျရောက်မယ့်အချိန်ကို စောင့်ပြီးခေါ်လာရမယ်ကြားလား၊ နားလည်ရဲ့လား မောင်မင်းတို့"

"မှန်လှပါ အရှင် ကျွန်တော်မျိုးတို့ နားလည်ပါပြီ အရှင်။ နောက်နောင်ကို မလွဲမှားရအောင် ဂရုစိုက်ပါ့မယ် အရှင်၊ ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်တော်မူပါအရှင်"

"အိမ်း-ဒီလိုမှားတတ်တာမျိုးလည်း ရှိပါတယ်။ သို့ပေမယ့် မှားလို့မဖြစ်ဘူး။ အရေးကြီးတယ်ကွယ့်။ ဒီလိုမျိုးအလွဲအမှားကိုသတိပြုပြီးတော့ ယခုမောင်မင်းတို့ ဆက်လုပ်ရမယ့်တာဝန်က ဒီလူကိုသူ့နေရာအထိရောက်အောင်ကောင်းစွာပြန်ပို့လိုက်ပါ။ ပြန်မပို့မီ သူ့ကို ငရဲခန်းတွေလိုက်ပြလိုက်ပါဦး။ ပြီးတော့ အဲဒီဒေသက ဦးလှထွန်းကို အချိန်ကျရောက်တာနဲ့ ခေါ်လာပါ"

ဟူ၍ ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကြီးက ညွှန်ကြားလိုက်သည်။

"ကောင်းပါပြီ အရှင်၊ မှန်လှပါ အရှင်၊ ကျွန်တော်မျိုးတို့ ဂရုစိုက်ဆောင်ရွက်ပါ့မယ်၊ ကောင်းစွာ ဆောင်ရွက်ပါ့မယ်အရှင်"

ဟူ၍ စေတမန်သုံးဦးတို့သည် ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ကြီးအား ပြန်လည်လျှောက်တင်၍ ဦးညွှတ်အရိုအသေပေးကြပြီးသော် ဦးဓာတ်ခေါ်အား ခေါ်ဆောင်၍ ဂူအပြင်သို့ထွက်လိုက်ကြသည်။

ထို့နောက် ယမမင်းကြီး၏ လမ်းညွှန်ချက်အတိုင်း လိုဏ်ခေါင်းတစ်ခုကိုဖြတ်သန်းပြီးနောက် ငရဲခန်းတံခါးကိုဖွင့်လိုက်သည်။ ဦးဓာတ်ခေါ်တွေ့မြင်ရသည်မှာ အလျှံညီးညီးတောက်လောင်နေသော မီးလျှံများမီးတောက်များအကြားတွင် လောင်ကျွမ်းခံနေရသူများ၊ ကယ်ပါယူပါ တစာစာအော်ဟစ်ဆူညံသံများ၊ ငရဲသားများက လှံချွန်ခက်ရင်းခွနှင့်ထိုးပြီး ဆီပူအိုးကြီးထဲသို့ အထည့်ခံနေရသူများ၊ ငရဲသားများ၏ ဓားကြီးများ၊ လွှကြီးများအောက်တွင် မချိမဆံ့အော်ဟစ်ရင်း အပိုင်းပိုင်းအတစ်တစ်အဖြတ်ခံနေရသူများ၊ သွေးချောင်းစီးအောင် သွေးသံရဲရဲခံနေရသူများ၊ ရဲရဲတောက်နေသောသံပူပြားရင်ပြင်ပေါ်တွင် ပြေးလွှားအော်ဟစ်ရင်း ဒလိမ့်တုံးကြီးများဖြင့်ကြိတ်သတ်ခံနေရသူများ စသည်တို့ကို ပင့်သက်လိုက်ဖို့မောဟိုက်ပြီး အသက်ရှူများလောက်အောင်စိတ်ချောက်ချားတုန်ယင်စွာတွေ့မြင်ရလေ၏။

ထိုမှပြန်ထွက်လာသောအခါတွင် ဦးဓာတ်ခေါ၏ရင်သည် မောဟိုက်ပင်ပန်းပြီး တဒိန်းဒိန်းတဒုန်းဒုန်းနှင့်ခိုက်ခိုက်တုန်အောင်ခုန်နေလေတော့၏။ အပြန်လမ်းတစ်လျှောက်သည် အသွားတုန်းကနှင့်မတူဘဲ ပင်လယ်ကမ်းစပ်များ၊ မြစ်ပြင်ကျယ်ကမ်းခြေများတစ်လျှောက်ဖြတ်သန်းလာရ၏။ ဦးဓာတ်ခေါ်သည် အပြန်လမ်းတွင် သူ့ရပ်သူ့ရွာတစ်ဝိုက်မှ ကွယ်လွန်လေပြီးသော အသိမိတ်ဆွေများကိုတွေ့ရလေသည်။

ကမ်းခြေတစ်နေရာတွင် ဦးထွန်းစိန်နှင့် ကိုရီတို့သည် သစ်တုံးကြီးကို အဆက်မပြတ် မရပ်မနားလွှတိုက်နေသည်ကို တွေ့ရ၏။ သူတို့သည် လူဘဝတုန်းက တောဆင်းပြီးထင်းဖြတ်ပြီးပင်နီးကိုလုပ်ကိုင်သူများဖြစ်ခဲ့ကြ၏။ သူတို့ကဲ့သို့ပင် ပြုလုပ်နေရသော ကိုအုန်းညွှန့်



www.burmeseclassic.com1

www.burmeseclassic.com

နှင့် ကိုဂွတို၊ ကိုပု၊ ကိုအောင်တို့ကိုလည်း တွေ့ရသည်။ သူတို့သည် မနားတမ်းလုပ်ကိုင်နေရသည်ကိုလည်းတွေ့မြင်ရသည်။

နောက်ထပ်တွေ့ရသူများမှာ မူတူးနှင့် ကိုတင်အောင်တို့ဖြစ်ကြ၏။ သူတို့သည် ကမ်းစပ်မှ ရေထဲသို့ပြေးဆင်းပြီး ရေငုပ်ကြ၏။ ပြန်၍ပေါ်လာသောအခါ လက်ထဲတွင် ငါးကိုဆုပ်ကိုင်လျက် တွေ့ရပြီး ကမ်းပေါ်သို့ ပြေးတက်ပြီးနောက် ကုန်းပေါ်ရှိ သစ်ပင်ရင်း၌ ငါးကို ပစ်ချထားရသည်။ ထို့ကြောင့် သစ်ပင်ခြေရင်းတွင် ငါးအပုံလိုက်တွေ့ရသည်။ သို့ဖြစ်၍ သူတို့သည် ရေငုပ်၍ ငါးဖမ်းရသည့်အကြိမ်ပေါင်းမည်မျှရှိမည်ကိုမပြောနိုင်ပေ။ ထိုငါးများကို ခွေးနက်ကြီးများနှင့် ကျီးငှက်တို့က ထိုးဟပ်သုတ်ချီစားနေကြလေ၏။ ငါးကိုပစ်ချပြီးနောက် သူတို့သည် ထိုသစ်ပင်ပေါ်သို့ဖက်တက်ရ၏။ သစ်ပင်၏ထိပ်ဖျားတွင် ရေပြင်ပေါ်သို့ ထိုးထွက်နေသောကိုင်းဖျားသို့ သွားပြီး ရေထဲသို့ခုန်ချရပြန်၏။ ရေထဲသို့ငုပ်ပြီး ငါးဖမ်းယူ၍ ကမ်းပေါ်သို့ပြေးတက်လာကာ စောစောကလုပ်နည်းအတိုင်းအဆက်မပြတ်မရပ်မနားလုပ်နေရသည်ကို တွေ့ရလေသည်။ မောပမ်း၍ နားချင်၍ ရပ်နားလို့မရ ဒုက္ခရောက်ခံရခြင်းတစ်မျိုးပါတကားဟု သူမှတ်ချက်ချမိသည်။

လူ့ဘဝတုန်းက သူနှင့်မသိကျွမ်းခဲ့သူများကိုလည်း အလားတူအလုပ်များ မနားတမ်းလုပ်နေကြရသည်ကိုလည်း တွေ့နေရသည်။ မရပ်တမ်းအဝတ်လျှော်နေသော ထဘီရင်ရှားနှင့်မိန်းမများ၊ မနားတမ်း သန်းရှာနေကြသော မိန်းမများကိုလည်းတွေ့ရသည်။

တောအုပ်ကြီးတစ်ခုထဲသို့ ဖြတ်သန်းသွားသောအခါ အရုပ်ဆိုးဆိုးပြိတ္တာလိုလိုလူတို့သည် လက်သည်းရှည်ကြီးများနှင့် မိမိအသားကိုမိမိဖဲ့စားနေကြရသည်။ မိမိ၏ကျောကုန်းမှ အသားကိုဖဲ့စားနေကြရသူများကို သွေးသံရဲရဲနှင့် တွေ့မြင်ရပြန်သည်။

ထိုသူများသည် လူ့ဘဝတွင်ရှိစဉ်က သူတစ်ပါးတို့၏အပေါ်မတရားအမြတ်ရှာစားသူများ၊ လာဘ်စားသူများဖြစ်ကြသည်ဟု နောင်အခါတွင် ဘုန်းကြီးက ပြောပြ၍ ဦးဓာတ်ခေါနားလည်ခဲ့ရသည်ဟုဆို၏။

ထိုမြင်ကွင်းများကြောင့် ဦးဓာတ်ခေါတစ်ယောက် ရင်တုန်ပန်းတုန်နှင့် စိတ်ချောက်ချားတုန်လှုပ်ခဲ့ရလေသည်။ သို့သော် ငရဲခန်းတွင်ခံနေရသူများနှင့်စာလျှင် တော်သေး၏ဟု မှတ်ချက်ချမိ၏။

ဤသို့ဖြင့် သူ့အားလိုက်ပို့ကြသော ယမမင်း၏ စေတမန်သုံးဦးနှင့်အတူ သူနေထိုင်ရာ ပန်းခလေးခေါ် ဆတ်လူးရွာလေးထဲသို့ ပြန်လည် ဝင်ရောက်လာကြလေသည်။

သူတို့သည် ဦးဓာတ်ခေါ၏ အိမ်ပေါက်ဝရှေ့ တံစက်မြိတ်အောက်အစပ်တွင်ရပ်လိုက်ကြ၏။ အိမ်ထဲတွင် ပရိသတ်နှင့်ပြည့်နေ၏။ ကုလားများနှင့်ရွာထဲက ဗမာတချို့ရှိကြသည်။ ဦးဓာတ်ခေါက လှမ်းကြည့်လိုက်ရာ သူ၏ရုပ်ကလာပ်ကို ပိတ်ဖြူနှင့်လွှမ်းနေသည်ကို တွေ့ရသည်။ ထိုအနီးတွင် သူ့ဇနီးနှင့်သားသမီးများဝိုင်းပြီးငိုနေကြ၏။ သူ၏အသုဘရုပ်ကလာပ်အား ထုံးစံအတိုင်း နေ့ချင်းပြီးညနေတွင်ချတော့မည်ဖြစ်ကြောင်းသူသိသည်။ သူ့ကား ဝမ်းနည်းကြေကွဲလျက်။

ထိုစဉ် သူ၏နောက်ကျောဘက်မှ စေတမန်တို့သည် သူ့အား ကဲ-သွားတော့ဟု ဆောင့်တွန်းလိုက်ရာ သူသည် အိမ်ထဲရှိ ပရိသတ်အပေါ်ကိုကျော်၍ လွင့်မြောက်တက်သွားပြီး သူ၏ရုပ်ကလာပ်ပေါ်သို့လဲကျသွားတော့၏။

"ဟာ-နည်းနည်းလှုပ်လာသလိုပဲဟေ့။ ကြည့်ကြစမ်း၊ ညည်းသံတိုးတိုးလည်းကြားရတယ်ကွ"

ဟူ၍ အနီးကပ်လူတစ်ယောက်ကပြောလိုက်ရာ မတ်ရပ်ထသူကထ၊ ရပ်ကြည့်သူကကြည့်နှင့်ပရိသတ်မှာလှုပ်လှုပ်ရွရွဖြစ်လာသည်။ ထိုအခါ လူတစ်ယောက်က -

"ခဏလောက်ငြိမ်ငြိမ်နေကြပါဦးဗျာ"

"ဟေ့ဟေ့ - ဆေးဆရာ သွားခေါ်စမ်း၊ ဦးဆာဖြစ်ဖြစ်သွားခေါ်ပါဟေ့"

ဟု ဗမာလူကြီးတစ်ယောက်က ပြောသည်။

သူ၏ခြေလက်တို့သည် အနည်းငယ်လှုပ်လာ၏။ နှုတ်ခမ်းများကလှုပ်ရွလာ၏။

"ရေ. . . ရေ"

ဟု အသံမှုန်းမှုန်းထွက်လာသည်။

မကြာမီပင် ကွဲခြံချောင်းဖျားက ဆေးထိုးဆရာ ဦးဆာရောက်လာသည်။ သွေးပေါင်ချိန်၍သွေးစမ်းသည်၊ နားကြပ်ဖြင့်နားထောင်သည်။ ပြီးနောက် သူက-

"ဟား - တော်တော်ထူးတဲ့ လူပဲဟေ့။ ကံကောင်းရင်တော့ ကံကောင်းမှာပဲ"

ဟု ဦးဆာကအံ့အားသင့်စွာပြောလိုက်သည်။

ထိုစကားကြောင့် ဗမာတချို့ပြုံးစိစိဖြစ်ကြ၏။ ငိုအားထက်ရယ်အားသန် ကံကောင်းပါစေဟု အားလုံးက ကြိတ်၍ဆုတောင်းပေးနေကြ၏။

ဤသို့ဖြင့် ဆေးဝါးကောင်းများ၊ ဓာတ်စာများ ကောင်းစွာ အသုံးပြု၍ကုသသောကြောင့် သေဘေးမှသီသီကလေးလွတ်လာရရှာလေသည်။ ပိုးမွှေးသလို ဂရုစိုက်ပြုစုမှုကြောင့် ပြန်လည်ကျန်းမာလာသည်။ များမကြာမီ နာလန်ထလာသည်။

သူ့အား ကြက်ပြုတ်ရည်ကိုတိုက်၏။ သူမသောက်။ ကြက်ကိုပါမသတ်ပါနှင့်ဟုပြောသဖြင့် ကုလားများအံ့သြကြရသည်။ သူသည် နွားနို့ကိုသာ သောက်တော့သည်။ သေရွာပြန်ဦးဓာတ်ခေါဟု ရွာထဲတွင်နာမည်တွင်လေသတည်း။

သူ့ကို သေရွာပြန်ဟု မပြောခံနိုင်ရိုးလား။ နှစ်ရက်နှစ်ည (၄၈ နာရီလုံးလုံး) သတိမရ မေ့မြောနေပြီး သွေးစမ်း၍မရ သွေးဆုတ်သွားပြီး မရတော့ဘူးဟု ယူဆကြပြီး ဈာပနကိစ္စကိုစီစဉ်ရသည့်အဆင့်တိုင်အောင် ရောက်ရှိလာရာမှ ပြန်လည်လူးလွန့်ရှင်သန်လာရသူမဟုတ်ပါလော။ ထူးပါပေ့ကတွတ်ပီရယ်ဟုဆိုရမလောက်ပင်။

ဦးဓာတ်ခေါသည် သူမေ့မြောနေစဉ်အတွင်း သူ၏တွေ့ကြုံသိမြင်ခံစားခဲ့ရသောဖြစ်ကြောင်းကုန်စင်ကို ကုလားသံဝဲဝဲနှင့် တအံ့တသြပြန်ပြောပြနေလေတော့၏။ ကုလားများကိုရော ဗမာများကိုပါပြောပြ၏။ ကြားရသူအပေါင်းမှာ ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့အံ့သြကြရပြန်လေသည်။

ဦးဓာတ်ခေါ၏ထူးခြားဆန်းကြယ်သောအတွေ့အကြုံမျိုးသည် ဗုဒ္ဓဘာသာဝင်မြန်မာများထဲတွင် ကြားဖူးနားဝရှိသူများရှိကြပါ၏။ သို့သော် ဘုန်းကြီးဟော၍သိရခြင်း၊ သူများပြောတာကြားဖူးခြင်း၊ စာထဲတွင်ဖတ်ဖူးခြင်းမျှသာ ဖြစ်ကြပါ၏။ ဦးဓာတ်ခေါကဲ့သို့ ကိုယ်တွေ့ကြုံပြီး အသေးစိတ်သိသူမှာ အလွန်ရှားပါးလှ၏။ ဤဒေသတစ်ဝိုက်တွင် မည်သူမျှမရှိကြပေ။

သူ၏ ဖြစ်စဉ်သည် အိပ်မက်မဟုတ်ဘဲ အမှန်တကယ်ပင် ကိုယ်တိုင်မြင်ရကြားရတွေ့ကြုံခံစားရခြင်းသာ ဖြစ်သည်ဟု သူယုံကြည်သည်။

သူစတင်၍သတိလစ်သောနေ့မှာ စုံစမ်းမေးမြန်းသည်။ ထိုနေ့က သူသည်



www.burmeseclassic.com1

www.burmeseclassic.com

သူ၏သမီးနှင့် လမ်းတွင်တွေ့ပုံ၊ သူ့သမီးက ရွာဈေးဆိုင်မှ ဆီပုလင်းနှင့်ငရုတ်သီး၊ ကြက်သွန်ထုပ်များဝယ်လာပုံ၊ သူကခေါ်သည်ကို သမီးကမကြားရပုံ၊ သမီးက သူ့အားမမြင်ပုံတို့ကိုပြောပြရာ သမီးက ဟုတ်မှန်ကြောင်းဝန်ခံပြီး အံ့ဩနေလေသည်။

ထိုသို့ သမီးနှင့်တွေ့ပြီးနောက် ပေတိုး၏ခွေးကဟောင်ပုံ၊ ပေတိုးထွက်လာပြီးကြည့်ရာ သူ့အားမမြင်ရပုံ၊ ခွေးက သူ့အားမြင်ရသော်လည်း ပေတိုးကမမြင်၊ သူပြောသည်ကိုလည်း မကြားပုံတို့ကို ပေတိုးအား ပြောသောအခါ ပေတိုးမှာ ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်လျက် ဝန်ခံရလေ၏။ သူ၏နွားများကို ရွာထိပ်ကမြက်ခင်းတွင် ကြိုးချည်၍လံထားပုံတို့ကို ပြန်ပြောရာ အမှန်တကယ်ဟုတ်ကြောင်း သူတို့ကဝန်ခံကြသည်။

သို့ဖြစ်ရာ သူ၏အဖြစ်အပျက်သည် အိပ်ပျော်နေစဉ်မြင်မက်သောအိပ်မက်ရိုးရိုးကဲ့သို့မဟုတ်၊ တိုက်ဆိုင်မှုလည်း မဟုတ်၊ သတိလစ်မေ့မြောနေစဉ် သူ၏ဝိညာဉ်ကအမှန်တကယ်ကိုယ်တိုင်လက်တွေ့မြင်ခဲ့ရ ကြားခဲ့ရ သိခဲ့ရကြုံတွေ့ခဲ့ရသောအဖြစ်မှန်ဟူ၍ သူနှင့်အခြားသူတချို့က သဘောပေါက်ယုံကြည်လက်ခံလာကြသည်။

ဤဖြစ်စဉ်တွင် သူ့ကိုယ်သူဝိညာဉ်ဟုမထင်မိခဲ့။ ခါတိုင်းကဲ့သို့ မိမိသည် လူကိုယ်တိုင်ကြုံတွေ့နေရသည်ဟု ထင်မြင်ခဲ့၏။ ယခုသော် တကယ်ဖြစ်ခဲ့သည်မှာ အထောက်အထားများအရ အထင်အရှားခိုင်လုံနေပေသည်။

မိမိမြင်တွေ့ခဲ့သမျှသည် အိပ်မက်ထဲကလို မှုန်ရီဝိုးဝါးမပီမပြင်မဟုတ်ဘဲ နေ့ခင်းဆိုလျှင် နေ့ခင်းအတိုင်း၊ နေရောင်ခြည်အလင်းရောင်အတိုင်း၊ အပူရှိန်ကိုခံစားရပြီး နေ့ခင်းနေ့လယ်မြင်နေကျအတိုင်းဖြစ်ခဲ့၏။ သစ်ရွက်စိမ်းစိမ်း မြက်ခင်းစိမ်းစိမ်း ရိုးပြတ်ကွင်းပြင်တို့မှာ ပကတိအတိုင်းမြင်တွေ့ခဲ့ရ၏။သူ့ကိုယ်သူ ဝိညာဉ်ဟုမထင်မိခဲ့ပေ။

သူပြောတာကိုလည်း သူတို့က မကြားရ၊ သူ့ကိုလည်းမမြင်ကြရလေသောအခါ သူ့ကိုယ်သူသံသယဝင်မိသည်ကိုတော့ သတိထားမိခဲ့သည်။

သူအိမ်သို့ပြန်ရောက်လာ၍ သူ၏ရုပ်ခန္ဓာကိုယ်ကို မြင်တွေ့ရတော့မှ သူသည် ဝိညာဉ်ဖြစ်မှန်းစိတ်ထဲကသိလိုက်ရခြင်းဖြစ်ပေသည်။ ဤသို့ဖြင့် သူကြုံတွေ့ခဲ့ရသော ဖြစ်စဉ်ကို ပြန်လည်၍တွေးတောနေမိပါတော့သည်။

ဦးဓာတ်ခေါသည် ပြန်လည်နေကောင်းလာပြီး တစ်လနီးပါးမျှရှိသောအခါ ရွာထဲမှ ဗမာ၊ကုလားလူကြီးများနှင့် အလယ်စုရွာမှသူ၏ မိတ်ဆွေများဖြစ်ကြသော ဦးညွန့်သောင်း၊ ဦးအုန်းမြတို့အား သူ့အကြောင်းကို ထပ်မံပြောဆိုရပြန်ပါသည်။ ထို့နောက် ရွာဦးကျောင်းမှ ဘုန်းတော်ကြီးအား မေးလျှောက်ချင်ကြောင်း သူကပြောလေသည်။

သို့ဖြင့် ဦးညွန့်သောင်း၊ ဦးအုန်းမြနှင့် ရွာလူကြီးအချို့က သူ့အား ဘုန်းကြီးကျောင်းသို့ခေါ် သွားကြသည်။ ရွာဦးကျောင်းဘုန်းတော်ကြီးသည် ဦးဓာတ်ခေါပြောသမျှကို နားစိုက်၍ထောင်နေခဲ့ပါ၏။ ဦးညွန့်သောင်းနှင့် ရွာလူကြီးတို့ကလည်း ဦးဓာတ်ခေါပြောထားဖူးသည့်ဖြစ်စဉ်များထဲက ကျန်နေခဲ့သော အသေးစိတ်အကြောင်းများကို ဝိုင်းဝန်းဖြည့်စွက်၍လျှောက်ထားကြသည်။

ဘုန်းတော်ကြီးက -

"ဒကာကြီးဦးဓာတ်ခေါရေ၊ ဒကာကြီးကတော့ အတော်ကံကောင်းတာပဲ။ သေကံမရောက်သက်မပျောက်တဲ့။ဒကာကြီးဟာ သေရွာပြန်ဖြစ်တဲ့အပြင် အကုသိုလ်မကောင်းမှုကံကြောင့် ငရဲခံနေရတဲ့သူတွေကိုလည်း တွေ့ခဲ့ရတယ်။ ငရဲခန်းတွေကိုလည်း မြင်ခဲ့ရတယ်ဆိုတော့ အလွန်ထူးဆန်းတဲ့အကြောင်းပဲ။

အဲဒီတော့ အဲဒါဟာ တကယ်လား၊ အိပ်မက်လား၊ ဒကာကြီး ဘယ်လိုထင်သလဲ။ ဒကာကြီးကကော တကယ်ယုံကြည်ရဲ့လား"

ထိုအခါ ဦးဓာတ်ခေါက -

"ယုံကြည်ဘာဒယ်ဗရား၊ ဒါကယ်ဘာဗရား၊ အိမ့်မဲ့မားဟုတ်ဘူး ဘရား၊ ဒါကယ်ဘာဘရား"

ဟု ပြန်လျှောက်လိုက်သည်။

"အင်း-ဒကာကြီးကိုဘုန်းကြီးပြောမယ်။ ဒကာကြီးပြောတဲ့ ဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ်ကြီးဆိုတာ ဘာလဲဆိုတော့ အဲဒါသေမင်းဗျ၊ ယမမင်းလို့လည်း ခေါ်တယ်။ အဲဒီယမမင်းက သူ့ရဲ့အခိုင်းအစေဆက်သားတွေကိုလွှတ်ပြီး သေသူရဲ့ဝိညာဉ်ကို ခေါ်ခိုင်းတာပေါ့ဗျာ။ အဲဒါ ဒကာကြီးက မေ့မြောပြီး ဝိညာဉ်ခွာနေတုန်းမှာ သေသူမှတ်ပြီး လူမှားပြီးခေါ်သွားတာလေ၊ အခု ဒကာကြီးသိပြီလား၊ နားလည်ပြီလား"

ထိုအခါ ဦးဓာတ်ခေါက -

"မန်ဘာ့ဘရား တားပြည့်တော်နားလဲဘာ့ဘီဘရ၊ သီးဘာ့ဘီဘရ"

ဟု ပြန်လျှောက်သည်။

ထိုစဉ် ဦးအုန်းမြက ဘုန်းကြီးအားလျှောက်ထားသည်မှာ -

"အရှင်ဘုရား ဟောဒီက ဦးဓာတ်ခေါသတိရလာတဲ့နေ့မှာပဲ တပည့်တော်တို့အလယ်စုက ကိုလူထွန်းတစ်ယောက်ဆုံးသွားတယ်ဘုရား"

"ဟာ-ဟုတ်တယ် ဒကာကြီးဦးမြအုန်းရေ၊ ဘုန်းကြီးလည်း ကြားတယ်၊ တော်တော်လည်း ဆင်းရဲတဲ့လူပါဗျာ။ လောလောဆယ်တော့ ဝဋ်ကျွတ်သွားတာပဲဗျ။ ကောင်းရာမွန်ရာရောက်ပါစေဗျာ။ ကဲ - အဲဒါ ဒကာကြီးဦးဓာတ်ခေါ ကြုံတွေ့ခဲ့တဲ့အတိုင်း တထေရာတည်း တစ်ထပ်တည်းကျဖြစ်တာပဲ။ ကဲ-ဒကာကြီးယုံပြီလား"

ဦးဓာတ်ခေါက -

"ယုံဘာဘီဘားရ"

ဟု ပြန်လျှောက်လိုက်သည်။

"ပြီးတော့ ဘုန်းကြီးက ဆက်ပြောဦးမယ်။ သေသူရဲ့ဝိညာဉ်ဟာ ယမမင်းဆီကိုရောက်သွားရင် အဲဒီလူရဲ့ကောင်းမှုကုသိုလ်နဲ့မကောင်းမှုအကုသိုလ်ဟာ ဘယ်ဟာကပိုများနေတယ် ဆိုတာကို ယမမင်းက စစ်မေးတယ်။

အဲဒီလူဟာ ကုသိုလ်ကောင်းမှုတွေများနေရင် လူ့ပြည်နတ်ပြည်တစ်ခုခုကို ထိုက်တန်သလို သွားခွင့်ရတယ်။

တကယ်လို့ အဲဒီလူမှာ အကုသိုလ်မကောင်းမှုတွေများနေရင်တောင် ကုသိုလ်နဲ့ခြေပြီး လျှော့နိုင်သမျှ လျှော့ပေါ့သွားအောင် ယမမင်းက ပြန်လည်စိစစ်ပေးသေးတယ်။ အဲဒီမှာ အကုသိုလ်တွေများနေရင်တော့ သူနဲ့ထိုက်တန်တဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံထဲကတစ်ခုခုမှာ သွားရောက်ပြီးခံရတော့တာပါပဲ။ အဲဒါလည်း အမျိုးမျိုးရှိတာကို ဒကာကြီး နောက်တော့သိလာမှာပါ။ အခုဆိုရင် ဒကာကြီးလည်း သဘောပေါက်လောက်ပါပြီ"

"မှန်းဘာ့ဘားရား၊ မှန်းဘာ့ဘားရား"

ဟု ဦးဓာတ်ခေါကဦးချကန်တော့၏။

"ဘယ်နှယ်လဲ ဒကာကြီးဦးဓာတ်ခေါ"

ဟု ဘုန်းကြီးကမေးလိုက်သည်။

"အားခု တားပြည့်တော်ကြဲလဲမားသတ်ဘူး၊ နွားလဲမားသတ်တော့ဘူး ဘားရား"



www.burmeseclassic.com

www.burmeseclassic.com

# ဆေးဖက်ဝင်သော "ဆား"

## ဒေါ်နေနေနိုင်ရည်(တိုင်းရင်းဆေးပညာ)

သောတာရှင်များရှင်. . .

ဒီတစ်ပတ် သုတအဖြာဖြာ တိုင်းရင်းဆေးပညာအစီအစဉ်မှာ ကျွန်မတင်ပြလိုတဲ့အကြောင်းအရာကတော့ ဆေးဖက်ဝင်လှတဲ့ အိမ်သုံးဆားအကြောင်းပဲဖြစ်ပါတယ်ရှင်။

ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန်ဆိုတဲ့ အရသာ (၆) ပါးအနက် အငန်အရသာအတွက် လူသားတွေဟာ ဆားကိုမှီဝဲကြရပါတယ်။ လူသားတွေ ကျန်းမာပြီးအသက်ရှင်နေထိုင်နိုင်ရေးအတွက မရှိမဖြစ်လိုအပ်တဲ့အရာတွေထဲမှာ ဆားလည်းပါဝင်နေပါတယ်။ ဗုဒ္ဓဘုရားရှင်ဟောကြားခဲ့တဲ့ ဇာတ်နိပါတ်တော်တွေထဲမှာ လူသူမနီးတဲ့ တောကြီးမြိုင်ယံထဲမှာ သစ်သီးဝလံကိုသာ အာဟာရအဖြစ်မှီဝဲပြီး တရားအားထုတ်ကြတဲ့ ရသေ့ပရိဗိုဇ်တွေဟာ ကျန်းမာရေးအတွက် ဆားကိုရှာဖို့ တစ်နှစ်မှာတစ်ကြိမ် လောကလူတို့နေထိုင်ရာ မြို့ရွာတွေကိုကြွလာရတဲ့အကြောင်းပါရှိပါတယ်။ လူတွေသာမကသားရဲတိရစ္ဆာန်တွေဟာလည်း ဆားကိုစားရပါတယ်။ တောနက်ထဲက ဆားကျင်းတွေ၊ လူးအင်းတွေဆီသွားပြီး အဲဒီမှာရှိတဲ့ ဆားပွင့်တွေကိုလျှာနဲ့လျက်ကြရပါတယ်လို့ သိရှိဖတ်သားခဲ့ရဖူးပါတယ်။ ဒါကြောင့် မီးဖိုချောင်သုံး အိမ်သုံးဆားအကြောင်းကို ဆွေးနွေးတင်ပြလိုပါသည်။

သောတာရှင်များရှင်. . .

ဆားကို လူတို့နေ့စဉ်လိုအပ်ချက်အရ ဟင်းလျာများချက်ပြုတ်စားသောက်တဲ့အခါမှာ မရှိမဖြစ်လိုအပ်ပါတယ်။ သို့သော်လည်း ဆားဟာ ခန္ဓာကိုယ်ကနေ ကျင်ကြီး၊ ကျင်ငယ်၊ ချွေး၊ တံတွေးတို့ကတစ်ဆင့် စွန့်ထုတ်ပစ်ခြင်းခံရပါတယ်။ ဒါပေမယ့် ငါးပိ၊ ငါးခြောက်နဲ့ ငံပြာရည်မှ လိုအပ်သော ဆားပမာဏကို ပြန်လည်ဖြည့်ဆည်းပေးနေပါတယ်။ ဒီလိုဖြည့်ဆည်းပေးတဲ့နေရာမှာ လွန်ကဲမှုမဖြစ်အောင် သတိပြုဖို့တော့ လိုအပ်ပါတယ်။

ဆားဟာ ခန္ဓာကိုယ်ထဲမှာ လျော့လွန်းရင် မကောင်းသလို ပိုလွန်းရင်လည်း မကောင်းပါဘူး။ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ အထက်လှန်အောက်လျှောဝမ်းပျက်ရောဂါ၊ မီးလောင်နာ၊ ဆီးလွန်နာ စတာတွေကြောင့် ဆားဓာတ်အလွန်အမင်းလျော့နည်းသွားခဲ့ရင် နုံးချည့်ပြီး ကြွက်တက်တာကစလို့ အသက်သေဆုံးတဲ့အထိဖြစ်နိုင်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေက ကလေးတော်တော်များများဟာ ဝမ်းပျက်မှုကြောင့် ဆားဓာတ်ခန်းပြီး မသေသင့်ဘဲ သေဆုံးခဲ့ကြရပါတယ်။ ဒါကြောင့်လည်း အသက်ကယ်ဓာတ်ဆားရည် ဖျော်သောက်ဖို့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေက ဓာတ်ဆားမှုန့်ထုပ်ကလေးတွေ ဝေငှရောင်းချနေကြတာ ဖြစ်ပါတယ်။ ကလေးများဝမ်းပျက်ရင် ဆားမီးဖုတ်နဲ့ ဆန်လှော်မှုန့်တိုက်ကျွေးဖို့ကို မြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးတွေက ဟိုးရှေးရှေးကတည်းက ညွှန်ကြားခဲ့ကြပါတယ်။ ဒါပေမယ့် တန်ဆေးလွန်ဘေး ဆိုသလိုပါပဲ။ ခန္ဓာကိုယ်ထဲမှာ လိုတာထက်ပိုပြီး ဆားတွေများနေရင် သွေးတိုးခြင်း၊ ဖောရောင်ခြင်း၊ ဖျဉ်းစွဲခြင်းဆိုတာတွေဖြစ်လာရပြန်ပါတယ်။

သောတာရှင်များရှင်. . .

မြန်မာ့အစားအစာအာဟာရဟူသမျှမှာ ဆားနဲ့ကင်းတာရှားလှပါတယ်။ ဆားမပါရင် ပေါ့ရွှတ်ရွှတ်နဲ့ခံတွင်းမမြိန်

---

ဟု ဦးဓာတ်ခေါက ပြန်လည်လျှောက်ထားလိုက်သည်။

ဘုန်းကြီးက -

"သာဓု သာဓု သာဓု"

ဟု သာဓုသုံးကြိမ်ခေါ်လိုက်ပါသည်။

ဦးဓာတ်ခေါက ဆက်လက်၍ လျှောက်ထားသည်မှာ -

"တားပြည့်တော်ကြော်ပါဘီဘားရား၊ တားခါးတဲ တားပြည့်တော် ကိုးရင်းကြီးဝတ်ချင်းဘားဒယ်ဘားရား"

သူက တစ်ခါတည်းကိုရင်ကြီးဝတ်ချင်ကြောင်းလျှောက်ထားခြင်းဖြစ်သည်။

ထိုအခါ ဘုန်းကြီးက -

"ကိုရင်ကြီးဝတ်ချင်ရင်ဝတ်လို့ရပါတယ်။ ဒါပေမယ့် ဒကာကြီးတို့ဘာသာကနေထွက်လိုက်ရမှ၊ အပြီးအပိုင်ထွက်ပြီးမှ ကိုရင်ကြီးဝတ်လို့ရမှာ ဒကာကြီးရဲ့"

ဟု မိန့်ကြားလိုက်ရာ ဦးဓာတ်ခေါက မဆိုးမတွပင် -

"တားပြည့်တော် ထွဲ့ပါ့မယ်ဘားရား၊ ထွဲ့ပါ့မယ်ဘားရ"

ဟု ပြန်လျှောက်လိုက်သည်။

"ကဲ-ဟုတ်ပြီ၊ အဲဒီတော့ ဒကာကြီးကိုမေးမယ်။ ဒကာကြီးက ကိုယ့်သဘောနဲ့ကိုယ်ဝတ်ချင်တာလား သူများတွေကဝတ်ခိုင်းလို့ဝတ်ချင်တာလား ပြောပါဦး"

"တားပြည့်တော် ကိုးသဘောနဲ့ကို တားပြည့်တော်ဝတ်ချင်းဒါဘာဘားရာ့၊ တားပြည့်တော်နေးလို့မားရဒေ့ါဘူး။ တားပြည့်တော် ကြောက်တယ် ဘားရား၊ တားပြည့်တော် ဘားဒုဂမှတားလို့မားရဒေ့ါ ဘူးဘားရ"

ဟူ၍လည်း ဦးဓာတ်ခေါမှ ထပ်မံလျှောက်ထားလိုက်ပြန်ပါသည်။

"ကဲ-အဲဒီလိုဆိုရင်တော့ ဒကာကြီးရဲ့ဇနီးနဲ့ မိသားစုကို တိုင်ပင်ရမယ်။ ပြီးတော့ ဒကာကြီးတို့ဘာသာဝင်အဖွဲ့အစည်းကို ခွင့်ပြုချက်တောင်းခံပြီး ထွက်ရမယ် ဒကာကြီးဦးဓာတ်ခေါရေ။ အဲဒါဆိုရင် ဒကာကြီး ကိုရင်ဝတ်လို့ရပါပြီ။ ဒကာကြီးဗုဒ္ဓဘာသာဝင်ဖြစ်သွားပါပြီ"

ထို့နောက် ဦးဓာတ်ခေါနှင့် ဦးညွန့်သောင်း၊ ဦးအုန်းမြတို့ရွာလူကြီးများသည် ဘုန်းကြီးအား ဝတ်ဖြည့်ကာ ပြန်လာကြလေသည်။

နောက်တစ်လခန့်ကြာလတ်သော် ကိုရင်ကြီးဝတ်ထားပြီးဖြစ်သော ဦးဓာတ်ခေါ တစ်ဖြစ်လဲ ကိုရင်ကြီးရှင်နန္ဒသီရိအား တွေ့မြင်ကြရလေသတည်း။

ဦးဓာတ်ခေါ၏ဖြစ်စဉ်ဇာတ်လမ်းသည် ကျွဲခြံချောင်းဖျားကျေးရွာအုပ်စုနှင့် ထိယာလိကျေးရွာသာမက မော်ကျွန်းမြို့နယ်နှင့် ဘိုကလေးမြို့နယ်အကြား ဒေသတစ်လျှောက် ပျံ့နှံ့သွားလေတော့သတည်း။

သဗ္ဗေသခီရာအနိ...

ဘ...နိုင်သူ



www.burmeseclassic.com

www.burmeseclassic.com

ပါဘူး။ ဒါကြောင့် နေရာတကာမှာပါရ လေ့ရှိတဲ့သူဆိုရင် ဓါးဆားလို့တင်စားပြီး ခေါ်ဝေါ်လေ့ရှိပါတယ်။ ဆားကို ကုန်ကြမ်းအနေနဲ့ ပင်လယ်ရေကနေ အများဆုံး ထုတ်ယူပါတယ်။ သက္ကတအလိုကတော့ 'သမုဒ္ဒလဝဏ'လို့ခေါ်ပါတယ်။ သမုဒ္ဒရာဆားရဲ့ဂုဏ်ကျေးဇူးတွေနဲ့ပတ်သက်လို့ ရသာမတကျမ်းပြုဆရာက ဆားသည် အစာကြေစေသည်။ သွေးကို တိုးပွားစေသည်။ လေကိုနိုင်သည်။ ဆီးဝမ်းကို သက်စေသည်ဟု ဖော်ပြထားပါသည်။ သမားတော်ကြီး ဟစ်ပိုကရေးတီးကလည်း ဆားသည် နည်းနည်းစားလျှင် အားဖြစ်စေတတ်သည်။ များများစားလျှင် ရေငတ်ပြီး အန်စေတတ်သည်ဟု မိန့်ဆိုခဲ့ဖူးပါသည်။

ဆားဟာ အေးပြီးသက်တဲ့သတ္တိရှိတဲ့အတွက် အပူအပုပ်နိုင်တယ်။ သလိပ်ကိုရွှင်စေတယ်။ ဆီးဝမ်းလေတို့ကိုသက်စေတယ်လို့ လွယ်လွယ်မှတ်သားထားဖို့ သင့်ပါတယ်။ ဒီအတွက် ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်တစ်ခုခုဖြစ်ရင် အငန်လေးစားပေးတာနဲ့ ဆီး၊ ဝမ်း၊ လေ ပြန်ပြီးမှန်သွားရတာဖြစ်ပါတယ်။ ဆားစားရင် ဝမ်းဖောဖောသွားတယ်ဆိုပေမယ့် အထက်လှန်အောက်လျှောဖြစ်ပြီး ဝမ်းတအားသွားရင်တော့ ဆားနဲ့ရေဓာတ်ခန်းသွားတဲ့အတွက် ဆားနဲ့ရေလိုအပ်လာပါတယ်။

အဲဒါကြောင့် လွယ်လွယ်ကူကူ ဖော်စပ်နိုင်တဲ့ ဓာတ်ဆားရည်ချိုဖျော်နည်းကတော့ ဆားလက်ဖက်ရည်ဇွန်း (၁) ဇွန်း၊ သကြားက (၈) ဇွန်း ရေကျက်အေးငှက်ပျောဖူးပုလင်းတစ်ပုလင်း (သို့) တစ်လီတာနဲ့ဖျော်ရုံပါပဲ။ အဲဒီဓာတ်ဆားရည်ကို သောက်နိုင်သလောက်တိုက်ပေးဖို့ပါပဲ။

သောတရှင်များရှင်. . .

ဆားဟာ စိုစွတ်စေတယ်။ အပူအပုပ်ကိုနိုင်စေတဲ့သတ္တိရှိလို့ အပူအပုပ်အားကြီးပြီး ရုပ်ပိန်ရုပ်ခြောက်ဖြစ်နေကြတဲ့လူတွေ ဝမ်းချုပ်၊ ဆီးချုပ်၊ သွေးချုပ်ဖြစ်ပြီး စားမဝင်အိပ်မပျော်ဘဲ ပိန်ချုံးနေတဲ့ အမျိုးသမီးတွေအဖို့ မနက်မျက်နှာသစ်ပြီးတာနဲ့တစ်ပြိုင်နက် ဆားစိမ်းလက်ဖက်ရည်ဇွန်းတစ်ဝက်ပမာဏကိုမျို ပြီး ရေအဝသောက်ပေးသင့်ပါတယ်။ သောက်ခါစမှာ ပျို့ချင်အန်ချင်ဖြစ်တတ်ပေမယ့် (၂)ရက်၊ (၃)ရက်လောက် ဆက်သောက်ရင် ဘာမှမဖြစ်တော့ပါဘူး။ တစ်လလောက်သောက်ပေးရင် ရုပ်ရည်စိုပြည်ဝဖြိုးလာပြီ ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်လာပါလိမ့်မယ်။ မျက်စိမှာ ရေ နားမှာဆီ၊ ဒန္တိမှာ ဆား ဝမ်းမှာခါး ဆိုတဲ့ မြန်မာ့အစဉ်အလာ ဆောင်ပုဒ်ကလေး တစ်ခုရှိပါတယ်။ ဆားဟာ အပုပ်နိုင်ရဲ့သာမက အပုပ်ကဖြစ်တဲ့ ဓာတ်ခိုးဓာတ်ကင်းနဲ့အတူ ပိုးကိုလည်းကောင်းကောင်း နိုင်ပါတယ်။

ဒါနဲ့ပတ်သက်လို့ နရသုခိကျမ်းဆရာက 'ဆားမှာ ငန်သောအရသာပြော၍ ဝါယောကိုနိုင် မြခိုင်ခွန်အား ဖြစ်စေပွားလျက် ရောက်ငြားဓာတ်ခိုး ဓာတ်ကင်းမျိုးကိုစိုး ရနိုင်ရှောင်း၊ ရသာပေါင်းတွင် လွန်ကြောင်းအုပ်ချုပ်၊ ပုပ်သလိပ်တ၊ စသည် သွေးပြည်၊ ကြည်လင်တတ်စေ၊ သည်းခြေဖြောင့်မတ်၊ သုံးစွဲတတ်မှု၊ လေဓာတ်ပျက်ငြား၊ ငန်သောဆားသည် ထင်ရှားထူးထူး မြတ်မြတ်တည်း' လို့ မိန့်ဆိုထားပါတယ်။

ဒါကြောင့် ဆားဟာ အပူအပုပ်ဖြစ်သော အခိုးအကင်းဓာတ်များကိုနိုင်သည်ဟုအဓိပ္ပာယ်ရရှိပါတယ်။ဒါကြောင့် ဆားဟာသွားစင်ကြယ်ခိုင်ခံ့စေဖို့အတွက် အသင့်လျော်ဆုံးပစ္စည်းတစ်ခုဖြစ်ကြောင်း သိသာပါတယ်။ ဆား၊ ဆော်ဒါဆတူစပ်ပြီး မှုန့်ညက်နေအောင်စီမံထားတဲ့ သွားတိုက်ဆေးဟာ ကလေးတွေသွားပိုးစားခြင်းကိုကာကွယ်ပေးရုံသာမက ခံတွင်းနံ့ကောင်းပြီး သွားလည်းဖြူစင်ဝင်းလက်စေပါတယ်။ သွားကိုက်ခြင်း၊ သွားဖုံးရောင်ခြင်းဖြစ်ရင် ဆားရည်မကြာခဏ ငုံပေးနိုင်ပါတယ်။ လည်ချောင်းနာရင် ဆားရည်နဲ့ အာခေါင်ခတ်ပေးခြင်း၊ ပလုတ်ကျင်းပေးခြင်းတို့လုပ်ပေးနိုင်ပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ သွားတိုက်ခြင်းအကျိုး (၅) ပါးကို တင်ပြလိုက်ပါတယ်။ အဲဒါတွေကတော့ -

မျက်စိကြည်လင်ခြင်း၊ ခံတွင်းသန့်ရှင်းပြီး အနံ့ကောင်းခြင်း၊ လျှာလည်ချောင်းတို့မှာရှိတဲ့ ရသာစုံကိုဆောင်တဲ့ အကြောတွေသန့်ရှင်းခြင်း၊ သလိပ်အညစ်အကြေး၊ အစာအညစ်အကြေးတွေနဲ့ တားဆီးပိတ်ပင်မှုမရှိခြင်း၊ စားသောက်လိုက်သမျှ အစာအာဟာရတို့မှာမြိန်ရှက်ခြင်း၊ ခံတွင်းလိုက် ခြင်းဆိုတာတွေပါပဲ ကွယ်။

သောတရှင်များရှင်. . .

ဆားကို မိုးရေသန့်သန့်တစ်ဖန်ခွက်မှာ ဆားသန့်သန့် (၁)ပဲသားကိုဖျော်ပြီး ပိတ်ပါးပါးနဲ့စစ်ယူပါ။ ဒီဆားရည်ကို မျက်စဉ်းအဖြစ်လည်းခတ်ပေးနိုင်ပါတယ်။ မျက်စိယားခြင်း၊ မျက်သားတက်ခြင်း မျက်စိဝေခြင်းအတွက် အင်မတန်ကောင်းပါတယ်။ လူကြီးမျက်စိတစ်ဖက် (၃) စက်စီ၊ ကလေးမျက်စိ (၁) ဖက် (၁)စက်စီခတ်ပေးရပါမယ်။ ဒ့ါအပြင် ဆားကိုထိခိုက်ဒဏ်နာတွေမှာလည်းသုံးပါတယ်။ အတွင်းကြေအနာဒဏ်နာဖြစ်ခဲ့ရင်တော့ ဆားကြပ်ထုပ်ထိုးပေးရပါတယ်။ ခြေဖနောင့်အသားကြေပြီး ထောက်လို့မရခဲ့ရင် သံပြားမီးကင် ဒါမှမဟုတ် ဓားမကိုမီးဖုတ်ပြီး အဲဒီပေါ်က ဆားများများပုံလို့ ခပ်ပူပူမှာဖိနင်းပေးပါ။ မကြာခင်ပျောက်ပါတယ်။ ဒါမှမဟုတ် ဆားကြပ်ထုပ်လည်း ဒီအတိုင်းထိုးပေးနိုင်ပါတယ်။ အပူအပုပ်ဆန်လို့ ခေါင်းအုံဇက်လေး၊ ကိုယ်လက်ကိုက်ခဲရင် စတောထဲ ဆားကြမ်းဖြူးခင်းပြီး (၁၀) မိနစ် (၁၅)မိနစ်လောက်ကြာအောင် နင်းပေးရပါတယ်။ ပြီးရင် ခြေထောက်ကို ရေမဆေးရပါဘူး။ လက်ဖဝါးအလိုလိုယားပြီး ရောင်တင်းလာရင်လည်း ဆားနဲ့ နနွင်းမှုန့်ဆတူ ခပ်ပျစ်ပျစ်ဖျော်လိမ်းပြီး ဆေးခြောက်အောင် လက်ဖဝါးကို မီးကင်ပေးပါ။ သက်သာပျောက်ကင်းသွားပါလိမ့်မယ်။

ဆားဟာ လူနဲ့သင့်လှပါတယ် ဆိုပေမယ့် သွေးတိုးရောဂါရှင်တွေ၊ ကျောက်ကပ်ရောဂါကြောင့် ဖောရောင်နေသူတွေ၊ ကိုယ်ဝန်ကြောင့် မျက်နှာခြေလက်အမ်းနေသူတွေနဲ့တော့မသင့်ပါဘူး။ ဒ့ါအပြင် ဆားကနေချက်တဲ့ တေဇောဒဓာတ်ရည်တွေ၊ သစ်ပင်၊ သစ်ရွက်ပြာချ ပြီးချက်ယူလို့ရတဲ့ ရုက္ခမူဆားတွေလည်း ရှိပါသေးတယ်။ အဲဒါတွေနဲ့ပတ်သက်လို့ နောင်အလျဉ်းသင့်တဲ့အခါတင်ပြသွားပါ့မယ်။

ဒီတစ်ပတ်တော့ ဆေးဖက်ဝင်လှတဲ့ဆားအကြောင်းကို တင်ပြလိုက်ရတဲ့ အတွက် ဆရာမအနေနဲ့ အထူးပင်ကျေးဇူးတင်ရှိပါတယ်ရှင်။

*သောတရှင်များ*
*ကျန်းမာချမ်းသာကြပါစေရှင်*

ဒေါ်နေနေခိုင်ညွှန့်
(တိုင်းရင်းဆေးပညာ)



www.burmeseclassic.com1

www.burmeseclassic.com

နဝင်းဆေး၏ အခိုးသတ္တိကြောင့် သွပ်ပြဒါးတွဲဓာတ်သားသည် ဓာတ်သေအဖြစ်သို့ ရောက်ရှိသွားသော်လည်း သေကာစဓာတ်တို့၏ သဘောတရားများအတိုင်း ဖုထစ်ရွတ်တွလမျက်နှာပြင်ကျောက်ပေါက်မာများထနေပြီး လက်ချားချော်နှင့်ထိုးကြည့်လိုက်လျှင် ဓာတ်သည် လုံးဝန်းမနေဘဲ ညှိုညစ်ညစ်ပွတာတနှင့် မျက်နှာပန်းမလှဖြစ်နေပါသည်။

ထို့ကြောင့် ၎င်းဓာတ်သေကို မျက်နှာသစ်၊ သနပ်ခါးလိမ်း၊ ပန်းပန်ပေးရန်လိုအပ်ပါသေးသည်။ အညစ်အကြေးမလများလုံးထွေးပတ်ဖွဲ့နေသော မနူးမနပ်စိမ်းဆတ်ဆတ်ဖြစ်နေသော သွပ်ပြဒါးရွှေဝါရောင်ဓာတ်သားကို နဝင်းဆေးအရှိန်သတ္တိနဲ့တွဲချုပ်ပြီး သတ်လိုက်လို့ရလာတဲ့ ဓာတ်သားသေ (၃)မတ်သားကို နာ(ခဲ)လေးတူထည့်ပြီး လုံပိတ်လုံခြောက် (၃) လုံခန့် မီးတောဇောပေးလိုက်သည့်အခါ နာဆီနဲ့ ဓာတ်သား ရောနှောသွားပြီးဖြစ်လို့ ၎င်းကို ရွှေကျိုလုံပက်ကြီးကြီး (၁)လုံးတွင်ထည့်ပြီး နှာပေါက်နှင့်ချိန်၍ လုံပက်ကိုတည်ပြီး နာကိုလှည့်ချက်လိုက်သည့်အခါ ဓာတ်သားထဲမှ မကောင်းသည့် မလအညစ်အကြေးများနှင့် နဝင်းဆေးအနိုးများပါ နာကစားပြီး ချော်အဖြစ်ထွက်လာပါသည်။

လုံပက်မျက်နှာပြင်ချော်ဖုံးသွားလျှင် နောက်ထပ် လုံပက် (၁)လုံးပြောင်းပြီး ချက်ပါ။ မီးပေးမီးယူကောင်းလျှင် (၂)လုံနှင့်ပင် နာချော်ကုန်အောင် ချက်ထုတ်နိုင်ပါသည်။

ဓာတ်သားမှာ နာချော်ကုန်စင်လာတဲ့လက္ခဏာမှာ ဓာတ်သားပျော်နေသည့်မျက်နှာပြင်မှာ ရောင်စုံထလျှပ်ရိပ်လေးများပေါ်လာပြီး ဓာတ်သားပျော်ရည်မှာ ဖြူးပြီးကြည်နေပါမည်။

ဒါဆိုလျှင် နာချော်ကုန်စင်ပြီး ဓာတ်သားသန့်သန့် အပျော့အပြင်းဆိုက်ဓာတ်သေကို ရပါပြီ။ ၎င်းရရှိလာတဲ့ ဓာတ်သားဟာ (၆) မူးသားခန့် အသားတင်ကျန်ရှိပါသည်။

ဓာတ်သားရဲ့သိပ်သည်းဆမှာလည်း သိသာစွာကျစ်လျစ်သွားပါတော့သည်။ ၎င်းကို လက်ချားချော်နဲ့ထိုးကြည့်လျှင်တော့ ဓာတ်လုံးပုံသဏ္ဌာန်တွင် အနည်းငယ်အချိုင့်အခွက်ကလေးများထနေပါသေးသည်။

ဒီအနေအထားကနေ သွပ်ပြဒါးဓာတ်လုံးဟာ အရောင်အဆင်းလှပပြီး အရောင်လေးတွေထွက်လာပြီး ကြိုးစိပ်ကြိုးစုလေးများပေါ်လာစေရန်၊ နောက်တစ်ဆင့်တက်ရန် ဆေးဖော်စပ်ရန်လိုပါသည်။

■ ဓာတ်လေးပါးဆေးပထမဆင့်

၁။ ယမ်း - ၅ ကျပ်
၂။ ဆား - ၅ ကျပ်
၃။ ဇဝက်သာ - ၅ ကျပ်
၄။ လက်ချား - ၁၀ ကျပ်

အထက်ပါ ဆေး(၄)ပါးကို အမှုန့်ပြု၍ ကောလိသားကျအောင်ကြိတ်ပါ။ အုန်းစိမ်းရည် (၁)လုံးအရည်နဲ့ ရေခန်းပြီး ဆေးသားခြောက်သွေ့သွားသည်အထိ ချက်ပြီး အမှုန့်ပြု၍ လေလုံအောင်သိမ်းထားပါ။

၎င်းဓာတ်လေးပါးဆေးသည် ဓာတ်သားထဲမှ အခိုးအညစ်အကြေးများကို သန့်စင်ပေးပြီး ဓာတ်နုမှ ဓာတ်ရင့်၊ တေဇောရင့်လာပြီး ဓာတ်ကိုသန့်စင်သုဒ္ဓိပြုပေးရာတွင် အလွန်အသုံးတည့်ပါသည်။

သွပ်ပြဒါးဓာတ်လုံး (၆)မူးသားကို ဓာတ်လေးပါးဆေး (၅)မူးသားကို အမှုန့်ပြုပြီး အထက်အောက်နှီး၍ လုံပိတ်ဖော်မံပြီး တစ်လုံးကို မီး(၇)အုပ်ထိုးပါ။ ၎င်းထက်ပိုပြီး မီးလောဘကြီး၍မထိုးပါနှင့်။



## မင်းချမ်းမြေ့ (မုဆိုး)

## သွပ်သေတာစ်ပဲ ရွှေတာစ်လုံးဖမ်း ဖမ်းတိုင်းမရ လွန်ခက်လှ၏

(သွပ်ဖမ်းဆရာ ကိုယ်တွေ့ကြုံခဲ့ရ အံ့ဩဖွယ်ရာ ဓာတ်လမ်းမှတ်စာ)

www.burmeseclassic.com1

www.burmeseclassic.com

# စနေသား(မြောင်းမြ)
# သွေးတိုးရောဂါအတွက်
# ဆေးနည်းကောင်းတစ်လက်

သွေးတိုးရောဂါနှင့် ပတ်သက်၍ ဆေးမြီးတိုပေါင်းများစွာရှိကြသော်လည်း ယခု စာရေးသူတင်ပြမည့် ဆေးနည်းမှာ ငွေကုန်သက်သာပြီး အလွယ်တကူပြုလုပ်၍ရကာ စားသုံးပါက အမြန်ဆုံး သက်သာပျောက်ကင်းကြောင်း ကိုယ်တိုင်ရောဂါခံစားခဲ့ရသူမှ စာရေးသူအားပြောပြခဲ့သည့်ဖြစ်ရပ်မှန်အား တင်ပြခြင်းဖြစ်ပါသည်။

ဆေးနည်းအား မတင်ပြမီ ဆေးနည်းရရှိခဲ့ပုံကို ဦးစွာတင်ပြလိုပါသည်။ စာရေးသူ၏ မယားညီအစ်ကိုတော်သူ မြောင်းမြမြို့ အုန်းပင်ကျေးရွာနေ ကိုမြင့်ကြည်မှ ၎င်း၏အလှူဖြစ်သော ဂန္ဓကုဋိ တိုက်ရေစက်ချပွဲ၊ သိက္ခာထပ်ရဟန်းခံရှင်ပြု၊ နားသပွဲသို့ မဖြစ်မနေလာရောက်စေလိုကြောင်း ဖိတ်ကြားသဖြင့် ဇနီးဖြစ်သူနှင့်အတူ ၃-၄-၂၀၁၇ ရက်နေ့ နံနက် (၈) နာရီခန့်တွင် မြောင်းမြမြို့မှ ဆိုင်ကယ်ဖြင့် သွားရောက်ခဲ့ပါသည်။ အုန်းပင်ရွာသို့ (၉း၃၀) နာရီအချိန်ခန့်တွင် ရောက်ရှိခဲ့ပြီး အလှူအိမ်တွင် ဇနီးဖြစ်သူ၏ ဆွေမျိုးများနှင့်ဝိုင်းဖွဲ့စကားပြောဆိုနေစဉ် မယားညီအစ်ကိုဝမ်းကွဲတော်သူ ကိုကျော်လွင်က ၎င်းတွင် သွေးတိုးရောဂါနှင့်ပတ်သက်၍ ဆေးနည်းကောင်းရှိကြောင်းပြောပြရာ စာရေးသူမှ စိတ်ဝင်စားပြီး ဆေးနည်းအကြောင်း မေးမြန်းရာ ကိုကျော်လွင်က ၎င်းသွေးတိုးရောဂါဖြစ်နေသည်မှာ ကြာပြီဖြစ်ကြောင်း၊ သွေးတိုးရောဂါဖြစ်နေ၍ လက်သမားအလုပ်လည်းကောင်းကောင်း မလုပ်နိုင်ကြောင်း၊ ဇနီးဖြစ်သူ မီးဖွားခါနီး၍ မီးတွင်းတွင်စားရန်အတွက် ငါးရံ့ခြောက်ခွဲနေစဉ် သွေးတိုးပြီး ခေါင်းမှာမခံနိုင်အောင်လေးနေသဖြင့် ဖြစ်ချင်ရာဖြစ်ဆိုပြီး ငါးခြောက်ခွဲနေသည့်ငါးရံ့သည်းခြေ (၃) ခုအား ရေသေချာစွာဆေးပြီး မျိုချကာ ဆက်လက်၍ ငါးခြောက်ခွဲနေစဉ် ခေါင်းမှာ တဖြည်းဖြည်းကြည်လင်လာပြီး လူလည်းပေါ့ပါးလန်းဆန်းလာသဖြင့် နောက် (၅) ရက်ခန့် ဆက်၍ ငါးရံ့သည်းခြေ (၃) ခုစီအား နေ့စဉ်မျိုချရာ ယခု ၎င်းသွေးတိုးရောဂါလုံးဝမရှိတော့သဖြင့်စာချင်တာအကုန်စား၍ရကြောင်း အလုပ်လည်း ကောင်းကောင်းလုပ်နိုင်ကြောင်းနှင့် ၎င်း၏ဇနီးဖြစ်သူမှာလည်း ကလေးမီးဖွားပြီး (၂) လခန့်အကြာတွင် သွေးတိုးရောဂါခံစားရသဖြင့် ဇနီးဖြစ်သူကိုလည်း (၅) ရက်ခန့် ငါးရံ့သည်းခြေ (၃) ခုစီမျိုခိုင်းရာ ဇနီးဖြစ်သူမှာလည် သွေးတိုးရောဂါလုံးဝပျောက်သွားကြောင်း ပြောပြပါသည်။

စာရေးသူမှ -

"ငါက သူရဿမဂ္ဂဇင်းမှာ ရန်ဖ ရံခါ ဆေးမြီးတိုတွေရေးနေတာ။ မင်းတို့လို သွေးတိုးရောဂါခံစားနေရသူတွေ ရောဂါမခံစားရအောင် ငါဒီဆေးနည်းကို သူရဿမဂ္ဂဇင်းမှာရေးပေးမယ်"

ဟု ပြောပြခဲ့ပါသည်။

သွေးတိုးရောဂါခံစားနေရသူများ အနေဖြင့် ယခုစာရေးသူတင်ပြသကဲ့သို့ ငါးရံ့သည်းခြေ(၃)ခုစီအား ရေသေချာစွာဆေးပြီး (၅) ရက်ဆက်၍ မျိုချပါက ရောဂါပျောက်ကင်းသွားမည်ဖြစ်ပါသည်။ ဆေးနည်းမှာလွယ်သဖြင့် အထင်မသေးသင့်ကြောင်းနှင့် မိမိနှင့် တိုက်ဆိုင်မှုရှိပါက လုံးဝပျောက်ကင်းသွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

စနေသား(မြောင်းမြ)

[redacted]

ဆေးက လုံကိုစားပြီး ခာတ်လေလွင့်တတ်ပါသည်။

၎င်းအတိုင်း (၂၇)လုံအထိထိုးပေးသွားရင် တဖြည်းဖြည်း ခာတ်လုံးသားစင်ကြယ်လာပြီး ကျစ်လျစ်သိပ်သည်း၍ လက်လေးလက်ဆတင်းလာပြီး ကြိုးစိပ်ကြိုးနုလေးများ ရစ်ပတ်၍လာပါတော့သည်။

စာရေးသူ၏ ကိုယ်တွေ့အားဖြင့် သွပ်ပြဒါးခာတ်လုံးကို ခာတ်လေးပါးဆေးပထမအဆင့်နဲ့ (၂၇)လုံ မီးတေဇောပေးပြီး။

■ ခာတ်လေးပါးဆေးဒုတိယဆင့်

၁။ ယမ်း - ၅ကျပ်
၂။ ပင်လယ်ဆားကြမ်း - ၅ကျပ်
၃။ ဇဝက်သာ - ၅ကျပ်
၄။ လက်ချား - ၅ကျပ်

တို့ကို ထုံးကြက်တက်ရေကြည် (၁) ပုလင်းနှင့် ပထမနည်းအတိုင်းချက်၍ အမှုန့်ပြုထားပြီး ခာတ်လေးပါးဆေး ဒုတိယဆင့်ဆေးနှင့် ခာတ် (၆) မူးသားတွင် ဆေး(၅)မူးသားကို အထက်အောက်နှီးပြီး (၂၇) လုံမီးတေဇောတက်ပါသည်။

ခာတ်လေးပါးဆေး ဒုတိယဆင့်နဲ့ (၂၇)လုံထိုးပြီးလျှင် သွပ်ပြဒါးခာတ်လုံကို လုံခြောက် (၇) လုံ၊ ချော် (၁) လုံနည်းစနစ်နဲ့ (၅၄) လုံတေဇောမြှင့်ပေးလိုက်တဲ့အခါမှာ ခာတ်လုံးဟာ လွန်စွာလှပပြီး ကြိုးစိပ်ကြိုးနုကလေးများယှက်သန်းပြီး လွန်စွာမှ နှစ်လိုဖွယ်ရာကောင်းလှပါသည်။

ဤအဆင့်တွင် သွပ်၊ ပြဒါးခာတ်တို့၏သဘောသဘာဝ စွမ်းအင်အကျိုးများကို ပါရမီအလျောက် ထိုက်သင့်သလို ခံစားရရှိပါတော့မည်။ ရတနာ (၃) ပါး ဦးထိပ်ထားပြီး အကျင့်သီလနဲ့ ထိန်းကွပ်ပြီး အကျိုးခံစားကြမည်ဆိုလျှင် လူတစ်သက်ခာတ်တစ်သက် အတူမြဲပြီး ကောင်းကျိုးချမ်းသာကို အပြည့်အဝခံစားရရှိမှာ မလွဲပါ။

အကယ်၍ ခာတ်ကကောင်းလာပြီး သူ့အစွမ်းသတ္တိနှင့် လူကိုအကျိုးကျေးဇူးပြုနေပါသော်လည်း ခာတ်ပိုင်ရှင်ပုဂ္ဂိုလ်က အကျင့်သီလမရှိဘဲ အလွဲသုံးစားပြုမိလျှင်တော့ သူ့အလိုလိုခာတ်ကလူကိုခွာ၍ထွက်သွားပါလိမ့်မည်။

ပြည်တန်သည့်ပတ္တမြားကို ဖိုခုံလောက်လုပ်မစားမိကြစေရန် သတိပေး၍ သွပ်ဖမ်းဝိဇ္ဇာနှင့်သွပ်ပြဒါးခာတ်ကိုယ်တွေ့ခာတ်လမ်းကို နိဂုံးချုပ်လိုက်ပါတော့မည်။

ဝါသနာရှင် သုတေသီများ ပညာပြည့်ဝ နှလုံးလှ၍ ကောင်းကျိုးကမ္ဘာ တည်နိုင်ကြပါစေ။

မင်းချမ်းမြေ့(ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

(ကျိုက်လတ်) ဆရာဦးစိန်လှိုင်

# မြန်မာ့ရှေးဟောင်းပညာရပ်များ

**ခုနစ်ရက်သားသမီးများနှင့်ဆိုင်ရာ တြိရန်း၊ စတုရန်းသစ်ရွက်၊ သစ်ပင်များ**

| နေ့များ | တြိရန်းနံ | စတုရန်းနံ |
|---|---|---|
| တနင်္ဂနွေ | စံကားစိမ်း၊ ဇော်စိမ်း | ရွက်လှ၊ လဲလူရွက် |
| တနင်္လာ | ရဲယို၊ လဲလူရွက် | ပေါက်ပန်းဖြူ၊ ပျဉ်းမ |
| အင်္ဂါ | ပျဉ်းမ၊ ပေါက်ပန်းဖြူ | သံသတ်၊ သီဟိုဠ် |
| ကြာသပတေး | နန္ဒင်း၊ ထနောင်း | အင်ဥ |
| သောကြာ | အင်ဥ | ကံ့ကော်၊ ကုက္ကို |
| စနေ | ကြံခတ်၊ ကံ့ကော် | ဇော်စိမ်း၊ ဆီးဖောင်း |
| ရာဟု | သီဟိုဠ် | ထနောင်း |

တြိရန်း စတုရန်း၊ နင်းကြမ်းပြု၊
အမှုခပ်သိမ်း၊ အောင်မြင်ငြိမ်း။
(နိုင်ငံကျော်-အတုလ၊
ဆရာတော် ခင်ကြီးပျော်)

■ **တြိရန်း၊ စတုရန်း-နင်းကြမ်းဓာတ်**

ခုနစ်ရက်သားသမီးတို့သည် မိမိတို့၏မွေးနံအရ ဇယားကွက်များတွင် တြိရန်းနှစ်ထပ်၊ စတုရန်းနှစ်ထပ်ဖြစ်သော သစ်ရွက်၊ သစ်ခက် စသည်တို့ကို စုပုံ၍ ကိစ္စလုပ်ငန်းအကြောင်းတစ်စုံတစ်ရာအတွက် သွားရသောအခါ စုပုံထားသော မိမိနှင့်သက်ဆိုင်သည့် သစ်ရွက်၊ သစ်ခက်တို့ကို မိမိတို့၏ခြေထောက်နှစ်ဖက်နှင့် -

၁။ တနင်္ဂနွေသား၊ သမီးဖြစ်ပါက (၆)ချက်
၂။ တနင်္လာသား၊ သမီးဖြစ်ပါလျှင် (၁၅)ချက်
၃။ အင်္ဂါသား၊ သမီးဖြစ်ပါမူ (၈) ချက်
၄။ ဗုဒ္ဓဟူးသား၊ သမီးဖြစ်ပါက (၁၇) ချက်
၅။ ကြာသပတေးသား၊ သမီးဖြစ်လျှင် (၁၉) ချက်
၆။ သောကြာသားသမီးဖြစ်ပါက (၂၁) ချက်
၇။ စနေသား၊ သမီးဖြစ်သော် (၁၀) ချက်
၈။ ဗုဒ္ဓဟူးနေ့ညနေဘက်နှင့်သန်းခေါင်အတွင်း မွေးဖွားသော ရာဟုသား၊ သမီးများမှာ (၁၂) ချက်

မိမိတို့၏ဂြိုဟ်သက်အတိုင်း အကြံအစည်၊ အလုပ်ကိစ္စတို့ ချောမောပြီးမြောက် အောင်မြင်ပါစေဟုဆို၍ နင်းသွားကြပါက မည်သည့်အလုပ်ကိစ္စမင်္ဂလာဌာနယတြာယာယီအမှုခပ်သိမ်းတို့၌မဆို အောင်မြင်ထမြောက်နိုင်ပေသည်။

ဥပမာ တနင်္ဂနွေသားတစ်ဦးမှာ အကြောင်းကိစ္စရှိ၍သွားရန်အတွက်၊ မိမိမွေးနေ့တနင်္ဂနွေ၏တြိရန်း (သုံးခုမြောက် အင်္ဂါနံသင့်) စံကားစိမ်းရွက်၊ တနင်္ဂနွေ၏စတုရန်း (လေးခုမြောက် ဗုဒ္ဓဟူးနံသင့်) လဲလူရွက်၊ ရှစ်ရှားရွက်တို့ကိုရောနှောစုပုံ၍ ခြေထောက်နှင့် (၆) ချက် တိတိ ကိစ္စအကြံအစည် ပြီးမြောက်အောင်မြင်ပါစေဆိုပြီး နင်းကြမ်းပြုသွားပါ။

(ခုနစ်ရက်သားသမီးများနှင့်ဆိုင်ရာ
တြိရန်းနှစ်ထပ်၊
စတုရန်းနှစ်ထပ်၊သစ်နံများ)

(တြိရန်း စတုရန်း
နံနှစ်ထပ်တို့၏လင်္ကာ)

တနင်္ဂနွေမှစ၍ရေမြောက် အစဉ်ကောက်သော် (၁) ညောင်စောက်ရွှာလှ၊ (၂) လဝဖုံးဖုံး၊ (၃) ပျက်ပြုန်းသက်သာ၊ (၄) သံသာတောင်တင်း၊ (၅) ထူးတွင်းအိုးအင်၊ (၆)အင်ဥကြံခတ်၊ (၇) ကပ်ကြီးဆုံဆုံ၊ ဆောင်ကြကုန်ဟု၊ မှတ်ယုံမြဲစွာ သံစ်၌မှာသည်၊ ယတြာပြုလေ၊ အောင်စေသတည်း။

ထို့ကြောင့် နိုင်ငံကျော်၊ မတစ်လုံးကျေ အတုလဆရာတော် ခင်ကြီးပျော်က တြိရန်း၊ စတုရန်းနှစ်မျိုးတို့နှင့်ပတ်သက်၍ ဂါထာစကားမိန့်ကြားထားသည်မှာ -

တြိ၊ စတု ထိုနှစ်ခုကို ပြုမှုတစ်ဖန်၊ နင်းကြမ်းခံ၍ သွားရန် တခြား၊ ဆောင်လေငြား၊ အများကိစ္စ၊ အဝဝမှာ၊ မုချမလွဲ၊ အောင်စမြဲတည်း. . .

ဟု မိန့်တော်မူခဲ့လေသည်။

*ခုနစ်ရက်သားသမီးများ*
*တိုးတက်ကြီးပွားအောင်မြင်ကြပါစေ*

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



www.burmeseclassic.com1

www.burmeseclassic.com

စုန်းတိုက်၊ ပယောဂတိုက်၊ အောက်လမ်းတိုက်ဟူသော ပြောစကားများကို ငယ်စဉ်က ယခုတိုင် ကြားဖူးနေပေသည်။ ပယောဂပူးကပ်နေသူများကို အထက်ဂိုဏ်းဟုဆိုသော ဂိုဏ်းဝင်များက ကုသသည်ကို ကိုယ်တိုင်မြင်ဖူးပေသည်။ အပင်းသွင်းခံရသူများကိုကုရာတွင် ဂိုဏ်းဝင်ထားသည့်ပုဂ္ဂိုလ်များကသာ ကုသနိုင်သည်ကို တွေ့ရပေသည်။ အထက်ဂိုဏ်းဆရာကြီးများသည် ၎င်းတို့၏ဂိုဏ်းဝင်များထဲမှ သတ်မှတ်ချက်များနှင့်ညီညွတ်သည့်ပုဂ္ဂိုလ်ကို အပင်း၊ ပယောဂကုသသည့် အခွင့်အမိန့်ကို အထက်ဝိဇ္ဇာမိုရ်များထံမှ ခွင့်ပြုချက်ဖြင့်ပေးအပ်လေ့ရှိသည်။ ပယောဂအစွဲအပင်းပြုစားခြင်း ကုသမည့်သူသည် ရက်ရှည်သားသတ်လွတ်စားရခြင်း၊ ရက်ရှည်ဥပုသ်သီလစောင့်ရခြင်းများ စောင့်ထိန်းရလေသည်။ ထိုကဲ့သို့ သီလသမာဓိတည်ကြည်နိုင်မြဲသည်နှင့်အမျှ အမှောင့်ပယောဂများ ကုသရာတွင် အစွမ်းထက်သည်ကို ကြုံတွေ့ကြရပေသည်။

လူပြုစားထားသည်ဟုထင်ရသော အမျိုးသမီးကြီးကို ကုသရာတွင် မည်သည့်အထက်ဂိုဏ်းသို့ ဝင်ရောက်ခြင်းမရှိသူတစ်ဦးက ကုသပေးခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့ခဲ့ဖူးပါသည်။ အရိုးပေါ်အရေတင်ကာ မလှုပ်ရှားနိုင်သော မိန်းမကြီးသည် ထိုလူငယ်ကိုမြင်သည်နှင့် ငေါက်ခနဲထိုင်လိုက်ကာ မီးဝင်းဝင်းတောက်သောမျက်လုံးဖြင့်ကြည့်၍ ရင်ဆိုင်ပညာပြိုင်ခဲ့သည့် အဖြစ်အပျက်ကို ဖော်ပြရင်း အဘဘိုးမင်းခေါင်၏ သူတစ်ပါးအသက်ကိုကယ်တင်ခြင်းမှတ်တမ်းကို ဖော်ပြအပ်ပေသည်။

**■ တာမွေသချိုင်းတွင် အမိဋ္ဌာန်ဝင်ခြင်း**

ည (၁၀) နာရီကျော်အချိန်ကာလသည် ညဉ့်နက်သည် မဆိုနိုင်သော်လည်း တာမွေသချိုင်းဝန်းကျင်သည် တိတ်ဆိတ်နေလေသည်။ လူသွားလူလာကင်းမဲ့သော်လည်း ရံဖန်ရံခါ ကားနှစ်စီးသုံးစီး သချိုင်းရှေ့လမ်းတွင် ဖြတ်သန်းသွားကြသည်။ သချိုင်းဝင်ပေါက်ရှိ မီးလုံးမှိန်မှိန်သည် အမှောင်ထုကိုအားတင်းရင်ဆိုင်နေရသည်။ မည်းမှောင်သော ကတ္တရာလမ်းမရှည်ကြီးသည် ဝိုးတဝါးမီးရောင်အောက်တွင် ဖြန့်ခင်းထားသော မကောင်းဆိုးဝါးမ၏ ဆံပင်ရှည်အတန်းနှင့်ပင်တူနေပေသည်။ သချိုင်း၏အတွင်းဘက်သို့ဝင်လေလျှင် သေသူများကို သရဏဂုံတင်ပေးသည့် ဇရပ်သည် မှောင်မှောင်မည်းမည်းတွင် ချောက်ချားဖွယ်ရာတွေ့နေရသည်။ ဇရပ်မည်းမည်းကြီးအနီးတွင် အလွန်တရာကြီးမားသော ညောင်မုတ်ဆိတ်ပင်မှ တွဲရရွဲကျနေသော အမြစ်အတန်းများသည် လူသေများကို ချိတ်ထားသည်ကဲ့သို့ပင်။ ဝုန်း၊ ဂျိမ်းအသံသည် ဇရပ်ကြီး၏ခေါင်မိုးကို လေတိုက်သဖြင့် သွပ်ပြားများရိုက်သံဖြစ်သော်လည်း နာနာဘာဝကောင်တို့၏အော်သံလားဟု ထင်မှတ်ရသည်။ ဇရပ်ကိုကျော်လွန်ပြီး ညာဘက်သို့ကွေ့ကာ မြက်တောလမ်းအတိုင်း အနည်းငယ်လျှောက်လျှင် အမိဋ္ဌာန်ဝင်သည့်နေရာသို့ရောက်လေသည်။ သုံးပွင့်ဆိုင်အုတ်ဂူနေရာသို့ ရောက်လေလျှင်



၀၄ (ခံမြင့်မြတ်)

# ဟိန်းဇေယျာ

## အဘဘိုးမင်းခေါင်

# အဘအမိန့်ဖြင့် ပယောဂကုခြင်း



www.burmeseclassic.com1



အားအားအော်မြည်သံများ ဆူညံစွာ ထွက်ပေါ်လာလျက် ညောင်ပင်ကြီးဆီမှ ကျီးတစ်အုပ်ပျံဝဲကြလေသည်။ သချိုင်း၏တစ်နေရာမှာ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးအူသံသည် တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

အဖော်လိုက်လာသူက အောင်ဇော်၏ လက်မောင်းကို တင်းကျပ်စွာဆုပ်ကိုင်လိုက်သည်။ အောင်ဇော်က တည်ငြိမ်သော အသံဖြင့် -

www.burmeseclassic.com

"မကြောက်ပါနဲ့ ကိုမြင့်၊ ငါတစ်ယောက်လုံးရှိတယ်။ ဓာတ်မီးပေးစမ်း"

ကိုမြင့် ဆိုသူသည် ဓာတ်မီးကို လွယ်အိတ်အတွင်းမှထုတ်ကာပေးလေသည်။ အောင်ဇော်သည် လက်နှိပ်မီးဖြင့် သုံးပွင့်ဆိုင်နေရာတစ်ဝိုက်ထိုးကြည့်လိုက်သည်။ လွန်ခဲ့သည့်နှစ်ရက်က ခင်းထားသော ဖျာငယ်ပိုင်းကို လက်ရာမပျက်တွေ့ရသည်။ အောင်ဇော်သည် တာမွေသင်္ချိုင်းတွင် အဘဘိုးမင်းခေါင် အမိန့်ပေးချက်အရ အဓိဋ္ဌာန်ပုတီးပတ် (၃) ရက်ဝင်ရမည်ဖြစ်လေရာ ယနေ့ညတွင် နောက်ဆုံးအကြိမ်ဖြစ်လေသည်။ အောင်ဇော်သည် အသင့်ပါလာသော အဝတ်ဖြင့် ဖုန်ခါထုတ်လိုက်သည်။ ကိုမြင့်က ဖျာပေါ်တွင်ထိုင်ကာ အရေးကြုံကသုံးရန် လေးခွနှင့်လောက်စာလုံးကိုအသင့်ထုတ်ထားသည်။ ရေဘူး၊ မီးခြစ်၊ ဆေးလိပ်ကို ဘေးတွင်ချကာထိုင်လေသည်။ နှစ်ညလုံးလုံးအခြောက်အလှန့်နှင့် မတွေ့ကြုံရသေးသော်လည်း အနည်းငယ်တော့ လန့်နေသေးသည်။ တိတ်ဆိတ်မည်းမှောင်သောသင်္ချိုင်းတွင် ကြောက်တတ်သည်မှာ သဘာဝကျပေသည်။ အောင်ဇော်သည် ကျွတ်ကျွတ်အိတ်တွင်းထည့်ယူလာသော အိုးကြာကွေးအချောင်း (၁၀၀) ကို ထုတ်လေသည်။ အဘဘိုးမင်းခေါင် မှာကြားသည့်အတိုင်း အိုးကြာကွေးများကို အုတ်ဂူများမြေပုံများရှိရာသို့ ပစ်ကာ နှုတ်ကလည်း-

"ငါ့ရဲ့အဓိဋ္ဌာန်နောက်ဆုံးညကို မနှောင့်ယှက်နဲ့။ ငါအလှူလုပ်ပါတယ်"

ဟု ဆိုရလေသည်။

ထိုသို့ အိုးကြာကွေးချောင်းများကို ပစ်ပေါက်နေစဉ် -

"ငါ့ပိုင်နက်ထဲရောက်နေပြီ၊ ငါ့ကို ကျွေးစမ်း"

အသံအောအောကြီးကို အောင်ဇော်၏နားထဲတွင်ကြားရလေသည်။

"နင်ဘယ်သူလဲ"

အောင်ဇော်၏မေးသံကို အဖော်ဖြစ်သူကိုမြင့်သည် ကြားရလျှင် မတ်တပ်ရပ်နေသော သူငယ်ချင်းကို ဘယ်သူနဲ့စကားပြောနေပါလိမ့်ဟု တွေးမိပြီး ဘေးဘီသို့ မျက်လုံးကိုဝေ့ကြည့်လိုက်မိလေသည်။

"ဒီသင်္ချိုင်းအပိုင်စားရတဲ့မဖဲဝါပွဲ"

"ဒါဆို ရော့ - အိုးကြာကွေးတစ်ချောင်း မနှောင့်ယှက်နဲ့"

အောင်ဇော်အသံကြားရပြီးနောက် ခပ်လှမ်းလှမ်းတွင် မျက်နှာကို အသေအချာမမြင်လိုက်ရသော်လည်း ခြေဖျားအထိရှည်လျားသော ဆံပင်ဖားလျားချ မိန်းမတစ်ဦးသည် ၎င်းတို့ကို ကျောပေးကာ တရွေ့ရွေ့ထွက်သွားသည်ကို မြင်ရလေသည်။ ကိုမြင့်သည် အထိတ်တလန့်ဖြစ်ကာ ကျောထဲတွင်စိမ့်ခနဲအေးသွားကာကြက်သီးတဖြန်းဖြန်းထမိလေသည်။ ကိုမြင့် မြင်တွေ့သကဲ့သို့ အောင်ဇော်လည်း တွေ့ရလေရာ လန့်သွားမိသော်လည်းဟန်မပျက် ကိုမြင့်ကို အားပေးလေဟန်ပြောလေသည်။

"မဖဲဝါကို ကြားဖူးတာကြာပြီ။ ခုမှတွေ့ဖူးတယ်ကွ။ မင်းရော တွေ့လား ကိုမြင့်"

ကိုမြင့်သည် -

"အေး"

တစ်လုံးတည်းသာပြောကာ ငြိမ်နေလေသည်။ အောင်ဇော်သည် နာရီကိုကြည့်ရာ (၁၂) နာရီထိုးခါနီးသည်ကို တွေ့ရသဖြင့် အဓိဋ္ဌာန်ပုတီးစိပ်ရန် ပြင်ဆင်ရလေသည်။ ညဉ့်သန်းခေါင် (၁၂) ထိုးသည်နှင့် အဓိဋ္ဌာန်ပုတီးစတင်စိပ်လေသည်။ ကိုမြင့်သည် အသင့်အပိုယူလာသောပုဆိုးကိုခြုံ၍အိပ်လေသည်။ အောင်ဇော်သည် သန်းခေါင်ကျော် (၃) နာရီထိုးသည့်အခါမှသာ အဓိဋ္ဌာန်အောင်မြင်လေသည်။ အလွန်ညောင်းညာသဖြင့် လမ်းလျှောက်လေသည်။

"မြေမှုန့်ယူခဲ့"

အောင်ဇော်စိတ်ထဲကလိုလို၊ နားထဲကလိုလိုကြားမိလေရာ အိပ်ရေးပျက်သဖြင့် ကယောင်ချောက်ချားအထင်အကြားမှားသည်ဟု ထင်မိလေသည်။ အမှတ်မထားဘဲ လမ်းလျှောက်မြဲလျှောက်လေရာ ပီပီသသပြောသံကို ထပ်ကြားရပြန်လေသည်။

"သင်္ချိုင်းကမြေကိုယူခဲ့"

အောင်ဇော်သည် ယူဆိုလည်း ယူရတာပဟုတွေးကာ မြေကြီးတစ်ခဲကို ကောက်ယူလိုက်လေသည်။ နံနက် (၄) နာရီမထိုးမီအထိ အောင်ဇော်သည် နှုတ်မှဘုရားဂုဏ်တော်၊တရားဂုဏ်တော် သံဃာဂုဏ်တော်များကို ရွတ်ဖတ်ပွား များရင်း အဖော်ဖြစ်သူ ကိုမြင့်အိပ်ပျော်နေသည်ကို စောင့်နေလေသည်။ နံနက် (၄) နာရီထိုးပြီးနောက် ကိုမြင့်ကိုနှိုးကာ တာမွေသင်္ချိုင်းမှ ပြန်ထွက်လာကြလေသည်။



■ **မဖဲဝါက ပယောဂကုခြင်း**

ပေ (၂၀)ပတ်လည်အခန်းထောင့်တွင်ရှိ အိပ်ရာခင်းပေါ်၌ သေးသွယ်ကြုံလှီသော မိန်းမတစ်ဦးသည် ပက်လက်အနေအထားတွင်ရှိနေလေသည်။ အသက်အရွယ်အားဖြင့် ငါးဆယ်ကျော်ခန့်ဖြစ်သော်လည်း အရွယ်နှင့်မမျှအောင် အိုစာနေပေသည်။ မျက်တွင်းဟောက်ပက်ဖြစ်နေသော်လည်း မျက်လုံးအစုံသည် ဝိုင်းစက်တောက်ပြောင်နေသည်။ မျက်နှာကြက်ကိုသာ စိုက်ကြည့်နေသည်မှာ သတိပြုမိလျှင် မျက်တောင်ခတ်သည်ကို တွေ့ရမည်မဟုတ်ပေ။ အနီးတွင် သမီးဖြစ်ဟန်တူသည့်အမျိုးသမီးနှင့် အိမ်ဖော်ကောင်မလေးတို့ ထိုင်နေသည်။ ကောင်မလေးသည် လူနာကို ဖြည်းဖြည်းယပ်ခတ်ပေးနေသည်။ အမျိုးသမီးသည် အပေါက်ဝသို့ မကြာခဏလှည့်ကြည့်နေကာ တစ်စုံတစ်ဦးကို စောင့်မျှော်ဟန်ရှိလေသည်။

ထိုစဉ် ညနေစောင်း (၆) နာရီ အချက်ပေးတီးလုံးသည် နာရီဆီမှပေါ်ထွက်လာလေသည်။ အခန်းအပေါက်ဝတွင် အသံဗလံများထွက်ပေါ်လာလေသည်။

"ဆရာတို့၊ ဒီအခန်းကိုကြွပါ"

ဟု ပြောကာ အခန်းအတွင်းဝင်လာလေသည်။ ဦးဆောင်ဝင်လာသူ၏ ရုပ်ရည်၊ အဝတ်အစား၊ ပြောဟန်ဆိုဟန်သည် လူကုံထံတစ်ဦးဖြစ်သည်ကို ဖော်ပြနေလေသည်။ ၎င်းလူကြီး၏ နောက်တွင် အသက် (၃၀) ခန့် လူလတ်ပိုင်းနှစ်ယောက်သည် ဝင်ရောက်လိုက်ပါလာလေသည်။

"အစ်ကိုကြီး၊ ဆရာတို့ရောက်ပြီလား"

လူမမာအနားတွင်ရှိ အမျိုးသမီးသည် သူ့အစ်ကိုကြီးကို လှမ်းမေးရင်း အောင်ဇော်တို့ကို တွေ့သော်လည်း နောက်ထပ်ဝင်လာမည့်သူရှိသည်အထင်ဖြင့် အပေါက်ဝသို့ငေးကြည့်လေသည်။ အောင်ဇော်ကဲ့သို့ ဖြူဖြူသေးသေးလူငယ်တစ်ယောက်ကို ဆရာဟု ထင်သည်မှာ မှားမည်ဟုမဆိုသာပေ။



www.burmeseclassic.com

www.burmeseclassic.com

"ဒါအမေ့ကိုကုပေးမယ့်ဆရာပဲ"

အစ်ကိုကြီးဆိုသူက အောင်ဇော်ကို လက်ညှိုးထိုးပြလေသည်။ လူမမာသည် အောင်ဇော်ကိုမြင်လိုက်သည်နှင့် ငေါက်ခနဲထိုင်ကာ မီးဝင်းဝင်းတောက်သောမျက်လုံးအစုံဖြင့် စိုက်ကြည့်နေလေသည်။ အောင်ဇော်သည် လူငယ်ပီပီ ဘုကြည့်ကြည့်ပြီး နှာခေါင်းရှုံ့ပြလေသည်။ လူမမာနှင့် ခပ်လှမ်းလှမ်းတွင် ထိုင်ကြလေသည်။ လာချပေးသော အအေးနှင့်မုန့်ကိုစားကာ ဘာလုပ်ရမည်နည်းဟု စဉ်းစားမိလေသည်။ မနေ့ညက အိပ်မက်ထဲတွင် အဘိုးမင်းခေါင်က လှည်းကူးက လူနာကုဖို့ လာခေါ်မယ် လိုက်သွားဟုဆို၍ သာလိုက်ခဲ့ရသည်။ ပယောဂကို ဘယ်လိုကုရမည်မသိ။

"ဟင်းဟင်း. . . မလောက်လေး မလောက်စား ဆရာယောင်ယောင်အကောင်တော့ သတိထား"

အားမရှိ ချိနဲ့သောမိန်းမကြီးက လက်ညှိုးငေါက်ငေါက်ထိုးကာ မာန်ပါပါ ကြိမ်းမောင်းသည်ကိုတွေ့ရသော အိမ်သားများသည် အံ့ဩသွားလေသည်။ အောင်ဇော်လည်း ခပ်တည်တည်သာ ထိုင်နေရသည်။ ဘာလုပ်ရမှန်းမသိသေး။ အဘကို တိုင်တည်ဖို့စိတ်ကူးရသည်နှင့် ခေါင်းရင်းဘက်သို့ လက်အုပ်ချီကာ အာရုံပြုလေသည်။ ပြီးလျှင် သူ့တစ်ကိုယ်စာ ရေဖြင့်စည်းဝိုင်းဝိုင်းလေသည်။ စည်းဝိုင်းအတွင်း ထိုင်နေရသည်။ ပြီးလျှင် တာမွေသင်္ချိုင်းမှယူလာသော မြေခဲကိုခြေမွကာ စက္ကူပေါ်တွင်ပုံထားပေးသည်။ စည်းဝိုင်းအပြင်တွင်ချထားပေးသည်။ (၃) လခန့်အိပ်ရာမှ မထနိုင်သော မိန်းမကြီးသည် ဝုန်းခနဲမတ်တတ်ရပ်လေသည်။ ကြည့်နေကြသောအိမ်သားများနှင့် အဖော် ကိုမြင့်ပါ လန့်သွားပြီး အိပ်ရာဘေးမှနောက်သို့ဆုတ်ထိုင်ကြရလေသည်။ လက်သီးဆုပ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ အောင်ဇော်ကို စားမတတ်ဝါးမတတ်ကြည့်ပြီး အနားသို့ တိုးလေသည်။ မိန်းမကြီးသည် အောင်ဇော်အနီးသို့ တိုးကပ်သွားလေရာ ထိုမိန်းမကြီး၏ ခြေထောက်တစ်ဖက်သည် စည်းဝိုင်းထားသောရေကို နင်းမိသည်တွင် အမလေးတကာ မီးကျီးခဲကို နင်းမိသူကဲ့သို့ နောက်သို့ကမန်းကတန်းဆုတ်လေသည်။

နှုတ်မှလည်း -

"သွေးအန်သွားမယ်၊ မဖြစ်စလောက်ပညာနဲ့ လာစမ်းတယ်"



မိန်းမကြီးသည် ထဘီကိုလက်နှစ်ဖက်ဖြင့်မကာ ကြမ်းပြင်ကိုခြေထောက်ဖြင့် ဘယ်ညာဆောင့်နင်းနေလေသည်။ အောင်ဇော်လည်း ကြည့်နေရုံသာတတ်နိုင်သည်။ ပယောဂကုဆရာများလိုသက်ဆိုင်ရာကဝင်စေ၊ နှောင့်ယှက်သူဝင်စေ၊ ချုပ်စေ၊ နှုတ်စေစသဖြင့်မကုဘူးသဖြင့် ပါးစပ်တွင် အားစေးထည့်ထားခြင်းခံရသလို မပြောတတ်ပေ။ လူမမာမိန်းမကြီးသည် သေသေသပ်သပ်စည်းထားသောဆံပင်ကိုဖြေချကာ ဖားလျားချထားလေသည်။ မာန်ပါပါလုံချည်ကိုရင်ခေါင်းအထိဆွဲတင်ကာဝတ်လေသည်။ မိန်းမကြီးသည် ထဘီရင်ရှားသည့်အတိုင်းဖြစ်နေလေသည်။ စည်းဝိုင်းဘေးတွင်ချထားသည့် သင်္ချိုင်းမြေထည့်သည့်စက္ကူသည် ရိုပ်ခနဲလှုပ်သွားလေသည်။ လက်သီးနှစ်ဖက်ဆုပ်ပြီး ဝုန်းဒိုင်းကြဲနေသော မိန်းမကြီးသည် ကျောက်ရုပ်ပမာငြိမ်သက်ကာ တောင့်တောင့်ကြီးရပ်ကာ အရှေ့တည့်တည့်သို့ စိုက်ကြည့်နေသည်ကို အိမ်သားများအားလုံးမြင်ရသည်။ အောင်ဇော်သည် ရိုပ်ခနဲရှည်လျားသောဆံပင်ရှည်ကိုတွေ့ရသဖြင့် တာမွေသင်္ချိုင်းမြေခဲနှင့်အတူ မဖိတ်ခေါ်ပါလာသည်ကိုတွေးမိလေသည်။ မိန်းမကြီးသည် အားဟုအသံနက်ကြီးဖြင့်အော်ကာ ဒူးထောက်ထိုင်ချလေသည်။

လူမမာရှင်အမျိုးသမီး မျက်နှာပျက်သွားလေသည်။ မျက်စိရှေ့တွင်မိခင်ကိုနှိပ်စက်သည်ဟု အတွေးဝင်သောကြောင့်ဖြစ်ရလေသည်။ ခင်ပွန်းသည်က ထိုအမျိုးသမီး၏နားနားကပ်၍ပြောလိုက်သည်တွင် သဘောပေါက်သွားဟန်တူလေသည်။

မိန်းမကြီးသည်-

"အမလေး အမလေး"

အော်မြည်လျက် ဘယ်ညာယိမ်းထိုးနေပေသည်။ တဖြည်းဖြည်းနှင့် ငိမ်နေသောမိန်းမကြီးမျက်နှာသည် ဖိုးဝရုပ်ကဲ့သို့ ဖောင်းကားလာလေသည်။ မိန်းမကြီးသည် စက္ကူပေါ်မှ မြေကြီးမှုန့်များကို မစားချင်စားချင်ဟန်ဖြင့် နှိုက်စားလေသည်။ မြေမှုန့်တစ်ဝက်ခန့်တွင် မိန်းမကြီးသည် တဝေါ့ဝေါ့ဖြင့် အားရပါးရအန်ပါလေတော့သည်။ ပါးစပ်မှ ဆံပင်ခြည်အထွေးလိုက်ထွက်ကျလာသည်။ရော်ဘာတုံးအမည်းများပါထွက်ကျလာသည်ကို ထူးဆန်းစွာ တွေ့ရလေသည်။ အန်ပြီးနောက် ဖောင်းကားနေသော မျက်နှာမှာ မူလအတိုင်းပြန်ဖြစ်သွားလေသည်။ လူမမာသည် မောပန်းကာ အိပ်ရာထက်တွင် ဘေးတစောင်းလှဲနေပြီး မျက်စိမှိတ်ထားလေသည်။ ကိစ္စပြီးသည်ကိုသိသော အောင်ဇော်သည်လည်း စည်းဝိုင်းအတွင်းမှထွက်လေသည်။

အောင်ဇော်က -

"ဦးလေး ဆရာဝန်ခေါ်ပြပါလား"

အကြံပေးသည်နှင့် ခဏအကြာတွင် မိသားစုဆရာဝန်ရောက်လာလေသည်။ ဆရာဝန်သည် စမ်းသပ်ပြီး -

"အခုမှပဲ သွေးခုန်နှုန်း နှလုံးခုန်နှုန်းနဲ့အဆုတ်လှုပ်ရှားတာစမ်းလို့ရတယ်။ ဟိုတစ်ပတ်က စမ်းမရတော့ သေတာတော့မဟုတ်ဘူး။ လူနာရှင်မကြိုက်မှာစိုးလို့မပြောတာ။ ဟိုဟာပူးကပ်နေတယ်လို့ ထင်တယ်"

ဟု ပြောလေသည်။

အစ်ကိုကြီး ဆိုသူက ယခုပင် ဆရာတို့ကုသပေးလို့ပါဟု ပြောလိုက်ရာ ဆရာဝန်သည် အံ့ဩဟန်ဖြင့် အောင်ဇော်ကိုကြည့်ပြီး ပြုံးပြလေသည်။

အောင်ဇော်တို့သည် လှည်းကူးတွင် တစ်ညအိပ်ခဲ့ရပြီး နောက်တစ်နေ့မှ ပြန်ရလေသည်။ ထိုအိမ်မှ ကျေးဇူးတင်သဖြင့် ငွေသားတစ်သိန်းနှစ်သောင်း ကန်တော့လိုက်လေသည်။

အိမ်ပြန်ရောက်သည့်အခါ ညတရားထိုင်စဉ် -

"ဟေ့ကောင်၊ ငွေငါးသောင်းကို သမိုင်းဝင်ဘုရားတစ်ဆူမှာလှူ။ ငါးသောင်းကို မင်းသုံး။ နှစ်သောင်းကို မင်းအဖော်ကိုပေးလိုက်"


အဘဘိုးမင်းခေါင်၏ အသံကို ပီသစွာ ကြားလိုက်ရလေတော့သည်။

ဟိန်းဇေယျာ (စံမြင့်ကြည်)



www.burmeseclassic.com1

www.burmeseclassic.com



ကျွန်တော့်ဘဝတွင် သူတကာတို့ ကြုံတွေ့ရန်ခဲယဉ်းသည့်ကိုယ်တွေ့ဖြစ်ရပ်များ များစွာကြုံတွေ့ခဲ့ဖူးပါသည်။ ယင်းကိုယ်တွေ့ဖြစ်ရပ်များအနက် ကျွန်တော် (၁၀) နှစ်သားအရွယ်က သင်္ဂဇာအင်းထဲတွင် ဥစ္စာစောင့်သိုက်ပြောင်းသည်ဟု ပြောကြသည့် စကောလောက်ရှိသော 'ရေအကွင်းကြီး'အလိုက်ခံရ၍ရှောင်လိုက်ရာ ရေထဲသို့လိမ့်ကျသွားရာမှ လန့်ဖျားဖျားပြီး သုံးလခန့်ဆေးကုယူခဲ့ရပါသည်။

၎င်းဖြစ်ရပ်မျိုးမှာ (ထိုစဉ်က ဖြစ်ရပ်တွင် ပါဝင်ခဲ့သူ (၆)ဦးမှလွဲ၍) မည်သူမျှကြုံဖူးကြဦးမည် မထင်ပါ။

တစ်ဖန် ၁၉၉၂ ခုနှစ် အသက် (၃၉) နှစ်အရွယ်တွင် မန္တလေးမြို့ ခံကုန်းသုသာန်မှကြာနီကန်သုသာန်သို့ ဝိညာဉ်များရွှေ့ပြောင်းသည့်ပွဲ (သချိုင်းပြောင်းသည့်ပွဲ) တွင် ကိုယ်တိုင်ပါဝင်ခဲ့ပြီး သုသာန်တစ်ခုမှ အခြားသုသာန်တစ်ခုသို့ ဝိညာဉ်များရွှေ့ပြောင်းပုံရွှေ့ပြောင်းနည်းကို အနီးကပ် ကိုယ်တွေ့ကြုံခဲ့ဖူးပါသည်။ ၎င်းအတွေ့အကြုံမှာလည်း တစ်သက်တွင် တစ်ခါသာ ကိုယ်တိုင်ကြုံတွေ့နိုင်သည့် အတွေ့အကြုံတစ်ခု ဖြစ်ပါသည်။

နောက်ထပ် ကျွန်တော် ငယ်စဉ်ကလေးဘဝ (၅) နှစ်သားအရွယ်က ကြုံတွေ့ခဲ့ရသည့်ဖြစ်ရပ်တစ်ခုမှာ ယနေ့ခေတ်ကဲ့သို့ အလွန်တိုးတက်နေသည့် သိပ္ပံခေတ်ကြီးထဲတွင် ကိုယ်တွေ့ကြုံရန် အလွန်ခဲယဉ်းသည့် ပရလောကသားနှင့် သက်ရှိထင်ရှားရှိသူတို့အား လိပ်ပြာခွဲခြင်းအတွေ့အကြုံ ဖြစ်ပါသည်။

ကျွန်တော်သည် အထက်တွင် ဖော်ပြခဲ့သည့်အကြောင်းအရာများကဲ့သို့ ကိုယ်တွေ့ကြုံရန် အလွန်ခဲယဉ်းသည့် ဂမ္ဘီရဆိုင်ရာ ပရလောကဆိုင်ရာအတွေ့အကြုံများကို ကျောင်းမနေသေးသည့် ကလေးအရွယ်မှစ၍ တွေ့ကြုံခဲ့ဖူးမှုများကြောင့် တစ်ခါတစ်ရံ မိမိကိုယ်မိမိ ကြံဖန်၍ဂုဏ်ယူနေမိပါသည်။

ခုဖော်ပြမည့်ဖြစ်ရပ်မှာ ကျွန်တော် (၅) နှစ်သားအရွယ် ၁၉၅၈ ခုနှစ်က ကိုယ်တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်မှန်တစ်ခုဖြစ်ပြီး ယခုခေတ်တွင် တွေ့ကြုံရန် မလွယ်ကူသောကြောင့် မှတ်တမ်းတစ်ခုအနေဖြင့်ကျန်ရစ်စေရန် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ကျွန်တော် ငယ်စဉ်က အကြောင်းအရာဖြစ်သဖြင့် အမည်နှင့်နေရာများလွှဲပြောင်းရေးသားခြင်းမပြုဘဲ ဖြစ်ရပ်မှန်များအတိုင်း ရေးသားတင်ပြလိုက်ပါသည်။

## အခန်း (၁)

ကျွန်တော့်အမည်မှာ ဦးတင်လတ် ဖြစ်ပါသည်။ ကျွန်တော့်တွင် ညီအစ်ကိုမောင်နှမငါးယောက်ရှိရာ ကျွန်တော်က အကြီးဆုံးဖြစ်သည်။ ကျွန်တော့်မိဘနှစ်ပါးမှာ ဦးမြင့်ဦးနှင့် ဒေါ်မမကြီး ဖြစ်ပါသည်။ ကျွန်တော့်အဖေသည် အသက် (၆၄) နှစ်အရွယ် ၁၉၈၆ ခုနှစ်က ကွယ်လွန်ခဲ့ပြီး အမေကတော့ ၂၀၁၂ ခုနှစ် (၈၇) နှစ်တွင် ကွယ်လွန်ခဲ့ပါသည်။ အဖေ၏ ဇာတိမှာ ဟင်္သာတခရိုင် မြို့



www.burmeseclassic.com

www.burmeseclassic.com



(ဆည့်ပြောင်း)

# ကိုကိုလတ်

## သံယောဇဉ်တစ်မျှင်ကြိုးရယ်ကြောင့်

ဆိုသည့်ရွာဖြစ်သော်လည်း ရန်ကုန်တွင် ကြီးပြင်းခဲ့သူဖြစ်ပါသည်။ အမေ၏ဇာတိမှာ မန္တလေးဇာတိ ဖြစ်သည်။ ကျွန်တော့်အဖေ၌ မွေးချင်း (၅) ဦးရှိသည့်အနက် အဖေက အကြီးဆုံးဖြစ်ပါသည်။ အဖေ၏အဖေ ကျွန်တော့်အဘိုး ဦးသာဇံဦးမှာ ရခိုင်တိုင်းရင်းသားဖြစ်ပြီး ရခိုင်ပြည်နယ်ဘက်တွင် တောအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်သွားသဖြင့် အဘွား ဒေါ်သိန်းမေသည် သားသမီး (၅)ဦးနှင့်အတူ ဘဝကိုရုန်းကန်ခဲ့ရပါသည်။ အဖေသည် အမေကြီး၏ သားဦးဖြစ်သဖြင့် သူ့အချစ်ဆုံးသားကြီး၏သား (မြေးဦး) ကျွန်တော့်အား အလွန်ချစ်ကြောင်း နောင်တွင် အမေပြောပြ၍သိရပါသည်။ ကျွန်တော်သိတတ်စအရွယ် (၄) နှစ်ခန့်ကတည်းက အမေကြီး ဒေါ်သိန်းမေသည် ကျွန်တော့်အား အစအစအရာရာအလိုလိုက်ပြီး တစ်ခါမှ မရိုက်ခဲ့ဘူးကြောင်းကို မှတ်မိနေပါသည်။

ထိုသို့ မြေးဦးကျွန်တော့်ကို အလွန်ချစ်သောကြောင့်လည်း ကျွန်တော် ခုနစ်လ၊ ရှစ်လသားခန့်တွင် မုတ်ခါးနှင့် မိခင်နို့ကိုသုတ်ပြီးအခါးခေတ်ဖြင့် နွတ်နို့ဖြတ်ခဲ့ကြောင်း သိရပါသည်။ ကျွန်တော့်အား မန္တလေးမှ ရန်ကုန်သို့ ခေါ်လာပြီး အမေကြီးမှ နို့ဘူးတိုက်၍ မွေးခဲ့သည်ဟု ကျွန်တော်ကျောင်းနေစအရွယ်လောက်၌ အဒေါ်နှစ်ဦး(အဖေ့ညီမများ)ကပြောပြ၍ သိရသည်။

ကျွန်တော်(၅)နှစ်သားအရွယ်တွင် ရန်ကုန်မြို့ ဆင်မလိုက်ဘက်၌ ကျွန်တော့်ကို ကျောင်းထားသည်။

ကျွန်တော် ကျောင်းတက်ပြီး



www.burmeseclassic.com1

www.burmeseclassic.com

တစ်လလောက်အကြာတွင် ကျွန်တော့်ကို အလွန်ချစ်သော အမေကြီးသည် အဖျားရောဂါဖြင့် ရုတ်တရက်ကွယ်လွန်ခဲ့ပါသည်။ ထိုအချိန်က အဖေ မန္တလေးၚ်ရှိနေသဖြင့် ကြေးနန်းရိုက်၍ခေါ်ထားကာ အမေကြီးအလောင်းကိုမူ မြေ မချသေးဘဲ အဖေ့ကိုစောင့်ရင်း အိမ်ရှေ့တွင် စင်ထိုး၍တင်ထားပါသည်။

## အခန်း (၂)

အမေကြီး ကွယ်လွန်ပြီးနောက် တစ်ရက် ညနေ (၆) နာရီခန့်အချိန်တွင် ဖြစ်သည်။ ကျွန်တော်သည် ကလေးသဘာဝအပူအပင်မရှိဘဲ အခြားကလေး (၅) ယောက်ခန့်နှင့်အတူ အမေကြီးအလောင်းစင်နှင့် ပေတစ်ရာခန့်ကွာသော မြေကွက်လပ်တစ်ခုတွင် စိန်ပြေးတမ်းကစားနေသည်။ ကျွန်တော်လိုက်သည့်အလှည့်ရောက်၍ ရှေ့မှပြေးသူအားနောက်မှပြေးလိုက်ပြီး လက်ဖြင့်တို့ရာ ရုတ်တရက် ကျွန်တော့်အား နောက်မှ တစ်စုံတစ်ဦးက တွန်းလိုက်သကဲ့သို့ခံစားရပြီး ရှေ့သို့မှောက်လျက်လဲကျသွားပါသည်။ ကံဆိုးချင်တော့ ကျွန်တော်မှောက်လျက်လဲသည့်နေရာတွင်ရှိသော ငုတ် (ထန်းပင်အား ထက်ခြမ်းခြမ်း၍မြေပေါ်ချထားပြီး ဟိုဘက်သည်ဘက်မရွေ့အောင် ညှပ်၍ရိုက်ထားသည့်သစ်သားချောင်းလေး) နှင့် ကျွန်တော့်အောက်နှုတ်ခမ်းထိခိုက်မိရာ ထိုငုတ်သည် ကျွန်တော့်အောက်နှုတ်ခမ်းအား တိုးလျှိုပေါက် ဖောက်ထွက်သွားပါသည်။ ငုတ်နှင့် အောက်နှုတ်ခမ်းတပ်လျက်ဖြစ်နေပြီး မြေကြီးနှင့်မျက်နှာကပ်နေသော ကျွန်တော့်မှာ မအော်နိုင်သော်လည်း ဘေးမှ ကလေးများဝိုင်းအော်ကြသဖြင့် လူကြီးများရောက်ရှိလာကာ နှုတ်ခမ်းနှင့်ငုတ်အားချွတ်ပေးပြီး အိမ်သို့လိုက်ပို့ပေးကြသည်။ ဒဏ်ရာကြီးသဖြင့် ဒေါ်လေးက ကျွန်တော့်အား ကုလားဆရာဝန်တစ်ဦးထံသွား၍ပြရာ အစိမ်းချုပ်ခဲ့ရသည်ကို မှတ်မိနေပါသည်။ ၎င်းဒဏ်ရာသည် ယခုအထိ ကျွန်တော်၏ အောက်နှုတ်ခမ်းတွင် သေရာပါဒဏ်ရာဖြစ်ခဲ့သည်။

ထိုသို့ ဒဏ်ရာချုပ်ပြီး၍ ဆေးခန်းမှပြန်လာပြီး ည (၈) နာရီလောက်တွင် ဒဏ်ရာကိုက်လာသဖြင့် ကျွန်တော်စောင်ခြုံကွေးကာငြိမ်နေစဉ် ရပ်ကွက်ထဲမှ အသက် (၆၀) ခန့်ရှိသော အဖွားမိအိမ်သို့ရောက်လာပြီး ကျွန်တော့်အဒေါ်နှစ်ယောက်အားခေါ်သည့်အသံကိုကြားလိုက်ရပါသည်။

"ဟဲ့- စိန်စိန်တို့၊ မြမြတို့ရှိကြလား"

"ရှိပါတယ် အဖွားမိ၊ ရှိတယ် လာလာ"

အခန်းထဲမှ အဒေါ်နှစ်ယောက်ထွက်လာပြီး ဖွားမိအား ဖျာခင်းပေးသည်။ ဖွားမိက ဖျာပေါ်တွင်ထိုင်လိုက်ပြီး-

"ငါလည်းမပြောဘူးလို့နေမလို့ပါဘဲ။ ဘာဖြစ်လို့လဲဆိုတော့ ခေတ်ကာလသားသမီးများက ယုံချင်မှယုံကြမှာ"

ဟု အစချီလိုက်သည်။

ထိုအခါ ဒေါ်ကြီးနှင့် ဒေါ်လေးက -

"ဘာပြောစရာရှိလို့လဲ ဖွားမိရဲ့။ ပြောပါ"

ဟု ပြောလိုက်သောအခါ ဖွားမိက -

"ဒီလိုပါအေ၊ ချွတ်ကရားအတွက်ပြောတာပါ"

ကျွန်တော် ငယ်စဉ်က အရပ်ထဲသို့ နွားနို့လာပို့သည့် ကုလားကြီးက ကျွန်တော့်ခေါင်းကိုပုတ်ကာ ချွတ်ကရားချွတ်ကရားဟု ခေါ်လေ့ရှိပါသည်။ သူတို့ကုလားစကားဖြင့် ချွတ်ကရားဆိုသည်မှာ ကောင်လေးဟု ခေါ်ကြောင်း နောင်မှသိရပါသည်။ ယင်းကို အစွဲပြု၍ အရပ်ထဲမှ ကျွန်တော့်အား ငယ်စဉ်က ချွတ်ကရားဟုခေါ်ကြပါသည်။

"ချွတ်ကရား၊ ဟုတ်လား ဖွားမိ၊ ချွတ်ကရားဘာဖြစ်နေလို့လဲ"

ဟု ပျာပျာသလဲ အဒေါ်နှစ်ယောက်စလုံးက မေးလိုက်ကြပါသည်။

"ကဲကဲ-ငါပြောမယ်၊ ညည်းတို့နှစ်ယောက်လုံးသေချာနားထောင်။ ချွတ်ကကရား ညနေကဖြစ်တဲ့ကိစ္စဟာ သွေးရိုးသားရိုးမဟုတ်ဘူးအေ့။ ညည်းတို့က ငယ်ရွယ်သူတွေဆိုတော့ ဘာမှအတွေ့အကြုံမရှိကြဘူးမဟုတ်လား။ ဒါကြောင့် အတွေ့အကြုံရှိတဲ့ငါက ညည်းတို့ကိုလာပြောတာ။ ဒါကလည်း ချွတ်ကရားကိုချစ်လို့သနားလို့ပါ"

"ဒီလိုအေ့၊ ညည်းတို့အမေ မသိန်းမေက ချွတ်ကရားကို မြေးဦးလေးဆိုပြီ အရမ်းချစ်တယ်မဟုတ်လား"

"ဟုတ်တယ် ဘွားမိရဲ့၊ အမေက ချွတ်ကရားကို အရမ်းချစ်တာ"

"အေး - အဲဒီသံယောဇဉ်ကြောင့် သူမှာ သူ့မြေးလေးကိုစွဲပြီး သူနဲ့အတူနေရအောင်လို့ ချွတ်ကရားကိုအသေလုပ်တာအေ့။ ကလေးက ကံကြီးတော့ ထန်းသားခြမ်းကို ဟိုဘက်သည်ဘက်မရွေ့အောင် ဘေးကရိုက်ထားတဲ့ငုတ်က ရင်ညွှန့်နဲ့မကျဘဲ အောက်နှုတ်ခမ်းနဲ့စိုက်နေလို့သာပေါ့။ ရင်ညွှန့်နဲ့ အဲဒီငုတ်နဲ့များ စိုက်လိုက်လို့ကတော့ ပွဲချင်းပြီးပဲ။ ငါအကုန်သိပြီးပြီ။ ဒါကြောင့် ချွတ်ကရားအတွက်လာပြောတာ"

"အဲဒီလိုဆို ကျွန်မတို့ ဘာလုပ်ရမလဲ ဖွားမိ"

"ကလေးကို မန္တလေးပြန်ပို့ရမယ်၊ ဟိုမှာ အမေရင်းနဲ့ဆိုတော့ ညည်းတို့လည်း ဘာမှပူစရာမလိုတော့ဘူး။ ဒါပေမယ့် ချွတ်ကရားကို မန္တလေးလွယ်လွယ်နဲ့တော့ပို့လို့မရဘူး"

"ဘာဖြစ်လို့လွယ်လွယ်နဲ့ပို့လို့မရတာလဲ ဖွားမိရဲ့"

"ဟဲ့ - အဲဒီလိုချွတ်ကရားကို အားချင်းကြီး မန္တလေးပို့လို့မရဘူး။ သွားလေသူ ညည်းတို့အမေ မသိန်းမေရဲ့ခွင့်ပြုချက်ယူရဦးမယ်"

"ကျွန်မတို့တော့ ဘာမှနားမလည်ဘူး ဖွားမိရယ်"

ဟု ဒေါ်ကြီးနှင့် ဒေါ်လေးမှပြောသည့်အခါ ဖွားမိက -

"အေး - အဲဒါကြောင့်ငါကလာပြောတာပေါ့"

"ချွတ်ကရားကို မသိန်းမေနဲ့ လိပ်ပြာခွဲရမယ်"

"ရှင်-ဘယ်လိုဖွားမိ၊ ချွတ်ကရားကို အမေနဲ့ လိပ်ပြာခွဲရမယ် ဟုတ်လား။ အဲဒါ ဘယ်လိုလုပ်ရမှာလဲဟင်"

ဟု ဒေါ်လေးက မေးသဖြင့် ဖွားမိက ရှင်းပြသည်။

"လိပ်ပြာခွဲတယ်ဆိုတာ မသိန်းမေကို ချွတ်ကရားအပေါ် သံယောဇဉ်ဖြတ်ဖို့နဲ့ ချွတ်ကရားကို တမလွန်ဘဝကိုခေါ်မသွားဖို့အတွက် သူ့ဆီက ဝန်ခံကတိတောင်းတဲ့သဘောမျိုးလုပ်တဲ့ အခမ်းအနားလေးတစ်ခုပဲ"

"အဲဒါ ကျွန်မတို့က ဘယ်လုပ်တတ်မှာလဲ ဖွားမိရဲ့"

"ငါ အားလုံးစီစဉ်ပေးပါ့မယ်။ ညည်းတို့က ညည်းတို့အမေ မသိန်းမေနဲ့ ညီမအရင်းလိုနေတဲ့သူ့သူငယ်ချင်းမညိမ်းဆီသွားပြီး အကူအညီတောင်း။ မညိမ်းကို ငါ့ဆီလွှတ်ပေး။ မနက်ဖြန်ညနေမှာလုပ်ရမယ့် အစီအစဉ်တွေကို ငါနဲ့ မညိမ်းနဲ့စီစဉ်မယ် ကြားလား"

"ဟုတ်ကဲ့ ဖွားမိ၊ ဖွားမိပြောင်းသလိုသာစီစဉ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြီး အဘွားကြီးပြန်သွားသည်။ ကျွန်တော့်အဒေါ်နှစ်ဦးလည်း အိပ်ရာဝင်ခဲ့သည်။

## အခန်း (၃)

နောက်တစ်နေ့ညနေ (၆) နာရီခန့်တွင် အမေကြီး၏အခေါင်းပေါ်၌ ထမင်းတစ်ထုပ်တင်ထားပြီး ဖွားငြိမ်းနှင့် ဖွားမိက ကျွန်တော့်ကို ခေါ်လာကာ အမေကြီးအလောင်းကို ကန်တော့စေပါသည်။ ကျွန်တော့်အား လိပ်ပြာခွဲမည်ဆို၍ ရပ်ကွက်ထဲမှလူများစုဝေးရောက်ရှိနေကြသည်။ ကျွန်တော့်အထင် လူ (၇၀) ခန့်ရှိမည်ထင်သည်။ အမေကြီးဒေါ်သိန်းမေအားထည့်ထားသည့်အခေါင်း၏ခေါင်းရင်းဘက်တွင် ချိန်ခွင်တစ်ခုစိုက်ထူထားသည်။ (၃) ပေခန့်ဝါးတိုင်တစ်လုံးစိုက်ထားပြီး အလောတော်ချိန်ခွင်တစ်ခုကို ၎င်းတိုင်၌ ချိတ်ဆွဲထားခြင်းဖြစ်ပါသည်။

ချိန်ခွင်လျှာမှာ အလယ်၌ တိကျစွာ ရှိနေသည်။ ကျွန်တော့်ကို ချိန်ခွင်ခွက်တစ်ခု၏အနီးတွင် ငုတ်တုတ်ထိုင်ခိုင်းထားပြီး ဖွားမိက ကျွန်တော့်နားတွင်ကပ်၍ ဆောင့်ကြောင့်ထိုင်နေပါသည်။ ခဏအကြာ ဖွားမိက ကျွန်တော့်အင်္ကျီတစ်ထည်နှင့် အမေကြီးဒေါ်သိန်းမေ ဝတ်ခဲ့သည့် အင်္ကျီတစ်ထည်ကို ချိန်ခွင်၏ တစ်ဖက်တစ်ချက်စီ၌ ထည့်လိုက်သည်၊ နောင်တွင်မှ အလေးချိန်တူညီလုနီးပါးဖြစ်သည့် အဝတ်အစားများကို မသုံးရဟုလည်း သိရပါသည်။ ကျွန်တော်သည် အမေကြီး၏အင်္ကျီနှင့် ကျွန်တော့်အင်္ကျီတို့အား တစ်ဖက်တစ်ချက်စီ၌ထည့်ထားပြီး ,အလယ်တွင် တူညီလုနီးပါးရှိနေသည့် ချိန်ခွင်လျှာကို ကြည့်နေစဉ်-

"ဘုန်း ဘုန်း ဘုန်း"

"အမလေး မသိန်းမေရဲ့၊ ညည်း မိုက်လှချည်လားဟင်"

"လုပ်ရက်လိုက်တာ လုပ်ရက်လိုက်တာ"

ကျွန်တော့်အား နောက်မှတွန်း၍ ငုတ်ဆောင့်မိစေပြီး သေအောင်လုပ်သည်ဟု ယူဆ၍ပြောခြင်းဖြစ်ပါသည်။

"ညည်းပဲ ဒီကလေးကိုချစ်လှချေရဲ့ဆို။ ချစ်ရင် ညည်းဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ မသိန်းမေရဲ့ ငါ့ပြောပါဦး"

"ဘုန်း ဘုန်း ဘုန်း"

အမေကြီး၏ အခေါင်းကြီးကို တဘုန်းဘုန်းပုတ်၍ အမေကြီးသူငယ်ချင်း ဖွားငြိမ်းငိုသံများပေါ်ထွက်လာစဉ်မှာပင် ချိန်ခွင်လျှာသည် အမေကြီးအင်္ကျီရှိသည့်ဘက်သို့ သိသိသာသာပြူထွက်နေသည်ကို တွေ့ရသည်။ ထိုကဲ့သို့ ချိန်ခွင်လျှာ သူ့အင်္ကျီဘက်သို့စောင်းသွားခြင်းသည် ကျွန်တော့်အား မခွဲဘဲသေရာသို့ ခေါ်သွားမည်ဟူသောအဓိပ္ပာယ်ဖြစ်ကြောင်း နောင်မှသိရပါသည်။

ထို့နောက် ဒုတိယအကြိမ်အဖြစ် ၎င်းအင်္ကျီနှစ်ထည်ကို ချိန်ခွင်ဘက်ပြောင်း၍ ထည့်လိုက်သည်။ ချိန်ခွင်လျှာသည် အလယ်ကောင်တွင် တူညီလုနီးနီးရှိနေသည်။ ထိုသို့ တူညီလုနီးနီးရှိနေချိန်တွင်မှ ဖွားငြိမ်းက အခေါင်းကိုပုတ်လိုက်သည်။

"ဘုန်း ဘုန်း ဘုန်း"

"သိန်းမေ ကောင်မ၊ ညည်း ငါ့အချစ်ဆုံးဆို။ ခု ညည်းချစ်တဲ့ မိညိမ်းကိုယ်တိုင်ပြောနေတာပါအေ့။ ညည်းနဲ့ ချွတ်ကရားနဲ့က ဘာခြားသွားပြီ။ ညည်း သံယောဇဉ်ဖြတ်လိုက်တော့။ ချွတ်ကရားကို သူတို့ပေးခဲ့ ကြားလား။ ငါပြောတာ နားထောင်နော် သိန်းမေ"

"ဘုန်း ဘုန်း ဘုန်း"

အခေါင်းကိုထပ်၍ပုတ်အပြီးတွင် ချိန်ခွင်လျှာသည် ခုနတူညီလုဆဲဆဲရှိနေရာမှ အမေကြီးအင်္ကျီရှိသည့်ဘက်သို့ပင် သိသိသာသာစောင်း၍ပြနေပြန်သည်။

ထိုအခါ ကျွန်တော့်အနီးတွင် ထိုင်နေသည့်ဖွားမိသည် အခေါင်းအနီးတွင်ရပ်နေသော ဖွားညိမ်းထံသို့ထသွားပြီး နောက်ထပ်မရမချင်း ချော့၍တောင်းယူရန် သူတို့နှစ်ယောက်ညှိနှိုင်းပြီးနောက် ကျွန်တော်တို့၏အဝတ်အစားများအား ဟိုဘက်သည်ဘက်ထပ်မံ၍ပြောင်းထည့်လိုက်ပြန်သည်။ ပထမအကြိမ်ကထည့်သလို ပြန်ဖြစ်သွားသည်။ ထို့နောက် ချိန်ခွင်လျှာတူညီလုနီးပြန်ဖြစ်သွားသည်ကို ကြည့်ပြီးမှ ဖွားငြိမ်းက အခေါင်းကို ပုတ်၍ ငိုပြန်သည်။

"ဘုန်း ဘုန်း ဘုန်း"

"အမလေး - သိန်းမေရဲ့၊ ညည်း လောက်မိုက်တွင်းနက်တဲ့သူ ဒီကမ္ဘာမှာရှိသေးရဲ့လားဟဲ့ အီး ဟီး ဟီး ဟီး"

"ဒီမှာ သူငယ်ချင်း၊ ညည်းငါ့ကို မသနားချင်နေပါအေ။ ချွတ်ကရားကိုတော့ သနားသင့်ပါတယ်။ ညည်းပဲ ဒီမြေးလေးကို အချစ်ဆုံးဆို။ ဒီကလေးမှာ ရှေ့ရေးတွေရှိသေးတယ်လေ။ သူ့အမေ အရင်းဆီပြန်ပို့မှာ ညည်းဘာစိတ်မချစရာရှိလဲ သိန်းမေရဲ့ ငါ့ပြောပါဦးဟဲ့ အီး ဟီး ဟီး ဟီး"

"ဘုန်း ဘုန်း ဘုန်း"

ဖွားငြိမ်းက ဒေါသဖြင့် တဘုန်းဘုန်းထုနေစဉ် အမေကြီးအင်္ကျီဘက်တွင် ချိန်ခွင်လျှာကပြူနေဆဲဖြစ်သည်။ သို့ရာတွင် ထူးခြားသည်မှာ ချိန်ခွင်လျှာသည် ယခင်ကလောက် အမေကြီးအင်္ကျီဘက်သို့ အများကြီးပြူထွက်မနေတော့ဘဲ အနည်းငယ်သာပြူထွက်နေပါသည်။ ထိုအချိန်၌ ဖွားငြိမ်းက ချိန်ခွင်အနီးရှိ ဖွားမိအားလှမ်း၍ လက်ဟန်ခြေဟန်ပြလိုက်ကာ အမေကြီး၏အခေါင်းကို ဆက်လက်ပုတ်ပြီး ငိုပြန်သည်။

"ဘုန်း ဘုန်း ဘုန်း"

"ဒီမှာ သိန်းမေ၊ ဒီကလေး ရန်ကုန်ရောက်ရောက်ချင်း ညည်း ငါ့ဆီအရင်ဆုံးလာပြခဲ့တာပါအေ့။ အဲဒီတုန်းကများ ညည်းမှာလေ ဒီကလေးငိုရင် ဖျတ်ဖျတ်လူးပဲ။ ညည်းရဲ့နို့ပိန်ကြီး ကလေးပါးစပ်ထဲ ဇွတ်ထိုးထည့်ပြီးချော့လိုက်ရတာ အရှုးတစ်ပိုင်းကိုဖြစ်လို့။ ငါ့မှာညည်းကို ကြည့်ပြီး မြေးဦးအရှုးဆိုတာ ညည်းကျမှသိတာပါဟဲ့ သိန်းမေရဲ့ အီး ဟီး ဟီး ဟီး။ ဒီကလေးရဲ့ရှေ့ရေးကို မစဉ်းစားတော့ဘူးလားဟင်။ ညည်းဒီလိုတောင်လုပ်မြောက်လုပ် (ကျွန်တော့်အား သေစေရန် နောက်မှတွန်းလိုက်သည်ကိုဆိုလိုဟန်ရှိ၏) ကလေးကိုလုပ်နေရင်ညည်းမြေးလေးရဲ့ လားရာဂတိဟာ ဘယ်လဲဆိုတာ ညည်းသိပါတယ် သိန်းမေရဲ့။ ညည်းသိပါတယ် အီး ဟီး ဟီး ဟီး။

ဒီမှာ သူငယ်ချင်း၊ ငါပြောတာ သေသေချာချာနားထောင်နော်။ ညည်းနဲ့ငါနဲ့ဟာ အချစ်ဆုံးသူငယ်ချင်းတွေပါ။ ငါလည်း သက်တမ်းအရဆိုရင် မကြာခင် ညည်းနောက်ကို လိုက်ရတော့မှာပါအေ့။ အဲဒီကျရင် ညည်းနဲ့ ငါ ပျော်ပျော်ကြီး တမလွန်မှာတွေ့ကြရဦးမှာပါ။ ငါတို့ အရွယ်က သေပျော်ကြပါပြီ။ ဒါပေမယ့် ဒီဥမမည်စာမမြောက်သေးတဲ့ညည်းမြေး ချွတ်ကရားလေးကိုတော့ ချွတ်ကရားလေးကိုတော့ အီး ဟီး ဟီး ဟီး"

ငိုနေရာမှ ဖွားငြိမ်းမှာ သတိလစ်ပြီး အမေကြီးအခေါင်းရှေ့တွင် လဲကျသွားပါတော့သည်။

ထိုအချိန်၌ ကျွန်တော်ကြည့်နေသည့်ချိန်ခွင်လျှာသည် ရုတ်တရက် ကျွန်တော့်အင်္ကျီရှိသည့်ဘက်သို့ အနည်းငယ်ပြူထွက်လာသည်ကို တအံ့တဩကြည့်နေမိစဉ်မှာပင် ကျွန်တော့်ဘေးတွင်ထိုင်နေသော ဖွားမိက ဆတ်ခနဲ ကျွန်တော့်


၂၀၁၃ခုနှစ် နိုဝင်ဘာလ အတွဲ(၁၅)အမှတ်(၁၁)

www.burmeseclassic.com

www.burmeseclassic.com

# တိုက်ကြည့်(စဉ့်ကိုင်) ဗျာဒိတ်၊ လယ်တွင်း၊ ကင်းတပ်နှင့် ယနေ့လူနေ မက္ခရာ

■ **မက္ခရာပျ။**

သီရိစန္ဒအမတ်ကြီးကိုလည်း သိကြားမင်းသည် မင်းမျိုးပြတ်မည်ဆိုသောကြောင့် ပြည်ရွာဖြစ်စေအံ့ဟူ၍ ရတနာပူရပြည်အရှေ့၌ မဂဓရစ်ဟူသောပြည်ကိုတည်စေ၏။ အစကား သီရိစန္ဒမင်းပြု၏။ အဆုံးကား စောဦးစွာမင်းပြု၏။ သီရိစန္ဒာသည် စောဦးစွာမင်းတိုင်အောင် မင်းဆက်ကား တစ်ရာ့ခြောက်ကျိပ်ဖြစ်၏။ ကြပ်ငံးစောရန်နှစ်လက်ထက် ပဒေသာပင် လေးပင်ပေါက်၏။ အလှူကောင်းမှုရှိသူတို့ ချည်းလေလျှင် ပဒေသာခက်တို့ ညွတ်ကုန်၏။ အလှူကောင်းမှုမရှိသော သူတို့ချည်းလေလျှင် ဆင်နှာမောင်းကဲ့သို့ ပုတ်ခတ်၏။ တရားသဖြင့်ရှည်စွာတည်မှုမဂဓရစ်ပြည်ပျက်ခဲ့၏။ ကကုသန်ဘုရားလက်ထက်တော်ကား မဂဓရစ်ဟုတွင်၏။ ကောဏာဂုံဘုရားလက်ထက်တော်ကား မဟာဂရစ်ဟုတွင်၏။ ကဿပဘုရား လက်ထက်တော်ကား မက္ခရစ်ဟုတွင်၏။ ဂေါတမဘုရားလက်ထက်ကား မက္ခရာဟုတွင်၏။ ဘုရားရှင်လေးပါးတို့သည် ယင်သည် အရပ်တွင် တမြန်းစီချည်းဖြစ်တော်မူဖူးသောအရပ်တည်း ဟူ၍ မှန်နန်းမဟာရာဇဝင်တော်ကြီး (ပတွဲ) တွင် ဖော်ပြထားလေသည်။

■ **ဗျာဒိတ်တော်ရမြို့** -

မြတ်စွာဘုရားဒေသစာရီကြွတော်မူသောအခါ သင်းပွတ်တောင်သို့ရောက်လေသည်။ ထိုအရပ်၌ စိုင်ညီနောင်(၃)စီးတို့သည် မြေကြီးအား ချိုဖြင့်ကော်၍ မြတ်စွာဘုရားအား ပူဇော်နှင့်သည်ကို မြင်တော်မူ၍ ပြုံးလေသည်။

ထိုသို့ ပြုံးတော်မူသည့်အတွက် မြတ်စွာဘုရားအား ညီတော်အာနန္ဒာမှ တင်လျှောက်မေးမြန်းရာ -

"ချစ်သား အာနန္ဒာ၊ ငါပရိနိဗ္ဗာန်ပြုတော်မူ၍ သာသနာတော်တစ်ထောင့်ရှစ်ရာကျော်ရောက်သောအခါ ဤစိုင်ညီနောင်သုံးစီးတို့သည် ဤအရပ်၌ ထင်ရှားစွာမင်းပြုကာ ငါ၏ သာသနာတော်ကို ချီးမြှောက်လတ္တံ့."

ဟူ၍ ဗျာဒိတ်တော်ထားတော်မူခဲ့လေသည်။

(ဦးကုလားမဟာရာဇဝင်(ပ) စာ - ၂၅၈)

ဗျာဒိတ်တော်ထားခဲ့သည့်အတိုင်း စိုင်ညီနောင်သုံးစီးသည် ဗျာဒိတ်တော်အရဖြစ်တည်လာသည့် မင်းညီနောင် (၃) ဦးဖြစ်သော အကြီးဆုံး အသင်္ခယာသည် သက္ကရာဇ် ၆၆၂ ခုနှစ်၌ မြင်စိုင်း၌ ရွှေနန်းတည်၏။ ညီတော်အလတ်ဖြစ်သော ရာဇသင်္ကြန်လည်း အလုံးအရင်းဆင်းမြင်းဗိုလ်ပါများနှင့် မက္ခရာမြို့၌နေတော်မူ၏။ ညီတော်အငယ် သီဟသူသည် ပင်လယ်မြို့၌ တည်တော်မူ၏ ဟူ၍ မြတ်စွာဘုရားဗျာဒိတ်တော်ထားခဲ့သည့်အတိုင်း ညီနောင်(၃)ဦး အသီးသီး နန်းပြိုင်မင်းပြုတော်မူလေသည်။ ပုဂံခေတ် တရုတ်ပြေးမင်းလက်ထက်တွင် ပြောင်ရှမ်းစော်ဘွား၏ညီ သိင်္ခဗိုလ်ဆိုသူသည် နောင်တော်နှင့်မသင့်၍ မက္ခရာ(သို့) မြင်းစိုင်းနယ်မြေသို့ ပြောင်းရွှေ့နေထိုင်စဉ် မြင်းစိုင်းသူနှင့်အိမ်ထောင်ကျပြီး သား(၃)ယောက်နှင့် သမီး(၁)ယောက် ဖွားမြင်ခဲ့ပါသည်။ သား(၃)ယောက်တို့အား တရုတ်ပြေးမင်းထံ ခစားစေရာ (တရုတ်ပြေးမင်း၏) သားတော် ကျော်စွာ နန်းတက်သောအခါ သိင်္ခဗိုလ်နှင့် သားကြီး အသင်္ခယာအား မြင်းစိုင်းကိုပေး၏။ သားလတ် ရာဇသင်္ကြန်အား မက္ခရာကို

---

အကျီပါသည့်ချိန်ခွင်ခွက်ကို လက်ဖြင့်ဖိ၍ မြေကြီးနှင့်ကပ်ထားလိုက်သည်။ ထို့နောက် အခေါင်းဘက်သို့လှည့်ကြည့်ပြီး -

"ကဲ-မသိန်းမေရေ ချွတ်ကရားကို ခုလို တို့ကိုပေးခဲ့လို့ ကျေးဇူးတင်ပါတယ်အေ။ ညည်းသွားလိုရာသွားနိုင်ပါပြီ"

ဟု ပြောလိုက်ပါသည်။

နောက်မှသိရှိရသည်မှာ အမေကြီး ဒေါ်သိန်းမေသည် သူ့သူငယ်ချင်း ဖွားညိမ်း၏ အပြောကောင်းမှုကြောင့် သနား၍စိတ်လည်လာပြီး ကျွန်တော့် အကျီဘက်သို့ အလေးချိန်စီးပြသဖြင့် ချိန်ခွင်လျှာမှာ ကျွန်တော့်အကျီဘက်သို့ ပြု၍ပြလာခြင်းဖြစ်ပါသည်။ ကျွန်တော့်အား တမလွန်သို့မခေါ်တော့ဘူးဟူသည့် သင်္ကေတအချက်ပြခြင်းဖြစ်သည်ဟုသိရပါသည်။ ထိုသို့ ကျွန်တော့်အား လူ့ဘဝတွင်ထားပစ်ခဲ့ရန် အမေကြီးစိတ်လည်လာချိန်တွင် စိတ်ပြောင်းမသွားစေရန်အတွက် အတွေ့အကြုံရှိသော ဖွားမိက ကျွန်တော့်အကျီပါသည့်ချိန်ခွင်ခွက်အား လျင်မြန်စွာဆွဲဖိပြီး မြေကြီးနှင့်ကပ်ထားခြင်း ဖြစ်ပါသည်။ ချိန်ခွင်ခွက်အားဖိထားပြီး အတန်ကြာမှ ချိန်ခွင်အား ဝါးငုတ်မှဖြုတ်လိုက်ပါသည်။

သတိလစ်သွားသော ဖွားညိမ်းအား ပြုစုနေကြရာ ခဏအကြာတွင် ဖွားညိမ်းသတိရလာပြီး ကျွန်တော့်ကို ငိုရင်းဖက်၍နမ်းခဲ့သည်ကို ယခုတိုင်မှတ်မိနေပါသည်။ နောက်တစ်နေ့ နံနက်တွင် မန္တလေးမှ အဖေရောက်လာပါသည်။ ထိုနေ့ညနေ (၃) နာရီတွင် အမေကြီးအား ထိုစဉ်ကရှိသော သင်္ဘောတောသုသာန်သို့ မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်ကို ယနေ့တိုင် မျက်စိထဲ၌ မြင်ယောင်နေမိပါသည်။

ထိုညမှာပင် ကျွန်တော့်အား အဖေက ထိုစဉ်က ရွှေမန်းမေရထားဖြင့် ရန်ကုန်မှ မန္တလေးသို့ခေါ် ဆောင်သွားပါသည်။

နောက်တစ်နေ့နံနက်တွင် အဖေနှင့် ကျွန်တော်တို့ မန္တလေးရောက်တော့ အမေက ဆီးကြို၍ -

"ငါ့သား ဒီမနက်ရောက်မယ်ဆိုတာ အမေကကြိုတင်သိပြီးသား။ မင်းဘွားအေဒေါ်သိန်းမေ မနေ့ညက အမေတို့မန္တလေးကိုလိုက်လာပြီး ညည်းသားလေးကို ပြန်အပ်ခဲ့တယ်လို့ အိပ်မက်ပေးတယ်"

ဟု ပြောပါသည်။


ဝိညာဉ်လောကဆိုင်ရာ ဖြစ်ရပ်များကား တစ်ခါတစ်ရံ အလွန်ဆန်းကြယ်လှပါသည်။ အချို့ဖြစ်ရပ်များမှာ ပြောမယုံကြုံဖူးမှသိကြရပါမည်။ ဖြစ်ရပ်ဆန်းများနှင့်ပတ်သက်၍ ကိုယ်တိုင်ကြုံခဲ့ဖူးသူ ကျွန်တော်က ပို၍ပင် အံ့ဩမိပါသတည်း။

ကိုကိုလတ်(ဆည့်မြောင်း)



www.burmeseclassic.com

www.burmeseclassic.com



မကွေးရာကောင်းတော်မြို့ပုံ



ထယ်တွင်း (၁၁) ရွာ တည်နေရာပြပုံ

ပေး၏။ သားငယ်သီဟသူအား ပင်လယ်ကိုပေး၏ဟု လေ့လာမှတ်သားရသည်။

မကွေးရာအား စားရသော မင်းညီမင်းသားများအနက် ရာဇသင်္ကြန်နှင့် အသင်္ခယာဟူ၍ အမည်နာမကွဲပြားနေသည်ကိုလည်း တွေ့ရလေသည်။ အသင်္ခယာကျောက်စာနှင့် မုံရွေးရာဇဝင်ကျော်တို့၌ အကြီး အသင်္ခယာသည် မြင်စိုင်း၊ အလတ် ရာဇသင်္ကြန်သည် မကွေးရာ၌ မင်းပြုသည်ဟု ရေးသားထားပါသည်။

သို့သော် မုံရွေးဆရာတော်ဘုရားကြီး၏ သမန္တစက္ခုဒီပနီကျမ်းအရလည်းကောင်း၊ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏စွယ်စုံကျော်ထင်ကျမ်းတွင် လည်းကောင်း၊ ဝံသမေဒပကာသနီကျမ်းနှင့် အရှင်စန္ဒလင်္ကာ၏မဏိရတနာပုံကျမ်းများ၌ အစ်ကို ရာဇသင်္ကြန်သည် မြင်စိုင်း၊ ညီလတ် အသင်္ခယာသည် မကွေးရာ၌ မင်းပြုသည်ဟု တိတိကျကျမိန့်ဆိုပြသထားကြပါသည်။ ဤသည်မှာ ဗျာဒိတ်တော်အရ မကွေးရာမြို့သမိုင်းအကျဉ်းတည်း။

**■ ပုဂံခေတ် လယ်တွင်းကျေးရွာ မကွေးရာ**

ပုဂံခေတ် လယ်တွင်းခရိုင်တစ်ခုအဖြစ်ပါဝင်ခဲ့သော မကွေးရာခရိုင်သည် စဉ့်ကိုင်မြို့နယ် အဲ့ဗျနှင့် ကျွန်းဦးကျေးရွာအနီး ဇော်ဂျီ (မကွေးရာ) မြစ်နှင့် မြစ်ငယ်မြစ်ဆုံရာအဝတွင် ရှိပါသည်။ မြေပုံအညွှန်း (၉၃/ စီ ၁) တွင်ပါရှိပြီး ကွင်းအမှတ် (၃၆ (ခ) (အဲ့ဗျကွင်း) ဖြစ်သည်။ မြောက်လတ္တီတွဒ် (၂၁) ဒီဂရီ (၄၆)မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် (၉၅) ဒီဂရီ (၀၈) မိနစ်တွင် တည်ရှိပါသည်။ မြို့ရိုးမှာ တောင်မြောက်ရှည်သောအနားပြိုင်စတုဂံပုံဖြစ်သည်။ ရှေးဟောင်းမှတ်တမ်းများ၌ မကွေးရာမြို့ ရာပြုမြို့ဖြစ်ပြီး မြို့ဝန်း (၄၇၀)တာရှိကြောင်း ဖော်ပြထားသည်။ မြို့ရိုးအလျားပေါင်း (၄၉၅၀) ပေခန့်ရှိပြီး (၄၆) ဧကခန့် ကျယ်ဝန်းသည်။ မြို့ရိုးမှာ တောင်မြောက် (၂) ဖာလုံခန့်၊ အရှေ့အနောက် (၂) ဖာလုံခန့်ရှိသည်။ စဉ့်ကိုင်မြို့နယ် မန္တလေးကွန်ပျူတာတက္ကသိုလ်သွားကားလမ်းမှလည်းကောင်း၊ အုန်းပင်ခြံကားလမ်းဆုံမှလည်းကောင်း ဝင်ထွက်သွားလာနိုင်သောနယ်မြေ ဖြစ်ပါသည်။

မကွေးရာသည် ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် စိုက်ပျိုးရေးအတွက် အဓိကနယ်မြေ ဖြစ်၏။ဒုဋ္ဌဝတီမြစ်နှင့် မကွေးရာမြစ် (ဇော်ဂျီမြစ်) ဆုံရာအဝတွင် တည်ရှိပြီး စိုက်ပျိုးရေပေါ်များစွာရရှိသဖြင့် သီးနှံစိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းခဲ့သည်။ ပြည်ပုဂံအတွက် အရေးပါသော စားနပ်ရိက္ခာများကိုဖြည့်တင်းပေးခဲ့သောနယ်မြေအဖြစ်ရပ်တည်ခဲ့ပေမည်။ တောတောင်သဘာဝအလှ ဥယျာဉ်ခြံတို့၏ အရိပ်အာဝါသဖြင့် စိမ်းစိုလှပခဲ့သည့် နေရာဒေသဖြစ်ချေမည်။ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဆန်စပါးတို့ ပေါ်များစွာထွက်ရှိသောနယ်မြေ ဖြစ်ပေမည်။ သရက်၊ငှက်ပျော၊သဘော်စုံစွာအာဟာရပြည့်ဝသည့် သီးနှံများလည်း ထွက်ရှိပေမည်။


မြစ်နှစ်စင်းဆုံရာအဝတွင်တည်ရှိသဖြင့် ကူးသန်းရောင်းဝယ်ဖောက်ကားရေး အဆင့်ပြေချောမွေ့ပြီး စီးပွားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများတိုးပွားဖွံ့ဖြိုးခဲ့သောနယ်မြေဖြစ်ချေမည်။ ရောင်းဝယ်ဖောက်ကားရေးအတွက် ရေလမ်းကိုသာ အဓိကထားအသုံးပြုကြသောခေတ်ကာလဖြစ်သဖြင့် မကွေးရာနယ်မြေတွင် ကူးသန်းရောင်းဝယ်ရေးနှင့်ပတ်သက်၍ ပွဲစားကုန်သည်တို့ စည်ကားခဲ့ချေမည်။ တောင်ပေါ်၊ မြေပြန့် ကုန်စည်ဖလှယ်ရာ ကုန်စည်ဒိုင်အဖြစ် တည်ရှိစည်ကားခဲ့မည်ဟုမြင်ယောင်မိပါသည်။ ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေချောမွေ့ပြီး သီးနှံစပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စုံလင်စွာထွက်ရှိသဖြင့် နယ်သူနယ်သားများ စားဝတ်နေရေးအဆင်ပြေချောမွေ့ခဲ့မည်။ စီးပွားရေး အဆင်ပြေသည့်အလျောက် ဗုဒ္ဓဘာသာသာသနာကိုလည်း ချိုမြောက်သက်ဝင်ယုံကြည်စွာဖြင့် အလှူအတန်းများ ပြုလုပ်ခဲ့သည်မှာ မလွဲဧကန်ဖြစ်မည်ဟုယုံကြည်မိပါသည်။ တောတောင်အလှသဘာဝအရိပ်တို့ လွှမ်းခြုံခဲ့သည့် မကွေးရာနယ်မြေတွင် ရှေးဟောင်းစေတီပုထိုးများတည်ထားခဲ့ကြမည် ဖြစ်သည်။ ညွှန်းစာဖွဲ့၍ မိမည်မဟုတ်ချေ။

ဒုဋ္ဌဝတီမြစ်ကမ်းဘေး၌ ဈေးအရပ်အဖြစ်တည်ရှိခဲ့သည်။ ရှမ်းပြည်ထွက် ပဲပုပ်၊ မျှစ်ချဉ်၊ ဆေးမြစ်နှင့် ခြံထွက်သီးနှံများကို မကွေးရာနယ်မြေသို့ လာရောက်ရောင်းဝယ် ဖောက်ကားကြမည်ဖြစ်ပြီး မြေပြန့်ဒေသထွက်ကုန်များလည်း ပြန်လည်ဝယ်ယူ ရောင်းဝယ်ဖောက်ကားခဲ့မည် ဖြစ်လေသည်။ ဤသို့ သာယာဝပြောလှပသည့် အကြောင်းအချက်များနှင့်ပြည့်စုံခဲ့သည့် မကွေးရာနယ်မြေသည် အခွန်အခများ ကျေပွန်စွာဆက်သွင်းနိုင်ခြင်း၊ သဘာဝအလှများဖြင့်သာယာနေခြင်း၊ သီးနှံပြောင်းဆန်ပေါကြွယ်ဝခြင်း၊



www.burmeseclassic.com1

www.burmeseclassic.com



မက္ခရာနန်းတော်ရာပြမြေပုံ

သာသနာအရောင်ဝါထွန်းတောက်ခဲ့ပြီး ရောင်းဝယ်ဖောက်ကားရေး အဆင်ပြေချောမွေ့စွာရပ်တည်ခဲ့လိမ့်မည်ဟု သမိုင်းကြေးမုံရိပ်တို့အား ပြန်တွေးလွမ်းဆွတ်သတိရနေမိပါတော့သည်။ စိုက်ပျိုးရေးနှင့် နယ်မြေကာကွယ်ရေးအတွက် အဓိကကျသောနယ်မြေ ဖြစ်ချေတော့မည်။

ထိုနယ်မြေသည်ကား ပုဂံခေတ်လယ်တွင်းရွာတစ်ရွာအဖြစ် ရပ်တည်ခဲ့သည့် မက္ခရာနယ်မြေပင် ဖြစ်ချေတော့သည်။

■ **ပုဂံခေတ် ကင်းတပ်ကျေးရွာမက္ခရာ**

မက္ခရာကင်းတပ်မြို့သည် ပုဂံခေတ်လယ်တွင်းမက္ခရာပင် ဖြစ်ဇေလသည်။ စားနပ်ရိက္ခာထောက်ပံ့မှုအပြင် နယ်မြေကာကွယ်ရေးအတွက် အဓိကကျသောကင်းတပ်စခန်းမြို့ဖြစ်လေသည်။ ကင်းတပ်နယ်မြေစခန်းတွင် အတောင်(၂၀)ဝတ် မင်းယောကျ်ားစစ်သည်ရဲမက်များသည် ဇော်ဂျီမြစ်နှင့် မြစ်ငယ်မြစ်ကြောင်းများအတွင်း နယ်မြေလုံခြုံရေးများအတွက်ကင်းလှည့်ဆောင်ရွက်နေမည့်ပုံများအားမြင်ယောင်မိပါသည်။ မက္ခရာကင်းတပ်နယ်မြေတွင် မြင်းစစ်သည်တော်များ၊ ခြေလျင်စစ်သည်တော်များ၊ ရေတပ်မတော် လှေစစ်သည်တော်များ အလံတလွင့်လွင့်ဖြင့် ရဲမာန်ဝင့်ကာ တာဝန်ထမ်းဆောင်ခဲ့ကြပေလိမ့်မည်။ မြန်မာ့စစ်မှတ်တမ်းနှင့် သေနင်္ဗျူဟာတွင် မက္ခရာသည် ရာပြုမြို့ဖြစ်သည့်စစ်သည်အင်အား (၁၀၀) ရှိလေသည်။ မြို့တာ (၄၇၀)‌ ကျယ်ဝန်းသည်ဟု ဆိုသည်။ မက္ခရာကင်းတပ်စခန်းအနီးတွင် ကင်းတပ်စခန်းငယ်များအဖြစ် ကင်းတုံး (ကင်းတုံးပယ်)၊ ကင်းဘတ်၊ ကင်းလပ်စခန်းငယ်များလည်း တည်ရှိလေသည်။ ဒုဋ္ဌဝတီမြစ်တစ်လျှောက်တွင် ကင်းတပ်စခန်း (၄၃) မြို့စာရင်းဝင် ရှဥ့်မတက်ကင်းတပ်စခန်း၊ မက္ခရာကင်းတပ်စခန်းနှင့် တပ်အုံ(တအုံ)ကင်းတပ်စခန်းမြို့များကို တည်ထားခဲ့သည်။ ထို့အပြင် မြစ်စဉ်တစ်လျှောက် အရန်ကင်းတပ်စခန်းငယ်များအဖြစ် ကင်းတုံ(ကင်းတုံးပယ်)၊ ကင်းဘတ်နှင့် ကင်းလပ် စသည့် ကင်းတပ်စခန်းငယ်များလည်း တည်ထောင်ခဲ့ခြင်းများမှာ အနော်ရထာမင်း၏စစ်ရေးအမြင်ဗျူဟာကြွယ်ဝမှုကိုပြသသော ပြယုဂ်ပင်ဖြစ်သည်ဟု ထင်မြင်မိပါသည်။

မက္ခရာကင်းတပ်စခန်းမြို့သည် မြစ်ငယ်တောင်ကြားပေါက်ကို အဓိကကာကွယ်ပိတ်ဆို့ရသောကင်းမြို့ဖြစ်၏။ မြစ်ငယ်တောင်ကြားပေါက်မှာ အလွန်အရေးပါသည်။ မြစ်ငယ်တောင်ကြားပေါက်ကို ထပ်ဆင့်ကာကွယ်ပိတ်ဆို့ထားနိုင်ရန် မက္ခရာအနောက်ဘက်ယွန်းယွန်းမြစ်ငယ်မြစ်ဘေး (မက္ခရာနှင့် (၂) မိုင်အကွာတွင်) တအုံကင်းတပ်မြို့ကို ထပ်ဆင့်တည်ထောင်လေသည်။

ဇမ္ဗူကွန်ချာကျမ်းအရ မြို့ဝန်တာပေါင်း (၄၇၀) အကျယ်ရှိသည်ဟု ဖော်ပြထားသည်။ အင်းဝရွှေနန်း နန်းစဉ်စာရင်းချုပ်ကျမ်းအရ မြို့ဝန်းတာအရေအတွက် တူညီသကဲ့သို့ မြို့အရှေ့ဖျားကို ဇော်ဂျီမြစ်ရေတိုက်စားသွားဟု ဖော်ပြထားခြင်းလည်း တူညီနေကြပါသည်။ မြို့ရိုး၏အလျားမှာ (၄၉၅၀) ရှည်လျားပြီး တောင်၊ မြောက် (၂) ဖာလုံခွဲခန့်ကျယ်ဝန်းလေသည်။ အတွင်းမြို့ရိုးနှင့်အပြင်မြို့ရိုးဟူ၍ မြို့ရိုး(၂)ထပ်ရှိခဲ့လေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၂၄၆) ပေတွင် တည်ရှိသည်။ ကျုံးပါဝင်သောရှေးဟောင်း ကင်းတပ်စခန်းမြို့ဖြစ်ပါသည်။ ကျုံးအကျယ်မှာ (၅၆)ပေကျယ်ဝန်းသည်။မြို့ရိုး၏တောင်၊မြောက်အရှည်သည် (၁၂၉၅) ပေရှိသည်။ တောင်ဘက်မြို့ရိုးမှာ အနောက်မှ အရှေ့သို့ (၄၀၉) ပေအရောက်တွင် မြောက်ဘက်သို့ ပေ (၂၀၀) ချိုးကွေ့သွားပြီးနောက် အရှေ့ဘက်သို့ (၄၃၅) ပေ ဆက်သွားပါသည်။ စုစုပေါင်း တောင်ဘက်မြို့ရိုးအရှည်မှာ (၂၃၃၈) ပေရှိပါသည်။ အရှေ့ဘက်မြို့ရိုးတွင် မင်္ဂလာတံခါးပေါက်ရှိသည်ဟု မှတ်သားရပါသည်။ ယင်းမြို့ရိုးပေါက်မှာ (၁၃) ပေကျယ်ဝန်းသည်။ အရှေ့မြောက်ထောင့်မြို့ရိုးမှာ ဒုဋ္ဌဝတီ (မြစ်ငယ်) မြစ်နှင့် ပေ (၂၅၀) ခန့်အကွာသာ ကွာဝေးပါသည်။ ဗျာဒိတ်တော်ရာမြို့အဖြစ်လည်းကောင်း၊ ပုဂံခေတ် ကင်းတပ်စခန်းမြို့အဖြစ် လည်းကောင်း၊ ပုဂံခေတ်လယ်တွင်းခရိုင်တစ်ခုအဖြစ် လည်းကောင်း ထင်ရှားကျော်ကြားခဲ့သည့် မက္ခရာနယ်မြေအား ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်နေ့မှ စတင်ကာ ရှေးဟောင်းယဉ်ကျေးမှုဇုန်အဖြစ် ရှေးဟောင်းသုတေသနဦးစီးဌာနမှ သတ်မှတ်ပေးခဲ့ပါသည်။

သမိုင်းတွင်တွေ့ကြုံနိုင်ရန် ခက်ခဲလှသည့် ဗျာဒိတ်တော်ရမြို့၊ ပုဂံခေတ်လယ်တွင်းမြို့နှင့် ပုဂံခေတ် ကင်းတပ်စခန်းမြို့များအဖြစ် ရပ်တည်ခဲ့ပြီး ယခုအချိန်ထိ လူနေရပ်ဝန်းအဖြစ် ရပ်တည်နေကာ သမိုင်းရနံ့များသင်းထုံနေသည့် မက္ခရာနယ်မြေအား လာရောက်လေ့လာနိုင်ကြရန်အတွက် ဖိတ်ခေါ်ရေးသား တင်ပြလိုက်ပါသည်။

တိုက်ကြည် (စဥ့်ကိုင်)

**ကျမ်းကိုး** -

မှန်နန်းမဟာရာဇဝင်တော်ကြီး(ပ)တွဲ
ဦးကုလားမဟာရာဇဝင် (ပ)တွဲ
မင်းဘူးအောင်ကြိုင်၏ စာပေဗိမာန်စာမူဆုရ ကင်းတပ် (၄၃) မြို့
လင်းထိုက်တင်လှိုင်၏ စာပေဗိမာန်စာမူဆုရ သမိုင်းမှတ်တိုင် မြစ်သာ (၁၁) ခရိုင်
တိုက်ကြည် (စဥ့်ကိုင်) ၏ သမိုင်းရနံ့သင်းကြိုင် လယ်တွင်းမြေမှ မြို့စဥ့်ကိုင်



www.burmeseclassic.com1

www.burmeseclassic.com

# ကျားမနိုင်ဆီကိုအရမ်းမသုံးပါနဲ့

ကျားမနိုင်ဆိုတဲ့ဆေးပင်ကို ကြားဖူးသူတွေများလှပါတယ်။ ကျားမနိုင်ဆိုတဲ့အမည်နဲ့ တိုင်းရင်းဆေးတွေအမျိုးမျိုး ထုတ်လုပ်ကြပါတယ်။ တီဗွီ၊ ရေဒီယိုကြော်ငြာတွေမှာလည်း ကျားမနိုင်ကို တွေ့နေရမှာပေါ့။

သို့သော် ကျားမနိုင်ပင်ကို မြင်ဖူးသူဆိုတာတော့ ရှားပါလိမ့်မယ်။ ကျားမနိုင်ပင်ဟာ နွယ်ပင်ဖြစ်ပါတယ်။ ဒါပေမယ့် နွယ်ပွမျိုးမဟုတ်ဘဲ နွယ်မာမျိုး ဖြစ်ပါတယ်။ တောတွေတောင်တွေမှာ အများအပြားပေါက်ရောက်ပြီး သူ့ရဲ့နွယ်ဟာ သက်တမ်းရင့်လေ ကြီးမားလေဖြစ်ကာ အချို့ပေါင်လုံးလောက်တောင်ရှိပါတယ်။ နွယ်ရဲ့အခွံဟာ ပြောင်ပြီးမာချောနေပါတယ်။ ဓားနဲ့ခုတ်ဖြတ်လိုက်ရင် ကျားခြေရာသဏ္ဍာန်အကွက်တွေပေါ်လာပြီး အဲဒီအကွက်လေးတွေက နီညိုရောင်အစေးတွေထွက်လာတော့တာပါပဲ။ အဲဒါတွေက ကျားမနိုင်ဆီပါပဲ။

သူ့ရဲ့အရွက်က စွယ်တော်ရွက်နဲ့ အတော်တူပါတယ်။ နှစ်လွှာမှာတစ်ရွက် တစ်ရွက်မှာ တစ်ညှာလို့အဆိုရှိတဲ့ စွယ်တော်ရွက်နဲ့တူသော်လည်း စွယ်တော်က အပင်မျိုး၊ ကျားမနိုင်က နွယ်မျိုးပါ။ ကျားမနိုင်ရွက်က စွယ်တော်ရွက်ထက်နည်းနည်းပိုကြမ်းတယ်။ စွယ်တော်ရွက်က အရောင်နုတယ်။ ကျားမနိုင်က အရောင်ရင့်တယ်။ အဖျားနည်းနည်းသွယ်တယ်။ ဒီလောက်တော့ကွာပါတယ်။ တောနက်တောင်နက်တွေမှာ အလွန်ပေါတာပေါ့။

တောတောင်ထူထပ်တဲ့ မိုးကုတ်ဒေသမှာတော့ ရွာပြင်ထင်းခြံတွေမှာ အလွန်ပေါတာပါ။ ထင်းပင်တွေကို အုပ်မိုးလွှမ်းခြုံရင် ထင်းပင်တွေအဖြစ် နှေးတာကြောင့် ကျားမနိုင်နွယ်တွေကို ခုတ်ပစ်လေ့ရှိပါတယ်။ သို့သော်လည်း လူအများစုဟာ ကျားမနိုင်ပင်ရယ်လို့ မသိကြပါဘဲ နွယ်ရိုင်းပင်တွေလို့သာသိကြတာ များပါတယ်။ ကောင်းတဲ့အချက်က ကျားမနိုင်ပင်ဟာ ဆူးလုံးဝမပါတာကြောင့်ခုတ်ရတာလွယ်ကူပါတယ်။

နွယ်ပင်တွေမှာ အဆိုးရွားဆုံးက ဆူးအတိပြီးတဲ့ ဆူးရစ်နွယ်တွေပါပဲ။ ဆူးရစ်နွယ်ပင်ကလည်း အသုံးဝင်တာရှိပါတယ်။ ငါးအုံးရိုက်တဲ့အခါမှာ ဆူးရစ်နွယ်နဲ့ရိုက်ရတာပါ။ ထားပါတော့။

ကျွန်တော်တင်ပြချင်တာက ကျားမနိုင်အဆီထုတ်နည်းနဲ့ သုံးစွဲနည်းပါ။

ကျွန်တော်ငယ်ငယ် (၁၈)နှစ်သား အရွယ်က မြင်းခြံမြို့ ကိုးဆောင်တိုက် မဟာဝိသုတာရာမိကပါဠိတက္ကသိုလ်မှာ သာမဏေဘဝနဲ့ စာသင်နေတော့ကာ စာမေးပွဲတွေဖြေအပြီး နွေရာသီမှာ ကျွန်တော်တို့ ပျဉ်းမနားပြန်ကြပါတယ်။ ဒီတော့ကာ တောတောင်ထူထပ်တဲ့ ကျွန်တော်တို့ဒေသကို မြင်းခြံတောင်သာနယ်က ဦးဝိသုဒ္ဓရယ်၊ ပေါင်းတည်ဘက်က ဦးနန္ဒောရယ်၊ ဟင်္သာတဘက်က ဦးပညာဝရရယ် လိုက်ပါလာကြပါတယ်။

သူတို့က အရမ်းလိုက်ပါလာကြတာမဟုတ်ပါဘူး။ ဆေးဝါးတွေရချင်လို့ လိုက်ပါလာကြခြင်းပါ။ အဲဒီတုန်းက အဖေက ကရွယ်ကောင်း အားကောင်း မောင်းသန်ပါ။ ပထမ ကျားမနိုင်ဆီရချင်ဆိုတော့ အဖေက သူ့သက်ကယ်ကွင်း ရှိရာ ပိတောက်မြောင်ဘက်တောကြီးထဲက ကျားမနိုင်နွယ်တွေခုတ်ပြီး လှည်းနဲ့ တင်ယူလာပါတယ်။ သေးသေးသိမ်သိမ်တွေမဟုတ်ပါဘူး။ လက်မောင်းလုံး၊ ခြေသလုံးလောက်ကြီးတဲ့ နွယ်ကြီးတွေပါ။ ဘဝမှာ ပထမဆုံးမြင်ဖူးခြင်းပါပဲ။ ကျွန်တော်တို့ကတော့ တအံ့တသြပါ။ အပင် အရွက်တွေဘယ်လိုတည်ဆောက်တယ် ဆိုတာတော့ မသိပါဘူး။

အဲဒီမှာ အဖေက ဖျာကြီးခင်းပြီး စဉ်းတီတုံးချကာ ဓားထက်ထက်နဲ့ ကျားမနိုင်နွယ်တွေကိုပါးပါးခုတ်ချတော့တာပါ။ ပြီးတာနဲ့ ဒယ်ကြီးထဲထည့်ပြီး ထင်းမီးနဲ့ ပြုတ်ပါတယ်။ တော်ကြာတော့ ပထမအရည်ကို ဒန်အိုးကြီးထဲငှဲ့ထည့်ပါတယ်။ သုံးကြိမ်ပြုတ်ကာ ငှဲ့ထည့်ပြီးတဲ့အခါမှာတော့ ဒယ်အိုးထဲက ကျားမနိုင်ဖတ်တွေ သွန်ပစ်ပါတယ်။ အရည်တွေက နီညိုညို အရောင်ပါ။

အဲဒီအရည်တွေ ဒယ်အိုးကြီးထဲ ပြန်ထည့်ပြီး မီးနဲ့ပြန်ကျိုချက်တာပါပဲ။ ဝါးယောက်မနဲ့မွှေပေးနေရပါတယ်။ အိုးမကပ်အောင်ပါ။ ကြာတော့ အရည်တွေ ပျစ်ပြီး ညိုမည်းမည်းအရောင်ဖြစ်လာတဲ့အခါ ဒယ်အိုးချပြီး အအေးခံထားပါတယ်။ အေးတဲ့အခါမှာတော့ ပျစ်နေတဲ့ ကျားမနိုင်ဆီကိုရပါတော့တယ်။ ပုလင်းနှစ်လုံးစာပဲရတော့ကာ ပုလင်းထဲထည့်ပြီး ဦးပဉ္စင်းတွေကိုလှူလိုက်တော့တာပါ။

ဒါနဲ့မပြီးသေးပါဘူး။ ကံ့ကော်ဝတ်ဆံရချင်တယ်ဆိုလို့ အဖေက သိမ်ကျောင်းသွားပြီး ကံ့ကော်ပွင့်ခြောက်တွေကောက်ကာ • ဝတ်ဆံတွေခြွေပြီး စုပြန်ပါတယ်။ ကံ့ကော်ဝတ်ဆံစစ်စစ် တစ်ပုလင်းလည်းလှူပြန်ပါတယ်။

နောက်ဝါးပျံ့ရချင်တယ်ဆိုလို့တောနက်ထဲက ပိတောက်မြောင်ကို ဦးပဉ္စင်းသုံးပါးရယ်၊ ကျွန်တော်တို့ညီအစ်ကိုရယ် လှည်းနဲ့ခေါ်သွားပြီး အလွန်ကြီးမားတဲ့ ကျွန်းပင်ခွဆုံကြီးပေါ်က ဝါးပျံ့ရုံကြီးကို လှေကားဆင်ပေးပြီး စိတ်ကြိုက်ခုတ်စေပါတယ်။ ဆေးဝါးဝါသနာပါကြတဲ့ဦးပဉ္စင်းတွေဟာ ကိုယ်ရချင်တာရတော့ပျော်ကြလို့ပေါ့ဗျာ။

နောက်တော့ ပျဉ်းမနားမှာလည်း ကြပတ်ကြပြီး မြင်းခြံကိုပြန်ကြတော့တာပါ။ မြင်းခြံရောက်တော့ကာ ပေါင်းတည်ဦးနန္ဒောက ပျားရည်တစ်ပုလင်းထဲကို ကျားမနိုင်ဆီထမင်းစားဇွန်းတစ်ဇွန်းထည့်ပြီး ခလောက်ကာ ကျားမနိုင်အားဆေးဆိုပြီး ထမင်းစားဇွန်းနဲ့တစ်ဇွန်းစားတော့တာပါပဲ။

မကြာလိုက်ပါဘူး ခဏလေးရယ်ပါ။ ဦးနန္ဒောဟာ ပူတယ်ပူတယ်ဆိုပြီး ချွေးတွေပြန်ကာ ဆိုးဆိုးဆတ်ဆတ်တွေ တုန်လာတော့တာပါပဲ။ ငှက်ဖျားထသလို တုန်နေတော့ပါ။ ဒီအခါမှာတော့ ဆေးအဆိပ်သင့်ပြီဆိုတာ သိကြတာမို့ အမြန်ဆုံး ဆေးခန်းဆီပြေးကြရတော့တာပေါ့။ ဒီအခါမှသက်သာခွင့်ရပါတော့တယ်။ အဲဒီနောက်တော့ ကျားမနိုင်အားဆေးကို မစားရဲတော့ပါဘူး။

အမှန်ဗျော့ ဆေးအဆီပမာဏ လွန်ကဲမှုရယ်၊ စားသုံးနှုန်းလွန်ကဲမှုရယ် ကြောင့် ခုလိုဖြစ်ရခြင်းပါ။ တန်ဆေးလွန်ဘေးလို့ မြန်မာ့စကားမှာ အဆိုရှိပါတယ်။အဲဒီအတွေ့အကြုံအရ ပျားရည်တစ်ပုလင်းမှာ ကျားမနိုင်ဆီလက်ဖက်ရည်ဇွန်းတစ်ဇွန်းစာလောက်ပဲထည့်ပြီး စားသုံးတဲ့အခါမှာလည်း တစ်နေ့ကို လက်ဖက်စားဇွန်း တစ်ဇွန်းလောက်ပဲ စားသုံးရင်ဖြင့် သင့်တော်မယ်ထင်ပါတယ်။

ကျားမနိုင်ပင်တွေဟာ တောင်တန်းဒေသတွေရဲ့တောတောင်တွေမှာရှိနေဆဲပါ။ ပျဉ်းမနား (နေပြည်တော်) ဒေသမှာတော့ တောတောင်တွေပြောင်တလင်းခါသွားပြီမို့ မြင်ရဖို့တောင် ခက်ခဲသွားပါပြီ။ နေပြည်တော်မှာ သစ်တောတွေ ပြန်လည်ထိန်းသိမ်းနေပါပြီ။ နောင်မှာ ဂေဟစနစ်အရ ကျေးငှက်တွေကပြန်လည်သယ်ဆောင်ပေးမှာမို့ ကျားမနိုင်ပင်တွေရော အခြားတောပျော်အပင်တွေပါ ပြန်လည်ပေါက်ရောက်လာတော့မှာပါ။ အဖေခုတ်ယူလာတဲ့ ကျားမနိုင်နွယ်ကြီးတွေကို မြင်ယောင်နေဆဲပါ။

အဲဒါကြောင့် ကျားမနိုင်အဆီထုတ်နည်းနဲ့ သုံးစွဲနည်းလေးကို တင်ပြလိုက်ခြင်း ဖြစ်ပါတယ်။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်-ကျော်ကျော်စိုး

www.burmeseclassic.com1

www.burmeseclassic.com

# မျိုးတင့်
## (ညောင်လေးပင်)
# အဘွားမျက်ရည်နှင့်ကျီးသေ



'တပေါင်းနေ၊ ချောင်းရေကို ငုံ့သောက်' ဆိုသော မောင်စိန်ဝင်း (ပုတီးကုံး) ၏ ကဗျာစာသားကို ကျွန်တော် ရွတ်ဆိုနေမိသည်။

တပေါင်းနေနှင့်အတူ ကျွန်တော့်ရင်ဘတ်ထဲတွင် ယုယစွာထိန်းသိမ်းထားခဲ့သော်ပန်းချီကားလေးတစ်ချပ်ရှိခဲ့သည်။ တိတိကျကျပြောရသော် ကင်မရာနှင့် ရိုက်ကူးထားသော ဓာတ်ပုံလေးတစ်ပုံ ဖြစ်ပါသည်။

ကုန်လွန်ခဲ့ပြီဖြစ်သော နှစ်ပေါင်း (၆၀) ကို ပြန်လည်ရေတွက်သော် ထိုစဉ်က ကျွန်တော်၏အသက်သည် (၁၂)နှစ်၊ (၁၃) နှစ်လောက်သာရှိပါလိမ့်ဦးမည်။ ကျွန်တော့်ဖေဖေ၏မိတ်ဆွေဓာတ်ပုံဆရာဦးကြည်သည် ကျွန်တော်တို့ရွာ ပုစွန်မြောင်းရွာကြီးကို အခြေပြု၍ ဓာတ်ပုံရိုက်ကူးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။သူ၏ဇာတိမှာ ပဲခူးမြို့ ကွမ်းခြံကုန်းရပ်ကွက် ဖြစ်သည်။

ဦးကြည်သည် ကျွန်တော်တို့အိမ်တွင် စတည်းချ၍ ဓာတ်ပုံလှည့်လည်ရိုက်ကူးပါသည်။ ကျွန်တော်သည် ဦးကြည်၏ ကူဖော်လောင်ဖက်အဖြစ် ရွာရိုးကိုးပေါက်လိုက်ပေးရသည်။ ထိုစဉ်က ဓာတ်ပုံတစ်ပုံရိုက်ရန် မလွယ်ကူချေ။ ညောင်လေးပင်မြို့သို့တက်ပြီးမှရိုက်၍ရသည်။ အိမ်တိုင်ရာရောက်ဓာတ်ပုံလှည့်လည်ရိုက်ကူးပေးသောကြောင့် ဦးကြည်မှာ အလွန်စန်းပွင့်ခဲ့လေ၏။ သက်ကြီးရွယ်အိုဘိုးဘွားမိဘများကို သားမြေးများက ဝတ်ကောင်းစားလှဝတ်စားစေ၍ မသေမီမှတ်တမ်းတင်ရန် ဓာတ်ပုံရိုက်ကြသည်။ အပျို၊ လူပျိုများ၊ ကလေးငယ်များလည်း အိမ်တိုင်းစေ့လိုလို တောက်စိုက်ပေး၊ ပျိုးနုတ်ပေးယူ၍ရသော ငွေစကြေးစလေးများနှင့် သူထက်ငါ ဓာတ်ပုံရိုက်ကူးကြသည်။

ထိုအချိန်ကား ယနေ့ခေတ်ကဲ့သို့ ဓာတ်ပုံပညာတိုးတက်သည်မဟုတ်မပါ။ ဓာတ်ပုံရိုက်ရာတွင် (၃)ချောင်းထောက်ကြီးပေါ် တွင် ကင်မရာကိုတင်၍ အဝတ်မည်းကြီးကိုခြုံအုပ်၍ ရိုက်ကြရသည်။ ဓာတ်ပုံမှာ ဆေးရောင်စုံမဟုတ်ဘဲ အဖြူနှင့်အမည်းသာ ပုံထွက်သည်။ ဆေးရောင်စုံနှင့် လှပသောဓာတ်ပုံကိုရရှိနိုင်ရန် ဓာတ်ပုံဆရာဦးကြည်ကို အထူးပြု အပ်နှံကြရသည်။ ရောင်စုံဓာတ်ပုံဖြစ်အောင် ဓာတ်ပုံဆရာက စုတ်တံနှင့် ဆေးခြယ်ရသည်။ အလွန်လက်ဝင်သောအလုပ်ဖြစ်ရာ ဆေးရောင်စုံဓာတ်ပုံအတွက် တန်ဖိုးမြင့်မားစွာပေးရလေသည်။ ထိုစဉ်က ဓာတ်ပုံဆရာဦးကြည်၏ဓာတ်ပုံလက်ရာမှာ ဆေးသားအလွန်ခိုင်ခဲ့သည်။ ကျွန်တော်ငယ်စဉ်က ရိုက်ကူးထားသော ကျွန်တော့်ဖေဖေ၏ မောင့်ကျက်သရေခေါင်းပေါင်းနှင့် ဆေးရောင်စုံဓာတ်ပုံသည် ယနေ့တိုင် ဆေးသားများမကွက်မပြောက်ပါဘဲ ဖခင်ကြီး၏အိမ်တွင် ရှိနေပေသေးသည်။

ကျွန်တော်နှင့်ဦးကြည်သည် ရိုက်ကွင်းများကိုရှာ

www.burmeseclassic.com

ရင်း အနုပညာမြောက် ရှုခင်းရှုကွက်များကိုလည်း မှတ်တမ်းတင်ရိုက်ကူးရန် ဝါသနာတူခဲ့ကြပါသည်။ သဘာဝအတိုင်း လှပစွာတည်နေသော ကျွန်တော့်တို့ရွာ၏ ရှုခင်းများကို ဓာတ်ပုံရိုက်ကူးဖြစ်ခဲ့ကြသည်။

မှတ်မှတ်ရရ တပေါင်းလ ဆည်းဆာချိန်အလှနှင့် လှချင်တိုင်းလှပနေသော ရွာ၏နောက်ဖေး စစ်တောင်းမြစ်အင်းကောကြီးထဲတွင် အင်းရေပြင်ကို နေလုံးနီကြီးက ထိနမ်းနှုတ်ဆက်နေသည်။ ဆရာမောင်စိန်ဝင်းက 'တပေါင်းနေ၊ ချောင်းရေကိုငုံ့သောက်' ဟု ဤမြင်ကွင်းမျိုးကို တင်စားရေးဖွဲ့ခဲ့ခြင်းဖြစ်ဟန်



တူသည်။ ကြာခဲ့ပြီ။ ထိုမြင်ကွင်း၏သက်တမ်းသည် နှစ်ပေါင်း (၆၀) ကျော်ပင်ဖြတ်သန်းကုန်ဆုံးခဲ့ပြီ။ သို့ပါသော်လည်း ကျွန်တော်သည် ထိုမြင်ကွင်းနှင့် ညနေဆည်းဆာအလှကို မမေ့နိုင်ခဲ့ပါသေး။

လူတို့တွင် ငုပ်လျှိုးနေသောဥပါဒန်အစွဲတရားများသည် နက်ရှိုင်းသော နှလုံးသား၏တစ်နေရာ၌ ပုန်းလျှိုးကွယ်လျှိုးရှိနေတတ်ကြကုန်သည်။ ကျွန်တော်၏ငယ်နုစဉ်က နှလုံးသားတွင် ချောင်းရေကိုငုံ့သောက်နေသော တပေါင်းနွေနှင့် တပေါင်းလ၏ အလှတရားသည် ဥပါဒါန်၏ ကျက်စားရာ ပုံရိပ်အဖြစ်ထင်ကျန်နေဆဲဖြစ်သည်။

ထိုအကြောင်းကို တင်ပြပါမည်။

ကျွန်တော်၏အဘွားသည် ထိုနေ့က သူ၏ မြေးပျိုမလေးနှစ်ဦးနှင့် ရွာနောက်ဖေး အင်းကောကြီးသို့ ရေခပ်ဆင်းလာခဲ့သည်။ အင်းရေမှာ လွန်ခဲ့သော နှစ် (၆၀)ခန့်က များလည်းများ သန့်ရှင်းကြည်လင်ခြင်းလည်းရှိသည်။ သဘာဝပတ်ဝန်းကျင်၏ နှောင့်ယှက်မှု ကင်းဝေးနေသေးသည်။ ကျွန်တော်တို့

www.burmeseclassic.com

ရွာသူရွာသားများတို့ အင်းကောကြီးမှ ရေကို သုံးရေအဖြစ် မှီခိုခွင့်ရခဲ့ကြသည်။ ရွာနှင့်ခပ်လှမ်းလှမ်းတွင်မူ ရွာကို သစ်စိမ်းချိုးချိုး၍အဝေးသို့ထွက်ပြေးသွားပြီဖြစ်သော စစ်တောင်းမြစ်ကြီးစီးဆင်းနေပါသည်။ စစ်တောင်းမြစ်ကြီးက စဉ်ဆက်မပြတ်စီးဆင်းနေ၍ ရေရှင်ဟုခေါ်၏။ သူချန်ထားခဲ့သော အင်းကောရေမှာမူ စီးဆင်းနိုင်ခြင်းမရှိတော့၍ ရေသေဘဝသို့ ရောက်ခဲ့ရပြီ။ သောက်ရေကိုလိုချင်ပါလျှင် ရွာသားများသည် စစ်တောင်းမြစ်ကြီးနောက်သို့ ကောက်ကောက်ပါအောင်လိုက်ပြီးမှ ခပ်ယူခဲ့ကြရပါသည်။

အဘွားနှင့်မြေးပျိုမလေးဖြူပြာနှင့် မူယာတို့သည် ရေအိုးကိုယ်စီရွက်၍ ရေခပ်ဆင်းလာကြသည်။ ညနေရီရီ ရေအိုးကိုယ်စီနှင့် လှပနေကြသည်။ ကျွန်တော်က -

"ဦးကြည်ရေ ဟိုမှာ ကျွန်တော့်ဘွားဘွားတို့ ရေခပ်ဆင်းလာကြတယ်ဗျ။ အင်းထဲကဝင်တော့မယ့်နေလုံးနီနီကြီးဘက်ဂရောင်းခံပြီး ဓာတ်ပုံရိုက်လိုက်ရင်ကွက်တိပဲဗျ"

ဟုပြောလိုက်ရာ ဓာတ်ပုံဆရာကသဘောတူကြောင်း ခေါင်းညိတ်ပြသည်။

လောကကြီးကိုတွယ်တာမက်မောစွာထွေးပွေ့နှုတ်ဆက်၍ ကမ္ဘာ၏တခြားနေရာတွင် တာဝန်သစ်ကိုထမ်းဆောင်ရန်ရှိသည့် နေမင်းကြီးသည် သူ၏အလှကို အစွမ်းကုန်တန်ဆာဆင်လျက် အင်းရေပြင်ကို ပတ္တမြားရည်ဆမ်းထားလေသည်။ ထိုအခင်းအကျင်းတွင် အဘွားနှင့်မြေးပျိုမလေးနှစ်ဦးတို့ ရေခပ်နေကြသည်။

တပေါင်းရေသည် ချောင်းရေကိုအားပါးတရ ငုံသောက်နေသည်။ နေ၏အလှနှင့် နွေ၏သဘာဝသည် ရှုမောလိုက်ဖက်လွန်းသည်။ ထိုအချိန်မျိုးကို အရုပ်ဆိုးလှချိန်ဟုခေါ်ခဲ့ကြသည်။အရုပ်ဆိုးသူများပင် နေရောင်ခြည်ခြယ်မှုန်း၍ လုံးလုံးလျားလျားလှပသွားချိန်ဖြစ်သည်။ ကျွန်တော့်အဘွားမှာ ထိုစဉ်က အသက် (၆၀) အရွယ်ဖြစ်သည်။ အဘွားသည် ကြံ့ခိုင်သန်မာသောတောလူမကြီးတစ်ဦးဖြစ်သည်။ မျက်နှာမှာ လမင်းကြီးလိုဝိုင်းစက်နေသည်။ အမြဲပြုံးရွှင်နေပြီး ချစ်ခင်ကြင်နာစွာ ဆက်ဆံပြောဆိုတတ်သည်။ အဘွားနှင့်မြေးမလေးဖြူပြာနှင့် မူယာတို့ကို ခြေထောက်အားလူပ်ခတ်စေ၍ ရေပြင်၌ ဂယက်ကလေးများထင်လာအောင် ဦးကြည်က ပြုမူစေသည်။ ရေပြင်၌ ဝိုင်းစက်သောရွှေရောင်ဂယက်ကလေးများဆင်လာသည်။ ရေခပ်သူက ခပ်၍ ရေအိုးပင့်သူကပင့်ပြီး ရေအိုးရွက်သူကရွက်နေသော ဓာတ်ပုံနှင့် ရေအိုးကိုယ်စီရွက်ထားသောရွှေအိုရောင်ဆည်းဆာနောက်ခံဓာတ်ပုံများကို အသက်ဝင်စွာရိုက်ကူးယူခဲ့ကြသည်။ ဓာတ်ပုံရိုက်နေစဉ် အဘွားနှင့် မြေးမကလေးများကို ပြုံးရယ်ခိုင်းရသေးသည်။ ထိုစဉ်က ကျွန်တော့်ဘွားဘွားသည် မြေးပျိုမလေးဖြူပြာ၊ မူယာတို့နှင့်အပြိုင် လှပနုပျိုနေသည်ဟု ကျွန်တော် ထင်ခဲ့မိပါသည်။

■

နှစ်ပေါင်း (၆၀) ဟူသောကာလယန္တရားကြီးကို ဖြတ်ကျော်လာခဲ့ပြီးသော် ကျွန်တော်သည် အသက် (၇၀) ကျော်အဘိုးအိုတစ်ဦးဖြစ်လာခဲ့ပါသည်။ သို့ပင်ငြားလည်း တပေါင်းလ၏ နေဝင်ချိန်များတွင် ရွာနောက်ဖေးရှိ အင်းရေပြင်ကို ထိနမ်းနှုတ်ဆက်နေသော နေမင်းကြီးကို ကျွန်တော် အမှတ်ရနေဆဲရှိ၏။ ထိုသို့မှတ်မိနေခြင်းမှာ သဘာဝမြင်ကွင်းက ကျွန်တော့်ကို ချုပ်နှောင်ဖမ်းစားခဲ့ခြင်းကြောင့်လည်းဖြစ်နိုင်သည်။ အဘွား၏ သံယောဇဉ်ကြိုးမျှင်က ကျွန်တော့်ကို နှောင်ဖွဲ့ရစ်ပတ်ထားခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

ကျွန်တော် ကျောင်းသားဘဝ (၆) တန်းအရောက်တွင် ကျွန်တော်၏ မွေးမိခင် မေမေသည် မမျှော်လင့်ဘဲ အသက်ငယ်ငယ်နှင့် ကွယ်လွန်ခဲ့ရပါသည်။ ထိုစဉ်က အဘွားရှိနေပါသေး၏။ အဘွားသည် မိတဆိုးဖြစ်သွားရှာသော မြေးဖြစ်သူ ကျွန်တော့်ကို ကြင်နာဂရုစိုက်ပါသည်။ အဘွား၏အိမ်တွင် ကျွန်တော် အနေများခဲ့သည်။ အဘွား၏ အငယ်ဆုံးသောသား ကျွန်တော်၏ဦးလေးသည် ကျွန်တော်နေသောကျောင်းတွင် ကျွန်တော့်အား စာသင်ပေးသောဆရာတစ်ဦးဖြစ်သည်။ ထို့ကြောင့်ပင် စာကျက်ရင်း အဘွားအိမ်တွင်နေခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်တို့အိမ်တွင် အမေဆုံးသွားပြီးနောက် ကျွန်တော်သည် သားကြီးတစ်ဦးဖြစ်၍ မချက်တတ်ချက်တတ်နှင့် ထမင်းဟင်းချက်ခဲ့ရသည်။ ငါးပြက်ဟုခေါ်သောငါးလေးများကိုချေးဖောက်၍ချက်ရသည်ကိုမသိသောကြောင့် ရေဆေးပြီး ဆီမွှေးသတ်ကာ မဆလာအုပ်၍ အကျအနချက်ခဲ့ဖူးသည်။ ငါးသည်းခြေများကို ငါးချေးဖောက်မစွန့်ပစ်ခဲ့၍ တစ်အိုးလုံးခါးတူးပြီးစွန့်ပစ်ခဲ့ရသည်ကို မှတ်မိနေသည်။ ကျွန်တော်သည် ဖခင်ကြီး၏ဩဝါဒအတိုင်း နံနက်ခင်း ထမင်းဟင်းချက်ပြုတ်ပြီးသော် ဘုရားရှင်အား ဆွမ်းတော်ဆက်ကပ်ရသည်။ ဆွမ်းကပ်ပြီးလျှင် အိမ်ရှေ့တွင်ဖခင်ကြီးပြုလုပ်ပေးထားသော ဆွမ်းတော်စွန့်သော စင်ပေါ်၌ ဆွမ်းနှင့် ဟင်းများကို ကျီးစာငှက်စာကျွေးရပါသည်။ ထိုတာဝန်အရပ်ရပ်မှာ ကျွန်တော်၏နေ့စဉ်တာဝန်များသာ ဖြစ်လေသည်။

တစ်နေ့သ၌ ကျွန်တော်သည် ဘုရားဆွမ်းတော်ကိုစွန့်ရာတွင် ဆွမ်းတစ်ဝက်ကို သစ်သားစင်လေးပေါ်သို့တင်ပြီး တစ်ဝက်ကို မြေပြင်ပေါ်သို့ စွန့်ပက်ဖြန့်ထားခဲ့ပါသည်။ ကျီးငှက်တို့သည်တို့သည် စင်ပေါ်မှ လည်းကောင်း၊ စင်အောက်သို့ကျနေသောဆွမ်းထမင်းများကိုလည်းကောင်း အလုအယက်ကိုကိုတ်ချီပျံသန်းခဲ့ကြလေသည်။

စင်စစ်တွင် ထိုသို့ပြုမူခြင်းမှာ ကျွန်တော်၏ မရိုးသားမှုကြောင့်ဖြစ်ကြောင်း ကျွန်တော် အသိဆုံးဖြစ်ပါသည်။ ကျွန်တော်တို့အိမ်တွင်မွေးထားသော ခွေးကျားမတစ်ကောင်ရှိပါသည်။ ထိုခွေးမသည် အလွန်လျင်မြန်ပါသည်။ စာငှက်ငယ်များ၊ ကျီးငှက်များကိုပင် ရုတ်တရက် ခုန်ဖမ်းနိုင်အောင်စွမ်းပါသည်။ ဆွမ်းတော်စွန့်များကို မြေပြင်ပေါ်မှကိုက်ချီပျံသန်းနေသောကျီးတစ်ကောင်ကောင်ကို ဧကန်ပင်ဖမ်းနိုင်မည်ဟု ကျွန်တော်သိထားပါသည်။ ထို့ကြောင့်ပင် ဤအပြုအမူကို ကျွန်တော် ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ထင်ထားသည့်အတိုင်း ဘယ်အရပ်က ချောင်းမြောင်းနေမှန်းမသိရသော ခွေးကျားမသည် ကျီးကန်းတစ်ကောင်ကို ခုန်အုပ်ဖမ်းဆီးလိုက်သည်။ ကျွန်တော် ထိတ်ခနဲရင်ဖိုသွားသည်။ ရှီးဟုလေသံပေးကာ ခြောက်လှန့်မောင်းနှင်ရန် မသမာသော အကြံသမား ကျွန်တော် ပျက်ကွက်ခဲ့ပါသည်။ ခွေး၏ပါးစပ်တွင် အသက်ပျောက်သွားမှ ကျွန်တော်သည် ခွေးကိုမောင်းထုတ်ခဲ့ရာ ကျီးသေကိုချထားပြီး ခွေးကျားမ ထွက်ပြေးသွားလေသည်။ ကျွန်တော်သည် အောင်ပွဲရစစ်သူကြီးကဲ့သို့ ကျီးသေကို ကောက်ယူခဲ့ပါသည်။ ထိုကျီးသေကိုအမွေးနုတ်ကာ မီးမှာကင်စားရတော့အံ့ဟု ကျွန်တော် တွေးရင်းပျော်နေခဲ့သည်။

ကျီးသေကောင်ကိုကောက်ယူပြီး



www.burmeseclassic.com1

www.burmeseclassic.com

အဘွားတို့အိမ်သို့ကူးခဲ့ပါသည်။ အဘွားတို့အိမ်နှင့်ကျွန်တော်တို့အိမ်ကို စစ်တောင်းရေကာတာကြီးက ပိုင်းခြားထားသည်။ ကျွန်တော်သည် တာရိုးကိုကျော်ရင်း အဘွားထံရောက်သွားသည်နှင့် -

"အဘွား၊ ကျွန်တော် ကျီးကန်းသေတစ်ကောင် ခွေးကိုက်လို့ရခဲ့တယ်။ ကျီးကန်းကို မီးကင်စားမယ်နော်"

ဟု ပြောလိုက်သည်။

အဘွားသည် ကျွန်တော့်မျက်လုံးအိမ်ထဲသို့ စူးနစ်သောအကြည့်နှင့် မြားတစ်စင်းပစ်လွှတ်လိုက်သည့်ပမာ စူးစိုက်ပြီး ကြည့်လိုက်သည်။ ထိုစဉ် အဘွား၏ စူးစမ်းမျက်လုံးများသည် ကျွန်တော်၏ နှလုံးသားကို စူးဝင်သွားစေပြီး အမျိုးအမည်မသိသောဝေဒနာတစ်မျိုးကိုခံစားလိုက်ရကြောင်း ကျွန်တော် ကောင်းစွာခံစားမှတ်မိနေပါသည်။ ကျွန်တော်၏ဖုံးဖိမရနိုင်သော အကုသိုလ်အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသော အမူအရာကို အဘွား ကောင်းစွာရိပ်စားမိသွားဟန်တူသည်။

အဘွားတွင် တုန်ရီသောအသံ၊ ရီဝေထိတ်လန့်သောမျက်လုံး၊ စိုးရိမ်ထိတ်လန့်ခြင်းအမူအရာများ တစ်ပြိုင်နက်တည်း ဖြစ်ပေါ်လာသည်။ အဘွား၏ မျက်ဝန်းထောင့်နေရာမှ ပြည့်လျှံထွက်ကျလာသည့်မျက်ရည်များကို တွေ့လိုက်ရသည်။

"ဟင်-ငါ့မြေးလေး၊ မင်း. . . မင်း ဒီကျီးကန်းကို သေအောင်လုပ်ကြံခဲ့ပြီမဟုတ်လား"

ဟူ၍ တုန်တုန်ယင်သာအသံနှင့် အမေးပုစ္ဆာထုတ်ခဲ့လေသည်။ ကျွန်တော်သည် မိုက်မဲစွာဆက်၍လိမ်ညာခြင်းအမှုကို ကျူးလွန်ခဲ့ပါသည်။

"ဟင့်အင်း-ဘွားဘွား၊ သားမသတ်ရပါဘူး ဘွားဘွား"

"မဟုတ်သေးဘူး မြေးလေး၊ ဒီကျီးကန်းဟာ သားရဲ့အားထုတ်မှုကြောင့် သေခဲ့ရရှာပြီ။ ဒီကျီးလေးသေသွားတော့ သူ့မိသားစုတွေ၊ အဖေ၊ အမေ၊ အဘိုးအဘွားတွေ ဘယ်လိုခံစားကြရမလဲ။ ငါ့မြေးလေး ငယ်ငယ်ရွယ်ရွယ်နဲ့ အခုဆိုရင် အမေမရှိတဲ့ မိတဆိုးဘဝရောက်ခဲ့ရပြီ။ အဲဒါ ဟိုအရင်ဘဝက သူများတွေရဲ့မိသားစုဘဝတွေကိုဖျက်ဆီးခဲ့လို့ပဲကွယ့်။ အခုလည်း နောက်တစ်ခါထပ်ပြီးသတ်ခဲ့ပြန်ပြီ။ ဩ - ဒုက္ခဒုက္ခ နောက်ဆိုရင် ဒီလိုအလုပ်မျိုးကို ဘယ်တော့မှမလုပ်ပါနဲ့ ငါ့မြေးလေးရယ်"

ဟု ပြောဆိုရေရွတ်ရင်း အဘွားသည် ကျွန်တော်၏ ပခုံးနှစ်ဖက်ကို အသာအယာကိုင်လှုပ်၍ကျူကျူပါအောင် ရှိုက်ကြီးတငင်ငိုကြွေးခဲ့ပါသည်။

"မသိလို့မှားခဲ့တဲ့ တပည့်တော်မမြေးလေးကို ခွင့်လွှတ်တော်မူကြပါဘုရား"

ဟု ဘယ်ရယ်လို့ခေါင်းစဉ်မတပ်ရှာဘဲ ရောက်တတ်ရာရာ ဆုတောင်းနေရှာသည်။

"အုံးကြည်ရေ၊ နင့်သားလူမိုက်ကြီးကိုလာကြည့်ပါဦးကွယ်"

ဟူ၍လည်း ကွယ်လွန်သွားရှာပြီဖြစ်သော ကျွန်တော့်အမေကို တမ်းတတိုင်တည်နေလေသည်။ကျွန်တော်သည် အားပါးတရ အူအသည်းများ ပြုတ်ပြုတ်ပြန်းမျှ ငိုကြွေးနေသော အဘွားကို မည်သို့မျှဖြေရှင်းပြရန် အခွင့်မသာခဲ့ပါချေ။ အဘွားကိုဖြေရှင်းပြ၍လည်းရမည်မဟုတ်ပါသောကြောင့် အဘွားနှင့်အတူ ရောနှောလျက် ငိုကြီးချက်မလုပ်ရုံမှလွဲပြီး ဘာမှမတတ်နိုင်ခဲ့ပါလေ။ ထိုဖြစ်စဉ်သည် ကျွန်တော်၏ ကလေးသာသာ လူငယ်ဘဝက မေ့မရနိုင်ခဲ့ပါသော ပုံရိပ်လွှာတစ်ခုဖြစ်ခဲ့ပါလေသည်။

■

နေဝင်ချိန်ရှုခင်းများက ခါတိုင်းလိုပင်။ နှစ်များစွာကို ဖြတ်ကျော်ရင်း တပေါင်းနေသည် ချောင်းရေကိုငုံ့သောက်နေဆဲဖြစ်သည်။ တစ်ချိန်သောအခါက ကျွန်တော်နှင့် ဦးကြည်တို့မှတ်တမ်းတင်ရိုက်ကူးခဲ့သော တပေါင်းနေချောင်းရေငုံ့သောက်ချိန် ရေခပ်ဆင်းဓာတ်ပုံသည်ပင်။ နှစ်များလများက ဝါးမျိုတိုက်စားမှုနှင့်အတူ ပျက်စီးခဲ့ရပါပြီ။ သို့ပင်ငြား လည်း တပေါင်းနေ၏ နွေအိုဆည်းဆာရှုခင်းကို မမေ့နိုင်ခဲ့ပါ။ ကျွန်တော်တို့ရွာနောက်ဖေးရှိ သဘာဝကြောင့် ပျက်စီးတိမ်ကောနေသော အင်းရေပြင်တွင် တပေါင်းနေက ချောင်းရေကိုငုံသောက်နေဆဲပင်။ တပေါင်းနေသည် ကမ္ဘာမြေလောကဓာတ်ကြီးတစ်ခွင်လုံးရှိ သမုဒ္ဒရာ မြစ်ချောင်းအင်းအိုင်များ၌ အရိပ်ထင်အလှဆင်မြဲပါတကား။ ကျွန်တော်သည်ပင် တပေါင်းကာလနေ့ရက်များကိုကျော်ဖြတ်ရင်း အသက် (၇၀) ကျော်အရွယ်တိုင်ခဲ့လေပြီ။

မြေးတို့ကို အလွန်ချစ်သော ကျွန်တော်၏ ဘွားဘွားအမည်မှာ ဒေါ်စောခင် ဖြစ်သည်။ အဘွားသည် ရိုးသားပွင့်လင်းသည်။ သူမ၏ရိုးရာအသက်မွေးမှုလုပ်ငန်းမှာ မြေအိုးလုပ်ငန်းဖြစ်သည်။အိုးအဖြစ်ဖန်တီးသောအတတ် (အိုးလှည့်ခြင်း)၊ အိုးရိုက်ခြင်း (အိုးကိုပုံစံသွင်းခြင်း) တို့၌ အဘွားကျွမ်းကျင်ပါသည်။ အဘွား၏ အားနည်းချက်မှာ စာပေမတတ်ကျွမ်းခြင်း ဖြစ်သည်။ ဤသို့ စာပေမတတ်သော ကျွန်တော့်ဘွားဘွားသည် ရှေးလူကြီးသူမတို့၏ ဆုံးမစကားနှင့် ရဟန်းတော်များ၏ တရားတော်တို့ကိုနာယူရပါသောကြောင့် အကုသိုလ်မှုကို အလွန်ပင် ထိတ်လန့်တုန်လှုပ်ရှာလေသည်။ ကျွန်တော့်ကို အပါယ်ငရဲခံရမှာ ပူပန်ရှာ၏။ ကျွန်တော်သည် ကျီးသေကို မီးကင်မစားဘဲ အဘွား၏စေခိုင်းချက်အရ အဝေးသို့ စွန့်ပစ်ခဲ့ရပါသည်။ ထိုဖြစ်ရပ်သည် ကျွန်တော်၏ ဘဝတစ်သက်တာတွင် မေ့မရသောဖြစ်ရပ်မှန် ဖြစ်လေသည်။ အကုသိုလ်ကြောက်သော အဘွား၏ ပြင်းထန်သောစိတ်သည် ကျွန်တော့်ထံ ကူးစက်ခြင်းအမှန်ပင်ရှိခဲ့လေသည်။

ကျွန်တော်သည် အသက် (၇၀) ကျော်အရွယ်အဘိုးအိုတစ်ယောက်ဘဝသို့ ရောက်လာသောအခါ အဘွား၏ ကျီးသေတစ်ကောင်ကို အရင်းပြုလျက် ကျခဲ့ရသောမျက်ရည်များ၏သက်ရောက်မှုကို ကောင်းစွာ ခံစားနားလည်ခဲ့ပါပြီ။ ကျွန်တော်သည် သတ္တဝါများ၏ အသက်ကို သတ်ဖြတ်ခြင်းမှ ဝေးစွာရှောင်ကြဉ်နိုင်သူဖြစ်ခဲ့ပါသည်။ ဇရာဒုဗ္ဗလအရွယ်ဖြစ်၍ ဗုဒ္ဓဘာသာဝင်ကောင်းတစ်ယောက်အဖြစ် ရပ်တည်နိုင်အောင် ထာဝရ သတိပြုနေထိုင်ခဲ့ပါသည်။ ထိုကျေးဇူးတရားမှာ အဘွား၏ မျက်ရည်နှင့် ရင်းနှီးပေးဆပ်ခဲ့သောကြောင့်ဟု ဆိုချင်ပါသည်။ သည်တစ်ခါ ကျွန်တော်တို့၏အလှည့်ဖြစ်ပါသည်။ ကျွန်တော်တို့ မြေးသားများ၊ ကလေးသူငယ်များကို အကုသိုလ်အမှုမှ ရှောင်ကြဉ်တတ်ကြစေရန် လူကြီးများ၌ တာဝန်ရှိပါသည်။ အဘွားကဲ့သို့ လိုက်လိုက်လဲလဲ အသည်းခိုက်အောင် သားသမီးမြေးမြစ်နှင့်ကလေးသူငယ်များကို ကျွန်တော်တို့ ဆုံးမပဲ့ပြင်နိုင်ကြပါလျှင် မည်မျှကောင်းမည်နည်း ဟု တွေးတောဆင်ခြင်နေမိပါသည်။

မေတ္တာရည်လျက်

မျိုးတင့် (ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com

ခွေးအူသံ၊ ခွေးဟောင်သံတို့ဖြင့် တစ်ရွာလုံးဆူညံပွက်လောရိုက်သွားသည်။ တစ်ရွာလုံးရှိလူအများလည်း ဆူညံသော ကြောက်မက်ဖွယ်ရာအသံများတို့ကြောင့် အိပ်ချိန်၊ အနားယူချိန်ဖြစ်သော်လည်း အိပ်ရာမဝင်နိုင်သေး။ အိမ်အလယ်ရှိ မီးဖိုဘေးတွင် စု၍ထိုင်နေကြသည်။

ဒေါ်ဘူးညွန့်က အဆိုးဆုံးဖြစ်သည်။ လွန်ခဲ့သော (၁၅) ရက်ခန့်က ဆုံးပါးသွားသော သူ့ယောကျ်ား ဦးအားနသည် ညစဉ် သူ့အိမ်သို့လာ၍အသံပြု ခြောက်လှန့်နေသည်။ ည၌ (၁၂) နာရီကျော်လျှင် -

"ဘူးညွန့်၊ ဘူးညွန့်"

မပီမသခေါ်သံကြီးက သူ့နားထဲသို့ သံပူရည်နှင့်လောင်းသကဲ့သို့ပူလောင်လှသည်။ ဘူးညွန့်အဖို့ ညအမှောင်ထုကို ကြောက်ရွံ့ထိတ်လန့်လျက်ရှိသည်။ အိပ်မရသောညပေါင်းမနည်းတော့ပေ။ ညဘက်အိပ်မရ၍ မိုးလင်းမှအိပ်ပျော်သွားတတ်သည်။ သို့သော် ကြာရှည်အိပ်၍မရ။ ကျန်ရစ်သော သားအားလီနှင့် ဘူးရာသမီးငယ်တို့ စားသောက်ဖို့ ချက်ပြုတ်ပေးရဦးမည်။ အားလီမှာ (၄)နှစ်၊ ဘူးရာမှာ (၁) နှစ်။ ဘာမှမလုပ်တတ်သေး။ မိခင်ကြီးချက်ကျွေးမှစားသောက်ရလေသည်။

ဘူးညွန့်အဖို့ အိပ်ချင်သောစိတ်၊ ပင်ပန်းနွမ်းနယ်နေသောခန္ဓာကိုယ်အား အနားယူချင်သော်လည်း ကလေးနှစ်ယောက်အတွက် နေလုံးပွင့်လာသည်နှင့် မီးဖိုရှေ့သို့ ရောက်ရှိလာပြီး ထမင်းဟင်းချက်ပြုတ်ရပေတော့သည်။

မီမီးရှေ့ရှိ မီးဖိုပေါ်တွင်တည်ထားသောထမင်းအိုးမှ ဆူဝေကျနေသော ထမင်းရည်တို့ကိုကြည့်ရင် မျက်လုံးအစုံ၌ သူ့လင်ယောကျ်ား၏ပုံရိပ်တို့က ဝေဝါးစွာမြင်ယောင်လာသည်။

အားနနှင့် ဘူးညွန့်တို့ ဇနီးမောင်နှံသည် အလုပ်ကိုကြိုးစားလုပ်ကိုင်၍ အသောက်အစားအပျော်အပါးနည်းသဖြင့် စုမိဆောင်းမိရှိလာသည်။ တောင်သုံးလုံးရွာကလေးတွင် ရိုးသားကြိုးစား လုပ်ကိုင်ရင်းက သားတစ်ဦး၊ သမီးတစ်ဦး ပွားစီးလာသည်။ သုံးပင်အိမ် ပျဉ်ကာသွပ်မိုး ဆောက်လုပ်ကာနေထိုင်လာနိုင်သည်။ တက်ညီလက်ညီ မခိုမကတ်လုပ်ကိုင်၍ စီးပွားဥစ္စာ တိုးတက်လာသော်လည်း လူမှုရေးကူညီပံ့ပိုးမှုမရှိသလောက်ဖြစ်သည်။

"အားနရေ၊ ထမင်းစားရအောင်"

သကြံ့န်ပြီးကတည်းက တောင်ယာအသစ်ထွင်ထားသော မြေကွက်ပေါ်တွင် ခုတ်လှဲထားသော သစ်ပင်ဝါးပင်များအား

# (ကျိုင်းတုံ) ငအေးမင်း

## ပရလောကသား၏အန္တရာယ်





www.burmeseclassic.com1

www.burmeseclassic.com



www.burmeseclassic.com1

www.burmeseclassic.com

မီးရှို့ရန် နီးစပ်ရာနေရာ၌ ဟိုတစ်ပုံဒီတစ်ပုံစုပုံထားပြီး မီးရှို့ရန်အသင့်အနေအထားဖြစ်အောင် ပေါက်တူးကိုယ်စီဖြင့် မြေပေါက်မြောင်းဖော်ရမည်။

"ခဏစောင့်ဦး၊ ထင်းခြောက်တွေပြီးအောင် စုပုံလိုက်ဦးမယ်"

ခုတ်လှဲထားသော ပေါင်လုံးခန့်ရှိ သစ်ပင်များ၊ ဝါးပင်များကို ညနေမီးရှို့ရန် ပြင်ဆင်နေသော အားနသည် နဖူးမှ ချွေးများကို လက်ဖြင့်သုတ်လိုက်ရင်း ဘူးညွန့်အားလှမ်းပြောလိုက်သည်။

ဧပြီလနောက်ဆုံးပတ်၏ ပူပြင်းလှသောနေရောင်ခြည်သည် အားနတို့ မိသားစုထိုင်၍ ထမင်းစားနေသော သစ်ပင်ရိပ်ကိုပင် အေးမြမှုမပေးနိုင်။ လေပူတိုးဝှေ့ယမ်းတိုက်ခိုက်လျက်ရှိနေပါသည်။

"နင် လေးနာရီလောက်ပြန်နှင့်။ ညနေ ဒီတောင်ယာမီးရှို့ပြီးမှ ငါပြန်လာမယ်"

အားန ထမင်းပလုတ်ပလောင်းစားရင်းပြောလိုက်သည်။

ကလေးနှစ်ယောက်အား ထမင်းကျွေးနေသောဘူးညွန့်မှ -

"နေကသိပ်ပူနေတယ်။ ရှင်မီးရှို့ရင် မီးနားသိပ်မကပ်နဲ့။ နေကပူပူ မီးကပူပူနဲ့ အပူရှပ်သွားဦးမယ်"

ဘူးညွန့်က ကရုဏာနှင့်သတိပေးလိုက်သည်။

နေလုံးကြီးက အနောက်ဘက်တောင်တန်းကြီးပေါ်သို့ တဖြည်းဖြည်း မေးတင်စပြုနေပြီ။

"ဘူးညွန့်ရေ လေးနာရီထိုးပြီ ပြန်ဖို့ပြင်တော့"

အားနမှ ထင်းဝါးအပိုင်းအစများကို နီးစပ်ရာထင်းပုံများဆီသို့ တပွေ့တပိုက်သယ်ယူရင်း သတိပေးလိုက်သည်။

နေလုံးကြီးက အနောက်တောင်တန်းကြီးပေါ်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားသော်လည်း အပူရှိန်ကမကျသေး။ အားန အနီးပတ်ဝန်းကျင်မှာလည်း သစ်ပင်ကြီးဝါးပင်ကြီးများလည်း မရှိတော့။ တောင်ကတုံး၊ တောင်ယာကွက်များဖော်ထားသဖြင့် တစ်နေ့တာ ပူပြင်းထားသော အပူရှိန်ကို မြေထုကစုပ်ယူထားပြီး နေကွယ်လျှင် စုပ်ယူထားသော အပူရှိန်တို့ ပြန်အန်ထုတ်မည်မဟုတ်ပါလား။

ညဉ့် (၁၂) နာရီကျော်မှ အပူရှိန်ကျသွားမည်ကို တောင်ပေါ်သားတို့ သဘောပေါက်ကြသည်။

ဘူးညွန့်မှာ အငယ် ဘူးရာအား ကျောပေါ်တင်ပြီး ပါလာသောစောင်အပါးလေးဖြင့် ကျောပိုးလိုက်ပြီး အားလီအား လက်တစ်ဖက်မှဆွဲ၍ ထမင်းခြင်းတောင်းအား ခေါင်းပေါ်မှာ ရွက်လိုက်ပြီး -

"တော်လည်း သိပ်မိုးမချုပ်စေနဲ့၊ နမ့်လွေချောင်းမှာသွားရေမချိုးနဲ့၊ အိမ်ကျမှချိုး"

အားနကိုလှမ်းသတိပေးပြီး ရွာဆီသို့တစ်လှမ်းချင်းပြန်လာခဲ့သည်။ အားန ခန္ဓာကိုယ်မှာ အားခါဘောင်းဘီဖြင့် ကြမ်းကြီးကိုဝတ်ဆင်ထားပြီး အပေါ်ပိုင်းဗလာဘောင်းဘီကို ဒူးခေါင်းထိခေါက်တင်ထားသည်။ တစ်ကိုယ်လုံး ရေချိုးထားသလို ချွေးတို့ဖြင့်စိုရွှဲနေသည်။ စုပုံထားသော ထင်းပုံအမှိုက်ပုံများသည် ခြောက်သွေ့နေပြီဖြစ်သဖြင့် မီးရှို့ရန် အကောင်းဆုံးအနေအထား ဖြစ်သည်။

ခါးကြားတွင် ဘောင်းဘီစဖြင့်လိပ်ထားသောမီးခြစ်ကိုဆွဲထုတ်ယူပြီးခြောက်သွေ့နေသော ထင်းပုံများအား စတင်မီးရှို့လိုက်တော့သည်။ မီးညွန့်သည် ခဏအတွင်း တစ်ဟုန်ထိုးကြီးမားသော မီးတောက်ကြီးအဖြစ် ပြောင်းလဲသွားပြီး သစ်ပုံဝါးပုံ အမှိုက်ပုံတို့ကို အရှိန်ပြင်းစွာလောင်ကျွမ်းလျက်ရှိနေပါသည်။

အားနမှ တောင်ယာအစပ် သစ်ပင်ငယ်တွင် ချိတ်ဆွဲထားသော လွယ်အိတ်အသေးလေးကိုယူပြီး လွယ်အိတ်အတွင်းမှ သံဘူးလေးကိုယူအဖုံးဖွင့်ပြီး ယာလျှံခေါ် ဆေးရွက်ကြီးအား အမျှင်သေးသေးလေးများ ပြုလုပ်ထားသည့် ဆေးအချို့ကိုယူ နှီးဖြင့်လိပ်စည်းထားသောအထုပ်ကိုဖြေ၍ သစ်ယားရွက်ကြီးတစ်ရွက်ကိုယူ၍ တံတွေးအနည်းငယ်ဆွတ်ပြီး ယာလျှံကို ဖက်အတွင်းအတန်းလေးပြုလုပ်ပြီး ဖက်ကိုစီးကရက်သဖွယ်လိပ်၍ အလိပ်မပြေစေရန် နှီးဖြင့်ချည်နှောင်ပြီး အရင်းပိုင်းကို ပါးစပ်ဖြင့်ကိုက်လိုက်ပြီး အဖျားပိုင်းကို မီးခြစ်ဖြင့်မီးညှိ၍ လက်ဖြစ်ဆေးလိပ်ကိုအရသာခံသောက်ပြီး တစ်ဟုန်ထိုးလောင်ကျွမ်းနေသော မီးတောက်ကြီးကို စိုက်ကြည့်နေစဉ် မီးတောက်ကြီးသည် တဖြည်းဖြည်းမီးညွန့်ကျိုး၍ မီးငြိမ်းတော့မည့်အခြေအနေသို့ရောက်ရှိနေချိန် ဖြစ်သည်။

အားနလည်းထိုင်ရာမှထ၍ လွယ်အိတ်ကို လွယ်ပြီး ရွာဆီသို့ ခြေဦးလှည့်လိုက်ပါတော့သည်။

တစ်နေ့တာ နေထွက်မှနေဝင်နေ အပူရှိန်အောက်တွင် တောင်ယာခုတ်ထွင်ရှင်းလင်းခြင်း၊ မြေပြုပြင်ခြင်း စသည့် အလုပ်ကြမ်းများကို မောပန်းနွမ်းနယ်သည်ကို ဂရုမထားဘဲ အားသွန်ခွန်စိုက်လုပ်ကိုင်နေရသဖြင့် အလွန်ပင်ပန်းနွမ်းနယ်နေသော ခန္ဓာကိုယ်အား တစ်လှမ်းချင်း ရွာဆီသို့လေးလံသောခြေလှမ်းများဖြင့် တရွေ့ရွေ့သွားနေပါသည်။

"ငါသိပ်ပူနေတယ်။နမ့်လွေချောင်းမှာရေချိုးဦးမယ်"

ရွာသို့တန်းမပြန်ဘဲ ရွာအနောက်ဘက်တစ်ခေါ်လောက်ဝေးသောနမ့်လွေချောင်းဘက်သို့ ထွက်ခွာလာခဲ့သည်။ ချောင်းစပ်သို့ရောက်သောအခါ ဘောင်းဘီရှည်ကြီးကိုချွတ်ပြီး အတွင်းခံဘောင်းဘီလေးဖြင့် ရေထဲသို့ဆင်းပြီး ရေချိုးနေစဉ် ခေါင်းကမိုက်ခနဲဖြစ်ပြီး မျက်စိများပြာဝေသွားသည်။ ဘာကိုမှမမြင်တော့။ သတိရတစ်ချက်မရတစ်ချက်ဖြစ်နေချိန်ကြီးစားပြီး ကမ်းစပ်ပေါ်သို့လေးဖက်ထောက်တက်ပြီး ပက်လက်လှန်အိပ်ချလိုက်ပါသည်။

အားချေးတို့ မောရွှေ အားရွှေတို့ လူငယ်တစ်သိုက် အလုပ်သိမ်းပြီးမှောင်စပြုနေသော အမှောင်ထုအတွင်းမှနမ့်လွေချောင်းသို့ ရေချိုးဆင်းလာကြသည်။ ဘောင်းဘီ၊ အင်္ကျီများချွတ်၍ ချောင်းထဲသို့ဆင်းရန် ခြေလှမ်းများစ၍လှမ်းနေစဉ် ရေစပ်ကမ်းပေါ်တွင် လူတစ်ယောက်အိပ်ပျော်နေသည်ကို တွေ့ရသဖြင့် -

"အားရွှေ၊ ဟိုမှာလူတစ်ယောက်အိပ်နေတယ်"

အားချေးမှ ပြောလိုက်သဖြင့် သုံးယောက်သားအနီးသို့လာ၍သေချာကြည့်လိုက်သောအခါ -

"ဦးလေး အားနကြီးပါလား"

သူငယ်ချင်းသုံးယောက် အားနအား လှုပ်နှိုးသော်လည်း မရသဖြင့် -

"တို့သုံးယောက် သူ့ကိုထမ်းပြီး သူ့အိမ်ကိုပို့လိုက်ရအောင်"

သူငယ်ချင်းသုံးယောက် ရှေ့လယ်နောက် (၃)ယောက်ထမ်းပြီး အားနအိမ်သို့ပို့လိုက်ပါသည်။

မှောင်နေပြီဖြစ်၍ ရေနံဆီမီးခွက်ထွန်းထားသော အားနအိမ်အတွင်းသို့ လူငယ်သုံးယောက် အားနကို ထမ်းပြီးဝင်လာသဖြင့် -

"ဟဲ့ - ဘယ်သူတွေလဲ ဘာဖြစ်လို့လဲ"

ဘူးညွန့်မှ မီးခွက်ကိုမြှောက်၍ သေချာကြည့်လိုက်သောအခါ ဘောင်းဘီတိုနှင့် အဝတ်ဗလာဖြစ်နေသော အားန



www.burmeseclassic.com

www.burmeseclassic.com

ကို တွေ့ရသဖြင့် ဗျာဗျာသလဲ -

"အားရွှေးရေ့ သူ့အိပ်ရာပေါ် ချလိုက်"

အားနအား သူ့အိပ်ရာပေါ် သို့ ချလိုက်သည်။

"အားနဘာဖြစ်လို့လဲ"

ဘူးညွန့်မှ စူးစမ်းမေးမြန်းလိုက်ရာ-

"တော်ကြာမှပြောမယ်။ ဦးလေး အားနကို စောင်ခြုံပေးလိုက်ဦး"

အားရွှေးမှ ချောင်းစပ်တွင်တွေ့ခဲ့ပုံမှအစ အကျိုးအကြောင်းရှင်းပြလိုက်သည်။

"သူကြီး ဦးလီရှိုးကိုခေါ် ပေးပါဦး"

မောရွှေမှ သူကြီးကိုခေါ် ရန်အိမ်ပေါ် မှဆင်းသွားသည်။

မကြာပါ။ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် သူကြီးနှင့် လူကြီး (၅) ဦးအိမ်ပေါ် သို့ ရောက်လာကြသည်။

သူကြီး ဦးလီရှိုးနှင့် ရွာလူကြီးများ အားနတစ်ကိုယ်လုံး လက်နှိပ်ဓာတ်မီးမီးရောင်ဖြင့် လက်ကောက်ဝတ်ကို သွေးကြောစမ်း၊ မျက်လုံးနှစ်ဖက်ကိုလှန်ကြည့်၊ ရင်ဘတ်ပေါ် သို့လက်ဖြင့်စမ်းရင်း -

"အားနကို နမ့်လွေချောင်းကခေါ် သွားပြီ"

ဘူးညွန့် ဘာပြောရမှန်းမသိ။ အားနအား တွေတွေကြီးစိုက်ကြည့်ပြီး မျက်လုံးအိမ်မှ မျက်ရည်ပေါက်ကြီးများ စီးကျလာပြီး -

"အားနရေ့ ငါတို့ကိုထားပြီးသွားတာလား။ အမယ်လေး - ကယ်ကြပါဦး၊ ကျွန်မတို့မိသား ဘယ်သူ့ကို အားကိုးရမှာလဲ"

နှုတ်မှပြောရင်းတက်သွားပါတော့သည်။

ထမင်းအိုးတူးနံ့က တစ်အိမ်လုံး ပျံ့နှံ့နေသည်။

■

အားနဆုံးပြီးသွားကတည်းက ည (၉) နာရီကျော်လျှင် တစ်ရွာလုံးရှိခွေးများ အူသံဟောင်သံဆူညံသောအသံတို့ ပွက်လောရိုက်နေသည်။ မကြာမီ အိမ်နံရံတို့ကို ပုတ်ခတ်သံ၊ ထုရိုက်သံဆူညံပြီး -

"ဘူးညွန့်၊ ဘူးညွန့်"

ခေါ်သံကို အဆက်မပြတ်ကြားနေရသည်။ ဤကြောက်မက်ဖွယ်ရာအသံတို့ကြောင့် အိပ်၍မရ။ ကြောက်စိတ်ကလွှမ်းမိုးလျက်ရှိသည်။စိတ်ထောင်းတော့ကိုယ်ကြေဆိုသလို ရုပ်ကိုအာဟာရ စောင့်၏။ အစာမဝင်အိပ်မပျော် ခန္ဓာကိုယ်ကပိန်ချုံးပြီး ခွန်အားပြတ်၍ အရုပ်ကြိုးပြတ် ဗုန်းဗုန်းလဲတော့သည်။အိပ်ရာထဲကမထနိုင်။ နာတာရှည်လူမမာဘဝသို့ ရောက်ရှိသွားတော့သည်။

"ကိုကျကျိုးရေ့ ဘူးညွန့်အိမ်ဘက်သွားကြည့်လိုက်ပါဦး"

မဘူးဘမှ လင်တော်မောင်အားပြောလိုက်သည်။

ကိုကျကျိုးမှာ ဘူးညွန့်၏အစ်ကိုဖြစ်သည်။ နှမဖြစ်သူ၏အိမ်သို့ရောက်ရှိသွားချိန်တွင် ကလေးနှစ်ယောက်မှာ ထမင်းကြမ်းခဲလေးကို စားနေသည်ကိုမြင်တွေ့ရသဖြင့် စိတ်ဆင်းရဲသွားသည်။ ဒီမောင်နှမနှစ်ယောက်တို့ အိမ်ခေါ် ထားမှဖြစ်မည်။

နှမဖြစ်သူ အိပ်နေသော အိပ်ခန်းအတွင်းသို့ဝင်ကြည့်ရာ မျက်တွင်းဟောက်ပက်အရိုးပေါ် အရေတင်နေသော ခန္ဓာကိုယ်နှင့်။ ဒီအတိုင်းထား၍မဖြစ်တော့။ မိုင်းခတ်ဆေးရုံသို့ ပို့မှဖြစ်တော့မည်။ အိမ်ပေါ် မှဆင်းပြီး သူကြီးအိမ်သို့သွားတော့သည်။

"သူကြီးရေ့ ဘူးညွန့်ကို ဒီအတိုင်းထားလို့မဖြစ်တော့ဘူး။ ဆေးရုံပို့မှဖြစ်မယ်"

ကျကျိုးမှ ရွာလူကြီးအား ပြောလိုက်သည်။

"အေး - အခြေအနေမဟန်ရင်ပို့တာပေါ့"

သူကြီးဦးလီရှိုးမှ ရွာထဲရှိ လူငယ်ငါးယောက်အား ခေါ်လိုက်ပြီး စောင်ပုခက်လုပ်၍ ဝါးလုံးရှည်ဖြင့် ရှေ့တစ်ယောက်နောက်တစ်ယောက်ထမ်းပြီး မိုင်းခတ်ဆေးရုံသို့ ထွက်ခွာခဲ့ကြသည်။

နေ့လယ်နေကပူပူ၊ လူမမာက အစာမဝင်အားပြတ် အိပ်ရာထဲလဲနေသူ။ နေအပူဒဏ်နှင့် စောင်ပုခက်၏လှုပ်ရှားမှုဒဏ်ကိုခံနိုင်ရည်ရှိပါ့မလား။ ကျကျိုးတစ်ယောက် နှမဖြစ်သူကို စိုးရိမ်စိတ်ဖြင့် ပုခက်အနီးမှ ကပ်၍လိုက်လျက်ရှိသည်။ ရွာမှထွက်၍ တစ်မိုင်ကျော်ခရီးရောက်လျှင် ဘူးညွန့်မှ ပါးစပ်လှုပ်လာ၍ ရေသောက်ချင်ကြောင်း လက်ဖြင့်အမူအရာပြလေသည်။

"ဟော့ - ရှေ့ကသစ်ပင်ရိပ်မှာခဏနားမယ်"

သူကြီးဦးလီရှိုးမှ ပြောလိုက်ရာ လူငယ် (၂) ဦးမှာ ပုခက်အား မြေပေါ်သို့ချပြီး အမောဖြေနေကြသည်။

ကျကျိုးလည်း နှမဖြစ်သူကို ရေတိုက်ရန် လွယ်အိတ်အတွင်းမှ ထည့်ယူလာသော ရေပုလင်းအား အဖုံးဖွင့်ပြီး ဘူးညွန့်၏ပါးစပ်တွင်တေ့ပြီး ရေပုလင်းဖင်ကို မြှောက်၍ ရေတိုက်နေသည်။ ဘူးညွန့်ပါးစပ်ထဲသို့ ရေပုလင်းမှ ရေများဒလဟောစီးဆင်းသွားချိန်-

"အဟွတ်. . . အဟွတ်. အဟွတ်"

ဘူးညွန့်ရေသီးသွားသည်။

ကျကျိုး၏ ရေတိုက်နေပုံမှာ ရေများများမြန်မြန်သောက်စေချင်သည့်စေတနာကို လူမမာဘူးညွန့်မခံနိုင်။ ရေနည်းနည်းကို ဖြည်းဖြည်းချင်းတိုက်ရပေမည်။ ကျကျိုး၏ စေတနာအမှားကြောင့် ဘူးညွန့် ရေသီးရင်းတက်သွားလေတော့သည်။

"သူကြီးလာကြည့်ပါဦး၊ ဘူးညွန့်အကြောဆွဲနေတယ်"

ဘူးညွန့်မျက်ဖြူလန်တက်နေသည်ကို ကျကျိုး နားမလည်။ ခဏနေတော့ ဘူးညွန့်ငြိမ်ကျသွားသည်။

ဦးလီရှိုး ဘူးညွန့်ပုခက်နားကပ်၍ ဘူးညွန့်မျက်နှာကို သေချာစိုက်ကြည့်ရင်း လက်နှစ်ဖက်ကိုမ၍ သွေးစမ်းကြည့်နေသည်။ ရင်အုပ်ပေါ် သို့လက်တင်၍ အသက်ရှူနေသည်လား၊ ရပ်နေပြီလား စမ်းသပ် စစ်ဆေးနေသည်။ မျက်နှာမှာ ပြုံတော့မည့်မိုးနှယ်။

"ဘူးညွန့်ကို ရွာပြန်သယ်ကြပါစို့ကွာ"

အစ်ကိုဖြစ်သူ ကျကျိုးနှင့် လူငယ်များ ဘူးညွန့်အလောင်းကို ပြန်သယ်သွားကြသည်။ ညနေနေဝင်ချိန်တွင် တောင်သုံးလုံးရွာသို့ ပြန်လည်ရောက်ရှိကြသည်။ ဘူးညွန့်အလောင်းအား ရွာအပြင်တွင်ချထားပြီး ရွာထဲရှိ လူကြီးလူငယ်များလာရောက်၍ တဲထိုးသူထိုး၊ အောက်လင်းမီးထွန်းသူထွန်း၊ ခေါင်းရိုက်သူရိုက်၊ နာရေးမို့ တစ်ရွာလုံး အားလုံးဝိုင်းဝန်းကူညီလုပ်ကိုင်ကြသည်။

"မောရွှေရေ့ ငါ့မိန်းမကိုသွားပြောချေ။ ဘူးညွန့်ကလေးနှစ်ယောက်ကို ဒီကိုခေါ် မလာနဲ့။ အိမ်မှာပဲချော့သိပ်ထားလို့။ ကလေးတွေ သူ့အမေကိုမြင်ရင် စိတ်ဆင်းရဲနေဦးမယ်"

ကျကျိုးမှ သူ့မိန်းမအား သွားပြောရန် မောရွှေကို အိမ်သို့လွှတ်လိုက်လေသည်။

"နက်ဖြန် ဘူးညွန့်ကို သုသာန်ပို့မယ်"

သူကြီးဦးလီရှိုးမှ အသံမြှင့်၍ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ရွာသားတွေ တစ်အိမ်ထင်းငါး ချောင်းစီယူလာပြီး သချိုင်းသွားမယ့် လမ်းထိပ်မှာ စုပုံထားကြ။ မနက်ဖြန် အသုဘချလိုက်ပို့တဲ့လူတွေ ထင်းတွေကို နိုင်သလောက်သယ်ယူရမယ်"

ဦးလီရှိုး စကားအရှည်ကြီးပြော လိုက်ရသဖြင့် မောသွားဟန်တူသည်။ ကျကျိုး ကမ်းပေးသော ချက်အရက်ခွက် ကိုယူပြီး မော့သောက်လိုက်သည်။ နာ ရေးဖြစ်လျှင် အိမ်မှာမွေးထားသော ကျွဲ၊ နွား၊ ဝက် သင့်တော်သလိုသတ်ကျွေးရ သည်။ ကျကျိုးမှာ သူ့နှမ၏နာရေးတွင် ကျွေးမွေးရန် အိမ်မှာရှိသော ဝက်အကြီး ဆုံးတစ်ကောင်ကိုပေါ်ရန် လူငယ်တွေ ကို တာဝန်ပေးလိုက်သည်။ အသုဘချ မည့်နေ့ နံနက်ပိုင်းမှစ၍ လာသမျှ ရွာသူ ရွာသားဆွေမျိုးမိတ်ဂ်ဟအပေါင်းအား ထမင်း၊ ဝက်သား၊ ကျောက်ဖရုံသီး၊ ဂျုံး မြစ်ထောင်း၊ ချက်အရက်များဖြင့် ဧည့်ခံ ကျွေးမွေးလေသည်။

နေ့လယ်(၁)နာရီခန့်တွင် ဘူးညွန့် အလောင်းအား သချိုင်းသို့ပို့ရန်ပြင်ဆင် ကြသည်။

လူငယ်များက ခေါင်းကြီးအား တစ်ဖက်သုံးယောက်စီ (၆) ယောက် ထမ်း၍ ရှေ့ဆုံးမှသွားလေသည်။ ကျန် လူများက ထင်းများကို နိုင်သလောက် သယ်ယူကြသည်။ အားလုံးကိုယ်စီနိုင် သလောက် သယ်ယူကြသဖြင့် ထင်းပုံ ကြီးကုန်သွားလေတော့သည်။

သချိုင်းသို့ ရောက်သောအခါ သချိုင်းထိပ်ကမူပေါ်တွင် မီးရှို့ရန်ပြင် ဆင်ကြလေသည်။ ရွာလူကြီးတစ်ဦးမှ ထင်းများကို မီးရှို့ရာ၌ အဆင်ပြေစေရန် ထင်းများကို တစ်ချောင်းချောင်းနိမ့်မြင့် စည်းပြီး ၎င်းထင်းပုံပေါ်သို့ ခေါင်းအ တွင်းမှ ဘူးညွန့်အလောင်းကို ဝမ်းလျား မှောက်တင်စေပြီး ၎င်းအပေါ်မှ ခေါင်း အားရိုက်ချိုးထားသော ပျဉ်ပြားများကို တင်ထားလိုက်သည်။

"ကျကျိုးရေ မီးရှို့တော့"

ကျကျိုးတို့ဇနီးမောင်နှံ လက်ထဲ တွင် ကိုင်ထားသော ထင်းရှူးဆီချောင်း များကို မီးခြစ်ဖြင့် မီးကူးပြီး မီးစွဲလောင် နေသော ထင်းရှူးချောင်းများဖြင့် လင် မယားနှစ်ဦး ဘယ်ညာနေရာယူပြီး ဘူးညွန့်အလောင်းကို မီးသင်္ဂြိုဟ်လိုက်ပါ တော့သည်။

■

တောင်သုံးလုံးရွာလေးတွင် ည မှောင်ပြီဆိုသည်နှင့် ရွာသူရွာသားအား လုံး စောစောထမင်းချက်စားပြီး ည (၉)နာရီထိုးသည်နှင့် မိသားစုအလိုက် မီးငြိမ်းအိပ်ရာဝင်ကြလေသည်။

မကြာမီ -

စူးစူးဝါးဝါး ခွေးအူသံ၊ ခွေးဟောင် သံတို့က တစ်ရွာလုံး ကျယ်လောင်စွာ မင်းမူလျက်ရှိသည်။ ကြောက်မက်ဖွယ် ခြောက်လှန့်သံတို့ကလည်း ကြိုကြားကြို ကြားနေရသည်။ လူမမာညည်းညူသံလို လိုအသံအချို့ကိုလည်း ကြားနေရသည်။ ညစဉ်ညတိုင်း ကြောက်မက်ဖွယ်ခြောက် လှန့်သံတို့ကို ခံစားလာရသည်မှာ (၃)လ ကျော်ပြီး အားနသေသွားသည်မှာ (၃)လ ကျော်ပြီ ဖြစ်သည်။ ညစဉ် ရွာသို့ လာရောက်ခြောက်လှန့်နေသူမှာ အားန များဖြစ်နေမလား ရွာသူရွာသားတို့ သံသယစိတ်ပွားမိကြသည်။ ဤအခြေ အနေကိုမည်သို့ဖြေရှင်းမည်နည်း၊ တရုတ် သိုင်းကားထဲကလို မည်သို့လုပ်လိုက် မသိဆို၍မရ ရွာမှလူငယ်တို့ စုပေါင်း အကြံထုတ်နေကြတော့သည်။

တောင်ပေါ်သားတို့ အဓိကလုပ် ငန်းဖြစ်သော တောင်ယာစိုက်ပျိုးရေး လုပ်ငန်းက စတင်လုပ်ကိုင်နေကြပြီ ဖြစ် သည်။ ဇူလိုင်လဆိုလျှင် မိုးဖြိုင်ဖြိုင်ရွာ သွန်းတော့မည်။ ဤမိုးအမီ စိုက်ပျိုးရ မည်ကို တောင်ပေါ်သားတို့ဘဝပေးအသိ က နှိုးဆော် တိုက်တွန်းလျက်ရှိသည်။ လုပ်ငန်းသဘာဝအရ ညနေမိုးချုပ်မှပြန် လာ ထမင်းဟင်းချက်ပြုတ်စား၊ အိပ်ရာ စောစောဝင် နံနက်စောစောအိပ်ရာထ ထမင်းဟင်းချက်ပြုတ်၊ နံနက်စာဗိုက်ဖြည့်၊ ထမင်းဟင်းကို တောင်ယာမှာစားဖို့ ခြင်း တောင်းထဲထည့်ပြီး လုပ်ငန်းခွင်သွားကြ ရမည်။ဤသို့လည်ပတ်နေသောလုပ်ငန်း ခွင် ယခုတော့ ညဘက်ကောင်းကောင်း မအိပ်ရ။ ကြောက်မက်ဖွယ်အသံတို့က ညစဉ်ခြောက်လှန့်နေတော့ အိပ်ကောင်း ခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရ၊ ခွန်အားမရှိ၊ အအိပ်ပျက်အစားပျက် ဤနှယ်ပုံနှင့် လုပ်ငန်းခွင်ဝင်တော့ ခရီး မတွင်လှ။ လုပ်ငန်းနှောင့်နှေးမှုများကြုံ လာရသည်။

"ငါတော့အကြံတစ်ခုရတယ်ကွ"

ဒါဝတ်မှ သူငယ်ချင်းလူငယ်များ ကိုပြောလိုက်သည်။ လူငယ်များအား လုံး ဒါဝတ်အနားဝိုင်းအုံလာပြီး -

"မင်းအကြံဘာလဲ။ ငါတို့ကိုပြော ဦး"

သူငယ်ချင်းလူငယ်များ၏ စူးစမ်း မေးမြန်းသံ။

ဒါဝတ်မှ သူငယ်ချင်းလူငယ်များ ကို တီးတိုးရှင်းပြလိုက်သည်။ လူငယ်များ ဒါဝတ်အကြံအား အံ့အားသင့်နေကြ သည်။

"မင်းအကြံကို နက်ဖြန် သူကြီးအိမ် သွားပြီးပြောရအောင်"

ရွာမှလူငယ်များအားလုံး သဘော တူဆုံးဖြတ်လိုက်ကြပါသည်။

အရှေ့မိုးကောင်းကင်မှ နေလုံး ကြီးထွက်ပြူစအချိန် နေ့သစ်၏မင်္ဂလာ နံနက်ခင်း ရွာမှ လူငယ် (၁၅) ဦးခန့် သူကြီးအိမ်ရှေ့သို့ရောက်ရှိနေပြီဖြစ်သည်။

"ဗျို့-သူကြီး၊မထသေးဘူးလားဗျ"

သူကြီးဦးလီရိုးသည် လူငယ်များ ၏အသံကိုကြားသဖြင့် အိမ်တံခါးမကြီး ကိုဖွင့်ကြည့်လိုက်ကာ -

"ဟေ့-မင်းတို့လူငယ်တွေဘာကိစ္စ လဲ"

"သူကြီးကိုပြောစရာလေးရှိလို့"

ဒါဝတ်မှ ဦးဆောင်၍ ပြောကြား လိုက်သည်။

"အေး-ဒါဖြင့် မင်းတို့အားလုံးအိမ် ပေါ်လာကြကွာ"

လူငယ်တစ်စု သူကြီးအိမ်ပေါ်သို့ တက်သွားကြသည်။

လူငယ်များအားလုံး မီးဖိုဘေးတွင် ဝိုင်းထိုင်ပြီးသောအခါ သူကြီးမှ -

"ရေနွေးကြမ်းသောက်ကြကွာ။ မင်းတို့ပြောစရာရှိတာလည်းပြော"

သူကြီးမှ ခွင့်ပြုလိုက်သည်။

လူငယ်များ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဒါဝတ်အား ဦးဆောင်ပြောရန် အချက်ပေးတိုက်တွန်း လိုက်သည်။

"ကျွန်တော်တို့ပြောမယ့်ကိစ္စက ခု ရွာမှာဖြစ်နေတဲ့ကိစ္စပဲ"

ဒါဝတ်မှာ စကားနိဒါန်းပျိုးလိုက် သည်။ ဆက်၍အကျိုးအကြောင်းကိုရှင်း ပြလိုက်သည်။

"သူကြီးခင်ဗျား၊ ခုကျွန်တော်တို့ ရွာမှာ ညစဉ်ဖြစ်နေတဲ့ကိစ္စက လူတိုင်း ကောင်းကောင်းမအိပ်ရ၊ ညစဉ်ကြောက် မက်ဖွယ်အသံနဲ့အတူ ခွေးအူသံ၊ ခွေး ဟောင်သံတို့က ကျွန်တော်တို့ကို ဒုက္ခ ပေးနေတယ်။ ရွာရှိ တချို့လူများလည်း ကျန်းမာရေးမကောင်း ဖျားနာနေကြပြီ။ ကျွန်တော်တို့ဒီပုံအတိုင်းသွားရင် ရေရှည် ဒုက္ခရောက်လိမ့်မယ်"

ဒါဝတ်မှ သူကြီးအား စကားရှည် ကြီးရှင်းပြလိုက်သည်။



www.burmeseclassic.com1

www.burmeseclassic.com

"ဒီတော့ မင်းတို့က ဒီကိစ္စကို ဘယ်လိုဖြေရှင်းချင်တာလဲ"

သူကြီးမှသွေးတိုးစမ်းလိုက်သည်။

"ကျွန်တော်တို့ အားနအလောင်းကို ပြန်ဖော်ကြည့်ချင်တယ်"

ဒါဝတ်၏စကားကို ကြားလိုက်ရသောသူကြီးမှာ မျက်လုံးပြူးမျက်ဆန်ပြူးနှင့်ကြောင်တောင်တောင်ဖြစ်သွားသည်။

ဒါဝတ်မှဆက်၍ -

"အလောင်းပြန်ဖော်ဖို့ မခဲယဉ်းဘူး"

"(၁၇) မိုင် ရဲဘက်စခန်းမှာ ကျွန်တော်နဲ့သိကျွမ်းခင်မင်တဲ့ ဆရာကြီးမြင့်စိန်ရှိတယ်။ သူတို့ကို ကျွန်တော်အကူအညီတောင်းကြည့်မယ်"

သူကြီးတစ်နေရာသို့စူးစိုက်ကြည့်နေရင်း -

"မင်းတို့ အဆင်ပြေသလိုလုပ်ကြကွာ၊ လိုအပ်တာ ဝိုင်းကူညီမယ်"

ဒါဝတ် ဦးဆောင်သော လူငယ်များ သူကြီးထံမှ သဘောတူညီမှုရရှိသဖြင့် -

"ကျွန်တော်တို့ပြန်ဦးမယ်"

သူကြီးအားနှုတ်ဆက်၍ အိမ်ပေါ်မှ ဆင်းသွားကြသည်။

■

၂-၇-၁၉၉၇ ရက်နေ့။

တောင်ပေါ်မိုးကဖွဲဖွဲကျနေသည်။ နေ့လယ် (၁) နာရီခန့်ရှိပြီ။ နေအပူရှိန်ကမပြင်း ခပ်နွေးနွေးလေး။ တောင်ပေါ်လေက တစ်ချက်တစ်ချက်ဝှေ့ယမ်းနေသည်။ မိုးစက်တို့နှင့်အတူ သစ်ပင်ပန်းပင်တို့စိုပြည်စိမ်းလန်းနေသည်။

ရဲဘက်စခန်းမှ ဆရာကြီးမြင့်စိန်ဦးဆောင်သော ရဲတပ်သား (၂)ယောက် ရှိုင်ဖယ်သေနတ် ကိုယ်စီထမ်းလျက် သူကြီးဦးဆောင်သော ရွာမှ လူငယ်၊ လူကြီး (၂၀) ခန့် သင်္ချိုင်းကုန်း အတွင်းသို့ရောက်ရှိနေကြသည်။

"ဒီမြေပုံပဲ ဆရာကြီး"

ဒါဝတ်မှ ဦးဆောင်၍ ဆရာကြီးအား ရှင်းပြလိုက်သည်။ ရွာသားများ ဓားကိုယ်စီလွယ်လျက် အားနမြှုပ်နှံထားရာ မြေပုံကို ဝိုင်းလိုက်သည်။

"ဆရာကြီး၊ ဒီမှာလာကြည့်ပါဦး"

ရွာသားတစ်ဦးမှ စိုးရိမ်ထိတ်လန့်စွာ အော်ပြောလိုက်သည်။

အားလုံး သူ့အနားသို့ ရောက်ရှိသွားပြီး သူပြသောနေရာကိုကြည့်လိုက်သည်။

အားနမြှုပ်နှံထားရာ မြေပုံခေါင်းရင်းဘက်၌ လေးလက်မပတ်လည်အကျယ်လောက်ရှိ တွင်းပေါက်တစ်ပေါက်။ မြွေတွင်းတဲ့သို့ တွင်းဝနှင့်အတွင်းပိုင်းထိ ပြောင်ချောနေသည်။

"ဒီတွင်းပေါက်က ဒီကောင်အဝင်အထွက်လုပ်နေတာထင်တယ်"

ရွာသားတစ်ဦး၏ သံသယနှင့် မတင်မကျစကားသံ။

"ကဲ - အားလုံးပေါက်တူးယူတူးကြကွာ"

ဆရာကြီးမြင့်စိန်မှ အမိန့်ပေးလိုက်သည်။

ရွာမှ လူငယ်များ ပေါက်တူး (၄) လက်ဖြင့် မရပ်မနား မြေပုံအားပြန်လည်တူးဖော်ကြသည်။ နာရီဝက်နီးပါးကြာသောအခါ မြေသားများ တူးဖော်ပြီးသွားသည်။

"ခေါင်းကိုအပေါ် မ,တင်ကြကွာ"

သူကြီးစကားသံထွက်လာသည်။

ခေါင်းအပေါ် ရောက်၍ မြေပေါ်သို့ချပြီးချိန်တွင် -

"အဖုံးဖွင့်ကွာ"

လူတစ်ဦးက ဓားဦးဖြင့်ကော်ပြီး အဖုံးကိုဖွင့်လိုက်သည်။

ဆရာမြင့်စိန် အပါအဝင် ရွာသားများအားလုံး အံ့အားသင့်ပြီး ကြောင်တောင်တောင်စိုက်ကြည့်နေကြသည်။

အားန၏အလောင်းမှာ မပုပ်မသိုးဘဲ ဆံပင်အရှည်ကြီးနှင့် မျက်လုံးပြူးလျက် သွားတက်နှစ်ချောင်းက ရှေ့သို့ရှည်ထွက်နေပြီး အစွယ်ပုံစံပေါက်နေသည်။ လက်သည်း၊ ခြေသည်းတို့ကရှည်ထွက်ပြီး ဘီလူးလက်ကြီးသဖွယ်ကြောက်မက်ဖွယ်ရာကောင်းလှသည်။ အင်္ကျီ၊ ပုဆိုးတို့မှာ မြေမြှုပ်စဉ်ကအတိုင်းပင် မဆွေးမြည့်သေး။ အားနသေ၍ မြေမြှုပ်ထားခဲ့သည်မှာ လေးလနီးပါးရှိနေပြီး အလောင်းမှာ နဂိုအတိုင်း။ တော်တော်စဉ်းစားရကျပ်သွားသည်။

"အလောင်းကို အပြင်မ,ထုတ်ကြကွာ"

ဆရာကြီး မြင့်စိန်မှ အမိန့်ပေးလိုက်လျှင် လူငယ်များဝိုင်းဝန်း၍ အားနအလောင်းအား မြေပေါ်သို့ ပစ်ချလိုက်လေသည်။

ဒါဝတ်မှ စိတ်မထိန်းနိုင်တော့ဘဲ လွယ်ထားသော ဓားအိမ်မှ ဓားကိုထုတ်ပြီး အားန၏ ရင်ဘတ်တည့်တည့်အား အရှိန်ပြင်းစွာခုတ်ချလိုက်သည်။

ကြည့်နေသူအားလုံး အံ့ဩသော အကြည့်များဖြင့်စိုက်ကြည့်နေကြသည်။

ဒါဝတ်ခုတ်လိုက်သော ဓားချက်ကြောင့် အားန၏ရင်ဘတ်တစ်ဝက်နီးပါး ပြတ်သွားပြီး သွေးများပန်းထွက်လာသည်။

"အားလုံး ခဏနေကြဦး"

"လူငယ်တွေက တောထဲမှာသွားထင်းခြောက်တွေသယ်ခဲ့ကြ"

"ကျန်တဲ့လူတွေက အားနအလောင်း သုံးပိုင်းပိုင်း။ အားနကို မီးရှို့မယ်"

ထင်းသွားရှာသော လူငယ်များ ပြန်ရောက်လာသောအခါ ထင်းပုံကြီးကို သေချာစီပြီး သုံးပိုင်းပိုင်းထားသော အားနကိုယ်အား ထင်းပုံပေါ်တင်၍ မီးရှို့လိုက်ကြသည်။

ခဏအတွင်း မီးတောက်ကြီးက အရှိန်ပြင်းစွာလောင်ကျွမ်းလျက်ရှိသည်။ လူငယ်များလည်း မီးတောက်ကြီးအတွင်းမှတဖြည်းဖြည်းပြာပုံဘဝရောက်ရှိသွားသည့် အားနအလောင်းအားကြည့်ရင်း ဝမ်းသာနေကြသည်။

နေလုံးကြီးက အနောက်ဘက်တောင်တန်းကြီးပေါ် မေးတင်စပြုနေပြီ။ အားနကို မီးသဂြိုဟ်သည်မှာ မီးငြိမ်းစပြုနေပြီ တဖြည်းဖြည်း ပြာပုံဘဝသို့ ရောက်ရှိသွားပြီ ဖြစ်သည်။

"ကဲ-အားလုံးကိစ္စပြီးပါပြီ။ ပြန်ကြပါစို့"

ဆရာကြီးမှ သတိပေးလိုက်သည်။

ဒါဝတ်မှ ဆရာကြီးမြင့်စိန်တို့အဖွဲ့အား -

"ဆရာကြီးခင်ဗျား၊ စခန်းမပြန်ပါနဲ့ဦး။ ကျွန်တော်တို့ရွာကိုခဏလိုက်ခဲ့ပါဦး။ ဆရာကြီးတို့အဖွဲ့ကို ဧည့်ဝတ်ပြုပါရစေ"

■

တောင်သုံးလုံးရွာကလေး၏ ညချမ်းအချိန်လေးသည် မီးရောင်ထိန်လင်းလျက် ရွာသူရွာသားများနှင့် ဆရာကြီးတို့အဖွဲ့အား သူကြီးဦးလီရိုးမှ ဝက်ပေါ်ပြီး ချက်အရက်ဖြင့် ဧည့်ခံကျွေးမွေးရင်း ပီတိအပြုံးတို့ ဝေဆာလျက်ရှိနေကြပါတော့သတည်း။

(ဖြစ်ရပ်မှန်အားရေးဖွဲ့ပါသည်။)

ရှင်လန်းကျွန်းမှ
ချမ်းသာကြပါစေ
အေးမင်း(ကျိုင်းတုံ)



www.burmeseclassic.com

www.burmeseclassic.com



ယခု စာရေးသား တင်ပြမည့် အကြောင်းအရာသည် လွန်ခဲ့သော (၆) နှစ်ဝန်းကျင်က ကိုယ်တိုင်ကြုံခဲ့ရသော ဖြစ်ရပ်မှန်လေးတစ်ပုဒ် ဖြစ်ပါသည်။ စာရေးသူအား ဌာနတစ်ခုမှ အရာရှိတစ်ယောက်က အကူညီတောင်းသဖြင့် သွားရောက်လုပ်ကိုင်စဉ် တွေ့ကြုံရသော အဖြစ်ပျက်တစ်ခုဖြစ်ပါသည်။ စာဖတ်သူပရိသတ်များ အပျင်းပြေသော်လည်းကောင်း၊ ဝါသနာအရသော်လည်းကောင်း ဗဟုသုတရစေခြင်းငှာ ရေးသားတင်ပြလိုက်ရပါတော့သည်။

အချိန်ကား မိုးလယ်ကာလဖြစ်သည်။ မိုးကလည်း တဖြောက်ဖြောက်၊ လေကလည်းတိုက်၊ ရိုးမတောအတွင်းမှာဆိုတော့ ကျွန်တော်လည်း အအေးဒဏ်ကို မချိတ်နိုင်အောင်အေးလှသည်။ တစ်ဖွဲ့လုံးလည်း ကျွန်တော့်လိုပင်ဖြစ်ကြမည်။ စာရေးသူအား ဌာနအရာရှိတစ်ယောက်မှ အကူအညီတောင်း၍သာ လာရောက်လုပ်ပေးရသည်။ အားလုံးမှာတော့ အေးလွန်းလှသည့်ရာသီဒဏ်ကိုတော့ မခံနိုင်ကြ။ ယခုရောက်ရှိသည့်နေရာကလည်း ရိုးမတောအတွင်းမှ တံတားတစ်ခုအား ပြုပြင်ပေးရန် စာရေးသူက တာဝန်ယူထားသဖြင့် လူအင်အား (၁၃) ယောက်နှင့် လာရောက်လုပ်ကိုင်ရခြင်းပင်။

ဒီလိုနှင့် စရောက်သည့်နေ့မှာပင် စာရေးသူလည်း အနီးနားပတ်ဝန်းကျင်အားလှည့်လည်ကြည့်မိသည်။ နည်းနည်းတော့ ထူးဆန်းသည်။ တံတားနှင့် မလှမ်းမကမ်း ချုံထဲတွင် ငုက်ပျောပွဲတင်ထားသည့် လေးတိုင်စင်လေးတစ်ခု စာရေးသူတွေ့မိသည်။ စိတ်ထဲတွင် တစ်မျိုးတော့ ခံစားရသည်။ ဘာဖြစ်မယ်ဆိုတာတော့ တိတိကျကျမသိ။ သို့ပေမယ့် စာရေးသူလည်း မပြေးသော် ကန်ရာရှိဆိုသလို ကြိုတင်၍ တောင်းပန်ထားလိုက်သည်။

ဒီနေရာတွင် စာရေးသူအကြောင်း နည်းနည်းပြောပါရစေ။ စာရေးသူက ဘာသာတရားကို ကိုင်းရှိုင်းရှိသေသည်။ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် အနန္တငါးပါးကိုဘယ်တော့မှမမေ့လျော့တတ်ပါ။ ဘုရားတရားဂုဏ်တော်များကိုလည်း ရောက်ရာအရပ်မှာ ရွတ်ဖတ်သည်။ မေတ္တာပွားသည်။ အမျှတန်းများဝေသည်။ အဲဒါကြောင့်ထင်သည်၊ အန္တရာယ်ကြီးကြီးမားမား မတွေ့ရှိခဲ့။ အဲဒါကတော့ ဘုရားတရားဂုဏ်ကျေးဇူး

ကြောင့်ပဲဟု စာရေးသူ ယုံကြည်သည်။ ယခုလည်း စာရေးသူ နှုတ်မှ -

"ဤနေရာ ဤတံတားအား လာရောက်၍ လုပ်ကိုင်ကြသော ကျွန်ုပ်၏အဖွဲ့အား အပြုမှုအမှားယွင်းများရှိပါက ခွင့်လွှတ်ပေးပါ"

ဟု တောင်းပန်၍ အဖွဲ့များအနားယူရန်ဆောက်လုပ်ထားသောတဲအတွင်းသို့ပြန်လာခဲ့တော့သည်။ တဲသို့ရောက်တော့ အလုပ်သမားများအားခေါ်၍ ညနေစာအတွက် ထမင်းစားရန် ထမင်းဆိုင်သို့ထွက်လာခဲ့ကြသည်။ ထိုစဉ် စာရေးသူတို့ ထမင်းစားနေခိုက် အရာရှိကားဖြင့်ရောက်လာပြီး စာရေးသူအား-

"ကိုကျော်ထက်မိုးကတော့ အလုပ်သမားတဲမှာ မအိပ်ပါနဲ့ဗျာ။ ကျွန်တော်နဲ့လိုက်ခဲ့ပြီး အရာရှိနားနေဆောင်မှာလိုက်အိပ်ပါ။ လက်တိုလက်တောင်းခိုင်းဖို့လည်း လူငယ်လေးနှစ်ယောက်ပါခေါ်လာခဲ့ပါ"

ဟု ပြောလေသည်။

အဲဒါနှင့် စာရေးသူလည်း လူငယ်နှစ်ယောက်ခေါ်ပြီး အရာရှိနှင့်အတူ ကားဖြင့်ထွက်လာကြတော့သည်။ စာရေးသူတာဝန်ယူထားသည့် တံတားနှင့် အရာရှိနားနေဆောင်မှာ (၃)မိုင်လောက်တော့ဝေးသည်။ အဆောင်သို့ရောက်တော့ အရာရှိမှ စာရေးသူတို့နားရန် အိပ်ခန်းတစ်ခန်းစီစဉ်ပေးပြီးလျှင် သူ့အခန်းသို့ပြန်သွားလေသည်။ စာရေးသူတို့လည်း အိပ်ခန်းအား သန့်ရှင်းပြီး အနားယူနေလိုက်တော့၏။ တစ်နာရီလောက်ကြာတော့ အရာရှိမှ ပြောစရာရှိသဖြင့် အခေါ်လွှတ်လိုက်သည်ဆိုပြီး လူငယ်တစ်ယောက်က လာခေါ်သည်။ စာရေးသူကိုလည်း-

"ဆရာက ကိုကျော်ထက်မိုးနော်"

ဟု မေးတော့ စာရေးသူလည်း ခေါင်းညိတ်ပြပြီး-

"ဟုတ်ပါတယ်"

ဟု ဆိုတော့ ထိုလူငယ်က -



www.burmeseclassic.com1

www.burmeseclassic.com

# ကျော်ထက်မိုး

## နတ်ကြွမ်းတဲ့ ရိုးမမြေ



"ဆရာ့ကို အရာရှိက ခေါ်ခိုင်းလိုက်လို့ သူ့အဆောင်ကိုလိုက်ခဲ့ပါဦးတဲ့။ စကားနည်းနည်းပြောစရာရှိလို့"

ဟု ပြောလာ၏။

အဲဒါနှင့်စာရေးသူလည်း လူငယ်ခေါ်ရာနောက်သို့ လိုက်ပါခဲ့တော့သည်။ အဆောင်သို့ရောက်တော့ အရာရှိက ရေနွေးကြမ်းဝိုင်းနှင့် စောင့်နေ၏။ စာရေးသူကို မြင်တော့ -

"လာဗျာ ထိုင်၊ ကိုကျော်ထက်မိုး ခင်ဗျားကို စောင့်နေတာ ပြောစရာစကားနည်းနည်းရှိလို့"

ဟုပြောပြီး စာရေးသူကို ရေနွေးကြမ်းတစ်ခွက်လှမ်းပေး၏။ စာရေးသူမှ

www.burmeseclassic.com1

www.burmeseclassic.com

လည်း စကားလမ်းကြောင်းခင်းပေးလိုက်၏။

"ပြောစရာရှိတာ ပြောပါ ဆရာ။ ဘာများအရေးကြီးလို့လဲ"

ဟုပြောလိုက်လျှင် အရာရှိမှ ဒီလိုဗျဟု အစချီ၍ စာရေးသူအား ဖြစ်ကြောင်းကုန်စင်ပြောပြပါတော့သည်။

"အခု ကိုကျော်ထက်မိုးတို့လုပ်မယ့်တံတားက နှယ်နှယ်ရရတံတားမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ အဲဒီတံတားရှိတဲ့နေရာဟာ အရစ်းနတ်ကြီးတယ်။ အဓိကကတော့ မြေကြမ်းတာပေါ့"

ဟု ပြောပြီး ရေနွေးကြမ်းပန်းကန်အား ယူ၍ သောက်လိုက်သည်။

ပြီးလျှင် -

"ဒီအကြောင်းပြောရရင် အရှည်ကြီးဗျ။ မပြောထားလို့လည်းမဖြစ်ဘူး။ ဒီလိုပါ ဒီတံတားဝန်းကျင်မှာ အများမခံဘူး။ ကျွန်ရတော်လည်း မြန်မြန်ပြီးချင်တယ်။ ဒါပေမယ့် ပြီးဆုံးအောင်ကိုမလုပ်နိုင်သေးဘူး။ အခု ကိုကျော်ထက်မိုးတို့နဲ့ဆိုလျှင် (၃) ဖွဲ့မြောက်ဖြစ်နေပြီ။ အဲဒါကြောင့် အဖွဲ့ကို သေချာဂရုစိုက်ပြီး စီစဉ်ဆောင်ရွက်ပါဗျာ"

ဟု စာရေးသူကို ပြောလာ၏။

အဲဒါနှင့် စာရေးသူလည်း -

"ဆရာ ဒီတံတားနဲ့ ပတ်သက်ပြီး အဓိကအရေးကြီးတဲ့အချက်လေးများရှိရင်လည်း ပြောပြပါဦး"

လို့ စာရေးသူကပြောလိုက်တော့ အရာရှိက -

"သိပ်ရှိတာပေါ့ဗျာ။ တကယ်လည်း ထူးဆန်းတယ်၊ ကြောက်လည်းကြောက်ဖို့ကောင်းတယ်။ ကိုကျော်ထက်မိုးတို့ အခုလုပ်မယ့်တံတားမှာ ပထမစလုပ်တုန်းက အဲဒီမြေမှာ ဖိနပ်တောင်စီးလို့မရဘူး။ မြေကြမ်းတယ်"

ဟုပြော၏။

"ဘယ်လိုမြေကြမ်းတာလဲ ဆရာ"

"ဖိနပ်စီးပြီး လမ်းသွားရင် မမြင်ရတဲ့ပုဂ္ဂိုလ်တစ်ဦးဦးက ပါးကိုရိုက်သွားတတ်တယ်။ ဒါကြောင့် အရင်လာလုပ်တဲ့အလုပ်သမားတွေဖိနပ်မစီးရဘူး။ မယုံလို့ ဖိနပ်စီးရင်လည်း အမှန်တကယ်ကိုရိုက်ခံရတယ်။ အခုတော့ စီးလို့ရသွားပါပြီ။ နားလည်တတ်ကျွမ်းတဲ့ ဆရာတစ်ဦးနဲ့ တိုင်ပင်ပြီး ပွဲပေးထားရတယ်လေ။ တောင်းပန်ထားတာပေါ့။ ကိုကျော်ထက်မိုးတို့တွေ့ခဲ့တယ်မဟုတ်လား ငှက်ပျောပွဲလေ"

ဟု အရှည်ကြီးစကားပြောပြီး မောသွားသည်ထင်၏။ ရေနွေးကြမ်းကိုသောက်လိုက်ပြန်သည်။ ကျွန်တော်လည်း အဲဒီအခါမှ တံတားတွင် ငှက်ပျောပွဲတင်မြှောက်ထားတာကို သဘောပေါက်တော့၏။

အဲဒီနောက်ပြောစရာတွေအများကြီးကျန်သေးတယ်ဟုပြောလာပြန်သဖြင့် အရာရှိအား စာရေးသူက-

"ပြောစရာရှိတာ အကုန်ပြောပါဆရာ။ ကျွန်တော်တို့အတွက် ဗဟုသုတလည်းရ ဆောင်ရန်ရှောင်ရန်လည်းဖြစ်တော့ လိုက်နာလို့ရတာပေါ့"

လို့ စာရေးသူက ပြောလိုက်လျှင် အရာရှိမှ -

"ဒီလိုဗျာ. ပြောစရာဆိုတာနောက်နှစ်မျိုးတော့်ကျန်သေးတယ်။ ဒီအဖြစ်ပျက်ကို နားထောင်ပြီး ကိုကျော်ထက်မိုးအနေနဲ့ အဖွဲ့ကိုသတိလည်းပေး ဂရုလည်းစိုက်လို့ရတာပေါ့"

ဟု ပြောပြီး အာခြောက်သွားသည်ထင်၏။ ရေနွေးကြမ်းကိုတစ်ငုံထပ်သောက်လိုက်ပြန်၏။ စာရေးသူမှလည်း အရာရှိရှင်းပြမည့်စကားများကိုစိတ်ဝင်စားနေတော့ -

"ဟုတ်ကဲ့ပါ ဆရာ ပြောပါ"

ဆိုလိုက်လျှင် အရာရှိက -

"ပြောစရာဆိုတာက ပထမတစ်မျိုးက အဲဒီနေရာမှာ အပေါ့သွားရင်မတ်ရပ်ဘယ်တော့မှမသွားပါနဲ့။ သွားမိရင်တစ်ခုခုဖြစ်တတ်တယ်။ လက်တွေ့ မှီပြောထားမယ်။ ကိုကျော်ထက်မိုးတို့ မခေါ်ခင် ပထမအဖွဲ့မှာပေါ့။ လူငယ်တစ်ယောက်ဟာ မတ်ရပ်သွားမိလိုက်တာ ညလည်းရောက်ရော (-)ကမခံမရပ်နိုင်အောင် တဖြည်းဖြည်းကြီးကြီးလာပြီး အော်တစ်လူးလိမ့်နေရတယ်"

လို့ပြောပြီး စီးကရက်တစ်လိပ်ကို မီးညှိပြီး ရှိုက်ဖွာလိုက်၏။

"အဲဒါနဲ့ နီးစပ်ရာရွာထဲက နားလည်တတ်ကျွမ်းတဲ့ဆရာတစ်ယောက်ဆီမှာသွားပြီးမေးမြန်းတော့ ကျင်ငယ်စွန့်တာမတ်ရပ်သွားလို့ အခုလိုလုပ်တာလို့ပြောပြီး ထမင်းနဲ့ကြက်ကောင်လုံးကြော်ကိုပွဲပြင်ပြီး တောင်ခြေတောစပ်မှာလာတောင်းပန်ရမယ်တဲ့။ ဒါနဲ့ဝယ်စရာရှိတာဝယ်ပြီးပွဲပြင်၊ တောင်ခြေကိုသွားပွဲမြှောက်တောင်းပန်လိုက်တာနဲ့ ချက်ချင်းဆိုသလိုယူပစ်သလို ပျောက်သွားတယ်။ အဲဒါကျွန်တော့်လက်တွေ့ပဲ"

ဟု ပြောပြသည်။

စာရေးသူလည်း ဆက်လက်ကြားချင်သဖြင့် အရာရှိကို ထပ်မေးလိုက်ပါ၏။

"နောက်ဒုတိယအကြောင်းကတော့ အသားစိမ်းငါးစိမ်းများကို မီးကင်မီးမြှိုက်ပြီး ဘယ်သောအခါမှမစားပါနဲ့။ချက်စားရင်တော့ ဘယ်လိုအသားငါးမဆို စားလို့ရတယ်။ မီးကင်စားမိရင်တော့ တောင်းပန်လို့လုံးဝမရတဲ့အဓိကအချက်ပဲ။ အဲလိုလုပ်ပြီးစားမိသူဟာ မကြာခင်ရက်အတွင်းမှာ အကြောင်းအမျိုးမျိုးနဲ့ သေတဲ့အထိဖြစ်အောင်လုပ်တတ်တယ်။ နယ်မြေက တော်တော်ကိုနတ်ကြမ်းတယ်။ အဲဒါ ကိုကျော်ထက်မိုးတို့အဖွဲ့လည်း သတိလက်လွတ်မဖြစ်စေနဲ့ ဂရုတစိုက်လုပ်ကြပါ။

ဒီလိုဗျ၊ အဲဒါကတော့ ကျွန်တော်တို့အမြဲခိုင်းတဲ့ ဆေးသုတ်အဖွဲ့ပဲ။ သူတို့က လေးယောက်လာလုပ်တာ"

ဟု အစချီ၍ စာရေးသူကို ပြောပြတော့၏။

"ဒီလိုဗျ။ သူတို့အဖွဲ့က ဗုဒ္ဓဘာသာမဟုတ်ဘူး။ ဒီလိုအယူဆတွေကို သူတို့က မယုံဘူး။ ကျွန်တော် ဘယ်လိုပင်ပြောပြော ယုံကြည်မှုမရှိတော့ နားမဝင်ဘူး။ ဒါပေမယ့် တစ်ခုတော့ ကျွန်တော်မဖြစ်မနေရှောင်ကြဖို့ ပြောဆိုသတိပေးထားလိုက်တယ်။ အဲဒါကတော့ အသားစိမ်းငါးစိမ်းများကို မီးကင်မစားကြဖို့၊ အရက်ကိုတော့ကြိုက်ရင် သောက်လို့ရတယ်။ ဆေးသမားအဖွဲ့ကတော့ အားလုံးအရက်သောက်တတ်တဲ့သူတွေချည်းပဲ။ ကျွန်တော်လည်း နောက်ပိုင်းကျဘာမှမပြောတော့ဘူး။အလုပ်ကိုပဲအချိန်မီပြီးစီးအောင်ခိုင်းရတော့တယ်။

ဒီလိုနဲ့ တစ်နေ့တော့ အလုပ်ပြီးဖို့ကလည်း သိပ်မလိုတော့ (၃) ရက်လောက်လုပ်လိုက်ရင် ဆေးအားလုံးပြီးပြီပေါ့။ သူတို့အဖွဲ့ထဲကတစ်ယောက်ကတော့ လုပ်စရာသိပ်ပြီးမကျန်တော့လို့ တစ်ပတ်လောက်စောပြီး ပြန်သွားနှင့်တယ်။ သုံးယောက်ပဲကျန်ခဲ့တာပေါ့။ သူတို့သုံးယောက်ပြန်ဖို့ တစ်ရက်အလိုမှာပေါ့။ အလုပ်သိမ်းရင် အရက်နှင့်မြည်းဖို့ ကြက်တစ်ကောင်အားသွားဝယ်ပြီး တဲကိုပြန်လာကြတယ်။ တဲကိုပြန်ရောက်တော ကြက်သားကိုချက်မစားကြဘဲ မီးကင်ပြီးအရက်နဲ့မြည်းကြတာပေါ့။ အဲဒီလိုစားတဲ့ညမှာပဲ သူတို့သုံးယောက်လုံး စပြီးဖြစ်တော့တာပဲ"

ဟု ပြောပြီး ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်ပြန်၏။ စာရေးသူလည်း သူပြောလာမည့်စကားကို နားစွင့်နေလိုက်တော့သည်။

"မနက်လင်းတော့ ငှက်ဖျားတက်သလိုဖြစ်ပြီး (၃) ယောက်သားတုန်ယင်ပြီးဖျားသလိုဖြစ်ကြတော့တယ်။ တဖြည်း



www.burmeseclassic.com1

www.burmeseclassic.com

ဖြည်းနဲ့ အခြေနေက ပိုပြီးဆိုးလာတယ်။ ဒါနဲ့ ကျွန်တော်လည်း ဒီအတိုင်းနေရင်တော့ မဖြစ်တော့ဘူး။ သူတို့မြို့ကိုပြန်လိုက်ပို့ပေးပြီး ဆေးရုံတင်ပေးမှဖြစ်တော့မည်လို့ ဆုံးဖြတ်လိုက်ပြီး သူတို့ကိုပြန်ခေါ်လာလိုက်တော့တယ်။ မြို့ကိုရောက်တော့ သူတို့အိမ်တွေကိုအကြောင်းကြားပြီး သုံးယောက်လုံးကို ဆေးရုံတင်လိုက်တယ်။ သူတို့အိမ်က မိသားစုများလည်း ရောက်လာတော့ ကျွန်တော်လည်း လိုအပ်သမျှ အကူညီပေးပြီး အလုပ်ရှိရာသို့ ပြန်လာခဲ့တော့တယ်။ ပြန်လာတဲ့ညမှာပဲ ထူးထူးခြားခြားအိပ်မက်တစ်ခု ကျွန်တော်မက်မိတယ်။ အဲဒီအိပ်မက်ကလည်း တကယ့်ကိုမှန်ကန်တဲ့ အိပ်မက်တစ်ခုပဲလို့ ယူဆမိတယ်။ ကျွန်တော့်တစ်သက်မှာဒီအိပ်မက်မျိုးတစ်ခါမှမမက်ခဲ့ပါဘူး"

ဟု ပြောပြီး စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြန်၏။

စာရေးသူလည်း ရေနွေးကြမ်းနှင့် လက်ဖက်သုပ်စားပြီး အရာရှိပြောမယ့် စကားကို စိတ်ဝင်တစားနားထောင်နေမိသည်။

ထို့နောက် အရာရှိက ဆက်လက်ပြီး -

"ဒီလိုဗျ၊ အိပ်မက်ထဲမှာ သျှောင်တစောင်းခေါင်းပေါင်းပြီး နှုတ်ခမ်းမွေးကားကားနဲ့လူကြီးတစ်ယောက်ဦးဆောင်ပြီး ကျွန်တော့်ကို လာပြောတယ်။မင်းလူသုံးယောက်လုံး ငါတို့တွေမကျေနပ်ဘူး။ ငါတို့မကြိုက်တာတွေ အကုန်လုပ်တယ် မလေးစားကြဘူး။ အခုလည်း ငါတို့မကြိုက်ဆုံးအရာတစ်ခုကို ကျူးလွန်တယ်။ သူတို့ကို လုံးဝခွင့်မလွှတ်နိုင်ဘူး။ သူတို့ကိုသတ်ပစ်မယ်။ တစ်ယောက်တစ်နာရီခြားပြီး သေစေရမယ်လို့ စိတ်ဆိုးမာန်ဆိုးပြောပြီး အိပ်မက်ထဲမှပျောက်သွားတယ်။ ကျွန်တော်လည်း အိပ်ရာကလန့်နိုးတော့ စိတ်ထဲမှာတစ်မျိုးကြီးခံစားရတယ်။ အဲဒါနဲ့ ကျွန်တော်လည်း မနက်မိုးလင်းတော့ သူတို့နေတဲ့မြို့ကို အမြန်ဆုံးလိုက်သွားတယ်။ သူတို့မိသားစုတွေနဲ့တိုင်ပင်ပြီး တစ်ခုခုလုပ်ဖို့ပေါ့။ ဒါပေမယ့် ကျွန်တော်ရောက်တော့ အချိန်ကနောက်ကျသွားပြီလေ။ သူတို့(၃)ယောက်လုံးဆုံးသွားပြီလို့သိရတော့ ကျွန်တော်လည်း ဘယ်အချိန်ကလဲလို့မေးမိတော့ သူတို့မိသားစုတွေက ညနေ (၅)နာရီမှာပြောတယ်။ ဒါနဲ့ ကျွန်တော်က ကျန်တဲ့နှစ်ယောက်ကိုမေးတော့ တစ်ယောက်က (၆) နာရီ၊ နောက်တစ်ယောက်က (၇) မှာလို့ သိလိုက်တော့ ကျွန်တော်လည်းပိုပြီး အံ့ဩရတော့တာပေါ့"

စာရေးသူအား ပြောပြပါတော့သည်။ စာရေးသူလည်း ဝတ္ထုတစ်ပုဒ်ကို ဖတ်လိုက်ရသလိုပင်ထင်မိပါတော့သည်။

(ဤအဖြစ်အပျက်တို့သည် စာရေးသူအား အရာရှိမှ ပြောကြားထားသမျှကို ပြန်လည် ရေးသားထားခြင်း ဖြစ်ပါသည်။ ယခုရေးသားမည့်မှာ စာရေးသူကိုယ်တိုင်ကြုံတွေ့ရသော အဖြစ်မှန်အကြောင်းဖြစ်ပါသည်။)

အဖြစ်အပျက်က ဒီလိုပါ။ အရာရှိရှင်းပြပြီးနောက် စာရေးသူလည်း အဖွဲ့သားများကို ဒီနေရာအကြောင်းရှင်းပြပြီး သတိပေးထားလိုက်တော့သည်။ ဒါပေမယ့် စာရေးသူရဲ့စကားကို ယုံကြည်သူရှိသလို မယုံကြည်သူလည်းပါ၏။ ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ စာရေးသူကတော့ ပြောစရာရှိသည့်စကားကိုတော့ ခေါင်းဆောင်တစ်ယောက်အနေနှင့်ပြောရမည်။ ကျန်တာကတော့ သူတို့အပိုင်းပဲဟု ခံယူထားသည်။

ဒီလိုနှင့် စာရေးသူလည်း ညနေစောင်းတော့ လက်ထောက်တပည့်တစ်ယောက်နှင့် မှာကြားပြီး အဆောင်ကိုစောစောပြန်လာခဲ့တော့၏။ အဆောင်ကိုရောက်တော့ စာရေးသူလည်း အရာရှိအား သွားရောက်နှုတ်ဆက်ကာ အနားယူသောအခန်းသို့ ပြန်လာခဲ့တော့၏။ အခန်းရောက်တော့ စာရေးသူလည်း ဘုရားကန်တော့၊ဂုဏ်တော်ရွတ်၊မေတ္တာပွား အမျှတန်းများဝေပြီး အိပ်ရာစောစောဝင်လိုက်တော့၏။

မနက် (၄) နာရီ လောက်ရှိတော့ စာရေးသူအိပ်မက်တစ်ခုကို ထူးထူးခြားခြားမြင်မက်မိသည်။ အိပ်မက်ထဲတွင် စော်ဘွားတစ်ဦးပုံသဏ္ဌာန်နှင့်တူသည့် ပုဂ္ဂိုလ်က မြင်းကြီးပေါ်မှ စာရေးသူအား ပြော၏။

"မောင်ရင်က ဘာသာတရားလည်း ကိုင်းရှိုင်းတယ်။ အမျှတန်းများလည်း ပေးဝေတယ်။ ဒါကြောင့် ကျွန်ုပ်တို့လည်း သာဓုခေါ်ရတယ် ကျွန်ုပ်တို့ သဘောကျပါတယ်။ ဒါကြောင့် မောင်ရင့်ကို ကျွန်ုပ်တို့က လက်ဆောင်ပစ္စည်းတစ်ခုပေးခဲ့မယ်။ အဆောင်အဖြစ်သိမ်းထားပါ။ အကျိုးထူးများရလိမ့်မယ်"

လို့ပြောပြီး (၅၀၀) တန် ငွေစက္ကူတစ်ရွက်အား အင်းကွက်များရေးဆွဲပြီး ပေးခဲ့သည်။ အဲဒီလိုပေးပြီး အိပ်မက်ထဲမှ ပျောက်သွားတော့၏။ စာရေးသူလည်း အိပ်မက်မှလန့်နိုးလာတော့ မနက်မိုးလင်းစဖြစ်နေ၏။ ဒါနှင့် စာရေးသူလည်း အိပ်မက်အကြောင်းစဉ်းစားရင်းခဏထိုင်နေလိုက်၏။ အိပ်မက်ထဲမှာ ထို ပုဂ္ဂိုလ်ပေး တာက (၅၀၀) တန်ငွေစက္ကူပေါ် မှာ အင်းကွက်ချ၍အဆောင်ဟု ပြောပြီးပေးသွားသည်။ ဒါပေမယ့် လက်တွေ့တော့ ဘာမှမတွေ့ ဘာမှမရ။

ဒီလိုနှင့် စာရေးသူလည်း ခပ်ပေါ့ပေါ့ပင်ထားလိုက်တော့၏။ ထို့နောက် အလုပ်ကိုသွားပြီးစီစဉ်ညွှန်ကြားနေလိုက်တော့၏။ ခဏကြာတော့ ဈေးဝယ်ပြန်လာသည့် တပည့်လေးလက်ထဲမှာတော့ လက်ဖက်ရည်ဆိုင်မှ ပြန်အမ်းလိုက်သည့် ပိုငွေပိုက်ဆံကို စာရေးသူအားလာပေးတော့ အံ့အားသင့်ဖွယ်တွေ့လိုက်ရတော့သည်။ ဆိုင်မှပြန်အမ်းလိုက်သည့်ပိုက်ဆံမှာ (၅၀၀) တန်မှာ စာရေးသူ အိပ်မက်ထဲမှာရလိုက်သောပိုက်ဆံဖြစ်နေသည်ကို အံ့ဩဖွယ်ရာမြင်တွေ့လိုက်ရတော့သည်။

ဒါနှင့် စာရေးသူသည် (၅၀၀) တန်ငွေစက္ကူအား သေချာစွာသိမ်းဆည်းထားလိုက်တော့သည်။ ဒီလိုနှင့် လုပ်ငန်းကလည်း တဖြည်းဖြည်းနှင့် ပြီးစီးရန်နီးကပ်လာပြီ။ မကြာခင် ရက်အတွင်းမှာ လုပ်ငန်းအောင်မြင်စွာပြီးဆုံးတော့မည်။ ထိုနေရာထိုတံတားအကြောင်းအားလုံး သိထားကြတော့လည်း အနေထိုင်အစားသောက်အပြောအဆို အားလုံးဆင်ခြင်ကြသည်။

ဒါပေမယ့် တစ်ဦးတလေကတော့ လက်တွေ့စမ်းကြည့်ချင်ကြသည်။ စာရေးသူကလည်း အမြဲတမ်းစောင့်ကြပ်နေတော့ မလုပ်ရဲကြ။ လုပ်လျှင်လည်း စာရေးသူ လက်ခံမည်မဟုတ် နတ်ကြီးသည့်နေရာဆိုတော့ အမြဲတမ်းသတိပေးနေရသည်။ တစ်ခုခုဖြစ်လျှင် စာရေးသူမှာ တာဝန်ရှိသည် ပေါ့ဆနေလို့မဖြစ်။ အဲဒါကြောင့်လည်း အဖွဲ့ကို ကြာကြာမထိန်းချင်တော့။အမြန်ဆုံးလုပ်ငန်းပြီးစီးအောင်တာ ကြိုးကြပ်ခိုင်းရတော့သည်။ ညနေစောင်းတော့ စာရေးသူလည်း ထုံးစံအတိုင်း အဆောင်သို့ပြန်လာလိုက်တော့သည်။ အဆောင်ရောက်တော့ စာရေးသူအသေအချာသိမ်းထားသော အဆောင်ပိုက်ဆံအား သတိရ၍ အိတ်ကို ဖွင့်ကြည့်မိသည်။ ဘာမှမရှိတော့။ စာရေးသူ၏ ပိုက်ဆံအိတ်နှင့် အဝတ်အထည်အနည်းအကျဉ်းသူခိုးခိုးသွားသည်ထင်၏။ ခြေရာလက်ရာပျက်နေသည်ကို တွေ့ရသည်။ စာရေးသူလည်း နှုတ်မှ ထွက်သွားသည်။

"သွားပြီ . . . ပါသွားပြီ"

စာရေးသူသေချာသိမ်းထားသော အဆောင်ပိုက်ဆံပါရှာမတွေ့တော့ စိတ်ထဲမှာတော့ မကောင်း။ ဒါပေမယ့် ကိုယ်



www.burmeseclassic.com1

www.burmeseclassic.com

နှင့်မထိုက်လို့ဘဲဟု စဉ်းစားရင်း ဖြေသိမ့်လိုက်တော့သည်။

ဒီလိုနှင့် တဖြည်းဖြည်း လုပ်ငန်းက ပြီးစီးသလောက်ဖြစ်လာပြီး နောက်ထပ် (၃) ရက်လောက်လုပ်လိုက်လျှင် လုပ်ငန်းသိမ်းပြီးပြန်ရတော့မည်မို့ အားလုံး ပျော်ရွှင်နေကြသည်ကတော့ စာရေးသူအတွက် အံ့သြစရာနှင့်ကြုံရတော့သည်။

ဒီအဖြစ်အပျက်ကတော့ ပြန်မယ့်နေ့ မနက်ခင်းမှာပါ။ အဖွဲ့ထဲမှ သောက်တတ်စားတတ်သူ ကို××× က မလုပ်သင့်တာတစ်ခုလုပ်ကိုင်လိုက်လေသည်။ ဖြစ်ချင်တော့ ဒီမနက်က စာရေးသူက အလုပ်မှာမရှိ။ အရာရှိဆောင်သို့ပြန်ပြီး အဖွဲ့အား ပြန်ပို့ပေးရန် ကားစီစဉ်နေတဲ့အခိုက်အတန့်လေးမှာပါ။ ဒီနေ့ကျမှ ကားကလည်း ရုံးကိစ္စတစ်ခုဖြင့် ခိုင်းထားသဖြင့် အဆောင်တွင်မရှိ ပြန်ရောက်အောင် စောင့်ရတော့မည်။

ဤသို့ စောင့်ရင်းဖြင့် နေ့လယ် (၁၂) နာရီခန့်ကျ ကားပြန်ရောက်လာသည်။ စာရေးသူလည်း အချိန်ရှိတုန်း ပြန်ရမှာမို့ အရာရှိအားခေါ်ပြီး အလုပ်ရှိရာသို့ ကားဖြင့်ထွက်လာကြတော့၏။ တဲတားကိုရောက်တော့ အလုပ်သမား ကို××× မှာ ကြက်အကောင်အားကင်၍ အရက်နှင့်မြည်းနေသည်ကို တွေ့လိုက်ရတော့ စာရေးသူလည်း ဒေါသထွက်ပြီး အော်ငေါက် လိုက်မိ၏။

"ခင်ဗျားဘာလုပ်နေတာလဲဗျ။ ကျွန်တော်အတန်တန်ပြောထားရက်နဲ့ ခင်ဗျားမို့လုပ်ရဲတယ်။ ဒုက္ခတော့ရောက်တော့မှာဘဲ"

ဟု ပြောလိုက်မိ၏။

အလုပ်သမားလေးတစ်ယောက်ကလည်း-

"မနက်က သူရွာထဲသွားပြီးကြက်တစ်ကောင်သွားဝယ်တာ ကျွန်တော်တို့လည်းတားပါတယ်ဆရာ။ ဒါပေမယ့် သူက အရက်မူးနေတော့ ပြောလို့မရဘူး။ အဲဒါတွေ ငါမယုံဘူးလို့လည်း ကျွန်တော်တို့ကို ပြောတယ်။ ဒါကြောင့် ပြောမရလို့ လုပ်ချင်တာလုပ်တော့ဆိုပြီး ကျွန်တော်တို့လည်း ဘာမှထပ်မပြောတော့ဘူး ဆရာ"

ဟု စာရေးသူကို ပြော၏။

ကျွန်တော်လည်း ဘာမှမတတ်နိုင်တော့။ ကားပေါ်တွင် ကျန်ခဲ့သော အရာရှိထံသွားပြီး အကျိုးအကြောင်း ပြောပြလိုက်သည်။ စာရေးသူရဲ့စကားကို နားထောင်ပြီး အရာရှိလည်း မျက်နှာပျက်သွားသည်။

"ခင်ဗျားအဖွဲ့တွေကို မြန်မြန်ပြန်ဖို့လုပ်တော့"

ဟု ပြောလာ၏။

ဒါနှင့် စာရေးသူလည်း အလုပ်သမားတဲသို့လှမ်းအော်ပြောလိုက်သည်။

"ကဲကဲ - အားလုံးအဆင်သင့်ဖြစ်ရင် သွားကြမယ်ဟေ့။ အိတ်တွေကို ကားပေါ်တင်ကြ ပြန်မယ်"

ဟု ခေါ်လိုက်လျှင် တဲအတွင်းမှ အလုပ်သမားအားလုံးထွက်လာကြတော့သည်။ ထိုအထဲမှ နောက်ဆုံးတွင်လိုက်လာသော ကို×××ကတော့ အရက်မူးပြီး ဒယိမ်းဒယိုင်ဖြင့်လိုက်လာသည်။ စာရေးသူအနားရောက်တော့ သူ့ကိုသတိထားကြည့်မိ၏။ စောစောက သူ့မျက်နှာမှာ ဘာမှမတွေ့ရ။ အခု ဒီလူရဲ့ပါးမှာ နီနီဘုကြီးတစ်လုံးထွက်နေသည်ကို စာရေးသူတွေ့လိုက်ရသည်။

ဒါနဲ့ စာရေးသူက -

"ခင်ဗျားပါးက ဘာဖြစ်တာလဲ။ စောစောက ကျွန်တော်မတွေ့ပါဘူး"

ဟု မေးလိုက်တော့ -

"ကျွန်တော်လည်း ဘာဖြစ်မှန်းမသိလိုက်ဘူး။ အခုလေးတင်ဘဲဖြစ်တာ အကောင်တစ်ခုခုကိုက်သွားတယ်ထင်ပါတယ်ဆရာ"

ဟုဖြေ၏။

စာရေးသူလည်း စိတ်ထဲတွင် တစ်ခုခုထူးခြားပြီဟု အလိုလိုသိနေသလိုပင်။ အဲဒါနှင့် ပြန်လာကြပြီး မိမိဒေသသို့ပြန်ရောက်တော့ အားလုံးကို လုပ်ခငွေများရှင်းပေးပြီး စာရေးသူလည်း အိမ်သို့ပြန်လာလိုက်တော့သည်။ စာရေးသူစိတ်ထဲမှာတော့ သိပ်မကောင်း။ သူ့အား ကြည့်ရသည်မှာ တစ်မျိုးဖြစ်နေ၏။ ဒါပေမယ့် ဘာမှမတတ်နိုင်တော့။ ဖြစ်သမျှအကြောင်း အကောင်းဟုသာ စိတ်မှာတွေးလိုက်တော့သည်။ ထိုသူရဲ့ပါးက ဘုကြီးကတော့ တဖြည်းဖြည်းကြီးလာသည်ကိုတွေ့ရသည်။

ဒီလိုနှင့် မနက်မိုးလင်းတော့ စာရေးသူလည်း လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာရှိနေစဉ် ကို×××တို့အဖွဲ့ ရောက်လာသည် စာရေးသူအား တွေ့တော့ အားလုံးဝင်ထိုင်ကြသည်။ စကားပြောကြ၏။

စာရေးသူက -

"ခင်ဗျားပါးကဘုကြီးက ဘယ်လိုနေလဲ။ နာနေလား"

ဟု မေးလိုက်တော့ ထိုသူက စာရေးသူအား အဓိပ္ပာယ်ပါသောအပြုံးမျိုးဖြင့် ပြုံးပြပြီး-

"မနာပါဘူး ဆရာ ဘယ်လိုမှမနေဘူး။ အချိန်တန်ရင်ပျောက်သွားမှာပါ"

ဟု ပြောပြီး -

"ကျွန်တော်လည်း အလုပ်တစ်ခု သွားကြည့်လိုက်ဦးမယ် ဆရာ"

ဟုဆိုကာ ထွက်သွားလေသည်။ စာရေးသူလည်း ခေါင်းညိတ်ပြုံးပြလိုက်ပြီး လက်ဖက်ရည်ဆိုင်မှ အိမ်သို့ပြန်လာခဲ့တော့သည်။

အဖြစ်က ဘာမှမကြာလိုက်ပေ။ တပည့်တစ်ယောက် အိမ်သို့လိုက်လာ၏။ သူ့ပုံသဏ္ဍာန်ကိုကြည့်ရသည်မှာ အကြောင်းတစ်ခုခုထူးပြီဟု ခန့်မှန်းမိ၏။ ဒါကြောင့် တပည့်လေးအား ကမန်းကတန်းပင်မေးလိုက်မိ၏။

"ဟေ့ကောင် ဘာတွေများ အရေးကြီးလာပြန်တာလဲ"

လို့မေးလိုက်တော့ တပည့်လေးက -

"ကို×××တစ်ယောက် စောစောကပဲ ဆုံးသွားပြီ"

ဟု သိလိုက်ရ၏။

စာရေးသူလည်း အံ့သြရ၏။ အခုလေးမှာပဲ လက်ဖက်ရည်ဆိုင်မှ စကားပြောပြီးပြန်သွားသည်။ အခုတော့ ဆုံးပြီးဟုကြားလိုက်ရတော့ ကိုယ့်နားပင်ကိုယ်မယုံနိုင်အောင်ဖြစ်ရလေသည်။ ဒါနှင့် ဆက်ပြီး မေးမိ၏။

"ဘယ်လိုဖြစ်သွားရတာလဲ။ ဘာရောဂါနဲ့ဆုံးသွားတာလဲ"

ဟု မေးလိုက်တော့ တပည့်လေးက -

"မနက်က အပြင်ကပြန်လာပြီး အလုပ်တစ်ခုသွားကြည့်စရာရှိတယ်။ မသွားခင် အဆာပြေထမင်းနည်းနည်းစားဦးမယ်ပြောပြီး စားပွဲဘေးမှာဝင်ထိုင်လိုက်တယ်။ ဘာဖြစ်သွားတယ်မသိတော့ဘူး။ ဘာနဲ့တွေပြောပြီး အော်နေလဲမသိဘူး။ တစ်ခုပဲ သဲသဲကွဲကွဲကြားလိုက်တယ်။ ဒါကတော့ ကျွန်တော်ကြောက်ပါပြီ။ နောက်မလုပ်ရဲတော့ပါဘူးလို့ ခဏနေတော့ ထိုင်လျက်ငြိမ်သွားတော့ သူ့ကိုကိုင်ပြီးလှုပ်ကြည့်မိတယ်။ ဒါပေမယ့် အသက်မရှိတော့ဘူးလို့ သူ့မိန်းမကပြောတာပဲ ဆရာ"

ဟု တပည့်လေးက စာရေးသူကို ရှင်းပြပါတော့၏။

စာရေးသူ၏ စိတ်ထဲမှာ တော့ ဪ - မယုံကြည်ဘူးဆိုတဲ့သူတစ်ယောက် အခုတော့ အသက်ပါပေးပြီး ယုံကြည်သွားပြီလားဟု။

ကျော်ထက်မိုး



www.burmeseclassic.com1

www.burmeseclassic.com

# ရန်ကင်းအောင်မြင် ပန်းတိုင်ဝင်

နေမဝင်(နတ်မောက်)

ပြီးခဲ့သည့်သုံးလက ကျွန်ုပ်၏ မိတ်ဆွေ ဦးအောင်ခသည် ဒုဦးစီးအရာရှိ အဆင့်သို့ ရာထူးတက်သွားခဲ့သဖြင့် များစွာဝမ်းမြောက်ပီတိဖြစ် ဂုဏ်ယူမိခဲ့ရသည်။ (-) မြို့သို့ တာဝန်ပြောင်းရွှေ့ ထမ်းဆောင်ရမည်ဖြစ်ရာ ရုံးအဖွဲ့သားလုပ်ဖော်ကိုင်ဖက်များနှင့် နီးစပ်ရာ ရပ်ကွက်အတွင်း မိတ်ဆွေရင်းများအား ၎င်း၏ နေအိမ်တွင် ကြာဆံဟင်းခါးဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ပါသည်။

ဦးအောင်ခသည် ကျွန်ုပ်ထက် အသက် (၂) နှစ်ကြီးပါသည်။ သူက ရှစ်တန်းမှာတစ်ကြိမ်၊ ဆယ်တန်းမှာ တစ်ကြိမ် စာမေးပွဲကျခဲ့သဖြင့် ကျွန်ုပ်က သူ့ကိုအတန်းမီကာ ကျောင်းနေဖက်ဖြစ်ခဲ့၊ ခင်မင်ခဲ့ရခြင်းဖြစ်သည်။

သူ ဆယ်တန်းအောင်ပြီးနောက် သူ့ဖခင်ကွယ်လွန်ခဲ့ရာ မိခင်မုဆိုးမကြီးနှင့် ညီ၊ ညီမလေးယောက်၏တာဝန်ကို သားကြီးဩရသဖြစ်သော ဦးအောင်ခမှ တာဝန်ယူ ပြုစုလုပ်ကျွေးခဲ့ရသည်။ ဆယ်တန်းအောင်လက်မှတ်ကိုင်ပြီးတော့ အလုပ်ရှာသော်လည်း ဘယ်ဌာနမှာမှ အလုပ်မရခဲ့ပါ။

နောက်ဆုံးတွင် ပွဲရုံကုန်ချိန်၊ ပန်းရန်အုတ်သယ်၊ မဆလာနယ် ကျပန်းလုပ်ရင်း စာပေးစာယူတက္ကသိုလ်မှ ဘွဲ့ရခဲ့ပြီး (-) ဌာနတွင် ရုံးအကူ ရုံးလုလင် အလုပ် လခစားဝန်ထမ်းဖြစ်ခဲ့သည်။

လုပ်သက်သုံးနှစ်တွင် အငယ်တန်းစာရေးရရန် ဆယ်ဦးဝင်ပြိုင်ဖြေဆိုရရာ သူရရှိအောင်မြင်ခဲ့သည်။ ထို့မှ ရုံးစာရေးကြီးအဖြစ် သုံးဦးပြိုင်ရရာတွင်လည်း သူအောင်ပွဲဝင်နိုင်ခဲ့သည်။ ယခု နောက်ဆုံး ဒုဦးစီးရာထူးဝင်ဖြေရာ လူပေါင်းရာချီထောင်ချီသည့်အထဲမှာ သူတစ်နေရာရရှိအောင်မြင်ကာ ဒုဦးစီးအရာရှိဖြစ်ခဲ့လေသည်။

အနှစ်ချုပ် လိုရင်းတိုရှင်းတင်ပြလိုက်ခြင်းပါ။ သူ့ဘဝမှာ အတိုက်အခိုက် အပြိုင်အဆိုင်အခက်အခဲများစွာကြားမှာ ရုန်းကန်မှုအသချေနှင့် ကြိုးစားတက်လှမ်းခဲ့ရသည်။ မျက်နှာကြီးလူကြီးရှိဖို့လည်းဝေး၊ မုဆိုးမသား၊ ဥစ္စာမဲ့၊ ပစ္စည်းမဲ့၊ ဟိုကပ်ဒီကပ်ကပ်ဖို့လည်း ဘယ်မှာမှ အဆက်အသွယ်မရှိ။ မိခင်ကြီးကျန်းမာရေးတစ်ဖက်၊ ညီငယ်ညီမငယ်များ ပညာတတ်ဘွဲ့ရဖို့အရေး၊ စားဝတ်နေရေး အားလုံး သူ့ပခုံးပေါ် ထမ်းထားပြီးကြိုးစားရုန်းကန်ခဲ့ရသူဖြစ်သည်။

သူ့ဝသီမှာ ဘယ်အခါမှပင်ပန်းသည်ဟု မညည်းညူ။ စိတ်ညစ်သည်၊ ထိုင်းမှိုင်းသည်မရှိ၊ အရာရာကို အလေးအနက်ထားပြီးပေ့ါပါးရွှင်လန်းသွက်လက်စွာ လုပ်ကိုင်ဆောင်ရွက်သည်။ ယနေ့ပြီးနိုင်သောအလုပ် မနက်ဖြန်ထိ မရွှေ့။ နံနက်ပိုင်းပြီးနိုင်သောအလုပ်ကို နေ့လယ်အထိအချိန်မဆွဲ။ မြန်ရမည်၊ မှန်ရမည်၊ အမှားအယွင်းကင်းရမည်၊ အပြစ်လစ်ဟာချက်မရှိရန် စေ့စပ်ရမည်ဟု သူအမြဲပြောလည်းပြော လုပ်လည်းလုပ်ပြသည်။ အပြောနှင့်အလုပ်၊ အလုပ်နှင့် အပြောတစ်ထပ်တည်းကျသူဟုဆိုရပါမည်။

သူ့အိမ် ဧည့်ခံကျွေးမွေးပွဲနေ့ ပရိသတ်ရှင်းချိန်တွင် သူနှင့်ကျွန်ုပ်စကားအေးအေးဆေးဆေးပြောဖြစ်ခဲ့သည်။

ကိုအောင်ခရယ်၊ တကယ်ဂုဏ်ယူပါတယ်။ ခင်ဗျားဘဝတစ်လျှောက်လုံးမှာ အမြဲကံကောင်းခဲ့တယ်။ ကံတရားက ခင်ဗျားဘက်က အမြဲရပ်တည်တယ်လို့ ကျွန်တော်ထင်တယ်ဗျာ”

ထိုသို့ ကျွန်တော်စကားဆိုမိရာ သူက ပြုံးပြီး -

“ကံဆိုရာ အလုပ်ပါပဲ ကိုနေရာ။ ကောင်းတာလုပ်ရင်ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်လေ။ ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီစပါပကံလို့ဆိုတယ်မဟုတ်လားဗျာ။ အလုပ်လုပ်သူတိုင်းအတွက် ထိုက်သင့်တဲ့လုပ်ခရလဒ်ရမှာပါပဲ”

“ဟုတ်တော့ ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် လုပ်တိုင်းမဖြစ် စိတ်ညစ်နေရတဲ့သူတွေ ကျွန်တော် တွေ့မြင်နေရလို့ပါဗျာ ဟုတ်တယ်မလား။ ခင်ဗျားမှာက လုပ်တိုင်းဖြစ် အောင်မြင်နေတယ်လေ။ ဒါ ကံတရားကောင်းတာပဲလို့ဆိုရမယ် မဟုတ်လား။ ဒါမှမဟုတ် ခင်ဗျားမှာ ကြီးမားတဲ့ မဟာအားကိုးစရာကြီးတွေများ ကျိတ်ကျိတ်ကလေးရှိနေလားဟဲဟဲ”

ထိုသို့ ကျွန်တော်ရယ်မောမေးကြည့်ရာ သူကလည်း ပြုံးပြုံးရယ်ရယ်နှင့်-

“ရှိတာပေ့ါဗျ ဟားဟားဟား”

သူက ရယ်မောပြုံးရွှင်စွာပြောလိုက်သော်လည်း ကျွန်ုပ်မှာအံ့ဩမှင်တက်မိသွားပြီး မရယ်နိုင်ပါ။ သူ့မျက်နှာကိုသာ အငေးသားကြည့်နေမိရင်း ‘ဒီလူအထက်မှာ ကြီးကြီးမားမားအားကိုးရှိတာ မိတ်ဆွေရင်းငါ့ကိုတောင်မပြောဘူး’ ဟု အတွေးကြီးစွာတွေးရင်း သူ့အပေါ် ငြူစူမိနေပါသည်။

သူ ကျွန်ုပ်မျက်နှာကိုကြည့်လိုက်ပြီး -

“လာ - ကိုနေ၊ ကျွန်တော်နဲ့အိမ်ပေါ်လိုက်ခဲ့။ ကျွန်တော့်ရဲ့မဟာမြင်းမိုရ်အားကိုးစရာတွေပြမယ် လိုက်ခဲ့”

သူက ရှေ့မှဦးဆောင်ပြီး သူ့အိမ်ပေါ်ခေါ်သဖြင့် သူ့နောက်မှ ကျွန်တော် ကပ်လိုက်သွားပါသည်။

“ကဲ - ဝအောင်ဖူး၊ ဝအောင် ကန်တော့ပါ ကိုနေ။ ဒါက ဓမ္မစကြာတရားဦးဟောနေတဲ့ ကျွန်တော်တို့ရဲ့ဗုဒ္ဓရုပ်ပွားတော်၊ ဒါက မင်းကွန်းဆရာတော်ဘုရားကြီး၊ ဒါက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၊ ဒါက အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၊ ဒါကတော့ ကျွန်တော့်မိဘနှစ်ပါးပုံ။ ဒါက ခင်ဗျားမသိနိုင်ဘူး။ ကျွန်တော့်ရဲ့မူလတန်းကျောင်းအုပ်ဆရာကြီး ဆရာစောပါ။ ကျွန်တော့်ဘုရားခန်းမှာက အပိုပစ္စည်းမှမထားဘူး။ ရှိလည်းမရှိဘူး။ အနန္တငါးပါးပဲရှိတယ်။ အနန္တငါးပါးကိုပဲ နေ့စဉ် ဆွမ်း၊ ရေချမ်း၊ ပန်း၊ အလင်းတိုင်၊ အမွှေးတိုင် ကပ်လှူပူဇော် ကန်တော့ပါတယ်။ မနက်အလုပ်မသွားမီတစ်ကြိမ်၊ ညနေ အလုပ်ကအပြန်တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ်၊ တစ်နေ့သုံးကြိမ် အနန္တငါးပါးကို ရှိခိုးပူဇော် ဝတ်ပြုပါတယ် ကိုနေ။ ဒီလို ကျွန်တော့်မှာမဟာမြင်းမိုရ်အားကိုးကြီးရှိနေတော့ အရာရာကို ယုံကြည်စိတ်အပြည့်နဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး အောင်မြင်မှုပန်းတိုင်လှမ်းကိုင်နိုင်တာပေ့ါဗျာ။ ကျွန်တော့်မှာရှိတဲ့ အားကိုးဟာ ဒါပါပဲကိုနေရယ်၊ တခြားခင်ဗျားဘာတွေမှ လျှောက်တွေးမနေပါနဲ့ဗျာ”

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ခ ရှင်းပြနေသည်တို့ကို တစိမ့်စိမ့်တွေး၊ တစိမ့်စိမ့်နားထောင်ရင်း -

‘ဟုတ်လိုက်လေ ကိုအောင်ခရယ်၊ မှန်လိုက်တာဗျာ။ ခင်ဗျားဟာ အားကိုးရာ အစစ်အမှန်ကို တကယ်အမှန်သိတဲ့သူပဲဗျာ။ ခင်ဗျား သိပ်ကောင်းသိပ်တော်တဲ့လူသားစစ်စစ်ပါလားဗျာ’

ဟု စိတ်ဝယ်ရေရွတ် ပီတိပွားရင်း ကြည်ညိုသဒ္ဓါစိတ်အပြည့်နှင့် သူ၏ ဘုရားခန်းမှ အနန္တငါးပါးကို ဦးသုံးကြိမ်ချ ဝတ်ပြုမိလိုက်ပါတော့သည်။

*အမှန်မြင်၍အမြင်မှန်ကြပါစေ*
*တိုးတက်ကြီးပွားအောင်မြင်ကြပါစေ*

နေမဝင် (နတ်မောက်)



www.burmeseclassic.com1

www.burmeseclassic.com

ဤကား ကုသိုလ်၊ ဤကား အကုသိုလ်ဟု အသိအမြင်ပေးပါသော ရှင်တော်ဗုဒ္ဓမြတ်စွာသည်ကား အနန္တ ကျေးဇူးရှင်ပါတည်း။

■

မောင်းမကြို့ရွာ ရွာလယ်ပိုင်းတွင်ရှိ ကျွန်တော်တို့အိမ်ဝိုင်းက တစ်ဧကနီးပါး အကျယ်အဝန်းရှိပါသည်။ တောင်ဘက်စည်းရိုးအစပ်တွင် အလွန်ကြီးမားသော မန်ကျည်းပင်ကြီးနှစ်ပင်၊ မြောက်ဘက်စည်းရိုး၊ အစပ်တွင် မန်ကျည်းပင်ကြီး တစ်ပင်၊ တမာပင်ကြီးတစ်ပင်နှင့်ထန်းပင် သုံးပင်တို့က အိမ်ဝိုင်းတစ်ခုလုံးအေးမြစေပါသည်။

အိမ်ဝိုင်းဗဟိုတွင် သုံးခန်းပတ်လည် သွပ်မိုး၊ အုတ်ပန္နက်ခံ၊ အောက်ပိုင်းအုတ်တက် အထက်ပိုင်းပျဉ်ကာပျဉ်ခင်းအိမ်ကြီးတစ်ဆောင်ကခံ့ညားထည်ဝါနေပါသည်။

အထက်ပိုင်းပျဉ်များကို ရေနံချေး အပြည့်သုတ်ထားပါ၍ မှိုင်းမှိုင်းအိအိ ညို့ညို့အရောင်ရှိပါသည်။

ထိုအိမ်ကြီးတွင် ကျွန်တော့် အဘွား၏မောင် ကျွန်တော့်ဘိုးလေး



ကိုချစ်ဖို့တို့မိသားစု နေထိုင်ပါသည်။ ကိုချစ်ဖို့၏ ဖခင်ကြီးသည် မောင်းမကြို့ရွာသူကြီးဖြစ်ခဲ့ပါ၏။

ကျွန်တော်ဘိုးလေး ကိုချစ်ဖို့သည် ရပ်ရာအကြီးအကဲဖြစ်ပါ၏။ ရပ်ရေးရွာ

ဒွေးလေးနှင့် ဦးလေးဖြစ်ပါသည်။

ကျွန်တော့်မှာ အဖေမရှိတော့ပါ။ ကျွန်တော့်မိခင်ကြီးသည် တစ်ဦးတည်းသောသမီးဖြစ်ပါ၏။ ကျွန်တော်တို့သားအမိနှစ်ယောက် ဘိုးလေးအိမ်ဝိုင်း အနောက်ဘက်စည်းရိုးအစပ်မှာ သုံးခန်းနှစ်ခန်းကပ်မိုးကပ်ကာအိမ်ကလေးဖြင့် နေထိုင်ပါသည်။

ကျွန်တော်တို့အိမ်ကလေးမြောက်ဘက်တွင် အုတ်ရေတွင်းတစ်တွင်းလုံး၊ သွပ်မိုးအုတ်ခံအုတ်တက်နှစ်ခန်းပတ်လည် ဘိုးလေးတို့မီးဖိုဆောင်ရှိပါသည်။

ကျွန်တော့်မိခင်ကြီးက ဘိုးလေးတို့ကို ကူညီချက်ပြုတ်ပေးရပါသည်။

ကျွန်တော်တို့တောင်သူလုပ်ငန်းကို ကျွန်တော့်ဦးလေးက ဦးဆောင်လုပ်ကိုင်ပေးပါသည်။

အိမ်ဝိုင်းတစ်ခုလုံး ကလေးဆို၍ ကျွန်တော်တစ်ဦးတည်းသာရှိပါသောကြောင့် အားလုံးဝိုင်းဝန်းချစ်ခင်ခြင်းကို ကျွန်တော်ရပါသည်။

ကျွန်တော် (၇) နှစ်သားအထိ ကျောင်းမနေရသေးပါ။

အိမ်ဝိုင်းတစ်ခုလုံး ပြောင်းဆန်အောင် ကျွန်တော်ဆော့ပါ၏။ မည်သူမျှ ကျွန်တော်တို့မအော်ရဲမငေါက်ရဲပါ။ ဘိုးလေးကိုချစ်ဖို့၏ မျက်နှာသာပေးအလိုလိုက်ထားခြင်းကြောင့် ဖြစ်ပါသည်။ အိမ်နီးနားချင်းများပင်လျှင် ကျွန်တော်ဆော့သမျှဒဏ်ခံရကြသည်။

ကျွန်တော် ဘိုးလေးကိုချစ်ဖို့၏ ငြိုငြင်မှုကို မခံချင်ကြ၍ဖြစ်ပါ၏။

တော့။ တ

အရာရှိထံသွားပြီ

ပြောပြလိုက်သည်။

ကို နားထောင်ပြီး အရာ

ပျက်သွားသည်။



www.burmeseclassic.com1

www.burmeseclassic.com

# ကိုဇော်ဝင်း

(ဓေဝတော)

# အံ့ဩဖွယ်ရာ အနှစ်(၃၃)နှစ်ပြည့်ဝင့်ကြွေး



ရွှေဘိုမြို့ထောင့်စေတီတော်ပွဲကို ကျွန်တော့်ဦးလေးနှင့် ဒွေးလေးကလိုက်ပို့ပေးပါသည်။ ကျွန်တော်စားလိုရာအားလုံးဝယ်ကျွေးပါသည်။ ဆပ်ကပ်ပြပါသည်။

ပွဲဈေးတန်းတွင် ကလေးကစားစရာဆိုင်များရှိပါသည်။

ကလေးကစားစရာပစ္စည်းတစ်စုံတစ်ခုမှမျှ ကျွန်တော်အဝယ်မခိုင်းပါသောကြောင့် ကျွန်တော့်ဦးလေးနှင့် ဒွေးလေးက အံ့ဩနေပါသည်။

ကျွန်တော့်အကျႌအိတ်ကပ်ထဲတွင် အမေထည့်ပေးလိုက်ပါသော ဆယ်တန်တစ်ရွက်ရှိပါ၏။ ပွဲတော်မှာ ကျွန်တော်တို့ ပိုက်ဆံမသုံး။

သို့ဖြင့် ပွဲတော်ကပြန်လာခဲ့ကြပါသည်။

မြို့တွင်းစည်ပင်သာယာဈေးကိုရောက်လာကြ၏။ ဈေးအရှေ့ဘက်လမ်းမတော်အရှေ့ဘက်စတိုင်းဆိုင်တစ်ဆိုင်ရှိသည်။ ထိုစတိုးဆိုင်ရှေ့တွင် ဘောလုံးများ ချိတ်ဆွဲထားသည်။ ဦးလေး၏လက်ကိုဖြုတ်၍ ကျွန်တော်ဝင်လိုက်ရာ ဒွေးလေးနှင့် ဦးလေးပါလိုက်ခဲ့ရ၏။ ကျွန်တော်အကျႌအိတ်ကပ်ထဲမှဆယ်တန်ကိုထုတ်၍ ဦးလေးပေးလိုက်ပြီး ဘောလုံးကို ဝယ်ခိုင်းပါတော့၏။

"ဒီကောင် ပွဲတော်မှာဘာမှမဝယ်ခိုင်းတာသဟာကြောင့်ကိုး"

ဟု ဦးလေးက ရယ်ရယ်မောမောပြောပါသည်။

ကျွန်တော့် ဆယ်တန်ကို အသေအချာခေါက်ပြီး ကျွန်တော့်အိတ်ထဲမှာ ဦးလေးက ပြန်ထည့်ပေးပါသည်။

သားရေဘောလုံးကြီးတစ်လုံးကို ဦးလေးဝယ်ပေးပါ၏။

ဒွေးလေးက အဖြူရောင်ခြေအိတ်တစ်စုံနှင့် ကင်းဘတ်ရှူးဖိနပ်တစ်ရံဝယ်ပေးသည်။ ဘောလုံးကြီးကို ပွေ့၊ ဖိနပ်အိတ်ကိုဆွဲလျက် ကျွန်တော် မြို့ထောင့်ဘုရားပွဲကပြန်လာသည်။

■

ကျွန်တော် အဖြူရောင်ခြေအိတ်ကိုစွတ်၊ ကင်းဘတ်ဖိနပ်အကျအနစီးလျက် အိမ်ဝိုင်းထဲမှာ ဘောလုံးကန်သည်။ တစ်နေကုန်ကန်၏။ ညအိပ်ရာထဲမှာပင် ဘောလုံးကိုပွေ့အိပ်သည်။

မှန်ချင်ရာမှန်ရောက်ချင်ရာရောက်တဒိုင်းဒိုင်းနှင့် ကျွန်တော်ကန်သမျှကျွန်တော့်အဘိုးလေး ကိုချစ်ဖို့ ပြုံးပြီးကြည့်နေသည်။

ကျွန်တော့်မှာ ကစားဖော်ယောကျ်ားလေးမရှိပါ။ ကျွန်တော့်အိမ်ဝိုင်းတောင်ဘက် ဦးလေးကျော်သိန်းတို့အိမ်က သမီးနှစ်ယောက်ရှိ၏။ ငယ်ကြသေး၏။

ကျွန်တော့်အိမ်အနောက်ဘက်က ဦးလေးမြမောင်တို့ရှိသည်။ သမီးသုံးယောက်ရှိ၏။ အငယ်ဆုံးသမီးနှင့် ကျွန်တော်ရွယ်တူဖြစ်ပါ၏။

အငယ်မ မမွေး၊ အလတ်က မဌေး၊ အကြီးက မဌေး၊ အလတ် မဌေးတစ်

www.burmeseclassic.com

ယောက်သာ တစ်ခါတစ်ရံ ကျွန်တော်နှင့် လာကစားသည်။

သူတို့ညီအစ်မသုံးယောက်စလုံး က ထမင်းချက်တမ်း၊ ဟင်းချက်တမ်း ကစားပါ၏။ ကျွန်တော်က သူတို့ကစားနည်းကို စိတ်မဝင်စားပါ။ ဝင်ကစားလေ့ မရှိ။

မအေးက ကျွန်တော့်ထက်(၂)နှစ် နီးပါးကြီးသည်။ ယောက်ျားလေးနည်းနည်းဆန်၏။ ထဘီတိုတိုပါအောင်ဝတ်၍ ကျွန်တော်နှင့် ဘောလုံးလာကန်ပါသည်။

မအေးဘောလုံးလာကန်သည်ကို ဦးလေးမြမောင်က -

"ငါ့သမီး အလတ်မကတော့ကွာ"

ဟု ဆိုတတ်ပြား ဦးလေးမြမောင်မိန်းမ ဒွေးကြည်က မကြိုက်တတ်ပါ။ ကျွန်တော်တို့ကစားနေချိန် မအေးကို လှမ်းပြီးခေါ်တတ်သည်။ အတူမကစားခိုင်းပါ။

ကျွန်တော် တစ်ယောက်တည်း ဘောလုံးကစား၍မြင်သောအခါ မအေးကိုလှမ်းပြီးကြည့်ရ၏။ ဒွေးကြည်အလစ်တွင် မအေးက ကျွန်တော်နှင့်ဘောလုံး လာကစားတတ်သည်လေ။

သုံးလေးရက်ကြာသွား၏။

မအေးကိုမမြင်၊ မအေး ကျွန်တော်တို့ဝိုင်းဘက်ကူးမလာ။ သူတို့ညီအစ်မ ငြိမ်ချက်သားကောင်းနေ၏။

ကျွန်တော် ဦးလေးမြမောင်တို့ အိမ်ဝိုင်းဘက်ကူးလာ၏။

အိမ်ရှေ့မှာ သူတို့ညီအစ်မ မရှိ မတွေ့။

အဲ - သူတို့အိမ်မနှင့် စပါးကျီအကြားမှာတွေ့ရ၏။ စပါးကျီတိုင်အခြေနှင့်တွဲ၍ သံကြိုးဖြင့်ချည်ထားသော မျောက်ကလေးတစ်ကောင်။ မျောက်ကလေးက ငှက်ပျောသီးစားနေသည်။ မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နှင့် သနားစရာကြည့်နေသည်။

သူတို့ညီအစ်မသုံးယောက် မျောက်ကလေးကို စိတ်ဝင်စားနေကြသည်။ ရေတိုက်သူကတိုက်၊ ငှက်ပျောသီးကျွေးသူကကျွေးနှင့် အလုပ်ရှုပ်နေကြ၏။

မအေးက ကျွန်တော်နှင့်ဘောလုံး လာမကစားတော့။

ဦးလေးမြမောင်တူတစ်ယောက်က မျောက်ကလေးကိုမွေးရန်ပို့ထားပေးထားသည်ဟု ဆို၏။ ဦးလေးမြမောင်က မျောက်ကလေးကို ဂရုစိုက်သည်။ သွားလေရာ ပခုံးပေါ် တင်ခေါ်သွားသည်။

မျောက်ကလေးရှိနေ၍ မအေး ကျွန်တော်နှင့် ဘောလုံးလာမကစားတော့။

မျောက်ကလေးကိုကျွန်တော်မုန်းသည်။

သို့ဖြင့် ဦးလေးမြမောင်တို့အလစ်ကို ကျွန်တော်စောင့်သည်။

တစ်ရက် ဦးလေးမြမောင်တို့ ပဲရိတ်ထွက်သွားကြ၏။ အကြီးမ မငွေး တစ်ဦးတည်းသာ အိမ်စောင့်ကျန်ခဲ့၏။ မီးဖိုထဲမှာ ထမင်းဟင်းချက်ပြုတ်နေ၏။

သို့ဖြစ်၍ ကျွန်တော်ဝင်လာသည်ကို မငွေး မမြင်။

ကျွန်တော်က ကင်းဘတ်ဖိနပ်ကို အကျအနစီးထားသည်။ ဘောလုံးကို ပွေ့ထားသည်။

မျောက်ကလေးက ငှက်ပျောသီး တစ်လုံးထိုင်စားနေ၏။ ထုံးစံအတိုင်း မျက်လုံးလေးပေကလပ်ပေကလပ်နှင့် ကျွန်တော့်ကိုကြည့်နေသည်။

ဖြုန်းဆို မျောက်ကလေးမျက်နှာကို ကျွန်တော် ညာခြေထောက်ဖြင့် ပစ်ကန်လိုက်သည်။ မျောက်ကလေး ခွီးခနဲ အော်လျက် ခေါင်းလည်သွား၏။

မျောက်ကလေးမှာ သနားစဖွယ် ကျွန်တော့်ကိုကြည့်နေ၏။

ငှက်ပျောသီးများပေကျံနေသော လက်ကလေးတစ်ဖက်ဖြင့် သွေးပါးစပ်ကို မျောက်ကလေးက သုတ်နေ၏။

ဟင်ခနဲ ကျွန်တော်နှုတ်ကထွက်သွား၏။

မျောက်ကလေး ပါးစပ်တစ်ခုလုံး သွေးများဖြင့် ရဲရဲနီနေ၏။ သွေးများကို ထွေးထုတ်နေ၏။ မျောက်ကလေးရှေ့ အောက်သွားတစ်ချောင်းကျိုးနေသည်ကို ကျွန်တော်တွေ့လိုက်ရ၏။

ကျွန်တော် ချာခနဲအပြန် မကြီးက -

"ဟဲ့ မျောက်ကလေးကို ဘာလုပ်တာလဲ"

ဟု ပြောပြောဆိုဆို မီးဖိုထဲက ထွက်လာ၏။

ကျွန်တော်က -

"ဘောလုံးလိုက်ကောက်တာမကြီး"

ဟု ပြောပြောဆိုဆို အိမ်ဝိုင်းဘက် အပြေးပြန်လာ၏။

ကျွန်တော်အိမ်ထဲကမထွက်တော့။

နေ့ (၃) နာရီမှာ ဦးလေးမြမောင်တို့ ပဲရိတ်ရာကပြန်ရောက်ကြ၏။ မကြီးက ကျွန်တော်ကြောင့် မပြောသော်ငြား ဦးလေးမြမောင် ကျွန်တော့်လက်ချက်ဟု သိ၏။

ဦးလေးမြမောင် ထမင်းပင်မစားနိုင်။ တောက်တခေါက်ခေါက်၊ ကြိမ်တဆဆနှင့် ထိုင်လိုက်ထလိုက်နှင့် အိမ်ရှေ့တဲအတွင်းလုပ်နေသည်ကို မြင်ရ၏။

သည်မျှ ဦးလေးမြမောင်စိတ်ဆိုးဒေါသဖြစ်သည်ကို ကျွန်တော်မမြင်ဘူး မတွေ့ဘူး။

"တခြားသူလည်း မဟုတ်ပါဘူး ကလေးမို့ပါတော် သည်းခံလိုက်ပါ"

ဟု ဒွေးကြည်ပြောပါမှ ဦးလေးမြမောင် လက်ထဲကကြိမ်ချထားတော့သည်။

ကျွန်တော်၏ကွယ်လွန်သွားပြီဖြစ်သော ဖခင်ကြီးက ဦးလေးမြမောင်၏ ညီဝမ်းကွဲတစ်ဦးဖြစ်၍ လည်းကောင်း ကျွန်တော်မိခင်ကြီးက ဦးလေးမြမောင် ဒွေးကြည်တို့နှင့်အတူ ရွာဦးဆရာတော်ကျောင်းစာသင်ဖက်ဖြစ်၍လည်းကောင်း ခွင့်လွှတ်ခြင်းဖြစ်ပါ၏။

ညနေတွင်တော့ ဒွေးကြည်က ကျွန်တော့်မိခင်ကြီးကို လာပြောပြ၏။

"ထင်တော့ထင်သား။ ဒီကောင် တစ်နေကုန်ငြိမ်ကုပ်နေတယ်၊ ဘာများလုပ်လို့ပါလိမ့်လို့ အောက်မေ့နေပါရဲ့ မမကြည်ရယ်"

ဟု ပြောပြောဆိုဆို ဦးလေးမြမောင်တို့ အိမ်ဝိုင်းဘက်ကူးလျက် ကျွန်တော့်အတွက် တောင်းပန်ရပါသည်။

■

ကျွန်တော်တို့မောင်နှမ မကြီး၊ မလေး၊ မငယ်တို့ ပြန်ဆုံကြသည့်အခါတိုင်း ကျွန်တော်ငယ်ငယ်ကဆိုးခဲ့ပုံ၊ မျောက်ကလေးသွားကျိုးသွားပုံတို့ကို ပြန်ပြောပြီး ရယ်မောဖြစ်ခဲ့ကြပါ၏။

မကြီးက အောက်သားနှင့်အိမ်ထောင်ကျသွားပါ၏။ မငယ်က အရာတော်နယ်သားတစ်ယောက်နှင့် အိမ်ထောင်ကျ၏။ မလတ်တစ်ယောက်သာ တစ်ရွာတည်းသားနှင့်အိမ်ထောင်ကျပြီး ရွာမှာပင်ရှိ၏။

ဦးလေးမြမောင်နှင့် ဒွေးကြည်တို့ မရှိကြတော့ပြီ။

ကျွန်တော့်မိခင်ကြီးလည်း ပြီးခဲ့သောနှစ်က ဆုံးပါးသွား၏။ ဒွေးလေးနှင့် ရှေ့ဆင့်နောက်ဆင့်ဆုံးပါးခဲ့ခြင်း ဖြစ်၏။

ရွာလည်အိမ်ဝိုင်းမှာ ဦးလေးသာရှိပါတော့၏။

ကျွန်တော်သက်ပြည့်အစိုင်ယူပြီး



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတာဝန်ကျရာမြို့မှာပင် အခြေကျနေထိုင်ဖြစ်ပါသည်။

ကျွန်တော်ဝါသနာအရ စာဖတ်သည်၊ စာရေးပါသည်။

ဥပုသ်နေ့များတွင် ကျွန်တော်အိမ်နှင့်မနီးမဝေးမှာရှိသော အစ်ကိုဝမ်းကွဲ ဆရာတော်ကျောင်းမှာ သီလယူသည်။ ဝိပဿနာတရားအားထုတ်၏။

စိတ်အေးချမ်းစွာ ကျွန်တော်နေပါသည်။

ကျွန်တော့်အိမ်သူနှင့် သားသမီးများက အိမ်စီးပွားရေးကို တာဝန်ယူလုပ်ကိုင်နေကြပါသဖြင့် ကျွန်တော်ပါရန်မရှိ။

နံနက်လင်းသည်နှင့် ကျွန်တော် အင်္ကျီအိတ်ထောင်ထဲကို အကြီးတစ်ရွက် သမီးငယ်ကလာထည့်ပေးပြီး ဖြစ်၏။

အိပ်ရာထ၊ ကိုယ်လက်သန့်စင်၊ ဘုရားခန်းဝင် ဘုရားကန်တော့၊ ပုတီးစိပ်၊ မေတ္တာပို့၊ အမျှအတန်းပေးဝေ။

လက်ဖက်ရည်ဆိုင်ထွက် မိတ်ဆွေများနှင့် စီးပွားရေး၊ လူမှုရေးပြောဆိုပြန်လာ။

နံနက် (၈) နာရီတွင် ရွှေကျင်စာသင်တိုက်ကိုယ်တော်များဆွမ်းတန်းကြွလာရန် အိမ်မှစီစဉ်ပေးထားသော ဆွမ်းဆွမ်းဟင်းများလောင်းလှူ။

နေ့ခင်း တစ်ရေးတစ်မောအိပ်၊ ညနေပိုင်းလမ်းလျှောက်၊ ညအိပ်ရာမဝင်မီတွင် ဘုရားကန်တော့ မေတ္တာပို့အမျှအတန်းဝေ။

အချိန်ရလျှင် စာရေး၊ စာဖတ်ပြီးသော် ကျွန်တော်အိပ်ပါသည်။

၂၅ - ၆ - ၁၇ ရက် နံနက်ပိုင်း။

အစ်ကိုဆရာတော် အပါအဝင် သံဃာ (၅) ပါးကို ဝါဆိုသင်္ကန်းကပ်ပါသည်။ ဆွမ်းကပ်ပါသည်။

ခင်မင်သော မိတ်ဆွေအနည်းအပါးနှင့် တစ်ရပ်တည်းသားများသာ ဖိတ်ပါ၏။ အိမ်မှာပင်ပြုလုပ်ပါသည်။

ဒံပေါက်ထမင်းကျွေး၊ ရေခဲမုန့်၊ ကိတ်မုန့်ဒါနလုပ်ပါသည်။

ပင့်သံဃာများ ပြန်ကြွသွားပြီးနောက် အိမ်ရှေ့မှာ ကျွန်တော်တစ်ယောက်တည်း တန်းလျားမှာထိုင်နေပါသည်။

အိမ်သူနှင့် သားသမီးများက ပန်းကန်ခွက်ယောက်များဆေးကြောနေကြပါ၏။ ငှားထားသော စားပွဲ၊ ကုလားထိုင်များပြန်ပို့နေကြပါ၏။

ကျွန်တော့်ရှေ့မနီးမဝေးမှာတော့ ကျွန်တော့်မြေးနှင့် တစ်ဖက်အိမ်ဝိုင်းမှ ကလေးညီအစ်ကိုနှစ်ယောက် ဘောလုံးကစားနေကြသည်။

ကျွန်တော့်သမီးကြီး၏ အိမ်သားမြေးလေးအဖေက နောင်ချိုမှာ တာဝန်ထမ်းဆောင်ရင်း ဆုံးပါးခဲ့ပါသဖြင့် ကျွန်တော် စောင့်ရှောက်ထားရပါ၏။

တစ်ဖက်အိမ်မှ ညီအစ်ကိုနှစ်ယောက် ကျွန်တော့်မြေးနှင့် လာကစားသဖြင့် ကျွန်တော့်မြေးမှာ အဖော်မမဲ့ပါ။

အိမ်မှာ စားစရာသောက်စရာရှိလျှင် ထိုညီအစ်ကိုနှစ်ယောက်ကိုခေါ်ပြီး မြေးနှင့်အတူကျွေးပါသည်။

ညီအစ်ကိုနှစ်ယောက်ကတစ်ဖက် မြေးကတစ်ဖက် ဘောလုံးကန်နေသည်ကို ကျွန်တော်ကြည့်နေ၏။

ကျွန်တော်ရှေ့စားပွဲပေါ်မှာ ငှက်ပျောသီးဖီးကြမ်းလေးငါးလုံးထည့်ထားသော ပန်းကန်ပြားတစ်ချပ်ရှိနေ၏။ သည်ပန်းကန်ပြားမသိမ်းရသေး။

ကျွန်တော် ငှက်ပျောသီးတစ်လုံးဆွဲယူပြီး အခွံခွာလျက်စား၏။တစ်ကိုက်မျှသာကိုက်ရသေး၏။

ခွမ်းခနဲ ပန်းကန်ကွဲသံနှင့်အတူ ဘောလုံးက ကျွန်တော့်ပါးစပ်ကို အရှိန်ပြင်းပြင်းနှင့်လာမှန်ပါသည်။

ဘောလုံးက ငှက်ပျောသီးပန်းကန်ကိုမှန်ပြီးမှ ကျွန်တော်မှန်ခြင်းဖြစ်သည်။

ညီအစ်ကို နှစ်ယောက် အကြီးကောင်ကန်လိုက်ခြင်း ဖြစ်၏။ ကျွန်တော့်မြေးက တစ်ဖက်ရောက်နေ၍ မကာကွယ်လိုက်နိုင်။

အိမ်သူနှင့် သားသမီးများ လုပ်လက်စများထားခဲ့ပြီး အပြေးအလွှားရောက်လာကြပါသည်။

သမီးကြီးက -

"ဟင် - အဖေ့ပါးစပ်မှာသွေးတွေ"

ဟု ပြောပါသည်။

ပါးစပ်နှင့်အပြည့် ငန်ကျိကျိသွေးများကို ထွေးထုတ်လိုက်ရ၏။ ကျွန်တော့်ရှေ့အောက်သွားတစ်ချောင်းကျိုးသွားခြင်းဖြစ်၏။

ကျွန်တော်ရုတ်တရက်ဒေါသဖြစ်သွား၏။ သို့သော် ကျွန်တော့်ဒေါသကို ကျွန်တော်အချိန်မီထိန်းလိုက်ပါသည်။

ညီအစ်ကိုနှစ်ယောက်အနက်မှ အငယ်ကောင်က -

"မင်းကွာ မဆင်မခြင်အဲ့လောက်ကန်ရသလား"

ဟု အပြစ်တင်၏။

"ဟ - ဘုန်းပြည့်လျှံရှိတယ်ဆိုပြီး ကန်လိုက်တာပါကွာ။ ဒီကောင်က တစ်ဖက်ရောက်နေသကိုး"

ဟု အကြီးကောင်က မျက်နှာငယ်ငယ်နှင့်စကားဆို၏။

ကျွန်တော် ကလေးများကို ပြုံးပြလိုက်ပါသည်။

သမီးအငယ်မခပ်ပေးသောရေနှင့် ပလုတ်ကျင်း၊ ပါးစပ်ကို သန့်စင်ဆေးကြောလိုက်ရပါ၏။

ဤအဖြစ်ကို ညီအစ်ကိုနှစ်ယောက် ခေါ်ပြီး အိမ်ကိုပြန်မပြောကြရန်နှင့် ကျွန်တော့်မိသားစုကိုလည်း တစ်ဖက်အိမ် အသိမပေးရန် မှာပါသည်။

သို့စင်လျက် အငယ်ကောင်က ပြောသဖြင့် တစ်ဖက်အိမ်ဝိုင်းကသိသွားပါ၏။ ညပိုင်းမှာ ကျွန်တော့်ကိုလာရောက်တောင်းပန်စကားဆိုကြပါသည်။

မည်သို့မျှမအောက်မေ့ပါ။ အခွင့်မသင့်၍ဖြစ်ရခြင်းပါ။ ကလေးတွေဝင်မြဲထွက်မြဲကစားမြဲ ကစားကြပါစေဟု ပြောလိုက်ရပါ၏။

အောက်ရှေ့သွားအလယ်တည့်တည့်တစ်ချောင်းသာကျိုးပါ၏။မှန်ကြည့်သည့်အခါအတိုင်း ထိုနေရာအပေါက်ကလေးကို တွေ့နေရပါသည်။

အိမ်မိသားစုများက ထိုကျိုးနေသောနေရာတွင် သွားအစားပြန်စိုက်ရန် ပြောကြပါ၏။ ကျွန်တော်မစိုက်ဖြစ်ပါ။ မစိုက်တော့ပါ။ သည်အတိုင်းသာရှိပါစေ။

သွားကျိုးအပေါက်ကလေးကိုမြင်ရတွေ့ရသည့်အခါတိုင်း ကျွန်တော့်ဦးလေးမြမောင်၊ ဒွေးကြည်တို့ကိုသတိရပါသည်။ ကျွန်တော်ငယ်ငယ် (၇)နှစ်သားအရွယ်က ဦးလေး မြမောင်တို့ မွေးထားသောမျောက်ကလေးကို ကျွန်တော်ကန်လိုက်သဖြင့် မျောက်ကလေးရှေ့အောက်သွားအလယ်တည့်တည့်တစ်ချောင်းကျိုးသွားခဲ့၏။

ကျွန်တော်ပါးစပ်ရှေ့အောက်သွားကျိုးသောနေရာနှင့် တစ်နေရာတည်းဖြစ်ပါ၏။

ဩော် - အံ့ဩဖွယ်ရာ။ (၅၃) နှစ်ကြာခဲ့ပြီ။ (၅၃) နှစ်ပြည့်ပြီ။ ထိုဝဋ်ကြွေးကို ယနေ့ (၂၅-၆-၁၇ ရက်နေ့) တွင် ကျွန်တော် ပေးဆပ်လိုက်ရပါပြီ။

မေတ္တာဖြင့်

ကိုဇော်ဝင်း(လသာ)



www.burmeseclassic.com1

www.burmeseclassic.com

အချိန်အားဖြင့် မြန်မာနိုင်ငံကြီး ဝါးစည်းကို ကြိုးဖြတ်လိုက်သကဲ့သို့ဖြစ်ကာ တောရွာသူတောရွာသားများ ခိုကိုးရာမဲ့လျက် အသက်ကို လုပြေးနေကြရသော(ကာလဝိပတ္တိ)တိုင်းပျက်ပြည်ပျက် အချိန်အခါကြီးပင် ဖြစ်လေသည်။

ဂျပန်များ စစ်ရှုံးပြီးနောက် အင်္ဂလိပ်တို့ ဝင်ရောက်လာကြစအချိန်ဟုလည်းဆိုရသည်။ အင်္ဂလိပ်တို့သည် အဓိကအားဖြင့် ဘင်္ဂလားကုလားများကို စစ်သားပြုကာ အနောက်ဘက်တံခါးမှဝင်လာကြ၍ အင်္ဂလိပ်အဝင်၌ ပို၍သာ၍ပင် ရခိုင်ပြည်သူပြည်သားများဆိုးကျိုးခံစားကြရသည်။ စစ်သားဟုဆိုသော်လည်း တချို့သော ကုလားများမှာ ရောက်ကြရသည်။

ဦးမောင်ဖြူသည် အမ်းမြစ်ကိုဆန်တက်လျက် လက်ယာဘက်ကမ်း၌တည်သော တန်းတင်ရွာအနီးသို့ (မိုးလင်းစအချိန်တွင်)ရောက်လာခဲ့သည်။တန်းတင်ရွာသို့မဝင်မီ တောင်တန်းငယ်တစ်ခုပေါ်သို့တက်ပြီး သမီးနှင့် သမက်၊ မြေးများ နေထိုင်ကြသည့် တန်းတင်ရွာကို လှမ်းမျှော်ကြည့်သည်။

အားလုံးမဟုတ်သော်လည်း ရွာ၏ဆယ်ပုံတွင် ကိုးပုံခန့် မီးကျွမ်းနေသည်ကို တွေ့ရသည်။ မီးခိုးမှုပင်မတိတ်သေးပေ။ မနက်စောစောတွင် တကယ့်မမြင်သင့်မမြင့်အပ်သော အနိဋ္ဌာရုံကြီးပါပေ။ ဦးမောင်ဖြူစိတ်ထဲတွင် အတော်ကြီးပင် မကောင်းဖြစ်သွားမိသည်။ ဂျပန်များထက် များစွာဆိုးဝါးသော အနိဋ္ဌာရုံကြီး မြေးများမှာ ဂျပန်ခေတ်တစ်လျှောက်လုံး ဦးမောင်ဖြူ၏အထံမှာ နေထိုင်ခဲ့ကြသည်။ ဦးမောင်ဖြူသည် ယခင်က နွားကုန်သည်ဖြစ်ခဲ့ဖူးသော်လည်း အသက်ရလာသောအခါ နွားကုန်သည်အလုပ်ကို မလုပ်ချင်တော့၍ ဇာတိ ကန်ချိန်ရွာမှ လှတ်ရွာနှင့် ကမ်းခြေရွာအောက်ဘက်ဖြစ်သော ဒီရေအဖျားမျှခတ်သည့် ဇင်ပွန်းတောင်အမည်ရှိ တာတမံကြီးတစ်ခုကို ဝယ်ယူဆို့ဆည်ကာ ထိုနေရာသို့ မိသားစုလိုက်ပြောင်းရွှေ့နေထိုင်ပြီး လယ်အဖြစ် လုပ်ကိုင်စားသောက်နေခဲ့သည်။

ထို့နောက် ဂျပန်များ မြန်မာနိုင်ငံထဲသို့ဝင်လာလေရာ တစ်ရွာစီမှာအိမ်ထောင်ကျနေကြသော သမီးနှစ်ယောက်တို့၏မိသားစုများကိုပါ ဇင်ပွန်းတောင်သို့ ခေါ်ယူထားခဲ့သည်။

ထို့နောက် ဂျပန်များ စစ်ရှုံး၍




သေနတ်ကိုပင် ကောင်းစွာမပစ်တတ်ကြပေ။

အင်္ဂလိပ်စစ်ဗိုလ်များက နောက်တန်းမှနေ၍ ဘင်္ဂလားကုလားများကို ကွပ်ကဲကြသည်။ ထို့ကြောင့် ရှေ့ဆုံးမှ ရောက်လာကြသည်မှာ လက်နက်ကိုင်ကုလားများသာ ဖြစ်ကြသည်။ ကုလားများမှာလည်း ရွာတွေ့တိုင်း မီးရှို့တတ်လေရာ ကုလားများနှင့်တွေ့သောရွာအားလုံးပင် ပြာကျသည့်အဖြစ်သို့ပင်ဖြစ်လေသည်။

ထို့နောက် ဦးမောင်ဖြူသည် ရွာပတ်ဝန်းကျင်၌ ကုလားစစ်သားများရှိလေဦးမလားဟု အခြေအနေကို ကြည့်သည်။ ဘာမှတော့ မတွေ့ရတော့ပေ။ သို့မှ ဦးမောင်ဖြူ ရွာဘက်သို့လျှောက်လာခဲ့သည်။ အိမ်ကြီးအိမ်ကောင်းအားလုံး မီးကျွမ်းနေလေပြီ။

ဦးမောင်ဖြူ၏ သမက်၊ သမီးနှင့်



www.burmeseclassic.com

www.burmeseclassic.com

တပ်ဆုတ်သွားကြပြီးနောက် တိုင်းပြည် အေးချမ်းတော့မည်ဟုထင်ပြီး သမက်ကိုထွန်းမြအောင်နှင့် သမီး မအေးမြဦးတို့ ကိုထွန်းမြအောင်၏ဇာတိ တန်းတင်ရွာသို့ ပြန်ပြောင်းသွားကြရာ ဂျပန်ခေတ်ထက်ပင်ပိုဆိုးသည်ဟုဆိုရမည့် အင်္ဂလိပ်တို့ဦးစီးသော ကုလားစစ်တပ်များ ဝင်ရောက်လာကြလေသည်။

ထိုအခါ တော်လှန်ရေးစစ်တပ်များကို တိုက်ခိုက်ရုံနှင့်မနေဘဲ ရွာကိုတွေ့တိုင်း မီးရှို့ကာ တပ်ဦးမှာတွေ့သည့် လူများကိုသတ်ဖြတ်ပြီး ဒုတိယတွေ့သူများကို လက်ခြေဖြတ်တောက် တတိယတွေ့သူများကို ဖမ်းသတ်နှိပ်စက် စသည်ဖြင့်။

ထိုထိုသတင်းဆိုးများကိုကြားရ၍ပင် ဦးမောင်ဖြူသည် ညသန်းခေါင်အချိန်ကပင် ပုန်းလျှိုးကွယ်လျှိုး အသက်ကို စွန့်ပြီးထွက်လာခဲ့၍ ယခု သမက်၊ သမီးနှင့် မြေးများရှိရာ တန်းတင်ရွာသို့ ရောက်လာလေသည်။

(ဦးမောင်ဖြူနေသော ဇင်ပြွန်းတောင်ဒေသသည် အထိုက်အလျောက် အေးချမ်းခြင်းရှိသော်လည်း သမက်နှင့် သမီးတို့နေထိုင်ကြသော တန်းတင်ရွာနှင့် ဝန်းကျင်သည်ကား ကုန်းလမ်း၊ ရေလမ်းများနှင့်နီး၍ ဂျပန်ခေတ်မှာရော ယခုလက်ရှိအခါမှာပါ အလွန်အမင်း အန္တရာယ်များနေလေသည်။)

ဦးမောင်ဖြူ သမက်၊ သမီးတို့၏ အိမ်ရာပြာပုံအနီးတွင် ငေးကာရပ်နေမိသည်။လယ်မထွန်မီ မိုးဦးကျကမှ အရိုင်းသားများဖြင့် ဆောက်လုပ်ပြီးနေထိုင်ကြသော သစ်သားအိမ်လေး မီးကျွမ်းနေလေပြီ။ သမက်၊ သမီး၊ မြေးများကိုလည်း တစ်ယောက်မျှမတွေ့ရပေ။

အဖီအောက်တွင်ချက်ပြုတ်ထားသော ထမင်းအိုး၊ ဟင်းအိုးများလည်း ဒီအတိုင်းပင်ရှိနေသည်။ ကြက်များ အစာကောက်နေကြသည်။ အိမ်နောက်ဘက်တွင် နွားများ စပါးပင်များကို စားသော အကောင်ကစားပြီး မြက်ကိုစားသောအကောင်ကလည်းစားနေကြသည်။

တိုင်းပျက်ပြည်ပျက်ဘေးဆိုးကြီးဆိုက်ရောက်နေချိန်ဖြစ်၍ ရွာသူရွာသားများမှာ ဘာကိုမှ ဂရုမစိုက်နိုင်ကြပေ။ အမှန်က သည်အချိန်သည် မိုးနှောင်းကာလ စပါးပင်များဖုံးလုံးတက်ချိန်ဖြစ်သောကြောင့် နွားစားလျှင် အသီးအနှံရလောက်အောင် ပြန်လည်မဖွံ့ဖြိုးနိုင်တော့၍ အားလုံးပျက်စီးရလေသည်။

သမက်၊ သမီးနှင့် မြေးများအားလုံးသေကုန်ကြလေပြီလားဟုတွေးသည်။ သို့သော်လည်း အလောင်းတစ်လောင်းမျှမတွေ့ရသလို ရွာသူရွာသားများကိုလည်း တစ်ယောက်မျှမတွေ့ရသောကြောင့် သတ်ဖြတ်ခံကြရခြင်းမဟုတ်ဘဲ တစ်နေရာရာ တောထဲတောင်ထဲသို့ ထွက်ပြေးပုန်းရှောင်နေကြခြင်းသာ ဖြစ်ဟန်တူသည်ဟုလည်း စဉ်းစားမိပြန်သည်။

သတ်ဖြတ်ခံရ၍ သေဆုံးသွားကြခြင်းမဟုတ်ဘဲ တစ်နေရာရာမှာ ပုန်းရှောင်နေခြင်းသာဖြစ်ပါစေဟု ဦးမောင်ဖြူဆုတောင်းသည်။ သောကကြောင့် ရင်တစ်ခုလုံး ပူလောင်နေမိသည်။ သို့သော်လည်း အကြောင်းကို ထင်လင်း



www.burmeseclassic.com

စွာမသိရသေးဘဲ သမက်၊ သမီး၊ မြေးများအတွက် မငိုရှိုက်ကောင်း။ မိဘတို့ မျက်ရည်မကျကောင်းဟု မျက်ရည်ကို သုတ်ပြီး စိတ်ကိုထိန်းသည်။

"ဟာ - ဦးမောင်ဖြူကြီးပါလား"

ဦးမောင်ဖြူ ဖျတ်ခနဲဖြစ်သွားသည်။ ကြည့်လိုက်ရာ ဦးငမဲဦး ဖြစ်နေလေသည်။

"ဟ - ငမဲဦးလား။ မင်းတို့ ရွာသူရွာသားတွေ တစ်ယောက်မှမတွေ့ကြတော့ပါလားကွ။ ငါ့ကလေးတွေလည်း တစ်ယောက်မှ မတွေ့ရဘူး"

"ဟုတ်တယ် ဦးမောင်ဖြူ မိုးသောက်အရုဏ် ထမင်းဟင်းချက်ပြုတ်နေကြတုန်း မြစ်ကြောင်းက မော်တော်သံကြားလို့ ရွာကိုစွန့်ပြီး ထွက်ပြေးသွားကြတာပါ။ မပြေးလို့လည်း အဆင်မပြေဘူးလေဗျာ။ အခု ရွာအခြေအနေကိုပဲ ကြည့်ပေရော့။ ဘယ်လိုဖြစ်သွားရတယ် ဆိုတာကို"

ဦးမောင်ဖြူ တစ်ချက်နှစ်ချက် ခေါင်းညိတ်သည်။ တစ်အိမ်တလေ ကျန်နေခဲ့သောအိမ်များကိုလည်း ကြည့်သည်။

"အေးပေါ့လေကွာ (ကာလဝိပတ္တိ) တိုင်းပျက်ပြည်ပျက် ဘေးဆိုးကြီးဖြစ်နေတာပဲ။ အားလုံးဒုက္ခရောက်ကြရတော့တာပေါ့။ ဒီတော့ ရွာသူရွာသားတွေ ဘယ်ဆီကိုထွက်ပြေးသွားကြတာလဲ။ ငါ့သားသမီးတွေကော"

"အားလုံးနီးပါးပါပဲ ဒီအရှေ့ဘက်က ခမောင်းတုံးတောင်ကြောတန်းဟိုဘက်မှာ။ နွေရောမိုးပါနေထိုင်ကြတဲ့ ဦးမောင်ယဉ်ဦးတို့ ဆေးရွက်ကြီးခင်းရှိတယ်။ တချို့ အဲဒီဘက်ကိုပြေးကြပြီး အခြားဘက်ကိုပြေးတဲ့လူတွေလည်းရှိကြပါတယ်။ ဦးမောင်ဖြူရဲ့သမက် ထွန်းမြအောင်ကိုတော့ ကုလားဖြူ/မည်းစစ်တပ်က ဖမ်းခေါ်သွားလို့ ရှုးရွာဘက်ကိုပါသွားတယ်။ သမီးနဲ့ကလေးတွေကတော့ ခုတင်ကပြောတဲ့ ဦးမောင်ယဉ်ဦးရဲ့ ဆေးရွက်ကြီးခင်းထဲမှာ ကျွန်တော်တို့ မိသားစုနဲ့အတူပဲရှိနေကြပါတယ်"

ဦးမောင်ဖြူ သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး -

"အေး - ငမဲဦး၊ ဒီတော့ ငါ အဲဒီ မောင်ယဉ်ဦးတို့ဆေးရွက်ကြီးခင်းဘက်ကို လိုက်သွားကြည့်လိုက်မယ်"

ဟု ပြောထားခဲ့ကာ ဦးမောင်ဖြူ ရွာပျက်ကြီး၏အရှေ့ဘက် ခမောင်းတုံးကြောတန်းဘက်ကို ဆက်လျှောက်လာခဲ့လေသည်။

■

"ဟဲ့ - အေးမြဦး၊ နင်ဘာဖြစ်လို့ အဲလောက်ထိငိုနေရတာလဲ"

ဟု ဦးမောင်ယဉ်ဦးက ငေါက်ပြောသည်။

မအေးမြဦး မျက်ရည်များကိုသုတ်လိုက်ပြီး -

"ဦးယဉ်ဦး၊ ကျွန်မယောက်ျားကိုလည်း ကုလားစစ်တပ်ကဖမ်းသွားပြီ။ အခု မော်တော်သံကြားလို့ပြေးလာတုန်းကလည်း အိမ်မှာ နွားတွေကိုမလွှတ်ခဲ့မိဘူး။ ထမင်းဟင်းတွေကိုလည်း ချက်လျက်ကြီးထားခဲ့ရတယ်"

"ဒီအဖြစ်က နင့်တစ်ယောက်တည်းလား။ သူများတွေမှာ ဒါမျိုးမဟုတ်ဘူးလား။ နင့်လင်လည်း ရှုးရွာဘက်ကိုပါသွားတာ၊ အသတ်ခံရတာမဟုတ်ဘူး။ ကျွဲနဲ့ အိုးအိမ်ကိစ္စဟာလည်း အားလုံးသူမှာ ဒီအတိုင်းပဲထားခဲ့ကြရတာ၊ နင့်တစ်ယောက်တည်းမဟုတ်ဘူး။ နင့်သာအဲလိုချည်းငိုနေ။ နို့မထွက်ဖြစ်လာပြီး နင့်ကလေး နို့ငတ်လို့သေလိမ့်မယ်"

"ဟင် - ဟိုမှာ ဘိုးဘိုးလာတယ်၊ ဘိုးဘိုးလာတယ်"

ဟု ဆံရစ်ဝိုင်းမလေး မအေးဆိုင်က အော်ပြောလိုက်၍ လူအားလုံးပင် လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။ မအေးဆိုင်နှင့်မောင်ဖြစ်သူ ဘထွန်းအေးတို့လည်းပြေးထွက်ပြီး အဘိုးဖြစ်သူ ဦးမောင်ဖြူကိုပြေးဖက်ကာ တဲဆီသို့ခေါ်လာကြသည်။ မိခင်ဖြစ်သူ မအေးမြဦးလည်း တဲအပြင်ကိုထွက်ကာ မျက်ရည်ကိုသုတ်ရင်း ဖခင်ဖြစ်သူအားကြိုသည်။ တဲရှင်ဖြစ်သော ဦးမောင်ယဉ်ဦးကပင် စတင်ပြီး ဦးမောင်ဖြူအား နှုတ်ဆက်လိုက်သည်။

"ဦးမောင်ဖြူကြီး၊ သမီးနဲ့မြေးများဆီကို လိုက်လာတာနဲ့တူတယ်"

"ဟုတ်တယ်ကွ၊ ငါ ရွာကိုရောက်တော့ တစ်ရွာလုံးနီးပါး ပြာကျနေပြီ။ လူတွေကိုလည်းတစ်ယောက်မှမတွေ့ရဘူး။ နောက်တော့ ငမဲဦးရောက်လာပြီး ရွာသားအချို့နှင့် ငါ့ကလေးတွေ ဒီမှာရှိတယ်ဆိုလို့ လိုက်လာတာ"

"အဖေဘာလို့လိုက်လာတာလဲ။ အဲလောက်ထိ အန္တရာယ်ကများပါဘိသနဲ့"

ဟု သမီးဖြစ်သူ မအေးမြဦးက ရှိုက်သံဖြင့်ပြောသည်။

"ဟဲ့-လိုက်မလာလို့ရမလား။ အန္တရာယ်များလို့သာ လိုက်လာတာပေါ့။ ကိုင်းကိုင်း - အချိန်မရှိဘူး။ အထုပ်ပြင်သွားမယ် ဇင်ပြွန်းတောင်ကို"

"ဖြစ်ပါ့မလား အဖေရယ်၊ အဲဒီလောက်ထိ အန္တရာယ်များနေတဲ့ဟာ"

"အန္တရာယ်များလည်းဖြစ်တဲ့နည်းနဲ့ ပုန်းလျှိုးကွယ်လျှိုးသွားရမှာပဲ။ ဒီမှာ နေလို့ဘာကိုစားမှာလဲ။ ရွာကအိမ်လည်း ပြာကျကုန်ပြီ"

မအေးမြဦးလည်း ဘာမှဆက်ပြောမနေတော့ဘဲ အထုပ်များကို သွားကောက်ပွေ့လေသည်။ ထို့နောက် သားငယ် မောင်ညိုစိန်ကို ချီပိုးကာ တဲထဲမှ လူများကိုနှုတ်ဆက်ထားခဲ့ပြီး ထွက်လာခဲ့ကြသည်။

ကောင်းကင်တွင် မိုးသားများထူပိန်းခြင်းမရှိသော်လည်း နှောင်းမိုးက တဖြောက်ဖြောက်ရွာနေသည်။

"ငါပြောတယ် ရွာကို မပြန်ကြနဲ့ဦး။ တစ်နှစ်တစ်မိုးဆိုသလို ငါ့ဆီမှာနေပြီးမှ ပြန်ချင်လည်းပြန်ကြဆိုတာ မရဘူး။ အခုတော့ ကောင်းကြသေးရဲ့လား"

ဟု ဦးမောင်ဖြူက သမီးဖြစ်သူကို အပြစ်တင်သည်။

"ဖေ့သမက်ပေါ့၊ ရွာပြန်မယ်ဆိုတာချည်းပဲ"

သမီးအဖတို့ တောလမ်းအတိုင်း ပြန်လာကြသည်။ ခမောင်းတုံးတောင်ကြောထိပ်ကိုရောက်လျှင် ရွာဘက်ကို မှန်းမျှော်ကြည့်ကြသည်။လူတစ်ယောက်တလေကို တွေ့ရသည်။ မည်သူမည်ဝါဟု မကွဲပြား။ ထို့ကြောင့် အန္တရာယ်မရှိနိုင်ဟုသိရ၍ ရွာကို တန်းသွားကြသည်။

ရွာကိုရောက်လျှင် မီးမလောင်ဘဲ ကြွင်းကျန်ခဲ့သောအဖိအောက်၌ တူးသောအိုးကတူးပြီး မီးသေကာ မကျက်သောအိုးကလည်း မကျက်ဆိုဘိသို့ဖြစ်နေသော ထမင်းဟင်းများကိုပင် ဖြစ်သလိုစားသောက်ပြီး နွားများကို သည်အတိုင်းထားခဲ့ကာ ယူနိုင်သောပစ္စည်းအချို့ကိုယူ၍ ရွာပျက်ကြီးထဲမှ တိတ်တဆိတ်ထွက်လာကြသည်။

လမ်းအတိုင်းမသွားရဲဘဲ လယ်ကွင်းများကိုဖြတ်သန်းကာ တောင်ကုန်းတောင်ဆွယ်များအတိုင်းသာ တိုးဖောက်ပြီးသွားကြရသည်။ မနက်ဆယ်နာရီကျော်အချိန်တွင် မဲရွာနားကိုရောက်လာကြသည်။ တစ်ရွာလုံး သစ်ပင်ကြီးဖြင့် အုပ်ဆိုင်းနေ၍ မီးသင့်၊ မသင့် အတိအကျမသိနိုင်ပေ။ တန်းကင်ရွာကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com

တစ်ဝက်တစ်ပျက်။ သို့တည်းမဟုတ် အိမ်ကြီးအိမ်ကောင်းများသာ မီးသင့်လျှင်လည်း ယခု ခပ်လှမ်းလှမ်းကသာကြည့်ရသဖြင့် သိနိုင်မည်မဟုတ်။

လူတစ်ယောက် လယ်ကန်သင်းရိုးအတိုင်းလျှောက်လာနေသည်ကိုမြင်၍ ကြည့်လိုက်ကြရာ ဦးရွှေလုံးဖြစ်နေသည်။ ဦးမောင်ဖြူမှာ ဦးရွှေလုံးနှင့် မျိုးမကင်းကြပေ။ ဦးမောင်ဖြူက လက်ထောင်ပြပြီး လေသံတိုးတိုးဖြင့် -

"ဟဲ့-ရွှေလုံး၊ မင်း ဘယ်ကိုသွားတာလဲ"

ဟု မေးလိုက်သည်။

"နားပင်းတယ်၊ မကြားမကြား"

ဟုပြောပြီး ဦးရွှေလုံးက သူ့နားကို ဖွဖွလေးပွတ်စမ်းပြသည်။

"ဩော် - မင်းတို့ရွာအခြေအနေ ဘယ်လိုလဲလို့မေးတာ"

"ဘုန်းကြီးကျောင်းကိုဆွမ်းပို့ဖို့သွားတာပါ"

"ဟာ - ဒီကောင် ဘယ်လိုဖြစ်လို့များ အဲလောက်တောင် နားပင်းသွားပါလိမ့်"

"ဟုတ်ကဲ့- အိမ်မှာလည်း အားလုံးသူမာကြပါတယ်"

"ဒုက္ခပဲ"

ဦးရွှေလုံးက အနားသို့တိုးကပ်လာပြီး-

"ကုလားဖြူ ကုလားမည်းစစ်တပ်တွေ သောင်းကျန်းနေတယ်။ တချို့ရွာတွေ မီးတိုက်လို့ကုန်ပြီတဲ့။ အခု ဘယ်ကိုသွားကြတာလဲ။ ရွာထဲကိုဝင်ချင်ဝင်၊ မဝင်ရင်လည်း မြန်မြန်သွားကြပါ။ အခြေအနေမကောင်းဘူး။ ကျွန်တော်လည်း ဆွမ်းပို့ဖို့သွားလိုက်ဦးမယ်"

ဟု သူထင်ရာပြောထားခဲ့ပြီး ဦးရွှေလုံးသည် ဘုန်းကြီးကျောင်းဘက်ကို လယ်ကန်သင်းများအတိုင်းဆက်လျှောက်သွားလေသည်။

ဦးမောင်ဖြူ စဉ်းစားသည်။ ရှေ့ကိုဆက်လျှောက်လျှင် ဂျပန်များဖောက်လုပ်ခဲ့ကြသော ကားလမ်းကိုရောက်ပြီ။ ကားလမ်းဖြစ်၍ လူသွားလူလာများသည်။ ထို့ကြောင့် အန္တရာယ်လည်းပိုများနိုင်သည်။

ထို့ကြောင့် ကားလမ်းကို မလျှောက်ရဲ၍ စမ်းကြီးကုန်းရွာလေးဘက်ကိုသာ ဆက်သွားသည်။ ဤတွင် မြေးငယ်နှစ်ယောက်တို့ ဗိုက်ဆာ၍ငိုလာကြလေသည်။ ထို့ကြောင့် ဦးမောင်ဖြူ အခက်တွေ့ရလေသည်။ ကလေးများကို ချော့ခြောက်ပြောဆိုပြီး စမ်းကြီးကုန်းရွာဘက်ကို လယ်ကန်သင်းများအတိုင်း ဆက်လျှောက်သည်။

အိမ်ခြေ တစ်ဆယ်ကျော်မျှသာရှိသော စမ်းကြီးကုန်းရွာလေးမှာ လမ်းမကြီးနှင့်လှမ်းပြီး ထောင့်ကျ၍ထင်သည်။ မီးမသင့်သေးပေ။ ထို့ကြောင့် ဦးမောင်ဖြူ အားတက်သွားမိသည်။ ရွာထဲမှာ လူသိအချို့ရှိနိုင်သောကြောင့် ထမင်းတောင်းစား၍လည်းရနိုင်သည်။

သို့သော် ရွာထဲသို့ရောက်သွား၍ ကြည့်လိုက်ရာ အိမ်များကို တံခါးပိတ်လျက် ရွာသားတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။ ထို့ကြောင့် ဦးမောင်ဖြူမှာ သာ၍ပင် အခက်ကြုံရလေသည်။ မြေးလေးများမှာလည်း ဗိုက်ဆာ၍ တရှုံ့ရှုံ့ဖြင့် ငိုလာကြလေသည်။

အိမ်များကို တံခါးဖွင့်ပြီး တက်ကြည့်ရာတွင်လည်း ဆန်ကြည်များသာရှိပြီး ချက်ပြုတ်စားသောက်ရန် အိုးခွက်တစ်ခုမျှ မတွေ့ရပေ။ ရွာသူရွာသားများ ဘယ်ဆီသို့ ထွက်ပြေးကြမှန်းလည်းမသိနိုင်တော့။

ဦးမောင်ဖြူစိတ်ပူစိတ်ပျက်စွာဖြင့် ငေးရပ်နေစဉ် ရွာဦးဘက်မှ အသက် (၇၀) ကျော်အရွယ် အဘိုးအိုတစ်ယောက် လျှောက်လာနေသည်ကိုတွေ့လိုက်ရ၏။ ဘယ်လိုလူမှန်းလဲမသိ။ ဦးမောင်ဖြူလည်း သည်လူကြီးကို မမြင်ဘူးပေ။ ဤရွာသားဟုတ်မဟုတ်၊ ရန်သူလား၊ မိတ်ဆွေလားဟူ၍ပင် နားမလည်နိုင်။ သို့သော် မတတ်သာသည့်အဆုံး ထိုအဘိုးအို၏ အနားသို့ပင် မဝံ့မရဲချဉ်းကပ်ပြီး စကားပြောဆိုကြည့်ရလေသည်။

"အဘိုး၊ ဒီရွာသားဟုတ်ပါသလား၊ ကျွန်တော်တို့ကဒုက္ခသည်တွေပါ။ အစာရေစာတော်ပြတ်လာလို့ ကလေးတွေလည်း ငိုကုန်ကြပါပြီ။ စားစရာလေးများရှိရင် ကလေးစာပဲဖြစ်ဖြစ်ပေးကျွေးသနားပါ အဘိုးရယ်"

အဘိုးအိုသည် ချက်ချင်းစကားမပြောသေးဘဲ ဦးမောင်ဖြူအား ခြေဆုံးခေါင်းဆုံးလိုက်ကြည့်ပြီးမှ တည်ငြိမ်သောအသံဖြင့် ပြောလေသည်။

"ငတ်မှာပေါ့ကွ၊ မင်းတို့က ဘုရားတရားမှမရှိကြတာ၊ ဒုက္ခရောက်ရင် ရတနာမြတ်သုံးပါးကို မမေ့ရဘူးကွ။ ရတနာမြတ်သုံးပါးကို မမေ့သူ၊ မေတ္တာဘာဝနာနဲ့ ဂုဏ်တော်တစ်ခုခုကို ရွတ်ဆိုပွားများနေသူတွေသာ ကပ်သုံးပါး၊ ဝဋ်သုံးပါးက လွတ်မြောက်ကြတာ"

ဟု ပြောဆိုထားခဲ့ပြီး အဘိုးအို အနားမှ ထွက်သွားလေသည်။

ထို့ကြောင့် ဦးမောင်ဖြူလည်း အလွန်အမင်းစိတ်ပျက်သွားရလေသည်။ မြေးငယ်နှစ်ယောက်တို့လည်း ဗိုက်ဆာ၍ တရှုံ့ရှုံ့ဖြင့် ငိုနေကြသောကြောင့် ချော့ခြောက်၍ပင် မရတော့ပေ။ အဘိုးအိုပြောလည်း ပြောစရာ။ ဦးမောင်ဖြူမှာ သောကလောင်နေချိန်ဖြစ်၍ ဘုရားမရှိခိုးမိသည်မှာ လနှင့်ချီနေလေပြီ။

ယခုဒုက္ခတွေကြုံလာရမှ အဘိုးအိုက အမှတ်ဖော်ပေးလိုက်၍ ဘုရားကို သတိရလာသည်။ ထို့ကြောင့် သူ့မြေးများပါ ရနိုင်သည့် ဘုရားရှိခိုးတစ်ပုဒ်ကို စဉ်းစားကြည့်ရာ နမောတဿကိုတွေ့သည်။

နမောတဿမှာ (ဂုဏ်တော်သုံးပါးဘုရားရှိခိုး၊ သိကြားမင်းဘုရားရှိခိုး) စသည့် တိုတိုကျဉ်းကျဉ်းဖြင့် အကျိုးများသောဘုရားရှိခိုးကြီးပင်ဖြစ်သည်။ နမောတဿကို ရွတ်ဆိုပွားများသော ပုဂ္ဂိုလ်များမှာ လက်ရှိဘဝတွင် အန္တရာယ်ကင်းပသလို နောက်ဘဝတွင်လည်း မဂ်ဖိုလ်တိုင်ရရှိနိုင်ကြောင်းကို မှတ်သားဖူးသည်။

ထို့ကြောင့် ကြုံတွေ့နေရသော ကပ်ဆိုးကြီးအတွင်း၌ သေကံပါက သေစေတော့။ သေကံမပါမှုလည်း အန္တရာယ်အပေါင်းမှ ချမ်းသာရပြီး လိုရာခရီးကို ချမ်းသာစွာဖြင့် ဆက်လျှောက်နိုင်စေရန်ကို ရည်ရွယ်၍ သူ့အပါအဝင် သမီးနှင့် မြေးများကိုပါ ရွတ်ဆိုပူဇော်ကြရန်ကို တိုက်တွန်းရလေသည်။

"ကိုင်း- မြေးလေးတို့လည်း နမောတဿကိုရွတ်ဆိုကြကွယ်။ နမောတဿကိုရွတ်ဆိုရင် ထမင်းစားရတယ်။ ပြီးတော့ မုန့်လည်းစားရမယ်ကွယ့်"

ဟုလည်း မြေးလေးများရွတ်ဆိုချင်ကြအောင် ပြောရလေသည်။

ထို့နောက် တောင်ကြီးပတ် တဲစုဘက်ကို နီးရာတောင်ကုန်းမှဖြတ်ကျော်ရန် လျှိုကြီးတစ်ခုထဲသို့ ဆင်းလိုက်ကြရာ စမ်းကြီးကုန်းရွာသားများ ထိုလျှိုကြီးထဲ၌ တဲထိုးက ပုန်းခိုနေကြသည်ကို တွေ့ရလေသည်။ တချို့ ငရုတ်သီးထောင်းသူ၊ သခွားသီးခြစ်သူ၊ ငါးခြောက်မီးဖုတ်သူ စသည်ဖြင့်။

ထို့ကြောင့် အခိုက်အတန့်အနေတွင် လူသိလူရင်းများလည်းရှိနေသောကြောင့် နေစရာ စားသောက်စရာအတွက် ပူပင်စရာမလိုတော့။ ထို့ကြောင့် အဘိုးအိုက တိုက်တွန်းသောကြောင့်

www.burmeseclassic.com

ရတနာမြတ်သုံးပါး (နမောတဿဂုဏ်တော်) ရွတ်ဆိုရှဲ့ ထက်ဝက်ကောင်းကျိုးရရှိသည်ကို မယုံကြည် မသိုးမွမ်း မကြည်ညိုဘဲလည်း မနေနိုင်တော့။

■

ဤနေရာသည် မြစ်ကြောင်းနှင့်နီးသော်လည်း ချောင်ကျ၍ အန္တရာယ်ကင်းသည်။ မြစ်ကြောင်းက မော်တော်သံများကိုလည်းကြားနိုင်သည်။ထို့ကြောင့် တိမ်းရန်ရှောင်ရန်လွယ်ကူသောကြောင့် လုံခြုံမှုလည်းရှိသည်။

သို့သော်လည်း ဦးမောင်ဖြူအဖို့ ဤနေရာ၌ ခိုလှုံနေ၍ မဖြစ်သေးပေ။ သမီးတို့မိသားစုကိုခေါ် ဆောင်ကာ အမ်းမြစ်ကိုဖြတ်ပြီး မိမိတို့ ဇင်ပြွန်းတောင်လယ်တဲစုသို့ရောက်အောင်သွားရပေဦးမည်။

ထို့ကြောင့် မနက်စောစော မော်တော်သံကိုနားထောင်ရင်း မနက်စာထမင်းစားသောက်ပြီးနောက် စမ်းကြိုးကုန်းလူစုကို ကျေးဇူးတင်စကားပြောဆိုနှုတ်ဆက်ထားခဲ့ပြီး ထိုနေရာမှ ထွက်ခွာလာကြသည်။ ယခုကျော်ဖြတ်ရမည့်ခရီးသည်ကား အလွန်အန္တရာယ်များ၍ အခက်ခဲဆုံးဖြစ်သည်။

မတော်တဆ အမ်းမြစ်ကို လှေနှင့်ဖြတ်ကူးနေစဉ် ကုလားဖြူ/ကုလားမည်းတို့၏စစ်မော်တော်နှင့်တွေ့လျှင် အသက်ချမ်းသာရရန် ခက်ပေလိမ့်မည်။ သူတို့သနား၍လွှတ်ပေးလိုက်လျှင် အသက်ရှင်မည်။ သေနတ်များဖြင့် ပစ်ခတ်လျှင် စုံးစုံးမြုပ်ကာ စင်းလုံးသေနိုင်သည်။

သို့သော်လည်း လာမည့်ဘေးပြေးတွေ့ရမည့်သဘော ဆိုက်ရောက်လာနေ၍ မထူးတော့။ မထူးဇာတ်ခင်းကာ အစွန့်ကြီးစွန့်လျက်ထွက်လာခဲ့ကြသည်။ ဦးစွာ တောင်ကြီးပတ်၊ နေပူခံ စသောလယ်တဲစုများရှိရာကိုသွားရမည်။ ထိုတဲစုများမှာ အသိတစ်ယောက်ယောက်ကို ပင် လှေဖြင့် အမ်းမြစ်ကို ဖြတ်ကူးပို့ခိုင်းရမည်။ ထိုဘက်ကမ်းကိုရောက်လျှင် အဆင်ပြေပြီ။ကမ်းလျှောက်လမ်းအတိုင်း နှစ်နာရီခန့် ခြေကျင်ဆက်သွားလျှင် ဇင်ပြွန်းတောင် လယ်တဲစုကို ရောက်နိုင်သည်။

ပုန်းလျှိုးကွယ်လျှိုးလျှောက်သွားကြရင်း မနက်ဆယ်နာရီခန့်တွင် နေပူခံတဲစုကိုရောက်လာကြသည်။ သို့သော် နေပူခံတဲစုတွင်လည်း လူတစ်ယောက်မျှမရှိကြပေ။ တဲစုကိုပစ်ပြီး အားလုံးထွက်ပြေးသွားကြပုံရသည်။

ထို့ကြောင့် တောင်ကြီးပတ်ဘက်ကို ဆက်သွားကြပြန်သည်။ တောင်ကြီးပတ်တဲစုမှာလည်း လူတစ်ယောက်မျှမရှိကြပေ။ နေပူခံတဲစုက လူများအတိုင်း တဲစုကိုပစ်ခွာပြီး နီးစပ်ရာဆွေမျိုးများရှိသည့် အရပ်ဒေသများသို့ ထွက်သွားကြပုံရသည်။

ဤတွင်လည်း ဦးမောင်ဖြူအခက်တွေ့ရပြန်လေသည်။ ဤတဲစုများမှာသာ လူမတွေ့လျှင် ထမင်းစားရဖွယ်မရှိသလို ဟိုဘက်ကမ်းသို့ ပို့ဆောင်ပေးမည့်သူလည်း တစ်ယောက်မျှမရှိနိုင်တော့ပေ။

ထို့ကြောင့် ဦးမောင်ဖြူ ငိုင်ကျသွားလေသည်။ မြေးများလည်း ဗိုက်ဆာ၍ ငိုလာကြလေပြီ။ ဘာမှမတတ်နိုင်တော့။ ဦးမောင်ဖြူ သက်မချပြီး တစ်အောင့်ကြာအောင် စဉ်းစားသည်။

"ကိုင်း- သမီး၊ တို့ဒီအတိုင်းနေလို့လည်း ဘာမှဖြစ်လာမှာမဟုတ်ဘူး။ကမ်းလျှောက်လမ်းအတိုင်းပဲ ဟင်းရွက်မော်ရွာဘက်ကို လျှောက်သွားရအောင်။ လှေသမားတွေ့ရင် အကူအညီတောင်းပြီး ဟိုဘက်ကမ်းပို့ခိုင်းမယ်။ လူစုတဲစုတွေ့ရင်လည်း ထမင်းဟင်းတောင်းစားရင်း အကူအညီလေးတောင်းကြတာပေါ့ကွယ်"

မအေးမြဦးကား ဘာမှမပြောနိုင် ငိုရှိုက်၍သာပါလာလေ၏။ ထို့ကြောင့် မြေးများဘက်ကိုလှည့်ပြီးလည်း -

"မြေးလေးတို့လည်းမငိုကြနဲ့ကွယ့်။ ရှေ့မှာလူတွေ့ရင် ဘိုးဘိုးထမင်းတောင်းပေးပါ့မယ်။ နမောတဿကိုလည်းဆိုကြနော်။ ကိုင်း - လာလာ"

ပြောရင်းက ဦးမောင်ဖြူလည်း ငိုချင်လာလေသည်။ ဗိုက်ဆာလွန်း၍လည်း တစ်ကိုယ်လုံး တုန်၍ပင်နေလေပြီ။

ရှေ့ကိုနာရီဝက်ခန့်ဆက်လျှောက်လျှင် တောင်ကျချောင်းလေး၏ ကမ်းနဖူး၌ တောင်းတစ်ခုကို တွေ့ရလေသည်။ ထို့ကြောင့် ဦးမောင်ဖြူ ခမောက်နှင့်အုပ်ထားသောတောင်းအဖုံးကို ဖွင့်ကြည့်သည်။

ထမင်းက တစ်ပြည်ဝင်ခန့်အိုးမှာ အပြည့်။ ပဲသီး၊ ခဝဲသီး၊ သခွားသီးဟု ဟင်းကသုံးမျိုး။ ဦးမောင်ဖြူ ဘာမှမစဉ်းစားနိုင်ဘဲ ထမင်းဟင်းများကိုကော်ခပ်ပြီး ပေါက်ဖက်ဖြင့်ထည့်ကာ မြေးသုံးယောက်တို့အားကျွေးလေ၏။ ထို့နောက် ပါးစပ်ကို လက်ကတော့ပြုလျက် မတိုးမကျယ်အော်ပြောလိုက်သည်။

"အို - ထမင်းရှင်၊ ကျွန်တော့်မြေးလေးတွေ ဗိုက်ဆာပြီးငိုနေကြလို့ အရှင်၏ထမင်းဟင်းများကို ခူးခပ်ကျွေးမိပါပြီ။ ဤအတွက် သင်ထမင်းရှင်သည် ကျွန်ုပ်အား သနားသောအားဖြင့် ခွင့်လွှတ်တော်မူပါ"

"စားစား၊ လူကြီးတွေပါစားသွားကြ"

"ဟာ"

ဦးမောင်ဖြူ အံ့သြသွားသည်။ လူကိုမမြင်ရဘဲ တောင်ကမ်းယံဆီကအသံကိုသာ ကြားလိုက်ရသည်။ ထို့ကြောင့် ခေါင်းတစ်ချက်နှစ်ချက်ညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဟုတ်ကဲ့ - သင်ထမင်းရှင်အား ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကိုလည်း အမျှမေတ္တာပေးဝေပါတယ်"

"အင်း. . . အင်း"

ရုပ်ကိုမမြင်ရသော်လည်း ထမင်းရှင်၏ခွင့်ပြုချက်ကိုရသည်နှင့် ဦးမောင်ဖြူတို့ သမီးအဖလည်း ဣန္ဒြေမဆောင်နိုင်ဘဲ ထမင်းဟင်းများကို မြေးများနှင့်အတူတဝကြီးစားသောက်ကြလေသည်။ စားသောက်ပြီးနောက် အိုးခွက်ပန်းကန်များကိုဆေးကြော၍တောင်းထဲပြန်ထည့်ပြီး ခမောက်နှင့်အုပ်ထားခဲ့ကာ ထိုနေရာမှ ထွက်လာကြသည်။

"သမီးကြီးရော မြေးလေးတို့ပါ နမောတဿကိုမမေ့ကြနဲ့နော်။ ခုချိန်မှာ နမောတဿနဲ့မေတ္တာဘာဝနာမှတစ်ပါး အခြားအားကိုးစရာမရှိဘူးကွယ့်။ အဲဒါကြောင့် နမောတဿကိုလည်းရွတ်၊ မေတ္တာလည်းပို့ကြကွယ့်။ ပါးစပ်က နှုတ်တက်မရွတ်တောင် စိတ်ထဲကပို့ရွတ်ကြ"

"ဟာ - ယောက်ဖမောင်ဖြူလား"

ချုံထဲကအသံတစ်သံကိုကြားလိုက်ရ၍ သွားနေကြဆဲ ခြေလှမ်းများရပ်တန့်သွားကြသည်။

"အေး - ဘယ်သူများလဲ"

ဟု မေးလိုက်ရာ -

"နေဦး"

ဟုဆိုပြီး ချုံထဲမှ လူတစ်ယောက်ထွက်လာလေသည်။

"ဟ - အောင်ကျော်ဦးပါလား"

ဦးအောင်ကျော်ဦးမှာ ဦးမောင်ဖြူနှင့် ဆွေရိပ်မျိုးမကင်းသူတစ်ယောက်ဖြစ်ပြီး ညီအစ်ကိုရင်းတစ်မျှလည်း ရင်းနှီးကြသောသူ ဖြစ်သည်။ ဦးအောင်ကျော်ဦးက ဦးမောင်ဖြူအောက် တစ်နှစ်မျှ အသက်ငယ်သည်။

"ဒါ ငါ့ယောက္ခမ လယ်ပြင်လေ

www.burmeseclassic.com

ကွာ။ အဲတာ လယ်လုပ်ရင်း တိုင်းရေးပြည်ရေးအခြေအနေတွေမကောင်းလို့ မိသားစုကို ရွာပို့ထားလိုက်ပြီး နွားတစ်အုပ်နဲ့ ငါ ဒီမှာကျန်နေခဲ့တာ"

"ဪဪ - ဒါကြောင့် ချုံထဲဝင်နေတာလား"

"အေးပေါ့၊ အခြေအနေမကောင်းရင် အလွယ်တကူ တောထဲလျှောက်ပြေးရလွယ်အောင်လို့ပေါ့"

"ဟုတ်ပါပြီ၊ ဒီတော့ မင်းမှာ လှေလေးဘာလေးမရှိဘူးလား။ ရှိရင် တို့ကို ဟိုဘက်ကမ်းကူးတို့ပို့ပေးစမ်းပါကွာ"

ဦးအောင်ကျော်ဦး သက်မတစ်ချက်ကိုချလိုက်ပြီး ဟိုသည် တစ်အောင့်မျှကြည့်ကာ -

"ရှိပါတယ်၊ ဒါပေမယ့် ငါမပို့ရဲဘူး။ ကုလားမော်တော်တွေက စုန်ဆန်ရှိနေကြတော့ ရေလယ်မှာတိုးရင်မလွယ်ဘူးလေ။ ဟို - လမုပင်ငံအောက်က ချုံထဲမှာ လှေရှိတယ်။ မင်းဘာသာတွန်းချပြီး လှော်သွား။ လှေကိုလည်း ထားချင်ရာမှာသာထားခဲ့တော့။ ငါလည်း လှေကို မသုံးရဲတာ လချီတောင်ကြာပါပြီ"

ဦးမောင်ဖြူ ဟိုဟိုသည်သည်ကြည့်သည်။ ထို့နောက် တစ်ခေါ်ခန့်မျှသာရှိသော အမ်းမြစ်၏ ထိုဘက်ကမ်းကို လက်ညှိုးထိုးပြပြီးပြောလိုက်သည်။

"ကောင်းပြီ အောင်ကျော်ဦး၊ ဒါပေမယ့် ငါလည်း မင်းလှေကို ဇင်ပြွန်းတောင်ထိရောက်အောင်လှော်ခတ်ပြီး ယူမသွားရဲဘူး။ ဒါကြောင့် ဟိုဘက်ကမ်းတောင်ကမူအဆွယ်လေးက ကညင်ပင်ကြီးအောက်ရောက်အောင်တော့ ငါ တွန်းတင်ထားခဲ့မယ်။ အဲဒီမှာတင်ထားခဲ့ရင်တော့ ဘေးလူတွေလည်း တော်ရုံနဲ့ မတွေ့လောက်ပါဘူး။ နောက်မင်းအဆင်ပြေတဲ့အခါသာ ယူသုံးပေရော့"

ဦးအောင်ကျော်ဦးပါ လှေကို ကူတွန်းချပေးသည်။ ဦးမောင်ဖြူလည်း သမီးနှင့်မြေးများကို လှေပေါ်ကိုတက်စေပြီးနောက် -

"ကိုင်း- အောင်ကျော်ဦး၊ ငါ မင်းကို အရမ်းပဲကျေးဇူးတင်ပါတယ်။ ဒါပေမယ့် စကားပြောအချိန်မရဘူးကွ။ မော်တော်သံတွေတိတ်နေတုန်း ငါ ဟိုဘက်ကမ်းကိုလှော်ကူးတော့မယ်။ နောက်ပြန်ဆုံမှ စကားတွေပြောကြတာပေါ့နော့"

"အင်းပါ သွား သွား၊ မင်းတို့ပဲ အန္တရာယ်ကင်းကြပါစေ။ နောက်ပြန်ဆုံကြမှာပဲ"

ဟု ဦးအောင်ကျော်ဦးကလည်း ပြောသည်။

"ကိုင်း - သမီးကြီးနဲ့ ငါ့မြေးများ ရေလမ်းက ကုန်းလမ်းထက် အရေးကြီးတဲ့အတွက် နမောတဿဂုဏ်တော်နဲ့ မေတ္တာဘာဝနာတွေကို များများရွတ်ပို့ကြကွယ့်"

ဦးမောင်ဖြူလည်း ချက်ချင်းပင် ချောင်းပေါက်ထဲမှလှော်ထွက်လေသည်။ မြစ်ပြင်ကိုရောက်သည်နှင့် တအားလှော်သည်။

ဆိုခဲ့သည့်အတိုင်း မြစ်ပြင်သည် တစ်ခေါ်ခေါ်မျှသာ ကျယ်ပြန့်သည်။ သို့သော် မြစ်လယ်သို့ရောက်သည်နှင့် မြစ်ညာဘက်မှဒီရေအကျနှင့်ခုတ်မောင်းလာနေသောမော်တော်သံကိုကြားရလေသည်။

ယခုအချိန် ကာလဆိုးကြီး၌ ကုလားစစ်တပ်မော်တော်မှ အခြားမည်သည့်ပါစင်ဂျာမော်တော်မျှမရှိပေ။ မြစ်ပြင်မှာသာ ကုလားမော်တော်နှင့်တိုးလျှင်လည်း အသက်ရှင်ဖွယ်၊ မရှင်ဖွယ် မရှိနိုင်ပေ။

ဟုတ်သည်။ မည်းမည်းမြင်ရာ စိတ်ထင်ရာပစ်ခတ်လာသော သေနတ်သံများကိုလည်း တဗိုင်းဗိုင်းနှင့် ကြားလာရလေသည်။

ထို့ကြောင့် ဦးမောင်ဖြူမှာ မြစ်ထောင့်ကွေ့မှ ကုလားမော်တော်ထွက်ပေါ်၍မလာမီ ဟိုဘက်ကမ်းသို့ရောက်အောင် နမောတဿကို တွင်တွင်ရွတ်လျက် ရှိသမျှစွမ်းအားကိုထုတ်၍ လှော်ခတ်လေသည်။ ထိုအချိန်၌ ဦးမောင်ဖြူ၏ကြောက်စိတ်သည်လည်း အထွတ်အထိပ်သို့ပင် ရောက်နေလေသည်။

ဦးမောင်ဖြူတို့လှေ လက်မတင်လေး ကံကောင်းသွားသည်ဟု ဆိုရမည်။ ဦးမောင်ဖြူတို့လှေ ချောင်းပေါက်ထဲသို့ ဝင်၍ နောက်ဘက်ကိုလှည့်ကြည့်လိုက်ရာ အစိမ်းရောင်ကုလားမော်တော်ကြီး ထွက်ပေါ်လာသည်ကို ကြောက်ခမန်းလိလိပင် မြင်ခဲ့ရလေသည်။

မော်တော်၏ရှေ့နောက်ဘေးဘက်များတွင် သေနတ်ကြီးများကို တပ်ဆင်ထားပြီး ခေါင်မိုးပေါ်တွင် စစ်သားအပြည့်တင်ကာ အဟုန်ဖြင့်မောင်းနှင်လျက် ဦးတည့်ရာ မည်းမည်းမြင်ရာ အကုန်လျှောက်ယမ်းပစ်ခတ်ဆင်းလာခြင်းပင် ဖြစ်လေသည်။

ဦးမောင်ဖြူလည်း ကမ်းပါးစောက်များကာဆီးနေသည့် ချောင်းပေါက်ထဲသို့ အလံသုံးလေးဆယ်ခန့် လှော်ခတ်ဝင်ရောက်သွားပြီးမှ အသက်ကိုဝအောင် ရှူရှိုက်နိုင်လေသည်။ ဤနေရာသို့ရောက်လာရခြင်းဖြင့် ဦးမောင်ဖြူနှင့် သမီးမြေးများအဖို့ အစိမ်းသေအသက်ဘေးမှ ကွင်းလုံးကျွတ် လွတ်မြောက်ပြီဟု ဆိုနိုင်လေသည်။

လှေကို တွန်းတင်ထားခဲ့ပြီး ဤနေရာမှ သူကျွမ်းကျင်သော တောလမ်းကလေးများအတိုင်း နှစ်နာရီမျှဆက်လျှောက်သွားလျှင် သူ၏ ဇင်ပြွန်းတောင်လယ်တဲစုသို့ ရောက်နိုင်လေသည်။

စာကြွင်း. . .

၁။ အသက်ကယ်ဘိုးဘိုးကြီး၏ အကြံပြုတိုက်တွန်းခြင်းကြောင့် ဘာသာရေးနှင့် ပတ်သက်သော ဂုဏ်တော်နှင့် မေတ္တာကမ္မဋ္ဌာန်းကိုပွားများ၍ စမ်းကြီးကုန်းရွာသူရွာသားများ၏ခိုလှုံရာလှိုဏ်ကြီးထဲသို့ ရောက်ရှိခြင်း၊ နေရေးစားရေးအဆင်ပြေခြင်းနှင့် ထိုလှိုဏ်ကြီးထဲမှထပ်မံထွက်လာကြရာ ထမင်းတောင်းကိုတွေ့ရှိခြင်း၊ ထမင်းတောင်းပိုင်ရှင်က တောင်ကမ်းပါးယံမှနေပြီး ထမင်းအားလုံးကိုစားသောက်နိုင်ကြောင်းပြောဆိုခြင်း စသည်များမှာ စမ်းကြီးကုန်းရွာ၌တွေ့ခဲ့ရသော ဘိုးဘိုးဟုတ်မဟုတ်ကို မသိနိုင်ပေ။ မည်သို့ပင်ဆိုစေကာမူ ထိုဘိုးဘိုးကြီးကျေးဇူးကြောင့် အစာရေစာစားသောက်ရခြင်း၊ သေဘေးမှလွတ်မြောက်လာကြရခြင်းများကိုမူ သံသယဖြစ်ဖွယ်မရှိပေ။ ဘေးဆိုး၊ ကပ်ဆိုးများနှင့် ကြုံကြရာ၌ ဂုဏ်တော်နှင့် မေတ္တာတရားတို့သည် သတ္တဝါအပေါင်းတို့အား ချမ်းသာရစေခြင်းငှာ အကိုးအထောက်မြောက်မြားစွာတို့ရှိနေလေသောကြောင့် အထူးပင်ဆိုဖွယ်မရှိတော့ပေ။

၂။ ဤထူးခြားသော အသက်ကယ်အဘိုး၏အကြောင်းတွင် ပါဝင်ကြသည့်ထဲမှ ထိုအချိန်က ဆံရစ်ဝိုင်းမလေး မအေးဆိုင်မှာ ယခု အသက်ရှစ်ဆယ်အရွယ် ဤစာရေးသူ၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အေးဆိုင်ပင် ဖြစ်သည်။ ကလေးသုံးယောက်မိခင် မအေးမြဦးမှာလည်း ကျေးဇူးမိခင်ကြီး၏ မိခင်ဖြစ်၍ ဦးမောင်ဖြူမှာလည်း မိခင်ကြီး၏အဘိုးပင်ဖြစ်သည်။ ထိုအချိန်က မိခင်ကြီးတို့မောင်နှမသုံးယောက်တို့တွင် မိခင်ကြီး ဒေါ်အေးဆိုင်နှင့် မောင်ဖြစ်သူ ဦးညိုစိတ်တို့သာ သက်ရှိထင်ရှားရှိကြတော့သည်။

မင်းသိန်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com

"အရက်သမားစိုးသိန်းတစ်ယောက်တော့ ဟသ်ာတဘူတာရုံကျော်သံတံတားနားက ကျွန်းတောထဲမှာသေဆုံးနေပြီ"

ဆိုတဲ့ အမင်္ဂလာသတင်းဟာ ရထားစက်မှုလိုင်းအတွင်းသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့လို့သွားခဲ့ရသည်။ ထိုသတင်းကိုကြားလိုက်ရတော့ တရားရလိုက်မိပါရဲ့။ နွေမြင်ညပျောက်လို့ပဲဆိုရမလား။ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီလို့ပဲပြောရမည်လားမသိတော့။ သေချာတာကတော့ မနေ့ကမှ စာရေးသူရဲ့ ဌာနဆိုင်ရာရုံးခန်းကို အရက်ဖိုး ပိုက်ဆံလာတောင်းသွားတာတော့ အမှန်ပါပဲ။ နောက်ဆုံးနှုတ်ဆက်ခြင်းလို့ပဲပြောရမည်လား။ တကယ့်ကိုနှုတ်ဆက်သလိုမျိုး။

"အစ်ကိုရယ် နောက်ဆိုကျွန်တော်ဘယ်တော့မှ အစ်ကို့ဆီ ပိုက်ဆံလာမတောင်းတော့ပါဘူး။တကယ်ပြောတာပါ။ ကျွန်တော်လာရင် အစ်ကိုကြိုက်သလိုသာပြောပါ။ အခုတစ်ခါ နောက်ဆုံးပါ အစ်ကိုရယ်။ ငွေငါးရာတည်းပဲပေးပါဗျာ"

ဆိုပြီး ရှိခိုးဦးချနဲ့ ပိုက်ဆံငါးရာလာတောင်းသွားတဲ့အရက်သမားစိုးသိန်း။ ကဲ - အခုတော့ အရက်သမား အများတစ်ထောင်ဆိုတာထက် အသက်ကိုအပေါင်ပေးပြီး အရက်ခွက်ထဲခေါင်းစိုက်သောက်နေကြတဲ့သူတွေအများကြီးထဲမှာ စိုးသိန်းတစ်ယောက် အရက်နဲ့ အသက်ကို အလဲအထပ်လုပ်သွားပြီလို့ပဲဆိုရတော့မှာပေါ့။ ကျုပ်လည်း သက်ပြင်းမောတစ်ချက်ခြွေချလိုက်ရင်း -


"အင်းပေါ့လေ၊ အမှည့်တဝင်းဝင်း အကင်းတပြိုက်ပြိုက် ဆိုတဲ့စကားဟာ အလကားထားခဲ့တာမှမဟုတ်ဘဲ။ အခုလို အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အရက်ကို စွဲစွဲလမ်းလမ်းသေသောက်ကျူးသူတွေအတွက် စကားဆိုရိုးများထားခဲ့လေသလား"

ဆိုတဲ့အတွေးက မဖိတ်ခေါ်ပါဘဲ ပြေးလို့ဝင်လာမိပါတယ်။အသက်အရွယ်ကောင်းမှာသေရတဲ့ စိုးသိန်း။ ဆိုရရင်တော့ အသက်(၄၀)မှာမှ ဘဝစတာလို့ဆိုနေကြတဲ့သူတွေထဲမှာ ဘဝစဖို့ (၂)နှစ်တောင်လိုနေသေးတဲ့ (၃၈)နှစ်မှာပဲ အမူးလွန်အအေးပတ်ပြီး လူမသိသူမသိ ကျွန်းတောထဲမှာ ဘဝဇာတ်သိမ်းလို့ သေဆုံးနေတဲ့စိုးသိန်းအတွက် စိတ်မကောင်းတာကလွဲပြီး ဘာများတတ်နိုင်ပါဦးမည်နည်း။ ကိုယ့်ဘဝကိုယ်ရုန်းကန်၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်လမ်းကိုယ်လျှောက်ပြီး ကိုယ့်သမိုင်းကိုယ်ရေးသွားတာပဲလို့သာ ကောက်ချက်ချရတော့မှာပေါ့။

ဒီနေရာမယ် မဆီမဆိုင်တဲ့အတွေးတစ်ခုက ဖျတ်ခနဲဝင်လာခဲ့တယ်။ ရှူးသွပ်တယ်လို့ပဲပြောရမလား။ အကျိုးမဲ့အလုပ်တစ်ခုကို အလကားအချိန်ဖြုန်းတယ်လို့ပဲဆိုရလေမလားတော့ မသိပါဘူး။ ကျွန်တော်သိမီသလောက် အရွယ်ကောင်းမှာ အရက်သောက်ပြီးသေဆုံးခဲ့တဲ့သူတွေကိုတွေးပြီး ဗလာစာရွက်တစ်ရွက်မှာချရေးနေမိတယ်။ စာရေးသူရဲ့ ဆွေမျိုးသားချင်းတွေ၊ မိတ်ဆွေသူငယ်ချင်းတွေ၊ ဌာနတစ်ခုထဲမှာ လက်ပွန်းတတီးလုပ်ဖော်ကိုင်ဖက်တွေ၊ ကြည့်ရှုနားထောင်ခဲ့ဖူးတဲ့ ရုပ်ရှင်သဘင်ဂီတကအနုပညာရှင်တွေ၊ စာပေနယ်ကဖတ်ခဲ့ဖူးတဲ့ စာရေးဆရာကြီးတွေ၊ ရင်းနှီးပြီးသားစာပေသမားတွေ (ပုဂ္ဂိုလ်ရေးအရ ငဲ့ကွက်၍ အမည်နာမများဖော်မပြတော့ပါ။) ကိုစာရင်းပြုစုကြည့်လိုက်တော့ ဗလာစာရွက်တစ်မျက်နှာတောင်ကျော်နေပါပေါ့လား။ ဆက်ပြီးတွေးရေးရင်တောင် ကျန်ရှိနေပါသေးတယ်။ ထားတော့။

ကဲ - ရွှေဒင်္ဂါးကို ထွေခင်းကစားတာမျိုးမဟုတ်ကြဘဲ သေခြင်းတရားကိုသိပါရက်နဲ့ မြတ်နိုးခုံမင်ဖက်တွယ်ပြီး သောက်စားမိကြလေတော့ စောစီးစွာပဲ နှုတ်ဆက်လက်ပြထွက်ခွာသွားကြတာကို ကျန်တဲ့သူတွေက အသိနဲ့သတိကပ်မိကြဖို့တော့ လိုပေတာပေါ့ဗျာ။ ဘာပဲဖြစ်ဖြစ်ပေါ့။ စိုးသိန်းကိုကြည့်ပြီး မရဏနုသ္သတိပွားမိလိုက်ပါရဲ့။

■





www.burmeseclassic.com1

www.burmeseclassic.com

ပန်းမြိုင်လယ်-စိန်ဝင်း

# မအိုသေး ဆိုပြီး
# သေဘောကိုတော့ နီးပါပေါ့လား

လူတွေမှာ အရွယ်သုံးပါးဆိုတာရှိကြပါတယ်။ ပထမအရွယ်မှာ ဗညာရှာရမယ်။ ငယ်စဉ်တောင်ကျေး ကလေးဘဝအရွယ်ကစပြီး အမေ့ရင်ခွင်နဲ့ ပုခက်တွင်းမှာ အမေချော့သိပ်တဲ့ သားချော့သီချင်းနဲ့ အမေ့နို့ချိုကိုစို့ရင်း နားထောင်ခဲ့ရတာ။ အမေဝါးခွံ့တဲ့ထမင်းစားခဲ့ရတာ၊ အဖေ့ချွေးကဖြစ်လာခဲ့တဲ့ထမင်း၊အဝတ်အစားနဲ့ ကျောင်းတက်ခဲ့ရတဲ့စာအုပ်စာတမ်း၊ ကျောင်းစရိတ်တွေကြောင့် ပညာရည်နို့သောက်စို့နိုင်ခဲ့ရတာ။ ပညာရှာပမာသူဖုန်းစာဆိုသလို မသိတာမတတ်တာတွေကို ကုံကူလက်လှည့်ဆရာတွေသင်





www.burmeseclassic.com1

www.burmeseclassic.com

ပေးခဲ့တာတွေ၊ ပညာဟူသည် မြတ်ရွှေအိုး၊ ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာရဲရင့်ပွဲလယ်တင့်တို့ဆိုတာတွေကို သိထားကြရမှာ။ ပညာမဲ့တဲ့ ကုဋေရှစ်ဆယ်သူဌေးသားအကြောင်းကိုလည်း မူလတန်းမှာသင်ပေးလို့ စံနမူနာယူရှောင်ရှားစရာ၊ သတိထားစရာအဖြစ် ပညာပေးပြီး မီးမောင်းကြီးထိုးပြထားခဲ့တာ။

ဒါတွေကို စိုးသိန်းက စိတ်မဝင်စားခဲ့ပါဘူး။ စိတ္တေန နီယျတေ လောကော လောကကို စိတ်က ဦးဆောင်အုပ်ချုပ်၏။ လူကို စိတ်က ဦးဆောင်အုပ်ချုပ်၏။ စိတ်ကို ပညာက အုပ်ချုပ်၏။ ပညာကို ဗဟုသုတက အုပ်ချုပ်၏။ ဗဟုသုတကို အသိပညာပေးစာပေတွေက အုပ်ချုပ်၏တဲ့။ ဒီတော့ကာ အသိပညာ၊ အတတ်ပညာ၊ ဆင်ခြင်တုံတရားတားရှိနိုင်ဖို့ရာ စာတွေဖတ်ကြ၊ ကြိုးစားကြရပေမှာပေါ့။ ပညာမရှိ သူ၏ဝန်ထမ်းတဲ့။ မှန်တာပေါ့ဗျာ။ စိုးသိန်းမှာ ဘာပညာမှမရှိပါဘူး။ ဒါပေမယ့် သူ့မှာ ဟန်ဆောင်ကောင်းတဲ့ မှော်နဲ့အုပ်ထားတာ။ သူ့ရဲ့အပြင်အဆင်ကို ဖြုန်းခနဲကြည့်လိုက်ရင်တော့ သူဌေးသားလိုလို၊ အရာရှိလိုလို ဂိုက်ဆိုက်အပြည့်နဲ့ဆိုတော့ အကာကိုအနှစ်ထင်ပြီး တွေးတောဆင်ခြင် စုံစမ်းမှုမရှိတဲ့ မိန်းကလေးတွေဟာ စိုးသိန်းရဲ့မှော်ပညာနဲ့အအုပ်ခံလိုက်ကြရပေတာပေါ့။ အချိန်တန်တော့လည်း ဖားလောင်းဟာ ငါးဖြစ်မလာခဲ့ပါဘူး။

ဒီလိုနဲ့ စိုးသိန်းဟာ ပထမအရွယ်နဲ့ ဒုတိယအရွယ်မှာ လုံးချာလိုက်ပြီး အရက်သမားကြီးလုံးလုံးဖြစ်ခဲ့ရပေတော့တာပါပဲ။ ကဲ - ခုတော့ ဒုတိယအရွယ်တောင်မကုန်ချင်သေးဘူး။ ကျွန်းတောထဲမှာ အရက်အမူးလွန်ပြီး ခွေးသေဝက်သေ သေရပါရောလား။ ဒါဟာ စိုးသိန်းက ကျန်ရစ်နေခဲ့တဲ့ အရက်သမားအများစုတို ပညာပေးသွားတာ။ ရပ်တန်းကရပ်ကြဖို့သတိပေးခဲ့တာ။ ဒီတော့ပြောလိုက်မယ်။ အဆိပ်ရည် သေရည်ဆိုတဲ့အရက်တိုသတိလက်လွတ်သောက်နေကြသရွေ့တော့ ဃုံးဝလုံးဝအိုမင်းတဲ့အထိမနေကြရတော့ဘူးဆိုတာကိုပါ။ အိုအောင်တောင် မနေရတဲ့ အရက်ဆေးဆိုရွတော့ မအိုဆေးလို့တင်စားပြီးအထွတ်တပ်ခေါ်တာ ဘာဆန်းတာမှတ်လို့။

■

ကျွန်တော့်ဘဝမှာကြုံရတဲ့ နောက်တစ်ယောက်ရှိပါသေးတယ်။ ရင်ထဲမှာ စူးစူးနင့်နင့်ဖြစ်တည်လို့ မျက်မြင်ကိုယ်တွေ့ခံစားခဲ့ရဖူးတဲ့အဖြစ်တစ်ခုကို ပြန်တွေးလိုက်မိရင် နောက်ကြောင်းပြန်ပြတဲ့ ရုပ်ရှင်မြင်ကွင်းလို အထင်းသားကွင်းကွင်းကွက်ကွက်ကြီးကိုဖြစ်လို့။ သူက တခြားလူတော့မဟုတ်၊ ကျုပ်တို့ရထားလိုင်းထဲက ကိုမောင်စိန်ဆိုတဲ့သူပါပဲ။ သူ့မှာတော့ သူများနဲ့မတူ ဝိသေသထူးတာက မွေးရာပါ ကျောက်ပေါက်မာလိုမျိုးတွေ မျက်နှာတစ်ပြင်လုံးမှာပါလာခဲ့တာပါ။

ဒါ့ကြောင့် သူ့ကို ကျောက်ရှူးမောင်စိန်လို့ ခေါ်ကြတာများပါတယ်။ တချို့က သူ့ကို ဝမ်းတွင်းရူးမောင်စိန်တဲ့။ ကြိုက်သလိုသာခေါ် မောင်စိန်တို့ကတော့ မနာတတ်သလို အပြုံးတောင်မပျက်ပါဘူး။ သူကတောင်ပြောလိုက်သေးတယ်ဗျ။

"ရူးတယ်ဆိုတာ သူများတကာထက်တောင်တစ်မူးသာသေးတယ်ဟဲဟဲ" ဆိုပဲ။

အဲ-အရွယ်လေးရောက်လာတော့ လူပေါင်းစုံလာတယ်။ ကျောင်းတော့မတက်တော့ဘူး။ ခိုင်းသမျှ ကူညီညာလုပ်ကိုင်ပေးလာတတ်သလို ပေးသမျှယူ ကျွေးသလောက်စားပြီး တိုက်သမျှအရက်ကိုတော့ အပြောင်အစင်သောက်တတ်လာပါတယ်။ အစပထမတုန်းကတော့ တစ်ခွက်တလေ။ နောက်တော့ တစ်စိတ်တစ်ပိုင်းကစခဲ့တာ။ ပြောရရင်တော့လည်း အရူးအမဲသားကျွေးမီသလို နွားမြင်တိုင်း လက်ညှိုးထိုးသတဲ့။ ခုတော့ မောင်စိန်တစ်ယောက် . အချိန်ရောက်လာတာနဲ့အမျှ အရက်တိုက်မယ့်သူကို မျှော်လာတယ်။ အစလုပ်ပြီးဖျက်ဆီးခဲ့တဲ့သူတွေဟာ တကယ့်တကယ် မောင်စိန်လည်း အရက်စွဲလာရော ရှောင်ဖယ်ရှောင်ဖယ်လုပ်ကုန်ကြပါတော့တယ်။

ဒီတော့ မောင်စိန်ဟာ မိခင်မုဆိုးမကြီး အကြော်ရောင်းလို့ရတဲ့ပိုက်ဆံထဲက နှစ်ကျပ်တောင်းပြီး ညနေတိုင်း အရက်သောက်ဖြစ်ခဲ့တော့တယ်။ အရက်ကလေးမူးလာလို့ကတော့ 'ပုလဲအရောင်မမှိန် သူရဲမောင်စိန်' ဆိုပြီး ကွေးနေအောင်ကပြတော့တာပါပဲ။ သားကိုချစ်တဲ့မိခင်ကြီးဟာ မောင်စိန်ကို ဖတဆိုးအရူးအပေါလေးဆိုပြီး အလိုလိုက်ထားခဲ့တာမို့ ကြိုးပြတ်သွားတဲ့နွားသိုးလို ဆိုးချင်တိုင်းဆိုးလို့သာလာခဲ့တာပေါ့။

'မောင်စိန် အသက်(၁၈)နှစ်ပြည့်တော့ ရထားစက်မှုဌာနမှာအလုပ်ရတယ်။ သူလုပ်ရတဲ့အလုပ်က Steam ရေနွေးငွေ့စက် ခေါင်းကြီးတွေကို လောင်စာအဖြစ် ထင်း မီးသွေးဖြည့်ပေးရတဲ့ မီးထင်းသည်ဆိုတဲ့ အောက်ခြေအလုပ်ပါ။ ထိုစဉ်က သူရတဲ့လစာငွေဟာ (၈၂)ကျပ်ပါ။ လခကို မိခင်ကြီးလက်ထဲအပ်နှံတယ်ဆိုရပေမယ့် သူပြန်တောင်းသုံးတာက အပ်တာနဲ့တောင်မကာမိပါဘူး။

သူအဝတ်ဝယ်ဝတ်တာ၊ စားတာသောက်တာကို မိခင်ကြီးက ဘာမှမပြောရှာပါဘူး။ ဒါပေမယ့် အရက်မူးမူးနဲ့ သူများမယားကိုကြာခိုပြီး ဖောက်ပြန်မှုတွေဖြစ်လာတာ တစ်လိုင်းလုံး ဟိုးလေးတကျော်ကျော်ပေါ့။ ဒါကိုတော့ သူ့အမေ ဒေါ်ကြည်အေးက ပြင်းပြင်းထန်ထန်ကန့်ကွက်ပါတယ်။ ဒါပေမယ့် မိခင်စကားနားမထောင်တဲ့မောင်စိန်ဟာ ပြန်မပြောနားမထောင် ခွတ်တိုးပြီး သူများအိမ်ထောင်ရှိ မယားကြီးကို ခိုးပြေးပါလေရော။

မောင်စိန်ရဲ့ ကုသိုလ်ကံကပဲကောင်းလေသလား။ အဖမ်းအဆီးအချုပ်အနှောင်ခံရမယ့် ကံဇာတာပဲမပါတာလားတော့ မသိပါဘူး။ မယားခိုးအစွဲမခံရတာမို့ ထောင်မကျခဲ့ရပေဘူး။ ဒါကလည်း သားဆိုးကို တရားစွဲမှာစိုးလို့ အဖမ်းခံရပြီး ထောင်ကျမှာစိုးလို့ စိုးရိမ်တဲ့မိခင်ကြီးက သဘောမတူမကျေနပ်နိုင်ပေမယ့် ဟိုကယောက်ျားကြီးကျေနပ်လောက်အောင် အိုစာမင်းစာစုဆောင်းထားတဲ့ငွေကလေးနဲ့ နားကနားကပ်ပါချွတ်ပြီး ထုခွဲရောင်းချပေးလိုက်ရတာကိုတော့ မောင်စိန်မသိပါဘူး။ မောင်စိန်ရဲ့နောက်ကိုလိုက်လာတဲ့မိန်းမကလည်း ဝဋ်ကြွေးပါလာတယ်ထင်ရဲ့။ ပထမလင်ကြီးလက်ထက်မှာ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နဲ့ အလှပြင်ပြီး လတ်လျားလတ်လျားနဲ့ အလန်းဇယားလိုနေခဲ့သမျှ အခုတော့ ဖတ်သီဖတ်သီကိုဖြစ်လို့။

"ဟဲ့-ကန်းမ၊ အိမ်ဝမှာ ကျက်သရေမရှိဘာထိုင်ဖြီးဝိုင်နေတာလဲ။ နင့်လင်ကြီးကိုလွမ်းနေတာလား။ ငါတယ်နားရင်းအုပ်ထည့်လိုက်လို့ မှည့်သွားမယ်။ သွား-အဖောင့်ဆိုင်မှာ အရက်တစ်လုံးသွားဝယ်ချေ"

နောက်ထပ်ပစ်လွှတ်မယ့်ကြမ်းရှတဲ့စကားလုံးတွေမထိမှန်ခင် ဖြန်မြန်လေးသုတ်ခြေတင်ပြေးရရှာ၏။ အားလုံးရဲ့အမြင်မှာတော့ လက်ရှိမောင်စိန်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

မိန်းမဟာ လင်ကြီးရဲ့မေတ္တာတွေစူးရှနေတာပဲလို့ပြောကုန်ကြပါပြီ။ ဝဋ်ကြွေးပါလာခဲ့ရင်တော့ ဘယ်လိုမှပြေးမလွတ်ပါဘူး။ မိခင်ကြီးကတော့ သနားစရာပါ။ သားငမူးကိုလည်း အားကိုးလို့မရ၊ ရှိတဲ့ အိုစာမင်းစာလေးတွေကလည်း တက်တက်ပြောင်။ဒီတော့ကာ အကြော်သည်မဘဝက ရုန်းတက်ဖို့ရာ မလွယ်လှပါဘူး။ ဒီကြားထဲ သားအရက်ဖိုး တစ်နေ့ နှစ်ကျပ်က ပုံမှန်ပေးနေရတုန်း။ တစ်ခါတလေများ အကြွေးမရှိလို့မပေးရင်တော့လား-

"အမေကလည်းဗျာ၊ ဒီငွေလေးနှစ်ကျပ်နဲ့ မွဲပြာသွားမှာကျနေတော့တာပဲ။ အမေဖွက်မထားနဲ့နော်။ အမေသေရင် အမေ့နောက် ဘာမှပါမှာမဟုတ်ဘူး။ ကတ်ဖိုးကတ်ဖဲ့မလုပ်နဲ့ဗျာ။ ခင်ဗျား ဒီလိုလုပ်နေရင်တော့ သေရင် ယင်းလိပ်နဲ့ ပတ်ချလိုက်မှာ ဘာမှတ်လို့လဲ"

ဆိုတဲ့ ရင့်ရင့်သီးသီးစကားတွေကို ဘေးကကြားတဲ့သူတွေတောင် ရင်တွေပန်းတွေတုန်တယ်ဆိုပဲ။ နှုတ်ထွက်ဝစီကြမ်းရှတဲ့မောင်စိန်ဟာ အပျော်အပါးနဲ့ အရက်ကိုဖက်တွယ်ပြီး ဆိုဆုံးမရခက်တဲ့ သတ္တဝါတစ်ကောင်အဖြစ် တစ်နေ့တခြား ဝိုပိုပြီးရိုင်းစိုင်းလာသလိုပါပဲ။ တစ်ခုတော့ ပြောစရာရှိပါတယ်။ အလုပ်ထဲမှာနဲ့ သောက်ဖော်စားဖက် ဆိုးဖော်ပေဖက် သူငယ်ချင်းအပေါင်းအသင်းတွေနဲ့တွေ့တဲ့အခါမှာတော့ သူဘာမှမဖြစ်သလိုမျိုး။

■

ကျွန်တော့်ရဲ့ ဘဝတစ်သက်တာမှာ မှတ်မှတ်ရရဖြစ်ခဲ့ရတဲ့နေ့။ ပြောရရင်တော့ ဘဝတစ်ကွေ့မှာ မေ့ပျောက်လို့မရနိုင်တဲ့နေ့တစ်နေ့အဖြစ် စူးနင့်အောင်ခံစားခဲ့ရဖူးပါတယ်။ အဲဒီနေ့ဆိုတာကတော့ ဟိုးလွန်ခဲ့တဲ့ (၃၅) နှစ်က သင်္ကြန်အကြတ်နေ့မှာပေါ့။

ကျွန်တော်က မီးရထားစက်မှုဌာနတဲ့ပြင် ဌာနခွဲမှာအလုပ်ဝင်စကာလ။ လူငယ်တွေဖြစ်တာနဲ့အမျှ သင်္ကြန်မှာ ရေပက်ကစားဖို့ စီစဉ်တိုင်ပင်ကြပါတယ်။ ငွေကြေးတတ်နိုင်သူတွေကတော့ ကားစီးလုံးငှားပြီး ရေပက်ခံထွက်ကြတယ်။ ပျော်ကြပါးကြသောက်ကြစားကြမူးကြကကြနဲ့ ထည့်ဝင်ရတဲ့ဝင်ကြေးကလည်း မနည်းလှပေဘူး။ ကျွန်တော်တို့ကတော့ ရထားဝန်ထမ်းမိသားစုတွေဖြစ်နေတာမို့ အလကားရတဲ့ ရထားစီးပြီး ရေပက်ထွက်ဖို့ စီစဉ်တိုင်ပင်ကြတာပါ။

အဲဒီမှာ ပျော်ပျော်ပါးပါး စည်စည်ကားကားဖြစ်အောင် တစ်ယောက်ကို ငွေနှစ်ဆယ်စီစုပြီး သောက်ကြစားကြမယ်ဆိုတဲ့အစီအစဉ်ကလည်းပါပါတယ်။ သူငယ်ချင်းတွေဖြစ်တဲ့ ကိုရဲမြင့်၊ ဌေးအောင်၊ ဝင်းကြည်၊ စံသောင်း၊ ကျီးဇက်၊ မောင်လှတို့နဲ့ ကျွန်တော်အပါအဝင်ခုနစ်ယောက်ရှိနေပါပြီ။ ငွေနှစ်ဆယ်မထည့်နိုင်တဲ့သူကိုတော့ ကျွန်တော်တို့အဖွဲ့ထဲ အဝင်မခံပါဘူး။ နေ့လယ် (၂)နာရီထွက်တဲ့ ဟသ်ာတ-ကြံခင်း စာပို့ရထားစက်ခေါင်းရဲ့တန်ဒါ (လောင်စာထင်းနှင့်မီးသွေးများထားရာနေရာ)ပေါ်ကနေလိုက်ပြီး ရေပက်ကြမှာပါ။ သင်္ကြန်ဆိုတာ တစ်နှစ်မှတစ်ခါသာပျော်ရတာမို့ ဘယ်သူမှ မကန့်ကွက်ကြပါဘူး။

ကျွန်တော်တို့လူစု ဘူတာဘက်ကို ချီတက်လာကြတာကို ကိုမောင်စိန်က မြင်တော့ မူးစပ်စပ်ကလေးနဲ့။

"ဟေ့- လူအုပ်တောင့်လှချေလားကွ။ မင်းတို့ဘယ်ကိုသွားပြီးရေကစားကြမှာလဲ"

လို့ မေးလိုက်တယ်ဆိုရင်ပဲ ကြို့တင်ပြီး မီးပေါင်တင်ထားတဲ့စံသောင်းက အာသွက်သွက်နဲ့ -

"လာ - ကိုမောင်စိန် လိုက်မလား၊ ကြံခင်းစာပို့ရထားစက်ခေါင်းနဲ့လိုက်သွားပြီး လော်ကယ်ရထားဆုံတဲ့နေရာကျရင် ပြန်လာကြမှာဗျ"

"ဟား - သိပ်လိုက်တာပေါ့ကွာ။ မောင်စိန်တို့ကတော့ အဖော်ကောင်းရင် ဘယ်ကိုပဲညောင်းရညောင်းရ ငရဲပြည်ကိုတောင်ရောက်အောင်သွားဝံ့တဲ့ကောင်ပါကွ ဟဲဟဲဟဲ"

"ကဲ - ခင်ဗျားလိုက်ချင်ရင်တော့ ဘုံစနစ်ပဲ။ တစ်ယောက်နှစ်ဆယ်စီစုပြီး အဝသောက်မယ်။ ပျော်မယ်၊ မြူးမယ်၊ ထူးမယ်၊ အကြိုက်သောက် အကြိုက်စားဗျာ"

"အိုကေ သူငယ်ချင်း လာကြကွာ၊ အိမ်ဘက်လိုက်ခဲ့ကြဦး။ ငါအိမ်ပြန်ပြီး ပိုက်ဆံသွားယူမယ်။ အဝတ်အစားလည်း နည်းနည်းတော့ရှိုင်းလိုက်ဦးမယ်ကွာ"

ကိုမောင်စိန်က တက်ကြွစွာဖြင့် ရှေ့ဆုံးမှဦးဆောင်၍ သူ့အိမ်ဘက်သို့ သုတ်ခြေတင်သွားပါတယ်။ သူ့အိမ်ရောက်တော့မှ ပြဿနာကစပါလေရော။သူ့မိန်းမဆီက ငွေနှစ်ဆယ်တောင်းတယ်။

"ကိုမောင်စိန်ရယ် ငွေနှစ်ဆယ်ဝေးလို့ ကျွန်မမှာ နှစ်ကျပ်တောင်မရှိဘူး။ ညနေဆန်ဝယ်ဖို့တောင် ချေးရငှားရဦးမှာ"

သူငယ်ချင်းတွေရှိနေတဲ့အချိန်အခါကိုမစဉ်းစားဘဲ အရှိကို တုံးတိတိပြောချလိုက်တော့ မောင်စိန် ဒေါသူပုန်ထပြီး ဆဲလိုက်ဆိုလိုက်တာ ညစ်တီးညစ်ပတ်တွေဆိုတာလည်း စုံပါလေရော။ ပိုက်ဆံနှစ်ဆယ်ရှာမပေးနိုင်တဲ့သူ့မိန်းမကို သတ်မယ်ဖြတ်မယ်လုပ်တော့ သူ့မိန်းမလည်း အိမ်ပေါ်က ကိုယ်လွတ်ရုန်းပြီးဆင်းပြေးသွားရတော့တယ်။ မိန်းမဆီကမရတော့ သူ့အမေဘက် မြားဦးလှည့်လာပါတယ်။ သူ့အမေ ဒေါ်ကြည်အေးကလည်း အခါကြီးရက်ကြီးမှာ ဥပုသ်သီလယူထားတာမို့ ဥပုသ်မကျိုးအောင် မနည်းစောင့်ထိန်းနေရပါပြီ။ သူတောင်းတဲ့ငွေနှစ်ဆယ်ဟာ ထိုစဉ်က မနည်းသောငွေကြေးပေမို့ နှမြောတသစွာမပေးချင်လို့ ခပ်အင်အင်ဖြစ်နေခဲ့ရရှာပါတယ်။ ဒီတော့ -

"အမေတို့ကလည်းဗျာ ပိုက်ဆံလေးနှစ်ဆယ်တည်းနဲ့ ဘာဖြစ်သွားမှာမှတ်လို့လဲ။ ခင်ဗျားကြီးကျစ်ကျစ်ဆုပ်ထား၊ ခင်ဗျားသေရင်လား ခင်ဗျားနောက်ပါသွားတော့မယ့်အတိုင်းပဲ။ တောက်. . . ဟိုမိန်းမကလည်း ဘယ်ကိုထွက်ပြေးသွားမှန်းကို မသိလိုက်ပါဘူး။ အိမ်ကိုပြန်လာရဲလာကြည့်။ ပြေးတဲ့ခြေထောက်ကို ရိုက်ချိုးပစ်ဦးမယ် ဟွန်း"

ကြိမ်းမောင်းဆဲဆိုသံတွေကဟာ ပွက်ပွက်ကိုညံလို့။ နောက်ဆုံးမှာတော့ သူ့အမေရဲ့ ဈေးအရင်းငွေတွေထဲက ငွေနှစ်ဆယ်ကို အတင်းလုအတင်းဆွဲပြီး ယူထွက်လာခဲ့တော့တယ်။ သူငယ်ချင်းတွေနဲ့ လမ်းမပေါ်ရောက်လာတော့လည်း တကယ့်ကို သူဘာမှမဖြစ်သလိုမျိုး။

■

UP Train ဆိုတဲ့ ကြံခင်းဘက်အဆန်စာပို့ရထားကိုမောင်းနှင်မယ့် Steamရေနွေးငွေ့စက်ခေါင်းကြီးရဲ့ရေတိုင်ကီမှာ ကျွန်တော်တို့အဖွဲ့တက်ပြီး ရေပက်ဆော့ကစားကြပါတယ်။ အားလုံးကတော့ ရီဝေဝေမူးစပ်စပ်ကလေးတွေနဲ့ပေါ့။ ရထားထွက်တော့ အောက်ကလူတွေကို ရေပက်ရတာ ပျော်စရာပါ။ ကိုမောင်စိန်က ရေဖလားခွက်နဲ့ သူပက်လိုက်လို့ ထိထိမိမိလေးစိုရွှဲသွားလို့ကတော့ -

"ဟေး - ဘာမှတ်လဲ သေသွားမယ် မောင်စိန်ကွ"



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး အောင်ပွဲခံကြွေးကြော်ပြတတ်ပါတယ်။ သူ့ကိုယ်သူလည်းကျေနပ်လို့။

ထူးကြီးဘူတာမှာ ကြံခင်းကလာတဲ့ Down Train လော်ကယ်ရထားနဲ့ဆုံပါတယ်။ ကျွန်တော်တို့အဖွဲ့က လော်ကယ်စက်ခေါင်းပေါ် ပြောင်းစီးကြပြီးအပြန်မှာ လမ်းကလူတွေနဲ့ ဘူတာအဝင်မှာ ခရီးသည်တွေကို ရေပက်ကစားရတာ ပျော်စရာကမ္ဘာလေးကိုရောက်နေသလိုပါပဲ။ အရက်ကိုတော့ ဂါလန်ပုံးနဲ့တည်ပေးထားတာဆိုတော့ အရက်ကြိုက်တဲ့ မောင်စိန်တို့၊ စံသောင်းတို့၊ မောင်လှတို့ဆိုတာ လစ်မစ်မထားကြတော့ပါဘူး။ အမူးတောင်လွန်နေကြပြီလေ။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ဖေးဖေးမမလေးတွေရှိကြတော့ ပျော်စရာအကောင်းသားပါပဲ။

ဓမ္မီဘူတာကအထွက်မှာတော့ ရထားလမ်းဘေးတစ်လျှောက်မှာ ရပ်ကွက်ရှင်ပြုအလှူတစ်ခုဟာ တန်းစီပြီး ရှင်လောင်းလှည့်လာတာကို တွေ့လိုက်ကြပါတယ်။ သူ့ထက်ငါကောင်း အလှအယက် ခွက်တွေဖလားတွေနဲ့ဝိုင်းလောင်းလိုက်ကြတာ။ အလှူ့အတန်းကရှည်တော့ တဝကြီးပက်ကြရပါတယ်။ စက်ခေါင်းမှူး စက်ဗိုလ်ကြီးကလည်း စက်ခေါင်းကိုစက်ရှိန်လျှော့ပြီးမောင်းပေးတာဆိုတော့ ပိုပြီးရေပက်ရတာပျော်စရာပေါ့။

ဒီမှာ ကိုမောင်စိန်က ရှင်လောင်းလှည့်တန်းကြီးကို ရေနဲ့ပက်လိုက် ပါးစပ်ကလည်း-

"သေသွားမယ်၊ မောင်စိန်ကွ"

လို့ ကြွေးဝါးလိုက်နဲ့ သူအလွန်ပျော်နေပုံပါပဲ။ အရက်မူးအရှိန်လွန်နေပြီဖြစ်တဲ့ ကိုမောင်စိန်ဟာ သူ့ထက်ငါကောင်းအပြိုင်ရေပက်ရတာ အားမရဘူးထင်ပါရဲ့။ မတ်တတ်ရပ်ပြီး အားနဲ့ပက်လိုက်တာ အမူးအရှိန်လွန်ပြီး စက်ခေါင်းရေတိုင်ကီပေါ်ကနေ စက်ခေါင်းနဲ့နောက်တွဲကြားထဲကို ဦးစောက်ဖောက်ထိုးပြုတ်ကျသွားပြီး နောက်တွဲက နင်းကြိတ်သွားပါတော့တယ်။ အားခနဲ တစ်ချက်သာကြားလိုက်ရတာပါ။ ကျွန်တော်တို့အားလုံးလည်းကြောက်အားလန့်အားနဲ့ ဝိုင်းအော်ကြတော့ ရထားကြီးရပ်သွားပါတော့တယ်။ ကိုမောင်စိန်ရဲ့ အသက်မဲ့နေပြီဖြစ်တဲ့ အလောင်းကိုဆင်းကောက်ပြီး နောက်ကကုန်တွဲဖြစ်တဲ့ GH တွဲပေါ် တင်ခဲ့ကြပါတယ်။ ခါးလယ်ကဖြတ်ကြိတ်လိုက်တာမို့ နှစ်ပိုင်းပြတ်ပြီးသေဆုံးသွားခဲ့တာပါ။ ကျွန်တော့်နားထဲမှာတော့ မောင်စိန်ပြောတဲ့စကားတွေ့ နှုတ်ဝစီကြမ်းရှတာတွေကို ပြန်လည်ကြားယောင်လို့နေမိပါတယ်။ သောက်စားထားမိပေမယ့်သေခြင်းတရားကိုတော့ ကြောက်သွားမိတာ အမှန်ပါပဲ။

'ဟေးဘာမှတ်လဲ၊ သေသွားမယ်။ မောင်စိန်ကွ'

ဆိုတဲ့ ပူပူနွေးနွေးစကားလေးတွေ။

'အမေကလည်းဗျာ ဒီငွေလေးနှစ်ကျပ်နဲ့ ပွဲပြသွားမှာကျနေတော့တာပဲ။ အမေဖွက်မထားနဲ့နော်။ အမေသေရင် အမေ့နောက် ဘာမှပါမှာမဟုတ်ဘူး။ ကတ်ဖိုးကတ်ဖွဲ့မလုပ်နဲ့ဗျာ။ ခင်ဗျားဒီလိုလုပ်နေရင်တော့ သေရင် ယင်းလိပ်နဲ့ပတ်ချလိုက်မှာ ဘာမှတ်လို့လဲ'

ဆိုတဲ့ စကားကြမ်းတွေနဲ့ ပြီးတော့ ဒီနေ့ နေ့လယ်ပိုင်းက ရေပက်ကစားထွက်ခါနီးမှာ မိခင်ကြီးနဲ့ သူ့မိန်းမကို ကြိမ်းမောင်းလိုက်တဲ့စကားတွေဟာ နားထဲမှာပြန်ကြားနေသလိုလို။

'အမေတို့ကလည်းဗျာ၊ ပိုက်ဆံလေးနှစ်ဆယ်တည်းနဲ့ ဘာဖြစ်သွားမှာမှတ်လို့လဲ။ ခင်ဗျားကြီး ကျစ်ကျစ်ဆုပ်ထား၊ ခင်ဗျားသေရင်လား ခင်ဗျားနောက်ပါသွားတော့မယ့်အတိုင်းပဲ။ တောက်-ဟိုမိန်းမကလည်းဘယ်ကိုထွက်ပြေးသွားမှန်းကိုမသိလိုက်ပါဘူး။ အိမ်ပြန်လာရဲလာကြည့်။ ပြေးတဲ့ခြေထောက်ကိုရိုက်ချိုးပစ်ဦးမယ် ဟွန်း'

ဆိုတဲ့စကားတွေဟာ သူ့ကိုပြန်ပြီးစူးရှလိုက်သလိုပါပဲ။ လောလောလတ်လတ်တော့ ကိုမောင်စိန်ရဲ့နှစ်ပိုင်းပြတ်အလောင်းကို ယင်းလိပ်နဲ့ပတ်ရပါတော့မယ်။ မောင်စိန်သေသွားတော့ကာ သူ့နောက်ကိုဘာတွေများပါသွားလဲ။ အကုသိုလ်တွေ၊ မိခင်ကိုစော်ကားတဲ့စကားတွေသာ အတုံးလိုက်အတစ်လိုက်ပါသွားမှာ အသေအချာပါပဲ။

ကဲ - ဒါဆိုအရက်ကဘာတွေများကောင်းကျိုးပြုလို့တုံး။ မောင်စိန်လည်းဒုတိယအရွယ်ရဲ့အစမှာတင်ဘဝဆုံးသွားခဲ့ရတာပါ။ အရွယ်အိုတယ်ဆိုတဲ့အထိတောင် မနေခဲ့ရရှာပါဘူး။ မအိုဆေးဆိုတဲ့ ယစ်ရွေရည်အရက်ဟာ သေဘေးကိုတော့ နီးပါပေ့လားဗျာ။



■

တကယ်တော့ အရက်ဟာ လူတွေကိုသာဒုက္ခနဲ့ရောဂါပေးပြီး အသက်ကိုနှုတ်ယူသွားတာမျိုးတင်မကပါဘူး။ အရက်ချက်စက်ရုံကစွန့်ပစ်တဲ့ စော်ဖတ်တွေကိုစားတဲ့ဝက်တွေဟာ တစ်နှစ်သားကျော်ရင် ရောဂါရပြီး သေကြရတယ်လို့ဆိုပါတယ်။ ရဲဘက်ဝက်စခန်းကနည်းကို ထောင်မှူးကြီးသိန်းဝင်းပြောပြလို့သိရတာပါ။ သူတို့လုပ်တဲ့နည်းက ဝက်တွေကို ဝက်ဖြန်းဖြစ်လာအောင်လို့ ဝက်အားဆေး(LINCOMIX)ကျွေးတယ်။ ဒီတော့ ဝက်တွေ ပါးစုန့်တွေကျပြီး ဗိုက်အိုးကျလာတာနဲ့ လှေလှော်အင်းစခန်းနဲ့နီးတဲ့ မရမ်းချောင်းအရက်ချက်စခန်းက စွန့်ပစ်တဲ့ ကစော်ဖတ်တွေကို ကားနဲ့တိုက်ပြီး ကျွေးကြတယ်ဆိုပဲ။ ဝက်တစ်နှစ်သားရောက်တာနဲ့ အလေးချိန်ပိဿာ (၁၀၀) မှာတန်းနေတာပါ။ အဲ - တစ်ခုသိထားရမှာကတော့ တစ်နှစ်ကျော်ရင် အဲဒီကစော်ဖတ်ကျွေးထားတဲ့ ဝက်တွေဟာရောဂါရပြီး စောစီးစွာသေတော့တာပါပဲတဲ့။

ကဲ - ဒီတော့ မအိုဆေးဆိုတဲ့ အရက်ကို ရှောင်ရှားသင့်ကြပြီပေါ့။ မအိုဆေးကိုမှီဝဲဖို့ကြံမိရင် ဒီလင်္ကာလေးကို သတိရလိုက်ပါနော်။

'ယစ်မူးတတ်စွာ၊ သေရည်များကို၊ မူးယစ်သောက်စားဘိန်းရှူမျို၊ ဒုစရိုက်တွေဖြစ်ပေါ် ကြောင်းမို့၊ မကောင်းစင်စစ်အကုသိုလ်၊ လွန်ကျူးမိလျှင် တကယ်ပဲပေါ့၊ အပါယ်ငရဲကျမည်ဆို၊ လွတ်လာစေဦးလူ့မေ့မူး၊ အရှုးဆက်တိုင်းကိုယ်၊ အဲဒါကြောင့် ပဌသီလတည်ကြပါစေလို' တဲ့။

မအိုဆေးမည်သောအရက်ကို
ဝေးဝေးမှရှောင်နိုင်ကြပါစေ

ပန်းမြိုင်လယ်စိန်ဝင်း

www.burmeseclassic.com




နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

## အမောလုံ
## နှလုံးအားဆေးကိုဆောင်

● မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၊ ၂၀၁၁၊ တဆယ်လတိုး (၁၃၁၂) ●

နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်၌စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ် လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

**ပင်ရင်း - ဈ - ၃၅၆၊ မေတ္တာဝိလမ်းမကြီး၊ ဈ - ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ/ဥက္ကလာပ**
**ဖုန်း - ၀၁ - ၉၆၉၀၅၈၇၊ ၀၁ - ၆၉၁၀၇၉၊ ၀၁ - ၆၉၁၅၉၁**



# ကြယ်ဖြူမင်း

အမှတ်တံဆိပ်

## ဆီးချို၊ သွေးချိုသောက်ဆေး

ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခမ်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်၊

**အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်၊**




မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/ ၂၀၁၃၊တဆယ်လ၊(၂၃၈၅)

**ပင်ရင်း** **ကြယ်ဖြူမင်း ဆေးဆိုင်**
အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၁၆)ရပ်ကွက်၊ မြောက်ဒဂုံ၊
☎ ၀၉-၇၃၀၁၄၀၄၄ 📱 ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၇၈၅

**ဖြန့်ချိရေး** (ပြည်မြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (တောင်ငူမြို့ - ရွှေဆိုင်းလောင်းဆေးဆိုင်)
(ပုသိမ်မြို့ - မြရွှင့်ဆေးခန်း)၊ (ဝဲခမြို့ - [illegible])



www.burmeseclassic.com1

www.burmeseclassic.com



င(ဖျာပုံ)ငဝ
ကျော်တင်ဦး

# သေကံမရောက် သက်မပျောက်


ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် ပင်လယ်ကမ်းစပ်နှင့်ထိစပ်နေသောဒေသဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကအစ စီးပွားရေးအသင့်အတင့်ဖွံ့ဖြိုးတိုးတက်သောဒေသတစ်ခုဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများသောဒေသဆိုလျှင် မမှားပေ။ ဒေသထွက်ကုန်များအနေဖြင့် ဆန်စပါးလုပ်ငန်း၊ ရေလုပ်ငန်းများ အဓိကအားထားလုပ်ကိုင်သောဒေသ ဖြစ်ပါသည်။ ဆန်စပါးလုပ်ငန်းကိုလည်း ကြိတ်ခွဲပြီး ရန်ကုန်မြို့မှတစ်ဆင့် ကားကြီးများဖြင့် နယ်စပ်ဒေသအထိဖြန့်ချိနိုင်ခဲ့သည်။ ရေလုပ်ငန်းမှရရှိသောငါးများကိုလည်း အအေးခန်းကုမ္ပဏီများမှတစ်ဆင့် တရုတ်ပြည်နယ်စပ်အထိ တင်ပို့နိုင်ခဲ့ပါသည်။ ဖျာပုံပိုင်ကျေးရွာများသည် ရေလုပ်ငန်းများဖြင့် ကြီးပွားချမ်းသာကြပြီး ငါးပိငါးခြောက်၊ ပုစွန်ခြောက်လုပ်ငန်းများလုပ်ကိုင်သောရွာများလည်း အများအပြားရှိပါသည်။ ကုလားထိတ်၊ ခါးပြတ်၊ ဒေါငြိမ်း၊ အမာ၊ ဘုန်းကြီးသောင်ကျေးရွာများသည် ရေလုပ်ငန်းအကြီးကျယ်လုပ်ကိုင်ကြပြီး ရွာများမှာ တိုးတက်စည်ပင်ဖွံ့ဖြိုးလျက်ရှိပါသည်။ ညဘက်တွင် ထိုရွာများမှ ငါးသင်္ဘောများဝင်လာပြီဆိုလျှင် တစ်ညလုံး မီးထိန်ထိန်လင်းနေပြီ။ ငါးရွေး၊ ငါးကောက်ကြပါသည်။ ထိုရွာများတွင် လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင်၊ အထည်ဆိုင်၊ အပေါင်ဆိုင်အထိရှိကြပြီး အိမ်တိုင်း၌ တီဗွီ၊ စလောင်းများဖြင့် တပ်ဆင်အသုံးပြုနေပြီဖြစ်သည်။ ဒေသခံအလုပ်သမားများသည် ပွင့်လင်းရာသီသို့ရောက်လာပြီဆိုလျှင် မိမိအလုပ်ရှင်စာရင်းဒိုင်များထံမှ ကြိုတင်ငွေများထုတ်ယူကြပြီး အရင်းမစိုက် ပင်လယ်လိုက်ဆိုသလို အခစားများအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပါသည်။

ထိုလုပ်ကိုင်သူများထဲတွင် ရေလုပ်သား ကိုကံမြင့်တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ သူသည် သွက်လက်သည်။ ဖျတ်လတ်သည်။ ရေလုပ်ငန်းစာရင်းဒိုင်၏ အားကိုးရာလက်ရုံးတစ်ဆူလည်း ဖြစ်သည်။ အသက်မှာ (၄၀) ကျော် (၅၀) နီးပါးခန့်ရှိပြီး အသားမှာ မည်းမည်းတုတ်တုတ်ခိုင်ဖြစ်ပြီး ရေလုပ်ငန်းလုပ်သက်မှာ အနှစ် (၂၀) ကျော်ရှိကာ အကင်းပါးသည်။ လုပ်ငန်းကျွမ်းကျင်သည်။သူစားကျက်ပြုရာနေရာတိုင်းကို ပိုက်ချလိုက်လျှင် ငါးအများအပြားရတတ်သည်။ ဒါကြောင့် စာရင်းဒိုင်နှင့် ရေလုပ်သားအပေါင်းအသင်းများက တစ်ပွဲစားကံမြင့်ဟု နောက်ပြောင်ခေါ်ဝေါ်ကြသည်။ ရာသီဥတုခန့်မှန်းရာတွင်



www.burmeseclassic.com1

www.burmeseclassic.com



လည်း လေကြမ်းမည်၊ မုန်တိုင်းရှိမည်၊ လှိုင်းကြီးမည်ကိုသိသူဖြစ်သဖြင့် အန္တရာယ်အတွင်းမှ ရှောင်ရှားနိုင်ခဲ့သည်။

စာရင်းဒိုင်ကိုထွန်းဝင်းသည် သူ့ကိုအားကိုး၏။ အားကိုးသည့်အလျောက်-

ကိုကံမြင့်၊ ဒီရာသီမှာ ခင်ဗျားကိုကျုံးက ဒွန်ချောင်းဝအလွန် ကျားဖောင်မှာ တာဝန်ချထားချင်တယ်"

ထိုအခါ ကိုကံမြင့်က -

"လုပ်မယ်ဗျာ ဖြစ်ချင်ရာဖြစ်မောင်ဘချစ်ပဲဗျို့"

ဟု ပြန်ပြောလိုက်သည်။

သူသည် နေထိုင်ခဲ့သောရွာသို့ ခဏပြန်ပြီး အထုပ်အပိုးပြင် လိုချင်စရာရှိသည်များကိုယူ၍ သူမိန်းမ မမြစိန်နှင့် သားသမီးနှစ်ဦးတို့ကို နှုတ်ဆက်ထွက်ခွာရန်ဟန်ပြင်နေစဉ် သူ့မိန်းမမမြစိန်က -

"ကိုကံမြင့်၊ ရှင်ဘုရားတရားမမေ့နဲ့။ ရှင်ဥပဂုတ္တမထေရ်မြတ်ကို ရှိခိုးပြီး ရှင်ဥပဂုတ္တဂါထာတော်မြတ်ကို အမြဲမပြတ် ရွတ်ဖတ်ပါ"

ဟု မှာကြားလိုက်သည်။

သူသည် လိုအပ်သောပစ္စည်းများဖြစ်သည့် လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲ၊ ရေဒီယို၊ ဓားတစ်ချောင်း၊ ကြိုးအလုံးကြီးကြီးတစ်ချောင်း ဂါလန်သောက်ရေပုံး၊ ဆန်ထည့်ရန်ပုံးများကို ယူဆောင်လာခဲ့သည်။

ကျားပိုက်လုပ်ငန်းသည် ဖောင်ရိုက်ပြီး၊ ပိုက်အဝကျယ်ပြီး အဖျားရှူးသွားပါသည်။ ကျားပိုက်လုပ်ငန်းသည် နေ့ရောညပါ မအားရပေ။ ကိုကံမြင့်ဖောင်ကို ကြီးကြပ်လုပ်ကိုင်ရပြီး လုပ်ငန်းရှင်တို့သည် နှစ်ရက်သုံးရက်တစ်ခါငါးသဘော်များဖြင့် ငါးများသယ်ယူခြင်း၊ စားနပ်ရိက္ခာများကို ဖြည့်တင်းပေးရပါသည်။ ပွင့်လင်းရာသီဖြစ်သဖြင့် ပင်လယ်ပြင်သည် ပကတိငြိမ်သက်လျက်ရှိပါသည်။



www.burmeseclassic.com1

www.burmeseclassic.com

ပတ်ဝန်းကျင်တွင် အခြားကျားဖောင်များလည်းရှိပါသည်။

လွန်ခဲ့သော (၆) နှစ်ခန့် ၁၃၇၂ ခုနှစ် တန်ခူးလ သင်္ကြန်မတိုင်မီ ဖျာပုံမြို့မှ (၇) မိုင်အကွာ သမိန်ထောကျေးရွာ အလွန် သဒ္ဓါသံမိကကျောင်းတွင် စာရေးသူသည် ရဟန်းဝတ်ရင်း တရားစခန်းဝင်ခဲ့ပါသည်။ နှစ်စဉ်နှစ်တိုင်းကျင်းပပြုလုပ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။


(၄၈) ကြိမ်မြောက်တွင်ဝင်ရောက်တရားအားထုတ်ရင်း ကိုကံမြင့်နှင့် ရင်းနှီးခဲ့သည်။ မူလက တရားစခန်းအား အပါး (၅၀၀) ဟု သတ်မှတ်ထားသော်လည်း မုန်တိုင်းတိုက်ပြီးမသေဘဲ ကျန်ရစ်သော ရေလုပ်သားတို့၏တောင်းပန်မှုကြောင့် ဆရာတော်ဘုရားက (၆၈၁) ဦးသိခွင့်ပြုပေးခဲ့ရသည်။ စာရေးသူသည် တရားအားထုတ်ရင်း ကိုကံမြင့်နှင့် ရင်းနှီးလာသဖြင့် -

"ကိုကံမြင့်၊ ခင်ဗျားသေကံမရောက် သက်မပျောက်ဇာတ်လမ်းလေး ပြောပြပါဦးဗျာ"

ကိုကံမြင့်သည် တရားစခန်းများနားသောအချိန်တွင် စာရေးသူအား အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

"ဒီလိုဗျ"

မှတ်မှတ်ရရ ၁၃၇၂ ခုနှစ် တပေါင်းလပြည့်နေ့။ တစ်မိုးလုံးအုံ့ဆိုင်းမှုန်မှိုင်းနေသည်။ ညနေပိုင်းသို့ရောက်သောအခါ ကောင်းကင်ကို မော့ကြည့်လိုက်၊ ပင်လယ်ပြင်ကိုကြည့်လိုက် အကဲခတ်နေမိသည်။ မကြာမီ ခေါင်းထဲသို့ အတွေ့အကြုံနှင့်ပေါင်းစပ်ပြီး ပင်လယ်ပြင်တွင် မုန်တိုင်းတိုက်ခတ်နိုင်သည်ဟု ဆုံးဖြတ်လိုက်ပြီး အနီးအနား ဖောင်များသို့ လှမ်းအော်ပြီး သတိပေးလိုက်သေးသည်။ သူပြောပြီး (၁) နာရီ ကျော်ကျော်လောက်တွင် လေနည်းနည်းတိုက်လာသည်။ လှိုင်းနည်းနည်းကြီးလာသည်။ သူသည် ဖောင်အတွက် လုပ်စရာကိုင်စရာများကို လုပ်ကိုင်ပြီး သောက်ရေဘူးနှင့် ဆန်အနည်းငယ်ကို ရေသန့်ဘူးထဲထည့် ကြိုးများ၊ ဓားများ၊ ဓာတ်မီးတို့ကို ပလတ်စတစ်အိတ်ထဲတွင်ထည့်၍ အဆင့်သင့်ပြုလုပ်ထားသည်။ ည (၇) နာရီ (၈)နာရီလောက်တွင် လေသည် သာမန်ထက်တိုက်လာသည်။ လှိုင်းသည်လည်း တဖြည်းဖြည်းကြီးလာသည်။ သူသည် မုန်တိုင်းတော့စပြီဟု မှတ်ချက်ချလိုက်သည်။ လေအရှိန်၊ လှိုင်း၏ဒဏ်ကြောင့် ဖောင်မှအမိုးအကာများလွင့်စဉ်ကုန်သည်။



တစ်မိုးလုံးလည်းနီနေသည်။ အနီးအနားရှိ ဖောင်များကြည့်လိုက်ရာ မရှိတော့ဘဲ မျောကုန်ပြီလား သူမသိ။ ဖောင်ကိုဆိုင်းထားသောကြိုးများကို ဓားဖြင့်ခုတ်ဖြတ်လိုက်သည်။ မဖြတ်လိုက်ပါက ဖောင်နစ်မြုပ်ပြီး ပျက်စီးသွားနိုင်သည်။ သူသည် သူ့ကိုယ်သူ ကြိုးဖြင့်ချည်ပြီး ဖောင်နှင့်ကပ်ချည်ထားလိုက်သည်။ ပင်လယ်ပြင်နှင့်အသက်လုနေရသောကာလဖြစ်သဖြင့် ကိုကံမြင့်ချွေးတွေပြန်နေသည်။ လှိုင်းတွေက ဖောင်ပေါ် အုပ်သွားလိုက်၊ ပြန်အကျမှာ မျက်စိတွေပြာဝေပြီး မွန်းမွန်းသွားသည်။ အသက်ရှူရပ်သလို ခံစားရသည်။မုန်တိုင်းကတစ်ညလုံးတိုက်သည်။ မိုးကလည်း ရွာသည်။ လှိုင်းကလည်း တစ်လုံးပြီးတစ်လုံးဆင့်ကာဆင့်ကာတက်လာသည်။ တစ်ချီ လေက ခပ်ပြင်းပြင်းဆောင့်အတိုက်လှိုင်းအပုတ်မှာ ကိုကံမြင့်လွင့်စဉ် ကျသွားသည်။ သို့သော် ဖောင်နှင့်လူကြိုးချည်ထားသဖြင့် ဖောင်ပေါ်သို့ ပြန်တက်လာနိုင်ခဲ့သည်။ သို့မဟုတ်ပါက မရဏလမ်းသို့ သွားရပေတော့မည်။ သူ့ကိုယ်သူအားတင်းသည်။ဇနကထုံးနှလုံးမူ၍ ပင်လယ်ပြင်ကို အန်တုကာ အလိုက်သင့်မျော၍ဖောင်ဖြင့်ကူးခပ်နေသည်။

နံနက်မိုးလင်းခါနီးတွင် လေလည်း တဖြည်းဖြည်းလျော့သွားသည်။ လှိုင်းလည်း ရိုက်ခတ်မှုသက်သာသွားသည်။ သူသည် ရှင်ဥပဂုတ္တမထေရ်မြတ်ဂါထာတော်အား မပြတ်ရွတ်ဆိုခဲ့သည်။ ကယ်သယ်မည့်သူများကိုလည်း မျှော်နေမိသည်။ ကိုကံမြင့်သည် အသက်မသေတော့မှန်းသိသဖြင့် စိတ်ကိုတုံးတုံးချပြီး အိပ်ပျော်သွားခဲ့သည်။ တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲနေသည်။ အိပ်ရာမှနိုးသောအခါ ဗိုက်ကဆာလာသည်။ ရေသန့်ဘူးနှင့်ထည့်ယူလာသော ဆန်အနည်းငယ်ကိုဝါးစားပြီး ရေသောက်ကာ ဆာလောင်မှုကို ဖြေဖျောက်ခဲ့ရသည်။ ပင်လယ်ပြင်တွင် မျောနေခိုက် ရိက္ခာကလည်းပြတ်လာသည်။ သောက်ရေကလည်းမရှိ။ နေ့ဘက်တွင် ကယ်မည့်သူကိုမျှော်ရင်း ညဘက်တွင် အိပ်ပျော်ခြင်းဖြင့်သာ အချိန်ကုန်ခဲ့သည်။

(၅)ရက်မြောက်သောနေ့တွင် မိမိဖောင်မှ ခပ်လှမ်းလှမ်းနေရာမှ သင်္ဘောတစ်စင်း ဖြတ်သန်းသွားခဲ့သည်။ လှမ်းခေါ်သော်လည်း အလုပ်မဖြစ်ခဲ့ပေ။ တဖြည်းဖြည်း အစားအစာမစားရသဖြင့် အင်အားကလည်းချည့်နဲ့ပင်လယ်ရေကိုသောက်ခဲ့ရပြီး ဖောင်ပေါ် သို့ခုန်ပျံတက်လာသောငါးများကို အစိမ်းစားရသည့်ဘဝရောက်ခဲ့ရသည်။

(၇) ရက်မြောက်သောနေ့တွင် သင်္ဘောတစ်စင်းတည့်တည့်ခုတ်မောင်းလာသည်။ ကိုကံမြင့်ဝမ်းသာသွားသည်။ စုတ်ပြဲနေသော အင်္ကျီကိုချွတ်၍ယမ်းပြီး လှမ်းခေါ်လိုက်သည်။ သင်္ဘောပေါ်မှ သင်္ဘောသားများ မြင်တွေ့သွားပြီး သူ့ဖောင်နားကို ချဉ်းကပ်လာပြီး ဘောကွင်းနှင့်ကြိုးကိုပစ်ချပေးလိုက်၏။ သူသင်္ဘောပေါ်ရောက်မှ ရေမိုးချိုး၊ အဝတ်စားလဲ၊ အစားအစာစားပြီး အနားယူစေခဲ့သည်။ ယခု သူရောက်ရှိနေသောနေရာမှာ ဘင်္ဂလားဒေ့ရှ်နယ်စပ်ရေပိုင်နက်ဖြစ်ကြောင်း သင်္ဘောသားများထံမှ သိရှိရသည်။ သင်္ဘောမာလိန်မှူးသည် သူ့အား ရခိုင်ကမ်းရိုးတန်းမြို့တစ်မြို့တွင်ချထားပေးခဲ့ပါသည်။ သက်ဆိုင်ရာမြို့မှ သူ့အား စစ်ဆေးမေးမြန်းနေချိန်မှာပင် ဖျာပုံမြို့ကမ်းနီးကမ်းဝေးငါးလုပ်ငန်းရုံးတွင်လည်း ရေမျောလုပ်သားများ အနယ်နယ်အရပ်ရပ်မှ ပြန်လည်ရောက်ရှိလာကြပါသည်။ လာရောက်စောင့်နေကြသော မိသားစုများမှာ အသက်မသေဘဲ ပြန်လည်တွေ့ကြရသဖြင့် ပျော်မြူးနေကြပါသည်။ ကိုကံမြင့်သည်လည်း သက်ဆိုင်ရာမှ စီစဉ်ပေးမှုကြောင့် ဖျာပုံအဖွဲ့ရုံးသို့ ရောက်ရှိလာပြီး ထိုမှတစ်ဆင့် မိသားစုရှိရာ ကျုံကဒွန်းချောင်းဝကျေးရွာသို့ သေကံမရောက်သက်မပျောက်ဘဲ ပြန်လည်ရောက်ရှိလာကြောင်း ပြန်လည်ပြောပြပါသည်။


(တကယ့်ဖြစ်ရပ်မှန်ကိုခံစားတင်ပြထားပါသည်။)

ကျော်တင်ဦး(ဖျာပုံ)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com



# (ငှက်ဖျား) တော်မြှင့်

စစ်ပြန်ကြီး

"ပြောင်း"

ခေါင်းကို လက်ဝါးနှင့်ခပ်ပြင်းပြင်း ရိုက်ချက်ကြောင့် ငိုက်နေရာမှလန့်နိုး သွားသည်။ တွေ့လိုက်ရသောမြင်ကွင်း ကြောင့် ရဲဘော်ခင်သိန်း၏မျက်လုံးများ ပြူးထွက်သွားပါသည်။ သူ့ရှေ့တည့်တည့် တွင် တင်းမာသော မျက်နှာထားနှင့် ခါးထောက်ကြည့်နေသူမှာ တပ်ကြပ်ကြီး မောင်မြိုင်ဖြစ်နေသည်။

"ဟာ - ဆရာကြီး"

ထိတ်လန့်မှု၊ အံ့သြမှုနှင့်ဝမ်းသာမှု များ ရောထွေးစိတ်ဝင်သောအသံနှင့် အာမေဍိတ်ပြုမိသည်။ ရုတ်တရက် အရိုက်ခံရသောကြောင့် ထိတ်လန့်သွား သည်။ မျှော်လင့်မထားသော ဆရာကြီး မောင်မြိုင်အားတွေ့လိုက်ရသောကြောင့် အံ့သြမိသည်။ လက်ရှိအနေအထားမှာ ဆိုးဝါးလှသဖြင့် ဆရာကြီးရောက်လာ ခြင်းမှာ အားတက်စရာဖြစ်သည်။ ထို့ကြောင့် ဝမ်းသာမိသည်။

"ဟာ - ဆရာကြီးလုပ်မနေနဲ့၊ ကင်းသမားကငိုက်စရာလား။ မင်းရဲ့ ပေါ့ဆမှုကြောင့် အားလုံးသေကုန်မယ်"

"ဟုတ်. . . ဟုတ်ကဲ့"

ခပ်ဝေါက်ဝေါက်ပြောစကားကြောင့် အယောင်ယောင်အမှားမှားပြောလိုက် သည်။ စင်စစ် ရဲဘော်ခင်သိန်းမှာ တာဝန် ကျေရဲဘော် ဖြစ်ပါသည်။ အရာရှိများ ကင်းစစ်လာလျှင် အသင့်ဖြစ်နေရသည်။ သို့မဟုတ်ပါက အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်ပါသည်။ မည်သို့ ဖြစ်စေ ယခုရောက်ရှိနေသော ကွမ်းလုံ ဒေသတွင် ရက်ရှည်တိုက်ပွဲများဖြစ်ပွား နေပါသည်။ နေ့နေ့ညညသတိထားနေရ ပါသည်။ ပင်ပန်းမှုဒဏ်နှင့်အတူ အိပ်ရေး မဝသည်ကများလာသဖြင့် ငိုက်မျဉ်းသွား ခြင်းဖြစ်ပါသည်။ ပတ်ဝန်းကျင်ကလည်း ဆီးနှင်းများကျပြီး အေးမြလှပါသည်။

"ဟုတ်ကဲ့နဲ့မပြီးဘူး၊ သတိဝီရိယနဲ့ နေ။ မင်းအဘတွေလာလိမ့်မယ်"

ဆရာမောင်မြိုင်က ပြောပြောဆို ဆိုထွက်သွားသည်။ သူဆိုလိုသည်ကို ကောင်းစွာသိပါသည်။ အဘဆိုသည် မှာ တပ်ရင်းမှူးကိုပြောသည်မဟုတ်ပါ။ ရန်သူ ဗကပများကို တင်စားပြောခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အနည်းငယ် ခေါင်းနားပန်းကြီးသွားသည်။ ထို့နောက် ဆရာမောင်မြိုင်သွားသည့်ဘက်ကိုကြည့် လိုက်သည်။

သူသွားသည်မှာ ဒုတပ်ကြပ်စံလှ နေရာယူထားသောကုန်းကမူဖြစ်ပါသည်။ သူတို့နှစ်ဦးမှာ လေသင့်ရာအရပ်တွင်ရှိ နေသဖြင့် အသံခပ်အုပ်အုပ်နှင့် စကား ပြောနေပုံရပါသည်။ သို့ရာတွင် အလွန် တိတ်ဆိတ်သော ညကာလဖြစ်သဖြင့် ပြောသောစကားသံများကြားနေရသည်။

"ဆရာစံလှ၊ အဆင်ပြေရဲ့လား"

"အဆင်တော့ချောနေပါသေးတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ စက်လတ်မရှိ ဘူး။ ကျီဖိုးပဲရှိတယ်"

"ငါတို့တွေ အရင်က စက်ကလေး (ဘရင်းဂန်း) နဲ့ ရိုင်ဖယ်သေနတ်တွေပဲရှိ တယ်။ စက်ကလေးအားကိုးနဲ့ စစ်တိုက် ရတာပဲ။ အခု စက်ကလေးအစားဝင်တာ ကျီဖိုးပဲ"

ထိုသို့ အားပေးပြီး ဆရာမြိုင်က စကားကို ခေတ္တနားလိုက်သည်။ ပြီးလျှင် ပစ်ကွင်းနှင့်နေရာယူထားသောနေရာကို လှည့်ပတ်ကြည့်လိုက်သည်။

"ပစ်ကွင်းကတော့ မဆိုးပါဘူး။ ဒါပေမယ့် ရန်သူ့ပစ်မှတ်လည်းဖြစ်နေ တယ်။ ဟိုအောက်နိမ့်တဲ့နေရာကိုပြောင်း ပြီး ဒေါက်ထောက်ထား"

ဆရာစံလှ အနည်းငယ် ဇဝေဇဝါ ဖြစ်သွားသည်။ သူ့အထက်အရာရှိက ထိုနေရာမှ တစ်လက်မမရွေ့ရန် အမိန့် ပေးထားသည်။ အရာရှိအမိန့်ကို အကြပ် က ပြင်၍မရချေ။ သို့ရာတွင် ဆရာ မောင်မြိုင်မှာ တိုက်ရည်ခိုက်ရည်ကောင်း သဖြင့် သူရဲကောင်းမှတ်တမ်းဝင်သူဖြစ် သည်။ အရာရှိများပင်လျှင် သူ့အား လေးစား၍ သူ့အကြံဉာဏ်ကို အလေး အနက်ထားကြပါသည်။ ထို့ကြောင့် ဆရာမောင်မြိုင်ပြောသည့်အတိုင်း နေရာ ပြောင်းလိုက်ပါသည်။

ထို့နောက် ဒုတပ်ကြပ်စံလှအနီးမှ ထွက်ခွာသွားသံကိုကြားလိုက်ရပါသည်။ အခြားရဲဘော်များထံ သွားရောက်နေ သည်ဟု ရဲဘော်ခင်သိန်းတွေးမိပါသည်။ တစ်ဆက်တည်းပင် ဆရာကြီးမောင်မြိုင် အကြောင်း စဉ်းစားမိပါသည်။

ဆရာကြီးမောင်မြိုင်သည် မြစ်ဝ ကျွန်းပေါ် ဒေသ မော်ကျွန်းမြို့တွင် မွေးဖွားခဲ့ပါသည်။ မြစ်ဝကျွန်းပေါ် ဒေသ တွင်ပြုလုပ်ခဲ့သော စစ်ဆင်ရေးကာလ များမှစ၍ တပ်မတော်သို့ ဝင်ရောက်ခဲ့ပါ သည်။ တိုက်ခိုက်ရေးစွမ်းရည်ကောင်း သောကြောင့် တစ်ရစ်ပြီးတစ်ရစ်ရာထူး တက်ခဲ့ပါသည်။ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်လိုအပ်သည်ဟူသော



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်ကြောင့် အရာရှိသင်တန်း မတက်ရောက်ခဲ့ရပါ။

သူနှင့်သင့်လျော်သော ဆုလာဘ်တစ်ခုအနေနှင့် စစ်သင်တန်းကျောင်းတွင် နည်းပြတာဝန်ပေးခဲ့ပါသည်။ သင်တန်းကျောင်းတွင် စည်းစနစ်ကြီးခြင်းနှင့် အမောင်းကြမ်းခြင်းတို့ကြောင့် သင်တန်းသားများက သူ့အား အာဠာဝကဟု



www.burmeseclassic.com1

www.burmeseclassic.com

ကင်ပွန်းတပ်ကြပါသည်။ အမောင်းကြမ်းသည်ဆိုရာမှာ လေ့ကျင့်ရေးကို ပြင်းပြင်းထန်ထန်လုပ်စေခြင်းဖြစ်သည်။ ထိုသို့တာဝန်ထမ်းဆောင်သဖြင့် တပ်ရင်းမှူး၏ လေးစားအားကိုးခြင်းကိုခံရပါသည်။ သို့သော် ဆရာကြီးမောင်မြိုင်မှာ ဘဝကိုသင်တန်းကျောင်းတွင် မမြှုပ်နှံလိုပါ။ တိုက်ခိုက်ရေးသားဝါသနာပါသောကြောင့် ခြေမြန်တပ်မသို့ လျှောက်လွှာတင်ကာ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာကြီးမောင်မြိုင်၏ ကိုယ်ရေးရာဇဝင်မှာ ဤရွေ့ဤမျှ လေးစားစရာကောင်းလှပါသည်။ မိသားစုဘဝတွင်ဆိုလျှင် ယခုအခါ၌ အရွယ်ရောက်ပြီးသောသားသမီးများရှိသည်ဟု ကြားဖူးပါ၏။ သူ၏ဇနီးမှာ အားသမီးများ ငယ်စဉ်ကတည်းက ဆုံးပါးသွားပါသည်။ တစ်ပင်လဲက တစ်ပင်ထူ ဆိုသောစကားရှိသော်လည်း ဆရာမောင်မြိုင် နောက်အိမ်ထောင်ပြုရန် စိတ်တောင်မကူးခဲ့ပါ။ သူပျော်ပိုက်သော တပ်မတော်သားဘဝကိုသာ ဖက်တွယ်ထားပါသည်။

မည်သို့ဖြစ်စေ အသက်အရွယ်ရလာသောအခါ စစ်သားအိုကြီးဖြစ်မှန်းမသိဖြစ်လာပါသည်။ ငယ်စဉ်ကတည်းကပင် ဏာယဗလလိုက်စားခဲ့သဖြင့် 'နွားပျို့သန်လှ၊ နွားအိုပေါင်ကျိုး' ဆိုသလို ကျန်းမာရေးကဒေါင်ဒေါင်မြည်ဖြစ်သည်။ အပူအအေးကိုမမှုသည့် ရေစိမ်ခံကျွဲဖြစ်ပေသည်။ သို့ရာတွင် ဇရာကိုလှည့်စား၍မရပါ။ အသက်ကြီးယောကျ်ားများတွင် ဖြစ်လေ့ရှိသော ဆီးရောဂါကြုံလာရပါသည်။ အစပထမ၌ ဆီးမကြာခဏသွားချင်လာသည်။ ဆီးသွားပြီးလည်းအားမရသလို၊ဆီးကျန်သလိုခံစားရ၏။ထိုကာလတွင် သာမန်ဆေးနည်းတိုများနှင့် ကုသကြည့်သည်။ ဆေးစသောက်ခါစ၌ ဟုတ်သလိုလိုရှိသော်လည်း နောက်ပိုင်းတွင် ဒုံရင်းဒုံရင်းဖြစ်လာသည်။ ရောဂါဝေဒနာဆိုသည်မှာ လဆန်း၊ လဆုတ်ကဲ့သို့ ဆုတ်လျှင်ဆုတ်၊ မဆုတ်လျှင်တိုးပေတော့သည်။ တဖြည်းဖြည်းနှင့် ဆီးသွားလျှင် အောင့်တက်လာသည်။ မခံမရပ်နိုင်လောက်အောင် နာကျင်သောအခါမှ တပ်ဆေးခန်းသွားပြသည်။တပ်ဆေးခန်းမှ ဆေးအရာရှိ (ဗိုလ်ကြီး)က ဆီးကျိတ်ရောင်သည်ဟုပြောကာ ကွမ်းလုံးဆေးရုံသို့ ပို့လိုက်သည်။

ဆေးရုံမှဆရာဝန်များက ဆီးကျိတ်ကိုခွဲထုတ်လိုက်သည်ဟု သတင်းစကားကြားရသည်။ ထို့အပြင် ခွဲထုတ်သောအသားစကိုဆေးရည်စိမ်ပြီး မန္တလေးရှိ ရောဂါဗေဒဌာနကိုပို့သည်ဟု ဆိုသေးသည်။ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ရောဂါရှာသောအခါ အခြေအနေ မကောင်းသဖြင့် တပ်မှအနားပေးလိုက်ရကြောင်း သတင်းများလည်းထွက်ပေါ်လာသည်။ တပ်ရေးဗိုလ်ကြီးအားမေးလျှင်တော့ အတိအကျသိနိုင်ပေမည်။ သို့သော် သူတို့စစ်မြေပြင်ရောက်နေသည်မှာ တစ်လခန့်ရှိပေသည်။ ဆရာကြီးမောင်မြိုင် ပြန်ရောက်လာသည့်ကိစ္စမှာ ဇဝေဇဝါဖြစ်စရာဖြစ်သည်။ ရဲဘော်ခင်သိန်း အတွေးများချာချာလည်နေသည်။

လက်ရှိအခြေအနေတွင် မတွေးအားပါ။ မငေးအားပါ။ အချိန်မရွေးရောက်လာနိုင်သောရန်သူများကို စောင့်ကြည့်နေရသည်။ ထိုစဉ် မြင်ကွင်းရှေ့မှ လှုပ်ရှားမှုအချို့ကို တွေ့လိုက်ရသည်။ သူ့နောက်မှလည်း ခြေသံလုံလုံနှင့် ရောက်လာသော ဆရာကြီးမောင်မြိုင်ကို တွေ့လိုက်ရသည်။ သူက ပခုံးပုတ်ပြီး ရှေ့တည့်တည့်လက်ညှိုးထိုးပြကာ အသံတိုးတိုးဖြင့် စကားပြောသည်။

"ဟိုမှာတွေ့လား၊ ခွေးအတွေတက်လာပြီ။ မင်းအထက်အရာရှိတွေကို သွားသတင်းပို့တော့။ မင်းနေရာကို ငါကြည့်ထားပေးမယ်"

ရဲဘော်ခင်သိန်း သက်ပြင်းကို အသံမထွက်အောင် ရင်ထဲမှပင် ဟင်းခနဲချလိုက်သည်။ သူတို့တပ်စိတ်တွင် ဒုတပ်ကြပ်ကြီးစံလှအထက်တွင် အရာရှိတစ်ဦးပါလာသည်။ ယခုရက်ပိုင်းတွင် တောကြီးငှက်ဖျားဒဏ်ကို အလူးအလဲခံနေရပါသည်။ ဗိုလ်သက်ထွေးလည်း ပေါ့ဆ၍မရပါ။ ငှက်ဖျားပိုးခေါင်းထဲရောက်လျှင် သေရင်သေ မသေရင်ရူးသည်ဟု နားလည်ထားသည်။ ရဲဘော်များအကြံပေးသော ကေသီပန် (သွေးပုပ်ချဆေး) နှင့် အရက်ရော၍သောက်သည်။ ခေတ္တမျှ အပူကျသလိုလို ခံစားရသည်။ ခဏတာသက်သာသော်လည်း အချိန်တန်ရောဂါပြန်ထလာပါသည်။ ဆေးအဖွဲ့မိမိတို့ပို့စ်သို့ ရောက်လာသောအခါ ကြက်ခြေခတ်ဆေးသုံးပြားရသည်။ မက်မလိုကွင်းငှက်ဖျားဆေးပြားတွင် ကြက်ခြေခတ်သင်္ကေတန် လိုင်းများပါသဖြင့် အရပ်က ကြက်ခြေခတ်ဆေးဟုခေါ်ကြပါသည်။ ထိုဆေး၏ဘေးထွက်ဆိုးကျိုးမှာ ခေါင်းအလွန်မူးပါသည်။ ထိုဆေးသောက်သုံးပြီး စက်ယန္တရားမောင်းနှင်၍မရပါ။ အသားအရေများလည်း ဖြာနှမ်းနှမ်းဖြစ်လာတတ်ပါသည်။

ယခင်ကဆိုလျှင် ရဲဘော်များအား ငှက်ဖျားရောဂါရှိလျက်ပင် အရေးမထားဘဲ ချီတက်ရန် သူက အားပေးခဲ့ပါသည်။ တစ်ချိန်က ငှက်ဖျားရောဂါအား အမြစ်ပြတ်ကုသရန်မသင့်ဆိုသော အယူအဆတစ်ရပ်ရှိခဲ့ပါသည်။ စစ်သားနှင့်ငှက်ဖျားလင်မယားပဲ အားတင်းထားဖို့ သူကတိုက်တွန်းပါသည်။ ယခု သူ့အလှည့်တွင်မှ ကွမ်းလုံငှက်ကိုထိတွေ့မှုမရှိသေးသောအရိုင်းဖြစ်ပါသည်။ ဒေသနှင့်ကျင့်သားမရသေးသဖြင့် ပြင်းပြင်းထန်ထန် ခံစားရပါသည်။ လက်ရှိအနေအထားတွင် ငှက်ဖျားဒဏ်နှင့် ဆေးဒဏ် နှစ်ရပ်ပေါင်းခံစားရသဖြင့် အသားအရေဖြူဖပ်ဖြူရော်ဖြစ်နေပါသည်။

သို့တစေ ဝေဒနာကြေညာဖို့အခွင့်မသာပါ။ ရဲဘော်ခင်သိန်းတသတင်းပို့သည်နှင့် တဲအပြင်ထွက်၍ကွပ်ကဲရပါတော့သည်။သူအပြင်ရောက်သောအခါ ရဲဘော်များအသင့်နေရာယူပြီးဖြစ်နေသည်ကို တွေ့ရသည်။ ကင်းအလှည့်မကျသဖြင့် အိပ်နေရာသော ရဲဘော်များပင်နှိုးစရာမလိုဘဲ ရောက်ရှိပြီးဖြစ်နေပါသည်။ ထိုအခြေအနေကြောင့် စိတ်သက်သာရာရသလိုခံစားရပါသည်။ သို့သော် မကြာပါ။

"ရှိုး"

ရန်သူ့လက်နက်ကြီး ကျည်ဆန်လေထဲ ပျံ့ဝဲလာပါသည်။ အရာရှိအကြပ်နှင့် တပ်သားအားလုံး ပြားပြားဝပ်လိုက်ကြသည်။

"ဂျိမ်း"

ပြင်းထန်သော ပေါက်ကွဲသံနှင့်အတူ ယခင်တပ်ကြပ်စံလှနေရာယူသောတောင်ကမူမှာ ဖွာလန်ကြွသွားပါသည်။

"ဟာ. . ."

ရဲဘော်ခင်သိန်းမှအပ ကျန်လူများအားလုံး အာမေဋိတ်ပြုလိုက်ကြရသည်။ အားကိုးရသော တပ်ကြပ်စံလှကျပေပြီ။ စိတ်မာတ်မကျအားပါ။ ငြာသံပေး၍ တက်လာသံကြားလိုက်ရသည်။

"ပစ်"

ဗိုလ်သက်ထွေး၏အမိန့်ပေးသံနှင့်အတူ ပစ်ခတ်သံများ တောလုံးညံသွားပါသည်။ ရန်သူများဇဝေဇဝါဖြစ်သွားသည်။ 'နေ့ခင်းက လေ့လာထားသော ဒံကတုတ်များ အနေအထားပြောင်းနေသည်။ သူတို့ဖိတိုက်သောနေရာတွင် လူမရှိချေ။ မထင်မှတ်သောနေရာမှ ဆီးကြို



www.burmeseclassic.com

www.burmeseclassic.com

တိုက်ခိုက်ခြင်းခံရသည်။ ရန်သူခေါင်းဆောင်မှာလည်း စစ်ရည်ဝပုံရပါသည်။ အခြေအနေမကောင်းမှန်းသိလျှင် သူ့လူများအား အချက်ပေး၍ နောက်ဆုတ်စေပါတော့သည်။

ထိုအခိုက်တွင် အောက်ချိုင့်ဖြစ်သောလျှိုထဲမှ ဂျီဖိုးပစ်သံကြားလိုက်ရသည်။ နောက်ပြန်ဆုတ်သည့်ရန်သူများ သေသူသေဒဏ်ရာရသူရဖြစ်ပြီး ပျာယာခတ်သွားကြပါသည်။

"ဆရာစံလှ"

ရဲဘော်များ တိုင်ပင်ထားသည့် အလား သံပြိုင်အော်လိုက်ကြပါသည်။ တပ်စိတ်၏လက်ရုံးဖြစ်သော ဆရာစံလှမသေပါ။ လက်စွဲတော်ဂျီဖိုးနှင့် တိုက်ပွဲဝင်နေကြောင်း သိလိုက်ရပါသည်။

မထင်မှတ်ဘဲ အထိနာသွားသော ရန်သူများသည် ခေတ္တလှုပ်ရှားမှုများငြိမ်သက်သွားသည်။ လတ်တလောအောင်ပွဲကိုယစ်မူးဝမ်းသာနေ၍မရချေ။ မုန်တိုင်းမတိုက်မီ ငြိမ်သက်နေသော ပင်လယ်ပြင်နှင့်တူနေပါသည်။ အချိန်မရွေးအခြေအနေဆိုးနိုင်ပါသည်။ မိမိတို့ဘက်တွင် လက်နက်အင်အား၊ လူအင်အားနည်းနေသည်။ ထိုအခြေအနေကို ရန်သူများသိလျှင် အင်အားနှင့်ဖိတိုက်လာနိုင်သည်။

"ရှိ. . . ရှိ. . . ရှိ"

ဝီစီမှုတ်သံများကြားလိုက်ရသည်။ မျှော်လင့်ထားသည့်အတိုင်း ထိုးစစ်ကြီးဆင်နွှဲရန် ရန်သူများအလုံးအရင်းနှင့်တက်လာကြောင်း သိလိုက်ရသည်။ မကြာမီ လူရိပ်မည်းမည်းများ မြင်ကွင်းတွင် ပေါ်လာပါသည်။

"ဟာ - ရန်သူတွေအများကြီးပဲ။ ဗိုလ်ကြီးနောက်ဆုတ်ရင် ကောင်းမယ်ထင်တယ်"

ရဲဘော်တစ်ယောက်၏အသံထွက်ပေါ်လာသည်။ ကျန်ရဲဘော်များကလည်း ဗိုလ်သက်ထွေးအား လှည့်ကြည့်သည်။ထိုပွိုင့်တောင်ကုန်းကိုလက်မလွှတ်ရန် အထက်မှ ဝါယာလက်စက်နှင့်အကြောင်းကြားထားသည်။ တစ်လက်မခန့် ပင်ဆုတ်ခွာ၍မဖြစ်ချေ။ မလုပ်နိုင်ကြောင်း ခေါင်းယမ်းပြလိုက်သည်။

"ဟေ့ကောင်တွေ မင်းတို့စစ်သားမဟုတ်ဘူးလား။ နောက်ဆုတ်တဲ့ကောင်ငါနဲ့တွေ့မယ်။ အမိန့်မစောင့်နဲ့ ပစ်ကွင်းသေချာရင် စပစ်တော့"

ဆရာကြီးမောင်မြိုင်၏ အသံကကျားဟိန်းသံပမာထွက်ပေါ်လာသည်။ သူ့အသံကြောင့် ရဲဘော်များကြောက်လည်း ကြောက်သည်။ အားလည်းတက်သည်။ တပ်စိတ်တစ်စိတ်လုံးအား ရဲဆေးတင်ပေးလိုက်သလိုရှိသည်။ ရန်သူများပစ်ကွင်းထဲရောက်လာသည်နှင့် ရဲဘော်အားလုံး တစ်ပြိုင်တည်း ပစ်ခတ်လိုက်ကြသည်။

ပစ်ခတ်မှုမှာ ထိရောက်လှသော်လည်း ရန်သူများ ဖရိုဖရဲမဖြစ်ပါ။ လူအင်အားက များပြားလှပါသည်။ ရှေ့ဆုံးမှရန်သူများကလည်း ဟစ်ဖိုင်းယား (ခေါ်) သေနတ်ကို ခါးတွင်ထား၍ ပြန်လည်ပစ်ခတ်ပါသည်။ ရဲဘော်များက အကာအကွယ်ယူ၍ပစ်ခတ်ရသဖြင့် တစ်ပန်းသာနေသော်လည်း ရန်သူများကလည်း သူတို့ပစ်အားကို အကာအကွယ်ယူထားသကဲ့သို့ရှိပါသည်။ ထို့ကြောင့် တိုက်ပွဲမှာပြင်းထန်လာပါသည်။

"ဝုန်း. . ."

ပေါက်ကွဲသံကြီးတစ်ခုက ရန်သူများဘက်တွင် ပေါ်ထွက်လာပါသည်။

"နီလာတစ်လုံးဟေ့"

နီလာတစ်လုံး ဆိုသည်မှာ အကူပစ်လက်နက်ကြီးတပ်ဖွဲ့မှ ဟောင်ဝစ်ဇာအမြောက်ဆန်တစ်ဆန်ဖြစ်ပါသည်။

"ဝုန်း. . . ဝုန်း. . . ဝုန်း"

နောက်ထပ်အမြောက်ဆန်များကျရောက်ပေါက်ကွဲပါသည်။ လူအင်အားနည်းနည်းပဲရှိသည်ထင်၍ ဖိတိုက်လာသောရန်သူများခြေလှမ်းတုံ့သွားပါသည်။

ရဲဘော်များ အားတက်သရော အော်ဟစ်ကြပါသည်။ စောစောကကျည်ဆန်ခြွေတာကာ သေချာမှပစ်နေရပါသည်။ ယခုအခါ ရဲဝံ့တက်ကြွစွာဖြင့် ဒလဟောပစ်ကြပါတော့သည်။ ရန်သူအကျအဆုံးမနည်းပါ။ ကျန်လူအားလုံးမှာလည်း ဖရိုဖရဲနှင့် ဆုတ်ခွာထွက်ပြေးရပါတော့သည်။

များမကြာမီ ထိုပွိုင့်ပေါ်သို့ စစ်ကူပေးသောတပ်ရင်းမှရဲဘော်များ ရောက်လာကြပါသည်။တစ်ဦးနှင့်တစ်ဦးဝမ်းသာအားရ အော်ဟစ်နှုတ်ဆက်ကြပါသည်။ ထို့ပြင် အရာရှိများလည်း ပါလာကြပါသည်။ ထိုအထဲတွင် ဗျူဟာမှူး ဗိုလ်မှူးကြီးနှင့် ကိုယ်ရေးအရာရှိဗိုလ်နိုင်ဝင်းပါလာပါသည်။

ဗျူဟာမှူးကြီးမှာ ချင်းတိုင်းရင်းသားတစ်ယောက်ဖြစ်ပြီး အမည်ရင်းမှာ ဆလိုင်းခင်မောင်ဝင်းဖြစ်ပါသည်။စစ်ရေးစစ်ရာနှင့် လုပ်ငန်းကိစ္စကိုင်တွယ်ရာတွင် စေ့စပ်သေချာသူဟုနာမည်ရထားသူဖြစ်ပါသည်။ ယခုလည်း ပွိုင့်တောင်ကုန်း၏လုံခြုံရေးကိစ္စအဝဝကို ဗျူဟာတပ်ခွဲမှစစ်သည်များကို လုံးဝတာဝန်ယူခိုင်းထားပါသည်။ တိုက်ပွဲဝင်ခဲ့ရသောရဲဘော်များကို အနားပေးကာ ဒဏ်ရာရသူများကိုလည်း ဆေးတပ်ဖွဲ့အား ကုသစေပါသည်။ ထို့နောက် ဗိုလ်သက်ထွေးအားတိုက်ပွဲအခြေအနေကို အစီရင်ခံစေပါသည်။

ဗိုလ်သက်ထွေးကလည်း ပြီးခဲ့သည့် တိုက်ပွဲများအကြောင်း၊ လက်ရှိအင်အား၊ လက်နက်အင်အားအခြေအနေနှင့် ထိုညတိုက်ပွဲဖြစ်စဉ်များကို ခရေစေ့တွင်းကျ အစီရင်ခံရပါသည်။ ဗျူဟာမှူးကြီးက မျက်မှောင်ကျုတ်၍ နားထောင်နေပါသည်။ စိတ်မကျေနပ်၍မဟုတ်ပါ။ တစ်စုံတစ်ခုကို စဉ်းစား၍မရဖြစ်နေပါသည်။ ပြီးမှ မှတ်ချက်ပေးပါသည်။

"ဗိုလ်သက်ထွေးကလည်း ကောင်းကောင်းမကျန်းမာသေးဘူး။ ဒီအချိန်မှာ ရန်သူကလည်း အလုံးအရင်းနဲ့ဖိတိုက်တယ်။ သူတို့မျှော်မှန်းသလို ဖြစ်မလာဘူး။ တစ်ခုခုတော့ထူးခြားနေသလိုပဲ"

ဗိုလ်သက်ထွေးလည်း စဉ်းစားရသည်။

"ထူးတာတော့ ထူးတယ်ဗျာ။ ရဲဘော်ခင်သိန်း လာသတင်းပို့ပြီး တဲအပြင်ထွက်တော့ ရဲဘော်အားလုံးအသင့်အနေအထားဖြစ်နေတယ်။ ခံစစ်ပုံစံလည်း အနေအထားကောင်းနေတယ်။ တပ်ကြပ်စံလှကတော့ သူ့နေရာမှာ သူမနေဘူး။ သူ့သဘောနဲ့သူနေရာပြောင်းထားတယ်။ အဲဒါလည်း ကောင်းကောင်းပဲ။ ပထမဆုံးကျတဲ့လက်နက်ကြီးပုံးဆန်ဟာ သူ့နေရာတည့်တည့်ကျတယ်။ သူနေရာယူထားတဲ့လျှိုထဲကပစ်တော့ သူတို့အထိနာသွားတယ်"

ဗျူဟာမှူးကြီး မျက်ခုံးပင့်သွားသည်။ တပ်ကြပ်စံလှနှင့် ရဲဘော်အားလုံးသူ့ရှေ့ခေါ်လိုက်သည်။ လူစုံသော် မေးခွန်းမေးသည်။

"တိုက်ပွဲမစခင် အိပ်နေရတဲ့ ရဲဘော်တွေ လက်ညှိုးထောင်"

ရဲဘော်အချို့ လက်ထောင်လိုက်ကြသည်။

"ရန်သူလာတယ်ဆိုတာ မင်းတို့ဘယ်လိုသိသလဲ"

"တပ်ကြပ်ကြီးတစ်ယောက်လာနှိုးလို့ပါ အဘ"

နှုတ်လျှာသွက်လက်သောရဲဘော်တစ်ဦးက ဖြေလိုက်သည်။ ပွိုင့်ဇွဲ တပ်



www.burmeseclassic.com

www.burmeseclassic.com

ကြပ်ကြီးမရှိချေ။ တပ်ကြပ်စံလှကိုဆိုလိုသည်ဟု ထင်လိုက်သည်။

"တပ်ကြပ်စံလှ ကိုယ့်နေရာကိုယ်မနေဘဲ ရဲဘော်တွေသွားနှိုးသလား"

"ကျွန်တော် မနှိုးပါဘူး ခင်ဗျ"

"ဟေ - ဒါဖြင့်ဘာဖြစ်လို့အထက်အမိန့်မရဘဲ နေရာပြောင်းရသလဲ"

"တပ်ကြပ်ကြီးက နေရာပြောင်းခိုင်းလို့ပါ"

"ဟေ"

ဗျူဟာမှူးကြီး၏အာမေဋိတ်အသံက ပို၍ကျယ်လောင်သွားသည်။ လာပြန်ပြီ ဒီတပ်ကြပ်ကြီး။ ရဲဘော်တွေပြောသလိုလိုက်ပြောနေသည်ထင်၏။

"ကဲ - မင်းတို့ပြောနေတဲ့တပ်ကြပ်ကြီးဆိုတာ ဘယ်သူလဲ"

"ဆရာကြီးမောင်မြိုင်ပါ"

အားလုံး သံပြိုင်ဖြေလိုက်ကြသည်။

ဗျူဟာမှူးကြီး မျက်လုံးပြူးသွားသည်။ အာမေဋိတ်သံပင်မပြုနိုင်အောင် မှင်သက်မိသွားသည်။ ဆရာမောင်မြိုင်၏ဆီးကျိတ်မှအသားစစမ်းသပ်ချက်အဖြေမှာ စီအေ (ခေါ်) ကင်ဆာကျိတ် ဖြစ်နေသည်။ ထို့ကြောင့် ရသင့်ရထိုက်သော ခံစားခွင့်များပေးပြီး တပ်မတော်မှအနားပေးလိုက်သည်မှာ သူကိုယ်တိုင်ဖြစ်၏။ အတန်ငယ်စဉ်းစားပြီးမှ တဒင်္ဂတိတ်ဆိတ်မှုကိုဖြိုခွင်းလိုက်သည်။

"မင်းတို့က ဆရာကြီးမောင်မြိုင်ပဲပြောနေတယ်။ အဲဒီဆရာကြီးအကြောင်းကို ဒီကဗိုလ်နိုင်ဝင်းထက် ဘယ်သူပိုသိနိုင်မလဲ"

သူနံဘေးမှ ဗိုလ်နိုင်ဝင်းအား လှည့်ကြည့်လိုက်သည်။ ဗိုလ်နိုင်ဝင်းကလည်း မလုံမလဲပြုံးလိုက်သည်။ သူ့အမူအရာကို ဗိုလ်သက်ထွေးနှင့် ရဲဘော်များအားလုံး သတိထားမိကြသည်။ သို့သော် အဓိပ္ပာယ်ကို နားမလည်ကြပါ။

"ကဲ - ဒီကစစ်သည်တွေမသိကြဘူးထင်တယ်။ ဗိုလ်နိုင်ဝင်းက ပြောပြလိုက်ပါ"

ဗျူဟာမှူးကြီးခွင့်ပြုသောကြောင့် ရဲဘော်များမသိသေးသော ဆရာကြီးမောင်မြိုင်၏ ဘဝတစ်စိတ်တစ်ဒေသကို ဗိုလ်နိုင်ဝင်းက ပြောပြလိုက်သည်။ မြစ်ဝကျွန်းပေါ် သားဖြစ်သူဆရာကြီးမောင်မြိုင်သည် ကွမ်းလုံဒေသရောက်မှ နဖူးစာရွာလည်ဆိုသလို ရှမ်းတိုင်းရင်းသူ နန်းမိုးခမ်းနှင့် အိမ်ထောင်ကျခဲ့ပါသည်။ အိမ်ထောင်သက်မကြာမီပင် သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့ပါသည်။ ဇနီးဖြစ်သူ ကွယ်လွန်သွားသောအခါ ရန်ကုန်မြို့ရှိ ခယ်မဖြစ်သူ နန်းချောချောက ကလေးများကိုတာဝန်ယူစောင့်ရှောက်ခဲ့ပါသည်။ ဆရာကြီးမောင်မြိုင်ကတော့ ဝါသနာကိုဖက်တွယ်၍ ဘားတိုက်ခေါ် အိပ်ဆောင်ထဲတွင်သာ ဘဝကိုမြှုပ်နှံခဲ့ပါသည်။

အရွယ်ရောက်သောအခါ သားကြီး စိုင်းအိုက်ရီမှာ နိုင်ငံခြားသင်္ဘောလိုက်သွားပါသည်။ ဆရာမောင်မြိုင်ခွင့်ရ၍ ရန်ကုန်မြို့သို့သွားသည့်အခါတိုင်း သားကြီးနှင့်တွေ့ရသည်မရှိပါ။ သမီးဖြစ်သူ နန်းချယ်ရီကိုသာ တွေ့နိုင်ခဲ့ပါသည်။ နန်းချယ်ရီသည် ဘွဲ့ရတစ်ဦးဖြစ်လာသော်လည်း အခြားအလုပ်မရှာပါ။ ဒေါ်လေးဖြစ်သူ၏ စိန်ရွှေရတနာဆိုင်ကိုသာ ကူညီလုပ်ကိုင်ခဲ့ပါသည်။ အခါအားလျော်စွာလည်း မိခင်၏မွေးရပ်မြေကို လာလည်ရင်း ဖခင်ကိုတွေ့ဆုံတတ်ပါသည်။

ထိုကာလတွင် စစ်တက္ကသိုလ်ဆင်း ဗိုလ်နိုင်ဝင်းမှာ ဆရာကြီးမောင်မြိုင်ရှိရာတပ်ရင်းသို့ရောက်ရှိလာပါသည်။ အခြားအရာရှိများ၏သတင်းပေးမှုအရ ဆရာကြီးမောင်မြိုင်၏ အရည်အချင်းကို သိခဲ့ရသည်။ ဗိုလ်နိုင်ဝင်းမှာ စစ်ပညာဝါသနာပါသည်။ စစ်တက္ကသိုလ်တွင် လေ့ကျင့်သင်ကြားခဲ့ရသည်မှာ အခြေခံမျှဖြစ်သည်။ လက်တွေ့မဟုတ်သေးချေ။ လက်တွေ့စစ်မြေပြင်ကျွမ်းကျင်သော ဆရာကြီးမောင်မြိုင်ထံမှ လေ့လာသင်ယူရန် သန္နိဋ္ဌာန်ချထားလိုက်သည်။ သို့နှင့် အပြန်အလှန်လေးစားသော အရာရှိနှင့် တပ်ကြပ်ကြီးအတွဲဖြစ်လာကြပါသည်။ လေးစားရာမှ ခင်မင်လာကြသည်။ ခင်မင်ရင်းနှီးရာမှ တစ်ဦးအကြောင်း တစ်ဦးသိလာကြသည်။ ပဲ့ကြည်မှုလည်း ရှိလာကြသည်။

ဗိုလ်နိုင်ဝင်းမှာ ရန်ကုန်ဇာတိဖြစ်သည်။ ခွင့်ရ၍ မိဘရပ်ထံပြန်သောအခါ ဆရာကြီးမောင်မြိုင်အမှာရှိသည့်ကိစ္စများတို့ နန်းချယ်ရီနှင့်သွားတွေ့၍ ဆောင်ရွက်ရသည်။ နန်းချယ်ရီသည် မိခင်၏သွေးဖြစ်သောကြောင့် အသားဖြူ၍ ညက်ညောလှပါသည်။ တိုင်းရင်းသူအများသည် မျက်နှာဖောင်းဖောင်းနှင့် နှာခေါင်းပြားတတ်သည်။ သို့ရာတွင် နန်းချယ်ရီ၏ မျက်နှာအချိုးအဆက်မှာ တိတိရိရိရှိသည်။ နှာရောင်မမြင့်သော်လည်း နှာတံစင်းသည်။ အသိသာအထင်ရှားဆုံးမှာ မျက်လုံးဖြစ်သည်။ မျက်လုံးမပြူးသော်လည်း မျက်မှေးမဟုတ်ပါ။ မျက်လုံးအိမ်ထဲသို့ သေချာကြည့်လျှင် ထောက်မမီသောမဟူရာပင်လယ်ထဲကျသွားသလား ထင်မှတ်မှားစရာဖြစ်သည်။ ဤရွှေဤမျှပင် ကြည်လင်ရွှန်းလဲ့ပါသည်။

ထိုအလှကို ဗိုလ်နိုင်ဝင်းကမြင်မြင်ချင်းပင် သတိထားမိပါသည်။ မြင်ဖန်များတော့ ခင်မင်လာပါသည်။ ခင်မင်ဖန်များတော့ ကြင်မိပါတော့သည်။ သို့ဖြင့် သူတို့နှစ်ဦး ချစ်သူများဖြစ်လာကြပါတော့သည်။ ထို့ကြောင့် ဗျူဟာမှူးကြီး၏ စကားကြောင့် ဗိုလ်နိုင်ဝင်းတစ်ယောက် မလုံမလဲပြုံးလိုက်ခြင်း ဖြစ်ပါသည်။

သို့ရာတွင် ထိုအပြုံးသည် ခေတ္တမျှသာဖြစ်သည်။ ချက်ချင်းပင် သူ့မျက်နှာတည်ငြိမ်သွားသည်။ စိတ်မချမ်းသာသည့်အရိပ်အယောင်များပင်သန်းလာပါသည်။

"ကျွန်တော်လည်းပြောမလို့ပါဘဲ။ အဘကအလုပ်များနေတော့ ပြောချင်တာ အလျဉ်းမသင့်ဘူးဖြစ်နေတယ်"

"ဟုတ်လား၊ ဒါဆို အခုပြောလေကွာ"

"ဟုတ်ကဲ့ မနေ့က ညနေစောင်းမှာပဲ နန်းချယ်ရီက တယ်လီဖုန်းဆက်တယ်။ ဆရာကြီးမောင်မြိုင် ဆုံးသွားပြီတဲ့"

ဗျူဟာမှူး ဆလိုင်းခင်မောင်ဝင်းလည်း စိတ်မကောင်းဖြစ်သွားပါသည်။ ရုတ်တရက် ပြောစရာစကားမရှိသလိုဖြစ်သွားပါသည်။ ပြီးမှ မချိတင်ကဲလေသံဖြင့် စကားပြောပါသည်။

"ဆရာကြီးမောင်မြိုင်ကို စစ်ပင်စင်ပေးလိုက်တာ သူ့ကိုမလိုချင်လို့မဟုတ်ဘူး။ သူဟာ တို့အတွက် အရမ်းတန်ဖိုးရှိတယ်။သူ့ရောဂါကိုစနစ်တကျဆေးကုသပြီး အသက်ရှည်ရှည်နေစေချင်လို့စီစဉ်ရတာ"

"ကုတာတော့ ကုကြပါတယ်။ သားအကြီးသင်္ဘောသားကလည်း ပြန်ရောက်ပြီးပြုစုပါတယ်။ ဆေးဖိုးဝါးခလည်းမပူရပါဘူး။ ရန်ကုန်ဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာနမှာလည်း တစ်လတစ်ခါသွားပြရပါတယ်"

ဗိုလ်နိုင်ဝင်းအသံက ပြောရင်းပြောရင်း တိမ်ဝင်သွားသဖြင့် ခေတ္တနားသည်။ ထို့နောက် ဆက်ပြောပါသည်။

"မနေ့ကညနေမှာတော့ အကောင်း



www.burmeseclassic.com

www.burmeseclassic.com

# မဟာနွယ်(မန်းတက္ကသိုလ်)
# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်



ပရှတ်အေး (Mentha arvensis Linn)

ကတိသစ္စာ တည်သောအခါဝယ် ဩဇာလေးနက်ပေါ် ဆိတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

မှန်ကန်သော သစ္စာစကားတစ်ခု ဖြစ်ပါ၏။

တိုင်းရင်းမြန်မာ့ဆေးများတို့တွင် သဘာဝပေါက်သော ဆေးပင်များနှင့် မျိုးပွားရန်စိုက်ပျိုးယူရသောအပင်ဟူ၍ နှစ်မျိုးနှစ်စားရှိကြပါ၏။ တချို့ဆေးပင်များသည် သဘာဝပေါက်သောဆေးပင်များဖြစ်ကြ၏။ သို့သော် လူသုံးများကြသဖြင့် မျိုးမပြုန်းစေရန်၊ စိုက်ပျိုးယူရသော ဆေးပင်တို့လည်း ရှိကြ၏။

ယခုတင်ပြမည့်ဆေးပင်မှာ ပရှတ်အေးဆေးပင် ဖြစ်၏။

■ **ဆေးပင်၏ပုံသဏ္ဌာန်**

နှစ်ကြာရှည်စွာခံသောပင်ငယ်မျိုး ဖြစ်၏။ (၁) ပေမှ (၁½) ပေထိ မြင့်၏။ ပူဒီနာပင် (ပူစီနာပင်) နှင့်တူ၏။ အကိုင်းအခက်ရှိအဆစ်များမှ အမြစ်ပွားထွက်၍ မြေကြီးပေါ်တွင်လည်း တွားသွားပြန့်ပွားနိုင်၏။ ပင်စည်မှာ လေးထောင့်ပုံရှိ၏။ အကိုင်းများ ခရမ်းရောင်သန်းနေ၏။ အမွေးနုများဖြင့် ဖုံးလွှမ်းနေ၏။ အနံ့အလွန် ထင်ရှားသည်။

ရွက်စီ၊ ရွက်ဆိုင်အလှည့်ကျထွက်၏။ ပူဒီနာအရွက်နှင့် အချို့အမျိုးသည်တူ၏။ ရွက်ထိပ်ချွန်ပြီး ရွက်ရင်းသို့သွယ်သွား၏။ ရွက်နားခွေးသွားစိပ်ကျဲကျဲရှိ၏။

အပွင့်မှာ ပင်စည်နှင့်အရွက်ကြားမှ ပတ်လည်ထွက်၏။ ပန်းပွင့်အလွန်သေးငယ်ပြီး မွေးနုများရှိ၏။ အပြာနုရောင်ရှိ၏။

■ **ပေါက်ရောက်သည့်ဒေသ**

မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးပေါက်ရောက်နိုင်၏။ သို့သော် သမပိုင်းရာသီဥတုရှိသောဒေသတွင် ပိုမိုဖြစ်ထွန်း၏။

■ **ပေါက်ရောက်ပုံမှာ**

စိုက်ပျိုးပင်ဖြစ်၏။

**စိုက်ပျိုးပုံမှာ**

မြေပြုပြင်ခြင်း - အစိုဓာတ်အားအမြဲလိုလိုထိန်းသိမ်းထားနိုင်သည့် ခဲမြေ

---

ကြီးကနေ ကယောင်ကတမ်းတွေစပြောတယ်တဲ့။ သူတာဝန်ယူတဲ့ပွဲ့ကိုစိတ်မချဘူးတဲ့။ အရာရှိကလည်းဖျားနေတယ်။ ရဲဘော်တွေလည်း သိပ်ပင်ပန်းနေပြီ။ ခံစစ်အနေအထားကလည်း အားရစရာမရှိဘူးတဲ့"

နားထောင်သူအားလုံးမှာ အံ့ဩသောမျက်နှာများသို့ ပြောင်းသွားသည်။ သားသမီးများက ကယောင်ကတမ်းပြောသည်ဟုထင်ကြသော်လည်း သူတို့တပ်စွဲသောပွဲ့တွင် တကယ်ဖြစ်နေသည်။ ထို့အတူ ဆရာကြီးမောင်မြိုင်လည်း တကယ်ရောက်လာခြင်းဖြစ်ပေသည်။ အချို့စစ်သည်များ မျက်လုံးပြူးချေပြီ။ ဆရာမောင်မြိုင်ကိုယ်တိုင်ကိုယ်ကျရောက်လာပြီး အိပ်နေသောရဲဘော်များကိုနှိုးသည်။ တပ်ကြပ်စလုကို ဂျိုဖိုးနှင့်တကွ နေရာပြောင်းခိုင်းသည်။ ရဲဘော်ခင်သိန်းအားလည်းရိုက်သွားသေးသည်။ အထက်အရာရှိထံ သတင်းပို့ရန်လည်း သူကပင် ညွှန်ကြားသွားသည်။ တစ်နည်းဆိုသော် တစ်စခန်းလုံးကိုကယ်တင်ရန်ကြိုးစားခြင်း ဖြစ်သည်။

သို့ရာတွင် ရောက်ရှိလာသူမှာ လူသားစင်စစ်တော့ မဟုတ်နိုင်ချေ။ ကြောက်တတ်သူများ အလွန်ထိတ်လန့်သွားကြလေသည်။

"ဟာ - ဒါဆို ဆရာကြီးက သရဲဖြစ်ပြီးလာတာပေါ့"

ရဲဘော်တစ်ယောက်က ရုတ်တရက်ပြောလိုက်သည်။ ထိုအပြောကို ဗိုလ်နိုင်ဝင်း စိတ်မရှည်နိုင်တော့ချေ။

"ဟေ့ကောင် သရဲဖြစ်ဖြစ်၊ တစ္ဆေဖြစ်ဖြစ် မင်းတို့ကိုလာကူညီတာ မင်းတို့ကျေးဇူးတင်ရမှာပေါ့"

"ဟုတ်. . ဟုတ်ပါတယ် ဗိုလ်ကြီး"

ပြောမိသော ရဲဘော်များက အယောင်ယောင်အမှားမှားပြန်ဖြေသည်။ လက်ရှိအခြေအနေကို ဗျူဟာမှူး ဆလိုင်းခင်မောင်ဝင်းက သဘောပေါက်သည်။ သူက အားလုံးကို လက်ကာပြလိုက်သည်။

"ကဲကဲ - ဒီကိစ္စမှာ တချို့ရဲဘော်တွေလည်း ကြောက်ကြမှာပေါ့။ ဗိုလ်နိုင်ဝင်းကလည်း ခွင့်လွှတ်လိုက်ပါ။ တပ်ရင်းပြန်ရောက်ရင် တို့တစ်တွေ ဆရာကြီးမောင်မြိုင်အတွက် ကုသိုလ်လုပ်ပေးကြရအောင်။ သူတို့မိသားစုလည်းလုပ်မှာပါ။ ဒါပေမယ့် တို့ဒီပွဲ့ကစစ်သည်တွေကလည်း အမှတ်တရလုပ်ကြတာပေါ့"

"ဟုတ်"

ဗျူဟာမှူး၏ စကားအဆုံးတွင် အားလုံး ကျေနပ်ဝမ်းသာစွာနှင့် ဟုတ်ကဲ့လိုက်ကြပါသည်။

တပ်စခန်းပြန်ရောက်သောအခါတွင် မူလက ထိုပွဲ့မှစစ်သည်များလုပ်ဆောင်သောအစီအစဉ်ဖြစ်သော်လည်း ဗျူဟာမှူးကိုယ်တိုင်ပါဝင်သည့်တတစ်ကြောင်း၊ ဆရာကြီးမောင်မြိုင်အား ချစ်ခင်လေးစားသူပေါများသည့်တတစ်ကြောင်းကြောင့် အလှူပွဲမှာ ထူးထူးခြားခြားကြီးကျယ်ခမ်းနားသွားပါသည်။

ယခုအခါ ထိုအဖြစ်အပျက်သည် နှစ်ပေါင်းများစွာကြာပြီ ဖြစ်ပါသည်။ ဗိုလ်နိုင်ဝင်းသည်ပင် ဗိုလ်မှူးကြီးဘဝနှင့် တပ်မတော်မှ အနားယူပြီး ဖြစ်ပါသည်။ စစ်မြေပြင်ကို သံယောဇဉ်ရှိလှစွာသော စစ်ပြန်ကြီးမောင်မြိုင်အကြောင်းကိုမူ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်နေပါတော့သည်။

တော်မြင့် (ကျောက်ဖျား)

www.burmeseclassic.com

မျိုးကို အနှစ်သက်ဆုံးဖြစ်သော်လည်း ရေစီးရေလာကောင်းသည့် သဲနုန်းမြေ၊ ခဲမြေများတွင်လည်း ဖြစ်ထွန်းနိုင်သည်။ စိုက်မည့်မြေအား ပွအောင်ထယ်ထိုး၊ ထွန်ယက်တူးဆွပေးပြီးနောက် အမှိုက်သရိုက်၊ ခဲလုံး၊ သစ်စများကို ဖယ်ရှား၍ အောက်ခြေ (၅)လက်မ၊ အပေါ်မျက်နှာ (၄) ပေ × (၂၅) ပေ၊ အလျား (၂၀)ပေမှ (၃၀)ပေအထိ သင့်တော်သလို ပေါင်ဖော်ပေးရမည်။ ပေါင်အမြင့်ကို (၈) ပေမှ (၁၂) လက်မအထိပြုလုပ်ပြီး တစ်ပေါင်နှင့် တစ်ပေါင် (၂) ပေ ကွာထားသင့်၏။

■ **မျိုးရွေးချယ်ခြင်း**

အပင်ပေါက်မညီသဖြင့် မျိုးစေ့မှ စိုက်ပျိုးလေ့မရှိဘဲ ရိတ်သိမ်းပြီး ကျန်ရှိနေသော မရင့်လွန်း၊ မနုလွန်းသည့် မြေတွားသွားပင်များကိုရယူ၍စိုက်ပျိုးရပါ၏။ မစိုက်မီ အဆစ်ကလေးများမှ အမြစ်ထွက်လာအောင် သဲကွင်းတွင်မြုပ်စုထားသင့်၏။

■ **စိုက်ပျိုးခြင်း**

အများအားဖြင့် နယုန်လတွင် စိုက်ရ၏။ သို့ရာတွင် သီတင်းကျွတ်နှင့် တပို့တွဲလတွင်လည်း ရေလောင်းစိုက်ပျိုးနိုင်၏။ မိုးရေများသောဒေသတွင် အဆစ်များ အစို့မထွက်ဘဲ ပုပ်တတ်သဖြင့် မိုးကုန်မှ စိုက်ပျိုးသင့်ပါ၏။

မြုပြင်ထားသည့်ပေါင်အပေါ်တွင် ရွေးချယ်ထားသော ပင်စည်တက်များကို တစ်ပင်နှင့်တစ်ပေအကွာထားပြီး အဆစ်နှစ်ဆစ်မှ သုံးဆစ်အထိ မြေမြှုပ်လျက်စိုက်သင့်၏။ အမြစ်ထွက်ပြီး ပင်စည်များကိုမူ စောင်း၍စိုက်ရမည်။

**မြုစုခြင်း**

စိုက်ပြီးစပေါင်များကို ရေအစိုဓာတ်ကို ချင့်ချိန်၍ မှန်မှန်လောင်းပေးရမည်။ ပေါင်ပေါ်တွင် ပေါင်းမြက်များမရှိစေရန် အမြဲရှင်းလင်းပေးရမည်။ ပေါင်းမြက်များရှိလာပါက ပရုတ်အေး၏ အရည်အသွေးကိုသာမက အနံ့ကိုပါ ထိခိုက်စေ၏။ မြေသြဇာအနေနှင့်မူ သဘာဝမြေသြဇာကိုသာ အနှစ်သက်ဆုံးဖြစ်ကြောင်း တွေ့ရှိရ၏။ စိုက်ပေါင်နှစ်ပေါင်တွင် (၄) ပေ × (၂၅) ပေ နွားချေးမြေသြဇာကို တစ်တင်းနှုန်းခန့်ရော စပ်၍ထည့်သွင်းရ၏။

ပထမအကြိမ် အရွက်များကို ဆွတ်ယူပြီးနောက် အပင်တက်များသန်မာလာစေရန်အတွက်လည်း နွားချေးဆွေးနှစ်တင်းထည့်ပေးရ၏။ မြေကျပ်ပါက အမြစ်များမနာစေရန် ဖြည်းညင်းစွာ မြေဆွပေးရမည်။ ရေပေးသွင်းခြင်းကို ရိတ်သိမ်းချိန်မတိုင်မီ တစ်ပတ်ခန့်မှစတင်၍ ရပ်ထားခြင်းနှင့် နေရောင်ခြည်ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့သည် ဆီထွက်နှုန်းနှင့် အဆင့်အတန်းမြင့်မားကောင်းမွန်စေသည့်အတွက် အထူးဂရုစိုက်ဆောင်ရွက်ပေးရန်လိုပါ၏။

■ **ရိတ်သိမ်းဆွတ်ခူးခြင်း**

စိုက်ပြီး (၇၅) ရက်မှ (၈၀)ရက်အတွင်း ရာသီဥတုကိုလိုက်၍ စိုက်ခင်း၏ သုံးပုံတစ်ပုံခန့် စတင်ဖူးပွင့်လာသည်ကို တွေ့ရ၏။ ထိုအချိန်မှစ၍ အရွက်များကို စတင်ရိတ်သိမ်းနိုင်ပါ၏။ ရိတ်သိမ်းခြင်းကို နေ့လယ် (၁၀) နာရီမှ (၁၂)နာရီအတွင်း ပြုလုပ်ပါလျှင် ဆီထွက်အများဆုံးရရှိ၏။ ရိတ်သိမ်းရာတွင် မြေပြင်မှ (၄)လက်မအကွာတွင် တံစဉ်ဖြင့်ညီညာစွာ ဖြတ်၍ရိတ်ရပါမည်။ သို့မှ အနောက်တစ်ကြိမ်အပင်တက်မြန်ပါ၏။ ရိတ်ပြီးအငုတ်များကို နှစ်ပတ်ခန့်ရေမှန်မှန်လောင်းပေးခြင်း၊ ရေသွင်းပြီးနောက် နှစ်ပတ်အကြာ မြေသြဇာကျွေးခြင်းများကို ဆောင်ရွက်ရပါမည်။ ရိတ်သိမ်းပြီးအရွက်များကို ခြင်းထဲတွင် ငှက်ပျောရွက်ခံ၍ သယ်ယူပြီး. အရိပ်တွင်ဖြန့်၍ ညှိုးနွမ်းစေရမည်။

ရေမြေရာသီဥတုတို့ကိုကြည့်ကာ တစ်နှစ်လျှင် (၂) ကြိမ်မှ (၃)ကြိမ်အထိ သီတင်းကျွတ်၊ တပို့တွဲ၊ ကဆုန်လတို့တွင် ရိတ်သိမ်းနိုင်၏။

■ **အသုံးပြုသည့်အစိတ်အပိုင်း**

ဆေးပင်၏ ပဥ္စင်းပါး၊ အရွက်၊ အရွက်စိုပေါင် (၁၀၀) မှ မင်သော်ဆီ (၀. ၃၄) ပေါင် ထုတ်ယူနိုင်၏။

**ဆေး၏အကျိုးအာနိသင်**

ပရုတ်အေးပင်သည် ထက်မြက်သောအရသာရှိ၍ အနံ့မွှေးကြိုင်၏။ သလိပ်ကိုနိုင်၏။ရာသီသွေးကိုသက်ဆင်းစေ၏။ ကျောက်ကပ်ကို အားပေး၏။ အသည်းနှင့်သရက်ရွက်ရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ အကြောအဆစ်ရောင်နာတို့၌ အကျိုးများစွာပြု၏။ ပရုတ်အေးအပင်အခြောက်သည် အဖျားနှင့်ရေငတ်ရောဂါကို ကင်းငြိမ်းစေ၏။ ဝမ်းမီးကိုတောက်စေ၏။ ဆီးကိုရွှင်စေ၏။

■ **အသုံးပြုပုံ**

ပဥ္စင်းပါးကို လေဆေး၊ ဝမ်းဖောဝမ်းရောင်ပျောက်ဆေး၊ အစာအိမ်အားတိုးဆေး၊ အဖျားကျဆေးနှင့်အကြောဆွဲရောဂါအတွက် ဖော်စပ်သောဆေးများတွင် ပရုတ်အေးကို ထည့်သွင်းအသုံးပြု၏။

ပရုတ်အေးပင်ကို ပြုတ်သောက်သော် ဝမ်းဗိုက်နာပျောက်ကင်းစေ၏။

■ **အရွက်**

အရွက်ကို ပျားရည်နှင့်ရောလျက်သော် ဝမ်းသက်ရောဂါပျောက်ကင်းပါ၏။

အရွက်ကို ပြုတ်သောက်သော် အကြောအဆစ်ရောင်ခြင်း၊ ကိုက်ခြင်း၊ လည်ချောင်းနာခြင်း၊ ချောင်းဆိုးခြင်း ပျောက်ကင်းပါ၏။

အအေးဖျားဖျားသော် အရွက်ကို ချင်းခြောက်နှင့်ပြုတ်သောက်ပါ။ ရွက်နုကို ကြိတ်ရှူသော် တွေဝေမူးမိုက်ခြင်းပျောက်၍ ဦးနှောက်ကိုကြည်လင်စေ၏။

အရွက်ရည်ကို လိမ်းကျံပေးသော် နဖူး၊ မျက်ရိုးကိုက်ခြင်းပျောက်ကင်း၏။ အရွက်ကိုပေါင်းချေးပြုလုပ်၍တိုက်သော် ကလေးများ ဝမ်းဗိုက်နာခြင်းပျောက်ပါ၏။

အရွက်ချေးပြန်ရည်သောက်သော် ဇံသွေးတိုးရောဂါပျောက်ပါ၏။ အရွက်ကို ဝါး၍ ကြောင်ကိုက်သောနေရာသို့ လိမ်းပေးသော် ကြောင်ဆိပ်ပြယ်၏။

ပျို့အန်ခြင်းပျောက်ကင်းစေတတ်သောဆေးတွင် ပရုတ်အေးကိုထည့်၍ သောက်သော် ပိုမိုလျင်မြန်စွာပျောက်ကင်းစေနိုင်၏။ ပရုတ်အေးမှ ပရုတ်ဆီထုတ်၍ ပရုတ်ဆီမှ ပရုတ်ခဲပြုလုပ်ပြီး သွားတိုက်ဆေး၊ ချိုချဉ်၊ ဆပ်ပြာ၊ ဆပ်ပြာမွှေး၊ အမွှေးအကြိုင်နှင့် အဖျော်ယမကာများတွင် အားအင်ဖြည့်ဆေးအဖြစ် ထည့်သွင်းအသုံးပြုပါ၏။

ဤအထက်ပါဖော်ပြပါ ဆေးပင်ကို ဉာဏ်ရှိသလိုကွန့်၍ အသုံးပြု၍ရနိုင်ပါ၏။

တိုင်းရင်းဆေးဗဟုသုတတို့ပြည့်ဝကုံလုံပြည့်စုံနိုင်ကြပါစေ။ သစ္စာမေတ္တာတရားများစွာဖြင့် ကျန်းမာချမ်းသာကြပါစေ၊ လိုအင်ဆန္ဒတို့ ပြည့်စုံနိုင်ကြပါစေ။ မွန်မြတ်သောစိတ်စေတနာမှန်ဖြင့်. . .

မပဘာနွယ်(မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com


# သုရဿမဂ္ဂဇင်းရုံးခန်းနှင့်ဖြန့်ချိရာနေရာ
# ယခင်လိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

စာမူများပေးပို့ရာတွင်

**စာတိုက်သေတ္တာအမှတ် (၁၀၄၃)**

သို့မဟုတ်

**ပညာရွှေတောင်စာအုပ်တိုက်**

**အမှတ်(၉၀၊၉၂) ပန်းဆိုးတန်းလမ်း**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း။

ဦးအောင်မြတ်
စာတည်းချုပ်



ဝိဇ္ဇာဓရ ဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

**ရွှေပြည်မင်း** ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)
**တိုင်းရင်းဆေးကုဌာန**

အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။

နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်နှင့် ဆီးကျိတ်ရောဂါ။ လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ စအိုဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။

အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ နှစ်ရှည်လများမီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မနာမကျင်စေဘဲနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။

**ခန္ဓာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊အကျိတ်၊အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါ** အမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

ဆေးခန်းဖွင့်ချိန် - နေ့လယ် (၁၂)နာရီ မှ ည (၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။

အမှတ်-၂၇၊အပိုင်း(၃)၊၁၄ရပ်ကွက်၊သံသုမာလမ်းမကြီး၊မြင်သာ၊တောင်ဥက္ကလာ၊ရန်ကုန်မြို့။ ☎-၅၇၇၇၆၄၃၊ ၀၉ ၄၃၁၉၅၄၃၉၊ ၀၉ ၈၅၁၁၁၁၆




www.burmeseclassic.com1

www.burmeseclassic.com

အဘဘိုးတော်ဦးထွန်းအောင်သည် သူ၏ဓာတ်လုံးကို အစာကျွေးရန်အတွက် ပြင်ဆင်နေသည်။ ဓာတ်လုံးကို ဖျံဥ ကျွေးရသည်။ဖျံဥကို အလယ်မှအခေါင်း ကလေးဖြစ်အောင်ထွင်း၍ ဓာတ်လုံးကို ထည့်ပြီးနောက် ရွှံ့ဖြင့်မံကာ ဖွဲမီးဖြင့်ဖုတ် ရသည်။ ဖွဲမီးကျသွားပြီး ဖျံဥနူးနပ်ပြော ဖြစ်သွားလျှင် တစ်နေ့တာလုပ်ငန်းပြီး သွားပြီ ဖြစ်သည်။ အဘဘိုးတော်ဦးထွန်း အောင်သည် ဖျံဥရဖို့အတွက် ကလေး တွေကိုခိုင်းစေရသည်။ ဖျံဥသည် ရွာအနီး တွင် မရှိမရနိုင်ပေ။ ရပြန်တော့လည်း တစ်ဥစနှစ်ဥစသာရသည်။ များများရလို သဖြင့် တောသို့သွားရောက်ရှာဖွေရ သည်။ အဘဦးထွန်းအောင်သည် ဖျံဥ တွေနှင့် နေ့စဉ် ဓာတ်လုံးကို အစာကျွေး ရသည်။

အဘဦးထွန်းအောင်က ကလေး တွေကို မုန့်ဖိုးပေး၊ မုန့်ဝယ်ကျွေးကာ ကလေးအကြိုက်လိုက်၍ ခိုင်းရစေရ သည်။ အဘဘိုးတော်ဦးထွန်းအောင်နှင့် ကလေးတွေပျော်ရွှင်နေကြသည်။ အဘ နှင့်တွေ့လျှင် မုန့်စားရသည်။ မုန့်ဖိုးရ သည်ဆိုတာသိနေသဖြင့် အဘအနီးမှ မခွာကြ။ အဘခိုင်းတာလုပ်ပေးနေကြ သည်။

"အဘဘယ်ကလာသလဲ"

ဟုမေးကြည့်ရာ ရွှေတိဂုံကလာ တာဟုဖြေသည်။ အဘဦးထွန်းအောင် ၏လာရာဇာတိကို မည်သူမျှမသိကြ။

"အဘ ဒီကိုဘာလာလုပ်တာလဲ"

ဟု မေးကြည့်ပြန်ရာ -

"အဘက ဓာတ်တစ်လုံးကို အစာ ကျွေးဖို့လာတာ"

ဟု ပြန်ဖြေသည်။

"အဘဓာတ်လုံးကဘာစွမ်းသလဲ"

ဟု မေးပြန်ရာ -

အဘဓာတ်လုံးက အောင်ပြီဆိုရင် ဘာမဆိုလုပ်လို့ရတယ်ကွယ့်။ အဘ ဓာတ်လုံးက ဖျံဥကျွေးဖို့လိုနေတာ။ ဖျံဥ က အဘတို့ဆီမှာမရှိဘူးကွယ့်။ အဲဒါ ကြောင့် ဒီအရပ်ကိုလာခဲ့တာပဲ"

ဟုဆိုသည်။

"အဘဓာတ်လုံးက အောင်ပြီဆို ရင် ဘယ်လိုစွမ်းတာလဲ အဘရဲ့"

"အဘဓာတ်လုံးကအောင်ပြီဆိုရင် ရွှေလိုချင်ရွှေ၊ ငွေလိုချင်ငွေ လိုချင်တာ အကုန်ဖြစ်တာကွယ့်။ ရောဂါဘယတွေ ဖြစ်ရင်လည်း ဓာတ်လုံးနဲ့ကုရင် အကုန် ပျောက်ကုန်တာပေါ့"

ကျောင်းသားလေးတွေမှာ အဘ ပြောစကားအရ အဘအား စိတ်ဝင်စား နေကြသည်။ ဓာတ်လုံးကို တစ်ညလုံး ဖွဲမီးဖြင့်အုံးပြီး မိုးလင်းလျှင် ဖွဲမီးလည်း ပြာကျ၊ ဖျံဥလည်း နူးနပ်ပြီး ဓာတ်လုံး လည်း အရောင်တဝင်းဝင်းနှင့်ဖြစ်နေ လေပြီ။ အဘဘိုးတော်ဦးထွန်းအောင် သည် မည်သည့်အရပ်မှလာသည်ဟု ဖွင့်ဟမပြောသော်လည်း သူက ရွှေတိဂုံ ကဟုသာဆိုသည်။ ရခိုင်ပြည်နယ် လင်းသီရွာသို့ရောက်လာစဉ်က အသိ ကျွမ်းမရှိသဖြင့် ရွာဦးကျောင်းမှ ဆရာ တော်ဆီမှာ တည်းခိုသည်။ ဆရာတော် မှာ ဓာတ်လုံးတစ်လုံးဖြင့်ဖိုထိုးနေသည်။ ဆရာတော်ဦးဝိလာသက ထွက်ရပ်ပေါက် လမ်းကိုလိုက်ပြီး ဖိုထိုးနေသည်။ သို့သော် ဒကာ၊ ဒကာမတို့အတွက်ပါ ရွှေဖြစ်ငွေ ဖြစ်လုပ်ပေးရသေးသည်။ ရွှေစငွေစလေး တွေပေးပြီး သူတို့၏ သားမြေးတို့ကို မီးသွေးဖုတ်ရာသို့ ခေါ်သွားပြီး ခိုင်းရ စေရသည်။

ကျောင်းတွင် စာသင်ရန်အတွက် ရောက်နေသော ကလေးတွေ (၁၀) ယောက်လောက်ရှိသည်။ မနက်ဘုန်း ကြီးဝေယျာဝစ္စဆောင်ရွက်ပြီး နေ့လယ် ဘက်တွင်စာအံစာကျက်ရသည်။အဖိတ် နေ့ကျလျှင် ကလေးတွေနှင့်တောတက် ထင်းခုတ်မီးသွေးဖုတ်ရသည်။

တစ်နေ့တွင် ဝတ်ဖြူစင်ကြယ်နှင့် အသက် (၅၀)ကျော်ရှိ လူတစ်ယောက် ရောက်လာသည်။

"တပည့်တော်၊ ဒီကျောင်းမှာ တည်းခိုပါရစေဘုရား။ တပည့်တော်မှာ ဓာတ်လုံးတစ်လုံးအစာကျွေးဖို့ ဖျံဥလိုနေ လို့ ဒီအရပ်ကိုရောက်လာတာပါဘုရား တည်းခိုခွင့်ပြုပါ"

ဟုဆိုလေလျှင် ဆရာတော်လည်း ဖိုသမားချင်းမို့ ခွင့်ပြုလိုက်လေသည်။ ဆရာတော်၏ ဖိုလုပ်ငန်းကိုလည်း ရောက်လာသူ လူသစ်က ကူညီဆောင် ရွက်ပေးသည်။ ရွှေစငွေစဖြစ်ဖို့ လမ်းညွှန် ပေးသည်။ ဒကာ၊ ဒကာမကြည်ညိုရန် အတွက် ရွှေဖြစ်ငွေဖြစ်ကိုလည်း လမ်း ညွှန်လမ်းပြလုပ်ပေးသည်။

"ဖျံဥက ကျောင်းသားကလေး တွေကို အတူးခိုင်း။ တောမှာ ဖျံပင်တွေ ပေါတယ်။ ဟေ့ - မောင်ဇာဂျာတို့၊ မောင်ကြည်ထွန်းတို့ နင်တို့အဘကိုတော တက်ဖျံဥတူးပေးလိုက်ကြကြားလား"

"တင့်ပါဘုရား"

စာသင်ရန်ရောက်နေသည့်ကျောင်း သားလေးတွေက များလှသည်။ ဇာဂျာ၊ ငထွန်း၊ တွတ်နီ၊ ကြည်ထွန်း စသည်ဖြင့် (၁၀) ယောက်ခန့်ရှိသည်။ ရွာကျောင်း မထားနိုင်ကြသဖြင့် ဘုန်းတော်ကြီး ကျောင်းတွင် စာရေးစာဖတ်တတ်ရန် ပို့ထားကြသည်။ (၉)နာရီထိုးလျှင်ဆွမ်းခံ ထွက်၊ (၁၀)နာရီခွဲဆွမ်းစား၊ စားပြီးတစ်ရေး တစ်မောအိပ်၊ အိပ်ပြီးလျှင်ညနေ(၃)နာရီ ထိ စာကျက်စာအံကြရမည်။ ညစာကျ တော့ ဆွမ်းဟင်းကျန်လျှင် မျှစားကြ၊ မကျန်လျှင် မိမိအိမ်ပြန်စားကြ။ ည ပြန်လာမအိပ်မီ စာကျက်ကြ။ ပျော်စရာ



www.burmeseclassic.com1

www.burmeseclassic.com



# မောင်လင်းခိုင်

## ထွက်ရပ်ပေါက်ပုဂ္ဂိုလ် အဘဦးထွန်းအောင်နှင့် သရဲပြေးဂါထာတောင်းခဲ့သူ

တော့ ကောင်းသည်။ အဘဦးထွန်းအောင်ရောက်လာတော့ အဘဦးထွန်းအောင်၏ဝေယျာဝစ္စလုပ်ကိုင်ပေးရသည်။

အဘဦးထွန်းအောင်၏ ဝေယျာဝစ္စလုပ်ဖို့အတွက် မညည်းမညူကြဘဲ အဘ ခိုင်းပါစေဟုပင် ဆုတောင်းနေကြသည်။အဘတွင် ပိုက်ဆံထည့်သည့် အိတ်ကလေးက ဖောင်းမနေဘဲ ပိန်ကပ်နေသည်။ ထိုပိန်ကပ်အိတ်ကလေးထဲမှ ဇစ်ကိုဆွဲဖွင့်ကာ -

"ရော့ - တစ်ယောက် တစ်ကျပ်"

ပေးလေသည်။ ဘာမှရှိသည် မထင်ရသော အိတ်ပိန်ကပ်ကလေးထဲမှ နေ့စဉ် ပိုက်ဆံထုတ်ပေးနေသည်မှာ ကလေးတွေ အံ့သြနေကြသည်။ ထိုများလှသည့်ကျောင်းသားကလေးတွေကျမှ မောင်ဗာဂျာ ဆိုသော ကျောင်းသားကလေးကို ရွေးပြီးခေါ်



www.burmeseclassic.com1

www.burmeseclassic.com

ထားသည်။

"မင်းကိုငါအကဲခတ်ကြည့်တယ်။ မင်းက ရိုးသားတယ်၊ အေးဆေးတယ်။ ဒါကြောင့် မင်းကို ငါ့အနားခေါ်ထားတာ"

ဟုမောင်ဇာဂျာကိုပြောသည်။ မီးအုံးထားသော ဖျံ့ဥတွေမှာ ကန့်စွန်းဥမီးဖုတ်ထားသကဲ့သို့ နူးအိကာယိုဖြင့်လုပ်ထားသောမုန့်လို စားချင့်စဖွယ်ရှိနေလေသည်။ သို့သော် မည်သူမျှလက်နှင့်မတို့ထိကြပေ။

တစ်နေ့တွင် စိတ်ဝေဒနာသည် ဦးဘိုးချိန်ကြီး ရောက်လာလေသည်။ သူရောက်လာသည်က မွန်းလွဲ (၁) နာရီလောက်ရှိပေပြီ။

"ကောင်လေးတွေ ငါဗိုက်ဆာတယ်ကွာ ထမင်းစားချင်တယ်"

ဟုပြောလေသည်။

"အဘရယ် ထမင်းတွေဟင်းတွေမရှိတော့ဘူး။ အားလုံးကုန်နေပြီ"

ဦးဘိုးချိန်သည် ဘာမှမပြောတော့ဘဲ သိမ်ထဲသို့ထွက်သွားလေသည်။ သိမ်ထဲတွင် အဘဦးထွန်းအောင် ဓာတ်လုံးမီးအုံးနေသည်။ သိမ်ထဲရောက်သောအခါ -

"ငါဗိုက်ဆာတယ်။ ဘာစားဖို့ရှိလဲ"

ဟု မေးလေသည်။

အဘဦးထွန်းအောင်က သူမီးအုံးထားသော ဖျံ့ဥတွေကို လက်ညှိုးထိုးပြကာ -

"အဲဒါစား"

ဟုပြောလေသည်။ ဦးဘိုးချိန်ကြီးသည် အဘဦးထွန်းအောင်ညွှန်ပြသော မီးအုံးထားသော ဖျံ့ဥများကိုယူ၍ အားရပါးရစားလေတော့သည်။ ဖျံ့ဥသည်ယားသည်။ မည်သူမျှမစားကြ။ ကျောင်းသားကလေးတွေမြင်သောအခါ ဒီဖျံ့ဥစားနေတာယားလို့ သေတော့မှာဘဲဟု တွေးပူနေကြသည်။ ဦးဘိုးချိန်ကြီး မြိန်မြိန်ရှက်ရှက်စားနေသည်ကို မြင်ရသော ကျောင်းသားကလေးများမှာ မနေနိုင်ကြတော့ဘဲနည်းနည်းယူစားကြည့်ကြသည်။ လုံးဝမယား၊ စားလို့ပင် အရသာရှိသေးတော့သည်။ ထိုနေ့မှစ၍ ဖျံ့ဥမီးအုံးများကို ကျောင်းသားလေးတွေ လုယက်စားလေတော့သည်။

"မောင်ဇာဂျာ၊ ငါ့ဓာတ်လုံးဖျံ့ဥတော့ ကျွေးပြီးပြီ။ နောက်တစ်ခု အညစ်အကြေးကျွေးဖို့ ကျန်သေးတယ်ကွယ့်။ ငါ့ကို နွားချေးရှာပေးပါလား"

ဟု ခိုင်းလေသည်။

"တခြားအညစ်အကြေးကောကျွေးလို့မရဘူးလား အဘရဲ့"

"တခြားအညစ်အကြေးတွေနဲ့မရဘူး။ ငါ မစင်(ချေး)နဲ့လည်း ကျွေးပြီးပြီ မရဘူး။ ဒီတစ်ခါ နွားချေးလှည့်ပြီးကျွေးကြည့်ဦးမယ်။ ဒါကြောင့် ငါ မင်းကို နွားချေးရှာခိုင်းတာ"

"ရပါတယ် အဘ။ ရွာထဲမှာ နွားချေးတွေအများကြီးပဲ"

ဇာဂျာသည် အဘဦးထွန်းအောင်အတွက် နွားချေးရှာပေးလိုက်သည်။

အဘဦးထွန်းအောင်သည် ဓာတ်လုံးကို နွားချေးနှင့်မံပြီး ခွက်ကြီးတစ်ခုထဲတွင်ထည့်ကာ အဖုံးအုပ်ထားလိုက်လေသည်။ အဘဦးထွန်းအောင်သည် နံနက် (၅)နာရီထပြီး ဘုရားဝတ်ပြုအမျှတန်းဝေပြီး သူ့ဓာတ်လုံးကို ဖွင့်ကြည့်လိုက်ရာ အရောင်တဝင်းဝင်းတောက်ပ၍ လင်းထိန်နေလေတော့သည်။ အဘဦးထွန်းအောင်သည် ဝမ်းသာပီတိဖြင့် -

"အောင်ပြီ အောင်ပြီ"

ဟု ကျူးရင့်လိုက်လေသည်။

ဇာဂျာကလေး ရောက်သွားသောအခါ-

"လူကလေး ငါ့ကိစ္စပြီးပြီ။ ငါ့ဓာတ်လုံးအောင်သွားပြီ။ ငါပြန်တော့မယ်"

ဟု ဆိုလေသည်။

"အဘဘယ်ကိုပြန်မှာလဲ"

ဟု မေးရာ -

"ရွှေတိဂုံကိုပြန်မှာ"

"အဘပြန်သွားတော့ အဘနဲ့ဝေးရပြီပေါ့အဘရယ်။နောင်အဘနဲ့မတွေ့ရတော့ဘူးပေါ့နော်"

ဟု ဇာဂျာက ဝမ်းနည်းသံနှင့်ပြောလိုက်ရာ-

"မဝေးပါဘူး လူကလေးရယ်။ အဘနဲ့တွေ့ချင်ရင် တွေ့လို့ရပါတယ်။ အဘကိုသာ တ,လိုက် အဘလာခဲ့မယ်။ ဒါပေမယ့် တစ်ခုမှတ်ထားနော်။ ဘုရားရှိခိုးအမျှတန်းဝေ ငါးပါးသီလခံပြီး အဘကိုသာတ,လိုက် အဘရောက်လာမှာပါ"

အဘဦးထွန်းအောင်သည် ပြန်မည်ဆိုသဖြင့် အားလုံးစိတ်မကောင်းကြ ဆရာတော်ကို နှုတ်ဆက်ပြီးပြန်သွားလေသည်။ မောင်ဇာဂျာတို့လိုက်ပို့ကြသည်။ အဘရှေ့မှသွားပြီး မောင်ဇာဂျာတို့က နောက်ကလိုက်သွားကြသည်။ ကျောင်းနှင့်ရွာလမ်းမကြီးမှာ တစ်ဖာလုံခွဲလောက်ဝေးသည်။ မောင်ဇာဂျာတို့က စကားအပြောပြောနှင့်နောက်ကလိုက်သွားသည်။ ရွာလယ်လမ်းသို့ ရောက်သောအခါ အဘဦးထွန်းအောင်ကို မတွေ့လိုက်ရတော့ပေ။

"ဟင် - အဘမရှိတော့ဘူး။ အဘဘယ်ရောက်သွားသလဲမသိဘူး"

ဟု တစ်ယောက်တစ်ယောက်မေးရာ ဘယ်သူမှမသိမမြင်လိုက်ကြ။

အဘဦးထွန်းအောင်ပျောက်သွားလေသည်။ မောင်ဇာဂျာတို့ကျောင်းသို့ပြန်လာခဲ့ကြလေသည်။

အချိန်ကာလကြာမြင့်၍ မောင်ဇာဂျာတို့လည်း ဘုန်းကြီးကျောင်းမှခွဲကာ အိမ်ထောင်ယာသာကျကုန်ကြလေတော့သည်။ အဘဦးထွန်းအောင်ကိုလည်း မေ့ပျောက်နေလေတော့သည်။မောင်ဇာဂျာသည် အိမ်ထောင်ကျပြီး ယောက္ခမများနှင့်အတူ နေထိုင်ကြရာ လူဦးရေကလည်းများ၊ အလုပ်အကိုင်ကလည်း မည်မည်ရရမရှိသဖြင့် အိုးအိမ်ခွဲကာ နေထိုင်ကြလေသည်။ ဘုန်းကြီးကျောင်းတွင် နှစ်ရှည်လများနေခဲ့ရ၍ ပြင်ပများ လုပ်ငန်းကိုင်ငန်းများဘာတစ်ခုမှလုပ်ကိုင်တတ်ခြင်းမရှိ။ လယ်ထွန်ပျိုးနုတ်အလုပ်လည်း မကျွမ်းကျင်။ ပင်လယ်ဆင်း၍ ငါးရှာဖားရှာကိုလည်း မကျွမ်းကျင်။ ဘာအလုပ်လုပ်ရမည်လဲဟု စဉ်းစားနေဆဲ။ သူ့အပေါင်းအသင်းတချို့ အုန်းပင်တက်၍အုန်းသီးခူးနေကြသည်။ လင်းသီရွာမှာ အုန်းပင်တွေပေါလှသည်။

သူလည်း အုန်းပင်တက် အုန်းသီးခူးရလျှင် ကောင်း၍ဟုကြံသည်။သို့သော် သစ်ပင်တက်လျှင် သစ်ပင်စောင့်ပုဂ္ဂိုလ်တို့ရှိကြသည်။ ထိုအစောင့်ပုဂ္ဂိုလ်တို့ အန္တရာယ်မပေးအောင် ဘယ်သို့လုပ်ရမည်နည်းဟုတွေးသည်။ ထိုစဉ် အဘဦးထွန်းအောင်ကို သတိရမိသည်။ အဘက သူ့ကိုတွေ့ချင်ပါကတ,လိုက်ဟုပြောထားဖူးသည်။ မောင်ဇာဂျာသည် သတိရလျှင်ရချင်း အဘမှာခဲ့သည့်အတိုင်း ဘုရားရှိခိုး အလင်းတိုင်ထွန်း အမျှတန်းဝေ ငါးပါးသီလခံယူပြီး အဘကိုတ,လိုက်သည်။

"အဘကို တွေ့ချင်ပါတယ်။ အဘရောက်လာပါစေ"

အဘကိုတ,ပြီးမကြာမီမှာပင် အိမ်ရှေ့တွင် ဝတ်ဖြူစင်ကြယ်နှင့်အဘပေါ်လာလေသည်။ မီးမရှိသောအရပ်မို့ မိုးချုပ်၍ ဖယောင်းတိုင်ထွန်းလျှင်ထွန်း၊ မထွန်းပါက ရေနံဆီမီးခွက်တို့ဖြင့်နေကြပြီး အနည်းငယ်မိုးချုပ်သည်နှင့်အိပ်ရာဝင်ကြလေတော့သည်။ မောင်ဇာဂျာသည် သူများတကာအိပ်ရာဝင်ကြသော



www.burmeseclassic.com

www.burmeseclassic.com

လည်း မောင်ဗာဂျာသည် သူများတကာ အိပ်ရာဝင်ကြသောလည်း မအိပ်နိုင်ဘဲ ဆီမီးပူဇော်၍ ငါးပါးသီလခံယူကာ အဘကိုတ,မိလေသည်။ အဘကလည်း မှာထားပြောဆိုခဲ့သည့်အတိုင်း မောင်ဗာဂျာ ရှိရာသို့ ရောက်ရှိလာခဲ့လေ၏။ မောင်ဗာဂျာသည် အဘရှိရာသို့ထွက်လာခဲ့ပြီး အဘကို ဦးတိုက်ကာ အရိုသေပေးလေသည်။

အဘက -

"ငါ့သား အဘကို ဘာကိစ္စနဲ့တ,ရသလဲ"

ဟုမေးလေသည်။

မောင်ဗာဂျာကလည်း သူဖြစ်ချင်ရာ သူ့လိုချင်လိုရာကိုပြောလေသည်။

"အဘရယ် သားမှာအလုပ်ကိုင်မရှိဘူး။ သားမယားရနေပြီဖြစ်လို့ ရှာဖွေလုပ်ကိုင်ကျွေးမွေးနေရပါတယ်။ သားဘာအလုပ်မှမည်မည်ရရမလုပ်တတ်မကိုင်တတ်လို့ သားအုန်းပင်တက်အုန်းသီးခူးချင်တယ်။ အပင်မှာစောင့်နေတဲ့ပုဂ္ဂိုလ်တွေ အနှောင့်ယှက်မပေးအောင်အတားဆီးအဟန့်တားကင်းစေချင်ပါတယ်။ သားကို ကူညီစောင့်ရှောက်ခဲ့ပါ"

"ကောင်းပြီ သား။ သားကို ဂါထာလေးတစ်ခု သင်ပေးခဲ့မယ်။ အဲဒီဂါထာနဲ့ လူသေခေါင်းထမ်းတဲ့ဝါးကိုခွဲ၊ ဝါးခြမ်းမှာ 'ဥဗုဒ္ဓအာဏာပိသာသေဟ' လို့ရေး။ ရေးပြီးအပင်မှာကပ်ထား။ ဘယ်လိုပုဂ္ဂိုလ်မှ အနှောင့်အယှက်မပေးနိုင်ဘူး"

ပြောကာ ဂါထာကို သင်ပေးလေသည်။ သုံးကြိမ်သုံးခါသင်ပေးပြီး -

"ရပြီလား သား"

"ဟုတ်ကဲ့ ရပါပြီ အဘ"

"သားအဆင်ပြေသွားပါလိမ့်မယ်။ နောင်လည်း သား အလိုရှိရင် အဘကို တ,လိုက်။ အဘသွားတော့မယ်"

ဟုပြောပြီး အဘမှာ ဗာဂျာ၏ရှေ့မှာပင်ပျောက်သွားလေသည်။ မောင်ဗာဂျာသည် အဘပြောသလို စာရေးပြီး အလွန်အခြောက်အလှန့်ကြီးသော ညောင်ပင်သည် လုံးဝမခြောက်လှန့်တော့ဘဲ ညောင်ပင်ခြေရင်းတွင် ကင်းလိပ်ချော တစ်ကောင်နှင့်ပုတ်သင်တစ်ကောင်သေနေသည်ကို တွေ့ရလေသည်။

ဗာဂျာသည် အုန်းပင်တက်မည်ပြင်တိုင်း အဘပြောသည့်ဂါထာကိုရေးပြီး အပင်မှာကပ်ကာ သစ်ပင်တက်လေသည်။

သူများမတက်ဝံ့သော အပင်ကို တက်၍ အုန်းသီးခူးသည်။ စီးပွားဖြစ် မစုနိုင်မဆောင်းနိုင်သော်လည်း စားရေးသောက်ရေး ချောင်လည်လေသည်။ ယခုအချိန်တွင် ခေတ်ကလည်းပြောင်းလာ၊ လူဦးရေကလည်းတိုးလာပြီး အုန်းသီးဈေးကလည်း မကောင်းတော့သဖြင့် မောင်ဗာဂျာအုန်းသီးမတက်ရတော့ချေ။ လင်းသီရွာသည် ပင်လယ်ကမ်းခြေရွာကြီးတစ်ရွာမို့ ပိုက်ဆံရှိသူဌေးကြီးတွေ မျက်စိအမြင်ကျယ်ကာ အုန်းပင်တွေလှဲ၊ တည်းခိုခန်း၊ ဟိုတယ်တွေဆောက်ကာ စီးပွားရှာနေကြလေပြီ။ ဗာဂျာမှာ အသက်ကလည်းကြီးလာကာ အုန်းပင်မတက်နိုင်တော့ဘဲ သားသမီးတွေကို မှီခိုနေရလေတော့သည်။

■

ဗာဂျာသည် သူ၏ကိုယ်တွေ့အဖြစ်ပျက်ကို ကျွန်တော့်ကိုပြောပြပါသည်။ ကျွန်တော်က ရန်ကုန်မြို့မှာ နှစ်ပေါင်း (၅၀) မျှ နေထိုင်ကျင်လည်ခဲ့ပြီး ရွာနှင့်အဆက်ပြတ်နေခဲ့လေသည်။ ရွာတွင် ဘာတွေဖြစ်ပျက်ခဲ့သည်တို့ကို မသိနိုင်ခဲ့ချေ။ ဗာဂျာပြောပြမှသာ သိရပေတော့သည်။ သူပြောပြပြီး ကျွန်တော်က မေးခွန်းတစ်ခုမေးသည်။

"ဗာဂျာ၊ မင်းအဘကိုတ,ပြီး အဘရောက်လာတော့ တောင်းစရာရှားလို့ သရဲနိုင်ဂါထာ တောင်းရသလားကွာ။ ဆေးမြစ်တို့၊ စွန်ကျောက်တို့၊ လိုတရအိတ်တို့ မင်းတောင်းပါလားကွာ"

"အေး - သူငယ်ချင်းရေ မင်းပြောတာမှန်ပါတယ်။ ငါလည်းဘာမှမသိမရဘူး။ အုန်းပင်တက်ဖို့ပဲစိတ်စောနေတော့ သရဲနိုင်ဂါထာပဲတောင်းမိတယ်ကွာ"

"အဘက ထွက်ရပ်ပေါက်ပုဂ္ဂိုလ် မင်းလိုချင်တာတောင်းရင် ရနိုင်တာပဲ။ ရှင်ဘုရင်ခေတ်က ချင်းကြီးတစ်ယောက် လိုဖြစ်နေပြီ"

"ဘယ်လိုလဲကွ ပြောပါဦး"

"ဘုရင်က ချင်းကြီးကိုသနားလို့ မောင်မင်းလိုချင်တာ တောင်းစေလို့ပြောတော့ ချင်းကြီးက မားသွေးကျောက် ကောင်းကောင်းတစ်တုံးလိုချင်ပါတယ်လို့ တောင်းသလိုဖြစ်နေပြီကွာ"

"အေး - ဟုတ်တယ်ကွာ ငါလည်း တခြားတောင်းရမယ့်ဟာ လုံးဝသတိမရဘူး။ ဩော် - ဒါထက် ငါ့ကို အဘက ဆေးတောင့်ကလေးတစ်တောင့်ပေးထားခဲ့တယ်။ လိုရာသုံးတဲ့။ ဆေးတောင့်ကို သွေးလိမ်းသောက်၊ အဖုအကြိတ်ကိုယ်တွင်းရောဂါအကုန်ပျောက်။ အဲဒါကွာ ငါ့မိန်းမက ဘယ်မှာသိမ်းထားလိုက်မှန်း မသိတော့ပျောက်ဆုံးရော"

"အေး - ဆင်းရဲဇာတာပါတဲ့ လူတစ်ယောက်ဘယ်လောက်ပဲမစမစ မလို့မရဘူး။ သိကြားမင်းက လူတစ်ယောက် ဆင်းရဲလွန်းလို့ ငွေထုပ်ကြီးလမ်းပေါ် ချထားပေးတယ်။ အပေါ် မော့သွားတယ်။ အပေါ် မှာချိတ်ထားတော့ အောက်ငုံ့သွားတယ်။ အိမ်ရှေ့ဝင်ပေါက်မှာ ချိတ်ထားတော့ အိမ်ကို နောက်ဖေးပေါက်က ဝင်တယ်။ နောက်ဆုံး အုန်းသီးထဲထည့်ပေးတော့ အိမ်မှာကလေးတွေများတယ်ဆိုပြီး ငှက်ပျောသီးတစ်ဖီးနဲ့လဲတတ်တဲ့။ မင်းက အဲဒီလိုဖြစ်နေပြီ။ ဗာဂျာ၊ တို့အဘက မင်းကိုအလိုရှိရင်တ,ပါလို့ပြောထားခဲ့တာ။ အခု တ,ပါလားကွာ ဒါလောက် ကျပ်တည်းဆင်းရဲနေတာ"

"အေး ငါလည်း အဘကိုတ,ရရင် ကောင်းမလားလို့စဉ်းစားနေတာ အဘကို မ,တဖြစ်သေးဘူး"

"မင်းကို အဘက မှာခဲ့သလို ငါးပါးသီလခံ ဘုရားရှိခိုးအမျှတန်းဝေပြီး တ,လိုက်ပါလားကွာ"

ဗာဂျာသည် မည်သို့မျှပြန်လည်မပြောဆိုဘဲ အဝေးတစ်နေရာသို့ ငေးကြည့်နေသည်။ ဗာဂျာသည် အရွယ်ကလည်းကျနေပြီ။ (၇၀) ကျော် (၇၅)ထဲ ရောက်နေပြီ။ သွားတွေကလည်းမရှိတော့။ ဘုရားတရားနှင့်ဝေးနေပြီထင်ပါသည်။ ကျွန်တော်ပြောတော့ ကျွန်တော့်ကို ကြည့်ပြီး အင်းမလှုပ်အဲမလှုပ် ကြောင်တောင်ကြည့်နေသည်။ အရွယ်ကလည်းကျ၊ စီးပွားကလည်းမရှိ သားသမီးရိပ်ကို မှီခိုနေရသည့်ဘဝ။ အဘကိုတ,၍ မရအောင်သီလပျက်နေပြီလား။ ကျွန်တော်နှင့် ကွဲကွာနေသည့် နှစ်ပေါင်း (၅၀) ကျော်အတွင်း ဖြစ်ပျက်ခဲ့သည်တို့မှာ အနမတဂ္ဂများလှစွာ၏။ သီလလုံအောင် ထိန်းပြီး ဘုရားအလုပ်တရားအလုပ်ပြန်လုပ်ကာ အဘကိုတ,လိုက်လျှင် အဘပြန်လာလေမလား။ အဘပြန်လာခဲ့လျှင် သေခါနီးဘဝကူးကောင်းသွားပေမည်။ ပုဂ္ဂိုလ်တို့မည်သည် မတောင်းဆိုပါက ဘာမှမပေးတတ်ပါပေ။ ကျွန်တော် ဗာဂျာအကြောင်းတွေး၍မောနေရသည်။ အဘနှင့်တွေ့ပါလျက် မားသွေးကျောက်ကိုတောင်းခဲ့သော ချင်းကြီးကဲ့သို့ သရဲပြေးသရဲနိုင်ဂါထာကိုမှ တောင်းမိလေသောဗာဂျာကို မည်သို့သောလူစားဖြစ်သည်ဟု ဝေခွဲဆုံးဖြတ်ရခက်နေ၏။

(ဤဖြစ်ရပ်ကို ပြောပြသော သူငယ်ချင်း မောင်ဗာဂျာကို ကျေးဇူးတင်ပါသည်။)

မောင်ပင်းခိုင်



www.burmeseclassic.com1

www.burmeseclassic.com

(မိုးကုတ်)

# ရွှေပြည်စိုး

# ဖားတစ်ကောင် ခွေးတစ်ကောင် လူတစ်ယောက်



လူတစ်ယောက်။

လောကမှာ တစ်ယောက်တည်း နေရတာ အလွန်ချမ်းသာပါတယ်။ ကျွန်တော့်ဘဝမှာက တစ်ယောက်တည်း နေရတာက ခပ်များများပါ။ ဒါဟာ ကိုယ့်ဟာကိုယ်လုပ်ယူလို့ရတဲ့အမျိုးတော့ မဟုတ်ပါဘူး။ ကံက အလိုလိုစီမံပြုပြင်

အတွဲ(၁၄)အမှတ်(၁၁)

www.burmeseclassic.com1

www.burmeseclassic.com

ပေးနေခြင်းကြောင့်ပါပဲ။

တစ်ယောက်တည်းနေရတာဘာလို့ချမ်းသာသလဲဆိုတော့ ကိုယ့်ကိုပြုစုမယ့်သူမရှိဘူး။ ကိုယ်ကပြုစုရမယ့်သူ၊ ချစ်ခင်မြတ်နိုးရမယ့်သူလည်း မရှိဘူး။ ဒီတော့ ကိုယ်သဘောကျတာ ကိုယ့်ဟာကိုယ်ချက်ပြီး စားချင်တဲ့အချိန်စား၊ စားချင်ရင်စား၊ မစားချင်ရင်နေ ကိုယ့်ဆန္ဒကိုယ့်သဘော ဘယ်သူကမှလာပြောစရာမလိုဘူး။

သွားစရာလာစရာ၊လည်စရာပတ်စရာရှိရင်လည်း ဘယ်သူ့မှခွင့်ပန်နေစရာမလိုဘူး။ အိမ်ကလေး သော့ခတ်၊ ဝင်းတံခါးသော့ခတ်ပြီးထွက်လိုက်ရုံပဲ။ဘယ်လောက်ဟန်ကျပြီး လွတ်လပ်လိုက်ပါသလဲ။

စာရေးချိန်နံနက်ပိုင်းမှာ အေးချမ်းစွာစာရေးပြီး ချက်ပြုတ်ခူးခတ် ဘုရားဆွမ်းကပ်ပြီးရင် နေ့လယ်စာစားတယ်။ ပြီးတာနဲ့ အိပ်ချင်ရင်အိပ်၊ မအိပ်ချင်ရင် တီဗွီကြည့်။ ပြီးရင် ရေချိုး၊ ရေချိုးပြီးလျှောက်လည်။ ပြန်လာရင် ညစာစီစဉ်နဲ့ တစ်နေ့တာ လွတ်လပ်ပေါ့ပါးစွာ နေထိုင်ရတော့ ကိုယ်မှတစ်ပါးငှဲ့ကွက်စရာဘာမှမရှိတာမို့ ချမ်းသာတာအမှန်ပါပဲ။

ကျွန်တော်ဟာ တဲသာသာအိမ်လေးနဲ့နေတာမို့ ပစ္စည်းဥစ္စာမချမ်းသာပါဘူး။ သို့သော် စိတ်နဲ့ကိုယ်ကတော့ ချမ်းသာတာအမှန်ပါပဲ။ ရှိသမျှ ရသမျှနဲ့ ရောင့်ရဲနိုင်တဲ့စိတ်လည်းရှိမှချမ်းသာတာ



ပါ။ ရသမျှနှင့် မရောင့်ရဲမတင်းနိုင်ရင်တော့ လောဘမီး၊ဒေါသမီးတွေလောင်ကျွမ်းနေရတာကြောင့် တစ်ယောက်တည်းနေသော်လည်း ချမ်းသာတယ်မဆိုနိုင်ပါဘူး။ ကျွန်တော့်ကတော့ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်ပြီး မြိုးမြိုးမြက်မြက်တတ်တဲ့စရိုက်ရှိတာမို့ အပူအပင်အတော်ကင်းဝေးပါတယ်။ အဲဒီလို အပူမီးသက်သာတော့ အပူကရုပ်ကိုတောင်လောင်ကျွမ်း

မှုအားနည်းတယ်။ ဒီအခါမှာ ရုပ်ဟာအသက်အတော်ကြီးလာပေမယ့်လည်း ရွတ်တွကြီးဖြစ်မနေဘဲ တင့်တယ်တဲ့အသွင်နဲ့ တည်နေနိုင်ပါတယ်။

၂၀၁၅၊ ဖေဖော်ဝါရီမှာ ကျွန်တော်မန္တလေးမှာ ခေတ္တရှိနေပါတယ်။ တစ်နေ့မှာ စစ်ကိုင်းကိုသွားဖြစ်ပါတယ်။ စစ်ကိုင်းကိုသွားတာက မိုးကုတ်အနောက်ပိုင်းကျောက်ဖျာရွာက ညီအစ်မများဖြစ်တဲ့ ကြည်ကြည်ဝင်း၊ ညိုညိုဝင်း၊ ချိုချိုဝင်း၊ မိမိဝင်းဆိုတဲ့ ညီအစ်မတွေ စစ်ကိုင်းသားတွေနဲ့ အိမ်ထောင်ကျနေတော့ကာ ကွဲကွာကြတာကြာပြီမို့ လာလည်ပါဦးဆိုတာနဲ့သွားလည်ခြင်းပါပဲ။

လှပကြတဲ့ညီအစ်မတွေဟာ ရုပ်ရည်တွေမကျကြပါဘူး။ သားသမီးတွေတောင် အချို့ဘွဲ့တွေရကာ အလုပ်ဝင်နေကြပါပြီ။ ကွဲကွာကုန်ကြတာ နှစ်ပေါင်း (၂၀) နီးနီးတောင်ရှိနေပါပြီ။ တစ်အိမ်ပြီးတစ်အိမ်လည်နဲ့ ပျော်စရာကြီးပါပဲ။ ငယ်ကြောင်းနှောင်းဖြစ်တွေ ပြောမကုန်ကြပါဘူး။

အဲဒီမှာ ပြန်ခါနီးနှုတ်ဆက်တော့ ကြည်ကြည်ဝင်းက ကျွန်တော့်ကိုအသေအချာကြည့်ပြီး -

"ကိုကျော်စိုးက ငယ်ငယ်တုန်းက ကျွန်မတို့အိမ်လာနေတုန်းက ရုပ်ရည်ပါပဲ။ ရုပ်ရည်လုံးဝပြောင်းမသွားဘူး။ တကယ်ပြောတာနော်။ ကျွန်မမြှောက်ပြောနေတာမဟုတ်ဘူး။ ကိုကျော်စိုးက အိုမသွားဘူး"

လို့ ပြောပါတယ်။

ကျွန်တော်ကတော့ ရယ်နေတာပါ။ ဘာလို့လဲဆိုတော့ လူဆိုတာ အိုချိန်တန် အိုရစမြဲမို့ပါ။ နှစ်ပေါင်း (၄၀) လောက် ကွာခြားသွားတဲ့အခါ တကယ်တော့ ငယ်ရုပ်ဆိုတာ လုံးဝမရှိနိုင်ပါဘူး။ ကျွန်တော် အသက် (၂၀) ကျော်ကျော်သူတို့အိမ်ရောက်တော့ ကြည်ကြည်ဝင်းက ဂါဝန်မချွတ်သေးပါဘူး။ အကြီးဆုံးက ညွန့်ညွန့်ရီပါ။ ကြည်ကြည်ဝင်းက ဒုတိယသမီးပါ။ ကြည်ကြည်ဝင်းဟာ သူတို့အိမ်မှာ ကျွန်တော်တွင်းသားအဖြစ်နေစဉ်ကာလတစ်လျှောက် ကျွန်တော့်ကို ထမင်းခူးကျွေးနေကျပါ။ သူတို့က ဦးအေး၊ ဒေါ်အုန်းလှိုင်တို့ရဲ့သမီးတွေပါ။ အဲဒီအိမ်မှာ (၆) လလောက်နေခဲ့ဖူးပါတယ်။ အဲဒါကြောင့် ကျွန်မတို့အိမ်လာနေတုန်းက ရုပ်ရည်ပါပဲလို့ အမှတ်တရပြောဆိုခြင်းပါ။ အဲဒီတုန်းက ကြည်ကြည်ဝင်း (၁၂)နှစ်လောက်ရှိပြီထင်ပါတယ်။ အခုတော့ ဘွဲ့ရပြီးတဲ့ သမီး (၃) ယောက်အလုပ်ကိုယ်စီဝင်နေကြပြီမို့ အေးချမ်းစွာရပ်တည်နေကြပါပြီ။ တိုက်နဲ့ကားနဲ့ပါ။

ဟုတ်တာမဟုတ်တာအပထားပေါ့



www.burmeseclassic.com1

www.burmeseclassic.com

လေ။ လူဆိုတဲ့အမျိုးဟာ အမြောက်ကြိုက် အမျိုးမို့ စစ်ကိုင်းသွားရတာ စိတ်ချမ်းသာလိုက်တာအလွန်ပါပဲ။ ဘာလို့လဲဆိုတော့ မြောက်ပြလိုက်လို့လေ။ အဲဒါကို မှတ်မှတ်ရရရှိနေပါတယ်။

ဒါဟာ တစ်ယောက်တည်းဘဝ တစ်လျှောက်လုံးနီးနီးနေခဲ့ရတဲ့ဘဝလေး အခြေအနေကြောင့်လို့ဆိုရင် မမှားပါဘူး။ ဘဝပေးအခြေအနေဆိုလို့ ပြောရဦးမယ်"

ကျွန်တော်အသက် (၂၀) ကျော်ကျော်မှာ မိုးကုတ်မှာ ကျောက်တွင်းလုပ်ငန်းအသင့်အတင့်အောင်မြင်တော့ ဇာတိဖြစ်တဲ့ ပျဉ်းမနားကို လာလည်တယ်။ အစ်ကိုဖြစ်တဲ့ ဦးပဥ္စင်းဦးသုမနကလည်း ဆိတ်နံ့တုန်းသိမ်ကျောင်းက ဦးစက္ကိန္ဒဆီမှာ တည်းနေချိန်ဆိုတော့ ညီအစ်ကိုဆုံဖြစ်တာပါ။ အစ်ကိုက သုံးခွစာသင်တိုက်မှာ စာချဆရာတော်ပါ။

အဲဒီမှာ ဦးစက္ကိန္ဒက ကျွန်တော့်ကို -

"ဟေ့ကောင်ကေလာ၊ မင်းဗေဒင်ကြည့်မလား။ ပျဉ်းမနားမွတ်စလင်သုသာန်နားက တောရကျောင်းမှာနေတဲ့ ဘုန်းကြီးဟာ ဗေဒင်အလွန်မှန်တာကွ။ မင်းသွားချင်ရင် ငါပို့ပေးမယ်"

လို့ ဆိုပါတယ်။ (ယခု သက်တော် (၇၅)နှစ်ရှိပြီဖြစ်တဲ့ သိမ်ကျောင်းဆရာတော် ဦးစက္ကိန္ဒဟာ ငယ်ပေါင်းမို့ ကျွန်တော့်ကိုချစ်တာမို့ ခုထိတိုင် ကေလာလို့ခေါ်နေဆဲပါ။ အလွန်သဘောမနောကောင်းတဲ့ဆရာတော်ပါ။ ကေလာဆိုတာက ကျွန်တော်ရဲ့သာမဏေဘွဲ့ပါ။ ကျွန်တော့်သာမဏေဘွဲ့က ရှင်ကေလာသတဲ့။)

ဦးစက္ကိန္ဒက ဗေဒင်အကြောင်းပြောတော့ကာ ကျွန်တော်တို့မြန်မာတွေဆိုတာက ဗေဒင်အလွန်ဝါသနာပါကြတာကလား။ ဒီတော့ သွားမယ်လို့ပြောတဲ့အခါ ဦးစက္ကိန္ဒက ကျွန်တော်တို့သားအဖ (၃)ယောက်ကို လိုက်ပို့ပေးပါတယ်။ (၉) ခန်းကြီးဘုရားကနေ မြို့တောင်ဘက်ကို အတော်သွားရပြီး မွတ်စလင်သင်္ချိုင်းအနီးမှာ ကျောင်းငယ်လေးတွေ့ရတယ်။ ဆရာတော်က အသက် (၆၀) လောက်ရှိပါပြီ။

ပထမကျွန်းမာရေးသိပ်မကောင်းတဲ့ အဖေ့ကို အရင်ဆုံးဟောပါတယ်။ အဲဒီမှာ ဆရာတော်က -

"ဒကာကြီးအိမ်သာ ဘယ်အရပ်မှာ ဆောက်ထားသလဲ"

လို့မေးတယ်။

"အရှေ့အရပ်မှာပါဘုရား"

လို့ လျှောက်တော့။

"အိမ်သာက နေရာမှားနေတယ်။ အရှေ့အရပ်မှာလုံးဝမဆောက်နဲ့။ ကျန်တဲ့ နေရာတွေမှာဆောက်။ ဒကာကြီးနေကောင်းသွားလိမ့်မယ်"

လို့ ပြောပါတယ်။

နောက် အစ်ကိုကြီး ဦးသုမနကျတော့ -

"ကိုယ်တော်အညံ့ပိုင်းရောက်နေတယ်။ အချုပ်အတန်းတွေဘာတွေမြင်တယ်။ ကိုယ်တော့်ကိုဖျက်ဆီးမယ့်သူပေါ်လာတတ်တယ်။ အဲဒါ သိမ်ဝင်ပုတီးကို ကြိုက်ရာ ဂုဏ်တော်တစ်ခုခုစွဲစွဲမြဲမြဲစိပ်ပါ။ ဂရုစိုက်နော် ကိုယ်တော် ပေါ့ပေါ့တန်တန်လုံးဝမနေပါနဲ့"

လို့ ပြောပါတယ်။

ကျွန်တော့်ကျတော့ -

"အင်း- မင်းက မျက်နှာအတော်များတဲ့ကောင်ပဲ။ စီးပွားရေးလည်း ကောင်းတယ်။ မိန်းမယူမယ်ဆိုရင်တော့ ကြာသပတေး၊ သောကြာ၊ စနေ အဲဒီသုံးနေ့ကိုယူမယ်ဆိုရင်တော့ အများဆုံးပေါင်းရရင် (၈) လပေါ့ကွာ။ (၈) လပေါင်းပြီးရင်တော့ ရှင်ကွဲနဲ့သေကွဲတစ်ခုခု မင်းကြုံရလိမ့်မယ်"

လို့ တိုတိုနဲ့လိုရင်းပဲပြောပါတယ်။ ဟောတာက သိပ်မကြာပါဘူး ခဏရယ်ပါ။ ခုနှစ်သက္ကရာဇ်မမေးဘူး။ မျက်နှာကိုစေ့စေ့ကြည့်ပြီးဟောပုံက အထူးအဆန်းပါပဲ။ တွက်ချက်နေသောမဟုတ်ဘဲ ထိုင်ရာကနေ လိုရင်းတိုရှင်းဟောခြင်းပါ။ ကျွန်တော်တို့လည်း နဝကမ္မလှူဒါန်းပြီးပြန်ခဲ့ကြပါတယ်။

အဖေဟာ အိမ်ရောက်တယ်ဆိုရင်ပဲ အိမ်သာကို အနောက်အရပ်မှာ ရွှေ့တည်ပါတယ်။ အမှန်ပဲ နေကောင်းသွားခဲ့တယ်လို့ဆိုပါတယ်။ ကျွန်တော်က ကြာကြာမနေပါဘူး။

အဲဒီအချိန်ဟာ ကျွန်တော့်မှာ ချစ်သူ (၃) ဦးရှိပါတယ်။ တနင်္ဂနွေရယ်၊ ကြာသပတေးရယ်၊ သောကြာရယ်ပါ။ အမှန်သင့်မြတ်တာက တနင်္ဂနွေပါ။ ဒါပေမယ့် ဗေဒင်မှန်မမှန် စမ်းသပ်လို့တဲ့စိတ်ကလည်းကြီးစိုးနေပါတယ်။ ဆိုရရင်တော့ ပမာမခန့်စိတ်ပေါ့လေ။ မြွေပွေးအဆိပ်ပြင်းတာသိပေမယ့် သူ့အဆိပ်ဘယ်လောက်ပြင်းလဲဆိုတာ သိချင်လို့ စမ်းပြီးကိုင်ကြည့်တဲ့ လူလိုဖြစ်နေခြင်းပါပဲ။ တလွဲမာနဝင်နေခြင်းပါ။ အဲဒီမှာ ကြာသပတေးသမီးကို သိသိကြီးနဲ့ယူလိုက်ပါတယ်။ ကျန်ရစ်သူလေးတွေမှာတော့ သောကနဲ့ပေါ့။

ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ ရန်စီစီတဲ့ဗျ။ တနင်္လာနဲ့ကြာသပတေးဆိုတော့ ရန်ဘက်လေ။ ဒီတော့ရပြီး မကြာမီမှာပဲ စကားပြောတိုင်း ရန်တကျက်ကျက်ဆိုပါတော့။ အပေါက်အလမ်းကိုမတည့်ပါဘူး။ အဲဒီမှာ တောရဆရာတော်ကြီးရဲ့ ဟောပြောချက်ကစပြီးမှန်နေပါပြီ။

ကြာသပတေးသမီးက မြို့သူ၊ တနင်္ဂနွေနဲ့ သောကြာက ကျောက်ဖျာသူတွေပါ။ ဒီတော့ ကျွန်တော် မြို့မှာကျောက်အရောင်းအဝယ်လုပ်ကိုင်ရာက အဆင်မပြေတော့ ရှိသမျှအရင်းအနှီးပြောင်လုလုနီးနီးဖြစ်တာနဲ့ (၈) လပေါင်းအပြီးမှာ ကျောက်ဖျာပြန်ပြီးကျောက်တူးပါတယ်။ အဲဒီမှာ အဖိတ်နေ့ညနေ အိမ်ပြန်၊ ဥပုသ်နေ့တစ်ရက်နား နောက်နေ့တွင်းဆင်းအမီ ကျောက်ဖျာကိုစောစောပြန်စနစ်နဲ့နေခဲ့တာ အသက် (၅၃) နှစ်အထိပါပဲ။ (၅၃)နှစ်ရောက်တော့ မိုင်းရှူးတက်ပါတယ်။ အဲဒီမှာ (၁၀) နှစ်တိတိကြာပြန်ပါတယ်။ ဒီတော့ ဇနီးဖြစ်သူနဲ့ပေါင်းရတဲ့ရက်ဆိုတာ တွက်လို့ရတဲ့အခြေအနေပါ။ မိုင်းရှူးကပြန်လာတော့ ဇနီးဖြစ်သူက မန္တလေးမှာ သမီးနဲ့နေတယ်။ အဲဒီမိုးကုတ်ကနေပြီး ၂၀၁၁ ခုမှာ နေပြည်တော်ရွှေ့ခဲ့ပြီး တစ်ကိုယ်တော်နေထိုင်ခြင်းပါပဲ။ တစ်ယောက်တည်းနေတာ အကျင့်ပါကာ ထုသားပေသားကျနေခြင်းပါပဲ။

အစ်ကိုကြီးအကြောင်းကျန်နေပါသေးတယ်။ တောရဆရာတော်ဟောလိုက်တဲ့အတိုင်း သိမ်ဝင်ပုတီးနဲ့ နေ့စဉ်ဂုဏ်တော်ပုတီးစိပ်ပေမယ့် ခေါင်းအုံးအောက်ထားတဲ့ပုတီးကို ကြွက်ကကိုက်ဖြတ်ပစ်လိုက်တာကြောင့် မစိပ်ဖြစ်တော့ဘူးလို့ဆိုပါတယ်။ မကြာခင်ပဲလို့ဆိုရမှာပါပဲ။ မာတုဂါမကြောင့် ဈာန်လျှောပြီး အချုပ်ထဲရောက်ပါတယ်။ နောက်ထောင်ကျပါတယ်။ နောက်အိမ်ထောင်နဲ့ သမီး (၃) ယောက်မွေးအပြီး အသက် (၄၁) နှစ်မှာ အရိုးကင်ဆာနဲ့ဆုံးပါတယ်။ ဆရာတော်ရဲ့ ဗေဒင်ပညာကတော့ တစ်စက်ကလေးမှကိုမလွဲဘဲ အကြားအမြင်ရထားတဲ့ ဆရာတော်လို့တောင်ဆိုနိုင်ပါတယ်။ အစ်ကိုကြီးက ရန်ကုန်ကြည့်မြင့်တိုင်မှာ အိမ်ထောင်ကျပြီး အဲဒီမှာပဲဆုံးတာပါ။

ဒါတွေကို ကြုံရတော့ မြင်းခြံ



www.burmeseclassic.com

www.burmeseclassic.com

ကိုးဆောင်တိုက်မှာ စာသင်စဉ်တုန်းက ကျွန်တော့်လက္ခဏာကိုကြည့်ပြီးတော့ ပေါင်းတည် ဦးပဏ္ဍိတက -

"ကောင်လေးနင်အသက်တိုမယ်။ အိမ်ထောင်ရေးကံမကောင်းဘူး။ နင့်ဇာတိမြေမှာ နင်ပြန်သေရမယ်"

ဆိုတဲ့ ဟောပြောချက်ကိုပြေးသတိရမိပါတယ်။ တကယ်တော့ အိမ်ထောင်ကံမကောင်းတာကြောင့် ကံကပို့ပေးတဲ့အခါ တစ်ယောက်တည်းနေတတ်တဲ့အကျင့်ကို ရခဲ့ခြင်းပါပဲ။

ကံဆိုတဲ့အကြောင်းတရားကဒီလိုဖြစ်အောင် ဖန်တီးခဲ့တာပါ။ ဒါပေမယ့် ဘာသာအသိရှိတဲ့ကျွန်တော်ဟာ ကံပစ်ချရာမှာ ပျော်ပျော်နေတတ်တဲ့အကျင့်ကြောင့် တစ်ယောက်တည်းနေပေမယ့် ချမ်းချမ်းသာနေတတ်ခြင်းပါ။

■ မကောင်းခြင်း

တစ်ယောက်တည်းနေတော့ကာ စားချင်တဲ့အချိန်စား၊ အိပ်ချင်တဲ့အချိန်အိပ်၊ လည်ချင်တဲ့အချိန်လည်နဲ့ အတော်ဟန်ကျပါတယ်။ ချုပ်ချယ်မယ့်သူမရှိဘူး။ အတွယ်အတာမရှိဘူး။ဟန်ကိုကျလို့ပေါ့။ တစ်ကိုယ်တည်းဆိုတော့ လွတ်လွတ်လပ်လပ်ဒူးထောင်ပေါင်ကားနေမလား။ ကျွမ်းထိုးပြီးနေမလား။ ဘယ်လိုနေနေရတယ်။ ဘယ်သူ့မှ ငဲ့ကွက်စရာမလိုဘူး။ ကလေးတွေအမြင်မတော်တာတွေမလိုဘူး။ သီချင်းဖွင့်ပြီးတော့ကနေဦးမလားရတယ်။ စိတ်ချမ်းသာသလိုနေလို့ ရပါတယ်။ ဘာလို့လဲဆိုတော့ ဝင်းတံခါးကို အများအားဖြင့် ချက်ထိုးထားလို့ပါပဲ။ ကိစ္စရှိရင် ဝင်ချင်ရင် အပြင်က အော်ခေါ်တတ်ကြပါတယ်။ ဒါက တစ်ဦးတည်းနေခြင်းရဲ့ ကောင်းခြင်းတွေဆိုပါတော့။

ဒါပေမယ့် တစ်ယောက်တည်းနေတာမကောင်းတာတွေလည်းရှိသဗျ။ အဲ-ဖျားပြီနာပြီဆိုရင် အနားမှာဆေးပေးမီးယူဆိုတာကလိုပြန်တာကိုး။ အဲဒီလိုအချိန်မျိုးကျရင် ကိုယ့်အပေါ် ကြင်ကြင်နာနာ ယုယုယယပြုစုစောင့်ရှောက်မယ့်သူကို မသိမသာ တမ်းတမိပြန်တယ်။ ဒါပေမယ့် တစ်ယောက်တည်းနေတာမို့ ဆန္ဒဖြစ်မိရုံပါ။

လူဆိုတာမျိုးက သွေးနဲ့ကိုယ်သားနဲ့ကိုယ်ကိုးဗျ။ (၃၂) ကောဋ္ဌာသရုပ်အစုကြီးကိုး။ ရုပ်အစုကြီးဆိုတော့ ဖောက်ပြန်ပြီး ဖျားနာတတ်တာပေါ့။ ဖျားနာတဲ့အခါမှာတော့ ပြုစုသူမဲ့တဲ့တစ်ယောက်တည်းသမားဆိုတော့ ကိုယ့်ကိုယ်ကိုယ်ပြုစုရတာပေါ့။ ဆေးခန်းသွား သို့မဟုတ် ဆေးသွားဝယ်၊ ဆေးသောက်၊ စားချင်တာ ကိုယ့်ဟာကိုယ်လုပ်စားပေါ့ဗျာ။ ဒါနဲ့ အဖျားပျောက်ရတာပေါ့။

ဟိုဗျာ လေများဖြတ်နေရင်တော့ ဒုက္ခပေါ့။ ခြံလုံလုံတစ်ယောက်တည်းနေတာဆိုတော့ ပတ်ဝန်းကျင်က သိကြမယ်တောင် မထင်ဘူး။ အပုပ်နံ့ရမှသိကြမှာ။ ဒါတောင် လူပုပ်နံ့လို့ထင်ချင်မှထင်ကြမယ်။ ခွေးပုပ်လား၊ ကြွက်ပုပ်လားနဲ့ ဘာကောင်ရဲ့အပုပ်နံ့မှန်းတောင် သိကြမယ်မထင်ဘူး။

အပုပ်နံ့ဆိုလို့ ပြောရဦးမယ်။ ကျွန်တော် မိုးကုတ်ကျောက်ဖျာမှာ တွင်းလုပ်နေစဉ်က ၁၉၇၇ ခုနှစ်ကဆိုပါတော့။ ကျွန်ုပ်တော်ရယ်၊ ကိုဘစိုးအုပ်စုရယ် ပေါင်းပြီး သက်ကယ်ကျင်းလုပ်ကွက်မှာ မိုးရာသီမျှောတိုက်ကြပါတယ်။ အဲဒီမှာ တွင်းတဲဆောက်စရာမလိုဘူး။ အိမ်လုံးလောက်ကြီးတဲ့ခဲမိုးကြီးအောက်မှာ စခန်းချကြတယ်။

မိုးကုတ်ဆိုတာ မိုးကလည်းများ၊ အေးကလည်းအေးဆိုတော့ ထင်းတုံးကြီးနဲ့မီးဖိုထားရတယ်။ မိုးတွေရွာနေရင် မီးလှုံရေနွေးတည်ဆောက်ပေါ့။ တွင်းကိုတော့ ရေပန်းရိုက်ပြီး ရေကိုခိုင်းထားတယ်လေ။ လူမလုပ်ပေမယ့် ဖြုန်းတွေကိုရေပန်းက တဖြုန်းဖြုန်းရိုက်စားပြီးအလုပ်လုပ်နေတာပါ။ အဲဒါကိုမြင်တော့ အောက်သားတွေက မိုးကုတ်သားတွေက ရေကိုတောင် ခိုင်းစားတတ်ကြတဲ့လူတွေပါပဲ။ တို့လိုလူတွေဆိုတာကတော့ ပြောစရာတောင် မလိုဘူးလို့ပြောကြတယ်လို့ဆိုပါတယ်။ ဟုတ်ပါတယ်၊ တွင်းသားတွေဆိုတာက အောက်သားတွေချည်းပါပဲ။ မြန်မာပြည်အရပ်ရပ်ကဆိုပါတော့။

တစ်နေ့မှာ မိုးတွေက တဝေါဝေါရွာနေပါတယ်။ ကျွန်ုပ်တော်တို့ကတော့ ခဲမိုးကြီးအောက်မှာ မီးလှုံရင်း ရေနွေးတည်သောက်နေကြပါတယ်။ မိုးသက်လေအရှေ့မှာတော့ ပြင်းထန်နဲ့အပုပ်နံ့ကြီးကို လေကသယ်ယူလာပါတယ်။ နံ့လိုက်တဲ့အပုပ်နံ့ဗျာ။

အဲဒီမှာ ကိုဘစိုးက -

"နံလိုက်တာကွာ၊ ဘာကောင်များပုပ်နေသလဲ မသိပါဘူး"

လို့ ညည်းပါတယ်။

ဒါနဲ့ ကျွန်တော်က -

"တောထဲနေဏဲ့ အကောင်တစ်ကောင်ကောင် တောင်ပြိုရာကဖိမိပြီးသေနေတာနေမှာပေါ့ဗျာ"

လို့ပြောဖြစ်ပါတယ်။

အဲဒီမှာ ကိုဘစိုးက -

"ဒီအနံ့က အကောင်သေးသေးမဟုတ်နိုင်ဘူးဗျ။ ဂျီ (ချေ) လိုအကောင်မျိုးနေမှာ"

လို့ ဆိုပါတယ်။

အပုပ်နံ့ကလေကြောင်းတည့်ရင် ပြင်းလာလိုက်၊ လေကြောင်းလွဲရင် သက်သာလိုက်နဲ့ နှိပ်စက်နေပါတယ်။ မိုးသက်လေဆိုတာကလည်း မတည်ငြိမ်ဘူးလေ။ဟိုကတိုက်လိုက်ဒီကတိုက်လိုက်နဲ့ကိုး။ လေတိုးတဲ့ဒဏ်၊ မိုးရွာတဲ့အသံတွေကြောင့် ဘေးက ဝါးရုံတောကြီးတွေယိမ်းနွဲ့ပြီး တရှဲရှဲအော်မြည်နေတာပါ။ အဲဒီအပုပ်နံ့ကြီးကြောင့် ထမင်းစားရတာတောင်မဖြောင့်ပါဘူး။ နေ့လယ်စာ အစားပျက်ကြရပါတယ်။

ဒီလိုနဲ့ အပုပ်နံ့ကြီးက (၃) ရက်လောက်ကြာသွားပါပြီ။ ဘယ်နေရာမှာ ဘာကောင်သေပြီး ပုပ်နေပါလိမ့်ဆိုတာ တောထဲဝင်မကြည့်တော့ မသိကြပါဘူး။ တစ်နေ့ ထမင်းစားအပြီးမှာ ကိုဘစိုးက-

"တင်ကြည်က မျှစ်မှာလိုက်တယ်ကွ။ မျှစ်နည်းနည်းသွားယူဦးမယ်"

ဆိုပြီး တွင်းအရှေ့ဘက်က ဝါးရုံတောထဲ ဓားမတစ်ချောင်းနဲ့ဝင်သွားပါတယ်။ မကြာလိုက်ပါဘူး ခပ်သုတ်သုတ်ပြန်ရောက်လာတယ်။

"ဘာလဲ၊ ကိုဘစိုးမျှစ်မတွေ့ဘူးလား"

"ဟုတ်ဖူးဗျ၊ မျှစ်က ပေါမှပေါ၊ မျှစ်ခုတ်မလို့သွားပါတယ်။ လူတစ်ယောက် ခဲလုံးကြီးဖိကြီးသေနေတာတွေ့လို့ပြန်လှည့်လာတာ။ အပုပ်နံ့က အဲဒီကလာနေတာဗျ။ ရက်ကြာတော့ လောက်တွေတောင်ကျနေပါပြီဗျာ ဖွို"

"ဟုတ်လား၊ ဘယ်သူပါလိမ့်ဗျာ။ ဒီနားရွာတွေမှာ လူပျောက်တယ်လည်း မကြားပါဘူး။ ဘယ်ရွာကပါလိမ့်။ ဒါဆို ကျွန်တော်တို့ပြန်ရင် သူကြီးဦးထွန်းညိုဆီ အကြောင်းကြားမှရမှာ။ နေပါဦး ခဲကြီးက ဘယ်နေရာကိုဖိထားတာလဲဗျ"

"ခါးကိုဖိထားတာ။ ခဲကအလွန်ကြီးမကြီးပါဘူး။ ကြောင်အိမ်နှစ်လုံးစာလောက်ရှိတဲ့ခဲကြီးပါ။ ကျုပ်အထင်တော့ ခဲကြီးအောက်မှာ ဖြုန်းပေါ်နေတော့ ဖြုန်းကိုသွားတူးတယ်ထင်ပါတယ်။ အဲဒီမှာ ပြုတ်ကျပြီး ခါးကိုဖိတာ



www.burmeseclassic.com1

www.burmeseclassic.com

နေမှာ အဖော်မပါပဲ တစ်ယောက်ထဲ လုပ်ရင် ဒီလိုပဲကယ်မယ့်သူမရှိဖြစ်တတ်တယ်။ အဲဒီလူသေနေတာ ကျုပ်တို့မျှော မြောင်းမြီးရဲ့ အရှေ့ဘက်တည့်တည့် မလှမ်းမကမ်းမှာဗျ။ သိပ်မဝေးလှဘူး။ ဒီလူက ဖြုန်းတူးသယ်ပြီး ဝိုင်းစကားနဲ့ကျုပ်တို့မြောင်းမြီးမှာဆေးမလို့နေမှာ"

လို့ ပြောပြပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ရွာရောက်တော့ ရွာလူကြီးဦးထွန်းညိုဆီအကြောင်းကြားပါတယ်။အဲဒီကတစ်ဆင့် အနီးရှိရွာတွေဆီ လူတစ်ယောက် သက်ကယ်ကျင်းလုပ်ကွက်မှာ တွင်းပိပြီးသေနေကြောင်း လူပျောက်မပျောက်စစ်ဆေးဖို့အကြောင်းကြားတဲ့အခါမှာ သစ်ဆိမ့်ကုန်းရွာက ဖြစ်နေပါတယ်။

အဲဒီမှာ ဆန်းကြယ်တာက ကျွန်တော်တို့ရွာရောက်လို့ လူတွေကို ပြောပြတဲ့အခါမှာ ဦးအေးက ချက်ချင်းဆိုသလိုပဲ သက်ကယ်ကျင်းလုပ်ကွက်က ကျွန်တော်တို့တွင်းဆေးရှိအပုပ်နံ့ကိုအနံ့ခံကာလိုက်ရှာပြီး အဲဒီသေနေတဲ့လူဆီမှာ ကျောက်ထုပ်ပါမပါရှာတာပါဘဲ။ မပါဘူးလို့ပြောပြပါတယ်။ ခါးမှာ ဘောက်ချပ်ပတ်ထားပြီး အဲဒီဘောက်ချပ်ထဲမှာ ဓားတစ်ချောင်းထိုးထားပေမယ့် ခါးကို ခဲကြိုးဖိထားလို့ ဆွဲနုတ်လို့မရဘူးလို့ ပြောပြပါတယ်။အကြောက်အလန့်အရွံ့အရှာမရှိ ပုပ်ပွနံစော်နေပြီး လောက်တဖွားဖွားနဲ့ လူသေအလောင်းဆီက ပစ္စည်းကိုရှာရဲတာကတော့ အံ့ဖွယ်ပါပဲ။ သူက အကြောက်အလန့်အရွံ့အရှာလုံးဝမရှိဘဲ နှစ်စဉ်သချိုင်းထဲကမျှစ်တွေယူကာ မျှစ်ချဉ်သိပ်နေကျပါ။ သူက လူထူးလူဆန်းပါပဲ။ စစ်ကိုင်းက ကြည်ကြည်ဝင်းတို့ရဲ့ ဖခင်ပါ (မိခင်၊ ဖခင်တွေ ဆုံးကုန်ကြတာ ကြာပါပြီ။)

အဲဒီ သစ်ဆိမ့်ကုန်းရွာကလူဟာ လူပျိုကြီးဖြစ်ပြီး အိမ်ကလေးနဲ့ တစ်ဦးတည်းနေတာပါ။ သူ့အိမ်သော့ခတ်ထားတာ ရက်အတန်ကြာပြီလို့ ဆိုပါတယ်။ ခရီးများထွက်သွားသလားဆိုပြီး အမှတ်တမဲ့နေကြတာပါ။ သေနေတဲ့ဆီသွားကြည့်မှ အဲဒီလူဖြစ်နေတာသိရပြီး အလောင်းကိုဖော်ရခက်တာမို့ ဒီအတိုင်းပဲ မြေတူးပြီး ဖုံးလွှမ်းပေးလိုက်ရပါတယ်။

အဲဒီမှာ သတင်းတွေထွက်လာတာက-

"ကယ်ကြပါဦး"

ဆိုတဲ့ အော်သံကြီးကို ဖွေးမင်ချောင်းရိုးဂူတောင်လုပ်ကွက်မှာလုပ်နေတဲ့လူတွေကြားရတယ်လို့ ဆိုကြပါတယ်။ သက်ကယ်ကျင်းလုပ်ကွက်နဲ့ ဂူတောင်လုပ်ကွက်က ဂူတောင်က အထက်ဘက်ဖြစ်ပြီး အရှေ့ဘက်မှာပါ။ သက်ကယ်ကျင်းက အနောက်ဘက်ဖြစ်ပြီး အောက်ပြန့်မှာပါ။ ဒီတော့ ကြားနိုင်ပါတယ်။ သိပ်မဝေးပါဘူး။ ဒါပေမယ့် လူတွေက တောခြောက်တာနေမှာဆိုပြီး အလေးမထားခဲ့ကြဘူးလို့ သိရပါတယ်။ တောတောင်ထူထပ်တာမို့ တောခြောက်တာကလည်း အဆန်းမဟုတ်ပါဘူး။

နောက်တစ်ခု ကြုံပါသေးတယ်။ အဲဒါက မိုင်းရှူးရတနာမြေမှာပါ။ လုပေါ့ ကျောက်ကုန်သည်တန်းမှာ လှပတဲ့ အိမ်ကလေးတွေ တန်းစီနေပါတယ်။ ကျောက်ကုန်သည်သူဌေးတွေဆိုပါတော့။ အနယ်နယ်အရပ်ရပ်ကလာပြီးလုပ်ကြခြင်းပါ။

တစ်နေ့မှာ အိမ်တစ်အိမ်ကအပုပ်နံ့ထွက်လာပါတယ်။ ကြည့်လိုက်တော့ သော့ခတ်ထားပါတယ်။ အထဲမှာ ကြွက်ပုပ်လား၊ ကြောင်ပုပ်လားပေါ့လေ။ အဲဒီအိမ်က ကျောက်ကုန်သည်ကုလားမအိမ်ပါ။ ကျောက်ကုန်သည်ဆိုတာက အိမ်ပိတ်ပြီး ကျောက်တွေ တောင်ကြီးဘက်တို့၊ ယိုးဒယားဘက်တို့သွားရောင်းနေကျပါ။ ဒါဟာ အဆန်းမဟုတ်ပါဘူး။

ဒါပေမယ့် ရက်ကြာလေ ပုပ်စော်က မခံမရပ်နိုင်အောင်နံလေဖြစ်တော့ကာ အနီးနားအိမ်တွေက ရပ်ကွက်လူကြီးတွေနဲ့ရဲကို အကြောင်းကြားပြီး လူကြီးတွေ၊ ရဲတွေအစုံအလင်နဲ့ သော့ဖျက်ပြီးဖွင့်ကြပါတယ်။

အထဲမှာ အနံ့ကမခံမရပ်နိုင်အောင်နံ့ပါတယ်။ အဲဒါနဲ့ အနံ့လာရာအိပ်ခန်းထဲဝင်ကြည့်လိုက်တော့ ကုလားမဟာ သေဆုံးပြီး ပုပ်ပွကာ လောက်တွေတောင်ကျနေပါပြီ။ ပေါင်တွေကပုပ်ပြီးပွနေတော့ ဝတ်ထားတဲ့ ဂျင်းဘောင်းဘီဟာ တင်းထွက်နေတယ်လို့ဆိုပါတယ်။ ရင်ဘတ်မှာ ဓားထိုးရာတွေနဲ့ပါ။

ဖြစ်စဉ်ကတော့ တစ်ယောက်ထဲနေတဲ့ ကုလားမဟာ အမျိုးတူသူထက်အတန်ငယ်တဲ့ကုလားလေးတစ်ယောက်နဲ့တွဲရာက ပစ္စည်းတွေယူပြီး လူကိုဓားနဲ့ထိုးသတ်ထားကာ အိမ်ကိုသော့ခတ်ထားခဲ့ခြင်းပါပဲ။ ဒါကိုလည်း မှတ်မှတ်ရရရှိနေပါတယ်။

ဒါက တစ်ယောက်တည်းနေခြင်းရဲ့မကောင်းခြင်းတွေပါပဲ။ ကုလားမဟာ တစ်ယောက်တည်း အဖော်မဲ့လို့အဖော်ရှာတဲ့အခါမှာ အဖော်ရှာမတော်တာမို့ အခုလိုအဖြစ်ဆိုးနဲ့ ကြုံသွားရခြင်းပါ။ ဒါမျိုးတွေဟာ အများကြီးရှိကြမှာပါ။ တစ်ယောက်တည်းဆိုတာ နေတတ်ရင်ကောင်းတယ်။ နေတတ်ရင် အသေမြတ်မယ်။ မနေတတ်ရင် အသေမမြတ်ဘူးပေါ့ဗျာ။

ဒီတော့ တစ်ယောက်တည်းနေရင် အမြတ်ရဖို့လိုတယ်။ ဘာသာရေးကိစ္စလေးတွေကိုလည်း အချိန်အပိုင်းအခြားနဲ့ သတိမလွတ်အောင်လုပ်နေဖို့လိုတယ်။ ဒါဆို ဘယ်လိုနေနေ၊ ဘယ်လို သေသေ ဂရုစိုက်စရာမလိုပါဘူး။ အနှောင်အဖွဲ့ကင်းလွတ်စွာ ဘာသာရေးကဏ္ဍကိုလုပ်ဖို့လိုအပ်တာကြောင့် တတ်နိုင်သမျှပေါ့လေ ကျွန်တော်လုပ်ပါတယ်။

■ **အခြားတစ်ဦး၏အသက်ရှူသံ**

ပုံမှန်အားဖြင့် ကျွန်တော်ည (၈) နာရီ သို့မဟုတ် (၈) နာရီကျော်ကျော်မှာ စောစောအိပ်လေ့ရှိတယ်။ စောစောအိပ်တယ်။ စောစောထတယ်။ ဒါက ဘဝမှာ အကျင့်ဖြစ်နေပါပြီ။ ဘဝသမားပေကိုး။ ဒီတော့ နိုးနိုးကြားကြားနေတတ်တဲ့ အကျင့်ကပါနေပြီ။ ဘယ်အလုပ်ဘယ်နေရာမှာမဆို ကျွန်တော့်ကိုစောင့်နေရတယ်ဆိုတာမရှိဘူး။ ကျွန်တော်ကပဲ အမြဲစောင့်ရပါတယ်။

မိုင်းရှူးမင်းသီဟသန်းကျောက်မျက်ကုမ္ပဏီမှာ မန်နေဂျာဘဝမရောက်မီ တွင်းသားဘဝမှာ ကျွန်တော်တို့မနက် (၅) နာရီခွဲကစပြီး တွင်းထဲဆင်းကြရတယ်။ အဲဒီမှာ မနက်အစောစာစားဖို့ ထမင်းစားဆောင်ဆီကို (၄) နာရီခွဲ လောက်သွားရတယ်။ ဒီတော့ (၄) နာရီ အိပ်ရာထပြီး (၄) နာရီခွဲ ထမင်းစားဆောင်သွားရင် စားဖိုမတွေ တစ်ဦးမှ အိပ်ရာမထကြသေးဘူး။ နေ့စဉ် စားဖိုမတွေနိုးရတာအလုပ်တစ်ခုပါ။

အဲဒီမှာ ထူးဆန်းတာနှစ်ခုတွေ့ရတယ်။ တစ်ခုက စားအိုးစားခွက်တွေပေါ်မှာ ပွားချင်တိုင်းပွားများချင်တိုင်းများနေကြတဲ့ကြွက်ကြီးတွေဟာ သောင်းကျန်းနေလိုက်ကြတာ မည်းမည်းစုတ်နေတာပဲ။ နည်းနည်းနောနောမဟုတ်ဘူး။ အကောင်တောင်ရေတွက်လို့ရမယ် မထင်ဘူး။ တကယ့်မသတီစရာပါ။

နောက်တစ်ခုက အလှည့်ကျတာဝန်ကျတဲ့ စားဖိုမ (၂) ဦးကထထပြီး မျက်



www.burmeseclassic.com1

www.burmeseclassic.com

နှာမသစ်ဘာမသစ်ဗျာ အိပ်မှုန်စုံမွှားနဲ့ ထမင်းဟင်းတွေခူးခတ်ပေးတော့တာပဲ။ ထမင်းနဲ့ပဲပြုတ်က ညကတည်းက ဖိုကြီးတွေပေါ်မှာ စီမံထားကြတာလေ။ ဒီတော့ အလွယ်တကူခူးပေးနိုင်တာပေါ့။ ဒါပေမယ့် မသတီစရာပါ။

မသတီလည်း စားရတာပါပဲ။ ဝမ်းပေါင်းလောင်းနဲ့ လူးထဲမှာ အလုပ်လုပ်နိုင်မှာမဟုတ်ပါဘူး။ အလုပ်က သိပ်ပင်ပန်းပါတယ်။ အဲဒီလိုပါပဲ။ ကျွန်တော်ဟာ ဘဝသမားဖြစ်လေတော့ ထကြွလုံ့လဝီရိယရှိပါတယ်။

အလုပ်တွေက နားတဲ့အခါမှာလည်း မနက်စောစောထတဲ့အကျင့်ကပါနေပါပြီ။ မနက် (၄) နာရီဝန်းကျင်ဆိုနိုးနေပြီး ကြည်ကြည်လင်လင်ဖြစ်နေပါပြီ။ စောစောထလမ်းလျှောက်ပေါ့ဗျာ။ အလကားလျှောက်တာမဟုတ်ပါဘူး။ ပရိတ်ပဋ္ဌာန်းစတာတွေရွတ်ဖတ်တဲ့အကျင့်က ငယ်ငယ်ကတည်းကဆုတော့ မရွတ်ရရင် တစ်နေ့တာ မပြည့်စုံဘူးလို့ ထင်နေတာပါ။

စောစောအိပ်တဲ့အကျင့်ဟာ ညဉ့် (၁) နာရီဝန်းကျင်မှာ တစ်ရေးနိုးတတ်တယ်။ ညဉ့်ကတိတ်ဆိတ်ပြီး ငြိမ်သက်နေလေတော့ အပ်ကျသံတောင်ကြားရတဲ့အချိန်မှာ ကျွန်တော့်အနီးနားကနေ အသက်ရှူသံတစ်ခုကို ပီပီပြင်ပြင်ကြားနေရလေ့ရှိတယ်။ ကျွန်တော့်မြောက်ဘက်စာအုပ်တွေစီထားတဲ့ကတ်ထူပုံးကြီးထဲကပါ။ ကတ်ထူပုံးအရှည်ကြီးကို တစောင်းချထားပြီး စာအုပ်မျိုးစုံတွေစီထားတာ လိုရာကိုအလွယ်တကူယူနိုင်အောင်စီစဉ်ထားပြီး တောင်ဘက်မှာလည်း စာအုပ်စင်ပါ။ အဲဒီစာအုပ်တွေကြားမှာ နှစ်တောင်ကျော်ကျော်လောက်ရှိတဲ့အိပ်ရာမှာအိပ်တာပါ။

ဒီစာအုပ်ပုံထဲမှာ နေတတ်တာက စာအုပ်တွေ ဖျက်ဆီးကိုက်ဖြတ်တတ်တဲ့ ပိုးဟပ်တို့၊ ရွှေငါးလို့ခေါ်တဲ့စာအုပ်ထိုးပိုးတို့ပဲနေတတ်တာပါ။ ဒီအကောင်တွေရဲ့ အသက်ရှူသံဆိုတာမကြားရလောက်ပါဘူး။ ခုဟာက အသက်ရှူသံဟာ ပီပီပြင်ပြင်ကို ကြားနေရတာ။

ဒါပေမယ့် အိမ်အောက်ကတစ်တောင်လောက်သာမြင့်တာမို့ ခွေးများဝင်အိပ်နေလို့လား။ ဒါမှမဟုတ် အိမ်ရှေ့က ထန်းဖတ်ကုလားထိုင်မှာ ခွေးတက်အိပ်နေတာလား။ ခွေးရဲ့အသက်ရှူသံလားဆိုပြီး ထကြည့်တော့လည်း ခွေးက အိပ်မနေပါဘူး။ အသက်ရှူသံကတော့ ကျွန်တော်နဲ့ တကယ်နီးတပ်နေတာ။ ခေါင်းအုံးနဲ့နားနဲ့ကပ်အိပ်ရင် ပိုကြားရတယ်။

ဒီတော့ ပရလောကသားတစ်ဦးဦးကများ ကျွန်တော့်အနီးမှာ လာအိပ်နေတာလားဆိုတဲ့ အတွေးကလည်း ဝင်ရပြန်တယ်။ ကျွန်တော်က နည်းနည်းတော့ ကြောက်တတ်ပါတယ်။ များများတော့မကြောက်တတ်ပါဘူး။ ဒီတော့ အဲဒီအသက်ရှူသံကြားရသက်သာအောင် ခေါင်းအုံးနဲ့နားကပ်မအိပ်ဘဲ တစောင်းအနေအထားကနေ ပက်လက်လှန်အိပ်လိုက်တယ်။ ဒါဆို တစ်ရေးနိုးရာက ချက်ချင်းပြန်အိပ်ပျော်ပြန်တာပါပဲ။

တစ်ရေးနိုးတာနဲ့ အဲဒီအသက်ရှူသံ ကြားနေရတာ ပဟေဠိတစ်ခုပါ။ ဘာကောင်က အသက်ရှူနေတာလဲဆိုတာကိုလည်း သိချင်စိတ်မပြင်းပြမိပါဘူး။ သူလည်း သူ့ဟာသူနေ၊ ကိုယ်လည်းကိုယ့်ဟာကိုယ်နေကိုး။ ဒီလိုနဲ့ ကာလတွေရှည်လျားခဲ့ပါတယ်။ နှစ်တောင်ချီခဲ့ပါပြီ။ ကြာတော့ ရိုးနေပြီပေါ့ဗျာ။

တစ်ခါတစ်ရံများဗျာ၊ အဲဒီတောင်က သက်ပြင်းရှည်ကြီးချတတ်သဗျ။ သက်ပြင်းရှည်ကြီးချပြီးရင် အသက်ရှူသံ ညင်သာသွားတယ်။ နို့မဟုတ်ရင် သူ့အသက်ရှူသံက တိုးတိုးလေးဟောက်နေတဲ့အသံမျိုးပါ။

သက်ပြင်းချတာဆိုလို့ ပြောရဦးမယ်။ ကျွန်တော်မိုင်းရှူးမှာကျင်လည်စဉ်က အခြေအနေအရ ဖက်စပ်တွေသိမ်းကုန်တဲ့အခါ နောက်ဆုံး လောပန်အားတင်၊ လောပန်မရွှေအိမ်စံတို့အိမ်မှာ ဝင်လုပ်ဖြစ်တယ်။

ဖက်စပ်ဆိုတော့ ခွေးတွေပေါပါတယ်။ အဲဒီမှာ မိကြားဆိုတဲ့ခွေးကျားမလေးတစ်ကောင် အရွယ်ရောက်လာပါတယ်။ မျိုးမပွားအောင်ဆိုပြီး ဆေးထိုးပြီးတားလိုက်တော့ကာ ခွေးမက အလေမလိုက်တော့ပါဘူး။ ခွေးတွေမွေးချိန်တန်တော့ အခြားခွေးမတွေက မွေးပါတယ်။ အဲဒီမှာ ခွေးမကြီးတစ်ကောင်ကို ခွေးသားစားသူတွေက သတ်စားလိုက်ကြတဲ့အခါ ခွေးနို့စို့အရွယ် (၅) ကောင် အမိမဲ့သွားပါတယ်။

ကိုယ်တိုင်မမွေးပေမယ့် မိခင်စိတ်ရှိတဲ့မိကြားက ခွေးလေးတွေကို ထိန်းတဲ့အခါ ခွေးလေးတွေက မိခင်အမှတ်နဲ့နို့ဝိုင်းစို့တာပါပဲ။ မိခင်စိတ်ဟာ အရမ်းဆန်းကြယ်ပါတယ်။ မိကြားဟာ နို့တွေစူလာပြီး တကယ်နို့တွေထွက်ကာကလေးတွေကိုဆက်ပြီး နို့တိုက်နိုင်တာကို အံ့ဩဖွယ်တွေ့ရတာပါပဲ။

တစ်နေ့မှာ မိကြားဟာ နို့တိုက်ပြီးထလာကာ ကျွန်တော်တို့နားလာထိုင်နေပါတယ်။ အဲဒီမှာ မိကြားက သက်ပြင်းရှည်ကြီးကိုချပါတယ်။ မိကြားရဲ့မိခင်မေတ္တာကို စိတ်ဝင်တစားရှိနေကြတဲ့ ကျွန်တော်တို့ အားလုံးမြင်ရကြားရပါတယ်။ အဲဒီမှာ မရွှေအိမ်စံက အရမ်းအံ့ဩသွားပြီး -

"ဟင် - ခွေးကလည်းသက်ပြင်းချတယ်နော်။ ဒီလို သက်ပြင်းချတတ်မှန်း ကျွန်မမသိခဲ့ဘူး။ လူတွေလိုပဲနော်။ သူလည်း စိတ်ရှုပ်လို့ သက်ပြင်းချတာနေမှာ"

လို့ပြောပါတယ်။

မရွှေအိမ်စံက ချောချောလှလှနဲ့ နမ္မတူသူပါ။ သဘောမနော အလွန်ကောင်းပါတယ်။ ဇနီးမောင်နှံနှစ်ဦးစလုံး အလွန်သဘောပြည့်ကြတာပါ။

ဒါနဲ့ ကျွန်တော်က -

"သူလည်း အပျိုစစ်စစ်ကနေ ကလေးအမေလုပ်ပြီး နို့တိုက်နေရတော့ တာ စိတ်ရှုပ်လို့နေမှာပေါ့ဗျာ"

လို့ ပြောတော့ ရယ်မောကြပါတယ်။

အခုလည်း ကျွန်တော့်အနီးမှာနေတဲ့အကောင်က သက်ပြင်းချတာကို ကြုံရပြန်တာပါပဲ။ ဒီကောင်က ကြွက်တော့ မဟုတ်ပါဘူး။ ကြွက်ဆိုတာက ပြောင်းဆန်အောင်ပြေးလွှားနေတဲ့အကောင်။ ပြီးတော့ ပါးစပ်အငြိမ်မနေဘဲ တကြွပ်ကြွပ်နဲ့ကိုက်ဖြတ်နေတတ်တဲ့ အကောင်မျိုးပါ။ ဒီကောင်ကတော့ လှုပ်ရှားသံဆိုတာ ဘာမှမကြားရဘဲ အသက်ရှူသံသာ ကြားနေရခြင်းပါ။

## ■ ဖားတစ်ကောင်

တစ်နေ့ ညနေပိုင်းမှာ ကျွန်တော်အိမ်ရှေ့ထန်းဖတ်ကုလားထိုင်မှာထိုင်နေတဲ့အခိုက် ကျွန်တော်စိုက်ထားတဲ့ ကြက်မောက်ပန်းတန်းကြားမှာ ဖားတစ်ကောင်ခုန်ပျံပြေးသွားနေတာကို မြင်ရပြီး အဲဒီဖားဟာ ကျွန်တော့်အိမ်ပေါ် စွေ့ခနဲ ခုန်တက်သွားတာတွေ့ရပါတယ်။ ဖားဆိုတဲ့အမျိုးဟာ အခုန်အပျံမှာတော့ ကျွမ်းကျင်တဲ့ဆရာကြီးတွေပါ။ ခုလည်းကြည့်ပါ။ သုံးဆွေ့လောက်ခုန်လိုက်တာနဲ့ အိမ်ပေါ်ရောက်သွားပြီး။



www.burmeseclassic.com1

www.burmeseclassic.com

ဒါနဲ့ ကျွန်တော်ဟာ ထိုင်ရာကထပြီး အိမ်ပေါ်ကိုတက်ကြည့်တဲ့အခါ ကျွန်တော့်အိပ်ရာခြေရင်းမှာ ကွန္ဒြေရရထိုင်နေပါတယ်။ ဖားက ဖြူနက်ကျားအရွယ်ရောက်ဖားကြောင်တစ်ကောင်ပါ။

ဒီအရပ်မှာရှိနေတဲ့ဖားတွေဆိုတာက ကျွန်တော်နဲ့ရင်းနှီးပြီးသားပါ။ ဘာလို့လဲဆိုတော့ အလွန်ဆော့ခဲ့တဲ့ဘုန်းကြီးကျောင်းသားဘဝမှာ မြွေမရှောင်၊ ဖားမရှောင် တွေ့တဲ့အကောင်အကုန်ဖမ်းပြီးဆော့လေ့ရှိကြတာကိုး။

ဒီတော့ ဖားတွေ့ရဲ့စရိုက်၊ ဖားတွေရဲ့ညဉ်၊ ဖားတွေရဲ့အပြုအမူကို အကုန်သိတယ်။ ဘယ်ဖားကစရင် စိတ်တိုတတ်တယ်။ ဘယ်ဖားကကိုက်ရင် အဆိပ်ရှိတယ် စသည်ဖြင့်ပေါ့လေ။ ကလေးတို့ဘာသာဘာဝသိကြပါတယ်။ ဆော့ကစားလို့အကောင်းဆုံးက ဖားကြောင်ပါ။ အဖြူအနက်နှစ်ရောင်ကြောင်နေလို့ ဖားကြောင်လို့ခေါ်ခြင်းပါ။

ဖားကြောင်တွေ့ရင်မရ ရအောင်လိုက်ဖမ်းတာပါပဲ။ မီလို့ကတော့ အဲဒီဖားမချောင်လှပါဘူး။ ဘာလို့လဲဆိုတော့ ဘုန်းကြီးကျောင်းသားတွေက စိတ်တိုတတ်တဲ့ဖားကြောင်ကို စိတ်တိုအောင် တုတ်ကလေးနဲ့တို့တို့ပြီး စကြတော့တာပါ။

တုတ်ကလေးနဲ့ တို့လိုက်တာနဲ့ အဲဒီဖားကြောင်ဟာ ခန္ဓာကိုယ်က စေးကပ်တဲ့ပျစ်ချွဲချွဲအစေးတွေထွက်လာပြီး ဖောင်းကားလာတတ်တာပါ။ ဒီအခါမှာ ဖားဟာ ပိုပြောင်လာပြီး ဖောင်းကားလာတော့ ကြည့်ကောင်းပါတယ်။ တို့လိုက်ကားပြီးဖောင်းလာလိုက်နဲ့စဖို့ အတော်ကောင်းပါတယ်။ ကြာတော့ ဖား ကြောင်ဟာလေလုံးကြီးလိုဖြစ်လာကာ တုတ်ကလေးနဲ့ခေါက်ရင် တုံတုံလို့ တောင်မည်ပါတယ်။

အဲဒီလိုစရတာ ကျွန်တော်တို့ဘုန်းကြီးကျောင်းသားတွေ ပျော်ကြတာပါ။ ဟိုကောင်ကဝင်ခေါက် ဒီကောင်ကဝင်ခေါက်နဲ့ ဖားကလည်း လေပူဖောင်းလုပ်ပြီးတင်းခံရှာပါတယ်။ ကျွန်တော်တို့လက်ထဲရောက်တဲ့ဖားကတော့ မချောင်လှပါဘူး။ ကံအတော်ဆိုးတာပါ။ ဖွတ်လမွတ်ကေအောင်ဆော့ပြီး ဆော့လို့ဝမှကဲ - နင်တစ်ခါလွှတ်၊ ငါ့ဆယ်ခါလွှတ်ဆိုပြီးလွှတ်ပေးလိုက်တာပါ။ လွှတ်တာတောင် အလကားလွှတ်တာမဟုတ်ပါဘူး။

စားဖားတွေဖြစ်တဲ့ ဖားအိုင်းတို့၊ ဖားပေါင်စင်းတို့ကျတော့ လယ်တောတွေမှာ အနေများတာမို့ ကျွန်တော်တို့ဘုန်းကြီးကျောင်းဝင်းထဲမှာ မရှိပါဘူး။ ရှိတာက မစားရတဲ့ဖားပြုပ်၊ ဖားကြောင်၊ ဖားပျံတွေပဲရှိတာပါ။

ဖားပြုပ်ကြီးတွေကျတော့ အကောင်ကလည်းကြီး၊ အရုပ်ကလည်းဆိုး ကွန္ဒြေလည်းကြီးတဲ့အကောင်ကြီးတွေပါ။ ဒီတော့ ဖားပြုပ်ကို လက်နဲ့ဖမ်းရဲတဲ့အကောင်မရှိဘူး။ ဘာလို့လဲဆိုတော့ ဖားပြုတ်အာနီကိုက်ရင် အဆိပ်ပြင်းတာမို့ သေတတ်တယ်လို့ ကြားဖူးထားတာကိုး။ ပြီးတော့ ဖားပြုပ်ဆိုတာ တစ်ကိုယ်လုံးဆူးတောင်တွေနဲ့ဆိုတော့ ကြမ်းကြမ်းကြီးနဲ့ ကြောက်စရာ၊ ရွံစရာ၊ အူယားစရာကြီးပါ။ ဒီတော့ ဘယ်သူကမှလက်နဲ့မဖမ်းရဲကြဘူး။

ဒါပေမယ့် ဖားပြုပ်က ပေါ့ပါးစွာခုန်ပျံနိုင်ခြင်းမရှိဘဲ နှေးကွေးစွာ ခုန်ဆွခုန်ဆွနဲ့သွားတတ်တာမို့ ဖမ်းစရာမလိုဘဲ ကျွန်တော်တို့ဆော့ကစားနိုင်ကြပါတယ်။

ဖားပြုပ်တွေ့ရင် ရွေ့မသွားနိုင်အောင် တုတ်နဲ့ဆီးထားလိုက်ပါပဲ။ ပြီးရင် တုတ်နဲ့တို့ကြတာပေါ့ဗျာ။ ဒီအခါ ဖားပြုတ်ကြီးတွေက အနည်းငယ်ဖောင်းလာပြီး ဆူးတောင်တွေကနေ နို့လိုဖြူပျစ်ပျစ်အဆိပ်တွေထုတ်တော့တာပါပဲ။ ဒါက သူ့ကိုယ်သူကာကွယ်တဲ့အဆိပ်ပါ။ ဒါလောက်ပဲ သူတို့ကိုယ်သူတို့ကာကွယ်နိုင်ကြတယ်။ သနားစရာအကောင်တွေပါ။

မိုးရာသီမှာ ခြအသွင်ပြောင်း ပလူကောင်တွေထွက်ပြီဆိုလို့ကတော့ ပလူလိုက်စားကြတဲ့ ဖားပြုပ်ကြီးတွေ ဘယ်ကနေဘယ်လိုရောက်လာတယ်မသိဘူး ပေါမှပေါပါပဲဗျာ။ ပလူကို အရမ်းကြိုက်ကြတယ်။ ဖားပြုပ်ဆိုတာ တစ်ကောင်မကဘဲ အုံနဲ့ကျင်းနဲ့အကောင်တွေ အများကြီးနေလေ့ရှိပါတယ်။ အဲဒါကြောင့်များခြင်းပါ။ ညနေစောင်းတာနဲ့ ဖားပြုပ်တွေဟာ တစ်ညတာအစာရှာဖို့ထွက်လေ့ရှိကြပါတယ်။

ဆောင်းနဲ့ နွေမှာ ရေအိုင်တို့၊ ချောင်းတို့မှာ မျိုးဥချကြပြီး ရေထဲမှာဖားတစ်ပိုင်းငါးတစ်ပိုင်းလို့ခေါ်တဲ့ ငါးဖားလောင်း (ငဖားလောင်း) တွေ ပေါက်ပွားတယ်။ တစ်လလောက်နေရင် ဖားငယ်တွေအသွင်ပြောင်းပြီး ကုန်းပေါ်တက်ပြီး ကျက်စားကာ တွင်းနဲ့အုပ်စုဖွဲ့ပြီးနေတတ်တယ်။ ဖားငယ်လေးတွေဟာ ဖားကြီးတွေရဲ့ ကျောပေါ်မှာစီးပြီးလည်းလိုက်တတ်ကြတယ်။

နွေရာသီမှာဆိုရင် မျိုးဥချပြီး ချောင်းဘေးမှာသေနေကြတဲ့ ဖားပြုပ်တွေ အများအပြားရှိကြပါတယ်။ ဖားပြုပ်တွေက နေပူတော့ခြောက်နေကြပါတယ်။ ဆေးအသုံးလိုလို့ ဖားပြုပ်ခြောက်ကောက်သူတွေဆိုရင် အိတ်နဲ့ကိုရကြတာပါ။ မျိုးဥချပြီး သေကုန်တယ်ထင်ပါရဲ့ဗျာ။ သနားစရာပါ။ နွေဆို ငလိုက်ချောင်းဘေးမှာပေါမှပေါပါ။

အဲ - ဖားပျံကျတော့ ဘယ်အကောင်မဆို ကြောက်ကြတယ်ဗျ။ သူကအရုပ်ဆိုးဆိုး၊ ခေါင်းကကြီးကြီး၊ ကိုယ်ကသေးသေး၊ ခြေတံလက်တံက ရှည်ရှည်နဲ့တစ်ခါခုန်ရင် အဝေးကြီးရောက်တယ်။ ခြေလက်ကလည်းမြဲတယ်။ အဲဒီတော့ အဲဒီဖားပျံ ကိုယ့်ကိုခုန်ကပ်မှာ ကြောက်ကြခြင်းပါ။ ဖားပျံဆိုတာ သစ်ပင်ကြီးတွေပေါ်မှာနေတဲ့အကောင်ပါ။ ဖားပျံကိုကြာကြာတစ်ခါ သောက်ရေအိုးဘေးတွေမှာကပ်နေတာ တွေ့ရတတ်တယ်။ တုတ်နဲ့ထိလိုက်တာနဲ့ အဝေးကြီးခုန်ပျံထွက်သွားလေ့ရှိတယ်။ အဲဒီတော့ ကျွန်တော်တို့ဘုန်းကြီးကျောင်းသားတွေနဲ့ လက်ပွန်းတတီးမရှိလှဘူး။

ရှိတာကတော့ ဖားကြောင်ပါ။ ဖားကြောင်ဖမ်းရင် သူ့အစေးတွေ လက်ကိုပေကုန်ပြီး စေးကပ်နေတတ်တယ်။ အဲဒါကြောင့် လက်ဆေးပစ်ရပါတယ်။ လက်မဆေးရင် ခြောက်ကပ်ပြီး လက်က ကြမ်းထော်ထော်ကြီးဖြစ်နေတတ်တာ။

ခုလည်း ကျွန်တော့်အိပ်ရာခြေရင်းမှာ ဖားကြောင်လေးတစ်ကောင်ထိုင်နေတာတွေ့တော့ အင်း - ဒီဖားတော့ နေရာမှားပြီးရောက်လာတာနဲ့တူတယ်ဆိုပြီး တုတ်ကလေးနဲ့ အသာ အောက်ကို ပြန် တွန်းချပေးလိုက်ပါတယ်။

တစ်ခါတည်း မဟုတ်ပါဘူး။ ဒီလိုတွေ့တာ (၃) ခါတိတိပါ။ တွေ့တိုင်း အသာတွန်းချပေးလိုက်တာပါပဲ။ ဒီဖားဘာကိစ္စကြောင့်အိမ်ပေါ်တတ်တက်နေပါလိမ့်ဆိုတဲ့ အတွေးလည်း ဝင်မိသပေါ့ဗျာ။

## ■ အသက်ရှူသံအကောင်တွေပြီ

ဖားကိုတွေ့မိတော့ ဖားအတွေးဝင်မိသပေါ့။ မိုးဦးကျရာသီရောက်ပြီဆိုတာနဲ့ ကျွန်တော်တို့ပျဉ်းမနားဒေသမှာ



www.burmeseclassic.com

www.burmeseclassic.com

ဖားတွေကျပါပြီ။ အဲဒီမှာ စားဖားတွေဖြစ်တဲ့ ဖားပေါင်စင်းတွေ၊ ဖားအိုင်းတွေ ဈေးထဲမှာတန်းစီနေအောင် ရောင်းချကြတော့တာပါပဲ။

ဖားရိုက်ထွက်ကြတယ်ဆိုတာကလည်း တောခံလေ့ပေမို့ ဘယ်သူကမှ ဘယ်သူ့ကို ကဲ့ရဲ့စကားမဆိုကြပါဘူး။ အဲဒီမှာ မိသားစုစားဖို့ ဖားရိုက်ထွက်တာရှိတယ်။ ရောင်းစားဖို့ စီးပွားရေးအရ ထွက်တာရှိတယ်။ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ အပျော်တမ်းချက်စားဖို့ ထွက်တာရှိတယ်။ အချို့က ဝါသနာကြီးလွန်းလို့ရင်းပြေဖားရိုက်ထွက်တာရှိတယ်။ အများထွက်လို့ အပျော်တမ်းဖားရိုက်ထွက်တာရှိတယ်။ အမျိုးမျိုးပေါ့လေ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဘုန်းကြီးကျောင်းသားတွေကတော့ အမျိုးမျိုးချက်ပြုတ်ကြော်လှော်ထားတဲ့ ဖားဟင်းကို တမက်တမောစားကြလေ့ရှိတယ်။ ဖားသာတန်းသွားတယ်။ ဖားသားကို မမုန်းနိုင်ကြပါဘူး။ ဒါပေမယ့် ဒီလိုဖားသားစားရဖို့ကို နောက်နှစ်မိုးဦးကျရာသီကို မျှော်နေရဦးမှာလေ။

ကျောင်းဝိုင်းအနီးက ရေအိုင်တွေမှာ ညဆို ဖားတွေရဲ့ ဘားဆိုပျော်မြူးသံ တစ်မိုးလုံးကြားရလေ့ရှိတယ်။ တစ်ဖွဲ့က အုမ်လို့အော်ရင် တစ်ဖွဲ့က အွမ်လို့သံပြိုင်ညီညီလိုက်ဆိုလေ့ရှိတာပါ။ လေးလေးပင်ပင်နဲ့ညီညီညာညာဆိုနေကြတာလေ။ အသံပြတ်သွားရင်လည်းတီခနဲပြတ်သွားတာ။ ဆိုင်းဝိုင်းတွေ၊ တီးဝိုင်းတွေလို စည်းကျဝါးကျရပ်သွားသလားတောင် မှတ်ရတယ်။ ကလေးတို့ဘာသာဘာဝ အဲဒီဖားတွေရဲ့အုမ်အွမ်သံပြိုင်အော်နေကြတာကို မသိမသာရင်ထဲ စွဲနေတာလေ။ အုမ်အွမ်သံမကြားရရင် ရင်ထဲမပြည့်စုံသလို ခံစားရတယ်။ ဒါက ငယ်စဉ်ဘဝမှာ ကြုံရတာပါ။

မိုးကုတ်ကျောက်ဖျာမှာနေစဉ်တုန်းကလည်း မိုးရာသီရောက်ရင် အုမ်အွမ်သံကြားရတတ်တယ်။ အဲဒီအသံကြားရင် မကြည်အောင်ကရယ်ရယ်မောမောပြောလေ့ရှိတယ်။ ဖားစတိတ်ရှိုးပွဲတဲ့ဗျ။ မနိုင်းအပ်မနိုင်းရာ ကြုံကြုံစည်စည် သူမို့တွေးတတ်ပလေ။ အသံကုန်အော်ဟစ်နေတဲ့အဆိုတော်တွေ ဖားဖြစ်ကရောဗျ။ ကဲဗျာ - ထားပါတော့၊ ဖားအကြောင်းပြောနေရရင် ကုန်နိုင်ဖွယ်မရှိပါဘူး။

ကျွန်တော်က စာကိုမနက်အစောပိုင်းရေးတာပါ။ ဒါပေမယ့် ကိစ္စအဝဝတွေကြုံရင်တော့ ညမှာရေးလေ့ရှိပါတယ်။ တစ်ညမှာ စာထဲစျာန်ဝင်ပြီးရေးနေတုန်း မျက်ဝန်းထဲမှာ လှုပ်ရှားမှုတစ်ခုဝင်လာတာနဲ့ကြည့်လိုက်တော့ အောင်မာ ကျွန်တော့်မြောက်ဘက်စာအုပ်တွေကြားကနေ ဖားတစ်ကောင်က အေးအေးဆေးဆေးလာနေပါရောလားဗျ။

ဖားက ကြွေရရပါပဲ။ ခုန်ပျံပြီးမသွားဘူး။ ကျွန်တော်စာရေးနေတဲ့ဘေးကနေ ဘယ်ခြေညာလက်ညာခြေဘယ်လက်နဲ့အေးအေးဆေးဆေးတွားသွားပြီး အထွက်ပေါက်ကြမ်းကြားကနေအောက်ကို ခုန်ဆင်းသွားတာတွေ့ရပါတယ်။ အစာသွားရှာစားတာနေမှာပေါ့။

ဒါဆို ညညအသက်ရှူသံကြားနေတာ ဒီဖားကြောင်လေးရဲ့အသက်ရှူသံပေါ့ကိုးလို့ သိရပါတယ်။ အဲဒီလို ထွက်လာတာတွေ၊ ပြန်လာပြီး စာအုပ်ပုံကြားပြန်တက်ပြီးဝင်သွားတာတွေ နောင်မကြာမကြာကြုံရတဲ့အခါ ဪ - ငါက တစ်ယောက်တည်းနေနေတာလို့ထင်နေမိတာ တကယ်တော့ ဖားလေးနဲ့ဆို ဒီအိမ်လေးမှာ နီးနီးကပ်ကပ် (၂) ဦးနေနေတာကိုးလို့သိရပြီး ဖားလေးအပေါ်သံယောဇဉ်စိတ်ဝင်မိပါတော့တယ်။

တကယ်တော့ အိမ်ပေါ်ကိုရွှေ့ခနဲခုန်တက်တတ်တဲ့ဖားကလေးဟာ သူနေနေကျဖြစ်တဲ့အိမ်ကို ပြန်လာခြင်းပါပဲ။ ကျွန်တော်က ကျွန်တော်နဲ့အတူနေတဲ့ဖားမှန်းမသိလို့ မောင်းထုတ်ခဲ့ခြင်းပါ။ ခုတော့ လုံးဝအိမ်သားလိုအသိအမှတ်ပြုကာ သူ့ကို ဥပေက္ခာပြုထားခြင်းပါပဲ။ လုံးဝမောင်းမထုတ်တော့ပါဘူး။ သူဟာ သူဝင်ချင်ဝင်၊ ထွက်ချင်ထွက်သူ့သဘောပါပဲ။ သူကလည်း ကျွန်တော့်ကိုသိနေခင်မင်တွယ်တာနေမှာပါ။ ကျွန်တော်ကသာ သူ့ကိုမသိခဲ့တာကိုး။ သူက စာအုပ်ပုံကြားကနေ ကျွန်တော့်ကိုကြည့်ရင်ကြည့်နေမှာပေါ့။ ဒီတော့ ညညအသက်ရှူသံလေးကြားရင် ဒီကောင်အစာရှာရာက ပြန်ရောက်နေပြီပဲလို့ တွေးရတာပေါ့။

တစ်ခါ ကျွန်တော်ကစာအုပ်တစ်အုပ်ရချင်တာနဲ့ စာအုပ်ပုံထဲက စာအုပ်တွေဆွဲထုတ်ဖြိုးရှာပါတယ်။ နေ့လယ်အချိန်ဆိုတော့ ဖားလေးက ကြွေရရစာအုပ်တွေကြားမှာဝပ်နေတာပါ။ အိပ်နေတာနေမှာပေါ့။ ကျွန်တော်လည်း စာအုပ်တွေကိုညင်ညင်သာသာ ဖားလေးကို မထိခိုက်အောင် ပြန်စီပေးပါတယ်။

ကိုယ့်ကိုလာပြီးမှီခိုနေတဲ့ဖားလေးကို သံယောဇဉ်ဖြစ်မိတာပေါ့။ ဟိုးတစ်ခါကလည်း ဖားပျံကလေးတစ်ကောင် ကျွန်တော်နဲ့ တစ်မိုးလာနေဖူးတယ်။ သူကနံရံမှာချိတ်ထားတဲ့အိတ်အဝါလေးထဲမှာနေတာ။ သူတို့က အရောင်ပြောင်းတတ်တဲ့အကောင်တွေပါ။ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေအရောင်ပြောင်းပြီးနေလေ့ရှိတဲ့အကောင်တွေပါ။ အိတ်ကနနွင်းရောင်ဆိုတော့ အိတ်နဲ့လိုက်လျောညီထွေအရောင်တူ နနွင်းရောင်နဲ့ဖားပျံလေးကနေပါတယ်။ ဖားပျံဆိုတော့ နံရံမှာ ချိတ်ထားတဲ့အမြင့်က အိတ်မှာနေခြင်းပါ။ (အဲဒီအကြောင်းကို 'နေရာစွဲ' ဆိုပြီး ဝတ္ထုရေးပါတယ်။ ၂၀၁၂ နိုဝင်ဘာလထုတ် သူရဇ္ဇမဂ္ဂဇင်းမှာ ဖော်ပြခြင်းခံရပါတယ်။)

အဲဒီလို အရောင်ပြောင်းပြီးနေတတ်တဲ့အကောင်တွေမှာ မြွေပွေးတို့၊ ပုတ်သင်ညိုတို့လည်းပါတယ်။ မြွေပွေးက မြေကြီးနဲ့အသွင်တူအရောင်နဲ့နေတယ်။ ဖားပျံလေးတွေကလည်း သစ်ရွက်၊ သစ်ခေါက်၊ သစ်ပွင့် စတဲ့ မိမိတို့နေထိုင်ရာနေရာနဲ့ အသွင်တူအရောင်နဲ့ရောနှောနေထိုင်ကြတယ်။ ဘာလို့ အဲဒီလိုနေသလဲဆိုတော့ အန္တရာယ်ကနေရှောင်တဲ့အနေနဲ့ကိုယ်ယောင်ဖျောက်ကြတဲ့ သဘောပါ။ အကောင်ဟာ နေထိုင်ရာ ဝန်းကျင်နဲ့ အရောင်အသွေးတူနေတော့ကာ ကိုယ်ပျောက်နေတဲ့သဘောပါပဲ။ ဒါက သဘာဝက ဖန်တီးပေးထားတဲ့ သူတို့ရဲ့အရေပြားစွမ်းအင်ပါ။ ပုတ်သင်ညိုကျတော့ မိတ်လိုက်တဲ့နေရာမှာ သူတို့ရဲ့အရောင်ကို အမျိုးမျိုးပြောင်းကြပုံရှိပါတယ်။ အနီရောင်၊ အပြာရောင်၊ အဝါရောင်၊ အညိုရောင်၊ အနက်ရောင် စသည်ဖြင့် ဆွဲဆောင်မှုရှိတဲ့အရောင်တွေနဲ့ အမကို ဆွဲဆောင်ပုံရှိပါတယ်။ ပုတ်သင်ညိုအထီးတွေဟာ တစ်ခဏအတွင်း အရောင်မျိုးစုံပြောင်းလဲနိုင်စွမ်းရှိကြောင်း မျက်မြင်ကိုယ်တွေ့ မကြာမကြာကြုံရလေ့ရှိတယ်။ ပုံမှန်နေတဲ့အခါ အပြာရောင်နဲ့နေလေ့ရှိပါတယ်။

အဲဒါကြောင့် ပုတ်သင်ညိုအရောင် မကြာမကြာပြောင်းတတ်တဲ့သဘောနဲ့ နှိုင်းကာ နာယကဂုဏ်မမြောက်နိုင်ကြောင်း အကြောင်း(၆)ပါးမှာ ကဏန်း၊ ပုတ်သင် ကိုင်းပင်၊ လိပ်မျိုး၊ နွားသိုး၊ ခွေးအ ဤခြောက်ဝ နာယကဂုဏ်မမြောက်လို့ ပုတ်သင်ကိုထည့်ဆိုထားခြင်းပါ။ ဒါက စပ်မိလို့ပါ။ အကျယ်ရေးပြနေရင် ပေရှည်သွားမှာမို့ ရေးပြမနေတော့ပါဘူး။



www.burmeseclassic.com1

www.burmeseclassic.com

## ■ ခွေးတစ်ကောင်

ကျွန်တော်ဟာ ခွေးချစ်တတ်တဲ့လူတစ်ယောက်ပါ။ ခွေးတွေအပေါ်မှာ မေတ္တာအားကြီးပါတယ်။ ကျွဲ၊ နွား၊ မြင်း၊ ဝက်၊ ကြောင်၊ ရှဉ့် စတဲ့အမွေးပါတဲ့အကောင်တွေကိုလည်း ချစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်ကို လူတွေကသာမချစ်ရင်နေမယ် ခွေးတွေ၊ ကြောင်တွေကတော့ ချစ်ကြပါတယ်။ ဘယ်နေရာရောက်ရောက် သိသိ၊ မသိသိ ခွေးတွေက ကျွန်တော့်ကိုယ်နဲ့ရရင် အမြီးတနန့်နန့်နဲ့ လာပြီး မိတ်ဖွဲ့ကြလေ့ရှိတယ်။ ဒီလိုနဲ့ ခဏအတွင်း ရင်းနှီးသွားလေ့ရှိတယ်။ ထူးတော့ အတော်ထူးတာပါ။ မေတ္တာကြောင့်ထင်ပါရဲ့။

မိုင်းရှူးရတနာမြေမှာနေစဉ်တုန်းက ကျွန်တော်မင်းသီဟသန်းကျောက်မျက်ကုမ္ပဏီမှာ မန်နေဂျာလုပ်နေစဉ်အခါက ဖက်စပ်က ရုပ်ကွက်ကို လျှပ်စစ်မီးပေးပါတယ်။ မီးယူတဲ့အထဲမှာ ကချင်အဖွဲ့ရုံးကလည်း မီးယူပါတယ်။ အဲဒီရုံးမှာ အလွန်ဆိုးပြီးကိုက်တဲ့ခွေးဆိုးကြီးရှိတယ်။ နေ့ဆို ခြံထဲထည့်ထားတယ်။ ညဆိုလွှတ်ထားလေ့ရှိတယ်။ အဲဒီခွေးက ကိုက်တဲ့နေရာမှာ နာမည်ကြီးပါ။ အယ်(လ်)ဇေးရှင်းအစစ်ထင်ပါတယ်။ ခွေးကြီးက လှပြီးအကောင်ကြီးတယ်။ တောင့်တင်းတယ်။ ဒါပေမယ့် ချစ်စရာကြီးပါ။ ကျွန်တော်က မြင်တာနဲ့ ချစ်တာပါပဲ။ ကျွန်တော်က လစဉ်မီးကြေးလိုက်ကောက်ရလေတော့ ရပ်ကွက်အနှံ့ရောက်ရခြင်းပါ။

ဒီလိုနဲ့ နေ့လယ် လူမတွေ့တာနဲ့ ညမိုးချုပ်စသွားတဲ့အခါမှာ ခြံဝင်းတံခါးကို ပြေးလာပြီး အဲဒီခွေးက စားမတတ်ဝါးမတတ်ဟိန်းတာပါဘဲ။ ရုံးက အမျိုးသမီးထွက်လာပြီးဟန့်တော့မှငြိမ်သွားပါတယ်။

နောက်ပိုင်း နေ့လယ်ဘက်ရောက်တဲ့အခါ အဲဒီခွေးဆိုးကြီးလှောင်ထားရာသွားပြီးစုတ်သပ်ကာ ခြံထဲလက်ထိုးထည့်ပေးလိုက်ပါတယ်။ သူ့မှာရန်လိုတဲ့အသွင်မရှိဘဲ ကြင်နာတဲ့အကြည့်နဲ့ကြည့်ပြီး လက်ကိုနမ်းကာလျက်နေပါတော့တယ်။ ဒီလိုနဲ့ တစ်ခါပဲ မိတ်ဖွဲ့လိုက်ရတယ်။ ခွေးဆိုးကြီးနဲ့ မိတ်ဆွေဖြစ်သွားပြီး လစဉ်ကြေးသွားကောက်တိုင်း သူ့ကိုပွတ်သပ်ကာ စကားတွေသွားပြောလေ့ရှိတယ်။ သူ့ဘဝမှာ ကျွန်တော့်လိုအကြင်နာအားကြီးတဲ့မေတ္တာမျိုး ရရှိခဲ့ဟန်မတူပါဘူး။ သနားစရာအလွန်ကောင်းတာပါ။

ကျွန်တော်ဘုန်းကြီးကျောင်းသားဘဝ ဖျဉ်းမနားမြို့နယ် ပြန်ကပြေးရွာမှန်ကျောင်းမှာနေစဉ်ကတည်းက ကျောင်းမှာ ခွေးအကောင် (၅၀) လောက်ရှိတော့ အဲဒီခွေးတွေဟာ ကျွန်တော်ရဲ့ကစားဖက်တွေပါ။ ခွေးနဲ့ကျွန်တော်၊ ကျွန်တော်နဲ့ခွေး လုံးထွေးဆော့ကစားရင်း ကြီးပြင်းလာခဲ့တာပါ။ ဘယ်မှာနေနေ ဘယ်ဆီရောက်ရောက် ရောက်ရာအရပ်က ခွေးတွေနဲ့ ခင်မင်ရင်းနှီးပြီး ကြီးပြင်းခဲ့တာခုထိဆိုပါတော့။ ခွေးတွေရဲ့ပုံစံအမျိုးမျိုး၊ စရိုက်အထွေထွေကို သိခွင့်ရပါတယ်။ သခင်ကိုချစ်တဲ့နေရာမှာ ခွေးလောက်သစ္စာရှိရှိချစ်တတ်တာ လောကမှာမရှိပါဘူး။ ခွေးပေမယ့် လူတွေအတုယူစရာဂုဏ်တွေ သူ့မှာရှိတယ်။ ခွေးဆိုတာ ကျွေးသမျှနဲ့ ရောင့်ရဲနိုင်စွမ်းရှိတယ်။ သခင့်အပေါ် သစ္စာရှိတယ်။ အိပ်ပျော်လွယ်တယ်။ နိုးထလွယ်တယ်။ ဒါက ခွေးတိုင်းမှာရှိတာ လူတွေတိုင်းမှာတော့ အဲဒီဂုဏ်တွေမရှိဘူး။

ခွေးကို မိုးပျံအောင်ချစ်ပေမယ့် ကျွန်တော်က ကိုယ်ပိုင်ခွေးမမွေးပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်က ခြေထောက်ဗွေပေါက်ပြီး ဟိုသွားဒီသွား လျှောက်သွားနေတဲ့ကောင်ပါ။ ဒီတော့ ကျွန်တော့်ဆီနေတဲ့ခွေး ထမင်းနပ်မှန်မှာ မဟုတ်ပါဘူး။ တစ်လကိုးသီတင်း ခရီးထွက်နေရင် ပိုဆိုးမှာပါ။ ဒီအခါ ကျွန်တော့်ခွေးကို ဘယ်သူကျွေးမလဲ။ အဲဒါကြောင့် အိမ်အနီးမှာရှိတဲ့ရင်းနှီးနေပြီ့ခွေးတွေကိုပဲ စားကြွင်းစားကျန်တွေခေါ်ကျွေးလိုက်တာပါပဲ။ ကိုယ်ပိုင်ခွေး ရယ်လို့မရှိပါဘူး။

ဒါပေမယ့် ၂၀၁၅ ရဲ့ခွေးပွဲတော်အပြီးမှာ ကျွန်တော့်ကိုအလွန်ချစ်တဲ့ခွေးတစ်ကောင်ဟာ သူ့အိမ်မပြန်တော့ဘဲ ကျွန်တော့်ဆီမှာ ကျောက်ချပြီးလာနေတော့တာပဲဗျို့။ ကြောင်ပြာသို၊ ခွေးတော်သလင်းလို့ အဆိုရှိတယ်မဟုတ်လား။ တော်သလင်းခွေးပွဲတော်အပြီးဆိုတော့ အစားပျက်အအိပ်ပျက်နဲ့နေခဲ့ရတာပါ။ ဒီတော့ ခွေးကပိန်ညှောင်စုတ်ပြတ်နေတာပါပဲ။

## ■ မိုက်ခဲ

မိုက်ခဲဆိုတော့ ကျွန်တော်တို့ငယ်ငယ်က စွဲမက်ခဲ့ရတဲ့ စာရေးဆရာကြီး မှူဝံရဲ့ ပင်တိုင်ဇာတ်လိုက်ကျော် မိုက်ခဲ ထွန်းရွှေကို သတိရရှိလှသဗျ။ ဒီမိုက်ခဲကတော့ လူမဟုတ်ပါဘူး။ နားရွက်နှစ်ဖက်ကုပ်ကုပ်လေးနဲ့ အဝါရောင်ခွေးထီးတစ်ကောင်ပါ။

ဒီခွေးက မြောက်ဘက်ကမ်းအိမ်တစ်အိမ်ကခွေးပါ။ ကျွန်တော်ရယ် ကိုတင်ထွန်းရယ် လအတော်ကြာ ရွှေဥကဘုရားကြီးဆီ ပန်းဆီမီးနေ့စဉ်လှူ ရောက်ကြပါတယ်။ အဲဒီမှာ ကိုတင်ထွန်းက နေ့စဉ် ခွေးဒါနလုပ်တော့ကာ မိုက်ခဲက အလှူခံခွေးထဲကတစ်ကောင်ပါ။

သိပ်မကြာလိုက်ပါဘူး။ အဲဒီခွေးဟာ ကျွန်တော်ဘုရားဝတ်တက်နေရင်းပါးကို နေ့တိုင်း ခိုးနမ်းနေကျပါ။ ဒီတော့ အာရုံယူဖို့ မျက်စိတောင်မမှိတ်ရဲအောင်ရှိရတယ်။ မမှိတ်လည်း တစ်နေ့ကိုတစ်ကြိမ်တော့ ရအောင်ကို နမ်းလေ့ရှိတယ်။ ကျွေးတာက ကိုတင်ထွန်း။ ချစ်တော့ ကျွန်တော့်ကိုလာချစ်နေတာ။

နောက်တော့ မိုက်ခဲကစလိုက်တာ ကျွန်တော့်နားမှာ ပုံမှန်ခွေးကြီးခွေးငယ် (၆)ကောင်လောက်လာဝိုင်းပြီး နမ်းတဲ့ကောင်က နမ်း၊ စတဲ့အကောင်က စ၊ ပုဆိုးကိုဆွဲတဲ့အကောင်ကဆွဲနဲ့ ချစ်လိုက်ကြတာ တစ်အုံတစ်မကြီးပါပဲ။ အဲဒီအထဲမှာ အတော်ထွားတဲ့ ခွေးညိုကြီးတစ်ကောင်လည်းပါတယ်။

သူတို့ကချစ်လွန်းလို့ သခင်မဟုတ်တဲ့ ကျွန်တော့်ကို ဖက်ယက်ပြီးနမ်းကြ၊ စကြတော့ကာ သူတို့လေးတွေရဲ့မေတ္တာကို နားလည်ရပါတယ်။ ခွင့်လွှတ်ရပါတယ်။ ကြင်နာသနားရပါတယ်။ ဒါက ကျွေးထားတာ မဟုတ်ဘူးနော်။ မကျွေးပဲနဲ့ကို စုပုံပြီးချစ်နေကြတာ။ အခုခေတ်မှည့်ကြတဲ့အမည်တွေမှာ စုပုံချစ်တို့၊ ဝိုင်းအုံချစ်တို့၊ ချစ်ပုံချစ်တို့ဆိုတဲ့အမည်တွေကို သတိရမိတယ်။ ကျွန်တော့်ကိုကျတော့ ခွေးတွေက ဝိုင်းအုံချစ်တော့ကြတာလလားဗျ။ အင်း - တွေးမိပါရဲ့ ကောင်မလေးတွေဆို ဘယ်လောက်ကောင်းလိုက်လေမလဲပေါ့ဗျာ။ (မရယ်ကြပါနဲ့ ပုထုဇဉ်ပေကိုးဗျ။)

ကျွန်တော်နဲ့ ကိုတင်ထွန်း ကားနဲ့ပြန်တဲ့အခါ သူတို့ကသူတို့နယ်ပယ်အဆုံးလိုက်ပို့လေ့ရှိကြတယ်။ ဒါနဲ့ ကျွန်တော်နဲ့ခွေးအုပ်စုဟာ သံယောဇဉ်တွေခိုင်မာနေကြပါတယ်။ ခွေးဆိုတာက ဖြောင့်မတ်တဲ့စိတ်ရှိတယ်။ ခုတစ်မျိုး တော်ကြာတစ်မျိုး၊ မလိုတစ်မျိုး၊ လိုတစ်မျိုး မဟုတ်ဘူး။ ချစ်မိရင် စွဲစွဲမြဲမြဲချစ်တတ်ကြတာ သေတစ်ပန်သက်တစ်ဆုံးပါ။

နောက်တော့ အဲဒီခွေးအုပ်ကြီးဟာ မနက်စောစောမှာ ကျွန်တော်လမ်း



www.burmeseclassic.com

www.burmeseclassic.com

လျှောက်နေကျ ကျွန်တော်တို့အောင်ဇမ္ဗူရပ်ကွက်ထိပ်က ဇီဇဝါပန်းအပိုင်းကြီးမှာ လာပြီးစောင့်ကြိုနေတော့တာပါပဲ။ နည်းနည်းနောနောမဟုတ်ဘူး။ အခြားခွေးတွေနဲ့ဆိုရင် (၁၀) ကောင်ဖလောက်ရှိတယ်။

ကျွန်တော်လာရင် ဖက်ကြ၊ ခုန်တက်ကြ၊ အော်ကြနဲ့ ဆူညံနေတာပါပဲ။ ကျွန်တော်ကလည်း အကောင်စေ့ သားတို့သမီးတို့လို့ခေါ်ပြီး တယုတယပြန်နှုတ်ဆက်ပါတယ်။ လမ်းလျှောက်ရင် ကျွန်တော့်ဘေးမှာ ခွေးအုပ်ကြီးနဲ့ပါ။ ဒါက လမ်းလျှောက်တဲ့လူတွေ မြင်နေကျမြင် ကွင်းပါ။

ဒီလိုနဲ့ ၂၀၁၅ရဲ့ ခွေးရာသီပွဲကြီးရောက်လာပြီး ခွေးတွေပျော်ကြတဲ့အခါ အပိုင်းမှာ ဘယ်ကနေဘယ်လိုရောက်လာတယ်မသိတဲ့ခွေးတွေပါ။ အကောင် (၂၀)ယောက်ရှိသွားတော့တာပဲဗျို့။ ဆူညံပွက်လောရိုက်နေတာပဲ။ စည်ချက်တော့ မကျန်ပါဘူး။ တကယ့်ခွေးပွဲတော်ကြီးပါ။

ဘာလို့လဲဆိုတော့ အပိုင်းမင်းသမီးလို့ခေါ်ကြတဲ့ မိကြားဆိုတဲ့မလေးက အရွယ်ရောက်ပြီလေ။ ကျွန်တော်နေ့စဉ်ကျွေးမွေးထားတော့ သူ့ကို သမီးလို့ခေါ်ပါတယ်။ လှလည်းအတော်လှတဲ့ခွေးမလေးပါ။ ကျွန်တော့်ကိုသိပ်ချစ်ပါတယ်။ အဲဒီခွေးမလေးနဲ့ မိတ်လိုက်ပွဲဆင်နွဲနေကြခြင်းပါ။ အဲဒီလိုသဲကြက်ကြက်ကြတဲ့အထဲမှာ မိုက်ခဲလည်းပါပါတယ်။ ဒါပေမယ့် သူ့ထက်သူခွေးစွမ်းကောင်းတွေပါနေတော့ကာ သူက အညှော်ခံအကိုက်ခံဘဝနဲ့ အရန်မင်းသားလုပ်နေရတာပါ။

မိုက်ခဲခမျာ အိမ်မပြန်ဘဲ ဒီစိတ်နဲ့ ရက်အတန်ကြာနေတဲ့အခိုက်မှာ အစားမေ့၊ အအိပ်မေ့ဖြစ်ကာ အစာမစားရတဲ့ဒဏ်၊ အကိုက်ခံရတဲ့ဒဏ်၊ မအိပ်ရတဲ့ဒဏ်ကြောင့်ထင်ပါရဲ့ မျက်စိအောက်မှာ ပိန်ညှောင်လာပါတယ်။ ကျွန်တော့်အပေါ်မှာတော့ တစ်စက်လေးမှကို အချစ်မပျက်ပါဘူး။ ဒါပေမယ့် နမ်းဖို့တော့ မကြိုးစားတော့ပါဘူး။ ဘာလို့လဲဆိုတော့ သူက မိကြားတို့အတူနေခွင့်သာ မရတာ ခွေးကြီးတွေရဲ့အလစ်မှာ နမ်းခွင့်တော့ရတယ်လေ။ ဒါကြောင့်ထင်ပါရဲ့။

■ **ချစ်စိတ်ကြောင့်**

မိကြားရဲ့အလေလိုက်ပွဲကြီးပြီးသွားပေမယ့် ချစ်စိတ်ကြောင့်ထင်ရဲ့ မိုက်ခဲဟာ မိကြားနဲ့ အပိုင်းမှာ ရက်အနည်းငယ်အတူနေနေပါတယ်။ မိကြားကို အစာကျွေးရင် အနည်းငယ်သာဝင်စားပါတယ်။ အရင်ကဆို အငန်းမရစားတာပါ။ ဒီကောင်အစာမစားတာကြာလို့ အစာအိမ်တွေခြောက်ကုန်တယ်ထင်ပါရဲ့၊ မစားနိုင်တော့ပါဘူး။ သူ့အိမ်ကိုလည်း မပြန်ပါဘူး။ သူ့သခင်ကတော့ တွေ့တိုင်းမေးနေတာပါ။ အိမ်လုံးလွန်းလို့ သူ့ခွေးကို အတော်နှမြောနေဟန်ရှိတယ်။

ကျွန်တော့်အပေါ်မှာသာ ချစ်စိတ်ကြောင့် မိုက်ခဲက သိမ်မွေ့နေတာပါ။ သူက ခွေးဆိုးတစ်ကောင်ပါ။ မိုက်ခဲနဲ့ခွေးညိုကြီးတို့ ကျွန်တော့်နားပွတ်သပ်နေတဲ့အခါ ယခင် ဆိတ်နံကုန်းရွာ ယခု အောင်သုခရွာဦးရှိ ပြည်လုံးချမ်းသာစေတီတော် ဂေါပကဦးလှမောင်က -

"ဆရာနဲ့သာ ဒီခွေးတွေကတည့်နေတာ။ အဲဒီနှစ်ကောင်စလုံး သူတို့အိမ်နားတောင်မကပ်ရဲအောင်ဆိုးတဲ့ခွေးတွေဗျ။ အလွန်ကိုက်ကြတာ။ သူတို့အိမ်တွေကိုသွားချင်ရင် အဝေးကနေ အသံပြုပြီး ခွေးထိန်းခိုင်းမှရတာ။ ဆရာနဲ့ကျတော့လည်း သူတို့တွေကိုက်တယ်ဆိုးတယ်ဆိုတာ မယုံနိုင်စရာလိုဖြစ်နေတာဗျ"

လို့ ပြောပြဖူးပါတယ်။

ဟုတ်ပါတယ် သူတို့ဟာ ချစ်စိတ်ကြောင့် ယဉ်ကျေးနေကြခြင်းပါ။ ဘယ်လိုနယ်နယ်ဘယ်လိုစစိတ်ဆိုးဟန်လုံးဝမပြကြပါဘူး။ ဒီခွေးတွေဆိုးတယ်ဆိုတာတောင် ယုံနိုင်ဖွယ်မရှိနိုင်အောင်ပါဘဲ။

မိုက်ခဲဟာ မိကြားနဲ့ ရက်အနည်းငယ်နေအပြီးမှာတော့ ကျွန်တော့်နောက်လိုက်လာကာ အိမ်မှာနေတော့တာပါပဲ။ သူ့အိမ်ကိုလုံးဝကိုမပြန်တော့တာပါ။ ဒီအခါ မိုက်ခဲအတွက်ပါ ထမင်းတိုးချက်ရတော့တာပါပဲ။ နေ့တိုင်းအသားဟင်းနဲ့နယ်ကျွေးပါတယ်။ ဒါပေမယ့် ကျန်းမာရေးသိပ်မကောင်းတော့ကာ မစားနိုင်ရှာပါဘူး။ အပျော်ကြူးခဲ့တဲ့ဒဏ်ကိုခံစားနေရခြင်းပါ။ လူတွေအခေါ်မှာတော့ ပွဲကိုက်တယ်ခေါ်ရမှာပေါ့လေ။ အဲဒါကြောင့် အရိုးနဲ့အရေဆိုတာလိုဖြစ်နေတာပါပဲ။ အတော်ကြာမှ အစာစားနိုင်လာပါတယ်။ ဒီအခါ အသားအရေလည်း ပြန်ဖြစ်လာတော့ နည်းနည်းကြည့်ကောင်းလာတာပေါ့လေ။

ခွေးဟာ ကျွန်တော့်ကိုအရိပ်တကြည့်ကြည့်နဲ့နေတာပါ။ သွားလေရာနောက်ကလိုက်တော့တာပါပဲ။ ညနေပိုင်း မွတ်တားတို့အိမ်ရှေ့က သစ်ဆိမ့်ပင်အပိုင်းမှာထိုင်နေရင် မပြန်မချင်းအိပ်စောင့်တယ်။ အိပ်တာတောင်မှ သတိနဲ့အိပ်တာ။ ပြန်မလို့ထိုင်ရာကထတာနဲ့ သူကအသင့်ဖြစ်ပြီးသားပါ။ ဒါကကိုယ်ကမွေးမထားသော်လည်း ချစ်စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ သူ့ရင်ထဲက သံယောဇဉ်ပါ။

မှတ်မှတ်ရရ ၂၀၁၅ ရဲ့သီတင်းကျွတ်မီးထွန်းပွဲတော်မှာ အောင်သုခရွာဦးရှိ ပြည်လုံးချမ်းသာစေတီတော်ကြီးမှာ ဆီမီးငါးထောင်ပူဇော်ပွဲလုပ်ပါတယ်။ လာဖြစ်အောင်လာပါလို့ ဂေါပကအဖွဲ့က ဖိတ်တာနဲ့ ကျွန်တော်ရောက်ဖြစ်တယ်။ ကိုတင်ထွန်းက ဈေးသိမ်းပြီးတာနဲ့ ကားနဲ့ရောက်လာပါတယ်။ အဲဒီမှာ ခွေးပိုင်ရှင်နဲ့ ကျွန်တော် တိုက်တိုက်ဆိုင်ဆိုင် တွေ့ပြန်ပါတယ်။

ဆရာ၊ ဆရာ့ဆီမှာ ကျွန်တော်ခွေးရှိတယ်ဆို"

"ရှိတယ်ဗျ ခင်ဗျားလာခေါ် လှည့်ပါ။ ခင်ဗျားခေါ်ရင်ပြန်လိုက်မှာပါ"

"ဟုတ်ကဲ့ တစ်နေ့မှာလာခေါ်ပါ့မယ်။ ကျွန်တော့်ခွေးက ကျွန်တော့်ကိုသိပ်ချစ်တာပါ"

"ဒီဘုရားကိုလာတော့ ကျွန်တော်ခေါ်ပါသေးတယ်။ တံတားကနေနောက်ပြန်လှည့်သွားတာဗျ။ ဒီဘက်ကမ်းကို မလိုက်ဘူး။ ကျွန်တော်က သူ့အိမ်ကိုအမှတ်ရစေချင်လို့ခေါ်တာ"

လို့ ပြောဖြစ်ပါတယ်။

အဲဒီလူလည်း သူ့ခွေးကိုလာခေါ်တာမတွေ့ရပါဘူး။ ခွေးကလည်းချစ်စိတ်ကြောင့် ကျွန်တော်နဲ့ပျော်နေတာပါ။ ဘာလို့ချစ်တယ်လို့တော့ မပြောတတ်ပါဘူး။

■ **မုန်းခြင်းကိုအောင်နိုင်တဲ့မေတ္တာ**

ခွေးက ကျွန်တော့်အိမ်ရှေ့က ထန်းဖတ်ကုလားထိုင်ပေါ်အိပ်တာပါ။ တကယ်တော့ ခွေးက ကျွန်တော့်ခြေရင်းမှာ အိပ်ချင်တာ၊ တက်ထက်အိပ်လို့မောင်းခဲ့ရတာအကြိမ်ကြိမ်ပါ။ ကျွန်တော့်အိမ်က ကျွန်တော်တစ်ယောက်တည်းတောင် ဖင်မလှည့်သာခေါင်းမလှည့်သာဆိုတော့ ခွေးအတွက် နေရာဘယ်ရှိမှာလဲ။

ခွေးဟာ ကိုတင်သန်း၊ မစိုးစိုးတို့ခြံရဲ့တောင်အက်ခြံမှာ အိမ်ငှားတွေထွက်သွားတော့ အိမ်လွတ်တစ်လုံးရှိတော့ကာ အဲဒီအိမ်လွတ်ပေါ်ပြောင်းအိပ်ပါတယ်။ မနက်အစော လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com

ထွက်မှ အဲဒီအိမ်ပေါ်ကဆင်းပြီးလိုက်တယ်။ ခွေးက အိမ်ပေါ်တက်အိပ်တဲ့အကျင့်ရှိပုံရပါတယ်။ အားရင် အဲဒီအိမ်ပြတင်းပေါက်မှာ လူထိုင်သလို ငုတ်ငုတ်ကြီးထိုင်လို့ဗျ။ လူတွေက ဒီအိမ်တော့ အိမ်ငှားအသစ်ထပ်ရောက်နေပြီလို့ ရယ်မောဖွယ်ပြောကြပါတယ်။

၂၈-၁၁-၂၀၁၅ ရက်နေ့မှာတော့ ကိုတင်သန်း၊ မစိုးစိုးတို့ရဲ့သမီးကြီး မေစယ်စိုးရဲ့မင်္ဂလာပွဲအဝင်နေ့ပါ။ မြို့ပြအသွင်ကို ပြောင်းပေမယ့် တောခလေ့လုံးဝမပျောက်သေးတဲ့ အောင်ဖျူးရပ်ကွက်ဟာ ဓာတ်စက်ကို ဆောင်းဘောက်(စ်)ကြီးတွေ ဟွန်းကြီးတွေနဲ့ အသားကုန်ဖွင့်တော့တာပါပဲ။ မင်္ဂလာဆောင်တိုင်း အဲဒီလိုဖွင့်ကြတာ ထုံးစံပါ။ ဘယ်လောက်မြည်လဲဆိုရင် မြေကြီးတောင်တုန်ထွက်နေတယ်။ လူတွေဆိုတာတော့ ပြောဖို့တောင်မလိုဘူး။ ဖွင့်လိုက်တာ ညဥ့်အတော်နက်ပါတယ်။

အဲဒီဆောင်းဘောက်(စ်)ကြီးတွေ ထပ်ထားတာက ခွေးအိပ်နေတဲ့အိမ်ဝဲဘားမှာဆိုတော့ ခွေးဟာ အိပ်လို့မရတော့ဘူးထင်ပါရဲ့။ ကျွန်တော့်အိမ်အဝင်တံခါးက တချောက်ချောက်အသံကြားလို့ထအကြည့်မှာ အပြင်ကနေ တံခါးထရံတွေကို ကိုက်ဖြတ်ထားတာ ထရံစတွေအတော်များနေပါပြီ။ ခွေးဟာ အိမ်ထဲဝင်အိပ်ဖို့ ထရံကိုဖောက်နေတာပါပဲ။

ဒါနဲ့ ကျွန်တော်က ကုလားထိုင်ကို လက်ညှိုးထိုးပြပြီး မင်းကုလားထိုင်မှာ အိပ်နေကျပဲ။ အဲဒီမှာ အိပ်လို့ပြောပြီး သော့တွဲနဲ့ခေါင်းကိုတစ်ချက်ရိုက်ကာ နှင်လိုက်ပါတယ်။ ခွေးကထွက်ပြေးသွားပါတယ်။ ဓာတ်စက်ကလည်း နားကွဲလုမတတ်ပါပဲ။ ဖွင့်လို့ကောင်းနေတုန်းပါ။ ဒီတော့ အိပ်ချိန်တန်လို့ အိပ်ရာထဲသာ ရောက်နေရတယ်။ ဘယ်လိုလုပ် အိပ်ပျော်မှာလဲ။ အိပ်မပျော်တော့ကာ အလိုမကျတော့ ဒေါသဖြစ်နေတာပေါ့။

အတန်ကြာတဲ့အခါ တလုံ့လုံ့တဂွမ်ဂွမ်ဓာတ်စက်သံကြားကနေ ထရံကို ကိုက်ဖောက်နေတဲ့အသံ နားထဲဝင်လာပြန်ပါတယ်။

ဒါနဲ့ တံခါးဖွင့်ကြည့်လိုက်တော့ ခွေးကိုငုတ်တုတ်ထိုင်နေတာ တွေ့ရပြန်တယ်။ အိမ်ထဲဝင်အိပ်ဖို့ ဒုတိယအကြိမ်ကြိုးစားနေခြင်းပါ။ ကိုက်ဖြတ်ထားတဲ့ ထရံစတွေလည်းပုံလို့ပါ။ တံခါးထရံက ပေါက်လုနီးနေပါပြီ။

ဒါနဲ့ ကျွန်တော်ဟာ ဒေါသစိတ်အထွက်အထိပ်ရောက်သွားတယ်။ အိမ်ကို ဖျက်ဆီးတဲ့ခွေး မှတ်လောက်သားလောက်အောင်တွယ်မှရမယ်ဆိုပြီး ခွေးကို အိမ်ပေါ်တင်လိုက်ပါတယ်။ ခွေးကတော့ ငါ့ကို အိမ်ပေါ်ပေးအိပ်ပြီလို့ထင်မှာပါ။ ဘယ်ဟုတ်မှာလဲ၊အိမ်ပေါ်ရောက်တာနဲ့ နံရံမှာ ချိတ်ထားတဲ့ကြိုးခွေနဲ့ခွေးကို ချည်တော့တာပါ။ ခွေးက ငြိမ်ခံနေပါတယ်။ ဘာလုပ်ပါလိမ့်ပေါ့။

ကြိုးလည်းချည်ပြီးရော ရိုက်စရာတုတ်ရှာကြည့်တော့ မတွေ့ဘူး။ အနီးမှာ ဓားမကြီးပဲရှိတော့ ဓားပြားနဲ့နှစ်ချက်ဆင့်ရိုက်တော့တာပါ။ နဂိုကမှ အရိုးပဒေသာဖြစ်နေတဲ့ခွေးကို ဓားပြားနဲ့လိမ့်ရိုက်တော့ နာရှာမှာပေါ့ဗျာ။ အတင်းရုန်းပြီးထွက်ပြေးသွားတော့တယ်။ မကျေမချမ်းနဲ့ ကျွန်တော်ဟာ ခြံထဲက ဝါးလုံးတိုဆွဲပြီး လိုက်ပြန်တယ်။ ခွေးက ကြိုးတန်းလန်းနဲ့ ပြေးပါလေရော။ ဓာတ်စက်က ညဥ့်နက်မှပိတ်သွားတယ်။ အဲဒီကျမှ အိပ်ပျော်တယ်။

ဘယ်အချိန်မှအိပ်အိပ် မျက်စိအကျင့်ဆိုတဲ့အတိုင်း (၄) နာရီဆိုနိုးတာပါပဲ။ ဒါနဲ့ကိုယ်လက်သန့်စင်လမ်းလျှောက်ဝတ်လဲပြီး အဝိုင်းဆီထွက်ခဲ့ပါတယ်။ အဝိုင်းမှာ လမ်းစလျှောက်တယ်ဆိုရင်ပဲ ခွေးတစ်ကောင် ကျွန်တော့်ကိုခုန်ပြီးနမ်းပါတယ်။ ကြည့်လိုက်တော့ မိုက်ခဲ။ ဒီကောင့်ကိုကြိုးတွေဘယ်သူဖြေပေးလိုက်ပါလိမ့်။ ခွေးကတော့ အချစ်မပျက်ပါဘူး။ ထုံးစံအတိုင်း ကျွန်တော့်နောက် တကောက်ကောက်လိုက်ဖို့ ကြိုးစားတာပါ။ ကျွန်တော်က အဝိုင်းမှာ ညအရက်သောက်ပြီး ပုံထားခဲ့တဲ့ အရက်သမားတွေရဲ့ပုလင်းပုံထဲက ပလတ်စတစ်ပုလင်းနဲ့ခွေးကိုလိုက်ထုပါတယ်။ ကပ်မရမှန်းသိတော့ အဝေးကနေကြည့်နေတာပါ။ ကပ်လာဖို့ ကြိုးစားလိုက် ကျွန်တော်က ထုလိုက်နဲ့ပေါ့။ အကပ်မခံပါဘူး။

အိမ်ရောက်တော့ သူ့အတွက် ထည့်ပေးထားတဲ့သောက်ရေလုံကိုသွန်ပြီး မှောက်ထားလိုက်တယ်။ ထမင်းလည်း ခွေးအတွက်ထည့်မချက်တော့ဘူး။ ဒါဆို ဒီကောင်က မြောက်ဘက်ကမ်းက သူ့အိမ်ကိုပြန်နိုင်ပါတယ်။ သူ့သခင်က နူမြောနေတာပါ။

စားချိန်တန်တော့ ကျွန်တော့်ဆီ ရောက်လာတယ်။ မပြေသေးတဲ့ဒေါသကြောင့် ဓားမနဲ့ကောက်ထုလိုက်တယ်။ တော်သေးတယ် အရိုးနဲ့မှန်လို့အသွားနဲ့မှန်ရင် သက်သာမှာမဟုတ်ဘူး။ အဲဒီကစပြီး ထမင်းလေးမတောင်းရဲတော့ပါဘူး။ ခြံတံခါးဖွင့်လိုက်ရင်တော့ ခြံတံခါးဝမှာ အိပ်လျက်တွေ့ရပါတယ်။ ခွေးရဲ့မေတ္တာဓာတ်ဟာ အတော်ခိုင်မြဲပါလားလို့ မျက်မြင်ကိုယ်တွေ့သိရခြင်းပါ။

အဲဒီခွေးဟာ စိုးစိုးတို့အိမ်မှာ အိပ်တယ်လို့သိရတယ်။ မနက်လမ်းလျှောက်သွားရင် ကိစ္စရှိလို့ စက်ဘီးနဲ့အပြင်သွားရင် နောက်မှာထုံးစံမပျက်ကပ်ပါလာပြီး စက်လှမ်းလှမ်းကနေပြီး စောင့်နေလေ့ရှိတယ်။ ဘယ်လောက်ခဲနဲ့ထုထု မပြန်ပါဘူး။ ဒီလိုနဲ့ (၅) ရက်မြောက်ခဲ့ပါတ...

မနက်အစော အဝိုင်းမှာ လမ်းလျှောက်ရာက ခဏနားတဲ့အချိန်မှာ ကျွန်တော့်နားမှာတစ်အုံကြီးပါ။အမျိုးမျိုး ကျွန်တော့်ကိုစနေကြတာပါ။ အဲဒီမှာ ပါးကိုနမ်းတာ ခံလိုက်ရပါတယ်။ ပါးကိုနမ်းနေကျခွေးဟာ မိုက်ခဲတစ်ကောင်ပဲရှိတာမို့ကြည့်လိုက်တော့ မိုက်ခဲဖြစ်နေပါတယ်။ ခွေးကပြုံးပြီး ကျွန်တော့်ကို ကြည့်နေတာတွေ့ရတော့ သနားစိတ်တွေ ဝင်သွားပြီး -

"ကဲ - မိုက်ခဲ လာလာ"

ဆိုပြီး ပွေ့ထားမိပါတယ်။ မိုက်ခဲ အရမ်းဝမ်းသာသွားတာပါ။

ကျွန်တော့်ရင်ထဲက အမုန်းကို မိုက်ခဲက မေတ္တာနဲ့အနိုင်ယူသွားခဲ့တာပါ။ အဲဒီနေ့ကစပြီး မိုက်ခဲကို အိမ်ပြန်ခေါ်ပါတယ်။ သောက်ရေလည်းပြန်ထည့်ပေးပါတယ်။ ထမင်းလည်း ပိုချက်ပါတယ်။ ကောင်းကောင်းမွန်မွန်လည်း ကျွေးပါတယ်။

မိုက်ခဲဟာ ငယ်မွေးခြံပေါက်မဟုတ်ဘဲချစ်တဲ့စိတ်နဲ့လာနေခြင်းဖြစ်တာကြောင့် ကျွန်တော်ခရီးရက်ရှည်ထွက်ရင် သူ့ကိုမွေးခဲ့တဲ့ သူ့သခင်ဆီ ပြန်စားမှာ သေချာပါတယ်။ အဲဒီတော့ ပူစရာမရှိပါဘူး။ ခွေးဆိုတာ (၁၀)နှစ်ကြာရင်တောင်မှ သူ့သခင်ကို မမေ့တတ်ဘူးလို့သိထားတာပါ။ သူ့သခင်အရင်းကိုလည်း မေ့မယ်မထင်ပါဘူး။

အခုချိန်မှာတော့ ဖားတစ်ကောင်ရယ်၊ ခွေးတစ်ကောင်ရယ်၊ လူတစ်ယောက်ရယ် အတူနေထိုင်လျက်ရှိကြောင်းပါ ခင်ဗျား။

မောင်မျိုး-မခိုင်စယ်စိုးတို့၏
မင်္ဂလာပွဲအားဂုဏ်ပြုလျက်

ချမ်းမြေ့ကြပါစေ

ဖေသိုက်စိုး(မိုးကုတ်)

www.burmeseclassic.com

www.burmeseclassic.com

# ကျားမှုန်လျှင် အားသန်ရမည်




**အမျိုးသား အားနည်းရောဂါ**
**(ပန်းသေ၊ ပန်းညှိုး)**
**ဖြစ်တတ်သူများမှာ-**

၁။ မေထုန်မှု လွန်ကဲသူများ။
၂။ သဘာဝမဟုတ်သော ဟတ္ထမေထုန်ပြုသူများ။
၃။ ကုန်ခန်းသွားသော သုက်၏ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူ များ။
၄။ အပျော်အပါး လိုက်စားသူများ။
၅။ သားကြောဖြတ်ထားသူများ။
၆။ မြစ်ခြောက်နာ ရှိသူများ။
၇။ အဆုတ်ရောဂါ ရှိသူများ။
၈။ လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ။
၉။ ဆီးချို သွေးချိုရောဂါ ရှိသူများ။
၁၀။ လိပ်ခေါင်းရောဂါ ရှိသူများ။
၁၁။ အသက်အရွယ်ကြီးရင့်သူများ

ပန်းသေ၊ ပန်းညှိုး ဖြစ်တတ်ကြပါတယ်။

ပန်းသေ၊ ပန်းညှိုး ရောဂါဆိုပြီး အလွယ်တကူ ပြောဆိုနေကြပေမယ့် အမှန်တကယ်တော့ ပန်းညှိုးပြီးမှ ပန်းသေရောဂါ ဖြစ်တတ်ကြတယ်။ ပန်းညှိုးရောဂါ ဝေဒနာခံစားရတဲ့ လက္ခဏာများ ကတော့

၁။ လိင်တံ တောင့်တင်းခိုင်မာမှု မရှိခြင်း။
၂။ လှုပ်ရှားရုံသာ လှုပ်ရှားပြီး ပျော့နေတတ်ခြင်း။
၃။ ခန္ဓာကိုယ် ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှု မရှိခြင်း။
၄။ မောပန်းလွယ်ခြင်း။
၅။ အစားအသောက် ပျက်ခြင်း။
၆။ ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တစ်ရေးနိုးလျှင် အိပ်မရတတ်ခြင်း။
၇။ သတိမေ့လျော့တတ်ခြင်း
၈။ စကားမပီသခြင်း။
၉။ စသံ၊ နသံ မကွဲပြားခြင်း။
၁၀။ လိင်ချောင်းသေးပြီး တိုဝင်ခြင်း။
၁၁။ ဆီး ပြတ်တောက် ပြတ်တောက် သွားခြင်းစတဲ့ လက္ခဏာများ ဖြစ်လာတတ်ပါတယ်။

စတဲ့အချက်များဟာ ပန်းညှိုးရောဂါရှိသူများရဲ့ ခံစားရတဲ့ဝေဒနာ လက္ခဏာများ ဖြစ်ပါတယ်။

အဲဒီ ပန်းညှိုးခြင်းဝေဒနာရဲ့ လက္ခဏာတွေရှိလာတာကို ဆေးပညာအသိမရှိဘဲ အချိန်မီ ကုသမှုမခံခဲ့ရင် ခန္ဓာကိုယ်ရဲ့ အဓိကဖြစ်တဲ့ ရသာရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ခြင်ဆီ၊ သုက်ဆိုတဲ့ သရီရဓာတ် (၇)ပါး အဆင့်ဆင့် ကုန်ခန်းပြီး မူလပန်းညှိုးရာက ပန်းသေခြင်း ဘဝမျိုးနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

**ပန်းသေရောဂါ အဆင့်ရောက်ပြီဆိုရင် ....**

၁။ ဝေ့းတစ်လုံးတက်ခြင်း။
၂။ ကာမရာဂစိတ်ကုန်ခန်းခြင်း။
၃။ သုက်လွှတ်မြန်ခြင်း။
၄။ သလုံးသားများခြောက်ခြင်း။
၅။ သလိပ်အုပ်စခန်းခြောက်ခြင်း။
၆။ နှုတ်ခမ်း၊ လျှာ ဖြူခြင်း။
၇။ အားအင်ကုန်ခန်းခြင်း။

ပန်းညှိုးခြင်းလက္ခဏာ (၇)ချက်နဲ့ ပန်းသေခြင်း လက္ခဏာ(၁၁)ချက်ကို တွေ့ထိ ခံစားနေရပြီဆိုရင် မေ့လျော့ ပေါ့ဆမနေပါနဲ့။ 'ပြည်စိုး' အထူးကုတိုင်းရင်းဆေးခန်းကို အမြန် အရောက်လှမ်းခဲ့ပါ။

မြန်မာ့နန်းတွင်း အကြောပညာရှင် နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့် (တဆ-၁၂၇၄) နဲ့ ဆရာဦးစိုးမော် (တဆ-၂၆၁၁) တို့က အမျိုးသားအားနည်းရောဂါ (ပန်းသေ၊ ပန်းညှိုးရောဂါ) များအပြင် အခြားရောဂါများဖြစ်တဲ့.

၁။ လေငန်း၊ လေဖြတ်၊
၂။ အကြောကပ်၊ အကြောညှပ်
၃။ လေးဖက်နာ၊
၄။ ကျီးပေါင်းရောဂါ၊
၅။ နှလုံးသွေးကြောကျဉ်းရောဂါ၊
၆။ လိပ်ခေါင်းရောဂါ၊
၇။ သွေးချို၊ ဆီးချိုရောဂါ၊
၈။ ကျောက်ကပ်ရောဂါ၊
၉။ အစာအိမ်ရောဂါ၊
၁၀။ အာရုံကြောရောဂါ များကို အကြောပညာ၊ ဆေးပညာဖြင့် နာယလေးပါးနင့်ကိုက်ညီကာ အချိန်တိုအတွင်း သက်သာပျောက်ကင်းအောင် အောင်မြင်စွာဖြင့် ကုသပေးနေပါပြီ။

## တွေ့ဆုံဆက်သွယ်နိုင်သည့်လိပ်စာ


မြန်မာ့နန်းတွင်း အကြောပညာရှင်
နေလဝိဇ္ဇာဆရာကြီး ဦးစံမြင့်နှင့်
သား ဦးစိုးမော်
ပြည်စိုးအထူးကုတိုင်းရင်းဆေးခန်း
အမှတ် (၁)၊ လိပ်ကန်အနီး၊ တောက်ဘက်မုခ်
ကျိုက္ကဆံဘုရားဝင်း၊ သယ်န်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 31054631, 09 251031871




www.burmeseclassic.com1

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း

([illegible])

## ပညာရှင်

([illegible])

"လူလေး"

"ဗျာ"

"မိုးချုပ်တယ်နော်"

"ဟုတ်ကဲ့ - အမေ"

အမေသည် ကျွန်ုပ်အား စက္ကန့်သုံးဆယ်ခန့်စိုက်ကြည့်နေ၏။ အကဲခတ်နေဟန်ရှိပါသည်။

"လူလေး - ဆရာနဲ့တွေ့ခဲ့လား"

"ဟုတ်ကဲ့ - တွေ့ခဲ့ပါတယ်အမေ"

"ဒါဖြင့် သားလေးဗေဒင်ဟောဖို့အဆင်ပြေပြီပေါ့"

"ပြေတော့ပြေပြီအမေ၊ ဒါပေမယ့် သားအတွက် စည်းကမ်းသတ်မှတ်လိုက်တာတွေ အများကြီးပဲ။ တော်တော်လေးတော့ အင်း - ကြပ်တော့ကြပ်သွားသား၊ ဘယ်လိုပြောရမလဲတော့မသိဘူး"

အမေသည် ကျွန်ုပ်ကို စိတ်ဝင်တစား မျက်တောင်မခတ်ကြည့်နေ၏။ ယခုလောက်ဆို အမေ ရင်ဖိုနေရော့မည်။ ဟယ် - ငါ့သားလေး ဘယ်လိုစည်းကမ်းတွေသတ်မှတ်ခံလိုက်ရလို့ကြပ်သွားတယ်ပြောနေတာလဲမသိဘူးဟု အဓိပ္ပာယ်ရသည့်အကြည့်နှင့် ကြည့်နေ၏။ ရင်မှာလှိုင်းမသိမသာထနေဟန်ရှိ၏။

"ဘယ်လိုစည်းကမ်းမျိုးလဲ သား၊ ဟို - ငွေကြေးမယူရသေးတာမျိုးလား။ အဲဒါဆိုလည်း မယူနဲ့ဦးလေ သား"

"မဟုတ်ဘူး အမေ။ ငွေကိစ္စကို ဆရာမပြောပါဘူး။ ဆရာပြောလိုက်တာက အမှုအခင်းကို ဓာတ်မရိုက်ရဘူး၊ သူများချစ်ခြင်းမခွဲရဘူး"

"ဟင် - ဘာလို့လဲ သား။ အမှုအခင်းကိုဓာတ်မရိုက်ရတာ"

"ဆရာပြောတာက အမေရယ်၊ လူတစ်ယောက်က လူတစ်ယောက်ကို မတရားရိုက်နှက်ထိုးကြိတ်လိုက်ရော"

"အင်း"

"အဲဒီလူကို အရိုက်ခံရသူကသွားတိုင်ရော"

"တိုင်ရော"

"တိုင်တဲ့အခါ ရိုက်နှက်တဲ့လူ အဖမ်းခံရမယ်။ အဲဒီလိုအဖမ်းခံရတဲ့အခါ သူ့မိသားစုက သူ့အမှုကလွတ်အောင် လာပြီးဓာတ်ရိုက်ဓာတ်ဆင်လုပ်မယ်ဆို အဲဒါမျိုး သားမလုပ်ရဘူး"

"ဩော်. . . ဟုတ်လား"

"ဟုတ်တယ် အမေ။ မင်းမှာရှိတဲ့ အားလောက်လေးနဲ့ ဒီကိစ္စတွေကို မလုပ်ရဘူးတဲ့။ မင်းမှာ အဲဒီလောက်စွမ်းအားမရှိဘူးတဲ့။ ပြီးတော့ ဆရာကပြောတယ်၊ ဘယ်သူဟာ ဘယ်သူနဲ့ ဘာဖြစ်လို့ဆိုပြီး ပြောရင် အဲဒီဖြစ်တဲ့လူနှစ်ယောက်မှာ ဘယ်သူတရားတယ်၊ မတရားဘူးဆိုတာ မင်းမသိနိုင်ဘူးတဲ့။ မင်းကိုလာပြောလို့ မင်းက သူများစကားကိုယုံပြီး မတရားလုပ်တဲ့လူဘက်ကရပ်တည်ပြီး ဓာတ်ရိုက်လိုက်ရင် မင်းပါအကုသိုလ်ရှယ်ယာပါသွားပြီမှတ်တဲ့။

ပြီးတော့ ပြောတယ်၊ သူ့အတွက် တရားဥပဒေရှိတယ်တဲ့။ တရားဥပဒေက အပြစ်ပေးမယ့်ကိစ္စဖြစ်လို့ မင်းနဲ့မဆိုင်ဘူးတဲ့။ မင်း 'အား'လောက်ကလေးနဲ့ သွားမလုပ်နဲ့တဲ့။ အများကြီး အများကြီး ပြောတာတွေက"

အမေသည် ကျွန်ုပ်ပြောသည်ကို အာရုံစိုက်နားထောင်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေရင်းမှ ငြိမ်သွားပြီး -

"အမေထင်တယ်၊ လူလေးကို ဘာမှအပြစ်မဖြစ်စေချင်ဘူးနဲ့တူတယ်။ နောက် ရန်မများစေချင်ဘူးနဲ့တူတယ်။ အမေထင်တာပြောတာလေ။ သူက မင်းကို သိပ်ချစ်တာကိုး။ တပည့်မှ နှစ်ခါပြန်တပည့်။ တစ်ခါတည်းတောင်မဟုတ်ဘူး။ ကရာတေးလည်း အကြာကြီးသင်ပေးခဲ့တယ်။ အင်္ဂဝိဇ္ဇာဆိုလည်း နှစ်ကိုချီနေပြီ။ သားငယ်ငယ်လေးထဲကသင်ပေးလာလိုက်တာ၊ နည်းတဲ့သံယောဇဉ်မှမဟုတ်ဘဲ။ ဆရာဦးသန့်ဇင်ဟာ သားကို သားတစ်ယောက်လို၊ ညီတစ်ယောက်လို ချစ်တာ အမေသိတယ်။ သူက ဆရာ၊ ကိုယ်က တပည့်ပဲ သားရယ်။ သူက ဒါဒါမလုပ်ရဘူးဆို မလုပ်နဲ့ပေါ့။ ကိုယ့်ဆရာ သတ်မှတ်တဲ့စည်းကမ်းအတိုင်းပဲ ငါ့သားလိုက်နာရမှာပေါ့။ မလုပ်နဲ့ဆို မလုပ်နဲ့၊ ဘာဖြစ်လဲ။ ဒီပြင်အများကြီးဟောလို့ပြောလို့ဓာတ်ရိုက်လို့ရတာပဲ"

ကျွန်ုပ် ဘာမှပြန်စောဒကမတက်



www.burmeseclassic.com

www.burmeseclassic.com





ပါ။ ဆရာ့စကားကိုနားထောင်သလို အမေ့စကားကိုလည်း သားကောင်းပီသစွာ နားထောင်ရမည် ဖြစ်၏။

"သူများချစ်ခြင်းလည်း မခွဲရဘူးတဲ့"

"အဲဒါက သားအပြစ်ဖြစ်မှာစိုးလို့ပါ။ ဒါကတော့ ငါ့သားကို အပြစ်မဖြစ်အောင်ရှောင်ခိုင်းတာ"

"ဟုတ်ကဲ့ - သားလည်း ဆရာနေခိုင်းတဲ့အတိုင်းနေမှာပါ။ ကြွေးတောင်းလို့မရရင်လည်း ကြွေးပေးရမယ့်သူကို ပညာနဲ့မနှိပ်ကွပ်ရဘူး။ ကြွေးရှင်ဘက်ကနေ ကြွေးရအောင်လုပ်ပေးရင် ကြွေးပေးရမယ့်လူကို ပညာနဲ့မနှိမ်နင်းရဘူးတဲ့။ ဟိုဘက်က မင်းရန်သူမဟုတ်ဘူးတဲ့"

"ကောင်းတာပဲ ဒါလည်း၊ အေးလေ ရန်သူမှမဟုတ်တာ"

"အိမ်ရှင်အိမ်ငှားပြဿနာဖြစ်ရင် အိမ်ငှားကို အိမ်မှာမနေနိုင်အောင်မလုပ်ရဘူး၊ အဲဒါတွေလည်းပါတယ်"

"ဆရာဟာနော်၊ သားကို ဆဲချင်ဆဲမယ်၊ ရိုက်ချင်ရိုက်မယ်။ နားရင်းအုပ်ချင်အုပ်မယ်၊ ဆွဲထိုးချင်ထိုးမယ်။ သားပြန်ပေးဆပ်ရမယ့်ကိစ္စမှန်သမျှ အကုန်စည်းကမ်းသတ်မှတ်တော့တာပဲ"

"သူများတွေအမှုအခင်းတို့၊ အိမ်ရှင်အိမ်ငှားပြဿနာတို့ဓာတ်ရိုက်ကြတာအောင်မြင်ကြတယ် အမေ။ သားလည်း အားတော့ကျတာပေ့ါ။ ဒါပေမယ့် ဆရာက မလုပ်ရဘူးဆိုတော့ မလုပ်တော့ပါဘူး။ ဆရာတားတာက သားနဲ့ပဲဆိုင်တယ်။ ဆရာကပြောတယ်။ ငါသတ်မှတ်တဲ့စည်းကမ်းဟာ မင်းတစ်ယောက်ထဲနဲ့ပဲဆိုင်တယ်တဲ့။ ဘာလို့လဲဆိုတော့ မင်းဟာ ငါ့တပည့်ဖြစ်နေလို့ပဲတဲ့။ တခြားဘယ်သူနဲ့မှမဆိုင်ဘူးတဲ့"

"အေးပေါ့ ကောင်းပါတယ်၊ သားကလည်း ဆရာ့ကိုချစ်တော့၊ ရှိသေတော့ ဆရာတားသလို ငါ့သားလုပ်မှာမဟုတ်ဘူး၊အမေလည်းယုံတယ်။ကောင်းပါတယ်"

အမေသည် ဆရာတားပြီဆိုသည်နှင့် တက်ကြွနေလေတော့၏။ အဘယ်ကြောင့်ဆိုသော် ဆရာတားပြီဆိုသည်မှာ ဆရာခွင့်ပြုတော့မည်ဖြစ်၍ဟု သိနေပြီဖြစ်သောကြောင့်ပင်။

www.burmeseclassic.com1

www.burmeseclassic.com

■

ကြာသပတေးနေ့။

"အစောကြီးပါလားကွ - ဟေ"

"ဟုတ်ကဲ့"

"ငါတောင်မအိပ်ရသေးဘူး"

"ဟုတ်ကဲ့ - ဆရာမအိပ်ခင် ဘာများလုပ်ပေးရဦးမလဲဆိုပြီးတမင်စောစောလာခဲ့တာပါ ဆရာ"

"မရှိပါဘူး"

"ကျွန်တော်ထိုင်နေပါ့မယ်ဆရာ"

ဆရာသည် တပည့်ကို အလွန်သံယောဇဉ်ကြီးလေရာ ကျွန်ုပ်ထိုင်နေလျှင် အိပ်မည်မဟုတ်။ နေ့လယ်စာစားပြီး ခဏမျှနားမှသာ ဆရာနားနားနေနေ ကြည်ကြည်လင်လင်ရှိတတ်ကြောင်း ကျွန်ုပ်အသိဆုံးဖြစ်၏။

"ကျွန်တော် တံတားလေးလမ်းဝဘက်ခဏလေးသွားပြီး ပြန်လာပါ့မယ် ဆရာ။ သဇင်ရုံလမ်းထဲက အမျိုးအိမ်ကိုပါ။ ခွင့်ပြုပါ ဆရာ"

"အေး - သွား"

ကျွန်ုပ် အလိုက်သိသည်ကို ဆရာကတော်က သိ၏။

"ဟဲ့-မောင်မောင်သန်း၊ နင့်ညီလေးတွေနဲ့ဝါးရုံပင်နားမှာသွားထိုင်နေပါလား။ အေးအေးဆေးဆေး"

ဟုပြောပြီး မေးငေါ့ပြ၏။ ထိုင်ချင်ပါသည်။ သို့သော် ဆရာအိပ်အောင် တံတားလေးလမ်းဝဘက်ဟုပြောထားပြီးဖြစ်၍ ထိုစကား ကျွန်ုပ်တည်အောင် ကြိုးစားရပါတော့မည်။

"ဟုတ်ကဲ့ ခဏလေးပါ အစ်မ။ ခုပြန်လာမယ်"

ဟု ပြောပြီး တံတားလေး လမ်းဝဘက်သို့ သုတ်ခြေတင်ပါတော့သည်။ ကောင်းကင်တွင် ပူနေသော မွန်းတည့်နေသည် ကျွန်ုပ်အား ပူအောင်မစွမ်းဆောင်နိုင်ပါချေ။

"မင်းဘယ်ပျောက်သွားတာလဲ"

"ကျွန်တော် တံတားလေးလမ်းဝတင်ပါ ဆရာ။ ဆရာ မနိုးလောက်သေးဘူးထင်လို့ ဖြည်းဖြည်းလျှောက်လာမိလို့ ကျွန်တော် နောက်ကျမိပါတယ်"

ဆရာ ဘာမှမပြော။ မနက်က ဝယ်ထားဟန်ရှိသော လက်ဖက်ရည်ကို ကိုင်းခွက်ကြီးထဲထည့်အုပ်ထားရာမှ ယူသောက်လိုက်ပြီး လမင်းဆေးပေါ့လိပ်ကို ကောက်ကိုင်လိုက်၏။ ဆေးလိပ်တို့မှာ ဖင်စီခံနားကပ်လုပြီဖြစ်ရာ ကျွန်ုပ်က ဆေးလိပ်ခွက်အံဖုံးလေးထဲမှ အသစ်တစ်လိပ် ကပျာကယာထုတ်ယူလိုက်ပြီး ဆရာ့ကို ရိုရိုသေသေပေးရင်း ဓာတ်မီးခြစ်ပါခြစ်ပေးလိုက်၏။ ဆရာက မီးခြစ်ကို သူ့ဟာသူလှမ်းယူ၍ ဆေးလိပ်မီးညှိလိုက်ပြီး အိမ်ရှေ့ဆီမှမြင်နေရသော ကောင်းကင်ပြာပြာကြီးဆီ မော့ကြည့်နေ၏။

"ပြီးခဲ့တဲ့အပတ်က ငါပြောတာတွေ မင်းရှင်းရဲ့လား"

"ဟုတ်ကဲ့ - ရှင်းပါတယ် ဆရာ"

"ရှင်းရင် ငါပြောတာဘယ်ရောက်သွားပလဲ ပြောစမ်း"

"လေယာဉ်ပျံကြီးပဲရောင်းရောင်း၊ သင်္ဘောကြီးပဲရောင်းရောင်း သုံးကျပ်သတ်မှတ်ထားရင် သုံးကျပ်ပဲယူရမယ်။ သူ့အပေါ်မှာ အောင်မြင်သွားစေချင်တဲ့စိတ်နဲ့ မေတ္တာပဲထားရမယ်. . . ရောက်သွားပါပြီ ဆရာ"

"ဒါပဲလား"

"ဟို. . . ဟို ကောင်းတာလုပ်ရင် ကောင်းကျိုးခံစားရမယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုးခံစားရမယ်။ အရေးကြီးတာ ကိုယ့်ကိုယ်ကိုယ် အမြဲထိန်းသိမ်းရမယ်၊ ရောင့်ရဲရမယ်၊ မကျော်ကြားရဘူး"

"ဘာလဲမကျော်ကြားရဘူး၊ မင်းအဘကြီးမကျော်ကြားရဘူးလား။ ကျော်စောထင်ရှားမှုနောက်ကိုမလိုက်ရဘူး။ ကျော်စောထင်ရှားချင်စိတ်မမွေးရဘူး။ ရောင့်ရဲရမယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျော်စောထင်ရှားမှုနောက်ကိုမလိုက်ရဘူး၊ ရောင့်ရဲရမယ် ဟုတ်ပါတယ် ဆရာ"

"ဘယ်လိုနေရမယ် ငါပြောထားလဲ၊ ဘယ်လိုကျင့်ရမလဲ"

"ရေလိုကျင့်ရမှာပါ ဆရာ"

"ကျင့်နိုင်ပါ့မလားကွဟေ"

"ကျင့်နိုင်အောင်ကျင့်ပါ့မယ်ဆရာ"

"ဟုတ်ပြီ - လောကမှာ မင်းနားမလည်သေးတာတွေ၊ မတတ်သေးတာတွေ အများကြီးပဲ။ လိုက်လို့မဆုံးနိုင်ဘူး မှတ်ထား။ ဒါကြောင့် မင်းဟာ ခြေဖျားဘယ်တော့မှ မထောက်ရဘူး။ ထောက်ရင် ဘာဖြစ်လဲ"

"ခြေဖျားထောက်ရင် ဟန်ချက်ယိုင်ပြီး မတည်မငြိမ်ဖြစ်ရပါတယ်"

"ဟုတ်ပြီ - ဒါဖြင့် ငါဆက်ပြောတော့မယ် မှတ်"

"ဟုတ်ကဲ့"

"မင်းလောင်းကစားကိစ္စတွေလုံးဝလုပ်ပေးခွင့်မရှိဘူး။ ငါခွင့်မပြုဘူး"

မျက်နှာအောက်ငုံ့၍ နားထောင်နေရာမှ ဆရာ့မျက်နှာအား မော့ကြည့်လိုက်မိ၏။ 'ဟာ-လာပြန်ပြီ၊ စည်းကမ်းတစ်ခု'ဟု စိတ်ထဲမှာတွေးရင်း ဆိတ်ဆိတ်နေလိုက်၏။

"ငါ ပြီးခဲ့တဲ့အပတ်က ဘာပြောခဲ့လဲ၊ အလိုဆိုတာ ဘာဖြစ်လဲ"

"ပြည့်တယ်မရှိဘူး"

"မှန်တယ်၊ အလိုဆိုတာပြည့်တယ်မရှိဘူး။ အဲဒီလို သေးသေးလေးကနေ တဖြည်းဖြည်းများလာရင်၊ ကြီးထွားလာရင် အပူတွေပါလာတော့မယ်၊ ဟုတ်ပြီနော်"

"ဟုတ်ကဲ့"

"ဒါဖြင့် အလိုမပြည့်ရင် အလိုပြည့်တဲ့သူတွေကို ကြည့်မရတော့ဘူး။ ဒါ မကောင်းတဲ့စိတ်ဘဲ။ ဒီစိတ်နဲ့ အလိုမပြည့်တဲ့သူက မင်းဆီလာမယ်။ အပေးအယူတွေလုပ်မယ်။ ရရင် ဘယ်လောက်ပေးမယ်တို့ဘာတို့လုပ်လာမယ်။ အဲဒီမှာ မင်းက သူ့ကိုစိတ်ဝင်စားပြီးလုပ်ပေးလိုက်ပြီဆိုတာနဲ့ မင်းကျင့်ခဲ့တာတွေ၊ မင်းသစ္စာခံခဲ့တာတွေ၊ မင်းငါ့ဆီမှာကျားကုတ်ကျားခဲသင်ယူခဲ့ရတဲ့ပညာတွေဟာ ဘယ်အတွက်ဖြစ်သွားပြီလဲ"

"လောင်းကစားကိစ္စအတွက်ဖြစ်သွားမှာပါ ဆရာ"

"အေး - အဲဒါပဲ. . . . . ငါပြောနေတာ တွေကို သေချာစဉ်းစား. . . .၊ ငါပြောတာမင်းကိုပဲပြောတာနော်။ မင်းနဲ့ပဲဆိုင်တယ်"

"ဟုတ်ကဲ့ပါ"

"အေး - မင်း လောင်းကစားကိစ္စတွေလုပ်ပေးခွင့်ငါမပြုဘူး၊ မင်းမလုပ်ရဘူး"

"ဟုတ်ကဲ့ - ကျွန်တော်မှတ်သားထားပါ့မယ် ဆရာ၊ လိုက်နာပါ့မယ်"

"အလိုမပြည့်တဲ့ကိစ္စတွေကြားမှာ မင်းကန့်လန့်ကန့်လန့်ဖြစ်မှာ ငါမလိုလားဘူး။ လောင်းကစားလုပ်တဲ့သူဟာ ဘယ်တော့မှ အလိုပြည့်မှာမဟုတ်ဘူး။ ဒါက သူတို့ကိစ္စ။ သူတို့ဟာသူတို့ အဆင်ပြေအောင် သူတို့နည်းသူတို့ဟန်နဲ့လုပ်ကြလိမ့်မယ်။ မင်းမလုပ်ရဘူး"

"ဟုတ်ကဲ့ပါ ဆရာ"

(ကြုံခဲ့ဖူးပါသည်။

အမှန်တကယ်ကိုကြုံခဲ့ရပါသည်။ ခင်မင်သော မိတ်ဆွေများမှတစ်ဆင့် လောင်းကစားပြုလုပ်သူများ တစ်ဆင့်ကြားနှင့် ရောက်လာကြပါသည်။ ဒီလိုကာပေးပါ ဆရာ၊ လုံးဝမပါဘူးဆိုတာနဲ့



www.burmeseclassic.com1

www.burmeseclassic.com

ဆရာ့ကို ဆယ်သိန်းကန်တော့ပါ့မယ်ဟု ကမ်းလှမ်းလာ၏။ သူတို့အခေါ် အဝေါ် အပြောအဆိုတွေ ကျွန်ုပ် နားမလည်ပါ။ ကျွန်ုပ်သည် အလွန်အခက်အခဲကြုံနေရချိန်ဖြစ်ပါသည်။ ကိုယ့်နားတောင်ကိုယ် မယုံဖြစ်သွားရပါသည်။ သို့သော် ဆရာသခင်ကျေးဇူးရှင်၏စကားမှာ ကျွန်ုပ်၏ ရင်တွင်းသို့ မိုးကြိုးသွားလို ထိုးဖောက်ဝင်ရောက်ထားသည်ဖြစ်ရာ ကျွန်ုပ်မှာ နှစ်ကြိမ်သုံးကြိမ်ပြောဆို၍ ငြင်းပယ်လိုက်ရပါသည်။ ထိုသူတို့က မှတ်ချက်ပြုသောအသံ ပြန်ကြားရ၏။ အလကားပါ ဒီကောင်ဒါလောက်မတတ်ပါဘူး။ တတ်မှဖြင့် ဆယ်သိန်းကွာ၊ ဘယ်သူကနေမှာလဲ။ သူမတတ်လို့ တောင်ပြောမြောက်ပြောနဲ့ငြင်းနေတာဟူသောစကားပြန်ကြားရပါသည်။ ကျွန်ုပ်ကလည်း ဆရာ့ကို မထိမ်မချန်ပြန်ပြောပြ၏။

"အေး - မင်းစိတ်ကိုဆွပေးတဲ့ စကားရဲ့ဒဏ်ကို မင်းခံနိုင်တဲ့အတွက် ငါ သဘောကျတယ်"

ဟုသာပြောပြီး ပြုံးနေ၏။ 'မင်းသစ္စာတည်တယ်၊ ငါ့စကားနားထောင်တယ်' ဟု မချီးကျူး။

လောင်းကစားကိစ္စများတော်တော်များများရောက်ရောက်လာပါသည်။ကျွန်ုပ်မှာ ပညာကိုချစ်လွန်းသူဖြစ်ရာ ဆရာသခင်၏အမိန့်ကို မြေဝယ်မကျ နားထောင်လိုက်နာပါတော့သည်။

လူတစ်စုဆိုလျှင် ဂျစ်ကားတစ်စီး အိမ်ရှေ့တွင်ရပ်ထားပြီး ဒီညနေ လေးနာရီထိုးတာနဲ့ ဒီဂျစ်ကားထားခဲ့မယ်။ ဆရာပိုင်ပြီ။ ကျွန်တော်တို့ ခြေကျင်လျှောက်ပြန်မယ်ဟု အားရပါးရပြော၏။ ထိုစဉ်က ဂျစ်ကားမှာ လေးသောင်းဝန်းကျင်တန်၏။ သူတို့နှင့်ပါလာသောမိတ်ဆွေကဆိုလျှင် ကျွန်ုပ်ကို တိုးတိုးကပ်၍ အမျိုးမျိုးဆွယ်၏။ ဆရာရယ်၊ ဆရာ ကျွန်တော့်ကို စီးပွားတက်လာအောင် ဓာတ်ရိုက်ပေးနေတာပဲ။ ဒါလောက်လေးက ဆရာ့အတွက် 'အချလောင်း'ပါ။ ဆရာတစ်ချက်လုပ်လိုက်တာနဲ့ ဂျစ်ကားတက်မောင်းလို့ရပြီဟုဆွယ်၏။ ကျွန်ုပ်က ကျွန်တော်မလုပ်တတ်လို့ပါ။ဂျစ်ကားဘဲ မလိုချင်ဘဲနေပါ့မလား။ တကယ်မလုပ်တတ်လို့ပါဟု အကြိမ်ကြိမ်ငြင်းရ၏။ ထိုအုပ်စုဆီမှလည်း စကားသံပြန်ကြားရ၏။ ဒါလောက်ကြီးမတတ်ပါဘူးကွာ။ အင်တင်တင်အူတူတူနဲ့ဟု မိတ်ဆွေကိုပြန်ပြောကြ၏။ မိတ်ဆွေမှာ ကျွန်ုပ်ကို နားမလည်စွာနှင့် စကားစပ်မိတိုင်းပြော၏။

ဤအကြောင်းကို ဆရာ့အား ပြောပြရာ ဆရာသဘောကျလွန်း၍ ရယ်၏။ 'မင်းကလည်း ဂျစ်ကားကြီးဆိုတော့ မလိုချင်ဘဲ ဘယ်နေပါ့မလဲ ဟုတ်လား' ဟု ကလေးတစ်ယောက်ကို ချစ်စနိုးနှင့် စသလိုနောက်ပြောင်ကျီစယ်၏။

ကျွန်ုပ် အကြိမ်ကြိမ်ငြင်းခဲ့ရသည်များ မနည်းပါ။

ငွေသည် သည်းခြေကြိုက်ဖြစ်၏။

ကျွန်ုပ် အမှန်တကယ်ဝန်ခံရလျှင် လိုချင်ပါသည်။

အမေ့ကို မတောင့်မတ မကြောင့်မကြထားပြီး ပြုစုချင်ပါသည်။ အမေ့ကျေးဇူးကို ပြန်ဆပ်ချင်ပါသည်။

သို့သော် -

ဆရာသခင်၏ အကြောင်းကို ကျွန်ုပ်အသိဆုံးဖြစ်၏။

ဆရာ၏စွမ်းအားများ၊ အကျင့်အားများ၊ ပညာစွမ်းများမှာ ကျွန်ုပ်အနီးကပ်ဆုံး မျက်စိနှင့်လက်တွေ့မြင်နေရသူဖြစ်ရာ ဆရာ့အမိန့်အား မလွန်ဆန်ရဲပါ။

မျက်စိရှေ့တွင် ပြောသမျှဖြစ်နေသောဆရာသခင်အား အလွန်ကြောက်ရွံ့ရသူဖြစ်ပါသည်။

အလွန်ဆင်းရဲလှသော ရေထမ်းရောင်းသူကို ဆရာသည် သူသောက်နေသောဆေးလိပ်အစည်းထဲမှ အသစ်သုံးလိပ်ကိုယူ၍ ထိုသူအားပေးခိုင်းလိုက်၏။ ဒီနွားက ချမ်းသာတော့မယ့်ကောင်ဆိုတော့ ငါက ခုထဲကဖားထားတာပါကွာ ဟုပြော၏။ ကျွန်ုပ် နားမလည်နိုင်၍ ရယ်ပဲနေလိုက်၏။

ထိုရေထမ်းသမားသည် တစ်သိန်းဆုလက်ထက်က ထီပေါက်သွား၏။ နှစ်သောင်းလား မမှတ်မိတော့။ ထိုလူသည် တံတားလေးလမ်းဝဘက်နားတွင် အိမ်လေးတစ်လုံးဝယ်ဖြစ်သွား၏။ သူ့မိသားစုနှင့် ဆရာ့ကို လာကန်တော့စဉ်က ထိုသူ့မျက်နှာမှာ မငိုမိအောင်မနည်းထိန်းထားပုံရ၏။အလွန်ရိုးသားလိုက်သည့်ဖြစ်ခြင်း။

ထိုသို့ နှုတ်မှပြောတိုင်း ဖြစ်ဖြစ်သွားသည်များကိုကြည့်ရင် ကျွန်ုပ်မှာ ဆရာသခင်၏စကားအား လုံးဝမပယ်ရှားရဲတော့ပါ။)

"ငါပြောတာ မင်းရှင်းလား"

"ရှင်းပါတယ် ခင်ဗျ"

"အေး - လောကမှာ မင်းမသိသေးတာတွေ အများကြီးပဲ မောင်မောင်သန်း။ မင်းနားမလည်သေးတာတွေ၊ မတတ်သေးတာတွေအများကြီးဘဲ။ တစ်နဲ့ တစ်ပေါင်းရင် ဘာဖြစ်မလဲကွ"

"နှစ်ပါ ဆရာ"

"ဒါ ကလေးတွေး။ မင်းမပြောနဲ့၊ စကားပြောတတ်တဲ့ကလေးမှန်သမျှဖြေနိုင်တယ်။ တစ်နဲ့တစ်ပေါင်းရင်နှစ်၊ သေချာတယ်နော်"

"ဟုတ်ကဲ့ - သေချာပါတယ်"

"မင်းစကားကိုမင်းပြင်ဦးမလား"

"မပြင်ပါဘူး ဆရာ"

"ဒီလိုဆိုကွာ"

ဘေးနားရှိ ရေနွေးခွက်ထဲသို့ လက်ညှိုးလေးထိုးလိုက်ပြီး ကြမ်းပြင်ပေါ် အစက်တစ်စက်ချပြန်၏။ကျွန်ုပ်ကလည်း ကြည့်နေ၏။ ပြီးမှ နောက်တစ်ကြိမ် ရေနွေးခွက်ထဲလက်ထည့်ပြီး ထပ်စွတ်ရင်း စောစောက ရေစက်ပေါ် ထပ်ချပြ၏။ ရေစက်လေးနှစ်ခုပေါင်းစပ်သွားပြီး တစ်စက်တည်းပုံစံဖြစ်သွားပါသည်။

"ဟုတ်လား နှစ်"

ကျွန်ုပ် မဖြေရဲတော့ပါ။

"ပြောလေ တစ်နဲ့တစ်ပေါင်းရင် နှစ်ဆို"

"ကျွန်တော်. . . ကျွန်တော်မပြောရဲပါဘူး ဆရာ"

ထိုအချိန် အိမ်ရှေ့ဆီတွင် ကျနေထိုးနေ၏။

"သွား - မင်းအိမ်အောက်ဆင်း၊ ဟော - ဟိုဗာဒံပင်ဆီသွား"

ကျွန်ုပ်လည်း ဆရာခိုင်းသလို အပြေးအလွှားသွားလိုက်၏။

"မင်းရပ်နေတာ ဗာဒံပင်အရိပ် ဟုတ်တယ်နော်"

"ဟုတ်ကဲ့"

"မင်း ဒီဘက်ထွက်လိုက် ဘာအရိပ်ပေါ်မလဲ"

ကျွန်ုပ် ဗာဒံပင်အောက်မှ ဘေးထွက်လိုက်ရာ နေရောင်အောက်တွင် ကျွန်ုပ်၏အရိပ်ကထိုးနေ၏။

"ဟိုဘက် ဗာဒံပင်ဘက်တိုးသွား၊ ဗာဒံပင်အရိပ်နဲ့ မင်းအရိပ်ပေါင်းလိုက်"

ကျွန်ုပ်လည်း ဆရာခိုင်းသလိုလုပ်လိုက်ရာ ကျွန်ုပ်အရိပ်မရှိတော့။

"ဘယ့်နှယ် - အရိပ်တစ်ခုနဲ့အရိပ်တစ်ခုပေါင်းလိုက်ပြီလေ။ မင်းအရိပ်နဲ့ ဗာဒံပင်အရိပ်ပေါင်းသွားပြီ။ ဘာလို့ နှစ်ရိပ်မဖြစ်လဲ"

ကျွန်ုပ်မပြောတတ်တော့ပါ။ ပြောလည်းမပြောရဲတော့ပါ။ ဆရာကတော်က အိမ်ပေါ်မှထိုင်ကြည့်နေရင်း နေပူထဲဆင်းပြီး ပညာရတာပေါ့ မောင်မောင်သန်းရယ်ဟု လှမ်းပြော၍ရယ်နေ၏။ ပြီး



www.burmeseclassic.com1

www.burmeseclassic.com

မှ ဆရာလှမ်းခေါ်၍ ပြန်တက်လာပြီး ထိုင်လိုက်ပါသည်။

"မှတ်ထား - လောကမှာရှမ်းသန်းပြီး တစ်ယူသန်တစ်ဖွတ်ထိုးလုပ်လို့မရတာတွေအများကြီးပဲ။ဘယ်အရာမဆို ဉာဏ်လေးနဲ့ချင့်ချိန်။ မင်းမှတ်မိလား၊ မင်းကို ငါပန်းဆိုးတန်းဆိပ်ကမ်းခေါ်သွားပြီး မြစ်ထဲကရေတွေကိုကြည့်ခိုင်းခဲ့တုန်းက"

"ဟုတ်ကဲ့ - မှတ်မိပါတယ်"

"မင်းပြောခဲ့တယ်လေ၊ ရေတွေပဲမင်းပြောခဲ့တယ်။ နောက်တစ်ခါသွားတော့လည်း ရေတွေရှိတယ်ပဲပြောခဲ့တယ်။ 'တည်ငြိမ်သောလှုပ်ရှားမှု' ကို မင်းမသိခဲ့ဘူး။ မနေ့ကရေနဲ့ ဒီနေ့ရေ မတူတာ မင်းမသိဘူး။ ဒီနေ့နဲ့ မနက်ဖြန် မတူတာ မင်းမသိဘူး။ မင်းရှင်းအောင် ငါပြောမယ်။ မင်းခုန ငါအိပ်နေတုန်းကတံတားလေးလမ်းဝဘက်ကိုသွားခဲ့တယ်။ ဟုတ်ပြီ၊ ခုမင်းထပ်သွားရင် မင်းခုနသွားခဲ့တဲ့လမ်းနဲ့တူပါဦးမလား"

ကျွန်ုပ်မဖြေနိုင်၍ မှားသွားမှာစိုး၍ ငြိမ်နေလိုက်ပါသည်။

"မင်းခုနသွားတုန်းက ဒီလမ်းမှာ ကားတွေရှုပ်နေမယ်။ လူငါးယောက်လောက်တွေ့မယ်ဆိုပါတော့။ ခုထပ်သွားရင် ကားကရှင်းနေပြီ။ လူလည်း တစ်ယောက်နှစ်ယောက်ပဲတွေ့မယ်။ကဲ- မင်းခုနမြင်ခဲ့တဲ့လမ်းနဲ့ ခုသွားမယ့်လမ်း တူပါဦးမလား"

"မတူတော့ပါဘူး ဆရာ"

"မတူဘူး၊ အရာရာတိုင်းဟာ အချိန်နဲ့အမျှပြောင်းလဲနေတယ်။ မင်းမှတ်ထား၊ မင်း အဲဒီတုန်းက အသစ်အသစ်ဖြစ်လာတဲ့ရေကို မမြင်ဘူး။ လှိုင်းကိုပဲမြင်တယ်။ ရေဆိုတာကို မင်းမြင်အောင်မကြည့်နိုင်ခဲ့ဘူး။ တခြားအဝေးကိုရောက်သွားပြီဖြစ်တဲ့ရေကို မင်းက ရှိသေးတယ်ပဲပြောခဲ့တယ်။ ဒါကြောင့် မင်းအင်္ဂလိပ်စာသင်လို့တတ်မှာမဟုတ်ဘူးလို့ ငါပြောခဲ့တာ မှတ်မိလား"

"မှတ်မိပါတယ် ဆရာ"

"တူလား၊ ခုနလမ်းနဲ့အခုလမ်း"

"မတူပါဘူး ဆရာ"

"ဒါဆို သူရဇ္ဇအခါတစ်ခုထဲမှာ လူသုံးယောက် ရှေ့ဆင့်နောက်ဆင့်ရောက်လာရင် တူနိုင်ပါဦးမလား"

"မတူနိုင်တော့ပါဘူး ဆရာ"

"အခါတစ်ခုထဲရဲ့အမြင်နဲ့ ဒီလူသုံးယောက်စလုံးကို ဟောလို့မှန်ပါတော့မလား"

"မမှန်တော့ပါဘူး ဆရာ"

ကျွန်ုပ် နားလည်လွယ်အောင် မီးမောင်းထိုးပြလိုက်သော ဆရာသခင်အား ကြည့်ရင်းကြည့်ရင်း ကျွန်ုပ်အလိုလိုလက်အုပ်ချီပြီးထိုင်ကန်တော့လိုက်မိပါသည်။ ဆရာက သေချာကြည့်နေ၏။

"ပြီးခဲ့တဲ့နေ့ကမင်းနဲ့ ဒီနေ့မင်းမတူဘူး။ မင်းကတော့ မင်းပဲ၊ မတူဘူး။ ခုန မင်းနဲ့ အခုမင်းနဲ့လည်းမတူဘူး။ ခုနမင်းက ဗာဒံပင်မှာ အရိပ်သွားတိုင်းနေတဲ့မင်း၊ အခု မင်းက ငါပြောတာကို နားထောင်နေတဲ့မင်း တူပါဦးမလား"

"မတူတော့ပါဘူး ဆရာ"

"အေး - အဲဒါကိုမြင်အောင် ဂရုစိုက်နေရမယ်။ ကြိုးစားအားထုတ်နေရမယ်။ ကြိုးစားချင်စိတ်ရှိနေရမယ်။ မင်းမကြိုးစားရင် မင်းအတွက် အခွင့်အလမ်းဆိုတာမရှိဘူး။ လောကကြီးက တရားတယ်ကွ။ ကြိုးစားနေရမယ်။ နည်းနည်းလေးတတ်ရုံနဲ့ ဘဝင်မမြင့်နဲ့။ ဟာ - ငါဟောလိုက်တာ မှန်သွားတာပဲဆိုပြီး ဘဝင်မမြင့်နဲ့၊ မတောက်တခေါက်တတ်ထားရင် လုံးဝမတတ်တဲ့သူထက် ပိုဆိုးတယ်။ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချရမယ်။ ဘယ်တော့မဆို ကိုယ့်ကိုယ်ကိုယ် နှိမ့်ချ၊ နိဝါတတရားနဲ့နေ၊ ငါဟာဘာမှမတတ်သေးတဲ့သူညပါလားဆိုတာသိနေရမယ်။ သူညဟာဘာဖြစ်လဲ၊ လာချင်တဲ့ ဂဏန်းလာပစေ ပေါင်းစည်းလို့မရဘူးလား"

"ရပါတယ် ဆရာ"

"နေရာပြည့်သွားတယ်ဆိုတာမရှိရဘူး ကြားလား"

"ဟုတ်ကဲ့"

"ဝင်ချင်သလောက်ဝင်လာပစေ၊ သုညပဲဖြစ်ရမယ်၊ ဒါမင်းကိုယ်မင်းနှိမ့်ချရမယ့်သဘောပဲ။ ဘဝင်ဘယ်တော့မှ မမြင့်နဲ့၊ သူများအထက်ကိုရောက်ချင်တယ်ဆိုတဲ့စိတ်ဖြစ်တိုင်း ကိုယ့်အရည်အချင်းတန်ဖိုးကို သူများအောက်ကိုနှိမ့်ချ။ သူများရှေ့ကိုရောက်ချင်တယ်ဆိုတဲ့စိတ်ဖြစ်တိုင်း ကိုယ့်အရည်အချင်းတန်ဖိုးကို သူများနောက်မှာထား။ မင်းဟာ ဆန့်ကျင်ဘက်တွေကိုပဲ အမြဲတွေးနေရမယ်။ လေ့လာနေရမယ်၊ ငါပြောမယ်။ သူများနောက်ကိုလိုက်ရင် နောက်လိုက်ပဲဖြစ်မယ်။ ခေါင်းဆောင်မဖြစ်ဘူး။ ဒါ မင်းလည်းသိတယ်၊ ငါလည်းသိတယ်။ ဒါပေမယ့် သူများနောက်ကိုလိုက်ရင်း ခေါင်းဆောင်ဖြစ်အောင် ကြိုးစားရမယ်။ အဲဒီအတွက် မင်းဟာ နိဝါတတရားနဲ့အမြဲနေရမယ်။ မင်းကိုယ်မင်းနှိမ့်ချနေရမယ်။

ရှေးရှေးကပညာရှိကြီးတွေကဆိုတယ်။ မြစ်တွေ ပင်လယ်တွေထက် တောင်တွေကပိုမြင့်တယ်။ မမြင့်ဘူးလားမြင့်လား"

"မြင့်ပါတယ် ဆရာ"

"တောင်ကုန်းတောင်တန်းကြီးတွေဟာ မြစ်တွေထက်မမြင့်ဘူးလား"

"မြင့်ပါတယ်"

"အေး - ဘယ်လောက်မြင့်မြင့် တောင်ကျရေမှန်သမျှ မြစ်တို့ ပင်လယ်တို့ဆီရောက်ရတယ်။ ဘာလို့လဲ"

လမင်းဆေးပေါ့လိပ်ကို မီးညှိ၍ ဖွာနေပြန်သောကြောင့် ကျွန်ုပ်မှာ ငြိမ်ကြည့်နေရ၏။ ဆရာသခင်သည် ကျွန်ုပ် ဗေဒင်ဟောတော့မည်ဆိုမှ ကျွန်ုပ် နားမလည်နိုင်သော၊ မလိုက်နိုင်သော အတွေးအခေါ်များကိုအားရပါးရပြောပြနေလေရာ ကျွန်ုပ်မှာ မူလတန်းအဆင့်သာသာကလေးကို တက္ကသိုလ်မှဆရာက သင်ကြားပေးနေသည်သို့နှယ် ဉာဏ်မမီပါ။ သို့သော် ကြိုးစား၍ မှတ်သားနေရ၏။

"ဘာလို့လဲ မင်းကြည့်ကြည့်၊ မြစ်တွေပင်လယ်တွေက တောင်တွေထက် ပိုနိမ့်မယ်။အဲဒါ မင်းလွယ်လွယ်မှတ်ထား ဘယ်တော့မဆို ကိုယ့်ကိုယ်ကိုယ်နှိမ့်ချ နိဝါတတရားနဲ့နေ။ မင်းထက် အဆပေါင်းများစွာတတ်ကျွမ်းထားတဲ့ပညာရှင် တစ်ယောက်ရှေ့မှာ မင်းထောင်ထောင်ထောင်ထောင်သွားလုပ်ရင် မင်းကားခဲ့ဖြစ်သွားမယ်"

"ဟုတ်ကဲ့"

"ပြီးတော့ မင်းသိချင်တဲ့အကြောင်းအရာတစ်ခုခုရှိရင်တော့ သူ့ဆီကသိနိုင်ပါဦးမလား"

"မသိနိုင်တော့ပါဘူး"

"ဟိုက မင်းလိုပဲ တတ်ကောင်းတတ်မယ်။ ဒါပေမယ့် သူ့ရဲ့ဘဝဖြတ်သန်းမှုက မင်းထက် အနှစ်နှစ်ဆယ် အနှစ်သုံးဆယ်စောနေရင် မင်းအဲဒီအတွေ့အကြုံကိုလိုက်မမီတော့ဘူးမှတ်။ အဲဒီက သင်ယူလို့ကိုမရဘူး။ ဒါ နာခံမှုရမယ့်ပညာဆိုတာမှတ်ထား"

"မှတ်ထားပါ့မယ် ဆရာ"

"မင်းမှာ ဂါရဝတရား၊ နိဝါတတရားမရှိရင် မင်းသူ့ဆီကလိုချင်တဲ့ တစ်ကွက်ဖြစ်ဖြစ်၊ နှစ်ကွက်ဖြစ်ဖြစ် ရပါဦးမလား"

"မရနိုင်တော့ပါဘူး ဆရာ"

"မှတ်ထား - ပညာရှင်တိုင်းမှာ သူ့စွမ်းအားတွေနဲ့သူရှိတယ်ကွ"

"ဟုတ်ကဲ့"

"ဘယ်တော့မှ မထေမဲ့မြင်မသွား



www.burmeseclassic.com1

www.burmeseclassic.com

မလုပ်နဲ့။ နိဝါတတရားနဲ့နေ"

"ဟုတ်ကဲ့"

"နူးညံ့ပစေ၊ ပျော့ပျောင်းပစေ၊ မာရေကျောရေမလုပ်နဲ့။ မင်းလူ့သဘာဝကိုကြည့်၊ မွေးလာချိန်မှာ နူးညံ့တယ်။ ပျော့ပျောင်းတယ်။ သေသွားပြီဆိုရင် မာကျောတောင့်တင်းသွားတယ်။ သစ်ပင်ပန်းပင်တွေကိုလည်းကြည့်၊ အသက်ရှင်နေရင် လေနဲ့အတူ ယိမ်းမနေတတ်ဘူးလား"

"ယိမ်းနေပါတယ်"

"ပျော့ပျောင်းနေကြတယ်။ သေတဲ့အခါ ဘာဖြစ်လဲ၊ ခြောက်သွေ့သွားတယ်။ ဒါကြောင့် နူးညံ့ပျော့ပျောင်းမှုကို ထိန်းသိမ်းနိုင်အောင် ကျင့်ရမယ်။ ငါခဏခဏပြောခဲ့သလိုပဲ။ရေဆိုတာ နူးညံ့ပျော့ပျောင်းတယ်။ ကျောက်ဆောင်ကမ်းပါးတွေက မာကျောတယ်။ ဒါပေမယ့် အဲဒီနူးညံ့ပျော့ပျောင်းမှုရှိတဲ့ရေကပဲ တိုက်စားတဲ့အခါ ဘယ်မာကျောတာမှမခံနိုင်ဘူး။ ဒါကြောင့် နူးညံ့အောင်နေ၊ ပျော့ပျောင်းအောင်နေ။ ဘယ်အရာကိုမဆို ချင့်ချိန်စဉ်းစား။မေတ္တာတရား၊ကိုယ်ချင်းစာတရားထား။ ငါဘာမှမသိဘူး၊ ငါဘာမှမတတ်ဘူးဆိုတာ အမြဲသိနေရမယ်။ မင်း ခုတတ်ထားတာ သိထားတာလေးတွေက မင်းမသိသေးတာတွေနဲ့ ယှဉ်လိုက်ရင် မင်းဟာ ဘာမှမသိသေးတဲ့ကောင်ဖြစ်သွားပြီ။ အဲဒီလို မင်းဘာမှ မသိသေးပါလားဆိုတာကို မင်းကိုယ်မင်း အမြဲသိနေအောင် ကြိုးစားနေရမယ်။ သတိမလွတ်ရဘူး။ မေ့ပြီး ခြေဖျားထောက်တာမဖြစ်စေနဲ့။ ထောက်ရင် . . ."

"ဟန်ချက်ယိုင်ပြီး မတည်မငြိမ်ဖြစ်တတ်ပါတယ်"

"ဟုတ်ပြီ၊ မင်းဟာ ခုဆို လူများစွာနဲ့ ထိတွေ့ဆက်ဆံရတော့မယ်။ ငါ့ဆီမှာ နို့သက်ခံစို့နေလို့မရတော့ဘူး။ လူတိုင်းနဲ့ အဆင်ပြေအောင်နေရတော့မယ်။ ဒါကြောင့် ငါကလည်း မင်းကို ဆရာကောင်းပီသစွာမှာနေရတာ ရှင်းလား"

"ရှင်းပါတယ် ဆရာ"

"မနေ့ကထက် ဒီနေ့ကို ပိုကောင်းအောင် မင်းကြိုးစားပါ။ ဒီနေ့ထက်စာရင် မနက်ဖြန်ပိုကောင်းအောင်ကြိုးစားပါ။ ပညာနဲ့ပတ်သက်ပြီး အမြဲတမ်းတွေးကြံနေပါ၊ ကြိုးစားနေပါ။ ဒါပေမယ့် ပညာရဲ့ဘောင်ထဲစည်းကမ်းထဲကပဲဖြစ်စေ။ မင်းဟာ လူများစွာနဲ့ ထိတွေ့ဆက်ဆံရတော့မယ်။ လူတိုင်းနဲ့ အဆင်ပြေအောင်နေပါ။မင်းအများကြီးအတွေ့အကြုံတွေ တွေ့ကြုံလာရတော့မယ်။ နေရာတကာ လူမိုက်မဆန်ရဘူး ကြားလား"

"ဟုတ်ကဲ့ပါ ဆရာ"

"ဘယ်သူက ဘယ်လောက်ရှုတ်ချရှုတ်ချ အပြစ်တင်တင် ကြိုက်တာပြောမင်းကျေနပ်စွာခံယူရမယ်။ အကြောင်းမဲ့ အဓိပ္ပာယ်မရှိတဲ့ ငြင်းခုံတာတွေမလုပ်ရဘူး။ စကားလောဘမကြီးရဘူး။လူလည်းလောဘမကြီးရဘူး။ ရသမျှနဲ့ ရောင့်ရဲနိုင်ရမယ်။

ဘယ်သူဘာပြောပြော ကျေနပ်စွာခံယူ၊ လူမိုက်မဆန်ရဘူး။ သူများကိုမင်းခင်မှ မင်းကို သူများတွေခင်လာကြလိမ့်မယ်။ ခင်ခင်မင်မင်နေတတ်ပါစေ။ ယဉ်ကျေးသိမ်မွေ့ပါစေ။ မင်းမလိုချင်တာ သူတို့လည်း လိုချင်မှာမဟုတ်ဘူး။ မင်းမလုပ်ချင်တာ သူတို့လည်းလုပ်ချင်မှာမဟုတ်ဘူးဆိုတဲ့ ကိုယ်ချင်းစာတရားထားပါ။ မေတ္တာထားပါ။ လောကမှာ အဝေးရှိလို့ အနီးဆိုတာရှိတာ။ အမှောင်ဆိုတာရှိလို့ အလင်းဆိုတာရှိတာ။ ကိုယ့်အမြင်တစ်ခုထဲကြည့်ပြီး မှန်တယ်မလုပ်နဲ့"

"ဟုတ်ကဲ့ ဆရာ"

"ငါခဏခဏပြောခဲ့ဖူးတယ်။ဘယ်လောက်တိုတဲ့ခရီးဖြစ်ပါစေ တကယ်တမ်းမသွားရင် ရောက်ပါ့မလား"

"မရောက်နိုင်ပါဘူး ဆရာ"

"အေး - အဲဒီအတိုင်းပဲ။ လွယ်ကူရိုးစင်းတဲ့ ဘယ်အလုပ်ပဲဖြစ်ဖြစ် တကယ်တမ်းမလုပ်ဆောင်ရင် မပြီးစီးဘူး၊ မအောင်မြင်နိုင်ဘူး"

"ဟုတ်ကဲ့"

"ဒါကြောင့် မင်းကြိုးစားနေရမယ်၊ အတွေးအခေါ် ရှင်သန်နေရမယ်။ ပုံသေကို ငါလက်မခံဘူး"

"ဟုတ်ကဲ့"

"လူတိုင်းနဲ့အံဝင်ခွင်ကျဖြစ်အောင်နေ။ မင်း သူတို့ကို ဘာတွေပဲကူညီခဲ့ကူညီခဲ့ မင်းခေါင်းထဲမှာဘာမှမထားနဲ့။ အားလုံးကို မေ့ထားလိုက်။ မင်းဟာ တစ်စုံတစ်ယောက်ဆီက၊ တစ်ဦးဦးဆီက အကူအညီယူခဲ့ဖူးရင် အဲဒီရယူခဲ့ဖူးတဲ့ အကူအညီကိုသာ သတိတရဖြစ်နေပါစေ"

ဆရာသခင်၏ မျက်လုံးများမှာ တောက်ပလျက်ရှိပြီး မျက်နှာမှာ အလွန်တည်ငြိမ်လွန်းလှ၏။ တပည့်ကို သူ့ရင်ခွင်မှလွှတ်လိုက်ပြီး လူများစွာတို့နှင့် တကယ်တမ်း ထိတွေ့ဆက်ဆံရတော့မည်ဖြစ်လာပြီဖြစ်၍ စိတ်မချခြင်းများ များပြားနေပုံရ၏။ အတော့်ကိုမှာနေ၏။ နားထောင်၍ကောင်းသော်လည်း ကျွန်ုပ်မှာ နားမယဉ်သေးပါ။ ကြိုးစားပြီး အာရုံစူးစိုက်နေရ၏။ ဆရာပြောသောစကားအဆိုအမိန့်တို့မှာ မာကျောသည့်အခါ မာကျောနေ၏။ ခက်ထန်သည့်အခါ ခက်ထန်နေ၏။ နားဝင်မချိုပါ။ သို့သော် ဆရာပြောသော စည်းကမ်းနှင့်အဆိုအမိန့်များကို ကျွန်ုပ် မငြင်းနိုင်ပါ။

ဆရာသည် သူနားလည်သမျှ ကျွန်ုပ်ကို ပြန်ရှင်းပြနေရုံမက ကျွန်ုပ်ကို လက်တွေ့များစွာ လုပ်ဆောင်ပြခဲ့သည့် ကျေးဇူးရှင်ဖြစ်၏။ ယခု ဆရာ့အဆိုအမိန့်များကိုကြားရင်း၊ နာခံရင်း၊ မှတ်သားရင်း ကျွန်ုပ်၏နှလုံးသားထဲမှ မမြင်နိုင်သောစွမ်းအားများ ထွက်ပေါ်လာနေသည်ဟု ခံစားရ၏။ ကျွန်ုပ် လက်တွေ့အကောင်အထည်ဖော်ရတော့မည်ဖြစ်၏။

"မင်းဟာ"

ဆရာ့စကားသံကြောင့် အတွေးများ ဆတ်ခနဲပြတ်တောက်သွားပြန်၏။ မျက်လုံးများက ဆရာ့ထံရောက်သွား၏။

"ရိုးသားမှုရယ်၊ ကတိသစ္စာတည်ကြည်မှုရယ်ကို တန်ဖိုးထားပါ။ အားလုံးကို အကောင်းမြင်ပါ။ ဘယ်သူ့ကိုမှ မကောင်းမပြောပါနဲ့။ လူတိုင်းမှာ သူ့ကိုယ်ပိုင်အလင်းရောင်နဲ့သူရှိတယ်။ဘယ်သူနဲ့မှမတူတဲ့ အရည်အချင်းတွေရှိကြတယ်။ ဒါကြောင့် လူတိုင်းကို အပြုသဘောဆောင်ပါ။ မကျေမနပ်ပြောတာတွေ၊ အဆိုးမြင်တာတွေ၊ ရန်လိုတာတွေ၊ လှောင်ပြောင်တာတွေ၊ ရိတာတွေ၊ ထေ့ငေါ့တာတွေ လုံးဝမလုပ်ရဘူး။ ကြားလား"

"ဟုတ်ကဲ့"

"နားထောင်တတ်အောင်ကျင့်ပါ။ သူများစကားပြောရင် ကြားဖြတ်မပြောမိအောင်နေပါ။ ယဉ်ကျေးမှုခေါင်းပါးတဲ့ လူတစ်ယောက်လို့ အမြင်ခံသွားရနိုင်တယ်။ ကြားဖြတ်မပြောပါနဲ့။ ဒါကြောင့် နားထောင်တတ်အောင်ကျင့်ပါ။ ငါ အခု ပြောနေတာတွေ မင်းနှလုံးသားထဲကို ရောက်ရဲ့လား ဟေ့ကောင်"

"ရောက်ပါတယ်ဆရာ၊ ကျွန်တော် နားထောင်ပါ့မယ်"

"လူဆိုတာ နေတတ်ရတယ်ကွ။ ပညာသိက္ခာနဲ့နေလာပြီဆိုရင် ဟုတ်တတ်



www.burmeseclassic.com1

www.burmeseclassic.com

ထိုင်တတ်၊ သွားတတ်လာတတ်၊ စားတတ်သောက်တတ်အောင်ကျင့်ရမယ်။ သူငယ်ချင်းက သူငယ်ချင်းလိုဆက်ဆံရပေမယ့် အလုပ်လုပ်တဲ့နေရာမှာ သူငယ်ချင်းနဲ့ အလုပ်နဲ့ သွားမရောနဲ့။ မခင်ရဘူးလို့ ငါမပြောဘူးနော်။ သူ့ကဏ္ဍနဲ့သူထား။ မင်းကိုလေးစားတဲ့သူတွေရှေ့မှာ သူက ဂျိုးပြောမိုးပြောစည်းမရှိကမ်းမရှိ နောက်လိုက်ပြောင်လိုက် ပြောလိုက်ဆိုလိုက်ရင်၊အရောဝင်ရင် အရှိအသေတန်တဲ့ကိစ္စတွေဆက်ဖြစ်မလာနိုင်ဘူးလို့ မင်းပြောနိုင်လား"

"မပြောနိုင်ပါဘူး ဆရာ"

"အေး - နေတတ်အောင်ကျင့်။ ကံကောင်းတယ် ကံကောင်းတယ်ဆိုတာ အလကားနေရင်း ကောင်းတာမဟုတ်ဘူး။ ကံကောင်းအောင်ဆိုပြီး ထိုင်နေလို့ ဘာမှဖြစ်မလာဘူး။ အလုပ်လုပ်မှရမယ်။ ကံကောင်းအောင် တည်ဆောက်နေရမယ်။ ခုန ငါပြောခဲ့ပြီးပြီ။ နေတတ်ထိုင်တတ် ပြောတတ်ဆိုတတ်ရမယ်။ ဒီလိုမှမဟုတ်ဘဲ ထင်သလိုနေ ကြုံသလိုပြော ဖြစ်သလိုနေမယ်ထိုင်မယ်ဆိုရင် မင်းဟာ တဖြည်းဖြည်းနဲ့ ပညာရှင်ဇတော့ဖြစ်မလာဘူး။ အနေတဲ့ကောင် အိပ်မက်မက်သလိုဖြစ်နေလိမ့်မယ်။

ခု ငါပြောတာတွေကို မင်းလိုက်နာဖို့ မင်းကို ငါ စောင့်ကြည့်ရဦးမယ်။ ငါ ကာလရှည်ကြာအောင်စောင့်ကြည့်မယ်။ မင်းဟာ မင်းသိပ်ဖြစ်ချင်တဲ့ ပညာရှင်ဖြစ်လာနိုင်လား၊ မဖြစ်လာနိုင်ဘူးလားဆိုတာ ငါမပြောနိုင်သေးဘူး။ မင်းဘယ်လောက်ခံနိုင်ရည်ရှိမလဲ ငါကြည့်ဦးမယ်။ ဘာလို့လဲဆိုတော့ မင်းဟာ မင်းဆီကိုလာပြီးတိုင်ပင်ကြမယ့်မေးကြမယ့်လူတွေနဲ့ မင်းထိတွေ့ရင်ဆိုင်မှုမရှိသေးလို့ ငါမပြောနိုင်သေးဘူး။ ပညာရှိတွေပြောကြသလိုပေါ့ကွာ၊ အန္တရာယ်နဲ့ရင်မဆိုင်ရသေးတဲ့လူတစ်ယောက်ကို လူစွမ်းကောင်းလို့ ပြောလို့မရသေးဘူးဆိုတဲ့ စကားအဆိုအမိန့်အတိုင်းပဲ။ ဒီတော့ မင်းကို အဲဒီအတိုင်းပြောရရင် တစ်နေ့ပညာရှင်ဖြစ်လာလို့က မင်းနဲ့ပဲဆိုင်တယ်။ ငါပြောတာရှင်းလား"

"ဟုတ်ကဲ့ - ရှင်းပါတယ် ဆရာ။ ကျွန်တော် ကြိုးစားပါ့မယ်။ အားအင်တွေလည်းပြည့်လာသလိုခံစားရပါတယ်"

ဆရာသည် လမင်းဆေးပေါ့လိပ်ကိုမီးညှိ၍ နှစ်ဖွာသုံးဖွာခန့်ဖွာရင်း ကောင်းကင်ပြင်ဆီသို့ကြည့်နေ၏။ ဆရာ့မျက်နှာပေါ်တွင် ကျွန်ုပ်အားသံယောဇဉ်ကြီးမားခြင်း၊ ကြင်နာသနားခြင်း၊ ချစ်ခြင်းပုံရိပ်များ ပြည့်ဝစွာပေါ်နေ၏။ တပည့်ကို တော်တော်စိတ်မချဖြစ်နေပုံရ၏။

"မင်းဟာ တက်ကြွပါတယ်၊ ကြိုးလည်းကြိုးစားပါတယ် ငါအသိဆုံးပါ။ စိတ်ဓာတ်လည်းမာကျောပါတယ်။ မဖြစ်မနေလုပ်တတ်တာလည်း ငါသိပါတယ်။ တစ်ခါတစ်ခါတော့ လျော့ရဲရဲနိုင်တယ်။ အခုမင်းစဟောရတော့မယ်ဆိုတော့ မင်း အခက်အခဲတွေ့ အများကြီးနဲ့ စတွေ့ရတော့မှာပဲ။ အဲဒီလိုတွေ့ရင် မင်း ငါ့ဆီလာပြီး နှိုးသက်ခံစို့နေလို့မရတော့ဘူး။ မင်းရှင်းရမှာ။ အဲဒီမှာ အခက်အခဲကြီးကြီးမားမားကြုံလာရင် စိတ်ဓာတ်ကျချင်သလိုဖြစ်လာပြီဆိုတာနဲ့ မင်းရဲ့မျက်စိမြင်ကွင်းထဲမှာ တွေ့သမျှလူတွေထဲက အလုပ်ကြမ်းလုပ်ရရှာသူတွေ၊ ဘဝကိုခက်ခဲစွာရုန်းကန်နေရသူတွေ ဒီလိုလူတွေကိုကြည့်လိုက်။ ဩော် - ငါဟာ သူတို့ထက်စာရင် ဒီပညာတွေတတ်ထားပါသေးလား။ သူတို့လောက် ငါမပင်ပန်းသေးပါလားဆိုတဲ့စိတ်နဲ့ မင်းကိုယ်မင်းဖြေသိမ့်လိုက်။ မင်း ဘယ်တော့မှ စိတ်ဓာတ်မကျတော့ဘူးမှတ်"

"ဟုတ်ကဲ့ပါ ဆရာ"

"အမြဲတမ်းကြိုးစားနော်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ကြိုးစားပါ့မယ်"

"အေး - ဟုတ်ပြီ၊ ဟိုလူ့လိုက်ပြိုင် လိုက်ဒီလူ့လိုက်ပြိုင်လိုက် ဘယ်တော့မှ မလုပ်ရဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲပြိုင်။ သူများကိုသွားမပြိုင်နဲ့ ငါပြောထားပြီးပြီ။ မနေ့က မင်းနဲ့ ဒီနေ့မင်း မတူစေရဘူး။ ဒီနေ့မင်းနဲ့ မနက်ဖြန်မင်း မတူစေရဘူး။ ဗဟုသုတအမြဲရှာနေရမယ်။ လူတွေကိုဟောတဲ့ပညာဟာ လူထဲမှာပဲရှိတယ်။ ရှာဖွေနေရမယ်။ ဗဟုသုတများခြင်းဟာ စွမ်းအားတစ်ခုပဲ နားလည်လား"

"လည်ပါတယ် ဆရာ"

"များများတွေးပါ၊ စကားနည်းပါစေ။ နာမည်ကြီးချင်တဲ့စိတ်ကို လုံးဝဖျောက်ပါ။ အောင်မြင်ဖို့ပဲ မင်းကြိုးစားပါ။ မင်းအရည်အချင်းကိုပဲ မင်းကိုယ်တိုင်ပြန်လက်ခံလာနိုင်အောင် ကြိုးစားပါ။ မင်းကိုယ်မင်းမှပြန်လက်မခံနိုင်ဘဲ မင်းကို ဘယ်သူမှလက်မခံဘူးဆိုတာ မမေ့ပါနဲ့။ကျော်ကြားချင်တဲ့စိတ်၊ နာမည်ကြီးချင်တဲ့စိတ်လုံးဝမရှိပါနဲ့။ ကရာတေးသင်တုန်းကလည်း ဒီလိုပဲ။ နည်းနည်းတတ်တာနဲ့ သင်တန်းပြန်ကိုင်ချင်ရတာနဲ့၊ ဟိုလူ့ကိုဝမ်းဘိုင်ဝမ်းဆွဲချင် ဒီလူ့ကိုဝမ်းဘိုင်ဝမ်းဆွဲချင်ရတာနဲ့ အရမ်းနာမည်ကြီးချင်တဲ့ကောင်။ ပြီးတော့ မင်းထက်သာတဲ့ ကြောင်လိမ်မြင့်ဦးချလိုက်တော့လည်း မင်းမှောက်သွားတာပဲဟုတ်တယ်မို့လား"

"ဟုတ်ကဲ့"

(ဂျူဘန်းကျွန်းတွင် ချိန်းကစားခဲ့စဉ်က ဖြစ်၏။ ကျွန်ုပ်က စတင်ချိန်းဆိုခဲ့ခြင်း ဖြစ်၏။ သူငယ်ချင်းများ သူ့ဘက်ကိုယ့်ဘက်လိုက်လာကြ၏။ ကျွန်ုပ်ဘက်က ဆရာသခင်ပါလိုက်ကြည့်၏။ သိပ်တော့ အားမပေး။ တပည့်ကိုစိတ်မချ၍လိုက်လာခြင်းသာဖြစ်၏။ စိတ်မချသည့်အတိုင်း မြင့်ဦး၏ကြောင်လိမ်ပတ်ကန်ဒဏ်ကို လေးငါးကြိမ်ရှောင်တိမ်းနိုင်ခဲ့သော်လည်း ပြင်းထန်သော ကြောင်လိမ်တစ်ချက်အထိမှာ ကျွန်ုပ် ဘာမှန်းမသိတော့ပါ။

မြက်ခင်းပေါ် မျက်နှာအလိုလိုစိုက်ကျခဲ့ရပါသည်။ အသက်ရှူရန်လေကို နှာခေါင်းတွင်းထည့်၍မရတော့။ ပါးစပ်မှာ ဟစိဟစိနှင့် မနည်းအားယူနေရသည်ကို ဆရာသခင်ပြေးလာပြီး ကျောကိုလေးငါးချက်နှိပ်ချလိုက်မှ ကျွန်ုပ်မှာ ဝှီးခနဲမြည်ပြီး အသက်ပြန်ရှူနိုင်ပါတော့သည်။၎င်းအကြောင်းကို ဆရာပြောခြင်းဖြစ်၏။)

"အေး - မင်းကို ငါ အဲဒါတွေစိတ်မချတာဘဲ။ မကျော်ကြားချင်နဲ့။ မင်းတော်က ကျော်ကြားဖို့မဟုတ်ဘူး။ မင်းကြွားတာနဲ့ထိမှာပဲ။ နားလည်လား"

"ဟုတ်ကဲ့ - ကျွန်တော်လိုက်နာပါ့မယ်ဆရာ"

"ပြီးတော့ ငါမှာမယ်။ ဘာလုပ်လုပ် သုံးကျပ်သတ်မှတ်ရင် သုံးကျပ်ပဲ ငါပြောခဲ့တယ်နော်"

"ဟုတ်ကဲ့"

"အေး - ဟုတ်ပြီ၊ ငွေကြေးချမ်းသာဖို့ စိတ်ကိုရှေ့တန်းတင်ပြီး ဘဝကိုဒီပညာနဲ့မရပ်တည်ပါနဲ့။ မင်းဈေးသည်လုပ်နေတဲ့ကောင်ပဲ။ ဈေးရောင်းစားလို့ရတယ်။ ချမ်းသာဖို့စိတ်ကိုထားပြီး ပညာနဲ့မရပ်တည်ရဘူး။ ရိုးသားစွာကြိုးစားပါ။ လာမေးကြတဲ့လူတွေ အခက်အခဲရှိလို့လာတိုင်ပင်ကြတဲ့လူတွေဟာ မင်းအတွက် မဖြစ်ပါစေနဲ့။ မင်းဟာ ခုနစ်ရက်သားသမီးအတွက်ဖြစ်ပါစေ"

"ဟုတ်ကဲ့ - လိုက်နာပါ့မယ် ဆရာ"

ဆရာဦးမောင်မောင်သိန်း

(ရင်ကိုအေးမြစေသား)



www.burmeseclassic.com1

www.burmeseclassic.com



# ဆရာဦးစိန်လှိုင်၏
# မြန်မာ့ရှေးဟောင်းလူမှုရေးပညာရပ်များ
(အတိုအထွာ တာပဒေသာ၊ သုံးမိသူမှာ ရတနာ)

**၁။ ဖြိုးဟ်စီးဒသာညှံ့သူအတွက် ယတြာ**

ဖြိုးဟ်စီးဒသာ ညှံ့သော့အခါ၊ ရောဂါဘေးရန်များ၊ သက်စေ့နံ့တူ၊ ပန်းကိုယူ၊ လှူလေ မြတ်ဘုရား။ နံ့စေ့မီးတိုင်၊ ညီးညီးပြိုင်၊ ဆိုင်ရာထွန်းညှိထား၊ ဤသို့ယတြာပြုသောအခါရောဂါရန်ပျက်ပြား။

**၂။သူခိုးတားအင်း**

| | |
|---|---|
| လ | သ |
| သိ | ဝါ |

**လေးကွက်အင်းချ အိမ်လေးထောင့်မှာ မြှုပ်**

**တစ်နည်းမှာ**

(ကာကရိတ္တော ထဆရာထ ကြွ ဆရာကြွ) ဝါးခြမ်းမှာရေးပြီး မိမိခေါင်းအုံး အောက်မှာထားအိပ်ပါ။

**၃။ သားဖွားရေမန်း**

(ဥုံ - ဘုရားမြတ်စွာသံတော်ပါ၏ နှင့်အိမ်သစ်ခေါင်း၊ မအောင်းရရာ ထွက်ဆရာထွက်)

မီးမဖွားနိုင်သူအတွက် ရေမန်းမန်းမည့်သူသည် ဘုရားရှေ့တော်တွင် ငါးပါးသီလ ခံယူဆောက်တည်ပြီး အထက်ပါ သားဖွားဂါထာကို (၉) ခေါက်မန်းပေးပါ။

**၄။ အကြောတင် ဆီမန်း၊ ချောင်းဆိုးမန်း၊ အပင်းချ ထုံးနှွင်းမန်း**

ဥုံ - ခြေမှာနဂါး၊ ခါးမှာဂဠုန်၊ ရင်မှာဗြဟ္မာ၊ ကိုယ်မှာသိကြား၊ ဘုရားမြတ်စွာ၊ ထိပ်ထက်ပါ၏ ပြေဆရာပြေ။ (ခုနစ်ခါရွတ်လေ)

**၅။ ကုန်ရောင်းကုန်ဝယ်ရွတ်ရန်**

အာရောစ ယာစန္ဒဂန္ဓာ ရာဇာပီယံ၊ ကုဒ္ဒိန္နံစတုမေဝစ၊ ကုဒ္ဒ မန္တသ အာနုဘာဝေါ။ (၆) ခေါက်ရွတ်လေ။

**ဓေဝတာလာဘအင်းတော်**

ကုမစေတသော ဒင်္ဂဇကျာတိဖေဟိ

| | | | |
|---|---|---|---|
| | ကု | တ | |
| ဧ | ဒ | ကျာ | မ |
| ဂ | စေ | ဟိ | သော |
| | တိ | ဋ္ဌ | |

အင်းအပေါ် ထမင်းသုံးဆုပ်တင်၍ ကျီးမင်းဂါထာဖြင့် (၃၇) အုပ်မန်းပါ။ အထက်အမိုးမရှိသောနေရာအမြင့်မှာ တင်ထားပါ။ ကျီးလာချီမည်။

**ကျီးမင်းဂါထာ**

ဥုံ အဂ္ဂေါ ဗုဒ္ဓေါ၊ ဥုံ အဂ္ဂေါ ဓမ္မော၊ ဥုံ အဂ္ဂေါ သံဃော၊
အဂ္ဂေါစေဝ ဓမ္မရာဇာ ပန္နရသော၊ အဂ္ဂေါဝိပါကော မေ ဟောန္တု၊ ယံယံ ကုစ္ဆိ သမဥ္စတု၊ တံ တံ ကုစ္ဆိ သမဥ္စတု။

ဥုံ ပုတ္တာ ပုတ္တ ဒေဝတာ အာဂစ္ဆန္တု။ ဘုဉ္စန္တု၊ ဘုဉ္စန္တု။ ပရိဟာရန္တု၊ ပရိဟာရန္တု၊ သွာဟာယ်ယံကပ်။

ဤသို့ မကြာခဏကျီးစာကျွေးခြင်းဖြင့် လာဘ်လာဘများဝင်လာမည်။

**ဥစ္စာပျောက်ဆပ္ပတ်ဖြင့် ခတ်ဆင်ရှာခြင်း**

ပျောက်သောပစ္စည်းတို့၏ဆပ္ပတ် ခတ်ကို စား၍လည်းကောင်း၊ ကိုင်၍ သော့်လည်းကောင်း ရှာရမည်။ ရှာရမည့် အရပ်အညွှန်းမှာ သူရဇ္ဇ၊ သောကြာထောက်ဆက်တွဲ့အိမ်တွင်းမှာ ဗုဒ္ဓဆို တောင်အရပ်ကယ်နှင့် မြောက်ရပ်မှာဂုရုထား၊ များမှတ်ကြရာ ဘောမမှာတော့ ရှေ့ပြုဗွာ၊ နောက်ရပ်မှာ စန္ဒြ သောရီဘဲရယ်လို့ မလွဲအောင် အရပ်ကိုပိုင်းလိုက်မယ်။ ကိုင်း-ခုရှာကြ'။

**အရှေ့အရပ်**

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁၆ | ၄ |
| | ၂၀ | |

**မြောက်အရပ်** ← ၅ ... ၄ ← **တောင်**

**အနောက်အရပ်**

သူရဇ္ဇအခါ၊ သောကြာအခါ ပျောက်သော်လည်းကောင်း၊ မေးလာလည်းကောင်း အိမ်ထဲမှာရှိ၏။

ဆရာဦးစိန်လှိုင်(ကျိုက်ထသင်)



www.burmeseclassic.com1

www.burmeseclassic.com

# မောင်သန်းဆွေ (တောင်ငူ)

## ဒေသန္တရနတ်ပွဲများ

■ **ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကျေးရွာမှ ဥတေနနတ်ပွဲ**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆင်ရွာကြီးကျေးရွာတွင် နှစ်စဉ်ဝါဆိုလဆန်း ၁၂ရက်(တစ်ရက်) ကျင်းပသည့် ဥတေနရိုးရာနတ်ပွဲမှာ အထူးစည်ကားလှသည်။ ရှေးဘိုးဘွားများလက်ထက်ကတည်းကစတင်၍ ကျင်းပလာခဲ့သည့် ဥတေနရိုးရာနတ်ပွဲ (ဆင်ဖမ်းပွဲ)၏ ထူးခြားသောမြင်ကွင်းများမှာ အစဉ်အဆက် သားစဉ်မြေးဆက်များ၏ ရိုးရာယဉ်ကျေးမှုကိုခံယူ၍ ဆင်ဖမ်းသူ၊ ဆင်ခြောက်သူ၊ ဆင်လုပ်သူအဖြစ် တာဝန်ယူရသည်။

ဆင်လုပ်သူမှာ အစဉ်အဆက်လုပ်ခဲ့သူ ဦးတင်ကိုမိသားစုဝင်များဖြစ်သည်။ ဆင်ဖမ်းသူမှာ နော်စန်းငွေနှင့် ဆင်ခြောက်သူမှာ ဦးထွန်းခင်ဖြစ်သည်။ ထို့ပြင် သားစဉ်မြေးဆက် အမွေဆက်ခံသူမိသားစုဝင်များသည် မည်သည့်နေရာဒေသတွင် ရောက်ရှိစေကာမူ ထိုနေ့ဝါဆိုလဆန်း ၁၂ ရက်တွင် မဖြစ်မနေလာရောက်၍ ကန်တော့ပွဲတင်လှူခြင်း၊ ဆင်ချည်တိုင်များကို ရေလောင်းပေးရခြင်း၊ ဆင်ရေသောက်ရန် ရေအင်တုံ၌ရေဖြည့်ပေးရခြင်း၊ ဆင်ချည်တိုင်အား ပန်းများဖြင့် ပူဇော်ဆက်သရခြင်းများ မဖြစ်မနေဆောင်ရွက်ရသည်။ ထိုနေ့နံနက်ပိုင်းတွင် ဥတေနနတ်စင်အား ကန်တော့ပွဲများ ဆက်သကြသည်။ ရိုးရာနတ်မင်းများ ပင့်ဖိတ်၍ ဆိုင်းဝိုင်းများဖြင့် ကပြဖျော်ဖြေကြသည်။ ထို့နောက် ညနေ (၃) နာရီခန့်တွင် ဆင်ဖမ်းပွဲစတင်ကျင်းပကြ သည်။ ဆင်လုပ်သူက ကြေးဖလားဆောင်း၍ အစွယ်နှစ်ချောင်းတပ်ကာ မြေပြင်တွင် ဆင်ပုံသဏ္ဌာန်သွားရသည်။ ဆင်ခြောက်သူက ဝါးထမ်းပိုးဖြင့် မြက်များ၊ ငှက်ပျောသီးများချိတ်၍ ဆင်ကိုခြောက်ရသည်။ နောက်ဆုံး ဆင်ဖမ်းသူက ဆင်ကိုမိသွားသောအချိန်တွင် လာရောက်ကြည့်ရှုကြသောဧည့်ပရိသတ်များက မြက်ပင်များလုယူထွက်ပြေးကြသည်။ အဆိုပါမြက်ပင်များကို ရရှိသူမှာ ကျွဲ၊ နွား၊ တိရစ္ဆာန်များ ကျန်းမာရေးကောင်း၍ လယ်ယာမြေများ ဖြစ်ထွန်းအောင်မြင်သည်ဟုယူဆကြသည်။

အဆိုပါ ဆင်ရွာကြီးကျေးရွာ ဥတေန (ဆင်ဖမ်းပွဲ) အကြောင်းများကို အသက်(၉၀)ကျော် အဘိုးဦးလူမော်က ပြောပြသည်။ မင်းတုန်းမင်း၊ သီပေါမင်းလက်ထက်ကတည်းကရှိခဲ့သော ဆင်ချည်တိုင်များမှာ ယနေ့တိုင် တွေ့မြင်ရသေးသည်။

■ **စစ်ကိုင်းတိုင်းဒေသကြီး မအူပင်ကျေးရွာအုပ်စု သာထွန်းကျေးရွာ မိရိုးဖလာနတ်ပွဲ**

စစ်ကိုင်းတိုင်းဒေသကြီး မအူပင်ကျေးရွာအုပ်စု သာထွန်းကျေးရွာတွင် နှစ်စဉ်ကျင်းပလေ့ရှိသော မိရိုးဖလာနတ်ပွဲအကြောင်းတင်ပြချင်ပါသည်။

ထိုနတ်ပွဲမှာ ရွာစောင့်နတ်ဘိုးဘိုးကြီးဟု ကျေးရွာသူကျေးရွာသားများ ယုံကြည်ကြသော ရွာတော်ရှင်ဘိုးဘိုးကြီး (မြင်းဖြူရှင်)ကို အထူးသဖြင့် ဝက်သားပါဝင်သော ဖြုန်းစပ်ဟင်း





www.burmeseclassic.com1

www.burmeseclassic.com



ဖြင့် ပူဇော်ပသသည့် နတ်တင်ပွဲ ဖြစ်သည်။ များသောအားဖြင့် နယုန်လပြည့်ကျော် ၅ ရက်နေ့တွင် စစ်ကိုင်းမြို့၏ အနောက်တောင်ဘက် သုံးမိုင်မျှအကွာရှိသော သာထွန်းကျေးရွာ (မအူပင်ကျေးရွာအုပ်စု) တွင် ကျင်းပပြုလုပ်သည်။ မအူပင်အုပ်စုဖြစ်သော မအူပင်၊ ကုန်းတန်းလေး၊ သာထွန်း၊ မအူပင်အနောက်ရွာတို့နှင့်အတူ ရပ်ဆွေရပ်မျိုးများက နှစ်စဉ်လာရောက်ပူဇော်ပသခဲ့ကြသည်။ မေးကြည့်ရာ ထိုပွဲကျင်းပလာသည်မှာ နှစ်တစ်ရာကျော်ခဲ့ပြီဟုသိရသည်။

နှစ်စဉ်ကျင်းပရက်အဖြစ် နယုန်လပြည့်ကျော် ၅ ရက်ဟု သတ်မှတ်ထားသော်လည်း ၎င်းနေ့သည် ဗုဒ္ဓဟူးနေ့နှင့်တိုက်ဆိုင်ပါက နယုန်လပြည့်ကျော် ၅ ရက်နေ့ကိုရက်ရွှေ့ကာ ကျင်းပကြောင်းသိရသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဟူးနေ့တွင် နတ်မတင်ရ ဟူသော ဓလေ့ရှိသောကြောင့် ဖြစ်၏။

ဝက်သားနှင့် နတ်တင်သည့်ပွဲဖြစ်



www.burmeseclassic.com1

www.burmeseclassic.com



သောကြောင့် ထူးခြားနေသည်။ ထိုကျေးရွာနီးချုပ်စပ်များသာမက အဝေးရောက်ရွာသူရွာသားများပင် လာရောက်ကြရသည်ဆို၏။

'ဖြုန်းစပ်'ဟု ဒေသအခေါ်တင်သသည့်ဟင်းမှာ ဆန်ပြုတ်တစ်မျိုးဟု ပြောနိုင်ပါသည်။ ဆန်ပြုတ်တွင် ဝက်သား၊ ရွှေဖရုံသီးတို့နှင့်ချက်ပြီး မြေတွင်ခင်းဖြန့်ထားသော အိုးခွက်တို့တွင်ထည့်ကာ တင်သပြီး အိမ်သို့သယ်ဆောင်ကာ ယူကြခြင်း ဖြစ်သည်။ အဆိုပါဖြုန်းစပ်ဟင်းကိုစားသုံးပါက အန္တရာယ်ကင်းကာ ကျန်းမာရေး၊ စီးပွားလာဘ်လာဘတိုးတက်သည်ဟု ရွာသူရွာသားများက ယုံကြည်ကြသည်။ ဖြုန်းစပ်နတ်တင်သည့်ပွဲအတွက် မနက်ကတည်းကပင် တစ်ရွာလုံး လူကြီးလူငယ်မကျန် ဝိုင်းဝန်းချက်ပြုတ်ကြပြီး မွန်းလွဲ(၂)နာရီဝန်းကျင်တွင် ဖြုန်းစပ်ချက်ထားသောအိုးကြီးများကို ရွာထိပ်ရှိ ဘိုးဘိုးကြီးနတ်နန်း (မြင်းဖြူရှင်နတ်နန်း) သို့သယ်ဆောင်ကာ ခင်းကျင်းထားသောအိုးခွက်များတွင်ထည့်၍ နာရီဝက်ခန့် ပူဇော်ပသကြခြင်း ဖြစ်သည်။

"ဘိုးဘိုးကြီးက သိုက်သိုက်ဝန်းဝန်းနဲ့ စုပေါင်းဆောင်ရွက်မှု ကြိုက်တာ၊ အများနဲ့ပျော်ပျော်ရွှင်ရွှင်လုပ်မှ သဘောကျတာ။ တစ်ဦးနဲ့တစ်ဦး မကြည်မလင်နဲ့ ပြဿနာဖြစ်တယ်ဆိုရင် ပွဲမအောင်ဘူး။ အစက ပြန်လုပ်ကြရတယ်"

ဟု ပွဲစီစဉ်ဆောင်ရွက်သူက ပြောပြပါသည်။

၂၀၁၄ ခုနှစ်မှာ ကျင်းပသည့်ပွဲတွင် ဝက်သား(၄၅)ပိဿာ၊ ငှက်ပျောသီးအဖီး (၁၆၀)၊ အချိုမှုန့် (၁၃) ပိဿာ၊ သကြား(၆)ပိဿာ၊ ဆန် (ဖြုန်းစပ်ကျိုရန်) (၃၄) ပြည်၊ ထမင်းချက်ရန် ဆန်ပြည်(၂၀)နှင့် ရွှေဖရုံသီးပါသည်။ရွှေဖရုံသီးမရသည့်နှစ်များတွင် တောင်းပန်ပြီးတင်ရပါသည်။ ထို့ကြောင့် ရွာမှာပင် ရွှေဖရုံသီးပင်များစိုက်ထားလိုက်သည်ဆို၏။ ဘိုးဘိုးကြီးနတ်စင် (မြင်းဖြူရှင်နတ်စင်) ပေါ်တွင် အထူးတင်သရသည်က မုန့်ဖြူမုန့်နီကို အရုပ်ကလေးများလုပ်၍တင်ရသည်။ ဝက်သား (၇) တုံး၊ ငါးရံ့ခြောက် (၇)တုံး၊ အုန်းသီးဆန်(၇)စိတ်၊ ငွေထမင်း (၇)တုံး၊ ငှက်ပျော (၁၀)ဖီး၊ အုန်းမျက်နှာဖွင့်(၁)လုံး၊ ငှက်ပျောသီးကြော်၊ ဖရုံသီးချက်၊ ကောက်ညှင်းဖြူ ကောက်ညှင်းနက်(ငချိပ်)တို့ကိုတင်ရသည်။ ပွဲတော်စာချသည်ဆိုလျှင်လည်း အားလုံးကို ဒယ်အိုးထဲတွင်ထည့်ပြီး ဝိုင်းဖွဲ့စားရပါသည်။ နတ်ပွဲဆိုသော်လည်း အတီး၊ အမှုတ်၊ အကအခုန်၊ အဆိုများမပါရပါ။ အသံချဲ့စက်ကိုပင် မဖွင့်ရပါ။ (၂၀၁၄ ခုနှစ်မှစ၍ဖွင့်သည်။) နယုန်လဆန်းပိုင်းက နန်းသစ်တက်ပွဲလုပ်သည်။ မိရိုးဖလာပူဇော်ပသခြင်းဖြစ်၏။ ၂၀၁၄ ခုနှစ်တွင် ပသ၍တင်ရသည်မှာ (၃၄၄)ပွဲရှိသည်ဟု ရွာမှ ဦးအောင်ခင်က ပြောပြခဲ့ပါသည်။

မအူပင်အုပ်စုတစ်စုလုံး အိမ်ခြေ(၆၀၀)ကျော်ရှိပြီး သာထွန်းရွာတွင် အိမ်ခြေ(၆၀)ကျော်သာရှိသည်။ သာထွန်းရွာနှင့်အမျိုးတော်သော သလွန်ဖြူ ဒေါင်းမကျေးရွာတို့ကပါ လာရောက် တင်သကြသည်။ အဆိုပါရွာများမှာ ဝါဆို၊ ဝါခေါင်၌ ကောက်ကြီးစပါးစိုက်ပျိုးပြီး ကြားကာလတွင် ငရုတ်နှင့် မြေပဲစိုက်ပျိုး၍ တောင်သူလုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်သော်လည်း ဝင်ငွေကောင်းသောကြောင့် ဟမ်းဖုန်းကိုယ်စီ၊ ဆိုင်ကယ်ကိုယ်စီနှင့်ဖြစ်ကြသည်။ လျှပ်စစ်မီး ရရှိသည်မှာ (၂)နှစ်ရှိပြီဖြစ်သည်ဟု သိရသည်။ မအူပင်ရွာတွင် အထက (ခွဲ) ကျောင်းနှင့် တိုက်နယ်ဆေးရုံရှိပါသည်။ နတ်ကတော်အများစုမှာ ဝက်သားရှောင်ကြသည်။ အဘယ်ကြောင့်ဆိုသော် တောင်ပြုန်းမင်းနှစ်ပါးကိုးကွယ်သူများက ဝက်သားရှောင်ကြရသောကြောင့် ဖြစ်၏။ နတ်ကတော်ဆိုသူ သို့မဟုတ် နတ်ယုံကြည်သူများ၏ အများစုမှာ တောင်ပြုန်းမင်းနှစ်ပါးနှင့် မကင်းကြချေ။ ထို့ကြောင့် ဝက်သားရှောင်ကြခြင်းဖြစ်သည်။

ယခုဖော်ပြနေသည့် စစ်ကိုင်းတိုင်းဒေသကြီး မအူပင်ကျေးရွာအုပ်စု သာထွန်းကျေးရွာမှ ဘိုးဘိုးကြီးနတ်ပွဲ (မြင်းဖြူရှင်ပွဲ) မှာ ဝက်သားနှင့် တင်သပူဇော်သောကြောင့် တစ်မူထူးခြားပြီး စစ်ကိုင်းနယ်တွင် လူသိများသောနတ်ပွဲ ဖြစ်သည်။ ရွာတော်အရှင် မြင်းဖြူရှင်က ကျေးရွာ၏တိုးတက်မှုကို ဆောင်ရွက်ပေးနေသည်ဟု ရွာသူရွာသားများက ခေတ်အဆက်ဆက် ယုံကြည်လာကြသည်မှာ နှစ်တစ်ရာပင်ရှိသည်ဟု အထက်၌ ဖော်ပြပြီးခဲ့ပါသည်။ မြင်းဖြူရှင်နတ်အား ရွာတော်အရှင်ဟု အထက်မြန်မာပြည်၊ အောက်မြန်မာပြည် ကျေးရွာအများစုက ယုံကြည်ကြပါသည်။ သာထွန်းကျေးရွာတစ်ခုတည်းမဟုတ်ပါ။

ဒေသန္တရနတ်ပွဲများအကြောင်းရေး




ကျေးရွာထိပ်၌ စုပေါင်းနတ်တင်နေကြပုံ




www.burmeseclassic.com1

www.burmeseclassic.com



ရွာထိပ်မှ ဘိုးဘိုးကြီး (မြင်းဖြူရှင်) နတ်နန်း



နတ်တင်ရန် စပေါင်းချက်ပြုတ်နေကြပုံ



မုံရွာမြို့ရပ်ကွက်တစ်ခုမှ ရိုးရာကနားပွဲတစ်ပွဲတွင် ယုန်ထိုးနေစဉ်

ရာ၌ ရွာတော်အရှင်ပွဲဖြစ်သော်လည်း ထူးခြားသည့်ပွဲဖြစ်သဖြင့် သာထွန်းကျေးရွာမှပွဲကို အထူးဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

■ **မုံရွာမြို့မှ ရိုးရာနတ်ပူဇော်ပွဲများ**

မုံရွာမြို့တွင် မိရိုးဖလာကိုးကွယ်ကြသောနတ်များကို မိမိတို့ ပိုင်ရာဆိုင်ရာရပ်ကွက်အလိုက် ရိုးရာနတ်ပူဇော်ပွဲအဖြစ် ဝါဆိုလဆန်း ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရပ်ကွက်အသီးသီးတွင် ကျင်းပပြုလုပ်လေ့ရှိသည်။

နတ်ယုံကြည်ကြသူများ၊ နတ်ကောက်ခြင်းခံထားရသူများသည် သူတို့၏ နတ်မိဘ၊ နတ်ဆရာသမားနှင့် ရိုးရာနတ်ကြီးများ၊ ဝါတွင်းကာလ ဥပုသ်ဆောင်မဝင်မီ စားဖွယ်သောက်ဖွယ်တို့ဖြင့် ပူဇော်ပသ ကန်တော့ကနားပေးကြလေ့ ရှိပါသည်။

ရိုးရာနတ်ကနားပေးမည်ဆိုလျှင် ဦးစွာကန်တော့ပွဲခုနစ်ပွဲ စီစဉ်ရသည်ဆို၏။

၁။ ဘုရားကန်တော့ပွဲ
၂။ ဘိုးတော်ပွဲ
၃။ ဆိုင်းလမိုင်းပွဲ
၄။ အတွင်း (၃၇) မင်း၊ အပြင် (၃၇) မင်းနတ်များအတွက် ကန်တော့ပွဲခုနစ်ပွဲ
၅။ စက်လမိုင်းပွဲများကို တင်ရသည်။

ဆိုင်ရာဆိုင်ရာ နတ်ပင့်၊ နတ်သီချင်း၊ နတ်ဆိုင်းတီးပြီး နတ်ကတော်များက သပြေခက်နှင့် ရိုးရာမပျက် နီးဒေါင်းလန်းတွင် ဓားနှစ်လက်၊ ဆန်ခွက်ကို သုံးကြိမ်သုံးခါမြှောက်ချီပြီး နတ်ဒေဝတာများကိုပင့်ရသည်။ သပြေတော်ခံခြင်းဖြစ်၏။ ရှေးကမူ မုန့်ဖြူ မုန့်နီ၊ ငါးခြောက်ကြော်၊ ထမင်းဖြူနှင့်တင်သပြီး နတ်ကတော်များက ဆိုင်းမပါဗလာ သက်သက် ဗုံရှည်တစ်လုံးနှင့် နတ်ချော့တေးဆိုပြီးကကြသည်ဆို၏။

ယခုမူ အဆောင်အယောင်မျိုးစုံ ဆိုင်းဝိုင်းနှင့် လာလာသမျှ ခုနစ်ရက်သားသမီးများကို အယုတ်အလတ်အမြတ်မရွေး ကျွေးမွေးပြီး ကုသိုလ်ပြုကြသည်။ ရိုးရာဓလေ့ကို ရေရှည်တည်တံ့အောင် အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့သူမှာ မုံရွာမြို့မှ နတ်ယုံကြည်သူများ၏ ဆရာ အမေညွှာဖြစ်သည်။ သူသည် ရိုးရာနတ်ပူဇော်ပွဲ စတင်ပြုလုပ်ခဲ့သည့် အာဒိကမ္မိကပုဂ္ဂိုလ်ဖြစ်ပြီး ယခုအခါ သူ၏ တပည့်သားမြေးများက အစဉ်အလာမပျက် ရပ်ကွက် (၂၄) ရပ်ကွက်အတွင်း ဝါဝင်အမီ ရိုးရာနတ်ပူဇော်ပသမှုများ ပြုလုပ်နေကြခြင်း ဖြစ်ပါသည်။

မောင်သန်းဆွေ(ထားဝယ်)

**ကိုးကားချက်**


၁။ အောင်ကျော်ထွန်း(ပုသိမ်ကြီး) မြန်မာ့အလင်းသတင်းစာ
၂။ ဆရာသာဇော်၏ 'နှစ်တစ်ရာကျော်တိုင်ခဲ့ပြီဖြစ်သော ဇေယျာရွှေမြေက မိရိုးဖလာနတ်ပွဲ'
၃။ စံတော်ချိန်သတင်းစာ (၂၀-၆-၂၀၁၄)
၄။ ဆရာဟိန်းထက်၏ 'မုံရွာမြို့တွင်း ရိုးရာနတ်ပူဇော်ပွဲပြုလုပ်ခြင်း' ဆောင်းပါး၊ အထက်မြန်မာဂျာနယ် (၁၁-၇-၂၀၀၉)




www.burmeseclassic.com1

www.burmeseclassic.com



ဝါးတောကို ရောက်ရန်မှာ အတော်ကလေးလိုသေး၏။

လှည်းသည် သစ်ပင်ကလေးများ ပေါက်နေသောနေရာမှ တောစပ်သို့ဝင်လာရာ တောင်ကမူကလေးများ၊ ချိုင့်ဝှမ်းများကို မကြာခဏဖြတ်ကျော်ရလေသည်။

ချိုင့်ဝှမ်းတစ်ခုအတွင်း လှည်းကို မောင်းချ၍ ပြန်တက်လိုက်သောအခါ ဝါးတောကြီးကိုတွေ့ရလေသည်။ တောကြီးထဲတွင် ဝါးရုံများသည် ဟိုနေရာတစ်ရုံသည်နေရာတစ်ရုံဖြင့်ပေါက်လျက်ရှိပြီး ကောက်သောဝါးများနှင့် ဖြောင့်စင်းသောဝါးများသည် တစ်ပင်ကိုတစ်ပင် ယှက်ကာ အထက်သို့ မြင့်မားစွာပျံတက်လျက်ရှိလေသည်။

ဝေယံနှင့် နိုင်ဇော်မှာ သူငယ်ချင်းများဖြစ်ကြ၏။ တစ်ရွာတည်းနေပြီး တစ်ရေတည်းသောက်ကာ ကြီးပြင်းလာကြလျက် ကျောင်းတက်တော့လည်း အတူတူတက်ကြပြီး ကျောင်းထွက်တော့လည်း အတူတူပင်ဖြစ်လေသည်။ သူတို့ သူငယ်ချင်းနှစ်ဦးသည် (၈) တန်းနှင့် ကျောင်းထွက်ကြပြီး မိဘလက်ငုတ်ဖြစ်သော လယ်အလုပ်ကိုသာ ဝင်ရောက်လုပ်ကိုင်ကြရလေသည်။

သူတို့နှစ်ဦးသည် ဖခင်များကွယ်လွန်ပြီး မိခင်များနှင့်အတူနေကြရခြင်းလည်း တူညီကြ၏။ ဖခင်မရှိတော့သည့်အတွက် လယ်အလုပ်များကို ဦးစီးလုပ်ကိုင်ရန် ကျောင်းထွက်လိုက်ကြရခြင်းလည်း တူညီကြလေသည်။

ယခုလို နွေရာသီတွင် ဝေယံတို့သည် အိမ်တွင် ထင်းစိုက်ရန်အတွက် တောတွင်းသို့ဝင်ကာ ထင်းတိုက်ကြရသလို အိမ်ထရံကာရန်၊ တပ်ကာရန် စသည်တို့အတွက် ဝါးတောသို့တက်ကာ ဝါးများလည်းခုတ်ကြရ၏။ ဝါးသည် သူတို့အတွက် အတော်အသုံးဝင်လှ၏။

လှည်းကိုတစ်စီးတည်းယူကာ သူတို့ ဝါးတောသို့လာခဲ့ကြခြင်း ဖြစ်လေသည်။ သူငယ်ချင်းနှစ်ဦးသည် ဝါးများကို လှည်းတစ်စီးစာခုတ်ပြီး တစ်ယောက်တစ်လှည့်စီယူကြခြင်း ဖြစ်လေသည်။ သည်တစ်ခေါက်တွင် နိုင်ဇော်ယူရမည့်အလှည့်ဖြစ်၏။

သူတို့အတွက် နံနက်စာ ထမင်းများကို အိမ်မှချက်ပြီးထုပ်ပေးလိုက်ကြလေသည်။

နေအိမ်မှ နံနက် (၄) နာရီခန့်တွင် ထွက်လာကြရာ ဝါးတောသို့ ရောက်သောအခါ (၈) နာရီခန့်ရှိလေပြီ။ သူတို့သည် လှည်းကို တစ်နေရာတွင် ဖြုတ်ထားကာ နွားများကို မြက်စားစေရန်အတွက် မြက်ရှိသောနေရာတွင် နွားကြိုးများကို သစ်ပင်များ၌ချည်နှောင်ကာလဲထားလိုက်ကြလေသည်။

ဝါးတောတွင် မျှင်ဝါး၊ တင်းဝါး၊ ကြသောင်းဝါး စသည်ဖြင့် တစ်ရုံစီတစ်ရုံစီပေါက်လျက်ရှိကြ၏။ ဝါးပင်များသည် သူ့ထက်ငါလု၍ အထက်သို့ထောင်တက်သွားကြရာ အထက်ပိုင်းအများနေရာတွင် အခက်အလက်များနှင့် စိမ်းစိုညို့မှောင်နေလေ၏။

"ဝါးတွေက ဖြောင့်တယ်နော် ဟေ့ကောင်"

"ကောက်ပြီးတက်သွားတဲ့ဝါးတွေလည်းရှိတာပဲလေ၊ တို့ကတော့ ဖြောင့်ပြီးတက်သွားတဲ့ဝါးကိုပဲ ရွေးခုတ်ရမှာပဲ"

"တို့ ခုတစ်ခေါက် ဘယ်ဝါးကိုခုတ်မလဲ"

"တင်းဝါးကိုခုတ်မယ်ကွာ"

တင်းဝါးသည် တောင်သူလယ်သမားများအတွက် အလွန်အသုံးဝင်လှ၏။ နှီးဖြာ၍ချည်နှောင်ရန်အသုံးပြုကြသကဲ့သို့ ကောက်ညှင်းကျည်ထောက်ဖုတ်ရာတွင်လည်းအသုံးပြုကြ၏။ ထို့ပြင် ကြက်အုပ်ခြင်း၊ မြေကြီးသယ်ခြင်း၊ မြက်ထမ်းခြင်းများအဖြစ်လည်း ရက်လုပ်ကြ၏။ အခြားအသုံးများလည်းရှိသေး၏။ ဝေယံနှင့်နိုင်ဇော်သည် အိမ်သုံး၍ ပိုလျှံသောဝါးများကို ဈေးကောင်းဖြင့် ရောင်းချရလေသည်။

ဝေယံနှင့်နိုင်ဇော်သည် ဓားမတစ်ယောက်တစ်ချောင်းယူကာ ဖြောင့်တန်းသောဝါးများကိုရွေး၍ ခုတ်ယူကြလေသည်။ ခုတ်ပြီးလဲကျလာသောဝါးများကို အခက်အလက်များ ရှင်းလင်းခြင်း၊ အဖျားဖြတ်ခြင်းတို့ကို ပြုလုပ်ပြီးနောက် တစ်နေရာတွင်စုပုံထားကြလေသည်။

သို့ဖြင့် ဝါးအလုံး (၂၀) ခန့်မျှခုတ်ပြီးချိန်တွင် နိုင်ဇော်ဗိုက်ထဲမှရစ်ပြီးနာလာလေသည်။ ပထမသော် ဗိုက်နာသောဝေဒနာကိုကြိတ်မှိတ်ခံပြီး ဝါးများကိုဆက်ခုတ်နေ၏။ ကြာသော် ဗိုက်နာသောဝေဒနာကို ဆက်၍ မခံစားနိုင်တော့သဖြင့် -

"ငါတော့ အလေးစွန့်ဦးမယ်ကွာ၊ ဗိုက်ထဲကတအားနာတာပဲ။ မခံနိုင်တော့ဘူး"

"မင်း ညကဘာတွေစားမိမှန်းမသိတာ"

"မပြောတတ်ပါဘူးကွာ၊ စားတော့စားတာပဲ"

နိုင်ဇော်သည် ပြောပြောဆိုဆိုနှင့် ဓားကို တစ်နေရာတွင်ချထားခဲ့ပြီး အလေးစွန့်ရန်နေရာကို ရှာလေသည်၊ တစ်နေရာတွင် ချုံပုတ်ကလေးတစ်ခုတွေ့သည်နှင့် အလေးစွန့်ရန် ထိုင်လိုက်လေသည်။ သူထိုင်သောချုံပုတ်သည် ကွက်လပ်တစ်ခုတွင် ပေါက်နေခြင်းဖြစ်၏။

သူ အလေးစွန့်နေစဉ် အသံအောအောကြီးတစ်သံကို သူနှင့်မနီးမဝေးမှ ကြားလိုက်ရ၏။

"ဟေ့ကောင်၊ ငါတို့နေရာမှာ ဘာလုပ်တာလဲ။ ငါတို့အဲဒါကိုအရမ်းရွံတယ်ကွ၊ သွား - တခြားနေရာကိုသွား"

အသံကိုသာကြားရပြီး လူကို မမြင်ရသဖြင့် နိုင်ဇော်သည် အံ့အားသင့်နေ၏။ ပတ်ဝန်းကျင်ကိုလှည့်ကြည့်သော်လည်း မည်သူကိုမျှမတွေ့ရ။ ခပ်လှမ်းလှမ်းတွင် ဝေယံတစ်ယောက် ဝါးခုတ်



www.burmeseclassic.com1

www.burmeseclassic.com

နေသည်ကိုသာမြင်ရလေသည်။

"ပြောတာမကြားဘူးလား သွားဆို သွားကွာ"

အသံကို ထပ်မံကြားရပြန်လေသည်။

နိုင်ဇော်သည် အလေးစွန့်၍မပြီးသေးသဖြင့်-


"မသွားနိုင်ဘူးဗျာ၊ အလေးစွန့်ရင်း တန်းလန်းဖြစ်နေတယ် မပြီးသေးဘူး"

"အေး- ငါ့အကြောင်းပြရတာပေါ့ကွာ"

ထိုအချိန်တွင် နိုင်ဇော်သည် ကိစ္စပြီးသွားသဖြင့် ဝါးခုတ်နေရာသို့ပြန်သွားရန် ထိုင်ရာမှထလိုက်လေသည်။ မမြင်ရသောသူက အသံဖြင့် ခြောက်လှန့်နေသဖြင့် နိုင်ဇော်သည် သရဲခြောက်သည်ဟုထင်ကာ ကြက်သီးများထလာပြီး ချွေးများပြန်လာလေသည်။

သို့သော် သူလုံးဝထ၍မရတော့ချေ။ အားစိုက်၍ထကြည့်၏။ သို့သော် ခြေထောက်များကကပ်နေပြီး မြေပြင်ပေါ်သို့ ဒူးထောက်လဲကျသွားလေသည်။

"ကဲ - မှတ်ပလား၊ အဲဒါ အစပဲရှိသေးတယ်"




www.burmeseclassic.com1

www.burmeseclassic.com

အသံကို ထပ်မံကြားရပြန်လေသည်။

နိုင်ဇော်သည် ဝေယံကိုအော်ခေါ်လေ၏။

"ဝေယံရေ ဝေယံ၊ ငါ့ကိုလာထူပါဦးကွာ၊ ထလို့မရတော့ဘူး"

နိုင်ဇော့်အသံကိုကြားသဖြင့် ဝေယံပြေးလာကာ နိုင်ဇော်ကိုတွဲထူလေသည်။ တော်တော်ကြိုးစားထူမှထ၍ရလေသည်။

ဝေယံသည် နိုင်ဇော့်ကိုတွဲကာ လှည်းဆီသို့ခေါ်လာလေသည်။ နိုင်ဇော်သည် ခြေထောက်တစ်ဖက်ကထော့နင်းထော့နင်းဖြင့် လည်းကောင်း၊ အခြားတစ်ဖက်က တရွတ်တိုက်ဆွဲ၍လည်းကောင်း လှည်းရှိရာသို့ ပါလာလေသည်။

လှည်းရှိရာသို့ရောက်သောအခါ နိုင်ဇော်ကို သစ်ပင်တစ်ပင်တွင်မှီလျက် ထိုင်နေစေပြီး -

"မင်း ဒီမှာခဏနေဦး။ ငါဝါးတွေကို လှည်းပေါ်တင်လိုက်ဦးမယ်။ ဝါးလည်း ရသမျှနဲ့တော်ပါပြီကွာ။ မင်းက ဘာဖြစ်မှန်းမှမသိတာဘဲ ပြန်ကြပါစို့"

ခုတ်ပြီးဝါးများကို ဝေယံတစ်ယောက်တည်းသယ်ယူ၍ လှည်းပေါ်တင်ရလေ၏။ ဝါးများအားလုံး လှည်းပေါ်ရောက်သောအခါ ဝေယံသည် နိုင်ဇော့်ကိုတွဲပြီး လှည်းပေါ်သို့ ခက်ခက်ခဲခဲတင်ရလေ၏။

နိုင်ဇော် လှည်းပေါ်ရောက်သောအခါ ဝေယံသည် လံထားသောနွားများကို လှည်းတွင်တပ်ကာ လှည်းပေါ်သို့အမြန်တက်ပြီး ရွာဘက်သို့ဦးတည်၍ မောင်းနှင်လာခဲ့လေသည်။

နိုင်ဇော်သည် လှည်းပေါ်တွင် ဝါးများပေါ်၌ တုံးလုံးလှဲကာလိုက်ပါလာလေသည်။

ဝေယံသည် နွားများကို ဂရုစိုက်မောင်းနှင်နေရာမှ နိုင်ဇော်ကိုတစ်ချက်တစ်ချက် လှည့်ကြည့်လေသည်။ ခဏကြာသော် နိုင်ဇော်ထံမှ ညည်းသံများကို ခပ်းတိုးတိုးကြားရလေသည်။

ဝေယံသည် နိုင်ဇော့်နဖူးကိုစမ်းကြည့်၏။ ချစ်ချစ်တောက်ပူနေကြောင်း တွေ့ရလေသည်။ နိုင်ဇော် ဖျားနေလေပြီ။

"ဟာ - ဟေ့ကောင်၊ မင်းဖျားနေတာပဲ။ မနက်က အကောင်းကြီးဟာကို"

"အင်းဟင်းဟင်း - မပြောတတ်ပါဘူးကွာ"

နိုင်ဇော်က ညည်းသံကြီးဖြင့် ပြန်ပြောလေသည်။

ဝေယံသည် စဉ်းစားလိုက်၏။

တောထဲတွင် နိုင်ဇော်သည် ဘာအမှားများလုပ်ခဲ့မိပါလိမ့်။

သူသိသမျှ နိုင်ဇော်သည် တောထဲတွင် အလေးစွန့်ခဲ့လေသည်။တောထုံးစံအတိုင်း တောပိုင်တောင်ပိုင်များအား ခွင့်တောင်းခဲ့ခြင်းမရှိခဲ့၍ ယခုကဲ့သို့ ကောက်ရသလို နိုင်ဇော် ဖျားခြင်းဖြစ်ရမည်ဟု ထင်လေသည်။

နိုင်ဇော်နှင့်ဝေယံနှစ်ဦးစလုံးသည် မိခင်များနှင့်သာနေရလေသည်။ နှစ်ဦးစလုံးသည် အရက်သေစာသောက်စားခြင်းမရှိ။ အပျော်အပါးလိုက်စားခြင်းမရှိဘဲ ရိုးသားစွာ နေထိုင်လာကြသော လူငယ်ကလေးများဖြစ်ကြလေသည်။

သူတို့နှစ်ဦး မတူသည့်အချက်မှာ ဝေယံသည် နိုင်ဇော်ထက် ဘာသာရေးပို၍လိုက်စားလေသည်။

အိပ်ရာဝင်အိပ်ရာထတိုင်း ဘုရားရှိခိုး၏။

ဘုရားရှိခိုးလျှင် ပဋ္ဌာန်းဒေသနာတော်ကိုပါ ရွတ်ဆိုလေသည်။

အစပိုင်းတွင် စာအုပ်ကိုကြည့်၍ ရွတ်ဆိုရသော်လည်း ကြာလာသောအခါ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိနှင့် ပစ္စယနိဒ္ဒေသပါဠိတော်တို့ကို အလွတ်ရသွားလေသည်။

ထို့ကြောင့် ဝေယံ ဘုရားရှိခိုးလျှင် ပဋ္ဌာန်းဒေသနာတော်ကြီးကို ပြီးဆုံးအောင်ရွတ်နေသဖြင့် နာရီဝက်ခန့်ကြာလေသည်။ ပဋ္ဌာန်းတရားတော်၏အကျိုးအာနိသင်များကို သူကောင်းစွာသိလေသည်။

ဝေယံသည် ဘာသာရေးကိုလိုက်စားသော်လည်း နတ်များကိုလည်းပစ်ပယ်ခြင်းမရှိချေ။ အမျှအတန်းပေးဝေခြင်းပြုလေ့ရှိ၏။

ထို့အတူ စုန်း၊ တစ္ဆေ၊ သရဲစသည်တို့ကိုလည်း ပစ်ပယ်ခြင်းမရှိချေ။ အမျှအတန်းပေးဝေရုံမျှမက တစ်ခါတစ်ရံတွင် စားသောက်ဖွယ်များဖြင့် ပသလေ့ရှိလေသည်။

ထို့ကြောင့်ပင် ဝေယံ တောထဲသွားလျှင် တောပိုင်၊ တောင်ပိုင်၊ ကွင်းပိုင်များကို တောင်းပန်ခြင်း၊ အပေါ့အလေးစွန့်လိုလျှင် ခွင့်တောင်းခြင်းတို့ကို ပြုလေ့ရှိ၏။ ထမင်းစားလျှင်လည်း စားဦးစားဖျားများကို တောပိုင်တောင်ပိုင်များအား ပသလေ့ရှိလေသည်။

ဝေယံ၏ဖခင်ရှိစဉ်ကပင် ဖခင်ကြီးတောသို့ဝင်လျှင် ဝေယံလိုက်ပါနေကျဖြစ်၍ ယင်းအလေ့အထများကို ဝေယံသိနေလေပြီ။

ယခုလည်း နိုင်ဇော်တစ်ယောက် ခွင့်မတောင်းဘဲ အလေးစွန့်ခဲ့သည်အထင်နှင့် နိုင်ဇော်အား မေးလိုက်သည်။

"ဟေ့ကောင် နိုင်ဇော်၊ မင်း အလေးမစွန့်ခင် ဆိုင်ရာပိုင်ရာတွေကို ခွင့်တောင်းသေးသလား"

"ငါလည်း ဗိုက်ကအရမ်းနာနေလို့ အလေးစွန့်ချင်လှတာနဲ့ မင်းပြောတာတွေလုပ်ဖို့မေ့သွားတယ်ကွာ"

"အဲဒါနဲ့တူတယ်ကွ၊ အိမ်ကျမှ ဆရာဦးတောက်ထွန်းကိုပင့်ပြီး ပြကြည့်ရမှာပဲ"

ဆရာဦးတောက်ထွန်းဆိုသူသည် မြန်မာဆေးဆရာကြီး ဖြစ်၏။ လူနာများကိုလည်း ဆေးကုလေသည်။ ပယောဂနှင့်ယှဉ်နေလျှင်လည်း ပယောဂကိုပါကုလေသည်။ ဗေဒင်ယတြာများလည်း စွမ်းဆောင်နိုင်လေသည်။ ထို့ကြောင့် တစ်ရွာလုံးက ဦးတောက်ထွန်းကို အားထားကြလေသည်။

ရွာသို့ပြန်ရောက်သောအခါတွင် ဝေယံသည် နိုင်ဇော့်ကို သူ့အိမ်သို့ပို့ရင်း ဝါးများကို လှည်းပေါ်မှချပေးလိုက်၏။ နိုင်ဇော်၏အမေသည် သားဖြစ်သူအား အားတွဲခေါ်ရင်း သူ့အိပ်ရာဆီသို့ခေါ်သွားလေသည်။

ဝေယံက နိုင်ဇော်၏အမေအား-

"အဒေါ်၊ နိုင်ဇော်ရယ် ဘာဖြစ်တယ်မသိဘူး၊ ကောက်ရသလိုဖျားလာလို့ ကျွန်တော်ဆရာသွားပင့်ချေဦးမယ်"

"အေးကွယ် သားလေးရယ်၊ သွားပင့်ချေပါဦး"

ဆရာဦးတောက်ထွန်းအိမ်သို့သွားရာ ဦးတောက်ထွန်းကို အခန့်သင့်ပင်တွေ့ရသဖြင့် တောထဲတွင် ဝါးခုတ်သွားရင်း နိုင်ဇော်ဖျားလာကြောင်းပြောပြကာ တစ်ပါတည်းခေါ်လာခဲ့လေ၏။

ဆရာဦးတောက်ထွန်းသည် ဆေးလွယ်အိတ်ကလေးဆွဲကာ ချက်ချင်းလိုက်ပါလာလေသည်။

နိုင်ဇော့်အိမ်သို့ရောက်သောအခါ နိုင်ဇော်အား အမျိုးမျိုးစမ်းသပ်ကြည့်၏။ ခဏနေသောအခါ ဆရာဦးတောက်ထွန်းက ဝေယံအား -

"မင်းသူငယ်ချင်းကဖျားတာ ရိုးရိုးဖျားတာမဟုတ်ဘူး။ တောထဲက ကျတ်ဖမ်းလိုက်တာပဲ"

ဝေယံက ဦးတောက်ထွန်းအား နိုင်ဇော် တောထဲ၌ အလေးစွန့်ခဲ့ပုံ တောပိုင်တောင်ပိုင်များအားခွင့်မတောင်းခဲ့ပုံများကို ပြောပြလိုက်၏။

"အင်း-ဒါဆိုဟုတ်ပါပြီ၊ ကျတ်ဖမ်း



www.burmeseclassic.com1

www.burmeseclassic.com

တာပဲ။ မနက်ဖြန်မနက်စောစော မင်းနဲ့ ငါ တောထဲသွားကြတာပေါ့။ ဟိုရောက်ရင် ကျတ်ကို ပထမမေတ္တာရပ်ခံရမယ်။ ပြီးတော့ သူတို့ကိုခေါ်စာပစ်ရမယ်။ ကြက်သားဟင်းရယ်၊ ထမင်းရယ်ချက်ပြီး ယူလာခဲ့ပါ"

မကောင်းဆိုးဝါးကိုကျေနပ်စေရန် အစာကျွေးခြင်းကို ခေါ်စာပစ်သည်ဟု သူတို့အရပ်၌ သုံးနှုန်းကြလေသည်။

■

နောက်တစ်နေ့နံနက်၌ ဝေယံသည် ဆရာဦးတောက်ထွန်းနှင့်အတူ နိုင်ဇော့်အမေချက်ပေးလိုက်သော ကြက်သားဟင်းနှင့်ထမင်းတို့ကို အိုးလိုက်ယူပြီး လှည်းဖြင့် တောထဲသို့ထွက်လာခဲ့လေသည်။

ဆရာဦးတောက်ထွန်းသည် လှည်းပေါ်၌လိုက်ပါလာရင်း မေတ္တာသုတ်၊ မင်္ဂလသုတ် အစရှိသော ဘုရားစာတို့ကို နှုတ်မှခပ်တိုးတိုးရွတ်ဆိုလာလေသည်။

ဝါးတောသို့ ရောက်သောအခါ နိုင်ဇော်အလေးစွန့်ခဲ့သောနေရာကိုပြလေသည်။ ဆရာဦးတောက်ထွန်းသည် ထိုနေရာသို့ရောက်သောအခါ အောင်မြင်သောအသံဖြင့် -

"ကဲ - ဒီနေရာမှာ မှီတင်းနေထိုင်ကြတဲ့ကျတ်အပေါင်းတို့၊ ဆရာပြောလိုသည်မှာ တောတောင်အလေ့အထများကိုမသိလို့ ခွင့်မတောင်းမိဘဲ အလေးစွန့်ခဲ့မိတဲ့အပြစ်ကြောင့် ယခု စနေသားလေး မောင်နိုင်ဇော်မှာ ဝေဒနာခံစားနေရပါတယ်။ ဒါကြောင့် မသိလို့ကျူးလွန်မိတဲ့အတွက် အပြစ်က တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကျတ်အပေါင်းတို့စားသောက်ရန် စားဖွယ်သောက်ဖွယ်များကိုလည်း ချက်ပြီး ယူလာပါတယ်။ ယခု တည်ခင်းကျွေးမွေးပါတော့မယ်။ အပြစ်ကိုခွင့်လွှတ်ပြီး မိမိတို့ပေးထားတဲ့ရောဂါဝေဒနာကို အမြန်ဆုံးပြန်လည်နုတ်ယူပေးပါလို့ တောင်းဆိုပါတယ်"

ဦးတောက်ထွန်း ထိုသို့ပြောဆိုပြီးသောအခါ ဝေယံသည် ခပ်လှမ်းလှမ်းရှိ အင်ပင်မှ အင်ဖက်များကိုခူး၍ အနီးရှိ ချောင်းကလေးမှရေဖြင့်စင်စင်ဆေးပြီး အိမ်မှယူလာသော ထမင်းနှင့်ကြက်သားဟင်းများကို ဖက်များတွင်ထည့်ကာ တည်ခင်းကျွေးမွေးလေသည်။

"ကျတ်အပေါင်းတို့ ပျော်ပျော်ကြီး သုံးဆောင်ကြပါခင်ဗျား"

ကျတ်များကို ခေါ်စာပစ်ပြီးသောအခါ ဦးတောက်ထွန်းနှင့် ဝေယံသည် ရွာသို့ပြန်လာကြလေသည်။

ရွာသို့ပြန်ရောက်သောအခါတွင် ဦးတောက်ထွန်းသည် နိုင်ဇော့်အခြေအနေကို ဝင်ကြည့်၏။ နိုင်ဇော့်အခြေအနေမှာ ထူးခြားမှုမရှိဘဲ ဖျားမြဲဖျားလျက်ရှိလေသည်။ ခြေထောက်များမှာလည်း လှုပ်၍မရတော့ချေ။

ဆရာဦးတောက်ထွန်းကလည်း အဖျားပြတ်ဆေးများတိုက်ကျွေးသည့်ပြင် မယောဂကင်းရှင်းသွားရေးအတွက်လည်း ကျတ်များကိုကျွေးမွေးပြီးဖြစ်၍ အခြေအနေကို စောင့်ကြည့်နေလေသည်။

ညပိုင်းတွင် နိုင်ဇော်၏မိခင်သည် နိုင်ဇော့်အနားတွင်ထိုင်ကာ ခြေထောက်များကို နှိပ်ပေးနေလေသည်။

ရွာသားများသည် လူမမာမေးရန် တဖွဲဖွဲရောက်လာကြ၏။

ဝေယံလည်းရောက်နေလေသည်။

ထိုစဉ် နိုင်ဇော်၏ မိခင်သည် ရုတ်တရက် သိမ်းဝေလာကာ ကျတ်ဝင်ပူးလေတော့သည်။ သူမသည် မျက်လုံးကြီးပြူးလျက် ရွာသားများကိုကြည့်ကာ-

"ဟဲ့ - ငါ့ကိုဘာမှတ်လို့လဲ။ ငါ တောထဲကကျတ်မင်းပဲ။ ငါ့ကိုမလေးမစားနဲ့ ငါရှိတတ်တယ်လို့ပြောတာတောင်မရဘူး။ ငါနေတဲ့နေရာမှာ မစင်စွန့်သွားတယ်။ မခန့်လေးစားနဲ့လုပ်တာကို ငါ လုံးဝခွင့်မလွှတ်ဘူး။ သူတို့ထမင်းတွေ ဟင်းတွေလာကျွေးတယ်။ ဒါတွေကျွေးတိုင်း ကျေနပ်ရမှာလား။ မှတ်လောက်သားလောက်အောင်ကို ငါလုပ်မယ်"

လူမမာမေးရန်လာသောရွာသားများသည် နိုင်ဇော့်အမေအား ကျတ်ဝင်ပူး၍ပြောနေကြောင်းတွေ့ရသဖြင့် အချို့က ကြောက်လန့်၍ထွက်ပြေးကြသလို အချို့က အံ့အားသင့်လျက် ရပ်ကြည့်နေကြလေသည်။

တစ်ယောက်က ခပ်တိုးတိုးပြောလေသည်။

"လူတွေအပေါ်မှာသဘောကောင်းပြီး ကူညီတဲ့ကျတ်တွေရှိသလို သဘောထားဆိုးတဲ့ကျတ်တွေလည်းရှိတယ်ကွ။ ဒါကတော့ ဘယ်ကျတ်မျိုးလဲမသိဘူး၊ ဆိုးလိုက်တာ။ ဒေါသကလည်းကြီးပါ့"

နိုင်ဇော်အမေသည် ပူးနေသောကျတ်ထွက်သွားသောအခါ ရွာသူရွာသားများကိုငေးကြောင်ပြီး ကြည့်နေ၏။

ထိုအချိန်တွင် ဦးတောက်ထွန်းမှာ ထမင်းစားပြန်နေသဖြင့် နိုင်ဇော့်အနီးတွင်မရှိချေ။

ဝေယံသည် ထိုအခြင်းအရာများကိုတွေ့သောအခါ နိုင်ဇော့်အမေအား-

"အဒေါ် ဘာမှမပူနဲ့၊ ကျွန်တော်ကြိုးစားကြည့်ပါဦးမယ်"

"အေးကွယ် - နိုင်ဇော်ကလည်း ပိုပြီးဆိုးလာလိုက်တာ ဆေးတွေသောက်နေတဲ့အထဲက အဖျားကလည်းမကျဘူး။ ခြေထောက်တွေလည်းလှုပ်မရတော့ဘူး"

နိုင်ဇော့်အမေ ထိုသို့ပြောနေဆဲမှာပင် နိုင်ဇော် သတိလစ်သွားလေသည်။

ဝေယံသည် ဆရာဦးတောက်ထွန်း ပင်ကုမရသောဝေဒနာကို သူရအောင်ကုမည်ဟု စိတ်ကိုပိုင်းဖြတ်လျက် နံနက်စောစောတွင် ဝါးတောသို့ စက်ဘီးလေးစီးကာထွက်လာခဲ့လေသည်။

ညကလည်း ဝေယံသည် ဘုရားရှိခိုးရာတွင် ပဌာန်းဒေသနာတော်ကို ထုံးစံအတိုင်း ရွတ်ဆိုပြီးဖြစ်၏။ ယခုလည်း ကျတ်မင်းဆိုသူကို ရအောင်ခေါ်၍ ပဌာန်းရွတ်မည်ဟု ဆုံးဖြတ်ထားလေသည်။

ပဌာန်းရွတ်ဆိုခြင်းကြောင့် ရရှိသောအကျိုးတရားများတွင် ရင်ဆိုင်တွေ့ကြုံနေရသည့် ဘေးအန္တရာယ်အသွယ်သွယ်တို့ကို လွန်မြောက်နိုင်ခြင်းတည်းဟူသောအကျိုးကို လက်ငင်းဒိဋ္ဌ ခံစားရကြောင်း ဝေယံ ယုံကြည်လေသည်။

■

ဝါးတောသို့ရောက်သောအခါ သူတို့ဝါးခုတ်ခဲ့သောဝါးရုံဘေးတွင် စက်ဘီးကိုရပ်ထားခဲ့ပြီး နိုင်ဇော် အလေးစွန့်ခဲ့သောနေရာသို့သွားကာ -

"ကဲ- စနေသားနိုင်ဇော်ကို ရောဂါဝေဒနာရအောင်လုပ်ထားခဲ့တဲ့ကျတ်မင်းကို ဖိတ်ခေါ်ပါတယ်။ ကိုယ်ထင်ပြပြီး ကျွန်ုပ်ထံလာခဲ့ပါတော့"

ဝေယံက ခပ်တည်တည်ဖြင့်ပြောလိုက်သည်။

ထိုခဏတွင် လေမတိုက်ဘဲ ဝါးရွက်များနှင့်အခြားအပင်တို့မှ သစ်ရွက်များ လှုပ်ယမ်းလာလေသည်။ တစ်ပြိုင်တည်းမှာပင် မြေပြင်သည် မြေငလျင်လှုပ်သည့်အလား အသံများမြည်ဟီးလာကာ သစ်ရွက်ခြောက်များမီးရှို့ရာမှထွက်ပေါ်လာသောမီးခိုးများကဲ့သို့ အခိုးအငွေ့များတစ်နေရာမှထွက်ပေါ်လာပြီး ထိုအခိုးအငွေ့များနောက်မှ လူတစ်ယောက်ပေါ်ထွက်လာသည်ကိုမြင်ရလေသည်။

ထိုသူသည် ပိုးပုဆိုးကိုဝတ်ထားကာ တိုက်ပုံအကျီနှင့်ဖြစ်ပြီး ခေါင်းတွင်



www.burmeseclassic.com1

www.burmeseclassic.com

ထည်း ခေါင်းပေါင်းစတစ်ခုကို ပေါင်းထားလေသည်။

ထိုသူက ဝေယံအား -

"အသင်လူသား၊ ကျွန်ုပ်သည်ကား ဤကျတ်ရွာတွင် အကြီးအကဲလုပ်နေသော ကျတ်မင်းဖြစ်ပါတယ်။ သင်ပြောလိုရာပြောပါ"

ဝေယံသည် ထိုသူအားကြည့်လိုက်သည်။ ဝတ်ပုံစားပုံကိုကြည့်ရသည်မှာ ရှေးခေတ်မှဖြစ်ပုံရလေသည်။ မည်သို့ပင်ဖြစ်စေ သူခေါ်၍ရောက်လာခြင်းကြောင့်လည်းကောင်း၊ သူနှင့်စကားပြောရမည်ဖြစ်သောကြောင့် လည်းကောင်း ကျေနပ်နေလေသည်။

"အသင်ကျတ်မင်း၊ တောစောင့်တောင်စောင့်နဲ့ ဆိုင်ရာပိုင်ရာတွေကိုတိုင်တည်ရမယ်၊ ခွင့်တောင်းရမယ်ဆိုတာ မသိခဲ့လို့ ကျွန်တော်သူငယ်ချင်းက ဒီနေရာမှာ အလေးစွန့်ခဲ့မိပါတယ်။ ဒါကို ကျတ်မင်းတို့က အပြစ်ယူပြီး ရောဂါဝေဒနာခံစားရအောင်လုပ်ထားတာတော့ လွန်ပါတယ်"

ထိုအခါတွင် ကျတ်မင်းဆိုသူ၏နောက်မှ ယောကျ်ားအဝတ်အစားနှင့်လူများ၊ မိန်းမအဝတ်အစားဖြင့်လူများပေါ်ထွက်လာလေသည်။ အချို့သည် ကလေးများကိုခွချီလျက်ဖြစ်လေသည်။ သူတို့လည်း ကျတ်များပင်ဖြစ်ရမည်ဟု ဝေယံ တွေးလိုက်လေသည်။

"ဒီမှာ အသင်လူသား၊ ဒီလူ အဲဒီလိုလုပ်တော့ ကျွန်ုပ်ကရှုံတတ်ကြောင်း မလုပ်ဖို့ပြောပါသေးတယ်။ ဒါပေမယ့် ကျွန်ုပ်စကားကို နားမထောင်ခဲ့ဘူး"

"ကျွန်တော့်သူငယ်ချင်းက ဝေဒနာကိုအောင့်မထားနိုင်လို့ စွန့်လိုက်ရတာပါ။ အသင်တို့စကားကိုနားမထောင်တာ မဟုတ်ပါဘူး။ အဲဒါကို နားလည်စေလိုပါတယ်"

"အသင်လူသားပြောတာကို နားမလည်နိုင်ဘူး၊ ခွင့်လည်းမလွှတ်နိုင်ဘူး"

ဝေယံသည် ပြောရင်းဆိုရင်း စိတ်တိုလာလေသည်။

"ခင်ဗျားတို့စားသောက်ရအောင် မနေ့ကပဲ စားဖွယ်သောက်ဖွယ်တွေနဲ့ ပသလို့ပြီးပါပြီ ကျေနပ်ပါတော့"

"မကျေနပ်နိုင်ဘူး"

"ကဲ-ဒီလောက်တောင်ဖြစ်နေရင် ကျွန်တော် မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးကို ဒီနေရာမှာရွတ်ဖတ်ပါမယ်။ ကြားနာကြပါတော့"

ဝေယံသည် ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်လေသည်။ ပစ္စယုဒ္ဒေသပါဠိမှစ၍ရွတ်ဖတ်ရာ ပစ္စယနိဒ္ဒေသပါဠိကို ဆက်လက်ရွတ်ဖတ်လေသည်။

ပဋ္ဌာန်းတရားတော်အသံကိုကြားသောအခါတွင် ကျတ်မင်းနှင့်တကွ ကျတ်အပေါင်းသည် နားများကိုပိတ်ထားကာ လူပ်လူပ်ရွရွဖြစ်လာကြ၏။

ဝေယံ ပဋ္ဌာန်းရွတ်နေဆဲမှာပင် ကျတ်အပေါင်းတို့သည် နေရာမှအလျှိုအလျှိုပျောက်ကွယ်သွားကြလေ၏။

ပဋ္ဌာန်းဒေသနာတော်ရွတ်ဆိုပြီးဆုံးသောအခါတွင် ဝေယံသည် မျက်စိကိုဖွင့်ကြည့်လိုက်၏။ သူ့ရှေ့တွင် ကျတ်တစ်ကောင်မျှမတွေ့ရတော့ချေ။ ပဋ္ဌာန်းသံကိုမခံနိုင်ဘဲ ကြောက်၍ထွက်ပြေးသွားကြဟန်တူလေသည်။

ဝေယံသည် ပဋ္ဌာန်းရွတ်ဖတ်ပြီး၍ စက်ဘီးစီးကာ ရွာသို့ပြန်လာခဲ့လေသည်။ ရွာသို့ရောက်သောအခါ နိုင်ဇော်ထံသွား၍ သူပဋ္ဌာန်းရွတ်ဆိုခဲ့ကြောင်း နိုင်ဇော်ကိုပြောပြလေသည်။

နိုင်ဇော်လည်း အဖျားမကျသေးချေ။ ခြေထောက်များမှာ ကွေးလို့ဆန့်လို့ရသွားပြီဖြစ်၏။

ထိုနေ့သည် ရွာထဲလမ်းကိုပြင်ဆင်၍ ကျောက်ခင်းသောနေ့ဖြစ်လေသည်။ ရွာလူကြီး၏ စီမံခန့်ခွဲမှုဖြင့် တစ်အိမ်တစ်ယောက်ထွက်ကာ လုပ်အားပေးကြရလေသည်။ နိုင်ဇော်တို့အိမ်မှာ နိုင်ဇော်ကိုယ်တိုင်ဖျားနေခြင်း၊ နိုင်ဇော့်အမေမှာလည်း နိုင်ဇော်အား ပြုစုနေရခြင်းတို့ကြောင့် လမ်းခင်းရာသို့ လုပ်အားပေးလာရန်မလိုဘဲ ကင်းလွတ်ခွင့်ရလေသည်။ လမ်းခင်းရာတွင် လုပ်အားပေးသူများသည် ပေါက်ပြားသို့မဟုတ် မြေသယ်ခြင်း စသည်တို့ကို ယူဆောင်လာရလေသည်။

ဦးတောက်ထွန်းအိမ်မှလည်း ဦးတောက်ထွန်း၏သမီးဖြစ်သူသည် ပေါက်ပြားတစ်လက်ကိုယူလာကာ လမ်းခင်းရာတွင် လုပ်အားပေးနေရလေသည်။

ဦးတောက်ထွန်းမှာကား နိုင်ဇော်အနီးတွင် ဆေးတိုက်ခြင်း၊ ဂါထာမန္တန်များရွတ်ခြင်းဖြင့် အလုပ်များနေလေသည်။

နိုင်ဇော်၏အမေသည် သားဖြစ်သူနဖူးအား ကိုင်စမ်းကြည့်လေသည်။

"ဦးတောက်ထွန်းရေ အဖျားကတော့ကျသွားပြီ၊ ကိုယ်မပူတော့ဘူး"

ဦးတောက်ထွန်းက-

"ကျွန်တော် ပြောသားပဲ၊ ကျွန်တော့်ဆေးတွေကစွမ်းပါတယ်လို့"

ဤစကားကိုကြားသောအခါတွင် နိုင်ဇော့်အမေသည် ချက်ချင်းအမူအရာပြောင်းသွားကာ အသားများတဆတ်ဆတ်တုန်လာပြီး အသံအောအောကြီးဖြင့် -

"ဟဲ့ ဆရာရဲ့၊ နင့်ဆေးကြောင့်မဟုတ်ဘူး။ ငါခွင့်လွှတ်ပေးပြီးရောဂါကိုပြန်နုတ်လိုက်လို့ကောင်းသွားတာ။ ငါ ကျတ်မင်းပဲ"

ကျတ်မင်းသည် နိုင်ဇော်အမေကိုပူးပြီးပြောလေသည်။

ဦးတောက်ထွန်းက -

"ကောင်းသွားဖို့သာ လိုရင်းပါဗျာ။ ဒါနဲ့ အရင်တုန်းကပြောတော့ ခွင့်မလွှတ်ဘူးဆို"

"အေး - ငါလည်းခွင့်မလွှတ်ချင်ပါဘူး။ ဒါပေမယ့် လူသားတစ်ယောက်က ပဋ္ဌာန်းဒေသနာတော်ကြီးကို ငါတို့နေရာမှာလာပြီးရွတ်ဖတ်လို့ ငါတို့ကြောက်ပြီး ဒီနေရာမှာဆက်မနေရဲတော့ဘူး။ ထို ဘက်တောကိုပြောင်းကြတော့မယ်။ သူ နာကိုလည်း ခွင့်လွှတ်လိုက်ပါပြီ"

■

ညတွင် ဝေယံသည် အိပ်မက်မက်လေသည်။

အိပ်မက်ထဲတွင် ပဋ္ဌာန်းရွတ်သံကိုကြောက်သောကျတ်များသည် မိမိတို့မိသားစုကိုခေါ်ကာ ပစ္စည်းများကို နွားလှည်းပေါ်တင်ပြီး လှည်းများမောင်းကာ ရွာပြောင်းသွားကြသည်ကို တွေ့ရလေသည်။

ကျတ်မင်းသည် နောက်ဆုံးလှည်းပေါ်တွင်ထိုင်လိုက်လာကာ ဝေယံအား လက်ပြကာ နှုတ်ဆက်သွားလေသည်။

ဝေယံသည် အိပ်ရာမှလန့်နိုးလာသောအခါ မနက် (၄)နာရီခန့်ရှိနေပြီဖြစ်လေသည်။ ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံသည်ပင် ပေါ်ထွက်လာလေပြီ။

ဝေယံသည် ဆက်မအိပ်တော့ဘဲ မျက်နှာသစ်ကာ နိုင်ဇော်အခြေအနေကို ကြည့်ရန်အတွက် နိုင်ဇော်တို့အိမ်သို့လာခဲ့လေသည်။

နိုင်ဇော်တို့အိမ်သို့ရောက်သောအခါ နိုင်ဇော်သည် ကြည်ကြည်လင်လင်နိုးနေကာ ဝေယံအား လက်ယပ်ခေါ်လိုက်လေသည်။ ထို့နောက် နိုင်ဇော့်အမေ ပြုတ်ပေးသောဆန်ပြုတ်ကို သောက်နေလေတော့သတည်း။

မင်းသန့်ကျော် (ဗီးကွန်း)



www.burmeseclassic.com1

www.burmeseclassic.com



# ဆရာဦးဆက်ထွန်းလင်း (အာဏရွှေ) ၁၀
# ဝိဇ္ဇာရေမြှန်မှာ့အင်္ဂလိရတ်ပညာ

■ **မေးခွန်းထုတ်စရာများနှင့် ပုပ္ပားတောင် အလှ**

မိမိတို့သည် ပုဂံမြေမှထွက်ခွာလာခဲ့ပြီးနောက် ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်သို့ထွက်ခဲ့ကြ၏။ ပုပ္ပားသို့သွားရာလမ်းတစ်လျှောက် စိမ်းလန်းစိုပြည်သောမြင်ကွင်းများ၊ သာစောင့်သာယာရှိမှုများကြောင့် စိတ်ရွှင်လန်းမှုကို အတော်အသင့်ပင် ရရှိခဲ့သည်ဆိုရပါမည်။

ပုပ္ပားဒေသသည် အခြားသောဘာသာရေးနယ်မြေ၊ သာသနာ့နယ်မြေများနှင့်မတူ တစ်မူထူးခြားသောရပ်ဝန်းတစ်ခု ဖြစ်ပါသည်။ ရှေ့ပိုင်းဆောင်းပါးများတွင် ဖော်ပြခဲ့သလို တောင်ထိပ်ပေါ်မှ ဘုရားကိုဖူးရခြင်းက ထူးခြားသောဘုရားဖူးရသလိုဖြစ်စေကြောင်း ဖော်ပြခဲ့သလိုမျိုး ယခုပုပ္ပားတောင်ကလပ်ပေါ်တွင်လည်း ထိုသို့ခံစားရမည့်ရသကိုလည်း မျှော်တွေးပြီး ငံ့လင့်နေမိ၏။

ပုပ္ပားတောင်တော်တွင် ဘာသာရေး၊ ဗုဒ္ဓဘာသာအရေးနှင့် ပတ်သက်သောအကြောင်းအရာများ၊ ဝိဇ္ဇာမရေလမ်းစဉ်နှင့်ပတ်သက်သော အကြောင်းအရာများ၊ မြန်မာ့ရိုးရာနတ်သမိုင်းနှင့်ပတ်သက်သော အကြောင်းအရာများစသည်ဖြင့် စုံလင်များပြားလှသော အကြောင်းအရာများ၊ သမိုင်းများကို ကြွယ်ဝစွာ တွေ့ရမည်ဖြစ်၏။

မိမိတို့ကားသည် ပုပ္ပားတောင်အနီးသို့ရောက်လာသည်နှင့်အမျှ ပြဿနာကစတော့၏။ လမ်းဘေးဝဲယာရှိ ဆိုင်များက သူတို့ဆိုင်ခန်းရှေ့အပြင်သာမက လမ်းပေါ်အထိရောက်အောင်ပင် တာလပတ်အမိုးများထိုးထားသဖြင့် လမ်းမှာ အဝင်ကား၊ အထွက်ကားများဆိုင်ပြီး ကျဉ်းကျပ်စွာ သွားရလေတော့၏။ တဖြည်းဖြည်းတရွေ့ရွေ့တလှုပ်လှုပ်သာ သွား၍ရတော့၏။ တိုတောင်းစွာသော အကွာအဝေးကို အချိန်အကြာကြီးသွားရလေ၏။ မူလရည်မှန်းထားသော လွတ်လပ်ခြင်း၊ ကျယ်ပြန့်ခြင်း၊ သန့်ရှင်းလတ်ဆတ်ခြင်းနိမိတ်ပုံတို့သည် ကွယ်ပျောက်၍ ဆန့်ကျင်ဘက်အသွင်သာဆောင်နေတော့၏။

ထိုပိတ်ကျပ်သော အဝင်လမ်းကို လွန်မြောက်ပြီးနောက် ပုပ္ပားတောင်ကလပ်အတက်လမ်းစတင်တော့၏။ လှေကားထစ်ပေါင်း (၇၀၀) ကျော် (၈၀၀)ခန့်တက်ရသည်ဟုလည်း ယခင်က မှတ်ခဲ့ဖူး၏။ ယခုတောင်ပေါ်လှေကားစတက်သည်နှင့် ယခင်ကရောက်ခဲ့ဖူးသည့်ပုံရိပ်များနှင့် နှိုင်းယှဉ်ကြည့်လျှင် အားလုံးဆန့်ကျင်သကဲ့သို့သာ မြင်နေတော့၏။

အဘယ်ကြောင့်ဆိုသော် လှေကားဘေးရှိ ငှားစားထားသော ကျဉ်းကျပ်လှသည့်ဆိုင်ခန်းများသည်လည်း ဆိုင်အပြင်သို့ထွက်၍ လူအများအဆင်းအတက်ပြုသည့်လှေကားများပေါ်တွင် ခင်းကျင်းရောင်းချကြသဖြင့် လူအတက်အဆင်းအတွက် အတော်ပင်နေရာကျဉ်းသွားတော့၏။ ဘုရားဖူးများသည့်ရာသီအတွက်ဆိုလျှင် ပြောဖွယ်ရာမရှိတော့ပေ။ ထိုဆိုင်လေးများရှေ့တွင် ဈေးဝယ်သူများရှိလျှင် ပိုဆိုးတော့၏။ လမ်းပင်ပိတ်မတတ်ဖြစ်တော့၏။ ထို့ကြောင့် ထိုဆိုင်ခန်းများကို မည်သည့်အခါမျှ ကျော်လွန်ပါမည်နည်းဟူသောမျှော်လင့်ချက်ဖြင့်တက်သွားရာ တောင်အလယ်သို့ ရောက်သောအခါတွင်မှ ဆိုင်ခန်းများ ရပ်သွားတော့၏။

ထိုအခါတွင်မှ စိတ်အေးလက်အေးတက်ရတော့မည်ဟု မျှော်လင့်ပြီး တက်မည်ကြံကာရှိသေး၏။ ရေအိုးများကို တက်လမ်းဘေးဝဲယာတွင် တန်းစီချထားပြီး ရေသောက်ပါရန်နှင့် ရေအလှူဒါနငွေလှူဒါန်းသွားပါရန် တစာစာနှင့် အော်ဟစ်ပြောဆိုခေါ်ငင်နေသည့်လူများကို နေရာအနည်းငယ်စီခြားပြီးတစ်သုတ်ပြီးတစ်သုတ်တွေ့ရပြန်၏။ ယနေ့အချိန်အခါတွင် ဘုရားဖူးများအပါအဝင် လူအားလုံးလောက်နီးနီးသည် ကိုယ့်ရေသန့်ဘူးနှင့်ကိုပါကြ၏။ တော်ရုံဖြင့် လမ်းဘေးအများသုံးရေအိုးကိုအသုံး



www.burmeseclassic.com

www.burmeseclassic.com

ပြုကြမည်မဟုတ်ပေ။ ထို့ကြောင့် ယနေ့အချိန်တွင် သောက်ရေကိစ္စကို ဤမျှအထိ ရေးကြီးခွင့်ကျယ်စီးပွားရေးမျိုး ပြုရန် မသင့်တော့ပေ။

ထို့ပြင် နောက်ထပ်တွေ့ရသော ဆူညံမှုတစ်မျိုးမှာ ဓာတ်ခန်းနတ်ခန်းများမှထွက်ပြီး တစာစာခေါ်နေကြခြင်းဖြစ်၏။ အချို့ကလည်း သာမန်ခေါ်ရုံမျိုးမျှမကဘဲ ခြိမ်းခြောက်သည့်သဘော၊ မက်လုံးပေးသည့်သဘောတို့ကို အမျိုးမျိုးပြောၡ ခေါ်ငင်နေကြ၏။

ထိုအခက်အခဲများနှင့် ဆူညံပွက်လောရိုက်မှုများကို ကျော်ဖြတ်ပြီး တောင်ကလပ်ထိပ်ပေါ်သို့ရောက်သွားသောအခါတွင်ကား အေးချမ်းငြိမ်သက်သွားမည်အထင်မှာ ပါစင်အောင်ပင်လွဲသွားတော့၏။ ဝင်ဖူးသမျှ ဘုရားဆင်းတုတော်၊ ရုပ်တုတော်၊ စေတီတော်များအားလုံး၌ အလှူခံဌာနများဖွင့်ကာ စားပွဲများချ၊ ဘောက်ချာစာအုပ်များဖွင့်ပြီး တကြော်ကြော်အော်ဟစ်၍ အလှူခံကြ၏။ ဘုရားဖူးများ၍ကျဉ်းကျပ်ရသည့်ကြားထဲ ဤဒုက္ခကလည်းတစ်မှောင့်ဖြစ်နေတော့၏။

ထိုထက်ပို၍ အရုပ်ဆိုးသည့်ကိစ္စမှာ ထိုအလှူခံတွင်သွားမလှူဘဲ ဘုရားရှေ့ရှိခွက်ထဲသို့ အလွယ်တကူထည့်လှူထားသော အလှူငွေများ၊ အဘဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်တို့၏ရုပ်တုတော်များ၊ အဝတ်အစားများပေါ်တွင် တင်၍ လှူသွားသောငွေများကို မကြာမတင်မီပင် လူအချို့က အလုအယက်ငွေသိမ်းနေကြသည်ကို တွေ့ရခြင်းပင်ဖြစ်၏။

အထက်ပါအခြေအနေကိုသုံးသပ်ကြည့်ပါက ဘုရားဂေါပကတို့သည် ဆိုင်ခန်းများအပါအဝင် ဓာတ်နန်း၊ နတ်နန်း၊ ဘုရားများကိုပါမကျန် အားလုံးကို ကန်ထရိုက်စနစ်ပေးထားပြီးပုံပေါ်၏။ ထို့ကြောင့် ရုပ်ပျက်ဆင်းပျက်လုပ်ချင်ရာလုပ်နေကြ၏။ မကြာသေးမီက အရေးယူဆောင်ရွက်ခဲ့ရသော ကျိုက်ထီးရိုးစေတီတော်ပုံစံမျိုး ဖြစ်၏။ ဘုရား၊ ကျောင်းကန်၊စေတီ၊ပုထိုးနှင့်သာသနိကအဆောက်အအုံများတည်ရှိရာသာသနာ့နယ်မြေ၏ ကြည်နူးသာယာဖွယ် ဆိတ်ငြိမ်အေးချမ်းမှု၊ တည်ကြည်သောသမာဓိကိုဖြစ်စေမှု၊ အဆင့်မြင့်သောအသိဉာဏ်၊ ပညာဉာဏ်စဉ်များရရှိစေနိုင်မှုစသည့်လက္ခဏာများ ကွယ်ပျောက်စေနိုင်၏။ ဘုရားဖူးသွားပြီး ကုသိုလ်မရဘဲ အကုသိုလ်ပွားရမလိုဖြစ်နေတော့၏။ ဘာသာရေးနှင့် ဘုရားပုထိုး သာသနာ့နယ်မြေများကို ခုတုံးလုပ်အလွဲသုံးစားပြုကာ လုပ်စားနေသောလူတစ်စုလက်ထဲသို့ ဝက္ကက်အပ်ထားသလိုမျိုးဖြစ်နေတော့၏။ ထို့ကြောင့် အလွန်သာမောဖွယ်ကောင်းလှသော ပုပ္ပားရပ်ဝန်းဒေသတစ်ခုလုံးကို မူလအတိုင်း သွင်ပြင်လက္ခဏာများအမြန်ပြန်ပေါ်ပါစေဟု ဆုတောင်းပတ္ထနာအခါခါပြုပြီး ပုပ္ပားမှ နှုတ်ဆက်ထွက်ခွာခဲ့ပါတော့သည်။

## ■ ကျောက်ပန်းတောင်းမှသည် ကန်ပက်လက်ဆီသို့

ကျောက်ပန်းတောင်းမြို့မှ ထွက်လာသောအခါ အနည်းငယ်ပင် မှောင်စပြုနေပြီ ဖြစ်၏။ တစ်နာရီသာသာခန့် မောင်းပြီးသောအခါ ချောက်မြို့သို့ရောက်ရှိခဲ့၏။ ချောက်မြို့သည် ကိုလိုနီခေတ် ဘိဘိုစီကိစ္စ၊ ရေနံကိစ္စတို့နှင့်ပတ်သက်ပြီး နာမည်ကြီးခဲ့သောမြို့ဖြစ်သည်နှင့်အညီ အင်္ဂလိပ်ခေတ်အဆောက်အအုံ၊ ဗိသုကာလက်ရာအထိမ်းအမှတ်အချို့ကိုတွေ့ရ၏။ ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်ပင်ကောင်းတော့၏။

မကြာမီပင် ချောက်မြို့နှင့် ဆိပ်ဖြူမြို့တို့သို့ ဆက်သွယ်ထားသော ဧရာဝတီမြစ်ကူးတံတားကြီး အနော်ရထာအနီးသို့ရောက်ခဲ့ကြ၏။ တံတားသို့ မတက်မီ လမ်းဘေး၏ညာဘက်အခြမ်းတွင် ကလေးကစားကွင်းတစ်ခုကို တွေ့ရ၏။ ထိုကလေးကစားကွင်းတွင် ထူးထူးခြားခြားပင် ကလေးငယ်အများအပြားသည် ပျော်ရွှင်စွာပင် ဆော့ကစားနေသည်ကို တွေ့ရသဖြင့် ကြည်နူးဝမ်းမြောက်မှုပီတိပင် ဖြစ်ခဲ့ရ၏။ တစ်ဆက်တစ်စပ်တည်းပင် မိမိတို့၏ ဤနိုင်ငံ၊ ဤမြေ၊ ဤရေ၊ ဤဒေသတို့သည် ယခုကဲ့သို့ သာတောင့်သာယာနေချင့်စဖွယ် ပျော်ရွှင်ဖွယ်အဖြစ် အစဉ်ထာဝရရှိနေနိုင်လျှင် ကောင်းလေစွဟု ဆန္ဒဖြစ်ပေါ်လာခဲ့ပါသည်။ မကြာမီပင် ကားကြီးသည် အနော်ရထာတံတားကြီးပေါ်သို့ရောက်ရှိခဲ့ပါသည်။ ထိုတံတားကြီးကလည်း အတော်ပင် ရှည်လျားပုံရပါသည်။

ထိုသို့ တံတားပေါ်မှ ဖြတ်သန်းသည့်အချိန်သည် အလင်းရောင်အနည်းငယ်ကျန်သေးသဖြင့် တံတားပေါ်မှ ဧရာဝတီမြစ်ကြီး၏ ဝန်းကျင်တစ်ခွင်ကို အတော်ပင် ခပ်ဝေးဝေးအထိ လှမ်းမျှော်ကြည့်ရှုခွင့်ရခဲ့ပါသည်။ ဤသို့ ကြည့်ရှုခွင့်ရရှိခဲ့ခြင်းသည် ကံကောင်းခြင်းလော၊ ဝမ်းနည်းထိခိုက် ကြေကွဲဖွယ်ဖြစ်ရခြင်းလောဟု မဆိုနိုင်ပေ။ နောက်ပိုင်းပြန်လည် ဆန်းစစ်ကြည့်သောအခါ ထိုအချက်နှစ်ခုစလုံးပင်ဖြစ်ကြောင်းသုံးသပ်မိ၏။ ကံကောင်းခြင်းမှာ မိမိတို့နိုင်ငံနှင့်လူမျိုးအတွက် ကျေးဇူးရှင်မိခင်ကြီးသဖွယ်ဖြစ်သော ဧရာဝတီမြစ်ကြီး၏ရှုခင်းအလှတစ်စိတ်တစ်ဒေသဖြစ်သော ယခုရောက်ရှိနေသည့် မိုးနည်းရပ်ဝန်းဒေသတစ်ခုမှ ကြည့်ရှုခဲ့ရခြင်းမြင်ကွင်းပင် ဖြစ်ပါသည်။ အချိန်ကလည်း ညနေနေဝင်ဆည်းဆာ၏ ကုန်ဆုံးလုနီးအချိန်တွင် ငြိမ်သက်စွာ လဲလျောင်းစီးဆင်းနေသော မြစ်ပြင်ကြီးနှင့် အနီးဝန်းကျင် မြစ်ကမ်းဘေးသဘာဝအလှ၊ လူမှုဝန်းကျင်တို့အား အခြားနေရာတို့၌ မခံစားရဘူးသောရသမျိုးဖြင့် ခံစားလိုက်ရသောကြောင့် ဖြစ်ပါသည်။

ထိုမှတစ်ဖန် ထိခိုက်ကြေကွဲဝမ်းနည်းရသည့်အကြောင်းမှာ ဧရာဝတီမြစ်ကြီး၏အလှကို ကြည့်ရင်းကြည့်ရင်းပင် ဧရာဝတီမြစ်၏အတွင်းမှ သောင်များပေါ်သို့မျက်စိရောက်သွားသည်။ သောင်ပြင်များသည် မြစ်အလယ်ပိုင်းများတွင်လည်းကောင်း၊ မြစ်ကမ်းနံဘေးတွင်လည်းကောင်း အစီအရီပေါ်ထွန်းနေသည်ကို ဟိုတစ်ကွက်ဒီတစ်ကွက်တွေ့ရ၏။ မြစ်ထဲတွင် ခုတ်မောင်းနေသော သင်္ဘောများ၊ မော်တော်များမှာ သောင်ပြင်များကို ရှောင်တိမ်းပြီးဖြည်းနှေးစွာမောင်းနေရ၏။ ရေစူးအတိမ်အနက်တိုင်းပြီး မောင်းနေကြရခြင်း ဖြစ်၏။ အကယ်၍ သောင်တင်လျှင် ကြီးစွာသောဒုက္ခနှင့် ကြုံတွေ့ရနိုင်သောကြောင့် ဖြစ်၏။ မြစ်ပြင်ထဲတွင်လည်း ရေ၏အရောင်အဆင်းမှာ ရွှံ့နှစ်ရောင်ပေါက်နေ၏။ အမှိုက်သရိုက်နှင့်ဗိုက်များကလည်း မျောချင်သလိုမျောနေကြ၏။

ဤအတိုင်းသာဆိုလျှင် မိခင်ဧရာဝတီ၏အနာဂတ်သည် အလွန်ရင်လေးဖွယ်ပင် ဖြစ်၏။ ယခင် အင်္ဂလိပ်ခေတ်မှတ်တမ်းများတွင် ဧရာဝတီမြစ်ကြီး၏ သောင်တူးလုပ်ငန်းကို နှစ်စဉ်ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တူးဖော်ခဲ့ကြောင်းတွေ့ရ၏။ မိမိသည် ဧရာဝတီမြစ်ကြီးကို အထက်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်းစုံအောင်ဖြတ်ခဲ့ဖူး၏။ တစ်ကြိမ်တစ်ခါမျှ သောင်တူးခြင်းလုပ်ငန်းလုပ်နေသည်ကိုမတွေ့ဖူးပေ။ ထိုသို့ သောင်တူးခြင်းဆိုင်ရာ ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျယ်သည့်လုပ်ငန်းမျိုးကို မလုပ်မကိုင်ရဲ မှုမက လွယ်ကူသည့်အမှိုက်ဒိုက်များကို ဆယ်ယူခြင်းပင်မပြုတော့ပေဘူးလော ဟု ထင်မိပါသည်။ မြန်မာနိုင်ငံ၏ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းသည် မည်သည့်ကိစ္စများကို လုပ်ကိုင်နေသည် တော့မသိ၊ ဤမျှအရေးကြီးသောလုပ်ငန်းကြီးကိုကား လျစ်လျူပြုထားသလားပင် ထင်ရ ၏။

မိမိတို့သည် အင်မတန်မှအရေးပါ တန်ဖိုးကြီးလှသော ဧရာဝတီမြစ်ကြီးကို အသုံးတော့ပြုကြပါ၏။ ထိန်းသိမ်းခြင်းကိုပေယျာလကန်ပြုထားပါလျှင် နှစ်များမကြာမီအတွင်း မိမိတို့နိုင်ငံအတွင်းမှ ပျောက်ကွယ်သွားပါလိမ့်မည်။ ဧရာဝတီသည် ယခင်ကကဲ့သို့ လျင်မြန်ဖျတ်လတ်ခြင်း၊ သန့်စွမ်းခြင်းတို့ပင် ယခုအခါအတော်ပင် ယုတ်လျော့နေပြီဖြစ်ကြောင်း သတိပြုသင့်၏။ ဒီကြားထဲ ဧရာဝတီ၏ အဦးအစ၌ မြစ်ဆုံဆည်တည်ဆောက်ဦးမည်ဟူသည့် စီမံကိန်းကြောင့်လည်း မထိတ်သာမလန့်သာဖြစ်ရ၏။ အကယ်၍ ဤစီမံကိန်းများ လုမ်ကိုင်ဖြစ်လျှင်လည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက်မှုလည်း ယခင်အတိုင်းပင် လျော့ရဲ့အားနည်းနေလျှင် လည်းကောင်း၊ ခပ်စောစောလေးတင်ကပင် ကလေးကစားကွင်း၌ ဆော့ကစားနေကြသောကလေးငယ်တို့၏ အနာဂတ်၊ မျိုးဆက်သစ်တို့၏ အနာဂတ်အတွက် ရှင်လန်းတက်ကြွဖြစ်ခဲ့ရမှုများသည်ပင် ယခုချက်ချင်းလက်ငင်းတဒင်္ဂလေးအတွင်း၌ပင် မှုန်ရီဝေဝါးသွားခဲ့ရတော့၏။ မိမိတို့နိုင်ငံ၏ညံ့ဖျင်းနေသေးသော စီမံခန့်ခွဲမှုများကိုလည်း အမြန်ပင် ပြောင်းလဲစေလိုလှပါသည်။ ငါတို့မြန်မာတွေ ဒီလောက်မညံ့ပါဘူးဟူသည့်အသိကလည်း မိမိ၏ဘဝင်စိတ်ကလှုံ့ဆော်နေမှုကိုလည်း တစ်ပြိုင်နက်တည်း ခံစားနေရ၏။

လက်ရှိဖြစ်ပေါ်နေသောအခြေအနေကိုလည်း ခြုံငုံ၍ သုံးသပ်နေမိ၏။ စောစောက တံတားထိပ်နားမရောက်မီ ကစားကွင်း၌ကစားနေကြသောကလေးငယ်များသည် အနာဂတ်မြန်မာနိုင်ငံ၏ မျိုးဆက်သစ်များအတွက် ရေခံမြေခံကောင်းများရှိခြင်းနှင့် အစွန့်ရှည်ခြင်း၊ ဧရာဝတီသည် မြန်မာ့ရေမြေ၏အဦးအစရေခံမြေခံကောင်း၊ အနော်ရထာဟူသည့်တံတားကြီး၏အမည်ပညတ်ကလည်း မြန်မာ့ဦးစွန်းဂုဏ်အသရေကို ထွန်းလင်းစေခဲ့သည့် ပုဂ္ဂိုလ်၊ မြန်မာတို့၏ ပုဂံနိုင်ငံတော်ကြီးကို စတင်တည်ထောင်ခဲ့သည့်ပုဂ္ဂိုလ် အားလုံးက ဆက်စပ်နေပါသည်။ တစ်ပြိုင်နက်တည်းပင် မိမိတို့ခေတ်၏အားနည်းချက်၊ ညံ့ချက်၊ လျှော်ချက်များကြောင့်လည်း လိပ်ပြာမလုံသလို ခံစားရပါသည်။

ဤသို့ဖြင့် မိမိတို့ကားသည် ဆိပ်ဖြူမြို့သို့ ဖြတ်သန်းမောင်းနှင်ပါတော့သည်။ ဆိပ်ဖြူမြို့သည် သိပ်မကြီးလှသော်လည်း မြန်မာ့မိုးနည်းရပ်ဝန်းဒေသ၏အသွင်သဏ္ဍာန်ကား အပြည့်အဝပေါ်လွင်နေသဖြင့် တစ်မျိုးတစ်ဘာသာ ထူးခြားနေပါသည်။ ဆိပ်ဖြူမြို့မှ ထွက်လာသည်နှင့် လူနေအိမ်ခြေကား ကျဲပါးစပြုလာ၏။ ဆိပ်ဖြူမြို့နှင့် နောက်တစ်မြို့ဖြစ်သော ဆောမြို့ကား (၆၉) မိုင်ဝေးကွာသဖြင့် ကားကိုအတော်ပင်မောင်းရဦးမည် ဖြစ်၏။ ထို့ကြောင့် ညစာထမင်းစားရန် ကြားစခန်းတစ်ခုခုတွင်တော့ ရပ်နားရန်လိုမည်ဖြစ်၏။

ထို့ကြောင့် လူနေကျဲပါးသော ဆိပ်ဖြူနှင့် ဆောမြို့အကြားတွင် ကားရပ်နားရန်အတွက် ကောင်းမည့်နေရာကို ရှာဖွေရင်းမောင်းလာခဲ့၏။ မောင်းသာမောင်းလာခဲ့ရသည် အဆင်ပြေစွာ ကားရပ်နားနိုင်မည့်နေရာကိုကား မတွေ့ခဲ့ရပေ။ ဤသို့နေရာရှာရင်းမောင်းရင်းပြုလာခဲ့ရာ ခရီးလမ်းတစ်ဝက်ကျိုးလောက်ရှိသောအခါတွင်မှ ကဇွန်းမအမည်ရှိသော ရွာကြီးတစ်ရွာသို့ရောက်ရှိကြ၏။ ထိုရွာသည် ပုသိမ် - မုံရွာလမ်းဆုံကျော်ပြီးသွားသောအခါတွင်မှ ရောက်ခြင်းဖြစ်သည် ထိုရွာလမ်းနံဘေးတွင် စားသောက်ဆိုင်ကြီးတစ်ဆိုင်ကိုတွေ့သဖြင့် ကားကို ရပ်နားပြီး ကားပေါ်မှဆင်းကာ ခေတ္တမျှနားပြီး စားသောက်ကြ၏။ ထိုဆိုင်တွင် တရုတ်အစားအစာ၊ မြန်မာအစားအစာခွဲခြား၍ ရောင်းသော်လည်း မှာယူစားသောက်ရာတွင် ထူးခြားသည့်ပုံစံမျိုးမတွေ့ရဘဲ တစ်ပုံစံတည်းသို့ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

စားသောက်ပြီးစီးသောအခါတွင်မှ ဘေးပတ်ဝန်းကျင်သို့ထွက်ပြီး အကဲခတ်ကြည့်ရာ ဤနေရာသည် ဤလမ်းတစ်လျှောက်တွင် အချက်အချာကျသောနေရာဖြစ်ကြောင်း သိရ၏။

မကြာမီပင် ကဇွန်းမမှ ထွက်ခွာလာရာ ဘေးပတ်ဝန်းကျင်၏ ရေမြေသဘာဝလည်း ပြောင်းလဲလာလေ၏။ လူနေလည်း ပို၍ကျဲပါးလာတော့၏။ တဖြည်းဖြည်း ဆောမြို့နှင့် နီးကပ်လာသည်ထက် နီးလာပြီဖြစ်ကြောင်းလည်း သိမြင်လာရ၏။ ဆောမြို့သည် ယောနယ်ရပ်ဝန်းထဲ၌ပါဝင်သော မြို့တစ်မြို့ဖြစ်၏။ ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ပြန်တမ်းဝင်မြို့ ဖြစ်၏။ ထိုခေတ်က ဝန်ကြီးများ၊ အတွင်းဝန်များတွင်ပင် ဆောမြို့စား၊ ယောမြို့စားဟူ၍ ရာထူးကြီးကြီးပုဂ္ဂိုလ်များစားရသည့်နယ်ထဲတွင် ပါဝင်ခဲ့၏။ ယခုခေတ်တွင်မှ ဆောမြို့သည် သာမန်မြို့တစ်မြို့သာဖြစ်နေရခြင်း ဖြစ်၏။ ယောနယ်ထဲတွင် ဆောမြို့၊ ဂန့်ဂေါမြို့၊ ထီးလင်းမြို့များ ပါဝင်၏။

တစ်ဆက်တည်းတွင်ပင် ဤဆောမြို့သည် မြန်မာတို့၏ လွန်ခဲ့သော နှစ်ပေါင်း သန်း(၄၀)က ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ ပုံတောင်၊ ပုံညာဒေသနှင့်လည်း ရေကြောမြေကြောတစ်ဆက်တစ်စပ်တည်းဖြစ်ကြောင်းကိုလည်းဆင်ခြင်မိသဖြင့် ကြည်နူးခြင်းပီတိသည် ဖြစ်ရပါသေးသည်။

ထိုစဉ်တွင် မိမိတို့စီးလာသည့်ကားသည် တောကြီးတောင်ကြီးများကိုတစ်ခုပြီးတစ်ခုဖြတ်သန်းလာရကြောင်းသတိပြုမိ၏။ ပတ်ဝန်းကျင်ရေမြေသဘာဝတို့သည်လည်း ချောက်မြို့၊ ဆိပ်ဖြူမြို့တို့နှင့်မတူဘဲ ကွဲပြားခြားနားလာကြောင်း သတိပြုမိ၏။ တောင်ပတ်လမ်းများဖြစ်သဖြင့် အကွေ့အဝိုက်ကားများလှ၏။ ထို့ကြောင့် ခပ်ဖြည်းဖြည်းသာမောင်း၍ရ၏။

ဆောမြို့သို့ ဝင်ခါနီးတွင် ဆောချောင်းသည် ဖြတ်သန်းစီးဆင်းနေသဖြင့် ဆောချောင်းတံတားဖြင့် ဖြတ်ကူးရ၏။ ဆောမြို့သည် မြေဆီမြေသြဇာကောင်းသည့်မြို့ဖြစ်၍ သစ်ပင်ဝါးပင်၊ ကောက်ပဲသီးနှံ၊ စားပင်သုံးပင်များ ကောင်းစွာအောင်မြင်ဖြစ်ထွန်းသည်က သက်သေခံနေ၏။ မြို့လေး၏အေးချမ်းငြိမ်သက်မှုကလည်း အထင်းသားပေါ်လွင်နေ၏။ ထို့အပြင် ထိုဒေသသည် ဗုဒ္ဓဘာသာကိုလည်း အထူးပင် ယုံကြည်သက်ဝင်မှုရှိကြောင့် တောင်ပေါ်ရှိ ဘုရားစေတီများနှင့် ကားလမ်းမကြီးဘေးရှိ ဘုရားရုပ်ပွားဆင်းတုတော်များကို တွေ့ရ၏။ ဆောမြို့ရှိ တန်ခိုးကြီးဘုရားမှာ ရှင်မာလဲဘုရားဖြစ်၏။ အတော်အတန်မြင့်သော အုတ်တိုက်ပေါ်တွင် တည်ထားခြင်းဖြစ်၏။

ဆောမြို့သည် တောင်ကြောပေါ်တွင် တည်ထားသောမြို့လေး ဖြစ်၏။ ဆောမြို့သည် မှိုင်းညို့ညို့တောင်တန်းနောက်ခံဖြင့် ပန်းရလှ၏။ မြို့ထဲတွင် အိမ်ကြီးအိမ်ကောင်းများလည်း တွေ့ရပါသည်။

ဤသို့ဖြင့် ဆောမြို့မှ ထွက်လာသောအခါတွင် သဘာဝပတ်ဝန်းကျင်ရော၊ ရာသီဥတုပါ သိသိသာသာကြီးပြောင်းလာခဲ့၏။ ဆောမြို့နှင့် ကန်ပက်လက်မြို့သည် (၁၀) မိုင်သာသာရှိတော့၏။ တက်ရသည့်တောင်ကြီးများကလည်း ပို၍ မြင့်မားသထက် မြင့်မားလာ၏။ အေးစိမ့်မှုကလည်း ပိုလွန်လာခဲ့၏။ ညဥ့်ကလည်း နက်သည်ထက်နက်လာခဲ့၏။

များမကြာမီပင် ကန်ပက်လက်မြို့သို့ဝင်လာခဲ့၏။ ညကလည်း သန်းခေါင်တိုင်နေပြီ ဖြစ်၏။ ကန်ပက်လက်မြို့၏ မြို့ကွင်းမြို့ကွက်အဆောက်အအုံများကို လရောင်အောက်တွင် မြင်နေရ၏။ အဘယ်ကြောင့် လရောင်အောက်တွင် တွေ့ရပါသနည်းဟုမူ မြို့၏အတော်များများအစိတ်အပိုင်းတို့သည် အမှောင်ထုအထဲတွင်သာတည်ရှိနေ၏။ နောက်မှသိရသည်မှာ ကန်ပက်လက်မြို့သည် (၂၄) နာရီမီးပေးစနစ်မရသေးဘဲ ညနေ (၆) နာရီမှ ည (၁၀) နာရီအတွင်းသာ မီးစက်မောင်းပြီး မီးပေးခြင်းဖြစ်သဖြင့် မိမိတို့ရောက်ရှိသောအချိန်မှာ သန်းခေါင်ကျော်နေပြီဖြစ်သဖြင့် မှောင်မည်းနေရခြင်း ဖြစ်၏။

တည်းခိုမည့် ဟိုတယ်သို့ ရောက်သောအခါတွင် ကားပေါ်မှဆင်းပြီး မိမိနေရမည့်အဆောင်သို့ ခပ်သုတ်သုတ်ပင် သွားရလေ၏။ အဘယ်ကြောင့်ဆိုသော် ချင်းတောင်တန်းပေါ်မှ လေအေးအေး၏ ခပ်စူးစူးရှရှတိုက်ခတ်ခံရမှုကို ဦးစွာပထမ ခံစားလိုက်ရသောကြောင့်ဖြစ်၏။ အဆောက်အအုံထဲရောက်သောအခါတွင်မှ စူးရှသောလေအေး၏ဒဏ်မှသက်သာသွားတော့၏။ ထို့နောက် ပေးထားသောစောင်တို့ခြုံပြီးအိပ်လိုက်တော့၏။

## ■ နတ်မတောင်၏ ထူးခြားသော ဘူမိပထဝီနိုင်ငံရေး

ကန်ပက်လက်၏ ရာသီဥတုကလည်း အေးစိမ့်နေခြင်း၊ ကားစီးလာရသည်မှာ အတော်ပင်ကြာညောင်းခဲ့ခြင်းတို့ကြောင့် နောက်တစ်နေ့ မိုးမလင်းမီတွင် အတော်ကြီးစား၍ အိပ်ရာထရ၏။ ယနေ့နံနက်ပိုင်းတွင်ပင် နတ်မတောင်ကိုတက်မည်ဖြစ်သဖြင့် ရေမိုးချိုးခြင်း၊ အဝတ်အစားဝတ်ခြင်းတို့ကို ပြုရမည်ဖြစ်၏။ ရာသီဥတုက အေးစိမ့်နေသဖြင့် ရေပူရေနွေးဖြင့်သာ ရေချိုးပြီး အားကစားဘောင်းဘီ၊ အင်္ကျီတို့ကို တောင်တက်ရာတွင် အဆင်ပြေစေရန်ဝတ်လိုက်၏။ ထို့နောက် တည်းခိုရာ ဟိုတယ်အခန်း၏ အပြင်သို့ထွက်လိုက်၏။ ပြင်ပသို့ရောက်လျှင်ရောက်ချင်းပင် ရှူလိုက်ရသောလေနုအေးက သန့်ရှင်းပြီး လတ်ဆတ်သကဲ့သို့ ခံစားလိုက်ရ၏။ ထို့နောက် ဟိုတယ်အနီးဝန်းကျင်နှင့် အပြင်လမ်းမပေါ်သို့ ထွက်ကာ ကန်ပက်လက်မြို့၏အခြေအနေ မြေပြင်တည်ရှိမှုအနေအထားတို့ကို လေ့လာလိုက်၏။ တောင်များကလည်း အစီအရီဖြင့် ဆင့်ကာဆင့်ကာတည်ရှိနေကြောင်းနှင်းမှုန်မှုန်များအကြားမှ တွေ့မြင်ရ၏။ တစ်ပြိုင်နက်တည်းပင် မိမိအား ထိုပတ်ဝန်းကျင်ရေမြေတောတောင်သဘာဝကြီးက ထွေးပွေ့လိုက်သကဲ့သို့ ခံစားရ၏။

စိမ်းလန်းသောသစ်ပင်နှင့်သဘာဝတောတောင်ကြီတို့၏ ပေါင်းစပ်ထားသောရသတစ်မျိုးကို ထူးခြားစွာပင်ခံစားလိုက်ရ၏။ မိမိသည် တိုင်းရင်းဆေးပညာဆိုင်ရာ ရိုးရာဆေးပညာရပ်များကိုအထူးပင်မြတ်နိုးခုံမင်လှသည့်အလျောက် သစ်တောသစ်ပင်မြင်လျှင် အထူးပင်ချစ်ခင်ပါသည်။ တိုင်းရင်းဆေးပညာသည် အဓိကအားဖြင့် သဘာဝရွက်မြစ်သီးခေါက်သစ်ဥသစ်ဖုတို့ကို ဆေးဝါးအဖြစ် သုံးစွဲကြရပါသည်။ ထို့ကြောင့် ထိုပညာရပ်ရေရှည်တည်တံ့စေရန်အတွက် သစ်ပင်သစ်တောတို့ အားကောင်းစွာတည်ရှိရန်လိုအပ်ပါသည်။ သစ်ပင်သစ်တောကွယ်ပျောက်လျှင် ရိုးရာဆေးပညာ၏ဆေးဝါးများကွယ်ပျောက်သည့်သဘောပင် ဖြစ်သောကြောင့် ယနေ့ခေတ်ကာလကဲ့သို့ သစ်တောများကို အထိန်းအကွပ်မဲ့စွာ ခုတ်နေမှုအတွက် ကြီးစွာသော စိုးရိမ်သောကကိုဖြစ်စေခဲ့ပါသည်။



www.burmeseclassic.com1

www.burmeseclassic.com

မြန်မာနိုင်ငံတစ်နံတစ်လျားရှိသစ်တောရှိသည့်နေရာအားလုံးတွင် သစ်တောပြုန်းတီးသည့်အန္တရာယ်အဆင့်မျိုး ဖြင့်ကြုံတွေ့နေရသည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်အထိ တာဝန်မသိသည့် ပြည်သူအချို့မှသည် မတရားသောမသမာသောနည်းလမ်းများဖြင့် စီးပွားရှာသည့်ဝိသလောဘစီးပွားရေးသမားများ အလယ် တာဝန်မဲ့သောအစိုးရအထိ များလှစွာသော လူတန်းစားအဆင့်မျိုးစုံတို့သည် သစ်ပင်သစ်တောများကို ရသရွေ့ခုတ်ယူကြ၏။ ရှေ့နောက်ဆင်ခြင်တိုင်းထွာခြင်းလုံးဝမပြုခဲ့ကြပေ။ ဘယ်သူသေသေ ငတေမာပြီးရော့မူဝါဒကိုကျင့်သုံးခဲ့ကြ၏။ ထိုသို့ ကျင့်သုံးခဲ့သည့်အတွက်လည်း မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်အဆိုးရွားဆုံးပျက်စီးသည့်(ဝါ)ဖျက်ဆီးခံရသည့်နိုင်ငံဖြစ်သွားခဲ့၏။ ယခုနောက်ဆုံး ဆယ်စုနှစ်၏သဘာဝပတ်ဝန်းကျင်ပျက်စီးသည့်ဖြစ်ရပ်များကို ကြည့်လျှင်သိနိုင်ပါသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်များတိမ်ကောခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မိုးရွာပြန်လျှင်လည်း အလွန်အမင်းရွာခြင်း၊ မုန်တိုင်းများ မကြာခဏကျရောက်ခြင်းစသည့်အမည်တပ်ပြောဆိုခြင်းငှာ မစွမ်းနိုင်လောက်အောင်များပြားသည့်သဘာဝဘေးဒုက္ခမျိုးစုံကို ခါးစည်းခံခဲ့ကြရသည့်သာဓကများက အထင်အရှားပင် ဖြစ်ပါသည်။

လူတစ်စုတို့၏ မိမိအကျိုးစီးပွားကွက်ကွက်လေးကိုသာကြည့်ကာ ကျန်လူအားလုံးတို့၏ ဘဝရပ်တည်ရှင်သန်ရေးဆိုင်ရာအခွင့်အရေးများကို စတေးပစ်လိုက်ကြခြင်း ဖြစ်၏။ ထိုအထဲတွင် မြန်မာ့တိုင်းရင်းဆေးပါရောပြီး စတေးခံလိုက်ရမည်ကဲ့သို့ ဖြစ်နေ၏။ ယခုတွင်ပင် အချို့သော မြန်မာ့တိုင်းရင်းဆေးဝါးပင်အတော်များများသည် ရှားပါးစပြုလာပြီဖြစ်၏။ အချို့သည် ပျောက်ကွယ်တော့မည်ကဲ့သို့ဖြစ်၏။ အချို့သည် ဝမ်းနည်းဖွယ်ရာပင် ပျောက်ကွယ်သွားကြပြီဖြစ်၏။ သာဓကအားဖြင့် သွပ်တစ်ပတ်ပင်၊ အောက်ချင်းစာပင် စသည်တို့သည် ယခင်က သစ်တောဆိုင်ရာ မြန်မာ့ရုက္ခဆေးဝါးပင်များစာရင်းတွင် အတိအကျတွေ့ရသော်လည်း ယခုအခါ မတွေ့ရသလောက်ဖြစ်သွားပြီ ဖြစ်၏။

အဆိုပါ ရုက္ခပင်များ၏တန်ဖိုးကို သူတို့၏နီးစပ်ရာ တန်ဖိုးသတ်မှတ်ချက်များဖြင့်သာ တိုင်းတာသတ်မှတ်ကြ၏။ အဆောက်အအုံသမားတို့က သာမန်သစ်ဈေးဖြင့် ဖြတ်ကြ၏။ သစ်တစ်တန်ဘယ်ဈေးနှုန်းဟူ၍ သတ်မှတ်၏။ ပရိဘောဂသမားတို့ကလည်း ပေဈေးဖြင့် ဈေးဖြတ်ကြ၏။ တိုင်းရင်းဆေးဆိုင်ရာ ပရဆေးသမားတို့ကား ပိဿာဈေး၊ ကျပ်သားဈေးအထိပင် တန်ဖိုးရှိကြောင်း တွေ့ရမည်ဖြစ်၏။

ထို့ကြောင့် ရုက္ခသစ်ပင်များအပေါ်၌ အခြားသူများထားသည့်တန်ဖိုးထက် တိုင်းရင်းဆေးသမား၊ ပရဆေးသမားထားသည့်တန်ဖိုးက အဘယ်မျှကွာခြားကြောင်းသိနိုင်၏။ ထိုသစ်ပင်တစ်ပင်၏ တန်ဖိုးက မည်မျှကြီးကြောင်း သာဓကတစ်ခု ဖော်ပြလိုပါသည်။ အထက်ပါ အောက်ချင်းစာပင်နှင့်ပတ်သက်ပါသည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော် သုံးဆယ်နီးပါးခန့်က ဖြစ်၏။

မိမိ၏ဆရာသမားတစ်ဦးနှင့်အတူ ညောင်တုန်းနယ်ဘက်တွင် ဝိဇ္ဇာရေဆေးများသွားဖုတ်ကြခြင်း ဖြစ်၏။ နှစ်ရက်ခန့်ရှိသောအခါ ထိုနေရာနှင့်မနီးမဝေးတွင်နေထိုင်သော သက်လတ်ပိုင်းအမျိုးသမီးတစ်ဦး အပြင်းအထန်ဝေဒနာခံစားနေရသဖြင့် မိမိတို့အား လာရောက်အကူအညီတောင်းသဖြင့် သွားရောက်ပြီးကြည့်ရှုရာ ထိုအမျိုးသမီးသည် မွေ့တာလာချိန်တွင် မွေ့တာမဆင်းနိုင်သဖြင့် လွန်စွာကိုက်ခဲနာကျင်သောဝေဒနာကို ခံစားနေရကြောင်း စမ်းသပ်တွေ့ရှိရ၏။ ဤတွင်မှ အခက်တွေ့တော့၏။ မိမိတို့သည် ဓာတ်ဆေးဖုတ်ရန် ရည်ရွယ်၍ လာခဲ့ဖြစ်သဖြင့် အခြားသော ဆေးဝါးတစ်စုံတစ်ရာလည်း မပါခဲ့ပေ။ ဤတွင် အတူပါလာသူ ဆရာသမားက ရွာထဲရှိဆေးပင်၊ ဆေးမစ္စည်းနားလည်သူတစ်ဦးအား လှမ်းခေါ်လိုက်၏။ ထို့နောက် မကြာမီ ဆေးပင်အကြောင်း နားလည်တတ်ကျွမ်းသူ ရောက်လာသောအခါ ဆရာကြီး-

"မင်းတို့ရွာနီးချုပ်စပ်မှာ အောက်ချင်းစာပင်ရှိလားကွယ့်"

"အရင်ကတော့ ရှိခဲ့ပါတယ်။ ခုတော့ ရှာလို့မတွေ့တော့ဘူး ဆရာကြီး"

"ဟုတ်လားကွယ့်။ အရင်ကရှိခဲ့ဖူးတယ်ဆိုတော့ အဲဒီအပင်ကို ဘာလုပ်ပစ်လိုက်လဲသိလား။ အဆောက်အအုံဆောက်လိုက်လားကွယ့်။ ဒါမှမဟုတ် ပရိဘောဂတစ်ခုခုလုပ်လိုက်လားကွယ်"

ဟု မေးလိုက်ရာ ထိုဆေးသမားလည်း အတန်ကြာအောင် စဉ်းစားလိုက်ပြီး နောက်မှ သတိရဟန်ဖြင့် -

"ဪ - သတိရပြီ။ အဲဒီအပင်ကို ကိုအေးမောင်က သူ့အိမ်မှာ ညောင်စောင်းလုပ်ထားပါတယ်။ ဘာဖြစ်လို့လဲ ဆရာကြီး"

"ဟာ - အဲဒါဆိုအတော်ပဲ။ အဲဒီညောင်စောင်းကို ခဏလောက်ငှားလို့ရမလား"

ဟု ပြောပြီးနောက် ထိုညောင်စောင်းကို စောစောက သွေးမဆင်းနိုင်ဘဲချုပ်နေသည့်အမျိုးသမီးရှိရာသို့ သယ်လာစေ၏။ ညောင်စောင်းရောက်သောအခါ ဆရာကြီးက ဝေဒနာခံစားနေရသူအမျိုးသမီးအား-

"ကဲ - သမီး အခုယူလာတဲ့ညောင်စောင်းပေါ်မှာခဏလဲအိပ်လိုက်ပါလား"

ဟုခိုင်းသဖြင့် အမျိုးသမီးလည်း အော်ဟစ်ညည်းညူနေရင်းပင် ခိုင်းသည့်အတိုင်းလိုက်လုပ်၏။ အချိန်အနည်းငယ်မျှကြာသောအခါ ထိုအမျိုးသမီး၏ ညည်းညူနေမှုလည်းကျဲသွားပြီး တဖြည်းဖြည်းနှင့်သက်သာလာသည့်အသွင်ကိုပါ ဆောင်လာသဖြင့် ဆရာကြီးက -

"ကဲ-သမီး အတော်သက်သာလာပြီ မဟုတ်လား"

ဟု မေးရာ ထိုအမျိုးသမီးက ခေါင်းညိတ်ပြ[illegible]ဖြင့် -

"သက်သာလို့ အိပ်ချင်လည်း ဒီအပေါ်မှာပဲအိပ်လိုက်။ ဆရာတို့လည်း အလုပ်ရှိလို့သွားလိုက်ဦးမယ်"

ပြောပြီး ပြန်လာခဲ့ကာ အလုပ်လုပ်နေခဲ့၏။ အချိန်အတန်ငယ်ကြာသောအခါ ထိုဝေဒနာခံစားနေရသော အိမ်မှ လူတစ်ဦးရောက်လာပြီး ထိုအမျိုးသမီးသည် နှစ်ခြိုက်စွာအိပ်ပျော်သွားကြောင်း အိပ်ရာနိုးသောအခါ ကိုက်ခဲနာကျင်မှုလည်းပျောက်သွားပြီး မွေ့တာလည်းဆင်းလာကြောင်း၊ ဆရာကြီးကိုလည်း ကျေးဇူးတင်ကြောင်း လာပြောလေ၏။

ဤကား အောက်ချင်းစာပင်၏ အစွမ်းပင် ဖြစ်၏။ ထိုဆေးအဖြစ်ပင် မသောက်ရသေး။ ထိုအသားပေါ်၌ အိပ်ရုံမျှသာဖြင့်ပင် ရောဂါပျောက်၏။ ဤမျှ အစွမ်းအာနိသင်ရော တန်ဖိုးပါကြီးကြောင်းသိနိုင်၏။

ရွှေလဆက်ဖတ်ပါရန်

ဆေးရာဦးဆေက်ဝွန်းသင်း(အာယုဗွေဒ)

www.burmeseclassic.com



# မောင်လင်းသာ-သံတွဲ

## မယုံလျှင်နေပါ၊ မစော်ကားပါနှင့်

ရေလုပ်ငန်းဝန်ကြီးဌာန၏လက်အောက်ရှိ ပုလဲနှင့်ငါးလုပ်ငန်းဌာနသည် မြန်မာ့ရေပိုင်နက်ကမ်းရိုးတန်းတစ်လျှောက် တစ်နံတစ်လျားသော ရေပိုင်နက်တို့တွင် ငါး၊ ပုစွန် အစရှိသော ရေထွက်သယံဇာတပစ္စည်းများကို နိုင်ငံတော်အတွက် အကွက်ချလုပ်ကိုင်လျက်ရှိပါသည်။

ရခိုင်ကမ်းရိုးတန်းငါးဖမ်းကွက်၊ တနင်္သာရီကမ်းရိုးတန်းငါးဖမ်းကွက်နှင့် မြစ်ဝကျွန်းပေါ်ဒေသ ငါးဖမ်းကွက်များမှ ထွက်ရှိသော သား၊ ငါး၊ ပုစွန်၊ ငါးပိ၊ ငါးခြောက်တို့ကို လှေသင်္ဘောများဖြင့် အကွက်ချဖမ်းဆီးပြီး နိုင်ငံတော်အတွက် ဝင်ငွေတစ်စိတ်တစ်ပိုင်းကို ဖြည့်တင်းပေးလျက်ရှိပါသည်။

အမှန်တကယ်လည်း ရေထွက်ပစ္စည်းများမှ နိုင်ငံခြားဝင်ငွေများ အထူးရရှိနေပါသည်။ ၁၉၆၆ ခုနှစ်တုန်းက ကျွန်တော် (မောင်ရဲမြင့်) စီးခဲ့သော ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းပိုင် ငါးဖမ်းသင်္ဘောမှာ ဩစတြေးလျနိုင်ငံမှထုတ်လုပ်သော ငါးဖမ်းသင်္ဘောဖြစ်ပါသည်။ စက်အားအလွန်ကောင်းပြီး သင်္ဘောနံပါတ်မှာ (၄၂၅) ဖြစ်သည်။ ရခိုင်ကမ်းရိုးတန်း ငါးဖမ်းကွက်တွင် တာဝန်ကျသဖြင့် ငါး၊ ပုစွန်များ ဖမ်းဆီးရန် ရန်ကုန်မှ ကျောက်ဖြူမြို့သို့ ထွက်လာခဲ့ကြပါသည်။

ရခိုင်ကမ်းရိုးတန်း ပင်လယ်ပြင်တစ်လျှောက်တွင် ထိုအချိန်အခါက ငါး၊ ပုစွန်များ အလွန်ပေါများလေရကား ကျွန်တော်တို့ ရေလုပ်သားများ အထူးသဘောကျသောလုပ်ကွက်ပင်ဖြစ်တော့သည်။ ကျွန်တော်တို့ သင်္ဘောသည် ရန်ကုန်မြို့ဆိပ်ကမ်းမှ ထွက်ပြီးနောက် သံတွဲမြို့ မေရိုးဘေး သပြုချိုင်ဆိပ်ကမ်းတွင် ခိုနားပြီး လိုအပ်သော ဆီ၊ ရေအစရှိသည်တို့ကို ဖြည့်တင်းကြသည်။

သပြုချိုင်ဆိပ်ကမ်းတွင် ပုလဲနှင့် ငါးလုပ်ငန်းပိုင် (၇၅) တန်ကျအအေးခန်းနှင့်ရေလုပ်ငန်းရုံးရှိပြီး လေခိုမိုးခိုကောင်းလှသည်။ ထိုမှတစ်ဖန် တာဝန်ကျရာ ကျောက်ဖြူရေလုပ်ကွက်သို့ ထွက်ခဲ့ကြသည်။ ကျောက်ဖြူမြို့ရှိ သက်ဆိုင်ရာရုံးတွင် သတင်းပို့ပြီး လုပ်ကိုင်စရာရှိသည်တို့ကို လုပ်ကိုင်ပြီးနောက် ပင်လယ်ပြင် ငါးဖမ်းကွက်သို့ထွက်ခဲ့ကြတော့သည်။ စစ်တွေနှင့် ကျောက်ဖြူအကြားရှိသော ဖရုံကာကျွန်းအောက်ဘက်သို့ ပိုက်ချရန် ထွက်ခဲ့ကြသည်။

ငါးဖမ်းသင်္ဘောတစ်စီးတွင် ဖွဲ့စည်းပုံအရ (၁၄) ဦးရှိပြီး သင်္ဘောတစ်စီးလုံး၏ တာဝန်ခံ အုပ်ချုပ်ရေးမှူးမှာ သင်္ဘောကပ္ပတိန်ပင်ဖြစ်သည်။ ထို့နောက် ဒုတိယအရာရှိ တတိယအရာရှိတို့သည် သင်္ဘောတွင် အရေးပါသော ပုဂ္ဂိုလ်များဖြစ်ကြသည်။

ထို့နောက် စက်အဖွဲ့တွင် စက်ခန်းအုပ်နှင့် အင်ဂျင်နီယာအပြင် ဆီလောင်းတို့ ပါဝင်ပြီး ကျန်သောလုပ်သားများက ပိုက်တင်၊ ပိုက်ချ၊ ငါး၊ ပုစွန်ရွေးထမင်းချက် စသော ဗာဟီရလုပ်ငန်းတို့ကို လုပ်ကိုင်ကြရသည်။ သင်္ဘောမှာ ဆွဲသင်္ဘောဖြစ်ရာ တစ်ကြိမ်လျှင် ပိုက်နှစ်ဖောင်ကို တစ်ပြိုင်နက် ရေထဲသို့ချဆွဲကာ ပိုက်ကိုပြန်ဆွဲတင်သောအခါ ဝိုးခေါ် ဆွဲတင်စက်နှစ်လုံးဖြင့်တင်ရပါသည်။

နေ့ဘက်တွင် ငါး၊ ပုစွန်အမိအရ ကောင်းလျှင် တစ်နေ့လုံးဆွဲကာ ညဘက်တွင် ငါး၊ ပုစွန်အကျကောင်းလျှင် ညလုံးပေါက်ဆက်ဆွဲကြရပါသည်။ အိပ်ချိန်၊ နားချိန် သတ်သတ်မှတ်မှတ်မထားပါ။ ငါး၊ ပုစွန်များအမိအရများလေ အလုပ်များလေဖြစ်ပြီး အလွန်ပင်ပန်းကြပါသည်။

ပိုက်ကို နှစ်နာရီတွင်တစ်ကြိမ်ဆွဲဖော်ပြီး ပါလာသောငါးနှင့် ပုစွန်တို့ကို ရွေးချယ်ခွဲခြားကာ သင်္ဘောအအေးခန်းတွင် ထည့်ကြရသည်။ ပင်လယ်ပြင်သို့ တစ်ခါထွက်လျှင် (၁၄) ရက်ခန့်ကြာတတ်ပြီး ငါး၊ ပုစွန်အမိကောင်းပါက (၈) ရက်၊ (၉) ရက်လောက်နှင့် ကမ်းသို့ပြန်ဝင်ရသည်။ အလွန်ပင်ပန်းလှသော အလုပ်ဖြစ်ပါသည်။

ထုံးတမ်းစဉ်လာဖြစ်နေသော မြန်မာနိုင်ငံအောက်ပိုင်း ရေချိုရေငန်တွင် လုပ်ကိုင်အသက်မွေးကြသည့် ရေလုပ်သားများသည် မိမိ၏လှေသင်္ဘောများ အလုပ်လုပ်ရန် ပင်လယ်ပြင်သို့ထွက်ကြသောအခါ ဘေးမသီရန်မခဘဲ ငါးပုစွန်များ ဖောဖောသီသီရရှိစေရန်



www.burmeseclassic.com1

www.burmeseclassic.com

အတွက် အဘိုး ခေါ် နတ်ကိုပူဇော်ပသလေ့ရှိပါသည်။ ဓလေ့ထုံးတမ်းစဉ်လာလိုဖြစ်နေပြီး ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ရေတွင်လုပ်စားနေသူတိုင်း (အဘိုး) ပူဇော်ပသကြပါသည်။

ကျွန်တော်တို့ငါးဖမ်းသင်္ဘောသည် ပင်လယ် ပင်သို့စတင်ထွက်လာကတည်းက ထုံးတမ်းဓလေ့အတိုင်း အဘိုးကိုပူဇော်ရန် ပြင်ဆင်ကြရပါသည်။ ကြက်တစ်ကောင်ကိုသတ်ပြီးနောက် အမွေးအမှင်တို့ကိုစင်ကြယ်အောင်နုတ်ကာ အူအသည်းတို့ကို နုတ်ထုတ်လိုက်သည်။ ပြီးလျှင် ကြက်သဲကြက်မြစ်တို့ကို ရင်ထဲသို့ပြန်ထည့်ကာ နူးအောင်ပြုတ်ပြီးနောက် ဆီနှင့်တစ်ဖန်ပြန်ကြော်လျက် ပန်းကန်ပြားကြီးတွင် သပ်သပ်ရပ်ရပ်ထည့်ရသည်။ ပြီး တောအရက်နှစ်ခွက်သို့မဟုတ် ပုလင်းလိုက်ထည့်ပြီး ဆေးလိပ်၊ ကွမ်းယာတို့ကိုထည့်ကာ အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းညှိလျက် လှေဦး၊ သင်္ဘောဦးတွင် ပူဇော်ပသရန် အသံကောင်းကောင်းဖြင့် ကျွမ်းကျင်သော မာန်အောင်သား ဇင်မောင်နှင့် နောက်တစ်ယောက်တို့က တာဝန်ယူ ပသဆုတောင်းပေးခဲ့ကြပါသည်။

ထိုနေ့ညစာကိုစားသောက်ပြီးကတည်းက ပိုက်များကိုချကာအလုပ်စကြတော့သည်။ လှိုင်းလေသာယာပြီး မိုးလေကောင်းသောကြောင့် စိတ်အေးလက်အေးရှိကြသည်။ နှစ်နာရီကြာသောအခါ ပိုက်များကို ဆွဲတင်ကာ ပါလာသာ ပုစွန် ငါးများကို ရွေးချယ်လုပ်ကိုင်ကြသည်။ ပိုက်များလည်း ချောချောရှုရှုတက်လာခဲ့ပါသည်။

ဒုတိယအကြိမ်ပိုက်ပြန်ချ၍ ဆွဲတင်သောအခါ ပြဿနာစတော့သည်။ တဒီးဒီးမောင်းနေသော သင်္ဘောကြီးသည် ထိုးရပ်သွားပြီး စက်ကအကောင်းပကတိ မောင်းနှင်နေသည်။ ပိုက်ချထားသောဘက်သို့ သင်္ဘောကြီးစောင်းသွားကာ ပိုက်များကို လုံးဝဆွဲတင်၍မရတော့ပါ။

အကြီးကဲဖြစ်သူ သင်္ဘောကပ္ပတိန်သည် သင်္ဘောပေါ်ရှိ သက်ဆိုင်ရာ လူကြီးများကို ခေါ်ယူစုဝေးတိုင်ပင်ကာ မိမိတစ်သက်တာတွင် တစ်ခါမှ ဒီလိုမဖြစ်ဘူး၊ မတွေ့ဘူးကြောင်းပြောပြီး စက်ခန်းအင်ဂျင်နီယာအား စက်အားကိုမြှင့်ရန် အမိန့်ပေးလိုက်ပါသည်။ ပိုက်ဆွဲတင်စက်ဦးခေါ် ဆွဲတင်စက်ကိုလည်း တအားဆွဲတင်စေသည်။

စက်အားကိုမြှင့်၍ မောင်းလိုက်သောအခါလည်း ဆွဲပိုက်သည် တက်မလာဘဲ သင်္ဘောကြီးသာ ချာလပတ်လည်လျက် စောင်း၍နစ်မြုပ်တော့မယောင်ဖြစ်လာတော့သည်။ လှိုင်းလေတို့ကလည်း တစ်စတစ်စပြင်းထန်လာတော့သည်။

“ဘယ်လိုဖြစ်တာလဲဟေ့။ ဒီပိုက်တွေ ဘာကြောင့်မတက်နိုင်ဖြစ်နေတာလဲ။ ကျောက်ခဲနဲ့ငြိနေတာလည်းမဟုတ်ဘူး။ တစ်ခုခုတော့မှားနေပြီ။ သင်္ဘောတော့ အမြုပ်မခံနိုင်ဘူး။ ပိုက်ကိုဖြုတ်ချသင့်ရင်ဖြုတ်ချရမယ်”

ဟု ပြောဆိုပြီး ကပ္ပတိန်သည် အလုပ်သမားများကို မိမိတို့ပေးထားသော တာဝန်ကျရာနေရာတွင် အသင့်အနေအထားရှိစေရန် ပြောဆိုပြီးနောက် ပိုက်ကိုဖြုတ်မချမီ နောက်ဆုံးကြိုးစားကြည့်သောအနေဖြင့် စက်အားကိုအကုန်တင်လျက် မောင်းလေရာ တုတ်တုတ်မျှမလှုပ်ဘဲ သင်္ဘောကြီးသာဝဲလည်သွားပြီး မှောက်တော့မည့်အတိုင်း ဖြစ်သွားပါတော့သည်။

ထိုအချိန်တွင် ည (၉) နာရီခန့်ရှိနေပါသည်။ စက်များနိုးနေသဖြင့် မီးတို့ထိန်ထိန်လင်းလျက်ရှိသည်။ ကျွန်တော်တို့နှင့်အတူ ဘေးချင်းယှဉ်လျက် အဘိုးပင့်ခဲ့သူ ဇင်မောင်တို့ သံကွင်းကြိုးများကို စစ်ဆေးကြည့်ရှုနေကြပါသည်။ သင်္ဘောကြီးတစ်စီးလုံးတွင် အော်ဟစ်အမိန့်ပေးသံများ၊ လေ၏တိုက်ခတ်သံများနှင့် ဆူညံလှသောစက်သံများဖြင့် ပြေးလွှားလှုပ်ရှားသူများသည် မိမိလုပ်စရာကိုလုပ်ကိုင်ရင်း သင်္ဘောကြီးတိမ်းစောင်းနစ်မြုပ်သွားမည်ကို စိုးရိမ်စိတ်ဖြင့် သတိထားနေကြရသည်။

ထိုသို့ အရေးတကြီးရှိနေစဉ် ‘ချွမ်’ ဟူသော အသံနှင့်အတူ လက်ခနဲမီးရောင်အောက်တွင် ကရိန်းကြိုးမှ သံကွင်းတစ်ကွင်းသည် ပြုတ်ထွက်သွားပြီး သင်္ဘောစက်ခန်းထဲသို့ ကျည်ဆန်ကဲ့သို့ဝင်သွားသည်ကိုမြင်တွေ့လိုက်ကြသည်။ ကျွန်တော်လည်း ဘေးသို့လှည့်ကြည့်လိုက်သောအခါ အတူတူလုပ်နေသော ဇင်မောင်တစ်ယောက် သူ၏လက်နှစ်ဖက်ဖြင့်အုပ်လျက် ထိပ်မှသွေးများဒလဟောစီးကျလာကာ တဖြည်းဖြည်းခွေကျလာတော့သည်။ ကျွန်တော်သာ လက်မြန်ခြေမြန် ဆွဲမထားလိုက်နိုင်ပါက ပင်လယ်အတွင်းသို့ ထိုးကျသွားလျက် မတွေးဝံ့အောင်ဖြစ်သွားနိုင်ပါသည်။

သင်္ဘောအရာရှိများလိုက်လာပြီး ပါရှိခဲ့သောဆေးဝါးတို့ဖြင့် အရေးပေါ်ကုသပေးကြပြီးလျှင် သတိလုံးဝမရဖြစ်နေသည့် ဇင်မောင်ကို နောက်တစ်နေ့တွင် စစ်တွေမြို့ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ပေးလိုက်ရပါတော့သည်။

အံ့ဩထူးဆန်းသည်မှာ ကရိန်းမှ သံကွင်းကြိုးနှစ်ကွင်းသည် ပြုတ်ထွက်ပြီး တစ်ကွင်းက စက်ခန်းသို့ဝင်သွားကာ တစ်ကွင်းက ဇင်မောင်၏ထိပ်ကိုလာထိမှန်သည်။ ပို၍အံ့ဩစရာကောင်းသည်မှာ ထိုသို့ဖြစ်ပြီးနောက် မကြာမီဆွဲတင်မရဘဲ ရွှံ့နွံထဲတွင်နစ်နေသော ပိုက်သည် ပေါ့ပေါ့ပါးပါးဆွဲတက်လာကာ စောင်းနေသော သင်္ဘောကြီးသည် ပြန်လည်ကာ တည့်မတ်သွားလျက် ပုံမှန်အနေအထားအတိုင်း ပကတိဖြစ်သွားခြင်း ဖြစ်ပါသည်။

နောက်တစ်နေ့တွင် ပင်လယ်ပြင်သို့ သင်္ဘောပြန်ထွက်ပြီး အေးအေးဆေးဆေးစုရုံးဝိုင်းဖွဲ့ကာ အဖြစ်အပျက်တို့ကို ဆွေးနွေးဝေဖန်နေကြသည်။ အလုပ်သမားဖိုးတုတ်က ပြောပြသည်မှာ ထိုနေ့ညနေဘက်တွင် အဘိုးပူဇော်ရန်ပြုလုပ်ထားသော ကြက်ကြော်နှင့် အရက်ကို သင်္ဘောဦးပိုင်းအနီး ကပ္ပတိန်အခန်းကို ကွယ်လျက် စားနေသောက်နေသည်ကို မြင်တွေ့ရကြောင်း ဖိုးတုတ်ကပြောပြလေရာ အားလုံးသော သင်္ဘောသားများ စိတ်မကောင်းဖြစ်ကြရတော့သည်။

“ဒါကြောင့် ဒီလိုဖြစ်ရတာ ကျုပ်သင်္ဘောမှာ အမှုထမ်းခဲ့သမျှ မကြုံဘူး၊ မတွေ့ဘူး။ တစ်ခုခုတော့အမှားအယွင်းဖြစ်နေပြီလို့ထင်ထားတာ အခုမှအဖြစ်မှန်ကိုသိရပြီ။ နောက်နောင် ဇင်မောင်လိုပုံစံမျိုးမလုပ်ကြပါနဲ့။ အားလုံးဒုက္ခဖြစ်မှာပဲ။ ခင်ဗျားတို့ ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ဓလေ့ထုံးတမ်းအယူအဆတစ်ခုကို မလေးမစားစော်ကားမော်ကားမလုပ်ကြပါနဲ့။ ဒါဟာလက်တွေ့သင်ခန်းစာပဲဖြစ်တယ်”

ဟု ပြောဆိုကာ သင်္ဘောကပ္ပတိန်ကြီးသည် စိတ်မကောင်းစွာ စကားဝိုင်းကိုရပ်ပြီးထသွားလေတော့သည်။

တိုက်ဆိုင်၍ဖြစ်ရသည်ဟုထင်ထင် မည်သို့ပင် ထင်မြင်ယူဆသည်ဖြစ်စေ ဓလေ့ထုံးတမ်းစဉ်လာတစ်ခုကို မလေးမစား မစော်ကားကြရန် အရေးကြီးပါကြောင်း။

(တကယ့်ဖြစ်ရပ်မှန်ဖြစ်ပါသည်။)

မောင်သင်းသော်သိဒ္ဓိ



www.burmeseclassic.com1

www.burmeseclassic.com



# အညာဝါလှိုင်း

## အဘအောင်မင်းရှင်၏ (၂)

## နှုတ်ဆက်ခေါင်းလောင်းသံ

*(ယခင်လမှအဆက်)*

**■ ဒုတိယအကြိမ်ပြည်တော်ဝင်ပွဲ**

နေရာကား ရွာသာကြီးရွာ။

အချိန်ကား (၁၃၇၄ ခု၊ ကဆုန်လဆန်း ၁၀ရက်နေ့) နံနက်စော ဝေလီဝေလင်းအချိန် ဖြစ်ပါသည်။ ရွာသာကြီးရွာဘုန်းကြီးကျောင်းအဝင်တွင် လူငယ်ကာလသားများက အိုးစည်ဒိုးပတ်တို့ဖြင့် တီးမှုတ်၍ကခုန်နေကြ၏။

"ဒိုးပတ်ကိုတော့လွယ်ပါတယ်
ဒိုးပတ်ကိုတော့လွယ်ပါတယ်
ရွှေဒိုးသံ၊ စည်လိုတီးမယ်
သောင်းတိုက်က ကြား. . .
သောင်းထိုက်က ကြား. . . လေလေ. . .

တူးတဲ၊ တယ်တဲ့၊ တူးတဲ့ တယ်တဲ့
တီတီတီ ၊ တီတီတီ ၊ တီတီတီးတီတီး

ဒိုးပတ်သံ၊ လင်းကွင်းသံ၊ ပလွေသံတို့ဖြင့်စည်၍နေလေသည်။ ရွာသာကြီးရွာသူရွာသားများက အထူးအဆန်းဒိုးပတ်သံကြား၍ ဝိုင်းဝန်းရောက်လာကြပါသည်။

"မောင်တင့်ရေ မောင်တင့်"

"ဘာလဲ ဦးရေခဲရ"

"ဘာလို့ ဒိုးပတ်တီးတာလဲ၊ ဘယ်က အလှူလဲ"

"အလှူမဟုတ်ဘူးဗျ"

"ဒါဆို ဘာလဲဟ"

"အဘအောင်မင်းခေါင် ကြိုဆိုပွဲလေ"

"ဩော် - ငါတို့အဘ ပြန်ကြွလာတာကို ကြိုဆိုတာပဲ"

ကိုရွှေဘ ဦးဆောင် ဒေဝါဝင်းအဖွဲ့၊ ကိုခင်မောင်ရီ ဦးဆောင်သော ရာဇာဝင်းအဖွဲ့များလည်း ကားများဖြင့် ရွာသာကြီးရွာသို့ ရောက်လာကြ၏။ ဒေဝါဝင်းအဖွဲ့က သိကြား(၂)ယောက်၊ နတ်ဒေဝါများ နတ်သမီးများဖြင့် လှပ၍ ဂုဏ်တင့်နေတော့သည်။ ရေမွှေးများပက်ဖျန်း၍ အလှပေါ်အယဉ်ဆင့်နေကြပြန်သည်။

သိကြားဝတ်စုံဝတ်ထားသူ တက်ပုက ဦးရွှေဘကို လိုက်ရှာ၏။ အဖွဲ့ခေါင်းဆောင် ဦးရွှေဘအား တွေ့သောအခါ -

"အဘ ရွှေဘ"

"ဟေ - ပြောလေ ဘာလဲ"

"ကျွန်တော်အပေါ့သွားချင်တယ်"

"မင်းအပေါ့သွားတာသွားပေါ့ကွ ငါ့လာပြောရသလား"

"မဟုတ်ဘူးလေ၊ ကျွန်တော့်ဝတ်စုံကြီးနဲ့သွားလို့မရဘူး"

"ဟုတ်သားပဲ။ မင်းဒီမှာခဏချွတ်ထား၊ ဟိုမှာအိမ်သာရှိတယ် သွား။ ပြန်မလာဘဲတော့ မလုပ်နဲ့နော်၊ ဒီမှာ လူအစားထိုးဖို့မရှိဘူး"


"အေးပါဗျ"

ကလေးများအပေါ့အလေးစွန့်ခ



www.burmeseclassic.com1

www.burmeseclassic.com



အချက်ပေး၏။ နံနက်စာမုန့်ဟင်းခါးဖြင့် ကျွေးမွေးလေ၏။ ခင်မောင်ရီဦးဆောင်သော ရာဇာဝင်းအဖွဲ့များမှာ ဘုရင်၊ မိဖုရား၊ မှူးမတ်များ အပျိုတော်များဖြင့် လှပတင့်တယ်နေလေသည်။

"ကဲ - ကလေးတို့"

"ဟုတ်ကဲ့"

"မကြာမီ ဝင်းခင်းမယ်၊ ဇာတ်တိုက်ထားသလို ညီညီညာညာ လမ်းလျှောက်မယ်နော်"

"ဟုတ်ကဲ့ အဘ"

"ဘယ်ကစလျှောက်ရမှာလဲ"

"ဒီကနေ ဘုန်းကြီးကျောင်းအထိ လျှောက်ရမှာ"

"အလှူလား ဘဘကြီး၊ မောင်ရင်လောင်းလည်း မတွေ့ပါလား"

"အေး - မကြာခင် မောင်ရင်လောင်း မြင်းစီးပြီးထွက်လာလိမ့်မယ်"

"ဟုတ်ကဲ့ အဘ"

"မင်းတို့အပေါ်အပါးသွားစရာရှိတာ သွားထားကြ။ အခု မုန့်ဟင်းခါးကျွေးနေတယ် အဝစားကြ"

"ဟုတ်ကဲ့ ဘဘကြီး"

ဝတ်ဖြူစင်ကြယ်ဝတ်(၅)ဦးသည် သာသနာ့အလံကို ကိုင်ပြီးစောင့်နေ၏။ ရွာသာကြီးရွာမှ မစန်းဝင်း၏သမီးအမြွာမှာ မြန်မာဝတ်စုံလေးဝတ်ပြီး မြန်မာလို လှနေ၏။ ပန်းများပန်ပြီး ပါးကွက်လေးများဖြင့် တူညီဆင်မြန်းထားကြရာ လှု



www.burmeseclassic.com

www.burmeseclassic.com

ခရွေးမရအောင် တူနေပေတော့သည်။ သူတို့ကို အကြီးမနှင့် အငယ်မဟု ခေါ်၏။ သူတို့လက်ထဲတွင် ဖလား(၁)လုံးစီကိုင်ထား၏။ ဖလားတစ်လုံးမှာ နံ့သာ(၅)မျိုးသွေး၍ ရေဖြင့်ဖျော်ထားသည့် ရေမွှေးများ ထပ်ဆင့်ပက်ဖျန်းထားရာ လေလာတိုင်းသင်းပျံ့နေပါသည်။ ဖလားတစ်လုံးမှာ စံပယ်ပန်းများအပြည့်ထည့်ထား၏။ သူတို့နှစ်ယောက်၏တာဝန်မှာ အဘပြည်တော်ဝင်လမ်းတစ်လျှောက် ရှေ့ဆုံးမှ ပန်းခင်းမည်၊ အမွှေးနံ့သာ ပက်ဖျန်းမည် ဖြစ်ပါသည်။

မလှိုင်မြို့မှ ဦးဇော်ကြီး၏တပည့်နှစ်ယောက်လည်း ခရုသင်းကိုယ်စီကိုင်ပြီး ရှမ်းဝတ်စုံဖြင့်စောင့်နေ၏။ သူတို့၏တာဝန်မှာ ပန်းခင်းလမ်း၊ နံ့သာခင်းလမ်း ပြုလုပ်ပြီးနောက် ရှေ့ဆုံးမှနေရာယူပြီး ခရုသင်းမှုတ်ရန်ဖြစ်ပါသည်။

ကိုသိန်းဝင်း၊ ကိုထွန်းနောင်တို့နှစ်ယောက်က မောင်းကြီးကိုထမ်းပြီးမောင်းထုနေလေသည်။ အဘပြည်တော်ဝင်ရာလမ်း၏ရှေ့ ခရုသင်းမှုတ်သူ၏ နောက်တွင် နေရာယူထား၏။ မောင်းတီးပြီး အဘကို ကြိုဆိုကြမည် ဖြစ်ပါသည်။

ဝတ်ဖြူစင်ကြယ်ဝတ်(၅)ယောက်က သာသနာ့အလံများကိုင်ပြီး မောင်းတီး၏။ သူ့နောက်မှ အတန်းစီ၍လိုက်ပါမည်။ အဘအောင်မင်းခေါင်ကြီး ပြည်တော်ဝင်လာပြီ၊ သာသနာပြုတော့မည်ဟု အတိတ်ဆောင်သည့် သာသနာ့အလံများဖြင့် ကြိုဆိုမည်ဖြစ်သည်။

၎င်းတို့နောက်မှ ဒေဝါဝင်းခင်း၍လည်းကောင်း၊ ရာဇာဝင်းခင်း၍ လည်းကောင်း ကြိုဆိုကြမည်။ ဒေဝါဝင်းခင်းရခြင်းမှာ အဘအောင်မင်းခေါင် ပြည်တော်ဝင်လာပြီး သာသနာပြုလုပ်မည့်ကိစ္စများအား နတ်ဒေဝါတို့က ကောင်းချီးပေးမည်။ ဝမ်းမြောက်ဝမ်းသာကြိုဆိုကြခြင်းပင် ဖြစ်ပါသည်။ ရာဇာဝင်းခင်းခြင်းမှာ အဘအောင်မင်းခေါင်သည် အင်းဝမင်းခေါင်၊ တိမ်ကြားမင်းခေါင်၊ ဓမ္မစေတီမင်းခေါင်ဘဝများဖြင့် ရှင်ဘုရင်ဖြစ်ခဲ့ဖူး၏။ ရာဇာတို့၏အရှင်၊ အဘအောင်မင်းခေါင်ကို ဂုဏ်ပြုသည့်အနေဖြင့် လည်းကောင်း၊ ရှင်ဘုရင်၏ဘုန်းကံတို့ဖြင့်တင့်တယ်ပြည့်စုံပါစေခြင်းအကျိုးငှာ ရာဇာဝင်းခင်း၍ ကြိုဆိုကြခြင်း ဖြစ်ပါသည်။

ဒေါ်ခင်တင့်၊ ဒေါ်အုန်းရီ၊ ဒေါ်ထား၊ ဒေါ်မြင့်တို့အဖွဲ့က ယောဂီဝတ်စုံများဖြင့် သာသနာပွဲ၊ ရှင်မထီးပွဲ၊ ယက္ကန်းစင်တောင်ပွဲ၊ ဘိုးဘိုးအောင်ပွဲ၊ ဘိုးမင်းခေါင်ပွဲများကိုရွက်၍ ကြိုဆိုကြပါမည်။

ဦးမောင်သိန်းသည် ရှင်လောင်းလှည့်ရာတွင် အသုံးပြုသော မြင်းညိုကြီးကို အလှဆင်နေ၏။ ကြီးမားသောအရပ်အင်္ဂါပြည့်ဝသောမြင်းထီးကြီးမှာ အညိုရောင်ဖြင့် လိုက်ဖက်နေ၏။ လည်ဆံမွေးတို့မှာ လေတိုက်၍လွင့်မျောနေ၏။ မြင်းကြီးအား ချပ်ဝတ်တန်ဆာများဝတ်ဆင်ပြီး အသင့်စောင့်ကြိုနေပါသည်။ မြင်းကြီးနှင့်ယှဉ်၍ ထီးဖြူ(၂)လက်ကိုင်ထားသော ကာလသားနှစ်ယောက်မှာ မျက်နှာမချိုမချဉ်နှင့်ဖြစ်နေ၏။ လုံချည်မြဲမြဲဝတ်ထားရန် ဦးရွှေဘကြီးကလာ၍သတိပေးနေ၏။ သူတို့၏ တာဝန်မှာ အဘမြင်းစီးလာပါက ထီးဖြူမိုးပေးရမည်ဖြစ်ပါသည်။ ထီးမိုးနေစဉ် လုံချည်ကျွတ်ကျမည်စိုး၍ ချည်ကြိုးဖြင့်ချည်ထားလေသည်။

၎င်းနောက် ဓမ္မစကြာဝတ်အသင်းများ ဝတ်စုံပြည့်ဖြင့် ရောက်ရှိလာကြသည်။ အပေါ်မှာ အဖြူရောင်ဖြစ်ပြီး ယောဂီတဘက်ကို သိုင်းခြုံထားသည်။ အောက်မှလုံချည်မှာ အညိုရောင်ကိုဝတ်ဆင်ထားလေသည်။ လူ(၃၀)အုပ်စုသည် ကြီးစဉ်ငယ်လိုက် တဖြည်းဖြည်းချင်း လျှောက်လာကြ၏။ သူတို့ကလည်း အဘပြည်တော်ဝင်ပွဲကို ဝတ်ရွတ်ကြပြီး ကြိုဆိုကြမည်ဖြစ်ပါသည်။

နံနက်စောစောအချိန်ကပင်အသံချဲ့စက်ဖြင့်ဖွင့်ပြီး ကြိုဆိုပွဲကို ဆင်နွှဲဖို့ နှိုးဆော်နေပါသည်။ မိုက်ကရိုဖုန်းမှ နံနက်(၉)နာရီတိတိအချိန်တွင် -

"အဘအောင်မင်းခေါင် ရုပ်၊ နာမ်ကိုယ်တိုင် ပြည်တော်ဝင်လာမည်ဖြစ်ကြောင်း အဘကိုချစ်သော အဘသားသမီးများ၊ ဆွေတော်ရှစ်သောင်းမျိုးတော်အပေါင်းတို့ အဘကြွချီလာလမ်းသို့ အမြန်ဆုံး ကြွချီကြဖို့ နှိုးဆော်အပ်ပါတယ်ခင်ဗျား"

ရန်ကုန်၊ ဒလ၊ သယ်န်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဇရာဝတီ၊ မကွေး၊ တောင်တွင်းကြီး၊ နတ်မောက်၊ နေပြည်တော်အစရှိသော အဘ၏သားသမီးများ ကြားရာအရပ်မှ ရန်ကုန်သို့စုဝေးရောက်ရှိလာကြ၏။ အဘ ပြည်တော်ဝင်ပွဲကို လာရောက် ဆင်နွှဲကြခြင်း ဖြစ်ပါသည်။ ရွာသာကြီးရွာမှ ရွာလုံးကျွတ် လမ်းမပေါ်သို့ထွက်လာကြ၏။ လက်ထဲမှ သပြေပန်းကိုကိုင်ပြီး လက်အုပ်ချီပြီး နေရာယူလေသည်။ ကြိုဆိုသောလူအုပ်ကြီးမှာအလွန်များပြားနေသဖြင့် လမ်း၏ဝဲယာနှစ်ဖွဲ့ခွဲပြီး မျက်နှာချင်းဆိုင်နေရာယူပေးဖို့ အသံချဲ့စက်မှ နှိုးဆော်နေပါသည်။လေးဒေါင့်ကန်သွားလိုင်းကားများသည် လူအုပ်ကြီးကြောင့် ကားရပ်ထားရလေသည်။ ရန်ကုန်အသွားအပြန်ကားများ လုံးဝရပ်သွားလေတော့သည်။

နံနက်(၉)နာရီထိုးပါပြီ၊ မင်္ဂလာအချိန်ရောက်ပါပြီ၊ ဦးကျော်ထိုက် ဦးစီး ဆေးရုံပေါ်မှဆင်းလာသော အဘကားသည် ရန်ကုန်ဆေးရုံမှ ရွာသာကြီးသို့ ပြန်လာကြသည်။ မောင်းတံဂိတ်အလွန် ရွာသာကြီးရွာအဝင်တွင် အသင့်စောင့်ကြိုနေသော ကြိုဆိုရေးအဖွဲ့ကို တွေ့ကြလေသည်။

"ဟိုမှာအဘလာပြီ"

"အဘကားပေါ်မှဆင်းပါ။ အဘစီးဖို့ မြင်းကြီး အဆင်သင့်စောင့်နေပါတယ်"

"အေးအေး - ကောင်းတယ်၊ ကောင်းတယ်"

အဘသည် ကားပေါ်မှဆင်းလာ၏။ အတာကြီး၊ ခင်မောင်ရီတို့မှ တစ်ဖက်တစ်ချက်တွဲထားရ၏။ ဆေးရုံပေါ်မှဆင်းလာပြီး အင်အားချည့်နဲ့နေသော ခန္ဓာကိုယ်ဖြင့် မြင်းစီးမည်ဖြစ်ပါသည်။

"အဘမြင်းစီးလို့ဖြစ်ပါ့မလား၊အဘက အားမရှိဘူး"

"မငွေး၊ နင်တော်တော်စိုးရိမ်တတ်ရန်ကော၊ ငါ့တိုက်ပုံပေး"

"ဒီမှာပါ၊ မယ်ဘော်ဝတ်ပေးလိုက်ဦး"

"ငါဘာမှမဖြစ်ဘူး"

"စိတ်ကတော့ ဘာမှမဖြစ်ဘူး ဆိုပြီးပြောတာပဲ။ ခန္ဓာကိုယ်က လေတိုက်မခံသေးဘူး"

"မငွေးရယ်၊ အဘက သူ့ဓာတ်သူဆင်တာဖြစ်မှာပါ၊ ဘာမှမစိုးရိမ်ပါနဲ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကိုရွှေဘအတာကြီး"

"ဟုတ်ကဲ့ မငွေး"

"အဘကို လွှတ်မထားနဲ့၊ မြင်းပေါ်တက်ရင် တစ်ဖက်တစ်ချက်ကိုင်ထားကြနော်"

"ဟုတ်ကဲ့ မငွေး"

ကကြိုးများ ပန်းပွားများဖြင့် အလှဆင်ထားသောမြင်းညိုကြီးပေါ်သို့ အဘကိုတင်ပေးရ၏။ တစ်ချက်တစ်ချက်မှ ဦးရွှေဘနှင့် အတာကြီးက ကိုင်ထားပေးလေသည်။ ထီးဖြူကိုင် (၂)ယောက်မှာ အဘကိုထီးမိုးပေးလေသည်။ မကြာ



www.burmeseclassic.com1

www.burmeseclassic.com

မီ အသံချဲ့စက်မှ အခမ်းအနားအစီအစဉ်ကို ကြေညာပါသည်။

"အဘကို ချစ်ခင်ကြသော အဘ၏သားသမီးများခင်ဗျား၊ အခုအချိန်ကစပြီး အဘကြိုဆိုပွဲအခမ်းအနား စတင်ပါတော့မယ်။ အစီအစဉ်တကျ ကြိုဆိုပေးကြပါရန် လေးမြတ်စွာ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

ကြိုဆိုရေးအခမ်းအနားမှာ မပါဝင်တဲ့ ရပ်ဝေးရပ်နီးမှ ကြွရောက်လာကြသော ဆွေတော်ရှစ်သောင်းမျိုးတော်အပေါင်းတို့။ အဘ ကြိုဆိုရာမှာ ဘေးဝဲ-ယာ တစ်ဖက်တစ်ချက်မှ လက်အုပ်ချီပြီး အောင်သပြေပန်းများဖြင့် ကြိုဆိုပေးကြဖို့မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား"

အငယ်မနှင့် အကြီးမ အမြွာနှစ်ယောက်က ရှေ့ဆုံးမှ ပန်းကြဲ၏။ နံ့သာရေဖြင့် ပက်ဖျန်း၏။ အဘကြွရာလမ်းအား အမွှေးနံ့သာပက်ဖျန်းပြီး ပန်းခင်းသောလမ်းဖြင့်ဖွင့်လှစ်ကြိုဆိုကြပါသည်။

ပန်းခင်းလမ်းနံ့သာလမ်းပေါ်တွင် ရှမ်းဝတ်စုံဝတ်နှစ်ယောက်သည် ခရူသင်းကိုယ်စီကိုင်ပြီးမှုတ်နေကြ၏။

"တူ. . . တူ. . . တူ
တူ. . . တူ. . . တူ"

ဦးမျိုးအောင်သည် ဟွန်းအတိုလေးကိုကိုင်ပြီး လက်ကိုင်အသံချဲ့စက်ဖြင့် ပင့်ဖိတ်နေ၏။

"အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာမှာ ရှိကြကုန်သော နတ်ဒေဝါအပေါင်းတို့"

"ဒူ. . ."

"ဝိဇ္ဇာရှစ်သောင်းဆရာအပေါင်းတို့"

"ဒူ. . ."

"သိုက်နန်းရှင် ဘုမ္မိယပုဂ္ဂိုလ်အပေါင်းတို့"

"ဒူ. . ."

"အတွင်း (၃၇)မင်း၊ အပြင် (၃၇)မင်း၊ အရံ (၃၇)မင်း အပေါင်းတို့"

"ဒူ. . ."

"အဘကို ချစ်ခင်လေးစားကြသော ပဋ္ဌာန်းဆက်၊ သိုက်ဆက်၊ ဓာတ်ဆက်ရှိကြကုန်သော အဘသားသမီးအပေါင်းတို့"

"ဒူ. . ."

"အဘအောင်မင်းခေါင်ကြီးသည် လှုပြည်လှုရွာသို့ သာသနာပြုရန် ပြည်တော်ဝင်လာပြီဖြစ်ပါ၍ လာရောက်ကြိုဆိုကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

"ဒူ. . . ဒူ. . . ဒူ"

"တူ. . . တူ. . . တူ"

မောင်းသံ၊ခရူသင်းတို့ဖြင့် အချက်ကျကျတီးမှုတ်၍ အသိပေး ကြိုဆိုကြပါတော့သည်။

မောင်းတီးသော သိန်းဝင်းနှင့် ထွန်းနောင်တို့နောက်တွင် ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသော ဥပါသကာ (၅) ယောက်က သာသနာ့အလံ (၅) လက်ကိုကိုင်ပြီး လိုက်ပါလာကြသည်။

သာသနာ့အလံများသည် လေထဲတွင် လွင့်မျော၍ လေတိုက်လိုက်တိုင်း တဖျတ်ဖျတ်ဖြစ်နေပါသည်။ သာသနာပြု အဘအောင်မင်းခေါင်ကြီး လှုပြည်လှုရွာတွင် ဆင်းသက်ပြီး သာသနာပြုတော့မည်ဟု အဓိပ္ပာယ်ပေါ်လွင်နေပါသည်။

ပွဲများကိုရွက်သော ဒေါ်ခင်တွာင်၊ ဒေါ်အုန်းရီ၊ ဒေါ်ထား၊ ဒေါ်မြင့်နှင့် ဒေါ်အေးစိန်တို့မှာ ယောဂီဝတ်စုံများဖြင့် သာသနာပွဲ၊ ရှင်မထီးပွဲ၊ ယက္ခန်းစင်တောင်ပွဲ၊ ဘိုးဘိုးအောင်ပွဲ၊ ဘိုးမင်းခေါင်ပွဲများကိုရွက်လျက် အလံကိုင်နောက်မှ လိုက်ပါလာပါသည်။ မမြင်ရသော ဝိဇ္ဇာများအားပင့်ဖိတ်ခြင်း ဖြစ်ပါသည်။ ပွဲပေး၍ ကြိုဆိုကြခြင်း ဖြစ်ပါသည်။ ထိုပွဲများကို ရွှေထီးကိုင်အဖွဲ့များက ရွှေထီးမိုး၍ လိုက်ပါလာကြသည်။

အဘအောင်မင်းခေါင်သည် မြင်းညိုကြီးကိုစီးပြီး ၎င်းတို့နောက်မှ လိုက်ပါလာသည်။ ကတ္တီပါအညိုရောင်နှင့် မြင်း၏အရောင်မှာ - ထပ်တူကျနေသည်။ တစ်ဖက်တစ်ချက်စီမှ ဦးရွှေဘနှင့်အတာကြီးက ဖေးမကူညီနေ၏။ ထီးဖြူဆောင်းနှစ်ယောက်က မြင်း၏တစ်ဖက်တစ်ချက်မှ ထီးမိုး၍လိုက်ပါလာ၏။ မြင်းပိုင်ရှင်က မြင်းကြီးကိုဆွဲပြီး မောင်ရင်လောင်းနတ်ပြလှည့်သလို တစ်လှမ်းချင်းလှမ်း၍ ထွက်ခွာလာကြသည်။

အဘမြင်းကြီး၏ နောက်တွင် ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များ နေရာယူ၍ လိုက်ပါလာကြသည်။ ၎င်းတို့နောက်မှ ဓမ္မစကြာအဖွဲ့များ လက်အုပ်ချီ၍ လိုက်ပါလာကြသည်။ နောက်ဆုံးတွင် ဒိုးပတ်အဖွဲ့၊ အိုးစည်အဖွဲ့များ တပျော်တပါး တီးမှုတ်၍လိုက်ပါလာကြသည်။

လမ်းဘေးဝဲယာတစ်လျှောက်တွင် အဘကို ကြိုဆိုသော လူပရိသတ်များ၊ နတ်ပရိသတ်များက ပြည့်လျှံနေ၏။ လက်ထဲမှသပြေပန်းများကိုကိုင်ပြီး နှုတ်မှလည်း ဆုတောင်းမေတ္တာပို့နေကြလေသည်။

"ပြည်တော်ဝင် အဘ အောင်မင်းခေါင်ကြီး ကျန်းမာပါစေ၊ သာသနာပြုနိုင်ပါစေ"

"ပြည်တော်ဝင် အဘ အောင်မင်းခေါင်ကြီးအား လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်"

ဟု သံပြိုင်အော်ဟစ်ဆုတောင်းနေကြ၏။ အဘသည် မြင်းပေါ်တွင် လဲပို့မသွားအောင် ထိန်းထိမ်းသိမ်းသိမ်း လိုက်ပါလာရင်း ပြုံးရွှင်သောမျက်နှာ၊ အားမာန်အပြည့်ရှိသောမျက်နှာဖြင့် ကြည်လင်တောက်ပနေလေသည်။

ထိုမြင်ကွင်းမျိုး တစ်ခါမှမမြင်ဘူးသော ကားသမားများ အံ့သြနေကြ၏။ ရွာသာကြီးရွာအလှူပွဲက ဘာလို့စောစောစီးစီးနတ်ပြထွက်တာလဲဟု ထင်နေ၏။ မောင်ရင်လောင်းကလည်း အဘိုးကြီးပဲဟု ပြောသူကပြော၏။ တချို့သောသူများကျတော့ ဒါယတြာချေတာလားပဲဟု တွေးနေကြပြန်သည်။ သူတို့ရှေ့ဖြတ်သွားကြသောကြိုဆိုပွဲတွင် နောက်ဆုံးမှ ဒိုးပတ်ဝိုင်းအဖွဲ့ ကွေးနေအောင်ကပြနေလေသည်။ မြန်မာ့ရိုးရာဒိုးပတ်ဝိုင်းအား ဘယ်အချိန်ကြည့်ကြည့် မရိုးနိုင်ပါ။ ဒိုးပတ်မှ သံချပ်သံကို နားထောင်နေမိ၏။

"မိုး မိုး မိုးလား မောင်တို့"

"လေ လေ လေလား မောင်တို့"

"အချိန်အခါသင့်လို့လာ"

"ခု ကြိုဆိုတာ ဘမင်းခေါင်ပဲ"

"သာသနာ့အကျိုးသယ်ပိုးဆောင်"

"ဘမင်းခေါင် ဆိုတာ ကျုပ်တို့အဘ"

"သိကြားပြဟ္မာဖြစ်ဖို့ရာ သိပ်မခက်ပါ ကုသိုလ်ပြုကြ"

"ဝိဇ္ဇာတစ်ပါး၊ နတ်သက်ကြွေ၊ လှုပြည်ရောက်ဖို့ အလွန်ခက်လှ"

"ဒုလ္လဘတရား ရှိနေငြားလည်း 'ဘွား'ဆို ရောက်လာ ပြန်ပြည်စည်ဖို့"

"ဘမင်းခေါင်ကြီး မြင်းကိုစီးလို့ ပြည်ကြီးသာဖို့ နက္ခတ်စုံပြီ"

"သောင်းသောင်းဖြဖြ ကြိုဆိုကြတာ ဝမ်းသာအားရ ပြည်တော်ဝင်ပွဲ"

"ရွှေကိုမလို ငွေမလို တို့ကြိုဆိုတာ ဘမင်းခေါင်ဘဲ"

"(တို့ကြိုဆိုတာ ဘမင်းခေါင်ဘဲ)၂"

"ဟေလာ မောင်တို့ ဝါး"

အဘအောင်မင်းခေါင်ကြီး၏ တတိယအကြိမ် ပြည်တော်ဝင်ပွဲကို ၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ



www.burmeseclassic.com

www.burmeseclassic.com

| စဉ် | ဘုရားဘွဲ့အမည် | ပန္နက်တင်မင်္ဂလာနေ့ | အရပ်ဒေသ | မှတ်ချက် |
|---|---|---|---|---|
| ၁ | လွမ်းစေတီ | ၆-၅-၁၉၉၀ | သုခီတာရာမကျောင်းတိုက်၊ ရွာသာကြီးရွာ၊ ရန်ကုန်မြို့ | [illegible] |
| ၂ | နန္ဒထွဋ်ထိပ်ခေါင်စေတီ | ၉-၁၂-၂၀၀၁ | ॥ | [illegible] |
| ၃ | ဒီပါဓ-ဒီပါထူး(စွယ်တော်စေတီ) | ၃၀-၁-၂၀၀၄ | ॥ | [illegible] |
| ၄ | ဝန်ချစေတီ | ၁၁-၁၁-၂၀၀၅ | ॥ | [illegible] |
| ၅ | အောင်တော်မူနှိုးဘုရား | ၂၉-၁၁-၂၀၁၁ | ॥ | [illegible] |
| ၆ | သိဒ္ဓိရှင်ဆုတောင်းပြည့်စေတီ (နန်းကျင်ဘုရား) | ၁၀-၆-၂၀၁၀ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | [illegible] |
| ၇ | ဓာတ်မာန်အောင်ဓာတ်ပေါင်းစုစေတီ | ၂၄-၁-၂၀၀၇ | ကျီစုရွာဘုန်းတော်ကြီးကျောင်း၊ ဒဂုံ(တောင်)မြို့နယ်၊ရန်ကုန်မြို့ | [illegible] |
| ၈ | ကျွန်းဦးစေတီ | - | သာကေတရေနေဝင်းအကွင်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ | [illegible] |
| ၉ | ရွှေမင်းဝံဒီပါဆုတောင်းပြည့်စေတီ | ၃၀-၅-၂၀၁၅ | သိဒ္ဓိအောင်ကျောင်းတိုက်၊ (၆၉) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့ | [illegible] |
| ၁၀ | နန္ဒဂူလိုဏ်ဂူရွှေစေတီ | ၁၆-၃-၂၀၀၂ | မာလာရုံကျောင်းတိုက်၊ ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့ | [illegible] |
| ၁၁ | ဒီပါဓ-ဒီပါအောင်စေတီ | ၂၅-၁၁-၂၀၀၁ | ဖန်ချက်စက်ရုံကျောင်းတိုက်၊ သီလဝါ၊ သန်လျင်မြို့ | [illegible] |
| ၁၂ | ၄လောကရန်အောင်ကပ်ကျော်ဆုတောင်းပြည့်စေတီ | ၁၁-၅-၂၀၀၃ | ပုလဲမြောက်ကျောင်း၊ ပုလဲကျေးရွာ၊ သုံးခွမြို့နယ် | - |
| ၁၃ | ပြည်လုံးချမ်းသာစေတီ | ၆-၄-၁၉၉၇ | သာယာကုန်းရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့ | [illegible] |
| ၁၄ | ပြည်လုံးချမ်းသာ လာဘမုနိဆုတောင်းပြည့်စေတီ | ၂၂-၂-၂၀၀၂ | အလိန်လည်ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်မြို့ | [illegible] |
| ၁၅ | မဟာဗိစိရသာသနာ့မဏ္ဍိုင်စေတီ | ၅-၅-၁၉၉၆ | သာယာရေကျော်ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်မြို့ | - |
| ၁၆ | အောင်ချမ်းသာဆုတောင်းပြည့်စေတီ | ၃၁-၁-၁၉၉၄ | မျောက်လုပ်ကုန်းကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့ | - |
| ၁၇ | ရွှေမင်းဝံဆုတောင်းပြည့်စေတီ | ၂၈-၁၂-၂၀၀၃ | ကြိမ်ပိုက်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့ | [illegible] |
| ၁၈ | အောင်တော်မူစေတီ | ၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၅)ရက် | လှေလှော်အင်းကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့ | - |
| ၁၉ | ရွှေဘုံသာစေတီ | ၄-၄-၁၉၉၉ | ရွှေထောင်မှော်မြောက်ရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း | [illegible] |
| ၂၀ | ငွေဘုံသာစေတီ | ၄-၄-၁၉၉၉ | ရွှေထောင်မှော်မြောက်ရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း | [illegible] |
| ၂၁ | အနန္တမေတ္တာဆုတောင်းပြည့်စေတီ | ၂၄-၅-၂၀၁၃ | ရွှေမြင်တင်ကျောင်း၊ ပုသိမ်မြို့ | - |
| ၂၂ | ပြည်လုံးချမ်းသာစေတီ | ၂၆-၃-၂၀၀၂ | သံဒိတ်ကျွန်း၊ ဒေးဒရဲမြို့နယ်၊ ဧရာဝတီတိုင်း | - |
| ၂၃ | အောင်မင်းခေါင်စေတီ | ၁၃၁၃ ခုနှစ် | ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း | - |
| ၂၄ | သီရိမင်္ဂလာစေတီ | ၂၈-၂-၂၀၀၉ | သံဖြူကျေးရွာ၊ ငရုတ်ကောင်းမြို့နယ်၊ ဧရာဝတီတိုင်း | - |
| ၂၅ | ကျောက်တစ်လုံးစေတီ | ၂၅-၃-၂၀၀၇ | ရေကျော်တောင်၊ ငရုတ်ကောင်းမြို့နယ်၊ ဧရာဝတီတိုင်း | [illegible] |
| ၂၆ | ဒီပါဓ-ဒီပါရုံစေတီ | ၄-၄-၂၀၀၄ | ရေကျော်တောင်၊ ငရုတ်ကောင်းမြို့နယ်၊ ဧရာဝတီတိုင်း (၂၅-၃-၂၀၀၇ တွင် ထီးတင်သည်) | [illegible] |
| ၂၇ | ရွှေဂူနီစေတီ | ၁၄-၁-၂၀၁၂ | တိုင်တစ်ရာကျောင်း၊ ပိန္နဲကွင်းရွာ၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း | [illegible] |
| ၂၈ | ကုသိနာရုံစေတီ | ၁၉၉၆ ခုနှစ် | ॥ | [illegible] |
| ၂၉ | ကျားအောင်စေတီ(ပြုပြင်မွမ်းမံသည်) | ၁၉၉၅ ခုနှစ် | ကျားအောင်တောင်၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း | [illegible] |
| ၃၀ | ကျပ်ပြင်စေတီ | ၁၉၉၅ ခုနှစ် | ပိန္နဲကွင်း၊ ကျပ်ပြင်၊ နံကပ်၊ ရဟန္တာဦးကလျာဏ သာသနာ့နယ်မြေ၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း | [illegible] |
| ၃၁ | ရန်ကင်းတောင်စေတီ | ၁၉၉၅ ခုနှစ် | ॥ | [illegible] |

www.burmeseclassic.com

| စဉ် | ဘုရားအဲ့အမည် | ပန္နက်တင် မင်္ဂလာနေ့ | အရပ်ဒေသ | မှတ်ချက် |
|---|---|---|---|---|
| [illegible] | အောင်မြေဦးစေတီ | ၂၉-၅-၂၀၀၅ | မောင်ရင်လေးကုန်း၊ သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်း | အသစ် |
| [illegible] | စကြာဒီပါစေတီ | ၂၂-၁-၂၀၀၆ | တောင်ညိုတောင်၊ ဉာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်း | အသစ် |
| [illegible] | မြစေတီ | ၃-၃-၂၀၀၇ | ။ | ပြုပြင် |
| [illegible] | သစ္စာမဏ္ဍိုင်စေတီ | ၃-၃-၂၀၀၇ | ။ | ပြုပြင် |
| [illegible] | ဓာတ်ပေါင်းစုစေတီ | ၃-၃-၂၀၀၇ | ။ | ပြုပြင် |
| [illegible] | ခြသေ့ံခံစေတီ | ၃-၃-၂၀၀၇ | ။ | ပြုပြင် |
| [illegible] | ဒေါင်းခံစေတီ | ၃-၃-၂၀၀၇ | ။ | ပြုပြင် |
| [illegible] | ပြည်လုံးချမ်းသာစေတီ | ၃-၃-၂၀၀၇ | ။ | ပြုပြင် |
| [illegible] | မာန်အောင်စေတီ | ၂-၃-၂၀၀၇ | တောင်ယာကုန်းကျေးရွာ၊ သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်း | အသစ် |
| [illegible] | ဓမ္မဒီပါဆုတောင်းပြည့်စေတီ | ၁၄-၃-၂၀၁၀ | ထွန်စက်ကုန်းရွာ၊ သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်း | အသစ် |
| [illegible] | သစ္စာမဏ္ဍိုင်ဆုတောင်းပြည့်စေတီ | ၃၁-၁၂-၂၀၁၄ | ဆီဆုံကုန်းကျေးရွာ၊ သာပေါင်းမြို့နယ်၊ ဧရာဝတီတိုင်း | အသစ် |
| [illegible] | ပတ္တမြားငွေစေတီရှင်<br>ဆုတောင်းပြည့်လွှမ်းစေတီ | ၁၇-၃-၁၉၉၆ | ပေါက်ကုန်းကျေးရွာ၊ ပြည်မြို့နယ်၊ ပဲခူးတိုင်း | အသစ် |
| [illegible] | လောကဥသျှောင်<br>ဆုတောင်းပြည့်စေတီ | ၁၉၉၇ ခုနှစ် | လေးတံကျေးရွာ၊ ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်း | - |
| [illegible] | အောင်မင်းခေါင်ဓာတ်ပေါင်းစုစေတီ | ကောဇာ ၁၃၁၂ | ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်း | - |
| [illegible] | ပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီ | ၁၉၉၈ ခုနှစ် | နံ့သာတောင်၊ အင်းတကော်ရွာ၊ ပဲခူးတိုင်း | - |
| [illegible] | ပြည်စုပ်စေတီ | ၁၉၉၈ ခုနှစ် | ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း | - |
| [illegible] | ဓာတ်ပေါင်းစုစေတီ | ၁၃၁၃ ခုနှစ် | ကျွန်းကုန်းကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း | အသစ် |
| [illegible] | ဓာတ်ပေါင်းစုစေတီ | ၁၃၁၀ပြည့်နှစ်၊<br>ဒုတိယဝါဆို<br>လဆန်း၁၅ရက် | ဆန်စက်ဝန်း၊ တောင်ငူမြို့၊ ပဲခူးတိုင်း | - |
| [illegible] | ရွှေမင်းဝံဒီပါဆုတောင်းပြည့်စေတီ | ၂၅-၁-၂၀၁၂ | အောက်သောင်မြို့ကျေးရွာ၊ သနပ္ပင်မြို့နယ်၊ ပဲခူးတိုင်း | အသစ် |
| [illegible] | အနန္တသုခဆုတောင်းပြည့်စေတီ | ၂၆-၂-၂၀၁၃ | ရွှေလှေစုကျေးရွာ၊ သနပ္ပင်မြို့နယ်၊ ပဲခူးတိုင်း | အသစ် |
| [illegible] | ဓမ္မစေတီ | ၁၁-၇-၂၀၁၄ | ဓမ္မသိဂီရွာသာကြီးကျောင်းတိုက်၊ ဒေးစွန်ပါ၊ ပဲခူးတိုင်း | အသစ် |
| [illegible] | စူဠာမဏိစေတီ | ၃၀-၄-၂၀၀၂ | ပျဉ်းမနားမြို့၊ မန္တလေးတိုင်း | အသစ် |
| [illegible] | ဇမ္ဗူထွန်းထိပ်ခေါင်<br>ဆုတောင်းပြည့်စေတီ | ၁၁-၉-၂၀၀၁ | မရမ်းခြံရပ်၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း | အသစ် |
| [illegible] | ခြသေ့ံခံစေတီ | ၂၅-၁၂-၂၀၀၉ | ။ | - |
| [illegible] | မေတ္တာဓမ္မရာဇာစေတီ | ၁၂-၈-၂၀၀၃ | ပျဉ်းမနားမြို့၊ မန္တလေးတိုင်း | - |
| [illegible] | ဆုတောင်းပြည့်စေတီ | ၂၅-၇-၂၀၁၄ | (---) ကျေးရွာ၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း | - |
| [illegible] | ရွှေမင်းဝံအောင်မြေ<br>ဆုတောင်းပြည့်စေတီ | ၁၉-၁၁-၂၀၀၅ | ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်း | အသစ် |
| [illegible] | ဇမ္ဗူဒီပါမာန်အောင်<br>ဆုတောင်းပြည့်စေတီ | ၁၃-၄-၂၀၀၈ | မုန်တိုင်ကျေးရွာ၊ သဲတောကျောင်းတိုက်၊ မိတ္ထီလာမြို့ | အသစ် |
| [illegible] | အောင်ဗိန္ဒိဒ်ဆုတောင်းပြည့်စေတီ | ၃-၅-၂၀၀၄ | ဇရပ်ကုန်းကျေးရွာ၊ မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်း | ပြုပြင် |
| [illegible] | စင်မြင့်ရွာဆုတောင်းပြည့်စေတီ | ၅-၈-၁၉၉၉ | စင်မြင့်ရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း | ပြုပြင် |
| [illegible] | ပြည်တော်ဝင်ဆုတောင်းပြည့်စေတီ | ၂၀-၁-၁၉၉၉ | တောင်လုံးလှကျောင်းတိုက်၊တောင်ဦးရွာ၊ကျောက်ပန်းတောင်း | အသစ် |

www.burmeseclassic.com

| စဉ် | ဘုရားဘွဲ့အမည် | ပန္နက်တင် မင်္ဂလာနေ့ | အရပ်ဒေသ | မှတ်ချက် |
|---|---|---|---|---|
| ၆၃ | တောင်ပေါ်စေတီ (၁) | ၁၉၉၉ ခုနှစ် | တောင်လုံးလှကျောင်းတိုက်၊တောင်ဦးရွာ၊ကျောက်ပန်းတောင်း | ပြုပြ |
| ၆၄ | တောင်ပေါ်စေတီ (၂) | ၁၉၉၉ ခုနှစ် | တောင်လုံးလှကျောင်းတိုက်၊တောင်ဦးရွာ၊ကျောက်ပန်းတောင်း | ပြုပြ |
| ၆၅ | အောင်တော်မူစေတီ | ၁၈-၁၁-၂၀၀၆ | ဩဇာခြံတောရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်း | ပြုပြ |
| ၆၆ | ဖောင်တော်ဦးစေတီ | ၁၆-၄-၂၀၀၁ | မင်းကျောင်း၊ ရိုးတဲရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်း | အသ |
| ၆၇ | တောင်ပေါ်စေတီ (၁) | ၁၆-၄-၂၀၀၁ | မင်းကျောင်း၊ ရိုးတဲရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်း | ပြုပြ |
| ၆၈ | တောင်ပေါ်စေတီ (၂) | ၁၆-၄-၂၀၀၁ | မင်းကျောင်း၊ ရိုးတဲရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်း | ပြုပြ |
| ၆၉ | ကောင်းမှုကန်ဆုတောင်းပြည့်ဘုရား | ၁-၇-၂၀၀၁ | ကောင်းမှုကန်ရွာ၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း | အသ |
| ၇၀ | တစ်ဝက်ကန်ဆုတောင်းပြည့်ဘုရား | ၂၀-၁-၁၉၉၉ | စင်မြင့်ရွာ၊တောင်လုံးလှကြား၊ကျောက်ပန်းတောင်းမြို့၊မန္တလေး | အသ |
| ၇၁ | အောင်ဇမ္ဗူဒီပါဆုတောင်းပြည့်စေတီ (ပေါ်တော်မူစေတီ) | ၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း(၁)ရက် | ဆင်ကျုံးကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်း | အသ |
| ၇၂ | မယာလွမ်းစေတီ | ။ | ။ | အသ |
| ၇၃ | တောင်ပေါ် (၁၃) ဆူ ဆုတောင်းပြည့်စေတီများ | ။ | ။ | ပြုပြ |
| ၇၄ | ရွှေမင်းဝံဆုတောင်းပြည့်စေတီ | ၁၆-၁၁-၂၀၀၅ | သဲကုန်းကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း | အသ |
| ၇၅ | ဒီပါရုံဆုတောင်းပြည့်စေတီ | ၅-၂-၂၀၁၂ | စည်ပင်ကျေးရွာ၊ ကျောင်းပန်းတောင်းမြို့ | အသ |
| ၇၆ | ပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီ | ၁၁-၈-၂၀၀၁ | ပြက္ခရွှေတောင်၊ မြစ်သားမြို့၊ မန္တလေးတိုင်း | အသ |
| ၇၇ | ဖောင်တော်ပဲ့ဆုတောင်းပြည့်စေတီ | ၉-၂-၂၀၀၆ | မန္တလေးမြို့ | ပြုပြ |
| ၇၈ | အန္တသုခဆုတောင်းပြည့်စေတီ | ၂၉-၃-၂၀၁၅ | ဘော်ရွာ၊ ပြင်ဦးလွင်မြို့ | ပြုပြ |
| ၇၉ | စလေဆုတောင်းပြည့်စေတီ | ၉-၁၂-၁၉၉၆ | ဓာတ်မြေဩဇာစက်ရုံ၊ စလေမြို့၊ မကွေးတိုင်း | - |
| ၈၀ | သစ္စာမဏ္ဍိုင်ဆုတောင်းပြည့်စေတီ | ၇-၂-၂၀၁၂ | ပင်းမြို့ဟောင်း၊ နတ်မောက်မြို့၊ မကွေးတိုင်း | အသ |
| ၈၁ | အောင်မင်းခေါင်ကြီးကပ်ကျော်စေတီ | ၁၃၁၃ ခုနှစ် | မော်လမြိုင်မြို့၊ မွန်ပြည်နယ် | - |
| ၈၂ | ဓမ္မဒီပါဆုတောင်းပြည့်စေတီ | ၁-၃-၂၀၀၈ | ။ | အသ |
| ၈၃ | လေးကျွန်းဒီပါဆုတောင်းပြည့်စေတီ | ၁-၅-၂၀၁၂ | မူဆယ်မြို့၊ ရှမ်းပြည်နယ် | ပြုပြ |
| ၈၄ | ဇမ္ဗူတခင်ဆုတောင်းပြည့်စေတီ | ၁၆-၃-၂၀၁၃ | သစ်တောရှုခင်းသာ၊ မအူတောင်ကုန်း၊ နတ်စင်ထိပ်၊ အလောင်းတော်ကဿပ | အသ |
| ၈၅ | ရွှေမင်းဝံဒီပါဆုတောင်းပြည့်စေတီ | ၃၀-၅-၂၀၁၅ | သိဒ္ဓိအောင်ကျောင်းတိုက်၊ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ရန်ကုန် | အသ |
| ၈၆ | ဇမ္ဗူဒီပါဆုတောင်းပြည့်စေတီ | ၁၀-၁-၂၀၁၆ | ကျောင်းစိုးကျေးရွာ၊ ပဲနွယ်ကုန်းမြို့၊ ပဲခူးတိုင်း | အသ |
| ၈၇ | ဇမ္ဗူထွက်းဆုတောင်းပြည့်စေတီ | ၂-၃-၂၀၁၆ | မြင်းတွင်းရွာနှင့်ရွာတော်ရွာကြား၊ ကလေးအုပ်စု၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်း | အသ |
| ၈၈ | ဇမ္ဗူအောင်ဆုတောင်းပြည့်စေတီ | ၄-၁၂-၂၀၁၆ | ပဏ္ဍိတာရုံကျောင်း၊ ရွှေလှေကျင်းကျေးရွာလှအုပ်စု၊ အမာမြို့နယ်၊ ဖျာပုံခရိုင်၊ ဧရာဝတီတိုင်း | အသ |
| ၈၉ | ဒီပါရုံဆုတောင်းပြည့်စေတီ | ၂၆-၁-၂၀၁၇ | မြစ်ကျိုးရွာ၊ ငရုတ်ကောင်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း | အသ |
| ၉၀ | ဒီပါထူးဆုတောင်းပြည့်စေတီ | ၁၉-၂-၂၀၁၇ | ကျားအောင့်တောင်၊ ကညင်တိုင်းကျေးရွာ၊ လေးမျက်နှာမြို့နယ်၊ ဧရာဝတီတိုင်း | အသ |

**မှတ်ချက်**

(၁) ဘုရားအသစ်တည်ခြင်း (၄၈) ဆူ
(၂) ဘုရားအဟောင်းပြုပြင်ထီးတင် (၄၂) ဆူ
(၃) ဒီပါဘုရား (၁၂) ဆူ



www.burmeseclassic.com1

www.burmeseclassic.com

အရှေ့မြို့နယ် ရွာသာကြီးရွာတွင် ကျင်းပကြပါသည်။ အဘ၏သားသမီးများက ဦးဆောင်ဦးရွက်ဖြင့် ပြည်တော်ဝင်ပွဲ ကျင်းပခြင်း ဖြစ်ပါသည်။ ကျင်းပကြသော အဘ၏သားသမီးများ ရွာသာကြီး ရွာ ဘုန်းကြီးကျောင်းသို့ ရောက်လာကြ၏။ အားလုံးရပ်ကြပြီး အဘကို မြင်းပေါ်မှ တွဲချရ၊ အဘနေထိုင်ရာကျောင်းပေါ်သို့တက်သွား၏။ အဘအား ထိုင်ခုံပေါ်တွင်ထိုင်ပြီး ခေတ္တခဏနားနေစဉ် ကြိုဆိုရေးအဖွဲ့များ ကျောင်းပေါ်သို့ တက်ရောက်နေရာယူကြ၏။ အားလုံး စုံလင်သောအခါ အဘအား ညီညာဖြဖြ ကန်တော့ကြပါသည်။ အဘပေးသော ဆုကိုယူကြပြီး သာဓုအနုမောဒနာ(၃)ကြိမ်ခေါ်ဆိုပြီး အခမ်းအနားပြီးဆုံးလေသည်။

မကြာမီ အသံချဲ့စက်မှအော်၍ ပင့်ဖိတ်သံကို ကြားရလေသည်။

"အဘကိုချစ်ခင် စိတ်ကောင်းဝင်ကြသော အဘ၏သားသမီးများခင်ဗျား၊ အဘပြည်တော်ဝင်ပွဲကို ကြွရောက်လာကြသော ပရိသတ်အပေါင်းတို့ခင်ဗျား၊ ညေခံရေးမဏ္ဍပ်မှာ ဒံပေါက်ထမင်း သုံးဆောင်ရန် ကြွရောက်ကြဖို့ လေးမြတ်စွာ ဖိတ်ကြားအပ်ပါတယ် ခင်ဗျား"

အဘသည် ဆေးရုံမှဆင်းပြီး ရွာသာကြီးရွာသို့ပြန်လာ၏။ ရွာအဝင်တွင် မြင်းစီးပြီး ပြည်တော်ဝင်ခဲ့လေ၏။ အဘသည် ဆေးရုံမှဆင်းလာသော ရုပ်ခန္ဓာကို အသက်ဆက်ဖို့ ဝိဇ္ဇာဌာနေ အလုံပြည်မှ လူ့ပြည်သို့ နာမ်ခန္ဓာဖြင့် ပြည်တော်ဝင်ခဲ့လေပြီ။ပြည်တော်ဝင်ပွဲကျင်းပပြီးနောက် အဘ၏ကျန်းမာရေးအခြေအနေမှာ သိသိသာသာ ကောင်းမွန်သွားလေ၏။ ဘာရောဂါမှမရှိ ပကတိ ကြည်လင်နေပါတော့သည်။ သာသနာပြုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါသည်။ ဆရာဝန်များ၊ ပါရဂူများ ခေတ်မီသိပ္ပံနည်းဖြင့် ကုသ၍မနိုင်သော အဘ၏ရောဂါဝေဒနာမှာ ယခုအခါ ပိန်းကြာရွက်မှာ ရေမတင်သကဲ့သို့ လုံးဝပျောက်ကင်းနေပါသည်။ ကျွန်ုပ်သည် အဘကို ကန်တော့ပြီး ပဋိသန္ဓာရ နှုတ်ဆက်လိုက်ပါသည်။

"အဘနေကောင်းသွားပြီပဲ"

"အေးအေး-နေကောင်းသွားပါပြီ၊ မင်းကို ငါပြောစရာရှိတယ်"

"ဟုတ်ကဲ့ အဘ"

"မင်း ငါ့ကို လူတတ်ကြီးလုပ်ပြီး လျှောက်တာ မှတ်မိသေးလား"

"မှတ်မိပါတယ် အဘ"

"သားသမီးတွေရဲ့ဆန္ဒတော့ပြည့်ပြီပေါ့ကွာ"

"ဝမ်းသာပါတယ် အဘ"

"အကြောင်းအကျိုးညီညွတ်လို့သာ အခုလိုပြန်လာဖြစ်တာ"

"ဟုတ်ကဲ့ အဘ"

"နောက် မင်း ငါ့အကြောင်းတွေ လျှောက်မရေးနဲ့။ မင်းဖွတာအကြောင်း မဟုတ်ဘူး၊ ငါပင်ပန်းတယ်"

"အဘအကြောင်းကို သားရေးတာက တကယ့်အဖြစ်အပျက်အမှန်ကို မှတ်တမ်းတင်ထားတာပါ။ ဘာမှလုပ်ကြံပြီးရေးထားတာမရှိဘူး။ နောင်တစ်ချိန် အဘမရှိရစ် ငါတို့အဘ လူ့ပြည်ကိုလာသွားတာပဲလို့သိရအောင်ရေးတာပါ"

"မှတ်တမ်းမို့ ငါခွင့်ပြုတာပါ။ လူတွေများရင် ငါမကြိုက်ဘူး"

"အဘအောင်မင်းခေါင်က ဒီမှာပါလို့ လက်ဆွဲပြလည်း မယုံတဲ့သူက မယုံဘူး။ သားသမီးတွေ၊ အဘကို ကိုးကွယ်တဲ့သူတွေ မြန်မာပြည်မှာ အများကြီးပဲ။ ဒီမှာ မင်းတို့အဘရောက်နေတယ်၊ လူ့ပြည်မှာရှိတယ်လို့ပြောလည်း ယုံတဲ့သူ သိပ်မရှိဘူး။ အခု အဘနားမှာရှိတာ အဘရဲ့ ဒုတိယမျိုးဆက်သစ် သားသမီးတွေပဲသိကြတာပါ"

"အေးကွာ မသိတာ၊ မယုံတာဘဲ ကောင်းတယ်။ ငါလည်း လွတ်လွတ်လပ်လပ်သာသနာပြုလို့ရတယ်"

"ဟုတ်ကဲ့ အဘ"

ကျွန်ုပ်သည် အဘအောင်မင်းခေါင်နှင့်တွေ့ဆုံပြီး အဘကို ရှိခိုးကန်တော့၍ပြန်လာခဲ့၏။ 'မင်းငါ့အကြောင်းတွေ လျှောက်မရေးနဲ့' ဟု ပြောဆိုဆုံးမခဲ့၏။ သို့သော် အဘကို ဖူးချင်သူများ၊ အဘနှင့် ပဋ္ဌာန်းဆက်ရှိကြသူများ အဘအကြောင်းလေးသိကြပါစေ၊ ဖူးတွေ့နိုင်ကြပါစေ၊ သားသမီးနဲ့ မိဘ ပြန်လည်တွေ့ဆုံကြပါစေလို့ ဆန္ဒတွေဖြစ်ပေါ်လာပါသည်။ ဒုတိယအကြိမ် လူ့ပြည်လူ့ဌာနမှ (ဝိဇ္ဇာဌာနသို့) ပြန်ကြွဖို့ အချိန်အလွန်နီးနေလေပြီ။ အဘပြန်မကြွခင်၊ အဘ လူ့ပြည်မှာရှိစဉ် အဘ သားသမီးအရင်းများ ဖူးတွေ့နိုင်ပါစေဟု မေတ္တာထားလျက် ရေးသားလိုက်ရပါသည်။

အလ္လာဝါလှိုင်း
(ခေတ္တ-နေပြည်တော်)

# နတ်မောက်မင်းသန့်နိုင်
# လေငန်း လေဖြန်း
# ဤဆေးစွမ်း

နတ်မောက်မြို့နယ် ရွှေပုံရွာမှ ရှေးမြန်မာဆေးဆရာကြီးဦးညိုမှ မေတ္တာဒါနပြောပြပေးသော ဆေးနည်းတင်ပြလိုပါသည်။ ဆရာညိုမှ ပြောပြခဲ့သည်မှာ (၇)နှစ်ခန့်ရှိခဲ့ပြီဖြစ်ပြီး လက်တွေ့အသုံးပြုခဲ့သည်မှာ (၂) နှစ်ခန့်ရှိပါပြီ။ အမှန်တကယ် အစွမ်းထက်သဖြင့်လည်း ရေးသား တင်ပြအပ်ပါသည်။

ဆေးနည်းမှာ အလွယ်မှတ်သားနိုင်ရန် အောက်ပါအတိုင်း လင်္ကာအဆိုလေး ဖြစ်ပါသည်။

'ကျီးလေးကောင်
နွယ်နဲ့ဆောင်
ကင်၊ ကြောင်နဲ့ဖက်
ဆေးစွမ်းထက်' ဟူ၍ဖြစ်ပါသည်။

'ကျီးလေးကောင်' ဆိုသည်မှာ -

၁။ ခပေါင်းကြီးမြစ်
၂။ လက်ထုတ်ကြီးခေါက်
၃။ သက်ရင်းကြီးမြစ်
၄။ သပွတ်ကြီးမြစ်တို့ဖြစ်ပြီး နှစ်ကျပ်တစ်မတ်သားစီ ယူရပါမည်။

'နွယ်' ဆိုသည်မှာ လူတိုင်းသိသော ဆင်တုံးမနွယ်ဖြစ်ပြီး 'ကင်' မှာ ကင်ပွန်းချဉ်ရွက်ဖြစ်ကာ 'ကြောင်' မှာ ကြောင်ပန်းရွက်ဖြစ်ပါသည်။ ၎င်းဆေးအမယ်တို့ကို (၆)ကျပ်သားစီယူရပါမည်။

စုစုပေါင်း ဆေးအလေးချိန် (၂၇) ကျပ်သားဖြစ်ပြီး (၇ + ၂ = ၉) ကိုးနဝင်းကျေဖြစ်၍ ဆေးအမယ်များကို အမှုန့်ပြုရပါမည်။ ထို့နောက် ပျားရည်စစ်စစ် (၁၈) ကျပ်သားနှင့် သမအောင်မွှေထားတေထားပြီး ဖန်ပုလင်းနှင့်ထားရပါမည်။ တစ်ခါစားလျှင် (၂) ကျပ်သား (လက်ဖက်စားတစ်ဇွန်းခန့်) မနက်၊ နေ့၊ ည တစ်နေ့သုံးကြိမ်စားရပါမည်။ ရေအေး မသောက်ဘဲ ရေနွေးကြမ်းသောက်ရပါမည်။

နှုတ်လျှာအာလေးခြင်း၊ ခြေလက်မသယ်ချင်မလှုပ်ချင်ဖြစ်ခြင်း၊ စကားဝူးဝူးဝါးဝါးဖြစ်ခြင်း၊ ခေါင်းပါးရွဲ့စောင်းခြင်း အမြန်ပျောက်စေပါသည်။ ဆေးတစ်ဖုံစာအချိုးဖော်ပြခြင်း ဖြစ်ပါသည်။

နတ်မောက်မင်းသန့်နိုင်

www.burmeseclassic.com

တစ်နေ့ ဦးမြဒင် လယ်ထဲမှာ ဘယ်ကရောက်လာမှန်းမသိတဲ့မြွေတွေဟာ ဟိုနေရာတွေ့ ဒီနေရာတွေ့၊ ပျိုးထုံးတွေအောက်မှာလည်းတွေ့၊ ကောက်စိုက်နေတဲ့ရေထဲလည်း ကူးတဲ့အကောင်ကကူး၊ အားလုံးကြောက်လန့်ပြီး ကောက်ဆက်မစိုက်ရဲဘဲ ရပ်နေကြရတာပေါ့။ လယ်ပိုင်ရှင် ဒေါ်မယ်စုသိသွားတဲ့အခါ လက်ဖက်ပွဲနဲ့ ပသလို့တောင်းပန်တိုးလျှိုးလိုက်တယ်။ဘယ်ကရောက်လာမှန်းမသိတဲ့မြွေတွေ ဟိုရောက်ဒီရောက်ပျောက်သွားကြတာ အလျှိုအလျှိုပါပဲ။ ဒီတော့မှ လယ်ထဲပြန်ဆင်းရတယ်။

"ညည်းတို့ မထိလေးစားမလုပ်ကြနဲ့။ အပြောတွေအဆိုတွေသတိထား"

ဒေါ်မယ်စု၏ , စကားကြောင့် ကောက်စိုက်သမတွေကျောချမ်းသွားမိတယ်။

ဒီလိုပါပဲ တစ်ခါက လယ်ထဲမှာ ကောက်စိုက်သမ်တွေရော လယ်လုပ်သားတွေပါ ထမင်းစားကြဖို့ နားလိုက်တယ်။ လယ်ပိုင်ရှင်လိုက်ပို့တဲ့ထမင်းနဲ့ဟင်းတွေကို လယ်ထဲကတဲလေးမှာ တပျော်တပါးစားကြမယ်ပေါ့။ ငါးပိရည်အဖျော်ကောင်းကောင်းနဲ့ ခရမ်းကြွပ်သီးတွေကအတို့၊ ကန်စွန်းရွက်ချဉ်ရည် ငါးမျက်ဆံနီရေချိုဟင်းလေးနဲ့ ထမင်းမြိန်စရာပါ။ အားလုံးအတွက် ဟင်းထမင်းများပြင်ဆင်ခဲ့ပြီးခဲ့ပြီ။

"ကဲ - လာကြဟေ့ အားလုံးပဲ ထမင်းစားရအောင်"

ကောက်စိုက်သမ်တွေနဲ့ ပျိုးထုံးအသယ်အပို့လယ်လုပ်သားတွေ ထမင်းစားကြတယ်။ ဖွန်းသံပန်းကန်သံ၊ စကားသံတွေတဖောင်ဖောင်နဲ့ ဖားပလုံးဖိတ်ညံနေတာမျိုးပါ။ လယ်ပိုင်ရှင်ဦးမြဒင်ရဲ့သမက်ကိုမိုးဦးလည်း ထမင်းစားတဲ့အထဲမှာပါနေတယ်။ စားရာမှာ သွက်လက်တဲ့ယောကျ်ားသားတွေကထမင်းထပ်ထည့်တော့မယ်။

"အစ်ကိုလေးရေ ထမင်းတွေမရှိတော့ဘူး။ ဟာ - ဟင်းတွေကော ချဉ်ရည်ဟင်းပါမရှိတာဗျ"

"ဟုတ်ရဲ့လားကွာ။ စောစောကအများကြီးကျန်သေးတယ်'

"ဟုတ်တယ် ဘာမှမကျန်တော့တာ။ ငါးပိရည်တောင်ကုန်ပြီ။ မယုံရင်လာကြည့်ပါလား"

"ဟော-ဒုက္ခပဲ။ ဘယ်လိုဖြစ်တာလဲ၊ ထမင်းမဝကြသေးဘူးလေ"

အားလုံးက ကြောင်တက်တက်။ တချို့မိန်းမသားတွေမှာ မျက်နှာလေးငယ်ငယ်နဲ့ ကြောက်ရွံ့နေကြတယ်။ လန့်လည်းလန့်စရာကြီးကိုး။

"ငါနဲ့တစ်ယောက် အိမ်ပြန်ယူမယ်။ ခဏတော့စောင့်ကြပါ"

ကိုမိုးဦး လုပ်သားတစ်ယောက်နဲ့ အိမ်ပြန်တော့ မွန်းလွဲနေပြီ။ သူတို့အမြန်အဆန်ပြန်တာပါ။ အိမ်ရောက်တော့ ပြောပြတဲ့အခါ တစ်အိမ်လုံးကလည်း အံ့ဩနေကြတယ်။ မအံ့ဩတာက ဦးမြဒင်။

"မင်းတို့တစ်ခုခုမှားတာပါကွာ"

"ကျွန်တော်တို့လည်း ထမင်းခူးပြီးတော့ဝိုင်းစားကြတာပါပဲ။ ဘာမှအများအယွင်းမလုပ်ပါဘူး။ အဲဒါအမှန်ပါ"

"နို - နေပါဦး။ ထမင်းခူးပြီးတော့ဘယ်လိုစားဖို့ခေါ်သလဲ"

"ဦးလေးကလည်း လာကြဟေ့ အားလုံးပဲ ထမင်းစားရအောင်လို့ခေါ်လိုက်တာပေါ့"

"အေး-ငါထင်သားပဲ။ မင်းတို့တစ်ခုခုမှားပါတယ်လို့။ အဲဒီလိုခေါ်တာဟာ မြေကြမ်းတဲ့နေရာမှာ မခေါ်ရဘူး။ သူတို့အားလုံးကိုဖိတ်ခေါ်သလိုဖြစ်နေတော့ ဝင်စားသွားတာပေါ့"

ကိုမိုးဦးတို့ထမင်းဟင်းတွေအသစ်ပြင်ပြီးကမန်းကတန်းပြန်သွားကြရတယ်။ တစ်ဝက်တစ်ပျက်စားထားတဲ့သူတွေ ခုမှပဲရယ်နိုင်ပြုံးနိုင်တော့တာပေါ့။ အားလုံးက အူတက်ျုတ်ကျုတ်ဆာလောင်နေကြပြီ။

"ဟုတ်တယ်၊ အစ်ကိုခေါ်တာမှားသွားတယ်။ ကျွန်မအဘပြောဖူးတာက သူတို့အမဲလိုက်သွားတုန်းက အဲဒီလိုခေါ်မိလို့ ထမင်းငတ်ခဲ့ဖူးတယ်တဲ့။ ကွင်းကြမ်းတဲ့နေရာတွေ၊ အမဲလိုက်တဲ့အခါ၊ ခရီးသွားတဲ့အခါ အဲဒီလိုမခေါ်ရဘူးလို့ ပြောဖူးတယ်။ ခုတော့ ကိုယ်တွေကြုံပြီလေ"

တစ်ယောက်တစ်ပေါက် ပြောစကားအရ အခေါ်အပြောမှားရင်လည်း ပြဿနာဖြစ်တတ်တယ်ဆိုတဲ့ ဗဟုသုတတစ်ခုရလိုက်တာပါပဲလား။ ကွင်းကြမ်းနဲ့ပတ်သက်လို့ ထိုက်လူလက်မရောက်မီက ဦးမြဒင်တို့အတွေ့အကြုံတွေပဲဆိုပါတော့။

■

ထိုက်လူက မိုက်မိုက်တိုက်တိုက်နေတတ်ပေမယ့် လယ်လုပ်တဲ့နေရာမှာ တလေးတစားပါ။ လုပ်သင့်တဲ့အလုပ်တွေအကုန်လုပ်တယ်လေ။ ယုံတာမယုံတာအပထား။ သူလယ်အလုပ်ကိုထိခိုက်မှာတော့စိုးတာအမှန်။ ဒါကြောင့်လည်း သူစလုပ်ကတည်းက ခုအထိဘာအနှောင့်အယှက်မှမတွေ့တာပေါ့။ ဒီအတိုင်းပဲ လူတိုင်းက မှတ်ချက်ပေးပါတယ်။ ကွင်းနဲ့ပတ်သက်လို့ ထိုက်လူကို ဒါမျိုးတွေယုံသလားမေးရင် ဟင့်အင်းဆိုပြီး ခေါင်းခါမယ်။ ဒါဖြင့် လိုအပ်တဲ့ဝသမှုတွေလုပ်သလားဆိုတော့ ဟုတ်ကဲ့ပါဆိုတဲ့ခေါင်းညိတ်တာတွေ့မှာပါ။ အဲဒီလိုလူစားလေ၊ မခက်လား။

ထိုက်လူ ဗွေမဖောက်တာကြာပါပကော။ အားလုံးကအံ့ဩနေတယ်။

"ဒီကောင်အရွယ်လေးရလာတော့ ထိန်းသွားတာပေါ့"

"သားသမီးတွေကြီးလာလို့ သူ့အနေနဲ့ဆင်ခြင်ရပြီလေ"

"ကျွတ်ချိန်တန်တော့လည်း ကျွတ်သွားတာပါပဲ"

သူ့ကို လူတွေအမျိုးမျိုးဝေဖန်နေပေမယ့် သူ့မိဘဆွေမျိုးတွေကတော့ ရင်ထဲကျိတ်ပြီး သာဓုခေါ်နေကြတယ်။ နို့မို့ စိတ်ညစ်ရလွန်းလို့။

ထိုက်လူမှာ အစ်မကြီးနှစ်ယောက်အပြင် သူ့အောက်က ညီမတစ်ယောက်၊ အငယ်ဆုံးက ညီကလေး။ မောင်နှမအရင်းအချာ ငါးယောက်ရှိတာမှာ ညီအစ်ကိုနှစ်ယောက်တည်းရယ်။ သူ့ညီထွေးမောင်ကို သူအချစ်ဆုံးပါ။ ပြေးကြည့်မှ ဒီနှစ်ယောက်ရှိတာ မဟုတ်လား။

ကံကြမ္မာဆိုတာက အခက်သား။ (အစိန္တိ တမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ) မကြံဘဲလည်းဖြစ်တတ်တယ်။ ကြံတိုင်းလည်း ဖြစ်ချင်မှဖြစ်တာ ပျက်စီးတတ်တယ်။

လူငယ်ဆိုတော့ လူငယ်ဘာသာဘာဝ အပေါင်းအသင်းမင်တယ်။ တောနေစရိုက်က အစားကြမ်းအသောက်ကြမ်း။ ဖားတွေ ကြွက်တွေ ငါးရှဉ့်တွေအကုန်စားတာပဲ။ မိုးဦးကျလေဦးကျ ဖားရိုက်ထွက်လေ့ရှိတယ်။ ဖားတွေရောင်းနေတာ ကြိုက်ရာအကောင်ဝယ်စားနိုင်လျက်နဲ့ အပျော်ဖားရိုက်လိုက်ကြတာတောသဘာဝ။ အပေါင်းအသင်းတွေအခါခါခေါ်တော့ သူမငြင်းသာဘူး။ သူကလည်းခပ်ပါပါဆိုတော့ သိပ်မခေါ်လိုက်ရပါဘူး။ ပါသွားတယ်လေ။ ထွေးမောင်လိုက်တဲ့နေ့မှပဲ ကံဆိုးတယ်လို့ဆိုရမယ်။ ဟိုတုန်းက သုံးယောက်ရိုက်တာ ဘာမှမဖြစ်ဘူး။ ရွာတွင်းမှာ ဖားရိုက်တာ အရင်ရက်တွေက ဟင်းစား

www.burmeseclassic.com

တစ်အိုးစာသာသာထိုးထိုးရနိုင်ပေမယ့် ခုများ နှစ်ကောင်သုံးကောင်ရယ်။ ဒါဆို သူငယ်ချင်းတွေ ဘယ်လိုချက်စားရပ့ါ။ တစ်ယောက်ကအကြံပေးတယ်။

"တို့ကွင်းစပ်ထွက်ရိုက်မယ်ကွာ"

ကွင်းစပ်ကိုကြမ်းတယ်လို့လူတိုင်း နားလည်ထားကြတော့ တွန့်သွားတယ်လေ။

"ဖြစ်ပ့ါမလားကွာ၊ ဒီကွင်းက ကြမ်းတယ်လို့တို့သိထားတာပဲဟာ"

"ဘာဆိုင်လို့တုံးကွ။ ဘယ်သူ့မှ စော်ကားတာမဟုတ်ဘူး"

နောက်ဆုံးတော့ အားလုံးသဘောတူသွားဖို့ဆုံးဖြတ်လိုက်တယ်။ ကွင်းစပ်ကို အလာအသွားနည်းလို့လားမသိဘူး ခဏလေးနဲ့ လေးငါးဆယ်ကောင်လောက် အလွယ်တကူရလိုက်တာပဲကြည့်လေ။ သူတို့အားလုံး ဝမ်းသာအားရဖြစ်သွားကြတယ်။

"နောက်လေး၊ ငါးကောင်လောက်ရရင်တော်ပြီကွာ။ ပြန်ကြမယ်"

တစ်ယောက်၏ ပြောစကားကို အလေးထားသဘောတူလို့ ဆက်ရိုက်နေကြတုန်းမှာပဲ အော်သံတစ်သံကကျယ်ကျယ်လောက်လောင် သူတို့လူစုထဲက ပေါ်ထွက်လာတယ်။

"အောင်မလေး"

သူတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း တဖြည်းဖြည်း ခြေထောက်ကိုင်ရင်းလဲသွားတဲ့ ထွေးမောင်ကို အလန့်တကြား တွေ့လိုက်ရတယ်။ အားလုံးက ပါးစပ်အဟောင်းသား။ သူတို့တွေမျက်လုံးပြူးမျက်ဆန်ပြူးနဲ့ ထွေးမောင်ကို ကျန်းမာရေးမှူးအိမ်ခေါ်သွားပြီး ကျန်းမာရေးမှူးက ကြိုတင်ပြုစုနေတဲ့အချိန်မှာ မိသားစုတွေကို အကျိုးအကြောင်းပြောသူကပြောနှင့် အားလုံးအလုပ်ရှုပ်သွားကြတာပေ့ါ။

နောက်ဆုံး ကိုသာရှင်းကားနဲ့ မြို့ဆေးရုံပို့လိုက်ရတယ်။ အသေအပျောက်လောလောဆယ်မဖြစ်သေးပေမယ့် စိတ်ချရအောင် တစ်ပတ်လောက်ထားရမယ်လို့ဆေးရုံကပြောလိုက်တာပါ။

"တောက်. . ."

ထိုက်လူရဲ့ ကျယ်ကျယ်လောင်လောင်တောက်ခေါက်သံကြောင့်အနီးအနားမှာရှိနေတဲ့လူတွေတောင် လန့်ဖျပ်သွားကြတယ်။သူတစ်ခုခုကိုအကြီးအကျယ်စိတ်ဆိုးနေတာလည်းသိသာလွန်းသလားလို့။အသားတွေတဆတ်ဆတ်တုန်အောင်ဒေါသဖြစ်တာပါ။ သူဒေါသကြီးတတ်တာလည်း အားလုံးက သိပြီးသား။ မျက်နှာတစ်ခုလုံးနီရဲပြီးနေတော့တယ်။

သူ ထွေးမောင်ကိုအချစ်ဆုံး။ သူ့ညီလေး နာမည်ကြီး သုသာန်အစပ်ကွင်းကြမ်းမှာ ပိုးထိရတယ်လို့။ ဘာအမှားအယွင်းမှလဲမလုပ်ခဲ့ပါဘူးဆိုပြီး ပါသွားတဲ့အပေါင်းအသင်းတွေအားလုံးကကျိန်တွယ်ပြောကြတာကို ဆွေဆွေမျိုးမျိုးအားလုံးအကြား။ ပြီးတော့ ထွေးမောင်က ကလေးသာသာ၊ လူပျိုကာလသားပေါက်ပေမယ့် မိန်းမတောင်ပိုးတတ်သေးတာမဟုတ်ဘူး။ ကလေးနေကလေးစားကလေး ပီဘိအရွယ်လေးမှ ဒီလိုဖြစ်ရတယ်ဆိုတော့ သူဒေါသဖြစ်ခဲ့တာလွန်သလား။ အကောင်အထည်ပြနိုင်တဲ့လူသားယောကျ်ား၊ မိန်းမဆိုရင် အသက်ချင်းပဲလဲရလဲရ။ အခုတော့ မမြင်နိုင်တဲ့ပုဂ္ဂိုလ်၊ မမြင်ရတဲ့ပုဂ္ဂိုလ်။ ဒီကွင်းကိုပိုင်စိုးတဲ့ကွင်းပိုင်လေ။ သူ့ရဲ့အကြိုက် တရားမရှိတဲ့လုပ်ရပ်ကြောင့် တစ်ဖက်သားမှာသေကောင်ပေါင်းလဲခံစားနေရတာတော့ လွန်တာပေ့ါ။ဒါလောက်မဖြစ်သင့်ပါဘူး။ မဖြစ်ကောင်းပါဘူး။ အခုထက်ထိဆေးရုံက မဆင်းနိုင်သေးတာဘဲကြည့်လေ။

ထိုက်လူရဲ့ မိုက်သွေးတွေကြွလာတယ်။ ဒေါသတွေကမီးလိုတောက်လာတယ်။ သူ့ညီအတွက် ခံပြင်းစိတ်တွေတဖွားဖွားပါပဲ။ ထိုက်လူတစ်စုံတစ်ခုကိုဆုံးဖြတ်လိုက်တယ်။ သူတမူကြီးအရက်သောက်ပြီး ပုလင်းတစ်လုံးလည်း ခါးကြားထိုးလို့ လက်နှိပ်ဓာတ်မီးတစ်ဖက်ဓားတစ်လက်ကတစ်ဖက်နဲ့ အဲဒီကွင်းစပ်သုသာန်နားအထိသွားခဲ့တယ်။ သူဘာလုပ်မယ်ဘယ်လိုဆိုတာမပြောလေတော့ ဘယ်သူမှလဲမသိရဘူးပေ့ါ။ ထိုက်လူအရက်ပုလင်းနဲ့ လက်နှိပ်ဓာတ်မီးကိုဘေးမှာအသာချလိုက်တယ်။သူ့လုပ်ငန်းစပါပြီ။

"မင်းတို့ကပဲကြမ်းနိုင်မလား၊ ငါကပဲရမ်းနိုင်မလား ကြည့်ကြသေးတာပေ့ါကွာ"

ပြောပြောဆိုဆို လက်ထဲက ဓားနဲ့နတ်စင်ကို ခုတ်ထစ်ပြီး ညောင်ရေအိုးတွေ၊ ဖန်ခွက်တွေပေါက်ခွဲပစ်တယ်။ ရုပ်တုတွေကိုလည်း ခုတ်ပိုင်းထားတာရစရာမရှိဘူး။ မြင်သူတစ်ယောက်ပြေးပြောလို့ ရပ်ရွာလူကြီးတချို့လိုက်လာပေမယ့် နောက်ကျသွားပါပြီ။

လူကြီးတွေရောက်လာတဲ့အချိန်မှာ နတ်စင်တစ်ခုလုံး ဗုန်းဗုန်းလဲနေပြီပဲ။ လူကြီးတွေလည်း မပြောသာတော့ဘူးပေ့ါ။ စိတ်ပျက်လက်ပျက်ဖြစ်မိတယ်။

"ကဲ-မောင်ထိုက်လူ မင်းလုပ်ချင်တာတွေလုပ်ပြီးပြီပဲကွာ။ အိမ်ပြန်တော့နော် ပြန်ပါကွာ တောင်းပန်ပါတယ်"

သူက လူကြီးတွေရဲ့စကားကို တဟားဟားရယ်လိုက်တယ်။

"ကျွန်တော်က ဒီညပြန်ဖို့လာတာမဟုတ်ဘူး။ သူတို့ကိုရန်စစိန်ခေါ်ချင်လို့လာခဲ့တယ်။ မကျေနပ်ရင် ဒီညကျွန်တော့်ကိုလုပ်လိုက်။ မနက်မိုးလင်းရင်တော့ ကျွန်တော်နိုင်သွားပြီလေ"

"ဒီလိုမလုပ်ကောင်းပါဘူးကွာ။ ငါ့တူပြန်ပါနော်"

"ကျွန်တော်က ဆုံးဖြတ်ချက်ကို မပြင်တတ်ဘူး။ သူတို့ကို တစ်ပွဲတစ်လမ်း အကဲစမ်းချင်တယ်။ စိန်ခေါ်တယ်ဗျာ"

ပြောမရတဲ့အဆုံး လူကြီးတွေခေါင်းတယမ်းယမ်းနဲ့ ပြန်သွားတာပါ။ တစ်ယောက်စကားတစ်ယောက်နားပြန့်သွားလို့ တစ်ရွာလုံးက သူ့စိန်ခေါ်မှုကို စိတ်ဝင်စားနေကြတယ်။

■

တစ်ညဆိုတာကလည်း နာရီနဲ့တွက်ရင် (၁၂) နာရီပဲရှိတာမဟုတ်လား။ မိုးမလင်းတလင်းမှာလာကြည့်တဲ့လူတွေတောင်ရှိသေး။ ခပ်လှမ်းလှမ်းကကြည့်တော့ ထိုက်လူ အုတ်ဂူတစ်လုံးပေါ်မှာ ဓားနဲ့ လက်နှိပ်ဓာတ်မီးဘေးချအိပ်နေတယ်။

"အဲဒါပဲကွ၊ လူကြမ်းတော့ နတ်ကြမ်းမခံနိုင်တဲ့။ စကားပုံတောင်ရှိသေးတာ။ ထိုက်လူတို့ကတော့ စံပဲဟေ့။ ကွင်းပိုင်ကိုစိန်ခေါ်တဲ့လူစား"

ခုနစ်နာရီလောက်မှာ ထိုက်လူရဲ့သားချင်းတွေလိုက်လာကြပြီး သူတို့အနားအထိကပ်သွားကြတယ်။ ထိုက်လူအိပ်နေတာမဟုတ်ဘူး။ အသက်မှမရှိတော့ဘဲ တစ်ကိုယ်လုံးလည်း ပြာနှမ်းလို့။ သူသေဆုံးရတဲ့အဓိကအချက်ဟာ ခြေခွကြားမှာ မြွေစွယ်ရာနှစ်ခု။ သွေးတွေခြောက်နေပြီလေ။ ညက မိုးလည်းရွာထားတော့ တစ်ကိုယ်လုံးလည်းရွှဲလို့စိုလို့ရှိနေပါတယ်။မတော်တဆမြွေကိုက်တာလား။ ဒါမှမဟုတ် ကညင်ပင်မောင်နှမကွင်းပိုင်တွေရဲ့ ပယောဂကြောင့်လား ဆိုတာကိုတော့ အတိအကျမပြောပြနိုင်တာအမှန်။

သဗ္ဗေသတ္တာကမ္မသကာ

မြို့သစ်

www.burmeseclassic.com1

www.burmeseclassic.com

# လှမိုး(ပညာရေး)
## နိုင်ငံမြင့်ကမ်းမှလှမ်းရိပ်သာ
### (အခန်းဆက်ဆောင်းပါး)

*(ယခင်လမှအဆက်)*

(၁၀)

၁၉၃၃ ခု၊ ဇန်နဝါရီလ ၁၇ ရက်နေ့ နံနက်စောစောတွင်မူ ဒေါ်ရော်သီအယ်ဒီသည် လန်ဒန်မြို့ ခဲ့ရင်ကရော့(စ်)စကွဲယားလမ်းရှိ အရှေ့တိုင်းသားရေကြောင်းသွားလာရေးကုမ္ပဏီသို့သွားရောက်၍ အီဂျစ်နိုင်ငံသို့သွားရောက်ရန် လက်မှတ်ဝယ်ယူရန်စီစဉ်ခဲ့၏။ ထိုနေ့မှာ ထူးထူးဆန်းဆန်း ဇန်နဝါရီလ၏ စွတ်စိုသောနံနက်ခင်းဖြစ်သည်။ ဇလဗေဒဌာန၏ ထုတ်ပြန်ထားသော ကြေညာချက်အရ အချိန်ခါမဲ့ မိုးသက်မုန်တိုင်းသည် အင်္ဂလန်နိုင်ငံတောင်ပိုင်းအားဖြတ်ကျော်ဝင်ရောက်မည် ဖြစ်သည်။ နံနက်စောစောကပင် တစိမ့်စိမ့်ရွာနေသောမိုးသည် နံနက်(၉)နာရီထိုးသည်နှင့် မာန်တင်၍ သည်းသည်းထန်ထန်ရွာလာသည်။မိုးလုံးပတ်လည် မည်းမှောင်လျက်ရှိသကဲ့သို့ မိုးသက်လေကလည်း တဝီဝီအော်မြည်လျက်ရှိသည်။

ဤကဲ့သို့ လေထန်မိုးသည်းသောနံနက်ခင်းတွင် ဒေါ်ရော်သီအယ်ဒီသည် အငှားမော်တော်ကားတစ်စင်းဖြင့် ခဲ့ရင်ကရော့(စ်)စကွဲယားပန်းခြံလမ်းရှိ အရှေ့တိုင်းသားရေကြောင်းသွားလာရေးကုမ္ပဏီသို့ထွက်လာခဲ့သည်။ မာဂျစ်ထံသို့လည်း သူတို့နှစ်ယောက် ကိုင်ရိုမြို့တွင်လက်ထပ်ရန်အစီအစဉ်များနှင့် မာဂျစ်ကိုယ်တိုင် ပို့ဆက်မြို့ဆိပ်ကမ်းမှ ကြိုဆိုရမည့်အကြောင်းများကိုစာရေးသားပေးပို့ထားပြီးဖြစ်သဖြင့် သိရှိပြီးဖြစ်နေသည်။ ထိုစဉ်က အရှေ့တိုင်းသားရေကြောင်းသွားလာရေးကုမ္ပဏီ၏ လူစီးကုန်တင်သင်္ဘောများသည် အင်္ဂလန်နိုင်ငံ ဆောက်သန်ပတန်ဆိပ်ကမ်းမှ တရုတ်ပြည်ရှိ ဗြိတိသျှကိုလိုနီဖြစ်သော ဟောင်ကောင်မြို့အထိ ပြေးဆွဲလျက်ရှိကြသည်။

ထိုစဉ်က အင်္ဂလန်နိုင်ငံမှ အာရှတိုက်ရှိ ဗြိတိသျှအစိုးရပိုင် ကိုလိုနီနိုင်ငံများအကြားပြေးဆွဲနေသောသင်္ဘောများတွင် အရှေ့တိုင်းရေကြောင်းသွားလာရေးကုမ္ပဏီပိုင်သင်္ဘောများမှာ ဆက်ဆံရေး၊ လုံခြုံရေး၊အစားအသောက်အထူးကောင်းမွန်သည်ဟုဆိုကြသဖြင့် ခရီးသည်များအားထားသော သင်္ဘောများဖြစ်၏။ မာဂျစ်ကလည်း ယင်းကုမ္ပဏီပိုင်သင်္ဘောဖြင့်သာလိုက်ပါလာရန် စာရေးသားခဲ့သဖြင့် ဤသင်္ဘောကုမ္ပဏီပိုင် သင်္ဘောတစ်စင်းဖြင့် အီဂျစ်နိုင်ငံသို့ သွားရောက်ရန် စီမံထားခြင်းဖြစ်သည်။ ခရီးစဉ်လမ်းညွှန်စာတန်းအရ အင်္ဂလန်နိုင်ငံ ဆောက်သန်ပတန်ဆိပ်ကမ်းမှ အီဂျစ်နိုင်ငံ ပို့ဆက်မြို့အထိ (၁၀) ရက်ခန့်ကြာမြင့်မည်ဖြစ်သည်။ ဒေါ်ရော်သီအဖို့ ထူးထူးခြားခြား စိတ်တုန်လှုပ်ရသောရက်များဖြစ်၏။



www.burmeseclassic.com1

www.burmeseclassic.com

ဇန်နဝါရီလ ၂၆ ရက်၊ ညနေ (၆) နာရီအချိန်တွင် အရှေ့တိုင်းရေကြောင်းသွားလာရေးကုမ္ပဏီပိုင် ဝိတိုရိယသင်္ဘောကြီးထွက်ခွာမည့် ဆောက်သန်ပတန်ဆိပ်ကမ်းတွင် လူစည်ကားလျက်ရှိသည်။ အင်္ဂလန်နိုင်ငံသားများ၊ ဥရောပတိုက်သားများ၊ ပြင်သစ်နိုင်ငံသားများ၊ အာဖရိကတိုင်းရင်းသားများ၊ အိန္ဒိယအမျိုးသားများနှင့် တရုတ်အမျိုးသားများ ပျားပန်းခပ်လှုပ်ရှားနေကြသည်။

ဗြိတိသျှပိုင် ကိုလိုနီနိုင်ငံများသို့ သွားရောက်ကြမည့် အစိုးရအမှုထမ်းများ၏မိသားစုများ၊ ဗြိတိသျှပိုင် ကိုလိုနီနိုင်ငံများတွင် အခြေချနေထိုင်ခဲ့ကြသော စီးပွားရေးလုပ်ငန်းရှင်ကြီးများပိုင်ဆိုင်သည့်သစ်ထုတ်လုပ်ရေးကုမ္ပဏီမှဝန်ထမ်းမိသားစုများ၊ ဓာတ်သတ္တုတူးဖော်ရေးနှင့် ရေနံကုမ္ပဏီများတွင် အမှုထမ်းကြသောဝန်ထမ်းများနှင့် မိသားစုများ စုဝေးရောက်ရှိနေကြပြီး ဝမ်းသာအားရ နှုတ်ဆက်ကြစကားပြောကြသည်။ အချို့မိသားစုများအား ပို့ဆောင်နှုတ်ဆက်ကြသူများမှာလည်း ရက်၊ လကြာရှည်ခွဲခွာရတော့မည်ဖြစ်၍ သောကဝေဒနာအဖြာဖြာကြောင့် စကားမပြောနိုင်ကြ။

ဒေါ်ရော်သီအယ်ဒီကိုမှ သူမိသားစုများမှလိုက်၍ပို့ဆောင်နှုတ်ဆက်မည့်သူတစ်ဦးတစ်ယောက်မှမရှိကြသော်လည်း အီဂျစ်ဗြိတိသျှမိတ်ဆွေဖြစ်အသင်းမအမ



www.burmeseclassic.com1

www.burmeseclassic.com

ဆောင်အချို့နှင့် စာနယ်ဇင်းလောကမှ သူနှင့်ရင်းနှီးသော မိတ်ဆွေများကမူ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ သူ့အဖို့ စိတ်ဓာတ်ကြံ့ခိုင်သူ၊ ခေါင်းမာသူ အမျိုးသမီးတစ်ဦးဖြစ်သော်လည်း အမှန်တကယ် သူ့အားမွေးဖွားခဲ့သည့် ဇာတိမြေနှင့်မိသားစုများ၊ မိတ်ဆွေအပေါင်းအသင်းများကိုခွဲခွာရမည်ဖြစ်သောအခါ ဝမ်းနည်းခဲ့သည်။ သူ့ရှေ့တွင်လျှောက်ရမည့်ဘဝခရီးလမ်းမှာလည်း မျှော်မှန်းတွက်ဆ၍မရနိုင်။ သူတစ်ကြိမ်တစ်ခါမှ မရောက်ဘူးသောနိုင်ငံ၊ သူနှင့်ယခုမှကြုံရဆုံရမည့်သူနှင့်အမျိုးဘာသာယဉ်ကျေးမှုမတူသောသူနှင့် လက်ထပ်မည့် ချစ်သူမာဂျစ်၏အသိုင်းအဝိုင်းများအကြောင်း စဉ်းစားမိသောအခါ စိတ်အားငယ်သလိုဖြစ်မိသည်။ အမှန်အားဖြင့် ဒေါ်ရော်သီသည် အတိတ်ကိုမည်သည့်အခါမျှမစဉ်းစားနိုင်ရန် ကြိုးစားလေ့ရှိပြီး အနာဂတ်ကိုလည်း တတ်နိုင်သလောက် ကြိုတင်စဉ်းစားလေ့မရှိ။ သို့သော် သူ့ဘဝတစ်ခုလုံးကို အခြားကမ္ဘာတွင်မြှုပ်နှံရတော့မည်ဟုကြုံလာရသောအခါ တုန်လှုပ်မိသည်။

အရှေ့တိုင်းရေကြောင်းသွားလာရေးကုမ္ပဏီပိုင်လူစီးကုန်တင်သင်္ဘောကြီးမှာ အတော်အသင့်ကြီးမားသော သင်္ဘောကြီးဖြစ်၍ အင်္ဂလန်နိုင်ငံ ဆောက်သန်ပတန်မြို့နှင့် တရုတ်နိုင်ငံရှိ ဗြိတိသျှပိုင် ဟောင်ကောင်မြို့အကြား အချိန်မှန်ပြေးဆွဲနေသော လူစီးကုန်တင်သင်္ဘောကြီးဖြစ်သည်။ သင်္ဘောကြီးပေါ်သို့ တက်ရောက်ခဲ့ကြသော ခရီးသည်များအား သင်္ဘောမှ အရာရှိငယ်တစ်ဦးနှင့် သင်္ဘောသားများက ခရီးဦးကြိုပြုကာ နေရာချထားပေးခဲ့ကြလေသည်။ သင်္ဘောကြီးမှာ နံနက်စောစောတွင် ဆောက်သန်ပတန်ဆိပ်ကမ်းမှ ထွက်ခွာမည်ဖြစ်သည်။ ဒေါ်ရော်သီအယ်ဒီသည် အထက်တန်းခရီးသည်တစ်ဦးအဖြစ် လိုက်ပါမည်ဖြစ်ရာ သီးသန့်အခန်းတစ်ခန်းတွင်နေရာချထားပေးသည်။အထက်တန်းစီးခရီးသည်အများမှာ ဗြိတိသျှနိုင်ငံသားများဖြစ်ကြပြီး မိသားစုများနှင့်အတူ ဗြိတိသျှအစိုးရပိုင် ကိုလိုနီနိုင်ငံများသို့ သွားရောက်အမှုထမ်းရန် ထွက်ခွာလာသူများဖြစ်ကြသည်။ အဖော်မပါ တစ်ဦးတည်းခရီးထွက်လာသည့် ဒေါ်ရော်သီအယ်ဒီကို တအံ့တဩဖြစ်နေကြသည် သာမကဘဲ အမျိုးသမီးများကလည်း ခပ်စိမ်းစိမ်းဖြစ်နေသည်။

၁၉၃၃ ခု၊ ဇန်နဝါရီလ ၂၇ ရက်နေ့ နံနက်စောစောတွင် ဆောက်သန်ပတန်ဆိပ်ကမ်းမှ ထွက်ခွာလာသော ဗိတိုရိယသင်္ဘောသည် နံနက် (၇) နာရီခန့်တွင်မူ ဗြိတိသျှရေလက်ကြားအတွင်း ဝင်ရောက်လာခဲ့သည်။ နယ်ရှစ်ခွင်အားရစ်သိုင်းဖွဲ့နှောင်ထားသော မြူနှင်းကမ္ဘာကြောင့် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းမှ တငြိမ့်ငြိမ့်တက်လာသည့် တက်သစ်စနေကို ခရီးသည်များအဖို့ မမြင်နိုင်ကြ။ အင်္ဂလန်နိုင်ငံ၏ ဆောင်းရာသီသည် အရှေ့တိုင်းသို့ ထွက်ခွာမည့် ခရီးသည်များအား နှုတ်ဆက်သည့်အလား ဖြစ်နေသည်။ သင်္ဘောကြီးထွက်ခွာစကမူ ခရီးသည်အများမှာ အနေအထားမကျသဖြင့် ခပ်စိမ်းစိမ်းဖြစ်နေသည်။ အထူးသဖြင့် တစ်ဦးတည်း အုပ်ထိန်းသူအဖော်မပါဘဲ တစ်ကိုယ်တော်ခရီးထွက်လာသော ဒေါ်ရော်သီအယ်ဒီကို တအံ့တဩဖြစ်နေကြသည်။ အထူးသဖြင့် အိန္ဒိယ မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှသို့ ထွက်ခွာလာသည့် ခရီးသည်အများမှာ ယင်းနိုင်ငံများတွင်အတည်တကျနေထိုင်ကြသော စစ်ဘက်နယ်ဘက်နှင့် ကုမ္ပဏီများ၏ဝန်ထမ်းများနှင့် မိသားစုများသာဖြစ်ကြ၏။

အိမ်ထောင်မရှိသေးသော အမျိုးသမီးအချို့မှာမူ အရှေ့တိုင်းရှိ ဗြိတိသျှကိုလိုနီနိုင်ငံများတွင်အမှုထမ်းနေကြသော ဆွေမျိုးသားချင်းများထံသို့ အလည်အပတ်ခရီးထွက်ဟန်ပြ၍ သင့်တော်သော အိမ်ထောင်ဖက်ရှာရန် ခရီးထွက်ခဲ့ခြင်းဖြစ်ကြသည်။ ဆောက်သန်ပတန်မှ ခရီးထွက်လာပြီးအချိန်ကြာမြင့်လာသည်နှင့် ခရီးသည်အများမှာ လှိုင်းမူးသည့်ဝေဒနာခံစားလာကြရသည်။ ဒေါ်ရော်သီအယ်ဒီအဖို့ ပထမဆုံးအကြိမ် ပင်လယ်ခရီးထွက်ခဲ့ခြင်းဖြစ်ရာ လှိုင်းမူးသည့်ဝေဒနာကို ပထမဆုံးအကြိမ် ခံစားရခြင်း ဖြစ်တော့သည်။ အခန်းတွင်း၌သာ အချိန်ကုန်ခဲ့ပြီး နောက်တစ်နေ့တွင်မူ နာမည်ကျော် ဗြိတိသျှရေလက်ကြားသို့ ရောက်ရှိခဲ့သည်။ ထိုနေ့ကမူ ရာသီဥတုသာယာကြည်လင်သဖြင့် လှိုင်းလေငြိမ်သက်လျက်ရှိရာ ဗိတိုရိယသင်္ဘောကြီးသည် တရိပ်ရိပ်ပြေးလျက်ရှိနေသည်။ ဗြိတိသျှရေလက်ကြားရှိ ကျွန်းငယ်လေးအချို့နှင့် ဖြတ်သန်းသွားသော လူစီးကုန်တင်သင်္ဘောကြီးများကို မြင်ကြရသည်။ ထိုနေ့ကမူ ခရီးသည်အများမှာ လှိုင်းမူးခြင်းကို ကျင့်သားရလာခဲ့ပြီ ဖြစ်ရကား သင်္ဘောကုန်းပတ်ပေါ်တွင် လမ်းလျှောက်ခြင်း၊ စာဖတ်ခြင်း၊ စစ်တုရင်ထိုးခြင်း၊ အပျင်းပြေဖဲကစားခြင်း၊ ဝဲယာရှုခင်းများကို ကြည့်ရှုခြင်းဖြင့် အချိန်ကုန်ခဲ့ကြသည်။

နံနက်စောစောမှ မိုးချုပ်၊ မိုးချုပ်မှ နံနက် အပြောကျယ်သော အတ္တလန္တိတ်ရေပြင်ကြီးကို အချိန်ပြည့်မြင်နေရသည်မှာ ပျင်းရိငြီးငွေ့ဖွယ်ဖြစ်လာသည်။ဒေါ်ရော်သီအယ်ဒီမှာမူ အခန်းအောင်း၍ စာဖတ်၊ စာရေးခြင်းဖြင့် အချိန်ကုန်ခဲ့တော့သည်။ ဗိတိုရိယသင်္ဘောမှ တာဝန်ရှိသူများသည် ညတွင် ကပွဲတစ်ခုကျင်းပပေးခြင်းဖြင့် ခရီးသည်အချင်းချင်း ခင်မင်ရင်းနှီးစေခဲ့သည်။ ဒေါ်ရော်သီအယ်ဒီ ယင်းကပွဲသို့ တက်ရောက်ခဲ့ခြင်းမရှိခဲ့။ နောက်တစ်နေ့ နံနက်တွင်မူ နာမည်ကျော် ဒိုဗာရေလက်ကြားရှိ ကျောက်ကပ်ပါးဖြူကြီးကို ဒေါ်ရော်သီအယ်ဒီသည် ကြည့်ရှုရန် စိတ်စောနေသဖြင့် နံနက်စောစော အိပ်ရာမှထကာ သင်္ဘောကြီး၏ ကုန်းပတ်ပေါ်သို့ တက်ရောက်လာခဲ့မိသည်။ သင်္ဘောကုန်းပတ်ပေါ်တွင်လည်း သူ့ကဲ့သို့ နာမည်ကျော် ကျောက်ကမ်းပါးဖြူကြီးကိုကြည့်ရှုရန် စုဝေးရောက်ရှိသူ ခရီးသည်အများကို တွေ့ရ၏။ ဗိတိုရိယသင်္ဘောကြီးမှ အရာရှိအချို့လည်း ရောက်ရှိလာခဲ့ကြပြီး ထိုကျောက်ကမ်းပါးဖြူကြီးအကြောင်း ရှင်းလင်းပြောပြကြ၏။

ဒေါ်ရော်သီအယ်ဒီ အပါအဝင် ခရီးသည်အများမှာ ထိုကမ်းပါးဖြူကြီးကို ကြည့်ရှုရန် စိတ်စောနေကြသဖြင့် ကုန်းပတ်ပေါ်သို့ တက်ရောက်သည့်အချိန်မှာ ဒိုဗာရေလက်ကြားအတွင်း အမှောင်ရိပ်သည်းခိုနားနေဆဲဖြစ်သည်။မိနစ်အနည်းငယ်ကြာမှပင် အရှေ့ဘက် မိုးကုပ်စက်ဝိုင်းထက်မှ တက်သစ်စနေမင်းသည် တငြိမ့်ငြိမ့်တက်လာခဲ့ပြီး ဒိုဗာရေလက်ကြားတစ်ခွင်အား ပန်းနုရောင်ဇာပဝါကို ခြုံထားသကဲ့သို့ ပန်းနုရောင်ခြယ်ခဲ့တော့သည်။ ကျောက်ကမ်းပါးဖြူကြီးမှာလည်း တက်သစ်စနေ၏ ပန်းနုရောင်ခြည်များကြောင့် အလှတစ်မျိုးဆင်သကဲ့သို့ရှိနေသည်။

အိပ်တန်းတက်ရာမှ နိုးစပြုလာသော စင်ရော်ငှက်များ၊ ပျံလွှားငှက်များ၊ စာကလေးငှက်ငယ်များသည် ကမ်းပါးဖြူကြီးထက်တွင် ကြောင့်ကြမဲ့ကင်းစွာ ဝဲပျံနေကြပုံမှာ မြင်ရသူအများအဖို့ လွမ်းမောတသဖွယ်ဖြစ်နေ၏။ ဒေါ်ရော်



www.burmeseclassic.com

www.burmeseclassic.com

သီအယ်ဒီသည် အမျိုးသမီးတစ်ဦးနှင့် မတူသောအမျိုးသမီးဖြစ်သည်။ ဆောက်တန်ပတန်ဆိပ်ကမ်းမှ သင်္ဘောကြီးထွက်ခွာလာစဉ်ကမူ သူကျော်ခိုင်းခဲ့သော အမိနိုင်ငံနှင့် မိဘဆွေမျိုးသားချင်းများအားလွမ်းတပူဆွေးသောကရောက်သည့်စိတ်အနည်းငယ်မျှမရှိခဲ့။ သို့သော် ဒိုဗာရေလက်ကြားကို ဝိတိုရိယသင်္ဘောကြီးဖြတ်ကျော်၍ လွမ်းမောတသဖွယ် ကျောက်ကမ်းပါးဖြူကြီး၏ရှုခင်းကို မြင်ရသောအခါ ဇာတိမြေနှင့် မိဘဆွေမျိုးသားချင်းများကို သတိရမိသလိုရှိလာသည်။

ဤကဲ့သို့ အဘယ်ကြောင့် လွမ်းတပူဆွေးသောကရောက်သည့်စိတ်ပေါ်လာသည်ကိုလည်း သူမသိ။ ရှေ့တွင် သူတစ်သက်တာ ဇာတ်မြုပ်နေထိုင်ရမည့်ကမ္ဘာသစ်ကိုလည်းတွေးမိ၏။ သို့သော်ထိုအတွေးများကို သူ့စိတ်အတွင်းမှမောင်းနှင်ထုတ်လိုက်ပြီး သင်္ဘောအရာရှိဖြစ်သူက ညနေစောင်းတွင် သင်္ဘောသည် နာမည်ကျော် ဂျီဘရော်(လ်)တာရေလက်ကြားကို ဖြတ်သန်းရတော့မည့်အကြောင်းနှင့် ယင်းသို့ ဖြတ်သန်းချိန်တွင် ဗြိတိသျှဘုရင်အစိုးရတည်ဆောက်ထားသည့် ခံတပ်ကြီးနှင့်ကျောက်ဆောင်ကြီးကိုမြင်ကြရမည့်အကြောင်းရှင်းပြနေသည်ကို နားစွင့်မိခဲ့သည်။

ထိုနေ့ ညနေ (၃) နာရီခန့်တွင်မူ ဝိတိုရိယသင်္ဘောကြီးသည် နာမည်ကျော် ဂျီဘရော်(လ်)တာရေလက်ကြားသို့ ဖြတ်ကျော်ဝင်ရောက်လာခဲ့သည်။ ဒေါ်ရော်သီအယ်ဒီအပါအဝင် ခရီးသည်အများအဖို့ ယင်းရေလက်ကြားအတွင်း သင်္ဘောကြီးဝင်ရောက်စဉ် လှိုင်းထန်လိမ့်မည်လားဟု စိုးရိမ်ခဲ့ကြသော်လည်း ရေပြင်မှာငြိမ်သက်၍နေတော့၏။ ကမ်းပါးကြီးနှစ်ခုကြားမှ ခံ့ညားစွာ စီးဆင်းနေသည့်ရေပြင်သည် မကြာခင် အနောက်ဘက်အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ငုပ်လျှိုးတော့မည့်နေမင်း၏ရောင်ခြည်အောက်တွင် ရွှေဝါရောင်ပေါက်နေသော ကော်ဇောကြီးကို ဖြန့်ခင်းထားသကဲ့သို့ မျှော်မဆုံးအောင်ရှိနေ သည်။

ဒေါ်ရော်သီအယ်ဒီက သင်္ဘောကြီး၏လက်ရန်းမှ ဂျီဘရော်(လ်)တာကျောက်ဆောင်ကြီး၏ကမ်းပါးထက်မှ ရွှေဝါရောင်ကိုင်းတောများကို ငေးမောကြည့်ရှုမိသည်။ ဂျီဘရော်(လ်)တာကျောက်ဆောင်ကြီး၏တစ်ဖက်ကမ်းတွင်မှ ရွာငယ်ကလေးများကို မြင်နေရသည်။ ဝင်ခါနီးနေ၏ရောင်ခြည်သည် သစ်ပင်အုပ်များပေါ်မှတိုးထွက်နေပြီး တစ်နေရာတွင်မူ ပလီမျှော်စင်များပေါ်တွင် မှေးမှိန်သောနေရောင်ခြည်သည် ခုန်ပေါက်မြူးထူးလျက်ရှိနေသည်။ ဒေါ်ရော်သီအယ်ဒီအဖို့ အာဖရိကတိုက်ကမ်းခြေကို ပထမဆုံးမြင်ရခြင်းဖြစ်သည်။ မြေထဲပင်လယ်အတွင်း ရောက်ရှိလာသည်နှင့် ရာသီဥတုမှာ ထူးထူးခြားခြား ပြောင်းလဲလာသည်။ ဝိတိုရိသင်္ဘောကြီးသည် နောက်တစ်နေ့တွင် ပြင်သစ်နိုင်ငံ မာဆေး(လ်)မြို့တွင်. တစ်ရက်ရပ်နားမည် ဖြစ်သည်။ သင်္ဘောကြီးပေါ်မှ တာဝန်ရှိသူများ၏ပြောပြချက်အရ ညနေခင်း (၃) နာရီခန့်တွင် သင်္ဘောသည် မာဆေး(လ်)ဆိပ်ကမ်းအနီး ကျောက်ချရပ်နားမည်ဖြစ်ပြီး ပြင်သစ်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ပိုင်ရေကြောင်းပြသင်္ဘောဖြင့် ဆိပ်ကမ်းသို့ကူး၍ လည်ပတ်နိုင်သည်ဟု ခရီးသည်များက သိထားကြ၏။

ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ပိုင် ရေကြောင်းပြသင်္ဘောကလေးသည် ညနေခင်း (၃) နာရီခန့်ရှိသည်နှင့် ဝိတိုရိယသင်္ဘောကြီးရှိရာသို့ ရောက်လာသည်။ မြေထဲပင်လယ်ဒေသ၏ ဆောင်းရာသီမှာ စိတ်ပျက်ငြီးငွေ့ဖွယ်ဖြစ်သည်။ အင်္ဂလန်နိုင်ငံ၏ ဆောင်းရာသီနှင့်မတူပေ။ အင်္ဂလန်နိုင်ငံ၏ ဆောင်းရာသီမှ မြူနှင်းများရစ်သိုင်း၍ အေးစိမ့်လျက်ရှိနေသည်။ မြေထဲပင်လယ်ဒေသ ဆောင်းရာသီမှာမူ ရိုးတွင်းခြင်ဆီခိုက်အောင် ရက်ရက်စက်စက်အေးမြနေပြီး မိုးမကြာခဏရွာတတ်သဖြင့် အေးစိမ့်သောရာသီဥတုကိုပို၍အေးချမ်းနေလေသည်။မာဆေး(လ်)ဆိပ်ကမ်းသို့ တက်ရောက်ကြမည့် ခရီးသည်အများမှာ လှုပ်လှုပ်ရွရွဖြစ်နေကြသည်။ အထုပ်အပိုးဝန်စည်စလယ်များကို ပြင်သူကပြင်နေကြ၏။ သင်္ဘောကြီးပေါ်တွင် နှစ်ရက်၊ သုံးရက်မျှ အတူတကွနေထိုင်လာခဲ့သည့်ခရီးသည်အချင်းချင်းနှုတ်ဆက်ကြသည့်အသံ ဆူညံနေတော့၏။

မာဆေး(လ်)ဆိပ်ကမ်းသို့ တက်ရောက်လည်ပတ်မည့်ခရီးသည်များကလည်း ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ပိုင်သင်္ဘောကလေးပေါ်သို့ တက်ရောက်နေရာယူကြရန် စဉ်းစဉ်းနေကြသည်။ ဒေါ်ရော်သီအယ်ဒီအဖို့ ပြင်သစ်နိုင်ငံ မာဆေး(လ်)မြို့နှင့် ပါရီမြို့များသို့ ငယ်စဉ်ကပင် မိသားစုများနှင့် မကြာခဏရောက်ရှိခဲ့သူဖြစ်ရာ မြင်တွေ့ရသောမြင်ကွင်းများမှာ အသစ်အဆန်းမဟုတ်တော့။ သူမ (၁၀) နှစ်သမီးအရွယ်က ပြင်သစ်နိုင်ငံ ပါရီမြို့ လူဗွားပြတိုက်သို့ရောက်ရှိခဲ့စဉ်က အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြခန်းကို သူ့ဖခင်နှင့်အတူကြည့်ရှုခဲ့ရသည်ကို သွားသတိရလာသည်။ ထိုပြတိုက်ကြီးရှိ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုပြခန်းမှ အီဂျစ်ကျူရိုးပုရပိုက်မှတ်တမ်းများ၊ အီဂျစ်နိုင်ငံ ရှေးဟောင်းမြို့တော်ကြီးများရှိ နတ်ဘုရားကျောင်းများ၊ ဖာရိုဘုရင်တို့၏ သချိုင်းဂူများ၏နံရံများတွင် ရေးဆွဲထားသော နံရံဆေးရေးပန်းချီကားများကို ကူးယူရေးဆွဲထားသောပန်းချီကားများ၊ ပြင်သစ်စစ်ဧကရာဇ်နပိုလီယန် အီဂျစ်နိုင်ငံအား သိမ်းပိုက်ခဲ့စဉ်က အမှတ်တရအဖြစ်သိမ်းယူခဲ့သော အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများနှင့် ပြင်သစ်သုတေသီများရေးသားပြုစုထားသည့်မှတ်တမ်းများကို အေးအေးဆေးဆေး ကြည့်ရှုခဲ့ရသည်ကိုလည်း သွားသတိရသည်။

ထူးထူးခြားခြားဟု ဆိုရမည်ဖြစ်သည်။ ဝိတိုရိယသင်္ဘောကြီး မြေထဲပင်လယ်အတွင်း ဝင်ရောက်လာသည်နှင့် ဒေါ်ရော်သီအယ်ဒီ၏စိတ်တွင် သူငယ်ချစ်ဆွေ ပထမမြောက် ဆက်တီဘုရင်ကြီးကိုယ်ထင်ပြမှုကို မကြာခဏမြင်နေရသည်ဟုထင်သည်။ ပထမတွင် သူ၏စိတ်စေတသိက်ဖြစ်စဉ်၏ကိုင်းညွတ်လာမှုကြောင့်ဟုထင်မိသော်လည်း မာဆေး(လ်)ဆိပ်ကမ်းသို့ ဝိတိုရိယသင်္ဘောဆိုက်ကပ်တော့မည်နေ့ နံနက်စောစောတွင်မူ ပထမမြောက် ဆက်တီဘုရင်ကြီးသည် သူ့ခုတင်အနီးမှာရပ်နေသည်ကို စေသေချာချာ မျက်ဝါးထင်ထင်မြင်ခဲ့မိသည်။

(၁၀) ရက်ခန့် လှိုင်းလေအတော်အသင့်ပြင်းထန်သော မြေထဲပင်လယ်ကြီးကို ဖြတ်ကျော်လာခဲ့သော အရှေ့တိုင်းရေကြောင်းသွားလာရေးကုမ္ပဏီပိုင် အက်(စ်)အက်(စ်) ဝိတိုရိယသင်္ဘောကြီးသည် အီဂျစ်နိုင်ငံ ပို့ဆက်မြို့အနီးသို့ ချဉ်းကပ်လာခဲ့ပြီ ဖြစ်သည်။ သင်္ဘောကြီးမှ တာဝန်ရှိသူများကမူ သင်္ဘောကြီးမှာ ပို့ဆက်ဆိပ်ကမ်းမြို့တွင် တစ်ညအိပ်ရပ်နားမည်ဖြစ်၍ မိမိတို့အစီအစဉ်ဖြင့် မြို့ပေါ်သို့ တက်ရောက်လည်ပတ်နိုင်ကြောင်းနှင့် ပို့ဆက်မြို့မှာ လူစည်ကားသောမြို့တစ်မြို့ဖြစ်ရကား လူလိမ်၊ ဒုစရိုက်သမားများလည်း ခြေချင်းထပ်မျှသွားလာလျက်ရှိရာ ခရီးသည်များအနေ



www.burmeseclassic.com1

www.burmeseclassic.com

အထူးသတိဝီရိယထားရန် သတိပေးနှိုးဆော်ခဲ့ကြသည်။

ဒေါ်ရော်သီအယ်ဒီသည် သူ့အား ပို့ဆက်ဆိပ်ကမ်းမှ မာဂျစ် လာရောက်ကြိုဆိုမည်ဖြစ်၍ အထူးစိုးရိမ်စရာမလို။ နာရီပိုင်းအတွင်း ဝိတိုရိယသင်္ဘောကြီးသည် ပို့ဆက်ဆိပ်ကမ်းသို့ ဆိုက်ကပ်တော့မည်ဖြစ်ရာ စက်ရှိန်ကိုလျှော့လာ၏။ ပို့ဆက်မြို့မှာ နာမည်ကျော် စူးအက်တူးမြောင်းအဝင်ဝ ဆိပ်ကမ်းမြို့ဖြစ်ရကား စူးအက်တူးမြောင်းအတွင်းဝင်ရောက်ကြမည့် နိုင်ငံတကာမှ သင်္ဘောများမှာ ပို့ဆက်ဆိပ်ကမ်းတွင် ပျားပန်းခပ်လှုပ်ရှားနေကြသည်။ ပို့ဆက်ဆိပ်ကမ်းသို့ဆင်းရမည့် ခရီးသည်အချို့မှာ ဒေါ်ရော်သီနည်းတူ မိမိတို့၏ ဝန်စည်စလယ်များကို အသင့်ပြင်ဆင်နေကြသည်။ ပို့ဆက်မြို့သည် အီဂျစ်နိုင်ငံ၏ အခြားမြို့များထက် အပူလွန်ကဲသည့်မြို့တစ်မြို့ဖြစ်ရာ ခရီးသည်အများမှာ အပူဒဏ်ကြောင့် အခန်းအောင်းမနေနိုင်ကြတော့ဘဲ သင်္ဘောကုန်းပတ်ပေါ်တွင် စုရုံးရောက်ရှိနေကြတော့သည်။ နေ့လယ်နှစ်နာရီကျော်ခဲ့ပြီဖြစ်သော်လည်း စူးရှသော နေရောင်ခြည်သည် ပို့ဆက်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၏အဆောက်အအုံများပေါ်တွင် မြူးထူးလျက်ရှိရာ မြင်ရသူများအဖို့ မျက်စိစူးရှစေတော့၏။

နေရောင်ခြည်အောက်ရှိ သဲကုန်းတန်းများ၊ စွန်ပလွံပင်အုပ်များ၊ ကန္တာရပင်များ၊ ကုလားအုတ်များ၊ သင်္ဘောဆိပ်ကမ်းရှိ သဲကမ်းပါးထိပ်မှ လက်များဝှေ့ယမ်းပြနေသော အာရပ်အမျိုးသားကလေးငယ်များကိုမြင်ရသောမြင်ကွင်းသည် ဒေါ်ရော်သီအယ်ဒီအဖို့ ဤမြင်ကွင်းမျိုးများကို မကြာခဏမြင်ဖူးသည်ဟု ထင်မိသည်။ သူမည်သည့်နေရာတွင်မြင်ခဲ့ဖူးသလဲ။ သူမကြာခဏမြင်မက်သသည့်အိပ်မက်များတွင်လော ဝေခွဲမရတော့။ ထိုမြင်ကွင်းများကို မြင်ခဲ့သည်က သေချာနေသည်။

ဝိတိုရိယသည် စက်ရှိန်ကို အစွမ်းကုန်လျှော့ချ၍ ဆိပ်ကမ်းသို့ချဉ်းကပ်လာနေသည်။ သဲကမ်းပါးများပြိုကျမည်ကို အထူးသတိထား၍ စက်ရှိန်ကို လျှော့ချခဲ့ရခြင်း ဖြစ်သည်။ စူးအက်တူးမြောင်းအတွင်းခုတ်မောင်းရမည့်ရေယာဉ်အများသည် ပို့ဆက်မြို့ဆိပ်ကမ်းမှစ၍ သက်ဆိုင်ရာတာဝန်ရှိသူများ၏သတ်မှတ်ထားသည့် ရေမိုင်နှုန်းအတိုင်းခုတ်ကြရသည်။

ဝိတိုရိယသည် စက်ကုန်လျှော့၍ ကျောက်ဆူးကြိုးကချလိုက်တော့သည်။ ပို့ဆက်ဆိပ်ကမ်းတစ်ခွင်လုံး စူးရှသော နေရောင်အောက်တွင် လှုံလျှောင်းအိပ်စက်နေသည်ဟုထင်ရသည်။ အီဂျစ်အမျိုးသားရေလုပ်သားပိုင်လှေကလေးအချို့သည် သင်္ဘောကြီးဆီသို့လာရောက်ရန် ပြင်ဆင်နေကြသည်။ သင်္ဘောကြီး၏ ကျောက်ဆူးကြိုးချသည့် အသံကြောင့် စင်ရော်အုပ်များ၊ ဆိပ်ကမ်းထက်ရှိ စူးအက်တူးမြောင်းကုမ္ပဏီ ကုန်လှောင်ရုံများထက်မှခိုအုပ်များသည် ထိတ်လန့်ကြသဖြင့်ဆိပ်ကမ်းတွင်ဆိုက်ကပ်ထားသော သင်္ဘောများ၊ လှေငယ်များထက်တွင် ဆောက်တည်ရာမရ ပျံဝဲနေကြတော့၏။

ပို့ဆက်ဆိပ်ကမ်းသည် အသံဗလံအတော်ဆူညံသည့်ဆိပ်ကမ်းဟု ဒေါ်ရော်သီအယ်ဒီကထင်မိသည်။ ဆိပ်ကမ်းသို့ဆင်းကြမည့်ခရီးသည်တို့၏အသံ၊ ဆိပ်ကမ်းထက်မှ လာရောက်ကြိုဆိုသူများ၏အသံ၊ အလုပ်သမားများ၏အသံ၊ ဆိပ်ကမ်းထက်မှ လူမျိုးပေါင်းစုံများ ပျားပန်းခပ်လှုပ်လှုပ်ရွရွ စကားပြောသံများကြောင့် ပို့ဆက်မြို့သည် သီးခြားကမ္ဘာကလေးတစ်ခုလိုဖြစ်နေသည်ဟု ဒေါ်ရော်သီအယ်ဒီက ထင်မိသည်။ သင်္ဘောကြီး၏ ပတ်လည်ရှိ ရေပြင်ထက်တွင် တရိပ်ရိပ်ကျော်လွှားလာသော လှိုင်းအိအိကလေးများသည် ကမ်းစပ်မှမျောပါလာသည့် ဒိုက်သရော်များကို လှုပ်ရှားသွားအောင် မစွမ်းဆောင်နိုင်ကြသဖြင့် သင်္ဘောကြီး၏အနီးတွင်တရစ်ဝဲဝဲဖြစ်နေတော့သည်။

ဝိတိုရိယသင်္ဘောကြီးကျောက်ဆူးချရပ်နားလိုက်သည်နှင့် ကူးတို့မော်တော်ဘုတ်ကလေးပေါ်မှ ခရီးသည်များကိုကြိုဆိုရန်တက်လာသည့်လူစုတွင် အနောက်တိုင်းဝတ်စုံကို အနောက်တိုင်းသားတစ်ဦးကဲ့သို့ကျကျနနဝတ်ဆင်ထားပြီး ပန်းစည်းကိုင်ထားသည့် အရပ် (၆) ပေခန့်မြင့်သောမာဂျစ်ကို အခြားပိတ်ဖြူဝတ်စုံများ၊ အာရပ်အမျိုးသားဝတ်စုံများဝတ်ဆင်ထားသောလူအုပ်နှင့်သင်္ဘောကြီးပေါ်သို့တက်လာခဲ့သည်ကိုမြင်လိုက်ရသော ဒေါ်ရော်သီအယ်ဒီသည် ရင်တွင်း၌ စိတ်တစ်မျိုးခံစားရသလိုဖြစ်သွားသည်။ သူ့ဘဝ၊ သူ့မိသားစုနှင့် သူ့ကမ္ဘာဟောင်းကိုကျောခိုင်း၍ ကမ္ဘာသစ်တစ်ခုအတွင်း ဝင်ရောက်လာခဲ့သော ဒေါ်ရော်သီအယ်ဒီအဖို့ ဤကဲ့သို့ခံစားရမှုနှင့်အတူ လွမ်းဆွတ်ပူဆွေးတသသောစိတ်တို့လည်းပေါ်လာသည်။ ပို့ဆက်ဆိပ်ကမ်းမြေကိုကြည့်မိသည်နှင့် ဒေါ်ရော်သီအယ်ဒီသည် အမိအီဂျစ်နိုင်ငံသို့ သမီးရောက်လာခဲ့ပါပြီဟု နှုတ်မှရုတ်တရက် ထုတ်ဖော်ပြောမိတော့၏။

သူနှင့် မာဂျစ်တို့သည် ဆိပ်ကမ်းထက်သို့ အခြားခရီးသည်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။ ဆိပ်ကမ်းထက်တွင်မူ လူမျိုးပေါင်းစုံကိုတွေ့ရတော့၏။ အသည်းယားစရာမြွေမျိုးစုံကို ပခြုပ်ထဲမှဆွဲထုတ်နေသော အလမ္ပာယ်ဆရာများ၊ ဇယားကွက်မျိုးစုံရေးခြစ်ကာ လူသားတို့၏ကံကြမ္မာကိုစီရင်ချက်ချနေသောဗေဒင်ဆရာများ၊ သနားကြပါ စွန့်ကြကြပါ တစာစာဖြင့် ဆောက်တည်ရာမရတောင်းခံနေကြသော ဖုန်းတောင်းယာစကာများကိုအကဲခတ်ရင်း လမ်းသလားနေကြသော နိုင်ငံခြားခရီးသည်များကိုမြင်ရသောဒေါ်ရော်သီအယ်ဒီမှာ အီဂျစ်နိုင်ငံ၏ ဆုတ်ယုတ်နေသော အနိဋ္ဌာရုံများဟုထင်မိတော့၏။

နောက်နေ့နံနက်စောစောတွင်မူ သူ့ခင်ပွန်းလောင်းဖြစ်သူ မာဂျစ်နှင့်အတူ ပို့ဆက်မြို့ ဘူတာရုံသို့ အငှားမော်တော်ကားတစ်စီးဖြင့် ထွက်ခွာလာခဲ့သည်။ နံနက်စောစောဖြစ်သဖြင့် ပို့ဆက်မြို့တစ်မြို့လုံးသည် အိပ်မောကျလျက်ရှိသည်ဟုထင်ရ၏။ အရှက္ကဝါပြင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေပြည်တွင် ပင်လယ်ရေဆားငန်နံ့နှင့် ရေညှိနံ့၊ ညမွှေးပန်းနံ့များ သင်းထုံလျက်ရှိနေသည်။ ပို့ဆက်ဆိပ်ကမ်းမှ ကုန်တင်ကုန်ချပြုလုပ်နေသည့်အသံ စူးအက်တူးမြောင်းအတွင်း ဖြတ်သန်းဝင်ရောက်တော့မည့် သင်္ဘောကြီးများ၏ဥဩသံ၊ ပို့ဆက်မီးရထားဘူတာရုံမှ မီးရထားတွဲများချိတ်သည့် အသံများကို ကြားနေရသည်။

အရှေ့ဘက် မိုးကုပ်စက်ဝိုင်းတွင်မူ ရောင်နီပျို့အန်လာခဲ့ပြီဖြစ်သော်လည်း အနောက်ဘက် ကောင်းကင်ပြင်တွင်မူ လဆုတ်လနှင့် မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော ကြယ်ကလေးများကို မြင်နေရ၏။ ဒေါ်ရော်သီအဖို့ ယခုကဲ့သို့ မိုင်ပေါင်းရာချီ၍ဝေးသော မီးရထားခရီးရှည်သွားရောက်ခဲ့ဖူးခြင်းမရှိသဖြင့် ဤခရီးသည် ရင်သိမ့်တုန်စရာ စွန့်စားခန်းတစ်ခုလိုဖြစ်နေသည်။ မိဘဆွေမျိုးသားချင်းမပါ တစ်ကြိမ်တစ်ခါမှမရောက်ဘူးသော နိုင်ငံတစ်နိုင်ငံတွင် အီဂျစ်အမျိုးသား ခင်ပွန်းလောင်းတစ်ဦးနှင့်အတူ ခရီးသွားရမည်ဖြစ်၍စိတ်လှုပ်ရှားမိသည်။ ပို့ဆက်ဘူတာရုံကြီးမှာ အရှေ့တိုင်းယဉ်ကျေးမှုနှင့်အနောက်တိုင်းယဉ်ကျေးမှုရောထွေးဆောက်လုပ်ထားသဖြင့် ပုံသဏ္ဌာန်တစ်မျိုးဖြစ်



www.burmeseclassic.com1

www.burmeseclassic.com

နေသည်။ ဘူတာအတွင်း ခရီးထွက်ကြမည့်ခရီးသည်များ၊ ခရီးသည်များအား ပို့ဆောင်နှုတ်ဆက်သူများ၊ ခရီးသည်များကို လာရောက်ကြိုဆိုသူများ၊ ဈေးသည်များ အမှတ်တရလက်ဆောင်ပစ္စည်းများ၊ ရောင်းချသူများ၏အသံ၊ အလုပ်သမားများ၊ မော်တော်ကားအငှားယာဉ်မောင်းသမားများ၏အသံ၊ ပွိုက်ဆံတစာစာတောင်းနေသော. သူတောင်းစားများ၏ အသံများကြောင့် နားမခံနိုင်လောက်အောင် ဆူညံနေသည်။

ဘူတာအတွင်း ကြိုတင်ရောက်ရှိနေကြသောပရိသတ်များအဖို့ အနောက်တိုင်းဝတ်စုံကို ကျကျနနဝတ်ဆင်ထားသော အင်္ဂလိပ်အမျိုးသားတစ်ဦးနှင့် လှပချောမောသော အင်္ဂလိပ်အမျိုးသမီးတို့ ဝန်စည်စလယ်များနှင့်အတူ ခရီးထွက်ကြမည်ကိုမြင်သောအခါ တအံ့တသြဖြစ်နေကြသည်။ မိမိကိုယ်မိမိ သခင်လူမျိုးဟုမြင်ထားလေ့ရှိသော ဗြိတိသျှတိုင်းရင်းသူတစ်ဦးသည် အဘယ်ကြောင့် အိန္ဒိယအမျိုးသားတစ်ဦးနှင့်အတူ ယှဉ်တွဲနေသည်ကို နားမလည်နိုင်အောင်ဖြစ်နေဟန်ရှိသည်။

ကိုင်ရိုပို့ဆက်အမြန်ရထားသည် တရှူးရှူးတရှဲရှဲအော်မြည်ကာ ရေနွေးငွေ့များကို မှုတ်ထုတ်ရင်း ပို့ဆက်ဘူတာရုံ စကြီလမ်းကြောင်းမှ ညင်သာစွာဥဩသံပေး၍ထွက်ခွာလာခဲ့သည်အထိ ဒေါ်ရော်သီအယ်ဒီအဖို့ ရင်တဖိုဖိုဖြစ်ခဲ့ရသည်။ သူသည် ငယ်စဉ်ကပင် မီးရထားဖြင့်ခရီးသွားရသည်ကို အထူးနှစ်သက်သည်။ သူငယ်စဉ်က မိခင်၊ ဖခင်များနှင့်အတူ လန်ဒန်မှ အီဒင်ဘာရာမြို့အထိ ခရီးထွက်ခဲ့ဖူးသည် ပြန်၍သတိရလာသည်။

ယခုတစ်ကြိမ်ခရီးထွက်ရခြင်းမှာမူ သူ့အဖို့ စိတ်လှုပ်ရှားနေသည်က အမှန်ဖြစ်နေသည်။ သူ့ခင်ပွန်းလောင်းဖြစ်သူကမူ ဒေါ်ရော်သီအယ်ဒီနှင့်သူ ခေတ္တကွဲကွာနေရသည့်အချိန်များတွင် သူ့အဖို့မည်မျှလွမ်းတပူဆွေးရသည့်အကြောင်း၊ သူ့ဆွေမျိုးသားချင်းမိဘများအကြောင်း၊ သူတို့နှစ်ယောက် လက်ထပ်ကြမည့်အစီအစဉ်၊ အိန္ဒိယနိုင်ငံတွင်ဖြစ်ပေါ်နေသော ဗြိတိသျှအစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများအကြောင်း စသည်တို့ကို အသေးစိတ်ပြောပြခဲ့သည်။

ဒေါ်ရော်သီအယ်ဒီကမူ သူ၏ခင်ပွန်းလောင်းပြောပြသည်များကို နားထောင်နေရသော်လည်း သူ့ရင်တွင်းမှာတော့မူ သူ့ဘဝဟောင်းကချစ်သူ ပထမမြောက် ဆက်တီဘုရင်ကြီးအကြောင်းကိုသာစဉ်းစားနေမိသည်။ ယခုတစ်ကြိမ်မီးရထားနှင့်ခရီးထွက်ရသည်မှာ ထူးထူးခြားခြား ခရီးတွင်လှသည်။ ကြည်နူးစရာလည်းကောင်းလှသည်။ နာရီပိုင်းအတွင်း သူတို့နှစ်ဦးသည် အထက်တန်းတွဲမှ လိုက်ပါလာသည့် ခရီးသည်အများနှင့် ရင်းနှီးလာသည်။ သူတို့ခရီးဖော်အများစုမှာ ဂျာမနီနိုင်ငံသားများနှင့် ပြင်သစ်အမျိုးသား၊ အမျိုးသမီးများသာဖြစ်ကြသည်။ ခရီးဖော်အားလုံးကပင် ကိုင်ရိုတွင် အခြေတကျနေထိုင်မည့် ဒေါ်ရော်သီအယ်ဒီအားကြည့်ရှုပြီး အံ့အားသင့်နေကြတော့၏။

သူတို့လိုက်ပါလာသောမီးရထားသည် စွန်ပလွံပင်အုပ်များ၊ ဆူးချုံပုတ်များ၊ ချုံတန်းငယ်များဖြင့် ပြွမ်းတီးလျက်ရှိသောလယ်ကွက်များ၊ သဲကုန်းတန်းများကို ဖြတ်ကျော်လာခဲ့သည်။ တက်သစ်စနေမင်း၏ ရောင်ခြည်များသည့် တစ်စတစ်စရင့်လာခဲ့သည်နှင့် ပတ်ဝန်းကျင်ရှုခင်းများမှာလည်း ကြည်လင်ပြတ်သားလာသည်။ ပန်းနုရောင်ခြည်အောက်တွင် လဲလျောင်းအိပ်စက်နေသည်ဟု ထင်ရသော ဝါခင်းများ၊ ယာတောများထက်တွင်မူ အိပ်တန်းမှနိုးစပြုလာသော ပျံလွှားငှက်များ၊ ခရုစုတ်ငှက်များ၊ တင်ကျီးငှက်များသည် ဝဲပျံလျက်ရှိနေပြီး အချို့နွားစားကျက်များတွင် မြက်များ၊ ကန္တာရအပင်ငယ်များကိုစားနေကြသောနွားများ၊ ဆိတ်များကိုတွေ့နေရပြီး အချို့နေရာများတွင် နွားကျောင်း၊ ဆိတ်ကျောင်းထွက်လာသည့် နွားအုပ်၊ ဆိတ်အုပ်များမှ နွားကျောင်းသားကလေးငယ်များသည် တကျွန်းကျွန်းမြည်သံပေး၍ ခုတ်မောင်းနေသောမီးရထားအား ဝမ်းသာအားရ လက်များဝှေ့ယမ်း၍ပြနေကြသည်။

ခပ်နိမ့်နိမ့် စွန်ပလွံပင်တန်းများ၊ မှိုင်းပျပျ သဲကုန်းတန်းများနောက်တွင် သစ်ပင်အုပ်များဝိုင်းရံလျက်ရှိသောအီဂျစ်(ခေါ်)ရွာလေးများ၊ ခရီးသည်များ စခန်းချသည့်စခန်းများကိုမြင်နေရသည်။ သူ့ခင်ပွန်းလောင်းဖြစ်သူ မာဂျစ်ပြောပြနေသည့် ကိုင်ရိုမြို့ဟောင်းနှင့် မြို့သစ်အကြောင်း၊ သူ့ဆွေမျိုးသားချင်းများ၊ သူ့မိတ်ဆွေများ၊ သူ့အီဂျစ်အစိုးရပညာရေးဝန်ကြီးဌာနသို့တင်သွင်းမည့် ဗြိတိသျှအစိုးရပညာရေးဝန်ကြီးဌာန၏ စီမံကိန်းသစ်များကို စိတ်မဝင်စား။ တရိပ်ရိပ်ပြေးနေသော မီးရထားပြတင်းပေါက်မှမျက်စိတစ်ဆုံးမြင်နေရသောရှုခင်းများကိုသာ စူးစိုက်ကြည့်မိနေသည်။

အပြာရောင်ဝတ်စုံများ ဝတ်ဆင်ထားသော အီဂျစ်လယ်သမားများသည် နွားအုပ်များ၊ ထွန်များဆွဲလာသည့် နွားများနောက် တကောက်ကောက်လိုက်လာနေသည့်မြင်ကွင်းသည် ဒေါ်ရော်သီအဖို့ မဆန်းဟုထင်မိသည်။ ဤမြင်ကွင်းမျိုးသည် သူမက်နေကျအိပ်မက်များတွင် မကြာခဏမြင်တွေ့နေရသောကြောင့်ဖြစ်သည်။ မှန်ပါသည်။ ခေတ်စနစ်အမျိုးမျိုးပြောင်းလဲလာသော်လည်း သမိုင်းစတင်သည့်ခေတ်က အီဂျစ်နိုင်ငံ နိုင်းမြစ်ဝှမ်းမှ အီဂျစ်လယ်သမားများ၏ အခြေအနေ ရုန်းကန်နေကြရသောဘဝသည် ပြောင်းလဲတိုးတက်မှုမရှိသေး။

တစ်နေရာတွင်မူ ပို့ဆက် - ကိုင်ရိုအမြန်ရထားသည် ဆူဆူညံညံအသံပေး၍ သံတံတားတစ်ခုကိုဖြတ်ကျော်ခဲ့သည်နှင့် မီးရထားလမ်းဘေးရှိ သံကြိုးတိုင်များ၊ ရေသဖန်းပင်များထက်မှ အဖြူရောင် သိမ်းငှက်များသည် ထိတ်လန့်တကြား ထက်ကောင်းကင်ထက်သို့ပျံတက်ခဲ့ကြပြီး မြေဝပ်ငှက်များကလည်း မီးရထားလမ်းဘေးမှ ဝဲပျံတက်ခဲ့ကြသည်။

မီးရထားနှင့် မော်တော်ကားလမ်းဆုံသောနေရာများတွင် မဆုံးနိုင်သောကုလားအုတ်တန်းကြီးမှ ကုလားအုတ်များသည် အဟုန်ပြင်းစွာဖြင့် မောင်းနှင်နေသောမီးရထားကြီးကို ငေးမောကြည့်နေကြသည်။ပို့ဆက်-ကိုင်ရိုအမြန်ရထားဟု ဆိုရသော်လည်း တစ်နေရာတွင်မူ မီးရထားသည် ကုန်ရထားတစ်စင်းနှင့် ဆုံရမည်ဖြစ်၍ ခေတ္တအချိန်ကြာမြင့်စွာရပ်နားခဲ့သည်။ ဤသို့ အချိန်ကြာမြင့်စွာရပ်နားထားသည်နှင့် ဒေါ်ရော်သီအယ်ဒီသည် သူတို့လိုက်ပါလာသည့် အထက်တန်းတွဲမှ ခရီးသည်များနှင့်အတူ မီးရထားပေါ်မှဆင်း၍ မီးရထားလမ်းဘေးရှိ တောပန်းကလေးများကို လိုက်ခူးရင်း အညောင်းပြေ လမ်းလျှောက်ခဲ့သည်။ မာဂျစ်ကမူ သူတို့တွဲ၌လိုက်ပါလာသော ပြင်သစ်သတင်းစာဆရာတစ်ယောက်နှင့် စကားလက်ဆုံကျနေကြသဖြင့် မီးရထားပေါ်မှဆင်း၍ အညောင်းပြေလမ်းလျှောက်ခြင်းမပြုတော့။ ဒေါ်ရော်သီအယ်ဒီကမူ သူဆင်းလမ်းလျှောက်သည့် နိုင်းမြစ်ဝှမ်း၏ သဲကုန်းတန်းများ၊ ကန္တာရပင်များ၊ တစောင်းပင်များ၊ သဖန်းပင်များတစ်ဝိုက်ရှိနေရာများသည် မီးရထားခေတ္တရပ်နား၍သာ လူအများနှင့်သက်ဝင်လှုပ်ရှားမှုရှိခြင်းဖြစ်မည်ဟု ထင်မိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

သူမြင်ရနေသော သဲကုန်းတန်းများ၊ ကန္တာရပင်များ၊ တစောင်းပင်များ၊ အဖြူရောင်သိမ်းငှက်အုပ်များ စသည့် မြင်ကွင်းမျိုး သူ့ဇာတိ အင်္ဂလန်နိုင်ငံတွင် မတွေ့ခဲ့ရဖူးပေ။ သူရက်အနည်းငယ်အတွင်း လက်ထပ်ရတော့မည့် ခင်ပွန်းလောင်း မာဂျစ်နောက်လိုက်ပါလာခဲ့ရသောကြောင့်သာ ဤဒေသဤနေရာသည် ခြေချခဲ့ရခြင်းဖြစ်ပေသည်။ သူ ပို့ဆက်-ကိုင်ရိုအမြန်ရထားအထူးတန်းပြတင်းပေါက်မှမြင်ရသောရှုခင်းသည် စွဲမက်စရာကောင်းသည်ဟု ထင်မိသည်။ မီးရထားလမ်းဘေးရှိ အချို့ကျေးရွာများတွင် ပျက်စီးယိုယွင်းနေသောတိုင်များ ချည်းသာ ကျန်ရစ်တော့သည်။ နတ်ဘုရားပျက်များ၊ မှိုင်းပျပျတောင်ကုန်းများပေါ်တွင် တရားဓမ္မရှာမှီးနေသော ကော့(ပ)တစ်(Coptie) ခရစ်ယာန်ဂိုဏ်းဝင်ဘုန်းတော်ကြီးများ၏ ဘုရားရှိခိုးကျောင်းများ၊ စိမ်းမြမြစွန်ပလွံပင်တန်းများ၊ ကန္တာရပင်၊ ဆူးချုံပင်နှင့် သဲကန္တာရအတွင်းပေါက်လေ့ရှိသော တစောင်းပင်များ၊ အီဂျစ်လူမျိုးတို့၏ နတ်ဘုရားကျောင်းပျက်များ၊ သချိုင်းဂူများဝန်းရံနေသောရွာငယ်လေးများကို တွေ့ရသည်။

မီးရထားပေါ်တွင် အချိန်ကြာမြင့်လာသဖြင့် အချို့ခရီးသည်များနှင့် သူ့ခင်ပွန်းလောင်း မာဂျစ်တို့အဖို့ ငြီးငွေ့နွမ်းလျလျက်ရှိကြသော်လည်း ဒေါ်ရော်သီအယ်ဒီအဖို့ စိတ်ဓာတ်တက်ကြွရွှင်လန်းလျက်ရှိသည်။ မီးရထားလမ်းဘေးတစ်နေရာတွင် လူသွားလမ်းတစ်လျှောက်ပြိုကျပျက်စီးနေသော သချိုင်းဂူများနှင့် ရေခန်းစပြုနေသော ရေကန်တစ်ကန်ကို မြင်ရသည့်အခါ ထိုမြင်ကွင်းမျိုး သူမြင်တွေ့ဖူးသည်ထင်မိသည်။ ထူးဆန်းနေသည်မှာ ဤမြင်ကွင်းကို သူမကြာခဏ မြင်မက်လေ့ရှိသော အိပ်မက်များတွင် တွေ့ရသည့်မြင်ကွင်းနှင့် မတူသည်က သေချာနေသည်။ သို့သော် မည်သည့်နေရာတွင်တွေ့ရသည်ကိုမူ ကောင်းစွာ မမှတ်မိတော့။ ဤသို့သောနေရာ၊ ကန္တာရပင်များဝန်းရံနေသော မထင်မရှားမြင်နေရသည့် လူသွားလမ်းကလေးတွင် သူ့ဘဝဟောင်းကရောက်ခဲ့လေသလော။

ဤရှုခင်းများကိုငေးမောတသရင်းဖြင့် နောက်တစ်နေ့ ညနေခင်းတွင်မူ ဒေါ်ရော်သီအယ်ဒီနှင့် ခင်ပွန်းလောင်းဖြစ်သူ အိုင်ဗင်အဗ္ဗဒူလာမာဂျစ်တို့သည် ကိုင်ရိုမြို့တော် မီးရထားဘူတာရုံကြီးသို့ ရောက်ရှိခဲ့သည်။ ပို့ဆက်-ကိုင်ရိုအမြန်ရထား ဘူတာရုံကြီးသို့ ထိုးဆိုက်လိုက်သည်နှင့် ခရီးသည်များဆင်းကြသည့်အသံ၊ လာရောက်ကြိုဆိုသူများ၏ ဝမ်းသာအားရအော်ဟစ်ပြောကြသည့်အသံ၊ ခရီးသည်များ၏ ဝန်စည်စလယ်များကို သယ်ဆောင်လိုကြသော အလုပ်သမားများအသံ၊ ဈေးရောင်းချသူများ၏အသံဗလံ၊ ကိုင်ရိုဘူတာမှ အခြားမြို့များသို့ ထွက်ခွာမည့် မီးရထားဥသြသံ၊ တွဲများချိတ်သည့်အသံဗလံများမှာလည်း မိုးလုံးညံနေတော့၏။ မီးရထားစကြံတွင် သူတို့နှစ်ယောက် မာဂျစ်၏မိသားစုများကိုတွေ့ကြရ၏။ သူတို့မိသားစု၏ဝတ်စားဆင်ယင်မှုနှင့် ဟန်အမူအရာများသည် သူဝယ်စဉ်ကဖတ်ရှုခဲ့ရသော တစ်ထောင့်တစ်ညပြောရသည့်အာရေဗျပုံပြင်များထဲမှ ဇာတ်ဆောင်များ၏ ဟန်အမူအရာတို့နှင့်တူနေသည်။ မာဂျစ်၏ ဖခင်ဖြစ်သူမှာ အီဂျစ်ရှေးဟောင်းအယူအဆကိုလက်ခံထားသည့် ပုဂ္ဂိုလ်တစ်ယောက်ဖြစ်ဟန်ရှိသော်လည်း သူ့သား၏ဇနီးလောင်းဖြစ်လာမည့် ဒေါ်ရော်သီအယ်ဒီကို နွေးနွေးထွေးထွေး ရင်းရင်းနှီးနှီး ဆက်ဆံသည်ကိုတွေ့ရသည်။

မိနစ်အနည်းငယ်အတွင်း သူမသည် မာဂျစ်၏မိသားစုပိုင် မော်တော်ကားဖြင့် မာဂျစ်တို့မိသားစုပိုင်အိမ်ရှိရာသို့ ထွက်လာခဲ့သည်။ ထိုစဉ်က ကိုင်ရိုမြို့မှာ လူဦးရေတစ်သန်းနေထိုင်သော မြို့တော်ကြီးဖြစ်သဖြင့် အလယ်အရှေ့အာရှမြို့တော်များတွင် လူဦးရေအများဆုံး အရှုပ်ထွေးဆုံး၊ အသံဗလံများအဆူဆုံးမြို့တော်ဖြစ်၏။

မှန်ပါသည်။ ကိုင်ရိုမြို့ကား ထိုစဉ်က လျှမ်းလျှမ်းတောက်ကျော်ကြားလူသိများသောမြို့ဖြစ်သည်။ လူကုံထံများ၊ သူဌေးများ၊ အနောက်တိုင်းသားများ ပျားပန်းခပ် လှုပ်ရှားသွားလာနေသည့် ရပ်ကွက်ကြီးအား ဆင်းရဲမွဲတေပြီး ကယ်ပါပေးပါ တစာစာတောင်းနေသော သူတောင်းစားများ၊ မှေးမှိန်သည့်မီးရောင်အောက်တွင် လမ်းမလမ်းသွယ်များတွင် အင်သံတဒုန်းဒုန်းတဒိုင်းဒိုင်းထု၍ လမ်းသွားလမ်းလာများအား မျက်လှည့်ပြနေသည့် ပဥ္စလက်ဆရာများ၊ ပလွေသံပေး၍ မြွေအမျိုးမျိုးကို သေတ္တာကြီးများ၊ ပခြုပ်များအတွင်းမှ ထုတ်ပြနေသော အလမ္မာယ်ဆရာများ၊ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ဗုံသံ၊ လင်းကွင်းသံပေး၍ ဆပ်ကပ်ပြနေသူများ၊ မီးတထိန်ထိန်လင်းနေသည့်လောင်းကစားဝိုင်းများနှင့် အချွတ်အဖော်ကပွဲများ၊ ခါးပိုက်နှိုက်၊ လုယက်သူများဝန်းရံနေသောမြို့ ဖြစ်သည်။

ဤမြို့တော်ကြီးအား အများကမူ နှစ်ပိုင်းကွဲနေသည်ဟု ယူဆကြသည်။ ကိုင်ရိုမြို့ဟောင်းဘက်တွင်မူ အီဂျစ်ပြည်သူ့ဆင်းရဲသားများ၊ လက်လုပ်လက်စားများ၊ ပျံကျအလုပ်သမားများနေထိုင်ကြပြီး ကိုင်ရိုမြို့သစ်ဘက်ပိုင်းတွင်မူ အီဂျစ်လူမျိုးကုန်သည်ကြီးများ၊ လူကုံထံများ၊ ဗြိတိသျှအမျိုးသား စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ အခြားဥရောပတိုက်သားအမှုထမ်းများ၊ စီးပွားရေးသမားများနေထိုင်ကြပြီး သူတို့မိသားစုများနေထိုင်သောကမ္ဘာမှာ သီးခြားကမ္ဘာတစ်ခုကဲ့သို့ ဖြစ်နေသည်။ သူတို့အမျိုးသားများတည်ထောင်ထားသည့် အသင်းကလပ်များသို့ ဒေသခံ အီဂျစ်လူမျိုး၊ အာရပ်လူမျိုးများ ခြေချခွင့်မရ။ သို့ဖြစ်၍ ကိုင်ရိုမြို့ကား လူချမ်းသာလူကုံထံရပ်ကွက်များကို ဆင်းရဲမွဲတေနေသော ဒေသခံလူအများနေထိုင်သည့်ရပ်ကွက်ကြီးက ဝိုင်းရံနေသည်ဟု အများက ယူဆခဲ့ကြသည်။

ဒေါ်ရော်သီ၏ ခင်ပွန်းလောင်း အိုင်မင်အဗ္ဗဒူမာဂျစ်တို့မိသားစုနေထိုင်သောတိုက်မှာ ကိုင်ရိုမြို့ဟောင်းဘက်ရှိ လူချမ်းသာများနေသော ရပ်ကွက်ကြီးတွင် တည်ရှိ၏။ တိုက်မှာ ဗိတိုရိယခေတ်တိုက်ဟောင်းပုံစံဖြစ်သော်လည်း ခေတ်မီအောင်ပြုပြင်ထားသဖြင့် ရုတ်တရက်ကြည့်လျှင် ခေတ်မီတိုက်ကြီးတစ်လုံးဟု မှတ်ထင်ရသည်။ မာဂျစ်၏ဖခင်ဖြစ်သူမှာ ပေါင်းသင်းဆက်ဆံရေးကောင်းသူဖြစ်ပြီး လူအများနှင့် ထာဝစဉ်ဆက်ဆံနေရသူဖြစ်ရာ အချိန်အနည်းငယ်အတွင်းမှာပင် ဒေါ်ရော်သီအယ်ဒီနှင့် မိသားစုပမာ ခင်မင်ရင်းနှီးသွားပြီး ဒေါ်ရော်သီအယ်ဒီအား (Bul bul) 'ဘူ(လ်)ဘူ(လ်)' ဟု ခေါ်ဝေါ်ခဲ့သည်။ ထိုစကားလုံး၏အဓိပ္ပာယ်မှာ အာရေဗျဘာသာဖြင့် နိုက်တင်ဂေး(လ်)ငှက်ဟုဆိုသည်။ (နိုက်တင်ဂေး(လ်)ငှက်ကလေးများသည် နှစ်လိုဖွယ်ကောင်းသောအသံဖြင့် အော်မြည်လေ့ရှိ၏။ ဒေါ်ရော်သီ၏အသံမှာ ကြည်ကြည်လင်လင်နှင့် နားထောင်ရသူများ စွဲမက်စရာကောင်းသောကြောင့် ဤနာမည်ပေးခဲ့ခြင်းဖြစ်သည်။)

(ဆက်ရန်)

လှမိုး(ပညာရေး)

www.burmeseclassic.com

ဦးအောင်မင်း

# နေ့စဉ်သုံး လက္ခဏာပညာ

**ရာဂျာကြိုးကွင်းပုံလက်ဗွေ**

အိန္ဒိယရိုးရာလက္ခဏာပညာအရ မှည့်ခေါ်သောအမည်ဖြစ်သည်။ လက်ညှိုး-လက်ခလယ်ကြား အောက်ဘက်၌ တည်ရှိသည်။ ထူးခြားသောစရိုက်လက္ခဏာနှင့်ဂုဏ်သရေရှိခြင်းကိုဖော်ပြသည်။

**လက်သန်းအောက်ခြေလက်ဝါးစောင်းနေရာရှိလက်ဗွေ**

လက်သန်းအောက်ခြေ တနလ်ာဂြိုဟ်ခုံပေါ် (သို့) လက်ဝါးစောင်းနေရာ၌တည်ရှိသည်။ အဆိုပါ လက်ဗွေသည် မသိစိတ်အတွင်းကိန်းအောင်းနေသောအရာများအား ထုတ်ဖော်ပြောဆိုနိုင်သည့်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**မိမိကိုယ်မိမိတိုးတက်အောင် ကြံဆောင်ခြင်း**

မိမိကိုယ်မိမိ တိုးတက်အောင် ကြံဆောင်ရာ၌ လက်ဝါးတည်ဆောက်ပုံနှင့် ကိုယ်စားပြုဓာတ်တစ်ခုစီရှိနေသောလက်ဝါးပြင်တို့အလိုက် ကြံစည်အားထုတ်ဆောင်ရွက်ရမည့် အရာများအား အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။

**အနိမ့်စားအုပ်စုဝင်/အခြေခံကျသောလက်**

အရာရာအလွယ်တကူအလျှော့မပေးစတမ်း ခေါင်းမာတတ်သည်။ ၎င်းပြင် ဆုံးဖြတ်ချက်မြန်ခြင်း၊ စိတ်အပြောင်းအလဲမြန်ခြင်းရှိတတ်သည်။

အဆိုပါ လက်ဝါးပိုင်ရှင်များသည် ာလုပ်အကိုင်ရှာဖွေခြင်း၊ အပေါင်းအသင်းနှင့် ဝါသနာတို့အား စိတ်တိုင်းကျရွေးချယ်ကာ လုပ်ကိုင်တတ်ကြသည်။ ထို့ကြောင့် မိမိတစ်သက်တာ အမှားမရှိစေရန်သတိပြုရမည့်အခြေအနေကိုဖော်ပြသည်။

**လက်တွေ့ကျသောလက်**

အရာရာလက်တွေ့ကျကျလုပ်ကိုင်တတ်ပြီး သူတစ်ပါးအပေါ် အလွယ်တကူအပြစ်မြင်၍တိုက်ခိုက်စော်ကားတတ်သည်။ ထို့ကြောင့် စကားမပြောခင်၊ စာမရေးခင်၌ အမှားမရှိစေရန် ကြိုတင်စဉ်းစား ဆင်ခြင်သင့်ကြောင်း ဖော်ပြသည်။ အဆိုပါ လက်ဝါးပိုင်ရှစ်တို့သည် အဖို့ မိမိဘက်က မည်မျှပင် ရိုးသားစေကာမူ အပြောအဆို အပြုအမူတို့အား ကြမ်းတမ်းခြင်းမရှိစေရန် သတိပြုထိန်းချုပ်ရမည်ဖြစ်သည်။

**ငွန်းပြားပုံထိပ်ကားသောလက်**

အတွေးအခေါ် ရှိခြင်း၊ စဉ်းစားချင့်ချိန်တတ်ခြင်း၊ ထိုးထွင်းဉာဏ်ကောင်းခြင်းတို့ကို ရည်ညွှန်းသည်။ သို့သော်လည်း ရိုးရှင်းသောကိစ္စများအပေါ် စဉ်းစဉ်းတွေးတောမှု မလွန်ကဲစေရန် သတိပြုရမည်ဖြစ်သည်။

**ကတော့ပုံရှိသောလက်**

လက်တွေ့မကျသူ၊ ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုအားလုံး၌ နှေးကွေးလေးလံတတ်သူ၊ ပျင်းရိသူ၊ ရိုးသားမှုမရှိသူ၊ စိတ်လိုက်မာန်ပါလုပ်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

ကတော့ပုံလက်ပိုင်ရှင်အနေဖြင့် အသင်းအဖွဲ့နှင့်အလုပ်လုပ်ပါက ပြဿနာရှိနိုင်သောကြောင့် ကိုယ်ပိုင်အလုပ်ဖြင့်သာ အသက်မွေးသင့်သည်။ အဆိုပါ လက်ဝါးပိုင်ရှင်တို့ ဘဝပုံစံအပြောင်းအလဲဖြစ်စေရန်အတွက် မိသားစုနှင့်အပေါင်းအသင်းကောင်းများ လိုအပ်သည်။

**ဒဿနအမြင်ရှိသူ၏လက်**

လူ့အသိုင်းအဝိုင်းအတွင်းနေရခြင်းအပေါ် ငြင်းပယ်တတ်သူ၊ ဟန်ဆောင်ဆက်ဆံရေးများအကြောင်း၊ မွန်းကျပ်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။ အဆိုပါ လက်ဝါးပိုင်ရှင်များသည် အရာရာသဘာဝကျကျတွေးခေါ် သုံးသပ်တတ်သူများဖြစ်ခြင်းကြောင့် လူ့အသိုင်းအဝန်းနှင့် သဟဇာတဖြစ်ရန် အချိန်ယူကြိုးစားရမည် ဖြစ်သည်။

**အကြားအမြင်ပေါက်သူ၏လက်**

ရုပ်ပိုင်းဆိုင်ရာအရ အားပျော့တတ်ပြီး လက်တွေ့ကျကျစွမ်းဆောင်နိုင်ခြင်းမရှိသူဖြစ်သည်။ အများနှင့်ဆက်ဆံပြောဆိုရာ၌ ဆတ်ဆတ်ထိမခံတတ်သူ၊ စိတ်ဝိညာဉ်ရေးရာ၌ ထူးခြားသောအစွမ်းရှိသူဖြစ်ကြောင်း ဖော်ပြသည်။

လူ့အသိုင်းအဝန်းအတွင်း သဟဇာတဖြစ်စေရန်အတွက် စေတနာ့ဝန်ထမ်းအလုပ်၊ ကူညီစောင့်ရှောက်ရသောအလုပ်များ လုပ်ကိုင်သင့်သည်။

**လက်တည်ဆောက်ပုံ (၂)မျိုး (၃)မျိုးရောပြွမ်းပါဝင်နေသောလက်**

အများအားဖြင့် စိတ်ပျော်ရွှင်မှုမရှိသောသူများအဖြစ် တွေ့ရတတ်သည်။ လက်တည်ဆောက်ပုံ (၂) မျိုး၊ (၃)မျိုးအထိ ရောပြွမ်းပါဝင်နေခြင်းကြောင့် စရိုက်လက္ခဏာအမျိုးမျိုးအား နေရာဒေသအခြေအနေအမျိုးမျိုးအလိုက် အသုံးချတတ်သည်။ လုပ်ငန်းအမျိုးမျိုးဖြင့် အောင်မြင်မှုရရှိတတ်သည်။

**မြေဓာတ်ကိုယ်စားပြုလက်**

သံသယများတတ်သူ၊ ဝေဖန်တတ်သူ၊ စိတ်ရှည်သည်းခံနိုင်စွမ်းနည်းပါးသူဖြစ်ကြောင်း ဖော်ပြသည်။

မြေဓာတ်ကိုယ်စားပြုလက်ဝါးပိုင်ရှင်များသည် အလွယ်တကူစိတ်ရှုပ်ထွေးစိတ်တိုတတ်ကြသည်။ အထူးသဖြင့် အလုပ်ရှုပ်နေသည့်အချိန်၌ ပုံမှန်စိတ်ပျောက်သွားတတ်ကြသည်။

ထို့ကြောင့် အထက်ပါ မကောင်းသော အကျင့်အကြံများအား တတ်နိုင်သမျှ ဖျောက်ဖျက်နိုင်အောင် ကြိုးစားသင့်သည်။

**လေဓာတ်ကိုယ်စားပြုလက်**

လေဓာတ်ကိုယ်စားပြုလက်ဝါးပိုင်ရှင်များသည် ၎င်းတို့၏ဦးနှောက်အားငွေကြေးရှာဖွေမှုအတွက် အသုံးပြုခြင်းမရှိတတ်ပေ။ အထူးသဖြင့် နူးညံ့စွာပြောဆိုဆက်ဆံရသောလုပ်ငန်းများနှင့်မကိုက်ညီသူလည်းဖြစ်သည်။

**မီးဓာတ်ကိုယ်စားပြုလက်**

စိတ်အပြောင်းအလဲမြန်ခြင်း၊ စိတ်လိုက်မာန်ပါလုပ်တတ်ခြင်း၊ စိတ်ရှည်သည်းခံနိုင်စွမ်းမရှိခြင်းတို့ကို ကိုယ်စားပြုသည်။ အဆိုပါ လက်ဝါးပိုင်ရှင်များသည် အရာရာမဆုတ်မနစ်သောဇွဲဖြင့် ဦးတည်ချက်သို့ရောက်အောင်လျှောက်လှမ်းတတ်ကြသည်။

**ရေဓာတ်ကိုယ်စားပြုလက်**

စိတ်ခံစားမှုလွန်ကဲခြင်းကြောင့် ဆတ်ဆတ်ထိမခံနိုင်ခြင်း၊ စိတ်အပြောင်းအလဲမြန်ခြင်း၊အပြင်ပန်း၌တည်ငြိမ်အေးဆေးသော်လည်း စိတ်အတွင်းခံစားချက်များဖြင့် ပြည့်နှက်နေတတ်ခြင်း စိတ်ပိုင်း



www.burmeseclassic.com1

www.burmeseclassic.com

ဆိုင်ရာရောဂါအမျိုးမျိုးဖြစ်ပွားခြင်းတို့ကို ရည်ညွှန်းသည်။

**အားနည်းသောလက်ချောင်းများ**

လက်ချောင်း၏ပထမဆုံး (ပထမဆုံးနှင့်ထိပ်ဖျားအကျဆုံး) လက်ချောင်းရိုးသည် ထူးထူးခြားခြားတိုတောင်းနေပါက အားနည်းသောလက်ချောင်းများအဖြစ် သတ်မှတ်နိုင်သည်။

အဆိုပါ အားနည်းသောလက်ချောင်းပိုင်ရှင်များအဖို့ အိမ်ထောင်ရေး၌သာမက အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်၌ပါ မကောင်းသောအခြေအနေရှိသည်ကို ဖော်ပြသည်။

အကယ်၍ သင်၏အလှယ်လယ်ချောင်းရိုးသည် ပထမဆုံးသောလက်ချောင်းရိုးထက် တိုတောင်းနေပါက ပညာရေး၌ အဆင့်နိမ့်ကျတတ်ခြင်းကို ရည်ညွှန်းသည်။

အကယ်၍ အောက်ခြေလက်ချောင်းရိုးသည် အပေါ်ရှိအခြားလက်ချောင်းရိုးများထက် ပိုမိုတိုတောင်းပါက ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုမှန်သမျှ၌ အခက်အခဲရှိနေတတ်သည်။

တိုတောင်းပုပျပ်ပြီး ပိန်လှီနေသောလက်မသည် သာမန်မဟုတ်သောအချစ်ရေး၌ နစ်မြောတတ်သူ၊ အချစ်ရေး၌ စိတ်ရှည်သည်းခံတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ သင့်လက်မသည် လက်ဝါးပြင်၌ အထင်ရှားဆုံးမတ်နေပါက ကိုယ်ပိုင်ကျွမ်းကျင်မှုဖြင့် ရပ်တည်နိုင်သူဖြစ်ကြောင်းဖော်ပြပြီး လက်ဝါးပြင်၌ လက်မသည် မထင်မရှားပုံစံဖြင့်အောက်ကျနေပါက သတိကြီးကြီးထားတတ်သူ၊ စွန့်စားမှုပါသောအလုပ်များအား စိတ်မဝင်စားသူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ ကြာသပတေးလက်ချောင်း (လက်ညှိုး) သည် တိုတောင်းပြီး စနေလက်ချောင်း (လက်ခလယ်) ၏ လက်သည်းခုံအောက်ထိရောက်နေပါက ဦးဆောင်နိုင်စွမ်းမရှိသူ၊ နောက်လိုက်အဖြစ် အားဖြည့်ပေးတတ်ကြောင်း ဖော်ပြသည်။

အကယ်၍ လက်ညှိုးနှင့်လက်ခလယ်ကြားထောင့်သည် သိသိသာသာသေးငယ်နေပါက အထီးကျန်ဘဝဖြင့် နေရခြင်းကို မနှစ်သက်တတ်သူဖြစ်ကြောင်းဖော်ပြသည်။ အကယ်၍ လက်ညှိုး၊ လက်ခလယ်ကြားထောင့် သိသိသာသာကြီးမားနေပါက လျှင်မြန်သောအချိန်တိုအတွင်းမှာပင် ချစ်သူသစ်ရမည် ဖြစ်ကြောင်း ဖော်ပြသည်။

တစ်ဖန် စနေလက်ချောင်း (လက်ခလယ်)တိုတောင်းပြီး လက်ညှိုးနှင့်အရှည်တူညီနေပါက ဘဝဦးတည်ချက်များအား မှန်ကန်စွာအကောင်အထည်မဖော်နိုင်သူဖြစ်ကြောင်း ဖော်ပြသည်။

ထို့ပြင် စနေလက်ချောင်း (လက်ခလယ်) တိုတောင်းနေပါက လွတ်လပ်စွာနေထိုင်တတ်သူ၊ သဘာဝကျကျပြောဆိုလုပ်ကိုင်တတ်သူဖြစ်ကြောင်းရည်ညွှန်းသည်။ အကယ်၍ စနေလက်ချောင်းသည် ပိန်လှီနေခြင်းကြောင့် လက်ညှိုး၊ လက်ခလယ်ကြား ကြီးမားသော ထောင့်ဖြစ်သွားပါက အထီးကျန်သူဖြစ်ကြောင်း ရည်ညွှန်းသည်။ အပိုလိုလက်ချောင်း (လက်သူကြွယ်) တိုတောင်းခြင်းသည် ဟိတ်ကြီးဟန်ကြီးပြောဆိုပြုမူသူများနှင့် တွေ့ဆုံပေါင်းဖော်မိခြင်းကြောင့် ဒုက္ခရောက်တတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ အပိုလိုလက်ချောင်း ရှည်လျားပါက စွန့်စားရခြင်းကို နှစ်သက်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

တစ်ဖန် ဗုဒ္ဓဟူးဂြိုဟ်လက်ချောင်း (လက်သန်း) တိုတောင်းနေပါက စီးပွားရေးဆိုင်ရာကိစ္စများ၌ အောင်မြင်မှုနည်းတတ်သူဖြစ်ကြောင်းဖော်ပြ၏။ အကယ်၍ လက်သန်းသည် သိသိသာသာကွေးနေပါက ဂုဏ်သရေညှိုးနွမ်းမည့်အခြေအနေနှင့်တွေ့ကြုံရတတ်သူဖြစ်ကြောင်း ဖော်ပြပြီး စကားမပြောမီ၊ စာမရေးမီ၌ ကြိုတင်စဉ်းစားရန်လိုအပ်ကြောင်းဖော်ပြသည်။

**အားနည်းသောလမ်းကြောင်းများ**

ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း တစ်ဆက်တည်း တွဲဆက်နေပြီး မျဉ်းတစ်ကြောင်းတည်းပုံစံရှိနေပါက စိတ်ကူးအတွေးခေါ်မရှိသူ၊ ဉာဏ်ရည်ထက်မြက်မှုမရှိသူ၊ ရည်မှန်းချက်တစ်ခုတည်းအတွက်သာ ဆုံးဖြတ်ချက်ချမှတ်လုပ်ကိုင်တတ်သူဖြစ်ကြောင်းကို ဖော်ပြသည်။ အကယ်၍ နှလုံးလမ်းကြောင်း ဖြောင့်တန်းပြီး တိုတောင်းနေပါက စိတ်ခံစားမှုနည်းပါးသူ၊ စိတ်ခံစားမှုဖြစ်ပေါ်ရန် အလေးမထားသူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ နှလုံးလမ်းကြောင်းတွင် လမ်းကြောင်းခွဲများစွာပါရှိနေပါက တစ်ခုတည်းသောကိစ္စအတွက် အာရုံမစုစည်းတတ်သူဖြစ်ကြောင်း ဖော်ပြသည်။

တစ်ခါတစ်ရံ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့က တစ်ခုပေါ်တစ်ခုဖြတ်လျက်ရှိကြသည်။ ယင်းမှာ ကောင်းသောအနေအထားဖြစ်သည်။

ဦးခေါင်းလမ်းကြောင်းမှာ အသက်လမ်းကြောင်းအတွင်းမှ အစပြုနေပါက ကလေးဘဝ၌ ထိခိုက်ဒဏ်ရာရခြင်း၊ နာမကျန်းဖြစ်ခြင်းတို့ကို ဖော်ပြသည်။ အသက်လမ်းကြောင်းတည်ဆောက်ပုံသည် ကြိုးဂံပုံဖြစ်နေပါက စိတ်သဘောထားပုံမှန်မရှိတတ်သလို ဘဝပေးအခြေအနေများလည်း ပုံမှန်မဟုတ်သောအနေအထားဖြင့် တွေ့ရမည်ဖြစ်သည်။ အားနည်းသောလမ်းကြောင်းများတွင် ကံလမ်းကြောင်းများတွင် ကံလမ်းကြောင်းအပိုလိုဂြိုဟ်ခုံသို့ တောင်တက်နေသောလမ်းကြောင်း၊ ကြာသပတေးဂြိုဟ်ခုံသို့သွားနေသောလမ်းကြောင်း၊ ဗုဒ္ဓဟူးဂြိုဟ်လမ်းကြောင်းတို့လည်း အပါအဝင်ဖြစ်သည်။ အားနည်းသောလမ်းကြောင်းတို့၏သဘာဝအရ အချိန်တိုအတွင်း လျင်မြန်စွာပြောင်းလဲတတ်ကြသည်။ တစ်ခါတစ်ရံ တဖြည်းဖြည်းမှေးမှိန်သွားတတ်သည်။

**လက်ဗွေချွတ်ယွင်းမှုများရှိပါသလား**

အချို့သော လက်ဗွေပိုင်ရှင်များသည် အခြားသောလူများထက် လူ့ဘဝ၌ သက်သောင့်သက်သာအဆင်ပြေပြေနေထိုင်ရပ်တည်နိုင်ကြသည်။

အကယ်၍ လက်ဝါးပြင်တွင် နွားမျက်လုံးပုံစံရှိ လက်ဗွေများစွာပါရှိနေပါက၊ အထူးသဖြင့် အဆိုပါလက်ဗွေသည် လက်ချောင်းထိပ်အဖျားတွင်ရှိနေပါက တစ်သက်တာကာလပတ်လုံး အလုပ်များစွာ ပင်ပင်ပန်းပန်းလုပ်ရတတ်ကြောင်း ဖော်ပြသည်။

လက်ဝါးပြင်တွင်ပါရှိတတ်သောလက်ဗွေများအနက် အတ္တစိတ်ကို ကိုယ်စားပြုသည့်လက်ဗွေ (Loop of ego) ပါရှိခြင်း ရှိမရှိစစ်ဆေးပါ။ အဆိုပါ လက်ဗွေသည် လက်သူကြွယ်နှင့်လက်ခလယ်ကြား အောက်ခြေနေရာ၌တည်ရှိတတ်သည်။ အထူးသဖြင့် ၎င်းလက်ဗွေသည် အပိုလိုဂြိုဟ်ခုံအား ကန့်လန့်ဖြတ်အနေအထားဖြင့်ဖြတ်လျက်ရှိသည်။

အတ္တစိတ်ကိုယ်စားပြုလက်ဗွေပါရှိခြင်းသည် မိမိအရေးကိုသာ ဦးစားပေး



www.burmeseclassic.com1

www.burmeseclassic.com

အာရုံစိုက်တတ်သူနှင့် ဝမ်းနည်းကြေကွဲစရာကောင်းသည့်အရာများနှင့် တွေ့ကြုံရမည်ဖြစ်ကြောင်း ရည်ညွှန်းသည်။

တုံ့ပြန်ခြင်းကို ကိုယ်စားပြုသည့်လက်ဗွေသည် စိတ်အနှောင့်အယှက်ဖြစ်စရာများနှင့် ကြုံရမည့်အရေးကို ရည်ညွှန်းခြင်းကြောင့် ခက်ခဲကြမ်းတမ်းသောအခြေအနေများနှင့် ကင်းဝေးအောင်နေထိုင်တတ်ရန် လိုအပ်သည်။

လူသားအကျိုးဆောင်ရွက်ခြင်းဖော်ပြသောလက်ဗွေ (Loop of response) သည် စိတ်အနှောင့်အယှက်ဖြစ်စရာများနှင့် ကြုံရမည့်အရေးကို ရည်ညွှန်းခြင်းကြောင့် ခက်ခဲကြမ်းတမ်းသောအခြေအနေများနှင့် ကင်းဝေးအောင်နေထိုင်တတ်ရန်လိုအပ်သည်။

လူသားအကျိုးဆောင်ရွက်ခြင်းဖော်ပြသောလက်ဗွေ (humanitarian Loop) သည် အသက်လမ်းကြောင်းတစ်လျှောက် ဒေါင်လိုက်ပုံစံပြေးနေပြီး လူသားအကျိုးဆောင်ရွက်ခြင်းများ၌ အခက်အခဲရှိတတ်ကြောင်း ဖော်ပြသည်။ အားကောင်းသောလက်ဝါးတည်ဆောက်ပုံများသည် လက်ဗွေများအား ကောင်းသောစွမ်းအင်ဖြစ်စေရန် အားဖြည့်ပေးကြသည်။

အကယ်၍ နက်ပကျွန်းဂြိုဟ်ခုံပေါ်တွင် လက်ဗွေပါရှိနေပါက ဘဝအခက်အခဲများအတွက် အကူအညီရရန် လိုအပ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်းသည် တနင်္ဂနွေဂြိုဟ်ခုံအတွင်းနစ်ဝင်နေပါက စိတ်တန်ခိုးအားကောင်းသူဖြစ်ကြောင်းဖော်ပြပြီး လက်ချောင်းထိပ်ဖျားချွန်နေပါက စိတ်ခံစားမှုလွန်ကဲပြီး ဆတ်ဆတ်ထိမခံတတ်သူအဖြစ် ဖော်ပြသည်။ အကယ်၍ လက်မတည်ဆောက်ပုံသေးငယ်နေပါက လက်ရှိအလုပ်မှအပြောင်းအလဲဖြစ်စေရန် အခြားအလုပ်သစ်လုပ်ကိုင်သင့်ကြောင်း ဖော်ပြသည်။

**အပြောင်းအလဲများကိုဖန်တီးပေးနိုင်သည့် လက်ဝါးပြင်နှင့် လက်ချောင်းတို့၏ထားရှိပုံ အနေအထား မုဒြာ (Mudra)**

မုဒြာဆိုသည်မှာ ဆုတောင်းဝတ်ပြုရာ၌ လက်ဝါးပြင်နှင့် လက်ချောင်းတို့အား အနေအထားအမျိုးမျိုးဖြင့် ထားရှိခြင်းပုံစံကို ဆိုလိုသည်။

မုဒြာအမျိုးမျိုးသည် ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာဟူသော ဘာသာအမျိုးမျိုးအလိုက် ဆုတောင်းဝတ်ပြုသည့်အခါ ထားရှိသောလက်ပုံစံအမျိုးမျိုးပင် ဖြစ်သည်။

ဆုတောင်းဝတ်ပြုသူအပေါ် မူတည်၍မုဒြာအမျိုးမျိုးပေါ် ပေါက်လာရသည်။ ဘုရားဆုတောင်းရာတွင် အများအားဖြင့် လက်အုပ်ချီခြင်းကြောင့် ဝဲယာလက်မနှစ်ချောင်းက ရင်ဘတ်အားတည့်မတ်စွာ ချိန်ရွယ်ထားသည့်ပုံစံဖြစ်လာပါမည်။

အကယ်၍ ဘိုးဘွားတို့အား ကန်တော့ရာ၌ လက်အုပ်ချီထားသည့်လက်နှစ်ဖက်အား ထိပ်မှာမိုးသည့်ပုံစံမြှောက်ပြီး ကန်တော့တတ်ကြသည်။ ထိုအနေအထားတွင် လက်အုပ်အား အပေါ်သို့ မြှောက်ချီရာ၌ လက်မနှစ်ချောင်းက ဦးခေါင်းဆီသို့ ချိန်ရွယ်ထားသည့်ပုံ ဖြစ်လာပါမည်။

ထို့ကြောင့် ပထမမုဒြာအရ ရင်ဘတ်အား လက်မအားချိန်ရွယ်ထားခြင်းပုံစံသည် နှလုံးသားကိုယ်စားပြုပြီး ဦးခေါင်းအား လက်မများကချိန်ရွယ်သည့် ဒုတိယပုံစံမုဒြာအရ စိတ်ကူးအတွေးအခေါ်များအား ရည်ညွှန်းသည်။

တစ်ဖန် လက်အုပ်ချီထားသောပုံစံမှ လက်ညှိုးသည် ကံကောင်းခြင်းများအား လမ်းပြပေးကြောင်း ရည်ညွှန်းပြီး လက်ခလယ်က 'မိုး' အား ကိုယ်စားပြုသည်။ အကယ်၍ လက်အုပ်ချီရာတွင် လက်ညှိုးနှင့် လက်သန်းတို့ဖြောင့်မတ်နေပါက ပျော်ရွှင်စွာကခုန်ရမည့်အခြေအနေကို ဖော်ပြသည်။

**အပြောင်းအလဲများအား ဖန်တီးနိုင်ရန် မုဒြာဖြင့် တရားထိုင်ခြင်း**

မုဒြာတစ်ခုခုဖြင့် တရားထိုင်ခြင်းသည် စွမ်းအင်များစီးဆင်းမှု မှန်ကန်စေမည်ဖြစ်သည်။

သင်သည် ဆိတ်ငြိမ်သောအရပ်ဒေသတစ်ခု၌ ကြိုက်ရာမုဒြာတစ်ခုခုဖြင့် တရားထိုင်ပေးရန် လိုအပ်သည်။

မုဒြာများသည် အိန္ဒိယမှဆင်းသက်လာသော လက်ဝါးပြင်နှင့် လက်ချောင်းများထားရှိပုံအမျိုးမျိုးပင် ဖြစ်သည်။ မုဒြာများသည် လက္ခဏာပညာရပ်နှင့်လည်း များစွာ ဆက်စပ်လျက်ရှိကြသည်။

**Detox mudra**

လက်ဝါးပြင်အား လှန်ထားပြီး လက်မအား လက်သူကြွယ်နှင့်တန်းနေအောင်လှဲချထားပါ။

အပိုလိုလက်ချောင်း (လက်သူကြွယ်) က ဆေးဝါးကုသပျောက်ကင်းခြင်းကို ရည်ညွှန်းပြီး မကောင်းသော (အဆိပ်အတောက်ဖြစ်စေသော)စွမ်းအင်များအား လက်ချောင်းထိပ်ဖျားများမှ တစ်ဆင့်အပြင်သို့ရောက်အောင်ထုတ်ပေးခြင်းကို ဖော်ပြသည်။

**Jnana Mudra**

လက်ဝါးပြင်အား လှန်ထားပြီး လက်မနှင့် လက်ညှိုးအား ထိပ်ဖျားချင်း အသာအယာထိပေးထားပါ။ လက်မသည် အလိုဆန္ဒအားရည်ညွှန်းပြီး လက်ညှိုးသည် စိတ်ပိုင်းဆိုင်ရာစွမ်းအင်နှင့် ထိုးထွင်းဉာဏ်များအား ပွင့်လင်းစွာလက်ခံနိုင်ခြင်းရှိကြောင်း ဖော်ပြသည်။

**Jupiter Mudra**

ဘဝအား လိုအပ်သလို ထိန်းချုပ်ပေးနိုင်ရန် ကြာသပတေးလက်ချောင်းမှ စွမ်းအင်များထုတ်ပေးခြင်းကို ရည်ညွှန်းသည်။

ထို့ကြောင့် လက်ချောင်းများအား တစ်ခုနှင့်တစ်ခု တွဲယှက်ထားပေးပါ။ ဝဲယာလက်ညှိုးနှစ်ချောင်းနှင့် လက်မနှစ်ချောင်းတို့အား ထိပ်ဖျားချင်းထိထားပေးပါ။ ထိုမုဒြာဖြင့် တရားထိုင်ပေးပါက ရုပ်ပိုင်း-စိတ်ပိုင်းဆိုင်ရာ စွမ်းအင်များကို ရရှိပါမည်။

**Kubera Mudra**

စီးပွားဥစ္စာပေါများကြွယ်ဝခြင်းကို ဖိတ်ခေါ်သောမုဒြာပုံစံဖြစ်သည်။ ထိုမုဒြာရရှိရန် လက်ဝါးပြင်အားလှန်ထားပြီး အပေါ်ဘက်သို့ အနည်းငယ်မြှင့်ထားပေးပါ။ ထို့နောက် လက်သူကြွယ်အား လက်ဝါးပြင်တွင်ဖြတ်ပြီး လက်မထိပ်ဖျားနှင့် လက်သူကြွယ်အားထိထားပေးပါ။

ထို့အတူ လက်ညှိုးထိပ်ဖျားနှင့် လက်ခလယ်ထိပ်ဖျားတို့အားထိထားပေးပါ။ လက်သန်းလက်ချောင်းအား နဂိုအတိုင်း လွှတ်ထားပေးပါ။

အဆိုပါမုဒြာသည် အရာရာဦးဆောင်နိုင်ခြင်း၊ ခက်ခဲပင်ပန်းစွာ အလုပ်လုပ်ခြင်း၊ အလိုဆန္ဒကြီးခြင်း၊ ချမ်းသာကြွယ်ဝလာအောင် စွမ်းဆောင်နိုင်ခြင်း၊ ဝင်ငွေကောင်းခြင်း ဟူသော အဓိပ္ပာယ်များအား ရည်ညွှန်းသည်။

**Inner Self Mudra**

ဝဲယာလက်ကောက်ဝတ်နှစ်ခုအား ထိထားပေးပါ။ ထိုအခါ သင်သည် လက်မနှစ်ချောင်းနှင့်လက်သန်းနှစ်ချောင်းတို့အကြားတွင်ရှိနေသည့်ပုံစံဖြစ်လာပါမည်။



www.burmeseclassic.com1

www.burmeseclassic.com

ထို့နောက် အလယ်လက်ချောင်း (၃)ချောင်းဖြစ်သည့် လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်တို့အား (ဝဲ-ယာ) နှစ်ဘက်ထိပ်ဖျားချင်းချင်းထိထားပေးပါ။ အဆိုပါ မုဒြာသည် မသိစိတ်နှင့်ထိုးထွင်းဉာဏ်ဆိုင်ရာ စွမ်းအင်များအားဖြင့် မြင့်တက်လာစေမည် ဖြစ်သည်။

**Lotus Mudra**

ကြာပွင့်ပုံမုဒြာ ဖြစ်သည်။ လက်ဝါးပြင်အောက်ခြေ လက်ကောက်ဝတ်နှစ်ခုအားထိစပ်၍ လက်ချောင်းအား ပန်းပွင့်ပုံပေါ် အောင်ထောင်ထားပေးပါ။

အဝေးမှကြည့်ပါက သင်သည် လက်သန်းနှစ်ချောင်းအကြား သို့မဟုတ် လက်မနှစ်ချောင်းအကြားသို့ရောက်နေသည့်ပုံပေါ်ပါမည်။

ဗုဒ္ဓဟူးလက်ချောင်း (လက်သန်း) သည် ဆက်သွယ်ရေးဆိုင်ရာကိစ္စများအား ရည်ညွှန်းပြီး လက်မသည် စိတ်ဝိညာဉ်ဆိုင်ရာခွန်အားကိုရည်ညွှန်းသည်။

ကြာပွင့်ပုံမုဒြာသည် ဘဝတစ်သက်တာအတွင်း ချစ်ခြင်းမေတ္တာများအား ဖိတ်ခေါ် ပေးလျက်ရှိသည်။

**Prithvi Mudra**

လက်ဝါးပြင်အား ထောင်လိုက်ပုံစံထောင်ထားပါ။ လက်သူကြွယ်အား လက်မရှိရာသို့ ကွေးထားပေးပါ။

လက်သူကြွယ်သည် ဆေးဝါးကုသ၍ရောဂါသက်သာပျောက်ကင်းစေခြင်း၊ စွမ်းအင်လည်ပတ်မှုမှန်ကန်စေခြင်းတို့ကို ရည်ညွှန်းသည်။ အထက်ပါ မုဒြာဖြင့် တရားထိုင်ပါက ခန္ဓာကိုယ်အပူချိန်များပြောင်းလဲသွားပြီး ယခင်ထက်ကျန်းမာသန်စွမ်းမှုကို ဖြစ်စေပါသည်။

**Saturn Mudra**

အဆိုပါမုဒြာသည် သိစိတ်နှင့်မသိစိတ်တို့အကြား မျှတမှုရှိစေရန် အကျိုးပြုပေးသည်။

ထိုင်ခုံဖြင့် တရားထိုင်ပါက ပို၍ပင် အကျိုးရှိတတ်သည့်မုဒြာဖြစ်သည်။ အဆိုပါ မုဒြာရရှိရန် လက်ဝါးပြင်အား လှန်ထားပြီး လက်ဝါးပြင်အလယ်ကောင်ဆီသို့ လက်ခလယ်အား ထိအောင်ကွေးထားပေးပါ။

အထက်ပါ မုဒြာအား ဝဲ-ယာ လက်တစ်ဖက်စီ၌ တစ်လှည့်စီလုပ်၍ တရားထိုင်ပေးပါ။ အဆိုပါ မုဒြာသည် မိမိမလိုချင်သောအရာများ မရရှိစေရန် တိုက်ဖျက်ပေးသည်။





**Fig-17 စိတ်ဝိညာဉ်ရေးရာ အားကောင်းသည့်လက္ခဏာပုံစံ**

**စိတ်ဝိညာဉ်ရေးရာ၌ အားကောင်းသည့် လက္ခဏာပုံစံ**

ဦးခေါင်းလမ်းကြောင်းသည် လက်ဝါးပြင်အား ထောင့်ဖြတ်ပုံစံဆင်းနေပါက ဘာသာရေးယုံကြည်မှုအသစ်ရှိနေသူ၊ စိတ်ဝိညာဉ်ဆိုင်ရာအသိဉာဏ်သစ်များပြန်လည်မွေးဖွားလာသူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ လက္ခဏာတွင် အသက်လမ်းကြောင်းနှစ်ထပ်ပါရှိနေပါက စိတ်ဝိညာဉ်ဆိုင်ရာစွမ်းအင်အတွက် အထောက်အကူပြုပေးသည့်လက္ခဏာအဖြစ်သတ်မှတ်နိုင်သည်။

စိတ်ဝိညာဉ်ဆိုင်ရာစွမ်းအင်မြင့်သူတို့၏လက်ဝါးပြင်အားသေချာစွာလေ့လာပါက လက်မထိပ်ဖျားရှိ လက်ဗွေတွင် ယင် (အမဓာတ်) နှင့် ယန် (အဖိုဓာတ်) တို့စွမ်းအင်မျှတသည့်ပုံဟူသောလက်ဗွေဖြစ်နေသည်ကိုတွေ့ရမည်ဖြစ်သည်။၎င်းအပြင် လက်သန်းအောက်ခြေ တနင်္လာဂြိုဟ်ခုံအနီးနှင့် လက်ဝါးစောင်းနေရာအနီး၌ မုခ်ဝခုံးပုံစံ သုံးခု တြိဂံအကွေးပုံစံရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့နောက် လက်ညှိုးအောက်ခြေအနီးတွင်လည်း သဲနာရီပုံစံသင်္ကေတပါရှိနေကာ ၎င်း၏အောက်မှ အော်လမွန်လက်စွပ်ကွင်းတစ်ခုပါရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ဖန် လက်ကောက်ဝတ်နေရာ၌ရှိနေသောလမ်းကြောင်း (၃) ခုသည် မုခ်ဝသုံး (သို့) ရွက်ဖျင်တဲပုံစံရှိ လမ်းကြောင်းများအဖြစ် တွေ့ရသည်။

ဆက်လက် လေ့လာမှုများအရ လက်ခလယ်အောက်ခြေတည့်တည့် နှလုံးလမ်းကြောင်းအောက်ဘက်၌ စိတ်တန်ခိုးရှိခြင်းကိုဖော်ပြသည့်ကြက်ခြေခတ်တစ်ခုပါရှိသည်ကို တွေ့ရမည်ဖြစ်သည်။

**ဘဝအဆက်ဆက်ပြုမူခဲ့သောကံ/နောင်ဘဝကို ဖန်တီးသည့်ကံ**

ကံနှင့်ပတ်သက်၍ အရှေ့တိုင်းအယူအဆအရ ဟိန္ဒူ၊ ဗုဒ္ဓဘာသာတိုင်း၏ အယူအဆနှင့် ခေတ်သစ်အနောက်တိုင်းအယူအဆဟူ၍ ကွဲပြားကြသည်။

အရှေ့တိုင်းအယူအဆအရ ကံဟူသည် မိမိပြုမူပြောဆိုလုပ်ကိုင်သောအခြေအနေပေါ် မူတည်၍ ပြန်လည်ရရှိခံစားရခြင်းမှာ ကံဖြစ်သည်။ ကံနှင့်ပတ်

www.burmeseclassic.com

www.burmeseclassic.com

သက်ပြီး အရှေ့တိုင်းမှယုံကြည်သူအချို့က မည်သူမဆို သေဆုံးခြင်းနှင့်ပြန်လည်မွေးဖွားခြင်းစက်ဝိုင်းအတွင်းမှနေလွတ်မြောက်နိုင်ခြင်းမရှိဟု ပြောဆိုသော်လည်း အချို့က အသိဉာဏ်အလင်းရောင်ရရှိနေသည့်လူ့ဘဝအတွင်း သံသရာမှလွတ်မြောက်အောင် ကြိုးစားနိုင်သည်ဟု ယုံကြည်ကြသည်။

အနောက်တိုင်း အယူအဆအရ မကောင်းသောကံဖြစ်စေမည့်အပြုအမူများအား ရှောင်ရှားပြီး ကောင်းသောကံများကိုသာဖြစ်ရန် ကြိုးစားရမည်ဟု ယုံကြည်ထားကြသည်။

တစ်နည်းအားဖြင့် အနောက်တိုင်းအယူအဆအရ ယုံကြည်ထားသောကံမှာ မိမိပြုခဲ့သည့်အကောင်းအဆိုးများအတိုင်း မိမိက ပြန်လက်ခံရမည့် နိယာမပင် ဖြစ်သည်။

**လက်ရေးပြင်ပေါ်မှ ကံဖြစ်စေသောအရာများအား ရှာဖွေလေ့လာခြင်း**

လက်ညှိုးအောက်ခြေ ကြာသပတေးဂြိုဟ်ခုံပေါ်တွင်ရှိသော သဲနာရီအမှတ်သင်္ကေတသည် အတိတ်အကြောင်းကြောင့်ရခဲ့သောကံအကြောင်းတရားကို ရည်ညွှန်းသည်။ သဲနာရီအမှတ်သင်္ကေတပါရှိပါက ကောင်းသောအမှတ်လက္ခဏာပင်ဖြစ်သည်။

အကယ်၍ လက်ဝါးပြင်တွင် နွားမျက်လုံးပုံစံရှိလက်ဗွေပါရှိခဲ့ပါက မကောင်းသော နိမိတ်လက္ခဏာအား ရည်ညွှန်းသည်။

တစ်ဖန် ကြိုးကွင်းပုံစံလက်ဗွေနှင့် ရွက်ဖျင်တဲပုံစံလက်ဗွေများပါရှိခဲ့ပါက ဘဝတစ်သက်တာအတွင်း တိုးတက်မည့် လုပ်ငန်းများအား ရည်ညွှန်းသည်။

လက်ဝါးပြင်ပါ လေးထောင့်ကွက်များသည် တစ်သက်တာအတွင်း စွမ်းအင်အပိုများ စုဆောင်းထားနိုင်သည့် အခြေအနေကို ရည်ညွှန်းသည်။ ကံအကြောင်းတရားဖြစ်စေသော အမှတ်သင်္ကေတများသည် အတိတ်ကပြုခဲ့သည့်ပုံစံအတိုင်း ဘဝတစ်သက်တာအတွင်း အမြဲတစေ ပြောင်းလဲလျက်ရှိကြသည်။ ကြိဂံအမှတ်အသားများအနေဖြင့် အတိတ်ကပြုခဲ့သော ကောင်းသောကံများအား လက်ရှိဘဝ၌ အကောင်းဆုံးဆုံးမြှင့်တင်ပေးနိုင်ခြင်းကို ဖော်ပြသည်။

ဦးအောင်မင်း

# ထီ

ဆရာဦးမောင်မောင်သန်း

(၈) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

**တနင်္ဂနွေသားသမီးများ**

အောက်တိုဘာလ ၅၊ ၆၊ ၇၊ ၁၇၊ ၂၀၊ ၂၅ ရက်များမှာ ထီထိုးပါ။

နေ့တစ်နေ့ကိုရွေးပါ။ တစ်နေ့ထဲ ဘုရား (၇) ဆူပြည့်အောင်သွားဖူးပါ။ ဘုရားတိုင်းမှာ ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၆) တိုင်စီထွန်းပူဇော်ခဲ့ပါ။ အပြန်မှာ ထီထိုးပါ။

နိုဝင်ဘာလမှာ ၇၊ ၅၊ ၁၊ ၂၊ ၉ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

အောက်တိုဘာလ ၅၊ ၆၊ ၈၊ ၂၀၊ ၂၂၊ ၂၆ရက်များမှာ ထီထိုးပါ။

ဘုရားအရှင်ကို မုန့်လုံးရေပေါ်ဆွမ်းတော်ကပ်လှူပါ။ (၇) ရက်ပြည့်အောင်ကပ်လှူပြီးမှ ထီထိုးပါ။

နိုဝင်ဘာလမှာ ၇၊ ၆၊ ၅၊ ၃ ဂဏန်းများ ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

အောက်တိုဘာလ ၅၊ ၆၊ ၉၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇ ရက်များမှာ ထီထိုးပါ။

နေ့တစ်နေ့ကိုရွေးပါ။ တစ်နေ့ထဲ ဘုရား (၆) ဆူပြည့်အောင်သွားဖူးပါ။ ဘုရားတိုင်း၏သောကြာထောင့်မှ ရုပ်ပွားတော်မြတ်ကို ရွက်လှမျိုးဝေနေအောင် လှူပါ။ ရှိခိုးပါ။ အပြန်မှာ ထီထိုးပါ။

နိုဝင်ဘာလတွင် ၅၊ ၄၊ ၈၊ ၁ ဂဏန်းများနှင့် ကြာသပတေးနံထီဆိုင် ကံစပ်နေပါပြီ။

**ဗုဒ္ဓဟူးသားသမီးများ**

အောက်တိုဘာလ ၅၊ ၆၊ ၇၊ ၁၃၊ ၂၀၊ ၂၁၊ ၂၄ ရက်များမှာ ထီထိုးပါ။

နဂါးရုံဘုရားတစ်ဆူဆူကိုသွားပါ။ ပန်းပေါင်းစုံ (၇) မျိုး၊ ဖယောင်းတိုင် (၇) တိုင်၊ အမွှေးတိုင် (၇) တိုင် လှူဒါန်းပူဇော်ပါ။ ပြီးရင် အာရုံစူးစိုက်ပြီး အမျှဝေပါ။ အပြန်မှာ ထီထိုးပါ။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ပေါက်သည်နှင့်တစ်ပြိုင်နက် နဂါးရုံဘုရားတစ်ဆူဆူမှာ ထပ်လှူလိုက်ပါလေ။

နိုဝင်ဘာလမှာ ၆၊ ၅၊ ၃၊ ၉ ဂဏန်းများနှင့် ကြာသပတေးနံအက္ခရာများ ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

အောက်တိုဘာလမှာ ၅၊ ၆၊ ၇၊ ၈၊ ၁၉၊ ၂၀၊ ၂၂ ရက်များမှာ ထီထိုးပါ။

နံနက်စောစော အရုဏ်ဆွမ်းခံကြွလာတော်မူသော သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။ အကြိမ်ကြိမ်လောင်းလှူပြီးမှ ထီထိုးပါ။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ပေါက်ပြီဆိုသည်နှင့် သံဃာတော်အရှင်သူမြတ်များကိုလှူပါ။ ပူဇော်ပါ။

နိုဝင်ဘာလမှာ ၇၊ ၀၊ ၅၊ ၁ ဂဏန်းများနှင့် စနေနံထီဆိုင်၊ စနေနံ အက္ခရာများကံစပ်နေပါပြီ။

**သောကြာသားသမီးများ**

အောက်တိုဘာလမှာ ၅၊ ၆၊ ၉၊ ၁၄၊ ၁၉၊ ၂၀၊ ၂၃ရက်များမှာ ထီထိုးပါ။

ရွှေဘွဲ့အမည်ရှိသောဘုရားစေတီတစ်ဆူဆူမှ ရုပ်ပွားတော်တစ်ဆူဆူတွင် ရွှေပြားသက်န်းကပ်လှူခြင်း (သို့) ရေသပ္ပာယ်ခြင်း ရွက်လှမျိုးဝေနေအောင် လှူခြင်းပြုပြီး ပူဇော်ကန်တော့ပါ။

အခက်အခဲရှိလျှင် ဘုရားတစ်ဆူဆူ၏ ဗုဒ္ဓဟူးထောင့်မှ ရုပ်ပွားတော်ကို ပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

နိုဝင်ဘာလမှာ ၆၊ ၅၊ ၂၊ ၉ ဂဏန်းများနှင့် စနေ၊ ကြာသပတေးနံထီဆိုင်များ၊ အက္ခရာများကံစပ်နေပါပြီ။

**စနေသားသမီးများ**

အောက်တိုဘာလ ၅၊ ၆၊ ၉၊ ၁၉၊ ၂၀၊ ၂၄၊ ၂၇ရက်များမှာ ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ ဂြိုဟ်(၈)ခွင်လုံးရှိ ရုပ်ပွားတော်မြတ်များအား ရွက်လှမျိုးဝေနေအောင် ပူဇော်ပြီး ရေသပ္ပာယ်ပါ။ အပြန်မှာ ထီထိုးပါ။

နိုဝင်ဘာလမှာ စနေနံထီဆိုင်နှင့် အက္ခရာများ၊ ၇၊ ၄၊ ၈၊ ၃ ဂဏန်းများ ကံစပ်နေပါပြီ။

ဤလတွင် ၆-၁၀-၂၀၁၇၊ သောကြာနေ့နှင့် -

၂၀-၁၀-၂၀၁၇ သောကြာနေ့များမှာ (၇)ရက်သားသမီးများ မည်သူမဆို ထီထိုးသင့်ပါသည်။

ဆရာဦးမောင်မောင်သန်း
(ခင်ကိုအေးမြေသား)



www.burmeseclassic.com

www.burmeseclassic.com



# တောင်မှူးကြီးသိန်းဝင်း

## အရက်သမားပြောသောတစ္ဆေပုံပြင်

ကျွန်တော်တို့နေသော ရွာကြီးကို ဗောဓိကုန်းရွာကြီးဟုခေါ်သည်။ ပျော်ဘွယ်မြို့နယ်အတွင်း၌တည်ရှိပြီး စပါးနှင့်သီးနှံမျိုးစုံ ရာသီအလိုက်စိုက်ပျိုးသောရွာကြီးဖြစ်ပါသည်။ ဗောဓိကုန်းတောင်ခြေတွင် တည်ရှိပြီး ဗောဓိကုန်းဆည်ကြီးလည်း တည်ရှိသောကြောင့် နှမ်း၊ မိုး၊ ဆောင်းသီးနှံမျိုးစုံတို့ စိုက်ပျိုးနိုင်သောကြောင့် ကျွန်တော်တို့ရွာကြီးနှင့် ပတ်ဝန်းကျင်ရှိ ဆည်တော်ရွာ၊ ဂုံမင်းသို့ရွာ၊ သရက်တောရွာနှင့် ပိန္နဲကုန်းရွာ၊ သဲဖြူကုန်းရွာ၊ ရှမ်းရွာကြီး၊ ရေပုတ်ရွာနှင့် ဝိုင်းရံတည်ရှိပါသည်။ ရွာအားလုံး ဗောဓိကုန်းဆည်ရေသောက်ရွာများဖြစ်ကြသောကြောင့် စိုက်ပျိုးရေးလုပ်ငန်း ရာသီအလိုက်စိုက်ပျိုးနိုင်သောကြောင့် ချမ်းသာကြွယ်ဝကြသည်ဟု ဆိုနိုင်ပါသည်။ ဗောဓိကုန်းတောင်တန်းကြီးမှာ ဗောဓိကုန်းဆည်ကြီးဖြင့် ဆက်စပ်တည်ရှိနေပြီး အလယ်၌ နက်ရှိုင်းသောလျှိုကြီးရှိသည်။ ကြိမ်ပင်၊ ဝါးပင်၊ ရေငန်းပင်နှင့် သစ်ပင်မျိုးစုံပေါက်ရောက်သော အမြဲစိမ်းသစ်တောကြီးက တောင်တစ်ကြောလုံးဖုံးအုပ်ထားသောကြောင့် ကျွန်တော်တို့ရွာနောက်ကျောမှာ တောင်တန်းကြီးကာရံထားသလို အမြဲစိမ်းတောကြီးဖြင့် စိမ်းစိုဝေဆာနေပါသည်။

ဗောဓိကုန်းတောင်ထိပ်တွင်တော့ လွန်စွာသပ္ပာယ်ပြီး တန်ခိုးကြီးသော ကိုးတောင်ပြည့်ဘုရားကလေးတစ်ဆူရှိသည်။ ဘုရားမှာ ရှေးဟောင်းဘုရားဖြစ်ပြီး တန်ခိုးအလွန်ကြီးသည်။ နှစ်စဉ်ကဆုန်လပြည့်နေ့ရောက်တိုင်း ညောင်ရေသွန်းပွဲတော်ကျင်းပသည်နှင့် ညပိုင်းတွင် ရောင်ခြည်တော်လွှတ်လေ့ရှိသည်။ ကဆုန်လပြည့်ည ကိုးနာရီတွင်တစ်ကြိမ် တစ်ဆယ့်နှစ်နာရီတွင်တစ်ကြိမ်၊ နံနက်သုံးနာရီတွင်တစ်ကြိမ်လွှတ်လေ့ရှိလေသော ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်ပတ်ဝန်းကျင်ရွာများသာမက ရပ်ဝေးရပ်နီး တောင်ငူ၊ ပျဉ်းမနား၊ ရန်ကုန်ကအထိပင် ဘုရားဖူးဧည့်သည်များ နှစ်စဉ်နှစ်တိုင်း



www.burmeseclassic.com1

www.burmeseclassic.com



ကဆုန်လပြည့်နေ့အမီ ဘုရားအား ပူဇော်ရန် စုဝေးရောက်ရှိလာတတ်ကြပါသည်။

ကျွန်ုပ်ငယ်စဉ်အချိန်က လှည်းများဖြင့်သာလာတတ်ကြသော်လည်း ယခုခေတ်အချိန်တွင် ကားများဖြင့်လည်း ဘုရားဖူးများလာတတ်ကြရာ လွန်စွာစည်ကားသော ကဆုန်လပြည့်ဘုရားပွဲ

www.burmeseclassic.com1

www.burmeseclassic.com

တော်နေ့ဖြစ်ပါသည်။ တောင်ခြေတွင် ရှေးဟောင်းမန်ကျည်းပင်ကြီးနှင့်ကုက္ကိုပင်ကြီးတို့ရှိရာ လွန်စွာအရိပ်အာဝါသ ကောင်းသည်။ ထို့အပြင် ဘုရားတောင်နှင့် ဗောဓိကုန်းဆည်ကြီးခြေရင်းတွင် ရှေးဟောင်းဇရပ်ကြီးတစ်ဆောင်လည်းရှိသေးသည်။ ဇရပ်၏အနောက်ဘက်တွင် လွန်စွာနက်ရှိုင်းသောလျှိုကြီးက တည်ရှိနေသည်။

ရှေးဟောင်းဇရပ်ကြီးမှာ မည်သည့်အချိန်က တည်ဆောက်ခဲ့သည်၊ အလှူရှင်မည်သူဟု မသိရသော်လည်း တစ်ဖက်ခန့်ကျွန်းတိုင်လုံးဖြောင့်ဖြောင့်ကြီးများကို ရွေးချယ်ဆောက်လုပ်ထားခြင်းဖြစ်ပြီး အောက်ခံမှာအင်္ဂတေအခင်းဖြစ်သည်။ ကျွန်တော်ပြောရန်ကျန်ရှိနေသည်မှာ ဇရပ်ကြီးအနောက်ဘက်လျှိုကြီးနှင့် ဆည်ကြီးအကြား၌ တစ်ဧကခန့်ကျယ်ဝန်းသော ရွာသင်္ချိုင်းကုန်းရှိသည်။ အုတ်ဂူအသစ်အဟောင်းများနှင့် မြေပုံများကပြန့်ကျဲပြီး တောချုံငယ်များဖုံးအုပ်နေသည်။ မြရာပင်ချုံ၊ ကြိမ်ဘူးချုံနှင့် ဆီးဖြူပင်များ၊ ရေငန်းပင်များ၊ မျောက်ချောပင်များ စသဖြင့် ဖုံးလွှမ်းထားသည်။ ထို့ကြောင့်လည်း ရွာသင်္ချိုင်းမှာ တောကောင်များပုန်းအောင်းရာလျှိုကြီးနှင့် ဆည်ကြီးကြား ဆက်စပ်တည်ရှိနေသောကြောင့် တောကောင်ငယ်များခိုအောင်းကျက်စားရာနေရာလည်း ဖြစ်ပါသည်။ တောဝက်၊ ချေ၊ ဆတ်၊ ယုန်နှင့် သင်းခွေချပ်၊ ဖွတ်နှင့် ခွေးတူဝက်တူတောကောင်ငယ်များ လွန်စွာပေါများသည်။ နီရဲနေသောတောကြက်အုပ်နှင့် ရစ်ငှက်များကလည်း လူခြေတိတ်သော ဇရပ်ပတ်ဝန်းကျင်နှင့် ဇရပ်ကြီးအပေါ်တွင် မြူးထူးကျက်စားကြသည်။ ဇရပ်ကြီးမှာ ရှေးဟောင်းဇရပ်ကြီးဖြစ်သော်လည်း ရပ်ရွာက ထိန်းသိမ်းပြုပြင်ထားသောကြောင့် သွပ်မိုးများကလွဲ၍ အကောင်းပကတိဖြစ်သည်။ သွပ်မိုးများမှာ မန်ကျည်းပင်၏ အချဉ်ဓာတ်ပါသော ရွက်ကြွေများကြောင့် မကြာခဏပေါက်ပြဲဆွေးမြည့်ပြီး သွပ်မိုးများလည်းပျက်စီးနေပါသည်။ ထိုဇရပ်ကြီးမှာ ရွာတွင် အသုဘရှိ၍ချသောအချိန်တွင် သရဏဂုံတင်ရာဇရပ်ကြီးအဖြစ်အသုံးပြုကြပြီး ကဆုန်လပြည့်ဘုရားပွဲနေ့များတွင် ရပ်ဝေးဧည့်သည်များတည်းခိုရာဇရပ်ကြီးဖြစ်ပါသည်။

ဗောဓိကုန်းတောင်ခြေမှာ လွန်စွာကျယ်ပြန့်သောကြောင့် ဘုရားဖူးဧည့်သည်များ မည်မျှပင်လာစေကာမူ ကျယ်



ဝန်းစွာ နေထိုင်စတည်းချနိုင်ကြသည်။ ထို့အပြင် ထူးဆန်းသည်ကတော့ ဗောဓိကုန်းတောင်ပေါ်ရှိ ကိုးတောင်ပြည့်ဘုရားလေးပရဝဏ်မှာ တောင်ထိပ်တွင်ဖြစ်၍ ကျဉ်းမြောင်းမည်ဟုထင်ရသော်လည်း မည်မျှပင်ဘုရားဖူးဧည့်သည်များလာစေကာမူ ဘုရားတောင်ပေါ်ရင်ပြင်တော်တွင်ဝင်ဆန့်သည်မှာ အံ့ဩဖွယ်ဖြစ်သည်။ ထို့အပြင် ဘုရားစေတီလေး၏ အနောက်တောင်ဘက်တွင် ဗောဓိညောင်ပင်ကြီးရှိရာ ညောင်ပင်ကြီးအရင်းအား အင်္ဂတေဖြင့်ပတ်ဝိုင်းထားသည့်အပြင် ပြင်ပစည်းရိုးအနေဖြင့်လည်း လူကြီးတစ်ယောက်၏ ခါးလယ်ခန့်မြင့်သောအုတ်တံတိုင်းကိုပတ်ဝိုင်းကာရံထားသေးသည်။ထိုညောင်ပင်ကြီးတွင် နှစ်စဉ်ကဆုန်လပြည့်နေ့ရောက်တိုင်း ညောင်ရေသွန်းလောင်းလှူဒါန်းကြခြင်းဖြစ်ပါသည်။ ပို၍ထူးဆန်းသည်ကား ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်ဆင်ယင်ကျင်းပသည့်နေ့ရောက်တိုင်း ရေအိုးလေးကိုရွက်၍ ညောင်ရေသွန်းလောင်းရန် ပြင်ပအုတ်နံရံအတွင်း ဝင်ရောက်လိုက်သည်နှင့်တစ်ပြိုင်နက် တီးသံမှုတ်သံပုံသံများ အလိုအလျောက်ကြားရပြီး မနေမထိုင်နိုင်အောင် ငြိမ့်ညောင်းစွာ ကကြခုန်ကြ ညောင်ရေသွန်းလောင်းကြခြင်းဖြစ်သည်။

ထိုပုံစံများမှာ နှစ်စဉ် ကဆုန်လပြည့်နေ့ရောက်တိုင်း ဗောဓိပင်ကြီးညောင်ရေသွန်းချိန်တွင် ထူးဆန်းစွာ အလိုအလျောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အခြားရာသီအချိန်များတွင် ထိုတီးသံမှုတ်သံပုံသံများကို မကြားရခြင်းမှာ လွန်စွာထူးဆန်းလှသည်။ မယုံကြည်၍ စိတ်ထိန်းနိုင်သည်ဆိုသူများလည်း ဝင်ရောက်စမ်းသပ်ကြရာ တံတိုင်းအတွင်းဝင်မိသည်နှင့် မနေမထိုင်နိုင်စိတ်လွတ်ကိုယ်လွတ်ပင်ကကြခုန်ကြတော့သည်။ လွန်စွာပျော်စရာကောင်းပြီး ထူးဆန်းအံ့ဩဖွယ်ကောင်းသောအချက် ဖြစ်ပါသည်။ ထို့ကြောင့် တောင်ပေါ်စေတီလေးမှာ ကိုးတောင်ပြည့်ဘုရားကလေးသာဖြစ်သော်လည်း ရွှေရောင်တဝင်းဝင်းဖြင့် စိမ်းလန်းသောတောတောင်ကြီးကိုနောက်ခံပြုကာ လွန်စွာသပ္ပာယ်ကြည်ညိုဖွယ်ရာအတိဖြစ်ပါသည်။

ကျွန်တော်တို့က ဗောဓိကုန်းရွာကြီး၏ အခြေခံမူလတန်းကျောင်းမှ စတုတ္ထတန်းကျောင်းသားကြီးများ ဖြစ်ကြပါသည်။ ဗောဓိကုန်းရွာကြီးတွင် အလယ်တန်း၊ အထက်တန်းမရှိပါ။ မူလတန်းအောင်သည်နှင့် ကျွန်တော်တို့ အလယ်တန်းနှင့် အထက်တန်းတက်ရန်အတွက် ပျော်ဘွယ်မြို့ပေါ်သို့ ပြောင်းရွှေ့တက်ရောက်ကြရမည်။ ကျွန်တော်တို့ ရွာကြီးနှင့် ပျော်ဘွယ်မြို့မှာ ငါးမိုင်ခန့်ကွာဝေးသည်။ တောင်ငူမြို့ကြီးနှင့်တော့ ဆယ်မိုင်ကျော်၊ ဆယ့်ငါးမိုင်ခန့် ကွာဝေးလိမ့်မည်ထင်ပါသည်။ ကျွန်တော်တို့ရွာမှ ပျော်ဘွယ်နှင့်တောင်ငူမြို့သို့ နေ့စဉ်သွားသောဈေးကားကြီးနှစ်စီးရှိသည်။ရွာထွက်သီးနှံများကို မြို့သို့ပို့ပြီး မြို့မှလိုအပ်သော အစားအသောက်၊ အဝတ်အထည် စသည်ဖြင့် လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ပြန်ဝယ်လာကြခြင်း ဖြစ်သည်။ ကျွန်တော်တို့ရွာကြီးမှာ အုပ်စုရွာကြီးဖြစ်ပြီး အနီးပတ်ဝန်းကျင်ရွာများမှလည်း လာရောက်စုဝေးကြပြီး ဈေးကားကြီးနှစ်စီးဖြင့် ကုန်ရောင်းကုန်ဝယ်ပြုလုပ်နေကြခြင်း ဖြစ်သည်။ ကျွန်တော်တို့ရွာများရှိ အလယ်တန်းနှင့် အထက်တန်းကျောင်းသားကြီးများကလည်း ထိုဈေးကားကြီးဖြင့်ပင် မြို့ပေါ်သို့ ကျောင်းတက်နေရခြင်း ဖြစ်သည်။ သာယာခြောက်သွေ့သောရာသီတွင် စက်ဘီးဆိုင်ကယ်များကိုအားကိုးပြီး သွားလာနိုင်ကြသော်လည်း မိုးရာသီတွင်တော့ ဈေးကားကြီးများကိုသာ မှီခိုအားထားရခြင်း ဖြစ်ပါသည်။

ရွာနှင့်မြို့ပေါ်နေ့စဉ်အဆက်အသွယ်ရှိသောကြောင့် ကျွန်တော်တို့ရွာများမှာ ခေတ်နောက်ကျကျန်မနေရစ်ခဲ့ပါ။ ဗောဓိကုန်းဆည်ကြီးက ရေအားလျှပ်စစ်ထုတ်ပေးနိုင်သောကြောင့် တောရွာဖြစ်သော်



www.burmeseclassic.com1

www.burmeseclassic.com

လည်း မြို့ရွာရပ်ကွက်နှင့်မခြား ခေတ်မီဖွံ့ဖြိုးသည်ဟုဆိုပါက ဆိုနိုင်ပါသည်။ အိမ်တိုင်းနီးနီး ရေဒီယိုဖြစ်စေ၊ တယ်လီဖေးရှင်းဖြစ်စေကိုယ်စီရှိကြပြီး ယခုခေတ်လို လက်ကိုင်မိုဘိုင်းဖုန်းများမပေါ်သေးသောကြောင့် ဖုန်းဆက်ပြောဆိုနိုင်သော အခွင့်အရေးတော့မရှိပါ။ သို့သော် နေ့စဉ်ထွက်သည့် ဈေးကားကြုံဖြင့် မြို့နှင့် စာအဆက်အသွယ်ပြုလုပ်နိုင်ပါသည်။

တစ်နေ့ တပေါင်းလအလယ်ခန့်တွင် ဖြစ်သည်။ ကျွန်တော်တစ်ဦးတည်း အိမ်မှာနေရသည်မှာ ကျောင်းပိတ်ရက်ဖြစ်၍ ပျင်းရိလာသောကြောင့် တောကြက်ပစ်ရန်ရည်ရွယ်ချက်ဖြင့် လောက်စာလုံးအိတ်ကိုလွယ်ကာ လောက်လေးခွကိုင်၍ ဇောမိကုန်းတောင်ခြေဘက်သို့ လျှောက်လှမ်းလာခဲ့ပါသည်။ အချိန်က နံနက်(၇)နာရီကျော်ခန့်သာရှိပါလိမ့်ဦးမည်။ တပေါင်းလဖြစ်သော်လည်း ဆောင်းလက်ကျန်မြူမှုန်ငွေ့များက သိုင်းခြုံရစ်ပိုင်း၍ အဝေးကိုမမြင်ရပါ။ မှုန်မှိုင်းမှိုင်းဖြစ်နေသည်။ ထို့ကြောင့်လည်း ပတ်ဝန်းကျင်ကို သတိထား၍ တစ်လှမ်းချင်း လျှောက်ခဲ့ပါသည်။ ရွာနှင့်ဇောမိကုန်း တောစပ်မှာ တစ်မိုင်ကျော်လောက်တော့ ဝေးပါလိမ့်မည်။ လယ်ယာရိတ်သိမ်းပြီးချိန်ဖြစ်၍ ယခင်အချိန်များကလို လယ်ယာလုပ်သားများအား မတွေ့မြင်ရပါ။ တပေါင်းလဆိုသည်မှာ ကျွန်တော်တို့ တောင်သူလယ်သမားများ အလုပ်နားချိန်၊ ထွက်ရှိသောကုန်ပစ္စည်းများကို မြို့တက်၍ရောင်းဝယ်နေကြသောအချိန်ဖြစ်သည်။ ထို့ကြောင့်လည်း ရွာတွင် လူနည်းပြီး တိတ်ဆိတ်ငြိမ်သက်နေသည်။ ဇောမိကုန်းဆည်ကြီးနှင့် ဘုရားတောင်ခြေတွင် ပို၍ငြိမ်သက်ပြီး တိတ်ဆိတ်နေပါသည်။ ထိုအချိန်မျိုးတွင် တောကြက်အုပ်များက တောင်ခြေပတ်ဝန်းကျင်တွင်ထွက်ကာ ဇရပ်အပေါ် ထိတက်၍ အစာရှာကြသည်။ ထိုအချိန်ကိုအမိအရဖမ်း၍ ကျွန်တော်က တောကြက်ပစ်ရန် ရွာမှထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

သို့သော် ဇရပ်အိုကြီးအနား ရောက်သည်အထိ ပတ်ဝန်းကျင်က တိတ်ဆိတ် ငြိမ်သက်နေသော်လည်း တောကောင်ငယ်များမပြေးနှင့်၊ တောကြက်၊ တောငှက်များကို မမြင်တွေ့ရသည်မှာ လွန်စွာမှထူးဆန်းနေပါသည်။ ထို့ကြောင့် အကာအရံမရှိသော သာလာယ်ဇရပ်ကြီးပေါ် သို့ လှမ်းမျှော်ကြည့်ရှုလိုက်ရာ စောင်းခြုံပြီးလှဲလျောင်းနေသောအရာတစ်ခုကို ဇရပ်ကြီး၏ တောင်ဘက်တိုင်အကွယ်တွင်တွေ့လိုက်ရသည်။ အသုဘချရန်အတွက် ကြိုတင်ပြင်ဆင်ထားသောအလောင်းတစ်ခုလားတော့ မသိနိုင်ပါ။ ထို့ကြောင့် ကျွန်တော်လည်း တစ်ဦးတည်းဖြစ်၍ အလွန်လန့်သွားခဲ့သည်။

ထိုစဉ်တွင် ဇရပ်တောင်ဘက်ထိပ်ရှိ လူသေအလောင်းဟု ယူဆရသော အရာမှာ တစ်ဖက်သို့စောင်း၍ လှုပ်ရှားလာသည်။သို့မှသာ ကျွန်တော် သဘောပေါက်မိတော့သည်။ လူသေအလောင်းမဟုတ်၊ ခရီးသွားဧည့်သည်ဖြစ်ဟန်တူသည်။ သူ၏လှုပ်ရှားမှုကြောင့် တောကောင်ငယ်များက ဇရပ်ကြီးအနားသို့ မကပ်ကြခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော် လောက်လေးခွအားကိုးဖြင့် ရဲရဲတွာ ဇရပ်ကြီးပေါ် သို့ လှမ်းတက်သွားမိစဉ် ထိုလူပုံစံအရာထံမှ တဝါးဝါးသမ်းဝေသံကိုကြားလိုက်ရသည်။

"ဝါး. . . ဝါး"

ထိုသူထံမှ -

"ဘယ်သူတုံးကွ၊ ဇရပ်ပေါ် ကို အသံမပေးဘာမပေးနဲ့တက်လာတာ။ မင်းခြေသံကို ငါ အတိုင်းသားကြားနေရတယ်"

"ဪ - ဆရာကြီးက ခရီးသွားဧည့်သည်ထင်ပါရဲ့ဗျာ။ ဘယ့်နှယ်ကြောင့် ဒီဇရပ်ကြီးပေါ် မှာ တစ်ယောက်တည်း တည်းခိုနေတာပါလဲ။ ကျွန်တော်တို့ရွာထဲဝင်ပြီး အိမ်တစ်အိမ်အိမ်ကို အကူအညီတောင်းနဲ့ အစားအသောက်ရေ တည်းခိုဖို့ပါ ကူညီလုပ်ကိုင်ကြပါလိမ့်မယ်။ ကျွန်တော်တို့ရွာလေးက ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးရွာလေးပါ။ အလွန်ရိုးသားပွင့်လင်းကြပြီး ဘယ်ဧည့်သည်ကိုမဆို ကျွေးမွေးပြုစုလှူဒါန်းကူညီဖို့ အဆင်သင့်ရှိကြပါတယ်"

ထိုစဉ် ထိုလူကြီးမှာ ငုတ်တုတ်ထထိုင်ပြီး -

"ကောင်လေး- မင်းမှာ စားစရာ တစ်ခုခုနဲ့ သောက်ရေပါလာသလား"

"ဟုတ်ကဲ့၊ ကျွန်တော့်မှာ ထန်းလျက်ခဲ၊ မြေပဲဆန်နဲ့ သောက်ရေပုလင်း ပါလာပါတယ်။ ရော့ပါ ဦးလေး သုံးဆောင်ပါ"

"အေးကွာ ကျေးဇူးပဲ ငါ့တူရယ်၊ ညက အရက်သောက်တာများသွားပြီး အိပ်ချင်လွန်းလို့ ဒီဇရပ်ကြီးပေါ် တက်အိပ်လိုက်တာ ညစာပါငတ်ရောဟေ့။ အိပ်တော့လည်း မနက်မိုးလင်းခါနီး ရောင်နီလာမှအိပ်ရတော့ အိပ်ရေးမဝဘူးပေါ့ကွာ"

"ဒါနဲ့ အဘက အရက်သောက်ပြီး အိပ်ချင်လွန်းလို့အိပ်တယ်လည်းဆိုသေး ဘာကြောင့်အိပ်မရတာလဲ"

"အောင်မလေး-ပြောမပြောချင်ပါဘူး ငါ့တူရယ်၊ မင်းတို့ဇရပ်ကြီးက သရဲတစ္ဆေအလွန်ခြောက်တာပဲ။ ငါ့မှာမနည်းဘဲတင်းခံပြီး အယောင်ဆောင်နေလိုက်ရတာ။ ဒါကြောင့် တစ်ညလုံးအိပ်မရဘဲ မနက်မိုးလင်းခါနီးမှ အိပ်ပျော်သွားတာ"

"ဘာ ဘယ်လို သရဲခြောက်သတဲ့လား။ ဒီဇရပ်ကြီးကတော့ တောခြေတောင်ခြေသင်္ချိုင်းကုန်းနဲ့နီးပြီး ရွာနဲ့နည်းနည်းအလှမ်းဝေးတော့ လူသူပြတ်တယ်။ သရဲတစ္ဆေခြောက်လှန့်တတ်တယ်လို့တော့ လူပြောများပါတယ်။ ကျွန်တော်လည်း ညဘက်ဒီဘက်ကိုမလာဘူးတော့ခြောက်တာလှန့်တာ တစ်ခါမှမကြုံဖူးပါဘူး"

"အေးကွယ် ငါ့တူရယ်၊ အဘလည်း တစ်နိုင်ငံလည်း မြို့ရွာတွေအနှံ့ လှည့်ပတ်လာခဲ့တာအစုံပါပဲ။ သရဲတစ္ဆေဆိုတာ အသံဗလံအရိပ်အယောင်လောက်တော့ ကြားဖူးမြင်ဖူးပါတယ်။ မင်းတို့ရွာက ဒီဇရပ်ကြီးရောက်တော့မှပဲ ကိုယ်တွေ့ကြုံရတော့တာပဲဟေ့။ ဒါပေမယ့် ဘာရမလဲ၊ အဘကလည်းလူပါပဲ။ သူတို့လို သရဲတစ္ဆေဟန်ဆောင်ပြီး ရောနှောနေလိုက်တော့ ပြီးသွားတာပါပဲ"

"အဘရယ်၊ သရဲတစ္ဆေဆိုတာ အလွန်ကြောက်ဖို့ကောင်းတယ်လို့ကြားဖူးပါတယ်။ အဘတစ်ယောက်တည်း မကြောက်ဘူးလား"

"ဟကောင်ရ ငါလည်းလူပဲ၊ ကြောက်တော့ ကြောက်တာပေါ့။ ဒါပေမယ့် ဇရပ်ကြီးပေါ် မှာ မှောင်မည်းနေတော့သဲသဲကွဲကွဲမမြင်ရပါဘူး။ လရောင်ကြယ်ရောင်ကြောင့် အရိပ်အယောင်လောက်ပဲမြင်ရတာပါ။ ဒါကြောင့် အဘလည်း မကြောက်မလန့် သူတို့အုပ်စုထဲဝင်ရောပြီး အယောင်ဆောင်နေလိုက်တာပေါ့"

"အဘက အလွန်သတ္တိကောင်းပြီး သရဲတစ္ဆေတွေကိုမကြောက်တာ အလွန်အံ့ဩစရာပဲဗျာ။ ဘယ်ပုံဘယ်နည်းများ ခြောက်လှန့်တာလဲ။ ကျွန်တော့်ကို ပြောပြနိုင်ရင် ပြောပြပေးပါလား အဘရယ်"

"အေးအေး - မင်းက ငါ့ကိုကျွေးဖြည့်ပေးတဲ့ ကျေးဇူးရှင်ဖြစ်သွားတော့



www.burmeseclassic.com

www.burmeseclassic.com

ပွင့်ပွင့်လင်းလင်းမခြွင်းမချန်ပြောပြရတော့မှာပေါ့ကွာ။ ဒီလို ငါ့တူရေ၊ အစောပိုင်းက အဘပြောခဲ့သလို အဘလည်း ကြုံရာဆုံရာမှာ အရက်သေစာသောက်စားလာပြီး မင်းတို့ရွာအနောက်ဘက်က ကုက္ကိုခွရွာကိုသွားမလို့ဘဲ။ အဲဒီမှာ အဘငယ်ပေါင်းသူငယ်ချင်းတစ်ယောက်က လာလည်မို့ဖိတ်ထားလို့ပဲ။ ဒါပေမယ့် အမူးလွန်ပြီး နီးစပ်ရာဒီဇရပ်ပေါ်တက်အိပ်မိတာ ညသန်းခေါင်လောက်မှာ အနံ့တစ်မျိုးနဲ့ တိုးတိုးတိုးတိုးစကားသံတွေကြောင့် အိပ်ရာကလန့်နိုးတယ်”

“ဒါနဲ့အဘ၊ဖြတ်မေးပါရစေ၊ အဘအနံ့တစ်ခုရတယ်ဆိုတာ ဘာအနံ့မျိုးပါလဲ”

“အေး - ပြောရရင်တော့ လူကိုမီးရှို့လို့ရတဲ့အနံ့မျိုးပဲ။ အသံကတော့ တိုးတိုးပြောကြလို့ မသဲကွဲဘူး။ အဘက အရက်သမားဆိုပေမယ့် ဒေသအစိမ်းမှာ အိပ်ရင် သတိအလွန်ထားတာ။ မုဆိုးအလုပ်လည်းလုပ်ခဲ့ဖူးတယ်။ ကြက်အိပ်ကြက်နိုးမုဆိုးကျင့်စဉ်ဆိုတာ ငါ့တူလည်း ကြားဖူးမှာပေါ့။ သတိထားအိပ်တော့ အမြဲတမ်းသတိရှိနေတာပေါ့ကွာ။ တစ်စုံတစ်ရာပတ်ဝန်းကျင်ကအနှောင့်အယှက်ရှိတာနဲ့ ဖျတ်ခနဲဆိုလန့်နိုးတာ အဘရဲ့အလေ့အကျင့်ပဲဆိုပါတော့”

“ဟုတ်ကဲ့ အဘ၊ ဒါနဲ့ ဖြစ်ပုံပျက်ပုံဇာတ်လမ်းစုံလေးကို ဆက်ခင်းပါဦး”

“အေးကွ - ဒီလိုအသံကြားတဲ့အကောင်တွေဟာ လူမဟုတ်မှန်း အဘက အလိုလိုသိတယ်။ ဒါကြောင့် အမှောင်ထဲမှာ တရွေ့ရွေ့ထပြီး သူတို့နဲ့ရောနေလိုက်တယ်။ အဲဒီအခါမှာ ခေါင်းဆောင်ဖြစ်ဟန်တူတဲ့သရဲကြီးက -

‘ဟေ့ကောင်တွေ လူနံ့ရတယ်ကွ။ ငါတို့က ဒီဇရပ်ကြီးမှာ သရဲ(၁၀)ကောင်ပဲနေထိုင်ကြတာ ဘယ်ကလူစိမ်းလဲ။ ရေတွက်ကြည့်ကြစမ်း’

အဲ့အခါမှာ အဘက အလျင်ဆုံးထပြီး ‘ဟုတ်ကဲ့ ခေါင်းဆောင်ကြီး၊ ကဲ- အားလုံး မတ်တတ်ရပ်ကြ။ ငါရေတွက်ပြီးစစ်ဆေးမယ်’

အဲဒါနဲ့ သရဲအားလုံးတန်းစီပြီး မတ်တတ်ရပ်ကြတယ်။ ဘယ်ရမလဲ၊ အဘက ဦးဆုံး အဘရဲ့လက်ဝဲဘက်က သရဲတစ်ကောင်ကစပြီး လက်ယာဘက်ကသရဲတစ်ကောင်အထိ တစ်၊ နှစ်၊ သုံး၊ လေး၊ တစ်ဆယ်အထိရေတွက်ပေးလိုက်တယ်။ ရေတွက်တဲ့အဘကိုယ်တိုင်ကိုတော့ ချန်ထားခဲ့တာပေါ့။ ဒါကြောင့်



သရဲ (၁၀)ကောင်အတိပဲ။ မှောင်ထဲမှာဆိုတော့ သရဲခေါင်းဆောင်ကြီးလည်း ရိပ်မိဟန်မတူပါဘူး။ ဒါနဲ့ သူက ‘ကဲ - ငါတို့အားလုံးဆယ်ကောင်ပြည့်တယ်။ အပိုအလိုမရှိဘူး။ ဒီနေ့အစည်းအဝေးလုပ်မယ်။ ငါတို့လည်း အထက်အမိန့်အရ ကျွတ်တမ်းဝင်ချိန်နီးပြီဆိုတော့ ဒီဇရပ်ကြီးအလယ်တိုင်ခြေရင်းမှာမြှုပ်နှံထားတဲ့ရွှေအိုးကြီးကို လွှဲပြောင်းပေးပြီး အလှူအတန်းလုပ်၊ သာဓုခေါ်၊ ကျွတ်တမ်းဝင်ချိန်ကျလာပြီလို့ အထက်က အမိန့်ရှိလာတယ်။ ဒါကြောင့် မင်းတို့ငါတို့အားလုံး သင့်တော်လျောက်ပတ်တဲ့ အမွေဆက်ခံမယ့်သူကို လှည့်လည်စုံစမ်းရှာဖွေပြီး ကံထူးသူကိုလွှဲပြောင်းပေးအပ်ဖို့ မိုးလင်းတာနဲ့တစ်ပြိုင်နက် စုံစမ်းရှာဖွေကြပေတော့။ ကဲ - ဒီနေ့အစည်းအဝေးကတော့ ဒီလောက်ပဲ’

ဆိုပြီး သရဲတစ္ဆေအစည်းအဝေးပွဲပြီးသွားရောဆိုပါတော့ကွာ။ အဲ့အချိန်က သန်းခေါင်ကျော်လို့ နံနက်လေးနာရီအချိန်လောက်ရှိပြီ။ သူတို့တွေပြန်သွားမှ အဘလည်း အိပ်ရတော့တာပဲကွာ။ ဒါကြောင့် အိပ်ရေးမဝတာပါ”

“အဲဒါဆို အဘ ဘယ်လိုလုပ်မယ်စိတ်ကူးလဲ”

“ဒီလို ငါ့တူရေ၊ ဒီကိစ္စကအကူအညီမပါဘဲ အဘတစ်ယောက်တည်းလုပ်နိုင်တဲ့ကိစ္စလည်းမဟုတ်ဘူး။ နောက်ပြီး ဒီကိစ္စကိုလူသိခံလို့လည်းမရဘူး။ လောဘကြီးတဲ့လူသိသွားရင် ...ဘလည်း အသက်အန္တရာယ်ရှိတဲ့အပြင် လွတ်ကျွတ်ချင်ကြတဲ့သရဲတစ္ဆေတွေရဲ့ဆန္ဒလည်း ပျက်စီးသွားလိမ့်မယ်။ အဲဒါကြောင့် အဘကို ငါ့တူကူညီမှဖြစ်လိမ့်မယ်။ အဘတို့နှစ်ဦးတည်း ဇရပ်အလယ်တိုင်က ရွှေအိုးကြီးကို တူးဖော်ပြီး ဒီဇရပ်ကြီးကိုပြင်ဆင်မယ်။ ဘုရားပွဲနေ့တွေမှာလည်း ဘုရားဖူးတွေကများတော့ ကွင်းပြင်မှာတဲထိုးပြီး အိပ်ကြရတယ်လို့လည်း အဘကြားသိထားဖူးတယ်။ ဒါကြောင့် အဘတို့ ဇရပ်ဟောင်းကြီးကိုပြင်တာနဲ့ တစ်ချိန်တည်း ဘုရားတောင်ခြေမှာ ဇရပ်သစ်ကြီးတစ်ဆောင်ကို ရေမီးအစုံအလင်နဲ့ဆောက်မယ်။ အပိုငွေကျန်သေးရင် တောင်ပေါ်ကဘုရားလေးကို လုံးတော်ပြည့်ရွှေပိန်းချပြီး ပူဇော်မယ်။ တက်လမ်းဆင်းလမ်းတွေကိုလည်း အခုလို သဘာဝမြေသားလမ်းမဟုတ်ဘဲ အင်္ဂတေနဲ့ အသေအချာဆင်ခြေလျှော ပြေပြေပြစ်ပြစ်တက်နိုင်အောင် မြွေလိမ်မြွေကောက်လှေကားထစ်လုပ်မယ်။ အသက်ကြီးတဲ့အဘိုးအဘွားတွေတက်နိုင်ဆင်းနိုင်အောင် လက်တန်းလေးတွေကိုလည်း တစ်ဖက်တစ်ချက်စီလုပ်ပေးကြတာပေါ့ကွာ။ ငါ့တူ အဲဒီ ငါ့အိပ်မက်ကိုမြင်ယောင်ကြည့်စမ်းကွာ။ ဘယ်လောက်တောင် ကြည်နူးစရာကောင်းလိုက်မလဲ။ အေး- အဲဒါတွေ အကုန်လုံးပြီးစီးလို့ ငွေပိုငွေလျှံလေးရှိသေးရင်လည်း မင်းနဲ့ငါ တစ်ယောက်တစ်ဝက်ခွဲဝေယူကြတာပေါ့။ လောကဓမ္မတာအရ လူသာဓုခေါ် နတ်သာဓုခေါ် သရဲတစ္ဆေတွေပါသာဓုခေါ်ပြီး ကျွတ်တမ်းဝင်နိုင်မယ့်ငါ့စိတ်ကူးဆိုတော့ မင်းလည်း သဘောတူနှစ်မြို့က်မယ်ထင်ပါတယ်”

“လုပ်လိုက်ပေါ့ အဘရယ်၊ ကြာသလားလို့။ အရက်သမားဖြစ်ပေမယ့် လောဘမကြီးဘဲ လူတင်မက သရဲတစ္ဆေတွေအပေါ်မှာတောင် မေတ္တာစေတနာထားတဲ့အဘကို ကျွန်တော် လေးစားစွာကန်တော့ပါတယ်”

ထို့ကြောင့် ကျွန်တော်နှင့် အဘတိုင်ပင်ပြီး ဇရပ်အလယ်တိုင်ခြေရင်းတွင် တူးဖော်ကြည့်ကြရာ ထိပ်ဝတွင် ဖယောင်းဖြင့်ဇော်မံထားသော စဉ့်အိုးတစ်လုံးကိုတွေ့ရသည်။ အထဲတွင် ရွှေမန်ကျည်းတောင့်များကအပြည့် ဖြစ်၏။ ထို့ကြောင့်လည်း ကျွန်တော်တို့နှစ်ဦး ရပ်ရွာသူကြီးအား တိုးတိုးတိတ်တိတ် တိုင်ပင်ပြီး အရက်သမားအဘ၏ အစီအစဉ် အကြံဉာဏ်အတိုင်း ဆောင်ရွက်ခဲ့ကြပါတော့သည်။

နတ်လူသာဓုခေါ် စေအောင်

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com1

www.burmeseclassic.com

နေပြည်တော်ကျော့ကျော်စိုး

# အတက်ရောဂါအတွက်ဆေးတစ်ခွက်

အတက်ရောဂါသည်တွေကို အရပ်ထဲတွေမှာ ဝက်ရူးပြန်ရောဂါလို့ခပ်ရိုင်းရိုင်းခေါ်ကြလေ့ရှိတယ်။ ဒါမျိုးအတက်ရောဂါဟာ အမျိုးသားတွေထက် အမျိုးသမီးများမှာ ပိုပြီးတွေ့ရလေ့ရှိပါတယ်။

ဒါပေမယ့် တစ်ယောက်နဲ့ တစ်ယောက်ပုံစံတွေမတူကြပါဘူး။ အချို့က ပါးစပ်ကအမြှုပ်တွေထွက်တယ်။ အချို့ကသွားရည်တွေယိုတယ်။ အချို့က ပါးစပ်က ဘာမှမထွက်ပါဘူး။ လက်ခြေတွေ အကြောတွေဆွဲငင်မှုကြောင့်ကွေးကောက်နေတယ်။ အချို့က မျက်ဖြူလန်တယ်။ အချို့က တအီးအီးညည်းနေတတ်တယ်။ တူတဲ့အချက်ကတော့ အဲဒီအကြောတွေတက်နေချိန်မှာ သူတို့တွေဟာ ဘယ်လိုမှမလှုပ်ရှားနိုင်တော့တာပါဘဲ။

ဒီတော့ကာ အဲဒီလိုတက်တတ်တဲ့လူတွေကို မိမိတို့မိသားစုတွေက အမြဲသတိထားစောင့်ကြည့်ဖို့လိုအပ်ပါတယ်။ သူတို့ဟာ စိတ်ဆင်းရဲရင်၊ အအေးပတ်ရင်၊ ခန္ဓာကိုယ်အားနည်းရင်၊ အိပ်ရေးပျက်ရင်၊ အစားမှားရင် စတဲ့အချက်တစ်ခုခုကြုံတာနဲ့ ရုတ်တရက်ကောက်ကာငင်ကာတက်တတ်လေ့ရှိတာပါ။ တက်လိုက်တာနဲ့တစ်ပြိုင်နက် အရုပ်ကြိုးပြတ်ဖြစ်သွားရလေ့ရှိတာကြောင့် ချက်ပြုတ်နေတဲ့ မီးဖိုထဲလည်းကျပြီးသေနိုင်တယ်။ ချိုးနေတဲ့ရေပုံးရေကန်ထဲလည်းကျပြီးသေနိုင်တယ်။ အပင်တက်နေတုန်းဆိုရင်လည်း အပင်ပေါ်ကပြုတ်ကျပြီး သေနိုင်တယ်။ အလွန်အန္တရာယ်များတဲ့ရောဂါလို့ ဆိုနိုင်ပါတယ်။

အတက်ရောဂါရှိတဲ့ဝေဒနာသည်တွေအနေနဲ့ အတက်စာမှန်သမျှ ရှောင်နိုင်ရင် အကောင်းဆုံးပါ။ တက်စာတွေကတော့ တညင်းသီး၊ တမာရွက်၊ ကိုင်းဥ၊ ကြက်ဟင်းခါးသီး၊ ခွေးတောက်ရွက်၊ ငါးရံ့ပတူ၊ ပူဒီနာရွက်၊ ရဲယိုရွက်၊ ရွှေဖရုံသီး၊ အင်ဥ၊ ဥသျှစ်ရွက်၊ ငါးသလောက်၊ ငါးဖယ်၊ ပုစွန် စတဲ့အစားအစာတွေဖြစ်ကြပါတယ်။ အစားမတော်တစ်လုတ်ဆိုတဲ့အတိုင်း အစားတစ်လုတ်ဟာ လူကိုကြီးစွာဒုက္ခပေးနိုင်ပါတယ်။

တက်တဲ့လူတွေဟာ အလွန်သနားဖို့ကောင်းတာပါ။ သတိပြန်လည်လာပြီဆိုရင် တစ်ကိုယ်လုံးမှာရှိတဲ့အကြောတွေ မှန်းကန်ဆွဲတတ်မျိုးကြောင့် တစ်ကိုယ်လုံးနာကျင်စွာခံစားနေရတာပါ။ အချို့ဆို ဝဝကြီးကနေ ပိန်းချုံးသွားတာတွေတောင်တွေ့ရပါတယ်။

အဲဒီတော့ သူတို့တွေတက်ပြီဆိုတာနဲ့ ပြုစုနေကျနည်းနဲ့ အမြန်ဆုံးပြုစုပေးဖို့ လိုအပ်ပါတယ်။ အဲဒီတော့ အတက်ရောဂါကို ကာကွယ်နိုင်ကတော့ စိတ်လှုပ်ရှားစရာ၊ ဝမ်းနည်းစရာ၊ ထိတ်လန့်စရာ၊ အလွန်ဝမ်းသာစရာတွေ့ကြုံခဲ့ပါက စိတ်ဓာတ်ကို တည်တည်ငြိမ်ငြိမ်ကြံ့ကြံ့ခိုင်ခိုင်ထားဖို့ အထူးလိုအပ်လှပါတယ်။ ခံစားချက်မပြင်းထန်ပါစေနဲ့။

ပြီးတော့ အတက်ရောဂါဟာ ပျောက်ဖို့ခက်ခဲပါတယ်။ အမျိုးသမီးငယ်များအဖို့မှာတော့ ငယ်စဉ်ကအတက်ရောဂါပါလာရင် အိမ်ထောင်ကျလို့ သားဖွားပြီး သွေးသစ်လောင်းလိုက်ပါက အဲဒီရောဂါကပျောက်ကင်းသွားတတ်ပါတယ်။

တောင်တန်းဆရာတော်ကြီးအရှင်ဥတ္တမသာရကတော့ ဆွမ်းတော်စာကို အများမသိအောင် ခိုးယူလာပြီး တက်တတ်တဲ့ရောဂါရှိသူကို အဝကျွေးရင်ပျောက်နိုင်ကြောင်းဆိုပါတယ်။ ဒါကလည်း လွယ်တဲ့အလုပ်တော့ မဟုတ်ပါဘူး။

ကျွန်တော်ကတော့ မိုးကုတ်မှာနေစဉ်က အူကျ၊ လိပ်ခေါင်းကျစတာတွေကို ဇော်ဂျီဦးထုပ်ဆေးပင်ပြုတ်သောက်ခိုင်းပြီးပျောက်စေပါတယ်။အဲဒီမှာဇော်ဂျီဦးထုပ်ပင်ကိုအပေါ်တက်တဲ့အနွယ်တွေကိုယူတာပါ။ အောက်ကို ကျဆင်းနေတဲ့နွယ်တွေကိုမယူပါဘူး။ သူကအကျဓာတ်ပါ။ ကျနေတဲ့ဟာတွေ တက်အောင်အတက်ဓာတ်ပဲယူလေ့ရှိပါတယ်။

တက်နေတာ ကျအောင်ယူရမည့်ဓာတ်ကျတော့ ဇော်ဂျီဦးထုပ်ပင်ရဲ့ အောက်ဘက်ကိုဆင်းနေတဲ့ အပင်တွေ၊ အနွယ်တွေကိုယူပြီး ပြုတ်သောက်ရင် ရနိုင်ကောင်းပါတယ်။ ဇော်ဂျီဦးထုပ်ပင်တွေဟာ ပျဉ်းမနားကနေပြီး အောက်ပြည်အောက်ရွာတွေမှာပေါသလို တောင်တန်းဒေသတွေမှာလည်း ပေါမှပေါပါပဲ။ အောက်ပြည်အောက်ရွာတွေက တောက်တဲ့လက်ဝါးလို့ခေါ်ကြပါတယ်။ ဒီအပင်တွေဟာ ကပ်ပါးပင်မျိုးနွယ်ဖြစ်ပြီး အထက်လည်းတက်တယ်။ အောက်လည်းဆင်းတယ်။ ဘေးဘက်ညာလည်းဖြာထွက်တယ်။ အောက်ဆင်းတဲ့နွယ်ကိုခူးပြီး ပါးပါးလှီးပြုတ်သောက်ပေးရင်ဖြင့် အတက်ရောဂါထာဝရကျသွားနိုင်ပါတယ်။ ခဏနဲ့တော့ မရနိုင်ပါဘူး။ ဇွဲရှိရှိနဲ့ သောက်ကြည့်ရင် သိနိုင်ကြပါလိမ့်မယ်။ တောက်တဲ့လက်ဝါးဟာ အာကာသဆေးပင်ဖြစ်တဲ့အတွက် အလွန်အစွမ်းထက်တဲ့ဆေးပင်ပါ။ ဆိုးကျိုးမရှိပါဘူး။ ဓာတ်စာအနေနဲ့ အုန်းရည်၊ ကရင်ဆိုဒါသောက်ပေးသင့်ပါတယ်။

တစ်နေ့မှာ ကျွန်တော်ရယ်၊ ကိုတင်ထွန်းရယ် သာဝတ္ထိဘက်က သစ်ကြိမ်းရွာဘက်ကိုသွားကြပါတယ်။ အဲဒီမှာ ကားဒရိုင်ဘာဖြစ်တဲ့ မောင်နန်းဦးက အတက်ရောဂါနဲ့ပတ်သက်တဲ့ဆေးနည်းတစ်ခုကို အမှတ်တမဲ့ ကားမောင်းရင်းပြောပြပါတယ်။

"ကျွန်တော့်သူငယ်ချင်းက အတက်ရောဂါသည်ဗျ။ အတက်ရောဂါဖြစ်ရင် ပါးစပ်ထဲ စပါးကြီးမြွေသည်းခြေခွံ့ပေးရတယ်ဆိုတာ ကြားဖူးတယ်။ ကျွန်တော့်မှာလည်း စပါးကြီးသည်းခြေရှိနေတော့ကာ တစ်နေ့မှာ ဒီကောင်တက်တာနဲ့ကြုံတော့ စပါးကြီးမြွေသည်းခြေသွေးပြီး ပါးစပ်ထဲဖြထည့်ပေးလိုက်တယ်။ မကြာဘူးဗျ ဒီကောင်သတိရလာတယ်။ စပါးကြီးသည်းခြေကအရမ်းစွမ်းတာ"

"မောင်ရင့်ဆေးက တစ်ခါပဲပျောက်တာလား။ အမြဲပျောက်တာလား"

"ဦးလေးရေ အဲဒီတစ်ခါပဲတိုက်လိုက်ရတယ်။ ဒီကောင်ဒီအတက်ရောဂါအပြီးပျောက်သွားတာဗျ။ စပါးကြီးသည်းခြေက အရမ်းစွမ်းကာ။ စပါးကြီးသည်းခြေမှာ ညှိုကြိုးကောက်ကောက်လေးပါတယ်။ ဘယ်လောက်ခြောက်အောင်လှန်းလှန်း ညှိုကြိုးကလေးကခြောက်သွေ့မာကြွပ်မသွားဘဲ ပျော့ပျော့လေးပဲရှိနေတယ်။ ဒါဆို စပါးကြီးသည်းခြေစစ်တယ်"

လို့ပြောပြပါတယ်။ စပါးကြီးမြွေသည်းခြေဆိုတာလည်း ရှားပါးပစ္စည်းပါ။ ဝံသည်းခြေတို့၊ ကြံ့ချို၊ ကြံ့သွေးတို့၊ ကျောက်သွေးတို့ဆိုတာတွေက အလွန့်အလွန်ကို ရှားပါးတဲ့ပစ္စည်းတွေပါ။ ပြီးတော့ ကတိုးဆိုရင် ပိုလို့တောင်ရှားပါသေးတယ်။ ဆေးအမည်တွေမှာ ဒါမျိုးတွေပါရင်တော့ အစစ်ရဖို့ဆိုတာမလွယ်လှပါဘူး။ ဒါပေမယ့် စပါးကြီးမြွေတွေကျတော့ အလွန်ကြီးမရှားသလိုသတ်ဖြတ်စားသောက်သူတွေလည်းရှိနေတော့ကာ ရနိုင်ခြေရှိပါတယ်။ စပါးကြီးသည်းခြေစစ်စစ်ဟာ အတက်ရောဂါကိုပျောက်နိုင်ကြောင်း ကြားသိရတဲ့အတွက် အတက်ဝေဒနာများအတွက် တင်ပြလိုက်ပါတယ်။

မောင်နန်းဦးသို့ကျေးဇူးတင်လျက်
ချမ်းမြေ့ပါစေ
နေပြည်တော်ကျော့ကျော်စိုး



www.burmeseclassic.com1

www.burmeseclassic.com

■ **အရေးပါသော ဝဏ္ဏသရစက်**

"ဒီတစ်ခါတော့ မောင်ထွန်းမြိုင်ရေ။ သရောဒယပညာမှာ အရေးပါတဲ့ ဝဏ္ဏသရစက်အကြောင်း အရင်ကလည်း တော်တော်လေးပြောပြီးပါပြီ။ ဒါပေမယ့် ဒီစက်ဟာ သရောဒယစက်တွေထဲမှာ မသိရင်ကိုမဖြစ်တဲ့စက်ဖြစ်လို့ ထပ်ပြောရဦးမယ်ကွယ့်။ ပိုပြီးပြည့်စုံသည်ထက် ပြည့်စုံအောင်ပေါ့ကွာ။ ရှေ့ပိုင်းမှာလည်း ကြားခဲ့ဖူးမှာပါပဲ။ ဒါပေမယ့် နာဖူးထပ်မံဆိုသလိုပေါ့ကွယ်"

"ဆရာကြီးပြောတာတွေမှန်သမျှ ကျွန်တော်က လိုက်မှတ်ပြီးသားပါ။ အကြောင်းအရာတစ်ခုကို တစ်ကြိမ်ကနေပြီး နှစ်ကြိမ်ပြောလာပြီဆိုကတည်းက ဘယ်လောက်အရေးကြီးတယ်၊ နှစ်ကြိမ်ကနေ သုံးကြိမ်ပြောလာပြီဆိုရင်တော့ အလွန့်အလွန်ကိုပဲ အရေးကြီးတယ်ဆိုတာ ကျွန်တော့်မှတ်စုဘောမှာ မှတ်ချက်နဲ့တကွ မှတ်သားထားပြီးသားပါ ဆရာကြီး"

"အေး-တော်လိုက်တာကွယ် ငါ့တပည့်က။ ဒီလောက်တော်တဲ့တပည့်မျိုးရထားတာကို ပြန်တွေးမိတိုင်း ပီတိဖြစ်ရတယ်။ ဝမ်းမြောက်ရတယ်ကွယ့်။ ဒီလိုကွယ့် မောင်ထွန်းမြိုင်ရဲ့။ သရောဒယကျမ်းတွေမှာ ဝဏ္ဏသရသည် အလုံးစုံသောအကြောင်းတို့၌ နှံ့ခြင်းရှိသောကြောင့် အလုံးစုံသောကာလ၌ အားရှိ၏လို့ အခိုင်အမာဆိုထားတယ်။ တစ်ခါ အဲဒီအဆိုရဲ့ဘောမှာကိုပဲ ယုံမှားမရှိရာလို့ မှတ်ချက်ပြုထားပြန်တယ်။ တစ်ဖန် အလုံးစုံသောအရာကို အားထုတ်ခြင်းဖြင့် ဝဏ္ဏသရအားရှိသည်၊ မရှိသည်ကို အထူးသဖြင့် ကြံစည်ရမယ်လို့လည်း ကျမ်းမှာအညွှန်းရှိတယ်။ တစ်ခါ အလုံးစုံသော မတြာဂြဟာသရတို့၌ နှံ့တတ်သောကြောင့် ဝဏ္ဏသရသည် အားကြီးတယ်လို့အဆိုရှိတယ်။ အလုံးစုံသောသားရဲတိရစ္ဆာန်အပေါင်းတို့၏ ခြေရာသည် ဆင်၏ခြေရာ၌သာဝင်ကုန်၏။ ထို့အတူ မတြာသရအစရှိသည်တို့သည်လည်း ဝဏ္ဏသရ၏ အကျိုးဥဒည်း၌ဝင်ကုန်၏လို့ဆိုထားတယ်။ ထိုနည်းတူပင် အလုံးစုံသောနတ်အပေါင်းတို့သည် ဗိဿနိုးနတ်၏ ကိုယ်၌ဝင်ကုန်၏။ ထို့အတူ မတြာသရအစရှိသည်တို့သည်လည်း ဝဏ္ဏသရအကျိုးဥဒည်း၌ ဝင်ကုန်သကဲ့သို့ဖြစ်၏။ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့သည် သမုဒ္ဒရာကြီးလေးစင်းတို့၌စီးဝင်ရသကဲ့သို့ မတြာသရ အစရှိသော သရစက်တို့သည်တို့သည်လည်း ဝဏ္ဏသရ၏အကျိုးဥဒည်း၌ဝင်ကုန်၏လို့ ဆိုထားကြတယ်။ ဒါကြောင့် မူလကျမ်းရင်းက ဝဏ္ဏသရအားကြီးခြင်းအကြောင်းအရာကိုဖော်ညွှန်းထားခြင်းဖြစ်တယ်ကွယ့်။ ဝဏ္ဏသရစက်မှာပါတဲ့ သရငါးပါးနဲ့ယှဉ်ပြီး အဝတ္ထာန်ငါးပါးကိုကောက်ယူလို့ ဝဏ္ဏသရစက်မှာပါတဲ့တခြားအကြောင်းအရာအားလုံးဟာလည်း သူ့လိုပဲအရေးကြီးကြောင်းသိထားရမယ်ကွယ့်"



"ဟုတ်ကဲ့ - ဆရာကြီး၊ ဝဏ္ဏသရတွေဟာ ဘယ်လောက်အရေးပါကြောင်း နောက်ပြီး သူ့အောက်က တွဲပြီးပါလာတဲ့ အကြောင်းအရာတွေကလည်း ဘယ်လောက် အရေးပါကြောင်း ကောင်းကောင်းကြီး သတိပြုမိသွားပါပြီခင်ဗျ။ ဒါနဲ့ ဆရာကြီး ခုနပြောသွားတဲ့အထဲမှာ ကျွန်တော်မသိသေးတဲ့အကြောင်းအရာတစ်ခုပါသွားတယ်"

"ဘာများလဲ မောင်ထွန်းမြိုင်ရဲ့၊ မသိသေးတာပါရင် မေးလေ"

"ဒီလိုပါ ဆရာကြီး၊ ဝဏ္ဏသရနဲ့ယှဉ်ပြီး မတြာသရဆိုတဲ့ အသုံးအနှုန်းတစ်ခုပါသွားပါတယ်။ အဲဒါဘယ်လိုကွာသလဲခင်ဗျ အဲဒါကိုသိချင်တာ"

"ဩော် - အေး. . . ဟုတ်တယ်။ မတြာသရဆိုတာရှိတယ်။ အဲဒီမတြာ

ဂေဟနုရှင်စစ်ကျွင်းသေရာတော်ကြီးကိုဓလစ်ပည့်
မဟာပထမံပညာ၏ မြေပြင်ကိုလှမ်းချုပ်
(၇၂)
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်
ပထမံဆရာဦးအေးရွှေ

www.burmeseclassic.com



သရအကြောင်းကိုတော့ အခု အကျဉ်းသဘောပဲ ပြောပြဦးမယ်။ အကျယ်ကိုတော့ အမည်နာမတွေကောက်တဲ့အခါမှပြောမယ်။ ဒီလိုကွယ့် အခုရှိတဲ့သရတွေက ဘာတွေလဲဆိုတော့ အ-အာ-အံ-အား-ဣ-ဤ-ဥ-ဦ-ဧ-ဲ-ဩ-ဪ ဆိုပြီးရှိတယ်ကွယ့်။ အဲဒီသရတွေကိုအသံသဘောပြောင်းရင် အ-အာ-အံ-အားသရကိုပြောင်းမယ်ဆိုရင် အ-အာ- -အံ-အား ဆိုတဲ့ မူလအသံကိုပဲပြောင်းလို့ရတယ်။ အဲဒီလိုအသံပြောင်းထားတဲ့ သရတွေကို တခြားဗျည်းအက္ခရာတွေနဲ့ထိုးသွင်းစေပြီးမှအသံထွက်လို့ရတယ်။ ဥပမာဆိုပါတော့ကွာ အ-အာ-အံ-အားကို သူ့ချည်းဆိုအသံထွက်လို့မရဘူး။

www.burmeseclassic.com1

www.burmeseclassic.com

အဲဒီနေရာမှာ အ-အစား ကကြီးကို အစားထိုးပြီး အသံထွက်မယ်ဆိုထွက်လို့ရပြီ။ အဲဒီတော့ က-ကာ-ကံ-ကား ဆိုပြီး အသံထွက်လို့ရလာတာပေါ့။ ပထမအသရချည်းပဲက အသံထွက်မရသေးဘူးလေ။ အဲဒီဗျည်းအက္ခရာတွေဟာ နာမည်တစ်ခုရဲ့အစမှာပါတယ်ဆိုရင် အဲဒီနာမည်နဲ့ သက်ဆိုင်တဲ့သရဟာ ဘာသရဖြစ်မလဲဆိုတော့ အ-သရပဲဖြစ်တယ်ကွယ့်။ ဥပမာ ဆိုပါတော့။ လူတစ်ယောက်ရဲ့နာမည်က ကံမောင်တို့၊ ကံထွန်းဦးတို့၊ ကံကောင်းတို့၊ ကံဝင်းတို့၊ ကံလှတို့ဆိုတဲ့နာမည်တွေဟာ ဘာသရနဲ့ဆိုင်လဲဆိုရင် အ-သရနဲ့ပဲ ဆိုင်တယ်။ အ-သရပဲကောက်ရမယ်။ အဲဒီမှာ နောက်အ-သရဖြစ်စေတာ ဘာတွေရှိသေးလဲဆိုတော့ ဥပမာ ကကြီးရရစ်သေတ်ထားတဲ့စာလုံးနဲ့စတဲ့ ကြင်မောင်ဆိုတဲ့ လူနာမည်ဆိုပါတော့။ သူလည်း ဘာသရလဲဆိုတော့ အသရပဲ။ နောက်ပြီး အ-သေးသေးတင်အောက်ကမြစ်ပါတဲ့ စာလုံးနဲ့စတဲ့ အုံကြီးမောင်ဆိုတဲ့ လူနာမည် ဆိုပါတော့။ သူဟာ ဘာသရအုပ်စိုးလဲဆိုရင် အ-သရပဲ အုပ်စိုးတယ်ကွယ့်။ ဒါကြောင့် အမည်နာမပညတ်တွေအားလုံးက သရအဆုံးအဖြတ်ပြုတဲ့နေရာမှာ လိုအပ်တဲ့ မူလေးတစ်ခုကို ပြောပြမယ်။ အသေအချာလိုက်မှတ်ထားပေတော့ကွယ့်။ မည်သည့်ဗျည်းအက္ခရာကိုမဆို ဗျည်းတစ်လုံးတည်းပဲဖြစ်ဖြစ်၊ အဲဒီဗျည်းစာလုံးကို ရေးချရေးရင်ပဲဖြစ်ဖြစ်၊ အဲဒီဗျည်းစာလုံးအပေါ်မှာ သေးသေးတင်ပဲဖြစ်ဖြစ် ဒါမှမဟုတ် အဲဒီဗျည်းစာလုံးကို ရေးချရေးရင်ပဲဖြစ်ဖြစ်၊ ဝစ္စနှစ်လုံးပေါက်ရေးရင်ပဲဖြစ်ဖြစ် အဲဒီဗျည်းအက္ခရာ စာလုံးတွေအားလုံးကို မဟာသရလို့ခေါ်တယ်။ သင်္ကေတစနစ်နဲ့ပြမယ်ဆို ဒီလိုရတယ်။

-၊ -ာ၊ -ံ၊ -ား ဆိုပြီး တွေ့ရမယ်။ အဲဒီ မဟာသရတွေဟာ ဝဏ္ဏသရမှာပဲ အ၊ ဣ၊ ဥ၊ ဧ၊ ဩဆိုပြီး သရတွေပေါင်းစပ်ထားတော့ မဟာသရလို့ သီးခြားထွက်မလာတော့ဘူး။ ဗျည်းအက္ခရာတွေကို သရကောက်ရတဲ့အကြောင်းဟာ မဟာသရပဲဖြစ်တယ်။ မဟာသရနဲ့ပတ်သက်တဲ့အကြောင်းအရာတွေအားလုံးကို ဘယ်လိုသုံးသလဲဆိုတာ နောက်ပြောပြမယ်။ ဒါကြောင့် အဲဒီနာမည်တွေကိုသရယူဉ်ပြီးကောက်လိုက်တော့ ဗာလ၊ ကုမာရ၊ ယုဝ၊ ဝုဒ္ဓ၊ မတ ဆိုတဲ့ အဝတ္ထာန်ငါးပါးကိုကြည့်ပြီးတော့ ကောင်း၊ မကောင်းဆိုတာကိုလည်း ယတြာအမှုတွေမှာအသုံးပြုလို့ရသွားတယ်ကွယ့်။ နောက်ပြီး မဟာသရနဲ့ပတ်သက်တဲ့အကြောင်းကိုလည်း ပြောပြမယ်။ မန္တန်၊ ဗေဒင်၊ ယတြာတို့ကိုပြီးစေခြင်း၌လည်းကောင်း အခါခပ်သိမ်းတိုင်ပင်ခြင်းနှင့် ယှဉ်သည်ကိုလည်းကောင်း မျက်နှာကို အောက်ချပြုအပ်ကုန်သော လျှို့ဝှက်သဖြင့် ပြုအပ်ကုန်သောအမှုကို လည်းကောင်း မဟာ၏အစွမ်းဖြင့် ပြုအပ်၏လို့ဆိုထားတယ်ကွယ့်။ တစ်ခါ ဝဏ္ဏသရစက်မှာဆိုရင် ဝဏ္ဏသရအစွမ်း၌ အလုံးစုံသောကောင်း၊ မကောင်းအမှုကိုသာ ပြုအပ်၏။ အမှုခပ်သိမ်း၌ ပြီးစီးခြင်းကိုပေးတတ်၏လို့ဆိုထားတယ်ကွယ့်”

“ဟုတ်ကဲ့ သိပါပြီ ခင်ဗျ။ ဒါနဲ့ ဟိုတစ်ပတ်တုန်းက အန္တရဥဒည်းနဲ့ ဝဏ္ဏသရစက် ဆက်စပ်အသုံးပြုပုံကို ပြောခဲ့တယ်။ နောက်မဟာဥဒည်းနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကိုလည်း ရှင်းပြပါဦး ဆရာကြီး”

“ပထမဆုံးတော့ မဟာဥဒည်းကိုရောက်နေတဲ့သရကို တွက်ယူရမယ်။ အဲဒီရောက်တဲ့သရနဲ့ အဝတ္ထာန်ငါးပါးကို ကောက်ယူပြီးတော့ အစီအရင်တွေမှာ အသုံးပြုနိုင်တယ်ကွယ့်။ မဟာဥဒည်းအကြောင်းကို ရှင်းမပြခင် သရောဒယပညာရဲ့ဗျည်းအက္ခရာတွေအကြောင်းကို နည်းနည်းသိအောင် ပြောပြဦးမယ်။ တို့ရဲ့မြန်မာပညာဗေဒင်ဆိုင်ရာတွေမှာ ယတြာတွေလုပ်မယ်ဆိုရင် ဘယ်လိုယူသလဲဆိုရင် 'သက်ရှိအရင်း၊ သက်ကင်းအဖျား' ဆိုပြီး ကောက်ယူသုံးကြတယ်။ ဒါပေမယ့် သရောဒယပညာမှာတော့ သက်ရှိပဲဖြစ်ဖြစ်၊ သက်မဲ့ပဲဖြစ်ဖြစ် အရင်းလုံးဖြစ်တဲ့ အစဆုံးအလုံးကိုပဲ ကောက်ယူအသုံးပြုတယ်ဆိုတာ စွဲစွဲမြဲမြဲမှတ်ထားရမယ်ကွယ့်။ ဘာဝိဝါဒမှမရှိဘူး။ အဲဒီလိုအင်းတွေစီမံတဲ့အခါမယ် အဝတ္ထာန်ငါးပါးမှာ ယုဝအဝတ္ထာန်ကိုရောက်တဲ့ ဗျည်းအက္ခရာတွေဟာ (၁၀၀) ရာနှုန်းပြည့်အစွမ်းကိုရစေတယ်။ အဲဒီနေရာမှာ မင်းကို ဥပမာလေးတစ်ခုပေးပြီးပြောပြမယ်။ ဟိုးရှေးရှေးတုန်းက ဝိဇ္ဇာဓရပညာနဲ့ပတ်သက်ပြီး နာမည်ကျော်ကြားခဲ့တဲ့ ကဗ္ဗာလက်ာရပညာဆိုတာရှိတယ်။ အဲဒီပညာရပ်မှာအသုံးပြုရတဲ့ စမတွဲ(၉)တွဲရှိတယ်။ အဲဒီထဲမှာ စမတစ်တွဲပါတယ်။ ဋ၊ သ၊ ည၊ က ဆိုတဲ့(၄)လုံးတွဲစမတစ်ခုပါတယ်။ ဒီစမကို သိကြားမင်းစမလို့ခေါ်တယ်။

အဲဒီ ဋ၊ သ၊ ည၊ က စမမှာ ဦးဆောင်နေတာ။ ပထမဆုံးစမဖြစ်တဲ့ ဋသန်လျှင်းချိတ်(ဋ)ဆိုတာပဲ။ အဲဒီ ဋသန်လျှင်းချိတ်ဟာ သရောဒယပညာနဲ့တွက်ယူလို့ မဟာဥဒည်းနဲ့ အန္တရဥဒည်းတို့ရဲ့ ယုဝကိုရောက်နေတယ်ဆိုရင် အန္တရဥဒည်းနဲ့ (၁၀၀) ရာနှုန်းအစွမ်းကို ရရှိမယ်။ မဟာဥဒည်းနဲ့ဆိုရင်လည်း (၁၀၀) ရာနှုန်းအစွမ်းကိုရရှိစေတယ်။ ဒါကြောင့် အဲဒီလိုအခါမျိုးတွေမှာ ဋ၊ သ၊ ည၊ က အင်းစမတွေကိုထုံအောင်သောက်ခဲ့ရင် စွမ်းအားအင်မတန်ကြီးတယ်ကွယ့်။ အဲဒါနဲ့ ပတ်သက်တဲ့ တကယ့်အဖြစ်အပျက်တစ်ခုကို ပြောချင်တယ်”

“ဟုတ်ကဲ့ - ပြောပြပါ ဆရာကြီး”

“တစ်ခါတုန်းက လူတစ်ယောက်ဟာ ဆရာတော်တစ်ပါးထံမှာ ချည်းကပ်ပြီး ဝေယျာဝစ္စတွေလုပ်ပေးပြီး အချိန်အတော်ကြာအောင်နေလာခဲ့တယ်။ တစ်နေ့တော့ ဆရာတော်ဟာ အဲဒီတပည့်ဒကာကိုခေါ်ပြီး ဋ၊ သ၊ ည၊ က စမလေးလုံးကို ပေးပြီး နှုတ်မှလည်း မင်းဒီစမတွေကို ယုံယုံကြည်ကြည်နဲ့အင်းချပြီးသာသောက်ပေတော့လို့ မိန့်တော်မူလိုက်တယ်။ အဲဒီလူလည်း ဆရာတော် မိန့်လိုက်တဲ့အတိုင်း ဋ၊ သ၊ ည၊ ကဆိုတဲ့ စမလေးလုံးတွဲကို နေ့စဉ်ရက်ဆက် အင်းချပြီးတစ်ရက်မပြတ်သောက်ခဲ့တယ်။ သူဟာ ဘယ်လောက်သောက်လိုက်လဲဆိုရင် (၆) နှစ်လောက် ဆက်တိုက်သောက်ခဲ့တယ်။ ဒီလူဟာ ဋ၊ သ၊ ည၊ ကအင်းကို (၆)နှစ်လောက်သောက်ပြီးတော့ ဖိုထိုးတဲ့ဝါသနာအစံကလည်းရှိတော့ တစ်နေ့မှာ ပြဒါးကို လုံထဲထည့်၊ ဖိုမှာထိုးတော့တာပဲ။ သူ့ရဲ့ပါးစပ်ကလည်း အဲဒီပြဒါးကို လုံးဝမထွက်နဲ့လို့ အမိန့်ပေးပြီး မီးထည့်ကာ ထိုးတော့တာပဲ။ သူကလည်း မီးကို ခပ်ပြင်းပြင်းထည့်ပြီးတော့ထိုးပါတယ်။ ဒါပေမယ့် ပြဒါးဟာ မီးထဲမှာတုတ်တုတ်တောင်မလှုပ်ဘဲငြိမ်နေတယ်ကွယ့်။ ပြဒါးဟာလည်း လုံးဝမထွက်ဘူး။ အဲဒီလိုတာ လို့ဖြစ်တာလဲဆိုရင် ဒီဖိုထိုးတဲ့ပုဂ္ဂိုလ်ဟာ အချိန်ကောင်းရက်ကောင်းနေ့ကောင်းတွေကြုံတဲ့အားရှိတဲ့အခါမျိုးမယ် အကျိုးကြီးမယ့်အင်း စမတွေကိုထုံအောင် စွဲအောင်မြဲအောင်သောက်ခဲ့လို့ပဲ။ အဲဒီလိုသောက်ထားတော့ မိမိခန္ဓာကိုယ်ဟာ အင်းထုံကြီးဖြစ်သွားပြီးတော့ သက်ရှိ၊ သက်မဲ့အရာအားလုံးကိုအမိန့်ပေးစေခိုင်းနိုင်တဲ့ အင်



www.burmeseclassic.com1

www.burmeseclassic.com

အနေမျိုးကိုရသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်သောက်ထားတဲ့အင်းရဲ့ ဟိတ်တွေကြောင့် လိုသလိုစေခိုင်းလို့ရသွားခြင်းပဲကွယ့်။ အဲ - နောက်ပြီး စောင့်ထိန်းရမယ့် သီလပိုင်းအနေနဲ့လည်း စောင့်ထိန်းတာလည်း ပါမှာပေါ့။ အဲဒါတွေအားလုံးပေါင်းလိုက်တော့ စွမ်းသွားတာပေါ့"

"အဲဒီလိုဆိုရင် မန္တန်တွေရွတ်တဲ့အခါမျိုးမှာလည်း ဒီလိုထုံထားသလိုမျိုး၊ သရောဒယပညာအရကောင်းတဲ့အချိန်ကာလလိုမျိုးတွေမှာ ရွတ်ဖတ်ရင် ပိုစွမ်းနိုင်မလား ဆရာကြီး"

"အေး - ဟုတ်ပြီ။ အဲဒီကိစ္စနဲ့ပတ်သက်ပြီးတစ်ခုပြောမယ်။ မင်းဝေဒဗ္ဗမန္တန်ကိုကြားဖူးလား"

"ဟုတ်ကဲ့ - ကြားဖူးပါတယ်"

"အဲဒီအကြောင်းကိုကောသိလားကွယ့်"

"နည်းနည်းပါးပါးလောက်ပဲသိပါတယ်"

"ဒါဆိုအဲဒီအကြောင်းကိုပြောမယ်။ ဝေဒဗ္ဗမန္တန်ကိုရွတ်ရင် ရွှေမိုးငွေမိုးရွာတယ်လို့ အဆိုရှိတယ်။ ဒါဆို ရွတ်တိုင်းရွှေမိုးငွေမိုးရွာနိုင်ပါ့မလား။ တကယ်တော့ အချိန်အခါနဲ့တွက်ပြီး ရွတ်ရတာမျိုးလေ။ ဝေဒဗ္ဗမန္တန်ကို မနေသိဒ္ဓိနက္ခတ်နဲ့စန်းယှဉ်တဲ့အချိန်။ အဲဒီယှဉ်တဲ့ စန်းဟာလည်း ပုဏ္ဏမီလို့ခေါ်တဲ့ လပြည့်နေ့နဲ့လည်း ကြုံကြိုက်တဲ့အခါမျိုးမှာ ဝေဒဗ္ဗမန္တန်ကိုရွတ်ရင် ရွှေမိုးငွေမိုးမရွာရင်တောင် ရွှေ ငွေရမယ်၊ ချမ်းသာမယ်ပေါ့ကွာ။ အဲဒါနဲ့ပတ်သက်တဲ့ဇာတ်လမ်းတစ်ပုဒ်ပေါ့။ ဒီဇာတ်လမ်းမှာ စဉ်းစားစရာတွေ၊ တွေးခေါ်စရာတွေကို အများကြီးဖြစ်စေတယ်ကွယ့်"

"ဟုတ်ကဲ့ - ဆရာကြီး၊ အဲဒီဇာတ်လမ်းလေးကို သိချင်ပါတယ်ခင်ဗျ"

"တစ်ချိန်တုန်းပေါ့။ ဗာရာဏသီပြည်မှာ ဒိသာပါမောက္ခဆရာကြီးတစ်ဦးဟာ များစွာသော တပည့်တွေကို ပညာသင်ပေးခဲ့တယ်။ အဲဒီတပည့်တွေထဲမှာ မင်းညီမင်းသားတွေလည်း ပါတယ်။ သူဌေးသူကြွယ်သားသမီးတွေလည်းပါတယ်။ ကြေးရတတ်သားသမီးတွေလည်း ပါတယ်။ ပညာသင်ပြီးလို့ ပညာစုံတော့ မိမိနေရပ် မြို့၊ ရွာတွေကို ပြန်ကြတယ်။ အဲဒီလို ပညာသင်ပြီးပြန်လာတဲ့ လူငယ်တစ်ယောက်ဟာ တောလမ်းခရီးကနေဖြတ်ပြီး ပြန်ခဲ့တယ်။ တစ်နေရာရောက်တော့ အဲဒီလူငယ်လေးဟာ တောတွင်းတစ်နေရာမှာ ခိုးသားငါးရာပါတဲ့ အဖွဲ့နဲ့တွေ့ပြီး ဓားပြတိုက်ခံရတယ်။ အဲဒီမယ်သူ့ရဲ့ပါလာတဲ့ပစ္စည်းတွေကို ပေးရင်ပေး၊ မပေးရင်သတ်မယ်လုပ်တယ်။ လူငယ်ကိုယ်တိုင်အနေနဲ့ကလည်း ဗာရာဏသီပြည်မှာ ပညာသင်ပြီးပြန်လာတာဖြစ်လို့ ဘာပစ္စည်းမှလည်း ပါလာတာမရှိလို့ ပေးစရာလည်းမရှိဘူးဖြစ်နေတယ်။

အဲဒီမှာတင် ခိုးသားငါးရာက ပေးစရာမရှိရင် သတ်မယ်လို့ပြောတယ်။ အဲဒီမှာ လူငယ်က ကျွန်တော့်ကိုတော့ မသတ်ပါနဲ့ဗျာ ချမ်းသာပေးပါ။ ခင်ဗျားတို့လိုချင်တာက ရွှေတွေငွေတွေမဟုတ်လား။ အဲဒီပစ္စည်းတွေကိုရအောင်လုပ်ပေးပါမယ်လို့ပြောတော့ ခိုးသားငါးရာလည်း စိတ်ဝင်စားပြီး လုပ်ပေးမယ်ဆိုရင်လည်း ချက်ချင်းလုပ်ပေးဖို့ပြောတော့ လူငယ်လည်း အချိန်ကောင်း ရက်ကောင်း နေ့ကောင်း ဂြိုဟ်နက္ခတ်ကောင်းတွေနဲ့ ပြည့်စုံမှုရှိ၊ မရှိကို ဒိသာပါမောက္ခဆရာကြီးသင်ပေးထားတဲ့အတိုင်း စစ်ဆေးကြည့်လိုက်တယ်။ အဲဒီမှာလည်း အခါကောင်းကြုံနေတာနဲ့ တိုက်ဆိုင်နေတာကိုတွေ့ရတယ်။ ဒါကြောင့် ရတနာရွှေမိုးငွေမိုးရွာစေတဲ့ ဝေဒဗ္ဗမန္တန်ကို အသေအချာစူးစိုက်ပြီး ရွတ်လိုက်တယ်။ အဲဒီမှာတင် မကြာပါဘူး။ ရတနာရွှေမိုးငွေမိုးတွေရွာလာပါတော့တယ်။ ခိုးသားတွေလည်း မိုးပေါ်ကကျလာတဲ့ရွှေငွေတွေကိုယူပြီးတော့ လူငယ်ကိုလည်း ချီးမွမ်းထောမနာပြုပြီး အဝေးကိုထွက်သွားကြတယ်။ ဒီလိုနဲ့ လူငယ်လည်း သူ့ခရီးကိုသူဆက်ထွက်ခဲ့တယ်။ အဲဒီမှာ ရွှေငွေရတနာတွေရသွားတဲ့ ခိုးသားအုပ်စုဟာ တစ်နေရာရောက်တော့ နောက်ထပ်ခိုးသားငါးရာအုပ်စုတစ်ခုနဲ့ သွားတွေ့ကြတယ်။ မကြာပါဘူး၊ နောက်ထပ်ရောက်လာတဲ့ ခိုးသားတွေလည်း ပထမခိုးသားတွေ ရတနာရွှေငွေတွေရလာကြတာကို သိသွားကြတယ်။ အဲဒီမှာ နောက်ရောက်လာတဲ့ ခိုးသားတွေက ပထမခိုးသားတွေကို မင်းတို့ပါလာတဲ့ ရွှေငွေရတနာတွေကိုပေးပါ။ မပေးရင် သတ်မယ်လို့ ပြောလာတယ်။

အဲဒီမှာတင် ပထမခိုးသားတွေရဲ့ ခေါင်းဆောင်လုပ်သူက ခုလို တို့အချင်းချင်းလုယက်သတ်ဖြတ်ကြရင် ဘယ်သူမှအကျိုးမရှိဘဲ အားလုံးသေကျေပျက်စီးဖို့သာရှိတော့တယ်လို့ပြောပြီး အဲဒီမှာတင် သူဟာ အဖြစ်မှန်ကို ပြန်ပြောပြလိုက်တယ်ကွယ့်။ သူပြောတာက တို့ကို ဒီလိုရတနာရွှေငွေတွေရလာအောင်လုပ်ပေးတာ လူငယ်တစ်ယောက်ပဲ။ မင်းတို့လည်း အဲဒီသူငယ်ကို ရှာပြီးလုပ်ခိုင်းရင် ငါတို့လိုပဲရလာမှာပဲလို့ပြောတော့ နောက်ခိုးသားတွေလည်း အဲဒီသူငယ်ထွက်သွားတဲ့ ဘက်ကိုမေးပြီး နောက်မှ အလျင်အမြန်လိုက်ကာ ရှာကြတော့တယ်ကွယ့်။ ကံအားလျော်စွာပါပဲ တစ်နေရာရောက်တော့ အဲဒီလူငယ်ကိုတွေ့ကြတယ်။

အဲဒီမှာတင် ခိုးသားတွေက သူတို့ကိုလည်း အရင်ခိုးသားတွေလိုပဲ ရတနာရွှေငွေတွေရလာအောင်လုပ်ပေးဖို့ပြောတော့ လူငယ်လည်း လက်ရှိရောက်နေတဲ့ အချိန်၊ နာရီ၊ နက္ခတ်၊ ဂြိုဟ်တွေကိုတွက်လိုက်တော့ အခါမမီဘဲဖြစ်နေတဲ့အတွက်လုပ်လို့မရဘူးလို့ပြောတော့ ခိုးသားတွေကလည်း ဘယ်လိုမှလက်မခံဘဲ ရအောင် လုပ်ပေးဖို့သာတွင်တွင်ပြောပါတယ်။ မရရင် သတ်ပစ်မယ်လို့လည်း ခြိမ်းခြောက်ပါတယ်။ နောက်ဆုံး လူငယ်လည်း ဘယ်လိုမှမဖြစ်နိုင်တဲ့အကြောင်းပြောတော့ ခိုးသားတွေလည်း လူငယ်ကိုစိတ်အဆိုးကြီးဆိုးကာ ဝိုင်းဝန်းရိုက်နှက်သတ်ဖြတ်လိုက်ကြတော့တယ်ကွယ့်"

"အင်း - ဆရာကြီး ပုံပြင်ဇာတ်လမ်းကြားရတာ စိတ်မကောင်းလိုက်တာ။ ခိုးသားတွေအနေနဲ့ကလည်း ပညာရဲ့သဘောကို ဘယ်လိုမှ မပေါက်နိုင်တော့ ခက်ကုန်တာပေါ့နော်"

"အေးပေါ့ကွယ် မောင်ထွန်းမြင့်ရယ်။- ဒီနေရာမှာ သင်ခန်းစာယူဖို့ကတော့ အဓိကအချက်သုံးချက်ကိုပြောချင်တယ်။ ပထမအချက်က ကိုယ်တတ်တဲ့ပညာကို တတ်တိုင်း လူအများရှေ့မှာ ချမပြသင့်ဘူးဆိုတာဘဲ။ ဖုံးတန်ဖုံး၊ ဖိတန်ဖိ၊ ကွယ်တန်ကွယ်လုပ်ရတာမျိုးကလား မဟုတ်လို့ကတော့ လောဘဇောတွေတင်းကျမ်းဖြစ်နေတဲ့ လောကအခြေအနေမျိုးစုံကြားမှာ ပညာရှင်ဟာ ဒုက္ခတွေ့နိုင်တယ်။ ဒါကြောင့် ပညာရှင်လုပ်လုပ်မယ့်လူဟာ ဥစ္စာရှင်၊ မနုရှင် စတဲ့ လောဘတက်တတ်တဲ့တစ်ဖွတ်ထိုးသမားတွေ စတဲ့အုပ်စုတွေကို ကြပ်ကြပ်သတိထားပြီးရှောင်အပ်တယ်ကွယ့်။ နောက်တစ်ချက်က ပညာရပ်တိုင်းနဲ့ပတ်သက်ပြီး စောင့်ထိန်းရမယ့် စည်းတွေရှိတယ်ကွယ့်။ အဲဒီပညာရပ်ကိုရော အဲဒီပညာရပ်နဲ့ပတ်သက်ပြီး ရရှိလာမယ့်အကျိုးတွေကိုပါ မသက်ဆိုင်တဲ့လူတွေလက်ထဲမရောက်အောင်ထိန်းရမယ်။ရောက်သွားလို့ကတော့ အဲဒီဒဏ်ဟာ ဒီထက်ကိုပဲ

www.burmeseclassic.com

## နေမဝင်(နတ်မောက်)

# ဒူလာသွေးဝမ်း စားပေးစမ်းပါ

အမျိုးသားများတွင်ဖြစ်တတ်သော ရောဂါမှာ ဒူလာသွေးဝမ်းရောဂါဖြစ်ပါသည်။ ဒူလာသွေးဝမ်းရောဂါသည် အသက်အန္တရာယ်ကိုထိခိုက်သည်အထိ ဆိုးကျိုးပေးတတ်သောရောဂါလည်း ဖြစ်ပါသည်။ ဆေးမသိလျှင် ကုသရအလွန်ခက်ခဲပြီး ဆေးနည်းသိလျှင်လည်း လွယ်လိုက်တာဟု ဆိုချင်ကြမည်ဖြစ်ပါသည်။

ဒူလာသွေးဝမ်းအတွက် အစွမ်းထက်ဆေးပင်မှာ မီးကွင်းဂမုန်းပင်ဖြစ်ပါသည်။ ဂမုန်းဝါသနာရှင်တိုင်းသိထားပြီး နေအိမ်တော်တော်များတွင် အိုးနှင့်စိုက်ပျိုးထားတတ်ပါသည်။

မီးကွင်းဂမုန်းနှင့် ပတ်သက်၍ ဝိဝါဒကွဲနေမှုကို ရှင်းပြရေးပြပါရစေ။ မီးကွင်းဂမုန်းဆိုသည်မှာ လောင်ကျွမ်းတတ်သော မီးလောင်မှုမျိုးအတွက် ရှောင်တတ်ကွင်းတတ်သောကြောင့် မီးကွင်းဂမုန်းဟု ခေါ်ဆိုခြင်းလုံးဝမဟုတ်ပါ။ ဘာမှမပတ်သက်ပါ။ မီးလောင်မှုကို ကွင်းရှောင်သွားစေသောဂမုန်းသာရှိမည်ဆိုပါလျှင် မီးသတ်တပ်ဖွဲ့ပင်လိုတော့မည် မဟုတ်ပါ။

မီးကွင်းဂမုန်းဆိုသည်မှာ လူ၏ခန္ဓာကိုယ် ဝမ်းတွင်းအစာကို ချက်လုပ်သည့် ပါစကဝမ်းမီးနဲ့နည်းပျက်စီးပြီးဖြစ်တတ်သော ရောဂါအပူမီးများကွင်းစေပျောက်စေငြိမ်းစေတတ်သဖြင့် မီးကွင်းဂမုန်းဟု တင်စားခေါ်ဝေါ်သောဆေးပင် ဆေးဂမုန်းပင်သာ ဖြစ်ပါသည်။

ယခု အမျိုးသားများတွင်ဖြစ်တတ်သော ဒူလာသွေးဝမ်းသွားခြင်းရောဂါအတွက် မီးကွင်းဂမုန်းရွက်လေး၊ငါးရွက်ခူးပြီးပြုတ်ပါ။ ကျက်သောအခါ ပြုတ်ရည်ကိုလည်း သောက်ပါ။ မီးကွင်းဂမုန်းရွက်ကိုလည်း နုပ်နုပ်လှီးပြီး နှမ်းလှော်၊ ဆီ၊ ဆားဖြင့်သင့်အောင်သုပ်စားပေးပါ။ သုံးလေးကြိမ် ပြုလုပ်သောက်သုံးစားပေးလျှင် ပျောက်ပါသည်။

မီးကွင်းဂမုန်းအရွက်သည် သေးသွယ်ရှည်လျားပြီး အရွက်သားထူသည်။ အောက်မျက်နှာပြင်တွင် မရန်းရောင်၊ အပေါ်မျက်နှာပြင် အစိမ်းရောင်ဖြစ်ပါသည်။ စိုက်ပျိုး၍လည်း ရှင်သန်ဖြစ်ထွန်းလွယ်သဖြင့် နေအိမ်တိုင်းဆောင်ယူစိုက်ပျိုးထားသင့်သော အိမ်အနီးမှဆေးဂမုန်းပင်ဖြစ်ပါသည်။

*ကျန်းမာချမ်းသာကြပါစေ*

နေမဝင်(နတ်မောက်)

---

ပြန်ရောက်လာနိုင်တယ်ဆိုတာပဲ။နောက်ဆုံးပြောချင်တဲ့အချက်ကတော့ မနေသိဒ္ဓိနက္ခတ်ရဲ့အစွမ်းသတ္တိကိုပြောချင်တာပဲ"

"ဟုတ်တယ်နော် ဆရာကြီး။ ကျွန်တော် စဉ်းစားကြည့်မိတယ်။ ဒီကိစ္စမှာ ပထမခိုးသားအုပ်စုနဲ့ ဒုတိယအုပ်စုနဲ့ ဒီသရောဒယပညာရှင်ဟာ တွေ့တာသိပ်အချိန်ကွာခြားတာမဟုတ်ဘူး။ မရှေးမနှောင်းပါပဲ။ ဒါကြောင့် မနေသိဒ္ဓိနက္ခတ်နဲ့စဉ်းယှဉ်တဲ့အခြေအနေက သိပ်ကွာခြားမယ်မထင်ပါဘူး။ ဒါပေမယ့် ပထမတစ်ကြိမ်တုန်းက ဖြစ်ပြီးတော့ ဒုတိယအကြိမ်လုပ်တော့ ဘာဖြစ်လို့မဖြစ်ရတာလဲခင်ဗျ"

"ဟုတ်ပြီ မောင်ထွန်းမြိုင်၊ ဒါကြောင့် ပြောချင်တာက မနေသိဒ္ဓိနက္ခတ်နဲ့စန်းယှဉ်တိုင်းစွမ်းသလားဆိုတာပဲ။ အခြေအနေကတော့ မရဘူး။ မဖြစ်နိုင်ဘူးဆိုတာပြနေတော့ အဲဒါဘာဖြစ်လို့လဲဆိုပြီးတော့ တစ်ဆင့်တက်ပြီး စဉ်းစားသင့်တယ် မဟုတ်လား မောင်ထွန်းမြိုင်"

"ဟုတ်ပါတယ် ဒါအရေးကြီးပါတယ်။ အဲဒါ ဘာဖြစ်လို့ပါလဲ ခင်ဗျ"

"အဲဒီအကြောင်းကိုပြောဖို့ အရင်ဆုံး အခြေခံအကြောင်းရင်းတွေကို သိဖို့လိုမယ်ကွယ့်။ အဲဒါတွေကို အသေးစိတ်ပြောလို့မရသေးဘူး။ အကြမ်းဖျင်းတော့ ပြောမယ်။ အဲဒီအကြောင်းတွေက တက္ကာလိကစန်းဆိုတဲ့ အကြောင်းရယ်၊ ရာဟုကာလာနစက်ရဲ့ ဒသဂ်ရစက်ဆိုတဲ့ အကြောင်းရယ်၊ မဟာဥဒဒည်းအကြောင်းရယ်၊ ပြီးတော့ ပြောပြပြီးခဲ့တဲ့ အန္တရဥဒည်းအကြောင်းရယ် စတာတွေကို ခြုံငုံပြီးတော့မှ သုံးသပ်လို့ရမယ်"

"ဟုတ်ကဲ့ - အဲဒီအကြောင်းရင်းတွေကို နည်းနည်းစီလောက် ရှင်းပြပါလား ခင်ဗျ"

"ပြောရရင်တော့ ပထမဆုံး တက္ကာလိကစန်းဆိုတာကို တွက်ကြည့်ရင် မနေသိဒ္ဓိနက္ခတ်ဟာ ဘယ်အချိန်မှာ အမှန်တကယ်မိတယ်ဆိုတာ ပေါ်လာတယ်။ အဲဒီလိုပေါ်လာတဲ့ တက္ကာလိကစန်းရဲ့ မနေသိဒ္ဓိနက္ခတ်ဟာ ပေါ်ချိန်ကာလအားဖြင့် (၅၃) မိနစ်ခန့်လောက်ပဲ အချိန်ရနိုင်မယ်ကွယ့်။ နက္ခတ်တစ်ခုလုံးရဲ့ အချိန်လောက်အထိမရဘူး။ ခုနပြောတဲ့အချိန်နည်းနည်းလောက်ပဲအစွမ်းသတ္တိရှိတယ်။ နောက်ဒုတိယအနေနဲ့က တက္ကာလိကစန်းကိုတွက်ရတဲ့မနေသိဒ္ဓိနက္ခတ်ဟာ ရာဟုကာလာနစက်ရဲ့ ပုဖ္ဖိတ-ဖလိတများမှာရှိပြီး အန္တရဥဒည်းရဲ့ ယုဝအဝတ္ထာန်ဆိုတဲ့ အိမ်မှာပဲရောက်နေမယ်။ စတုတ္ထအနေနဲ့ကတော့ အန္တရဥဒည်းရဲ့ ယုဝအိမ်မှာရောက်နေသလို မဟာဥဒည်းရဲ့ယုဝအိမ်မှာလည်း ရောက်နေရမယ်။ အဲဒီ စန်းဆိုတဲ့ တနင်္လာဂြိုဟ်ဟာလည်း ပုဏ္ဏမီလပြည့်နေ့နဲ့ ကြုံကြိုက်တဲ့အခါမျိုးမှာမှ မနေသိဒ္ဓိနက္ခတ်ဟာ စွမ်းအားအကြီးဆုံးအချိန်ပဲကွယ့်။ အဲဒီလိုအခြေအနေအရပ်ရပ်နဲ့ပြည့်စုံတဲ့ မနေသိဒ္ဓိနက္ခတ်မျိုးဖြစ်မှသာရနိုင်မယ်။ အဲဒီရလာတဲ့အချိန်ကလည်း အများကြီးမရှိဘူး။ (၅၃) မိနစ်ပဲရမယ်။ အဲဒီတော့မှ မန္တန်ပဲရွတ်ရွတ်၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ယတြာတွေ၊ ဗျည်းအက္ခရာတွေပဲ ကြိုက်တာစီရင်ပါ။ ရာနှုန်းပြည့်အောင်မြင်မယ်လို့ ဆိုလို့ရတယ်။ ဒါကြောင့် အခြားသော ဂြိုဟ်၊ နက္ခတ်၊ သရ၊ အက္ခရာ၊ ဗျည်း၊ ဓာတ်၊ အချိန်၊ အခါ၊ တိထိတွေအားလုံးကို မနေသိဒ္ဓိနက္ခတ်နဲ့ယှဉ်တွဲပြီး အစီအမံတွေပြုမယ်ဆိုလို့ကတော့ (၁၀၀)ရာနှုန်းမဟုတ်ဘူး။ ရာနှုန်း (၃၀၀) အောင်မယ်လို့ ပြောနိုင်လိမ့်မယ်ကွယ့်"

*ရှေ့လဆက်ဖတ်ပါ*

ပထမံဆရာဦးအေး



www.burmeseclassic.com1

# မျက်စိရောဂါရှင်များအတွက်



"ဗဂျီး၊ ကျွန်မမျက်စိနာနေလို့ပါ"

နီရဲနေပြီး မျက်စိကို ပဝါတတို့တို့နဲ့ရောက်တာတာက ကျွန်တော့်တူမ ဝမ်းကွဲတစ်ယောက်ပါ။ သားသမီးတွေ ပွားစီးကာ မြေးတောင်ရနေပါပြီ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျခဲ့တော့ ကာ (၄၀) ကျော်မှာ မြေးဦးတောင်ရနေပြီဆိုပါတော့။ ကျွန်တော်တို့နေပြည်တော်ဒေသမှာ ဒေသခံတွေဟာ ဘကြီးကို ဗဂျီးလို့ အတိုခေါ်ပါတယ်။

"ဟဲ့ - နင့်ဟာကဆေးခန်းမပြဘူးလား"

"ပြပါတယ် ဗဂျီးရယ်၊ ညွှန်းလိုက်တဲ့မျက်စဉ်းဝယ်ခပ်တာပါပဲ။ သုံးလေးရက်ရှိပြီ မသက်သာတာနဲ့ ဗဂျီးဆီလာတာပါ"

ဆေးဆိုတာ တစ်ခါတစ်ရံ အလျှဉ်းမသင့်ရင် သက်သာပျောက်ကင်းမှုမရှိဘဲ ရောဂါတွေဝေနေတတ်ပါတယ်။ ရောဂါရှင်ရဲ့ အနေအထိုင်၊ အစားအသောက် တစ်ကိုယ်ရည်သန့်ရှင်းမှုနဲ့လည်းဆိုင်ပါတယ်။ ဆေးဆိုတာကတော့ အစွမ်းသတ္တိရှိပြီးသားပါ။

အဲဒီမှာ ကျွန်တော် ဘာကိုပြေးပြီး သတိရလိုက်သလဲဆိုတော့ ကျွန်တော် ဖတ်ဖူးခဲ့သမျှတွေမှာ ပျားရည်ဟာ ကျန်းမာရေးအတွက် များစွာအသုံးဝင်ပြီး မျက်စိရောဂါဟူသမျှကိုလည်း သက်သာပျောက်ကင်းစေတယ်လို့ ဆိုပါတယ်။

ခုခေတ်မှာ စာစောင်တွေ၊မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ၊ သတင်းစာတွေကနေပြီး မြန်မာ့ရိုးရာဆေးနည်းလေးတွေကို ဆရာစားမချန်ဘဲ အများပြည်သူတွေအတွက် ရေးသားဖော်ပြနေကြတဲ့အခါ ဖတ်ရှုမှတ်သားကာ ဆရာတွေကို ကျေးဇူးတင်ရပါတယ်။

ဝါသနာပါတဲ့ ကျွန်တော်ကတော့ ဖတ်လည်းဖတ်တယ်။ မှတ်လည်းမှတ်တယ်။ လေ့လည်းလေ့လာတယ်လေ။ ဒီတော့ လူတွေကယ်တင်ဖို့ အထိုက်အလျောက် ဆေးဗဟုသုတလေးရှိတယ်ဆိုရမှာပါ။ အဲဒါကြောင့်လည်း လူတွေကို ကူညီနိုင်ခြင်းပါ။

"မင်းတို့အိမ်မှာ ပျားရည်စစ်စစ်ရှိသလား"

"ပျားရည်ရယ်လို့တော့ ဝယ်ထားတာပဲ ဗဂျီးရယ်။ ကလေးတွေ စားပစ်ကုန်တာနဲ့ရှိတော့မယ် မထင်ပါဘူး"

အခုခေတ်မှာ ပျားရည်စစ်စစ်ကလည်း အလွန်ရှားတာကလား။ ပျားရည်အစစ်ဆိုရင် တစ်ပုလင်း (၇၀၀၀) ကျပ်လောက်တောင် ဈေးပေါက်နေပါတယ်။ အတုဆိုရင်တော့ ဈေးပေါပေါနဲ့ရတတ်တယ်။ သူက သကြားနဲ့လုပ်တော့ကာ ဈေးပေါပေါနဲ့ ရောင်းနိုင်တယ်လေ။

ကျွန်တော့်တူမရီရီမြင့်ရဲ့ယောက်ျားက တောင်ညို ဟိုဘက် မသိမ်ရွာကပါ။ အဲဒီ မောင်စိုးသူရဲ့အမေဟာ တစ်ခါက ပျားရည်လေးငါးပုလင်းလာရောင်းတော့ လူယုံလို့ ကျွန်တော်တစ်ပုလင်းယူထားလိုက်တယ်။ ကျန်တာကို အိမ်တစ်အိမ်က တစ်ပုလင်းဝယ်ပြီး ရေခဲသေတ္တာထဲ တစ်ညသိပ်ထားလိုက်တယ်။ နောက်နေ့ထုတ်ကြည့်တော့ ပျားရည်က လုံးဝမခဲဘူးဖြစ်နေတယ်။ သကြားရည်ပျားရည်တုဆိုရင် ရေခဲတုံးကြီးဖြစ်နေရမှာလေ။ ဒီတော့ အဲဒီအိမ်က ချက်ချင်းကျန်တာတွေ အကုန်ဝယ်သွားတယ်။ သူတို့ ပျားရည်စစ်စစ်တွေရလိုက်တာပေ့ါ။ ခုခေတ်မှာ ပျားရည်စစ်စစ်ရဖို့ဆိုတာကလည်း ဒုလ္လဘတစ်ပါးပါပဲ။ ပျားရည်စစ်၊ မစစ် ရေခဲသေတ္တာထဲထည့်ပြီး စမ်းနိုင်ကြပါတယ်။ ကျွန်တော်ကတော့ ဆေးသုံးဖို့ထားတာပါ။

"ကဲကဲ- ဒါဆို ငါ ပျားရည်နည်းနည်းထည့်ပေးလိုက်မယ်။ အဲဒီ ပျားရည်တစ်စက်နှစ်စက်လောက်ကို ရေသန့်နဲ့ဖျော်ပြီး ဝါဂွမ်းသန့်သန့်လေးနဲ့ မျက်စဉ်းမကြာမကြာခတ်ပေးဟုတ်လား။ နင့်ရဲ့မျက်စိနာ တစ်ရက်နဲ့ပျောက်ပါတယ်"

ဆိုပြီး ပျားရည်ဇွန်းကြီးတစ်ဇွန်းစာလောက် ထည့်ပေးလိုက်ပါတယ်။

အဲဒီနောက်ပေါ် မလာတော့ပါဘူး။ ပျောက်ကြောင်းမပျောက်ကြောင်းတောင် အကြောင်းလာမကြားဘူးဗျ။လူအတော်များများဟာ ဒီလိုပဲမို့ မေ့မေ့ပျောက်ပျောက်ပါပဲ။

တစ်လကျော်လောက်ကြာမှ ဈေးထဲမှာ ပက်ပင်းတိုးပါတော့တယ်။

"ဟယ် - ဗဂျီး ဈေးလာတာလား"

"အေးဟာ တစ်ယောက်စာတော့ ဝယ်ရတာပေ့ါ။ ဒါထက် နင့်မျက်လုံးက"

"ဩော် - မအားလို့လာမဲပြောရတာ။ ဗဂျီးရဲ့ပျားရည်ခတ်တော့ နောက်နေ့ အိပ်ရာအထမှာ မျက်ချေးတွေထွက်ပြီးကောင်းသွားတယ် ဗဂျီးရဲ့"

"အင်း - ငါထင်သားပဲ သွားမယ်နော်"

"ဟုတ်ကဲ့ - ဗဂျီး"

တူမရဲ့မျက်စိဝေဒနာပျောက်သွားတယ်ဆိုတော့ ရင်ထဲမှာ ပီတိဖြစ်ရပါ။ အဲဒီပီတိဟာ ကုသိုလ်နဲ့ယှဉ်တွဲဖြစ်ပေါ်တဲ့ပီတိပါ။ ပီတိစားပြီး အားရှိနေရတာ ကာလတွေကြာခဲ့ပါပြီ။ ငယ်စဉ်ကနေ ခုထိတိုင် လူတွေရဲ့ကျန်းမာရေးကို ကူညီနေဆဲပါ။ မသိသူတွေကျော်သွားကြပေမယ့် သိသူတွေကဖော်စားနေကြပါတယ်။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ရွှေစိုး





www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်နဲ့ထိတွေ့မှုလေးတွေများ လာတော့ အဖေ အမြဲတမ်းသင်ပေးလေ့ ရှိတဲ့ နိမိတ်ကြည့်တာကို သတိထားလာ ခဲ့မိပါပြီ။

အရင်ကဆို ဘယ်နှခုလဲပဲမေးပြီး ချက်ချင်းတွက်ခဲ့တာကြာပေါ့။ ခုနောက် ပိုင်း အဖေက အနီးကပ်ပြောပေးနေ တော့ သား ဟိုမှာတွေ့လား။ သူက ဒီလို ဝတ်ထားတာ၊ သူဘယ်အဆင်ပြေပါ့မလဲ ကြားတဲ့အတိုင်းပဲ။

ဟိုတစ်ယောက်က ဦးထုပ်မှာ ဘာစာတန်းနဲ့. . . သူလုပ်မယ့်အလုပ် ထစ်နေတာကို သူ့ဦးထုပ်ကစာကပြတယ် တွေ့လား။

ဟိုလူဆို သူ့စကားလုံးက အပျက် သဘောတွေပြောလွန်းတယ်။

ဟိုကလေးမလေးက ကိုင်လာတဲ့ ပိုက်ဆံအိတ်က ချစ်သူတွေသေပွဲဝင်ရ တဲ့သင်္ဘောကြီးပုံနဲ့လေ။ သူပြောတာ ကြားတယ်မို့လား ဘာမှတောင် မမေးရ သေးဘူး။ သူ့ချစ်သူ သူ့ကိုထားခဲ့ပြီးထွက် သွားပြီတဲ့။

ဟိုကောင်လေးဆိုရင် သူဝတ်လာ တဲ့အင်္ကျီမှာကျရှုံးသွားပါပြီဆိုတဲ့အဓိပ္ပာယ် နဲ့စာကြီးကထင်းနေတာပဲ။ သူဘာပြော သွားလဲကြားလား။ သူအလုပ်ဖြုတ်ခံ လိုက်ရပြီဆိုတာ သူ့ဟာသူ စပြောတာ။

ဆိုတဲ့ အဖေ့ရဲ့အနီးကပ်လက်တွေ့ သင်ကြားမှုတွေကြားမှာ နိမိတ်ကြည့်ရ တာ ပျော်စရာဖြစ်လာပါတယ်။ အရမ်း လည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ သတိထားတတ်လာအောင် အမြဲတမ်း လေ့ကျင့်ပေးနေတဲ့ အဖေကြောင့်ပေါ့။

တစ်နေ့ တစ်နေ့ . . .

နိမိတ်ကြည့်လိုက်၊ ဝတ်လာတာ လေးတွေကြည့်လိုက်၊ ကိုင်လာတဲ့နိမိတ် ပုံရိပ်လေးတွေကြည့်လိုက်၊ စကားသံနား ထောင်လိုက်နဲ့ တဖြည်းဖြည်းအသားကျ လာရင်း လက်တွေ့ဟောပေါက်တွေကြား မှာ နိမိတ်တွေပါလာပါပြီ။

ဟိုတစ်လောလေးက. . .

လူတစ်ယောက်ဟာ သူ့အင်္ကျီမှာ အရိုးခေါင်းတွေနဲ့ အဲဒီအရိုးခေါင်းတွေ ရဲ့နောက်မှာ မီးလျှံတွေနဲ့ ဒီဇိုင်းကတော် တော်လှတယ်။ ဝတ်လာတဲ့အင်္ကျီက လှ လွန်းလို့လည်း သတိထားမိတာပါ။ ဘာ မှတောင်မပြောရသေးဘူး။ သူ့အိမ်မှာ သူကြုံနေရတဲ့အပူတွေ ပြောတော့တာ ပါပဲ။ သူ့ကလေးက ငိုရင် သံရှည်ဆွဲပြီး အူတူတူကြီးငိုတတ်လို့ စိတ်ညစ်ရတဲ့ အကြောင်း၊ သူ့မိန်းမနဲ့ရန်ဖြစ်ပြီး သူ့ မိန်းမက ကလေးကိုခေါ်ပြီး ဆင်းသွားတဲ့ အကြောင်း၊ သူ့ညီလင်မယား ရောက်လာပြီးသုံးရက်အတွင်း မိန်းမဆင်းသွားကြောင်း၊ သူ့ညီလင်မယားကလည်း ခဏခဏ စကားများ နေကြကြောင်း၊ သူ့ အလုပ်တွေအဆင်မပြေဖြစ် နေတဲ့ကြားထဲက ခုတစ်ခါထပ်ပြီး ဘာတွေဖြစ်နေလို့ဖြစ်နေမှန်းမသိကြောင်း တွေပြောနေပါတယ်။

အဖေက ဘုရားရှိခိုးလို့ မပြီးသေး ပါဘူး။ မနက်ပိုင်း ကျွန်တော် စဟော တဲ့အချိန်မှာ စကြုံရတာပါ။ အဖေပြော ထားသလို အခါနဲ့နိမိတ်ကိုကြည့်ပြီး ကျွန်တော့်ပါးစပ်ကမထွက်ရက်ခင်မှာ သူက စီကာပတ်ကုံးပြောသွားတာပါ။ ကျွန်တော်နားထောင်နေလိုက်ပါတယ်။ ပြီးမှပဲ သူ့ရဲ့ခုနှစ်သက္ကရာဇ်ကိုမေးပြီး တွက်ကြည့်လိုက်တယ်။ ကျွန်တော်အံ့သြ ရပါတယ်။ သူဟာ သိပ်အဆိုးကြီးမဟုတ် ပါဘူး။ ဒါပေမယ့် သူဝတ်လာတဲ့ ဒီဇိုင်း နိမိတ်က ဘယ်လောက်တောင်အားပြင်း လဲဆိုတာ ကျွန်တော် အရမ်းကို အံ့သြ သွားရပါတယ်။

အဖေက အဲလိုနိမိတ်မျိုးနဲ့နိမိတ် ဆိုးတွေကြားရင် သူ့ကို ချက်ချင်းယတြာ ပေးလို့မရသေးဘူးဆိုပြီး သင်ပေးထား တယ်လေ။ကျွန်တော်လည်း သူ့အကြောင်း နားထောင်ပေးရင်း လူပါအူတူတူဖြစ်လာ သလိုပဲ။ စိတ်တွေဆို မှိုင်းသွားတာပဲ။ စကားတောင်ပြောချင်စိတ်မရှိတော့ဘူး။

အဲလိုမျိုးတွေကြုံရပါတယ်။

အဖေသင်ပေးပြီး သတိထား ကြည့်ခိုင်းပြီးတဲ့နောက်ပိုင်း ခပ်စိပ်စိပ် တွေ့လာတာပါ။ အရင်ကလည်းရှိပါလိမ့် မယ်။ကျွန်တော်သတိထားတာနည်းသေး လို့ပါ။ သေချာသတိလက်လွှတ်မဖြစ် အောင်ကြည့်နေလိုက်တော့လည်း တွေ့ လာသား တွေ့လာသားဆိုလို့။

သိပ်တောင် မကြာသေးဘူး။ အသက် (၂၀) ကျော်လောက်ရှိတဲ့ ညီ ငယ်တစ်ယောက်ဆို သူ့အမေနဲ့လာတာ။ ဦးထုပ်က အနက်ရောင်မှာ ကြက်ခြေ ခတ်နှစ်ခု နီနီရဲရဲအကြီးကြီးခတ်ထားတဲ့ ဒီဇိုင်းကိုဆောင်းလို့ ကြည့်ရတာ တစ်မျိုး ကြီးဘဲ။ သူ့ဦးထုပ်ဒီဇိုင်းကြီးက မျက်လုံး နည်းနည်းစူးတယ်။ ပြုံးတုံးပြုံးတုံးကြီး ဘယ်လိုကြီးလဲ မသိဘူး။ စိတ်ထဲက အင်း . . . တစ်ခုခုနှစ်နာဆုံးရှုံးနေတဲ့ နိမိတ်ကြီးနဲ့ပါလားဆိုပြီး တွေးရုံတွေးနေ လိုက်ပါတယ်။ ပါးစပ်က တော့ မပြောမိပါဘူး။ ထင် ထားတာက သူအလုပ်လုပ်တဲ့ နေရာကနေ အလုပ်ပြုတ်လာ မယ်လို့ထင်တာ။ နစ်နာဆုံးရှုံးတဲ့ အကြောင်းကို စဉ်းစားနေမိတာပါ။ သူပြောတော့မှ စာမေးပွဲဖြေတာ ကျ တာသုံးခါရှိပြီဆိုတာ သိရပါတော့ တယ်။ ခုထပ်ဖြေချင်လို့လာတာ။

ကျွန်တော် ဘယ်လိုလုပ်ရ မလဲ။ သူက သူ့နိမိတ်သူဆောင်လာ တာလေ။ အောင်မြင်မှုနိမိတ်နဲ့လာတာ မဟုတ်ဘူး။ မှားယွင်းခြင်း၊ ဆုံးရှုံးနစ်နာ ခြင်းနိမိတ်နဲ့လာတာ။

အတတ်နိုင်ဆုံးတော့ ကူညီ လိုက်ပါတယ်။ သူ့ကံမှာ ပညာရေး နဲ့ဆိုင်တဲ့ဂြိုဟ်က အဲသလောက်ကြီး မဆိုးပါဘူး။ နိမိတ်ကြီးကဆိုးနေတာ ပါ။ အဲဒီ သူဆောင်းလာတဲ့ဦးထုပ်က နိမိတ်ဆိုးကြီးက သူ့ကိုကြီးစိုးထားပါပြီ။ အဲဒီအတွက် သူဟာ နိမိတ်ကောင်း တွေနဲ့ပြန်ဝန်းရံရပါလိမ့်မယ်။ ဒါမှ နောက်ပိုင်း ဓာတ်ရိုက်လို့ရမှာပါ။ ဒီလို နိမိတ်ကောင်းတွေ ဝန်းရံ ဖို့ကလည်း ကာယကံရှင် ကိုယ်တိုင်က လိုက်နာမှ။



www.burmeseclassic.com1

www.burmeseclassic.com

မလိုက်နာပြန်ရင် အဲဒီ လာတဲ့နိမိတ်အတိုင်းပဲ ဘာမှလုပ်လို့ မဖြစ်ဘူး။

နည်းနည်းလေးကြာသွားပြီ။

(၅) လလောက် (၆) လလောက်တော့ ရှိမယ်ထင်တယ်။ အသက် (၂၅) နှစ်ကျော်ကျော် ညီမငယ်တစ်ယောက် လာမေးတာ။ သူ့အကျီက စာတန်းက ချစ်သူချင်းကွေကွင်းတဲ့၊ ဝေးကွာတဲ့ အဓိပ္ပာယ်ရတဲ့စာတန်းနဲ့။ သူက ဘာ မပြောဘဲထိုင်နေပါတယ်။ အကျီက စာတန်းကိုကြည့်ပြီး အဖေ့မျက်နှာလှမ်း



# မင်းပြည့်

# အသံမပြုပါ သို့သော်...

www.burmeseclassic.com1

www.burmeseclassic.com


# ကမ္ဘာကျော်နှင့် ဆရာချမ်းမင်း (LL.B)



ကမ္ဘာကျော် ဂျာမန်လူမျိုး ဗီသုကာနှင့်ဒီဇိုင်နာပညာရှင် JORG PRVIN

**ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား ?** " မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ " ရဲ့ လက္ခဏာပုံတော်ကို နိုပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုဒ် အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန်ဝင်ပြီးမှ စေတီတော်ရဲ့ ဖောင်းရစ်ပေါ်တင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်၊လအထိ တွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၁၉၉၉ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅ ) ဆရာတော်ဘုရား သက်တော် (၈၂)ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါဝေဒနာ ခံစားရမည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆၊နိုဝင်ဘာလထုတ် ဓာတိသဝေဒမဂ္ဂဇင်း အမှတ် (၂၇)၊ စာမျက်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

**အမှတ်တရရဲ့ အမှတ်တရ** -ကမ္ဘာ့ကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး **တာကရှီအီတိုစံ**ကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာ လာရောက်ဆွေးနွေး သွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ် (၅၇)၊ ဇူလိုင်၊ ၂၀၀၂ ၊စာမျက်နှာ -၁၃၂- ၁၃၃ -၁၃၄-၁၃၅)

" ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး (ITTI BALANOORA) ဆိုတဲ့ နာမည်ကြီး အဆိုတော်သီချင်းရေးဆရာ့ ပရိုဂျူဆာကို ဟောပြောခဲ့ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြှုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက် ရှိကြောင်း၊ အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာ ခံစားရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူ ဖြစ်ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကို ထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇) ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။
" (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ- ၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉ ၊ အမှတ်- ၂၈၈၊ စာမျက်နှာ- ၂၃- ၂၄- ၂၅- ၂၆- ၂၇- ၂၈ )"

လမ်းညွှန်-ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁-၁၁၊ စံပယ်လမ်း ( တတိယမြောက် ဘယ်ဘက်လမ်းသွယ်-ရွှေခတ္တာလမ်း၊) -ဝန်ထမ်းကြီးရိပ်သာ (VIP) ရွှေပြည်သာမြို့။(ဥပုသ်နေ့မှအပ နံနက် (၉) နာရီမှ ညနေ (၄) နာရီအတွင်း)Ph-09 8516520

**ဘဝရှုခင်းအလင်းလက္ခဏာ-အမှတ် (၁)**

__ဖြန့်ချီရေး__

**ဒေါ်ဝင်းဝင်းခိုင် (သိမ့်ထိုက်စာပေ)**
**အမှတ် ( ၂၃၁) ဒုတိယထပ် (ဝဲ)၊ ၃၂ လမ်း (အထက်)**
**ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း ၀၉ ၅၀၅၉၂၁၄**

**ပညာအလင်းပြစာအုပ်ဆိုင်**
**အမှတ် (၁၃၀)၊ ဗိုလ်ချုပ်လမ်းနှင့် ၄၈ လမ်းထိပ်၊**
**ရန်ကုန်မြို့၊ ဖုန်း -၂၉၀၉၂၃/ ၀၉ ၅၀၂၈၇၆၅**

**လက္ခဏာပညာဖြင့် အကူအညီပေးပါရစေနှင့်**
**ဘဝရှုခင်းအလင်းလက္ခဏာ အမှတ် (၂)**
မကြာမီ ထွက်ရှိလာမည်ဖြစ်သည်။

အသက် ၂၃ နှစ်မှ ၃၅ နှစ်အတွင်း ဘွဲ့မရ၊ ဆယ်တန်းမအောင်သော်လည်း လက္ခဏာဗေဒင် ဝါသနာပါ၍ ကွန်ပျူတာ ကျွမ်းကျင်သူ စာရေး (သို့) စာရေးမတစ်ဦး အလိုရှိသည်။ လူကိုယ်တိုင် လျှောက်ထားနိုင်သည်။ (ဥပုသ်နေ့မှအပ-မွန်းလွဲ ၃ နာရီမှ ၅ နာရီအတွင်း)




www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်တယ်။ အဖေက ခပ်အေးအေးပဲထိုင်နေပါတယ်။

သဘောကတော့ မင်းဟောချိန် မင်းအလုပ်မင်းလုပ် ဆိုတဲ့စကားကို အသံတိတ်ပြောနေသလိုပါပဲ။

ကျွန်တော် စဉ်းစားပါတယ်။ အဖေ့ကိုပဲ ဒီနိမိတ်ပြောရင် ကောင်းမလား အဲဒီလာတဲ့ညီမငယ်ကိုပဲ တိုက်ရိုက်မေးရင်ကောင်းမလားစဉ်းစားနေပါတယ်။

အဖေက ကျွန်တော့်ကို တစ်ချက်ကြည့်လိုက်ပြီး-

"သားဘာပြောချင်လဲဆိုတာ အဖေသိတယ်။ ပြောလိုက်လေ"

ဆိုပြီး လှည့်ပြောပါတယ်။

ကျွန်တော်က အားနာနေလို့ စဉ်းစားနေတာပါ။

"ဟို . . . အချစ်ရေးကိစ္စလေး မေးချင်လို့ပါရှင့်"

"ဟုတ်ကဲ့ - ရပါတယ်"

"သမီးရဲ့ ကောင်လေးက. . . ကောင်လေးက. . ."

အသံတိမ်သွားပြီး အံကြိတ်ထားပါတယ်။ မျက်လုံးထဲမှာ မျက်ရည်အပြည့်နဲ့ တဖြည်းဖြည်းလျှံကျလာပါပြီ။

"သမီးကို အဆက်အသွယ်မလုပ်တော့ဘူး။ ဘယ်လိုမှဆက်သွယ်လို့မရတော့ဘူး။ ဖုန်းပိတ်ထားတယ်"

အဖေ့မျက်နှာကိုကြည့်လိုက်တော့ အဖေက ခပ်အေးအေးပဲထိုင်နေပြန်ပါတယ်။ သား မင်းပြောချင်တာ ဟုတ်နေတယ်လေ။ ခု သူက မင်းပြောချင်တာကို ပြောပြီတွေ့လားဆိုတဲ့ အဓိပ္ပာယ်ရတဲ့ အကြည့်နဲ့တော့ ကျွန်တော့်ကို ခပ်စွေစွေ ကြည့်လိုက်ပါတယ်။

ကျွန်တော်လည်း ညီမငယ်ရဲ့ခုနှစ်သက္ကရာဇ်ကိုတွက်ပြီး နိမိတ်ကောင်းတွေနဲ့ ကူညီဖို့စတင်လိုက်တော့တာပေ့ါ။ အံ့ဩစရာပါ။

ဘယ်လိုမှထင်မထားတာတွေဟာ ဖြစ်ဖြစ်သွားတာ တကယ့်ကို အံ့ဩပါတယ်။ ဒီကိစ္စဟာ လုပ်ယူလို့ရတဲ့ကိစ္စ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ သိပ်မကြာသေးခင်က သူငယ်ချင်းမောင်မိုးရဲ့ ခယ်မ မတင်ရီလာသွားတဲ့ကိစ္စကိုသွားသတိရလို့ပါ။ သူက ပဲခူးက။

မတင်ရီဟာ ဇစ်ကျိုးနေတဲ့ ပိုက်ဆံအိတ်တစ်တောင်လောက်နဲ့လာတာ။ ဇစ်ကကျိုးနေတော့ ပိုက်ဆံအိတ်က အပြီးထိမပိတ်ဘဲဟနေပါတယ်။ ပိုက်ဆံအိတ်က ကြောင်လေးပုံက မှိုင်နေတဲ့ပုံနဲ့။ အဲဒီတုန်းကတော့ ဘာမပြောညာမပြောနဲ့ မတင်ရီကိုပြောထဲ့လိုက်ပါတယ်။

"မတင်ရီ၊ ငွေကြေးပြဿနာတွေ ရှိနေတယ်နော်"

လို့။

သူက -

"ဆရာပြည့်၊ မောင်မိုးက သမီးကို မှာလိုက်တယ်။ နင့်ကို တွေ့တွေ့ချင်း ငါ့သူငယ်ချင်းပြောလိမ့်မယ်တဲ့။သူကြိုပြောလိုက်တယ်။ ဘာလို့လဲတော့ မသိဘူး။

ကျွန်တော် ဘာလို့ပြောတယ်ဆိုတာ မတင်ရီ မသိပါဘူး။

"ဟုတ်ကဲ့ - သူများငွေကိုယူပြီး တစ်ဖက်မှာ အတိုးနဲ့ပြန်လှည့်ထားတာ။ ခု တစ်ဖက်က ကတိပျက်နေလို့ မပေးတော့လို့ ပြဿနာဖြစ်နေတဲ့အကြောင်း" ကျွန်တော့်ကိုပြောပါတယ်။ ပြီးတော့ သူ့အကြည့်ကထူးဆန်းနေတယ်။ ကျွန်တော့်ကို ကွက်ကြည့်ကွက်ကြည့်နဲ့. . .။

မဆန်းပါဘူး။သူ့ပိုက်ဆံအိတ်ကြီးက သူ့အကြောင်းကို ပြောပြနေတာပဲ။ မဆန်းပါဘူး၊ အဲဒါနဲ့ သူ့ကိုပြောလိုက်ရတယ်။

"ငွေကြေးနဲ့ပတ်သက်ပြီး အတိတ်ကောင်းနိမိတ်ကောင်းမင်္ဂလာရှိတဲ့သီချင်းတွေကို မနက်တိုင်းဖွင့်ပေးပါ။ တစ်ပတ်လောက်"

လို့ ပြောလိုက်ရတယ်။ ပြီးတော့ ပိုက်ဆံအိတ်ကြီးကိုလဲခိုင်းလိုက်ရပါတယ်။ ပြီးမှ သူ့မွေးနေ့ရဲ့အထက်ဆောင်ပန်းအညွှန့်တွေကို ဘုရားလေးဆူမှာ ပူဇော်ခိုင်းလိုက်ရပါတယ်။ သူကလည်း အားတက်သရော လုပ်မယ်ဆိုပြီး ပဲခူးကို ပြန်သွားပါလေရော။

ပြီးပါပြီ။ အောင်မြင်သွားပါပြီ။ မောင်မိုးခယ်မလေး အဆင်ပြေသွားပါပြီ။ နှစ်ပတ်ကျော်ကျော်လောက်မှာ မတင်ရီကိုယ်တိုင်ပဲလာပြောသွားလို့သိရတာပါ။ မောင်မိုးကတော့ ဖုန်းနဲ့လှမ်းပြီး ကျေးဇူးတင်တယ်လေ။

"ဟေ့ကောင်၊ မင်း ဖုန်းနဲ့ကျေးဇူး မတင်နဲ့။ လူကိုယ်တိုင်လာလည်ကွာ။ မင်းကို ငါ ရေခဲမုန့်ကျွေးပါ့မယ်"

လို့ ပြန်နောက်ရသေးတယ်။

ဒါလေးတွေက ဟောနေရင်း ဟောနေရင်း တွေ့တွေ့လာရတာလေးတွေပါ။

ပရိသတ်နဲ့ထိတွေ့မှုလေးတွေများလာတော့ အဖေအမြဲတမ်းသင်ပေးလေ့ရှိတဲ့ နိမိတ်ကြည့်တာကို သတိထားလာခဲ့မိပါပြီ။

ဒါကြောင့်. . .

စကားလုံးအပျက်သဘောတွေက သူ့မှာဖြစ်နေတဲ့အကြောင်းကို ဖော်ပြနေသလိုပဲ။

ဦးထုပ်တို့၊ အင်္ကျီတို့မှာပါတဲ့ စာတန်းအဓိပ္ပာယ်တွေကလည်း သူကြုံနေရတဲ့ အကြောင်းလေးတွေကို အသံတိတ်ပြောပြနေတာပါလားဆိုတာ တဖြည်းဖြည်းသိလာခဲ့ရပါပြီ။

အဖေကတော့ ခဏခဏပြောပါတယ်။ ဒီပြင်လူတွေ သူတို့ဟာသူတို့ ဝတ်တာ တို့နဲ့မဆိုင်ဘူးတဲ့။ တို့ရှေ့ကို ရောက်လာတဲ့သူဝတ်လာတာသာ တို့နဲ့ဆိုင်တာတဲ့။

အဖေဆို တိုင်တန်းနစ်သဘော်ပုံပါတဲ့ ပိုက်ဆံအိတ်နဲ့လာတဲ့ အန်တီကို ပိုက်ဆံအိတ်ပြောင်းခိုင်းလိုက်တယ်။ ဒါပေမယ့် အဲဒီအန်တီက ရယ်နေတယ်။ အဖေ့ကို ခင်ပေမယ့် သူ့ပိုက်ဆံအိတ်ရဲ့ တန်ဖိုးကိုတွက်နေပုံရပါတယ်။ အဖေပြောပြီး တစ်နှစ်အတွင်းမှာပဲ သူ့ရဲ့အိမ်ထောင်ဦးစီးဟာ နောက်အိမ်ထောင်ပြုသွားပါတယ်။ ဒီတော့မှ အဲဒီအန်တီ ပိုက်ဆံအိတ်ပြောင်းကိုင်သွားပါတယ်။ အဖေကပြောပါတယ်။ မလိုတော့ဘူး ပြောင်းမကိုင်လည်းရပြီတဲ့။ အဲဒီလိုဖြစ်မှာစိုးလို့ပြောင်းကိုင်ခိုင်းခဲ့တာတဲ့။

အရမ်းအံ့ဩဖို့ကောင်းတဲ့ အမြင်တွေပါ။

တကယ့်ကို အသံမပြုတဲ့လှုပ်ရှားမှုတွေပါ။

အဖေခဏခဏပြောပါတယ်။ ဒါတွေဟာ ငြိမ်ပြီးလှုပ်ရှားနေတာ သားတဲ့။

အမှန်ပါပဲ. . .

ကိုယ်တွေ့တွေကြုံပြီး နေ့စဉ်ဟောနေရပြီဆိုတော့ ဒီလိုငြိမ်ပြီး လှုပ်ရှားနေတဲ့အဖြစ်အပျက်လေးတွေ တစ်ခါတစ်ခါ ညပ်ညပ်ပါလာတာတွေ့နေရပါပြီ။ ထင်မထားတာလေးတွေပါ။

ဒီလို ထင်မထားတာလေးတွေကို တွေ့တွေ့လာရတော့ ပရိသတ်ကြီးကို ပြောပြချင်စိတ်က တားမရဆီးမရဖြစ်လာပြန်ပါပြီ။ အခု အဲဒီအကြောင်းလေးတွေကို လက်လှမ်းမီသလောက် တင်ဆက်လိုက်ရတာဖြစ်ပါတယ်လို့။

ကြိုးစားရင်းနဲ့. . .

မင်းပြည့်

www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင့်မြတ်
(ပြည်ရွှေစုံ)

# ဘဝဟောင်းက ရက္ခစိုးချစ်သူ

အခါတစ်ပါး၌ဖြစ်သည်။ ရက်ကန်းသည်များနေထိုင်ကြသော ရွာတစ်ရွာသည်ရှိလေ၏။ ရွာအမည်မှာ ပေသကာရရွာဟူ၍ ဖြစ်လေ၏။ ထိုရွာသည်ကား လွန်စွာစည်ကားပေ၏။ သာယာပေ၏။ လူနေမှုစနစ်မြင့်မားပေ၏။ စားဝတ်နေရေးဖူလုံမျှတပေ၏။ ရွာသူရွာသားတို့သည်လည်း ဘာသာတရားကိုင်းရှိုင်းကြလေ၏။ သဒ္ဓါတရားကောင်းကြပေ၏။ အကျင့်သီလတို့လည်း ပြည့်စုံကြပေ၏။ ၎င်းပေသကာရရွာတွင် သီလ၊ သမာဓိ၊ ပညာဂုဏ်ရှိသူတစ်ဦးကို အကြီးအမှူးနာယကအဖြစ် တင်မြှောက်၍ ထိုသူ၏ ဩဝါဒကိုခံယူကြပြီးလျှင် ချမ်းသာစွာ လုပ်ကိုင်စားသောက်ကာ နေထိုင်ကြလေ၏။

သို့သော် ထိုရွာကား ရေရှိ၍ ငါးမရှိသကဲ့သို့ဖြစ်လေ၏။ အကြောင်းကား ကျောင်းကန်ဇရပ်မရှိခြင်း၊ ဘုန်းကြီးရဟန်းသံဃာမရှိခြင်း စသည်တို့ကြောင့် အဘက်ဘက်က ပြည့်စုံသော်လည်း လိုအပ်ချက်ကွက်လပ်တစ်ခုကား လစ်ဟာ၍နေလေသည်။

ကိုးကွယ်စရာ ကျောင်းလည်းမရှိ၊ သံဃာလည်းမရှိ။ ထို့ကြောင့် ရဟန်းသံဃာများကို ကိုးကွယ်ဆည်းကပ်ချင်လျက် ကိုးကွယ်ဆည်းကပ်ပူဇော်ခွင့်မရကြ။ လှူဒါန်းလိုပါလျက် အလှူခံပုဂ္ဂိုလ်မရှိဘဲ ရဟန်းသံဃာဆိတ်သုဥ်းလျက်ရှိလေ၏။

တစ်နေ့သည်၌ ထိုရွာ၌ အုတ်အုတ်ကျက်ကျက်အသံများဖြစ်လေ၏။

"သံဃာတော်တွေ ကြွလာပြီ၊ သံဃာတော်တွေကြွလာပြီဟေ့"

ဟူသော ရွာသူရွာသားတို့၏ ကောင်းချီးသံများ သတိပေးနှိုးဆော်သံများပေါ် ထွက်လာကာ လူများရုတ်ရုတ်သဲသဲဖြစ်သွားသောကြောင့် ဖြစ်လေ၏။

မှန်ပေ၏။ အဆိုပါ ရွာအတွင်းသို့ သံဃာတော်တစ်ကျိပ်နှစ်ပါးတို့သည် ရွာလယ်လမ်းမကြီး၌ ဆွမ်းခံဝင်လာသောကြောင့် ဖြစ်လေ၏။ ရွာသားတို့သည် သံဃာတော်များအား မြင်တွေ့ဖူးတွေ့လိုက်ရသောအခါ မကြုံစဖူး ထူးကဲစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်၏။ တပြုံးပျော်ပျော်ဖြစ်ကြရှိကြကုန်လေ၏။ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့်လှူဒါန်းပူဇော်ကြကုန်၏။

ယင်းရဟန်းတော်များကား အဘယ်အရပ်ကကြွလာသည့်ရဟန်းတော်များဖြစ်ကြပေသနည်း။ အံ့ဖွယ်သရဲရှိလှစွတကား။

ထိုအချိန်တွင် ဗုဒ္ဓဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူလျက်ရှိ၏။

အဆိုပါ ရဟန်းတော်တို့သည် ဘုရားသခင်ထံသို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းတောင်းကြကုန်၏။ ထိုရဟန်းတော်တို့သည် ဘုရားသခင်ထံမှ ကမ္မဋ္ဌာန်းတရားတော်ကို နာယူကြပြီးလျက် တောရဆောက်တည်ရန် သာဝတ္ထိပြည်မှထွက်ခွာခဲ့ကြလေ၏။ သို့သော် မည်သည့်နေရာမည်သည့်အရပ်၌ သီတင်းသုံးမည်ဟု သတ်မှတ်ထားခြင်းမရှိကြပေ။



www.burmeseclassic.com1

www.burmeseclassic.com

နေစရာကျောင်းလည်းမရှိကြသေးပေ။ ဝါဆိုရန်အချိန်ကလည်း တဖြည်းဖြည်းနီးကပ်၍လာနေပေပြီ။ ကျောင်းမရှိကြသေးသဖြင့် အခက်ကြုံလျက်ရှိလေ၏။ သင့်လျော်သောနေရာကို ရှာဖွေနေကြရာမှ ထိုရက်ကန်းသည်တို့၏ရွာအနီး၌ရှိသော တောအုပ်သို့ နေဝင်ဆည်းဆာအချိန်တွင် ရောက်ရှိသွားကြလေ၏။





www.burmeseclassic.com1

www.burmeseclassic.com

ထိုညအဖို့ ထိုတောအုပ်၌အိပ်ကြပြီးလျှင် နံနက်မိုးသောက်ချိန်သို့ရောက်သောအခါ ရက်ကန်းသည်ရွာသို့ ဆွမ်းခံဝင်လာကြခြင်းဖြစ်လေသည်။

စင်စစ် ထိုရဟန်းတော်တို့ကား တောရဆောက်တည်ရန်အတွက် သင့်လျော်မည့်နေရာကိုရှာဖွေကြသည့်ရဟန်းဖြစ်ကြလေသည်။

ရွာသူရွာသားတို့သည် ရဟန်းတော်များဆွမ်းခံကြွလာကြသည်ကိုမြင်လိုက်ရသောအခါ -

"အရှင်ဘုရားတို့က ဘယ်အရပ်ကပါမလဲဘုရား။ အဘယ်အရပ်ကိုကြွမြန်းလိုပါသလဲဘုရား"

ဟု မေးလျှောက်ကြသောအခါ ရဟန်းတော်တို့အထဲမှ တစ်ပါးသော ရဟန်းတော်က -

"ဒါယကာတို့ ငါတို့ကား တရားဓလေ့ဖြင့်မွေ့လျော်ရန်လာခဲ့ကြခြင်းဖြစ်ပေ၏။ အကြင်အရပ်၌ ငါတို့အားသပ္ပာယမျှတသည်ဖြစ်အံ့၊ ထိုအရပ်သို့ ငါတို့သွားကုန်အံ့"

ဟု ဆိုလေလျှင် ရွာသားအကြီးအမှူးက -

"အရှင်ဘုရားတို့၊ ဤသို့ဖြစ်လျှင် တပည့်တော်တို့ တောင်းပန်ပါကုန်၏။ တပည့်တော်တို့၏ရွာ၌ သီတင်းသုံးတော်မူကြပါ။ သပ္ပာယမျှတအောင် အရှင်ဘုရားတို့အား လုပ်ကျွေးပါအံ့"

ဟု လျှောက်ထားလေ၏။

ရဟန်းတို့လည်း ဝါလနီးကပ်လာပြီဖြစ်၍ ဒါယကာတို့၏ပင့်လျှောက်ချက်ကို ကောင်းစွာ လက်ခံတော်မူကြကုန်လေ၏။

ထိုအခါ ရွာသားအပေါင်းတို့သည် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ကြလေ၏။ ရွာနှင့်မနီးမဝေးသော တောအုပ်တစ်ခု၌ သံဃာတော် တစ်ကျိပ်နှစ်ပါးတို့အား ကျောင်းတစ်ဆောင်ကို တည်ဆောက်ပေးလိုက်ကြကုန်၏။

ကျောင်းဆောက်လုပ်၍ပြီးသောအခါ၌ အဆိုပါကျောင်း၌ သံဃာတော်တစ်ကျိပ်နှစ်ပါးအား သီတင်းသုံးစေကာ ကိုးကွယ်ဆည်းကပ်ကြကုန်လေ၏။ ရဟန်းသံဃ[illegible]တော်တို့သည် ဆွမ်းသက်န်း[illegible]ဆးများစွာအဆင်ပြေကြကုန်[illegible]သူရွာသားတို့လည်း ဤသို့[illegible]ကျောင်းဆောက်ပေးခြင်း[illegible]သိဝမ်းမြောက်ဝမ်းသာ[illegible]န်၏။

တိုက်ဆိုင်သည်ဟုပင်ဆိုရမလားမသိပေ။ ထိုရွာတွင် အဖွဲ့အစည်းတစ်ခုရှိလေ၏။ အသင်းသားဦးရေမှာမများလှပေ။တစ်ကျိပ်တစ်ယောက်သာရှိလေ၏။ ယင်းတို့အနက်မှ အကြီးအကဲတစ်ဦးကို နာယကလူကြီးအဖြစ် တင်မြှောက်ထားလေ၏။

သံဃာတော်ကား တစ်ကျိပ်နှစ်ပါးရှိသကဲ့သို့ ရွာအသင်းဖွဲ့စည်းပုံကလည်း အသင်းသားဦးရေ တစ်ကျိပ်တစ်ပါးသာရှိလေ၏။ အသင်းသားဦးရေထက်စာလျှင် သံဃာတော်က တစ်ပါးပိုနေလေ၏။

ခေါင်းဆောင်မှုကောင်းမွန်သော နာယကကြီး၏ ဦးဆောင်မှုကြောင့် တောအုပ်အတွင်း၌ တောရကျောင်းတစ်ကျောင်းကားဖြစ်မြောက်ခဲ့ချေပြီတကား။ အသင်သားတစ်ဦးလျှင် နေ့စဉ် သံဃာတော်တစ်ပါးကျစီလုပ်ကျွေး၍ အကြီးအမှူးနာယကကြီးက သံဃာတော်နှစ်ပါးအတွက် တာဝန်ယူ၍နေ့စဉ်လုပ်ကျွေးကြလေ၏။

သို့သော် နာယကကြီးမှာ ကုသိုလ်ရေးအတွက် အကြောင်းမဟုတ်လှသော်လည်း သူ၏ဇနီးမယားကြောင့်ပင် အကြောင်းဟုတ်၍ နေပေတော့၏။

ယင်းမှာ အခြားတော့မဟုတ်ချေ။ နာယကကြီး၏ဇနီးမယားသည် ဘာသာရေးနှင့် စိတ်မဝင်စား၍ဖြစ်၏။ ရိုသေကိုင်းရှိုင်းမှုမရှိသောကြောင့် ဖြစ်လေ၏။ သူမသည် သာသနာတော်ကိုမကြည်ညိုသကဲ့သို့ ရဟန်းသံဃာတော်တို့အပေါ်၌လည်း လှူဒါန်းမှုကိုမလိုလားပေ။ရိုသေရကောင်းမှန်းမသိပေ။

ဆိုရလျှင် နာယကကြီးနှင့် သူ၏ဇနီးတို့၏အနေအထားတို့မှာ မြဒါးတစ်လမ်းသံတစ်လမ်းကဲ့သို့ဖြစ်၍နေတော့၏။

နာယကကြီးသည် ကုသိုလ်ရေးအတွက် ကောင်းကောင်းမွန်မွန် တက်တက်ကြွကြွလုပ်ကိုင်ရာ၌ အိမ်ကမယားကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရလေ၏။ အမြဲတမ်းလိုလိုပင် မယား၏စိတ်အနှောင့်အယှက်ပေးမှုကြောင့် ဖြောင့်ဖြောင့်တန်းတန်း စိတ်ချမ်းသာကိုယ်ချမ်းသာစွာကုသိုလ်ပြုရသည်ဟူ၍မရှိပေ။

"ရှင်မရေ၊ သံဃာတော်အတွက် ကောင်းနိုးနိုးရာရာ ဟင်းကောင်းဝါးကောင်းလေးချက်ပြီးတော့လှူဒါန်းကြရအောင်ကွာ"

ဟု ဆိုလျှင် နာယကလူကြီး၏ မယားလုပ်သူက-

"ဘာဟင်းကောင်းဝါးကောင်းလဲ မလုပ်ပေးနိုင်ပါဘူး၊ မချက်ပေးနိုင်ပါဘူး။ ဘာအလုပ်အကိုင်မှမလုပ်ဘဲသပိတ်တစ်လုံးနဲ့ လိုက်တောင်းစားနေတာ ပေးစရာလား၊ ကျွေးစရာလား"

ဟူ၍ ရင့်ရင့်သီးသီး ပြန်၍ပြောတတ်လေ၏။

"ရှင်မရေ၊ အဲဒီလိုမပြောကောင်းဘူးလေ။ ရဟန်းသံဃာတွေဆိုတာ လှူသင့်တယ်။သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ပုဂ္ဂိုလ်တွေဖြစ်လို့ မင်းပြောတာဆင်ခြင်ပါကွယ်"

ဟုပြောသော်လည်း အချည်းနှီးသောစကားသာဖြစ်လေ၏။ ခံယူလက်ခံခြင်းအလျှင်းမရှိပေ။

ထို့ကြောင့် မယား၏ညီမ မသော်တာကိုသာ အကူအညီတောင်းရလေ၏။မသော်တာမှာ စိတ်ရင်းနှလုံးကောင်းသူဖြစ်၏။ ဘာသာရေးကိုင်းရှိုင်း၏။ ရဟန်းသံဃာတော်တို့အားလည်း ရိုသေ၏။ ဥပုသ်သီလလည်း အစဉ်သဖြင့်စောင့်ထိန်းသူဖြစ်လေ၏။ ခယ်မဆိုသော်လည်း သူ့အစ်မ မကျည်းတန်နှင့်တော့ တခြားစီဖြစ်လေ၏။

နာယကကြီး၏ ခယ်မသည် သံဃာတော်နှစ်ပါးအား နေ့စဉ်ကိုယ်တိုင်ချက်ပြုတ်၍ဆွမ်းကပ်သည့်အပြင် ဝါဆိုသံဃာတော်ဖစ်ကျိပ်နှစ်ပါးတို့ဝတ်ရုံရန်အတွက် သင်္ကန်းကိုလည်း ကိုယ်တိုင်ရက်လုပ်လှူဒါန်းလေရာ နာယကကြီးအနေနှင့် အဘယ်မှာလျှင် ပီတိဖုံး၍တပြုံးပြုံးမဖြစ်ဘဲနေနိုင်လိုက်မည်နည်း။

ဤသို့ လင်ဖြစ်သူမှာ တပြုံးပြုံးဖြစ်နေလေ မယားဖြစ်သူမှာ အော့နှလုံးနာလေလေဖြစ်လေ၏။ ထို့ကြောင့် လင်ဖြစ်သူအား ခါးခါးသီးသီး ကျိန်ဆဲခြင်းပြုလေတော့၏။

"သင်သည် ရဟန်းတို့အား အကြင်ဆွမ်းကိုကျွေး၏။ အကြင်သင်္ကန်းကိုပေး၏။ သင်ပေးသမျှဆွမ်းသည် တမလွန်ဘဝသို့ရောက်သောအခါ သင့်အတွက် မစင်တွေ၊ ကျင်ကြီးကျင်ငယ်တွေသာဖြစ်ပါစေသော်။ သင်ပေးသမျှသင်္ကန်းသည်လည်း သင့်အတွက် အလျှံတပြောင်ပြောင် တောက်လောင်သောအဝတ်ပုဆိုးတွေဖြစ်ပါစေတော်"

ဟူ၍ ကျိန်ဆဲလေ၏။

ထိုသို့ကျိန်ဆဲသော်လည်း လင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ထိုညအဖို့ ထိုတောအုပ်၌အိပ်ကြပြီးလျှင် နံနက်မိုးသောက်ချိန်သို့ရောက်သောအခါ ရက်ကန်းသည်ရွာသို့ ဆွမ်းခံဝင်လာကြခြင်းဖြစ်လေသည်။

စင်စစ် ထိုရဟန်းတော်တို့ကား တောရဆောက်တည်ရန်အတွက် သင့်လျော်မည့်နေရာကိုရှာဖွေကြသည့်ရဟန်းဖြစ်ကြလေသည်။

ရွာသူရွာသားတို့သည် ရဟန်းတော်များဆွမ်းခံကြွလာကြသည်ကိုမြင်လိုက်ရသောအခါ -

"အရှင်ဘုရားတို့က ဘယ်အရပ်ကပါမလဲဘုရား။ အဘယ်အရပ်ကိုကြွမြန်းလိုပါသလဲဘုရား"

ဟု မေးလျှောက်ကြသောအခါ ရဟန်းတော်တို့အထဲမှာ တစ်ပါးသောရဟန်းတော်က -

"ဒါယကာတို့ ငါတို့ကား တရားလေ့ဖြင့်မွေ့လျော်ရန်လာခဲ့ကြခြင်းဖြစ်ပေ၏။ အကြင်အရပ်၌ ငါတို့အားသပ္ပာယမျှတသည်ဖြစ်အံ့၊ ထိုအရပ်သို့ ငါတို့သွားကုန်အံ့"

ဟု ဆိုလေလျှင် ရွာသားအကြီးအမှူးက -

"အရှင်ဘုရားတို့၊ ဤသို့ဖြစ်လျှင် တပည့်တော်တို့ တောင်းပန်ပါကုန်၏။ တပည့်တော်တို့၏ရွာ၌ သီတင်းသုံးတော်မူကြပါ။ သပ္ပာယမျှတအောင် အရှင်ဘုရားတို့အား လုပ်ကျွေးပါအံ့နဲ့အံ့"

ဟု လျှောက်ထားလေ၏။

ရဟန်းတို့လည်း ဝါလနီးကပ်လာပြီဖြစ်၍ ဒါယကာတို့၏ပင့်လျှောက်ချက်ကို ကောင်းစွာ လက်ခံတော်မူကြကုန်လေ၏။

ထိုအခါ ရွာသားအပေါင်းတို့သည် များစွာဝမ်းမြောက်ဝမ်းသာဖြစ်ကြလေ၏။ ရွာနှင့်မနီးမဝေးသော တောအုပ်တစ်ခု၌ သံဃာတော် တစ်ကျိပ်နှစ်ပါးတို့အား ကျောင်းတစ်ဆောင်ကို တည်ဆောက်ပေးလိုက်ကြကုန်၏။

ကျောင်းဆောက်လုပ်၍ပြီးသောအခါ၌ အဆိုပါကျောင်း၌ သံဃာတော်တစ်ကျိပ်နှစ်ပါးအား သီတင်းသုံးစေကာ ကိုးကွယ်ဆည်းကပ်ကြကုန်လေ၏။ ရဟန်းသံဃာတော်တို့သည် ဆွမ်းသက်နှ်းကျောင်းဆေးများစွာအဆင်ပြေကြကုန်လေ၏။ ရွာသူရွာသားတို့လည်း ဤသို့ကုသိုလ်ဒါန ကျောင်းဆောက်ပေးခြင်းအပေါ် အတိုင်းမသိဝမ်းမြောက်ဝမ်းသာပီတိဖြစ်ကြရလေကုန်၏။

တိုက်ဆိုင်သည်ဟုပင်ဆိုရမလားမသိပေ။ ထိုရွာတွင် အဖွဲ့အစည်းတစ်ခုရှိလေ၏။ အသင်းသားဦးရေမှာမများလှပေ။တစ်ကျိပ်တစ်ယောက်သာရှိလေ၏။ ယင်းတို့အနက်မှာ အကြီးအကဲတစ်ဦးကို နာယကလူကြီးအဖြစ် တင်မြှောက်ထားလေ၏။

သံဃာတော်ကား တစ်ကျိပ်နှစ်ပါးရှိသကဲ့သို့ ရွာအသင်းဖွဲ့စည်းပုံကလည်း အသင်းသားဦးရေ တစ်ကျိပ်တစ်ပါးသာရှိလေ၏။ အသင်းသားဦးရေထက်စာလျှင် သံဃာတော်က တစ်ပါးပိုနေလေ၏။

ခေါင်းဆောင်မှုကောင်းမွန်သောနာယကကြီး၏ ဦးဆောင်မှုကြောင့် တောအုပ်အတွင်း၌ တောရကျောင်းတစ်ကျောင်းကားဖြစ်မြောက်ခဲ့ချေပြီတကား။ အသင်းသားတစ်ဦးလျှင် နေ့စဉ် သံဃာတော်တစ်ပါးကျစီလုပ်ကျွေး၍ အကြီးအမှူးနာယကကြီးက သံဃာတော်နှစ်ပါးအတွက် တာဝန်ယူ၍နေ့စဉ်လုပ်ကျွေးကြလေ၏။

သို့သော် နာယကကြီးမှာ ကုသိုလ်ရေးအတွက် အကြောင်းမဟုတ်လှသော်လည်း သူ၏ဇနီးမယားကြောင့်ပင် အကြောင်းဟုတ်၍ နေပေတော့၏။

ယင်းမှာ အခြားတော့မဟုတ်ချေ။ နာယကကြီး၏ဇနီးမယားသည် ဘာသာရေးနှင့် စိတ်မဝင်စား၍ဖြစ်၏။ ရိုသေကိုင်းရှိုင်းမှုမရှိသောကြောင့် ဖြစ်လေ၏။ သူမသည် သာသနာတော်ကိုမကြည်ညိုသကဲ့သို့ ရဟန်းသံဃာတော်တို့အပေါ်၌လည်း လှူဒါန်းမှုကိုမလိုလားပေ။ရိုသေရကောင်းမှန်းမသိပေ။

ဆိုရလျှင် နာယကကြီးနှင့် သူ၏ဇနီးတို့၏အနေအထားတို့မှာ မြဒါးတစ်လမ်းသံတစ်လမ်းကဲ့သို့ဖြစ်၍နေတော့၏။

နာယကကြီးသည် ကုသိုလ်ရေးအတွက် ကောင်းကောင်းမွန်မွန် တက်တက်ကြွကြွလုပ်ကိုင်ရာ၌ အိမ်ကမယားကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရလေ၏။ အမြဲတမ်းလိုလိုပင် မယား၏စိတ်အနှောင့်အယှက်ပေးမှုကြောင့် ဖြောင့်ဖြောင့်တန်းတန်း စိတ်ချမ်းသာကိုယ်ချမ်းသာစွာကုသိုလ်ပြုရသည်ဟူ၍မရှိပေ။

"ရှင်မရေ၊ သံဃာတော်အတွက် ကောင်းနိုးနိုးရာရာ ဟင်းကောင်းဝါးကောင်းလေးချက်ပြီးတော့လှူဒါန်းကြရအောင်ကွာ"

ဟု ဆိုလျှင် နာယကလူကြီး၏မယားလုပ်သူက-

"ဘာဟင်းကောင်းဝါးကောင်းလဲ၊ မလုပ်ပေးနိုင်ပါဘူး၊ မချက်ပေးနိုင်ပါဘူး။ ဘာအလုပ်အကိုင်မှမလုပ်ဘဲသပိတ်တစ်လုံးနဲ့ လိုက်တောင်းစားနေတာ ပေးစရာလား၊ ကျွေးစရာလား"

ဟူ၍ ရင့်ရင့်သီးသီး ပြန်၍ပြောတတ်လေ၏။

"ရှင်မရေ၊ အဲဒီလိုမပြောကောင်းဘူးလေ။ ရဟန်းသံဃာတွေဆိုတာ လှူသင့်တယ်။သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ပုဂ္ဂိုလ်တွေဖြစ်လို့ မင်းပြောတာဆင်ခြင်ပါကွယ်"

ဟုပြောသော်လည်း အချည်းနှီးသောစကားသာဖြစ်လေ၏။ ခံယူလက်ခံခြင်းအလျှင်းမရှိပေ။

ထို့ကြောင့် မယား၏ညီမ မသော်တာကိုသာ အကူအညီတောင်းရလေ၏။မသော်တာမှာ စိတ်ရင်းနှလုံးကောင်းသူဖြစ်၏။ ဘာသာရေးကိုင်းရှိုင်း၏။ ရဟန်းသံဃာတော်တို့အားလည်း ရိုသေ၏။ ဥပုသ်သီလလည်း အစဉ်သဖြင့်စောင့်ထိန်းသူဖြစ်လေ၏။ ခယ်မဆိုသော်လည်း သူ့အစ်မ မကျည်းတန်နှင့်တော့ တခြားစီဖြစ်လေ၏။

နာယကကြီး၏ ခယ်မသည် သံဃာတော်နှစ်ပါးအား နေ့စဉ်ကိုယ်တိုင်ချက်ပြုတ်၍ဆွမ်းကပ်သည့်အပြင် ဝါဆိုသံဃာတော်တစ်ကျိပ်နှစ်ပါးတို့ဝတ်ရုံရန်အတွက် သင်္ကန်းကိုလည်း ကိုယ်တိုင်ရက်လုပ်လှူဒါန်းလေရာ နာယကကြီးအနေနှင့် အဘယ်မှာလျှင် ပီတိဖုံး၍တပြုံးပြုံးမဖြစ်ဘဲနေနိုင်လိုက်မည်နည်း။

ဤသို့ လင်ဖြစ်သူမှာ တပြုံးပြုံးဖြစ်နေလေ မယားဖြစ်သူမှာ အော့နှလုံးနာလေလေဖြစ်လေ၏။ ထို့ကြောင့် လင်ဖြစ်သူအား ခါးခါးသီးသီး ကျိန်ဆဲခြင်းပြုလေတော့၏။

"သင်သည် ရဟန်းတို့အား အကြင်ဆွမ်းကိုကျွေး၏။ အကြင်သင်္ကန်းကိုပေး၏။ သင်ပေးသမျှဆွမ်းသည် တမလွန်ဘဝသို့ရောက်သောအခါ သင့်အတွက် မစင်တွေ၊ ကျင်ကြီးကျင်ငယ်တွေသာဖြစ်ပါစေသော်။ သင်ပေးသမျှသင်္ကန်းသည်လည်း သင့်အတွက် အလျှံတပြောင်ပြောင် တောက်လောင်သောအဝတ်ပုဆိုးတွေဖြစ်ပါစေတော်"

ဟူ၍ ကျိန်ဆဲလေ၏။

ထိုသို့ကျိန်ဆဲသော်လည်း လင်ဖြစ်

www.burmeseclassic.com

သူ ရက်ကန်းသည် နာယကကြီးမှာ တရားပြည့်ဝသူဖြစ်သောကြောင့် သည်းခံလေ၏။

ဤကဲ့သို့ မယားလုပ်သူက လင်သားအပေါ် ကျေးဇူးမဲ့ခြင်း၊ ရိုင်းပျစွာပြောဆိုဆက်ဆံခြင်း၊ ခါးသီးစွာကျိန်ဆဲခြင်းဟူသောအပြစ်က သူမအား သည်းမခံချေ။ ထိုအပြစ်များက သူမအား ခွင့်မလွှတ်ချေ။

ဤသို့ဖြင့် ထိုလင်မယားနှစ်ယောက်တို့သည် ကံကြွင်းရှိနေသရွေ့ ထိုဘဝမှစုတေကြသောအခါ လင်ဖြစ်သူမှာ ဝိဥ္စာဍဝီအမည်ရှိသောတောအုပ်၌ တန်ခိုးအာနုဘော်ကြီးမားသော ရုက္ခစိုးနတ်ဖြစ်လေ၏။

မယားဖြစ်သူကား မီမိပြုခဲ့သော ဒုစရိုက်မှုများကြောင့် ထိုတောအုပ်၏ အနီးအပါးတွင် ပြိတ္တာမကြီးဖြစ်ရလေတော့သည်။

ထိုပြိတ္တာမကြီး၏အဖြစ်ကား ဆိုးရွားလှချေတကား။ စားရမဲ့သောက်ရမဲ့ အဝတ်အစားမဲ့ဖြင့် ဆင်းရဲဒုက္ခကြီးစွာဖြင့်နေနေရလေ၏။ ကိုယ်၌ အဝတ်မပါ၍ လွန်စွာဆိုးရွားအကျည်းတန်လှပေ၏။ အစားတစ်လုတ်စားရဖို့ ထမင်းမရှိ ဟင်းမရှိ ထမင်းမတွေ့ဟင်းမတွေ့ ရေငတ်၍ ရေရှာသော်လည်း ရေတစ်ပေါက်မျှပင်မတွေ့ရ မသောက်ရ။ ကြီးစွာသော ဒုက္ခအပေါင်းတို့နှင့်ရင်ဆိုင်၍သာ နေရလေ၏။ ဆာလောင်မွတ်သိပ်ခြင်းတို့ကနှိပ်စက်၍ ဟိုနားစားရနိုးဒီနားစားရနိုးနှင့် မျှော်လင့်ခြင်းကြီးစွာဖြင့် ကြိုးစားရှာသော်လည်း ဘယ်မှာမှုရှာမတွေ့ပေ။

ပြိတ္တာမသည် အစားအတွက်ဟိုမှသည်မှလိုက်ရှာရင်း ရက်ကန်းသည် ရုက္ခစိုးရှိရာတောအုပ်သို့ရောက်ရှိ၍လာခဲ့လေ၏။ ထိုအခါ ရက်ကန်းသည်ရုက္ခစိုးကြီးသည် ဒယီးဒယိုင်ဖြင့်ရောက်လာသောပြိတ္တာမကို မြင်ဖူးသိဖူးသလိုရှိ၍ သေသေချာချာကြည့်လိုက်သောအခါ 'အလို လူ့ဘဝတုန်းက ငါ့မိန်းမပါလား' ဟူ၍ ရုပ်ဖမ်းမိသွားလေတော့၏။

မယားဖြစ်သူမှာ ရုပ်ပျက်ဆင်းပျက်ကြောက်စရာကောင်းသည့်ပြိတ္တာမကြီးဖြစ်နေ၍ လင်ယောကျ်ားဖြစ်သူက ကောင်းစွာမှတ်မိသွားသဖြင့် များစွာစိတ်မကောင်းဖြစ်မိရလေ၏။ ထို့အတူ မယားလုပ်သူကလည်း မှတ်မိသွားလေ၏။ သူမကပင်၍ -

"အရှင်နတ်မင်း အကျွန်ုပ်ကို မှတ်မိပါရဲ့လား။ အရှင်နတ်မင်းသည် လွန်ခဲ့သောဘဝက ရက်ကန်းသည်ရွာတွင်ဖြစ်၍ အကျွန်ုပ်သည် အရှင်၏မယားဖြစ်ခဲ့ပါ၏။ အကျွန်ုပ်အားကြည့်ရှုပါလော့၊ စောင့်မပါလော့။ အကျွန်ုပ်မှာ အဝတ်အစား၊ ထဘီ၊ အင်္ကျီလည်းမရှိ၊ အစားအစာလည်း အငတ်ငတ်အပြတ်ပြတ် လွန်စွာဆင်းရဲစွာခံစားနေရပါ၏။ ကျွန်ုပ်ကိုသနားသောအားဖြင့် အဝတ်ပေးပါလော့။ အစားအစာထမင်းပေးပါလော့"

ဟုပြောကာ တောင်းဆိုလေ၏။

ထိုအခါ ရုက္ခစိုးမင်းသည် -

"ဩော် - တစ်ချိန်ကငါ့မိန်းမပဲ။ ဘယ်လိုဖြစ်လို့များ အခုလိုဖြစ်နေရတာပါလိမ့်။ အသံကြားလို့သာ ငါ့မိန်းမမှန်းသိတာ။ ကြည့်စမ်းပါဦး၊ ရုပ်တောင်မပေါ်တော့ပါလား။ ဝါးခြမ်းပြားကို နံရိုးနီးပတ်ပေးထားသလို အရိုးပြိုင်းပြိုင်းနဲ့ အသားအရေတောင်မရှိတော့ပါလား။ ဖြစ်မှဖြစ်ရလေ မကျည်းတန်ရယ်"

ဟု နှုတ်ကရေရွတ်၍ များစွာ ကရုဏာသက်ကာ သနား၍သွားလေ၏။

"ရုက္ခစိုးနတ်ကြီးအပေါ် လူ့ဘဝတုန်းက ကျွန်မပြုမှုခဲ့တာတွေမှားပါတယ် နတ်မင်းကြီးရယ်၊ ကျွန်မမှားခဲ့ပါတယ်ရှင်"

ဟု ပြောဆိုမြည်တမ်းငိုကြွေးလေ၏။

မိမိအပေါ်မကောင်းခဲ့မှန်းသိသော်လည်း တစ်ချိန်က မယားဖြစ်သောအသိစိတ်ဖြင့် သည်းခံခွင့်လွှတ်လေသည်။ အပြစ်များကို အချစ်ဖြင့်ဖုံးကွယ်လေ၏။ အပြစ်မမြင်လေဘဲ သနားခြင်းကြီးစွာဖြစ်မိရလေသည်။ ရင်ထဲ တစ်ခုခုထိရှသွားသလို နာကျင်စွာခံစားမိလေ၏။

သူမ၏မြင်ကွင်းမှာ မမြင်ရက်အောင် ဆိုးရွားလွန်းလှပေတော့၏။ ထို့ကြောင့် ရုက္ခစိုးနတ်မင်းကြီးသည် ကရုဏာသက်စွာဖြင့် နတ်၌ဖြစ်သော ထမင်းအဖျော်ယမကာများနှင့် အဝတ်အစားများကိုပေးလေ၏။

"အို ချစ်နှမ၊ ပူဆွေးခြင်းကင်းလော့။ ဤထမင်းကိုစား၊ ဤဟင်းကိုစား မြိန်ရှက်စွာသုံးဆောင်ပါလော့။ ဤမှာထဘီ ဤမှာအင်္ကျီ ဝတ်စားဆင်ယင်ပါလော့"

ဟု ပြော၍ ပေးကမ်းကျွေးမွေးလေ၏။

ဤသို့ပေးသည်ရှိသော် ထိုပြိတ္တာမသည် အစားကိုမြင်လျှင် 'ငါစားရတော့မယ်' ဟူ၍ အငမ်းမရဖြစ်လာလေ၏။ ထဘီ၊ အင်္ကျီ အဝတ်အစားများကိုမြင်လျှင် ငါဝတ်ရတော့မယ်ဟူ၍ အတိုင်းမသိ ဝမ်းသာခြင်းဖြစ်ရလေ၏။

သို့သော် သူမ၏အာသာဆန္ဒတို့သည် နေလာနှင်းပျောက်သကဲ့သို့ဖြစ်ရလေတော့၏။ ရုက္ခစိုးနတ်မင်းကျွေးသည့် ထမင်းဟင်းတို့ကို စားမည်ဟု လက်နှင့်ကိုင်လိုက်သည်နှင့် ထိုထမင်းဟင်းလျာတို့မှာ ကျင်ကြီးကျင်ငယ်သွေးတွေဖြစ်ကုန်လေ၏။ နတ်၌ဖြစ်သော အဆင်တန်ဆာများသည်လည်း ထိုပြိတ္တာမလက်နှင့်ထိလိုက်သောအခါ မီးလျှံရဲရဲ သံပြားကဲ့သို့ ပူလောင်ကုန်လေ၏။

ထိုအခါ ရုက္ခစိုးနတ်မင်းမှာ မိမိမျက်စိအောက် ဖောက်ပြန်ပြောင်းလဲကုန်သည်ကိုမြင်ရသောအခါ များစွာအံ့အားသင့်နေလေ၏။ ထိတ်လန့်ခြင်းလည်းဖြစ်ရလေ၏။ ပြိတ္တာမသည် မိမိကိုယ်မိမိဆင်ခြင်၍ ငါ့ဘဝအဖြစ်ဆိုးရလေခြင်းဟု အော်ဟစ်ငိုကြွေးကာ ခြေဦးတည့်ရာထွက်ပြေးလေ၏။ ရုက္ခစိုးနတ်မင်းမှာ စိတ်မကောင်းစွာဖြင့် သူမကိုမျက်စိတစ်ဆုံးကြည့်၍ ကျန်ခဲ့လေတော့၏။

ဝါလလွတ်ကင်း သီတင်းကျွတ်ခဲ့ပြီဖြစ်၏။ သီတင်းကျွတ်သောအခါ၌ ရပ်ဝေးနေရဟန်းတို့သည် ဘုရားသခင်ရှိရာသို့လာ၍ ကန်တော့လေ့ရှိကြ၏။ ကျေးလက်ဇနပုဒ်၌ ဝါကစ်သောရဟန်းတစ်ပါးသည် ဘုရားသခင်ရှိရာ သာဝတ္ထိသို့သွားရန် အဖော်ညှိရင်း ကုန်သည်များနှင့်တွေ့၍ ထိုကုန်သည်တို့၏လှည်းတို့ဖြင့် လိုက်ပါသွားခဲ့လေ၏။

တစ်ခုသောတောအုပ်သို့ရောက်သောအခါ ကုန်သည်တို့သည် တောရိပ်ခိုကာ ခေတ္တနားကြလေ၏။ နွားများကို အစာကျွေးကြလေ၏။ ရဟန်းလည်း အရိပ်ကောင်းသောသစ်ပင်အောက်၌နားခိုရင်း အပန်းဖြေကာ လျောင်းစက်လေ၏။ ဤသို့ လဲလျောင်းရင်း အိပ်ပျော်သွားရာမှ ဖျတ်ခနဲနိုးထလာသောအခါ ကုန်သည်တို့မရှိကြတော့ပေ။ ခရီးထွက်ခွာသွားကြပြီဖြစ်၍ မိမိမှာ ယောင်တောင်တောင်ဖြစ်ကာကျန်ခဲ့လေ၏။ ၎င်းကုန်သည်တို့သည်လည်း လူစုံပြီထင်၍ ခပ်လှမ်းလှမ်း ခပ်ဝေးဝေးရှိ သစ်ပင်အောက်၌ အိပ်ပျော်နေသော သံဃာတော်ကို သတိမပြုမိခဲ့ခြင်းဖြစ်လေ၏။



www.burmeseclassic.com1

www.burmeseclassic.com

ကျန်ရစ်ခဲ့သောသံဃာတော်လည်း စမ်းတဝါးဝါးဖြင့် ကုန်သည်တို့၏လှည်း နောက်သို့အမီလိုက်သော်လည်း မျက်ခြည် ပြတ်၍သွားလေ၏။ ဤသို့ဖြင့် ဝိဇ္ဈာဋဝီ မည်သောတောသို့ ရောက်လာခဲ့လေ၏။

တောမှောက်တောင်မှောက်ဖြစ်နေသောထိုရဟန်းကို ရုက္ခစိုးနတ်မင်းမြင်သော် မိမိ၏ဗိမာန်သို့ပင့်၍ ခေါ်ဆောင်သွားလေ၏။ ဗိမာန်သို့ရောက်သောအခါ ရုက္ခစိုးမင်းသည် ရဟန်းအား ခြေဆုပ်လက်နယ်ပြုလေ၏။ ထိုအချိန်တွင် ပြိတ္တာမ ဇနီးဟောင်းသည် ဗိမာန်ဝသို့ ရောက်လာကာ ထမင်းပေးပါ၊ အဝတ်ပေးပါဟု တောင်းလေ၏။ ရုက္ခစိုးမင်းလည်း ထမင်းဟင်းလျာနှင့် အဝတ်တန်ဆာများကိုပေးလေ၏။ ပြိတ္တာမလှမ်းယူလိုက်သောအခါ ထမင်းမှာ မစင်များဖြစ်၍သွားကာ အဝတ်တန်ဆာတို့မှာလည်း မီးလျှံရဲရဲ သံပြားပူတွေဖြစ်သွားကြလေ၏။

ရဟန်းသည် ထိုထူးဆန်းလှသောအဖြစ်ကိုမြင်လေလျှင် ရုက္ခစိုးနတ်အား-

"ဒါယကာ ရုက္ခစိုးနတ်မင်း၊ ဤမာတုဂါမကား အံ့ဖွယ်ကောင်းလေစွ၊ သနားဖွယ်ကောင်းလေစွ။ မစင်ကျင်ကြီးကိုလည်းစား၏၊ ကျင်ငယ်ကို ရေလိုလည်းသောက်၏။ သွေးပြည်များကိုလည်း သုံးဆောင်၏။ ဤအကျိုးကား အဘယ်မည်သော မကောင်းမှု၏အကျိုးဖြစ်လေသနည်း"

ဟူ၍မေးလေရာ ရုက္ခစိုးနတ်မင်းက ရင်နင့်နင့်ဖြင့် -

"အရှင်ဘုရား၊ ဤမိန်းမသည် လွန်ခဲ့သောဘဝက တပည့်တော်၏ဇနီးဖြစ်ပါ၏။ သူသည် ကုသိုလ်ဒါနကိုမပြု၊ အမြဲဝန်တို၏။ ကောက်ကျစ်စဉ်းလဲ၏။ ရဟန်းပုဏ္ဏားတို့အား လှူဒါန်းသောတပည့်တော်ကို သူသည် မကြားဝံ့မနာသာဆဲလည်းဆဲပါ၏။ ကျိန်လည်းကျိန်ပါ၏။ ရှိသမျှပစ္စည်းကုန်စင်အောင်လှူဒါန်းပစ်သောသင်သည် နောင်ဘဝကျသော် သူတစ်ပါးယိုသောမစင်ကိုစားရပါစေသား။ သူတစ်ပါးပေါက်သည့်ကျင်ငယ်ရေကို သောက်ရပါစေသား။ အနာမှထွက်သော သွေးပုပ်ပြည်ပုပ်ကိုစားရပါစေသား ဟု တတွတ်တွတ်ရေရွတ်ကျိန်ဆဲပါ၏ အရှင်ဘုရား။

ဤမိန်းမသည် ဤသို့အကျင့်ဆိုးကိုပြုမှားခဲ့သည့်အတွက် ဤပြိတ္တာဘဝသို့ရောက်နေပြီး ကြာမြင့်စွာသောကာလပတ်လုံး မစင်များကိုသာစားနေရပါသည်ဘုရား"

ဟူ၍ လျှောက်ကြားလေ၏။

ရုက္ခစိုးနတ်မင်းလည်း သူမ၏ဝဋ်ဒုက္ခကို မကြည့်ရက်သဖြင့် မည်သို့ကျွတ်လွတ်အောင်ပြုရပါသနည်းဘုရားဟု ရဟန်းကိုလျှောက်လေ၏။

ထိုအခါ ရဟန်းက -

"အလှူဒါနပြုလေလော့၊ ကောင်းမှု၏အဖို့ဘောဂကို ပြိတ္တာမအား အမျှဝေလော့။ ပေးဝေမျှသောအမျှကိုရ၍ သာဓုခေါ်နိုင်ခဲ့သော် ထိုပြိတ္တာမသည် ပြိတ္တာမဘဝမှ လွတ်မြောက်နိုင်ပေ၏"

ဟူ၍ မိန့်ကြားလေ၏။

ရုက္ခစိုးမင်းလည်း ရဟန်းအမိန့်ရှိသည့်အတိုင်း ထိုရဟန်းကိုပင် ဆွမ်းဒါနပြု၍ ရှင်မကိုအမျှဝေမည်ဟု ပြိတ္တာမကြားအောင်ပြောလိုက်လေ၏။ ပြိတ္တာမကြားသော် ခင်ပွန်းလင်ကို ကျိန်ဆဲမိခဲ့သော မိမိ၏အမှားကိုနောင်တရမိလေ၏။ မျက်ရည်မဆည်နိုင်အောင်လည်း ဖြစ်ရလေ၏။ မိမိအပေါ် အမုန်းမပွားဘဲ မေတ္တာ ကရုဏာ စေတနာဖြင့် ဤသို့ဆောင်ရွက်ပေးခဲ့ခြင်းကို သဘောပေါက်နားလည်ကာ ကောင်းစွာသောအမြင်မှန်ကို ရရှိလေ၏။ ငါမှားလေစွတကား။ ကျေးဇူးရှင်ကိုပြစ်မှားမိခဲ့ချေသည်တကားဟု ကြီးစွာသောနောင်တကိုလည်း ရရှိလိုက်လေတော့၏။

ရုက္ခစိုးနတ်မင်းသည် မယားဟောင်းပြိတ္တာမကိုရည်စူး၍ သံဃာတော်အား ဆွမ်းလုပ်လှူဒါန်းခြင်း၊ သင်္ကန်းလှူဒါန်းခြင်းအမှုကိုပြု၍ မယားဟောင်းပြိတ္တာမကြားအောင် -

"ရှင်မရေ၊ ရှင်မကိုရည်စူးပြီး သံဃာတော်တစ်ပါးကို ဆွမ်းဒါနပြုပေ၏။ သင်္ကန်းလည်းကပ်လှူပါ၏။ ဤကောင်းမှုအဖို့ဘာဂကိုအမျှရရန် သာဓုခေါ်ပါလော့"

ဟု ဆို၍ အမျှသုံးကြိမ်ခေါ်ပေးလိုက်သောအခါတွင် ပြိတ္တာမသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့်သာဓုသုံးကြိမ်ခေါ်လေ၏။ ပြိတ္တာမလည်း ပြိတ္တာမဘဝမှကျွတ်လွတ်၍ နတ်၌ဖြစ်သောအစားအစာကိုစားရလေ၏။ အဝတ်တန်ဆာကိုလည်း ဆင်မြန်းရလေ၏။

ထိုရဟန်းသည် ရုက္ခစိုးနတ်က မြတ်စွာဘုရားအားလှူလိုက်သော ပုဆိုးအစုံကိုယူ၍ သာဝတ္ထိသို့သွားလေရာ ရုက္ခစိုးနတ်၏ တန်ခိုးကြောင့် ထိုနေ့မှာပင် ဇေတဝန်ကျောင်းတော် မြတ်စွာဘုရားထံသို့ ရောက်ရှိ၍သွားလေ၏။

ရုက္ခစိုးနတ်လှူလိုက်သော ပုဆိုးအစုံကို ဘုရားရှင်အားကပ်လှူပြီး တောအုပ်တွင်း၌ ရုက္ခစိုးနှင့်တွေ့ခဲ့သည့်အဖြစ်စုံကို လျှောက်ထားလေ၏။

ဘုရားသခင်သည် လင်ကိုကျိန်ဆဲ၍ မစင်စားပြိတ္တာမဖြစ်ရသော ထိုအကြောင်းကို အတ္ထုပ္ပတ်ပြုကာ တရားနာရောက်လာကြသူများအား ဟောကြားတော်မူလေရာ ထိုဒေသနာတော်သည် ကြားနာရသူတို့အား များစွာအကျိုးဖြစ်ထွန်းစေပါသည်။

မှတ်ချက်။ ။ ဤဝတ္ထုမှာ ပေတဝတ္ထု အဋ္ဌကထာ ဥရဂဝဂ်မှ မဟာပေသကာရပေတီဖြစ်၏။ လင်ယောကျ်ားကို ကျိန်ဆဲပြောဆိုမှုကြောင့် မစင်စားပြိတ္တာမဘဝသို့လားရခြင်းသည် ဤဝတ္ထု၏ရည်ရွယ်ချက် ဦးတည်ချက်ဖြစ်သည်။ ဗုဒ္ဓ၏ကိုယ်တွေ့ဝတ္ထုညွှန့်ပေါင်း၌ 'နန္ဒာ' ပြိတ္တာမဝတ္ထု၏မှတ်ချက်တွင်-

(၁) ရဟန်းသံဃာမီး
(ဒက္ခိဏေယျဂ္ဂိ)
(၂) မိဘမီး (အာဟုနေယျဂ္ဂိ)
(၃) လင်ယောကျ်ားမီး
(ဂဟပတဂ္ဂိ)

ဟူ၍ တိကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌ ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူခဲ့သော မီးသုံးပါးအကြောင်းကို ဖော်ပြထားပြီး ဖြစ်သည်။ ဤဝတ္ထု၌ ဇာတ်ဆောင်ဖြစ်သော ပေသကာရရွာသူမှာ အထက်ပါ မီးသုံးပါးအနက် လင်ယောကျ်ားကို ကျိန်ဆဲစော်ကားမိသော 'လင်ယောကျ်ားမီး ဂဟပတဂ္ဂိ' လောင်ကျွမ်းခံရသောကြောင့် ပြိတ္တာဘဝသို့လားရခြင်း ဖြစ်၏။ ကျင်ကြီးကျင်ငယ်များကို သောက်ရခြင်းဖြစ်၏။ မိမိ၏လင်ယောကျ်ားအား နှိုင့်ထက်စီးနင်းကျိန်ဆဲပြောဆိုဆက်ဆံလေ့ရှိသောအမျိုးသမီးများနှင့် ယင်းသို့ နိုင်ထက်ကလူဆက်ဆံခြင်းကိုပင် အခြားအမျိုးသမီးများအပေါ် ဂုဏ်ယူဝင့်ကြွားကာပြောတတ်လေ့ရှိတတ်ကြသော အမျိုးသမီးများအဖို့ ကြောက်ရွံ့ဖွယ်ရာ၊ စက်ဆုပ်ရွံရှာဖွယ်ရာဟူ၍သတိမူလျက် သင်ခန်းစာယူသင့်ပါကြောင်း စေတနာဖြင့်ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

အောင်မြင့်မြတ် (ပြည်ရွှေဘို)



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနဂါး




မြန်မာနဂါး



ထိုင်းနဂါးများ

# ရွှေစိုး
# နတ်နဂါးကြီးများ



ယိုးဒယားမှ နဂါးရုပ်တု

ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗတို့ အကြောင်းကို ဤသူရဋ္ဌမဂ္ဂဇင်း၌ အစဖော်ကာ သုတမယဉာဏ်အကြောင်း အရင်းခံ၍ နိဒါန်းသဘောမျှရေးသားပြီး ဖြစ်၏။ နဂါးတို့အကြောင်း လိုနေသေး၏ဟု ရွှေစိုး ခံစားမိ၏။ အမှန်မှာ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗဟူ၍ ခေါ်စဉ်ရှိသဖြင့် နဂါးတို့အကြောင်း အလျင်ဦးဆုံး ရေးသင့်၏။ သို့သော် နဂါးက သာသနာတော်နှင့်လည်း ဆက်စပ်လျက်ရှိ၏။ ထို့ကြောင့် နဂါးကို လူတို့စိတ်ဝင်စားမှုများကြ၏။ စိတ်အလိုမှာလည်း ရင်းနှီးမှုရှိနေကြ၏။ ကြောက်စရာတိရစ္ဆာန်ပမာ အာရုံထားကြသလို ပဋ္ဌာန်းဆက်ပမာ သံယောဇဉ်ဖြစ်နေကြသူများလည်း ရှိ၏။

ရွှေစိုးတို့၏ ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဗုဒ္ဓဝင်၊ သာသနာတော်ဝင်များ၌လည်း နဂါးတို့ဆက်စပ်နေသော အခန်းကဏ္ဍများရှိ၏။ယနေ့မျက်မှောက်ကာလ ကြည်ညိုကိုးကွယ်ပူဇော်နေကြရသော ဓာတ်တော်မွေတော် ပရိဘောဂတော်များနှင့် စေတီတော်၊ ပုထိုးတော်၊ ရုပ်ပွားတော်၊ ဆင်းတုတော်တို့နှင့်လည်း နဂါးတို့အဆက်အစပ်ရှိနေမှုအချို့ကို လေ့လာတွေ့ရှိရပေသည်။

ရွှေစိုးကိုယ်တိုင် ငယ်စဉ်ကစ၍ ယနေ့တိုင် နဂါးများနှင့်မကင်းနိုင်အောင် ကြားရ၊ မြင်ရ၊ ကြုံတွေ့ရပေသည်။ ရွှေစိုးငယ်စဉ်က အမေပြောပြသော နဂါးနိုင်မင်းမောင်ပေါက်ကျိုင်း၊ နဂါးမ၏သား ပျူစောထီး၊ မိုးတွင်းကာလတွင် လေမိုးထန်စေသည့် နဂါနှင့် ဂဠုန်လိုက်တမ်းပြေးတမ်း၊ နည်းနည်းကြီးပြင်းလာတော့ အိမ်တွင်းမင်းမဟာဂီရိနတ်နှင့် နဂါးမယ်တော် ရွှေနဘေ၊ ကျိုက်ထီးရိုးဘုရား၊ ဇင်းကျိုက်ဘုရား၊ မော်တင်စွန်းဘုရားတို့မှ နဂါးမင်းများ၊ ဇော်ဂျီပုဂ္ဂိုလ်များ၊ ပို၍ကြီးပြင်လာတော့ ကျောင်းကန်ဘုရားစေတီတော်တို့မှ မြန်မာ့အနုလက်ရာနဂါးပန်းပုရုပ်တုများ၊ တရုတ်နဂါးပွဲများ၊ အရွယ်ရလာတော့ ဘူရိဒတ်ဇာတ်တော်မှ ဘုရားအလောင်းတော် ဘူရိဒတ်နဂါးမင်း၊ လောကပါလနတ်မင်းကြီးလေးပါးထဲမှ အနောက်အရပ်ရှိ နဂါးတို့ကို အစိုးရသော ဝိရူပက္ခနဂါးမင်း အစရှိသဖြင့် နဂါးတို့အကြောင်းကို မကင်းနိုင်လောက်အောင် တွေ့ရပေသည်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ စီးပွားရှာရသည့်ကာလတွင်လည်း ထိုင်းလူမျိုးတို့၏ နဂါးယုံကြည်မှု၊ ဓလေ့ထုံးစံများနှင့် ရွှေစိုးရင်းနှီးခဲ့ရပြန်၏။ ထိုင်းနိုင်ငံတွင် နဂါးသည် အလွန်ထင်ရှားသောကိုးကွယ်မှု သို့မဟုတ် ပရလောကယုံကြည်မှုအလေးအနက်ခံယူရသည့်တိရစ္ဆာန် ဖြစ်သည်။ ဘန်ကောက်မြို့တော်မှအစ ကျေးလက်ရွာငယ်များအထိ နဂါးသတင်းမကြာခဏဖြစ်ပေါ်တတ်၏။ သတင်းစာများမှာပင် သတင်းအဖြစ် ပါဝင်တတ်၏။ နဂါးမျိုး၊ နဂါးနွယ်၊ နဂါးဆက်ရှိသဖြင့် အကြောင်းပေါ်က နဂါးပူးသူများကိုလည်း ရွှေစိုး မကြာခဏ တွေ့ရဖူး၏။ နဂါးနှင့် အကြောင်းဆက်၍ လောကီသိဒ္ဓိများလိုက်စားကြသော ဂမ္ဘီရရဟန်းတော်များ၊ ရသေ့ပုဂ္ဂိုလ်များ၊ လူပုဂ္ဂိုလ်များလည်း အထင်အရှားရှိကြ၏။ နဂါး



www.burmeseclassic.com1

www.burmeseclassic.com


နှင့် ဆက်နွယ်ပတ်သက်နေသည့် ဂမ္ဘီရ အစီအရင်များ၊ အဆောင်လက်ဖွဲ့ပစ္စည်းများကိုလည်း ထင်ရှားပေါ်များစွာတွေ့ခဲ့ရ၏။

ထို့ပြင် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံကို စည်းသားခြားနားပေးထားသည့် နယ်စပ်မျဉ်းပမာဖြစ်သော မဲခေါင်မြစ်အတွင်း၌ နဂါးမီးလွှတ်ပူဇော်ပွဲ နှစ်တိုင်းရှိ၏။ ထိုင်းနိုင်ငံဘက်ကမ်း နောင်ခိုင်မြို့၏ ကမ်းခြေတွင်ဖြစ်ပေါ်ခြင်း ဖြစ်၏။ သူတို့၏အဆိုအရ ထိုနေရာဝန်းကျင် မဲခေါင်မြစ်၏ ရေအောက်တွင် အလွန်ကြီးမားသော ရေအောက်လိုဏ်ဂူကြီးတစ်ခုရှိ၏။ ထိုလိုဏ်ဂူကြီးအတွင်းဝင်သွားသော် နဂါးတို့ပျော်စံရာ နဂါးသိုက်၊ နဂါးပြည်သို့ရောက်၏ဟု ဆိုကြ၏။ ထိုနဂါးတို့နှင့် ပဋ္ဌာန်းဆက်ဖြစ်သော ဌာနေဆရာတော်တစ်ပါးကို ထိုနဂါးတို့က အမြင်ပြပြီး သူတို့၏လိုဏ်ဂူကြီးအတွင်းကိုလည်း အိပ်မက်ဖြင့်ပြကြောင်း ကြားရဖူး၏။ နောက်နေ့တွင် ထိုနေရာမှ ဆင်းတုတော်အချို့ ဆယ်ယူရရှိကြောင်း သိရ၏။ ရွာထဲမှ ပဋ္ဌာန်းဆက်ရှိသူနှစ်ယောက်၊ သုံးယောက်ကလည်း သူတို့ရေကူးရင်း ထိုလိုဏ်ဂူကြီးထဲသို့ ရောက်သွားကြောင်း၊ ရေမွှန်းခြင်း၊ အသက်ရှူ



ကိုရီးယားနဂါး


ယိုးဒယားနဂါးများ


ယိုးဒယားနဂါး


ယိုးဒယားနဂါးပန်းချီ


ယိုးဒယားနဂါးများ



လာအိုနဂါးများ


ယိုးဒယားနဂါးများ



www.burmeseclassic.com

www.burmeseclassic.com



ခမာနဂါးများ



ယိုးဒယားနဂါးများ



ယိုးဒယားနဂါးများ



ယိုးဒယားနဂါးများ



လာအိုနဂါးများ

မရခြင်းတို့မဖြစ်ဘဲ ကုန်းပေါ် တိုင်းသွားလာနိုင်ကြောင်း ပြန်ပြောကြသည်ဆို၏။

နောင်အလျဉ်းသင့်လျှင် ထိုနဂါးမီးလုံးပူဇော်ပွဲအကြောင်းရေးပါဦးမည်။ ယခုဆောင်းပါးတွင်မူ ကမ္ဘာ့နဂါး၊ မြန်မာ့နဂါးများအကြောင်း သဲလွန်စလေးပေါ်ရုံမျှ တင်ပြလိုပါသည်။

■ **တရုတ်နတ်နဂါးကြီးများ**

နတ်နဂါးကြီးများနှင့် ပတ်သက်လာလျှင် တရုတ်လူမျိုးတို့၏တရုတ်နတ်နဂါးကြီးများကို စံထားကြရပေမည်။ တရုတ်လူမျိုးတို့သည် နဂါးကို ရှေးဟောင်းရိုးရာနတ်တစ်ပါးအဖြစ်သာမက ရှေးဟောင်းယဉ်ကျေးမှု ရိုးရာနတ်တစ်ပါးအဖြစ် တလေးတစား ယုံကြည်ကိုးကွယ်ကြ၏။ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် တရုတ်လူမျိုးများရှိနေတတ်၏။ မည်သည့်နေရာမှာပင်ဖြစ်စေ တရုတ်လူမျိုးတစ်ယောက်ရှိလျှင် နဂါးတစ်ကောင်ရှိနေခြင်းပင်ဖြစ်၏။ ထို့ကြောင့် တရုတ်လူမျိုးတို့သည် တစ်ယောက်တည်းဖြစ်နေပါစေ ထုံးတမ်းစဉ်လာအရ နဂါးနှင့် ပတ်သက်သော အချိန်အခါမျိုးများတိုင်း တရုတ်တစ်ယောက်၊ နဂါးတစ်ရုပ်၊ ပြောတ်အိုးတွဲဖြင့် နဂါးပွဲကိုမဖြစ်မနေကျင်းပတတ်ကြပါသည်။ ထိုတရုတ်တစ်ယောက်မှ

www.burmeseclassic.com

အစပြု၍ ဒေသခံအိမ်နီးနားချင်တစ်ယောက် ထိုဒေသခံတစ်ယောက်မှတစ်ဆင့် တစ်ရပ်ကွက်လုံး နဂါးပွဲတော်တွင် ပါဝင်လာလေ့ရှိပေသည်။ တရုတ်နဂါးပွဲကျင်းပပုံကိုကား အသိများပြီးဖြစ်၍ ဤဆောင်းပါးတွင် အထူးမဖော်ပြတော့ပါ။

တရုတ်တို့သည် နဂါးကို လွန်ခဲ့သော နှစ်ပေါင်းထောင်ပေါင်းများစွာကတည်းက ကိုးကွယ်မှုဆိုင်ရာသင်္ကေတအဖြစ် လည်းကောင်း၊ နိုင်ငံနှင့်လူမျိုးကို စောင့်ရှောက်သော နတ်တစ်ပါးအဖြစ်လည်းကောင်း ယုံကြည်ထားကြခြင်းဖြစ်၏။ သူတို့၏ဘာသာရေးအခမ်းအနားများ၊ နိုင်ငံတော်အခမ်းအနားများတွင် တရုတ်နဂါးအလံများ၊ တရုတ်နဂါးအရုပ်များကို လှပတင့်တယ်စွာစိုက်ထူဆင်ယင်ထားစမြဲ ဖြစ်၏။ ယဉ်ကျေးမှုနှင့် ရိုးရာယုံကြည်မှုအရ နဂါးကို တရုတ်တို့သည် လာဘ်ကောင်း ဟူ၍ လည်းကောင်း၊ သူရဲကောင်းဟူ၍ လည်းကောင်း၊ အောင်မြင်မှုအထိမ်းအမှတ်ဟူ၍ လည်းကောင်း ယုံကြည်စွာ



ထာဓိုနဂါးကြီးများ



တရုတ်နဂါး



အင်ဒိုနီးရှားနဂါးများ



အင်ဒိုနီးရှားနဂါးများ




ဗီယက်နမ်နဂါး



www.burmeseclassic.com

သတ်မှတ် လက်ခံကြ၏။

တရုတ်လူမျိုးတို့သည် သူတို့၏ နဂါးကို တိရစ္ဆာန်ကိုးကောင်တို့၏အစိတ်အပိုင်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းကာ သရုပ်ဖော်ထား၏။ ထို့ကြောင့် တရုတ်နဂါးတွင် ဦးခေါင်းကို သဲကန္တာရကုလားအုတ်၏ဦးခေါင်း၊ ကိုယ်ထည်ကို မြွေ၏ကိုယ်ထည်၊ ကိုယ်ထည်ပေါ်ရှိ အကြေးခွံကို ငါးကြင်း၏အကြေးခွံ၊ ထိုအကြေးခွံတို့၏အရေအတွက်ကို (၁၁၇) ခုထားရှိ၏။ အကြေးခွံ (၈၁) ခု၏သဘောမှာ ယန်၊ (၃၆) ခု၏ သဘောမှာ ယင်အဖြစ်သုံးထားခြင်း ဖြစ်၏။ တရုတ်နဂါးတွင် ဦးချိုပါရှိ၏။ ယင်းဦးချိုကို ဒရယ်ချိုများဖြင့် ပုံဖော်ထား၏။ မျက်လုံးကို ယုန်၏ မျက်လုံးဖြင့် ပုံဖော်ထား၏။ အရည်အသွေးကောင်းသော ပတ္တမြားအနီတစ်လုံး၏အရောင်ပမာ နီရဲနေ၏။ တရုတ်နဂါးတွင် နားရွက်လည်းပါ၏။ ယုန်နားရွက်ကို ယူ၍ဖွဲ့စည်းထားခြင်း ဖြစ်၏။ ခန္ဓာကိုယ်ဝမ်းဗိုက်ကို ခရုခွံဖြင့်ပုံဖော်ထား၏။ တရုတ်နဂါးတွင် ခြေချောင်းလေးချောင်းရှိ၏။ ရှေ့လက်တစ်စုံနှင့် နောက်ခြေတစ်စုံဟုဆိုရမည်။ ခြေဖဝါးများမှာ ကျား၏ခြေဖဝါးများကိုယူထားပြီး လင်းယုန်ခြေသည်းများပုံရှိသော ခြေသည်း၊ လက်သည်းများရှိ၏။

တရုတ်နဂါး၏ ခြေချောင်းအရေအတွက်ကို လိုအပ်၍ အဆင့်ခွဲထား၏။ ခြေချောင်းလေးချောင်းပါရှိသော နဂါးသည် သာမန်နဂါးဖြစ်ပြီး ခြေချောင်းငါးချောင်းရှိသောနဂါးမှာ တော်ဝင်နဂါးဖြစ်၏။ တရုတ်နဂါး၏ပါးစပ်ထဲတွင်လည်းကောင်း၊ ရှေ့လက်တစ်ဖက်ထဲတွင်လည်းကောင်း၊ ရောင်စုံတောက်ပနေသော ဓာတ်လုံးအရွယ်ကြီးကြီးတစ်လုံးကို တွေ့ရတတ်၏။ ယင်းဓာတ်လုံးသည် ဗုဒ္ဓရှင်တော်မြတ်၏ ဓမ္မဒေသနာတရားတော်မြတ်ဖြစ်၏။ တရုတ်နဂါးအကြောင်းရေးရလျှင် အခန်းဆက်ဆောင်းပါးရှည်ပင် ဖြစ်သွားနိုင်၍ တရုတ်လူမျိုးတို့သည်လည်း နဂါးကို အထွတ်အမြတ်ထား ယုံကြည်လေးစားကြကြောင်း ပေါ်လွင်လောက်ရုံ ဤမျှဖြင့်သဘောကျစေရန် တောင်းပန်ရပါသည်။

■ ဂျပန်နဂါးကြီးများ

နဂါးကို ဂျပန်ဘာသာစကားဖြင့် ရူ (RYU) သို့မဟုတ် ရူကျင် (RYUJIN) ဟုခေါ်၏။ ဂျပန်နဂါးတွင် ခြေချောင်းသုံးချောင်းသာပါသည်မှလွဲ၍ ကျန်အစိတ်အပိုင်းအားလုံး ယုံကြည်မှုအားလုံး လက်ခံမှုအားလုံး တရုတ်လူမျိုးတို့နှင့် အတူတူပင် ဖြစ်၏။

■ ကိုရီးယားနဂါးကြီးများ

ကိုရီးယားတို့၏နဂါးကြီးများသည်လည်း တရုတ်နဂါးမှဆင်းသက်ဆက်နွယ်လာသောနဂါးများဖြစ်၍ တရုတ်နဂါးများကို ယုံကြည်ကြသကဲ့သို့ ကိုရီးယားတို့ကလည်း ယုံကြည်ကြ၏။ ကိုရီးယားနဂါးတွင် ဦးချိုမပါသည်ကလွဲလျှင် တရုတ်တို့၏နဂါးနှင့် သဏ္ဌာန်တူဖြစ်၏။



မြန်မာနဂါးများ



ထာဆိုနဂါးများ




ကိုရီးယားနဂါး



www.burmeseclassic.com
www.burmeseclassic.com1

www.burmeseclassic.com

နဂါးကိုကိုးရီးယားတို့၏ဘာသာစကားဖြင့် အီမူဂီ (Imoogi) ဟုခေါ်၏။ ကိုးရီးယားလူမျိုးတို့၏ ရှေးစကားမှတ်တမ်းများအရ နဂါးတို့သည် ရေနေသတ္တဝါတစ်မျိုးဖြစ်ပြီး လူသားအမျိုးသမီးငယ်တစ်ဦးမှတစ်ဆင့် နေနတ်မင်းကြီးက တန်ခိုးဣဒ္ဓိပါဒ်များ ချီးမြှင့်ပေးခဲ့ခြင်းဖြစ်သည်ဟုဆို၏။ ထိုအမျိုးသမီးလေး၏ အသက် (၁၇) နှစ်ပြည့်သည်နှင့် အမျိုးသမီးလေးသည် နဂါးအသွင်ပြောင်းကာ ရေနတ်နဂါးဖြစ်လာမည့် သတ္တဝါကြီးများနှင့်အတူ ဘဝပြောင်းနေထိုင်လေတော့သည်ဟုဆို၏။ ထိုအမျိုးသမီးလေး နဂါးဘဝသို့ ကူးပြောင်းသည့်အချိန်က စ၍ နဂိုကတည်းက ပင်လယ်သမုဒ္ဒရာကြီးများထဲတွင် ရှိနေပြီဖြစ်သော အီမူဂီရေသတ္တဝါတို့တွင် တန်ခိုးစွမ်းအင်များရှိကုန်ကြပြီး အသွင်သဏ္ဌာန်များလည်းတင့်တယ်သောအသွင်သို့ပြောင်းကုန်ကြ၏။ ထို့ပြင် ထိုရေသတ္တဝါကြီးများသည် တန်ခိုးရှင်မိန်းကလေးနှင့်အတူ လူ့အသွင်သို့လည်း ပြောင်းလဲဖန်တီးကာ လူသားတို့နှင့်ဆက်သွယ်ဆက်ဆံနိုင်ကြကုန်သည်ဟုဆို၏။

■ **ဖိလစ်ပိုင်နဂါးကြီးများ**

ဖိလစ်ပိုင်လူမျိုးတို့က နဂါးကို ဘကူနာဝါ (BAKUNAWA) ဟု ခေါ်ကြ၏။ ထိုဘကူနာဝါနဂါးကြီးများသည် အလွန်တရာကြီးမားပြီး ထူးဆန်းသောတန်ခိုးများလည်းရှိကြ၏။ ရှေးရိုးဖိလစ်ပိုင်လူကြီးသူမများက နေနှင့်လကို ထိုနဂါးကြီးများထဲမှ တစ်ကောင်ကောင်က မျိုရန်ကြိုးစားသဖြင့် နေကြတ်ခြင်းနှင့်လကြတ်ခြင်းဖြစ်ပေါ်သည်ဟု ယုံကြည်ကြ၏။ နေကြတ်ခြင်း၊ လကြတ်ခြင်းဖြစ်နေစဉ်တွင် နေသို့မဟုတ် လကို ဘကူနာဝါနဂါးကြီးက အဆုံးအထိ လုံးဝမျိုချလိုက်ခြင်းမပြုနိုင်စေရန် နေကြတ်၊လကြတ်ကို မြင်တွေ့ကြရသော အိမ်တိုင်းက အိမ်အပြင်သို့ထွက်ပြီး အသံမြည်စေနိုင်သည့် သတ္တုအိုး၊ ခွက်၊ ပန်းကန်များကို တီးခတ်အသံပြုကြရ၏။ ထိုအသံများကြောင့် ဘကူနာဝါနဂါးကြီးက လန့်ပြီးမျိုထားသော နေ သို့မဟုတ် လကို ထွေးအန်ချလေ့ရှိသည်ဟုဆိုကြ၏။ တချို့ကလည်း ဘကူနာဝါနဂါးကြီးများက သူတို့၏ရန်သူ သို့မဟုတ် မလိုလားသောသက်ရှိသတ္တဝါတို့အား သူတို့၏ အလွန်ကြောက်မက်ဖွယ်ကောင်းသော မျက်လုံးကြီးများဖြင့် ဓာတ်ပုံရိုက်ယူသကဲ့သို့ ပုံကူးထားပြီး မိမိတို့သေစေလိုသော အချိန်အခါတွင် စိတ်ညှတ်လိုက်ခြင်းဖြင့် သေစေ၏ဟု ဆိုကြ၏။

ဖိလစ်ပိုင်နဂါးများကိုလည်း အခြားနိုင်ငံမှ နဂါးများကဲ့သို့ သေသေချာချာ တိတိကျကျမြင်ဖူးသူဟုမရှိပါ။ ဒဏ္ဍာရီစကား၊ ရှေးဟောင်းစကားတို့ဖြင့်သာ သရုပ်ဖော်နေကြရ၏။ သူတို့၏နဂါးမှာ အခြားသောနဂါးများနှင့်မတူသော ထူးခြားချက်များရှိ၏။ ဖိလစ်ပိုင်နဂါး၏ရုပ်သွင်သဏ္ဌာန်ကို ကြီးမားသော ပါးစပ်၊ နီမြန်းသောလျှာ၊ ကြီးမားတုတ်ခိုင်သော အစွယ်ကြီးများ၊ ရှည်လျားသန်မာသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ၊ ကြီးမားထက်မြက်သော ကျောရိုးဆူးတောင်ကြီးများ၊ မီးခိုးရောင်ကြီးမားကျယ်ပြန့်သောအတောင်ပံနှစ်စုံ၊ တစ်စုံကပိုကြီး၍ တစ်စုံကငယ်၏။ ဦးခေါင်းနှင့် ခန္ဓာကိုယ် အဆက်အစပ်တွင် တည်ရှိနေပါသည်။ အတောင်ကကြီးပြီး ခန္ဓာကိုယ်အောက်ပိုင်းကျကျတွင်ရှိနေသော အတောင်ကငယ်ခြင်း၊ သံမဏိကြိုးချောင်းကြီးများ သဖွယ်ဖြစ်နေသောဆူးမြှင်များကလည်း ခန္ဓာကိုယ်တစ်ခုလုံးရှိနေခြင်း စသည့် အသွင်သဏ္ဌာန်ဖြင့် သရုပ်ဖော်လက်ခံထား ကြ၏။

■ **ဗီယက်နမ်နဂါးကြီးများ**

ဗီယမ်နမ်တို့ကလည်း အရှေ့တိုင်းနိုင်ငံအများစုကဲ့သို့ပင် နဂါးကို တလေးတစား အထွတ်အမြတ်ထားကြသည်။

ဗီယက်နမ်နဂါး၏ပုံကို မိကျောင်း၊ မြွေ၊ ဖွတ်၊ ငှက်တို့ ခန္ဓာအစိတ်များအချို့ကို ယူ၍ ဖွဲ့စည်းဆက်စပ်ကာ သရုပ်ဖော်ထား၏။ ယင်းသတ္တဝါငါးကောင်ကို အခြေခံပြီး မင်းဆက်အချို့ကလည်း ခေတ်အလိုက် မင်းဆက်အလိုက် အနည်းငယ်ပြောင်းထားသည်ကိုလည်းတွေ့ရှိရ၏။

ငုယင်နန်းဆက် (၁၈၀၂-၁၈၈၃) သို့ရောက်သောအခါ နဂါးပုံသဏ္ဌာန်သည် ဖြည့်စွက်မှုများဖြင့် ကြီးမားသော ခြင်္သေ့နှာခေါင်းရှိ ခြင်္သေ့ ဦးခေါင်း၊ ရှည်လျားလျား ခန္ဓာကိုယ်ကျောစောင်းပေါ် တစ်လျှောက်၌ ဓားကောက်ကဲ့သို့ ဆူးတောင်များ၊ သန်မာသောမြီးမွေးဖွားများဖြင့် လုံ့သွားသဏ္ဌာန်စုစည်းထားသော အမြီးထိပ်၊ မျက်လုံးမျက်ဆန်ပြူးပြူးကျယ်ကျယ်၊ အစွယ်ငေါငေါ၊ ဦးခေါင်းနှင့် ခန္ဓာဆက်သည့်နေရာတွင် ခြင်္သေ့လည်ဆံမွေးများ ရှည်လျားသန်မာချွန်ထက်သော နှုတ်ခမ်းမွေးများ၊ အစဉ်အလိုက်တစ်ခုနှင့်တစ်ခု ထပ်လျက်ရှိသော အကြေးခွံများ၊ ခြေထောက်လေးချောင်းရှိ ခြေချောင်းများကို လေးချောင်း၊ ငါးချောင်းစသည်တို့ကို ဖြည့်စွက်ကာ ရုပ်လုံးဖော်ခဲ့ကြလေသည်။ မြင့်မြတ်သော သာသနာရေးဆိုင်ရာတွင် ပါဝင်သော နဂါးများတွင် ခြေချောင်း ငါးချောင်း၊ ဘုရင်နှင့် နန်းတွင်းရေးရာကိစ္စများတွင် ပါဝင်ရသော နဂါးများတွင် ခြေချောင်း ငါးချောင်း၊ သာမန်ကိစ္စများတွင် ပါဝင်ရသောနဂါးများတွင် ခြေချောင်းလေးချောင်း စသည်ဖြင့် ပြုပြင်ရုပ်လုံးဖော်ထား၏။ ထိုပြုပြင်ပြီးနဂါးသဏ္ဌာန်ကို ယခုထက်တိုင် ထပ်မံပြောင်းလဲခြင်း မပြုကြသော်လည်း ခေတ်ပေါ်နဂါးပွဲတော်များတွင်မူ တရုတ်နဂါးများနှင့် တရုတ်နဂါးရိုးရာဓလေ့များအတိုင်း ဆောင်ရွက်နေကြသည်ကိုလေ့လာတွေ့ရှိရပါသည်။

ဗီယက်နမ်တို့သည် နဂါးမျိုးနွယ်ကဆင်းသက်လာသည်ဟု သူတို့ကိုယ်သူတို့ သတ်မှတ်ယုံကြည်ကြ၏။ ထို့ကြောင့် ရှေးဟောင်းဗီယက်နမ်လူကြီးသူမများသည် နဂါးကို အထူးယုံကြည်လေးစားကြ၏။ သူတို့၏ ရှေးဟောင်းသဏ္ဌာန်ဖော်ထားမှုမှာလည်း စိတ်ဝင်စားဖွယ်ကောင်း၏။

ဗီယက်နမ်ရှေးဟောင်းနဂါး၏ ဦးခေါင်းသည် ယခုခေတ်ကဲ့သို့မဟုတ်ဘဲ မတိုလွန်းမရှည်လွန်းသော မိကျောင်းဦးခေါင်းရှိပြီး နှာခေါင်းအုံပေါ်တွင် ထောင်တက်နေသောအမောက်တစ်ခုရှိသည်။ အမောက်ဆိုသည့်အတိုင်း လပစ္စာကောက်ကွေးမှုအနည်းငယ်ရှိပြီး ထိပ်တွင် ချွန်မြနေ၏။ ဦးခေါင်းနှင့်ခန္ဓာကိုယ်ကို ဆက်သည့်လည်ရစ်မှနေ၍ အမြဲပြီး ထောင်နေသည်။ ကြီးမားသော မေးရိုးကြီးများနှင့် ချွန်မြတုတ်ခိုင်သောအစွယ်ကြီးများရှိသည်။ ပါးစပ်သည် အမြဲလိုလိုပွင့်ဟနေပြီး ကြီးမားကျယ်ပြန့်သော ထိုပါးစပ်ထဲမှ သေးသွယ်ရှည်လျားသော လျှာထင်ရှားစွာရှိသည်။ ယင်းလျှာပေါ်တွင် အလွန်လုံးဝန်းတောက်ပသော ရတနာလုံးကြီးကိုတင်၍ ပါးစပ်ထဲတွင် ငုံထားသည်။ ထိုရတနာလုံးသည် လောကီ၊ လောကုတ္တရာပညာကို ကိုယ်စားပြု၏။ ဗီယက်နမ်ရှေးဟောင်းနဂါးတွင် အဆစ်အပိုင်း ဆယ့်နှစ်ပိုင်းသတ်မှတ်ထား၏။ ရုပ်သဏ္ဌာန်တွင် နဂါးခန္ဓာအား ဆယ့်နှစ်ခုံးကိုမြင်နိုင်၏။ အဆစ်အပိုင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ပိုင်းလျှင် တစ်ရာသီနှုန်းဖြင့် ဆယ့်နှစ်လရာသီအတွက် ဆယ့်နှစ်ခုံးသတ်မှတ်ထားခြင်း ဖြစ်၏။

■ လာအိုနဂါး

လာအိုနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်းရှိ ဗုဒ္ဓဘာသာနိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် နဂါးသည် လာအိုလူမျိုးတို့၏ ယုံကြည်ကိုးကွယ်မှုတွင် အရေးပါပြီး ထင်ရှားလှ၏။ အိမ်နီးချင်းထိုင်းနိုင်ငံနှင့်လည်း လက်ချင်းယှက်နိုင်ငံဖြစ်နေသောကြောင့် လာအိုနိုင်ငံမှ နဂါးယုံကြည်မှုနှင့် ဓလေ့ထုံးစံများသည် ထိုင်းနိုင်ငံမှ နဂါးယုံကြည်မှု ဓလေ့ထုံးစံများနှင့် ထပ်တူနီးပါး တူညီနေသည်ကို လေ့လာတွေ့ရှိရ၏။ လာအိုတို့သည် နဂါးကို အလွန်ယုံကြည်ကြ၏။ ယနေ့ထက်တိုင်အောင် သက်ရှိထင်ရှားရှိပြီး လူသားတို့နှင့်ထူးဆန်းစွာဆက်သွယ်နေသည့် တန်ခိုးရှင်နတ်မျိုးနွယ်ဝင် သတ္တဝါကြီးများဟု ယုံကြည်လျက်ရှိကြ၏။

လာအိုနဂါးကြီးများသည် လာအိုနိုင်ငံနှင့် ယိုးဒယားနိုင်ငံတို့ကို ခြားစေကာ စီးဆင်းနေသော မဲခေါင်မြစ်ကြီး၏ အောက်ခြေတစ်နေရာရှိ အလွန်ကြီးမားသောရေအောက်ကျောက်ဂူကြီးအတွင်း နေထိုင်လျက်ရှိကြသည်ဟု ယုံကြည်ကြ၏။ တစ်နှစ်တစ်ခါ ရေမျက်နှာပြင်ပေါ်သို့တက်လာကြပြီး နဂါးမီးလုံးကြီးများလွှတ်၍ ဗုဒ္ဓဘုရားရှင်ကို ပူဇော်ကြသည်ဟု ယုံကြည်ကြ၏။ ထိုနဂါးမီးလုံးလွှတ်ပူဇော်ခြင်းကို မဲခေါင်မြစ်ပြင်တွင်ထင်ရှားစွာမြင်ကြရသဖြင့် နှစ်ဖက်နိုင်ငံမှပြည်သူများ၊ နိုင်ငံခြားသားများသည် နဂါးမီးလုံးလွှတ်ရာ မဲခေါင်မြစ်၏ကမ်းနှစ်ဖက်တွင် ကမ်းလုံးညွတ်မျှလာရောက်ကြည့်ရှုလေ့လာကြ၏။ ရွှေစိုးကိုယ်တိုင်လည်း သွားကြည့်ဖူး၏။ ဤနဂါးမီးလုံးပူဇော်ပွဲအကြောင်းကို သူရဋ္ဌမဂ္ဂဇင်းမှာပင် ရေးသားတင်ပြခဲ့ပြီ ဖြစ်၏။

ရွှေစိုးသည် လာအိုနဂါးများအကြောင်းကို ဘန်ကောက်မြို့ရှိ လာအိုမိတ်ဆွေများကို မေးကြည့်မိ၏။ သူတို့ပြောစကားအရ လာအိုတို့၏ ရှေးအဆက်သည် နဂါးများမှ ဆင်းသက်လာသည်ဟုပင် ယုံကြည်နေကြသူများရှိကြောင်းသိရ၏။ လာအိုနိုင်ငံ၏မြို့တော် လုံဖရဘန်မြို့ကိုပင် နဂါးတို့စောင့်ရှောက်နေကြသည်ဟု သူတို့က ယုံကြည်စွာပြောပြကြ၏။ လာအိုနိုင်ငံ၏ တောရွာနေသူအများစုသည် မဲခေါင်မြစ်၌လည်း



အိန္ဒိယနဂါးများ



အိန္ဒိယနဂါးများ



ဗီယက်နမ်နဂါး



အိန္ဒိယနဂါးများ



www.burmeseclassic.com1

www.burmeseclassic.com

ကောင်း၊ နီးစပ်ရာ မြစ်၊ ချောင်း၊ ရေကန်များ၌လည်းကောင်း၊ လောကီရေးရာကိစ္စများ အောင်မြင်ရေး၊ အန္တရာယ်ကင်းရေးအတွက် ရည်စူးကာ နဂါးပူဇော်ကန်တော့ခြင်း၊ နဂါးစာကျွေးခြင်း၊ နဂါးနတ်အားဖျော်ဖြေခြင်းတို့ ပြုလုပ်လေ့ရှိကြောင်း သိရ၏။ နဂါးနတ်တို့၏ ကိုယ်စားလှယ်ပုဂ္ဂိုလ်များ၊ နဂါးဝင်စားသူများ၊ နဂါးပူးသူများလည်း အများအပြားရှိကြောင်း သိရသေး၏။

■ **ခမာနဂါး (KHEMER DRAGON)**

ခမာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ခမာဘာသာရေး၊ ခမာယုံကြည်မှုဓလေ့ထုံးစံ၊ ခမာယဉ်ကျေးမှုအနုပညာစသည်တို့မှာ ကမ္ဘာကအသိအမှတ်ပြုရလောက်အောင် ထင်ရှားခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်၏။ ထိုခမာတို့၏ဘာသာ၊ သာသနာ၊ ယုံကြည်မှု၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုအနုပညာစသည်တို့၏ပင်မမူလမှာ ဟိန္ဒူသာသနာတော်ထွန်းကားခဲ့ရာ ဟိန္ဒူသာသနာတော်၏ ရောင်ဝါရှိန်ဝါသည် ခမာနိုင်ငံတွင် ထွန်းလင်းဆဲပင်ရှိနေသေး၏။ ထို့ကြောင့် ဟိန္ဒူတို့၏သာသနာတော်တွင် အလွန်အရေးပါအရာရောက်သောနေရာတွင်ရှိနေသည့်နဂါးယုံကြည်မှုသည်လည်း ယနေ့တိုင်ထင်ရှားကာ ခိုင်မြဲလျက်ရှိ၏။ ထိုနဂါးယုံကြည်မှုများ၊ နဂါးနှင့်ပတ်သက်သည့် ပြုဖွယ်ဓလေ့ထုံးစံများနှင့်အယူအဆများ၊ ခံယူချက်များကလည်း အိန္ဒိယရှိ ဟိန္ဒူဘာသာဝင်များနှင့် ထပ်တူမျှတူညီသည်ဟုဆိုရပေမည်။ ခမာနဂါးနှင့် အိန္ဒိယနဂါးတို့၏ပုံသဏ္ဌာန်သည်လည်း လွန်စွာတူလှပေသည်။ ခမာနိုင်ငံဟူသည် ယခုအများသိနေသော ကမ္ဘောဒီးယားနိုင်ငံပင် ဖြစ်၏။

■ **အိန္ဒိယနဂါး (INDIAN DRAGON)**

မြွေများ၊ နဂါးများအကြောင်းကို တွေးကြ၊ ရေးကြ၊ ပြောကြမည်ဆိုလျှင် အိန္ဒိယနိုင်ငံမှ ဟိန္ဒူဘာသာဝင်တို့၏ အိန္ဒိယနဂါးအကြောင်းကို ချန်ထားခဲ့၍ မဖြစ်ပါ။

ဟိန္ဒူတို့၏ ဘာသာရေးအယူဝါဒတွင် နဂါးသည် အလွန်အရေးပါသောနေရာတွင်ရှိ၏။ ဟိန္ဒူတို့သည် နဂါးကို သူတို့၏နတ်ဘုရားများနှင့်တွဲဖက်၍ယုံကြည်ကိုးကွယ်ကြ၏။ နတ်ဘုရားများနှင့်အတူ ပူဇော်ပသကြ၏။ နဂါးများကို မမြင်ဘူးကြသော၊ နဂါးရှိသောနိုင်ငံတိုင်းလူမျိုးတိုင်းတွင် နဂါးကို မိမိတို့အမြင်အတိုင်းသရုပ်ဖော်ထားသည့်နဂါးပုံသဏ္ဌာန်များရှိကြ၏။ အိန္ဒိယနိုင်ငံ ဟိန္ဒူတို့၏ နဂါးများကိုလည်း ဟိန္ဒူတို့က သူတို့၏ ရှေးအစဉ်အဆက် အဆိုအမိန့်များ၊ ဘာသာရေးယုံကြည်ချက်များ၊ ဘာသာရေးအတွေ့အကြုံများ၊ လောကီဂမ္ဘီရအတွေ့အကြုံများကိုအခြေခံလျက် နဂါးများကို လျှို့ဝှက်ဂမ္ဘီရအယူအဆများ အဓိပ္ပာယ်များဖြင့် စီရင်ထားသည်ကို အကြမ်းအားဖြင့် လေ့လာတွေ့ရှိရပေသည်။

ဟိန္ဒူတို့၏နဂါးမှာ အထူးအထွေထွတ်အတက်မရှိလှ။ မြွေဟောက်ပါးပြင်းခွက်ထားသည့်သဏ္ဌာန်ရှိသောမြွေကြီး၏ပုံကို နဂါးအဖြစ်ဖော်ဆောင်ထားသည်ကိုတွေ့ရ၏။ ထူးခြားမှုတစ်ခုမှာ နဂါးဦးခေါင်းအရေးအတွက်ပေါ်၌ ယုံကြည်ချက်များပင် ဖြစ်၏။

မကိန်းကျသော ဦးခေါင်းအရေအတွက်ရှိသည့်နဂါးကို နဂါးဖိုဟုသတ်မှတ်ယုံကြည်ပြီး စုံကိန်းကျသောဦးခေါင်းအရေအတွက်ရှိသည့်နဂါးကို နဂါးမဟုသတ်မှတ်ကြ၏။ သို့သော် ထိုသတ်မှတ်ချက်သည် ကမ္ဘောဒီးယားတွင်နိုးမျှသာရှိသော သာမန်အဆင့်နဂါးများနှင့်မဆိုင်ဘဲ နတ်ဘုရားများနှင့်ဆက်သွယ်ဆက်ဆံနေသည့် အထက် ဗြဟ္မာတန်ခိုးရှင်နတ်နဂါးကြီးများနှင့်သာသက်ဆိုင်သော သတ်မှတ်ချက်၊ ယုံကြည်ချက်ဟုဆိုကြ၏။ ဟိန္ဒူနတ်နဂါးများကို ဦးခေါင်းတစ်လုံးရှိ နတ်နဂါးမှ ဦးခေါင်းကိုးလုံးရှိ နတ်နဂါးအထိ သတ်မှတ်ယုံကြည်ကြ၏။ စုံကိန်းကျသော ဦးခေါင်းအရေအတွက်ရှိ နဂါးများနှင့်ပတ်သက်၍မူ ရွှေစိုးအနေဖြင့် ထူးခြားမှုများကို ရှာမတွေ့သေးပါ။ နိုင်ငံတကာဒဏ္ဍာရီဇာတ်လမ်းများတွင်မူ အချို့သော ဇာတ်လမ်းများ၌ တွေ့မိပါသည်။ သို့သော် ထူးခြားမှုအားဖြင့်မရှိပါ။

■ **ယိုးဒယားနဂါး**

နဂါးရှိကြောင်းနှင့်နဂါးကိုယုံကြည်ကိုးကွယ်ကြသောလူမျိုးထဲတွင် ယိုးဒယားနိုင်ငံမှ လူအတော်များများတို့လည်း ပါဝင်၏။ ယိုးဒယားနိုင်ငံသည် တစ်ချိန်က ဟိန္ဒူသာသနာတော်နှင့် ဟိန္ဒူအယူဝါဒတို့ ထွန်းတောက်ခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး ယခုတိုင်အောင် ဟိန္ဒူအယူဝါဒအငွေ့အသက်များလွှမ်းမိုးနေသည်ဟု မဆိုနိုင်လင့်ကစား မှုန်ဝေနေဆဲဖြစ်သဖြင့် ဟိန္ဒူအယူဝါဒ၊ ဟိန္ဒူယဉ်ကျေးမှု၍ အလွန်ထင်ရှားစွာနေရာယူထားသည့် နဂါးသည်လည်း ယခုတိုင်အောင် ဆက်လက် နေရာယူထားလျက်ရှိ၏။

ဆရာသံခင်က ဤရှေးဟောင်းစေတီတော်လေးကို တောင်စောင့်နဂါးကြီးများစောင့်ရှောက်နေကြကြောင်းနှင့် ထိုစေတီ၏ ပတ်ဝန်းကျင်တွင် တောင်စောင့်နဂါးကြီးများရှိကြောင်း မိန့်ကြားသည်ကိုနာယူခဲ့ရဖူး၏။ ထိုစေတီလေးမှာ ဇာလီတောင်မှ မျှော်ကြည့်လျှင် မှန်းဆနိုင်သော တောင်တန်းပေါ်ရှိ စေတီလေးတစ်ဆူ ဖြစ်၏။ ထိုမှ ကဝေမောင်နှမတောင်သည် ခြေကျင်ခရီးဖြင့် သာသာယာယာသွားလျှင် နံနက်စောစောထွက် ညနေမစောင်းမီရောက်နိုင်၏။ တောင်နေနဂါးဟူသောအကြောင်းနှင့်စပ်မိ၍ စကားဆာသွင်းမိခြင်း ဖြစ်၏။ နဂါးများအကြောင်းကိုဆက်ပါတော့မည်။

ဤနေရာတွင် သုတမယဉာဏ်ပွားများလိုသူတို့အတွက် မြန်မာ့စွယ်စုံကျမ်းကိုမှီ၍ ဖော်ပြလိုပါသည်။

အကျယ်အားဖြင့် အမျိုး (၁၀၂၄) ပါးရှိလေသည်။ ကိုက်ခဲသည်ရှိသော် ခန္ဓာကိုယ်သည် သစ်သားထင်ချောင်းကဲ့သို့ အဆစ်အမျက်မကွေးဆန့်နိုင်ဘဲ တံကျင်ကဲ့သို့ ခိုင်ခံ့စွာဖြစ်သော ကဋ္ဌမုခနဂါး၊ ကိုက်ခဲသည်ရှိသော် ခန္ဓာကိုယ်သည် မှည့်၍ပုပ်သော ပိန္နဲသီးကဲ့သို့ အရေယိုထွက်သော ပုတိမုခနဂါး၊ ကိုက်ခဲသည်ရှိသော် ခန္ဓာကိုယ်သည် မီးလောင်သကဲ့သို့ ဖရိုဖရဲရှိသော အဂ္ဂိမုခနဂါး၊ ကိုက်ခဲသည်ရှိသော် မိုးကြိုးကျသကဲ့သို့ ခန္ဓာကိုယ်သည် ကွဲပြတ်ပျက်စီးသော သတ္ထမုခနဂါး၊ ယင်း (၄) ပါးမှ တစ်ဖန် ကိုက်ရုံဖြင့် မြင်ရုံဖြင့် နှာရှူလေမှုတ်ရုံဖြင့် အထက်ပါအချင်းအရာတို့ကိုဖြစ်စေတတ်သော ဒဋ္ဌဝိသနဂါး၊ ဝိတဝိသနဂါး ဟူ၍လည်း နဂါးအပြား (၁၆) ပါးရှိသေး၏။

ယင်း (၁၆) ပါးသောနဂါးတို့တွင် အဆိပ်လျင်မြန်စွာလာသော်လည်း အဆိပ်မပြင်းထန်သော အာဂတဝိသနအာဂတဝိသနနဂါး၊ အဆိပ်ပြင်းသော်လည်း အဆိပ်လျင်မြန်စွာမလာသော ဃောရဝိသန ဃောရဝိသနနဂါး၊ အဆိပ်လည်းပြင်း လျင်မြန်စွာလည်းလာသော အာဂတဝိသဃောရဝိသနနဂါး၊ အဆိပ်လည်းမပြင်း၊ လျင်မြန်စွာလည်းမလာသော နအာဂတဝိသနဃောရဝိသနဂါးဟူ၍ လေးပါးစီပြန်သောကြောင့် (၆၄) ပါးဖြစ်လေသည်။

တစ်ဖန် ပဋိသန္ဓေတည်နေပုံကို



www.burmeseclassic.com1

www.burmeseclassic.com

အခြေခံလျက် နဂါးမျိုးထပ်မံခွဲခြားထား ပြန်သည်ကို တွေ့ရ၏။

ဥ၌ဖြစ်သော အဏ္ဍဇနဂါး၊ ရေကြည့်၌ဖြစ်သော ဇလာဗုဇနဂါး၊ အညှိကိုစွဲ၍ဖြစ်သော သံသေဒဇနဂါး၊ ကိုယ်ထင်ဖြစ်သော ဩပပါတိကနဂါး ဟူ၍ ပဋိသန္ဓေတည်ပုံ (၄) မျိုးကြောင့် နဂါးမျိုး (၂၅၆) ပါးပြားကြပြန်၏။

ယင်းမှတစ်ဖန် ရေနေ၊ ကုန်းနေ နှစ်မျိုးထပ်ခွဲသဖြင့် နဂါးမျိုး (၅၁၂) ပါး ဖြစ်လာပြန်၏။ ယင်း (၅၁၂) ပါးသော နဂါးမျိုးတို့တွင် ကာမဂုဏ်ခံစားသော ကာမရူပီနဂါးမျိုးနှင့် ကာမဂုဏ်မခံစားသော အကာမရူပီနဂါးမျိုးတို့ရှိကြပြန်ရာ စုစုပေါင်း နဂါးမျိုးပေါင်း (၁၀၂၄) ဖြစ်လေတော့သည်။

ယခုအခါ ရွှေစိုးတွေ့ကြုံရ သော နဂါးခေတ်စီး၊ နဂါး ခေတ်ဝင်၊ နဂါးဆက်တို့ကား မည်သည့်နဂါးမျိုးနွယ်တွင် ပါဝင်ကြောင်းကို ရေရေရာရာ သေသေချာချာ မပြော နိုင်ကြသည်ကိုတွေ့ရ၏။

အထက် ဖော်ပြပါ အချက်အချို့ကို ဖတ်ရှုပြီး မိမိသည် မည်သည့်နဂါးဆက်တွင် ပါဝင်နေကြောင်းကို နဂါးဆက်ရှိသူ နဂါးနွယ်ဝင်သူတို့ လေ့လာထားသင့်သည်ဟု ရွှေစိုး ထင်မိသေးတော့သည်။

■ **နာဂဌာနီ**

သတ္တဝါဟူသမျှ ဘုံဌာနကတော့ ရှိကြရပေမည်။ မိမိတို့မှီတင်းနေထိုင်ရာ အရပ်သည် မိမိတို့၏ဘုံဌာနပင် ဖြစ်၏။ ထို့ကြောင့် ရွှေစိုးတို့စိတ်ဝင်စားလျက်ရှိသော နဂါးတို့၏ဘုံဌာနကို ရှာဖွေကြည့်ကြပါဦးစို့။

နဂါးနှင့်ဆက်နွယ်နေသည်ဟုဆိုသော ရွှေစိုး၏မိတ်ဆွေရှိ၏။ သူတို့ကို ခင်ဗျားတို့ရဲ့နဂါးပြည်ဆိုတာ ဘယ်မှာလဲ မေးကြည့်ရာ ဘောဂဝတီနဂါးပြည်ဟုဆိုကြ၏။ ခင်ဗျားတို့ရဲ့မျိုးနွယ်အမည်က ဘာလဲဟု မေးပြန်လျှင်လည်း ဘောဂဝတီနဂါးမျိုးဟု ဆိုကြလေ့ရှိ၏။ ဘဝခြားကာလကြာ၍ မေ့ကုန်လေဟန်ရှိ၏။ နဂါးဆိုသည်နှင့် သိုက်နှင့်မကင်းသော အကြောင်းတို့ကို ထောက်ပြပြောဆိုကြသလို၊ သိုက်ဟုဆိုသည်နှင့် နဂါးကို သညာပြုပြီး မြေတွင်လှဲကာ လူးလိုက်မည်။ မြူးလိုက်မည်ဆိုသူတွေကိုလည်း တွေ့ဖူး၏။ ရွှေစိုး ယိုးဒယားနိုင်ငံမှာနေစဉ်ကလည်း နဂါးပူးသူများကိုတွေ့ဖူး၏။ မြန်မာတို့ နဂါးပူးကြသကဲ့သို့ လူးလူးလှိမ့်လှိမ့်ပင်။

ရွှေစိုးတွေ့ဖူးကြုံဖူးသောနဂါးဝင်ပူးသူတို့ကို မည်သည့်အရပ်မှလာသည်ကိုမေးတိုင်း ဘောဂဝတီနဂါးပြည်နှင့် သိုက်တို့မှ လာသူချည်းဖြစ်နေသည်ကို တွေ့ကြုံရ၏။ ဘောဂဝတီမှလာလျှင်လာ မဟုတ်လျှင် သိုက်တစ်ခုခုမှလာသူတွေချည်းဖြစ်၏။

နဂါးတို့၏ဌာနီ နဂါးပြည်။

နဂါးတို့၏တိုင်းပြည်ကို ဘောဂဝတီဟုခေါ်ကြပါသည်။ အများသိသော နဂါးပြည်ဖြစ်၏။ စင်စစ် နဂါးပြည် သို့မဟုတ် နဂါးတို့ မှီတင်းနေထိုင်ရာအရပ်မှာ ဘောဂဝတီတစ်နေရာတည်းမဟုတ်ပါ။ ရေရှိရာ၊ တောရှိရာ၊ တောင်ရှိရာ မြေရှိရာအရပ်တိုင်း၌ နဂါးများရှိနိုင်ပါသည်။ နေရာဌာနအရပ်ရပ်မှလာနိုင်ပါသည်။





အင်ဒိုနီးရှားနဂါးရုပ်တုများ



လာအိုနိုင်ငံ မဲခေါင်မြစ်ထဲမှ ဖမ်းဆီးရမိခဲ့သော ရေသတ္တဝါကြီး (နဂါးကြီးလား ငါးကြီးလား)



www.burmeseclassic.com1

www.burmeseclassic.com

ပြည်မသိ ဗာရဏသီဆိုသကဲ့သို့ နာဂဌာနီ အမည်မသိ ဘောဂဝတီဟူ၍များ ဖြစ်နေသလားမသိပါ။

နဂါးတို့သည် အိုင်ကြီးများ သမုဒ္ဒရာကြီးများ၊ ပင်လယ်ကြီးများ၊ တောင်ကြီးများအောက်၌ကျက်စားတတ်ကြောင်း သိရ၏။ မြင်းမိုရ်တောင်ခါးပန်းဘုံနန်း၌လည်းနေကြ၏။

ပါရာဇိကဏ် အဋ္ဌကထာ စတုတ္ထပါရာဇိက တပေါဒဝတ္ထုအဖွင့်၌ နဂါးပြည်တည်ရှိပုံ၊ သာယာပုံတို့ကို အောက်ပါအတိုင်း ဆိုထား၏။

ဝေဘာရတောင်၏အောက်၌မြေနေနဂါးတို့၏ ယူဇနာ(၅၀၀) ရှိသောနဂါးပြည်သည် နတ်ပြည်နှင့်တူ၍ မွေ့လျော်ဖွယ်ရှိသော မြေအပြင်နှင့်အရံဥယျာဉ်တို့ဖြင့် ပြည့်စုံ၏။ ထိုနဂါးတို့၏ပျော်ပါးရာဖြစ်သောရေအိုင်သည် ကြည်သောရေ၊ အေးသောရေ၊ မြိန်မြတ်သောရေ၊ စင်ကြယ်သောရေရှိ၏။ မှော်သေးမှော်ညှိမရှိ၊ ကောင်းမြတ်သောရေဆိပ်ရှိ၏။ မွေ့လျော်ဖွယ်ကိုဖြစ်စေ၏။ လှည်းဘီးဝန်းပမာဏရှိသော ကြာပဒုမ္မာတို့သည် ပွင့်ကုန်၏။ များစွာသော ငါး၊ လိပ်တို့ရှိကုန်၏။ ထိုအိုင်မှထွက်ခဲ့သော တပေါဒါမြစ်သည် နှစ်ခုသောငရဲကြီးတို့ကြားမှစီးခဲ့၍ ရာဇဂြိုဟ်ပြည်ကိုလှည့်လည်၍ စီး၏။

ဝေဘာရတောအောက်ရှိမြေနေနဂါးတို့၏ဌာနီဖြစ်၏။

စတုကနိပါတ် ဒဒ္ဒရဇာတ်၌ ဟိမဝန္တာတော ဒဒ္ဒရတောင်ခြေရင်း၌ မြေနေနဂါးတို့၏ပြည်ရှိကြောင်း တွေ့ရ၏။ ဇိနလင်္ကာရဋီကာ၊ လောကီဒီပနီကျမ်းတို့၌မူ မြင်းမိုရ်တောင်၏အောက်၌သုံးခုသောအထွတ်တို့၏ အလယ်တွင် ပံသုပထဝီရှိ၏။ ပံသုပထဝီအထက်အပြင် ရတနာသဲစု၌ ယူဇနာတစ်သောင်းရှိသော အသုရာပြည်သည်ရှိ၏။ သုံးခုသောအထွတ်မှပင်ပသုံပထဝီထိပ်၌ ရတနာသဲစုဖြင့် ပြည့်၏။ ထိုသဲစုသွားလာသောကာလ၌ ထိုအသုရာနတ်နဂါးတို့၏အာနုဘော်ကြောင့် ရေ၌ ခရီးလမ်းတို့သည်ထင်ကုန်၏။ ထိုရေသည် ယူဇနာရှစ်သောင်းလေးထောင်နက်၏ဟု လာသောကြောင့် မြင်းမိုရ်တောင်ခြေရင်း၌ နဂါးတို့သည် သီဒါရေထဲ၌နေသည်ဟု သိသာသည်။

မြင်းမိုရ်တောင်၏ ငါးလိနိငါးဆင့်အရပ်တွင် ပထမအဆင့်၌ နဂါးအစောင့်အစောင့်တို့ရှိ၏။ ဓမ္မပဒကျမ်းတွင်လည်း အနဝတအိုင်၌ ပဏ္ဏကနဂါးမင်းနေကြောင်း၊ ဂင်္ဂါမြစ်၌ ဘုရားသခင်ကူးတော်မူသောအခါ နဂါးတို့က လှေဖန်ဆင်း၍ပို့ကြောင်း၊ မုစလိန္ဒာအိုင်၌ မုစလိန္ဒာနဂါး၊ ဥရုဏလမြစ်၌ ဥရုဝေလနဂါး၊ ဂယာမြစ်၌ အင်္ဂီဒပုနဂါးနေကြောင်း ကျမ်းကြီးကျမ်းခိုင်တို့၌ အထင်အရှားရှိ၏။

သယ်မိတ္တာထေရီသည် ဗောဓိပင်ကိုဆောင်၍ သမုဒ္ဒရာကို ကူးသောအခါ နဂါးတို့ရေမှနေ၍ မိမိတို့ပြည်သို့ပင့်၍သွားကြောင်း၊ ဧရာပထနဂါးဂင်္ဂါမြစ်ထဲမှပေါ်လာကြောင်း၊ မဏိပဏ္ဏနဂါးရေထဲကပေါ်လာကြောင်း၊ သမုဒ္ဒရာထဲ၌နေသော အရှင်ရာဟုလအလောင်း ပထဝီသန္တရနဂါးမင်းစသည့်အချက်များကြောင့်လည်း ရေနေနဂါးများအမှန်တကယ်ရှိနေကြောင်း သိသာလှ၏။ ဘုရားဟောဖြစ်၍လည်း ယုံကြည်အပ်၏။

နာဂဌာနီနဂါးပြည်များအကြောင်း ရေးရာတွင် ရွှေစိုးတို့လူ့လောက၌ နဂါးယုံကြည်သူတို့နှုတ်ဖျားတွင်စွဲနေသော ဘောဂဝတီနဂါးပြည်ကိုလည်းထည့်သွင်းရေးသင့်ပါသည်။ ထို့ကြောင့် ဘောဂဝတီနဂါးပြည်အကြောင်း ဖတ်ဖူးမှတ်ဖူးသမျှ ရေးလိုပါသေးသည်။

ဘောဂဝတီဟူသည် လောကီသုခအဝဝတို့ဖြင့် ပြည့်စုံပြီး အတုမရှိသော လောကီစည်းစိမ်၊ အတုမရှိသော လောကီတန်ဆာတို့ဖြင့် ဝေဖြာတင့်တယ်ကာ ပြည်သူပြည်သားတို့စိတ်၌ တောင့်တသောလောကီသုခဟူသမျှ မဆိုင်းမတွရစေနိုင်သော တိုင်းပြည်ကိုခေါ်ခြင်း ဖြစ်၏။

ရွှေစိုးတို့၏အနန္တကျေးဇူးတော်ရှင်မြတ်ဗုဒ္ဓသခင်သည် ဝိဓုရပညာရှိဘဝဖြင့် ပါရမီတော်ဖြည့်ဆည်းစဉ်အခါက ဝရုဏနဂါးမင်းကြီး ပိုင်သသော နဂါးပြည်ဘောဂဝတီနဂါးပြည် ဖြစ်၏။ ထိုဝရုဏနဂါးမင်းကြီး၏ဘောဂဝတီနဂါးပြည်၏ သာယာပုံကို ဝေဿဝဏ်နတ်မင်းကြီး၏တူတော် ပုဏ္ဏကနတ်ဘီလူးကြီး ဦးရီးတော်ဖြစ်သူ ဝေဿဝဏ်နတ်မင်းကြီးအား လျှောက်ထားချက်ကို ကောက်နုတ်ဖော်ပြပါမည်။

"ဦးရီးတော်မင်းကြီး၊ ဝရုဏနဂါးမင်း၏ပြည်၌ စည်းစိမ်ရှိသောကြောင့် ဘောဂဝတီအမည်ရှိ၏။ မြို့တံတိုင်းသည် ရွှေအတိပြီးသောကြောင့်လည်း ဟိရညဝတီအမည်ရှိ၏။ ထိုဟိရညဝတီအမည်ရှိသော နဂါးပြည်၌ ရွှေစင်အတိဖြင့် ဖန်ဆင်းစီရင်အပ်၏။ ပတ္တမြားနီ၊ ပတ္တမြားပြောက်တို့ကို အုတ်သင်္ကန်းလုပ်၍ ပစ္စင်၊ ရင်တားပြုကုန်၏။ နန်းပြာသာဒ်တို့၌လည်း တိုင်၊ အခင်း၊ အကာတို့သည် ပတ္တမြားအတိပြီးကုန်၏။ အမိုးကား ရွှေနှင့် ငွေကိုသာ မိုးကုန်၏။

ထိုမြို့၏ထက်ဝန်းကျင်၌ -

၁။ အမ္ဗဟုဆိုအပ်သောသရက်ပင်၊
၂။ တိလကဟုဆိုအပ်သော ပြည့်စင်ပင်၊
၃။ ဇမ္ဗူဟုဆိုအပ်သော သပြေပင်၊
၄။ သတ္တပဏ္ဏိ စရည်းပင်၊
၅။ မုစလိန္ဒ ကျည်းပင်၊
၆။ ကေတက ဆတ်သွားပင်၊
၇။ ပိယင်္ဂု သျှစ်သျှားပင်၊
၈။ ဥဒ္ဒါလက ငုပင်၊
၉။ သဟာကာရ သရက်ဖြူပင်၊
၁၀။ ဥပရိဘဒ္ဒ ငုဖြူပင်၊
၁၁။ သိန္ဓုဝါရိတ ရေအုပ်နဲပင်၊
၁၂။ ဓမ္မေယျ စံကားပင်၊
၁၃။ နာဂ ကံ့ကော်ပင်၊
၁၄။ မလ္လိကာ ကြက်ရုံးပင်၊
၁၅။ ဘဂိနိမာလာ ဆင်နှာမောင်းပင်၊
၁၆။ ကောလိယ ကလောပင်

ဤသစ်ပင်တို့သည် ရွှေဖြင့်ပြီးသောအပွင့်တို့ဖြင့် အခါခပ်သိမ်းပွင့်ကုန်လျက် အခက်ချင်းယှဉ်၍ ကိုင်းညွတ်ကုန်သဖြင့် အလွန်တင့်တယ်ကုန်၏။ ခဇ္ဇူရီဟုဆိုအပ်သော သင်ပေါင်းပင်တို့သည်လည်း ပတ္တမြားညိုအတိပြီးကုန်လျက် ရွှေပွင့်တို့ဖြင့်ပွင့်ကုန်၏။

ထိုနဂါးပြည်၌ ပဋိသန္ဓေအားဖြင့် ဥပပါတ်ဖြစ်သော ဝရုဏနဂါးမင်းသည် အစိုးရသောအားဖြင့်နေ၏။

အထက်ဖော်ပြချက်မှာ ဘောဂဝတီအညွှန်းပင်ဖြစ်၏။

■ **နဂါးနှင့်မြန်မာ**

နဂါးနှင့် ရွှေစိုးတို့မြန်မာလူမျိုးတို့ကလည်း မကင်းရာမကင်းကြောင်းပင်။ မြန်မာတို့တွင် အလွန်တန်ခိုးကြီးမားထင်ရှားသော ဆံတော်ရှင်စေတီတော်များဖြစ်တော်မူကြသည့် ကျိုက်ထီးရိုး၊ ဇင်းကျိုက်ကေလာသ၊ ဖွဲကပင်၊ မဲလံ၊ မော်တင်စွန်း၊ ရွှေစက်တော်တို့မှ အစပြု၍ မြန်မာနိုင်ငံရှိ ဆံတော်ရှင်စေတီတော်၊ ဓာတုစေတီတော်အတော်များများ နဂါးနှင့် လူသားတို့မှအစပြု၍ အကြောင်းတည်ကြသည်ကို လေ့လာတွေ့ရှိရ၏။

မြန်မာတို့၏ ပုဂံရာဇဝင်၌လည်း ပျူစောထီးနန်းတက်သောကာလ မယ်တော်နဂါးမက ရန်သူတို့ကို နှိမ်နင်း



www.burmeseclassic.com

www.burmeseclassic.com

နိုင်သော နဂါးလုလင် (၁၈၀) ပေးနှင်းကြောင်း၊ ထိုနဂါးလုလင် (၁၈၀)တို့သည် မင်းကြီးထွက်တော်မူသည့်အခါ လှေကားတို့၌ အမြဲစောင့်ရှောက်ကြရကြောင်း၊ ထိုနဂါးလုလင်တို့သည် ဂဠုန်ရန်တို့ကာကွယ်ရန် မိမိတို့၏သျှောင်ကို ကျော့ကွင်းသဏ္ဌာန်ကွင်းထုံးပြီး ကြိမ်လုံးစွဲကိုင်လျက် စောင့်ကြရကြောင်း ဖတ်ရဖူးပါသည်။

## ■ နဂါးတို့သည် ပါရမီရှိသော တိရစ္ဆာန်ဖြစ်သည်

နဂါးတို့သည် တိရစ္ဆာန်မျိုးနွယ်ဖြစ်သည်။ သို့သော် ထူးခြားသော တိရစ္ဆာန်များ ဖြစ်၏။ သူတို့သည် ပါရမီအရ ထူးခြားသောဘဝအဆင့်သို့ လျင်စွာကူးပြောင်းနိုင်သော အခွင့်အလမ်းကို ရရှိနိုင်ကြသည်။ ထူးခြားသော ပါရမီမှာ သရဏဂုံသီလခံယူဆောက်တည်နိုင်သော အခွင့်အရေးပင် ဖြစ်၏။

နဂါးသည် တိရစ္ဆာန်ဖြစ်သော်လည်း ဒုဂ္ဂတိဟိတ်တို့တွင် စည်းစိမ်ရှိသဖြင့် ဒါနမှုကို ဆောင်ရွက်နိုင်သော သတ္တဝါတို့တွင် ပါဝင်၏။ မြတ်စွာဘုရားသခင်အရှင်မြတ်ကိုယ်တော်တိုင် နဂါးတို့အား သရဏဂုံပဉ္စသီလပေးတော်မူဖူးကြောင်း ကျမ်းဂန်အထောက်အထားများရှိ၏။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ (၅၅၀)သောဖြစ်တော်ပေါင်းတို့တွင် နဂါးဘဝ၌ သုံးကြိမ်ဖြစ်တော်မူခဲ့ဖူး၏။ ဘုရားဖြစ်တော်မူခါနီး အရင့်အမာဘဝတွင် ဘုရားအလောင်းတော်သည် ဘူရိဒတ်နဂါးမင်းဘဝသို့ရောက်ခဲ့ပေသည်။ ဘူရိဒတ်နဂါးမင်းဘဝတွင် ဒါနပါရမီ၊ သီလပါရမီ၊ ခန္တီပါရမီအစရှိသော ပါရမီတော်များကို အမြင့်ဆုံးအမြတ်ဆုံးဆင့်ဖြင့် အသက်စွန့်ကာ ဖြည့်ဆည်းတော်မူခဲ့ပေသည်။

ကျေးဇူးတော်ရှင်ဗုဒ္ဓမြတ်စွာဘုရားသခင်ပွင့်တော်မူပြီးကာလ၌လည်း ဗုဒ္ဓသာသနာတော်မြတ်ကိုကြည်ညိုပြီး သရဏဂုံသီလခံယူဆောက်တည်ကာ ဘုရားရှင်အမှူးရှိတော်မူသော ရတနာမြတ်တို့၏ ဥပါသကာ၊ ဥပါသိကာကြီးများဖြစ်တော်မူခဲ့သော နဂါးပါရမီရှင်များလည်း အထင်အရှားပင်ရှိခဲ့ကြ၏။ ယနေ့တိုင်ပင် ဗုဒ္ဓသာသနာတော်၏ သင်္ကေတများ၊ စေတီတော်များ၊ ဗုဒ္ဓဝင်အကြောင်းအရာများ၌ နဂါးနတ်မျိုးနွယ်တို့ အထင်ကရ ပါဝင်နေကြသည်ကို လေ့လာတွေ့ရှိရ၏။

ဤစကြဝဠာလောကကြီးထဲတွင် နတ်နဂါးတို့ရှိနေကြပြီး ဗုဒ္ဓသာသနာတော်နှင့် မကင်းကြသည်ကို ဗုဒ္ဓဂေါတမရှင်တော်မြတ်ကြီး ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည်ကို မဟာသမယသုတ်တော်မြတ်၌လည်း နဂါးမျိုးနွယ်တို့ကို အောက်ပါအတိုင်း အထင်အရှား လေ့လာမှတ်သားရပါသေး၏။

အထာဂုံ နာဂသာ နာဂါ
ဝေသာလာ သဟတစ္ဆကာ၊
ကမ္ဗလဿတရာ အာဂုံ၊
ပါယာဂါသဟ ဉာတိဘိ၊
ယမုနာ ဓတရဋ္ဌာစ
အာဂူနာဂါ ယသဿိနော။

နာဂသအိုင်၌နေကုန်သော နဂါးတို့သည်လည်းကောင်း၊ ဝေသာလအိုင်၌နေကုန်သောနဂါးတို့သည်လည်းကောင်း၊ မြင်းမိုရ်တောင်ခြေရင်း၌ နေကုန်သော ကမ္ဗလမည်သော နဂါးမင်း၊ အဿတရနဂါးမင်းတို့သည်လည်းကောင်း၊ ပါယာဂဆိပ်၌နေကုန်သော နဂါးတို့သည်လည်းကောင်း၊ ယမုနာမြစ်၌နေကုန်သောနဂါးတို့သည်လည်းကောင်း၊ ဓတရဋ္ဌအမျိုးအနွယ်ဖြစ်ကုန်သော များသော အခြံအရံရှိသည့်နဂါးတို့သည်လည်းကောင်း လာရောက်ကြကုန်ပြီ ဟူ၍ (၅၀၀) သောရဟန္တာအရှင်မြတ်တို့အား မဟာသမယအခါတော်၌ ဗုဒ္ဓရှင်တော်မြတ်ကြီးကမိန့်တော်မူခဲ့ပေသည်။ ဗုဒ္ဓရှင်တော်မြတ်ကြီး၏ ဂုဏ်တော်ကို ကြည်ညိုသူတိုင်း နဂါးရှိကြောင်း လက်ခံကြရပေမည်။

## ■ နတ်နဂါးများနှင့်ဆက်သွယ်ဆက်ဆံခြင်း

ကောင်းမြတ်သော စိတ်နှလုံးဖြင့် အဆွေခင်ပွန်းဖွဲ့ခြင်းဖြင့် ကောင်းမြတ်သောအဆွေခင်ပွန်းကောင်းတို့ တိုးပွားစေရာ၏။ ကောင်းမြတ်သောအဆွေခင်ပွန်းဖွဲ့နည်းကား မေတ္တာစေတနာထားရှိခြင်းပင် ဖြစ်၏။ အလွယ်ကူဆုံးသော လုပ်ထုံးကား မေတ္တာပို့သခြင်းနှင့် မိမိပြုသမျှကုသိုလ်ကောင်းမှုတို့၏ အဖို့ဘာဂကိုမျှဝေခြင်းပင် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် အသိအမှတ်ပြုတော်မူပြီး ဗုဒ္ဓသာသနာတော်နှင့်ဆက်ဆံပတ်သက်လျက်ရှိကြသော နတ်နဂါးကြီးတို့အား ယုံယုံကြည်ကြည်ဖြင့်မေတ္တာပို့သအမျှပေးဝေကာ အဆွေခင်ပွန်းဖွဲ့သင့်သည်ဟု ရွေစိုး ယူဆပါသည်။ ဤသို့အဆွေခင်ပွန်းဖွဲ့သဖြင့် အဆွေခင်ပွန်းကောင်းဖြစ်လာသောအခါ နတ်နဂါးကြီးတို့ကလည်း အဆွေခင်ပွန်းကောင်းတို့ထံ မေတ္တာပို့သအမျှပေးဝေခြင်းတုံ့ပြန်လာမည်မှာ အမှန်ဖြစ်၏။ ထိုအခါမှ အဆွေခင်ပွန်းနတ်နဂါးကြီးများနှင့်တွဲဖက်ကာ သာသနာရေး၊ လူမှုရေးများကို ပိုမိုထိရောက်စွာ ဆောင်ရွက်ကြရမည် ဖြစ်၏။ဤအချက်ကို ဖော်ထုတ်ကာ သာသနာပြုလုပ်ငန်း၊ လူမှုစီးပွားရေးလုပ်ငန်း၌ အောင်မြင်နေကြသူများလည်း မနည်းတော့ပါ။

ထို့ကြောင့် ဤအရာ၌ အတွေ့အကြုံနုသေးသူများ၊ စိမ်းနေသူများအတွက် ရည်စူး၍ နည်းကောင်းလေးတစ်ခုတော့ အကြံပြုလိုပါသည်။ နတ်နဂါးမင်းတို့အား အထူးမေတ္တာပို့ခြင်းနှင့် မေတ္တာခံယူခြင်းနည်းကောင်းလေးတစ်ခု ဖြစ်ပါသည်။

ဝိရူပက္ခနတ်မင်းကြီးအား အမှူးထား၍ သုမနနဂါးမင်း၊ သုမနစလနဂါးမင်း၊ အရဝဋနဂါးမင်း၊ ဧရကပတ္တနဂါးမင်း၊ စမ္ပေယျနဂါးမင်း၊ မုစလိန္ဒနဂါးမင်း၊ နဂါးတို့ကို အစိုးရသော ကမ္ဗလနဂါးမင်း၊ ကာလနဂါးမင်း၊ မဟာကာဠနဂါးမင်း၊ သင်္ခပါလနဂါးမင်း၊ မဟောဒရနဂါးမင်း၊ မဏိကဏ္ဌနဂါးမင်း၊ မဏိအက္ခိနဂါးမင်း၊ နန္ဒနဂါးမင်း၊ စိတြနဂါးမင်း၊ မဟာဂိရနဂါးမင်း၊ ဆဗျာပုတ္တနဂါးမင်း၊ ဝါသုကီနဂါးမင်း၊ ကဏှာဂေါတမနဂါးမင်း၊ အဂ္ဂိသိခနဂါးမင်း၊ စူမသိခနဂါးမင်း၊ စုဋ္ဌောဒနဂါးမင်း၊ ဧရာပထ စသောနဂါးမင်းများနှင့်တကွ ဤစကြဝဠာအတွင်း ရှိရှိသမျှသော နတ်နဂါးအပေါင်း၊ နဂါးအပေါင်း၊ နဂါးမျိုးနွယ်အပေါင်းတို့အား ကျွန်ုပ်ပြုပြီးသမျှသော ကုသိုလ်ကောင်းမှုအစုစုတို့၏အဖို့ဘာဂကို အမျှပေးဝေပါသည်။ အားလုံးသာဓုအနုမောဒနာကောင်းစွာခေါ်ကြပြီး အမျှကိုယ်စီရှိကြပါစေကုန်သော် အမျှ အမျှ အမျှယူတော်မူကြပါကုန်လော။

ထို့နောက် -

သင်တို့က ပို့သသော မေတ္တာပေးဝေသောကုသိုလ်၊ ချီးမြှင့်မှုအစုစုတို့ကိုလည်း ကျွန်ုပ်က သာဓုခေါ်ကာခံယူပါ၏။ သာဓု သာဓု သာဓုဟု တစ်ဖန်ခံယူပါသည်။

လူနှင့် နဂါးမေတ္တာပွားပြီး သစ္စာထားကာ လောကီအကျိုး၊ လောကုတ္တရာအကျိုးတို့ကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီကြခြင်းဖြင့် အောင်မြင်နိုင်ကြပါစေ။

ရွေစိုး



www.burmeseclassic.com1

www.burmeseclassic.com



# ၄၅ (တာချီလိတ်)

# အိပ်မက်ထဲမှတိန်းချောင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့မှ ရှမ်းပြည်တောင်ပိုင်း နမ့်စန်မြို့သို့ ခေတ္တအလည်ရောက်ရှိနေသည့် မမနှင့် သမီးနှင်းကေခိုင်တို့သည် တိန်းချောင်း သဘာဝတရားရိပ်သာသို့ သွားရောက်လည်ပတ်ခဲ့ကြသည်။

နမ့်စန်မြို့မှ တာချီလိတ်သွားကားလမ်းမကြီးဘေးတွင်ရှိသည့် တိန်းချောင်း သဘာဝတရားရိပ်သာသည် မြို့နှင့် (၇) မိုင်ခန့်ဝေးသည်။ တိန်းချောင်းအားဖြတ်လျက် တံတားသစ်ကြီးမှာလည်းဆောက်လုပ်ပြီးစီးခါစဖြစ်သည်။

မမတို့နှစ်ယောက် ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ကြသည်။တိန်းချောင်းရေပြင်သည် ကြည်စိမ်းနေသည်။ ရေချိုးဆိပ် အဆောက်အအုံများအား လှလှပပ ဆောက်လုပ်ထားသည်။ တကယ့် နွားလှည်းပမာ လှည်းယဉ်ကလေးလည်းရှိသည်။ သမီးက ဖုန်းကင်မရာဖြင့်ရိုက်လို့မဆုံး။

မျှော်စင်ပေါ်တက်၍ ရှုခင်းများအားကြည့်၍မဝပေ။ အဝေးဆီကို လှမ်းမျှော်ကြည့်လို့မဝပေ။ တိန်းချောင်းရေပြင်၊ တံတားနှင့် တံတားမှကွေ့ပတ်တက်၍သွားသော် နမ့်မော်ခေါက်ဆင့်ရွာလေးအား လှမ်းမြင်ရလေသည်။

မျှော်စင်မှအဆင်းတွင် ရေကူးကန် (၂) ကန်အား တွေ့ရသည်။ လူကြီးရေကူးကန်နှင့် ကလေးရေကူးကန်တို့ဖြစ်သည်။

ဘုရားရုပ်ပွားတော်မြတ်စံပယ်ရာ အဆောက်အအုံသည် တိန်းချောင်းရေပြင်အား မျက်နှာမူလျက်ရှိသည်။

တရားရိပ်သာဘန်ဂလိုလေးများမှာ စီတန်းလျက် ချောင်းသာမှဘန်ဂလိုလေးများပမာ လှပလေသည်။ ဆက်ဖီးဆွဲနေသည့်သမီးဖြစ်သူအားထားခဲ့ပြီး တဝေါဝေါရေသံကြားရာဆီသို့ မမကဆက်လျှောက်ခဲ့သည်။

အရှိန်ပြင်းပြင်းဖြင့် စီးဆင်းနေသည့်တိန်းချောင်းရေသည် ကျောက်တုံး၊ ကျောက်ဆောင်များကြားမှ တဝေါဝေါ အသံများဖြစ်ပေါ်လျက်ရှိသည်။ ရေအဟုန်ပြင်းပြင်းစီးဆင်းနေသည့်ဘက်သို့ မမလှမ်းမျှော်ကြည့်မိသည်။ ကျောက်လှေကားထစ်လေး(၃)ဆင့်မှ ဖြည်းဖြည်းချင်းဆင်းလာပြီး ချောင်းရေပြင်အား လှမ်းကြည့်မိသည်နှင့် မမအား အံ့သြတုန်လှုပ်သွားစေခဲ့သည်။

ယခုမြင်ကွင်းနှင့်ထပ်တူညီစွာသော မြင်ကွင်းတစ်ခုအား လွန်ခဲ့သည့် (၁၀) နှစ်ကျော်ခန့်က အိပ်မက်ထဲတွင်မြင်ဖူးခဲ့ပါလားဟု မမချက်ချင်းသိလိုက်သည်။ နေရောင်ပျောက်၍ ညနေမှောင်ပျိုးအချိန်လည်းဖြစ်ပြန် တရားရိပ်သာနှင့်ခပ်လှမ်းလှမ်းသို့ရောက်ရှိနေသဖြင့် လူသူတိတ်ဆိတ်နေလေရာ မမစိတ်ထဲတွင် အကြောက်တရားများ စိုးမိုးလာလေသည်။

သမီးဖြစ်သူအား ပြန်ရန်လောဆော်လိုက်မိသည်။ သမီးမှာ ဖုန်းဖြင့် ရေချောင်းအားနောက်ခံထား၍ မပြီးနိုင်မစီးနိုင်အထပ်ထပ်ရိုက်နေလေသည်။ F.B ပေါ်တင်တော့ဖြင့် တစ်ပုံ၊ နှစ်ပုံ။ ရိုက်လိုက်တော့ ပုံတစ်ရာဆိုသလို သမီး၏ဖုန်းအား ယခုအချိန်မှာဖြင့် မမငြူစူမိပေသည်။

ရေစီးသန်သန်ဖြင့် စီးဆင်းနေသည့်တိန်းချောင်းရေပြင်အားကြည့်ပြီး၊ မမကြောက်လန့်နေခြင်းကို သမီးကမသိပေ။

မမအတွက်ဖြင့်မူ ထိတ်လန့်အံ့သြပြီး အကြောက်တရားက စိုးမိုးစေရန် အကြောင်းကလည်းရှိခဲ့ပေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com1

www.burmeseclassic.com

လွန်ခဲ့သည့် ၂၀၀၄ခုနှစ်က နမ့်စန်လေတပ်စခန်းဌာနချုပ် A.5 လေယာဉ်အုပ်တွင် တာဝန်ထမ်းဆောင်ရင် မမ၏ခင်ပွန်းသည် ကွယ်လွန်ခဲ့လေသည်။

နယ်တပ်လည်းဖြစ်၍ သမီးဖြစ်သူ (၁၀)တန်းဖြေပြီးရန်လည်း စောင့်ဆိုင်းရင်း တပ်ထဲမှာပင် ဆက်လက်နေထိုင်ခဲ့သည်။

သမီး (၁၀) တန်းဖြေပြီးသည်နှင့် အမျိုးများရှိရာ တာချီလိတ်သို့သွားမည်ဖြစ်သည်။ထိုအတောအတွင်း မသယ်နိုင်သည့် အိမ်ထောင်ပရိဘောဂများအား တဖြည်းဖြည်းထုတ်ရောင်းနေခဲ့သည်။

မမတို့လေယာဉ်အုပ်မှ ဇံမင်းနိုင်ဆိုသည့်ကောင်လေးသည် မမအိမ်သို့ ရောက်ရှိလာခဲ့သည်။ ဇံမင်းနိုင်သည် ရန်ကုန်တွင် မင်္ဂလာဆောင်ပြီးစ ပူပူနွေးနွေးပင်ရှိသေးသည်။ ဇံမင်းနိုင်၏ကောင်မလေးမှာ ရန်ကုန်မှဖြစ်ပြီး ကုမ္ပဏီတစ်ခုတွင်အလုပ်လုပ်ရာ သူနှင့်မလိုက်လာနိုင်ပေ။ နောက်မှ ဇံမင်းနိုင်က ရန်ကုန်လေတပ်စခန်းသို့ ပြောင်းရွှေ့မည်ဖြစ်သည်။

ယခု ဇံမင်းနိုင် မမအိမ်သို့လာခြင်းမှာ ရန်ကုန်မှသူ့ကောင်မလေးလာမည်ဖြစ်၍ မမဆီသို့ ခုတင်လာကြည့်ခြင်းဖြစ်သည်။ ကောင်မလေးက ခွင့်ရက်ရသမျှ ခေတ္တနေထိုင်ပြီး ပြန်ရမည်ဖြစ်သည်။

"ခုတင်က (၃) လုံးရှိတယ်။ အဲဒီဘုရားခန်းထဲက ဇေယျာမျိုးခုတင်၊ ဒီဘက်အခန်းက ဖူးကေခိုင်နဲ့ နှင်းကေခိုင်တို့ ညီအစ်မအိပ်တဲ့ခုတင်။ ငါတို့လင်မယားအိပ်တဲ့ခုတင်ကိုတော့ မယူနဲ့"

ဟု မမကပြောသည်။

မမနှင့် ခင်ပွန်းသည်အိပ်သည့်ခုတင်အား မယူစေခြင်းမှာ ခင်ပွန်းသည်သေဆုံးထားသဖြင့် ညားခါစလင်မယားအား မအိပ်စေလိုခြင်း ဖြစ်သည်။

"အန်တီတို့အိပ်တဲ့ခုတင်ကိုပဲကြိုက်တယ်။ အဲဒါပဲယူမယ်"

"ဟဲ့ - အဲဒါမယူကောင်းဘူး။ နင်တို့က ညားခါစလေ။ မင်္ဂလာယူရမှာလေ။ နောက်ပြီး အဲဒီခုတင်က မမော်ယူမယ်လို့ပြောပြီးသား။ ငါပြောတာ နားထောင် ဇံမင်းနိုင်ရဲ့"

"ဟာ-အန်တီကလည်းအဲဒီခုတင်ကိုပဲယူမယ်။ ကျွန်တော့်ဆရာအိပ်တဲ့ခုတင် ဘာကြောက်စရာရှိလို့လဲ။ အယူမသီးပါဘူးဗျာ"

ဘယ်လိုမှကို ပြောမရဆိုမရဖြင့် ဇံမင်းနိုင်သည် ခုတင်အားဖွတ်ယူသွားလေသည်။ နောက်ပြီးတော့ အဲဒီနေ့ကတောင်ပြောမြောက်ပြောနှင့် ရေပက်မဝင်အောင် စကားတွေအကြာကြီးပြောသွားလေသည်။

နောက်ရက်တွင် ရန်ကုန်မှတပ်လေယာဉ်ကြုံဖြင့် ဇံမင်းနိုင်၏ ကောင်မလေးပါလာသည်ဟု ကြားရသည်။

နောက်သုံးလေးရက်အကြာတွင် A.5 အုပ်မှတိန်းချောင်းဘုန်းကြီးကျောင်းသို့ အလှူလုပ်ရာ အုပ်မှူးနှင့်တကွ မိသားစုဝင်များ ကားဖြင့်သွားကြလေသည်။

မမမှာ တိန်းချောင်းဘုန်းကြီးကျောင်းသို့မရောက်ဘူးသဖြင့် လိုက်လိုလှသော်လည်း အကြောင်းတစ်ခုကြောင့် မလိုက်ဖြစ်ခဲ့ပေ။

ဇံမင်းနိုင်တို့ညားခါစလင်မယားလည်းပါသွားလေသည်။

မမ တိန်းချောင်းအလှူသို့ လိုက်မသွားရသဖြင့်စိတ်မကောင်း။ အကြောင်းကိစ္စရှိသဖြင့်သာ မလိုက်ခဲ့ရပေ။

ထိုနေ့ နေ့လယ်ပိုင်းအလုပ်ကိစ္စပြီးသည်နှင့် အိပ်ခန်းထဲခဏဝင်လှဲနေမိသည်။ မှေးမှေးမှေးမှေးနှင့်ရှိသေး။ လိုင်းခန်းအပြင်ဘက် လမ်းပေါ်တွင် ရုတ်ရုတ်သဲသဲအသံများကြားရလေသည်။

မမလည်း အိပ်ခန်းထဲမှပြေးထွက်ပြီး လမ်းပေါ်မိန်းမများစုဝေးရာသို့အရောက်-

"ဇံမင်းနိုင် ဇံမင်းနိုင် ရေနစ်လို့"

ဟု ဆီးပြောကြသည်။

တိန်းချောင်းဘုန်းကြီးကျောင်းအလှူသို့လိုက်ပါသွားသည့် ဆရာမြင့်ဦးကတော် မချိုချိုအောင်အား မေးကြည့်ရသည်။

"အေးဟယ် - ငါတို့မိန်းမတွေက အလှူပြီးတာနဲ့ ပြန်ဖို့ ကားပေါ်တက်ကြတော့ ယောကျ်ားတွေက တိန်းချောင်းထဲရေကူးဦးမယ်ဆိုပြီး ကျန်ရစ်ခဲ့ကြတာ။ သူတို့က ဆိုင်ကယ်တွေနဲ့ပြန်ခဲ့ကြမယ်ဆိုပြီးတော့လေ ဇံမင်းနိုင်ဆို တာ့တာတွေလုပ်၊ လက်တွေပြပြီးကျန်ရစ်တာ။ ငါတို့လည်း အိမ်ပြန်ရောက်ခါစရှိသေး ဆရာမြတို့ ဆိုင်ကယ်နဲ့ ရောက်လာတာပဲ။ ဇံမင်းနိုင် ရေနစ်လို့ရှာမရဘူး။ အဲဒါ သူ့ခေါင်းအုံးလာယူတာ။ သူ့ကောင်မလေးကို ဘယ်လိုပြောရမှန်းမသိဘူးတဲ့"

မြန်မာအယူအဆအရ ရေနစ်သူအား ရှာမတွေ့လျှင် သူ့ခေါင်းအုံးအား ရေထဲပစ်လျှင်ရှာရလေသည်။အလောင်းရှိသည့်နေရာတွင်ခေါင်းအုံးရပ်လေသည်တဲ့။

"သူများခေါင်းအုံးငှားထားတာ ပြန်ပေးရမယ်လို့ ကောင်မလေးကိုပြောပြီးတော့အိပ်ခန်းထဲဝင်ယူသွားတယ်။ အလောင်းတွေ့မှာပဲ ဖွင့်ပြောရမှာပေါ့"

မမလည်း ရင်တွေတုန်ကာ တအံ့တသြထိတ်လန့်နေမိသည်။

ဇံမင်းနိုင်သေသည့်အတွက် ဝမ်းနည်းထိတ်လန့်ရသည်ကတစ်မျိုး၊ ညားခါစ သူ့ဇနီးနေရာမှခံစားပြီး သနားရသည်က တစ်မျိုးဖြစ်သည်။

"ကောင်မလေးတော့ ဘယ်လောက်ခံစားရမလဲ ဒုက္ခပါပဲနော်"

ညနေတွင် ဇံမင်းနိုင်၏အလောင်းအား ရှာဖွေတွေ့ရှိ၍ စစ်ဆေးရုံရေခဲတိုက်သို့ ပို့လေသည်။

စကားသွက်သွက်၊ မျက်နှာချိုချို၊ အရပ်မြင့်မြင့်နှင့်ဇံမင်းနိုင်အား မျက်စိထဲမြင်ယောင်နေမိသည်။ ဇံမင်းနိုင်၏ ပူပူနွေးနွေးဇနီးသည်လေးမှာလည်း ဖြူဖြူချောချောလေးဖြစ်သည်။

ညားခါစလေးရယ်လို့လည်း သေမင်းကမညှာတာ၊ သူ့ဟာနှင့်သူပါလာပြီးသား။ ဘယ်နေ့၊ ဘယ်ရက်၊ ဘာဖြစ်မည်ဆိုတဲ့ရေးပြီးသား ဒိုင်ယာရီဟောင်းတစ်အုပ်ဟာ ဘဝပါလားလို့ မမ တွေးမိပါသည်။

ဇံမင်းနိုင်၏ ရုပ်အလောင်းအား မီးသဂြိုဟ်လေသည်။ ရုပ်အလောင်းပေါ်သို့ ဓာတ်ဆီများလောင်းချနေသည်ကို ကြည့်ပြီး -

"ဩော် ဟိုတစ်နေ့က ငါ့ဆီကိုလာပြီး ခုတင်ဝယ်တုန်းက စကားတွေဖောင်အောင်ပြောသွားတဲ့ကောင်လေး။အန်တီဆရာမရှိလို့ ဘာမှမပူနဲ့၊ဘာမှအားမငယ်နဲ့။ ကျွန်တော်ရှိတယ်လို့အားပေးသွားတဲ့ကောင်လေး။ ခုတော့ မင်းဆရာနောက်ကို လိုက်သွားပြီပေါ့။ မင်းမျက်နှာလှလှလေးပေါ်ကို ဓာတ်ဆီတွေလောင်းချနေပါပေါ့လား ဘုရား. . . ဘုရား"

ဟု သံဝေဂရနေမိသည်။

သံဝေဂအတွေးများဖြင့် လည်းငေးကြည့်နေမိသည်။ နေကပူပူ၊ မီးတောက်ပြင်းပြင်းတွေကြားက ကောင်လေးရေ သွားနှင့်ပေတော့ဟု တီးတိုးနှုတ်ဆက်နေမိသည်။

ဇံမင်းနိုင်၏ မိဘနှစ်ပါးလည်း လိုက်လာကြသည်။ ရက်လည်နေ့တွင် မမသွားရောက်လုပ်ကိုင်ကူရင်း ဖေးဖေး မမ နှစ်သိမ့်စကားဆိုရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဇနီးမယားအပူထက် မိဘ၏အပူကိုလည်း စာနာသနားမိသဖြင့် အိုကြီးအိုမ ဇမ်းနိုင်၏အဖေနှင့် အမေအား တတ်နိုင်သလောက် အားပေးကူညီရသည်။ သားသမီးသေလို့ပူရသည့် မိဘအပူသည် မည်သည့်အပူနှင့်မျှ မတူနိုင်ပေဘူး။

ရက်လည်မှာ ထုံးစံအတိုင်း တစ်တပ်လုံးအားဖိတ်၍ အလှူအတန်းလုပ်၊ အမျှအတန်းဝေပြီးလေပြီ။ ကုသိုလ်အဖို့အား ဇမ်းနိုင်ရ၊ မရကိုကား မသိနိုင်လေပြီ။

A-5 အုပ်မှူးမှလည်း တိန်းချောင်းဘုန်းကြီးကျောင်းသို့ သင်္ကန်းများသွားရောက်လှူဒါန်းပြီး ဇမ်းနိုင်အား အမျှအတန်းဝေလေသည်။

မမ၏ခင်ပွန်းသည်နှင့် ဇမ်းနိုင်မှာ လပိုင်းမျှသာခြားနား၍ သေဆုံးခဲ့ခြင်းဖြစ်သည်။

တစ်ညတွင် မမ အိပ်မက်မြင်မက်လေသည်။

ချောင်းလိုလို၊ မြစ်လိုလိုကမ်းပါးတွင်ရပ်၍ မမငေးနေသည်။ ရေပြင်ဘက်သို့ငေးကြည့်နေရာမှ လှေကားလိုလို၊ ကျောက်တုံးကျောက်ခဲများပေါ်မှ တရွေ့ရွေ့ဆင်းလာခဲ့သည်။ ရေပြင်သို့ကြည့်လိုက်ရာ သင်္ကန်းဝတ်ဖြင့် ဇမ်းနိုင်အား ရေထဲတွင် ပေါ်လောကြီးတွေ့ရလေသည်။

မမသည် ခြေစုံရပ်၍ အချိန်အတော်ကြာအောင် ပက်လက်ရေပေါ်ပေါ်လောပေါ်နေသည့်သင်္ကန်းပတ်ထားသော ဇမ်းနိုင်အား ငေးကြည့်နေမိသည်။

မမ ဖျတ်ခနဲ လန့်နိုးလာသောအခါ -

"ဩော် ဇမ်းနိုင် သင်္ကန်းအလှူကို ရသွားပေပြီ"

ဟု ဝမ်းသာမိပါသည်။

မမမှာ တိန်းချောင်းဘုန်းကြီးကျောင်းသို့လည်း မရောက်ဘူးသဖြင့် တိန်းချောင်းမှာ အိပ်မက်ထဲကလိုပဲလားဟု မသိပေ။

အိပ်မက်ထဲကလိုအပြင်မှာတကယ်ပဲ တစ်ထပ်တည်းလားဟုသိချင်မိသော်လည်း တာချီလိတ်သို့ ပြောင်းရွှေ့ခဲ့ရသဖြင့် တိန်းချောင်းသို့လည်း မရောက်ဘူးတော့ပေ။

ဇမ်းနိုင်သည် သင်္ကန်းအလှူကိုတော့ ရသွားပါရဲ့။ ဒါပေမယ့် မမကို စကားမပြောခဲ့ပေ။ တာချီလိတ်သို့မသွား



ခင် သတိရတိုင်း စိတ်မကောင်းဖြစ်ရသည်။

ဒီဘဝမှာ ရေနစ်သေဆုံးခဲ့ခြင်းသည် ပြီးဆုံးသွားခဲ့ပြီ။ နောက်ဘဝအတွက် ပူပန်ပေးနေမိခြင်းဖြစ်သည်။

သတိရသည့်ခဏ အခိုက်အတန့်တွင်း စိတ်မကောင်းဖြစ်ရရုံမှတစ်ပါး မမ ဘာမှလုပ်မပေးနိုင်ခဲ့ပေ။

တာချီလိတ်သို့ပြောင်းရွှေ့ပြီး ဘဝကို တစ်ယောက်တည်းရင်ဆိုင်ရုန်းကန်ရင်း ဇမ်းနိုင်ဆိုသည့်ကောင်လေးအား မမ လုံးလုံးမေ့ပျောက်နေခဲ့ပါသည်။

■

ယခု ၂၀၁၇ခုနှစ်တွင် (၁၀) နှစ်ကျော်ကြာပြီးမှ သမီးတာဝန်ကျရာ နမ့်စန်ဆေးရုံသို့ အလည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

နမ့်စန်လေတပ်စခန်းဌာနချုပ် A.5 အုပ်တွင် လူဟောင်းများမရှိကြ တော့ပြီ။ ဇမ်းနိုင် သူ့ကိုလည်း သတိမရ။ မမ လုံးဝမေ့နေခဲ့ပါသည်။

တိန်းချောင်းသဘာဝတရားရိပ်သာသည် ဘိုးဘွားရိပ်သာလို အဘိုးအဘွားများ တရားကျင့်ရာရိပ်သာအဖြစ်လည်းကောင်း၊ မိဘမဲ့ကလေး၊ မိဘမဲ့မဟုတ်သည့် တိုင်းရင်းသားကလေးများအား ကြည့်ရှုစောင့်ရှောက်သည့်နေရာအဖြစ်လည်းကောင်း သာသာယာယာလည်စရာပတ်စရာနေရာတစ်ခုအဖြစ် နာမည်ကြီးလျက်ရှိသည်။

နမ့်စန်မြို့သို့ ရောက်ရှိသူတိုင်း တိန်းချောင်းသဘာဝတရားရိပ်သာသို့ သွားရောက်လည်ပတ်ကြသည်။ မမတို့သားအမိလည်း ညနေ နေအေးအေး၊ နေဝင်ချိန်မှာ ဆိုင်ကယ်ဖြင့် လာရောက်လည်ပတ်ခဲ့ခြင်း ဖြစ်သည်။

ဖုန်းကင်မရာဖြင့် ဓာတ်ပုံရိုက်နေသည့်သမီးမှာ တစ်ယောက်တည်းအလုပ်ရှုပ်နေသည်။ မမတစ်ယောက်တည်း ချောင်းရေယံတဝေါဝေါကြားရာဘက်သို့ ဆက်လျှောက်လာခဲ့သည်။

ချောင်းကမ်းပါးမှ ကျောက်လှေကားလိုလို၊ လှေကားသုံးဆင့်မှ တရွေ့ရွေ့ဆင်းလာရင်း ချောင်းရေယံတဝေါဝေါတဝုန်းဝုန်းဖြင့် ကျောက်တုံးကျောက်ဆောင်ကြားမှကျော်ဖြတ်ကာ အဟုန်ပြင်းပြင်းစီးဆင်းနေရာသို့ လှမ်းအကြည့်မှာ မမချက်ချင်းသတိရမိသည်။ လွန်ခဲ့သည့် (၁၀) ကျော်က အိပ်မက်ထဲမှမြင်ကွင်းအား ပြန်မြင်မိပေသည်။

ထိုအခါကျမှ ဇမ်းနိုင်ကို ပြန်လည်သတိရမိခြင်းဖြစ်သည်။

ဟိုးတုန်းက မရောက်ဘူးခဲ့သည့် အိပ်မက်ထဲမှ တိန်းချောင်းရေပြင်အား ငေးကြည့်ရင်း အိပ်မက်ထဲကလိုပါပဲလားဟု တွေးမိသဖြင့် အချိန်ကလည်း ညနေမှောင်ပျိုးလာပြီဖြစ်သောကြောင့် ကြောက်စိတ်ပင်ဝင်လာခဲ့ခြင်းဖြစ်သည်။

သမီးဖြစ်သူအား ပြန်ရန်ပြောပြီး ဆိုင်ကယ်မောင်း၍ထွက်လာခဲ့ကြသည်။ ဆိုင်ကယ်မောင်းရင်း မမမှာ အတွေးများဖြင့် ချာချာလည်နေသည်။

ဇမ်းနိုင်၊ မင်းခုကောဘယ်ရောက်နေလဲ။ လူတိုင်းဟာ မိမိကိုယ်သာအားကိုးပြီးတော့ ကိုယ့်အတွက်ကိုယ့်ဘာသာ ကျင့်ကြံအားထုတ်သွားကြရမှာ။ လှူဒါန်းသွားကြရမှာ။ သေပြီးမှ သူတစ်ပါးကို အကူအညီတောင်းဖို့ဆိုတာမလွယ်ဘူး။ ငါ မင်းကို မေ့တောင်နေပြီလေ။

နောက်ပြီး မင်းပြောခဲ့သေးတယ်လေ။ အန်တီ့ကို ကျွန်တော်စောင့်ရှောက်မှာပေါ့တဲ့။ ငါ့ကို မစောင့်ရှောက်နိုင်ခင် မင်းက အရင် ဒီလောကကြီးထဲက အရင်ထွက်ခွာသွားခဲ့ပြီပေါ့။ ငါ့ကို စောင့်ရှောက်ပါ့မယ်ဆိုတဲ့သူ မင်းကို ငါ မေ့နေခဲ့တာကလား ဇမ်းနိုင်ရေ၊ ငါ့ကို ခွင့်လွှတ်ပါနော်။

ငါလည်း ကိုယ့်ဖို့ကိုယ်လုပ်သွားမှ သေပြီးမှ ဘယ်သား၊ သမီး၊ မိတ်ဆွေကမှ သတိတရလုပ်ပေးကြလိမ့်မယ်မဟုတ် လုပ်ပေးခဲ့ရင်လည်း ကိုယ်ရချင်မှရမှာ။

ဘယ်အရာမှ မသေချာမရေရာတဲ့အတွက် သေချာရေရာတဲ့ဝိပဿနာတရားအားထုတ်ပြီး ကိုယ့်ဘာသာစောင့်ရှောက်ရမှာပေါ့ဟု မမ တွေးမိပါတော့သည်။

မေ (တာချီလိတ်)



www.burmeseclassic.com1

www.burmeseclassic.com



ရာသီဥတုက -
ခိုက်ခိုက်တုန်အောင်ချမ်းလှ၏။
တန်ဆောင်မုန်းလပေကိုး. . . .။

ဤလ၊ ဤအချိန်ရောက်တိုင်း -

ဒေါင်လိုက်စင်းလွယ်အိတ်အနွမ်းကြီးတကားကားနှင့်ရောက်လာလေ့ရှိသော တပည့်ကျော်ကြီး ဆရာအုန်းကို သတိရ၏။

သူ့ကို သတိတရရှိလျှင် ကျွန်ုပ်၏ မျက်နှာမှာ အလိုလိုပြုံးလာလေ့ရှိ၏။

ရိုးသားဖြူစင်လွန်းလှသောကြောင့်၊ အနွံတာခံလေ့ရှိသောကြောင့်၊ ကျွန်ုပ် ပြောဆိုသမျှကို မျက်နှာမပျက်၊ အပြုံးမပျက်ခံလေ့ရှိသောကြောင့် ဆရာအုန်းကို သံယောဇဉ်ဖြစ်ရလွန်းပါသည်။

ကျွန်ုပ်အထင် -

နှစ်ပေါင်း သုံးဆယ်ခန့်ရှိလောက်ရော့မည်။

■

"မိုးတောင်မလင်းသေးဘူး အဘိုးကြီး"

"ဟဲဟဲ - ဘယ်ရမလဲ၊ မနက် (၄) နာရီထဲက ရွာမဘူတာကနေ မြို့ပတ်စောင့်စီးလာတာ။ ဒါမှ ဆရာမုန့်ထွက်စားရင်လိုက်လို့ရမှာလေ"

"အံမယ် - မုန့်ကြောင့်ပေါ့လေ၊ ကျွန်တော့်ကို သံယောဇဉ်ရှိလို့မဟုတ်ဘူးပေါ့"

"ဆရာကလည်း ဆရာ့ကိုသံယောဇဉ်ကြီးလို့ ဆရာနဲ့မုန့်လိုက်စားမှာလေ"

ကျွန်ုပ်က ပြုံးရင်း သူ၏ပခုံးလေးအား ညင်သာစွာလှမ်းပုတ်လိုက်၏။ ပြီးမှ အိမ်ထဲလှည့်ဝင်လာရာ ဆရာအုန်းက နောက်က။

"ကဲ - ထိုင်ဦး၊ အပြင်မှာ အလင်းရောင်မရှိသေးဘူး။ တော်သေးတာပေါ့။ ဘုရားရှိခိုးမလို့ သောက်တော်ရေလဲရင်း အိမ်ရှေ့အိမ်က အုတ်ခုံလေးပေါ်မှာ ဆရာအုန်းထိုင်နေတာတွေ့လို့။ မချမ်းဘူးလား"

"ကျွန်တော့်တိုက်ပုံက ချည်သားအထူကြီးလေ ဆရာ၊ အိုကေတယ်။ လည်ပင်းပတ်ထားတဲ့မာဖလာနဲ့ဆိုတော့ ဒါလောက်မချမ်းတော့ဘူး။ အလင်းရောင် ပျို့နေပါပြီ ဆရာရဲ့"

ဆရာအုန်းရဲ့ စကားကြောင့် ကျွန်ုပ်လည်း အိမ်ရှေ့ဆီ မျက်လုံးရောက်သွားပြန်၏။ ကွန်းစားပွဲကြီးပေါ်တွင် ဒေါင်လိုက်စင်းလွယ်အိတ်ကြီးက နေရာယူထားချေပြီ။

"ဆရာအုန်းကလည်း၊ တစ်နေကုန်ကြိုက်တဲ့အချိန်လာလို့ရရဲ့သားနဲ့ အပင်ပန်းခံတယ်"

"အိပ်ရေးက မနက်သုံးနာရီလောက်ဆိုဝပြီ ရာ။ ဆက်အိပ်ရင် ကျောပူတယ်။ ဒီတော့ မြို့ပတ်ရထားလေးစီးပြီး ဆရာ့ဆီလာတော့ ဟန်ကျသွားတာပေါ့"

"ကဲ - ထိုင်ဦး၊ ကျွန်တော်သောက်တော်ရေကပ်ပြီး ပဌာန်းရွတ်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

ကျွန်ုပ် ဘုရားဝတ်ပြုပြီးချိန်တွင် အိမ်အပြင်ဘက်၌လင်းနေပြီ ဖြစ်၏။ ငှက်အော်သံလေးများနှင့် သာယာနေပြီဖြစ်၏။ ပဲပြုတ်သည်နှစ်ဦးခန့်ပင် ဖြတ်သွားကြပြီဖြစ်ရာ ဆရာအုန်း ဗိုက်ဆာလောက်ရော့မည်။

"ဘယ့်နှယ် - ဗိုက်ကောင်းနေတယ်ဟလား"

"ဗျာ - အင်. . . နည်းနည်းပါ ဆရာ၊ မနက်က ခါတိုင်းထက်ပိုပြီးစောစောနိုးနေလို့ပါ"

"ဗိုက်ဆာနေပြီလား၊ စောသေးလား"

"ဆရာ့သဘောပါ"

"ခဏနေမှသွားစားကြမယ်လေ။ သားလေးလည်း အိပ်နေတုန်းဆိုတော့ သူနိုးမှပဲ"

"အယ် - ဟုတ်တယ် ဟုတ်တယ်။ တော်ကြာ သူမခေါ်ရင် ဆရာနဲ့ကျွန်တော်ပြန်ရောက်လာတဲ့အခါ ကလေးကအပြစ်ဆိုနေဦးမယ်။ ဟုတ်တယ်၊ ဆရာနဲ့ ကျွန်တော်အပြင်ထွက်ရင် ကလေးက လိုက်ချင်တာ"

ပြောလိုက်နောက်လိုက်၊ဆရာအုန်းကရယ်လိုက်၊ ကျွန်ုပ်ကသဘောကျလိုက်၊ ဆရာအုန်းက ရှက်သွားလိုက်၊ ကျွန်ုပ်က သဘောကျလိုက်နှင့် မိနစ်နှစ်ဆယ်ခန့်ကြာသွား၏။

ကျွန်ုပ်နှင့် စကားပြောနေရင်းမှ ဒေါင်လိုက်စင်းလွယ်အိတ်ကြီးအဝသို့ လက်ကမသိမသာရွေ့သွား၏။

"ဘာပြချင်လို့လဲ ပြလေ"

ပြောလိုက်မှ ဝမ်းသာအားရနှင့် လွယ်အိတ်ထဲ လက်နှိုက်လိုက်ပြီး အနားများလိပ်နေသော ဗိုင်ယာရီကြီးကို ဆွဲထုတ်လိုက်၏။ လေးငါးရွက်ခန့်လှန်လိုက်ပြီး -

"ဆရာ"

"အဲ - ပြော"

"ဒီမှာ လူတစ်ယောက်ကို ကျွန်တော် နင်းကြမ်းနင်းထွက်ခိုင်းတာ၊ အဲဒီလူဟာ တော်တော်လေးချူချာသွားလို့ ဆရာ"

"နင်းကြမ်းနင်းထွက်တာ ချူချာတယ်"

"ဟုတ်တယ် ဆရာ"

"ဟာ-ခင်ဗျားဟာမဟုတ်သေးပါဘူး။ နင်းကြမ်းက ကောင်းရမယ့်ဟာ၊ ဘာလို့ချူချာရမှာလဲ။ သူ့ကိုဘာနင်းခိုင်းတာလဲ"

"ဇောင်းလျား ဆရာ"

"ဩော် - သူက တနင်္ဂနွေလား"

"ဟုတ်ပါတယ် ဆရာ"

ကျွန်ုပ်တွေဝေသွား၏။ တနင်္ဂနွေသားသည် ဇောင်းလျားကို နင်းကြမ်းအဖြစ် နင်းထွက်သွားလျှင် အောင်မြင်ရမည်။ ကျန်းမာရမည်။ ယခု . . .

"သူ့မိဘနာမည်တွေ ခင်ဗျားသိလား"

"ကျွန်တော်နဲ့ခင်ကြတယ် ဆရာသိတယ်။ သူ့အဖေက စနေသား လုစိုး အမေက မမြိုင်"

ကျွန်ုပ်၏ မျက်လုံးတို့သည်



www.burmeseclassic.com1

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

နှင်းကြမ်း



ဆရာအုန်းဆီမှမခွာတော့။

"ခင်ဗျားကို နင်းကြမ်းသင်ပေးလိုက်တော့ ဟိုပြီးခဲ့တဲ့အပတ်ကတောင် ထပ်ပြောလိုက်သေးတယ်။ မိဘနံမနင်းရဘူး ခိုက်တတ်တယ်ဆိုတာ"

"သူ့အဖေက စနေသား ဆရာ"

"လာပြန်ပြီ ဒီအဘိုးကြီး၊ နာမည်ကို အမိကမယူပြန်ဘူး ခက်လိုက်တာ၊ သူ့အဖေနာမည်ပြော"

"လှစိုး"

"အေး - တနင်္ဂနွေသားနင်းတာက လှစိုးနဲ့ နံတူနေပြီပေါ့ဗျာ"

"ဟာ. . . ဟုတ်ပ။ ဇောင်းလျား- လှစိုး ဟုတ်ပ။ ကျွန်တော် အဲဒါကိုသတိမထားလိုက်မိဘူးဖြစ်သွားတယ်"

ပလေကတ်ပုဆိုးကွက်ကြီးဝတ်ပြီး ဒူးထောင်ထားသော သူ၏ပေါင်အား ဖျတ်ခနဲပုတ်ရင်း ကျွန်ုပ်ကိုစိုက်ကြည့်နေ၏။ ကျွန်ုပ်ထင်ပါသည်။ ကျွန်ုပ်သင်ကြားပေးသည့်အခါ ဒေါင်လိုက်စင်းလွယ်အိတ်ကြီးထဲမှ ဒိုင်ယာရီကြီးကို ထုတ်ထုတ်ပြီး ရေးမှတ်ခြင်းအား ကျွန်ုပ်မကြိုက်။ သူ့ခမျာ ခေါင်းနှင့်မှတ်ရသောကြောင့် မေ့သွားဟန်တူ၏။

"ဆရာအုန်းကို ကျွန်တော်ပြောခဲ့တယ်လေ။ မိဘနဲ့နံတူကို မနင်းအပ်ဘူးလို့။ မေ့ရင်လည်းထပ်မှတ်၊ မိဘနဲ့နံတူကိုသွားမနင်းနဲ့ ထိပြီသာမှတ်၊ မအောင်မြင်တဲ့အပြင် ဒုက္ခပါရောက်သွားမယ်"

"ဟုတ်ကဲ့"

"ဆရာအုန်းတို့နားက ပေါက်တောမှာနေတဲ့ ကိုနိုင်ဆိုတာရှိတယ်။ သူလည်း ဒီလိုပဲ။ သူ့အမေက မကြည်စော၊ သူက နင်းရတာ ကန်စွန်း၊ နံတူဖြစ်နေရော။ သူကိစ္စအောင်မြင်ဖို့ ကန်စွန်းရွက်တွေကို ပုံပြီးချနင်းပြီးမှထွက်တာ။ လမ်းမှာ ဘယ်ကလေးဆော့တဲ့ခဲလုံးလဲမသိဘူး သူ့ကိုလာမှန်တာ ခွပ်ခနဲပဲ"

"ဟာ"

"ပေါက်သွားရော သွေးတရွဲရွဲနဲ့။ ...ယ်သူပစ်လိုက်လို့ ပစ်လိုက်မှန်းလဲ မသိဘူး၊ သူကိစ္စအဆင်မပြေတော့ဘူး၊ အ...လည်း တကယ့်လူနော်။ ဗဟုသုတ များတယ်၊ စာဖတ်အားကောင်းတယ်။ ဒါပေမယ့် စာတွေ့ပဲဆိုတော့။ ခုလိုလက်တွေ့မသိရှာတော့ထိသွားတာပေါ့ ဆရာအုန်းရယ်။ ကျွန်တော်တို့လည်း ဆရာသခင်ကျေးဇူးရှင်ရဲ့လက်တွေ့လက်ထပ်သင်ကြားပြသဆိုဆုံးမမှုကြောင့် ဒီလို

www.burmeseclassic.com

၆
၃
ဝ
ချစ်ဝေ ၂
မ ၅
နင်းကြမ်း ၁
ရမ်း ၄ မရီဝေ(မိခင်)

ချစ်ဝေသည် ကိစ္စတစ်ခုအောင်မြင်ရန်အလို့ငှာ နင်းကြမ်းအဖြစ် မရမ်းကို စုပုံနင်း၍ထွက်သွား၏။ အောင်မြင်ခဲ့ပါသည်။ သို့သော် ပေးဆပ်လိုက်ရသည်မှာ ဗိုက်ဝေဒနာပင် ဖြစ်၏။ ဗဟုသုတအလွန်နည်းပါးစဉ်က သူငယ်ချင်းအား နင်းကြမ်းနင်းခိုင်းခဲ့ခြင်းမှာ ဆူးများနှင့်ပြည့်နှက်လွန်းသော ဆီးပင်ပေါ် မှ ဆီးသီးမှည့်များအား လက်ညှိုးညွှန်ပြ၍ တက်ခူးခိုင်းလိုက်မိသည်သို့နှယ် . . .

"ထိတာကတော့ ထိတာပဲနော် ဆရာ၊ ချမ်းသာမပေးဘူး"

"ပညာဗျ ဆရာအုန်းရဲ့၊ ယူရဲရင်ပေးဆပ်ရဲရတယ်။ လမ်းကြောင်းတစ်ခုတိမ်းတာနဲ့ ထိချက်တစ်ခုက ကြိုနေပြီသာမှတ်တော့"

စကားပြောနေရင်း ပတ်ဝန်းကျင်အပြင်ဘက်တွင် မုန့်သည်များစုံအောင်သွားလာနေကြပြီ ဖြစ်၏။ စကားပြောနေစဉ် သားလေးနိုးလာပါသည်။ သားလေးသည် အိပ်ရာမှထလာပြီး ကျွန်ုပ်၏ဘေးတွင်လာလှဲ၏။ ဖအေပေါင်ပေါ်တွင် ခေါင်းအုံးပြီးဆက်လှဲနေ၏။

"မှတ်ထား - နင်းကြမ်းမှာ အများမခံတာတွေရှိတယ်။ တစ်ခုက မိဘာန်ကိုမနင်းရဘူး၊ တစ်ခုက နင်းကြမ်းပညာကိုသုံးတော့မယ်ဆိုရင် မွေးနံကို ကြည့်လို့မရဘူး။ နာမည်ကိုသတိထားရပြီ"

"အဲဒါ ဆရာ နင်းကြမ်းသင်တုန်းက မပြောလိုက်သေးဘူး၊ နာမည်ကြည့်ရတာ"

"အေးလေ - ခုပြောပြီလေ၊ မှတ်လေ ခေါင်းထဲ။ နာမည်ကိုကြည့်ရမယ်ဒါလေးပဲဗျာ၊ စာအုပ်ထဲလိုက်ရေးမနေနဲ့"

"ဟုတ်ကဲ့ပါ"

"ဘာလဲ အူတူတူဖြစ်သွားပြန်ပြီလား။ ကဲ - ဆရာအုန်းကိုကျွန်တော်မေးမယ်၊ အေးသူဆိုတဲ့ လူတစ်ယောက်ကိုနင်းကြမ်းနင်းခိုင်းမယ်ဗျာ၊ အင်္ဂါသားဗျာ ကဲ-အင်္ဂါသားနော်၊ အေးသူ"

"အင်္ဂါသား. . . အင်္ဂါသားဆိုတော့ဘယ်ဘက်ခြေအောက်မှာ ပျဉ်းမည်ဘက်ခြေအောက်မှာ သီဟိုဠ်နင်းထွက်

ကိစ္စစကားသွားပြောဖို့လုပ်ပေးလိုက်တာရတော့ရတယ်၊ မစောလည်း ဖျားလိုက်တာမှ။ ဟာ-ဖက်သန်း ဖက်သန်း ကြည့်စမ်း"

"ဩော်-ဆရာအုန်းနင်းကြမ်းဒုက္ခပေးတာနစ်ဦးတောင်မှကိုး"

ကျွန်ုပ်၏စကားကို နားထောင်နေရင်း ပလေကတ်ပုဆိုးခါးပုံစကြီးကခပ်သွက်သွက်လှုပ်လာ၏။ ဗိုက်ကစရယ်နေပုံရပါသည်။ ပြီးမှ ပါးစပ်က ရယ်သံထွက်လာ၏။

"နင်းကြမ်းယတြာစွမ်းပါတယ်၊ တော်တော်စွမ်းတယ်။ သေးသေးမွှားမွှားကိစ္စလေးတွေကစပြီး ကြီးကြီးမားမားကိစ္စကြီးတွေအထိ အောင်မြင်ကြတာအများကြီးပဲ။ ဆရာ့ရဲ့မိတ်ဆွေတွေထဲမှာရော ကျွန်တော့်မိတ်ဆွေတွေထဲမှာရော ကြားလည်းကြားဖူးတယ်၊ မြင်လည်းမြင်ဖူးတယ်၊ မြင်လည်းမြင်နေတာပဲ။ ဒါပေမယ့် နင်းကြမ်းယတြာပညာခန်းမှာ ဆောင်ရန်၊ ရှောင်ရန်တွေများသား။ ဒါကတော့ အာစရိယဝါဒအရ ဆရာသခင်ကျေးဇူးရှင်သင်ပေးမှ သိလာရတော့တာ ဆရာအုန်း။ ဆရာမပြ နည်းမကျဆိုတဲ့ [illegible] မှန်လိုက်တာဗျာ။ ကျွန်တော့်တုန်းကလည်း ဒီလိုပဲ၊ ဆရာကနင်းကြမ်းပညာသင်ပေးတယ်။အပြည့်အစုံမသင်ပေးသေးဘူး။ ကျွန်တော်ကလည်း တစ်ခုခုတတ်ပြီဆိုတာနဲ့ ကိုယ့်ကိုယ်ကိုယ်အရင်စမ်းပြီးရင် သူငယ်ချင်းတွေကိုအကူအညီတောင်းစမ်းလုပ်တော့တာပဲ။ အဲဒီမှာ ချစ်ဝေဆိုတဲ့သူငယ်ချင်းကို နင်းကြမ်းနင်းထွက်ခိုင်းတာ မရမ်း။ သူကလည်းထွက်တယ်။ သူ့ကိစ္စလည်း သူထင်မထားဘဲ အဆင်ပြေသွားတယ်။ ဒါပေမယ့် နောက်နေ့ကျ ဆေးခန်းရောက်သွားတယ်။ ဗိုက်ထိတာ"

"ဩော် - ဗိုက်ဝေဒနာဖြစ်တာ"

"ဟုတ်တယ်"

"ဒါဆို သူ့အဖေ၊ သူ့အမေမှာ ဗုဒ္ဓဟူး၊ ကြာသပတေးတစ်ခုခုပါနေပြီ"

ကျွန်ုပ်က အားရပါးရပြောနေရင်းမှ ဆရာအုန်း မျက်နှာအား ဖျတ်ခနဲကြည့်လိုက်၏။ လည်ပင်းမှ မာဖလာကိုပြန်ဖြေပြီး ပြန်ပတ်ရင်းပြောနေသော ဆရာအုန်းက ခပ်ပြုံးပြုံး။

"အမယ် - မစွတာအုန်း၊ ဒီတစ်ခါတော့ ခေါင်းထဲရောက်သွားပြီ တယ်ဟုတ်ပါလား။ ဟုတ်တယ် - သူ့အမေနဲ့ နာမည်က မရီဝေ၊ ဒီတော့ သူ့ခမျာ ထိရော"

လက်တွေ့သိရတာ။ စာအုပ်တွေထဲမှာတော့ မိဘာန်ကိုမနင်းရလို့မပါဘူးလေ"

"ဟုတ်ကဲ့ - ကျွန်တော်လည်း ခုမှလက်တွေ့ရင်းပြီး ပညာရတော့တာပဲ။ ထိချက်ကတော့ ပြင်းတယ်နော် ဆရာ"

"ပြင်းတာပေါ့၊ မိဘာန်လေ"

"ဆရာ-အဲဒါမိဘာန်ကိုသတိမထားဘဲ၊ ခုလိုမသိဘဲ နင်းကြမ်းနင်းမိရင်ကော"

"ခင်ဗျားကိုမေးမယ်။ မီးခဲကိုမီးခဲမှန်းသိသိနဲ့ တက်နင်းရင် ဘယ့်နှယ်နေလဲ"

"ပူတယ် ဆရာ"

"ဒါဖြင့် မီးခဲမှန်းမသိဘူးဗျာ။ ကဲ-မတော်တဆနင်းမိမယ် ဘယ်လိုနေမလဲအေးသွားလား"

"ပူတာပဲ ဆရာ"

"အေး - အဲဒါပဲ။ သိလို့နင်းနင်း၊ မသိလို့နင်းနင်း ပူတာကပူတာပဲ။ မိဘာန်မှန်းမသိလို့ နင်းနင်း၊ သိလို့နင်းနင်းပူမှာပဲ ထိမှာပဲ။ ကျွန်တော်နဲ့ခင်တဲ့ ဦးလေးတစ်ယောက်ဆို ဒီပညာတွေလိုက်စားတော့ ဗဟုသုတများတယ်။ သူ့မှာလည်းစာအုပ်တွေတစ်ပုံကြီးပဲ၊ နည်းတာမဟုတ်ဘူး။ စကားစပ်မိလို့ တစ်ခါပြောတာ ကြားဖူးတယ်။ နင်းကြမ်းဆိုတဲ့သဘောက ကြမ်းပြင်ပေါ်မှာချနင်းရတာမျိုးလို့ပြောလို့ရသလို ခပ်ကြမ်းကြမ်းခြေဆောင့်နင်းထွက်ရတာမျိုးလို့လည်း ပြောလို့ရတယ်တဲ့။ ဘာဖြစ်ဖြစ် တနင်္ဂနွေသားဟာ ဘယ်ဘက်မှာ စိမ်းစား၊ ညာဘက်မှာ လဲလူရွက်တွေစုပုံထားပြီးသာစုနင်း၊ လိုရာထွက် အောင်တယ်တဲ့။ သူလုပ်ခိုင်းလို့အောင်မြင်ကြတာရှိသလို သူလုပ်ပေးပြီးမှ ဆိုက်ကားမှောက်တာ၊ စက်ဘီးပစ်လဲတာ၊ လင်မယားကွဲကုန်တာတွေလည်း အများကြီးပဲ။ ဘာနေ့သားဆိုတာနဲ့ ဘာနင်းထွက်၊ ဒီလိုပြောတာ။ သူသိထားတာက နင်းကြမ်းပညာရေးပြုထားတဲ့စာ။ နင်းကြမ်းပညာမဟုတ်ဘူး"

ဆရာအုန်း နားထောင်နေရင်းမှ မျက်မှန်အထူကြီးကိုချွတ်လိုက်ပြီး စားပွဲပေါ်တင်လိုက်၏။ ကျွန်ုပ်ပြောပြနေသည်ကို နားထောင်ကောင်းကောင်းနှင့် နားထောင်နေသော်လည်း နားဝေတိမ်တောင်ဖြစ်နေပုံရ၏။ နားထောင်နေရင်းမှ တစ်ခုခုကိုသတိရဟန်သွားဟန်ဖြင့် -

"ဟာ - ဟုတ်မယ်၊ မစောကို နင်းခိုင်းတုန်းက ဖက်သန်း၊ ဟုတ်တာပေါ့။ သူ့အမေနာမည်က မသွယ်ကိုး။ ကြည့်စမ်း ခုမှပဲ သတိထားမိတော့တယ်။ အဲဒါလည်းနှမပဲ၊ ဝမ်းကွဲဝမ်းကွဲ။ငွေကြေး


www.burmeseclassic.com

မယ်ဆရာ"

"ဟုတ်ပြီ-ဘယ်နှရွက်စီလဲ၊ ဘယ်လိုနင်းရမလဲ၊ အပြည့်အစုံပြောလေ"

"ဟို-ဖိနပ်ကိုရှေ့မှာချ၊ လမ်းဘေးလှည့်ထား။ အရွက်တွေကိုဘယ်သတ်သတ်၊ ညာသတ်သတ်စုပုံ။ အဖျားပိုင်းတွေက လမ်းဘက်လှည့် ဘယ်ညာနင်း၊ စုနင်းပြီး ဖိနပ်စီးတန်းထွက်"

၀
၄
၁
———
၃ - အင်္ဂါသား-
သီဟို ၆ - ညာ
၂
ပျဉ်းမ ၅ ဘယ်



ဆရာအုန်းပြောသော ဘယ်သတ်သတ်ညာသတ်သတ်စုပုံ၊ အဖျားပိုင်းသွားလမ်းဘက်လှည့်ထား၊ နင်းပြီး ဖိနပ်စီးတန်းထွက်ရသောနင်းကြမ်းယတြာအစီအရင် ဖြစ်ပါသည်။

သို့သော် -

ဤသည်မှာ နင်းကြမ်းပညာ၏ သဘောသွားသာ ဖြစ်ပါသည်။

နင်းကြမ်းပညာကို ထိထိရောက်ရောက်ထဲထဲဝင်ဝင်နှင့် အမှန်တကယ်အောင်မြင်ထိရောက်အောင် နင်းထွက်တော့မည်ဆိုလျှင် လေ့လာကြည့်ပါ။

၀
၄
၁
———
အင်္ဂါသား ၃
အောက်နင်းကြမ်း: ၆ - သီဟိုဠ် / ၂ / ၅ - ပျဉ်းမ
အထက်ဆောင်ပန်း: ၅ - ပျဉ်းမ / ၂ / ၆ - သီဟိုဠ်
———
၁ အေးသူ(နာမည်ပညတ်)
၄
၀
၃

အင်္ဂါသား၏နင်းကြမ်းတော့ မှန်ပါသည်။

သို့သော် တနင်္ဂနွေနာမည်ပညတ်ထားသူအတွက် ထိုအရွက်အခက်များသည် နင်းကြမ်းမဖြစ်တော့ပါ။ ဤသည်ကို အထူးသတိပြုရမည်မှာ နင်းကြမ်းယတြာပညာခန်း၏ အသက်ပင် ဖြစ်ပါသည်)

"တစ်ခါက ဟိုတစ်လောက ဆရာသင်ပေးလိုက်တုန်းက"

"ခင်ဗျားဟာ ကတွေများနေပြီ"

"အဲအဲ - ကျွန်တော်သတိထားမိတာလေးပါဆရာ။ ဟို ဇောလှလှေဆန်ပညာခန်းနဲ့တူတယ်နော်ဆရာ"

"သွားမရောနဲ့၊ ဇောလှလှေဆန်ပညာခန်းက တနင်္ဂနွေ အလယ်အခြာကို ဓာတ်နဲ့သတ်တာ။ ဓာတ်သတ်တဲ့ပညာခန်း။ ဒီနင်းကြမ်းယတြာပညာခန်းက တြိရန်း စတုရန်းကို တိုက်ရိုက်လှမ်းယူပြီး နင်းကြမ်းပြုစီရင်တာ။ လင်္ကာရှိတယ်လေဗျာ။

'အောင်ခြင်း၌သာ ဤနှစ်ဖြာ၊ သင့်ရာနံ့ခက် နှစ်ထပ်ပြုကာ အောင်စေသာ ဂြိုဟ်ကြုံတော့ရက်' ဆိုတာ ရှိတယ်လေ။ စစ်ချီစစ်ထွက် အကြံအစည်အတွက် ခရီးထွက်ရင် တြိရန်း စတုရန်းကိုနင်းထွက်။ အဲဒီနင်းတဲ့နံသင့်အရွက်တွေဟာနှစ်ထပ်ဖြစ်ရမယ်ဆိုတဲ့သဘောပဲ။ သဘောကတော့ဗျာ တနင်္ဂနွေသား တနင်္ဂနွေနာမည်ရှင်နင်းမယ်ဆိုရင် အင်္ဂါနှစ်ထပ်ဖြစ်တဲ့ စိမ်းစားတို့၊ ဗုဒ္ဓဟူးနှစ်ထပ်ဖြစ်တဲ့ လဲလူတို့ကို အဆောင်အရွက်ပြုနင်းထွက်ရမယ်ဆိုတဲ့သဘောပေါ့ဗျာ။ ခက်ခဲတဲ့အရွက်အခက်တွေကျတော့ နံတစ်မျိုးစီသုံးရတာပေါ့။ 'ထဲဝယ် ဉာဏ်ရှိ မဆုံးတည်း' ပေါ့"

"ဆရာ ခုနပြောတဲ့ မရမ်းပေါ့နော်"

"အေးပေါ့- ကြာသပတေး၊ ဗုဒ္ဓဟူး တစ်နံစီပဲနင်းကြမ်းပြုရတာပေါ့"

"ဒါဖြင့် ဆရာ၊ သပြေဆိုရင်ကော အင်္ဂါနာမည်ကနင်းလို့ရလား"

"အာစရိယဝါဒအရ သပြေကို နင်းကြမ်းမသုံးရဘူး ဆရာအုန်း။ သပြေ၊ ကံ့ကော်၊ အင်ကြင်း၊ ကွမ်း အဲဒါတွေက နင်းကြမ်းမသုံးရဘူး"

"ကျွန်တော်နည်းနည်းတော့မှတ်မှန်နဲ့တူတယ်"

"ကဲ - မှတ်"

ဒေါင်လိုက်စင်းလွယ်အိတ်ကြီးထဲမှ သုံးရောင်ခြယ်ဘောလ်ပင်ကြီးကိုထုတ်လိုက်ပြီး ဒိုင်ယာရီကြီးထဲသို့ ရေးမှတ်နေ၏။ ကျွန်ုပ်က သားလေးအား ငေးကြည့်ပြီး စနေ၏။

"မှတ်မယ်မှတ်အကုန်မှတ်၊ ကိုယ်က တရားသဖြင့်လည်းဖြစ်စေရမယ်။ မှန်ကန်တဲ့ဘက်ကရပ်တည်မှုလည်းဖြစ်စေရမယ်။ ဒါမျိုးမှစွမ်းတာ။ မတရားတဲ့ကိစ္စမှာအသုံးချမိရင် တန်ပြန်သက်ရောက်မှုက မသက်သာဘူးသာမှတ်။ ပြီးရင်မှတ်လက်စနဲ့ ထပ်မှတ်။ မြက်ကစပြီး သစ်ပင်အကြီးကြီးတွေအဆုံး တွေ့သမျှ ရုက္ခစိုးတွေကို မေတ္တာပို့၊ အမျှဝေဖို့ မမေ့နဲ့။ ဘာလို့လဲဆိုတော့ နင်းကြမ်းယတြာခန်းက သစ်ပင်သစ်ရွက်သစ်ခက်တွေနဲ့ဆိုင်တယ်။ အဲဒီမှာ မလိုလားအပ်တဲ့အတိမ်းအစောင်းဆိုတာရှိတတ်တယ်။ ဘယ်လိုမျိုးလဲဆိုတော့ တနင်္ဂနွေသားအတွက် အဆောင်ပြုရမှာက ပျဉ်းမဖြစ်ပေမယ့် အင်္ဂါသားအတွက်ကျ နင်းကြမ်းဖြစ်သွားတယ်။ တစ်ယောက်ရဲ့အထက်ဆောင်ပန်းဟာ တစ်ယောက်ရဲ့အောက်နင်းကြမ်းဖြစ်နေတတ်တယ်။ ဒီတော့ ဒီလိုမေတ္တာပို့၊ အမျှဝေဖို့တွေ မမေ့ပါနဲ့။

အတိုကောက်မှတ်လေဗျာ၊ ကျွန်တော်ပြောတာ အစအဆုံးလိုက်ရေးနေရင် ထမင်းစားချိန်ရောက်သွားမယ်"

"ဟဲဟဲ - တပည့်ကြီးက အသက်က. . ."

"လာပြန်ပြီ ဒီအသက်၊ ခြောက်ဆယ့်ငါးနှစ်ဆိုတာ ဘာရှိသေးတာမှတ်လို့၊ တစ်ခါလာလည်း အသက်ပဲပြောနေတာပဲ"

"ဟုတ်တယ်နော်၊ တပည့်ကြီးက ဆရာနဲ့တွေ့မှ လူစဖြစ်တာ။ ခုမှလူစဖြစ်တာ ဟဲဟဲ"

"အဲလိုလုပ်ပါ၊ ကဲ-ရေးရေး၊ ရေးလက်စနဲ့ဆက်မှတ်။ နင်းကြမ်းဥပဒေအတိုင်း လိုက်နာရမယ့် စည်းကမ်းအတိုင်း သေချာရေး။ နင်းကြမ်းနင်းထွက်သွားရင် ဆပွတ်နံသားက အဲဒီအရွက်တွေကိုယူပြီး နင်းကြမ်းနင်းသူရဲ့ဘုမ္မိအရပ်မှာသွားစွန့်ပေးရတယ်။ မှတ် - သေချာ"

တစ်အောင့်လောက်ကြာသော်-

"ကဲ - နင်းကြမ်းပညာကိုလည်း ယူပြီ။ နင်းကြမ်းယတြာအတိုင်းလည်း နင်းထွက်ချင်ပြီ ဟုတ်ပြီ။ ဒါပေမယ့် နေတာက အိမ်တစ်လုံးမှာ ကိုယ်တစ်ယောက်ထဲဆိုပါတော့။ ဒါမှမဟုတ် နင်းကြမ်းအရွက်တွေကို ဖယ်ပေးဖို့ လူကလည်းမရှိ ကိုယ့်မိဘနှစ်ပါးနဲ့ ကိုယ်ပဲရှိတယ်ဆိုပါတော့။ မိဘက နင်းကြမ်းရွက်ကိုစွန့်



www.burmeseclassic.com1

www.burmeseclassic.com

ပေးလို့မရဘူးလေ"

"ပြော် - ဟုတ်ကဲ့"

"အဲလိုဆို ဘယ်လိုလုပ်မလဲ။ ကဲ- ရေး။ နင်းထွက်သွား၊ ကိုယ်လုပ်ရမယ့် ကိစ္စပြီးမှ အိမ်ပြန်ရောက်မှ မီးညှပ် ဒါမှမဟုတ် တုတ်တစ်ချောင်းချောင်းနဲ့ယူပြီး အိတ်တစ်ခုထဲ စုပုံထည့်။ ဘုမ္မိအရပ်မှာ သွားစွန့်ရမယ် ရေး၊ မီလား"

"မိပါတယ် ဆရာ။ ဒါပေမယ့် ခုန ဆရာပြောတဲ့ နင်းထွက်ရင် စွန့်ရမယ့် အရပ် ဘုမ္မိတွေလည်းပါတယ်နော်"

"ပါတယ်လေ၊ တနင်္ဂနွေနင်းပြီးရင် တောင်ဘက်မှာစွန့်။ တနင်္လာနင်းပြီးသားကို အနောက်တောင်မှာစွန့်။ အင်္ဂါ နင်းတဲ့နင်းကြမ်းတွေကို အနောက်ဘက်မှာစွန့်။ ဗုဒ္ဓဟူးနင်းထားတာတွေကို အနောက်မြောက်ထောင့်မှာစွန့်။ ကြာသပတေးနင်းတာကို အရှေ့မြောက်မှာစွန့်။ သောကြာနင်းတာဆို အရှေ့တောင်မှာ စွန့်။ စနေနင်းထားတဲ့နင်းကြမ်းတွေကို မြောက်အရပ်မှာစွန့်။ ဒါ ဆရာအုန်းလည်းသိတယ်။ ဘုမ္မိအရပ်တွေပဲလေ"

"ဟုတ်ကဲ့"

"နင်းရင်ခြေစုံရပ်နင်း၊ သရဏဂုံ ဒါမှမဟုတ် ဂုဏ်တော်ရွတ်ပြီးနင်းချင်လည်းနင်း။ ဒီတိုင်းနင်းချင်လည်းနင်း။ အရေးကြီးတာက အောင်မြင်မှုများစွာကို ဖြစ်လာစေနိုင်တဲ့ ပညာခန်းမှန်သမျှမှာ ဆောင်ပုဒ်၊ ရှောင်ရန်၊ လိုက်နာရန်တွေရှိတယ်ဆိုတာ ဆရာအုန်းသိထားဖို့ပဲ"

"ဟုတ်ကဲ့"

"နင်းကြမ်းပညာသည် လူတစ်ယောက်ကို ဘဝအဆင့်ဆင့်မြင့်တက်နိုင်စွမ်းရှိတယ်။ စနစ်တကျနဲ့ နင်းပြီဆိုတာနဲ့ထူးခြားအောင်မြင်မှုကမြန်တယ်။ ဒီပြင် အစီအရင်တွေလိုမဟုတ်ဘူး။ အကျိုးပေးတာ ချက်ချင်းမြန်တယ်။ အဆောင်တစ်ခုကိုဆောင်ထား။ ထူးမယ်ဆိုတာက နည်းနည်းကြာရင်ကြာနေဦးမယ်။ နင်းကြမ်းကမြန်တယ်။ ဆရာအုန်းစဉ်းစား၊ ကိစ္စတစ်ခုကို အောင်မြင်ချင်လို့နင်းထွက်တယ်။ အောင်မြင်သွားတယ်။ ဒါ-ဘယ်လောက်မြန်လဲ။ ဒီနေ့နင်း၊ နောက်တစ်ပတ်လောက်ကြာမှ အောင်မြင်မှာမဟုတ်ဘူးနော်။ ချက်ချင်းနင်း ချက်ချင်းအောင်မြင်တာ။ ဒါကြောင့် နင်းကြမ်းက မြန်တယ်။ အောင်မြင်တာမြန်တယ်။ နင်းကြမ်းယတြာပြုရင်း အဝေးပြေးကားတစ်စီးကနှစ်စီး၊ သုံးစီးအထိဖြစ်လာသူတွေ၊ ပွဲရုံတစ်ရုံက နှစ်ရုံဖြစ်လာသူတွေ၊ အိမ်လေးက အိမ်ကြီးဖြစ်လာသူတွေ လက်ဆွဲပြလို့ရတယ်။ မရေမတွက်နိုင်တော့ဘူး။ နင်းကြမ်းအစီအရင်မှာ လိုက်နာရမယ့်စည်းကမ်းတွေအတိုင်းနင်းလို့အောင်မြင်သွားကြသူတွေ ခုလက်ရှိရှိနေတယ်။ ဒါကြောင့် နင်းကြမ်းဟာ စနစ်တကျနင်းပြီးစီရင်ရင် ဘဝအဆင့်ဆင့်မြင့်တက်လာစေတဲ့အစီအရင်ပဲ။

ဒါပေမယ့် ကောင်းကျိုးရှိရင် ဆိုးကျိုးဆိုတာလည်းရှိနိုင်တဲ့ သဘာဝအတိုင်း ကောင်းတာတစ်ခုထဲကြည့်လို့မရသေးဘူး။ နင်းကြမ်းပညာဟာ စနစ်မကျရင်၊ လွဲချော်ရင် ကျွမ်းပြန်သွားအောင်ထိနိုင်တယ်ဆိုတာ ဆရာအုန်း ခေါင်းထဲစွဲနေအောင်မှတ်ထား"

"ဟာ - အဲဒါကနော်"

"ဘာမှမျက်လုံးပြူးပြီးကြည့်မနေနဲ့။ ခင်ဗျားကို နင်းကြမ်းသင်ပေးနေတာကြာပြီ။ သင်ပေးတိုင်းလည်း ပြောရပေါင်းများပြီ။ ခုလည်းကြည့် အထူးအဆန်းလိုဖြစ်နေပုံက။ မှတ်ထား - နင်းကြမ်းလွဲရင် ဗုန်းခနဲလဲတာထက်နာတယ်။ အခြေတစ်ခုကိုဖြတ်ချလိုက်သလိုပဲထိခိုက်သွားနိုင်တယ်။ တကယ်လွဲလို့တကယ်ထိသွားတာတွေလည်း မြင်ဖူးတယ်။ ဒါကတော့ ပညာရပ်တစ်ခုဟာ အစွမ်းထက်လာပြီဆိုရင်အမှားမခံတဲ့သဘောပဲ။ဒါသဘာဝပဲ"

"ဟုတ်ကဲ့ - ဟို ဆရာ. . . "

"ပြော"

"အရွက်အခက်အညွန့်တွေကို ဘယ်ညာသတ်သတ်မခွဲဘဲ. . . "

"အရွက်အခက်ပဲပြောပါ။ နင်းကြမ်းမှာ အညွန့်မသုံးရဘူး၊ အရမ်းခိုက်တယ်"

"ဟုတ်ကဲ့ - အရွက်အခက်တွေကို ဘယ်ညာသတ်သတ်မခွဲဘဲ စုပုံထားပြီး နင်းထွက်ရင်ကောရလား ဆရာ"

"ရတယ်၊ ဥပမာ ခုနပြောတဲ့ဖက်သန်းတို့၊ မရမ်းတို့ဆိုရင် စုပုံနင်းရမှာပဲလေ။ စုပုံချထား-နင်း-ခပ်ကြမ်းကြမ်း-ခပ်တင်းတင်းနင်းပြီးရင် ဖိနပ်စီးတန်းထွက် ဒါပဲပေါ့"

"ဂြိုဟ်သက်တွေတိုင်းပဲပေါ့နော်"

"ဂြိုဟ်သက်တွေအတိုင်းနင်းရမှာပဲ။ အဲဒါ နင်းကြမ်းစသင်ပေးထဲက သင်ပေးခဲ့ပြီးပြီလေ"

"ဟုတ်ကဲ့ပါ"

(နင်းကြမ်းယတြာပညာခန်းများကို အာစရိယဆရာသခင်ကျေးဇူးရှင်ထံမှ ခွင့်တောင်း၍ ဆရာ၏ခွင့်ပြုချက်ဖြင့် ရေးသားဖွင့်ဆိုလာခဲ့သည်မှာ ၁၉၈၇ ခုနှစ်ကထဲကပင် ဖြစ်၏။ နင်းကြမ်းနှင့်ပတ်သက်၍ လေး-ငါး-ခြောက်ကြိမ်မက အကြိမ်ကြိမ်ရေးပြခဲ့ပြီးပါပြီ။ အလွန်ထိရောက် အလွန်အစွမ်းထက်လှသော ပညာခန်းဖြစ်၍ လျင်မြန်စွာအကျိုးပေးလွန်းလှသော အင်္ဂလိပညာခန်းဖြစ်၍ သိပြီးသူများမှတစ်ဆင့် လက်ဆင့်ကမ်းဗဟုသုတပေးဝေနိုင်ရန်၊ မသိသေးသူများသိနိုင်ရန် အကြိမ်ကြိမ်ရေးပြခြင်း၊ ဗဟုသုတပေးဝေနေခြင်း ဖြစ်ပါသည်။)

"ကဲ - တော်တော်လေးတော့စုံပြီ။ လုံးဝစုံသေးတာမဟုတ်သေးဘူး။ ဒါပေမယ့် ကျွန်တော်ပြောသမျှ ခင်ဗျားလိုက်မှတ်နေလို့ကတော့ စာအုပ်ထဲကပညာဟာ ခင်ဗျားပညာမဟုတ်ဘူး။ ခင်ဗျားပညာဖြစ်လာအောင် ခင်ဗျားလုပ်ဦး။ ဆရာအုန်းမှာ တပည့်တွေအများကြီးပဲ။ လိုအပ်သူကိုပေး၊ သူတို့အောင်မြင်မှုတွေကို မှတ်သားထား။ အဲဒါမှ ခင်ဗျားပညာ။ မဖြစ်သေးရင် ခင်ဗျားလိုနေလို့ပဲ။ ခင်ဗျားလက်တွေ့သိလာမှ ခင်ဗျားပညာ မှတ်ထား"

"ဟုတ်ကဲ့"

"ကဲ-အဲဒါဆိုလမ်းလျှောက်မယ်၊ မုန့်ထွက်စားကြမယ်။ စာအုပ်နဲ့ဘောလ်ပင်သိမ်းတော့"

"ဟုတ်ကဲ့ ဆရာ"

စာအုပ်ကြီးနှင့် ဘောလ်ပင်ကို ဒေါင်လိုက်စင်းလွယ်အိတ်အနွမ်းကြီးထဲ ထည့်လိုက်ပြီး မာဖလာကိုပြန်ပြင်ပတ်နေသော ဆရာအုန်းမျက်နှာမှာ ပီတိတွေလျှံနေ၏။ တိုက်ပုံအထူကြီးကို ဟန်ပါပါဆွဲချရင်း ကျွန်ုပ်ကို ပြုံးကြည့်နေသောအကြည့်မှာလည်း ကျေနပ်နေ၏။ ပညာများရသွားပြန်ပြီဖြစ်၍ သူ့မှာ ဗိုက်ဆာရန်မေ့နေပုံလည်းရ၏။

ကျွန်ုပ်ကလည်း ပေါင်ပေါ်တွင် အိပ်နေသော သားလေးအား ချော့၍နှိုးလိုက်ပြီး မုန့်သွားစားကြမယ်ဟု ခပ်တိုးတိုးလေးကပ်ပြောနေလိုက်၏။

ကလေးကပါ ဝမ်းသာသွားပြန်ပြီဖြစ်၏။

သားလေးကို အနွေးထည်လေးသွားဝတ်ရန်ပြောလိုက်ပြီး အိမ်အပြင်ဘက်ဆီသို့လှမ်းကြည့်လိုက်၏။

နေရောင်ရှိနေသည့်တိုင် -

ခိုက်ခိုက်တုန်အောင်ချမ်းလှ၏။

တန်ဆောင်မုန်းလပေကိုး။

■

နှစ်ပေါင်း သုံးဆယ်ခန့်ရှိလောက်ရှေ့မည်။

ဆရာဦးမောင်မောင်သင်း
(ခင်ကိုအေးမြေသား)

www.burmeseclassic.com1

www.burmeseclassic.com



# (စလေ)
# နေအောင်လင်း
## ကိုယ်တွေ့
## တောင်ပို့ပေါက်ပျားစွဲနိမိတ်

ခြတောင်ပို့ကြီးများအား လူတိုင်း မြင်တွေ့ဖူးကြမည်ထင်ပါသည်။ လယ်ကန်သင်းဘေး၊ ယာခရိုး၊ နေအိမ်ခြံဝင်း စသည်နေရာတို့တွင် အများဆုံးတွေ့ရသည်။ အချို့လူများ ခြတောင်ပို့အား နေအိမ်ခြံဝင်းအတွင်း၊ နေအိမ်တို့အတွင်း ပြုလုပ်တာတွေ့ရလျှင် ဖြိုဖျက်ခြင်းမပြုကြပေ။ ခြတောင်ပို့ရှိတာ နေအိမ်တွင်းစီးပွားဥစ္စာလာဘ်လာဘရွှင်သည်။ စီးပွားတက်သည်၊ အယုံအကြည်လည်းရှိကြသည်။ နေရာဒေသတိုင်းအား မဆိုလိုပါ။ မိမိတို့ယုံကြည်ချက်နှင့်အတွေ့အကြုံတို့အပေါ် မူတည်ပါသည်။

လူနေအိမ်တွင်း ခြတောင်ပို့ပေါက်တာနှင့်စပ်လျဉ်း၍ စာရေးသူကိုယ်တွေ့ကြုံခဲ့ရသည်ဖြစ်ရပ်၊ တောင်ပို့ပေါက်ခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးနှင့် အိမ်သာတွင်ပျားစွဲခဲ့သည်အတွေ့အကြုံနှစ်ခုတို့အား စာဖက်သူများ ဗဟုသုတအဖြစ် ဝေငှပေးလိုက်ရပါသည်။

ခြတောင်ပို့ပေါက်သည့် အိမ်မှာ ကျွန်တော်၏ ဦးလေးနှင့် အဒေါ်ဖြစ်သူတို့အိမ် ဖြစ်သည်။ ဦးလေး၊ အဒေါ်တို့ကား အပျိုကြီး၊ လူပျိုကြီးများဖြစ်သည်။ အိမ်ထောင်သူဆို၍ ကျွန်တော့်အမေတစ်ယောက်၊ မောင်ဖြစ်သူနှစ်ယောက်သာ အိမ်ထောင်သူများဖြစ်သည်။ အရီးလေး၊ အဒေါ်တို့ကား မောင်နှမသုံးယောက်တည်း အတူနေလာခဲ့ကြသည်။ မိရိုးဖလာအလုပ်အကိုင်မှာ ယာတောင်သူ၊ နွားခြံလည်းမွေးသည်။ အတူနေညီဖြစ်သူ၏ သားနှစ်ယောက်အား မွေးစားထားသည်။ ယာလုပ်ငန်းကူဖော်လောင်ဖက်ရစေရန် ဖြစ်သည်။ ကိုလှကြည်နှင့် ကိုစံပု၊ ကျွန်တော်နှင့် ညီအစ်ကိုတစ်ဝမ်းကွဲတော်သူ ဖြစ်သည်။

အရီးလေး ဦးရွှေမောင်၊ အဒေါ်ကြီး ဒေါ်ဖွားမို၊ ဒေါ်ချစ်အေးတို့နှင့် ကိုလှကြည်၊ ကိုစံပုတို့အတူနေချိန်ကပင် အိမ်တွင်းခေါင်းရင်း ခေါင်တိုင်အနီး ခြတောင်ပို့ကြီးရှိနေခဲ့သည်။ အရီးလေးတို့ရှိချိန်ကလည်း ခြတောင်ပို့အား မဖြိုမဖျက်ကြပါ။ အိမ်တွင်းမှာပင် တောင်ပို့မှာ ခုတင်အောက် တစ်တောင်တောင်ဆုတ်မြင့်ပါသည်။ သူတို့အယူအဆအရ အိမ်အတွင်း ခြတောင်ပို့ပေါက်တာ စီးပွားဥစ္စာတိုးတက်ပွားများတယ်ဆိုတဲ့ယုံကြည်ချက်နဲ့ထားတာဖြစ်သလို သူ့အလိုအလျောက် မြေကြီးထဲကပေါက်ပြီး ဘာသိဘာသာနေတာပဲဟုဆိုကာ လုံးဝမဖြိုမဖျက်ပါ။ ခြတောင်ပို့အား ကြက်တို့ယက်ပေါက်ဖျက်ဆီးဖို့ကလည်း အရီးလေးတို့က သူတို့တစ်သက် ကြက်လုံးဝမမွေးတဲ့သူများဖြစ်၍ ကြက်အန္တရာယ်ကလည်း လုံးဝကင်းပါသည်။

ခြတောင်ပို့ကြီးအရီးလေးတို့အိမ်တွင်းရှိနေချိန် စီးပွားရေးကတော့ အဆင်ပြေတယ်လို့ဆိုရပါမည်။ ယာတောင်သူဆိုတော့ ယာသီးယာစာကလည်းအရကောင်းပါသည်။ တစ်ဖက်ကလည်း နွားအုပ်နွားခြံကတိုးနွားတွေမွေးထားတော့ ငွေလိုလျှင် ထုတ်ရောင်းလို့ရသလို ယာသီးယာစာမရတဲ့ အဆင်မပြေတဲ့နှစ်တို့မှာ ခြံထဲက တိုးနွားတွေထုတ်ရောင်းလို့ရတော့ စားရေးနေရေးအဆင်ပြေတာတွေ့ရပါသည်။ လူနေအိမ်ဆိုလည်း ထိုအချိန်က လူတိုင်း သွပ်တန်းချလေးပင် အိမ်ကြီးနှင့် နေနိုင်တာဆိုလို့ တစ်ရွာလုံးအိမ်ခြေ (၅၀) (၆၀) ရှိတဲ့ရွာမှာ (၅)အိမ်၊ (၆) အိမ်ဆောက်နေနိုင်တဲ့အချိန် အရီးလေးတို့လေးပင်အိမ်သွပ်တန်းချနဲ့ဟန်ကျပန်ကျနေနိုင်ကြသည်။ ခိုင်းနွားတစ်ရှဉ်း၊ သုံးဖက်နွားအုပ်က အကောင်အစိတ်၊ (၃၀)၊ တစ်ဖက်က ယာတောင်သူဘဝနှင့် မကြောင့်မကြနေနိုင်သူများပင် ဖြစ်ပါသည်။

အရီးလေး ရွှေမောင်ရှိစဉ်ကလည်း အိမ်တွင်းခြတောင်ပို့ကြီးရှိနေခဲ့ပါသည်။ အရီးလေးဆုံးပြီးနောက် အဒေါ်ကြီးတို့နေထိုင်တော့လည်း ခြတောင်ပို့အား ဘယ်မှမပြောင်းမရွှေ့ရှိနေခဲ့တာ ကျွန်တော်ငယ်ငယ် အမေနှင့် အဒေါ်တို့ဆီ အလည်သွားတိုင်း မြင်တွေ့နေကျဖြစ်ပါသည်။ ဒီနောက် အရီးလေးဆုံးပြီးနောက်မှာလည်း အဒေါ်ဖြစ်သူနှစ်ယောက်တူဖြစ်သူနှစ်ယောက်နှင့်အတူတူနေခဲ့ကြသည်။

၁၉၈၈နှစ် သပိတ်အရေးခင်းနှစ်မှာပင် မောင်စံပု ဆုံးပါသည်။ အတူနေတူတစ်ယောက်ဆုံးတော့ အဒေါ်ကြီးဖွားမိုက ညီမဖြစ်သူဘက်က ကျွန်တော့်အား ခေါ်၍ အတူနေဖို့ခေါ်ထားခဲ့ပါသည်။ အဒေါ်နှစ်ယောက် တူနှစ်ယောက်နှင့် အတူနေချိန်မှာလည်း ခြတောင်ပို့ကနေအိမ်တွင်းရှိနေတုန်းပင်ဖြစ်သည်။ ခြတောင်ပို့၏ထူးခြားချက်ကား နေအိမ်ခေါင်းရင်းဘက် အရှေ့ဘက်တရွေ့ရွေ့တိုးကာ ပေါက်လာခြင်းတွေ့ရသည်။

ထိုခြတောင်ပို့၏ သက်တမ်းမှာ အရီးလေးရွှေမောင်ရှိချိန်ကနှင့် ကျွန်တော် အဒေါ်ဖြစ်သူတို့အိမ်ရောက်လာသည့် ကာလအားဖြင့် အနှစ် (၂၀)ကျော်ဝန်း



www.burmeseclassic.com1

www.burmeseclassic.com

ကျင်နီးပါးကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ကျွန်တော်အဒေါ်တို့နှင့် အတူနေလာခဲ့တာပင်(၁၀)နှစ်ကျော်နေခဲ့ရပါသည်။ (၈)နှစ်ကျော်ကျော် ဒေါ်ကြီးဖွားမှီနှင့်နေခဲ့ပြီး အဒေါ်ကြီးဆုံးပါသည်။ ထိုအချိန်တွင်လည်း တောင်ပို့ကား အိမ်တွင်စွာရှိနေဆဲဖြစ်သည်။ တဖြည်းဖြည်းတောင်ပို့ကား ခေါင်းရင်းထရံဘက်တိုးကာ ပေါက်လာခြင်းဖြစ်သည်။

အဒေါ်ကြီးဖွားမှီဆုံးပြီး ကျွန်တော့်ညီမဒေါ်ချစ်အေးနှင့်အတူ ဘကြီး၏သား ကိုလှကြည်နှင့် ကျွန်တော်ရယ် သုံးယောက်အတူနေကြပါသည်။

ဒေါ်ဖွားမှီဆုံးပြီး (၁) နှစ်ကျော် (၂)နှစ်နီးပါးကြာလာသည့်အခါ တောင်ပို့ကား ထူးခြားတာပြလာသည်။ ထိုအချိန်က လုံးဝ နားမလည်ခဲ့ပေ။ ကျွန်တော်လည်း လောကီတိတ္ထုံကျမ်း၊ အပျအဆတို့ကား အတွေ့အကြုံလည်းမရှိပေသား။ လေ့လာလိုက်စားတာကလည်း အားနည်းနေသည့်အချိန်ဖြစ်သည်။ ခြတောင်ပို့ အိမ်အရှေ့ဘက်ထွက်ပြီး တောင်ပို့ငယ်တစ်ခုပေါ်လာတာ အကောင်းနိမိတ်လား၊ အဆိုးနိမိတ်လားဆိုသည်အား လုံးဝမဝေခွဲတတ်ခဲ့ပါ။

ကျွန်တော်အိမ်အရှေ့ဘက်ကပ်လျက် ဘကြီးဦးစိန်ဆိုလျှင် ဘုန်းကြီးကျောင်းထွက် လောကီရေးရာနှင့်ပတ်သက်လို့ကတော့ အသက်အရွယ်ရော အတွေ့အကြုံအရပါ တီးမိခေါက်မိသူကလည်း ဖြစ်သည်။ ဘကြီးစိန်လည်း ခြတောင်ပို့နေအိမ်အရှေ့ဘက်ထွက်၍ ပေါက်လာတာအဆိုးမမြင်ခဲ့။အကောင်းနိမိတ်ဟုသာ တွေးထင်ထားခဲ့သူဖြစ်၍-

"ငါ့တူ ခြတောင်ပို့လေး အိမ်ရှေ့တက်ပေါက်လာတာ ဒီပြင်အကောင်ဗလောင်တွေ မဖျက်ဆီးလို့မရအောင် အကာအရံလေးလုပ်ပေးထားပါကွာ"

ဟု ပြောခဲ့သည်။

ကျွန်တော်လည်း ခြတောင်ပို့အား ဝါးခြမ်းပြားများအား သံနှင့်ရိုက်ကာ ကပ်လုပ်၍ (၄)ထောင့်ပတ်လည်ခြံလေးလုပ်ပေးကာရံထားပြီး ထုံးအဖြူပင်သုတ်ထားပေးခဲ့ပါသည်။ ထိုအချိန် အိမ်အတွင်းပေါက်နေသည့်ခြတောင်ပို့ကား မရှိတော့ဘဲ နေအိမ်အပြင်ဘက်ပြောင်းကာ ခြတောင်ပို့ပေါက်၍လာခြင်းဖြစ်သည်။

မှတ်မှတ်ရရဟုဆိုရပါမည်။ ထိုနှစ်ထဲမှာပင် အတူနေသည့်အဒေါ်ဖြစ်သည့် ဒေါ်ချစ်အေးလည်း ဆုံးပါသည်။ ထိုအချိန်က တောင်ပို့နေအိမ်အပြင်ဘက်အရှေ့အရပ်ကပေါက်လျှင် နေအိမ်ရှိအကြီးအကဲလုပ်သူ အိမ်ထောင်ဦးစီးတို့ထွက်တတ် သေကျေပျက်စီးတတ်သည်။ အိမ်ခြေယာခြေပျက်တတ်သည်ဆိုတာ လုံးဝမသိ၊အတွေ့အကြုံလည်းမရှိသောကြောင့် ဖြစ်သည်။

လူနေအိမ်လူနေဝိုင်းအတွင်း ခြတောင်ပို့ပေါက်လျှင် ကောင်းသည့်အရပ်ရှိသလို မကောင်းသည့်အရပ်ဒေသရှိတာလည်း သတိပြုဖို့တော့လိုအပ်ပါသည်။

တောင်ပို့ပေါက်ခြင်းနိမိတ်နှင့်ဆက်စပ်၍ ကျွန်တော်သတိပြုမိသည့်အချက်ကား တောင်ပို့မှာ နေအိမ်အရှေ့ဘက်ကပေါက်လျှင်မကောင်း။ နေအိမ်ရှိအကြီးအကဲလုပ်သူ ပျက်စီးတတ်သည်။ (သို့) အိမ်ခြေယာခြေပျက်တတ်သည့်မကောင်းအနိဋ္ဌာရုံတို့အား ကိုယ်တွေ့ကြုံသိလိုက်ရပါတော့သည်။ နေအိမ်အရှေ့ဘက်ဆိုသည်မှာ မိမိတို့နေထိုင်သည့်နေအိမ်၏အရှေ့ဘက်ဖြစ်ပါသည်။ အိမ်မျက်နှာစာရှေ့ရပ်မဟုတ်ပါ။

ကျွန်တော် အတူနေ အဒေါ်ဖြစ်သူဆုံးတော့ ကျွန်တော်နှင့်အတူနေဆိုလို့ ကိုလှကြည်တစ်ယောက်သာရှိသော်လည်း သူက အိမ်ထောင်သူဖြစ်၍ အတူမနေ။ ညဘက် သူ့အိမ်မှာပင်ပြန်၍နေသည်။ ကျွန်တော်တစ်ယောက်တည်းနေရသည်။ အိမ်ကိုလည်း အဒေါ်တို့မရှိသည့်နောက် ကျွန်တော်တို့ဘက်က အမွေတစ်ခု၊ ကိုလှကြည်ဘက်က အမွေတစ်ခုဖြစ်၍ နှစ်ဦးခွဲဝေကြရာ အိမ်ကြီးလည်းပျက်၊ အကြီးအကဲလည်းထွက်ရသည့်အပျက်ကြုံရတာ နောင်မှသတိထားမိပါတော့သည်။

ကျွန်တော်အိမ်ကြီးဖျက်ပြီးနောက် ရွာအိမ်မပြန်ဖြစ်သေးပါ။ တင်းကုပ်တစ်လုံးရှိရာ ထိုတင်းကုပ်တွင်နေထိုင်သည်။ ငါးလခြောက်လလောက်ကြာမည် ထင်ပါသည်။ တစ်ယောက်တည်းချက်ပြုတ်စားသောက်နေထိုင်ရင်း ကျွန်တော်ကိုယ်တိုင်ဆောက်လုပ်ထားသည့် အိမ်သာတစ်လုံးရှိပါသည်။ ထိုအိမ်သာတွင် ပျားအုံလာ၍ စွဲတာတွေ့ရပါသည်။ ပျားအုံတို့အား ငယ်ငယ်ကပင် ပျားအုံကိုအားပွက်ခြင်းမလုပ်ပါ။ သူတို့အသိုက်အအုံအား မဖျက်ဆီး သူတို့၏အစာအား လုယူမစားဘူးဆိုသည့် ကိုယ်ချင်းစာစိတ်နှင့် လုံးဝပျားဖွတ်ခြင်းမလုပ်ပါ။ပျားဖွတ်သားထိုး မယားခိုး မုဆိုးတံငါ အပါယ်လေးရွာ ဆိုသော စာဆိုလည်းရှိသည် မဟုတ်လော။ ပျားအုံအား မဖျက်ဆီးဘဲ အိမ်သာအား ပိတ်ထားလိုက်ပါသည်။

ပျားအုံစွဲပြီး တစ်လကျော်နှစ်လကြာ ကျွန်တော်တစ်ယောက်တည်းနေလို့မဖြစ်နိုင်သည့်အကြောင်းကပေါ်လာသည်။ လူလွတ်တစ်ကိုယ်တည်းသမားလည်းဖြစ်၍ ချက်ပြုတ်စားသောက်ရတာကြာတော့ အဆင်မပြေ။ တစ်ယောက်တည်း တောင်သူလုပ်ငန်းလုပ်ရ၊ နွားကျွေးရ၊ မြက်နုတ်ရခြင်းအလုပ်တို့နှင့် လူနှင့်အလုပ်မမျှ မနိုင်မနင်းဖြစ်လာသည်။ အလုပ်ကသီလာကာ မွေးချင်းတွေရှိရာရွာသို့ ပြန်ပြောင်းဖို့အခြေအနေက ဖြစ်လာခဲ့ရသည်။

အဒေါ်တို့နှင့် အတူနေစဉ်က ကြပ်စုရွာ၊ အမေ့ရွာက ဆူးပန်းချောင်းရွာသို့ ပြောင်းလာခဲ့ရသည်။ မွေးချင်းတွေကလည်း အိမ်ထောင်သူမရှိ လူလွတ်တွေဖြစ်၍ ရွာပြန်ပြောင်းရွှေ့နေထိုင်ခဲ့ရပါသည်။ ထိုသို့ ပြောင်းရွှေ့လာခဲ့ရသည်နောက် သတိပြုမိသည့်အချက်မှာ ပျားအုံတို့ အိမ်သာတွင်လာ၍စွဲလျှင် ထိုအိမ်ရှင်သေကျေပျက်စီးလျှင်ပျက်စီး၊ မပျက်စီးလျှင် တစ်ရပ်တစ်ကျေးပြောင်းရွှေ့ရသည့်နိမိတ်အား ပျားစွဲနိမိတ်တွင်လေ့လာတွေ့ရှိရပါသည်။

ထိုဖြစ်ရပ်တို့တွင် ခြတောင်ပို့နေအိမ် အရှေ့ဘက်ပေါက်လျှင် အိမ်ရှင်အကြီးအကဲတို့ပျက်စီးခြင်း ကြုံရတတ်သလို အိမ်ခြေရာခြေပျက်စီးခြင်းလည်းကြုံရတတ်ပါသည်။ ပျားအုံတို့အိမ်သာတွင် ပျားစွဲလျှင်လည်း အိမ်ရှင်ပျက်စီးလျှင်ပျက်စီး၊ မပျက်စီးလျှင်လည်း တစ်ရပ်တစ်ရွာတစ်နယ်ပြောင်းရွှေ့ရတတ်သည်။ ကိုယ်တွေ့ဖြစ်ရပ်တို့အား ဗဟုသုတဖော်ပြပေးခြင်း ဖြစ်ပါသည်။

တောင်ပို့ပေါက်သောနိမိတ်တွင် အကောင်းလေးဌာန၊ မကောင်းအနိဋ္ဌလေးဌာန ခွဲခြားဖော်ပြထားပါသည်။

လင်္ကာတွင် -

ဖရုံသီးအူ၊ အကောင်းယူ၊
ကြက်ဆူရိုးနိမကောင်းပြီ။
ကြာသပတေး၊ ဗုဒ္ဓဟူး၊
သောကြာ၊ တနင်္ဂနွေ
အကောင်းလေးမျက်နှာ၊
တနင်္လာ၊ အင်္ဂါ၊
ရာဟု၊ စနေ မကောင်းလေးဌာန
ဟု ဖော်ပြထားပါသည်။

နေအောင်လင်း (စစ်ကိုင်း)



www.burmeseclassic.com1

www.burmeseclassic.com

တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၃ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၄ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍နမောတဿ (၉)ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း(၇)၊ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေးနှင့် သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၆ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဖြူရောင်။အကျိုးပေးနေ့သားမှာ တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၇ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၈ ရက်၊ စနေနေ့**- လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာနှင့် သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၀ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၁၊ ၇)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံယာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၁ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက် အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၃ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း(၆)၊ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ(၉)ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၄ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ် အရှေ့၊ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၅ ရက်၊ စနေနေ့**- လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာနှင့် သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၇ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၃၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၈ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၃၀ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း(၄)။ စိုးမိုးဂဏန်း (၇၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com1

www.burmeseclassic.com



၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ

# ကောင်းကျိုးပေးပြ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စိုးသူ (B.Sc)

**နိုဝင်ဘာလ ၁ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း(၂)၊ စိုးမိုးဂဏန်း (၂၊ ၆)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၂ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၃)၊ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော(၉)ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၃ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း(၄)၊ စိုးမိုးဂဏန်း (၃၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၄ ရက်၊ စနေနေ့** - လာဘ်ဂဏန်း(၅)၊ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၅ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း(၆)၊ စိုးမိုးဂဏန်း (၂၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၆ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း(၇)၊ စိုးမိုးဂဏန်း (၂၊ ၅)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၇ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၈)၊ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၈ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း(၉)၊ စိုးမိုးဂဏန်း (၆၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၉ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၁၊၈)။ လာဘ်နေအရပ်မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၀ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း(၂)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင်ကအစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၁ ရက်၊ စနေနေ့**-လာဘ်ဂဏန်း(၃)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်ကအစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**နိုဝင်ဘာလ ၁၂ ရက်၊ တနင်္ဂနွေနေ့**-လာဘ်ဂဏန်း(၄)၊ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့



www.burmeseclassic.com1

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တစ်နေ့တည်း ဘုရား (၃) ဆူလှည့်၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ပါနှင့်။ အနောက်အရပ်ကအကျိုးဆောင်နှင့်စပ်ပါ။

**ကားရောင်းလိုသူများ** - ကားကို အရှေ့အရပ်က အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အရဟံဂုဏ်တော်ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်လှည်းခြင်း၊ အမှိုက်များကောက်ခြင်း၊ ပန်းခြောက်များစွန့်ပေးခြင်းကုသိုလ်ပြုပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** -ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမည်းရောင်မဝတ်ပါနှင့်။

**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသော ဒုက္ခိတများကို ငွေ၊ ဆေး၊ အာဟာရလှူပါ။

**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်တွင် (၁) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမပြုတော့သည့်ရေဘူးခွံများ၊ ရွှေရောင်ပစ္စည်းအကျိုးအပဲ့များကို ရှာဖွေရှင်းလင်းစွန့်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက်နေ့စဉ်ရွတ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။ ခိုစာမကြာမကြာကျွေးပါ။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို တစ်နိုင်ဘေးမဲ့လွှတ်ပေးပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ကြိုက်ရာထိုးလာပါစေ၊ ထီကံကောင်းနေတတ်ပါသည်။



www.burmeseclassic.com1

www.burmeseclassic.com

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်လှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ကြာသပတေးနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာခဏသွား၍ ပဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်အလှဆင်ပစ္စည်းများ ဟောင်းနွမ်းနေပါက စွန့်ပစ်၍ အသစ်လဲလှယ်အလှဆင်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီ၏ရင်ပြင်တော်အား မကြာမကြာတံမြက်စည်းသွားလှည်းပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လည့်စီအစာကျွေးပါ။

**ကျန်းမာရေး** - အမြင်အာရုံချို့တဲ့သောမျက်စိဝေဒနာရှင်တစ်ဦးကို မျက်မှန်လှူလိုက်ပါ။

**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသော ထီသည်ထံတွင် (၄) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများ တစ်နိုင်ဝယ်၍ ကံစမ်းထားပါ။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဝတ္ထုငွေများလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကိုသောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာခဏသွား၍ ပဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** -အိမ်ထဲရှိ စနေနံပစ္စည်းအဟောင်းအပျက်၊ မီးလုံးအကျွမ်း၊ မီးချောင်းအကျွမ်းများကို ရှာဖွေရှင်းလင်းစွန့်ပစ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်လှည်း၊ အမှိုက်များကောက်ခဲ့ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။ ငါးမှဲ့လွှတ်ပေးပါ။

**ထီကံကောင်းလိုသူများ** - စက်ဘီး၊ ဆိုင်ကယ်၊ ကားတို့နှင့် ရောင်းသော ထီသည်ထံတွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဌာန်ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရှက်ဆွမ်းလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ ပန်း၊ ရေချမ်း ဆီမီးများကပ်လှူပူဇော်ပြီး ပဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့်လျှပ်စစ်ပစ္စည်းအပျက်အစီးများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်လှည်း၊ အမှိုက်များကောက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုလေးများကို အစာကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**ကျန်းမာရေး**- ရေသတ္တဝါလေးများကို အစာကျွေးပါ။ ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - ဘုရားဖူးခရီးသွားမည့်လူကြုံနှင့်မှာ၍ထီထိုးခိုင်းပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။ ကြုံက်ရာထိုးလာပါစေ။ ထီပေါက်တတ်ပါသည်။

**သောကြာသားသမီးများ**
**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ ပန်း၊ အညွှန့်၊ အသီး၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟိတဟိဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အနောက်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်း၊ ရေချမ်းများကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ရွှေရောင်ပစ္စည်းအကျိုးအပဲ့များ၊ ရေသန့်ဘူးခွံအဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက်နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကိုအစာကျွေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။ အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** -ကြာသပတေးနံထီဆိုင်နှစ်ဆိုင်တွင် (၅ အစ၊ ၅ အဆုံး) ထီလက်မှတ်လေးများ နိုင်သလောက်ထိုးထားပါ။

**စနေသားသမီးများ**
**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံလေးငါးမျိုးဖြင့် ဝေဝေဆာဆာပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာမကြာစတိရိုက်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ကပ်လှူပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ မွေးနံပြန်ရောက်ပါက မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။
**နလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်၊ အနက်ရောင်များဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - အမြင်အာရုံချို့တဲ့နေသောမျက်စိဝေဒနာရှင်တစ်ဦးကို မျက်မှန်လှူလိုက်ပါ။
**ထီကံကောင်းလိုသူများ** - အင်္ဂါနံထီဆိုင်တွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင်-
တနင်္ဂနွေ စနေပိတ်မှည့်ထားသောနာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုကျင့်ကြံအားထုတ်ရွတ်ဖတ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
ဥပမာ-အံ့နိုင်-အုန်းထူး-အိမ်နွဲ့။

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲပြည့်မည်စေ*

ပြည့်သိန်းကျော်


www.burmeseclassic.com1

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း
(ရင်ကိုဆေး၊ ပြည်ထောင်စု၊ မြို့တွေခေါင်း)

## အိမ်ရောင်းရင် အန္တရာယ်ကင်းစေဖို့

### သူ့ရှင့်လက်ဆောင်



အိမ်တွေ -

အဆောက်အဦးတွေ -

မြန်မြန်ရောင်းထွက်ချင်ကြတဲ့ကာလတွေရောက်ရှိလာခဲ့ပြန်ပါပြီ။ဝါကျွတ်တာနဲ့ အိမ်ရောင်းချင်ကြသူတွေ အလျှိုအလျှိုပေါ်လာတတ်လေ့ရှိပါတယ်။

အဲဒီမှာသိသင့်တယ်ထင်တာလေးတွေကို သူရှင့်ပရိသတ်ကြီးအတွက် တင်ပြဖို့စဉ်းစားရင်း ဒီသူရှင့်လက်ဆောင်ဖြစ်ပေါ်လာခဲ့ရပါတယ်။

ဘာလို့လဲဆိုတော့ -

အိမ်ရောင်းဖို့လုပ်ရင်း လူတွေထွက်တတ်ကြလို့ပါ။

ဒီလိုပြောလိုက်တော့ နည်းနည်းစိမ်းနေပါလိမ့်မယ်။

ဘာလဲ - ဘာဖြစ်လို့လဲ - ဘာပြောလိုက်တာလဲဆိုပြီး တအံ့တဩဖြစ်ရင်လည်းဖြစ်သွားပါလိမ့်မယ်။

မအံ့ဩပါနဲ့ -

ဒါဟာ နံ့တူထိခိုက်သွားတဲ့ကိစ္စ၊ ပညာစကားနဲ့ပြောရရင် နံ့တူဓာတ်ခိုက်သွားတဲ့ကိစ္စပါ။

ဒါဟာ ရှောင်လို့မရတဲ့ကိစ္စပါ။ ဖြစ်လေ့ဖြစ်ထရှိပါတယ်။

နံ့တူထိပြီဟေ့ဆိုရင် သက်ရှိကိုအရင်ထိတတ်ပါတယ်။

မထိအောင်ရှောင်လွှဲပြီးဓာတ်ရိုက်ကြည့်ပါတယ်။

ကိုယ့်ကိုယ်ကိုယ်ပါ -

ရိုက်ကြည့်လိုက်တော့ လူကို အရင်ထိတော့တာပါပဲ။

ခပ်ငယ်ငယ်တုန်းကဆိုရင် သူငယ်ချင်းတွေကို အကူအညီတောင်းပြီး နံ့တူအစီအရင်တွေလုပ်ခဲ့ဖူးပါတယ်။ သူတို့ကိုတော့ ကြိုပြောထားတာပေါ့။ ငါဓာတ်ရိုက်လိုက်မယ်၊ မင်းတို့အိမ်မထွက်ခင်မင်းဦးဆုံးဘာစဖြစ်လာလဲ၊ စဖြစ်လာတာနဲ့ ငါ့ကိုပြောဆိုပြီးကြိုမှာထားလိုက်ပါတယ်။

ဖြစ်တာပါပဲ၊ တစ်ခုမဟုတ်တစ်ခုဖြစ်ပါတယ်။

ဖြစ်စပြုပြီဆိုတာနဲ့ ဓာတ်ရိုက်ထားတဲ့ဓာတ်ကို ပြန်ဖြေယူရပါတယ်။ ဒါတောင်မှ ဓာတ်ထိပြီး ဟိုလိုလိုဒီလိုလိုဖြစ်သွားတဲ့သူငယ်ချင်းကို ပြန်လုပ်ပေးရပါသေးတယ်။

သူငယ်ချင်းတွေက ဝိုင်းကူကြပါတယ်။ ငါဒီလိုလုပ်ပေးရင် ရတော့ရတယ်။ မင်းနဲ့က နံ့တူဖြစ်နေတယ်။ ဒီတော့ မင်းဖြစ်ချင်တဲ့ကိစ္စ ငါဓာတ်ရိုက်ပေးမယ်။ မင်းဘာဖြစ်လဲ ငါ့ကိုပြောဆိုပြီး ကြိုမှ



www.burmeseclassic.com

www.burmeseclassic.com

ထားရပါတယ်။ သူငယ်ချင်းတွေမို့လို့လည်း ပွင့်ပွင့်လင်းလင်းပြောပြီး လုပ်ရဲတာပါ။ သူတို့ရဲ့ကူညီမှုကြောင့် နံ့တူထိခြင်းကို လက်တွေ့တွေ့စပြီးထိတွေ့ခဲ့ရပါတယ်။ နောက်တော့ အတွေ့အကြုံလေးရလာတော့ သူများတွေဓာတ်ရိုက်ရင်း နံ့တူထိခိုက်ကုန်တာတွေ ကြားကြားနေရပါတယ်။ သူတို့သဘောနဲ့သူတို့ဟာသူတို့လုပ်တယ်။အဲဒီမှာဘာတွေဖြစ်ကုန်တယ်ဆိုတာတွေ၊ သူတို့ဟာသူတို့လာရင်းပြောပြောပြကြတာတွေ မကြားချင်မှအဆုံးပါဘဲ။

လူတစ်ယောက်ဆို အိမ်တွေကိုဓာတ်ရိုက်ထုတ်တယ်။ သူရိုက်လိုက်တာက သီဟိုဠ်ညွှန့်(၆)ညွှန့်နဲ့ အုန်း(၁)ညွှန့်ပေါင်းပြီးအိမ်တိုင်ကိုရိုက်ရတာ ထွက်တာပဲ။အိမ်နှစ်လုံးဟာ တစ်လုံးပြီးတစ်လုံးထွက်တယ်။ဒါပေမယ့် သူ့အမေ ဒေါ်အုန်းမေအိမ်ရာထဲဗုန်းဗုန်းလဲသွားတယ်။ အဲဒီတော့မှ အိမ်ကစထွက်တယ်။

နောက်တစ်အိမ် သူရိုက်တာ ဒီလိုပဲ သီဟိုဠ် (၆) ညွှန့်နဲ့ အုန်း (၁) ညွှန့်ပဲ။ အိမ်တိုင်ကိုရိုက်တာ။ အဲဒီအိမ်ကျတော့ လူငါးယောက်ရှိတဲ့အထဲက ဥက္ကာဆိုတဲ့ကလေးသွားထိတယ်။ ထိပုံက ဆိုင်ကယ်မှောက်သွားတာ။ မသေပေမယ့် မရှုမလှဘဲ။ သူလည်း အဲဒီလိုဖြစ်ရော အိမ်ထွက်သွားရော။ တစ်ခါတစ်ခါကျ လူပဲထိပြီးအိမ်မထွက်တာတွေလည်းရှိတယ်။ အိမ်ထွက်အောင်ရိုက်ကြတဲ့အထဲမှာ ဩဇာကိုင်းနဲ့ ရိုက်ကြတာလည်းတွေ့ဖူးတယ်။

ဩဇာကိုင်းကို အိမ်ရှေ့တံစက်မြိတ်မှာ ဇောက်ထိုးဆွဲထားတယ် ခြေရင်းဘက်မှာ။ ဘာကြာလဲ အဲဒီအိမ်ထွက်သွားတာပဲ။ နှစ်အိမ်၊ သုံးအိမ်လောက်တွေ့ဖူးတယ်။ ထွက်တာမှ ထင်တောင်မထင်ရဘူး။ ဒါပေမယ့် အဲဒီသုံးအိမ်ထဲက တစ်အိမ်မှာ ပြဿနာသွားဖြစ်တယ်။

ဘယ်လိုဖြစ်လဲဆိုတော့ ဗိုင်းကောင်းကျောက်ဖိဆိုပြီး တင်စားပြောခံရအောင်အနေအထိုင်အင်မတန်သိက္ခာကြီးမားတဲ့ကလေးမလေးဟာ အိမ်ကလူတွေနဲ့ ပြဿနာဖြစ်ပြီး သူ့ကြီးတော်အိမ်ဆင်းသွားရော။ ဟိုရောက်တော့ သူတို့ငယ်ငယ်ကတည်းကခင်ခဲ့ကြတဲ့ ကောင်လေးနဲ့ စိတ်ပြေလက်ပျောက်ဆိုပြီး ဟိုရှုခင်းလေးသွားကြည့်ဒီရှုခင်းလေးသွားကြည့်ကြည့်ရင်းကနေ အဲဒီကောင်လေးနဲ့ညားသွားပါလေရော။

အဲဒီကောင်မလေးရဲ့ နာမည်က အိအိ။ တန်းထိတာပဲ တနင်္ဂနွေ။ လူလည်းထွက်၊ အိမ်လည်းထွက်ပဲ။





www.burmeseclassic.com1

www.burmeseclassic.com

ထွက်မယ်လေ။ ထွက်အား ကောင်းစေတဲ့ ဩိရန်းဓာတ်ကိုး။

၅ ဩ - ဇာ
၂ ဦး - ညို (အပြင်ရန်)
၆
အိမ် - ၁ ဩ
၄
ဝ
ဩိရန်း ၃ ဇာ

(မူလကို ဩိရန်းအုပ်သောဓာတ်ကိုကြည့်ပါ။ 'ဩဇာ' ဩိရန်းဂြိုဟ်သည် မူလအား 'အဝေးခြသေ့်ဟောက်' ပညာခန်းအရ လွင့်စဉ်ထွက်သွားစေနိုင်သော သတ္တိရှိ၏။

နဂိုကတည်းက ဂြိုဟ်ဩိရန်းသည် ပြဿနာများစွာတည်နိုင်သောသတ္တိရှိ၏။ ထိုသဘောသတ္တိရှိသောဩိရန်းက မူလကိုအုပ်စေသော ဩဇာနှင့် မူလတနင်္ဂနွေနံကို ဓာတ်ရိုက်ထုတ်လိုက်လေရာ မီးလောင်ရာလေပင့်လိုက်သည်သို့နှယ်ဖြစ်ရတော့၏။

ရန်တည့်တည့်နှင့် စီရင်လိုက်ခြင်းဖြစ်သော်လည်း မီးဓာတ်နှင့်လေဓာတ်ဖြစ်၍ အလွန်လျင်မြန်စွာဓာတ်ထိသွားလေတော့၏။

ရန်သဘောအရ ကာလပမာဏရန်ဖြစ်နေ၍ လျင်မြန်စွာရောင်းထွက်ခြင်းဖြစ်နိုင်၏။

သို့သော် ဆူးလှည်းကြီးမောင်းလာပြီဆိုလျှင် ဟိုငြိဒီငြိငြိသကဲ့သို့ ဦးညိုတည်းဟူသော ရန်သဘော၊ မီးနဲ့ လေတည်းဟူသော ဓာတ်သဘော၊ မူလကို ဩိရန်းအုပ်သော အကျိုးဆက်တို့သည်ကား. . .)

■

တချို့က -

အိမ်ကို အုန်းရိုး၊ အုန်းလက်တွေနဲ့ ရိုက်တယ်။

ဒါလည်းထွက်ပြန်တာပဲ။

သူကတော့ အားပြိုင်တာလေးတွေပါတယ်။ ဘာလို့လဲဆိုတော့ ရန်တော့ရန်ပဲ။ ဓာတ်သဘောက မီးနဲ့ ရေဖြစ်နေလို့။

အဲဒီမှာ အိမ်ရောင်းချင်သူပိုင်ရှင်က သူ့ကိုယ်သူ အားတွေဖြည့်ပေးဖို့ဖြစ်လာပြီ။ ဘာလို့လဲဆိုတော့ မီးများရင် မီးနိုင်သလို ရေများရင်ရေနိုင်သွားနိုင်လို့ပဲ။

ဒါကြောင့် အားဖြည့်ရတယ်။

အဲဒီလိုအားဖြည့်နိုင်မှ အုန်းရိုးတို့၊ အုန်းလက်တို့နဲ့ရိုက်တာထွက်တယ်။

သူကျတော့ အင်္ဂဝိဇ္ဇာပညာခန်းအရ 'အနီးဆင်ဝှေ့ပြန်'။အနီးဆင်ဝှေ့ပြန်သဘောဟာ ရှောင်မလွတ်ဘူး။ မူလတအားထိတယ်။ ဒါကြောင့် ဒီလိုမျိုးဓာတ်ရိုက်ရင်လည်း မူလနံတူကို ထိပြန်တာပဲ။

၅
၂
၆
တနင်္ဂနွေ- ၁ အုန်း - အုန်း
၄ လက် - ရိုး
ဝ
၃

ဒါက စတုရန်းရိုက်တာ။

အင်္ဂဝိဇ္ဇာပညာခန်းမှာလာတယ်။ 'အောင်-လံ-တေ-ဇ-သ-ကျ-မှီ-အုံး' ဆိုတဲ့ပညာခန်း အနီးဆင်ဝှေ့ပြန်။

ထိတာပဲ လူကို။

ကိုအုံးသိန်း ဆိုတဲ့ မိတ်ဆွေတစ်ယောက်ပြောပြလို့သိခဲ့ရတာလေးရှိတယ်။ သူက သူ့အိမ်ဘယ်လိုမှဓာတ်ရိုက်ထုတ်လို့မထွက်လို့ရောက်လာတာ။ခင်ဗျားဘာတွေလုပ်ထားလဲလို့မေးတော့ သူလုပ်ခဲ့တာတွေ သူပြောပြတာ။

သူပြောတယ်။ အဲဒီအုန်းရိုးနဲ့ရိုက်တာ။ အိမ်ရဲ့ထုပ်တန်းကို ထွက် ထွက် ထွက်လို့ပြောပြီး ရိုက်တာတဲ့။

အိမ်ကြီးဟာ မှိုင်းသွားသလိုပဲတဲ့။ ကြည့်ရတာကို တစ်မျိုးကြီးဖြစ်သွားတယ်တဲ့။ စရိုက်ထဲကမေးမယ့်လူတောင်မလာတော့ဘူးတဲ့။

ဝပ်စင်းသွားတဲ့သဘောကြောင့်နေမှာပေ့ါ။

ဓာတ်ကိုက ဖိပြီးနှိပ်တဲ့ အနီးကပ်သတ်တဲ့ဓာတ် -

ကိုအုံးသိန်းဟာ နေရင်းထိုင်ရင်း အလုပ်မလုပ်တော့ဘူး။ ရှိနေတဲ့အလုပ်ကနေ မပျော်ဘူးဆိုပြီး အလုပ်ထွက်ပစ်တယ်။ တားတဲ့လူတွေက ဝိုင်းတားလိုက်ကြတာ။ သူ့လုပ်သက်ကိုနှမြောလို့။

သူက ခပ်အေးအေးပဲ။ ဘာမှမဖြစ်သလိုဘဲ။ သူ့အမေမျက်နှာတောင်မထောက်ဘူး၊ အလုပ်ထွက်ပစ်တယ်။

ကြည့်လိုက်ရင်တော့ ရိုးရိုးပဲလေ။

လူတစ်ယောက်အလုပ်လုပ်တယ်။ အဲဒီအလုပ်ကိုမလုပ်ချင်လို့ထွက်တယ်။ မဆန်းဘူး။ ဒါဆန်းတဲ့ကိစ္စမဟုတ်ဘူး။

ဒါဖြင့် -

စဉ်းစားကြည့်လိုက်ရအောင်။

အကောင်းသားနေရင်းက ဘာလို့ဒီလိုစိတ်ပြောင်းသွားရတာလဲ။

လည်ပတ်နေတဲ့အကြောင်းတရားဟာ ဘာလို့ရပ်ဆိုင်းသွားရတာလဲ။

ဘာလို့ ကိုအုံးသိန်းမှထိရတာလဲ။

ကိုအုံးသိန်းရဲ့အတွေးအခေါ်တွေဖြစ်တည်တဲ့နေရာဖြစ်တဲ့ ဦးခေါင်းပိုင်းဆုံးဖြတ်ချက်တွေ ဘာလို့ဒီလိုဖြစ်ကုန်ရတာလဲ။

ဒါလည်း တနင်္ဂနွေနံတူတွေထိတာပဲလေ။

ဒါကြောင့် -

ရှေးပညာရှိကြီးတွေက ဓာတ်ရိုက်ဓာတ်ရိုက်နဲ့ ဓာတ်ခိုက်တတ်တယ်ဆိုတာကို သတိထားဆိုပြီး ဆုံးမခဲ့ကြတာ။

တစ်ခုခုလုပ်တော့မယ်ဆိုရင် ကိုယ့်သဘောနဲ့ကိုယ် မလုပ်ပါနဲ့။ နားလည်တတ်ကျွမ်းကြတဲ့ပညာရှင်ဆရာ၊ဆရာမတွေ အများကြီးရှိကြပါတယ်။ တိုင်ပင်ပါ၊ အကြံဉာဏ်ပေးတာကို ခံယူပါ။ ကိုယ့်သဘော ကိုယ့်စိတ်နဲ့မလုပ်ပါနဲ့။

အိမ်ထွက်တတ်တဲ့ သဘောဟာ ဘာနဲ့မှမတူပါဘူး။

အိမ်ကိုထွက်အောင် ဓာတ်ရိုက်ထုတ်ကြတဲ့အထဲမှာ အင်းပညာနဲ့ထုတ်တာတွေလည်းရှိပါတယ်။ ထွက်တာပါပဲ။

နည်းပေါင်းစုံရှိနေပါတယ်။

အားလုံးဟာ သူ့နည်းသူ့ဟန်နဲ့ အစွမ်းထက်ကြတာချည်းပါပဲ။

တွေ့ဖူးပါတယ်၊ ဆရာတစ်ဦးဆို အိမ်ထွက်အောင် ဓာတ်ရိုက်လိုက်တာများ (၂၄)နာရီတောင်မကူးဘူး။ တွေ့ဖူးတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်လောက်ကတွေ့ဖူးတယ်။ တွေ့ဖူးတာက သားအမိနှစ်ယောက်က ဗေဒင်သွားမေးတယ်။ အမေလုပ်သူက အိမ်ထွက်ချင်တယ်၊ သားလုပ်သူက မထွက်ချင်ဘူး။ ဒါပေမယ့် အဲဒီဆရာက အမေလုပ်သူရဲ့ အခက်အခဲကိုသိထားတယ်။ အမေလုပ်သူကိုသနားတယ်။ သားလုပ်သူက ဆရာကြီးခင်ဗျာ ကျွန်တော်အိမ်ရောင်းမထွက်ချင်ပါဘူးလို့ သွားပြောတယ်။

အဲဒီအခါမှာ ဆရာကြီးက အေး-မင်းအိမ်မထွက်ချင်ရင် ဓားမလေးကိုင်ပြီး အိမ်တိုင်ခြေရင်းတွေရှိသမျှ မထွက်နဲ့ မထွက်နဲ့ဆိုပြီး အကုန်လိုက်စတ်ခုတ်လို့ပြောတယ်။ ထိရုံလေးထိ၊ ဒဏ်ရာဖြစ်အောင်မခုတ်နဲ့လို့ မှာလိုက်တယ်။ သား



www.burmeseclassic.com1

www.burmeseclassic.com

လုပ်တဲ့သူက ဆရာကြီး[illegible]ပြောတဲ့အတိုင်း လိုက်ခုတ်လိုက်တာ ညနေ[illegible]ည်းကျရော အိမ်ပွဲစားဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပါလေရော။ စျေးကိုပြောပြီးတည့်သွားတာ။

အဲဒီလိုတွေဖြစ်တော့ သားလုပ်တဲ့သူက အသက်တော်တော်ကြီးတဲ့ ဆရာကြီးတစ်ယောက်ထံပြေးတယ်။ အံကျိုးအကြောင်းပြောပြတော့ အသက်ကြီးကြီးဆရာကြီးက ဩော် - တစ်ချက်တည်းခုတ်ရိုက်ထုတ်လိုက်တာကိုးလို့ ပြောလိုက်တယ်။ ခုတ်ထိသွားပြီ၊ ဘာမှလုပ်လို့မရတော့ဘူး။

ဒါလေးကိုသိခဲ့ရတဲ့အခါတုန်းက ဘာမှန်းမသိခဲ့ပါဘူး။

အင်ဂိဇ္ဇာပညာသင်လာရတော့မှ တိုင်ကို ဓားနဲ့ခုတ်တဲ့သဘောတွေသိခဲ့ရပါတယ်။ အဲဒီတော့မှ ဂဠုန်နဂါးဟာ ဘယ်လို၊ အန္တောခုတ်ဟာ ဘယ်လိုဆိုတာတွေ သဘောပေါက်ခဲ့ရပါတယ်။

ဒါကြောင့် အိမ်ကိုထွက်အောင် ခုတ်ရိုက်ထုတ်တဲ့နည်းတွေဟာ ဒုနဲ့ဒေးရှိနေပါတယ်။ ဉာဏ်မမီလောက်အောင် စွမ်းတဲ့ပညာခန်းတွေနဲ့ အိမ်ထုတ်တာလည်း ကြားဖူးပါတယ်။

နေထွက်တဲ့ဘက်ကိုမျက်နှာလှည့်ပြီး အိမ်နံပါတ်(---)ထွက်တော့လို့ပြောရတဲ့နည်းပါ။ အုံဩလောက်အောင်ကို တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်သွားပါတယ်။

အိမ်ထဲမှာ ပွဲတင်သံပြန်လာအောင် လက်ခုပ်တီးရတာလည်းကြားဖူးပါတယ်။ ဒါလည်း ထွက်သွားတာမြင်ဖူးပါတယ်။

အင်ဂိဇ္ဇာပညာမှာ ဆပ္ပတ်ခုတ်ဖြစ်တဲ့ သပြေ(၂၁)ခက်နဲ့ နေ့တိုင်း ခေါင်တိုင်ကိုရိုက်တာ တစ်လအတွင်းထွက်သွားတာလည်း တွေ့ဖူးပါတယ်။ စွမ်းကြတဲ့နည်းတွေချည်းပါပဲ။

သတိထားဖို့ အကြံပြုချင်တာက ခုနပြောတဲ့ နံ့တူကိစ္စပါပဲ။ တနင်္ဂနွေသားသမီးရှိရင် အိမ်ကို ခုတ်ရိုက်ထုတ်ဖို့ တော်တော်သတိထားပါ။

သတိထားဖို့တွေထဲက ထပ်ပြီး သတိထားရမယ့် အိမ်ထွက်အောင်ထုတ်ကြပုံတွေကိုလည်း ဗဟုသုတပြောပြလိုက်ပါဦးမယ်။

အဲဒါကတော့ အစိဠာန်တို့၊ ကတိသစ္စာတို့၊ အပေးအယူတို့နဲ့ဆိုင်နေလို့ပါပဲ။ သတိထားလိုက်ရင် ဘာမှမဖြစ်ပေမယ့် သတိလွတ်သွားတာနဲ့ ထိခိုက်သွားနိုင်တာလေးတွေလည်းရှိနေလို့ပါ။

တစ်ခါက အိမ်တစ်အိမ်ကို ခုတ်ရိုက်ထုတ်ဖို့ကိစ္စတစ်ခုကြုံလာရပါတယ်။ အဲဒီအိမ်က တနင်္ဂနွေချည်းပဲ လေးယောက်တောင်စုနေတဲ့အိမ်ပါ။ သူတို့အိမ်ရောင်းချင်တဲ့ကိစ္စပါ။ ဘာခုတ်မှ ရိုက်မပေးတော့ပါဘူး။ လာတဲ့အခါက အင်ဂိဇ္ဇာအလိုအရ အင်္ဂါအခါဖြစ်နေတယ်။ စနေက နဝင်းမှာ။

ဒီတော့ -

မင်းတို့ နဂါးရုံဘုရားမှာ ဖယောင်းတိုင် (၇) တိုင်သွားထွန်း။ ပြီးရင် မင်းတို့အိမ်နံပါတ်၊ လမ်း၊ လိပ်စာတိတိကျကျနဲ့သေချာပြော၊ ရောင်းထွက်ချင်ပါတယ်ပြော။ ထွက်ရင် မင်းတို့ကန်တော့ပွဲသွားပူဇော်လိုက်။ ထွက်တာနဲ့ လုံးဝမမေ့နဲ့ သွားပူဇော်လိုက်။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေအတွက် တစ်ဆင့်ဒါနပြုပြီး ဘုရားရှင်ကို ပူဇော်ပေးပါတယ်လို့သွားပူဇော်။ အေး-အဲဒီလိုလုပ်ပါ့မယ်ဆိုတာကို ကတိတည်တည်နဲ့ကြုံပြီးတိုင်တည်ရင်း (၇)တိုင်သွားထွန်းပေစေတော့လို့ပြောလိုက်ရတယ်။

တစ်လလောက်တော့ကြာတယ်။ ရက်စွန်းရင် နည်းနည်းပဲ၊ ထွက်သွားတယ်။ စျေးကတော့ သင့်ရုံပဲ။ သူတို့လည်း ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ပွဲသွားလှူလိုက်ကြတယ်။ဘယ်သူ့ကိုမှတစ်ယောက်ကိုမှမထိဘူး။ ဟပ်ချိုးတောင်မချိ(ချေ)ဘူး၊ မထိဘူး။

အဲဒီလို ခုတ်မရိုက်ဘဲထွက်သွားစေတဲ့နည်းတွေလည်း အများကြီးရှိပါတယ်။ ဒါမျိုးကတော့ ဘယ်သူ့ကိုမှမထိဘူး။ ဒီလိုဆိုရင်တော့ ကိစ္စမရှိပါဘူး။ နောက်ပိုင်းမှာ ဆက်တိုက်ပြောပါ့မယ်။

ခုတင်ပြနေတာက နံ့တူရှိရင် ခုတ်ရိုက်အတတ်ပညာနဲ့ မရိုက်ဖို့ပါ။ အကြံပြုနေတာပါ။ ဒါက လူကိုထိတတ်လို့ပါ။

သက်မဲ့ကို အရင်မထိဘဲ လူကို အရင်ထိတတ်တဲ့သဘောကြီးရှိနေလို့ပါ။

ထိနေကြတာတွေလည်း တွေ့တွေ့



နေရလို့ပါ။

ပြောလက်စနဲ့ ဆက်ပြောရမယ်ဆိုရင် လူကို အရင်ထိပြီး ဘဝတစ်သက်တာလုံး နာလန်မထူအောင် လေဖြတ်သွားတဲ့အထိကြားခဲ့ဖူးပါတယ်။ ဒါကြောင့် အိမ်ထွက်အောင် ခုတ်ရိုက်တော့မယ်ဆိုရင် သတိလေးထားပြီး ချင့်ချင့်ချိန်ချိန်လုပ်ဖို့ အကြံပြုတာပါ။

ဒါကတော့ ကိုယ်တိုင်လက်ခံပြီး ကိုယ်တိုင်ဆင်ခြင်မှရတဲ့ကိစ္စပါ။ ခုတ်ခံထားပြီးရိုက်လို့လည်း မရပါဘူး။

ဆိုပါစို့ - တနင်္ဂနွေသားကို သူ့ရဲ့အမြစ်အညွှန့် ဒန်းကြီး (၂၅) ညွှန့်ကို တနင်္ဂနွေ နဝင်းပေါ် ချိန်မှာ အိုးတစ်လုံးသတ်သတ်နဲ့ရေထည့်ပြီးဘုရားပူဇော်မယ်ဆိုပါတော့။ ဒါမှမဟုတ် ဒန်းကြီးသားကို ပုတီးလုပ်ပြီးစိပ်မယ်ဆိုပါတော့။ အိမ်ထွက်အောင် ခုတ်ရိုက်လိုက်ပြီဆိုတာနဲ့ ထိတာကထိတာပါပဲ၊ ရှောင်လို့မရဘူး။ ဒါရိုက်မထိလည်း လှည့်ပတ်ထိတယ်။ ထိပုံတွေကမတူဘူး။

အတွေးအခေါ် အယူအဆလွဲသွားတဲ့ပုံနဲ့ထိတယ်။

အသိမှား၊ အယူမှား၊ အမှတ်မှားတွေဖြစ်ကုန်တဲ့အထိထိတယ်။

မျက်နှာပွင့်လွှန်းသွားတဲ့အထိထိတယ်။

ရန်တွေတအားလိုလာတဲ့အထိထိတယ်။

ကျန်းမာရေးဗုန်းဗုန်းလဲသွားတဲ့အထိထိတယ်။

နောက်ဆုံး လူကိုထိခိုက်သွားတဲ့ အထိဖြစ်အောင်ထိတယ်။

ထိပုံတွေက မတူဘူး။

မထိပါဘူးလို့ ကိုယ့်ကိုယ်ကိုယ်ထင်နေကြသူတွေနဲ့ ဆုံဖူးပါတယ်။ ဒီလိုဖြစ်သွားတယ်မို့လားဆိုတော့မှ ဟာ - ဟုတ်တယ်၊ အဲဒါထိသွားတာလားဆိုပြီး မေးတယ်။ ထိသွားတာကို သူတို့မသိလိုက်ဘူး။ လူတစ်ယောက်လုံးထွက်သွားတာတောင် ထိမှန်းမသိဘူး။

အဲဒါ နံ့တူထိတဲ့သတ္တိကြောင့်ပါ။

အင်ဂိဇ္ဇာမှာ 'နံ့တူသတ်က အသေရ' ဆိုတဲ့ပညာခန်းရှိပါတယ်။

နံ့တူထိရင် ကြောက်ဖို့ကောင်းပါတယ်။

လုပ်ရတဲ့သဘောကိုက ထွက်စေတဲ့အကြောင်းတရားလေ။ ဝင်စေတာမှမဟုတ်ဘဲ၊ မထွက်ထွက်အောင်ထုတ်ပစ်ရတဲ့သဘော။ ဒီတော့ ထွက်ခြင်းမှာ ထွက်ခတ်ခတ်တာတွေရှိတယ်။ ငြိမ်နေ



www.burmeseclassic.com1

www.burmeseclassic.com

တဲ့အရာ၊ တည်နေတဲ့အရာကိုထွက်သွားအောင်ထုတ်ပြီဆိုကတည်းက အခြေအနေတစ်ခုက အခြေအနေတစ်ခုကို ပြောင်းပလိုက်တဲ့သဘောပါပဲ။ လွယ်တယ်ဆိုပေမယ့် ခုလိုသတိထားရမှာလေးတွေရှိလို့ လွယ်တယ်သွားပြောလို့ မရပါဘူး။

အိမ်ထွက်အောင် ဓာတ်ရိုက်တယ်ဆိုတာက -

အိမ်ကြီးရွှေ့သွားတာမဟုတ်ပါဘူး။ ဈေးဗန်းထဲမှာ အိမ်ကိုထည့်ရောင်းရတဲ့ ကိစ္စလည်းမဟုတ်ပါဘူး။ အိမ်က သူ့ဟာသူနေတာပါ။ မလှုပ်ပါဘူး၊ ငြိမ်နေမှာပါပဲ။

လှုပ်သွားတာ လူပါ။

လူပြောင်းသွားတာပါ။ ဒါကို အိမ်ထွက်တယ်လို့ ခပ်လွယ်လွယ်ပြောကြတာပါ။

ဒီသဘောကိုကြည့်လိုက်ရင် ရှင်းသွားလောက်ပါပြီ။

ဘာလို့ လူကိုအရင်ထိရလဲဆိုတာ ရှင်းသွားလောက်ပါပြီ။

လူပြောင်းမှာလေ၊ လူရွှေ့မှာ။ ဒီတော့ လူပဲထိခြင်းကနေစတော့မှာပေါ့။ ဒါ သဘာဝကျပါတယ်။

အိမ်ရဲ့တန်ဖိုး -

လိုချင်တဲ့ငွေကြေးအတိုင်းအတာ-ကာလ -

ရောင်းလိုသူရဲ့ကံ -

ဒါလေးတွေဟာ မသိချင်ယောင်ဆောင်လို့မရပါဘူး။

အိမ်ရဲ့တန်ဖိုးက သိန်းတစ်ထောင်တန်မယ်။

လိုချင်တဲ့ငွေကြေးအတိုင်းအတာက သိန်းနှစ်ထောင်လောက် -

အချိန်က အရောင်းအဝယ်အေးနေတဲ့အချိန် -

ရောင်းချင်သူရဲ့ကံမှာ "ငွေနံကလုံးဝည့်နေဆိုရင် အဲဒီအိမ်ဟာ ဘယ်လိုမှ ရောင်းမထွက်တော့ပါဘူး။

ဟန်ချက်တွေညီရပါလိမ့်မယ်။ ဒါမှထွက်ပါတယ်။

အဲဒီလိုရှိတဲ့အထဲက၊ ဟန်ချက်မညီတဲ့သဘောတွေရှိနေတဲ့အထဲက အတင်းထွက်အောင် မရမကရိုက်ထုတ်ပြီဆိုရင် ဘေးထွက်ဆိုးကျိုးတွေဖြစ်လာတော့တာပါပဲ။

အဲဒါ အခုလက်ဆောင်ပေးနေတဲ့ နံ့တူထိခြင်းအကြောင်းတရားတွေပါပဲ။

ဒါတွေကို ခုလိုသိထားပြီဆိုရင် အိမ်ထွက်အောင် အစီအရင်တွေလုပ်လို့ရပါပြီ။

နံ့တူမရှိရင် ဓာတ်ရိုက်လို့ရသလို နံ့တူရှိနေပြန်ရင်လည်း အိမ်ထွက်စေနိုင်တဲ့ ဒိုပြင်နည်းတွေနဲ့ အိမ်ကိုထုတ်လို့ ဘာမှမဖြစ်တော့ပါဘူး။

ဆက်ပြောပါ့မယ်။

အိမ်ထွက်စေနိုင်တဲ့ တခြားနည်းတွေကတော့ နံ့တူရှိရှိမရှိရှိ ဘာမှမဖြစ်ပါဘူး။ ထိခိုက်စရာအကြောင်းလည်းမရှိပါဘူး။

ခုနပြောခဲ့သလို အစားပေးရတဲ့ သဘောလေးတွေကိုတော့သိပါ။

အဲဒါကတော့ ထွက်သွားရင် ပွဲလှူပေးပါမယ်တို့၊ ထွက်သွားရင် ကျောက်ပြားခင်းပေးပါ့မယ်တို့၊ ထွက်သွားရင် ဘယ်နားမှာ ဘာဆောက်ပေးပါ့မယ်တို့၊ ထွက်သွားရင် ဘယ်လိုတွေလှူပေးပါ့မယ်တို့ဆိုတာတွေမှန်သမျှ အစားပေးခြင်းတွေပါပဲ။ ကတိသစ္စာနဲ့ အလုပ်လုပ်ရတာပါ။ ကတိပျက်လို့မရပါဘူး။

လွယ်လွယ်ပြောရရင် မိဌာန်ထားတဲ့အတိုင်းလုပ်တာတို့ပေါ့။

အိမ်ထွက်ခြင်းနဲ့ပတ်သက်ပြီး နံ့တူထိနိုင်တဲ့သဘောတွေကိုရှင်းပြရင် ခုလို ကတိပေးပြီးတည်ရတဲ့ အိမ်ထုတ်နည်းတွေကိုပါ ဗဟုသုတပေးမှဖြစ်မှာမို့ပါ။ ဒါကြောင့် ကတိသစ္စာကိစ္စတွေကိုပါ တည်အောင် ဗဟုသုတပေးနေတာပါ။

ဓာတ်ရိုက်တာက နံ့တူထိတာ။

ကတိသစ္စာပျက်ရင်၊ အိမ်ထွက်ရင် ဘယ်နေရာမှာ ဘယ်လိုလှူပေးပါ့မယ်ဆိုပြီး ကတိတွေပေးခဲ့ပြီးပျက်ရင် နာလန်မထူနိုင်တော့တဲ့ကိစ္စတွေ တောက်လျှောက်ဝင်လာတတ်ပါတယ်။

ဒါလေးတွေသိထားရင် -

နံ့တူမထိအောင်လည်း ရှောင်နိုင်ပါပြီ။

ဒိုပြင်ကိစ္စမထိအောင်လည်းရှောင်နိုင်ပါပြီ။

တချို့ ခုပြောနေသလို ခပ်လွယ်လွယ်ကတိပေးခဲ့ပြီးပျက်သွားရာက အတော်ထိခိုက်ကုန်ရတာတွေ မြင်ခဲ့ဖူးပါတယ်။ ကြားခဲ့ဖူးပါတယ်။ ကြားလည်းကြားနေတုန်းပါပဲ။ မြင်လည်းမြင်နေတုန်းပါပဲ။

အံ့ဩစရာကောင်းပါတယ်။

ပညာနဲ့တောင်လိုက်ကြည့်လို့ဘာဏ်မမီတာတွေရှိပါတယ်။

ကတိပေးလိုက်တာနဲ့ ရက်ပိုင်းနဲ့ ထွက်သွားတာတွေ တွေ့ဖူးပါတယ်။ ဘယ်လိုမှထင်မထားတဲ့ အိမ်အိုကြီး၊ ဘယ်သူမှစိတ်မဝင်စားတဲ့ အိမ်အိုကြီးရောင်းထွက်သွားတာပါ။ ပိုင်ရှင်ကလည်း ကတိတည်ပါတယ်။ ပွဲတွေတော်တော်လှူလိုက်ပါတယ်။

ကတိတည်ဖို့တော့ တော်တော်အရေးကြီးပါတယ်။

တစ်ခါက နယ်မြို့လေးတစ်မြို့ရောက်ခဲ့တုန်းက လူတစ်ယောက်နဲ့ခင်ခဲ့မိရာကနေ သူ့ယောက်ဖအကြောင်းပြောပြလို့ သွားကြည့်ခဲ့ဖူးပါတယ်။ သူ့ယောက်ဖဟာ လူသွက်တစ်ယောက်ပါ။ တစ်နေ့ သူ့အိမ်ကိုရောင်းဖို့လုပ်ကရော။ အဲဒီမှာ သူကခပ်လွယ်လွယ်ပြောလိုက်တယ်။ အိမ်သာရောင်းထွက်ပစေ ဘာလှူပေးမယ်ညာလှူပေးမယ်ပေါ့။ သူ့ကို မထင်မှတ်ဘဲ စိတ်မနှံ့နေတဲ့ အမျိုးသမီးကြီးတစ်ယောက်က သူ့နားကပ် ပိုက်ဆံတောင်းတယ်။ သူက သူ့အလုပ်သူလုပ်ရင်းလုပ်နေရာကနေ ပေးမယ်ပေးမယ်လို့ ပြောလိုက်တယ်။ အဲဒီစိတ်မနှံ့တဲ့အမျိုးသမီးကြီးက နင့်စကားတည်ပါစေနော်တဲ့။ ဒါပဲလေးငါးခွန်းပြောပြီး ကခုန်ထွက်သွားတယ်။ သူ့စိတ်ထဲမှာ သူ့အလုပ်ရှုပ်နေတုန်း ဒီအရူးမကတစ်မျောင့်ဆိုပြီးဖြစ်သွားတာပဲရှိလိုက်တယ်။ သိပ်အမှုမထားဘူး။ ဒါနဲ့ အိမ်ရောင်းထွက်သွားရော။ ဘယ်လိုမှရောင်းလို့မထွက်ခဲ့တဲ့ ရှေးအိမ်ကြီးရောင်းထွက်သွားရော။ အဲဒီလူက ဘာမှလုပ်မပေးဘူး၊ ခပ်တည်တည်ပဲ။ သူ့ကို စောစောက သူ့ယောက်ဖကပြောတော့ အို - ငါ့ပါးစပ်နဲ့ငါစပ်ဟပ်ရောင်းလို့ထွက်တာပဲလေကွယ်။ သူတို့လုပ်လို့ထွက်ပါတယ်ဆိုရင် ငါစပ်နေရတာတွေကျထည့်မပြောတော့ဘူးလားတဲ့။

သူဘာမှလုပ်မပေးခဲ့ဘူး။

ထူးဆန်းတာက ငွေချေတဲ့နေ့ကစပြီး အဲဒီလူဟာ ဘယ်သူ့မှစကားမပြောတော့ဘူး။ အပြင်လည်းမထွက်တော့ဘူး။ လူတွေ့ကိုမခံတော့တာ၊ ငူငူကြီး။ ဒီလိုပဲ အိမ်ခန်းထဲမှာပဲနေတော့တယ်။ လှောင်ထားခံနေရတဲ့လူတစ်ယောက်လိုပဲ။

ပြောရမယ်ဆိုရင်တော့ ခုထိပဲပေါ့လေ။

ဘာမှသုံးမရတော့တဲ့ လူတစ်ယောက်လိုပဲ ငူငူကြီးပဲ။ ရူးတာလည်းမဟုတ်ဘူး၊ ကြောင်တာလည်းမဟုတ်ဘူး။ ပြောရင်ဆိုရင် အကောင်း၊ လူကလေးကန်ပြီး ဘယ်လိုကြီးမှန်းမသိဘူး။

ဒါတွေက ဒီတိုင်းကြည့်ရင်တော့ ဘာမှမဟုတ်ဘူးပေါ့လေ။

ထဲထဲဝင်ဝင်ကြည့်မှ ကတိသစ္စာ



www.burmeseclassic.com1

www.burmeseclassic.com

ရဲ့သဘောတွေကိုသိရမှာ။

ဒါ-ကတိမတည်တဲ့လူတစ်ယောက်အကြောင်းပဲရှိပါသေးတယ်။

အိမ်ထွက်သွားလို့ ကတိမတည်လို့ အိပ်ရာထဲဗုန်းဗုန်းလဲသွားတာ၊ လင်မယားကွဲသွားတာ၊ လူတွေထွက်ကုန်တာ၊ စီးပွားတွေကျကုန်တာ အများကြီးတွေ့ရပါတယ်။

ဒါကြောင့် -

ဓာတ်ခိုက်တာ ကြောက်ဖို့ကောင်းသလို -

ဒီလို ကတိတို့ သစ္စာတို့နဲ့လုပ်မိရင်လည်း ကတိပျက်ရင်၊ သစ္စာပျက်ရင် ကြောက်ဖို့ကောင်းတာတွေကို ဗဟုသုတပေးချင်လွန်းလို့ ဒီသူရဇ္ဇလက်ဆောင်ဖြစ်လာရတာဖြစ်ပါတယ်။

ဒီတော့ -

ဒီသူရဇ္ဇလက်ဆောင်ကို ခုထိဖတ်ရှုလာပြီးပြီဆိုတာနဲ့ -

ဩော် - နံ့တူရှိရင် အိမ်ကို ဓာတ်ရိုက်ထုတ်ဖို့ တော်တော်စဉ်းစားရမှာပါလားဆိုတဲ့အတွေးလေးဝင်လာပြီဆိုရင် လက်ဆောင်ပေးရတာ ပီတိဖြစ်ရပါပြီ။

ဟိုးတုန်းက ခဏခဏရေးပြခဲ့ဖူးပါတယ်။

တနင်္ဂနွေသားသမီးရှိရင် အိမ်ကို ဓာတ်ရိုက်ထုတ်လို့မရဘူး။

စနေသားသမီးရှိရင် တိုက်ကို ဓာတ်ရိုက်ထုတ်လို့မရဘူး။

ကြာသပတေးသားသမီးရှိရင် မြေကို ဓာတ်ရိုက်ထုတ်လို့မရဘူး။

တနင်္လာသားသမီးရှိရင် ကားကို ဓာတ်ရိုက်ထုတ်လို့မရဘူး။

အင်္ဂါသားသမီးရှိရင် စက်တွေကို ဓာတ်ရိုက်ထုတ်လို့မရဘူး။

နံ့တူရင် သက်ရှိကိုအရင်ထိတတ်တယ်ဆိုပြီး ခဏခဏရေးပြပြီး ဗဟုသုတပြောပြခဲ့ဖူးပါတယ်။

လက်တွေ့တွေပါ။

လက်တွေ့ကနေရလာတဲ့ပညာခန်းတွေကို ရေးပြခဲ့တာပါ။

တကယ့်လက်တွေ့ပညာခန်းတွေပါ။

ကိုယ်တိုင်သင်လာရမှု၊ ကိုယ်တိုင်သိလာရမှု ကိုယ်တိုင်ကြားခဲ့ဖူးတာတွေ၊ ကိုယ်တိုင်မြင်ခဲ့ဖူးတာတွေ ရေးပြနိုင်ခဲ့တာပါ။ခဏခဏလည်းရေးပြခဲ့ပါတယ်။

ဘာလို့လဲဆိုတော့ အကြိမ်ကြိမ်လည်း ကြားခဲ့လို့ပါ၊ မြင်ခဲ့လို့ပါ။

တစ်ယောက်ဆို မမြင်ရတဲ့ပုဂ္ဂိုလ်တွေနဲ့တိုင်တည်ပြီး အပေးအယူတစ်ခုလုပ်လိုက်တယ်။ သူရောင်းလို့မရတဲ့ တိုက်ခန်းတွေ နှစ်ခန်းသုံးခန်းထွက်ကုန်တယ်။သူက အပေးအယူလုပ်ခဲ့တဲ့ပုဂ္ဂိုလ်တွေကို ကတိအတိုင်း ပွဲသွားလှူမယ်လည်းကြံရော သူ့မိတ်ဆွေတစ်ယောက်က ဖျက်တယ်။ ဘာလဲ၊ ဘာအဓိပ္ပာယ်ရှိလဲ။ မင်းကံနဲ့မင်းဖြစ်တာ ဘာဆိုင်လို့လဲ။ သူတို့က ဘာတွေညာတွေ။ ဘာဂါရဝမှ လုပ်စရာမလိုဘူးဆိုပြီးဖျက်တယ်။ ဟိုလူလည်း နားယောင်သွားပြီး ကတိပျက်သွားတယ်။ အပေးအယူအတိုင်း စကားမတည်တော့ဘူး။ အဲဒီလူဟာ အိမ်ထောင်တွေပျက်ဘာတွေပျက်ဖြစ်ကုန်တဲ့ အပြင် ကျန်းမာရေးပါထိသွားတယ်။ နာလန်မထူတော့ဘူး။

ဒီလိုစကားကတိမတည်လို့ဖြစ်ကုန်တာတွေဆိုရင်လည်း ကြောက်စရာကြီး။ ပြောရင် ယုံနိုင်စရာမရှိအောင်ဖြစ်ကြရတာတွေရှိတယ်။

အဓိဋ္ဌာန်ပဲလုပ်လုပ်၊ သစ္စာပဲဆိုဆို၊ အပေးအယူပဲလုပ်လုပ် -

အောင်မြင်ပြီဆိုရင် ကတိတည်ဖို့၊ သစ္စာတည်ဖို့ မမေ့ပါနဲ့။

ဒီလိုမျိုး အဓိဋ္ဌာန်တို့၊ သစ္စာတို့၊ အပေးအယူတို့နဲ့ အိမ်ထွက်ကြတာတွေလည်း အများကြီးရှိနေပါတယ်။

ဘာပဲပြောပြော မမြင်နိုင်တဲ့သဘောတွေရှိပါတယ်။

မမြင်နိုင်တဲ့စွမ်းအားတွေရှိပါတယ်။ မယုံမကြည်မလုပ်ပါနဲ့။

ကတိပေးထားရင်တော့ ပေးထားတဲ့အတိုင်းတည်ဖို့ အကြံပြုချင်ပါတယ်။

ဥပမာ -

သွားရင်းလာရင်း မိုးချုပ်တယ်ဆိုပါစို့၊ လူကလည်းပြတ်နေပြီ။

နီးရာအပင်ကြီးတစ်ခုခုနားရောက်တာနဲ့ တိုင်တည်လိုက်လို့ မကြာခင်မှာ ကားတစ်စီးပဲ ရောက်လာရောက်လာ၊ စက်ဘီးတစ်စီးပဲရောက်လာရောက်လာ၊ လူတွေပဲလမ်းလျှောက်လာလာ အဲဒီလိုအကူအညီတစ်ခုခုရပြီဆိုတာနဲ့ ကျေးဇူးဘယ်လိုပြန်ပြုမှာလဲ၊ဘာပြောခဲ့လဲ။ ဒီမှာရှိတဲ့ပုဂ္ဂိုလ်ခင်ဗျား . . . ဒီလိုဖြစ်ခဲ့ရင် ကွမ်းယာလှူပါ့မယ်ပြောခဲ့လား၊ နောက်နေ့ လာလှူလိုက်ပါ။ အမွှေးတိုင်လှူပေးမယ်ပြောခဲ့လား လာလှူပေးလိုက်ပါ။

ဘာမှပေးမယ်မပြောခဲ့ဘဲတိုင်တည်လိုက်လို့ကူညီရင် မေတ္တာပို့၊ အမျှဝေပေးလိုက်ပါ။ အပေးအယူလုပ်ခဲ့ရင်တော့ ကတိတည်ပါစေ။

ဒါ သေးသေးလေးကို ဥပမာပေးတာပါ။

အိမ်ရောင်းထွက်တာမျိုးကတော့ ကတိပိုတည်ရပါလိမ့်မယ်။

ဒါဆိုဘာမှမဖြစ်တော့ပါဘူး။

ဓာတ်ခိုက်တတ်တဲ့သဘောလည်း ဗဟုသုတဖြစ်ပြီ။

ရှောင်တတ်တိမ်းတတ်ပြီ။

မမြင်ရတဲ့ ပုဂ္ဂိုလ်တွေနဲ့နှယ်ပြီး အပေးအယူလုပ်လို့ အောင်မြင်ပြန်ရင်လည်း မထိခိုက်အောင် ဗဟုသုတရပြီ။

ဒါဖြင့် -

ကြိုက်တဲ့အိမ်ကို နံ့တူမထိခိုက်တဲ့နည်းတွေနဲ့ ဓာတ်ရိုက်ထုတ်လို့ရပြီ။

ကတိသစ္စာတည်တဲ့ နည်းတွေနဲ့လည်း အိမ်ထွက်အောင်လုပ်လို့ရပြီ။

ဒါဆို အောင်မြင်ပါပြီ။

စိတ်ချမ်းသာပါပြီ။

လို့ နိဂုံးချုပ်ကောင်းစကားကိုဆိုရင်း-

ဒီလအတွက် အိမ်အတွက် အန္တရာယ်ကင်းစေဖို့ သူရဇ္ဇလက်ဆောင်ပါး လိုက်ရပါပြီ။

အိမ်ရောင်းချင်သူများ ဘေးကင်းစွာနဲ့ အိမ်ရောင်းထွက်ကြပါစေ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com1

www.burmeseclassic.com

(ပေဃီ) ကျော်နိုင်လင်း

# သံဝေဂ



ကုသိုလ်ကံ၏ အကျိုးပေးခြင်းသည် နှေးကွေးသော်လည်း အကုသိုလ်၏အကျိုးပေးခြင်းသည် မြန်ဆန်သည်။

❑

ကျွန်တော်သည် သံတွဲမြို့နယ် ပေလီကမ်းခြေ မြို့လင်းသာရပ်ကွက်တွင် နေထိုင်သူ ဖြစ်ပါသည်။ မိဘများပိုင်ဆိုင်ခဲ့သော (၁၀) ဧကရှိ ဥယျာဉ်ခြံတွင် နှစ်ရှည်ပင်များဖြစ်သည့် တညင်းပင်၊ သရက်၊ ပိန္နဲများအကြားတွင် ငှက်ပျော၊ မာလကာအပြင် ရာသီပင်များ၊ ခရမ်း၊ ငရုတ်၊ သခွား၊ ဘူး၊ ဖရုံများကိုပါ စိုက်ပျိုးထားသဖြင့် စိုက်ပျိုးပင်များရှင်သန်ရန်အတွက် နေ့စဉ်လိုလိုသွားရောက်ကာ ပေါင်းမြက်များကိုရှင်းပြီး ညနေ (၅) နာရီ တောင်ပေါ်မှဆင်းလာပြီး အိမ်ရောက်သည်နှင့် ရေမိုးချိုးကာ ထမင်းဝိုင်းထိုင်ကြသည်။ ယနေ့ ထမင်းဝိုင်းတွင် ဇနီးသည်မှ -

"အစ်ကိုရေ အစ်ကို့သူငယ်ချင်း ကိုကြီးအောင်တစ်ယောက် ဆေးရုံတင်ထားရတယ်လို့ ကိုအောင်သိန်းပြောသွားတယ်"

"ဟင် - ဘာဖြစ်လို့လဲ ကုန်ခဲ့တဲ့ တနင်္ဂနွေနေ့က ငါမြို့မှာတွေ့ခဲ့သေးတာပဲ အကောင်းသားပါလား။ လက်ဖက်ရည်တောင်တိုက်လိုက်သေးတယ်"

"သစ်အရောင်းဆိုင်မှာ သစ်တုံးညက်လို့ဆိုလား၊ သစ်တုံးဖိလို့ဆိုလား ပြောသွားတာပဲ"

"ဟာကွာ - ဒီလိုဆို ဒီနေ့သွားလို့ အချိန်မရှိတော့ဘူး။ မနက်ဖြန်မှ တောင်ပေါ်မသွားတော့ဘဲ ဆေးရုံသွားလိုက်တော့မယ်"

ကျွန်တော်နှင့် ကိုကြီးအောင်က တစ်ရွာတည်း ကျောင်းနေဖက်အလွန်ခင်ကြသောသူငယ်ချင်းဖြစ်သည်။ ကိုကြီးအောင်သည် ဘာသာရေးတွင်အားနည်းပြီးအသောက်နှင့်အပျော်လိုက်စားသူဖြစ်သည်။ သူ့မိဘများမှာ လယ်ရောဥယျာဉ်များပိုင်ဆိုင်သော သူဌေးမဟုတ်သော်လည်း ဖူလုံသောလူလတ်တန်းစားစာရင်းဝင်ဖြစ်၏။ ပညာရေးမှာ (၁၀) အောင်သော်လည်း ပညာရေးမှာ စိတ်မဝင်စားဘဲ သံတွဲမြို့သို့ပြောင်းရွှေ့ပြီး ပုဂ္ဂလိကသစ်စက်တစ်ခုမှာ အရောင်းစာရေးဝင်လုပ်နေသည်။ အိမ်ထောင်ပါပြုလိုက်သေးသည်။

❑



www.burmeseclassic.com1

www.burmeseclassic.com

ကျွန်တော်သည် စားသောက်ဖွယ်ရာများကို ယူဆောင်ပြီး နံနက် (၈) နာရီ ဆေးရုံသို့ထွက်လာခဲ့သည်။ ယောကျ်ားဆောင်ကိုဝင်သည်နှင့် သူ့အဖေနှင့် စကားပြောနေသော ကျွန်တော့်သူငယ်ချင်းကို ခြေချင်းဝတ်တွင် ပတ်တီးအဖွေးသားနှင့်တွေ့ရ၏။ ကျွန်တော်ယူဆောင်ထားသောပစ္စည်းများကို လူနာပစ္စည်းထည့်ရန်ထားသောသေတ္တာတွင်ထည့်ပြီး သူ့အဖေထိုင်နေသော ခုံရှည်မှာထိုင်လိုက်ပြီး -

"ဘယ်လိုဖြစ်တာလဲ သူငယ်ချင်းရယ်၊ နေသာထိုင်သာရှိရဲ့လား"

သူငယ်ချင်းသည် ညှိုးငယ်သော မျက်နှာနှင့်ကျွန်တော့်ကိုကြည့်ပြီး -

"ခုတော့ နေသာထိုင်သာရှိသွားပါပြီ။ အတော်ထူးဆန်းတဲ့ဖြစ်ရပ်လို့ ဆိုရမှာပေါ့ကွာ။ ဘာသာရေးသွန်သင်မှုကို မေ့လျော့အလေးမပြုမိလို့ အခုလိုဖြစ်ရတယ်လို့ ခု ငါစဉ်းစားမိတယ်သူငယ်ချင်း"

"အေးပေါ့လေကွာ၊ ဒါကြောင့် နောင်တဆိုတဲ့စကားလုံးပေါ်လာတာပေါ့။ အမှန်က ဘာသာတရားဆိုတာ မေ့ပစ်လို့မရဘူးလေကွာ။ ငါတို့ဗုဒ္ဓဘာသာမှာ ကံတရားသာ အဓိကဖြစ်လေတော့ ကောင်းတဲ့အလုပ်ကိုလုပ်ရင် ကောင်းကျိုးကိုခံစားရမယ်။ ကောင်းတဲ့ကံလို့ဆိုရမှာပေါ့။ မကောင်းတဲ့အလုပ်ကိုလုပ်ရင် မကောင်းကျိုးကို ခံစားရမယ်လို့ ဗုဒ္ဓဘုရားဟောခဲ့တာလေကွာ။ ဥပမာကွာ အရက်သောက်တာမကောင်းဘူးလို့သိကြပေမယ့် သောက်ကြတယ်လေ။ သောက်တော့မူးတယ်။ မူးတော့ မကောင်းမှုလုပ်ဖို့ ဝန်မလေးကြဘူး မဟုတ်လား"

"ဟုတ်ပါတယ်ကွာ။ ခု ငါဒုက္ခရောက်မှ ဒီအသိတရားတွေပိုသိလာပါတယ် သူငယ်ချင်းရယ်"

"ခုလိုကြားရတာ ငါဝမ်းသာပါတယ်ကွာ၊ ခုဘယ်လိုဖြစ်တယ်ဆိုတာကိုလည်း ပြောပြပါဦး"

"ဒီလိုကွ-ခုငါနေတဲ့မြို့စွန်ရပ်ကွက်က မြေဟာ အကျယ်ကြီး၊ မင်းရောက်ဖူးတာပဲလေ။ မိုးရာသီကုန်တော့ ဖနီးအကြွေးတာနဲ့ အိမ်နောက်ဖေးချေးဆိုင်တည်ဆိုသလိုပေါ့ ဘူးမင်စိုက်ကြမယ်ဆိုပြီး အနီးဈေးက ဘူးစေ့ဝယ်လာတယ်။ အိမ်နောက်ဖေးမှာပျိုးထားတာပေါ့။ ဘူးပင်လေးတွေပေါက်လာတော့ အရွက်ဖားဖားနဲ့သန်ကသန်ပါပဲ။ မြင်ရတော့ ဝမ်းသာပြီး ဘူးသီးတစ်လုံးကို ဘယ်ဈေး စိတ်ကူးပြီးပျော်နေလိုက်ကြတာ။ ဘူးစင်ထိုးဖို့ဝါးကိုတောင် ဆိုက်ကားဆရာကို မှာပြီးပြီလေ။ ဒီလိုနဲ့ တစ်နေ့ညနေ ငါရုံးကပြန်လာတော့ ဘူးပင်ကလေးတွေကို ကြည့်လိုက်တော့ မြင်မကောင်းဘူးကွာ။ ဘူးပင်ကလေးတွေ ပြန့်ကျဲနေတာမြင်ရတော့ ဒေါသဖြစ်သွားတာပေါ့။ ဇနီးကို ဆူပူကြိမ်းမောင်းပြီးမေးတော့ သူဈေးသွားနေတုန်းမှာ အိမ်မှာမွေးထားတဲ့ ကြက်မယက်တယ်လို့ပြောတော့ ဒေါသကိုမထိန်းနိုင်တော့ဘဲ ကြက်မကိုဖမ်းပြီး ခြေသန်းတွေကိုဖြတ်ပစ်လိုက်တယ်လေ။ တက်တခေါက်ခေါက်နဲ့ ညနေစာစားပြီးအိပ်ကြတာပေါ့။ မနက်မိုးလင်းတော့ ညနေက ငါလွှင့်ပစ်လိုက်တဲ့ခြစည်းရိုးနားက ကြက်ကမထတော့ဘူး၊ဝပ်နေတယ်။ ခြေချောင်းတွေမရှိလို့မထနိုင်ဘူးထင်ပါရဲ့ကွာ။ ငါလည်း ကြက်မကိုမြင်တိုင်း ဒေါသထွက်လို့ ခြံစည်းရိုးနားက ကြက်မကိုသွားကောက်ယူပြီး တစ်ခါတည်းရိုက်သတ်ပြီး ညနေစာချက်ဖို့မိန်းမကိုပေးပြီး အလုပ်ခွင်ထွက်လာခဲ့တယ်။ အရောင်းဆိုင်ရောက်တော့ ဒုသစ်ဝယ်တဲ့လူတစ်ယောက်ရောက်နေတာကို တွေ့ရတယ်။ ပေကြီးတိုင်းတဲ့ကောင်လေး မရောက်သေးလို့ ငါကိုယ်တိုင်တိုင်းတာပေါ့ကွာ။ ပေကြီးတိုင်းတဲ့လူဆိုတာ အကြံအဖန်ရတယ်လေ။ ငါလည်း လက်ဖက်ရည်ဖိုးလေးရအောင် ငါကိုယ်တိုင်ဝင်တိုင်းတာပေါ့ကွာ။ ဒုသစ်ရွေးနေချိန်မှာ သစ်ဝယ်သူက သူသဘောကျတဲ့သစ်ကို လက်ညှိုးထိုးပြတော့ အလုပ်သမားလေးက အပေါ်ကသစ်ကိုလှန်ချလိုက်တာ သစ်ပုံပြိုပြီး သတိမထားမိတဲ့ ငါခြေထောက်ပေါ် ပုံကျသွားတာပေါ့။ ဘယ်လောက်အခံရခက်တယ်ဆိုတာ သူငယ်ချင်းပဲ စဉ်းစားကြည့်။ အလုပ်သမားလေးတွေ



တ နာရေးတားခေါ်ပြီး ဆေးရုံကိုပို့ကြတယ်။ ဆေးရုံကိုရောက်တော့ တစ်ခါတည်း ခွဲစိတ်ခန်းဝင်ရတယ်။ သတိရလို့ မျက်စိဖွင့်ကြည့်တော့ ယောကျ်ားဆောင် ခုတင်ပေါ်မှာရောက်နေတယ် ။ ခုတင်ဘေးမှာ အဖေ၊အမေ၊ဇနီးကိုမြင်ရတယ်။ သူတို့မေးတာကိုပြောနေတုန်း ဆရာဝန်ရောက်လာတယ်။ ခြေထောက်လှုပ်မရတာကို ဆရာဝန်ကိုမေးကြည့်တော့ ခြေခုံအခြေအနေမကောင်းတော့လို့ ခြေချင်းဝတ်ကဖြတ်လိုက်တယ်လို့ ပြောတယ်။ ညနေ အစောင့်တစ်ယောက်ထားခဲ့ပြီး အဖေတို့အမေတို့ပြန်သွားတော့ တောင်တွေးမြောက်တွေးနဲ့ ငိုလိုက်ရတာမပြောပါနဲ့တော့ကွာ။ ညနေစာတောင်မစားချင်တော့ဘဲအိပ်လိုက်တာ နံနက် ငါးနာရီလောက်နိုးတော့ နံတော်တောင်ဘုရားက တရားသံကြားရမှနိုးတော့တယ်လေ။ တရားနားထောင်မှေးနေလိုက်ပြီး တရားကိုဆင်ခြင်မှ စိတ်ကသက်သာရာရတော့တယ်ကွာ"

"သာဓုခေါ်ပါတယ်ကွာ"

"ဟုတ်တယ် သူငယ်ချင်း၊ ကြက်မကလေးခြေထောက်ကို မဆင်မခြင်ပြုမိတဲ့အကုသိုလ်ဟာ နောင်ဘဝမဆိုလားဘဲ ဒီဘဝမှာကို မကောင်းကျိုးပေးနေပါလားလို့ ဆင်ခြင်မိတယ် နောင်တရမိတယ်"

"အေးပေါ့ တရားနဲ့သာဖြေပေါ့ကွာ။ ဒီလောက်ကလေးနဲ့ လူ့ဘဝမဆုံးပါဘူး အစားထိုးလို့ရပါတယ် သူငယ်ချင်းရာ တို့ဘာသာမှာ အားကိုးရာဆိုတာ တရားတော်ပဲရှိတယ်လေ။ ဒီဘဝဒီဝဋ်ကြွေးဒီလောက်နဲ့ပဲရပ်တန့်သွားပါစေလို့ ငါဆုတောင်းပါတယ် သူငယ်ချင်းရာ။ ငါပြန်လိုက်ဦးမယ်။ အားမငယ်ပါနဲ့ အကူအညီလိုရင်ပြောပေါ့ကွာ"

ကိုကြီးအောင် ကျွန်တော်ပြန်ခါနီး ဆုပေးသည်ကို ဘာမှပြန်မပြောဘဲ မျက်နှာညှိုးငယ်သွားပြီး ပါးပြင်ပေါ်သို့ မျက်ရည်များစီးကျနေသည်ကိုမြင်ရသော ကျွန်တော် ခံနိုင်ရည်မရှိတော့ သူ့အနားမှ ထွက်ခွာလာခဲ့ပါသည်။

အိမ်အပြန် ကားစီးလာရင်း ကုသိုလ်ကံအကျိုးပေးခြင်းသည် နှေးကွေးသော်လည်း အကုသိုလ်၏အကျိုးပေးခြင်းသည် မြန်ဆန်ပါလားဟု သံဝေဂရနေပါတော့သည်။

ကျော်နိုင်လင်း(ပြည်)



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၇ ခုနှစ်၊ နိဝင်ဘာလအတွက်

ဆရာဦးမောင်မောင်သန်း

([illegible])

# ခုနစ်ရက်သားသမီး

## ဟောစာတမ်း

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကြံဉာဏ်ယူပါ။ အောင်မြင်ပါလိမ့်မည်။ (၆)ဂဏန်း၊ (၄)ဂဏန်းအကျိုးမပေးပါ။ ငွေကြေးကိစ္စများအထူးရှောင်ပါ။ စပ်တူ၊ ရှယ်ယာကိစ္စလာပြောလျှင် လက်မခံပါနှင့်။ သူတစ်ပါးကို အာမခံရမည့်ကိစ္စများ အားမနာပါနှင့်။ ငြင်းပါ။ အိမ်တွင်းရေးများသာယာနေစေရန် စကားပြောဆိုဆင်ခြင်ပါ။ ငယ်သူများအား အုပ်ထိန်းမရဖြစ်နေတတ်၍ စကားကြမ်းကြမ်းမပြောပါနှင့်။ ကျန်းမာရေးကောင်းနေစေရန် အစာကိုအချိန်နှင့်စားပါ။ သွေးတက်စာရှောင်ပါ။ ပညာရေးကံများလွန်စွာကောင်းနေပါသည်။ စာမေးပွဲများ အောင်မြင်မည်။ ဝန်ထမ်းများ ရာထူးအတွက် သင်တန်းတက်ရပါလိမ့်မည်။ နိုင်ငံခြားသွားချင်သူများ တန်ခိုးကြီးဘုရား စနေထောင့်တွင် ပန်းပေါင်း စုံ (၅)မျိုး မကြာမကြာသွားပူဇော်ပါ။ အောင်မြင်စွာ ထွက်သွားပါလိမ့်မည်။ ချစ်တတ်သူများ ကိုယ့်ချစ်သူနှင့် ခဏခဏစကားမများပါနှင့်။ တစ်ဦးနှင့်တစ်ဦး စကားနိုင်မလုပါနှင့်။ ထိဝါသနာရှင်များ စနေနံ၊ ကြာသပတေးနံထီဆိုင်ကြီးများတွင် (၅၊ ၇၊ ၂၊ ၉၊ ၁) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

*ယတြာ ။ ။ ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးပါ။ အစာကျွေးပါ။*



www.burmeseclassic.com1

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသော ကိစ္စများအတွက် စနေနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ (၄)ဂဏန်း (၈)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေကြေးအပေးအယူကိစ္စများ မကျွမ်းကျင်သောလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ခြင်းနှင့် စပ်တူရှယ်ယာကိစ္စများ ရှောင်လိုက်ပါ။ ပြဿနာများကြုံရတတ်ပါသည်။ လော်င်းကစားအကျိုးမပေးပါ။ လုံးဝရှောင်ထားပါ။ အိမ်တွင်းရေးအဆင်မပြေမှုများဖြစ်လာတတ်ခြင်း စိတ်ဖိစီးမှုများလာခြင်း စသောမဖြစ်သင့်တာများဖြစ်မလာအောင် ကြိုတင်ကာကွယ်ထားလိုက်ပါ။ ဘာသာတရားကိုင်းရှိုင်းသူများ တန်ခိုးကြီးဘုရားများဖူးရခြင်း၊ ပုံတော်များကြွလာခြင်း၊ သီလ၊ သမာဓိကြီးမားသော ဆရာတော်ဘုရားကြီးတွေကို ဖူးတွေ့လှူဒါန်းရတတ်ပါသည်။ ကျန်းမာရေးအတွက် အာရုံကြောတွေမကြာခဏအနားပေးပါ။ သွေးတက်စာများမစားပါနှင့်။ ကျန်းမာရေးညံ့သူများကို ကူညီခြင်း၊ ဆေး၊ ငွေ၊ အာဟာရလှူခြင်းများပြုပါ။ လူမှုရေးအတိုက်အခံများနေပါက နီးရာဘုရားတစ်ဆူဆူ ခြေလျင်သွား၍ တံမြက်စည်းလှည်း၊ အမှိုက်များကောက်ပါ။ ပညာရေးကံများကောင်းပါသည်။ ချစ်တတ်သူများ ချစ်သူက ဘာပြောပြောသည်းခံလိုက်ပါ။ ခိုလေးများကို ပဲကျွေးပါ။ ထီဝါသနာရှင်များ စနေနံထီဆိုင် တွင် (၅၊ ၆၊ ၇၊ ၃) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဘုရားရှင်ကို ဆွမ်း (၃) ပွဲ တင်လှူပူဇော်ပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသော ကိစ္စများအတွက် ကြာသပတေးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ (၂)ဂဏန်း အကျိုးမပေးသောကာလဖြစ်ပါသည်။ သစ်လုပ်ငန်း၊ ကားလုပ်ငန်း၊ ကျောက်လုပ်ငန်းများ၊ အလုပ်သမားမပြခြင်း၊ လုပ်ငန်းတုံ့ဆိုင်းနေခြင်းများဖြစ်နေလျှင် စကားအပြောအဆိုပြင်လိုက်ပါ။ ချိုသာခြင်းများနှင့်သာ အောင်မြင်မှုတွေရယူနိုင်ပါမည်။ မာလေအခက်အခဲဖြစ်လေဖြစ်နေပါမည်။ မိသားစုအတွင်း အကောင်းသားမှနေ ပြဿနာထဖြစ်လျှင်လည်း ဒေါသထိန်းပါ။ မိသားစုတွေတကွဲစီဖြစ်ခြင်း၊ ရှိသောပစ္စည်းများရောင်းပစ်မိခြင်းဖြစ်တတ်ပါသည်။ လုပ်ငန်းခွင်အတွင်းရှိသူများ သင်တန်းများတက်ရခြင်း၊ ရာထူးတိုးစာမေးပွဲဖြေဆိုရလျှင် အောင်မြင်ခြင်းများရှိပါသည်။ ကျန်းမာရေး ရင်၊ ဝမ်းဥပဒ်ပေးတတ်ပါသည်။ အစာကိုအချိန်နှင့်စားပါ။ အိပ်ရေးလွန်စွာအပျက်မခံပါနှင့်။ ဆေးလှူပါ။ ပညာရေးအတွက်စိတ်ပူရန်မလိုပါ။ ကြိုးစားလေအောင်မြင်လေဖြစ်ပါသည်။ ချစ်တတ်သူများ အခက်အခဲလေးများ မဆိုစလောက်ရှိတတ်ပါသည်။ နားလည်သည်းခံခွင့်လွှတ်ပါ။ ခိုစာအမြဲကျွေးပါ။ ထီထိုးမည်ဆိုပါက စနေနံ၊ ကြာသပတေးနံထီဆိုင်များတွင် (၇၊ ၅၊ ၁၊ ၄) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ခါး ခြေမကောင်းသူများကို ဒါနပြုပေးပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသော မည်သည့်ကိစ္စမဆို ကြာသပတေးနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့်တိုင်ပင်ပြုလုပ်ပါ။ အကူအညီတောင်းပါ။ (၄)ဂဏန်း (၈)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အကုန်အကျများသောကာလဖြစ်နေမည်။ နည်းနည်းဝင်လျှင် နည်းနည်းကုန်၍၊ များများဝင်လျှင် များများကုန်နေပါလိမ့်မည်။ မလိုအပ်ဘဲငွေကုန်ကြေးကျမှုများမရှိစေရန် နေ့စဉ် ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်၊နှစ်ပတ်ရအောင်စိပ်ပါ။ ဘာသာတရားဦးထိပ်ထားပါ။ အပျော်အပါးတွေရှောင်ပါ။ ခြိုးခြံပါ။ အိမ်တွင်းရေးများသာယာနေပါမည်။ အတိုက်အခံရန်များလွန်းလျှင် ၂၄-ပစ္စည်းကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ အနီရောင်ပစ္စည်းများ ဝင်မလာပါစေနှင့်။ ကျန်းမာရေးကောင်းနေစေရန် လွန်ကဲစွာ အဆာမခံပါနှင့်။ လွန်ကဲစွာ အအေးမခံပါနှင့်။ မွေးနေ့ရောက်တိုင်း အသားစားရှောင်ပါ။ ပဌာန်းပူဇော်ပွဲများနှင့်ကြုံလျှင်အလှူဒါနများပြုပါ။ ပညာရေးကံများကောင်းနေပါသည်။ ထူးထူးချွန်ချွန်ဖြစ်လာမည်။ ချစ်တတ်သူများ ချစ်သူနှင့်စကားပြောအဆင်မပြေဖြစ်နေမည်။ အခြားစိတ်ညစ်စရာကြောင့် အချစ်ရေးတွင် လျော့ရဲရဲဖြစ်နေတတ်ပါသည်။ ငှက်ကလေးများကို မကြာမကြာအစာကျွေးပါ။ ထီထိုးရန်အတွက် စက်ဘီး၊ ဆိုင်ကယ်၊ ကားများနှင့် လိုက်ရောင်းနေသော ထီသည်နှင့်ကြုံပါက (၃)ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနိုင်သလောက်ထိုးထားပါ။

ယတြာ ။ ။ *မျက်စိဝေဒနာရှင်များကို တတ်နိုင်သရွေ့ဆေး၊ ငွေ၊ အာဟာရလှူပါ။*

www.burmeseclassic.com1

www.burmeseclassic.com

### ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသော ကိစ္စများအတွက် စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီများပေးပါလိမ့်မည်။ (၂)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အကုန်အကျများနေတတ်၍ ငွေကြေးကိုစနစ်တကျသုံးစွဲပါ။ ဝန်ထမ်းဆိုလျှင် လူမှုရေးစိတ်ညစ်စရာများရှိနေတတ်၍ မာန်တွေလျှော့ပါ။ ဘာသာတရားကိုဦးထိပ်ထားရမည့်ကာလဖြစ်ပါသည်။ အချိန်ရတိုင်း ဂုဏ်တော်များပွားနေပါ။ စိတ်မတိုပါနှင့်။ အတိုက်အခံများနေပါက နီးရာဘုရားတစ်ဆူသို့ ခြေလျင်သွား၍ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ အိမ်တွင်းရေးသာယာစေရန် မီးဖိုအကျိုးအပဲ့ ပန်းကန်အကွဲ စတာတွေ စွန့်ထုတ်ပစ်ပါ။ ကျန်းမာရေး အထူးဂရုစိုက်ပါ။ ရောဂါအဟောင်းတွေပြန်ဖြစ်တတ်ပါသည်။ သွေးတက်စာများ လုံးဝမစားပါနှင့်။ လွန်ကဲစွာအဆာမခံပါနှင့်။ ကျန်းမာရေးညံ့သူများနှင့်ဆုံတိုင်း ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။ ပညာရေးကောင်းပါမည်။ စာမေးပွဲများအောင်တတ်ပြီး မသင်ရဘူးသေးသောပညာများသင်ရတတ်ပါသည်။ ချစ်တတ်သူများ စကားအခြေအတင်ခဏခဏမပြောပါနှင့်။ စိတ်လျှော့ပါ။ ငှက်စာကျွေးခြင်း၊ ငှက်ကလေးတွေ ဘေးမဲ့လွှတ်ပေးခြင်း ကုသိုလ်ပြုပါ။ ထီထိုးမည်ဆိုလျှင် စနေနံထီဆိုင်တွင် (၇၊ ၁၊ ၉၊ ၃) ဂဏန်းတွေများများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ ထီပေါက်ကိန်းရှိနေပါသည်။

*ယတြာ ။ ။ လေရောဂါဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

### သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသော ကိစ္စများအတွက် ကြာသပတေးနာမည်ရှင်၊ သောကြာနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီများပေးပါလိမ့်မည်။ (၃) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ သူများအတွက် အာမခံပေးသောကိစ္စများမလုပ်ပါနှင့်။ အမှုအခင်းကိစ္စအာမခံမိလျှင် ကိုယ်တိုင်ထိခိုက်တတ်ပါသည်။ စပ်တူရှယ်ယာကိစ္စများ အကျိုးမပေး၍ မလုပ်ပါနှင့်။ နှုတ်ဝစီထိန်းပါ။ လိုမှစကားပြောပါ။ မိသားစုတွင်းတစ်ယောက်နှင့်တစ်ယောက်နားလည်မှုရှိပေးပါ။ သည်းခံရပါလိမ့်မည်။ ပျော်ရွှင်စရာမိသားစုလေးဖြစ်လာပါလိမ့်မည်။ ကျောင်းသား၊ လူငယ်များ ပညာရေးကံကောင်းနေပါသည်။ စာမေးပွဲများအောင်မြင်ပါမည်။ ကျန်းမာရေး ရင်၊ ဝမ်း ဂရုစိုက်ပါ။ လွန်ကဲစွာ အဆာမခံပါနှင့်။ သွားနှင့်ဆိုင်သော ဝေဒနာများမဖြစ်အောင် ဂရုစိုက်ပါ။ ငှက်၊ ငါး၊ ဘေးမဲ့လွှတ်ပေးပါ။ နိုင်ငံခြားခရီးသွားမည့်သူများ နံနက်စောစောဆွမ်းခံကြွလာသော သံဃာတော်အရှင်သူမြတ်များကို ဆွမ်းလောင်းပါ။ မကြာခဏလောင်းလှူခြင်းဖြင့် ကံတွေပွင့်လာပါလိမ့်မည်။ ချစ်တတ်သူများ ခြေလှမ်းတစ်မျိုးဖြစ်လာတတ်ပါသည်။ စိတ်ကူးတွေထပ်ယဉ်လာတတ်ပါသည်။ တစ်ယောက်နှင့်တစ်ယောက် သည်းခံပါ။ ငှက်ကလေးတွေအစာကျွေးပါ။ ထီကံစမ်းမည့်သူများ ကြာသပတေးနံထီဆိုင်တွင် (၇၊ ၆၊ ၅၊ ၀) ဂဏန်းများပါအောင် ရွေးချယ်ပါ။

*ယတြာ ။ ။ ဘုရားရင်ပြင်တော်မှာ တံမြက်စည်းလှည်းလိုက်ပါ။*

### စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များနှင့်တိုင်ပင်ပါ။ အကူအညီများရယူပါ။ (၁)ဂဏန်းလုံးဝအကျိုးမပေး၍ ရှောင်လိုက်ပါ။ ယခုလအတွင်း ငွေပြဿနာများဖြစ်တတ်၍ အထူးသတိထားပါ။ ကိုယ်နားမလည်သောစီးပွားရေးများမလုပ်ပါနှင့်။ စပ်တူရှယ်ယာကိစ္စများရှောင်ရပါမည်။ မိသားစုအတွင်းကတောက်ကဆဖြစ်နေမည်။ ဒုက္ခပေးမည့်သူများလာ တတ်၍ အစစအရာရာစဉ်းစားဆင်ခြင်ပါ။ အတိုက်အခံများနေပါက နေ့စဉ် ၂၄-ပစ္စည်းကို (၂၄)ခေါက်ထိုင်ရွတ်ပါ။ မေတ္တာသုတ်ကို အမိဋ္ဌာန်မကြာခဏဝင်၍ မေတ္တာဘာဝနာပြုပါ။ ကျန်းမရေးကောင်းနေစေရန် ဗောဇ္ဈင်္ဂသုတ်တော်ကိုလည်း အမိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။ အိပ်ရေးဝအောင်အိပ်ပါ။ အာရုံကြောမထိခိုက်ပါစေနှင့်။ ခါးနာတတ်ပါသည်။ အလေးအပင်များအမှတ်တမဲ့မ,မပါနှင့်။ ဆေးလှူပေးပါ။ လက္ခဏာရှားပါးသူများကို စားသောက်ဖွယ်ရာများမကြာခဏဒါနပြုပေးပါ။ ကျောင်းသားလေးတွေ ပညာရေးကောင်းနေပါသည်။ မိဘ၊ ဆရာများအား မချေမငံမပြုမိပါစေနှင့်။ ယဉ်ကျေးလိမ္မာသူများဖြစ်နေပါစေ။ အောင်မြင်ပါလိမ့်မည်။ ချစ်တတ်သူများ စကားပြောဆင်ခြင်ပါ။ ဘေးစကားများလည်း နားမယောင်ပါနှင့်။ ငှက်လေးများကို အစာခဏခဏကျွေးပါ။ ထီထိုးရန်အတွက် ကြာသပတေးနံထီဆိုင်ကြီးများတွင် (၅) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

**ယတြာ ။ ။ ခရီးသွားများသွားကြမည့် အသက်အရွယ်ကြီးသူများကိုတွေ့လျှင် ငွေ၊ အာဟာရလှူပေးပါ။**

ရ င် ကို ေ အ း မြ ေ စ သ ၁ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂) ကုန်းဘောင်(၁၀)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com1